www.burmeseclassic.com

ဘဝတက္ကသိုလ်

# ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း

ဆန်းလွင်

ပန်းချီစံတိုး

စတုတ္ထအကြိမ်

BURMESE CLASSIC

ဆန်းလွင်
ဘဝတက္ကသိုလ်

www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ် [၂၄/၉၅ (၇)]
မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၁၂/၉၇ (၅)]

စတုတ္ထ အကြိမ်၊ ၁၉၉၉၊ စက်တင်ဘာ
[ပထမ အကြိမ်၊ ၁၉၈၉၊ ဘဝတက္ကသိုလ် စာပေ။]
[ဒုတိယ အကြိမ်၊ ၁၉၉၀၊ ဘဝတက္ကသိုလ် စာပေ။]
[တတိယ အကြိမ်၊ ၁၉၉၃၊ ဘဝတက္ကသိုလ် စာပေ။]

**မျက်နှာဖုံး** ပန်းချီ စံတိုး
**အုပ်ရေ** ၅၀
**တန်ဖိုး**

**မျက်နှာဖုံးရိုက်** ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
**ပုံနှိပ်သူ** ဒေါ်တင်တင်ဌေး (၀၅၂၄၀)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံ မြို့နယ်၊ ရန်ကုန်။
**ထုတ်ဝေသူ** မောင်ညွန့်လှိုင် (၀၁၆၄၁)၊ စာချစ်သူ စာစဉ်
အမှတ် ၄၀၊ ဆရာမှတ်ကြီးလမ်း၊ ရန်ကုန်။

www.burmeseclassic.com

# ရတနာ သုံးပါးကို
# ယုံကြည် ကိုးကွယ်
# ဆည်းကပ်လာသူ
# တစ်ယောက် အကြောင်း

ဆန်းလွင်

www.burmeseclassic.com

## မာတိကာ


- စတုတ္ထ အကြိမ် ရိုက်နှိပ်ခြင်း
  စိတ်ကူးသစ် အမှာစာ ၅
- သာသနာရေး ဦးစီးဌာန သုတေသန အရာရှိ
  ဦးဟန်ဋ္ဌေး၏ မိတ်ဆက် နိဒါန်း ၇
- နိမန္တန ကထာ ၁၅

**ပထမတွဲ၊ ဘာသာကြီး သုံးရပ်နှင့် ဆန်းလွင်**

၁။ ဖခင် ရိုက်နှက်လိုက်သည့် အသည်းနှလုံးမှ ဒဏ်ချက် ၂၁
၂။ ချစ်သူခေါ်ရာ သစ္စာရှာ ခရီး ၃၇
၃။ ဒဿန လမ်းခွဲပေါ်က ချစ်သူ နှစ်ဦး ၆၇
၄။ စွန့်လွှတ်ခြင်းဖြင့် ရင်းနှီးရသော အသိပညာ ၈၃
၅။ ဘဝသစ္စာ ရှာပုံတော် ၁၁၁
၆။ အရှေ့ဘက်က အလင်းရောင်များ ၁၃၉

**ဒုတိယတွဲ၊ ကမ္ဘာ့ ဒဿန ပေါင်းစုံနှင့် ဆန်းလွင်**

၇။ ဝိဝါဒ ပင်လယ်ကြောမှာ မျောခဲ့ပါသည် ၁၆၉
၈။ သိပ္ပံခေတ် ဒဿနနှင့် ထာဝရ ဘုရားမဲ့ ဝါဒများ ၂၀၃
၉။ လောကီ ဒဿနများ၏ ဝက်ပါ ၂၂၅
၁၀။ ဘဝကို နားလည်လိုခြင်းနှင့် လွတ်မြောက်မှုကို အလိုရှိခြင်း ၂၄၃
၁၁။ လက်ငင်း အကျိုးကြည့် အမြင်နှင့်
  ယုတ္တိနည်းကျ မုချမှန် အမြင် ၂၆၁

**တတိယတွဲ၊ ဗုဒ္ဓကျမ်းဂန်များနှင့် ဆန်းလွင်**

၁၂။ အနောက်ကို လျှောက်ပြီးနောက် အရှေ့သို့ ပြန်လာခြင်း ၂၈၃
၁၃။ လူသား ဘုရား ဗုဒ္ဓနှင့် သူ၏ တရားဦး ဓမ္မစကြာကို
  နားလည် သဘောပေါက်ခြင်း ၂၉၁

www.burmeseclassic.com


၁၄။ အနတ္တ လက္ခဏာနှင့် နျူကလိယ သိပ္ပံ ပညာ ၃၁၉

၁၅။ အဘိဓမ္မာ (သင်္ဂြိုဟ်) နှင့် အတွေး အမြင် လှုပ်ရှားမှု ၃၃၅

၁၆။ မဖြေရှင်းနိုင်သေးသော အတွေး ပြဿနာများ ၃၅၁

၁၇။ ကံတရားနှင့် ဘဝ၏ အလှည့်အပြောင်းများ ၃၆၇

၁၈။ ဓောင်ပုလု ဆရာတော်၏ ပဋိပုစ္ဆာ ဗျာကရဏီယနှင့်
ဘဝ၏ ထူးခြားသော အတွေ့အကြုံများ ၃၉၅

**စတုတ္ထတွဲ၊ ပါရမီလမ်း အကျင့်စခန်းမှ ဆန်းလွင်**

၁၉။ သံသရာ သဲလွန်စနှင့် ကြောင်းကျိုး နိယာမ ၄၂၃

၂၀။ တမလွန် ပြဿနာ ပုစ္ဆာများနှင့် ဗုဒ္ဓဝါဒ အဖြေများ ၄၃၉

၂၁။ စိတ်ညှို့ခြင်း၊ ပဋိသန္ဓေ ယူခြင်း၊ ဘဝင်စိတ်နှင့်
အတိတ်ဘဝ အကြောင်း ၄၆၅

၂၂။ တရားမရှိ အမှား တွေ့ကြစမြဲ ၄၈၅

၂၃။ အတုအယောင် ကိုးကွယ်ခြင်းနှင့် သရဏဂုံ အစစ် ၅၀၃

၂၄။ ပါရမီလမ်းမှ အစမ်းခံ ဘဝ အတွေ့အကြုံ အချို့ ၅၁၅

**နိဂုံး၊ အဆုံး တစ်ခု၏ အစ** ၅၂၉

www.burmeseclassic.com

## အာစရိယော ဝါဒ

ဤကိစ္စ၌
ငါ ကြောင့်ကြမဲ့ ဖြစ်ချေအံ့၊
ရှင်သာရိပုတြာသည်
တစ်ပါးသော သတ္တဝါတို့၏
ကိုးကွယ်ရာသာ ဖြစ်နိုင်၏၊
မယ်တော်၏ မှားသော
အယူဝါဒကို
ပယ်ခြင်းငှာ မတတ်နိုင်ပါဟု
အများဆိုရာ ဖြစ်လတ္တံ့။

**ရှင်သာရိပုတြာ**
(ဓိနတ္တပကာသနီကျမ်း)

www.burmeseclassic.com

www.burmeseclassic.com

## ဆုတောင်း

'ရုပ်တု ကိုးကွယ်တဲ့ ဘာသာကို
ငါ့သား မကိုးကွယ်ချင်ပါနှင့်' ဆိုသော
မွေးမိခင်၏ ရင်တွင်းမှ
ငြိစွန်းသော အစွဲအလမ်း အယူဝါဒကို
ပယ်ရှင်းရန် လည်းကောင်း၊
အကျွန်ုပ်အား
မွေးကျွေးဖူးသော မိခင်၏
နို့ဖိုး ကျေးဇူးကို
အထူး ဆပ်ရန် လည်းကောင်း
ဤစာကို ရေးပါသည်။
ဤသစ္စာ စကားကြောင့်
ဤစာသည်. . .
သဗ္ဗညုတဉာဏ် အလို့ငှာ
အထောက်အပံ့ ဖြစ်ပါစေသတည်း။

**ဆန်းလွင်**

www.burmeseclassic.com

www.burmeseclassic.com

## စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်း စိတ်ကူးသစ် အမှာစာ

'ရတနာသုံးပါး' စာအုပ်ကို လေးတွဲ ခွဲပြီး ယခင် အကြိမ်ကြိမ် ထုတ်ဝေခဲ့ရာတွင် အောက်ပါ အခက်အခဲများကို မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရလေသည်။ ထိုအခက်အခဲများမှာ

- ပထမတွဲကို ရိုက်နှိပ် ထုတ်ဝေပြီးနောက် ကျန်အတွဲများကို ရိုက်နှိပ် ထုတ်ဝေသော အခါ ပထမတွဲ လက်ကျန် မရှိဘဲ ကုန်နေသဖြင့် ကျန်အတွဲများကိုသာ ဝယ်ရသူများ စိတ်ငြိုငြင်ခြင်း၊
- တစ်တွဲပြီး တစ်တွဲ ရိုက်နှိပ် ထုတ်ဝေနေရသဖြင့် ထုတ်ဝေသူမှာလည်း အလုပ်ပို၊ စာဖတ်သူ မှာလည်း စာခေါင်းကွဲပြီး အတွဲစုံ ရရှိရန် ခက်ခဲခြင်း၊
- အတွဲသေးများ ခွဲပြီး ထုတ်ရသောကြောင့် 'ရတနာ သုံးပါး' စာအုပ်မှာ စာအုပ်စင်ပေါ်တွင် ခံ့ခံ့ထည်ထည် ရှိသင့်သော စာအုပ် ဖြစ်ပါလျက် ခံ့ခံ့ထည်ထည် ဖြစ်မလာခြင်း၊
- တချို့ ဝယ်မရ၍ လက်ဝယ် ရှိသူထံမှ ငှားရမ်း ဖတ်ရှုသူများသည် ပထမတွဲကို ဖတ်ပြီးနောက် ပြန်မပေးဘဲ ထားတတ်ကြကာ ငွေကိုသာ ပြန်ပေးတတ်ကြသဖြင့် ကျန်အတွဲများသာ လက်ဝယ် ကျန်ရစ်သူမှာ အကုသိုလ်စိတ် ဒေါမနဿ ဖြစ်ရခြင်း စသည် စသည်တို့ ဖြစ်ပါသည်။

တချို့ ငွေကြေး တတ်နိုင်ပြီး စေတနာ သဒ္ဓါတရား ထက်သန်ကြသော ဓမ္မမိတ်ဆွေများသည် 'ရတနာ သုံးပါး' စာအုပ် အတွဲ ငါးဆယ်လောက် ဝယ်ယူ လှူဒါန်းကြပြီးသော အခါ နောက်ထပ် ဝယ်လှူချင်သော်လည်း အတွဲ အစုံ မရတော့၍ ထပ်မလှူနိုင်ကြောင်း စာရေးသူအား ကိုယ်တိုင် လာပြောကြသည်။

ဓမ္မမိတ်ဆွေကြီး မြင်းခြံ ဦးအောင်သည် 'ရတနာ သုံးပါး' ပထမတွဲကို အုပ် (၁၀၀) ဝယ်ပြီး ဓမ္မမိတ်ဆွေများအား လှူဒါန်းခဲ့လေသည်။ သို့သော် ကျန်အတွဲများကို နောက်ထပ် ရရှိစေရန် အချိန် ကြာမြင့်စွာ စောင့်စားခဲ့ရလေသည်။

ဓမ္မမိတ်ဆွေ ဦးမြတ်ထွန်း၊ ပတ်ကား ရေသန့်ဘူး ကုမ္ပဏီ ဒါရိုက်တာကလည်း နောက်ကို 'ရတနာ သုံးပါး' ထုတ်တဲ့ အခါ တစ်အုပ်တည်း တစ်ပေါင်းတည်း ထုတ်ပါဟု အကြိမ်ကြိမ် လာပြောခဲ့လေသည်။

တစ်နေ့သော် မုံလယ် တရားစခန်း ကျင်းပနေစဉ် ငါးဘွဲ့ရ ဓမ္မာစရိယ ချမ်းအေး ဆရာတော် ဘုရားကြီး ကိုယ်တိုင် စာရေးသူ ရှိရာ ရိပ်သာသို့ ကြွလာတော်မူပြီး 'ဒကာကြီး၊ ရတနာ သုံးပါးကို ဒီတစ်ခါ ထုတ်ရင် လှုရှိသေ ရှင်ရှိသေ ဖြစ်အောင် တစ်အုပ်တည်း ခံ့ခံ့ထည်ထည် သပ်သပ်ရပ်ရပ် ထုတ်ဖို့ ဘုန်းကြီး တိုက်တွန်းပါတယ်' ဟု အမိန့် ရှိပါသည်။

- ယခုအခါသည် 'ရတနာ သုံးပါး' ကို စတုတ္ထ အကြိမ် ထုတ်ဝေမည့် အခါနှင့် ကြုံနေသည် တစ်ကြောင်း၊
- အကျွန်ုပ် (စာရေးသူ ဆန်းလွင်) သည်လည်း လောကီ စည်းစိမ် ချမ်းသာများနှင့် ဝေးရာ အင်းလေး အရှေ့ဘက်ကမ်းက ဝက်သကင် ကျေးရွာကလေးမှာ ဝက်သကင် ဆရာတော် ဘုရား ကြီး၏ ခြေတော်ရင်း၌ (အရှင် အာဒိစ္စရံသီ) ရဟန်း အဖြစ်ဖြင့် သံသရာ ဝဋ်မှ လွတ်မြောက်ရာ တရားကိုသာ ကြိုးပမ်း ရှာဖွေနေသူ အဖြစ်သို့ ရောက်ရှိနေပြီ တစ်ကြောင်း၊
- ဗုဒ္ဓဘာသာ အစစ် ဖြစ်လို၍ တရားရှာသူ ဆန်းလွင်၏ ဘဝ ဒုတိယ ကဏ္ဍ အကြောင်းများ ကို 'ရတနာ သုံးပါး' အမှတ် (၂) ဒုတိယ ကဏ္ဍ ပဥ္စမတွဲမှ အဋ္ဌမတွဲ အထိ ရေးသားရန် အသင့် စီစဉ်ထားပြီ ဖြစ်၍ တစ်ကြောင်း၊

ထို့ကြောင့် ယခု ထုတ်ဝေသော ပထမတွဲမှ စတုတ္ထတွဲ အထိကို တစ်စုတစ်ပေါင်းတည်းဖြင့်- 'ရတနာ သုံးပါး' ပထမ ကဏ္ဍ အမှတ် (၁) အဖြစ် သမုတိ အမည်ပေး၍ သေသပ် ခံ့ညားစွာ ထုတ်ဝေလိုက်ရပါကြောင်း အမှာ စကား ရေးသားလိုက်ရပါသည်။

မေတ္တာဖြင့်

**စာရေးသူ – ဆန်းလွင် (အရှင်အာဒိစ္စရံသီ)**

**ဝက်သကင်ကျောင်း၊ အင်းလေး။**

www.burmeseclassic.com

www.burmeseclassic.com

## သာသနာရေးဦးစီးဌာန သုတေသန အရာရှိ ဦးဟာန်ဒွေး၏ မိတ်ဆက် နိဒါန်း

၁

ဘဝ အတွေ့အကြုံသည် လူတိုင်းမှာ ကိုယ်စီ ရှိကြတာ ဓမ္မတာ ဖြစ်ပါ၏။ ဘဝ အတွေ့အကြုံကို အခြေခံ၍ ဘဝ အတွေးအမြင် ဖြစ်အောင် လုပ်တတ်လျှင် ထိုအတွေ့အကြုံသည် အမြတ်ထားရသော ဘဝ တန်ဖိုး ဖြစ်လာတတ်ပါသည်။ ထိုသဘောသည် ဤစာအုပ်တွင် ထင်ရှားပါလိမ့်မည်။

၂

လက်တွေ့ဘဝက ရသော အတွေ့အကြုံသည် အတွေးအမြင် ဖြစ်လာ သောအခါ ဘဝ အတွက် သင်ခန်းစာ၊ ဘဝ အတွက် သံဝေဂစာ ဖြစ်လေတော့သည်။ ထိုအတွေးအမြင်တွေက ဘဝမှာ ဆောင်စရာတွေ ရှောင်စရာတွေကို ညွှန်ပြတတ်ပေရာ ထိုအခါ လူသားတို့ အဖို့ မိမိတို့ လျှောက်လှမ်းရမည့် ဘဝလမ်းသည် အရိယာသစ္စာ စခန်းသို့ ဦးတည်သော မဂ္ဂင် လမ်း ဖြစ်မှန်းမသိ ဖြစ်လာလေတော့၏။ ထိုသဘောသည်လည်း ဤစာအုပ်တွင် ထင်ရှားပါလိမ့်မည်။

၃

ဘဝ အတွေ့အကြုံများ တကယ့် ဖြစ်ရပ်များသည် တစ်ခါတစ်ရံမှာ ရီး၏။ တစ်ခါတစ်ရံမှာ ဆန်းပြား၏။ ဆန်းပြီ ဆိုလျှင်လည်း စိတ်ကူးယဉ် ဝတ္ထုထက်ပင် ပို၍ စိတ်ဝင်စားဖွယ် ကောင်းတော့၏။ စိတ်ဝင်စားဖွယ် ကောင်းသလောက် လေးနက် ကျယ်ပြန့်သော အဓိပ္ပာယ်တွေလည်း ပါရှိ၏။

မြတ်စွာဘုရား၏ ဘဝ အတွေ့အကြုံများကို အပွင့်အလင်း အရိုးအဖြောင့် ဟောကြားသော ပိဋကတ်တော်လာ ဇာတ်နိပါတ်တော်များ၊ အပဒါန် ဝတ္ထုတော်များ၊ ထေရီ ထေရာ အတ္ထုပ္ပတ္တိများ၊ ဓမ္မပဒ အဋ္ဌကထာ ဝတ္ထုတော်များသည် ခေတ် အဆက်ဆက် လူသား အားလုံး အတွက် အကျိုးကျေးဇူး များစွာကို ဆောင်နိုင်သော အဖြစ်သနစ် (တရား) များ ဖြစ်ကြပါသည်။ မြတ်စွာဘုရားသည် ထိုဇာတ်ဝတ္ထုများတွင် အကောင်းသဘောကိုလည်း ဟောပါသည်။ အဆိုးသဘောကိုလည်း ဟောပါသည်။ အထင် ကြီးစေလိုမှုဖြင့်လည်း အပိုကို မပြော။ အချဲ့အကား မဆို။ အထင်သေးမည် စိုး၍လည်း အထိမ် အချန် မပြု။ ပကတိကို အရှိအတိုင်းသာ ရဲရင့်စွာ ဖွင့်ဟ မိန့်ဆိုတော် မူလေသည်။

မှန်၏။ ရိုးသား၍ စိတ်ကောင်းရှိသော၊ သတ္တိရှိ၍ ရဲရင့်သော စာရေးဆရာကောင်းတို့သည်လည်း မိမိတို့၏ ဘဝ အတွေ့အကြုံဝယ် မှားဖူးသည်ကို မှားဖူးသည့်အတိုင်း၊ မှန်ဖူးသည်ကိုလည်း မှန်ဖူးသည့် အတိုင်း အရှိကို အရှိအတိုင်းသာ ပွင့်လင်းစွာ ရေးသားသင့်သည်လည်း အမှန်ပင် ဖြစ်ပါသည်။

စာရေးဆရာကောင်းသည် ပရိသတ်၏ အထင်ကြီးခြင်းကိုလည်း မတောင့်တအပ်။

www.burmeseclassic.com



အထင်သေးခြင်းကိုလည်း မကြောင့်ကြအပ်။ ပီမိုးနင်း၏ *ပီမိုးနင်း၊* မဟာဆွေ၏ *မဟာဆွေ၊* ရွှေဥဒေါင်း၏ *ဘဝ တစ်သက်တာ မှတ်တမ်း၊* အရှင်အာဒိစ္စဝံသ *ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၊* ဒဂုံတာရာ၏ *ဒဂုံတာရာ၊* သော်တာဆွေ၏ *ဘဝအထွေထွေ* စသော အတ္ထုပ္ပတ္တိ စာပေများမှာ ရဲရင့်၍ ရိုးသားသော စာများ ဖြစ်ကြကြောင်းမှာ ထင်ရှားပါသည်။ ထိုသဘောကိုလည်း ဤစာအုပ်တွင် ထင်ရှားစွာ တွေ့မြင် ရပါလိမ့်မည်။

## ၄

ဆိုခဲ့ပြီးသော အတ္ထုပ္ပတ္တိ ရိုးရိုးစာတမ်းများတွင် လူပီသသော ပုထုဇဉ် စရိုက် ပေါ်လွင်လှပါသည်။ အကြောင်းအရာ အဖြစ်သနစ်များသည်လည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ အရေးအဖွဲ့ကလည်း စာရေး ကျွမ်းကျင်သူများ ဖြစ်ရကား စံမီ စံထားလောက်ကြ ပါပေသည်။ သို့ရာတွင် ရှေးက အတ္ထုပ္ပတ္တိ စာပေတို့တွင် ဘဝဒဿန အမြင်နှင့် ယုတ္တိနည်းကျ တွေးခေါ် ဆင်ခြင် သုံးသပ်မှု၊ လောက၏ အဖြစ်သနစ်များကို ခွဲခြမ်း စိတ်ဖြာ စိစစ်မှု (ဝိဘဇ္ဇ) အပိုင်းတွင်မူ အနည်းအကျဉ်းမျှကိုသာ ဆိုကြပြီး အတွေ့အကြုံများကသာ အလေးသာကြပါသည်။

ဘဝကို ဒဿန နည်းကျ စိစစ်ပြီး လောက၏ သစ္စာကို ဖွေရှာသော ဘဝ အတွေ့ အကြုံ အတ္ထုပ္ပတ္တိ စာတမ်းမျိုး တစ်ခုကို ဖတ်ချင်သော ဆန္ဒသည် ဘာထရန် ရပ်ဆယ်၏ ပင်ကိုရေး အတ္ထုပ္ပတ္တိ စာအုပ်ကို ဖတ်ရစဉ်အခါကပင် မိမိ၏ ရင်ထဲမှာ ဖြစ်ပေါ် ပွားများခဲ့ရသည်။ ယခုမှ ထိုဆန္ဒ၏ ပြည့်စုံခြင်းသို့ ရောက်သည်ဟု ဆိုချင်ပါသည်။

ဆန်းလွင်သည် သူ၏ *'ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း'* ဟု အမည် ပေးထားသော အတ္ထုပ္ပတ္တိ စာတမ်းတွင် ဘဝကို ဒဿန နည်းကျ စိစစ်သော အမြင်များစွာ အတွေးများစွာကို တင်ပြထားပုံမှာ အံ့ဖွယ်ကောင်းလောက်အောင်ပင် ထူးခြား ပြောင်မြောက်နေသောကြောင့် မိမိ တောင့်တခဲ့သော ဆန္ဒ ပြည့်သွားပြီဟု ဆိုရခြင်း ဖြစ်ပါသည်။

ဤစာတမ်းသည် ထူးခြား ပြောင်မြောက်သည်ဟု ဆိုရခြင်းမှာ အကြောင်း ရှိပါသည်။ ထိုအကြောင်းများမှာ ဆန်းလွင်သည် သူ၏ ဘဝ အတွေ့အကြုံများကို အရိုး အဖြောင့် သဘောဖြင့် မရှက်မကြောက် မကြွားမဝါ ဖော်ပြသောကြောင့် ဤစာတမ်းသည် အတ္ထုပ္ပတ္တိ စစ်စစ် စာတမ်း တစ်စောင်နှင့် တူ၍လည်း တစ်ကြောင်း၊

ပင်ကိုအားဖြင့် ဆန်းလွင်သည် ဒဿနပညာ များစွာကို နှစ်ရှည်လများ တက္ကသိုလ်တွင် ဆရာကောင်း သမားကောင်းများထံ၌ လက်ထပ် နည်းကျ သင်ကြားခဲ့ရသူလည်း ဖြစ်သည့်ပြင် ကိုယ်တိုင်ကလည်း ဒဿနသမား စာရေးဆရာ ဖြစ်ပေရာ သူသည် ဤစာတမ်းတွင် ကမ္ဘာပေါ်မှာ ပေါ်ပေါက်ပြီးသော အတွေးအမြင် ဒဿနများစွာကို လည်းကောင်း၊ သူ၏ ပင်ကို အတွေးအမြင် (ဒဿန) များစွာကို လည်းကောင်း ရှင်းရှင်းလင်းလင်း ရဲရဲရင့်ရင့် ဖော်ပြထားသောကြောင့် ဤစာတမ်းသည် အတွေးအမြင် ကျမ်း တစ်စောင်နှင့် တူနေသည်လည်း တစ်ကြောင်း၊

ဆန်းလွင်သည် ဤစာကို ရေးရာတွင် ဦးနှောက်ကိုချည်း မသုံးဘဲ သူ၏ နှလုံးသား ခံစားချက်များကိုပါ ဆွတ်ပျံ့ဖွယ် ဖြစ်အောင် ရေးဖွဲ့ထားသည့် အတွက်ကြောင့် ဤစာတမ်းသည် ရသစာပေ ဝတ္ထု တစ်ပုဒ်နှင့် တူနေသည်လည်း တစ်ကြောင်းကြောင့် ဖြစ်ပါသည်။

သူသည် ဤစာကို ဘဝနှင့် ရင်းနှီး၍ အနစ်နာမျိုးစုံ စွန့်စားခြင်း အဖုံဖုံ စွန့်လွှတ်ခြင်း

www.burmeseclassic.com



များစွာတို့ဖြင့် တန်ဖိုးများစွာ ပေး၍ ယူခဲ့ရသည် ဖြစ်ရာ ဤစာ၏ ထူးခြားချက်နှင့် တန်ဖိုးသည်လည်း မြင့်မားလှသည်ဟု ကျွန်တော် ထင်မြင် ယူဆသည့် နည်းတူ စာဖတ်သူတိုင်းကလည်း မုချ ထင်မြင်ကြလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဆိုလည်း ဆိုရဲပါသည်။

၅

ဆန်းလွင်သည် သူ၏ ဘဝအထွေထွေကို အလွန် ရိုးသား ပွင့်လင်းသော စိတ်ဖြင့် ရဲရင့်စွာ ရေးသား ဖွင့်ဟကြောင်းမှာ ဤစာတွင် ထင်ရှားပါသည်။ သူသည် ဘဝ အဓိပ္ပာယ်ကို ရှာသူ ဖြစ်ပါသည်။ သူသည် ဘဝ သစ္စာကို ရှာသူ ဖြစ်ပါသည်။ သူသည် ဘဝ တန်ဖိုးကို ရှာသူ ဖြစ်ပါသည်။ သူသည် ဘဝ ပန်းတိုင်ကို ရှာသူ ဖြစ်ပါသည်။ သူသည် ဘဝ ပန်းတိုင်သို့ ရောက်စေမည့် အကျင့်ကို ရှာသူ၊ ရှာပြီးနောက် ကျင့်သူ ဖြစ်သည်ဟုလည်း ဆိုချင်ပါသည်။

ထိုသို့ ရှာစဉ် ကျင့်စဉ် အခါက မိရိုးဖလာ ယုံကြည် ကိုးကွယ်မှုကိုလည်း စွန့်ခဲ့ ရသည်။ မိမိဘာသာ ရှာဖွေယူသော အယူဝါဒပင် ဖြစ်သော်လည်း ထို အယူဝါဒ၏ အမှားကို သိမြင်လာသောအခါ မြင်လျှင် မြင်ချင်း (တွေဝေခြင်း မရှိ) စွန့်သူလည်း ဖြစ်ပါသည်။ သူ၏ သစ္စာရှာ ခရီးတွင် မိဘဆွေမျိုး အသိုင်းအဝိုင်းကိုလည်း စွန့်ခဲ့ရပါသည်။ အသည်းနှလုံးက ရင်းနှီးချစ်ခင်သော ချစ်သူကိုလည်း စွန့်ခဲ့ရပါသည်။ အိမ်ထောင်ကိုလည်း စွန့်ခဲ့ရပါသည်။ ရာထူး စည်းစိမ်ကိုလည်း စွန့်ခဲ့ရပါသည်။ အခွင့်အလမ်းကိုလည်း စွန့်ခဲ့ရပါသည်။ အဆင့်အတန်းကိုလည်း စွန့်ခဲ့ရပါသည်။ ထို့ကြောင့် စွန့်ခြင်း အရာ၌ ဆန်းလွင်သည် ရဲရင့်သူဟု ထင်ပါသည်။ သူသည် စိတ် လွတ်လပ်ခွင့်နှင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းရှင်း၍ စိတ်ကြည်လင်စွာ နေနိုင်ရေး ကိစ္စနှင့် ကြုံလာလျှင် အရာရာကိုပင် စွန့်ဖို့ ဝန်မလေးသူ ဖြစ်နေသည်မှာ အများနှင့် မတူသော ဆန်းလွင်၏ ထူးခြားချက် တစ်ခုဟု ဆိုရမည်လား မသိပါ။ ဆုတောင်းရှိသူ၊ ပါရမီကို အလိုရှိသူသည် စွန့်ခြင်း၌ ရဲရင့်ကြသည်လည်း ဖြစ်နိုင်ပါသည်။

၆

ဆန်းလွင်သည် ပစ္စက္ခယုတ္တိ၊ အနုမာနယုတ္တိ၊ သိဒ္ဓေယျယုတ္တိ၊ သာဓကယုတ္တိတို့ကို သူ၏ ဘဝ တစ်လျှောက်လုံးတွင် ရှာဖွေနေသူ ဖြစ်ပါသည်။ သူသည် အမှန်ဆုံးနှင့် အကောင်းဆုံး ဖြစ်သော 'ဓမ္မ' ကို အစဉ် ရှာဖွေ ခဲ့ရာတွင် အယူဝါဒ အမျိုးမျိုးနှင့် ရင်းနှီးခဲ့ဖူးသည်။ ဆက်ဆံခဲ့ဖူးသည်။ သို့ပါလျက်လည်း ထိုအယူဝါဒ အမျိုးမျိုးတို့သည် သူ၏ နှလုံးသားကို လွှမ်းမိုး စိုးပိုင်နိုင်ခြင်း မရှိခဲ့။ ဤသို့ မရှိခဲ့ခြင်းမှာ သူ သင်ယူခဲ့ရသော သဘာဝယုတ္တိပညာ (ဒဿနပညာ) များကြောင့်လည်း ဖြစ်နိုင်ပါ၏။ ထို့ထက် ပို၍ ထူးခြားသည်မှာ သူသည် အတိတ် ဘဝများ၌ ဗုဒ္ဓဘာသာနှင့်သာ အလွန်အမင်း ရင်းနှီးခဲ့သူ၊ သာသနာတော် အတွက် ဆောင်ရွက်ခဲ့သူ ဖြစ်သောကြောင့်လည်း ဖြစ်နိုင်ပါ၏။ အကြောင်းမှာ ဤသို့ ဘဝ အကြောင်းဆက် မရှိပါမူကား ဤမျှ ခက်ခဲ မြင့်မောက်သော အယူဝါဒ တံတိုင်းကြီးများကို သူသည် တစ်ခုပြီး တစ်ခု ကျော်ဖြတ်ပြီး ဗုဒ္ဓဘာသာ ပန်းတိုင်သို့ ရောက်အောင် အားထုတ်နိုင်ဖို့ အရေးသည် လွန်စွာ ခဲယဉ်းဖွယ် ရှိပါသည်။ ဤအလုပ်သည် စင်စစ် အလွန်အမင်း စွန့်စားရသော အလုပ် ဖြစ်ပါသည်။ ဤ အတ္ထုပ္ပတ္တိတွင် ဤသဘောလည်း ပေါ်ပါသည်။

www.burmeseclassic.com



၇

ဆန်းလွင်သည် ဤစာကို နှလုံးသားနှင့်ရော ဦးနှောက်နှင့်ပါ ရေးဖွဲ့ထားသည်ဟု ခံစားရပါသည်။

ထိုသဘောသည် သူ၏ ပါမောက္ခများ၊ ဆရာမြတ်များ၊ ဆရာတော်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခန်းများ၌ လည်းကောင်း၊ တရားကျင့်ခန်းတွင် မတော်တဆ တွေ့ကြုံ လာရသော 'ထူးဆန်း အံ့ဖွယ်များ' ကြောင့် ၎င်းတို့ကို စိတ်ဝင်စားမိကာ ဂိုဏ်းဝါဒ ဂိုဏ်းကျင့်စဉ်တွေကို အဟုတ်အဟတ် ထင်ပြီး လိုက်စားမိပုံ၊ အတန်ကြာမှ ထိုအထူးအဆန်းများ၊ ကယ်တင်ရှင်ယောင် သိဒ္ဓိ မဟိဒ္ဓိ အလုပ်များ၏ အနှစ်သာရ ကင်းကြောင်း အမြင်လည်လာပုံများကို ဖော်ပြရာ၌ လည်းကောင်း ပေါ်လွင် လှပါသည်။ ပုထုဇဉ်သည် တရားမတွေ့မီ အမှား တွေ့တတ်ပုံ ဖော်ပြချက်များမှာ အရိယာလမ်းကို စမ်းဝါး လိုက်စားနေသူများ အတွက် သတိ သံဝေဂ ရစရာတွေချည်း ဖြစ်ပါသည်။ ဤစာက ထို ဘဝသတိကိုလည်း ပေးပါလိမ့်မည်။

၈

ဆန်းလွင်သည် အရိယာ သစ္စာကို ရှာသူတို့၏ ဘဝလမ်း၌ ပဓာန စခန်း ပျောက်ပြီး အပဓာန ကိစ္စတွေကို ရှေ့တန်း တင်လာတတ်ကြပုံ၊ တင်ရသည့် အကြောင်းများ ဖြစ်ပေါ်လာတတ်ပုံများကို ဖော်ပြထားရာတွင် အတွေ့အကြုံကို အရင်းခံ၍ တင်ပြထားသောကြောင့် စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ ဆန်းလွင် သိဒ္ဓိလမ်း မဟိဒ္ဓိ အစွမ်းများကို အဆန်းထင်ပြီး လိုက်စားခဲ့မိသည်မှာ စင်စစ် မဆန်းပါ။ ကျေးဇူးရှင် စွန်းလွန်းဂူကျောင်း ဆရာတော် ဘုရားကြီးကပင် 'သိဒ္ဓိ ဣဒ္ဓိ လောကီ ပညာလမ်းတွေက သိပ် စွဲလမ်းစရာ ကောင်းလှတယ်၊ ငါတောင် အတော် ကံကောင်းလို့ ဉာဏ်ကူပေလို့ အဲဒီ လောကကို စွန့်လွှတ်ပစ်ခဲ့နိုင်တာ၊ မစွန့်နိုင်ရင် နစ်မယ်' ဟု တပည့်များကို အထပ်ထပ် သတိပေး ဟောကြားတော် မူခဲ့ဖူးလေသည်။

ဆန်းလွင်လည်း ကံကောင်း၍ ဉာဏ်ကူနိုင်သဖြင့် ထိုနစ်လမ်းမှ ရုန်းထွက်နိုင်ခဲ့ကြောင်း ဤစာတမ်းမှာ ပေါ်ပါသည်။ တကယ်တော့ ထေရဝါဒ ဗုဒ္ဓဘာသာ၏ အနှစ်သာရသည် ကယ်တင်ရှင်ဝါဒ မဟုတ်ပါ။ 'ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရာ ဝါဒ' ဖြစ်ပါသည်။ ဆန်းလွင်ကို ပိဋကတ် မြန်မာပြန် ကျမ်းများနှင့် လယ်တီ ဆရာတော်၏ ဒီပနီကျမ်းများက ကယ်တင်လိုက်သည်ဟု ဆိုနိုင်မည်လား မသိပါ။ သူ အချိန်မီ လမ်းမှန်ပေါ် ပြန်ရောက်ခြင်း အတွက် ဝမ်းသာဖွယ် ကောင်းလှပါသည်။

၉

ပြီးတော့ ဆန်းလွင်၏ဘဝသည် ကျွန်တော်နှင့် အီတလီ ဘုန်းတော်ကြီး ဦးလောကနာထတို့ တွေ့ဆုံကြစဉ် အခါ ဆရာတော် မိန့်ကြားဖူးသော သြဝါဒ စကားထဲက ဘဝနှင့် တူနေသည်ဟုလည်း ထင်မိပါသည်။ (ထိုဆရာတော်သည် ရောမ ဘရင်ဂျီဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသော ပုဂ္ဂိုလ်မြတ် ဖြစ်ပါသည်။)

ဆရာတော်က 'ဒကာကြီး၊ ရှင်ဘုရင်ရဲ့ သားဟာ ခမည်းတော် နတ်ရွာစံပြီး အလိုလို ဘုရင့် အရိုက်အရာကို ရရှိလာတော့ ဘုရင် ဖြစ်ရတဲ့ တန်ဖိုးကိုလည်း မသိဘူး၊ ဘုရင့် တာဝန် ဝတ္တရား ဘယ်လောက် ကြီးမှန်းလည်း မသိဘူး၊ ဒီလိုပဲ ဒကာကြီး၊ မွေးကတည်းက

www.burmeseclassic.com



ဗုဒ္ဓဘာသာ ဖြစ်လာသူတွေဟာလည်း ရတနာသုံးပါးရဲ့ တန်ဖိုး၊ သိက္ခာ သုံးရပ်ရဲ့ တန်ဖိုးနှင့် အစွမ်းသတ္တိတွေကို နားမလည်ကြဘူး၊ ဆင်းရဲသားက ရှင်ဘုရင် ဖြစ်သွားတဲ့ လူကျတော့ ဘုရင့်တန်ဖိုးကို ပိုသိတာပေါ့၊ ဘဝမှာ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ စတဲ့ စိုက်ထုတ်ခဲ့ရတဲ့ တန်ဖိုးတွေ ဘယ်လောက် ကြီးမားတယ် ဆိုတာ ကိုယ်တိုင် သိမြင်ခဲ့ရတဲ့ အခါ ကျတော့ မိုက်စရာ ရှိတာတောင် မမိုက်ချင်တော့ဘူး၊ အနစ်နာ ခံခဲ့ရတာတွေ၊ ဆုံးရှုံးခဲ့ရတာတွေ၊ စွန့်လွှတ်ခဲ့ရတာတွေ ဘယ်လောက် များတယ် ဆိုတာ သူပဲ သိတယ်၊ ဒီတော့ ရတနာ သုံးပါးကို ကြည်ညိုရတိုင်းမှာ ပီတိ ဖြစ်ရတာပေါ့၊ ဒီလိုပဲ ဒကာကြီး၊ တခြား ဘာသာ အယူဝါဒကနေ ထေရဝါဒ ဗုဒ္ဓဘာသာဝင် အဖြစ်ကို ကူးပြောင်း ရောက်ရှိလာသူတိုင်းဟာ ဆင်းရဲသားက သန်းကြွယ် သူဌေး ဖြစ်ရတဲ့ လူလိုပဲ ခံစားရတယ်' ဟု မိန့်တော် မူပါသည်။

မှန်ပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အများစုနှင့် နှိုင်းစာလျှင် တခြား ဘာသာ အယူဝါဒကို စွန့်လွှတ်ပြီး ဗုဒ္ဓဘာသာသို့ ရောက်ရှိလာသူများက ဗုဒ္ဓဘာသာ၏ တန်ဖိုးကို ပို၍ သိကြသည်မှာ ယုံမှားဖွယ် မရှိပါ။ ဗုဒ္ဓဘာသာဝင် အများစုမှာ ဘုရား၊ တရား၊ သံဃာ ၌ ယုံကြည် ကိုးကွယ် ဆည်းကပ်ရမည့် အစား တန်ခိုး ဣဒ္ဓိပါဒ် ကိစ္စတွေ လျှို့ဝှက် ဆန်းကြယ်တွေကို လိုက်စားချင်စိတ် ရှိနေကြလေသည်။ ဤတွင် 'တရားဆို မဆန်းနှင့်၊ စကားဆို မကြမ်းနှင့်' ဆိုသော ခန္တီး ဆရာတော် ဘုရား၏ ဩဝါဒကို မှတ်သားဖွယ် သတိရမိ ပါသည်။ အမှန်မှာ ရိုးဖြောင့်သောစိတ် (အမာယာဝီ အသဌော) သည်ပင် တန်ခိုး သတ္တိရှိသော စိတ် ဖြစ်သည်ကို နားလည်သင့်ပါသည်။ ဤစာကို ဖတ်ရသော အခါ ထိုသဘောကို နားလည်ရပါသည်။

၁၀

ကျွန်တော်သည် ဤစာအုပ်ကို စာမူဘဝတွင် အကြိမ်ကြိမ် အထပ်ထပ် ဖတ်ခဲ့ရပါသည်။

ထို့ကြောင့် ဤစာအုပ်ကို မည်သို့ ဖတ်သင့်ကြောင်း ချဉ်းကပ်နည်း၊ ကိုင်တွယ်နည်း အချို့ကို လက်ဆောင် ပါးချင်ပါသည်။

ပထမ ချဉ်းကပ်နည်းမှာ ဤစာအုပ်သည် စာရေးသူ ဆန်းလွင်၏ ဘဝ အတွေ့အကြုံနှင့် အမြင်တရားများကို ယောနိသော မနသိကာရ လက်ကိုင်ထား၍ ရိုးသား ပွင့်လင်းစွာ ရှိရင်းစွဲ အတိုင်း တင်ပြထားသော အတ္ထုပ္ပတ္တိ စာတမ်း တစ်စောင် ဟူသော အမြင်ဖြင့် ချဉ်းကပ် လေ့လာခြင်း ဖြစ်ပါသည်။ ဤသို့ လေ့လာရာတွင် သူသည် သူ၏ ဘဝ အမြင်ကို သူ သိသလို ရှင်းလင်း တင်ပြထားခြင်း ဖြစ်၍ စာဖတ်သူနှင့် သဘောတူသည်လည်း ရှိမည်၊ သဘော မတူသည်လည်း ရှိမည် ဖြစ်ရာ သဘော မတူလျှင်လည်း သည်းခံနိုင်ဖွယ် အကြောင်း ရှိပါသည်။ ဆန်းလွင်သည် သူ တင်ပြချင်သည့် သဘောကို အတ္တနောမတိဖြင့် တင်ပြခြင်း မပြုဘဲ ကျမ်းကိုး ကျမ်းကားများဖြင့်သာ ကြိုးစား ပမ်းစား တင်ပြထားသော ကြောင့် ဖြစ်ပါသည်။ ဤတွင် ဆန်းလွင်သည် သူ့အမြင်ကို တင်ပြတိုင်းမှာ သူ့အမြင်သာ မှန်သည်ဟု မဆိုပါ။ သည့်ထက် ယုတ္တိရှိ၊ သည့်ထက် မှန်သော အမြင် ရှိလျှင်လည်း တင်ပြပါဟု အမြဲ ဖွင့်ပေးထားသည်ကိုလည်း သတိပြုမိနိုင်ပါသည်။

ဒုတိယ ချဉ်းကပ်နည်းမှာ ဘဝ အတွေ့အကြုံများပေါ်တွင် ဒဿန အမြင်များကို ထုတ်ပြထားသော ဆန်းလွင်၏ အတွေးအမြင်များကို အကဲခတ်ခြင်း ဖြစ်ပါသည်။ သူ့အမြင်များကို ကြည့်ခြင်းဖြင့် သူ၏ သတိ၊ သူ၏ ပညာ၊ သူ၏ ဣန္ဒြေ အနေအရင့် အဆင့်အတန်းကို အကဲခတ်ခြင်းကို ဆိုလိုပါသည်။

www.burmeseclassic.com



စာဖတ်သူသည် ဤစာကို ဖတ်ရသောအခါ ဆန်းလွင်၏ ပါရမီကို နုနေသေးသည်ဟု ထင်လျှင်လည်း 'သြော် သူ့ အတိုင်းအဆ နှင့် သူ ရှိမှာပေါ့' ဟု ခွင့်လွှတ်မိပါလိမ့်မည်။ သူ၏ ပါရမီလမ်းမှ အစမ်းခံ ဘဝ အတွေ့အကြုံများကို ဖတ်ရသော အခါမှာလည်း စာရှုသူသည် ဆန်းလွင် အပေါ် မေတ္တာ ကရုဏာ စိတ်များ ဝင်လာပါလိမ့်မည်။ 'သြော် သူ့ခမျာ မသက်သာပါတကား' ဟု တွေးမိပါလိမ့်မည်။ ပုထုဇဉ်သည် အမှား ရှိပါမည်။ အမှား မရှိလျှင် ပုထုဇဉ် မဖြစ်နိုင်ပါ။ သို့သော် မှားမှန်း သိလျှင် သိချင်း မှန်သွားတတ်သည်မှာလည်း ဓမ္မတာ ဖြစ်ပါသည်။ ထိုသဘောကို ဤတွင် မြင်ရပါလိမ့်မည်။

တတိယ ချဉ်းကပ်နည်းမှာ ဤစာအုပ်သည် စိတ်ကူး ဝတ္ထု မဟုတ်ဘဲ အတ္ထုပ္ပတ္တိစာတမ်း၊ ကိုးကားလောက်သည့် ကျမ်းမျိုး ဖြစ်၍ အမည်မှန်များ၊ နေရာမှန်များ၊ အလုပ်အကိုင်မှန်များကို တိတိကျကျ အတိမ်းအစောင်း မပါဘဲ ဖော်ပြထားပါသည်။ ဤအချက်သည် ဤစာတမ်း၏ ခိုင်လုံမှု အထောက်အထား ဖြစ်ပါသည်။ ထိုအထောက်အထားကြောင့်လည်း ဤစာသည် ကိုးကားလောက်သည့် စာ အဆင့်သို့ ရောက်သည်ဟု ကျွန်တော် သုံးသပ်ပါသည်။ အချို့ အတ္ထုပ္ပတ္တိ စာများသည် ကိုးကားလောက်သည့် စာ အဆင့်သို့ ရောက်မလာတတ်ပါ။ ထိုစာများကို ဖတ်ရသည့်အခါ အားမလို အားမရ ဖြစ်ရပါသည်။ ထိုစာများသည် စာရေးပုံ ကောင်းသော်လည်း အထောက်အထား အမည် ကျမ်းညွှန်းစသော အချက်အလက်များ ခိုင်မာ တောင့်တင်းမှု မရှိသောကြောင့် ဝတ္ထု ဆန်ဆန် ဖြစ်သွားကြပါသည်။

ဆန်းလွင်၏ ဤစာတွင်မူ 'ရတနာသုံးပါးကို ကိုယ်စိတ်နှလုံးဖြင့် ယုံကြည် သက်ဝင်ဆည်းကပ်လာရသူ၏ အကြောင်း' ဖြစ်၍ တိကျဖို့၊ ခိုင်မာဖို့၊ အသင့် ယုတ္တိ ရှိဖို့၊ မိမိ၏ ဆရာသမား မိဘများ၏ ဂုဏ် ကျေးဇူး ပေါ်လွင် ထင်ရှားဖို့သည် မလွဲမရှောင်သာ လိုအပ်သည်ဟု နားလည်သင့်ပါသည်။ ထို့ကြောင့်လည်း သူသည် သူ ရင်းနှီး ကျွမ်းဝင်ခဲ့ရသူ အပေါင်း၏ အမည်နာမများကို ဖော်ပြသင့်သည့် နေရာတွင် အတိအကျ ဖော်ပြပြီး မသင့်သည့် နေရာတွင် မဖော်ဘဲ ထားပါသည်။

ထို့ကြောင့် အင်္ဂလိပ် စကားပုံ တစ်ခုတွင် (**to know all is to forgive all**) 'အားလုံးကို သိပြီးနောက် အားလုံးကို ခွင့်လွှတ်ဖို့' ဖြစ်သည် ဆိုသည့် သဘောဖြင့် ဤစာကို ရှုလျှင် စာ၏ အနှစ်ကို အထိမိဆုံး ခံစားရလိမ့်မည်ဟု ဆိုချင်ပါသည်။

**၁၁**

ဆိုသင့်သော စကားတို့ကို ဆိုပြီးပါပြီ။

ယခု တစ်ဖန် ဤစာကို ဖတ်ရပြီးနောက် မိမိ စိတ်မှာ မည်သို့ သိမြင် ခံစားရသည်ကို ဆိုချင်ပါသေးသည်။ မိမိသည် ဘဝ သင်ခန်းစာ အမျိုးမျိုးကို ပေးနိုင်သော (ပေးတတ်သော) အဖြစ်မှန် စာပေမျိုးကို ဖတ်ခြင်း၌ ဝါသနာ ထုံပါသည်။ စိတ်ဝင်စားမှုလည်း ရှိပါသည်။

ရုပ်ရှင် ကြည့်သော အခါမှာပင် ပျော်ရွှင်မှု ဖြေဖျော်မှုကို ဦးစား ပေးပြီး မကြည့်ပါ။ ဘဝ သရုပ်ကို နက်နက်နဲနဲ ဖော်ထုတ်ပြသော ရုပ်ရှင်မျိုးကိုသာ ဦးစားပေးပြီး ကြည့်ပါသည်။ စဉ်းစားဉာဏ် ပွင့်ရန် ဖြစ်ပါသည်။ ဘဝ၏ အကောင်း အဆိုး အကျိုး အပြစ် အတက် အကျ အောင်မြင်မှု ဆုံးရှုံးမှုများကို သံဝေဂ ယူရန်လည်း ဖြစ်ပါသည်။

လောကမှာ လူအမျိုးမျိုး နတ်အဖုံဖုံ ရှိပါ၏။ ဝါသနာချင်းလည်း မတူ၊ စရိုက်ချင်းလည်း မတူ၊ ဝါဒချင်းလည်း မတူကြပါ။ ဒဿနတွေကလည်း ဆန့်ကျင်ဘက်တွေ ဖြစ်လျက် ငြင်းခုံဆဲပင် ရှိကြပါသည်။ ဘာကြောင့် ထိုသို့ အမြင်ချင်း မတူ အယူချင်း

www.burmeseclassic.com



ကွာခြားနေကြသနည်း။ အမှန်မှာတော့ သူတို့သည် အမျိုးမျိုးသော ကြံစည်ခြင်းဖြင့်သာ အချိန် ကုန်ကြသော (တက္ကိက ဝါဒများ ဖြစ်နေသော) ကြောင့်ပင်လော ပြောလည်း မပြော တတ်၊ ပြောလည်း မပြောလိုတော့ပါ။

ဗုဒ္ဓဝါဒမှာ 'အတက္ကာဝစရ' တက္ကီ ပုဂ္ဂိုလ်တို့နှင့် မဆိုင်ကြောင်း ဆင်ခြင် စိတ်ကူးနေရုံဖြင့် မပြီး၊ ကြံဆနေရုံဖြင့်လည်း အကျိုး မရှိသည့် အကြောင်းကို မြတ်စွာ ဘုရား ဟောကြား တော်မူပြီး ဖြစ်ပါသည်။

ဆန်းလွင်သည် ထိုသဘောကို နားလည် သိမြင်သွားသည် ဖြစ်ကြောင်း သူ့စာမှာ ပေါ်သည်။ သူသည် တရားကို စာထဲမှာ မရှာတော့ဘဲ ခန္ဓာမှာ ဉာဏ်သွင်းပြီး ရှာဖို့ ကြိုးစားပုံမှာ အားရဖွယ် ကျေနပ်ဖွယ် ကောင်းလှပါ၏။ ရောဟိတာသ သုတ်၌ မြတ်စွာ ဘုရားသည် ခန္ဓာ၌သာလျှင် သစ္စာလေးပါး တရားကို ရှုကြည့် သိမြင်နိုင်ကြောင်းကို ဟောကြား ထားလေသည်။

၁၂

လူ့ဘဝသည် တိရစ္ဆာန် ဘဝနှင့် မတူပါ။ တိရစ္ဆာန် ဘဝသည် အတက် အကျ မရှိ၊ စားမှု အိပ်မှု မေထုန်မှုဖြင့်သာ ပြီးသည်။ လူ့ဘဝကား ထိုသို့ မဟုတ်။ လောကီ သဘောဖြင့် လည်း အတက်အကျ ရှိသည်။ လောကုတ္တရာ သဘောဖြင့်လည်း အတက်အကျ ရှိပါသည်။ သီလ သမာဓိ ပညာသည် သမ္ပတ္တိ အစဉ်ဖြင့်လည်း အတက်သဘော ရှိသည်။ ဝိပတ္တိ အစဉ်ဖြင့်လည်း အကျသဘော ရှိနိုင်သည်။ သံသရာမှာလည်း အတက်ခရီးဖြင့် သွားသူ အဆင်းခရီးဖြင့် သွားသူ ရှိနိုင်သည်။ အတက် အကျသည် အကျင့်ပေါ်မှာ တည်သည်။ ဤသဘောကို စူးစူးစိုက်စိုက် ကြည့်တတ်လျှင်ပင် ဘဝ၏ မမြဲသော၊ အပြောင်းအလဲ (အနိစ္စ) သဘောကို မြင်နိုင်သည်။ အနိစ္စကို မြင်၊ ဒုက္ခကို မြင်၊ အနတ္တကို မြင်လျှင် အရိယာ ဘဝသို့ ဆိုက်ပြီး ငါးပါးသီလကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲသွားနိုင်ပါသည်။

ဗုဒ္ဓဘာသာ တရားတော်သည် အခြေခံ သုံးရပ်ပေါ်မှာ တည်ပါသည်။ ထို အခြေခံ သုံးရပ်ကို ကျမ်းဂန်တွင် အောက်ပါ အတိုင်း ပါဠိတော်ဖြင့် ပြပါသည်။

'သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊

သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ' ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ 'မကောင်းမှု အားလုံးကို ရှောင်ကြဉ်၊ ကောင်းမှုကို ပွားများ၊ စိတ်ကို စင်ကြယ်အောင် ထား' ဟူ၍ ဖြစ်ပါသည်။

ထိုသဘော အနှစ်ချုပ်ကို ဤစာအုပ်က အတိအကျ ပေးလိမ့်မည်ဟု ကျွန်တော် ဆိုနိုင်ပါသည်။ ဆိုလည်း ဆိုရဲပါကြောင်း။

ဆင်းရဲ ကင်းဝေးကြစေသော်....

**ဦးဟန်ငွေး (သုတေသန)**

www.burmeseclassic.com

www.burmeseclassic.com

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## နိမန္တနကထာ

၁။ အကြင် ပုဂ္ဂိုလ်သည် အသိပညာကို လိုလားသည် ဖြစ်အံ့၊ ဘဝသစ္စာကို ရှာလိုသည် ဖြစ်အံ့၊ ယထာဓမ္မကိုသာ မြင်လိုသည် ဖြစ်အံ့၊ ကမ္ဘာပေါ်၌ ပေါ်ပေါက်ခဲ့ပြီးသော အယူဝါဒ မျိုးစုံကို မွှေနှောက်လိုသည် ဖြစ်အံ့။ ထိုသူအား စင်ကြယ်သော အမြင်ကို ဖြစ်စေခြင်းငှာ ဖွင့်ထားသော စိတ်နှလုံး (open mind) ရှိအပ်၏။ ဖွင့်ထားသော စိတ်နှလုံး ရှိသူတိုင်းအား ဤစာကို ဖတ်ရန် ဖိတ်ကြားပါသည်။

၂။ ဤစာသည် 'ဆန်းလွင်' ဟု သမုတ်အပ်သော အကျွန်ုပ်၏ ဘဝ တစ်စိတ် တစ်ဒေသ အကြောင်းကို ရေးဖွဲ့သောစာ ဖြစ်ပါသည်။

၃။ ဘဝ တစ်စိတ် တစ်ဒေသ ဆိုသည်မှာ အကျွန်ုပ်၏ 'ဒဿန ဘဝ'ကို ဆိုပါသည်။

၄။ ဒဿန ဘဝ ဆိုသည်မှာ တခြား မဟုတ်၊ ကမ္ဘာပေါ်၌ ပေါ်ထွန်းပြီးသော အယူဝါဒ မျိုးစုံ၊ ဒဿန အဖုံဖုံကို သိနားလည်သူ ဖြစ်အောင် အားထုတ်ခဲ့သော၊ အသက် ၃၅ နှစ် အထိ ဖြစ်သော သက်တမ်း ကာလကို ဆိုလိုပါသည်။

၅။ ထိုကာလသည် အကျွန်ုပ် လူလားမြောက်ခဲ့သော အားကောင်း မောင်းသန် ကာလလည်း ဖြစ်၍ ဒဿန ပညာ နယ်ပယ်တွင် ကျင်လည်သော ကာလလည်း ဖြစ်ပါသည်။ ထိုအချိန် ကာလများ၌ အကျွန်ုပ်သည် ဖွင့်ထားသော စိတ်နှလုံးကို ဆောင်ထားခဲ့ပါသည်။

၆။ ဖွင့်ထားသော တံခါးပေါက် ရှိသော အိမ်သည် ရောက်လာသော ဧည့်သည်ကို ဖိတ်ခေါ် လက်ခံခြင်း ရှိသကဲ့သို့ ဖွင့်ထားသော စိတ်နှလုံး ရှိသော အကြင်သူသည် ရောက်လာသမျှသော အတွေး အမြင် အယူအဆ (ဒဿနများ၊ ဝါဒများ) ကို ဖိတ်ခေါ် လက်ခံခြင်း သဘော ရှိလေသည်။

၇။ ဖွင့်ထားသော စိတ်နှလုံးထား ရှိသူ၏ သဘောကို သိရန် အလို့ငှာ ပိတ်ထားသော စိတ်နှလုံးထား ရှိသူ၏ သဘောကို သိသင့်ပါသည်။

ပိတ်ထားသော စိတ်နှလုံးထား ရှိသူသည် အယူဝါဒ တစ်စုံ တစ်ခုကို ဦးစွာ လက်ခံ သိမ်းပိုက် ထားပြီးနောက် မိမိနှင့် မတူသည့် အခြားသော အယူဝါဒတို့ကို ပုတ်ခတ်ရန် အလို့ငှာ ဖြစ်စေ၊ အပြစ်တင်ရန် အလို့ငှာ ဖြစ်စေ လေ့လာ ရှာဖွေသောသူမျိုး ဖြစ်ပါသည်။

၈။ ဖွင့်ထားသော စိတ်နှလုံးထား ရှိသူသည် ရိုးသားသူ ဖြစ်ပါသည်။ အဂတိကို မလိုလားသူ ဖြစ်ပါသည်။ တည့်မတ်သော စိတ်ထားဖြင့် လောက သဘာဝ၊ လူ့ သဘာဝကို စူးစမ်းတတ်ပါသည်။ အလွယ်ဆုံး စံနမူနာကို ပြပါဆိုလျှင် သိပ္ပံပညာရှင်ကို ပြသင့်ပါသည်။

၉။ အကျွန်ုပ်သည် ကျင်လည်ခဲ့သော ဒဿန ဘဝဝယ် ကမ္ဘာပေါ်မှာ ထွန်းကားခဲ့သော ယုံကြည် ကိုးကွယ်မှုနှင့် ဆိုင်သော အယူဝါဒကြီးများကို လည်းကောင်း၊ ယုံကြည် ကိုးကွယ်မှုနှင့် မဆိုင်သော အယူဝါဒများကို လည်းကောင်း စုံစေအောင် လေ့လာခွင့် ရခဲ့ပါသည်။ စုံစေအောင် လေ့လာနိုင်သည် ဆိုသည်မှာ အနောက်တိုင်းဖြစ် အယူဝါဒများကို လည်းကောင်း၊ အရှေ့တိုင်းဖြစ် အယူဝါဒများကို လည်းကောင်း လေ့လာ တတ်မြောက်ခဲ့ရခြင်းကို ဆိုလိုပါသည်။

၁၀။ ဒဿနဆိုင်ရာ အယူဝါဒများကို လေ့လာသည် ဆိုရာတွင် စာသင်သား တစ်ဦး

www.burmeseclassic.com



အဖြစ် လေ့လာခဲ့ရသည်လည်း ရှိပါသည်။ သုတေသီ တစ်ဦး အဖြစ် လေ့လာခဲ့ရသည် လည်း ရှိပါသည်။ စာသင်သား အဖြစ် လေ့လာစဉ်က ရသော အသိသည် သုတေသီ အဖြစ် လေ့လာစဉ်က ရသော အသိနှင့် ခြားနားပါသည်။

၁၁။ စာသင်သားသည် ဆရာ သင်ကြား ပြသမှုကိုသာ သိပါသည်။ သုတေသီသည် ဆရာ မသင်ကြားသော အကြောင်းအရာများကိုလည်း သိပါသည်။ စာသင်သား အမြင်က ကျဉ်းပါသည်။ သုတေသီ အမြင်က ကျယ်ပါသည်။ စာသင်သား အမြင်က ငြိမ်သက်၍ သေပါသည်။ သုတေသီ အမြင်က လှုပ်ရှား၍ ရှင်ပါသည်။

၁၂။ ယုံကြည်ရာ ဘာသာ အယူဝါဒများကို လေ့လာသည် ဆိုရာတွင်မူ ကိုးကွယ်ရာ ရှာသူ (ဝါ) စွန့်စား ရှာဖွေသူ (explorer) အဖြစ်ဖြင့် လေ့လာရင်း ရှာဖွေပါသည်။ စိန်ကို ရှာဖွေသော သူသည် စိန်ကို ရှာဖွေနိုင်သော လက်နက် ကိရိယာများ (မျက်မှောက်ခေတ်တွင် ခေတ်မီ အီလက်ထရွန်းနစ် ပစ္စည်းများ) ဖြင့် ရှာဖွေပါလိမ့်မည်။ ရွှေရှာသူလည်း ထို့အတူ ဖြစ်ပါလိမ့်မည်။

၁၃။ အကျွန်ုပ်သည်လည်း ကိုးကွယ်ရာ အယူဝါဒကို ရှာဖွေစဉ် ခွဲခြမ်း စိတ်ဖြာတတ်သော ယုတ္တိ ဆင်ခြင်ဉာဏ်ပေါ်၌ အခြေ စိုက်ထားသော ဒဿန နည်းများကို လက်နက် အဖြစ် အသုံးပြု၍ ရှာဖွေပါသည်။

၁၄။ ဤတွင် အာစရိယော ဝါဒကို လိုက်ပါသည်။

အာစရိယော ဝါဒမှာ အယူဝါဒများကို လေ့လာသော အခါ အကြောင်းခြင်းရာကို လေ့လာခြင်းလည်း တစ်ရပ်၊ တွေ့ရှိအပ်သော အကြောင်းခြင်းရာများ အပေါ် ဆင်ခြင် ဉာဏ် ကပ်၍ ဆင်ခြင် ပိုင်းခြားခြင်းလည်း တစ်ရပ် ဖြစ်ပါသည်။

၁၅။ ဤစာတွင် ကမ္ဘာမှာ ထင်ရှားသော ဘာသာ အယူဝါဒကြီး လေးရပ် စလုံးကို အကြောင်းခြင်းရာအားဖြင့် လည်းကောင်း၊ နက်နဲသော ဒဿနအားဖြင့် လည်းကောင်း မိမိ ဉာဏ် မီနိုင်သမျှ လိုအပ်မည် ထင်သည်များကို ဆစ်ပိုင်း၍ တင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် ကမ္ဘာ့ အတွေးအမြင် (ဒဿန) သမိုင်းကြောင်းကိုလည်း နောက်ခံကား အဖြစ် ထားပါသည်။

၁၆။ အကျွန်ုပ်၏ ဖွင့်ထားသော စိတ်နှလုံးထားမှာ မည်သူမဆို (ဘာသာ အယူဝါဒ တစ်စုံတစ်ခုကို လက်ခံထားသည် ဖြစ်စေ) မိမိ လက်ခံထားသော ဘာသာ အယူဝါဒ အပြင် အခြားသော ဘာသာ အယူဝါဒများကိုလည်း နားလည် သဘောပေါက်အောင် လေ့လာ ထားသင့်သည်ဟု ထင်ပါသည်။ လူသား အချင်းချင်း နားလည်ရေး လေးစားရေး အတွက် ဖြစ်ပါသည်။

၁၇။ ဤစာသည် ကမ္ဘာ့ အတွေးအမြင် မျိုးစုံကို စုပေါင်း သုံးသပ် တင်ပြထားသော စာမျိုးပင် ဖြစ်သော်လည်း စင်စစ် အကျွန်ုပ်၏ ဘဝ တစ်ကဏ္ဍကို ဖွဲ့သော စာသာ ဖြစ်၍ အကျွန်ုပ်၏ ဘဝ အတွေ့အကြုံများကိုလည်း ရေးသား တင်ပြထားပါသည်။ ထို့ကြောင့် ဤစာတွင် ချစ်ရသည့် အကြောင်းများလည်း ပါပါသည်။ မုန်းရသည့် အကြောင်းများ လည်း ပါပါသည်။ လွမ်းရသည့် အကြောင်းများလည်း ပါပါသည်။ ထို့အတူ မိုက်မဲသည့် အကြောင်း၊ လိမ္မာသည့် အကြောင်း၊ ကောင်းကြောင်း၊ ဆိုးကြောင်း၊ ယုတ်ကြောင်း၊ မြတ် ကြောင်းတွေလည်း ပါပါသည်။

၁၈။ အထူးသဖြင့် အရိယာ သစ္စာကို ရှာဖွေသော ဗုဒ္ဓဘာသာ ဥပါသကာ အဖြစ်သို့ ဆိုက်ရောက် ပြီးနောက်မှာပင် 'အဝေစ္စ ပသာဒ သဒ္ဓါ' ဟု ဆိုအပ်သော မယိမ်းမယိုင်သော ခိုင်မာသည့် သဒ္ဓါတရားမျိုး မဖြစ်ပေါ်မီ အခါ၌ 'အတက် ခရီးတွင် အဖျက်အဆီး များလှပုံ၊

www.burmeseclassic.com



အမှန်လမ်းမှ အမှားလမ်းသို့ ရောက်သွားတတ်ပုံ၊ ဆရာတု ဆရာယောင်များနှင့် တွေ့တတ်ပုံ၊ အထင် မကြီးသင့်သော အရာများကို အထင် ကြီးမိပုံ၊ လောကီ မာယာများ လှည့်စားတတ်ပုံများကို မိမိ၏ ကိုယ်တွေ့ အဖြစ်သနစ်များအား မခြွင်းမချန် မရှက်မကြောက် (အမှန်ကို ဝန်ခံရခြင်း၌ ရှက်ဖွယ် ကြောက်ဖွယ် မရှိ။) ဤတွင် တင်ပြ ထားပါသည်။ အတုယူဖို့ မဟုတ်ပါ၊ သံဝေဂ ဖြစ်ဖို့ ဖြစ်ပါသည်။

၁၉။ ဤစာသည် စင်စစ် မိမိ၏ ဘဝ အကြောင်း၊ မိမိ လေ့လာခဲ့ဖူးသော ဒဿန အကြောင်း၊ အချစ် အကြောင်း၊ အလွမ်း အကြောင်း၊ အမှား အကြောင်း၊ အမှန် အကြောင်း၊ မိမိ တွေ့ဆုံ ဆက်ခံ ခဲ့ရဖူးသော မိဘ အကြောင်း၊ ဆရာသမား အကြောင်း၊ ချစ်သူ အကြောင်း၊ မိတ်ဆွေ အကြောင်း၊ ခင်ပွန်း အကြောင်းများ ဖြစ်လေရာ ဤတွင် လေးလံသော ကျမ်းစာ ရေးနည်းဖြင့် ရေးသားခြင်းထက် ပေါ့ပါးသော ဝတ္ထု ဆောင်းပါး အဖွဲ့ဖြင့် ရေးခြင်းက ပိုပြီး သင့်မည် ထင်၍ ထိုပုံစံဖြင့် ရေးဖွဲ့ပါသည်။

၂၀။ ဤတွင် အကျွန်ုပ်၏ လျှို့ဝှက်အပ်သော ဘဝ ကိစ္စ တစ်ခုကို ပြောသင့်၍ ပြောပါမည်။

အကျွန်ုပ်သည် ပန်ခဲ့ဖူးသော ဆု ရှိပါသည်။ (သင့်ရာ ကဏ္ဍတွင် ဖော်ပြပါမည်။) ပန်ဖူးသော ဆုလည်း ရှိ၍ လူအဖြစ်ကိုလည်း ရလျက် အဘယ် အကုသိုလ် ကံ ပစ်ချခဲ့လေသနည်း မသိပါ။ ဗုဒ္ဓ သာသနာမှ အပဖြစ်သော၊ ရတနာ သုံးပါး၌ ကြည်ညိုခြင်း မရှိသော အရပ်၌ လူ ဖြစ်ခဲ့ရပါသည်။ သို့သော် ပါရမီ ကံ၏ အထောက်အပံ့ကြောင့်လား မသိပါ။ ဤဘဝမှာပင် ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် **ဆည်းကပ်**သူ ဥပါသကာ အဖြစ်သို့ ပြန်၍ ရောက်ရပါသည်။ သို့ရာတွင် ထိုကဲ့သို့ ရတနာ **သုံးပါး အပေါ်** ယုံကြည်သော သဒ္ဓါ စိတ်ဖြင့် ကြည်ညိုတတ်သူ အဖြစ်သို့ ရောက်ရန် ၃၅ **နှစ် ကြာ**မြင့်ခဲ့ပါသည်။

၃၅ နှစ် ဆိုသော သက်တမ်းသည် ဉာဏ်ပညာ ပွင့်သော သက်တမ်း ဖြစ်သည်ဟု ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ရှင်တော်မြတ်ဘုရားလည်း ထိုသက်တမ်း ကာလမှာပင် အတု မရှိသော သဗ္ဗညုတ ဉာဏ်ကို ရရှိခဲ့ပါသည်။

၃၅ နှစ်မှ စ၍ တရားတော်၏ အနှစ်သာရကို အကျွန်ုပ် သိမြင် ရပါသည်။ ထိုကာလမှ စ၍ အကျွန်ုပ်၏ နှလုံးသည်းပွတ်ဝယ် စွဲထင် ငြိစွန်းလျက် နေခဲ့သော အငြိအစွန်း အစွဲအလမ်းတို့လည်း ကင်းစင် ပပျောက်ခဲ့ပါပြီ။

ထို ၃၅ နှစ် ဖြစ်သော ဘဝ၏ ပထမ ကဏ္ဍဝယ် အကျွန်ုပ် ကျင်လည်ခဲ့ပုံများ (ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း) ကို စာဖတ်သူကလည်း နှလုံးပွင့်ဖြင့် လေ့လာရန် ဖိတ်ကြားပါ၏။

**အပွမာဒေန သမ္ပာဒေထ**

**ဆန်းလွင်**

**၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ။**

**ရန်ကုန်မြို့။**

www.burmeseclassic.com

www.burmeseclassic.com

ပထမတွဲ

# ဘာသာကြီး သုံးရပ်နှင့် ဆန်းလွင်

www.burmeseclassic.com

www.burmeseclassic.com

## ၁။ ဖခင် ရိုက်နှက်လိုက်သည့် အသည်းနှလုံးမှ ဒဏ်ရာ

လွန်လေ ဝေးလေပြီးသော ငယ်စဉ် အတိတ် ဘဝ၏ ပုံရိပ်သည် ပုဂံမြို့ ဂူဘုရား အတွင်းက နံရံ ဆေးရေး ပန်းချီကား တစ်ချပ်နှင့် တူသည်ဟု စိတ်မှာ ခံစား နေရပါသည်။ မိုးက ပက်လိုက်၊ လေက သက်လိုက်၊ နေက ဖျက်လိုက်၊ ဖုန်က တက်လိုက် နှင့် နံရံပေါ်က အတိတ် ပန်းချီ ကားချပ်သည် မှုန်ဝါး ပျက်ပြယ် သွား သလို လောကဓံ မိုးက ပက်လိုက်၊ လောကဓံ လေက သက်လိုက်၊ လောကဓံ နေက ဖျက်လိုက်၊ ပမာဒ ဖုန်က တက်လိုက်နှင့်မို့ ဝေးလွန်လေပြီးသော မိမိဘဝ ပုံရိပ် တို့လည်း မပီမပြင် မထင်မရှားနှင့် မှုန်ဝါးဝါးသာ။

အားစိုက်၍ ကြည့်သောအခါ ပျက်ပြယ် မှုန်ဝါး သော တစ်ခုသော နံရံဆေးရေး ပန်းချီ ကားချပ်ပေါ်ဝယ် ကွဲအက် နက်ရှိုင်းစွာ ထင်ပေါ်နေသော အက်ကြောင်း ဒဏ်ရာကြီး တစ်ခုကို မြင်ရ သလိုပင် အကျွန်ုပ်၏ အသည်းနှလုံး ပြင်ညီပေါ်တွင်လည်း တစ်ခုသော မည်း ကွက်လျက် နက်ရှိုင်းစွာ ပေါ်နေသော အက်ကြောင်း ဒဏ်ရာ တစ်ချက်ကို စိတ်မျက်စိဖြင့် အထင်းသား မြင်နေ ရလေသည်။ အနာဖေး မရှိ ပကတိ ကျက်နေပြီ ဖြစ်သော ဒဏ်ရာဟောင်း တစ်ခုပါ။

စူးစမ်းခြင်း၌ အလေ့အထုံ ရနေပြီ ဖြစ်သော စိတ်က ဒဏ်ရာ ဖြစ်ခဲ့ရသည့် အကြောင်းကို သားသမင် ရှိရာသို့ ခြေရာကောက် လိုက်သော မုဆိုးလို မျက်ခြည် မပြတ်အောင် လိုက်တော့သည်။

ဖြစ်ခဲ့ဖူးသော အကြောင်းပုံရိပ်။ ဘယ်ပုံ ဘယ်နည်း ဖြစ်ခဲ့သလဲဟု ဆင်ခြင်တတ်သော မနောဒွာရာဝဇ္ဇန်း စိတ်က ဆင်ခြင်လိုက်သော အခါ

'ဩော် ဖေဖေ ပါလား'

ဟင်ခနဲ တုန်လှုပ် ရိုက်ခတ်သွားသော ဇောစိတ်နှင့် အတူ စိတ်က မိမိ၏ ဖခင်မှန်း သိသာ ထင်ရှားအောင် ဆုံးဖြတ် ပေးလိုက်သည်။

တဒင်္ဂ အတွင်း ဝီထိ စိတ်တွေ တသီတတန်းကြီး ဖြစ်သွားသည်ကိုလည်း သတိ ကပ်ထားမိလေသည်။

'ဩော် ဖခင် ဖခင်'

ယခုလောက်ဆိုလျှင် အရိုးပင် ဆွေး၍ မြေသား ဖြစ်သွားလောက်ပြီ ဖြစ်သော ဖခင်၏ ရူပက္ခန္ဓာ အစုကို မိမိ၏ စိတ်က စွဲလမ်းဆဲ သိမ်းဆည်းဆဲ ပါကလား။

ဖခင်၏ မျက်နှာသည် အကြင်နာ တရားတို့ဖြင့် ခြယ်မှုန်းထားသော မျက်လုံး အစုံကို ဆင်လျက် ကြာမြင့်လှစွာ ကွဲကွာ နေခဲ့သော သားကို ပြန်လည် ဆုံတွေ့ရ၍ ရင်ငြိမ်းသော ပီတိပန်းကို နှုတ်ခမ်းမှာ ပန်ကာ ပေါ်လာသည်။ ဖခင် မရှိတော့ပြီ၊ ဖခင် သေပြီ ဆိုသော အသိစိတ်သည် ဘယ်သို့ လွင့်စဉ် သွားမှန်း မသိ၊ ဖခင်သည် ပကတိ အသက် ရှင်ဆဲပါပဲ။ ဖခင်၏ မျက်နှာပေါ်မှာ အိုစာသော ရုပ်လက္ခဏာကို ရှာကြည့် သည်။ မတွေ့။ ဖခင်သည် သန်ဆဲ မာဆဲ။ အကျွန်ုပ်တို့ သားသမီးများအား လုပ်ကျွေး ပြုစုဆဲလိုပဲ။

ဖခင်ကို ထင်ရှား တွေ့မြင်ရသောအခါ ယခင်က ခံစားခဲ့ဖူးသည့် သဒ္ဒါရုံ စိတ်က နှိုးဆွလိုက်သောကြောင့် လား မသိ၊ ခံစားတတ်သော ဇောစိတ်တွေ အထပ်ထပ် လှုပ်ရှား ဖြစ်ပေါ် လာလေသည်။ ဖခင် အကျွန်ုပ်အား စကား ပြောလျက်ပင်။ ဖခင်၏ အသံကို နားမှာ ဆတ် ဆတ် ကြားနေရသည်။

'သား ဒီကနေ့ သောကြာနေ့၊ နာမ့ာဇ် ဖတ် (ဘုရား ရှိခိုး) ရမယ်၊ ဗလီကို သွားဖို့ မမေ့နှင့်'

'မမေ့ပါဘူး ဖေဖေ၊ ဒါပေမယ့် ကျွန်တော် ဗလီကို မသွားချင်ဘူး'

'ဟေ ဘာဖြစ်လို့လဲ'

ဖခင်၏ အသံ အနည်းငယ် မာကျောလာသည်ကို အကျွန်ုပ် ကောင်းစွာ သတိ ပြုမိပါ၏။ ရုတ်တရက် မာ သွားသော ဖခင်၏ အသံကြောင့် အကျွန်ုပ် တစ်ကိုယ် လုံး တုန်လှုပ် ချောက်ချား သွားလေသည်။ ရင်ထဲမှာ ဖြစ်ပေါ်နေသော အတွေးတွေ စိတ်ကူးတွေလည်း ဘယ် ကို ရောက်ကုန်ကြပြီ မသိ။ တပေါင်း လေရူး တစ်ချက် ဝှေ့လိုက်သော အခါ လွင့်စဉ်၍ ကစဉ့်ကလျား ဖြစ် သွား သော သစ်ရွက်ခြောက်များလို လွင့်စဉ် ပျောက်ကုန် ကြသည်။ ဖခင်သည် အကျွန်ုပ်အား တောင်းဆိုလျက် ရှိ၏။ သူ အလိုရှိသော ဆန္ဒကို သားဖြစ်သူက မလိုက် လျော ဆန့်ကျင် ပုန်ကန်သည့် သဘောဟုလည်း ဖေဖေ

www.burmeseclassic.com



နှလုံး ပိုက်ဟန် တူပါသည်။ ဖေဖေ မေမေတို့မှာ သားသမီး အပေါ်၌ ထိုသဘောမျိုး ထားရှိသည်ကို အကျွန်ုပ်သည် အလွန် ငယ်စဉ် ကာလကပင် သတိ ပြုမိခဲ့ပါသည်။ လူကြီး မိဘက ဝါးခြမ်းကို မြင်ပြီး ဝါးလုံးဟု ဆိုလျှင် သားသမီးကလည်း ဝါးလုံးဟုပင် ယူဆရမည်ဟု မိဘများ အကြိမ်ကြိမ် ဆုံးမဖူးသည်ကိုလည်း အကျွန်ုပ် ကြားနာရဖူးလေသည်။ သူများ မိဘများမှာ အကျွန်ုပ်၏ မိဘများ သဘောထားမျိုး ရှိမည် မရှိမည်ဟု အကျွန်ုပ် အနေနှင့် အတိအကျ မပြောနိုင်သော်လည်း အကျွန်ုပ်၏ မိဘတို့မှာ သားသမီး အပေါ်တွင် အကြွင်းမဲ့ ရိုသေ လိုက်နာစေလိုသော ဆန္ဒ သဘောထား ရှိသည်ကိုကား အကျွန်ုပ် ကောင်းစွာ သိရှိခဲ့ပါ၏။ ထိုမှျမက မိခင်နှင့် နှိုင်းစာလျှင် ဖခင်၏ စိတ်သည် ပို၍ပင် တင်းမာသည်ဟု အကျွန်ုပ် ထင်ပါသည်။ ဖခင်က သူ ကုန်သည် အလုပ်ကို လုပ်သလို သားကိုလည်း ကုန်သည် ဈေးရောင်း အလုပ်ကိုပင် လုပ်စေချင်သည်။ အထူးသဖြင့် သူ ယုံကြည် ကိုးကွယ်သော ဘာသာ အယူဝါဒကို သားဖြစ်သူက မုချ လက်ခံရမည်၊ ယုံကြည် ကိုးကွယ် ရမည်ဟု သဘော ထားကြောင်းမှာ ပို၍ ထင်ရှားခဲ့လေသည်။ မိဘ ခြေရာကို သားသမီး နင်းစေလိုသော သဘောထား လားတော့ မပြောတတ်တော့။

အကျွန်ုပ် အနေမှာလည်း ငယ်စဉ် ကလေး လူမမည် ဘဝ၌ အသိဉာဏ် မပွင့်လင်းမီမှာသာ ဖခင် ပြောတိုင်း၊ ဖခင် ဖြစ်စေလိုတိုင်း လိုက်လိုက်လျောလျော လုပ်နိုင်ခဲ့လေသည်။ ဆယ့်ရှစ် ဆယ့်ကိုးနှစ် အရွယ် ကိုးတန်း ဆယ်တန်းလောက် ရောက်သောအခါမှ စ၍ အကျွန်ုပ်မှာ အလွန် ထူးခြားစွာ ဉာဏ်များ ပွင့်လာသည်ဟု ဆိုချင်ပါသည်။ အထူးသဖြင့် ဒဿနဉာဏ် ပွင့်လာသည်ဟု ဆိုလျှင် မှန်မည် ထင်ပါသည်။

တစ်ခါတစ်ရံ မိဘများနှင့် ဆန့်ကျင်ဘက် ဖြစ်ရမည်ကို စိုးသောကြောင့် မိဘများ၏ ခြေရာကို နင်းသော သားအဖြစ် မိမိကိုယ်ကို လိုက်ကြည့်ဖို့ ဆိုဆုံးမဖူးသည်။ သို့သော် မိမိ၏ နှလုံးသား အလိုကို ဉာဏ်က လုံးဝ လက်မခံခဲ့။ 'မိဘ ခြေရာ လိုက်နေရင် မိမိလည်း မိဘများလိုပင် အညတရ လူ့ဂုဏ်မဲ့ ဘဝဖြင့် ဘဝသက်တမ်း ကုန်ဆုံး သွားမှာပေါ့' ဟူသော အဖြေသာ ထွက်လာသည်။ အကျွန်ုပ်၏ မိဘများမှာ ဂုဏ်သတင်း ကင်းမဲ့သော သာမန် အညတရ ဈေးရောင်း ဈေးဝယ် အလုပ်ဖြင့်သာ ဘဝကို ကုန်ဆုံး နေကြသည်ကို ငယ်ရွယ်စဉ် အခါကပင် အကျွန်ုပ်မှာ မြင်တတ်နေလေသည်။ တစ်နေ့သောအခါ မိမိသည် လမ်းခွဲ ရမည့်သူ၊ ကိုယ့်လမ်းကို ကိုယ်ရှာ၍ သွားရမည့်လူ ဖြစ်သည်ကိုလည်း သိနေခဲ့လေသည်။ သို့သော် ဖခင်၏ အရိပ် အာဝါသ အောက်တွင် နေစဉ်အခါ၌ ဖခင်နှင့် ပဋိပက္ခ ဖြစ်ခြင်း ကိုမူကား အကျွန်ုပ် မလိုလားသည် အမှန်။

အကျွန်ုပ်က ဗလီ မတက်ချင်ကြောင်း မိမိစိတ်ထဲ ရှိသည့်အတိုင်း လွှတ်ခနဲ နှုတ်က ထွက်သွားခြင်းကိုပင် ဖခင်သည် ခံပြင်းနေပြီ ဖြစ်၏။ သို့သော် မတတ်နိုင်ပြီ။ ပြောပြီးသည့် စကားကို ပြန်ပြင်၍လည်း မဖြစ်တော့။ ဖခင် ကျေနပ်အောင်၊ အကျွန်ုပ် ရင်ထဲမှာ ဖြစ်ပေါ်နေသော အတွေး ဝေဒနာကိုလည်း ဖခင် သိအောင် တစ်နည်းနည်းဖြင့် အကျွန်ုပ်က ပြောမှသာ သင့်ပေတော့မည်။

'ကျွန်တော် နမာဇ် ဖတ်ရမှာ ရှက်လို့ပါ ဖေဖေ'

ဤစကားသည် မုသား တစ်လုံးမှ မပါပါ။ မိမိ ရင်ထဲမှာ တကယ် ဖြစ်နေသည်ကို ဖခင် နားလည်စေ လို၍ ပြောလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် ဖေဖေ၏ တုံ့ပြန်မှုက အကျွန်ုပ် ထင်သလို ဖြစ်မလာ။ ဖခင်၏ အသံသာ ပို၍ မာလာသည်။

'ဟေ မင်း ဘာစကား ပြောတာလဲ၊ ဘုရား ရှိခိုးတာ ရှက်စရာလား၊ ဟော့ ရှိုက်တန်▸ခု'မင်း တောက်ဘာ လုပ်'

အကျွန်ုပ် ဆိုလိုရင်း အချက်ကို ဖခင် နားမလည်ကြောင်း ထင်ရှားသည်။ ဘုရား ရှိခိုးခြင်းကို ရှက်စရာ အလုပ်ဟု ထင်ခြင်းသည် မာရ်နတ် (ရှိုက်တန်) ၏ အလုပ်ဟု ဖခင် မြင်သည်မှာလည်း မဆန်းပါ။ မြင်သင့်ပါသည်။ တကယ့်တကယ် အကျွန်ုပ်၏ စကား မပြည့်စုံခြင်းကြောင့် အဓိပ္ပာယ်တွေ လွဲကုန်ခြင်း ဖြစ်လေသည်။ ဖခင်၏ စိတ်တွင် ဘုရား မကြိုက် မနှစ်သက်သော စကားကို သူ့သား ပြောဆိုခြင်း အတွက် အလွန်ပင် စိုးရိမ် ထိတ်လန့်နေဟန် တူသည်။ အကျွန်ုပ်အားလည်း ဘုရားသခင်ကို ဝန်ချ တောင်း ပန် ရန် အတွက် 'တောက်ဘာ' လုပ်ခိုင်းသည်။ သူလည်း သားမိုက် အတွက် ခွင့်လွှတ်ခြင်းကို ပေးသနားပါရန် ဘုရား သခင်ထံမှာ အကြိမ်ကြိမ် တောက်ဘာပြု၍ ခွင့်ပန် လေသည်။ ဖခင်သည် သားအား ဘုရားသခင်က အပြစ် ပေးမည်ကို အလွန် စိုးရိမ် ပူပန်သွားကြောင်းမှာလည်း ထင်ရှားပါသည်။ သို့သော် အကျွန်ုပ် အဖို့မူ တောက်ဘာ လုပ်စရာ အကြောင်း မမြင်ပါ။ ဖခင်ကို နားလည်အောင်

www.burmeseclassic.com



ရှင်းပြရန်သာ အကျွန်ုပ်မှာ တာဝန် ရှိသည်ဟု ထင်ပါသည်။

'ကျွန်တော် အဲဒီ သဘောနှင့် ပြောတာ မဟုတ်ပါဘူး ဖေဖေ'

'မင်း ဘာသဘောနှင့် ပြောတာလဲ၊ ဒီစကားဟာ ဘယ်လောက် အပြစ် ကြီးတယ် ဆိုတာ မင်း နားလည်သလား'

'ကျွန်တော် ပြောတာကို ဖေဖေ နားထောင်ပါဦး'

'ဟေ မင်းဟာ မိုက်ရိုင်း လှချေလား၊ အဖေကို တောင် မင်းက ပြန် ဆုံးမနေပြီလား'

အကျွန်ုပ် စကား မပြောဘဲ အတန်ကြာ နေလိုက်ပါသည်။ စကား ဆက်ပြော၍ ရမည်လည်း မဟုတ်တော့သည်ကို အကျွန်ုပ်၏ သိစိတ်က နားလည်လိုက်ပါပြီ။ ဖေဖေ ဒေါသ ဖြစ်သွားပြီ။ သူ့ကို ဒေါသ ဖြစ်အောင် အကျွန်ုပ်က လုပ်လိုက်မိပြီလား ဝေခွဲ၍ မရပါ။ အကျွန်ုပ်၏ စိတ်ထဲတွင် ဖေဖေနှင့် ပဋိပက္ခ ဖြစ်တော့မည်ကို ကြောက်စိတ် ဝင်လာသည်ကတော့ အမှန်။ ဖေဖေ့ စိတ်ထဲမှာ စေတနာ ဘယ်သို့ ရှိမည်ကို အကျွန်ုပ်သည် ထိုစဉ် အခါက နား လည် နိုင် စွမ်း မရှိပါ။ အကျွန်ုပ်ကို ဖေဖေသည် ဖခင် တစ်ဦး အနေဖြင့် တစ်ဖက်သတ် အနိုင်ယူသည် ဟူ၍သာ ထင်ခဲ့မိ လေသည်။

ယခု ဖေဖေလည်း မရှိတော့သော အခါ၊ အကျွန်ုပ်လည်း အသက်အရွယ် ရင့်၍ ဖေဖေ့လို ဖခင် ဖြစ်လာသောအခါ၊ ဓမ္မနှင့် အဓမ္မ သဘောကို ခွဲခြားနိုင်သော အခါ၌မူ ထိုစဉ်က ဖခင် ပြောဆိုသော စကားတို့တွင် မာကျော ခက်ထန်သော သဘောတို့ ပါသော်လည်း ထို မာကျောခြင်း၊ ခက်ထန်ခြင်းသည် ကရုဏာ ဒေါသ ဖြစ်ကြောင်း နားလည်တတ်ပါပြီ။ ဖခင်၏ အကျွန်ုပ် အပေါ်၌ ချစ်ခြင်း ကရုဏာ စသည်တို့၏ အတိုင်းအဆ ကြီးပုံကိုလည်း ယခု တိုင်းတာတတ်ပြီ ဖြစ်၏။ အမှန်မှာ ဖခင်သည် အကျွန်ုပ်၏ ပြောမှား ဆိုမှားကြောင့် ဘုရားသခင်က အကျွန်ုပ်ကို ဒဏ်ခတ်မည်၊ အပြစ် ပေးမည်ကို လွန်စွာ စိုးရိမ် ကြောင့်ကြလျက် ရှိသည်။ သူ့သား ဒုက္ခ ရောက်မည်ကို စိုးရိမ်သည့် စိတ်က သူ့သားသည် မဆင်မခြင်ဘဲ တစ်စုံတစ်ခု ပြုမည်ကို တားဆီးနိုင်ရန် ဖခင် စကားသံ မာကျောခဲ့ခြင်းပေလား။ အကျွန်ုပ်မိခင် ဖခင်တို့သည် ခေတ်စကားနှင့် ပြောရလျှင် ရှေးကျသည်ဟု ဆိုရမည်လား မသိ။ လူကြီး မိဘ ဆိုစကားကို သားသမီးများက မြေဝယ် မကျ နားထောင်ခြင်းကိုသာ သူတို့ အလို ရှိတတ်ကြလေသည်။ သားသမီးတို့ လိမ္မာယဉ်ကျေးခြင်းကိုလည်း မိဘတို့သည် အဆုံးမ ခံခြင်း၊ နာလွယ်ခြင်းဖြင့် အဓိပ္ပာယ် သတ်မှတ်တတ်ကြ လေသည်။ အာခံခြင်းကို ဘယ်မိဘမျိုးမှ လိုလား တောင့်တကြမည် မဟုတ်သည်ကို ငယ်စဉ်ကတော့ အကျွန်ုပ်လည်း သဘော ပေါက်ခဲ့ခြင်း မရှိသည်ကို ဝန်ခံရပေတော့မည်။

အကျွန်ုပ်က ဖခင်ကို ကျွန်တော် ပြောတာ နားထောင်ပါဦးဟု ဆိုခြင်းမှာ အမှန်ကတော့ အာခံသည့်သဘောမျိုး မဟုတ်ပါ။ ဖခင်ကသာ အာခံသည်ဟု စွဲမှတ်လေသလား မသိပါ။ တကယ်တော့ အကျွန်ုပ် ရင်ထဲမှာ သိုသိပ် ဝှက်ကွယ်လာခဲ့သော လျှို့ဝှက်ချက်တစ်ခုကို ဖခင် သိစေလိုပါသည်။ ထိုအချက်ကို ဖခင် သိရလျှင် အကျွန်ုပ်ကိုလည်း ခွင့်လွှတ်မည်ဟု ထင်၍ ဖြစ်ပါသည်။ ယခုမူ စလျှင်စချင်း ဆောက်နှင့် ထွင်း ဆိုသော အဖြစ်သို့ မမျှော်လင့်ဘဲ ရောက်ရှိသွားပြီ ဖြစ်၏။ စကားကို အကျွန်ုပ် ဘယ်က ပြန်၍ စရမည်ကိုပင် စဉ်းစား မရဘဲ အတန်ကြာ နေမိလေသည်။

'ဖေဖေ့ကို မင်း မှန်မှန် ပြော၊ မင်း ဘာဖြစ်လို့ နာမာ့ဓ် ဖတ်ရမှာကို ရှက်တယ်လို့ ပြောရတာလဲ'

ဟင်းခနဲ အကျွန်ုပ် သက်ပြင်း တစ်ချက်ကို ခိုးချလိုက်မိပါသည်။ ယခုမှပင် အကျွန်ုပ်ရင်မှာ တင်းကျပ်ခုခံလျက်နေခဲ့သော အလုံးကြီး လျှောကျ သွားပါသည်။ အသက်ရှူလည်း ချောင်သွားသည်။ ဖခင်သည် ချောင်ပိတ်မိနေသော သူ့သားအတွက် ထွက်ပေါက် ပေးလိုက်ပါပြီ။ ဖခင်၏ ပျော့ပျောင်း ညင်သာသွားသော စကားသံ၌ ပါသော ဆင်ခြင်တုံ တရားကို အကျွန်ုပ် နှလုံးသားက ဖမ်းယူထားလိုက် မိပါသည်။

'အဲဒါကို ကျွန်တော် ရှင်းပြ ချင်လို့ပါ ဖေဖေရယ်'

ကျချင်သော မျက်ရည်ကို ထိန်းထားဖို့ ကြိုးစားပါသည်။ သို့သော် စိတ်က နောက်ကျပြီး မျက်ရည်တွေက တွေတွေ စီးကျ ကုန်ကြသည်။ အကျွန်ုပ်၏ ငိုရှိုက်ချင်သော စိတ်ကို ထိန်းသိမ်း၍ မရပါ။ သား၏ မျက်ဝန်း အစုံက ယိုစီး ကျဆင်းသွားသော မျက်ရည် အစုံအတွက် ဖခင်သည် ဘယ်သို့ တန်ဖိုး ထားလေသနည်း။ အကျွန်ုပ် မသိတတ်ပါ။ သို့သော် ဖေဖေ့ အသံ ပို၍ ပျော့ပျောင်းသွားသည်ကိုမူ အကျွန်ုပ် သတိ ပြုမိပါသည်။

'မငိုနှင့်၊ ငါ့သား ရှင်းပြတာကို ဖေဖေ နားထောင်မယ်၊ ကဲ ပြော'

www.burmeseclassic.com



ခွင့်ပြုချက် ပေးသော ဖေဖေ့ အသံကို ယခုတိုင် နားမှာ ဆတ်ဆတ် ကြားဆဲ ဖြစ်ပါသည်။ ပိတ်နေသော အကျွန်ုပ် နှလုံးသားလည်း အကျဉ်း စခန်းမှ လွတ်မြောက်လာသူ ပမာ ဖြစ်ပါလိမ့်မည်။ လွတ်လပ်ခွင့်ဟု ခေါင်းစဉ် မတပ်တတ်သော်လည်း အကျွန်ုပ် ဘဝဝယ် အတောင့်တဆုံး ဖြစ်ခဲ့သော အ မြတ် ဆုံး ဆုသည် လွတ်လပ်ခွင့်ပါပဲ။

အကျွန်ုပ် မျက်ရည် သုတ်လိုက်ပါသည်။ ပြီးမှ လှုပ်ခတ်နေသော မိမိစိတ်ကို ငြိမ်သက်မှု ရအောင် ခေတ္တ စိတ်လျှော့ နားနေ လိုက်ပြီးမှ ဖေဖေ့ကို ရှင်းပြပါသည်။

'ကျွန်တော် ရက်တယ်လို့ ပြောတာ နာမာ့ဇ် မဖတ်ချင်လို့ ပြောတာလည်း မဟုတ်ပါဘူး၊ နာမာ့ဇ် ဖတ်တာကို ရက်စရာ အလုပ်လို့ မှတ်လို့လည်း မဟုတ်ပါဘူး ဖေဖေ'

'အင်း ဖေဖေ ဆူမိတာက ငါ့သား အလ္လာဟ် အရှင်မြတ် မကြိုက်တဲ့ စကားတွေ ပြောမှား ဆိုမှား ဖြစ်မှာ စိုးလို့ကွယ့်'

'ဟုတ်ကဲ့၊ ဖေဖေ့ စေတနာကို ကျွန်တော် ခုသဘော ပေါက်ပါတယ်၊ ကျွန်တော် ဗလီ တက်ပြီး နာမာ့ဇ် ဖတ်တဲ့အခါ ဘေးမှာ ရပ်ပြီး တန်းစီ ဝတ်ပြုနေကြတဲ့ လူတွေက အသီးသီး ဘုရား ရှိခိုးစာတွေ ရွတ်ဖတ် နေကြတယ်၊ ကျွန်တော်ကတော့ ဒီစာတွေ အကုန်လည်း မရတော့ လူမြင် ကောင်းအောင် ပါးစပ်ပဲ လှုပ်နေရတယ်၊ တစ်ယောက်ယောက်ကများ မင်း ဘာတွေ ဆိုပြီး ဘုရား ရှိခိုးသလဲလို့ မေးရင် ကျွန်တော် အရှက်ကွဲမယ်၊ အဲဒါ လူသိသွားမှာ ကျွန်တော် သိပ်ရှက်တာပဲ'

'ဟင် နို့ ငါ့သားကို အာရဗီ စာတွေ သင်ခိုင်းထားတာပဲ၊ မင်းတို့ ဆရာ ဓာဖူးက နာမာ့ဇ် ဖတ်တဲ့ စာတွေ မသင်ပေးဘူးလား'

'သင်တော့ သင်ပေးပါတယ်၊ ဒါပေမယ့် ကျွန်တော် မှတ်လို့ကို မရဘူး၊ အာလ်ဟမ္ဒုဒို [၁] တစ်ပုဒ်တောင် ကျွန်တော် ဆုံးအောင် ရွတ်လို့ မရဘူး၊ အာလစ်ဖ်လမ်မင် [၂] ထဲက ဟာတွေနှင့် ရောရော ကုန်တယ်'

ဤစကား အဆုံး၌ ဖခင်သည် နားမလည်နိုင်လောက်အောင် စိတ်ရှုပ်ထွေးသွားသော အကြည့်မျိုးဖြင့် အကျွန်ုပ်၏ မျက်နှာကို စိုက်ကြည့်နေလေသည်။ ဖခင်၏ နှုတ်ခမ်းကြီးကိုလည်း စုထားလေသည်။ အတန်ကြာ ငေါင်တောင်တောင် စူနေရာမှ သူ့စိတ်ကို လျှော့ချလိုက်ပြီး ဆိုလေသည်။

'ဒီလောက်တောင် မင်းမှာ မှတ်ဉာဏ် နည်းလို့လား'

သူ့ စကားက အပြစ် တင်လိုခြင်းပဲလား၊ စူးစမ်းလိုခြင်းပဲလား၊ အတိအကျ ပြောဖို့တော့ ခက်သည်။

'ကျွန်တော်လည်း မှတ်တော့ မှတ်တာပဲ၊ ကျွန်တော့် သူငယ်ချင်းတွေကတော့ ရကြတာ များပါတယ်'

'ဒါဆို မင်း ဆရာ ဓာဖူးက မင်း စာရလား မရလား မမေးဘူးလား'

'ဒါတော့ မစစ်ဘူး၊ ဆရာ့ ရှေ့မှာ စာအုပ်ကြည့်ပြီး ဖတ်ရင်တော့ ကျွန်တော် အားလုံး ဖတ်တတ်တာပဲ'

'တော်တော် ခက်တဲ့ ကောင်ပဲ၊ ဘုရား ရှိခိုးတဲ့ အခါ စာအုပ်ကြီး ကြည့်ပြီး ဖတ်နေလို့မှ မရတာ၊ မင်း ဒါလောက်တော့ ရအောင် ကျက်မှပေါ့ သားရဲ့'

ယခုအချိန်သည် အကျွန်ုပ် ရင်ထဲမှ သိုသိပ် ထားချက်ကို သတ္တိ မွေး၍ ဖွင့်ထုတ် ရမည့် အချိန် ဖြစ်သည်ကို အကျွန်ုပ် နားလည် လိုက်ပြီ။ မဟုတ်လျှင် အကျွန်ုပ်၏ အဖြစ်က ရှေ့မတိုးသာ နောက်မဆုတ်သာနှင့် တစ်လစ်ကြီး ဖြစ်နေပေရော့မည်။

အကျွန်ုပ်သည် သတ္တိ မွေးဖို့ အသက်ကို ပြင်းပြင်း တစ်ချက် ရှူလိုက် မိလေသည်။

'ကျွန်တော် ရအောင် ကျက်မယ်ဆိုတဲ့ စိတ်ရှိရင် ရမှာပဲ ဖေဖေ၊ ဒါပေမယ့် ကျွန်တော့်ကိုယ် ကျွန်တော် သိပါတယ်၊ ကျွန်တော် အလွတ် မကျက်ချင်ဘူး'

'ဟေ မင်းက စာကို အလွတ် ကျက်တာ ဝါသနာ မပါလို့လား'

'မဟုတ်ပါဘူး၊ ကျွန်တော် သဘောပေါက်တဲ့ စာဆိုရင် ကျက်ရင် ခဏကလေးပဲ၊ ချက်ချင်း ရတတ်ပါတယ်၊ ခုဟာက . . .'

'မင်း သဘော မပေါက်လို့ပေါ့'

'ဟုတ်တယ် ဖေဖေ၊ အဓိပ္ပာယ်လည်း မသိ၊ သဘောလည်း မပေါက်၊ စာလုံးတွေ မြင်ပြီး အသံထွက်ဖို့ပဲ တတ်တယ်၊ ကျွန်တော် ရွတ်ဖတ်နေတဲ့ စာတွေဟာ ဘာ အကြောင်းအရာတွေလဲ ဆိုတာ ကျွန်တော် လုံးလုံး မသိဘူး'

'မင်း မသိရင် မင်း ဆရာ ဓာဖူးကို မမေးဘူးလား၊

----------

*(၁) စူရာဖာတေဟာ*

*(၂) စူရာဘာကရာ*

www.burmeseclassic.com



သူကကော ရှင်းမပြဘူးလား'

'မေးတယ် ဖေဖေ၊ ကုရ်အာန်ကို ခတမ် (ကုန်ဆုံးခြင်း) ဖြစ်အောင် ဖတ်တတ်ဖို့ပဲ အရေးကြီးတယ်တဲ့၊ အဓိပ္ပာယ်ပါ သင်နေရင် တစ်သက် ပြီးမှာ မဟုတ်ဘူးတဲ့'

ဖေဖေ ဘာမျှ မပြောတတ်တော့။ အကြာကြီး ထိုင်လျက် စဉ်းစား နေလေသည်။ သူ ဘာတွေ စဉ်းစား နေသည်ကိုမူ အကျွန်ုပ် မသိပါ။ သို့သော် ယခုအခါ ဖခင်သည် အကျွန်ုပ် စိတ် အကျဉ်းအကျပ် ကျခံခဲ့ရသကဲ့သို့ သူ စိတ်ကျဉ်းကျပ်လျက် ရှိပြီကို အကျွန်ုပ် ကောင်းစွာ အကဲခတ် တတ်ပါပြီ။

ဖေဖေသည် သူ့ကိုယ်သူလည်း စဉ်းစား ပေလိမ့်မည်။ အကျွန်ုပ် ကဲ့သို့သော မလွယ်ကူသော သား အကြောင်းကိုလည်း စဉ်းစားပေလိမ့်မည်။ စာသင်ဆရာ ဦးဇာဖူး၏ အကြောင်းကိုလည်း စဉ်းစား ပေလိမ့်မည်။ ထိုသို့ စဉ်းစားခြင်း ဖြစ်တန်ရာသည်ကို ဖေဖေ့ စကားက ဖော်ပြလေသည်။

'မင်းကလည်း သိပ် ခက်တဲ့ ကလေးပဲ၊ ဇာဖူး ကလည်း လိုတာပဲ၊ ဖေဖေတို့လည်း တစ်သက်လုံး ဘုရားရှိခိုး လာတာပဲ၊ တစ်နေ့ ငါးကြိမ် မှန်မှန် ရှိခိုး ဝတ်ပြုမြဲပဲ၊ ဘုရား သခင်ကို ကြည်ညိုတဲ့ စိတ်၊ ဘုရား သခင်ကို ကြောက်လန့်တဲ့ စိတ်နှင့် ရှိခိုးကြတာချည်းပဲ'

အကယ်၍ ဖေဖေ ဆိုသော စကားသည် အကျွန်ုပ် အား အပြစ်တင်သည်ပဲ ဖြစ်စေဦးတော့၊ အကျွန်ုပ် ကျေနပ်မိ၏။ အဘယ်ကြောင့်ဆိုသော် ဖေဖေ့ စကား လုံးများ အထဲတွင် သူ့သား ဖြစ်သူ အကျွန်ုပ်၏ သူများ တကာနှင့် မတူသော သဘာဝ စရိုက်ကို အထိုက် အလျောက် နားလည်နေခြင်း ပါသည်ကို ကြားရ၍ ဖြစ်ပါသည်။

'ဒါတော့ ကျွန်တော်က ကျွန်တော်ပဲ ဖေဖေရယ်၊ သူများနှင့် ကျွန်တော့်ကို တူရမယ်လို့ ဆို လို့ တော့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်ကတော့ ဘယ်ကိစ္စကို မဆို အစ အဆုံး သိချင်တယ်၊ ပြီးတော့ ကျွန်တော် ကြီးရင် စာရေးဆရာ လုပ်ချင်တာ'

'ဘာ ဘာ စာရေးဆရာလဲ၊ ထွီ အလကား၊ မင်း ဟာ ဂျန္နာတ်ကို ပခုံးနှင့် ထမ်းတင်တောင် တက်မယ့် အကောင် မဟုတ်ဘူး၊ မိဘက အဖြူ ဆိုရင် မင်းက အမည်း လုပ်ချင်တာပဲ၊ မင်းကတော့ ဒိဇတ်ခ် (ငရဲကောင်) ပဲ ဖြစ်မှာ သေချာတယ်၊ မင်း ကြပ်ကြပ် သတိထား၊ မင်းမှာ ဒီမကောင်းတဲ့ အကျင့်တွေ ဘယ်က ရလာ တာလဲ၊ မင်း မဟုတ်က ဟုတ်က စာအုပ်တွေ ဖတ်ပြီး ဒီအတွေးတွေ ဒီအကျင့်တွေ ရလာတာ မဟုတ်လား၊ မင်း ဖတ်နေတဲ့ စာအုပ်တွေကို ငါ အကုန် မီးရှို့ပစ်မယ်'

ကြီးလျှင် ကျွန်တော် စာရေးဆရာ လုပ်မယ် ဆို သော စကားသည် ဖခင်ကို ဘယ်ပုံဘယ်နည်း သဘော ပေါက်စေခဲ့လေသနည်း။ အကျွန်ုပ်လည်း ဖြန့်းခနဲ ဘာမျှ မစဉ်းစားတတ်တော့။ အကျွန်ုပ် ဖတ်နေသော စာအုပ် များကိုပင် ဖေဖေက အပြစ်တင်နေလေပြီ။ မီးရှို့ပစ် မည်ဟု ဆိုနေလေပြီ။ အမှန်မှာ ဖေဖေသည် စာတတ် ပေတတ် တစ်ဦး မဟုတ်ပါ။ သူ တတ်သည်မှာ အရောင်း အဝယ်သာ ဖြစ်သည်။ သူသည် စာပေကို ဝါသနာလည်း မပါ၊ သူ့ဘဝ အတွက် ငွေ ရှာတတ်ဖို့၊ မိသားစုကို အောက်တန်းကျ မနေရအောင် လုပ်ကျွေးတတ်ဖို့၊ ကျန် အချိန်များတွင် ဘုရား ဝတ်ပြုခြင်းဖြင့် ဘုရား ကျေနပ် အောင် နေတတ်ဖို့သာ လိုသည်ဟု ယုံကြည်ထားသော ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။ ဖေဖေ့ နဖူးပေါ်တွင် ညိုမည်း သော အသားမာကွက်ကြီး တစ်ခု ရှိလေသည်။ ဤကား ဘုရား ဝတ်ပြုခြင်း၏ သက်သေခံ အမှတ် အသား ဖြစ်၏။ ဘုရား ဝတ်ပြုစဉ် နဖူးနှင့် ကြမ်းပြင် ထိတိုက် မှုကြောင့် ဖြစ်ပေါ်လာသော အမှတ်အသား ဖြစ်သည်။ ထို အမှတ်အသား ရှိသော ပုဂ္ဂိုလ်ကို 'နမာဇီ' ဟု သတ် မှတ် ကြလေသည်။ နမာဇီသည် နာမာဇ် ဝတ်ပြုခြင်း၌ အထုံ ရပြီးသူ၊ ဘုရားကို မပြတ် ဝတ်ပြုတတ်သူ သူတော်ကောင်း အထိမ်းအမှတ်ပင်။

အကျွန်ုပ်ကဲ့သို့ ငယ်ရွယ်သူများမှာ ထို အထိမ်း အမှတ်ကို မရနိုင်။ ဤ အမှတ်အသား ထင်ရှား ဖြစ် ပေါ်ရန် စွဲမြဲသော ဝတ်ပြုခြင်းလည်း ရှိရပြီး သက်တမ်း လည်း အတန် ကြာညောင်းမှသာ ဖြစ်နိုင်ပေသည်။

ဖေဖေသည် အ ကျွန်ုပ် နှင့် မျက်နှာချင်းလည်း မဆိုင်၊ စကားလည်း မပြောဘဲ နေလေတော့သည်။ အကျွန်ုပ်လည်း ဖခင်နှင့် မျက်နှာချင်း မဆိုင်ရခြင်းကို ပို၍ နှစ်သက်ပါသည်။ အကျွန်ုပ် အဖို့ မေမေ ရှိနေ လျှင် လိုအပ်ချက် ပြည့်စုံပါသည်။

ရက်အတန် ကြာသောအခါ မေမေသည် ဖေဖေနှင့် အကျွန်ုပ် အကြားတွင် စေ့စပ်သူ ဖြစ်လာတော့သည်။

'သားရေ၊ မင်း ဖေဖေ စိတ် ချမ်း သာ အောင် လိုက်လျော လိုက်ပါကွယ်'

'ကျွန်တော်က ဖေဖေ စိတ် မချမ်းသာအောင် ဘာလုပ်လို့လဲ'

www.burmeseclassic.com



'ငါ့သား ဘုရား ရှိမခိုးတာကို သူ မကြိုက်ဘူး'

'အဲဒီကိစ္စ ဖေဖေ့ကို ကျွန်တော် ပြောပြီးသားပဲ၊ ကျွန်တော် ဘုရား ရှိခိုးစာတွေ မရလို့ ရှိမခိုးတာလို့၊ ပြီးတော့ အဓိပ္ပာယ် ဘာမှန်းမသိတဲ့ စာတွေကို ကျွန်တော် နှုတ်တိုက် ရအောင်လည်း မကျက်ချင်ဘူးလို့'

ဖေဖေနှင့် နှိုင်းစာလျှင် မေမေသည် အကျွန်ုပ်ကို ပိုမို နားလည်ခြင်းကြောင့်ပေလား၊ သို့မဟုတ် ဧကပုတ္တ ဖြစ်သော တစ်ဦးတည်းသော သား အပေါ်၌ ထား တတ်သော မိခင်၏ နှလုံးသားကြောင့်ပဲလား၊ အကျွန်ုပ် မဝေခွဲတတ်တော့။ မိခင်သည် အကျွန်ုပ်နှင့် စပ်ဆိုင် လာသော အခါတိုင်း သား၏ အလိုကို သိဖို့ကိုသာ ကြိုးစားခဲ့သူ ဖြစ်သည်ကို အကျွန်ုပ် ငယ်စဉ်ကပင် ခံစား မိခဲ့လေသည်။

'ဒါဆို မေ့သား အဓိပ္ပာယ် သိရင်တော့ ဖတ်မယ် မဟုတ်လား၊ သားကို အဓိပ္ပာယ် နှင့် သင်ပေးနိုင်တဲ့ ဆရာ့ဆီ ပို့ပေးဖို့ မင်းဖေဖေကို မေမေ ပြောလိုက်မယ် လေ'

အကျွန်ုပ်သည် မေမေ့ စကားကို ကြားရသော အခါ ဘယ်ရွေ့ ဘယ်မျှ ဝမ်းသာ ကြည်နူးမိမှန်း ပြန် လည် ပြောပြရန် နှိုင်းစရာ ရှာမရပါ။ မေမေ့ စိတ်ဓာတ်၊ မေမေ့ နှလုံးသားက ယိုစိမ့်သော မေတ္တာကို ခံယူရခြင်း အတွက် အကျွန်ုပ်၏ မျက်ဝန်း အစုံဝယ် ပီတိ မျက်ရည် လည်မိပါသည်။ အကျွန်ုပ်၏ နှုတ်ဖျားက အသံထွက်၍ မေမေ၏ အမေးကို ဖြေခြင်းငှာလည်း မတတ်သာပါ။ ဖြေလိုက်လျှင် ငိုသံ ပါသွားပေလိမ့်မည်။ နှုတ်ကတိ ထက် ခေါင်း ညိတ်လိုက်ခြင်းက ပို၍ပင် မေမေ နှစ် သက်ဖို့ ဖြစ်ပါလိမ့်မည်။ ငယ်စဉ် ကတည်းက မေမေ ဆုံးမတိုင်းလည်း အကျွန်ုပ်သည် ခေါင်းညိတ်ခဲ့သည် ချည်း မဟုတ်လား။

ဘုရား ရှိခိုး ဂါထာများကို သာမက ကုရ်အာန် ကျမ်းကြီး တစ်ခုလုံးကိုပင် အကျွန်ုပ်သည် အဓိပ္ပာယ် သိ၍သာ ဖတ်ချင်လှပါသည်။ ပညာ သင်ကြားရခြင်း၌ အကျွန်ုပ်သည် ပျင်းရိခြင်း မရှိပါ။ အသိပညာများဖြင့် မိမိကိုယ်ကို ဖြည့်နေရခြင်းကို အကျွန်ုပ် နှစ်သက်ရုံမျှ မက အလွန်လည်း တန်ဖိုး ထားပါသည်။

မေမေ့ကို ကတိ ပြုပြီးနောက် မကြာမြင့်မီ တစ်နေ့ ၌ ဖေဖေက

'မင်းအတွက် ကုရ်အာန်ကျမ်း အင်္ဂလိပ် ဘာသာပြန် တစ်စောင် ဖေဖေ မှာထားပြီ၊ ခုလောလောဆယ် မင်းကို ဆရာကြီး ဦးဖိုးညွန့်ဆီကို ပို့ပေးမယ်၊ မင်းကို အင်္ဂလိပ် စာလည်း သင်ပေးဖို့ သူ့ကို ဖေဖေ ပြောထားပြီးပြီ' ဟု ဆိုလာသည်။

သားအတွက် ဤမျှ ကြောင့်ကြစိုက်သော ဖခင်၏ စေတနာကို အကျွန်ုပ်သည် မလေးစားဘဲ မနေနိုင်ပါ။ ဖခင် ဤကဲ့သို့ မနေမနား ဂရုတစိုက် တိုက်တွန်း နေ ခြင်း၊ မဖြစ်မနေ ဆောင်ရွက် နေခြင်းသည် မိဘတို့၏ ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက် နေခြင်းလည်း ဖြစ်သည်ကို အကျွန်ုပ် သိသင့် သလောက်တော့ သိခဲ့ပါ သည်။

ဖခင်၏ စိတ်ထဲတွင် သားဖြစ်သူ အကျွန်ုပ်အား ချစ်သည့်စိတ်က တစ်ဖက်၊ ဘုရားသခင် ထံမှောက်သို့ ရောက်သောအခါ ကိုယ့်သားကို ကိုယ် မဆုံးမခဲ့ရမလား ဟု အပြစ်တင် ခံရမည်ကို ထိတ်လန့်သော စိတ်က တစ်ဖက် လွန်ဆွဲလျက် ရှိနေပါသည်။ အမှန်တော့ မိဘ ပဲ ဖြစ်ဖြစ်၊ ဘယ်သူပဲ ဖြစ်ဖြစ် တစ်ပါးသူ အတွက် ဆောင်ရွက်သည် ဆိုသော်လည်း ကိုယ်ရေးကိစ္စ လုံးဝ မပါဘဲနှင့်တော့ ပုထုဇဉ်တို့ လောကဝယ် ဖြစ်နိုင်လိမ့် မည် မထင်ပါ။

အထူးသဖြင့် အကျွန်ုပ်၏ ဖခင်သည် အကျွန်ုပ် ပညာ သင်ကြားရေးတွင် အကျွန်ုပ် ဘာသာ ကိုးကွယ်ရေး ကိစ္စလောက် အရေးတယူ ဆောင်ရွက်ခြင်းကို ကြုံရခဲ ပါသည်။ ယခု အကျွန်ုပ် အင်္ဂလိပ်စာ သင်ကြားရေး အတွက် ဖေဖေ ဆောင်ရွက်ခဲ့ခြင်းမှာလည်း ယုံကြည် ကိုးကွယ်မှု ကိစ္စအတွက် အထောက်အပံ့ ရစေရေးက ပိုပြီး အရေးပါသော လိုလားချက် ဖြစ်ပေလိမ့်မည်။ အင်္ဂလိပ်စာတတ် ဖြစ်လျှင် ရာထူး ရာခံ ရရှိသော အကျွန်ုပ်တို့ ငယ်စဉ်ခေတ်တွင် ဖေဖေသည် လခစား ရာထူးကို အထင်ကြီးသူ မဟုတ်ချေ။ ဤတွင် မေမေ သည် ဖေဖေနှင့် လုံးဝ ကွဲပြား ခြားနားပါသည်။ မေမေက ငွေထက် ဂုဏ်ကို မက်သည်ဟု ဆိုသော် ရ မည် ထင်ပါသည်။ ဂုဏ်ဆိုသည်မှာ ပကာသနကို ဆို ခြင်း မဟုတ်၊ သူ့သားကို ကျော်ဇော ကိတ္တိနှင့် ပြည့်စုံ သော ပညာတတ် လူကြီးလူကောင်း တစ်ယောက် ဖြစ် စေချင်သော ဆန္ဒကို ဆိုခြင်း ဖြစ်ပါသည်။

ဘယ်လို သဘောမျိုးနှင့် ဆောင် ရွက် သည် ပဲ ဖြစ်ဖြစ် ဖေဖေ ယခုတစ်ကြိမ် ဆောင်ရွက်ခြင်းကို အကျွန်ုပ် အလွန် နှစ်သက်ပါသည်။ စာအုပ်ကို ရွှေထက် ပိုပြီး ချစ်မြတ်နိုးသော အကျွန်ုပ် အတွက် ဖေဖေသည်

www.burmeseclassic.com



အင်္ဂလိပ် ဘာသာပြန် ကုရ်အာန်ကျမ်း တစ်စောင်ကိုပင် မှာကြားပေးမည် ဆို၏။ စိတ် ချမ်းသာဖွယ် ကောင်းလှသော နေ့များ ဖြစ်၏။

ဖေဖေသည် ဘယ်က ဝယ်ပြီး ရလာသည် မသိ၊ သားရေဖုံးတပ် ရွှေစာလုံးဖြင့် ရေးသားထားသော အသစ်စက်စက် အင်္ဂလိပ် ဘာသာပြန် ကုရ်အာန်ကျမ်းကို ရရှိလာလေပြီ။

'ရော့ အဓိပ္ပာယ် သိချင်တဲ့ မင်းအတွက် မူရင်းအဓိပ္ပာယ်တွေရော အဓိပ္ပာယ် ဖွင့်ဆိုချက်တွေပါ ပါတဲ့ ကုရ်အာန်'

ငယ်စဉ် ကတည်းက ကုရ်အာန်ကျမ်း စာအုပ်ကို လက်မဆေးဘဲ မကိုင်ရဟု သွန်သင် ညွှန်ပြခဲ့သော ဆရာသမားများ၏ အသားကျ ဆုံးမ ထားမှုကြောင့် အကျွန်ုပ်သည် ခြေလက် သုတ်သင်ပြီးမှ ဖခင် ပေးသော ကုရ်အာန်ကျမ်း အင်္ဂလိပ် ဘာသာပြန်ကို လက်ခံ ရယူခဲ့လေသည်။

ဘာသာ ပြန်သူ မည်သူနည်း။

ဟာဇရတ် မီးရ်ဇာ ဂူလမ် အဟမာဒ် (Hazrat Mirza Ghulam Ahmad) ဆိုသော အမည်ကို တွေ့ရပါသည်။

အကျွန်ုပ်တို့ ခေတ်က ဆယ်တန်းတွင် ပင်ရင်း အင်္ဂလိပ်စာ ရိုးရိုးကိုပင် ဖတ်စာ လေးငါးအုပ် ဖတ်ရသည်။ ကဗျာ၊ ပြဇာတ်၊ ဝတ္ထုတို၊ ဒဏ္ဍာရီ၊ ပုံပြင်၊ အက်ဆေး မျိုးစုံ သင်ရသည် ဖြစ်ရာ ဆယ်တန်း ဆိုလျှင်ပင် အင်္ဂလိပ်စာ အတန် အသင့် တတ်နေလေပြီ။ သို့သော် ထိုမျှလောက် အင်္ဂလိပ်စာသည် ကုရ်အာန်ကျမ်း အင်္ဂလိပ် ဘာသာပြန်ကို ဖတ်ရှုနိုင်သော အဆင့်သို့ကား မရောက် သေးချေ။ ရေးရေး နားလည်ရုံမျှသာ ဖြစ်လေသည်။ ထိုနေ့ တစ်နေကုန် အကျွန်ုပ်သည် ကုရ်အာန်ကျမ်း ဘာသာပြန်ကို ဖတ်ခြင်းဖြင့် နပန်း လုံးနေရသူပမာ ပင်ပန်းစွာ ရုန်းကန် သတ်ပုတ် နေရသလို ခံစား ရလေသည်။

ပထမ 'စူရာဖာတေဟာ' ကို ဖတ်ကြည့်ရာ အတန်အသင့် နားလည်သဖြင့် အလွန် ဝမ်းမြောက် မိလေသည်။

အာရဗီ စကား 'ရဗ္ဗီးလ် အားလမီ' (rabbil alamina) ကို အဓိပ္ပာယ် သိရသည်။ ထိုစကား၏ အင်္ဂလိပ် ဘာသာပြန်မှာ (Lord of all Creation, Lord of the Worlds) ဖြစ်လေသည်။ စကြဝဠာ အနန္တကို ဖန်ဆင်း (ပြုစု ပျိုးထောင်) တော် မူသော အရှင်မြတ် 'အလ္လာဟ်' ဟု အဓိပ္ပာယ် ပြန်နိုင်ပါသည်။

'လာရဟမာနီးရ်ရဟင်းမ်' တတိယ ပါဒ၏ အဓိပ္ပာယ်မှာလည်း အစဉ် သနားကြင်နာ· ကရုဏာထားတော်မူသော အရှင် ဟူ၍ပင် ဖြစ်ရာ ဘုရားသခင် (အလ္လာဟ်) ၏ ဂုဏ်တော်ကို ဖွဲ့ဆိုခြင်းပင် ဖြစ်ကြောင်း နားလည် လိုက်ပါသည်။

အကျွန်ုပ်မှာ ထိုနေ့ တစ်နေ့လုံး ပင်ပန်းစွာ အားထုတ် ရသော်လည်း ပျော်ပါသည်။ ပျော်သည့် အကြောင်းမှာ မျက်စိ နှစ်ကွင်း အလင်း မရသူသည် စက္ခု အလင်း ဓာတ် ရသကဲ့သို့ ဖြစ်သောကြောင့်ပင်။

အားထုတ်မည် ဆိုပါက မကြာခင်ပင် အကျွန်ုပ်သည် ကုရ်အာန်ကျမ်း တစ်အုပ်လုံးကို နားလည်ရတော့မည် ပါတကား။ ဤတစ်ကြိမ်တွင် ဖခင်ကို ကျေးဇူးတင်၍ မဆုံးပါ။

နောက်ရက်များတွင် ဖေဖေက အကျွန်ုပ်ကို ဆရာကြီး ဦးဖိုးညွှန့်ထံသို့ ခေါ်သွားပြီး အပ်နှံပါသည်။

'ကျွန်တော့် သားကို ဆုံးမ ပေးပါ ဆရာကြီး၊ ကျွန်တော် သူ့ကို ဆရာကြီး လက်ထဲ အပ်ပါတယ်၊ မလိမ္မာတာ ရှိရင် ရိုက်သင့် ရိုက်ပြီး ဆုံးမပါ၊ သူ ကာဖီရ် ဖြစ်သွားမှာကို ကျွန်တော် သိပ် စိုးရိမ်တယ်' ဟု ဆိုပြီး အပ်နှံခြင်း ဖြစ်လေသည်။

'ကာဖီရ်' ဆိုသော စကားကို ကြားလိုက် ရသောအခါ အကျွန်ုပ်စိတ်မှာ လွန်စွာ ထိခိုက် တုန်လှုပ် သွားလေသည်။ မသိသူ မခံစားတတ်သူများ အဖို့ ထိုစကားလုံး၏ ဒဏ်ချက် ဘယ်လောက် ပြင်းထန်သည်ကို မသိနိုင်ပါ။ သိသောသူ အဖို့မူ ထိုစကားလုံးသည် ဝရဇိန် မိုးကြိုးသွားတမျှ အင်အား ပြင်းထန်သော စကား ဖြစ်လေသည်။

'ကာဖီရ်' သည် ဘုရားကို အန်တုသူ မယုံကြည်သူ ဆန့်ကျင် ပုန်ကန်သူဟု သာမန် အဓိပ္ပာယ် ထွက်သော်လည်း ဖေဖေတို့ အသိုင်းအဝိုင်းထဲတွင် ထိုစကားလုံးသည် ဓမ္မန္တရာယ် ရန်သူ ဟူသော အဓိပ္ပာယ် ထွက်နေပါသည်။ အကယ်၍ အကျွန်ုပ်ကိုသာ ကာဖီရ်ဟု သတ်မှတ်လိုက်ပါက ထိုသူကို မည်သူကမျှ ခေါ်ပြော ဆက်ဆံတော့မည် မဟုတ်ပါ။ အသိုင်းအဝိုင်းက အတွင်းစိတ်၌ ရန်သူဟု သတ်မှတ်ကာ ကြဉ်ရှောင်ခြင်း ခံရမည့် သူကား ကာဖီရ် ပင်တည်း။

ဖေဖေ ပြန်သွားသော အခါ ဆရာကြီး ဦးဖိုးညွှန့်က ဤသို့ မေးသည်။

www.burmeseclassic.com



'ကြားလား၊ မင်းအဖေရဲ့ နောက်ဆုံး စကားထဲမှာ မင်းကို ကာဖိရ် ဖြစ်သွားမှာ စိုးတယ် ဆိုတဲ့ စကား၊ အဲဒါ တို့ရဲ့ အခြေခံ စိတ်ဓာတ်ပဲကွယ့်၊ ငါကတော့ ဒုက္ခိတမို့ အိမ်ပေါက မဆင်းနိုင်ပေမယ့် မင့်အကြောင်းကိုတော့ ကြားနေတာပဲ၊ ဈေးရှေ့က လက်ဖက်ရည်ဆိုင်မှာ မင်း ဘာသာရေး ကိစ္စတွေကို လာသမျှ လူနှင့် အချီအချ ငြင်းတယ် ဆိုတာလည်း ဆရာ ကြားပါတယ်၊ မင်း အဖေကတော့ မင်းဟာ ဘာမှ မသိသေးဘဲနှင့် လျှောက်ငြင်းနေတယ်လို့ ထင်နေတယ်၊ ဆရာကတော့ ဒီလို မထင်ပါဘူး၊ မင်းက စာတွေ သိပ် ဖတ်တယ် ဆိုတာလည်း ကြားထားတော့ စာဖတ်တဲ့ လူဟာ စဉ်းစားမှာပဲ၊ ဒွိဟ ဖြစ်ရင် ငြင်းမှာပဲ၊ ဒါတော့ ဆရာ သဘော ပေါက်ပါတယ်၊ ဒီတော့ ပျားလည်း စွဲသာ ရှဥ်လည်း လျှောက်သာ သဘော ဖြစ်အောင် ဆရာ တတ်အားသမျှ ကူညီပါ့မယ်၊ မင်းက ဘာကို သိချင်တာလဲ၊ အစ္စလာမ် ဘာသာနှင့် ပတ်သက်ပြီး သိချင်တာကို မင်း ဆရာ့ကို မေးနိုင်တယ်'

ဤဆရာမျိုးကား ရခဲသော ဆရာမျိုးပါ တကား။

ချက်ချင်းပင် အကျွန်ုပ် စိတ်တွင် အထင်ကြီးလျက် ဝမ်းမြောက် မိလေသည်။ ဤလောက၌ ထင်လင်းသော အမြင် မရှိဘဲလျက် အသက် ရှင်နေခဲ့ရသော အကျွန်ုပ်အား ပထမ ဦးစွာ အလင်းကို ဆောင်သော စက္ခု နှစ်ကွင်းကို တပ်ဆင် ကုစားပေးမည့် သူသည် ဤဆရာကြီးပင် ဖြစ်လိမ့်မည် ဟုလည်း အောက်မေ့ မိလေသည်။

ဆရာကြီး ဦးဖိုးညွန့်ကား အလွန် ချစ်ခင်ကြည်ညိုဖွယ် ကောင်းသူ ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။ ဝိဇ္ဇာဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့ရ ဝတ်လုံတော်ရ အင်္ဂလိပ်စာတတ် ပုဂ္ဂိုလ်ကြီး ဖြစ်သည့်ပြင် အာရဗီ ဘာသာ၊ အူရဒူ ဘာသာတို့၌လည်း အလွန် နှံ့စပ်သူ ပညာရှိတစ်ပါးပင်။ သို့ရာတွင် သူ့ခမျာ ဘဝကံ ခေရှာသည်။ လေဖြတ် ထားသောကြောင့် အောက်တစ်ပိုင်း သေလျက် အိပ်ရာ ပေါ်မှာသာ နေရရှာသည်။ ထိုင်နိုင်ရုံ လှုပ်ရှားနိုင်၍သာ တော်သေးသည်ဟု ဆိုရချေမည်။

ဆရာကြီး ဦးဖိုးညွန့်သည် အကျွန်ုပ်အား ဆယ်တန်း အင်္ဂလိပ် စာကိုလည်း သင်ပေးသည်။ ကုရ်အာန်ကျမ်းကို အဓိပ္ပာယ် ပေါက်အောင်လည်း သင်ပေးသည်။ မိမိ မကျေညက်သည့် ကိစ္စ၊ ဘဝင် မကျသည့် ကိစ္စများကိုလည်း လွတ်လွတ်လပ်လပ် ဆွေးနွေးခွင့် ပေးထားလေသည်။ ထိုစဉ် ဆရာကြီး သတိပေးစကား ပြောခဲ့သည်ကိုလည်း မှတ်မိလျက်ပင် နေပါသေးသည်။

'ငါ့တပည့် တစ်ခုတော့ သတိ ထားနော်၊ တို့ဘာသာမှာ ဂိုဏ်းဂဏ ဝါဒစွဲတွေ များတယ်၊ ဒါကတော့ ဘာသာတိုင်းမှာလည်း ဂိုဏ်းကွဲ အယူကွဲတွေ ရှိကြတာပဲ၊ ဒါပေမယ့် အမြင်ချင်း မတူတဲ့ လူအချင်းချင်း ထားကြတဲ့ သဘောထားကျတော့ တို့က တယ်ပြီး တင်းမာတာကိုးကွယ့်၊ သူများ အကြောင်းတော့ ဆရာ မပြောချင်ပါဘူး၊ ကိုယ့်အကြောင်းပဲ ပြောမယ်ကွယ်၊ ဥပမာ ဆရာ ဆိုပါတော့၊ တို့ ဘာသာမှာ အဟမာဒီယာ လှုပ်ရှားမှု ဆိုတာ ရှိတယ်၊ မင်း ခု ယူလာတဲ့ ကုရ်အာန် ဘာသာပြန် ဆရာကြီး မီးရ်ဇာ ဂုလမ် အဟမာဒ်တို့ ဦးဆောင်တဲ့ အဖွဲ့၊ ကမ္ဘာမှာ အင်မတန် အသိ အလိမ္မာ ဉာဏ်ပညာ ရှိကြတဲ့ ပညာတတ် ပုဂ္ဂိုလ်ကြီးတွေ ဦးဆောင်ကြတာ၊ ကမ္ဘာက လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကြီးတွေပါ၊ စာတတ်လိုက်ကြတာလည်း မပြောပါနှင့်တော့၊ ကမ္ဘာ့ တရားရုံးချုပ်မှာ ဒီပုဂ္ဂိုလ်ကြီးဟာ တရားသူကြီးချုပ် ဖြစ်ခဲ့တယ်၊ သူတို့မှာ ခေတ်မီတဲ့ အတွေးအခေါ် အယူအဆတွေလည်း ရှိတယ်၊ နောင်အခါ ငါ့တပည့် ပညာတတ် တစ်ဦး ဖြစ်လာတော့ ဒီပုဂ္ဂိုလ်ကြီး ရေးတဲ့ (The Philosophy of the Teaching of Islam) ကျမ်း ဆိုတာ ရှိတယ်၊ ရှာပြီး ဖတ်ကြည့်၊ ဒီကျမ်းမှာ ခု မင်း စိတ်ထဲ မေးချင် ပြုချင်တဲ့ မေးခွန်း ပုစ္ဆာတွေ အတွက် အဖြေတွေ ရလိမ့်မယ်၊ ဆရာ သိစေချင်တာက တို့ အဟမာဒီယန်းတွေကို တို့ဘာသာတူချင်းက ကာဒီယန်နီ ဆိုတဲ့ နာမည် တပ်ပြီး ပုတ်ခတ်ကြတယ်၊ ဒီမြို့မှာ ဆရာ့ကို ဆိုရင် တော်တော် ပြောကြတယ်၊ ပညာ တတ်လာတဲ့ အခါ ဘယ်သူပဲ ဖြစ်ဖြစ် အကန်း မျက်ကွယ် ယုံကြည်ချက် (blind faith) မျိုး ထားရမယ် ဆိုလို့တော့ ဘယ်ရမလဲ၊ ဆင်ခြင်ဉာဏ် ရှိတဲ့ လူဟာ ဆင်ခြင်ဉာဏ် ရှိသလောက်တော့ တိုင်းထွာ ကြည့်ချင်မှာပဲလေ၊ သဘာဝကိုးကွယ့်'

ဆရာသည် ပညာရှင် ပီသ ပါပေ၏။ တပည့်ဖြစ်သူ အကျွန်ုပ် အပေါ်တွင်လည်း တကယ့် မေတ္တာကို ပေးသနား ပါပေ၏။ လျှောက်သင့်သော လမ်းကိုလည်း ညွှန်နိုင်ပါပေ၏။

တစ်ခါကမူ အကျွန်ုပ်သည် ဆရာကြီးအား 'အစ္စလာမ် ဆိုတာ ဘာလဲ' ဆိုသည့် အခြေခံက စ၍ မေးခဲ့ ဖူးပါသည်။

'အစ္စလာမ်ရဲ့ အဓိပ္ပာယ်ရင်းက ဘာလဲ ဆရာကြီး'

www.burmeseclassic.com



'အစ္စလာမ်ရဲ့ အဓိပ္ပာယ်ကတော့ ထာဝရ ဘုရားသခင်ကို ရိုသေ ကိုင်းရှိုင်းခြင်း၊ နာခံခြင်း အနက် ရတယ်၊ လောက အလုံးကို ဖန်ဆင်းတော်မူတဲ့ ဖန်ဆင်းရှင်၊ ထာဝရ ဘုရားသခင် တည်ရှိတယ် ဆိုတာ မုချအမှန် ဖြစ်တယ်လို့ စိတ်ချ ယုံကြည်ခြင်းပဲ၊ ဘုရားအမိန့်ကို နာခံခြင်းပေါ့ကွယ်၊ တစ်ဆက်တည်း နားလည်ရမယ် အချက်ကတော့ ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်မြတ်ရဲ့ လူ့ပြည်ကို စေလွှတ်ခဲ့တဲ့ တမန်တော်တွေထဲမှာ မုဟမ္မဒ်သခင် ကိုယ်တော်မြတ်ကြီးကို ခါတမ္ပွန် နဗီ နောက်ဆုံးပွင့် တမန်တော် ဖြစ်တယ်လို့ ယုံကြည်ကိုး ကွယ် ခြင်း၊ တမန်တော်ရဲ့ ဆုံးမ ဩဝါဒတွေကို နာခံခြင်းတွေဟာ အစ္စလာမ်ရဲ့ သဘော အမှန်ပဲ၊ ပိုပြီး ပြည့်စုံအောင် ဆရာ ဖြေရမယ် ဆိုရင် အစ္စလာမ်ဆိုတဲ့ စကားဟာ အာရဗီ စကား အီမမ် ဆိုတဲ့ စကားနှင့် ဆက်စပ်နေပါတယ်၊ အီမမ်ကို အင်္ဂလိပ် လို ပြန်ဆိုရင် **(faith)** လို့ပဲ ပြန်ဆိုနိုင်တယ်၊ မြန်မာလို ဆိုရင် ယုံကြည်ခြင်းပါပဲ၊ ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်မြတ် တည်ခြင်းနှင့် တကွ ကုရ်အာန် ကျမ်းမြတ်မှာ ပို့ချထားတဲ့ မုက္ခပတ်တော်များကို အကြွင်းမဲ့ ယုံကြည်ခြင်း အီမမ်ကိုပင် အစ္စလာမ်လို့ သတ်မှတ်နိုင်တာပေါ့၊ သမိုင်းကြောင်း အရကတော့ ဟို တမန်တော် အီဘရာဟိမ် (အေဗြာဟံ) လက်ထက်တုန်းက အလ္လာဟ် အရှင်မြတ်က တမန်တော် အီဘရာဟိမ်သည် ဘုရားသခင် အပေါ် ဘယ်လောက် ယုံကြည် အားထားသလဲ၊ ဘုရားသခင်ရဲ့ အမိန့်တော်ကို ဘယ်လောက် နာခံသလဲ ဆိုတာကို အလို စမ်းသော အားဖြင့် အီဘရာဟိမ်ရဲ့ သားတော် အစ္စမိုင်ကို ကုရ်ဘာနီ (စွန့်လွှတ်) ခိုင်းသည်ကို နာခံပြီး အီဘရာဟိမ်က စွန့်လွှတ်ခြင်းကို အကြောင်းပြု၍ အစ္စလာမ် ဆိုတဲ့ စကား ဖြစ်ပေါ်လာတယ် လို့လည်း ဆိုကြပါတယ်၊ ဒါကတော့ စကားလုံးနှင့် ဆိုင်ပါတယ်၊ ပိုပြီး တိတိကျကျနှင့် ကျယ်ကျယ် ပြောရရင် တို့များ ရွတ်ဆိုနေကျ ဂါထာကလေးထဲမှာ အကုန်အစုံ ပါတယ်၊ ဒါက လာအိလားဟာ အစ်လောက်လာ ဆိုတဲ့ ဂါထာပဲ၊ အစ္စလာမ်ရဲ့ သဘော အချုပ်ကတော့ ဘုရားသခင် ရှိတယ်၊ သက်ရှိ သက်မဲ့ လောက ခပ်သိမ်းကို ဖန်ဆင်းတော် မူသော အရှင်ကို ယုံကြည် သက်ဝင်ခြင်း၊ ထာဝရ ဘုရားသခင်ရဲ့ ကောင်းကင် တမန်တော်တွေ **(Angel of God)** ကို ယုံကြည်ခြင်း၊ တမန်တော် ပရောဖက် (ရစူလ် နဗီ) ကို ယုံကြည်ခြင်း၊ ကေယာမတ် ခေါ်တဲ့ နောက်ဆုံး ဘုရားသခင်ရဲ့ တရား စီရင်တဲ့ နေ့ကို ယုံကြည်ခြင်း၊ အားလုံးကို ခြုံပြီး အစ္စလာမ် ခေါ်ရပါတယ်၊ အလ္လာဟ် အရှင်မှ တစ်ပါး အခြား ကိုးကွယ်ရာ မရှိလို့ ယုံတာ'

ဆရာကြီးမှာ စိတ် အလွန် ရှည်သူ ဖြစ်ပါ၏။ အကျွန်ုပ် သိလို သမျှကို ဖြေဆိုခြင်း၌ ဝန်လေးသူ မဟုတ်ချေ။ အကျွန်ုပ်ကသာ အလွန် အမေး အမြန်း ထူသူ ဖြစ်၏။

ငယ်စဉ် ကတည်းက လူကြီးမိဘများ ပြောဆိုကြ ပြုကျင့်ကြသောကြောင့် အကျွန်ုပ်သည် အစ္စလာမ်၏ အခြေခံ ကျင့်စဉ် အချို့ကို သိပြီး ဖြစ်နေ၏။

တစ်နေ့လျှင် နာမာဇ် ငါးကြိမ် ရှိခိုး ဝတ်ပြုမှုကို လည်းကောင်း၊ သောကြာနေ့ နေ့လယ်တွင် အထူး ဝတ်ပြုမှု ဂျုမ္မာနာမာဇ်ကို လည်းကောင်း၊ အခြား နေ့ထူး နေ့မြတ်များ၌ ပြုမြဲ အထူး ဝတ်ပြုမှုများကို လည်းကောင်း သိပြီး ဖြစ်သည်။ တစ်နှစ်လျှင် တစ်ကြိမ် တစ်လပတ်လုံး ရိုဇာ ခေါ် အစားအသောက် ကြဉ်ရှောင်သော ဝါရှောင် လမြတ် အကြောင်းကိုလည်း သိ၏။ ဝါ ကျွတ် သော အခါ ချမ်းသာသူများက မရှိ ဆင်းရဲသားများ၊ မိဘမဲ့များအား ပေးလှူရသော 'ဇကတ်' အလှူ အကြောင်းကို လည်းကောင်း၊ တတ်နိုင်လျှင် မိုဟမ္မဒ်သခင် ပွင့်ပေါ်ဖူးသော မက္ကာမြို့သို့ သွားရောက် ဝတ်ပြုခြင်း ဟာဂျ် အကြောင်းကို လည်းကောင်း သိ ထား ပြီး ဖြစ်၏။ ဘာသာ အယူဝါဒ ဓလေ့ ထုံးစံများ အရ ဘာတွေ လုပ်ရမည်၊ ဘယ်လို နေထိုင် ဆက်ဆံ ရမည်၊ ဘယ်ပုံ ဘယ်နည်း ကျင့်ကြံ အားထုတ် ရမည် ဆိုသည်မှာ အကျွန်ုပ် စိတ်ဝင်စားသော ကိစ္စများ မဟုတ်ပါ။

အကျွန်ုပ် အဓိက ထား၍ သိချင်သည်မှာ ဘာသာ အယူဝါဒများ၏ လေးနက်သော ဒဿနပိုင်း၊ အဘိဓမ္မာပိုင်းသာ ဖြစ်လေသည်။ ပုဂ္ဂိုလ် ခင်၍ တရား မင်ခြင်း သဘောလည်း ပုထုဇဉ်တို့ နယ်တွင် အင်အား ကြီးမားစွာဖြင့် တည်ရှိနေပါ၏။ သို့သော် အ ကျွန်ုပ် သည် ပုဂ္ဂိုလ်ကို ခင်ခြင်း အကြောင်းဖြင့် တရားကို ခုံမင်ခြင်းအား ငယ်စဉ်ကပင် ပယ်လိုသော သဘော ရှိခဲ့ပါ၏။

တစ်ခါတစ်ရံ အကျွန်ုပ်သည် မိမိ လေ့လာပြီးသမျှ အထဲမှ လိုရင်း ဖြစ်သော အဓိက အချက်အလက်များကိုသာ ထုတ်ဖော် မေးလေ့ရှိရာ ဆရာကြီးလည်း အကျွန်ုပ်ကို များစွာ အားရ ကျေနပ်လှကြောင်း ပြောရလေသည်။

ဥပမာ အကျွန်ုပ်က အစ္စလာမ် ဘာ သာ တွင်

www.burmeseclassic.com



အရေးကြီးသော ကျင့်စဉ် (ဝါ) ကျင့်ကြံအပ်သော တရားများ အကြောင်း မေးပါသည်။

'ဆရာကြီး ကျင့်စဉ်တွေ ရှိတယ် မဟုတ်လား၊ ရှုရီအတ်၊ တွရီကတ်၊ ဟကီကတ်၊ မာ့အ်ရေဖွပ် ဆိုတာတွေ လေးပါးပေါ့နော်၊ အဲဒါတွေကို ကွဲကွဲပြားပြား သိချင်ပါတယ်၊ ပြောပြပါဦး'

ပူဆာတတ်သော အကျွန်ုပ် အပေါ်တွင် အလွန် စိတ်ရှည်၍ သည်းခံ ညှာတာခဲ့ပေသော ဆရာကြီး၏ ကျေးဇူးကို ဤတစ်သက်တွင် မမေ့ပါ။

'ငါ့ တပည့်က တကယ့် အချက်တွေကို မေးတတ်သားပဲ၊ မင်းလို တပည့်မျိုး ရတာ ဆရာလည်း ဝမ်းသာ မဆုံးဘူး၊ မေးချင်တာတွေကို ကုန်အောင် မေး၊ ကြားလား၊ အဲဒီ အမေးကို ဆရာ အကျဉ်းချုပ်ပြီး ဖြေမယ်နော်၊ နောင်အခါ ငါ့တပည့် ပညာတတ်တော့ ကုန်းဘောင် ခေတ်တုန်းက ဘိုးတော်ဘုရား လက်ထက်မှာ တို့ အစ္စလာမ် ဘာသာဝင် မြန်မာ ပညာရှိကြီး တစ်ဦး ပေါ်ပေါက်ခဲ့ဖူးတယ်၊ သူ့နာမည်က ဦးနုတဲ့၊ ကောဇာ သက္ကရာဇ် ၁၁၇၈၊ အေဒီ ၁၈၁၆ လောက်မှာ ဆရာကြီး ဦးနုဟာ ဘိုးတော်ဘုရားက ကုလား၊ ဖြဟ္မာ၊ ပုဏ္ဏား၊ ရဟန်း အရပ်ရပ် လူမျိုးတို့ကို အမျိုး ဘာသာတို့ အကျင့် ကျမ်းဂန် ရှိသည့်အတိုင်း တင်ရမည် စေတော်မူရာ ကြက်ထောင့်တွင် အလျင်ဆုံး တင်သွင်းခဲ့တဲ့ သံတော်ဦး တင်လွှာကျမ်း ဆိုတာ ရှိတယ်၊ အဲဒါ ရှာဖတ် ကြားလား၊ ငါ့တပည့် မေးတဲ့ အမေးတွေကို အဲဒီ ကျမ်းငယ်မှာ ဆရာကြီး ဦးနုက အဖြေ ပေးထားတယ်၊ အစ္စလာမ် ဘာသာရဲ့ တကယ့် အဆီအနှစ်တွေ ဒီအထဲမှာ အစုံ ပါတယ်၊ နောင်ကို ရှာဖတ်၊ မင်း မေးတာကို ခုဖြေရင် အဲဒီ ကျမ်းထဲမှာ ဘယ်လို ဆိုထားသလဲ ဆိုတော့ ဒါ ဆရာကြီး မှတ်မိသလောက်ပေါ့ ကွယ်၊ ရှရီအတ်ဟာ နို့နှင့် တူပါသတဲ့၊ တွရီကတ် ကျင့်စဉ်ကတော့ ဒိန်နှင့် တူသတဲ့ကွယ်၊ ဟကီကတ်ကတော့ မစကာနှင့် တူတယ် လို့ ဆိုတယ်၊ မာ့အ်ရေဖွပ်ကတော့ ထောပတ်နှင့် တူ တယ် လို့ ဥပမာ စကား နှိုင်းယှဉ်လို့ ပြထားတယ်၊ နောက်တစ်နည်း ပြတာလည်း ရှိတယ်၊ ရှရီအတ်ကို ပင်လယ်နှင့် တူသတဲ့၊ တွရီကတ်ကိုတော့ လှေ သင်္ဘော နှင့် တူသတဲ့၊ ဟကီကတ်ကို ယောက်သွားနှင့် နှိုင်းပြတယ်၊ မာ့အ်ရေဖွပ်ကို ကျတော့ ပုလဲနှင့် နှိုင်းပြ ထားတယ်၊ ပင်လယ် ခရီးကို လှေ သင်္ဘောနှင့် သွား၊ ရေထဲက ယောက်သွားကို ငုပ်ယူ၊ ရတော့ အထဲက ပုလဲကို ယူနိုင်ပြီ ဆိုတဲ့ သဘောပဲ၊ ဒီမှာ ထင်ရှားတာကတော့ ရှရီအတ်ပဲ၊ ဒါကြောင့် ကျမ်းဂန်မှာ ရှရီအတ် တရားတော်ကို သွာဟေ့ရီ (ထင်ရှားသော တရား) လို့ ပြတယ်၊ ကျန်တဲ့ တရား သုံးမျိုး (တွရီကတ်၊ ဟကီကတ် နှင့် မာ့အ်ရေဖွပ်) ကိုတော့ ဗာတွေနီ (မထင်ရှားသော တရားများ) အတွင်း၌ တည်သော တရားလို့ ဆိုတယ်'

ကြည်ညို လေးစားဖွယ်ရာ ဆရာကြီး၏ ရှင်းလင်းချက်များမှာ အကျွန်ုပ်၏ နားတွင်းသို့ ပျားရည်ကဲ့သို့ ချိုမြိန်စွာ ဝင်ခဲ့ပါ၏။ အကျွန်ုပ်လည်း မိရိုးဖလာ ဘာသာ အယူဝါဒကို အကျယ်အပြန့် နားလည် သိမြင် လာရခြင်း အတွက် များစွာ အားတက် ဝမ်းမြောက်ပါ၏။ အကျွန်ုပ်၏ စိတ်အား ထက်သန်မှုကို ဆရာက အသိ အမှတ် ပြုသောကြောင့်လည်း ပိုမို စိတ်တက်ကြွကာ မမောနိုင် မပန်းနိုင် ဖြစ်လျက် နေပါ၏။

ဆရာကြီးသည် အကျွန်ုပ်အား အစ္စလာမ် ဘာသာ၏ ရှရီအတ် တရားများ အကြောင်းကို သဘော ပေါက်အောင် ရှင်းပြလေသည်။ ရှရီအတ် တရား၌ ကျင့်အပ်သည့် တရားများမှာ

(က) ဖန်ဆင်းသော ဘုရားသခင်၏ ဂုဏ်တော်ကို ယုံကြည် သက်ဝင် သဒ္ဓါ ကြည်လင်စွာဖြင့် ကိုယ်နှုတ်တို့ဖြင့် ရွတ်ဆို ပွားများခြင်းလည်း တစ်ရပ်။

(ခ) တစ်ရက် (တစ်နေ့ နှင့် တစ်ည) လျှင် ဝတ် ငါးကြိမ်ဖြင့် ဖန်ဆင်းသော ဘုရားသခင်ကို ရှိခိုး ပူဇော်ခြင်းလည်း တစ်ရပ်၊

(ဂ) တစ်နှစ်လျှင် တစ်လပတ်လုံး တရားနှင့် အညီ ဝါစောင့်ခြင်း၊ ဥပုသ် ဆောက်တည်ခြင်းလည်း တစ်ရပ်၊

(ဃ) မိမိ ရှာဖွေ ရရှိသော ဥစ္စာပစ္စည်းတို့မှ တိုင်းပြည် အုပ်ချုပ်သော မင်း၊ အစိုးရအား ငါးဖို့ တစ်ဖို့ကို အခွန် ပေးဆောင်ခြင်း၊ လုပ်ဆောင် ရောင်းဝယ်၍ ရသော ဥစ္စာ ပစ္စည်းတို့ကို အစု လေးဆယ် ပြု၍ တစ်စုကျကို တွက်၍ မရှိ ဆင်းရဲသားများကို ပေးလှူရခြင်းလည်း တစ်ရပ်၊

(င) လမ်းစရိတ် တတ်နိုင်လျှင် မက္ကာ ကျောင်းတော်သို့ တစ်ခေါက် ရောက်အောင် သွား၍ ဖူးရခြင်းလည်း တစ်ရပ်၊

(စ) သောကြာနေ့ ဗလီသို့ ဝင်၍ တရားတော်ကို နာခြင်းလည်း တစ်ရပ်၊

(ဆ) ကိုယ်၌ မသန့်မစင် ရှိလျှင် ရေဖြင့် စင်

www.burmeseclassic.com



ကြယ်စွာ ဆေးကြော သုံးဆောင်ခြင်းလည်း တစ်ရပ်၊

(ဈ) ဟလာလ် သမုတ်တော် မူသော တရားတော်က ခွင့်ပြုသည့် သန့်မြတ်သော အစားအဝတ်တို့ကိုသာ ဝတ်ဆင်၍ ကောင်းစွာ အသက် မွေးခြင်းလည်း တစ်ရပ်၊

(ဈ) ဟရာမ် သမုတ်တော် မူသော တရားနှင့် မလျော်ညီသော မသန့်သော အစားအဝတ်တို့ကို ကြဉ်ရှောင်ခြင်းလည်း တစ်ရပ်၊

(ည) လူ၊ သတ္တဝါ၏ အသက်ကို မသတ်ခြင်း၊ လူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းလည်း တစ်ရပ်၊ (တိရစ္ဆာန် မပါ) ဖြစ်ပါသည်။

(ဋ) သူ မပေးသော ဉစ္စာကို ခိုးဝှက်ခြင်းမှ ရှောင်ကြဉ်ခြင်းလည်း တစ်ရပ်၊

(ဌ) သူ့အိမ်ရာ သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်းလည်း တစ်ရပ်၊

(ဍ) သတိ ပညာကို ပျောက်စေ၍ ဘုရားကို မေ့စေတတ်သော တရားမှ ချွတ်ယွင်းတတ်သော ယစ်မျိုးအပေါင်းတို့ကို ရှောင်ကြဉ်ခြင်းလည်း တစ်ရပ်၊

(ဎ) ငွေချေး၊ အတိုးချ စားခြင်းမှ ရှောင်ကြဉ်ခြင်းလည်း တစ်ရပ်၊

(ဏ) ဆရာ၊ မိဘ အစရှိသော ပုဂ္ဂိုလ်တို့ကို ရိုသေစွာ ဝတ္တရားနှင့် အညီ ပေးကမ်းခြင်း၊ ဆွေမျိုး ဉာတကာကို ထောက်မ သီဂြိုဟ်ခြင်းလည်း တစ်ရပ်၊

(တ) ဗလီ ကျောင်းကန် ဥယျာဉ် ဇရပ် တံတား ဆောက်လုပ် ပေးလှူခြင်းလည်း တစ်ရပ်၊

(ထ) အစဉ်သဖြင့် သည်းခံခြင်းလည်း တစ်ရပ်၊

(ဒ) မမြဲသော တရားတို့ကို အဖန် တလဲလဲ ရှုဆင်ခြင်၍ မယုတ်မလွန် ကျင့်ခြင်းသည် ရှရီအတ် တရားများ မည်ကြောင်းကို ဆရာသည် ကောင်းစွာ ရှင်းပြခဲ့သည်။

ရှရီအတ် တရားများသည် သာမန် လူဝတ်ကြောင်တို့ ကျင့်အပ်၊ လိုက်နာအပ်သော တရားများ ဖြစ်၍ ကျန်သော တွရီကတ်၊ ဟကီကတ်၊ မာ့အ်ရေဖွပ် တရားတို့မှာ လူသာမန်လို ကျင့်၍ မရ၊ ဖွကီရီ (တပဿီ) ပြု၍သာ ကျင့်အပ်ကြောင်းများကိုလည်း ဆရာမြတ် ရှင်းပြခဲ့ပါပြီ။

ကရုဏာ ရှေ့ထား၍ သင်ကြား ပြသပေးသော ဆရာမြတ်ထံမှာ နည်း ခံယူကာ အကျွန်ုပ်သည် ကုရ်အာန် ကျမ်းတော်ကိုလည်း ထုတ်ချင်းခတ် 'ခါတမ်' ပြီးမြောက်သည် အထိ လေ့လာ သင်ကြား ခဲ့ရလေသည်။

ပထမဦးစွာ 'အလစ်ဖ် လာမ်မီမ်၊ ဝယကူးလု၊ သစ်လ်ကာရ်ရှုစုလု၊ လာတ်တဏာလူ' အစရှိသော အစောင်ပေါင်း သုံးဆယ်တို့ဖြင့် ဖွဲ့စည်း ထားသော ကုရ်အာန်ကျမ်းကို ၁၁၄ ခန်းသော 'စူရာ' ခေါ် အခန်းများ အလိုက် လေ့လာရလေသည်။ စူရာ ခေါ် အခန်း တစ်ခန်းလျှင် အာယက် ခေါ် ဂါထာ အပိုဒ် (ပါဒ) များ ပါရှိရာ အညီအမျှ မဟုတ်ဘဲ အနည်းအများ ရှိကြလေသည်။ ဥပမာ

| | | | |
|---|---|---|---|
| (၁) စူရာဖာတေဟာ | ပါဒပေါင်း | ၇ ပါဒ |
| (၂) စူရာဘာကရာ | ။ | ၂၈၆ ပါဒ |
| (၃) စူရာအာလေ့ဣမ်ရာန် | ။ | ၂၀၀ ပါဒ |
| (၄) စူရာနေစာအေ့ | ။ | ၁၇၆ ပါဒ |

စသည် ဖြစ်ပါသည်။

အကျွန်ုပ်လည်း ကုရ်အာန်ကျမ်း၏ နောက်ဆုံး စူရာ (အခန်း) ဖြစ်သော 'စူရာတွန်နာစ်' အထိကို လပိုင်း အတွင်း ပြီးမြောက် အောင်မြင်စွာ လေ့လာနိုင်ခဲ့ပါ၏။ ဆရာ၏ ကျေးဇူး ကြီး၍ပင် ဖြစ်ပါ၏။ ကုရ်အာန်ကျမ်း၏ အဆုံးသို့ ပေါက်မြောက်သောအခါ အကျွန်ုပ်သည် ဂါထာ ပါဒ (အာယတ်) တော်ပေါင်း ၆၂၄၀ ကို လေ့လာမိခဲ့ပြီ ဖြစ်လေသည်။ ဆရာလည်း အကျွန်ုပ်၏ အားထုတ်မှုကို နှစ်ခြိုက်စွာ စကား ဆိုပါသည်။

'ဘာပဲပြောပြော တို့တပည့်ကို ခုလို ကုရ်အာန်ကျမ်း တစ်အုပ်လုံး ထုတ်ချင်းခတ် ပေါက်အောင် လေ့လာနိုင်တာကို ဆရာကတော့ ဝမ်းလည်း သာပါတယ်၊ အားလည်း ရပါရဲ့၊ သို့ပေမယ့် ကုရ်အာန်မှာ ပါဝင်တဲ့ အကြောင်းအရာတွေက များတော့ အားလုံး မှတ်မိချင်မှ မှတ်မိမယ်၊ ဒီတော့ သဘော အားလုံးကို ခြုံပြီး သဘော မိအောင် လေ့လာဖို့တော့ လိုဦးမယ်၊ ဒီတော့ ကာဂျေ၊ ဒေဗင်ပို့ဖ် ဆိုသူ ရေးသားတဲ့ မိုဟမ္မာဒ်နှင့် ကုရ်အာန်ကျမ်း ဆိုတဲ့ စာအုပ်မှာ ဘယ်လို ဖော်ပြ ထားသလဲ ဆိုတာ ဆရာ ပြောပြမယ်။

'ကုရ်အာန်ဟာ မွတ်ဆလင်မ် ကမ္ဘာရဲ့ လက်သုံး ဥပဒေကျမ်းကြီး ဖြစ်တယ် တဲ့၊ ဒီကျမ်းမှာ လူမှုရေး၊ ရပ်ရွာ အရေး၊ စစ်ရေး၊ စီးပွားရေး၊ ဥပဒေရေး၊ ပြစ်မှု၊ တရားမမှု အရေး၊ ဘာသာရေး ဆိုတဲ့ လူမှုကိစ္စ မျိုးစုံအတွက် လမ်းညွှန်ချက်တွေ အစုံပါတယ်၊ ဘာသာရေး ပွဲလမ်း သဘင် ကိစ္စက အစ ဝိညာဉ်ပိုင်း ဆိုင်ရာ လွတ်မြောက်မှု အထိ ကျန်းမာရေး၊ ကိုယ်ကျင့်တရား အရေးပါ

www.burmeseclassic.com



မကျန် အားလုံး ပါဝင် နေတာပဲတဲ့'

ကုရ်အာန် ကျမ်းသည် လောကီ လူမှု လမ်းညွှန် ကျမ်း တစ်စောင်နှင့် တူသည်။ လောကီကိစ္စ များစွာ ပါဝင်သည် ဆိုသော အချက်ကို အကျွန်ုပ်လည်း ကုရ်အာန်ကို လေ့လာရင်း သတိထားမိ ခဲ့လေသည်။

ကုရ်အာန်ကို လေ့လာဖွယ် ကိစ္စများ ပြီးဆုံး၍ အစ္စလာမ် အခြေခံ သဘော တရားများကို လေ့လာ ပြီးဆုံးသော အခါ ဆရာသည် အကျွန်ုပ်အား သဘောထားစမ်းသော မေးခွန်း တစ်ခုကို မေးခဲ့ဖူးလေသည်။

'ခုဆို ငါ့တပည့်ဟာ ဟိုတစ်ချိန်ကနှင့် မတူတော့ဘူး၊ တို့ တရားတော်တွေကို အခြေခံကျကျ တော်တော်များများ သိပြီးပြီလို့ ဆရာ ထင်ပါတယ်၊ ဒီတော့ ငါ့တပည့် စိတ်ထဲမှာ သိလိုတာများ ရှိသေးလား'

ဤ မေးခွန်းကို မေးသော ဆရာ၏ စကားသံ အဆုံး၌ အကျွန်ုပ်၏ နှုတ်ဖျားမှ အဖြေ တစ်ခုသည် ရုတ်တရက် လျင်မြန်စွာ ထွက်ကျသွားလေတော့သည်။

'သိလိုတာတွေကတော့ အမြောက်အမြား ဖြစ်နေပါပြီ ဆရာကြီး'

'ဟေ ဟုတ်လား၊ ဘာတွေများလဲ ကွယ်'

'ဒီလိုပါ ဆရာကြီး၊ ခု ကျွန်တော်ဟာ ဆရာကြီး ကျေးဇူးကြောင့် မိဘများ ကိုးကွယ်တဲ့ ဘာသာ အယူဝါဒကို အခြေခံကျကျ သိခွင့် ရပါပြီ၊ ဒီအတွက် ဆရာကြီးရော ဖေဖေပါ ကျွန်တော့် အပေါ်မှာ ကျေးဇူး ကြီးလှပါတယ်၊ ဒီကျေးဇူးကို တစ်သက် ကျွန်တော် မေ့နိုင်မှာ မဟုတ်ပါဘူး ဆရာကြီး၊ အထူးသဖြင့် အသိ ပညာ ပြည့်စုံလှတဲ့ ဆရာကြီးက ကျွန်တော့်ကို မျက်စိ အလင်း ရအောင် ကုသပေးခဲ့ရုံမျှမက လောက သဘာဝ တရားတွေကို အသေးစိတ် ကြည့်နိုင်တဲ့ မှန်ဘီလူး မိုက်ကရိစကုပ်ရော၊ အဝေးကို လှမ်းကြည့်နိုင်တဲ့ တယ်လီစကုပ်ရော တပ်ဆင်ပေးလိုက် သလိုပါပဲ၊ ကျွန်တော် အသေးစိတ်ကိုလည်း ကြည့်တတ်ပြီ၊ အဝေးကိုလည်း လှမ်းကြည့်နိုင်ပြီ ခင်ဗျ၊ ဒီတော့ ခု ကျွန်တော် သိချင်တာတွေဟာ တစ်ခုတည်း မဟုတ်တော့ဘူး၊ ဆရာကြီးကတော့ ကျွန်တော်ရဲ့ လက်ဦး ဆရာရင်းလည်း ဖြစ်လေတော့ ကျွန်တော့် ရင်ထဲမှာ ရှိတဲ့အတိုင်း မကွယ် မဝှက် အစီရင် ခံပါ့မယ်'

'အေး ပြောစမ်းပါ မောင်ရယ်'

'ခု ကျွန်တော်တို့ သင်ကြားခဲ့ပြီးသမျှ သိပြီးသမျှ ပြောရရင် ထာဝရ ဘုရားသခင်ကို ယုံကြည် ကိုးကွယ်တဲ့ ဘာသာ အယူဝါဒ တစ်ခုရဲ့ အခြေခံ သဘော တရားတွေကို ကျွန်တော် သိခဲ့ရပါပြီ၊ တစ်နေ့သော အခါမှာ ကျွန်တော်ဟာ ထာဝရ ဘုရားသခင်ကို တွေ့အောင် ရှာဖွေတဲ့ ကျင့်စဉ်တွေကို အားထုတ်ကောင်း အားထုတ်ရမှာပါ'

'အင်း ဒါ မှန်တယ်၊ တရားတော် ဆိုတာ သိဖို့ သက်သက် မဟုတ်ဘူး၊ ကျင့်ကြံ အားထုတ်ဖို့ လိုက်နာဖို့၊ ဒါ ပိုပြီး အရေးကြီးတာပေါ့'

'ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော် ခု သိတာဟာ မပြည့်စုံသေးပါဘူး ဆရာကြီး၊ ခု ကျွန်တော့် စိတ်ထဲမှာ အတွေ့အကြုံအရ ဖြစ်လာတာက ငါဟာ ခု ဆယ်တန်းပဲ ရှိသေးတယ်၊ ခု ဒီလောက် သိခွင့် ရပြီ၊ ငါ ဘွဲ့ရပြီး ပညာတတ်တဲ့ တစ်နေ့ ဒီထက် ပိုပြီး သိခွင့် သိလမ်းတွေ ရှိလာမယ်၊ ဒီတော့ ကမ္ဘာပေါ်မှာ ထာဝရ ဘုရားကို ကိုးကွယ်တဲ့ ဘာသာတွေဟာ အများကြီး ဖြစ်နေတယ်၊ အဲဒီ ဘာသာ တရား အားလုံးကိုလည်း ငါ လေ့လာဖို့ လိုဦးမယ်၊ ထာဝရ ဘုရားသခင်ကို ကိုးကွယ်ကြတဲ့ ဘာသာချင်း တူပါလျက်နှင့် ဘာကြောင့် အယူဝါဒတွေ ကွဲနေကြရသလဲ၊ ဒါကိုလည်း ကျွန်တော် သိချင်ပါတယ်၊ ပြီးတော့ အကယ်၍ ထာဝရ ဘုရားသခင် ဖန်ဆင်းသော အရှင်ကို ယုံကြည် ကိုးကွယ်တဲ့ အယူဝါဒများဟာ လုံးဝ မှန်ကန်တယ်၊ အမှား မရှိဘူးလို့ ဆိုရင် ကမ္ဘာပေါ်မှာ ထာဝရ ဘုရားသခင် ဖန်ဆင်းရှင်ကို မကိုးကွယ်တဲ့ ဘာသာ အယူဝါဒတွေ ပေါ်ပေါက်စရာ ဘာ အကြောင်း ရှိပါ့မလဲ၊ ဒီတော့ အရင်း အမြစ်က စပြီး ပြောရရင် လူတွေဟာ ဘာသာ အယူဝါဒတွေကို ဘယ်လို အကြောင်းတွေကြောင့် ကိုးကွယ် ဆည်းကပ်ခဲ့ကြသလဲ၊ ကမ္ဘာဦး လူတွေဟာ ကိုးကွယ်ခြင်း အမှုကို ဘယ်လို ဘာကြောင့် ပြုခဲ့ကြသလဲ၊ ဘာသာ ကိုးကွယ်မှု အဆင့်ဆင့် ဘယ်လို ပေါ်ပေါက်ခဲ့သလဲ၊ ကမ္ဘာမှာ ဘာသာ အယူဝါဒတွေ ဘယ်လောက် ကွဲပြားနေသလဲ၊ သိပ္ပံပညာကလည်း ကျွန်တော်တို့ ခေတ်မှာ ခေတ်စား လာပြီလေ၊ ကမ္ဘာ့ သမိုင်းကို ကျွန်တော်တို့ ကျောင်းမှာ သင်ရပါတယ်၊ အလယ်ခေတ် ခရစ်ယာန် ကျောင်းတော်ဝါဒ ထွန်းကားလာတော့ သိပ္ပံ ပညာရှင် အချို့ဟာ ဘာသာရေး အယူဝါဒနှင့် မတူတဲ့ အယူအဆတွေကို တင်ပြလို့ ဆိုပြီး အသတ်ခံခဲ့ ရတယ်လို့လည်း ဆိုတယ်၊ ပြီးတော့ ဘာသာ အယူဝါဒတွေဟာ နောက် ပိုင်း မှာ ဝါဒ ချဲ့ထွင်ရေး အတွက် စစ်ပွဲတွေကိုတောင် ဆင်နွှဲခဲ့ကြတယ်လို့လည်း

www.burmeseclassic.com



ဆိုတယ်၊ ဒါ ကျွန်တော် တစ်စွန်း တစ်စ သိတာလောက်ကို ပြောပြတာပါ'

'ဒီတော့ မောင်က ဘယ်လိုလုပ်ဖို့ စိတ်ကူးသလဲ'

ဆရာကြီးသည် အကျွန်ုပ်၏ စကားကို ဆုံးသည့်တိုင်အောင်ပင် နားမထောင်တော့ဘဲ စိုးရိမ်စွာ ဖြတ်မေးပါလေသည်။

'ကျွန်တော် စိတ်ကူး ထားတာကတော့ ဘာသာ အယူဝါဒနှင့် ပတ်သက်ပြီး အကျယ်အပြန့် လေ့လာဖို့ ဆုံးဖြတ် ထားပါတယ် ဆရာကြီး၊ ကျွန်တော် အချိန်ယူပြီး မသိရသေးတဲ့ ဘာသာ အယူဝါဒတွေ အကြောင်းကိုရော၊ ဘာသာရေး သမိုင်းကိုရော၊ လူ့လောကမှာ ဘာသာ ကိုးကွယ်မှု ပေါ်ပေါက် လာရတဲ့ အကြောင်း ယုတ္တိတွေကိုရော ကျွန်တော် လေ့လာ ပါရစေဦး'

'အေး မင်း ပြောတာတွေဟာ အလွန် ကောင်းတာပေါ့ကွယ်၊ ဆရာကတော့ ဒီလို အခြေအမြစ်က အစ သိချင်လှတဲ့ မင်းရဲ့ စိတ်ဓာတ်ကိုရော၊ ဖွဲသတ္တိ အားမာန်ကိုပါ နှစ်သက်တယ်၊ ဒါဟာ ပညာရှိ သူတော်ကောင်းတွေ တားဆီးအပ်တဲ့ ကိစ္စမျိုးလည်း မဟုတ်ပါဘူးကွယ်၊ မင်းက ခုမှ ငယ်ငယ်ကလေး ရှိသေးတာပဲ၊ တစ်နေ့ မင်း သိချင်တာ အကုန်လုံး သိမှာ မုချ မလွဲဘူးလို့လည်း ဆရာကတော့ ယုံကြည် ပြီးသားပဲ၊ ဆရာတို့ကတော့ အဲဒီဘက်က အားနည်းတယ်၊ ကမ္ဘာပေါ်မှာ လူသားတွေ ကိုးကွယ် နေကြတဲ့ ဘာသာ အယူဝါဒတွေကို လူတိုင်း ကိုယ့်ဘာသာ သူ့ဘာသာ မခွဲဘဲနှင့် လေ့လာသင့်တယ်၊ ဒါမှ ကျဉ်းမြောင်းတဲ့ ဘာသာရေး အယူသီးမှု ဆိုတာမျိုးလည်း မပေါ်ပေါက်တော့ဘူး၊ နောက်တော့ ကိုယ်ကြိုက်ရာ ဘာသာကို ရွေးချယ် ကိုးကွယ်ပေါ့၊ ကိုးကွယ်တာက တခြား၊ သိနားလည်အောင် အားထုတ်တာက တခြားပဲ၊ တစ်ဦးက တခြား တစ်ယောက်ရဲ့ ဘာသာ အယူဝါဒကိုပါ သိနားလည်ကြရင် လူသား အချင်းချင်း နားလည်မှုတောင် ပိုပြီး ရနိုင်တာပေါ့၊ ဆရာကတော့ မင်းရဲ့ ဆန္ဒကို သဘောကျတယ် ဟေ့'

ဤ အ ချက် တွင် အကျွန်ုပ်သည် ကံကောင်းထောက်မသည်ဟု ထင်ပါ၏။ မိမိ၏ ဆရာသည် မိမိ၏ အယူအဆ တစ်ခုကို လက်ခံသည်ဟု သဘောထားပေးလိုက်ခြင်း အတွက် မည်သူ ဝမ်းမသာဘဲ နေပါမည်နည်း။ အကျွန်ုပ် အဖို့မူ ဆရာသမား အပေါ်တွင် ရှေးကထက်ပင် ပို၍ ကြည်ညိုခြင်း၊ အားကိုးခြင်းစိတ်ထက်သန် အားကောင်း ခဲ့ရပါ၏။ မိမိ၏ စိတ်တွင် ကြောင့်သဖွယ် စူးနေသော ကိစ္စကို ဆရာ့အား မပြောဘဲ မနေနိုင်သဖြင့် ဆရာ့ကို ပြောပြဖို့ စိတ်ကူး မိပါ၏။ သို့သော် မပြောဖြစ်ခဲ့။ ပြော၍ အကြောင်း ထူးမည် မထင်၍ ဖြစ်ပါ၏။ မိမိ ကြိုးပမ်းချင်သော စိတ်ကူး အယူအဆ တစ်ခုကို ဆရာကြီးက ငြင်းဆန် ကန့်ကွက်ခြင်း မရှိဘဲ လက်ခံသည်ကိုပင် ကျေနပ်လှပါပြီ။

အကျွန်ုပ်၏ ဘဝဇာတ်ခုံပေါ်သို့ သူ့အခန်းကို သူကပြရန် ဖေဖေ တက်လာပါပြီ။

ဆရာကြီးထံတွင် အကျွန်ုပ်သည် ကုရ်အာန်ကို တတ်မြောက်အောင် သင်ပြီးပြီ ဆိုသည်ကို ကြားရသဖြင့် ဝမ်းသာ အားရလျက် ရှိသော ဖခင်သည် အကျွန်ုပ်အား စူးစမ်းရန် ရောက်ရှိ လာလေသည်။ ခရီး ရောက်မဆိုက် မေးလိုက်သော ဖခင်၏ အမေးကို ဖြေ လိုက် သော အကျွန်ုပ်၏ အဖြေသည် ဖခင်၏ ရင်ဝကို တစ်ခုသော လှံချွန်ဖြင့် လှမ်းထောက် လိုက်သလိုများ ဖြစ်သွားလေပြီလား။

'ဘယ်လိုလဲ သားရဲ့၊ ခု မင်း ကျကျနန သိသွားပြီ မဟုတ်လား၊ မင်း ကျေနပ်ပြီ မဟုတ်လား'

'သိသင့်သလောက်တော့ သိပါပြီ ဖေဖေ၊ ဒါပေမယ့် ကျွန်တော် သိစရာတွေ အများကြီး ကျန်ပါသေးတယ်၊ အဲဒီ သိစရာတွေကို အကုန်အစင် မသိရသေးဘဲနှင့်တော့ ကျွန်တော့်ကို ကျေနပ်ပြီလား မမေးပါနှင့်၊ ကျွန်တော် ကျေနပ်မှာ မဟုတ်ဘူး ဖေဖေ'

' ဟေ '

ဖခင်၏ ပါးစပ်မှ ' ဟေ ' တစ်ခွန်းသာ ထွက်ကျလာသည်မှာ ခံပြင်းစိတ်ကြောင့် ဖြစ်ပေလိမ့်မည်။ ဖေဖေသည် အကျွန်ုပ်၏ အဖြေကို မကျေနပ်မှန်း အကျွန်ုပ် ချက်ချင်း သိလိုက်ပါ၏။ မတတ်နိုင်။ ပြောမိပြီးပြီ။ ခုမှ ပြန်လည် ရုပ်သိမ်း၍လည်း ရတော့သည်မှ မဟုတ်ဘဲ။ ခေါင်းငုံ့ခြင်းဖြင့် ဖြစ်လာသမျှကို ရင်ဆိုင်ဖို့သာ ပြင်ဆင်ထားရ ပေတော့မည်။

'ဟေ့ မလှကြီး၊ နင့်သား ဘယ်လိုစကား ပြောလိုက်တာလဲ မေးစမ်း၊ မင်း သားမှာ ရှိုက်တန် (မာရ်နတ်မိစ္ဆာ) ဝင်နေပြီ၊ သိလား'

ဖေဖေ ဒေါသ ဖြစ်ခြင်းကို အကျွန်ုပ် နားလည်နိုင်ပါသည်။ သူသည် မူလကပင် သူ ပြောဆိုသမျှကို စောဒက မရှိ မြေဝယ်မကျ လက်ခံ လိုက်နာသော သားမျိုးကို အလို ရှိခဲ့လေသည်။ သို့သော် အကျွန်ုပ်ကမူ ဖေဖေ လိုချင်သော သားမျိုး မဖြစ်ခဲ့။ ထိုအခါ ဖေဖေ

www.burmeseclassic.com



တစ်ပတ် အရစ် လျှော့ခဲ့လေသည်။ ငွေကုန် ကြေးကျခံကာ အာရဗီစာကို အခ်ိဳ႕ပြိုဟ်ယ်ပါ နားလည်အောင် သင်ကြားပေးခဲ့သည်။ စာအုပ်စာတမ်း ဝယ်ပေးခဲ့သည်။ သည်ကာလ အတွင်း အကျွန်ုပ်ကိုလည်း ဘုရား မရှိခိုးဘူးလား၊ ဗလီဝတ် မသွားဘူးလားဟု တစ်ခွန်းမျှ မမေးဘဲ ကြိုးရှည်ရှည်ဖြင့် လံထားခဲ့ပါ၏။ နောက်ဆုံး တစ်နေ့တွင် သူ၏ အလိုဆန္ဒ ပြည့်လိမ့်မည် ဟူသော အတွေး။

သို့သော် သူ ထင်သလို အကျွန်ုပ်က မဖြေ။ ဒီတော့ မေမေ့ကို သူ ဆွဲထည့်လာသည်။ မေမေက သားနှင့် အဖကြားတွင် မဝင်။

'ရှင့်ဟာရှင် မေးပေါ့၊ ရှင်တို့ အထဲ ကျွန်မကို ဆွဲ မထည့်ပါနှင့်' ဟု မေမေက ပြတ်ပြတ်ပင် ဆိုလေသည်။

'နေဦး၊ မင်း ခု ကုရ်အာန်ကို ဖတ်ပြီးပြီ မဟုတ်လား၊ မင်း မယုံသေးဘူးလား၊ ခုတောင် မယုံသေးဘူး ဆိုရင် မင်းဟာ ရှိုက်တန်ပဲ၊ ကာဖိရ်ပဲ၊ ဒါပဲ'

ဤကား ဖခင်၏ စွပ်စွဲချက်။

ထိုအခါ အကျွန်ုပ် ပြန်ကြားရမည့် အလှည့် ဖြစ်သည်။ အကျွန်ုပ်၏ ရင်တွင် ဖြစ်ပေါ်နေသော အတွေးအခေါ် အယူအဆများကို ဖေဖေ သဘောပေါက်အောင် ဘယ်သို့ ပြောရပါမည်နည်း။ အမျိုးမျိုးသော နည်းလမ်းများကိုကား ရှာကြည့်ပါ၏။ နည်းလမ်း ရှာ၍ မရပါ။ ဖခင်၏ စိတ်တွင် တစ်ချက်လွတ် တစ်ဖက်သတ် အယူဝါဒမျိုး ရှိနေသည်ကို အကျွန်ုပ်ပင် အသိဆုံး ဖြစ်လေသည်။ မထူးတော့ပြီ။ ဖခင်ကို ပြန်လည် ရှင်းပြရမည် ဆိုလျှင် မိမိ အယူအဆကို ရှင်းပြနေလည်း အကြောင်းထူးမည် မဟုတ်။ သူ့ကိုယ်သူ မြင်အောင် စကားလုံး ရှာဖွေ၍ စိတ်အေးအေး ထားပြီး ပြောမှပင် ဖြစ်ပေတော့မည်။

'ကျွန်တော့်ကို ဖေဖေက စွပ်စွဲတာက အလျင်ပဲကိုး၊ ကျွန်တော်က ကုရ်အာန်ကို မယုံဘူး ယုံတယ် ဘာမှ မပြောဘူး၊ ယုံတာ မယုံတာဟာ ဖေဖေ့ အတွက်တော့ အရေးကြီးချင် ကြီးမှာပါ'

'အေး အရေးကြီးတာပေါ့၊ မင်း အတွက်လည်း အရေးကြီးတာပဲ'

'ကျွန်တော်ကတော့ ဒီသဘောမျိုး မရှိဘူး ဖေဖေ၊ ဖေဖေ့ အနေနှင့်သာ ငါ ယုံကြည် ကိုးကွယ်တဲ့ ဘာသာကို ငါ့သား ကိုးကွယ် ရမယ်လို့ အတင်း စွပ်စွဲချင်နေတာကိုး'

'ဟ ငါက ဖအေပဲ၊ ငါ ကိုးကွယ်တာ ငါ့ သား ငါ့ သမီး ကိုးကွယ်ရမှာပေါ့၊ ဒါ ထုံးစံပဲ၊ ဒီထုံးစံကို မင်း လက်ထက်ကျမှ ဖျက်ပစ် ရမှာလား'

ထုံးစံ ဆိုသော စကားက အကျွန်ုပ်အား စဉ်းစားစေပါသည်။ မှန်သည်၊ လူတို့၏ ထုံးစံမှာ မိဘ နေထိုင်သော နိုင်ငံ အတွင်း၌ မွေးဖွားလျှင် ထိုနိုင်ငံသား ဖြစ်ရသည်။ လူတို့ သဘာဝက ထိုသို့ ဆုံးဖြတ် တတ်လေသည်။ ထို့အတူပင် အများအားဖြင့် ဘာသာ အယူဝါဒ ကိုးကွယ်ကြရာတွင်လည်း သားသမီးတို့သည် မိရိုးဖလာ အယူဝါဒကိုသာ ကိုးကွယ် လာခဲ့ကြသည်မှာ ထုံးစံ ဖြစ်နေရုံမျှမက လူ့ဓမ္မတာလို ဖြစ်နေပါ၏။

'ထုံးစံကို ဖျက်ရမယ်လို့လည်း ကျွန်တော် မဆိုပါဘူး၊ ဒီကိစ္စမှာ ဖေဖေက ကျွန်တော့်ကို ထုံးစံနှင့် ကိုင်ပေါက်ပြီး ဖေဖေ့ နောက်လိုက် ဖြစ်အောင် . . .'

'ဟော့ကောင် ငါ လုပ်လိုက်ရ သေတော့မယ်၊ မင်း ဒါ လူစကား ပြောတာလား'

ဖေဖေ့ နောက်လိုက် ဖြစ်အောင် ဆိုသော အကျွန်ုပ်၏ စကား အသုံးအနှုန်း ရင့်သီး သွားသည်ကို အကျွန်ုပ်လည်း ချက်ချင်းပင် ခံစား လိုက်မိပါသည်။ မိဘနှင့် သားသမီး စကား ပြောကြရာတွင် ဘောင် အကန့်အသတ်များ ထားသော ထုံးစံ ရှိ၏။ ယခု ပြဿနာမှာ ထုံးစံ အစဉ်အလာ ရှိလျက် မလိုက်နာခြင်း ပြဿနာ အဖြစ်သို့ ပြောင်းလဲ သွားပြီ ဖြစ်၏။ ဖခင်သည် ထုံးစံကို ဖောက်ဖျက်ခြင်း အတွက် မိမိကို ခွင့်မလွှတ်နိုင်ခြင်း ဖြစ်သည်ကို ယခု အကျွန်ုပ် မြင်လိုက်ပါပြီ။ သို့သော် ဖေဖေနှင့် အပြေအလည် ဖြစ်အောင် ဘယ်ပုံစံ ပြောရ ပါမည်နည်း။

'ကျွန်တော် စကားပြော မှားတာ ခွင့်လွှတ်ပါ ဖေဖေ၊ ကျွန်တော့်ကို ဖေဖေ ရိုက်ချင်လည်း ရိုက်ပါ၊ ဖေဖေ့ အခက်အခဲကိုလည်း ကျွန်တော် နားလည်ပါပြီ၊ ဒီနှစ် ကျွန်တော် ဆယ်တန်း အောင်ရင် ဒီမြို့ ဒီရွာမှာလည်း မနေတော့ပါဘူး၊ ဒီကြားထဲတော့ ဖေဖေတို့ ကျွန်တော့် ကြောင့် အပြောအဆို မခံရအောင် ကျွန်တော် နေပါ့မယ်၊ ဘာသာ ယုံကြည်မှု ဆိုတာ လူတစ်ယောက်ရဲ့ ဘဝ လုံခြုံမှု လွတ်မြောက်မှု အရေးပါ ဖေဖေ၊ ဒီတော့ သူ့ဘာသာသူ မှားရင်လည်း ခံ မှန်ရင်လည်း စံ ကြိုက်နှစ်သက်သလို ရွေးချယ် ဆုံးဖြတ်နိုင်အောင် ကျွန် တော့် ကို လေ့လာခွင့်တော့ ပေးပါနော် ဖေဖေ'

ဖေဖေ အဖြေ မပေးပါ။ သည်နောက်ပိုင်းတွင် ဖေဖေသည် အကျွန်ုပ်ကိုလည်း စကား မပြောတော့ပါ။ အကျွန်ုပ်နှင့် ပတ်သက်လာတိုင်းလည်း မေမေနှင့် ဖေဖေ

www.burmeseclassic.com



သဘောကွဲကြလေသည်။ စကားများ ရန်ဖြစ်ပြီး မခေါ် မပြောဘဲ နေကြသည်က များလေသည်။

အကျွန်ုပ်အဖို့ လွတ်မြောက်ခြင်း အစသည် မကြာမီ အခွင့်အလမ်း အဖြစ် ပေါ်လာလေသည်။ ထိုနှစ်မှာပင် အကျွန်ုပ် ဆယ်တန်း စာမေးပွဲ အောင်မြင်ခဲ့၏။ မိဘများ၏ စီးပွားရေး အရ အကျွန်ုပ်ကို တက္ကသိုလ်မှာ ပညာ ဆက်သင်ရန် ထောက်ပံ့နိုင်သည့် အနေအထား မရှိ။ ဖေဖေက အကျွန်ုပ် အကြောင်းကို သိသည်။ သူ့ မျက်စိအောက်က ကွယ်သွားလျှင် သူ့စိတ် သူ့ကိုယ် ထင်သလို လုပ်တော့မည်ဟု မေမေ့ကို ပြောလေသည်။ မေမေသည် တခြား ဘာကိုမျှ မစဉ်းစားနိုင်။ သား ပညာ ဆက်မသင်ရဘဲ ပညာ တစ်ပိုင်း တစ်စနှင့် လောက အလယ်ဝယ် မျက်နှာ ငယ်မည်ကိုသာ စိုးရိမ်လေသည်။ ပညာဆက်သင်ခွင့် ရမည့် နည်းလမ်း မျိုးစုံကို မေမေက ရှာသည်။

အကျွန်ုပ်ကတော့ မိမိဘာသာ ကိုယ့်ထူး ကိုယ်ချွန် လုပ်နိုင်သည်ဟု ယုံကြည်ပြီးသား။ ဖေဖေနှင့် မေမေ အကျွန်ုပ် ပညာ ဆက်သင်ရေး မသင်ရေးနှင့် ပတ်သက်၍ အကြီးအကျယ် စိတ်ဝမ်းကွဲကြလေသည်။

'အေး မင်းက မင်း သားကို မြှောက်ပေး၊ ဒီကောင် ဟာ ဘုရားလည်း မသိ တရားလည်း မရှိတဲ့ အကောင်၊ ရန်ကုန် ရောက်ရင် အပေါင်းအသင်း မျိုးစုံပြီး ပျက်စီး သွားမှာပဲ၊ စိတ်ချ'

ဤတစ်ကြိမ် အကျွန်ုပ်နှင့် စပ်၍ ပြောလိုက်သော ဖေဖေ့ စကားလုံးများက သင်တုန်းဓားသွား သဖွယ် အကျွန်ုပ်၏ နှလုံး သည်းပွတ်ကို ဟက်ခနဲ ခွဲဖြတ်လိုက်ရသလို ခံစား လိုက်ရပါသည်။ အကျွန်ုပ်ကို ဖခင် အထင်သေးလေသည်တကား။ အကျွန်ုပ် ရင်ထဲမှ ဖခင်ကို နှုတ်တုံ့ပြန် ပြောချင်သော စကားလုံးများလည်း လွင့်စဉ် သွေ့ခြောက်ကုန်ပြီ။ ဘာ စကားကိုမျှလည်း ပြောချင်စိတ်လည်း မရှိတော့ပါ။

'ဘုရား မသိ တရား မရှိတဲ့ အကောင်'

ဤစွပ်စွဲချက်ကို အကျွန်ုပ်သည် နှုတ်ဖြင့် ချေပ၍ ရပါမည်လား။ အချိန် ကာလသည်သာ ထိုစကားကိုလည်း ချေပနိုင်မည်။ နှလုံးသားက ဒဏ်ရာကိုလည်း ကျက်အောင် ကုစား နိုင်ပေလိမ့်မည်။

မေမေနှင့် သူ့မောင် (ဦးလေး) များက ကြံဖန်ပြီး အကျွန်ုပ်အား ရန်ကုန်သို့ ပို့လိုက်ကြလေသည်။

အကျွန်ုပ်သည် ပန်းဆိုးတန်းနှင့် ကုန်သည်လမ်း ထောင့်ရှိ ယခင် 'နကရဖ' ရုံး (ယခု ကုန်သွယ်ရေး ၁) ရုံးကြီးတွင် အောက်တန်း စာရေး၊ အထက်တန်း စာရေး ဘဝတွင် ကျင်လည်ကာ သက်ကြီး တက္ကသိုလ်တွင် တက္ကသိုလ် ပညာကို ဆက်သင်နေစဉ် မေမေနှင့် ဖေဖေ တို့၏ အိမ်ထောင်ရေးလည်း ပျက်စီးသွားကြောင်း ကြား ရလေသည်။

မိဘများ၏ အိမ်ထောင် ကွဲပျက်ခြင်း၌ အကျွန်ုပ်၏ အကြောင်းကိစ္စ ပါ မပါကို အကျွန်ုပ် အတိအကျ မသိပါ။ သို့သော် ဖေဖေ့ကိုတော့ ဒီတစ်သက် အကျွန်ုပ် နောက်ထပ် တွေ့ခွင့် မရဘဲ ဖေဖေ ကွယ်လွန် ဆုံးရှုံး သွားပါလေ၏။ တုတ်နှင့် မရိုက်သော်လည်း စကားလုံးဖြင့် ရိုက်ခဲ့သော ဖခင်၏ ရိုက်ချက်ကား ယခုတိုင် နှလုံးသားပေါ်မှာ ရှိဆဲ ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ၂။ ချစ်သူ ခေါ်ရာ သစ္စာရှာ ခရီး

ရန်ကုန် ရောက်တော့ အကျွန်ုပ်သည် ဇောင်းက လွတ်လိုက်သော မြင်းငယ် တစ်ကောင်နှင့် တူနေလေတော့၏။ ကြောက်ရမည့်သူ မရှိ၊ ချုပ်ချယ်မည့်သူ မရှိ၊ နားပူနားဆာ လုပ်မည့်သူ မရှိ၊ မျက်ရည်ခံ ထိုးမည့်သူ မရှိ၊ ကြိမ်းမောင်းမည့်သူ မရှိ၊ စိတ်ရောကိုယ်ပါ လွတ်လပ်စွာ ခုန်ပေါက် ပြေးလွှား နေရသလို ခံစားရသည်။ နေချင်သလိုနေ၊ စားချင်သလိုစား၊ အိပ်ချင်သလိုအိပ်၊ ဖတ်ချင်သည့် စာကိုဖတ်၊ ပေါင်းချင်သူနှင့် ပေါင်း၊ မကောင်းကောင်း ကောင်းကောင်း အကြောင်း မဟုတ်တော့။ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် ဖြစ်သွားလေပြီ။

နေ့ပူစပ်ခါးမှာ ကိုယ့်ဘာသာ ရှာဖွေ စားသောက်ရသော မြက်စိမ်းပင်များသည် ဇောင်းထဲမှာ ထားပြီး သခင် ရှာဖွေ ကျွေးမွေးသော မြက်ခြောက် ရေစိမ်ထက်တော့ ပိုပြီး အရသာ ရှိသည်ဟုလည်း ထင်၏။ စိတ်က လွတ်လပ်ပြီး အားမာန် တက်နေသော အခါဝယ် ခန္ဓာကိုယ် ပင်ပန်း ဆင်းရဲခြင်းကို ဒုက္ခဟု မထင်ပါ။ ထက်အောင် သွေးသော ဓားတို့ မည်သည် ကျောက်ပြားပေါ်တွင် အပွတ် ခံရသည်မှာ ဓမ္မတာမို့ နာသည်ဟုလည်း မထင်ခဲ့ပါ။ စိတ်က ငါသည် ကိုယ့်ခြေထောက်ပေါ်မှာ ရပ်ပြီး ကိုယ်ထူးကိုယ်ချွန် ကြိုးစား နေရပြီပဲ။ ငါသည် သာလျှင် ငါ့ ကံကြမ္မာ၏ အရှင်သခင် ဖြစ်နေပြီပဲ။ ယခု အချိန်တွင် ငါ ဘာပဲ လုပ်လုပ် ငါ့သဘောနှင့် ငါ လုပ်တာချည်းပဲ။ ငါ့ဘေးမှာ ဘယ်သူမှ မရှိဘူး။ ငါ့အတွက် ဘယ်သူမှ လာရပ်မှာ မဟုတ်ဘူး။ ငါ့ကိုယ်ငါ သိရမည်။ ငါ့ဘဝကို ငါ နားလည်ရမည်။

သိစိတ် (ဝါ) သတိကို မေ့ မပစ်ပါ။ မိမိအား ယခုအချိန်တွင် ဘယ်သူမှ လာပြီး ဆုံးမမည် မဟုတ်။ မိဝေး ဖဝေး ဖြစ်နေပြီပဲ။ ဆုံးမစရာ ရှိလျှင် ကိုယ့်ကိုယ်ကိုယ်ပဲ ဆုံးမ ရပေတော့မည်။

မခံချင်စိတ်ကလည်း အကျွန်ုပ်အား အမြဲလိုပင် စိုးမိုးနေလေသည်။

'မလှကြီး၊ နင့် သားတော့ ရန်ကုန် ရောက်ရင် ပျက်စီးတော့မှာပဲ၊ ရန်ကုန် ဆိုတာ သူ့စိတ်ထဲ ဘာထင်သလဲ မသိ၊ လူပေါင်းစုံ၊ မကောင်းမှု ပေါင်းစုံ၊ အပျော်အပါးပေါင်းက စုံပါဘိသနှင့်၊ မလွယ်ဘူးနော်၊ ပြီးတော့ သူက လူကြီးတွေ စီစဉ်သလို တက္ကသိုလ်ကို ဆက်မတက်ဘဲနှင့် အလုပ် တစ်ဖက်နှင့် စာသင်မယ် ဆိုတာ ဖြစ်ပါ့မလား ဟယ်'

ပတ်ဝန်းကျင်က ဝေဖန်သံတွေကလည်း နားထဲက မထွက်။ ပတ်ဝန်းကျင်က တစ်စုံတစ်ခု ပြောဆိုတိုင်း မျက်ရည်ခံထိုးပြီး ပတ်ဝန်းကျင် စကားကို နားယောင်တတ်သော မိခင်ကို သနားခြင်း မရှိခဲ့သော အကျွန်ုပ်။

အကယ်၍ အကျွန်ုပ်သာ အနေအထိုင် မတတ်၍ တိမ်းပါး ပျက်စီးသွားလျှင် တစ်ဦးတည်းသော သားအတွက် ရတက် မအေးရှာသော မိခင်သည် ရင်ကွဲနာကျသွား နိုင်ပါသည်။ မေမေ့ကို ပါးစပ်က ချစ်သည်၊ မေမေ့ ကျေးဇူးကို သိသည်ဟု ပါးစပ်က ပြောနေခြင်းထက် လက်တွေ့အားဖြင့် မိခင် စိတ်ချမ်းသာအောင် ရန်ကုန်မှာ နေပြခြင်းက ပို၍ မကောင်းပေဘူးလား။

အကျွန်ုပ်သည် မိဘများက တက္ကသိုလ် ပညာ ဆက်သင်ရန် စရိတ် အလုံအလောက် ထောက်ပံ့နိုင်မည့် အခြေအနေမျိုး မရှိတော့မှန်း သိသော အခါမှ စ၍ မိဘကို လုံးဝ အပူမကပ်ခဲ့။ ရန်ကုန်မှာ သက်ကြီး တက္ကသိုလ် ရှိသည်။ အလုပ် တစ်ဖက်ဖြင့် စာသင်လျှင် ဖြစ်သည်။ ပင်ပန်း ခံနိုင်ဖို့သာ လိုသည်ဟု ဇာတိ မြို့ကလေးမှာ နေစဉ်ကတည်းက သိခဲ့ပြီး ဖြစ်ပါ၏။ ထို့ကြောင့်လည်း မေမေ စီမံသော ဘယ်သူဘယ်ဝါက အကျွန်ုပ်အတွက် စာသင်စရိတ် ထောက်ပံ့မည်၊ ပညာ တတ်မြောက်သော အခါမှသာ စရိတ် ထောက်ပံ့သူ၏ သမီးကို လက်ထပ်ယူရမည် ဆိုသော ဒေသ လေ့ထုံးစံ တစ်ခုကို အကျွန်ုပ် ငြင်းခဲ့ခြင်း ဖြစ်လေသည်။ အမှန်မှာ ထိုစနစ်ကို ကောင်းသည် မကောင်းသည် သိ၍ ငြင်း ခဲ့ ခြင်း မဟုတ်ပါ။ အကျွန်ုပ်၏ ကြီးလွန်းသော မာနကြောင့်သာ ငြင်းခဲ့မိခြင်း ဖြစ်ပါသည်။ တစ်စုံ တစ်ယောက်က မိမိ ပညာသင် စရိတ်ကို ထောက်ပံ့မည်၊ ထိုသို့ ထောက်ပံ့ခြင်းသည် စေတနာအရ မေတ္တာရိ ထောက်ပံ့ခြင်း မဟုတ်။ သမီးအတွက် ပညာတတ် လင်ကောင်း သားကောင်း ရရေးအတွက် ထောက်ပံ့ခြင်း ဖြစ်ကြောင်း သဘော ပေါက်

www.burmeseclassic.com


သော အခါ အကျွန်ုပ် စိတ်ထဲတွင် 'ငါ့ကို ခိုင်းနွား တစ်ကောင် ဝယ်သလို ဝယ်တာပဲ' ဟု မောက်မာသော စိတ်ဖြင့် စဉ်းစား ခဲ့လေသည်။ လူငယ်တို့၏ တက်ကြွ ထောင်လွှားသော စိတ်သည် လူကြီးမိဘတို့၏ စေတနာ အမှန်ကို နားလည်ရန် အခက်အခဲ များစွာကို ဖန်တီး တတ်ပါသည်။ အကျွန်ုပ်၏ ဆုံးဖြတ်ချက် မှန်သလား မှားသလား ဆုံးဖြတ်ရန် အချိန် စော လွန်း ၍ လား မပြောတတ်ပါ။ အကျွန်ုပ်သည် ထို ဆုံးဖြတ်ချက်၏ အမှန် အမှားကို ရှုမြင်ခြင်းငှာ မတတ်သာ ခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။

ကြီးပြင်းသော အခါ၌လည်း ထိုဆုံးဖြတ်ချက်၏ အမှား အမှန် ရောပြွမ်းမှုကိုသာ ထူးဆန်းစွာ တွေ့ရပါ တော့သည်။ စကားသင့်၍ ပြောရပါလျှင် အကျွန်ုပ် ဘဝ တစ်လျှောက်လုံးတွင် အခွင့်အရေးတွေ ဖြစ်ပေါ်လာ သော အခါတိုင်း ထို ထောင်လွှားသော စိတ်ကြောင့် အကြိမ်ကြိမ် စွန့်လွှတ်ခဲ့ပေရာ ဘဝ တစ်လျှောက်လုံး တွင် အခွင့်အရေးကို စွန့်တတ်သူ၊ အခွင့်အရေး ဆုံးရှုံး နစ်နာသူသာ ဖြစ်ခဲ့ခြင်း၊ ထိုသို့ ဖြစ်ခြင်းကြောင့် မပင်ပန်း သင့်ဘဲ ပိုမို ပင်ပန်း ဆင်းရဲ ခဲ့ရခြင်း၊ လောကီ စည်းစိမ် ချမ်းသာတွေနှင့် လွဲခဲ့ရခြင်းကို မနှစ်မြို့ဖွယ် တွေ့ရပါ၏။

သို့သော် ထိုကဲ့သို့ အကြိမ်ကြိမ် စွန့်ခဲ့သောကြောင့် ပဲလား မသိ၊ နောင်အခါ အကျွန်ုပ် ဖြစ်ချင်လွန်းလှသော စာရေးဆရာ ဖြစ်လာခြင်းကိုကား နှစ်မြို့ဖွယ်ရာ တွေ့ရှိ ရလေသည်။

ကိုယ့်ထူးကိုယ်ချွန် ဘဝတိုင်း၏ အစသည် စွန့်စား ခြင်း၌ တည်သည်ပဲ မဟုတ်လား။ စွန့်စားရခြင်းသည် အကျွန်ုပ်လို လူမျိုး အတွက် ဆန်းသော ကိစ္စ တစ်ခု မဖြစ်သင့်။ စွန့်စားခြင်းဖြင့်သာ ဘဝခရီးကို အားဖြည့် မောင်းနှင် ရပေလိမ့်မည်။

ရန်ကုန်မှာ အောက်တန်း စာရေးကလေး ဘဝ နှင့် နံနက် ည သက်ကြီး တက္ကသိုလ်မှာ တက်ရောက် ပညာ သင်ကြားရင်းဖြင့် အသက် ရှင်နေရခြင်းသည် လွတ်လပ် သည်သာ ရှိပြီး လွယ်ကူသည်ကား မဟုတ်ချေ။ အစား ဆင်းရဲပါသည်၊ အဝတ် ဆင်းရဲပါသည်၊ အနေလည်း ဆင်းရဲပါသည်။ နံနက် ခုနစ်နာရီ စာသင်ခန်း (ကြက် တန်းရှိ သက်ကြီး တက္ကသိုလ်) သို့ အရောက် ပြေးပြေး လွှားလွှား သွား၊ ကိုးနာရီ ကျောင်းမှ အလုပ်ခွင် ဝင်၊ ညနေ ငါးနာရီ စာသင်ခန်းသို့ ပြန်၊ ည၌ ကိုးနာရီ ဆယ် နာရီမှ မိမိ နေရာ အဆောင် (ဘော်ဒါ) သို့ ပြန်ရောက်၊ နံနက်စာကို ရုံးမှာ လက်မှတ်ရေးထိုးပြီး စားမည့်နေရာ ရှိသော်လည်း ညစာက မမှန်၊ မစားဘဲ နေရသည်က များပါသည်။ မစားရခြင်းမှာ အများအားဖြင့် အချိန် မရ၍ မဟုတ်ဘဲ လကုန်ခါနီး ထမင်းစရိတ် ပြတ်သွား ၍ ဖြစ်ပါ၏။ ထိုရက်ပိုင်းကို ဘော်ဒါဆောင် အနီးက လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် လက်မှတ်ထိုး စနစ် ဖြင့် မုန့်နှင့် လက်ဖက်ရည် သောက်ခြင်းဖြင့် ကုန်ဆုံး ရလေသည်။ အဝတ်အထည်က အစ အစစ အရာရာကို အကြွေး စနစ်ဖြင့် ရယူနိုင်သော ရုံးစာရေး ဘဝဝယ် ဤမျှလောက် အခက်အခဲကို မည်သူမျှ အပင်ပန်းကြီး သဘော မထားပါ။ သတ္တဝါတို့ လောကတွင် လူမှအပ အကြွေး ယူတတ်သော သတ္တဝါလည်း မရှိ။ လူတွင် လည်း တစ်ဦးချင်းကို မဆိုထားဘဲ၊ နိုင်ငံ အလိုက်ပင် အကြွေး ကင်းသော တိုင်းပြည်လည်း မရှိသလောက်ပင် ဖြစ်ပေရာ အကြွေး တင်ခြင်းကိုလည်း စိတ်ညစ်စရာ မမှတ်ပါ။ မိခင်ထံသို့ တစ်လလျှင် လစာထဲမှ ငွေ လေးဆယ် ပေးပို့နေရသည်ကို လကုန်တိုင်း စိတ်၏ ချမ်းမြေ့ ကြည်နူးမှု တစ်ရပ်အဖြစ် မှတ်ယူ ခံစား နေရ လေသည်။

အိုင်အေ ပထမနှစ်မှာ ရုပ်ရှင် မကြည့်၊ ဘောလုံးပွဲ မကြည့်၊ ဆေးလိပ် မသောက်၊ အပေါင်းအသင်း မရှိ၊ အပျော်အပါး ဘာဆိုဘာမှ မရှိ။ ကျောင်းရယ်၊ ရုံးရယ်၊ ကျောင်းစာရယ်၊ စာမေးပွဲရယ် နှင့် အချိန်တွေ ကုန်ဆုံး သွားလေသည်။ ပထမနှစ် စာမေးပွဲ အောင်သောအခါ အရပ် အမောင်း ငါးပေ ဆယ့်တစ် လက်မ ရှိသော အကျွန်ုပ်၏ ခန္ဓာကိုယ်သည် ငါးဖောင်ရိုးကဲ့သို့ လုံးလုံး ရှည်ရှည်ကလေး ဖြစ်နေလေတော့၏။

ဒုတိယနှစ် အိုင်အေတန်း (အင်တာဘီ) သို့ ရောက် တော့ အကျွန်ုပ်၏ စိတ်ကို လျှော့လိုက်ပါသည်။ စိတ် လျှော့ ရသည်မှာ ခန္ဓာကိုယ်တွင် ရောဂါ စွဲကပ် လာ သောကြောင့် ဖြစ်၏။ မျက်စိကလည်း သိသိသာသာ အားနည်းကာ မျက်မှန် တပ်မှ ဖြစ်မည့် အခြေအနေသို့ ဆိုက်လာသည်။ မိမိ ဘဝတွင် စိတ် ပြင်းထန်သလောက် ခန္ဓာကိုယ်က မလိုက်နိုင်သော အတွေ့အကြုံကို ဤ တစ်ကြိမ်ဝယ် မျက်မှောက် ကိုယ်တွေ့ ကြုံရပါသည်။

စာရေးဆရာ ဖြစ်ချင်သော စိတ်ကလည်း မြွေ ဟောက် ပါးပျဉ်း ထောင်သလို ထောင်ထ လာသည်။ ဒုတိယနှစ်တွင် စိတ်ကြိုက် မြန်မာစာတွင် ပျို့ကဗျာ လင်္ကာများ သင်ရသည်။ မြန်မာစာကို မြတ်နိုးသော

www.burmeseclassic.com



စိတ်က အကျွန်ုပ်အား စာသင်ခန်းထဲမှ ဆွဲထုတ်သွားသည်။ ကျောင်းမှာ သင်သောစာ၊ ကျောင်းမှာ မသင်သောစာ၊ မြန်မာ စာပေနှင့် ပတ်သက်သမျှ တွေ့ရာ ကြုံရာ အကုန်ဖတ်ပြီး သက်ကြီး တက္ကသိုလ်မှာ မြန်မာစာပေ အသင်း ဖွဲ့သောအခါ အထီးကျန် ဘဝကို စွန့်လျက် မြန်မာစာ အသင်း အမှုဆောင်ထဲ ပါသွားတော့သည်။ မြန်မာစာ အဖွဲ့ အမှုဆောင်တွေထဲမှာ ပါသူတွေ အားလုံးကို ယခု တစ်ယောက်မကျန် မမှတ်မိတော့သော်လည်း ဥက္ကဋ္ဌ ကိုမြတ်ဦး (ယခု ဗဟိုတရားရုံး ရှေ့နေ ဦးအောင်မြင့်)၊ အတွင်းရေးမှူး ကိုလှဖေမြင့် (ယခု စာပေဗိမာန်) နှင့် အခြား တစ်ယောက်ကိုတော့ မှတ်မိပါသည်။

သူ . . .

မ . . .

မြန်မာစာပေ အသင်း အမှုဆောင် အစည်းအဝေးမှာ အတွင်းရေးမှူး ကိုလှဖေမြင့်၊ ပြန်ကြားရေးမှူး ကိုမျိုးအောင် (ယခု တရားရုံးချုပ် ရှေ့နေ) တို့နှင့် ပြဿနာ တစ်ခု အပေါ်ဝယ် သဘောထားချင်း မတူ ဖြစ်ကြလေသည်။ သည်အခါ အယူအဆ ပြင်းထန်လွန်းသော အကျွန်ုပ်ကို မ က ဝေလည်း ဝေဖန်သည်။ ဖျောင်းလည်း ဖျောင်းဖျသည်။ သဘောထား မတူညီမှုကိုလည်း မျှတ ညီညွတ်စေသည်။

သည်တစ်ကြိမ်မှာပဲ မ ကို အကျွန်ုပ် စ၍ အထင်ကြီးခဲ့မိလေသည်။ အမြော်အမြင် ကြီးသော မိန်းကလေးပါကလား။ သည်နှစ်မှာပင် စကားပြော ကောင်းသည်ဆိုပြီး အကျွန်ုပ်ကို မ အပါအဝင် မြန်မာစာ အသင်း အမှုဆောင်တွေက မြန် မာ စာ အသင်း စကားရည်လုပွဲမှာ စင်တင်လိုက်ကြပါသည်။ သတင်းစာတွေက ပုဂ္ဂလိက သတင်းစာများ ဖြစ်သည်။ သတင်းစာ တော်တော် များများမှာ ကျွန်တော်က တစ်ဖက်၊ မခင်ဆွေမြင့် (ယခု မြို့နယ် ပညာရေးမှူး ဒေါ်ခင်ဆွေမြင့်) က တစ်ဖက် အပြန်အလှန် စကားစစ် ထိုးကြဟန် ဓာတ်ပုံ သတင်းတွေ ပါလာသည်။

ဘဝဝယ် ပထမဆုံး အကြိမ် မိမိရုပ်ပုံ သတင်းစာမှာ ပါဖူးခြင်း ဖြစ်သလို စကားရည် လုပွဲပြီးတော့ မ က ထူးထူးခြားခြား အကျွန်ုပ်ထံသို့ လာပြီး ယက်ဆွဲကာ ရဲရဲ နှုတ်ဆက် လိုက်လေသည်။ လက်ဆွဲ နှုတ်ဆက်ပြီးနောက် ချီးကျူးစကားတွေပါ ပြောသော မ ကို အကျွန်ုပ် ဘယ်လို နားလည် ရမှန်းလည်း မသိ၊ ဘာ ပြန်ပြောရမှန်းလည်း မသိ၍ ဝမ်းသာကြောင်း အထူး ကျေးဇူးတင်ကြောင်းသာ ပြောရပါသည်။ ဤတစ်ကြိမ်၌မှု နူးညံ့သော မ လက်ဝါးပြင် အတွေ့ကိုရော၊ ပြုံးရွှင်သော မ မျက်နှာကိုရော အကျွန်ုပ်သည် အနီးကပ် တွေ့မြင်လိုက်ထိတွေ့ လိုက်ရရုံမျှမက ထိုညက မ တို့နှင့် လူချင်းခွဲပြီးပြန်တော့ မ၏ ဘယ်ဘက် ပါးပြင်မို့မို့ပေါ်က စံပယ်တင်မှဲ့ကို အကျွန်ုပ် မျက်လုံးများက စွဲနေ လေတော့သည်။

တစ်ညလုံး အိပ် မပျော်ပါ။ မြန်မာ မဆန်စွာ မိန်းကလေးက လက်ဆွဲ၍ နှုတ်ဆက်သော မ ၏ ရဲရင့်သည့် အမူအရာကလည်း အကျွန်ုပ်ကို လွှမ်းမိုးဆဲပါပဲ။ စကားရည် လုပွဲမှာ အစွမ်းကုန် နွှဲခဲ့ရသောကြောင့် ဖြစ်သော အမောသည် ရင်၌ ဖြစ်သော ဝေဒနာကြောင့် အိပ်မပျော်သည့် အမောလောက် မပင်ပန်းပါ။ အိပ်ရာပေါ်မှာ ဘယ်ပြောင်းညာပြန်နှင့်သာ ညဥ့်၏ နာရီများ ကုန်ဆုံး သွားပါသည်။ သည်ဝေဒနာကို ရင်ထဲက တစ်နည်းနည်း ထုတ်ပစ်နိုင်မှ အိပ်စက်ခြင်းသည် ငါ့ထံသို့ ရောက်လာလိမ့်မည်ဟု ရင်ထဲကပင် သိလိုက်သော ခဏ၌ စားပွဲမှ ထထိုင်ကာ ကဗျာ တစ်ပုဒ် ရေးဖို့ စိတ်ကူးလိုက်ပါသည်။ ထူးခြားစွာ ကဗျာစာလုံးများက မြန်မာလို ပေါ်မလာဘဲ အင်္ဂလိပ် စာလုံးတွေသာ ပေါ်လာလေတော့သည်။

*Beauty Spot*

ကဗျာ ခေါင်းစဉ်ကလေးကို ရေးချ လိုက်ပါသည်။ 'စံပယ်တင်မှဲ့'။ ကဗျာ၏ အမည်က 'စံပယ်တင်မှဲ့'။ သည့်နောက်မှာတော့ ကာရန်တွေက ဝေဝါးသွားသည်။ ရင်ထဲက စံပယ်တင်မှဲ့ကို အပြင်က စာရွက်ပေါ်သို့ ထုတ်လိုက်သော အခါ အဝေးသို့ ပြေးသွားခဲ့ကြသော အိပ်စက်ခြင်းများ မျက်လုံးပေါ်သို့ ပြန်ရောက် လာကြလေသည်။

ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်လေသည်။

ရုံးပိတ်ရက် ဖြစ်သဖြင့် ယနေ့ နံနက် အချိန်ပိုင်သင်တန်းများ တက်ရသော်လည်း စိတ်မှာ လွတ်လပ်၍ ရွှင်လန်း နေလေသည်။ နံနက် စောစောစီးစီး ကမာရွတ်မှ ပြည်တော်သာကား ခေါ်သော လေးလင်းကားကြီး စီးပြီး သိမ်ကြီးဈေးသို့ ရောက်သည်။ သိမ်ကြီးဈေးမှ ကားဆက်မစီးဘဲ ကြက်တန်းရှိ သက်ကြီး တက္ကသိုလ် အထိ လမ်းလျှောက် သွားခဲ့၏။ အညောင်းပြေ ဖြစ်၏။ ကားခ သက်သာဖို့လည်း ရည်ရွယ်၏။ လမ်းလျှောက်စဉ် ခြေလှမ်းများ သွက်လှသည်။ စိတ် တက်ကြွ နေခြင်းကြောင့် ဖြစ်ပေလိမ့်မည်။ ကျောင်း ရောက်သည့်တိုင် သင်တန်း

www.burmeseclassic.com



မစသေး။ စင်္ကြံပေါ်မှာ ကျောင်းသူ ကျောင်းသားတွေ ခုံနေရာ လုဖို့ အပြေးအလွှား သွားနေကြသည်။ ကိုယ်က သူတို့ကို မကြည့်ချင်။ မျက်စိ ရှုပ်သဖြင့် အဝေးသို့ ငေး နေလိုက်သည်။ ကြည့်လျှင်လည်း သင်တန်း တက်ရမည့် အခန်းထဲကိုပဲ ကြည့်သည်။ အခန်းထဲမှာ သူ ရောက်နေ ပြီလား။ မ ကို မျှော်ရင်း ကြည့်ခြင်း ဖြစ်လေသည်။ သူ့ ကို မတွေ့ရလျှင် တခြား လူတွေကို မြင်နေရခြင်းက စိတ်မောစရာ ကောင်းလှ၏။ စောစောက ပေါ့ပါး ရွှင် လန်းခဲ့သော နှလုံးသားပင် အတန်ကြာ စောင့်သည့်တိုင် သူ့ကို မတွေ့တော့ မောသည်။

'ဟော ကိုပုည'

သည်အသံကို ကြားကတည်းက မယဉ်ယဉ်မြင့် မှန်း သိသည်။ ယဉ်ယဉ်မြင့်က ကဗျာချစ်သူ။ သူသည် အကျွန်ုပ် မြန်မာစာ အသင်းက ကျင်းပခဲ့သော စာပေ ပြိုင်ပွဲတွင် ကဗျာ ပထမဆု၊ ဆောင်းပါး ပထမဆု နှင့် ဝတ္ထုတို ဒုတိယဆု ရပြီး ကတည်းက အကျွန်ုပ်၏ ငယ်စဉ် ကလောင်အမည် မောင်ပုညကို စွဲစွဲမြဲမြဲ ခေါ် နေသူ ဖြစ်လေသည်။ သူသည် အကျွန်ုပ်ကိုလည်း ခင် သည်။ အမှန်တော့ ယဉ်ယဉ်မြင့်သည် အကျွန်ုပ်နှင့် မ တို့ အကြားက လူတစ်ယောက် ဖြစ်သည်။ မ နှင့် သူ နှင့်က အခင်ဆုံး သူငယ်ချင်း။

'သြော် မယဉ်ယဉ်မြင့် တစ်ယောက်တည်းလား'

အကျွန်ုပ်၏ ကယောင်ကတမ်း အမေးက မယဉ် ယဉ်မြင့်ကို ရယ်စေသည်။

မယဉ်ယဉ်မြင့် ခစ်ခနဲ တစ်ချက် ရယ်သည်။

'တစ်ယောက်တည်းပေါ့ရှင်၊ ဒီနေ့က တနင်္ဂနွေ နေ့လေ၊ ကိုပုည တွေ့ချင်တဲ့ လူက ကျောင်းလာမှာ မဟုတ်ဘူး၊ သူ ဘုရား ရှိခိုးကျောင်း သွားမှာ'

' ဗျာ '

မယဉ်ယဉ်မြင့် ဘာကို ဆိုလိုသည်ကို အကျွန်ုပ် နားလည်သလိုပင် အကျွန်ုပ်၏ ရင်ထဲမှာ ဘာရှိသည် ကိုလည်း သူက သိနေလေသည်။ အလွန် အလိုက်သိ သော မိန်းကလေးပေပဲ။

'ဟုတ်တယ်၊ သူ ဒီကနေ့ သင်တန်း မတက်ဘူး၊ သူက တနင်္ဂနွေနေ့ဆို ဘုရားရှိခိုးကျောင်းကိုပဲ သွား တတ်တာ'

အကျွန်ုပ်က ရယ်ပြီး အရှက်ပြေ ခေါင်းညိတ် လိုက်ပါသည်။ ပါးစပ်ကတော့ ဘာမှ မပြောလိုက်ပါ။ ပြောလိုက်လျှင် ပုတ်သင်ဥ ပေါ်တော့မည်။ ကိုယ့်ရင် ထဲက အကြောင်းကို သူ နားလည်သည်ကိုပဲ ကျေးဇူး တင်ရပေတော့မည်။ သင်တန်းတက် ခေါင်းလောင်း ထိုးသောကြောင့် အတန်းထဲသို့ ဝင်လိုက်ကြရာ မယဉ် ယဉ်မြင့်နှင့် လူချင်း ခွဲလိုက်ကြပါသည်။ တနင်္ဂနွေနေ့ သင်တန်းက လောဂျစ် သင်တန်း။ သင်ကြား ပြသသူက ဆရာ ဦးဖေအောင်။ တပည့်တို့၊ တပည့်တို့ဟု ခေါ်ကာ လောဂျစ် (ထိုစဉ်က တက္ကဗေဒ ခေါ်သည်။ ယခု ယုတ္တိ ဗေဒ) ကို သင်ပြနေသော ဆရာ ဦးဖေအောင်၏ အသံ နှင့် ဟန်က ဆွဲဆောင်မှု ရှိလှပါသည်။ လှုပ်ရှား ပျံ့လွင့် ခဲ့သော စောစောက စိတ်တွေသည် ဆရာ ဦးဖေအောင် သင်ပြလျက် ရှိသော လောဂျစ်ထဲသို့ ရောက်သွား လေ သည်။ အကျွန်ုပ်၏ စိတ်အစဉ်ကို လောဂျစ်က စုစည်းပြီး ဆွဲဆောင် သွားနိုင်သည်မှာ အမှန်ပင် ဖြစ်လေသည်။

'အခု တပည့်တို့ကို ဆရာ သင်ပြမှာက အာရစ္စ တိုတယ်ရဲ ဆစ်လိုဂျစ်ဇင်းတွေ ဖြစ်တယ်၊ ဆစ်လိုဂျစ်ဇင်း ဆိုတာကို မြန်မာလို ပြန်တော့ တြိယုတ္တိ ဆင်ခြေလို့ ပြန်ရတယ်၊ လူတွေ စဉ်းစား ဆင်ခြင်ပုံ ပုံသေနည်း တစ်ခုပေါ့ တပည့်တို့'

အကျွန်ုပ်၏ စိတ်သည် ဆရာ၏ စကား မဆုံးမီပင် အာရစ္စတိုတယ်ထံသို့ ရောက်သွားလေသည်။ ထိုအမည် ကို ကြားရခြင်း၌ အကျွန်ုပ်၏ စိတ်သည် အလွန်အမင်း တက်ကြွကာ စူးစိုက်သော အာရုံ ဖြစ်ပေါ်နေသည်ကို လည်း သတိ ပြုမိပါသည်။ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ် ထားစဉ်မှာပင် ရုတ်တရက် လွတ်ထွက်သွားကာ ထိုင်ရာ မှ ထလိုက် မိလေသည်။ တစ်တန်းလုံးက အကျွန်ုပ်ကို ဝိုင်းကြည့်ကြလေသည်။ အကျွန်ုပ်ကား ပတ်ဝန်းကျင် ကို ရှက်ရွံ့စိတ် အလျှင်း မရှိတော့။ သိလိုသော စိတ်၏ ခေါ်ရာသို့သာ တန်းတန်းမတ်မတ် ပါသွား လေတော့ သည်။

'ဆရာ၊ ကျွန်တော် တစ်ခု မေးပါရစေ'

'အေး မေး တပည့် မေး၊ လောဂျစ်တို့ ဖီလိုဆိုဖီ တို့ ဆိုတာ မေးခွန်း မေးနိုင်မှ ပိုပြီး သဘောပေါက် လွယ်တယ်၊ အားမနာနှင့် နော်၊ မေးသာ မေး'

ဆရာက သည်လို အားပေးလိုက်တော့ ဆရာ့ ကျေးဇူးကို တစ်သက် မမေ့နိုင်အောင် ဖြစ်သွားရပါသည်။

'ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ် ဆရာ၊ ကျွန်တော် အာရစ္စတိုတယ် အကြောင်းကို သိချင်တာပါ ဆရာ'

သင်တန်းသား အားလုံးလည်း ငြိမ်သက် နေကြ လေသည်။

www.burmeseclassic.com



'အေး တပည့်၊ မေးသင့်တဲ့ မေးခွန်းပဲ၊ သူ့ရဲ့ ယုတ္တိဗေဒကို သင်ကြားရမယ် ဆိုတော့ သူ့အကြောင်းကို သိသင့်တာပေါ့၊ သူဟာ ဘယ်လို ပုဂ္ဂိုလ်လဲ ဆိုတာ သိထားမှ သူ့ပညာရဲ့ တန်ဖိုးကို ပိုပြီး သိရတာပေါ့ တပည့်တို့'

ပြီးတော့ ဆရာက အာရစ္စတိုတယ်၏ အကြောင်းကို ရှင်းပြပါသည်။ ခရစ်တော် မပေါ်မီ အနှစ် လေးရာ လောက်တုန်းက အာရစ္စတိုတယ် အမည် ရှိသော ပညာရှင်ကြီး တစ်ပါးသည် ဂရိ ခေါ်**သော** ခေါ်မတိုင်း (ယောနက တိုင်း) တွင် ပေါ်ပေါက်ခဲ့ဖူးလေသည်။ သူသည် မက်ဆီဒိုးနီးယား ဘုရင် ဖီလစ်၏ သမားတော်ကြီး နီကိုမာကပ်၏ သား ဖြစ်လေသည်။ မဟာသွေး မဟာနွယ် ဖြစ်သည်။ ထူးမြတ်သော အတိဇာတ သားမျိုး ဖြစ်လေသည်။ အရွယ် ရောက်စ ကတည်းက ဆရာကြီး ပလေတိုး၏ ကမ္ဘာကျော် အကယ်ဒမီ ကျောင်းတော်ကြီးမှာ ပညာ သင်ကြားခဲ့ရသည်။ ကြီးသော် အလက်ဇန္ဒား ဘုရင်၏ စာသင်ဆရာ ဖြစ်လာသည်။

ပလေတိုး ကွယ်လွန်ချိန် အထိ ဆရာကြီး ပလေတိုးထံတွင် အန္တေဝါသိက တပည့်အဖြစ် နေခဲ့သော်လည်း သူသည် အတွေးအမြင် အရာတွင် ဆရာနှင့် သဘောထပ်တူ မရှိသူ ဖြစ်သည်။ အာရစ္စတိုတယ်၏ လက်သုံးစကား တစ်ခု ရှိသည်။ ထိုစကားမှာ ဆရာ ပလေတိုးကို ညွှန်းသော စကား ဖြစ်သည်။

*'ဆရာကြီး ပလေတိုးကို ကျွန်ုပ် အလွန် ချစ်ခင်လေးစားပါသည်။*

*သို့သော် အကျွန်ုပ်သည် အမှန်တရား (သစ္စာ) ကိုမူကား ဆရာကြီးကို ချစ်သည်ထက် အဆ တစ်ရာမက ပိုမို ချစ်မြတ်နိုးပါသည်'* တဲ့။

ဆရာ ဦးဖေအောင်သည် အာရစ္စတိုတယ် နှင့် စပ်ဆိုင်သမျှ အကြောင်းများကို ထိုနေ့ သင်တန်းချိန် ကုန်ဆုံးသည်အထိ အကျယ် ရှင်းပြခဲ့လေသည်။ ယနေ့ ကမ္ဘာပေါ်တွင် ပေါ်ပေါက်လျက် ရှိသော တက္ကသိုလ် ပညာရပ်များ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ ဆေးပညာ၊ နက္ခတ္တဗေဒ၊ သမိုင်း၊ ပထဝီဝင်၊ ဒဿန၊ အနုပညာ အားလုံးတို့သည် ထိုပညာရှင် အာရစ္စတိုတယ် စတင် ဖော်ထုတ်ခဲ့သော ပညာရပ်ချည်းသာ ဖြစ်ကြသည် ဟု ဆရာက နိဂုံးချုပ် ပြောဆိုသော အခါ အကျွန်ုပ်သည် အာရစ္စတိုတယ်ကို များစွာ အထင်ကြီးမိ သွားလေတော့၏။

ပိုပြီး နှိုက်နှိုက်နဲ့နဲ့ စွဲစွဲမြဲမြဲ အထင်ကြီးမိခြင်းမှာ အာရစ္စတိုတယ် သုခမိန်ကြီး၏ ဆရာ့ကိုထက် ပို၍ ချစ်သည် ဆိုသော 'သစ္စာချစ်စိတ်' ပင်တည်း။

သင်တန်း ပြီးဆုံးလျှင် သူငယ်ချင်း တစ်စု လက်ဖက်ရည်ဆိုင်သို့ အတူ သွားကြလေသည်။ ကိုတင်ဖေ၊ ကိုမြင့်စန်း၊ မယဉ်ယဉ်မြင့်၊ ကိုလှဖေမြင့်၊ ကိုမြတ်ဦး (အောင်မြင့်) တို့ ပါသည်။ မြန်မာစာ အသင်းက မိတ်ဆွေ တစ်စု။ စကားဝိုင်းတွင် သူတို့က ဆရာ ဦးဖေအောင်ကို ချီးမွမ်းသည့် စကားများ ပြော ကြ သည်။ မယဉ်ယဉ်မြင့်ကသာ အကျွန်ုပ်ဘက်သို့ လှည့်ပြီး

'ကျွန်မကတော့ ကိုပုညကို ကျေးဇူး တင်ပါတယ် ရှင်၊ သူက မေးတတ်လို့သာ ဒီကနေ့ အာရစ္စတိုတယ် အကြောင်းကို ဒီလောက် သိရတာ' ဟု ဆိုလေသည်။

စကားဝိုင်းထဲတွင် မ ပါစေချင်သော်လည်း သူ ပါမလာ၍ အနည်းငယ် စိတ် သွေ့ခြောက်သော်လည်း ယနေ့ အဖို့တော့ ဆရာ့ထံမှ ရခဲ့သော ဘဝ လမ်းညွှန် စကား တစ်ခုကြောင့် စိတ်အစဉ် ပေါ့ပါး ရွှင်လန်းခဲ့ပါသည်။

ဆရာ့ကိုထက်ပင် ပို၍ ချစ်သော သစ္စာချစ်စိတ်၊ အကျွန်ုပ် အဖို့မူ ထိုစိတ်ကို တစ်မျိုး နားလည် ခဲ့ရပါ၏။ အကျွန်ုပ်သည်လည်း အာရစ္စတိုတယ် ကဲ့သို့ပင် သစ္စာချစ်စိတ် အရာ၌ ထိုစိတ်ကို မိဘ ချစ်စိတ်ထက်ပင် ပို၍ တန်ဖိုး ထားခဲ့ခြင်း ဖြစ်လေသည်။ အာရစ္စတိုတယ် စကားအတိုင်း ဆိုလျှင် 'အကျွန်ုပ်သည် မိဘ နှစ်ပါးကို အလွန်ပင် ချစ်ခင် လေးစားပါသည်။ သို့သော် မိဘကို ချစ်သည်ထက် အမှန် (သစ္စာ) တရားကို ချစ်သည့် စိတ်ကတော့ အဆ တစ်ရာ မကပင် ပို၍ များပြား လွန်ကဲပါသည်' ဟု ဆိုရပေတော့မည်။

တနင်္လာနေ့ နံနက်ပိုင်း သင်တန်းတွင်လည်း မကို ရှာကြည့်မိ၏။ မတွေ့။ သည်တော့ နေထိုင် မကောင်းလို့ များလားဟု သူ့အတွက် စိုးရိမ်စိတ် တစ်ခု ပိုလာသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မေးကြည့်သည်။ ငါ သူ့ကို စိတ်ဝင်စားနေပြီလား။ ငြင်းဖို့ အကြောင်း မရှိတော့။ ကိုယ့် စိတ်က အချိန်နာရီ ရှိသရွေ့ သူ့ထံပါးသို့သာ ရောက်နေပြီပဲ။ ဒါဆို ရက်စရာလည်း မလိုတော့။ ကိုယ် သူ့ အပေါ်မှာ ထားသည့် စိတ်စေတနာကို သူ့အား သိစေအပ်ပြီပဲ။

နံနက်ပိုင်းတွင် ဆရာမ ဒေါ်မြင့်သန်း၏ စိတ်ကြိုက် မြန်မာစာ သင်တန်း ဖြစ်သည်။ ဥမ္မာဒန္တီပျို့၊

www.burmeseclassic.com



ပြည်ထဲအရေး ဝမ်းရေးတို့ထက် လွမ်းရေး ခက်နေသော သိဝိဘုရင်၏ အဖြစ်သည် ကိုယ့်အတွက် ထွက်ပေါက် တစ်ခုလို ဖြစ်နေလေသည်။ ရှင်ဘုရင် တန်မဲ့ အချစ်အတွက် ရူးသေးသည်ပဲ၊ ငါလို ပုထုဇဉ်က အချစ်အတွက် ရူးလို့ ဘယ်သူလာပြီး အပြစ် တင်မည်လဲ။ စိတ်ကို လွှတ်ပစ် လိုက်ပါသည်။ မနက်ပိုင်း သင်တန်းမှာ ပေးခဲ့သော စာများကို ရုံးရောက်တော့ သူ့အတွက် ရည်စူးပြီး တစ်စောင် ထပ်ကူးလိုက်ပါသည်။ တနင်္ဂနွေနေ့က လောဂျစ်တွေကိုလည်း ကူးလိုက်ပါသည်။ သူ့အတွက် အကျွန်ုပ်သည် အားကိုးစရာ ဆိုသည်ကို သူ့အား သိစေတော့မည်။

ညနေ သင်တန်း မစမီ စောစောစီးစီး မ ကျောင်းကို ရောက်နေလေသည်။ အကျွန်ုပ်လည်း ရုံးဆင်းပြီးနောက် သူငယ်ချင်း တင်ဖေကိုပင် မစောင့်တော့ဘဲ ကျောင်းသို့ လာခဲ့သည်။

သူက ကိုယ့်ထက်ပင် စော၍ ကျောင်း ပေါ် မှာ ရောက်နှင့်သည်။ ကျန်သော သူငယ်ချင်းများပင် မရောက်သေး။ မယဉ်ယဉ်မြင့်လည်း မရောက်သေး။

'ဩော် မ ရောက် နေ ပြီ လား၊ မနေ့ကလည်း ကျောင်း မတက်ဘူး၊ ဒီမနက်လည်း ကျောင်း မတက်ဘူးနော်၊ မနေ့ကတော့ ဘုရားရှိခိုးကျောင်း သွားလို့ ထားပါတော့၊ မနက်က ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား'

မ က ပြုံးသည်။ လှလိုက်သည့် အပြုံး။

'မဟုတ်ပါဘူး၊ မနက်တုန်းက အိပ်ရာထ နောက်ကျ သွားတယ်၊ မနေ့ညက ကယ်ရိုးဆင်းဂင်း လိုက်သွားမိလို့၊ ဒါနဲ့ မနေ့က မ ဘုရားရှိခိုးကျောင်း သွားတယ် ဆိုတာ ကိုဆန်းလွင် ဘယ်လိုလုပ် သိလဲ'

'မေးစရာ လို သေး လား မ ရယ်၊ သိတယ် ဆို ကတည်းက စုံစမ်း မေးမြန်းထားလို့ပဲ ဖြစ်မှာပေါ့'

'ဟင် ကိုဆန်းလွင်က မ အကြောင်းကို စုံစမ်း တယ်'

'ဩော် ဟိုအကြောင်း ဒီအကြောင်းတွေကို စုံစမ်း တာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ကျောင်းမတက်တာလဲ လို့ မေးတာပါ၊ မယဉ်ယဉ်မြင့်က မ ဘုရားရှိခိုးကျောင်း သွားတယ်လို့ ပြောလို့ သိတာ၊ ဒီမနက်လည်း ကျောင်း မတက်တော့ ' . . .'

အကျွန်ုပ်မှာ စိတ်ထဲ စိုးရိမ်စိတ် ဝင် လာ မှု အကြောင်းကို ဖွင့်ပြော လိုက်ရမည်ကို ရှက်သလိုလို ဖြစ်နေသဖြင့် စကားကို ရပ်လိုက်မိသည်။

'ကျောင်း မတက်တော့ ကိုဆန်းလွင်က ယဉ်ယဉ်မြင့်ကို မေးပြန်ရောလား'

'မမေးပါဘူး၊ တစ်ခုခုတော့ အကြောင်း ရှိမှာပဲ လို့ တွေးပြီး ပူတဲ့ စိတ်ကလေးနှင့်ပဲ နေလိုက်ပါတယ်'

မ က နှစ်ခြိုက်စွာ တစ်ချက် ပြုံး ပြန် သည်။ သူ့အပြုံးသည် အကျွန်ုပ်၏ ဘဝင်ကို လှုပ်ခတ်စေနိုင်သည် အမှန်။

'ကိုဆန်းလွင် မ အတွက် စိုးရိမ်တာ မ ကျေးဇူး တင်ပါတယ်၊ ဩော် ဒါနှင့် ဒီည သင်တန်း ပြီးရင် ကိုဆန်းလွင် မှတ်စု စာအုပ်တွေ မ ကို ခဏ ငှားလိုက်နော်၊ မ ပြန်ကူးချင်လို့'

'မငှားဘူး၊ ကူးလည်း ပြန်ကူး မနေနှင့်၊ ရော့ ဒီမှာ မ အတွက် မနေနိုင်တဲ့ လူ က ကူးထားတာ၊ ကူးပြီး သားပဲ၊ ယူသွားတော့'

'ဟင် ကျေးဇူးတင်လိုက်တာ ရှင်'

မ က အကျွန်ုပ် ကူးပေးထားသော စာရွက်လွတ်များကို လှမ်းယူရင်း လက်ပတ်နာရီကို ကြည့်သည်။

'သင်တန်း တက်ဖို့ နာရီဝက်တောင် လိုသေးတယ်၊ မ က ကိုဆန်းလွင်ကို ကျေးဇူးတင်တဲ့ အနေနှင့် လက်ဖက်ရည် တိုက်ပါရစေရှင်'

'လက်ဖက်ရည် သောက်ရဖို့ မရည်ရွယ်ဘဲ ကူး ပေး ခဲ့တာပါနော်'

'မ သဘောပေါက် ပါတယ် ရှင်၊ လာပါ'

မေတ္တာ၏ အလျား အနံမဲ့၊ ဒြပ်မဲ့ ဝိညာဉ်သည် အသွားအပြန် တည့်သည့် ကူးယှက်ခြင်း သဘောကို အကျွန်ုပ်၏ ဘဝဝယ် ပထမဆုံး ခံစားရခြင်း ဖြစ်သည် ဟု ဆိုချင်ပါသည်။

တစ်ယောက်၏ မျက်နှာကို တစ်ယောက်က နီးနီး ကပ်ကပ် စေ့စေ့စပ်စပ် ကြည့်ရှုပြီး လက် ဖက် ရည် သောက်နေစဉ် တစ်ယောက်၏ မျက်လုံးထဲဝယ် တစ်ယောက်၏ သိုသိပ် ဝှက်ကွယ်ထားဆဲ ဖြစ်သော မေတ္တာနှင့် သစ္စာကို ရှာဖွေ ခဲ့ကြလေသည်။

ညပိုင်း သင်တန်း ပြီးသောအခါ မ တစ်ယောက်တည်း ၅၂ လမ်း လမ်းတိုကလေးမှ အနော်ရထာ လမ်းမကြီး ဘက်သို့ ထွက်လျှောက် သွားသည်ကို မြင်လိုက်ရသည်။ အကျွန်ုပ်သည် မ နောက်သို့ လိုက်သွားလေသည်။ လမ်းထိပ် မရောက်မီပင် မ ကို မီလေသည်။

'မ တစ်ယောက်တည်း ဘယ်အထိ ပြန်ရမှာလဲ'

'ဩော် ကိုဆန်းလွင်၊ မ က ဒီနားတင်ပါ၊ ဗိုလ်

www.burmeseclassic.com


နောက်နေ့ နံနက် သင်တန်းတွင် လူချင်း တွေ့ဆုံပြီး စကားပြောဖို့ပင် အချိန် မရလိုက်။ မ က စက္ကူဖြင့် ထုပ်၍ယူလာသော သမ္မာကျမ်း တစ်စောင်ကို အကျွန်ုပ် လက်ထဲထည့်ပြီး သင်တန်း တက်သွားလေသည်။ မ ၏ ထူးခြားချက်မှာ သူတစ်ပါး ကိစ္စကို မစူးစမ်းခြင်း ဖြစ်သည်။ သမ္မာကျမ်းကို ဘာလုပ်ဖို့ ဖတ်တာလဲ၊ ဘာလဲ၊ ညာလဲ ဘာဆိုဘာမှ မမေး။ ဤအရေးသည် အကျွန်ုပ် အရေးသာ ဖြစ်သည်။ သူနှင့် မဆိုင်၊ သူ့ ပယောဂ မပါ သလိုသာ နေလေသည်။

အကျွန်ုပ်သည် ကျောင်းစာက တစ်ဖက်၊ ရုံးအလုပ်က တစ်ဖက်၊ သည်အထဲ နကရဖ အလုပ်သမား သမဂ္ဂထဲ မိမိက ပါဝင်နေရုံမျှမက ထိုသမဂ္ဂ၏ အတွင်းရေးမှူးပင် ဖြစ်လျက် နေပေရာ အလွန် အလုပ်များလျက် ရှိလေသည်။ ဤအချိန်တွင် တည်မြဲနှင့် သန့်ရှင်း ဖဆပလ နှစ်ခြမ်းကွဲ ဂယက်သည် အလုပ်သမား လောကသို့ ဝင်ရောက် မွှေနှောက်လျက်ရှိရာ အကျွန်ုပ်မှာ အခြား အလုပ်သမား သမဂ္ဂ ခေါင်းဆောင်များနှင့် အတူ မြစ်ဝကျွန်းပေါ် ဒေသသို့ စည်းရုံးရေးအတွက် ခရီး ထွက်ရပြန်လေသည်။

ခရီးထွက်စဉ် သင်္ဘောပေါ်တွင် စာဖတ်ဖို့ အချိန်ရမည် ဖြစ်ရာ မ ထံမှ ငှားယူထားသော သမ္မာကျမ်းကို အကျွန်ုပ်သည် ထိုခရီးစဉ်တွင် တစ်ပါတည်း ယူသွားလေတော့သည်။ မ နှင့် အကျွန်ုပ် ဝေးကွာသွားသော ကာလသည်လည်း တစ်လခန့်ပင် ကြာမြင့် သွားလေသည်။ ခရီး မထွက်မီ နိုင်ငံရေး ဂယက်ထဲ မိမိ မျောပါနေစဉ် တိုတောင်းသော အချိန်ကာလ အတွင်း မ ကို အကျွန်ုပ်သည် အတိအလင်းပင် ချစ်ရေး ဆိုခဲ့သေးသည်။ မ ကတော့ လိမ္မာသည်။

'မ ကိုဆန်းလွင်ထက် အသက်လည်း ကြီးတယ်၊ ပြီးတော့ မ က မိခင်အို မုဆိုးမကြီးကို လုပ်ကျွေး ပြုစုနေရတယ်၊ မ တို့မှာက မအေတစ်ခု သမီးတစ်ခုရယ်၊ မောင် တစ်ယောက် ရှိလည်း အားမကိုးရဘူး၊ သူက တသီးတခြား သူ့ဘာသာ နေတယ်၊ ဒါတွေကို ကိုဆန်းလွင် သိပြီးပလား'

'ဒါတွေကို ကျွန်တော် သိဖို့ လိုသလား မ ရယ်'

'အို မကို ချစ်ရေးဆိုတဲ့ ကိုဆန်းလွင် မ အကြောင်း အကုန် သိသင့်တာပေါ့'

'ဟုတ်တယ်၊ သိသင့်ပါတယ်၊ သိရမယ်လို့တော့ မ မဆိုပါနှင့် နော်'

အောင်ကျော်လမ်း အထိပဲ'

'ဒါဆို အတော်ပဲ၊ ကျွန်တော်က သိမ်ကြီးဈေး အထိ လျှောက်ရမှာ၊ မကို အိမ်ထိ လိုက် ပို့ မယ်၊ လက်ဖက်ရည် သောက်တုန်းက ပြောဖို့ ရည်ရွယ်ပြီး မပြောဖြစ်လိုက်တဲ့ စကားလည်း ပြောရင်း'

နှစ်ဦး အတူ မီးရောင် ရိပ်များကို ဖြတ်လျှောက်ခဲ့ကြသည်။ ဒီဇင်ဘာ ညဦးပိုင်းသည် အေးမြပါသည်။

'ဘာ စကားများ ပြောစရာ ကျန်လို့လဲ ဟင် ကိုဆန်းလွင်၊ ပြောချင်တာ ပြောလို့ ရပါတယ် ရှင်'

မ အသံကလည်း အေးမြပြီး ချိုပါသည်။

'ပြောစရာက တခြားတော့ မဟုတ်ပါဘူး၊ မ က ခရစ်ယာန်မို့ မ ဆီက အကူအညီ တစ်ခု တောင်းမလို့'

'ရှင်'

မ မျက်လုံးကလေးများပင် ပြူးကျယ်ကာ အံ့သြခြင်းများကို ဖော်ပြကြသည်။

'မ ကျွန်တော့်ကို နားလည်ရ ခက်သွားပြီလား'

ဤမေးခွန်းကို တော်တော်ကြာ မဖြေဘဲ မ နှုတ်ပိတ်၍ နေလေသည်။ ဖြည်းဖြည်း လျှောက်လာသော ခြေလှမ်းကိုပင် မ က ရပ်ပစ်လိုက်သည်။ အကျွန်ုပ်၏ မျက်နှာကို လှမ်းကြည့်သော မ ၏ မျက်လုံးများ ဝင်းခနဲ တောက်ပ လင်းလက် သွားသည်ကို လမ်းမီးရောင်တွင် မြင်လိုက် ရပါသည်။

'ကိုဆန်းလွင် မ ဆီက လိုချင်တဲ့ အကူအညီနှင့် မ ခရစ်ယာန် ဖြစ်တာနှင့် ဘယ်လိုများ ဆက်စပ်သလဲလို့ မ စဉ်းစားလို့တောင် မရဘူး'

မ ၏ မျက်လုံးများထဲတွင် စူးစမ်းသော သဘောများ ပါသည်ကိုလည်း အထင်းသား မြင်ရပါသည်။

'မ ကူညီစေချင်တာနှင့် မ ခရစ်ယာန် ဖြစ်တာနှင့် သိမ် ဆက်စပ်ပါတယ် မ၊ ခဲခဲယဉ်းယဉ်း အကူအညီမျိုးလည်း မဟုတ်ပါဘူး၊ ကျွန်တော့်ကို မတို့ သမ္မာကျမ်းစာ တစ်အုပ်လောက် ရှိရင်ပေါ့လေ၊ ငှားပါလို့ ပြောမလို့'

'ရှိပါတယ် ကိုဆန်းလွင်၊ မနက်ဖြန် မ ယူခဲ့ပါ့မယ်'

မ သည် ချက်ချင်း ကတိပြုပြီးနောက် ဗိုလ်အောင်ကျော်လမ်းထဲသို့ ရောက်လာသဖြင့်

'ကဲ မ သွားမယ် နော်၊ ကောင်းသော ညဦးပါ ရှင်' ဟု အင်္ဂလိပ်လို နှုတ်ဆက်ပြီး ထွက်ခွာ သွားလေသည်။ အကျွန်ုပ်လည်း ကျေးဇူးတင်ကြောင်း ပြောဆိုဖို့ စိတ်ကူးပြီးမှ မပြောတော့ဘဲ ဂွဒ်နိုက်' ဟု ဆိုကာ လူချင်း ခွဲခဲ့ပါလေ၏။

www.burmeseclassic.com



'ဘာဖြစ်လို့'

'ဘာဖြစ်လို့လဲ ဆိုတော့ ဒါတွေကို တွက်စစ်နေတာက ရှုံးမလား၊ မြတ်မလားလို့ တွက်နေတာနှင့် တူတယ်၊ အချစ်ကို သင်္ချာ တစ်ပုဒ်လို တွက်ပြီး အဖြေက် အစား အသောက်၊ အနှုတ်တွေ ထည့်ရင် အဲဒါ အချစ် မဟုတ်တော့ ဘူး၊ ရောင်းကုန် ဖြစ်သွားပြီပဲ မ ရယ်'

'အင်း ကိုဆန်းလွင်က သိပ်ပြီး အတွေးအခေါ် ဆန်တာပဲ နော်၊ ဒီလောက်တောင်လည်း စိတ်ကူး မယဉ် ပါနှင့်လား ကိုဆန်းလွင်ရယ်၊ ကိုဆန်းလွင်နှင့် နှိုင်းစာ ရင် မ က လူတွေ အများကြီး တွေ့ခဲ့ဖူးပါတယ်၊ အထူး သဖြင့် ယောကျ်ားတွေ တွေ့ခဲ့ဖူးပါတယ် ကိုဆန်းလွင်'

'မ တွေ့ဖူးခဲ့တဲ့ ယောကျ်ားတွေက ဘယ်လို ယောကျ်ားတွေလဲ၊ ကျွန်တော်နှင့် တူသလား မ'

'ကိုဆန်းလွင်နှင့် မတူပါဘူး၊ သူတို့ကလည်း တစ်မျိုးစီပဲပေါ့ ရှင်၊ တချို့က မ ရဲ့ စံပယ်တင်မဲ့ကို ချစ်တယ်၊ တချို့က မ ရဲ့ အလှကို ချစ်တယ်၊ တချို့က မ ရဲ့ လိမ္မာ ပါးနပ်မှုကို ချစ်တယ်၊ တချို့က မ ရဲ့ စိတ်ဓာတ် ကို ချစ်တယ်၊ အမျိုးမျိုးပေါ့ရှင်၊ ဒါဖြင့် အဲဒါတွေကိုပဲ ရှင်တို့ ရရင် ကျေနပ်မလား မေးတော့ သူတို့ ပြောတာနှင့် သူတို့ လိုချင်တာဟာ တခြားစီ ဖြစ်ကုန်ကြတယ်၊ ဒီလို ပဲပေါ့ ကိုဆန်းလွင်ကတော့ မ ဆီက ဘာကို လိုချင်တာလဲ'

အကျွန်ုပ်၏ နှလုံးသားကို မေးသည့် အမေး ဖြစ် ပါသည်။ အကျွန်ုပ်၏ အဖြေကို ကြားရတော့ မ ပင် အံ့အား သင့်သွားလေသည်။

'အချစ်ဟာ လိုချင်တာ မဟုတ်ဘူး မ၊ အချစ် ဆို တာ ပေးချင်တာပါ၊ မ ကို ချစ်တယ် ဆိုတာ မ ဘဝ လှပ စေချင်တာပါ'

'အင်းလေ ကိုဆန်းလွင်က အတွေးအခေါ် ဆန် တယ်၊ စကားလည်း တတ်တယ်၊ ကိုဆန်းလွင်ကို နား လည်အောင် လုပ်ဖို့တော့ လိုဦးမယ်၊ ထားပါတော့၊ မ ကိုဆန်းလွင်ကို လိုချင်တဲ့ အဖြေ **(Positive Answer)** တစ်ခု ပေးနိုင်လိမ့်မယ်လို့တော့ အောက်မေ့ပါတယ်၊ ဘယ်တော့လောက်မှ ပေးနိုင်မယ် ဆိုတာကိုတော့ မ မပြောနိုင်သေးပါဘူး ရှင်'

'ဒီအတွက်တော့ မ စိတ် အပင်ပန်း မခံပါနှင့် နော်၊ အ ချစ် ဟာ လိုချင်တာ မဟုတ်ဘူးလို့ မ ကို ကျွန်တော် ပြောပြီးပြီပဲ၊ မ ဆီက ကျွန်တော် ဘာကိုမှ မမျှော်လင့်ဘူး၊ အချစ်ကို သစ္စာ တရား တစ်ခုလိုပဲ ကျွန်တော် သဘော ထားပါတယ်'

မသည် အကျွန်ုပ် ပြောလိုက်သည့် စကားကို နား လည်ဖို့ အတွက် အတန်ကြာ ကြိုးစားနေပုံ ပေါ်သည်။ ပြီးမှ မသိမသာ ချသော သက်ပြင်းနှင့် အတူ ဆိုသည်။

'ကိုဆန်းလွင်ကို မ တစ်ခုတော့ တောင်းပန်တဲ့ သဘောနှင့် ပြောချင်ပါတယ်ရှင်'

'မ ကိုလည်း ကျွန်တော် ကြားဖြတ်ပြီး တစ်ခုတော့ ပြောပါရစေ'

'ဘာများလဲ ရှင်'

'ဘာလဲ ဆိုတော့ ဘယ်လို အခြေအနေ၊ ဘယ်လို အချိန်အခါမျိုးမှာပဲ ဖြစ်ဖြစ် မ အနေနှင့် ကျွန်တော့်ကို တောင်းပန်တယ်ဆိုတဲ့ စကား မပြောပါနှင့်ဗျာ၊ မ အနေ နှင့် ကျွန်တော့်ကို တောင်းပန်စရာ မလိုပါဘူး'

'ဘာဖြစ်လို့'

'ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်က မ ထက် အသက်လည်း ငယ်တယ်၊ ပြီးတော့ တောင်းပန်ရတယ် ဆိုတာကလည်း ဖွဲ့ယူတာတို့၊ ခွင့်မလွှတ်တာတို့ ရှိတဲ့ အခါမျိုး၊ တစ်စုံတစ်ယောက်က မကျေနပ် ဖြစ်မှာကို စိုးတဲ့ အခါမျိုးမှသာ သုံးနှုန်းရတဲ့ လောကဝတ် စကားပါ မ၊ ကျွန်တော်နှင့် မ ကြားမှာ အဲဒီ အခြေအနေမျိုးမှ မရှိ တာ၊ ကျွန်တော်နှင့် မတို့ နှစ်ဦးကြားမှာ လွတ်လပ်တဲ့ သဘော အမြဲ ရှိနေ စေချင်တယ်၊ မကျေမနပ် ဖြစ်မှာ စိုးရိမ် နေရတာဟာ စိတ်မချရသူချင်း၊ ရန်လိုသူချင်းမှာ သာ ရှိတဲ့ ဆက်ဆံရေး သဘောပဲ၊ အချစ်မှာ ရယူခြင်း၊ မျှော်လင့် တောင့်တခြင်း၊ တော်မွတ်ခြင်း၊ တပ်မက်ခြင်း ဆိုတာတွေ ကင်းသလို အာဃာတလည်း ကင်းတယ်၊ အချစ်ဟာ မေတ္တာကို အရင်းခံတဲ့ စေတနာ တစ်မျိုးပါ၊ ပေးလိုခြင်း တစ်ခုရယ်ပါ၊ ခွင့်လွှတ်ခြင်းရယ်ပါ ဗျာ'

မသည် ပို၍ စိတ်မော သွားသလို ပင့်သက် ရှူ လိုက်သည်ကို အကျွန်ုပ် သတိထားမိ လိုက်ပါသည်။

'ထားပါတော့လေ၊ မ ပြောချင်တာက မ လေ ကိုဆန်းလွင်ကို နားလည်ဖို့ အတွက် အချိန် တော်တော် ယူရလိမ့်မယ်'

'ယူပေါ့၊ အချိန်ဟာ တန်ဖိုးတွေကို အဆုံးအဖြတ် ပေးတဲ့ စံတစ်မျိုးပါ၊ တစ်ခုပဲ ရှိတယ်၊ အချိန်ရဲ့ သဘော ကတော့ လွန်သွားရင်လည်း အချည်းနှီး ဖြစ်တတ်ပါ တယ်၊ လိုနေရင်လည်း အကျိုးမထင် ဖြစ်တတ်တယ်၊ ဒါလည်း သဘာဝ တစ်ခုပါ မ ရယ်'

'ဘာကို ဆိုတာလဲ ဟင်'

'ဒီလိုလေ ပဲကြီးရေစိမ် အချိန်တန်မှ ဆိုတဲ့ စကား

www.burmeseclassic.com



ရှိတယ်၊ သဘာဝမှာ သီးချိန်တန် သီး ပွင့်ချိန်တန် ပွင့် ဆိုတဲ့ တရား နိယာမ ရှိတယ် မဟုတ်လား၊ အချိန်တန်မှ ဆိုတာ ကာလရဲ့ ကန့်သတ်ချက် တစ်ခုလို့ ပြောတာပါ၊ အချိန် မတန်ဘဲ လုပ်တာလည်း မှားတယ်၊ အချိန်လွန်မှ လုပ်တာလည်း မှားတာပဲ၊ အဖြစ်အပျက်တိုင်းမှာ သင့်တော်တဲ့ အချိန် ဖြစ်သင့် ဖြစ်ထိုက်တဲ့ အချိန် ဆိုတာ ရှိစမြဲပါ၊ အဲဒါကို ပြောတာပါ'

'အင်း နော်၊ ကိုဆန်းလွင် ပြောတော့ မ သဘောပေါက်ပါတယ်၊ မ က ကိုဆန်းလွင်လို မပြောတတ်လို့၊ မ ဆိုလိုတာလည်း ဒီသဘောပါပဲ၊ မ အဖြေ ပေးသင့်တဲ့ အချိန်ဟာ ဘယ်အချိန် ဖြစ်မလဲ ဆိုတာ မ အနေနှင့် ကြိုမသိနိုင်လို့ ကြိုပြီး အသိပေးတဲ့ သဘော ပြောတာပါ'

'ဒါတောင် တကယ်ဆို ပြောစရာမှ မလိုတာ'

'မလိုဘူးလား ကိုဆန်းလွင်'

'မလိုပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မ ဘယ်အချိန်မှာ ကျွန်တော့်ကို အဖြေ ပေးပါလို့ ကျွန်တော် တောင်းဆိုလို့လား၊ မတောင်းဆိုဘူး၊ ပြီးတော့ ဘယ် အချိန်ကျမှ အဖြေ ပေးပေး အပြစ်တင်မှာလည်း မဟုတ်တော့ ဒီစကားကို မ မပြောလည်း ရပါတယ်၊ အချစ်ဟာ လွတ်လပ်ခြင်း တစ်မျိုးပါ မ၊ ကျွန်တော် မ ကို ချစ်ရေး ဆိုတာ အချစ်နှင့် နှောင်ဖွဲ့တာ မဟုတ်ဘူးနော်၊ မ ကို ကျွန်တော် ချည်ဖို့ မကြိုးစားဘူး၊ ဒါကိုတော့ မ သဘော ပေါက်ပါဗျာ'

မသည် ပို၍ လေးလံသော သက်ပြင်းကို ချပြန်သည်။

'မ ခဏ ခဏ သက်ပြင်း ချတယ်၊ ဘာလဲ ကျွန်တော့်ကြောင့် မ စိတ်ညစ် နေပြီလား'

'ဟင့်အင်း၊ မ စိတ် မညစ်ပါဘူး၊ ကိုဆန်းလွင် ပြောတဲ့ စကားတွေကို တစ်ချက် တစ်ချက် မ လိုက်လို့ မမီသလို ဖြစ်ဖြစ် သွားလို့ပါ၊ ကိုဆန်းလွင်ဟာ တကယ့်ကို အတွေးအခေါ် ဆန်လွန်းပါတယ်၊ မ စကား ပြောမယ် လုပ်တိုင်း စကားလုံး ရွေးနေရပြီ'

အကျွန်ုပ် ရယ်လိုက်ပါသည်။ မလည်း ရော၍ ရယ်သည်။ သည်တစ်ကြိမ်မှာလည်း မသည် ဘာကြောင့် အကျွန်ုပ် သူ့ထံမှ သမ္မာ ကျမ်းစာအုပ်ကို ငှားသလဲ၊ ခရစ်ယာန် ဘာသာကို အကျွန်ုပ် စိတ်ဝင်စားလို့လားဟု တစ်ခွန်းမှ မမေးခဲ့ပါ။

သဘော်ပေါ် ရောက်တော့ စိတ်က လွမ်းတတ်လာသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်သို့ ရောက်လာသော အခါ တပြင် တပြန့် အပြောကျယ်စွာ ဂယက်လှိုင်း ကြွများ လှုပ်ခတ်နေသော ရေပြင်ကို ကြည့်ရင်း ရင်ထဲမှာလည်း အချစ်လှိုင်းများ ပုတ်ခတ် လာလေသည်။

သည်တော့ ကိုယ့်ကိုယ်ကိုယ် နားလည်ဖို့ ပထမ ကြိုးစားရသည်။ ငါ ဘာကို လွမ်းတာလဲ။ လွမ်းတယ် ဆိုတာ ဘာလဲ။ ဒသနဆန်သော အမေးများကို အကျွန်ုပ် မေးကြည့်သည်။ အဖြေကိုလည်း ရှာဖွေသည်။

လွမ်းတယ် ဆိုတာ လိုချင် တပ်မက်တာကို မရလို့ ဝမ်းနည်းခြင်း တစ်မျိုးပဲ။ မနှင့် နီးနီးစပ်စပ် ရှိနေစဉ်ကတော့ သူ့ထံက ဘာကိုမျှ မမျှော်လင့်၊ ဘာကိုမှလည်း မလိုချင်ဟု မိမိ ထင်ခဲ့သည်။ ယခုလို ကွာလှမ်းသွားသော အခါမှာတော့ တောင့်တသည့် စိတ်၊ သူနှင့် နီးစပ်စွာ မခွဲမခွာ နေချင်သော စိတ်တွေက ပြင်းပြသော ဝေဒနာကို ယူဆောင် လာကြသည်။ ဝေဒနာသည် အမှန်တော့ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်သော ရောဂါ တစ်မျိုးပင် ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် မညှာမတာ စစ်ကြည့်သည်။ မိမိသည် ကိုယ့်ရောဂါကို ကိုယ်ရှာနေမိသူ ပါတကား။ သူကတော့ ကိုယ့်စိတ်မှာ ဘယ်လို ခံစား နေရပြီ ဆိုသည်ကို သိချင်မှလည်း သိမည်။ မိမိမှာသာ မနေသာအောင် လွမ်းနေရလေသည်။

မဖြစ်စဖူး အဖြစ်ထူးစွာ ရင်ထဲက ပူဆာ လောင်ကျွမ်းမှုကို မြင်နေရသော ဧရာဝတီ မြစ် ရေ များ ဖြင့် လောင်းချလည်း အေးပဲ အေးပါ့မလား။ ပထမတော့ မ ဆီကို လွမ်းသည့် အကြောင်း စာရေးဖို့ စဉ်းစားသေးသည်။ သို့သော် လွတ်သွားသော သတိသည် ကံအားလျော်စွာ ပြန်လည်၍ ရောက်ရှိ လာလေသည်။ ဘယ်ဖြစ်မလဲ၊ သူ့ဆီက ဘာမှ မမျှော်လင့်ဘူးလို့ ပြောပြီးပြီပဲ။ မိမိသည် ကိုယ့်ကိုယ်ကိုယ် လိမ်လည် လှည့်ဖျားနေသူလား။ သည်လိုလည်း မဟုတ်။ အသိကတော့ အချစ်မှာ သစ္စာကို ရှာချင်သလို ဘဝမှာလည်း သစ္စာကို ရှာလိုသော ဆန္ဒ အကျွန်ုပ်မှာ အမှန်ပင် ရှိပါသည်။

နောက်တော့ အဖြေ ရသည်။ လွမ်းသည့် သဘောသည် စိတ်မှာ အလုပ်ပေး တရား မရှိသူတွေမှာသာ ပေါ်တတ်သည့် တရားမျိုး ဖြစ်လေသည်။ စိတ်ကို အနားမရအောင် အလုပ် ပေးထားလျှင် လွမ်းဖို့လည်း အချိန်ရမည် မဟုတ်။ အချိန်ကာလ တို့သည်လည်း အကျိုးမဲ့စွာ အဓိပ္ပာယ် မဲ့စွာ ကုန်ဆုံးသွားမည် မဟုတ်။ မိမိမှာ ယခုအခါ အလုပ်ကိစ္စတွေနှင့် အနားမရ ဖြစ်၍ မ ထံက သမ္မာကျမ်း စာအုပ်ကို ယူထားပြီး နှစ်လကျော် သုံးလ

www.burmeseclassic.com



ကြာမြင့်သည့် တိုင်အောင် မဖတ်ဖြစ်ခဲ့။ ယခုမှ ဤစာအုပ်ကို ဖတ်ရပေမည်။

အကျွန်ုပ်သည် မ ထံမှ ငှားယူထားသော သမ္မာကျမ်း စာအုပ်ကို သင်္ဘောပေါ်တွင် စတင် ဖတ်ရှုခဲ့လေသည်။ ထို့နောက်တွင်လည်း နိုင်ငံရေး လှုပ်ရှားမှုများကြားတွင် မျောပါရင်း ရုန်းကန်ရင်းလည်း စိတ်ရှုပ်ထွေးသည့် အခါတိုင်း ဖတ်ခဲ့လေသည်။ ခြောက်လခန့် ကြာမှပင် ထိုကျမ်း တစ်အုပ်လုံး ပြီးဆုံးသည် အထိ ဖတ်မိလေတော့သည်။

ဖတ်ပြီးပြီးချင်း အချိန် ကြာညောင်းစွာ ငှားရမ်းထားသော ထိုကျမ်းကို မ လက်သို့ ပြန်အပ် လိုက်ပါသည်။ ထိုနေ့သည် စနေနေ့ ဖြစ်သည်။ ညပိုင်း ကျောင်းက အပြန် မ ကို ဗိုလ်အောင်ကျော်လမ်းသို့ လိုက်ပို့ရင်း အကျွန်ုပ်က မေတ္တာရပ်ခံ လိုက်သည်။

'မ မနက်ဖြန် ချားချ် သွားဦးမှာလား'

'မ တနင်္ဂနွေနေ့တိုင်း သွားပါတယ် ကိုဆန်းလွင်'

'ဒါဆို မတို့ ဘုရား ရှိခိုးကျောင်းကို ကျွန်တော်လည်း လိုက်ချင်တယ်၊ ရမလား'

'ရပါတယ် ရှင်၊ ကိုဆန်းလွင် သဘောပါ'

မ ဆီက ဘာလုပ်ဖို့ ချားချ်ကို လိုက်ချင်တာလဲ ဟု အမေး စကား လာလိမ့်မည်ဟု ထင်ခဲ့သော အကျွန်ုပ်၏ အထင် မှားလေသည်။ မ က ဘာမှ မမေး။ အကျွန်ုပ်က မေးရလေသည်။

'ဒါဆို မနက်ကျရင် ကျွန်တော် ဘယ်ကို လာရမှာလဲ၊ မ တို့ ချားချ်က ဘယ်မှာလဲ၊ ဘယ်အချိန် ဝတ်ပြုကြမှာလဲ'

'ဒီလို လုပ်ပါလား ကိုဆန်းလွင်၊ ကိုဆန်းလွင် ဗိုလ်တထောင် စီအိုဒီကို သိတယ် မဟုတ်လား၊ အဲဒီ စီအိုဒီဝင်းဘေးက ဝင်လာရင် အတွင်းဘက် ရောက်တော့ ဘုရား ရှိခိုးကျောင်း တစ်ခု တွေ့လိမ့်မယ်၊ အဲဒါ စိန့်ဘားနဘာ့ဒ် ချားချ်ပဲ၊ မ စောင့်နေမယ်လေ၊ လာတတ်တယ် မဟုတ်လား'

'ဒီလောက်ဆို လာတတ်ပါပြီ၊ မလာတတ်လည်း ဆိုက်ကားဆရာကို ပို့ခိုင်းမယ်၊ ဘယ်အချိန် အရောက်လာရမှာလဲ'

'ဆားဗစ် (ဝတ်ပြုပွဲ) က ရှစ်နာရီ စမယ် ဆိုတော့ ကိုဆန်းလွင် ရှစ်နာရီ မထိုးခင် အရောက်လာရင် ရပါတယ်၊ မ က ခုနစ်နာရီ မခွဲခင် အရောက် သွားမယ်၊ မာမီလည်း လိုက်မယ်ဆိုတော့ မာမီနှင့်လည်း ကိုဆန်းလွင် တွေ့ရတာပေါ့'

ထိုညဦး လှူချင်းခွဲပြီး ပြန်ခဲ့သည်။ စိတ်ထဲတွင် အကျွန်ုပ် ပြောသမျှကို သူက ဘာကြောင့်လဲ၊ ဘာအတွက်လဲ တစ်ခွန်း မမေး။ အသင့် တည်ငြိမ်သော ဣန္ဒြေဖြင့်သာ အကျွန်ုပ် ဖြစ်လိုသည်ကို ဖြည့်ဆည်း ပေးသည့်သဘော ပြောသည်။ လှုပ်ရှားနေသော အကျွန်ုပ်၏ စိတ်နှင့် နှိုင်းစာလျှင် မ စိတ်က အများကြီး ပိုပြီး တည်ငြိမ်သည်ဟု ထင်ပါသည်။

အကျွန်ုပ် စိန့်ဘားနဘာ့ဒ် ဘုရား ရှိခိုးကျောင်းသို့ ဆိုက်ကားဖြင့် သွားလေသည်။ အကျွန်ုပ် ကျောင်းဝသို့ ရောက်တော့ မတို့ သားအမိက ကြိုနှင့်သည်။ မ က သူ့မိတ်ဆွေကို သူ့မိခင်နှင့် မိတ်ဆက်ပေးသည်။ မ မိခင်က လက်ဆွဲ နှုတ်ဆက်ပြီး 'တွေ့ရတာ ဝမ်းသာလိုက်တာ' ဟု အင်္ဂလိပ်လိုပင် ပြောသည်။ မ မိခင်သည် အင်္ဂလိပ် စကားကို အင်္ဂလိပ် အမျိုးသမီး တစ်ဦးလိုပင် ပြောနိုင်ပါကလား။

ဘုရား ရှိခိုးကျောင်းထဲ ရောက်တော့ ခုံတန်းရှည်များပေါ်တွင် အမျိုးသားများက တစ်ဖက်၊ အမျိုးသမီးများက တစ်ဖက် ထိုင်ကြရသည်။ ဘာမှန်းတော့ မသိ။ အကျွန်ုပ်လည်း သူများ ရပ်လျှင် ရပ်သည်။ သူများ ဒူးထောက်လျှင် ဒူး ထောက်သည်။ သူများ ထိုင်တော့လည်း ထိုင်လိုက်သည်။ ဓမ္မသီချင်း ဆိုစဉ် ကိုယ်ကလည်း ပါးစပ် လှုပ်ပြီး နေလိုက်သည်။ သို့သော် မတို့က ရှေ့ဘက်ရှိ ပလ္လင် စင်မြင့်ကလေး ရှိရာ (အော်လတာ) ၌ ဒူးထောက်ပြီး ပေါင်မုန့်ကလေးနှင့် ငွေဖလားကြီးဖြင့် တရားဟောဆရာက တိုက်သော ဝိုင်ချိုချိုကို သောက်သုံးကြသည့် အခါ အကျွန်ုပ်သည် နေရာမှာပင် ထိုင်နေရစ်ခဲ့လေသည်။ မ က ထိုင်နေဖို့ မသိမသာ လက်ရိပ် ပြခဲ့သောကြောင့် ဖြစ်သည်။

ချားချ်က အပြန်တွင် မ၏ မိခင်ကို အိမ်တွင် ပြန်ထားခဲ့ပြီးနောက် အကျွန်ုပ်တို့သည် အပြင်မှာ တစ်ခုခု စားမည်၊ ပြီးတော့ အကျွန်ုပ်က စကားပြော ရအောင် တစ်နေရာရာ သွားမည်ဆို၍ မ လည်း လိုက်ခဲ့လေသည်။

ဟိုတယ် ဒီစီတီမှာ ဒံပေါက်ထမင်း စားကြပြီးနောက် ဗိုလ်ချုပ် ပန်းခြံသို့ သွားခဲ့ကြလေသည်။ ဗိုလ်ချုပ် ပန်းခြံ ဖွင့်စ အခါ ဖြစ်၍ သာယာ ကြည်နူးဖွယ် ကောင်းလှပါသည်။

ပန်းခြံထဲရောက်တော့ ခုံတန်းရှည် တစ်ခုပေါ်မှာ ထိုင်ကြသည်။ အင်္ဂတေဖြင့် ပြုလုပ်ပြီး တာရာဇီ ခင်းထား

www.burmeseclassic.com



သော အင်္ဂတေ ခုံတန်းရှည်က လှုပပြီး အေးမြ နေလေသည်။

'မကို မေးရဦးမယ်၊ ဒီကနေ့ ကျွန်တော် ချားချ်ကို လိုက်လာတာကို မ စိတ်ထဲမှာ ဘယ်လို ထင်လဲဟင်'

မ က အကျွန်ုပ်ကို စူးစမ်းသော မျက်လုံးများဖြင့် လှည့်ကြည့်သည်။ ပြီးမှ လိမ္မာ ပါးနပ်စွာ ဖြေလေသည်။

'မ ပြောထားတဲ့ စကားတစ်ခွန်းကို ကိုဆန်းလွင် မှတ်မိမှာပါ၊ မ ကိုဆန်းလွင်ကို နားလည်အောင် ကြိုးစားဖို့ အချိန် ယူရလိမ့်မယ် ဆိုတာလေ'

'ဟုတ်ကဲ့ မှတ်မိပါတယ်၊ ဟုတ်တယ်နော်၊ ကျွန်တော်ဟာ တော်တော် မျက်စိ ရှုပ်လောက်အောင် အကွေ့အကောက် များနေတယ်နော် မ'

'မ ဒီလို မထင်ရဲပါဘူး ရှင်၊ ကိုဆန်းလွင်ဟာ မ တွေ့ဖူးတဲ့ ယောက်ျားတွေထဲမှာ တစ်ဘာသာ ဆိုတာတော့ မ အကဲခတ်မိပါတယ်၊ မ ပါးစပ်က တိတိကျကျ ထုတ်ဖော် ပြောဆိုဖို့တော့ မတတ်ဘူး၊ ဒါပေမယ့် မ ရင်ထဲကတော့ ကိုဆန်းလွင်ဟာ ထုတ်ဖော်ပြီး မပြောတတ်တဲ့ တစ်စုံတစ်ခုကို ရှာဖွေနေတယ်၊ စူးစမ်းနေတယ် လို့တော့ အကဲခတ်မိပါတယ်'

'မှန်လိုက်တာ မရယ်၊ သိပ် မှန်တာပေါ့၊ ဒီလောကမှာ ကျွန်တော့်ကို ပထမဆုံး နားလည်သူဟာ မပဲ ဖြစ်မှာပါ၊ မ ဖြစ်ပါစေလို့လည်း ကျွန်တော် ဆုတောင်းပါတယ်ဗျာ'

'မ ကြိုးစား နေပါတယ်ရှင်၊ ကိုဆန်းလွင်ကို မ နားလည်ချင်ပါတယ်၊ ဒါတော့ ကိုဆန်းလွင် သိပါ'

'ကျွန်တော်လည်း အမှန်အတိုင်း ဝန်ခံရရင် မကို နားလည်သူ မဟုတ်ပါဘူး၊ နားလည်ဖို့ ကြိုးစားရဦးမယ့်သူပါပဲ မ ရယ်၊ ဒါတွေ ထားလိုက်ပါတော့၊ ကျွန်တော် မဆီက ငှားခဲ့တဲ့ သမ္မာကျမ်းကို ဖတ်တာ ခြောက်လ ကျော်တောင် ကြာတယ်'

'ကိုဆန်းလွင်က အသေးစိတ် ဖတ်နေလို့ ကြာတာ ဖြစ်မှာပါ'

'ဟုတ်ပါတယ် မ၊ အသေးစိတ် ဖတ်တာလည်း တစ်ကြောင်း၊ အသေးစိတ် မှတ်တာလည်း တစ်ကြောင်း၊ သဘောပေါက်ပြီး နားလည်အောင် ကြိုးစားရတာလည်း တစ်ကြောင်း၊ ပြီးတော့ သမ္မာကျမ်း မြန်မာပြန်မှာ ဆရာယုဒသန် အသုံးပြုတဲ့ မြန်မာစာ အရေးအသားကလည်း ရှေးဟန်ဆိုတော့ တစ်ခါတစ်ရံ လည်သွားတယ်၊ ဝေါဟာရ အသုံးအနှုန်း တွေကလည်း ဒီခေတ်နှင့်တော့ မတူဘူး ဟုတ်လား'

မသည် အတန်ကြာ စဉ်းစား ချိန်ဆနေပုံ ရသည်။ ပြီးမှ မေးလေသည်။

'သမ္မာကျမ်း စာအုပ်ကို ဖတ်တော့ ကိုဆန်းလွင် ဘာတွေကို နားလည် သဘောပေါက်လာလဲ ဟင်'

'ကျွန်တော်က အဲဒီ အကြောင်းတွေကို မ နှင့် ဆွေးနွေးချင်လို့ ခေါ်လာတာ၊ မ မေးတာ သိပ်ကောင်းတာပဲ၊ ကျွန်တော် ထူးထူးခြားခြား မှတ်မိတာတွေကို သဘော ပေါက်တာတွေကို ပထမ ပြောမယ်နော်'

'ဟုတ်ကဲ့ ပြောပါရှင်'

'ပြောတဲ့အခါ မကလည်း ဆွေးနွေးပေါ့၊ ဟုတ်လား'

'မ ဉာဏ်မီသလောက် ဆိုရင်တော့ ဆွေးနွေးပါ့မယ်'

'ပထမအချက် ပြောရရင် သမ္မာကျမ်းစာမှာ စာအုပ်ငယ် (စာစောင်) ပေါင်း ၆၆ စောင် ပါတယ်၊ အပိုင်း နှစ်ပိုင်း ခွဲပြီး မြန်မာပြန်မှာတော့ ဓမ္မဟောင်း ကျမ်းစာ ဓမ္မသစ် ကျမ်းစာ ဆိုပြီး ပြထားပါတယ်၊ တချို့ ပညာရှင်တွေကတော့ ဒီလို မခေါ်ဘူး၊ ဟီးဘရူး ကျမ်းစာ အနေနှင့် မှတ်တမ်းတင်တဲ့ အပိုင်းနှင့် ဂရိကျမ်းစာ အနေနှင့် မှတ်တမ်းတင်တဲ့ အပိုင်းလို့ ဆိုကြတယ်၊ ပြီးတော့ ဒီကျမ်းစာဟာ ခုမှ ပေါ်ပေါက်တာ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၅၀၀ လောက် ကတည်းက တိတိကျကျ ဖော်ပြ ထားတာကတော့ ခရစ်တော် မပေါ်မီ အနှစ် ၁၅၁၃ က စပြီး မှတ်တမ်းပြုသူ ပုဂ္ဂိုလ် လေးဆယ်ကျော်ဟာ အနှစ် ၁၆၀၀ ကျော်၊ ခရစ်တော် ပေါ်ပြီး ၉၈ နှစ် ကြာသည် အထိ တဖြည်းဖြည်း ပြုစု လာခဲ့ကြတာလို့ ဆိုတယ်၊ ထူးခြားတာကတော့ ကျွန်တော်တို့ မိဘများ မိရိုးဖလာ ကိုးကွယ်ကြတဲ့ အစ္စလာမ် ဘာသာရဲ့ ကုရ်အာန်ကျမ်းမှာ ပါတဲ့ သမိုင်း နောက်ခံ ဖြစ်ရပ်တွေ အားလုံးလိုပဲ ဟီးဘရူး ကျမ်းစာထဲမှာ ပါတာတွေနှင့် တူနေတယ်'

'ဩော် ကိုဆန်းလွင် မိဘများက အစ္စလာမ်ကိုး၊ မ က ဗုဒ္ဓဘာသာလား၊ ဟိန္ဒူလား မှတ်တာ'

'ဟုတ်ပါတယ် မ၊ ကျွန်တော်ဟာ ဇာတိအားဖြင့် အစ္စလာမ် ဘာသာဝင် မိဘများက မွေးဖွားသူ ဆိုတော့ သမားရိုးကျ မွေးရာပါ အစ္စလာမ် တစ်ယောက်ပဲ လို့ ဆိုရမှာပေါ့၊ လူတွေရဲ့ အစဉ်အလာကတော့ သားသမီး မွေးလာရင် မိဘ ကိုးကွယ်တဲ့ ဘာသာ အယူဝါဒကို လိုက်ပြီး သားသမီးကိုလည်း ဒီအယူဝါဒရဲ့ အဝန်းအဝိုင်းထဲကို ထည့်ပြီး သတ်မှတ်ကြတာ လူ့ထုံးစံ လူ့ဓမ္မတာ တစ်ခုပဲကိုး မ ရယ်၊ ဒါပေမယ့် ကျွန်တော်

www.burmeseclassic.com



ငယ်ငယ် ကတည်းက အတွေး အမြင် အယူဝါဒနှင့် ပတ်သက်တဲ့ စိတ်လွတ်လပ်မှုကို အမြဲ ရှာခဲ့ပါတယ်'

'စိတ်လွတ်လပ်မှုကို ရှာခဲ့တယ်၊ ဟုတ်လား ကိုဆန်းလွင်'

'ဟုတ်တယ်၊ မ ဒီသဘောကို နားလည်မှာပါ'

'ကောင်းကောင်း နားမလည်ဘူး ရှင်'

'သြော် ဒါက ဒီလိုပါ မ၊ အယူဝါဒ ဆိုတာ တွေးမှု ခေါ်မှု ရှုမြင်မှုပဲ မဟုတ်လား မရယ်၊ အတွေးအမြင် သဘောတရား ဆိုတာ ကိုယ်တိုင် သဘော ပေါက်ပြီး နားလည်ပြီး မငြင်းနိုင်မှ လက်ခံတာ ကောင်းတယ်လို့ ကျွန်တော် ငယ်ငယ် ကတည်းက သဘောပေါက် နေပါ တယ်၊ ဒါကြောင့်လည်း ငယ်စဉ်ကတည်းက ကျွန်တော့် စိတ်ကို တစ်စုံတစ်ခုသော အယူဝါဒမှာ ချည်နှောင် မထားခဲ့ဘူး၊ စိတ်ကို အလွတ်အလပ် လွှတ်ထားခဲ့ပါ တယ်၊ ယုံကြည်တယ် ဆိုတာ စိတ်ချမှ ကောင်းတယ် မဟုတ်လား၊ ယုံကြည်မှုမှာ သံသယ ထက် ဝက် နှင့် သက်ာ မကင်းရင် ဘယ်ကောင်းမလဲ'

'ဒါဆို ကိုဆန်းလွင်က မိဘများရဲ့ ယုံကြည် ကိုး ကွယ်တဲ့ အယူဝါဒကို စိတ်မချတာလား၊ မိဘတွေကို စိတ်မချတာလား'

'ဒီလိုလည်း မဟုတ်ပါဘူး မ၊ ကျွန်တော် မြင်တာ က လောကမှာ လူနှစ်မျိုး ရှိတယ်၊ တစ်မျိုးက အလွယ် တကူ ယုံကြည်တတ်တဲ့ လူစား၊ နောက် တစ်မျိုးက အရာရာကို သံသယ ဖြစ်တတ်တဲ့ လူစား၊ အဲဒီလူ နှစ် မျိုး နှစ်စားထဲမှာ ကျွန်တော်က ဒုတိယ အမျိုးအစားထဲ ပါတယ်၊ ဒါကလည်း ကျွန်တော်ချည်း မဟုတ်ပါဘူး၊ ဉာဏ်ပညာကို လိုက်စားတဲ့ လူတိုင်း သိပ္ပံပညာ သမား တိုင်း ဒီလို သဘောထားမျိုး ရှိကြတယ်လို့ ကျွန်တော် ထင်ပါတယ်။

'ဆိုပါတော့ ကျွန်တော့် မိဘများ၊ သူတို့ဟာ လူ သာမန်တွေပါ၊ သူတို့ဟာ မိရိုးဖလာ မှန်သမျှကို အငြင်း မပွားတတ်ကြပါဘူး၊ မိရိုးဖလာ အယူအဆတွေ အား လုံးကို အမှန်ချည်းပဲလို့ သဘောထားနိုင် ကြပါတယ်၊ သူတို့မှာတော့ ဘာ ပြဿနာမှ မရှိကြဘူး၊ ကျွန်တော့် ကျတော့ ဒီလို မဟုတ်တော့ဘူး မ ရယ်၊ မိဘများကို ကြည့်ပြီး ကျွန်တော် အံ့သြခဲ့ရပါတယ်၊ သူတို့ဟာ ကိုယ် တိုင် သိသိ မသိသိ သူတို့ နှစ်သက်လက်ခံတဲ့ လူတွေရဲ့ အသိုင်းအဝိုင်းက လက်ခံရင် သူတို့ကလည်း လက်ခံ ကြတယ်၊ မိဘများမှာ ရှိတဲ့ ဒီသတ္တိမျိုး ကျွန်တော့်မှာ မရှိဘူးလို့ ဆိုရမှာပဲ၊ ကျွန်တော်ကတော့ ကတ်သတ်တယ် ပဲ ဆိုရမလား မသိဘူး၊ ကိုယ်တိုင် ကိုယ်ကျ နားလည် သဘောကျမှပဲ လက်ခံနိုင်တဲ့ သဘော ရှိပါတယ်'

မ မျက်နှာပေါ်တွင် အတော်အတန် နားလည် သဘော ပေါက်သွားဟန် စိတ်၏ ပြေလျော့မှုများ ပေါ် လာသည်။ တင်းနေသော နဖူးကြောများ လျော့ကျ သွားသည်။

'သြော် ဒါဆို မ နားလည်ယူလို့ ရပါပြီ'

မ စကားက အစ မရှိ အဆုံး မရှိသလို ဖြစ်နေ လေသည်။

'ဘာကို နားလည် နိုင်တာလဲ၊ မ ဘာကို ဆိုလို တာလဲ'

'ကိုဆန်းလွင် ဘုရား ရှိခိုးကျောင်းကို လိုက်လာ တာတွေ၊ သမ္မာ ကျမ်းစာတွေ ငှားပြီး လေ့လာ နေတာ တွေကိုပါ'

'သြော် ဒါလား'

နှုတ်ထွက် စကားများ တန့်ရပ်သွားကြပြန်သည်။ အတွေး ကိုယ်စီနှင့် အဝေးသို့ ငေးမျှော် နေကြသည်မှာ အတန်ကြာခဲ့ ကြလေသည်။

ဗိုက်က ဆာလာပြန်သည်။ ကော်ဖီဆိုင်သို့ ဝင်ခဲ့ ကြသည်။ သည်တော့မှ မ က စကား စပြန်သည်။

'ဒါနှင့် စကားက ဘေးကို ရောက်သွားတယ်၊ စောစောက ကိုဆန်းလွင်ရဲ့ စကားထဲမှာ ခရစ်ယာန်ဘာသာ အယူအဆတွေနှင့် အစ္စလာမ် ဘာသာ အယူအဆတွေ တူတယ်လို့ ဆိုခဲ့သလားလို့'

'ဟုတ်ကဲ့၊ အယူအဆ တူတယ် ဆို တာ ထက် သမိုင်း အခြေခံ တူတယ်လို့ ဆိုရင် ပိုပြီး မှန်မလားပဲ၊ အမှန်တော့ ဒါဟာ သဘာဝ ကျပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘာသာ အယူဝါဒ နှစ်ခုစလုံးက သဲကန္တာရမှာ မွေးဖွား ထွန်းကားခဲ့တဲ့ ဘာသာတရားတွေကလည်း ဖြစ်ပြန်၊ ပြီးတော့ အာရပ်၊ အစ္စရေး ပတ်ဝန်းကျင် ဒေသမှာ ပေါ်ပေါက် ခဲ့တာကလည်း ဖြစ်ပြန် ဆိုတော့ ဒါ မဆန်းပါဘူး'

'ဟုတ်ပြီလေ၊ ဒေသ နီးစပ်မှု ရှိလို့ သမိုင်း ဖြစ်ရပ် တွေ တူနိုင်တာ ထားပါတော့၊ အဲဒီ တူတယ် ဆိုတာ တွေကို ပြောပြပါဦး'

'မ က ခရစ်ယာန် ဘာသာ အကြောင်းကို ကျွန် တော့်ထက် ပိုပြီး သိထားတဲ့သူ ဆိုတော့ မ မသိသေး တဲ့ အစ္စလာမ် ဘာသာထဲက အကြောင်းအရာတွေကို

www.burmeseclassic.com



ကျွန်တော် ပြောပြပါ့မယ်၊ အဓိကကျတဲ့ အချက်က စပြီး တစ်ချက်ချင်း ပြောရရင်တော့ ပထမဆုံး ပြောရမှာက လောကကို ဖန်ဆင်းတော်မူတဲ့ ထာဝရ ဘုရားသခင်ကို အစ္စလာမ်မှာ အလ္လာဟ်လို့ ခေါ်ပါတယ်၊ ခရစ်ယာန်မှာ ယေဟောဝါလို့ ခေါ်တယ်၊ ကျမ်းဂန်မှာ လာတဲ့ ထာဝရ ဘုရားသခင်ရဲ့ ဂုဏ်တော်တွေကို ပြဆိုချက်တွေ အားလုံးဟာ တစ်ထပ်တည်း တူကြပါတယ်၊ ဘုန်းတော် အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော် အနန္တ၊ အကြွင်းမရှိ အဆုံးမရှိ ပကတိအားဖြင့် အမှီအခို မရှိ၊ သူ့အပြင် ဖန်ဆင်းသူ မရှိ၊ သူသာလျှင် အရာခပ်သိမ်းတို့၏ အကြောင်းတရား ပြုပြင် ဖန်တီးသူ၊ သူ့ကို ဘယ်သူကမှ မဖန်တီးနိုင်ဘူး၊ မေတ္တာတော်ရှင် ကရုဏာတော်ရှင် စတဲ့ ဂုဏ်ပုဒ်တွေ အားလုံးဟာ အလ္လာဟ် နှင့် ယေဟောဝါ ထပ်တူထပ်မျှ ပါပဲ၊ ပြီးတော့ ဖန်ဆင်းခြင်း ဆိုတဲ့ သဘောမှာ တူပါတယ်၊ လူ့သမိုင်းဟာ ပထမ ဖန်ဆင်းတော် မူခဲ့တဲ့ လူသားတို့ရဲ့ ဖခင်ကြီး အာဒမ်နှင့် ဟောင်ဝါ (ဧဝ) က စခဲ့တယ် ဆိုတာတွေ၊ ပြီးတော့ အာဒမ်နှင့် ဟောင်ဝါကို ဂျန္နတ် အမတ သုခဘုံ (အေဒင် ဥယျာဉ်တော်) ကြီးထဲမှာ ထားခဲ့ပုံ၊ မသေသော အသက်ကို ပေးခဲ့ပုံ၊ အာဒမ်ကို မြေကြီးနှင့် ဖန်ဆင်းပြီး ဧဝ (ဟောင်ဝါ) ကိုတော့ အာဒမ်ရဲ့ ကိုယ်ပွား အဖြစ် ဖန်ဆင်းတော် မူခဲ့ပုံ၊ သူတို့ နှစ်ဦးကို အမတ သုခဘုံမှာ လိုတာ အကုန် ရအောင် ပေးထားပုံ၊ သို့သော် တစ်ခုသော အပင်၏ အသီးကို မစားရဘူးလို့ တားဆီးထားပုံ'

'နေပါဦး ကိုဆန်းလွင်ရယ်၊ ကမ္ဘာဦး ကျမ်းထဲမှာ ပါတဲ့ အတိုင်း ထပ်တူထပ်မျှပါပဲလား၊ ဒီအတိုင်း ကုရ်အာန်ထဲမှာ ပါသလား ဟင်'

'အတိအကျပါ မ၊ ကျွန်တော် ကုရ်အာန်ကို ဆယ်တန်းလောက် ကတည်းက လေ့လာ ခဲ့ရတာပါ၊ ဒီအကြောင်းတွေကို ကုရ်အာန် ကျမ်းတော်ထဲက စူရာဘာကရာ အပိုဒ် (၂း၃၅၊ ၂း၃၆၊ ၂း၃၇၊ ၂း၃၈) တွေမှာ အတိအလင်း ရေးထားတာပါဗျာ'

'ထားပါတော့လေ၊ ဆက်ပြောပါဦး'

'အာဒမ် ဧဝနှင့် ပတ်သက်သမျှ အားလုံး တူပါတယ် မ၊ သစ်သီးကို မစားရဘူးလို့ ဘုရားသခင်က တားထားတာကို စေတန်ပေါ့လေ၊ ကုရ်အာန်မှာတော့ အာရဗီ အသံထွက်က ရှိုက်တန်လို့ ထွက်ပါတယ်၊ သူက မြွေယောင် ဖန်ဆင်းပြီး သစ်သီးကို စားဖို့ တိုက်တွန်းတယ်၊ အာဒမ်နှင့် ဧဝက မာရ်နတ် စေတန်ရဲ့ စကားကို အမှန်ထင်ပြီး စားမိတယ်၊ ဘုရားသခင်က အာဒမ်နှင့် ဧဝကို အပြစ်ပေးပြီး အမတ သုခဘုံ ဖြစ်တဲ့ အေဒင် ဥယျာဉ်ကြီးထဲက နှင်ထုတ်တယ်၊ ပြီးတော့ သေဒဏ်ကိုလည်း ချမှတ်ခဲ့တယ်'

'ဒါဆို ဟုတ်ပါပြီ၊ နောက်ပိုင်း နောဧတို့၊ အာဗြဟံတို့ အကြောင်းအရာတွေလည်း တူကြမှာပေါ့နော်'

'ဟုတ်ပါတယ်၊ စူရာဘာကရာ အပိုဒ် ၂း၉၇ မှာ ရှေးက ပို့ချပြီး ကျမ်းဂန်များမှာ ပါတာတွေကို အဟုတ်အမှန်တွေချည်းပဲလို့ ကုရ်အာန်က ထောက်ခံကြောင်း ဖော်ပြ ထားပါတယ်'

'သမိုင်းကြောင်း တူတာကို ထားပြီး အတွေးအခေါ် တူတဲ့ အပိုင်းကို မတို့ ပြောကြရအောင်လား'

'ပြောပါ မ'

'ဆိုပါတော့ အဖ ဘုရားသခင်ဟာ လောကကို ဖန်ဆင်းတော်မူတဲ့ အရှင် ဖြစ်တယ်ဆိုတဲ့ အယူအဆ၊ ဒီအယူအဆမှာ ကိုဆန်းလွင်က အတွေးအခေါ်သမား ဆိုတော့ မ မေးမယ်နော်'

'မေးပါဗျာ'

'ဖန်ဆင်းခြင်းကို ကိုဆန်းလွင် ဘယ်လို မြင်သလဲ ဟင်'

မ၏ အမေးသည် အကျွန်ုပ်အား နှစ်သက်စေပါသည်။ သူ မေးတတ်ပုံကိုလည်း အထင် ကြီးမိပါ၏။

'သိပ် ကောင်းတဲ့ မေးခွန်းပါ မရယ်၊ ဖန်ဆင်းခြင်းကို မငြင်းနိုင်တဲ့ အချက်တွေ ရှိတယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဆိုပါစို့ဗျာ ခု ကျွန်တော်တို့ ရှေ့မှာ ရောက်နေတဲ့ လက်ဖက်ရည် ပန်းကန်တွေ၊ ဒီကိတ်မုန့်တွေ ဆိုပါတော့၊ ဒါတွေဟာ ဘယ်သူ ဘယ်ဝါတွေ ဖန်တီးလိုက်တာတွေလဲ ဆိုတဲ့ ဖန်တီးသူ၊ ပြုလုပ်သူ၊ လက်သည်ကိုတော့ ကျွန်တော်တို့ မတွေ့နိုင် မမြင်နိုင် တော့ပါဘူး၊ ဒါပေမယ့် ဒါတွေဟာ မပြုမပြင်ဘဲနှင့် အလိုလို ဖြစ်လာကြတာတွေတော့ မဟုတ်ဘူးလေ၊ ဒါတွေကို ဖန်တီးနိုင်တဲ့ အစွမ်းရှိသူတွေက ဖန်တီး လိုက်ကြတာတွေလို့တော့ သဘော ကျနိုင်ပါတယ်၊ ဒီတော့ လောကမှာ ဖြစ်နေတဲ့ ပန်းကလေး တစ်ပွင့်ကိုပဲ ကြည့်ကြည့်၊ မြက်ကလေး တစ်ပင်ကိုပဲ ကြည့်ကြည့်၊ နေ လ နက္ခတ် တာရာတွေ၊ ဂြိုဟ်တွေ၊ သက်ရှိ သက်မဲ့ သတ္တဝါတွေကိုပဲ ကြည့်ကြည့် အားလုံးဟာ ထူးထူး ခြားခြား ဆင်ခြင်တုံ တရားနှင့် ကိုက်ညီနေတာ တွေ့ရတယ်'

'ရှင်၊ ဆင်ခြင်တုံ တရားနှင့် ကိုက်ညီတယ် ဆိုတာ

www.burmeseclassic.com



က ဘာကို ပြောတာလဲ ဟင်'

'မ နားလည်အောင် ပြောရရင် သဘာဝတရားဟာ ယုတ္တိ ရှိတယ်လို့ ဆိုနိုင်တယ်၊ သဘာဝယုတ္တိ ဆိုတာ ပေါ့ မ ရယ်၊ ဘယ်လောက် ဉာဏ်ပညာ ကြီးတဲ့ သူပဲ ဖြစ်ဖြစ် သဘာဝကို လွန်ဆန်ပြီး စဉ်းစားရင် ယုတ္တိ မရှိ တော့ဘူး၊ သဘာဝ တရားမှာ ဖြစ်ပျက် နေတာတွေ အားလုံးဟာ ကြောင်းကျိုး နိယာမနှင့် အညီ ဖြစ်နေ တယ်၊ ဒါတွေကို ကြည့်ရင် လှပတဲ့ ပန်းကလေး တစ်ပွင့် ပွင့်လာတာကိုပဲ စေ့စေ့ကြည့်၊ ဒီလို လှလှပပ တင့်တင့် တယ်တယ် ဖြစ်နေတာဟာ အင်မတန် ကျွမ်းကျင် လိမ္မာ တဲ့ ဉာဏ်ကြီးရှင် တစ်ဦးက ပြုလုပ် ဖန်ဆင်းထားသလို ဖြစ်နေတာ အထင်းသား ပေါ်နေပါတယ်၊ လူသားရဲ့ ဆင်ခြင်ဉာဏ်ဟာ သဘာဝမှာ ဖြစ်နေတာတွေ အားလုံး ကို လက်ခံဖို့ အသင့် ဖြစ်နေတာကို ဆင်ခြင်တုံ တရား နှင့် အညီ ဖြစ်တယ်လို့ ပြောတာပါ၊ ဉာဏ်က သဘာဝ ကို ကျော်လွန်သွားလို့ မရပါဘူး၊ ဒီတော့ ဒီသဘာဝ ကြီးဟာ ဒီလောက်တောင် ယုတ္တိယုတ္တာ ရှိနေတာ အသိ ဉာဏ် မပါဘူး၊ အင်မတန် ကြီးကျယ်တဲ့ အသိဉာဏ် ရှင်ကြီး တစ်ပါးက မဖန်တီးထားဘူး ဆိုရင် ဖြစ်နိုင်ပါ့ မလားလို့ စဉ်းစားရင် အဖြေ ထွက်ပါတယ်၊ ဒီလိုဆိုတော့ လောက သဘာဝ တရားကြီးမှာလည်း ဖန်ဆင်းရှင် ရှိ ကောင်း ရှိမယ်လို့ အနုမာန မှန်းဆချက် တစ်ရပ် အနေ နှင့် လက်ခံ ထားသင့်ပါတယ်'

'ကိုဆန်းလွင်ကလေ လောဂျစ်ထဲက ဟိုက်ပေါ သိဆစ် သဘောတွေပါ ထည့်ပြောတတ်တယ်'

'ဒါတွေဟာ သိပ္ပံနည်းကျ အတွေးအခေါ် နည်းလို့ ဂျေ၊ အက်စ်၊ မီးလ်ရဲ့ အင်ဒတ်ရှင်း ခြုံယူ ဆင်ခြင်နည်း ယုတ္တိဗေဒမှာ ကျွန်တော်တို့ သင်ခဲ့ကြပြီးပြီပဲ'

'ဟုတ်ပါတယ်၊ မလည်း သတိရလို့ ပြောတာပါ'

'ကျွန်တော် တွေးလို့ ရတာ တစ်ခုလည်း ရှိပါ သေးတယ်'

'ပြောပါ ကိုဆန်းလွင်၊ မ စိတ်ဝင်စားပါတယ် ရှင်'

'ကျွန်တော် တစ်ခါထစ်ရံမှာ စဉ်းစား ကြည့်မိ တယ်၊ ငါ့မှာ မိဘ ရှိသလို ငါ့မိဘမှာလည်း မိဘ ရှိခဲ့ ကြတယ်၊ ငါ့မိဘရဲ့ မိဘ ဖြစ်တဲ့ ငါ့ ဘိုးဘွားမှာလည်း မိဘတွေ ရှိခဲ့ကြတာပဲ၊ ဒီနည်းနှင့် အဘိုးအဘွားရဲ့ မိဘ ရဲ့ မိဘတွေကို မီးခိုးကြွက်လျှောက် စဉ်းစား ကြည့်တဲ့ အခါ ဟိုးကမ္ဘာဦး အစ မိဘကို ရောက်သွားပါတယ်၊ သမိုင်းမှာ ကမ္ဘာဦးအစ ခေတ်ဆိုတာ ရှိခဲ့တယ် ဆိုတော့ ကမ္ဘာဦးအစ လူသား မိဘတွေ ရှိခဲ့တယ် ဆိုတာလည်း ဟုတ်မှာပဲလို့ လက်ခံ သင့်ပါတယ်၊ ဒီလိုမှ မဟုတ်ဘဲ စဉ်းစားရင် ရှေ့ဆက်ပြီး မိဘရဲ့ မိဘတွေ ပေါ်လာပြီး ဆုံးတော့မှာ မဟုတ်တော့ဘူးလေ'

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့'

မ ကောင်းစွာ သဘောပေါက်သည်ကို အကျွန်ုပ် အကဲခတ်မိသည်။

'ဒီတော့ ပထမဆုံး လူသား မိဘ ရှိခဲ့ရမယ် ဆိုတဲ့ အယူအဆကို ငြင်းလို့ မဖြစ်ပါဘူး၊ သို့သော် ပထမဆုံး မိဘကို တချို့က မနုလို့လည်း ခေါ်ကြတယ်၊ မနုက စပြီး မနုဿ လူဖြစ်လာတယ်ဆိုတဲ့ အယူအဆမျိုးလည်း ရှိတယ်၊ ခရစ်ယာန်နှင့် အစ္စလာမ်ကတော့ အာဒမ်က လူသား မျိုးနွယ် စခဲ့လို့ လူကို အူရဒူ ဘာသာမှာ အဒ်မီး လို့ ခေါ်တယ် ဆိုတဲ့ အကြောင်း အစ္စလာမ် စာပေ အချို့မှာ ဖတ်ရဖူးပါတယ်၊ တစ်ခါ မျက်မှောက်ခေတ် သိပ္ပံပညာက ဒါဝင် အဆိုကို လက်ခံပြီး ပထမဆုံး လူသားဟာ သဘာဝ ဆင့်ကဲဖြစ်စဉ်အရ အိပ် ခေါ် တဲ့ မျောက်ဝံမျိုးက ဖြစ်လာတာ ဆိုတဲ့ အဆိုလည်း ရှိတယ်၊ ဒီနေရာမှာတော့ အယူအဆ ကွဲလွဲမှုတွေ ရှိကြပါတယ် မ'

'ဒါဆို ကိုဆန်းလွင်ရဲ့ အယူအဆကော ပြောပါဦး'

'ဒီကိစ္စနှင့် ပတ်သက်ပြီး တိတိကျကျ ကျွန်တော့်မှာ ခိုင်မာစွာ ယုံကြည် ယူဆထားတာတော့ မရှိသေးပါဘူး၊ ကြားဖူးနားဝ ရှိတဲ့ အယူအဆတွေကိုသာ ကျွန်တော်က ယာယီ လက်ခံ ထားရတဲ့ သဘောပဲ ရှိပါသေးတယ်'

'ဒါဆို ဖဘုရားသခင်က အာဒမ်နှင့် ဧဝကို ဖန်ဆင်း ခဲ့တယ် ဆိုတာကို ကိုဆန်းလွင် လက်မခံနိုင်သေးဘူး ပေါ့'

မ၏ ဤမေးခွန်းထဲတွင် အကျွန်ုပ်ကို တိုက်တွန်း ချက် ပါသည် ထင်၍ သူ့မျက်နှာကို ကွက်ခနဲ တစ်ချက် လှမ်းကြည့်မိသည်။ မ ကလည်း ပါးသလား မမေးပါ နှင့်၊ ချက်ချင်း သူ့စကားကို ပြင်သည်။

'သြော် မ မေးတာက သတ္တဝါတွေကို ဘုရား သခင်က ဖန်ဆင်းခဲ့တယ် ဆိုတာကို လက်ခံဖို့ အကြောင်း ရှိတယ် ဆိုရင် အာဒမ်နှင့် ဧဝကို အစ ကနဦး ဖန်ဆင်း ခဲ့တယ် ဆိုတဲ့ အယူအဆကို ကုရ်အာန်မှာရော ဘိုင်ဘယ် မှာပါ ဖော်ပြတာချင်းလည်း တူနေတော့ ကိုဆန်းလွင် အဖို့ လက်ခံနိုင်စရာ အကြောင်း မခိုင်လုံဘူးလားလို့

www.burmeseclassic.com



မေးတာပါ'

'ကျွန်တော့် ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာ တစ်ခု ပြေလည်သွားရင် ဒါမှမဟုတ် တစ်စုံတစ်ယောက် က ပြေ လည် အောင် ဖြေရှင်း ပေးနိုင်ရင် ကျွန်တော် ထင်ပါတယ် မ၊ ဖန်ဆင်းခြင်း အယူအဆကို ကျွန်တော် လက်ခံနိုင်လိမ့်မယ်လို့'

'ဘယ်လို ပြဿနာများလဲ ရှင်'

'ဒီလိုပါ၊ တစ်ခါတစ်ရံ ကျွန်တော် သတ္တဝါတွေရဲ့ လောကထဲက လူတွေရဲ့ လောကကို ဩဘ် ဘုရားသခင် က ဖန်ဆင်းထားတဲ့ သတ္တဝါတွေ ပါကလား ဆိုတဲ့ အမြင်မျိုးနှင့် ကြည့်ဖို့ ကြိုးစားပါဘယ်၊ ဒီအခါ ဘာတွေ တွေ့ရလဲ ဆိုတော့ လူတွေထဲမှာ တချို့က လှပတယ်၊ တချို့က အရုပ်ဆိုးတယ်၊ တချို့က ဆင်းရဲ ပင်ပန်းကြ တယ်၊ တချို့ကတော့ စည်းစိမ် ချမ်းသာနှင့် ပြည့်စုံ ကြတယ်၊ တချို့ကျတော့ ကျန်းမာကြတယ်၊ တချို့ကျ တော့ ရောဂါ ထူနေကြတယ်၊ တချို့က ပညာဉာဏ် ကြီးမားတယ်၊ တချို့က ဉာဏ်ပညာ ကင်းမဲ့တယ်၊ တချို့က မွန်မြတ်တယ်၊ တချို့က ယုတ်ညံ့တယ်၊ တချို့က ကျော်စောကိတ္တိ ရှိတယ်၊ တချို့က နုံချာတယ်၊ ဒါတွေက မမြင်ချင် အဆုံး မြင်နေရပါတယ် မ၊ ဒီအခါ ကျွန်တော် စဉ်းစားပါတယ်၊ လူတွေဟာ ဘုရားသခင် ဖန်ဆင်းခြင်း တူပါလျက် ဘာကြောင့်များ ဆူကြို နိမ့် မြင့် ဖြစ်နေရပါလိမ့် နော်လို့၊ ကျွန်တော် ဉာဏ်မမီလို့ များလား မသိပါဘူး မ ရယ်၊ ဒီပြဿနာ အတွက် ကျွန်တော် အဖြေရှာလို့ မရခဲ့ဘူး၊ ဘုရားသခင်ကတော့ လူသားတိုင်း အပေါ်မှာ တူသော ကရုဏာ တရား ထား မှာပါပဲ၊ အပြစ် ဒုစရိုက် အကုသိုလ် ဆိုလို့ ဘာမှ မလုပ် ဖူးသေးတဲ့ မွေးစ ကလေးတွေတောင် မတူကြဘူး၊ တချို့ ခြေ လက် အင်္ဂါ မစုံကြဘူး၊ တချို့ ဆွံ့အ နားမကြား ဖြစ်လာကြတယ်၊ တချို့ မျက်စိ ကန်းလာကြတယ်၊ တချို့ ရောဂါတွေ ပါလာကြတယ်၊ ဒါဟာ ဘာကြောင့်လဲ၊ မိဘကြောင့်ပဲလား၊ ဒါမှ မဟုတ် တခြား ပယောဂတွေ ကြောင့်လား၊ ကျမ်းဂန်မှာတော့ အားလုံး ဘုရားသခင်ရဲ့ အလိုတော် အတိုင်းပဲ ဆိုတာလည်း ဖတ်ရပါတယ်၊ ဒါ ဆိုတော့လည်း ဘုရားသခင် အပေါ်မှာ အထင် လွဲမှား စရာတွေ ဖြစ်လာ နိုင်ပါတယ်၊ ကျွန်တော် စဉ်းစားခဲ့ တာလည်း ကြာပါပြီ၊ အဖြေတော့ မရသေးပါဘူး မရယ်'

မသည် ပြန်ပြောစရာ စကား မရှိတော့သလို နှုတ် ပိတ် ရေငုံ နေလေသည်။ အကျွန်ုပ်ကသာ ဆက်ပြော ခဲ့လေသည်။

'ပြီးတော့ အာဒမ်ကို သေဒဏ် အပြစ် ပေးခဲ့တဲ့ ကိစ္စမှာလည်း ကျွန်တော် နားမလည်တာတွေ ရှိနေတယ်'

'ဟင် ကိုဆန်းလွင် ဘာကို နားမလည်တာလဲ၊ အာဒမ်ကို ဖဘုရားသခင်က ဒီအသီး မစားနှင့်၊ ဒီ သစ် ပင်နား မသွားနှင့်လို့ ပညတ်ထားတာ သူက ဘုရား သခင် စကားကိုတော့ နားမထောင်ဘူး၊ မာရ်နတ်ရဲ့ စကားကိုတော့ နားယောင်ပြီး ကျူးလွန်တာကိုး၊ ဒါ အပြစ်ဒဏ် ခံရမှာပေါ့၊ လောကမှာတောင် ပြဋ္ဌာန်းထား တဲ့ ဥပဒေကို ကျူးလွန်ရင် ထောင် အပြစ်ဒဏ် ခံရသေး တာပဲ မဟုတ်လား ကိုဆန်းလွင်'

'မ ပြောတဲ့ အချက်ကို ကျွန်တော် သဘောပေါက် ပါတယ်၊ ဥပဒေ ဆိုတာ အာဏာပဲ၊ အမိန့်ပဲ၊ ပညတ်ချက် ပဲ၊ ဒါကိုလည်း သဘော ပေါက်ပါတယ်၊ ပြဋ္ဌာန်း ထား တဲ့ ဥပဒေကို ကျူးလွန်တယ် ဆိုရာမှာ ကိုယ့်သဘောနှင့် ကိုယ် တမင်တကာ ကြံစည် အားထုတ်ပြီး ကျူးလွန် တာရယ်၊ သူတစ်ပါးက လှည့်ဖြားလို့ တိုက်တွန်းလို့ အဓမ္မ ပြုလို့ ကျူးလွန်တာရယ်လို့ နှစ်မျိုး နှစ်စား ရှိ တယ် မဟုတ်လား မ'

. 'ဟုတ် . . . . ဟုတ်ပါတယ်'

မ ဘဝင် မကျတကျ ဖြစ်နေသလား မသိ၊ သူ့ စကားက ယတိပြတ် ထွက်မလာ။

'မ ဘာတွေ စဉ်းစားနေလဲ ဟင်'

မ က ပြုံးပြသည်။

'မစဉ်းစားပါဘူး၊ အာဒမ် ဇဝကနေ ဥပဒေဆီကို ရောက်သွားလို့ မျက်ခြည် ပြတ်သလို ဖြစ်သွားတာပါ၊ ခု မ သဘော ပေါက်ပါပြီ'

'ဥပဒေ အကြောင်းကို ရောက် သွား ဆို မ က ဥပဒေ ကျူးလွန်သူနှင့် နှိုင်းပြီး ပြောလိုက်တာကိုး၊ ခု တော့ အဲဒီ ဥပဒေ စကားနှင့် ရှင်းတာပဲ ပိုပြီး ကောင်း မယ် ထင်ပါတယ်၊ မ ကို တစ်ခု မေးကြည့်မယ်၊ ဆိုကြ ပါစို့ဗျာ၊ တရားသူကြီး တစ်ဦး ရှိတယ်၊ ကလေး တစ် ယောက်ကို လူကြီး တစ်ယောက်က မင်းကို ငါဆုချမယ်၊ မင်း ဘာလိုချင်သလဲ၊ မင်းကြိုက်တာ ငါဝယ်ပေးမယ်၊ သွား ဟောဟိုမှာ ဟိုဘက်အိမ်က သရက်ပင်မှာ အသီး တွေ တွေ့လား၊ အဲဒါ မင်းရအောင် သွားခိုးခဲ့လို့ ဆိုပြီး ခိုင်းတယ်၊ ကလေးလည်း သူ လိုချင်တဲ့ ကစားစရာ ပစ္စည်း တစ်ခုကို ဆုချမယ် ဆိုတာကိုး၊ ဒီတော့ တစ် ဖက်အိမ်က သရက်သီး ဝင်ခိုးတယ်၊ အိမ် နှစ်အိမ်က

www.burmeseclassic.com



မတည့်တော့ တစ်ဖက်အိမ်က ခိုးသူ ကလေးကို ဖမ်းဆီးပြီး တရား စွဲတယ်၊ ရုံးက ဒီကလေးကို ထောင်ဒဏ် ၁၀ နှစ် ချလိုက်တယ်၊ အဲဒါ တရားသလား မ'

'အို ဒါတော့ ဘယ်နည်း တရားပါ့မလဲ ရှင်၊ ဒါ တရားသူကြီးက မတရား လုပ်တာပဲ'

'ဘာဖြစ်လို့ မတရားဘူးလို့ မ က ဆိုတာလဲ'

'အို ဒါက ရှင်းပါတယ် ကိုဆန်းလွင်ရယ်၊ ပြစ်မှုနှင့် ပြစ်ဒဏ်နှင့် မျှမှ မမျှတာဘဲဟာ'

'ဟာ ဟုတ်ပေတာပေါ့ မ ရယ်၊ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတမှု ဆိုတာ တရား စီရင်ခြင်းရဲ့ ဝိနည်း တစ်ရပ်လို့လည်း ဆိုနိုင်ပါတယ်လေ၊ အဲဒါဟာ အရေးကြီးတယ်လို့လည်း ထင်တယ်လေ၊ ဘာဖြစ်လို့လဲ ဆိုတော့ တရား မျှတမှု ရှိရေး အတွက်ပေါ့'

အကျွန်ုပ်၏ စကား မဆုံးမီမှာပင် ဖြတ်ထိုးဉာဏ်ရှင်သန်လှသော မ က အကျွန်ုပ်၏ မျက်နှာကို ဆတ်ခနဲ ကြည့်ပြီး ပြောလေသည်။

'ကိုဆန်းလွင် ဆိုလိုချင်တာကို မ သဘော ပေါက်ပြီ၊ ဘုရားသခင်က တားမြစ်ထားတဲ့ သစ်သီးကို သူ့သဘောနှင့်သူ မဟုတ်ဘဲ စေတန်ရဲ့ လှည့်ဖြားမှုကို နားယောင်ပြီး အာဒမ်နှင့် ဧဝတို့ စားခဲ့ကြတာကို ဖဘုရားသခင်က အေဒင် ဥယျာဉ်ကြီးထဲကလည်း နှင်ထုတ်တော်မူခဲ့တယ်၊ ပြီးတော့ သေဒဏ် စီရင်ချက်ကိုလည်း ချမှတ်ခဲ့တယ်၊ ဒါကို ပြစ်မှုနှင့် ပြစ်ဒဏ် မမျှဘူးလို့ ကိုဆန်းလွင် စဉ်းစားတယ် မဟုတ်လား'

'ဟုတ်ပါတယ် မ၊ ဒီထက် ပိုပြီး စိတ်မကောင်းဖြစ်မိတာလည်း. ရှိပါသေးတယ်'

'ဘာများ ကျန်သေးလို့လဲ ကိုဆန်းလွင်'

'ပိုပြီး စိတ် မချမ်းမြေ့ဖွယ် ကောင်းရတဲ့ အကြောင်းက ဘုရားသခင်ဟာ အာဒမ်နှင့် ဧဝကိုတော့ ထားပါတော့၊ သူတို့ အကြောင်းနှင့် သူတို့မို့ သေဒဏ် ပေးတယ်ပဲ ထား၊ ဒါလောက်ဆို ကျွန်တော့် စိတ်ထဲမှာ ဖြေသာပါသေးတယ်၊ ဒါပေမယ့် ဘုရားသခင်ဟာ အာဒမ်နှင့် ဧဝက မွေးဖွား သက်ဆင်းခဲ့ကြတဲ့ လူ၊ သတ္တဝါ မှန်သမျှကို ကမ္ဘာဦး အစက ယနေ့ထက်တိုင် အပြစ်လည်း ဘာမှ မကျူးလွန်ဘဲနှင့် ကျိန်စာ ထားပြီး သေဒဏ်ကို ချမှတ် ထားခဲ့တယ်၊ ဒါကြောင့် လူမှန်သမျှ သေကြရတယ်လို့ ဆိုတာကိုတော့ ကျွန်တော် နားလည်ဖို့ ကြိုးစားခဲ့တယ်၊ နားမလည်နိုင်အောင်ပါပဲ မ ရယ်၊ အပြစ် ရှိလို့ ခံရတယ် ဆိုလည်း တော်သေးတယ်လို့ ဖြေနိုင်တာပေါ့၊ ခုတော့ အပြစ် တစ်စုံတစ်ရာကို ပြုခဲ့တာလည်း မဟုတ်ဘဲနှင့် ရုံးတော်က သင့် ဖခင်သည်လည်း ဤအပြစ်ဒဏ်ကို ကျခံစေ၊ သင့် ဖခင် ကွယ်လွန်ပြီးသည့် တိုင်အောင်လည်း သင်တို့ သားစဉ် မြေးဆက် သင့်ဖခင် လွန်ကျူးသော အပြစ်ဒဏ်ကို ကျခံစေရမယ်လို့ အမိန့် ချမှတ်ရင် မ စိတ်ထဲ ဘယ်လို ခံစားရမလဲ၊ ကျွန်တော်တော့ အဲဒီလိုပဲ ခံစား နေရပါတယ် မ၊ လူတွေဟာ မသေချင်ကြပါဘူး၊ ဒါပေမယ့် ဘုရားသခင်က သေဒဏ် ချမှတ်ထားတော့ သေနေကြရတယ်လေ၊ ဒီဒုက္ခက ဘယ်တော့ လွတ်မြောက် ကြရပါ့မလဲ'

မ မှာ ချက်ချင်း ဖြေဖို့ အဖြေ ရှိလေသည်။

'ဒါတော့ အပြစ် ရှိတယ် မရှိဘူး ဆိုတာ ခု ဘယ်ပြောနိုင်မလဲ၊ ခု သေလည်း တရား စီရင်တဲ့ နေ့ကျတော့ လူသားတိုင်း ရှင်ပြန် ထမြောက်ကြရမှာပဲဟာ၊ အဲဒီအခါ မ တို့ ခရစ်ယာန်တွေကတော့ ဒုက္ခက လွတ်မြောက်ဖို့ အပြစ်ဒဏ်က လွတ်မြောက်ဖို့ အတွက် ကယ်တင်ရှင် ရှိတယ်လို့ ယုံကြည် ကြတယ်လေ၊ မ တို့ရဲ့ ခရစ်တော်ဟာ သူ့ကို ကိုးကွယ် ခဲ့ကြသူတွေကို ကယ် တင် ဖို့ လောကကို လာပြီး လမ်းပြပြီး အသေခံ သွားတာပဲ၊ ဒါဟာ မ တို့ ခရစ်ယာန်တွေ အတွက်တော့ စိတ်ချမ်းသာစရာ ကောင်းလှတဲ့ သတင်းကောင်းပဲလေ'

မ မှာတော့ သူ့အဖြေနှင့်သူ ရှိပြီး ဖြစ်၍ ကျေနပ်မှု ရှိလေသည်။ မ ပေးခဲ့သော အဖြေသည် အကျွန်ုပ်၏ နှလုံးသားကို မ ကဲ့သို့ ချမ်းမြေ့ စေနိုင်ပါမည်လား။ မ ကို အားကျဖို့ ကောင်းသည်ဟုလည်း အကျွန်ုပ်စိတ်မှာ ထင်မိသည်။ သူ့မှာ အနာဂတ် အတွက် မျှော်လင့်ချက် ရှိသည်။ သူသည် ထိုမျှော်လင့်ချက်ဖြင့် စိတ်ချမ်းသာစွာ အသက်ရှင် နေနိုင် ပေလိမ့်မည်။ သူ့လို ကိုယ့်မှာ ဘာကြောင့် စိတ်ချစွာ မျှော်လင့်ချက်ဖြင့် အသက် ရှင်နိုင်သော အဖြစ်သို့ မရောက်ဘဲ ရှိပါသနည်း၊

ခရစ်ယာန် ဘာသာဝင်တို့ ထားရှိသော စိတ်ဓာတ်မျိုး ထားနိုင်အောင် အကျွန်ုပ်၏ စိတ်နှလုံးကို များစွာ ပြုပြင်ဖို့ လိုပေဦးမည်။ ထို့အတွက် မိမိ ကိုယ်တိုင်က ကြိုးစားမှ ဖြစ်မည်။

အကျွန်ုပ်သည် တစ်နှစ်ပတ်လုံး တနင်္ဂနွေနေ့တိုင်း စိန့်ဘားနဘာဒ် ဘုရား ရှိခိုးကျောင်း ဝတ်ပြုပွဲသို့ ရောက်အောင် သွားမြဲ ဖြစ်လေသည်။ တစ်နေ့ ဘုရား ဝတ်ပြုပွဲ အပြီးတွင် အလှူရှင် တစ်ဦးက ခဲဖွယ်များဖြင့် လှူဒါန်းသောကြောင့် အကျွန်ုပ်လည်း မနှင့် အတူ ခဲဖွယ်များကို

www.burmeseclassic.com



စားသုံးနေစဉ် ဘုန်းတော်ကြီး (ရယ်ဗရင်) ဦးဇေလျှသည် အကျွန်ုပ်တို့ စားသောက်နေရာ အနီးသို့ ရောက်ရှိလာလေသည်။ ထိုအခါ မ က ဘုန်းတော်ကြီး ဦးဇေလျှနှင့် အကျွန်ုပ်ကို မိတ်ဆက် ပေးလေသည်။ အကျွန်ုပ်သည် ခရစ်ယာန် ဘာသာကို အရင်းအမြစ်က နားလည်အောင် စာတွေ့ လက်တွေ့ လေ့လာနေသူ ဖြစ်ကြောင်း မ က မိတ်ဆက်ရင်း ပြောပြလေသည်။

'သြ ဒါဆို သိပ်ကောင်းတာပေါ့၊ ဖာသာတို့က ဝဲလ်ကမ်း လုပ်ရမှာပေါ့၊ ကိုဆန်းလွင် သိချင်တာရှိရင် ဖာသာဆီကို အချိန်မရွေး လာမေး နိုင်ပါတယ်၊ အမြဲတမ်း ကြိုဆိုပါတယ်' ဟု ဆိုကာ ဖာသာ ဦးဇေလျှက အိမ်ကို လာဖို့ ဖိတ်ကြားလေရာ အကျွန်ုပ်လည်း ရေငတ်တုန်း ရေတွင်းထဲ ကျသကဲ့သို့ များစွာ ဝမ်းသာရလေတော့၏။

ရင်တွင်း၌ ရှုပ်ထွေး ခုခံလျက်ရှိသော ဝိစိကိစ္စာကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ရှင်းပေးပါမူကား ထိုပုဂ္ဂိုလ်ကိုပင် အကျွန်ုပ်သည် ကျေးဇူးရှင် တစ်ပါး အဖြစ် အသိအမှတ် ပြုရပေတော့မည်။

ရယ်ဗရင် ဦးဇေလျှသည် အိမ်ထဲသို့ ဝင်လာသော အကျွန်ုပ်ကို ဝမ်းသာအားရ ဖက်လဲတကင်း ကြိုဆိုပါသည်။ နက်စ် ကော်ဖီ၊ ကိတ်မုန့်များကိုလည်း ကျွေးမွေးဧည့်ခံပါသည်။ ထို့နောက် အကျွန်ုပ်နှင့် ပတ်သက်သမျှ သူ သိလိုသည့် အချက်များကို ဦးစွာ မေးမြန်း စုံစမ်းပါသည်။

'ကိုဆန်းလွင် ဓမ္မသစ် ကျမ်းစာကိုလည်း ကောင်းကောင်း ဖတ်ပြီးပြီနော်'

'ဟုတ်ကဲ့ ဖာသာ၊ ဖတ်ပြီး ပါပြီ'

'ဒါဆို ဖာသာတို့ရဲ့ ခရစ်တော် အကြောင်းကို သိပြီပေါ့'

'ဟုတ်ကဲ့၊ သိပြီလို့ ဆိုနိုင်မယ် ထင် ပါ တယ် ဖာသာ'

'ရပါတယ်၊ မသိသေးရင်လည်း ဖာသာက ပြောပြမှာပါ၊ သိပြီးပြီ ဆိုတော့ ပိုကောင်းတာပေါ့၊ တစ်ခုပဲ ရှိတယ်၊ ခရစ်တော်နှင့် ပတ်သက်ပြီး ကိုဆန်းလွင် ဘယ်လို သဘော ပေါက်သလဲ ဆိုတာကိုတော့ ဖာသာက သိချင်ပါတယ်'

'မေးပါ ဖာသာ'

'ခရစ်တော်ဟာ ဘယ်လို ပုဂ္ဂိုလ်လဲ ဆိုတာ ပထမ သိချင်တယ်'

'ကျမ်းဂန် အဆိုကိုပဲ ကျွန်တော် ပြောပါရစေ ဖာသာ၊ ကျမ်းဂန် အဆို အရတော့ ခရစ်တော်ဟာ အပြစ် ရှိတဲ့ လူသားတွေကို ထိုအပြစ်က ကယ်တင်ဖို့ အတွက် အဖ ဘုရားသခင်ဟာ လူ့ အသွင်မှာ သန့်ရှင်းသော ဝိညာဉ်တော် ကိန်းဝပ်ပြီး လူ့ပြည်ကို ဆင်းသက်လာတဲ့ ပုဂ္ဂိုလ်လို့ ကျွန်တော် နားလည်ပါတယ်'

'ဟုတ်ပြီကွယ်၊ ဒါဆို ကိုဆန်းလွင်က အတော်သဘောပေါက် နေပြီပဲ၊ ဒါထက် ယေရှုနှင့် ခရစ်တော်ကိုကော ဘယ်လို သဘောရသလဲ'

'ယေရှုသည် ဖဘုရားသခင်ရဲ့ သားတော် ဖြစ်ခြင်းကို ခရစ်တော်လို့ ဆိုတာ မဟုတ်လား ဖာသာ'

'အာ ဟုတ်တာပေါ့၊ ယေရှုကို ခရစ်တော် ဖြစ်မှန်း ဘယ်မှာ စသိသလဲ'

'ကဲသရိယလိပိ ကျေးရွာ အသွား လမ်းမှာ ယေရှုသခင်က သူ့တပည့်ကြီးများကို သူဟာ ဘယ်သူလဲ သိကြရဲ့လားလို့ မေးတော့ ရှိမုန်ပေတရုက ယေရှုဟာ ထာဝရ ဘုရားသခင်ရဲ့ သား ခရစ်တော် ဖြစ်တယ်လို့ ဖြေပါတယ်၊ ဒါကို မေးတာ မဟုတ်လား ဖာသာ'

'ဟား ဟား ဟုတ်တယ် ဟုတ်တယ်၊ ကိုဆန်းလွင်ကို ဖာသာက တော်တော် အသေးစိတ် လေ့လာ ထားသလား ဆိုတာ သိချင်လို့ မေးကြည့်တာပါ၊ ဝမ်းသာလိုက်တာ၊ ကိုဆန်းလွင်က အသေးစိတ် သိနေတာပဲ'

ဖာသာ ဦးဇေလျှသည် အမှန်ပင် ဝမ်းသာ ကြည်နူးလျက် ကျေနပ်မှုရှိကြောင်း သူ့မျက်နှာမှာ ပေါ်ပါသည်။ ပြီးမှ သူက 'ဒါဆို ဖာသာတို့ အရေးကြီးတာတွေကို လေ့လာ ကြည့်ကြရအောင်'

'ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ် ဖာသာ'

'ကိုဆန်းလွင် ဟိုးလီး တြိနီတီ ခေါ်တဲ့ သန့်ရှင်းသော တြိနီတီ သဘောကိုကော နားလည်ပြီလား'

'ကျမ်းဂန်မှာတော့ အဖဘုရားသခင်ရယ်၊ ခမည်းတော်ပေါ့လေ၊ ခမည်းတော် သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်ကို တြိနီတီ သုံးပါးတစ်ဆူ ဘုရားလို့ ဖော်ပြ ထားတာကိုတော့ မှတ်သားထားပါတယ်၊ ဒါပေမယ့် ပုဂ္ဂိုလ်အားဖြင့် သုံးပါးကို တစ်ဆူတည်း တစ်ပါးတည်း ဘုရား အဖြစ် နားလည်ရမယ် ဆိုတာကျတော့ ကျွန်တော် နားမလည်တတ်ပါဘူး၊ ကြားဖူးတာ တစ်ခုကတော့ ဟိန္ဒူ အယူဝါဒမှာလည်း တြိမုတိ သုံးပါးပေါင်း ဘုရား (ဗြဟ္မာ၊ ဗိဿနိုး၊ သိဝ) ရှိတယ်လို့ ဆိုပါတယ်'

'မှန်ပါတယ် ကိုဆန်းလွင်၊ ဖာသာတို့ ခရစ်ယာန်

www.burmeseclassic.com



အယူမှာ ဒီ တြိနိတီ သုံးပါးတစ်ဆူ ဖြစ်တော်မူတဲ့ ဘုရားသခင် အယူအဆ အပေါ်မှာ သဘောအမြင်တွေ တော်တော် ကွဲကြပါတယ်၊ နောက်ပိုင်း ကက်သလစ် ကျောင်းတော်ကလည်း အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ခဲ့ကြတယ်၊ ကိုးရာစု လောက်တုန်းက အိုက်ယာလန် ပြည်သား တစ်ဦး ဖြစ်တဲ့ **John The Scott** ဆိုတာ ပေါ်ပေါက်ခဲ့ဖူးတယ်၊ သူဟာ ယုံကြည်ချက် **(faith)** ကိုထက် ဆင်ခြင်ဉာဏ် **(reason)** ကို ပိုပြီး အသား ပေးခဲ့တဲ့ ပုဂ္ဂိုလ်ပဲ၊ သူ့အတွေးအခေါ်တွေဟာ ဟိုခေတ် ဟိုအခါ တုန်းကတော့ သိပ် ရဲရင့်တဲ့ အတွေးအခေါ်တွေ ဖြစ်ခဲ့တယ်၊ ဒါပေမယ့် သူဟာ အပြစ်ပေး မခံခဲ့ရဘူး၊ ကံကောင်းတယ်၊ သူ့မှာ ကျောထောက် နောက်ခံ အဖြစ်နှင့် သူ့ကို သဘောကျတဲ့ ပြင်သစ် ဘုရင် ရှိလို့သာပေါ့၊ မဟုတ်ရင် သူလည်း ဒုက္ခနှင့် ရင်ဆိုင်ရမှာပဲ၊ သူကတော့ သုံးပါး တစ်ဆူ ဖြစ်တော်မူတဲ့ သန့်ရှင်းသော တြိနိတီကို ထာဝရ ဘုရား သခင်ရဲ ပင်ကိုသဘော **(His Being)** ကို ခမည်းတော် ဖြစ်တယ်တဲ့၊ ထာဝရ ဘုရားသခင်ရဲ ဉာဏ်တော် **(Wisdom)** ကိုတော့ သူက သားတော် ဖြစ်တယ်တဲ့၊ ထာဝရ ဘုရားသခင်ရဲ့ အသက်ဓိဝသဘော **(His Life)** ကိုတော့ သူက သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်တယ်လို့ အဓိပ္ပာယ် ဖွင့်ခဲ့ဖူးတယ်၊ ဖာသာ ပြောချင်တာကတော့ ခရစ်ယာန်မှာ ဂိုဏ်းဂဏကွဲတွေလည်း အင်မတန် များတယ်၊ အယူအဆ ကွဲပြားမှုတွေလည်း အင်မတန် များတယ်၊ ပရိတက်စတင့်တွေကတော့ သားတော်ကို မယ်တော် မာရီက ပဋိသန္ဓေ မတည်မီ ကာလတုန်းက ခမည်းတော်နှင့် သားတော်ဟာ ဘုရားသခင်ရဲ့ နိုင်ငံတော်မှာ မူလ အဖွဲ့ဝင်တွေ အဖြစ်နှင့် ရှိခဲ့ကြတယ်၊ ခမည်းဟော်ကလည်း သားတော်လိုပဲ ထာဝရ အသက် ရှင်လျက်ပဲ၊ မယ်တော်မာရီ ထံမှ ပဋိသန္ဓေ မယူခင်က သားတော် ဆိုတဲ့ ဝေါဟာရ မရှိဘူး၊ လူသား အဖြစ်နှင့် မွေးဖွားလာတဲ့ အချိန်မှာတော့ ခမည်းတော် ဖဘုရားသခင်နှင့် တူညီတဲ့ ဂုဏ်တွေကို လက်လွှတ်ခဲ့ရတယ်၊ စွန့်ရတယ်ပေါ့၊ ဒါက ခရစ်တော် ဖြစ်လာတဲ့ အခါ လူသား အားလုံးရဲ့ အပြစ်ကို ကယ်တင်ဖို့ အတွက် တာဝန်ယူတဲ့ အနေနှင့် လက်ဝါးကပ်တိုင်မှာ အသေခံသွားတာ၊ ဒါတွေ အများဆုံး ရှင်းပြတဲ့ အတွက် ကိုဆန်းလွင် နားရှုပ် ကုန်ပြီလား မသိဘူး'

'မရှုပ်ပါဘူး ဖာသာ၊ ဒါနှင့် စကား အလျဉ်းသင့်လို့ မေးပါရစေ၊ ခရစ်တော်ဟာ ခမည်းတော် ဖဘုရားရဲ့ ကိုယ်စား ကောင်းကင် နိုင်ငံတော်က ဆင်းသက်လာသူ ဖြစ်ပါလျက် ဘာကြောင့် အာဒမ်ရဲ့ အပြစ်ကို ခံစားရတာလဲ၊ သူ ဘာဖြစ်လို့ သေရတာလဲ'

'ဩော် ဒီကိစ္စကို မေးသင့်တယ်၊ ဒါကို သဘောပေါက်ဖို့လည်း အရေးကြီးတယ်၊ တချို့ ခရစ်ယာန်တွေတောင် တလွဲ သဘော ပေါက်တာမျိုး ရှိကြတယ်၊ ဖာသာ ရှင်းပြမယ်၊ ခု ကိုဆန်းလွင် မေးတာက လူတွေ သေရခြင်း အကြောင်းရင်းပဲ မဟုတ်လား'

'ဆိုနိုင်ပါတယ် ဖာသာ'

'အစဆုံး ဘုရားသခင်က လူကို ဖန်ဆင်းပြီး ပရဒိသုခဘုံမှာ ထားတုန်းက လူကို ထာဝရ အသက်ကို ပေးထားခဲ့တယ်၊ သေခြင်း ဆိုတာ မရှိဘူး၊ တကယ်လို့သာ ဘုရားသခင်ရဲ့ စကားကို နာခံ လိုက်နာခဲ့ရင် အာဒမ်တို့ မိသားစုလည်း ထာဝရ အသက်ကို ရခဲ့ကြမှာပါပဲ၊ ဒါပေမယ့် အာဒမ်ဟာ သူ့မိန်းမ ဧဝရဲ့ စကားကို နားထောင်ပြီး ဘုရားသခင်ရဲ့ စကားကို ပယ်ခဲ့တော့ ဘုရားသခင်က သူ့ကိုရော၊ သူ့ဇနီး ဧဝကိုရော သေခြင်း ဆိုတဲ့ အပြစ်ဒဏ်ကို ချမှတ်ခဲ့တယ်၊ ဒါတင် မကဘူး၊ အသက် ရှင်စဉ်မှာလည်း ဆင်းရဲ ပင်ပန်းစွာ ရှာစားရတဲ့ အပြစ်မျိုး ရောက်အောင် အပြစ် ပေးခဲ့တယ်၊ သက္ကရာဇ် ဘီစီ ၃၀၉၆ မှာ အာဒမ် ကွယ်လွန်သွားတယ်၊ ဒီတင် အာဒမ် ကိစ္စက ပြတ်ပြီ၊ ဒါပေမယ့် အာဒမ်က ဆက်နွယ် ဆင်းသက်လာတဲ့ လူတွေမှာ ဘာကြောင့် သေခြင်း အပြစ်ဒဏ်က ဆက်ပါလာရသလဲ၊ ဒါကို သိဖို့လိုတယ်၊ အကြောင်းကတော့ ယနေ့ လူသား မျိုးနွယ်ဆက်ဟာ အာဒမ်ကို ဖဘုရားသခင်က အပြစ်ဒဏ် ခတ်ပြီးနောက်မှ ဧဝနှင့် ယှက်တင်ပြီး မွေးလာကြတယ် ဆိုတော့ အပြစ် မကင်းတဲ့ မိဘက မွေးဖွား လာကြတဲ့ လူတွေမှာလည်း အပြစ် မကင်းတဲ့ သဘောပါပဲ၊ နှလုံး ရောဂါ ရှိတဲ့ မိဘနှစ်ပါးက မွေးလာတဲ့ သားသမီးမှာ နှလုံး ရောဂါ အမွေ ပါလာသလိုပေါ့၊ ရှေးတုန်းအခါ ကျွန်မိဘများက မွေးဖွားလာတဲ့ သားသမီးတွေဟာ ကျွန်သပေါက် ဖြစ်ရသလိုနှင့်လည်း တူတာပေါ့၊ ရှင်ဘုရင် စနစ်မှာလည်း မင်းမိဘ နှစ်ပါးက မွေးဖွားလာတဲ့ သားသမီးတွေဟာ မဟာသွေး မဟာနွယ်တွေ ဖြစ်လာကြသလိုနှင့်လည်း တူတယ်လို့ ဆိုနိုင်မလား မသိပါဘူး'

ဖာသာ ဦးဇေလျ၏ အတွေးအခေါ် ရှင်းလင်းချက်များ ပြီးဆုံးသည့်တိုင် အကျွန်ုပ်၏ အတွေးလက်စက မပြတ်ဘဲ တိုးလို့ တန်းလန်း ဖြစ်နေလေသည်။ ရင်ထဲမှာ မပြည့်စုံ

www.burmeseclassic.com



ဘဲ တစ်စုံတစ်ခု လိုနေသလိုလည်း ခံစားရသည်။ ဘာ လိုနေမှန်းလည်း တိတိကျကျ မသိ။ ရှေ့ အတွေးနှင့် နောက်အတွေးပဲလား။ ခံစားချက်နှင့် အသိပဲလား။ ဘာ နှင့် ဘာ လွဲချော်နေမှန်းလည်း မသိ။ ရင်ထဲမှာတော့ တလွဲတချော် ဖြစ်နေသလိုသာ ခံစားရလေသည်။ ဘဝင် မကျသလို အောင့်သက်သက် ဖြစ်နေသော အကျွန်ုပ်၏ မျက်နှာကို ဖာသာ ဦးဇလျ အကဲခတ်မိ သွားလေသည်။

'ကိုဆန်းလွင် စိတ်ထဲမှာ ရှင်းမသွားဘူးနှင့် တူတယ်၊ ဟုတ်တယ်၊ ဒါတွေ အားလုံး ရှင်းမှာကတော့ ကိုဆန်းလွင် ဘုရားသခင်ကို ဖူးခွင့်ရတော့မှ ရှင်းသွားမှာပဲ'

အကျွန်ုပ်လည်း နားမလည်သော မျက်လုံးများဖြင့် ဖာသာ ဦးဇလျ၏ မျက်နှာကို လှမ်းမျှော် ကြည့်လိုက်မိပါသည်။ ထိုအခါ ဖာသာကြီးကပင် ဆက်၍ ဆိုလေသည်။

'ခရစ်ယာန် တရားတော်ရဲ့ အနှစ်သာရ သဘောကို သိဖို့၊ ထာဝရ ဘုရား သခင်ကို ဖူးတွေ့ရဖို့၊ တရား စီရင်တဲ့ နေ့မှာ အပြစ် အားလုံးက ကယ်တင်ခြင်း ခံရဖို့ အတွက်ကတော့ ကိုယ်တိုင် ကောင်းကင် နိုင်ငံတော်ကို ရောက်အောင် ကြိုးစား ရလိမ့်မယ်၊ သြော် နေဦး၊ ကိုဆန်းလွင် ဗတ္တိဇံ သဘောကိုကော သဘောပေါက်ရဲ့လား'

'နှစ်ခြင်းလား ဖာသာ'

'ဟုတ်တယ် ဟုတ်တယ်၊ နှစ်ခြင်း မင်္ဂလာကို သိရမယ်'

'ကျမ်း ဂန် မှာ တော့ ယောဟန်ကို ဗတ္တိဇံ ဆရာ အဖြစ် တွေ့ရပါတယ်၊ ဂျော်ဒန်မြစ်မှာ ယောဟန်ဟာ ယေရှုသခင်ကို နှစ်ခြင်း မင်္ဂလာ ပြုပေးတယ် ဆိုတာတော့ မှတ်မိပါတယ်'

'ခရစ်ယာန် အယူမှာ နှစ်ခြင်း မင်္ဂလာဟာ အရေးကြီးတယ် ကိုဆန်းလွင်ရဲ့၊ ဘယ်သူပဲ ဖြစ်ဖြစ် ဘုရားသခင်ကို မဖူးတွေ့နိုင်ခင် နှစ်ခြင်းကို ခံယူ ကြရတယ်၊ နှစ်ခြင်း မပြုဘဲနှင့် ဘယ်သူမှ ဘုရားသခင်ကို မဖူးတွေ့နိုင်ဘူး၊ ခရစ်တော် ကိုယ်တော်တိုင်မှ ယောဟန်ကို ဂျော်ဒန်မြစ်မှာ နှစ်ခြင်း ပြုခိုင်းရတယ်၊ နှစ်ခြင်း ခံရပြီး ရေက ပေါ်လာတဲ့ အချိန်ရောက်မှ ကောင်းကင် ဖွင့်လှစ်ပြီး ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟာ ချိုးငှက် အသွင်နှင့် ဆင်းသက်လာပြီး ကိုယ်တော်ရဲ့ အပေါ်မှာ နားတယ်၊ ဒီ အချိန်ကျမှ ဤသူကား ငါ နှစ်သက် မြတ်နိုးရာ ငါ၏ ချစ်သားပေတည်းလို့ ကောင်းကင်က အသံကြီး ကြားရတယ်၊ ခရစ်နှစ် ၂၉ မှာပေါ့၊ ဒီအခါက စပြီးမှ ခရစ်တော်ဟာ လူသားတို့ရဲ့ ကယ်တင်ရှင် အဖြစ်ကို ရောက်တာ'

'ဒါဆို ဘုရားသခင်ကို ဖူးတွေ့ခွင့် ရဖို့ နှစ်ခြင်း မင်္ဂလာ ခံရဦးမှာပေါ့နော် ဖာသာ'

'မှန်တယ် ကိုဆန်းလွင်'

'ဒါဆိုရင် နှစ်ခြင်း မင်္ဂလာ ခံယူဖို့ ကျွန်တော် ဝန်မလေးပါဘူး ဖာသာ၊ ကျွန်တော် ဘုရားသခင်နှင့် တွေ့ခွင့် ရချင်ပါတယ်'

အတန်ကြာအောင် ဖာသာ ဦးဇလျ စဉ်းစား နေပြန်သည်။ သူ့ထံမှ အဖြေကို ချက်ချင်း မရ။ သူ့မျက်နှာပေါ်တွင် လေးလေးနက်နက် စဉ်းစားနေပုံ ပေါ်သည်။ ဘာတွေ စဉ်းစားနေသည်ကိုတော့ အကျွန်ုပ် မသိပါ။

'ကောင်းပြီလေ၊ သင့်တော်တဲ့ အချိန်မှာ ဖာသာ ကိုဆန်းလွင်ကို အဖြေ ပေးမယ်၊ ခုအတိုင်း တနင်္ဂနွေ နေ့တိုင်း ဘုရား ရှိခိုးကျောင်းကိုတော့ မှန်မှန်လာပါ'

အကျွန်ုပ်လည်း ဖာသာ ဦးဇလျထံမှ နှုတ်ဆက်ပြီး ပြန်လည် ထွက်ခဲ့ပါသည်။

မကို ခါတိုင်းလိုပင် ကျောင်းမှာ တွေ့သည်။ ညပိုင်း မှာလည်း မကို အိမ် အထိ လိုက်ပို့သည်။ ဖာသာ ဦးဇလျကို မိမိက နှစ်ခြင်း ခံယူရန် ဆန္ဒရှိကြောင်း ပြောခဲ့သည်ကိုမူ မ ကို မပြောဘဲ ထားမိလေသည်။

နိုင်ငံရေး အခြေအနေက လှုပ်ရှားမှု ပြင်းထန်လာသည်။ သန့်ရှင်း၊ တည်မြဲ ကွဲပြီးနောက် တိုင်းပြည် အုပ်ချုပ်ရေး အာဏာကို အိမ်စောင့် အစိုးရသို့ လွှဲအပ်လိုက်ပြီ ဖြစ်သည်။ အလုပ်သမား လောကမှာလည်း အကွဲအပြဲ ဂယက် ထန်လာသည်။ ဦးသော်နှင့် အကျွန်ုပ်တို့ ခေါင်းဆောင်သော အလုပ်သမား သမဂ္ဂက ဗိုလ်ခင်မောင်လေး၏ အစ်ကို အမှုဆောင် အရာရှိ ဦးခင်မောင်ကြီး ဦးဆောင်သော အလုပ်သမား သမဂ္ဂနှင့် ဆန့်ကျင်ကာ သန့်ရှင်းဘက်သို့ ထောက်ခံမဲ ပေးလိုက်ကြသည်။ တစ်နေ့ ရုံးကို ရောက်သွားတော့ အကျွန်ုပ် စားပွဲပေါ်တွင် ဦးသော် နှင့် အကျွန်ုပ် ခေါင်းဆောင်သော အဖွဲ့ကို နကရဖတွင် ယူအယ်အို (ပြည်ထောင်စု အလုပ်သမား အဖွဲ့) စည်းရုံးရေး တာဝန်ခံများ အဖြစ် ခန့်အပ်လိုက်ကြောင်း ဗိုလ်မင်းခေါင် လက်မှတ် ရေးထိုးထားသော ပုံနှိပ်ပြီး စာ တစ်စောင်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့အား သင့်မိလေသည်။

အကျွန်ုပ်မှာ အထက်တန်း စာရေး တစ်ဦးမျှသာ

www.burmeseclassic.com



ဖြစ်သော်လည်း ထိုစာ ထွက်လာပြီးနောက် အကျွန်ုပ်၏ ဆရာသမား ဖြစ်သူ ဝယ်ယူရေး အရာရှိချုပ် ဦးအေးမြင့်ပင် အကျွန်ုပ်အား ရွံ့ကြောက်သလို ဖြစ်နေ လေတော့သည်။

အကျွန်ုပ်သည် ထိုစာ ထွက်လာခြင်း အတွက် ဝမ်းမြောက်ခြင်း မရှိရုံမျှမက အကျွန်ုပ် တစ်စုံတစ်ရာ မသိဘဲ စည်းရုံးရေး တာဝန်ခံ ဖြစ်လာခြင်း အတွက် အလွန်ပင် ဒေါသဖြစ်လျက် ရှိလေသည်။ စုံစမ်းကြည့်တော့ အကျွန်ုပ်တို့ အဖွဲ့ အတွင်းမှ တွဲဖက် အတွင်းရေးမှူး ဖြစ်သူ ကိုစောလွင်၏ လက်ချက် ဖြစ်ကြောင်း သိရလေသည်။ သူသည် သခင်တင်၏ တူတော်စပ်ကြောင်းလည်း သိရလေသည်။ အဘယ်ကြောင့် အကျွန်ုပ်ကို အသိမပေးဘဲ သူ ကျော်ဖြတ်ပြီး မလုပ်သင့်သည်ကို လုပ်လေသနည်း။ ရှုပ်ထွေးသော နိုင်ငံရေး အခြေအနေ၌ လူထု အသင်းအဖွဲ့ တစ်ခုကို ကိုင်ထားနိုင်သူသည် ကိုယ်ကျိုး လုပ်လိုလျှင် လုပ်နိုင်သော အခွင့်အရေးတွေ ပေါ်ပေါက်နေကြောင်း အကျွန်ုပ်မှာ ကိုယ်တွေ့ ဖြစ်၍ အသိဆုံး ဖြစ်၏။ သို့သော် အကျွန်ုပ်မှာ နိုင်ငံရေး လုပ်စားလိုစိတ် မရှိချေ။ အခွင့်အရေးကိုလည်း မျှော်ကိုးသော စိတ် အကျွန်ုပ်မှာ မရှိ။ ကိုယ့်ကို ခေါင်းဆောင် တင်ထားတာပဲ၊ အသာ မှိန်းနေလိုက်လျှင်လည်း ဖြစ်သည်။ သို့သော် စိတ်က ဘယ်လိုမှ နေလို့ မရ။ မမှန်မကန် လုပ်သည်ဟုသာ မြင်နေလေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ငါ နိုင်ငံရေး သမား လုပ်လို့ ရမှာ မဟုတ်ပါဘူးဟု ဆုံးဖြတ်လိုက်သည်။ နောက်နေ့တွင် အကျွန်ုပ်သည် ယူအယ်အို စည်းရုံးရေး တာဝန်ခံ အဖြစ်မှ လည်းကောင်း၊ အလုပ်သမား သမဂ္ဂ အတွင်းရေးမှူး အဖြစ်မှ လည်းကောင်း နုတ်ထွက်စာ တင်လိုက်ပါသည်။

ဤကိစ္စနှင့် ပတ်သက်၍ ယူအယ်အို ဌာနချုပ်မှ တာဝန် ရှိသူများ လာရောက်ပြီး ဖျန်ဖြေ ကြပါသေး၏။ သို့သော် အကျွန်ုပ်ကား ဆုံးဖြတ် ပြီးပြီ ဖြစ်၏။ ဆုံးဖြတ်ပြီး ကိစ္စ တစ်ရပ်ကို အကျွန်ုပ်သည် ပြင်ရိုး ထုံးစံ မရှိခဲ့။ အဆုံးတွင် လက်ရှိ အလုပ်မှ ထွက်ပြီး တခြား အလုပ် သွားလုပ်ဖို့ကိုပင် စဉ်းစားပြီး ဖြစ်လေသည်။

ဤ၀ အပြောင်းအလဲများ ဖြစ်နေစဉ် မ နှင့်လည်း မတွေ့တော့။ စာသင်ခန်းသို့ပင် မရောက်သည်က များလေသည်။ မကြာပါ၊ လပိုင်း အတွင်းမှာပင် အကျွန်ုပ်သည် ကံအားလျော်စွာ လူဝင်မှု ကြီးကြပ်ရေး အဖွဲ့တွင် လူဝင်မှု ကြီးကြပ်ရေးမှူး ရာထူးကို လက်ခံ ရရှိ၍ မူလ ရာထူးမှ နုတ်ထွက် လိုက်လေတော့သည်။ ဘယ်လောက်ပင် အပြောင်းအလဲတွေ ဖြစ်ဖြစ် တနင်္ဂနွေနေ့များတွင် ဘုရားရှိခိုးကျောင်းသို့ သွားခြင်းကိုတော့ အပျက် မခံခဲ့။

ကျောင်းပြန်တက်တော့ မ သည် အကျွန်ုပ် အတွက် သင်ခန်းစာများ ကူးထားသော စာအုပ် တစ် အုပ် ကို လက်ဆောင် ပေးလေသည်။

'ကျေးဇူး တင်လိုက်တာ မရယ်'

'အဲဒီ စကားကို မပြောပါနှင့်လား ရှင်၊ မက ကျေးဇူးတင် ခံချင်လို့ မဟုတ်ပါဘူး၊ ကိုဆန်းလွင် ဘာကြောင့် ကျောင်းမတက်ဘူးလဲ ဆိုတာ မ ကြားပါတယ်၊ စာမေးပွဲက နီးလာပြီ ဟုတ်လား၊ ဘီအေ ပထမနှစ် ဆိုတော့ ပေါ့လို့ မရဘူးလေ၊ ကိုဆန်းလွင် စာကျက်ဖို့ မ ကူးထား ပေးတာပါ၊ ဒီည ကျောင်းဆင်းရင် တစ်ခုခု သွားစားရအောင်နော်၊ ဒီနေ့ မ မွေးနေ့လေ'

'ဩော် တိုက်ဆိုင်လိုက်တာ၊ ဒီနေ့ပဲ ကျောင်း တက်တယ်၊ မ မွေးနေ့နှင့် ကြုံနေတယ် နော်'

မက ဘာမှ မပြောဘဲ ခေါင်းညိတ်ပြီး အတန်းထဲသို့ ဝင်သွားလေသည်။ ညပိုင်း အပြန်မှာ ဂိုလီ နို့အေး ဆိုင်မှာ သွားပြီး အအေး သောက်ကြသည်။

'ကိုဆန်းလွင် နှစ်ခြင်း ခံမယ်လို့ ဖာသာ ဦးဇေျ ကို ပြောခဲ့တယ်ဆို'

'ဟုတ်ပါတယ်၊ ဖာသာကြီးက မ ကို ပြောလို့လား၊ ကျွန်တော် ဖာသာ ဦးဇေျကို ပြောခဲ့တာက ခရစ်ယာန်ရဲ့ သဘောကို အရင်းအမြစ် ကျကျ သိဖို့ ဘုရားသခင်ကို တွေ့မြင်နိုင်ဖို့ အတွက် နှစ်ခြင်းခံမှသာ ဖြစ်နိုင်တယ်လို့ သူက ပြောတာကိုး၊ ဒါဆို ကျွန်တော် ဝန်မလေးဘူးလို့ ပြောခဲ့တာပါ မ'

'အဲဒါ ယူ့ကို ဒီတစ်ပတ် နှစ်ပတ် အတွင်းမှာ နှစ်ခြင်း ခံပေးကြလိမ့်မယ်'

ဤတစ်ကြိမ် မ က အကျွန်ုပ်ကို 'ယူ' ဆိုသော အင်္ဂလိပ် အသုံးအနှုန်းသို့ ပြောင်း၍ ခေါ်လေသည်။

'ဒါဆို ကျွန်တော် ဘာလုပ် ရမှာလဲ'

နှစ်ခြင်း မင်္ဂလာ နှင့် ပတ်သက်လျှင် အကျွန်ုပ်မှာ ဘာမျှ သိနားလည်သေးသည် မဟုတ်၍ မေးရလေသည်။

'ဘာမှ မလုပ်ရပါဘူး၊ ခေါင်းကိုင် အဖေ အမေ လုပ်ဖို့ကတော့ မာမီတို့ ဦးလေးအောင်တို့က လုပ်ပေး ကြပါလိမ့်မယ်'

'ပြောပါဦး မရဲ့၊ ဒီ နှစ်ခြင်း မင်္ဂလာ ခံယူပြီးရင် ကျွန်တော်က ခရစ်ယာန် ဖြစ်သွားပြီလား'

www.burmeseclassic.com



'ဖြစ်ပြီလို့တော့ ဆိုရမှာပေါ့၊ ခရစ်ယာန်ဘောင် အသိုင်းအဝန်းထဲကို ရောက်သွားပြီပေါ့၊ ဒါ ပြီးမှ ယူ့ အတွက် ကွန်ဖန်မေးရှင်း လုပ်ပေးရဦးမယ်၊ နောက် ကျတော့ ယူ အလိုလို သိလာမှာပါ'

ထိုညတွင် လူချင်း ခွဲခါနီး၌ မက စာကျက်ဖို့ မှာသည်။ အကျွန်ုပ်လည်း 'သင့် မွေးနေ့အတွက် ပျော်ရွှင်ခြင်း မင်္ဂလာ ဖြစ်ပါစေ၊ ကောင်း သော ည ပါ' ဟု အင်္ဂလိပ်လို နှုတ်ဆက်ပြီး ပြန်ခဲ့လေသည်။

နှစ်ခြင်း မင်္ဂလာကို လာမည့် အပတ် တနင်္ဂနွေ နေ့တွင် ခံယူရတော့မည် ဆိုသောအခါ အကျွန်ုပ်သည် အင်္ဂလိပ်လို ရေးသားထားသော ဘုရားရှိခိုးနည်း စာအုပ်တစ်အုပ်ကို ဝယ်ပြီး ကျက်မှတ်လေသည်။ သည့်ကြားထဲတွင် ခရစ်ယာန် အကြောင်း ရေးသားထားသော အခြား စာအုပ်များကိုလည်း ဝယ်ဖတ်သည်။ နေ့လယ် အားလပ်ချိန်တွင် ပန်းဆိုးတန်း လမ်းထိပ်ရှိ ဗြိတိသျှ စာကြည့်တိုက်မှာ သွားပြီးလည်း ဖတ်ရလေသည်။ J. **Klauner** ၏ **Jesus of Nazareth** (နာဇာရက် မြို့သား ယေရှု) နှင့် **V. Simkhovitch** ၏ **Toward the Understanding of Jesus** (ယေရှုကို နားလည်ရေး) ဆိုသော စာအုပ် နှစ်အုပ်ကို ယခုတိုင် မှတ်မိဆဲ ရှိလေသည်။

နှစ်ခြင်းခံမည့် နေ့ရက် နီးကပ်လာသော အခါ အကျွန်ုပ်၏ စိတ်များ လှုပ်ရှား လာလေသည်။ တောင်တွေး မြောက်တွေးလည်း တွေးသည်။ ခရစ်တော်၏ ဘဝ အဖြစ်သနစ်များကို ဖတ်ရသည်မှာလည်း နား မလည်သော အချက်တွေက များနေလေသည်။ ခရစ်တော်၏ ဘဝသည် ရိုးသားသည်။ စင် ကြယ် သည်။ ဆင်းရဲသားများဘက်က ရပ်တည်သည်။ အနှောင်အဖွဲ့ မရှိ။ မေတ္တာစာတ် ကြီးမားသည်။ သို့သော် ဂမ္ဘီရ ဆန် လွန်းသည် (နက်နဲလွန်းသည် ဟူလို)။ ခရစ်တော် ပြောဆိုခဲ့သော နှုတ်ထွက် စကားများကို ရှင်ပေါလုထဲတွင် ကွက်ကျား တွေ့ရသည်။ မိမိ အနေနှင့်မူ ဘာကို ဆိုလိုသည် ဆိုသည်ကို သဘော မပေါက်သည်ကား အမှန်ပင် ဖြစ်လေသည်။ ယုံကြည်သူ ခရစ်ယာန်များ အနေနှင့် ဘယ်လို နားလည်သည်ကို သိချင်သည်။ မ ဘယ်လို နားလည်သနည်း သိချင်သည်။ အကျွန်ုပ် ခရစ်ယာန် ပြုခြင်း အတွက် မေမေ ဘယ်သို့ ခံစားမည်နည်း။ မ ဘယ်လို ခံစားမည်နည်း။ သူငယ်ချင်း အပေါင်းအသင်း တွေက ဘယ်သို့ ခံစားမည်နည်း။

တစ်နေ့က လက်ဖက်ရည်ဆိုင်မှာ တင်ဖေတို့နှင့် လက်ဖက်ရည် သောက်နေကြစဉ် တင်ဖေ ပြောသွားသော စကား တစ်လုံးက နာဖို့လည်း ကောင်းသည်၊ မှတ်ဖို့လည်း ကောင်းသည်။

'မင်းနယ်ကွာ မိန်းကလေး တစ်ယောက်ရဲ့ အချစ်ကို ရချင်လို့ သူ့ဘာသာထဲ ဝင်တယ် ဆိုတာကတော့ ကြားမကောင်းပါဘူး၊ ဒါပေမယ့် မင်း အကြောင်းကို ငါကတော့ တော်တော်တန်တန် သဘောပေါက်ထားလို့ ဒီသဘောမျိုး ငါ့မှာ မရှိဘူး၊ မင်းဟာ အတွေးအခေါ်နှင့် ပတ်သက်လာရင် အစွန်း တစ်ဖက်ကို ရောက်အောင် လုပ်တတ်တာ ငါက သိနေတယ်၊ ဒါက ငါ သိတာ၊ သူများကတော့ မင်းကို ဒီလို နားလည်ကြမှာ မဟုတ်ဘူး၊ မိန်းကလေး တစ်ယောက်ကို ချစ်ရေး ဆိုပြီးမှ သူ သဘောကျအောင် သူ့ဘာသာထဲကို မင်းက လိုက်ဝင်တာ ဘာ ယုံကြည်ချက်မှ မင်းမှာ ရှိလို့ မဟုတ်ဘူးလို့ပဲ ပြောကြမှာပဲ သူငယ်ချင်း၊ မင်း စဉ်းစားကြည့်၊ မင့် အဖြစ်က မပြေးသော် ကန်ရာရှိပြီပဲကွ၊ မဟုတ်ဘူးလား၊ မင်း အမျိုးသမီးကလည်း အပိုင် ချည်နေတာပဲ၊ မင်း အတွက် လိုသမျှ လမ်းခင်း ပေးနေတယ် မဟုတ်လား'

'သူငယ်ချင်း၊ မ ကိုတော့ မင်း အထင် မလွဲနှင့်၊ သူက ငါ့ကို လုံးဝ ဆွယ်လည်း မဆွယ်ဘူး၊ တိုက်တွန်းတာလည်း မရှိဘူး'

'အဲဒါ ပြောတာပေါ့ကွ၊ အပါး လုပ်တာ၊ မင်းက ငအ၊ ဟိုက ပါးလိုက်တာမှ ရွှေတောင်စက္ကူ ကျနေတာပဲ၊ သူက မဆွယ်ဘူး၊ မဆွဲဘူး၊ မတွန်းဘူး၊ ဒါပေမယ့် မင်း ဘာလိုနေတယ် ဆိုတာ သူ သိတယ်၊ ဒီတော့ မင်းကို သူ လျှောက်စေချင်တဲ့ လမ်းကို ခင်းပေးတယ်လေ၊ ဒါ မင်းလမ်းလား၊ သူ့လမ်းလား၊ အဲဒါ မင်း စဉ်းစား'

သူငယ်ချင်း တင်ဖေကိုလည်း အပြစ် မဆိုပါ။ သူ့မှာ ထင်စရာ အကြောင်းတွေ၊ စွပ်စွဲစရာ အကြောင်းတွေ ရှိနေပြီပဲ။ သို့သော် အကျွန်ုပ် စိတ်ထဲတွင်မူ ကိုယ့်ကိုယ်ကိုယ် သိဖို့တော့ အမြဲ သတိပြု ထားပါသည်။

တစ်ခုပဲ ရှိသည်။ အကျွန်ုပ် ခရစ်ယာန် ပြုခြင်းနှင့် ပတ်သက်၍ စိတ် သဘောထား အမှန်ကိုတော့ မ သိအောင် ပြောထားချင်သည်။ တင်ဖေ ပြောသလို သူက နှုတ်ကတော့ မပြောဘဲ စိတ်က မျှော်လင့်ချက်တွေ ထားပြီး လုပ်မိနေမှာကိုလည်း စိုးရိမ်သည်။

ထိုည၌တွင် မထံသို့ စာတစ်စောင် ရေးလိုက်သည်။ စာထဲတွင် မိမိ၏ အဖြစ်မှန် အနေအထားကို

www.burmeseclassic.com



ပေါ်အောင်လည်း ရေးလိုက်ပါသည်။ ပထမ အချက်မှာ ဘာသာ အယူဝါဒ အရေးနှင့် ပတ်သက်သော မိမိသဘောထား ဖြစ်လေသည်။

လူမှာ ဆိုရိုးစကား ရှိသည်။ ရောင်းကုန် ရှုံးလျှင် တစ်ခေါက် လင်ကုန် ရှုံးလျှင် တစ်သက်လုံး မှောက်သည်ဟု ဆိုလေ့ ရှိကြသည်။ ထို့ထက် ပိုပြီးလျှင် အကျွန်ုပ် ရှုမြင် ထားသည်မှာကား အယူဝါဒ လွဲမှားခဲ့ပါမူကား ဒီတစ်ဘဝ သာမက နောင် တမလွန် သံသရာ တစ်လျှောက်လုံး မှောက်သွားနိုင်သည် ဟူ၍ ဖြစ်လေသည်။ ဘာသာ အယူဝါဒ ကိုးကွယ် ဆည်းကပ်မှု အတွက် ယခု မိမိ ဤမျှလောက် စွန့်စား၍ လုပ်ဆောင်နေခြင်းသည် ရှင်ရေး အတွက် သာမက သေရေး အတွက်ပါ ပါသည်။ ရှင်ရေး သေရေး ဘဝင်အေးစရာ ကိုးကွယ် အားထားရာ ရှာဖွေခြင်းမှာ မှန်သော အယူ သမ္မာဒိဋ္ဌိ အလို့ငှာသာ ဖြစ်၍ အခြား အကြောင်းကြောင့်ဟု မထင်စေလိုကြောင်း အကျွန်ုပ် ရေးသား လိုက်လေသည်။

ထို့ပြင် မိမိသည် ခရစ်တော်၏ နားလည်ရ ခက်သော စကားများကို နားမလည်သည်ကိုလည်း ဝန်ခံလိုက်သည်။

ကျမ်းစာအရ သိရသော ခရစ်တော်၏ ဘဝသည် အကျွန်ုပ် အဖို့ ပြည့်စုံသော ပုံကားချပ် ဖြစ်မလာ။ ခရစ်တော်ကို သူ့တပည့်ကပင် သစ္စာဖောက်ခြင်း ခံရသည်။ ရန်သူ့ လက်ထဲသို့ ရောက်အောင် သူ့တပည့် 'ယုဒ ရှကာရုတ်' က ပြုလုပ်ခဲ့လေသည်။ ရှကာရုတ် ဤသို့ ပြုလုပ်လိမ့်မည်ကို ခရစ်တော်လည်း သိသည်။

အသတ် ခံရခါနီး ရက်ပိုင်းအလို ပသခါ ပွဲတော်နေ့တွင် ခရစ်တော်သည် သူ့တပည့်များအား မုန့်ကို သူ၏ အသား အဖြစ် လည်းကောင်း၊ စပျစ်ရည်ချိုကို သူ၏ အသွေးတော် အဖြစ် လည်းကောင်း အထိမ်းအမှတ် ဖြစ်စေကာ ပေး၍ စားသောက်စေသည်။ ဤ ယေရှု၏ အထိမ်းအမှတ်ပြု ဆောင်ရွက်မှုကိုပင် ခရစ်ယာန် ဝတ်ကျောင်းများ၌ ကွန်မျူနီယန် (**Communion**၊ သောက်စားမင်္ဂလာ) * အဖြစ် ဆက်လက် ကျင့်သုံး ကြလေသည်။ တချို့က ကွယ်လွန်ပြီးနောက် ခရစ်တော် လူသားအဖြစ် နောက်တစ်ကြိမ် ပြန်လာမည် ဆိုခြင်းမှာ ဤ ဓလေ့ထုံးစံ တည်ထွန်းလိမ့်မည်ကို ရည်ရွယ်၍ ပြောခြင်းသာ ဖြစ်သည်ဟုလည်း ဆိုကြလေသည်။ အကျွန်ုပ်သည် ထိုအဖြစ်အပျက်ကို အခြေခံ၍ စာထဲတွင် ဤသို့ ရေးလိုက်မိသည် ထင်ပါသည်။

'မ ရေ၊ အမှန်ကို ဝန်ခံ ထားမယ်နော်၊ ခရစ်ယာန် အယူဝါဒ ဆိုတာကို ပြောရတာဟာ ရောမ ရာဇဝင်ကို ပြောရသလိုပဲလို့ ဟောရေ့စ် ဆိုတဲ့ ပညာရှင် တစ်ပါး ပြောသလိုပဲ၊ ခရစ်တော် ပြောဟောခဲ့တာတွေက နည်းနည်းရယ်၊ နောင်းလူတွေက ကိုယ့်နည်း ကိုယ့်ဟန်နှင့် အဓိပ္ပာယ် ဖွင့်ဆို ကြတာတွေက အဆမတန် များပါတယ်၊ ပြီးတော့ ခရစ်ယာန် အယူဝါဒက ပြောင်းလဲနေတဲ့ သဘောလည်း ရှိတယ်၊ ဒါကတော့ ခရစ်ယာန် အယူဝါဒဆိုတာ ချာ့ချ် (ကျောင်းတော်) နှင့် ဆက်စပ်နေတဲ့ သဘောလည်း ရှိတော့ ဂိုဏ်းတွေ ကွဲပြားသလောက် အယူဝါဒ ကွဲတွေလည်း ရှိတယ်၊ ဒီတော့ အခုအခါ ခရစ်ယာန် ဆိုတာကို သတ်သတ် ပြောဖို့တောင် ခက်ပါတယ်၊ ရိုမင် ကက်သလစ်လား၊ အင်ဂလိကန်လား၊ ဘက်ပတစ်လား၊ မက်သဒစ်လား၊ ဒီလိုပဲ ပြောလို့ ရတော့တယ်၊ ဒီနေရာမှာ ကျွန်တော် ပြောချင်တာက ခု ကျွန်တော် နှစ်ခြင်း ခံယူတဲ့ အကြောင်းပါ၊ ဘယ်လို ဖြစ်နေသလဲ ဆိုတော့ မြန်မာ မိဘနှစ်ဦး အမေရိကန်ပြည်မှာ နေတုန်းမှာ ကလေး တစ်ယောက် မွေးတယ်၊ ဒီတော့ ဒီကလေးမှာ အမေရိကန်ပြည်သား ဖြစ်ခွင့် ရှိသလို ကျွန်တော်လည်း မတို့ရဲ့ အင်္ဂလိကန် ချာ့ချ်မှာ နှစ်ခြင်း ခံတာ ဆိုတော့ အင်္ဂလိကန် အသင်းဝင်လို့ သတ်မှတ်ကြမှာပဲ၊ ကျွန်တော်ကတော့ ဒီလို ဖြစ်တာကို ကန့်ကွက် လိုတာ မဟုတ်ပါဘူး၊ မ သိစေချင်တာက ကျွန်တော် နှစ်ခြင်း ခံတာ အင်္ဂလိကန် အသင်းဝင် ဖြစ်ချင်လို့ မဟုတ်ပါဘူး၊ ဒါပါ မ၊ ပြီးတော့ ကျွန်တော် အခုလို နှစ်ခြင်းခံတာဟာ ဖာသာ ဦးဇေလျှ ပြောသလို နှစ်ခြင်း ခံပြီးမှသာ ဘုရားသခင်နှင့် တွေ့နိုင်တယ်၊ ခရစ်ယာန် အယူဝါဒရဲ့ တကယ့် အနှစ်သာရကို သိနိုင်တယ် ဆိုလို့ ကျွန်တော် မသိ နားမလည်နိုင်တာတွေကို နားလည်နိုင်အောင်လို့ပါ၊ အမှန်ပြောရရင် မတို့ ယုံကြည် သက်ဝင်ပုံတွေကို မြင်ရတဲ့အခါ သိပ် အားကျတာပဲ၊ ငါလည်း သူတို့လို သဒ္ဓါ ထက်သန်စွာနှင့် ယုံကြည်ချင်လိုက်တာလို့ ဆန္ဒ ဖြစ်မိပါတယ်၊ မိမိ ရင်ထဲမှာ အမြဲပဲ ညှောင့်စူးသလို ခံစားနေရတဲ့ ဝိစိကိစ္ဆာ (သံသယ) တွေကို ရှင်းပစ်လိုက်ချင်ပါတယ်၊ မ ကူညီတာတွေ အားလုံးကိုလည်း သိပ်ပြီး တန်ဖိုး ထားပါတယ်၊ မ ကြိုက်မှာ

---

* *ဘာသာကြီး လေးရပ် အနှစ်သာရများ၊ ညိုသောင်း။*

www.burmeseclassic.com



မဟုတ်လို့ ကျေးဇူးတင်ပါတယ် လို့တော့ မပြောတော့ပါဘူး'

စာရေးပြီးသော အခါ အကျွန်ုပ်၏ ရင်ထဲတွင် တင်းကျပ်မှုများ အတော်အတန် သက်သာသွားပါသည်။

အကျွန်ုပ် ကိုယ် အကျွန်ုပ် သိသည်။ အကျွန်ုပ်ကိုယ်တိုင် သိချင်သော အချက် နှစ်ချက် ရှိသည်။

ပထမ အချက်သည် ဖန်ဆင်းရှင် (Creator) ဖြစ်သည်။

ဒုတိယ အချက်သည် ဖန်ဆင်းခြင်း (Creation) ဖြစ်သည်။

ကုရ်အာန်ထဲတွင် လည်းကောင်း၊ သမ္မာကျမ်းစာထဲတွင် လည်းကောင်း ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ကို အဓိပ္ပာယ် ဖွင့်ဆိုချက်များ ပါရှိလေသည်။

ထိုဂုဏ်တော်များကို အစ္စလာမ်ကျမ်း တစ်စောင်တွင် အလ္လာဟ် အရှင်တွင် ရှိသင့် ရှိအပ်သော ဂုဏ်တော်များ (ဆွေဖွာတ်တေစဖူတီယာဟ်) ကို ရှစ်ပါး ပြ ပါသည်။ ၎င်းတို့မှာ

(၁) နိစ္စ ထာဝရ ဖြစ်တည်ခြင်း ဂုဏ်တော် (ကဒင်းမ်)

(၂) အနန္တ စွမ်းအားရှင် ဂုဏ်တော် (ကာဒေရ်)

(၃) ဉာဏ်တော် အပေါင်းနှင့် ပြည့်စုံခြင်းဂုဏ် (အာလေမ်)

(၄) ထာဝရ ရှင်သန်လျက်ရှိခြင်း ဂုဏ်တော် (ဟိုင်ယ)

(၅) အလိုတော်ရှိတိုင်း ခပ်သိမ်းပြီးခြင်း ဂုဏ်တော် (မူရီးဒ်)

(၆) အလုံးစုံကို သိမြင်နှံ့စပ်သော ဂုဏ်တော် (မူဒရစ်က်)

(၇) သက်မဲ့ ကျောက်ခဲ၊ သစ်ပင်တို့ကိုပင် စကားဆိုစေနိုင်သော ဂုဏ်တော် (မုတကလ္လင်မ်)

(၈) သစ္စာတရား တည်ရာ ဖြစ်ခြင်း ဂုဏ်တော် (ဆွာဒီက်)

အထက်ပါ ဂုဏ်တော်တို့သည် အရှိသဘောကို ဆောင်သော ဂုဏ်တော်များ ဖြစ်ကြလေသည်။ အလားတူစွာ ကင်းခြင်း၊ မဲ့ခြင်း သဘောကို ဆောင်သော ဂုဏ်တော် ခုနစ်ပါးလည်း ရှိသေးသည်။ ၎င်းတို့မှာ

(၁) ရုပ်ဒြပ် ကင်းမဲ့ခြင်း ဂုဏ်တော် (မုရ်ရာက်ကဗ်)

(၂) ဥစ္စာ ကင်းမဲ့ခြင်း ဂုဏ်တော် (ဂျေစင်မ်)

(၃) နေရာ ဌာနကို ကင်းမဲ့ လွန်မြောက်သော ဂုဏ်တော် (နေရာတိုင်း၌ ရှိသော ဂုဏ်) (မကာန်)

(၄) မှီခိုခြင်း အလျှင်း ကင်းသော ဂုဏ် (မုဟ်တာဂျ်)

(၅) ဖူးတွေ့နိုင်ခြင်း ကင်းသော ဂုဏ် (မာရ်အီး)

(၆) ပြောင်းလဲခြင်း ကင်းသော ဂုဏ် (မဟလ်)

(၇) ယှဉ်ဘက်မရှိ (ကိုးကွယ်ရာ တစ်ပါးတည်းသာ ဖြစ်ခြင်း) ဂုဏ်တော် (ရှရီက်) တို့ ဖြစ်ကြလေသည်။ အလားတူ ထာဝရ ဘုရားသခင် ဖန်ဆင်းရှင်၏ ဂုဏ်တော်မှာ ယေဟောဝါ ဘုရားသခင်တွင်လည်း ရှိလေသည်။

ကုရ်အာန်ထဲတွင် ဘုရားသခင် အလ္လာဟ် အရှင်၏ ဂုဏ်တော်ပြ နာမတော်ပေါင်းကို ရေတွက်သော် ၁၀၀ ရှိကြောင်း ပြဆိုထားသည်လည်း ရှိသည်။

အလ္လာဟ် အရှင်၊ တရား မျှတတော်မူသော အရှင်၊ အန္တိမ (အဆုံး) ဖြစ်တော် မူသော အရှင်၊ အလုံးစုံကို သိတော်မူသော အရှင်၊ ဧကေဝ တစ်ဆူတည်းသော ကိုးကွယ်ရာ ဖြစ်တော်မူသော အရှင်၊ လောက၏ ကနဦးအစ ဖြစ်တော်မူသော အရှင်၊ အစွန့်ရှည်သော အတိတ်ကာလ ကတည်းက ထာဝရ တည်ရှိတော်မူသော အရှင်၊ တန်ခိုး အာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အရှင်၊ သေပြီးသော သူကို သေရာမှ ရှင်ပြန်ထစေတော်မူသော အရှင်၊ မြင့်မြတ်ခြင်း အပေါင်း ခညောင်း ပြည့်စုံတော်မူသော အရှင်၊ အနာဂတ် ကာလ၌လည်း ထာဝရ ဖြစ်တည်တော်မူသော အရှင်၊ ဖန်ဆင်း ပြုပြင် စီရင်တော်မူသော အရှင်၊ ကောင်းမှု အပေါင်း၏ တည်ရာ ဖြစ်တော်မူသော အရှင်၊ အရာခပ်သိမ်းကို သိမြင် နိုင်စွမ်းသော အရှင်၊ ဖွင့်လှစ် ထုတ်ဖော်တော်မူသော အရှင်၊ ဖုံးကွယ်ရာ၌ တည်တော်မူသော အရှင်၊ အခက် အခဲအပေါင်းကို ပြေလည် စေတော်မူသော အရှင်၊ အပြစ်များကို ခွင့်လွှတ်တော်မူသော အရှင်၊ အလိုဆန္ဒ တောင့်တခြင်းမှ အလျှင်း ကင်းတော်မူသော အရှင်၊ တရား လမ်းမှန်ကို ညွှန်ပြတော်မူသော အရှင်၊ စောင့်ရှောက်တော်မူသော အရှင် စသည့် ဂုဏ်တော်ပြ နာမတော်များ ဖြစ်ပါသည်။

ကုရ်အာန်ထဲတွင် ဖူးတွေ့ခွင့် အလျှင်း မရှိသော ဂုဏ်တော်ဖြင့် ပြဆိုထားသောကြောင့် အလ္လာဟ် အရှင်

www.burmeseclassic.com



ကို လူသား တစ်ဦး အနေဖြင့် ဖူးတွေ့နိုင်မည် မဟုတ်သော်လည်း ခရစ်ယာန် သာသနာတော်တွင်ကား နှစ်ခြင်းခံယူပြီးသော သူအဖို့ ယေဟောဝါ ဘုရား သခင်ကို ဖူးတွေ့ခွင့် ရှိကြောင်း သိရသည်မှာ အကျွန်ုပ်အဖို့ လွန်စွာအားတက် ရပေတော့သည်။ ကျမ်းဂန်မှာ ဂုဏ်တော်များစွာဖြင့် ချီးမြှင့်ထားသော ထာဝရ ဘုရားသခင်ကို ဖူးတွေ့ရလျှင် လူတွင် ဒီ တစ်ဘဝ လူဖြစ်ရတာ အကျိုးနပ်ပြီ မဟုတ်ပါလား။ ထိုသို့ ဖူးတွေ့ရခြင်းသည်ပင် ဘဝ၏ ငြိမ်းအေးခြင်း၊ ဘဝ၏ ပြည့်စုံခြင်း၊ အမတသုခဘုံကို ခံစားရခြင်း မဟုတ်ပါလား။ အ ကယ် ၍ အကျွန်ုပ်အား ထာဝရ ဘုရားသခင်ကို ဖူးတွေ့ရပြီးနောက် ခုချက်ချင်း သေရမည်ဟု ဆိုအံ့၊ ထိုသို့ သေရခြင်းကို မြတ်သော သေခြင်း အဖြစ် ယူဆလျက် ဝမ်းမြောက်ဝမ်းသာ သေလိုပါသည်။ ထို့ကြောင့် အကျွန်ုပ်သည် ထာဝရ ဘုရားသခင်ကို ဖူးတွေ့ရမည်ဆိုလျှင် ဘာကိုပင် လုပ်ရ လုပ်ရ လုပ်ဖို့ အသင့် ဖြစ်နေ လေတော့သည်။

အကျွန်ုပ်သည် ဖန်ဆင်းရှင်ကို ဖူးတွေ့ချင်သည့်အပြင် ဖန်ဆင်းခြင်း၏ သဘော အကျယ်ကိုလည်း သိချင် လှပါ၏။ ထာဝရ ဘုရားသခင်သည် လောကကို ဘယ်ပုံ ဘယ်နည်း ဖန်ဆင်း သနည်း။ 'ကမ္ဘာဦးကျမ်း' တွင်မူ ဤကမ္ဘာ လောကကြီးကို ခုနစ်ရက် အတွင်း ဖန်ဆင်းကြောင်း ပြဆို ထားလေသည်။

ပထမ အစတွင် ယေဟောဝါ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းသည်ဟု ဆိုသည်။ နောက် မှောင်မိုက်လျက် ရှိသော လဟာပြင် (ဟင်းလင်းပြင်) ထဲတွင် အလင်းရောင်ကို စတင် ဖန်တီးခြင်းဖြင့် နေ့နှင့် ညဉ့်ကို ဖြစ်စေလေသည်။ တတိယနေ့တွင် ကမ္ဘာပေါ်၌ ရေပိုင်းနှင့် ကုန်းပိုင်းကို တသီးတသန့် စီမံ ဖန်ဆင်းတော် မူလေသည်။ ရေပိုင်းကို သမုဒ္ဒရာ ဟု တွင်စေလေသည်။ စတုတ္ထနေ့တွင် ဂြိုဟ်များ၊ နက္ခတ်တာရာများကို ဖန်ဆင်းသည်။ ပဉ္စမနေ့တွင် ရေသတ္တဝါများ၊ ကောင်းကင် သတ္တဝါများကို ဖန်ဆင်းတော် မူသည်။ ဆဋ္ဌမနေ့၌ ကုန်း သတ္တဝါနှင့် အမြတ်ဆုံး ဖြစ်သော လူသားကို ဖန်ဆင်းတော်မူလေသည်။ ထိုနေ့မှာပင် သစ်ပင် ချုံနွယ် တိရစ္ဆာန်များကိုလည်း ဖန်ဆင်းတော်မူသည်။ ဖန်ဆင်းခြင်း အားလုံးသည် ခြောက်ရက်ဖြင့် ပြည့်စုံလေသည်။

သတ္တမမြောက် နေ့ကို ထာဝရ ဘုရားသခင် အနားယူတော် မူသောကြောင့် နောင်အခါ ထိုနေ့ကို နားရက် ဥပုသ်နေ့ အဖြစ် ခရစ်ယာန်များ သတ်မှတ်ကြလေသည်။

ဖန်ဆင်းခြင်းကို ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်သည် အချိန်၊ နာရီ၊ ရက်၊ လ ကြာမြင့်စွာဖြင့် တစ်ခုပြီး တစ်ခု ဖန်ဆင်းကြောင်း ကုရ်အာန် ကျမ်းတော်မှာ ပြဆို ထားသည်ကို မတွေ့ရချေ။ ကမ္ဘာ၊ မိုး၊ မြေ၊ နေ၊ လ၊ နက္ခတ် တာရာ၊ တော၊ တောင်၊ သတ္တဝါ၊ နတ်၊ လူ၊ အဟိတ် တိရစ္ဆာန်တို့ကို ရုပ်နာမ်နှင့် တကွ ထင်ရှားစွာ ဖြစ်အောင် ပြုပြီး လဟီယတ် ကွဒ္ဒရတ် တေဇောတန်ခိုးတော်ဖြင့် ပြုပြင် ဖန်ဆင်းတော်မူသည်။ ဖြစ်စေဆိုရုံဖြင့် အားလုံး ပြီးမြောက်ခြင်းသို့ ရောက်သည် (ကွန်းဖယာ့အ်ကွန်း) ဟုသာ ပြပါသည်။

အကျွန်ုပ် သိလိုသည်မှာ ဖန်ဆင်းခြင်း၏ သဘောအမှန် ဖြစ်ပါသည်။ အကြင် ကျွမ်းကျင်သူ ယန္တရားပညာရှင်သည် မော်တော်ကားကို ဖန် ဆင်း နိုင် ၏။ သို့သော် သူသည် သံကို မဖန်ဆင်းနိုင်။ သံကို သိပ္ပံပညာ အမြင်တွင် သဘာဝ တရားကသာ ဖန်ဆင်း ထုတ်လုပ်နိုင်သည်။ သို့သော် ထိုသံသည် တခြားသောဓာတ်များ နည်းတူ ဖွဲ့စည်း ဖြစ်ပေါ်လာသည်ဟုသာ သိပ္ပံသမားများ နားလည် ကြလေသည်။ သို့သော် ဘာမျှ မရှိသော (Nothingness or void) သုညတ သဘောမှ အရှိတရားများကို ဖြစ်ပေါ်စေသလော။ အရှိ တရားက အရှိ တရား ဖြစ်သော အရာကို ထုတ်လုပ် ဖန်တီးခြင်းကား ဒုတိယ အဆင့် တတိယ အဆင့် ဖန်ဆင်းခြင်းမျိုးသာ ဖြစ်၏။

ငယ်စဉ် အကျွန်ုပ်၏ ဆရာကြီး ဦးဖိုးညွန့် ပြောပြချက် အရ ဘိုးတော် ဘုရား လက်ထက်က ဆက်သွင်းသော အစ္စလာမ် ပညာရှင် ဆရာကြီး ဦးနု၏ စာတမ်းတွင် ဘုရားသခင် အလ္လာဟ် အရှင်မြတ် ဝိညာဉ်တော်မှ ဖြစ်သော ရောင်ခြည်တော်သည် တေဇောမီး ဖြစ်သည်။ ထိုတေဇောက ဝါယောလေကို ဖြစ်စေသည်။ ထို ဝါယောလေကမှ အာပေါရေကို ဖြစ်စေသည်။ ထို အာပေါကမှ ပထဝီမြေကို ဖြစ်စေသည်။ ထိုရေနှင့် မြေကို ရောနှောသဏ္ဌာန် လုပ်ပြီး ရှေးဦးစွာ ရောင်ခြည်တော်က ဖြစ်သော စိတ် ဝိညာဉ်တော်ကို သွင်း၍ အာဒမ်လူသားကို ဖန်ဆင်းသည်ဟုလည်း ပြောပြဖူးလေသည်။

သို့သော် အကျွန်ုပ် စိတ်ထဲတွင် အသိ ရှင်းပြီ၊ ပြည့်စုံပြီ ဟူ၍ကား မထင်သေး။ မိမိသည် ဖန်ဆင်းခြင်းကိစ္စကို သဘောကျသိဖို့ လိုသေးသည်။ ဤမျှလောက်နှင့်

www.burmeseclassic.com



သဘော ပေါက်ပြီဟု မယူဆနိုင်သေးကြောင်း ကိုယ့်ကိုယ် ကိုယ် အသိဆုံး ဖြစ်နေလေသည်။

ဤကိစ္စ အားလုံးသည် ထာဝရ ဘုရားသခင်ကို သိမှ အပေါ်တွင် တည်၍ သူ့အလိုလို ပြေရှင်းပြီး ဖြစ်မည့် ကိစ္စများသာ ဖြစ်သည်။ ထိုင်တွေးရင်း သူ့အလိုလို ပေါ်လာမည့် ကိစ္စများ မဟုတ်နိုင်ဟုလည်း မိမိကိုယ်ကို ဆုံးမရသည်။

ထာဝရ ဘုရားသခင်ကို သိဖို့ အရေးကြီးသော အခြား အကြောင်းထူး တစ်ခုလည်း ရှိပါသေးသည်။ ထိုအကြောင်းသည် နောက်ဆုံး တရား စီရင်ခြင်း ခံရမည့် (ကေယာမတ်) နေ့ အကြောင်းနှင့်လည်း ဆက်စပ် နေလေသည်။

ကုရ်အာန်ထဲတွင်လည်း ကေယာမတ်နေ့ ဟု ခေါ်သော နေ့တွင် လူသား အားလုံး ရှင်ပြန် ထမြောက်ပြီးနောက် ဘုရားသခင်ထံမှောက်သို့ ရောက်ကြရမည်။ ထိုအခါ လူသားများ အသက်ရှင်စဉ် ပြုလုပ်ခဲ့သော ကောင်းမှု မကောင်းမှု အပြစ် ဒုစရိုက် သုစရိုက်များ အားလုံး အတွက် တရား စီရင်မည်။ ထာဝရ ဘုရားသခင် ကိုယ်တိုင်က အပြစ် ရှိသူကို အပြစ် အလျောက်၊ အပြစ်မရှိသူ ကုသိုလ် ရှိသူကို ကုသိုလ် အလျောက် ဆုပေး ဒဏ်ပေး နည်းမျိုးဖြင့် စီရင်မည်။

သမ္မာ ကျမ်းစာတွင်လည်း သေပြီးသူများ နေရမည့် မရဏ နိုင်ငံ ရှိလေသည်။ ထိုနိုင်ငံတွင် သေပြီးသူများသည် ရှင်ပြန် ထမြောက်ရမည့် ကာလ အထိ နေကြရမည်။ ရှင်ပြန် ထမြောက်သော နေ့သို့ ရောက်မှသာ ထိုဘုံမှ ကျွတ်လွတ်ကြရမည်။ ယေဟောဝါ သက်သေများ (ပရိတက်စတင့်) ၏ အယူအဆမှာ ခရစ်တော်ကိုယ်တော်တိုင်လည်း ရှင်ပြန် ထမြောက်ခြင်း မပြုမီ သုံးရက် တိုင်တိုင် ထိုနိုင်ငံတွင် နေထိုင်ခဲ့ရသေးသည်ဟု ဆိုလေသည်။ လူသား အပေါင်းတို့ ရှင်ပြန် ထမြောက်ကြသောအခါ ရုပ်ခန္ဓာဖြင့် မဟုတ်တော့ဘဲ နာမ်ခန္ဓာဖြင့်သာ ဝိညာဉ် ရှင်ပြန် ထမြောက်ခြင်းမျိုး ဖြစ်မည်ဟု ဆိုသည်။ ရှင်ပြန် ထမြောက်ရမည့် နေ့၌ ခရစ်တော် ပြန်ကြွလာမည်။ ထိုအခါ တံပိုး ခရာ မှုတ်မည်။ တံပိုးခရာသံ ကြားသော ကာလ၌ ခရစ်ယာန် အသင်းဝင်တို့သည် ထမြောက် ကြရလိမ့်မည်။

သေသည်၏ အခြားမဲ့ ဖြစ်သော တမလွန် ဘဝကို ဖော်ပြကြရာတွင် ကျမ်းဂန်ထွက် အဆို နှစ်ခုမှာ အနည်းငယ်သာ ခြားနားသည်ဟု ဆိုနိုင်ပါသည်။

အစ္စလာမ်တို့၏ အယူမှာ သေလွန်သူများ အနက် ကုသိုလ် ရှိသူတို့က အထက် ကောင်းကင် (မလာယစ်) ဘုံနေရာ အနီးအပါးတွင် ချမ်းသာစွာ နေကြရသည်။ အကုသိုလ် ရှိသူ၊ အပြစ် ကျူးလွန်သူတို့မှာ မြေအောက် ငရဲ အနီးတွင် အကျဉ်း ခံရသူများ ပမာ ကျဉ်းမြောင်းစွာ နေကြရသည်။ လူ့ခန္ဓာကိုယ် ဥတုဇ ရုပ်ကလာပ်မှာ တချို့ မြေမှာ ပျောက်သည်။ အချို့ သစ်ကျား စားသည်။ တချို့ မီးမှာ ကျွမ်းသည်။ တချို့ ရေမှာ ဆွေးသည်။ ထိုသို့ ပျောက်ပျက်သော်လည်း လူတို့ကိုယ်တွင် ဘိန်းစေ့ခန့် ဂျုံစေ့ခန့် အရိုးနှစ်တို့သည် မီး မကျွမ်း မြေ မစား ရေမှာ မဆွေးဘဲ ကျန်သည်။ ကမ္ဘာ ကုန်သော အခါ ဖန်ဆင်းသော အလ္လာဟ် အရှင်၏ တန်ခိုးတော်ဖြင့် 'အစ္စရာဖွီလ်' ၏ တံပိုးသံကြား ကာလ ယခုကဲ့သို့ တစ်ဖန် ပြန်၍ ရုပ်နာမ် အစုံ ဖြစ်မည်။ စိတ်ဝိညာဉ်လည်း ပြန်ဝင်မည်။ ထို့နောက် လောက၌ အသက်ရှင်စဉ်က ပြုကျင့်ခဲ့ဖူးသော ကုသိုလ် အကုသိုလ်တို့ကို ဆန်လွှာ မြူခြမ်းမျှ မထိမ်ချန်နိုင်ဘဲ ဖန်ဆင်းတော်မူသော အရှင့် ရှေ့တော်မှာ အစစ် အမေး ခံကြရမည်။ ဟုတ်တိုင်း မှန်ရာ ဂျန္နတ် (အမတ သုခဘုံ) ထိုက်သူ ဂျန္နတ်၊ ငရဲ ထိုက်သူ ငရဲ၊ ကောင်းကျိုး မကောင်းကျိုးကို ဤကိုယ်ဖြင့်ပင် ခံစံ ကြရမည်ဟု ဆိုထားလေသည်။

ကျမ်းဂန် နှစ်ရပ် စလုံးတွင်လည်း ဖန်ဆင်းတော်မူသော အရှင်ကို ဖူးမြင်ခွင့် ရခြင်းသည် ဘဝ၏ အဆုံးပန်းတိုင် ဖြစ်၍ ထိုအခြေအနေသည်ပင် ဘဝ၏ အမြတ်ဆုံး အချမ်းသာဆုံးသော အခွင့်အလမ်း ဖြစ်လေသည်။

ယခု အတိုင်းဆိုလျှင် အကျွန်ုပ် အဖို့ ဤကမ္ဘာပေါ်၌ အခိုက်အတန့်မျှ ဖြစ်သော ယခု ရရှိထားသော လူ့ဘဝသည် နောက်ဆုံး အခွင့်အရေးလည်း ဖြစ်သည်။ သေပြီးလျှင် မရဏဘုံသို့သာ ရောက်သွားမည် ဖြစ်သည်။ ထိုဘုံတွင် ကမ္ဘာ ကုန်သည့်တိုင် နေရမည်။ ကမ္ဘာကုန်၍ တံပိုးမှုတ်သော အခါမှသာ လူပုံ ပြန်ဖြစ်ပြီး ဖန်ဆင်းတော်မူသော အရှင်၏ ရှေ့တွင် တရား စီရင်ခြင်း ခံရဖို့သာ ရှိပေတော့သည်။

သို့လျှင် တမလွန် ဘဝ ချမ်းသာရေး အတွက် ပြုသင့် ပြုထိုက်သော ပြုဖွယ်ကိစ္စ အားလုံးကို ယခု အသက် ရှင်စဉ် ကာလ၌သာ အကျွန်ုပ်သည် ပြုနိုင်တော့မည် ဖြစ်ပေရာ ထိုသို့ ပြုဖြစ်အောင် ပြုဖို့ကိုသာ အကျွန်ုပ်မှာ စိတ်အား ထက်သန်လျက် ရှိပေတော့၏။

နှစ်ခြင်း ခံရမည့် နေ့ရက်သို့ မရောက်မီ စနေ

www.burmeseclassic.com



နေ့တွင် မသည် အကျွန်ုပ်ထံသို့ ရုံးမဆင်းမီ ဖုန်းဆက်လေသည်။ စနေနေ့ နေ့ဝက် ရုံးဆင်းပြီးနောက် ၁၂း၃၀ နာရီပွဲ ရုပ်ရှင် ကြည့်မည်ဟု ဆိုသည်။ ဂလုပ်ရုံ (ယခု ဂုဏ်ရုံ) တွင် စောင့်ရန်လည်း မှာသည်။ ပြသဆဲ ကားမှာ Love is a Many Splendoured thing ဖြစ်သည်။ ကမ္ဘာကျော် တရုတ် စာရေး ဆရာမကြီး ဟန်ဆုယင်၏ ကိုယ်တွေ့ အခြေခံ ဇာတ်လမ်း ဖြစ်သည်။ အချစ်နှင့် အလွမ်းကို ဖွဲ့ရာတွင် စိတ် နလုံး ကြေကွဲဖွယ် ဖြစ်အောင် ဖွဲ့ပြသော ဇာတ်လမ်း တစ်ပုဒ်ပင်။

ရုပ်ရှင် ပြီးဆုံး သွားသောအခါ မနှင့် အကျွန်ုပ်မှာ နှစ်ဦးစလုံး မျက်ရည် ကိုယ်စီ ကျရလေသည်။ သုံးနာရီ မထိုးမီ ဇာတ်ကား ပြီးဆုံး၍ ရုံထဲက ပြန်ထွက်လာသောအခါ နှစ်ဦးစလုံး ဆာလောင် မွတ်သိပ်လျက်ရှိကြလေသည်။ အစားလည်း စား၊ စကားလည်း ပြောချင်နေကြသည့် အတွက် ဆူးလေ ဘုရားလမ်း တစ်ဖက်သို့ ဖြတ်ကူး ကြကာ အိုရီယင့် (ယခု ဒဂုံ) အောက်ထပ်ရှိ လက်ဖက်ရည် ဆိုင်သို့ ဝင်ခဲ့ကြလေသည်။ အိုရီယင့် ပန်းသေး ခေါက်ဆွဲကို မ ရော၊ အကျွန်ုပ်ပါ နှစ်ခြိုက်ကြသည်။ မက ခေါက်ဆွဲပြုတ်ကို ပို ကြိုက် သည်။ အကျွန်ုပ်က ဆီပြန် ကြိုက်သူ ဖြစ်ပေရာ ခေါက်ဆွဲအကြော်ကို ပို၍ နှစ်သက်လေသည်။

ပန်းသေး ခေါက်ဆွဲကို မှာထားပြီးနောက် အတန်ကြာ စောင့်ရလေသည်။ မက လက်ကိုင်ပဝါကို ထုတ်ပြီး သူမျက်လုံး အစုံကို ပွတ်သည်။

'ငိုလိုက်ရတာကွယ်၊ တော်ရုံ တန်ရုံဆို မျက်ရည် ကျခဲတဲ့ မ အဖြစ်ကတော့ မပြောပါနှင့်တော့၊ ဒီကားကျမှ ရှက်တောင် ရှက်တယ်၊ မျက်ရည်ကို တားလို့ မရဘူး'

မက ပွင့်လင်းသည်။ သူ ခံစားရသည်ကို မကွယ်မဝှက် မရှက်မကြောက် ဆိုသည်။ ပြီးတော့ မ ပြောပုံဆိုပုံတွေကလည်း ခါတိုင်းထက် ပို၍ အကျွန်ုပ်နှင့် တရင်းတနှီး အကျွမ်းတဝင် ရှိလေသည်။ ခါတိုင်း ရုပ်ရှင် ကြည့်ချင်လျှင် အကျွန်ုပ်ကသာ ချိန်းရသည်။ သည်တစ်ခါမှာသာ မက ဖုန်းဆက်ပြီး ချိန်းသည်။ အကျွန်ုပ်သည်လည်း မျက်ရည်ကျခဲ ရသည်သာ ဖြစ်ပါ၏။ သို့သော် ယောကျ်ား မျက်ရည် ကျခြင်းကို လူသိ မခံချင်သော စိတ်ကြောင့် ရုပ်ရှင် အကြောင်းကို ဘာမျှ ပြန်မပြောဘဲ နေလိုက်သည်။

မနက်ဖြန် နှစ်ခြင်း ခံပွဲ အစီအစဉ်တွင် မိမိဘယ်သို့ ပြုမူ ရမည်ကိုသာ မထံမှ ကြားသိချင်စိတ်ဖြစ်ပေါ် နေလေသည်။ စားပွဲထိုးက ခေါက်ဆွဲ နှစ်ပွဲလာချသဖြင့် မလည်း ရုပ်ရှင် အကြောင်းကို ဆက်မပြောတော့ဘဲ ရပ်လိုက်လေ၏။ အကျွန်ုပ်၏ ခေါက်ဆွဲအကြော်ပွဲမှာ သူ့ဘက်သို့ ရောက်ပြီး သူ စားမည့်ပွဲမှာ အကျွန်ုပ်ဘက်သို့ ရောက်နေသဖြင့် မသည် အကျွန်ုပ်ပွဲကို သံပုရာရည် အချဉ် ညှစ်ထည့်ပြီး ကမ်းပေးလေသည်။ ပြီးမှ စကား ဆိုသည်မှာ

'မနက်ဖြန် ယူ နှစ်ခြင်း ခံရတော့မယ် ဆိုတော့ ဒီအချိန်မှာ ဒီစကားတွေ ပြောဖို့တော့ မဟုတ်ဘူး၊ ပြောဖို့လည်း မကောင်းပါဘူး၊ ဒါပေမယ့် ယူ့ စာကို ဖတ်ရတာ မ ရင်ထဲမှာ တစ်မျိုးကြီးပဲ'

'ဘယ် အချက်ကို ပြောတာလဲ မ'

'ကျွန်တော် နှစ်ခြင်းခံတာ အင်္ဂလိကန် အသင်းဝင် ဖြစ်ချင်လို့ မဟုတ်ဘူး ဆိုတာရယ်၊ ပြီးတော့ ငါလည်း သူတို့လို သဒ္ဒါ ထက်သန်စွာနှင့် ယုံကြည်ချင်လိုက်တာ ဆိုတဲ့ ယူ့စာထဲက စကားတွေပါ'

'မ က ဘာကို မကျေနပ်တာလဲ'

'မကျေနပ်တာ မဟုတ်ပါဘူး၊ စိတ် မကောင်းဖြစ်မိတာပါ၊ ယူက ခုချိန် အထိ စူးစမ်းတဲ့ သဘောပဲရှိတယ်ဆိုတာ မ နားလည်ပါတယ်၊ ဒါပေမယ့် ယူ့သူငယ်ချင်းတွေကတော့ ယူ့ကို မ နားလည်သလို နားလည် နိုင်မှာ မဟုတ်ဘူး နော်၊ ခုတောင် သူတို့က ယူခရစ်ယာန်ထဲ ဝင်တာကို ဆန်းလွင်ကြီးကတော့ မဘက်လိုက်ပြီး မိုက်ဘက် ပါသွားပြီလို့ ပြောနေတာ မ နားနှင့် ဆတ်ဆတ် ကြားရတယ်'

'ဒါလား၊ လောကဓံ တရားတွေပါ မရယ်၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းနှင့် ကင်းတဲ့ လူ့ကိစ္စရယ်လို့ မရှိနိုင်ပါဘူး၊ ဒီကောင်တွေကတော့ ကျွန်တော့်ကိုလည်း ပြောကြတာပဲ၊ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်တဲ့ ဒဏ်ကို မခံနိုင်ရင် ဘဝကို အဆန် လှော်ဖို့ မစဉ်းစားနှင့်၊ အဆန်မလှော်ရင်လည်း ဘဝမှာ အစုန် မျောသွားမှာပဲ၊ အထက်အညာကို တက်ချင်ရင် ရေဆန် လေဆန် လှော်ရမယ်၊ အဆန် လှော်ရတာဟာ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ ခက်ခဲတယ်၊ ရုန်းကန်ရတယ်၊ သို့ပေမယ့် အထက်ဘက်ကို ရောက်တယ်၊ ဒါကို ဝန်လေးတယ် မထင်သင့်ပါဘူး၊ ပတ်ဝန်းကျင် ပြောဆို ပုတ်ခတ်မှု ဆိုတာကို လေဆန်တိုးတဲ့ သဘောမျိုးပဲ မှတ်ထား လိုက်ပါ'

မ သက်ပြင်း ခိုးချ လိုက်သည်ကို အကျွန်ုပ် မြင်လိုက်ရပါသည်။

www.burmeseclassic.com



'ကိုဆန်းလွင်မှာကတော့ သ ဘော တ ရား က အပြည့်ပဲ နော်၊ ယူ့ကို ချီးကျူးပါတယ်၊ မ အနေနှင့်က တော့ ယူ စိတ်ချမ်းသာ စေချင်တာပါ၊ ပတ်ဝန်းကျင်က ပုတ်ခတ် ပြောဆို လာတဲ့အခါ ယူ စိတ်ဆင်းရဲမှာ စိုး လို့ပါ'

အကျွန်ုပ်က ရယ်လိုက်ပါသည်။ မ စိတ် သက်သာမှု ရစေလိုသည့် သဘောဖြင့် ရယ်လိုက်ခြင်း ဖြစ်လေသည်။

'စိတ်ချ၊ ကျွန်တော့် ခေါင်းက သိပ်မာတယ်၊ ပြီးတော့ အတွေးအခေါ်တွေနှင့် ထုံထားတာ ဆိုတော့ ပျော့လည်း သိပ်ပျော့တယ်၊ မာလွန်းတော့ အမာ အမာချင်း ထိရင် ဆတ်ခနဲ ကွဲနိုင်တယ်၊ ပျော့တော့ အမာနှင့် ထိလည်း အိခနဲ ဝင်သွားမှာပဲ၊ ကွဲမှာ မဟုတ်ဘူး၊ အေး တစ်ခုပဲ ရှိတယ်၊ ဒီခေါင်းမျိုးက သရဖူတော့ ဆောင်းချင်မှ ဆောင်းရလိမ့်မယ်'

မ လည်း ရယ်သည်။

'ယူကတော့ စာရေးဆရာ ဖြစ်ကို ဖြစ်မှာပဲ၊ သူ့မှာ ပြောစရာ စကားတွေက ကုန်နိုင်မှာ မဟုတ်ဘူး'

'ဝမ်းသာလိုက်တာ မ ရယ်၊ ဘဝမှာ ကျွန်တော် အရချင်ဆုံး ဆုဟာ အဲဒီ ဆုပါပဲ၊ ရှိတ်စပီးယား ဖြစ်ရခြင်းဟာ ဝင်စတန်ချာချီ ဖြစ်ရခြင်းထက် ပိုပြီး အဆတစ်ရာမက မြတ်တယ်လို့ ကျွန်တော့် စိတ်မှာ ယုံကြည်စွဲမှတ် ထားပါတယ်၊ မ စဉ်းစားကြည့်လေ၊ ရတနာပုံ မင်းနေပြည်ကြီးသာ ပျက်စီးသွားတာ၊ ဦးပုညကတော့ မပျက်စီးပါဘူး၊ ဒီကမ္ဘာမှာ မြန်မာ ရှိသရွေ့တော့ ဦးပုည ရှိနေဦးမှာပဲ၊ ကျွန်တော်လည်း မပျက်စီးနိုင်တဲ့ ဆန်းလွင်၊ ရှိန်းပြီးတဲ့ ဆန်းလွင်၊ **invincible** ဆန်းလွင်ပဲ ဖြစ်ချင်တယ်၊ တကယ်လို့များ ချားလ်စ် ဒစ်ကင်တို့လို၊ တော်လ်စတွိုင်းတို့လို၊ ဦးပုညတို့လို ခေတ် အဆက်ဆက် လူသား အပေါင်းတို့ရဲ့ ချစ်ခင် လေးစား မြတ်နိုးခြင်းဆိုတဲ့ ဆုကို ပန်ဆင်ရသူ ဖြစ်ခဲ့ပါမူ ကျွန်တော် လူ့ပြည်မှာ လူလာ ဖြစ်တာရဲ့ ဘဝ အဓိပ္ပာယ်ကို ပြုံပြုံ မြင်ပြီလို့ ဆိုချင်ပါတယ်၊ ကျွန်တော်ဟာ လူ့ဘဝရဲ့ သစ္စာကို ရှာဖွေဖို့ ဆုံးဖြတ်ထားသူပါ မ'

'ကိုဆန်းလွင်ရဲ့ ဆန္ဒတွေ တစ်လုံး တစ်ဝတည်း ပြည့်စုံပါ စေလို့ မ ဆုတောင်းလျက် ပါပဲရှင်'

လူချင်း ခွဲခွာခါနီးတွင် မ က ဆုတောင်းခြင်းဖြင့် အဆုံးသတ် သွားလေသည်။

တနင်္ဂနွေနေ့ နံနက်သည် သစ်ဆန်းသော နေခြည်ဖြင့် နွေး၍ ရွှင်လန်းနေလေသည်။ ဝတ်ကောင်းစားလှများ ဝတ်ဆင်လာကြသော ဝတ်ပြု ပရိသတ်ဖြင့် စိန့်ဘားနဘာဒ် ဘုရားရှိခိုး ကျောင်းကလေးမှာ ပြည့်လျှံနေလေသည်။

ငြိမ့်ညောင်း သာယာသော အော်ဂင် အသံ၊ ချိုမြကြည်လင်လှသော ဓမ္မတေး သီဆိုသူများ၏ သီချင်းသံတို့သည် ဘုရားရှိခိုး ခန်းမထဲတွင် လှိုင်ပျံ့နေလေသည်။ ဩလတာ ပလ္လင်တော် ဘက်ဆီက လွင့်လာသော ပန်း ရနံ့များကလည်း ထုံမွှေးလျက်။ ဝတ်ပြုသူများ၏ ကိုယ်မှ လွင့်လာသော အကောင်းစား ချယ်နယ် ရေမွှေး ရနံ့ကလည်း ပျံ့လျက်။

ကိုးနာရီ တိတိတွင် ခေါင်းကိုင် မိဘ နှစ်ပါးနှင့်အတူ ပရိသတ်များ ခြံရံလျက် ဘုန်းတော်ကြီး ဦးလေျဖိတ်ကြားထားသော အမည်မသိ ဘုန်းတော်ကြီး နှစ်ပါးနှင့် အတူ အကျွန်ုပ်အား နှစ်ခြင်း မင်္ဂလာကို ပြုပေးကြလေသည်။ ဘက်ပတစ် ဂိုဏ်းသားများသည် နှစ်ခြင်း မင်္ဂလာကို ပြုကြရာတွင် နှစ်ခြင်း ခံသူအား နှာခေါင်းကို ပိတ်၊ မျက်စိကို မှိတ်လျက် ရေကန် အတွင်း ပက်လက်လှန်ချကာ ရေနှစ်ပြီး ပြန်ထူသည်ကို ရုပ်ရှင် ကားများ ထဲတွင် အကျွန်ုပ် တွေ့ဖူးလေသည်။ ယခု အင်္ဂလိကန်ချာ့ချ်မှာ ထိုသို့ တစ်ကိုယ်လုံး နှစ်ခြင်းမျိုး မဟုတ်ဘဲ ရေးက ရေဖျန်း ဘိသိက်ခံခြင်းကဲ့သို့ မင်္ဂလာ ဆုတောင်း ဂါထာများ ရွတ်ဆိုကာ ခေါင်းပေါ်က ရေလောင်းချခြင်းဖြင့် ပြီးလေသည်။

'သင်သည် အဖ ဘုရားသခင်၏ ကောင်းကင်နိုင်ငံတော်တွင် အပြစ် ကင်းသော သန့်စင်သော လူသစ်တစ်ဦး အဖြစ်ဖြင့် မွေးဖွားသူ ဖြစ်လေပြီ၊ သင့်အား ယေရှု ခရစ်တော်သည် အပြစ် အပေါင်းမှ ကယ်တင်သူ ဖြစ်တော့အံ့' ဆိုသည့် သဘော ပါသော အင်္ဂလိပ်လို ပြောသည့် ဘိသိက် မန္တာန်ကို ရွတ်ဖတ်သံကိုလည်း ကြားရလေသည်။

ပျော်ရွှင်ဖွယ်ရာများဖြင့် နှစ်ခြင်း မင်္ဂလာ အဆုံးသို့ ရောက်ခဲ့လေသည်။ အကျွန်ုပ်မှာ ဤအရပ်၌ နှစ်ခြင်း မင်္ဂလာ ခံယူရာတွင် မိဘ အသိုင်းအဝိုင်း၊ ဆွေမျိုးဉာတိလည်း မရှိ။ မ နှင့် သူ့မိခင်တို့ကိုသာ အရင်းနှီးဆုံး ဖြစ်ပေရာ တစ်ကောင်ကြွက်လို ဖြစ်နေသဖြင့် အကျွေးအမွေးကိုလည်း ဘာမျှ မစီစဉ် နိုင်ခဲ့။ သို့သော် ဝတ်ပြုပွဲ ပြီးသောအခါ ဘုန်းတော်ကြီး ဦးလေျသည် အစားအသောက်များဖြင့် ဧည့်ခံ ကျွေးမွေးလေသည်။

www.burmeseclassic.com



နှစ်ခြင်း မင်္ဂလာ ခံယူပြီးသော နောက်ပိုင်းတွင် မ နှင့် အကျွန်ုပ်တို့၏ နီးစပ်မှုမှာ အစကထက် ပိုလာသည်။ နှစ်ယောက်သား တွေ့ဆုံပြီး တရင်းတနှီး နေသော အချိန်ကာလလည်း များလာသည်။ An Affair to Remember, Tea and Sympathy, Never Say Goodbye, Gone With The Wind, Imitation of Life, Roman Holiday စသော ထိတ် ထိတ် ကြ အင်္ဂလိပ် စကားပြော ကမ္ဘာ့ ရုပ်ရှင် ဇာတ်ကားကောင်းများ အဆက်မပြတ် ရုံတင် ပြသသော အခါလည်း ဖြစ်သည်။ အကျွန်ုပ်တို့ နှစ်ဦးလည်း ရုပ်ရှင် ဇာတ်ကားတိုင်းကိုပင် မပြတ်မလပ် ကြည့်ကြလေသည်။ အချိန်ကာလတိုင်း၌ စာရေးဆရာ အနုပညာသည် ဖြစ်လိုသော စိတ်သည် အကျွန်ုပ်အား လွှမ်းမိုးလျက် ရှိသည်။ မ ကတော့ ရုပ်ရှင်ကို သူ့ဝါသနာ အလျောက် အပန်းဖြေမှု တစ်ခု အဖြစ် သဘောထား၍ ကြည့်သလား မသိ။ အကျွန်ုပ်မှာတော့ ထိုသို့ မဟုတ်။ တစ်နေ့သော အခါ ရုပ်ရှင် ဒါရိုက်တာ၊ ရုပ်ရှင် ဖန်တီးသူ တစ်ယောက် ဖြစ်လာချင်သော ဆန္ဒကို မွေးမြူဖို့နှင့် အင်္ဂလိပ်စကား တိုးပွားမှု ဆိုသော ရည်ရွယ်ချက် နှစ်ခုဖြင့် ကြည့်ခဲ့ခြင်း ဖြစ်လေသည်။ ရုံးအလုပ်က တစ်ဖက်၊ ကျောင်း တစ်ဖက်နှင့်မို့ ပင်ပန်းသည် ထင်ရသော်လည်း ပျော်ရွှင်ခြင်းများက ပင်ပန်းခြင်းကို ပယ်ဖျက် ပစ်နိုင်ခဲ့လေသည်။

အတွေ့အကြုံသစ်များမှာ စာရေးဆရာ အနုပညာသည် ဖြစ်လိုသော အကျွန်ုပ် အတွက် အားဆေး တစ်မျိုးလည်း ဖြစ်ခဲ့ပါ၏။

ဘီအေ ပထမနှစ် နှစ်ကုန်ပိုင်းသို့ ရောက်သော အခါ ကံကောင်း ထောက်မပြီး အကျွန်ုပ်တို့အား ဖီလိုဆိုဖီ ပညာ သင်ကြားပေးရန် ရန်ကုန် တက္ကသိုလ် ဒဿနိကဗေဒ ဌာန (ထိုစဉ်က သဘာဝတ္ထဗေဒ ခေါ်သည်) မှ ဆရာမ ရီနာ ဆာကား (ယခု အမေရိကန် နိုင်ငံတွင် တောင်ပုလု ကမ္ဘာအေး သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်နေသူ ဒေါက်တာ ရီနာ ဆာကား) ရောက်ရှိ လာလေသည်။

ဆရာမ ရီနာနှင့် အတူ ဖီလိုဆိုဖီ သင်ရိုး အသစ်လည်း ပါလာသည်။ ဆရာမ ရီနာ ရောက်လာခြင်းကို ကံကောင်း ထောက်မသည်ဟု ဆိုရခြင်းမှာ အကြောင်း ရှိပါသည်။

ဆရာမ မလာမီက ဖီလိုဆိုဖီ ဘာသာရပ်ကို ဆရာ ဒတ်စ် ပြသ ခဲ့လေသည်။ ဆရာ ဒတ်စ်သည် အိန္ဒိယ အမျိုးသား ပညာရှင် တစ်ဦး ဖြစ်သဖြင့် မြန်မာလိုလည်း မပြောတတ်။ အင်္ဂလိပ်လို သင်ကြား ပြန်တော့လည်း သူ့ အင်္ဂလိပ် စကားကို အကျွန်ုပ်တို့က နားမလည်။ နားမလည်ခြင်းမှာ သူ အင်္ဂလိပ် စကားပြောသော အခါ ကုလားသံ ဝဲနေသောကြောင့်လည်း တစ်ကြောင်း၊ သူ ပြောဆို သင်ပြသော ဖီလိုဆိုဖီ ဘာသာရပ် ဆိုင်ရာ ဝေါဟာရများမှာ သာမန် အင်္ဂလိပ်စာ ဝေါဟာရနှင့်လည်း မတူ၊ အင်္ဂလိပ်စာ အသုံး အနှုန်းကလည်း တစ်မျိုး ဖြစ်နေသောကြောင့် ဖြစ်လေသည်။

ပြီးတော့ အကျွန်ုပ်တို့ စာသင်သားများသည် ထိုစဉ်က ဆရာ ဒတ်စ် သင်ကြား ပြသသော ဖီလိုဆိုဖီ အကြောင်းအရာများကို စိတ်ဝင်စားခြင်း မရှိလှသဖြင့် ပျင်းရိခြင်းလည်း တစ်ကဏ္ဍ ပါဝင်ပါသည်။

မစ္စ ရီနာ ခေါ် ဆရာမကလေးမှာ ဆာရီဝတ် အိန္ဒိယ အမျိုးသမီးပင် ဖြစ်သော်လည်း မြန်မာပြည်ဖွား မာရဝါရီ အမျိုးသမီး ဖြစ်သည်။ မြန်မာ စကားကိုလည်း ပြောတတ်သည်။ မြန်မာစာလည်း တတ်သည်။ အင်္ဂလိပ် စကားကိုလည်း အင်္ဂလိပ်သံ ပေါက်အောင် ပြောတတ်ပေရာ ဆရာမ၏ စာသင်ချိန်သည် အကျွန်ုပ်တို့ အဖို့ ပျော်ရွှင်ခြင်းများဖြင့် ပက်ဖျန်း ထားသော အချိန် ဖြစ်လေ၏။

ဆရာမ ရီနာသည် သတင်းကောင်းကို ယူဆောင်လာသူလည်း ဖြစ်လေသည်။ ရောက်ရောက်ချင်း ပထမဆုံး စာသင်ချိန်တွင် ဆရာမက ယခုအခါ အမေရိကန်ပြည် ယေး တက္ကသိုလ်မှ ပညာ သင်ကြားပြီး၍ ဒေါက်တာ ခင်မောင်ဝင်း ပြန်လာပြီ ဖြစ်ကြောင်း၊ ဆရာ ဒတ်စ်လည်း အသက်ကြီး၍ ပင်စင် ယူသွားပြီ ဖြစ်သဖြင့် ဖီလိုဆိုဖီ ဌာနတွင် ဆရာ ကေ၊ အင်၊ ကားက ပါမောက္ခ အဖြစ် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ရှေးက ဖီလိုဆိုဖီကို သင်ကြား သကဲ့သို့ အင်ပီရီးဆဇ္ဇင်း (Empiricism)၊ ရာရှင်နယ်လဇ္ဇင်း (Rationalism)၊ အိုက်ဒီယာ လဇ္ဇင်း (Idealism)၊ မတီရီယယ်လဇ္ဇင်း (Materialism) စသကဲ့သို့ အယူဝါဒ သဘောတရားများချည်း ထုတ်ပြီး သင်သောနည်းကို မပြုတော့ဘဲ ဖီလိုဆိုဖီ သမိုင်း (History of Philosophy) ကို သင်တော့မည် ဖြစ်ကြောင်း ပြောကြားလေတော့သည်။

ဘီအေ ပထမနှစ်တွင် ဖီလိုဆိုဖီ (အနောက်တိုင်း) သမိုင်းကို စတင်သင်ကြားသည်က စ၍ အကျွန်ုပ်၏ အတွေးအခေါ် အထုံ ဝါသနာနှင့် အတွေးအခေါ်

www.burmeseclassic.com



ဉာဏ်သည် တစ်ဟုန်ထိုး တိုးတက် လာသည်ဟု ဆိုရပေလိမ့်မည်။

အတွေးအခေါ် ပညာ (ဖီလိုဆိုဖီ) သမိုင်းကို လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော် ခေါ်မ တိုင်းသားတို့ခေတ်က စတင်၍ သင်ကြားလေသည်။ ထိုအချိန်သည် အရှေ့တိုင်းတွင် ဗုဒ္ဓနှင့် ခေတ်ပြိုင် ဒဿနဂိုဏ်းများ ပေါ်ချိန်နှင့် မရှေးမနှောင်း ဖြစ်လေသည်။

ပထမ အိုင်အိုးနီးယန်း ဂရိ အတွေးအခေါ် ပညာရှင်များ မိုင်လီတပ် ခေါ်သော မြို့ကလေးတွင် ပေါ်ပေါက်လာကြပုံ၊ ထိုသူတို့ အနက် အစောဆုံး ဖြစ်သော သေလီ (၆၂၅–၅၄၅ ဘီစီ) က စ၍ သဘာဝ လောကကြီးကို ဖီလိုဆိုဖီ ပညာဖြင့် စူးစမ်းပုံကို မှတ်သား ရလေသည်။ သဘာဝ လောကကြီးသည် မည်သည့် ထာဝရ အခြေခံ တရားက စတင်၍ ဖြစ်ထွန်းလာသနည်း။ ယခုအခါ လောက၌ တွေ့မြင် နေရသော သက်ရှိ သက်မဲ့ အရာဝတ္ထုများမှာ အကွဲကွဲ အပြားပြား ဖြစ်လျက် တစ်ခုနှင့် တစ်ခု ခြားနားဟန် ရှိနေကြသော်လည်း ၎င်းတို့ အားလုံးသည် တစ်ခုသော မဟာဘူတ ဓာတ်ကြီးက စတင် ဖြစ်ပွား လာကြခြင်းသာ ဖြစ်ပေလိမ့်မည်ဟု သူ စတွေးလေသည်။

ဤအတွေးသည် သဘာဝ လောကကြီး၏ မူလအကြောင်းတရား ဖြစ်သော အခြေခံ တရားကို လိုက်ရှာဖို့ အားထုတ်သော အတွေးမျိုး ဖြစ်လေသည်။

မိုင်လီတပ် မြို့သား အတွေးအခေါ် ပညာရှင်များ၏ ဒဿန တရားများကို စတင် လေ့လာစဉ်က စ၍ အကျွန်ုပ်မှာလည်း ဉာဏ် တစ်ခု ပွင့်ခဲ့လေသည်။ ထို ဉာဏ် ပွင့်ခြင်း၏ အစမှာ ဤသို့ ဖြစ်လေသည်။

သူတို့သည် မျက်စိအောက်မှာ မြင်ရသော အရာဝတ္ထုတို့၏ ကွဲပြား ခြားနားသော သဘာဝ၊ မမြဲသော သဘာဝကို မြင်နေကြသည်။ ထို မမြဲသော တရား၏ နောက်ဝယ် အမြဲ ထာဝရ ဖြစ်သော ပရမတ် မူလဓာတ်ကြီး တစ်ခု ရှိတန်ရာ၏ ဟူသော အတွေးဖြင့် စူးစမ်းနေကြခြင်း ဖြစ်၏။

အကျွန်ုပ်လည်း ယခုအခါ သဘာဝ လောကကြီး၏ ဖန်ဆင်းတော်မူသော အရှင်၊ ထာဝရ ဘုရားသခင်ကို လိုက်ရှာနေခြင်း ဖြစ်ပေရာ စူးစမ်းပုံချင်းကား တူသည် ဆိုသော အချက်ကို နား လည် လိုက် ခြင်း ဖြစ်၏။

ထိုအခါမှ စ၍ အကျွန်ုပ်သည် ပရမတ္ထ သစ္စာရှာ ဒဿန နောက်သို့ ခြေရာကောက် လိုက်ဖို့ စိတ်အား ထက်သန် လာလေတော့၏။ စိတ်အား ထက်သန်လာရသည့် အ ကြောင်း မှာ လောက သဘာဝ၏ အမှန် သဘာဝ (သစ္စာ)၊ ဘဝ၏ အမှန် သဘာဝ (သစ္စာ) ကို ရှာဖွေရာတွင် သိနိုင်သော နည်းလမ်း ရှိဖို့လို၏။ ထို နည်းနိဿယများကို ကမ္ဘာ့ ဒဿန ပညာ သမိုင်း တစ်လျှောက် ဒဿန ဆရာကြီးများ ရှာဖွေ ဖော်ထုတ်ခဲ့ကြပုံများကို လေ့လာ တတ်မြောက်မှသာ အကျွန်ုပ် သိလိုသော အချက်ကိုလည်း သိခွင့် သိလမ်း ရှိပေတော့မည်ဟု တွေးမိသောကြောင့် ဖြစ်လေသည်။

အကျွန်ုပ်၏ စိတ် အပြောင်းအလဲ ဖြစ်လာခြင်းကို မ အား ပြောပြရန် စိတ်ကူး ကြည့်သော်လည်း ပြောချင်သော ဆန္ဒ မရှိသဖြင့် မပြောဘဲ နှုတ်ငုံ ထားမိလေသည်။ မ အနေနှင့်မူ အကျွန်ုပ်သည် အတွေးအခေါ် ဝါသနာ ပါသူ ဖြစ်၍ ဖီလိုဆိုဖီ ဘာသာရပ်ကို ပိုပြီး စိတ်ဝင်စားခြင်းသာ ဖြစ်လိမ့်မည်ဟု ထင်ခြင်းဖြင့်သာ အကျွန်ုပ်ကို နားလည် နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃။ ဒဿန လမ်းခွဲပေါ်က ချစ်သူ နှစ်ဦး

လောကကို အနည်းနည်း အဖုံဖုံ ရှုမြင်သော အတွေးအမြင် စနစ်မျိုးကို အလွန် ရှေးကျသော ဂရိ အတွေးအခေါ်များ၌ တွေ့ရလေသည်။ သူတို့ ဘာကို လိုက်လံ ရှာဖွေနေကြသနည်း။

ဆရာမ ရီနာ၏ သင်ကြားချက်များသည် တခြားသော စာသင်သား တပည့်များ အတွက် စာမေးပွဲ အောင်ရေး အတွက် ဖြစ်ချင် ဖြစ်ပေလိမ့်မည်။ မသည်ပင်လျှင် ဖီလိုဆိုဖီကို စာမေးပွဲ အောင်ရေး အတွက်လောက်သာ အရေးထားဟန် တူသည်။ အကျွန်ုပ်ကား ထိုသို့ မဟုတ်ချေ။ ဂရိတိုင်းသား ဒဿနဆရာများကဲ့သို့ပင် အကျွန်ုပ်သည်လည်း မသိသေးသော တစ်စုံတစ်ခုသော အရာကို လိုက်ရှာနေသည် ဟူ၍သာ အောက်မေ့ နေလေသည်။

ဖီလိုဆိုဖာများသည် လောက၏ အရင်းအမြစ် မူလ အခြေခံ တရားကို လိုက်ရှာ နေကြကြောင်း သိရသော အခါ အကျွန်ုပ်မှာ အားတက်၍ မဆုံးအောင်ပင် ဖြစ်မိလေသည်။ လမ်းဆုံးလျှင်တော့ ရွာကို တွေ့ရမှာပဲ ဟုလည်း စိတ်မှာ မျှော်လင့်ချက် အားသန်လျက် ရှိလေ၏။

လောကကြီးသည် ရေဓာတ် မြေဓာတ် လေဓာတ် မီးဓာတ် စသော ရုပ်ဓာတ်ကြီးများမှ စတင် ဖြစ်ပေါ်လာသည် ဆိုသော ရုပ်ဝါဒကို ရှေးဦးကာလ ကတည်းက စတင် ငြင်းပယ်သူမှာ အနက္ကဇီ မန်းဒါး (၆၁၀–၅၄၇ ဘီစီ) ဖြစ်လေသည်။ သူကား ထူးခြားသော အမြင်ရှိသူ တစ်ယောက်ဟု အကျွန်ုပ် ထင်မိလေသည်။ စကြဝဠာကြီးသည် ရုပ်ချည်း သက်သက် မဟုတ်။ စကြဝဠာကြီးမှာ ဝိညာဉ်သဘော ရှိသည်၊ အကျင့်သီလ သဘောလည်း ရှိသည်၊ ကောင်းမှု ဆိုးမှု သဘောလည်း ရှိသည်၊ ကုသိုလ် အကုသိုလ် သဘောလည်း ရှိသည်ဟု သူ မြင်နေသည်မှာ အံ့သြဖို့ ကောင်းသည်။ ထို့ကြောင့် စကြဝဠာကြီးသည် ရုပ်ဓာတ် သက်သက်တို့၏ ပြုပြင် ဖန်တီးမှုကြောင့် ဖြစ်ပေါ်တိုးတက် လာရသည်ဆိုသော အမြင်ကို သူ ပယ်ချလိုက်ခြင်း ဖြစ်လေသည်။ သို့သော် 'ဒါဖြင့် ဘာက သဘာဝ လောကကြီးကို ဖန်တီး ဖြစ်ပေါ်စေခဲ့သလဲ' ဟု သူ့ကို မေးလျှင်လည်း သူ့မှာ တိတိကျကျ ဖြေနိုင်သော အဖြေတော့ မရှိ။ ရမ်းသန်းပြီး 'အဆုံးအစ မရှိတဲ့ အရာကြီး' တစ်ခုက စဖြစ်လာတာပဲဟု မရေရာသော အဖြေကိုသာ သူ ပေးနိုင်ခဲ့လေသည်။ အဖြေပေးပုံကတော့ ဟန်မကျလှ။ သို့သော် သူ့ ခေါင်းထဲတွင် အမှန်တရားနှင့် နီးစပ်လာသော အတွေးအမြင် တစ်ခု ဖြစ်ပေါ်နေသည်ကတော့ အမှန်ပေပဲဟု အကျွန်ုပ် တွေးမိခဲ့ဖူးလေသည်။

ခရစ်တော် မပေါ်မီ အနှစ် ခြောက်ရာကျော် ကတည်းက စကြဝဠာ လောကကြီး၏ စတင် ဖြစ်ပေါ်ရာ အခြေခံ အကြောင်းတရားကို ဖွေရှာ စူးစမ်း နေကြသော ဒဿနဆရာကြီးများ ပေါ်နေကြပြီပဲ။

သဘာဝ လောကကြီးကို ရုပ်သဘော သက်သက်ကြီးတော့ဖြင့် စဉ်းစားနေလို့ မဖြစ်ပေဘူး။ ရုပ်သဘောကြီး သက်သက် စဉ်းစားနေလျှင် စိတ်သဘော နာမ်သဘောတွေကို ဘယ်နည်း ရှင်းမလဲ။ စိတ်ထဲမှာတော့ သည်လိုပဲ ပေါ်နေခဲ့လေသည်။

ပိုက်သဂိုရပ် (၅၇၈–၅၀၀ ဘီစီ) ကား ထင်ရှားလှသော သင်္ချာပညာရှင်ကြီး ဖြစ်လေသည်။ ပိုက်သဂိုရပ်သည် အရှေ့တိုင်းက အီဂျစ်ပြည်သို့လည်း ရောက်ဖူးသည်။ တမလွန် ဘဝကိုလည်း ယုံကြည်သည်။ သို့သော် သူသည် အမြင် ထူးခြားသူ ဖြစ်လေသည်။ သဘာဝ လောကကို ကြည့်လိုက်တိုင်းမှာ သူသည် သင်္ချာသဘောတွေကိုချည်း မြင်နေလေသည်။

သင်္ချာသဘောတွေသည် ရုပ်သဘောတွေ မဟုတ်၊ နာမ်သဘောတွေသာ ဖြစ်သည်။ သုညသည် ရုပ်သဘော မဟုတ်၊ နာမ်သဘော ဖြစ်သည်။ စုံ သဘော၊ မ သဘော၊ တစ်ခု သဘော၊ အများ သဘော၊ အဖြောင့် သဘော၊ အကောက် အကွေ့ သဘော၊ လေးထောင့် သဘော၊ တြိဂံ သဘော၊ စက်ဝိုင်း သဘော စသည်တို့သည်လည်း ရုပ်သဘောများ မဟုတ်၊ နာမ်သဘောတွေချည်း ဖြစ်ကြသည်။

ဒါဆို သဘာဝ လောကကြီးမှာ နာမ်သဘော သင်္ချာသဘောနှင့် လွတ်သော အရာ ဘယ်မှာ ရှိလေ

www.burmeseclassic.com



**သနည်း**။ သချာကို သိလျှင် စကြဝဠာကို သိနိုင်ပြီပဲ။ သချာ သဘောတွေ သိမှပဲ သဘာဝ လောက၏ အစစ်အမှန် သစ္စာ သဘောကို သိတော့မည်ဟု ပိုက်သဂိုရပ်နှင့် သူ့ တပည့်တပန်းတွေက စဉ်းစား ကြလေသည်။ ဤအတွေးအမြင်ကိုလည်း ပေါ့ပေါ့ တွေးပြီး ပေါ့ပေါ့ သဘောထားလို့ဖြင့် မဖြစ်နိုင်ပါ။ ယနေ့ ထက် တိုင် သဘာဝ သိပ္ပံပညာကို သချာက ကြီးစိုးနေသည်မှာလည်း ထင်ရှားဆဲ ရှိလေသည်။ တစ်ဖက်က ကြည့်လျှင် လောကကြီးကို သချာက လွှမ်းမိုးနေသည်မှာ မှန်သလို ရှိ၏။ သို့သော် သချာက အရေအတွက် သဘောတွေကိုသာ ပြောပြနိုင်သည်။ အရည်အချင်း သဘောတွေကိုတော့ သချာက မပြောပြနိုင်ပါ။

သဘာဝ၏ ထာဝရ ပရမတ္ထသစ္စာ ဆိုတာ ဘာလဲ ဆိုသည့် မေးခွန်းကို သူတို့ အဖြေထုတ်ဖို့ ကြိုးပမ်းနေကြသည်ကို အနောက်တိုင်း ဖီလိုဆိုဖီ သမိုင်းကို လေ့လာရင်း အကျွန်ုပ်သည် တစ်နေ့ထက် တစ်နေ့ ပို၍ သဘောပေါက်လျက် ရှိလေသည်။ ဂရိ ပညာရှင်တွေထဲမှာ သဘာဝရဲ့ ထူးခြားတဲ့ အချက်တွေကို စူးစူးရှရှ ထက်ထက်မြက်မြက် မြင်တတ်လာသူတွေမှာ ဟေရာကလိုက်တပ် (၅၃၅–၄၇၅ ဘီစီ) နှင့် ဒီမိုကရိတပ်တို့ ဖြစ်သည်ဟုလည်း သိလာသည်။

ထာဝရ ဖြစ်သော ပရမတ္ထ သစ္စာကို ရှာဖွေကြရင်းက စကြဝဠာကြီး၏ မမြဲသော အဖြစ်၊ ပြောင်းနေသော အဖြစ်သနစ်များကို မြင်လာသည်။ သူ့အမြင်တွင် မဖောက်ပြန်သော မပျက်စီးသော မပြောင်းလဲသော ထာဝရ ဆိုသော တရားမျိုး ရှိသည်ကို ဟေရာ ကလိုက်တပ်သည် ဘယ်လို ရှုလို့မှ မမြင်။ သူ တွေ့နေသမျှ မမြဲသော တရားချည်း ဖြစ်နေသည်ကိုသာ မြင်သည်။ ထို့ထက် ပိုပြီး သူ မြင်လိုက်သည်ကား အစဉ် မှတ်သားဖွယ် ကောင်းလေသည်။

ဖြစ်ခြင်းနှင့် ပျက်ခြင်းကိုပင် ဟေရာ ကလိုက်တပ် လက်ထက်က စပြီး ပြောင်းလဲခြင်း၏ အဓိပ္ပာယ်များ အဖြစ် သတ်မှတ်လေသည်။ ဖြစ်ခြင်းနှင့် ပျက်ခြင်း ဆိုသည်မှာ ရှိခြင်းမှ မရှိခြင်းသို့ ပြောင်းခြင်းပင်တည်းဟု သူ ရဲရဲဝံ့ဝံ့ ဖွင့်ဆိုလိုက်သော ထိုစကားကို ကြားရသော အခါ အကျွန်ုပ်သည် ဖန်ဆင်းခြင်းကို ရေးရေးနားလည် လိုက်သလို ဖြစ်မိသည်။

ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်သည် မရှိသော အဖြစ်မှ ဤလောကကြီးကို ရှိသော အဖြစ်သို့ ရောက်အောင် ဖန်တီး ဖြစ်ပေါ် စေခဲ့လေသလား။

သို့သော် ရှေ့ဆက်တွေး၍ မရတော့ချေ။ ဘာမှ မရှိဘဲနှင့် ရှိအောင် ဘယ်လို ဖန်ဆင်းမလဲ။ အကျွန်ုပ်၏ ဦးနှောက်မှာ ထိုမျှ အထိ နိုက်မီသော လက်တံ မရှိဘဲ ဖြစ်နေလေတော့၏။

ရှေးဦး ဂရိ အတွေးအခေါ် ဆရာကြီးများသည် အကျွန်ုပ်အား အထူးထူး အထွေထွေ စဉ်းစား ဝေဖန်တတ်အောင် သင်ကြား ပေးနေကြသည်နှင့်လည်း တူပါ၏။

ဒီမိုကရိတပ် လက်ထက်တွင် လောကကြီး၏ အခြေခံ တရားသည် 'အက်တမ်' (အဏုမြူ) ဖြစ်သည်ဟု ဖော်ထုတ် ပြောဆို လာသည်မှာ ထူးခြားလှသည်။ သူတို့သည် သိပ္ပံအမြင်များ ဖြစ်ပေါ်လာအောင် လမ်းခင်း နေကြလေပြီ တကား။

အကျွန်ုပ်သည် ထိုအခါမှ စ၍ မက်တာဖိစစ် (meta physic) ဆိုသော ဒဿန ဝေါဟာရ တစ်လုံးကို စတင် နားလည်လာသည်။ မက်တာဖိစစ် ဆိုသည်မှာ သဘာဝ တရားကို လွန်ပြီး တွေးခေါ် ရှုမြင်သော တွေးပုံ တွေးနည်း ဖြစ်လေသည်။ ကမ္ဘာ လောကကြီး ဘယ်ပုံ ဘယ်နည်း ဖြစ်ပေါ်လာသည်ဟု စိတ်ကူးဖြင့် ထင်ရာမြင်ရာ မှန်းဆ တွေးခေါ်ခြင်းမျိုးကို မက်တာဖိစစ် ဆိုသည်။

အကျွန်ုပ်သည် ထိုအခါမှ စ၍ လူသား၏ အသိဉာဏ် နယ်ပယ်နှင့် စပ်သော သိမှု ပြဿနာကိုလည်း သဘောပေါက်လာသည်။ သဘာဝ လောကကြီးသည် ဘယ်နည်း ဘယ်ပုံ ဖြစ်လာသည်၊ ရေက ဖြစ်သည်၊ မြေက ဖြစ်သည်၊ လေက ဖြစ်သည်၊ မီးက ဖြစ်သည်၊ အဏုမြူက ဖြစ်သည်၊ မည်သည့် နတ်ဘုရားက ဖန်ဆင်းသည် စသည်အားဖြင့် တွေးခေါ် ပြောဆိုကြရာတွင် ထိုသို့ ဖြစ်လာသည့် အကြောင်းကို ဘယ်ပုံ ဘယ်နည်း သိခဲ့ကြလေသနည်း။ လူသည် ဘယ်မျှလောက် သိနိုင်သနည်း။ ဘယ်နည်းဖြင့် သိနိုင်သနည်း။

ဤသို့ သိနားလည်သည်က စ၍ လောကကို ထာဝရ ဘုရားသခင် ဖန်ဆင်းခဲ့ခြင်းကို ဘယ်ပုံ ဘယ်နည်း သိခဲ့ကြသနည်း ဟူသော အမေးကို မေးမိပြန်၏။

ဤတွင် ကျမ်းဂန်များ၌ ဖော် ပြ ထား သော ဘုရားသခင်၏ ထုတ်ဖော် ပို့ချချက်များ (Revelation) အကြောင်းကို စဉ်းစား မိပြန်လေသည်။

ကုရ်အာန် အပါအဝင် ရှေးက ကျမ်းစာများကို

www.burmeseclassic.com



ပရောဖက်များမှ တစ်ဆင့် ထာဝရ ဘုရားသခင်က ပို့ချပေးသည်။ ထိုကျမ်းစာများသည် ဘုရားသခင်၏ မုက္ခပတ်တော်များ ဖြစ်သည်ဟု သက်ဆိုင်ရာ ဘာသာဝင် အများစုက ယုံကြည် ထားကြလေသည်။

ဘုရားသခင်ထံမှ ထိုကျမ်းများကို ပို့ချခဲ့ပုံများ မှာလည်း ဆန်းကြယ်ပြီး စိတ်ဝင်စားဖွယ် ကောင်းလှ ပါသည်။

အကျွန်ုပ် ငယ်စဉ်က ကုရ်အာန်ကို ဆရာသမား ဖြင့် သင်ကြားစဉ် မှတ်သားခဲ့မိသည်မှာ မုဟမ္မာဒ်သည် အသက် ၃၅ နှစ် အရွယ်တွင် တောထွက် ခဲ့လေသည်။ ဟီရာ တောင်ထိပ်ရှိ ကျောက်ဂူ အတွင်း၌ တရားကျင့် သည်။ ကမ္မဋ္ဌာန်းတရားကို အားထုတ်နေစဉ် အလွန် ထူးဆန်း အံ့ဖွယ်ရာ အတွေ့အကြုံ တစ်ရပ်ကို ရရှိခဲ့ လေသည်။ ထိုအတွေ့အကြုံက သူ၏ ဘဝ အတွေးအမြင် တစ်ခုလုံးကို ပြောင်းလဲ သွားစေခဲ့၏။ မုဟမ္မာဒ်သည် ဂူထဲတွင် တရား အားထုတ်ပြီးနောက် အိပ်ပျော်နေစဉ် ကောင်းကင်တမန် ဂျီဘရာအီလ် (ဂါဗြေလ)[၁] သည် သူ့ထံသို့ ရောက်ရှိလာပြီးနောက် မုဟမ္မာဒ်ကို စကား ဆိုသော ဟူ၏။ မုဟမ္မာဒ်လည်း အိပ်ရာမှ နိုးပြီးနောက် လိုဏ်ဂူ အပြင်သို့ ထွက်ကြည့်သည်တွင် ကောင်းကင်ပြင် မိုးကုပ် စက်ဝိုင်းစွန်း၌ ကောင်းကင်တမန်ကို မြင်တွေ့ ရသည် ဆိုသည်။ ကောင်းကင်တမန် ပြောဆိုသော အသံကိုလည်း ကြားရလေသည်။

'အို မုဟမ္မာဒ်၊ အသင်သည် အလ္လာဟ်အရှင်၏ တမန်တော်ဖြစ်၍ ငါမူကား ဂျီဘရာအီလ် ဖြစ်၏' ဟု ဆိုသော ဟူ၏။

ကျမ်းဂန်တွင် မုဟမ္မာဒ် သခင်ထံသို့ ကောင်းကင် တမန် ဂါဗြေလ (ဂျီဘရာအီလ်) မှတစ်ဆင့် ကုရ်အာန် ကျမ်းမြတ်ကို ပို့ချပေးကြောင်း သိရလေသည်။ ကျမ်းဂန် အရ ဆိုလျှင်တော့ မုဟမ္မာဒ် သခင်၏ ဤအတွေ့ အကြုံသည် ထူးထူးခြားခြား ယခုမှ တွေ့ကြုံဖူးသော အတွေ့အကြုံတော့ မဟုတ်။ ရှေးက ဣသရေလတို့၏ ပရောဖက်များလည်း ဤအတွေ့အကြုံမျိုးကို တွေ့ကြုံ ခဲ့ကြကြောင်းကို သမ္မာကျမ်းစာမှာရော ကုရ်အာန်ကျမ်း မှာပါ ပြသည်။ ဂါဗြေလသည် ရှေးက ပွင့်ပေါ်ဖူးသော ဣသရေလတို့၏ ပရောဖက်များ လက်ထက်တွင်လည်း ထာဝရ ဘုရားသခင်၏ ကောင်းကင်တမန် အဖြစ်ဖြင့် လာရောက် ဆယ်သွယ် ခဲ့ဖူးလေသည်။ ဗတ္တိဇံ ဆရာ ယောဟန် အကြောင်းတွင်လည်း ထာဝရ ဘုရားသခင်

သည် ကောင်းကင်တမန် ဂါဗြေလကို ခေါ်၍ ယဇ် ပရောဖက် ဆရာကြီး ဇာခရိထံသို့ စေလွှတ်လေသည်။ ဇာခရိနှင့် သူ့ဇနီး ဧလိဇဗက်တို့သည် အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သော်လည်း သားတစ်ယောက် ရရှိလိမ့် မည် ဖြစ်ကြောင်း၊ ထိုသားကို ယောဟန်ဟု အမည် ပေးရမည် ဖြစ်ကြောင်း ပြောကြားစေသည်ဟု သမ္မာ ကျမ်းစာ၌ ဖော်ပြထားချက် ရှိသည်။ (ယောဟန်ကို ကုရ်အာန်တွင် ဟဇရတ်ယဟ်ဟာ ဟု ပြသည်။ သူ့ဖခင် ဇာခရိ၏ အမည်မှာ ဟဇရတ် ဇက္ကရီးယားဟ် ဖြစ်သည်။)

သမ္မာကျမ်းစာ ဓမ္မသစ်ကျမ်း (၂၇) ကျမ်း၏ နောက်ဆုံးသော ဗျာဒိတ်ကျမ်းသည်လည်း ထာဝရ ဘုရား သခင်က ခရစ်တော်အား ပို့ချပေးသော ဘုရားသခင်၏ မုက္ခပတ်တော်များပင် ဖြစ်လေသည်။ ထိုဗျာဒိတ်စကား များကို ခရစ်တော်က သူ၏ တပည့်သာဝကကြီး ဂျွန် အား ပြန်လည် ထုတ်ဖော် ဟောကြားချက်ကို မှတ်တမ်း ပြုထားသော ကျမ်းငယ် ဖြစ်လေသည်။

အကျွန်ုပ်သည် နိုင်ငံရေး ဝဲဂယက်မှ ရုန်းထွက် ခဲ့ပြီးသည့် အချိန်က စ၍ စာ များများဖတ်ရန် အတွက် လည်း ငွေရှင်လျက် ရှိခဲ့၏။

လူဝင်မှု ကြီးကြပ်ရေး အရာရှိ တာဝန်ကို ထမ်း ဆောင်ပြီးနောက် မကြာမီပင် အကျွန်ုပ်သည် တရားစွဲ အရာရှိ ဖြစ်လာလေသည်။ ထိုနေရာကား ငွေရှင်သော နေရာ ဖြစ်၏။ မိမိက တမင်တကာ လာဘ်ပေးလာဘ်ယူ လုပ်ရသည်တော့ မဟုတ်။ စာရေးများက လုပ်ပြီး ဝေစု ပေးသည်ကို ခံစားရခြင်းသာ ဖြစ်လေသည်။ တရားစွဲ အရာရှိ လုပ်ရခြင်းမှာ သက်လည်း သက်သာသည်။ စိတ်ညစ်ဖို့လည်း ကောင်းသည်။ တခြား ရှာဖွေ ဖမ်းဆီး ရေး ဌာနများက တရားမဝင် ဝင်ရောက်လာသော နိုင်ငံ ခြားသားများနှင့် နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင် သူများ၏ ဥပဒေ ကျူးလွန်မှုများကို အကျွန်ုပ်က ရုံးတင် တရားစွဲရခြင်း၊ ဒဏ်ရိုက် ထောင်ချ ပြည်နှင်ဒဏ် ပေး ရာတွင် ကူညီ ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ နေ့စဉ် မရှိဆင်းရဲသား များ၏ ငိုညည်းသံများကို ကြားရသော အလုပ်လည်း ဖြစ်၍ နေ့စဉ်ပင် ငွေရှင်များ၏ အမြောက် အစားကို ခံရသော အလုပ်လည်း ဖြစ်၏။ နေ့စဉ် တခြား ဌာနများက ပို့လာသော တရားခံများကို နေ့ချင်း ရုံးတင်ရန် အချိန်မမီလျှင် နောက်တစ်နေ့ ရဲအချုပ်သို့ ပို့ရမည် ဖြစ်၏။ သို့မဟုတ်ဘဲ စိတ်ချရသူ ဖြစ်လျှင် ၎င်းတို့၏ အက်ဖ်အာစီ နိုင်ငံခြားသား လက်မှတ်ကို

www.burmeseclassic.com



အာမခံ ယူပြီး အကျွန်ုပ်က သက်သေခံ လက်မှတ် ထုတ်ပေးကာ တစ်ညဥ့် အာမခံ ပေးလိုက်ပြီးနောက် နောက်နေ့တွင် ရုံးတင် စစ်ဆေးလိုကလည်း စစ်ဆေးနိုင်လေသည်။ ထိုအခွင့်အရေးကား လာဘ် လာဘ ရနိုင်သော အခွင့်အရေးပင်တည်း။ သို့ပင် ဖြစ်လင့်ကစား အရှက်နှင့် အကြောက် ကြီးသော အကျွန်ုပ်မှာ မိမိကိုယ်တိုင် ထို လာဘ် လာဘကို မျှော်ကိုးပြီး ဘာမျှ မလုပ်ဝံ့။ စာရေးများကသာ အထိုက်အလျောက် လုပ်ကျွေး နေသည်ကို ခံစားလျက် ကျေနပ် နေခဲ့သည်ကား အမှန်ပင် ဖြစ်လေသည်။

တစ်နေ့လျှင် ငါးဆယ် တစ်ရာမျှ စီသော ထိုအလုပ်ကြောင့် အကျွန်ုပ်မှာ အပေါင်းအသင်းလည်း များလာသည်။ ညနေ ရုံးဆင်းတိုင်းလည်း အရက်သောက်တတ်လာသည်။ အလကား ရသော စီးကရက်ဘူးများက အကျွန်ုပ်အား ဆေးလိပ် သောက်တတ်အောင်လည်း ဖျက်ဆီးခဲ့ပါ၏။ သို့သော် မ ရှေ့သို့ ရောက်သော အခါမှုကား အကျွန်ုပ်မှာ မခုတ်တတ်သည့် ကြောင်တစ်ကောင်ပမာ သူတော်ကောင်း ယောင်လည်း ဆောင်တတ်လာ၏။

မ မွေးနေ့ကို အကျွန်ုပ် မှတ်မိပါသည်။ ထိုနေ့တွင် လသာ လမ်းထိပ်က ထိုက်ဆန်း ရွှေဆိုင်မှ ဆွဲကြိုးကလေး တစ်ကုံး ဝယ်ခဲ့သည်။ ငှက်လှောင်အိမ် သဏ္ဍာန် လော့ကက်သီးကလေး တစ်လုံးလည်း ဝယ်သည်။ ရွှေဈေးက လေးရာပင် မကျော်သေး။ အားလုံးပေါင်း ကြိုးရော လော့ကက်ပါမှ သုံးရာကျော်ပဲ ကျသည်။ မ ၏ လှပကြော့ရှင်းသော လည်တိုင်မှာ ဆွဲကြိုးကလေးကို ကိုယ်တိုင် ဆွဲပေးလိုက်သည်။ အကျွန်ုပ်ကို မော့ကြည့်ရင်း ငေးနေရှာသော မ ၏ မျက်ဝန်းထဲတွင် မျက်ရည်စများ တွေ့ရသည်။ ဝမ်းနည်းသော မျက်ရည်လား၊ ဝမ်းသာသော မျက်ရည်လား အကျွန်ုပ် ဝေခွဲရ ခက်လှပါ၏။ ရင်ထဲမှာ မ ကို ဆင်ပေးလိုက်ရခြင်း အတွက် နှစ်သိမ့်ကြည်နူးမိသည်ကတော့ အမှန်။ ရွှေသည် မိန်းကလေး၏ အလှကိုရော ကျက်သရေကိုပါ တိုးအောင် ပြုလုပ်နိုင်သော သတ္တိရှိသည်ဟုလည်း အကျွန်ုပ် ရင်မှာ ခံစားမိလေသည်။ အကျွန်ုပ်လည်း စကား မပြော၊ မ လည်း စကား မပြောဘဲ အတန်ကြာနေသည်။ စကား စ ပြောတော့လည်း မ အသံများ တုန်လျက် လှိုက်လှဲလှသည်။

'ဒီလောက် အဖိုးတန်တာကိုတောင် လက်ဆောင်ပေးရသလား ကိုဆန်းလွင်ရယ်'

'အဖိုးတန်တယ် ဆိုတာ ဘာကို ပြောတာလဲ မ'

'သြော် ငွေကြေး တန်ဖိုးကို ပြောတာပါကွယ်'

'မ ကလည်း ငွေကြေးတန်ဖိုး ဆိုတာက အသုံးတန်ဖိုး ကိရိယာ တန်ဖိုး (instrumental value) ပဲ ရှိတာ၊ အသုံးချရုံက လွဲလို့ ငွေစက္ကူမှာ တခြား ဘာ တန်ဖိုး ရှိလို့လဲ'

'ဟုတ်တော့ ဟုတ်တာပေါ့ကွယ်၊ ဒါပေမယ့် အဲဒီငွေ ရဖို့ အတွက် ယူ စိုက်ထုတ်ရတဲ့ အချိန်တွေ၊ ကာယအား ဉာဏအားတွေ ဆိုတာကလည်း ရှိသေးတာကိုး၊ ပြီးတော့ . . .'

မ သည် သူ့စကားကို ရပ်ပြီး စဉ်းစား နေလေသည်။ သမီးရည်းစား စကားသည် အတွေးအခေါ် ဖြစ်သွားသည်ကို အကျွန်ုပ် အံ့အား မသင့်မိသော်လည်း မ စကားလုံးများ၏ အဆုံးတွင် ဆွတ်ပျံ့ဖွယ်ရာ 'ကွယ်' ဆိုသော အသုံးအနှုန်း ပိုလာသည်ကိုတော့ အကျွန်ုပ် တကယ်ပင် စိတ်ဝင်စား မိလေသည်။ မ စိတ်ထဲမှာ ဆွတ်ပျံ့ခြင်းများ ဖြစ်နေပြီလား။

'ပြီးတော့ ဆက်ပြောပါဦး မ ရဲ့'

မ သည် တွေးတွေးဆဆ ပြောလေသည်။

'ဒီ ဆွဲကြိုးကလေးထဲမှာ ငွေကြေး တန်ဖိုးနှင့် ဖြတ်လို့ မရတဲ့ ပကတိ တန်ဖိုး (intrinsic value) တွေ ပါတယ် ဆိုတာကိုလည်း မ ကောင်းကောင်း သဘောပေါက်ပါတယ်'

တော်လိုက်သည့် မ ပါကလား။ စိတ်ထဲက ကျိတ်ပြီး ချီးမွမ်းလိုက်မိ၏။ မ ဘာကို ဆိုလိုသည်ကိုလည်း အကျွန်ုပ် နားလည်သည်။ သည်ဆွဲကြိုးသည် ငွေကြေးဖြင့် တန်ဖိုး ဖြတ်အပ်သော ပစ္စည်းမဟုတ် ဆိုသည်ကို မ နှလုံးသားက သဘောပေါက်ဖို့ အရေးကြီးသည်။ ဤ အရာသည် အသုံးကျကျ မကျကျ သည်အထဲမှာ မြတ်နိုးခြင်း ပါသည်။ အစဉ် သတိရစရာ အချစ်၏ အိပ်မက်များလည်း ပါသည်။ သည်တန်ဖိုးများကို ရုပ်ဝတ္ထုပစ္စည်းတွေဖြင့် တန်ဖိုး ဖြတ်၍ ရကောင်းသည် မဟုတ်ပါ။ မ နှလုံးသား၏ အသိ၊ မ နှလုံးသား၏ နားလည်မှုဖြင့်သာ တန်ဖိုး ဖြတ်နိုင်ကောင်းပါသည်။ ခုတော့ မ က ဤ ပကတိ တန်ဖိုးတွေကို သိပါသည်၊ ကောင်းကောင်း သဘောပေါက်ပါသည် တဲ့။ သည်စကားက လိုအပ်ချက် အားလုံး ပြည့်စုံ သွားပြီပဲ။ ကျေနပ်ဖို့ အကောင်းဆုံးကတော့ တန်ဖိုး ထားတတ်ခြင်းပင် ဖြစ်လေသည်။

အကြိမ်များစွာ တန်ဖိုး မ ထား တတ် သော၊

www.burmeseclassic.com



တန်ဖိုး မထားလိုသော လူတို့၏ ရိုင်း စိုင်း မှု များ ကို အကျွန်ုပ် ခံခဲ့ရဖူးပါပြီ။ လူ့ယဉ်ကျေးမှုသည် တန်ဖိုး ထားတတ်ခြင်း အပေါ်မှာ တည်သည်ကို အကျွန်ုပ် သဘော ပေါက်ခဲ့၏။ မ ကိုလည်း တန်ဖိုး ထားခြင်း ဖြင့်သာ အကျွန်ုပ် ချစ်ခင် မြတ်နိုး ခဲ့ပါသည်။ ထို မြတ်နိုးခြင်းသည် မ ၏ အလှနှင့် ဆိုင်သလား ဆိုတော့လည်း မဆိုင်။ မ ၏ ပညာနှင့် ဆိုင်သလား ဆိုတော့လည်း မဆိုင်။ မ ၏ စံပယ်တင်မှဲ့နှင့် ဆိုင်သလား ဆိုတော့လည်း မဆိုင်။ အမျိုးအမည် တပ်အပ်သော အရာတို့နှင့် ပကတိတန်ဖိုးသည် ဘာဆိုဘာမျှ မဆိုင်။ ဒါကို အကျွန်ုပ် သဘောပေါက်သလို ရှေးမဆွ ကတည်းကပင် မ လည်း သဘောပေါက် စေချင်ခဲ့ပါသည်။

ပကတိတန်ဖိုး ဆိုသည်မှာ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်သော တမင် ဖန်တီးအပ်သော တန်ဖိုး အတုမျိုး မဟုတ်။ သူ့ပင်ကိုဖြစ် တန်ဖိုးကိုသာ ဆိုရပေလိမ့်မည်။ အကျွန်ုပ် နက်နဲစွာ သိနေသော အသိ တစ်ခု ရှိပါသည်။ ထို အသိသည် ဤသို့ ဖြစ်၏။

အချစ် ဆိုသည်မှာ ပင်ကိုဖြစ် တန်ဖိုးကို သိနားလည်ခြင်းနှင့် ထိုတန်ဖိုးကို တန်ဖိုး ထားတတ်ခြင်း ပင် ဖြစ်ပါသည်။ ဤအဓိပ္ပာယ် ဖွင့်ဆိုချက်ကို လူသားတိုင်း နားလည်မည်၊ သဘောပေါက်မည်ဟု အကျွန်ုပ် မဆိုဝံ့သော်လည်း အချစ်သစ္စာ ရှိသော နှလုံးသားတိုင်းကတော့ မုချ နားလည် သဘော ပေါက်လိမ့်မည်ဟု ယုံကြည်ပါသည်။

မ ၏ ပျော်ရွှင်ဖွယ် မွေးနေ့တွင်မှ စိတ် မချမ်းသာဖွယ် သတင်းဆိုး တစ်ခုက တိုးဝင်လာလေသည်။ မ အလုပ် လုပ်နေသော ရုံးသည် ပြည်နယ် တစ်ခု၏ အစိုးရ အဖွဲ့ရုံး ဖြစ်လေသည်။ ထိုရုံးသည် ရန်ကုန်မြို့တွင် ခေတ္တ ရုံးစိုက်လျက် ရှိလေသည်။ သက်ဆိုင်ရာ ပြည်နယ်တွင် ရုံး အဆောက်အအုံ ဆောက်လုပ်နေသောကြောင့် ဖြစ်၏။ ယခု ရုံး အဆောက်အအုံ ဆောက်လုပ် ပြီးစီး သွားလေပြီ။ ထို့ကြောင့် မ တို့ ရုံးအဖွဲ့သားအားလုံး သက်ဆိုင်ရာ ပြည်နယ်သို့ ပြောင်းရွှေ့ ကြရပေတော့မည်။

'မ စာမေးပွဲ ဖြေဖို့ ပြန်လာမယ်၊ ဒီကြားထဲ အလုပ် ပြောင်းဖို့ ကိစ္စလည်း လုပ်ရမယ်၊ မ နယ်ကို မသွားခင် ကိုဆန်းလွင် ကွန်ဖန်မေးရှင်း ကိစ္စကိုလည်း ပြီးစေချင်တယ်၊ ရယ်ဗရင် ဦးဇလျ ပြောတော့ နောက် လဆန်းမှာ ဘိရှော့ အဓမြ ရန်ကုန်ကို လာမယ်၊ အဲဒီအခါ ကိုဆန်းလွင်တို့ ကွန်ဖန်မေးရှင်း ကိစ္စ အပြီး ဆောင်ရွက်မယ်တဲ့၊ ဒါဆို မ မသွားခင် ကိစ္စပြီးမှာပါ'

မ နယ်သို့ ပြောင်းရွှေ့ မသွားမီ ရန်ကုန်မှာ နေရသော ကျန်ရှိသည့် နေ့ရက်များမှာ ရှုပ်ထွေးသော နေ့ရက်များ ဖြစ်သည်ဟု ဆိုချင်ပါ၏။

ပထမ အကျွန်ုပ်၏ ခရစ်ယာန် သာသနာ့ဘောင်တွင် အသင်းဝင် အဖြစ် အတည်ပြုခြင်း (confirmation) ကိစ္စကို ဆောင်ရွက် ရလေသည်။ ဗိုလ်ချုပ်ဈေး နှင့် ကပ်လျက်ရှိသော ကသီဒရယ် ဘုရားရှိခိုးကျောင်းတွင် အကျွန်ုပ်သည် မ နှင့် အတူ အော်လတာ ပလ္လင် ရှေ့မှောက်ရှိ ဒူးထောက်ရာ ဖုံပေါ်တွင် ဒူးထောက်လျက် ကွန်မျူနီယန် ယူရလေသည်။ ကွန်မျူနီယန်သည် ဖြူဖွေးသော ပေါင်မုန့်ငယ်ကလေးနှင့် သွေး အဆင်းကဲ့သို့ နီမြန်းသော စပျစ်ရည်ကို ခံယူသောက်သုံးရခြင်း ဖြစ်၏။ ခရစ်တော် အသတ် ခံရခါနီး အချိန်ပိုင်းတွင် တပည့်ကြီးများကို မုန့်နှင့် စပျစ်ရည်ကို ပေးပြီး ငါ၏ အသွေးတော် အသားတော် အဖြစ် သုံးဆောင်ကြလေဟု ပြုခဲ့သော စက္ကရမန္တ (sacrament) သဘောပင် ဖြစ်လေသည်။

ဤပွဲ ပြီးစီးသွားခြင်းမှာ မ အဖို့တော့ ဝန်ထုပ် တစ်ခု ကျသွားသလို ပေါ့သွားသည်ဟု ဆိုသည်။

'ခုမှပဲ စိတ်အေး ရတော့တယ်၊ မဟုတ်ရင် ဒီကိစ္စ ပြီးပဲ ပြီးပါ့မလား၊ စိတ်တထင့်ထင့်နှင့် နေရတယ်' ဟု မ က ဆိုလေသည်။ မ ဘာကို ဆိုလိုသည်ကိုတော့ အကျွန်ုပ် နားမလည်ပါ။ အဘယ်ကြောင့် ဆိုသော် ကာယကံရှင် ဖြစ်သော အကျွန်ုပ် အနေနှင့်မူ ဤကိစ္စကို စိတ်ပူပန်စရာ ကိစ္စတစ်ခု အဖြစ် မမှတ်ယူခဲ့သောကြောင့် ဖြစ်လေသည်။

နိုဝင်ဘာ လကုန်ပိုင်းတွင် မ တို့ ရုံးသားများ နယ်သို့ အပြီး ရွှေ့ကြရမည်ဟု ဆိုသည်။ ဒီဇင်ဘာ လဆန်းတွင် နယ်မှ ရုံး စတင် ဖွင့်ရန် စီစဉ် ထားကြလေသည်။

အကျွန်ုပ်၏ ခရစ်ယာန်ပြုမှု ကိစ္စများ ပြီးဆုံး၍ မကြာမီမှာပင် အကျွန်ုပ် မိခင်သည် အကျွန်ုပ်၏ ညီမကိုပါ ခေါ်လျက် ရန်ကုန်မြို့သို့ အပြီးအပိုင် ပြောင်းရွှေ့ကာ အကျွန်ုပ်နှင့် အတူနေရန် လိုက်လာ လေတော့သည်။

အစက ဘော်ဒါဆောင်တွင် နေခဲ့သော အကျွန်ုပ်မှာ မိခင်၊ ညီမတို့နှင့် အတူ နေထိုင်ရန် အိမ်ခန်း ငှားရသည်။ အိုးခွက် ပန်းကန်က အစ အိမ်ထောင် ပရိဘောဂ

www.burmeseclassic.com



များ ဝယ်ရသည်။ ကံအားလျော်စွာ ကမာရွတ် ဆင်ရေတွင်း ရပ်ကွက်တွင် အလွယ်တကူပင် အိမ်ခန်း ငှား၍ ရလေသည်။ ထိုတစ်ပတ်လုံးပင် မ နှင့်တွေ့ဆုံဖို့ အချိန် မရတော့။ မိခင်သည်လည်း အကျွန်ုပ် ခရစ်ယာန် ပြုသည် ဆိုသော သတင်းကို ရသောကြောင့် အူယားဖားယား လိုက်လာသည်ဟု အကျွန်ုပ် ထင်သော်လည်း ရန်ကုန် ရောက်သော အခါ ထိုကိစ္စကို မမေးဘဲ ရေငုံ နေလေသည်။

တနင်္လာနေ့တွင် ရုံးချိန် အတွင်း မ ဖုန်းဆက်လေသည်။ အရေးကြီးသော ကိစ္စ ပြောစရာရှိ၍ ရှာမီ (ယခု ရသာ) မုန့်တိုက် လက်ဖက်ရည်ဆိုင်သို့ လာပါဟု ဆိုသည်။ ဖုန်းချပြီးနောက် အကျွန်ုပ်လည်း ရှာမီ မုန့်တိုက်သို့ နာရီဝက် အတွင်း ရောက်သွားလေသည်။ မ သည် အင်္ကျီလက်ရှည် ဝတ်ထားသည်။ ခါတိုင်းထက်ပင် ပို၍ ကျက်သရေ ရှိသည်ဟု ထင်မိပါသည်။

ရှာမီတွင်လည်း ပန်းသေး ခေါက်ဆွဲ ရသည်။ မ ကြိုက်သော ပန်းသေး ခေါက်ဆွဲပင် မှာစားကြသည်။ မ က တည်ငြိမ်စွာ စကားဆိုသည်။

'ဒီနေ့ မ ကိုဆန်းလွင်ဆီက အကူအညီ တောင်းချင်တယ်၊ မ အကူအညီ တောင်းချင်တယ် ဆိုတာလည်း တခြားလူဆီမှာ မတောင်းချင်ဘူး၊ ကိုဆန်းလွင်ဆီပဲ တောင်းချင်တယ်'

'မ ကလည်း ဒီလောက်တောင် ပြောနေရသလားဗျာ၊ မ ဘာလိုချင်သလဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ပြောစမ်းပါ'

'မဟုတ်ဘူး ကိုဆန်းလွင်၊ ကိုဆန်းလွင်ဆီကပဲ မ အကူအညီ လိုချင်တယ်၊ တခြားလူဆီက မယူချင်ဘူးလို့ ပြောတာ အကြောင်း ရှိတယ်'

'အကြောင်း မလိုပါဘူး မ ရဲ့၊ ကျွန်တော် တတ်နိုင်တာ ဘာဖြစ်ဖြစ် မ လိုချင်ရင် ရမှာပါဗျာ'

'မ ကိုဆန်းလွင် သဘောထားကို သိပါတယ်၊ ခုပြောမယ့် အကြောင်းက သိပ် အရေးကြီးပါတယ် ကိုဆန်းလွင်'

'ကဲ အရေးကြီးရင်လည်း ပြောဗျာ၊ ကျွန်တော် နားထောင်မယ်၊ ကူညီရမယ့် ကိစ္စက ဘာမှန်းတောင် မသိသေးဘူး'

'ကူညီဖို့ ကိစ္စကို နောက်မှ ပြောမယ်၊ ပထမ မ မှာ တာဝန် ရှိတဲ့ ကိစ္စကို အလျင် ပြောပါရစေ၊ ကိုဆန်းလွင် propose လုပ်ထားတဲ့ ကိစ္စကို ဒီကနေ့ မ အဖြေ ပေးဖို့ ဆုံးဖြတ်ပြီးပြီ၊ မ ကိုဆန်းလွင်နှင့် လက်ထပ်မယ်'

'ဗျာ'

အကျွန်ုပ်၏ နှုတ်ဖျားက အာမေဍိတ် စကားလုံး ဖြွန်းခနဲ ထွက်ကျ သွားလေသည်။ အကျွန်ုပ်၏ ချစ်ရေးဆိုခြင်းကို မ လက်ခံပြီ ဆိုပဲ။

'ဟုတ်ပါတယ် ကိုဆန်းလွင်၊ မ လက်ထပ်ဖို့ ဆုံးဖြတ်တဲ့ လူဆီကသာ မ အကူအညီ ယူဖို့လည်း ဆုံးဖြတ်ခဲ့တယ်၊ မ ရဲ့ ကိုယ်ရေးကိုယ်တာတွေကို မ ရဲ့ သက်ဆိုင်သူပဲ သိလည်း သိစေချင်တယ်၊ စဉ်းလည်း စဉ်းစား စေချင်တယ်'

အကျွန်ုပ်ကို သက်ဆိုင်သူဟူ၍ မ သတ်မှတ်ခဲ့ပြီပဲ။ အမှတ်မဲ့ ထွက်ကျသွားသော အာမေဍိတ် စကားထဲတွင် အံ့အားသင့်ခြင်း သဘောမျိုး ပါသွားသည်ကို မ သတိပြုမိလိုက်ဟန် မတူ။

မ ၏ ရိုးစင်းသောအဖြေ ပေးခြင်းကို အကျွန်ုပ် ဘာကြောင့် အံ့သြမိလေသနည်း။ တကယ်ဆို အနှစ်နှစ်အလလ ကြာပြီဖြစ်သော အချစ်၏ တောင်းဆိုမှု တစ်ရပ်ကို မ သည် ကွက်လပ်ဖြည့်ဖို့ ကြိုးစားခဲ့သည်ကို အကျွန်ုပ် ပါးစပ်က ပြန်မပြောတော့သော်လည်း ရင်ထဲကမူ သိပြီး ဖြစ်နေလေသည်။ ထုံးစံ ဆိုလျှင် ထိမိသော ဆုံးဖြတ်ချက် ပါသည့် မ ၏ အဖြေပေးခြင်း အတွက် ဝမ်းမြောက်ရမည့်သူမှာ အကျွန်ုပ် ဖြစ်ပါ၏။ သို့သော် အမှန်ပင် အကျွန်ုပ် ရင်ထဲတွင် ဝမ်းသာခြင်းလည်း မရှိ၊ ဝမ်းနည်းခြင်းလည်း မရှိ၊ အံ့သြသလိုတော့ ဖြစ်သည်။ အကျွန်ုပ်၏ အချစ်ကို မ နားမလည်ခြင်း အတွက်သာ အံ့အားသင့်မိခြင်း ဖြစ်လေသည်။

မ သည် အကျွန်ုပ်၏ အချစ်ကို အိမ်ထောင်ပြုခြင်း လက်ထပ်ခြင်းနှင့် လည်းကောင်း၊ သွေးသားတောင့်တခြင်း တဏှာရာဂနှင့် လည်းကောင်း ပေါင်းစပ် လိုက်လေပြီလား။ အချစ်နှင့် လက်ထပ်ခြင်းသည် တခြားစီသာ ဖြစ်သည်ဟု အကျွန်ုပ် နားလည်ပါသည်။ အချစ်က လွတ်လပ်ခြင်း ဖြစ်သည်။ လက်ထပ်ခြင်းက နှောင်ဖွဲ့ခြင်း ဖြစ်သည်။ အချစ်က မေတ္တာ စစ်စစ်ပေါ်မှာ အခြေခံသည်။ အိမ်ထောင် ပြုခြင်း လက်ထပ်ခြင်းက တဏှာရာဂ အပေါ်မှာ အခြေခံသည်။

တဏှာ ရာဂ ဆိုရာမှာ သွေးသား တောင့်တခြင်း တစ်ခုတည်း မဟုတ်၊ ပစ္စည်းဥစ္စာ တပ်မက်ခြင်းများလည်း ပါသည်။ အချစ် သစ္စာမှာ ဒါတွေ မပါဟု

www.burmeseclassic.com



အကျွန်ုပ် စိတ်မှာ ပြတ်သားစွာ ယုံကြည်ထားပါသည်။

'ကိုဆန်းလွင် ဘာတွေ စဉ်းစားနေတာလဲ ဟင်'

အတန်ကြာ စကားမပြောဘဲ နေမိခြင်း အတွက် မ က လှမ်းမေးလေသည်။

'ဟင် မ မဟုတ်ပါဘူး၊ မ ပြောမယ့်စကားကို စောင့်နေတာပါ၊ ကျွန်တော် ဘာ အကူအညီ ပေးရမယ် ဆိုတာ မ မပြောသေးဘူးလေ'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ယူ တစ်ခုခု စဉ်းစား နေတယ်၊ ယူ့ မျက်နှာပေါ်မှာ မ ပေးလိုက်တဲ့ အဖြေ အတွက် ဘာ တုံ့ပြန်မှုမှလည်း မတွေ့ရဘူး၊ ဝမ်းသာ တာလည်း မရှိဘူး၊ ဝမ်း နည်း တာ လည်း မရှိဘူး၊ ကျောက်ရုပ်လိုပဲ'

သည်တော့ အကျွန်ုပ်က အားယူပြီး ရယ်ပြ လိုက်ပါသည်။

'မ က သိပ် လျင်တာပဲနော်၊ အကဲခတ်လည်း သိပ်တော်တာပဲ၊ ဟုတ်ပါတယ်၊ ဖီလိုဆိုဖီမှာ objective (ဓမ္မဓိဋ္ဌာန်) ဖြစ်ဖို့ အတွက် ပုဂ္ဂလိက ခံစားချက်တွေ မထည့်ရဘူးလို့ သင်ထားတယ် မဟုတ်လား မ၊ အဖြစ် မှန်ကို ဝမ်းနည်း ဝမ်းသာ၊ ကြိုက်တာ မကြိုက်တာ ရော မစဉ်းစားသင့်ဘူးလေ၊ ဆိတ်ဆိတ်နေရင် ဝန်ခံတာပဲ မဟုတ်လား မ ရယ်၊ မ ဆုံးဖြတ်ချက်ကို မ ပြောပြလို့ ကျွန်တော် ကြားသိရပြီပဲ၊ ဒါက အိပ်မက် မဟုတ်ဘူး၊ ကဗျာ တစ်ပုဒ် မဟုတ်ဘူး၊ တကယ့် အဖြစ်မှန် ဘဝပဲ လေ၊ ဘဝဆိုတာ ရှင်သန် လှုပ်ရှားရာကဏ္ဍ တစ်ခုပါပဲ၊ တစ်နည်း ဆိုတော့ မိမိကိုယ်တိုင် ပါဝင် ကပြရမယ့် ဇာတ်ဝင်ခန်း တစ်ခန်းပဲ၊ ကန့်လန့်ကာ မဖွင့်သေးခင် မှာသာ ပုဏ္ဏားကွယ်မှာ နေလို့ ရတာ၊ ကန့်လန့်ကာ လှစ် လိုက်ရင်တော့ ထွက် ကပြ ကြရမှာပဲဟာ၊ ကဲ မ ပြောစရာ ရှိတာသာ ပြောပါ'

အကျွန်ုပ်၏ အကြောင်းပြချက်ကို မ လက်ခံ ပါသည်။ ဤအကြောင်းပြချက်သည် တမင် လုပ်ဖြား သော အကြောင်းပြချက် မဟုတ်ပါ။ မူလ ကတည်းက ယတိပြတ် ဆုံးဖြတ်ပြီးသော ဆုံးဖြတ်ချက် ပေါ်တွင် တည်သော အကြောင်းပြချက်သာ ဖြစ်သည်။

အချစ်ကို စွန့်စားခြင်းဟု သဘော ပေါက်ထား သော အကျွန်ုပ်အဖို့ အလုံးစုံ အတွက် စွန့်စားဖို့ ဆုံး ဖြတ်ပြီး ဖြစ်ပါသည်။ မ က လက်ထပ်မည် ဆိုလျှင် လည်း သူ့ သဘောအတိုင်း ဖြစ်ရပေလိမ့်မည်။ မ က လက်မထပ်ဘူး ဆိုလည်း သူ့ သဘော အ တိုင်း သာ ဖြစ်ရပေလိမ့်မည်။ ဖြူဖြူ မည်းမည်း ကိုယ့်ဘက်က အပြောင်းအလဲ မရှိဘူးဟု စိတ်ကို တုံးတုံးချ ဆုံးဖြတ် ထားပြီး ကတည်းက မျှော်လင့်ချက်လည်း ဘာဆိုဘာမျှ မထားခဲ့ပါ။ မျှော်လင့်ထားမိလျှင် မိမိမှာ အပြောင်းအလဲ ဖြစ်မည် စိုး၍ ဖြစ်ပါသည်။ အကျွန်ုပ်သည် တခြား လူ များနှင့် မတူသော အဖြစ်ကို မိမိကိုယ် မိမိ အသိဆုံး ဖြစ်သည်။ မ လည်း အထိုက်အလျောက် သိလိမ့်မည် ထင်ပါသည်။ ချစ်ရေး ဆိုခြင်းကို ဘယ်သူတွေက ဘယ် လိုပင် သဘောထားထား အကျွန်ုပ်ကမူ ချစ်ရေး ဆိုခြင်း သည် လက်ထပ်ခွင့် တောင်းခြင်းဟု မယူဆ။ အိမ် ထောင် သားမွေးခြင်း နှင့် အချစ်သည် တခြားစီဟုသာ နားလည် နေလေသည်။ သို့သော် အကျွန်ုပ် နားလည် သလို မ က နားမလည်သည်ကိုတော့ အကျွန်ုပ် မတတ် နိုင်တော့။

'မ နယ်မပြောင်းခင် မာမီကို အိမ်ခန်း တစ်ခု ငှားပြီး ထားခဲ့ချင်တယ် ကိုဆန်းလွင်၊ ခုနေတဲ့ နေရာ မှာ ထားခဲ့လို့ မဖြစ်ဘူး၊ ချက်ချင်း ခေါ်သွားလို့လည်း မဖြစ်ဘူး၊ လောလောဆယ် မ လက်ထဲ ရှိတဲ့ ငွေနှင့် မလုံလောက်ဘူး၊ အိမ် စပေါ် ပေးဖို့ရယ်၊ ခရီးစရိတ်ရယ် ဆို ငွေ နည်းနည်း လိုမယ်၊ အဲဒီငွေကို ကိုဆန်းလွင် ဖြည့်ပေး စေချင်တယ်'

အကျွန်ုပ်၏ ငွေစုစာရင်းတွင် ထိုစဉ်က လက် ကျန် ငါးထောင်ကျော်လောက် ရှိသေးသည်။ မ လိုသော ငွေကို နောက်နေ့ပင် ငွေစုဘဏ်မှ ထုတ်ပြီး ပေးလိုက် ပါသည်။ အိမ် ပြောင်းပြီးနောက် လိုသော ပရိဘောဂ တစ်စုံကိုလည်း အကျွန်ုပ် ဝယ်ပေးလိုက်ပါသည်။

နေရာသစ်တွင် မ တို့ သားအမိ နေသားတကျ ဖြစ်သွားပါသည်။ အကျွန်ုပ်လည်း သူတို့အိမ်တွင် စား သည့်အခါ စားပါသည်။ မ ၏ လက်ရာများကို စားရ သည်မှာ ပို၍ မြိန်သည်ဟုလည်း ထင်ပါသည်။ မ ၏ မိခင်ကလည်း အကျွန်ုပ် အပေါ်တွင် ခင်ခင်မင်မင် ရှိ ပါသည်။

နယ်သို့ ပြောင်းရွှေ့ရမည့် ရက် နီးကပ်လာ သော်လည်း မ ၏ အခြေအနေမှာ ငြိမ်သက်လျက် ပို၍ ချမ်းမြေ့ နေလေသည်။ နောက်ပိုင်း အတွက် စိတ်ချ သည့် သဘောမျိုး ဖြစ်ပေလိမ့်မည်။ ထိုအခါ မ က မေး လေသည်။

'ခုတော့ ယူ့ကို မ မေးရဦးမယ်၊ ယူ အစ္စလာမ် ဘာသာထဲမှာ နေရတာ နှင့် ခရစ်ယာန် ဘာသာထဲ

www.burmeseclassic.com


ရောက်လာတာ ဘာကွာခြားသလဲ'

'ဘာကို မေးချင်တာလဲ မ က'

'သြော် ကိုဆန်းလွင် စိတ်ထဲ ဘယ်လို ထူးထူး ခြားခြား ခံစားရလဲလို့ မေးတာပါ'

'အင်း အဖြေကတော့ အရှည်ကြီးပဲ မ ရယ်၊ မ နားထောင် ချင်ရင်တော့ ပြောပြပါ့မယ်'

'ပြောပါ ရှင်၊ နားထောင်ချင်ပါတယ် တဲ့'

'မ မေးတဲ့ ဘာတွေ တွေ့သလဲ၊ ဘယ်လို ခံစား ရ သလဲ၊ ဘာထူးခြားသလဲ ဆိုတဲ့ အမေးတွေကို မဖြေ ခင် ကျွန်တော့် အကြောင်းကို ပြောဦးမှ'

'ပြောပါ၊ ပြောပါ၊ မောင့် အကြောင်းကတော့ မ လည်း သိသင့်သလောက်တော့ သိပြီးပါပြီ'

'ဒါပေမယ့် မ မသိသေးတာတွေဟာ မ သိတာ တွေထက် ပိုဦးမှာပါ၊ လူတွေရဲ့ ဘဝမှာ မသိသေးတာ တွေက သိပြီးသားတွေထက် အမြဲ ပိုတယ်လေ၊ ဆော့ ခရတ္တိ ပညာရှိ ပြောဖူးတဲ့ စကားနှင့် ပြောရရင်တော့ သူ့ကိုယ်သူ ဘာမှ မသိသေးပါကလား ဆိုတာ သိတဲ့ နေ့က စပြီး ပညာရှိ ဖြစ်လာတယ် ဆိုပဲ၊ လူတွေဟာ မသိသေးဘူး ဆိုတာကို အမြဲ သိထားသင့်ပါတယ်၊ ဒီ သဘောကို ကျွန်တော့် ရင်ထဲမှာ အမြဲ သိမ်းပိုက်ထား ပါတယ်၊ ငါ မသိသေးဘူး၊ ဒါကြောင့် ငါ သိချင်တယ်၊ ဒီစိတ်က ကျွန်တော့်ကို အမြဲ လွှမ်းမိုးနေပါတယ်၊ ဒီ အကြောင်းကြောင့်ပဲ ထင်ပါရဲ့၊ ကျွန်တော် ဖီလိုဆိုဖီ ဘာသာရပ်ကို သိပ်ပြီး စိတ်ဝင်စားခဲ့တာ'

'ယူ ကိုယ်တိုင်ကလည်း ဖီလိုဆိုဖာ တစ်ပိုင်း ဖြစ်နေတာပဲဟာ၊ ကိုယ့်ကိုယ်ကိုယ် မသိဘူးလား'

'ဟုတ်ပါတယ် မ၊ ဟုတ်ပါတယ်၊ ကျွန်တော် ဟာ ငယ်စဉ် ကတည်းက အတွေးအခေါ်ကို ဝါသနာ ပါတယ်၊ လိုက်လည်း လိုက်စားတယ်၊ ဘာသာရေး အတွေးနယ် ထဲမှာပဲ ကြီးပြင်းခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဘာသာရေးကို လေ့လာတဲ့ အခါကျတော့ ဖွင့်ထားတဲ့ နှလုံးသားနှင့် လေ့လာတယ်'

'ရှင်၊ ဖွင့်ထားတဲ့ နှလုံးသား၊ ယူ့ စကားလုံး ကလေးက လှလိုက်တာ၊ မောင် ဘာကို ဆိုလိုတာလဲ ဟင်'

မ သည် အကျွန်ုပ်အား 'မောင်' ဟူသော အသုံး အနှုန်းဖြင့် ခေါ်သည်မှာ နှစ်လုံး ရှိသွားပြီကို အကျွန်ုပ် မှတ်ထားမိသည်။

'ဖွင့်ထားတဲ့ နှလုံးသား ဆိုတာက အင်္ဂလိပ် စကား **open mind** ကို ကျွန်တော်က အရမ်း ဘာသာ ပြန်ပစ်လိုက်တာ၊ မိမိရဲ့ စိတ်နှလုံးကို တံခါးပိတ် မထား ဘူး၊ ဘာကိုမဆို လက်ခံတယ်၊ မိမိအတွေးထဲကို ဝင်လာ သမျှကို ဝင်ခွင့်ပြုတဲ့ သဘောပါပဲ၊ တချို့ ဘာသာရေး အယူစွဲ ရှိသူတွေကတော့ ဒီလို မဟုတ်ဘူး၊ ကိုယ့်ဘာသာ မှ ကိုယ့်ဘာသာ၊ သူတစ်ပါး ဘာသာဆို မလေ့လာချင် ဘူး၊ ပြောလာရင်တောင် လက်သင့်ခံပြီး နားမထောင် ချင်ဘူး၊ ဝန်လေးတယ်၊ ဒါက တစ်မျိုး၊ နောက်တစ်မျိုး ကျတော့ သူတစ်ပါး ဘာသာ အယူဝါဒတွေကို လေ့လာ ပါတယ်၊ ဒါပေမယ့် တကယ် ဟုတ်တိုင်းမှန်ရာ သိချင် လို့ လေ့လာတာ မဟုတ်ဘူး၊ ကိုယ့် အယူဝါဒကို ကာ ကွယ်ဖို့ အတွက် သူတစ်ပါး ဘာသာရဲ့ အပြစ်တွေကို ရှာမယ်၊ ပြီးတော့ သားပုပ်လေလွင့် စကားလုံးမျိုးတွေ နှင့် အဲဒီ ဘာသာကို ဝေဖန် တိုက်ခိုက်မယ်၊ ဒါက တစ် မျိုး၊ ဒါကို ကျွန်တော်က နှလုံးပိတ်နှင့် လေ့လာခြင်းလို့ မြင်တယ်'

'အို ဒါတော့ ကိုယ့်ဘာသာ အပေါ်မှာ သစ္စာ စောင့်သိတဲ့ လူတိုင်းဟာ ကိုယ့်ဘာသာကို ကာကွယ် ရမှာပေါ့၊ ဘာသာရေးကို ကာကွယ်ဖို့ အတွက် တိုက် သင့်ရင် စစ်တောင် တိုက်ကြရ သေးတာပဲ၊ ကဲ ဒါဖြင့် ယူ ကတော့ ကိုယ့်ဘာသာ အတွက် မကာကွယ်ဘူးလား'

ဤတွင် မ ၏ ဖုံး ကွယ် ထား သော သဘော တစ်ခု ပေါ်သည်ဟု အကျွန်ုပ် စိတ်မှာ မှတ်လိုက်ပါ သည်။ ပေါက်ပင်ပေါ်မှာ နားနေသော ကျေးသန္တာ တစ် ကောင်ကို လွယ်လွယ် မြင်နိုင်သည် မဟုတ်သလိုပင် မ ၏ ပင်ကို စိတ်ကိုလည်း လွယ်လွယ်နှင့် အကျွန်ုပ် မမြင်နိုင်ခဲ့ကြောင်းကိုလည်း ဝန်ခံရပေမည်။ အမှန်ဆို မ သည် နှလုံး တံခါးကို ပိတ်ထားသူပါပဲ ကလား။ အကျွန်ုပ်လည်း ဤအရေးတွင် လျှို့ဝှက် ဖုံးကွယ်လိုက် လျှင် ရေရှည်တွင် အခက်အခဲနှင့် ရင်ဆိုင် ရလိမ့်မည် ဟု နားလည် လိုက်ပါသည်။ သည်နေရာတွင် ဖွင့်ထား သော နှလုံးသား ရှိသူ၏ သဘာဝကို ပေါ်အောင် ပွင့် လင်းမှ ဖြစ်ပေတော့မည်။ ထို့ကြောင့် မ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ အမှန်ကိုသာ ပြောရမည် ဟုလည်း စိတ် ဆုံးဖြတ်လိုက်ပါသည်။

'ဒီနေရာမှာတော့ မ နှင့် ကျွန်တော်တို့ရဲ့ မတူ တဲ့ သဘာဝကို မြင်ရတယ်၊ ကျွန်တော် ပြောခဲ့တဲ့ ပိတ် ထားတဲ့ နှလုံးသား ရှိသူ ဆိုတာ တခြား မဟုတ်ဘူး၊ မ လို လူကို ပြောတာ'

www.burmeseclassic.com



'ကဲ ဒါဆို မ ပြောတာ မမှန်ဘူးလား'

'မှန်တာ မှားတာနှင့် မဆိုင်ဘူး မ၊ ဒါက ကိုယ်ကြိုက်တာ ကိုယ် ပြောနေကြတာပါ၊ ထားပါလေ၊ ဒါကို လျှောက်ပြောနေရင် မူလ စကားက ပျောက်သွားလိမ့်မယ်၊ ဒီတော့ open mind (ဖွင့်ထားတဲ့ နှလုံးသား) ရဲ့ သဘောကို မ ခု သဘောပေါက်ပြီ မဟုတ်လား'

'open mind ဆိုတာ မ မြင်တာကတော့ သာလာယံ ဇရပ်လို နှလုံးသားပဲ မြင်တယ်'

'ဟာ ဟုတ်လိုက်တာ၊ သိပ် ဟုတ် တာ ပေါ့၊ ဘယ်သူမဆို ပင်ပန်းလာသူ ခရီးသွားတို့ လွတ်လပ်စွာ နားခိုခွင့် ရှိတဲ့ ဇရပ်ဟာ ကုသိုလ်ဖြစ်တဲ့ အရပ်၊ လူတိုင်းရဲ့ စိတ်ချမ်းသာမှုကို ပေးတဲ့ အရပ်၊ လူတိုင်းအတွက် အခွင့်အရေး တန်းတူရှိတဲ့ အရပ်၊ ဘယ်သူမဆို ဘယ်အချိန်မဆို စိတ်လိုတဲ့ အခါ လာရောက် တည်းခိုပြီး စိတ်အလို မရှိတဲ့အခါ ထွက်ခွာချင်တဲ့ အချိန်မှာ ထွက်ခွာသွားခွင့် ရှိတဲ့အရပ်၊ ခွင့်ပန်စရာ မလိုတဲ့ အရပ်၊ လူတိုင်းနှင့် သင့်မြတ်တဲ့ အရပ်ဟာ သာလာယံ ဇရပ်ပါပဲ မ၊ တစ်နည်း ဆိုတော့ ဒီစိတ်ထားဟာ သူတော်ကောင်းတို့ ထားအပ်တဲ့ စိတ်ဓာတ်ပါပဲ၊ ဒီခေတ်မှာတော့ သိပ္ပံပညာရှင်တွေ ဒဿန ပညာရှင်တွေဟာ ဒီစိတ်မျိုးကို မွေးမြူကြပါတယ်'

'ကဲ ထားပါတော့ ထားပါတော့၊ ယူ့ ကို စကားတစ်ခု ပြောလိုက်လို့ ရှိရင် ယူ့မှာ ပြောစရာ စကားတွေက အများကြီးပဲ၊ ကုန်ကို မကုန်နိုင်ဘူး၊ ကဲ မ မေးတာပဲ ဖြေပါ'

အကျွန်ုပ်လည်း ရယ်ချင်၍ ရယ်လိုက်ပါသည်။

'ဖြေ မလို့ပါပဲ၊ မ က ဝင်ထောက်လိုက်တော့ စကားက မီးခိုးကြွက်လျှောက် လိုက်သွားတယ်၊ ထားတော့၊ ပထမ အချက်ဖြစ်တဲ့ နှလုံးသား ဖွင့်ထားသူရဲ့ သဘောကိုတော့ ပြောပြီးပြီ၊ ဒီသဘောရဲ့ အနှစ်သာရက ဘာလဲ ဆိုတော့ ပုဂ္ဂလ ဓိဋ္ဌာန် ဆန္ဒစွဲ အမြင် (subjectivism) က ကင်းဝေးဖို့နှင့် ဓမ္မဓိဋ္ဌာန် အမြင် (Objective out look) ရဖို့ပါပဲ မ၊ သဘောကျပြီလား'

'သဘောကျပါပြီ ရှင်ရယ်'

'သဘောကျပြီ ဆိုရင် ဒုတိယ အချက်ကို ပြောဦးမယ်၊ စိတ် ရှည်ရှည် ထားပြီး နားထောင်နော် မ၊ ကြားက ဝင်မပြောနှင့်၊ ကြားက ဝင်ပြောရင် စကားလမ်းကြောင်း လွဲသွားလိမ့်မယ်'

'ကဲ မပြောတော့ပါဘူး၊ သူ စကားတတ်တိုင်းတော်တော် ရှည်တဲ့ ကိုရှည်ကြီး'

'ရှည်တာ မဟုတ်ပါဘူး၊ အစ က တည်း က အရှည်ကြီး ပြောရမယ်လို့ ပြောပြီးသားပဲ၊ မ က နားထောင်ချင်တယ် ဆိုလို့သာ ပြောတာပါ'

'ဟယ် ပြောလေ ရှည်လေပဲ၊ လိုတာသာ ပြောစမ်းပါ'

'ပြောမယ် ပြောမယ်၊ စိတ်မဆိုးပါနှင့်၊ ကျွန်တော် open mind ထားရတဲ့ အကြောင်း ပြောခဲ့ရတာက ဒီလိုပါ၊ ကျွန်တော် ဘာသာ အယူဝါဒတွေကို ဘယ်လို ဘယ်ပုံ လေ့လာခဲ့တယ်၊ လေ့လာဆဲ ဆိုတာကို မ သဘော ပေါက်အောင် ပြောချင်လို့ပါ၊ ကျွန်တော် ဘာသာ အယူဝါဒတွေကို လေ့လာတဲ့ အခါမှာ အခြေခံအားဖြင့် အပိုင်း နှစ်ပိုင်း ထားပြီး လေ့လာပါတယ်၊ ပထမ အပိုင်းကတော့ အချက်အလက် လေ့လာခြင်း အပိုင်း၊ အင်္ဂလိပ်လိုတော့ Factual Studies လို့ ဆိုရမှာပေါ့၊ ဒုတိယ အပိုင်းကတော့ ဆင်ခြင် လေ့လာတဲ့ အပိုင်း၊ ဒါကိုတော့ Philosophical Studies လို့ ခေါ်ပါတယ်၊ မ သဘောပေါက်ပြီ နော်'

'ကောင်းကောင်း မပေါက်ဘူး၊ အချက်အလက် လေ့လာတယ် ဆိုတာက'

'ဒါက ဒီလိုပါ၊ သက်ဆိုင်ရာ ဘာသာ အယူဝါဒရဲ့ သမိုင်းကြောင်းကိုရော၊ ဘာသာရေး ဆိုင်ရာ သင်ကြားချက်များကိုရော၊ အကျင့် စရဏပိုင်းကိုရော လေ့လာတဲ့ သဘောကို ပြောတာပါ၊ ဆိုပါတော့ ခရစ်ယာန် ဘာသာကို လေ့လာတဲ့အခါ သူနှင့် ဆက်နေတဲ့ ယေဝတီတွေရဲ့ ယုဒဘာသာ (Judaism) ကိုပါ လေ့လာရတယ်၊ တစ်ခုနှင့် တစ်ခု ဘယ်လို ဆက်နေသလဲ၊ အစ္စလာမ် ဘာသာကို လေ့လာတဲ့ အခါမှာလည်း ဒီဘာသာ ပေါ်ထွန်း လာ တဲ့ ခေတ်ကာလကိုရော၊ ရှေးက ယုဒဘာသာ၊ ခရစ်ယာန် ဘာသာတွေနှင့် ဆက်စပ် နေပုံတွေရော၊ တူနေတဲ့ အချက်တွေကိုရော၊ မတူတဲ့ အချက်တွေကိုရော စေ့ငုအောင် လေ့လာတာကို ပြောတာပါ'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ မ သဘောပေါက်ပြီ၊ ဒါဆို မ မေးတာကို ယူ ဖြေလို့ ရပြီပဲ'

'ကျွန်တော် ဖြေမှာပါ၊ ဖြေချင်လို့ ဒီအကြောင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြောခဲ့တာပဲ မ ရယ်၊ မ မေးတဲ့ မေးခွန်းကို ကျွန်တော် ဖြေတဲ့အခါ အထင်မလွဲစေချင်တဲ့ သဘောလည်း ပါတာပေါ့လေ'

'ရှင် ... အထင် မလွဲစေချင်ဘူး ဟုတ်လား'

www.burmeseclassic.com



'ဟုတ်ပါတယ်'

'အို ဘာလို့ အထင် လွဲရမှာလဲ၊ အထင် လွဲစရာ ပါလို့လား'

'အထင် လွဲတယ်ဆိုတာ သဘောထား သေးသူတွေရဲ့ ခံစားချက် တစ်မျိုးပါ မ၊ နှလုံး ဖွင့်ထားသူ သဘောထား ကြီးသူများမှာတော့ အထင် လွဲခြင်း ဆိုတာ ရှိခဲပါတယ်၊ ဒီလို လူတွေမှာ အထင် လွဲခဲတယ် ဆိုတာက သူတို့က နားမလည်တာ ရှိရင် နားလည်အောင် သဘော ပေါက်အောင် စိတ်ရှည်ရှည် ထားပြီး ကြိုးစားတာကိုး၊ ပြီးတော့ ငါ သိတာမှ အမှန် ငါ သိတာမှ အဟုတ်လို့လည်း ကျဉ်းမြောင်းတဲ့ သဘောထားမျိုး မရှိဘဲကိုး'

'ကဲ မ ကလည်း သ ဘော ထား ကြီး အောင် ကြိုးစားပါမတဲ့ ရှင်'

'ကျေးဇူး တင်ပါတယ် မ၊ မ မေးခွန်းတွေကို ခြုံပြီး ပထမဆုံး ဖြေမယ်နော်'

မ က ခေါင်းညိတ်လေသည်။

'မ မေးခွန်းက အစ္စလာမ် ဘာသာထဲမှာ နေခဲ့တာနှင့် ခရစ်ယာန် ဘာသာထဲ ရောက်လာတာ ဘာကွာခြားသလဲ ဆိုတဲ့ အမေးကို ဖြေရရင်တော့ ဘာမှ သိပ်ပြီး ပြောင်းလဲ သွားလောက်အောင် မကွာခြားဘူး'

'ရှင် . . .'

'မ အံ့ဩ သွားသလား'

'အံ့ဩတာပေါ့၊ ဘာသာ တစ်ခုက ဘာသာ တစ်ခုကို ပြောင်းတာတောင် ဘာမှ မကွာခြားဘူး ဆိုတာကတော့'

'မ အံ့ဩတာလည်း မဆန်းပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မ က ကျွန်တော့်လို ဘာသာကြီး နှစ်ခုစလုံးကို စေ့စေ့စပ်စပ်မှ မလေ့လာဖူးဘဲကိုး၊ မ က ခရစ်ယာန် အကြောင်းပဲ သိတော့ အစ္စလာမ် ဘာသာနှင့် ခရစ်ယာန် ဘာသာဟာ သိပ်ပြီး ခြားနားမယ် ထင်တာကိုး'

'ဒါဆို မခြားနားဘူးလား'

'လွယ်လွယ် ဖြေလိုက်ရင်တော့ မခြားလှဘူးလို့လည်း ပြောနိုင်တယ်၊ သိသိသာသာ ခြားနားတဲ့ အချက်တွေလည်း ရှိတယ်လို့ ဆိုရမယ်၊ ဒီနေရာမှာ အဓိကနှင့် သာမည ဆိုတဲ့ စကားကို သုံးရင် ပိုပြီး မှန်မယ်၊ အဓိကကျတဲ့ အချက်တွေပေါ့လေ၊ ဘာသာကြီး နှစ်ရပ် စလုံးရဲ့ အခြေခံ အချက်အလက်တွေကတော့ ထပ်တူ ထပ်မျှလောက်ကိုပဲ တူနေကြတယ်၊ သာမည အချက်တွေမှာပဲ ကွဲပြား ခြားနားနေကြတယ်'

'မောင် ပြောသလို အဓိက အချက်တွေ၊ အခြေခံ အချက်တွေ တူနေလျက်သားနှင့် ဘာသာ အယူဝါဒတွေ ကွဲပြား ခြားနား နေကြတာကကော'

'အဲဒါ တော်တော် အံ့ဩဖို့ ကောင်းတယ်၊ လူဆိုတဲ့ သတ္တဝါတွေဟာ တစ်ခါတစ်ရံမှာ အဓိကထက် သာမညကို ပိုပြီး အရေးထား တတ်ကြပါတယ် မ၊ ကြည့်ပါလား၊ တချို့ မိန်းကလေးတွေ လင်ယူကြတာ၊ ဒီယောကျ်ား အကျင့် ဘယ်လောက် ကောင်းသလဲ၊ ဉာဏ် ပညာ ဘယ်လောက် ရှိသလဲ၊ ဒါကို ပဓာန မထားဘူး၊ သူ့မှာ ပိုက်ဆံ ဘယ်လောက် ရှိသလဲ၊ သူ့မိဘမှာ ဘာဂုဏ် ရှိသလဲ၊ ရုပ်ကော ချောရဲ့လား၊ ဒါတွေကြည့်တယ်၊ ဝတ်နိုင် စားနိုင် ကားစီးနိုင် ဖြုန်းနိုင် သုံးနိုင်တာတွေကို အဓိက အရည်အချင်းတွေ မှတ်ပြီး ဒီယောကျ်ားကို လင်သား အဖြစ် ရွေးတာတွေ မမြင်ချင်အဆုံးပဲ မဟုတ်လား မ ရယ်'

'မ ကတော့ ဒီလို မဟုတ်ပါဘူး နော်'

'မဆိုလိုပါဘူး၊ မ သဘောကျအောင် ပြောတာပါ၊ ဘာသာ အယူဝါဒ ကွဲပြားမှုမှာလည်း အခြေခံ ကွဲပြား ခြားနားလို့ ကွဲတာကိုတော့ မဆိုလိုပါဘူး၊ အခြေခံချင်း တူပါလျက် ကွဲနေတာတွေကို တွေ့ရပါတယ်၊ ဆိုပါတော့ဗျာ ခရစ်ယာန်ချင်း တူတာတောင် ဂိုဏ်းကွဲကြတာ ဘယ်လောက် များသလဲ၊ ကက်သလစ်နှင့် ပရိုတက်စတင့်ပဲလား မှတ်တယ်၊ ပရိုတက်စတင့်ချင်းလည်း ခြားနားကြသေးတာပဲ၊ ဟုတ်တယ်နော် မ'

'ဟုတ်ပါတယ် ရှင်'

ဤတစ်ကြိမ်တွင် မ ဝန်ခံသည်မှာ သဘောပေါက်မှု ပါသည်ဟု ထင်ပါသည်။

'ကဲ တခြားကိစ္စတွေ ထားတော့၊ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာ တူညီနေတဲ့ အခြေခံတွေကို ကျွန်တော် ရေတွက်ပြမယ်၊ တစ်က ဘာသာကြီး နှစ်ခုစလုံးမှာ ဖန်ဆင်းရှင်၊ ထာဝရ ဘုရားသခင်ကို ယုံကြည်တာ တူနေတယ်၊ ယေဟောဝါနှင့် အလ္လာဟ် ဆိုတဲ့ နာမည်ပဲ ခြားနားတယ်၊ နှစ်ကတော့ ဘာသာကြီး နှစ်ရပ်လုံး ဖန်ဆင်းခြင်းကို ယုံကြည်တယ်၊ သုံးကတော့ ကမ္ဘာဦး ပထမ လူသားများ အဖြစ် အာဒမ်နှင့် ဧဝကို ဘုရားသခင်က ဖန်ဆင်းပြီး အမတသုခဘုံ ဖြစ်တဲ့ ဧဒင် ဥယျာဉ်တော် (ဂျန္နတ်) မှာ ထားခဲ့တယ် ဆိုတာ တူတယ်၊ စတုတ္ထက အာဒမ်နှင့် ဧဝကို စေတန် (ရှိုက်တန်)

www.burmeseclassic.com



က ဖြားယောင်းလို့ ထာဝရ ဘုရားသခင် တားမြစ်ထားတဲ့ အပင်က အသီးကို စားမိတယ်၊ ဒါကြောင့် အမတ သုခဘုံက နှင်ထုတ်ခြင်း ခံရတယ်၊ သေခြင်း အပြစ်ဒဏ်ကို ပေးခြင်း ခံရတယ်၊ ပင်ပန်း ဆင်းရဲစွာ လုပ်စားရတဲ့ လူသာမန် ဘဝကို ရောက်သွားကြတယ်၊ ဒါတွေ အားလုံး ထပ်တူထပ်မျှပါပဲ၊ ပဥ္စမ အချက်ကတော့ အာဒမ် ဧဝက ဆက်လာခဲ့တဲ့ လူတို့ရဲ့ သမိုင်း၊ ပရောဖက်များ သမိုင်းလည်း အတူတူပဲ၊ အဲဒီ တမန်တော်များ အနက် ထင်ရှားသူတွေကို ကျွန်တော် ရေတွက်ပြမယ်၊ ဆိုပါတော့၊

(၁) နောဧကို အစ္စလာမ်က နူးဟ်လို့ ခေါ်တယ်၊

(၂) အာဗြဟံကို အစ္စလာမ်က အစ်ဗရာဟီးမ် ခေါ်တယ်၊

(၃) မောရှေကို အစ္စလာမ်က မူစာနဗီ ခေါ်တယ်၊

(၄) ယေရှုသခင်ကို အစ္စလာမ်က အီစာနဗီ ခေါ်တယ်၊

(၅) ဒါဝိဒ်ကို အစ္စလာမ်က ဒါဝူးဒ် ခေါ်တယ်၊

(၆) ဣရှမေလကို အစ္စလာမ်က အစ္စမာအီလ် ခေါ်တယ်၊

(၇) ဣဇာက်ကို အစ္စလာမ်က အစ္စဟာက် ခေါ်တယ်၊

(၈) ဂျက်ကော့ကို အစ္စလာမ်က ဟာကူးဗ် ခေါ်တယ်၊

(၉) ဂျိုးဇက်ကို အစ္စလာမ်က ယူစွတ်ဖ် ခေါ်တယ်၊

(၁၀) ဆော်လ်မွန်ကို အစ္စလာမ်က စူလိုင်မန် ခေါ်တယ်၊

(၁၁) ယောဟန်ကို အစ္စလာမ်က ယဟ်ဟာ ခေါ်ပါတယ်။

'ဒီ တမန်တော်များ သမိုင်းဟာ အတူတူပဲ၊ ဟေဗြဲ ကျမ်းစာမှာ ပါတဲ့ ဒီတမန်တော်တွေ သမိုင်းဟာ ခရစ်ယာန် သမ္မာကျမ်းစာမှာ ပါသလို အစ္စလာမ် ကုရ်အာန် ကျမ်းစာမှာလည်း ပါနေပါတယ် မ၊ ဒါက လူနာမည်ကို ပြောတာနော်၊ ဆဋ္ဌမ အနေနှင့် ပြောရရင် သမိုင်းဝင် အဖြစ်အပျက်တွေလည်း ထပ်တူထပ်မျှပါပဲ မ ရဲ့၊ ဥပမာ နောဧ လက်ထက်မှာ ထာဝရ ဘုရားသခင်က ရေ လွှမ်းမိုးစေတာတို့၊ အာဗြဟံ လက်ထက်မှာ သားတော်ကို ဘုရားသခင် အတွက် ယုံကြည်ချက် သဒ္ဓါ စမ်းတဲ့ အနေနှင့် စွန့် လွှတ် ပူဇော်တာတို့၊ မောရှေ လက်ထက်မှာ ဘုရားသခင်ထံက ကျမ်းစာ ပို့ချပေးတာတို့ဟာ အတူတူချည်းပါပဲ၊ ဒီအထိ သဘော ပေါက်ပြီ နော် မ'

'ဟုတ်ကဲ့'

မ သည် စဉ်းစားပြီ ထင်ပါသည်။ သူ့ထံမှ ဟုတ်ကဲ့ တစ်လုံးသာ ကြားရတော့သည်။ အကျွန်ုပ်ကပင် ဆက်၍ ပြောနေရလေသည်။

'နောက်ပြီး သတ္တမ အချက် တူတာကို ပြောဦးမယ်၊ အဲဒါက ကောင်းကင် တမန်တော်တွေ ကိစ္စ၊ ဘုရားသခင်ဟာ တမန်တော် ပရောဖက်တွေနှင့် ကောင်းကင် တမန်တွေကို ကြားမှာထားပြီး ဆက်သွယ်တော်မူပါတယ်၊ ဆိုပါတော့ အရေးပါတဲ့ ကောင်းကင်တမန် ဂါဗြေလ ဆိုရင် ကုရ်အာန်ထဲမှာလည်း ပါတယ်၊ အာရဗီလို ဆိုတော့ သူ့နာမည်က ဂျိဗရာအီးလ်လို့ အသံထွက်တယ်၊ ဒါပဲလား ဆိုတော့ မကသေးပါဘူး၊ ခု ဘယ်နှစ်ချက် ရှိသွားပလဲ'

'ခုနစ်ချက် ရှိပြီ'

'အင်း ခု ရှစ်ချက်ကို ပြောဦးမယ်၊ ဒါလည်း အခြေခံကျတဲ့ အရေးကြီးတဲ့ အချက် တစ်ချက်ပါပဲ၊ ဒါက ဘာလဲ ဆိုတော့ သေပြီး နောက်ဘဝ တမလွန် (အာခေရတ်) ကိစ္စ၊ ဒီမှာ နှစ်ပိုင်းရှိတယ်၊ သေပြီးနောက် အခြေအနေက တစ်ပိုင်း၊ နောက်တစ်ပိုင်းက တရား စီရင်သောနေ့ အကြောင်းက တစ်ပိုင်း၊ လူသား အားလုံးဟာ ကမ္ဘာ ကုန်ဆုံးတဲ့ နေ့မှာ ဘုရားသခင်ထံမှာ အပြစ် ရှိမရှိ တရား စီရင်ခြင်း ခံဖို့ သွားကြရမယ်၊ ဘုရားသခင်က အပြစ်ရှိရင် ရှိသည့်အလျောက်၊ ကုသိုလ် ရှိရင် ရှိသည့်အလျောက် တရားစီရင် ဆုံးဖြတ် တော်မူမယ်၊ ဒါလည်း သဘောချင်း တူတာပဲ၊ ခြားနားတဲ့ သဘော အနည်းအကျဉ်းလည်း ရှိတော့ ရှိတယ်၊ ပြီးတော့ သေသူတွေ ပြန်ပြီး ရှင်ဖို့ ရှင်ပြန် ထမြောက်ဖို့ အတွက် တံပိုးခရာ မှုတ်သံ ကြားရမယ်၊ ဒီ တံပိုး မှုတ်မယ် ဆိုတာလည်း ထပ်တူထပ်မျှပဲ၊ နောက် နံပါတ် ကိုး အချက်ကို ပြော ရ ရင် ဘာသာကြီး နှစ်ခုစလုံးမှာ ကောင်းကင် တမန်တွေကို နတ်ဆိုး နတ်ကောင်း ခွဲ ထားတာ ရှိတယ်၊ နတ်ဆိုးတွေထဲမှာတော့ မာရ်နတ် (စေတန်) ကို အချုပ်အဖြစ် သတ်မှတ် ထားပါတယ်၊ စေတန် (ရှိုက်တန်) နှင့် ပတ်သက်တဲ့ သဘောထားတွေလည်း တော်တော်များများ တူကြတာပါပဲ၊ ဒါတွေက အကြောင်းခြင်းရာ တူညီမှု သဘောမျိုးတွေကို ကျွန်တော်

www.burmeseclassic.com



တင်ပြတာပါ၊ ဒါထက် ပိုပြီး ဒဿန သဘော တူညီတာတွေလည်း များပါတယ်'

'ဆိုပါဦး'

'တော်ပြီ၊ စကား ပြောရလွန်းလို့ အာတောင်ခြောက်ပြီ၊ ဘာမှလည်း မကျွေးသေးဘူး၊ တစ်ချက်လောက်ပဲ ပြောတော့မယ်'

'ကဲ ကဲ ပြော၊ ကျွေးမယ်၊ ဟိုမှာ မာမီက ယူ့ကို သူ့လက်ရာ ကျွေးချင်လို့ ထမင်းလက်သုပ် လုပ်နေတယ်၊ ပြီးခါနီးပြီ၊ စကားဆုံးမှာနှင့် အတော်ပဲ'

'တစ်ချက်ပဲ နော်'

'ပြောပါ ရပါတယ်၊ ယူ များများ ပြောရင် မ လည်း အမြင် ပိုကျယ်တာပေါ့'

ဤစကားက အကျွန်ုပ်၏ ပြောချင်စိတ်ကို ဆွပေးသော စကား ဖြစ်လေသည်။ ဖီလိုဆိုဖီပိုင်းသည် နက်နဲပြီး ချက်ချင်း သဘော ပေါက်ဖို့ လွယ်ဦးမည် မဟုတ်။ မ ရင်ထဲမှာ အစွဲအလမ်းတွေကလည်း ရှိနေသေးသည်။ အကျွန်ုပ်သည် မည်သည့် အချက်အလက်များကို ပြောသင့်သနည်း။ ပြောစရာ အကြောင်းအချက်တွေက အများအပြား ရှိနေလေသည်။ အားလုံးကို ပြောသင့်သော အချိန်အခါလည်း မဟုတ်သေး။ တစ်ချက်လောက်ကိုသာ မ နားလည်အောင် ပြောရမည် ဖြစ်သဖြင့် ထိုတစ်ချက်ကို ရွေးချယ်ရလေသည်။

'ကဲ အပြစ် **(Sin)** ဆိုတဲ့ သဘောတရားကို ပြောကြစို့၊ အပြစ် ဒုစရိုက် **(Sin)** ဆိုတာ ဘာလဲ၊ ဒါကို သဘော ပေါက်အောင် ပြောမယ် ဆိုရင် ဘာသာကြီး နှစ်ခုမှာ ရှိတဲ့ ကျမ်းဂန်တွေကို ပြန်ကြည့်ဖို့ လိုလိမ့်မယ်၊ ဒီမှာ **Revelation** (ဖွင့်ဟချက်) မုက္ခပတ်တော်တွေ အကြောင်း ပါလာမယ်၊ ဟို ယုဒခေတ်က စပြီး ခရစ်ယာန်၊ အစ္စလာမ်တို့ အားလုံး လက်ခံလာကြတဲ့ အချက်တစ်ချက်က ဒီ ကျမ်းဂန်တွေမှာ ပါတဲ့ ညွှန်ကြားချက်တွေဟာ ဘုရားသခင်ထံက ကျလာတဲ့ ပညတ်ချက်တွေ အမိန့်တွေလို့ ယုံကြည်ကြပါတယ်၊ ဘုရားသခင်ရဲ့ ဒီ အမိန့်တော်တွေကို လူတွေက လိုက်နာ ကျင့် သုံး ဖို့ စည်းကမ်း ဥပဒေတော်တွေ အဖြစ်နှင့် ချမှတ် ပေးတော်မူထားတာ ဆိုတော့ လူတွေ အနေနှင့် မုချ လိုက်နာကြရမယ်၊ လူတွေမှာ ဘုရား သခင်ရဲ့ အမိန့် ဥပဒေတွေကို လွန်ဆန်နိုင်ခွင့် မရှိဘူး၊ လိုက်နာ ကျင့်သုံးဖို့ပဲ ရှိတယ်၊ လူ့ဘောင်မှာ လူတွေ ပြဋ္ဌာန်း ထားတဲ့ ဥပဒေကိုတောင် လူတွေက မလိုက်နာရင် အပြစ် ဖြစ်တယ်၊ အပြစ်ဒဏ် သတ်မှတ် ခံရသေးတာပဲ၊ ဒီအတိုင်းပါပဲ၊ ဘုရားသခင်ရဲ့ အမိန့် ဥပဒေတွေကို မလိုက်နာရင် ဖြစ်ဖြစ်၊ ကျူးလွန်ရင် ဖြစ်ဖြစ် အဲဒါ အပြစ်ပဲ၊ အပြစ်ရဲ့ ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဘာသာကြီး နှစ်ရပ်စလုံးက လက်ခံ ထားကြပါတယ်၊ ဒီတော့ တစ်ဆက်တည်း ပြောဖို့လိုတဲ့ ကိစ္စ တစ်ရပ်ကတော့ ဘာသာကြီး နှစ်ရပ်စလုံးရဲ့ ယုံကြည်ကိုးကွယ်မှုမှာ ဘုရားသခင် ဖန်ဆင်းရှင်ကို ကြောက်ရွံ့ လေးစားမှုကို အဓိက ထားတယ်လို့ ဆိုရမယ့် အချက်ပါပဲ၊ ဒါဟာ အခြေခံ အချက်အလက် တစ်ခုလည်း ဖြစ်ပါတယ်၊ ဒီအချက်ကို တစ်နည်း ပြောရရင် ကိုးကွယ် ဆည်းကပ်မှုဆိုင်ရာ စိတ္တဗေဒ သဘောချင်း တူတဲ့ အချက်လို့လည်း ပြောလို့ရတာပေါ့ မ ရဲ့'

'အင်း စိတ်ဝင်စားစရာပါပဲ၊ မောင့်လို ခရေစေ့တွင်းကျ လေ့လာ လိုက်စားတဲ့ လူတော့ ရှားပါတယ်၊ မ တို့က တကယ်ဆို အပေါ်ယံ တော်တော်ကျတာပဲ နော်၊ စာ ဆိုလည်း ဝတ္ထုလောက်ကိုသာ အဟုတ်အဟတ် လုပ်ပြီး ဖတ်တာ၊ ဖီလိုဆိုဖီလို စာမျိုးကျတော့ ခေါင်းခြောက်ခံပြီး သိပ် မဖတ်ချင်ဘူး၊ ခု မောင် ပြောတာတွေကို နားထောင်ပြီး မ တစ်ခု စဉ်းစားမိတယ်'

'ဘာများလဲ ဆိုပါဦး'

'လူတွေဟာ ကြည့်တိုင်းလည်း မမြင်တတ်ကြပါကလား၊ မြင်အောင်ကလည်း ကြည့်တတ်ဖို့လည်း လိုသေးတယ် ဆိုတာလေ'

အကျွန်ုပ်လည်း မ ၏ ဒဿန ပါသော စကားတစ်လုံးကို မမျှော်လင့်ဘဲ ကြားလိုက်ရသည့် အတွက် ဝမ်းသာ ကြည်နူးမိလေသည်။

'မှန်လိုက်တာ မ ရယ်၊ သိပ္ပံပညာမှာတော့ မြင်အောင် ကြည့်တတ်ဖို့ အတွက် အင်မတန် အားကောင်းတဲ့ အီလက်ထရွန်းနစ် မှန်ဘီလူးကြီးတွေကို တီထွင်ကြရတာပေါ့၊ ဒါတောင် ဒီ မှန်ဘီလူးကြီး တွေနှင့် ကြည့်ပုံ ကြည့်နည်းကို တတ်ဦးမှ လျှို့ဝှက် နက်နဲတဲ့ သဘာဝတရားတွေကို မြင်ကြရပါတယ်၊ ဖီလိုဆိုဖီတို့ ဘာသာ အယူဝါဒတို့မှာတော့ သစ္စာတရားတွေကို မြင်အောင် ကြည့်တဲ့အခါ ဉာဏ်ကိုပဲ မှန်ဘီလူး လုပ်ပြီး ကြည့်ရတယ်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ မျက်စိနှင့် မမြင်နိုင်တဲ့ အမှန်တရားတွေကို ဉာဏ်အားကိုးနှင့်ပဲ ကြည့်ရမှာပဲ၊ ကဲ မာမီ အဆင်သင့် ဖြစ်ပြီနှင့် တူတယ်၊ ထမင်း

www.burmeseclassic.com



လက်သုပ် စားလိုက်ကြရအောင်၊ ပြီးမှ မေးစရာတွေ ရှိသေးတယ်'

ငါးရှံ့ဖြင့် လုပ်ထားသော မမိခင်၏ ထမင်းလက်သုပ်မှာ ခံတွင်းမြိန်ပါသည်။ ဘူးသီးနှင့် ပဲတီပင်ပေါက်ကို ခပ်ကျဲကျဲ ကျိုထားသော ဟင်းခါးကလည်း ငရုတ်ကောင်းနံ့ သင်းနေလေသည်။ နေ့လယ်စာကို ထမင်းလက်သုပ် ကျွေးပြီးနောက် လက်ဖက်သုပ် ထန်းလျက်ခဲနှင့် ရေနွေးကြမ်း အချိုပွဲ တည်ခင်းပြန်သည်။ အကျွန်ုပ်ကြိုက်သော မလိုင်ခဲလည်း ပါသည်။

'ကဲ စားရင်း သောက်ရင်း ပြောပါဦး၊ စောစောက မ မေးတဲ့ မေးခွန်းကို မောင် ဖြေတာက မပြည့်စုံသေးဘူး'

'ဗျာ ဒီလောက် ရှည်ရှည်ဝေးဝေး ဖြေတာတောင် မပြည့်စုံသေးဘူးလား'

'အဖြေက အကြောင်းအရာ များပြီး ဗဟုသုတတွေ စုံပါတယ်၊ ဒါပေမယ့် သိချင်တာကျတော့ မပြည့်စုံသေးဘူး'

'ဆိုပါဦး၊ ဘာတွေ လိုသေးလို့လဲ'

'မောင် ပြောတဲ့ အထဲမှာ ခရစ်ယာန် ဘာသာနှင့် အစ္စလာမ် ဘာသာ တူတာတွေ ဆယ်ချက်လောက် ပြောပြီးပေမယ့် မတူတာတွေကျတော့ တစ်ချက်မှ မပါသေးဘူးလေ၊ ခုအတိုင်း ဆိုတော့ အားလုံးပဲ တူနေသလို ဖြစ်မနေဘူးလား'

'အင်း ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ မတူတာတွေလည်း အများကြီး ရှိသေးတာပဲ'

'အဲဒီ အများကြီးထဲက အရေးကြီးမယ် ထင်တာ တစ်ချက် နှစ်ချက်လောက် ဖြစ်ဖြစ် ပြောပါဦး'

'မ သိချင်နေမှတော့ ပြောရဦးမှာပေါ့'

'မောင်ကလည်းကွာ၊ မ က အတင်း ခိုင်းတာ မဟုတ်ပါဘူး၊ သိခွင့်ပေးပါ ရှင်ရယ်လို့ အသနား ခံတာပါ'

'မ နော် ဒီလို မရွဲ့နှင့်၊ ကျွန်တော် ပြောတာက မ စိတ်ဝင်စားမယ် ဆိုရင်တော့ ပြောရမှာပေါ့လို့ ပြောတာ'

'ကဲ ဟုတ်ပါပြီတဲ့ ရှင်၊ ဈေးကလည်း ကိုင်လိုက်တာ'

'ဈေးကိုင်ဆို အနှစ်နှစ် အလလ ကုန်းရုန်းပြီး မျက်မှန် တပ်ရအောင် အထိ ဖတ်ခဲ့ မှတ်ခဲ့ အားထုတ်ခဲ့ရတာတွေလေ၊ အလကား ရထားတာတွေမှ မဟုတ်တာ'

'သြော် ပြောမိကာမှ ပိုဆိုးလာပါပြီ၊ ကိုရှည်ကြီး နော်'

မ သိချင်စိတ် ပိုလာမှ အကျွန်ုပ်လည်း စကားဆက်မပြောဘဲ နှုတ်ပိတ်ပြီး နေလေသည်။

'ကဲ မပြောနှင့်၊ ဒီပါးစပ်'

မ စိတ်မရှည်ဘဲ အကျွန်ုပ်၏ နှုတ်ခမ်း နှစ်လွှာကို သူ့ လက်ချောင်းများဖြင့် ဆွဲပိတ်ထားလေသည်။ အကျွန်ုပ်လည်း မအောင့်နိုင်၍ ရယ်ကာ မောကာပင် ပြောရ လေတော့၏။

'မတူညီတဲ့ အချက်တွေထဲက ကျွန်တော့် ဦးနှောက်ထဲမှာ အရေး ကြီးတယ်လို့ ထင်တဲ့ အချက်ကတော့ ခရစ်တော်ပေါ်မှာ မြင်တဲ့ အမြင် နှစ်ရပ်ဟာ ကွဲပြားနေတယ် မ'

'နေပါဦး၊ ခရစ်တော် အကြောင်းက အစ္စလာမ် ကျမ်းစာထဲမှာ ပါလို့လား'

'ပါတာပေါ့၊ အစ္စလာမ် ကျမ်းစာထဲမှာ ယေရှုသခင်ကို အီစာနဗီလို့ ခေါ်ပါတယ်၊ မယ်တော် မာရီကိုတော့ မယ်တော် မရီယမ်လို့ ခေါ်ပါတယ်၊ နေဦး ကျွန်တော် သေသေချာချာ မှတ်မိပါတယ်၊ ကုရ်အာန်ကျမ်းထဲက စူရာ အခန်း ၂၊ အပိုဒ် ၂၅၃ မှာ၊ ဟုတ်တယ်၊ ၂၅၃ ပဲ၊ ဘယ်လို ဖော်ပြထားသလဲလို့ ဆိုတော့ ၎င်းပြင် ငါ အရှင်မြတ်သည် မရီယမ်၏ သား (နဗီတမန်တော်) အီစာအား ထင်ရှားလှစွာသော သက်သေခံလက္ခဏာတော်များက ချီးမြှောက်တော် မူခဲ့သည့်ပြင် ရုဟုလ်ကုဒုစ် ခေါ် စေတမန် ဂျီဗရီလ်ဖြင့်လည်း ကူညီထောက်မတော် မူခဲ့လေသည်၊ (၂း၂၅၃) မှာ အထင်အရှား ဖော်ပြ ထားပါတယ်'

'ဒါက အစ္စလာမ်က ခရစ်ယာန်ထက် နောက်ကျလို့ ထည့်ထားတာ မဖြစ်နိုင်ဘူးလား'

'ဖြစ်နိုင်တာတွေကတော့ အများကြီးပါ မ ရဲ့၊ ဒါပေမယ့် ဒီနေရာမှာ ဘာ မှတ် ချက် မှ မချတာ အကောင်းဆုံးပဲ၊ မုဟမ္မဒ်သခင်က ယေရှုသခင်ထက် အနှစ် ၆၀၀ ကျော် နောက်ကျတယ်၊ ဒီတော့ ခရစ်ယာန်က ယေရှုခရစ်တော်ကိုပဲ ယုံကြည် ကိုးကွယ်တယ်၊ နောက်မှ ပေါ်တဲ့ မုဟမ္မဒ် ဟောပြောတာကို လက်မခံကြတော့ဘူး၊ ဒါလည်း မဆန်းပါဘူး၊ ယေဝတီတွေ ကလည်း မောရှေ နောက်မှ ပွင့်ပေါ်လာတဲ့ ယေရှုသခင် ဟောပြောတာတွေကို လက်မခံတော့ဘူးလေ၊ ဒါကတော့ လူ့သမိုင်းမှာ ဖြစ်မြဲ ဓမ္မတာတွေပဲလို့ သဘောထားပါဗျာ'

www.burmeseclassic.com


'နေပါဦး၊ အစ္စလာမ် ကျမ်းစာထဲမှာ ယေရှု သခင်ကို ဘယ်လိုပုဂ္ဂိုလ်လို့ ပြထားလို့လဲ'

'စာစောက ရည်ညွှန်းပြခဲ့တာ စာထဲမှာ မတွေ့ဘူးလား၊ ဘုရားသခင်က ကောင်းကင်တမန် ဂါဗြေလကိုတောင် ကူညီ ထောက်ပံ့စေတဲ့ ပုဂ္ဂိုလ်၊ ပရောဖက် တစ်ဦး အဖြစ်နှင့် လက်ခံ ထားပါတယ်'

'အို ယေရှုခရစ်တော်က မေရှိယ (Messiah) ပဲ၊ ကယ်တင်ရှင်ပဲဟာ၊ ဖဘုရားသခင်ရဲ့ သားတော်ပဲဟာ၊ သူက တမန်တော်မှ မဟုတ်တာ'

'အဲဒါ ပြောတာပေါ့၊ အယူအဆ မတူပါဘူးလို့၊ ခရစ်ယာန်တွေကတော့ ခရစ်တော်ကို မေရှိယ (ကယ်တင်ရှင်) အဖြစ် ယုံကြည် ကိုးကွယ် ကြပါတယ်၊ အစ္စလာမ်မှာကျတော့ ကယ်တင်ရှင် ဆိုတဲ့ အယူအဆ မရှိဘူး၊ ဒီစကားကို မဆက်ခင် ဖီလိုဆိုဖီ သဘောတစ်ခုကို မ ကို ပြောပြဦးမယ်၊ ဒါက ဘာလဲ ဆိုတော့ လောကမှာ တကယ့်တကယ် ရှိတဲ့ အကြောင်းခြင်းရာ (Fact) ဒါပဲ၊ တစ်ခုတည်းပဲ၊ ဒါပေမယ့် အဲဒီ အကြောင်းခြင်းရာမှာ အဓိပ္ပာယ် ဖွင့်ဆိုချက် (Interpretation of Fact) ကျတော့ အမြင်တွေ ကွဲကုန်ရော၊ ဒီသဘောပဲ ယေရှုသခင်ဟာ ပုဂ္ဂိုလ်အားဖြင့်တော့ ဒီပုဂ္ဂိုလ် တစ်ဦးတည်းပါပဲ၊ ဒါကတော့ သမိုင်း အထောက်အထားတွေလည်း ရှိတယ်၊ ငြင်းလို့ မရပါဘူး၊ ဒါပေမယ့် ခရစ်တော်ကို ရှုမြင် သုံးသပ်ဖို့ အဓိပ္ပာယ် ဖွင့်ဆိုပုံ ကျတော့ ကွဲကုန်ရော၊ ဒါလောက်ဆို မ သဘော ပေါက်နိုင်ပါတယ်၊ ခရစ်ယာန်မှာ ဂိုဏ်းဂဏတွေ ကွဲခဲ့ရတဲ့ အကြောင်းရင်းဟာလည်း ဒါပဲ၊ အဓိပ္ပာယ် ဖွင့်ဆိုပုံ မတူကြတာပါပဲ၊ ဒါက ကိုယ့် ခံယူချက်နှင့် ကိုယ် အဓိပ္ပာယ် ဖွင့်ကြတာပါ မ ရဲ့၊ ဘာဖြစ်လို့ ကျွန်တော်က ဒီလို သုံးသပ်သလဲ လို့ ဆိုရင် ခရစ်ယာန် အယူကိုတော့ မ သိပြီး ဖြစ်လို့ မပြောတော့ပါဘူး၊ အစ္စလာမ် အယူကို ပြောမယ်နော်၊ အစ္စလာမ်မှာက အလ္လာဟ်အရှင်မှ တစ်ပါး အခြား ကိုးကွယ် ခံထိုက်သူ မရှိ ဆိုတဲ့ အယူဝါဒဟာ အခြေခံ သဘောတရားပါပဲ၊ အာရဗီလိုတော့ လာအိလားဟာ အစ်လောက်လာ ဆိုတဲ့ စကားပေါ့၊ အလ္လာဟ် အရှင်မှ တစ်ပါး ကိုးကွယ် ခံထိုက်သူ မရှိ ဆိုတဲ့ အတွက် တမန်တော် မုဟမ္မာဒ်သည်လည်း ကိုးကွယ် ရှိခိုး ခံထိုက်သူ မဟုတ်ဘူး၊ တမန်တော် ဆိုတာ အလ္လာဟ် အရှင်ရဲ့ ကျေးကျွန် တစ်ဦးပဲ၊ သူလည်း သာမန်လူသားပဲ၊ ဘုရား မဟုတ်ဘူး၊ ထာဝရဘုရားရဲ့ ကိစ္စအဝဝကို ဆောင်ရွက်ရန် ခန့်အပ်ခံရသော သံတမန် တစ်ဦးသာ ဖြစ်တယ်၊ ထာဝရ ဖန်ဆင်းရှင် ဘုရားကို အစ္စလာမ် ဘာသာမှာ ပြိုင်ဘက် မရှိ၊ အတူ မရှိ၊ အတု မရှိ၊ ဧကောဓမ္မော အဖြစ် ထားတယ်၊ အင်္ဂလိပ်လိုတော့ တစ်ဆူတည်းသော တစ်ပါးတည်းသော ထာဝရ ဘုရားကို လက်ခံသော မိုနစ္စင်း (Monism) လို့ ဖီလိုဆိုဖီ သဘောအရ ဆိုရတယ်၊ ခရစ်ယာန် အယူမှာတော့ သုံးပါး တစ်ဆူ ဘုရားလို့ သတ်မှတ်တာကိုး၊ ဒီတော့ ယေရှုသခင်ဟာ ဖဘုရားသခင်ရဲ့ တမန်တော် မဟုတ်ဘူး၊ ဖဘုရားသခင်ရဲ့ သန့်ရှင်းသော ဝိညာဉ်တော်ကိန်းရာ လူသားဘုရား ဖြစ်လာတယ်၊ ဒါကြောင့် ပုဂ္ဂိုလ်ကတော့ မကွဲဘူး၊ အယူအဆပဲ ကွဲတယ်၊ သဘောထား ကွဲတယ်ပေါ့ဗျာ၊ ဒီနေရာမှာ ကွဲရတဲ့အကြောင်းလည်း ရှိပါတယ်၊ အစ္စလာမ် ဘာသာမှာက ကယ်တင်ခြင်း သဘောတရား မရှိဘူး၊ ကုရ်အာန်ကျမ်းမှာ ဘယ်လို ဆိုထားသလဲ ဆိုတော့..

'အို အစ်ရာအီးလ် (ဣသရေလ) ၏ မျိုးနွယ် အပေါင်းတို့၊ သင်တို့သည် သေပြီးနောက် ရှင်ပြန်ထရမည့် ကိယာမတ်နေ့ကို အထူးပင် ကြောက်ရွံ့၍ မိမိတို့ ကိုယ်ကို ကာကွယ်ကြကုန်၊ (အဘယ်ကြောင့်ဟူမူ) ထိုနေ့တွင် မည်သူ တစ်ဦး တစ်ယောက်မျှ တစ်စုံ တစ်ယောက်သော သူနှင့် ပတ်သက်၍ အနည်းငယ်မျှကိုပင် ဖြည့်စွက် ပေးနိုင်မည် မဟုတ်၊ အဘယ်သူ တစ်စုံ တစ်ယောက်၏ အသနားခံ ပေးခြင်းကိုလည်း (ငါအရှင်သည်) သဘောတူ လက်ခံတော်မူမည် မဟုတ်၊ အဘယ် တစ်စုံတစ်ယောက် သူ၏ထံမှ ကိုယ်စား လဲလှယ်ခြင်းကိုလည်း (ငါအရှင်သည်) လက်ခံမည် မဟုတ်၊ ထို့ပြင် (ထိုနေ့တွင်) ယင်းသူတို့သည် (အခြား မည်သည့်) အကူအညီ ရိုင်းပင်းမှုကို မျှလည်း ခံကြရမည် မဟုတ်ပေ' (၂း၄၈) လို့ ဆိုထားတာ အတိအလင်း အထင်အရှား ရှိပါတယ်။

'သဘောကတော့ ဘယ်သူကမှ ဘယ်သူ့အတွက် ဝင်ခံလို့ မရဘူး၊ ဘယ်သူ့ကို ဘယ်သူကမှ ကယ်လို့လည်း မရဘူး၊ ကိုယ့်ထိုက်နှင့် ကိုယ့်ကံပဲ၊ ရှင်စဉ် ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ အတိုင်းပဲ ခံစံကြရမယ်လို့ ဆိုလိုပါတယ်၊ မုဟမ္မာဒ်က မကယ်တင်နိုင်ဘူး၊ သူ့ကို အလ္လာဟ်အရှင်က ကယ်တင်ခွင့်လည်း ပေးမထားဘူး၊ သူဟာ ထာဝရ ဖန်ဆင်းရှင် အလ္လာဟ်ရဲ့ သံတမန်တစ်ဦး အဖြစ် အလ္လာဟ် အရှင်ရဲ့ လိုအင် ဆန္ဒတော်များကို လူသားများထံ သယ်ဆောင်လာတဲ့ သတင်း ပေးသူပါပဲ၊

www.burmeseclassic.com



ဒီထက် မပိုဘူး၊ ကယ်လည်း မကယ်နိုင်ဘူး၊ ဒါပေမယ့် သမ္မာကျမ်းစာ ဓမ္မသစ်ကျမ်းရဲ့ ပထမကျမ်း ဖြစ်တဲ့ ရှင်မသဲ ခရစ်ဝင်မှာ ခရစ်တော် အကြောင်း ဖော်ပြထားချက်တွေကတော့ ဒီလို မဟုတ်ဘူး၊ ခရစ်တော်ဟာ ဖဘုရား သခင်ရဲ့ ကရုဏာတော်ကို ကိုယ်စားပြုတယ်၊ သူကိုယ်တိုင်ဟာ ခမည်းတော်ဘုရားရဲ့ သားတော် ဖြစ်တယ်၊ တမန်တော် ရိုးရိုး မဟုတ်ဘူး၊ သူက လူသားတွေထဲက သူ့အပေါ် ယုံကြည် အားကိုးသူ၊ သူ့ကို သက်ဝင်သူတွေကို ကယ်တင်ဖို့ လာတာ၊ သူ့ကို သစ္စာခံသူတွေကို ကယ်တင်ဖို့ လာတာ။

'တစ်စုံတစ်ယောက်သော သူသည် သူ့ကိုယ်သူ ငါပိုင်ဆိုင်သူ ဖြစ်ကြောင်း လူသိရှင်ကြား ကြေညာလျှင် ငါကလည်း ကောင်းကင်ဘုံ၌ ဖခမည်းတော် ဘုရားသခင် ရှေ့မှောက်တွင် ထိုသူ ကြေညာသည့် အတိုင်း ကြေညာမည်၊ အကယ်၍ ထိုသူသည် ငါ့အား လူသိရှင်ကြား ငြင်းပယ်သူ ဖြစ်မူကား ငါကလည်း ထိုသူအား ကောင်းကင်ဘုံ၌ ဖခမည်းတော် ဘုရားသခင် ရှေ့မှောက်တွင် ထိုသို့ ကြေညာမည်သာ ဖြစ်၏၊ ရှင်မသဲ ခရစ်ဝင် (၁၀း၃၂) မှာ ဒီလို ပါရှိပါတယ်၊ ဟုတ်တယ်နော် မ'

'ဟုတ်ပါတယ် ရှင်'

'ဒါပေမယ့် ငါ့ကို သခင် သခင် ခေါ်သူတိုင်းလည်း ကောင်းကင် နိုင်ငံတော် **(Kingdom of Heaven)** ကို ဝင်ခွင့်ရမှာ မဟုတ်ဘူး၊ ကောင်းကင်ဘုံ၌ စံနေတော်မူသော ငါ၏ အဖဘုရားသခင် အလိုတော် ရှိသည့်အတိုင်း လိုက်နာ ဆောင်ရွက်သူတို့သည်သာ ထိုနိုင်ငံသို့ ဝင်ကြရလိမ့်မည်လို့ ရှင်မသဲခရစ်ဝင် (၇း၂၁) မှာ သတိ ပေးထားတာလည်း ရှိပါသေးတယ်၊ ဒါက ဘာသဘောလဲ ဆိုတော့ ခရစ်တော်သည်ပင် မိမိကိုယ်ကို ထက် ဖန်ဆင်းရှင် ဘုရားသခင်ကို ကြောက်ရွံ့ ရိုသေရေး၊ ဖန်ဆင်းရှင် ဘုရားသခင်ရဲ့ အမိန့်များကို လိုက်နာရေးကို ပိုပြီး အရေး ထားကြောင်း ထင်ရှားစွာ ဖော်ပြတဲ့ သဘောပဲလို့ ကျွန်တော် ယူဆပါတယ်၊ ဒီလို ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ကိုသာ ဦးထိပ် ထားကြရမှာတော့ ခရစ်ယာန် အစ္စလာမ် သိပ်ပြီး မခြားလှဘူးလို့ ကျွန်တော် ခံစားမိပါတယ်'

'ဒါပေမယ့် အစ္စလာမ်မှာ ကယ်မယ့်သူ မရှိဘူး၊ မ တို့ ခရစ်ယာန်မှာက ကယ်တင်မယ့်သူ ရှိသေးတယ် ဆိုတော့ မျှော်လင့်ချက်နှင့် အားတက်စရာတွေ ရှိသေးတာပေါ့ မဟုတ်ဘူးလား'

'အင်း တစ်မျိုးစီ တန်ဖိုး ရှိကြတာပါပဲ မ ရယ်၊ ယုံကြည် သက်ဝင်မှု ဆိုတဲ့ သဒ္ဓါတရားဟာ စိတ္တဗေဒ အခြေခံနှင့် ဖြစ်တာလည်း ရှိပါတယ်၊ ဒဿန အခြေခံနှင့် ဖြစ်တာလည်း ရှိပါတယ်'

'**Psychological Basis** နှင့် **Philosophical Basis** ရှိတယ်လို့ ဆိုတာလား မောင်'

'ဟုတ်ပါတယ် မ'

'မ နားမလည်ဘူး၊ ဘာကို ပြောတာလဲ ဟင်'

'ဒါက လူတွေရဲ့ ဘဝထဲမှာ ယုံကြည် ကိုးကွယ်မှု ဆိုတဲ့ ဘာသာ အယူဝါဒတွေ ပေါ်ပေါက်လာပုံ၊ သမိုင်းနှင့် ဘာသာရေး ဒဿနသဘောတွေကို ရှင်းပြမှ ကျယ်ကျယ်ပြန့်ပြန့် နားလည်နိုင်မယ်၊ ကျွန်တော်လည်း လေ့လာဆဲပဲ ရှိပါသေးတယ်၊ ကျွန်တော် နားလည် ပြီး သမျှ အကျဉ်းချုပ်ပဲ ပြောမယ်နော်၊ စိတ္တဗေဒ အခြေခံ ဆိုတာက ကြောက်ရွံ့မှု မျှော်လင့်မှု၊ မျှော်လင့်မှု ဆိုတာကလည်း တောင့်တမှု သဘောလည်း ဖြစ်တာပေါ့၊ အဲဒီ လိုလားမှု မလိုလားမှုကို အခြေခံပြီး ဖြစ်တဲ့ ကျေနပ် နှစ်သိမ့်မှုကို ဆိုတာပါ၊ ဒီလို ယုံကြည်ရတာကိုပဲ နှစ်သက်တဲ့ သဘော၊ ကျေနပ်တဲ့ သဘော၊ စိတ်ထဲမှာ လုံခြုံမှု ရရှိတဲ့ သဘောပေါ့၊ ဒါတွေဟာ အကုန်လုံး စိတ္တဗေဒ အခြေခံတွေချည်း ပါပဲ'

'ဒါဆို ဖီလိုဆိုဖီ အခြေခံ ဆိုတာကကော'

'ဖီလိုဆိုဖီ အခြေခံကတော့ ကြောက်လို့ ကိုးကွယ်တာ၊ လိုချင်တာတွေကို မျှော်လင့် နိုင်အောင်လို့ ကိုးကွယ်တာ မဟုတ်ဘူး၊ သူက သိပ္ပံပညာ ဆန်တယ်၊ ကြောင်းကျိုး တရားတွေ အပေါ်မှာ အခြေ တည်တယ်၊ ဆင်ခြင်တုံ တရားနှင့် ယုတ္တိဗေဒကိုသာ အားကိုးပြုတယ်၊ မိမိရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ခေါ်တဲ့ မှားယွင်းတဲ့ အမြင်တွေနှင့် သံသယတွေကို ရှင်းလင်းရင်းက မိမိကိုယ်တိုင် မငြင်းနိုင်တဲ့ သစ္စာ သဘာဝတွေကို သိမြင်လာရတယ်၊ အဲဒီအခါကျတော့ သူ့မှာ သံသယ ရှင်းစွာ စိတ်ချ ယုံကြည်ခြင်း ဖြစ်ပေါ်လာတယ်၊ ဒီသဘောပဲ'

မ သည် သဘော ပေါက်သွားသည် ထင်သည်။ အကျွန်ုပ်၏ မျက်နှာကိုလည်း စူးစမ်းသော အကြည့်ဖြင့် စိုက်ကြည့်လေသည်။ မ ၏ မျက်လုံးများထဲတွင် ဒွိဟကိုလည်း တွေ့ရသည်။ သူ့ နှုတ်ခမ်းပေါ်မှာ ပေါ်လာသော အပြုံးကလည်း မကြည်လင်သော မဲ့ပြုံးမျိုး

www.burmeseclassic.com



ဖြစ်လေသည်။ အကျွန်ုပ်၏ မျက်နှာပေါ်တွင် မ သည် တစ်စုံ တစ်ခုကို ရှာဖွေနေပုံ ရလေသည်။ သူ့ မျက်လုံးများက ဝင်းလက်၍ တောက်ပ နေကြလေသည်။

'ဘာကို ကြည့်နေတာလဲ မ'

'ယူ့ နှလုံးသားကို မ နားလည်အောင်လို့ ကြည့်နေတာလေ၊ ခုမှ မ သဘော ပေါက်တယ်၊ မ ကတော့ ယူ့ကို စိတ်ချရပြီ ထင်တာ၊ ဒီအတိုင်းဆို ယူ ဟာ စိတ်မချရပါဘူး၊ ယူ က ယုံကြည်မှု သဒ္ဓါကို ဗီလိုဆိုဗီ အခြေခံနှင့် ရှာဖွေနေတဲ့ သူပဲ၊ မ နှင့်မှ မတူတာဘဲ'

အကျွန်ုပ်မှာ သူ့ အမြင် အ ပေါ် တွင် တစ်စုံတစ်ရာ ပြောစရာစကားလည်း မရှိ၊ ဝေဖန်စရာ ဖြေရှင်းစရာ စကားလည်း မရှိပါ။ မ သုံးသပ်မိသလို မိမိသည် ဗီလိုဆိုဖီ အခြေခံ အပေါ်၌ ရပ်တည်နေသူ ဖြစ်သည် ဆိုသည်ကို ငြင်းအပ်သည်မှ မဟုတ်ဘဲ။ သို့သော် မ က 'ယူ ဟာ ဒီအတိုင်းဆို စိတ်မချရဘူး' ဆိုသော စကားကို ခွဲခွဲခြားခြား သိဖို့တော့ လိုသည်။ ထိုစဉ် မ က မေးခွန်း ထုတ်ပြန်သည်။

'ပြောလေ၊ မ ပြောတာ မဟုတ်ဘူးလား'

'ဘာ မဟုတ်တာလဲ၊ မ ပြောတဲ့ စကားကို ကျွန်တော် အားလုံး သဘော မပေါက်ဘူး၊ ကျွန်တော့်ကို စိတ်မချရဘူး ဆိုတာ ဘာကို ပြောတာလဲ'

'ဒါ ယူ အသိဆုံးပဲ၊ မ ပြောစရာမှ မလိုတာ'

'ဒါဆို ကျွန်တော် အဓိပ္ပာယ် ဖော် ဖို့ လည်း မကြိုးစားတော့ပါဘူး၊ စိတ်မချရဘူးလို့ ထင်တာကတော့ မ ရဲ့ သဘောထားပါ၊ ဒါလည်း မ ထင်ချင်သလို ထင်လို့ရပါတယ်၊ တစ်ခုပဲ ရှိတယ်၊ မ ရဲ့ နောက်ဆုံးပိတ် စကား၊ မ နှင့် ကျွန်တော်နှင့် မတူဘူး ဆိုတာ ဟုတ်ပါတယ်၊ ဒါကတော့ တူလို့လည်း မရဘူး၊ သဘာဝကိုယ်က မ က မိန်းမ၊ ကျွန်တော်က ယောကျ်ား၊ မတူဘူး၊ ဒီတော့ စိတ်ချင်းလည်း ဘယ်တူမလဲ၊ မတူဘူး ဆိုတာက ကြီးပြင်းလာခဲ့ရတဲ့ ပတ်ဝန်းကျင်ချင်းလည်း မတူခဲ့ကြဘူးလေ၊ ဒီတော့ အယူအဆတွေလည်း ဘယ်တူပါ့မလဲ၊ အဲဒီ မတူညီမှုကို အသိအမှတ် ပြုပြီး လက်ခံနိုင်အောင် ကြိုးစားတာ ခွင့်လွှတ်တာ သည်းခံတာ အားလုံးကို ကျွန်တော်ကတော့ မေတ္တာပဲ အချစ်ပဲလို့ သဘော ထားတယ်၊ ကိုယ်နှင့် မတူ ကိုယ့်ရန်သူ ဆိုတဲ့ သဘောမျိုး မ မှာ ရှိရင်တော့ ကျွန်တော့်မှာ ဘာမှ ပြောစရာ စကား မရှိဘူး'

မ စိတ်ကောက် သွားလေသည်။ အကျွန်ုပ်မှာလည်း သူ့ကို ချော့ရလောက်အောင် အကြောင်း မမြင်ပါ။ သူနှင့် တူအောင် အကျွန်ုပ် ကိုယ်ကို ဘယ်ပုံ ဘယ်နည်း ပြုလုပ်၍ ရပါမည်နည်း။

အိမ်ပြန်စဉ် ဘတ်စ် ကား ပေါ် တွင် အကျွန်ုပ် စဉ်းစား လာမိလေသည်။ မ နှင့် အကျွန်ုပ်သည် ဒဿန လမ်းခွဲပေါ်သို့ ရောက်နေသူ နှစ်ဦးနှင့် တူပါသည်။ ဤပုံအတိုင်း ရှေ့သို့သာ ဆက် လျှောက်ကြလျှင်တော့ တစ်ဦးနှင့် တစ်ဦး ဝေးသွားဖို့သာ အကြောင်း ရှိပေတော့မည်။

www.burmeseclassic.com

## ၄။ စွန့်လွှတ်ခြင်းဖြင့် ရင်းနှီးရသော အသိပညာ

ဤလောက၌ တစ်စုံတစ်ယောက်သော သူသည် အကျွန်ုပ်၏ အကြောင်းကို မသိ၍ ဖြစ်စေ၊ အထင်လွဲ၍ ဖြစ်စေ၊ တစ်ဆင့် ပြောစကားဖြင့် ဖြစ်စေ စွပ်စွဲသည် ဖြစ်အံ့။ ထိုသူအား အကျွန်ုပ်သည် တုံ့ပြန် ပြောဆိုဖို့ ဝေးစွ၊ ထည့်၍ပင် စဉ်းစားမည် မဟုတ်ချေ။ စဉ်း စား ရန် အကြောင်း မဲ့၍ ဖြစ်ပါသည်။

သို့သော် ဝန်လေးခြင်း ကင်းစွာဖြင့် မိမိ၏ နှလုံးသားကို ပေးထား ခဲ့ပြီးသော ချစ်သူ၏ အထင်လွဲခြင်းကို လည်းကောင်း၊ ငြိုငြင်ခြင်းကို လည်းကောင်း လုံးဝ အလို မရှိသည်မှာလည်း အကျွန်ုပ်၏ သဘော အမှန်ပင် ဖြစ်လေသည်။

သို့သော် စွပ်စွဲခြင်းကို ဘယ်ပုံ ဖြေရှင်း ရမည်နည်း။ စွပ်စွဲခြင်း ဆိုသည်မှာ မဟုတ်သည်ကို အဟုတ် လုပ်လိုခြင်းပင် ဖြစ်သည်။ မမှန်သည်ကို အမှန် လုပ်လိုခြင်းပင် ဖြစ်သည်။

ချစ်သူ စိတ်ချမ်းသာအောင် ဆိုပြီး စွပ်စွဲသောသူကို ကျေနပ်အောင် လိုက်ချော့လိုက်ပါမူကား မဟုတ်တာတွေ အဟုတ် ဖြစ်ကုန်တော့မည်။ မမှန်တာတွေလည်း အမှန် ဖြစ်ကုန် ပေတော့မည်။

အချစ်သည် အမှန်တရား ဖြစ်သည်။ သူ အမှန်ကို မြင်သောအခါ၌ အကျွန်ုပ်သည် သူ့ကို အစဉ်အကြယ် ဆက်ဆံနိုင်သလို သူလည်း အကျွန်ုပ်ကို ဆက်ဆံပါလိမ့်မည်ဟု ယုံကြည်ပါသည်။ အကျွန်ုပ်က မှားခဲ့မိပါလျှင် ဝန်ချဖို့ကို အကျွန်ုပ် ဝန်မလေးပါ။ တောင်းပန်ရခြင်း အတွက် အကျွန်ုပ် မရှက်တတ်ပါ။

အကယ်၍သာ မ မှာ အချစ်ကို အနိုင် ယူလိုသည့် ဆန္ဒမျိုး ရှိခဲ့ပါမူကား အကျွန်ုပ်အား အစဉ် အရှုံးစာရင်းမှာ ထားနိုင်သော အခွင့်အရေး သူ့မှာ ရှိပါသည်။ အကျွန်ုပ် ပေးသော အချစ်ကို သူ မယူလိုလျှင်လည်း စွန့်ပစ်နိုင်ခွင့် သူ့မှာ ရှိပါသည်။ အကျွန်ုပ်ကို ပေးရန် အတွက် သူ့မှာ အချစ် မရှိလျှင်လည်း အကျွန်ုပ်သည် သူ့ကို အပြစ်တင်မည့်သူ မဟုတ်ပါ။

လွတ်လပ်ခြင်း ကင်းသော လူ့ဘဝဝယ် အချစ်ကြောင့် နောက်ထပ် အနှောင် အဖွဲ့ ဖြစ်လိုသော ဆန္ဒ အကျွန်ုပ်မှာ မရှိခြင်းကိုတော့ မ နားလည် စေချင်လှပါသည်။

မ ပြောလိုက်သော စကားထဲတွင် **'အကျွန်ုပ်ကို** စိတ် မချရဘူး' ဆိုသော စကားသည် သူ ဘာကို ဆိုသနည်း။ အကျွန်ုပ် နားလည်ဖို့ အမျိုးမျိုး ကြိုးစား ကြည့်သော်လည်း ထိုစကားကို အကျွန်ုပ် နားမလည်ချေ။

အကယ်၍ ထိုစကားသည် အချစ်နှင့် ပတ်သက်ပါမူကား သူသည် အကျွန်ုပ်၏ အချစ်သစ္စာကို သံသယ ဖြစ်ခြင်းသာ ဖြစ်လိမ့်မည်။ ဤကိစ္စသည် နှလုံးသားကိစ္စ ဖြစ်လေသည်။ မိမိ ရင်ထဲက ကိစ္စကို မိမိသာ အသိဆုံး ဖြစ်ပါသည်။ မျှော်လင့်ချက်နှင့် တွက်ကိန်း မရှိသော အချစ်မျိုးသည် အဘယ် အကြောင်းကြောင့် ပျက်စီးနိုင်ပါမည်နည်း။ အကျွန်ုပ်၏ အချစ်သည် စင်ကြယ်သည်ဟု ယုံကြည်ပါသည်။ မ ကို ချစ်ပါရစေဟု ခွင့်ပန်ခဲ့ခြင်းသည် မ က အကျွန်ုပ်အား လက်ထပ် ယူပါ ဟု တောင်းဆိုခြင်း မဟုတ်ပါ။ မ သဘောနှင့် မ လက်ထပ်ချင်ထပ်၊ မထပ်ချင်နေ၊ ချစ်တုံ့ ပြန်ချင်ပြန်၊ မပြန်ချင်နေရသည်။ လောကမှာ ချစ်သူ နှစ်မျိုး ရှိသည်ဟု အကျွန်ုပ် ထင်ပါသည်။ ချစ်သူ တစ်ဦးသည် ချစ်ရခြင်း၌ နှစ်သိမ့်တတ်သူ (ဝါ) ချစ်လိုသူ ဖြစ်ပါသည်။ နောက် ချစ်သူ တစ်ဦးသည် အချစ် ခံရခြင်းကိုသာ နှစ်သက်သူမျိုး (ဝါ) အချစ် ခံလိုသူမျိုး ဖြစ်၏။

အကျွန်ုပ်သည်ကား ပထမ အမျိုးအစား ချစ်သူ ဖြစ်ပါ၏။ ပြန်၍ အချစ် ခံရသည် ဖြစ်စေ၊ မခံရသည် ဖြစ်စေ မိမိက ဝိသေသအားဖြင့် တစ်စုံတစ်ဦးကို ချစ်နေရလျှင်လည်း ကျေနပ်ပါသည်။ ယေဘုယျအားဖြင့်မူကား လူသား အားလုံးကို ချစ်၍ နေနိုင်သူသာ ဖြစ်ချင်ပါသည်။ ထိုသဘောကို မ နားမှ လည်ပါလေစ။

စိတ် မချရဘူး ဆိုသော မ ၏ စကားသည် အကျွန်ုပ်၏ ကိုယ်ကျင့်တရားကိုပင် ရည်ညွှန်း လေသလား။ အကယ်၍ မ သည် အကျွန်ုပ်၏ ကိုယ်ကျင့်သိက္ခာကို သံသယ ဖြစ်သည် ဆိုပါမူလည်း သံသယဖြစ်စရာ ဘာ အကြောင်းမျှ မရှိသည်ကို မ သာလျှင် အသိဆုံး ဖြစ်လေသည်။ ဤမျှ သုံးနှစ်နီးပါး ဆက်ဆံ

www.burmeseclassic.com



လာခဲ့ကြရာတွင် အကျွန်ုပ်သည် မ အပေါ်၌ အခွင့်အရေး ယူလိုသော အမူအရာဖြင့် ဆက်ဆံခဲ့သည် ရှိဖူးသလား။ ရာဂဆန္ဒ အလိုသို့ လိုက်၍ မ ၏ နုထွေးသော လက်ကလေးကိုပင် အကျွန်ုပ် ဆုပ်ကိုင်ခဲ့ဖူးခြင်း မရှိသည်ကိုလည်း မ သိပါလိမ့်မည်။

သို့ဖြစ်လျှင် စိတ်မချရဘူး ဆိုသော စကားသည် အကျွန်ုပ်၏ ယုံကြည် ကိုးကွယ်မှုနှင့်သာ ဆက်စပ်ဖွယ် အကြောင်း ရှိလေသည်။

ဤကိစ္စနှင့် ပတ်သက်၍မူ မ မှာ သံသယ ဖြစ်စရာ ဘယ်လို အကြောင်းမျိုးတွေ ရှိနိုင်ပါသနည်း။ မ ထံမှ ပြန်ခဲ့ပြီး နောက်ပိုင်း ရက်များတွင် အကျွန်ုပ် အပြန်ပြန် အလှန်လှန် စဉ်းစား နေမိလေသည်။ စဉ်းစားရင်းလည်း ရန်ကုန်မြို့တွင် မ အလုပ်အကိုင် တစ်ခုခု ရရှိရေးကိုလည်း တစ်ဖက် တစ်လမ်း ကြိုးစားလျက်ပင် ရှိခဲ့ပါသည်။ အကျွန်ုပ် အမှု ထမ်းဆောင်လျက် ရှိသော လူဝင်မှု ကြီးကြပ်ရေးရုံးတွင် ကြီးကြပ်ရေးမှူး ရာထူးများ လစ်လပ်လျက် ရှိသောကြောင့် မ အတွက် လျှောက်လွှာ တင်ပေး ခဲ့သေးသည်။ သို့သော် မ နှင့်တော့ မတွေ့ဘဲ နေခဲ့၏။

အကျွန်ုပ် ခရစ်ယာန် ဘာသာသို့ ဝင်ရောက်ခဲ့ခြင်းကို မ သည် အထင်လွဲလေပြီလား။ အကျွန်ုပ်သည် သူ့ကို ချစ်သောကြောင့် သူ့ထံက အချစ်ကို ပြန်ရလိုစိတ်ဖြင့် နှစ်ခြင်း ခံသည်ဟု ထင်လေ သလား။ ဤအတွေးမျိုး ဤအထင်မျိုး ရှိမှသာ သူ့အချစ်ကို အကျွန်ုပ် ရပြီးလျှင် ဖောက်ပြန်ကောင်း ဖောက်ပြန် သွားလိမ့်မည်ဟု မ မှာ ထင်စရာ အကြောင်း ရှိလေသည်။ သည်လို ဆိုလျှင် အကျွန်ုပ်ဘက်ကလည်း တွေးစရာ အကြောင်းတွေ ရှိပါသည်။ မ က အကျွန်ုပ်ကို လက်ထပ်ပါမည်ဟု ကတိပြုခြင်းသည် အကျွန်ုပ် ခရစ်ယာန် ဘာသာထဲသို့ ဝင်ခဲ့ခြင်းကြောင့်ပဲလား။ အ ကယ် ၍ အကျွန်ုပ်သည် ခရစ်ယာန် ဘာသာထဲသို့ မရောက်လျှင် မ သည် ယခု ပေးသည့် အဖြေမျိုး ပေးပါမည်လား။

အတွေးတွေသည် ဆုံးနိုင်တော့မည် မဟုတ်ချေ။ နောက်တစ်ခုလည်း စဉ်းစားမိသည်။ မ သည် ငယ်စဉ်က တစ်စုံတစ်ယောက်သော သူကို ချစ်ခဲ့ဖူးပါသည်။ ထိုသူနှင့် ကွဲခဲ့ဖူးသည်ဟုလည်း ပြောဖူးလေသည်။ ထိုအချက်က ယခုအခါ မ ၏ ရင်ထဲတွင် အချစ် ရှိသေးဦးမည်လား။ တစ်ကြိမ်က မ ရင်မှာ ပွင့်ခဲ့ဖူးသော အပြစ် အနာ ကင်းသည့် အချစ် သစ္စာပန်းကို သူ၏ ချစ်ဦးသူကို သူ ပေးလိုက် ပြီးပြီ ဖြစ်လိမ့်မည်။ အကျွန်ုပ်မှာသာ ယခုမှ အချစ်ဦး သစ္စာပန်းပွင့်သူ ဖြစ်၍ ထိုသစ္စာပန်းကို မ အား ပေးလိုက်ပြီ ဖြစ်ပါသည်။ ဤတွင် အချစ်ရှိသူနှင့် အချစ် မရှိသူ ကွာခြားနိုင်ပါသည်။ ဒါကြောင့် မ သည် 'မောင့်ကို မ ချစ်တယ်' ဆိုသော စကားကို တစ်ခါမျှပင် မဆိုဘဲ 'ယူ့ကို မ လက်ထပ်မယ်' ဆိုသော အလုပ်သဘော ဆန်သည့် အဖြေကိုသာ ပေးခဲ့လေသလား။

ပြောတော့ မပြောတတ်ပါ။ မ မှာ လက်တွေ့သဘော ရှိသူ ဖြစ်ပြီး မိမိမှာ စိတ်ကူးယဉ် သဘော ရှိသော ဝိညာဏ ဝါဒီမျိုး ဖြစ်နေ လေသလားလည်း မသိပါ။

မ သည် အလုပ်ဖြင့် ပြောင်းရွှေ့ချိန် နီးကပ်နေစဉ် အကျွန်ုပ်အား ဖုန်းဆက်ပြီး ဘာကြောင့် မလာတာလဲ ဟု မေးပြီး အပြစ်တင်သည်။ အကျွန်ုပ်လည်း ဘာဖြေရမှန်း မသိ ဖြစ်သည်။ ပြီးမှ မ အတွက် အလုပ် ပြောင်းရွှေ့ရေး ကိစ္စ လျှောက်လွှာ တင်ပြီးကြောင်း၊ စာကျက်နေကြောင်းများ ပြောလိုက်သည်။

'သိပါတယ်၊ ယူ မ ကို စိတ်ကောက်သွားတာ' ဟု သူကပင် နှစ်သိမ့်စကား ဆိုသည်။ ပြီး ပလေဒီယံ ရုပ်ရှင်ရုံ (ယခု ပပဝင်း) ရှေ့မှာ စောင့်ဖို့ ချိန်းလေသည်။ ထိုနေ့က 'လက်ဖက်ရည်နှင့် အကြင်နာတရား' (Tea and Sympathy) ရုပ်ရှင်ကားကို ကြည့်ကြသည်။

အကျွန်ုပ် ရင်ထဲတွင် ရုပ်ရှင် ကြည့်ရင်း စိတ်ကူး တစ်ခု ပေါ်သည်။ မ ကို မနောစမ်း ကြည့်ချင်သည်။ မ ရင်ထဲမှာ အချစ် ရှိ မရှိ ဆိုသည်ကို သိချင်၍ စမ်းလိုခြင်း ဖြစ်၏။ ရုပ်ရှင် ကြည့်နေစဉ် အကျွန်ုပ်က မ ကို ပြောသည်။

'မ ခု အတိုင်းဆို ကျွန်တော်တို့ ဘယ်လောက်ကြာကြာ ခွဲရမလဲ မသိဘူးနော်'

'မကြာပါဘူး ကွယ်၊ နှစ်လလောက်ပဲ ကြာမှာပါ၊ မ လည်း စာမေးပွဲ ဖြေဖို့ ပြန်လာရဦးမှာပဲ'

'နှစ်လကို မ က မကြာဘူး ထင်သလား'

'ယူ ကလည်း ခုမှ အဖြစ်သည်းနေ ပါပြီ'

'သည်းတာပေါ့၊ ကျွန်တော်က ချစ်ရတဲ့သူပဲ မ ရဲ့၊ မ နယ်ကို မသွားခင် ကျွန်တော်တို့ လက်ထပ် ကြရအောင် မ ရယ်'

'ယူ ကလည်းကွာ၊ မ ယူ့ကို လက်ထပ်မယ်လို့ ကတိ ပေးပြီးသားပဲ ဟာ'

'ကတိဟာ ကတိပဲ မ၊ လောကမှာ ဒီကြားထဲ ဖြစ်

www.burmeseclassic.com


လာနိုင်တာတွေက အများကြီးပဲ၊ လက်ထပ်မယ်ဗျာ'

အကျွန်ုပ်က အတင်း တောင်းဆိုသော အခါ မ သည် ထင်ထားသည်ထက် ပို၍ တုန်လှုပ် လေတော့သည်။ လက်ထပ်မည်ဟု ကတိ ပေးခြင်းမှာ ရသေ့စိတ်ဖြေ သဘောမျိုး ပြောခြင်းသာ ဖြစ်သည်။ မ သည် လက်ထပ်ရန် အတွက် အဆင်သင့် ဖြစ်သည်လည်း မဟုတ်သေး။ အဆင်သင့် မဖြစ်ဘဲ ဘာကြောင့်များ မျှော်လင့်ချက်တွေ ပေးချင်ရသနည်း။

နှုတ်ဖွင့်၍ မပြောခဲ့သော်လည်း စိတ်ထဲကမူ မ မှာ ဘယ်လို သဘော ရှိသည်ကို နားလည်ခဲ့ပြီးပြီ။ မ သည် အကြောင်းမျိုးစုံ ပြဖို့ ကြိုးစားလေသည်။

'ဒီအချိန်မှာ ယူ မ ကို အကျပ်ကိုင်ဖို့ မကောင်းပါဘူး၊ ရက်ပိုင်း အတွင်း မ နယ်ကို သွားရတော့မယ် ဆိုတာလည်း ယူ အသိသားနှင့်၊ ပြီးတော့ မ တို့ နှစ်ယောက်စလုံး ဘွဲ့လည်း မရကြသေးဘူး၊ ခု လက်ထပ်လိုက်ရင် ပညာရေးလည်း တန်းလန်း၊ လူချင်းလည်း တစ်မြို့တစ်ရွာစီ ခွဲနေကြရဦးမှာပဲ၊ မ အလုပ် ပြောင်းဖို့ ကိစ္စလည်း ရှိသေးတယ်၊ ယူ ဒါတွေ မစဉ်းစားတော့ဘူးလား၊ မ တို့ အခြေအနေက ဘာ တစ်ခု အဆင်သင့် ဖြစ်ကြသေးလို့လဲ'

'ဒီမှာ မ၊ ဒါတွေက မ သဘောထားတွေကို ပြောတာပါ၊ ဒီဆင်ခြေတွေ ကျွန်တော့်မှာ ဘာမှ မရှိဘူး၊ အချစ်ရှိတဲ့ လူမှာ အကြောင်းပြချက် မလိုဘူး၊ အချစ်အတွက် အဆင်သင့် မဖြစ်တာ ဘာမှ မရှိဘူး၊ အချစ်ဟာ ယုံကြည်ချက်ပဲ၊ ယုံကြည်ချက်ဟာလည်း အချစ်ပဲ မ၊ ယုံကြည်ချက်ဟာ အကြောက်တရား မဟုတ်ဘူး၊ ယုံကြည်ချက်ဟာ အတွက် အစား သချာလည်း မဟုတ်ဘူး၊ မျှော်လင့်ချက်လည်း မဟုတ်ဘူး နော်'

အကျွန်ုပ်လည်း ရင်ထဲမှာ ရှိသမျှကို ပြော ပစ်လိုက်သည်။ အကျွန်ုပ်၏ ယုံကြည် ကိုးကွယ်လိုသော စိတ်ဓာတ် အမှန်ကိုလည်း သူ သဘော ပေါက်အောင် ပြောလိုက်သည်။ အားမရသေး၍လည်း အင်္ဂလိပ်လို ထပ်ပြောလိုက် ပါသေးသည်။

'What I believe is that Love is a sort of faith. Faith is a sort of Love. Fear and Hope is nothing to do with love. There is nothing that can not be sacrificed for the sake of Love, you know' ဟု တောက်လျှောက် ပြောပစ်လိုက်သည်။ ထိုအခါ မ ထံမှ လုံးဝ မမျှော်လင့်သည် မဟုတ်သော်လည်း အံ့အားသင့်ဖွယ် ကောင်းသော စကားလုံးများကို ကြားရသည်။ မ ကလည်း အင်္ဂလိပ်လိုပင် ပြောလေသည်။

'I do agree with you Ko Sun Lwin. But what I believe is that the brainy head should not be predominated by a dainty heart. You may gamble with love, but you may not gamble with Life.'

မ စကားတွေက ဒွိဟဖြစ်စရာ ကောင်းလှပါသည်။ 'စဉ်းစား ဆင်ခြင်တတ်သော ဦးနှောက်ကို ခံစားလွယ်သော နှလုံးသားနုနုက မလွှမ်းစေသင့်ဘူး' ဆိုပါကလား။ 'အချစ်ကိုသာ အလောင်းအစား လုပ်ချင် လုပ်နိုင်လိမ့်မယ်၊ ဘဝကို အလောင်းအစား လုပ်လို့ မဖြစ်ပါဘူး' ဆိုပါကလား။

မ နှင့် အကျွန်ုပ်တို့၏ ခြားနားချက်သည် အထင်းသားပေါ်ပြီး ဖြစ်ပါ၏။ ထိုခြားနားချက်သည် သာမန် ခြားနားချက် မဟုတ်။ ဒဿနအမြင် ကွာခြားချက်သာ ဖြစ်၏။ ဘဝမှာ အမြင်မတူသူ နှစ်ဦး၏ ပေါင်းသင်းဆက်ဆံခြင်းသည် ရေရှည် တည်တံ့နိုင်ပါမည်လား။

ရုပ်ရှင် ရုံထဲက ထွက်လာကြသော အခါ မ က အကျွန်ုပ်နှင့်အတူ အင်းစိန်သို့ လိုက်မည်ဟု ဆိုလေသည်။ ထိုစဉ် အကျွန်ုပ်မှာ အင်းစိန်တွင် နေထိုင်၍ ဖြစ်လေသည်။

'ယူ့မာသာနှင့် မ တွေ့ချင်တယ်၊ ယူ့ အိမ်ကို လိုက်ခဲ့မယ်' ဆိုပြီး လိုက်ခဲ့လေသည်။ သူ ဘာလုပ်မည်ကို အကျွန်ုပ်လည်း ကြိုစဉ်းစား၍ မရခဲ့။ အိမ်ရောက်တော့ အကျွန်ုပ်မိခင်ကို မ က တရိုတသေပင် ဆက်ဆံ ပြောဆိုလေသည်။

'အန်တီရယ်၊ အန်တီပဲ စဉ်းစားကြည့်ပါဦး၊ သမီးက ရက်ပိုင်းအတွင်း နယ်ကို အလုပ်ကိစ္စနှင့် ပြောင်းရမယ်၊ သမီး အလုပ်တစ်ခု ရန်ကုန်မှာ ရအောင် ကို ဆန်းလွင်ပဲ လုပ်ပေးနေတာ၊ အဲဒါလည်း ရှိသေးတယ်၊ ပြီးတော့ ဒီနှစ် ဘီအေ စာမေးပွဲကလည်း နီးနေပြီမဟုတ်လား၊ အဲဒါကို သမီး ခုနယ်ပြောင်းခါနီးကျတော့ သူလေ ချက်ချင်း လက်ထပ်မယ်တဲ့၊ အန်တီ ကြည့်ပြောပေးပါဦး နော်'

ဩော် လက်စသတ်တော့ သူက အကျွန်ုပ်၏ မိခင်ထံ လာပြီး စစ်ကူတောင်းခြင်းပေပဲ။ တော်တော် ဉာဏ်သွားသည့် မ ပါကလား။ အကျွန်ုပ် ဘာမှ ပြန်မပြောရခင်မှာပင် မိခင်သည် မ ဘက်သို့ လုံးလုံး ပါသွား လေတော့၏။ အမှန်တော့ မေမေ ကိုယ်တိုင်က အကျွန်ုပ်အား အိမ်ထောင် ကျသွားမည်ကို မလိုလား

www.burmeseclassic.com



သေး၍ လက်မထပ်လိုသေးသော မ ဘက်သို့ လိုက်သွားခြင်းလည်း ဖြစ်နိုင်လေသည်။

စင်စစ် မိန်းမတို့သည် ကြောက်စိတ် အရင်းခံလည်း ရှိကြကုန်သည်။ မျှော်လင့်ချက်နှင့် အားကိုးကို ရှာလိုသော စိတ်လည်း ထာဝစဉ် ရှိကြသူများသာ ဖြစ်ကြ၏။ ကြောက်ရွံ့ခြင်းနှင့် မျှော်လင့်ခြင်း အစွန်းနှစ်ခု အကြားတွင် သူတို့ အသက်ရှင် နေကြလေသည်။ ထို့ကြောင့်လည်း သတ္တိပါသော ယုံကြည်ချက် ရှိခဲခြင်း ဖြစ်လေသည်။ တချို့ မိန်းမများသည် မိဘမျိုးရိုးအားဖြင့် ကိုးကွယ်သော ဘာသာ အယူဝါဒကို စွန့်၍ လင်ယောကျ်ား ရရှိသောအခါ လင် ကိုးကွယ်သော ဘာသာကို လိုက်ပြီး ကိုးကွယ် တတ်ကြသည်ကိုလည်း အများအပြားပင် တွေ့ရသည်။ ထိုလင် ဦးစွာ သေ၍ နောက်အိမ်ထောင် ပြုသောအခါ ဖြစ်စေ၊ မိဘအိမ်သို့ ပြန်ရောက်သောအခါ ဖြစ်စေ ထိုမိန်းမသည် လင့်အယူကို စွန့်ပြန်လေသည်။

မ ကတော့ သည်လို မိန်းမမျိုးထဲ ပါမည်မဟုတ်။ သူ့ကို ချစ်သောသူသည် သူနှင့် အယူဝါဒတူသူ ဖြစ်ရမည်ဟူသော ဆုံးဖြတ်ချက်မျိုး ထားရှိဟန် တူလေသည်။

ညပိုင်း အင်းစိန်က ပြန်တော့ လမ်းမှာ မ က မေးလေသည်။

'နေ့လယ်က ရုပ်ရှင်ရုံထဲမှာ ယူ ပြောတဲ့ အချစ်ဟာ ယုံကြည်ချက်ပဲ၊ ယုံကြည်ချက်ဟာ အချစ်ပဲ ဆိုတာ ဘာကို ဆိုလိုတာလဲ ဟင်'

'Love is Faith ဆိုတာလား'

'ဟုတ်တယ်'

'ဒါဆို Faith ကို စပြောမှ ဖြစ်မယ်၊ Faith ဆိုတာ ယုံကြည်ချက်ပဲ မ၊ ယုံတယ်ဆိုတာ ဘာကို ပြောတာလဲ'

'သံသယကင်းတာ စိတ်ချတာ မဟုတ်လား'

'ဟုတ်တာပေါ့၊ သိပ် ဟုတ်တာပေါ့၊ ယုံတယ် ဆိုတာ ဒွိဟကင်းတာ၊ သို့လော သို့လော မဖြစ်တာလည်း ပါတယ်၊ လုံးဝ သံသယ ကင်းသွားပြီး စိတ်ဟာ ကြည်လင်သွားလို့ ယုံရင် ကြည်တယ် ဆိုတဲ့ သဘော အလိုလို ဖြစ်လာတတ်ပါတယ် မ၊ ဒါကြောင့် ယုံနှင့် ကြည်ကို တွဲသုံးတာ၊ ပြီးတော့ ယုံကြည်တယ် ဆိုတာ ဒါမှ အမှန်ရယ်လို့ ဆုံးဖြတ်ချက် ချထားတာ၊ တစ်နည်း ဆိုတော့ သစ္စာကို မြင်နေတာပဲလေ၊ ယုံကြည်သူရဲ့ စိတ်ထဲမှာ အတွေးမှား အမြင်မှား ဘာဆို ဘာမှ မရှိတော့ဘူး၊ ဒါကြောင့် ဟို တစ်ပတ်တုန်းက မ ကို ကျွန်တော် ပြောခဲ့သားပဲ၊ ဒဿနအမြင် မရှိတဲ့ လူရဲ့ ယုံကြည်ချက်ကတော့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းနေတယ်လို့၊ ဒီမှာ ထင်ရှားတဲ့ သဘောကတော့ ယုံကြည်ခြင်းဟာ စိတ်မှာ စင်ကြယ်တဲ့ သဘောရှိခြင်းနှင့် စိတ်မှာ သတ္တိ ဖြစ်ပေါ်ခြင်းပါပဲ မ၊ ကုန်ကုန် ပြောရရင် လူတစ်ဦးဟာ ဒီဘဝမှာ နေရတာ လုံးဝ အဓိပ္ပာယ် မရှိဘူး၊ သေ သွား တာ က မှ ကောင်းသေးတယ်လို့ တကယ် ယုံကြည်လာတဲ့ တစ်နေ့မှာ သူဟာ ကိုယ့်ကိုယ်ကိုယ်တောင် အဆုံး စီရင်ရဲတယ်၊ အသက်ကိုတောင် ပဓာန မထားတော့ဘူး၊ ဒါက ဥပမာ ပြောတာပါ၊ ဆိုလိုတာကတော့ ယုံကြည်ချက်ဟာ စိတ်ရဲ့ စွမ်းအင်သတ္တိ တစ်မျိုး ဖြစ်တယ် ဆိုတာကို သဘောပေါက် သင့်ပါတယ်၊ ဒါကို မ သဘောပေါက်ရင် အချစ်ဟာလည်း ဒီသဘောမျိုး ရှိတယ် ဆိုတာကို သဘောပေါက်ပါလိမ့်မယ်၊ လိုရင်းကို ပြောကြစို့ ဆိုရင် ကျွန်တော်ကတော့ အချစ်ဆိုတာ ယုံကြည်ချက် တစ်မျိုးပဲလို့ အဓိပ္ပာယ် ဖွင့်မယ်၊ လူတွေဟာ တစ်ခါ တစ်ရံ သဒ္ဓါ လွန်သွားတတ်တယ်၊ သဒ္ဓါဟာ လွန်ရင်လည်း မကောင်းဘူး၊ သဒ္ဓါ လွန်တော့ တဏှာထဲ ကျွံသွားတတ်တာပေါ့၊ ဒါကြောင့် အချစ်ကို လူတွေက တဏှာနှင့် ရောထွေး နားလည်နေကြတာ'

'အကြောက်တရား နှင့် မျှော်လင့်ချက်ဟာ အချစ်နှင့် ဘာမှ မဆိုင်ဘူး ဆိုတာကကော'

'ဒါက ရှင်းပြီးသားပဲ၊ အချစ်မှာ အကြောက်တရား မရှိဘူး၊ ချစ်ရင် ကြောက်စရာ ဘာမှ မရှိဘူး၊ အချစ်ကြောက်တာ ဘာမှ မရှိဘူး၊ အချစ်ဟာ သတ္တိပဲ၊ စွမ်းအင်ပဲ မ ရဲ့၊ ပြီးတော့ မျှော်လင့်ချက် ပါလာရင် အချစ်မဟုတ်တော့ဘူး၊ အဲဒါ အတွက် အစား (အကြိုက်) ဖြစ်သွားပြီ၊ ဘာပဲ ဖြစ်ဖြစ် နစ်လည်း အတူတူ ပေါ်လည်း အတူပဲ၊ ဖြစ်ချင်ရာဖြစ် ဖြစ်လာသမျှကို ရင်ဆိုင်မယ်လို့ စွန့်စားရဲတဲ့ သတ္တိကိုသာ ကျွန်တော်ကတော့ အချစ်လို့ နားလည်တယ်၊ ဒါတွေ ပြောတော့ ရှေးကျတဲ့ လူကြီးတွေကတော့ ကြိုက်မှာ မဟုတ်ဘူး၊ သူတို့က နေရာတကာ ငွေက စကားပြောတဲ့ ခေတ်တွေကို ဖြတ်သန်းလာရတယ် မဟုတ်လား၊ ဒီတော့ သူတို့ဟာ အချစ်ကို ပစ္စည်းဥစ္စာလောက် တန်ဖိုး မထားချင်ဘူး၊ သားသမီး ဘဝ တင့်တောင့် တင့်တယ် ဖြစ်စေချင်တဲ့ သူတို့ရဲ့ စေတနာကို လေးစားပါတယ်၊ မှန်တယ် မှားတယ် မပြောဘူးနော်၊ အမြင်ချင်း မတူတာကိုသာ ပြောတာပါ၊ လူကြီးတွေကတော့ သူတို့ ဘဝက အချစ်ကို ကျော်လွန်လာပြီဆိုတော့

www.burmeseclassic.com



အချစ်ကို ထည့် မစဉ်းစားချင်ဘူး၊ သူတို့က သားသမီး အရေးကို စဉ်းစားရင်လည်း အိမ်ထောင်ရေးကိုပဲ စဉ်းစားတယ်၊ ကျွန်တော် ဆိုချင်တာကတော့ အတွေ့အကြုံ အရ လူကြီးတွေက လက်တွေ့ ဘဝကိုပဲ အရေးထား စဉ်းစားပါတယ်၊ လူငယ်တွေကတော့ လက်တွေ့ ဘဝကို ထက် ဘဝရဲ့ တန်ဖိုးတွေကို ပိုပြီး စဉ်းစားတတ်တယ် လို့ ဆိုချင်တာပါ၊ ထားပါတော့လေ၊ ဒါတွေကတော့ ပြောလို့လည်း ဆုံးမှာ မဟုတ်ဘူး၊ အကြောက်တရား နှင့် မျှော်လင့်ချက် (**Fear and Hope**) ဟာ အချစ်နှင့် ဘာမှ မဆိုင်ဘူး ဆိုတာက ကြောက်ရင် မချစ်တော့ဘူး၊ ပြီးတော့ မျှော်လင့် အားကိုးတာတွေ၊ လိုချင် တောင့်တ တာတွေ များနေရင်လည်း အချစ် ဘယ်မှာ ရှိတော့မလဲ မ ရဲ့၊ ဒီတရားတွေက အချစ်နှင့် မဆိုင်တဲ့ တရားတွေလို့ ကျွန်တော် နားလည် နေတယ်လေ၊ ပြီးတော့ အချစ်ဟာ စွန့်စားရဲတဲ့ သတ္တိမျိုးမို့လို့ အချစ် အတွက် မစွန့်လွှတ် နိုင်တာ မရှိဘူးလို့ ကျွန်တော် ပြောတာ'

အမှန်တော့ အကျွန်ုပ် စိတ်ထဲတွင် အချစ်ကို ယိုး မယ်ဖွဲ့ခြင်း ဖြစ်ပါသည်။ ယုံကြည်ချက် အကြောင်းကို ပြောလိုခြင်းသာ ဖြစ်ပါသည်။ အကျွန်ုပ်၏ စိတ်ထဲတွင် လည်း ယုံကြည် သက်ဝင်ခြင်းကို အချစ်နှင့်သာ ထပ်တူ ပြုလိုပါသည်။ ချစ်စိတ်ဖြင့်သာ ယုံကြည်ချင်ပါသည်။ ထာဝရ ဘုရားသခင်ကို ယုံကြည်သည် ဆိုလျှင်လည်း အကျွန်ုပ်ကမူ ထာဝရ ဘုရားကို ချစ်သော စိတ်ဖြင့်သာ ယုံကြည်ချင်ပါသည်။ ထာဝရ ဘုရားသခင်ကို ကြောက် လန့်သော စိတ်ဖြင့်လည်း မယုံကြည်ချင်ပါ။ ထာဝရ ဘုရားသခင်ထံမှ တစ်စုံတစ်ရာ ရလိုရငြား မျှော်လင့်သော စိတ်ဖြင့်လည်း မယုံကြည်ချင်ပါ။ ဤနေရာ၌ မ နှင့် ကျွန်တော် သဘောချင်း မတူ ကွဲပြား ခြားနား နေသည်ကို မ သိစေချင်၍ ဤမျှလောက် အရှည်အဝေး ပြောနေရခြင်း ဖြစ်လေသည်။ မ ကို သူ့အိမ်သို့ ရောက်အောင် ပြန်ပို့ ခဲ့ပြီးနောက် ကြာကြာ မဆိုင်းတော့ဘဲ အင်းစိန်သို့ ပြန်ခဲ့ လေသည်။ အိမ်သို့ ပြန်ရောက်သောအခါ ညဉ့်နက်နေပြီ ဖြစ်၏။ မေမေသည် မအိပ်ဘဲ အိမ်ပြန်လာမည့် သားကို ထိုင်စောင့်နေသည်ကို တွေ့ရလေသည်။ ယခုအခါ အယူ ဝါဒ ကွဲပြား ခြားနားလျက်ရှိသော သားကို မိခင်သည် ငယ်စဉ်ကလိုပင် ချစ်ဆဲ ကြောင့်ကြဆဲ ပါကလား။

တနင်္ဂနွေနေ့ နံနက် လေယာဉ်ဖြင့် မ သည် နယ် သို့ ထွက်ခွာသွားပြီ ဖြစ်၏။ အကျွန်ုပ်က လိုက်ပို့မည် ပြော သည် ကို သူက လိုက် မပို့ပါနှင့်၊ သူ့ မိတ်ဆွေ သတင်းစာဆရာ တစ်ဦးက လေယာဉ်ကွင်းသို့ သူ့ကား ဖြင့် လိုက်ပို့လိမ့်မည် ဟု ဆိုလေသည်။ သူ့မိခင်ကိုသာ သူ မရှိသည့် နောက်ပိုင်းတွင် အကျွန်ုပ်က ဂရုစိုက်ဖို့ မှာသွားလေသည်။

ရန်ကုန်မှာ မ မရှိသောအခါ အကျွန်ုပ်၏ ရင်ထဲ တွင် ကွက်လပ် တစ်ခု ဖြစ်သွားသလို၊ တစ်စုံ တစ်ခု ပဲ့စဉ် သွားသလို ခံစားရလေသည်။ ဘာပဲဖြစ်ဖြစ် မ နှင့် ဒဿနဆန်သော စကားတွေကို ပြောဆို နေရခြင်းသည် စိတ်ကို အစာကျွေး နေရသည်နှင့်လည်း တူပါသည်။ ယခုမူ အကျွန်ုပ်မှာ အင်္ဂလိပ်လို ဆိုလျှင် **food for thought** (စဉ်းစားစရာ စိတ်အစာ) လိုနေသလို ဖြစ်နေ ၏။ သူငယ်ချင်းတွေနှင့် ဒဿန အကြောင်း ပြောလျှင် လည်း ဘဝထဲက ဒဿနတွေ ပါမည်မဟုတ်။ ကျောင်းက စာမေးပွဲ ဖြေရန်အတွက် သင်နေရသော ဒဿနတွေ ကိုသာ ဆွေးနွေး ရပေလိမ့်မည်။

မ မရှိသည့် နောက်တွင် အဖော် ရှာရပြန်သည်။ လူ အဖော်တွေက စိတ်ပျက်ဖို့ ကောင်းသည်။ ညနေ ရုံး ဆင်းလျှင် သူတို့က မောင်ခိုင်လမ်းထိပ်ရှိ ဝူချစ်ကြည် ဆိုင်ကို သွားပြီး ဘီယာစုပ်ဖို့ကိုသာ ဆွယ်သည်။ အိမ်ပြန် တော့ မှူးနေပြီ။ စာလည်း မဖတ်နိုင်။ သည်အထဲ မိန်းမ လိုက်ဖို့ ခေါ်သူတွေလည်း မနည်း။ မလိုက်ဘူး ဆိုပြီး တင်းခံနေသည့် ကြားကပင် သူတို့နှင့် အတူ ရန်ကုန် တစ်ဖက်ကမ်းရှိ ဘလုတ် ဆိုသော အရပ်သို့ ပါသွားဖူး လေသည်။ ပထမဆုံး မိန်းမနှင့် နေဖူးခြင်း ဖြစ်သည်။ အချစ်မရှိသော ကာမဂုဏ် ဆက်ဆံရေး၏ ရွံရှာဖွယ် ကောင်းသော အဖြစ်ကို လက်တွေ့ကျမှ သိသည်။ အရသာ ဘာရှိသလဲဟု ကိုယ့်ကိုယ်ကိုယ် မေးကြည့်သည်။ စားလို့ သာ စားလိုက်ရသည်။ ဗိုက်ဝချင်တော့ ဝမည်။ ဆား မပါသော ဟင်းကို စားရသလို အရသာ ပျက်သည်က တော့ အမှန်။ သွေးသား သောင်းကျန်းမှုများ တဒင်္ဂ ပျောက်သွားကြသည် ဆိုနိုင်သော်လည်း ဘာအရသာမှ မရှိ။ ဘာအဓိပ္ပာယ်မှ မရှိ။ ဘာခံစားမှုမှလည်း မရှိချေ။ ပြီးပျောက်ပေပဲ။

မပြီးလည်း မပြီး၊ မပျောက်လည်း မပျောက်သော မ ကိုသာ စိတ်မှာ အစဉ် တမ်းတနေလေသည်။ မ မရှိ သည့် ကာလ အတွင်း အကျွန်ုပ် မဟုတ်က ဟုတ်က လျှောက်လုပ် နေခြင်းများကို မ သိသွားမည်ကိုလည်း ရှက်သည်။ ကိုယ်ကလည်း ဘာကိုမှ မဖုံးကွယ်တတ်။ မ ပြန်ရောက် လာသောအခါ မ မရှိတုန်း ယူ ဘာတွေ

www.burmeseclassic.com



လုပ်နေသလဲဟု အကယ်၍များ မေးခဲ့ပါလျှင် အကျွန်ုပ် ဘယ်ပုံဘယ်နည်း ဖြေရပါမည်နည်း။ လိမ်ဖို့တော့ တစ်သက်လုံး စိတ်မကူးပါ။ ဟုတ်တိုင်း မှန်ရာကိုတော့ ပြောရမည်သာ ဖြစ်သည်။ သို့သော် သူ စိတ်ထိခိုက်ခြင်း မဖြစ်အောင်သာ ဘယ်နည်း ပြောရမည်ကို စဉ်းစားသည်။

အရက်သမား အမှား တစ်ထောင် ဆိုသော စကားလည်း ဟုတ်မှန်ပါသည်။ သည်အရက်ကို သောက်နေသရွေ့ စိတ်ဖောက်ပြန် နေမည်သာ ဖြစ်သည်။ မကောင်းမှုသို့သာ အစဉ်ခေါ်ယူ သွေးဆောင်လေ့ ရှိသော သူငယ်ချင်း အပေါင်းအသင်းတို့ကို သံယောဇဉ် ဖြတ်မည်လား၊ ဘဝ၏ အဖိုးတန်သော အချိန်ကာလတို့ကို အချည်းနှီး ကုန်ဆုံးစေမည်လား။ စာမေးပွဲရက်က တဖြည်းဖြည်း နီးကပ်လာတော့မည်။ မိမိသည် သူတစ်ပါး အားကိုးဖြင့် အသက် ရှင်လာသူလည်း မဟုတ်။ သူတစ်ပါး အထောက်အပံ့ဖြင့် ကြီးပွားရမည့်သူလည်း မဟုတ်။ မိမိကိုယ်နှင့် မိမိ စိတ်မှ တစ်ပါး အားကိုးစရာ ဆို၍ မိမိမှာ ဘာဆိုဘာမျှ မရှိ။ တစ်ကောင်ကြွက် ဥတစ်လုံး ဖြစ်သော အကျွန်ုပ်ကို အားကိုးနေသော မိခင်နှင့် ညီမလည်း ရှိသေးသည်။ မိမိသည် မူလကပင် လေးလံသော ဝန်ထုပ်များကို သယ်ဆောင်လျက် ဘဝ၏ အမြင့် တစ်နေရာသို့ ရောက်အောင် တောင်တက် ခရီးဖြင့် တက်နေရသူသာ ဖြစ်လေသည်။

ထိုအခါမှစ၍ မကောင်းမှုသို့သာ ပို့ဆောင်တတ်သော မိတ်ဆွေ ဆိုသူသည် စင်စစ် ရန်သူသာ ဖြစ်သည်ဟုလည်း မြင်လာ တတ်လေသည်။ လောကဝတ် အားဖြင့် အပေါ်ယံ ဆက်ဆံ ပေါင်းသင်းခြင်း၏ လိုအပ်ချက်ကိုလည်း သိလာခဲ့၏။

အချိန်ကာလ များစွာကို စာထဲ ထည့်ဖို့လည်း ဆုံးဖြတ် လိုက်ပါသည်။ ညနေ ရုံးဆင်းလျှင် အရက်ဆိုင်သို့ သွားမည့်အစား သက်ကြီး တက္ကသိုလ် စာသင်ခန်းများသို့သာ အရောက် သွားခဲ့လေသည်။

ထာဝစဉ် ရွှင်ချိုလှသော ဆရာမ ရီနာ၏ မျက်နှာကို မြင်ရသည်မှာ စိတ်နှလုံး အေးမြလှပါသည်။ ဆရာမတို့မှာ ပစ္စည်းဉစ္စာ အလွန် ကြွယ်ဝသူများ ဖြစ်ကြောင်းလည်း သိရသည်။ တစ်ခေတ်က မာရဝါရီ ဆန်စက်သူဌေးများ ဖြစ်ကြလေသည်။ သို့သော် ဆရာမမှာ အလွန် ရိုးသား၍ အလွန် နှိမ့်ချသော သဘောများသာ ရှိလေသည်။ စာသင် နေရသည်ကိုပင် ဆရာမမှာ ပျော်စရာ အလုပ် ရှိနေခြင်း ဖြစ်၏။

အကျွန်ုပ်သည် အခြားသော ဘာသာရပ်များထက် ဒဿနိက ဗေဒကိုသာ အထူး စိတ်ဝင်စားရကား ဆရာမ ရီနာဆာကား၏ အတန်းကို မပျက်မကွက် တက်လေသည်။ ခေါမတိုင်းသား တွေးခေါ်ရှင်ကြီးများ အနက် ပလေတိုး၏ အတွေးအခေါ်သည် အကျွန်ုပ်၏ ဘာသာရေး အတွေးအခေါ်ကို လမ်းစ ဖွင့်ပေး နိုင်ခဲ့သည်ဟု ဆိုရပေမည်။

အကျွန်ုပ် များစွာ အထင်ကြီးသော ကမ္ဘာ့ ဒဿနပညာရှင်ကြီးများတွင် ပလေတိုး (Plato ၄၂၇-၃၄၇ ဘီစီ) သည် ထိပ်ဆုံးက ပါဝင်သူ ဖြစ်လေသည်။ သူ၏ အတွေးအခေါ်များက အကျွန်ုပ်အား စနစ်တကျ တွေးတတ်ခေါ်တတ်လာအောင် လမ်းပြခဲ့သည့် အချက်ကို ဖုံးကွယ်ချန်ထားအပ်သည် မဟုတ်ပါ။ ပလေတိုးကား ဆော့ခရတ္တိ ပညာရှိကြီး၏ တပည့်ရင်း ဖြစ်ရုံမျှမက ထိုပညာရှိကြီး ဟောကြား ဆုံးမခဲ့သော ဒဿန အမြင်များကို သူ၏ ဒိုင်ယာလော့ (Dialogue) ခေါ် ကျမ်းများတွင် စနစ်တကျ မှတ်တမ်းတင် ပေးခဲ့လေသည်။ ထိုအချက်သည် အကျွန်ုပ်အား သူ့ကို အထင်ကြီးစေသည့် အကြောင်းလည်း ဖြစ်သည်။ သူ့ အတွေးအခေါ် အားလုံးကို သူသည် ငြီးငွေ့ဖွယ် ကောင်းသော ကျမ်းစာ ရေးသားပုံ ရေးသားနည်းဖြင့် မရေး။ လူအပေါင်း စိတ်ဝင်စားစေမည့် ချိုမြိန်သော ဝတ္ထုအဖွဲ့ စာပေပုံစံဖြင့် ရေးသား တင်ပြထားလေသည်။

ပလေတိုး၏ စာရေးဟန်သည် ထူးခြား ပြောင်မြောက်လှပါသည်။ သူ့အတွေးအခေါ်တွေကို မနှစ်သက်ဘဲသာ နေချင်နေမည်၊ သူ့ စာရေးဟန်ကိုတော့ မည်သူမျှ မနှစ်သက်ဘဲ မနေနိုင် * ဆိုသော ဘာထရန်ရပ်ဆယ်၏ ရေးသား ဖော်ပြချက်မှာ လက်တွေ့အားဖြင့် မှန်ကန်လှပေသည်။

သူ၏ အပြောင်မြောက်ဆုံး လက်ရာ ဖြစ်သော ***သမ္မတနိုင်ငံ*** (Republic) ကျမ်းကို အကျွန်ုပ် ဖတ်ရသော အခါ လက်က ချမထား နိုင်လောက်အောင်ပင် ဆွဲဆောင်သွားပါတော့သည်။ ထို ***သမ္မတနိုင်ငံ*** ကျမ်းကား ပလေတိုး အတွေးအခေါ် အားလုံး၏ အချုပ်ကျမ်း ဟုလည်း ဆိုနိုင်ပါသည်။ ထိုကျမ်းသည် သူ၏ နိုင်ငံရေး သဘောတရားများကို ရေးသား ဖော်ပြသော ကျမ်းဟု အများ နားလည် ထားသော်လည်း ထိုကျမ်းသည် နိုင်ငံ

-------------

* *A History of Western Philosophy, B. Russell p 119*

www.burmeseclassic.com



ရေး သဘောတရားများ အပြင် အကျွန်ုပ် သိလိုသော ဘာသာရေး အတွေးအခေါ် များစွာကိုလည်း သိနားလည်ခွင့် ပေးခဲ့သော အလင်းပြကျမ်းဟုသာ ဆိုချင်ပါသည်။

ထိုကျမ်းကို ဖတ်သောအခါမှ စ၍ အကျွန်ုပ်လည်း ရင့်ကျက်သော အတွေး အခေါ် (ဒဿန) မျက်စိ ပွင့်လာကြောင်းကို ဝန်ခံ ရပေဦးမည်။ ဤသို့ ဆိုရခြင်း အကြောင်းကို သိရှိနိုင်စေရန် ***သမ္မတနိုင်ငံ*** ကျမ်း အကြောင်းကို ဤနေရာတွင် အနည်းငယ် ဆိုသင့်သည် ထင်ပါသည်။

***သမ္မတနိုင်ငံ*** ကျမ်းကို အပိုင်းအားဖြင့် သုံးပိုင်း ခွဲခြား နိုင်ပါသည်။ စာစောင် ၅ အထိမှာ နိုင်ငံရေး သဘောတရားများ ဖြစ်လေသည်။ စာစောင် ၆ နှင့် စာစောင် ၇ မှ စ၍ ဒုတိယပိုင်းသည် ဖီလိုဆိုဖာ ဆိုသူ၏ ဂုဏ်ပုဒ်ကို ဖွဲ့ဆိုသော ကျမ်းများ ဖြစ်သည်။ တတိယပိုင်းသည် ထိုခေတ် ထိုအခါက တည်ရှိသော နိုင်ငံ ဖွဲ့စည်းပုံ အခြေခံ သဘောတရားများကို ရေးဖွဲ့သော အပိုင်း ဖြစ်၏။ အကျွန်ုပ်သည် ***သမ္မတနိုင်ငံ*** ကျမ်း၏ ပထမပိုင်းနှင့် တတိယပိုင်းကို စိတ်မဝင်စားချေ။ ဒုတိယပိုင်းကို မူကား ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါး ဆိုသကဲ့သို့ ကြွပ်ကြွပ်ဝါး၍ ရလျှင် ဝါးစားပစ်ချင်လောက်အောင်ပင် စိတ်ဝင်စား မိလေသည်။ ဤ အပိုင်းသည် ဆရာကြီး ပလေတိုး၏ ဒဿန ပညာပိုင်းလည်း ဖြစ်၍ ***သမ္မတနိုင်ငံ*** ကျမ်း၏ အထူးခြားဆုံး အပိုင်းလည်း ဖြစ်သည်ဟု ကမ္ဘာ့ ပညာရှင်များက လေး လေး စား စား သတ်မှတ် ထားရသော အပိုင်းလည်း ဖြစ်၏။

ဖီလိုဆိုဖာ ဆိုသူ ဒဿန ပညာရှင်၏ သဘောကို မဆိုမီ သူသည် ဖီလိုဆိုဖီ (Philosophy) ၏ သဘောကို ထင်လင်းအောင် ရှုမြင်နိုင်ဖို့ ကြိုးစားထားလေသည်။

ပလေတိုးသည် အကျွန်ုပ်အား ဖီလိုဆိုဖီဆီသို့ ခေါ်ယူသွားပြီ ဖြစ်၏။ သူ၏ အတွေးအမြင် တစ်ခုလုံးကို အစစ်အမှန် သဘော (Reality) နှင့် အပေါ်ယံ အသွင် သဏ္ဌာန် သဘော (Appearance) တို့၏ ကွဲပြားခြားနားမှုကို ရှုမြင်ခြင်းကို မူတည်၍ စတင်လေသည်။ ပညတ် သဘောနှင့် ပရမတ် သဘောကို ခွဲခြား ရှုမြင်ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ ဖီလိုဆိုဖာ ဆိုသူသည် ပညတ်နှင့် ပရမတ်ကို ခွဲခြား နားလည်ရေး အတွက် အားထုတ်သူ ဖြစ်ကြောင်း ပြောပြဖို့ ပလေတိုး ကြိုးစားပုံမှာလည်း အတုယှဉ်ဖွယ် ဝမ်းမြောက်ဖွယ် ကောင်းလေသည်။

ဖီလိုဆိုဖာဆိုတာ ဘယ်လိုလူလဲ၊ ထို စကားလုံး ဝေါဟာရထွက် အနက် သက်သက်မှ 'ပညာကို ချစ်မြတ်နိုးသူ' (Lover of Wisdom) ဟု အဓိပ္ပာယ် ရသည်။ အသိနှင့် ပညာ၏ ကွဲပြား ခြားနားပုံကို ပလေတိုး ပြဆိုရှင်းလင်းပုံများမှာလည်း ထူးခြား ပြောင်မြောက် လှပါသည်။ အသိကို မြတ်နိုးသူက တခြား၊ ပညာကို မြတ်နိုးသူက တခြား၊ ထိုသူနှစ်ဦး မတူသည့် အကြောင်းကို ပလေတိုးသည် ပန်းချီဆရာ နှင့် ဖီလိုဆိုဖာ မတူသော သရုပ်ကို ပြ၍ ရှင်းပြပုံမှာလည်း ထက်မြက်လွန်းလှပါသည်။ ပန်းချီဆရာ ဆိုသော သူသည် လှပသော အရာဝတ္ထုများကို ချစ်မြတ်နိုးတတ်သူသာ ဖြစ်မည်။ အလှကြိုက်သူသည် လွမ်းရသော ဇာတ်ကို ကြိုက်ချင်ကြိုက်မည်။ ချိုသာသော တေးဂီတကို ကြိုက်ချင် ကြိုက်မည်။ ထိုသူတို့ မြတ်နိုးသည်မှာ လှသော အရာများ (Beautiful Thing) သာ ဖြစ်လေသည်။ ဖီလိုဆိုဖာကား ထိုသူတို့နှင့် မတူ။ 'အလှ' ဆိုသော သဘော သက်သက်ကိုသာ ဖွေရှာ၍ မြတ်နိုးတတ်သူ ဖြစ်သည်။ လှပသော အရာဝတ္ထုတို့၌ နှစ်သက် စွဲလမ်းသော သူသည် အိပ်မက်မက်နေသူနှင့် တူပြီး အလှ၏ အကြွင်းမဲ့ ပရမတ်သဘောကို နားလည်သူကား ရှင်သန် နိုးကြားလျက် ရှိသူနှင့် တူသည်ဟု နှိုင်းပြသော သူ၏ ဥပမာ ပေးချက်သည် အကျွန်ုပ်၏ ပိတ်ထားသော ဉာဏ်တံခါးကို တွန်းဖွင့်ပေးလိုက်သည်နှင့် တူလှပါသည်။

ထိုအခါမှစ၍ အကျွန်ုပ်လည်း အသိ နှင့် ပညာဉာဏ်အဆင့် ကွာခြားပုံကို သတိပြုမိ လာလေသည်။ တစ်စုံတစ်ယောက်သော သူသည် သူ့မျက်စိအောက်တွင် မြင်နေရသော လှပသော အရာဝတ္ထု တစ်ခုကို သိသော အသိ ရှိနေသော်လည်း သူ့ မျက်စိဖြင့် မမြင်နိုင်သော လှပခြင်း ဆိုသည့် ပရမတ် သဘောကိုမူကား သိနိုင်သည် မဟုတ်ချေ။ လှပခြင်း ဆိုသော အထည်ဒြပ်မဲ့ သဘောကို သိခြင်းကား ဉာဏ်၏ အလုပ်သာ ဖြစ်ကြောင်း ပလေတိုးသည် ဉာဏ်မီးမောင်းဖြင့် ထိုး၍ ပြသလိုက်နိုင်သူ ဖြစ်၏။ ပလေတိုးသည် အကျွန်ုပ်အား တစ်ခုသော လိုဏ်ခေါင်းကြီး အတွင်းသို့ ခေါ်သွားပြီး အလင်း နှင့် အမှောင်ကို ခွဲခြား ပြနေသလိုလည်း အကျွန်ုပ် စိတ်မှာ ခံစားရလေသည်။

ပလေတိုးသည် အကျွန်ုပ်အား အစွမ်းထက်သော ဒဿန ဆေးမျက်မှန်တွေကို တပ်ဆင်ပြီး လောက သဘာဝ တရားများကို ရှုစမ်းဟု စေခိုင်းနေသည်နှင့်လည်း တူ

www.burmeseclassic.com



ပါသည်။ အတွေ့အကြုံက အသိကိုသာ ပေးနိုင်သည်။ အတွေ့အကြုံထဲမှာ တသီးတခြားစီ တည်ရှိကြကုန်သော ပုဂ္ဂလိက အသွင်ဆောင်သော အရာဝတ္ထုတွေကိုသာ တွေ့နေရသည်။ မောင်ဖြူ၊ မောင်ဘ၊ မောင်လု၊ မမြ ဆိုသူတွေကို လမ်းတစ်လျှောက်မှာ တွေ့ခဲ့ရသည်။ ဖြူသူက ဖြူ၊ မည်းသူက မည်း၊ ပိန်သူက ပိန်၊ ဝသူက ဝ၊ ရှည်သူက ရှည်၊ ပုသူက ပုနှင့် မတူသည်များကိုသာ မြင်တွေ့ ခဲ့ရသော်လည်း သူတို့ အားလုံး၏ တူသော ပရမတ္ထဘာဝ 'လူ' ဆိုသော သဘောကိုတော့ မမြင်ခဲ့မိ။ တူသော ထိုယေဘုယျ သဘောကလည်း ရုပ်သဘော မဟုတ်၊ နာမ် သဘော။ ဒါကို သိဖို့ကျတော့ ဉာဏ် အဆင့်သို့ တက်ရပေဦးမည်။ မောင်ဘ ဆိုသူ၏ အတွင်းမှာ လူဆိုသော နာမ်သဘောကြီး ရှိနေသည်။ ထို့အတူ လူ ဆိုသော ကျယ်ပြန့်သည့် နာမ် သဘောကြီးထဲမှာ မောင်ဘ ဆိုသူ ပါဝင်နေသည်ကို သိဖို့မှု ဉာဏ်သာ အရေးကြီးလေသည်။ ဒီတော့ အတွေ့အကြုံ အာရုံမှာ ထိတွေ့ သိမြင် နေရသည့် 'အသိ' ဆိုတာတွေသည် တကယ် အစစ်အမှန် သဘောတွေ မဟုတ်၊ အပေါ်ယံ ကျသော အသွင်သဏ္ဌာန် သဘောတွေပဲ၊ ပညတ်သဘောတွေပဲ၊ ပညတ်နယ်သည် အသိနယ်ပဲ၊ ပရမတ်နယ်သည် ဉာဏ်နယ်ပဲ ဆိုသည်ကို ကွဲပြားစွာ နားလည် တတ်အောင် အကျွန်ုပ်အား ပထမဦးစွာ သင်ပေးသူသည် ပလေတိုးပင် ဖြစ်လေသည်။

ပရမတ် သဘောတို့သည် နာမ် သဘောတွေ၊ ဝိဉာဏ် သဘောတွေသာ ဖြစ်ကြောင်းကို ပြလိုက်သော ပလေတိုး၏ ဒဿနအမြင်ကို မှတ်ရသောအခါမှ စ၍ အကျွန်ုပ်သည် တကွဲတပြားစီ ဖြစ်နေသော အရာများ၏ နောက်ဝယ် ထိုအရာတို့ကို လွန်၍ ယေဘုယျသဘော (အချုပ် သဘော) တစ်ခု ရှိနေသည်ဆိုသော အချက်ကို စဉ်းစား တွေးမြင်တတ်လာ လေတော့၏။

စာအုပ်ဆိုင်ကို ရောက်သည်။ အကြောင်းအရာရော အထူအပါး အရောင်အသွေး အရွယ်အစား မတူသော စာအုပ်မျိုးစုံကို ဖြန့်ခင်းထားသည်ကို ကြည့်ရင်းက အသိနယ်မှ ဉာဏ်နယ်သို့ တက်ကြည့်သည်။ ထိုဆိုင်ပေါ်က ပစ္စည်းတွေသည် ဘယ်သို့ပင် ကွဲပြား ခြားနား နေကြစေကာမူ ၎င်းတို့အားလုံးသည် အချုပ်သဘော၌ 'စာအုပ်' တွေချည်းပါပဲ။ ယခု မြင်နေရသော စာအုပ်တွေကတော့ နေ့မြင် ညပျောက်ချည်း ဖြစ်ကြပေလိမ့်မည်။ သည်နေ့ တွေ့ရသော စာအုပ်တွေကို နက်ဖြန်ဆိုလျှင် တွေ့ချင်မှ တွေ့ရပေတော့မည်။ ဒါတွေသည် မြဲသော တရားတွေမှ မဟုတ်ဘဲကိုး။ သို့သော် စာအုပ် ဆိုသော ပရမတ် သဘောကတော့ ထာဝရ ရှိနေမှာပဲ မဟုတ်လား။

တစ်နေ့ မိတ်ဆွေ တစ်ဦး ကွယ်လွန်၍ ကြဲတော သုသာန်သို့ ရောက်သည်။ တခြား အသုဘ ပို့သူတွေ အလောင်းတွေလည်း ရှိသည်။ မီးရှို့စင်ပေါ်သို့ တစ် လောင်းပြီး တစ်လောင်း ထိုးတင် ပေးနေလေသည်။ ဆယ်မိနစ် ဆယ့်ငါးမိနစ် အတွင်းမှာ စောစောက ရုပ်ခန္ဓာ အလောင်းကြီးသည် ပြာအတိဖြစ်ပြီး ပျောက်ဆုံးသွားလေသည်။ သေဆုံးပြီးနောက် ပြာ ဖြစ်လေပြီးသူတွေ၊ မြေကြီး ဖြစ်လေပြီးသူတွေ၏ အရေအတွက်သည် အသက်ရှင်လျက် ရှိသူတွေထက် အဆပေါင်း မရေမတွက်နိုင်အောင်ပင် များပါလိမ့်မည်။ ယခုလည်း သူငယ်ချင်း ဒွေးမြင့် သေပြီး မျက်စိအောက်က ပျောက်သွားပြီ။ သို့သော် လူဆိုသော ယေဘုယျ သဘော (အများပိုင် နာမ်) တစ်လုံးကတော့ ပျောက်ဆုံးသွားသည် မရှိခဲ့။ ဒွေးမြင့် မမွေးခင်ကလည်း လူဆိုသော အများပိုင် နာမ် တစ်ခု ရှိနေခဲ့သည်။ ဒွေးမြင့်ကိုသာ သူ့အမေ မွေးဖွားခဲ့၍ လူဖြစ်လာသည်။ သို့သော် လူကို သူ့အမေ မွေးဖွားခဲ့သည် မဟုတ်။ သားသမီးကို မွေးဖွားသော ဘယ်မိခင်သည် လူကို မွေးဖွားနိုင်ပါအံ့နည်း။ ယခု ဒွေးမြင့် သေသွားပြီ။ သို့သော် လူကို သေအောင် ဘယ်သေမင်း ပြုနိုင်ပါသနည်း။ လူဆိုသော အများပိုင်နာမ် သဘောတရား တစ်ရပ်ကို ဘယ်လူသားမှ မဖန်ဆင်းနိုင်၊ မမွေးဖွားနိုင်။ လူကို ဖန်ဆင်းနိုင်သူကား ထာဝရ ဘုရားသခင်သာ ဖြစ်သည်ဟု ပလေတိုးက တွေးခေါ် ပြလိုက်သော အခါမှပင် ကာလ အတန်ကြာအောင် စိတ်ထဲမှာ မတင်မကျ ဖြစ်လာခဲ့သော အချက် တစ် ချက် သည် ဘဝင် ကျခြင်းသို့ ရောက်သွားရလေသည်။

ခပ်သိမ်းသော သက်ရှိသက်မဲ့ အားလုံးကို ထာဝရ ဘုရားသခင်က ဖန်ဆင်းသည် ဆိုခြင်းကို စဉ်းစားသည့် အခါတိုင်း အကျွန်ုပ်သည် ပုဂ္ဂိုလ် သတ္တဝါ တစ်ခုချင်းကို ဖန်ဆင်းခြင်းများလား ဟုသာ ထင်မှတ် ခဲ့မိလေသည်။ ယခုမှ ဘုရားသခင် ဖန်ဆင်းခြင်းသည် မောင်ဖြူ၊ မောင်ဘ၊ အာဒမ်၊ ဧဝ ဆိုသော သီးခြား ရုပ်ဝတ္ထု ပစ္စည်းတွေကို ဆိုခြင်းမဟုတ်။ လူ၊ ခွေး၊ ကြောင်၊ သစ်ပင်၊ ကျောက်ခဲ စသည် အများပိုင်နာမ်များ ထာဝရ ယေဘုယျ သဘောများကို တီထွင် ဖန်တီးခြင်းကိုသာ ဆိုလိုသည်ဟု ပလေတိုးက ဒဿန အဖြေတစ်ခု ထုတ်ပြ

www.burmeseclassic.com



လိုက်နိုင်သည့် အတွက် ဉာဏ်ပွင့်ပြီး သဘောကျမိလေသည်။ ကျဉ်းကျပ်နေသော အတွေးအခေါ် ပိတ်ဆို့မှု တစ်ခု ပွင့်ပြီး လွတ်မြောက် သွားသလိုလည်း ခံစားရလေသည်။

လက်စသတ်တော့ ထာဝရ ဘုရားသခင် ဖန်ဆင်းသည် ဆိုခြင်းမှာ ပရမတ် တရားတွေကို ဖန်ဆင်းသည်ဟု ဆိုခြင်းသာပါတကား။ သူ၊ ငါ၊ သတ္တဝါ သီးခြားဖြစ်တည်ကုန် ပျက်စီးကုန်သော သင်္ခါရ တရားတို့သည် စင်စစ် ပညတ်များသာပါတကား။ အသွင် သဏ္ဌာန်မျှသာ ပါတကား။ အစစ်အမှန် တရားများ မဟုတ်ကြပါတကား။

အစက မိမိ မရှုတတ် မမြင်တတ်သော သဘာဝ တရား၏ နက်နဲသော အသိနယ် ပညာနယ်ကို ရှုတတ် မြင်တတ်လာအောင် သွန်သင် ညွှန်ပြကာ နတ်မျက်စိ မျိုး တပ်ဆင်ပေးခဲ့သူ ပလေတိုး၏ ကျေးဇူးကို အကျွန်ုပ် တစ်သက်တွင် မေ့နိုင်မည် မဟုတ်တော့ပါ။

သူက ဖီလိုဆိုဖီကို ရိုးရိုးကလေး အဓိပ္ပာယ် ဖွင့် လိုက်ပုံကိုလည်း နှစ်သက်မဆုံး ဖြစ်မိပါသည်။

သူက ဖီလိုဆိုဖီကို 'သစ္စာ အမြင်' (Vision of Truth) တဲ့။ ကောင်းလိုက်သည့် စကားလုံး၊ လှလိုက်သည့် အဓိပ္ပာယ်၊ နက်လိုက်သည့် စိတ်ကူး။

အကျွန်ုပ်လည်း ပလေတိုး၏ စိတ်ကူးမျိုး ရှိခဲ့၏။ အချစ်၏ သစ္စာကို ရှာဖို့၊ ဘဝ၏ သစ္စာကို ရှာဖို့ ဆိုသည့် စိတ်ကူး။ သို့သော် ဘယ်ပုံဘယ်နည်း ရှာရမည်ကိုတော့ သူ့လို မသိခဲ့။ သူ့လိုလည်း သစ္စာအမြင် ဆိုသော လှပသည့် စကားလုံးဖြင့် သစ္စာကို သိနည်းကို မဖော်ပြတတ်ခဲ့။

ယခုမူ ဆရာကြီး ပလေတိုး၏ ကျေးဇူးကြောင့် အကျွန်ုပ်သည် အာရုံနယ် ပညတ်နယ်ကို လွန်သော ပညာနယ် ပရမတ်နယ် အထိ လှမ်းကြည့်တတ်လာပါပြီ။ ယခုမူ ဆရာ ပလေတိုးက အာရုံသိ (Sense-perception) နှင့် ဉာဏ်သိ (intellect) ကို ခွဲပြရုံမျှမက ထိုသဘော နှစ်ရပ်ကိုပင် နောက်ထပ် နှစ်မျိုးစီ ထပ်မံ ခွဲခြားနိုင် ကြောင်းကိုလည်း ပြပြန်သည်။ (အာရုံသိ နှစ်မျိုးကို ဤတွင် ဖော်ပြလျှင်လည်း အကြောင်းထူးမည် မဟုတ်၍ ချန်ထားလိုက်ပါမည်။) ဉာဏ်သိ နှစ်မျိုးခွဲ ပြပုံမှာ ပိုပြီး စိတ်ဝင်စားဖွယ်လည်း ကောင်း အရေးလည်း ပါသည် ဖြစ်၍ ဂရုတစိုက် ဖော်ပြချင်ပါသည်။

ဉာဏ်သိကို ဆရာကြီးက နှစ်မျိုး ခွဲခြား ပြသည်။ ထိုနှစ်မျိုးမှာ ဤသို့ ဖြစ်၏။

ဉာဏ်သိ နှစ်မျိုးမှာ ဆင်ခြင်သိ (reason) နှင့် နားလည်သိ (understanding) တို့ ဖြစ်၏။

ထို ဉာဏ်သိ နှစ်မျိုးတို့တွင် ဆင်ခြင်သိက ပို၍ အဆင့် မြင့်သည်ဟုလည်း ပလေတိုးက ဆိုလေသည်။ ဂရိ ဖီလိုဆိုဖီ အစကတည်းက တစ်ခုတည်းသော ထာဝရ အစစ်အမှန် တရားကို ရှာဖွေခဲ့ကြသည်။ အမှန်တော့ သည်အတွေးသည် ခုမှပေါ်လာသည့် အတွေး မဟုတ်။ ရှေးကတည်းက ဂရိတို့သည် နတ်ဘုရားများကို ကိုးကွယ် လာသော ဘာသာရေး အစုအစဉ် ရှိခဲ့ကြသည်။ 'ကောင်း ကင်ဘုံ၌ စံနေတော်မူသော အဖဘုရားသခင်' ရှိသည် ဟု သူတို့ ယုံစားလာခဲ့ ကြသည်မှာလည်း ကြာပြီ။ အစကတော့ ထိုဘုရားကို သူတို့က ဇီးယပ် (Zeus) ဟု ခေါ်ခဲ့ကြလေသည်။ ဂရိတို့၏ ရှေးက ဘာသာ အယူဝါဒကို စပြီး ဝေဖန်သူသည် ပလေတိုးပင် ဖြစ်လေသည်။*

ဂရိဘာသာ အယူဝါဒကို ***သမ္မတနိုင်ငံ*** ကျမ်းတွင် ပလေတိုး စတင် ဝေဖန်ခဲ့သော အကြောင်းသည် ကိုယ်ကျင့်တရားနှင့် ဆိုင်သည်ဟု ဆိုရပေ လိမ့်မည်။ ရှေးက ဂရိများ၏ ဘာသာ အယူဝါဒတွင် ကုသိုလ်သဘော အကုသိုလ် သဘောသည် မကွဲပြားခဲ့။ အယုတ် အမြတ် သဘောသည် မရှင်းခဲ့။ တရားခြင်း မတရားခြင်း သဘောတို့လည်း မပေါ်လွင်ခဲ့။

ပလေတိုး လက်ထက်က စ၍ ဖန်ဆင်းရှင် နတ်ဘုရား (Creator of artisan) ကို လက်ခံ ခဲ့လေသည်။ ထိုဘုရားကား တန်ဖိုးတကာတို့၏ အချုပ်၊ အကောင်းဆုံး အမြတ်ဆုံး၏ သရုပ် ဖြစ်သည်ဟုလည်း ပလေတိုးက စ၍ ဟောကြားလေသည်။ ထိုဘုရားသည် ထာဝရ တည်နေကြကုန်သော အများပိုင် နာမ်တရားများကို ဖန်ဆင်းတော်မူသော အရှင် ဖြစ်လေသည်။

ထိုသို့သော ယေဘုယျ သဘောလည်း ရှိ၍ ထာဝရ လည်း ဖြစ်သော နာမ် လောက (ကောင်းကင်ဘုံ) ကို ဖန်ဆင်းပြီးနောက်မှ ဤရုပ်လောကကို ထိုလောက၏ မိတ္တူသဖွယ် သီးခြား ရုပ်နာမ်များဖြင့် ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်ဟုလည်း ပလေတိုး ရှုမြင်ပြန်သည်။ ရုပ်ခန္ဓာ တွင် ဝိညာဉ် ဝင်စားလျက် ရှိသော လူသားသည် မိမိ ဝိညာဉ် တိုးတက်ရေး အတွက် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်အောင် အားထုတ် ရမည်ဟုလည်း သင်ကြား ပေးခဲ့

----------------

* *Man's Religions, John B. Noss p 78*

www.burmeseclassic.com



လေသည်။ အမြင့်ဆုံး အမြတ်ဆုံး အကောင်းဆုံး ဘဝကား ဝိညာဏ ဘဝ (ဘုရားသခင် ဖန်ဆင်းထားသော ထာဝရ ဝိညာဉ်များ၏ ဘဝ) ဖြစ်ပေရာ ထိုဘဝသို့ ရောက်မှသာ ဝိညာဉ်၏ အဖန်တလဲလဲ ဘဝသစ်ဖြင့် မွေးဖွားခြင်း ဆင်းရဲမှ လွတ်မြောက်နိုင်သည် ဟုလည်း ဆိုလေသည်။ ပလေတိုးကား ထူးခြားသော အတွေးအမြင် ပညာရှင်ကြီး ဖြစ်လေသည်။ ရှေးက ဂရိတို့၏ နတ်များ အလိုကျ ပူဇော်ပသခြင်းကို ကုသိုလ်အလုပ်ဟု မှတ်ယူလာသော အစဉ်အလာကြီး တစ်ခုလုံးကို သူက ငြင်းပယ်လိုက်သည်။ ထာဝရ ဘုရားမဲ့ ဝါဒကိုလည်း သူ လက်မခံ။ ဘုရားသခင်ကို ပူဇော် သက္ကာယများဖြင့် လက်ဆောင် ပေးခြင်း၊ ပူဇော်ခြင်း ပြုလျှင် ဘုရားသခင် ကျေနပ်သည်ဆိုသော အယူဝါဒသည်လည်း လူ့ဘောင် အဖွဲ့အစည်းကိုပါ ထိခိုက် နစ်နာစေသော ဝါဒမျိုး ဖြစ်သည်ဟု သူ ရှုမြင်လေသည်။

ပလေတိုးသည် ခရစ်တော် မပေါ်မီ အနှစ် လေးရာကျော် ငါးရာခန့်က အသက်ထင်ရှား ရှိခဲ့သော ဒဿန ဆရာကြီး ဖြစ်၏။

သူ၏ အတွေးအခေါ်များ ထဲတွင် ‘ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်’ တည်ရှိသည် ဆိုသော အယူဝါဒ ပါဝင်နေသည်မှာ အကျွန်ုပ်အဖို့ အံ့ဩစရာ ဖြစ်နေလေသည်။ အကျွန်ုပ်စိတ်တွင် ဖန်ဆင်းရှင် ထာဝရ ဘုရားသခင် အယူဝါဒသည် ခရစ်ယာန်များ၊ အစ္စလာမ်များ လက်ထက်တွင်မှ ဖြစ်ပေါ်လာသည် ထင်ခဲ့မိ၏။ အကျွန်ုပ်၏ ထိုအယူအဆ မှားယွင်းကြောင်းကို ယခုမှပင် သိရတော့၏။ အလွန် ရှေးကျသော ခေါမ တိုင်းသားများ ခေတ် ကတည်းက ကောင်းကင်ဘုံ၌ စံနေတော်မူသော ထာဝရ အဖ ဘုရားသခင် ရှိသည်ဆိုသည့် အယူဝါဒကို လူတို့ ကြံစည် တွေးခေါ်ခဲ့ကြပြီပဲ။

ပလေတိုး၏ ဒဿန အ မြင် တွင် ‘ကောင်းမှု’ ကုသိုလ် သဘောကလည်း ထူးခြားလှ၏။ သိပ္ပံပညာနှင့် သင်္ချာတရား မှန်သမျှကို သူက ကောင်းမှုများပင် ဖြစ်သည်ဟု လက်ခံသော်လည်း ကောင်းမှု (ကုသိုလ်) သဘောက ထို့ထက် ပို၍ မြတ်သည်၊ အဆင့် မြင့်သည် ဟုလည်း ဆိုလေသည်။ ပလေတိုးကား သာမန်တို့ထက် ထူးခြားသော အတွေးရှိသူ ဖြစ်၏။ အစစ်အမှန်တရား အားလုံးတို့သည် ပြီးပြည့်စုံသော ကောင်းမှုချည်းသာ ဖြစ်ကြသည်ဟုလည်း သူ ရှုမြင်လေသည်။ ကောင်းမှု သဘောကို သိသောသူသည် အစစ်အမှန် တရားကို သိသော သူပင်တည်းဟု သူ ကောက်ချက် ချခဲ့လေသည်။

ထာဝရ ဘုရားသခင်သည် တစ်ဆူတည်းသော ဘုရား အဖြစ် တည်ရှိခြင်း၊ ထိုအရှင်သည် ပရမတ္ထ သစ္စာတရားများကို ဖန်ဆင်းပြီးနောက် ထိုပရမတ်တရားတို့၏ ကိုယ်ပွားမိတ္တူ အဖြစ် ပညတ်လောက (အသွင်သဏ္ဌာန် လောက) ကိုပါ ဖန်ဆင်းခြင်း စသော အယူအဆများကို ပလေတိုးက စ၍ အနောက်တိုင်းမှာ လမ်းခင်းခဲ့ပြီ ဆိုသည်ကို သိလိုက်ရခြင်းသည် အကျွန်ုပ် အဖို့ ပိတ်ဆီးထားသော အတွေးအခေါ် ပြတင်းပေါက် တစ်ခုကို ဖွင့်လှစ်ပြသည်နှင့် တူပြန်လေတော့သည်။

အချိန် အတန် ကြာ သည့် တိုင် အကျွန်ုပ်သည် ပလေတိုး၏ အတွေးအမြင်များကို နား လည် အောင် အားထုတ်ရင်း အချိန်ကုန် သွားလေသည်။

မ နှင့် ခွဲနေရခြင်း အတွက် လွမ်းရမည့် အချိန်များကို ပလေတိုး၏ ဒဿနများက သိမ်းကျုံး ယူငင် သွားလေသည်။

ပလေတိုး၏ အတွေးအခေါ်ကြောင့် အကျွန်ုပ်၏ ဘဝတွင် ထာဝရ ဘုရားသခင်ကို မောပန်းစွာ လိုက်ရှာခဲ့ရသော ဒဿနခရီး၏ အဆုံးပန်းတိုင်သို့ ရောက်တော့မည်ဟု ထင်ခဲ့မိလေသည်။ ထာဝရ ဘုရားသခင် တည်ရှိသည် ဆိုသော အချက်ကို အကျွန်ုပ်သည် သံသယကင်းစွာဖြင့် လက်ခံရသည် အထိ ပလေတိုး၏ အတွေးအခေါ်က လမ်းပြနိုင်မည် အထင်ဖြင့်လည်း အားကိုးအားထား ပြုခဲ့မိ၏။ သို့သော် အိပ်မက်ကောင်း တစ်ခုကို မြင်မက်၍ မဆုံးမီတွင် အိပ်ရာမှ ပုတ်ခတ် လှုပ်နှိုးခြင်းကို ခံလိုက်ရသော သူ၏ အဖြစ်နှင့် အကျွန်ုပ်မှာ တူနေပြန်သည်။

ပလေတိုး၏ အတွေးအမြင်တွေ ပါစင်အောင် လွဲမှားကြောင်း ဒိုးခနဲ ဒေါက်ခနဲ အထုပ်ဖြေ ပြလိုက်သော ပညာရှင်ကြီး တစ်ဦးနှင့် မကြာမီ ဆုံရလေသည်။

တစ်နေ့ ပြည်သူ့စာပေတိုက် (ယခင် အမှတ် ၅၄၆၊ ကုန်သည်လမ်း) သို့ ရောက်သော အခါ နှစ်ဆယ်ရာစု ဒဿန ဆရာကြီး ဘာထရန် ရပ်ဆယ် ရေးသားသော ***အနောက်တိုင်း ဒဿနပညာ သမိုင်း*** (A History of Western Philosophy : B. Russell) ကျမ်းကို ဝယ်ယူရရှိ ခဲ့လေ၏။ ကျောင်းမှာ ဆရာမ ရီနှာ သင်ကြား ပြသစဉ် ပလေတိုး၏ အတွေးအခေါ်များသည် ကောင်းကင် ဆန်လွန်းနေသည်ကို လူ့ဘဝ မြေပြင်နှင့် နီးစပ်အောင် သူ၏ တပည့်ကျော် အရစ္စတိုတယ် (Aristotle) က

www.burmeseclassic.com



စွမ်းဆောင်ခဲ့သည်ဟုသာ သာမည နားလည် ခဲ့ရလေသည်။

ဘာထရန် ရပ်ဆယ်၏ ***အနောက်တိုင်း ဒဿန ပညာ သမိုင်း*** ကျမ်းကို လက်ဝယ် ရရှိခဲ့သည်တွင် နေ့နေ့ ညည အချိန်ကာလ ရှိသမျှကို အကျွန်ုပ်လည်း ထိုကျမ်းကို ကျားကုတ်ကျားခဲ ဖတ်မိ နေလေတော့သည်။

ထိုကျမ်းကို ဝယ်ယူ ခဲ့ပြီးနောက် နိဒါန်းကို စဖတ်စဉ် ကတည်းက အကျွန်ုပ် အလွန် နှစ်ခြိုက်သော ကျမ်းတစ်စောင် ဖြစ်သည်ကို တွေ့ရလေသည်။ သဘောကျသည့် အကြောင်းလည်း ရှိပါသည်။

ထိုကျမ်း၏ နိဒါန်း အစ၌ ဘာထရန်ရပ်ဆယ်က 'ဘဝဆိုင်ရာ အမြင်များနှင့် အကျွန်ုပ်တို့က ဒဿန ဆန်သည် ဆိုသော ဤလောက သဘောတို့သည် အချက်နှစ်ချက်ကြောင့် ဖြစ်ပေါ်လာသော အယူအဆများသာ ဖြစ်ကြကုန်၏။ တစ်ချက်မှာ ဘာသာ အယူဝါဒ နှင့် ကိုယ်ကျင့်တရား အမြင်ဖြစ်၍ တခြား အချက်မှာ သိပ္ပံနည်းကျ စူးစမ်းလိုမှု အမြင်ဖြစ်၏' . . . 'အကျွန်ုပ် နားလည်သလောက် ဖီလိုဆိုဖီ ဆိုသော စကားလုံးသည် ဗျာဒိတ်ခံ ဘာသာ အယူဝါဒနှင့် သိပ္ပံပညာ အကြားတွင် ပေါင်းကူးပေးသော အရာပင် ဖြစ်တော့သည်' ဟု ဆိုထားလေရာ ဤကျမ်းသည် အကျွန်ုပ် ရင်ဆိုင် နေရသော အတွေး ပြဿနာများ အတွက် မုချပင် အဖြေ ပေးနိုင်လိမ့်မည်ဟု မျှော်လင့် ခဲ့မိလေသည်။

အကျွန်ုပ် ထင်ခဲ့သည့် အတိုင်းပင် ဤကျမ်းသည် အကျွန်ုပ်အဖို့မူ ရတနာသိုက်ကြီး တစ်ခုနှင့် တူနေလေတော့၏။

ပလေတိုး၏ အတွေးအမြင်များကို ဘာထရန် ရပ်ဆယ်သည် အဂတိ ကင်းရှင်းစွာ သုံးသပ် တင်ပြနိုင်သည်မှာ ထင်ရှားလှပါ၏။ ပလေတိုးကို ချီးမွမ်းထိုက်သည့် နေရာတွင် ချီးမွမ်းခြင်း၌ မတွန့်တိုသလို ဝေဖန်ပိုင်းခြား ပြသရမည့် နေရာတွင်လည်း ဝေဖန်ခြင်း၌ ရဲရင့်သည်မှာ ဘာထရန်ရပ်ဆယ်၏ သတ္တိထူးပင် ဖြစ်သည်ဟု အကျွန်ုပ် ထင်မိပါသည်။

ဘာထရန်ရပ်ဆယ်သည် အဓိကကျသော ပလေတိုး အတွေးအခေါ် အမြင်မှ ထာဝရ အများပိုင်နာမ်များ သဘောတရား (Doctrine of Ideas) ၏ ချွတ်ယွင်းချက်များကို ဖော်ပြခဲ့လေသည်။

လူ၊ ခွေး၊ ကြောင် စသော အများပိုင်နာမ် သဘောတို့သည် အဓိပ္ပာယ် မဲ့သော အသံများ မဟုတ်။ ၎င်းတို့မှာ ဆင်ခြင်ဖွယ် သဘောပါသည်။ ထူသည်၊ ကြီးသည်၊ ရှေးက စသော စကားလုံးများမှာ အဓိပ္ပာယ် ပါသကဲ့သို့ အထက်ပါ နာမ်များမှာလည်း အဓိပ္ပာယ် ပါကြသည်ပင်။ သို့သော် ထိုအများပိုင် နာမ်များသည် ထာဝရ အစစ်အမှန် တရားများ အဖြစ် ပရလောက ကောင်းကင်ဘုံကြီးထဲမှာ တည်ရှိနေကြသည်ဟု ဆိုခြင်းမှာ ပလေတိုးသည် ဒဿန စကားဖွဲ့ထုံး (Philosophical Syntax) ကို နားမလည်သည့် အတွက် ပေါ်ပေါက်ရသော အမှားသာ ဖြစ်ကြောင်း ပြောပြလေသည်။

ဘာထရန်ရပ်ဆယ်၏ ဝေဖန် သုံးသပ်ချက်များကို ယနေ့တိုင်အောင် ကမ္ဘာ့ ပညာရှင် အားလုံးက လက်ခံနေကြရလေသည်။

ပလေတိုးသည် အလှတရား၊ သစ္စာတရား၊ အမြတ်တရား တို့လို နာမ်သဘော တို့ကိုသာ ဘုရားသခင်က ဖန်ဆင်းသည်ဟု မဆို။ ဘုရားသခင်သည် ကောင်းကင်ပြင်ကြီးကိုလည်း ဖန်ဆင်းသည်။ ထို ကောင်းကင်ပြင်ပေါ်တွင် ကောင်းကင်ဘုံက လူ၊ ကောင်းကင်ဘုံက ခွေး၊ ကောင်းကင်ဘုံက ကြောင် စသည့် သတ္တဝါမျိုးစုံ သက်ရှိသက်မဲ့ အားလုံးကို ဖန်ဆင်း ထားလေသည်။ သို့သော် ထိုအရာ အားလုံးကို ဘုရားသခင် ဘယ်ပုံ ဘယ်နည်း ဖန်ဆင်းသည်ကိုတော့ ပလေတိုး၏ ***သမ္မတနိုင်ငံ*** ကျမ်းထဲမှာ ဖော်ပြထားခြင်း မရှိ။ ပလေတိုး၏ အများပိုင်နာမ် သဘောသည် အတွေးသဘော သက်သက် မဟုတ်၊ ထိုသဘောတို့သည် အတွေးခံ သဘောများ၊ အတွေး ဖြစ်ပေါ်ရာ အရင်းခံ အကြောင်းတရားများ (Objects of Thought) ဖြစ်နေကြလေသည်။ သူ ပြသော ဝိဉာဏသဘော အားလုံးကလည်း နကာလိကော ကာလမဲ့ သဘောများ (Timeless) သာ ဖြစ်ကြလေသည်။ ထို ကာလမဲ့ သဘောကို ဖန်ဆင်းနိုင်သည် မဟုတ်။ တစ်ခုခုကို ဖန်ဆင်း လိုက်သည်နှင့်သာ အချိန်ကာလ သဘော ပေါ်လာ ပေတော့မည်။ ပလေတိုး ဒဿနထဲက ဖန်ဆင်းခြင်းကိုလည်း စဉ်းစား တွေးခေါ်တတ်သူတို့ ဘယ်လိုပင် တွေးတွေး တွေး၍ မရနိုင်။ ဖန်ဆင်းလျှင် ကာလနှင့် ဌာန သဘောပါသော ဖြစ်ပျက် ပြုပြင်နေသည့် ကမ္ဘာလောကကိုသာ ဖန်ဆင်း၍ ရမည်။ ထိုလောကသည် ပြောင်းလဲနေသော လောကသာ ဖြစ်သည်။ ထို နေ့စဉ် ရင်ဆိုင်နေရသော လောကမှာလည်း မကောင်းမှုများဖြင့် ပြည့်နှက်လျက် ရှိသော အစဉ် ဖောက်ပြန်နေသော (ဝိပလ္လာသ) အမှားမြင် အသွင်လောကသာ ဖြစ်တော့

www.burmeseclassic.com



သည်။ သို့ဖြစ်ရာ ထာဝရ ဘုရားသခင် ဖန်ဆင်းလျှင်လည်း ပလေတိုး ပြောသလို ကောင်းမှု အမြတ်တရားများ တည်ရှိသော လောကတော့ မဖြစ်နိုင်။ နေ့စဉ် မြင်တွေ့ ဆက်ဆံ နေကြရသော မကောင်းမှုများ ပြည့်နှက်နေသော ဖောက်ပြန်နေသည့် အသွင်လောကသာပင် ဖြစ်ပေလိမ့်မည်။ သို့မဟုတ်ဘဲ တစ်စုံတစ်ဦးသော သူက ထာဝရ ဘုရားသခင်သည် အသွင်လောကကို အစစ်အမှန် လောကမှ ထာဝရ နာမ်ဝိညာဉ်များ ဝင်စားစေ၍ ဖန်ဆင်းခြင်း ဖြစ်သည်ဟု ဆိုလာအံ့၊ ထိုသူအား ထာဝရ ဘုရားသခင်သည် ထာဝရ အမြတ်တရား နာမ်စစ်များ တည်နေသော လောကကို ဖန်ဆင်းပြီး ဖြစ်ပါလျက် မကျေနပ်နိုင်ဘဲ ဤ အစစ်အမှန် မဟုတ်သော အသွင်လောကကို အဘယ်ကြောင့် ဖန်ဆင်းရသနည်း။ အဘယ်အကြောင်းကြောင့် ဖန်ဆင်းဖို့ လိုအပ်သနည်းဟု မေးဖို့သာ ရှိတော့သည်ဟု ဘာထရန်ရပ်ဆယ်က သုံးသပ် ပြလေသည်။ *

အမှန်မှာ ဤကဲ့သို့ ဝေဖန်ရခြင်း အကြောင်းသည် ခရစ်ယာန်တို့၏ ဖန်ဆင်းရှင် ဝါဒထဲတွင် ဘုရားသည် မကောင်းမှုကို မပြု၊ မကောင်းမှုကိုလည်း မဖန်ဆင်း၊ ကောင်းမှုကိုသာ ပြုသည်၊ ကောင်းမှု အမြတ်တရားများကိုသာ ဖန်ဆင်းသည် ဆိုသော အယူဝါဒကြောင့် ပေါ်ပေါက်သည့် ဒဿန အခက်အခဲ ဖြစ်ကြောင်းလည်း ဘာထရန်ရပ်ဆယ်က ပြထားလေသည်။ သမာသမတ်ကျအောင် ပြောတတ်သော ဆရာကြီး ရပ်ဆယ်သည် ဤကဲ့သို့ သုံးသပ် ပြပြီးနောက် ပလေတိုး၏ အတွေးအမြင်ကို နောက်ကျမှ ပေါ်ပေါက်လာသော ခရစ်ယာန် အတွေးအမြင် ရှုထောင့်မှ အပြစ်ပြ ပြောဆိုလျှင်လည်း သင့်အံ့ မထင်ဟု ကောက်ချက် ချထားသည်ကိုလည်း ဖတ်ရှုရလေသည်။ ရပ်ဆယ်၏ နောက် သုံးသပ်ချက်မှာ မြားမြောင်လှစွာ ရုပ်နာမ်ဓမ္မတို့ ဖြစ်ပျက် ပြုပြင်ရာ ဤအာရုံသိ ကမ္ဘာကြီး စတင် ဖြစ်ပေါ်ရာ အကြောင်းတရားသည် ထာဝရ ဘုရားသခင်မှ တစ်ပါး အခြား အကြောင်းလည်း ရှိမည် ဆိုက ရှိနိုင်သေးသည် ဟူ၍ ဖြစ်လေသည်။ ထို့ပြင် အများပိုင်နာမ် ဟု ဆိုသော ပရမတ် တရားများကို ထာဝရ ဘုရားသခင်က ဖန်ဆင်းထားသည် ဆိုရာ၌ ထိုတရားတို့သည် ထာဝရ ဖြစ်သည် ဆိုသော်လည်း အမျိုးမျိုး အမည်မည် ကွဲပြားနေခြင်းကြောင့် အကြွင်းမဲ့ တရားများတော့ မဖြစ်နိုင်၊ ဘုရားသခင် ဖန်ဆင်းထားသော တရားများ ဖြစ်ခြင်းကြောင့် ထိုပရမတ် တရားတို့သည် အဆုံးမဲ့သော တရားများ မဖြစ်နိုင်၊ ထိုတရားများ၏ အဆုံးတွင် တစ်ဆူတည်းသော ထာဝရဘုရား (God) သို့မဟုတ် အကောင်းဆုံး အမြတ်ဆုံး တရား (The Good) ကြီး ရှိနေသေးသည်မှာ ထင်ရှား၏။

တကယ်ဆိုလျှင် ပလေတိုးက ပရမတ်တရားများ အများဆိုင်နာမ် တရားများ ဟု သတ်မှတ်သော ထိုတရားတို့သည်ပင် ထာဝရ ဘုရားသခင်၏ ဝိသေသနဂုဏ်ပြပုဒ်များသာ ဖြစ်နေသည်ကို တွေ့ရသည်ဟုလည်း ရပ်ဆယ်က ရှင်းပြ ထားလေသည်။

သက်ရှိ သက်မဲ့များ တည်နေ ဖြစ်ပျက်ရာ လောကအလုံးကို ဖန်ဆင်းသော ထာဝရ ဘုရားသခင်နှင့် ပတ်သက်၍ အငြင်းပွားဖွယ် မရှိသော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ခွာချပြီးနောက် ခေါင်းညိတ် လက်ခံရန်မှ တစ်ပါး အခြား ဆင်ခြေ တက်စရာ အကြောင်း ကင်းမဲ့သော ဒဿန အဖြေ တစ်ရပ်ကို ပလေတိုး ပေးနိုင်လိမ့်မည်ဟု ထင်ခဲ့သော အကျွန်ုပ်၏ အထင်သည် မှေးမှိန် အားလျော့သွားရ ပြန်လေသည်။

အကျွန်ုပ်လည်း ဘဝ၏ သစ္စာတရားကို ရှာလိုသည် ဖြစ်စေ၊ လောက၏ သစ္စာတရားကို ရှာလိုသည် ဖြစ်စေ၊ နောက်ဆုံး အချစ်၏ သစ္စာတရားကို ရှာလိုသည်ပင် ဖြစ်စေ လူတို့၏ ယုံကြည် ကိုးကွယ်နေကြသော ဘာသာ အယူဝါဒများ ထဲတွင် လိုက်ရှာခြင်းထက် ဖီလိုဆိုဖီ ဘာသာရပ်ကို အားကိုး၍ လိုက်ရှာခြင်းက ပိုပြီး ခရီးရောက်ဖို့ အကြောင်း ရှိသည်ဟု ထင်မြင်စ ပြုနေပြီဖြစ်၏။ ယုံကြည် ကိုးကွယ်ခြင်းကား ကြောက်မှု ကြိုက်မှုနှင့်လည်း ဆိုင်၏။ တမလွန် အပြစ်ဘေးကို ကြောက်ရွံ့၍ ထိုဘေးမှာ လွတ်မြောက်ရေး အတွက် အားကိုးရာခြင်း၊ မိမိကို အကာအကွယ် ပေးမည့် ပုဂ္ဂိုလ်ကို ရှာခြင်းဖြင့်လည်း 'ကိုးကွယ်ခြင်း' ဟူသော ဝေါဟာရသည် ဖြစ်လာ၏။ အချို့ကား ထိုသို့ မဟုတ်။ တစ်စုံတစ်ခုသော ဘာသာရေး အဆုံးအမကို ကြိုက်နှစ်သက်၏။ ထိုတရားကို ယုံကြည်ရခြင်းဖြင့် စိတ်ချမ်းသာ၏။ မိမိဘဝလုံခြုံ စိတ်ချရပြီဟု အောက်မေ့လျက် အသက်ထက်ဆုံး ထိုတရားကို ဆည်းကပ် ကြကုန်၏။

ဖီလိုဆိုဖီကို လိုက်စားသော ပုဂ္ဂိုလ်တို့၏ သဘောကား ပလေတိုး ပြောသကဲ့သို့ သစ္စာအမြင် (Vision of

--------------

* *A History of Western Philosophy, p 100*

www.burmeseclassic.com



Truth) ရစိမ့်သောငှာ အားထုတ်ခြင်းသာ ဖြစ်၏။ သို့သော် သစ္စာအမြင်ကို ရရှိအောင် ကြိုးပမ်းကြရာတွင် ဖီလိုဆိုဖီသည် ထာဝရ ဘုရားကို ယုံကြည် ကိုးကွယ်သော ဗျာဒိတ်ခံ ဘာသာတရား နှင့် သိပ္ပံပညာ အကြားမှာ ပေါင်းကူးတံတား သဖွယ် ဆက်သွယ်ပေးလျက် ရှိသည် ဆိုသော ဘာထရန် ရပ်ဆယ်၏ အဆိုမှာလည်း မှန်ကန်မှု ရှိသည်ဟု အကျွန်ုပ် ယူဆမိလေသည်။

ဖီလိုဆိုဖီသည် အကျွန်ုပ်၏ နှလုံးအိမ် ပေါ်တွင် စံမြန်းရန် အလို့ငှာ ကြွလာပြီ ဖြစ်၏။ အကျွန်ုပ်လည်း ထိုဖီလိုဆိုဖီကို ဆရာသခင် ကျေးဇူးရှင်သဖွယ် မှတ်ယူလျက် တရိုတသေ ခရီးဦးကြို ပြုလျက် မိမိ နှလုံးအိမ် အတွင်း အလိုရှိသလို ပလ္လင် ပြု၍ စံမြန်း နေထိုင်ရန် အခွင့်ကို ပေးခဲ့ပြီ ဖြစ်၏။

ထို ဒဿနဆရာလည်း အကျွန်ုပ်၏ နှလုံးအိမ်ပေါ်သို့ ကြွရောက်လာသည့် အချိန်က စ၍ အကျွန်ုပ်အား ဤသို့ မြင်လှည့်၊ ဤသို့ ရှုလှည့်၊ ဤသို့ သဘော ယူလှည့်၊ ဤသို့ နားလည်လှည့်ဟု အမြဲ ဆိုဆုံးမလျက် ရှိလေ၏။

အကျွန်ုပ် အဖို့မူ ဖီလိုဆိုဖီသည် ဘွဲ့ရရုံ၊ စာမေးပွဲ ဖြေရုံ ကိစ္စမဟုတ်တော့ချေ။ ပလေတိုး အကြောင်းက စ၍ သူ့ အတွေးအခေါ် မှန်သမျှကို အကုန်အစင် နားလည်အောင် ကြိုးစားရမည့် အခြေအနေသို့ ဆိုက်ရောက်လာ၏။ ဆိုက်ရောက် လာရသည့် အကြောင်းမှာ ဘာထရန် ရပ်ဆယ်၏ လမ်းညွှန်ပြမှုကြောင့်ပင် ဖြစ်၏။ သူ၏ ***အနောက်တိုင်း ဒဿနပညာ သမိုင်း*** ကျမ်းတွင် ဘာထရန် ရပ်ဆယ်သည် အောက်ပါ အတိုင်း ညွှန်ပြထားလေသည်။

'ရှင်ပေါလု (St. Paul) ခရစ်ဝင်ကျမ်း နှင့် တခြားသော ခရစ်ဝင် ကျမ်းများသည် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဤ ဖီဒို (Phaedo) ကျမ်းကို အကြောင်းပြုပြီး ပေါ်ပေါက်လာကြသော ကျမ်းများသာ ဖြစ်ကြကုန်သည်။ အကယ်၍ ပလေတိုးကို လျစ်လျူရှုပါမူကား ထိုကျမ်းစာများကို နားလည်ရေးမှာလည်း လွယ်ကူမည် မဟုတ်ချေ။' *

***ဖီဒို*** ခေါ်သော ပလေတိုး ရေးသားခဲ့သည့် ဒိုင်ယာလော့ ကျမ်းသည် အဘက်ဘက်က စိတ်ဝင်စားဖွယ် ကောင်းလှသော ကျမ်းတစ်စောင် ဖြစ်ကြောင်းကိုလည်း ဘာထရန်ရပ်ဆယ်က မှတ်ချက် ချထားပေရာ အကျွန်ုပ်လည်း ထိုကျမ်းကို ရအောင် ရှာ၍ ဖတ်လေတော့၏။ ထိုကျမ်းသည် ဆော့ခရတ္တိ ကွယ်လွန်ခါနီး အချိန်တွင် ဖြစ်ပျက်နေသော အခြေအနေများကို ဖော်ပြသောကျမ်း ဖြစ်လေသည်။ အထူးသဖြင့် ဆော့ခရတ္တိအား သေဒဏ် ချမှတ်ခြင်း အတွက် သောက်ရမည့် အဆိပ်ခွက်ကို ကိုင်လျက် သောက်ခါနီး အချိန် နောက်ဆုံး အဆိပ်ရည်ကို သောက်သည်မှ သူ၏သိစိတ် (ဝိဉာဏ်) ချုပ်သွားသည် အထိ တိုတောင်းသော အချိန်ပိုင်း၌ အပြန်အလှန် ပြောဆိုခဲ့သော စကားများကို ဖော်ပြသော ကျမ်းဟုလည်း ဆိုနိုင်ပါသည်။

***ဖီဒို*** ကျမ်းတွင် ပလေတိုးသည် ဤလောက၌ အလိမ္မာဆုံး အမြတ်ဆုံး လူသား တစ်ဦး၏ စံထားထိုက်သော အမူအရာကို ဖွဲ့ဆိုခြင်း ဖြစ်လေသည်။ သေခြင်း တရားကို အကြောက်ကင်းစွာ ထိုသေခြင်းကို တုန့်လှုပ်ခြင်း အလျှင်း မရှိဘဲ ရင်ဆိုင်သူ သူ့ဆရာ ဆော့ခရတ္တိ၏ ရုပ်ပုံလွှာကို နောင်လာ နောက်သားတို့ ကြည်ညိုသဒ္ဓါပွားရအောင် ပလေတိုးသည် ထိုကျမ်းတွင် ခြယ်မှုန်းရေးသားခဲ့လေသည်။ သေခြင်းကို ဆော့ခရတ္တိ ရင်ဆိုင်ပုံ၊ သေခြင်း၌ ဆော့ခရတ္တိ သဘောထားပုံတို့မှာ ရှေးကျသော လူသားများအတွက် သာမက ခေတ်လူသားများအတွက်ပါ မြတ်နိုးဖွယ် ကိုယ်ကျင့်သိက္ခာ သဘော ပေါ်အောင် စံနမူနာပြု ရေးဖွဲ့ထားလေသည်။ ထိုသို့ ရေးဖွဲ့ထားခြင်းသည် ခရစ်တော် လက် ဝါး ကပ် တိုင် တွင် အသတ် ခံရခြင်းကို ရေးဖွဲ့ခြင်းနှင့်လည်း တူသည်ဟု ဘာထရန်ရပ်ဆယ်က ဆိုလေသည်။ လက်ဝါးကပ်တိုင်ကားစင် တင်ခြင်းကား ခရစ်ယာန်တို့ အဖို့ ဖြစ်၏။ 'ဖီဒို' ကား ရှေးက လွတ်လပ်စွာ တွေးခေါ် တတ်ကြကုန်သော ပေဂန် (Pagan) ခေါ်သော ဖီလိုဆိုဖာများအတွက် ဖြစ်လေသည်။

ဆော့ခရတ္တိသည် ဝိညာဉ်၏ သေခြင်း ကင်းသော (အမတ) သဘောကို လက်ခံထားသူ ဖြစ်၏။ အဆိပ်သောက်ခြင်းကြောင့် ရုပ်ခန္ဓာကြီး ရုပ်ဆိုင်းသွားသော်လည်း ဝိညာဉ် (အသက်) သည် ရှင်မြဲရှင်လျက် ရှိသည်ဟု ဆော့ခရတ္တိ ယုံကြည်ပုံကို သူ နောက်ဆုံး ပြောခဲ့သော အောက်ပါ စကားများတွင် ထင်ရှားလေသည်။

'ငါ့ တပည့်တို့တွင် သေခြင်းတရားကို ယုတ်ညံ့သော အဖြစ်၊ မကောင်းသော အဖြစ်ဟု အဆိုးမြင်မှုကား ထို အမြင်သည် မှားသည်ဟု ငါ ဆို၏၊ အကြောင်းမူ

--------------

* *A History of Western Philosophy, p 132*

www.burmeseclassic.com



သေခြင်းသည် အိပ်မက် ကင်းသော အိပ် စက် ခြင်း (Dreamless Sleep) လည်း ဖြစ်၍ ဘဝ တစ်ပါးသို့ ဝိညာဉ် ကူးသွားခြင်းလည်း မည်ပေ၏၊ ဘဝ တစ်ပါးသို့ ရောက်သွားသောအခါ ထိုသူသည် သူ့ကဲ့သို့ မတရားသော နည်းဖြင့် အသေခံ ခဲ့ရသူတို့နှင့် စကား ပြောရလိမ့်မည်၊ အသိပညာကို ရှာသော အလုပ်ကိုလည်း ဆက်၍ လုပ်ရပေဦးမည်၊ တမလွန်ဘဝတွင် မေးခွန်းပုစ္ဆာ ထုတ်သော အကြောင်းကြောင့် ထိုသူတို့သည် လူတစ်ဦးကို သတ်ခွင့် ကြုံလိမ့်မည် မဟုတ်တော့ချေ၊ အကြောင်းမူကား ထိုတမလွန် ဘဝသို့ ရောက်သောသူအဖို့ ပျော်ရွှင်ခြင်း သုခကို ခံစားရရုံမျှ မက သေခြင်းကင်းသော အမတ ချမ်းသာကိုပါ ခံစား ရပေလိမ့်မည်၊ ခွဲခွာရမည့် အချိန်သည် နီးကပ်လာပြီ ဖြစ်၏၊ ကိုယ့်လမ်းသို့ ကိုယ်စီ သွားကြရ ပေတော့မည်၊ ငါကား သေလမ်းသို့ သွားတော့အံ့၊ သင် တပည့်တို့သည် ရှင်လမ်းသို့ သွားကြကုန်၊ ရှင်လမ်းနှင့် သေလမ်း ဘယ်လမ်းက ပို၍ ကောင်းသည် ဆိုသည်ကို ဘုရားသခင် တစ်ပါးသာ သိပေလိမ့်မည်' *

***ဖီဒို*** ကျမ်းတွင် ဖော်ပြထားသည်မှာ နောက်ဆုံးသေခါနီး အချိန်တွင် ဆော့ခရတ္တိ ကိုယ်မှာ ဖွဲ့ချည်ထားသော သံကြိုးများကို ဖြုတ်ပေးလိုက်၏။ သူ့တပည့်များအား နောက်ဆုံး အချိန်တွင် သူ မှာကြားလိုသော စကားများကို လွတ်လပ်စွာ ပြောဆို မှာကြားခွင့်ကိုလည်း ပေးထား၏။ တပည့်များနှင့် လွတ်လွတ်လပ်လပ် စကားပြောဆိုနိုင်ရန် အတွက် အနီးတွင် ထိုင်ငိုနေသော သူ့ဇနီးကိုလည်း ဖယ်ရှားလိုက်၏။ ဆွေးနွေးပွဲကို အနှောင့်အယှက် မဖြစ်စေလို၍ ဖြစ်လေသည်။

ဆော့ခရတ္တိ ပညာရှိကြီးလည်း သူ၏ စကားကို ဤသို့ စတင် ပြောဆိုလေ၏။

'ဒဿန ဝိညာဉ် ကိန်းဝပ်သော စိတ်နှလုံး ရှိသောသူသည် သေခြင်းတရားကို ထိတ်လန့်ခြင်း မရှိရာ၊ ထိုမှတစ်ပါး သေခြင်းတရားကို ဝမ်းပန်းတသာ ကြိုဆိုရာ၏၊ သို့ဆိုသောကြောင့် ဥပဒေက ခွင့်မပြုသော မိမိကိုယ်ကို သတ်၍ သေခြင်းမျိုးကိုမူကား မပြုသင့်၊ ရှောင်ရှားသင့်၏'

ထိုသို့ ဆိုသောအခါ တပည့်များက 'ဆရာ ဆော့ခရတ္တိ၊ အဘယ် အကြောင်းကြောင့် ကိုယ်ကိုယ်ကိုယ်သတ်သေခြင်းအား ဥပဒေက ခွင့်မပြုအပ်သနည်း' ဟု မေးကြပြန်သည်။

'တီးတိုး ပြောဆိုကြသည့် စကားကို ငါ ကြားဖူးသည်ကား လူ၏ ခန္ဓာကိုယ်တွင် ဝိညာဉ် ကိန်းဝပ်နေခြင်းသည် အကျဉ်းကျလျက် ရှိသောသူနှင့် တူသည်ဟု ဆိုကြ၏၊ အကျဉ်းကျသူသည် ထောင်ကို မိမိသဘောအလျောက် တံခါးဖွင့်၍သော် လည်းကောင်း၊ ဖောက်ထွင်း၍သော် လည်းကောင်း ထွက်ခွင့်မရှိ၊ ထွက်လျှင် အပြစ် ဖြစ်သကဲ့သို့ လူသည်လည်း မိမိ ခန္ဓာကိုယ်ကို သတ်ဖြတ်ခြင်းဖြင့် ဝိညာဉ်ကို ကိုယ်မှ ခွဲခွာသွားအောင် မပြုအပ်၊ ပြုလျှင် အပြစ် ဖြစ်သည်ဟု ဆိုကြကုန်သည်၊ စင်စစ် ထိုစကား၏ အဓိပ္ပာယ်ကို ငါမူကား နားမလည်' ဟု ဆော့ခရတ္တိက အဖြေ ပေး ပြီး နောက် သူသည် လူသား နှင့် ဘုရားသခင်တို့၏ ဆက်ဆံပုံမှာ သိုးအုပ်ပိုင်ရှင် နှင့် သိုးအုပ် ဆက်ဆံရေးမျိုးနှင့် တူကြောင်း ရှင်းပြလေသည်။

'သင့် သိုးအုပ်ထဲက သိုးတစ်ကောင်သည် သူ့သဘောအလျောက် လမ်းခွဲ ထွက်သွားလျှင် သင် စိတ်ဆိုးသကဲ့သို့ သင့်သဘောနှင့် သင် သတ်သေခွင့်ကို ယူ၍ သတ်သေပါမူလည်း ဘုရားသခင် အလိုရှိမည် မဟုတ်၊ လူသည် သေရမည့် အချိန်ကို စောင့်ဆိုင်းသင့်၏၊ မိမိသဘောဖြင့် မသေသင့်၊ ဘုရားသခင် အမိန့်ဖြင့် ခေါ်ယူမှသာ သေသင့်၏၊ ယခု ဘုရားသခင်သည် ငါ့အား ဆင့်ခေါ်လျက် ရှိပြီ' ဆိုကာ ဆော့ခရတ္တိသည် အကြောက်မရှိ၊ ထိတ်လန့်မှု မရှိ၊ သေခြင်းကို ရင်ဆိုင်လေ၏။

ဆော့ခရတ္တိ အမြင်တွင် သေခြင်းသည် ရုပ်နှင့် နာမ် ခွဲခွာခြင်းသာ ဖြစ်သည်။ ဤအယူကို ပလေတိုးက ဆက်ခံသည်။ သူ့ အတွေးအခေါ်တွင် နာမ်လောကနှင့် ရုပ်လောက၊ ဆင်ခြင်သိနှင့် အာရုံသိ၊ ဝိညာဉ်နှင့် ခန္ဓာ ဟူ၍ ဒွိသဘာဝများကို လက်ခံထားလေသည်။ နောင် ခရစ်ယာန် အယူဝါဒ ထွန်းကားလာသော အခါ ဤအမြင်ကိုပင် တစ်စိတ် တစ်ဒေသအားဖြင့် လက်ခံခဲ့ကြခြင်း ဖြစ်သည်ဟု ရပ်ဆယ်က ဆိုလေသည်။

ဖီလိုဆိုဖီမှာ ဖြစ်ဖြစ်၊ သိပ္ပံပညာမှာ ဖြစ်ဖြစ်၊ နေ့စဉ် လူ့ဘဝထဲတွင် ပြောဆို ဆက်ဆံရာမှာ ဖြစ်ဖြစ် ရုပ်နှင့် ဓာတ် ခွဲခြား ပြောဆို နေကြခြင်းသည်လည်း ဘာသာ အယူဝါဒက စခဲ့သော အမြင်ပင် ဖြစ်သည်ဟု ရပ်ဆယ်က သုံးသပ် ပြထားလေသည်။ ***ဖီဒို*** တွင် ဆော့ခရတ္တိ ပညာရှိက ဖီလိုဆိုဖာတို့သည် လောကီ အာရုံ

---

* *A History of Western Philosophy, p 89*

www.burmeseclassic.com



ကာမဂုဏ် တရားများကို လုံးဝ မလိုက်စားအပ် ဟု တားဆီး ပိတ်ပင်ခြင်း မပြုခဲ့သော်လည်း ဖီလိုဆိုဖာသည် ကာမဂုဏ် တရားတို့၏ ကျွန် မဖြစ်သင့်ဟု ဆုံးမခဲ့လေသည်။ စားမှု သောက်မှု ကိစ္စတွင်လည်း ဖီလိုဆိုဖာသည် အထူး ဂရုပြုရန် မလို။ လို အပ် သည့် အတိုင်းအတာ အထိ စားသောက် နေထိုင်နိုင်သည်။ အစား ရှောင်သော အလေ့ ဥပုသ်စောင့်ခြင်း (Fasting) ကို အထူးပြုရန်ကိုလည်း ဆော့ခရတ္တိက မတိုက်တွန်းခဲ့။ စပျစ်ရည် သောက်သုံးခြင်းကိုပင် ဆော့ခရတ္တိက အပြစ်ဟု မဆို၊ စပျစ်ရည် သောက်သုံးခြင်းဖြင့် ပျော်ရွှင်ခြင်း (သူရာမေရယကို အရသာ ခံခြင်း) ကိုသာ တားမြစ် ရှုတ်ချခဲ့လေသည်။

ပလေတိုးကား ရုပ် နှင့် နာမ်တွင် ရုပ် (ခန္ဓာ) တရား မှန်သမျှကို အပြစ် မြင်သော ဝိညာဏဝါဒီ ဖြစ်လေသည်။ ထူးခြားသည်မှာ ပလေတိုးသည် ခန္ဓာ၏ အပြစ် အာဒီနဝများကို ရှုမြင်ရာ၌ အသက် ရှင်စဉ် ဘဝ၏ ဒုက္ခများ ဖြစ်ပေါ်ရာ အကြောင်းများကို စဉ်းစားရာတွင် အရှေ့တိုင်း ဒဿန ဆရာကြီးများ၏ သဘောသက်ဝင်လျက် ရှိခြင်း၊ ထို့နောက် ဘဝ၏ လွတ်မြောက်ရေးကို ရုပ်နာမ်ခန္ဓာပေါ်မှာ အခြေစိုက်၍ စဉ်းစား လာခြင်းများ ဖြစ်လေသည်။

ခန္ဓာသည် အဆုံး မရှိသော ဒုက္ခများ၏ အကြောင်းမူလ ဖြစ်၏။ အစဉ် အစားအစာ လိုအပ်နေခြင်းသည် ဒုက္ခပင်မည်၍ ထိုဒုက္ခ မည်မျှ ကြီးမားသည်ကို ဆင်ခြင်နိုင်၏။ ဤခန္ဓာသည် ရောဂါ အနာတို့၏ ပွားစည်းရာဖြစ်၏။ ဤခန္ဓာ၌ အချစ်၊ အမုန်း၊ အကြောက်၊ တဏှာ တရားတို့ဖြင့် ပြည့်နှက်၏။ အဆုံးမရှိသော မိုက်မဲသော အကျင့် စရိုက်တို့ဖြင့်လည်း ပြည့်၏။ အသိပညာကို ရှာဖွေဖို့ အချိန် မရအောင် ထိုခန္ဓာသည် အစာကို တောင်းဆိုခြင်း၊ အနာရောဂါကို လက်ခံခြင်းဖြင့် နှိပ်စက်နေ၏။ နှောင့်ယှက်နေ၏။ ခန္ဓာ၌ဖြစ်သော တဏှာလျှင် အကြောင်းခံ ရှိသောကြောင့် စစ်မက် ဖြစ်ပွားရ၏။ စစ်မက်တို့သည် ငွေကို အကြောင်းခံ၍လည်း ဖြစ်၏။ ထိုငွေသည် စင်စစ် ခန္ဓာကိုယ်ကို အလုပ်အကျွေး ပြုသော ပစ္စည်းပင်တည်း။ ခန္ဓာ၏ နှောင့်ယှက် တားဆီးမှုကြောင့် ငါတို့မှာ ဒဿန၌ ဉာဏ်ကျက်စားရန် အချိန်မရ ဖြစ်ရလေသည်။ ဉာဏ်ပညာ ဖြစ်ပေါ်ရေးတွင် ခန္ဓာသည် အတားအဆီး အပိတ်အပင် ဖြစ်လျက်နေသည်။ ထိုအကြောင်းကြောင့် အသိမှန် အမြင်မှန် ဉာဏ်ပညာကို လိုသော် ထိုခန္ဓာကိုယ်ကို စွန့်ပစ်ရမည် ဟူသော သဘောသည် အတွေ့အကြုံအရထင်ရှားလာ၏။ နာမ်နှင့် ရုပ် (ခန္ဓာ) ကွဲဖို့လို၏။ သို့မှသာ ငါတို့ လိုလားသော ပညာစခန်းသို့ ရောက်နိုင်၏။ ခန္ဓာနှင့် ဉာဏ် မကွဲသမျှ စစ်မှန်သော ပညာကို ဉာဏ်က မရနိုင်။ သို့ဖြစ်ရာ အသိပညာ အဆင့်ကို သေပြီးမှပင် ရောက်နိုင်ပေတော့အံ့။ စင်ကြယ်အောင် ပြုမှု ဝိသုဒ္ဓိဖြင့်သာ ခန္ဓာကိုယ်၏ မိုက်မှားမှု မှန်သမျှကို အပြီးတိုင် ပယ်သတ်နိုင်ပေအံ့။ ထိုသို့ ဝိဉာဏ ဝိသုဒ္ဓိ ဖြစ်အောင် လုပ်ရန်မှာလည်း သေပြီးနောက် ဝိညာဉ်နှင့် ခန္ဓာ ကွဲသော အခါမှသာ ဖြစ်နိုင် ပေတော့အံ့။ ထိုသို့ ခန္ဓာကိုယ်မှ ဝိညာဉ် လွတ်မြောက်ခြင်းကိုပင် သေခြင်း ခေါ်သတည်း။ ဖီလိုဆိုဖာ ဆိုသူတို့ကား ဝိညာဉ်ကို ခန္ဓာမှ လွတ်မြောက်ရေးအား အစဉ် လိုလားသူဟု သဘောကျအပ်၏။

မည်သည့် ငွေမျိုးနှင့်မဆို လဲလှယ်ခြင်း အတွက် အသုံးဝင်သော ငွေသား အစစ် တစ်မျိုး ရှိ၏။ ထိုဘော်ငွေစစ်ကား တခြား မဟုတ်၊ ဝိဇ္ဇာဉာဏ်ပညာပင်တည်း။ *

ပလေတိုး၏ အယူအဆများ အဆိုပြုချက်များ အားလုံးကို မှန်သည် ဟုတ်သည်ဟု အကျွန်ုပ် မယူဆချေ။ သို့သော် ပလေတိုး၏ ကျေးဇူးကြောင့် အကျွန်ုပ်သည် ဘဝ၏ အဓိပ္ပာယ်နှင့် ဘဝ၏ တန်ဖိုး သဘောကို ရေးရေး မြင်တတ် လာသည်ဟုကား ဆိုသင့်ပါသည်။

ပလေတိုး၏ အတွေးအမြင်နှင့် မရင်းနှီးမီ အခါကမူ အကျွန်ုပ်သည် လူ့ဘဝ၏ အဓိပ္ပာယ်ကို ထာဝရဘုရားသခင်ကို ရှာဖွေခြင်း၌ တည်သည်ဟု ထင်ခဲ့မိလေသည်။ ယခုမူ ဘဝ၏ စင်ကြယ်ခြင်း (ဝိသုဒ္ဓိ) သဘောကိုလည်း မြင်လာတတ်ပြီ။ ဘဝ၏ လွတ်မြောက်ခြင်း သဘောကိုလည်း တွေးတတ်လာပြီ ဖြစ်၏။ ပိုပြီး ထူးထူးခြားခြား ရှင်သန်လာသော အမြင် တစ်ရပ်မှာ သေပြီးနောက် ဖြစ်ရမည့် ဘဝ (တမလွန်) နှင့် စပ်သော အမြင် ဖြစ် လေ သည်။ ပလေတိုး၏ အတွေးအခေါ် (ဖီဒို) ထဲတွင် သေပြီးနောက် ဝိညာဉ်သည် တစ်ခုသော နေရာ (ဘုံ) ၌ တည်နေပြီး ထိုမှတစ်ဖန် ပြန်၍ သင့်သော ကာလ၌ ဤကမ္ဘာမြေပေါ်သို့ ရောက်ရှိ လာဦးမည်ဟု ဆိုလေသည်။ ဤအမြင်ကို အခြေခံ၍ ရှင်ပေါလုက 'မျိုးစေ့သည် သေပြီးခြင်း မရှိဘဲနှင့် ပြန်

--------------

* *A History of Western Philosophy, p 137-138*

www.burmeseclassic.com



လည် ရှင်သန်နိုင်သည် မဟုတ်' ဟု ဆိုခြင်း ဖြစ်တန်ရာသည်ဟု ဘာထရန် ရပ်ဆယ်က နှိုင်းယှဉ် တင်ပြထားသည်ကိုလည်း ဖတ်ရှု ရလေသည်။ ပလေတိုး၏ ***ဖိဒို*** နှင့် ***မီနို*** (Meno) ကျမ်းများတွင် ရှေးဘဝ နောက်ဘဝ သဘောများ ပါရှိ နေသည်ကိုလည်း တွေ့ရပြန်သည်။

ထိုအခါမှ စ၍ အကျွန်ုပ် ရင်ထဲတွင် မည်သူ့ကိုမျှ ထုတ်ဖော် ပြောဆိုခြင်း မပြုခဲ့သော အတွေး ပြဿနာ တစ်ရပ်၏ အဖြေကို ရရှိခဲ့လေသည်။

အတွေး ပြဿနာမှာ ဤသို့ ဖြစ် လေ သည်။ အကျွန်ုပ်ကို နှစ်ခြင်း မင်္ဂလာ ပြုပြီးနောက် မကြာမီ ကျေးလက်မှ မြန်မာ မိဘ နှစ်ပါးက မွေး ဖွား သော မျက်နှာဖြူ ကလေး တစ်ဦးကို အကျွန်ုပ် တွေ့ရလေသည်။ မြန်မာပြည်တွင် မြန်မာ စစ်စစ် မိဘနှစ်ပါးက မွေးသော ထိုကလေးသည် တစ်ကိုယ်လုံး အင်္ဂလိပ်၊ အမေရိကန်တို့ အသားဖြူသကဲ့သို့ နီစပ်စပ် ဖြူသည်။ မျက်လုံးပြာသည်။ မျက်ခုံးမွေး ဖြူသည်။ ဆံပင် ရွှေရောင်၊ ခြေမွေး လက်မွေး အားလုံး ဖြူသည်၊ နှုတ်ခမ်း နီမြန်းသည်။ သူ့ကို အသား ညိုသော မြန်မာ မိဘက မွေးဖွားသည်ဟု ပြောလျှင် ယုံနိုင်ဖွယ် မရှိချေ။ သူ့ကို မောင်ကြာဖြူဟု အမည် ပေးထား ကြလေသည်။

ထိုသူသည် ဘဝဟောင်းက နိုင်ငံခြားသား မျက်နှာဖြူ ဖြစ်ခဲ့ပြီးနောက် ယခု ဘဝ မြန်မာမိဘများ ဝမ်းမှာ ပဋိသန္ဓေ တည်နေဝင်စားပြီး မွေးဖွားလာသော လူဝင်စား ဖြစ်သည်ဟု လူအများက ယုံကြည် နေကြလေသည်။

မောင်ကြာဖြူကို ကိုယ်တိုင် တွေ့ဖူးသော အခါမှ စ၍ အကျွန်ုပ် ရင်ထဲတွင် သတ္တဝါတို့သည် ဘဝတစ်ခုမှ ဘဝ တစ်ခုသို့ ပြန်လည် မွေးဖွားခြင်းဖြင့် ကျင်လည် နေကြသလော။ ထိုအယူအဆ အတွက် ထောက်ခံနိုင်မည့် သက်သေခံ ရှိသလောဟု တွေးတောရင်း စူးစမ်းလေ့လာနေခဲ့ မိလေသည်။

ကံအားလျော်စွာ တစ်နေ့သ၌ အ ကျွန်ုပ် သည် အိန္ဒိယပြည်မှ ကမ္ဘာကျော် လူဝင်စား သန္တိဒေဝီ (Shanti Devi) အကြောင်းကို စာတစ်အုပ်တွင် ဖတ်ရလေသည်။ သန္တိဒေဝီကို ၁၉၂၆ ခုနှစ်တွင် မွေးဖွားသည်။ သုံးနှစ်သမီး အရွယ်က စပြီး ဘဝဟောင်းက လင်တွေ သားတွေ ကျန်ရစ်ခဲ့သည့် အကြောင်းကို စပြောသည်။ လင်နာမည် ကေဒါနာ့သ် ဖြစ်ကြောင်း၊ မထုရာ ပြည်နယ်တွင် နေထိုင်လျက် ရှိသေးကြောင်း၊ လုဒဂီ (ဘဝဟောင်းက သူ့နာမည်) နှင့် ကေဒါနာ့သ်တို့ နေထိုင်သည့် အိမ်ကို ပြနိုင်ကြောင်း၊ ထိုအိမ်တွင် ဘာတွေ ရှိနေသည်ကို ပြောနိုင်ကြောင်း ပြောလေသည်။ လုဒဂီသည် ဘဝဟောင်းတွင် မီးဖွားစဉ် ကွယ်လွန်ခဲ့ကြောင်းကိုလည်း ပြောသည့်ပြင် မီးဖွားစဉ် ခံစား ရပုံများကိုပါ အသက် သုံးနှစ်လောက်တွင် ပြောသည် ဆို၏။

နောက် ဤကိစ္စကို လူ သိ ရှင် ကြား ဖြစ်ပြီး ပါမောက္ခ ကိရုန်ချန္ဒ ခေါင်းဆောင်ကာ စုံစမ်း ခဲ့ကြလေသည်။ သန္တိဒေဝီ ပေးသော ဘဝဟောင်းက လိပ်စာအတိုင်း မထုရာ ပြည်နယ်ရှိ လင်ဟောင်းကို သွားရှာကြသည်။ ပြောသည့်အတိုင်း ဟုတ်သည်။ မီးဖွားရင်း လုဒဂီ သေခဲ့ရသည်မှာလည်း မှန်သည်။ နောက်ပါမောက္ခ ချန္ဒက ကေဒါနာ့သ်ကို နယူးဒေလီတွင် သူ၏ ဇနီးဟောင်း ဖြစ်ခဲ့ဖူးသူနှင့် လာတွေ့ဖို့ ဖိတ်ကြားသည်။ ဤသို့ ဖိတ်ကြားခြင်းမှာ သန္တိဒေဝီသည် ဘဝဟောင်းက လင်တော်ခဲ့သူကို မှတ်မိခြင်း ရှိမရှိ သိရန် ဖြစ်၏။ နယူးဒေလီတွင် ကေဒါနာ့သ်နှင့် သူ့သားများသည် သန္တိဒေဝီနှင့် ဆုံကြသည်တွင် သန္တိဒေဝီသည် ချက်ချင်း မှတ်မိကာ ရှေးဘဝက လုဒဂီ ပြုမူသည့်အတိုင်း လင်နှင့် သားကို ပြုမူဆက်ဆံသည်ကို ပညာရှင် အားလုံး တွေ့မြင် ကြရလေတော့၏။ သို့သော် ပညာရှင်များသည် ပိုပြီး သေချာအောင် သန္တိဒေဝီကို မထုရာသို့ ခေါ် သွား ကြ သည်။ မထုရာသို့ ရောက်သော အခါ သန္တိဒေဝီက သူတို့ကို ၎င်း၏ ဘဝဟောင်းက အိမ်ရှိရာသို့ တန်းတန်းမတ်မတ် ခေါ်ငင် သွားလေတော့သည်။ သူ နေခဲ့သော အိမ်ကိုသာ ပြသည် မဟုတ်သေး၊ သူ့ ယောက္ခမ အိမ်ကိုပါ လိုက်ပြသေးသည်။ ထို့နောက် ဘဝဟောင်းက လုဒဂီ၏ အတွင်းပစ္စည်း လက်ဝတ်ရတနာများ သိုဝှက်ထားရာ အရပ်ကိုပါ ပြသခဲ့လေသည်။ အချက်အလက် အားလုံး မှန်ကန် နေလေသည်။

ဤအကြောင်းအရာကို တိတိကျကျ ကြားသိရပြီး နောက်တွင် အကျွန်ုပ်၏ ရင်ထဲ၌ ထာဝရ ဘုရားသခင် ဖန်ဆင်းခြင်း အယူဝါဒနှင့် ပတ်သက်၍ ဒွိဟ သံသယ ဖြစ်ခဲ့မိကြောင်း ဝန်ခံရပေတော့မည်။ သို့သော် ဤကိစ္စကို မည်သူ့ကိုမျှ ထုတ်ဖော် ပြောဆိုခဲ့ခြင်း မရှိဘဲ ရေငုံလျက်သာ နေခဲ့၏။ တစ်ကြောင်းမှာ မိမိ ကိုယ်တိုင် ဖန်ဆင်းခြင်း သဘော အကျယ်ကို နားမလည် သေး၍လည်း ဖြစ်၏။ ရှင်ခြင်း၊ သေခြင်း၊ ဘဝ ဖြစ်ပေါ်ခြင်း ကိစ္စ အားလုံးကို သိနားလည်ရန် အတွက် ဉာဏ်နသေး

www.burmeseclassic.com



သည်ဟု မိမိကိုယ်ကို ထင်သေး၍လည်း ဖြစ်ပါသည်။

ယခု ပလေတိုး၏ ***ဖီဒို*** ကျမ်းနှင့် ***မီနို*** ကျမ်းများတွင် မသေသော အမတဝိညာဉ် သဘောကို တွေ့ရသည်။ ထိုဝိညာဉ်ကို ထာဝရဘုရား ဖန်ဆင်းခဲ့သည် ဟုလည်း ပလေတိုးက ဆိုသည်။ ထိုဝိညာဉ်သည် တစ်ခုသောဘဝ တွင် ရုပ်ခန္ဓာမှ ကင်းလွတ်ပြီးနောက် ဝိညာဉ်လောက တွင် အခိုက်အတန့် တည်နေပြီး လူ့ပြည် မြေကမ္ဘာပေါ် သို့ ပြန်လည် မွေးဖွား ရောက်ရှိ နိုင်ကြောင်းကိုလည်း ဆိုပြန်သည်။ သူ့အဆိုတွင် လူသားတို့သည် အတိတ်က အကြောင်းအရာ အတွေ့အကြုံများကို ပြန်လည် အောက် မေ့တတ်သော သဘော ရှိနေခြင်းမှာ ရှေး ဘဝများက အတွေ့အကြုံများကို ဝိညာဉ်က သိမ်းဆည်း လာခဲ့သော ကြောင့် ဖြစ်ကြောင်းလည်း ဆိုထားပြန်သည်။

လူသားသည် သေပြီးနောက် ဘယ်ပုံ ဘယ်နည်း ကျင်လည်ရသော ဘဝခရီး ရှိသေးသည်ကို တိတိကျကျ မသိရသေး သော်လည်း သေခြင်းသည် ဘဝ၏ အဆုံး မဟုတ်သေးကြောင်းကိုကား အကျွန်ုပ် သတိ ထားမိပြီ ဖြစ်၏။ ဆော့ခရတ္တိ၊ ပလေတိုး စသူတို့သည် ခရစ် ယာန်၊ အစ္စလာမ် စသော ဘာသာကြီးများ မပေါ်မီကပင် အနောက်တိုင်း ကမ္ဘာတွင် လူသား၏ ရှင်ရေး သေရေး အတွေးအမြင်များကို စတင်၍ လမ်းခင်း ပေးခဲ့ကြပြီး ဖြစ်လေသည်။

မှန်ကန် တိကျသော အဖြေကို မရသေးစေကာမူ လည်း ဘဝပြဿနာကိုကား ထို ပညာရှင်ကြီးများသည် တွေ့မြင် သုံးသပ်ခဲ့မိကြပြီ ဖြစ်၏။

ထို့ထက် ပို၍ ထူးခြားစွာ ပလေတိုးသည် ဖီလို ဆိုဖီ၏ အကျိုးပေးမှုကို ဘာသာရေး သဖွယ် ရှုမြင် သုံးသပ်ခဲ့သည်ကိုလည်း တွေ့ရပါသည်။

သူက 'ဖီလိုဆိုဖီကို မလေ့လာသူ၊ ရုပ်နှင့် နာမ် ခွဲခွာချိန် (သေဆုံးချိန်) တွင် အလုံးစုံ သန့်ရှင်း စင် ကြယ်အောင် အားထုတ်ပြီးသူ မဟုတ်သောသူ အပေါင်း တို့သည် ထာဝရ ဘုရားသခင်၏ ကောင်းကင်ဘုံသို့ ဝင်ခွင့် ရကြလိမ့်မည် မဟုတ်၊ အသိပညာ (ဝိဇ္ဇာ) ကို မြတ်နိုးသော သူတို့သည်သာလျှင် ထို အခွင့်အရေးကို ရကြလိမ့်မည်' ဟု ရေးသားခဲ့လေသည်။

ဤအကြောင်းအရာများကို ပလေတိုး ရေးသား စဉ် သူ့စိတ်ထဲတွင် သူ့ဆရာ ဆော့ခရတ္တိ ပညာရှိကို ရှုမြင်ထားကြောင်း ထင်ရှားသည်။ ဤလောကဌ် ဆော့ ခရတ္တိကား ဉာဏ်ပညာ အရှိဆုံး လူသား၊ အလိမ္မာဆုံး လူသား၊ တရား့ အမျှတဆုံး လူသား၊ အ မြတ် ဆုံး အကောင်းဆုံး လူသားဟု ပလေတိုး ခံယူထား၍ ဖြစ် လေသည်။

ဆော့ခရတ္တိ ပြောဆိုသွားသော နောက်ဆုံး စကား တွင်လည်း 'အကျင့်သီလ မရှိသော လူ့ဘဝသည် အသက် ရှင်နေခြင်းငှာ မသင့်သော ဘဝမျိုးသာ ဖြစ်၏၊ ငါကား သင်တို့လို မတရားမှုကို ပြုကျင့်ပြီး သက်ဆိုးရှည်ရှည် နေခြင်းထက် ငါလို သူတော်ကောင်း အကျင့်ကို ကျင့်ပြီး သေရခြင်းကိုသာ ပို၍ အလိုရှိသည်၊ အို သင်မိတ်ဆွေ အပေါင်းတို့ (တရားသူကြီးများကို ခေါ်ခြင်း ဖြစ်၏။) သေခြင်းကို ရှောင်ရှားရန်ကား ခက်လှသည် မဟုတ်ပါ၊ မတရားပြုမှု မဖြောင့်မတ်မှု ဆိုသော အကုသိုလ် ဒုစရိုက် မျိုးကိုသာ ရှောင်ရှားရ ခက်လှပါသည်၊ ကောင်းမြတ် သော ပုဂ္ဂိုလ်အဖို့ ယခုအသက် ရှင်စဉ် ဘဝမှာ ဖြစ်စေ၊ သေပြီးနောက် တမလွန် ဘဝမှာ ဖြစ်စေ မကောင်းမှု ဒုစရိုက် ဟူသည် အလျှင်း မရှိတော့ပါ' **(Apology)** *

ဤကား ဘီစီ ၃၉၉ ခုနှစ်လောက် ကတည်းက ဆော့ခရတ္တိ ပညာရှိ ချမှတ်ပေးသွားသော ဖီလိုဆိုဖာတို့ လိုက်နာအပ်သည့် ကိုယ်ကျင့်တရား ဆိုင်ရာ မူများ ဖြစ် လေသည်။ ဖီလိုဆိုဖာသည် မစင်ကြယ်သော ဒုစရိုက် မှုကို ပြုလျက် အသက်ရှင် နေခြင်းထက် စင်ကြယ်သော သုစရိုက်အမှုကို ပြုလျက် သေရခြင်းကို ပိုမို နှစ်သက် အပ်ကြောင်း ပြလိုက်ခြင်း ဖြစ်လေသည်။

ဘဝ လွတ်မြောက်ခြင်းသည် ကိုယ်ကျင့် တရား အပေါ်မှာသာ တည်သည်။

ဆော့ခရတ္တိနှင့် ပလေတိုးတို့သည် ထို အမြင်ကို ပထမဦးစွာ အကျွန်ုပ်၏ ခေါင်းထဲသို့ သွတ်သွင်း ပေး နိုင်ခဲ့ကြလေသည်။ ပလေတိုးသည် ရှေးက ဂရိ ဒဿန ဆရာကြီးများနှင့် ခြားနားသည်မှာ သူသည် သိပ္ပံရေးရာ ထက် လူ့ဘဝ ချမ်းမြေ့ သာယာရေးအတွက် ကိုယ်ကျင့် တရားကို ပို၍ အရေးထားလာခြင်းပင် ဖြစ်လေသည်။

သိပ္ပံပညာက လူ့ဘဝ တိုးပွား စည်ကားမှုကို အထောက်အပံ့ ပြုသည်။ ကိုယ်ကျင့်တရားက လူ့ဘဝ သာယာ ချမ်းမြေ့မှုကို အထောက်အပံ့ ပြုသည်။

လူ့ဘဝ တိုးတက် ကြီးပွားရေးနှင့် လူ့ဘဝ ချမ်း မြေ့ သာယာရေး ကိစ္စ နှစ်ရပ်လုံးသည် ဘဝ အဓိပ္ပာယ် ဖွင့်ဆိုချက်၏ အဓိပ္ပာယ်များပင်တည်း။ ဖီလိုဆိုဖီသည်

--------------

* *The Philosophy of Humanism, Corliss Lamount, p 6*

www.burmeseclassic.com



ထိုအခိပ္ပာယ် နှစ်ရပ်၏ ကြားတွင် ပေါင်းကူးပေးလျက် ရှိသည် ဆိုသော အချက်ကိုလည်း အကျွန်ုပ်သည် ပို၍ သဘောပေါက်လာပြီ ဖြစ်လေသည်။

ပလေတိုးကား ဆော့ခရတ္တိ ပညာရှိ၏ တပည့် အပေါင်းတို့တွင် အကြီးကျယ်ဆုံး ပုဂ္ဂိုလ် ဖြစ်၏။ သူ့ ဆရာ ဆော့ခရတ္တိ ပညာရှိ အကြောင်း ကမ္ဘာကြေသည့် တိုင် ဥဒါန်း မကျေအောင် ကမ္ဘာသိ မှတ်တမ်း တင်ခဲ့သူ လည်း သူပင် ဖြစ်လေသည်။

အကျွန်ုပ် သိလိုသော အတွေးအခေါ် ပြဿနာ များစွာကို လက်ခံနိုင်သည် ဖြစ်စေ၊ လက်မခံနိုင်သည် ဖြစ်စေ တစ်ပါးသူ အားလုံးထက် ပညာသားပါပါ အဖြေ ပေးနိုင်သူမှာ ပလေတိုးပင် ဖြစ်ကြောင်းကို အကျွန်ုပ် ဝန်ခံရပေမည်။

ယေဝတီနှင့် ခရစ်ယာန် သမ္မာကျမ်းစာများတွင် 'ဖန်ဆင်းခြင်း' အကြောင်းကို ဖော်ပြထားသော်လည်း အကျဉ်းမျှသာ ဖြစ်၏။ ထာဝရ ဘုရား သခင်သည် ဘာမျှ မရှိသည့် အဖြစ် (သုညတ) မှစ၍ အရှိဖြစ်သော သက်ရှိ သက်မဲ့ စကြဝဠာ လောကကို ဖြစ်ပေါ်အောင် ဖန်ဆင်းသကဲ့သို့ ထင်မှတ်ရလေသည်။ (ကမ္ဘာ ပညာရှင် အပေါင်းကလည်း ယေဟောဝါ ဘုရားသည် မရှိခြင်းမှ ရှိခြင်းကို ဖန်ဆင်းသည်ဟုပင် သဘော ပေါက်ကြလေ သည်။)

ပလေတိုး၏ ဒဿန ကျမ်းများတွင် ထို 'ဖန်ဆင်း ခြင်း' အကြောင်းကိုပင် အကျယ်တဝင့် ရှင်းပြထားလေ သည်။

ဤအာရုံဖြင့် ထိတွေ့ သိ မြင် နိုင် သော ကမ္ဘာ လောကသည် ထာဝရ လောက မဖြစ်နိုင်။ ၎င်းသည် ထာဝရ ဘုရားသခင်က ဖန်ဆင်းအပ်သော အရာသာလျှင် ဖြစ်နိုင်သည်။ ထာဝရ ဘုရားသခင် ဟူသည် ကောင်း မြတ်သော တရားမျိုးသာ ဖြစ်ရကား သူ ဖန်ဆင်းအပ် သော အရာ အားလုံးကိုလည်း အကောင်းဆုံး ဖြစ်စေ လိုသော စေတနာ အရင်းခံဖြင့်သာ ဖန်ဆင်းခြင်း ဖြစ် နိုင်သည်။ ယုတ်ညံ့သော အရာတို့ကိုကား ဖန်ဆင်းမည် မဟုတ်ချေ။ အစက ဤလောကဌ် အစီအစဉ်မဲ့၊ စည်း စနစ်မဲ့ ဖြစ်ပျက်နေသော တရားများကို ထာဝရ ဘုရား သခင်သည် အစီအစဉ် ကျနစွာဖြင့် စနစ်တကျ ဖြစ် အောင် ဖွဲ့စည်းခြင်းကို ပြုခဲ့လေသည်။ သူသည် ဝိညာဉ် များတွင် အသိဉာဏ်ကို ထည့်ပေးခြင်းဖြင့် လည်းကောင်း၊ ထိုသိတတ်သော သဘောကို ခန္ဓာကိုယ်များတွင် ထည့် သွင်းပေးခြင်းဖြင့် လည်းကောင်း ဖန်ဆင်းခြင်းကို ပြု လုပ်ခဲ့လေသည်။ လောကကြီး တစ်ခုလုံးကို အသိဉာဏ် ပါသော သတ္တဝါကြီး တစ်ကောင်နှင့် တူစွာ ထာဝရ ဘုရားသခင်က ဖန်ဆင်းခဲ့လေသည်။

ကမ္ဘာ လောကသည်လည်း အများ မရှိ၊ တစ်ခု တည်းသာ ရှိသည်။ စကြဝဠာသည် စက်ဝန်း သဏ္ဌာန် လည်ပတ် လှုပ်ရှားနေသော စက်ကြီး တစ်ခု ဖြစ်၏။

ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီး လေးပါးတို့သည် အသီးသီး အရေအတွက်အားဖြင့် ဖြစ်နေကြကုန်သည်။ ၎င်းတို့ အချင်းချင်းသည် အချိုးကျ ပေါင်းစည်း နေကြ သည်။ မီးက လေနှင့် အချိုးကျ ပေါင်းသည်။ လေက ရေနှင့် အချိုးကျ ပေါင်းသည်။ ရေက မြေနှင့် အချိုးကျ ပေါင်းသည်။ ဤကမ္ဘာ လောကကို ဖန်ဆင်းရာတွင် ထာဝရ ဘုရားသခင်သည် ထိုဓာတ်ကြီး လေးပါးကို အသုံးပြု၍ ဖန်ဆင်းခြင်း ဖြစ်လေသည်။

ဤတွင် ပလေတိုးသည် ပိုက်သဂိုရပ် (Pythagorus) ၏ ဖန်ဆင်းခြင်း သဘောတရား၊ အချိန်ကာလ ဖြစ်ပေါ် လာခြင်း သဘောတရားကို လိုက်ခဲ့ခြင်း ဖြစ်သည် ဟု ဘာထရန်ရပ်ဆယ်က ဆိုသည်။

ပိုက်သဂိုရပ် စဉ်းစားပုံမှာ ဤသို့ ဖြစ်လေသည်။

ဦးစွာ ပထမဦ ဖန်ဆင်းသော အရှင် အဖ ဘုရား သခင်သည် ထာဝရ နတ်များနှင့် တူသော၊ ရှင်သန် လှုပ် ရှားနေသော ပုံရိပ် သတ္တဝါများကို ဖန်ဆင်းပြီးသော အခါ လွန်စွာ နှစ်သက် ဝမ်းမြောက်သည် ဖြစ်ရကား ထိုဘုရားသခင်သည် မူလ သဘာဝ နှင့် ပို၍ တူသော မိတ္တူများကို ဖန်ဆင်း ထုတ်လုပ်ရန် ဆုံးဖြတ်တော် မူပြန်လေသည်။ ဤစကြဝဠာကို ထာဝရ သဘောဖြင့် တည်နေစေခြင်းငှာ ဖန်ဆင်းတော် မူ၏။ သို့ရာတွင် ထာဝရ တည် နေ သော အရာတို့နှင့် တူစွာ သက်ရှိ သတ္တဝါများကို ဖန်ဆင်း၍ကား မဖြစ်နိုင်။ ထို့ကြောင့် ထိုမူလသဘာဝ ထာဝရ ရုပ်လွှာကိုပင် ရွေ့ပြောင်းနေ သော အရေအတွက် ရှိသော ဝတ္ထုများဖြင့် ဖော်ဆောင် ရန် ဆုံးဖြတ်တော် မူလေသည်။ ထိုသို့ ရွေ့ပြောင်းခြင်း အရေအတွက် သဘောကိုပင် ကာလ (အချိန်) ဟု ခေါ် ကြခြင်း ဖြစ်လေသည်။

အချိန်ကို မဖန်ဆင်းမီက နေ့လည်း မရှိ။ ညလည်း မရှိသေး။ အတိတ်လည်း မရှိသေး။ အနာဂတ်လည်း မရှိသေးချေ။ ပစ္စုပ္ပန် တစ်ခုတည်းသာ ရှိသေးသည်။

မိုးကောင်းကင်နှင့် ကာလသည် တစ်ပြိုင်နက်တည်း

www.burmeseclassic.com



ဖြစ်ပေါ်သည်။ ထာဝရ ဘုရားသခင်က နေကို ဖန်ဆင်းသော အခါမှ စ၍ သတ္တဝါတို့သည် ဂဏန်းသင်္ချာ၏ အရေအတွက် သဘောကို သိလာကြသည်။ နေ့နှင့် ညဉ့် ရှေ့နောက် အစဉ် အတိုင်း ဖြစ်ပေါ်ခြင်း မရှိခဲ့လျှင် လူသည်လည်း ဂဏန်း အရေအတွက်၏ သဘောကို သိနိုင်ဦးမည် မဟုတ်ချေ။ နေ့၊ ညကို မြင်တွေ့ပြီး နှစ်၊ လကို ရေတွက်သည်မှ စ၍သာ အရေအတွက်နှင့် ဆိုင်သော ပညာ ရရှိလာပြီး အချိန် (ကာလ) ၏ သဘောကိုလည်း နားလည်လာကြခြင်း ဖြစ်ကြောင်း ပိုက်သဂိုရပ်က ဖော်ပြခဲ့လေသည်။

ပလေတိုးက သတ္တဝါကို လေးမျိုး ပြသည်။ ၎င်းတို့မှာ နတ်များ၊ ရေနေ သတ္တဝါများ၊ လေနေ သတ္တဝါများ၊ ကုန်းနေ သတ္တဝါများ ဖြစ်ကြလေသည်။ နတ်များကိုမူ သူက မီးသဘော ရှိသည်ဟု ယူဆလေသည်။ ကြယ်တာရာများသည် နတ်များ ဖြစ်၍ ၎င်းတို့သည် ထာဝရ တည်နေသော သတ္တဝါများ ဖြစ်သည်ဟုလည်း သူ ယူဆလေသည်။

ဖန်ဆင်းရှင် ဖဘုရားသခင်သည် ကြယ် တိုင်းအတွက် နတ်တစ်ပါးစီကို ဖန်ဆင်းတော် မူလေသည်။ ထိုနတ်များမှာ အချစ်၊ အမုန်း၊ ဒေါသနှင့် တဏှာရာဂ ကင်းကြသည်ဟုလည်း သူ ယူဆလေသည်။ လူသားတို့လည်း လူ့ဘဝတွင် မြတ်သော အကျင့်ကို ကျင့်သုံး နေထိုင်ခဲ့လျှင် ထိုနတ်တို့နေရာ နတ်ဘုံ နတ်နန်းသို့ ရောက်ပြီး ပျော်ရွှင်စွာ နေနိုင်သည်ဟု ပလေတိုး ယုံကြည်လေသည်။ သို့မဟုတ်ဘဲ အကြင်သူသည် မကောင်းမှုများကိုသာ ပြုမူလျက် အသက်ရှင် နေထိုင်ပါမူကား ထိုသူသည် သေပြီး နောက်ဘဝ၌ ယုတ်ညံ့သော မိန်းမဘဝကိုသာ ရလိမ့်မည်။ ထို့ထက် ပို၍ ယုတ်မာသော အကျင့်ကို ကျင့်သုံး နေထိုင်လျှင် ထိုသူသည် သေပြီး နောက် အသိ အလိမ္မာဉာဏ် ကင်းမဲ့သော တိရစ္ဆာန် အဖြစ်သို့ ရောက်လိမ့်မည်သာ ဖြစ်၏။ ကုသိုလ်ကံ အကုသိုလ်ကံ အလျောက် သတ္တဝါတို့၏ လားရာကို ထာဝရ ဘုရားသခင်က သတ်မှတ် ပြဋ္ဌာန်းပေးသည်။ မြေပေါ်မှာ ထားသော ဝိညာဉ်၊ လပေါ်မှာ ထားသော ဝိညာဉ်၊ ဂြိုဟ် နက္ခတ် တာရာများပေါ်မှာ ထားသော ဝိညာဉ် စသည်အားဖြင့် ဘုရားသခင်က ခွဲခြား သတ်မှတ်တော်မူသည်။

ဉာဏ်နှင့် ယှဉ်သော ပစ္စယ အကြောင်း နှစ်မျိုး ရှိသည်။ ပထမ အမျိုးမှာ စိတ်ရှိသော အကြောင်း ပစ္စည်းမျိုး ဖြစ်သည်။ လှပသော ပစ္စည်းများကို အသိဉာဏ် ရှိသော လူများက ဖန်ဆင်း ပြုပြင်ကြသည်ကို ရှုဆင်ခြင်ရသည်။ ထိုအကြောင်းကား အလိုရှိသလို ပြီးစေနိုင်သော အကြောင်းတရားမျိုး ဖြစ်သည်။ ဒုတိယ အမျိုးက အခါအခွင့် ကြုံသလို ဖြစ်တတ်သော၊ အစီအစဉ်မဲ့ ဖြစ်တတ်သော သဘောပင် ဖြစ်သည်။

မဟာဘုတ် ဓာတ်ကြီး လေးပါးကိုလည်း ပထမ ဖြစ်သော မူလဓာတ်များ ဒြပ်များ အဖြစ် မယူဆအပ်။ ၎င်းတို့သည် ဒြပ်မဲ့သဘော သက်သက်မျှသာ ဖြစ်ကြကုန်သည်။ ထိုဓာတ်ကြီး တစ်ခုစီတွင် အသီးသီး ပါဝင်ကြကုန်သော အဏုမြူ (အက်တမ်) တို့သည်သာ အစိုင်အခဲ သဘော ရှိကြကုန်သည်။

ဤကား သဘာဝ လောက ဖြစ်ပေါ်ပုံကို ရှင်းပြလိုသော ပလေတိုး၏ ဆန္ဒ ဖြစ်ပေလိမ့်မည်။ သူ့အတွေး အခေါ်တွင် ပိုက်သဂိုရပ်၏ ဩဇာ လွှမ်းမိုးမှုများ အထင်အရှား ပါနေလေသည်။

ပလေတိုး၏ အတွေးအခေါ်များကို လေ့လာ နေရသော ကာလသည် ထူးဆန်းသော အိပ်မက်ကြီး တစ်ခုကို မြင်မက် နေရသည်နှင့်လည်း တူလေသည်။ ထာဝရ ဘုရားသခင်ကိုလည်း တွေ့ရသည်။ ထူးဆန်းသော ဖန်ဆင်းခြင်း အကြောင်းကိုလည်း တွေ့ရသည်။ နတ်များကိုလည်း တွေ့ရသည်။ တမလွန်ဘဝ ကူးပုံများ အကြောင်းကိုလည်း တွေ့ရသည်။ ထိတ်လန့်ဖွယ် ကြောက်မက်ဖွယ် တစ်စုံတစ်ရာကိုမျှ မတွေ့ရ။ ပျော်ရွှင်ဖွယ်လည်း ကောင်းသည်။ အမြဲတစေ ကောင်းသော အမှုကို ပြုဖို့၊ မြတ်သော ဘဝသို့ ရောက်အောင် ကြိုးစားကြဖို့ နှိုးဆော် တိုက်တွန်းချက်များလည်း ပါသည်။ အမိန့်သံနှင့် တူသော အရာ တစ်စုံတစ်ရာမျှကိုလည်း မတွေ့ရ။ ထာဝရ ဘုရားသခင် အကြောင်းကို သူ တတ်နိုင်သမျှ အဓိပ္ပာယ် ပေါ်အောင် ပြောပြသည်။ ဖြစ်နိုင်ဖွယ် ယုတ္တိ တရားများဖြင့် လောကကြီး ဖြစ်ပေါ်လာပုံ ဖန်ဆင်းပုံကို ပြောပြသည်။ သို့သော် ထာဝရ ဘုရားသခင်က ငါ့ကို ကိုးကွယ်ကြကုန်၊ ငါ၏ အမိန့်ကို လိုက်နာကြကုန်၊ မလိုက်နာသောသူအား ဘယ်ပုံ အပြစ်ဒဏ် ခတ်မည် ဆိုသည့် 'အာဏာ' သဘောမျိုးကား ပလေတိုး၏ အတွေးအခေါ်ထဲမှာ မပါချေ။

မပါသည့် အကြောင်းလည်း ရှိသည်။ သူသည် စိတ်ကူးယဉ် သမ္မတနိုင်ငံကြီး တစ်ခုကို တည်ထောင်ဖို့ရန် အတွက် သူ၏ **The Republic** ကျမ်းကို ရေးခဲ့သူ

www.burmeseclassic.com



ဖြစ်လေသည်။ ထိုနိုင်ငံကို အုပ် ချုပ် မည့် သူများမှာ အများ၏ ကြည်ညို လေးစားခြင်းကို ရထိုက်သော၊ သူတော်ကောင်း တရားတို့၌ ကောင်းစွာ ယဉ်ကျေး လိမ္မာပြီးသော၊ သူယုတ်မာ တရားတို့မှ အလျှင်း ကင်းစင်သော ဖီလိုဆိုဖာမင်းများသာ ဖြစ်ရမည်ဟု စိတ်ကူးခဲ့သူလည်း ဖြစ်လေသည်။

အကျွန်ုပ်သည် ပလေတိုး၏ အတွေးအမြင်များကို အကျွမ်းတဝင် ရှိလာသော အခါမှ စ၍ သူ့ နှလုံးသားကို နားလည်မိသည်။ သေခြင်းတရားကို မျက်မှောက် ပြုနေရသည့် အချိန်ပိုင်းကလေးမှာပင် သူတော်ကောင်း သူမြတ်လောင်းတို့၏ ကြီးမားသော သီလဂုဏ် သမာဓိဂုဏ်ကို သူ့ဆရာ ဆော့ခရတ္တိ အကြောင်းကို ရေးသားရာ၌ အထင်းသား မြင်စေခဲ့လေသည်။ ထိုစာကို ဖတ်ရသော အခါ အကျွန်ုပ်သည် 'သူတည်း တစ်ယောက် ကောင်းဖို့ ရောက်မူ' အစချီသော မျက်ဖြေလင်္ကာကို ရေးသားသွားသူ အနန္တသူရိယ အမတ်ကြီးကိုလည်း သတိရမိသည်။ မိမိအား သတ်ဖြတ်သူကို အပြစ်မယူ ခွင့်လွှတ်ခြင်းဖြင့် ကြည်ဖြူသော ထိုထို သူတော်ကောင်းတို့၏ အဒေါသ (မေတ္တာ) နှလုံးသားကိုလည်း အားကျလှပါသည်။ တရားရှိပြီးသော နှလုံးသားတို့၏ သဘောသည် ထိုသို့ပါတကား ဟုလည်း အကျွန်ုပ် အောက်မေ့တတ်ပြီ ဖြစ်၏။

ကားစင်ပေါ်တွင် တင်၍ ရက်စက်စွာ သတ်ဖြတ်ခြင်း ခံရသော ယေရှုသခင်၏ ကြင်နာ သနားဖွယ် အဖြစ်ကိုလည်း စိတ်အာရုံတွင် ထင်မြင် နေမိပါသည်။

ဓမ္မသစ် ကျမ်းစာ ရှင်လုကာ ခရစ်ဝင်ကျမ်းတွင် ခရစ်တော်အား ကားစင်ပေါ်၌ သတ်ဖြတ်ကြပုံကို ရေးသား ထားလေသည်။

(ရှင်လုကာ ၂၃ : ၂၆) သူတို့သည် ဆီမွန် ဆိုသူအား ဖမ်းဆီးကြပြီးနောက် လက်ဝါးကပ်တိုင်ကို ထမ်းစေလျက် ယေရှု၏ နောက်မှ လိုက်စေ၏။

(၂၃ : ၂၇) သူ၏နောက်မှ ကြီးမားသော လူအုပ်ကြီးသည် ဝိုင်းအုံ၍ လိုက်လာကြ၏။ လူအုပ်ထဲတွင် မိန်းမများလည်း ပါကြလေရာ ၎င်း တို့ သည် ငိုကြွေးလာကြကုန်၏။ ထိုအခါ ယေရှုက ထိုမိန်းမတို့အား မငိုကြရန် ဖျောင်းဖျ ပြောဆိုခဲ့၏။ သူသတ်သမားများလည်း ယေရှုအား ကားစင်ပေါ်တွင် တင်၍ သတ်ကြလေသည်။ ထိုအခါ ခရစ်တော်က 'အဖဘုရား၊ ထိုသူတို့သည် ၎င်းတို့ ပြုသော အမှုကိုပင် သိသည် မဟုတ်ဘဲ ပြုမူနေကြသူများသာ ဖြစ်၍ ခွင့်လွှတ်တော်မူပါ' (၂၃ : ၃၂) ဟု ဆိုလေ၏။

နှလုံး သန့်စင်ပြီးသူတို့သည် လောက၌ မျက်မှောက် ပက်ပင်း ကြုံရသော ဆင်းရဲဒုက္ခ အပေါင်းကို လျစ်လျူရှုနိုင်ကြသည်တကား။ ဆင်းရဲဒုက္ခ အပေါင်းသည် ထိုသူတော်စင်တို့၏ နှလုံးသားကို ပူဆာ လောင်ကျွမ်းအောင် မပြုနိုင်ပါတကား။

ငြိမ်းအေးခြင်း သုခကို ဖြစ်စေသော အမြိုက်တရားဟူသည် အဘယ်နည်း။

လူ့ဘဝ ခရီးသည် ခရောင်းလမ်း ဖြစ်မူလည်း ထိုခရောင်းလမ်းပေါ်ဝယ် အေးချမ်း ငြိမ်သက်သော နှလုံးသားဖြင့် လျှောက်လှမ်း သွားနိုင်မည့် နည်းလမ်းကို အကျွန်ုပ် ရှာရမည်လား။

သို့မဟုတ်ဘဲ အကျွန်ုပ်သည် ဖန်ဆင်းရှင် ဘုရားသခင်ကို ရှာနေရမည်လား။

လူ့ဘဝတွင် အမြိုက်တရားဖြင့် ထုံမွမ်းသော နှလုံးသားပိုင်ရှင် ဖြစ်ရေးသည် အရေးကြီးသလား။

ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ကို ဝတ်ပြုပူဇော်နေခြင်းသည် အရေး ကြီးသလား။

ဘဝသစ္စာသည် အဘယ်နည်း။

အဘယ် အကြောင်းကြောင့် လူ ဖြစ်လာရသနည်း။

လူ ဖြစ်သော ဘဝဝယ် အဘယ် အကျိုးကို မျှော်လင့်သင့်သနည်း။

ဘဝ၏ တန်ဖိုးသည် အဘယ်နည်း။

ဆင်းရဲ မွဲတေသူသည် ဆင်းရဲမှ လွတ် အောင် အားမထုတ်ဘဲ ထိုဆင်းရဲခြင်းကိုပင် ပွေ့ပိုက် နှစ်ခြိုက်လျက် ဘဝကို အဆုံးခံ သင့်သလား။

ကျေးကျွန်သည် ကျွန်ဘဝမှ လွတ်မြောက်ရေးကို အားမထုတ်ဘဲ ထို ကျွန်အဖြစ်ဖြင့် နေရခြင်းကိုပင် နှစ်ခြိုက် ကျေနပ် နေသင့်သလား။

လူ ဖြစ်သော ဘဝဝယ် အမြင့်ဆုံး အမြတ်ဆုံး အဖြစ် အနေသည် အဘယ်နည်း။

အောက်အကျဆုံး အယုတ်ဆုံး အနိမ့်ဆုံး အဖြစ်ဖြင့် နေခြင်းကိုပင် အရိုးဆုံး အမြတ်ဆုံးဟု ဆိုမည်လား။

အထက်တန်း အကျဆုံး အမြတ်ဆုံး အမြင့်ဆုံး အဖြစ်သို့ ရောက်အောင် အားထုတ်ခြင်းကိုပင် ဘဝ၏ တန်ဖိုးကို ရှာဖွေခြင်းဟု ဆိုထိုက်သလား။

အကျွန်ုပ်သည် ပိုမို နက်ရှိုင်းသော ဒဿန မေးခွန်းများကိုပင် မေးတတ်လာပြီ ဖြစ်၏။

သို့သော် ထိုမေးခွန်းများမှာ ပုစ္ဆာသာ ရှိပြီး အဖြေ

www.burmeseclassic.com



မရှိသော မေးခွန်းများ ဖြစ်နေကြလေသည်။

ရှေ့ဆက်ရမည့် ခရီးတွင် အကျွန်ုပ်သည် တစ်စုံတစ်ခုကို စွန့်လွှတ်မှ ဖြစ်ပေတော့မည်။

ဤကား သဘာဝ၏ နိယာမ တစ်ခု ဖြစ်၏။

အတက်လမ်းကို သွားလိုသူသည် အဆင်းလမ်းကို စွန့်ပစ်ရမည်မှာ ဓမ္မတာ ဖြစ်၏။ ကြီးပွား ချမ်းသာခြင်းကို အလိုရှိသူသည် ချွေတာ ခြိုးခြံသော လမ်းကို ရွေးရမည် ဖြစ်သောအခါ အသုံးအဖြုန်းကို စွန့်ရမည် ဖြစ်၏။

အကြင် မိန်းကလေးသည် လင်ယောကျ်ားကို အားကိုးရန် အလိုရှိသောအခါ မိဘအိမ်ကို စွန့်ရမည် ဖြစ်၏။ သားသမီးကို အလိုရှိသော အခါ ထိုမိန်းမသည် မိမိ၏ အပျိုဘဝကို စွန့်ရမည် ဖြစ်၏။

လောကဝယ် ဆန့်ကျင်ဘက် တရားတို့၏ ယှဉ်တွဲ ပြောင်းလဲသော သဘောသာ ရှိသည်ကိုလည်း အကျွန်ုပ် မြင်တတ်နေပြီ ဖြစ်၏။

အပူကို အလိုရှိလျှင် အအေးကို စွန့်ရလိမ့်မည်။
အအေးကို လိုလျှင်လည်း အပူကို စွန့်ရလိမ့်မည်။
အချစ်ကို လိုသော် အမုန်းကို စွန့်ရလိမ့်မည်။
အပိန်ကို လိုသော် အဝကို စွန့်ရမည်။
အရှည်ကို လိုသော် အတိုကို စွန့်ရမည်။
အနီးကို လိုသော် အဝေးကို စွန့်ရမည်။
အတက်ကို လိုသော် အဆင်းကို စွန့်ရမည်။
အကောင်းကို လိုသော် အဆိုးကို စွန့်ရမည်။
အမြတ်ကို လိုသော် အယုတ်ကို စွန့်ရမည်။
ကုသိုလ်ကို လိုသော် အကုသိုလ်ကို စွန့်ရမည်။

မြဲခြင်း မရှိသော လောက၌ ဖြစ်စဉ် အားလုံးသည် လည်းကောင်း၊ မိမိကိုယ်တိုင်သည် လည်းကောင်း အစဉ် စွန့်လွှတ်ခြင်းဖြင့် ပြောင်းလဲ နေရသည်သာ ဖြစ်၏။ ငယ်သော ကလေး ဘဝကို စွန့်ခဲ့ရပြီ။ ဆောင့်ရှောက် မွေးကျွေးခဲ့သော အဖေကို စွန့်ခဲ့ရပြီ။ ကြီးပြင်းခဲ့ရသော ဇာတိ မြို့ရွာကို စွန့်ခဲ့ရပြီ။ ငယ်က ဆရာသမားများကိုလည်း စွန့်ခဲ့ရပြီ။ ရှေးက အယူအဆတွေကို လည်းကောင်း၊ ခံစားချက်များကို လည်းကောင်း စွန့်ခဲ့ရပြီးပြီပဲ။

ရင်ဆိုင် ရဦးမည့် အနာဂတ်၏ အချိန် ကာလများ၌လည်း စွန့်လွှတ်ခြင်း များစွာကို အကျွန်ုပ် ပြုလုပ်နေရဦးမည် ဖြစ်၏။ ယခုမူ အကျွန်ုပ်သည် လမ်းဆုံ လမ်းခွ တစ်ခုပေါ်သို့ ရောက်နေသော သူနှင့် တူနေလေပြီ။

တစ်ခုသော လမ်းက ဘဝ၏ အဆန်ခရီး အတက်ခရီးကို ညွှန်ပြနေသော အသိပညာလမ်း ဒဿနလမ်း ဖြစ်လေသည်။ ကျန်တစ်ခုသော လမ်းကား သက်သာ လွယ်ကူသော ဖြစ်ချင်ရာဖြစ် ဇွတ်နှစ်၍ ယုံကြည် ကိုးကွယ်မှု အားကိုးကို ရှာသော ဘဝလမ်း ဖြစ်၏။

အကျွန်ုပ်ကို ပလေတိုး ခင်းပေးသွားသော ဒဿန အသိပညာလမ်းက ခေါ်နေပြီ ဖြစ်၏။

ဘဝ သစ္စာ နှင့် ဘဝ တန်ဖိုးကို ရှာလိုသူသည် ပလေတိုး လမ်းပြခဲ့သည့် အတိုင်း ဖီလိုဆိုဖီ လမ်းကိုသာ လျှောက်သင့်သည် ဆိုသော အချက်ကို အကျွန်ုပ်သည် သဘောပေါက်လျက် နေလေပြီ။

နေ့ရက် အချိန်ကာလတို့သည် ဘယ်ပုံဘယ်နည်း ကုန်သွားမှန်းလည်း မသိတော့။ အကျွန်ုပ်လည်း မ ထံသို့ စာရေးဖို့ပင် သတိမရနိုင်တော့။ မ ထံမှ အကျွန်ုပ်သူ့ထံသို့ စာမရေးဘဲ နေသည့်အတွက် အပြစ်တင်သည့် စာ ရောက်လာမှပင် မိမိ၏ ချွတ်ယွင်းချက်ကို သတိပြုမိလေတော့၏။

လကုန်လျှင် စာမေးပွဲ ဖြေဖို့ ခွင့်တစ်လ ယူပြီး မ ပြန်လာတော့မည် ဖြစ်၍ အကျွန်ုပ်ထံကလည်း နောက်ထပ် စာမရေးနှင့်တော့၊ လာမည့်နေ့တွင်လည်း သူ့ကို လာမကြိုနှင့်တော့၊ သူ့ဘာသာ ပြန်ခဲ့မည်၊ ထိုနေ့ ညနေပိုင်း ရုံးဆင်းမှသာ အိမ်ကို လာတော့ဟု သူ့စာတွင် ပါလေသည်။

အကျွန်ုပ်လည်း မ ပြန်ရောက်လာသော ညနေပိုင်းတွင် သူ့အိမ်သို့ မပျက်မကွက် သွားခဲ့ပါသည်။ မ မျက်နှာပေါ်တွင် အေးစက်ခြင်းများ ရှိနေလေသည်။ တစ်လကျော် နှစ်လ ခွဲခွာ နေရခြင်း အတွက် သူ့မှာ လွမ်းသည့် သဘော မရှိ၊ မ မျက်နှာက ပကတိ တည်ငြိမ်လျက်သာ။

သူ့အိမ်ပေါ်သို့ ရောက်လျှင် ရောက်ချင်း မ သည် အကျွန်ုပ်အား တခြား မေးခွန်းများကို မမေးမီ ဘုရားရှိခိုးကျောင်း မှန်မှန် သွားရဲ့လား ဆိုသော အမေးကို စတင် မေးမြန်းလေသည်။

အကျွန်ုပ်သည် မုသာဝါဒကို အရွံမုန်းဆုံး ဖြစ်၏။ မည်သည့် အကြောင်းကြောင့်ပင် ဖြစ်စေ မုသား ပြောလိုသော ဆန္ဒ အလျှင်း မရှိချေ။ ထို့ကြောင့် မ မေးခြင်းကို ဖြေရာ၌ မ အလို မရှိသော အဖြေကိုသာ ဖြေလိုက်မိ၏။

'မ သွားနေတုန်းတော့ ကျွန်တော် ဘုရား ရှိခိုးကျောင်းကို မရောက်တော့ဘူး'

www.burmeseclassic.com



'ဟင် ယူ ဘယ်လို လုပ်တာလဲ၊ 'ယူ့ ကို ဒါကြောင့် မ ပြောတာ၊ ယူ ဟာ စိတ်မချရဘူးလို့'

အကျွန်ုပ်လည်း ပြန်ပြောရမည့် စကားလုံးကို ရွေးချယ်နေ၏။ မ ကပင် ဆက်ပြောလေသည်။

'ယူ တို့ ယောကျာ်းတွေဟာ ဒီ အတိုင်း ချည်း ပဲ၊ သူတို့ လိုချင်တာ ရပြီးရင် တခြား ဘာကိုမှ ဂရု မစိုက်တော့ဘူး'

မ စကားက ယဉ်ကျေးဖွယ်ရာ စကားလုံးများဖြင့် တန်ဆာ ဆင်ထားသော်လည်း စော်ကားချက် ပါသည်ဟု အကျွန်ုပ် ထင်၏။ ထိုအခါ အကျွန်ုပ်လည်း တုံ့ပြန်ပြောဆိုရ၏။ မ စိတ်ထိခိုက်ခြင်း မဖြစ်အောင် သူ ခရီးရောက်မဆိုက် ခိုက်ရန် ဖြစ်ရသည့် အ ခြေ အ နေ သို့ မရောက်အောင်ပင် ပြောလိုက်ပါသည်။

'ဘုရားရှိခိုးကျောင်းကို မရောက်ဘူး ဆိုတာက ကျွန်တော် မအားတာလည်း ပါ ပါတယ်၊ စာမေးပွဲ နီးလာတော့ စာကလည်း ကျက်ရတယ်၊ ဆန်းဒေး ကလပ်စ် (တနင်္ဂနွေ သင်တန်းတွေ) ကလည်း ရှိနေတယ်၊ အထူးစပါယ်ရှယ် သင်တန်းတွေနှင့် ဆိုတော့ အပျက်ခံလို့လည်း မဖြစ်ဘူးလေ၊ ပြီးတော့ မ အတွက် စာတွေကိုလည်း ကူးပေးရသေးတယ်၊ မေးခွန်းပုံစံတွေ ရဖို့လည်း လိုက်ရသေးတယ်'

'ထားပါတော့ ထားပါတော့၊ ယူ့ ကို မ တစ်သက်လုံး နိုင်အောင် ပြောလို့လည်း ရမှာ မဟုတ်ပါဘူး၊ ယူက စကားတတ်သလောက် အကြောင်းပြစရာတွေ ယုတ္တိယုတ္တာတွေက ယူ့ဆီမှာ အမြဲ ရှိနေတယ်'

'ကျွန်တော် ဘာပဲပြောပြော မ စိတ်ချမ်းသာ စေချင်တဲ့ စေတနာနှင့် ပြောတာပါ'

သည်တော့လည်း မ က ရယ်လေသည်။ မ စိတ်ကျေနပ် သွားလေပြီ။

'တော်ပါ ကိုကဲကြီး၊ ခုမှ ချွဲနေတယ်၊ စာကလေးတစ်စောင်တောင် ရေးဖော် မရဘဲနှင့်များ'

'ခုတောင် ချွဲတယ် ပြောနေတာ၊ စာများ ရေးရင်တော့ ကိုသဲကြီး ပြောမှာ သေချာတယ်'

'ယူ နော်၊ တော်တော် စကားတတ်၊ ဒါနှင့် ယူ စာကျက် ပြီးပြီလား'

'မ မရှိတဲ့ အချိန်တွေ အားလုံးဟာ ရုံးချိန်က အပ စာကျက်ချိန်ချည်းပါပဲ၊ ဒီလိုပြောရင်လည်း မုသား ပါဦးမယ်၊ မ ခရီး ထွက်သွားစ ပထမ တစ်ပတ်လောက်တော့ ကျွန်တော် တော်တော် ယောက်ယက်ခတ်တယ်၊ အရက်လည်း သောက်တယ်၊ သူငယ်ချင်းတွေက ခေါ်လို့ မိန်းမဆီ အထိ ရောက်သွားသေးတယ်'

'အို မဟုတ်က ဟုတ်က၊ ယူ မိန်းမလိုက်တယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဟွန်း ယူ တော်တော် ဆိုးပါကလား၊ ဘာလဲ ယူ ခု မနေနိုင်အောင်ဘဲ ဖြစ်နေပြီလား'

'ဒီလိုလည်း မဟုတ်ဘူး၊ စာရေးဆရာ ဖြစ်ချင်စိတ်က မတွေ့ဖူး မကြုံဖူးတာကို တွေ့ချင် ကြုံချင်တာပါ'

'အို ကွယ်'

မ စကား မဆက်တော့ပါ။ မရည်ရွယ်သော်လည်း ဤစကားတွေက သူ့ကို လက်ထပ်ခွင့် တောင်းနေသလို ဖြစ်သွားလေသလား မသိ။ သူသည် ရှေ့ဆက် မမေးတော့။

အကျွန်ုပ် ရင်ထဲကမူ မ ရင်ထဲမှာ အချစ် မရှိ၊ သူသည် နှလုံးသားကို ရေသဖန်းပင်မှာ ချိတ်ဆွဲထားသည် ဆိုသော မျောက်နှင့် တူပြီး အကျွန်ုပ်မှာမူ မျောက်၏ နှလုံးသားကို အလိုရှိသော ဇာတ်ထဲက မိကျောင်းဖိုနှင့် တူနေသည်ဟု ထင်မိပါသည်။ မိကျောင်းက မျောက်၏ ပရိယာယ်ကို နားလည်နိုင်စွမ်း မရှိချေ။

ထိုညဥ့် မ တို့အိမ်မှ မိမိအိမ်ရှိရာ အင်းစိန်သို့ ပြန်လာစဉ် လမ်းတစ်လျှောက်လုံးတွင် အကျွန်ုပ်သည် ဆုံးဖြတ်ချက် တစ်ခုကို ချနိုင်ဖို့ စဉ်းစားလာမိလေသည်။

မ ကို ချစ်ခြင်းသည် မ ၏ ခန္ဓာကိုယ်ကို ရယူလိုခြင်းလား။ တဏှာ သဘောလား။ မ နှင့် အိမ်ထောင်ပြုလိုသော ဆန္ဒလား။

ပထမဦးစွာ မ နှင့် အိမ်ထောင်ပြုခဲ့သော် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို စဉ်းစားကြည့်သည်။

ယခု အကျွန်ုပ်သည် ဖီလိုဆိုဖီလမ်းသို့ လိုက်ပြီး ဘဝသစ္စာနှင့် ဘဝတန်ဖိုးကို ရှာဖို့ ဆုံးဖြတ်ပြီးပြီ။ မ နှင့် လက်ထပ်ပြီးသော အခါ အကျွန်ုပ်အဖို့ ထိုလမ်းကို ဆက်လျှောက်ဖို့ ဖြစ်နိုင်ပါဦးမည်လား။ မဖြစ်နိုင် ဆိုသည်ကိုလည်း အကျွန်ုပ် သိသည်။ မဖြစ်သင့် ဆိုသည်ကိုလည်း အကျွန်ုပ် သိသည်။ မ သည် သူနှင့် အယူဝါဒ မတူသူနှင့် ပေါင်းသင်းလိုသော ဆန္ဒ မရှိကြောင်းကို အကျွန်ုပ် သိပြီး ဖြစ်နေလေသည်။ မိမိအနေနှင့် မ ကို လက်ထပ်ယူပြီး မ နှင့်အတူ အယူဝါဒ တူသူ အဖြစ် ချမ်းသာသော အိမ်ထောင်ရေး ဘဝကို တည်ဆောက်ကာ တစ်သက်တာ ဘဝကို ကုန်ဆုံးစေမည်လား။

www.burmeseclassic.com



အိမ်ထောင် ပြုခြင်း ကိစ္စ တစ်ခုတည်းကိုသာ ဘဝ၏ ပန်းတိုင် အဖြစ် သတ်မှတ်ထားသည် ဖြစ်မှုကား အကျွန်ုပ် အဖို့ မ ၏ ဆုံးဖြတ်ချက် အတိုင်း မိမိက အချစ် ပေးသူ အဖြစ်ဖြင့် ထို ဘဝကို တည်ဆောက် လိုက်ရုံသာ ရှိတော့၏။ ဤ ကိစ္စတွင် မ က အမြဲတစေ အချစ်ခံရသူ အဖြစ် နေရခြင်းကို ကျေနပ်မည် ဆိုလျှင်လည်း အိမ်ထောင်ရေးမှာ အဆင်မပြေစရာ အကြောင်း ဘာမျှတော့ မရှိ။

သို့သော် အချစ်ပေးခြင်း အချစ်ယူခြင်း သဘောလောက်နှင့်လည်း အိမ်ထောင်ရေး ကိစ္စ ပြီးမည် မဟုတ်သေး။ အိမ်ထောင်ရေးမှာ လူ့ယဉ်ကျေးမှု ထုံးတမ်း ဓလေ့တွေ အများကြီး ပါသည်။ စီးပွားရေး ပညာရေး လူမှုရေး ဘာသာရေး ယဉ်ကျေးမှု ကိစ္စ အားလုံးလည်း အိမ်ထောင်ရေးမှာ အကျုံးဝင်သည်။

စဉ်းစားဖွယ် ကိစ္စမှန်သမျှကို လက်မထပ်မီတွင် ကြေညက်အောင် စဉ်းစားသင့်သည်။ အကျွန်ုပ် အဖို့မှု ချစ်ဖို့သာ လွယ်သည်။ လက်ထပ်ဖို့မှာ မလွယ်။ မ ကတော့ ချစ်ဖို့ မလွယ်။ လက်ထပ်ဖို့ကျတော့ လွယ် နေသည်။

အိမ်ထောင်ပြုခြင်းသည် ဘုရားတည်သလို ဆေးမင်ကြောင် ထိုးသလို ပြုလုပ်ပြီးလျှင် ပြန်ပြင်ရ ပြန်ဖျက်ရ ခက်သည် ဆိုသော လူကြီးသူမ စကားကို အကျွန်ုပ် လက်ခံသည်။ လောဘစိတ်ကြောင့် ဖြစ်စေ၊ တဏှာရာဂကြောင့် ဖြစ်စေ လက်ထပ် ရလျှင် ပြီးရော၊ နောင်အခါမှ ဖြစ်ချင်ရာ ဖြစ်၊ မကောင်းလျှင်လည်း ခံမည်၊ ကောင်းလျှင်လည်း စံမည်ဟု လူငယ်များ၏ စွန့်စားခြင်းမျိုးလည်း ရှိတတ်ပါသည်။ ထိုစွန့်စားခြင်းကို အပြစ်ဆိုရန် မရှိချေ။ ထိုဇနီးမောင်နှံသည် စိတ်တူ ကိုယ်တူ ရှိသူများ ဖြစ်သည်။ နစ်အတူ ပေါ်အတူ မခွဲအတူ အသည်းယူ ဆိုပြီး ကြည်ဖြူနိုင်သူများသာ ဖြစ်ကြလေသည်။

မ နှင့် အကျွန်ုပ်တို့မှာ နစ်အတူ ပေါ်အတူ ဟု သဘောထားမျိုး ရှိပါမည်လား။ ဤနေရာတွင် ကိုယ်တူပြီး စိတ်မတူလျှင် စိတ်ဆင်းရဲကြရပေမည်။ ပြီးတော့ အိမ်ထောင်ရေးတွင် ယောကျ်ားက ဦးဆောင်ခြင်းကို အကြောင်းပြု၍ သျှောင်နောက် ဆံထုံး ပါမှလည်း ဖြစ်မည်။ လက်မထပ်ခင်က နားလည်ထားသော အခြေအနေတွေသည် လက်ထပ်ပြီးမှ ပြောင်းလဲ သွားလျှင်လည်း မ စိတ်ဆင်းရဲ ပေဦးမည်။

အထူးသဖြင့် မ သည် အကျွန်ုပ် အ ပေါ် တွင် ဘာသာရေး မျှော်လင့်ချက် ထားသည်ကို အကျွန်ုပ် နားလည်ရသည်။ သို့သော် အကျွန်ုပ် စိတ် အကြီးအကျယ် ပြောင်းလဲနေသည်ကို မ မသိသေးချေ။ မ ကို ချစ်ခြင်းနှင့်အတူ၊ မ နှင့်အတူ နေလိုသော ဆန္ဒ အကျွန်ုပ်မှာ မရှိလေသလား။

အသွေးအသားဖြင့် ဖွဲ့စည်း ဆောက်တည်ထားသော ဤ ခန္ဓာကိုယ်၏ တောင့်တမှုများ ရှိနေသော အကျွန်ုပ်လည်း ပုထုဇဉ်ပဲ။ ပေါင်းသင်း ဆက်ဆံ ယှက်တင်ရမည် ဆိုလျှင် မ နှင့်သာ ပေါင်းသင်း ဆက်ဆံ ယှက်တင်လိုသော ဆန္ဒ အကျွန်ုပ်မှာ ပြင်းထန်စွာ ရှိကြောင်း အကျွန်ုပ် ဝန်ခံပါသည်။ မ နှင့် လက်မထပ်လိုပါဟု အကျွန်ုပ် ဟန်မဆောင်ပါ။ သို့သော် ယထာဓမ္မကို လိုက်စားသောသူသည် ဆန္ဒရာဂကို ဦးစား ပေးရမည်လား။

လောကခံကို ရှောင်ရှားလိုသော ဆန္ဒသည် ပညာရှိတို့၏ လိုအင် ဆန္ဒ မဟုတ်။ ပညာမဲ့တို့၏ မိုက်မဲခြင်းသာ ဖြစ်သည်။ အမှုတိုင်းမှာ လောကခံ ရှိသည်။ ထိုလောကခံကို ပညာရှိသည် တည်ငြိမ်သော မနသိကာရမျိုးဖြင့် ရင်ဆိုင်ဖို့ကိုသာ အစဉ် နှလုံးသွင်းအပ်ပါသည်။ ရှေးက သူတော်စင်တို့သည် သစ္စာတရား အ လို့ ငှာ အသက်ကို စွန့်လွှတ်ခြင်း၌ပင် ရဲရင့် ခဲ့ကြလေပြီ။ ထိုသူတော်စင် သူတော်ကောင်း လမ်းစဉ်ကို လိုက်လိုသောသူသည် စွန့်သင့်သည်ဟု သဘောကျသော အရာကို စွန့်လွှတ်ခြင်း၌ ဝန်မလေးသင့်ချေ။

ဝမ်းနည်းခြင်း ဝမ်းသာခြင်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့သည် ဆန့်ကျင်ဘက်တို့ တွဲယှဉ်နေသော လောကခံ တရားများပင်တည်း။

ဝမ်းနည်းရသော အခါ ဝမ်းသာခြင်း ဆုံးရှုံးမည် မှချ။

ကဲ့ရဲ့ခံရသော အခါ ချီးမွမ်းခံရခြင်း ဆုံးရှုံးမည် မှချ။

ထို့အတူ . . .

မ ပြောခဲ့ဖူးသလို ခံစားတတ်သော အသည်းနှလုံးကို အနိုင် ပေးလိုက်လျှင် ဆင်ခြင်တတ်သော ဦးနှောက်မှာ အရှုံး ပေါ်လိမ့်မည်။ အကျွန်ုပ်အဖို့မှု တစ်ခုခု ဆုံးရှုံးရပေတော့မည်။ ဦးနှောက်ဘက်က အရှုံး ခံမည်လား။ ထိုသို့ အရှုံးခံလျှင် အကျွန်ုပ် ဘဝ တစ်လျှောက်လုံးမှာ အသိပညာဘက်က ဆုံးရှုံး ရလိမ့်မည်။ အသည်း နှလုံးဘက်က အရှုံး ခံမည်လား။ ထိုသို့ အရှုံးခံလျှင် အကျွန်ုပ်

www.burmeseclassic.com



ဘဝဝယ် အချစ်ဘက်က ဆုံးရှုံး ရလိမ့်မည်။

အကျွန်ုပ်အဖို့ ဆုံးဖြတ်ရ ကျပ်လှပါ၏။ အသည်းနှလုံး ဆုံးရှုံးခြင်းလည်း မကောင်းပါ။ ဦးနှောက် ဆုံးရှုံးခြင်းလည်း သာ၍ပင် ဆိုးပါသည်။ ဤနေရာတွင် ရှဉ့်လည်း လျှောက်သာ ပျားလည်း စွဲသာ အခြေအနေမျိုး ဖန်တီး၍ ရပါမည်လား။

လောကဓံနှင့် ရင်ဆိုင်သူအဖို့ အလယ်လမ်း မရှိ။ အစွန်း တစ်ဖက်ဖက်ကို ရောက်သွားမည်သာ ဖြစ်၏။ သို့သော် ဆင်းရဲမည့် အစွန်းကို ရှောင်၍ ချမ်းသာသော အစွန်းကို အရောက် သွားရမည်။ ဝမ်းနည်းသော အစွန်းကို ရှောင်ပြီး ဝမ်းသာသော အစွန်းကို အရောက် သွားရမည်။ ကဲ့ရဲ့ခြင်း အစွန်းကို ရှောင်ပြီး ချီးမွမ်းခြင်း အစွန်းသို့ ရောက်အောင် သွားရမည်။

သို့သော် ဘဝ ဖြစ်ရပ်တို့သည် မိမိ အလိုရှိတိုင်း ဖြစ်သည်ကား မဟုတ်။ အတိတ်ကံ၏ ပို့ ဆောင် မှု သဘောလည်း ရှိသည် ဆိုသည်ကို အ ကျွန်ုပ် သည် လက်မခံချင်ပါဘဲလျက် လက်ခံရမည့် အခြေအနေသည် ဆိုက်ရောက် လာလေတော့၏။

ထိုနေ့သည် သောကြာနေ့ ဖြစ်၏။ စာမေးပွဲအတွက် မေးခွန်း နမူနာ ပုံစံများ ပေးရန် ချိန်းမထားဘဲ မ တို့ အိမ်သို့ အကျွန်ုပ် ရောက်သွားလေသည်။ မ တို့ အိမ်တွင် ယောကျ်ား တစ်ယောက် ရောက်နေလေသည်။ ထိုသူကို အစက အကျွန်ုပ် မမြင်ဖူး။ အကျွန်ုပ် မ တို့ အိမ်ပေါ်သို့ လှမ်းတက်လိုက်သော အခါ ထိုယောကျ်ားက မ စာဖတ်သည့် စားပွဲမှာ ထိုင်လျက် သူ့လက်ထဲတွင် မ ဓာတ်ပုံများကို ကိုင်ကာ မ ကို လှမ်းကြည့် နေလေသည်။ မ က သူ့အနီးတွင် ကြမ်းတိုက်နေသည်။ ရုတ်တရက် ဝင်လာသော အကျွန်ုပ်ကို မြင်လိုက်သောအခါ အံ့အားသင့်ပြီး မ မျက်နှာ ပျက်သွားလေသည်။ အကျွန်ုပ် လှမ်းကြည့်လိုက်တော့ မ မျက်ဝန်းတွင် မျက်ရည်တွေ ပြည့်နေလေသည်။ အကျွန်ုပ်လည်း အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုသလို အားတုံ့ အားနာ ဖြစ်သွားသည်။ လက်ထဲမှာ ပါလာသော မေးခွန်းဟောင်းများကို ပေးပြီး ချက်ချင်း အိမ်ထဲက ပြန်ထွက် ခဲ့လေသည်။ မ ကလည်း မပြန်ပါနှင့်ဟု မဆို၊ အလိုက်သင့်ပင် ကြည့်နေလေသည်။

အိမ်အပြန် လမ်းတစ်လျှောက် အကျွန်ုပ်၏ ရင်တွေ ဆတ်ဆတ်တုန် နေလေသည်။ ရုတ်တရက် ခံစားချက်က အသိဉာဏ်ကို တွန်းထုတ် ပစ်လိုက်သည် ထင်သည်။ အိမ်ရောက်ပြီး အတန် ကြာသည့်တိုင် ငြူစူနေသော စိတ်ကို ဖျောက်ဖျက် မရဘဲ နေလေသည်။ ကိုယ့်ကိုယ်ကိုယ် သတိဖြင့် ချုပ်ဖို့ အားထုတ်သော်လည်း ချက်ချင်းမှု မလွယ်ကူပေ။ အဘယ်ကြောင့် ငါ ငြူစူသနည်း။

ကိုယ့်ကိုယ်ကိုယ် နားလည်အောင် အတန်ကြာ အားထုတ်ရသည်။ သူ့ကို အသန့်အပြန့် ချစ်ခြင်း ဆိုလျှင် ငါ ဘာ ငြူစူစရာ ရှိသလဲ။ ယခု ငါ ဝန်တိုခြင်း ဖြစ်၍သာ ငြူစူခြင်း ဖြစ်၏။ ဝန်တိုခြင်း ဘာကြောင့် ဖြစ်သလဲ။ သူ့ကို တပ်မက်သော ရာဂစိတ် ရှိ၍လည်း ဖြစ်မည်။ မိမိကို စော်ကားသည်ဟု ထင်သော အတိမာန ကြောင့်လည်း ဖြစ်မည်။ ပိုးထိုးသူသည် အဆိပ် မွှန်နေ ခိုက်မှာ ဘာကိုမျှ စဉ်းစားဆင်ခြင်၍ မရသလို အကျွန်ုပ်လည်း မွှန်ထူ နေလေသည်။ စာကို ကြိုးစားပြီး ဖတ်သည်။ ဖတ်၍ မရ။ ခေါင်းထဲ ဘာစာမှ မဝင်။ မေမေက သားကို တစ်ချိန်လုံး အကဲခတ်နေသည်။ သား နေမကောင်းဘူးလား မေးပြီး ပြုစုဖို့ ကြိုးစားသည်။ အမေ့ကိုလည်း မိမိအနားသို့ အကပ် မခံချင်။ ဒီအကြောင်းတွေကို မေမေ သိလည်း မသိစေချင်။ အကျွန်ုပ်၏ အချစ်ရေး ကိစ္စတွင် မေမေ ဝင် ပြော လျှင် မေမေ့ ပယောဂ ပါသည်ဟု အထင် ခံရမည်ကိုလည်း စိုးသည်။ ဆုံးဖြတ်စရာ ရှိလျှင် မိမိဘာသာ အလွတ်အလပ် ဆုံးဖြတ်ခြင်းကိုသာ လိုလားသည်။

ခါတိုင်း စနေ တနင်္ဂနွေ မ ထံကို သွားနေကျ။ ထိုစနေ ထိုတနင်္ဂနွေကိုမူ အကျွန်ုပ်သည် အိမ်မှာပင် နေလိုက်သည်။ အင်္ဂါနေ့တွင် စာမေးပွဲ စဖြေရတော့မည်။ စိတ်လှုပ်ရှားနေသည့် ကြားက စာကိုတော့ ဖတ်သည်။ တနင်္လာနေ့တွင်လည်း အိမ်မှာပင် နေသည်။

နေ့လယ်တွင် အိမ်သို့ မ မိခင် လိုက်လာသည်။ လူကြီးကို အားနာဖို့ ကောင်းလှပါသည်။ အန်တီက သူ့သမီး နေမကောင်း၍ အကျွန်ုပ်ကို အခေါ် လွှတ်လိုက်ကြောင်း၊ လိုက်ကြည့်ပါဦးဟု ခေါ်သည်။ လူကြီးခများ မနေသာ၍ လာရခြင်း ဖြစ်သည်ကို အကျွန်ုပ် နားလည်ပါသည်။

မေမေ့ကို သား ခဏ လိုက်သွားမယ်ဟု ပြောပြီး အန်တီနှင့် အတူ လိုက်ခဲ့ပါသည်။ အဘွားကြီးက လူကြီးပီပီ ဘာ တစ်ခွန်းမှ ဝင်မပြော။ ကားပေါ်မှာ တခြားအကြောင်းတွေကိုသာ ပြောလာလေသည်။

မ တို့ အိမ်သို့ ရောက်သော အခါ နှစ်ချက်တီးကျော်ကျော် ရှိပြီ ထင်၏။ ဧည့်ခန်းထဲမှာ ဘယ်သူမျှ

www.burmeseclassic.com



မရှိ။ အကျွန်ုပ် သူ့အိမ်ပေါ်သို့ ရောက်မှ သူ အိပ်ရာထဲက ထလာလေသည်။

သူ နေလို့လည်း မကောင်း၊ စိတ်လည်း ထိခိုက် ရကြောင်းများကို ပြောသည်။

'ယူ ဟိုနေ့က စိတ် ထိခိုက်ပြီး ပြန်သွားတာ မ သိပါတယ်' ဟု မ က ဆိုသည်။ သူ့စကားမှာ ရိုးရိုး သားသား ပြောခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် အကျွန်ုပ် စိတ်ထဲတွင်မူ အဓိပ္ပာယ် တစ်မျိုး ကောက်ပစ်လိုက်သည်။ 'စိတ်မကောင်း ဖြစ်ပြီး ပြန်တာကို သိလျက်သားနှင့် မ က လျစ်လျူရှုပြီး ဒီအတိုင်း ကြည့်နေလိုက်တာပဲကိုး' ဟုလည်း တွေးသည်။ 'ဟိုလူ ရှိလို့ မ က ကျွန်တော် ထပြန်တော့ ပြန်မခေါ်တာကိုး' ဟုလည်း အဓိပ္ပာယ် ကောက်လိုက်သည်။ ထိုသို့ အဓိပ္ပာယ် ကောက်လိုက်ခြင်းသည် မှန်သလား မှားသလား မသိပါ။ သို့သော် အကျွန်ုပ် ပါးစပ်ကမူ စကား တစ်လုံးမျှပင် ထွက်မလာခဲ့။ ရင်ထဲမှာလည်း တင်းကျပ် ဆို့ပိတ် နေလေသည်။ ယောကျ်ားတန်မဲ့ မျက်ရည် ကျချင်သော စိတ်ကို မနည်း ထိန်းထားရသည်။

မ ကချည်း ပြောနေလေသည်။ တနင်္ဂနွေနေ့က အကျွန်ုပ်ထံ သူ လာဖို့ ကြိုးစားသည်။ အဖော် မရှိ၍ မလာဖြစ်ဟုလည်း ဆိုသည်။ ပြီးမှ သူက အင်္ဂလိပ်လို ပြောသည်။

' You know Ko Sun Lwin, now I just come to know that I'm really in love with you. I've to admit that I can't live without you. Please don't run away from me, my love.'

အမှန်ဆိုလျှင် မ ၏ စကားလုံး ကလေးများမှာ ပျားရည်နှင့် လိမ်းကျံထားသလို ချိုမြသည်ဟု ထင်ရပါသည်။ အချိန်ကလည်း စကားပြောသည်။ အကယ်၍သာ ဤ စကားလုံးကလေးများကို မ အဖြေ မပေးမီ တစ်ချိန်ချိန်က ပြောခဲ့လျှင် အရသာ ရှိလှပါမည်။ ယခုမူ ထိုစကားလုံးများမှာ ချိုသော်လည်း မဆိမ့်တော့ပါ။

မသည် 'ခုမှ ယူ့ကို မ တကယ် ချစ်မှန်း သိသည်' ဆိုသော စကားကို ပြောသင့်သလား။ သည်စကားအရ မ မှာ အစက အချစ် မရှိခဲ့သည်မှာ မထင်ရှားဘူးလား။ အချစ် မရှိလျှင်လည်း နေပါ၊ ရပါသည်။ အကျွန်ုပ် ကျေနပ်ပြီးသားပဲ။ ခုမှ သည်စကားမျိုး ပြောတော့ လွန်ခဲ့ပြီးသော သုံးနှစ်ကျော် ကာလတို့မှာ အချစ်မဲ့ လှည့်ပတ်စဉ် ကာလတွေ ဖြစ်မသွားဘူးလား။

အကျွန်ုပ်ကမူ အချစ်သည် ယုံကြည်ချက် ဖြစ်သည် ဟုလည်း မှတ်ယူထားသည်။ ထို့အတူ အချစ်နှင့် ယုံကြည်ချက်တို့သည် တမင် ဖန်တီးယူ၍ ရကောင်းသော အရာများ ဖြစ်သည်ဟုလည်း မမှတ်ချေ။ အချစ်နှင့် ယုံကြည်ချက်သည် သဘာဝ တရားတွေ ဖြစ်ကြသည်မို့ ၎င်းတို့ကို လုပ်ယူရသည် မဟုတ်။ ၎င်းတို့သည် သူ့အလိုလို သဘာဝ အလျောက် ဖြစ်လာကြသော သယံဇာတမျိုးတွေသာ ဖြစ်ကြလေသည်။ အချစ်နှင့် ယုံကြည်ချက်သည် ပေါက်ပွားရသော အရာမျိုးတွေပဲ။ အချစ်သည် လည်းကောင်း၊ ယုံကြည်ချက်သည် လည်းကောင်း ရှင်သန် ကြီးထွားနေသော တရားမျိုးတွေသာ ဖြစ်ကြသည် ဟုလည်း အကျွန်ုပ် နားလည်ထားပါသည်။

ပြီးတော့ 'ယူ မရှိဘဲနှင့် မ မနေတတ်ဘူး' ဆိုသော စကားကိုလည်း ယုံစားရ ခက်ပါသည်။ သည်စကားမျိုး ကလည်း တစ်ဖက်သား သည်းခြေ ကြိုက်အောင် ပြောသော စကားမျိုးသာ ဖြစ်၍ အနှစ်သာရ ပါလှသည် တော့ မဟုတ်ချေ။

ဤလောကဝယ် တစ်ယောက် မရှိ၍ တစ်ယောက် နေမဖြစ် ဆိုသော လူမျိုးကော လက်တွေ့အားဖြင့် ရှိပါမည်လား။

'I can't live without you' ဆိုသော စကားသည် အနက် ဘယ်သို့ ထွက်သလဲ။ တကယ်ပဲ အကျွန်ုပ် မရှိလျှင် သူ မနေနိုင်ဘူးလား။ အစက ချစ်ခဲ့သည် မဟုတ်ဘဲ ယခုမှ ချစ်နေမှန်း သိသည်ဆိုသော လူတစ်ယောက်နှင့် သူ အတူတကွ မနေရလျှင် သေပွဲဝင်မည့် အခြေအနေ မ မှာ ရှိသလား။ မဖြစ်နိုင်တာတွေဟု အကျွန်ုပ်စိတ်မှာ အထင်းသား ပေါ်လာလေသည်။

' Please don't run away from me, my love' ဆိုသော စကားကလည်း တုပ်ချည်သော စကားလား။ ဘာကို ဆိုလိုသလဲ။ မ ရဲ့ စည်းဝိုင်းထဲက ထွက်မသွားနှင့်ဟု ဆိုသော စကားလား။ သည်စကားက ပိုပြီး တာသွားလှသည်။ တောင်းပန်သလိုလိုနှင့် အမိန့်သံ ပါသည်။

ဤစကားက ပိုပြီး လေးလေးနက်နက် စဉ်းစားစရာ ဖြစ်လာသည်။ 'မ ဆီက ပြေးထွက် မသွားပါနှင့် အချစ်ရယ်' ဆိုသည်မှာ လူချင်း ခွဲမသွားပါနှင့် ဆိုသော အဓိပ္ပာယ်လည်း ရသည်။ အယူဝါဒ စည်းဝိုင်းထဲက ထွက်မသွားနှင့်၊ စိတ်ချင်းလည်း ခွဲမသွားနှင့် ဆိုသော အဓိပ္ပာယ်လည်း ရသည်။ တကယ် စဉ်းစားလျှင် ဒုတိယ အဓိပ္ပာယ်က ပို၍ပင် များလေသည်။

www.burmeseclassic.com



အကျွန်ုပ် အဖို့မှ စဉ်းစား လိုက်တိုင်းမှာ မ နှင့် သဘောချင်း မတူသော အဖြစ်ကိုသာ တွေ့မြင် နေရ လေသည်။ ပြီးတော့ ဟိုလူ့ ရှေ့မှာတုန်းက ဘာကြောင့် လျစ်လျူရှုပြီး မသိကျိုးကျွန် ပြုခဲ့သနည်း။ လူစိမ်း တစ် ဦးလို မပတ်သက်သူ တစ်ဦးလို မျက်နှာပေးဖြင့် ဘာ ကြောင့် ဆက်ဆံခဲ့သနည်း။

မရိုးသားဘူး ဆိုသော အသိ တစ်ခု ရင်ထဲမှာ ရောက်လာသည်။ ဖျောက်ဖျက် ပစ်ဖို့လည်း ကြိုးစား ကြည့်သည်။ ဖျောက်ဖျက်လို့လည်း မရ။ ဘာကြောင့် မှန်း မသိ။ ထိုအသိက အသည်းမှာ တံဆိပ် ခတ်နှိပ်လိုက် သလို စွဲထင် နေလေသည်။

'အချစ် မရှိဘူး' ထို အထင်အမြင်ကလည်း ထင် ရှား ပေါ်လွင်နေဆဲ။

စိတ်ထဲမှ အရှိကို မျက်နှာက ထင်ရှား သိစေနိုင် ပါသည်။ မ သည် မျက်နှာရိပ် မျက်နှာကဲကို အလွန် လျင်မြန်စွာ ဖမ်းယူနိုင်သူ ဖြစ်သည်။ ထိုအခါ မ က ဆိုပြန်သည်။

'If you don't believe me, I shall swear Ko Sun Lwin. The one you saw last time was one of our friends since we were young.'

မ က အကျွန်ုပ် မယုံကြည်လျှင် ကျိန်မည် ဆိုသည်။ ထိုနေ့က သူ့ အိမ်ပေါ်မှာ တွေ့ခဲ့ရသော သူသည် သူတို့ ငယ်ငယ် ကတည်းက ခင်ခဲ့သော သူငယ်ချင်း တစ် ယောက် ဖြစ်ကြောင်းလည်း ပြောသည်။

အကျွန်ုပ်ကမူ ဘာမျှ ပြန်မပြောပါ။ ပြန်ပြောဖို့ စကားလုံးလည်း ရှာမရပါ။ ရင်ထဲမှာ ပြောချင် နေခဲ့ သော စကားတွေလည်း အားလုံး အရည်ပျော် ကျသွား ကုန်ကြပြီ ထင်ပါသည်။ အကျွန်ုပ် နှုတ်ခမ်းကို တင်း အောင် စေ့ထားမိသည်။

'Why are you so keeping such a stiff upper lip Ko Sun Lwin? If I do something wrong you can blame me all the time.'

ထိုအခါ အကျွန်ုပ်ကလည်း အင်္ဂလိပ်လို ပြောလိုက် မိသည်။

'Oh! nothing, nothing to blame you. There is only one thing that I should say, I suppose.'

စီစဉ် မထားသော ရင်ထဲက စကားလုံးများ ထွက် ကျကုန်သည်။

အကျွန်ုပ် စကားမပြောဘဲ စိတ်တင်းထားသည်ကို မ ရိပ်စား မိလေသည်။ သူ့မှာ အမှားအယွင်း ရှိခဲ့လျှင် လည်း အပြစ်တင်ပါဟု ဆိုသည်။ အကျွန်ုပ်မှာ အပြစ် တင်စရာ မရှိ။ ပြောစရာ စကားတစ်လုံးသာ ရှိသည်ဟု အကျွန်ုပ် ပါးစပ်က လွှတ်ခနဲ ထွက်သွားလေသည်။

မ သည် အကျွန်ုပ်အား စကားပြောဖို့ တိုက်တွန်း နေလေသည်။ ရင်ထဲမှာ ရှိတာတွေကို စကားဖြင့် ပြော ပစ်လိုက်လျှင် ကျေချမ်းသွားမည်ဟု မ စိတ်မှာ အထင် ရှိလေသည်။ နောက်ဆုံးတွင် အကျွန်ုပ်၏ နှုတ်ဖျားမှ ရုတ်တရက် စကား လုံးတွေ ထွက်ကျ သွားတော့သည်။

'I am sorry Ma. But I can't help it. Now I know I should request you to let me withdraw my proposal, Ma.'

အကျွန်ုပ် အဖို့ ဤစကားလုံးများကို ပြောမိခြင်းမှာ ပြောဖို့သင့်ပြီ ဖြစ်သည်ဟု ဆုံးဖြတ် လိုက်သောကြောင့် ဖြစ်ပါသည်။ ဒေါသ ဖြစ်၍ ပြောလိုက်ခြင်း မဟုတ်ပါ။ အကျွန်ုပ် မ အား ချစ်ရေး ဆိုထားခြင်းကို ပြန်လည် ရုပ်သိမ်းခွင့် တောင်းလိုက်ပါသည်။

မ ကတော့ လက်မခံပါ။ 'No, no.' ဟု အော်ပြီး ပြောသည်။

'You must not go away from me. Now I say that we shall get married tomorrow. Don't run away dear, you better sleep with me tonight' ဟု ဆိုလေသည်။

ဤစကားတို့သည် မ အဖို့ အလွန် စွန့်စားရသော စကားများ ဖြစ်ပေလိမ့်မည်။ သို့သော် စိတ် အလိုသို့ လိုက်ပြီး မ သည် သည်လောက်တောင်လည်း မစွန့်စား သင့်ဟု ထင်ပါသည်။ နက်ဖြန်ခါလည်း စာမေးပွဲ ဖြေရ ပေတော့မည်။ ဤညပိုင်းတွင် ဤမျှလောက် ပြင်းထန် စွာ ဖြစ်ဖို့လည်း မကောင်းပါ။

တကယ်တော့ မ မှာ အပြစ် မရှိပါ။

အပြစ် အားလုံးသည် အကျွန်ုပ် အပေါ်မှာသာ ကျ သင့်ပါသည်။ မ ဘက်က အားလုံး အဆင်သင့် ဖြစ်သော အချိန်တွင် အကျွန်ုပ်က ချစ်ရေး ဆိုခြင်းကို ရုပ်သိမ်း လိုက်ခြင်းမှာ အကျွန်ုပ် အလွန်ပင် ဖြစ်သင့်ပါသည်။

အမှန်မှာ အကျွန်ုပ်သည် အာရစ္စတိုတယ်၏ စကား လုံးကို အသည်း စွဲနေသောကြောင့် ဖြစ်ပါသည်။

'မ ကို ကျွန်တော် ချစ်ပါတယ် မ၊ ဒါပေမယ့် အမှန်တရားကို ချစ်ရာတွင်မူ မ ကို ချစ်သည်ထက် အကျွန်ုပ် စိတ်က ပိုကဲနေသည်ကို ဟိုတစ်ကြိမ်က မ ကို ပြောဖို့ ဝန်လေးခဲ့မိ၍ မပြောဖြစ်ခဲ့ပါ'

ကျယ်လောင်သော အသံများ ရှိ၍ ကွာဝေးသွားပြီ

www.burmeseclassic.com



ဖြစ်သော မ ၏ နားတွင်း သို့ ရောက်အောင် ပြောနိုင်သော အစွမ်းသတ္တိ ရှိမည် ဆိုလျှင်တော့ အထက်ပါ စကား များကို မ အား ပြောပြချင်သော ဆန္ဒ ရှိပါသေးသည်။

ခွင့်မလွှတ်နိုင်လျှင်လည်း နေပါစေတော့။ သဘော သိရုံမျှ ပြောရလျှင်ပင် ဝမ်းမြောက် ရပါလိမ့်မည်။

အမှန်မှာ မ ဘဝသည် အကျွန်ုပ်၏ စွန့်လွှတ် နေ ရသော ဘဝမျိုးနှင့် မထိုက်တန်ပါ။ တင့်တောင်တင့်တယ် ဘဝမျိုးမှာသာ အေးအေးချမ်းချမ်း နေသင့်ပါသည်။

စာမေးပွဲ ဖြေသော နေ့ရက်များတွင် အကျွန်ုပ်သည် မ နှင့် မတွေ့ဆုံဘဲ နေလိုက်ပါသည်။ မ နှင့် အကျွန်ုပ် သည် တစ်ခန်းတည်းမှာ ဖြေကြရသော်လည်း အကျွန်ုပ် စာမေးပွဲ အခန်းတွင်းသို့ အချိန် နောက်ကျပြီးမှ ဝင်သည်။ အခန်းတွင်းက ထွက်တော့လည်း ဦးစွာ ကြို၍ ထွက်ခဲ့ ပါသည်။

စာမေးပွဲ ဖြေပြီးသွားသော အခါ အကျွန်ုပ်၏ စိတ်များမှာ ကြိုးပြတ်သွားသော စွန်တစ်ခု ပမာ လွင့်ချင်ရာ လွင့်နေပါသည်။ မေမေက လွင့်သွားသော အကျွန်ုပ်၏ စိတ်ကို စွန်လိုက်သော ကလေးပမာ လိုက်ဖမ်းပြီး ရစ် ကြိုး တစ်လုံးမှာ ပြန်ဆက်ဖို့ ကြိုးစားပါသည်။

မျက်ရည်များဖြင့် ရစ်ဝဲ ပြည့်လျှံနေသော မေမေ့ မျက်လုံးများက ကျွန်ုပ်ကို အစဉ် အသနား ခံနေသကဲ့သို့ ရှိပါသည်။ မေမေ စိတ်ဆင်းရဲ ရပြီပဲ။

'မေမေ့ကို ကတိပေးပါ သားရယ်၊ သားကို မေမေ အိမ်ထောင် ချပေးပါရစေ၊ မေ့သား ရှေ့ရေး အတွက် ကြိုးပမ်းစရာတွေ အများကြီး ရှိသေးတယ် နော်၊ မေ့သား စိတ်လေနေလို့တော့ မဖြစ်ဘူး'

ကရုဏာပါသော မေမေ့ စကားများကို နားထောင် လိုက်ခြင်းဖြင့် ဤ ဘဝဝယ် မိခင်၏ နို့ဖိုးအထူး ထို ကျေးဇူးကို အကျေ မဆပ်နိုင်သည့် တိုင်အောင် မိခင် တစ်ဦး၏ စိတ်ချမ်းသာမှုကိုတော့ ဖြစ်စေလိမ့်မည် ထင် ပါသည်။ မှန်သည် မှားသည်တော့ မသိပါ။ ကိုယ် စိတ် မချမ်းသာစေကာမူ မိခင် စိတ်ချမ်းသာ စေလို၍ ခေါင်း ညိတ် လိုက်ပါသည်။

ထိုအခါ သုံးနှစ်ကျော် လေးနှစ် နီးပါးမျှ မ အပေါ် ဝယ် ဖွဲကြီးစွာ အချစ်ဖြင့် ပျိုးထောင် လာခဲ့သော ဘဝ သစ်ပင်ကလေး တစ်ပင်သည်လည်း နွမ်းခြောက် ပျက်စီး သွားရလေတော့သည်။

မ နှင့် ခွဲခွာပြီးနောက် တစ်လကျော် ကာလအတွင်း မှာပင် အကျွန်ုပ်လည်း အချစ်မရှိသော ချည်တိုင် တစ်ခု တွင် မိခင်၏ ချည်နှောင်ခြင်းကို ခံလိုက်ပါသည်။

ဤသို့ ပြုလိုက်ခြင်းဖြင့် မ မှာ အပြစ် မရှိ၊ အပြစ် ရှိသမျှကို အကျွန်ုပ်က ခံယူလိုက်ပြီ ဖြစ်ကြောင်း မ အား ပြသ နိုင်ပါလိမ့်မည်။ ပြီးတော့ အသက်အရွယ် အားဖြင့်လည်း အကျွန်ုပ်ထက် ကြီးသူ မ အနေနှင့် အကျွန်ုပ်ထက် ဦးစွာ အိမ်ထောင် ပြုလျှင် အစွပ်အစွဲ ခံရလေမည်လားဟု တွေးမှား သံသယဖြင့် လိပ်ပြာ မသန့် ဖြစ်မည့် အရေးမှလည်း ဝေးသွားပါလိမ့်မည်။

ကံအားလျော်စွာ ဘီအေ (က) ပိုင်း စာမေးပွဲတွင် အကျွန်ုပ်သည် ရောရောရှုရှု အောင်ပြီး မ စာမေးပွဲ ကျ သွားပါသည်။ အကျွန်ုပ်၏ ပယောဂကြောင့်လား၊ မ ကျောင်း မတက်နိုင်ခဲ့၍လားတော့ မပြောတတ်တော့ပါ။ သို့သော် အကျွန်ုပ် သူ့အတွက် လျှောက်လွှာ တင်ပေးခဲ့ သော အလုပ်ကို ရရှိပြီးနောက် မ သည် လူဝင်မှု ဌာန သို့ အလုပ် ပြောင်းလာပါသည်။

ထိုအချိန်တွင် အကျွန်ုပ်တို့ တရားစွဲ ဌာနသည် လည်း အပုပ်နံ့ ထွက်လျက် နာမည်ပျက်စ ပြုနေလေပြီ။ မကြာမီ အကျွန်ုပ်အား နယ်သို့ ပြောင်းရွှေ့သည့် အမိန့် စာ ထွက်လာပါသည်။

အကျွန်ုပ် အဖို့ ထပ်မံ စွန့်လွှတ်ရမည့် ကိစ္စတစ်ခု ပေါ်လာပြန်ပြီ။ ယခုမူ အကျွန်ုပ်သည် အလုပ် တစ်ဖက် နှင့် ပညာ သင်လာခဲ့သည်မှာ ဘီအေ နောက်ဆုံးနှစ် သို့ပင် ရောက်ရှိလာပြီ ဖြစ်၏။ ရန်ကုန်မှာ မနေဘဲ အလုပ်ကို ငဲ့ပြီး နယ်သို့ ပြောင်းရွှေ့လိုက်လျှင် ပညာ တစ်ပိုင်းတစ်စ ဖြစ်တော့မည်။ အလုပ်က ချက်ချင်း ထွက်လိုက်လျှင် တစ်ကိုယ်ရေ တစ်ကာယ မဟုတ်တော့ သော အကျွန်ုပ်အဖို့ ဝင်ငွေမဲ့ အခက်ကြုံ ပေတော့မည်။ အလုပ်က မထွက်ဘဲ နယ်သို့ ပြောင်းပြန်လျှင်လည်း ပညာရေး အခက်ကြုံရ ပေတော့မည်။

အကျွန်ုပ်၏ အခြေအနေသည် စာမှာ သင်ခဲ့ရ သော အာရစ္စတိုတယ်၏ နှစ်ဖက် ငြိစွန်းသော ဆင်ခြေ 'ဒိုင်လဲမာ' မျိုး ဖြစ်နေလေတော့၏။ ရှေ့ တိုး လည်း ထမ်းပိုး နောက်ဆုတ်လည်း လှည်းတုတ် ဆိုသော ဘေး ကျပ် နံကျပ် အခြေအနေသည် နှစ်စွန်းထွက် **(Dilemma)** ပင် ဖြစ်လေသည်။

ထိုအခါမျိုး၌ အစွန်း တစ်ဖက်ကို လွတ်အောင် ရှောင်မှသာ လွတ်မြောက် နိုင်ပါသည်။ အကျွန်ုပ် အဖို့ 'အလုပ် (ဝါ) ရာထူး' ကို စွန့်ရန်မှ တစ်ပါး တခြား ရွေးရန် လမ်း မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## ၅။ ဘဝ သစ္စာ ရှာပုံတော်

စွန့်သင့်သော အခါ အရာရာကို စွန့်လွှတ်ဖို့ ဝန်မလေးသူ အား အခက်အခဲ ဟူသည် ယာယီသာ ဖြစ်ပေလိမ့်မည်။ ကံ ယုံ၍ ဆူးပုံကို မနင်းသာ ဆိုသော်လည်း မလွှဲသာ၍ နင်းမှ ဖြစ်မည့် အခြေအနေသို့ ရောက်ပြီ ဖြစ်လျှင်ကား ဆူးပုံကို နင်းခြင်း၌ သတ္တိ မနည်းသင့်။

ဘဝမှာ ဘေးကျပ် နံကျပ် အခြေအနေတွေ များ စွာ ရှိလေသည်။ နောက်မှာ ကျားရှိသည်။ ရှေ့မှာ ရေစီး သန်သော ချောင်းရှိသည်။ အလယ်မှာ ဆူးချုံ ရှိသည်။ ထိုအခါမျိုး၌ ဆူးချုံကို မတိုးဘဲ ကျားကိုကိုက်ခံသော သူ ကို လောကက ချီးမွမ်းပါမည်လား။ စွန့်လွှတ်ခြင်းသည် ဘဝကို အ ချည်း နှီး ဖြစ်အောင် ပြုခြင်း မဟုတ်ဟု သဘောပေါက် နားလည်နိုင်လျှင် ယာယီ အနစ်နာခံ ခြင်း၌ ဝန်လေးစရာ ဘာလိုသနည်း။

အကျွန်ုပ် အဖို့ ရာထူး ဝင်ငွေတို့ကို စွန့်လိုက်ရ ခြင်းကို ယာယီ စွန့်ခြင်းဟု နားလည်နိုင်သော်လည်း မနှင့် ကွေကွင်းခြင်းကိုကား ယာယီ စွန့်ခြင်း ဟု နား မလည်နိုင်ချေ။

မကို စွန့်လွှတ် ရခြင်းသည် အသည်းနှလုံးကို စွန့်လွှတ်ရခြင်း ဟူ၍သာ အကျွန်ုပ် တစ်သက်လုံး နား လည်လျက် ရှိလေသည်။ ပြန်လည်၍ ရင်းစား မရနိုင် တော့သည့် ဆုံးရှုံးမှုပါပဲ။ သို့သော် ဤ စွန့်လွှတ်ခြင်း သည်လည်း အချည်းနှီးသော စွန့်လွှတ်ခြင်း မဟုတ်ပါချေ။

မ သင်ကြား ပေးခဲ့သော စကား တစ်ခွန်း ရှိလေ သည်။

'ဦးနှောက်ကို နှလုံးသားက မကြီးစိုးစေသင့်ဘူး' ဆိုသော စကား ဖြစ်သည်။ အကျွန်ုပ်ကို အစဉ်သဖြင့် ဘဝ လမ်းညွှန် ပြုသော စကား တစ်ခွန်း ဖြစ်ခဲ့ပါ၏။ မနှင့် ကွေကွင်းရခြင်း အတွက် အကျွန်ုပ်မှာ အသည်းနှလုံး ဆုံးရှုံး (ကင်းမဲ့) သွားပြီ ဖြစ်သော်လည်း ထက်မြက်သော ဦးနှောက် ကျန်ရှိနေပါသည်။ မျက်စိ မမြင်သော သူသည် နားအကြား သန်သကဲ့သို့ အသည်းနှလုံး ဆုံးရှုံးပြီးသော အခါ အကျွန်ုပ်၏ ဦးနှောက်သည် ပို၍ ရှင်သန် ထက် မြက် လာသည်ဟု ထင်ပါသည်။ ထိုဦးနှောက်ထဲတွင် မကို အစဉ် ကျေးဇူးဖြင့် ဖွဲ့နှောင်သော အချစ်ကို သိမ်း ဆည်းထားလျက်ပင် ရှိသည်ဟုလည်း အကျွန်ုပ် ယုံကြည် ထားပါသည်။

ခက်ခဲသော ဘဝကို ရင်ဆိုင် ရသူတိုင်းမှာ သတ္တိ ရှိတတ်ကြပါသည်။ သို့သော် ထိုသတ္တိသည် ရုပ်သတ္တိ (Physical Courage) မျိုးတော့ မဟုတ်ချေ။ စိတ်သတ္တိ (Mental Courage) မျိုးသာ ဖြစ်ထိုက်ပါသည်။ ဖြစ် လည်း ဖြစ်တတ်ပါသည်။ ရုပ်သတ္တိ သဘောမှာ ဉာဏ် အမြင် ကင်းသော မိုက်ရူးရဲ သဘောသာ ဖြစ်သည်ဟု ပညာရှိတို့ ယူဆကြလေသည်။ စိတ်သတ္တိမှာ ပိုင်းခြား ဝေဖန်ခြင်း သဘော ပါရှိပါသည်။

ထိုအချိန်အခါထိ အကျွန်ုပ်သည် ကံ ကံ၏ အကျိုး ဆိုသော စကားကို ကြားသာ ကြားဖူးပြီး ဘာမှန်း မသိ ပါ။ ကံ၏ အကျိုးပေး သဘောကို လုံးဝ နားမလည်ပါ။ လုပ်လျှင် ဖြစ်သည်ပဲ ထင်နေခဲ့ပါသည်။ သို့သော် လက် တွေ့တွင် ဖြစ်ချင်၍ လုပ်သည်က တခြား၊ လုပ်၍ ဖြစ် လာသည်က တခြား ဖြစ်သည်ကို မြင်တွေ့ရုံမျှ မက ပက်ပင်း ကြုံရသောအခါ များစွာ အံ့သြရလေတော့သည်။

ဖြစ်ပုံမှာ ဤသို့ ဖြစ်ပါသည်။

ငယ်စဉ် ဆယ်တန်း မအောင်မီက မိခင်သည် အကျွန်ုပ်အား 'ဆယ်တန်း အောင်လျှင် ကျောင်းဆရာ လုပ်ပါ သားရယ်' ဟု ပြောဖူးလေသည်။ ထိုအခါက အကျွန်ုပ်သည် မိမိ စိတ်ထဲ ရှိသည့် အတိုင်း ရဲရဲဝံ့ဝံ့ ပြောချခဲ့ဖူး လေသည်။

'မေမေ့ကို သား တစ်ခု ပြောမယ်နော်၊ သား ဒီတစ်သက် ပုလိပ် (ရဲ) နှင့် ကျောင်းဆရာ ဘယ်အခါမှ မလုပ်ဘူး'

ဤစကားသည် အကျွန်ုပ် ဘဝတွင် နှုတ်ကျွံသော စကား ဖြစ်ခဲ့ရလေသည်။ ဘီအေ နောက်ဆုံးနှစ်တွင် အစိုးရ အလုပ် (ရာထူး) ကို စွန့်ခဲ့ ရပြီးသည့် နောက် ပိုင်းတွင် အကျွန်ုပ်သည် အလွန် မနှစ်သက်ခဲ့ဖူးသော ကျောင်းဆရာ ဘဝသို့သာ တန်းတန်းမတ်မတ် ရောက် သွားခဲ့ရလေသည်။ အတိတ်ကံသည် မျက်မှောက်တွင် ဘယ်သို့ အကျိုးပေးတတ် ပါသနည်း။ ထိုသဘောကို အကျွန်ုပ် လုံးဝ နားမလည်ချေ။

www.burmeseclassic.com



ဖြစ်ပုံမှာ ဤသို့ ဖြစ်ပါသည်။

တစ်နေ့သ၌ အကျွန်ုပ် ဌာနမှ အထက်တန်းစာရေးကြီး ဖြစ်သူ ဦးကံညွန့် (ယခု ဗဟန်း အထက ၂၊ ယခင် နန်ရန် အထက်တန်းကျောင်း အထက်တန်းပြ ဆရာ) က အကျွန်ုပ်အား ဗလစ က ဖွင့်ထားသော ကျောင်းတွင် ဆရာ တစ်ဦး လိုနေ၍ စာပြ ပေးရန် တိုက်တွန်းလေသည်။ ပြရမည့် ဘာသာရပ်မှာ ကမ္ဘာ သမိုင်း ဘာသာရပ် ဖြစ်ပြီး ပြရမည့် အတန်းမှာ ဥပစာတန်း အပိုင်း (က) ဖြစ်လေသည်။

သမိုင်း ဘာသာရပ်သည် အကျွန်ုပ် ယူထားသော အဓိက ဘာသာတွဲမှ ဘာသာရပ် တစ်ခုလည်း ဖြစ်၍ ထိုဘာသာရပ်ကိုလည်း အကျွန်ုပ်က အထိုက်အလျောက် စိတ်ဝင်စားသဖြင့် ကိုကံညွန့်၏ တိုက်တွန်းချက်ကို လက်ခံ လိုက်ပါသည်။ လက်ခံသည် ဆိုသော်လည်း ခြွင်းချက်တော့ ထားခဲ့လေသည်။ ထိုခြွင်းချက်မှာ မိမိ အနေနှင့် စာပြဖူးသော အတွေ့အကြုံ မရှိသေး၍ ပြကြည့်ပါမည်၊ အဆင်ပြေလျှင်လည်း ဆက်ပြမည် ဟူ၍ ဖြစ်ပါသည်။

ဗလစတွင် ဖွင့် ထား သော အလွတ် ပညာသင် ကျောင်းသည် ဆရာ ဦးပြည်သိမ်းနှင့် သိုင်းဆရာကြီး ဦးချစ်သန်းတို့ ဦးစီး၍ ဖွင့်လှစ်သော ကျောင်း ဖြစ်လေသည်။ ထိုကျောင်းတွင် ဆရာ ဦးကံညွန့်လည်း စာပြလျက် ရှိ၏။ ပထမနေ့ ဥပစာတန်း အပိုင်း (က) ကို စတင်၍ သမိုင်း ဘာ သာ ရပ် သင်ပြ နေစဉ်မှာပင် အကျွန်ုပ်၏ ဦးနှောက်ထဲသို့ ဘယ်က ဟာသဉာဏ်တွေ ဝင်လာမှန်း မသိပါ၊ စာသင်သားများ အားလုံး ရယ်ရှင်မဆုံး ဖြစ်လျက် ပျော်ရွှင်စွာ စာသင်ကြား ကြရလေသည်။ ဤသို့ ကြိုတင် စီမံထားခြင်း မရှိဘဲ သူ့အလိုလို နှစ်သက်ဖွယ် ဖြစ်အောင် ဖန်တီးနိုင်ခြင်းကို လမိုင်း ကပ်သည်ဟု ဆိုနိုင်မည် ထင်ပါသည်။

ထိုအခါမှ စ၍ စာသင်ကြားရခြင်းသည် အကျွန်ုပ် အဖို့ စိတ်ဝင်စားစရာ လုပ်ငန်း တစ်ရပ် ဖြစ်ခဲ့ရလေသည်။ အလုပ်မှ ထွက်လိုက် ပြီးသောအခါ အကျွန်ုပ် အဖို့ ဆရာ အလုပ်ကို ဆက်လုပ်ဖို့ ဘဝက တိုက်တွန်း ထားပြီး ဖြစ်နေ လေတော့သည်။

မိမိ ရင်ထဲမှာ နှလုံး သည်းပွတ်တို့ မရှိတော့သည့် အခါ လွမ်းနေဖို့လည်း အခွင့်အရေး မရှိတော့။ အချစ် အလွမ်း ကင်းသော ဘဝက အလိုလို လက်တွေ့ ဆန်လာ လေသည်။

ဘဝသည် အိပ်မက် မဟုတ်မှန်းလည်း စ၍ သိလာပါသည်။ ဝင်ငွေ နည်းပါးခြင်း အခက်အခဲသည် မိသားစု စားဝတ်နေရေးကို ထိခိုက်လျက် ရှိလေသည်။ တစ်ဖက်မှ စာပြခြင်းဖြင့် ဝင်ငွေကို ရှာဖို့ ကြိုးစားရသည်။ တစ်ဖက်ကလည်း စာရေးချင်သော စိတ် ပြင်းထန် လာလေသည်။

အင်းစိန်တွင် စာသမား ကိုဘလှိုင် (အထောက်တော် အယ်ဒီတာ၊ အထက်တန်းပြ ဆရာ၊ ကွယ်လွန်) နှင့် ခင်မင်ကြပြီးနောက် သူနှင့် အကျွန်ုပ်တို့မှာ ချစ်ခင်လေးစားကြသော စာပေ မိတ်ဆွေများ ဖြစ်သွားကြလေသည်။ သူ့ကို အကြောင်းပြု၍ ဒုတိယ ခင်မင် လေးစားရသူမှာ အထောက်တော် လှအောင် ဖြစ်လေသည်။

အကျွန်ုပ်တို့ သုံးဦးသည် အားလပ်သည့် စနေ၊ တနင်္ဂနွေနေ့တိုင်း အထောက်တော် လှအောင်နှင့် ဒေါ်ကြည်ကြည်မြင့်တို့ အိမ်တွင် စာအကြောင်း၊ အတွေးအခေါ် အကြောင်းများကို စားရင်း သောက်ရင်း ငြင်းကြခုံကြလေသည်။ အကျွန်ုပ်အား စာ ရေး ဖြစ် အောင် စာပေနယ်ထဲသို့ ခြေချမိအောင် ဆွဲယူ ခေါ်ငင်သွားသူသည် စာရေးဆရာ အထောက်တော် လှအောင်ပင် ဖြစ်လေသည်။

ထိုအချိန်သည် ဝတ္ထု တစ်ကျပ်တန် ပြား ခြောက်ဆယ်တန်များ စတင် ထုတ်ဝေစအခါ ဖြစ်၏။ အကျွန်ုပ်လည်း စိတ်ကူးယဉ် ဝတ္ထုများကို ရေးသား ခဲ့လေ၏။ အထောက်တော် လှအောင်၏ ဆက်သွယ် ပေးမှုဖြင့် အကျွန်ုပ်သည် စာပန်းချီ ဦးချစ်ဆွေနှင့် ခင်မင် လာရလေသည်။ စာပန်းချီ ဦးချစ်ဆွေမှာ စာရေးဆရာ မောင်မောင်ပြုံး၏ ဖခင် ဖြစ်၏။ သူ့တိုက်က ပထမဆုံးအကြိမ် အကျွန်ုပ်၏ စိတ်ကူးယဉ် ဝတ္ထုတစ်ပုဒ်ကို ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

ကျန်ရှိ နေသေးသော ဘီအေ (နောက်ဆုံးနှစ်) ကို အကျွန်ုပ်သည် ရန်ကုန် တက္ကသိုလ်တွင် နေ့ကျောင်းသား အဖြစ် တက်ရောက် သင်ကြား ရလေသည်။ ထိုသို့ တက်ရောက် သင်ကြားနိုင်စေရန် ကောင်းမွန်သော အခြေအနေများ ဖန်တီး ဖြစ်ပေါ် လာပါသည်။

ဗလစ ကျောင်းသား တပည့် ဖြစ်သူ မောင်ကျော်မြင့် (အင်းစိန်) က နိုင်ငံရေး သိပ္ပံပညာ ဆရာ ဦးကျော်သူ (ကွယ်လွန်) နှင့် ဆက်သွယ် ပေးခဲ့ လေသည်။ သူ့ ကို အကြောင်းပြုပြီး အကျွန်ုပ်လည်း ဦးလှဖေဝင်း တက္ကသိုလ် (အလွတ် ပညာသင်) ကျောင်းသို့

www.burmeseclassic.com



ရောက်ခဲ့ရ ပြန်လေသည်။

ဤတစ်ကြိမ်တွင်မူ အကျွန်ုပ်၏ ဝင်ငွေမှာ လုံးဝ မမျှော်မှန်းနိုင်သည့် အဆင့်သို့ ရောက်ရှိသွားလေသည်။ ဦးကျော်သူနှင့် တွဲ၍ စာပြသော သင်တန်းနှင့် ဦးလှ ဖေဝင်း ကျောင်းက ရသော နှစ်ရပ်ပေါင်း ဝင်ငွေမှာ နှစ်ထောင့် လေးရာ ရှိလေတော့၏။

ကံအားလျော်စွာ ဘီအေ နောက် ဆုံး နှစ် နေ့ကျောင်းသား ဖြစ်ရသော အကျွန်ုပ်မှာ ငွေရေး ကြေးရေး မပူမပင် ရတော့သည့် အတွက် စာဘက်တွင် ထူးချွန်အောင် အားထုတ်ဖို့ ဆုံးဖြတ် လိုက်နိုင်ပါသည်။

အကျွန်ုပ် စိတ်ဝင်စားဆုံးမှာ ဖီလိုဆိုဖီ ဖြစ်၏။ ထိုကာလတွင် ဖီလိုဆိုဖီ ဌာနသည်လည်း အဖွံ့ဖြိုးဆုံး အစည်ကားဆုံး အချိန် ဖြစ်၍ နေလေသည်။

ပါမောက္ခမှာ ဆရာ ကေ၊ အင်၊ ကား ဖြစ်လေသည်။ ဆရာ ကေအင်ကားသည် ထူးချွန်သော ပညာရှင် တစ်ဦး ဖြစ်လေသည်။ လောဂျစ် (ယုတ္တိဗေဒ) နှင့် အက်သစ် (Ethics) ခေါ် ကိုယ်ကျင့်ပညာ စာအုပ်များကို ရေးသားခဲ့သူ ဖြစ်လေသည်။ ကမ္ဘာ့ ဖီလိုဆိုဖီ ညီလာခံများတွင်လည်း တက်ရောက်ပြီး စာတမ်းများ ဖတ်ကြားခဲ့သူ ကမ္ဘာသိ ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်၏။

ထိုအချိန်တွင် ကထိက ဒေါက်တာ ခင်မောင်ဝင်း (ပညာရေး ဝန်ကြီးဟောင်း ) ကလည်း ယေး တက္ကသိုလ်မှ ပြန်ရောက်ပြီးစ သူ၏ ဖီလိုဆိုဖီ သင်တန်းများတွင် ကျောင်းသူ ကျောင်းသားများ တိုးဝှေ့တက်ဆဲ အခါ ဖြစ် လေ သည်။ အကျွန်ုပ် ရန်ကုန် တက္ကသိုလ်သို့ ရောက်၍ မကြာမီပင် ဆရာမကြီး ဒေါ်ခင်ဆက်ရည် (ကွယ်လွန်) လည်း ယေး တက္ကသိုလ်မှ ပြန်ရောက် လာခဲ့လေသည်။ ဒေါ်ခင်ဆက်ရည်ကား အလွန် အင်္ဂလိပ် စကားပြော ကောင်း၏။ သူ့ အတန်းပြင်ဘက်က နားထောင် နေလျှင် စာပြနေသူသည် မြန်မာ အမျိုးသမီး မဟုတ်၊ တကယ့် အင်္ဂလိပ် အမေရိကန် အမျိုးသမီး (ဆရာမ) တစ်ဦးလား မှတ်ထင်ရသည်။

ဘီအေ နောက်ဆုံးနှစ်တွင် ဆရာ ဦးခင်မောင်ဝင်းက အတွေးအခေါ် သမိုင်း (အနောက်တိုင်း) ကို ပြသည်။ ဆရာ ဦးခင်မောင်ဒင် (ယခု ပါမောက္ခ) က ကိုယ်ကျင့် ပညာကို ပြသည်။ ဆရာမ ဒေါ်ခင်ဆက်ရည် က ဒဿန သီဝရီများကို ပြသည်။ ဆရာကား က အရှေ့တိုင်း ဒဿနများကို ပြသလေသည်။

အရှေ့တိုင်း၊ အနောက်တိုင်း အတွေး အခေါ် အစုံကို သိမြင် နားလည် လာသည်မှ စ၍ အကျွန်ုပ်သည် စိတ်ပြောင်းလဲ သွားလေတော့၏။

ရှေးက ဒဿန ပညာရှင်ကြီးတို့သည် လောက၏ သစ္စာ၊ ဘဝ၏ သစ္စာကို ရှာခဲ့ ကြဖူးလေသည်။ ထိုသို့ ရှာဖွေရင်းဖြင့် ယခုခေတ် လူသားတို့ ဘဝ အတွက် သိပ္ပံ ပညာ မျိုးစုံ၊ ကိုယ်ကျင့်တရား ပညာ မျိုးစုံကိုလည်း စူးစမ်း ဖော်ထုတ် ပေးခဲ့ကြလေသည်။

အကျွန်ုပ်လည်း ထိုဖီလိုဆိုဖာ တစ်ဦးချင်း၏ အားထုတ်မှုများကို သိနားလည်အောင် ကြိုးစားဖို့ ဆုံးဖြတ်လိုက်သည့်ပြင် ကံအားလျော်စွာ စိတ်ကူးထဲပင် မထည့်နိုင်ဘဲ ရရှိခဲ့သော တက္ကသိုလ် နေ့ကျောင်းသား ဘဝကို ထူးထူးခြားခြား အကျိုး ရှိအောင် လုပ်ဖို့ကိုလည်း ဆုံးဖြတ် လိုက်လေတော့၏။

အကျွန်ုပ် ကျောင်းသို့ ရောက်စတွင် ဆရာ ဒေါက်တာ ခင်မောင်ဝင်းသည် အာရစ္စတိုတယ်၏ အတွေးအမြင်များကို စတင် သင်ကြားနေပြီ ဖြစ်လေသည်။

အာရစ္စတိုတယ် အကြောင်းကို အကျွန်ုပ်သည် ယခင် သက်ကြီး တက္ကသိုလ်မှာ ပညာ သင်စဉ်ကပင် ဆရာ ဦးဖေအောင်၏ သင်ကြားချက်များ၌ အထိုက်အလျောက် သိခဲ့ပြီး ဖြစ်ရာ သူ့အပေါ် ကြည်ညိုရင်းစွဲ ရှိပြီးသား ဖြစ်နေ လေတော့၏။

ကမ္ဘာ့ အတွေးအခေါ် သမိုင်းတွင် အာရစ္စတိုတယ်ကား အကြီးကျယ်ဆုံး ဖီလိုဆိုဖာ ဖြစ်၍ သူ့ လို လူ တစ်ဦး နောက်တစ်ကြိမ် ပေါ်ပေါက်ဖို့ အတွက် အနှစ်နှစ်ထောင်ကျော် ကြာခဲ့သည်ဟု ဘာထရန် ရပ်ဆယ်က သူ၏ အနောက်တိုင်း အတွေးအမြင်ကျမ်းတွင် ရေးသားခဲ့ရသူ ဖြစ်၏။

အာရစ္စတိုတယ်သည် ဖီလိုဆိုဖီ ပညာရပ်ကို ကျမ်းပြု ပါမောက္ခ တစ်ဦး ရေးသား စီရင်သကဲ့သို့ စနစ်တကျ စီရင်နိုင်သူ ဖြစ်သည် ဟု လည်း ရပ်ဆယ်က ချီးကျူး ရသူ ဖြစ်၏။

ပလေတိုး၏ အတွေး အမြင်များတွင် ကာလ အတန်ကြာအောင် နစ်မြုပ်ပြီး နားလည်အောင် အားထုတ် ခဲ့မိပြီ ဖြစ်သောအခါ အကျွန်ုပ်သည် မက်တာဖစ်ဇစ် (Meta Physics) ဆိုသော သဘောတရား တစ်ရပ်ကို သေသေချာချာ သဘော ပေါက်ခဲ့ပြီ ဖြစ်၏။

'ဖီလိုဆိုဖီ' ကို ပလေတိုးက အသိပညာကို မြတ်နိုးခြင်းဟု အဓိပ္ပာယ်ဖွင့်ခဲ့လေသည်။ ထိုဖီလိုဆိုဖီသည် လောက သဘာဝ နှင့် လူ့သဘာဝ၏ အမှန် (သစ္စာ)

www.burmeseclassic.com



ကို စူးစမ်းသော သိပ္ပံ (အတတ်) ပင် ဖြစ်၏။ ကမ္ဘာ့ အတွေးအမြင် သမိုင်းတွင် ပိုက်သဂိုရပ် (Pythagoras) က စ၍ ထိုဝေါဟာရကို သုံးခဲ့သည် ဆို၏။ ဖီလိုဆိုဖီ သည် မျက်မှောက် ကမ္ဘာတွင် ဖြစ်ထွန်း ခဲ့ပြီးသော သိပ္ပံ ပညာရပ် အားလုံး၏ စတင် မွေးဖွားရာ သိပ္ပံတို့၏ မိခင်ကြီးလည်း ဖြစ်၏။ ရပ်ဆယ်ကမူ ဖီလိုဆိုဖီသည် ဖန်ဆင်းရှင် အတွေးအမြင် (Theology) နှင့် သိပ္ပံပညာ ကြား၌ ပေါင်းကူးပေးသော ဆက်သွယ်ရေး ကိရိယာ ဖြစ်သည်ဟုလည်း ဆိုလေသည်။

လူတို့သည် ခေတ် အဆက်ဆက်တွင် ဤမည် သော အတွေးများကို တွေးခဲ့ကြလေသည်။ ဤမည်သော မေးခွန်း (ပုစ္ဆာ) များကိုလည်း မေးခဲ့ ကြလေသည်။ ထို မေးခွန်းများကား ဤသို့ ဖြစ်လေသည်။

ဤလောကသည် ရုပ်တရား နာမ်တရားတို့ဖြင့် ပိုင်းခြားအပ်သော လောက ဖြစ်သလား။

အကယ်၍ ထိုသို့ ပိုင်းခြားအပ်သော လောက ဖြစ်လျှင် ရုပ်တရား နာမ်တရား (ရုပ် နှင့် စိတ်) ဆို သည် အဘယ်နည်း။

စိတ်သည် ရုပ်ခန္ဓာပေါ်မှာ တည်မှီ နေရသလား။ စိတ်သည် ရုပ်၏ အစိုးရခြင်းကို ခံရသလား။ သို့ မဟုတ် သီးခြား တည်နေနိုင်သော သတ္တိ ရှိသလား။

ဤစကြဝဠာကြီးသည် တစ်စုံတစ်ခုသော ရည် ရွယ်ချက်ဖြင့် ဖြစ်တည် နေသလော။ ထိုစကြဝဠာ သည် တစ်စုံတစ်ခုသော ပန်းတိုင်ဆီသို့ ဖြစ် ပေါ် တိုးတက် နေသလော။

သဘာဝ တရားတွင် နိယာမ ဆိုသော အရာသည် အမှန်ပင် ရှိသလော။ သို့မဟုတ် လူသည် ပင်ကို အားဖြင့် အစီအစဉ် ကျမှုကို နှစ်သက်သော ဗီဇဉာဏ် ပါလာသောကြောင့်ပင် သဘာဝ တရားမှာ နိယာမ (အစီအစဉ် သတ်မှတ်ချက် နည်းလမ်း) ရှိသည်ဟု လူတွေက ထင်နေခြင်းပဲလား။

လူသားသည် နက္ခတ္တ ပညာရှင်များ ယူဆ သကဲ့သို့ သေးငယ်၍ အရေး မပါသော ဂြိုဟ်ငယ် တစ်လုံးပေါ်မှာ အစွမ်းသတ္တိ မဲ့စွာ တွား၍ သွားလာ လှုပ်ရှား နေရသော ယုတ်ညံ့သော ကာဗွန်ဓာတ် ရေဓာတ်တို့ဖြင့် ဖွဲ့စည်းထားသော အစုအခဲ တစ်ခု လား။

ဤလောကတွင် မြတ်သော အမူအကျင့် (နေ ထိုင် ဆက်ဆံရေး နည်းလမ်း) ဟူ၍ လည်းကောင်း၊ ယုတ်သော အမူအကျင့် ဟူ၍ လည်းကောင်း ရှိပါ သလော။ သို့တည်းမဟုတ် ဤလောက၌ အသက် ရှင်လျက် နေရခြင်းသည် အချည်းနှီး အကျိုးမဲ့ ဖြစ် သလော။

အကယ်စင်စစ် မြတ်သော အသက် ရှင်ရေး နည်းလမ်း ရှိသည် ဖြစ်အံ့၊ ထို နည်းလမ်းသည် မည်သည့် ကိစ္စတွင် အပါအဝင် ဖြစ်သနည်း။ ထို ကိစ္စ ပြီးမြောက်အောင် မည်သို့ ပြုအပ်ပါသနည်း။

ကောင်းမှု (ကုသိုလ်) ဟူသည် တန်ဖိုး ထား ထိုက်သော ထာဝရ သဘော ဖြစ်သလော။

လောကကြီး တစ်ခုလုံးသည် သေခြင်း တရား ဆီသို့ (တောင်းပန် တားဆီးခြင်းငှာ မတတ်သာဘဲ) ရွေ့လျားနေသည်ကို သိလျက် ထိုလောက၌ အမြတ် တရား ကောင်းမှုကို ရှာဖွေထိုက်သလား။

ဤလောက၌ အသိပညာ Wisdom (ဝိဇ္ဇာ) ဟူ သည် အမှန် ရှိသလား။ ထို အသိပညာဟု ထင်ရ သော အရာသည် စင်စစ် မိုက်မဲခြင်း (အဝိဇ္ဇာ) ကိုပင် ယဉ်ကျေးဖွယ်ရာ ပြောဆိုနေကြသော စကား မျိုး ဖြစ်လေသလား။

ထို မေးခွန်းများ၏ အဖြေကို မည်သည့် သိပ္ပံ ဓာတ်ခွဲခန်းတွင်မှ ထုတ်ယူ၍ ရနိုင်မည် မဟုတ်ချေ။

ရှေးကမူ ဖန်ဆင်းရှင် ကိုးကွယ်သော အယူဝါဒ များက အထက်ပါ မေးခွန်းများကို တိကျသော အဖြေ များစွာ ပေးခဲ့ ကြပါသည်။ သို့ရာတွင် ထိုတိကျသော အဖြေများကိုပင် ခေတ်သစ် လူသားများ၏ စိတ်တွင် များစွာ ဒွိဟ သံသယ ဖြစ်ကြရလေသည်။

ထိုမေးခွန်းများကို အဖြေပေးခြင်းမျိုး မဟုတ်ဘဲ ထိုသဘော အသီးသီးကို သဘောပေါက် နားလည်အောင် လေ့လာခြင်းသည် ဖီလိုဆိုဖီ၏ အလုပ် ဖြစ်တော့သည်* ဟု ဘာထရန်ရပ်ဆယ်က ဆိုလေသည်။ ထို့ပြင်

'လူမျိုး တစ်မျိုး ခေတ် တစ်ခေတ်ကို နားလည် ရန်မှာ ထိုခေတ် ထိုလူမျိုး၏ ဖီလိုဆိုဖီ (အတွေးအမြင်) ကို နားလည် ကြရပေလိမ့်မည်၊ ထို ဖီလိုဆိုဖီကို နား လည်ရန်မှာလည်း မိမိတို့ ကိုယ်တိုင်က ဖီလိုဆိုဖာ (အထိုက် အလျောက်) ဖြစ်နေဖို့ လိုသေး၏၊ လူ့ ပတ် ဝန်းကျင်က လူ့အတွေးအမြင်ကို ဖြစ်ပေါ်အောင် ဖန်တီး ပေးသည်၊ ထို့အတူ သူတို့၏ အတွေးအမြင်က သူတို့၏

--------------

* *A History of Western Philosophy, xiv*

www.burmeseclassic.com



ခေတ်ကို ပို၍ပင် ဖန်တီး တတ်သေးသည်' ဟုလည်း ရပ်ဆယ်က မှတ်ချက်ချ လေသည်။

စင်စစ် ရှေးက ဖီလိုဆိုဖီတို့သည် အထက်က ဖော်ပြခဲ့သော ပုစ္ဆာများကို လေ့လာ စူးစမ်းရင်းက ထို ပုစ္ဆာများ၏ အဖြေကို ပေးဖို့လည်း ကြိုးစား ခဲ့ကြလေသည်။ ထိုပညာတို့ကား သဘာဝ ရုပ်လောကလွန် ပုစ္ဆာများလည်း ဖြစ်ကြလေရာ ထိုသဘာဝ ရုပ်လွန်ပုစ္ဆာများကို စူးစမ်းသော သဘောကိုပင် 'မက်တာဖစ်ဇစ်' ဟု ခေါ်ခြင်းလည်း ဖြစ်လေသည်။ ဖီလိုဆိုဖီသည်ပင် ရှေးက မက်တာဖစ်ဇစ် ဖြစ်ခဲ့လေသည်။

အာရစ္စတိုတယ်၏ မက်တာဖစ်ဇစ်သည် သူ့ဆရာ ပလေတိုး၏ အတွေး အမြင်ကို အခြေခံ၍ ဖြစ်ပေါ်ခဲ့လေသည်။ ပလေတိုးက သူ့ အတွေးအခေါ်များတွင် ပရမတ္ထ သစ္စာနယ် ဖြစ်သော ဝိညာဏ လောကကြီး **(The World of Ideas)** တစ်ခု ရှိလေဟန်၊ ထိုလောကသည် ဤရုပ်ဝတ္ထု ပစ္စည်းများ တည်ရာ လောက၏ အလွန်တွင် ရှိလေဟန် ခွဲခြား ပြသွားသည်ကို အာရစ္စတိုတယ်က မှားသည်ဟု ရှုမြင် ခဲ့လေသည်။

ပရမတ္ထ တရားများသည် သမုတိ သစ္စာနယ်ထဲမှာပင် ရှိသည်ကို အာရစ္စတိုတယ်က ထုတ်ပြသည်။

ဤတွင် သူ့ ဆရာ ပလေတိုးက စိတ်ကူးထည် ဝိညာဏ သဘောများဟု ဆိုသော ထာဝရ·သစ္စာ ပရမတ် သဘောများကို အာရစ္စတိုတယ်က စကားလုံး ပြောင်းပြီး ခေါ်သည်။ သူက 'ပုံသဏ္ဍာန်' (Form) ဆိုသော စကားကို သုံးသည်။

အာရစ္စတိုတယ်သည် ပညတ် (သမုတိ) နယ်နှင့် ပရမတ်နယ်ကို ပိုင်းခြား ဝေဖန်ရာတွင် များစွာ နက်ရှိုင်း လာပြီကို တွေ့ရသည်။

အကျွန်ုပ်သည် အာရစ္စတိုတယ်၏ အတွေးအမြင်ကို ခွဲခြား သိနိုင်မှသာ လောကကို ရှုမြင်ရာတွင် အဘယ်ကား ပညတ်၊ အဘယ်ကား ပရမတ်ဟု ခွဲခြား တည်မည်ကို သဘောပေါက် လာလေသည်။ ပညတ်နှင့် ပရမတ်ကို နားလည်ခြင်းသည် အတုနှင့် အစစ် ခွဲခြား ရှုမြင်တတ်ခြင်း ဖြစ်သည်ဟုလည်း နားလည် လာတတ်ပြီ ဖြစ်၏။

ဤသို့ သိမြင်ခြင်းသည် အရေးပါသည်ဟုလည်း အကျွန်ုပ် စိတ်တွင် ထင်မိ၏။ အဘယ်ကြောင့် ဆိုသော် ဤလောကဝယ် အတုအယောင်နှင့် အစစ်အမှန် သဘောများ တည်ရှိနေသည် ဆိုသော အချက်ကို အကျွန်ုပ် နားလည် တတ်လာပြီ ဖြစ်သောကြောင့် ဖြစ်၏။ သို့သော် အစဉ်မှု လူတို့သည် အဘယ် အရာကို အတုအယောင် အဘယ်အရာကို အစစ်အမှန်ဟု ခွဲခြား တတ်သည်ကိုကား အကျွန်ုပ်၏ စိတ်တွင် မရှင်း မလင်း ဖြစ်ကာ ဝေဝါး နေလေသည်။

ရှေးကျသော ဂရိ ဒဿန ဆရာကြီးများသည် ဖောက်ပြန် ပြောင်းလဲ ဖြစ်ပျက်နေသော လောကကြီးကို ကြည့်ပြီး ထိုသို့ အတည်မရှိ ဖောက်ပြန်နေသော လောကကား အစစ်အမှန် လောက မဖြစ်တန်ရာ။ ထိုဖောက်ပြန် ပြောင်းလဲ ပျက်စီးတတ်သော သဘောတို့၏ အလွန်တွင် မဖောက်မပြန် မပြောင်းမလဲ အမြဲ တည်တံ့သော 'အတ္တ' သဘော တစ်ရပ်သည် ရှိတန်ရာ၏။ ရှိသော် ထိုသဘောသည် အဘယ်နည်း။

ထိုပရမတ် တရားကို ရှာခဲ့ ကြဖူးပြီ။ သူတို့ အဖြေတွေကလည်း အမျိုးမျိုးပင်။ စိတ်ကျေနပ်ဖွယ် တော့ မရှိခဲ့ကြ။

အာရစ္စတိုတယ်ကား အားထား လောက်သော ပညာရှင် ဖြစ်သည်ကို ငြင်း ဖွယ် မရှိချေ။ ထို့ကြောင့်လည်း ပုဂ္ဂိုလ်ခင် တရားမင် ဆိုသကဲ့သို့ အကျွန်ုပ်လည်း အာရစ္စတိုတယ်၏ အတွေးအမြင်များကို နားလည် သဘောပေါက်အောင် အားထုတ် လေတော့၏။

ဆရာ ဒေါက်တာ ခင်မောင်ဝင်း၏ စာသင်ပြပုံမှာလည်း ထူးခြားမှု ရှိသည်ဟု အကျွန်ုပ် ထင်မိလေသည်။ မည်မျှ ခက်ခဲ နက်နဲသော တရားကိုမဆို စာသင်သားတိုင်း နားလည်အောင် ဆရာသည် အလွယ်ပြုတတ်လေသည်။ အကျွန်ုပ်တို့အား အင်္ဂလိပ် ဘာသာစကားဖြင့် ပို့ချနေသော ဆရာ၏ လက်ချာများကို နားထောင် နေရသည်မှာ မြန်မာလို ပို့ချနေသလား ထင်ရလောက်အောင် တစ်လုံးမကျန် နားလည်နိုင်လေသည်။ ဆရာကား စကားပြော ကောင်းသော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်သည်။

အာရစ္စတိုတယ်၏ ဒဿနများကို ဆရာ ပို့ချစဉ် အကျွန်ုပ်မှာ စိတ်ဝင်စား၍ မကုန်နိုင်အောင် ရှိပါ၏။ စိတ်ဝင်စားရသည့် အကြောင်းမှာ ဆရာသည် ပညတ်နှင့် ပရမတ်တို့ ဆက်စပ်နေပုံကို အာရစ္စတိုတယ် သင်ကြားခဲ့သည့် အတိုင်း အတိမ်း အစောင်း မရှိ ပို့ချသည့်ပြင် အာရစ္စတိုတယ်၏ သီယိုလိုဂျီ ခေါ် ထာဝရ ဘုရားရှင် ဖန်ဆင်းသခင် အယူဝါဒကိုပါ ပို့ချသောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com



အာရစ္စတိုတယ်၏ ဖန်ဆင်းသခင် ထာဝရ ဘုရားရှင် (ဂေါ့ဒ်) အယူဝါဒကား အလွန် ထူး ခြား သည်ဟု အကျွန်ုပ် ထင်ပါ၏။ ထိုအယူဝါဒ အကြောင်းကို နောက်တွင် ဆိုပါမည်။ ယခု အာရစ္စတိုတယ်၏ ဖန်ဆင်းရှင် အယူဝါဒကို လမ်းခင်းသော ရှေ့ပိုင်း အယူအဆများ အကြောင်း ဆရာ ပို့ချပုံကို ဆိုပါဦးမည်။

ချိုမြသော ဆရာ၏ အသံများထဲတွင် နက်နဲလေးလံသော အတွေးအခေါ်များကို သယ်ပိုးလျက် ရှိလေသည်။

'ပထမ တပည့်တို့ နားလည်သင့်တဲ့ အချက်က အာရစ္စတိုတယ်ရဲ့ ဆရာ ပလေတိုးဟာ အာရုံသိလို့ ခေါ်တဲ့ တွေ့ကြုံသိကို လုံးဝ လက်မခံတဲ့ အချက် ဖြစ်တယ်။

'ဒါကို ရိုးရိုး စကားနှင့် ပြောရရင် ပလေတိုးက အာရုံ ခေါ်တဲ့ မြင်မှု၊ ကြားမှု၊ နံမှု၊ ထိတွေ့မှု၊ အရသာခံစားမှု ဆိုတဲ့ နည်းနှင့် လူတွေက လောကရဲ့ အဖြစ်အပျက်တွေကို သိဖို့ ကြိုးစားတယ်၊ မြင်ပြီး သိတယ်၊ ကြားလို့ သိတယ်၊ နံလို့ သိတယ် စသည်အားဖြင့် ထိတွေ့ သိမြင်တဲ့ သဘောကို ဆိုတာပါပဲ၊ အဲဒီလို သိပုံသိနည်းကို ဖီလိုဆိုဖီမှာ အာရုံသိ (Perception) လို့လည်း ခေါ်တယ်၊ တွေ့ကြုံသိ (Empirical Knowledge) လို့လည်း ခေါ်တယ်၊ အာရစ္စတိုတယ် မတိုင်ခင် ပလေတိုး မတိုင်ခင်တုန်းက ဂရိတိုင်းမှာ ဆိုဖီဆရာကြီးများ (Sophist) လို့ ခေါ်တဲ့ အတွေးအမြင် ဂိုဏ်း တစ်ဂိုဏ်း ပေါ်ပေါက် ခဲ့ဖူးတယ်၊ ဒီ ဆိုဖီ ဆရာကြီးတွေက လောကကို လူသားသည် အာရုံအားဖြင့် (ဝါ) အတွေ့အကြုံအားဖြင့် သိနိုင်တယ်၊ အဲဒီလို သိခြင်းသည်လည်း မှန်တယ်လို့ ဆိုခဲ့ကြတယ်၊ အချုပ်အားဖြင့်တော့ အတွေ့နှင့် သိတဲ့ အသိဟာ မှန်ကန်တဲ့ အသိပညာ ဖြစ်တယ်၊ တခြားနည်းနှင့် သိတဲ့ အသိပညာဟာ မမှန်ဘူးလို့ ဆိုဖီဆရာများက ဆိုချင်တာပဲ။

'ဒီပုဂ္ဂိုလ်တွေဟာ ဘာကြောင့် ဒီလို သဘောအယူ ရှိခဲ့ကြသလဲလို့ ဆိုတော့ သူတို့က လူကို အရာခပ်သိမ်းရဲ့ အတိုင်းအတာ ဖြစ်တယ် (Man is the measure of all things) လို့ ယုံကြည် ကြတာကိုး။

'ဒီမှာ ဘယ်လို ပြဿနာ ပေါ်လာသလဲ လို့ ဆိုတော့ လူဟာ အရာခပ်သိမ်းရဲ့ အတိုင်းအတာ ဆိုရင် သူလည်း လူပဲ၊ ငါလည်း လူပဲ၊ သူဟာ အရာခပ်သိမ်းရဲ့ အတိုင်းအတာ ဆိုရင် ငါလည်း အရာခပ်သိမ်းရဲ့ အတိုင်းအတာပဲ ဖြစ်ရမှာပေါ့၊ ဟုတ်ရဲ့လား တပည့်တို့'

'ဟုတ်ပါတယ် ဆရာ'

'ဟုတ်ရင် ပြဿနာ ပေါ်မှာပဲ၊ ဘယ်လို ပေါ်မလဲဆိုတော့ သူက သူသိတာ မှန်တယ် ဆိုရင် ငါလည်း ငါသိတာ မှန်တာပဲပေါ့၊ ဒီတော့ အမှန်တရား သစ္စာဆိုတာ ကိုယ်သိတဲ့ အတိုင်းပဲ ကိုယ့်မှာလည်း ကိုယ့်သစ္စာနှင့် ကိုယ်၊ သူ့မှာလည်း သူ့သစ္စာနှင့်သူ၊ သူတစ်လူ ငါတစ်မင်း ဖြစ်ကုန်ရောပေါ့၊ အမှန်တရား (သစ္စာ) ဆိုတာ ကိုယ် ထင်ရာ မှန်တာပဲ ဖြစ်ကုန်ရောပေါ့၊ မခက်ဘူးလား၊ သစ္စာတရား ဆိုတာ ပုဂ္ဂလဓိဋ္ဌာန် ဖြစ်ကုန်ရောပေါ့၊ ဒါဆို လူ့လောကမှာ ညီညွတ်တဲ့ တရား ဘယ်မှာ ရှိတော့မှာလဲ၊ လူတွေ အချင်းချင်း ကွဲပြားပြီး သတ်ပုတ်ကုန်ရောပေါ့၊ သူက မှန်တယ်၊ ငါက မှန်တယ်နှင့် အငြင်း ပွားကုန်ရောပေါ့၊ ဆိုဖီတွေရဲ့ ဒီအယူဝါဒသာ တကယ်တမ်း ခေတ်စားခဲ့ရင် လူ့လောကတောင် ပျက်စီး သွားနိုင်တယ်၊ လူ့ဘဝမှာ ငြိမ်းချမ်း သာယာမှု ဘယ်ရှိနိုင်တော့မှာလဲ၊ အမှန်မှာ ဖီလိုဆိုဖီ ဆိုတာက လူတွေရဲ့ အတွေးအမြင် ညီညွတ်မှုကို ရှာတဲ့ ပညာပဲ။

'ဒါကြောင့် ဆိုဖီတွေရဲ့ အ တွေး အ ခေါ် ကို ပလေတိုးက အလွန် ရှုတ်ချတယ်၊ သူ့ရဲ့ ဆိုဖီကျမ်း (Sophists) မှာ ပလေတိုးက ဆိုဖီ ဆရာတွေကို နာလည်း နာလောက်အောင်၊ သတိ တရားလည်း ရအောင်ဆိုပြီး သူတို့ရဲ့ အတွေးအခေါ် မှားယွင်းပုံ တစ်ခုကို နမူနာ အနေနှင့် ထုတ်ပြခဲ့တယ်၊ သူ့ဆင်ခြေက တော်တော်လည်း ရယ်စရာ ကောင်းတယ်၊ ဘယ်လိုလဲ ဆိုတော့ တစ်နေ့မှာ စလီစီပု ဆိုတဲ့ ရိုးသားတဲ့ လူတစ်ယောက်ကို ဆိုဖီဆရာ ဒိုင်အိုနီဆိုဒိုရု ဆိုသူက ဒီလို မေးတယ်၊ ဟိုလူကလည်း ရိုးတော့ သဘောရိုးနှင့် မေးတယ် ထင်ပြီး ဖြေတာပေါ့၊ ဒိုင်အိုနီဆိုဒိုရုက ဘယ်လို မေးသလဲ ဆိုတော့

' "မင်းပြောတော့ မင်းမှာ ခွေးတစ်ကောင် ရှိတယ်ဆို"

' "ဟုတ်တယ်၊ တော်တော် ဆိုးတဲ့ အကောင်ပဲဗျာ"

'စလီစီပုက ဖြေတယ်။

' "ပြီးတော့ အဲဒီ ခွေးမှာ သားကလေးတွေလည်း ရှိတယ် ဟုတ်လား"

' "ရှိတယ်၊ အဲဒီ ကောင်လေးတွေကလည်း သူ့လိုပဲဗျ ဆိုးတယ်"

' "ဒါဆို ဒီခွေးကြီးက ဒီကောင်လေးတွေရဲ့

www.burmeseclassic.com



အဖေပေါ့''

' ''ဟုတ်ပါဗျာ၊ ကျုပ် မျက်စိနှင့်ကို မြင်တယ်၊ အဲဒါ သူ့သားတွေမှ သူ့သားတွေ အစစ်၊ ခွေးကလေးတွေရဲ့ အမေ ခွေးမကြီးကလည်း သူ့အနားက မခွာဘူးဗျ''

' ''အဲဒီ ခွေးကြီးက ခင်ဗျား ခွေးတော့ မဟုတ်ဘူး ထင်ပဲ''

' ''အမှန် ပြောရရင်တော့ ကျုပ်တို့ ခွေးပဲဗျ''

' ''ဒါဆို ဒီခွေးဟာ အဖေလည်း ဖြစ်တယ်၊ ခင်ဗျားတို့ ခွေးချင်းလည်း ဖြစ်တယ် ဆိုတော့ရင် သူဟာ ခင်ဗျားရဲ့ အဖေပဲပေါ့၊ ခွေးကလေးတွေကလည်း ခင်ဗျားရဲ့ ညီတွေပဲပေါ့ နော်'' တဲ့။

'ဒီဆင်ခြေကို ကြည့်၊ ဆိုဖီ ဆရာတွေက သူတို့ သိတာ မှန်တယ် ဆိုပြီး မဟုတ်က ဟုတ်က ဆင်ခြေထုတ်ပုံကို ပလေးတိုးက လက်ညှိုး ထိုးပြတာ။

'ပလေးတိုးက ပရိတာဂိုရပ် ဆိုတဲ့ ဆိုဖီ ဆရာကြီး တီထွင်ခဲ့တဲ့ လူဟာ အရာခပ်သိမ်းရဲ့ အတိုင်းအတာ (စံ) ဖြစ်တယ် ဆိုတဲ့ သဘောကို ပုဂ္ဂလဓိဋ္ဌာန် စံအဖြစ် သတ်မှတ်တယ်၊ ဒီတရားဟာ ဓမ္မဓိဋ္ဌာန် တရားအားလုံးကိုလည်း ဖျက်ဆီးတယ်လို့ မြင်တယ်၊ ဒီလို ဖြစ်ရတဲ့ အကြောင်းကိုလည်း ဒီအယူအဆ ပေါ်ပေါက် လာရတာဟာ အသိပညာကို လှည့်ဖြားတတ်တဲ့ အာရုံ အပေါ်မှာ အခြေစိုက်ခဲ့မိလို့ပဲ လို့လည်း ပလေးတိုးက ယူဆတယ်၊ ဒီအထိ ရှင်းကြရဲ့လား တပည့်တို့'

'ရှင်းပါတယ် ဆရာ'

'ဒါဖြင့် ပလေးတိုးရဲ့ ဆင်ခြင်ဉာဏ်ပိုင်းကို သွားကြည့်ကြစို့၊ ပလေးတိုးကတော့ လောကရဲ့ သစ္စာတရားအဖြစ်မှန် သဘောတွေကို အာရုံအားဖြင့် မသိနိုင်ဘူး၊ ဆင်ခြင်တုံ တရား **(Reason)** ဆိုတဲ့ ဉာဏ်နှင့်သာ သိနိုင်တယ်၊ အာရုံနှင့် အသိဟာ ပုဂ္ဂလဓိဋ္ဌာန်ပဲ ဖြစ်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အာရုံက နက်ရှိုင်းတဲ့ တရားကိုယ်သဘောတွေကို မသိနိုင်ဘူး၊ ဥပမာ ဆိုပါတော့၊ အာရုံမှာ ထင်မြင်တာက နီတဲ့ အရာဝတ္ထု တစ်ခု၊ ဒါမှမဟုတ် နီတဲ့ အရာဝတ္ထု အများပဲ မြင်မယ်၊ တစ်လောကလုံးနှင့် ဆိုင်တဲ့ အနီရောင် **(Redness)** ဆိုတဲ့ တရားကိုယ်သဘော သက်သက်ကို မျက်စိက မမြင်နိုင်ဘူး၊ ဒါက ဉာဏ်ရဲ့ အလုပ် ဖြစ်သွားပြီ၊ အနီရဲ့ သဘောကို သိပြီးတဲ့ အခါ နောင် အတွေ့အကြုံမှာ ဒီလို အဆင်းကို မြင်တိုင်း အနီရောင် ရှိတဲ့ ပစ္စည်းပဲလို့ သတ်မှတ် နိုင်တယ်လေ။

'ဒီလိုပဲ မိန်းမဆိုတဲ့ ဣတ္ထိဘာဝ သက်သက်ကို မျက်စိက မမြင်နိုင်ဘူး၊ မျက်စိမှာ မိန်းကလေး တစ်ယောက် (သို့မဟုတ်) မိန်းကလေး အများကိုပဲ မြင်မယ်၊ မိန်းမ အဖြစ် ဣတ္ထိဘာဝကတော့ ဉာဏ်မှာပဲ ထင်တယ်၊ လူတစ်ယောက်ဟာ လျှာပေါ်မှာ ထန်းလျက်ခဲကို တင်လိုက်တယ်၊ သူ ခံစားမိတာက အချိုဓာတ် တစ်ခု၊ သူစားတာက ထန်းလျက်၊ သိတာက အချို သဘော၊ နောက်ပြီးတော့ သကြားကို လျှာပေါ်မှာ တင်တယ်၊ ဉာဏ်မှာက အချိုပဲ ထင်တယ်၊ နောက်တစ်ခါ ပျားရည်ကို လျှာပေါ်မှာ တင်တယ်၊ ဉာဏ်မှာ ပေါ်တာက အချိုဓာတ်ပဲ၊ ဒီတော့ ထန်းလျက်ထဲမှာ အချို ရှိသလား၊ လျှာမှာ အချိုသဘော ရှိသလား၊ သကြားမှာ အချို ရှိသလား၊ လျှာမှာ အချို ရှိသလား၊ ပျားရည်မှာ အချို ရှိသလား၊ လျှာမှာ အချို ရှိသလား။

'ရုပ်ဝတ္ထု ပစ္စည်းတွေက ဘယ်လောက်ကြီး ခြားနားသော်လည်း ဉာဏ်မှာ တစ်သဘောတည်း ထင်တာက အချိုပဲ၊ ဒီတော့ အချို ဆိုတဲ့ သဘော သက်သက်ကို ဉာဏ်ကပဲ သိနိုင်တယ်လို့ မှတ်ပါ။

'ဒီအတိုင်းပါပဲ၊ နေ့စဉ် အတွေ့အကြုံတွေထဲမှာ မည်းတဲ့လူ၊ ဖြူတဲ့လူ၊ အင်္ဂလိပ်၊ ကုလား၊ ဂျပန်၊ ဝသူ၊ ပိန်သူ၊ ရှည်သူ၊ ပုသူ၊ မတူတဲ့ လူတစ်ယောက်စီကို တွေ့မြင် ဆက်ဆံ နေကြရတယ်၊ ဒါပေမယ့် ဒီသတ္တဝါအားလုံးဟာ လူတွေချည်းပဲလို့ ဉာဏ်က ပိုင်းခြား ရှုမြင်တယ်၊ ဒါကြောင့် ပလေးတိုးက ဉာဏ်ဖြင့်သာ နက်နဲတဲ့ ပရမတ္ထ သဘောတွေကို မြင်နိုင်တယ်၊ အဲဒီ သဘောတွေဟာလည်း အာရုံမှာ ထင်မြင်တဲ့ အပေါ်ယံ သဘောတွေ မဟုတ်ကြဘူး၊ ပရမတ္ထ သဘောတွေက အစစ်အမှန် သဘောတွေလို့ ဆိုတယ်။

'ဒီနေရာမှာ ပရမတ္ထ သစ္စာကို သိတာ (သိနိုင်တာ) ဟာ ဆင်ခြင်ဉာဏ်ပဲလို့ ပလေးတိုးကတော့ တထစ်ချ ဆိုတယ်၊ ပလေးတိုး မြင်တာက လူဟာ လောကကို သိဖို့ ကြိုးစားရာမှာ အာရုံအားဖြင့်လည်း သိတယ်၊ သို့သော် အာရုံနှင့်က ပရမတ် သဘောကို မသိဘူး၊ အပေါ်ယံ ပညတ် သဘောကိုပဲ သိတယ်၊ အာရုံဟာ သမုတိသစ္စာ နယ်မှာသာ ကျက်စားတယ်၊ ပရမတ်နယ်ကို ထိုးဖောက် သိစွမ်းခြင်းငှာ မတတ်သာဘူးလို့ ဆုံးဖြတ်ခဲ့တယ်။

'ဒီလို ပလေးတိုး ဆုံးဖြတ်ချက် ချတာကို အခု ပြောမယ့် သူ့ တပည့် အာရစ္စတိုတယ်ကလည်း သဘောကျတယ်၊ လက်လည်း ခံတယ်၊ သို့သော် ပလေးတိုးနှင့် အာရစ္စတိုတယ် ဘယ်နေရာမှာ အယူအဆ ကွဲပြား သွား

www.burmeseclassic.com



သလဲ ဆိုတော့ ပလေတိုးက ပညတ်နယ်ထဲမှာ ပရမတ် မရှိဘူး၊ ပညတ်က သတ်သတ်၊ ပရမတ်က သတ်သတ်၊ တစ်နယ်စီ တစ်ကမ္ဘာစီ ခြားနေတယ်၊ ပရမတ္ထ လောက ဆိုတာ တသီးတခြား တည်နေတယ်လို့ သဘော ထား ခဲ့တယ်၊ အဲဒါကို တပည့် ဖြစ်သူ အာရစ္စတိုတယ်က လက်မခံဘူး။

'အာရစ္စတိုတယ်က သူ့ဆရာလို ပရမတ္ထ သဘော တွေကို ဝိညာဏ သဘောတွေလို့လည်း မမြင်ဘူး၊ အာရစ္စတိုတယ် မြင်တာက မောင်ဘ ဆို ပါ တော့၊ မောင်ဘဟာ လူလို့ဆိုရင် မောင်ဘမှာ သီးခြား ပုဂ္ဂိုလ် သဘော တစ်ခု ရှိပြီး လူဆိုတဲ့ ယေဘုယျ သဘော (universal) တစ်ခုလည်း ပေါင်းစပ် ပါဝင် နေတယ် လို့ မြင်တယ်။

'သရက်ပင် ဆိုရာမှာလည်း ဒီအတိုင်းပဲ၊ အပင် တစ်ပင် ရှိတယ်၊ အဲဒီအပင်ကို သရက်ပင်လို့ ခေါ်တယ်၊ သရက်ပင် ဆိုတာလည်း သစ်ပင်ပဲ၊ ဒီတော့ သီးခြား အပင်ရယ်၊ သရက်ပင်ဆိုတဲ့ မျိုးတူစု အမည်ရယ်၊ သစ် ပင် ဆိုတဲ့ ပိုပြီး ကျယ်ပြန့်တဲ့ ဂုဏ်တူစု အမည်ရယ်ပဲ ရှိတယ်၊ ဒါကို အာရစ္စတိုတယ်ဟာ သူ့ရဲ့ ယုတ္တိဗေဒမှာ လည်း ရှင်းပြ ထားတာ ရှိတယ်၊ ပညတ်နှင့် အဓိပ္ပာယ် သွားပုံ သဘောပေါ့၊ ဆိုပါတော့။

'မောင်ဘဟာ ကျောင်းသား ဖြစ်တယ်၊

'မောင်ဘဟာ တက္ကသိုလ် ကျောင်းသား ဖြစ်တယ်၊

'မောင်ဘဟာ ဆေး တက္ကသိုလ် ကျောင်းသား ဖြစ်တယ်၊

'မောင်ဘဟာ ပထမနှစ် ဆေးတက္ကသိုလ် ကျောင်း သား ဖြစ်တယ် ဆိုတဲ့ အဆို (proposition) လေးခုကို လေ့လာ ကြည့်ပါ၊ မောင်ဘဆိုတဲ့ ကတ္တားပုဒ် နောက်မှာ သူ့ရဲ့ ဂုဏ်ပြပုဒ်တွေ များလာလေလေ သူ့ရဲ့ အဓိပ္ပာယ် နယ်အဝန်းဟာ ကျဉ်းသွားလေပဲ ဆိုတာ ဉာဏ်မှာ ထင် လာ ပါလိမ့်မယ်။

'ဒါကြောင့် ပစ္စည်းတိုင်းမှာ အထည်ဒြပ် တစ်ခု ရှိသလို သူ့ရဲ့ ပုံဆောင် သဘာဝ (form) ခေါ်တဲ့ ဂုဏ်ပြ ပုဒ်တွေ ရှိတာပဲ၊ ဒါကို ပလေတိုးက ဝိညာဏ သဘောတွေ တသီးတခြား တည်နေတဲ့ ပရမတ္ထ တရားကိုယ် သဘော တွေလို့ ရှုမြင်ခဲ့တယ်၊ ဒါကြောင့် အဲဒီ အမြင်ဟာ မှား တယ်လို့ အာရစ္စတိုတယ်က သဘော မြင်အောင် ပြခဲ့ တယ်၊ ဒီအထိ ရှင်းရဲ့လား တပည့်တို့'

ကျန်သော စာသင်သားတို့ အဖို့ ရှင်း သည် မရှင်းသည်ကိုကား အကျွန်ုပ် မသိတော့ပါ။ အကျွန်ုပ် အဖို့မူ အာရစ္စတိုတယ်၏ ရှင်းပြချက်များသည် သဘာဝ နှင့် နီးစပ်လာသည်ဟု ထင်မြင် နေမိလေသည်။ ထို့အတူ ခွဲခွဲခြားခြား နားလည်ချင်သော စိတ်ကြောင့် ရင်ထဲမှာ မေးခွန်း တစ်ခုကိုလည်း မေးချင်လာလေသည်။ ဆရာ ၏ နောက်စကား မဆက်မီ အကျွန်ုပ် မတ်တတ် ရပ် လိုက်ပါသည်။

'ဟုတ်ကဲ့ မေးပါ'

ဆရာက ချက်ချင်းပင် မေတ္တာဖြင့် တုံ့ပြန်ကာ ခွင့်ပြုချက် ပေးပါသည်။

'ပလေတိုး ပြောတဲ့ အိုက်ဒီယာ (idea) ဆိုတဲ့ သဘောနှင့် အာရစ္စတိုတယ် ပြောတဲ့ ပုံသဏ္ဌာန် (form) ဆိုတဲ့ သဘောတွေဟာ စကားလုံးပဲ ကွဲပြားတာလား ဆရာ၊ ဒီသဘော နှစ်ခုစလုံးဟာ ပရမတ် တရားတွေ မဟုတ်ကြဘူးလား၊ ဒီနှစ်ခုစလုံးဟာ ထာဝရ တည်မြဲတဲ့ သဘောလည်း ရှိပြီး အားလုံးနှင့် သက်ဆိုင်တဲ့ ယေဘုယျ တရားကိုယ် သဘောတွေချည်းပဲ မဟုတ်ကြဘူးလား လို့ ကျွန်တော် သိချင်တာပါ'

'ဒီမေးခွန်း အတွက် ကျေးဇူး တင်ပါတယ်၊ ကဲ ထိုင်ပါ၊ ဆရာ ရှင်းပြပါ့မယ်၊ form နှင့် idea ဟာ သဘောချင်း တူလည်း တူတယ်၊ မတူလည်း မတူဘူး လို့ ဆိုရမှာပဲ၊ ပလေတိုး ပြောတဲ့ idea ဆိုတာက ကောင်းကင်ဘုံမှာ သတ်သတ် သီးခြား တည်နေတဲ့ ဝိညာဉ် သဘောတွေ၊ ဒီသဘောတွေဟာ ဒီလူသားများ တွေ့ကြုံ ဆက်ဆံ နေရတဲ့ လောကထဲမှာ မရှိဘူး၊ ဒါ တွေကို ဉာဏ်နှင့်သာ ထိုးထွင်း သိမြင်နိုင်တယ်၊ ဒီဝိညာဉ် သဘောတွေက ထာဝရလည်း ဖြစ်တယ်၊ မဖောက်ပြန် တဲ့ အမြတ်တရားတွေလည်း ဖြစ်တယ်၊ ဒီလောကမှာ မြင်နေ ရတာတွေက ကောင်းကင်ဘုံမှာ ဘုရားသခင် ဖန်ဆင်းထားတဲ့ ယေဘုယျ နာမ်သဘောရှိ စိတ်ကူး ထည် ဝိညာဉ်တွေရဲ့ မိတ္တူ သဘောလောက်ပဲ ဖြစ်တယ်၊ ဥပမာ ပရမတ္ထ ကောင်းကင်ဘုံမှာ ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်က လူ ဆိုတဲ့ ဝိညာဉ် စိတ်ကူးထည် တစ်ခု ကို ဖန်ဆင်း ထားတယ်၊ ဒါက လူသဘော တစ်ခု၊ လူ့ ပြည်မှာ အကောင်အထည်နှင့် ဖြစ်နေ ပျက်နေကြတဲ့ လူတွေကတော့ ပြောခဲ့ပြီးတဲ့ လူ့ သဘော ဝိညာဏ စိတ်ကူးထည် (idea) ရဲ့ မိတ္တူတွေသာ ဖြစ်တယ်၊ ဒါ ကြောင့် လူ့ပြည်က လူတွေက မမြဲဘူး၊ မွေးလိုက်ပြန် သေလိုက်ပြန်နှင့် ဖောက်ပြန် ပျက်စီး နေကြရတယ်၊

www.burmeseclassic.com



ကောင်းကင်ဘုံမှာ ရှိတဲ့ ပရမတ္ထ လူ့သဘောကတော့ မပျက်မစီးဘူး၊ မဖောက်ပြန်ဘူး၊ ထာဝရ တည်နေတယ်၊ လူ့သဘော ဆိုတာက လူတစ်ဦး မဟုတ်ဘူး၊ လောကမှာ ရှိသမျှ လူတွေထဲမှာ ရှိတဲ့ အများပိုင် ယေဘုယျသဘော တစ်ခု၊ ဒီလောက်ဆို ပလေတိုးရဲ့ အမြင်ဟာ ရှင်းရှင်း ပေါ်ပေါက်ပါပြီ၊ တပည့်တို့ စိတ်ထဲ မရှင်းတာ ရှိရင် မေးနိုင်ပါတယ်'

မေးမည့်သူ မရှိ။ သဘော ရှင်း၍ပဲ ထင်ပါသည်။ အကျွန်ုပ်မှာမူ ဆက်လက် ဖြေကြားမည့် အကျွန်ုပ်၏ မေးခွန်းနှင့် ပတ်သက်သော အဖြေကို စောင့်ဆိုင်းရင်း စဉ်းစား နေမိလေသည်။ အကျွန်ုပ် စိတ်ထဲတွင် အမေရိကန် ဒေါ်လာငွေများကို ရိုက်ထုတ်သော ဘလောက်တုံးကြီးကို သတိ ရနေလေသည်။ ငွေစက္ကူတွေ ကတော့ သန်းနှင့် ကုဋေနှင့် ချီပြီး ထိုဘလောက်တုံး ပုံစံအတိုင်း ပုံတူ ထွက်လာ ကြပါသည်။ အရောင် ပြောင်းလဲလျှင် အရောင်ကွဲ အဆင်တူ ငွေစက္ကူတွေ ထွက်လာ ကြမည်သာ ဖြစ်လေသည်။ ထို ငွေစက္ကူများကား မမြဲသော သဘော ရှိသည်။ လက်လည်း မမြဲ၊ အသက်လည်း မမြဲကြချေ။ တော်တော်ကြာ သည်လူ့လက်ထဲ၊ တော်တော်ကြာတော့ ဟိုလူ့လက်ထဲ၊ ဟိုရောက် သည်ရောက်နှင့် အနေအားဖြင့်လည်း ဖောက်ပြန် တတ်ကြ၏။ ဘဏ်က ထုတ်လာတုန်းကတော့ အသစ် ကျပ်ချွတ်တွေ။ ဘယ်လောက်မှ မကြာပါဘူး၊ ဟောင်းနွမ်း စုတ်ပြတ်ကုန်ကြလေသည်။ ငွေစက္ကူ၏ သဘောက အနိစ္စ ဆန်လှပါသည်။ နေ့မြင်ညပျောက် ဖြစ်လေသည်။ ဘာထူးသလဲ၊ လူတွေ သက်ရှိ သက်မဲ့တွေလည်း သည်အတိုင်းပါပဲ။

တစ်ယောက်တည်း ဖြန့်ကျက်၍ တွေးနေသော အတွေးသည် ရုတ်တရက် ပေါ်လာသော ဆရာ၏ အသံကြောင့် အမျှင် ပြတ်သွားပါသည်။

'ခုနင်က ကျောင်းသား ကိုဆန်းလွင် မေးတဲ့ အမေးမှာ ပလေတိုးရဲ့ idea နှင့် အာရစ္စတိုတယ်ရဲ့ form တူ မတူ ပြဿနာ ပါလာတယ်၊ ဒါကို ခု ရှင်းပြပါဦးမယ်။

'စောစောက ဆရာ့ အဖြေ အစမှာ ဒီသဘော နှစ်ခုဟာ တူလည်း တူတယ်၊ မတူလည်း မတူဘူးလို့ ဆိုခဲ့တာ မှတ်မိပါလိမ့်မယ်၊ အာရစ္စတိုတယ်က idea တွေဟာ ယေဘုယျ သဘောတွေ ဖြစ်တယ် ဆိုတာကို မငြင်းဘူး၊ ဒီသဘောတွေဟာ ရုပ်သဘော အထည်ဒြပ်တွေ မဟုတ်ဘူး၊ တရားကိုယ် သဘော၊ နာမ်တရားတွေ ဆိုတာလည်း လက်ခံတယ်၊ မငြင်းဘူး၊ သူ လက်မခံတာက ဘာလဲလို့ ဆိုတော့ အဲဒီ တရားတွေဟာ တခြားမှာ တစ်ကမ္ဘာ သတ်သတ် တည်နေတယ် ဆိုတာကိုတော့ အာရစ္စတိုတယ်က လက်မခံဘူး၊ ငြင်းတယ်။

'ခြုံပြီး ပြောရရင်တော့ ပညတ်နှင့် ပရမတ်ဟာ စိတ်ထဲ ဉာဏ်ထဲမှာပဲ ခွဲလို့ရတယ်၊ တကယ့် လောကမှာ တခြားစီ တည်နေကြတာတွေ မဟုတ်ဘူး၊ ပညတ်ထဲမှာပဲ ပရမတ် ရှိတယ်လို့ သဘောရတယ်၊ ယေဘုယျ သဘော ဆိုတာ အများနှင့် ဆိုင်တဲ့သဘော၊ အများဆိုင် သဘောလို့ပဲ အာရစ္စတိုတယ်က နားလည်တယ်၊ ပြီးတော့ အဲဒီ အများဆိုင် သဘော၊ ယေဘုယျ နာမ်သဘောတွေ သည်ပင်လျှင် အထည်ဒြပ် ကင်းပြီး သီးခြား မရှိဘူးလို့လည်း မြင်တယ်၊ ဥပမာ . . .

'မိဘ သဘော၊ မိဘ အဖြစ် (parenthood) ဆိုတာ အမိ အဖ လို့ ခေါ်တဲ့ လင်နှင့် မယားရယ်၊ သားသမီး ဆိုတဲ့ မွေးဖွားလာတဲ့ ကလေးတွေ မရှိဘဲနှင့် သူ့ချည်း သက်သက် မတည်ရှိနိုင်ဘူး၊ ဒါ သဘော ရှင်းကြရဲ့လား'

'ရှင်းပါပြီ ဆရာ'

'ဒီအတိုင်းပဲ စဉ်းစားပါ၊ နီခြင်း ဆိုတဲ့ သဘော သည်လည်း အနီရောင်ရှိ ဝတ္ထု ပစ္စည်းတွေ မရှိဘဲနှင့် သူ့ချည်း သက်သက် မဖြစ်နိုင်ဘူး၊ ဟုတ်ရဲ့လား' ,

'ဟုတ်ပါတယ် ဆရာ'

'ကဲ ဒီအတိုင်းပဲ ဆက် စဉ်းစားပါဦး၊ ဒါပေမယ့် နီခြင်း ဆိုတဲ့ သဘောဟာ အနီရောင် ရှိတဲ့ ဒီပစ္စည်း ဟိုပစ္စည်း မရှိလည်း တခြား တစ်နည်းအားဖြင့်တော့ ရှိနေမှာပဲ၊ ဒါကော သဘော ပေါက်ရဲ့လား'

'မပေါက်ပါဘူး ဆရာ'

တစ်ပြိုင်နက် ထွက်လာသော စာသင်သားများ၏ အသံ။

'ဟုတ်ပါတယ်၊ ချက်ချင်း သဘော ပေါက်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒါက ဘာသာစကားရဲ့ ပြဿနာ တစ်ရပ်လည်း ဖြစ်နေတယ်။

'ဥပမာ ဆိုပါစို့၊ မောင်ဘက လိမ္မာတယ်၊ မောင်မြက မိုက်တယ်၊ မောင်မြက မောင်ဘထက် အရပ် ပိုမြင့်တယ်လို့ ဆိုရာမှာ သဒ္ဒါနည်း အရကတော့ မောင်ဘ၊ မောင်မြ ဆိုတာတွေက ကတ္တားပုဒ် (ကိုယ် ပိုင် နာမ်) တွေ၊ လိမ္မာသည်၊ မိုက်သည် ဆိုတာတွေက ဂုဏ်ပြတဲ့ ဝိသေသနပုဒ်တွေ၊ လိမ္မာသော မောင်လှ၊ မိုက်သော

www.burmeseclassic.com



မောင်မြလို့ ဆိုလိုတဲ့ သဘောပဲကိုး၊ ဒီမှာ အရုပ် ပို၍ မြင့်သည် ဆိုတာက ဆက်သွယ်ပုဒ် နိုင်းယှဉ်ပုဒ် ဖြစ်တယ်၊ ဒါက သဒ္ဒါ သဘော နားလည်တာ၊ ဒါကို ဗီလို ဆိုဖာတွေက မက်တာဖစ်ဇစ် သဘောနှင့် တွေးကြတော့ တစ်မျိုး ဖြစ်ကုန်ရော၊ မောင်ဘတို့ မောင်မြတို့ ဆိုတာ တွေကို ဒြပ်တွေလို့ ဖီလိုဆိုဖာက မြင်တယ်၊ အကောင် အထည်တွေ ဝတ္ထုအကောင် ဆိုတဲ့ သဘောပေါ့၊ လိမ္မာ ခြင်း၊ မိုက်ခြင်း ဆိုတာကျတော့ ယေဘုယျ နာမ်သဘော (Universals) တွေလို့ ဆင်ခြင်လိုက်တယ်၊ ဟို ဆက် သွယ် ပုံပြ ကြိယာ ကျတော့လည်း လျစ်လျူ ရှုရင်ရှု မရှုရင်လည်း တလွဲ အဓိပ္ပာယ် ကောက်ကြတယ်၊ ဒါ ကြောင့် သဘော မရှင်းမှုတွေ ဖြစ်လာတယ်၊ ဒါ အပြစ် လား ဆိုတော့ မဟုတ်ပါဘူး၊ သူတို့ ဖီလိုဆိုဖာတွေ စ တွေး ကတည်းက သိပ် မရှင်းဘူး၊ ခပ်ရှုပ်ရှုပ်ရယ်'

ကျောင်းသားများ ရယ်ကြလေသည်။

'ဒီနေရာမှာ အာရစ္စတိုတယ်က ယေဘုယျသဘော ဆိုတဲ့ အစား ပရမတ် သဘောတွေကို အနှစ်သာရ (essence) လို့ ခေါ်လာတယ်၊ သူ့သဘော သူ ဆောင် ယူ ဖော်ပြနေတဲ့ သဘောကို အာရစ္စတိုတယ်က အနှစ် သာရလို့ ခေါ်တာပါပဲ၊ ဒီထက် ပိုပြီး အဓိပ္ပာယ် ပီပြင် အောင် ပြောရရင် အရာဝတ္ထုတိုင်းမှာ အ နှစ် သာ ရ သဘော တစ်ရပ် ရှိတယ်၊ အဲဒီ သဘောမှ မရှိရင် ဆို ခဲ့တဲ့ အရာဝတ္ထုလည်း မရှိတော့ဘူး၊ မွှေးပျံ့တဲ့ ရနံ့ ကြောင့် ဒီသစ်သားကို စန္ဒကူးနံ့သာ ခေါ်တာ၊ အဲဒီ နံ့သာ ရနံ့ ကင်းသွားတာနှင့် ဒီသစ်သားလည်း စန္ဒကူး မဟုတ်တော့ဘူး၊ ဒါပဲ ဆိုပါတော့ ဒါဖောင်တိန်၊ မင်စီး တဲ့ သဘော၊ မင် စီးဆင်းတဲ့ သဘောနှင့် ရေးခြစ် ရလို့ ဖောင်တိန် ခေါ်တာ၊ အဲဒီသဘော မဲ့သွားရင် ဒါဖောင်တိန် မဟုတ်တော့ဘူး။

'ဆိုပါတော့ လက်ကိုင် ပဝါ၊ အဲဒါ လက်မှာ ကိုင်ပြီး ချွေးသုတ်လို့ မရတော့တဲ့ အခါ သူ့ကို လက် ကိုင် ပဝါ မခေါ်တော့ဘူး၊ လက်နှီးစုတ် ဖြစ်ချင် ဖြစ် သွားမယ်၊ ဆိုလိုတာကတော့ ပညတ်တွင်းမှာ သူ့ ရဲ့ အနှစ်သာရကို ဖော်ဆောင်တဲ့ ဓာတ်သဘောပေါ့လေ၊ အဲဒါ ရှိတယ်၊ အဲဒီ အနှစ်သာရဓာတ် ပျက်စီးသွားရင် အဲဒီ ပစ္စည်းရဲ့ အဖြစ် အနေ၊ ပညတ်လည်း ပျက်ရော၊ ဒါဆို ရှင်းပြီ ထင်ပါတယ်'

'ရှင်းပါပြီ ဆရာ'

'ဒီသဘောကို ဒီမျှ နားလည်ပြီးရင် ဆရာတို့ အာရစ္စတိုတယ်ရဲ့ ပုံသဏ္ဌာန်နှင့် အကြောင်းအရာ (form and matter) သဘောကို လေ့လာ ကြည့်ကြစို့ရဲ့'

ဆရာသည် တဖြည်းဖြည်းချင်း လွယ် ရာ မှ အခက်၊ တိမ်ရာမှ အနက်ဆီသို့ ခေါ်သွား နေပြီကို အကျွန်ုပ် သတိ ပြုမိပါသည်။ အကျွန်ုပ်သည် ခေါင်း ရှင်းရှင်းနှင့် သဘောပေါက် လွယ်စေရန် သတိကို လက် မလွတ်စေဘဲ ဆရာ သင်ကြားသမျှကို အမီ လိုက်နိုင် အောင် ကြိုးစားနေလေသည်။

'ဒီနေရာမှာ သူဆိုတဲ့ matter ဟာ mind နှင့် matter (စိတ် နှင့် ရုပ်) သဘောတရားက matter နှင့် မတူဘူး ဆိုတာကို ပထမ တပည့်တို့ သဘောပေါက် ထားမှ ဖြစ်မယ်'

အင်္ဂလိပ် စကား မက်တာ (matter) သည် ရုပ် ကိုလည်း ဟော၏။ (content) ဆိုသော အတွင်းသား အကြောင်းအရာကိုလည်း ဟောကြောင်းကို အကျွန်ုပ် သဘောပေါက်ပြီး ဖြစ်လေသည်။ အဘယ်ကြောင့် ဆို သော် အထောက်တော် လှအောင်တို့ အိမ်တွင် အကျွန်ုပ် တို့ စာအကြောင်း၊ အနုပညာ အကြောင်း၊ ဆွေးနွေး ငြင်းခုံကြသည့် အခါတိုင်းမှာ form နှင့် content (ပုံ သဏ္ဌာန်နှင့် အကြောင်းအရာ) သဘော ပါသည်ချည်း ဖြစ်လေသည်။ အကျွန်ုပ် အဖို့မှာ ဝတ္ထု စတင် ရေးစ၊ ကဗျာ စတင် ဖွဲ့တတ်စကပင် ထိုသဘော နှစ်ရပ်နှင့် ရင်းနှီး ကျွမ်းဝင် ရှိခဲ့ပြီး ဖြစ်၏။ ထို့ကြောင့်လည်း အာရစ္စတိုတယ်၏ ပုံသဏ္ဌာန်နှင့် အကြောင်းအရာ သဘော တရားကို ဆရာ စတင် သင်ကြားသောအခါ မိမိ မူလ က သိထားသည့် အသိနှင့် တူများ တူနေလိမ့်မည်လား ဟု များစွာ စိတ်စော နေခဲ့မိပါသည်။

ဆရာသည် ဤအကြောင်းအရာကို စတင် သင် ကြားသော အခါ ပြယုဂ် တစ်ခုကို ထုတ်၍ သင်ကြား လေသည်။

'တပည့်တို့ ကျောက်ဆစ် ရုပ်တု ယမင်းရုပ်ပဲ ဖြစ်ဖြစ်၊ ဆင်ရုပ် ခြင်္သေ့ရုပ်ပဲ ဖြစ်ဖြစ် မြင်ဖူး ကြပါလိမ့် မယ်၊ ဂူဘုရားတွေမှာ ဆိုလည်း ဗုဒ္ဓရဲ့ ကျောက်ဆစ်ရုပ် ဆင်းတုတော်တွေ အများအပြား ရှိတာလည်း တွေ့ဖူး ကြပါလိမ့်မယ်၊ ဒီရုပ်တုတွေမှာ သလင်း ကျောက်သား ဟာ ရုပ်တုရဲ့ အတွင်းသား မက်တာ အကြောင်းအရာပဲ ဖြစ်ပါတယ်၊ ကျောက်သားနှင့် ထုလုပ်တဲ့ အရုပ်ဆို ကျောက်ဆစ်ရုပ်၊ ကြေးနှင့် သွန်းတဲ့ အရုပ်ဆို ကြေးသွန်း ရုပ်၊ သစ်သားနှင့် ထုလုပ်တဲ့ အရုပ်ဆိုရင် သစ်သားရုပ်

www.burmeseclassic.com



ပေါ့၊ ဒီမှာ အရုပ်က တခြား၊ အတွင်းသား အထည်တွေက တခြား ဖြစ်နေတာ သတိ ပြုမိကြတယ် မဟုတ်လား၊ ကျောက်သား၊ ကြေးတုံး၊ သစ်တုံးတို့ဟာ အ ရုပ် ရဲ့ အတွင်းသားတွေ၊ အကြောင်းအရာတွေ၊ ဒါကို အာရစ္စတိုတယ်က မက်တာ (matter) လို့ ခေါ်တာပဲ၊ ဒီမှာ ထုလုံးကိုတော့ ပုံသဏ္ဌာန် (form) လို့ သဘော ပေါက်ရမယ်၊ ငြိမ်သက်နေတဲ့ ပင်လယ်ပြင်မှာလည်း ရေက မက်တာပဲ၊ ပြေချော ပြန့်ပြောတဲ့ သဘောအနေက ပုံသဏ္ဌာန် (form) ပဲ၊ ဒီအထိကတော့ နားလည်လို့ လွယ်ပါလိမ့်မယ်'

ဆရာသည် ခေတ္တ ရပ်နားပြီး ကျောက်သင်ပုန်းကို ဖျက်နေလေသည်။ ပြီးမှ သင်ပုန်းကြီးပေါ်တွင် **form** နှင့် **matter** ဆိုသော စာနှစ်လုံးကို ရေးလေသည်။ ထို့နောက် စက်ဝိုင်းပုံ၊ တြိဂံပုံ၊ လေးထောင့် စတုဂံပုံ၊ လုံးရှည်ပုံ စသော ပုံတွေကို ရေးဆွဲ လေသည်။

'ဒါတွေဟာ ဘာတွေလဲ'

ဆရာက မေးတော့ တစ်တန်းလုံးက သူသိကိုယ်သိ ဖြေကြလေသည်။

'ပုံတွေပါ ဆရာ'

'ပုံတော့ ပုံပေါ့၊ ဒါပေမယ့် ပုံလို့ပြောရင် ပစ်ချာ (picture) သဘောမျိုးလည်း ပါသွား နိုင်တယ်၊ ဒါတွေကို သဏ္ဌာန်ကေလို့ သဘောကျပါ၊ ဒီမှာ အဆင်း မပါဘူး၊ အတွင်းသား မပါဘူး၊ ဒါတွေက ပုံသဏ္ဌာန် သက်သက်တွေပဲ၊ အာရစ္စတိုတယ်ဟာ အရာဝတ္ထုတွေကို ရှုမြင်တဲ့ အခါမှာ ပုံသဏ္ဌာန်ကြောင့်သာ အရာဝတ္ထုတွေဟာ ဘာရယ် ညာရယ် သတ်မှတ်လို့ ရတဲ့ အရာတွေ ဖြစ်လာ တယ်လို့ မြင်တယ်၊ ကြွေသား မြေထည်တွေချည်းပဲ၊ တစ်ခုကို လက်ဖက်ရည် ပန်းကန်လုံး၊ တစ်ခုကို စောက်ပန်းကန်၊ တစ်ခုကို ပန်းကန်ပြား စသည်အားဖြင့် ခေါ်ကြတာ ဘာကြောင့်လဲ'

'ပုံသဏ္ဌာန် မတူကြလို့ပါ ဆရာ'

ရှေ့က မိန်းကလေး ကျောင်းသူများက စိတ်အား ထက်သန်စွာ ဖြေကြလေသည်။

'ဟုတ်တာပေါ့၊ ဒီထက် သဘော ရှင်းအောင် ပြောရရင် အရာဝတ္ထု (ဝါ) ပစ္စည်းတိုင်းကို ဘောင်ခတ် ဖွဲ့စည်းထားတယ်၊ အဲဒီ ဘောင်ခတ်ထားတဲ့ သဘောကို ပုံသဏ္ဌာန်လို့ နားလည်ရမယ်၊ ရေပဲ ဆိုပါစို့၊ တွင်းနှင့် ဘောင်ခတ်တော့ တွင်းရေ ဖြစ်တယ်၊ ကန်နှင့် ဘောင်ခတ်တော့ ကန်ရေ၊ ချောင်းနှင့် ဘောင်ခတ်တော့ ချောင်းရေ၊ မိုးကောင်းကင်က ရွာချတော့ မိုးရေ ဖြစ်တယ်၊ အဲဒီလို တစ်စုံတစ်ခု အဖြစ်နှင့် ထင်ရှား လာအောင် ဖွဲ့စည်းထားတဲ့ သဘောကို ပုံသဏ္ဌာန်လို့ ခေါ်ပါတယ်၊ ဒီအထိ နားလည်ကြပြီနော်'

'နားလည်ပါတယ် ဆရာ'

'ဒါဆို အာရစ္စတိုတယ်ရဲ့ အတွေးအခေါ်ကို တစ်ဆင့် တက်ပြီး လေ့လာ ကြည့်ကြဦးစို့၊ ဒီမှာ ပိုပြီး ဂရုစိုက်ရမယ် နော်၊ ဂရု မထားရင် နားရှုပ် သွားနိုင်တယ်၊ အာရစ္စတိုတယ် ပြောတာက တစ်မျိုး ဖြစ်နေတယ်၊ သူမြင်တာက ခန္ဓာနှင့် ဝိညာဉ် ပေါင်းဖွဲ့ရာမှာ ခန္ဓာရဲ့ အသွင်သဏ္ဌာန် (shape) ကို ကျတော့ သူက ပုံသဏ္ဌာန်လို့ မယူဘူး၊ ဝိညာဉ် (soul) ကိုသာ သူက ခန္ဓာရဲ့ ပုံသဏ္ဌာန် ဖြစ်တယ် လို့ ယူတယ်'

'နားဝေး သွားပြီ ဆရာ'

ဆရာ မမေးမိပင် ကျောင်းသား တစ်ဦးက ထအော်လေသည်။ အော်သူမှာ အကျွန်ုပ်နှင့် ကြား တစ်ယောက်ခြား ထိုင်ခုံမှာ ထိုင်လျက် ရှိသော ကိုခင်မောင်သန်း (ယခု ဟိုတယ်နှင့် ခရီးသွား ကော်ပိုရေးရှင်း မန်နေဂျာ) ဖြစ်လေသည်။ ထစ်ခနဲဆို ထ ထ မေးတတ်သော အကျွန်ုပ်၏ အကျင့်များ သူတို့ထံသို့ ကူးစက်သွားပြီ ထင်ပါသည်။ သူနှင့် အကျွန်ုပ် ကြားမှာ ထိုင်နေသော ကိုမြင့်ဆွေ (ယခု ကုန်သွယ်ရေး မန်နေဂျာ) ကတော့ လူအေး၊ အလွန် ရှက်တတ်သူလည်း ဖြစ်၍ လူပုံ အလယ်မှာ ထမမေးရဲ၊ သူ မေးချင်လျှင် အကျွန်ုပ်တို့ကိုသာ တို့ထောင်ပေးတတ်သည်။

'ဟုတ်တယ်၊ နားဝေးရုံ မဟုတ်ဘူး၊ မျက်စိပါ လည်သွားနိုင်တယ်'

ဆရာ၏ တည်ကြည်သော ဟာသကွက် ကလေးက တစ်တန်းလုံးကို ရယ်မော ရွှင်ပျ စေပါသည်။

'ဟုတ်ပါတယ် ဆရာ၊ မျက်စိရော လည်ပါတယ်'

ကိုခင်မောင်သန်း၏ ထပ်ဆင့် ဝန်ခံ စကားကြောင့် အတန်းသားများမှာ ပို၍ ရယ်ကြလေသည်။ အမှန်တော့ သူတို့အားလုံး ခံစား နေရသော အဖြစ်ကို ကိုခင်မောင်သန်းက ကိုယ်စား ပြုပြီး ပြောပေးလိုက်သည် မဟုတ်လား။

'ကောင်းပြီ၊ ဝိညာဉ်ကို ဘာဖြစ်လို့ ပုံသဏ္ဌာန်လို့ အာရစ္စတိုတယ်က ဆိုသလဲ၊ ပုံသဏ္ဌာန်နှင့် အသွင်သဏ္ဌာန် မတူဘူးလို့ ဘာကြောင့် ဆိုသလဲ၊ ဒါကို နောက်ကျတော့ သဘော ပေါက်ပါလိမ့်မယ်။

www.burmeseclassic.com



'ခု ဝိညာဉ် သဘောကို သူ ဘယ်ပုံ နားလည် ထားတယ် ဆိုတာကို ဆက်ပြောသွားမယ်၊ အာရစ္စတို တယ်က ဝိညာဉ်ကသာ ခန္ဓာ တစ်ခုကို ပုံပေါ်အောင် ဖော်ဆောင် ထားတာတဲ့၊ ခြေလက် အင်္ဂါတွေမှာ သူ့ ရည်ရွယ်ချက်နှင့် သူ ဖြစ်ပြီး ဒီခန္ဓာစု တစ်ခုလုံးကို ညီညွတ်အောင် စုစည်းပြီး တူညီတဲ့ ရည်ရွယ်ချက် ဖြစ် ပေါ်လာအောင် ဖန်တီး ဖွဲ့စည်းတာက ဝိညာဉ်သာ ဖြစ် တယ်လို့ အာရစ္စတိုတယ်က မြင်တယ်၊ ဒီမှာ ကြည့်၊ မျက်လုံးရဲ့ ကိစ္စ၊ မျက်လုံးရဲ့ ရည်ရွယ်ချက်က ကြည့်ဖို့၊ နားရဲ့ ကိစ္စက ကြားဖို့၊ လျှာရဲ့ ကိစ္စက အရသာ ခံဖို့၊ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် ဆရာ'

'ဟုတ်ရင် မျက်လုံးကို ခန္ဓာကိုယ်က ဖြုတ်ပြီး တခြားမှာ ထားလိုက်၊ မြင်သေးရဲ့လား'

'မမြင်တော့ပါဘူး ဆရာ'

'ကောင်းပြီ၊ နား၊ နှာ၊ လျှာ ဆိုတာတွေကို ကော ခန္ဓာကိုယ်က ဖြုတ်ပြီး တခြားစီ ထားလိုက်ရင် သူတို့ ကိစ္စတွေကို ဆောင်ရွက်နိုင်ကြ သေးရဲ့လား'

'မဆောင်ရွက်နိုင်ကြတော့ပါဘူး ဆရာ'

'ဒါဆို မြင်တာ၊ ကြားတာ၊ နံ တာ တွေ ဟာ မျက်လုံးထဲ၊ နားထဲ၊ နှာခေါင်းထဲမှာ ရှိသလား'

'မရှိပါဘူး ဆရာ'

အတန်းသား အားလုံး ဆရာနှင့် အတူ အာရစ္စ တိုတယ်၏ အတွေးအမြင် နောက်သို့ ပါသွားကြလေပြီ တကား။ အကျွန်ုပ်ကမူ ရင်ထဲမှာ စနိုးစနောင့် ဖြစ်ကာ ဘယ်လို ခံစား နေရမှန်း မသိ ဖြစ်နေလေသည်။

'ဒါဆိုရင် မြင်တာ၊ ကြားတာ၊ နံတာဟာ တစ်စုံ တစ်ခုသော အရာရဲ့ ကိစ္စတွေ ဖြစ်နေတယ်လို့ ဆိုရမှာ ပေါ့၊ ဆိုသင့်သလား'

'ဆိုသင့်ပါတယ် ဆရာ'

ကျောင်းသား တစ်စုက ထအော် လေသည်။

'မဆိုသင့်ပါဘူး ဆရာ'

တစ်ဖက်က တစ်စုက ထကန့်ကွက်လေသည်။ ဆရာက သဘောကျသည်။

'ဖီလိုဆိုဖီ ဆိုတာ အဲဒီလို အပြန်အလှန် ဆွေး နွေးရတဲ့ ဘာသာရပ်မျိုး ဖြစ်တယ်၊ ခုလို မိမိတို့ အမြင် တွေ ရှင်သန်လာတာ သိပ် ကောင်းတာပဲ၊ ဒါဆို ကန့် ကွက်တဲ့ လူတွေက ဘာဖြစ်လို့ မဆိုသင့်ဘူးလဲ ပြော ပါဦး'

'မျက်လုံးကို ဖြုတ်ထားရင် သူ့ချည်းသက်သက် မမြင်နိုင်သလို မျက်စိ ကန်းနေရင်လည်း ဒီခန္ဓာက မမြင်နိုင်ပါဘူး ဆရာ'

ကန့်ကွက်သူများထဲတွင် အကျွန်ုပ်လည်း ပါဝင် လေရာ အကျွန်ုပ်က ထ၍ ဆရာ့ အမေးကို ဖြေလိုက် ပါသည်။ ထိုအခါ အတန်းသားများ အကျွန်ုပ်ဘက်သို့ ပါလာ ကြပြန်လေသည်။

'ဟုတ်ပြီ၊ ကိုဆန်းလွင်က တော်တော် ဝေဖန် တတ်လာပြီပဲ၊ ဟုတ်တာပေါ့၊ ဒါ ထားပါဦး၊ အာရစ္စ တိုတယ်ရဲ့ အမြင်ကိုပဲ ဆက်ကြပါဦးစို့ရဲ့၊ သူကတော့ မြင်မှု၊ ကြားမှု၊ နံမှု စတာတွေဟာ မျက်စိ၊ နား၊ နှာတို့နှင့် မပတ်သက်ဘူး၊ ဒါတွေဟာ စိတ်ဝိညာဉ်ရဲ့ လုပ်ငန်း တွေချည်းပဲလို့ သဘောကျတယ်၊ ဒီဝိညာဉ် ကပဲ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို အချိုးကျအောင် ညီညွတ်အောင် ဖော်ဆောင်တယ်၊ ဒါကြောင့် အဲဒီ ပုံ ဖော်တဲ့ သတ္တိကို သူက ဝိညာဉ်လို့ ခေါ်တယ်၊ ဥပမာ ရွှံ့ရုပ်ကို လုပ်ကြတယ် ဆိုပါစို့၊ အစ ကတည်းက ရွှံ့ လည်း ရှိတယ်၊ အရုပ်ရဲ့ ပုံသဏ္ဌာန်လည်း ရှိတယ်၊ ဒါ ပေမယ့် အကြောင်းအရာနှင့် ပုံသဏ္ဌာန်က မပေါင်းမိ ကြသေးဘူး၊ တခြားစီ ဖြစ်နေသေးတယ်၊ ဒါကို လက် သည် ဖြစ်တဲ့ ပန်းပုဆရာက ရွှံ့ထဲကို ပုံသွင်းပြီး ရွှံ့ရုပ် လုပ်တယ်၊ ပန်းတဉ်းဆရာကလည်း ကြေးကို ပုံလောင်း (သွန်း) ပြီး ကြေးရုပ် လုပ်တယ်၊ ရုပ်ဝတ္ထု ပစ္စည်း အကြောင်းအရာနှင့် ပုံသဏ္ဌာန်ကို ပေါင်းစပ်ခြင်းဟာ ဖန်ဆင်းခြင်းပဲ၊ အာရစ္စတိုတယ်က ဒီလို သဘောကျ နားလည်တယ်၊ ဒါကော မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာ'

ဤအချက်တွင် အကျွန်ုပ်မှာ ပိုပြီး စိတ်လှုပ်ရှား ရလေသည်။ အာရစ္စတိုတယ် ရှုမြင်သော 'ဖန်ဆင်းခြင်း' သဘောကား ရှင်းပါသည်။ အတွင်းသား အထည်ဒြပ် ကို တစ်စုံတစ်ခုသော ပုံသဏ္ဌာန်ထဲသို့ ထည့်လုပ်ခြင်း ကို ဖန်ဆင်းခြင်းဟု နားလည် လိုက်သည်နှင့် တစ်ပြိုင် နက် အကျွန်ုပ်သည် ထာဝရ ဘုရားသခင် ဖန်ဆင်းခြင်း ကို သတိ ရလေသည်။ ယခင် ကုရ်အာန် ကျမ်းနှင့် သမ္မာကျမ်းစာများကို ဖတ်ရှုစဉ် အခါက ထာဝရ ဘုရား သခင်သည် လောကကြီး တစ်ခုလုံးကို 'ဖြစ်စေ' ဟု ဆိုကာမျှဖြင့် ဤလောက ဖြစ်ပေါ် လာရသည် ဆိုသော ဖန်ဆင်းခြင်း သဘောကို လုံးဝ နားလည် သဘော ပေါက်ခဲ့ခြင်း မရှိခဲ့ကြောင်း ဝန်ခံ ရပေမည်။

www.burmeseclassic.com



သို့သော် ဖန်ဆင်းခြင်း ဆိုသော သဘောကို တခြား တစ်နည်းအားဖြင့် နားလည်အောင် အားထုတ်နိုင်သလား ဆိုတော့လည်း အားမထုတ်နိုင်ခဲ့ပါ။ အားထုတ်၍ မရတိုင်းမှာလည်း မိမိ၏ အတွေးအခေါ် အားနည်းသည့် အဖြစ်ကို မကျေမနပ် ဖြစ်ခဲ့ရပါသည်။ စဉ်းစားခဲ့ဖူးပါသည်။ တစ်ခါတစ်ရံ လူတို့ လုပ်ပြအပ်သော ပစ္စည်းကလေး တစ်ခုကို ကောက်ကိုင် ကြည့်ပြီး ဤသို့ စဉ်းစားပါသည်။

'ဒီ မီးခြစ်ဘူးကလေးဟာ လူဖန်ဆင်းတဲ့ ပစ္စည်း တစ်ခုပဲ၊ ဖန်ဆင်းသူဟာ ဘယ်သူ ဘယ်ဝါ ဆိုတာကိုတော့ ငါ မတွေ့နိုင် မမြင်နိုင်တော့ဘူး၊ ဒါပေမယ့် ဒါဟာ လူမလုပ်ဘဲ ဖြစ်မလာဘူး၊ ဒါကိုတော့ ငါ သိတယ်၊ ဒီတော့ မီးခြစ်ကို ဖန်ဆင်းတဲ့ လူတစ်ဦးတော့ဖြင့် ဒီ လောကကြီးထဲမှာ ရှိရ ပေလိမ့်မယ်၊ ရှိရ ပေလိမ့်မယ် တောင် မဟုတ်ဘူး၊ ရှိကို ရှိရမယ်၊ ဒါကတော့ မုချပဲ၊ ဒါဆို ဒီလောကကြီး တစ်ခုလုံးကို ဖန်ဆင်းတဲ့ ဖန်ဆင်းရှင် ဆိုတာလည်း ရှိရမှာပေါ့၊ ငါ မမြင်ဖူး မတွေ့ဖူးသော်လည်း ရှိတန်ရာတယ်၊ ရှိတယ်လို့ပဲ ယူဆသင့်တယ်၊ ဒါပေမယ့် မီးခြစ်ကို ဖြစ်အောင် ဖန်ဆင်းရာမှာတောင် ဖန်ဆင်းနိုင်တဲ့ အတတ် ပညာလည်း ရှိဦးမှ၊ ဒီပစ္စည်းကို ဘာနှင့် ပြုလုပ်မယ်၊ ဘယ်ပုံသဏ္ဌာန်နှင့် ပြုလုပ်မယ်၊ ဘာလုပ်ဖို့ ဘာအတွက် ပြုလုပ်မယ် ဆိုတာတွေတော့ ရှိရဦးမယ်၊ လူက မီးခြစ် ဖြစ်စေ ဆိုလို့တော့ ဖြစ်လာမယ် မဟုတ်ပါဘူး'

ဤကား အကျွန်ုပ် ငယ်စဉ် ဆရာကြီး ဦးဖိုးညွန့်ထံမှာ ပညာ သင်စဉ် ကတည်းက တွေးခဲ့ဖူးသော အတွေးများ ဖြစ်လေသည်။ သို့သော် အာရစ္စတိုတယ် လိုတော့ ကွဲကွဲပြားပြား နားမလည်ခဲ့။ အကြောင်းအရာနှင့် ပုံသဏ္ဌာန်ကို ပေါင်းစပ်ခြင်းသည် ဖန်ဆင်းခြင်း မည်သည်ဟုလည်း သဘော မပေါက်နိုင်ခဲ့ပါ။

ယခုမှ အာရစ္စတိုတယ်၏ ကျေး ဇူး ကြောင့် အကျွန်ုပ်သည် ဖန်ဆင်းခြင်း၏ သဘောကို အမြင်ပေါက်စ ပြုနိုင်တော့၏။

'ဒီနေရာမှာ အာရစ္စတိုတယ်က ပုံသဏ္ဌာန်တွေဟာ ရိုးရိုး ယေဘုယျ တရားကိုယ် သဘောမျှ မကဘူး၊ ဒါတွေဟာ ခိုင်ခံ့တဲ့ သဘောလည်း ရှိတယ်၊ အနုစိသာရ သဘောတွေလည်း ဖြစ်ကြတယ်၊ အမှန်တကယ် တည်ရှိတဲ့ အရာတွေလည်း ဖြစ်တယ်၊ အစစ်အမှန် တရားတွေလည်း ဖြစ်တယ်၊ အကောင်အထည်အားဖြင့်ကို တည်ရှိကယ်၊ ဒါတွေဟာ ရိုးရိုး စိတ်ကူးတွေ ဝိညာဉ် သဘောတွေ မဟုတ်ဘူးလို့လည်း မြင်တယ်၊ ဒါတွေက ပရမတ်တရားတွေ ဖြစ်တော့ လူက ပုံသဏ္ဌာန်ကို ဖန်ဆင်းလို့ မရဘူး၊ အစ ကတည်းက လောကမှာ ပရမတ်တရားများ အဖြစ်နှင့် ပုံသဏ္ဌာန် အမျိုးမျိုးဟာ သူ့ဘာသာ ရှိပြီးသား ဖြစ်တယ်၊ လောကမှာ အရာခပ်သိမ်း ရုပ်ဒြပ် ရှိတာ မဟုတ်ကြဘူးတဲ့၊ လောကမှာ ထာဝရ တရားတွေလည်း တည်ရှိနေကြတယ်၊ တစ်ခုပဲ၊ ဒီထာဝရ တရားတွေဟာ အာကာသကြီးထဲမှာ ရွေ့လျားနေတဲ့ အရာဝတ္ထုတွေမှ အပ တခြားတော့ ဖြစ်နေကြတယ် တဲ့၊ ဒီနေရာမှာ အာရစ္စတိုတယ် သုံးနှုန်းတဲ့ စကား နှစ်ခွန်းကို အထူး သတိ ပြုရမယ်၊ အဲဒါက ဧကန်မုချ ဖြစ်တဲ့ သဘော (actuality) နှင့် ဖြစ်ရန် အလားအလာ ရှိတဲ့ သဘော (potentiality) ဆိုတဲ့ စကား နှစ်လုံးပါပဲ၊ ပုံသဏ္ဌာန်တွေဟာ တကယ် မုချ ဖြစ်သေးတာတွေတော့ မဟုတ်သေးဘူး၊ သူတို့က အထည်ဒြပ်နှင့် ပေါင်းတော့မှ တကယ် မုချ သဘော ပေါ်မယ်၊ ဧကန္တ သဘော ပေါ်မယ်၊ သူချည်း သက်သက်ကတော့ ဘာမဆို ဖြစ်ခွင့် ရှိသေးတော့ ဖြစ်ချေ (ဝါ) ဖြစ်ရန် အလားအလာပဲ ဖြစ်ကြတယ်၊ အင်မတန် လှပတဲ့ ယမင်းရုပ်ပုံ ဆိုပါစို့၊ ရွှေနှင့် ပေါင်းစပ်တော့ ရွှေရုပ်၊ ငွေနှင့် ပေါင်းစပ်တော့ ငွေရုပ်၊ ကြေးနှင့် ပေါင်းစပ်တော့ ကြေးရုပ်၊ ဆင်စွယ်နှင့် ပေါင်းစပ်တော့ ဆင်စွယ်ရုပ် ဖြစ်တယ်၊ သူ့မှာ ဘာပစ္စည်းနှင့် မဆို ပေါင်းပြီး သူ့ အဖြစ်ကို မုချဧကန် ဖော်ပြနိုင်တဲ့ သတ္တိ ရှိနေတယ်၊ ဒါကို သဘောပေါက်ရင် အာရစ္စတိုတယ်ရဲ့ မက်တာဖစ်ဇစ်ကို တော်တော် သဘောပေါက်ပြီလို့ ဆိုရလိမ့်မယ်'

'သဘောပေါက် ပါတယ် ဆရာ၊ ကျေးဇူး တင်ပါတယ် ဆရာ'

အတန်းပြောင်း ခေါင်းလောင်း ထိုးသော အခါ ဆရာသည် သင်ခန်းစာကို ထိုနေရာမှာ ရပ် ထား ပြီး ထွက်ခွာ သွားလေသည်။

အကျွန်ုပ်လည်း ထိုင်ရာမှ ထလိုက်၏။ အတန်းထဲတွင် ကျောင်းသားများလည်း မရှိတော့။ ခုံနေရာများမှာ ဗလာ ဟင်းလင်း ဖြစ်သွားကြလေပြီ။ သို့ရာတွင် အကျွန်ုပ် ခေါင်းထဲတွင်မူ ဗလာဟင်းလင်း ဖြစ်သွားခြင်း မရှိဘဲ အတွေးများ ရှုပ်ထွေး ပြည့်ကျပ် နေလေတော့၏။ စင်္ကြံပေါ်တွင် ကိုခင်မောင်သန်း နှင့် ကိုမြင့်ဆွေတို့က ရပ်စောင့်နေကြလေသည်။ လက်ဖက်ရည်ဆိုင်သို့ သွား

www.burmeseclassic.com



ရန် ဖြစ်ပေလိမ့်မည်။ ဗိုက်မှာ အတန် ဆာလျက် ရှိပြီ ဖြစ်သော်လည်း ဆူသံ ပူသံများ ပြည့်လျှံနေသော လက်ဖက်ရည်ဆိုင်သို့ သွားချင်စိတ် မရှိ။ သူတို့ နှစ်ဦးနှင့် လူချင်း ခွဲခဲ့ပြီးနောက် အကျွန်ုပ်လည်း လူရှင်းရာ ပါဠိဌာနအောက်ထပ်ရှိ အခန်းလွတ်ဆီသို့ ထွက်ခဲ့လေသည်။

ထိုနေရာတွင် ထိုင်ပြီး ဆရာ သင်ကြားသွားသော အာရစ္စတိုတယ်၏ အတွေး အမြင်များကို ပြန်လည် သုံးသပ် ကြည့်ရန် ဖြစ်လေသည်။

အကျွန်ုပ်လည်း တစ်ကိုယ်တော် ထိုင်ပြီးနောက် အာရစ္စတိုတယ်၏ ဖန် ဆင်း ခြင်း သဘောတရား အကြောင်းကို မီးခိုး ကြွက်လျှောက် ပြန်၍ စဉ်းစားနေလေသည်။

အတွင်းသား ရုပ်ဒြပ် (အကြောင်းအရာ) နှင့် ပုံသဏ္ဌာန် ပေါင်းစည်းခြင်း သဘောကို အကျွန်ုပ်၏ စိတ်တွင် ဖန်ဆင်းခြင်းပဲဟု သာမန်မျှ တွေးကြည့် နေခဲ့မိခြင်းမှာ စင်စစ် မှားနေလေ၏။ အာရစ္စတိုတယ်က ပုံသဏ္ဌာန် ဆိုသည်မှာ အသွင်အပြင် မဟုတ်။ ပုံပန်းမဟုတ်။ အပေါ်မြင် သဘော သက်သက် မဟုတ်။ 'အနှစ်သာရ' ဟု ဆိုလေသည်။ ခန္ဓာမှာ ဆိုလျှင် ဝိညာဉ် ဖြစ်သည်ဟု ဆိုလေသည်။ ခန္ဓာ၏ အစိတ်အပိုင်းများ အားလုံးကို သူ့နေရာ သူ့အလုပ် သူ့ကိစ္စနှင့် သူ နေရာတကျ ဖွဲ့စည်းပြီးနောက် ထို အစိတ်အပိုင်းအားလုံး၏ ညီညွတ်သော သဘော၊ ပြေ ပြစ် သောသဘော၊ တစ်စု တစ်ပေါင်းတည်းဖြင့် တစ် ခု သောအဖြစ်ကို ကေန်မုချ ဖြစ်ပေါ်စေသော သဘောကိုသာ အာရစ္စတိုတယ်က ပုံသဏ္ဌာန်ဟု ဆိုခြင်း ဖြစ်လေသည်။

အကျွန်ုပ်သည် အာရစ္စ တိုတယ်၏ ဒဿနကို အခြေခံကာ စာပေ အနုပညာ ဖန်ဆင်းမှု သဘောများကိုပါ အရှည်အဝေး စဉ်းစား နေမိလေသည်။

အနုပညာ ဖန်တီးသူသည် မိမိ ဖန်တီးလိုသော အကြောင်းအရာ၊ ဝတ္ထုပစ္စည်းများ ရရှိသော အခါ ၎င်းတို့ကို အနုပညာ ကုန်ကြမ်းများ အဖြစ် သတ်မှတ်သည်။ ထို့နောက် ထိုကုန်ကြမ်းများကို ကုန်ချော အဖြစ် ထုတ်လုပ်မည့် အခါ အရေး အကြီးဆုံး ဖြစ်သော ပုံသဏ္ဌာန်ကို ရှာရလေသည်။ အနုပညာရှင်၏ ပဋိဘာန် ဉာဏ်ကောင်းလျှင် ကောင်းသလောက် ပုံကောင်း ပုံလှ ပုံဆန်းကို ရတတ်သည်။

ပုံကောင်း ပုံလှ ပုံဆန်းများသည် လူက ဖန်ဆင်းအပ်သော အရာများ မဟုတ်။ လောကထဲမှာ သူ့ဘာသာ သူ တည်ရှိ နေကြလေသည်။ သို့သော် မျက်မြင် ထင်ရှား ရှိကြသည် မဟုတ်။ ဖော်ထုတ်တတ်မှ ပေါ်လာတတ်သော ဖြစ်ခွင့်ရှိ အလားအလာများ အဖြစ် တည်နေ ကြလေသည်။ ၎င်းတို့ကို သိရန် ဆင်ခြင်ဉာဏ် လိုသည်။ ပလေတိုး ပြောခဲ့သလို အာရစ္စတိုတယ်ကလည်း၊ ထိုပုံသဏ္ဌာန်များကို ဖော်ထုတ်တတ်ရန် ဉာဏ်အထူး လိုသည် ဆိုသော အချက်ကို လက်ခံ ခဲ့လေသည်။ အကျွန်ုပ်လည်း ထိုအချက်ကို လက်ခံ ထားပါသည်။

တချို့ ပညာရှင်များကမူ ဖန်ဆင်းခြင်းသည် ပုံကောင်း ပုံလှ ပုံဆန်းများကို ဖန်ဆင်းခြင်း ဖြစ်သည်ဟု ထင်ကြသည်။ ထိုအချက်ကို အာရစ္စ တိုတယ်က ငြင်းသည်။ ပုံသဏ္ဌာန်တို့သည် ပရမတ် တရားများ ဖြစ်သည်ဟုသာ နားလည်အပ်သည်။ ပရမတ် တရား (ထိုပုံသဏ္ဌာန်) များကို ဘယ်သူမှ ဖန်ဆင်းထားသည် မဟုတ်၊ ဖန်ဆင်းနိုင်သည်လည်း မဟုတ်ဟု အာရစ္စတိုတယ်က ရှုမြင်လေသည်။

ဖန်ဆင်းခြင်းသည် ရှိပြီးသား ရုပ်တရားများနှင့် ရှိပြီးသား နာမ်တရား (ပုံသဏ္ဌာန်) များကို စနစ်တကျ ပေါင်းစပ်တတ်သော အစွမ်း သတ္တိကိုသာ ခေါ်ခြင်း ဖြစ်လေသည်။

သို့ဆိုလျှင် ဖန်ဆင်းရှင် ဘုရားသခင်က ဤလောကကို ဖန်ဆင်းခြင်း ဆိုသည်မှာလည်း ရှိပြီးသား ရုပ်တရားများနှင့် ရှိပြီးသား နာမ်တရားများကို ညီညွတ်အောင် ပေါင်းစည်းခြင်း ပေပဲလား။

'ဟော ကိုဆန်းလွင်ကြီး ဒီမှာ ရောက်နေတာကိုး'

ရုတ်တရက် ပေါ်လာသော အသံကြောင့် အတွေးများ လန့်စဉ် သွားလေသည်။

'ဩော် လွင်လွင်တို့ ပါလား'

မိန်းကလေး လေးယောက် ဖြစ်သည်။ သူတို့ကို ဦးဆောင်၍ လာသူမှာ အေမီခင်မြလွင် (ယခု တက္ကသိုလ် စာပေးစာယူ ဥပဒေ လက်ထောက် ကထိက) ဖြစ်လေသည်။ မာဂရက် မြမြစိန် (ဂရိတ် ဦးဘိုးစိန်၏ မြေး၊ ဦးကက်နက်စိန်၏ သမီးကြီး၊ ရဲစိန်တို့ အစ်မ၊ ကွယ်လွန်) လည်း ပါလေသည်။

'ဟုတ်တယ်၊ ကိုဆန်းလွင်ကို လိုက်ရှာ လိုက်ရတာ မောနေတာပဲ၊ လွင်လွင်တို့က ဖီလိုဆိုဖီ မေးမလို့'

'လာ ထိုင်ကြ၊ တတ်သိ နားလည် သမျှတော့

www.burmeseclassic.com



ပြောမှာပေါ့၊ ဒါထက် ကျွန်တော်က ဘာမှ မစားရသေးဘူး၊ ဗိုက်တောင် ဆာနေပြီ’

‘အံမယ်လေး ခုမှ၊ လွင်လွင်တို့က ကျွေးပါ့မယ်၊ ရော့ ခု ဒီမုန့်ကို စားပြီး ပြောပြ၊ ပြီးတော့ ကင်တင်းမှာ လွင်လွင်တို့ လိုက်ကျွေးမယ်’

အကျွန်ုပ်လည်း ဗိုက်မှာ အတန် ဆာနေပြီ ဖြစ်သောကြောင့် သူတို့ကျွေးသော မုန့်ကို စားပြီးနောက် ရေတစ်ခွက် သောက်လိုက်ပါသည်။ ပြီးမှ သူတို့လေးဦး၏ ဆရာ အဖြစ်ကို ခံယူကာ အာရစ္စတိုတယ်၏ အတွေးအခေါ်များကို နားလည်လိုလျှင် ပလေတိုး၏ အတွေးအခေါ်ကို အခြေခံ စဉ်းစားဖို့ လိုကြောင်း၊ အာရစ္စတိုတယ် အတွေးအခေါ်များသည် အများအားဖြင့် သူ့ပင်ကို အတွေးအခေါ် သက်သက် မဟုတ်ကြဘဲ သူ့ဆရာ ပလေတိုး၏ အတွေးအမြင်များကို အခြေခံ၍ ပေါ်ပေါက်လာသော အတွေးအမြင်များသာ ဖြစ်ကြောင်း ရှင်းပြရလေသည်။ ထို့နောက် ပလေတိုးနှင့် အာရစ္စတိုတယ် အတွေးအမြင်များ ကွာခြားပုံ၊ ပလေတိုးက ပရမတ်တရားများကိုပါ ဖန်ဆင်းရှင် ဘုရားသခင်က ဖန်ဆင်းထားသည်ဟု ယုံကြည်ပုံ၊ အာရစ္စတိုတယ်က ပရမတ်တရားများမှာ မူလ ကတည်းက သူ့အလိုလို ရှိပြီး ထို ပရမတ် ပုံသဏ္ဌာန် သဘောများကို ဖြစ်ချေရှိ အလားအလာများ အဖြစ်မှ မုချ အဖြစ်အနေ (**actuality**) ဖြစ်အောင် ပြုလုပ်ခြင်းကိုသာ ဖန်ဆင်းခြင်းဟု နားလည်ကြောင်းများကို စာပေ အနုပညာ သဘောတရားများဖြင့်ပါ ရှင်းပြလိုက် လေသည်။

အေမီခင်မြလွင်တို့ လူစုလည်း အားရ ကျေနပ်ကြလျက် အကျွန်ုပ်အား ကင်တင်းသို့ ခေါ်သွားကာ ကြိုက်သလောက် အဝစား စုပေါင်း ကျွေးမွေးခြင်း အမှုကို ပြုကြလေတော့၏။

နောက်နေ့ ဆရာဒေါက်တာ ခင်မောင်ဝင်း သင်တန်း မစမီပင် ကျယ်ဝန်းသော ဥပဒေဌာန အောက်ထပ်ရှိ ယုဒသန် ခန်းမ၏ လက်ဝဲဘက် စာသင်ခန်းမကြီးမှာ ကျောင်းသူ ကျောင်းသားများဖြင့် ပြည့် လျှံ နေ လေတော့၏။

အကျွန်ုပ်လည်း နောက်နားက ခုံသို့ ရောက်အောင် တွန်းတက် ရလေသည်။ ခန်းမမှာ ရုပ်ရှင်ရုံမှာကဲ့သို့ ခုံတန်းများကို ဆင်ခြေလျှော စီထားသဖြင့် နောက်ဘက်က ခုံတန်းများမှာ လူ တစ်ရပ်ခန့်ပင် မြင့်နေလေသည်။ သူငယ်ချင်း ကိုခင်မောင်သန်း တို့ က အကျွန်ုပ် အတွက် နေရာဦးထား’ကြလေသည်။

ခေါင်းလောင်း ထိုးပြီးနောက် ပါးချိုင့်ကလေး ပေါ်အောင် ပြုံး၍ ဝင်လာသော ဆရာ၏ မျက်နှာကို မြင်ရသည်မှာ ချစ်စရာ ကောင်းသလောက် နံနက်ခင်း၏ နေခြည်ဖြာကို မြင်ရသလို ရွှင်လန်း အားရဖွယ်လည်း ကောင်းလှပါသည်။

‘မင်္ဂလာ နံနက်ခင်းပါ အတန်းသားတို့’

ဆရာက အင်္ဂလိပ်လို နှုတ်ခွန်းဆက် စကားဆိုလိုက်သော အခါ **‘Good Morning Sir’** ဆိုသော အတန်းသားများ၏ နှုတ်ခွန်း တုံ့ပြန်သံကလည်း တစ်ခဲနက် ဟိန်းထွက် သွားလေတော့၏။

ဆရာ ဒေါက်တာ ခင်မောင်ဝင်းကား ကျောင်းသူ ကျောင်းသားတိုင်းဂ ချစ်ခင် လေးစားခြင်းကို တစ်ခဲနက် ခံစားရသော ဆရာ ဖြစ်၏။ ပါးချိုင့်ကလေးနှင့်အတူ ဆရာ၏ မျက်နှာမှာ အစဉ် ပြုံးရွှင်သလောက် ဆရာ၏ နှုတ်သံကလည်း ချိုလှပါသည်။

ဆရာသည် အာရစ္စတိုတယ်၏ အတွေးအခေါ်ကိုပင် ဆက်၍ သင်ကြားလေသည်။

‘မနေ့က အကြောင်းအရာနှင့် ပုံသဏ္ဌာန် သဘောကို သင်ကြား ပို့ချခဲ့ရာမှာ အတွင်းသား အကြောင်းအရာတွေဟာ ရုပ်သဘော ရှိပြီး ပုံသဏ္ဌာန်ကတော့ နာမ်သဘော ရှိတယ်ဆိုတာ အာရစ္စတိုတယ် တင်ပြတဲ့ ခန္ဓာနှင့် ဝိညာဉ် သဘောနှင့်ပဲ ပေါ်ပါလိမ့်မယ်။

‘ရုပ်ဒြပ် သဘောတွေဟာ နာမ်သဘောဖြစ်တဲ့ ပုံသဏ္ဌာန် အမျိုးမျိုး ဖြစ် ပေါ်ခွင့်ရှိတဲ့ အလားအလာတွေ ဖြစ်ကြတယ်လို့လည်း သူက ဆိုတယ်၊ ဒါလည်း တွေး ကြည့် ရင် ပေါ်ပါလိမ့်မယ်၊ ဒီမှာ နောက်ထပ် အတွေးအခေါ် အဆင့် တစ်ဆင့် ပိုလာပါတယ်၊ အဲဒါက ဘာလဲ ဆိုတော့ ဖန်ဆင်းခြင်း တရားမှာ ဖြစ်ခွင့် အလားအလာ ရှိတာတွေဟာ တကယ့် မုချ အဖြစ်အနေ ဘဝ (**actuality**) အဖြစ်ကို ရောက်ဖို့ အတွက်ကြားမှာ ပြောင်းလဲခြင်း သဘောတရား တစ်ရပ်ကို ကျော်ဖြတ် ရသေးတယ်၊ ဥပမာ တစ်ခု ဆရာပြမယ်၊ ဆိုကြပါစို့။

‘ပဲစေ့ကလေး တစ်စေ့ဟာ ပဲပင်ကလေး ပေါက်လာဖို့ အတွက် အလားအလာ (ဝါ) ဖြစ်နိုင်တဲ့ အနေအထားမှာ ရှိတဲ့ အရာဝတ္ထု ကလေးပဲ၊ သူ့ကို ရေစိမ်လိုက်တဲ့ အခါကျတော့ အစို့အညှောက်ကလေး ဖြစ်ပေါ်လာပြီး အပင်ကလေး ပေါက်လာတယ်၊ အရွက်ကလေး

www.burmeseclassic.com



ကားထွက်လာတယ်၊ နောက် အညွန့်ကလေး ဖြာလာတယ်၊ နောက်အနွယ်ကလေး ဖြစ်ပြီးသွားတယ်၊ မူလအစေ့ နေရာမှာ အစေ့ ပျောက် သွား ပြီး အမြစ်တွေ ထွက်လာတယ်၊ ဒီလို ပြောင်းလဲ ဖြစ်ပေါ်တာတွေရဲ့ ဖြစ်စဉ် တစ်ခုလုံးကို ကြည့်စမ်း၊ ဘာတွေ ပြောင်းလဲ သွားသလဲ၊ ပုံသဏ္ဌာန်တွေ ပြောင်းသွားတာပဲ မဟုတ်လား၊ တပည့်တို့ မြင်ကြရဲ့လား’

‘မြင်ပါတယ် ဆရာ’

‘ပိုပြီး မြင်လွယ်အောင် ဆရာ နောက်ထပ် ဥပမာ တစ်ခု ပြပါဦးမယ်၊ ဆိုကြပါစို့၊ ကျွန်းခေါ်တဲ့ သစ်ပင်ကြီး တစ်ပင် ရှိတယ်၊ ဒီသစ်ပင်ကို ခုတ်လှဲပြီး ပထမ သစ်တုံးတွေ ဖြစ်အောင် လုပ်လိုက်ကြတယ်၊ နောက် လွှစင်ပေါ် တင်ပြီး သစ်ခွဲစက်နှင့် ပျဉ်ချပ်တွေ တိုင်တွေ တန်းတွေ ဖြစ်အောင် ပြုလုပ်ကြတယ်၊ သစ်ပင် ပျောက်ကွယ်သွားပြီ၊ သစ်တုံး ပျောက်ကွယ်သွားပြီ၊ တစ်ဖန် ဒီသစ်တွေနှင့် စားပွဲ ကုလားထိုင်တွေ လုပ်လိုက်တော့ သစ်သား၊ သစ်ပင်၊ သစ်တုံး ဆိုတဲ့ သဏ္ဌာန်တွေ ပျောက်ပြီး စားပွဲ၊ ကုလားထိုင် စသည် ဖြစ်သွားတယ်၊ ဒီမှာလည်း ပုံသဏ္ဌာန်တွေပဲ၊ တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲသွားတာ ရှင်းရှင်း မြင်တယ် မဟုတ်လား တပည့်တို့’

‘ရှင်းပါတယ် ဆရာ၊ မြင်ပါတယ် ဆရာ’

စာသင်သားများ၏ အသံများမှာလည်း သဘောကျ နားလည်ခြင်းကို ရောင်ပြန် ဟပ်လျက် ပေါ့ပါး ရွှင်လန်း နေလေသည်။

‘ဒီမှာ ပုံသဏ္ဌာန်တွေ ပြောင်းလဲ ဖြစ်ပေါ်သွားတာကို သတိ ထားရမယ်၊ ဒီလို တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲ ဖြစ်ပေါ်ခြင်း သဘောဟာ တစ်လောကလုံးမှာ ရှိတယ်၊ ဒီလိုလည်း အကျယ်အပြန့် နားလည်ရမယ်၊ ဒါကိုတော့ အာရစ္စတိုတယ်က အီဗော်လူးရှင်း (evolution) လို့ ခေါ်ပါတယ် တပည့်တို့’

ဤတွင် အကျွန်ုပ်သည် ၊ အာရစ္စ တိုတယ်ကို များစွာ အထင်ကြီးမိ လေတော့၏။ လက်စသတ်တော့ ‘အီဗော်လူးရှင်း’ ဆိုသော စကားလုံးကို အကျွန်ုပ် စိတ်မှာ ဒါဝင် ဆိုသော ပညာရှင်က စတင် သုံးစွဲသည် ထင်ခဲ့၏။ စင်စစ် ထို စကားကို အာရစ္စတိုတယ်သည် လွန်ခဲ့သော အနှစ် နှစ်ထောင်ကျော် ကတည်းက စတင် သုံးစွဲခဲ့ပြီပဲ။

ဤနေရာတွင် အကျွန်ုပ်၏ မသိ နားမလည်မှု တစ်ခုကို ဝန်ခံ ရပေဦးမည်။ အကျွန်ုပ်သည် ငယ်စဉ်က ပင် ဖန်ဆင်းရှင် ထာဝရ ဘုရားသခင် အကြောင်း၊ ဖန်ဆင်းခြင်း အကြောင်းရပ်များ အကြောင်းကို လေ့လာ ရင်းနှီးခဲ့ရ၏။ သို့သော် ထိုဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်း သဘောကို ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာများ ပေါ်ပေါက် လာသော အခါမှ ဖြစ်ပေါ်လာသော အယူဝါဒ များဟုလည်း ထင်ခဲ့လေသည်။ ယခုမှ မိမိ၏ ထို အထင် အမြင် မှား ယွင်း ကြောင်း ကို သိရ၏။ ဂရိ တိုင်းသားများသည် ရှေးကပင် နတ်ဘုရား များစွာကို လက်ခံ ခဲ့ကြသော်လည်း တစ်ဆူတည်းသော ဖန်ဆင်း ရှင် ထာဝရ ဘုရားသခင်ကိုမူ ဂရိ ဒဿန ဆရာကြီး ဟေရာကလိတပ် (Heraclitus) * လက်ထက်က စ၍ လက်ခံ ယုံကြည်နေပြီ ဖြစ်၍ ပလေတိုး၊ အာရစ္စတိုတယ် တို့ လက်ထက်တွင် ထိုအယူဝါဒသည် အလွန်ပင် တိုး တက်လျက် ရှိပြီ ဖြစ်ကြောင်းကို ယခုမှပင် သိရလေ တော့၏။

‘အီဗော်လူးရှင်း ဆိုတဲ့ ပြောင်းလဲခြင်း တရား အားလုံးဟာ ကြောင်းကျိုး ဆက်နွယ်မှု တရားတွေနှင့် လည်း ဆက်ဆံနေတယ်၊ ဒီမှာ အာရစ္စတိုတယ်ရဲ့ တစ်ဆူ တည်းသော ဖန်ဆင်းရှင် ထာဝရ ဘုရားသခင် (God) ရဲ့ သဘောကို နားလည်ဖို့ လိုပြန်တယ်။

‘အာရစ္စတိုတယ်က ဖန်ဆင်းရှင် နတ်ဘုရားဟာ ပကတိ သန့်စင်သော ပုံသဏ္ဌာန် (Pure Form) လည်း ဖြစ်ပြီး ပကတိ သန့်စင်စွာ တည်နေသော ဓာတ္တ ဖြစ်ရပ် (Pure Actuality) လို့လည်း အဓိပ္ပာယ် ဖွင့်ခဲ့တယ်၊ ဒါကြောင့် တစ်လောကလုံးမှာ ပြောင်းလဲခြင်း တရား အီဗော်လူးရှင်း ရှိသော်လည်း ထာဝရ ဘုရားမှာတော့ ပြောင်းလဲခြင်း ကင်းတယ်လို့ သူ ယူဆခဲ့တယ်၊ ဒါဖြင့် စကြဝဠာကြီး တစ်ခုလုံးဟာ ဘယ်ပုံ ပြောင်းလဲပြီး တိုး တက် နေသလဲ၊ ဒီမှာ အာရစ္စတိုတယ်က လောကကြီး ဟာ တစ်ဆင့်ပြီး တစ်ဆင့် ပိုမို ကောင်းမွန်တဲ့ ဘက်သို့ ဦးတည်ကာ တိုးတက် ပြောင်းလဲနေတယ်လို့ ဆုံးဖြတ် ခဲ့တယ်၊ ဒီအမြင်ကို တပည့်တို့ ဘာသာ စဉ်းစားပါ၊ သဘော ပေါက်ပါလိမ့်မယ်၊ လူတွေဟာ လက်ရှိ ရထား တဲ့ ဘဝ အခြေအနေကို ဆိုးတယ်လို့ အမြဲ သဘော ထားပြီး ဒီထက် ကောင်းမြတ်တဲ့ ဘဝကို ရောက်အောင် လို့ ကြိုးပမ်း အားထုတ် နေကြတာကို အထင်အရှား

--------------

* *A History of Western Philosophy - p 40*

www.burmeseclassic.com



တွေ့ရပါလိမ့်မယ်၊ ကမ္ဘာ့ နိုင်ငံရေးကိုလည်း ကြည့်၊ နိုင်ငံတိုင်းက ကမ္ဘာကြီး ငြိမ်းချမ်းဖို့၊ ကမ္ဘာသူ ကမ္ဘာသားများ ပြည့်ဝ ချမ်းသာဖို့၊ စည်ကား ပွားများဖို့၊ ကိုယ်ကျင့်တရား ကောင်းမွန်ဖို့ အဘက်ဘက်က ကြိုးစားနေကြတယ်၊ လူသားတိုင်းဟာ လက်ရှိ ဘဝ အခြေအနေထက် ပိုပြီး ကောင်းမြတ်တဲ့ အနာဂတ်ကို အမြဲမျှော်လင့်ပြီး အားထုတ် နေကြတာကိုလည်း တပည့်တို့ မြင်မိကြပါလိမ့်မယ်၊ ဒါကြောင့် တပည့်တို့ သင်ကြားနေကြရတဲ့ ကိုယ်ကျင့်ပညာ ရှုထောင့်က ကြည့်ရင် အာရစ္စတိုတယ်ရဲ့ ဒီထာဝရ ဘုရား အမြင် (သီယိုလိုဂျီ) ဟာ အကျိုးကြည့် အမြင် ဖြစ်တယ်လို့လည်း သုံးသပ်သင့်ပါတယ်။

'အာရစ္စတိုတယ်က အတ္တ သုံးမျိုး ရှိတယ်လို့ ယူဆတယ်၊ အတ္တကို အာရစ္စတိုတယ်ကတော့ (substance) လို့ ခေါ်တယ်၊ ဆဗ်စတင့် ဆိုတာ ပဓာန အကြောင်းရင်းခံ ဝတ္ထုလို့ အဓိပ္ပာယ် ဖွင့်နိုင်တယ်၊ ပင်ကို သဘာဝ တရားကိုယ်ကို ပြောတာပါ၊ အဲဒီ သုံးမျိုးက ပထမ အမျိုးဟာ အာရုံနှင့် ထိတွေ့ သိမြင်နေရတဲ့ ပျက်စီး ပျောက်ကွယ်လွယ်တဲ့ ဝတ္ထုပစ္စည်းတွေ ဖြစ်တယ်၊ ဒုတိယ အမျိုးက အာရုံနှင့် ထိတွေ့ သိမြင်ရပြီး မပျက်စီး မပျောက်ကွယ်တဲ့ ပစ္စည်းတွေ၊ ဒါတွေက ဂြိုဟ်တွေ နက္ခတ်တာရာတွေကို ဆိုတာ၊ တတိယ အမျိုးက အာရုံနှင့် မသိဘူး၊ ဉာဏ်နှင့်သာ သိမြင်ရတဲ့ လူမှာ ရှိတဲ့ ဝိညာဉ်၊ ထာဝရ ဘုရားသခင်တို့ပဲ ဖြစ်တယ်။

'အာရစ္စတိုတယ်ရဲ့ ဒဿနမှာ အဓိက တစ်ချက်က ထာဝရ ဘုရားသခင် ဖန်ဆင်းရှင်ဟာ အရာခပ်သိမ်းတို့ရဲ့ ပထမ မူလ အကြောင်းတရား (First Cause) ဖြစ်တယ် ဆိုတာကို ဆင်ခြေ တက်ခြင်းပါပဲ၊ ဒါက ဘယ်လိုလဲ ဆိုတော့ စကြဝဠာကြီး တစ်ခုလုံးဟာ လှုပ်ရှားနေတာရယ်၊ ပြောင်းလဲ နေတာရယ်ကို တွေ့မြင် နေကြရတယ် မဟုတ်လား၊ ဒီလို လှုပ်ရှား နေအောင် စက်မောင်းသူ စက်ကို ပထမ လှုပ်ရှားစေသူ ရှိရမယ်၊ သို့သော် လှုပ်ရှားမှုတိုင်းကို ဖန်တီးခဲ့သူဟာ အဖန်တီးခံ မဖြစ်နိုင်ဘူး၊ သူကတော့ မဖန်တီးဘဲ သူ့အလိုလို ရှိနေသူပဲ ဖြစ်ရမယ်၊ ထာဝရ ဘုရားက စကြဝဠာကြီးကို ဖန်တီးတယ်၊ လှုပ်ရှား နေအောင်လည်း လုပ်ထားတယ်၊ ဒါဖြင့် အဲဒီ ဘုရားကိုကော ဘယ်သူက ဖန်တီးတုံးလို့၊ ဒီလို မေးလို့ မဖြစ်ဘူး၊ ဘာဖြစ်လို့ မဖြစ်သလဲ ဆိုတော့ ဘုရားကို ဖန်ဆင်းတဲ့ ဘုရားရဲ့ ဘုရားကို လိုက်ရှာရင် အတွေးက မဆုံးတော့ဘူး၊ ဒီတော့ အဆုံးစွန် တစ်ခုတော့ ရှိရတော့မယ်၊ မူလ အစ ပထမ ဆိုတာပေါ့၊ အဲဒါကို (First Cause) လို့ အာရစ္စတိုတယ်က ခေါ်တာ၊ အဲဒီ ပထမ အကြောင်းပစ္စယသည်ပင် ဖန်ဆင်းရှင် ဘုရား ဖြစ်တယ်လို့ အာရစ္စ တိုတယ်ရဲ့ ဒဿနမှာ အရှင်းသား ပေါ်တယ်၊ ဒီ ထာဝရ ဘုရားဟာ အနိစ္စတရားတွေရဲ့ အလွန်မှာ တည်ရှိနေတယ်၊ ထာဝရဘုရားသခင်ရဲ့ ပင်ကို သဘာဝဟာ ဝိညာဉ် သိစိတ်ကြီးပဲ၊ အဲဒီ သိစိတ်ဟာ တကယ် ဖြစ်တည်ရာမှာ အသက် ဇီဝရဲ့ သဘောကိုလည်း ဆောင်ထားတယ်၊ ဒီ အသက် ဇီဝက အမှီခို ကင်းတယ်၊ သူ့ဘာသာ ရပ်တည်နေတဲ့ အကောင်းဆုံး အမြတ်ဆုံး ထာဝရ သဘောကြီး ဖြစ်တယ်၊ ဒါကြောင့် ထာဝရ ဘုရားသခင် ဆိုတာ သက်ရှိ သဘောကြီးလို့ နားလည် ရမယ်၊ ထာဝရ အစွန့် ကာလကို ထာဝရ ဘုရားကပဲ စိုးပိုင် နေတယ်လို့ အာရစ္စတိုတယ် အဓိပ္ပာယ် ဖွင့်ခဲ့တယ်'

ဆရာ၏ သင်ကြားချက်များမှာ ရှင်းပါသည်။ သို့သော် အာရစ္စတိုတယ် ပြောသော 'လှုပ်ရှားခြင်းမဲ့ လှုပ်ရှားစေသူ' (unmoved mover) ဆိုသော ဝေါဟာရကိုမူ အကျွန်ုပ်သည် နားလည်အောင် အားထုတ် ရလေသည်။

ထိုစကားကို နားလည်အောင် ကြိုးစား ကြည့်သောအခါ ကမ္ဘာကျော် ဗိနပ် နတ်သမီးရုပ်ကို သတိရလေသည်။ ထိုနတ်သမီး၏ ပြတ်နေသော လက်များ၊ ပြေလျော့ ကျဆင်းနေသော ဝတ်ရုံလွှာ၊ ပြေပြစ်သော ခန္ဓာကိုယ်တို့ကို ကြည့်ရင်း အကြင် အနုပညာ၌ ဝင်စားတတ်သူသည် စိတ်လှုပ်ရှားမှု များစွာကို ခံစား ရလေသည်။ အကယ်၍ ဗိနပ်၏ လက်များ ရှိခဲ့ပါမူ ထိုလက်များသည် ဘယ်သို့ ရှိချိမ့်မည်နည်း။ ဘယ်နေရာတွင် ရှိလေမည်နည်း။ ဝတ်ရုံ ပေါ်မှာလား၊ ချက်ပေါ်မှာလား၊ သူမ၏ မြတ်သော စနေနံတွေ ပေါ်မှာလား။

ဤကား လှုပ်ရှားမဲ့ ဗိနပ်ကြောင့် တစ်ပါးသူ၌ လှုပ်ရှားမှုများ ဖြစ်ရခြင်းကို အကျွန်ုပ် ဉာဏ် ကွန့်မြူး ကြည့်ခြင်းပင် ဖြစ်၏။ အာရစ္စတိုတယ်၏ ဆိုလိုရင်းနှင့် ကိုက် မကိုက်ကိုမူ အကျွန်ုပ် မသိချေ။

မည်သို့ပင် ဖြစ်စေ အာရစ္စတိုတယ် ပေါ်ပေါက်သော ကာလသည် ခရစ်တော်ထက် အနှစ် လေးရာခန့် စောနေသေးသည်။ ထိုအချိန်ကပင် အာရစ္စတိုတယ်သည် နောင်အခါ သမ္မာကျမ်းစာများ၌ ဖော်ပြထားသော ထာဝရ

www.burmeseclassic.com



ဘုရားသခင် ဖန်ဆင်းရှင်၏ သဘောများစွာကို အတွေးလမ်း ခင်းသွားခဲ့ပြီ တကား။

ထို့နောက် ဆရာသည် အာရစ္စတိုတယ်၏ အရေးပါသော အကြောင်းအရာ အမြင်ကို သင်ကြား ပို့ချပြန်သည်။

'အာရစ္စတိုတယ် ဟောကြားတဲ့ ထာဝရ ဘုရားသခင်၊ သူ့ရဲ့ ဖန်ဆင်းခြင်း သဘောတရား စသည်တို့ကို အပြည့်အစုံ သဘော ပေါက်ဖို့ကတော့ သူ့ရဲ့ အကြောင်းတရား အမြင်ကို နားလည် ရဦးမယ်၊ လောကို အကြောင်းတရား လေးပါးက ခြယ်လှယ် ဖန်တီး နေတယ်လို့ အာရစ္စတိုတယ်က ဆိုတယ်၊ ပါဠိသက် မြန်မာ စကားနှင့် ဆိုရင်တော့ သမုဋ္ဌာန် လေးပါးပေါ့၊ သို့သော် မြန်မာတွေ နားလည်တဲ့ သမုဋ္ဌာန် လေးပါးက ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အာရစ္စတိုတယ်ရဲ့ သမုဋ္ဌာန် လေးပါးကတော့

(၁) ရူပ သမုဋ္ဌာန် material cause

(၂) သဏ္ဌာန သမုဋ္ဌာန် formal cause

(၃) နိမ္မိတ သမုဋ္ဌာန် effecient cause

(၄) အန္တိမ သမုဋ္ဌာန် final cause

တွေပဲ ဖြစ်တယ်၊ ရုပ်ရယ်၊ ပုံသဏ္ဌာန်ရယ်၊ ဖန်တီး ပြုပြင်သူရယ်၊ အဆုံးစွန် ရည်ရွယ်ရင်း အကြောင်းတရားရယ်၊ ဒီလေးပါး ပြည့်စုံမှသာ တစ်စုံတစ်ရာသည် မုချ ဖြစ်ပေါ် လာတယ်လို့ သဘော ကျရမယ်။

'ဥပမာ ဆိုကြပါစို့၊ မျက်စိ အောက်က ဒီစားပွဲမှာ သစ်သားဟာ ရုပ် အကြောင်းတရားပဲ၊ မြေဖြူမှာ မြေစေးဟာ ရုပ် အကြောင်းတရားပဲ၊ ဒါကို သက်ဆိုင်ရာ စားပွဲ ပုံသဏ္ဌာန် မြေဖြူ ပုံသဏ္ဌာန်ထဲကို ရောက်အောင် ဖန်တီး ပြုပြင်သူ (နိမ္မိတ) က ဖန်တီး ပြုပြင်ရတယ်၊ ဒါဘာအတွက် ပြုပြင် ဖန်တီး ရသလဲဆိုတော့ တစ်စုံတစ်ခုသော ကိစ္စ အတွက်ပဲပေါ့၊ စားပွဲဆို စာရေးဖို့၊ ပစ္စည်းတင်ဖို့၊ မြေဖြူဆိုရင် ဘုတ်မှာ စာရေးဖို့ပေါ့၊ ပစ္စည်းတိုင်းကို ကြည့်၊ ဖန်တီးသူ မရှိဘူးလား၊ အင်္ကျီမှာလည်း အဝတ်ရယ်၊ ပုံစံရယ်၊ အပ်ချုပ်သူရယ်၊ ဝတ်ဖို့ရယ် အကြောင်း လေးပါး ရှိတာပဲ၊ ဘယ်ပစ္စည်းပဲ ဖြစ်ဖြစ် ကြည့် အကြောင်းမဲ့ ရည်ရွယ်ချက် မရှိ၊ ကိစ္စ မရှိဘဲ ဖြစ်နေတာ ဘာရှိသလဲ၊ ဘာမှ မရှိဘူး၊ ကျောက်ခဲ တစ်လုံးတောင် ကိစ္စ ရှိတယ်၊ မြင်အောင် ကြည့်၊ မြက်ပင်ကို အဖိုး မတန်ဘူး၊ ကိစ္စ မရှိဘူးလို့ မထင်ပါနှင့်၊ မြက်ပင်မှာလည်း ဆိုင်ရာ အကြောင်း ကိစ္စ ရှိတာပဲ၊ ဒါကြောင့် အာရစ္စတိုတယ်ရဲ့ သဘောတရား နှင့် ကြည့်ရင် တစ်လောကလုံးမှာ ရှိရှိသမျှ သူ့ကိစ္စနှင့်သူ သူ့အကြောင်းနှင့်သူ ရှိနေကြပါကလား ဆိုတာ ထင်ထင်ရှားရှား မြင်လာပါလိမ့်မယ်'

အာရစ္စတိုတယ်၏ အတွေး အမြင်များမှာ လွန်ခဲ့သော အနှစ် နှစ်ထောင့် ငါးရာကျော် ကာလက ပေါ်ပေါက် ခဲ့သည် ဆိုသော်လည်း ထူးခြား လှပါသည်။ အံ့ဖွယ် ကောင်း လှ ပါ သည်။ အာရစ္စတိုတယ်သည် တစ်ဆူတည်းသော ဖန်ဆင်းခြင်းမဲ့ ဖန်တီးရှင် ထာဝရ ဘုရားသခင်ကို မေတ္တာဓာတ်ကြီး အဖြစ် ရှုမြင်ရာ၌လည်း ထူးခြား လှပါသည်။

အာရစ္စတိုတယ်၏ အတွေးအခေါ်တွင် ဝိညာဉ် (အသက်) နှင့် စိတ် မတူကြောင်းကိုလည်း ပြသည်။ စိတ်ကို အာရစ္စတိုတယ်က ဆင်ခြင်ခြင်း သတ္တိ အဖြစ် သဘော ပေါက်လေသည်။ ဝိညာဉ်မှာ အဆင့် အမျိုးမျိုး ရှိလေသည်။ သေသော ဝိညာဉ်၊ မသေသော ဝိညာဉ် ရှိသည်။ စိတ်ကား သချာကို လည်းကောင်း၊ ဒဿနကို လည်းကောင်း နားလည် သိမြင်တတ်သော ဉာဏ်သတ္တိပင် ဖြစ်သည်ဟု အာရစ္စတိုတယ် ယူဆ လေသည်။

အာရစ္စတိုတယ်သည် သူ၏ ကိုယ်ကျင့် တရားအမြင် (Nicomachean Ethics) ကို သူ၏ ဝိညာဉ် သဘောတရားနှင့် ဆက်စပ်၍ တွေးခေါ်ထားလေသည်။

ဝိညာဉ်မှာ အသိဉာဏ်ရှိ အပိုင်း နှင့် အသိဉာဏ်မဲ့ အပိုင်း ဟူ၍ နှစ်ပိုင်း ရှိသည်ဟုလည်း သူ မြင်သည်။ အသိဉာဏ်မဲ့ အပိုင်းမှာပင် ရက္ခ သဘာဝနှင့် သတ္တ သဘာဝ နှစ်မျိုး ရှိသည်။ ဆန္ဒမဲ့ သဘာဝနှင့် ဆန္ဒရှိ သဘာဝကို ဆိုလိုသည်။

'နီကိုမာခီယန် အက်သစ်' ခေါ် အာရစ္စတိုတယ်၏ ကိုယ်ကျင့်တရား အမြင်ကို သင်ကြား ပို့ချသူမှာ ကထိက ဆရာ ရက်ဂျီ (ဦးခင်မောင်ဒင်) ဖြစ်လေသည်။ သူ့ကို ဦးခင်မောင်ဒင် ဟု ခေါ်သူ နည်းသည်။ ဆရာတိုင်း ကျောင်းသားတိုင်းက ဆရာ ရက်ဂျီ ဟုသာ ခေါ်နေကြလေသည်။ ကျောင်းသားများနှင့် လက်ပွန်းတတီး နေတတ်သော ဆရာ ရက်ဂျီသည် အကျွန်ုပ်တို့ မျက်စိထဲတွင် ရုပ်ရှင်မင်းသား ခင်မောင်ရင်နှင့်လည်း တူနေလေသည်။ စာပြသောအခါ အလွန် ဟန်ပါသည်။ သူသည် ခရစ်ယာန် တစ်ဦး ဖြစ်လေသည်။ ထို့ကြောင့် အကျွန်ုပ် အဖို့မူ ဆရာ ရက်ဂျီသည် ပို၍ စိတ်ဝင်စားစရာ ပုဂ္ဂိုလ် ဖြစ်ရပြန်သည်။ အဘယ်ကြောင့် ဆိုသော် ထိုစဉ် အခါက အကျွန်ုပ်သည် ခရစ်ယာန် အယူဝါဒ

www.burmeseclassic.com



များ၏ လွှမ်းမိုးမှု အောက်တွင် ရှိဆဲအခါ ဖြစ်သော ကြောင့်ပင် ဖြစ်၏။

အာရစ္စတိုတယ်၏ ကိုယ်ကျင့်တရား အမြင်များ သည်လည်း အကျွန်ုပ်အား များစွာ အမြင် ကျယ်စေနိုင် ခဲ့ရုံမျှ မက အကျွန်ုပ်၏ စိတ်ဓာတ် အခြေခံ ပြောင်းလဲ မှုများ နှင့် ဘဝ အယူအဆ ပြောင်းလဲမှု များစွာကို လည်း ဖြစ်စေခဲ့ကြောင်း ဝန်ခံ ရပေလိမ့်မည်။

ဆရာ ရက်ဂျီ၏ ကိုယ်ကျင့်တရား ပညာ သင် ခန်းစာများမှာလည်း စိတ်ဝင်စားဖွယ် ရှိပါသည်။

'ပထမဆုံး အာရစ္စတိုတယ်ရဲ့ အက်သစ် (Ethics) ကို လေ့လာကြရာမှာ သိထားသင့်တဲ့ အချက် တစ်ချက်ကတော့ ဒီအတွေးအမြင်တွေဟာ အာရစ္စတိုတယ် အသက် ထင်ရှား ရှိစဉ် ကာလတုန်းက သူ့ခေတ်က ပညာတတ် လူ့ရည်လည်များရဲ့ အယူအဆများ ဖြစ်တယ်လို့ ဆိုမယ်ဆို ဆိုသင့်ပါတယ်။

'ခင်ဗျားတို့ သိကြပြီး ဖြစ်ကြတဲ့ အတိုင်း ကိုယ်ကျင့်တရား ပညာဟာ လူတို့ ကျင့်ကြံ လိုက်နာအပ်တဲ့ အကျင့်များရဲ့ စံကို ရှာတဲ့ ပညာရပ် ဖြစ်တယ်၊ အကျင့်များရဲ့ စံ ဆိုတာကလည်း တခြား မဟုတ်ဘူး၊ ကောင်းခြင်း၊ မြတ်ခြင်း (good) ဆိုတာ ဘာလဲ ဆိုတာကို ရှာတာပါပဲ၊ သဘော ပေါက်တယ်နော်'

'ပေါက်ပါတယ် ဆရာ'

'ကျေးဇူးတင်တယ်၊ သဘော ပေါက်လို့ ရှိရင် အာရစ္စတိုတယ်က သူ့ရဲ့ ကိုယ်ကျင့်တရား ပညာ အတွေးအခေါ်တွေမှာ အဲဒီ ကောင်းမှု သဘောကို ဘာတဲ့တုံး၊ ဘာဟာ ကောင်းတယ်တဲ့တုံး၊ ဒါကို လေ့လာ ကြရမယ်။

'အာရစ္စတိုတယ်က ပျော်ရွှင် ချမ်းမြေ့ခြင်း သုခ (happiness) ဟာ ကောင်းမြတ်တဲ့ သဘောပဲတဲ့၊ နှစ်သက်ဖွယ် ပျော်ရွှင်ဖွယ် စိတ်ချမ်းသာဖွယ် ဖြစ်လို့ ရှိရင် အဲဒါ ကောင်းတာပဲလို့ ဆိုတာပါပဲ၊ ဘာဖြစ်လို့ အဲဒါ ကောင်းသလဲလို့ ဆိုတော့ ပျော်ရွှင် ချမ်းမြေ့ခြင်း သုခဟာ ဝိညာဉ်ရဲ့ လုပ်ဆောင်ချက် အမှုကံ ဖြစ်လို့ပဲတဲ့။

'ဒီမှာ အာရစ္စတိုတယ်ရဲ့ ဝိညာဉ် (soul) အယူအဆကို ရှင်းရှင်းလင်းလင်း သိဖို့ လိုပြန်တယ်၊ ဘယ်လို သိရမလဲ ဆိုတော့ သူ့ဆရာ ပလေတိုး တွေးမြင် သုံးသပ် ခဲ့သလိုပဲ ဝိညာဉ်မှာ အပိုင်း နှစ်ပိုင်း ရှိတယ်လို့ သူကလည်း မြင်တယ်၊ ဘယ်လို နှစ်ပိုင်းလဲ ဆိုတော့ ဉာဏ်ရှိ အပိုင်း (rational part) နှင့် ဉာဏ်မဲ့ အပိုင်း (irrational part) တွေ ဖြစ်တယ်လို့ ဆိုတယ်၊ ပိုပြီး သရုပ် ပါအောင် သူက သစ်ပင်တွေ ရှင်သန် နေရာမှာ ပါဝင်တဲ့ အသက် ဝိညာဉ်မျိုးက ဉာဏ်မဲ့ ဝိညာဉ်မျိုး ဖြစ်တယ်၊ တိရစ္ဆာန် သက်ရှိ သတ္တဝါများမှာ ပါဝင်နေတဲ့ ဆန္ဒ တောင့်တမှု ဦးစီးတဲ့ အသက် ဝိညာဉ်မျိုးကိုတော့ သူက ဉာဏ်ရှိ ဝိညာဉ်လို့ ခေါ်ခဲ့တယ်၊ ဒီအထိ ခင်ဗျားတို့ လိုက်နိုင်ကြတယ် မဟုတ်လား'

'လိုက်နိုင်ပါတယ် ဆရာ'

'ကျေးဇူး တင်ပါတယ်၊ လိုက် နိုင် လို့ ရှိရင် အာရစ္စတိုတယ်က ကောင်းမှု သဘောကို အဓိပ္ပာယ် သတ်မှတ်ပုံကို ကျွန်တော် ဆက်ပြောမယ် နော်။

'အာရစ္စတိုတယ်က ကောင်းမှု ဆိုတာ တခြား မဟုတ်ဘူး၊ အသိဉာဏ်က လက်ခံတာဟာ ကောင်းတာပဲတဲ့၊ ကောင်းတာကို အသိဉာဏ်က သိတယ်၊ ကောင်းရင် အသိဉာဏ်က လက်ခံတာပဲတဲ့၊ ဒီမှာ အာရစ္စ တိုတယ်ရဲ့ အတွေးအမြင်ဟာ တစ်ဆင့် မြင့်လာတယ်၊ သူက ကောင်းမှု ကုသိုလ် ဖြစ်ပေါ်နိုင်တဲ့ အခြေခံ နှစ်ရပ်ကိုလည်း ချမှတ် ပေးခဲ့တယ်၊ ဒါက ဘာလဲ ဆိုတော့ အသိ သီလနှင့် အကျင့် သီလ (intellectual virtue) နှင့် (moral virtue) များ ဖြစ်ပါတယ်၊ သီလကို နှစ်ပိုင်း ခွဲပြီး ရှုမြင်တယ်လို့ နားလည်ပါ၊ ဗုဒ္ဓဘာသာမှာ ဝိဇ္ဇာ နှင့် စရဏ ခွဲခြား သလိုပဲပေါ့'

ဆရာ ရက်ဂျီသည် ခရစ်ယာန် တစ်ဦးပင် ဖြစ် သော်လည်း အတွေးအခေါ် ပညာရှင် တစ်ဦး ပီပီ ဗုဒ္ဓဝါဒနှင့်လည်း နှိုင်းယှဉ် သင်ပြ လေသည်။ သဘော ပေါက်မှု လွယ်ကူစေရန် ဖြစ်ပေလိမ့်မည်။ သူ့သင်တန်းမှာ တဖြည်းဖြည်း ပိုပြီး စိတ်ဝင်စားဖို့ ကောင်းလာ လေပြီ။

'အာရစ္စတိုတယ် ဆိုလိုတာကတော့ ဝိညာဉ်ရဲ့ အပိုင်း နှစ်ပိုင်းပေါ် မူတည်ပြီး အသိ သီလဟာ လေ့လာ သင်ကြားရတဲ့ သီလမျိုး ဖြစ်တယ်၊ အကျင့်သီလ ကတော့ အထုံ ဖြစ်အောင် ကျင့်ယူမှ ရတယ် လို့လည်း သူက ဆိုပါတယ်'

ဤတွင် အကျွန်ုပ်၏ စိတ်အစဉ်သည် အာရစ္စတိုတယ် အသက် ထင်ရှား ရှိစဉ် ကာလဆီသို့ ရောက် သွားလေသည်။ ဤသဘောတရားသည် သာမန် စိတ်ကူး ထဲက ထွက်လာသော သီဝရီ သက်သက်တော့ မဖြစ်နိုင်။ လက်တွေ့ သဘောများဖြင့် ထုံမွမ်း ဝေဆာနေသော သူ့ အတွေးအခေါ်သည် သူ၏ ကျင့်ကြံ အားထုတ်မှုက ပေါ် လာသော အတွေးအမြင်လည်း ဖြစ်နိုင်သည်။ ထို့ကြောင့်

www.burmeseclassic.com



ပဲလား မသိ၊ ပညာရှိများက အာရစ္စတိုတယ်သည် လက်တွေ့ သမားဟု ဆိုကြလေသည်။

အာရစ္စတိုတယ်သည် သူ၏ ကိုယ်ကျင့်တရားအမြင်များကို နိုင်ငံ အုပ်ချုပ်မှု နယ်ပယ် အထိ ချဲ့ထွင်သွား လေ သည်။ နိုင်ငံသူ နိုင်ငံသားတွေ နိုင်ငံသားကောင်းတွေ ဖြစ်လာဖို့ ဥပဒေ ပြုသူများက ဥပဒေဖြင့် ကောင်းသော အကျင့်များကို လေ့ကျင့်ပေးရမည်၊ အထုံဖြစ်အောင် ပြုလုပ် ပေးရမည်ဟုလည်း သူက သဘောကျခဲ့လေသည်။

ဝိညာဉ်၏ အသိမဲ့ အ စိတ် အ ပိုင်း သည် မကောင်းမှုနှင့် ဆက်ဆံသည်။ လူ၏ သီးခြား ပုဂ္ဂလိက သဘောနှင့်လည်း ဆက်ဆံသည်။ ထိုအစိတ်အပိုင်းသည် အများ ကောင်းကျိုးကို မကြည့်၊ တစ်ကိုယ်ကောင်းကိုသာ ကြည့်တတ်သော အစိတ်အပိုင်း ဖြစ် လေ သည်။ ဝိညာဉ်၏ အသိရှိ အစိတ်အပိုင်းမှာ ဘုရားသခင် နှင့် ဆက်ဆံသော အပိုင်းလည်း ဖြစ်သည်။ ထို အစိတ်အပိုင်း၏ လုပ်ဆောင်ချက်များသည် ကောင်းမှုကိုယ်မှာ တည်စေသည်။ အများ အကျိုးကိုလည်း ကြည့်သည်။ တစ်ကိုယ်ကောင်း မဆန်ချေ။

'အာရစ္စတိုတယ်ရဲ့ သဘောတရားမှာ ကောင်းမှုကို ပြုရင် ပျော်ရွှင် ချမ်းမြေ့မှုကို ရနိုင်တယ် ဆိုတဲ့ အယူအဆ ပါတယ်၊ ဒီနေရာမှာ အာရစ္စတိုတယ်ရဲ့ အလယ်လမ်း ကျင့်စဉ် ဆိုတာ ရှိတယ်၊ သူကတော့ (golden mean) လို့ ခေါ်တယ်၊ ရွှေလမ်းစဉ်ပေါ့၊ ဒါက ဘာလဲဆိုတော့ အကုသိုလ် အစွန်း နှစ်ခုရဲ့ ကြားက အလယ်လမ်းကို ပြောတာ၊ အမြတ် တရားတိုင်းမှာ အစွန်း နှစ်ဖက် ရှိတယ်၊ မကောင်းတဲ့ ယုတ်တဲ့ မမြတ်တဲ့ အကုသိုလ် အစွန်း နှစ်ဖက်ပေါ့၊ ဒါကို သူက ဥပမာတွေ အများကြီးပဲ ပြထားတယ်၊ ဆိုကြပါစို့၊ ရဲစွမ်း သတ္တိ (courage) မှာ သူရဲဘော ကြောင်ခြင်း အစွန်းနှင့် မိုက်ရူးရဲ အစွန်း ဆိုတာ ရှိတယ်၊ ရက်ရောခြင်း (liberality) ဆိုရာမှာ ဖြုန်းတီးခြင်း အစွန်းနှင့် စေးနဲခြင်း အစွန်း ဆိုတာ ရှိတယ်၊ အဲဒီလိုပဲ သိက္ခာ ရှိခြင်း (modesty) ဆိုရာမှာလည်း အရှက်အကြောက် ကြီးခြင်းနှင့် အရှက်မရှိခြင်း ဆိုတဲ့ အစွန်း နှစ်ဖက် ရှိတယ်၊ ဒီအတိုင်းပဲ ဘယ်ကောင်းမှု ကုသိုလ် သဘောကိုပဲ ကြည့် ကြည့် ကောင်းတဲ့ သဘောဟာ အလယ်လမ်း၊ အစွန်း လွတ်တဲ့လမ်း ဖြစ်နေတာကို တွေးကြည့်တတ်ရင် တွေ့ရမှာပါပဲ၊ ဒါပေမယ့် တချို့ ကောင်းမှု ကိစ္စတွေမှာ ခက်ခက်ခဲခဲနားလည် ရတာတွေလည်း ရှိပါတယ်၊ ဥပမာ မှန်ကန်ခြင်း၊ ဖြောင့်မတ်ခြင်း ဆိုရာမှာ ဘက်လိုက်ခြင်း အစွန်းက တစ်ဖက်၊ ဘက်မလိုက်ခြင်း အစွန်းက တစ်ဖက် ဖြစ်နေတယ်၊ စကားနှင့်တော့ ဘက်လိုက် သည်လည်း မဟုတ်၊ ဘက်မလိုက်သည်လည်း မဟုတ် ဆိုတာ ပြောလို့ ရတယ်၊ အလုပ်နှင့်ကျတော့ အဲဒါ လွယ်ပါ့မလား'

'မလွယ်ပါဘူး ဆရာ'

တစ်တန်းလုံး ဝိုင်းခနဲ ဖြေလိုက်သည်။

ဆရာကလည်း ခေါင်းညိတ်သည်။

အကျွန်ုပ်က ရင်ထဲမှာ နင့်ခနဲ တစ်စုံတစ်ခု စူးဝင် သွားသလို ခံစားရသည်။ ဘက်လိုက်ခြင်း အစွန်းနှင့် ဘက်မလိုက်ခြင်း အစွန်း နှစ်ခု ကြားတွင် အလယ်လမ်း တစ်ခု ရှိသေးသည်ဟု အကျွန်ုပ် ထင်မိပါသည်။ စိတ်က သိနေသည်ကို နှုတ်က ပြောချင်သော်လည်း စကားလုံးက လွယ်လွယ်နှင့် ရှာမရ ဖြစ်နေလေသည်။ သို့သော် ဆရာက ဆက်ပြီး စာသင်နေလျှင် အကျွန်ုပ် မေး ချင် သော ကိစ္စ မမေးလိုက်ရဘဲ ရှိမည် ဖြစ်၍ အကျွန်ုပ်လည်း ရုတ်တရက် ထိုင်ရာက ထလိုက်မိလေ၏။

'ဘာမေးချင်လို့လဲ ကိုဆန်းလွင်'

ဆရာ ရက်ဂျီလည်း အကျွန်ုပ် အမည်ကို သိကျွမ်းနေပြီ ဖြစ်၏။ ဆရာ ရက်ဂျီ မေးလိုက်မှ ရှာမရဘဲ ဖြစ်နေသော စကားလုံးသည် အကျွန်ုပ် ခေါင်းထဲသို့ ဒိုင်းခနဲ ဆောင့်၍ ဝင်လာ လေတော့၏။

'ဩ ဟုတ်ပြီ'

အတန်းသားများက ဘာမှန်းမသိ ဝါးခနဲ ရယ်လိုက်လေသည်။ သူတို့ ရယ်လိုက်မှ ဉာဏ်က ပိုပြီး ပွင့်သွားသလား မှတ်ရသည်။

'ဒီလိုပါ ဆရာ၊ ဘက်လိုက်ခြင်း နှင့် ဘက်မလိုက်ခြင်း ဆိုတဲ့ အစွန်း နှစ်ခုကြားမှာ အလယ်လမ်း ရှိပါတယ် ဆရာ'

'ဆိုပါဦး ကိုဆန်းလွင်၊ ဘယ်လိုလဲ'

'ဥပမာ တရား စီရင်ရာမှာ တရားခံနှင့် တရားလို ရှိတယ် မဟုတ်လား ဆရာ၊ သူဟာ တရားခံဘက်ကိုလည်း မလိုက်ဘူး၊ တရားလို ဘက်ကိုလည်း မလိုက်ဘူး၊ အစွန်း နှစ်ဖက်စလုံးကို ရှောင်တာဟာ ဥပဒေကို လိုက်တာပါပဲ၊ ဒီနေရာမှာ ဥပဒေကို လိုက်တာဟာ ဘက်လိုက်တာ မဟုတ်ဘူး ဆရာ၊ တရားလိုနှင့် တရားခံ ဆိုတဲ့ ဆန့်ကျင်ဘက် နှစ်ခုကြားမှာ တစ်ဖက်ကို လိုက်

www.burmeseclassic.com



ရင် တစ်ဖက်ကို မလိုက်ဘူး ဆိုတာ ဖြစ်မှာပေါ့၊ နှစ်ဖက် စလုံးကို မလိုက်ဘဲ ခုန်ထွက်တာ၊ ဒါမှ မဟုတ် အစွန်း နှစ်ဖက်စလုံးကို ဘေးမှာ ထားပြီး အလယ်ကြောက လျှောက်တာလည်း ရှိတာပဲ'

'ဟုတ်ပြီ၊ အဲဒါကို ကိုဆန်းလွင်က ဘယ်လို စကားလုံးနှင့် ပြောမလဲ'

'ရပါတယ် ဆရာ၊ အဲဒါ ဥပေက္ခာပါပဲ၊ လျစ်လျူ ရှုတဲ့ နည်းပဲ ဆရာ'

ဤတွင် တစ်တန်းလုံး ငြိမ်သက် သွားလေတော့၏။ ခေါင်းလောင်းလည်း ထိုးပြီ ဖြစ်၍ ဆရာလည်း ခေါင်းညိတ်လျက် ထွက်သွား လေတော့၏။

ပလေတိုး နှင့် အာရစ္စတိုတယ်တို့၏ ဒဿန ပညာများကို သင်ကြား၍ သိမြင်ပြီးသော အခါ အကျွန်ုပ် သည် လောကကို ထိုးထွင်း ရှုမြင်နိုင်သော အဝေးကြည့် မှန်ဘီလူး တယ်လီစကုပ် တစ်ခုနှင့် အဏုကြည့် မှန် ဘီလူး မိုက်ကရိုစကုပ် တစ်ခုကို ရရှိသူနှင့် တူလာလေ တော့သည်။

အထူးသဖြင့် ဗီလိုဆိုဖီ၏ အနက်နယ်ကို သိ လာသည်။ အကျွန်ုပ် ရင်ထဲတွင် အမြစ် တွယ်လျက် ရှိသော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ (မှားသော အမြင်များနှင့် ဒွိဟ သံသယ) များကို ပယ်ရှင်းရာတွင် ဤဖီလိုဆိုဖီ ခေါ် ဒဿန ပညာမှအပ အခြား သည့်ထက် ကောင်းသော နည်းလမ်း ရှိတော့မည် မဟုတ်ဟုလည်း သဘော သိ မြင် လာလေတော့၏။

ဦးစွာ အသက် ရှင်နေစဉ် အခိုက်အတန့်ဝယ် မိမိ ဘာလုပ် သင့်သနည်း ဆိုသည်ကို ရှာဖွေ ရပေ လိမ့်မည်။ ယခု မိမိ ပညာ သင်ကြားလျက် ရှိသည်။ ဉာဏ်ပညာနှင့် ပြည့်စုံသော လူအဖြစ်သို့ ရောက်ကာ မျှက်ို လူ့ကိစ္စ ပြီးပြီဟု ဆိုရမည်လား။ ဆော့ခရတ္တိကို ခေတ်အဆက်ဆက် လူသားတိုင်းက ပညာရှိ သုခမိန်ဟု အသိအမှတ် ပြုခဲ့ကြလေသည်။ သို့သော် သူကိုယ်တိုင် ကမူ သူ့ကိုယ်သူ ဘာမျှ မသိသေးသူ၊ သိမြင်ရေး အတွက် အားထုတ် နေရသူ အဖြစ် အစဉ် သဘောထား ၍သာ ပြောဆို ဆွေးနွေး ခဲ့လေသည်။

လောကတွင် တချို့သော လူတို့ စည်းစိမ်ဥစ္စာ ကိုသာ တစ်သက်ပတ်လုံး ရှာဖွေရင်း သေသွားကြလေ သည်။ သေသွားကြသော အခါ သူတို့ တစ်သက်လုံး ပင်ပန်းကြီးစွာ ရှာဖွေ ထားခဲ့သော ပစ္စည်းများက ပြက် ရယ် ပြုခြင်းကို ခံကြရလေသည်။ လုံခြုံအောင် စုဆောင်း ထိန်းသိမ်းထားသော သူ့ပစ္စည်းတို့သည် သူ ဆောက်တည် ခဲ့သော တိုက်တာ အိမ်ရာထဲမှာ နေကြစဉ် သူသည် ထို ပစ္စည်းများနှင့် မစပ်မအပ်သော ဝေးရာ သင်္ချိုင်းကုန်း တွင် စွန့်ပစ်ခြင်းကို ခံရသည်။ တစ်သက်ပတ်လုံး ငါ့ အိမ်၊ ငါ့ဟာ၊ ငါ့ပစ္စည်း ဟု ဆိုသော အရာတို့သည် သူ့ကို လျစ်လျူ ရှုလျက်သာ ခံစားမဲ့ နေနေကြသည်။ ပစ္စည်း ဥစ္စာကို ရှာဖွေစဉ်ကလည်း သူ ပင်ပန်း ဆင်းရဲ ခဲ့ဖူးပြီ။ ပစ္စည်း ဥစ္စာကို ရသော အခါမှာလည်း ထို ပစ္စည်းများ လုံခြုံရေး အတွက် သူသည် စိုးရိမ် ထိတ်လန့် စွာ နေခဲ့ ရဖူးပြီ။ ပစ္စည်း ဥစ္စာကြောင့် သူ့ဘဝ ချမ်းသာ မည်၊ စိတ်အေး ရမည် ထင်ခဲ့သော အထင်တို့သည် ပစ္စည်း များစွာ ရပြီးသော အခါ မှားယွင်းနေကြောင်း ပစ္စည်းရှင် အသိဆုံး ဖြစ်သည်။ ထိုပစ္စည်းများ ဆုံးရှုံး သွားမည်ကို အစဉ် စိုးရိမ် ကြောင့်ကြရသော သောက သည် အဆမတန် ကြီးမားပါသည်။ ပစ္စည်းကြောင့် မာန ဖြစ်ပေါ် လာသောအခါ သူသည် သူတစ်ပါး၏ ချစ်ခြင်းကို မခံစားရဘဲ မုန်းခြင်းကိုသာ ခံခဲ့ရလေသည်။ သို့ဆိုလျှင် စည်းစိမ် ဥစ္စာသည် ဘဝ၏ ချမ်းသာစစ်ဟု ဆိုထိုက်သလား။

ရာထူး ဂုဏ် အဆင့် အတန်းသည် ဘဝဝယ် ရည်မှန်း တောင့်တအပ်သော တန်ဖိုးများ ဖြစ်ကြကုန် သလော။

အကျွန်ုပ်သည် ယခုအခါ အသက်ရှင်ဆဲ ဖြစ်၏။ အသက်ရှင်စဉ် လူသားသည် ဘယ်သို့ နေသင့်သနည်း။

မျက်စိ အောက်မှာပင် လူတို့ သေဆုံးလျက် ရှိ နေကြသည်ကို ငါ မြင်နေရသည် ဖြစ်ရာ ငါလည်း တစ်နေ့သော အခါ မုချ သေရလိမ့်မည် ဟူသည်ကို အကျွန်ုပ် တွေးမြင် နိုင်ပါသည်။ သို့သော် တချို့သော ဘာသာ အယူဝါဒတို့သည် သေပြီးနောက် ဝိညာဉ်သည် တမလွန် ဘဝတွင် သေမင်း နိုင်ငံ၌ ဆက်လက် အသက် ရှင်နေသည်ဟု ဆို လေ သည်။ တချို့သော ဘာသာ အယူဝါဒတို့သည် သေပြီး နောက်တွင် ပဋိသန္ဓေဖြင့် ဘဝသစ်သို့ ကူးပြီး သံသရာ၌ ကျင်လည် ရသည်ဟု ဆိုကြသည်။

ထိုသို့ဆိုသော စကားတို့သည် သေခြင်းသည် ဘဝ၏ အဆုံး နိဂုံး မဟုတ်သော အချက်ကို ပြဆိုသော စကားများ ဖြစ်ကြကုန်သည်။ သို့ဆိုလျှင် သေခြင်း၏ သဘောသည် အဘယ်နည်း။ ဤပစ္စုပ္ပန် ဘဝကို လွန်သော် အကျွန်ုပ်သည် အဘယ် ဘဝသို့ ရောက်ရ ဦးမည်နည်း။

www.burmeseclassic.com



ဤဘဝဝယ် အသက်ရှင်စဉ် အကျွန်ုပ်သည် အမျိုးမျိုးသော ကံကိစ္စများ (ကာယကံ၊ ဝစီကံ၊ မနောကံ) ကို ဆောင်ရွက် နေရလေသည်။ တချို့သော အမှုကံ တို့သည် မှန်ကန်ခြင်း ရှိကြသည်။ တချို့သော အမှုကံ တို့သည် မှားယွင်းခြင်း ရှိကြသည်။ ဤတွင် အမှန် ဆိုသည် အဘယ်ကို ဆိုသနည်း။ အမှား ဆိုသည် အဘယ်ကို ဆိုသနည်း။

အသက်ရှင်လျက် ရှိကြသော အကျွန်ုပ်၏ ပတ်ဝန်းကျင်မှာ လူသား များစွာတို့သည် ငွေ အတွက် ဂုဏ်ပကာသန အတွက် ပျော်ရွှင် ချမ်းမြေ့မှု အတွက် ကြိုးပမ်းလျက် ရှိကြလေသည်။ ငွေ၊ ဂုဏ်၊ ပကာသနနှင့် ပျော်ရွှင်မှု ဟူသော ကာမ ချမ်းသာတို့သည် ဘဝ၏ အမြင့်ဆုံးသော တန်ဖိုးများလား။ သို့မဟုတ်ပါလျှင် ၎င်းတို့ထက် ပို၍ ကောင်းမြတ်သော တန်ဖိုးများ ရှိကြသေးသလော။

ငြိမ်းချမ်းမှု၊ စိတ်ထား စင်ကြယ်မှု၊ ယုံကြည်မှု (သဒ္ဓါ)၊ မေတ္တာ၊ စင်ကြယ်သော အသက်မွေးမှု၊ အနုပညာဖြင့် ရအပ်သော ပီတိ၊ အတတ်ပညာဖြင့် ရအပ်သော သိပ္ပံ စသည်တို့သည် ဘဝ၏ မြင့်မြတ်သော တန်ဖိုးများလား။

ဘဝဝယ် အဘယ် အရာကို အမြတ်ဆုံး ထားအပ်သနည်း။ အကျွန်ုပ်သည် ဘဝ၏ အမှန်သဘော (သစ္စာ) ကို သိမြင်ရန်းဖြင့် ထိုးထွင်း သိမြင်စရာ အမေး ပုစ္ဆာ များစွာကို မေးနေ မိလေသည်။

တစ်ခါတစ်ရံ အကျွန်ုပ်၏ စိတ်ဝယ် ဤပုစ္ဆာများ အတွက် အဖြေ ရှိပါမည်လား ဟူ၍လည်း စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ် လာတတ်ပါသည်။

လူသား၏ အသိပညာသည် အလုံးစုံသော တရားများကို ရရှိနိုင်ပါ့မလား။ လူသား အသိပညာ၏ အကန့်အသတ်သည် အဘယ်နည်း။ တစ်ခါတစ်ရံ တရားမျှတခြင်း ဆိုသည် အဘယ်နည်း စသည့် အမေးပုစ္ဆာများကိုလည်း မေးနေမိလေသည်။

ထိုအခါမှ စ၍ အကျွန်ုပ်သည် ပြန့်ကြဲလျက် ရှိသော ထိုအတွေးများကို စုစည်း၍ ညီညွတ်သော အမြင်၊ စည်းလုံးသော အမြင်ကို ပေးနိုင်မည့် နည်းပညာကို ရှာနေ မိလေသည်။

ဟားဘတ် စပင်ဆာ (**Herbert Spencer**) ဆိုသူ ပညာရှိကတော့ စည်းလုံး ညီညွတ်၍ ပြည့်စုံသော လောက အမြင် ဘဝ အမြင်တွေကို ဖီလိုဆိုဖီ (ဒဿနပညာ) က ပေးနိုင်သည်ဟု ဆိုလေသည်။* သိပ္ပံပညာကလည်း စည်းလုံး ညီညွတ်သော (ဝါ) တစ်လုံး တစ်စည်းတည်း ဖြစ်သော အသိပညာကို ပေးနိုင်ပါ၏။ သို့သော် ဖီလိုဆိုဖီလောက်တော့ ပြည့်စုံ ကျယ်ဝန်းခြင်း မရှိချေ။ အထွေထွေသော သိပ္ပံပညာ မျိုးကွဲများကိုပင် စုစည်း၍ ခြုံလွှမ်းသော တစ်လုံးတစ်စည်းတည်း အမြင်မျိုးရအောင် ဖီလိုဆိုဖီက ဆောင်ရွက် ပေးနိုင်ပါသည်။ ဤအမြင်သည် ရှေးက ဒဿနဆရာကြီးများ မျှော်လင့်လွန်းသော အမြင် ဖြစ်လေသည်။

ကုန်ခဲ့သော ရာစုနှစ်တွင် သိပ္ပံ ပညာရပ်များ ထူးထူးခြားခြား တိုးတက် ထွန်းကား လာခဲ့လေသည်။ သဘာဝ သိပ္ပံ ပညာရပ်များ ဖြစ်ကြသော ရူပဗေဒ၊ ဇီဝဗေဒ၊ စိတ္တဗေဒ နှင့် လူမှုသိပ္ပံ ပညာများ ဖွံ့ဖြိုး လာခဲ့ကြလေသည်။ ထိုအခါ လူတွေ စိတ်ထဲမှာ ထွန်းပသော မျှော်လင့်ချက်ကြီးများ တောက်ပြောင်စွာ ဖြစ်ပေါ်ခဲ့ကြဖူးသည်။ လူ့ဘဝ ကိစ္စ မှန်သမျှ ကမ္ဘာ့ ပြဿနာ မှန်သမျှကို ဤပညာရပ်များက ဖြေရှင်း ပေးနိုင်လိမ့်မည် ဟု တွေးထင်ခဲ့ကြခြင်း ဖြစ်၏။ နောက်ဆုံးတော့ သိပ္ပံပညာတွေ ထွန်းကားလာလေ ဘဝ ပြဿနာတွေက မပြေမလည် ဖြစ်လေ၊ ပိုပြီး လွှမ်းမောဖွယ် ဖြစ်ရပ်များ နှင့် ကြုံရလေ ဖြစ်တော့သည်။ ယခုအခါ ကမ္ဘာကြီးသည် သိပ္ပံပညာ၏ ကောင်းကျိုးကို ခံစားရသည်ထက် ဆိုးကျိုးကို ခံစားရသည်က ပိုများလာသည်။

သိပ္ပံပညာသည် ဘီလူး သရဲနှင့် တူလာသည်။ သိပ္ပံပညာ၏ ခြိမ်းခြောက်မှု မျိုးစုံကို ကမ္ဘာကြီး တစ်ခုလုံး ခံစားနေရသည်။ လူတွေ၏ ကိုယ်ကျင့်တရား ပျက်စီးခြင်းကို သိပ္ပံပညာက ကုစားခြင်းငှာ မတတ်သာ။

ဒဿန ပညာရှင် တစ်ဦး ဖြစ်သူ ဝီးလ် ဂျူးရန့် (**Will Durant**) ၏ စကားဖြင့် ပြောရလျှင် အရာခပ်သိမ်းသည် အသစ်အဆန်းတွေချည်း ဖြစ်ပေါ်နေသည်။ လူ့စိတ်ကူးတွေ၊ လူ့အမှုအကျင့်တွေ အားလုံးမှာလည်း စမ်းသပ် လုပ်ကိုင် နေရသည့် သဘောချည်းသာ ဖြစ်နေကြလေသည်။ ဘာ တစ်ခုမျှ အသားကျသည် ဟူ၍လည်း မရှိသေး။ ဘဝမှာ စိတ်ချလက်ချ ယုံကြည် အားထားရမည့် အရာ ဟူ၍လည်း ဘာဆို ဘာမျှ မရှိတော့။ တစ်နေ့ထက် တစ်နေ့ လူ့ဘဝ အခြေအနေသည် ရှုပ်လင်း လွယ်ကူလာသည် မရှိ။ ရှုပ်ထွေးသည်ထက် ပို၍ ရှုပ်

---

* *Introduction to Philosophy*, *W. Patrick p 12*

www.burmeseclassic.com



ထွေး လာကြလေသည်။ အစဉ်အလာ မရှိ၊ ထုံးစံ မရှိသော အဖြစ်အပျက် အပြောင်းအလဲ မျိုးစုံကိုလည်း ကြုံတွေ့ ဆက်ဆံ နေကြရပါသည်။ *

လူသား၏ မြေပေါ်မှာ နေ မြေကို လက်ဖြင့် ထွန်ယက်၍ အစာ ရှာစားရသော ဘဝကို အရှိန် ပြင်းစွာ လည်ပတ်သော စက်ကိရိယာများက ပြောင်းလဲပစ်ခဲ့သည် မဟုတ်လား။ စိုက်ပျိုးရေး အခြေခံ လူ့ဘဝသည် စက်မှု အခြေခံ လူ့ဘဝသို့ ပြောင်းလဲ သွားခဲ့ပြီ မဟုတ်လား။ တော ကျေးလက်မှာလည်း မြို့ပြ သဘာဝတွေ ရောက်ကုန်ပြီ မဟုတ်လား။ စက်မှု ထွန်းကားလာခြင်းသည် လူ့ဘဝ၏ အနေအထိုင် အဆက်အဆံ သဘာဝကိုသာ ပြောင်းလဲပစ်ခဲ့သည် မဟုတ်သေး၊ လူ့စိတ်ကူး စိတ်သန်းတွေ၊ လူ့အတွေးအခေါ် အယူအဆတွေကိုပါ တော်လှန် ပြောင်းလဲစေခဲ့သည်ကိုလည်း သတိ ထားသင့်ပါသည်။

ပဒေသရာဇ် မြေရှင် အုပ်ချုပ်ရေး စနစ်တွေ၊ မှူးမတ် သူကောင်းမျိုးများ ကြီးစိုးသည့် အုပ်ချုပ်ရေး စနစ်တွေကို ဒီမိုကရေစီ စနစ်၊ ဆိုရှယ်လစ် စနစ်တွေက ချေမှုန်း သုတ်သင် ပစ်လိုက်ပြီ မဟုတ်လား။ ထိုအခါမှ စ၍ မိန်းမများလည်း ယောကျ်ားများနှင့် တန်းတူရည်တူ လွတ်လပ်ခွင့်ကို တောင်းဆို လာကြသည် မဟုတ်လား။ ဤတောင်းဆိုမှုကြောင့် လူ့ဘဝဝယ် ချမ်းမြေ့သော အိမ်ထောင်ရေး အခြေအနေများ အားလုံး ကမောက်ကမ ကစဉ့်ကလျားတွေ ဖြစ်ပြီး တစ်လင် တစ်မယား စနစ်တွေလည်း ပျက်စီးကုန်ပြီ မဟုတ်လား။

လူတို့ တန်ဖိုး ထားခဲ့ကြသော ကိုယ်ကျင့်တရားစံများကိုလည်း ဘေးဖယ်လိုက်ကြပြီ။ ရသမျှဖြင့် ရောင့်ရဲ တင်းတိမ်နိုင်သော လူ့ဘဝကို ကာမဂုဏ် စည်းစိမ်များကို အမျိုးမျိုး အဖုံဖုံ ဖန်တီးပြီး ဖျက်ဆီး ပစ်လိုက်ကြသည်မှာလည်း ထင်ရှားပါသည်။ သိပ္ပံပညာက ကမ္ဘာကြီး တစ်ခုလုံးကို ရောင့်ရဲ တင်းတိမ်မှု ချောက်ကမ်းပါးစွန်းသို့ တွန်းပို့ ခဲ့ပြီပဲ။

မရှိခြင်းကို ဆင်းရဲဟု ယူဆလျက် ရှိခြင်းကို သိပ္ပံပညာက ဖန်တီးခဲ့ရာတွင် မရှိဆင်းရဲထက် ရှိဆင်းရဲက အဆမတန် ပိုမို ပြင်းထန်သည်ကို မျက်မှောက် လူသားတိုင်း သိနားလည်နိုင်ပါလိမ့်မည်။

သိပ္ပံပညာကြောင့် လူ့ဘဝမှာ မကြုံဖူးတာတွေ အလွန် ပေါများ ပြည့်စုံသော အဖြစ်ကို ရောက်ရှိနေသည်ကို ငြင်းနိုင်မည့်သူ မရှိပါ။ သို့သော် အလွန် ပစ္စည်း ပြည့်စုံသော ယနေ့ ကမ္ဘာကြီးထဲတွင် လူသားသည် ဆောက်တည်ရာမဲ့ ဖြစ်လျက် နေရလေသည်။

အကျွန်ုပ်သည် သိပ္ပံပညာ၏ ကောင်းကျိုး ပြုမှုများကို ရှာဖွေ ကြည့်မိသလို ထိုပညာ၏ ဆိုးကျိုး ပေးပုံတွေကိုလည်း မြင်တတ်လာပြီ ဖြစ်ပါသည်။

မျက်မှောက် လူသား၏ ဘဝသည် ရှင်ရေးလည်း မအေး၊ သေရေးလည်း စိတ်မချရသော အ ဆင့် သို့ ရောက်ရှိ နေသည်ကို သူတစ်ပါးသို့ လှမ်းကြည့်နေစရာ မလိုပါ။ မိမိကိုယ်ကို စစ်ကြည့်ကာမျှ သိနိုင်သော ကိစ္စ ဖြစ်ပါသည်။

ယခုအခါ အသက်ရှင်လျက် နေရသော လူသား၏ ဘဝသည် ဇာတ်ခုံပေါ်တွင် ဇာတ်ဝင်ခန်း တစ်ခန်းကို ကိုယ်တိုင် ကပြ နေပါလျက် မိမိ ဇာတ်ဝင်ခန်း၏ အဓိပ္ပာယ် အနှစ်သာရကို ဘာမှန်း မသိဘဲ က ဆို၍သာ က နေရသော ဇာတ်ကောင်မျိုးနှင့်သာ တူနေလေတော့၏။

လူ့ဘဝမှာ အသက် ရှင်လျက် နေခြင်းသည်ပင် အဓိပ္ပာယ် မဲ့သလို ဖြစ်နေလေသည်။ အဘက်ဘက်ကို ကြည့်လိုက်လျှင်တော့ လူ့ဘဝ ဝန်းကျင်မှာ လိုလေသေး မရှိ ပြည့်စုံ ကုံလုံနေကာမှ လူ့ဘဝက ဟာလာဟင်းလင်း အနှစ်သာရ ကင်းမဲ့သလို ဖြစ်နေလေသည်။

စည်းစိမ် ဉစ္စာတွေ ရပြီးကာမှ၊ ကျော်စောခြင်း ဂုဏ် သတင်းတွေကို ရပြီးကာမှ လူ့ဘဝ၏ အနှစ် အဓိပ္ပာယ်ကို ရှာမရ၊ ဘဝ၏ သစ္စာကို မမြင်နိုင်သော ကမ္ဘာကျော် ပုဂ္ဂိုလ်တွေ၊ စာပေသမားကြီးတွေ၊ အနုပညာ ရှင်ကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေ ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင် သွားကြသည်ကိုလည်း ဝမ်းနည်းဖွယ် ကြုံရ ကြားရ ဖူးပါသည်။

အကျွန်ုပ် အဖို့မူ ဆောက်တည်ရာ ဘဝ၏သစ္စာ၊ ဘဝ၏ အဓိပ္ပာယ်၊ ဘဝ၏ ပန်းတိုင်ကို ရှာရပေတော့မည်။

ဘဝ၏ အစစ် အမှန် သဘော (သစ္စာ) ကို အကျွန်ုပ် သိလိုပါ၏။

ဘဝ အဓိပ္ပာယ် ဆိုသော စကား၏ အဓိပ္ပာယ်ကိုလည်း အကျွန်ုပ် သိလိုပါ၏။

ဘဝ၏ ရည်မှန်းအပ်သော အဆုံး ပန်းတိုင်ကိုလည်း အကျွန်ုပ် သိလိုလှပါသည်။

ထိုထို သိလိုသူများ အတွက် ဗီလိုဆိုဖီသည် အကျွန်ုပ်အား လုံး၀ ဥဿုံ ပြည့်စုံသော အသိပညာကို

---

* *The Pleasure of Philosophy, Will Durant p ix*

www.burmeseclassic.com



ပေးလိမ့်မည် ဟု ယုံကြည်ဖွယ်ရာ အကြောင်းတို့ကို အကျွန်ုပ် မြင်နိုင်ပါပြီ။

ဘဝ အမြင် မရှိဘဲနှင့် ဘဝ ခရီးကို ရှေ့ဆက် လျှောက်သွားလျှင် ဆင်ကန်း တောတိုးသည်နှင့် မခြား ဖြစ်ပေတော့မည်။ အမြင်ကင်းသော သူကန်း၏ ခရီး သွားခြင်းသည် မျက်စိလည် လမ်းမှားခြင်းဖြင့်သာ အချည်း နှီး အချိန် ကုန်ရမည့် အဖြစ်မျိုး ဖြစ်ပါသည်။

ဘဝအမြင် ရှိမှသာ အကျွန်ုပ်သည် ဘဝ၏သစ္စာ (ဘဝ၏ အဖြစ်မှန် သဘောများ) ကိုလည်း သိတတ် ပေမည်။

ဘဝအမြင် ရှိမှ ဘဝ၏ တန်ဖိုးကိုလည်း သိ တတ်ပေမည်။

ဘဝအမြင် ရှိမှ ဘဝ၏ အဓိပ္ပာယ် ထူးခြားချက် (significance) (ဝါ) ထူးခြားစွာ အဓိပ္ပာယ် ရှိခြင်းကို လည်း သိတတ် ပေလိမ့်မည်။

အကျွန်ုပ်၏ စိတ်များမှာ ဘီအေ နောက်ဆုံးနှစ် ကျောင်းတက်နေစဉ် အခါက စ၍ ထူး ထူး ခြား ခြား ပြောင်းလဲနေပြီ ဖြစ်လေသည်။

မည်းမှောင်နေသော ဘဝခရီးကို ဖြတ်သန်းရာ တွင် လမ်းမြင်ဖို့ အတွက် အလင်း တစ်ခု လိုသည်ဟု လည်း အကျွန်ုပ်သည် နားလည်၍ သဘောပေါက်နေပြီ ဖြစ်၏။ ထိုအလင်းသည် သိပ္ပံပညာက ပေးသော ဓာတ် အလင်း မဖြစ်နိုင်ပါ။ ဗီလိုဆိုဖီက ပေးသော ဒဿန အလင်းသာ ဖြစ်နိုင်ပါသည်။

အကျွန်ုပ်သည် ထိုအခါမှ စ၍ ကမ္ဘာပေါ်မှာ ပေါ်ထွန်းပြီးသော အတွေးအမြင် အမျိုးမျိုး၊ ထို အတွေး အမြင်များ ပေါ်ထွန်းရာ ခေတ်ကာလ အမျိုးမျိုးကိုပါ သိနားလည်အောင် လေ့လာပြီးမှ မိမိ၏ ဘဝလမ်းကို ရွေးနိုင်တော့မည်၊ မိမိ သိလိုသော ဘဝ၏ အမှန်သဘော ကို သိနိုင်တော့မည် ဆိုသည်ကို သဘောကျ နားလည် သွားပါတော့သည်။

မိမိ၏ အချိန်ကာလ များစွာကို ဗီလိုဆိုဖီ အတွက် ရင်းနှီး မြှုပ်နှံရန်ကိုလည်း ဆုံးဖြတ်ချက် ချ လိုက်ပါတော့သည်။

သို့သော် အကျွန်ုပ် အဖို့မူ အသိပညာ သက်သက် ကို ရှာဖွေခြင်း၏ ဆိုးကျိုးကိုလည်း ရှုမြင် နေမိပါသည်။

နှစ်ဆယ်ရာစု ဗြိတိသျှ တွေးခေါ်ရှင်ကြီး ဘာထ ရန် ရပ်ဆယ် ပြောခဲ့ဖူးသလို လူသား၏ အသိပညာက လူသားကို တန်ခိုး ဣဒ္ဓိ (power) များကို ပေးခဲ့သော အခါ လူသားသည် ထို တန်ခိုး အာဏာဝယ် ယစ်မူး လေသည်။ မိမိ၏ အစွမ်းသတ္တိ တန်ခိုး အင်အားဖြင့် ဘဝတူ လူသား အချင်းချင်း အပေါ်ဝယ် နိုင်ထက်ကလူ ပြုမူဖို့ကိုလည်း စဉ်းစား ပါလေသည်။

အမှန်မှာ ထို တန်ခိုး ဩဇာကို ဖြစ်စေတတ်သော အသိပညာ အတတ်ပညာများသည် ဉာဏ်ပညာ ရှိသော သူတော်ကောင်းများ၏ လက်ဝယ်သို့ မရောက်သရွေ့ ကောင်းကျိုး မပေးနိုင်* ဆိုသော အချက်ကိုလည်း အကျွန်ုပ်၏ နှလုံးသားဝယ် ကျောက်သား၌ ကမ္ပည်း ထိုးသကဲ့သို့ ကမ္ပည်း ထိုးလိုက်ပါပြီ။

မိမိ၏ နှလုံးသားဝယ် စွန်းထင်းလျက် ရှိသော သံသယ အကြွင်းကို ပယ်ဖျောက်ခြင်းငှာ အသိပညာကို ပေးတတ်သော ဆရာသခင် ကျေးဇူးရှင် မှန်သမျှကိုလည်း ရှိသေ မြတ်နိုး လက်စုံမိုး၍ အကျွန်ုပ် ရှိခိုးတတ်အောင် ကြိုးစားပါတော့အံ့။

ထို့အတူ သူတော်ကောင်းတို့၏ ဆုံးမစကား မှန်သမျှကို နာယူလွယ်သော နားထောင်တတ်သော နှလုံးသား အသစ်ကို မွေးမြူနိုင်သူ ဖြစ်အောင်လည်း အကျွန်ုပ် ကြိုးစားပါတော့အံ့။

ဗီလိုဆိုဖီကိုမူ အကျွန်ုပ်၏ ဘဝဝယ် ခရီးလမ်း ကို ပြတတ်သော အလင်းတိုင် အဖြစ် လည်းကောင်း၊ ခရီးလမ်းပြ မိတ်ဆွေ အဖြစ် လည်းကောင်း အမှတ်ပြု လျက် မှီဝဲ ဆည်းကပ်ပါတော့အံ့။

သေခြင်းသည် ဘဝ၏ အဆုံး မဟုတ်သေးဟု အကျွန်ုပ် သိနားလည် နိုင်ပါမူကား အသေ မြတ်ဖို့ အတွက် အနေ တတ်ဖို့လည်း လိုပေလိမ့်ဦးမည်။

ဗီလိုဆိုဖီသည် လူသားအား အနေ တတ်အောင် လည်းကောင်း၊ အသေ မြတ်အောင် လည်းကောင်း သွန် သင် ညွှန်ပြ ဆုံးမ နိုင်လိမ့်မည်ဟုလည်း အကျွန်ုပ် စိတ် မှာ ယုံကြည် အားထားလိုက်ပါပြီ။

ရှေးအခါက စတိုးဝစ် (Stoic) ဆိုသူ တွေးခေါ်ရှင် များသည် 'အနေမြတ် လမ်းစဉ်' ကို တွေးခေါ် ခဲ့ကြဖူး လေ သည်။ ထိုသူတို့သည် ဆီးရီးယန်း လူမျိုးများနှင့် ရောမ လူမျိုးများ ဖြစ်ကြလေသည်။ စတိုးဝစ် ဂိုဏ်း၏ ခေါင်းဆောင်သည် ဇီနို (Zeno) ဖြစ်လေသည်။

စတိုးဝစ် အတွေးအမြင်သည် သီလကို အခြေခံ သော အတွေးအမြင် ဖြစ်လေသည်။ ဇီနိုသည် ရှေးကက

--------------

* *Has Man a Future, B. Russell p 13-14*

www.burmeseclassic.com



လူ့ကိစ္စ မှန်သမျှကို ပြုပြင် ဖန်တီးသည်ဟု ယုံကြည်ကြသော ပုဗ္ဗေကတ ဟေတုက ဝါဒကဲ့သို့ လူသား၏ ကြမ္မာကို စကြဝဠာ နိယာမ (cosmic determinism) က ဖန်တီး ပြုပြင်နေသည်ဟု ရှုမြင်သူ ဖြစ်လေသည်။

သီလသည် စိတ်မှာ တည်သည်။ ထို စိတ်သည် သဘာဝ နိယာမ အတိုင်း ဖြစ်ပျက်ရသည်။

လူပုဂ္ဂိုလ်၏ ဘဝဝယ် သီလသည်သာ တစ်ခုတည်းသော ကုသိုလ်ကောင်းမှု၏ အခြေခံ ဖြစ်ပေသည်။ သီလမှ အပဖြစ်သော အရာများကို ကောင်းမှု ကုသိုလ် စာရင်းမှာ မသွင်း။ သီလသည် မိမိစိတ်မှာ အခြေခံသည် ဖြစ်ရာ ကောင်းမှု ဆိုးမှု အားလုံးသည် မိမိ (ပြုသူ) နှင့်သာ ဆိုင်သည်။ သီလကို ဆင်းရဲခြင်းကလည်း မဖျက်ဆီးနိုင်။ ဆင်းရဲ သူမှာလည်း သီလ ရှိနိုင်သည်။ ဆင်းရဲသားမှာလည်း ကုသိုလ် ကောင်းမှု ရှိသည်သာ။ အကြင်သူအား မင်းပြစ် မင်းဒဏ် သင့်စေကာ သေမင်းနှင့် (ဆော့ခရတ္တိ ကဲ့သို့) ရင်ဆိုင် ရစေကာ အကြင်သူသည် သီလကို မြဲမြဲစွာ ထိန်းသိမ်းနိုင်မူကား သူတော်ကောင်းပင် ဖြစ်၏။ သူတော်ကောင်းသည် မြတ်သော သေခြင်းဖြင့် သေနိုင်သူ ဖြစ်၏။ တခြားသူတို့သည် ဗဟိဒ္ဓ သဏ္ဌာန်ကိုသာ ကြီးစိုး၍ ရ၏။ တစ်ခုတည်းသော ကောင်းမှု ကိုယ်၌ တည်စေသော သီလသည်သာ ကိုယ်နှင့် မကွာ တည်နိုင်ထပေစွ။ အကြင်သူသည် လွတ်မြောက်ခြင်း အစစ်အမှန်ကို ရလိုမူကား လောကီအာရုံ ကာမဂုဏ် (ကိလေသာ) တရားတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေရာ၏။ မှားယွင်းသော အဝိဇ္ဇာ တရားများကြောင့်သာ ဆိုအပ်သော တဏှာရာဂ ကိလေသာ တရားတို့ တည်ရှိ နေကြရကုန်သည်။ ဝိဇ္ဇာဉာဏ်ကို ရပြီးသော အရိယာ သူတော်စင်သည် ကိလေသာ တရားတို့၌ ငြိစွန်းခြင်းကို ကင်းစေလျက် မိမိ၏ သီလကို စင်ကြယ်စေနိုင်၏။ သီလကို စင်ကြယ်စေလျက် ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်၏။

စတိုးဝစ်တို့သည် ရက်စက်မှုများနှင့် မတရား ပြုကျင့်မှုများကိုပင် သီလကို စမ်းသပ်သော တရားများ အဖြစ် သဘော ထားကြလေသည်။

စတိုးဝစ်တို့ကား ရာဂ မှန်သမျှကို ချိုးနှိမ် ပယ်သတ် ကြသည်။ သူတို့သည် လောကဓံ နကမ္ပတိ မတုန်လှုပ်သော စိတ်ဖြင့် လောကကို ရင်ဆိုင်နိုင်အောင် အားထုတ်သူများ ဖြစ်ကြလေသည်။

အရိယာ သူတော်စင်၏ စိတ်တွင် သားမယားသေဆုံးသော်လည်း တုန်လှုပ် ချောက်ချားခြင်း အလျှင်းမရှိချေ။ သားမယားပင် ဖြစ်စေ မည်သူမဆို သေရသော နိယာမ အတိုင်းသာ ဖြစ်နေကြရခြင်း ဖြစ်သည်။ မိမိ၏ သားမယားသည်သာ ထူးထူးခြားခြား သေခြင်း မဟုတ်။ သေခြင်းလည်း အဆန်း မဟုတ်ဟု သဘာဝကို ရှုဆင်ခြင်၍ သီလကို အပျက် အနွမ်း မခံဘဲ နေတတ်ကြလေသည်။ *

အကျွန်ုပ်သည် ငယ်စဉ် အခါကပင် မင်္ဂလသုတ်ပျို့ကို ကျောင်းမှာ သင်ကြား ခဲ့ရဖူးလေသည်။ စတိုးဝစ်တို့၏ လောကဓံ ကြံ့ခိုင်ပုံကို ရှုမြင်သော အခါ ကျောင်းတုန်းက သင်ကြားခဲ့ရသော မင်္ဂလသုတ်ပျို့ကို သတိ ရမိလေသည်။ မုံရွေး ဆရာတော်၏ မင်္ဂလသုတ်ပျို့သည် နှုတ်တိုက်အာဂုံ ဆောင်ထားသောစာ ဖြစ်လေ၏။

*'ရှစ်ဖြာ လောကဓံ၊ ဆက်ဆံ ရစ်ငွေ့*
*ကြုံလေ တွေ့လည်း၊ ခါရွေ့ မခုန်*
*မတုန် မလှုပ်၊ စောင့်ချုပ် မယိမ်း*
*မတိမ်း မပြို၊ ထိုပုဂ္ဂိုလ်၏*
*နဂို တည်ကြည်၊ စိတ်မြတ်သည်လည်း*
*တမည် မင်္ဂလာ၊ ရောက်ရာ ရောက်ဆစ်*
*ဘေးရန် ဖြစ်လည်း၊ မညစ် မညှိုး*
*မစိုး မရိမ်၊ ချမ်းငြိမ် ပေသူ*
*စိတ်ကို မူလည်း၊ ဖြူသည် မင်္ဂလာ*
*မှတ်လေရာ၏။'*

စတိုးဝစ်တို့၏ သီလ အမြင်သည် အကျွန်ုပ်အား များစွာ နှစ်ထောင်အားရ ဖြစ်စေပါသည်။ လောကဓံ ကြံ့ခိုင်ရေးသည် ဘဝဝယ် အနေ တတ်ရေး အနေ မြတ်ရေး၏ အထောက်အပံ့ ဖြစ်သည်ဟုလည်း အကျွန်ုပ် ထင်ပါသည်။

သို့ရာတွင် ကိလေသာကို ကင်းစင်အောင် ပြုလုပ်ရာ၌ မိမိကိုယ်ကို ညှဉ်းဆဲသော နည်းဖြင့် ကျင့်ကြံနေထိုင်ခြင်းကိုမူကား အကျွန်ုပ် စိတ်တွင် ဘဝင်မကျကသိကအောက် ဖြစ်လျက် နေလေသည်။

တပ်မက်မှု ကင်းအောင် နေခြင်းသည် စိတ် စင်ကြယ်မှုသာ ဖြစ်ပြီး လောကီနှင့် ကင်းအောင် အပေါ်ယံ မျက်ကွယ် ပြု၍ နေခြင်းနှင့် မဆိုင်ဟုလည်း အကျွန်ုပ် စိတ်မှာ တွေးထင် မိလေသည်။

ရှေးအခါက အနောက်တိုင်းသား ဒဿန ဆရာ

--------------

* *The Stoic Philosophy, Gilbert Murray p 25*

www.burmeseclassic.com



များတွင် စတိုးဝစ်တို့နှင့် ခေတ်ပြိုင် ပေါ်ပေါက်ခဲ့သော အတွေးအခေါ် ဂိုဏ်းသည် အက်ပီကျူးရီးယန်း (Epicureans) များ ဖြစ်ကြလေသည်။

အက်ပီကျူးရီးယန်းများကလည်း ဘဝဝယ် နေတတ်ဖို့ တရားကို ဟောကြား ခဲ့ဖူးလေသည်။ အက်ပီကျူးရီးယန်း အတွေးအခေါ် ဂိုဏ်း၏ ခေါင်းဆောင်သည် အက်ပီကျူးရပ် (Epicurus) ဖြစ်လေသည်။

ဤအတွေးအခေါ် ဂိုဏ်းသားများသည် အာရစ္စတိုတယ်တို့၏နောက် ကာလ အတန်ကြာမှာ ပေါ်ပေါက်လေသည်။ ထိုဝါဒများ ထွန်းကားသော ကာလသည် ဘီစီ သုံးရာစု ရှေ့ပိုင်းကာလ ဖြစ်၏။

အက်ပီကျူးရီးယန်းများသည် ကာမသုခလ္လိကဝါဒစွဲ ရှိသူများ ဖြစ်ကြလေသည်။ ၎င်းတို့က သုခကို ဖြစ်စေသော အရာမှန်သမျှ ကောင်းမှုချည်းပင် ဖြစ်သည် ဟု ဆုံးဖြတ်ကြလေသည်။

ကောင်းကျိုး ကိုယ်မှာ တည်သော ဘဝ၏ အစသည် လည်းကောင်း၊ ဘဝ၏ အဆုံးသည် လည်းကောင်း ချမ်းသာ သုခ (pleasure) ပင် ဖြစ်သည်ဟု အက်ပီကျူးရီးယန်းများက ဆိုခဲ့ကြဖူးလေသည်။

ထိုချမ်းသာသုခတို့တွင် ဗိုက်ချမ်းသာ (pleasure of stomach) (ဝမ်းရေး) သည် အခြေခံ အကျဆုံး ဖြစ်သည်ဟုလည်း ထိုသူတို့ ဆိုခဲ့ကြလေသည်။*

စိတ် ချမ်းသာမှုသည်လည်း ကိုယ် ချမ်းသာမှု အပေါ်မှာ တည်၍သာ ဖြစ်လာနိုင်ကောင်းသော တရားမျိုး ဖြစ်သည် ဟူ၍လည်း သူတို့ ယူဆကြလေသည်။ အက်ပီကျူးရီးယန်းတို့သည် လောကီ ချမ်းသာကို ဦးစားပေးကြသူများ ဖြစ်၏။ သူတို့၏ အတွေးအမြင်များသည် လောကီ ဆန်လှပေသည်။

'ချမ်းသာသုခ ရရှိရေး ဟူသော ပညာ သတိကင်းသော သီလသည်လည်း အချည်းနှီးပင်။ အမည်ခံ သီလသာ ဖြစ်၏။'

ဤသို့လည်း ဆိုကြကုန်၏။

သို့သော် ချမ်းသာသုခ ဆိုရာတွင် ဆင်းရဲဒုက္ခ ကင်းငြိမ်းခြင်း သဘောကို ပို၍ အလေးပေး စဉ်းစားခြင်း ဖြစ်လေသည်။ အပျော်အပါး လိုက်ခြင်းဟု မယူသင့်ချေ။

'ကောင်းမှု အားလုံးတို့တွင် သတိပညာသည် အမြင့်ဆုံး၊ အကောင်းဆုံး ဖြစ်သည်။ သတိပညာသည် ဒဿန ပညာထက်ပင် ပို၍ ကောင်းသေးသည်' ဟုလည်း အက်ပီကျူးရပ် တွေးခဲ့ဖူးလေသည်။

အက်ပီကျူးရီးယန်းတို့၏ လောကီ ချမ်းသာ ခံစားရေး ဝါဒသည် ဘဝဝယ် အနေတတ်ရေး ကိစ္စ ဖြစ်သည် ဆိုသော်လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရရုံဖြင့် ဘဝ ကိစ္စ ပြီးပြီလား ဟူသော ပုစ္ဆာသည် အကျွန်ုပ်၏ ခေါင်းထဲသို့ တိုးဝင် လာပြန်လေသည်။

သေခြင်းသည် ဘဝ၏ အဆုံး မုချ ဖြစ်သည် မှန်လျှင်ကား အက်ပီကျူးရီးယန်းတို့၏ ဒုက္ခ ကင်းဝေး ချမ်းသာစွာ နေနိုင်ရေး အယူဝါဒသည် ဘဝ အတွက် လုံလောက်သော အခြေအနေ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

သို့သော် ဘဝသည် သေခြင်း၌ မဆုံးသေးဟု အကျွန်ုပ် စိတ်မှာ ထင်ဆဲ ဖြစ်ပါသည်။

ဘဝသည် သေခြင်း၌ မဆုံးသေးဟု တွေးထင်ထားခြင်းမှာ သေပြီးနောက် ဘာဖြစ်မည်ကို သိလို့တော့ မဟုတ်ပါ။ သေပြီးနောက် ဘာမှ မဖြစ်တော့ဘူး ဟု ယုံကြည်ခြင်းထက် သေပြီးနောက် ဖြစ်ရန် အကြောင်း ကိစ္စများ ရှိသေးသည်ဟု ယုံကြည်ခြင်းက ပို၍ အကျိုးများနိုင်သည်။ ဤသို့ ယုံကြည်ထားခြင်းဖြင့် သေပြီးနောက် ဘာမှ မဖြစ်တော့လျှင်လည်း အရှုံး မရှိနိုင်။ သေပြီးနောက် ဘာမှ မရှိဘူး ဟု ယုံကြည်ကာ ဤအသက်ရှင်စဉ် ဘဝဝယ် မလုပ်သင့် မလုပ်ထိုက်သည်များကို လုပ်ခဲ့ပါမူ သေပြီးနောက် ဘဝ ရှိနေပါက သံသရာဝယ် အရှုံးသမားကြီး ဖြစ်နိုင်သည်ဟု တွေးမိသောကြောင့် သေပြီးနောက်လည်း ဘဝ အဆုံးမရှိသေး ဆိုသော အရှုံး မရှိသည့် အယူအဆကို အကျွန်ုပ် လက်ခံထားခြင်း ဖြစ်ပါသည်။

ထိုသို့ သေပြီးနောက် ဘဝဆက် ရှိခြင်း အယူအဆကို လက်ခံလိုက်ခြင်းသည် ထာဝရ ဘုရားသခင်၏ အပြစ် ချခြင်း မခံရအောင် ဘုရားသခင်ကို ပူဇော် ပသခြင်းဖြင့် မျက်နှာသာ ရအောင် လုပ်ခြင်းဖြင့် ကိုးကွယ် ဆည်းကပ် နေခြင်းကိုပါ ပြန် လည် ဆင် ခြင် ရန် အကြောင်း ဖြစ်ပေါ် လာလေတော့၏။

အမှန်ကို ဝန်ခံရလျှင် ချစ်သော မနှင့် ကွေကွင်းရခြင်းသည် အသည်းနှလုံး ဆုံးရှုံး ပျက်စီးခြင်း ဖြစ်သော်လည်း အသည်းမဲ့ လွတ်လပ်ခြင်း အမြတ်ကိုတော့ ရခဲ့ပါသည်။ အသည်းမဲ့ လွတ်လပ်ခြင်း အမြတ် ဆိုသည် အဘယ်နည်း။

---

* *The Stoic and Epicurean Philosophy, W. J. Oates p 47*

www.burmeseclassic.com



ထိုသဘောမှာ ဤသို့ ဖြစ်ပါသည်။ နလုံးသား မဲ့သူသည် အစွဲအလမ်း မဲ့သူ၊ ခံစားချက် မဲ့သူ၊ သံယောဇဉ် မဲ့သူ၊ အကြင်နာ မဲ့သူ ဖြစ်နိုင်ပါသည်။ ထို့အတူ လောဘ မဲ့သူ၊ ဒေါသ မဲ့သူ၊ မောဟ မဲ့သူလည်း ဖြစ်သွားနိုင်ပါသည်။

သီလ ဟူသော ထိန်းကျောင်းခြင်း (ရှောင်ခြင်း၊ ဆောင်ခြင်း) အမှုသည် နလုံးသား၏ အလိုကို ဖြည့်ဆည်းနေရသော ပုထုဇဉ်များ အဖို့ နလုံးသား၏ အလိုကို မလိုက်ဘဲ တင်းခံနိုင်အောင် ကျင့်ခြင်း ဖြစ်သည်ဟု အကျွန်ုပ် ထင်ပါသည်။

တွယ်တာခြင်း၊ မြတ်နိုးခြင်း၊ စွဲလမ်းခြင်း၊ အောက်မေ့ခြင်း၊ တပ်မက်ခြင်းတို့ တည်ထောင်ရာ၊ ရှင်သန်ရာ၊ ပေါက်ပွားရာ၊ ပျံ့နှံ့ရာ နလုံးသား ကင်းမဲ့သွားသော အခါ (ဝါ) နလုံးသား ခြောက်သွေ့ မာကျောသွားသော အခါ ထိုပုဂ္ဂိုလ်သည် ဦးနှောက်မှ ပေါ်ထွန်းလာသော ဆင်ခြင် ထိုးထွင်းဉာဏ်၏ ညွှန်ကြားရာကိုသာ လိုက်နာ လိုပေတော့မည်။

ဆင်ခြင်ဉာဏ်သည် အစဉ်သဖြင့် အဓမ္မ ပြုမှုကို ရှောင်ရှားသည်။ အနိုင်ကျင့်သော သဘော ကင်းသည်။

လွတ်လပ်စွာ ရွေးချယ် ဆုံးဖြတ်ပိုင်ခွင့်ကို ဆင်ခြင်ဉာဏ်က ပေးတတ်ပါသည်။

မဦ ထားခဲ့သည့် အနှောင် အဖွဲ့နှင့် တူသော သံယောဇဉ် ကြိုးမျှင် ပြတ်သွားသောအခါ အကျွန်ုပ်သည် ထာဝရ ဘုရားသခင်ကို ကိုးကွယ် ဆည်းကပ်ခြင်း၏ သဘောမှန်ကို သိဖို့ လွတ်လွတ်လပ်လပ် ကြိုးစားပါသည်။

ထိုသို့ မကြိုးစားမီ အချိန်ကာလ များစွာတို့သည် ထာဝရ ဘုရားသခင်ကို ရှာဖွေခြင်းဖြင့် ကုန်ဆုံး ခဲ့ရလေသည်။

အကျွန်ုပ်ကသာ ထာဝရ ဘုရားသခင်ကို ရှာဖွေနေသည်။ ထာဝရ ဘုရားသခင်ကို သိဖို့ ကြိုးစားနေသည်။ သို့သော် မနှင့် တကွ သူ့အသိုင်းအဝိုင်း တစ်ခုလုံးသည် ဘုရားသခင်ကို ရှာဖွေရန် အားထုတ်ခြင်း မရှိကြချေ။

သူတို့သည် ဘုရားသခင်ကို ပူဇော် ပသခြင်းကို လည်းကောင်း၊ ဆုတောင်းခြင်းကို လည်းကောင်း စိတ်အား ထက်သန်စွာ ပြုနေကြလေသည်။

သူတို့၏ ယုံကြည် ကိုးကွယ် ဆည်းကပ်ခြင်းသည် အကျွန်ုပ်၏ ယုံကြည် ကိုးကွယ် ဆည်းကပ်လိုခြင်းနှင့် မတူ ခြားနား နေလေသည်။

ထာဝရ ဘုရားသခင်ကို ကိုးကွယ် ဆည်းကပ်ကြရာ၌ ဘုရားသခင်၏ မျက်နှာသာ ပေးမှု၊ ထောက်ပံ့မှုကို ရယူလို၍ ပူဇော် ပသကြသည်က များလေသည်။ ယုံကြည် ကိုးကွယ် ဆည်းကပ်မှုသည် ဆုလာဘ်နှင့် ပြစ်ဒဏ် ကြားတွင် တည်ရှိနေလေသည်။ တစ်နည်းအားဖြင့် ခေတ်စကားနှင့် ပြောရလျှင် နတ်ဘုရား၏ မစခြင်းကို ခံရဖို့၊ နတ်ဘုရား၏ အငြိုးအငြင် မခံရဖို့ပင် ဖြစ်လေသည်။

အကျွန်ုပ်သည် ပါမောက္ခ ဆရာကား သင်ကြားခဲ့သော အိန္ဒိယ အတွေးအခေါ်များတွင် ရှေးက အာရိယန် လူမျိုးများသည် ဣန္ဒြာ၊ ဝါရုဏ၊ သောမ စသော နတ်ဘုရားများကို ပူဇော် ပသ ခဲ့ကြသည်ကိုလည်း ကြားသိခဲ့ရပါသည်။

ဆော့ခရုတ္တိ မတိုင်မီ ရှေး ဂရိတို့သည်လည်း ဇီးယပ်၊ ပိုဆိုင်ဒွန်၊ အပိုလို၊ အေသီနာ စသော နတ်ဘုရားများကို ကိုးကွယ် ဆည်းကပ် ခဲ့ကြပုံကိုလည်း သိခဲ့ရပြီ။ ပြီးတော့ ယေဝတီ (ဟီးဘရူး) လူမျိုးများက ယေဟောဝါ နတ်ဘုရားကို ကိုးကွယ်ခဲ့ကြသည်ကိုလည်း သိခဲ့ရပြီ။

ထိုကဲ့သို့ ထာဝရ နတ်ဘုရားများ (တစ်ပါးတည်း တစ်ဆူတည်း ဖြစ်စေ၊ အများ ဖြစ်စေ) ကို ကိုးကွယ်ကြသော အခါ လူသားတို့မှာ ဤလောက၌ အသက်ရှင်လျက် နေစဉ် စိတ်ချ လက်ချ ရှိခဲ့ကြသည်။ စိတ်အေး ချမ်းသာ ရှိခဲ့ကြသည်။ လုံခြုံမှု ရှိခဲ့ကြသည်။ ဤကား ဘာသာ ယုံကြည် ကိုးကွယ်မှု၏ အကျိုးရလဒ်ပင် ဖြစ်၏။

ယခု အကျွန်ုပ် စဉ်းစားရမည်မှာ ထိုကဲ့သို့ ရှင်ရေး အတွက်ရော၊ သေရေး အတွက်ပါ လုံခြုံ စိတ်ချရမှုမျိုးကို ဒဿန (ဖီလိုဆိုဖီ) ပညာက ပေးနိုင်ပါမည်လော ဆိုသည့် အချက် ဖြစ်ပါသည်။

ပါမောက္ခ ပက်ထရစ်ကတော့ 'ဒဿန ပညာသည် ဝိဇ္ဇာဉာဏ်ကို ချစ်မြတ်နိုးခြင်း ဖြစ်ပေရာ ထိုပညာကလည်း စိတ်၏ ချမ်းသာမှု၊ စိတ်၏ ငြိမ်းအေးမှုကို ပေးနိုင်ပါသည်'* ဟု ဆိုလေသည်။

ဘာသာ ယုံကြည် ကိုးကွယ်မှုသည် အမှန်စင်စစ် စိတ်၏ ငြိမ်းအေးခြင်း အတွက်၊ လောက၌ အဆင်ပြေပြေ

--------------

* *Introduction to Philosophy p 36*

www.burmeseclassic.com



နေနိုင်ခြင်း အတွက်၊ ဘဝ လွတ်မြောက်ခြင်းတို့ အတွက် ပင် ဖြစ်လေရာ ထိုသို့သော အရေးကိစ္စတို့ကို ဒဿန ပညာက ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင် ပါမည်လား။ ပညာရှင် အများကတော့ ဘာသာရေးနှင့် ဒဿနသည် သဘောချင်း တူသည်ဟုလည်း ဆိုသည်။

ဘဝ၏ သစ္စာကို ရှာကြည့်ကြရာတွင် ရုပ်နာမ် ဓမ္မများ အကြောင်း၊ လောက သဘာဝ စတင် ဖြစ်ပေါ်ရာ အကြောင်း၊ လူသားများနှင့် လောက၏ကြမ္မာ အကြောင်း၊ ထာဝရ ဘုရားသခင်နှင့် ဖန်ဆင်းခြင်း အကြောင်းတို့ ကို စဉ်းစားကြရာ၌ ဘာသာ အယူဝါဒများနှင့် ဒဿန ပညာရပ်သည် နီးစပ်စွာ တူနေကြလေသည်။

သို့သော် ဘာထရန် ရပ်ဆယ် ကတော့ ဒဿန ပညာသည် ဘာသာ အယူဝါဒနှင့် သိပ္ပံပညာ အကြားတွင် ပေါင်းကူး ဆယ်သွယ်ပေးသော ပညာ ဖြစ်သည်ဟု ဆို လေသည်။ *

သို့ရာတွင် ဒဿန ပညာသည် ဉာဏ်ကို စေစား ရာ၌ လည်းကောင်း၊ စနစ်တကျ သဘောတရားများ ထုတ်ယူရာ၌ လည်းကောင်း ဘာသာအယူဝါဒများထက် သာလွန်လျက် ရှိရာ အကျွန်ုပ်လည်း ထိုလမ်းကိုသာ ဆုံးအောင် လျှောက်ကြည့်ချင်စိတ် ရှိရပေတော့မည်။

--------------

* *A History of Western Philosophy xiii*

www.burmeseclassic.com

## ၆။ အရှေ့ဘက်က အလင်းရောင်များ

ပုထုဇဉ်၏ အချစ်မဲ့ ဆင်းရဲကို အကျွန်ုပ်သည် အိမ်ထောင် ပြုပြီးနောက် တစ်နှစ်ခန့် ကြာသောအခါ ပိုပြီး နားလည်လာပါသည်။ ချစ်သောသူနှင့် ကွေကွင်းခြင်း ဆင်းရဲကို အစား ထိုးခြင်းဖြင့် ဖြေဖျောက်လိုက်လျှင် ရလိမ့်မည်ဟု အကျွန်ုပ်က ထင်ခဲ့မိလေသည်။ စိတ်အထင်တို့သည် လက်တွေ့ ဘဝဝယ် ပူပြင်းသော နေရောင် အောက်က နှင်းပေါက်များသဖွယ် ပျောက်ပျက်လွယ်လှပါသည်။ စိတ်ကူးနှင့် တကယ့်ဘဝသည် တူညီချက်များဖြင့် အံဝင်ခွင်ကျ ဖြစ်ဖို့ ခဲယဉ်းလှပါတကား။

အစစ်၏ နေရာတွင် အတုနှင့် အစားထိုးပြီး အဖြစ် လုပ်လျှင် အလုပ် ဖြစ်ချင် ဖြစ်လိမ့်မည်။ အစစ်လိုတော့ စိတ် ချမ်းသာမှုကို ရလိမ့်မည် မဟုတ်ပါ။ အဆိုးဆုံးမှာ ချစ်သူ၏ နေရာ၌ အစားထိုးစရာ ဒီကမ္ဘာမှာ ဘာဆို ဘာမျှ ရှာမရခြင်းပင် ဖြစ်ပါသည်။ ဘာကြောင့် အဆိုးဆုံးဟု ဆိုသင့်ပါသနည်း။ ဆိုသင့်သည့် အကြောင်း ရှိပါသည်။ ထိုအကြောင်းမှာ ဤသို့ ဖြစ်ပါသည်။

အချစ်နှင့် ကွေကွင်း ရသောအခါ သား၏ စိတ်များ လေလွင့်ခြင်းမှ ကင်းဝေးစေလိုသော မေတ္တာဖြင့် မိခင်သည် ကြိုးပြတ်၍ လေမှာ လွင့်သွားသော လေတံခွန်ကလေးကို အမိ လိုက်ဖမ်းကာ တခြား ရစ်လုံးတစ်ခု၏ ကြိုးဖြင့် ဆက်ပေးလိုက်သည့် အကြောင်းကို ရှေ့မှာ ပြောခဲ့ပြီးပါပြီ။

အမှန်မှာ အဝိညာဏက ဖြစ်သော လေတံခွန်ကိုသာ ထိုသို့ ပြုလုပ်၍ ရချင်ရမည်။ သဝိညာဏကပင် ဖြစ်သော်လည်း အချစ် မရှိ၊ ဥပါဒါန် မရှိသော တိရစ္ဆာန် တစ်ကောင်ကောင်ကိုလည်း ထိုသို့ ပြုလုပ်၍ ရချင် ရမည်။ ဥပါဒါန်၏ သားကောင် ဖြစ်သော အချစ် နှလုံးသားရှင် လူသား တစ်ယောက်ကိုတော့ မည်သည့် တန်ခိုးရှင်ပင် ဖြစ်စေ အချစ်အတွက် အစားထိုးခြင်း အမှုကို ပြုလုပ်နိုင်လိမ့်မည်ဟု အကျွန်ုပ် မထင်တော့ပါ။ မထင်ရဲတော့ပါ။ မထင်ရဲတော့ခြင်းကို ဆိုလိုပါသည်။ အသက်နှင့် ခန္ဓာ မြဲနေသရွေ့ မိမိနှင့် ပတ်သက်သမျှ သားသမီးများ ကိစ္စနှင့် ကြုံရသော အခါမှာပင် အချစ်ကို တခြား တစ်ပါးသော အရာတို့ဖြင့် အစားထိုးခြင်းကို အားမပေးတော့ ဟူ၍လည်း စိတ်ဆုံးဖြတ် ထားပါသည်။ အဘယ်ကြောင့်ဆိုသော် အကျွန်ုပ်၏ ဘဝဝယ် အချစ်၏ နေရာကို အစားထိုးခြင်းဖြင့် အနာ၏ ဒဏ်ရာ ပပျောက်အောင် (တစ်ကြိမ်မက) ပြုလုပ်ခဲ့မိပါသည်။ ထိုသို့ ပြုမိလေတိုင်း မူလဒဏ်ရာသည် မပျောက်ပျက်ရုံမျှမက ဒဏ်ရာသစ်များပင် ထပ်မံ ရရှိခဲ့သည်ကို ကြုံခဲ့ဖူးပါပြီ။ ထိုဆန်းကြယ်သော သဘာဝကို အစက အကျွန်ုပ် မသိခဲ့ပါ။

အချစ်နှင့် ကွေကွင်းသော နှလုံးသားသည် သစ္စာ၏ ဒဏ်ခတ်ခြင်းကို ခံရသည်နှင့်လည်း တူပါသည်။ စိမ်ရေ (ကျိန်စာ) သင့်သည်နှင့်လည်း တူပါသည်။ လုပ်သမျှ ဒုက္ခချည်းသာ ဖြစ်ဖို့ အကြောင်း များသည်ဟု ဆိုချင်ပါ၏။

ချစ်သောသူနှင့် ကွေကွင်းခြင်း ဆင်းရဲကို ခံစားရသော သူတိုင်း ကိုယ့်ဝဋ်နှင့်ကိုယ် ခံရသည်ဟု သဘောထားပြီး တစ်ယောက်တည်း ခံလိုက်ခြင်းသည် အကောင်းဆုံး ဖြစ်လိမ့်မည် ထင်ပါသည်။ ဤသို့ ထင်ရသည့် အကြောင်းကို ယခု ဆိုပါမည်။

ချစ်သောသူနှင့် ကွေကွင်းခြင်း ဆင်းရဲသည် ကြီးမားပါသည်။ ထို့အတူ မချစ်သော သူနှင့် အတူ နေရခြင်း ဆင်းရဲက အဆမတန် ပို၍ ကြီးမားကြောင်းကို မကြုံဖူးသူတို့ ခံစား တတ်ကြပါမည်လား။ အကျွန်ုပ်အဖို့မူ ထိုဆင်းရဲကိုပါ ခံစားခဲ့ရ ဖူးပါသည်။ ဒဏ်ရာ တစ်ခုကို ပျောက်အောင် ကုသရာတွင် ဆေးမှား ကုမိသောကြောင့် နောက်ထပ် ဒဏ်ရာတစ်ခု ထပ်ရသည်နှင့် တူပါသည်။ အကယ်၍ ကိုယ့်အတတ်နှင့် ကိုယ်စူးလျက် ကိုယ့်ဒုက္ခကို ကိုယ်ရှာမိ၍ ကိုယ်သာ ထိုဒုက္ခကို ခံစားရလျှင် တော်ပါသေး၏။ ယခုမူ မိမိ၏ လော်လီမှုကြောင့် အပြစ်မဲ့သော တခြား လူသား တစ်ဦးပါ ဒုက္ခ အဆစ်ပါတတ်လေသည်။

ဖြောင့်မတ်သော နှလုံးသားကို စင်ကြယ်အောင် ပွတ်တိုက်သူသည် တင်နေသော အညစ်အကြေးများကို

www.burmeseclassic.com



ရှုံ့ရှာနေပါလျှင် ထိုနှလုံးသားသည် သူ့အလိုလို ပြောင် လက်လာမည် မဟုတ်ပါ။ ရှေးက သူတော်ကောင်းတို့သည် နှလုံးသားကို ဆေးကြော သုတ်သင်သည့် အခါ အပြစ်ကို ဝန်ခံခြင်းဖြင့် ဆေးကြောလေ့ ရှိခဲ့ဖူးပါ၏။

အကျွန်ုပ်လည်း ယခု ထိုသို့ပြုဖို့ အချိန်တန်နေပြီ ထင်ပါသည်။ မိုက်မဲခြင်းကို ဟန်ဆောင်၍ ဖုံးကွယ်ခြင်းလောက် မိုက်မဲသော အမှုအကျင့်သည် ဤလောက၌ တခြား ရှိမည် မထင်တော့ပါ။ ထိုအကြောင်းကြောင့် အကျွန်ုပ် ဝန်ခံပါမည်။

မိခင် ပေးစားသော ဇနီးကို အကျွန်ုပ် လက်ခံစဉ် အကျွန်ုပ် တွေးမြင် ယူဆခဲ့သော အတွေးမှား အမြင်မှားများကို ယခု ဆိုသင့်ပါပြီ။

မိခင်သည် သူ၏ ချွေးမကို သူ ယုံကြည် ကိုးကွယ်သော ဘာသာ အယူဝါဒ ရှိသူများထဲက ရွေးချယ်ပါသည်။ ဤအချက်သည် မိခင်၏ စိတ်တွင် အဓိကထားသော အချက် ဖြစ်သည်ကို ဟိုစဉ်အခါက အကျွန်ုပ် မစဉ်းစားခဲ့ပါ။ ဘာကြောင့် မစဉ်းစားခဲ့လေသနည်း။

ထိုစဉ်က အကျွန်ုပ်သည် အချစ် အဆိပ် မွန်လျက်ရှိသည်ဟု ထင်ပါသည်။ မ အပေါ် ချစ်သော အချစ်သည် အကျွန်ုပ်ကို နှိပ်စက်လျက် ရှိရာ အကျွန်ုပ်သည် မခံချင်စိတ် တစ်စုံတစ်ခုကို ရှာဖွေပြီး မိမိ၏ အသည်းနှလုံးမှ အပေါက်ကြီးကို ဖာထေးလိုစိတ်ဖြင့် ဖြစ်ချင်ရာ ဖြစ်စေတော့ ဆိုသည့် ကြောင်းကျိုးကင်း ဆင်ခြင်စိတ်၊ အိမ်ထောင် ကျသွားလျှင် လှုပ်ရှားနေသော စိတ်များ ငြိမ်သက်ပြီး မိမိဘဝ တိုးတက်ရေးကို ဆောင်ရွက်နိုင်လိမ့်မည် ဟူသော မျှော်လင့်စိတ်၊ အချစ်ဆိုတာ စိတ်ကူးယဉ်တာ တစ်မျိုးပဲ၊ အိပ်မက် မက်တာပဲ၊ တကယ့်ဘဝနှင့် တခြားစီပဲဟု ထွေရာလေးပါး ရသေ့စိတ်ဖြေ လှည့်ဖြား စဉ်းစားသည့် (ဦးနှောက်ကို အားကိုးသည့်) စိတ်များ ရောထွေး နှောင့်ယှက်ခြင်းကို ခံနေခဲ့ရသောကြောင့် ဖြစ်လေသည်။

အချစ်သည် ကျိန်စာ နှင့် တူသည် ဆိုသော အချက်ကို လုံးဝ မသိခဲ့သည်မှာလည်း အကျွန်ုပ်၏ ညံ့ဖျင်းမှု ဖြစ်လေသည်။

အမေက အကျွန်ုပ် ကြိုက်ရာရွေးဖို့ သူ နှစ်သက်သည့် ချွေးမလောင်းများ စာရင်းကို တင်ပြလေသည်။ ထိုမိန်းကလေး အားလုံးပင် ငယ်ပေါင်း ကြီးဖော်များ ဖြစ်ကြလေသည်။ အများအားဖြင့် မေမေသည် မိမိ၏ ဇာတိမြို့ရွာမှ အကြောင်းသိ အပေါင်းသိများကို ရွေးချယ်ထားခြင်း ဖြစ်လေသည်။ သို့သော် ချမ်းသာသော မိဘများက မွေးဖွားသည့် မိန်းကလေးများကိုချည်း ရွေးထားသဖြင့် အကျွန်ုပ်စိတ်မှာ ဘဝင်မကျ ဖြစ်မိခဲ့၏။

'မေမေ့ ချွေးမ စာရင်းက သူဌေးသမီးချည်းပါကလား'

'ဟဲ့ သူဌေး သမီးကို ငါလိုချင်ရင် ရနိုင်လို့ ငါ ရွေးတာပေါ့၊ ငါ့သားက ဆင်းဆင်းရဲရဲနှင့် အပင်ပန်းခံပြီး ပညာ သင်ထားရတာ ဆိုတော့ ဘယ်သူ့ကို ငါ အလကား ပေးရမလဲ' ဟု မေးလေသည်။

မေမေသည် အကျွန်ုပ်ကို ရောင်းစားတော့မည်လား။

အကျွန်ုပ်သည် မိခင်၏ မေတ္တာကို မသိပါ။ မိခင်၏ အမြော်အမြင်ကိုလည်း နားမလည်ပါ။ စိတ်ထဲတွင် ငယ်စဉ် ကတည်းက ဦးလေးညီတင် သွတ်သွင်းပေးလိုက်သော ငွေရှင် ကြေးရှင် မုန်းတီးစိတ်နှင့် ဆင်းရဲသားဘက် လိုက်ချင်သည့် စိတ်ကသာ အစဉ် လွှမ်းမိုးလျက် ရှိခဲ့လေသည်။

'သားရယ် မိဘ ဆိုတာ ကိုယ့်သားသမီးကို ဆင်းရဲပြီး မြင်းရုံတာသာ မြင်ချင်ပါတယ်'

မိခင်၏ ထိုစကားသည်ပင် ဓနရှင် ဆန်လွန်းသော စိတ်ဓာတ် ဖြစ်သည်ဟု အကျွန်ုပ် ထင်ပါသည်။

'အမေရယ် လက်ထပ်တာ၊ အိမ်ထောင် ပြုတာကို အရောင်းအဝယ် သဘောနှင့် မစဉ်းစားသင့်ပါဘူး'

ဤစကားသည် မိခင်၏ စေတနာကို စော်ကားခြင်း ဖြစ်သော်လည်း အကျွန်ုပ် စိတ်မှာမူ ထိုသို့ မထင်ဘဲ မိမိစကားသည်ပင် ပညာရှိ ဆန်သည် ဟူသော အထင်ပေါက်လျက် နေခဲ့လေသည်။ မိခင်က သားအပေါ်မှာ စိတ်ရှည်ပါသည်။ သား၏ အလိုသို့ လိုက်ဖို့ကိုလည်း ဆုံးဖြတ်ထားဟန် တူပါသည်။

'ဒါဆိုလည်း သားသဘောကျ ကြိုက်ရာ ရွေးပါ၊ မေမေ မငြင်းပါဘူး' ဟု ဆိုလေသည်။

အကျွန်ုပ် အပေါ်သို့ မေမေသည် ပါးနပ်စွာဖြင့် တာဝန် ပုံချလိုက်၏။ ထိုအခါ ရွေးချယ်ရေး ကိစ္စသည် အကျွန်ုပ်ကိစ္စ ဖြစ်သွားလေသည်။

ပထမ အကျွန်ုပ် ခေါင်းထဲတွင် ဘယ်သူ့ကို ရွေးမလဲ။ လူအနေနှင့်ဆိုလျှင် အားလုံး ရင်းနှီး သိကျွမ်းခဲ့သော ငယ်စဉ် ကစားဖော် ကစားဖက် တွေချည်းပင်။ လူချင်းထားသော ခင်မင်မှုက အားလုံးသော မိန်းကလေးတွေ အပေါ်မှာ အတူတူ၊ အပိုအလို မရှိ။

www.burmeseclassic.com



ဒါဆို ငွေရှိသူ ဥစ္စာ ပစ္စည်း ရှိသူကို ရွေးမလား။ ထိုအချက်ကို အလွယ်တကူ ခေါင်းထဲက ထုတ်ပစ်၍ ရသည်။ ရောင်းမစားဘူးဟု ပထမ စဉ်းစားသည်။ ငွေနှင့် ပေါက်တာကို အနိုင် မခံဘူးဟု ဒုတိယ စဉ်းစားသည်။ ငွေမက်လို့ ယူတာဟု အစွပ်စွဲ မခံဘူးဟု တတိယ စဉ်းစားသည်။ ငါသည် ထဘီစွန်း မှီ၍ စားသော ယောကျ်ားမျိုး မဖြစ်ရဘူးဟု စတုတ္ထ စဉ်းစားသည်။

ဒါဖြင့် ဘာကို အခြေခံပြီး ရွေးမလဲ။

ငါ့အပေါ်မှာ ဘယ်သူ ကျေးဇူး ရှိခဲ့ဖူးသလဲ။

ခေါင်းထဲမှာ 'ကျေးဇူး' ဟူသော အသိ ပေါ်လာသော အခါ ရင်မှာ အေးမြသွားသလို ခံစားလိုက်ရသည်။

ပညာရှိသော သူတို့သည် ကျေးဇူးကို အရေးထား တတ်ကြသကဲ့သို့ မိမိလည်း ကျေးဇူးကို အောက်မေ့တတ်သူ ဖြစ်ချင်ပါသည်။

ထိုအခါ အကျွန်ုပ် ပထမ အိမ်ထောင် ပြုခဲ့သော အမျိုးသမီး၏ မိဘများကို သတိရလေသည်။ သူနှင့် အကျွန်ုပ်တို့မှာ တစ်နှစ်ကြီး တစ်နှစ်ငယ် ဖြစ်သည်။ သူ့အစ်မက အကျွန်ုပ်ထက် တစ်နှစ် ကြီးသည်။ သူတို့မှာ မိန်းကလေး ညီအစ်မများချည်း ဖြစ်ကြသည်။ အကျွန်ုပ် ငယ်စဉ်က သူတို့နှင့် အိမ်ချင်းကပ်၍ နေခဲ့သည်။ အကျွန်ုပ်၏ မိခင်မှာ နို့မထွက်သော အခါ သူ့မိခင်ထံတွင် အကျွန်ုပ် နို့စို့ခဲ့ရလေသည်။ သူ့အစ်မနှင့် အကျွန်ုပ်တို့မှာ နို့စို့ဘက် ဖြစ်၏။ သား မရတတ်သော သူတို့၏ မိခင်သည် အကျွန်ုပ်ကို သားရင်းတမျှ ချစ်ခင်လေသည်။ အကျွန်ုပ်ကလည်း သူတို့မိခင်ကို အမေပဲ ခေါ်ခဲ့၏။

ဂျပန်ခေတ် စစ်ပြေး ဘဝတွင် သူတို့နှင့် အကျွန်ုပ်တို့မှာ တစ်ယောက် တစ်ရွာစီ ကွဲသွားကြသော်လည်း အကျွန်ုပ်မှာ သူ့မိခင်ကို လွမ်းသဖြင့် မကြာခဏ မိဘများက သူတို့ရှိရာ နွားစားပြင်ရွာသို့ အကျွန်ုပ်ကို ပို့ထားရလေသည်။

လွတ်လပ်ရေး ရပြီးနောက် အကျွန်ုပ်တို့ မြို့ကလေးကို အလံနီ အလံဖြူ ကွန်မြူနစ်များက သိမ်းပိုက်ထားစဉ် အကျွန်ုပ်တို့မှာ တောရွာသို့ ပြန်ရောက်သွားကြရပြန်သည်။ ထိုအခါ မြို့မိမြို့ဖများ စုပေါင်း ထောင်ထားသော မြို့ကျောင်းတွင် ပညာ သင်ကြားရန် အကျွန်ုပ်သည် သူတို့ အိမ်မှာ နေ၍ ဝိုင်းလုပ်ဝိုင်းစား လုပ်ခဲ့ရလေသည်။

သူတို့ ညီမများကလည်း အကျွန်ုပ်ကို ဖြူစင်သော မေတ္တာဖြင့် မောင်ရင်းသဖွယ် ချစ်ခင်ကြပါသည်။ သူတို့အိမ်က ချက်သော ထမင်းဟင်းကိုလည်း အကျွန်ုပ်သည် အလွန် ကြိုက်နှစ်သက်ပါသည်။

သူတို့အိမ်တွင် အကျွန်ုပ်ကဲ့သို့ပင် ဝိုင်းလုပ်ဝိုင်းစား နေသော အဘိုး တစ်ဦး ရှိလေသည်။ ထိုအဘိုးသည် ဗုဒ္ဓဘာသာဝင် ဖြစ်လေသည်။ အဘိုးကလည်း အကျွန်ုပ်ကို ချစ်သည်။ အကျွန်ုပ်ကလည်း အဘိုးကို ချစ်ပါသည်။ သူတို့ မိဘများမှာ မချမ်းသာလှသော်လည်း စားနိုင်သောက်နိုင် ရှိသည်။ သမီးများ အပျို ဖြစ်လာ ကြသော အခါ တစ်ကိုယ်စာ ရွှေအပြည့် ဆင်နိုင်သည်။ ရွှေခြေချင်း ခေတ် ဖြစ်ရာ ညီအစ်မ နှစ်ဦးစလုံး အတွက် တစ်ဦးလျှင် တစ်ဖက် ငါးကျပ်သားစီ ရှိသော ရွှေခြေချင်းကြီးတွေကို ဆင်နိုင်သည်။ လှည်း ရှိသည်။ နွားလည်း ရှိသည်။ နွားများကို မိုးအခါ တောဘက်တွင် အငှားချ ထားသည်။ နွေပေါက်ပြီဆိုလျှင် အကျွန်ုပ်နှင့် အဘိုးတို့သည် နွားခ စပါးများကို ကျားကိုက်ရွာ ကျိန္တလီရွာဘက်တွင် သွား၍ ယူကြရလေသည်။ အကျွန်ုပ် ကျောင်းနေစဉ် ကာလ တစ်လျှောက်လုံးတွင် ထမင်းဖိုး မယူ၊ သူတို့ မိဘများကပင် ကျွေးမွေး၍ ကျောင်းထား ခဲ့ကြလေသည်။

ထိုကျေးဇူးများသည် တခြားသော ဥစ္စာ ပစ္စည်းတို့ထက် ပိုပြီး အချိန်စီးသည်ဟု အကျွန်ုပ် ထင်ပါ၏။ ထိုအခါ အကျွန်ုပ်သည် ထိုမိန်းကလေးကိုသာ လက်ထပ်ယူလိုကြောင်း ပြောလိုက်ပါသည်။

မိခင်သည် သားအလိုကို မငြင်းပါ။ သူ့မိဘများကလည်း အကျွန်ုပ်၏ အလိုကို မငြင်းပါ။ မူလကပင် သားရင်းတမျှ ချစ်ခင်လာသော အကျွန်ုပ်၏ လက်တွင်းသို့ သူတို့ သမီးကို ထည့်လိုက်ရန် ဝန်မလေးကြပါ။ သို့သော် အကျွန်ုပ်သည် ငယ်စဉ် သူတို့ လက်ပေါ်မှာ ကြီးပြင်းသော အခါက 'မောင်မောင်' ဆိုသည့် အကောင်ကလေး တစ်ကောင် မဟုတ်တော့သည်ကို သိဟန် မတူပါ။ ဤကား အကျွန်ုပ်၏ အထင်သာ ဖြစ် ပါ သည်။ အကျွန်ုပ် ရန်ကုန်ကို ရောက်ပြီးနောက် ရည်းစားသနာ ရှိဖူးသည့် အကြောင်းကို သူတို့ မကြား မဟုတ်ပါ။ ကြားကြပါသည်။ ရန်ကုန်တွင် အကျွန်ုပ် ဘယ်သို့ နေခဲ့သည်၊ ထိုင်ခဲ့သည်ကို သူတို့ အမြဲ နားစွင့် နေခဲ့ကြောင်း နောင်အခါ အကျွန်ုပ် သိခဲ့ပါသည်။ သို့သော် သူတို့မှာ ခွင့်လွှတ်သော စိတ်ထားမျိုး ရှိသောကြောင့်လား မသိ။ သို့မဟုတ် တခြားသော အကျွန်ုပ်ကို လိုချင် နေကြသည့် မိဘများ အနက် သူတို့က အကျွန်ုပ်အား ရပိုင်ခွင့်

www.burmeseclassic.com



ရှိခဲ့ခြင်းကို နှစ်သက်၍လား မဆိုနိုင်။ ဖြစ်ပြီးသမျှကို ဘာမှ မသိချင်ယောင် ပြုလျက်သာ သူတို့ သမီးနှင့် လက်ထပ် ထိမ်းမြား ပေးစားခဲ့ကြပါသည်။

အကျွန်ုပ်၏ ဇနီးသည် ဖြစ်လာသူ ကာယကံရှင် မိန်းကလေးသည် အချစ်ကို နားမလည်လေသလား၊ သို့ မဟုတ် သူ့နည်းသူ့ဟန် နားလည်လေသလား မပြောတတ်ပါ။ သူသည် ငယ်စဉ်က မောင်နှမလို နေလာသော အကျွန်ုပ်ကို လင် ဖြစ်သော အခါ၌လည်း လင်လိုပင် ဆက်ဆံနိုင်လေသည်။ သူ့ခေါင်းထဲတွင် ထွေရာလေးပါး ဘာကိုမျှ အပို မသိပါ။ လင့်အပေါ် ထားရမည့် မယား ဝတ္တရားကိုသာ သူ နားလည် ထားလေသည်။ တကယ့် အရိုးခံ သက်သက် ဖြစ်လေသည်။

နာမည်နှင့် လိုက်အောင် ဆန်းနေသူမှာ အကျွန်ုပ် သာ ဖြစ်၏။ အကျွန်ုပ်သည် ကလေး တစ်ယောက် ရသည့် အချိန် အထိ ချစ်သူ တခြား အိမ်ထောင်ရှင် တခြား ဖြစ်လျက် နေလေသည်။ ပထမ ညားခါစတွင် နေသာ ထိုင်သာ ရှိသည် ထင်ရသော်လည်း ပထမ သမီးကြီး ရပြီးချိန်က စ၍ အကျွန်ုပ် ဘဝဝယ် အနာ ဟောင်း ပြန်ပေါ်ပါသည်။

နေ့အခါ အလုပ်အကိုင်များကြောင့် မေ့ပျောက် နေသော်လည်း ညဉ့်အခါ အိပ်မက်ထဲတွင် ညစဉ်ညတိုင်း မကို တွေ့ရလေသည်။ ဘဝင်စိတ် (subconscious mind) တွင် စွဲသွားပြီ ဖြစ်သော မသည် အကျွန်ုပ်၏ အိပ်မက်များကို အပိုင် စီးသွားပြီ ဖြစ်၏။ အကျွန်ုပ် အဖို့မူ အိပ်ပျော်သွားသော ညဉ့်ကာလသည် ပျော်ရွှင် ဖွယ်များဖြင့် ပြည့်နှက် နေလေတော့သည်။

သို့သော် အိပ်ရာမှ ရုတ်တရက် လန့်နိုးသွားသော အခါတိုင်းမှာ ပျောက်ဆုံးသွားသော မကို တမ်းတ၍ သာ နေလေတော့သည်။ အချစ်သည် လှည့်စားခြင်းကို လက်မခံသော ဖြောင့်မတ်သော စိတ်သဘာဝမျိုး ဖြစ် သည်ကိုလည်း အကျွန်ုပ် နားလည်ရပြန်ပါသည်။ အချစ် ၏ သစ္စာ ဆိုသည်မှာ ထိုသဘောပင် ဖြစ်ပေလိမ့်မည်။ စိတ်ဖြစ် 'အချစ်' ကို ရုပ်ဖြစ် တဏှာဖြင့် ဖြစ်စေ၊ တခြား ပြုစု ယုယမှုတွေ ဖြစ်စေ အစားထိုး၍လည်း မရ။ ပြောင်းလဲအောင် ပြု၍လည်း မရ။ ထိုစိတ်သည် အပေါ်ယံ သိစိတ်လည်း မဟုတ်၊ အာရုံ သိစိတ်လည်း မဟုတ်၊ ဘဝင်စိတ်မျိုး၊ အတွင်း သိစိတ်မျိုး ဖြစ်နေ သည်။ ဓာသို့ အစဉ် လိုက်တတ်သည့် သဘော ရှိနေ သည်ကိုတော့ အကျွန်ုပ် ကိုယ်တိုင် ခံစားရသည် ဖြစ်၍ မသိဘဲ မနေနိုင်တော့ပါ။

အိပ်မက်သည် ထိတ်လန့်မှုကိုလည်း ပေးနိုင် ပါသည်။ ပျော်ရွှင်မှုကိုလည်း ပေးနိုင်ပါသည်။ လှပသော အိပ်မက်များကို မြင်မက် နေရခြင်းသည်လည်း ဘဝ၏ စိုပြည်ခြင်း တစ်ရပ်ပေပဲ။ သို့သော် အကျွန်ုပ် အဖို့မူ နိုးကြားနေသော ကာလသည် မ ပျောက်ဆုံးနေသော ကာလ ဖြစ်လေသည်။

ထိုကာလကို အကျွန်ုပ်သည် စိတ်ဆင်းရဲသော ကာလ အဖြစ် သတ်မှတ် ထားမိလေသည်။

အစိုးရ အလုပ်က ထွက်ပြီးနောက် အိမ်မှာ နေရ သည့် အချိန် နည်းသွားပါသည်။ အလွတ် ပညာသင် ကျောင်း တစ်ဖက်၊ ဘီအေ နောက်ဆုံးနှစ် သင်တန်း တစ်ဖက် ဖြစ်သည့် အပြင် ဘီအေ နောက်ဆုံးနှစ်တွင် ထူးထူးခြားခြား အောင်မြင်ရမည်ဟု စိတ် ဆုံးဖြတ် ထားသောကြောင့် ပိုသည့် အချိန် အားလုံးကို စာကြည့် တိုက်များမှာ စာဖတ်ရင်း ဖြစ်စေ (ခေတ်မီ စာပေတိုက်မှ အကျွန်ုပ်၏ ဝတ္ထုစာအုပ်များကို ကိုလှသန်းက ထုတ် ပေးလျက် ရှိရာ) စာရေးရင်း ဖြစ်စေ ကုန်ဆုံး စေခဲ့ ရလေသည်။

ဘီအေ နောက်ဆုံးနှစ် ပထမ နှစ်ဝက် ကုန်ဆုံး သွားသောအခါ ပါမောက္ခ ဆရာကား ကိုယ်တိုင် အရှေ့ တိုင်းမှ အိန္ဒိယ တိုင်းသား ဒဿန ပညာရှင်များ၏ အတွေးအမြင်များကို သင်ကြား ပို့ချလေသည်။

ဆရာကား ကား ထူးခြားသော ဆရာမျိုး ဖြစ် သည်။ တပည့်များ အကြိုက်ကို လိုက်ပြီး သင်သော ဆရာမျိုး မဟုတ်။ တပည့် ကိုယ်တိုင်က တတ်မြောက်သူ ဖြစ်လာအောင်၊ ကျွမ်းကျင်သူ ဖြစ်လာအောင် ပြုလုပ် သော အတတ်ကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းပြီး လက်တွေ့ လည်း ကျင့်သုံးတတ်သော ဆရာမျိုး ဖြစ်လေသည်။

ပါမောက္ခ ပီပီ ဆရာသည် သူ ပြောချင်သော အဓိက အချက်များ (သော့ချက်) များကို ပြောပြီး တပည့်များ နားလည်သည် ဖြစ်စေ၊ နားမလည်သည် ဖြစ်စေ ဂရုမစိုက်၊ သူ့ထိုက်နှင့် သူ့ကံ ပစ်ထားခဲ့သော ဆရာမျိုး ဖြစ်သည်။ အစပိုင်းတွင် ဆရာကား စာသင်ပုံ ကို မိမိက အမီ မလိုက်နိုင်။ ထိုအခါ သူ စာသင်ပုံကို မကြိုက်။ သူ အင်္ဂလိပ် စကား ပြောပုံမှာ ရှင်းသော်လည်း ကုလားသံက ဝဲနေသောကြောင့် နားရည် မဝမီ နားလည် ဖို့ ခက်လေသည်။ အတန်ကြာမှ ရှင်းနီးသွားသည်။ ထို အခါ ဆရာ့ အင်္ဂလိပ်စာ ထက်မြက်ပုံကိုလည်း သိလာ

www.burmeseclassic.com



သည်။ ဆရာ့ စာသင်ပုံ အကျိုးများကြောင်းကိုလည်း သိလာပါသည်။ တတ်ချင်သူ အဖို့တော့ ဆရာကား စာသင်နည်းမှာ အကောင်းဆုံး။

တစ်နေ့ ဆရာကားကို မိမိက 'ဆရာ သင်တာ နားလည်ရ ခက်တယ်၊ နည်းနည်း လွယ်အောင် သင်ပေးပါ' ရန် တောင်းပန် ပြောဆိုလိုက်ရာ ဆရာကား ပြန်ဖြေသော စကားများကို တစ်သက် မမေ့နိုင်တော့ပါ။

'လွယ်တာ မ လိုက် နှင့်၊ လွယ်တာ လိုက်ရင် အခက် ကြုံတော့ ပိုခက်ရော၊ ဆရာက စာသင်တာကို ရေကူး သင်တယ်လို့ သဘောထားတယ်၊ ရေကူး သင်တဲ့အခါ တပည့် လုပ်သူကို ဆရာက ကူးမခိုင်းဘဲ သူက ချည်း ဆင်းကူး ပြနေရင် တပည့်က ရေကူး တတ်ရောလား၊ တပည့်တို့ စိတ်ထဲမှာ ဘယ်လို ထင်သလဲ၊ ကဲ ပြောပါဦး'

'မတတ်နိုင်ပါဘူး ဆရာ'

'ဟုတ်တယ်၊ မတတ်ဘူး၊ ဘာဖြစ်လို့ မတတ်သလဲ ဆိုတော့ ဆရာရဲ့ လုပ်ပုံက နည်းလမ်း မမှန်လို့ဘဲ၊ ရေကူး တတ်စေချင်ရင် ဆရာဟာ သူ့တပည့်ကို ရေထဲကို တွန်းချရဲရမယ်၊ ဆရာ့ကိုတော့ တပည့်တို့က ရက်စက်တယ် ထင်ချင်လည်း ထင်၊ ရေထဲကို တွန်းချတဲ့ ဆရာပဲ လုပ်ချင်တယ်၊ ဒီတော့ တပည့်တို့ မှတ်ထားဖို့က ဆရာ့ နည်းဟာ အင်္ဂလိပ်လို ဆိုတော့ either swim or sink method (ကူးချင်ကူး မကူးချင်နစ်) ဆိုတဲ့ နည်းပဲ ကွယ့်'

ပါမောက္ခ ဆရာကား၏ ထိုစကားသည် စာသင်ရာမှာ သာမက ဘဝ တစ်လျှောက်လုံးမှာ လုပ်သမျှ ကိုင်သမျှ အလုပ်များ အတွက်လည်း မှန် ကန် သော လမ်းညွှန်စကား ဖြစ်လေသည်။

'ကူးချင်ကူး မကူးချင်နစ်' မည်မှာ မုချ ဖြစ်၏။ ဘဝဟူသော သမုဒ္ဒရာဝယ် ကူးခတ် နေသူတိုင်းသည် အမြဲ ကူးနေ ရမည်သာ။ မကူးဘဲ နေသည်နှင့် နစ်မွန်း ရပေလိမ့်မည်။ လူသည် ကူးရင်း ခတ်ရင်းပင် တတ်လည်း တတ်သွားမည်၊ လိုရာ အရပ်သို့လည်း ရောက်သွားပေလိမ့်မည်။

ဘဝသည် ရပ်နေ၍ ရကောင်းသော နေရာမျိုး မဟုတ်သည်ကို အကျွန်ုပ်သည် ပို၍ သဘော ပေါက်လာပါသည်။

အနောက်တိုင်း အတွေးအခေါ်များသည် အသိပညာကို ရှာကြသည် ဆိုရာ၌ သဘာဝ လောကကို နားလည်နိုင်သော အသိပညာမျိုးကို ပေးကြလေသည်။ ထို အသိပညာက သူတို့အား အလိမ္မာ ဉာဏ်ကိုထက် အသုံးချ ဉာဏ်ကိုသာ ပို၍ ပေးခဲ့လေသည်။ ရှင်းရှင်း ပြောရလျှင် အနောက်တိုင်း ဖီလိုဆိုဖီသည် သိပ္ပံပညာများစွာကို မွေးဖွား ပေးခဲ့သော မိခင် ဖြစ်ခဲ့ခြင်းမှာ လူသား အတွက် အသုံးဝင်သော ပညာများကို ရှာလိုသော ဆန္ဒကြောင့် ဖြစ်လေသည်။

အနောက်တိုင်း ဒဿန မိခင်ကြီးသည် အသုံးဝင်သော သားသမီးများကို မွေးဖွား ပေးလိုက်သည်။ သားသမီးများလည်း သူတို့ဘာသာ အသုံးဝင်သွားကြပြီး လူလားမြောက် သွားကြသော အခါ မိခင်ကို စွန့်သွားကြသော သားသမီးများ၏ မိခင် အဖြစ်သို့ ဒဿနပညာ ရောက်သွား လေတော့၏။ အချိန်တန် အရွယ်ရောက်လာပြီ ဆိုလျှင် မိဘ ကျေးဇူး ဆိုသည် ဘာမှန်း မသိဘဲ သားသမီးများက ကိုယ် သွားလိုရာ အရပ်သို့ စွန့်ခွာ ထွက်သွား တတ်ကြသော အနောက်တိုင်း ယဉ်ကျေးမှုသည်လည်း အရာရာကို အသုံးချ တန်ဖိုးလောက်သာ သဘော ထားတတ်သော အတွေးအမြင် ထွန်းကားခဲ့သောကြောင့်ပင် ဖြစ်လိမ့်မည် ထင်ပါသည်။

အရှေ့တိုင်းသားတို့၏ ဒဿနပညာကို သင်ကြားရသောအခါ အနောက်တိုင်း ဒဿနနှင့် လုံးဝ မတူသော သဘောကို တွေ့ရလေသည်။

'အိန္ဒိယ တိုင်းသား အတွေးအခေါ်တွေဟာ ဟိန္ဒူ အတွေးအခေါ်ပဲ ဖြစ်ဖြစ်၊ ဟိန္ဒူ မဟုတ်တဲ့ အတွေးအခေါ်ပဲ ဖြစ်ဖြစ်၊ ဘုရားသခင် ဖန်ဆင်းရှင် ဣဿရိယ နိမ္မာန ဝါဒပဲ ဖြစ်ဖြစ်၊ ဘုရားသခင် ဂေါ်ဒ်ကို လက်မခံတဲ့ အနိဿရိယ နိမ္မာနဝါဒပဲ ဖြစ်ဖြစ် အားလုံးဟာ လူသား အတွက် ပတ်ဝန်းကျင် သဘာဝ လောကကို ဘယ်လို အသုံးချရမလဲ၊ သဘာဝ လောကကို အသုံး ချတတ်တဲ့ အသိပညာနှင့် လောကီ အာရုံ ကာမဂုဏ် ချမ်းသာတွေကို ရရှိအောင် ဘယ်လို လုပ်ရမလဲ ဆိုတဲ့ အသုံး ချလိုတဲ့ သဘော သက်သက်မျိုး မရှိဘူး၊ အနောက်တိုင်း ဒဿနက ဗဟိဒ္ဓ လောက (external world) ကိုသာ စူးစမ်းဖို့ ကြိုးစားတယ်၊ ဆရာတို့ အရှေ့တိုင်းသား အတွေးအခေါ် ပညာရှင်တွေကတော့ အပြင် လောကကိုထက် အဇ္ဈတ္တ ဖြစ်တဲ့ အတွင်း လောက (internal world) ကိုသာ ပို အရေးထားပြီး စူးစမ်း ခဲ့ကြတယ်။

'အရှေ့ နှင့် အနောက်ဟာ သဘာဝအားဖြင့် ဆန့်ကျင်ဘက် ဖြစ်သလို အတွေး ဒဿနအားဖြင့်လည်း

www.burmeseclassic.com



ဆန့်ကျင်တယ်၊ လိုရင်း သဘောမှာ အနောက်တိုင်းသားများက လောကီ စည်းစိမ် လောကီ ချမ်းသာကို အထင်ကြီးပြီး ရှာကြတယ်၊ အရှေ့တိုင်းကတော့ လောကီချမ်းသာကိုထက် လောကုတ္တရာ ချမ်းသာဖြစ်တဲ့ ချမ်းသာစစ်ကိုသာ ပိုတန်ဖိုး ထားပြီး ရှာကြတယ်၊ နောက် တစ်နည်း ပြောရရင် အနောက်တိုင်းသားတွေက လူ့ဘဝ တိုးတက်ဖို့ အတွက် အတတ်ပညာ နည်းနာတွေကို လိုက်ရှာကြတယ်၊ အရှေ့တိုင်းသားတွေကတော့ ဘဝ လွတ်မြောက်ရေး (ဆင်းရဲ ကင်းငြိမ်းရေး) အတွက် အကျင့် စရဏ တရား နည်းလမ်းတွေကို ရှာကြတယ်။

'ဒီ အမြင် နှစ်ရပ်ကို နောက်တစ်နည်း ပြောလို့လည်း ရသေးတယ်၊ အနောက်တိုင်းသားက လူနှင့် ပတ်ဝန်းကျင်မှာ လူကိုထက် ပတ်ဝန်းကျင်ကို ပိုပြီး ကြည့်ဖို့ အားသန်တယ်၊ ဒီလို ကြည့်ရာမှာလည်း ရုပ်သဘာဝကို နာမ်သဘာဝထက် ပိုပြီး အရေးထားတယ်၊ အရှေ့တိုင်းကတော့ ဒီလို မဟုတ်ဘူး၊ လူတွေရဲ့ ပင်ကိုသဘာဝကို သဘောပေါက်ဖို့ ပိုပြီး အားထုတ်တယ်၊ လူတွေ ဆင်းရဲဒုက္ခ ရောက်နေရတာဟာ ဘာကြောင့်လဲလို့ စူးစမ်းတယ်၊ ဒီဆင်းရဲဒုက္ခက လွတ်မြောက်ဖို့ နည်းလမ်း အမှန်ဟာ ဘာလဲလို့ ရှာဖွေတယ်၊ ဒီအခါ ရုပ်သဘာဝကိုထက် နာမ် သဘာဝကို ပိုပြီး အရေးထားတယ်။

'ဆင်းရဲခြင်းရဲ့ အကြောင်းကို ရှာတော့ အနောက်တိုင်းသားတွေ ရှုမြင်သလို မရှိလို့ ဆင်းရဲတာ မဟုတ်ဘူး၊ ရှိလို့ ဆင်းရဲကြရတာ ဆိုတာကို မြင်တယ်၊ ဆင်းရဲခြင်းရဲ့ တကယ့် အကြောင်းမှန်က ရုပ်ပစ္စည်းတွေ ရှိတာမရှိတာကြောင့် မဟုတ်ဘူး၊ ရုပ်ဝတ္ထု ပစ္စည်းတွေ အပေါ်မှာ ကပ်ငြိခြင်း ဆိုတဲ့ တဏှာ (လောဘ) ကြောင့် ဆိုတာ နှိုက်နှိုက်နဲနဲ သိလာကြတယ်'

ဆရာကား၏ ဤစကားလုံးများသည် အကျွန်ုပ်၏ ဦးခေါင်းခွံကို တူဖြင့် ရိုက်နှက်ပြီး သွတ်သွင်းသကဲ့သို့ အကျွန်ုပ်၏ ဦးခေါင်းထဲသို့ ဒိုင်းခနဲ ဒိုင်းခနဲ ထိုးဝင်ခဲ့ကြပါသည်။

'တပ်ငြိခြင်း တဏှာကြောင့် ဆင်းရဲရသည်' ဆိုသော စကား၏ အနက်ကို အကျွန်ုပ် ရှာဖွေရပြီ။

တော်ရုံ တန်ရုံ ကိစ္စများ၌ အစွဲအလမ်း သဘောတို့သည် အချိန်ကာလ၏ တိုက်စားမှုကြောင့် မေးမှိန်ပျောက်ပျက်သွားတတ် ကြပါသည်။ သေသောသူကိုပင် ကြာလျှင် မေ့ပျောက် တတ်ကြသည် မဟုတ်ပါလား။ ပျောက်သော သူကိုလည်း ကြာလျှင် မေ့သည်ဟု ဆိုကြပါသည်။

ယခုဆိုလျှင် ရက်မဟုတ် လမဟုတ် နှစ်ပရိစ္ဆေဒတို့ကိုပင် ကျော်လွန်ခဲ့ပြီပဲ။ ဘာကြောင့် မကို မေ့၍ မရပါသနည်း။ ဘာကြောင့် ဥပါဒါန် မသိစိတ်ထဲမှာ မ ရှိနေပါသေးသနည်း။ ညဥ့်အချိန် အိပ်မက်တွေထဲမှာ ဘာကြောင့် မ ရောက်လာတတ်ပါသနည်း။ အိပ်ရာက နိုးသော အချိန်တိုင်းတွင် အကျွန်ုပ် ဘာကြောင့် စိတ်ဆင်းရဲသနည်း။

အနောက်တိုင်း အတွေးအခေါ်များက ထိုမေးခွန်းများ အတွက် အဖြေ ရှာမပေးနိုင်ပါ။ သေးသိမ်သော အမှုကိစ္စ အဖြစ် သဘောထား၍လည်း ဖြစ်နိုင်ပါသည်။ သို့သော် လူ့ဘဝကို ညှဥ်းဆဲတတ်သော တရားတို့သည် ဤလောကမှာ မုချ ရှိပါသည်။ ထိုညှဥ်းဆဲ နှိပ်စက်တတ်သော တရားတို့ကို သိအောင် အားထုတ်ခြင်းကိုလည်းကောင်း၊ ထိုတရားတို့မှ ဝေးအောင် ရှောင်ကြဉ်ခြင်းကို လည်းကောင်း သေးသိမ်သော အမှုကိစ္စ ဟူ၍ သဘော ထားအပ်ပါသလား။

အရှေ့တိုင်းသား ဒဿန ဆရာကြီးများသည် ထို သဘောကို လျစ်လျူရှုခြင်း မရှိပါ။ လူသားတို့၏ ဆင်းရဲရခြင်း အကြောင်းကို ရှာဖွေခြင်းနှင့် ထိုဆင်းရဲဒုက္ခမှ လွတ်မြောက်ရာ နည်းလမ်းကို ရှာဖွေခြင်းသည် အရှေ့တိုင်းသားတို့၏ ဒဿန လုပ်ငန်းကြီး ဖြစ်ခဲ့လေသည်။

'တပ်ငြိခြင်း တဏှာကြောင့် ဆင်းရဲဒုက္ခ ဖြစ်ရသည်'

ဤအဆို၏ မှန်ကန်ခြင်းကို ဘယ်မှာမှ ရှာစရာ မလိုပါ။ မိမိကိုယ်မှာ ရှာလိုက်ရုံဖြင့် ပြီးလေသည်။

အချစ်ကို အကျွန်ုပ်သည် တန်ဖိုးဟု သတ်မှတ်ခဲ့ပါသည်။ ထိုအချစ်သည် တပ်မက်ခြင်း လောဘ မဖြစ်အောင်လည်း အကျွန်ုပ် ကြိုးစားခဲ့ပါသည်။ တစ်ခါတစ်ရံ ထိုအချစ်ကိုပင် သဒ္ဓါဟုလည်း အကျွန်ုပ် ထင်ခဲ့သည်။ သို့သော် သဒ္ဓါ လွန်သောအခါ ပညာ ဆုတ်နစ်ပြီး တဏှာဘက်သို့ ရောက်သွား တတ်သည်ကို အကျွန်ုပ် မသိခဲ့သည်မှာတော့ အမှန်။

တပ်ငြိခြင်း မရှိလျှင် ဘာကြောင့် စွဲလမ်း နေမည်နည်း။ စွဲလမ်းစိတ် မရှိလျှင် ဘာကြောင့် မကို ညစဉ် ညတိုင်း သတိ ရနေပါမည်နည်း။ အကျွန်ုပ်၏ စွဲလမ်းစိတ်ထဲတွင် မကို တပ်ငြိ နေသောကြောင့်သာ

www.burmeseclassic.com



ကိုယ့်စိတ်မှာ လွတ်လပ်ခြင်း မရှိဘဲ ဖြစ်နေရခြင်း ဖြစ်သည်။ မက ယခုလောက် ဆိုလျှင် မိမိကို မေ့ပစ် ပြီးလောက်ပြီ။ မုန်းချင်လည်း မုန်းပစ် ပြီးလောက်ပြီ။ မိမိကသာ မုန်းခြင်းကိုလည်း လက်မခံ။ မေ့ခြင်းကို လည်း လက်မခံခဲ့။

မ အပေါ်ဝယ် တပ်ငြိခြင်း ရှိသည်ကား အမှန် ဖြစ်၏။ အဘယ်ကြောင့် တပ်ငြိသနည်း။ လိုချင်၍ တပ်ငြိခြင်းပဲ မဟုတ်လား။

သို့ဆိုလျှင် အစက မိမိ စိတ်၌ ချစ်ခြင်းသည် လိုချင် တပ်မက်ခြင်း မဟုတ်၊ စွန့်လွှတ်ခြင်းဖြင့် ဝမ်း မြောက်ခြင်းဟု ထင်ခဲ့ခြင်းမှာ စင်စစ် လှည့်ဖြားခြင်း ဖြစ်နေလေပြီလား။

မိမိသည် ကိုယ့်ကိုယ်ကိုယ် ပြန်မကြည့်တတ် သောကြောင့် လူမှာ ကိုယ့်ကိုယ်ကိုယ် လိမ်တတ်သော သဘာဝ ရှိသည်ကို မသိတတ်ခြင်း ဖြစ်ပေလိမ့်မည်။

အကျွန်ုပ်၏ ကိုယ်ပေါ်သို့ ထွန်းပ ထိန်လင်းလှ သော အရှေ့တိုင်းက အလင်းရောင်သည် သက်ရောက် ခဲ့ပြီ ဖြစ်ပါသည်။ မှောင်မည်းလျက် ပျောက်ဆုံး နေခဲ့ သော မိမိ၏ အဖြစ်ကို ယခုမှပင် စ၍ မြင်တတ်တော့၏။ မြင်တော့လည်း မိမိသည် လိမ်တတ်သော မုသာဝါဒီ တစ်ဦး ဖြစ်နေသည်ကို ရှင်းရှင်း မြင်ရပေတော့သည်။ အလိမ်တော့ ပေါ်ခဲ့လေပြီ။

ဆရာကားက အိန္ဒိယ ဒဿန၏ ထူးခြားသော အခြင်းအရာသည် သစ္စာတရား (Truth) ကို ရှာရန် အားထုတ်ခြင်း ဖြစ်သည်ဟု ဆိုလေသည်။

အနောက်တိုင်း ဒဿန ဆရာကြီးများက အသိ ပညာကို အဓိက ထား၍ ရှာဖွေကြစဉ် အရှေ့တိုင်းသား ဒဿန ဆရာကြီးများက သစ္စာတရားကို အဓိက ထား၍ ရှာနေကြပါကလား။

အနောက်တိုင်းနှင့် အရှေ့တိုင်း၏ ကွဲပြား ခြားနား သည့် အခြင်းအရာ တစ်ရပ်ကို အကျွန်ုပ် သတိ ပြုမိ ပြန်သည်။

နောက်တစ်ချက် ထူးခြား ပြန်သည်မှာ အိန္ဒိယ နိုင်ငံတွင် ရှေးပဝေသဏီ ကာလမှ စ၍ အတွေးအခေါ် ဂိုဏ်း ကိုးဂိုဏ်း ပေါ်ပေါက် ခဲ့ဖူးလေသည်။ အကျဉ်း အားဖြင့် စာဝကဂိုဏ်း (Carvakas)၊ ဂျိမ်း (ဇိန) ဂိုဏ်း (Jainas)၊ ဗုဒ္ဓဂိုဏ်း (Buddhists)၊ ဉာယ ဂိုဏ်း (Nyayas)၊ ဝိသေသိကဂိုဏ်း (Vaisesikas)၊ သင်္ချာဂိုဏ်း (Sankhyas)၊ ယောဂဂိုဏ်း (Yogas)၊ မီမံသဂိုဏ်း (Mimamsas) နှင့် ဝေဒန္တ ဂိုဏ်း (Vedantas) ဟူ၍ ကိုး ဂိုဏ်း ကွဲပါသည်။ *

ထိုကဲ့သို့ ကွဲပြား ခြားနားစေကာမူ ဂိုဏ်း တစ် ဂိုဏ်းသည် တခြားဂိုဏ်း တစ်ဂိုဏ်း၏ အတွေးအခေါ် ကို သဘောပေါက်အောင် လေ့လာကြမြဲ ဖြစ်ပါသည်။ ဒဿနဆရာသည် မိမိ၏ လောက အမြင် တစ်ရပ်ကို ထုတ်ဖော် ပြောဆိုမည် ပြုသောအခါ တခြားသော ဒဿန ဂိုဏ်းများ၏ ဆန့်ကျင်ဘက် အမြင်ကို ဦးစွာ ဖော်ပြကြသော ဓလေ့လည်း ရှိခဲ့ကြလေသည်။

အိန္ဒိယ တိုင်းသားများ တွေးခေါ်ပုံမှာ အစီအစဉ် ရှိကြသည်။ ထို အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်၏။

ပထမဦးစွာ ဆန့်ကျင်ဘက် အမြင်များကို ဖော်ပြ ခြင်းကို 'ပုဗ္ဗပက္ခ' (ရှေးဦး ထင်စွာပြခြင်း) ခေါ်သည်။

ပြီးနောက် ရှေးဦးပြ အမြင်ကို ငြင်းချက် 'ခဏ္ဍန' (ပိုင်းဖြတ်ခြင်း) လာသည်။ နောက်ဆုံးမှ ဒဿနဆရာ ၏ ကိုယ်ပိုင် အမြင်နှင့် ထိုအမြင်ကို သက်သေထူသော ယုတ္တိပြ စကားများ ဥတ္တရ ပက္ခ၊ သို့မဟုတ် သိဒ္ဓန္တ (အယူဝါဒ) ပြ စကားများ လာလေသည်။

ဤဒဿန အစဉ်သည် မှတ်သားဖွယ် ကောင်းလှ ပါ၏။ အိန္ဒိယ ဒဿန ဆရာကြီးတို့သည် မိမိ အယူဝါဒ ကို မဆိုမီ တခြားသော အယူဝါဒတို့ကို ဦးစွာ ဆိုလေ့ ရှိကြ၏။ ပြီးမှ ထိုအယူဝါဒများ၏ အားနည်းချက် အမှားများကို ပြသည်။ နောက်ဆုံးမှ မိမိ၏ အယူဝါဒ ကို တင်ပြလေ့ ရှိကြလေသည်။ ဤအစဉ်အလာသည် ကောင်းသော အစဉ်အလာ ဖြစ်သည်ဟု အကျွန်ုပ် ထင် ပါသည်။ တခြားသော အယူဝါဒများကို ရှေး ဦး စွာ လေ့လာပြီး ပိုင်းခြား စိစစ်ပြီးမှ မိမိ အယူဝါဒကို ဆို ခြင်းသည် မိမိ အယူအဆ ခိုင်မာကြောင်းကို ပြလို၍ ဖြစ်ပေလိမ့်မည်။ (ဗုဒ္ဓ၏ တရားဦး ဓမ္မစကြာမှာ ရှုပါ။)

အိန္ဒိယပြည်တွင် ခေတ်ပြိုင် အတွေးအခေါ် ဂိုဏ်း ကြီး ကိုးဂိုဏ်း ပေါ်ပေါက်သည် ဆိုသော်လည်း အခြေခံ သော အချက်ပေါ် မူတည်ပြီး ခွဲခြားသော် အမျိုးအစား အားဖြင့် နှစ်မျိုးသာ ရလေသည်။ ထိုနှစ်မျိုးသည် အတ္တိက ဂိုဏ်းများ နှင့် နတ္ထိက ဂိုဏ်းများ ဖြစ်ကြလေသည်။ အတ္တကို လက်ခံသော ဂိုဏ်း (ဝါ) အတ္တ ရှိသည်ဟု ယူသော ဂိုဏ်းများက တစ်ဖက်၊ အတ္တ မရှိ (အနတ္တ) ဟု ယူသော ဂိုဏ်းများက တစ်ဖက် ဖြစ်၏။

---

* *An Introduction to Indian Philosophy, S. Chatterjee & D. Datta*

www.burmeseclassic.com



အတ္တကို လက်ခံသော (အတ္တရှိ) ဂိုဏ်းများမှာ ခြောက်ဂိုဏ်း ရှိသည်။ မီမံသဂိုဏ်း၊ ဝေဒန္တဂိုဏ်း၊ သင်္ချာဂိုဏ်း၊ ယောဂဂိုဏ်း၊ ဉာယဂိုဏ်း၊ ဝိသေသိက ဂိုဏ်းတို့ ဖြစ်ကြပါသည်။ ၎င်းတို့ကို အတ္တရှိ ဒဿန ဂိုဏ်းများဟု ခေါ်ခြင်းမှာ ဖန်ဆင်းရှင် ထာဝရ ဘုရားကို ယုံကြည် လက်ခံသော ဂိုဏ်းများ ဖြစ်ခြင်းကြောင့် မဟုတ်။ ၎င်းတို့ အားလုံးသည် ဝေဒကျမ်းများကို ကိုးကွယ်ရာ ကျမ်းစာ အဖြစ် မှတ်ယူ ကြခြင်းကြောင့် ဖြစ်ပါသည်။ (ဖန်ဆင်းရှင် ဝါဒကို အားလုံး လက်မခံကြပါ။)

ယခုအခါ ဟိန္ဒူ အယူဝါဒ (Hinduism) ဆိုသော ဝေါဟာရ နယ်ပယ်တွင် ထိုအတွေးအမြင်ဂိုဏ်း ခြောက်ဂိုဏ်းစလုံး ပါသည်ဟု နားလည်၍ သဘော ကျနိုင်ပါသည်။ *

ဟိန္ဒူဘာသာ အယူဝါဒသည် ဗုဒ္ဓ အယူဝါဒကဲ့သို့ ပုဂ္ဂိုလ် တစ်ဦး၏ အတွေးအမြင် အယူအဆ မဟုတ်။ ယုဒ အယူဝါဒကို ဆက်ခံ၍ ခရစ်ယာန် အယူဝါဒ ပေါ်ပေါက် လာရသလို၊ ရှေးက ဝေဒသံဟိတ (Vadic Samhitas) ကျမ်းများကို အခြေခံကာ** တစ်ယောက် တစ်မျိုး ကြံဆရင်း မတူသော အမြင်များ အဖြစ်ဖြင့် ပေါ်ပေါက်လာသော ဘာသာ အယူဝါဒ တစ်မျိုး ဖြစ်ပါသည်။ အတွေးအမြင် (ဒဿန) အနေနှင့်မူ ဟိန္ဒူ အယူဝါဒ အောက်တွင် ခြောက်ဂိုဏ်း ကွဲလျက် ရှိသည်ဟု မှတ်သား ထားသင့်ပါသည်။

အတ္တ သဘောကို လက်မခံသော နတ္ထိက ဝါဒ ဂိုဏ်းမှာ သုံးဂိုဏ်း ဖြစ်ပါသည်။ ရုပ်ဝါဒီများ ဖြစ်ကြသော စာဝက ဂိုဏ်းသားများသည် လည်းကောင်း၊ ဗုဒ္ဓဝါဒ ဂိုဏ်းသားများသည် လည်းကောင်း၊ ဂျိမ်း (ဇိန) ဝါဒ ဂိုဏ်းသားများသည် လည်းကောင်း အတ္တဝါဒကို လက်မခံသူများ ဖြစ်ကြပါသည်။

နောက်တစ်နည်းဆိုသော် အိန္ဒိယ အတွေးအခေါ် ဝေဒကို လက်ခံသော အတွေးအခေါ် နှင့် ဝေဒကို လက်မခံသော အတွေးအခေါ် ဟူ၍ နှစ်ပိုင်း ခွဲခြား လေ့လာနိုင်ပါသည်။

ဆရာကားသည် အိန္ဒိယ အတွေးအခေါ်ကို သင်ကြားစက ပြောဖူးသော စကား တစ်ခု ရှိလေသည်။

--------------

* *India and Her People, Swami Abhedananda*

** *Hinduisim, K. M. Sen p 13*

'တပည့်တို့ အနေနှင့် အိန္ဒိယ အတွေးအခေါ်ကို ဟိန္ဒူ ဘာသာရေး အယူဝါဒနှင့် ဆက်စပ်တဲ့ အတွေးအခေါ်ရယ်၊ ဟိန္ဒူဘာသာ အယူဝါဒနှင့် မပတ်သက်တဲ့ အတွေးအခေါ်ရယ်လို့ နှစ်ပိုင်းခွဲပြီး လေ့လာသင့်တယ်၊ ဟိန္ဒူ အတွေးအခေါ်ကို လေ့လာရင် ဝေဒ အကြောင်းကို ပယ်ထားလို့ မရဘူး၊ ဟိန္ဒူ အတွေးအခေါ်တွေဟာ ရှေးဦး ဝေဒကျမ်းတွေ၊ နောက် ဘီစီ ၈၀၀ လောက်မှာ ပေါ်ထွန်းခဲ့တဲ့ ဥပနိသျှာဒ်ကျမ်းတွေ အကြောင်းကို မသိလို့ မဖြစ်ဘူး၊ ဝေဒ ဆိုတာက သိခြင်း၊ အသိပညာကိုပဲ ဟောတယ်။

'ဒဿန ဆိုတာကတော့ သစ္စာကို သိမြင်ခြင်း အနက်ရတယ်၊ ဝေဒမှာ နှစ်ပိုင်း ရှိတယ်၊ ကာမဝေဒ နှင့် ဉာဏဝေဒလို့ ခေါ်တယ်၊ ကာမဝေဒက ပူဇော် ပသမှု ခဝပ် ကိုးကွယ်မှုနှင့် ဆိုင်တဲ့ အသိပညာများ ဖြစ်တယ်၊ ဉာဏဝေဒကတော့ ဆင်ခြင် တွေးခေါ်မှု (speculation) နှင့် ဆိုင်တဲ့ အသိပညာတွေပဲ၊ အထူးသဖြင့် ဝေဒကို အခြေခံတဲ့ အတွေးအခေါ် ဂိုဏ်း ခြောက်ဂိုဏ်း အနက်က မီမံသဂိုဏ်း နှင့် ဝေဒန္တဂိုဏ်းတွေဟာ လူသားတွေရဲ့ အတွေ့အကြုံပေါ်မှာ တည်ပြီး ရတဲ့ အသိ ပညာကို လက်မခံဘူး၊ ဝေဒ ကျမ်းမှာ ပါတဲ့ အသိပညာကိုသာ အမှန်လို့ ယူဆတဲ့ ဂိုဏ်းများ ဖြစ်ကြတယ်၊ ဒီလို နားလည်ထားခြင်းဟာ ဟိန္ဒူ အယူဝါဒတွေကို လေ့လာတဲ့အခါ နားလည်ဖို့ အလွယ်ဆုံး ဖြစ်လိမ့်မယ်။

'ဒဿန ရှုထောင့်က ကြည့်ပြီး လေ့လာရင် ဘာသာ အယူဝါဒ ဆိုတဲ့ လူတို့ရဲ့ ယုံကြည် ကိုးကွယ်မှု အားလုံးဟာ လူတွေဟာ ဘာတွေကို လုပ်နေကြသလဲ ဆိုတဲ့ သဘောနှင့် လူတွေဟာ ဘာတွေကို လုပ်သင့်သလဲ ဆိုတဲ့ သဘော နှစ်ရပ်ရဲ့ ဝိရောဓိကို ဖြေရှင်းဖို့ ကြိုးစားကြတာချည်းပါပဲ။

'ကမ္ဘာမှာ စတင် ပေါ်ပေါက်ခဲ့ကြတဲ့ ဘာသာ အယူဝါဒတွေထဲမှာ ဟိန္ဒူ အယူဝါဒဟာ ရှေးအကျဆုံး ဘာသာ အယူဝါဒ ဖြစ်တယ်၊ ဟိန္ဒူ အယူအဆဟာ ဒုစရိုက်မှု အမျိုးမျိုး၊ မကောင်းမှု အဖုံဖုံ အပြစ်မျိုးစုံကို ကျူးလွန်နေကြတဲ့ ရှေးဦး လူသားတွေကို ဘယ်လို နေသင့်တယ် ဆိုတာကို သင်ကြားပေးဖို့ အတွက် ထာဝရ ဘုရားသခင်နှင့် ဖန်ဆင်းခြင်း သဘောတွေကို စတင် စဉ်းစားခဲ့ကြတယ်၊ ဒီလို စဉ်းစားခဲ့ခြင်းမှာလည်း ထိုက်တန်တဲ့ အကြောင်း ရှိခဲ့ကြတယ်၊ ဘာအကြောင်းလဲ ဆိုတော့ ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်က ဖန်ဆင်းလို့

www.burmeseclassic.com



ဖြစ်လာကြတဲ့ လူတွေ အချင်းချင်း ညီရင်းအစ်ကို ဆွေရင်းမျိုးချာ ဖြစ်ကြတယ် ဆိုတဲ့ သဘောကို ယုံကြည်စေဖို့ပဲ ဖြစ်တယ်၊ ပူဇော် ပသခြင်း ဆိုတဲ့ သဘောကတော့ ကိုယ်ကျိုးမဖက်ခြင်း (selfless service) နှင့် ကိုယ်ကျိုးစွန့်ခြင်း (sacrifice) သဘောကို လူ့ အပြုအမူ အတွက် မြတ်သော စံအဖြစ် ထားသင့်တယ် ဆိုတာကို ပြဖို့အတွက် ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

'ဒီသဘောတွေကို ဥပါနိသျှဒ်တွေ ဘဂဝါဂီတ ကျမ်းတွေမှာ တွေ့ကြရပါလိမ့်မယ်။

'ဟိန္ဒူ အယူဝါဒဟာ တစ်မျိုးတည်း မဟုတ်ဘူး တပည့်တို့၊ ဟိန္ဒူ အယူ ဝါဒ ဒဿန ဂိုဏ်းများ ကွဲပြားနေကြသလို အယူအဆတွေလည်း မတူကြဘူး၊ ဒီလိုပြောလို့ တူညီတာတွေကော မရှိဘူးလား ဆိုတော့ ရှိပါတယ်၊ ကွဲပြားတဲ့ သဘော အယူအဆတွေကို ဂိုဏ်းအလိုက် သင်ကြားတဲ့အခါ တပည့်တို့ သိမြင် သွားကြပါလိမ့်မယ်၊ ခု ပထမ အနေနှင့် ဟိန္ဒူ အယူဝါဒမှာ တူညီစွာ လက်ခံထားကြတဲ့ သဘောတွေက စပြီး ဆရာ ပြောသွားမယ်။

'ဒီလို ပြောတဲ့အခါ ဟိန္ဒူ ဘာသာရေး အတွေးအခေါ်ထဲက အရေးပါတဲ့ အဓိက အချက်တွေကိုရော လက်တွေ့ အကျင့်ခန်းတွေကိုရော ပြောမယ့် အပြင် ဟိန္ဒူ အယူဝါဒ တိုးတက် ထွန်းကားလာပုံ တစ်စတစ်စ တိုးပွား စည်ကားလာပုံတွေကိုပါ အလျဉ်းသင့်သလို ထည့်သွင်း ပြောသွားဖို့ကိုလည်း ရည်ရွယ်ထားပါတယ်။

'ခုပထမဆုံး တပည့်တို့ မှတ်သားရလွယ်အောင် ဆရာ ပြောချင်တာ တစ်ခုကတော့ ဟိန္ဒူ အယူဝါဒဟာ အချိန်ကာလ ကန့်သတ်မှု တစ်ခု အတွင်းမှာ တည်ဆောက်တဲ့ အဆောက်အအုံ တစ်ခုလို မဟုတ်ဘူး၊ အချိန် ကြာမြင့်စွာ တဖြည်းဖြည်း ပေါက်ပွား ကြီးထွားလာတဲ့ သစ်ပင်ကြီး တစ်ပင်နှင့် တူတယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်၊ ဒါကြောင့် ဟိန္ဒူ အယူဝါဒဟာ တစ်ဆင့်နှင့်တစ်ဆင့်လည်း မတူဘူး၊ ဒီအယူဝါဒက အလယ်ခေတ်က စပြီး ဖြစ်ပေါ် တိုးတက်နေတဲ့ ခရစ်ယာန် အယူဝါဒနှင့်တော့ ခပ်ဆင်ဆင် တူပါတယ်၊ တူတယ် ဆိုတာက တခြား ကိစ္စတွေကို မဆိုလိုပါဘူး၊ ဒီဝါဒ တိုးတက်ထွန်းကားလာပုံကိုသာ ပြောတာနော်။

'ဒီနေရာမှာ ဟိန္ဒူ ဒဿနမှာရော၊ ဗုဒ္ဓ ဒဿနမှာပါ အရေးပါတဲ့ စကား တစ်လုံး ရှိတယ်၊ ဒီစကားဟာ တခြား ဒဿန ဂိုဏ်းများနှင့်လည်း ဆိုင်ပါတယ်၊ ဒီစကားက ဘာလဲ ဆိုတော့ ဓမ္မ (Dhamma) ဆိုတဲ့ စကားပဲ တပည့်တို့၊ ဒီဓမ္မ ဆိုတဲ့ စကား အတွက် တိကျတဲ့ အင်္ဂလိပ် စကားလုံး မရှိဘူး၊ မြန်မာ စကားမှာတော့ ဓမ္မကို တရားလို့ ပြထားပါတယ်၊ ဒါလည်း တိကျတာတော့ မဟုတ်ပါဘူး၊ အင်္ဂလိပ် ပါဠိ အဘိဓာန်မှာ ဓမ္မကို ဘယ်လို အဓိပ္ပာယ် ဖွင့်သလဲ ဆိုတော့

'ဓမ္မ = သဘာဝ (nature) တဲ့၊ အခြေအနေ (condition) တဲ့၊ အရည်အချင်း (quality) တဲ့၊ ဂုဏ်သတ္တိ (property) တဲ့၊ သဘော လက္ခဏာ (characteristic) တဲ့၊ လုပ်ဆောင်ချက် (function) တဲ့၊ အကျင့် (practice) တဲ့၊ တာဝန် (duty) တဲ့၊ အရာဝတ္ထု (thing) တဲ့၊ အကြောင်းအရာ (object) တဲ့၊ အယူအဆ (idea) တဲ့၊ အဖြစ်အပျက် (phenomenon) တဲ့၊ သဘော အယူဝါဒ (doctrine) တဲ့၊ ဥပဒေသ (law) တဲ့၊ သီလ (virtue) တဲ့၊ တရား ဖြောင့်မတ်ခြင်း (justice) တဲ့၊ သစ္စာတရား ဘာသာတရား အားလုံးကို ဓမ္မ ဆိုတဲ့ စကား တစ်လုံးတည်းနှင့် ဟောထားတယ်၊* ဒါကို အစင်အကြယ် နားလည်ဖို့ လိုတယ် တပည့်တို့'

ဓမ္မ တစ်လုံးတည်းကို ဆရာကား ဖွင့်ပြ သွားသည်ကို ကြားရသောအခါ အကျွန်ုပ်သည် အမှောင်တွင်း၌ အလင်း တစ်ခုကို ရုတ်တရက် မြင်လိုက်ရသူပမာ ရွှင်လန်း အားရခြင်း ဖြစ်ရလေသည်။ တောကြီးမျက်မည်း အလယ်တွင် မျက်စိလည် လမ်းပျောက်သူသည် ခရီးလမ်း ပြမည့် မိတ်ကောင်း ဆွေကောင်းကို တွေ့ရသောအခါ ဝမ်းသာခြင်း ဖြစ်ရသကဲ့သို့ အကျွန်ုပ်လည်း အားရဝမ်းသာ ဖြစ်ရပါ၏။ ပျောက်နေသော လမ်းဖြောင့်ကို ပြန်၍ တွေ့ရသလိုလည်း ခံစားရပါ၏။

စင်စစ် အရှေ့တိုင်း အတွေးအမြင်များသည် အများအားဖြင့် လူသားများ အတွက် တရားကို ရှာပေးသော အတွေးအမြင် များပါတကားဟုလည်း သဘောပေါက် သွားပါသည်။ ဒဿနတိုင်းတွင် တရား (ဓမ္မ) သိဖို့ အပိုင်းက တစ်ပိုင်း၊ တရား ရှိအောင် ကျင့်ဖို့ အပိုင်းက တစ်ပိုင်း ပါဝင်နေသည်ကိုလည်း အကျွန်ုပ် သဘောပေါက် သွားပါပြီ။

အကျွန်ုပ်ကား အချစ်ရေးတွင် လည်းကောင်း၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသော အခြားသော အရေးအခင်းများတွင် လည်းကောင်း ကံဆိုးသူ ဖြစ်၏။

---

* *Dictionary of the Pali Language, R. C. Childers*

www.burmeseclassic.com



သို့သော် အတွေးအမြင် အရေးနှင့် ကြုံလာတိုင်းမှာတော့ အကျွန်ုပ် ကံကောင်းသည် ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အကျွန်ုပ်သည် ဆရာကောင်း သမားကောင်းများထံတွင် ဆရာလက်ကျ နည်းခံ သင်ကြားခွင့် ရရှိခဲ့သောကြောင့် ဖြစ်၏။

ငယ်စဉ်ကလည်း မိဘတို့ ကိုးကွယ်သော ဘာသာ အယူဝါဒကို လေ့လာစဉ် အမြင်ကျယ်သော ဆရာကောင်း ဆရာမြတ်ထံတွင် သင်ကြား ခဲ့ရပါသည်။ နောင်အခါ ချစ်သူတို့ ကိုးကွယ်သော အယူဝါဒကို လေ့လာစဉ် အခါမှာလည်း အကူအညီ အထောက်အပံ့များကို ရရှိခဲ့ဖူးပါသည်။

ယခုတစ်ဖန် ဟိန္ဒူ အယူဝါဒလို ခက်ခဲ နက်နဲသည့် ဘာသာ အယူဝါဒကို လေ့လာရမည် ဖြစ်သော အခါတွင်လည်း အလွန် ထူးခြားသော ဆရာသမားထံမှာ သင်ကြား ရရုံမျှမက ထိုဆရာကိုယ်တိုင်ပင် ဟိန္ဒူ အယူဝါဒ ရှိသော မိဘမျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်သောကြောင့် ပိုပြီး အားရဖွယ် ကောင်းနေပါတော့သည်။

အိန္ဒိယ အတွေးအခေါ် ဂိုဏ်းများ အနက် အတ္တိက ဝါဒကို လက်ခံထားသော ဒဿနများသည် လောကကို ဖန်တီး ဖြစ်စေသော မူလ အကြောင်းတရားများသည် အဘယ်နည်း၊ ထာဝရ ဘုရားသခင် ဖန်ဆင်းရှင် ဆိုသည် တည်ရှိပါသလော၊ ထိုဘုရား ရှိလျှင် ထိုဘုရား၏ သဘာဝသည် အဘယ်နည်း စသော ဒဿနဆိုင်ရာ အမေးပုစ္ဆာများ အတွက် အဖြေ ရှာကြလေသည်။ ထိုသို့ အဖြေ ရှာရာတွင် လောက၏ ပထမ အကြောင်း တရားကို သိရန် အတွက် လည်းကောင်း၊ ထာဝရ ဘုရား ဖန်ဆင်းရှင်ကို ကိုယ်တိုင် ကိုယ်ကျ သိရန် အတွက် လည်းကောင်း သိနိုင်သည့် နည်းလမ်း လိုလာသည်။

ထိုတရားများကို မျက်မှောက် မျက်မြင် သိပွဲ ပညာရှင်များကဲ့သို့ ရှုမှတ်ခြင်းဖြင့် မသိနိုင်ချေ။ အမြင် အကြား အထိအတွေ့ နည်းဖြင့် မသိနိုင်လျှင် တခြား တစ်နည်း သိဖို့ အကြောင်း ရှိပါသေး၏လော။

ရှိပါသည်။ ထိုသိနည်းကား ဆင်ခြင်ဉာဏ်အားဖြင့် သိသောနည်း ဖြစ်ပါသည်။ သို့ရာတွင် အတွေ့အကြုံ မရှိဘဲနှင့် မည်သို့ ဆင်ခြင်၍ ရပါမည်နည်း။ ဆင်ခြင်ခြင်းသည် အတွေ့အကြုံပေါ်မှာ မူတည်ပြီးလည်း ဆင်ခြင်နိုင်သည်၊ သို့မဟုတ်ပါက ကျမ်းစာကို အခြေခံ၍လည်း ဆင်ခြင်နိုင်ပါသည်။

အိန္ဒိယ အတွေးအခေါ် ဂိုဏ်းသားများသည် အများအားဖြင့် ကျမ်းစာ အထောက်အထားကို အားကိုး၍ ဆင်ခြင်သော အလေ့ ရှိခဲ့ကြလေသည်။ ဘုရားဟော ကျမ်းဂန်ထဲ ပါလျှင် ဘာမှ စဉ်းစားနေစရာ မလို၊ အားလုံး အမှန်ချည်း ဖြစ်သည်ဟု လက်ခံသော ရှေးလူကြီးများ၏ သဘောမျိုးသည် အရှေ့တိုင်းသားတို့၏ အစဉ်အလာ တစ်ရပ်ပင် ဖြစ်လေသည်။

သိပ္ပံပညာ ထွန်းကားသော ခေတ်တွင် လူငယ်များ အထူးသဖြင့် အနောက်တိုင်းသားများသည် ကျမ်းဂန် အထောက်အထားကိုသာ မှီးပြီး အလွတ်အလပ် ဆင်ခြင်ခြင်းကို အားမပေးသော အိန္ဒိယ အတွေးအမြင် စနစ်များကို လက်ခံရန် ဝန်လေး တတ်ကြလေသည်။ ကျမ်းဂန်များမှာ ပါလျှင် အားလုံး အမှန်ဟု ယုံကြည် မှတ်ယူခြင်းကို ပိုင်းခြား ဝေဖန်ခြင်း မပြုသော တရားသေ လေ့နံ့ ဓားထစ် ဝါဒ အဖြစ် ခေတ်လူတို့ သဘောထားတတ်ကြပါသည်။

အထူးသဖြင့် အိန္ဒိယ အတွေးအခေါ် ဂိုဏ်းများ အနက် ကျမ်းဂန်ကိုသာ အမှန်ဟု လက်ခံ ထားကြသော မီမံသ ဂိုဏ်းသားများနှင့် ဝေဒန္တ ဂိုဏ်းသားများသည် ပို၍ ဝေဖန် ခံကြရလေသည်။ အမှန်မှာ အိန္ဒိယ ဒဿန ဂိုဏ်းများသည် အချင်းချင်း ဝေဖန် သုံးသပ်ခြင်း အမှုကိုလည်း ပြုကြမြဲ ဖြစ်လေသည်။

အိန္ဒိယ နိုင်ငံတွင် ထွန်းကားခဲ့သော ဒဿန စာပေလည်း ရှိပါသည်။ ထို စာပေသည် သုတ္တန်စာပေ ဖြစ်ပါသည်။ ခေတ်စကားနှင့် ဆိုလျှင် အတွေးစာမျိုး ဖြစ်၏။ အင်္ဂလိပ် ဘာသာစကားဖြင့်မူ ထိုအတွေးစာမျိုး ဖြစ်သော သုတ္တန်စာပေကို (aphorism) ဟု ခေါ်ကြပါသည်။

ဗုဒ္ဓ ပိဋကတ်များတွင်လည်း သုတ္တန် စာပေ တစ်စိတ်တစ်ပိုင်း ပါဝင်လေသည်။ ခေတ်ပြိုင် သုတ္တန်များလည်း အများအပြား ရှိသည်။ ဘဒ္ဒရာယာန၏ ဗြဟ္မသုတ္တန် (**Brahma Sutra**) သည် ဝေဒဂိုဏ်း အသီးသီး၏ ဒဿန သင်ကြားချက်များကို ရေးဖွဲ့သော ကျမ်း ဖြစ်၏။ အလားတူစွာ မီမံသဂိုဏ်း အတွက် ဇေမိနီ၏ သုတ္တန်၊ ဂေါတမ (ဉာယဂိုဏ်းဆရာ) ၏ သုတ္တန်၊ ဝိသေသိက ဂိုဏ်းဆရာ ကနာဒ၏ သုတ္တန်၊ ယောဂဂိုဏ်းဆရာ ပတဉ္စလီ၏ သုတ္တန်၊ သချိုဂိုဏ်းဆရာ ကပိလ၏ သုတ္တန်များလည်း အထင်အရှား ရှိပါသည်။ သို့သော် ယခုအခါ ထိုသုတ္တန်များသည် မူရင်းကျမ်းများ ဖြစ်သည်ဟု လူအများ လက်ခံရန် ခဲယဉ်းလျက် ရှိလေသည်။

www.burmeseclassic.com



ထိုထို ဒဿနဂိုဏ်း အသီးသီးတွင် ၎င်းတို့၏ သုတ္တန်များကို ဖွင့်ထားသော အဋ္ဌကထာ ဋီကာများလည်း များစွာပင် ရှိပါ၏။

တစ်နေ့ ဆရာကား၏ သင်တန်း ပြီးသောအခါ အေမီတို့ လူစု အကျွန်ုပ် နောက်က လိုက်လာကြလေသည်။

'ကိုဆန်းလွင်ကြီး နေပါဦး'

'ဆိုပါဦး၊ ဘာကိစ္စ ပေါ်ပြန်ပြီလဲ လွင်လွင်'

'အိန္ဒိယ အတွေးအခေါ်က မှတ်ရ သိပ်ခက်တာပဲ ကိုဆန်းလွင်ရယ်၊ ဒီနေ့ ပါမောက္ခ ပြသွားတာတွေကို လွင်လွင်တို့တော့ လုံးလုံး နားမလည်ဘူး၊ ဥပါနိသျှဒ်ဆိုတာတွေရော၊ ဗြဟ္မံ ဆိုတာတွေရော၊ အတ္တမံ ဆိုတာတွေရော စုံနေတာပဲ၊ အဲဒါ ကိုဆန်းလွင် အားရင် လွင်လွင်တို့ကို ရှင်းပြပါဦး၊ ကိုဆန်းလွင်ကို လွင်လွင်တို့ မုန့်ကျွေးမယ်လေ'

'ဗိုက်ပြည့်ရင် ဉာဏ် ပိုပွင့်တာပေါ့ဟာ'

'ကိုဆန်းလွင်ကတော့ တကယ့်ကို ဗီလိုဆိုဖာ အစစ်၊ ပြောတဲ့ စကားတိုင်းမှာ ဗီလိုဆိုဖီ ပါတယ်'

သူငယ်ချင်း ကျောင်းသူတစ်စု ကျွေးမွေးသော မုန့်ကို ဗိုက်ဝအောင် စားပြီးနောက် ယနေ့ ဆရာကား ပြသခဲ့သော ဟိန္ဒူ အယူဝါဒ ထွန်းကားလာပုံ အကြောင်း သင်ခန်းစာကို မိမိ နားလည်သလို ပြန်ရှင်းပြ ရလေသည်။

'ဟိန္ဒူ အတွေးအခေါ်ကို နားလည်ဖို့က စာများများ ဖတ်ထားမှ ဖြစ်တယ်၊ ပြီးတော့ မကြားဖူးတဲ့ စကားလုံးတွေ ပါနေတော့ နားရှုပ်တာပေါ့၊ ဒီလိုလုပ်၊ အတွေးအခေါ် သက်သက်ဆီကို မသွားနှင့်ဦး၊ ပထမ သမိုင်း နောက်ခံကားကို သဘောပေါက်အောင် နားထောင်ဦးနော်၊ နားရှုပ်သွားရင်လည်း ဖြတ်မေးပေါ့'

' ကိုဆန်းလွင် ရှင်းပြရင် လွင်လွင်တို့ နားလည်ပါတယ်၊ မြန်မာလိုပဲ ပြောနော်'

'မြန်မာလိုပဲ ပြောမှာပါ၊ ပထမဆုံး အိန္ဒိယနိုင်ငံ သမိုင်းမှာ ဝေဒခေတ် ဆိုတာ ရှိခဲ့ဖူးတယ်၊ အဲဒီ ကာလဟာ အိန္ဒူ မြစ်ဝှမ်းကို အာရိယန် လူမျိုးတွေ ဝင်ရောက်နေထိုင်ခါစ ကာလပဲ၊ အဲဒါ မှတ်ထားနော်၊ ဟိန္ဒူ ဝါဒ ဆိုတဲ့ အဓိပ္ပာယ်ကိုကော သိရဲ့လား'

'မသိဘူး၊ ပြောပါဦး'

'ဟိန္ဒူ အယူဝါဒ ဆိုတာ အိန္ဒိယ လူမျိုးများရဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှုလို့ အဓိပ္ပာယ် ရတယ်၊ တစ်ဆက်တည်း ပြောဦးမယ်၊ အိန္ဒိယ နိုင်ငံမှာ လူမျိုးစုတွေက အင်မတန် များတယ်၊ အဲဒီ ကွဲပြား ခြားနားနေတဲ့ လူမျိုးကွဲ မျိုးစုံကို စုစည်းထားတာက ဒီ ဟိန္ဒူ အယူဝါဒပဲ၊ ဒါကို ချက်ချင်း သဘော ပေါက်ချင်မှ ပေါက်မယ်၊ မပေါက်သေးရင်လည်း ဒီလိုပဲ မှတ်ထားပါ၊ နောင်တော့ သဘော ပေါက်မှာပါ။

'ရေးကျတဲ့ ဝေဒ ကျမ်းတွေထဲမှာ ဣရုဝေဒ သံဟိတာ၊ ယဇုဝေဒ သံဟိတာ၊ သာမဝေဒ သံဟိတာ၊ အာတဗ္ဗဝေဒ သံဟိတာ ဆိုပြီး သံဟိတာ ကျမ်းကြီး လေးကျမ်း ရှိတယ်'

'ဩော် ဟို ဦးကြင်ဥ ပြဇာတ် တစ်ပုဒ်ထဲမှာ ပါတဲ့ သာမယဇု ဣရုဗေဒင် သုံးပုံခွင်ကို ကျွမ်းကျင်လိမ္မာ တတ်သိဖြာသည် မဟာသာလ ဗြဟ္မဏ ဆိုတာလား၊ ဒါ ဗေဒင်ကျမ်းတွေ မဟုတ်လား'

မြမြစိန်က မေးလေသည်။

'အဲဒီ နာမည်တွေက ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် မြမြစိန်တို့ နားလည်နေတာနှင့်တော့ မတူဘူး၊ စောစောက ဆိုပြတဲ့ စာထဲမှာ ဗေဒင် ဆိုတဲ့ စကားပါတယ် မဟုတ်လား၊ ဗေဒင် ဆိုတာ ဝေဒရဲ့ အင်္ဂါ အစိတ်အပိုင်း တစ်ခုလို့ အဓိပ္ပာယ် ရတယ်၊ အဲဒါကို မြန်မာတွေက နိမိတ်ဟော နက္ခတ်ဟော ပညာလို့ မှတ်နေတယ်၊ ဝေဒကျမ်းတွေနှင့် အဟောအပြော ကိစ္စနှင့်တော့ မဆိုင်ဘူး၊ အဟော အပြော ဗေဒင်က ခြောက်ခု သတ်သတ် ရှိတယ်၊ ဒါ ထားတော့၊ ဝေဒနှင့် ဗေဒင် မတူဘူး ဆိုတာတော့ သဘော ပေါက်ပြီ မဟုတ်လား'

'ဒါဆို ဝေဒက ဘာကို ဟောတာလဲ'

'ဝေဒက ဘာကိုမှ ရှေ့ဖြစ် ဟောတာ မဟုတ်ဘူး၊ ဥပမာ ဣရုဝေဒ သံဟိတာ ဆိုပါတော့၊ ဒီကျမ်းမှာက နတ် ကိုးကွယ်မှု အကြောင်းတွေကို ရေးထားတာပဲ၊ ယဇုဝေဒ သံဟိတာ ဆိုရင် ယဇ် ပူဇော်ခြင်း အကြောင်းတွေကို ရေးထားတာ၊ ဒါတွေကို အကျယ် ပြောနေရင် လိုရင်း ပျောက်သွားလိမ့်မယ်၊ ဒီတော့ ဝေဒခေတ်ရဲ့ သဘောကိုပါ ထုတ်ကြည့်မယ်၊ ဝေဒခေတ်မှာ နတ် ကိုးကွယ်မှု စတယ်၊ ဝေဒရဲ့ နတ်တွေဟာလည်း သဘာဝ တရားထဲက စွမ်းအားစုတွေကို သင်္ကေတ ပြုထားကြတာတွေ၊ ဝေဒ ဒဏ္ဍာရီထဲက နတ်တွေဟာ ဂရိ ရောမ ဒဏ္ဍာရီတွေထဲက နတ်တွေနှင့် အတူတူပဲလို့ ကမ္ဘာ့ပညာရှင် အများက ဆိုကြတယ်။

'နတ် ကိုးကွယ်မှုရဲ့ အခြေခံ သဘောက ဘာလဲ

www.burmeseclassic.com



ဆိုတော့ ကမ္ဘာဦး လူသားတွေရဲ့ စိတ်ထဲမှာ သက်ရှိ (လှုပ်ရှားတဲ့ အရာ၊ မလှုပ်ရှားတဲ့ အရာ) အားလုံးထဲမှာ ဝိညာဉ် (spirit) ရှိတယ်လို့ ယူဆကြတယ်၊ ဝိညာဉ် ဆိုတာ ရုပ်ခန္ဓာ မဟုတ်ဘူး၊ နာမ် သဘောပဲ၊ နာမ် သဘော ဆိုလို့ ဝိညာဉ်တွေမှာ ပုံပန်း သဏ္ဌာန် မရှိဘူး လို့ မတွက်နှင့်၊ ဝိညာဉ်တွေမှာ ရုပ်ဆင်းသဏ္ဌာန်လည်း ရှိတယ်၊ စိတ်ဆန္ဒတွေ ခံစားချက်တွေ လိုလားချက်တွေ အစုံ ရှိတယ်၊ စိတ်ဆိုးတတ်တယ်၊ ရန်လိုတတ်တယ်၊ ချော့ရင်လည်း စိတ်ပြေပြီး သဘောကျတယ်၊ သူတို့ကို ရှိသေ လေးစားပြီး ပူဇော် ပသနေမှ ကြိုက်တယ် * လို့ ရှေးခေတ် လူသားတွေရော၊ ခုခေတ် နတ် ကိုးကွယ်တဲ့ လူတွေ အားလုံးရဲ့ စိတ်ထဲမှာ ဒီအတိုင်း ယုံကြည်ကြ တယ်၊ ဒါကို သဘော ပေါက်ပြီလား'

'သဘော ပေါက်ပါတယ်၊ သဘာဝ လောကမှာ မုန်တိုင်း တိုက်တာတို့ မြေငလျင် လှုပ်တာတို့ မိုး သည်း ထန်တာတို့ ရေလွှမ်းမိုးတာတို့ မီးတောင် ပေါက်ကွဲ တာတို့ကို နတ်တွေက ဒေါသ ဖြစ်လို့ ဒဏ်ခတ်တာလို့ ယူဆတဲ့ သဘော မဟုတ်လား'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် နတ်ကို ယုံကြည် ကိုးကွယ်ကြသူတွေရဲ့ စိတ်ထဲမှာတော့ ဒီလို ဖြစ်တာကို သဘာဝကြောင့် ဖြစ်တာလို့ မမှတ်ဘူး၊ နတ် မကြိုက်လို့ ဖြစ်တာလို့ပဲ မှတ်တယ်၊ ပြီးတော့ ဒီနတ်တွေဟာ တန်ခိုးရှင်တွေ အဖြစ်နှင့် တကယ်ပဲ တည်ရှိနေတယ်လို့လည်း ယူဆကြတယ်နော်'

'တကယ်တော့ မရှိဘူး မဟုတ်လား ကိုဆန်းလွင်'

'ဒီလို မေးလို့ မဖြစ်ဘူးလေ၊ ဖီလိုဆိုဖီ ဆိုတာ ကိုယ်ထင်တာ ပြောလို့ ဖြစ်တာ မဟုတ်ဘူး၊ မရှိဘူး ဆို ရင်လည်း မရှိကြောင်း သက်သေ ပြနိုင်ရမယ်၊ ရှိတယ် ဆိုရင်လည်း ရှိကြောင်း သက်သေ ပြနိုင်ရမယ်၊ ဒါပေမယ့် ယုံကြည် ကိုးကွယ်မှုမှာတော့ ဒီလို မဟုတ်ဘူး၊ ရှိတယ် လို့ ယုံကြည်နေသူတွေ အဖို့တော့ နတ်တွေ ရှိနေတာပဲ၊ ဘာသာ အယူဝါဒတိုင်းမှာ နတ်တွေ ကောင်းကင်တမန် တွေ ရှိနေတာကိုလည်း ထည့်စဉ်းစားပါ၊ နတ်မရှိဘူး ဆိုတာကို ဘယ် သိပ္ပံပညာရှင်က သက်သေ ပြနိုင်သလဲ၊ ဒါတွေ ခဏထားပါ၊ ဒီတော့ ခု ဟိန္ဒူ အယူဝါဒကို နား လည်ချင်တယ် မဟုတ်လား'

--------------

**Man's Religions, John B. Noss p 17*

'ဟုတ်ကဲ့'

'ဒါဆို နတ်ရှိတယ် ဆိုတာကို ပထမ သဘော ပေါက်အောင် လုပ်ရမယ်၊ ဟိန္ဒူ အယူဝါဒမှာ နတ် ဘုရားတွေ အများကြီး လက်ခံထားတယ်၊ ဒါကို မှတ် ထားနော်'

'ဟုတ်ကဲ့ ရှင့်'

'ခု ဟိန္ဒူ အယူဝါဒမှာ ပါမယ့် အရေး အကြီးဆုံး နတ်ဘုရားဖြစ်တဲ့ ဗြဟ္မာ အကြောင်းကို ပြောမယ်၊ ဘီစီ ရှစ်ရာလောက်က ပေါ်ပေါက်ခဲ့တဲ့ ဥပါနိသျှာဒ် ကျမ်းတွေ ထဲမှာ ဗြဟ္မံ (ဘရာမံ) နှင့် အတ္တမံ ဆိုတာ ပါလာတယ်၊ ဒီဗြဟ္မာကြီးနှင့် ဗြဟ္မဏ ဆိုတဲ့ ပုဏ္ဏားမျိုးတွေနှင့်လည်း ရောမသွားနှင့်ဦး'

'ဒါဆို စောစောက ဦးကြင်ဥ စာထဲမှာ ပါတဲ့ မဟာသာလ ဗြဟ္မဏ ဆိုတာ အဲဒီ ပုဏ္ဏားကို ပြောတာ လား'

'ဟုတ်တာပေါ့ဗျာ၊ အဲဒါ ပုဏ္ဏား အစစ်ပါပဲ'

'ခု ဗြဟ္မာ (Brahman) ဆိုတာက အလုံးစုံ ခပ်သိမ်းကုန်တို့၌ ပျံ့နှံ့ သက်ဝင်နေတဲ့ ထာဝရ ဘုရား သခင်ရဲ့ သဘောပဲ၊ ဒီတော့ ခင်ဗျားတို့က မြက်ပင် တစ်ပင်ကို ကြည့်တယ် ဆိုပါတော့၊ အဲဒီ မြက်ပင်ထဲမှာ ဗြဟ္မံ ရှိတယ်၊ ဒါကို မြင်တတ်အောင် ကြည့်ရမယ်၊ ကျောက်ခဲ တစ်လုံး ဆိုပါတော့၊ ဒီကျောက်ခဲထဲမှာ ဗြဟ္မံ ရှိတယ်၊ သဘာဝ တရားထဲက သက်ရှိ သက်မဲ့ အလုံးစုံမှာ ဗြဟ္မံဟာ မိမိရဲ့ ဖြစ်တည်နေခြင်းကို ထုတ် ဖော် ပြသနေတယ်လို့ ဥပါနိသျှာဒ်တွေမှာ ဆိုထားတယ်၊ နောင်အခါ သံကာရာစရိယရဲ့ အဒွိတ္တဝါဒ အမြင်မှာ ဗြဟ္မံရဲ့ သဘောဟာ တစ်ဆူတည်း တစ်ခုတည်းပဲ'

'အဒွိတ္တ ဝါဒဆိုတာ ဘာကို ပြောတာလဲ ကို ဆန်းလွင်'

'ဟုတ်ပြီ၊ အဲဒီလို မေးမှ ပိုပြီး သဘောပေါက်မယ်၊ ဆိုကြပါစို့၊ ဖန်ဆင်းရှင် ဝါဒကို လက်ခံတဲ့ လူတွေရဲ့ စိတ်ထဲမှာ ကမ္ဘာ လောကကြီးကို ထာဝရ ဘုရား သခင် က ဖန်ဆင်းလိုက်တယ်၊ ဒီလို ဖန်ဆင်းပြီးတဲ့ အခါ လောကကြီးက သတ်သတ်၊ ထာဝရ ဘုရားသခင်က ကောင်းကင်ဘုံမှာ သတ်သတ် တည်နေတယ်လို့ ဒီလို ဒွိတ္တ (နှစ်ခု နှစ်ဌာန) သဘောမျိုး ယူဆတာကို အဒွိတ္တ (နှစ်ခုမဟုတ်) ဝါဒက ငြင်းပယ် တယ်၊ အဒွိတ္တ ဝေဒန္တ ဝါဒက ယူဆတာက ဘုရားက တခြား၊ လောကက တခြား မဟုတ်ဘူး၊ လောကနှင့် ဘုရားဟာ တစ်ခုတည်း

www.burmeseclassic.com



တစ်သဘောတည်း ဖြစ်တယ်လို့ နားလည်တာ၊ ဘုရားသခင်ရဲ့ သဘော လက္ခဏာ အားလုံးကို သဘာဝ တရားထဲမှာ မြင်ရမယ်၊ ဒီတော့ လူသား အပါအဝင် အရာခပ်သိမ်းဟာ ဗြဟ္မံရဲ့ ဂုဏ်သတ္တိတွေကို ဖော်ပြနေကြတာပဲ၊ အဲဒီ အလုံးစုံ ဉဿုံ သဘောကြီးကို ဉာဏ်မှာ မြင်အောင် ရှုနော်'

'ဒါဆို အတ္တမံ ဆိုတာကကော'

'အတ္တမံ ဆိုတာက အင်္ဂလိပ်လို ဆိုတော့ (self) သူ ငါ အတ္တကိုယ် သဘောပဲ၊ သက်ရှိ သတ္တဝါတို့ရဲ့ တစ်ဦးချင်း တစ်ယောက်ချင်းမှာ ဖြစ်နေတဲ့ ဝိညာဉ်၊ အသက်၊ ဇီဝ၊ စိတ်၊ စေတသိက်တွေ အားလုံးကို အတ္တမံ လို့ ခေါ်တာ၊ ရှင်းရဲ့လား'

'ကျေးဇူး တင်လိုက်တာ ကိုဆန်းလွင်ရယ်၊ ခုမှ တော်တော် သဘော ပေါက်တယ်၊ ဒါထက် ပါမောက္ခ ပြောသွားတဲ့ အထဲမှာ ဉာဏ၊ ကာမ နှင့် ဘတ္တိ ဆိုတာတွေက ဘာကို ပြောတာလဲ ဟင်'

အေမီက မေးလေသည်။

'အလွယ်ဆုံး နားလည်အောင် ပြောရရင် ဉာဏ၊ ကာမနှင့် ဘတ္တိ ဆိုတာ ထာဝရ ဘုရားသခင် ဗြဟ္မံကို သိနိုင်တဲ့ သိနည်း သုံးနည်းကို ပြောတာ၊ ဘုရားသခင်ကို ထင်မြင် သဘောပေါက်တဲ့ အဆင့်ကို ပြောတာ၊ ဘုရားသခင်ကို ထင်မြင် သဘောပေါက်တဲ့ အဆင့်ကို ရောက်လိုသူဟာ ဉာဏ်အားဖြင့် အသိပညာအားဖြင့် ပေါက်မြောက်အောင် ပြုလုပ်နိုင်တယ်၊ ဒါမှမဟုတ် အပြုအမူ (ကမ္မ) အကျင့်အားဖြင့်လည်း ပေါက်မြောက် သိမြင်အောင် အားထုတ်နိုင်တယ်၊ နောက်ဆုံး တစ်နည်းကတော့ ပူဇော်ပသခြင်း (ဘတ္တိ) ဝတ်ပြုခြင်း၊ ဆည်းကပ်ခြင်းအားဖြင့်လည်း ဘုရားသခင်ကို သိနိုင်တယ်လို့ ဆိုတာပဲ၊ ကဲ သဘော ကျပြီလား'

'အံမယ်လေး၊ ခုကျတော့လည်း ရှင်းလိုက်တာ ပါကလား'

သူတို့ သက်ပြင်း ချနိုင်ပြီ ဖြစ်၏။ ရင်ထဲက ဆို့နေသော အမောလုံး ကျသွားပြီ ဖြစ်၍ သူတို့ ခမျာများမှာ ဝမ်းမြောက်ခြင်းကို ရွှင်လန်းသော မျက်နှာကလေးများဖြင့် ဖော်ပြနိုင်ကြလေသည်။

ထို ကျောင်းသူ အုပ်စု ထွက်ခွာ သွားကြသော အခါ အကျွန်ုပ် တစ်ယောက်တည်း အခန်းလွတ်ထဲတွင် ထိုင်ပြီး တွေးနေမိလေသည်။

ထာဝရ ဘုရားသခင် တည်ရှိခြင်းကို ဝတ်ပြုမှု၊ ဆည်းကပ်မှု၊ ပူဇော်ပသမှုအားဖြင့် သိနိုင်သည်ဟု ဆိုခြင်းကို ထိုမိန်းကလေးများ မှတ်သားရ လွယ်အောင်သာ အကျွန်ုပ် ပြောလိုက်ခြင်း ဖြစ်လေသည်။ စင်စစ် ထိုဘတ္တိ ၏ သဘောကို မိမိ သဘောပေါက်သလားဟု မေးလျှင် မပေါက်ကြောင်း ဝန်ခံ ရမည်သာ ဖြစ်၏။

ထိုအခါ အကျွန်ုပ်သည် ဘုန်းတော်ကြီး ဦးဇေလျကို သတိ ရပြန်သည်။ ဘတ္တိဇ ခံယူပြီးလျှင် အကျွန်ုပ်အား ဖန်ဆင်းရှင် အဖဘုရားကို တွေ့နိုင်မည်ဟု လမ်းညွှန် ခဲ့ဖူးသော ဆရာ ဦးဇေလျ၏ ဆိုလိုခြင်း အချက်သည် ယုံကြည်ခြင်း သဒ္ဓါတရား ထက်သန်စွာဖြင့် ဘုရား သခင်ကို ကြည်ညိုသူ၊ ဆည်းကပ် ဝတ်ပြုသူသည် ဘုရားသခင်ကို တွေ့မြင်နိုင်သည်ဟု ဆိုခြင်းမှာ ဤဘတ္တိ သဘောကိုပင် ဆိုခြင်းလား မပြောတတ်တော့ပါ။ အကျွန်ုပ်၏ ခေါင်းထဲတွင် အတွေးကား မရှင်းပါ။

စာအုပ်စာတမ်းများတွင် ဝေဒခေတ် ကတည်းက ပူဇော်ပသခြင်းဖြင့်သာ ဘုရားကို ဆည်းကပ်သော ဓလေ့ (ဘတ္တိ) ရှိခဲ့သည်ဟု ဆိုသည်။ ဉာဏ်နည်း၊ ကမ္မနည်းတို့သည် ဗုဒ္ဓဘာသာ ပေါ်ပေါက်ပြီးမှ ပေါ်ပေါက်သော နည်းများ ဖြစ်သည် ဟုလည်း ဆိုလေသည်။ *

ဆရာကား၏ နောက်ဆက်တွဲ လက်ချာများတွင် ဘုရားသခင်သည် လူ့ အသွင်ဖြင့် ဝင်စားခြင်း (Divine Incarnation) အကြောင်း ပါလာသည်။ ဟိန္ဒူ အယူဝါဒတွင် ထိုသို့ ဝင်စားခြင်းကို အဝတာရ (Avatara) ခေါ်သည်။ အဝတာရ၏ အဓိပ္ပာယ်မှာ သက်ဆင်းခြင်း ဖြစ်သည်။ **

ဟိန္ဒူ အယူဝါဒတွင် ဗြဟ္မံ ဝင်စားသော သက်ဆင်းသူ ဘုရား ရှိသည်။ ၎င်းမှာ ရာမ (သို့) ကရစ္စန တို့ ဖြစ်ကြလေသည်။

ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၈၀၀ ခန့် ကတည်းက ထာဝရ ဘုရားသခင်သည် လူ့ အသွင်ဖြင့် သက်ဆင်းခြင်း သဘော (အဝတာရ) သည် ဟိန္ဒူ အယူအဆတွင် ရှိခဲ့ပြီပဲ။ ယခုမှပင် အကျွန်ုပ်သည် သက်ဆင်းခြင်း သဘော စတင် ပေါ်ပေါက်ရာ ရှေးခေတ် လူသားတို့၏ အမြင်ကို သိရလေ၏။ အစကမူ ခရစ်ယာန် အယူဝါဒမှာသာ ဘုရားသခင်၏ လူဝင်စား အဖြစ် ယေရှု ခရစ်တော်သည် လူ့ပြည်သို့ သက်ဆင်းခြင်း ရှိသည်။ တခြား ဘာသာတွင် ဤအယူအဆမျိုး ရှိမည်

---

**Hinduism p 20*

*** ပဒတ္ထမဉ္ဇူသာ၊ ဦးဟုတ်စိန် စာ ၃၃၃*

www.burmeseclassic.com



မဟုတ်ဟု ထင်နေခဲ့မိ၏။

ဟိန္ဒူ အယူဝါဒကား ခေတ်အလိုက် ပြောင်းလဲနေသော အယူဝါဒ တစ်မျိုး ဖြစ်၏။ ဝေဒခေတ်က လက်ခံခဲ့ကြသော နတ်ဘုရားများမှာ ထို ဝေဒခေတ် ကုန်ဆုံးခါနီး အချိန်တွင် ပျောက်ဆုံး သွားကြလေသည်။ ဣရုဝေဒထဲမှာ ပါသော နတ်ဘုရားများ အစား နောက်ပိုင်းတွင် ဟိန္ဒူ အယူဝါဒထဲသို့ ဗိဿနိုး (Visnu) နတ်၊ သီဝ (Siva) နတ်နှင့် ဗြဟ္မာ (Brahma) နတ်များ ဖြစ်ပေါ်လာသည်။ *

အစက ဝေဒကျမ်းများကို ယုံကြည် ကိုးကွယ်ခဲ့ကြသော ဟိန္ဒူ လူမျိုးများသည် နောင်တွင် မဟာဘာရတ နှင့် ရာမယန ကဗျာရှည်ကြီးများနှင့် မနုကျယ် မွေသတ်များကို ပို၍ အားကိုးအားထား ပြုပြီး ကိုးကွယ်လာကြသည်။ ထိုကျမ်းများတွင် ဘဂဝါဂီတ (Bhagavad Gita) ကျမ်း ပါလာသည်။ ဘဂဝါ ဂီတသည် ယခုအခါ ဟိန္ဒူ အယူဝါဒ၏ အဆီ အနှစ်များကို ဖော်ပြသော ကျမ်း အဖြစ် ဟိန္ဒူ ဘာသာဝင်များ လက်ခံထားသော ကျမ်း ဖြစ်သည်။ တခြား ပုရာဏ ကျမ်း ၁၈ စောင်လည်း ရှိသေးသည်။

ဟိန္ဒူ ဘာသာ အယူဝါဒ၏ ထူးခြားချက်မှာ ပညာရှင် အမျိုးမျိုးက ထို အယူဝါဒကို အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ခဲ့ကြခြင်း ဖြစ်၏။

အကျွန်ုပ်လည်း ပါမောက္ခ ပစ်ချလိုက်သော ဟိန္ဒူ အယူဝါဒ ရေကန်ကြီးထဲတွင် နစ်မြုပ် မသွားဘဲ ကူးတတ်အောင် အားထုတ် ရလေတော့၏။ ခေတ်သစ် အိန္ဒိယ ဒဿန ဆရာကြီး တစ်ပါး အဖြစ် ထင်ရှားသော ဒေါက်တာ အက်စ်ရာဒါ ကရစ္စနန် နှင့် ဟိန္ဒူ ပညာရှင်ကြီး တစ်ပါး ဖြစ်သူ ရှရီ သြရိုဘင်ဒို (Sri Aurobindo) တို့၏ ဟိန္ဒူ အယူဝါဒ အဖွင့်ကျမ်းများ၊ ဘဂဝါ ဂီတ အဖွင့်ကျမ်းများကို လေ့လာ ရပြန်လေ၏။

ဒေါက်တာ ရာဒါကရစ္စနန်၏ အိန္ဒိယ ဒဿနကျမ်းများ (Indian Philosophy) နှင့် ရှရီ သြရိုဘင်ဒို၏ ဂီတနှင့် ပတ်သက်သော အက်ဆေးများ (Essays on the Gita) တို့သည် အကျွန်ုပ်အား များစွာ အမြင်ကျယ်စေခဲ့ လေသည်။ ထိုအခါမှ စ၍ အကျွန်ုပ်သည် ဆရာကား သင်ကြားနေသော ဟိန္ဒူ ဒဿနများ၏ သဘောကို အသေအချာ ရိပ်စား မိလေတော့၏။

ဆရာကားသည် ဟိန္ဒူ အယူအဆများကို လူပြိန်း အမြင် ဟိန္ဒူဝါဒ (Popular Hinduism) နှင့် ဒဿန အမြင် ဟိန္ဒူဝါဒ (Philosophic Hinduism) ဟူ၍ နှစ်ပိုင်း ခွဲခြားကာ ဒဿန အမြင်ပိုင်းကိုသာ အဓိက ထား၍ သင်ကြားပေးခြင်း ဖြစ်လေသည်။ *

ဆိုလိုသည်မှာ ကဗျာရှည်များတွင် ပါဝင်သော ဒဏ္ဍာရီဆန်သည့် အပိုင်းများကို ချန်ထားပြီး သင်ခြင်း ဖြစ်ပါသည်။ အများအားဖြင့် အများကြိုက် ဟိန္ဒူ အယူဝါဒ ဆိုသည်မှာ ဗြဟ္မံဟု ခေါ်သော ဣသွာရ ထာဝရ ဘုရားသခင်က ၎င်း၏ ဂုဏ်သတ္တိများ အလိုက် ကိုယ်ပွားတော်များ အဖြစ် ဗိဿနိုးနှင့် သီဝကို ဖန်ဆင်းထားလေသည်။

ထိုသုံးပါးလုံးသည် တစ်ဆူတည်းသော ထာဝရ ဘုရား ဣသွာရ၏ အခြင်းအရာ သုံးမျိုး ဖြစ်လေသည်။ သုံးပါးပေါင်း တစ်ပါး အဖြစ် နားလည်ရသည်။ ခရစ်ယာန်မှ သန့်ရှင်းသော တြိနိတီ (သုံးပါးတစ်ဆူ) ဘုရားနှင့် တူယောင် ရှိသော်လည်း ယူဆပုံချင်းကား များစွာ ကွာခြားပါသည်။

ဟိန္ဒူ သုံးပါး တစ်ဆူ ဘုရားမှာ ဖန်ဆင်းခြင်း၊ ထိန်းသိမ်း စောင့်ရှောက်ခြင်း နှင့် ဖျက်ဆီးခြင်း သဘောများကို ကိုယ်စား ပြုလေသည်။

ထိုဘုရားသုံးဆူတွင် ဗြဟ္မာသည် အရေး အကြီးဆုံး ဖြစ်၏။ အဓိက လုပ်ငန်းကား ကမ္ဘာ လောကကြီးနှင့် ယင်းအတွင်းရှိ သက်ရှိ သက်မဲ့ ဟူသမျှကို စနစ်တကျ ဖန်ဆင်းရခြင်း ဖြစ်သည်။ ဖန်ဆင်းသည့် တာဝန်ဟူသမျှသည် ဗြဟ္မာ၏ လုပ်ငန်း ဖြစ်သည်။

ဖန်ဆင်း လိုက်ပြီးသော ကမ္ဘာကို ဖြစ်သလို မထားဘဲ အမြဲတစေ ကြည့်ရှု စောင့်ရှောက်၍ မွမ်းမံ ပြင်ဆင် နေရသည့် လုပ်ငန်းသည်လည်း ရှိသေး၏။ ထိုတာဝန်ကို ဗိဿနိုးက ကြီးကြပ်ရသည်။ **

အဝတာရ ခေါ် လူဝင်စား ဘုရား အကြောင်းကို နားလည်ရန်မှာ ဗိဿနိုး အကြောင်းကို နားလည်ရန် လိုသည်။

ဗိဿနိုးသည် လူသားများ၏ ချစ်ခင် ကြည်ညိုမှုကို ခံရသော ဣသွာရ၏ ကိုယ်ပွားဘုရား ဖြစ်သည်။ လောက၏ ချမ်းသာ သုခ မှန်သမျှကို ဗိဿနိုးက ယူ

--------------

* *The Study of Religion,*
*P.H.D. Lewis & P.L. Slater p 33*

--------------

* *The Study of Religion p 35*

** *ဘာသာကြီး လေးခု အနှစ်သာရများ၊ ညိုသောင်း (တ အကြိမ်)၊ စာ ၆၃-၆၄*

www.burmeseclassic.com


ဆောင်လာသည်။ လူသားတို့ အတွက် တရားလမ်းကိုလည်း ဗိဿနိုးကပင် ပြလေသည်။ ဗိဿနိုးသည် မတရားမှုမှ ရှောင်ရေး၊ သူတော်ကောင်း တရားဓမ္မ ပွားများရေးကို လမ်းပြရန် အလို့ငှာ အဝတာရ လူဝင်စား ဘုရား အဖြစ် လူ့ပြည်သို့ ဆင်းသက်ခဲ့သည်မှာ ကိုးကြိမ် ရှိပြီဟု ဆိုသည်။ ဟိန္ဒူများ၏ မဟာဝင်တွင် ဂေါတမ ဗုဒ္ဓကိုပင် ဗိဿနိုး လူဝင်စား ဘုရား အဖြစ် ဖော်ပြ ထားလေသည်။ နောက်တစ်ကြိမ် ကာလကီ အမည်ဖြင့် အဝတာရ လူဝင်စား ဘုရား လာဦးမည်ဟုလည်း ဟိန္ဒူများ ယုံကြည် ထားကြပါသည်။ ဤကား ဗိဿနိုး အကြောင်းကို အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်၏။

တတိယ ဣသွာရ၏ ကိုယ်ပွား နတ်ဘုရားသည် သီဝ နတ်မင်းကြီး ဖြစ်၏။ သီဝကား လောကကို ဖျက်ဆီးမည့် အဖျက်တရားတို့ကို ကိုယ်စားပြုသော ကြောက်ရွံ့ ထိတ်လန့်ဖွယ် ဘုရား ဖြစ်လေသည်။

ဤတွင် လူပြိန်း အမြင် ဟိန္ဒူ အယူဝါဒ အရ ဣသွာရ ထာဝရ ဘုရားသခင်သည် လောကကို ဖိုဓာတ် မဓာတ်စုံ ဖန်တီးထားပေရာ ဗြဟ္မာ၊ ဗိဿနိုး၊ သီဝတို့နှင့် တွဲယှဉ်ကာ ကြင်ဖက်တော်များ အဖြစ် သူရဿတီ၊ လက်ချမီးနှင့် ပါရ်ဝတီ (ကာလီ) မယ်တော်ဘုရားတို့ကို ဖန်ဆင်းထားသေးသည်။ သူရဿတီ မယ်တော်က ဉာဏ်ပညာကို စောင့်ရှောက်သည်။ လက်ချမီးက ခနဥစ္စာကို စောင့်ရှောက်သည်။ မယ်တော် ပါရ်ဝတီကား သူ၏ ကြင်ရာတော် သီဝနှင့် စရိုက်ချင်း တူလေသည်။ အပျက်ကို ကိုယ်စားပြုသည်။

ဤအချက်သည် ဆရာကား သင်ကြား ပြသသော ဟိန္ဒူ ဒဿနပိုင်းကို နားလည်ရန် အတွက် အခြေခံ ဖြစ်လေသည်။

ထိုနေ့က ဆရာကားသည် ဟိန္ဒူတို့ ယုံကြည်သော ဖန်ဆင်းခြင်း အကြောင်းကို ပို့ချလေသည်။

'တပည့်တို့ ဟိန္ဒူ ဖီလိုဆိုဖီဟာ ခေတ်သစ် အနောက်တိုင်း ဒဿနတွေထဲက စပင်နိုဇာရဲ့ အတွေးအမြင်တွေထက် အနှစ် နှစ်ထောင်ကျော် စောပြီး ပေါ်ခဲ့တယ်၊ ဒါဝင်ရဲ့ သိပ္ပံ အယူအဆတွေထက်လည်း အနှစ် နှစ်ထောင်ကျော် စောတာပဲ၊ ဒါပေမယ့် စပင်နိုဇာရဲ့ သဘာဝ ကိုးကွယ်မှု ဒဿန (**Pantheism**) နှင့်လည်း တူနေတယ်၊ ဒါဝင်ရဲ့ အီဗော်လူးရှင်း သဘောနှင့်လည်း တူနေတယ်၊ ဟိန္ဒူတွေက သဘာဝ လောကကြီးထဲမှာ ဘုရားသခင် ရှိတယ်လို့ မြင်တယ်၊ သဘာဝကို ကြည့်တတ်ရင် ဘုရားကို မြင်နိုင်တယ်လို့ ယူဆတယ်၊ သဘာဝ လောကက တခြား ထာဝရ ဘုရားက တခြား မဟုတ်ဘူး၊ ဘုရားသခင်ရဲ့ သဘော လက္ခဏာ အားလုံးကို သဘာဝ တရားမှာ အကုန်အစင် ဖော်ပြထားတယ်၊ ဒါကို သဘော ပေါက်ဖို့ လိုတယ်၊ တပည့်တို့ကို ဒေါက်တာ ခင်မောင်ဝင်းက စပင်နိုဇာရဲ့ ဖီလိုဆိုဖီတွေကို သင်ပေးပြီးပြီလား'

'သင်ပေး ပြီးပါပြီ'

'အေး၊ ဒါဆို သဘောပေါက်ဖို့ လွယ်တာပေါ့၊ စပင်နိုဇာ အတွေးအခေါ်မှာ ဖန်ဆင်းသူနှင့် ဖန်ဆင်းထားတဲ့ အရာဟာ တသီးတခြားစီ တည်နေကြတာတွေ မဟုတ်ဘူး၊ အကြောင်းတရား ဖြစ်တဲ့ ထာဝရဘုရား (ထာဝရ အခြေခံ တရား) ဟာ အကျိုးတရား ဖြစ်တဲ့ သဘာဝ တရားနှင့် အတူတူ ဖြစ်တယ်လို့ စပင်နိုဇာ ယူဆခဲ့သလိုပဲ ဟိန္ဒူ ဝါဒရဲ့ အမြင့်ဆုံး အပိုင်း ဖြစ်တဲ့ အဒွိတ္တ ဝေဒန္တ မှာလည်း သဘာဝကိုပဲ ဘုရားသခင် အဖြစ် ရှုမြင်ထားတယ်၊ ဆိုလိုတာက သဘာဝတရား ထဲမှာ ထာဝရဘုရား ရှိပြီးသား ဖြစ်တယ်လို့ မြင်တာ၊ ဥပမာ ရွှံ့စေးက ဖြစ်တဲ့ အိုးထဲမှာ ရွှံ့ရှိနေတဲ့ သဘောကို မြင်တယ် မဟုတ်လား၊ ဟိန္ဒူ အယူဝါဒဟာ အဆင့်ဆင့် ဖြစ်ပေါ်လာတာ ဖြစ်တော့ အမြင်တွေကလည်း တစ်မျိုးတည်း မဟုတ်ဘူး၊ ဝေဒခေတ်မှာ ပိုလီသီယဇွင်း (**Polytheism**) ခေါ်တဲ့ နတ်ဘုရား အများကြီးကို ကိုးကွယ်ခဲ့ရာက တဖြည်းဖြည်းနှင့် ထာဝရဘုရား တစ်ဆူတည်း ရှိတယ် ဆိုတဲ့ အထိ အယူအဆတွေက အမျိုးမျိုး ပြောင်းခဲ့တယ်။

'ထာဝရ အခြေခံ တရားဟာ တစ်မျိုးတည်း မဟုတ်ဘူး၊ ဒွိသဘာဝ (**Dualism**) ရှိတယ်လို့ ယူဆတဲ့ အယူအဆ၊ ဖန်ဆင်းရှင် ဆိုတာ မရှိဘူး ဆိုတဲ့ အယူအဆတွေလည်း အမျိုးစုံ ပေါ်ပေါက် ခဲ့ဖူးတယ်၊ ဒီအကြောင်းတွေကိုတော့ ဟိန္ဒူ ဒဿန ဂိုဏ်း များ အကြောင်းကို ဆရာတို့ ဆွေးနွေးကြတဲ့အခါ ပေါ်လာပါလိမ့်မယ်။

'စောစောက စထားခဲ့တဲ့ စကားကို ပြန်ကောက်ကြစို့၊ လေး နက် တဲ့ ဒဿနပိုင်းကိုပဲ ဆွေးနွေးကြစို့၊ အရေးကြီးတဲ့ ကိစ္စကိုသာ အခြေခံပြီး လေ့လာ ကြည့်ကြပါစို့၊ စပင်နိုဇာရဲ့ ဒဿန အမြင်နှင့် ဟိန္ဒူ အမြင်ကို ယှဉ်ပြခဲ့ရာမှာ အကြောင်းထဲမှာ အကျိုး ရှိတယ် ဆိုတဲ့ စကားကို ပြောခဲ့တယ်၊ မှတ်မိကြရဲ့လား'

'မှတ်မိပါတယ် ဆရာ'

www.burmeseclassic.com



'ကောင်းပြီ တပည့်တို့၊ အကြောင်းထဲမှာ အကျိုးရှိတဲ့ အမြင်ကို ဟိန္ဒူဒဿနမှာလည်း လက်ခံထားတယ်၊ နွဲ့ထဲက အိုး ဖြစ်လာတယ်၊ သစ်သားထဲက ပန်းပုရုပ် ဖြစ်လာတယ်၊ စားပွဲ ကုလားထိုင် ဖြစ်လာတယ်၊ ရွှေထဲက လက်ဝတ် ရတနာ ဖြစ်လာတယ်၊ သဘော ပေါက်တယ် နော်'

'ပေါက်ပါတယ် ဆရာ'

'ဒါဆိုရင် ဖန်ဆင်းရှင် ဘုရားထဲမှာပဲ သဘာဝတရား ရှိတယ်၊ ဖန်ဆင်းရှင် ထာဝရ ဘုရား ထဲကပဲ သဘာဝ လောကကြီး ဖြစ်လာတယ်လို့လည်း သဘော ကျနိုင်တာပေါ့၊ ဖန်ဆင်းခြင်းနှင့် ပတ်သက်ပြီး ဟိန္ဒူ အယူဝါဒမှာ ဖော်ပြထားတဲ့ ဒဿနတွေဟာ အင်မတန် လေးနက်ပါတယ်၊ ဖန်ဆင်းခြင်းကို ထာဝရဘုရားက ဖြစ်စေ ဆိုလို့ ဖြစ်လာတယ် ဆိုတာမျိုး ဟိန္ဒူမှာ မရှိဘူး၊ ထာဝရ ဘုရားက မရှိခြင်း (nothing) က နေပြီး တစ်စုံ တစ်ရာ ရှိခြင်း (something) ကို ဖြစ်လာအောင် ဥုံဖွ လုပ်ပြီး ဖြစ်တာမျိုး မဟုတ်ဘူး၊ ဖန်ဆင်းခြင်း ဆိုတာ နွဲ့ကနေ အိုး ဖြစ်အောင် လုပ်တာမျိုးကို ပြောတာ၊ အာရစ္စတိုတယ်ရဲ့ စွမ်းဆောင်မှု အကြောင်း တရားလိုပဲ ရှိပြီးသား တစ်စုံတစ်ခုကို နောက်တစ်မျိုး ဖြစ်ပေါ်လာအောင် ဖန်တီးတာကို ပြောတာ၊ ဥပါနိသျှာဒ် ကျမ်း တစ်စောင်မှာ ဘယ်လို ရေးထားသလဲဆို ဖအေ လုပ်သူက သားကို ဆုံးမတယ်၊ ငါ့သား တချို့ လူတွေက ဒီကမ္ဘာ လောကကြီးဟာ ဘာမှ မရှိတဲ့ အဖြစ်ကနေ ဖြုန်းခနဲ ပေါ်လာတာလို့ မှတ်နေကြတယ်၊ ဘယ့်နှယ်ကွယ် ဘာမှ မရှိတာက ရှိလာတာ ဖြစ်နိုင်ပါ့မတုံးတဲ့။

'ဒီစကားဟာ ပေဗြဲတို့ရဲ့ ဓမ္မဟောင်း ကျမ်းစာမှာပါတဲ့ ကမ္ဘာဦး ကျမ်းထဲက ဖန်ဆင်းခြင်းနှင့် မတူဘူးလို့ ပြတာနော်၊ ဟိန္ဒူတွေက ဖန်ဆင်းခြင်း ဆိုတာကို တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်ပေါ် တိုးတက်လာတဲ့ အီဗော်လူရှင်း ဖြစ်စဉ်လို့ မြင်တယ် တပည့်တို့၊ ဒါကြောင့် အီဗော်လူးရှင်း သဘောကို ဟိန္ဒူ ဒဿန ဆရာကြီးများ သိမြင်ခဲ့တာဟာ ဒါဝင်ထက် အနှစ် နှစ်ထောင်ကျော်လောက် စောခဲ့တယ်လို့ ဆရာ့ လက်ချာ အစမှာ ပြောခဲ့တာပဲကွယ့်။

'ဒီတင် ဟိန္ဒူ အယူဝါဒမှာ ဒဿနဂိုဏ်း (သို့ မဟုတ်) ဒဿန စနစ် ခြောက်မျိုး ပေါ်ခဲ့ရတယ်၊ ဆရာ့ လက်ချာမှာ ဟိန္ဒူ ဘာသာရေး အယူဝါဒထဲက ဒဿန ပိုင်းကိုသာ အဓိကထားပြီး ပြောသွားမယ်နော်။

'ဟိန္ဒူ ဒဿန စနစ်တွေထဲမှာ ဝိသေသိက ဒဿန ဆိုတာ ရှိတယ်၊ ကနာဒ ဆိုတဲ့ ဆရာကြီးရဲ့ အတွေးအခေါ်ပဲ၊ ဒီအတွေးအခေါ်မှာ စကြဝဠာရဲ့ အစဟာ အက်တမ်၊ အဏုမြူနှင့် မော်လီကျူးတွေ ဖြစ်တယ်လို့ ဖော်ပြထားတယ်။

'ကနာဒရဲ့ အတွေး အခေါ်မှာ သဘာဝ လောက စကြဝဠာကြီးကို အပိုင်း ခြောက်ပိုင်း ခွဲပြီး ပြထားတယ်၊ အကျဉ်းအားဖြင့် (၁) ဒြဗ္ဗ၊ (၂) ဂုဏ၊ (၃) ကမ္မ၊ (၄) သာမည၊ (၅) ဝိသေသိက၊ (၆) သမဝါယလို့ ပြတယ်၊ ဝတ္ထု ပစ္စည်းရယ်၊ ဂုဏ်သတ္တိရယ်၊ ဆောင်ရွက်မှုရယ်၊ သာမညဂုဏ်ရယ်၊ ဝိသေသဂုဏ်ရယ်၊ ပေါင်းစုခြင်းရယ် ဖြစ်တယ်၊ ဒီမှာ သာမညဂုဏ် ဆိုတာက ဘာဝ အဖြစ်မထင်သေးတဲ့ သဘော၊ ဘာညာ မကွဲပြားသေးတဲ့ အဆင့်၊ ဝိသေသိက အဆင့် ရောက်တော့ ဝတ္ထု ပစ္စည်းတွေ ကွဲကွဲပြားပြား ထင်ထင်ရှားရှား ဖြစ်လာတဲ့ အဆင့်ကို ဆိုတာ။

'ဒါဖြင့် အက်တမ်တွေကို ထာဝရ ဘုရားသခင်က ဖန်ဆင်း ခဲ့တာလား၊ မဟုတ်ဘူး၊ မူလ ကတည်းက ဒီအက်တမ်တွေက ထာဝရ ဘုရားသခင်နှင့် အတူ ရှိနေကြတဲ့ ဒဗ္ဗ သဘောတွေ။

'ဉာယ ဒဿနကိုတော့ အိန္ဒိယ အတွေးအခေါ် သမိုင်းမှာ ယုတ္တိဗေဒ ဂိုဏ်းလို့ ခေါ်တယ်၊ ဒီဂိုဏ်းကလည်း စကြဝဠာရဲ့ မူလ အစဟာ အက်တမ်တွေပဲလို့ လက်ခံထားတယ်၊ ဂေါတမ ဆိုတဲ့ ဒဿန ဆရာကြီးက ဉာယဂိုဏ်းကို ထူထောင်ခဲ့တယ်၊ (ဗုဒ္ဓ ဂေါတမ မဟုတ်သေးဘူး) ဘီစီ ၇၀၀ လောက်မှာ သင်္ချာဂိုဏ်းကို ကပိလ ဆိုတဲ့ ဆရာကြီးက ထူထောင်ခဲ့တယ်၊ ဒီဂိုဏ်းဟာ အိန္ဒိယ အတွေးအခေါ် သမိုင်းမှာ အီဗော်လူးရှင်း သဘောတရားကို စတင် ဟောကြားတဲ့ ဂိုဏ်း အဖြစ် ထင်ရှားတယ်၊ ပညာရှင်တွေကတော့ ကပိလဆရာကြီးရဲ့ အတွေးအခေါ်တွေဟာ အနောက်တိုင်းက အီဗော်လူးရှင်း သဘောတရားကို ဟောကြားခဲ့တဲ့ ဟားဗတ် စပင်ဆာ (Hebert Spencer) ရဲ့ အတွေးအခေါ်တွေနှင့် တူတယ်လို့ မှတ်ချက် ချကြတယ်၊ ကပိလက အဏုမြူ သဘောတရားကို ပယ်တယ်၊ သူဟာ ထာဝရ စကြဝဠာရဲ့ အခြေခံ ဓာတ်ကြီးကို ရှာဖွေ ဖော်ထုတ်ပြီး မူလဓာတ်ကို ပြကတိ (prakviti) လို့ ခေါ်တယ်၊ ပြကတိ (ပတတိ) ဆိုတာ ရှေးဦး သဘော၊ ပင်ကို သဘောလို့ ဆိုတာ။

'ကပိလရဲ့ အတွေးအခေါ် စနစ်ကို ကမ္ဘာမှာ

www.burmeseclassic.com



ပထမဆုံး စနစ်တကျ မှတ်တမ်းတင် ထားရှိတဲ့ အတွေး အခေါ် စနစ် အဖြစ် ပညာရှင်များက အသိအမှတ် ပြု ထားကြတယ်၊ စနစ် တစ်ခုလုံးကို ဆင်ခြင်ဉာဏ်ပေါ်မှာ တည်ထားတယ်၊ ကျမ်းဂန်မှာ ပါလို့ မှန်တယ် ဆိုတဲ့ အယူအဆမျိုးကို သင်္ချာ ဂိုဏ်းသားတွေက လက်မခံကြဘူး၊ သဘာဝ လောကကြီး စတင် ဖြစ်ပေါ် တိုးတက်လာပုံကို သင်္ချာ ဒဿနမှာ ဖော်ပြ ထားတာဟာ ထူးခြားပြီး စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။

'ပြကတိကို တပည့်တို့ရဲ့ စိတ်ထဲမှာ စကြဝဠာကို ဖန်တီး ဖြစ်ပေါ်စေတဲ့ မဓာတ်ကြီးလို့ မှတ်ထားနိုင်ပါတယ်၊ တစ်နည်း အဆုံးအစမဲ့ ထာဝရ ဝိညာဉ်တော်ကြီးလို့လည်း မှတ်ထားနိုင်တယ်။

'ရှေ့ဆက် မပြောခင် အကြောင်းထဲက အကျိုး ဖြစ်ထွန်း လာတယ် ဆိုတဲ့ သင်္ချာ ဒဿန အမြင်ကို သတ္ကာယ ဝါဒ အမြင် **(satkarya vada)** လို့ ခေါ်တယ်၊ အဲဒါကိုလည်း မှတ်ထား ကြပါဦး၊ တပည့်တို့ မှတ်မိကြရဲ့လား'

'မှတ်မိပါပြီ ဆရာ'

'ကောင်းပြီ တပည့်တို့၊ အဲဒီ သတ္ကာယ ဝါဒက နှစ်မျိုး ပြားပြန်တယ်၊ နှစ်မျိုး ဆိုတာက ပရိနာမ ဝါဒ **(parinama vada)** နှင့် ဝိဝါဒ ဝါဒ **(vivarta vada)** ကို ပြောတာ၊ မှတ် ထား နော်၊ ဥပမာ အကြောင်းထဲက အကျိုးကို ဖန်တီး ထုတ်လုပ်တဲ့ သဘော၊ နွဲ့ထဲက အိုးကို ထုတ်ယူတဲ့ သဘောနှင့် ဖန်ဆင်းခြင်းကို ပရိနာမ ဝါဒ ခေါ်တယ်၊ ရှင်းရဲ့လား တပည့်တို့'

'ရှင်းပါတယ် ဆရာ၊ ကျေးဇူး တင်ပါတယ်'

ဤအချက်တွင် ပါမောက္ခ ရှင်းပြချက်ကို တပည့်များက နှစ်ခြိုက်၍လား မသိ၊ ကျေးဇူး တင်ကြောင်း ထုတ်ဖော် ပြောကြလေသည်။

'ဝိဝါဒ အမြင်ကတော့ အကြောင်းနှင့် အကျိုးဟာ အပေါ်ယံမျှ စိတ်အထင်မျှသာ ဖြစ်တယ်၊ ဥပမာ ကြိုးတစ်ချောင်းကို မြွေလို့ မြင်ရာမှာ ကြိုးက မြွေဖြစ်သွားတာ မဟုတ်ဘူး၊ ကြိုးက မြွေသဏ္ဍာန် ပေါ်လာခြင်းသာ ဖြစ်တယ်၊ မြွေလို့ ထင်ကာမျှ ဖြစ်တယ်၊ အလားတူ ဖြတ္တံခေါ် ဘုရားသခင်က သဘာဝ လောကကို ဖန်ဆင်းရာမှာ သဘာဝ လောက အဖြစ်ကို ဘုရားသခင်က ပြောင်းလဲ သွားတာ မဟုတ်၊ လူတွေကသာ ဘုရားကို သဘာဝ လောကလို့ ထင်ကြတာ၊ အဲဒီလို မြင်တဲ့ အမြင်ကို ဝိဝါဒ အမြင်လို့ ခေါ်တာပဲ တပည့်တို့။

'သင်္ချာ ဂိုဏ်း သား များ ဟာ ပရိမာန ဝါဒကို လက်ခံကြတယ်၊ အကြောင်းနှင့် အကျိုး ပြောင်းလဲမှုကို ရုပ်ပြောင်းလဲမှု အစစ် ဖြစ်တယ်လို့ပဲ မြင်ကြပါတယ်။

'သဘာဝ ပစ္စည်းများ အားလုံးရဲ့ မူလ ဖြစ်ပေါ်ရာ အကြောင်းတရားဟာ ပြကတိ ဖြစ်တယ်၊ လူသားများရဲ့ ခန္ဓာ နာမ်ရုပ် အားလုံး အပါအဝင် လောကမှာ ရှိရှိသမျှ ပစ္စည်း အားလုံးဟာ သမုတိ သဘောတွေချည်းပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလောကဟာ ပြကတိ အကြောင်းတရားကြီးက ဖြစ်ပေါ် ပေါက်ပွား လာကြရတဲ့ အရာဝတ္ထု ဖြစ်လို့ပဲ၊ သင်္ချာ ဒဿနမှာ ပြကတိကို လောကရဲ့ ပထမ အကြောင်းတရား အဖြစ် ရှုမြင်ထားတယ်၊ ပထမ မူလ အကြောင်းတရား ဖြစ်တဲ့ ပြကတိ သဘောမှာ ဂုဏ်သတ္တိ သုံးမျိုး ရှိတယ်လို့ ဆိုတယ်၊ ဂုဏလို့ ခေါ်တာတွေဟာ ပြကတိရဲ့ အစိတ်အပိုင်းတွေသာ ဖြစ်တယ်၊ သူ့ရဲ့ စွမ်းဆောင်မှုကို ပြောတာ မဟုတ်ဘူး၊ ဂုဏ် သုံးမျိုးက ဘာလဲ ဆိုတော့ သတ္တဂုဏ်၊ ရာဇဂုဏ်နှင့် တမဂုဏ်တွေပဲ၊ သတ္တဂုဏ် ဆိုတာက ဉာဏ်မှာ ထင်စေတဲ့ အကြောင်း၊ ကြေးမုံမှန်မှာ အရိပ် ထင်တဲ့ သဘောဟာ သတ္တဂုဏ်ရဲ့ သဘောပဲ၊ ရာဇဂုဏ် ဆိုတာက လှုပ်ရှားတဲ့ သဘောကို ပြောတာ၊ လှုံ့ဆော်တဲ့ သဘော အားလုံးကိုလည်း ရာဇဂုဏ်လို့ မှတ်ပါ၊ တမဂုဏ် ဆိုတာက ဆန့်ကျင်ဘက် သဘော၊ တည်ငြိမ်တဲ့ သဘောကို ပြောတာ။

'သင်္ချာ ဒဿနမှာ လောကရဲ့ ဒုတိယ အခြေခံ အကြောင်းတရားကတော့ ပုရိသ (ပုရုဿ) ဆိုတဲ့ အတ္တ သဘောပဲ၊ ဟိန္ဒူ အယူအဆထဲက အတ္တရဲ့ သဘောဟာ ကိုယ် မဟုတ်ဘူး၊ စိတ် မဟုတ်ဘူး၊ ဉာဏ် မဟုတ်ဘူး၊ ဦးနှောက် မဟုတ်ဘူး၊ အာရုံကြော စနစ်ကြီးလည်း မဟုတ်ဘူး၊ အတ္တသည် သိခြင်း သဘော သန့်သန့်ကိုသာ ဆိုလိုတယ်။ *

'ဒီလောကကြီး ဖြစ်ပေါ် တိုးတက်လာတာက ဆိုခဲ့ပြီးတဲ့ ပြကတိ သဘောဟာ ပုရိသ သဘောနှင့် ပေါင်းဖက်ခြင်းကြောင့် ဖြစ်တယ်၊ ပုရိသနှင့် ပြကတိ ပေါင်းဖက်ခြင်းကို သံယောဂလို့ ခေါ်တယ်၊ ဒီနေရာမှာ ပုရိသနှင့် ပြကတိဟာ သဘာဝချင်း လုံးဝ မတူကြတဲ့ ပင်ကို သဘောကြီး နှစ်ရပ် ဖြစ်ပြီး ဘယ်ပုံဘယ်နည်း ပေါင်းစပ်ကြသလဲလို့ မေးတဲ့ အမေးကို သင်္ချာ ဒဿန

--------------

* *An Introduction to Indian Philosophy p 264*

www.burmeseclassic.com



ဆရာတွေ ဖြေပုံက စိတ်ဝင်စားစရာ ကောင်းပါတယ်၊ မျက်စိ မမြင်တဲ့ လူနှင့် ခြေမသန်တဲ့ လူ နှစ်ဦးဟာ ပေါင်းပြီး ခရီးသွားလို့ ရသလိုပဲတဲ့၊ ဒီအတိုင်းပဲ ဉာဏ် မရှိတဲ့ ပြကတိ သဘောနှင့် ရှင်သန် လှုပ်ရှားတဲ့ ပုရိသ သဘော ပေါင်းစပ်ခြင်းဖြင့် အလို ပြီးနိုင်တာပေါ့။

'သင်္ချာ ဒဿနမှာ ပထမဆုံး စတင် ဖြစ်ပေါ် လာတာက မဟာအတ္တ (ဗုဒ္ဓိ) သဘောပဲ၊ အတ္တကြီး တစ်ခုပေါ့၊ ဒါကို ဗုဒ္ဓိလို့ ခေါ်ရတာက ဒီအတ္တကြီးမှာ အသိဉာဏ် ရှိနေလို့ပဲကွယ့်၊ ဒီမဟာအတ္တမှာ ဂုဏ်အား ဖြင့် ဓမ္မ သဘောရယ်၊ ဉာဏ သဘောရယ်၊ ဝိရာဂ သဘောရယ်၊ ဣဿရိယ သဘောတွေရယ်ပဲ ရှိတယ်၊ နောက် တမဂုဏ်က ချုတ်ယွင်းအောင် ဖန်တီးလိုက်တဲ့ အတွက် အဓမ္မ သဘောတွေ၊ အဝိဉာဏ သဘောတွေ၊ အဝိရာဂ သဘောတွေ ဖြစ်ပေါ်လာတယ်။

'ပြကတိက ဒုတိယ ဖြစ်ထွန်းလာတာက အဟံ ကာရ ဆိုတဲ့ ပုဂ္ဂိုလ် အတ္တ သဘော ဖြစ်တယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ ကွဲပြားလာတဲ့ သဘောပါပဲ တပည့်တို့။

'သင်္ချာ ဒဿနဟာ အီဇော်လူးရှင်း ခေါ်တဲ့ သဘာဝ တရားရဲ့ ဆင့်ကဲ ဖြစ်ထွန်း လာပုံကို ရှင်းပြတဲ့ အတွေးအမြင်မှာ ရှင်းလင်း ပြတ်သားမှု ရှိတယ်၊ သူတို့ရဲ့ ဒဿနကို ခြုံပြီး သုံးသပ်ကြည့်ရင် အချက် ငါးချက် ပေါ်လာတယ်။

'ပထမ အချက်က ဘာမှ မရှိတဲ့ အဖြစ်က နေ ပြီး တစ်စုံတစ်ရာ ရှိတဲ့ အဖြစ်ကို ဘယ်နည်းနှင့်မှ ရောက်မလာနိုင်ဘူး၊ မရှိရာက ရှိတာ ဖြစ်မလာနိုင်ဘူး၊ (something cannot come out of nothing)။

'ဒုတိယ အချက်က အကျိုးတရားဟာ အကြောင်း တရား ထဲမှာပဲ ရှိတယ် ဆိုတဲ့ အမြင်၊ ပရိနာမ ဝါဒလို့ ရှေ့မှာ ဆရာ ပြောခဲ့ပြီးပြီ၊ (the effect lies in the cause) ဆိုလိုတာကတော့ အကျိုးတရားကို အကြောင်း တရားက ထုတ်လုပ်ခြင်း ဖြစ်တယ် ဆိုတဲ့ သဘောပါပဲ။

'တတိယ အချက်က ဖျက်ဆီးခြင်းဆိုတာ တခြား မဟုတ်ဘူး၊ အကျိုးတရားက အကြောင်းတရား အဖြစ်သို့ ပြန်ပြောင်း ဖြစ်ခြင်းပဲလို့ မြင်တဲ့ အမြင်။

'စတုတ္ထ အချက်က သဘာဝ နိယာမတွေဟာ ညီညွတ်မှု ရှိတယ်၊ အမြဲ တညီတညွတ်တည်း ဖြစ်လေ့ ရှိတယ်၊ နည်းမှန် လမ်းမှန် ဖြစ်မြဲအတိုင်းပဲ ဖြစ်တယ် ဆိုတဲ့ အမြင်။

'ပဉ္စမ အချက်က စကြဝဠာကြီး ဖွဲ့စည်း ဖြစ်ပေါ် လာတာဟာ စကြဝဠာ စွမ်းအင် (cosmic energy) ကြောင့် ဖြစ်တာ၊ (ဘယ် ထာဝရ ဘုရားကမှ မဖန်ဆင်း ဘူး) လို့ မြင်တဲ့ အမြင်ပဲ တပည့်တို့။

'တပည့်တို့ စူးစူးစိုက်စိုက် လေ့လာပါ၊ သင်္ချာ ဒဿနမှာ ရှေးကျမ်းဂန်တွေမှာ ပါရင် ဘာပဲဖြစ်ဖြစ် အားလုံး မှန်တယ်လို့ ယူဆတဲ့ တရားသေ အမြင် (dogma) မပါဘူး၊ သင်္ချာ ဒဿနမှာ တင်ပြထားတဲ့ အယူအဆ အားလုံးဟာ ဆင်ခြင်ဉာဏ်နှင့် ယုတ္တိ အခြေ ခံအားဖြင့် တင်ပြထားတာ ထင်ရှားတယ်၊ ဒါကြောင့် သင်္ချာ ဒဿနဟာ ခုခေတ် သိပ္ပံနည်းကျ အမြင် ဆိုတဲ့ ယုတ္တိ ယုတ္တာနှင့် စဉ်းစားတဲ့ ဒဿနမျိုး ဖြစ်တယ်၊ စကြဝဠာကြီးဟာ စကြဝဠာ စွမ်းအင်တွေကြောင့် အကြောင်း အကျိုး အားလျော်စွာ ဖြစ်ပေါ် တိုးတက် လာတယ်၊ သဘာဝ နိယာမတွေကိုလည်း ဖြစ်မြဲ ဓမ္မတာ တွေလို့ နားလည် သဘောပေါက်ထားတယ်။

'အထူးခြားဆုံးကတော့ သင်္ချာ ဒဿနမှာ ဖန် ဆင်းရှင် ထာဝရ ဘုရားသခင်ကို လက်မခံဘဲ ပယ်လိုက် ခြင်းပါပဲ၊ ဒါဟာ လူသားတွေက ပထမဆုံး အကြိမ် သဘာဝ တရားကို သဘာဝ အတိုင်း၊ အရှိကို အရှိ အတိုင်း မြင်တဲ့ အမြင်ပဲ ဖြစ်တယ် တပည့်တို့။

'ပြီးတော့ သိမှု အခြေခံ ဖြစ်တဲ့ ဗုဒ္ဓိန္ဒြိယတွေကို လည်း မြင်မှု၊ ကြားမှု၊ နံမှု၊ ရသ ခံစားမှု၊ ထိမှု ဆိုတဲ့ အာရုံသိကိုပဲ အခြေခံတယ်၊ အဆင်း၊ အသံ၊ အနံ့၊ အရ သာနှင့် အထိအတွေ့တွေဟာ အပကာယ ကနေ ပေါက် ပွား လာတဲ့ အသိတွေလို့ပဲ ယူဆတယ်၊ ပြုလုပ် စွမ်း ဆောင်တဲ့ ခန္ဓာစုတွေကို ကမ္မိန္ဒြိယလို့ ခေါ်တယ်၊ အဲဒါ တွေဟာ ပါးစပ်မှာ တည်တယ်၊ လက်မှာ တည်တယ်၊ ခြေမှာ တည်တယ်၊ စအိုမှာ တည်တယ်၊ လိင်မှာ တည် တယ်၊ အဲဒီ ခန္ဓာ အစုတွေက စကား ပြောခြင်း အမှု၊ ဆုပ်ကိုင်ခြင်း အမှု၊ လှုပ်ရှားခြင်း အမှု၊ ထုတ်ပယ်ခြင်း အမှု၊ ပေါက်ပွား (မျိုးပွား) ခြင်း အမှုတွေကို ပြုကြတယ်၊ သင်္ချာ ဒဿနမှာ ဂမ္ဘီရ သဘော ဆိုလို့ ဘာမှ မပါဘူး၊ သဘာဝကို သဘာဝ အတိုင်း မြင်အောင်ပဲ ကြည့်တယ်၊ စိတ် (မန) ဆိုတာ ဘာလဲ၊ စိတ်ဟာ သိမှုနှင့် ပြုမှု ဆောင်ရွက်မှု အားလုံးကို ထိန်းချုပ် ပဲ့ကိုင်ပေးတဲ့ ဗဟို ချက်ပဲလို့လည်း မြင်တယ်၊ လူသားရဲ့ အဇ္ဈတ္တ အတွင်း သဏ္ဌာန်မှာ စိတ် (မန) ရယ်၊ အဟံကာရ (အတ္တ) ရယ်၊ ဗုဒ္ဓ (ဉာဏ်) ရယ် ဆိုပြီး သုံးပိုင်း ရှိတယ်လို့ ဆိုတယ်၊ ဒီသုံးမျိုးကို အဆုံး ရှိသော သဘောများ ဖြစ်လို့ အန္တ

www.burmeseclassic.com



ကရဏာ ခေါ်တယ်၊ အပြင်က မြင်မှု၊ ကြားမှု ဆိုတဲ့ သဘောတွေကိုတော့ ဗျာကရဏာလို့ ခေါ်တယ်၊ အပြင် အာရုံတွေကတော့ မျက်မှောက် ပြုရတဲ့ အရာတွေကိုပဲ သိတတ်တဲ့ သဘော ရှိတယ်၊ အတွင်းမနေ အပဟ်ကာရ စသည်တို့ကတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးခု စလုံးကို သိမြင်တတ်တဲ့ သဘော ရှိတယ်၊ ဒီအထိ သင်္ချာ ဒဿနမှာ သဘာဝလွန် အယူသီးမှုတွေ ဘာမှ မပါဘူး။

'သင်္ချာ ဒဿနမှာ ရုပ်၊ နာမ်၊ ဓမ္မတွေ အားလုံး ဟာ မူလပြကတေ့ သဘောက ထုတ်လုပ် လိုက်တာတွေ ဖြစ်ကြတဲ့ အတွက် ဘာမှ အမြဲ မရှိဘူး၊ အချိန် အား လျော်စွာ ပျက်စီး ဖောက်ပြန်ကြမှာချည်းပဲ'

ဟိန္ဒူ ဒဿနများတွင် သင်္ချာ ဒဿနကို အကျွန်ုပ် သည် များစွာ နှစ်သက်မိလေသည်။

အချိန်ကာလ များစွာကို အကျွန်ုပ်သည် ဖန်ဆင်း ရှင် ထာဝရ ဘုရားသခင်ကို ရှာဖွေခြင်းဖြင့် ကုန်ဆုံး ခဲ့ရလေသည်။ ထာဝရ ဖန်ဆင်းရှင် နတ်ဘုရား ရှိကြောင်း ကို သက်သေပြဖို့ ကြိုးစားကြသော အတွေးအမြင် များ စွာကိုလည်း အကျွန်ုပ် ကျော်ဖြတ်ခဲ့ရပြီးပြီ။ ထာဝရ ဘုရားသခင် ဖန်ဆင်းရှင်နှင့် ပတ်သက်၍ တစ်ဆူ တည်း ရှိသည် ဆိုသော အမြင်ကို လည်းကောင်း၊ သုံး ပါး ပေါင်းမှ တစ်ဆူ ဖြစ်သည် ဆိုသော အမြင်များကို လည်းကောင်း သိခဲ့ရပြီးပြီ။

ယခု သင်္ချာ ဒဿနတွင်မူ ဘာမှ မရှိရာက ဘာကိုမှ ရှိအောင် ထုတ်ယူ၍ မရ၊ ဖန်ဆင်း၍ မရ၊ အကြောင်းထဲမှာပင် အကျိုး ရှိသည်၊ သဘာဝမှာ ဖြစ် ပေါ်လာသမျှသည် သူ့နိယာမနှင့်သူ ရှိသည်။ ဖြစ်လာ သမျှ ကိစ္စအားလုံးမှာ စကြဝဠာ စွမ်းအင်ကြောင့်သာ ဖြစ်ပေါ်လာကြခြင်း ဖြစ်သည် ဟူသော လွတ်လပ်သော အမြင်ကို တွေ့ရပြီ ဖြစ်၏။

နှစ်ပေါင်း များစွာ အကျွန်ုပ်၏ နှလုံးသားကို ဖန်ဆင်းရှင်အား ကြောက်ရွံ့ ထိတ်လန့်သည့် ဝန်လေး သော စိတ်များက ဖိစီး နှိပ်စက် နေခဲ့ကြလေသည်။ သင်္ချာ ဒဿနကို လေ့လာရသော အခါမှ စ၍ အကျွန်ုပ် ၏ နှလုံးသားပေါ်က လေးလံသော ဝန်ထုပ်ကြီး ပြုတ် ကျသွားသလို ပေါ့ပါးသော ခံစားချက်ကို ခံစား ရလေ သည်။ သဘာဝကို သဘာဝ အတိုင်း ယုတ္တိယုတ္တာ နှင့် စဉ်းစားရခြင်းသည် ရွှင်မြူးဖွယ် ကောင်းလှပါ၏။ ကြည် လင် လန်းဆန်းလှပေတော့င်း။

ဆရာကားသည် နောက်နေ့များတွင် ပတဉ္ဇလီ၏ ယောဂ ဒဿနကို ဆက်လက် သင်ကြားသော အခါမှာ လည်း အကျွန်ုပ်မှာ စိတ်ရွှင်လန်း နေလေသည်။

ယောဂ ဒဿနမှာလည်း အီဖော်လူးရှင်း အမြင် ကို လက်ခံ ထားလေသည်။

ပုရိသနှင့် ပြကတိ ပေါင်းဖက်မှုကြောင့် သူ၊ ငါ၊ သတ္တဝါ၊ သက်ရှိ၊ သက်မဲ့၊ ဝတ္ထု ပစ္စည်းများ ပေါက်ပွား လာကြရသည်။

ဆွာမိ ဝိဝေကနန္ဒ၏ ရာဇယောဂမှာလည်း ဒဿန ၏ အမြင့်ဆုံး ရည်မှန်းချက်မှာ ပုရိသကို ပြကတိမှ ခွဲထုတ်ရန်ပင် ဖြစ်သည်။ ပုရိသသည် ယခုအခါ ပြကတိ နှင့် ပေါင်းဖက်လျက် ရှိသည်။ ထိုပုရိသကို ပြကတိမှ ခွဲထုတ်နိုင်လျှင် လွတ်မြောက်ခြင်း ဝိမုတ္တိကို ရမည်ဟု ယုံကြည်လေသည်။

သို့သော် အဒွိတ္တ ဝေဒန္တ ဒဿနသို့ ရောက်သော အခါ ဣသွာရ ခေါ်သော တစ်ဆူတည်းသော ထာဝရ ဘုရားကို ပုဂ္ဂိုလ်သဏ္ဍာန် ဖော်ပြလာပြီး မူလဖြစ်သော ပြကတိ အနေကိုပင် ဣသွာရက ဖန်ဆင်းသည်ဟု ဆို ပြန်သည်။ ပြကတိ၏ အီဖော်လူးရှင်း (ဆင့်ကဲ ဖြစ်ပေါ် တိုးတက် ပြောင်းလဲမှု) ကို ဣသွာရက စတင် ဖန်တီး ပေးသည်။ ဣသွာရသည် သတ္တဝါ အားလုံး အပေါ်မှာ မေတ္တာထား၍ ချစ်ခင်သည်ဟုလည်း ဆိုလာသည်။

မည်သို့ပင် ဆိုစေ အိန္ဒိယ အတွေးအခေါ်များ၌ ထူးခြားသော အချက် တစ်ချက်ကို အကျွန်ုပ် သတိ ပြုမိ လာသည်။

ထိုအချက်သည် အတွေးအခေါ် လွတ်လပ်မှုပင် ဖြစ်သည်။

ဝေဒခေတ် ကတည်းက အိန္ဒိယ နိုင်ငံတွင် လွတ်လပ်စွာ တွေးခေါ်ခြင်း ရှိခဲ့လေသည်။

ထိုအကြောင်းကြောင့် အိန္ဒိယ နိုင်ငံသို့ ခရစ်ယာန် သာသနာပြုများ ရောက်ရှိ လာသောအခါ ၎င်းတို့က ယုတ္တိ မရှိ သိပ္ပံနည်း မကျသော တရားများကို ဟောပြော ခြင်းအား ဟိန္ဒူများက ဆန့်ကျင်ခဲ့ကြလေတော့သည်။*

အကျွန်ုပ်သည် ဟိန္ဒူ အယူဝါဒများကို များစွာ စိတ်ဝင်စားမိလေသည်။

ဟိန္ဒူ ဆိုသော စကားသည် သိန္ဒူမြစ် ဣန္ဒူ မြစ်ဝှမ်းနေ လူမျိုးများကို ဂရိနှင့် ပါရှန်တို့က ခေါ်ခဲ့

--------------

* *India and Her People p 45*

www.burmeseclassic.com



သော အမည် ဖြစ်သည်ဟု ဆိုသည်။

တိုင်းရင်းသားများကမူ ၎င်းတို့ကိုယ်ကို အာရိယန်များဟု ခေါ်ခဲ့ ကြလေသည်။ ၎င်းတို့ မတိုင်မီက အိန္ဒိယတွင် ဒြာဗီးဒီးယန်း အသားမည်း လူမျိုးများ ရှိခဲ့လေသည်။

ထိုအသားမည်း လူမျိုးများကို တိုက်ထုတ်ပြီး အသားဖြူ အာရိယန်များက နယ်ချဲ့ လာခဲ့ကြရာတွင် အသားမည်းများကို ကျွန်မျိုးသုဒ္ဒ၊ သူဆင်းရဲမျိုး၊ သူယုတ်မျိုးဟု ဗြဟ္မဏများက ဇာတ်ခွဲခြင်း ဓလေ့ ဖြစ်ပေါ်ခဲ့လေသည်။

ဟိန္ဒူ အယူဝါဒတွင် ဇာတ် အနိမ့် အမြင့် ခွဲခြား ထားခြင်းသည် နိုင်ငံရေး သဘောသာ ဖြစ်ပြီး ဘာသာရေး သဘော မဟုတ်ဟု အကျွန်ုပ် ထင်ပါသည်။

အကျွန်ုပ်သည် ဟိန္ဒူ အယူဝါဒကို လေ့လာရာတွင် ပါမောက္ခ လမ်းပြ သကဲ့သို့ ဒသနရှုထောင့်က လေ့လာဖို့သာ ပို၍ စိတ်အား ထက်သန်ခဲ့လေသည်။

ဟိန္ဒူများသည် ၎င်းတို့၏ အတွေးအမြင်များကို အရိယာဓမ္မ ဟု ခေါ်ကြသည်။ သနန္တန ဓမ္မ (ရှေးကျသော အရှည် တည်တံ့သော) တရားဟုလည်း ခေါ်ကြလေသည်။

ဟိန္ဒူ အယူဝါဒသည် ကမ္ဘာပေါ်မှာ ရှိရှိသမျှ နတ်ဘုရား အများ၊ နတ်ဘုရား တစ်ပါးတည်း၊ သုံးပါးတစ်ဆူ ဘုရား၊ လူဝင်စား ဘုရား၊ သူရဲကောင်း ကိုးကွယ်မှု၊ ရုပ်တု ကိုးကွယ်မှု၊ မိကြီး ဖကြီး ကိုးကွယ်မှု အားလုံး ပါဝင်သော အယူဝါဒ ဖြစ်လေသည်။

တစ်နည်းဆိုသော် ဟိန္ဒူ အယူဝါဒသည် ယုံကြည်ကိုးကွယ်မှု အားလုံးကို သိမ်းကျုံး လက်ခံထားသော အယူဝါဒကြီး ဖြစ်၍ ခက်လက် ဝေဆာလှသော ညောင်ပင်ကြီးနှင့် တူသည်ဟု ပညာရှင် အချို့က ဆိုလေသည်။

ငါမှတစ်ပါး တခြားကို မကိုးကွယ်ရ ဆိုသော ကျပ်တည်းသည့် အမြင် မရှိ၊ ဟိန္ဒူ ဝါဒကား မိမိ ကြိုက်ရာကို ကြိုက်သလို ကိုးကွယ်နိုင်သော အယူဝါဒမျိုး ဖြစ်၍ အတွေးအခေါ် လွတ်လပ်ခွင့် ရှိသည်ဟု ဆိုကြခြင်း ဖြစ်၏။

ဟိန္ဒူ ဝါဒကို ဗြဟ္မဏ ဝါဒဟု ခေါ်ခြင်းမှာ ခရစ်ယာန် သာသနာပြုများက ခေါ်ကြခြင်း ဖြစ်သည်ဟု ဆိုသည်။ * ပါမောက္ခ ဆွာမိ အာဗေဒါနန္ဒက ထိုသို့ မခေါ်ထိုက်ကြောင်း ငြင်းချက် ထုတ်ထားလေသည်။

အဘယ်ကြောင့် ဗြဟ္မဏ ဝါဒဟု မခေါ်ထိုက်သနည်း ဆိုသော် ထိုဝါဒကို ဘယ်ဗြဟ္မာကမှ ဟောကြားခဲ့သည် မဟုတ်သောကြောင့်ဟု ဆိုသည်။ ဟိန္ဒူဝါဒသည် စတင် ဟောကြားသူ မရှိ၊ အမည်ခံ မရှိသော အယူဝါဒ ဖြစ်ကြောင်းကိုလည်း သူက ဆိုလေသည်။

အစ ကတည်းက ဟိန္ဒူ အယူဝါဒသည် သတ္တဝါတို့ အသက် ရှူသော လေကဲ့သို့ လွတ်လပ်၍ ရှင်သန်သည်ဟုလည်း ဆိုကြလေသည်။ လေသည် မွှေးပျံ့သော ပန်းရနံ့တို့ကို မိမိ တိုက်ခတ်ရာ အရပ်သို့ ဆောင်သွားသကဲ့သို့ ဤသနန္တန အယူဝါဒသည်လည်း မှန်ကန်၍ လူသားတို့အား အကျိုး ရှိစေသည့် တရား အားလုံးကို ဆောင်ယူ ကျင့်သုံးသည်ဟုလည်း ပါမောက္ခ ဆွာမိ အာဗေဒါနန္ဒက အဆို ပြုလေသည်။

ဤတွင် ဟိန္ဒူ ဘာသာ အယူဝါဒတွင် နတ်ဘုရား အမျိုးမျိုးကို ကိုးကွယ်နေကြသည်ဟု ထင်မြင်ချက်မျိုး ရှိသည်ကို ပါမောက္ခ အာဗေဒါနန္ဒက ဘုရားများစွာကို ဟိန္ဒူ ဘာသာဝင်တို့ ကိုးကွယ် နေကြခြင်း မဟုတ်၊ ဘုရားကား တစ်ပါး တည်းပင် ဖြစ်သည်။

ထိုဘုရားကို နာမည် အမျိုးမျိုးဖြင့် ကိုးကွယ်ကြခြင်းလည်း ဖြစ်၍ ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် လူယောင်ဖန်ဆင်း၍ သက်ဆင်းခြင်းအား ကြိုက်နှစ်သက်သလို ကိုးကွယ်ကြခြင်းသာ ဖြစ်သည်ဟုလည်း ဆိုလေသည်။

တချို့က ရုပ်တု (Idol) ကို ကိုးကွယ် နေကြသည်ဟု အထင် ရှိကြသည်။ ရုပ်တုကို ဘယ်သူမှ မကိုးကွယ်၊ ရုပ်တုဖြင့် ဖော်ပြအပ်သော စံ (Ideal) ကို ကိုးကွယ် ကြခြင်းသာ ဖြစ်သည်။

အကျွန်ုပ်သည် ဟိန္ဒူ အယူဝါဒ၏ သဘောအမှန်ကို မိအောင် ဖမ်းယူနိုင်ဖို့ ကြိုးစားခဲ့လေသည်။

လူတွေ ဘာကြောင့် ရုပ်တု ကိုးကွယ်ကြသနည်း ဆိုသော အချက်မှာ အကျွန်ုပ်အား ငယ်စဉ်ကပင် စဉ်းစားစေခဲ့သော အချက် ဖြစ်သည်။ မိဘများက သူတို့ ဘာသာသည် ရုပ်တု ကိုးကွယ်သော ဘာသာ မဟုတ်၊ မိမိတို့က မမြင်ရသော တန်ခိုးတော်ရှင် ထာဝရ ဘုရားသခင်ကို ကိုးကွယ်တာ၊ ရုပ်တု ကိုးကွယ်တဲ့ ဘာသာတွေက အရုပ်ကြီးတွေကို ထိုင် ရှိခိုးနေကြတာဟု အကျွန်ုပ်အား အယုံသွင်းခဲ့ ကြဖူးလေသည်။

အကျွန်ုပ်သည် မိဘများ ပြောစက ရုပ်တု ကိုးကွယ်သော ဘာသာ အယူဝါဒများကို အသိဉာဏ် မရှိ

--------------

* *India and Her people p 52-53*

www.burmeseclassic.com



သော ဘာသာ အယူဝါဒများပင် ဖြစ်လေသလားဟု ဒွိဟ သံသယ ဖြစ်ခဲ့ဖူးလေသည်။ သို့သော် မိမိ နားမလည်သော ကိစ္စကို အတိုက်အခံ ငြင်းဆိုရန်ကား အားမထုတ်ခဲ့ချေ။

ယခု ဟိန္ဒူ အယူဝါဒများကို လေ့လာ ရသော အခါ ရုပ်တုများ၏ အနှစ်သာရ သဘောကို နားလည်လာရလေသည်။

လူသည် စိတ်မှန်းထက် အဆင်း သဏ္ဌာန်ကို ရှုမြင်ခြင်းဖြင့် သဒ္ဓါ ကြည်ညိုစိတ် ဖြစ်ရန် ပို၍ လွယ်ကူသည့်ပြင် အဆင်းသဏ္ဌာန်ကို မြင်နေရလျှင် ကျေးဇူးကို အောက်မေ့ဖို့လည်း လွယ်ကူလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးကို မမေ့စေလို၍ ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်၏ ရုပ်ပုံကို ထည့်သွင်း ဖော်ပြထားခြင်း ဖြစ်သည် မဟုတ်လား။

ဘုရားကျောင်းများ စေတီပုထိုးများ၌ ဆင်းတုတော်များ၊ နတ်ဘုရား ရုပ်တုများ တည်ထားခြင်းမှာ ရှေးက ပေါ်ပေါက်ခဲ့သော ကယ်တင်ရှင် ဘုရားများကို အမှတ် ရစေလို၍ ဖြစ်သည်ဟု ဆိုလေသည်။ ရာမကို သတိရဖို့၊ ကရစ္စနားကို သတိရဖို့ အတွက် ရာမရုပ်တု၊ ကရစ္စနား ရုပ်တုကို ထားခြင်း ဖြစ်သည်။ ဤတွင် အမှတ်ရခြင်း၊ ကြည်ညိုခြင်း စသော ဝိညာဉ်ပိုင်းကိုသာ ရှိခိုးခြင်း ဖြစ်လေသည်။ ထိုနေရာတွင် တခြား ရုပ်တုကို ထားလျှင် ရှိခိုးပါမည်လား။

ထိုအခါမှ စ၍ အကျွန်ုပ်သည် ရုပ်တု ကိုးကွယ်ခြင်း၏ စိတ်နေ သဘောထားကိုပါ ရှုမြင်တတ်ပြီ ဖြစ်လေသည်။

ဟိန္ဒူ အမျိုးသမီးများ၏ ကြည်ညိုပုံကလည်း ထူးခြားလေသည်။ ကရစ္စနား၏ မယ်တော် ဖြစ်လိုသော ဆန္ဒသည် ထိုအမျိုးသမီးများမှာ ကဲလျက် ရှိလေသည်။ ဘုရား၏ မိခင် အဖြစ်ကိုသာ ဟိန္ဒူ အမျိုးသမီးများက မိန်းမမြတ် စံ ထားကြလေသည်။

ဟိန္ဒူများထဲတွင် ဗိဿနိုး ကိုးကွယ်သူတွေ၊ သိဝ ကိုးကွယ်သူတွေ ခုနစ်မျိုးလောက် ကွဲနေလေသည်။

သူတို့၏ ဒဿနကို နားလည်ရန်မှာ သူတို့၏ အကြောင်းကို သိမှ ဖြစ်ပေလိမ့်မည်။ ဟိန္ဒူများထဲတွင် သံကာရာစရိယ နောက်လိုက်များ၊ ရာမာနုဂျာစရိယ နောက်လိုက်များ၊ မဒ္ဓဝါစရိယ နောက်လိုက်များ ဟူ၍ ခုနစ်မျိုး ရှိသော်လည်း ၎င်းတို့ အားလုံး သက်သတ်လွတ် အသီးအရွက် စားသူများ ဖြစ်ကြလေသည်။

ကောင်းမြတ်သော သဘောတို့ဖြင့် တန်ဆာဆင်ထားသော ဗိဿနိုး ကိုးကွယ်ခြင်းကို နားလည်နိုင်သော်လည်း အဆိပ် ပြင်းထန်သော မြွေများဖြင့် ပတ်လျက် ရက်စက် ကြမ်းကြုတ်သော သဘောများဖြင့် တန်ဆာဆင်ထားသော သိဝ ကိုးကွယ်မှုကိုမူကား အကျွန်ုပ်သည် နားလည်ရ ခက်နေခဲ့လေသည်။

အမှန်မှာ သိဝကား သမာဓိ၏ ပြယုဂ် ဖြစ်လေသည်။ အဆိပ်ပြင်းမြွေတို့သည် လောက၏ ကိလေသာ ကာမဂုဏ် တရားတို့ဖြင့် ပြည့်နှက်သော လောကကို သရုပ်ဖော်သည်။ သိဝ၏ သမာဓိကို ထိုအဆိပ်ပြင်းသော ကိလေသာ ကာမဂုဏ် တရားတို့သည် ဖျက်ဆီးခြင်းငှာ မတတ်သာဟု နားလည်ရပေမည်။ သိဝကား ကမ္မဋ္ဌာန်း တရား၏ သရုပ်၊ လောကီ စွန့်လွှတ်ခြင်း၏ သရုပ်လည်း ဖြစ်သည့်ပြင် ကာမဂုဏ် အနှောင်အဖွဲ့များမှ လွတ်မြောက်ခြင်း ယောဂ၏ သရုပ်ကိုလည်း သိဝက ဖော်ဆောင်ထားလေသည်။ ဖျက်ဆီးခြင်း တရားများ၊ သေခြင်း တရားများက သိဝကို ဝန်းရံ နေသော်လည်း သိဝအား ဖျက်ဆီးခြင်းငှာ လည်းကောင်း၊ သတ်ဖြတ်ခြင်းငှာ လည်းကောင်း မတတ်သာဟု ဆိုလိုခြင်းပင် ဖြစ်သည်။ ဘေးအန္တရာယ် အပေါင်းကို လည်းကောင်း၊ ရမ္မက် တဏှာနှင့် ဒုက္ခဆင်းရဲ အပေါင်းကို လည်းကောင်း အောင်နိုင်သူသည် သိဝ ဖြစ်သည်။ သိဝသည် လူသားတို့ အကျိုးငှာ လောကီအာရုံ ကာမဂုဏ် တရားများကို စွန့်လွှတ်ခြင်း အနက်ကို ဆောင်လေသည်။ ဝန်ထုပ်ဝန်ပိုးများ၊ စိုးရိမ်ကြောင့်ကြမှုများ၊ ဆင်းရဲဒုက္ခများကို လူသားတို့ အကျိုးငှာ မိမိဘာသာ ခံယူ သိမ်းပိုက်လျက် မသေခြင်း အမတသဘောကို သိဝ နတ်ဘုရားက သရုပ် ဖော်လေသည်။ သိဝသည် ယောဂ၏ ပြယုဂ်လည်း ဖြစ်လေသည်။

သိဝသည်လည်း လူဝင်စား ပုံစံ အမျိုးမျိုး ရှိပေရာ သိဝ ကိုးကွယ်သူများကလည်း ပုံစံ အမျိုးမျိုးဖြင့် ကိုးကွယ်ကြလေသည်။ သန့်စင် မွန်မြတ်ခြင်းကို သရုပ်ဖော်သည့် အနေဖြင့် ဖြူဆွတ်သော သိဝ ရုပ်တုမျိုး ပြုလုပ်၍ ကိုးကွယ်သူများ ရှိလေသည်။

အိန္ဒိယပြည်တွင် မယ်တော် ဘုရားများကို ကိုးကွယ်သည်လည်း ရှိသည်။ ထိုမယ်တော်ဘုရား ကိုးကွယ်သူများကို သက္ကတ (**Shakta**) ဟု ခေါ်ကြလေ၏။ မယ်တော် ဘုရားများလည်း လူဝင်စား ပုံစံ အမျိုးမျိုးဖြင့် ပေါ်ပေါက်ကြသည်။ ကာဠီ၊ ဒုရဂါ၊ တာရာ စသည်တို့ ဖြစ်သည်။ ပုရိသ သဘောကို သိဝက ကိုယ်စားပြုသည်။

www.burmeseclassic.com



ပြကတိ သဘောကို သက္ကတက ကိုယ်စား ပြုသည်ဟု လည်း မှတ်ယူကြသည်။

ဖြုန်းခနဲ ကြည့်လျှင် နားလည်ရ ခက်ပြီး အပေါ် ယံ ကျသည်ဟု ထင်ရသော ဟိန္ဒူဝါဒကို နက်နက်နဲနဲ သိဖို့ ကြိုးစားလိုက်သော အခါ လျှို့ဝှက် နက်နဲသော အဓိပ္ပာယ် များစွာကို နားလည် လာရလေသည်။

ဟိန္ဒူ ဘာသာ အယူဝါဒသည် သိပ္ပံပညာ၊ ယုတ္တိ ဗေဒနှင့် ဒဿနပညာများဖြင့် ဖွဲ့စည်း တည်ဆောက် ထားသည် ဆိုသော အချက်သည်လည်း အထိုက် အလျောက် ပေါ်လွင်လာတော့သည်။ ဟိန္ဒူတို့၏ အယူ ဝါဒကို နှိုက်နှိုက်နဲနဲ မသိလျှင် သိပ္ပံနည်း မကျ၊ ယုတ္တိ မရှိ၊ ဒဿန ကင်းသည်ဟု ယူဆမိကြပေလိမ့်မည်။ သို့ သော် ဟိန္ဒူ အယူဝါဒကား ထူးခြားစွာ သိပ္ပံနည်းလည်း ကျပြီး ယုတ္တိလည်း ရှိကာ ဒဿန တရားတို့နှင့်လည်း ပြည့်နှက်နေသည်ကို သိမြင်လာသော အခါ အကျွန်ုပ် စိတ်တွင် များစွာ အထင်ကြီးမိရ လေတော့၏။

သဘာဝ မကျလျှင်၊ ယုတ္တိ မရှိလျှင်၊ ဒဿန မဆန်လျှင် မယုံကြည်ချင်သော ဟိန္ဒူတို့၏ စိတ်ဓာတ် ကိုလည်း အကျွန်ုပ် များစွာ လေးစားမိပါ၏။

သို့သော် ဟိန္ဒူတို့၏ စိတ်ဓာတ်တွင် မိမိနှင့် အလိုတူရာ မိမိကြိုက်ရာကို ရွေးချယ် ကိုးကွယ်လျက် ရှိကြရာ၌ ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ဖြစ်ကြလေသည်။

ကိုးကွယ်ရာတွင် ကွဲပြား ခြားနားကြသော်လည်း ယုံကြည် လက်ခံထားသော ဒဿနပိုင်းတွင် တူညီသော အချက်များကိုလည်း တွေ့ရလေသည်။

အကျွန်ုပ်သည် ဟိန္ဒူဝါဒများကို နှိုက်နှိုက်နဲနဲ သိလိုစိတ် ပြင်းထန်ခဲ့လေသည်။

ဘဂဝါဂီတာထဲတွင် လူသားတို့ ဒုက္ခဆင်းရဲ ဖြစ်ရ သည့် အကြောင်းကို ဖော်ပြရာ၌ အတ္တ၏ အကန့်အသတ် ဖြစ်ရခြင်းမှာ 'အဝိဇ္ဇာ' ကြောင့် ဖြစ်သည်ဟု ဆိုလေသည်။ လောဘ ဒေါသကို ပယ်သတ်ရန် အလို့ငှာ ဝိဇ္ဇာဉာဏ် ပညာကို ရှာရမည်။ *

ပါမောက္ခသည် ဟိန္ဒူ အယူဝါဒတွင် ပေါ်ပေါက် ခဲ့သော ဒဿန စနစ် ခြောက်မျိုးကိုသာ အခြေခံ၍ သင် ကြား လေသည်။ အကျွန်ုပ် အနေနှင့်လည်း အကွဲကွဲ အပြားပြား မိမိတို့ နှစ်သက်ရာကို ယုံကြည် ကိုးကွယ် နေကြသော ဘာသာ ယဉ်ကျေးမှုကိုထက် ဟိန္ဒူ ဒဿန ကိုသာ ပို၍ သိချင်ပါသည်။

'ဟိန္ဒူ ဒဿနဂိုဏ်း ခြောက်ဂိုဏ်း အကြောင်း ကို ဆရာ ပြောခဲ့ပြီးပြီ၊ ဒီဒဿန စနစ်တွေဟာ အားလုံး သုတ္တ (Sutra) ခေတ်မှာ ပေါ်ပေါက်ခဲ့ကြတယ်၊ ခြောက် ဂိုဏ်း ဆိုသော်လည်း ဉာယနှင့် ဝိသေသိက ဂိုဏ်းများက တစ်စု၊ သင်္ချာနှင့် ယောဂဂိုဏ်းက တစ်စု၊ ပုဗ္ဗမိမံသနှင့် ဝေဒန္တ တို့က တစ်စု ခွဲလို့ရတယ်။

'ဉာယဂိုဏ်းရဲ့ ဝိဘဇ္ဇနည်း (Method of Analysis) ကို ဝိသေသိက က ယူတယ်၊ ဝိသေသိကရဲ့ အက်တမ် သီဝရီကို ဉာယက လက်ခံတယ်။

'ဉာယဂိုဏ်းက အသိပညာ ဖြစ်ကြောင်း နည်း လေးနည်း ရှိတယ်လို့ အသိအမှတ် ပြုထားတယ်၊ လေး နည်း ဆိုတာက ၁၊ ပစ္စက္ခနည်း (prartyksa pramana) ၂၊ အနုမာနနည်း (anumana pramana) ၃၊ ဥပမာနနည်း (upamana pramana) ၄၊ သဒ္ဒါနည်း (subda pramana) တို့ ဖြစ်ပါတယ်။

'ဘီစီ ၃၀၀ တန်းမှာ ဉာယ ဒဿန ပေါ်ပေါက် ခဲ့တယ်၊ ဂေါတမရဲ့ ဉာယ သုတ္တန်ဟာ ထင်ရှားတယ်။

'ဒီ ဉာယ ဒဿနဟာ အေဒီ ၁၂၀၀ တန်း မိထိလာ ပြည်သား ဂင်္ဂါသာ လက်ထက်အထိ ထွန်းကား ခဲ့တယ်၊ သူ ရေးသားခဲ့တဲ့ ကတ္တွာ စိန္တာမဏိကျမ်း (Tattva Cintamani) ဟာ ထင်ရှားတဲ့ ကျမ်းတစ်စောင် ပဲ တပည့်တို့။

'ဝိသေသိက ဒဿနကတော့ စကြဝဠာ ဗေဒ (cosmology) ကို ပိုပြီး စိတ်ဝင်စားတယ်၊ ရုပ်ဝတ္ထုတွေ ကို မြေ၊ ရေ၊ လေ၊ မီး ဆိုတဲ့ အက်တမ်တွေနှင့် ဖွဲ့စည်း ထားတယ်လို့ ယူဆခဲ့တယ်၊ သို့သော် လောကရဲ့ အခြေခံ အကြောင်းတရားဟာ ရုပ်ဒြပ် သက်သက်ချည်း မဟုတ် ဘူး၊ ရေ၊ မြေ၊ လေ၊ မီး အပြင် ဌာန၊ ကာလ၊ အီသာ (အာကာသ)၊ စိတ်နှင့် ဝိဉာဏ်တွေလည်း ပါတယ်လို့ ဆိုတယ်၊ ကမ္ဘာကြီး ဖြစ်ပေါ် မလာမီ ကတည်းက ဆိုခဲ့ပြီးတဲ့ ဓာတ်ကြီး ကိုးပါး ရှိပြီးသားလို့ ဆိုတယ်၊ ဘုရားသခင်က ရှိပြီးသား အခြေခံ မဟာဘုတ် ကိုးမျိုး ကို ပေါင်းစပ်ပြီး ဖန်ဆင်းခြင်းကို ပြုတယ်လို့ သူတို့က တွေးခေါ် ယူဆခဲ့ကြတယ်'

ဆရာသည် တပည့်များ မှတ်မိစေလိုသော ဆန္ဒ ဖြင့် ဝိသေသိက ဒဿန အယူအဆများ၊ ဉာယ ဒဿန အယူအဆများကို စားမြုံ့ ပြန်ပြီးနောက် ဟိန္ဒူတို့၏ ဘုရားသခင်ကို သိမြင်ရာ သိမြင်ကြောင်း ဖြစ်သော

---

* *Hinduism p 55*

www.burmeseclassic.com



ယောဂနည်းများ အကြောင်းကို ပြောပြန်သည်။

'ဟိန္ဒူဘာသာ အယူဝါဒ အရ ဘုရားသခင်ကို သိမြင် ပေါက်မြောက်နိုင်တဲ့ နည်းလေးနည်း ရှိတယ်၊ ဉာဏယောဂ၊ ရာဇယောဂ၊ ကာမယောဂနှင့် ဘတ္တိယောဂတို့ ဖြစ်တယ်၊ ဉာဏယောဂ ဆိုတာက အမြင်မှန် အသိမှန် ရအောင် အားထုတ်တဲ့နည်း၊ ရာဇယောဂ ဆိုတာက ကမ္မဋ္ဌာန်းနည်း၊ ကာမယောဂ ဆိုတာက ဘာသာရေး အလုပ်များ၊ ကောင်းမှု ကုသိုလ်ကို ပြုတဲ့နည်း၊ ဘတ္တိယောဂ ဆိုတာကတော့ ဝတ်ပြု ပူဇော် ပသတဲ့ နည်းပဲ။

'ပညာရှင်များ အနေနှင့်တော့ ဘတ္တိနည်းဟာ သိရခက်တယ်၊ သို့သော် ဟိန္ဒူ ဘာသာဝင် များစွာတို့ကတော့ ဘတ္တိနည်းကိုပဲ အထူး ကျင့်ကြံ အားထုတ်ကြတယ်၊ ဘုရားသခင်ကို ချစ်ခင် ကြည်ညိုပြီး ဝတ်ပြု ပူဇော်တဲ့ နည်းဟာ ဘယ်လို ထူးခြားသလဲ မသိဘူး၊ လူကြိုက်များတယ်၊ ဗိဿနိုး နှင့် သိဝ ကိုးကွယ်သူများက ဒီနည်းကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံး ပြုကြတယ်။

'တပည့်တို့ အနေနှင့် ဟိန္ဒူ အယူဝါဒထဲက ယောဂရဲ့ သဘောကိုတော့ သိသင့်တယ်။

'ယောဂ ဒဿနမှာ ယောဂ ဆိုတာ စိတ်ရဲ့ ပြုပြင်မှုတွေကို ပြတ်စဲသွားအောင် (စိတ္တဝတ္တိ နိရောဓ) ပြုတာလို့ နားလည်ပါ၊ စိတ်ရဲ့ ပြုပြင်မှုတွေနှင့် အတ္တတို့ ထပ်တူပြုတဲ့ သဘောကို ကာကွယ်တာ၊ ယောဂဟာ စိတ်ရဲ့ ပြုပြင်မှုတွေကို လိုက်ဖမ်းတာပဲ တပည့်တို့။

'ယောဂ ဒဿန အရ စိတ္တဘူမိလို့ ခေါ်တဲ့ စိတ်အဆင့်ကို ငါးဆင့် ပြတယ်၊ ဆောက်တည်ရာမဲ့ လှုပ်ရှားတဲ့ အဖြစ် (ခိပ္ပတ)၊ တွေဝေငြိမ်သက်တဲ့ အဖြစ် (မုဠ္ဍ)၊ စိတ်နောက်ခြင်း အဖြစ် (ဝိခိပ္ပတ)၊ တည်ကြည်ခြင်း သမာဓိ အဖြစ် (ဧကဂ္ဂတာ)၊ သင်္ခါရ တရားတွေ ချုပ်ငြိမ်းသည်၏ အဖြစ် (နိရောဓ) တို့ ဖြစ်တယ်၊ ဒီစိတ် အဆင့်တိုင်းမှာ စိတ်ထိန်းချုပ်မှု သဘောတွေ၊ စိတ်ပြောင်းလဲမှု သဘောတွေလည်း ရှိတယ်၊ စိတ်အဆင့် တစ်ခုဟာ အခြား စိတ်အဆင့် တစ်ခုကို ပိတ်ပင်တဲ့ သဘောလည်း ရှိတယ်၊ ဥပမာ အချစ်စိတ်ကို အမုန်းစိတ်က ပိတ်ပင်တဲ့ သဘောမျိုးကို ပြောတာပဲ။

'စိတ်အဆင့် ငါးဆင့်မှာ ပထမ သုံးဆင့်ဟာ ယောဂမှာ အကျုံး မဝင်ဘူး၊ နောက်ဆုံး ဧကဂ္ဂတာနှင့် နိရောဓ သဘောများသာ ယောဂမှာ အကျုံးဝင်တယ်၊ သဘောကတော့ ယောဂ အကျင့်တွေဟာ စိတ်ကို စင်ကြယ်အောင် ပြုတာ၊ ကာယ ဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ ဖြစ်အောင် အားထုတ်တာပဲလို့လည်း အလွယ် မှတ်သားထား နိုင်ပါတယ်၊ ယောဂဟာ ကျင့်စဉ်ပဲကွယ့်၊ စိတ် (နာမ်) နှင့် ကိုယ် (ရုပ်) တို့ ကွဲအောင် ရှုတာဟာ ယောဂပဲ။

'ယောဂဟာ တစ်စုံတစ်ခုသော ကသိုဏ်းပေါ်မှာ စိတ်ကို ကြာရှည်စွာ တည်ငြိမ်အောင် စူးစိုက်ထားတာ၊ ပြီးတော့ စိတ်ပြောင်းလဲမှုတွေကို ရပ်စဲသွားအောင် အားထုတ်ခြင်းကို ယောဂလို့ သဘောပေါက်ရမယ်၊ တပည့်တို့ တရား ထိုင်တယ်လို့ ပြောနေတာတွေဟာ ယောဂ အကျင့်တွေချည်းပါပဲ၊ တရားထိုင် ကြည့်ရင် စိတ်ဟာ အမျိုးမျိုး ပြောင်းလဲနေတာ တွေ့ရလိမ့်မယ်၊ အဲဒီစိတ် ဖောက်ပြန် ပြောင်းလဲ ပြေးလွှား လှုပ်ရှားနေတာတွေ အားလုံး ရပ်စဲပြီး တစ်ခုသော စိတ်ဖြင့် တည်ကြည် ငြိမ်သက်နေအောင် ပြုတာကို ယောဂ အကျင့် ခေါ်ပါတယ်၊ ယောဂ အကျင့်သည် စိတ်ကို ဖမ်းချုပ်တဲ့ အကျင့်ပဲ တပည့်တို့၊ စိတ်ရဲ့ ပြောင်းလဲမှုတွေ ဖောက်ပြန်မှုတွေကို ပယ်ရှင်းပြီး သင်္ခါရ တရားတွေ ချုပ်ငြိမ်းခြင်း (နိရောဓ) အဆင့်ကို ရောက်အောင် ပြုတာလို့ မှတ်ကြပါ၊ အဲဒီလို သင်္ခါရ တရားတွေက လွတ်မြောက်ပြီး စိတ်ဟာ ပညာ အဆင့်အခြင်နှင့် ပြည့်စုံသော သမာဓိ အဆင့် သမ္ပဇညာတ သမာဓိကို ရောက်အောင် အားထုတ်တာဟာ ယောဂ အကျင့်ပါပဲ၊ နိရောဓ အဆင့်ကတော့ အသမ္ပဇညာတ သမာဓိ အဆင့် ဖြစ်တယ်၊ ဒီအချိန်မှာ စိတ်က ဘာကိုမှ မသိ၊ ဘာကိုမှ မဆင်ခြင်တော့ဘဲ ငြိမ်သက် တန့်ရပ်နေတယ်၊ ဒါကို သမာပတ် (ဈာန်) ဝင်စားခြင်းလို့ ခေါ်ပါတယ်၊ အင်္ဂလိပ်လိုတော့ (trance or absorption) လို့ ခေါ်ပါတယ်၊ ဒါကို သမာဓိ ယောဂ လို့လည်း ခေါ်ပါတယ်၊ အသမ္ပဇညာတ သမာဓိ အဆင့်ကို ရောက်ရင် စိတ်ရဲ့ ပြောင်းလဲမှု ဖောက်ပြန်မှုများ အားလုံးကို ပယ်သတ်နိုင်တယ်၊ ဒီအဆင့်မှာ အတ္တဟာ သူ့ချည်းခန္ဓာရဲ့ အနှောင်အဖွဲ့မဲ့ လွတ်လပ်စွာ ဖြစ်ပေါ်နိုင်တယ်လို့ ဟိန္ဒူ ဒဿနမှာ ယူဆထားတယ်၊ အဲဒါဟာ ဘဝရဲ့ ပန်းတိုင် ဖြစ်တယ်၊ အတ္တရဲ့ လွတ်မြောက်ခြင်း ဖြစ်တယ်လို့လည်း ယောဂ ဒဿနမှာ အထင်အရှား ပြထားပါတယ် တပည့်တို့၊ ဒီအခါမှာ ဘဝရဲ့ ဆင်းရဲခြင်း ဒုက္ခ မှန်သမျှဟာလည်း ချုပ်ငြိမ်းပြီလို့ ဟိန္ဒူ ဒဿနမှာ လက်ခံယုံကြည်ထားပါတယ်။

www.burmeseclassic.com



'ဘ၀ရဲ့ အနှစ်သာရဟာ ချမ်းမြေ့မှု သုခကို ရှာဖွေခြင်းပဲ ဖြစ်ပါတယ်၊ ယောဂဟာ အဲဒီ ချမ်းမြေ့ခြင်းသို့ သွားရာ ရောက်ရာ လမ်းပဲ ဖြစ်တယ်၊ ယောဂဟာ ဆန္ဒအားလုံး၊ တဏှာအားလုံး၊ ဒုက္ခဆင်းရဲ အားလုံးကို ပယ်သတ်နိုင်တဲ့ နည်းလည်း ဖြစ်တယ်၊ ခန္ဓာမှာ အနှောင်အဖွဲ့ ဖြစ်နေတဲ့ အတ္တကို ကိုယ်မှ ခွဲထုတ်နိုင်တဲ့နည်းသည်လည်း ယောဂပဲလို့ သဘော ကျရမယ်၊ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ အားလုံးကိုလည်း ယောဂနှင့် ပယ်သတ်နိုင်တယ်လို့ ဟိန္ဒူ အယူဝါဒမှာ ယုံကြည် လက်ခံထားပါတယ်၊ ဒါကြောင့် အတ္တရဲ့ လွတ်မြောက်ခြင်း၊ ဆင်းရဲဒုက္ခမှ ကင်းဝေးခြင်းကို အလိုရှိသူတိုင်းဟာ ယောဂကို ကျင့်ကြံ အားထုတ်ရမယ်လို့ သဘောပေါက် နိုင်ပါပြီတပည့်တို့'

ဘ၀ဒုက္ခမှ လွတ်မြောက်ခြင်းကို အသမ္ပဇညာတ သမာဓိ အဆင့်သို့ ဆိုက်ရောက်အောင် အားထုတ်ခြင်း ဖြစ်သည် ဆိုသော ယောဂ ဒဿနၵ် ဘ၀ ပန်းတိုင်ကို အကျွန်ုပ် စိတ်အစဉ်တွင် ဘ၀င် ကျသွားခြင်း မရှိဘဲ ဒွိဟ များစွာဖြင့်သာ နေခဲ့ရလေသည်။

အကျွန်ုပ်သည် သံကာရာစရိယ၏ အဒွိတ္တ ဝေဒန္တကို လည်းကောင်း၊ ရာမာနုဂျာစရိယ၏ ဝိသိဋ္ဌာ ဒွိတ္တ (Visis Tadvaita) ဝေဒန္တကို လည်းကောင်း လေ့လာကြည့်ပါ၏။ ထိုဒဿနများမှာ ဘုရား တစ်ပါးတည်း ရှိကြောင်းကို သက်သေထုရင်း အငြင်းပွား နေကြခြင်းသာ ဖြစ်လေသည်။

ဟိန္ဒူ အယူဝါဒကား ဝေဒခေတ်မှာ တစ်မျိုး၊ ဥပါနိသျှာဒ်ခေတ်မှာ တစ်မျိုး၊ ဗြဟ္မဏ ဝါဒခေတ်ဟု ခေါ်သော မဟာဘာရတ ရာမာယန ခေတ်မှာ တစ်မျိုး၊ သုတ္တခေတ်မှာ တစ်မျိုး၊ ယခု နောက်ဆုံး ခေတ်သစ် ဟိန္ဒူ ပညာရှင်များ လက်ထက်တွင် တစ်မျိုး၊ ပုံစံ အမျိုးမျိုးဖြင့် တိုးတက် ပြောင်းလဲ ဖြစ်ပေါ်နေလေသည်။

မျက်မှောက်ခေတ်တွင် ဟိန္ဒူ အယူဝါဒ ပြောင်းလဲ တိုးတက်လာခြင်းမှာ ခရစ်ယာန် ဘာသာ၏ ဩဇာ လွှမ်းမိုးမှု ပါသည်ဟု ပညာရှင်များက ယူဆကြသည်။ ရာဂျာရမ္မိုဟမ်ရွိုင်း (၁၇၇၄–၁၈၃၃) လက်ထက်တွင် ဟိန္ဒူ ဝါဒ ပြုပြင် ပြောင်းလဲမှုများကို ပြုလုပ်ပြန်သည်။ သူသည် ၁၈၂၈ ခုနှစ်တွင် ဗြဟ္မောသမဇ္ဇ (Brahmo Samaj) ကို တည်ထောင်၍ ခေတ်သစ် ဟိန္ဒူ ဝါဒကို ဟောကြား ပြန်လေသည်။

ထိုလှုပ်ရှားမှုကို ဩသဒေါ်ခ်က ဟိန္ဒူများက ပြစ်တင် ဝေဖန် ကြလေသည်။ ရမ္မိုဟမ်၏ လုပ်ငန်းများကို ရာဘင်ဒြာနာသ် တဂိုး၏ ဖခင် ဒြာဘင်ဒြာနာသ် တဂိုးက ထောက်ခံ၍ ဆက်လက် ကြိုးပမ်း လုပ်ဆောင်ခဲ့လေသည်။ ခေတ်မီသော သိပ္ပံနည်းကျ အမြင်များကို ထူထောင်ရန် အားထုတ်ခြင်း ဖြစ်လေ၏။

နောက် ဟိန္ဒူ ဝါဒကို ပြုပြင် ပြောင်းလဲရန် အားထုတ်သော ပညာရှင်မှာ ဆွာမိဒေယနန္ဒ သာရဿဝတီ (၁၈၂၄–၈၃) ဖြစ်သည်။ သူ့လက်ထက်တွင် အာရိယာ သမဇ္ဇကို ထူထောင်လေသည်။ ဝေဒခေတ်ကို ပြန်လည် ထူထောင်ရန် ဟူသော ကြွေးကြော်သံဖြင့် ဆောင်ရွက်ခဲ့သော လှုပ်ရှားမှု ဖြစ်လေသည်။ နောက်ပိုင်းတွင် ဗြဟ္မောသမဇ္ဇ အယူဝါဒများ ဘင်္ဂါ ပြည်နယ်တွင် ထွန်းကားခဲ့လေသည်။

ဆရာဖြစ်သူ ရာမာကရစ္စန၏ ဘတ္တိယောဂ စနစ်ကို ကြီးပွားအောင် သာသနာပြု စနစ်ဖြင့် ထူထောင်သူမှာ ဆွာမိဝိဝေကနန္ဒ (၁၈၆၂–၁၉၀၂) ဖြစ်လေသည်။ သူလည်း အဒွိတ္တ ဝေဒန္တ ဝါဒကိုပင် ဖြန့်ခဲ့လေသည်။

နောင်တွင် တောင်ပိုင်းမှ ရာမဏ မဟာသီ (၁၈၇၉ – ၁၉၅၀) ၏ လှုပ်ရှားမှုများနှင့် ရှရီဩရိဘင်ဒိုဂိုသဲ၏ ယောဂ ဒဿန အပေါ် အခြေခံသော ဟိန္ဒူ အယူဝါဒများလည်း ပေါ်ပေါက် ခဲ့လေသည်။

အကျွန်ုပ်သည် အလွန် သိရ ခက်ခဲလှသော ဟိန္ဒူ အယူဝါဒများကို အထိမိဆုံး သိမြင် နားလည်စေရန် ဟိန္ဒူ၏ ဒဏ္ဍာရီ ဆန်သော သမိုင်း ကဏ္ဍကို ပယ်ထုတ်ပြီး ဒဿန ဆန်သော အပိုင်းကိုသာ အဓိက ထား၍ လေ့လာခဲ့ပါသည်။

ဘ၀ သစ္စာကို ရှာသော အကျွန်ုပ်ကဲ့သို့သော သူအဖို့ သမိုင်း ကဏ္ဍထက် ဒဿန ကဏ္ဍသည်သာ ပို၍ အရေးကြီးသည် မဟုတ်ပါလား။ အကျွန်ုပ်သည် တိုက်တိုက်ဆိုင်ဆိုင် ဟိန္ဒူ အယူဝါဒနှင့် နီးနွယ် ဆက်စပ်လျက် ရှိသော ပါမောက္ခ ဆရာမြတ်ထံတွင် ထိုအယူဝါဒကို ဆရာလက်ထပ် သင်ကြားခွင့် လေ့လာခွင့် တွေးတောခွင့် ရခဲ့သည်မှာ အလွန်ပင် ကံကောင်း ထောက်မသည်ဟု ထင်လျက်သာ ဆရာသခင် ကျေးဇူးရှင်၏ ပြန်ဆပ်ခြင်းငှာ မတတ်သာသော ကျေးဇူးကို အောက်မေ့ လျက် ဤစာ၏ ပထမ ကဏ္ဍကို ဤမှာ အဆုံးသတ် လိုက်ရပါပြီ။

**[ပထမပိုင်း ပြီးပါပြီ။ ]**

www.burmeseclassic.com

ဒုတိယတွဲ

# ကမ္ဘာ့ ဒဿန ပေါင်းစုံနှင့် ဆန်းလွင်

www.burmeseclassic.com

www.burmeseclassic.com

## စကားဦး

ဤ....
ဒုတိယပိုင်းမှာ
အရှေ့တိုင်း ဒဿနများနှင့်
အနောက်တိုင်း ဒဿနများကို
ဖွင့်ဆိုပါသည်။
အိန္ဒိယ ဒဿန
ဥရောပ ဒဿန
ဗြိတိသျှ ဒဿန
အမေရိကန် ဒဿန မျိုးစုံကို
ဗုဒ္ဓ မပေါ်မီ ဘီစီ ၆၀၀ ကျော်မှ
ယနေ့ ၂၁ ရာစု သို့တိုင်
ပါနိုင်သမျှပါအောင်
အားထုတ်ထားပါသည်။
အားထုတ်ရသည့် အကြောင်းမှာ
ဘဝ၏ ကိုးကွယ်ရာကို ရှာဖို့
ဘဝ၏ ဆောက်တည်ရာကို ရှာဖို့
ဘဝ၏ အဓိပ္ပာယ်ကို ရှာဖို့
ဘဝ၏ ပန်းတိုင်ကို ရှာဖို့
ဘဝ၏ ထွက်ပေါက်ကို ရှာဖို့ ဖြစ်၏။
စာဖတ်သူလည်း
အကျွန်ုပ်ကဲ့သို့ 'ရှာသူ' ဖြစ်ပါမူကား
ဤစာ တန်ဖိုး ရှိပါလိမ့်မည်။

**ဆန်းလွင်**

www.burmeseclassic.com

www.burmeseclassic.com

**ကရုဏာ စကား**

ယုတ်မာဆိုးတောင်း ကျင့်မကောင်းကို
မှားကြောင်းတစိ သိလျှင်သိချင်း
စွန့်ပယ်လျှင်းလော့။
အတင်းယူစွဲ ဖားမြွေခဲသို့
အမြဲမှတ်သို မစွန့်လိုက
ဤကိုယ်သုခ နောင်မရဘူး။

**မဃဒေဝလင်္ကာသစ်**
**ကျေးရွာရှင် မန်လည်ဆရာတော်**

www.burmeseclassic.com

www.burmeseclassic.com

## ၇။ ဝိဝါဒ ပင်လယ်ကြောမှာ မျောခဲ့ပါသည်

ဘီအေ နောက်ဆုံးနှစ်ကို တက်ရောက် သင်ကြားရသော နှစ်သည် အကျွန်ုပ်၏ ဘဝတွင် ထူးခြားသော အချိန်ကာလ တစ်ခု ဖြစ်သည်ဟု ဆိုသင့်ပါသည်။ ဆိုသင့်သည့် အကြောင်းများလည်း ရှိပါသည်။

အထူးခြားဆုံးသော အကြောင်းမှာ ထိုနှစ်တွင် အကျွန်ုပ်သည် လူ့ဘဝခရီးကို ရင်ဆိုင် ကျော်ဖြတ်ရာ၌ 'အခက်အခဲများ၏ လွယ်ကူခြင်း သဘော' ဆိုသည့် ဒဿနအမြင် တစ်ခုကို ကြည်ကြည်လင်လင် ရရှိခဲ့သည့် အကြောင်းပင် ဖြစ်ပါသည်။

ထို သဘောကို ယခု ရှင်းပြပါမည်။

ဘီအေ နောက်ဆုံးနှစ်သို့ ရောက်သော အခါ အကျွန်ုပ်မှာ လစဉ် ပုံမှန် ဝင်ငွေရသော အစိုးရ ရာထူးနှင့် အလုပ်တာဝန် မရှိတော့ပါ။ မိမိ ပတ်ဝန်းကျင်မှ လူများမှာ လခစား အလုပ်မှ အကျွန်ုပ် နုတ်ထွက် လိုက်ခြင်း အတွက် အမျိုးမျိုး အဖုံဖုံ ခံစားကြရပါသည်။

ဘာလုပ်စားမလဲ၊ ထမင်း ငတ်တော့မှာပဲ ဟု စိုးရိမ် မကင်းသူလည်း ရှိပါသည်။ ဖင်ခေါင်း ကျယ်ပြီး အလုပ် ထွက်တာ၊ သူ့လိုကောင် ဒီ ရာထူးမျိုး နောက်ထပ် ဘယ်မှာ ရတော့မလဲ ဟု ကဲ့ရဲ့သူလည်း ရှိပါသည်။

ရာထူး မရှိရင် ဘယ်သူက အရေး လုပ်တော့မှာလဲ၊ မျက်နှာ ရှိပါဦးတော့မလားဟု အောက်ကျ နောက်ကျ ဖြစ်သွားမှာ စိုး၍ ဝမ်းနည်းသူလည်း ရှိပါသည်။ ယောက်ျားပဲကွာ၊ မင်းသဘောကို တို့ နားလည်တယ်၊ မင်းဟာ သတ္တိ ရှိတယ်၊ ဆုံးဖြတ်တာမှာ ရဲရင့်တယ်၊ ဘာကိုပဲ ဖြစ်ဖြစ် စွန့်လွှတ်သင့်တယ်လို့ ယုံကြည်တဲ့ အချိန်မှာ စွန့်လွှတ်ဖို့ ဝန်မလေးဘူး၊ ပြတ်သားတယ်၊ အရည်အချင်း ရှိတဲ့လူမှာ လုပ်စရာ အလုပ် မရှားပါဘူးကွာ၊ ဘဝကို မင်းက (struggle) ရုန်းကန်ခြင်းလို့ နားလည် သဘောပေါက် ထားတာပဲ၊ ဘာမှ ပူစရာ မရှိဘူး၊ ခုမှ မင်းဟာ လွတ်လွတ်လပ်လပ် ရုန်းနိုင်ကန်နိုင်ပြီပဲ၊ မင်း ဖြစ်ချင်တာက တစ်မျိုး၊ ခု မင်း ဖြစ်နေတာက တစ်မျိုး တကွဲတပြား ဖြစ်နေတယ်၊ ဒီအချိန်က စပြီး မင်း ဖြစ်ချင်တာ ဖြစ်အောင် လုပ်ဖို့ အခွင့်အလမ်း ရသွားပြီ ကိုယ့်လူ ဟူ၍ အကျွန်ုပ်ကို နားလည်သောသူများက အားပေး အားမြှောက် ပြုသည်လည်း ရှိပါသည်။

ဤကဲ့သို့ အားပေးအားမြှောက် ပြုသည်ကို တချို့လူတွေက ချောက်တွန်းသည်ဟု ထင်သည်လည်း ရှိပါသည်။ စွန့်တိုင်း ကောင်းသလား၊ ထောင် မြင်မှ ရာစွန့်သင့်တာပေါ့ ဟူ၍ အရှုံး အမြတ် သေချာပေါက် တွက်နည်းကို ပြောပြကြသည်လည်း ရှိပါသည်။

အကျွန်ုပ်သည် ပထမကပင် ဘယ်သူတွေ ဘာမှ မပြောခင် ငါ အရင် လုပ်မည်ဟု ဆုံးဖြတ်ပြီးနောက် အလုပ်မှ ထွက်ခဲ့ခြင်း ဖြစ်ပေရာ ယခုအချိန်တွင် ဘယ်သူတွေ ဘာပဲပြောပြော အကျွန်ုပ် အနေနှင့် ဘဝင် မြင့်စရာလည်း မလို၊ ဘဝင် နိမ့်စရာလည်း မလို၊ ဝမ်းနည်းဖွယ်လည်း မရှိ၊ ဝမ်းသာဖွယ်လည်း မမြင်တော့ပါ။ အကျွန်ုပ် ရင်ထဲမှာ တည်ဆောက်ထားရမည့် တရား တစ်ခုတည်းသာ ရှိသည်ဟု ရှုမြင် သုံးသပ်ထားပါသည်။ ထိုတရားသည် လောကဓံ၌ တုန်လှုပ်ခြင်း မရှိဖို့ပင် ဖြစ်ပါသည်။ ထိုသို့ မဖြစ်အောင် ပထမ ဘာလုပ်သင့် သနည်းဟု အကျွန်ုပ် စဉ်းစားပါသည်။ အကျွန်ုပ် လုပ်ရမည့် ပထမဆုံး အလုပ်မှာ ကိုယ့်ကိုယ်ကိုယ် မျောက် သစ် ကိုင်း လွတ်သွားပြီ ဟု မအောက်မေ့မိဖို့နှင့် ထိတ်လန့်ခြင်း မဖြစ်မိဖို့ပင် ဖြစ်ပါသည်။

ထိတ်လန့်ခြင်း ဟူသည် သံဝေဂပင် ဖြစ်၏။ အဘယ်သူသည် သံဝေဂ ဖြစ်တတ်သနည်း။ အမှား တစ်စုံတစ်ရာ ပြုမိသူသည် သံဝေဂ ဖြစ်တတ်ပါသည်။

ဤတွင်"အမှား' ၏ သဘောကို ပြတ်ပြတ်သားသား မြင်တတ်ဖို့ လိုပါသည်။ အကျွန်ုပ် ဘာမှားခဲ့သနည်း။ ဤကား မိမိကိုယ်ကို မိမိ ဝေဖန် သုံးသပ်ခြင်းပင် ဖြစ်၏။ ထိုအခါ 'အမှား' ဆိုတာ ဘာလဲ ဟူသော အမေးကို အဖြေ ရှာဖို့ လိုလာပြန်သည်။

ကိုယ်ကျင့်တရားအားဖြင့်မူ ကျူးလွန်ခြင်းသည် အမှား ဖြစ်သည်။ မိမိ အနေနှင့် ဘယ်လို မကောင်းမှု ဒုစရိုက်ကို ပြုခဲ့သနည်း။ အမှန်မှာ မိမိသည် မကောင်းမှု ဒုစရိုက်မှ ခုန်ထွက်လိုက်ခြင်းသာ ဖြစ်လေသည်။ ဆိုလို

www.burmeseclassic.com



သည်မှာ အကျွန်ုပ်သည် ရာထူး လက်ခံ ရှိစဉ်အခါက မိမိ ကိုယ်တိုင် မပြုလုပ်ခဲ့သည် မှန်သော်လည်း မိမိ လက်အောက်က လူများ လာဘ်ပေး လာဘ်ယူမှုတွင် ဝေစား မျှစား အဖြစ် ပါဝင်နေခဲ့သူ ဖြစ်ကြောင်း ရှေ့ပိုင်းတွင် ဝန်ခံခဲ့ခြင်းကို ဆိုလိုပါသည်။

စီးပွားရေး သဘောအားဖြင့် အမှား ဆိုသည် အကျိုးအမြတ် ဆုံးရှုံး နစ်နာခြင်းကို ဆိုပါသည်။ တစ်ခါတစ်ရံ စီးပွားရေး အရ အကျိုးအမြတ် ရှိသောကြောင့် အမှန် ဖြစ်သည်ဟု ယူဆရသော အပြုအမူများသည် ကိုယ်ကျင့်တရားအားဖြင့်မူ ယုတ်မာ ညစ်ပတ်မှုများဟု ထင်ရလောက်အောင်ပင် မှားယွင်း နေတတ်လေသည်။ ထိုသဘောကို သိမြင်ရန် မခက်ပါ။ စီးပွားရေး သဘောအရ အကျိုး အမြတ် ရရှိအောင် ဆောင်ရွက်ရာတွင် မုသားဝါဒကို ဖြစ်စေ၊ အဓမ္မ နည်းကို ဖြစ်စေ၊ ကောက်ကျစ် စဉ်းလဲသော နည်းကို ဖြစ်စေ အသုံးပြုကြရလေသည်။ ကိုယ်ကျင့် တရား ရှုထောင့်က ကြည့် လျှင် ကောက်ကျစ်မှု မပါဘဲ မတရားမှု မပါဘဲ ကျိုကျိုတက် ချမ်းသာအောင် ပြုလုပ်နိုင်သော နည်းလမ်းသည် ဤကမ္ဘာမှာ ရှိသည် ဖြစ်အံ့၊ ထိုနည်းကား အလွန် ခက်ခဲသောနည်း ဖြစ်ပေလိမ့်မည်။

အင်အားကြီး နိုင်ငံများက ကျူကလီးယား လက်နက်များကို အကြီးအကျယ် ထုတ်လုပ် ရောင်းချနေခြင်းကို မှန်ကန်ကြောင်း ပြောဆို နေကြသည်ကိုလည်း အကျွန်ုပ်သည် ကြားသိ နေရပါသည်။

ဆရာမကြီး ဒေါ်မေတင်ထွတ် သင်ကြား ပေးသော ကိုယ်ကျင့်တရား ပညာ အမြင်များတွင် လူတို့သည် အမှား နှင့် အမှန်၊ အကောင်း နှင့် အဆိုး၊ တရား နှင့် မတရား သဘောများကို သိဖို့ ကြိုးစားခဲ့ကြရာ တူညီသော စံအမြင်ကို ယခုတိုင် မရရှိခဲ့သေးချေ။ ရှေးဂရိခေတ်မှ ယခု မျက်မှောက်ခေတ် အထိ မတူသော အမြင်များ၏ အားပြိုင်မှု ဝါဒများကိုသာ အကျွန်ုပ် ကြားသိခဲ့ရပါသည်။ တစ်လောကလုံးက လက်ခံနိုင်သော ကိုယ်ကျင့်တရား စံကား ရှားလှပါဘိ။

ထိုအခါ အကျွန်ုပ်သည် မိမိဘာသာ အမှား အမှန် စံကို ရှာဖွေဖို့လည်း စိတ်ကူးခဲ့ပါသည်။

မိမိသည် တစ်နည်း တစ်လမ်းအားဖြင့် ထောင်ကို မြင်၍ ရာကို စွန့်ပစ်လိုက်ခြင်း ဖြစ်သည်ကိုကား ဟန်ဆောင် ထိမ်ချန် ထားပါမူ မည် သူ မျှ သိမည် မဟုတ်ချေ။ အမှန်မှာ အလုပ် ထွက်လိုက်ခြင်းသည် စွန့်လွှတ်ခြင်းဟု ထင်ရသော်လည်း တကယ့် တကယ် စွန့်လွှတ်ခြင်း မဟုတ်၊ လဲလှယ်ခြင်းပင် ဖြစ်ပါသည်။

ဘာကို ဘာနှင့် လဲလှယ်လိုက်ပါသနည်း။

အဖြေမှာ အနည်းငယ် နားကြား ဆန်းသော စကားမျိုး ဖြစ်ချင် ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် အကျွန်ုပ်သည် ပစ္စုပ္ပန်ကို အနာဂတ် နှင့် လဲလှယ် လိုက်သောကြောင့် ဖြစ်၏။ သဘောမှာ ဤသို့ ဖြစ်ပါသည်။

အမှန်စင်စစ် အကျွန်ုပ်သည် ကျဉ်းမြောင်း၍ လူစွမ်းလူစကို ထုတ်ဖော်ခွင့် မရှိသော လခစား ဝန်ထမ်းဘဝကို နှစ်သက်ခြင်း မရှိချေ။ အကျွန်ုပ် ဖြစ်လိုသည်မှာ ဖြောင့်မတ်၍ ကိုယ်ရည်ကိုယ်သွေးကို ထုတ်ဖော်နိုင်သော စာရေးဆရာ အနုပညာရှင်မျိုးပင် ဖြစ်၏။ အကယ်၍ မိမိ အနေနှင့် ဘီအေ နောက်ဆုံးနှစ် စာမေးပွဲကို မဖြေဘဲ ရာထူးကို ငံ့ပြီး နယ်သို့ ပြောင်းရွှေ့လိုက်သည် ဖြစ်စေ၊ ရာထူး မရှိလျှင် မနေတတ်အောင် မိမိကိုယ်ကို ဖန်တီးမိသည် ဖြစ်စေ အကျွန်ုပ် ရလိုသော အနာဂတ်ကို ရရှိတော့မည် မဟုတ်ချေ။

ထို့ကြောင့် အကျွန်ုပ်သည် ရာထူးလက်မဲ့ ဘဝသို့ ရောက်သွားခြင်းကို ဝမ်းလည်း မနည်း၊ ထိတ်လန့်ခြင်း သံဝေဂလည်း မဖြစ်ချေ။ မိမိကိုယ်ကို မျောက် သစ်ကိုင်းလွှတ် ဖြစ်သွားပြီဟု မထင်သမျှ ကာလပတ်လုံး အကျွန်ုပ်၏ ဆုံးဖြတ် ဆောင်ရွက်ခဲ့ခြင်းသည် မှားသည်ဟု ထင်ရန်လည်း အကြောင်းရှိမည် မဟုတ်။ မိမိကိုယ်တိုင် စိုးရိမ် ထိတ်လန့်ခြင်း သံဝေဂလည်း ဖြစ်မည် မဟုတ်ဟု အကျွန်ုပ် နားလည်ပါသည်။

အရေးကြီးသည်မှာ ဘဝဝယ် မျောက် သစ်ကိုင်းလွှတ် ဖြစ်ပြီဟု မထင်မိရန်ပင် ဖြစ်သည်။

အကျွန်ုပ်သည် မိမိကိုယ်ကို ပြန်လည် သုံးသပ်ကြည့်သည်။ ထိုအခါ သက်ကြီး တက္ကသိုလ်တွင် နေစဉ်အခါက ကျောင်းတက်ဖက် သူငယ်ချင်း ကိုကြည်ထူး ပြောခဲ့ဖူးသော စကား တစ်လုံးကို ပြန်လည် သတိရသည်။ ကိုကြည်ထူးက အကျွန်ုပ်အား 'သူငယ်ချင်း ဆန်းလွင်၊ မောင်ရင့်ကို ကိုယ်ပြောမယ်၊ မောင်ရင်ဟာ တကယ့် တိဟိတ် အစစ်၊ ငါတော့ ဒီလိုပဲ မြင်တယ်' ဟု ဆိုလေသည်။

ယခု ထိုစကားကို အကျွန်ုပ် ပြန်လည် ဆင်ခြင်ကြည့်ပါသည်။ 'တိဟိတ်' ဆိုသည် အဘယ်နည်း။

တိဟိတ် ဆိုသည်မှာ လောဘမဲ့ ဒေါသမဲ့ မောဟမဲ့

www.burmeseclassic.com



ပဋိသန္ဓေကို ရရှိခဲ့သူဟု အကျွန်ုပ် နားလည်ပါသည်။

အကျွန်ုပ် ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် အတိအကျ မသိနိုင် မမြင်နိုင်သေး၍ မိမိသည် တိဟိတ် စစ်မစစ် မသိသော်လည်း မိမိ ဖြတ်သန်း လာခဲ့သော ဘဝခရီး တစ်လျှောက်တွင် ဆုံးဖြတ်ချက်များ ရဲရင့် တိကျခဲ့ဖူးသည်။ ထို ဆုံးဖြတ်ချက်တိုင်းမှာ အခွင့်အရေးများကို လက်လွှတ် ဆုံးရှုံး ခံခဲ့ဖူးသည်။ (စွန့်ခဲ့သည်ကို ဆိုလိုပါသည်။) ဤကား အမှန်ပင် ဖြစ်ပါသည်။

မတရားမှုများ မသမာမှုများ ဘက်လိုက်မှုများ အဂတိ တရားများ နှင့် ကံအားလျော်စွာ ဆုံစည်းရသည့် အခါတိုင်း မိမိသည် ထိုပတ်ဝန်းကျင်ကို ဝေးစွာ ရှောင်ရှားခဲ့ဖူးသည်။

ဘဝကို ရုန်းကန် လှုပ်ရှားခြင်း အဖြစ် အဓိပ္ပာယ် သတ်မှတ်ထားသည်မှာလည်း အမှန်ပင် ဖြစ်၏။ သို့သော် ဘာအတွက် ရုန်းကန်ရမည် ဆိုသော ပန်းတိုင်ကိုမူကား အကျွန်ုပ် မတွေ့မြင်ရသေးချေ။ ဘဝ၏ အဆုံး ပန်းတိုင်သည် အကျွန်ုပ်နှင့် ကွာလှမ်းနေဆဲ ဖြစ်၏။

လောလောဆယ်တွင် မိမိသည် ဘဝကို အဓိပ္ပာယ်မဲ့ အဖြစ်ဟု မမြင်ဖို့သာ အရေး ကြီးသည်။ ဘဝကို အဓိပ္ပာယ်မဲ့ မမြင်ဖို့မှာ ဘဝကို အကောင်း မြင်တတ်ဖို့ လိုပါသည်။

အကျွန်ုပ်သည် ရာထူးကို စွန့်လွှတ်လိုက်ခြင်းအား အကောင်းဘက်က ရှုမြင်နိုင်ပါသည်။ ဘယ်လို ရှုမြင်သနည်း ဆိုသော် ငါသည် ယခု အနှောင် အဖွဲ့တစ်ခုမှ လွတ်လပ်သွားပြီ။ ယခု ငါတတ်ချင်သော ပညာကို ငါတစ်ကြိမ် တစ်ခါမှ တက်ခွင့် မရခဲ့ဖူးသော အမိ ပင်မ တက္ကသိုလ်ကြီးမှာ တက်ခွင့်ရပြီ။ ယခု အချိန်သည် ငါ့အတွက် လသာတုန်း အချိန် ဖြစ်ပြီ။ ဤအချိန်တွင် ငါသည် ဗိုင်းငင် နိုင်ရမည်။ အခွင့်အရေးသည် အချိန်အခါနှင့်သာ ပိုင်းခြား၍ ရောက်လာတတ်သည်။ အချိန် လွန်သွားလျှင် အခွင့်အရေးလည်း ပျောက်ပြယ် သွားတတ်သည်။ ယခု ငါ့မှာ အခွင့်အရေး ကြုံပြီ။ ငါသည် ဘီအေကို ထူးထူးခြားခြား အောင်မှ ဖြစ်မည်။ ဘီအေ အောင်ပြီးလျှင် နောက်ထပ် ရောက် လာ မည့် အခွင့်အရေးများ အတွက် ငါ သင့်သလို ဆောင်ရွက်နိုင်မည်။

ယခု ငါ ဘာလုပ်ရမည်နည်း။

တက်ကြွသောစိတ်က အကျွန်ုပ်အား ရွက်သင်္ဘောကို လိုရာသို့ တွန်းပို့သော ပင်လယ်လေကဲ့သို့ အကျွန်ုပ်၏ ဘဝရွက်ပြင်ကို တိုးဝှေ့ သယ်ဆောင်လျက် ရှိလေသည်။

အကျွန်ုပ်သည် ဘဝ အတွက် ပထမ ဆိုက်ကပ်ရမည့် ဆိပ်ကမ်း တစ်ခုကို ရွေးချယ်လိုက်၏။ ဘီအေနောက်ဆုံးနှစ်တွင် ငါ ဒဿနိကဗေဒ၌ ဂုဏ်ထူးဖြင့် အောင်ရမည်။

ထို ဆုံးဖြတ်ချက်သည် အကျွန်ုပ် ဘဝ အတွက် ဆောက်တည်ရာလည်း ဖြစ်၍ ရည်မှန်းရာ ဆိပ်ကမ်းလည်း ဖြစ်ခဲ့လေသည်။

ထိုအခါ ရည်မှန်းရာ ဆိပ်ကမ်းသို့ ဦးတည်လျက် အကျွန်ုပ်သည် တက်ကုန် ရွက်ကုန် ဖွင့်ခဲ့လေသည်။

အကျွန်ုပ်သည် ရန်ကုန်မြို့ပေါ်ရှိ စာကြည့်တိုက် အသီးသီးမှာ ရှိသော ဒဿနိကဗေဒ စာအုပ်များကို ယခုနှစ်တွင် အကုန်အစင် ဖတ်ပစ်ဖို့ ဆုံးဖြတ်လိုက်လေသည်။ ကုန်သည် မကုန်သည်မှာ အဓိက မဟုတ်၊ မကုန်ကုန်အောင် ဖတ်ရမည် ဟူသော တာဝန်ဖြင့် ဖတ်ရာ ဒဿနိကဗေဒ စာအုပ်များစွာကို အကျွန်ုပ် ဖတ်မိလေသည်။

အကျွန်ုပ် ခေါင်းထဲသို့ စာသင်ခန်းထဲမှာ သင်နေသော အကြောင်းအရာများလည်း ရောက်သည်။

စာသင်ခန်းထဲမှာ မသင်သော၊ ဘီအေ သင်ရိုးညွှန်းတမ်းမှာ မပါသော အကြောင်းအရာများလည်း ရောက်လေသည်။

ထိုအကြောင်းကြောင့် ဆရာ ဒေါက်တာ ခင်မောင်ဝင်းက အတန်းထဲမှာ အလယ်ခေတ် ခရစ်ယာန် ကျမ်းတတ် ပုဂ္ဂိုလ်များ၏ ဒဿန (Scholastic Philosophy)ကို သင်လျှင် အကျွန်ုပ်က အတန်းထဲတွင် ထ၍ ဆွေးနွေး နေမိလေသည်။

အခက်အခဲကို ရင်ဆိုင်ရဲသော သတ္တိရှိသူ အဖို့မှု လောကတွင် အခက်အခဲ ဟူသည် မရှိတော့ချေ။

လူသည် ဘယ်အခါ ရဲရင့်သော စိတ် ရှိသနည်း။

လောဘ မရှိသောအခါ၊ ဒေါသ မရှိသောအခါ၊ မောဟ မရှိသောအခါ ရဲရင့် တည်ကြည်သည်ဟု ထင်ပါသည်။

ဘီအေ နောက်ဆုံးနှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်ရမည်ဟု သန္နိဋ္ဌာန် ချခဲ့ခြင်းသည် အများ အမြင်တွင် မိုက်မဲခြင်းဟု ထင်ရန် အကြောင်း ရှိပါသည်။ သို့သော် အကျွန်ုပ် စိတ်ထဲတွင်မူ ထိုသို့ မထင်ပါ။ ရဲရင့်သော

www.burmeseclassic.com



စိတ်က ဆုံးဖြတ်သည်ဟု ထင်ပါသည်။

ထင်ရသည့် အကြောင်းမှာ ဤသို့ ဖြစ်ပါသည်။

တစ်နေ့ ဆရာ ဒေါက်တာ ခင်မောင်ဝင်း စာသင်နေစဉ် ခဏ ခဏ အကျွန်ုပ်က မေးခွန်း ထုတ်နေမိပေရာ ဆရာက စာသင်ချိန် ပြီးသောအခါ သူ့ ရုံးခန်းသို့ ခေတ္တလာရန် အကျွန်ုပ်အား ခေါ်လေသည်။

အကျွန်ုပ်လည်း ဆရာ့နောက်မှ တန်းတန်း မတ်မတ် လိုက်သွားမိလေ၏။ အခန်းထဲသို့ ရောက်သောအခါ ဆရာက ဤသို့ ဆိုလေသည်။

'ကိုဆန်းလွင်ကို ခေါ်တာက ဆရာ့ စိတ်ထဲမှာ ကိုဆန်းလွင်ဟာ ထူးခြားတဲ့ ကျောင်းသား တစ်ယောက်လို့ အောက်မေ့လို့ ခေါ်တာ၊ ခုလို ကိုဆန်းလွင် ဖီလိုဆိုဖီ သင်ကြားချိန်မှာ မေးခွန်း မေးတာ ဆွေးနွေးတာဟာ အင်မတန် ကောင်းပါတယ်၊ ရှေးခေတ်တုန်းက ပလေတိုး အရစ္စတိုတယ်တို့လည်း ဒီလိုပဲ အမေး အဖြေတွေ လုပ်ခဲ့ကြတယ်၊ အစဉ်အလာအားဖြင့်တော့ ဒီလို မေးဖြေတဲ့ သဘောဟာ ဖီလိုဆိုဖီ သင်နည်း အမှန်ပဲလေ၊ ဒါပေမယ့် တစ်ဖက်က သင်ရိုးညွှန်းတမ်းက ရှိနေတော့ ကျွန်တော်တို့ချင်း ဆွေးနွေးနေကြရင် နှစ်ကုန်လို့ သင်ရိုး မကုန်ဘဲ နေမှာလည်း စိုးရိမ်ရတယ်၊ ဒီတော့ ဒီလို လုပ်ပါလား'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာ'

'ကိုဆန်းလွင် တစ်ပတ်မှာ စာအုပ် တစ်အုပ်ဖတ်ပါ၊ အနည်းဆုံး တစ်အုပ်တော့ ဖတ်ပေါ့၊ ပြီးတော့ ကိုဆန်းလွင် မေးချင်တဲ့ မေးခွန်းတွေကို ဆရာ့ကို မေးနိုင်ဖို့ အတွက် ဆရာ ကိုဆန်းလွင်ကို အချိန်ပေးမယ်'

'ကျေးဇူး တင်လိုက်တာ ဆရာရယ်၊ ကျွန်တော် ဆရာပြောတဲ့ အတိုင်း လုပ်ချင်ပါတယ် ဆရာ၊ တစ်ပတ်မှာ စာတစ်အုပ် အနည်းဆုံး ဖတ်ပါ့မယ်၊ အမှန် ပြောရရင် ဆရာ ကျွန်တော့်ကို နားလည်တာ ဝမ်းသာပါတယ် ဆရာ၊ ကျွန်တော်ဟာ အရင် နှစ်တွေတုန်းက အစိုးရအလုပ် တစ်ဖက်နှင့် အပြင်ကနေ စာမေးပွဲ ဝင်ဖြေခဲ့ရပါတယ်၊ ဒီနှစ်မှ အကြောင်းကံ အားလျော်စွာ နေ့ကျောင်းသား ဘဝနှင့် တက္ကသိုလ်ကို တက်ခွင့် ရပါတယ်၊ ဒီတော့ ကျွန်တော် ရတဲ့ အခွင့်အရေးကို ကျွန်တော် ထိထိမိမိ အသုံး ချချင်ပါတယ် ဆရာ'

'ကောင်းပြီလေ၊ ကိုဆန်းလွင် ဖြစ်ချင်တာတွေကိုလည်း ကျွန်တော့်ကို ပြောပေါ့'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဖြစ်ချင်တာကို ပြောရရင်တော့ ကျွန်တော် ဒီနှစ် ဒဿနိက ဗေဒမှာ ဂုဏ်ထူးနှင့် အောင်ချင်ပါတယ် ဆရာ'

ဤစကားသည် ဘုရင့်နောင် ဖောင်ဖျက်သည့် ကိန်း ဖြစ်သွားပြီကို အကျွန်ုပ် နားလည်လိုက်ပါသည်။

ဆရာ၏ ပြုံးချိုသော မျက်နှာပေါ်တွင် အပြုံးကလေး တစ်ချက် ဝင်းလက်၍ ထင်ပေါ်သွားသော်လည်း တွန့်သွားသော ဆရာ့ နှုတ်ခမ်းသားပေါ်တွင် မဲ့ဟန်ကလေး ပါလာသည်ကိုလည်း လျင်သော အကျွန်ုပ်၏ မျက်လုံးများက ဖျတ်ခနဲ မြင်လိုက်မိလေသည်။ သို့သော် ဆရာက ထိုမဲ့ဟန်ကို ချက်ချင်းပင် ပြန်လည် ရုပ်သိမ်း ပစ်လိုက်လေသည်။

ဆရာ ဘာကြောင့် မဲ့ပြုံး ဖြစ်သွားသည်ကိုလည်း အကျွန်ုပ် သဘောပေါက် ပါသည်။ အကျွန်ုပ်သည် စိတ်ထက်သန်လွန်းမှုကြောင့် မဖြစ်နိုင်သည်ကို မျှော်လင့်ချက် အားသန်နေခြင်း ဖြစ်သည်ဟု ဆရာ ထင်သောကြောင့် ဖြစ်ပေလိမ့်မည်။ ဤသို့ ထင်သော် ဆရာ့မှာ ထင်ခွင့် ရှိပါသည်။ အဘယ်ကြောင့် ဆိုသော် အကျွန်ုပ် အနေနှင့် ရင်ထဲမှာ ရှိသည်ကို သိမ်းဆည်း သိုဝှက်ထားပြီး နှုတ်က မပြောဘဲ လက်တွေ့ သက်သေ ပြနိုင်အောင် ကြိုးစားရန်သာ လိုပေသည်။ ယခုမှ လက်တွေ့ မပြနိုင်သေးဘဲ နှုတ်က မိမိ မျှော်မှန်းချက်ကို ထုတ်ပြောလိုက်ခြင်းမှာ စကား ကြွံခြင်း ဖြစ်သည်ဟုလည်း ထင်နိုင်ပါသည်။ ဆရာက ဤသို့ ဆိုလေသည်။

'တစ်ခုတော့ ရှိတာပေါ့ ကိုဆန်းလွင်၊ ရည်မှန်းချက် ဆိုတာကတော့ ထားရမှာပေါ့လေ၊ ဒါပေမယ့် မဖြစ်လာခဲ့သော် အကြီးအကျယ် ကိုယ့်မှာ မထိခိုက်အောင်တော့ ပြင်ဆင် ထားရမှာပေါ့၊ ဘာဖြစ်လို့ ဒီစကားကို ပြောရသလဲ ဆိုတော့ ဒဿနိကဗေဒ ပညာဟာ အတွေးအခေါ် ပညာလည်း ဖြစ်တယ်၊ သချ်ာလို အမှတ်ရဖို့ မလွယ်ဘူး၊ ခင်ဗျားကို ကျွန်တော် တစ်ခု ပြောချင်တာက ဆိုပါတော့ ခင်ဗျားအနေနှင့် ကျောင်းမှာ သင်ပြတာတွေကို ပြန်ပြီး ရေးပြနိုင်တယ် (re-produce) လုပ်နိုင်တယ်ပဲ ထား၊ ဒါလောက်နှင့်တော့ ဂုဏ်ထူး မထွက်နိုင်ဘူး၊ ခင်ဗျားရဲ့ ပင်ကို လေ့လာ အားထုတ်မှုတွေ နှင့် ကိုယ်ပိုင် အတွေးအမြင် အယူအဆတွေ သုံးသပ်ချက်တွေကိုပါ ရေးပြနိုင်ရလိမ့်မယ်'

'ဟုတ်ကဲ့ ဆရာ၊ ဆရာ့ကို ကျွန်တော် အစီရင်ခံချင်တာက ဒဿနိကဗေဒ ဌာနရဲ့ သမိုင်းမှာ ဘီအေ ရိုးရိုးတန်းကို တက်ပြီး ဂုဏ်ထူး ထွက်တဲ့ ကျောင်းသားမျိုး ရှေးက မရှိခဲ့ဘူး ဆိုရင် ကျွန်တော် ပိုပြီး ဝမ်းသာ

www.burmeseclassic.com



ပါတယ် ဆရာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့် လက်ထက်မှာ ဒီဂုဏ်ထူးကို ရနိုင်ရင် ကျွန်တော်ဟာ ထူးချွန်သူ အဖြစ် ပိုပြီး ထင်ရှားပါလိမ့်မယ်၊ ဒါကြောင့် ဆရာ လမ်းညွှန်ပြတဲ့ အပေါ်မှာ ကျွန်တော် ယုံယုံကြည် ကြည်နှင့် ဆက်လျှောက်မှာပါ ဆရာ၊ ခု အချိန်က စပြီး တာဝန် အားလုံးဟာ ကျွန်တော့်အပေါ် ပုံကျသွားပါပြီ၊ ဆရာ့ကိုလည်း ကျွန်တော် လိုချင်တာကို ထုတ်ဖော် ပြောပြီးပါပြီ၊ ကျွန်တော် လိုချင်တာဟာ ဆရာ့ဆီမှာ ကျွန်တော်က တောင်းခံလို့ ရနိုင်တာမျိုး မဟုတ်ဘူး ဆိုတာလည်း ကျွန်တော် နားလည်ပါတယ် ဆရာ၊ ဥစ္စာ ရင်လို ဥစ္စာရင်ခဲ ရမှာပါပဲ၊ သို့သော် ဒီစကားကို ဆရာ့ ထံမှာ ကျွန်တော် စိတ်ရင်း အတိုင်း ပြောတာကတော့ ကျွန်တော် လိုချင်တာ သိရင် ဆရာက ကျွန်တော့်ကို လိုအပ်သလို ဆုံးမ လမ်းညွှန်နိုင်အောင်လို့ပါ ဆရာ၊ စိတ်ချပါ၊ ကျွန်တော် ကြိုးစားပါ့မယ်'

'ကောင်းပြီလေ၊ ဒါဆို အပတ်တိုင်း သောကြာ နေ့ ၁၁ နာရီမှာ ဆရာ အားပါတယ်၊ ဆရာ့ဆီကို လာ ပေါ့၊ စာ မဖတ်ဘဲနှင့်တော့ မလာနှင့်ပေါ့'

'ဟုတ်ကဲ့၊ ကျေးဇူးပါ ဆရာ'

ဤ အဖြစ်သနစ်သည် ဆရာ့ ရှေ့မှောက်တွင် အကျွန်ုပ်သည် ကတိစာချုပ် တစ်ခု ချုပ်လိုက်မိသည် နှင့် တူလေသည်။ အကျွန်ုပ်လည်း အကျွန်ုပ် ဘက်က ပျက်ကွက်ခဲ့သော် အရှက်ကွဲမည့် အရေးမို့ မကြိုးစားဘဲ မနေဝံ့တော့ချေ။

ထိုနှစ် မကုန်မီ အကျွန်ုပ်သည် ဘီအေ နောက်ဆုံး တန်း အတွက် ပြဋ္ဌာန်းချက်များကို သာမက မဟာဝိဇ္ဇာ အပိုင်း (က) အတွက် ပြဋ္ဌာန်း ထားသော စာများကိုပါ ရှာဖွေ ဖတ်ရှုလေတော့သည်။ မိမိ နားမလည်သည်ကို အပတ်စဉ် သောကြာနေ့တိုင်း ဆရာက ရှင်းလင်း ဖြေ ကြား ပေးလေသည်။

ခက်ခဲသော အရာကို ခက်ခဲသည်ဟု သိမြင် နား လည်ပြီး မမေ့မလျော့ မပေါ့မဆသော စိတ်ထားဖြင့် ရင်ဆိုင်ရဲလျှင် ထိုအခက်အခဲသည် အလမ္မာယ် ဆရာ ရှေ့မှောက်တွင် ပါးပျဉ်းထောင်သော မြွေဟောက်သည် ခေါင်း ငုံ့လျှိုးသွားသကဲ့သို့ ဝပ်ဆင်း လွယ်ကူ ပြေပြစ် သွားတတ်သည်ကို အကျွန်ုပ် ကိုယ်တွေ့ ကြုံရ လေသည်။

အကျွန်ုပ် ဘီအေ အောင်သော နှစ်က အောင် စာရင်းတွင် ဒဿနိကဗေဒမှ ဂုဏ်ထူးအောင် တစ်ဦး နှင့် သချာမှ ဂုဏ်ထူးအောင် တစ်ဦး ပါလာလေသည်။ ဒဿနိက ဗေဒမှ ဂုဏ်ထူးဖြင့် အောင်မြင်သူမှာ အကျွန်ုပ် ဖြစ်ပြီး သချာမှ ဂုဏ်ထူး အောင်သူမှာ ကိုစိုးမင်း ဖြစ် လေသည်။ ထို ကိုစိုးမင်းသည် ယခု သချာ ပါမောက္ခ ဖြစ်နေသော ဦးစိုးမင်း ဖြစ်မည်လား မသိပါ။

မဟာဝိဇ္ဇာတန်းသို့ စတက်သောအခါ အကျွန်ုပ် သည် ကမ္ဘာ့ အတွေးအခေါ် သမိုင်းတွင် ပေါ်ထွန်း ခဲ့ပြီး သော အတွေးအမြင် များစွာကို သဘောပေါက်ပြီး ဖြစ် နေလေပြီ။

ရှေးခေတ် အတွေး အမြင်များတွင် သဘာဝ တရား၏ အစမူလ ဖြစ်ပေါ်ရာ ပထမ အကြောင်းတရား ကို ရှာခဲ့ကြသည်။ ထိုအကြောင်းတရားကို ဒဿနဆရာ များက ထာဝရ အခြေခံတရား ဟု ခေါ်ကြလေသည်။ နောင်တွင် ထိုအခြေခံ အကြောင်းတရားကို ဖန်ဆင်းသူ ထာဝရဘုရား အဖြစ် ပြောင်းလဲ ရှုမြင် လာကြပြန်လေ သည်။

သို့သော် ထိုသို့ ရှု မြင် ကြ သူ တို့ သည် ထို ထာဝရ ဘုရားကို မျက်မှောက်မျက်မြင် သိသော နည်း ဖြင့် သိကြခြင်းတော့ မဟုတ်။ မှန်းဆ ဆင်ခြင်နည်း (speculation) ဖြင့် ယုတ္တိယုတ္တာများ ရှာဖွေကာ ကိုယ့် နည်း ကိုယ့်ဟန်ဖြင့် ထာဝရ ဘုရားသခင် ဖန်ဆင်းရှင် ရှိကြောင်းကို သက်သေပြဖို့ ကြိုးစားကြခြင်း ဖြစ်လေ သည်။ ထိုကဲ့သို့ ကိုယ့်နည်းနှင့် ကိုယ် သက်သေပြကြ ခြင်းကိုပင် ဒဿန စနစ်ကြီးများ အဖြစ် တခမ်းတနား ယူဆ လက်ခံ ထားခဲ့ကြလေသည်။ သူ့ခေတ် သူ့အခါ အလျောက် တွေးခေါ်မြော်မြင်နိုင်သူက အဆန်းတကြယ် စဉ်းစား ဆင်ခြင်ပြလျှင် ထိုသူ၏ ဆင်ခြင်ပုံ ဆင်ခြင်နည်း ကို သဘောကျသူများက ထိုပုဂ္ဂိုလ် နောက်သို့ လိုက်ပါ သွားတတ်ကြလေသည်။ ထိုအခါမှ စ၍ အတွေးအခေါ် ဂိုဏ်းဂဏများ ပေါ်ပေါက် လာရလေသည်။

အတွေး အခေါ် ဂိုဏ်းဂဏများမှာ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် လောက သဘာဝ၏ စတင် ဖြစ်ပေါ်ပုံကို လည်းကောင်း၊ ဘုရားသခင်နှင့် ဖန်ဆင်းခြင်း အကြောင်း ကို လည်းကောင်း အာပေါင်အာရင်း သန်သလို အဓိပ္ပာယ် ဖွင့်ဆိုနေကြခြင်းသာ ဖြစ်ပြီး ဝိဝါဒ ကွဲပြားသော အမြင် များကိုသာ တင်ပြနိုင်ကြလေသည်။ ညီ ညွတ် သော အမြင်၊ ဘဝင် ကျလောက်သော အမြင် ဟူ၍ မရှိခဲ့ကြ ချေ။

အစက နတ်အမျိုးမျိုးကို ကိုးကွယ် ဆည်းကပ် ခဲ့ကြရာမှ မညီညွတ်သော သဘော၊ ကွဲပြား ခြားနားသော

www.burmeseclassic.com



အယူအဆများ၏ အနိဋ္ဌာရုံ သဘောများကို ခံစားလာကြရလေသည်။

တိုင်းနိုင်ငံ အုပ်ချုပ်ရေးတွင်လည်း သူတစ်လူ ငါတစ်မင်း ကွဲပြားကာ အချင်းချင်း မညီမညွတ် ဖြစ်နေခြင်းထက် ဗဟိုချုပ်ကိုင်မှု လက်အောက်တွင် တစ်သြဇာခံ ဖြစ်မှ ညီညွတ်မှု ရနိုင်သည် ဟူသော အမြင် ဖြစ်ပေါ်လာလေရာ ကိုးကွယ်မှုတွင်လည်း ဘုရား တစ်ဆူတည်း ကိုးကွယ်မှုကို လိုလား လာကြလေသည်။

ထိုအခါမှ စ၍ ဖန်ဆင်းရှင်သည် တစ်ပါးတည်း တစ်ဆူတည်းသာ ဖြစ်ရမည်၊ လောကမှာ သမုတိသစ္စာအားဖြင့် အရာဝတ္ထုတွေ အကွဲကွဲ အပြားပြား ဖြစ်နေသော်လည်း အားလုံး ရုပ်ဝတ္ထုတွေချည်းသာ ဖြစ်ကြသည် ဆိုသော အမြင်ဖြင့် ပရမတ်ဆတ်ဆတ် ကြည့်တတ်လျှင် ကွဲပြားမှုတွေ ပျောက်ပြီး 'ရုပ်တရား' ဆိုသော အမြင်တွင် ညီညွတ်မှု ရနိုင်လေသည်။ သစ် တစ်ပင်ချင်း ကွဲပြားသော်လည်း ၎င်းတို့ အားလုံးကို ပေါင်းရုံးပြီး သစ်တောတစ်တောတည်း မြင်နိုင်လျှင် တစ်လုံးတစ်စည်းတည်း အမြင်မျိုးကို ရနိုင်သည်။

ဤ တစ်စည်းတစ်လုံးတည်း မြင်တတ်ဖို့ အရေးသည်လည်း အလွန်ပင် လိုအပ်ပါသည်။ ချင်း ကရင် ကချင် ကယား မွန် ရခိုင် ဗမာ ရှမ်းတွေ ဘယ်လိုပင် ကွဲကွဲ တစ်ပြည်တည်း နေသူများ 'မြန်မာနိုင်ငံသား' ဟူသော သဘောတွင် တစ်စည်းတစ်လုံးတည်း (ဝါ) တစ်ခုတည်း တစ်မျိုးတည်းပင် ဖြစ်ပါသည်။

အလားတူ ခြေ လက် ခေါင်း မျက်လုံး နှာခေါင်း ပါးစပ် အဆုတ် အသည်းနှလုံး ကလီစာ အူသိမ် အူမ အစာအိမ် အညှို့ သည်းခြေတွေ ဘယ်လိုပင် ကွဲပြားခြားနား၍ နေစေ စုပေါင်းထားသော အခါ 'ခန္ဓာ' ဆိုသော အစု တစ်ခုတည်းသာ ဖြစ်နေသည်ကို ဆင်ခြင်ကြည့်သင့်ပါသည်။

ဤအတူပင် ဖြစ်ပါသည်။ လောက တစ်ခုလုံးသည်လည်း တစ်ဆူတည်းသော ဘုရား၏ ဖန်ဆင်းထားအပ်သော အရာများ ဖြစ်၍ လူသားချင်း အတူတူ ညီအစ်ကို မောင်နှမများ ဖြစ်ကြောင်း (ညီအစ်ကို မောင်နှမစိတ် မွေးဖို့ အတွက်) ဘာသာရေး အမြင်က စည်းလုံးလေသည်။ ထို့ကြောင့် ထိုအမြင်သည်လည်း လိုအပ်ပါသည်။

သို့သော် ကမ္ဘာ့ အရှေ့ အနောက် အတွေးအခေါ်များတွင် တစ်ဆူတည်းသော ဘုရား အယူအဆ အပြင် သုံးပါးတစ်ဆူ ဘုရား အယူအဆများလည်း ပေါ်ပေါက်ခဲ့ဖူးလေပြီ။

အဒွိတ္တ ဝေဒန္တတွင်လည်း သဘာဝ လောကကြီးသည် ရုပ်တရားများ သူ့ဘာသာ အလိုအလျောက် ပရမ်းပတာ ပေါင်းစပ်မိပြီး ဖြစ်ပေါ်လာသည် ဆိုသော အမြင်ကို လည်းကောင်း၊ အသိဉာဏ် မရှိဘဲ သဘာဝ လောကကြီးသည် တဖြည်းဖြည်း ဆင့်ကဲ ပြောင်းလဲမှု ဖြစ်စဉ် အရ ဖြစ်လာရသည် ဆိုသော အမြင်ကို လည်းကောင်း၊ ထို့ပြင် မူလက ရှိနေနှင့်သော မဟာဘုတ်များကို ထာဝရဘုရား သခင်က ပန်းပုဆရာ သဖွယ် ပြုပြင်ဖန်တီးပြီး ပစ္စည်း အမျိုးမျိုး ဖြစ်ပေါ်လာအောင် ပြုလုပ်သည် ဆိုသော အမြင်ကို လည်းကောင်း ငြင်းပယ်ကာ ဥပါနိသျှာဒ် အမြင် ဖြစ်သော 'အရာခပ်သိမ်းတို့သည် ဗြဟ္မချည်းသာ ဖြစ်သည်၊ **(All is Brahman)** ထိုဗြဟ္မ ထဲမှာပင် ရုပ်နာမ်ခန္ဓ အားလုံး ပါဝင်နေသည်၊ ဗြဟ္မမှ အပ ဖြစ်သော ရုပ်နာမ် ဟူ၍ မရှိ' ဟူသော သဘောထားကို လက်ခံ ခဲ့ကြလေသည်။ ထိုအမြင်တွင် 'သံကာရာစရိယ' နှင့် 'ရာမာနုဂျာစရိယ' တို့ နှစ်ဦးစလုံးသည် 'ဘာဒြာယန' ၏ အမြင်ကို လိုက်နာ လက်ခံခဲ့ကြလေသည်။ သို့ရာတွင် ဘုရားသခင် ဗြဟ္မသည် တစ်ပါးတည်း ဟူသော အမြင်မှာ သံကာရာစရိယ နှင့် ရာမာနုဂျာစရိယ တို့ တူကြသည့် သဘော ရှိသော်လည်း ဖန်ဆင်းခြင်း အမြင်တွင်မူ ကွဲပြား ကြပြန်လေသည်။

သချ်ာ ဂိုဏ်းသားတို့ကမူ ထာဝရ ဘုရားသခင် ဖန်ဆင်းရှင် ဟူ၍ ဘယ်နည်း နှင့်မျှ မရှိနိုင် ဆိုသော အဆိုပြုချက်ကို တင်ပြကြလေသည်။

သူတို့က ထိုသို့ အဆိုပြုရခြင်း အကြောင်းများကို အောက်ပါ အတိုင်း ပြကြလေသည်။

(က) စကြဝဠာ စနစ်ကြီးသည် အကျိုးတရား တစ်ခု အဖြစ် ပေါ်ပေါက်လာသည် မှန်လျှင် ထိုအကျိုးတရားကို ဖြစ်စေသည့် အကြောင်းတရား ရှိရမည်ကား မုချပင် ဖြစ်ပါသည်။ သို့သော် ထာဝရ ဘုရားသခင် (ဂေါ့ဒ်) ဖြစ်စေ၊ ဗြဟ္မ ဖြစ်စေ ထို အကြောင်းတရား မဖြစ်နိုင်ချေ။ ဘုရားသခင်သည် ထာဝရ ဘုရား ဖြစ်သည်၊ သူကိုယ်တိုင် ပြောင်းလဲခြင်း မရှိ၊ လှုပ်ရှားခြင်း မရှိဟု ဆိုသော စကား ရှိသည်။ လှုပ်ရှားခြင်း ပြောင်းလဲခြင်း ပြုပြင်ခြင်း အလျှင်း မရှိသော အရာသည် ဖန်တီး ပြုပြင် ဆောင်ရွက်သော (လုံ့လ ပြု၍ လှုပ်ရှား စီမံသော) အကြောင်းတရား မဖြစ်နိုင်ချေ။ ထို့ကြောင့် လောက၏

www.burmeseclassic.com



ပထမ ဖန်တီး ပြုပြင်သော အခြေခံ အကြောင်းတရားသည် ထာဝရ ဖြစ်သော်လည်း အစဉ် ပြုပြင် ပြောင်းလဲခြင်း သဘောရှိသော ပရိဏာမိ (ညီညွတ်ခြင်းကို ဖြစ်စေတတ်သော ပြကတေ့တရား) ပင် ဖြစ်သည် ဟူ၍သာ ယူရန် အကြောင်း ရှိတော့သည်။

(ခ) ဤတွင် ပြကတေ့ တရားကလည်း အသိဉာဏ် မရှိသော တရားမျိုး ဖြစ်ပေရာ စကြဝဠာ လောကကြီးကို ထိန်းချုပ် လမ်းညွှန် ပြုလုပ်ပေးသော အရာ တစ်ခု ရှိရပေဦးမည်ဟု တွေးတောဖွယ် ရှိပါသည်။ ပုဂ္ဂလိက ကိုယ်တွင် ရှိသော ဝိညာဉ် အသိဉာဏ်ကလည်း ကမ္ဘာဦ ဖြစ်သော အရာခပ်သိမ်းကို ပြုပြင် ဖန်တီး ပေးခြင်းငှာ မတတ်သာချေ။ ထို့ကြောင့် ထိုလောက ကြီးမားသော လောကကို ပြုပြင် ထိန်းချုပ် ဖန်ဆင်းခြင်း ကိစ္စသည် လူနှင့် မတန်၊ ထာဝရ ဖန်ဆင်းရှင် ဘုရားနှင့်သာ တန်သည်ဟု ယူဆဖွယ် အကြောင်း ရှိပြန်သည်။ ထို အချက်မှာလည်း ဣဿရိယ နိမ္မာနဝါဒကို လက်ခံကြသူများ သိမြင်ထားသော ဘုရား အယူဝါဒ အရ မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုဘုရားသည် လက်လှုပ် ခြေလှုပ်ပြီး တမင်တကာ ဘာကိုမျှ မပြုလုပ်ချေ။ သို့သော် ပြကတေ့ကို ထိန်းချုပ် ပြုပြင်ပြီး တစ်စုံတစ်ခု ဖြစ်ပေါ်လာအောင် ဖန်ဆင်းမည် ဆိုလျှင်လည်း ဘုရားသခင်သည် ဘုရားလို နေ၍ မဖြစ်တော့ဘဲ မနေနိုင် မထိုင်နိုင် အလုပ် လုပ်ရပေတော့မည်။ ဘုရားက အလုပ်လုပ်ရသည် ဆိုခြင်းမှာလည်း ယုတ္တိမရှိ ဖြစ်ပြန်သည်။ ပြကတေ့ သူ့ဘာသာ ရှိနေသည်ကို အလိုဆန္ဒ တစ်စုံတစ်ရာ၏ နောက်သို့ လိုက်ပြီး ဘုရားသခင်က ဖန်ဆင်းနေရသည် ဆိုလျှင်လည်း ပြီးပြည့်စုံသော (perfect) ဘုရား ဆိုသော ဘုရား၏ အနက် အဓိပ္ပာယ် ပျက်ရပြန်တော့မည်။ ပြီးပြည့်စုံနေမှဖြင့် ဘာကြောင့် ဖန်ဆင်းနေစရာ လိုသနည်း။ မပြည့်စုံသော ဆန္ဒ ရှိနေပြန်လျှင်လည်း ထာဝရ ဘုရားသည် ပြီးပြည့်စုံသည်ဟု ဆိုရန် ခက်ပေဦးမည်။ တစ်ဖန် သတ္တဝါများ အကျိုးငှာ ဤ စကြဝဠာ လောကကြီးကို ဘုရားသခင်က ဖန်ဆင်းရပြန်သည်ဟု ဆိုလျှင်လည်း သတ္တဝါတွေ အပြစ် လုပ်လာသော အခါ ဘုရားက ဆင်းရဲဒုက္ခ ရောက်အောင် အပြစ် ပေးခြင်းမှာ သင့်မြတ်ပါ၏လော။ ယခုမူ သတ္တဝါ အပေါင်းတို့မှာ အပြစ် တင်းကြမ်း ဒုက္ခ တင်းကြမ်းပြည့် ဖြစ်နေကြရလေသည်။ ဤမျှ ဒုစရိုက်များသော ဆင်းရဲဒုက္ခ ပေါသော လောကကို သတ္တဝါတို့ အကျိုးငှာဟု ဆိုကာ ဘုရား ဖန်ဆင်းခဲ့သည် ဆိုခြင်းမှာလည်း ဖြစ်နိုင်ဖွယ် အကြောင်း မရှိပါ။ ကရုဏာတော် အနန္တနှင့် ပြည့်စုံသည် ဆိုသော ထာဝရ ဘုရားသခင်သည် ဤမျှ ဆင်းရဲဒုက္ခတို့ဖြင့် ရောပြွမ်းသော လောကမျိုးကို တမင် ဖန်ဆင်းပါမည်လော။ ကရုဏာတော်ဖြင့်သာ ဤလောကကို ဖန်ဆင်းခဲ့သည် မှန်ပါမူလည်း သတ္တဝါတို့ ပျက်စီး ဆုံးရှုံးခြင်းကို ထို ထာဝရ ဘုရားသည် ပြုလုပ်လိမ့်မည် မဟုတ်ချေ။ ဘုရားဟူက ရက်စက်သော အမှု၊ ချေဖျက်သော အမှု၊ အကြင်နာ ကင်းသော အမှုများကို ပြုလုပ်ပါမည်လား။

ထိုအကြောင်း များစွာကို ထောက်၍ ဤစကြဝဠာ လောကကို ထာဝရ ဘုရားသခင် ဖန်ဆင်းသည် ဆိုခြင်းမှာ ဘယ်နည်းနှင့်မျှ ဖြစ်နိုင်ဖွယ် အကြောင်း မရှိ၊ ထိုသို့ဖြစ်လျှင် ထာဝရ ဘုရားသခင် ဖြစ်စေ၊ ဗြဟ္မ ဖြစ်စေ တည်ရှိနေသည် ဟူ၍လည်း ယူဆဖွယ် အကြောင်း မရှိတော့ပါဟု သင်္ချာ ဂိုဏ်းသားများက အဆို တင်၍ ဆင်ခြေ ပေးခဲ့ကြလေသည်။ *

သင်္ချာ ဒဿန ဂိုဏ်းသားများထဲမှာလည်း အယူကွဲများ ရှိကြလေသည်။ တချို့ ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည် လက်ခံကြသော ဣဿရိယ နိမ္မာနဝါဒီများ ရှိကြပြန်သည်။

သင်္ချာ ဂိုဏ်းသားများနှင့် သဘော တူသူများသည် ယောဂ ဂိုဏ်းသားများ ဖြစ်ကြလေသည်။ သို့သော် ယောဂ ဒဿန ဂိုဏ်းသားများက ဣဿရိယ နိမ္မာနဝါဒကို လက်ခံကြပြန်သည်။ သူတို့သည် ဖန်ဆင်းရှင် ဘုရား ရှိသည် ဟူသော အမြင်ကို လက်ခံကြလေသည်။

ယောဂ ဒဿန ဂိုဏ်းသားများသည် ဖန်ဆင်းရှင် ဘုရား ရှိသည် ဟူသော အမြင်ကို လက်ခံကြခြင်းမှာ သဘောတရားရေး လိုအပ်ချက် အရလည်း ဖြစ်၍ လက်တွေ့ ကျင့်ကြံ အားထုတ်မှု အတွက် လိုအပ်ချက် အရလည်း ဖြစ်လေသည်။ ယောဂ ဒဿန ဂိုဏ်း၏ ဆရာကြီး ဖြစ်သူ ပတဥ္စလိကမူ ဖန်ဆင်းရှင် ဘုရားကို လက်ခံခြင်းမှာ လက်တွေ့ တန်ဖိုးကြောင့် ဖြစ်သည်ဟု ဆိုလေသည်။

ဘုရားသခင်ကို ကြည်ညို သဒ္ဓါစိတ် ထက်သန်ခြင်းသည် လက်တွေ့အားဖြင့် တရား ကျင့်ကြံရာတွင် ပိုပြီး တန်ဖိုး ရှိသည်။ သမာဓိ ရရာ ရကြောင်းကို

---

* *An Introduction to Indian Philosophy p 285 - 286*

www.burmeseclassic.com



အထောက်အပံ့ ဖြစ်သည်ဟုလည်း ဆိုသည်။ ဘုရားသခင်ကို ကြည်ညိုစိတ် ယုံကြည်စိတ်က မိမိ၏စိတ်ကို ထိန်းချုပ်ရာတွင် များစွာ အကျိုးပြုနိုင်သောကြောင့် ဖြစ်သည် ဆို၏။ ယောဂ ဒဿနတွင် ထာဝရ ဘုရားသခင်ကို ကြည်ညိုပုံမှာ အနည်းငယ် ထူးခြားသည်ဟု ဆိုသင့်မည် ထင်ပါသည်။

ထာဝရဘုရားသည် ရုပ်တရား မဟုတ်၊ နာမ်တရား ဖြစ်သည်၊ ၎င်းသည် ထာဝရ ဖြစ်သည်၊ အနန္တ ဖြစ်သည်၊ အနာဒိ ဖြစ်သည်၊ (အဆုံးမဲ့ အစမဲ့) တရား ဖြစ်သည်၊ အလုံးစုံကို သိမြင် နှံ့စပ်သော (အလုံးစုံ ပျံ့နှံ့သော) တရား ဖြစ်သည် ဆိုသည့် အမြင်များတွင်မူ ယောဂ ဒဿန ဆရာများ၏ အမြင်သည်လည်း ထူးမခြားနားသော အမြင်ပင် ဖြစ်လေသည်။

သို့သော် ဖန်ဆင်းရှင် ထာဝရ ဘုရားသည် ပြီးပြည့်စုံသော ဘုရား ဖြစ်သည် ဆိုရာတွင် လောဘ ဒေါသ မောဟ မာန စသော ကိလေသာတို့မှ လုံးဝ ကင်းစင်ပြီးသော အမတ (သေခြင်း ကင်းသော) တရား အဖြစ် ရှုမြင်၍ အလုံးစုံ သန့်စင် မွန်မြတ်သော အဖြစ်သည် ဘုရားသခင်၏ အဖြစ် ဖြစ်သည်။ လူသတ္တဝါတို့မှာ ကိလေသာ မကင်းသူများ ဖြစ်ကြသည်။ အမျိုးစုံသော ကမ္မပထ တရားတို့နှင့် ဆက်ဆံ နေကြရပေရာ ထိုကံတို့၏ အကျိုးဆက် ဝိပါက်တို့မှလည်း မကင်းနိုင် ရှိကြလေသည်။ ရှေးက ပြုခဲ့သော ကမ္မဝိပါက ဝဋ်ကြွေးတို့မှလည်း ပုထုဇဉ်တို့မှာ မကင်းနိုင်။ လွတ်မြောက်ပြီးသော ဝိညာဉ် (သူတို့အခေါ် သမာဓိ ရခြင်းကို ဆိုလိုသည်) သည်ပင် ကိလေသာမှ အခါခပ်သိမ်း ငြိမ်း အေး ပြီး ကမ္မဝဋ် ဝိပါကဝဋ်တို့မှ ချုပ်ငြိမ်းပြီဟု မဆိုသာသေး။ ထာဝရဘုရားမှ တစ်ပါး ဝဋ်ကင်းသူ မရှိ။ ဘုရားနှင့် တူသော ပြီးပြည့်စုံသော အရာ ဟူ၍လည်း ဘုရားသခင်မှ တစ်ပါး အခြား မရှိ။ ဘုရားသည်သာ ဉာဏ်တော် အနန္တလည်း ဖြစ်၏၊ ကံတော် အနန္တလည်း ဖြစ်၏၊ ဘုန်းတော် အနန္တလည်း ဖြစ်၏ စသည်ဖြင့် ဘုရား၏ ဂုဏ်တော်များကို ဖွင့်ဆိုခဲ့ကြလေသည်။

ယောဂ ဒဿန ဂိုဏ်းသားများက ထာဝရဘုရား ရှိကြောင်းကို သက်သေ ပြရာတွင် ရှေးက ဝေဒ ခေါ် ကမ္ဘာဦး ကျမ်းဂန်များတွင် ဖော်ပြ ပါရှိသောကြောင့် လည်း တစ်ကြောင်း၊ ထို့ပြင် လောက၌ အကြီးဆုံး နှင့် အငယ်ဆုံး ဟူသော သဘော ရှိသည် ဖြစ်ပေရာ အကြီးဆုံး အပြည့်စုံဆုံးသော တန်ခိုးတော် ဉာဏ်တော်သည်လည်း ရှိအပ်သည်သာ ဖြစ်၏။ ထိုတန်ခိုးတော် ဉာဏ်တော်မျိုးကို ရအပ်သော ပုဂ္ဂိုလ်သည် အကြီးဆုံး အမြတ်ဆုံးသော ထာဝရဘုရားပင် ဖြစ်ထိုက်ပေသည်ဟု စောဒက တက်ကြလေသည်။

အိန္ဒိယ အတွေးအခေါ် ဂိုဏ်းကြီးများ အနက် မီမံသ ဒဿန ဂိုဏ်းသားများ၏ အယူအဆများမှာ နှစ်သက်ဖွယ် တစ်မျိုး ကောင်းလေသည်။

မီမံသ အတွေးအခေါ်တွင်လည်း လူသားသည် လောကကို နည်းနှစ်နည်းဖြင့် အမှန်အကန် သိနိုင်သည်ဟု သဘော ထားကြလေသည်။ ၎င်း နည်းနှစ်နည်းမှာ တိုက်ရိုက် အသိနှင့် သွယ်ဝိုက် အသိတို့ ဖြစ်လေသည်။ တစ်နည်းအားဖြင့် အာရုံသိနှင့် မနောသိ ဖြစ်၏။ မနော အတွင်းစိတ်က အမှန်ကို ထိုးထွင်း သိမြင်ခြင်းကို ဆိုလိုသည်။ ထိုနည်းသည် ရုတ်တရက် ချက်ချင်း အမှန်ကို အမှန်အတိုင်း သိလိုက်ခြင်း ဖြစ်၏။ အထူး မကြံစည်ရဘဲ အလိုအလျောက် သိခြင်းကို နိဝိကပ္ပက ခေါ်၏။ ထိုသို့ မနောဓာတ် ပေါက်ပြီး တိုက်ရိုက် သိခြင်းမျိုး မဟုတ်ဘဲ အာရုံ ဒွါရများမှ တစ်ဆင့် သိရခြင်းကို သဝိကပ္ပက ခေါ်သည်။ ထိုသို့ သိခြင်း၌ စိတ် ဆုံးဖြတ်ရသည့် သဘော ပါသည်။

ဇေမိဏိ၏ သုတ္တန်များမှ ပေါက်ပွားလာသော ပုဗ္ဗမီမံသ ဒဿန ဂိုဏ်းသားများ၏ မက်တာဖစ်ဇစ်တွင် ဖန်ဆင်းရှင် အစား ကမ္မနိယာမ **(Law of Kamma)** ကို ထည့်သွင်း ဖော်ပြလာခြင်းမှာ အလွန် ထူးခြားသည့် အလျောက် အကျွန်ုပ် စိတ်ကိုလည်း များစွာ ဆွဲဆောင်နိုင်ခဲ့လေသည်။

ပုဗ္ဗမီမံသ ဒဿနသည် ရုပ်ကို လည်းကောင်း၊ နာမ်ကို လည်းကောင်း ထာဝရ ပရမတ္ထ တရားများ အဖြစ် လက်ခံကာ လောကကြီး တစ်ခုလုံးသည် ရုပ်နာမ် ဓမ္မတို့ဖြင့် ဖွဲ့စည်း ဖြစ်ပေါ်လာသည်ဟုလည်း ယူဆကြလေသည်။ ထိုသို့ ဖွဲ့စည်း ဖြစ်ပေါ်ရာတွင် ရုပ်ဝတ္ထုများ ဖြစ်ပေါ်ရခြင်း၏ အဓိက ဖန်တီးသူ လက်သည်မှာ ကမ္မနိယာမသာ ဖြစ်သည် ဟူ၍လည်း ဆိုကြလေသည်။

ကမ္ဘာ လောကကြီးသည် ဖန်တီးခြင်းဖြင့် ဖြစ်ပေါ်လာသည်လည်း မဟုတ်၊ ဖျက်ဆီး၍ ပျက်စီးရမည့် အရာလည်း မဟုတ်၊ ကမ္မနိယာမ၏ ပြုပြင် ဖန်တီးမှု အရ ဖြစ်ပျက် ပြုပြင်နေသော အစဉ်ကြီးသာ ဖြစ်သည်ဟု မီမံသ ဒဿန ဂိုဏ်းသားများက မြင်ကြပါသည်။

www.burmeseclassic.com



ကမ္မနိယာမကို ရှေ့တန်း တင်လာမှုကြောင့် မိမံသ ဒဿနကို ကမ္မ (ဝါ) ဓမ္မ မီမံသ ဟုလည်း ခေါ်ကြသေးသည်။

ဤလောကဝယ် သက်ရှိ သတ္တဝါများ ရှိကြကုန်သည်။ ထိုသတ္တဝါတို့သည် အတိတ်ကံ၏ အကျိုးကို ဝိညာဉ်က ခံစားရသည်။ (ပုဗ္ဗေကတ ဟေတုက ဝါဒ လည်း ခေါ်သည်။) အတိတ်က စိုက်ပျိုးခဲ့သမျှကို ပစ္စုပ္ပန်တွင် သတ္တဝါတို့ ရိတ်သိမ်းကြရသည် ဟူလို။ ထိုသဘောကို 'ဘောဂါယတန' ခေါ်သည်။ ယခု ဘဝတွင် လူမှာ ဖြစ်ပေါ်လျက် ရှိသော အာရုံ ခြောက်ပါး တရားများ (ဣန္ဒြေများ) သည် ဆိုအပ်သော အတိတ်ကံ၏ အကျိုးဆက်ကို ခံရန် စံရန် အကြောင်းများ ဖြစ်ကြသည်။ ၎င်းကို 'ဘောဂသာဓန' ခေါ်သည်။ ထိုသို့ ခံစားစရာ စံစားစရာ အသီးအပွင့် (ကံ၏ အကျိုးဆက်များ) ကိုမူ 'ဘောဂဝိသယ' ခေါ်သည်။

မီမံသ အတွေးအခေါ်တွင် ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကို အမြင့်ဆုံး ကောင်းမှု 'နိဿရသ' (ထွက်မြောက်ခြင်း) ဟု ခေါ်လေသည်။

ခံစားလိုသော စိတ်ဖြင့် ပြုလုပ်သော ကမ္မအမှုအားလုံးသည် ကောင်းသော အမှု ဖြစ်စေ၊ မကောင်းသော အမှု ဖြစ်စေ သံသရာ၌ အဖန်တလဲလဲ ပဋိသန္ဓေ နေရခြင်း (ကျင်လည်ရခြင်း၏) အထောက်အပံ့ ဖြစ်သည်။ အကြင်သူသည် လောကီ အာရုံ ကာမဂုဏ် တရားတို့မှာ အစဉ်သဖြင့် ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော တရားများသာ ဖြစ်ကြသည်ဟု သိနားလည်ပြီးနောက် ထိုဝဋ်ဆင်းရဲတို့မှ ကင်းဝေးခြင်းကို အလိုရှိပါမူ မိမိကိုယ်၌ ဖြစ်သော လောဘ တဏှာများကို ထိန်းချုပ် ပယ်သတ်ခြင်းငှာ ကြိုးစားရမည်။

အာသဝေါ တရား ကုန်ခန်းအောင် ကျင့်နိုင်သူအား ကာမ အနှောင်အဖွဲ့မှ ကင်းလွတ်ပြီးသည် ဖြစ်၍ နောက်ထပ် ပဋိသန္ဓေ နေရခြင်းမှလည်း ကင်းလွတ်သည်ဟု ဆိုလေသည်။ ထိုကဲ့သို့ သံသရာ ဝဲသြဃမှ ကျွတ်လွတ်ခြင်း၊ အသစ်တစ်ဖန် ဇာတိ ထပ်မံ မဖြစ်ပွားရခြင်းကို လွတ်မြောက်ခြင်းဟု ခေါ်လေသည်။

ခရစ်နှစ် မတိုင်မီ ကတည်းက အရှေ့တိုင်းသား ဒဿန ပညာရှင်များလည်း ဖန်ဆင်းရှင် ထာဝရ ဘုရားသခင် အကြောင်းကို စဉ်းစားခဲ့ကြသည်။ ဘုရားသခင်ကို ရှာခဲ့ကြသော်လည်း ဘယ်သူမျှ မတွေ့ကြ။ ထိုအခါ ဉာဏ်ထုတ်ပြီး အမျိုးမျိုး စဉ်းစားကြသည်။ ဘုရားရှိသည် ဆိုသူတို့ကလည်း ရှိသည့် အကြောင်းကို သက်သေ အထောက်အထားတွေ ပြဖို့ ကြိုးစားကြသည်။ ထာဝရ ဘုရားသခင်၏ အဓိပ္ပာယ်ကို ဖွင့်ဖို့ ကြိုးစားကြသည်။ သဘောတူညီမှုတော့ မရ။ ထိုအခါ ထာဝရ ဘုရားသခင် ဆိုသည် ရှိလည်း မရှိ၊ ရှိလည်း မရှိနိုင် ဟူ၍ ဆိုလာကြပြန်သည်။ ထိုအမြင်ပေါ်မှာလည်း သဘော တူညီမှု ရသလား ဆိုတော့ မရကြ။

အကျွန်ုပ်လည်း အရှေ့တိုင်းသားများ၏ အတွေးအမြင်များမှာ ရှေးကျလွန်း၍ပင် မရေမရာ ဖြစ်ခဲ့ကြလေသလားဟု တွေးမိသဖြင့် အနောက်တိုင်းသား ဒဿနဆရာများကို အားကိုးအားထား ပြုမိပြန်သည်။

ခေါမတိုင်းသား ဂရိ ဒဿန ဆရာများထဲမှာ လိုက်ရှာနေလို့တော့ ခေတ်မီသော အတွေးအမြင်များကို ရရှိနိုင်တော့မည် မဟုတ်ဟု အောက်မေ့မိကာ ခရစ်တော် ပေါ်ပြီးနောက်တွင် လောက၏ အစကို ရှာဖွေသော ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်း သဘော အမြင်များကို ရှာဖွေကြည့်မိပြန်လေ၏။

အလယ်ခေတ် ခရစ်ယာန် ကျမ်းတတ် ပုဂ္ဂိုလ်များ၏ အယူဝါဒများကို လမ်းခင်း ပေးခဲ့သူသည် (အေဒီ ၂၀၄–၂၇၀) တွင် ပေါ်ပေါက်သော ပလိုတိနပ် (Plotinus) ဆိုသူ ဖြစ်သည်။ သူသည် ပလေတို ဝါဒသစ် (Neo-Platonism) ကို ထူထောင်သော ဒဿနဆရာ ဖြစ်လေသည်။

ခရစ်ယာန် အယူဝါဒ ပေါ်ပေါက် လာပြီးနောက် အနောက်တိုင်း အတွေး အခေါ်တွင် တမလွန် လောက (The other world) ဆိုသော အယူဝါဒ ပေါ်ပေါက်လေသည်။ ထိုလောကကို ခရစ်ယာန်များက ကောင်းကင် နိုင်ငံတော် (Kingdom of Heaven) ဟု ခေါ်လေသည်။ ထိုလောကသည် သေပြီးနောက် ဆိုက်ရောက်ရမည့် လောက ဖြစ်လေသည်။ ပလေတို၏ အတွေးအခေါ်တွင် ထိုလောကကို ထာဝရ နာမ်တရားများ၏ လောက (The world of Ideas) ဟု ခေါ်လေသည်။

ခရစ်ယာန် ကောင်းကင် နိုင်ငံတော်နှင့် ပလေတို၏ ထာဝရ နာမ်တရားများ လောကကို ပလိုတိနပ်၏ ဒဿန အမြင်တွင် ပေါင်းစပ် ပေးခဲ့လေသည်။ ပလိုတိနပ်၏ အတွေးအမြင်များမှာ အလယ်ခေတ် ခရစ်ယာန် ဝါဒကို ကြီးစိုး လွှမ်းမိုးနိုင်သော သြဇာရှိလည်း ရှိခဲ့လေသည်။

ခရစ်ယာန် ဘာသာ အယူဝါဒသည် နေ့စဉ်

www.burmeseclassic.com



မျက်မှောက်ဘဝတွင် လောက၏ ဆင်းရဲဒုက္ခ မှန်သမျှကို ရင်ဆိုင် ကြုံတွေ့ရတိုင်း လူသားတို့အား တမလွန် **မျှော်**လင့်ချက်များကို ပေးပြီး နှစ်သိမ့်မှုပေးဖို့ ကြိုးစားလေသည်။ သို့သော် တချို့သော ခရစ်ယာန်များ (အများအားဖြင့် အမေရိကန် ခရစ်ယာန်များ) သည် လောကီလူမှု တာဝန်များကို ပို၍ အရေးထားတတ် ကြလေသည်။

ပလိုတိနပ်၏ အတွေးအခေါ်သည် သန့်ရှင်းသော တြိနိတီ အယူအဆပေါ်မှာ အခြေခံခဲ့သည်။ သုံးပါးတစ်ဆူ ဘုရားကို နားလည်နိုင်အောင် ရှင်းပြဖို့ သူကြိုးစားပြန်သည်။ သို့သော် သူသည် ခရစ်ယာန် တစ်ဦးတော့ မဟုတ်ချေ။

အလယ်ခေတ်တွင် ခရစ်ယာန် ကျမ်းတတ်များက ပလိုတိနပ်၏ အတွေး အမြင်များကို အသုံးချပြီး မိမိတို့၏ အယူဝါဒကို ထူထောင်ဖို့ ကြိုးစားကြလေသည်။

ပလိုတိနပ်၏ အတွေးအခေါ် ထူးခြားလာခြင်းမှာ လူသားအား ဗဟိဒ္ဓ လောကကို ကြည့်ရှုဖို့ထက် အဇ္ဈတ္တအတွင်း လောကကို ကြည့်တတ်ဖို့ အားပေးခဲ့ခြင်းပင် ဖြစ်သည်။ * အကျင့်သီလ အပေါ်မှာ အခြေစိုက်သော အတွေးအခေါ်မျိုးကို တွေးခေါ်ခဲ့ခြင်းသည် သိပ္ပံပညာ တိုးတက်မှုကို အဟန့်အတား ဖြစ်စေသည်ဟု အနောက်တိုင်းသားများက မြင်ကြသည်။ စိတ်ဓာတ် တိုးတက်မှုထက် အတတ် ပညာ တိုးတက်ဖို့က ပိုပြီး အရေးကြီးသည်ဟု အနောက်တိုင်းသားများက သဘော ထားကြသည်ကိုလည်း အကျွန်ုပ် မြင်ခဲ့ပါပြီ။

လူသား၏ စိတ်ဓာတ် စင်ကြယ်ရေး၊ စိတ်ဓာတ် တည်ငြိမ် တိုးတက်ရေးကို အပြစ်မြင်သော ဒဿနဆရာများတွင် ပါဝင်ခဲ့ဖူးသော ဘာထရန်ရပ်ဆယ်သည်ပင် နောက်ပိုင်းတွင် သေခါနီး အချိန် နီးကပ်လာသောအခါ သူတော်ကောင်း ပညာရှိများ လက်တွင်းသို့ အတတ်ပညာတွေ မရောက်မချင်း ထိုအတတ်ပညာသည် လူသားတို့ကို အကျိုးပြုနိုင်မည် မဟုတ် ဆိုသော အမြင်ကို မြင်သွားခဲ့ဖူးလေသည်။

ဘာထရန်ရပ်ဆယ်က သံဝေဂဖြင့် ဤသို့ ဆိုပါသည်။

'ကျွန်ုပ်တို့သည် သဘာဝ လောကကို နိုင်စားသော တန်ခိုးကြီးလို စိတ်ဖြင့် ယစ်မူးနေပြီ ဖြစ်သည်၊ သဘာဝကို အနိုင် ရလာလေလေ လူလူချင်း နိုင်စားချင်သော ဘက်သို့ စိတ်ပါသွားလေလေ ဖြစ်လာကြသည်၊ သည်တော့ ဒီအတတ်ပညာတွေသည် ကောင်းမွန်စွာ အသုံးချတတ်သော အလိမ္မာဉာဏ် ပြည့်စုံသူများ လက်တွင်းသို့ မရောက်မချင်း ထိုပညာတို့သည် ကောင်းသော ပညာမျိုး မဖြစ်နိုင်ဟု ဆိုရချေတော့မည်။' *

ယနေ့ ကမ္ဘာကြီးသည် အသိပညာကြောင့် တိုးတက်ခဲ့ပါသည်။ အသိပညာ အပေါ်မှာ လူသားတို့က စိတ်၏ စင်ကြယ်မှု၊ စိတ်၏ တည်ငြိမ်မှုနှင့် အလိမ္မာဉာဏ် မသုံးခဲ့မှုကြောင့် ထိုပညာတွေက လူလူချင်း အနိုင်ကျင့်သည့် တန်ခိုး အာဏာမျိုး ဖြစ်လာခဲ့ရသည်ကို ရပ်ဆယ် ဆင်ခြင်မိခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

အနောက်တိုင်းသားတို့၏ အတွေး အမြင် တိုးတက်လာပုံမှာ စိတ်မချမ်းမြေ့ဖွယ်ရာများနှင့် ရောထွေးနေလေသည်။

ရောမ အင်ပိုင်ယာ တိုးတက် ထွန်းကားလာသော အခါ ခေါမ (ဂရိ) တိုင်းသားတို့၏ အတွေးအမြင် လှုပ်ရှားမှုများ ရပ်ဆိုင်း သွားလေသည်။ ရောမမှာ သီးသန့် အတွေးအမြင် မထွန်းကားခဲ့။ အရှေ့ဘက်တွင် ဣသရေလတို့၏ ယုဒ အတွေးအမြင် **(Judaism)** ထွန်းကားလျက် ရှိလေသည်။

ထို ယုဒ အတွေးအမြင်သည် ဂျူး (ရေဝတီ) လူမျိုးများ၏ ယုံကြည် ကိုးကွယ်ရာ အယူဝါဒ ဖြစ်သည်။ ထို အယူဝါဒသည်ပင် ခရစ်ယာန် အယူဝါဒနှင့် အစ္စလာမ် အယူဝါဒတို့ကို လမ်းခင်းပေးသော ပင်မ အတွေးအမြင် ဖြစ်လေသည်။ ထိုအချက်ကို အာ၊ အိပ်ချ်၊ ချားလ်စ် ဆိုသူ ပညာရှင်က အောက်ပါ အတိုင်း သုံးသပ် ထားလေသည်။

အကယ်၍သာ ယုဒ ဝါဒသည် အန်တီယိုကပ် ဘုရင် လက်ထက်တွင် ဘာသာ အယူဝါဒ အဖြစ် ဖျက်ဆီး ခံခဲ့ရသဖြင့် ပျက်စီး ဆုံးရှုံးခဲ့ရပါမူကား ခရစ်ယာန် အယူဝါဒ ပေါက်ပွားရေး အတွက် မျိုးစေ့ ကင်းမဲ့ခဲ့ပေလိမ့်မည်။ သို့ဖြစ်ရာ ယုဒ ဝါဒကို အသက် ပေး၍ ကာကွယ်ခဲ့ကြသော မက္ကာဘိယန် အာဇာနည်များ၏ သွေးစက်တို့သည် ခရစ်ယာန် သာသနာ ပေါ်ပေါက်ရေး အတွက် မျိုးစေ့ ဖြစ်ခဲ့သည်ဟု ဆိုထိုက်သည်။ ထို့ကြောင့်လည်း ခရစ်ယာန် အယူဝါဒ သာမက အစ္စလာမ် အယူ

--------------

* *A History of Western Philosophy, B. Russell p 296*

* *Has Man a Future, B. Russell p 13-14*

www.burmeseclassic.com



ဝါဒ၌ လက်ခံထားသော ဧကတ္တဝါဒ (ဘုရား တစ်ဆူ တည်း အယူ) သည် ယုဒဝါဒမှ ဆင်းသက်လာသော အယူသာ ဖြစ်တော့သည်။

ဤ အကြောင်းကြောင့်ပင် ယနေ့ ကမ္ဘာပေါ်တွင် ဧကတ္တ ဣဿရ ဝါဒ (**Monotheism**) သည် အရှေ့ အနောက် နိုင်ငံများ၌ ဆက်လက် တည်ရှိနိုင်သည်။ ထို ကျေးဇူးသည် မက္ကာဘီယန် အာဇာနည်များ၏ ကျေးဇူး ပင် ဖြစ်သည်ဟုလည်း ဆိုထိုက်ပါသည်။ *

ဘီစီ ၂၀၀ ခန့်က ဂျူး လူမျိုးများ၏ ဒေသ ဖြစ် သော ဂျေရုဆလင်ကို ဂရိ (စေလုစစ်) ဘုရင် စတုတ္ထ မြောက် အန်တီယိုကပ် အုပ်စိုးခဲ့လေသည်။ ထိုမင်းသည် ရက်စက် ကြမ်းကြုတ်သောမင်း ဖြစ်သည်။ ဂျူး လူမျိုး များကို ခေါမ တိုင်းသားများ အဖြစ်သို့ သွတ်သွင်းရန် အားထုတ်သူ ဖြစ်၏။ ဘီစီ ၁၇၅ တွင် ဂျေရုဆလင် မြို့၌ အားကစားရုံကြီး ဆောက်လုပ်ပြီး ဂျူး လူမျိုးများ ကို ဂရိ လူမျိုးများ၏ ဦးထုပ်ကို ဆောင်း၍ အားကစား စေသည်။ သူ့လုပ်ငန်းများကို ဂျူး သစ္စာဖောက် ဂရိ အသွင်ဆောင် ယာဆန် ဆိုသော ယဇ်ဆရာတစ်ဦးက ကူညီ အားပေးလေသည်။ သို့သော် ၎င်းတို့၏ မျိုးဖျက် လုပ်ငန်းများကို ဟာဆီဒင် (**Hasidim**) ဆိုသော အဖွဲ့ က အကြီးအကျယ် ဆန့်ကျင်ခဲ့သည်။ ဟာဆီဒင်၏ အဓိပ္ပာယ်မှာ သန့်ရှင်းသူများ ဟူ၍ ဖြစ်သည်။

ဘီစီ ၁၇၀ တွင် အန်တီယိုကပ်သည် အီဂျစ်နှင့် ဖြစ်သည့် စစ်တွင် ပါဝင်လေရာ ဂျူး လူမျိုးများက အကြီးအကျယ် ပုန်ကန် ခြားနားလေတော့သည်။

ဂျူး လူမျိုးများ ကိုးကွယ်သော ယေဟောဝါ ဘုရားကို အန်တီယိုကပ် ဘုရင်က ၎င်းတို့ ဂရိ လူမျိုး များ ကိုးကွယ်သည့် ဇီးယပ် (**Zeus**) ခေါ် နတ်ဘုရား နှင့် အတူတူပင် ဖြစ်ကြောင်း ပြဖို့ ကြိုးစား ပြန်လေ သည်။ တချို့ အာလက်ဇင်းဒါး မြို့သား ဂျူးများက ထို အယူဝါဒကို လက်ခံကြလေသည်။ ထိုအခါ အန်တီယိုကပ် ဘုရင်သည် ဂျူး လူမျိုးများ၏ ဘာသာ အယူဝါဒကို လုံးဝ ဖျက်ဆီး ချေမှုန်းပစ်ဖို့ ဆုံးဖြတ်လိုက်လေသည်။ ဤတွင် ထိုဘုရင်သည် ဂျူး လူမျိုးများ၏ ယဉ်ကျေးမှု ဖြစ်သော ယောကျာ်းကလေးများ အရေပြားလှီး မင်္ဂလာ နှင့် အစား အသောက် ရှောင်ကြဉ်သော ထုံးတမ်း ဥပဒေများကို ပိတ်ပင် တားဆီးလေတော့သည်။

ယောကျာ်းကလေးများ အရေပြားလှီး မင်္ဂလာကို မပြုရ၊ ပြုလျှင် သတ်စေသည်။ ရေဝတီများ၏ ဝက်သား မစားရ ထုံးတမ်း ဥပဒေကို ဝက်သား စားသူအား ဆု တော် လာဘ်တော်များ ချီးမြှင့်မည် ဆိုပြီး ဖျက်ဆီးပြန် သည်။ ဂျေရုဆလင် မြို့ပေါ်က လူများမှာ ကြောက်ရွံ့ ထိတ်လန့်ပြီး ဘုရင့် အမိန့်ကို လိုက်နာကြရသော်လည်း ဂျေရုဆလင် မြို့ပြင်ဘက်တွင်မူ ဘုရင့် အမိန့်ကို ခုခံ ကြလေ၏။

သူရဲကောင်း သတ္တိဖြင့် ဂရိတို့၏ ရက်စက် ကြမ်းကြုတ်မှုကို ခုခံသူများမှာ ဟာဆီဒင်များ ဖြစ်ကြ လေသည်။ အကယ်၍ ထိုသူများသာ အသက်ပေး၍ စွန့်စား တိုက်ခိုက်ခြင်း မရှိခဲ့လျှင် ဂျူးတို့၏ ဘာသာ အယူဝါဒသည်လည်း လုံးဝ ချုပ်ငြိမ်းခဲ့ရပေလိမ့်မည်။

ထိုသို့သာ ဂျူးဘာသာ ကွယ်ပျောက်ခဲ့ပါမူလည်း ဤကမ္ဘာပေါ်တွင် ခရစ်ယာန် ဘာသာနှင့် အစ္စလာမ် ဘာသာများလည်း ယခုကာလ၌ လက်ရှိ ပုံစံမျိုးဖြင့် ဖြစ်တည်လာနိုင်ရန် အကြောင်း ရှိတော့မည် မဟုတ် ကြောင်း * ရပ်ဆယ်ကလည်း သုံးသပ် ထားလေသည်။

မက္ကာဘီယန် ဆိုသူများမှာ ထိုဂျူးလူမျိုး အာဇာ နည်များ ဖြစ်ကြလေသည်။ ဘုရင်သည် ဂျူး လူမျိုးများ အား ပထမ အချိုသတ်ပြီး စည်းရုံးခဲ့သည်။ ဂျူးလူမျိုး များ ဝက်သား စားကြလျှင် မိမိဘက်ကလည်း ထို ဝက်သား စားသူများကို အရေး ပေးမည်ဟု ဆိုသည်။ ငြင်းဆန်သူများကိုကား ရက်စက်စွာ ညှဉ်းဆဲလေသည်။ သို့သော် ဂျူးလူမျိုးများမှာ မတုန်မလှုပ် ကြံ့ကြံ့ ခံခဲ့ကြ သည်။ အသေသာ ခံသည်။ ဝက်သားကိုမူကား စားရန် ငြင်းခဲ့ကြ၏။

အကျွန်ုပ်သည် မိဘများနှင့် အတူ နေစဉ် အခါ က မိမိကို အရေပြားလှီး မင်္ဂလာ ပြုခြင်းကိုလည်း ခံခဲ့ ရသည်။ ဝက်သား စားခြင်းမှ ရှောင်ကြဉ်ခြင်း အလေ့ အထကိုလည်း ရရှိခဲ့လေသည်။ သို့သော် ထိုသို့ ဘာ ကြောင့် လုပ်ကြသနည်း ဆိုသည်ကိုမူ လုံးဝ နားမလည် ခဲ့ချေ။ ကျမ်းဂန်မှာ ပါသော တားမြစ်ချက် အဖြစ် လောက်သာ သိခဲ့ရပါသည်။ အမှန်မှာ ဤယဉ်ကျေးမှု ထုံးတမ်း အစဉ်အလာသည် အစ္စလာမ် ဘာသာ အယူ ဝါဒ မပေါ်ပေါက်မီ အနှစ် တစ်ထောင်ကျော်ကပင် ဂျူး

--------------

* *The Apocxypha and Pseudepigraph of the Old Testament in English, Edt, by R. H. Charlse Vol. ii p 659*

--------------

* *A History of Western Philosophy p 315 - 316*

www.burmeseclassic.com



လူမျိုးများ ဒေသဉ္စ လက်ခံ ကျင့်သုံးခဲ့သော အစဉ်အလာ များပါတကားဟု ယခုမှပင် သိတော့၏။

အမှန်မှာ ခရစ်ယာန် အယူဝါဒ နှင့် အစ္စလာမ် အယူဝါဒ ထွန်းကားလာရေးတွင် ဂျူးလူမျိုးများ၏ ယုဒ ဘာသာ အယူဝါဒသည် မျိုးစေ့သဖွယ် ဖြစ်ခဲ့သည်ပါ ကလား။

ဤတွင် အကျွန်ုပ်သည် နားလည်မှု တစ်ခု ရလိုက်ပြန်ပါသည်။ ကမ္ဘာပေါ်တွင် ပေါ်ပေါက်ခဲ့သော ဒဿန အယူအဆများနှင့် ဘာသာ အယူဝါဒများသည် တစ်ခုချင်း တသီးတခြား အလွတ်အကင်း ဖြစ်ပေါ်လာ ကြသည် မဟုတ်၊ တစ်ခုနှင့် တစ်ခု ဆက်စပ်လျက်သာ ဖြစ်ပေါ် တိုးတက်လာကြသည်ပဲ။

အယူဝါဒများ စီးဆင်းခြင်းသည် မြစ်ချောင်းများ စီးဆင်းခြင်းနှင့်လည်း တူလေသည်။ နမ့်တီးခချောင်း သည် မလိခနှင့် ပေါင်းမိသော အခါ မလိခ ဖြစ်သွား သည်။ မလိခသည် မေခနှင့် ပေါင်းမိသောအခါ ဧရာ ဝတီ ဖြစ်လာသည်။

ဤအချက်သည် အကျွန်ုပ်အား အယူဝါဒများ အတွေးအမြင်များကို လေ့လာ လိုက်စားသောအခါ နောက် ကြောင်း သမိုင်းကို ဖယ်ပြီး လေ့လာလျှင် အမှန်အကန် မသိနိုင်ကြောင်းကို ပြောပြနေသည်နှင့် တူလေသည်။

အကျွန်ုပ်လည်း ဂရိ ဒဿနခေတ် ကုန်ဆုံးပြီး နောက် ကမ္ဘာ့သမိုင်း ဖြစ်ပေါ် တိုးတက်ပုံကို စေ့စေ့စပ်စပ် ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဂရိ ဘုရင် အန်တီယိုကပ်ကို ယခင် ၎င်း၏ စစ် သူကြီး ဖြစ်ခဲ့သူ ယုဒ မက္ကာဆီး ဆိုသူက ရောမနှင့်ပေါင်း တော်လှန်ပြီးနောက် ဂျေရုဆလင်တွင် တစ်ထီး တစ်နန်း ထူထောင်လေသည်။ သူ၏ မင်းဆက်ကို ဟပ်စမိုးနီးယန်း မင်းဆက်ဟု ခေါ်လေသည်။

ထို မင်းဆက် လက်ထက်တွင် ပေါ်ပေါက်သော ဂျူး လူမျိုးများ၏ အတွေးအမြင်များသည် နောင်အခါ ခရစ်ယာန် အယူဝါဒကို လွှမ်းမိုးလေသည်။ ဟပ်စမိုးနီး ယန်း မင်းဆက်သည် ဂျူးတို့ကို ကယ်တင်ခဲ့လေသည်။ အန်တီယိုကပ် လက်အောက်မှာ နေရသော ကာလသည် ဆင်းရဲဒုက္ခ များလှပေရာ ထိုကာလသည် ငရဲ ကျခံနေရ သည်နှင့် တူလေသည်။

ထိုအခါမှ စ၍ ယုဒ အတွေးအခေါ်တွင် မက် ဆိုင်းယား (Messiah) (မေရှိယလည်း ခေါ်သည်) ခေါ် သော ကယ်တင်ရှင် အယူအဆ ပေါ်ပေါက်ခဲ့လေသည်။ ဂျူးတို့က ရှိဩ (Sheol) ခေါ်သော ငရဲသဘောလည်း ပေါ်ပေါက် လာသည်။

ဒုစရိုက် (အပြစ်) သည် ကောင်းကင်ဘုံမှ ကျ လာသော အမှုမျိုး မဟုတ်။ လူတွေက ဖန်တီးသော အမှုမျိုးသာ ဖြစ်လေသည်။ လူ့ဘဝတွင် အသက်ရှင်စဉ် အခါ မကောင်းမှု ဒုစရိုက် (အပြစ်) ပြုသူတို့ အဖို့ ပျော် ရွှင်ဖွယ်ရာများနှင့်သာ ဆက်ဆံ ကြရပေလိမ့်မည်။ သို့သော် ထိုသူတို့၏ ဝိညာဉ်သည် ငရဲသို့ ကျရပေလိမ့်မည်။ ထို အယူအဆသည်လည်း ဂျူး လူမျိုးများ၏ အယူအဆပင် ဖြစ်လေသည်။

ခွင့်လွှတ်ခြင်းနှင့် ပတ်သက်၍မူ ဂျူးလူမျိုးများက ‘သင်တို့ အချင်းချင်း (လူသားချင်း) နှလုံးသားမှ ချစ်ကြ ကုန်၊ တစ်စုံတစ်ယောက် သင့် အပေါ်ဝယ် အပြစ် ပြုမူ လျှင်လည်း ထိုသူအား ငြိမ်းချမ်းစွာ စကားဆိုလေ၊ သူ့ အပေါ်ဝယ် ကောက်ကျစ်လိုသော ဆန္ဒမျိုး သင့် နှလုံး သားမှာ မမွေးပါလင့်၊ ထိုသူ သတိ သံဝေဂ ရပြီး ဝန်ချ ပါမူ ခွင့်လွှတ်ခြင်းဖြင့် သည်းခံပါလော့၊ ထိုသူက အရှက် မရှိ၍ အမှားကို ဆက်လက် ပြုနေသည့်တိုင် သင်က ခွင့် လွှတ်ခြင်းဖြင့် လျစ်လျူရှုပါ၊ သူ့အား ဘုရားသခင်၏ အဆုံးအမကို ခံရန် လွှတ်လိုက်ပါ’ ဟု ဆိုလေသည်။ ထိုအယူအဆသည်လည်း ခရစ်ယာန်များသို့ ကူးစက်ခဲ့ လေသည်။

ခရစ်ယာန် အယူဝါဒသည် ယုဒ ဝါဒ၏ အကိုင်း အခက် တစ်ခု အဖြစ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။* ထို အယူအဆကို ကမ္ဘာ့ ပညာရှင် များစွာတို့သည် တညီ တညွတ်တည်း လက်ခံ ထားကြပါသည်။ ငြင်းရန် အကြောင်းလည်း မရှိပါ။ ဟေဗြဲတို့၏ ဓမ္မဟောင်း ကျမ်းစာသည် သမ္မာကျမ်းစာ၏ ပထမပိုင်းအဖြစ် ပါဝင် နေပါသည်။ ထိုကျမ်းစာပါ အကြောင်းအရာတို့သည် ဂျူးလူမျိုးများ၏ သမိုင်းပင် ဖြစ်လေသည်။ ခရစ်ယာန် များကလည်း ထိုအချက်ကို လက်ခံထားကြပြီး ဖြစ်လေ သည်။

ယုဒကို ဘီစီ လေးခုနှစ်တွင် ရောမတို့က သိမ်းပိုက် ပြီးနောက် ပုန္တီ ပီလ (Pontius Pilate) မင်းကို အဝေး မြို့ဝန် ခန့်ထားလေသည်။ ထိုမင်းလက်ထက်တွင် ခရစ် တော်ကို ကားစင်တင်၍ သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

အကျွန်ုပ်သည် ရောမ အင်ပိုင်ယာနှင့် ခရစ်ယာန်

---

* *A Short History of Religions, E. E. Kellett p 97-100*

www.burmeseclassic.com



သာသနာ ရောယှက် ထွန်းကားပုံ အမြင် ရှင်းအောင် ပြုလုပ်ဖို့ အားထုတ်ရပြန်လေသည်။

ရောမတွင် ဆီဇာ ဩဂတ်စတပ် အုပ်စိုးစဉ် ခရစ်တော်ကို မွေးဖွား သန့်စင်လေသည်။

ခရစ်ယာန် အယူဝါဒတွင် 'ကောင်းကင် နိုင်ငံတော်'ဆိုသော သဘောတရား ပါသည်။ ထို သဘောတရားသည် သဘောတရားရေး ညီညွတ်မှု အတွက် အခြေခံ ဖြစ်လေသည်။ ကျယ်ပြန့်သော ရောမ အင်ပိုင်ယာကြီး အတွက်လည်း စည်းလုံး ညီညွတ်သော ဘာသာ အယူဝါဒ တစ်ခု လိုအပ်သည်။ သို့မှသာ လူအချင်းချင်း အယူဝါဒ တူသဖြင့် ညီရင်း အစ်ကို သဘောထားပြီး ဆက်ဆံကြပေလိမ့်မည်။ ဤအခြေအနေသည် နိုင်ငံရေး စည်းလုံးမှု အတွက် ဘာသာရေး အရ အယူဝါဒ ညီညွတ်မှု ရှာရမည့် အခြေအနေ ဖြစ်လေသည်။ တစ်ခုတည်းသော ဘာသာ အယူဝါဒ အောက်တွင် ရောမ အင်ပိုင်ယာကြီး တစ်ခုလုံး စည်းလုံးမှု ရှိရန် ဖြစ်လေသည်။ ထိုအခြေအနေ အရပ်ရပ် အတွက် အသင့်တော်ဆုံး ဘာသာ အယူဝါဒမှာလည်း ခရစ်ယာန် အယူဝါဒပင် ဖြစ်နေလေတော့သည်။ *

မူလ ရောမတို့၏ ဘာသာ အယူဝါဒမှာ နတ်ဘုရား အမျိုးမျိုးကို ကိုးကွယ်မှုပင် ဖြစ်၏။ အေဒီ တစ်ရာစုသို့ ရောက်သောအခါ ရောမ နိုင်ငံတော် အတွင်း မှော်အတတ် ပဉ္စလက် အတတ်များဖြင့် တန်ခိုးပြပြီး လုပ်စားကြသော ဘာသာရေး အတုအယောင်သမားများ များစွာ ပေါ်ပေါက်ခဲ့လေသည်။

တာဆတ်မြို့တွင် ရှင်ပေါလု ဘုန်းကြီးစဉ် အခါတွင် တယာနာ မြို့သား အပိုလိုနိယ (**Apollonius**) ဆိုသူသည် အံ့ဖွယ် ဆန်းကြယ်သော တန်ခိုးပြ လှည့်ကွက်များဖြင့် ဘုရားသခင်ထံမှ ပို့ချသည် ဆိုသော ဘာသာ အယူဝါဒ တစ်ရပ်ကို ထူထောင်ဖို့ ကြိုးစားလျက် ရှိလေသည်။ အပိုလိုနိယသည်ပင် တခြားသော ဂေါ်စပဲလ်ခေါ် ဘုရားသခင်၏ သတင်းကောင်း ဆောင်ယူလာသူ ဖြစ်ကြောင်း သူ့တပည့်များက အမွှမ်းတင်ကြလေသည်။ ထိုသူသည် သူ့ကိုယ်သူ သူတော်စင် ဘုန်းကြီး ရဟန်း အသွင် ဆောင်လျက် ပယောဂ ကုသခြင်း၊ ရှေ့ဖြစ်ဟောခြင်း အမှုများကို ပြုနေလေသည်။

ခေတ် အဆက်ဆက် လူမျိုးတိုင်းမှာ ထိုသို့သော ဝိဇ္ဇာယောင် အချောင်သမားများ ရှိကြသည်ပါကလား။ ထိုသူတို့သည် ယုံကြည် ကိုးကွယ်ခြင်း၌ သဒ္ဓါတရား ထက်သန်ကြသော ဘာသာရေး အယူအစွဲ ကြီးသူများကို သူတို့၏ အကျိုးစီးပွား အတွက် သားကောင် အဖြစ် ဖမ်းယူ တတ်ကြသည်ပါ ကလား။

အပိုလိုနိယ ဆိုသူ ဘိုးတော်ယောင် အကြောင်းကို ရေးသားနေစဉ် အကျွန်ုပ် ကိုယ်တွေ့ လွန်ခဲ့သော ဆယ်နှစ်လောက်က အဖြစ်အပျက် တစ်ခုကို သတိရမိလေသည်။ ဝိဇ္ဇာယောင်နှင့် တွေ့ခဲ့ရပုံ ဖြစ်၏။

ထိုကာလသည် အကျွန်ုပ် ဘဝဝယ် ဘုရားတရား သံဃာ ရတနာ သုံးပါးကို ကြည်ညိုပြီးနောက် ဝိဇ္ဇာမှ တစ်ဆင့် စရဏသို့ ကူးပြောင်းလျက် သီလခန်း သမာဓိခန်း ပညာခန်းသို့ တက်လှမ်းရန် အားထုတ်နေစဉ် ကာလ ဖြစ်လေသည်။

ပုထုဇဉ်သည် 'တရား' မရမီ လောကီ ကိစ္စများ၌ အစဉ်သဖြင့် အမှား တွေ့တတ်သည်။ စိတ် **မချရ**။ အလိမ် ခံရတတ်သည်။ ထို့အတူ လောကုတ္တရာ **ကိစ္စ** မှာလည်း စိတ်ချဖွယ် အခြေအနေ မရှိသည်ကို သိသင့်ပါ၏။

ထို သဘောကို ယခုအခါ ပြောဆိုနိုင်ပြီ ဖြစ်သော်လည်း အတွေ့အကြုံ များစွာဖြင့် ရင်းနှီးပြီး မသိသေးမီက စာတွေ့လောက်သာ ယောင်ယောင်ဝါးဝါး နားလည်နေသလို ရှိသည့် အတွက် ထို အချိန်တွင် တကယ် ငါတွေ့ပိုင်ပိုင် နားလည်နိုင်သလား ဆိုတော့ နားမလည်ပါ။

သီလခန်းတွင် အကျွန်ုပ်သည် ငါးပါး သီလ ရှစ်ပါး သီလကိုသာမက နဝင်္ဂသီလကိုပင် ကိုးရက်ပေါင်း ရှစ်ဆယ့် တစ်ကြိမ် ဆောက်တည်ရန် အဓိဋ္ဌာန် တင်၍ အားထုတ်နေစဉ်က ဖြစ်ပါသည်။

တစ်နေ့သ၌ မန္တလေးမြို့သို့ အလုပ်ကိစ္စ တစ်ခုဖြင့် သွားရောက်ခဲ့ရာ စီးပွားဘက်များက အလွန် စွမ်းသည် ဆိုသော ဆရာ တစ်ဦး အကြောင်းကို ပြောကြလေသည်။ အကျွန်ုပ်လည်း မိမိကိုယ်တိုင် တရား အားထုတ်နေသူ ဖြစ်သည်။ သီလကိုလည်း ဆောက်တည်ထားသူ ဖြစ်သည်။ လူတွေကလည်း မိမိကို ပါရမီရှင် ဖြစ်သည်ဟု ပြောဆို ချီးမွမ်းကြသည်ကို အထင်ကြီးစိတ် ဝင်နေစဉ် ကာလ ဖြစ်လေသည်။ တစ်ဖက်တွင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ် ရှိပြီး အခြား တစ်ဖက်တွင်လည်း ဘာသာ အယူဝါဒကိုပင် သိပ္ပံနည်းကျ ဆင်ခြင် စဉ်းစား၍

--------------

* *A Short History of Religions, E. E. Kellett p 97-100*

www.burmeseclassic.com



ရမှသာ လက်ခံလာခဲ့သူ ဖြစ်သည့်အလျောက် ထိုအံ့ဖွယ် အစွမ်း သတ္တိများကိုလည်း မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်လျက် ရှိနေလေ၏။

အတွေ့အကြုံအရ ပြောရလျှင် ယုံကြည် ကိုးကွယ်မှု ကိစ္စသည် အယုံ သွင်းမှုများနှင့် အမြဲတစေ ရင်ဆိုင် ရတတ်လေသည်။ ဘယ်သူတွေ အယုံသွင်း ခံရတတ်သနည်း ဆိုသော် ယုံလွယ်သူများမှာ ပထမ အယုံသွင်း ခံရတတ်ပါသည်။ ဒုတိယ အယုံသွင်းဖို့ လွယ်ကူသူမှာ မယုံတတ်သူများ ဖြစ်ကြပါသည်။ ထိုသူတို့သည် အမှန်မှာ တကယ့် တကယ် မယုံကြည်သူများ မဟုတ်ကြချေ။ ယုံလောက်အောင် ကိုယ်တွေ့ မကြုံသေး၍ မယုံသေးသူများသာ ဖြစ်ပါသည်။ သူတို့ စိတ်တွင် အထင် ကြီးလောက်စရာ အံ့သြလောက်စရာ တစ်ခုခုကို မျက်မြင် ကြုံလိုက်ရပါက (မိမိတို့သာ ထိုအတွေ့အကြုံမျိုး တွေ့ဖူးသည်၊ ကျန်လူများ မတွေ့ဖူးဘူး ထင်ပြီး) သူများတကာထက် ပိုမို ယုံလွယ် တတ်ကြလေတော့သည်။

ဤတွင် ဝန်ခံရသော် မိမိလည်း ထိုဒုတိယတန်းစားထဲတွင် ပါဝင်သူ ဖြစ်ခဲ့ဖူးလေသည်။

မန္တလေး မိတ်ဆွေများက ထိုအပိုလိုနိယ လက်သစ် ဆရာ၏ ထူးဆန်း အံ့ဖွယ် တန်ခိုး ပြပုံများကို ပြောပြကြလေသည်။ ထိုဆရာသည် စာရွက်ကို လက်ဝါးဖြင့် ရိုက်ပြလိုက်ရုံဖြင့် စာရွက်ပေါ်မှာ စာလုံးတွေ ထင်လာသည်။ ကက်ဆက်ခွေကို သူ့လက်ဖြင့် ကိုင်ပြီး ဖွင့်ခိုင်းလျှင် သူ့အသံဖြင့် သွင်းထားပြီး တရားများ ကက်ဆက်မှ ထွက်လာသည်။ ဗိုက်ထဲမှာ အပင်း သွင်းထားသော ပစ္စည်းများကိုလည်း မျက်စိ အောက်မှာပင် ထုတ်ယူ ပေးနိုင်သည်။ လေထဲမှ ဆင်းတုတော် အမျိုးမျိုးကို ပင့်ပေးနိုင်သည်။ အိတ်ထဲတွင် ပိတ်ပြီး ထည့်ထားသော စာရွက်ထဲမှ မေး ခွန်း များ ကို ထိုစာရွက်ကို လုံးဝ မကြည့်ဘဲ ပြောနိုင်သည်။ လူ့စိတ်ကိုပင် ဘာ ကြံစည်နေသည်ကို သိနိုင်သည်ဟု ဆိုလေရာ အကျွန်ုပ်လည်း သူတို့ ပြောသည့် စကားများကို အံ့သြ ရမည်ထက် သံသယ ဖြစ်သည်က ပိုလာ လေတော့၏။

ဤတွင် အကျွန်ုပ်က

'ဒီဆရာ ဘယ်မှာလဲ၊ ကျွန်တော် ခုချက်ချင်း သွား တွေ့စမ်းပါရစေ' ဟု ဆိုလိုက်ပါသည်။

မိတ်ဆွေ ကိုအေးမြင့် ဆိုသူက

'ခု မန္တလေးမှာ မရှိဘူး၊ မေမြို့ (ပြင်ဦးလွင်) မှာ လို့တော့ ကြားတယ်၊ သူက လျှောက်သွားနေတာ ဆရာရဲ့၊ သူ့ကို တွေ့ဖို့လည်း မလွယ်ဘူး၊ ထိုက်မှ တွေ့ရတယ်' ဟု ဆိုပြန်လေသည်။

ထိုက်မှ တွေ့ရသည် ဆိုခြင်းကို အကျွန်ုပ် မနှစ်သက်ချေ။ မိမိကဲ့သို့ သီလ ရှိသူ၊ အဓိဋ္ဌာန် ရှိသူ၊ (သူများ ပြောကြသလို ပါရမီ ရှိသူ) သည် အဘယ်ကြောင့် ထိုဆရာကို မတွေ့ထိုက်ပါသနည်း။ (ထိုစဉ် အခါကမူ မိမိ၏ စိတ်တွင် ထိုဆရာကိုသာမက ဝိဇ္ဇာ အစစ်ကိုပင် တွေ့ထိုက်သူ ဖြစ်သည်ဟု အောက်မေ့ နေပါသည်။ ထိုသို့ အောက်မေ့ရန် အကြောင်းလည်း များစွာ ရှိပါသည်။ ထိုအကြောင်းများကို နောင် သင့်ရာ အခန်းကျမှ ဖော်ပြပါမည်။)

ဤကား မိမိကိုယ်ကို အထင်ကြီးသူတို့ တွေးတတ်သည့် အတွေးမျိုး ဖြစ်ပါသည်။

ထို အတွေးအခေါ်သည် ကိုယ့်ကိုယ်ကိုယ် လှည့်စားသော အတွေး အခေါ် ဖြစ်သည်ကို ထိုစဉ်အခါက လုံးဝ နားလည်နိုင်ခြင်း မရှိခဲ့ပါ။

အကျွန်ုပ်လည်း ဘာညာ ပြောမနေတော့ဘဲ ဂျစ်ကား တစ်စီးကို ငှားကာ မိတ်ဆွေ ကိုအေးမြင့်ကိုပါ ခေါ်လျက် မေမြို့ (ပြင်ဦးလွင်) သို့ သွားလေတော့၏။ ထိုဆရာ ရောက်ရှိနေသော အိမ်ဂေဟာမှာ တစ်ချိန်က နိုင်ငံရေး လောကတွင် ထင်ရှားခဲ့သူ ပုဂ္ဂိုလ်ကြီး တစ်ဦး၏ နေအိမ် ဖြစ်လေသည်။

အိမ်ပေါ်ထပ်တွင် အမျိုးသမီး ပရိသတ် ပြည့်လျှံနေလေသည်။ အဘ ဆရာကို လွယ်လွယ်နှင့် မတွေ့ရ။ ကိုအေးမြင့်က အဘဆရာ၏ သီးသန့် အခန်းတွင်းသို့ ဝင်ပြီး လျှောက်ရသည်။ ထိုအခါမှ သီးသန့် အခန်းတွင် ဝင်ပြီး တွေ့ရလေသည်။

အဘဆရာ၏ ဥပဓိရုပ်သည် မတွေ့မီက အကျွန်ုပ်၏ စိတ်ထဲတွင် မှန်းဆထားသော ကြည်ညိုဖွယ် ရုပ်အဆင်းနှင့် များစွာ ခြားနား နေလေသည်။ တမင်တကာ လူ အထင်ကြီးအောင် အဘဆရာသည် မုတ်ဆိတ် ကျင်စွယ်လည်း မထား။ သျှောင်လည်း မထုံး။ ပိတ်ဖြူလည်း မဝတ်။ ခေါင်းလည်း မပေါင်း။ စိတ်ပုတီးလည်း မလွယ်။ အဆောင်အယောင် ဘာဆိုဘာမျှ မရှိ။ အသက်အားဖြင့်လည်း ငယ်သည်။ လူပုံကတော့ မြန်မာနှင့် သိပ်မတူ။ ကုလားစပ်နှင့် တူသည်။ စကားပြော ပွင့်လင်းသည်။ အင်္ဂလိပ်စာလည်း တတ်သည်။ စစ်ဆွယ်တာ တစ်ထည်ကိုသာ ဝတ်ဆင် ထားလေသည်။ ပထမသော် သူ့ကို

www.burmeseclassic.com



အဘဆရာဟု ထင်ဖို့ပင် အတော် ခဲခဲယဉ်းယဉ်း ဖြစ်လေသည်။ သူ့ဘေးတွင် ထို နိုင်ငံရေး သမားဟောင်းကြီး ရှိနေ၍သာ သူသည် အဘဆရာဟု အောက်မေ့ရတော့သည်။

အကျွန်ုပ်တို့ ရောက်သည့် အချိန်တွင် ညက တစ် ညဥ့် ပတ် လုံး အဘဆရာ အဓိဋ္ဌာန်ဖြင့် တရားအားထုတ်ခဲ့သဖြင့် လုံးဝ မအိပ်ရသေး၊ ပင်ပန်းနေသောကြောင့် ဧည့်သည်နှင့်လည်း မတွေ့နိုင်၊ ဟောလည်း မဟောနိုင်ပါဟု ဆိုလေသည်။

အကျွန်ုပ်လည်း စိတ်ထဲမှ မခံချင်စိတ် ဖြစ်ပြန်သည်။ ငါသည် ငွေကုန် ကြေးကျ ခံပြီး မန္တလေးမှ အပင်ပန်းခံကာ လာခဲ့ရသည်၊ ဤအချက်သည် မိမိမှာ ပါရမီ ရှိ မရှိ စမ်းသပ်ရမည့် အချိန်ဖြစ်သည်ဟု စိတ်မှာ တွေးထင်ကာ စိတ်ထဲမှပင် ရေရွတ်လိုက်မိပါသည်။

ဦးစွာ ပထမ မိမိပြုခဲ့သော သီလနှင့် အဓိဋ္ဌာန် (သက်သတ်လွတ် စားဆဲ) ကို ဆို၍ သစ္စာပြုပါသည်။

ဤမှန်သော စကားကြောင့် ဤပုဂ္ဂိုလ်ဝယ် အဘအောင်မင်းခေါင် ဆိုသော ဝိဇ္ဇာသည် ဧကန်လည်း ရှိ၍ နာမ်ကိန်းသည် စောင့်ရှောက်သည်လည်း မှန်မူ အကျွန်ုပ်၏ တခြားသော အကြောင်းကိစ္စတို့ကို မဟောမူလည်း အရေး မကြီးပါ၊ အကျွန်ုပ်၏ စရဏ အကြောင်းကိုမူကား ထုတ်ဖော် ဟောကြားပါစေသတည်း ဟု မနောဖြင့်ပင် ဆိုလိုက်ပါသည်။

မနောဖြင့် ဆိုလိုက်သော စကား အဆုံးဝယ် အဘဆရာထံမှ တုံ့ပြန်သော စကားကို ကြားရပါသည်။

'ဦးဆန်းလွင်က အဘကို မနောနှင့် လျှောက်တော့ အဘက ဦးဆန်းလွင်ရဲ့ စရဏနှင့် ပတ်သက်ပြီး ပြောလိုက်ဖို့ အမိန့်ချတယ်၊ ကဲ ဓာတ်ခန်းထဲကို ကြွ' ဟု ဆိုလေတော့၏။

အကျွန်ုပ်လည်း စိတ်ကြံစည်တိုင်း ပြည့်ဝသည်လည်း တစ်ကြောင်း၊ အစက ဒါမျိုး ဘယ်နည်းနှင့်မျှ မရှိနိုင်ဟု အထင် ရှိထားချက် မှားယွင်းသွား၍ ရှက်စိတ် ဝမ်းနည်းစိတ် ဖြစ်သည်လည်း တစ်ကြောင်း၊ တစ်သက်နှင့် တစ်ကိုယ်ဝယ် ဒီလို လူ့စိတ်ကို သိနိုင်သော ပုဂ္ဂိုလ်မျိုး (အစွမ်း သတ္တိမျိုး) ကို မကြုံဖူး မတွေ့ဖူးရုံမျှမက ဤသို့သော အခြင်းအရာမျိုးသည် ဤ သဘာဝ လောက၌ ရှိနိုင်မည်ဟုလည်း မထင်ခဲ့သည် တစ်ကြောင်း ကြောင့် များစွာ အံ့သြ သွားမိလေတော့၏။ ဘာကြောင့်မှန်း မသိ ဝမ်းသာ ဝမ်းနည်းစိတ်များ ရောကာ မျက်ဝန်း အစုံမှ မျက်ရည်များပင် ကျဆင်းခဲ့ပါသည်။ ထိုခဏ၌ စိတ်ထဲတွင် မိမိသည် ပရလောကမှ ပုဂ္ဂိုလ်တစ်စုံတစ်ဦးနှင့် နီးနီးကပ်ကပ် ဆက်ဆံနေရ သကဲ့သို့လည်း အောက်မေ့လျက် မျက်လုံး အစုံတွင် စောစောက ကြည်ညိုဖွယ် အဆင်း မမြင်ခဲ့သော ပုဂ္ဂိုလ်၏ အသွင်ပျောက်ကာ ထိုပုဂ္ဂိုလ်ကိုပင် အဘ အောင်မင်းခေါင်ကြီးကို ကိုယ်တိုင် တွေ့မြင်နေရ သကဲ့သို့ ထင်မြင်၍ နေလေတော့၏။

ယခု ပြန်စဉ်းစား ကြည့်သောအခါ ထိုသို့ ထင်မြင်နေခြင်းသည် မိမိ စိတ်က ဖြစ်လာခြင်းပေပဲလား။ သို့မဟုတ် ထိုပုဂ္ဂိုလ်၏ အစွမ်းသတ္တိဖြင့် ပြုလုပ်သော ညို့ကွင်းထဲသို့ ရောက်ရှိ နေခြင်းကြောင့်ပဲလား ဆိုသည်ကိုလည်း မဝေခွဲတတ်တော့ပါ။

ဓာတ်ခန်းထဲသို့ ရောက်သောအခါ စာရွက်စုတ်ကလေးများ ပေါ်တွင် ခဲတံဖြင့် ရေးသားထားသော အကျွန်ုပ်၏ မွေးနှစ် သက္ကရာဇ်၊ အကျွန်ုပ်၏ မွေးနေ့၊ အကျွန်ုပ်၏ မူလဇာတာ တွက်ထားပြီး မဟာဘုတ် ကိန်းခန်းများကို တစ်ခုချင်း ထုတ်ပြလေသည်။ ထိုပုဂ္ဂိုလ် ထုတ်ပြသမျှ အချက်အလက် အားလုံး မှန်ကန်နေလေသည်။ ဤအံ့ဖွယ် အဆန်းတကြယ် ဆောင်ရွက်ပြသော ဒုတိယ ပစ်ခတ်ချက်ကလည်း အကျွန်ုပ်၏ နှလုံးသားကို တည့်တည့် ထိမှန်ပြန်သည်။

အကျွန်ုပ်သည် လောက်စာလုံး နှစ်ချက် မှန်ပြီးသော စာသူငယ် အဖြစ်သို့ ရောက်သွားပြီ ဖြစ်၏။ ထိုအခါ အဘဆရာသည် တတိယမြားချက်ကို ပစ်ခတ်ပါသည်။

'ဦးဆန်းလွင် အိတ်ထဲမှာ မန္တလေးက မန်းရတနာ ရုပ်ရှင် ဖြန့်ချိရေးရဲ့ (writing pad) စာရေးစက္ကူ နှင့် ရေးလာခဲ့တဲ့ မေးခွန်း ငါးခု ပါလာတယ်နော်'

ထို မေးခွန်းများကို အကျွန်ုပ်၏ တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲတွင် ထည့်၍ စာအိတ်ဖြင့် ပိတ်ထားပါသည်။ မန်းရတနာ ရုပ်ရှင် ဖြန့်ချိရေး စာရေးစက္ကူဖြင့် ရေးခဲ့သည်လည်း မှန်ပါသည်။

'ရေးလာတဲ့ မင်က စိမ်းပြာ ဟုတ်လား'

အဘဆရာက ထပ်မေးပါသည်။ မှန်ပြန်ပါပြီ။ ထို့နောက် အဘဆရာလည်း အတွင်း အင်္ကျီ အိတ်ထဲတွင် စာအိတ်ဖြင့် ပိတ်ထားသော အကျွန်ုပ် ရေးသားလာသည့် မေးခွန်း ငါးခုကို လုံးဝ မကြည့်ဘဲ တစ်ခုချင်း တစ်ပုဒ်ချင်း ရွတ်ပြပါသည်။ ၏ သည် မယွင်း မှန်နေပါသည်။

www.burmeseclassic.com



အကျွန်ုပ်လည်း ဤသူကား လူ မဟုတ်တော့၊ ဝိဇ္ဇာစင်စစ် ဖြစ်လေပြီဟု (မည်သူမျှ တိုက်တွန်းစရာ မလိုတော့ဘဲ) ယုံကြည် စိတ်ချခြင်းသို့ ရောက်လေတော့သည်။

ကြည်နူးခြင်းကြောင့် မဆည်နိုင်ဘဲ အကျွန်ုပ် မျက်ဝန်း အစုံမှ ကျလာသော မျက်ရည်များကို ကြည့်ကာ အဘဆရာလည်း ဤသို့ ဆိုလေသည်။

'ဓာတ်စစ် ဓာတ်မှန် ဖြစ် လာ ရင် ဘယ်လို ပုဂ္ဂိုလ်မျိုးမှ မခံနိုင်ဘူး၊ မျက်ရည် ကျတာပဲ၊ ရော့ ဒီ စာရွက် နှစ်ရွက်ကို ကြည့်စမ်း'

စာရွက် နှစ်ရွက်မှာ ပြောင်ချော လျှောက်လွှာ စာရွက် နှစ်ရွက် ဖြစ်ပါ၏။ အကျွန်ုပ်လည်း ကြည့်ဆို၍သာ ကြည့်နေသော်လည်း ဘာကိုမျှ မတွေ့ မမြင်ရသောကြောင့် ကြောင်ငေး၍ ကြည့်နေမိလေသည်။

'ဘာတွေ့သလဲ'

'ဘာမှ မတွေ့ဘူး အဘ'

'အေး ဗလာစာရွက် ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ကဲ ဒါဆို မင်းက တနင်္ဂနွေ ဂဠုန်မင်းပဲ ဟော့'

ဆိုပြီး ကြမ်းပြင်ပေါ်မှ ချထားသော ဖြောင် စက္ကူဖြူ နှစ်ရွက်ပေါ်ကို သူ့ ယာဘက် လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်ပါသည်။

ရုပ်ရှင်မှာပင် ခဲခဲယဉ်းယဉ်း ရိုက်ယူရမည့် ပြကွက်မျိုး တစ်ခု ပေါ်လာပါသည်။ ခဲဖြင့် ရေးသားထားသော စာလုံးများ စက္ကူပေါ်တွင် အလိုအလျောက် တဖျစ်ဖျစ် ပေါ်နေကြသည်ကို အကျွန်ုပ်၏ မျက်စိဖြင့် မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။ စက္ကူ နှစ်ရွက် စာမျက်နှာ လေးမျက်နှာ အပြည့် စာများ ပေါ်ပေါက်လာသော အချိန်ကာလသည် အများဆုံး ငါးစက္ကန့်သာ ကြာပါလိမ့်မည်။ အဖြစ်အပျက်က မြန်ဆန်လွန်းပါသည်။ ပထမသော် မျက်လှည့်လား အောက်မေ့ မိပါသည်။ ယခုတိုင် ထိုစာရွက်များ လက်ဝယ်ရှိပြီး ထိုစာရွက်များလည်း မပျောက် မပျက် တည်ရှိနေသောကြောင့်သာ မျက်လှည့် မဟုတ်ဟု မှတ်ရပါသည်။

အဘဆရာက ထိုစာရွက် နှစ်ရွက်ကို ခေါက်ပြီး အိတ်ထဲ ထည့်ထား ခိုင်းပါ၏။ အကျွန်ုပ်လည်း ရင်ခုန်နေသည် ဖြစ်၍ ထိုစာရွက် နှစ်ရွက်ကို ခေါက်၍ တိုက်ပုံ အိတ်ထဲသို့ ကတုန်ကယင် ထည့်လိုက်မိပါသည်။

'နေပါဦး ဦးဆန်းလွင်၊ လမ်းမှာ နောက်ထပ် မေးခွန်း နှစ်ခု မေးချင်တဲ့စိတ် ဖြစ်ခဲ့တယ် မဟုတ်လား'

အဘဆရာကား အကျွန်ုပ် စိတ် ကြံစည်သမျှကို ပင် သိနေပြီပါတကား။ လောကမှာ ဤပုံ လူတစ်ဖက်သား စိတ်အကြံကို သိနိုင်သော နည်း ရှိသည် ဟု ကျမ်းဂန်မှာ တွေ့ခဲ့ဖူးပါသည်။ ယခုမူ လက်တွေ့ မြင်နေလေပြီ။

တစ်ချိန်က အကျွန်ုပ်သည် ရုပ်ဝါဒကို အဟုတ် အမှန် ထင်ခဲ့ဖူးလေသည်။ ထိုစဉ်အခါက ဤလောကီ ပညာရပ်များ ရှိသည် ဆိုခြင်းကို လုံးဝ မဖြစ်နိုင်ဟုသာ စွဲမှတ်နေခဲ့ ဖူးပါသည်။

ယခုမူ လက်တွေ့ မျက်မြင် ဖြစ်လျက် နေပေရာ ဒါတွေ မရှိဘူး မဟုတ်ဘူး မမှန်ဘူး မဖြစ်နိုင်ဘူးဟု ဆိုလျှင် မိမိသည် ရူး၍သာ ဖြစ်ပေလိမ့်မည်။ သိပ္ပံနည်းကျ လေ့လာသည် ဆိုခြင်းသည် တကယ် လက်တွေ့ ဖြစ်ပျက်နေသော အခြင်းအရာများကို မျက်စိမှိတ်ပြီး ငြင်းရန် မဟုတ်။ ထိုတရားများ၏ သဘောမှန်ကို နားလည်အောင် စိစစ်ရန်သာ ဖြစ်ပါသည်။

အကျွန်ုပ်လည်း အမှန်ပင် ကားပေါ်မှာ မေးခွန်း နှစ်ခု မေးချင်သော စိတ် ဖြစ်ခဲ့ပါသည်။ ထို မေးခွန်း နှစ်ခုမှာ ဤသို့ ဖြစ်ပါသည်။

ပထမ မေးခွန်းမှာ အကျွန်ုပ်၏ အ ထွေး ဆုံး သမီးသည် သိုက်က လာသော သိုက်နန်းရှင် ဖြစ်သည် ဟု မှတ်ယူဖွယ် အကြောင်းများစွာ ရှိခဲ့သည့်ကိစ္စ ဖြစ်ပါသည်။ (ထိုကိစ္စကို နောင်တွင် အကျယ် ရေးပြပါမည်။)

ဒုတိယ အချက်မှာ အကျွန်ုပ်သည် ပင့်ဆောင်လာသူ မည်သူ မည်ဝါ မသိဘဲ ကွယ်လွန်သူ အဘ ဦးဘထွန်း (အတွင်းဝန် အငြိမ်းစား) မှတစ်ဆင့် ဉာဏ်တော် တစ်ပေခွဲခန့်ရှိ ဆင်သုံးကောင်ခံ ဆင်းတု တစ်ဆူကို ရရှိပြီး ပူဇော်ခဲ့ရာ ထိုဆင်ခံ ရုပ်ပွားတော်သည် ဘဝဟောင်းက တည်ထား ကိုးကွယ်ခဲ့သော ရုပ်ပွားတော် ဖြစ်သည် ဟူ၍ မှတ်ယူဖွယ် အကြောင်းများ ရှိခဲ့ခြင်း ကိစ္စ (ထိုကိစ္စကိုလည်း နောင်တွင် သင့်ရာ အခန်း၌ ဖော်ပြပါမည်) ဖြစ်ပါသည်။

အဘဆရာက အကျွန်ုပ်၏ လျှို့ဝှက်သော ထိုကိစ္စ နှစ်ရပ်ကို မေးခွန်း အဖြစ် စာရွက်လွတ် တစ်ရွက်တွင် ရေးခိုင်းပါသည်။ အကျွန်ုပ်လည်း အောက်ပါအတိုင်း ရေးချ လိုက်ပါသည်။

မေးခွန်း တစ် – ကျွန်တော်၏ သမီး အထွေးဆုံး

www.burmeseclassic.com



သည် သိုက်နန်းရှင် ဖြစ်သည်ဟု ဆိုပါသည်။ ထိုအချက်သည် မှန်ပါသလား။

မေးခွန်း နှစ် – ကျွန်တော့်မှာ ဆင်ခံ ရုပ်ပွားတော် တစ်ဆူ ရရှိထားပါသည်။ အဓိဋ္ဌာန်ပြုပြီး ရသော ဘုရားဖြစ်ပါသည်။ ထိုဘုရားသည် ဘဝဟောင်းက ကိုးကွယ်ခဲ့သော ဘုရား ဟုတ် မဟုတ် သိလိုပါသည်။

ထို မေးခွန်း နှစ်ခုမှာ ဘယ်လို လူသာမန်ကိုမှ မေး၍ ဖြေနိုင်ဖွယ် အကြောင်း မရှိဟု ထင်သဖြင့် ဝိဇ္ဇာကို မေးခြင်း ဖြစ်ပါသည်။

အဘဆရာလည်း စာရွက်လွတ်ပေါ်တွင် အကျွန်ုပ်က မေးခွန်း နှစ်ခုကို ရေးချပြီးသော အခါ စောစောက လက်ဝါးရိုက်ပြီး စာပေါ်ခဲ့သော အိတ်ထဲတွင် ခေါက်သိမ်းထားသည့် စာရွက် နှစ်ရွက်ကို ထုတ်ကြည့်ဖို့ ပြောလေသည်။

ထုတ်ကြည့်သောအခါ အကျွန်ုပ် အခုမှ ရေးသားထားသော ထပ်ဆင့် မေးခွန်း နှစ်ခုနှင့် တကွ အိတ်ထဲရှိ စာအိတ်ပိတ်မှာ ပါသော မေးခွန်း ငါးခုစလုံး ထို စာရွက်မှာ ပါသည့်ပြင် အဖြေများကိုလည်း တိကျစွာ ပေးပြီး ဖြစ်နေလေ တော့၏။

ထိုစာထဲတွင် 'ပရစိတ္တ ဝိဇာနန အဘိညာဉ်ရယ်မင်းစိတ်ကို ဘ သိတယ်၊ မယုံလျှင် မေးခွန်း နံပါတ် (၆) နှင့် (၇) ကို ရေး' ဟု ဆိုထားလေသည်။ မေးခွန်း (၆) နှင့် (၇) ဆိုသည်မှာ နောက်ထပ် ရေးသားသော အပေါ်က မေးခွန်း (၁) နှင့် (၂) ကို ဆိုလိုပါသည်။

အကျွန်ုပ် အဖို့မူ ကျမ်းဂန်မှာ ပါသော လူတစ်ဖက်သား၏ စိတ်ကို ကြိုတင် သိမြင်နိုင်သော ပရစိတ္တ ဝိဇနာန အဘိဉာဉ် သဘောသည် ဤသည်ကိုပင် ဆိုခြင်း ဖြစ်လေသလားဟု အောက်မေ့ကာ အလွန်ပင် ကြည်နူး ဝမ်းမြောက်ခဲ့ရ ဖူးပါ၏။

နောက်တွင် ဤကဲ့သို့ သိဒ္ဓိ တန်ခိုးများကို ပြပြီး အယုံသွင်းခြင်း ခံခဲ့ရသော အကျိုးဆက်သည် အရိယာသစ္စာ တရားကို ရှာသူ၏ ဘဝလမ်းတွင် နောက်ထပ် ဘယ်လို လမ်းလွဲ လိုက်တတ်ပုံ သာဓကများ ဖြစ်ခဲ့ရပုံ အလုံးစုံကို ဤစာတမ်း၏ သင့်ရာ နေရာများ၌ ဖော်ပြပါမည်။

(ခေတ် အဆက်ဆက်တွင် ဤ ပုဂ္ဂိုလ်မျိုးတွေ တစ်ပုံကြီး ရှိတတ်ပါသည်။ ဗုဒ္ဓသာသနာတွင် တန်ခိုးပြပြီး သာသနာပြုခြင်းကို မပြုရန် မြတ်စွာဘုရား ပိတ်ပင်ထားပါသည်။)

ဘာသာ ယုံကြည် ကိုးကွယ်မှုတိုင်း၌ လမ်းလွဲအကျင့်များကို ပြောဟော ကျင့်ကြံသူများ ရှိတတ်သည်ကို သတိ ပြုသင့်ကြောင်း ရှေးက အကျွန်ုပ် သဘောမပေါက်ခဲ့ပါ။ ထို အသိမျိုးကိုလည်း လွယ်လွယ်ကူကူ မရနိုင်ပါ။ အမျိုးမျိုးသော ပုဂ္ဂိုလ်များနှင့် တွေ့ကြုံပြီး ထိုသူတို့ လုပ်သမျှ ပြောသမျှကို ဟုတ်နိုးထင်ပြီး အချိန်ကုန် လူပန်းခံကာ လိုက်စားပြီး အတန်ကြာမှသာ ထိုအသိမျိုးကို ရတတ်ကြပါသည်။

ခရစ်ယာန် သာသနာ ထွန်းကားစ ပထမ သုံးရာစုတွင် ဘာသာရေး အရ တိုးတက်မှုမှာ နှေးကွေးလျက် ရှိပြီး ကွန်စတင်တိုင် ဘုရင်ကိုယ်တိုင် ခရစ်ယာန်ဘာသာကို လက်ခံသော အခါမှ စ၍သာ တစ်ဟုန်ထိုး တိုးတက်လေတော့၏။ ဘိရှော့ ခေါ် ဂိုဏ်းအုပ် ဘုန်းကြီးများကို ရွေးကောက် တင်မြှောက်ခြင်း၊ ထို့မှတစ်ဖန် ပုပ်ရဟန်းမင်းကြီးကို ရွေးချယ် တင်မြှောက်ခြင်း စသော ခရစ်ယာန် ဘာသာရေး အစိုးရ ပုံစံသည် တိုးတက်လာသည်။ ကွန်စတင်တိုင် ဘုရင် လက်ထက် မတိုင်မီကမူ ထိုပုံစံသည် ရုပ်လုံး မပေါ်သေးချေ။ ခရစ်ယာန် ဝတ်ကျောင်းများ အားလုံး အကျုံးဝင်သော ကောင်စီ (Occumenical Counicil) သည် ကွန်စတင်တိုင် ဘုရင် လက်ထက်ကျမှ ပေါ်ပေါက်သည်။ ခရစ်ယာန် ဂိုဏ်းကွဲများ၏ အယူဝါဒ ကွဲပြားမှုများကို ဆုံးဖြတ်ပေးသည့် ဝိနိစ္ဆယ အဖွဲ့ချုပ် ဖြစ်လေသည်။

ခရစ်ယာန် အယူဝါဒ တိုးတက် ထွန်းကားလာရာ ခရီး တစ်လျှောက်လုံးတွင် အယူဝါဒ တစ်ခု သီသီသာသာ ထွန်းကား ခဲ့လေသည်။ ထိုအယူဝါဒကို ခရစ်ယာန်တို့၏ သည်းမခံသော အယူဝါဒ (The intolerant zeal of the Christians) ဟု ပညာရှင်များက ခေါ်ကြလေသည်။ ထိုအယူအဆသည် ခရစ်ယာန် ဘာသာကို ယုံကြည် ကိုးကွယ်သူများသာ အမတ သုခဘုံသို့ ရောက်နိုင်ပြီး တခြား ဘာသာဝင်များနှင့် ရုပ်တု ကိုးကွယ်သူများ အားလုံး ငရဲဘုံ (ဒုက္ခဘုံ) သို့သာ ရောက်ကြမည် ဆိုသော အယူအဆ ဖြစ်လေသည်။

တမလွန် အယူအဆတွင် ပလေတိုး၏ ထာဝရဝိညာဉ်သဘော၊ နာမ် တရားတို့၏ သေခြင်း ကင်းသော သဘောသည် ခရစ်ယာန် ဘာသာ အယူဝါဒ ထွန်းကားစကပင် ထင်ရှား လာခဲ့လေသည်။

ဘာသာ ယုံကြည် ကိုးကွယ်မှုတိုင်းသည် အံ့ဖွယ် တန်ခိုး ဣဒ္ဓိပါဒ် သဘောတို့ဖြင့် မကင်းကြသကဲ့သို့

www.burmeseclassic.com



ရောမခေတ်တွင် ထွန်းကား ပျံ့နှံ့လာသော ခရစ်ယာန်ဘာသာတွင်လည်း ထိုသဘောများ များစွာ ပါဝင်နေလေသည်။ သို့သော် ကွန်စတင်တိုင် ဘုရင် မတိုင်မီက တည်ရှိသော လူရိုင်းများ၏ ကိုယ်ကျင့်တရား အမြင်များနှင့် နှိုင်းစာလျှင် ခရစ်ယာန် ကိုယ်ကျင့်တရား အမြင်များက ပို၍ အဆင့်မြင့်လျက် ရှိခဲ့၏။

သို့သော် ခရစ်ယာန် အယူဝါဒ တိုးတက်လာသည့် ခေတ် အဆက်ဆက်တွင် အထူးသဖြင့် သန့်ရှင်းသော တြိနိတီ သဘော အယူအဆနှင့် သေပြီးနောက် ရှင်ပြန်ထမြောက်ခြင်း သဘော အယူအဆတို့တွင် ဝိဝါဒ အမျိုးမျိုး ပေါ်ပေါက်ခြင်းဖြင့် တိုးတက်ခဲ့သည်ဟု ဆိုရပေမည်။ ဆာဗယ်လီယန် ဝါဒ (Sabellianism) က တစ်မျိုး မြင်ပြီး (Arianism) ခေါ် အာရိယန် ဝါဒက တစ်မျိုး မြင်လေသည်။ အာရိယန် ဝါဒ ဆိုသည်မှာ အာရိယ (Arius) ခေါ်သော အာလက်ဇန်းဒရီးယန်း မြို့သား ခရစ်ယာန် ဘုန်းကြီး (ယဇ် ပရောဟိတ် ဆရာ) တစ်ဦး၏ အယူဝါဒကို ဆိုခြင်း ဖြစ်လေသည်။ သူက သားတော်နှင့် ခမည်းတော်သည် တစ်တန်း တစ်စားတည်း ဘုရား မဖြစ်နိုင်၊ သားတော်ကို ခမည်းတော်ဘုရားက ဖန်ဆင်းခြင်းသာ ဖြစ်ရမည်ဟု ယူဆခဲ့လေသည်။ သူ၏ အယူအဆကို ပယ်ပြီး ခမည်းတော်နှင့် သားတော်သည် တစ်တန်း တစ်စားတည်းသော ဘုရား ဖြစ်သည် ဟူသော အယူလည်း ပေါ်ပေါက်လေ၏။ ခမည်းတော်နှင့် သားတော် ဟူသည် ဒင်္ဂါးပြား၏ ဘက်နှစ်ဖက်လို တစ်ခုတည်း၏ အမြင် နှစ်မျိုးသာ ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ကြပြန်သည်။ ထို အယူဝါဒကို တင်ပြသူ၏ အမည်သည် (Sabellius) ဆာဗယ် လိယ ဖြစ်ရာ သူ့ အတွေးအမြင်ကို ဆာဗယ်လီယန် ဝါဒဟု ခေါ်ခြင်း ဖြစ်လေသည်။

အေဒီ ၃၃၅ မှ ၃၇၈ အထိ ဖြစ်သော ရောမ ဧကရာဇ်များက အာရိယ၏ ဝါဒကို အားပေး ထောက်ခံခဲ့ကြလေသည်။ အေဒီ ၃၇၉ ခုနှစ်သို့ ရောက်သော အခါ ရောမ ဧကရာဇ် သီယိုဒိုဆီးယ (Theodosius) သည် ကက်သလစ် အယူဝါဒကိုသာ လုံးလုံးလျားလျား ထောက်ခံ အားပေးလိုက်လေရာ ရောမ အင်ပိုင်ယာကြီး တစ်ခုလုံးသို့ ကက်သလစ် အယူဝါဒ ပျံ့နှံ့လျက် အောင်ပွဲ ခံနိုင်လေတော့သည်။ ကက်သလစ်များ အောင်ပွဲခံချိန်တွင် စိန့်အန်ဘရိုး (St . Ambrose)၊ စိန့်ယာရိုမီ (St. Jarome) နှင့် စိန့်ဩဂတ်စတင် (St. Augustine) ဆိုသော ခရစ်ယာန် သူတော်စင် သုခမိန်ကြီးများ ပေါ်ပေါက်ခဲ့ကြလေသည်။

သူတို့ကို အ နောက် တိုင်း ပညာရှင်များက 'ဒေါက်တာ' များဟု ခေါ်ကြလေသည်။

အကျွန်ုပ်သည် ဘဝ လမ်းခုလတ်တွင် မမျှော်လင့်ဘဲ ကြုံတွေ့ရ၊ ရင်းနှီးရ၊ ခင်မင်ရစဉ် ခရစ်ယာန် ဝါဒကို လေ့လာရသကဲ့သို့ ယခုတစ်ဖန် အတွေးအခေါ် ပင်လယ်ကြောမှာ မျောပါရင်းဖြင့် ခရစ်ယာန် အယူဝါဒကို အသစ် တစ်ဖန် လေ့လာဖို့ အကြောင်း ဖန်တီး ဖြစ်ပေါ် လာရပြန်လေသည်။

သည်တစ်ကြိမ်တွင်မူ အကျွန်ုပ်၏ ခရစ်ယာန် အ ယူ ဝါ ဒ နားလည်မှုသည် ရှေးက နားလည်ပုံမျိုး မဟုတ်တော့ဘဲ ဒဿန ဆန်နေပြီ ဖြစ်၏။ အနောက်တိုင်း အတွေးအခေါ်များ၏ တိုးတက်မှု ကွင်းဆက်ကို ရှာရင်း သမိုင်းကို ခြေရာကောက် လိုက်စဉ် ခရစ်ယာန် သာသနာနှင့် ခရစ်ယာန် ဒဿန တိုးတက်လာပုံကို ပြန်၍ လေ့လာရခြင်း ဖြစ်၏။

ယခုမူ သမ္မာကျမ်းစာထဲမှာ ဘာတွေ ဆိုထားသည်ကို သိရန် အားထုတ်ဖို့ မလိုတော့ပေ။ ထိုအယူဝါဒများ အပေါ် ခရစ်ယာန် ကျမ်းတတ် ပုဂ္ဂိုလ်ကြီးများ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ဒဿန ရှုထောင့်မှ လေ့လာဖို့သာ လိုတော့သည်။

စိန့်အန်ဘရိုး၊ စိန့်ယာရိုမီ နှင့် စိန့်ဩဂတ်စတင်တို့သည် ရောမ အင်ပိုင်ယာ အတွင်း ကက်သလစ်ဂိုဏ်းက အောင်ပွဲခံသည့် အချိန် ခေတ်ဦးပိုင်းမှာ ပေါ်ပေါက်သော အတွေးအမြင် ပညာရှင်များ ဖြစ်ကြပါသည်။

စိန့်အန်ဘရိုး၏ အတွေးအခေါ်များမှာ လောကုတ္တရာရေး ဖြစ်သော ခရစ်ယာန် ဘာသာရေးဂိုဏ်း အပေါ် လောကီ အစိုးရများ၏ အာဏာစက် ကင်းမဲ့စွာ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရေးကို အားပေးခဲ့လေသည်။ သူ၏ အတွေးအခေါ်များကို အကောင်အထည်ဖော်ခွင့်ကိုလည်း စိန့်အန်ဘရိုး ရရှိခဲ့ပါသည်။ ၎င်းတို့အနက် အထင်ရှားဆုံးမှာ စိန့်ဩဂတ်စတင် ဖြစ်လေသည်။

စိန့်ဩဂတ်စတင်သည် ခရစ်ယာန် ဘာသာ တိုးတက်မှုတွင် အရေး အကြီးဆုံး မှတ်တိုင်များ **အနက်** တစ်ခု အဖြစ် ကမ္ဘာ့ ဒဿန သမိုင်း၌ ထင်ရှား နေရခြင်းမှာ သူ၏ ***ဘုရားသခင်၏ မြို့တော်*** (The City of God) ဆိုသော ကျမ်းစာအုပ်ကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com



စိန့်ဩဂတ်စတင်ကို ဘာထရန် ရပ်ဆယ်ကမူ တော်လ်စတွိုင်း နှင့် တူသည် ဟု ဆိုသည်။ * သို့သော် ဉာဏ်အရာတွင် သူက တော်လ်စတွိုင်းထက် သာသည် ဟုလည်း သုံးသပ်ထားလေသည်။

တော်လ်စတွိုင်းနှင့် တူသည်ဟု ဆိုခြင်းမှာ စိန့်ဩဂတ်စတင်သည်လည်း တော်လ်စတွိုင်းလို ဘဝ နှောင်းပိုင်းတွင် အစွဲအလမ်း ရောဂါ ဖြစ်ခဲ့ဖူးလေသည်။ သူ့ကိုယ်သူ ဒုစရိုက် ကျူးလွန်သူ အဖြစ် အစွဲ ဖြစ်ခဲ့သည် ဟု ဆိုသည်။

ဩဂတ်စတင်၏ 'ဘုရားသခင် မြို့တော်' ဆိုသည်မှာ ခရစ်ယာန် ဝတ်ကျောင်းတော်ကို ဆိုလိုခြင်း ဖြစ်လေသည်။ သူ့ အတွေးအမြင်များ ထွန်းကားသည့် ကာလသည် ရောမ အင်ပိုင်ယာတွင် ဘုရင် ဧကရာဇ်အပေါ်တွင် ပုပ် ရဟန်းမင်းကြီးက ဩဇာ လွှမ်းမိုးနေစဉ် ကာလ ဖြစ်ပေရာ 'ဘုရားသခင်၏ မြို့တော်' ဖြစ်သော ခရစ်ယာန် ဝတ်ကျောင်းတော် (ချာ့ချ်) က နိုင်ငံတော် အပေါ် တန်ခိုး ဩဇာ ကြီးမားရေး အတွက် ထိုကျမ်းကို ဩဂတ်စတင် ရေးသားခဲ့သည် ဟု ယူဆရန် အကြောင်း ရှိပါသည်။

သူ့ အမြင်တွင် နိုင်ငံတော် အပေါ်တွင် ချာ့ချ်မှာ တာဝန် ရှိသည်။ တိုင်းပြည်တွင် ခရစ်ယာန် ဘာသာ တန်ခိုး ဩဇာ မေးမှိန်လာပါက ဘုရား ရှိခိုးကျောင်း ဆိုင်ရာ (ဘာသာရေးပိုင်းက) တိုင်းပြည် အုပ်ချုပ်ရေးပိုင်းကို ဝေဖန် ရှုတ်ချ ပြစ်တင်နိုင်သည် ဟူသော သဘောထား ရှိလေသည်။ * *

ဘာထရန် ရပ်ဆယ်ကမူ 'ဘုရားသခင်၏ မြို့တော်' ကျမ်းတွင် ရေးသား ဖော်ပြထားသည့် အကြောင်းအရာများသည် မျက်မှောက်ကာလရှိ လူများ အနေနှင့်မူ တစ်ချက်မျှပင် လက်ခံနိုင်ရန် မရှိ ဟူ၍ လည်းကောင်း၊ ထို စာအုပ်ထဲတွင် မှတ်လောက် သားလောက် ထူးထူးခြားခြား အသစ်အဆန်း ဟူ၍ ဆိုရလောက်အောင် ပင်ကို အမြင် မပါသလောက် နည်းပါးသည်ဟု လည်းကောင်း သူ၏ ***အနောက်တိုင်း ဒဿနသမိုင်း*** ကျမ်းတွင် မှတ်ချက်ချပါသည်။

အကျွန်ုပ်လည်း ထိုအယူအဆကို လက်ခံပါသည်။

အဘယ်ကြောင့်ဆိုလျှင် ဟိုယခင် တစ်ကြိမ်က အကျွန်ုပ် မ အား မေးခဲ့ဖူးသော မေးခွန်း တစ်ခုကို စိန့်ဩဂတ်စတင် အတွေးအမြင်တွင် အဖြေပေးဖို့ ကြိုးစားထားသည်ကို တွေ့ရသော်လည်း အားရဖွယ်ကား မရှိချေ။

တစ်ချိန်က အကျွန်ုပ်သည် အာဒံ ပြုခဲ့သော အပြစ်ကို နောင်လာ နောက်သားတို့သည် မွေးရာပါ အပြစ်၊ မျိုးရိုးလိုက်သော ဒုစရိုက် အဖြစ် ခံရခြင်းမှာ တရားခြင်း ရှိ မရှိ ဆိုသော သဘောမျိုး မ အား မေးခဲ့ဖူးပါသည်။

ထိုအချက်ကို စိန့်ဩဂတ်စတင်က အောက်ပါအတိုင်း ဖြေပါသည်။

'အာဒံသည် အပြစ် မကျူးလွန်မီက သူ့မှာ စိတ်လွတ်လပ်ခွင့် အပြည့်အဝ ရှိခဲ့သည်၊ သူ့အနေနှင့် အပြစ်ကို မကျူးလွန်မိအောင် ရှောင်လိုလျှင် ရှောင်နိုင်ခွင့် ရှိခဲ့ပါသည်၊ သို့သော် သူနှင့် ဧဝတို့သည် သစ်သီးကို စားခဲ့ကြ၏၊ တားမြစ်ထားပါလျက် မရှောင်ကြဉ်ခဲ့ကြ၊ ဤကား ဘုရားသခင်၏ အမိန့်ကို လွန်ဆန်ခြင်း ဖြစ်သည်၊ အပြစ်ကို ကျူးလွန်ခြင်းပင် ဖြစ်လေသည်၊ ထို အကြောင်းကြောင့် သူသာမက သူက ဆင်းသက် ပေါက်ဖွားသော လူသားတိုင်းမှာ ထိုအပြစ်သည် မွေးရာပါ အပြစ် ဖြစ်လာသည်၊ မွေးရာပါ အပြစ် ကျွန်ုပ်တို့ အားလုံးမှာ ပါသောကြောင့် ကျွန်ုပ်တို့သည် နောင်ဘဝ၌ အပြစ်ဒဏ် စီရင်ခြင်းကို ခံကြရပေလိမ့်မည်၊ အကြင်သူသည် ဗတ္တိဇံ မခံယူဘဲ ကလေးဘဝ၌ပင် သေသော် ငရဲ၌ အဆုံးမဲ့ ဆင်းရဲကို ခံစားရမည်သာ ဖြစ်သည်၊ ကျွန်ုပ်တို့သည် မူလကပင် ကောက်ကျစ်လာကြသည် ဖြစ်ရကား ထိုသို့ တမလွန်ဘဝတွင် အပြစ်ဒဏ် စီရင်ခံရခြင်း အတွက် အဆိုး မဆိုသာ' ဟု ဆိုလေသည်။

ဤကား သူ၏ ***ဖြောင့်ချက်*** (Confession) ကျမ်းတွင် ဩဂတ်စတင် ရေးသားခဲ့ခြင်း ဖြစ်လေသည်။

ထိုအချက်သည် ဩဂတ်စတင်၏ ဒဿနတွင် ဘဝင် မကျဖွယ် ကောင်းလှသော ဆင်ခြေ ဖြစ်၏။ ၎င်းကို ဘာထရန်ရပ်ဆယ်က အောက်ပါ အတိုင်း ဆိုလေသည်။

'ဤတွင် ဩဂတ်စတင် အတွက် ဒုက္ခ ပေးနိုင်သော အသိပညာ ဆိုင်ရာ အခက်အခဲ တစ်ခု ရှိပါသည်၊ လူသားထုကြီး တစ်ရပ်လုံး မွေးကတည်းက ထာဝရ အပြစ်ဒဏ် ပါလာရသည် ဖြစ်ရကား လူကို ဖန်ဆင်းမိခြင်းမှာလည်း ဝမ်းနည်းဖွယ် အဖြစ်သို့ ရောက်ရသည်

---

* *A History of Western Philosophy p 345*

** *ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ ဆန်းလွင်၊ စာ ၁၆၉*

www.burmeseclassic.com



ဟု မထင်သင့်ပါလော၊ စိန့်ပေါ (ရှင်ပေါလု) ပြောသလို လူမှာ အာဒံ ပေးလိုက်သော အပြစ်အမွေကို ဆက်ခံခဲ့ရသည် ဆိုလျှင် အပြစ် (ဒုစရိုက်) သည် ဝိညာဉ်နှင့်သာ ဆိုင်ပေရာ မိဘမွေးစဉ်က ပါလာသော ရုပ်နှင့်နာမ်တွင် အပြစ်သည် နာမ်မှာသာ ရှိရမည်၊ ရုပ်မှာ ရှိစရာ မလိုတော့' *

ဆိုလိုသည်မှာ ရုပ်က သေဒဏ်ကို ခံနေရသည်မှာ တရားသလောဟု ဆိုလိုရင်း ဖြစ်ပါသည်။

အကျွန်ုပ်သည် ဤနေရာတွင် ဘာထရန် ရပ်ဆယ်လိုလည်း မစဉ်းစားပါ။

အကျွန်ုပ် စဉ်းစားသည်မှာ ဒုစရိုက် (အပြစ်) ဆိုသည် ဘာကို ဆိုပါသနည်း။

ဥပဒေ ရှုထောင့်က ကြည့်လျှင် ပြဋ္ဌာန်းထားသော ဥပဒေကို ကျူးလွန် ချိုးဖောက်ခြင်းကို အပြစ်ဟု ဆိုသင့်သော်လည်း ၎င်းကို ကိုယ်ကျင့်တရား သဘောအရ အကုသိုလ် ဒုစရိုက် အပြစ်ဟု မဆိုထိုက်ပါ။ ကိုယ်ကျင့်သီလ သဘောအရ ဒုစရိုက် အပြစ်သည် မိမိကို သော်လည်းကောင်း၊ သူတစ်ပါးကို သော်လည်းကောင်း တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထိခိုက် နစ်နာခြင်းကိုသာ ဆိုလိုခြင်း ဖြစ်ပေရာ သစ်သီး စားခြင်းသည် မည်သူ့ကို ထိခိုက်ပါသနည်းဟုသာ စဉ်းစားပါသည်။

ဤတွင် ဘုရားသခင်က တားဆီးထားသည်ကို မလိုက်နာဘဲ ပျက်ကွက်ခြင်းသည် ဘုန်းကြီးများ ဝိနည်း ချိုးဖောက်လျှင် ဖြစ်သော အပြစ်မျိုးပင် မဟုတ်လောဟု မေးသင့်ပါသည်။

ခရစ်ယာန် အယူဝါဒ အရမူ ဘုရားသခင်သည် အုပ်စိုးသူ အဖြစ် ရှိနေခြင်း ဖြစ်ပေရာ ဘုရားသခင်၏ အမိန့်ကို ချိုးဖောက်ခြင်းသည် အာဏာ ဖီဆန်ခြင်း အပြစ် ဖြစ်ထိုက်သည်ဟု ဆင်ခြင်နိုင်ပါ၏။

အမှန်စင်စစ် စိန့်ဩဂတ်စတင်နှင့် စိန့်သောမတ် အကွိုင်းနပ်တို့၏ အတွေးအမြင် ဒဿနများသည် ယုံကြည် ကိုးကွယ်မှုကို ကာကွယ်ရေး အတွက် လက်နက် သဖွယ် **ဖြစ်နေ**သည်ကိုမူ အကျွန်ုပ် သတိ မထားမိဘဲ မနေနိုင်ပါ။

ကမ္ဘာ့ သမိုင်းတွင် အေဒီ ၆၀၀ မှ အေဒီ ၁၀၀၀ ကျော် အထိ ကာလကား အမှောင်ခေတ်ကြီး ဖြစ်ခဲ့ပါသည်။ ထိုကာလတစ်လျှောက်တွင် ပုပ်ရဟန်းမင်းသည် ဧကရာဇ်များ အပေါ်မှာပင် အာဏာ ကြီးစိုးခဲ့လေသည်။

---

* *A History of Western Philosophy p 366*

မည်သည့် မင်း ဧကရာဇ်ပင် ဖြစ်စေ ရဟန်းမင်းက ဘိသိက် မမြှောက်လျှင် မင်း အဖြစ်သို့ မရောက်နိုင်ချေ။

အမှောင်ခေတ်ဟု ခေါ်သော အေဒီ ၆၀၀ မှ ၁၀၀၀ အထိ ကာလသည် အရှေ့ဘက် ကမ္ဘာတွင် တရုတ်ပြည်၌ တန်မင်းဆက် လက်ထက် ဖြစ်လေသည်။

ထိုအချိန်သည် အိန္ဒိယမှ စပိန် နိုင်ငံ အထိ အစ္စလာမ် ဘာသာ တိုးတက် ထွန်းကားသော ကာလ ဖြစ်သည်ကိုလည်း အမှတ် ပြုသင့်ပါသည်။

ထိုအချိန်တွင် အရှေ့ဘက် အင်ပိုင်ယာကို အကြီးအကျယ် တိုက်ခိုက်ခဲ့သူများမှာ အစ္စလာမ် ဘာသာဝင်များ ဖြစ်ကြပါသည်။

အကျွန်ုပ်သည် မိဘများ၏ အစ္စလာမ် ဘာသာ အကြောင်းကိုလည်း သမိုင်း နောက်ခံပေါ်တွင် အပြည့်အစုံ နားလည်အောင် ကြိုးစားပါသည်။

မက္ကာမြို့မှ မဒီနာမြို့သို့ မုဟာမ္မာဒ် သခင် တိမ်းရှောင် ထွက်သွားသော နှစ်သည် အေဒီ ၆၂၂ ဖြစ်လေသည်။ ထိုနှစ်က စ၍ အစ္စလာမ် ပြက္ခဒိန် စတင်ပါသည်။ နောက် ၁၀ နှစ် အကြာ အေဒီ ၆၃၂ ခုနှစ်တွင် မုဟာမ္မာဒ် သခင် ကွယ်လွန် အနိစ္စ ရောက်ပါသည်။ မုဟာမ္မာဒ်သခင် ကွယ်လွန်သည်နှင့် တစ်ပြိုင်နက် အာရပ် အောင်မြင်မှု စတင်သည်ဟု ဆိုရပါမည်။ အရှေ့ဘက်တွင် ဆီးရီးယားကို ၆၃၄ ခုနှစ်တွင် တိုက်ခိုက် သိမ်းပိုက် နိုင်ပါသည်။ ၆၃၇ ခုနှစ်တွင် ပါရှားကို တိုက်ခိုက်ပြီး ၆၅၀ ခုနှစ်တွင် သိမ်းပိုက်ပြီး ဖြစ်ပါသည်။

တမန်တော် ကွယ်လွန်ပြီး အနှစ် ၁၀၀ တိတိ၊ အေဒီ ၇၃၂ တွင် အနောက်ဘက် ကမ္ဘာ တစ်လွှားသို့ အစ္စလာမ် ဘာသာဝင်များ တိုက်ခိုက်ခဲ့ရာ တိုဝါ (Tours) တိုက်ပွဲတွင် အစ္စလာမ်များ ရှုံးနိမ့်သော အခါမှသာ နယ်မြေ ချဲ့ထွင်သော တိုက်ပွဲများ ရပ်သွားလေတော့သည်။

တမန်တော် မုဟာမ္မာဒ်၏ ဘာသာ အယူဝါဒမှာ ရိုးရိုးပင် ဖြစ်ပါသည်။ တစ်ပါးတည်းသော ထာဝရဘုရား ကိုးကွယ်ရေး ဝါဒပင် ဖြစ်သည်။ ခရစ်ယာန် အယူကဲ့သို့ နားလည်ရခက်သော လူဝင်စားဘုရား သဘောလည်း မပါ။ တြိနိတီ ခေါ်သော သုံးပါးတစ်ဆူ ဘုရား သဘောလည်း မပါ။ တမန်တော် ကိုယ်တိုင်ကလည်း မိမိသည် ဘုရား ဖြစ်ကြောင်း၊ လူဝင်စားဘုရား ဖြစ်ကြောင်းလည်း လုံးဝ မဟော။ သူကိုယ်တိုင်က ထိုသို့ မပြောရုံမျှမက သူ့နောက်လိုက်များကလည်း သူ့ကို ဘုရားအဖြစ် မှတ်ယူ

www.burmeseclassic.com



ကိုးကွယ်ခြင်း မရှိ။ ဘုရား၏ သတင်းများကို ယူဆောင်ပေးသူ တမန်တော် အဖြစ်သာ မှတ်ယူသည်။ သူ့ကို လူသာမန် တစ်ဦး အဖြစ်သာ ထားသည်။ တမန်တော် မုဟာမ္မာဒ်အား ရှိခိုးခြင်း အမှုကိုလည်း မပြုကြချေ။ တမန်တော်သည် ရှေးက ဂျူးလူမျိုးတို့ ပြုလုပ်ခဲ့ဖူးသော ရုပ်တု ကိုးကွယ်မှု ပပျောက်ရေး၊ အရက်သေစာ သောက်စားမှု တားဆီးရေးများကို ထပ်မံ ဆောင်ရွက်လေသည်။

အာရပ် အင်ပိုင်ယာသည် အစက ခါလီဖာ ခေါ်သော မုဟာမ္မာဒ် သခင် ဆက်ခံသူများ လက်ထက်တွင် သက်ဦးဆံပိုင် ပဒေသရာဇ် အင်ပိုင်ယာ ဖြစ်လာလေသည်။ အစက ရွေးချယ် တင်မြှောက်သော စနစ်ကို ကျင့်သုံးခဲ့သော်လည်း နောက်ပိုင်းတွင် နန်းမွေ ဆက်ခံရေး စနစ်ကို လက်ခံကာ သားစဉ်မြေးဆက် အုပ်စိုးလေသည်။

အာရပ်တို့သည် ဘာသာရေးကို အကြောင်းပြုပြီး စစ်ပွဲများ ဆင်နွှဲခဲ့ကြသော်လည်း အွမ္မေယာဒ် မင်းဆက် (Umayyad Dynasty) ကို တည်ထောင်သည်က စ၍ ဘာသာရေး ကိစ္စသည် အဓိက မဟုတ်တော့။ နိုင်ငံရေး ကိစ္စသည်သာ အဓိက ဖြစ်လာခဲ့တော့၏။ ဘာသာရေး ယုံကြည်ချက် တူသူ အချင်းချင်းမှာပင် ပိုပြီး တစ်ယူသန်သူများက ကျန်လူများကို ဆန့်ကျင် တိုက်ခိုက်မှုမျိုး အမြဲ ရှိနေလေသည်။

အာရပ်များနှင့် စာလျှင် ပါရှန်တို့က ပိုပြီး ဘာသာရေး ကိုင်းရှိုင်းကြသည်ဟု ဆိုသင့်ပါ၏။ ပါရှန်များ အစ္စလာမ် ဘာသာဝင် ဖြစ်လာကြပြီးနောက် သူတို့ အစ္စလာမ် ဘာသာကို ခံယူကြပုံမှာ ပိုပြီး စိတ်ဝင်စားဖွယ် ကောင်းပါသည်။ သူတို့သည် ဘာသာရေး ကိုင်းရှိုင်းရာ၌လည်း အာရပ်များထက် သာသည်။ အစ္စလာမ် ဘာသာကို ခံယူရာတွင်လည်း နိုင်ငံရေး အသုံးချလိုသည့် သဘောထက် ပို၍ ဒဿနဆန်ဆန် လက်ခံကြလေသည်။

ဤတွင် အစ္စလာမ် ဘာသာ သမိုင်းကြောင်း အကျဉ်းမျှကို သိမှသာ ထိုအယူဝါဒ၏ သဘော သဘာဝကို ပိုပြီး နားလည်ဖွယ် ရှိပါသည်။

အေဒီ ၆၆၁ တွင် မုဟာမ္မာဒ် သခင်၏ သမက်ဖြစ်သူ အလီ ကွယ်လွန်ပါသည်။ ဤတွင် အစ္စလာမ် ဘာသာ နှစ်ခြမ်း ကွဲလေသည်။ ဆွန်နီနှင့် ရှီယာ ဟူ၍ ဖြစ်လာသည်။ ဆွန်နီ မွတ်စလင်များက လူများစု၊ ရှီယာ (ရှအာလည်း ခေါ်သည်) များက လူနည်းစု ဖြစ်လာခဲ့၏။ ရှီယာများမှာ အလီသခင်၏ နောက်လိုက်များ ဖြစ်ကြပြီး ပါရှန် ပင်လယ်ကွေ့ကို ရှီယာများက စိုးမိုးခဲ့ကြလေသည်။ ပါရှန်များက အွမ္မေယာဒ် မင်းဆက်ကို တွန်းလှန် လိုက်ကြပြီးနောက် အဘာဆစ် (Abbasid) ကို ထူထောင်ကြလေသည်။ မြို့တော်ကို ဒမတ်စကတ်မြို့မှ ဘဂ္ဂဒက်မြို့သို့ ရွှေ့ပြောင်းစဉ်က စသည်။

အဘာဆစ်များ အနက် အထင်ရှားဆုံး ခေါင်းဆောင်မှာ ဟာရွန် အာလ် ရာရှစ် (Harun-al-Rashid) ဆိုသူ ဖြစ်သည်။ (အေဒီ ၈၀၉)။ သူသည် ချားလမိန်း ဘုရင်နှင့် မိဖုရား အိုင်းရင်းတို့နှင့် ခေတ်ပြိုင် ဖြစ်လေ၏။ သူ့ အကြောင်းကို အာရေဗျ ညများ ဆိုသည့် တစ်ထောင့်တစ်ည ပုံပြင်များကြောင့် လူသိ များလေသည်။ သူ့လက်ထက်တွင် အစ္စလာမ် အင်ပိုင်ယာ ကြီးပွားလေသည်။ အနောက်ဘက်တွင် ဂျီဘရော်တာ အငူမှ အရှေ့ဘက် အိန္ဒုမြစ်ဝှမ်း အထိ ကျယ်ဝန်းလေသည်။ ထိုမင်းသည် သက်ဦးဆံပိုင် ဖြစ်သည်။ ဘုန်းကြီးသော်လည်း အသက် မရှည်ခဲ့။ အဘာဆစ် မင်းဆက်မှ နောက်ဆုံး ခါလီဖာ ခေါင်းဆောင်ကို အေဒီ ၁၂၅၆ တွင် မွန်ဂို လူမျိုးများ သတ်၍ သေဆုံးရလေသည်။

အာရပ်တို့၏ နယ်ချဲ့ စစ်သမိုင်းတွင် ဆီးရီးယားကို အောင်နိုင်သော အခါ ထိုသူတို့သည် ဆီးရီးယား လူမျိုးများထံမှ တစ်ဆင့် ဂရိ အတွေးအမြင်များကို သိရှိခွင့် ရခဲ့ကြလေသည်။ အာရပ်တို့သည် ပလေတိုး၏ အတွေးအခေါ်ထက် အာရစ္စတိုတယ်၏ အတွေးအခေါ်ကို ပိုပြီး အဆင့် မြင့်သည်ဟု လက်ခံခဲ့ကြလေသည်။

အာရပ်ကမ္ဘာတွင် ပထမဆုံး ဒဿန ပညာကို ရေးသားခဲ့သူသည် ကင်ဒီ (Kindi) (အေဒီ ၈၇၃) ဆိုသူ ဖြစ်လေသည်။ ဖီလိုဆိုဖီကို အာရဗီ ဘာသာ စကားဖြင့် ရေးသား ထုတ်ဝေခဲ့သူ ဖြစ်သည်။ သူ၏ ကျမ်းအမည်မှာ ***အာရစ္စ တိုတယ်၏ သီယိုလိုဂျီ*** (The Theology of Aristotle) ကျမ်း ဖြစ်သည်။

ထိုအချိန်တွင် ပါရှန် မွတ်စလင်များက အိန္ဒိယနှင့် အဆက်အသွယ် ရကြလေသည်။ ဤတွင် သူတို့သည် သက္ကတ ဘာသာစကားနှင့် တရင်းတနှီး ဖြစ်ကြပြီး ထို သက္ကတ ကျမ်းဂန်များမှ တစ်ဆင့် နက္ခတ္တပညာ၊ သင်္ချာ ပညာများကို သိခွင့် ရရှိခဲ့ ကြပြန်သည်။

မုဟာမ္မာဒ် အီဘင် မူဆာ အာလ် ခဝါရာဇ်မီ (Mohammad ibn Musa al-Khawarazmi) ဆိုသူသည် သက္ကတကျမ်းများကို အာရဗီ ဘာသာသို့ ပြန်ဆိုခဲ့လေသည်။ ထိုပုဂ္ဂိုလ်သည် အက္ခရာသင်္ချာကျမ်း တစ်စောင်လည်း ရေးသားခဲ့ရာ ထိုကျမ်းကိုပင် အနောက်

www.burmeseclassic.com



နိုင်ငံများက ၁၆ ရာစု အတွင်း ကျောင်းသုံး စာအုပ် ပြုလုပ်ခဲ့ရပါသည်။

ပါရှန် ကဗျာဆရာ အွမ္မာခါရမ်းလည်း ထိုခေတ်တွင် ပေါ်ပေါက်ခဲ့သည်။

အာရပ် အတွေးအခေါ် ပညာရှင် ဆိုသူများသည် အများအားဖြင့် အင်္ဂရတ်ပညာ နက္ခတ်ပညာ ဗေဒင်ပညာ သတ္တဗေဒပညာရပ်များကို ပို၍ လိုက်စားသူများ ဖြစ်ကြပါသည်။ အစ္စလာမ် ဘာသာဝင် ဘာသာရေး အယူသန်သူများကမူ ထိုသူတို့ကို အစဉ်သဖြင့် သင်္ကာမကင်းသော စိတ်ဖြင့် တိုက်ခိုက်ခြင်းကို ပြုကြလေသည်။

လွတ်လပ်သော အတွေးအခေါ်ကို လက်ခံသော မင်းညီမင်းသားများ၏ အကာအကွယ် ပေးမှုကြောင့်သာ ထို ဒဿနဆရာများမှာ အသက်ရှင်ကြရပါသည်။

ပါရှန် လူမျိုးထဲက အစ္စလာမ် ဒဿနဆရာ တစ်ဦး၊ စပိန် လူမျိုးထဲက အစ္စလာမ် ဒဿနဆရာ တစ်ဦး ထင်ရှား ခဲ့ဖူးပါသည်။ အာဝီဆင်နာ (**Avicenna**) နှင့် အာဝါရိုး (**Averroes**) ဆိုသူတို့ ဖြစ်ကြပါသည်။ ၎င်းတို့ နှစ်ဦး အနက် အာဝီဆင်နာသည်သာ အစ္စလာမ် ဘာသာဝင်တို့၏ လောကတွင် ထင်ရှားပါသည်။ အာဝါရိုး၏ အမည်မှာ ခရစ်ယာန်များ လောကတွင် ပိုပြီး ထင်ရှားခဲ့လေသည်။

အာဝီဆင်နာ (**Ibn Sina** အီဘင်ဆင်နား ဟု အာရပ်တို့ ခေါ်သည်။) သည် ဆေးပညာနှင့် ဒဿနိကဗေဒကို လိုက်စားခဲ့လေသည်။ ဆေး လောကတွင် ပိုပြီး ထင်ရှားပါသည်။

သူ့ အတွေးအခေါ်များကြောင့် သူသည် မကြာခဏ ထွက်ပြေး တိမ်းရှောင်ရသည်။ မကြာခဏ ထောင်သွင်း အကျဉ်း ခံခဲ့ရလေသည်။

သူ၏ အတွေးအခေါ်များသည် အာရစ္စတိုတယ်နှင့် များစွာ နီးစပ်ပါသည်။

သူက 'အတွေးသည် ယေဘုယျ သဘောတရားများကို ပုံသဏ္ဍာန်များ အဖြစ်ဖြင့် ယူလာကြသည်' ဆိုသော ဖော်မျူလာကို ချပေးခဲ့ပါသည်။ ထိုသဘောတရားသည် ပလေတိုး ယူဆသကဲ့သို့ အတွေး၏ အပြင်အပတွင် ယေဘုယျ ထာဝရ နာမ်တရားများ သူ့ဘာသာ ပရမတ္ထတရားများ အဖြစ် တသီးတခြား တည်နေကြသည် ဆိုသော အမြင်ကို ပယ်လိုက်ခြင်းပင် ဖြစ်၏။

ယေဘုယျ တရားများသည် ဝတ္ထုပစ္စည်း ပုံသဏ္ဍာန်ဖြင့် ဖြစ်ပေါ်မလာမီက ဘုရားသခင်၏ စိတ်ကူးထဲတွင် တည်ရှိ နေကြလေသည်။ (ဥပမာ – ထာဝရဘုရားသခင်က ကြောင်ကို ဖန်ဆင်းမည် စိတ်ကူးသော အချိန်၌ ဘုရားသခင်၏ စိတ်ကူးထဲတွင် ကြောင်သဘော ကြောင်ပုံသဏ္ဍာန်သည် ရှိပြီး ဖြစ်ရပေလိမ့်မည်။ ထိုယေဘုယျ နာမ်သဘော ဖြစ်သော ကြောင်သဏ္ဍာန်သည် သီးခြား ကြောင်တစ်ကောင်ကို မဖန်ဆင်းမီကပင် ရှိပြီး ဖြစ်သည်ဟု ဆိုလိုပါသည်။) သဘာဝထဲတွင် ရှိသော ဝတ္ထုပစ္စည်းများထဲတွင်လည်း ယေဘုယျ သဘောများ ရှိနေကြသည်။ ဝတ္ထုပစ္စည်းများ ဖြစ်လာကြပြီးသော အခါ၌မူ အကျွန်ုပ်တို့ စိတ်ထဲသို့ ထိုယေဘုယျ သဘောတရား အမြင်များ ရောက်လာကြသည်ဟု သူ ဆိုခဲ့လေသည်။ ယေဘုယျ တရားများကို ရှုမြင်ရာ၌ သူက အဆင့် သုံးဆင့် ထားလေသည်။

ဝတ္ထု ပစ္စည်းများ မပေါ်ပေါက်မီ ယေဘုယျ နာမ်တရားများသည် ထာဝရ ဘုရား၏ စိတ်ကူးထဲမှာ ရှိသည်။

ဝတ္ထုပစ္စည်းများ ပေါ်ပေါက်လာသော အခါ ထိုယေဘုယျ နာမ်တရားများသည် ဝတ္ထုပစ္စည်းများ ထဲမှာ ရှိသည်။

ဝတ္ထုပစ္စည်းများ ပေါ်ပေါက်လာပြီး နောက်တွင် ထိုယေဘုယျ နာမ်တရားများသည် လူတို့ စိတ်ထဲသို့ ရောက်လာကြသည်ဟု ဆိုပါသည်။

အကျွန်ုပ်သည် ဒဿန ဆရာကြီးများက ထာဝရဘုရားသခင် တည်နေပုံနှင့် ထိုဘုရားသခင်က ဝတ္ထုပစ္စည်းများ တည်ရှိရာ သဘာဝ လောကကို ဖန်ဆင်းပုံ တရားများအား ဉာဏ်အမြင်ရှိသူတို့ လက်ခံနိုင်အောင် ကြိုးစားကြပုံကို စာနာစိတ်ဖြင့် ကြည့်ရှုတတ်ပြီ ဖြစ်ပါသည်။

ဖီလိုဆိုဖီ ဆိုသော ဒဿန ပညာကို ယုံကြည် ကိုးကွယ်ရေးနှင့် စပ်ဆိုင်သူတို့ အသုံးချပုံမှာ မိမိတို့ ယုံကြည် ကိုးကွယ်ရာ အယူဝါဒ ခိုင်မာကြောင်းကို သက်သေပြရန် အတွက် အထောက်အပံ့ အဖြစ် အသုံးချသည်ကိုလည်း သဘော ပေါက်တတ်ပြီ ဖြစ်ပါသည်။

အစ္စလာမ် အတွေးအခေါ်များမှာ မိဘ အစဉ်အဆက် လက်ခံလာသော အတွေးအခေါ်များ ဖြစ်သဖြင့် အကျွန်ုပ်သည် နားလည်တန်သလောက် နားလည်ခဲ့သည်ကား မှန်၏။ သို့သော် သမိုင်း ဖြစ်ရပ်များနှင့် တကွ သဘော အကျယ်အဝန်းကိုကား မဟာဝိဇ္ဇာတန်း ပထမနှစ် သင်တန်းများ တက်စဉ် ကမ္ဘာ့ အတွေးအမြင်သမိုင်း

www.burmeseclassic.com



တစ်ခုလုံးကို ကျေကျေညက်ညက် နားလည်အောင် အား ထုတ်သော အခါမှသာ သိလာရခြင်း ဖြစ်လေသည်။

ထိုအချိန်တွင် အကျွန်ုပ်သည် ရေငတ်တုန်း ရေ တွင်းထဲကျ ဆိုသကဲ့သို့ အလိုက်သင့် အခွင့်ကြုံသော ဖြစ်ရပ် တစ်ခုနှင့် ကြုံရပါသည်။

ငယ်စဉ်အခါက ဆရာကြီး ဦးဖိုးညွန့်က အကျွန်ုပ် အား 'မင်း ကြီးပြင်းတဲ့ အခါ ဘိုးတော်ဘုရား လက် ထက်က ဆရာကြီး ဦးန ဆိုသူ တင်လျှောက်တဲ့ အစ္စ လာမ် သာသနာလျှောက် သံတော်ဦးတင်လွှာ ကျမ်း ဆို တာ ရှိတယ်၊ အဲဒါ ရှာဖတ်ပါ' ဟု တိုက်တွန်းခဲ့ဖူးလေ သည်။

မဟာဝိဇ္ဇာတန်းတွင် ပညာသင်စဉ် တစ်နေ့သ၌ အကျွန်ုပ်သည် ထိုကျမ်းငယ်ကို အမှတ်မထင် လမ်းဘေး စာအုပ်ဆိုင် တစ်ဆိုင်မှ ရရှိခဲ့ပါသည်။ အကျွန်ုပ် အဖို့မူ ဥစ္စာထုပ် ကောက်ရသည်နှင့် တူလှပါ၏။

အကျွန်ုပ်သည် ဆရာကြီး ဦးန၏ ထိုကျမ်းငယ် ကို လေ့လာကြည့်ရာ အစ္စလာမ် ဘာသာ၏ အနှစ်သာရ များကို အကျဉ်းဆုံး နည်းဖြင့် အပြည့်အစုံဆုံး တင်ပြ နိုင်သော ကျမ်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

အစ္စလာမ် ဘာသာ၏ သဘောတရားများ အပြင် ကျင့်စဉ်များကိုပါ ထိုကျမ်းမှာ ဖော်ပြထားရာ ဗဟုသုတ လိုလားသူတို့ အဖို့ လည်းကောင်း၊ အကျွန်ုပ်ကဲ့သို့ ဒဿန ရှုထောင့်မှ လေ့လာသူများ အဖို့ လည်းကောင်း အကောင်းဆုံး အထောက်အပံ့ ဖြစ်နိုင်သည်ဟု ယူဆ သောကြောင့် ဤတွင် ထိုကျမ်းငယ်ကို မူရင်း အတိုင်း တင်ပြလိုပါသည်။

## ဘိုးတော် မင်းတရားကြီးအား ဆရာကြီး ဦးနက ကျင့်ရန် ကြည်ရန် (အစ္စလာမ်) တရား အကျဉ်းချုပ် ဆက်သွင်းသော သံတော်ဦး တင်လွှာကျမ်း

### ပထမပိုဒ်

### ဖန်ဆင်းသော အရှင်ကို သိအပ်ခြင်း

သတ္တဝါ ဖြစ်သော လူတို့ အရှယ်ရောက်လျှင် ဦးစွာ သိအပ်သည်ကား ဖန်ဆင်းသော အရှင်ကို သိအပ် ပါသည်။ ဖန်ဆင်းသော အရှင်ဟူသည်ကား (အာရဗီ) ဘာသာမှာ (အောလ္လာဟ်) မည်ပါသည်။

(အလစ်ဖ္) အက္ခရာ ၁၊ (လာမ်) အက္ခရာ ၂၊ (ဟေ) အက္ခရာ ၁၊ ထိုအက္ခရာ လေးလုံး အဓိပ္ပာယ်ကား ရှေးဦးစွာ 'အလစ်ဖ္' အက္ခရာ ပြပါသည်။ နိမိတ်မှာ 'အဟဒီယတ်' အဓိပ္ပာယ်ကား တစ်ပါးတည်း ဆိုပါသည်။ 'လာမ်' အက္ခရာ နှစ်ခုမှာ (ကမာလီယတ်)၊ အဓိပ္ပာယ် ကား ပြင်းထန် ပူပြင်းလှစွာသော ရောင် ခြည် တော် မအံ့သြနိုင်စွာသော (ဂျလာလီယတ်) (ကွဒ္ဒရတ်) တေ ဇော တေဇ တန်ခိုးတော်၏ နိမိတ် ပြပါသည်။ (ဟေ) အက္ခရာမှာ (အို့ လူဟီယတ်) အဓိပ္ပာယ်ကား ခပ်သိမ်း သော သတ္တဝါ အပေါင်းတို့၏ ကိုးကွယ် မှီခိုရာ ဖြစ် သော နိမိတ်ကို ပြပါသည်။ *

အဓိပ္ပာယ်ကား အရှင် ဟူ၍ ရပါသည်။ (ဖွာ ရစီ) ဘာသာမှာ (ခို့ဒါ) ခေါ်ဝေါ်ပါသည်။ အဓိပ္ပာယ် ကား အရှင် ဟူ၍ ရပါသည်။ (ဟင်ဒွစတန်နီ) ဘာသာ မှာ (ကျစ်ရတာ) ခေါ်ပါသည်။

### အရှင်မြတ်၏ ဂုဏ်တော်

အဓိပ္ပာယ်ကား ခပ်သိမ်းသော အမှုကို ပြုပြင်သူ ထို ဖန်ဆင်းသော အရှင်သည် အစ မရှိ အဆုံး မရှိ၊ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဖောက်ပြန် ခြင်း ပြောင်းလဲခြင်း မရှိ၊ အရုပ်သဏ္ဍာန် မရှိ၊ အတု အဘက် မရှိ၊ အမေ့အမှား အစား အအိပ် မရှိ၊ အရောင် အရသာ အနံ့ မရှိ၊ မတတ်စွမ်းနိုင်သည် ဟူ၍ မရှိ၊ ပျင်းရိ ပင်ပန်းခြင်းလည်း မရှိ။

အချိန်ကာလတိုင်း အရပ်ဒေသတိုင်း၌ နေတော် မူ၏။ အမြဲအစဉ် တည်နေတော်မူ၏။ မည်သူကိုမျှလည်း တကဲ မပြု၊ တိုင်ပင်ဘက်လည်း မရှိ၊ ကုသိုလ် တရားကို ဟောတော်မူ၏၊ ကုသိုလ်ကို ပြုတော်မမူ၊ အကုသိုလ်ကို မပြုနှင့် မြစ်တားတော် မူ၏။ အကုသိုလ်ကို ပြုတော် မမူ၊ သားမယား အစရှိသော စည်းစိမ်ကိုလည်း တောင့် တတော် မမူ၊ တောင့်တခြင်း ကင်း၏။

အထူးသဖြင့် စင်ကြယ် သန့်ရှင်းတော် မူ၏။

* မွတ်စလင် ဗဟိုရန်ပုံငွေ အဖွဲ့မှ ကြီးမှူး ထုတ်ဝေ သော 'ကုန်အာန် ကျမ်းမြတ်' မြန်မာ ဘာသာပြန် တွင် 'အာလိဖ်လမ်မီမ်' ဟုသာ သာမန်ပြပါသည်။

www.burmeseclassic.com



ဤကမ္ဘာ မိုးမြေ နေလ နက္ခတ် တာရာ တောတောင် သတ္တဝါ နတ် လူ အဟိတ် တိရစ္ဆာန်တို့ကို ရုပ်နာမ်နှင့် တကွ ထင်ရှားစွာ ဖြစ်အောင် အို့လူဟီယတ် ကွဒ္ဒရတ် တေဇော တေဇ တန်ခိုးတော်ဖြင့် ပြုပြင် ဖန်ဆင်းတော်မူ၏။ ထိုသတ္တဝါ အပေါင်းတို့ကို စောင့်ရှောက် ထိန်းသိမ်းတော်မူ၏။ ၎င်းသတ္တဝါတို့ကို အစားအသောက် စည်းစိမ် အထိုက်အလျောက် လျော်ရာ ပေး၍ မွေးမြူ သိမ်းပိုက်တော် မူ၏။ ၎င်းသတ္တဝါတို့ကို ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဖောက်ပြန်ခြင်းတို့ဖြင့် သုခ ဒုက္ခ အပေါင်းကို ခံစားစေ၏။

ထို အရှင်သည်သာ အမြစ်အခြေ နဂိုအရင်း ဖြစ်ပါသည်။

သတ္တဝါတို့ မဖြစ်မီ မရှိမီကပင် ကုသိုလ်တရား အကုသိုလ်တရားကို ဟောတော်မူ၏။ ဖန်ဆင်းတော်မူသော အရှင်နှင့် အတူတကွ ရှိပါသည်။ သတ္တဝါ အပေါင်းတို့ ကုသိုလ်တရား အကုသိုလ်တရားကို စိတ်၌ ကြံသမျှကို အကြွင်းမရှိ သိပါသည်။ သတ္တဝါ အပေါင်းတို့ ကုသိုလ်တရား အကုသိုလ်တရားကို နှုတ်၌ ဆိုသမျှကိုလည်း အကြွင်းမရှိ ကြားပါသည်။ သတ္တဝါ အပေါင်းတို့ ကုသိုလ် တရား အကုသိုလ် တရားကို ကိုယ်၌ ကျင့်သမျှကိုလည်း အကြွင်းမရှိ မြင်ပါသည်။

သတ္တဝါတို့ ကုသိုလ်တရားကို ကိုယ်နှုတ်နှလုံးဖြင့် ကျင့်သော သူတို့အား ကုသိုလ် အလျောက် စီရင်၍ ကောင်းကျိုး ပေးပါသည်။ အကုသိုလ် တရားကို ကိုယ်နှုတ် နှလုံးဖြင့် ကျင့်သော သတ္တဝါတို့အား အကုသိုလ် အလျောက် စီရင်တော်မူ၍ မကောင်းကျိုး ပေးပါသည်။

ရှေးဦးစွာ မိမိသဏ္ဌာန်၊ ဥပမာ ရောင်ခြည်တော်ဖြင့် (မိုဟာမ္မဒ်) ကို ဖန်ဆင်းတော်မူ၍ ထိုရောင်ခြည်တော်က အနန္တ သတ္တဝါတို့ ဝိညာဉ်ကို ဖြစ်စေ၏။

## လူ၏ အစ

ထို ဝိညာဉ်စိတ်သည် အညစ်အကြေး မြူမှေး မရှိ၊ ဇမ္ဗူရစ်ရွှေကဲ့သို့ စင်ကြယ် သန့်ရှင်းပါသည်။ ၎င်းရောင်ခြည်တော်က တေဇောမီး ဖြစ်ပါသည်။ ထိုတေဇောက ဝါယောလေ ဖြစ်ပါသည်။ ထိုဝါယောက အာပေါရေ ဖြစ်ပါသည်။ ထိုအာပေါက ပထဝီမြေ ဖြစ်စေ၍ ထိုရေနှင့် မြေကို ရောနှော သဏ္ဌာန် လုပ်ပြီးလျှင် ရှေးဦးစွာ ရောင်ခြည်တော်က ဖြစ်သော စိတ်ဝိညာဉ်ကို သွင်း၍ အာဒမ် ဟူ၍ ဖြစ်ပါသည်။ ထို အာဒမ်နောက် ဟောင်ဝါ မည်သော မိန်းမကို ဖန် ဆင်း ပါ သည်။ ထိုအာဒမ် ဟောင်ဝါတို့က လူ၏ အစ ယခုတိုင် ဖြစ်ကြပါသည်။

## အကြောင်းကြားလာသူ နဗျီများ

သတ္တဝါတို့တွင် လူသတ္တဝါ အမြတ်ဆုံး ဖြစ်ပါသည်။ ထိုလူတို့ စိတ်၌ တရားတော်ကို တည်စေခြင်းငှာ ထိုလူတို့အတွင်း နဗျီ ဟူ၍ ပွင့်စေပါသည်။

နဗျီ အဓိပ္ပာယ်ကား 'တရားကို သတ္တဝါတို့အား အကြောင်းကြားလာသူ၊ သဗ္ဗညုတဉာဏ် ဝင်စားသူ' တို့ကို နဗျီ သမုတ်ပါသည်။ ဖန်ဆင်းတော်မူသော အရှင်၏ အသံတော်ကား လူတို့ပြောသော စကားသံကဲ့သို့ မဟုတ်၊ ထို နဗျီတို့သို့ အလိုရှိရာ အသံတော် တရားတော်တို့ကို ကြားထင်စေ၍ သတ္တဝါတို့အား ဟောတော်မူလျှင် ကုသိုလ်တရား အကုသိုလ်တရားတို့ကို သတ္တဝါ အပေါင်းတို့ သိကြရ ပါသည်။

## တစ်ပါးတည်း အရှင်၏ တန်ခိုးတော်

ထို ဖန် ဆင်း သော အရှင်၏ တန်ခိုးတော်၊ ဥပမာကား သစ်စေ့ကို စိုက်ပျိုးလျှင် သစ်ပင် ပေါက်၏။ အကိုင်း အရွက် အသီး အပွင့် ဖြစ်လာ၏။ ထို အသီးတွင်း၌ စိုက်ပျိုးရင်း မူလ အစေ့သဏ္ဌာန် အရောင် အနံ့ အရသာ မကွဲမပြား ဖြစ်လာပြန်ပါသည်။ စိုက်ပျိုးရင်း မျိုးစေ့မှာ ရှာ၍ မရှိပြီ။ သစ်ပင် အတွင်းမှာ ဝင်ငုပ် ရှိပါသည်။

တစ်ကြောင်းမှာလည်း မင်တံနှင့် မင်အိုး တို့၍ စက္ကူပေါ်၌ ချလျှင် ကျချင်း ဝတ်စစလီ ဖြစ်ပါသည်။ ထိုဝတ်စစလီ လှုပ်ရှားရာမှ လိုရာ အက္ခရာ ဖြစ်၍ ထို အက္ခရာသာ ထင်ရှားပါသည်။ ဝတ်စစလီမှာ အက္ခရာတွင် ဝင်ငုပ်၍ မထင်ရှားပါပြီ။ တစ်ကြောင်းလည်း အကြင်သူ တစ်ယောက် မှန်နှစ်ရာကို ပတ်လည် ခင်း၍ ကြည့်သည်ရှိသော် မှန်နှစ်ရာ၌ အရိပ် နှစ်ရာ ထင်မြင်ပါသည်။ လူမှာ တစ်ကိုယ် အရိပ် နှစ်ရာ ဖြစ်သကဲ့သို့ သတ္တဝါအနန္တတို့သည် ကိုယ်သာ အခြားစီ ဖြစ်ပါသည်။ ဖြစ်ရင်း မူလ အမြစ်အခြေမှာ ဖန်ဆင်းတော်မူသော အရှင် တစ်ပါးသာ ဖြစ်ပါသည်။

## ကျင့်အပ်သော တရားများ

သတ္တဝါတို့ ကျင့်အပ်သော တရားမှာ ရှရီအတ် တွရီကတ် ဟာကီကတ် မအရေ့ဖွပ် လေးပါး ရှိပါသည်။ ရှရီအတ် နို့နှင့် တူ၍ တွရီကတ် ဒိန်နှင့် တူ၏။ ဟာကီကတ် မစကာနှင့် တူ၏။ မအရေ့ဖွပ် ထောပတ်နှင့် တူ၏။ နို့ကို ချက်၍ ဒိန်တက်ရမည်။ ထို ဒိန်ကို ဒလက်နှင့် မွှေ၍ မစကာမြုပ်ကို ထုတ်ယူရမည်။ ထို မစကာကို

www.burmeseclassic.com


မီးမှာ တစ်ဖန်ပြန်၍ ချက်ရမည်။ ဤသည်လျှင် ထော ပတ် ဖြစ်၏။

ထို့အတူ လည်းကောင်း ခြိုးခြံရာ၏။

တစ်ကြောင်းလည်း ရှုရီအတ် ပင်လယ်နှင့် တူ၏။ တွရီကတ် သင်္ဘောနှင့် တူ၏။ ဟကီကတ် ယောက်သွားနှင့် တူ၏။ မအရေ့ဖွပ် ပုလဲနှင့် တူ၏။ လှေသင်္ဘောကို စီး၍ ပင်လယ်ကို သွားပြီးလျှင် ပုလဲ ဖြစ်ရာ အရပ်၌ ယောက်သွားကို ငုပ်ယူ၍ ပုလဲကို ထုတ်ယူရမည်။

ထို့အတူ လည်းကောင်း ကျင့်ရပါမည်။

ရှုရီအတ် တရားတော်မှာ သွာဟေ့ရီ အဓိပ္ပာယ်ကား ထင်ရှားခြင်းကို ဆိုပါသည်။ တွရီကတ် ဟကီကတ် မအရေ့ဖွပ်မှာ ဗာတွေနီ အဓိပ္ပာယ်ကား မထင်ရှား အတွင်း၌ တည်၏ ဆိုပါသည်။

**ရှုရီအတ် ဟူသည်မှာ**

ရှုရီအတ်တရား၌ ကျင့်အပ်သည်မှာ

ဖန်ဆင်းသော အရှင်၏ ဂုဏ်တော်ကို ကိုယ်နှုတ်၌ သရဇ္ဈာယ်၍ စိတ်ဝယ် ဇောက် ယုံကြည်ခြင်း၊

တစ်နေ့နှင့် တစ်ညလျှင် ဝတ် ငါးကြိမ်ဖြင့် ဖန်ဆင်းသော အရှင်အား အလွန် ကြည်ညိုစွာ နဖူး လက် ဒူး အသားအရေတို့ဖြင့် ဦးချ ပူဇော်ခြင်း၊

ဆယ့်နှစ်လလျှင် တစ်လပတ်လုံး တရားနှင့် အညီ ဝါစောင့်ခြင်း၊

မြေ၌ရသော ဥစ္စာဟောင်း လက်ရရွှေငွေတို့ကို ရေမြေကို အစိုးရတော်မူသော တရားမင်းမြတ်တို့၏ ဘဏ္ဍာတိုက်မှာ ငါးဖို့ တစ်ဖို့ ဆက်သွင်းခြင်း၊ လယ်ခွန် မြေခွန် အကောက်ခွန်များမှာ မြို့ရွာထုံးစံနှင့်အညီ ရေမြေကို အစိုးရတော်မူသော မင်းဧကရာဇ်တို့ကို ထိုက်တန် မှန်ကန်စွာ ဆက်သွယ်ခြင်း၊

ငင်း လုပ်ဆောင် ရောင်းဝယ်၍ ရသော ပစ္စည်း ဥစ္စာ ရွှေငွေတို့ကို အစု လေးဆယ် တစ်စုကျကို တွက်၍ မစားရတတ် မဝတ်ရတတ်သော ဆင်းရဲသားများကို ပေးလှူခြင်း၊

လမ်းစရိတ် တတ်နိုင်ကုန်လျှင် မက္ကာ ကျောင်းတော်သို့ တစ်ခါက် တစ်ခါ ဖူးမြင်ခြင်း၊

သောကြာနေ့ သိမ်ပလီသို့ ဝင်၍ တရားတော်ကို နာခြင်း၊

ကိုယ်၌ မသန့်မစင် ရှိလျှင် ရေဖြင့် စင်ကြယ်စွာ သုံးဆောင်ခြင်း၊

'ဟလာဟ်' သမုတ်တော်မူသော တရားနှင့် ညီလျော်သော သန့်မြတ်သည့် အစားအဝတ်တို့ကို ဝတ်ဆင်၍ ကောင်းသော အသက်မွေးခြင်း၊

'ဟရာမ်' သမုတ်တော်မူသော တရားနှင့် မလျော် မညီ မသန့်သော အစား အဝတ်တို့ကို ကြဉ်ရှောင်ခြင်း၊

လူသတ္တဝါတို့၏ အသက်နှင့် စပ်သရွေ့ မသတ်ခြင်း၊

သူမပေးသော ဥစ္စာတို့ကို ခိုးဝှက်မှု၌ ကြဉ်ရှောင်ခြင်း၊

သူ့မယား အစရှိသော ညစ်ညမ်းသည့် အမှုတို့ကို ကြဉ်ရှောင်ခြင်း၊

သတိပညာ ပျောက်၍ ဘုရားကို မေ့သည့် တရားမှ ချွတ်ယွင်းတတ်သည့် ယစ်မျိုး အပေါင်းကို ကြဉ်ရှောင်ခြင်း၊

ကြေးငွေကို ကျွေးချ၍ အပွားစား ယူသမျှကို ကြဉ်ရှောင်ခြင်း၊

ဆရာ မိဘ စသော သီလဝန် ဂုဏဝန်တို့ကို ရိုသေ လေးမြတ်စွာ ဝတ္တရား နှင့်အညီ ပေးကမ်းခြင်း၊

ဆွေ ဉာတကာတို့ကို အားနှင့်အင်တန် ထောက်မ သဂြိုဟ်ခြင်း၊

ဖန်ဆင်းတော်မူသော အရှင်၏ ကျောင်းတော် သိမ်ပလီ အစရှိသော ရေတွင်း ရေကန် ဥယျာဉ် ဇရပ် တံတား လုပ်ဆောင်၍ ဖန်ဆင်းတော်မူသော အရှင်၏ လမ်းအဖို့ ရည်မှတ်၍ ပေးလှူခြင်း၊

အစဉ်သဖြင့် သည်းခံခြင်း၊

မမြဲသော သဘောတရားတို့ကို အဖန်တလဲလဲ ရှုခြင်းများကို ရှုရီအတ် တရားတော်၌ ကျင့်အပ်ပါသည်။

**တိရစ္ဆာန်တို့ အပေါ် သဘောထား**

ကျွဲနွား အစရှိသော အဟိတ်တိရစ္ဆာန် အပေါင်းတို့မှာ လူတို့ အစေအပါး အသုံးအဆောင် အလို့ငှာ ဖန်ဆင်းတော်မူကြောင်းနှင့် ကျမ်းဂန်တွင် ရှိပါသည်။ အကျိုးအလွန် မပြုသင့်။ သနားခြင်း မကင်းသင့် ဟူ၍လည်း ကုရ်အာန်ကျမ်းတော်မှ ထွက်ပါသည်။

ထိုတိရစ္ဆာန်တို့ကို အစာ မြက် ရေ ဝအောင် မကျွေးဘဲ အချိန်အခါ ကျူးလွန်၍ မစေ မခိုင်းသင့်။ အတန်အရာ ဝေသုံး စားသောက်သည်မှာ အပြစ် မရှိ ကျမ်းဂန်၌ ထွက်ပါသည်။

**မယုတ် မလွန် ကျင့်ရန်**

ရှုရီအတ် တရား အတိုင်း မယုတ်မလွန် ကျင့်သူတို့ ဆင်းရဲ အပေါင်း ငြိမ်းရာ အိုခြင်း နာခြင်း သေခြင်း

www.burmeseclassic.com



ကင်းသော ဂျွန္တုတ် နေရာမြတ်သို့ ရောက်၏။ တွရိကတ် ဟာကီကတ် မအရေ့ဖွပ် တရားမှာ ကျင့်ရသည်။ 'ဖွကီရီ' ပြု၍ ကျင့်ရပါသည်။ ဖွကီရီမှာ အက္ခရာ လေးလုံး ရှိပါသည်။ 'ဖွေ့' အက္ခရာနှင့် 'ဖွာကာ' ပြုရမည်။ အဓိပ္ပာယ်ကား သုံးညဥ့် သုံးရက် ထမင်း အစရှိသော အာဟာရကို မမှီဝဲရ။ ငတ်မွတ်သော်လည်း သူတစ်ထူး၏ အိမ်ရှေ့၌ ရပ်တောင်းခြင်း မပြုအပ်။ 'ကပ်ဖွ' အက္ခရာဖြင့် 'ကေနအတ်' ပြုရမည်။ အဓိပ္ပာယ်ကား ကံနှင့်လျော်စွာ ရတတ်သမျှဖြင့် စိတ်ငြိမ်လျက် လောဘ အာရုံကို ဖြတ်၍ တစ်ထည် ရှိလျှင် နှစ်ထည် မတောင့်တအပ်။ ယခုနေ့ ရသော ပစ္စည်း ဝတ္ထု ခဲဖွယ် စားဖွယ်ကို နက်ဖြန် အဖို့ မခြွင်းမချန်အပ်။

'ရေ' အက္ခရာ သတ္တဝါ အပေါင်းကို ကိုယ်နှင့် ညှာတာ သနားခြင်း ရှိစေလျက် နာကျင်လောက်အောင် မပြုအပ်။

'ယေ' အက္ခရာဖြင့် သုခ ဒုက္ခ ကြုံသမျှကို ချမ်းမြေ့စွာ စိုးရိမ် ပူပန်ခြင်း ကင်းစေရာ၏။

## တော ထွက်ခြင်း သဘော

ဖန်ဆင်းတော်မူသော အရှင်၏ နာမတော် ဂုဏ်တော်တို့ကိုသာ တစ်ရှူ တစ်အောင့် မလပ် စိတ်နှုတ်ဖြင့် သရဇ္ဈာယ် ခြိုးခြံရာ၏။ 'ဖွကီရီ' ပြု၍သာ သား မယားကို စွန့်၍ ထိုတရားကို ပြုအပ်သည် မဟုတ်ပါ။ လူတို့လည်း ကျင့်အပ်ပါသည်။ ဖွကီရီတို့မှာ သားမယား ရွှေငွေကို စွန့်ပစ်၍ တောဝင်ရမည်။

တော ဟူရာ၌ စေ့ပစ်စိမ့်မြိုင် စုံယဂုံ ဂနိုင် ပိတ်ပေါင်း ရှိရာကို တော သမုတ်ပါသည်။ ထို တောသို့ ဝင်ရုံမျှဖြင့် တောဝင် မဆိုသာ။ မိမိတို့ ကိုယ်တွင်း၌ ရှိသော တောသာ တောမူလ ဖြစ်ပါသည်။

ကိုယ်တွင်း၌ ရှိသော တောသို့ ဝင်သူတို့သည် ပစ္စုပ္ပန် အလုံးကို မေ့၏။ ဖန်ဆင်းတော်မူသော အရှင်မှ တစ်ပါး အခြားကို အောက်မေ့ တသခြင်း မရှိ။

ထိုသူတို့ကို ဝါစွေ့လ်ဟာစွေ့လ် မည်ပါသည်။ ဝါစွေ့လ် အဓိပ္ပာယ်ကား အတွေ့အမြင်၊ ဟာစွေ့လ် အဓိပ္ပာယ်ကား စိတ်လိုသည့် အတိုင်း ပြည့်စုံသည်ကို ဆိုပါ၏။

ဖန်ဆင်းတော်မူသော အရှင်၊ သင်တို့ ရုပ်သွင် သဏ္ဌာန်ကိုလည်း ကြည့်တော်မမူ၊ သင်တို့ အကျင့်ကိုလည်း ကြည့်တော်မမူ၊ သင်တို့ စိတ်စေတနာကိုသာ ကြည့်တော်မူသည် ဟူ၍ မိုဟမ္မဒ်နဗျီ ဟောပါသည်။

## စိတ်

စိတ်ကဲ့သို့ အထွတ်အမြတ် မရှိပါပြီ။ စိတ်သာ အမြိုက်ချမ်းသာ မည်ပါသည်။ ထိုစိတ်သည် ဖြစ်ရပ်မူလ ဖန်ဆင်းတော်မူသော အရှင့် အရောင်တော်က ထွက်ရင်း ဖြစ်ပါသည်။ မိမိတို့၏ မူလအသိုက်အဝန်း ဖြစ်သော ဖန်ဆင်းသော အရှင်ထံတော်သို့ ရောက်လျှင် အဆုံးစွန်သော နေရာ အမြိုက်ချမ်းသာသို့ ရောက်ခြင်း ဖြစ်ပါသည်။

ဖန်ဆင်းတော်မူသော အရှင့်ထံတော်သို့ ရောက်အောင် ကျင့်ဆောင် ရသည်မှာ 'အမ္မရာ' မည်သော နှောင်အိမ်ကို ချိုးဖဲ့ ဖျက်ဆီး၍ အမ္မရာ မည်သော ရန်သူကို စစ်ထိုးရမည်။

'အမ္မရာ' မည်သည်ကား လောဘ ဒေါသ မောဟ တဏှာ ဝန်တိုမိစ္ဆာ ဣဿာ အပေါင်းကို ဆိုလိုပါသည်။ ထို အမ္မရာကို မည်သို့ ဖျက်ဆီးရာ သနည်း။

မမြဲသော သဘောတရားတို့ကို အဖန်တလဲလဲ ရှုလျက် ဖန်ဆင်းတော် မူသော အရှင်ကိုသာ ခပ်သိမ်းသော အရာ ရှိသမျှတို့ထက် ရိုသေ လေးမြတ် ယုံမှတ်ကြည်ညိုစွာ အလိုဆန္ဒ တောင့်တကြီးစွာ နာမတော် ဂုဏ်တော်တို့ကို တစ်ရှူ တစ်အောင့်မလပ် စိတ်နှုတ်ဖြင့် ဖတ်ရွတ် သရဇ္ဈာယ်ခြင်း ရှုခြင်း တရားသာ 'အမ္မရာ'ကို ဖျက်ဆီး ချိုးဖဲ့နိုင်၏ ဟူ၍ မိုဟမ္မဒ်နဗျီ ဟောပါသည်။

## လူ၏ ငရဲ ခုနစ်ထပ်

ဤ မြေအောက်၌ ငရဲကြီး ခုနစ်ထပ်ကို ဖန်ဆင်းပါသည်။ လူတွင်လည်း ငရဲ ခုနစ်ထပ် ရှိပါသည်။

အတွင်း၌ လောဘ ဒေါသ မောဟ မာန ဝန်တို မိစ္ဆာ ဣဿာ၊ ပြင်၌လည်း လက် ခြေ နား မျက်စိ ခံတွင်း နှာခေါင်း အင်္ဂါ၊ ဤသည်လျှင် ငရဲ ခုနစ်ထပ် ဖြစ်ပါသည်။

သင်တို့ကို ဖန်ဆင်းတော်မူသော အရှင်က ယနေ့ သော့အပ်၍ ထားစဉ် ငရဲခုနစ်ထပ်၏ တံခါးကို လုံအောင် ပိတ်။ နက်ဖြန် သော့ မရှိသောအခါ ငရဲ ခုနစ်ထပ်၏ တံခါးကို ပိတ်နိုင်တော့မည် မဟုတ်ပြီ။ ယနေ့ ဟူသည်ကား မသေမီ၊ မနက်ဖြန် ဟူသည်ကား သေသောအခါ ဟူ၍ ကျမ်းဂန်တွင် တွေ့မြင်၍ အတန်အရာ သိသမျှကိုသာ ရှိခိုး သံတော်ဦး တင်ပါသည်။ သဗ္ဗညုတဉာဏ်၏ အဆောက်အဦး ဖြစ်တော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဘုရားရှင်ဉာဏ်တော်ကဲ့သို့ မသိမထင်နိုင်ကြောင်းကို ရွှေဖဝါးတော် မြတ်အောက် သံတော်ဦး တင်ပါသည် ဘုရား။

www.burmeseclassic.com



## ဒုတိယပိုဒ်
## ရောင်ခြည်တော်နှင့် မိုဟမ္မဒ်

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ပယင်းတွင်းတို့၏ သခင် လက်နက်စကြာ သခင် ဆဒ္ဒန်ဆင်မင်း သခင် အရှင် မင်းတရားကြီး ဘုရား။

ရွှေစက်တော်အောက်၌ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံသော ဘုရား ကျွန်တော် ပသီကုလားတို့ ရွှေဖဝါးတော်အောက် ရှိခိုး သံတော်ဦး တင်ပါသည်။

**ဘုရား** – ရုပ်သဏ္ဌာန် ကင်းလျက်၊ ပဋိသန္ဓေ နေခြင်း အိုခြင်း နာခြင်း သေခြင်း မရှိ၊ ဖောက်ပြန် ပြောင်းလဲခြင်း မရှိ၊ မိမိတန်ခိုးတော်အားဖြင့် အစဉ် ကာလ အရပ်ဒေသတိုင်း၌ ရှိနေတော်မူလျက်၊ ခပ်သိမ်းသော အမှုအပေါင်းတို့ကို ပြုပြင် ဖန်ဆင်းသော အရှင်သည် ရှေးဦးစွာ မိမိတန်ခိုးတော်က ရောင်ခြည်တော် ဖြင့် မိမိသဏ္ဌာန် ဥပမာ မိုဟမ္မဒ် ဖန်ဆင်းပါသည်။

**မိုဟမ္မဒ်** – ရောင်ခြည်တော်က ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ စိတ် ဝိညာဉ်ကို ဖန်ဆင်းပါသည်။ ရောင်ခြည်တော်က တေဇော ဝါယော အာပေါ ပထဝီ ဓာတ်လေးပါးနှင့် တကွ ကောင်းကင် နေလ နက္ခတ် တာရာ တောတောင် ကုန်းရေ ရှိသမျှကို ဖန်ဆင်းပါသည်။

**လူအစ** – ထို့နောက် ရေနှင့် မြေကို အာဒမ်ရုပ် လုပ်၍ ရောင်ခြည်တော်မှ ဖြစ်သော စိတ်ဝိညာဉ်ကို သွင်းပြီးလျှင် အာဒမ် ဖြစ်ပါသည်။ ထို့နောက် ဟောင်ဝါကို ဖန်ဆင်းပြန်၍ အာဒမ် ဟောင်ဝါတို့က လူ၏အစ ယခုတိုင် ဖြစ်ပါသည်။

ထိုအာဒမ် လက်ထက် ဖန်ဆင်းတော်မူသော အရှင့် တရားတော် အသံကို ဂျစ်ဗရာအေလ် * အမည် 'မလာယစ်'ကို ဖန်ဆင်းသော အရှင်က စေ၍ အာဒမ်ကို ကျမ်းငယ် ဆယ်စောင် ပေးအပ်ပါသည်။

မလာယစ် ဟူသည်မှာ တဏှာ ရာဂ မရှိ၊ ယောကျ်ားလည်း မဟုတ်၊ မိန်းမလည်း မဟုတ်၊ ထို မလာယစ်တို့ကား အနန္တ အရေအတွက် မရှိ၊ အထက် ကောင်းကင်ပြင်၌ အစဉ် တည်နေကြလျက် ဖန်ဆင်းတော် မူသော အရှင်အား အမြဲ ခစား ပူဇော် ကိုးကွယ်လျက် ရှိပါသည်။

### ကျမ်းကြီး ကျမ်းငယ်များ

အာဒမ် မရှိသည့်နောက်လည်း ကျမ်းငယ် ကိုးဆယ်၊ ကျမ်းကြီး လေးစောင် အထက်ကျမ်းငယ် ၁၀ စောင်ပါ ကျမ်းပေါင်း တစ်ရာ့လေးစောင်ကို ခိုဒါ အရှင်မြတ်က နဗျီတို့ထံ ပြန်လာပါသည်။ ထိုကျမ်း တစ်ရာ့လေးစောင်သည် ဖန်ဆင်းတော်မူသော အရှင့် အသံတော် တရားတော် အလိုလို ဖြစ်ပါသည်။ လူတို့ ပြုလုပ်သည် မဟုတ်ပါ။ လူတို့အတွင်း နဗျီ ဟူ၍ ပွင့်သူတို့မှာ ဖန်ဆင်းတော်မူသော အရှင့် အသံတော် တရားကို အလိုအလျောက် စိတ်၌ ကြားသိ ထင်မြင်ပါသည်။ နဗျီ ဖြစ်သူတို့မှာ လောဘ မောဟ ဒေါသ မာန ဝန်တို ဣဿာ မိစ္ဆာ ဝိစိကိစ္ဆာ အစ ရှိသော တဏှာ အပေါင်းတို့ကို ဖယ်ရှားနိုင်လျက် နဗျီ အဖြစ်သို့ ရောက်ကြပါသည်။

### သေလွန်သည့်၏ အခြားမဲ့

လူတို့ သေလွန်လျှင် ကုသိုလ် ရှိသူတို့ အထက် ကောင်းကင်ပြင် မလာယစ် နေရာ အနီးအပါး ချမ်းသာစွာ နေခွင့်ရသည်။ အကုသိုလ် ရှိသူတို့မှာ မြေအောက် ငရဲ၏ အနီးအပါး လောက၌ တန်းထောင်မှာ ခံနေရသကဲ့သို့ ကျဉ်းမြောင်းစွာ နေနှင့်ရသည်။ လူတို့၏ ကိုယ်မှာ အချို့ မြေမှာ ပျောက်သည်။ အချို့ သစ်ကျား စား၏။ အချို့ မီးမှာ ကျွမ်းသည်။ အချို့ ရေမှာ ပျောက် ပျက်သည်။

ထို့တူလည်းကောင်း ပျောက်ပျက် ငြားသော်လည်း လူတို့ကိုယ်တွင် ဘိန်းစေ့ခန့် ရှိသော အရိုးနှစ်၊ ဂျုံစေ့ခန့် ရှိသော အရိုးတစ်၊ ထိုအရိုးသည် မီး မကျွမ်း၊ မြေ မစား၊ ရေမှာ မဆွေးမမြည့်ဘဲ မျိုးစေ့ကဲ့သို့ ကြွင်းကျန် ရှိ၏။ ကမ္ဘာ ကုန်သော အခါ မကြဲနိုင်ရာသော ဖန်ဆင်းသော အရှင်၏ တန်ခိုးတော်ဖြင့် 'အစ္စရာဖွီလ်' တံပိုးသံ ကြားကာလ ယခု ကိုယ် (ခန္ဓာ) ကဲ့သို့ တစ်ဖန် ဖြစ်ပြီးလျှင် စိတ်ဝိညာဉ် ဝင်ပြန်သဖြင့် လောက၌ ပြုကျင့်ဖူးသမျှ ကုသိုလ် အကုသိုလ်တို့ကို ဆန်လှော မြူခြမ်းမျှ မထိန်ချန်နိုင်ဘဲ ဖန်ဆင်းတော်မူသော အရှင့် ရှေ့တော်မှာ အစစ်အမေး ခံ၍ ဟုတ်တိုင်း မှန်ရာ ဂျန္နတ်

------------

* ခရစ်ယာန် သမ္မာကျမ်းတွင် 'ဂါဗြေလ' ကောင်းကင် တမန်တော် ဖြစ်သည်။

www.burmeseclassic.com



ထိုက်သူ ဂျန္နတ်သို့ ငရဲထိုက်သူ ငရဲသို့ ကောင်းကျိုး မကောင်းကျိုး အလျောက် စီရင်၍ ဤကိုယ်ဖြင့် ခံစံကြရမည်။

**စည်းစိမ် အသုံးစွန်**

လောဘ ဒေါသ မာန ဝန်တို ဣဿာ မိစ္ဆာ ဝိစိကိစ္ဆာ တဏှာ အပေါင်းကို ပယ်နိုင်သူတို့မှာ ရုပ်သဏ္ဍာန်ကင်းသော ဖန်ဆင်းသော အရှင်ကို ဖူးမြင်ရမည်။ ထို စည်းစိမ်သည် စည်းစိမ် အပေါင်းတို့တွင် လွန်မြတ်သော စည်းစိမ်၊ အဆုံးစွန်သော နေရာ ဖြစ်ကြောင်းကို ရွှေဖဝါးတော် မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည်။

## တတိယပိုဒ်

## ကျမ်းကြီး လေးစောင် ကျမ်းငယ် တစ်ရာ

ကမ္ဘာဦးက အာဒမ်လက်ထက် အာဒမ်နှင့် အာဒမ်မိသားစု ဖန်ဆင်းသော အရှင်ကို အစဉ်အတိုင်း ကိုးကွယ်၍ မှားသော အယူမှ ကင်းစေခြင်းငှာ ခိုဒါ အရှင်မြတ်က ဂျစ်ဗရာအီလ်ကို စေ၍ အာဒမ်သို့ ကျမ်းငယ် ဆယ်စောင် ပေးရပါသည်။ ထိုအာဒမ်လည်း ကျမ်းဆယ်စောင်ထွက် တရားကို ကျင့်ဆောင်ပါသည်။ အာဒမ် မရှိနောက် ရှစ်သနဗျာ လက်ထက် ကျမ်းငယ် ငါးဆယ် ရောက်ပြန်ပါသည်။ ၎င်းနောက် အီဒရစ်နဗျာ လက်ထက် ကျမ်းငယ် သုံးဆယ် ရောက်ပြန်ပါသည်။ ၎င်းနောက် အစ်ဗရာဟင်နဗျာ လက်ထက် ကျမ်းငယ် တစ်ဆယ် ရောက်ပြန်ပါသည်။ ပေါင်း ကျမ်းငယ် တစ်ရာ ဖြစ်ပါသည်။

မူစာနဗျာ (မိုးဇက်) လက်ထက် 'တော်ရတ်ကျမ်းကြီး' ကို အာဗာရာနီ စကားမျိုးဖြင့် မူစာနဗျာသို့ ပြန်လာပါသည်။ ၎င်းနောက် ဇဗူရ် ကျမ်းကြီးကို ဒါဝတ်နဗျာ (ဒေးဗစ်) သို့ ယူနာနီ စကားမျိုးဖြင့် ပြန်လာပါသည်။ ၎င်းနောက် အင်ဂျီလ် ကျမ်းကြီးကို စူရယာနီ စကားမျိုးဖြင့် အီစာနဗျာ (ယေရှု) သို့ ပြန်လာပါသည်။ ၎င်းနောက် ကုရ်အာန် ကျမ်းကြီးကို အာရ်ဗီ ဘာသာ စကားဖြင့် မိုဟမ္မဒ် နဗျာသို့ ပြန်လာပါသည်။ ကျမ်းကြီး လေးစောင်၊ ကျမ်းငယ် တစ်ရာ ပေါင်း တစ်ရာ့လေးစောင်သည် ဖန်ဆင်းတော်မူသော အရှင့်အသံ တရားတော် အလိုလိုဖြစ်ပါသည်။ လူတို့ ပြုလုပ်သည် မဟုတ်ပါ။

သတ္တဝါတို့ကို မဖန်ဆင်းမီက ထိုတရားတော်သည် ခိုဒါ အရှင်မြတ်နှင့် အတူတကွ ရှိ၍ ခိုဒါ အရှင်မြတ် တရားတော် အသံ ဖြစ် ပါ သည်။ သို့ရာတွင် အထက်ရောက် ကျမ်းငယ်နှင့် ကျမ်းကြီး သုံးစောင်မှာ ရဟူဒီ လူမျိုး၊ နတ်စွရာနီ လူမျိုး မကျင့် မကြံ အပ်သည်ကို ကပြောင်းကပြန် မှောက်လှန် သွတ်သွင်းကြသောကြောင့် ထိုကျမ်း တစ်ရာ့သုံးစောင်မှာ ပျက်စီးပြီး မိုဟမ္မဒ် သာသနာတော်၌ ရေးခြင်း ဖတ်ခြင်း မပြုအပ်ပြီ၊ ကျမ်းဂန်၌ မြစ်တားပါသည်။

**ကျမ်းမြတ် ကုရ်အာန်**

မိုဟမ္မဒ် နဗျာသို့ ပြန်ရောက်သော ကုရ်အာန် ကျမ်းကြီးမှာ ကမ္ဘာ ကုန်အောင် မပျက်မစီးပြီ။ ကမ္ဘာ မကုန်မချင်း ကုရ်အာန်ကျမ်း အတွက် တရားတော် ကျင့်အပ်ပါသည်။ ထို ကုရ်အာန် ကျမ်းကြီးမှာ အတွဲ သုံးဆယ် ရှိပါသည်။

| | | |
|---|---|---|
| ပထမတွဲ | .... | အလစ်ဖွလာမ်မြင် |
| ဒုတိယတွဲ | .... | စယကူလ် |
| တတိယတွဲ | .... | တေ့လ်ကပ်ရစူလ် |
| စတုတ္ထတွဲ | .... | လန္တနာ |
| ပဥ္စမတွဲ | .... | ဝလ်မော့ဟစွနာ |
| ဆဋ္ဌမတွဲ | .... | လာယို့ဟစ်ဗွလ္လာ |
| သတ္တမတွဲ | .... | ဝအေ့သာစမျေ့အူ |
| အဋ္ဌမတွဲ | .... | ဝလောင်အန္နနာ |
| နဝမတွဲ | .... | ကာလလ်မလအို့လ်လသီ |
| ဒသမတွဲ | .... | ဝအလမူ |
| ဧကာဒသမတွဲ | .... | ယအဟသေ့ရူ |
| ဒွါဒသမတွဲ | .... | ဝမာမြင်ဒါဗတင် |
| တေရသတွဲ | .... | ဝမာအို့ဗရ်ရေ့အို့ |
| စတုဒသတွဲ | .... | ရိုဗမာ |
| ပဥ္စဒသတွဲ | .... | စွတ်ဗဟာနလ္လသီ |
| သောဠသတွဲ | .... | ကာလအလမ် |
| သတ္တဒသတွဲ | .... | အစ်ကတရဗ |
| အဋ္ဌာရသတွဲ | .... | ကဒ်အဖွလဟလ် |
| ဧကူနဝီသတွဲ | .... | ဝကာလလ္လသီ |
| ဝီသတွဲ | .... | အံမန်ခလပ်က် |
| ဧကဝီသတွဲ | .... | အွတ်တလို့မာ |

www.burmeseclassic.com



စမ္မဝီသတွဲ .... ဝမ်ယက္ကနွတ်
တြိဝီသတွဲ .... ဝမာလေ့ယ
စတုဝီသတွဲ .... ဖွမန့်အသွလမို့
ပဉ္စဝီသတွဲ .... အော့လိုင်ဟော့မာ
ဆဝီသတွဲ .... ဟာမျင်
သတ္တဝီသတွဲ .... ကာလဖွာမာ
အဋ္ဌဝီသတွဲ .... ကဒ်စမျေ့အောက်လ္လာ
ဧကူနတိံသတွဲ .... တဗာရကလ္လသီ
တိံသတွဲ .... အမ္မယတစာအလူန

အတွဲ သုံးဆယ်ဖြင့် ကုရ်အာန် ကျမ်းကြီး တစ်စောင် ဖြစ်ပါသည်။

မိုဟမ္မဒ်ကို မက္ကာမြို့မှာ ဖွားမြင်ပါသည်။ သက်တော် လေးဆယ် ရောက်သော အခါ တန်ခိုးစျာန် ဉာဏ် အပေါင်းနှင့် ပြည့်စုံတော်မူလျက် နဗျီ ဖြစ်၍ ပွင့်ပါသည်။ နဗျီ အဖြစ်သို့ ရောက်သည်မှ စ၍ ကုရ်အာန် ကျမ်း တရားတော်ကို ခိုဒါ အရှင်မြတ်က ပြန်တော်မူ၍ မိုဟမ္မဒ်၏ နှလုံး၌ အလိုအလျောက် သိကြား ထင်သမျှကို နှုတ်က မြွက်ဟ ဟောကြားပါသည်။ မက္ကာမြို့တွင် တစ်ဆယ့်သုံးနှစ်မြောက် တစ်နေ့လျှင် တစ်ပုဒ်တန် နှစ်ပုဒ်တန် တစ်ပိုဒ်တန် နှစ်ပိုဒ်တန် တစ်ဆယ့်သုံးနှစ် အတွင်း ပြန်ရောက်သည်။ ကိုးဆယ့်လေးပိုဒ် မက္ကာမြို့တွင် ဟောပါသည်။ နောက် မဒီနာမြို့သို့ ပြောင်းတော်မူ၍ မဒီနာမြို့တွင် ဆယ်နှစ် အတွင်း အပိုဒ်ပေါင်း နှစ်ဆယ် ရောက်သည်ကိုလည်း ဟော ပြော ပါ သည်။ အဆုံး၌ ရောက်ပြီး အာယတ်ပုဒ် နောက် ရက် ပေါင်း ၉၀ ရှိလျှင် မိုဟမ္မဒ် စုတေရပါသည်။ သက်တော် လေးဆယ်တွင် ပွင့်၍ ဝါတော် နှစ်ဆယ့်သုံးနှစ် ပေါင်း ၆၃ နှစ်တွင် အမြဲရှိသော နေရာသို့ ပြောင်းကြွပါသည်။ မဒီနာမြို့တွင် သင်္ချိုင်းတော် ယခုတိုင် ထင်ရှား ရှိပါသည်။

**မိုဟမ္မဒ် ဂုဏ်တော် တန်ခိုးတော်**

ထို မိုဟမ္မဒ်၏ ဂုဏ်တော် တန်ခိုးတော်မှာ ကြွသွားလျှင် ဖဝါးတော်၌ ဖုန်မြူမကပ် အရိပ်မထွက် ကြွသွားရာရာ တိမ်သဏ္ဌာန် ထီးကဲ့သို့ ပါသည်။ ခြင် ယင် ပိုး မွှား သန်း ကိုယ်တော်သို့ မတက်။ ကိုယ်တော် အနံ့လည်း နှင်းဆီကဲ့သို့ မွှေး၏။ နောက်က နေသော ပရိသတ်တို့လည်း ကျောကို မမြင်၊ ရှေ့က နေသကဲ့သို့ မျက်နှာတော်ကိုသာ မြင်၏။ သစ်ပင် ဦးချ၏။ ကျောက်တုံး ကျောက်ပြားတို့ စကား ပြောဆိုကြ၏။ ကျောက်စရစ်ကို လက်ဝါး၌ တင်လျှင် ဂုဏ်တော်ကို ချီးသဖြင့် ရှိသမျှ ပရိသတ်တို့ ကြား၏။ လက်ညှိုးဖြင့် သားလျှင် ကောင်းကင်၌ လ နှစ်စိတ် ကွဲ၏။ ရေငတ်သော ပရိသတ် အများတို့ကို လက်ကြားတော်က ရေ ထွက်စေ၍ ဝစွာ သောက်ကြရ၏။

'ဖွတ်' ဂုဏ်တော်ကို ချီးမြှင့်၍ ပရိသတ် အများ ကျွတ်၏။ 'သမင်မ' ဂုဏ်တော်ကို ထင်ရှားပြ၍ မုဆိုး ကျွတ်၏။

ဗိုင် တိုလ်၊ မို့ ကဒ္ဒတ်စ မြို့၊ အပ်ကစ္စာ ကျောင်းတော်ရှေ့ ခင်းထားသော အလျား ခုနစ်တောင် အနံ လေးတောင်ခန့်ရှိ ကျောက်ဖျာထက် ခြေတော် ချ၍ ခြေတော်ရာနှင့် တကွ အထက်သို့ မြင့်ပြီးလျှင် ပန်းဆိုင်း ဆွဲသကဲ့သို့ လူတို့ လက်ခုပ် တစ်ဖောင်ကျော်ယခုတိုင် အမြဲ တည်နေကြောင်းနှင့် ကျမ်းဂန်မှာ ထွက်ရှိပါသည်။

**ကုရ်အာန် ကျမ်းမြတ်တွင် ပါဝင်သော အချက်များ**

ကုရ်အာန် ကျမ်းကြီးမှာ ပိုဒ်ပေါင်း ၁၁၄၊ ပုဒ်ပေါင်း ၆၆၆၆ ရှိပါသည်။

– ပုဒ်ငါးရာမှာ ကုသိုလ်တရားကို ပြုသူတို့ ဂျန္နတ်၌ ကောင်းကျိုး ခံစားရမည့် အကြောင်း၊

– ပုဒ်ပေါင်း တစ်ထောင်မှာ ပြုကျင့်အပ်သော ကုသိုလ်တရား၏ အကြောင်း၊

– ပုဒ်ပေါင်း တစ်ထောင်မှာ မပြုအပ် ဟူ၍ မြစ်တားသော အကုသိုလ်တရား အကြောင်း၊

– ပုဒ်ပေါင်း တစ်ထောင်မှာ ပမာ သဏ္ဌာန်ဖြင့် လူတို့ တရား သံဝေဂ ရအောင် ဆုံးမသော အကြောင်း၊

– ပုဒ်ပေါင်း တစ်ထောင်မှာ လွန်လေပြီးသော နဗျီတို့ ဇာတ်ဝတ္ထု၏ အကြောင်း၊

– ပုဒ်ပေါင်း ငါးရာမှာ စားသုံးအပ်သည်ဟု ခွင့်ပြုသော ဟလာလ်၏ အကြောင်း၊

– ပုဒ်ပေါင်း ငါးရာမှာ မစား မသုံးနှင့်ဟု မြစ်တားသော ဟရာမ်၏ အကြောင်း၊

– ပုဒ်ပေါင်း ခြောက်ရာမှာ ဂုဏ်တော် ဂါထာ ဆုတောင်း၏ အကြောင်း၊

– ခြောက်ဆယ့် ခြောက်ပုဒ်မှာ ကျင့်ရမည်ဟု ဟောပြီးနောက် မပြုနှင့်ဟု မြစ်တားပြန်ရာ ပျက်သော စကား၏ အကြောင်း၊

– ခြောက်ထောင် ခြောက်ရာ ခြောက်ဆယ့် ခြောက်ပုဒ် ဖြစ်ပါသည်။

www.burmeseclassic.com



**ကမ္ဘာ အနှံ့အပြား၌ ခြားနားမှု မရှိ**

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော အရှင် ဘဝရှင် မင်းတရားကြီး ဘုရား–

လက်နက် နိုင်ငံတော်အတွင်း ရှိနေသမျှ ပသီ ,ကုလား ကျွန်တော်မျိုးတို့ လက်ရှိ ကုရ်အာန်မှာ မက္ကာမြို့၊ မဒီနာမြို့၊ ရှမ်မြို့၊ ဗဂ္ဂဒါရာမြို့၊ ယမန်မြို့၊ မိုဂဒတ်မြို့၊ ဟာဗရှီမြို့၊ ဒေလီမြို့၊ ကံဒဟရ်မြို့၊ တူရန်မြို့၊ အီရန်မြို့၊ ကစ်ရှမီရ်မြို့၊ လာဟိုမြို့၊ တရဲ့တ်မြို့၊ မန်လာယုကျွန်း၊ ပသျှူးတို့မြို့ တိုင်းပြည်များမှာ ရှိသည့် ကုရ်အာန်များနှင့် အက္ခရာ တစ်လုံး တစ်ခွန်း တစ်သံတည်း အညီ အညွတ် မခြားနားပါကြောင်းကို ရွှေဖဝါးတော် မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား။

## စတုတ္ထပိုဒ်

## မိုဟမ္မဒ်ကို ဆက်ခံ ဟောပြောသူများ

မိုဟမ္မဒ် မရှိသည့်နောက် တပည့်ကြီး အဗာဗကရ် ၂ နှစ်၊ ၎င်းနောက် အွမ္မာရ် ၁၀ နှစ်၊ ၎င်းနောက် အွတ်သမန် ၁၂ နှစ်၊ ၎င်းနောက် အလီ ၆ နှစ်၊ ပေါင်း ၂၃ နှစ်အတွင်း၊ မိုဟမ္မဒ် ရှိသကဲ့သို့ တပည့်ကြီး လေးဦးတို့သည် ကုရ်အာန်တရား၊ မိုဟမ္မဒ် နှုတ်ကပါဌ် တရားတို့ကို ဟောပြောရာ နာခံရပါသည်။

**အေမာမ်ကြီး လေးဦး**

ထို့နောက် ကျမ်းဂန်ကို လိမ္မာသော အေမာမ် အသွမ်၊ ၎င်းနောက် အေမာမ် မာလေ့ကျီ၊ ၎င်းနောက် အေမာမ်ရှာဖွေအီ၊ ၎င်းနောက် အေမာမ်ဟံဗလီ၊ ထို အေမာမ် လေးဦးတို့သည် မိုဟမ္မဒ် တပည့်ကြီး လေးဦး လက်ထက် တပည့် အပေါင်းတို့ မိုဟမ္မဒ် နှုတ်ကပါဌ်ကို ကြားသိကြသမျှ အညီအညွတ် စည်းရုံးထားသော တရား အတိုင်း ဟောပြော ဆုံးမရာ နာခံ၍ ယခုတိုင် ကျင့်ဆောင်ကြရပါသည်။

ထိုလေးဦး မရှိနောက် ကျမ်းဂန် လိမ္မာသော ပညာရှိတို့ အစဉ်အတိုင်း ကုရ်အာန် တရား မိုဟမ္မဒ် နှုတ်ကပါဌ် တရားအတိုင်း ဟောပြော ဆုံးမရာ နာခံ၍ ယခုတိုင် ကျင့်ဆောင်ကြရပါသည်။

မိုဟမ္မဒ် မရှိနောက် နှစ်ပေါင်း တစ်ထောင့်နှစ်ရာ သုံးဆယ့်သုံးနှစ် ရှိပါပြီ။

ကုရ်အာန်မှာ ပါသည့် တရား မိုဟမ္မဒ် အခြားဟောသော နှုတ်ကပါဌ် တရားလည်း အညီအညွတ် တစ်ခွန်း တစ်သံတည်း ဖြစ်ပါသည်။

ဘုရား နိုင်ငံတော် အတွင်း ရှိနေသမျှ ပသီ ကျွန်တော်မျိုးတို့ လက်ရှိ ကုရ်အာန်သည် ကမ္ဘာ အရပ်ရပ် တိုင်းပြည်များမှာရှိ ကုရ်အာန် ဟူ၍ အက္ခရာ တစ်လုံး တစ်ခွန်း တစ်သံတည်း မခြားမနား အညီအညွတ် ဖြစ်ပါသည်။

ဘိုးတော် မင်းတရားအား ပညာရှိ ဆရာကြီး ဦးနု ဆက်သွင်းသော သံတော် ဦးတင်လွှာကျမ်း ဤတွင် ပြီးပါသည်။

---

ဤကျမ်းပါ အချက်အလက်များသည် သမိုင်း ရှုထောင့်မှ လည်းကောင်း၊ ဒဿန ရှုထောင့်မှ လည်းကောင်း လိုအပ်ချက် အပြည့်အစုံ ဖြစ်သည်ဟု အကျွန်ုပ် ထင်ပါသည်။

ဆယ့်နှစ် ရာစုတွင် ကမ္ဘာ့ သမိုင်းမှာ ထင်ရှားသော ဖြစ်ရပ်ကြီး လေးခု ရှိခဲ့သည်ဟု မှတ်ရပါသည်။

(၁) ဘုရင် ဧကရာဇ်နှင့် ပုပ်ရဟန်းမင်းတို့၏ ပဋိပက္ခ ဆက်လက် ဖြစ်ပေါ်နေခြင်း၊

(၂) လွှမ်ဘာဒ်မြို့ကြီးများ ပေါ်ပေါက်ခြင်း၊

(၃) ခရူးဆိတ် စစ်ပွဲများ ဖြစ်ပွားခြင်း၊

(၄) စကော်လပ်စတစ် ဝါဒ ခေါ် ကျမ်းတတ် သုခမိန်ဝါဒ ထွန်းကားလာခြင်းတို့ ဖြစ်ပါသည်။

၁၃ ရာစုသို့ ရောက်သောအခါ ပုပ်ရဟန်းမင်းက ဧကရာဇ် ဘုရင် အပေါ် လွှမ်းမိုးနိုင်သော ဩဇာ အာဏာ ရရှိခဲ့လေသည်။ ထိုအခါ လွှမ်ဘာဒ်မြို့များ ပေါ်ပေါက် လာပါသည်။ လွှမ်ဘာဒ် ဆိုသည်မှာ ကြောက်မက်ဖွယ် ကြမ်းကြုတ်သော ဂျာမန် လူမျိုးနွယ်စု တစ်စု ဖြစ်ပါသည်။ ထိုလူမျိုးများ အီတလီပြည်သို့ ထိုးဖောက် ဝင်ရောက်လာကြကာ မြို့ကြီးများ ထူထောင် ခဲ့ကြလေသည်။ ဧကရာဇ်သည် ထို လူမျိုးများ အပေါ် ဩဇာ မညောင်းတော့ချေ။

တစ်ပြိုင်နက်တည်းမှာပင် ကျမ်းဂန်တတ် သုခမိန်ဝါဒ (Scholasticism) လည်း အထွတ်အထိပ်သို့ ရောက်ရှိ လာလေသည်။ ခရူးဆိတ် ခေါ် ဘာသာရေး စစ်ပွဲများ

www.burmeseclassic.com



လည်း ထိုကာလမှာပင် ဖြစ်ပေါ်ခဲ့ပါသည်။

စကော်လပ်စတစ် ဝါဒသည် ဒဿန အယူအဆ တစ်ရပ်ပင် ဖြစ်ပါသည်။ ပထမဆုံး စကော်လပ်စတစ် ဖီလိုဆိုဖာသည် ရိုဆဲလင် (Roselin) ဆိုသူ ဖြစ်၏။ သို့သော် ရိုဆဲလင်၏ အတွေးအမြင်များမှာ သူ့တပည့်ဖြစ်သူ အာဘေးလာဒ် (Abailard) ၏ အတွေးအမြင်များလောက် ထင်ရှားခြင်း မရှိခဲ့ချေ။

ခြုံ၍ ပြောရလျှင် စကော်လပ်စတစ် အယူဝါဒသည်လည်း ခရစ်ယာန် အယူဝါဒ မှန်ကြောင်းကို သက်သေ ပြဖို့ အားထုတ်သော ဒဿနပင် ဖြစ်ပါသည်။

ထိုကာလမှ စ၍ ကမ္ဘာ့ ဒဿန သမိုင်းတွင် လူသား၏ အသိပညာ ရရှိမှု သဘော ထိုအသိပညာ မှန်ကန်မှု သဘောတို့နှင့် ဆိုင်သော သိမှုဗေဒ (Epistimology) ကို ဒဿန ပညာရှင်များ အရေးထားလာကြောင်းမှာ ထင်ရှားပါသည်။

ဘုရားသခင် ရှိမရှိ ဆိုသည်ထက် ဘုရားသခင် ရှိကြောင်း ဘယ်နည်းနှင့် သိနိုင်သနည်း ဆိုသည်မှာ ပို၍ အရေးပါသော ပြဿနာ ဖြစ်လာလေပြီ။

ထိုကာလတွင် စလစ်ဗျူရီမှ ဂျွန် (John of Salisbury) ဆိုသူ ဒဿန ဆရာ တစ်ဦးလည်း ပေါ်ပေါက်ပါသည်။ သို့သော် သူ့ အတွေးအမြင်များမှာလည်း ထူးခြားပြီး အရေးပါလှသည် မဟုတ်၍ ဤတွင် ချန်ခဲ့ပါမည်။

၁၃ ရာစုကိုကား အလယ်ခေတ်၏ အထွတ်အထိပ် ကာလဟု ဆိုရပါမည်။ ထိုကာလသည် ပုပ်ရဟန်းမင်းများ တန်ခိုးသြဇာ အထက်ဆုံး ကာလ ဖြစ်ပါသည်။

စကော်လပ်စတစ် တွေးခေါ်ရှင်များ အနက် အထင်ရှားဆုံး သြဇာအရှိဆုံး ပုဂ္ဂိုလ်သည် စိန့်သောမတ် အကွိုင်းနပ် (St. Thomas Aquinus) (၁၂၁၅–၁၂၇၄) ဖြစ်လေသည်။ ကမ္ဘာ့ ဒဿနပညာ သမိုင်းတွင် စိန့်သောမတ် အကွိုင်းနပ်ကို ပလေတိုး၊ အာရစ္စတိုတယ်၊ ကန့်၊ ဟေဂယ် စသော တွေးခေါ်ရှင်ကြီးများနှင့် တစ်တန်း တစ်စားတည်း ထားကြရလေသည်။

သူသည် အသိအလိမ္မာ ဉာဏ်ပညာနှင့် အမှန်တရား သစ္စာ သဘောများကို ဆင်ခြင်ရာ၌ ထူးချွန်ထင်ရှားခဲ့သူ ဖြစ်လေသည်။

အကျွန်ုပ်သည် ဖြတ်သန်း ခဲ့ပြီးသော ဒဿန ခရီး တစ်လျှောက်တွင် ဖန်ဆင်းရှင် နှင့် ဖန်ဆင်းခြင်း အကြောင်းအရာ များစွာကို စဉ်းစားကြသော ဝိဝါဒများစွာကိုလည်း တွေ့ခဲ့ရပါပြီ။ သို့ ပါ လျက် လည်း အကျွန်ုပ်၏ ရင်ထဲတွင် အစဉ်သဖြင့် ဝိစိကိစ္ဆာ ဖြစ်လျက်သာ ကျန်ရှိ နေခဲ့ပါသည်။

ယခုမူ အကွိုင်းနပ်၏ အတွေးအမြင်တွင် သက်ဝင် ယုံကြည်ခြင်း နှင့် ဆင်ခြင်တုံ တရားကို ဆက်စပ်ဖို့ ကြိုးစားထားသည်ကို တွေ့ရသောအခါ အလွန် အားတက် ခဲ့ရပြန်သည်။

သိပ္ပံ ခေတ်ကြီးထဲတွင် အသိပညာကို အလိုရှိသော အကြင် ပုဂ္ဂိုလ်အား မျက်ကန်း ယုံနည်းဖြင့် ယုံခိုင်းသော် ထိုသူ လက်ခံပါမည်လား။

၁၃ ရာစုတွင် ပေါ်ထွန်းခဲ့သော စိန့်သောမတ် အကွိုင်းနပ်သည် စကြဝဠာကြီးအား ထာဝရ ဘုရား၏ အလိုဆန္ဒ အတိုင်း ဖြစ်ပေါ်လာရသည် ဆိုခြင်းကို ဆင်ခြင်တုံ တရားဖြင့် ထင်ရှားအောင် ပြရန် အားထုတ်ခဲ့လေသည်။

ထို အချက်သည် ဒဿန ပညာတွင် သိမှုဗေဒကို အရေးထားလာစေ လေသည်။

အကွိုင်းနပ်သည် လူသားတို့ အသိပညာ ဖြစ်ကြောင်းကို အာရုံဖြင့် ရသော အသိပညာ၊ ဓမ္မာရုံဖြင့် ရသော အသိပညာ ဟူ၍ နှစ်ပိုင်း ခွဲခြား ရှုမြင်လေသည်။ သဘာဝကိုလည်း ရူပ သဘောနှင့် အရူပ သဘောတို့၏ ပေါင်းစည်းခြင်း အဖြစ် သူ ရှုမြင်လေသည်။

အကွိုင်းနပ် ရေးသားခဲ့သော (Summa Contra Gentile) နှင့် (Summa Theologiae) ကျမ်းများမှာ အရေးပါသည်။ (Summa Contra Gentile) မှ အကွိုင်းနပ်၏ ရေးသားချက် အချို့ကို ထုတ်နုတ် လေ့လာကြည့်လျှင် သူ၏ ဒဿန သဘောကို သိနိုင်ပါသည်။

'အကျွန်ုပ်၏ ကိစ္စသည် ကက်သလစ်တို့၏ ယုံကြည် ကိုးကွယ်မှု မှန်ကန်ကြောင်း ထုတ်ဖော် ကြေညာရန် ဖြစ်ပါသည်။ သို့ရာတွင် ဤကိစ္စ၌ ကျွန်ုပ်သည် သဘာဝ ကြောင်းကျိုး ဆင်ခြင်မှု သဘောကိုသာ အထောက်အမ ရယူမည် ဖြစ်၏။ အကြောင်းမူကား ဘာသာခြားတို့သည် ကျမ်းဂန်ပါ အဆိုများကို လက်မခံနိုင်သောကြောင့် ဖြစ်ပါသည်။

'သဘာဝ ကြောင်းကျိုး ဆင်ခြင်မှု သဘောက လည်း ထာဝရ ဘုရား ရှိကြောင်း သက်သေထူရေး ကိစ္စတွင် ထိရောက်ခြင်း မရှိလှ။ ချို့တဲ့သော သဘော ရှိပြန်သည်။ ဆင်ခြင်ခြင်းအားဖြင့် တစ်စိတ်တစ်ပိုင်းလောက်

www.burmeseclassic.com



ကိုသာ သက်သေ ထူနိုင်မည် ဖြစ်သော်လည်း တခြား အစိတ်အပိုင်းများကိုမူ သက်သေ ထူနိုင်မည် မဟုတ်ပါ။ ကြောင်းကျိုး ဆင်ခြင်မှု ပညာဖြင့် ထာဝရဘုရား ရှိကြောင်း၊ ထာဝရ ဝိညာဉ်များ ရှိကြောင်း သဘောလောက်ကို သက်သေ ထူနိုင်စေကာမူ သုံးပါး တစ်ဆူ ဘုရား (တြိနိတီ) ကို လည်းကောင်း၊ လူဝင်စားဘုရား အကြောင်းကို လည်းကောင်း၊ နောက်ဆုံး တရား စီရင်သည့်နေ့ အကြောင်းကို လည်းကောင်း သက်သေ ထူရန် မလွယ်ပါ။ သက်သေ ပြနိုင်သော အစိတ်အပိုင်းမှာပင် သက်သေ ပြရမည့် သဘောမှာ ထာဝရ ဘုရားသခင်၏ ပြန်ကြားပို့ချချက်များ (revelations) များသည် ယုတ္တိ ရှိကြောင်း၊ ကြောင်းကျိုး ဆင်ခြင်မှုနှင့် မဆန့်ကျင်ကြောင်းကိုသာ သက်သေ ပြရန် ဖြစ်နိုင်ပါသည်။ သို့သော် ဤနေရာ၌ ဆင်ခြင်မှုဖြင့် သက်သေပြနိုင်သော အပိုင်းနှင့် သက်သေ မပြနိုင်သော အပိုင်း ဟူ၍ (မတူသော အပိုင်း နှစ်ပိုင်းကို) ခွဲခွဲခြားခြား လေ့လာရန် အရေးကြီးပါသည်။

'ပထမ အချက်သည် ထာဝရ ဘုရားသခင် ဖန်ဆင်းရှင် တည်ရှိကြောင်းကို သက်သေပြရန် ဖြစ်ပါသည်။ တချို့ကမူ ဤကိစ္စသည် မလိုအပ်ဟု ဆိုပါသည်။ အဘယ့်ကြောင့် ဆိုသော် ထာဝရဘုရား တည်ရှိခြင်းမှာ အလိုအလျောက် ထင်ရှားပြီး ဖြစ်သည်ဟု (ထိုသူတို့က) ဆိုတတ်ကြပါသည်။

'အချို့ကလည်း ထာဝရ ဘုရားသခင် ရှိကြောင်းကို ယုံကြည် သက်ဝင်မှု သဒ္ဓါဖြင့်သာ သိနိုင်သည်ဟု ဆိုကြပြန်ပါသည်။

'ထာဝရ ဘုရားသခင် တည်ရှိကြောင်းကို အာရစ္စတိုတယ် အတွေးအခေါ်မှာ သက်သေ ပြသလို သက်သေ ပြနိုင်ပါသည်။'

ထိုသို့ ဆိုပြီးနောက် အကျွိုင်းနပ်သည် (Summa Theologiae) တွင် ဘုရားသခင် ရှိကြောင်းကို နည်းငါးနည်းဖြင့် သက်သေပြပါသည်။

သက်သေပြရာတွင် ဆန့်ကျင်ဘက် နားလည်နည်းဖြင့် သက်သေပြပါ၏။

အရစ္စတိုတယ်၏ ဒဿနတွင် လှုပ်ရှားမဲ့ လှုပ်ရှားစေသူ (Unmoved mover) သည် ထာဝရ ဘုရားသခင်ပင် ဖြစ်သည်ဟု ဆိုခဲ့သည်။ သို့ရာတွင် ဤ အယူအဆ၌ ထာဝရ လှုပ်ရှားမှု သဘော ပါဝင်နေသည် ဆိုပြီး ကက်သလစ်များက ငြင်းလိုကြသည်။ ထိုသို့ ငြင်းခြင်းသည် မှား၏။ ထာဝရ လှုပ်ရှားမှုကို လက်ခံနိုင်ရပါမည်။ သို့ရာတွင် ထိုသဘောကို စဉ်းစားရာ၌ လှုပ်ရှားမှုများ၏ စတင် ဖြစ်ပေါ်ရာ ဖြစ်သော ပထမ မူလ အကြောင်းတရားသည် 'မလှုပ်ရှားခြင်း' ဖြစ်သည်။ ထိုသဘောသည် ဆန့်ကျင်ဘက် သဘော ဖြစ်ရာသည်ဟု အနုမာန အားဖြင့် ချင့်တွက်ရသည်။ တစ်လောကလုံး လှုပ်ရှား ပြောင်းလဲ ဖောက်ပြန်နေမှုနှင့် ထို လှုပ်ရှားမှုကို ဖြစ်အောင် ဖန်တီးခဲ့သော အစမူလ အကြောင်းသည် ထာဝရ လှုပ်ရှားမဲ့ တရား (ထာဝရ ဘုရားသခင်) ပင် ဖြစ်ရပေလိမ့်မည်။

အကျွန်ပ်သည် ဒဿန ပညာကို အတွေးအခေါ် ကိရိယာ တစ်ခု အဖြစ် အသုံးပြုပြီး ထာဝရ ဘုရားသခင် ရှိကြောင်း ထာဝရ ဝိညာဉ်များ ရှိကြောင်း စိန့်သောမတ် သက်သေပြရန် အားထုတ်နေခြင်းများကို စိတ်ရှည်စွာ လေ့လာလိုသော ဆန္ဒ မရှိတော့ပါ။ စကားလုံးများဖြင့် လှည့်ပတ် ပြောဆိုနေသည်ဟုသာ ထင်မြင်လာပါသည်။

အဘယ်ကြောင့် ဆိုသော် ထာဝရ ဘုရားသခင်၏ အနှစ်သာရ သဘောသည် ထာဝရ ဘုရားသခင်၏ ဆန္ဒတော်ပင် ဖြစ်သည်ဟု သူ တင်ပြဖို့ ကြိုးပမ်းရာ၌ ဘုရားသခင်သည် မိမိကိုယ်တိုင်ကိုလည်း ဆန္ဒပြုသည်၊ တခြား အရာတို့ကိုလည်း ဆန္ဒပြုသည်၊ ထိုဘုရားသခင်သည် အရာခပ်သိမ်း၏ အဆုံးလည်း ဖြစ်သည်၊ မဖြစ်သေးသော အရာတို့ကိုလည်း ဘုရားသခင်သည် ဆန္ဒပြုသည်၊ (ဘုရား၏ ဆန္ဒတော် အတိုင်းသာ ဖြစ်လာရသည်ဟု ဆိုလိုသည်။) ဘုရားသခင်သည် မိမိ ကောင်းမှုကိုသာ ဆန္ဒ ပြုသည်၊ တခြားသော အရာများကို ဆန္ဒပြုသည် ဆိုရာတွင် မုချ ဖြစ်စေရမည် ဟူသော သဘောဖြင့် ဆန္ဒ မပြု၊ ဘုရားသခင်တွင် ဆန္ဒ လွတ်လပ်မှု သဘော ရှိသည် စသော သဘောများကို ရေးသားရာတွင် စိန့်သောမတ်သည် မိမိ ကိုယ်တိုင် ဘုရား အဖြစ်ကို ရထားဘိသကဲ့သို့ လည်းကောင်း၊ ဘုရား၏ ပြောရေးဆိုခွင့် ရှိသူလို ဘုရားသဘောကို သူသာ သိသူ၊ သူသာ မြင်သူ ဖြစ်သကဲ့သို့ လည်းကောင်း ပြောဆို ရေးသားနေသည်မှာလည်း သံသယ အစွန်းအထင်းများကို ပယ်ဖျက်ခြင်းငှာ မတတ်သာချေ။

ဘုရားသခင်က လူတွေကို မြည်းလို ခိုင်းတိုင်းလုပ် သဘော ဖန်တီးထားသည် မဟုတ်။ လူမှာ ဆန္ဒ လွတ်လပ်ခွင့် ရှိသည်။ မိမိ လုပ်ချင်ရာ လုပ်ခွင့်ကို လူသားတို့အား ဘုရားသခင်က ပေးထားသည်ဟု သူ ဆိုလိုသည်။

www.burmeseclassic.com



ဤ အချက်သည် လူသားတို့၏ အပြစ် ဖြစ်ခြင်း သဘောကို ဒဿနနည်းကျ သက်သေပြဖို့ စိန့်သောမတ် ကြံစည်ခြင်း ဖြစ်သည်။ လူတွေမှာ အာဒမ်မှ ပါလာသော မွေးရာပါ အပြစ် အပြင် သူတို့ ဆန္ဒအလျောက် ကျူးလွန်သော အပြစ်များ ရှိကြောင်း ပြဆိုရန် ဖြစ်လေသည်။

စိန့်သောမတ်သည် သူ့ခေတ်နှင့်သူ ရဲတင်းသော အတွေးအခေါ်များကို တွေးခဲ့သည်ဟု ဆိုသင့်ပါသည်။ နောင် သူ ကွယ်လွန်သောအခါ သူ့ အယူအဆများကို ပါရီနှင့် အောက်စဖို့ဒ် တက္ကသိုလ်များက ရှုတ်ချခဲ့ကြဖူးလေသည်။

၁၄ ရာစုနှစ်သို့ ရောက်သောအခါ ပလေတိုး၊ အရစ္စတိုတယ်တို့ စတင် ခဲ့ပြီးနောက် အလယ်ခေတ် ခရစ်ယာန် ကျမ်းတတ် ဂန္ထန္တ ရ ပုဂ္ဂိုလ်ကျော်များ ဂိုဏ်းက လက်ခံခဲ့သော ထာဝရ ပရမတ္ထ ဝါဒသည် မေးမိန်စ ပြုလာသည်။

ဖရန်စစ္စကန်များ (Franciscans) ဟု ခေါ်သော ဒဿန ဂိုဏ်းသားများ ပေါ်လာသည်။ ရော်ဂျာ ဘေကွန် (Roger Bacon) (၁၂၁၄–၁၂၉၄)၊ ဒန်း စကော့တပ် (Duns Scotus) (၁၂၇၀–၁၃၀၈) နှင့် ဥက္ကံရပ်မှ ဝီလျံ (William of Occam) (၁၂၉၀–၁၃၄၉) စသူတို့ ဖြစ်ကြလေသည်။

စိန့်သောမတ်၏ အတွေးအမြင်များကို ဖတ်ရသည်မှာ စိတ်မောဖွယ် ကောင်းလှပါသည်။ အဘယ့်ကြောင့် ထိုကဲ့သို့ ခံစားရပါသနည်းဟု အကျွန်ုပ် စဉ်းစားကြည့်ခဲ့ဖူးပါသည်။ သူ့အရေးအသားများမှာ အကြောင်းအချက် တစ်ခုကို ကလိမ်စေ့ကို စက်ဆင် ဆိုသကဲ့သို့ မလိုအပ်ဘဲ အထပ်ထပ် ပြောဆိုကာ အယုံ သွင်းနေခြင်း ကြောင့်ပင် ဖြစ်လေသည်။

စိန့်သောမတ် ပြီးနောက် ကမ္ဘာ့ အတွေးအမြင် ပညာသမိုင်းတွင် ဂန္ထန္တ ရ ဒဿန ဆရာကြီးများ အနက် အရေး အပါဆုံး ပုဂ္ဂိုလ် ဖြစ်သည်ဟု ကမ္ဘာက သတ်မှတ်၍ အသိအမှတ်ပြု ခံရသူမှာ ဥက္ကံရပ်မှ ဝီလျံ ဆိုသူ ဖြစ်သည်။ ဥက္ကံ ဝီလျံသည် သူ့ခေတ် နိုင်ငံရေးနှင့် ဘာသာရေး အားပြိုင်ပွဲတွင် တစ်စိတ်တစ်ပိုင်း ပါဝင်လှုပ်ရှားနေသူ ဖြစ်လေသည်။ နိုင်ငံရေး သဘောတရား စာတမ်းများကိုလည်း သူ ရေးသားခဲ့လေသည်။

သို့ရာတွင် အကျွန်ုပ်သည် သူ့ခေတ် သူ့အခါ အလျောက် အရေးပါချင် ပါမည် ဖြစ်သော သူ၏ နိုင်ငံရေး အတွေးအမြင်များထက် သူ၏ လောက အမြင် သက်သက်ကိုသာ ပို၍ စိတ်ဝင်စား ခဲ့လေသည်။

သူ့ အတွေးအမြင်များ အကြောင်းကို ပြောမည် ဆိုလျှင် အားနက် အီးမူဒီး (Ernest E Moody) ဆိုသူ ရေးသားသည့် ***ဥက္ကံ ဝီလျံ၏ ယုတ္တိဗေဒ*** (The Logic of William of Occam) ကျမ်းသည် အရေးပါသော ကျမ်းတစ်စောင် ဖြစ်လေသည်။

သူ့ အတွေးအခေါ်များ အနက် အထင်ရှားဆုံးမှာ ဥက္ကံ၏ သင်တုန်းဓား (Occam's Razor) ခေါ်သော အတွေးအခေါ် ဖြစ်လေသည်။ ထို အယူအဆမှာ ဤသို့ ဖြစ်၏။

'အကြောင်းအရာကို လိုအပ်သည်ထက် ပိုပြီး ပုံကြီး မချဲ့သင့်။ နည်းနည်း ပြောရုံဖြင့် ပြီးနိုင်သော ကိစ္စကို များများ ပြောခြင်းသည် အချည်းနှီး အကျိုးမဲ့ ဖြစ်သည်'

ဤ အယူအဆသည် သိပ္ပံပညာ အရာ၌ လည်းကောင်း၊ ဒဿနပညာ အရာ၌ လည်းကောင်း၊ စာပေ အနုပညာ အရာ၌ လည်းကောင်း လွန်စွာ မှတ်သားလိုက်နာထိုက်သော အယူအဆ ဖြစ်သည်ဟု ကမ္ဘာ့ ပညာရှင်များက လက်ခံခဲ့ကြပါသည်။

ကက်သလစ် ဘုရားကျောင်း အတွေးအခေါ်များ နှင့် ဝီလျံ၏ အတွေး အခေါ်များသည် ဆန့်ကျင်ဘက် ဖြစ်လာလေသည်။

ဘုရားကျောင်းနှင့် သူ၏ အတွေးအခေါ်များ ပဋိပက္ခ ဖြစ်ရခြင်းကို ဝီလျံ ကိုယ်တိုင်လည်း မလိုလားခဲ့ချေ။ ထို့ကြောင့် သူက ဘာသာရေး ဆန့်ကျင်ဘက် ဖြစ်နေသော သဘောကို ရှောင်ရှားရန် အတွက် ဆင်ခြင်ခြင်းနှင့် ယုံကြည် သက်ဝင်ခြင်းသည် သဘောချင်း မတူကြောင်း ခွဲခြား တင်ပြခဲ့လေသည်။

ဆင်ခြင်ခြင်းသည် ဒဿနပညာ သိပ္ပံပညာတို့ နှင့်သာ ဆိုင်သည်။ ဘာသာရေး နှင့် မဆိုင်ဟု ဆိုလာသည်။ ဘာသာရေးသည် သက်ဝင် ယုံကြည်မှုနှင့်သာ ဆိုင်သည်။ ယုတ္တိ ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ကြောင်းကျိုး ဆီလျော်သည် ဖြစ်စေ၊ မဆီလျော်သည် ဖြစ်စေ လူသည် မိမိ ယုံကြည်ချင်ရာကို လွတ်လွတ်လပ်လပ် ယုံကြည်နိုင်သည်။ ကိုးကွယ်ခြင်းကို ဆင်ခြင်ခြင်း နှင့် မရောထွေးသင့်ချေ။ လောကီနှင့် လောကုတ္တရာကို တသီးတသန့် တစ်ကန့်စီ ထားသင့်သည်ဟု သူက ဆိုလေသည်။

www.burmeseclassic.com



ဥက္ကံဝီလျှံ၏ သဘောထားသည် ပြဿနာ ပြေလည်ရေး အတွက် အထောက်အပံ့ ပြုသည်။ ပဋိပက္ခကို ရှောင်ရှားသော အတွေးအခေါ် သဘောထားမျိုး ဖြစ်သည်မှာ အမှန်ပင် ဖြစ်ပါသည်။

သို့သော် အကျွန်ုပ် အဖို့မူ ဘဝ ကိစ္စတွင် ယုံကြည် ကိုးကွယ်ခြင်းကို ဥက္ကံ ဝီလျှံလို သဘောမျိုး ထားနိုင်ပါမည်လား။ ဆင်ခြင်ခြင်းဖြင့် မှတ်ကျောက်တင် မခံနိုင်သော ယုံကြည် ကိုးကွယ်ရာ အယူဝါဒကို စိတ်ချလက်ချ ယုံကြည်နိုင်ပါမည်လား။

လောကတွင် လူ အမျိုးမျိုး ရှိသည်ကို တွေ့ခဲ့ရပါသည်။ ထိုသူတို့ အနက် အရာရာကို အထင်ကြီး၍ ယုံသူ၊ အကျိုးမြင်၍ ယုံသူ၊ ကြောက်လန့်၍ ယုံသူ၊ အားကိုး၍ ယုံသူ ဟူ၍ အမျိုးမျိုး ရှိပါသည်။

ကိုယ့်ကိုယ်ကိုယ် စစ်ဆေးကြည့်တော့ မိမိသည် ထိုသူ အမျိုးမျိုးထဲတွင် မပါဝင်ဘဲ တသီးတခြား ဖြစ်နေလေသည်။ မိမိမှာ ရှိသော ဉာဏ်ဖြင့် မီသလောက် စဉ်းစား ဆင်ခြင်မည်။ ထိုသို့ စဉ်းစားသည့်အခါ ရင်ထဲမှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အားလုံး ရှင်းလင်း ပပျောက် သွားရမည်။ ထိုအခါ သန့်စင်သော သဒ္ဓါ ကြည်လင်သော နှလုံးသားကို ရမည်။ ထိုနှလုံးသားက မြတ်နိုး ကြည်ညိုသော အယူဝါဒဖြစ်မှုကား အသက်ထက်ဆုံး စိတ်ချလက်ချ ကိုးကွယ်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

သို့မဟုတ် အကယ်၍ ထိုသို့သော အစင်အကြယ် ယုံကြည် ကိုးကွယ်ရာကို ရှာမတွေ့ပါမူလည်း မိမိ တစ်သက်ကို ယုံကြည် ကိုးကွယ်ရာမဲ့ ဘဝဖြင့်ပင် အဆုံးခံလိုက်ပေတော့မည် ဟုလည်း တစ်ဖက် တစ်လမ်း စဉ်းစား ထားပါသည်။

အခုအထိမူ အကျွန်ုပ်သည် မြစ်ကို အလျားလိုက် ကူးနေသည်နှင့် တူသည်ကိုလည်း မငြင်းပါ။ ကမ်း မမြင်သော ဝိဝါဒ သမုဒ္ဒရာ ပင်လယ်ကြောမှာ မျောနေသည် ဆိုလည်း ဝန်ခံရ ပါတော့မည်။

ကမ်း မမြင်သော သမုဒ္ဒရာမှာ လက်ပစ် ကူးခတ် နေရခြင်းသည် မောဟိုက် ပင်ပန်းလှသည်လည်း မှန်ပါ၏။ သို့သော် ထိုအခြေအနေသည် မကူး မခတ်ဘဲ ရပ်တန့်လိုက်လျှင် နစ်သွားရမည့် အခြေအနေမျိုး ဖြစ်သည်ကိုလည်း သတိထားမိပါ၏။ ဆက်လက် ကူးခတ်ခြင်းမှ တစ်ပါး အကျွန်ုပ် အဖို့ ဆောက်တည်ရာ တခြား မရှိပါ။

ဤ အခြေအနေတွင် မော၍ ဖြစ်စေ၊ စိတ်အားလျော့၍ ဖြစ်စေ ကူးခတ်ခြင်းကို ရပ်တန့်လိုက်ပါမူ နစ်မြုပ်သွားရုံမှ တစ်ပါး အခြား အကျိုး မမြင်ပါ။ ဇနကမင်းသား၏ အဓိဋ္ဌာန်နှင့် တူသော အဓိဋ္ဌာန်ကို ပြုလျက် ဆောက်တည်ရာ ကမ်းသို့ မရောက်မချင်း ဆက်လက် ကူးခတ်ရပေတော့အံ့။

www.burmeseclassic.com

## ၈။ သိပ္ပံဓာတ် ဒဿန နှင့် ထာဝရ ဘုရားမဲ့ ဝါဒများ

တစ်နေ့သ၌ ပါမောက္ခ ဆရာကားက အကျွန်ုပ်နှင့် မိနီတို့ကို သူ့အိမ်သို့ ခေါ်ပြီး ပူရီနှင့် မုန့်ချိုများကို လုပ်ကျွေးပါသည်။

မိနီ (ဒေါ်တင်လှ၊ ဒဿနိကဗေဒ ကထိက) သည် အကျွန်ုပ် မဟာဝိဇ္ဇာတန်း တက်သောအခါ တွေ့ဆုံ ခင်မင်လာသော ဂုဏ်ထူးတန်း ကျောင်းသူ ဖြစ်လေသည်။ အကျွန်ုပ်တို့ကို ဆရာကား အိမ်သို့ ခေါ်သော အချိန်သည် မဟာဝိဇ္ဇာတန်း အပိုင်း (က) အောင်ပြီးချိန် ဖြစ်မည် ထင်ပါသည်။ အတိအကျကား မမှတ်မိတော့။

အိမ်ရောက်တော့ ဆရာကားက အကျွန်ုပ်အား ယခု ဘာလုပ်နေသလဲဟု မေးလေသည်။ မိနီမှာ ကျောင်းသူ ဖြစ်၍ သူ့ကိုမူ အထူး မေးစရာ မလိုတော့ပါ။ အကျွန်ုပ်က ယခု အလွတ် ပညာသင်ကျောင်းမှာ စာပြနေပါသည် ဆိုသော အခါ ဆရာကားသည် အကြာကြီး စဉ်းစား နေလေသည်။ ဆရာကား အတွေးနက်နက် စဉ်းစားနေပြီ ဆိုလျှင် သူ့ နှုတ်ခမ်းကြီး စူတက်လာသည်မှာ ချစ်စရာ ကောင်းသည်ဟု အကျွန်ုပ်တို့ တပည့်များက ယူဆကြပါသည်။ နောင်အခါ အကျွန်ုပ်လည်း ဆရာကားကဲ့သို့ အတွေး ဝင်လာလျှင် နှုတ်ခမ်း စူတတ်ပါသည်။ ဆရာနှင့် တပည့်တို့၏ ကူးစက်တတ်သော သဘောဟု ထင်ပါသည်။ အတန်ကြာမှ ဆရာက ဆိုလေသည်။

'ဆန်းလွင်ကို ဝန်ခံစရာတွေ ဆရာ့မှာ ရှိတယ်၊ ဒါက ဘာလဲ ဆိုတော့ မင်း ဘီအေ အောင်စဉ်က အက်သစ် (ကိုယ်ကျင့်တရား ပညာ) တွဲနှင့် အောင်ခဲ့တယ်၊ အောင်တဲ့နှစ်မှာ ဖီလိုဆိုဖီမှာ ဂုဏ်ထူး ထွက်တယ်၊ ဒါကို ဆရာ့ စိတ်ထဲ သိပ်ပြီး ဘဝင် မကျခဲ့ဘူး၊ ဒေါက်တာ ခင်မောင်ဝင်းကတော့ မင်းကို ဂုဏ်ထူး ထုတ်ပေးဖို့ အတွက် ဆရာ့ကို တော်တော်ပဲ အတိုက်အခံ ပြောပါတယ်၊ ဆရာကတော့ မင်းအတွက် ဂုဏ်ထူး ထုတ်ပေးရမှာ ဝန်လေးခဲ့တယ်၊ ဘာကြောင့် ဝန်လေးသလဲ ဆိုတော့ ဖီလိုဆိုဖီ ဆိုတဲ့ ပညာဟာ ကျယ်ဝန်းတယ်၊ နက်ရှိုင်းတယ်၊ အထိုက်အလျောက် ဉာဏ်ကြီးဦးတော့၊ ဒီပညာရပ်ရဲ့ အနှစ်သာရကို သိဖို့ မလွယ်ဘူး၊ ကုန်ကုန်ပြောရရင် ဒီပညာမှာ ဆရာ လုပ်နေကြတဲ့ လူတွေတောင် တကယ်တမ်း ဒီပညာကို တတ်သလား ဆိုတော့ မတတ်ကြဘူး၊ သူတို့ တတ်တာက စာအုပ်ထဲ ပါတဲ့အတိုင်း ပြန်ထုတ်ပြီး သင်ပြတတ်တာပဲ ရှိတယ်၊ ဒါက လုပ်စားတဲ့ သဘောပဲ၊ ပညာတတ်တဲ့ သဘော မဟုတ်ဘူး၊ ဂုဏ်ထူး ပေးတယ် ဆိုတာ ဆရာ့ စိတ်ထဲ ကတော့ တကယ် တတ်မှပဲ ပေးချင်တယ်၊ ဆရာကတော့ မင်းနှင့် သိပ်ပြီး မနီးစပ်ခဲ့ဘူး၊ ဒေါက်တာ ခင်မောင်ဝင်းကတော့ မင်းနှင့် ပိုနီးစပ်တဲ့ အတွက် သူက မင်း တတ်တာဟာ စာသင်သား တတ်သလို တတ်တာ မဟုတ်ဘူး၊ သဘောပေါက်ပြီး တတ်တာလို့ ဆရာ့ကို ပြောပါတယ်၊ အမှန်ပြောရရင် မင်းကို ဂုဏ်ထူး ထုတ်ပေးခဲ့တာဟာ ဒေါက်တာ ခင်မောင်ဝင်းရဲ့ ကျေးဇူးပါပဲ၊ သူ ထောက်ခံလို့ ထုတ်ပေးခဲ့တာ။

'မင်း မှတ်မိသလား ဆန်းလွင်၊ အဲဒီ နှစ်မှာ ဆရာ ဒဿနိကဗေဒ ဆောင်းပါး ပြိုင်ပွဲ တစ်ခု ကျင်းပပေးခဲ့တာ၊ အဲဒီ ဆောင်းပါး ပြိုင်ပွဲမှာ ဘဝ အတွက် ဒဿနပညာ၏ အကျိုး သက်ရောက်မှုများ ဆိုတဲ့ ခေါင်းစဉ်ကို ဆရာ ပေးခဲ့တယ်၊ အဲဒါ ဖီလိုဆိုဖီ သင်ကြားခဲ့တဲ့ ကျောင်းသားတွေ ဖီလိုဆိုဖီ တတ် မတတ် စစ်ကြည့်ခဲ့တာ၊ အဲဒီပွဲမှာ ဝင်ဖြေတဲ့ လူတွေ တော်တော်များပါတယ်၊ ဒီပွဲမှာလည်း မင်း ဗိုလ်စွဲပြီး ရွှေတံဆိပ်ဆုကို ရခဲ့တယ်၊ ဒီအခါကျမှ မင်းအပေါ် ဆရာ စိတ်ချခဲ့တယ်၊ ဒီအကြောင်းကို ဆရာ ထိမ်ချန် ထားခဲ့ရင် မရိုးသားရာ ကျမှာမို့ ခုလို ဆရာ ဝန်ခံတာပါပဲ။

'ခုလည်း တစ်ခါ ဆရာ့အထင် ဒုတိယအကြိမ် မှားပြန်ပြီ'

'ခင်ဗျာ၊ ဘယ်လိုမှားပါလဲ ဆရာ'

'တပည့် အနေနှင့်တော့ ဆရာ မပြောရင် သိမှာ မဟုတ်ပါဘူး၊ သို့သော် ဆရာ့ စိတ်ထဲမှာ အတင် မခံချင်ဘူး၊ ဒီတော့ ဆရာ စိတ်လည်း သန့်သွားအောင် ဆရာ ပြောမယ်၊ ဆရာ့စိတ်ထဲ ဆန်းလွင်ကို အက်သစ်မှာပဲ ကျွမ်းကျင်မယ် ထင်ခဲ့တယ်၊ ခု ပြီးခဲ့တဲ့ စာမေးပွဲ

www.burmeseclassic.com



မှာ မင်းဖြေထားတဲ့ လောဂျစ် (ယုတ္တိဗေဒ) ဘာသာရပ် အဖြေလွှာတွေကို ကြည့်တော့ မင်းဟာ ယုတ္တိဗေဒကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်တယ် ဆိုတာ ဆရာ သဘော ပေါက်ခဲ့ရတယ်၊ ဒီတော့ ဆရာ့အနေနှင့် ဆရာ တတ်မြောက်ထားတဲ့ လောဂျစ်၊ အထူးသဖြင့် သင်္ချာ ယုတ္တိဗေဒ (**Mathematical Logic**) ပညာတွေကို မင်းကို ပေးခဲ့ချင်တယ်၊ မင်း သင်္ချာယုတ္တိဗေဒ ပညာနှင့် မဟာဝိဇ္ဇာတန်း အတွက် ကျမ်းပြုစေချင်တယ်၊ ဒါက ပထမဆုံး ပြောချင်တဲ့ ဆရာ့ ဆန္ဒပဲ။

'နောက် ဒုတိယ ပြောချင်တာက အပြင်ဘက်မှာ မင်း လုပ်နေတဲ့ အလုပ်တွေဟာ ငွေ ရချင်ရမယ်၊ ဒါပေမယ့် မြဲမှာ မဟုတ်ဘူး၊ မင်းအတွက် ရေရှည် ကောင်းဖို့ကတော့ ဌာနမှာ မင်း အလုပ် ဝင်စေချင်တယ်'

ဆရာ၏ စကား အဆုံးတွင် အကျွန်ုပ်၏ ရင်ထဲတွင် အနည်းငယ် တုန်လှုပ်မိလေသည်။ အကျွန်ုပ်သည် အလုပ် တစ်ခုပြီး တစ်ခု ထွက်ခဲ့လေသည်။ သို့သော် အကျွန်ုပ် အစက ထင်သလို အလုပ် မရှားခဲ့။ ယခုလည်း ကိုယ့်အလုပ်နှင့်ကိုယ် ဟန်ကျနေသည်ဟု ဆိုနိုင်သည်။ ထိုအချိန်တွင် ဆရာကားက ဌာနမှာ အလုပ် လုပ်ဖို့ ပြောပြန်သည်။ ဌာနမှာ အလုပ် လုပ်လျှင် အပြင်မှာ အလုပ်လုပ်ဖို့ ခက်မည်။ အပြင်မှာ အလုပ် မလုပ်ရလျှင် ဝင်ငွေက များစွာ လျော့ကျသွားမည်။ တစ်ဖက်တစ်လမ်းက စာရေးခြင်းဖြင့် အနည်းအကျဉ်း ရနိုင်သော်လည်း စားလောက်မည် မဟုတ်။ ထို့ကြောင့် အကျွန်ုပ်က လောလောဆယ် ဌာနမှာ နည်းပြဆရာ အလုပ်ကို လုပ်၍ မဖြစ်သေးကြောင်း ဆရာ့အား ရှင်းပြလိုက်ရလေသည်။

ထိုအခါ ဆရာက

'ဆန်းလွင်ကို ဆရာ ပြောမယ်၊ လတ်တလောကို မကြည့်နှင့်၊ ရေရှည်ကို ကြည့်၊ မင်းက အိမ်ထောင်သည် ဆိုတော့ မင်းပြောတဲ့ စကား အားလုံးကို ဆရာ သဘော ပေါက်ပါတယ်၊ မင်း လက်ထောက် ကထိက ဖြစ်ဖို့လောက် အထိကတော့ ဆရာ့ လက်ထဲမှာ ရှိတယ်၊ ကထိက ဖြစ်ဖို့မှာသာ မင်းရဲ့ အရည်အချင်းရော မင်းရဲ့ လိမ္မာ ပါးနပ်မှုရော လိုပါတယ်၊ လောလောဆယ် ဒီတစ်နှစ် မင်း အပြင်မှာ စာသင်ပြနေတာတွေကလည်း တစ်ဝက်တစ်ပျက် ဖြစ်နေတော့ နှစ်ကုန်အောင် ဆက်သင်ပေါ့'

ဆရာ၏ ကြီးမားသော စေတနာကို ဤစကားမျှလောက်ဖြင့်ပင် အကျွန်ုပ် သဘောပေါက် နိုင်ပါပြီ။ ဆရာ့ စေတနာက ငွေရေး ကြေးရေးထက် တန်ဖိုးကြီးသည်ဟုလည်း ထင်ပါသည်။ အကျွန်ုပ် စောဒက မတက်တော့ပါ။ 'ဆရာ စိတ်ချမ်းသာမည် ဆိုလျှင် ကျွန်တော် ဌာနမှာ အလုပ် ဝင်ပါမည်' ဟု ကတိပြုလိုက်ပါသည်။

ထိုအခါ ဆရာက လျှောက်လွှာစာရွက် အလွတ် တစ်ရွက်ကို ထုတ်ပေးပြီး

'ရော့ ဒီမှာ မင်း လက်မှတ် ထိုးခဲ့၊ လဆန်း တစ်ရက်နေ့က စပြီး မင်း ဌာနမှာ အလုပ် ဆင်းတော့' ဟု ဆိုလေသည်။

အကျွန်ုပ် ဘဝတွင် မဖြစ်ချင်ဆုံးသော ကျောင်းဆရာ ဘဝသို့ ရောက်ပြီးရင်း ရောက်ရင်း ဖြစ်နေလေပြီ။

ဆရာ ဖြစ်လာသည့် အချိန်က စပြီး အကျွန်ုပ် စိတ်များလည်း သိသိသာသာ ပြောင်းလဲနေသည်ဟု ထင်ပါသည်။

လောကတွင် သတ္တဝါတွေသည် ဖြစ်ချင်တိုင်း အဘယ်ကြောင့် မဖြစ်ကြသနည်း။

ဤ မေးခွန်းသည် ဘဝနှင့် ဆိုင်သော ဒဿန မေးခွန်း တစ်ခု ဖြစ်သည်ဟု ထင်ပါသည်။ အကျွန်ုပ်သည် ထိုမေးခွန်း၏ အဖြေကိုသာ ရချင်နေပါသည်။

အဘယ် အကြောင်းများကြောင့် သတ္တဝါတွေ (လူတွေ) သည် မိမိတို့ ဖြစ်ချင်တိုင်း မဖြစ်ကြသနည်း။

ချွတ်ယွင်းချက်သည် ဘယ်မှာ ရှိသနည်း။ အဘယ် တရားများက ဖြစ်ချင်တိုင်း မဖြစ်အောင် တားဆီး ပိတ်ပင်နေကြသနည်း။

ဘဝကို နှိုက်နှိုက်နဲ့နဲ့ သိလိုသော ဆန္ဒက အပြင်းအထန် ဖြစ်လာပါသည်။

လူတွေသည် ချမ်းသာကိုသာ အလိုရှိကြလေသည်။ သို့ပါလျက် လူအပေါင်းတို့မှာ ထိုချမ်းသာကို အဘယ်ကြောင့် မရကြပါသနည်း။

လောကတွင် ဥစ္စာ ပစ္စည်းကို စည်းစိမ် ချမ်းသာဟု အယူရှိကြသူတို့သည် ရုပ်ခန္ဓာ ပင်ပန်းခြင်းမှ သက်သာခွင့်ကို ရရှိသည် ဖြစ်ပါလျက် ထိုသူတို့သည် စိတ်ချမ်းသာမှုကို မရနိုင်ကြချေ။

လောကတွင် ဩဇာ အာဏာကို ရရှိလျှင် စိတ်ထင်တိုင်း ဖြစ်မည်၊ အလို ဆန္ဒ ပြည့်ဝမည်၊ စည်းစိမ် ချမ်းသာကို ခံစားရမည် ထင်သော သူတို့သည် အစဉ်သဖြင့် အသက် အန္တရာယ်ကို စိုးရိမ်နေရကာ စိတ်လွတ်လပ်ခွင့်ကိုမူကား မရနိုင်ကြချေ။

www.burmeseclassic.com



တချို့သော သူတို့သည် ဥစ္စာ ပစ္စည်း မရှိ၍ ကိုယ်လည်း မချမ်းသာ၊ ဝမ်းရေး အတွက် ပူပန်နေရ သဖြင့် စိတ်လည်း မချမ်းသာကြချေ။

တချို့မှာ ဥစ္စာ ပစ္စည်း စည်းစိမ်ဟု ဆိုအပ်သော ဝတ္ထုအာရုံ ကာမဂုဏ်၌ တပ်မက်သော စိတ်ကို ပယ် လိုက်ကြသည်။ ထိုပုဂ္ဂိုလ်တို့သည် စိတ်၏ လွတ်လပ် ခွင့်ကို ရနိုင်ကြသည် ဖြစ်၍ စိတ်တည်ငြိမ်မှု၊ စိတ်ချမ်း သာမှုကို ရနိုင်သည် ထင်ဖွယ် အကြောင်း ရှိသော်လည်း ထိုသူတို့ အဖို့ ကိုယ်၏ ဆင်းရဲကိုကား မလွန်ဆန်နိုင်။

ဘယ်လိုနေနေ ဘာတွေလုပ်လုပ် လုပ်သမျှ ဒုက္ခ ငြိမ်းအေးဖို့ ရည်ရွယ် လုပ်ကိုင်ကြသည် ဖြစ်ပါလျက် အဘယ်ကြောင့် ထိုဒုက္ခမှာ မငြိမ်းကြသနည်း။

သတ္တဝါတွေ ဒုက္ခရောက်အောင် ဘယ်သူ (သို့ မဟုတ်) ဘယ်တရားက ဖန်တီးနေလေသနည်း။

အကျွန်ုပ်သည် ဘဝကို စူးစူးစိုက်စိုက် ကြည့်လေ ဘဝ၏ အပြစ်များကိုချည်း မြင်လေ ဖြစ်တော့သည်။ ထိုအပြစ်များသည် စင်စစ် ကုသိုလ် အကုသိုလ်နှင့်ချည်း ဆိုင်သည် မဟုတ်။ စီးပွားရေးနှင့်လည်း ဆိုင်သည်။ လူမှုရေးနှင့်လည်း ဆိုင်သည်။ နိုင်ငံရေးနှင့်လည်း ဆိုင် သည်။ ကျန်းမာရေးနှင့်လည်း ဆိုင်သည်။ ကိုယ်ကျင့် တရားနှင့်လည်း ဆိုင်ကြလေသည်။

လူ့လောကမှာ စီးပွားရေးအားဖြင့် အဘယ်ကြောင့် ဆင်းရဲ ချမ်းသာ မညီမျှကြသနည်း။ အချို့က စည်းစိမ် ဥစ္စာ ရှိကြသည်မှာ ထားစရာ မရှိ ဖြစ်သည်။ အချို့က စည်းစိမ်ဥစ္စာ မဲ့ကြသည်မှာ စားစရာ မရှိ ဖြစ်သည်။ အဘယ် အကြောင်းကြောင့် ဖြစ်သနည်း။

လောကမှာ လူမှုရေးအားဖြင့် အဘယ်ကြောင့် အဆင့်အတန်းတွေ အခွင့်အလမ်းတွေ မညီမမျှ ဖြစ်ကြ သနည်း။

အချို့က သြဇာ အာဏာ ဂုဏ်သတင်း ရှိ၍ အထက်တန်းကျ မျက်နှာပန်း လှပြီး အနေမြင့်ကြသည်။

အချို့က သြဇာ အာဏာ ဂုဏ်သတင်း မဲ့၍ အောက်တန်းကျ နောက်တန်းကျ ဖြစ်ပြီး အနေနိမ့်ကြ သည်။ အဘယ် အကြောင်းကြောင့်နည်း။

လောကမှာ ကျန်းမာရေးအားဖြင့် အဘယ်ကြောင့် ဆူကြဲနိမ့်မြင့် ရှိကြသနည်း။ အချို့က ရုပ်လှ၍ ကျန်းမာ သန်စွမ်းကြသည်။ အချို့က ရုပ်ဆိုး အကျည်း တန်၍ ရောဂါ ထူပြောကြသည်။ အဘယ် အကြောင်းကြောင့် ဖြစ်ရသနည်း။

အချို့ဆိုလျှင် အသက် ရှည်ရှည် နေရသည်။ အချို့ဆိုလျှင် အသက် တိုကြသည်။ အဘယ် အကြောင်း ကြောင့် ထိုသို့ ဖြစ်ကြသနည်း။

အကျွန်ုပ်၏ စိတ်အစဉ်တွင် မိမိ ရင်ဆိုင်နေရ သော ဘဝ၏ အနိဋ္ဌာရုံ အကြောင်းတရားများ၏ ရင်း မြစ် မူလကိုမူ ရှေးက ဒဿန ဆရာကြီးများ ရှာဖွေ စူးစမ်းဖို့ မကြိုးစားကြဘဲ မိမိကိုယ်မှ အပဖြစ်သော ဗဟိဒ္ဓ လောကကြီး၏ အရင်း မူလ အကြောင်းကိုသာ ရှာဖွေရန် အဘယ်ကြောင့် စိတ်အား ထက်သန်ခဲ့ကြလေ သနည်း။

ထို ဖီလိုဆိုဖာများကိုလည်း အကျွန်ုပ်၏ စိတ် တွင် ကြည်ညိုစိတ် မရှိတော့ပါချေ။

ကိုယ်ရေးကိုယ်တာကို ဘေးဖယ်ပြီး အပကိစ္စ တွေကိုသာ ဦးစား ပေးခဲ့ကြသော ထိုသူတို့၏ လုပ်ရပ် များသည် ဘဝကို ဆင်းရဲ ကင်းအောင် ဘယ်လို လုပ် ပေးနိုင်ခဲ့ကြသနည်း။

သူတို့ကြောင့် သိပ္ပံပညာ တိုးတက်လာသည်၊ လူ့လောကကြီး စည်ပင်လာသည်၊ လူ့ယဉ်ကျေးမှု မြင့် မားလာသည်ဟု ကြွားဝါလိုသော ထိုသူတို့အား ထိုသိပ္ပံ ပညာတွေ၊ ထို အတတ်ပညာတွေကြောင့် လူ့ လောက ကြီး မီးလောင်တိုက် သွင်းခြင်း ခံရတော့မည့် သင်္ချိုင်း မီးတွင်း နှုတ်ခမ်းဝသို့ ရောက်သွားရပြီ ဆိုသည်ကို သိ ပါရဲ့လားဟု အကျွန်ုပ် မေးချင်လှပါ၏။

ထို အမေးများကို မေးမိသည့် အခါတိုင်း ဘဝ၏ အပြစ်များ၊ ဘဝ၏ အနိဋ္ဌာရုံများ ဖြစ်ရခြင်းသည် လူ ကြောင့်လား၊ ဘုရားကြောင့်လား၊ အရှေ့တိုင်းသားတို့ ယူဆသလို ကမ္မနိယာမကြောင့်လား။

ဥပမာ ရင်ချင်းဆက် ညီအစ်မ မွေးဖွားခဲ့ကြ သည်ကို လူတိုင်း ကြားသိခဲ့ကြဖူးပါသည်။ ထိုကလေး နှစ်ဦးသည် တစ်မိဝမ်းတွင်းမှ တစ်ချိန်တည်း တစ်နေရာ တည်းတွင် လူ့ပြည်သို့ ပြိုင်တူ သက်ဆင်းပါသည်။ ဗေဒင် နက္ခတ် သဘော အရမူ ထိုညီအစ်မသည် ဇာတာ ချင်း တစ်ထပ်တည်း တူနေပေလိမ့်မည်။ လဂ်ရော စန်း ရော အကုန် အတူတူပင် ဖြစ်သည်။

နက္ခတ်များက လူတွေကို လွှမ်းမိုး ပြုပြင်နေသည် ဆိုသော စကား မှန်ပါလျှင် ထိုမိန်းကလေး နှစ်ဦး၏ ဘဝ ဖြစ်ရပ်များသည် အားလုံး တူနေရပေလိမ့်မည်။ ယခုမူ တစ်ဦးက အသက် ရှင်သည်။ တစ်ဦးက ခွဲစိတ် ကုသပြီးနောက် မကြာမီ သေရသည်။ ဆရာဝန်ကြီးများ

www.burmeseclassic.com



ကမ္ဘ နှစ်ဦးစလုံး အသက် ရှင်ရေး အတွက် ကြိုးပမ်းခဲ့ကြသည်ချည်းပင်။

အဘယ်ကြောင့် ထိုကဲ့သို့ မွေးဇာတာချင်း တူပါလျက် ရအပ်သော ဘဝ အဖြစ်သနစ်ချင်း မတူကြပါသနည်း။

ဘဝ၏ ဆူကြုံနိမ့်မြင့် မတူညီကွဲပြား ခြားနားစေသော လူမှုရေး အကြောင်း၊ စီးပွားရေး အကြောင်း၊ ပညာရေး အကြောင်း၊ နိုင်ငံရေး အကြောင်း၊ ကျန်းမာရေး အကြောင်းများကို အဘယ် ထာဝရ ဘုရားသခင်ကို ယုံကြည် ကိုးကွယ်သော အယူဝါဒမျိုးကမှ လက်ခံနိုင်လောက်အောင် ရှင်းနိုင်မည် မဟုတ်ချေ။

အကယ်၍ လူ့ဘဝမှာ ဆူကြုံနိမ့်မြင့် မတူရခြင်း၊ ဘဝပေး ခြားနားရခြင်း အားလုံးသည် ထာဝရ ဘုရားသခင်၏ အလိုဆန္ဒတော် အတိုင်းသာ ဖြစ်သည် ဆိုသော စိန့်သောမတ် အကွိုင်းနပ်၏ သဘော အယူကိုသာ အထင်တကြီး လက်ခံမိခဲ့ပါမူလည်း ဘုရားသခင်၏ ဆန္ဒတော်သည် သူ ဖန်ဆင်းသော သတ္တဝါများ အပေါ်၌ တစ်ယောက်တစ်မျိုး ထားလေသလား၊ ဘုရားသခင်၏ ကရုဏာတော်သည် ညီမျှခြင်း မရှိလေသလားဟု စဉ်းစားစရာ ဖြစ်လာပေတော့မည်။

အကျွန်ုပ်သည် အချိန်ကာလ ကြာမြင့်စွာ ထာဝရ ဘုရားသခင်ကို တွေ့အောင် ရှာဖွေဖို့ ကြိုးစားနေခဲ့လေသည်။ သို့သော် အကျွန်ုပ်သည် ဒဿန မီးတိုင်ကို ကိုင်ဆောင်ကာ ဘုရားသခင်ထံသို့ ရောက်နိုင်မည့် လမ်းများကို လိုက်၍ ရှာသော်လည်း အကျွန်ုပ် လိုက်နေသော လမ်းသည် အဆုံးမရှိသော လမ်းသာ ဖြစ်လျက် ဘုရားသခင်ထံသို့လည်း ရောက်နိုင်မည် မဟုတ်ချေ။ ဤလောကမှာ မည်သည့် လူသားမျိုးမှ ထာဝရ ဘုရားသခင်ကို တိုက်ရိုက် တွေ့နိုင်မည့် နည်းလမ်း မရှိချေ။ အကျွန်ုပ် လေ့လာ ခဲ့ပြီးသမျှ ထာဝရ ဘုရားသခင်အကြောင်းကို ဋီကာချဲ့၍ ပြောဆိုနေသော သူတို့မှာလည်း စိတ်အထင် မှန်းဆ တွေးခေါ်ပြီး ပြောနေကြခြင်းသာ ဖြစ်၏။ မည်သူမျှ ထာဝရ ဘုရားသခင်ကို တိုက်ရိုက် တွေ့ရ၍ ပြောသည် မဟုတ်ချေ။

သေခြင်း သတ္တဝါမှာ ရှိပါသည်။

လူ့ သက်တမ်း ကာလသည်လည်း အချိန်အကန့်အသတ် ရှိနေသည်။ ဘုရားသခင်ကို စိတ်မှန်း၍ ဘယ်လိုပင် ရှာရှာ၊ အချိန် ဘယ်လောက် ကြာအောင် ရှာရှာ တွေ့ဖို့ သေချာသည် မဟုတ်ပါ။ လမ်းခုလတ်မှာ သေရမည်က မုချ ဖြစ်ပါသည်။

ကျမ်းဂန်ထဲမှာတော့ သေပြီးလျှင် ဘုရားသခင်ကို တွေ့ရမည်ဟု မျှော်လင့်ချက် ပေးထားပါသည်။ အသက်ရှင်နေစဉ် ဘဝမှာပင် ကိုယ့်ခွန် ကိုယ့်အားဖြင့် ကြိုးပမ်းလုပ်ဆောင်ပါသော်လည်း ဘာမျှ မသေချာ၊ မရေရာ၊ စမ်းဝါးတွေးများသော ကိစ္စတစ်ခုသည် သေပြီးနောက်တွင် သေချာသည်ဟု ဆိုပါမူ ထိုစကားကို အဘယ် အတွေးအခေါ် ရှိသူသည် ယုံကြည် အားထားနိုင်ပါမည်နည်း။

သိပ္ပံပညာသည် အနာဂတ်ကို ယုံ ကြည် ၍ မျှော်လင့်ချက် ထားသည်။ အနာဂတ်ကိုလည်း ကြိုတင်ဟောဖို့ ကြိုးစားသည်။ မုချ ဖြစ်မည်ဟု မဆိုသာသော်လည်း သိပ္ပံက အနာဂတ်ကို အထိုက်အလျောက် နီးနီးစပ်စပ် မှန်အောင် ဟောနိုင်သည်။

ဥပမာ ဟေလီ ကြယ်တံခွန် ပြန်လာမည်၊ ဘယ်နေ့ နေကြတ်မည်၊ ဘယ်နေ့ လကြတ်မည်၊ ဤရောဂါကို ဤဆေးဖြင့် ကုလျှင် ပျောက်ကင်းမည်၊ ဤ အာကာသဒုံးပျံယာဉ်ဖြင့် သွားလျှင် စနေဂြိုဟ်သို့ ဘယ်နှစ်တွင် ရောက်မည် စသည့် ရှေ့ဖြစ်ကို ကြိုတင်၍ ဟောနိုင်ပါသည်။ ထိုသို့ ဟောနိုင်ခြင်းမှာ တခြားကြောင့် မဟုတ်၊ သဘာဝ နိယာမများကို သိထားသဖြင့် ထိုနိယာမများအတိုင်း တွက်ချက်နိုင်၍ ဖြစ်လေသည်။

သေပြီးနောက် တမလွန် ဘဝတွင် မရဏ နိုင်ငံမှာ နေကြရဦးမည်။ (ထို အယူအဆမှာလည်း တစ်ယောက် တစ်မျိုး အမြင် မတူကြ။) သေပြီးသူများသည် သေပြီးနောက် ချက်ချင်းလည်း ဘုရားသခင်ကို ဖူးတွေ့ရမည် မဟုတ်။ တံပိုးခရာ မှုတ်သောနေ့မှ ပြန်လည် ရှင်သန်ပြီးနောက် လူ့ဘဝတွင် မိမိတို့ ပြုခဲ့သော ကုသိုလ် အကုသိုလ် အလျောက် တရားစီရင်ခြင်း ခံရန်အတွက် ဘုရားသခင်ထံသို့ သွားကြရမည်။ သို့ဆိုလျှင်လည်း ထာဝရ ဘုရားသခင်ကို ဖူးမြင်ရခြင်းသည် စိတ်ချမ်းသာဖွယ် ကောင်းသော အတွေ့အကြုံဟု ဆိုရန်ခက်လေသည်။ အဘယ်ကြောင့် ဆိုသော် တချို့ အယူဝါဒတွင် ထာဝရဘုရားသခင်သည် လူတို့အား ၎င်းတို့ရှင်စဉ် ပြုခဲ့သော ကုသိုလ် အကုသိုလ် ကံအလျောက်သာ စီရင်မည်၊ ထိုသို့ စီရင်ခြင်းကို မည်သူမှ ဝင်၍ ခံလို့လည်း မရ၊ မည်သူ၏ တောင်းပန် လျှောက်လဲချက်ကိုမျှလည်း လက်ခံမည် မဟုတ်ဟု အတိအလင်း ဆိုထားလေသည်။

အကျွန်ုပ် မှတ်မိသမျှ ဆိုလျှင် ထိုအချက်သည်

www.burmeseclassic.com



ကုရ်အာန် ကျမ်းမြတ်တွင် ထင်ရှားပါသည်။

'လူသားသည် မိမိ အားထုတ်မှုမှ တစ်ပါး အခြား အရာကို ရမည် မဟုတ်' (၅၃ : ၄၀)

'တစ်ဦး၏ ဝန်ကို အခြား တစ်ဦးက ထမ်းရွက် ရမည် မဟုတ်' (၅၃ : ၃၉)

'မကောင်းမှု အတွက် ပေးသော အပြစ်သည် ကျူးလွန်သော မကောင်းမှု အတိုင်းအတာနှင့် ညီရမည်၊ သို့ရာတွင် အကြင်သူသည် မိမိအား ကျူးလွန်သူကို ခွင့်လွှတ်၏၊ ဤသို့ ခွင့်လွှတ်ခြင်းဖြင့် ကျူးလွန်သူသည် မိမိ၏ အပြုအမူ အတွက် ပြုပြင်ရန် အကြောင်းရှိလျှင်၊ ဤသို့ ခွင့်လွှတ်ခြင်းဖြင့် အဖွဲ့အစည်း အတွင်း စည်းကမ်း ပျက်မှု၊ အနှောင့်အယှက် ပေးမှုတို့ကို မဖြစ်ပေါ်စေနိုင်လျှင် ခွင့်လွှတ်သူ အတွက် ဆုလာဘ်သည် ဘုရားသခင်ထံ၌ ရှိ၏၊ အမှန်ပင် ဘုရားသခင်သည် အပြစ် ကျူးလွန်သူကို မနှစ်သက်ချေ' (၄၂ : ၄၁)

အကျွန်ုပ်သည် ထိုကျမ်းစာပါ တရားများကို ဆင်ခြင်ပါသည်။ ထို သဘောတရားများမှာ အလွန်ပင် နှစ်သက်ဖွယ် ကောင်းလှပါသည်။ မိမိတို့ ယုံကြည် ကိုးကွယ်ရာ ဘာသာဝင် ဖြစ်လျှင် အပြစ် အားလုံးမှ ချမ်းသာရာ ရမည် ဟူ၍ ယုတ္တိလွန် မျှော်လင့်ချက် ပေးမှုမျိုး လုံးဝ မပါဝင်ပါ။ ကံ ကမ္မသကာ ဆိုသော သဘောမျိုးသာ ပါပါသည်။

သေပြီးနောက် တမလွန် ဘဝတွင် သတ္တဝါတို့ သည် မိမိ ပြုခဲ့ပြီးသော ကုသိုလ်ကံ အကုသိုလ်ကံ အလျောက်သာ အကျိုး ခံ စံရမည် ဖြစ်သည်။ တခြား သော အကြောင်းဖြင့် မျက်နှာသာပေး ခံရမှုမျိုး လုံးဝ မပါချေ။

ထိုတရားကို သိရသောအခါ အကျွန်ုပ် ဤသို့ ဆင်ခြင်ပါသည်။ ပြုသော ကံသည် ပဓာန ဖြစ်သည်။ အသေ မြတ်ဖို့ (သေပြီးနောက် အမြတ်ရဖို့) ဆိုလျှင် အနေတတ်ဖို့ (ရှင်စဉ် အကုသိုလ်ကံ နည်းနိုင်သလောက် နည်းအောင် နေဖို့၊ ကုသိုလ်ကံ များနိုင်သလောက် များ အောင် လုပ်ကိုင် နေထိုင်ဖို့နှင့် ကျူးလွန်ခြင်းကို ခွင့်လွှတ် ခြင်းကဲ့သို့ မိမိ၏ စိတ်မှာ ထင်လာသော အညစ်အကြေး ကို သုတ်သင်ဖို့) သာ အရေးကြီးပါ၏။

သို့ဆိုလျှင် အဓိက လုပ်ရမည့် အ လုပ် သည် အဘယ်နည်း။ ဤဘဝတွင် သိလည်း မသိ၊ သိလည်း မသိနိုင်သော အရာကို ရှာဖွေနေခြင်းသည် အဘယ် အကျိုးကို ရပါအံ့နည်း။

လူသားအား ဆင်းရဲ ကင်းစေ၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုကို ပေးနိုင်မည့် တရားစစ် တရားမှန် (သမ္မာဒိဋ္ဌိ အမြင်) သည် အဘယ် အမြင် ဖြစ်သနည်း။

မဟာဝိဇ္ဇာတန်းတွင် ပညာသင်ချိန်မှ စ၍ အကျွန်ုပ် သည် တစ်စုံတစ်ရာ စဉ်းစား တွေးခေါ်သည့် အခါတိုင်း မိမိသည် သိပ္ပံခေတ်ကြီးထဲမှာ အသက်ရှင်လျက်နေရသူ တစ်ဦး ဖြစ်သည် ဆိုသော အချက် တစ်ချက်ကို မမေ့ မလျော့ အမြဲ သတိထားလျက် နေမိလေသည်။

သိပ္ပံခေတ်သည် ၁၇ ရာစု လောက်က စ၍ ထွန်း ကား လာခဲ့ပါသည်။ အလယ်ခေတ် ကုန်ဆုံးသောအခါ အတွေးအမြင်များ ပြန်လည် ဆန်းသစ်သော ရီနေဆန်း ခေတ် တစ်ခေတ် ထွန်းကားခဲ့သေးသည်။ ထိုခေတ်ကို အလယ်ခေတ်ဟုလည်း မခေါ်သာ၊ ခေတ်သစ်ဟုလည်း မမှတ်နိုင်။

သိပ္ပံ ပညာရပ် စတင် ထွန်းကားသော ၁၇ ရာစု ကိုသာ ခေတ်သစ် ခေါ်သင့်သည်။ သိပ္ပံပညာ ပေါ်ပေါက် ခြင်းသည် ခေတ်သစ် ဒဿနပညာကို အကြီးအကျယ် ပြောင်းလဲ စေခဲ့လေသည်။

ကော်ပါးနီးကပ် (Copernicus)၊ ကပ်ပလာ (Kepler)၊ ဂလက်လီယို (Galileo) နှင့် နျူတန် (Newton) စသော ပုဂ္ဂိုလ်ကြီး လေးဦး၏ သိပ္ပံ တွေ့ရှိ ချက်များနှင့် အမြင်များသည် ရှေးက လူတို့ လက်ခံ လာကြသော ယုံကြည် သက်ဝင်မှုနှင့် ဆိုင်သော အတွေး အမြင်များကို အလွန်အမင်း ပြောင်းလဲ စေခဲ့လေသည်။ ၎င်းတို့ လေးဦးကြောင့် အကျိုး နှစ်မျိုး ပေါ်ပေါက်ခဲ့ လေသည်။ ထို အကျိုး နှစ်မျိုးမှာ (၁) ယုံကြည်ချက်ကို အခြေခံ၍ လေ့လာခြင်းမှ အတွေ့အကြုံ (ရှုမှတ်ခြင်း) ကို အခြေခံ၍ လေ့လာခြင်း အလေ့အထ ထွန်းကားခြင်း (၂) ရဲရင့်သော တွေးဆချက် အသစ်များကို တင်ပြ လာ ကြခြင်းတို့ပင် ဖြစ်သည်။

ဤတွင် သိပ္ပံပညာ အမြင်နှင့် ယုံကြည် ကိုးကွယ်မှု (ဘာသာရေး) အမြင်များ ပဋိပက္ခ ဖြစ်လာကြလေသည်။

ကော်ပါးနီးကပ်တို့၏ အတွေးအခေါ်တွင် ကမ္ဘာ မြေကြီးက နေကို တခြားဂြိုဟ် နက္ခတ်များနှင့် အတူ လှည့်လည်နေကြသည် ဆိုသော အမြင်ကို တင်ပြလာ သည်။ နေကို ဗဟိုပြု စကြဝဠာ အမြင် ဖြစ်သည်။ ထို အမြင်သည် ထိုခေတ် ဘာသာရေး အမြင်နှင့် ဆန့်ကျင် ဘက် ဖြစ်လေသည်။ ဖြစ်ပုံမှာ ထိုခေတ် ဘာသာရေး ဆရာများက ကမ္ဘာကြီးကို နေ လ နက္ခတ်များက လှည့်

www.burmeseclassic.com



လည် သွားလာ နေကြသည် ဆိုသော အမြင်ကို လက်ခံထားကြလေသည်။ ဘာသာရေး သမားများက ဂလက်လီယိုကို သူ၏ ရဲရင့်သော အမြင်များကြောင့် သတ်ပစ်ခဲ့ကြလေသည်။ အဘယ်ကြောင့် ဆိုသော် ကော်ပါးနီးကပ်၏ အထက်ပါ အတွေးအမြင်ကို ဂလက်လီယိုက မှန်ပြောင်း တီထွင်၍ မှန်ကြောင်း သက်သေ ပြသောကြောင့် ဖြစ်ပါသည်။

သို့သော် အမှန်တရားကို အ ဘယ် သူ သည် အဘယ်နည်းအားဖြင့် ကြာရှည် ဖုံးကွယ်ခြင်းငှာ တတ်နိုင်ပါမည်နည်း။

ခေတ်သစ် အတွေးအမြင်၏ ထူးခြားချက်များမှာ

(၁) သိပ္ပံပညာ၏ တွေ့ရှိချက်များကို (ဘာသာရေး သင်ကြားချက်များထက်) လူတွေက ပို၍ လက်ခံယုံကြည်လာခြင်း

(၂) ရှေးက ဖန်ဆင်းရှင်ဘုရားကို ပဓာန ထားသော သဘောထားများ အစား 'လူသာ ပဓာန ဆိုသော သဘောထား' ပေါ်ပေါက်လာခြင်း၊

(၃) ယုံကြည်ချက် သဒ္ဓါကိုထက် မျက်မြင်ကိုယ်တွေ့ သဘောကိုသာ အမှန်သစ္စာ၏ စံအဖြစ် လူတို့ ယုံကြည်လက်ခံ လာကြခြင်း စသည်တို့ ဖြစ်သည်။

ခေတ်သစ် သိပ္ပံပညာ ထွန်းကားလာသည့် သမိုင်းစဉ်တွင် ဂလက်လီယို (၁၅၆၄-၁၆၄၂) သည် နျူတန်မှ တစ်ပါး အကြီးကျယ်ဆုံး ပုဂ္ဂိုလ်ဟု ဆိုသင့်ပါသည်။ ဂလက်လီယို မွေးသော ကာလသည် မိုက်ကယ် အန်ဂျီလို သေသော ကာလ ဖြစ်ပါသည်။ ဂလက်လီယို သေသော ကာလသည် နျူတန် မွေးသော ကာလ ဖြစ်လေသည်။

ဂလက်လီယို လက်ထက်တွင် ရူပဗေဒ နိယာမများကို ဖော်ထုတ်နိုင်ခဲ့လေသည်။ အထူးသဖြင့် အရှိန် (acceleration) ၏ နိယာမကိုလည်း ဖော်ထုတ်နိုင်ခဲ့လေသည်။ အရှိန်နှင့် ထွက်သွားသော အရာဝတ္ထုတို့ သဘာဝကိုလည်း သူ လေ့လာနိုင်ခဲ့သည်။ ထို လေ့လာတင်ပြချက်သည် နောင်အခါ ဒိုင်းနမစ် ပညာ အတွက် များစွာ အထောက်အကူ ပြုခဲ့ပါသည်။ ဂလက်လီယို၏ လက်ထက်တွင် သိပ္ပံပညာ တိုးတက်မှုမှာ အလွန်ပင် သိသာ ထင်ရှားလေသည်။

ထိုသိပ္ပံပညာ အတွေးအမြင် ပြောင်းလဲ တိုးတက်မှုများသည် မူလက လူတို့ ယုံကြည် ကိုးကွယ်လာသော ဖန်ဆင်းခြင်း အမြင်များနှင့် လုံးဝ ခြားနား လာခဲ့ပေရာ သက်သေ မပြနိုင်သော အတွေးအမြင်များကို သက်သေ ပြနိုင်သော သိပ္ပံ အတွေးအမြင်များက အနိုင်ရရှိ လာခဲ့လေသည်။ ဘာသာရေး အယူသီးမှုများကို ခေတ်သစ် လူသားများက စွန့်လွှတ်ရန် ဝန်မလေးကြတော့။ သိပ္ပံပညာရှင် ပြောလျှင် လူတို့ အလွယ်တကူ ယုံကြည်လာတတ်ကြသည်။ ဤ ပြောင်းလဲမှုသည် ထာဝရ ဘုရားဖန်ဆင်းရှင် အယူဝါဒ ရှိသူများအား များစွာ စိတ်ကျဉ်းကျပ်စေခဲ့လေသည်။ နောက်ဆုံး အာဏာလက်ရှိ ဘာသာရေးသမားများက ဂလက်လီယိုကို မိစ္ဆာဒိဋ္ဌိ အယူရှိသူ အဖြစ် ဘရင်ဂျီ လွှတ်ရုံးက သေဒဏ် စီရင် အပြစ်ပေးခဲ့လေတော့၏။

သို့သော် ရှေးကျသော ယုတ္တိမဲ့ ဒဏ္ဍာရီဆန်သော အတွေးအမြင် အားလုံး အပေါ်ဝယ် သိပ္ပံဒဿန အမြင်များက လုံးဝ အပြတ် အသတ် အနိုင် ရအောင် စွမ်းဆောင်နိုင်သူ တစ်ဦး ပေါ်ပေါက်လေသည်။ ထိုသူကား ဆာ အိုက်ဇက် နျူတန် (၁၆၄၂-၁၇၂၇) ဖြစ်လေသည်။ နျူတန်သည် သူ၏ ရွေ့လျားမှု ဆိုင်ရာ နိယာမ သုံးရပ် (Three Laws of Motion) ဖြင့် သူ့ အတွေးအမြင်ကို စတင်ခဲ့လေသည်။

၁၇ ရာစုသည် သိပ္ပံပညာ ထွန်းကားမှု သမိုင်းတွင် အဘက်ဘက်က ထူးခြားမှု ရှိလေသည်။ သိပ္ပံဒဿန ဟု ဆိုအပ်သော သဘောတရား အမြင်များသာ ထွန်းကားသည် မဟုတ်၊ သိပ္ပံ လေ့လာမှုများ၌ အသုံးဝင်သော အသုံး ကိရိယာများလည်း တိုးတက် လာခဲ့လေသည်။ ၁၅၉၀ ခုနှစ် ကတည်းက အဏုကြည့် မှန်ဘီလူး (မိုက်ကရိုစကုပ်) စတင် ပေါ်ပေါက်သည်။ ၁၆၀၈ ခုနှစ်တွင် ဒတ်ချ် လူမျိုး လစ်ပါရှေး (Lippershey) ဆိုသူက အဝေးကြည့် မှန်ပြောင်း (တယ်လီစကုပ်) ကို တီထွင်လေသည်။ ထို မှန်ပြောင်းကို သိပ္ပံ သုတေသန လုပ်ငန်းများတွင် စနစ်တကျ အသုံးပြုသူမှာ ဂလက်လီယို ဖြစ်လေသည်။ ဂလက်လီယို ကိုယ်တိုင်လည်း အပူတိုင်းပြဒါးတိုင် (သာမိုမီတာ) ကို တီထွင်လေသည်။ သူ့တပည့် တိုရီဆဲလီ (Torricelli) ဆိုသူက ဘာရိုမီတာ ခေါ် ဥတုတိုင်း ကိရိယာကို တီထွင်လေသည်။

တိုင်းတာရေး ကိရိယာများ၊ ထောက်လှမ်းရေး ကိရိယာများကြောင့် သိပ္ပံ လေ့လာမှု လုပ်ငန်းများမှာ ပို၍ တိကျ သေချာ လာခဲ့လေသည်။ သိပ္ပံ နယ်ပယ် အသီးသီးတွင် စူးစမ်းရှာဖွေ လေ့လာသူများ အမြောက်အမြား ပေါ်ပေါက်လာသည်။ ထိုအချိန်တွင် သိပ္ပံပညာ တိုးတက်မှု အတွက် မရှိ မဖြစ် လိုအပ်သော သချာ

www.burmeseclassic.com



ပညာရပ်ကလည်း တစ်ဟုန်ထိုး တိုးတက်လာလေသည်။

နေပီယာ (Napier) ဆိုသူက ၁၆၁၄ ခုနှစ်တွင် လော်ဂရစ်သမ် (Logarithms) ကို တီထွင်လေသည်။ ၁၇ ရာစု သင်္ချာ ပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် ကိုသြဒိနိတ် ဂျီသြမေထရီလည်း ဖွံ့ဖြိုး တိုးတက်လာသည်။ ထိုပညာရပ် အတွက် အစွမ်းဆောင်နိုင်ဆုံး အကျိုး အပြုဆုံး ပုဂ္ဂိုလ်သည် ပြင်သစ် ဒဿန ဆရာကြီး ဒေးကား (Descartes) ဖြစ်လေ၏။

အကျိုးဆက်ကား တခြားမဟုတ်၊ ခေတ်ပညာတတ် လူသားများ၏ အတွေးအမြင် လုံးဝ ပြောင်းလဲသွားခြင်း ဖြစ်လေ၏။ သိပ္ပံပညာ မပေါ်ပေါက်မီက ဂန္ဓာရီ ဝိဇ္ဇာပညာ ဆိုသော စုန်းအတတ် မှော်အတတ်များဖြင့် လိမ်လှည့်စားသူတို့ စားသာခဲ့ကြသော်လည်း သိပ္ပံပညာ ပေါ်ပေါက်လာသောအခါ ထို ပညာရပ်များသည် နေရောင် လာ၍ ပိုးစုန်းကြူး အရောင် ပျောက်သလို ပပျောက်ကုန်ကြလေသည်။ ရှေးအခါက နက္ခတ်သမား ဗေဒင်ဟူးရားတို့က ဟေလီ ကြယ်တံခွန် လာလျှင်ပင် ဘာဖြစ်တော့မည်ဟု ခြိမ်းခြောက်၍ စားကြလေသည်။ နျူတန် လက်ထက်သို့ ရောက်သော အခါ ၁၆၈၇ ခုနှစ်တွင် သူ၏ သိပ္ပံ ဒဿနကျမ်း ***ပရင်စပီယာ*** (Principia) ကို ထုတ်ဝေလေလျှင် ဟေလီ ကြယ်တံခွန်၏ ပတ်လမ်း သဘာဝကိုပါ တွက်ချက် ပြလိုက်သဖြင့် အစက လူတို့ အမြင်များ ပြောင်းလဲသွားကြပြန်သည်။ နျူတန်သည် ဒြပ်ဆွဲ နိယာမများဖြင့် နက္ခတ်များ လှည့်လည် သွားလာပုံ များကို ရှင်းပြနိုင်ခဲ့ပေရာ လူတို့၏ အတွေးဉာဏ်တွင် သဘာဝတရားမှာ ဖြစ်ပျက် ပြုပြင်နေသမျှ ပရမ်းပတာ ဖြစ်ချင်တိုင်း ဖြစ်နေသည် မဟုတ်၊ သဘာဝသည် နိယာမ တရားတို့ဖြင့် ဖွဲ့စည်းထားသည်၊ ဖြစ်ပျက် ပြုပြင်မှုတိုင်းတွင် နည်း ဥပဒေသ ရှိသည် ဆိုသော အမြင်ကို လူတို့စိတ်တွင် တွေးမြင် လာတတ်လေပြီ။ ၁၇၀၀ ပြည့်နှစ် ရောက်သောအခါ ပညာတတ်များ၏ စိတ်နေ စိတ်ထားသည် လုံးဝ ခေတ်မီနေပြီ၊ ခေတ်အမြင် ရှိပြီဟု ဆိုနိုင်လေပြီ။

ဤတွင် သိပ္ပံပညာ တိုးတက်မှုကြောင့် ပြောင်းလဲသွားသော ဒဿန အမြင်များ အကြောင်းကို ဆရာဒေါက်တာ ခင်မောင်ဝင်းက အကျွန်ုပ်တို့ မဟာဝိဇ္ဇာ တန်းသားများအား ရှင်းလင်း သင်ကြားလေသည်။

'ပထမဆုံး သိသာ ထင်ရှားလာတဲ့ အချက်ကတော့ သဘာဝ နိယာမ အထူးသဖြင့် ရူပဗေဒ နိယာမများကို သိလာတာနှင့်အမျှ နတ်ဘုရားတွေက လောကကို ပြုပြင် ဖန်တီးနေတယ်ဆိုတဲ့ အတွေးအမြင် အားလုံး နီးပါး ပျက်စီး ကျဆုံးသွားတယ်။

'ရှေးတုန်းက လူသားတွေဟာ သဘာဝရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို သိပ္ပံ နည်းကျ နားမလည်ကြသေးလေတော့ သူတို့ စိတ်ထင် မှန်တိုင်း တိုက်တာကိုပဲဖြစ်ဖြစ် ရေ လွှမ်းမိုးတာကိုပဲ ဖြစ်ဖြစ် နတ်တွေက စိတ်ဆိုးလို့ လူတွေကို ဒုက္ခ ရောက်အောင် လုပ်တာထင်ခဲ့ကြတယ်၊ ဒီတော့ နတ်ဘုရားတွေ သဘောကျအောင် ကြည်ဖြူအောင် ဆိုပြီး နတ်တွေကို ပူဇော် ပသရာက နတ်ကိုးကွယ်မှု ပေါ်ပေါက်ခဲ့တာပဲ၊ နောက်တော့ နတ်ဘုရား မကြိုက်မှာ ကြောက်လို့ ပူဇော်ခဝပ် ကိုးကွယ်ကြတာက တစ်မျိုး၊ နတ်ဘုရားများက မိမိတို့ ချမ်းသာစည်းစိမ် တိုးပွားရေး အတွက် မစအောင် ဆိုပြီး ပူဇော်ပသ ကိုးကွယ်တာက တစ်မျိုးပေါ့၊ ခြုံပြောရရင် ဆင်းရဲကြောက်စိတ်နှင့် ချမ်းသာ မျှော်လင့်စိတ်ရဲ့ တိုက်တွန်းမှုအရ လူတွေဟာ မမြင်ရတဲ့ နတ်ဘုရားတွေကို စိတ်မှန်းနှင့် ကိုးကွယ်ခဲ့ကြပါတယ်၊ သိပ္ပံပညာ ပေါ်ပေါက်လာတော့ ဒီ အယူဝါဒဟာ အလိုလို မှေးမှိန် ပပျောက် သွားရတယ်၊ ဂရိ ဒဿန ဆရာတွေ ဖြစ်ကြတဲ့ ပလေတိုး၊ အာရစ္စတိုတယ်တို့ လက်ထက်မှာ နတ်ဘုရား ကိုးကွယ်မှု မပျောက်ဘူး၊ မပျောက်ဘူးဆို သူတို့ အတွေးအခေါ်တွေကိုယ်နှိုက်က နတ်ဘုရား ကိုးကွယ်မှု အယူအဆကို တစ်နည်း တစ်လမ်း ကျားကန် ပေးသလို ဖြစ်ခဲ့တာကိုး၊ ဒီသဘောကို ရှင်းရှင်း မြင်ပြီလား တပည့်တို့'

ဆရာ မေးခိုက်ဝယ် အကျွန်ုပ် စိတ်ထဲတွင် ရှင်းသလိုလို မရှင်းသလိုလို စလုံးစခု ဖြစ်နေလေသည်။

မိနီက အကျွန်ုပ် မျက်နှာကို လှမ်းကြည့်ပြီး ပြုံးနေလေသည်။ မထွေးသာ မအန်သာ ဖြစ် နေ သော အကျွန်ုပ်၏ ဤမျက်နှာ အမူအရာသည် ဘဝင် မကျသည့် အမူအရာမှန်း မိနီ သိလေသည်။ ဆရာကလည်း ရိပ်စားမိသည် ထင်သည်။ မေးပြီ။

'ကိုဆန်းလွင် ဘာမေးချင်လို့လဲ'

ဆရာ မေးလိုက်မှ ဉာဏ်က ပွင့်သွား သလား မသိ။ စောစောက မေးချင်သော မေးခွန်း အတွက် သင့်တော်သော စကားလုံး ရှာမရခဲ့။ ယခုမှပင် လိုသော စကားလုံးများက အစီအရီ ပေါ်သည်။

'ဟုတ်ကဲ့ ဆရာ၊ မေးချင်တာကို ဘယ်လို မေးရမှန်း မသိဘူး၊ ရှုတ်တရက် စကားလုံး ရှာမရ ဖြစ်နေလို့ပါ'

www.burmeseclassic.com



'ကဲ ဒါဆို စကားလုံး ရှာပြီး မေးပါဦး'

'မေးစရာ ရှိလို့ မေးချင်တာပဲ၊ စကားလုံး ရှိရမှာပေါ့'

မိနီက ဝင် ထောက် လေ သည်။ သူ့ စကားက ဒဿန ဆန်ပါသည်။ အမှန်ပင် အတွေးရှိသည် ဆိုကတည်းက ထိုအတွေးသည် စကားလုံးထဲသို့ ရောက်နေရပေလိမ့်မည်။ စကားလုံး မဖြစ်သေးလျှင် ဘယ်နည်းနှင့်မျှ အတွေး မရှင်းနိုင်။ မိမိ ဘာမေးချင်မှန်း သိလိုက်သော ခဏဝယ် ထို အမေး အတွက် စကားလုံး ရှိနေရမည်သာ။ မိနီ ပြောသည်မှာ ဘာသာ စကား ဒဿန ရှုထောင့်က ပြောလိုက်သည်ကိုလည်း သတိ ထားမိပါသည်။ တစ်ပြိုင်နက်တည်းပင် မိမိသည် အတွေး ရှင်းဖို့ လိုနေပြီ ဆိုသည်ကို မိနီ သတိပေးလိုက်ခြင်း ဖြစ်သည် ဟုလည်း နားလည်ပါသည်။

တစ်ခါ တစ်ခါ သည်မိန်းကလေးမှာ အကျွန်ုပ်ထက် ပို၍ ရှင်းလင်းသော အတွေးအမြင် ရှိတတ်လေသည်။

'ဟုတ်ပါတယ်၊ မိနီ ပြောတာလည်း မှန်ပါတယ်၊ အတွေး မရှင်းတာပါ၊ ရပါပြီ ဆရာ၊ ဒီလိုပါ၊ အာရစ္စတိုတယ်လို ပုဂ္ဂိုလ် တစ်ဦးဟာ သူ့ခေတ်က ယုံကြည် ကိုးကွယ်မှုကို မလွန်ဆန်နိုင်လို့ အဲဒီလို နတ်ဘုရား အယူဝါဒတွေကို ကျားကန် ပေးတဲ့ အတွေးအခေါ်တွေကို တွေးခေါ်ခဲ့တာလား၊ ဒါဆို သူဟာ လွတ်လပ်စွာ တွေးခေါ်တဲ့ ဒဿန ပညာရှင် **(freethinker)** ဖြစ်ပါ့မလား'

'ဒီမေးခွန်း သိပ်ကောင်းတာပဲ၊ ခု ဆရာ သင်ကြားနေတဲ့ ဘာသာရပ်ကလည်း လွတ်လပ်ခွင့်နှင့် စီမံဆုံးဖြတ်ပြီး သဘော **(Freedom and Determinism)** ဖြစ်တော့ ဒီမေးခွန်းဟာ အရေးကြီးတဲ့ မေးခွန်းပဲ၊ အာရစ္စတိုတယ် လက်ထက်မှာ နတ်ဘုရား လေးဆယ့်ခုနစ်ပါး (တချို့က ငါးဆယ့် ငါးပါးဟု ဆို၏) ကို လက်ခံ ထားခဲ့တယ်၊ အဲဒီ နတ်ဘုရား ဝိညာဉ်တွေက သဘာဝ လောကထဲမှာ ဖြစ်ပျက် ပြုပြင် ပြောင်းလဲမှုတွေကို ဖန်တီးနေကြတယ်လို့ သူလည်း ယုံခဲ့တာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ခေတ်တုန်းကလည်း သက်မဲ့တွေဟာ မလှုပ်ရှားနိုင်ဘူး၊ သက်ရှိတွေသာ လှုပ်ရှား ပြောင်းလဲမှုကို ဖန်တီးနိုင်တယ် ဆိုတဲ့ အယူအဆကလည်း ရှိတယ်၊ နောက်တစ်သဘောကတော့ သိပ္ပံပညာ မပေါ်ပေါက်ခင်က ဆိုရင် ဒဿန ဆရာ တစ်ဦးဟာ သူ့ခေတ်ရဲ့ အယူအဆ တစ်ခုကို ပြောင်းဆန်သွားအောင် ဆန့်ကျင်ဘက် အတွေးအခေါ်တွေကို မတွေးရဲကြတာလည်း အမှန်ပဲ၊ ဒါကြောင့် သိပ္ပံပညာ ပေါ်ပေါက်တဲ့ အခါကျမှ ရဲရင့်တဲ့ အတွေးအခေါ်တွေ ပေါ်ပေါက်တယ်လို့ ဘာထရန်ရပ်ဆယ်က သုံးသပ်ခဲ့တာပေါ့'

အကျွန်ုပ်သည် 'အတွေးအခေါ် လွတ်လပ်ခွင့်' ဆိုသော သဘောကို ဆက်၍ စဉ်းစားနေမိလေသည်။ သို့သော် ဆရာ၏ ဆက်လက် သင်ကြား ပို့ချနေသော စကားလုံးများကြောင့် အကျွန်ုပ်၏ အတွေးစများ ပြတ်သွားရလေသည်။

'သိပ္ပံပညာကြောင့် အကြီးအကျယ် ပြောင်းလဲခဲ့တဲ့ ဒုတိယ ဒဿန အမြင် ပြောင်းလဲမှုကတော့ စကြဝဠာကြီးထဲမှာ လူရဲ့ အခန်း ကဏ္ဍနှင့် ပတ်သက်တဲ့ အမြင်ပဲ၊ ရှေးတုန်းကတော့ စကြဝဠာထဲမှာ ကမ္ဘာဂြိုဟ်က အကြီးဆုံး၊ ကျန်တဲ့ ဂြိုဟ်တွေ နက္ခတ်တွေက ကမ္ဘာကြီးကို ဝန်းရံ ခစားနေရတယ်လို့ ကဗျာ ဆန်ဆန် ယုံကြည်ခဲ့ကြတာကို ၅၂ုတန် လက်ထက်လည်း ရောက်ရော၊ ဒီအမြင်ဟာ လုံးဝ ပြောင်းလဲသွားတယ်၊ နဂါးငွေ့တန်း ကြယ်စုကြီးတွေထဲမှာ လူသားတွေရဲ့ **ကမ္ဘာ**မြေကြီးက မြူမှုန်ကလေး တစ် မှုန် လောက် တောင် မကြီးကျယ်တော့ဘူး၊ သို့ပေမယ့် ဘာမှ မဟုတ်တော့တဲ့ မထင်မရှား ဂြိုဟ်ငယ်ကလေး တစ်လုံးပေါ်မှာ နေကြတဲ့ လူဆိုတဲ့ သတ္တဝါရဲ့ စိတ်အနေကတော့ သိပ္ပံပညာရဲ့ အောင်မြင် စွမ်းဆောင်နိုင်မှုကြောင့် အင်မတန် မြင့်မောက်လာတယ်၊ လူကြံရင် ခံနိုင်ရိုးလား ဆိုတဲ့ သဘောတွေ ဝင်လာတယ်၊ မြေကို လှိုးချင်သလား၊ မိုးကို ပျံချင်သလား၊ လူသားရဲ့ စိတ်ဆန္ဒ ပြည့်ဝအောင် သိပ္ပံပညာက မြှောက်ပင့် ပေးနေသလိုပဲ၊ ဟို အလယ် ခေတ်တုန်းက လူတွေ ဒီလို မာန်ဝင်လာရင် ဘုရားသခင်က အပြစ်လို့ သတ်မှတ်ခဲ့တယ်၊ ဘုရားကို ယှဉ်ပြိုင်တယ်လို့ မြင်ခဲ့တယ်၊ ဒါကြောင့်လည်း သိပ္ပံပညာရှင်တွေကို နှိမ်နင်းဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် အမှန်တရားကို ဖိနှိပ်လို့ မရဘူး၊ ချိုးနှိမ်လို့ မရဘူး၊ ရေရှည်ကျတော့ သိပ္ပံပညာက အောင်ပွဲ ခံသွားတယ်၊ ဒီအခါကျတော့ လူတွေရဲ့ စိတ်ထဲမှာ လူသာ ပဓာနပဲလို့ ယုံကြည် လာခဲ့ကြတယ်၊ ၁၇ ရာစု သိပ္ပံပညာ ထွန်းကားလာချိန်က စပြီး လူတွေဟာ မိမိတို့ ဘဝကို မိမိတို့ စိတ်တိုင်းကျ ပြုပြင် ဖန်တီးလာနိုင်ကြတာလည်း တစ်ကြောင်း၊ သိပ္ပံပညာကြောင့် ချမ်းသာ ကြွယ်ဝ လာကြတာလည်း တစ်ကြောင်း၊ သိပ္ပံ

www.burmeseclassic.com



ပညာကြောင့် တန်ခိုး သြဇာ ကြီးမား လာတာလည်း တစ်ကြောင်း ဆိုတော့ ဘယ်သူမှ ကိုယ့် ကိုယ် ကိုယ် အပြစ် ရှိနေတဲ့ သတ္တဝါလို့လည်း မထင်ကြတော့ဘူး'

အကျွန်ုပ်လည်း ကာလ ကြာမြင့်စွာ မိမိ စိတ် အစဉ်ကို တိမ်သလ္လာ ဖုံးသည်သို့ ခံစား နေရသည့် အတွေးများ အမြင်များ တစ်ခုကို တွန်းလှန် ပစ်ရတော့မည် ဆိုသည်ကို သဘောပေါက် သွားပါသည်။

မိမိသည် အသက် ရှင်လျက်နေစဉ် ထာဝရ ဘုရားသခင်ကို ရှာဖွေနေစရာလည်း မလိုတော့။ ထို့အတူ ဒုက္ခကို ကြောက်လန့်သော စိတ်၊ သုခကို မျှော်လင့်သော စိတ်ဖြင့် ထိုနတ်ဘုရားကို ကိုးကွယ်ပသ နေစရာလည်း မလိုတော့။ မိမိကဲ့သို့သော လူသားသည် နတ်ဘုရားသခင်၏ ကျေးကျွန်လည်း မဟုတ်။ သဘာဝ တရား၏ ကျေးကျွန်လည်း မဟုတ်။ လူသည် သဘာဝ လောက တစ်ခုလုံးကို မိမိ၏ အတတ်ပညာ အလိမ္မာ ဉာဏ်အားဖြင့် စိုးမိုးနိုင်သော အစွမ်း သတ္တိ ရှိသည့် သတ္တဝါသာ ဖြစ်သည်။ ထာဝရ ဖန်ဆင်းရှင် နတ်ဘုရား ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ဘာမျှ အရေးမကြီး။ မိမိကသာ အသက် ရှင်နေစဉ် အနေတတ်ဖို့ လိုသည်။ ဘဝ တစ်လျှောက်တွင် မကောင်းမှုမှ ရှောင် ကြဉ် သူ၊ ကောင်းမှု ကုသိုလ် ပွားများသူ၊ စိတ်ကို ဖြောင့်စင်းအောင် စင်ကြယ်အောင် ပြုလျက် နေထိုင်သူ ဖြစ်လျှင် ဘုရား သခင်ကလည်း အပြစ်ပေးမည် မဟုတ်။ အရေးကြီး သည်မှာ 'မိမိ' ပင် ဖြစ်သည်။

ခေတ်သစ် အတွေးအမြင် သမိုင်းသည် သိပ္ပံပညာ ထွန်းကားခြင်းဖြင့် စတင်ခဲ့သည် ဖြစ်ရာ ခေတ်သစ် ဒဿန ဆရာကြီးများကလည်း အတွေးအခေါ်ကို သိပ္ပံ နည်းကျ ဖြစ်ဖို့ ကြိုးပမ်းလာကြသည်။

သိပ္ပံပညာ ထွန်းကားစ အခါတွင် အတွေ့အကြုံ မပါဘဲ ဉာဏ်မှ ထွက်လာသော အမှန်တရား တစ်ရပ်လည်း ရှိသည်။ ထို အမှန်တရားသည် တွေ့ကြုံမှု ရှေ့ဖြစ် အမှန်တရားမျိုး ဖြစ်သည်။ ၎င်းမှာ သင်္ချာ ဖြစ်သည်။ သင်္ချာသည် ဉာဏ်ထဲမှာ မှန်ပြီးလျှင် လက်တွေ့ လုပ်ကြည့်၊ ထိုအတိုင်းပင် ဖြစ်ရလေသည်။

ထို့အတူ ခေတ်သစ် ခြုံယူ ယုတ္တိဗေဒ (Inductive Logic) ကိုလည်း ဖရန်စစ် ဘေကွန် (၁၅၆၁– ၁၆၂၆) က စတင် တီထွင်နိုင်ခဲ့လေသည်။ ဘေကွန်၏ အတွေး အမြင်များမှာ လက်တွေ့ကျမှု အပေါ် အခြေခံ သည်။ 'အသိပညာသည် အခွင့်အာဏာပင် ဖြစ်သည်' ဆိုသော သူ့စကားသည် လူကြိုက် များသော စကား ဖြစ်ခဲ့လေသည်။

သူ့လက်ထက်မှ စ၍ ဒဿနကို ဘာသာ အယူဝါဒနှင့် ခွဲခြား လေ့လာရမည် ဆိုသော အမြင် ပေါ် ပေါက်လေသည်။ လူသားကို သဘာဝ လောက၏ အရှင်သခင် ဖြစ်ရေး အတွက် သူ့အတွေးအခေါ်များက လှုံ့ဆော်လေသည်။

ဟော့ဗ် (Hobbes) (၁၅၈၈–၁၆၇၉) ၏ နိုင်ငံရေး အတွေးအခေါ်များမှာလည်း ထာဝရ ဘုရားသခင် ဖန်ဆင်းရှင်ကို လက်မခံသော အနိဿရိယ နိမ္မာနဝါဒ အပေါ်တွင် အခြေခံလေသည်။ သူသည် ရုပ်ဝါဒီ ဖြစ် သည်ဟု ရုပ်ဆယ်က ဆိုသည်။ သူသည် ပညတ်ဝါဒီ (Nominalist) လည်း ဖြစ်သည်။ ဤလောက၌ ဘာ ယေဘုယျ သဘော၊ ပရမတ္ထတရား ဘာမျှ မရှိ။ ထို အရာ အားလုံးသည် အမည် ပညတ် မည်ကာမတ္တသာ ဖြစ်ကြကုန်သည်။ စကားလုံး မရှိလျှင် ဘယ်လို ယေဘုယျ တရား (ပရမတ္ထ တရား) ကိုမျှ လူတို့ စဉ်းစား၍ ရနိုင်မည် မဟုတ်ဟုလည်း သူက ဆိုလေသည်။ ဘာသာ စကား (ပညတ်) များ မရှိလျှင် မှားသည် မှန်သည် ဆိုသော သဘောလည်း ပေါ်ပေါက်တော့မည် မဟုတ် ဆို၏။

ပေါ်ပေါက်ပြီးသမျှ သိပ္ပံပညာရပ်များ အနက် တွင် ဆင်ခြင်တုံ တရား အပေါ်၌ အခြေခံသော ဂျီသြမေထရီ ပညာသည်သာ အစစ်အမှန်ဆုံး သိပ္ပံပညာ ဖြစ် သည်ဟုလည်း သူ မြင်သည်။ ဆင်ခြင်တုံ တရားသည် တိုင်းထွာသည့် သဘော၊ ရေတွက်သည့် သဘော၊ သင်္ချာရှင်းခြင်း သဘောရှိသည် ဖြစ်ရကား ဆင်ခြင် သည့် အခါတိုင်း အဓိပ္ပာယ် သတ်မှတ်ချက် ရှိရမည်။ အဓိပ္ပာယ် သတ်မှတ်ခြင်းမှ စ၍သာ ဆင်ခြင်ရာသည် ဟု ဆိုခြင်း ဖြစ်၏။ ဆင်ခြင်သည့် အခါမှာ ကိုယ့်ဘာသာ ပြန်ပြီး ဝိရောဓိ မဖြစ်ဖို့ အရေးကြီးသည်။ ဥပမာ 'အကောင်အထည် မရှိသော ဒြပ်' ဆိုသည့် စကားမျိုး သည် အနက်တွင်း ဆန့်ကျင် ချေဖျက်သော စကားမျိုး ဖြစ်၍ အဓိပ္ပာယ် မရှိဟု သူ မြင်၏။

ဒြပ်လည်း ဆိုပြီး အထည်ဝတ္ထု (အကောင် အထည်) လည်း မရှိ ဆိုသော စကားကို စဉ်းစား၍လည်း ရမည် မဟုတ်။ ထို စကားမျိုးသည် အတွင်းသဘော ဝိရောဓိ ပါသော စကားမျိုးလည်း ဖြစ်၍ အဓိပ္ပာယ် မရှိဟု ဆိုခြင်း ဖြစ်၏။

www.burmeseclassic.com



ထို အဓိပ္ပာယ် သတ်မှတ်ချက်မျိုးဖြင့် ဟော့ဗ်သည် ထာဝရ ဘုရားသခင် အယူဝါဒကို ပယ်လေသည်။ ထာဝရ ဘုရားသခင်သည် အကောင်အထည် မရှိ၊ အရာခပ်သိမ်းတို့၏ ထာဝရ အခြေခံဒြပ် ဖြစ်သည် ဆိုသော စကားမျိုးသည်လည်း အဓိပ္ပာယ် မရှိကြောင်း သူ ပြလေသည်။ ထိုစကားကို ဆိုရာ၌ အကယ်၍ ဘုရားသခင်သည် အထည်ဝတ္ထုမဲ့ ဒြပ်ဟု ဆိုလျှင် ထိုကိစ္စကို စဉ်းစားခြင်းသည် ဒဿန အရာ မဟုတ်တော့ ဟူ၍ လည်းကောင်း၊ ဒဿန ဆရာ မြောက်မြားစွာတို့ကမူ ထာဝရနတ်ဘုရားသည် အကောင်အထည်ဒြပ် ရှိသည် ဟု ထင်နေခဲ့ကြသည် ဟူ၍ လည်းကောင်း အကြောင်း ပြလေသည်။

ဟော့ဗ်သည် 'ကောင်းမြတ်ခြင်း' ကို အလိုဆန္ဒရှိခြင်း၊ တပ်မက်ခြင်းဟု အဓိပ္ပာယ် ပြန်ဆိုရာ၌ လည်းကောင်း၊ အချစ်ကို ရမ္မက် တဏှာပင် ဖြစ်သည်ဟု အဓိပ္ပာယ် ပြန်ဆိုရာ၌လည်းကောင်း ရုပ်ဝါဒီ ဆန်လှသည်ကား အမှန်။

လူကို ရှုမြင်ရာတွင် ဟော့ဗ်က လူသား အားလုံးသည် သဘာဝအားဖြင့် တစ်တန်း တစ်စားတည်း ဖြစ်ကြကုန်သည်။ အစိုးရ ဟူသော အဖွဲ့အစည်း မပေါ်မီအခါက သဘာဝ နိုင်ငံတော် အတွင်း နေထိုင်ကြစဉ် လူတို့သည် မိမိတို့၏ လွတ်လပ်ခွင့်ကို ထိန်းသိမ်းခဲ့ကြသလို သူတစ်ပါး အပေါ် အစိုးရပိုင်ခွင့် (စိုးမိုးချင်သော ဆန္ဒ) လည်း ရှိခဲ့ကြလေသည်။ ဤဆန္ဒ နှစ်ရပ်စလုံးသည် ကိုယ့်ကိုယ်ကိုယ် ကာကွယ် စောင့်ရှောက်လိုခြင်း သဘောကြောင့်ပင် ဖြစ်ကြရသည်။ ဤပဋိပက္ခ ဆန္ဒ လူတိုင်းကိုယ်စီ ရှိကြရကား သဘာဝ နိုင်ငံတော်ကြီး ထဲတွင် အချင်းချင်း မသင့်မတင့် ခိုက်ရန်ဒေါသ ဖြစ်ပွားကြကာ စစ်မက် တိုက်ခိုက်မှုများကိုပါ ပြုလုပ်လာကြလေတော့၏။ သဘာဝ နိုင်ငံတော် အတွင်း၌ ပစ္စည်းပိုင်ဆိုင်မှုလည်း မရှိ၊ တရား မျှတမှုလည်း မရှိ၊ မတရားမှု ဟူ၍လည်း မရှိ၊ ယှဉ်ပြိုင် တိုက်ခိုက်ခြင်း ဟူသော စစ်မက်သာ ရှိခဲ့ကြသည်။ မတရားသော မုသားသဘောနှင့် အနိုင်ကျင့်သော အစမ္မ သဘောမျိုးသာ ထိုစဉ်က လွှမ်းမိုးသည်ဟု ဟော့ဗ် ယူဆလေသည်။

သူ၏ ***နေသဟာယ*** (Leviathan) ခေါ် ကျမ်း ဒုတိယပိုင်းတွင် ထို သဘာဝ နိုင်ငံ၏ စိတ်ပျက်ဖွယ် အနေဆိုး ဘဝမှ လူသားတို့ ရုန်းထွက်ကြပုံကို ဖော်ပြသည်။ နောက်ဆုံး မင်းမဲ့စရိုက် လွှမ်းပြီး အကြမ်းဖက်နေကြသည့် လူသားတို့၏ ဘဝသည် တစ်မင်း တစ်အာဏာ လက်ထက်ရောက်မှ ငြိမ်းအေးမှု ရပုံကိုလည်း ပြသည်။ ထိုသို့ ဗဟို အုပ်ချုပ်မှု စနစ် ထူထောင်ပုံကို ဟော့ဗ်က ဆိုရှယ် ကွန်ထရက် (Social Contract) (လူမှုရေး ပဋိညာဉ်) စနစ်ဟု ခေါ်လေသည်။ ထိုစနစ်အရ စစ်မက် ဖက်ပြိုင်နေကြသော လူအချင်းချင်း စိတ်ပျက်ဖွယ် အခြေအနေကို အဆုံးသတ်ရန် လူတို့သည် လူမှုရေး ပဋိညာဉ် တစ်ခု ပြုကြကာ သက်ဦးဆံပိုင် အချုပ်အခြာ အာဏာကို သဘောတူ ထူထောင်ခဲ့ကြခြင်းပင် ဖြစ်သည်။ တစ်ကိုယ်တော် လွတ်လပ်ခွင့်များကို လူသားတို့ အဆုံးရှုံးခံ လက်လွှတ် လိုက်ကြရသည့် အကြောင်းကို ဟော့ဗ် ပြရာတွင် သက်ဦးဆံပိုင် စနစ် ထူထောင်မှုပင် လူ့ဘဝ အေးချမ်းရတော့မည့်ပုံ ပြောဆိုခြင်းကား ဟော့ဗ်၏ လုပ်ဇာတ်သာ ဖြစ်သည်ဟု ပညာရှိ အများ ရှုမြင်ကြလေသည်။

အကျွန်ုပ် အဖို့မူ မိမိတို့ အလိုရှိရာသို့ ဆွဲယူပြောဆိုသော ရှေ့ပြည်အေး တရားမျိုးကိုလည်း ယုံကြည်ရန် ခဲယဉ်းနေလေသည်။

အကျွန်ုပ် မျှော်မှန်းသည်မှာ အသက်ရှင်စဉ် လူ့ဘဝ၌ လူသားတို့ တွေ့ကြုံ ဆက်ဆံ ခံစားလျက် ရှိကြကုန်သော ဆင်းရဲဒုက္ခ အပေါင်းမှလည်း တဒင်္ဂပဟာန်ဖြင့်ပင် ဖြစ်စေ ငြိမ်းအေး ချမ်းသာခွင့်ကို ပေးစွမ်းနိုင်သော တရားမျိုးလည်း ဖြစ်ရမည်။ လူသားတို့၏ ဘဝကို တိရစ္ဆာန်သဖွယ် ကျွန်သဖွယ် ရှုတ်ချ ပြစ်တင် အဆိုးမြင်သည့် တရားမျိုးလည်း မဖြစ်မူ၍ သိပ္ပံပညာကဲ့သို့ လူ့ အစွမ်းသတ္တိကို ယုံကြည်သော၊ လူသားတို့၏ ဘဝကို တောက်ပြောင်စေနိုင်သော၊ လူ့ အဆင့်အတန်းကိုလည်း အထွတ်အထိပ်သို့ တိုးမြှင့်ပေးနိုင်သော တရားမျိုးလည်း ဖြစ်ရမည်။ လူသား စိတ်မချနိုင်သော တရားတစ်ခုလည်း ရှိသည်။ ထို တရားသည် သေခြင်းတရား ဖြစ်သည်။ လူသည် ရှင်စဉ် အခါမှာ ဤ တစ်ဘဝတည်းဖြင့် ကိစ္စပြီးပြီ ဟု ယုံကြည်လျက် ဒီဘဝ၌ လုပ်ချင်တာ လုပ် နေချင်သလိုနေ ဖြစ်ချင်ရာဖြစ် ဆိုပြီး ဘဝကို ပစ်ချရဲသူလည်း နည်းသည်။ (ရှိပင် ရှိငြား ရှားသည်။) အကယ်၍ ထိုသို့ ဘဝပြတ် ဝါဒကို လက်ခံလျှင်လည်း လူ့ဘဝသည် ငြိမ်းအေးဖွယ် မရှိ။ ကောင်းမှု ဆိုးမှု မရှိ၊ စည်းမရှိ ကမ်းမရှိ အကျင့်သီလ မရှိ ပေါက်ပန်းဈေးပရမ်းပတာ ကမောက်ကမ ဖြစ်သွားပေလိမ့်မည်။ လူသားအဖို့ တမလွန် ဘဝကို မျှော်လင့်ခြင်းသည် ဤဘဝ

www.burmeseclassic.com



အတွက်လည်း အထိန်းအကွပ် ရသည် ဖြစ်၍ ကောင်းသည်။ နောင်ဘဝ မရှိလျှင်လည်း အရေးမကြီး။ အရှုံးမရှိ။ နောင်ဘဝ ရှိလျှင်မူကား ထိုသူသာ အမြတ်ရပေလိမ့်မည်။ ထို့ကြောင့် သေပြီး နောက်ဘဝများ အတွက် စိတ်ချဖွယ် လမ်းညွှန်ချက်များ ပါသော တရားမျိုးကိုသာ အကျွန်ုပ် မျှော်မှန်း တမ်းတပါတော့သည်။

သို့သော် ထို တရားကို တွေ့ဖို့ အရေးကား အကျွန်ုပ်အား မနီးစပ်သေးပါချေ။

ခေတ်သစ် အတွေးအမြင် ပညာရှင်များထဲတွင် ဗြိတိသျှ အတွေးအမြင် ပညာရှင်များ အုပ်စုက အသိပညာမှန်သမျှကို အတွေ့အကြုံဖြင့် သိနိုင်မှသာ မှန်သည်ဟု လက်ခံလာကြလေသည်။

ထိုသူတို့ အနက် ဂျွန်လောက် (John Locke)၊ ဘာကလေ (Berkely) နှင့် ဟယူမ်း (Hume) ဆိုသူတို့မှာ ထင်ရှား ကြပါသည်။

ဥရောပ အတွေးအမြင် ပညာရှင် အုပ်စုလည်း ရှိသေးသည်။ ထိုပုဂ္ဂိုလ်များက အတွေ့အကြုံဖြင့် အသိပညာ အစစ် အမှန်ကို မရနိုင်။ အတွေ့အကြုံသည် အပေါ်ယံ သဘောကိုသာ သိနိုင်သည်။ နက်ရှိုင်းသော အစစ်အမှန် သဘောကို မသိနိုင်ဟု ဆိုကြလေသည်။

ထိုပုဂ္ဂိုလ်များ အနက် ဒေးကား (Descartes)၊ စပင်နိုစာ (Spinoza) နှင့် လိုင်ဗနိ (Leibnitz) ဆိုသူတို့ ထင်ရှားပါသည်။

အတွေ့အကြုံ အခြေပြု ဝါဒီများ၏ အတွေးအမြင်များကလည်း နောက်ဆုံးတော့ အပြင် ဗဟိဒ္ဓ လောကသည်ပင် အမှန် အရှိတရား မဟုတ်။ စက္ခု သောတ ဃာန ဇိဝှာ ဖောဋ္ဌဗ္ဗအားဖြင့် အဆင်း အနံ့ အသံ အရသာ အတွေ့ ဆိုသော အာရုံမှာ ထင်လာသည့် သဘောမျှလောက်ကိုသာ သိရသည်။ အရာဝတ္ထုများ တည်ရှိနေသည်ဟု ဆိုခြင်းမှာ တခြားကို ဆိုခြင်း မဟုတ်၊ ထိတွေ့၍ အတွေ့အကြုံဖြင့် သိနိုင်ခြင်း သဘောကိုသာ ဆိုရလေသည်။ အာရုံမှာ ထင်လာသော အဆင်း အသံ အနံ့ အရသာ အတွေ့ထက် ပို၍ ဘာကို သိနိုင်သနည်း။ အာရုံမှာ ထင်မြင် ကြားသိ နေရခြင်းမှ အပ သိစိတ်၏ အပြင်အပတွင် သူ့ဘာသာသူ တည်ရှိနေသော လောကဟူသည်လည်း မရှိ။ အာရုံမှာ ပေါ်နေသော ဗဟိဒ္ဓ လောကကိုပင် အဟုတ် အရှိ ယူရခြင်း ဖြစ်သည်ဟု ဆိုကြလေသည်။

ထိုအယူကို အာရ် ဘီ၊ ပဲရီ ဆိုသူက အတ္တ ဗဟိုပြု အဖြစ်အနေ သဘော (Ego-centric Predicament) ဟု ခေါ်ခဲ့လေသည်။ *

အဆုံးတွင် အတွေ့အကြုံကို ပမာနပြုသူများက အကယ်၍ အာရုံမှာ ထင်လာသော လောကမှ အပ သဘာဝ ဗဟိဒ္ဓ လောကဝယ် သူ့ဘာသာ တည်ရှိသော သဘော တစ်စုံတစ်ရာ ရှိစေဦးတော့၊ ထို အစစ်အမှန် သဘောကို လူသားသည် အတွေ့အကြုံအားဖြင့် သိလည်း မသိ၊ သိလည်း မသိနိုင်ဟု အဆုံးသတ် စကားကို ဆိုကြလေသည်။

ကန့် (Kant) (၁၇၂၄–၁၈၀၄) ဆိုသူ ဂျာမန် ဒဿန ဆရာကြီးကမူ အသိပညာ ရကြောင်း တရားတို့တွင် အတွေ့အကြုံကိုလည်း ယူသည်။ ဆင်ခြင်တုံ တရားကိုလည်း ယူလေသည်။

သူက လူ့အာရုံများ ဖြစ်ပေါ်လာအောင် ဖန်တီးသော အကြောင်း ရှိရမည်။ အကြောင်းမဲ့ အာရုံ ဖြစ်လေ့ မရှိ။ ထို အာရုံပြု အကြောင်းကို သူက သူ့ အလိုအလျောက် တည်နေသော ပရမတ္ထတရား (Thing-in-Itself) ဟု ခေါ်လေသည်။ အတွေ့အကြုံ မပါဘဲ သိသော အသိပညာမျိုးလည်း ရှိသည်။ ထိုသဘောသည် ဆင်ခြင်သိ သဘောပင် ဖြစ်သည်။

ကန့် လက်ထက်တွင် ဗြိတိသျှ ဒဿန ဆရာကြီးများ၏ အတွေ့အကြုံ အခြေပြု အသိပညာဝါဒနှင့် ဥရောပတိုက်သား ဒဿန ဆရာကြီးများ၏ ဆင်ခြင်တုံတရား အခြေပြု အသိပညာ ဝါဒ နှစ်ခုကို စိစစ် ဝေဖန်သော နည်းဖြင့် ပေါင်းစပ်ဖို့ ကြိုးစားလေသည်။

သူ့ အမြင်တွင် အပြင် လောကသည် လူ၏ အဇ္ဈတ္တ သန္တာန်တွင် အာရုံသစ်များ ဖြစ်ပေါ်လာအောင် လှုံ့ဆော်သည်။ ထိုအကြောင်းပြုမှုကြောင့် လူ့ခန္ဓာတွင် အာရုံများ ဖြစ်ပေါ်လာသည်။ စိတ်ပိုင်းဆိုင်ရာ ကိရိယာများက ထိုအကြောင်းအရာများကို အာကာသ (ဌာန) နှင့် ကာလ (အချိန်) သဘောဖြင့် မြင်အောင် ပြုပြင်ပေးသည်။ အတွေ့အကြုံကို နားလည်မှု ဖြစ်အောင် စိတ်က စုစည်း ပြုပြင်ပေးသည်ဟု ဆိုလိုသည်။ ကန့်၏ အတွေးအမြင်တွင် ကာလသဘော ဌာနသဘောတို့သည် စိတ်က ဖန်တီး ပြုပြင်ပေးမှုများ ဖြစ်သည်ဟု သဘောထားလေသည်။

ဤသဘောတရားများကို အကျွန်ုပ်သည် အရှည်

--------------

* *Introduction to Philosophy p 346*

www.burmeseclassic.com



အဝေး လေ့လာနေခဲ့ခြင်းသည် လည်းကောင်း၊ ဤတွင် တစ်ဖန် ခြေရာကောက် တင်ပြနေခြင်းသည် လည်းကောင်း အကြောင်း ရှိပါသည်။ ထိုအကြောင်းမှာ ၁၈ ရာစု၊ ၁၉ ရာစုသို့ ရောက်လာသောအခါ ကမ္ဘာ့ အတွေး အမြင် ပညာ၏ လမ်းကြောင်း ပြောင်းသွားခြင်းကို သိစေချင်၍ ဖြစ်ပါသည်။

အသိပညာ၏ မှန်မှု မှားမှုနှင့် လူသားသည် သဘာဝတရားကို သိခွင့် သိလမ်း ဘယ်ရွေ့ဘယ်မျှ ရှိသလဲ စသော အကြောင်းအရာများကို ဒဿနဆရာများ ပိုမို အလေးပေး စဉ်းစားလာကြခြင်းသည် ဖန်ဆင်းရှင် ဘုရားကို ရှာဖွေခြင်းမှ သစ္စာကို ရှာဖွေခြင်း ဘက်သို့ ဒဿန ဦးလည်လာခြင်း ဖြစ်ကြောင်း သိစေလိုခြင်း ဖြစ်ပါသည်။

ယခုအခါ လူသည် လောက အ ကြောင်း ကို ဘယ်လောက် သိနိုင်သနည်း။ သဘာဝတရားကို ဘယ်ပုံ ဘယ်နည်း သိနိုင်သနည်း။ လူသားတို့ သိသော အသိပညာသည် ဘယ်လောက် မှန်ကန်သနည်း စသော့ အမေးပုစ္ဆာတို့သည် ပို၍ လေးနက်သော အကြောင်း အရာများ ဖြစ်လာကြသည်ကို သတိပြုမိစေချင်ပါသည်။

ဂျာမန် ဒဿန ပညာသည် ဟေဂယ် (Hegel) (၁၇၇၀–၁၈၃၁) လက်ထက်တွင် အခေါင်အထွတ်သို့ ရောက်သည်ဟု ပညာရှင်များ သတ်မှတ်ကြ ပါသည်။ ကန့်၏ အတွေးအမြင်များကို အကြောင်းပြု၍ ဟေဂယ်၏ အတွေး အမြင်များ ပေါ်ပေါက်ရသည်။ ကန့်သာ မပေါ်ပေါက်ခဲ့လျှင် ဟေဂယ် မပေါ်နိုင်ဟုလည်း ဆိုကြပါသည်။ သို့သော် ထိုတစ်ခေတ်တစ်ခါကမူ ဟေဂယ်၏ အတွေးအခေါ်သည် ဗြိတိန်၊ အမေရိကန် တိုင်းပြည်များ အထိ ပျံ့နှံ့ကာ သြဇာ ကြီးမားခဲ့ဖူးလေသည်။

အထူးသဖြင့် ကားလ်မာ့က် (Karl Marx) ၏ အတွေးအမြင်များသည် ဟေဂယ်၏ အတွေးအမြင်များတွင် မြစ်ဖျားခံရသည်ဟု ဆိုနိုင်ပါသည်။

ဘာထရန်ရပ်ဆယ်ကတော့ ကမ္ဘာမှာ ပေါ်ပေါက်ခဲ့ပြီးသမျှ အတွေးအမြင်များတွင် ဟေဂယ်၏ အတွေးအမြင်သည် နားလည်ရ အခက်ဆုံး အတွေးအမြင် ဖြစ်သည်ဟု သူ့စိတ်မှာ ထင်ကြောင်း ဆိုပါသည်။

ဟေဂယ်၏ အတွေး အမြင်တွင် အစစ်အမှန် တရားသည် ဆင်ခြင်တုံ တရား ဖြစ်သည် (The Real is Rational) ဟူသော အချက်သည် မှတ်လောက် သားလောက်သော အမြင် ဖြစ်၏။ သို့ရာတွင် 'အစစ်အမှန် တရား' ဆိုသော စကားသည် သူ ဘာကို ဆိုလိုကြောင်း သဘောအမြင် ရှင်းဖို့တော့ လိုသည်။ အတွေ့အကြုံသမား ဒဿနဆရာများ သဘောကျ ထားသော အစစ်အမှန် တရား အမြင်နှင့် ဟေဂယ် သဘောကျ ထားသော အစစ်အမှန် တရား အမြင်ချင်း မတူပါ။ ကွာခြားပါသည်။ အတွေ့အကြုံတွင် မြင့်သမျှ ကြားသမျှ နံသမျှ အဖြစ်အပျက် တစ်ခုချင်းကိုသာ သိနိုင်သည်။ အလုံးစုံသော ဥဿုံသဘော (The Whole) ကိုမူ မမြင်နိုင် မကြားနိုင် မထိနိုင် မသိနိုင်။

သူ ပြောသော အစစ်အမှန် တရားသည် ထို ဥဿုံ သဘောကို ဆိုခြင်း ဖြစ်ပါသည်။ ဟေဂယ်က ၎င်းသဘောကို 'အကြွင်းမဲ့ တရား' (The Absolute) ဟုလည်း ခေါ်ပါသည်။

ဟေဂယ်၏ ဒဿန အမြင်၌ ထင်ရှားနေသော ထို အကြွင်းမဲ့ တရားသည် သက်မဲ့သဘော မဟုတ်၊ အသိဉာဏ်မဲ့ သဘော မဟုတ်၊ အကြွင်းမဲ့ ဥဿုံသဘောသည် အသိဉာဏ် ယှဉ်သော ဝိညာဉ် သဘောကြီး ဖြစ်သည်ဟု နားလည်ထားလေသည်။

ဟေဂယ်၏ 'အကြွင်းမဲ့ အစစ် အမှန် တရား' အမြင်ကို သဘောပေါက်ရန်မှာ သူ၏ ယုတ္တိဗေဒ (အထူးသဖြင့် ဒိုင်ယာလက်တစ်နည်း – Dialectic Method) ကို သဘောပေါက်မှသာ ဖြစ်နိုင်ပေလိမ့်မည်။

ထို အကြွင်းမဲ့ အစစ်အမှန် သဘောကို 'အနန္တ ဝိညာဉ်တော် ဝါဒ' ဟုလည်း ခေါ်ကြပါသည်။

ကန့်သည် လူသား၏ အသိပညာမှန် ဖြစ်ပေါ်ရေးတွင် အတွေ့အကြုံနှင့် ဆင်ခြင်တုံ တရားကို ဝေဖန်ပေါင်းစည်းဖို့ ကြိုးစားခဲ့သည့် အကြောင်းကို ရှေ့တွင် ဆိုခဲ့ပါပြီ။ အသိပညာ တစ်ခု အမှန်အကန် ဖြစ်ပေါ်ရေးတွင် အာရုံဖြင့် ထိတွေ့ သိမြင်ရသည့် အချက်များကို ဆင်ခြင်ဉာဏ်က အာကာသနှင့် ကာလ (Space and Time) ပုံစံထဲ ထည့်ပြီး စနစ်ဇယား ကျအောင် စီစဉ်ပေးရသည်ဟု ကန့် ရှုမြင်ပုံကိုလည်း ရှေ့မှာ ဆိုခဲ့ပြီးပါပြီ။

သို့သော် အာရုံက အရိုတရား တစ်စုံတစ်ရာ၏ အပေါ်ယံ သဘောကို သိမြင်ပြီးနောက် စိတ်က ဆင်ခြင်ဉာဏ်ဖြင့် ပုံစံချပေး၍ လောက သဘာဝ အရှိတရားကို သိနိုင်သည် ဆိုစေကာမူ ထိုသို့ သိခြင်းမှာလည်း အစစ်အမှန်သဘောကို သိသည် မဟုတ်သေး၊ အသွင်သဘော အ ပေါ် ယံ သဘောကိုသာ သိသည်ဟု ဆိုပြန်သဖြင့်

www.burmeseclassic.com



ကန့် အတွေးအမြင်မှာလည်း ချွတ်ယွင်း အားနည်းနေပြန်လေသည်။

လောက အရှိတရား နှင့် လူသား၏ အသိတရား ပေါင်းစည်း ညီညွတ်မှုကို ဒဿန ဆရာများ ကြိုးပမ်း ရှာဖွေခဲ့ကြသော်လည်း အရှိတရား အ စစ် အ မှန် ကို လူသားသည် ဘယ်နည်းနှင့်မျှ သိလည်း မသိ၊ သိလည်း မသိနိုင် ဟူသော စိတ်ပျက် အားငယ်ဖွယ် အဖြေမျိုးကိုသာ ရရှိခဲ့၏။

ထို ပြဿနာသည် ကန့် လက်ထက်မှာလည်း မပြေလည်ခဲ့။ ဟေဂယ် လက်ထက်သို့ တိုင်အောင်လည်း ဆက်လက် တည်ရှိနေလေသည်။ ထိုပြဿနာကို ဟေဂယ် လက်ထက်တွင် ဖြေရှင်းဖို့ ကြိုးပမ်းရာက သူ၏ အနန္တ ဝိညာဉ်တော် ဝါဒ ပေါ်ပေါက်လာသည်ဟုလည်း ဆိုကြလေသည်။

အထက်တွင် ဟေဂယ် အတွေးအမြင်မှ အရေးပါသော အမြင် တစ်ရပ်ကို ရိပ်စားမိရုံမျှ ဖော်ပြခဲ့ပါသည်။

ထိုအမြင်သည် 'အရှိတရား နှင့် အသိတရား သည် အတူတူပင် ဖြစ်ကြောင်း' ပြထားသော 'အစစ်အမှန် တရားသည် ဆင်ခြင်တုံတရား ဖြစ်သည်' ဆိုသော အမြင် ဖြစ်ပါသည်။ What is real is rational ဆိုသော စကား။

ဟေဂယ်သည် သူ့ရှေးက ပေါ်ပေါက်ခဲ့သော ဖစ်ချ်တေ၊ ရှယ်လင် စသော ဂျာမန် တွေးခေါ်ရှင်များ၏ အမြင်များထဲမှ 'အစစ်အမှန် တရားသည် တရားသေ မဟုတ်၊ အစဉ် တိုးတက် ပြောင်းလဲနေသော ဖြစ်စဉ်ကြီးသာ ဖြစ်သည်' ဆိုသော အယူအဆကို လက်ခံယူခဲ့လေသည်။

ဟေဂယ်၏ သဘောကို အလွယ်ဆုံး နားလည်အောင် ဖော်ပြရလျှင် သဘာဝ တရားကြီးထဲမှာ ဖြစ်ပျက် ပြုပြင်နေသော အမှန်တရား အားလုံးကို ကြည့်၊ သဘာဝ တရားကြီး တစ်ခုလုံးသည် ယုတ္တိရှိရှိ ဖြစ်ပျက်နေသည်ကို မြင်ကြရလိမ့်မည်။ သဘာဝ တရားထဲက ယုတ္တိစဉ်ကို မျက်မြင် ဆင်ခြင်ရုံဖြင့် သိနိုင်ပါသည်။ သဘာဝကျသည်ဟု လူတို့ ဆိုသော စကားသည် ယုတ္တိရှိခြင်းကို ဆိုခြင်းပင် မဟုတ်လား။ ယုတ္တိ ရှိခြင်းသည် ဆင်ခြင်ဉာဏ်နှင့် ကိုက်ညီသည့် သဘောပင် မဟုတ်လား။ သဘာဝ တရားမှ ဖြစ်ပျက်နေသမျှ ကိစ္စ အားလုံးသည် ဖြစ်သင့် ဖြစ်ထိုက်သော အကြောင်းအကျိုး အားလျော်စွာ ဖြစ်နေကြသည်။ ဘာတစ်ခုမှ ကမောက်ကမ မဖြစ်သင့် မဖြစ်ထိုက်ဘဲ ဖြစ်နေသည် မရှိချေ။ သူ့အကြောင်းနှင့် သူ့အကျိုး ညီညွတ် နေကြပါသည်။

အလားတူစွာ လူ့သမိုင်းစဉ်တွင် ဖြစ်ပေါ်ခဲ့သော သမိုင်း ဖြစ်ရပ်များသည်လည်း ဆင်ခြင်ဉာဏ်နှင့် အညီ ဖြစ်သင့် ဖြစ်ထိုက်သောအားဖြင့် အကြောင်း အားလျော်စွာ ဖြစ်နေသည်ဟု သဘောကျနိုင်ပါလိမ့်မည်။

ဟေဂယ်၏ အတွေးအမြင် အားလုံးကို သူ၏ ဒိုင်ယာလက်တစ် ယုတ္တိ နည်းဗေဒက ချုပ်ကိုင်ထားလေသည်။

ဟေဂယ် လက်ထက်တွင် တွေးခေါ်မြော်မြင်ရေး သဘောတရား တစ်ရပ်၏ အဓိက ကိစ္စသည် သဘာဝ လောကကြီးနှင့် တကွ လူ့ဘဝ ဖြစ်စဉ်များ၏ အနှစ်သာရ အတွင်း သဘောနှင့် ၎င်းတို့ကို စိုးမိုး ခြယ်လှယ်နေသော နိယာမ တရား ဥပဒေသများကို ရှာဖွေ ဖော်ထုတ် ပေးရန်ပင် ဖြစ်သည်ဟု သဘော ပေါ်ပေရာ ထိုအမြင်သည် အလွန် ခေတ်မီ တိုးတက်သော အမြင် ဖြစ်လေသည်။

ဒဿန ပညာသည် သဘာဝ၏ လျှို့ဝှက် နက်နဲသော နိယာမများနှင့် လူ့ဘောင်၏ ဖြစ်ပေါ် တိုးတက်ပုံ နိယာမများကို စူးစမ်း ရှာဖွေသော ပညာ ဖြစ်သည်ဟု မြင်လာခြင်းသည် ရှေးက ခေတ်စားခဲ့သော ဒဿန ပညာသည် ထာဝရ ဖန်ဆင်းရှင် ဘုရားကို ရှာဖွေသည့် ပညာဟု မြင်သော အမြင်များထက် အဆများစွာ ပို၍ တိုးတက်သည့် အမြင် ဖြစ်သည်ဟု ဆိုရပေတော့မည်။ အဘယ်ကြောင့် ဆိုသင့်သနည်း ဆိုသော် ထိုပညာသည် လူ့ရေးလူ့ရာများကို ပဓာန ထားလာခြင်းကြောင့် ဖြစ်ပါသည်။

လူ့ဘဝ၏ ထိုထို ပြဿနာများကို ဖြေရှင်းရေး အတွက် သိပ္ပံပညာက တစ်ဖက် တစ်လမ်း ကြိုးပမ်း ဆောင်ရွက်နေသည့် အချိန်တွင် ဒဿနပညာကလည်း လူ့ဘဝ၏ ထိုထို ပြဿနာများကို ဖြေရှင်းရေး အတွက် နည်းလမ်း ရှာသင့်သည်မှာ အမှန်ပင် နည်းလမ်း ကျသည်ဟု ဆိုသင့်ပါသည်။

လောကမှာ ဖြစ်ပျက်သမျှ ကိစ္စတိုင်းမှာ အဓိပ္ပာယ် ကိုယ်စီ ရှိကြပါ၏။ အဓိပ္ပာယ် မရှိဟု ထင်ကြသည် ဆိုအံ့။ ထိုသို့ ထင်ခြင်းမှာ စင်စစ် အဓိပ္ပာယ်ကို မသိ၍သာ ဖြစ်ပေလိမ့်မည်။ သဘာဝမှာပဲ ဖြစ်ဖြစ်၊ လူ့ဘဝမှာပဲ ဖြစ်ဖြစ် ဖြစ်ဖြစ်သမျှ ကိစ္စတိုင်းမှာ ဆင်ခြင်ဉာဏ်နှင့်

www.burmeseclassic.com



ကိုက်ညီသော ယုတ္တိယုတ္တာ ရှိကြသည်ချည်းပင်။ ဉာဏ်ဖြင့် ရှုတတ်လျှင် အသိဉာဏ်နှင့် ကိုက်ညီသည်ချည်းသာ ဖြစ်နေကြောင်း တွေ့ရပေလိမ့်မည်။ မိုး ဘာကြောင့် ရွာသလဲ၊ စူးစမ်းကြည့်ပါ။ ရွာသင့်သော အကြောင်းများ ရှိ၍ ရွာကြောင်း ယုတ္တိစဉ်ကို တွေ့ရပါလိမ့်မည်။ ဘာကြောင့် မိမိ နာမကျန်း ဖြစ်ရသနည်း။ အကြောင်း ရှိပါသည်။ စူးစမ်းပါ။ ဉာဏ်မှာ လက်ခံနိုင်သော ယုတ္တိပေါ်လာပါလိမ့်မည်။

ဘာကြောင့် ဖြစ်ရသနည်း။

ဤ အမေးကို မေးရသည့် အခါတိုင်း ဖြစ်ဖို့လိုအပ်၍ ဖြစ်ရသည် ဆိုသော ယုတ္တိစဉ်ကို မုချသိနားလည် လာပါလိမ့်မည်။

သို့ဖြစ်ရာ အဖြစ်အပျက်ကို တွေ့မြင်ကာမျှဖြင့် အဖြစ်အပျက်တွင် ပါဝင်နေသော ဆင်ခြင်ဉာဏ် သဘောကို သိရန်အတွက် သိပုံသိနည်း နိယာမ တစ်ခုကို ဖော်ထုတ်နိုင်ရပေမည်။ ဟေဂယ်သည် ထိုသိနည်းနှင့် ဆိုင်သော နိယာမ ဖြစ်စဉ်ကို **ဒိုင်ယာလက်တစ်နည်း** ဟူသော အမည်ဖြင့် ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဒိုင်ယာလက်တစ်နည်းကား လောက၏ ဆန့်ကျင်ဘက် အစွန်း နှစ်ဖက်ကို ရှောင်၍ ပိုမို တိုးတက်သော အဆင့်မြင့် သမူဟ အမြင်ကို ရှာဖွေသောနည်းဟု အကျဉ်းအားဖြင့် ဆိုနိုင်ပါသည်။

ဟေဂယ်က ဘယ်ကိစ္စမှာ မဆို ဆန့်ကျင်ဘက်သဘော နှစ်ရပ် ပါဝင်နေသည်ဟု မြင်သည်။ အနိမ့်နှင့် အမြင့်၊ အနီးနှင့် အဝေး၊ အကျယ်နှင့် အကျဉ်း၊ အကြီးနှင့် အငယ်၊ အကောင်းနှင့် အဆိုး၊ အလှနှင့် အကျည်းတန်၊ ချမ်းသာနှင့် ဆင်းရဲ၊ ဝမ်းနည်းနှင့် ဝမ်းသာ၊ တရားနှင့် မတရား၊ အယုတ်နှင့် အမြတ်၊ အမှားနှင့် အမှန်သဘော အားလုံးသည် ဆန့်ကျင်ဘက်တို့၏ ဒွန်တွဲမှုများပင်တည်း။

ကိစ္စတိုင်း ဖြစ်ရပ်တိုင်းတွင် တစ်ဖက်တည်း မရှိ။ အစဉ်သဖြင့် ဘက် နှစ်ဖက် ရှိနေသည်။ ထို ဆန့်ကျင်သည့် ဘက်နှစ်ဖက်ကို အစွန်းတရား နှစ်ဖက်ဟု သဘော ကျသင့်ပါသည်။

ထို ဆန့်ကျင်ဘက် အစွန်းတရား နှစ်ဖက်ကို ရှောင်၍ အဆင့်မြင့်သော အသိဉာဏ်ပညာကို ရအောင် လုပ်ခြင်းသည် ဒိုင်ယာလက်တစ် နည်းပညာပင် ဖြစ်တော့သည်။

ဥပမာ ဆန့်ကျင်ဘက် အစွန်း တစ်ဖက်ကို ယူပါ။ ထိုသဘောကို ဟေဂယ် က (မူလ) သဘောဟု ဆိုပါသည်။ အင်္ဂလိပ်လို Thesis ဟု ခေါ်ပါသည်။

ဆိုပါစို့။ ရှေးက ပါမင်နဒီ ဆိုသူ ပညာရှင်ကြီးက အစစ်အမှန် တရား ဆိုသည် မြဲခြင်း ထာဝရတရားကိုသာ ဆိုအပ်သည်ဟု ယူဆလေ၏။

ထိုအမြင်ကို ဆန့်ကျင်သော အမြင်လည်း ပေါ်ခဲ့ဖူးလေသည်။ ၎င်းမှာ ဟေရာ ကလိုက်တပ်၏ ဒဿနအမြင် ဖြစ်သည်။ ဟေရာ ကလိုက်တပ် က 'အစစ်အမှန်တရားသည် မမြဲခြင်း အနိစ္စတရားပင်တည်း' ဟု ဆိုလေသည်။ ဤကား ပဋိပက္ခ အမြင် ဖြစ်၍ ၎င်းကို ဟေဂယ်က (ပတိ) Anti-Thesis အမြင် ဟု ခေါ်လေသည်။

ထိုအမြင် နှစ်ရပ်၏ ပေါင်းစည်းမှုမှာ အစွန်းနှစ်ဖက်သို့ မလိုက်မှ ဖြစ်ပေလိမ့်မည်။ (ရှေးက အာရစ္စတိုတယ်၏ နိကိုမာခယန် ကိုယ်ကျင့်တရား အမြင်တွင်လည်း ထိုသဘောကို အထိုက်အလျောက် ဆိုခဲ့ဖူးပြီ။)

ဤတွင် ဒီမိုကရိတပ်၏ အဏုမြူ အမြင်သည် သမူဟ အမြင် (Synthesis) အဖြစ်ဖြင့် ပေါ်ပေါက်လာလေသည်။

ဒီမိုကရိတပ်က အဏုမြူသည် ထာဝရ တည်နေသော ရုပ်တရားများ ဖြစ်ကြသည်။ သို့ရာတွင် ထိုထာဝရ အဏုမြူများဖြင့် ပေါင်းစည်းထားသော ရုပ်ဝတ္ထုပစ္စည်းများမှာမူကား အစဉ် ပြောင်းလဲနေကြကုန်သည်၊ မမြဲကြ၊ အနိစ္စချည်းသာ ဖြစ်ကြသည်ဟု ဆိုခဲ့ပေရာ အစွန်း နှစ်ဖက်ကို ရှောင်ပြီး နှစ်ဖက် လက်ခံနိုင်သော အဆင့်နှင့် သမူဟသဘော အမြင် တစ်ရပ်ကို ရခဲ့သည်ဟု ဆိုသင့်ပါသည်။

အကျွန်ုပ် အဖို့မူ ဟေဂယ်၏ ဒိုင်ယာလက်တစ်နည်းသည် သဘာဝ လောက၏ ဖြစ်ရပ်များနှင့် လူ့ဘဝ ဖြစ်ရပ်များကို စူးစမ်း လေ့လာရာတွင် အထူးပင် ထိရောက်၍ အမှန်တရားနှင့် နီးစပ်အောင် တွေးခေါ်သော နည်း ဖြစ်နိုင်သည်ဟု သဘော ပေါက်ခဲ့မိလေသည်။

သို့သော် နက် ရှိုင်း သော သဘာဝ၏ အဖြစ်တရားများ အရှိတရားများနှင့် လျှို့ဝှက်သော လူ့ဘဝ အဖြစ်သနစ်များကို ဟုတ်တိုင်းမှန်စွာ သိဖို့ဆိုလျှင် ထိုနည်းသည်လည်း လုံလောက်ပြီဟု မဆိုသာသေးချေ။

အကျွန်ုပ်၏ စိတ်တွင် လောကကို ထိုးထွင်း၍ သိမြင်နိုင်သော ဉာဏ်ဖြင့် သိအပ်သော နည်း တစ်နည်းလည်း ရှိဦးမည်ဟု ထင်နေပါသည်။

www.burmeseclassic.com



ထိုကဲ့သို့ ထင်ရခြင်းမှာ အရှေ့တိုင်းသားများ၏ ဒဿန ပညာကို လေ့လာခဲ့ရသောကြောင့် ဖြစ်ပါသည်။

ဗိန ဒဿန ဟု ဆိုသော ဂျိန်း အယူဝါဒကို အကျွန်ုပ် လေ့လာစဉ် အခါက ထို ဂျိန်း အယူဝါဒ ရှိသူတို့သည် လောကကို အာရုံ မပါ၊ ဆင်ခြင်ခြင်း မပြုဘဲ အလိုအလျောက်အားဖြင့် သဘော အရှိကို အရှိအတိုင်း ပဋိဘာန် ဉာဏ်ဖြင့် ထိုးထွင်း သိမြင်နိုင်သည် ဟူသော သဘောထား ရှိကြလေသည်။

ခေတ်သစ်တွင် ရီလေတစ်ဗီတီ သီဝရီကို ဖော်ထုတ်ခဲ့သူ သိပ္ပံ ပညာရှင်ကြီး အိုင်စတိုင်းကလည်း လောက၏ လျှို့ဝှက် နက်နဲသော အတွင်းသဘော (အလုံးစုံ ဥသုံသဘော) ကို မိမိသည် ထိုးထွင်း သိမြင်အပ်သော တခ်ဏုပ္ပတ္တိ ဉာဏ်အားဖြင့်သာ သိခဲ့ခြင်း ဖြစ်သည်ဟု ပြောဆို ဝန်ခံထားချက်လည်း ရှိလေသည်။

အိုင်စတိုင်းက 'ရူပဗေဒ ပညာရှင်တို့ရဲ့ အကြီးကျယ်ဆုံး အလုပ်ကတော့ အခြေခံကျတဲ့ စကြဝဠာ နိယာမ တရားကြီးတွေကို သိအောင် အားထုတ်ဖို့နှင့် အဲဒီ နိယာမကြီးတို့က တစ်ဆင့် ထုတ်ယူ ဆင်ခြင်တဲ့ ယုတ္တိနည်းနှင့် စကြဝဠာကို တည်ဆောက်ကြဖို့ပဲ၊ ဒီ စကြဝဠာ နိယာမကြီးတွေကို သိဖို့ကျတော့ ယုတ္တိ နည်းလမ်း မရှိဘူး၊ တခ်ဏုပ္ပတ္တိဉာဏ် ပဋိဘာန်ဉာဏ်နှင့် သိတဲ့ နည်းပဲ ရှိတယ်' * ဟု အတိအလင်း ဆိုလေသည်။

အိုင်စတိုင်း၏ စကား မှန်ကြောင်းကို အထူး သက်သေ မပြုရ။ သူ၏ 'ရီလေတစ်ဗီတီ' သီဝရီကပင် သက်သေခံခဲ့လေသည်။

ဘာပဲပြောပြော လူမှာ လောကကို ထိုးထွင်း သိမြင်နိုင်သည့် (ယုတ္တိလမ်း မဟုတ်သော) ဉာဏ်လမ်း တစ်ခု ရှိသေးသည်။ ထို အဆိုကို အကျွန်ုပ် လက်ခံရ ပေမည်။

ဂျိန်း အယူဝါဒတွင် ထိုသို့ လောကကို တိုက်ရိုက် သိမြင်နည်းကို ပါရမာ ထိက (Paramarthika) ခေါ်သည်။ ထိုဉာဏ်သည် အကြွင်းမဲ့ တရားကိုယ်ကို သိသော ဉာဏ်မျိုး ဖြစ်သည်။ လူသားသည် ကာမ အနှောင်အဖွဲ့များမှ လွတ်မြောက်အောင် အားထုတ်ခြင်းဖြင့် ထိုဉာဏ်ကို ရနိုင်သည်ဟု ဟောလေသည်။

ပါရမာထိက ဉာဏ်ကို ဂျိန်း အယူတွင် အပြားအားဖြင့် သုံးပါး ပြထားလေသည်။ ထိုသုံးပါး ဟူသော်ကား

(၁) အဝဓိ ဉာဏ်လည်း တစ်ပါး၊

(၂) မဟာ ပါရယာယ ဉာဏ်လည်း တစ်ပါး၊

(၃) ကေဝလ ဉာဏ်လည်း တစ်ပါး။

'အဝဓိ' ဉာဏ်ဆိုသည်မှာ မိမိကိုယ်မှ ကိလေသာ ကာမ အနှောင်အဖွဲ့များကို တစ်စိတ်တစ်ပိုင်းအားဖြင့် ပယ်သတ်ပြီးသူတို့ ရရှိသော ဉာဏ်မျိုး ဖြစ်သည်။ ထို ဉာဏ်ကို ရသော သူသည် အဆင်းသဏ္ဌာန် ရှိသော အရာဝတ္ထု မှန်သမျှကို မည်မျှ ဝေးဝေး မည်မျှ သေးသေး (ယခုခေတ် အီလက်ထရွန် မိုက်ကရိုစကုပ်၊ အီလက်ထရွန် တယ်လီစကုပ်များကဲ့သို့) သိနိုင်ခြင်း ဖြစ်လေသည်။ 'မဟာ ပါရယာယ' ဉာဏ် ဆိုသည်မှာ တစ်ပါးသူတို့၏ အတိတ် အကြောင်း ပစ္စုပ္ပန် အကြောင်းများကို ထိုးထွင်း သိသော ဉာဏ်မျိုး ဖြစ်၏။ မိမိကိုယ်မှ လောဘ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယ စသော အကုသိုလ် တရားများကို ပယ်သတ်ပြီးသော သူအား ထိုဉာဏ်ကို ရရှိနိုင်လေသည်။ 'ကေဝလ' ဉာဏ်ကား အလုံးစုံသော တရားကို အကြွင်းမရှိ သိသော ဉာဏ် ဖြစ်လေသည်။ ကာမ ကိလေသာ မှန်သမျှကို အကြွင်း မကျန် ပယ်သတ်ပြီးသော ပုဂ္ဂိုလ်တို့ ရအပ်သော ဉာဏ်မျိုး ဖြစ်လေသည်။ သဗ္ဗညုတ ဉာဏ်မျိုးကို ဆိုခြင်း ဖြစ်၏။

ရှေးကမူ အနောက်တိုင်း ဒဿနဆရာများသည် ဉာဏ်စဉ် သဘောတရားကို နားလည်း မလည်၊ လက်လည်း မခံခဲ့ကြချေ။ အိုင်စတိုင်း လက်ထက်ကျမှ ဉာဏ်စဉ်၏ အရေးပါပုံကို ထူးထူးခြားခြား ပြောဆို လာလေသည်။ သို့သော် ယခုတိုင် အနောက်တိုင်းသာ ကြေးစား ဒဿနဆရာများက အိုင်စတိုင်း၏ လောက သဘာဝ သိနည်းကို ဂမ္ဘီရဝါဒ (Mysticism) ဟု သမုတ်ဆဲ ဖြစ်လေသည်။ မစ္စတီစစ်ဇင်း ခေါ် ဂမ္ဘီရ အမြင် ဆိုသည်မှာ သိခက်သော အမြင်၊ လျှို့ဝှက်သော အမြင်၊ လူတိုင်း သူလို မသိနိုင်သော နည်းလမ်းဟု ဆိုလိုပေသည်။

သို့သော် ထိုဉာဏ်စဉ်နည်းကို အနောက်တိုင်းတွင် ဦးဦးဖျားဖျား လက်ခံသူ ဒဿန ဆရာ တစ်ဦး ရှိလေသည်။ ထိုသူသည် ဂျာမန် တွေးခေါ်ရှင် တစ်ဦးဖြစ်သူ ရှိုပင် ဟောင်ဝါ (Shopen Hover) (၁၇၈၈–၁၈၆၀) ဖြစ်ပါသည်။

အစကပင် ရှိုပင် ဟောင်ဝါသည် ဖန်ဆင်းရှင်ကိုးကွယ်သော အယူဝါဒမျိုးကို လက်မခံလိုခဲ့။ သူသည်

--------------

* *Essays in Science, A. Einstein p 4*

www.burmeseclassic.com



အနောက်တိုင်းသားတို့ ကိုးကွယ်သော ဘာသာအယူဝါဒကိုထက် အရှေ့တိုင်းသားတို့ ကိုးကွယ်သော အိန္ဒိယမှ အယူဝါဒများကို နှစ်သက်သူ ဖြစ်လေသည်။ ဟိန္ဒူအယူဝါဒကိုရော၊ ဗုဒ္ဓ အယူဝါဒကိုပါ ရှိုပင် ဟောင်ဝါ နှစ်သက် လက်ခံလေသည်။

ရှိုပင်ဟောင်ဝါ၏ အတွေးအမြင်တွင် 'ဒုက္ခသစ္စာ' သဘောကို လက်ခံလာသည်။ ဘဝ၏ အနှစ်သာရသည် ဒုက္ခ (ဆင်းရဲခြင်း) ပင် ဖြစ်သည်။ အသိပညာ တိုးပွားလာလေလေ သတ္တဝါတို့မှာ ဒုက္ခ တိုးပွားလာလေလေ ပင် ဖြစ်သည်ဟု မြင်သော သူ၏ အမြင်ကို အနောက်တိုင်းသား ဒဿနဆရာများက မကောင်းမြင် ဝါဒဟု သမုတ်ကြလေသည်။

အလိုဆန္ဒ ရှိနေသမျှ၊ အလိုဆန္ဒကို ပြည့်ဝအောင် မလုပ်နိုင်သမျှ ဒုက္ခ ဆင်းရဲ ရှိနေမည်သာ ဖြစ်သည်။ ဆန္ဒကို အာသာပြေအောင် လုပ်နိုင်မှပင် ဆင်းရဲ ကင်းပေလိမ့်မည်။

တပ်မက်ခြင်း ရာဂကြောင့်ပင် သတ္တဝါတို့မှာ အဖန်တလဲလဲ ပဋိသန္ဓေ နေကြရကာ ဇာတိ ဖြစ်ရ အိုရ နာရ သေရဖြင့် ဒုက္ခသံသရာ လည်နေကြရသည်။

ငြိမ်းသတ်ခြင်းသည်သာ နိဗ္ဗာန် ဖြစ်သည်။ တဏှာ (တပ်မက်ခြင်း ဆန္ဒ) သည် ဒုက္ခဖြစ်ရခြင်း အကြောင်းပင် ဖြစ်သည်ဟူ၍ ရှိုပင်ဟောင်ဝါသည် အနောက်တိုင်းတွင် အရှေ့တိုင်း ဒဿနများကို ဟောကြားခဲ့လေသည်။

သူ၏ ဒဿန အမြင်များမှာ အသစ်အဆန်းတော့ မဟုတ်။ အရှေ့တိုင်းသားတို့၏ အမြင်များကို သူ့နည်းသူ့ဟန်ဖြင့် ပြောဆိုခဲ့ခြင်းသာ ဖြစ်သည်။ သို့သော် အသိပညာ ဖြစ်ကြောင်းတွင် ဆန္ဒာဓိပတိ သဘောကို သူ ဖော်ထုတ်ခဲ့လေသည်။

ထို့ကြောင့် အိုင်းစတိုင်းက သိပ္ပံ ပညာရှင် မက်စ်ပလန့် (**Max Planck**) အနှစ် ခြောက်ဆယ် ပြည့် မွေးနေ့ အခမ်းအနား ကျင်းပရာ ဘာလင်မြို့ ရူပဗေဒ အသင်း၌ ဟောသော သူ၏ မိန့်ခွန်းတွင် အောက်ပါအတိုင်း ထုတ်ဖော် ပြောဆိုဖူးလေသည်။

'ဆန္ဒာဓိပတိ တပ်ခြင်းအားဖြင့် လူသည် အနုပညာနှင့် သိပ္ပံပညာ ကိစ္စများကို ဆောင်ရွက်ရာတွင် နေ့စဉ်ကြုံနေရသော စိတ်ပျက် ငြီးငွေ့ဖွယ်ရာ ဆင်းရဲဒုက္ခများမှ လည်းကောင်း၊ အစဉ် လိုချင် တောင့်တလျက် နေတတ်သော လူ၏ ရာဂတဏှာများမှ လည်းကောင်း ကင်းလွတ်နိုင်သည် ဆိုသော ရှိုပင် ဟောင်ဝါ၏ စကားကို အကျွန်ုပ် ယုံကြည်ပါသည်' * တဲ့။

အိုင်းစတိုင်း၏ ထိုစကားသည် ကိလေသာ ကာမဂုဏ် တရားတို့မှ ကင်းဝေးခြင်းဖြင့် ဉာဏ် အထူးကို ရနိုင်သည် ဆိုသော အချက်ကို ဆက်စပ် ပြောဆိုခြင်း ဖြစ်လေသည်။

အကျွန်ုပ်လည်း သားကောင်၏ ခြေ ရာ ကို ကောက်၍ လိုက်သော တောလိုက် မုဆိုးပမာ အနောက်တိုင်းသားတို့၏ အတွေးအမြင် တိုးတက်လာပုံကို ခြေရာကောက် လိုက်နေမိလေသည်။ ထိုသို့ လိုက်နေခြင်းမှာ လူတို့၏ အယူဝါဒ ပြောင်းလဲမှုများကို သိမြင်လို၍လည်း ဖြစ်သည့်ပြင် မိမိ အနေနှင့်လည်း မည်သည့် အယူဝါဒကို ဘဝ၏ ဆောက်တည်ရာ အဖြစ် အားထား ယုံကြည်ထိုက်သည်ကို သိလို၍ ဖြစ်ပါသည်။

တစ်ခါတစ်ရံ မိမိကိုယ်ကို ဒဏ္ဍာရီထဲက သမီးအတွက် သမက် လိုက်ရှာသော ကြွက်မကြီးနှင့် တူလေပြီလားဟုပင် အောက်မေ့ရလေသည်။ အဘယ်ကြောင့် ဆိုသော် ယခုအထိ မိမိ လိုက်ရှာပြီးသမျှ အတွေးအခေါ် အယူအဆများတွင် မိမိ ယုံကြည် အားထား ကိုးကွယ် ဆည်းကပ်လောက်သော (ဝါ) မိမိနှင့် ထိုက်သင့်သော အယူဝါဒကို မတွေ့သေး၍ ဖြစ်ပေသည်။

သို့သော် အကျွန်ုပ် ဖွဲ့ မလျှော့ပါ။

မိမိဘဝ အတွက် ဆောက်တည်ရာ အားကိုးရာ ဆည်းကပ်ရာ ဒဿန အမြင် တစ်ရပ်ကို ကံ ရှိလျှင် သိမြင်တန်ကောင်းရဲ့ဟုလည်း တွေးထားပါသည်။ လမ်းဆုံးလျှင်တော့ ရွာကို တွေ့လိမ့်မည်ဟုလည်း မျှော်လင့်ထားပါသည်။

ယခုမူ ဖန်ဆင်းရှင် ဘုရားကို လိုက်ရှာ၍ ဖန်ဆင်းရှင် ဘုရား ရှိကြောင်းကို မယုံ ယုံအောင် ကြံဖန် ပြောဆိုနေကြသော ဒဿနများနှင့် မိမိသည် ဝေးမှန်းမသိ ဝေးခဲ့ပြီပဲ။

ဖန်ဆင်းရှင် ရှာမတွေ့လည်း အရေးမကြီးတော့ပါ။ ဘဝ အတွက် ဆောက်တည်ရာ အယူဝါဒတွေ အများကြီး ရှိနေသည်ကို သိရပြီပဲ။ မပူတော့ပါ။ မပူရုံမျှမက အနောက်တိုင်းသားများထဲမှ ရှိုပင် ဟောင်ဝါလို ပုဂ္ဂိုလ်ကြီး တစ်ဦးကပင် သိပ္ပံပညာ တိုးတက်လာသော ခေတ်တွင် သိပ္ပံပညာ၏ အရေးပါမှုတွေကို ဖောင်နေအောင် ပြောဆိုရမည့် အစား အရှေ့တိုင်းက အသိပညာ

--------------

*Essays in Science, p 2*

www.burmeseclassic.com



များ အကြောင်းကို အမွှမ်းတင်၍ ပြောဆိုနေသည်မှာလည်း အတော်ပင် အံ့သြဖို့ ကောင်းသည်ဟု အကျွန်ုပ်ဆင်ခြင် တတ်လာပါသည်။

ရှိုပင်ဟောင်ဝါ၏ အတွေးအမြင်များကို ဆက်ခံသူ အဖြစ် သူ့ကိုယ်သူ အမှန်အကန် နားလည် သဘောပေါက်ပြီး ထင်ရှားလာသော နောက်ထပ် ဂျာမန် ဒဿနဆရာကြီး တစ်ဦးကား နီဇ်ရှေး (Neitzsche) (၁၈၄၄–၁၉၀၀) ဖြစ်လေသည်။

နီဇ်ရှေးကား ဂျာမန် ဒဿနဆရာတို့တွင် ဩဇာကြီးမားသူ တစ်ဦး ဖြစ်ပါသည်။

ရှိုပင် ဟောင်ဝါ အစပြုခဲ့သော ဆန္ဒာဓိပတိသဘောကို နီဇ်ရှေး လက်ခံလေသည်။ သူ့အတွေးအမြင်များတွင် အရှိတရား အမြင် အသိတရား အမြင်တို့မှာ မထူးခြားလှသော်လည်း သူ၏ ကိုယ်ကျင့်တရား အမြင်များမှာမူ ထူးခြားလေသည်။ သူသည် ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည် ကိုးကွယ်သော ဘာသာ အယူဝါဒကို အတိအလင်း စတင် တိုက်ခိုက်သူ ဖြစ်လေသည်။ ထိုအချက်ကြောင့်လည်း သူ ထင်ရှားရသည်ဟု ဘာထရန်ရပ်ဆယ်က ဆိုသည်။

နီဇ်ရှေးနှင့် မက်ခီယာဗယ်လီတို့သည် 'အာဏာကို ရည်မှန်းသော ကိုယ်ကျင့်တရား အမြင်' မျိုး ထားကြရာ၌လည်း သဘောချင်း တူကြသည် ဟု ရပ်ဆယ်က သုံးသပ်ထားလေသည်။

သူ့ခေတ် ဘာသာ အယူဝါဒကို နီဇ်ရှေးက ဝေဖန်ရာ၌ ထိုဘာသာ အယူဝါဒသည် မူးမျိုး မတ်မျိုးနှင့် နွယ်သော လူနည်းစု ချမ်းသာကိုသာ ဆောင်သည်။ လူများစု အတွက်မူ ထိုဘာသာ အယူဝါဒသည် ကောင်းကျိုး ချမ်းသာကို မဆောင်နိုင် ဆိုသော အမြင်ပေါ်တွင် မူတည်၍ ပြောဆိုခြင်း ဖြစ်လေသည်။

သူ့ အမြင်တွင် လူသားတို့ကို ဒုက္ခ ဆင်းရဲမှ အယူဝါဒက ကယ်တင်နိုင်မည် မဟုတ်၊ မဟာလူသားဟု ဆိုအပ်သော ဥတ္တမပုရိသမျိုးကသာ ကယ်တင်နိုင်သည် ဟု ယူဆလေသည်။

ဤတွင် သူသည် လူသားတို့ လက်ခံ နေကြသော ကောင်းမှု (good) နှင့် မကောင်းမှု (evil) အမြင်ကို အရင်းအမြစ်က စ၍ ပြောင်းလဲပစ်ဖို့ကိုလည်း ကြိုးစားလေတော့သည်။

***ကောင်းမှု မကောင်းမှုကို လွန်၍*** (Beyond good and evil) ဆိုသော ကျမ်းတစ်စောင်ကို သူ ရေးသားခဲ့လေသည်။

နီဇ်ရှေး၏ အတွေးအခေါ်များသည် တန်ခိုးသတ္တိ ဩဇာအာဏာ ရှိရေး ဆန္ဒ (The Will to Power) ပေါ်မှာ အခြေစိုက် ထားသောကြောင့် ပျော့ညံ့မှု မှန်သမျှကို အယုတ်တရားများဟု သူ့ စိတ် မှာ ထင် လေ သည်။ ကောင်းမှု မှန်သမျှသည် အင်အား ကြီးမားမှု အပေါ်မှာသာ တည်သည်ဟု သူ မြင်သည်။ ထို အမြင်သည် စင်စစ် အစွန်းရောက်သော အမြင်ပင် ဖြစ်ပါသည်။

သို့သော် 'လူသားကို ကျွန်စာရင်း သွင်းထားသော အယူဝါဒ' ထွန်းကား မနေသည့် သူ့ ပတ်ဝန်းကျင်တွင် သူသည် လူကို လောက၏ အရှင်သခင် အဖြစ်သို့ ပြန်ရောက်အောင် ပခုံးဖြင့် ထမ်းတင်နေသည်ဟုလည်း ယူဆဖွယ် ရှိပါသည်။

ထာဝရ ဖန်ဆင်းရှင် ဘုရားသခင်ကို အကြောက်ကြီး ကြောက်ပြီး အရိုသေကြီး ရိုသေပြီး ခဝပ် ကိုးကွယ်မှုကို ဖန်တီးသော ဘာသာ အယူဝါဒ မှန်သမျှကို သူက 'ကျွန်စိတ်သွင်းသည့် ကိုယ်ကျင့်တရားများ' ဟု ခေါ်လေသည်။ လူသားသည် နေရာတကာမှာ ဘုရားသခင်၏ အလိုဆန္ဒတော် အတိုင်းချည်း လိုက်ရမည် ဆိုသော တရားမျိုးကို သူ အလွန် မုန်းတီးလေသည်။ လူသားသည် ဂုဏ်မဲ့ သိက္ခာမဲ့ သတ္တဝါ တစ်ကောင် မဟုတ်။ လူမှာ လေးစားထိုက်သော ဂုဏ် ရှိရမည်သာ ဖြစ်သည်။ လူသား အပေါ် နိုင့်ထက်စီးနင်း ပြုခြင်း စသော အဓမ္မဆန္ဒကြောင့် ခရစ်ယာန် ကျောင်းတော်သည် မင်းဆိုးမင်းညစ်များနှင့် ပူးပေါင်းကာ အပေါ်စီး ဖိနှိပ်ခဲ့ပုံ၊ လူသားတို့၏ ဒီမိုကရေစီ ရပိုင်ခွင့်များကို ဖျက်ဆီးခဲ့ကြပုံ၊ ဆင်းရဲသား လူများစု၏ လွတ်လပ်ခွင့်ကို ဖျက်ဆီးခဲ့ကြပုံ၊ ဆင်းရဲသား လူများစု၏ လွတ်လပ်ခွင့်ကို တားဆီး ပိတ်ပင်ခဲ့ကြပုံများကို နီဇ်ရှေးက သမိုင်း အကိုးအကားများဖြင့် ထောက်ပြခဲ့လေသည်။

သူ့စိတ်တွင် ဘာသာတရားတိုင်းကိုပင် မှန်ကန်သော သဘောထား ရှိသော အယူဝါဒများ မဟုတ်ကြဟုသာ ထင်သည်။ သူ့ အမြင်တွင် လူသား အားလုံးကို အတူတူဟု သဘောမထား၊ လူအချင်းချင်းမှာ လူဖြစ်ချင်းတူသော်လည်း တန်ဖိုးချင်း မတူဟုသာ မြင်လေသည်၊ လူချင်း တူသော်လည်း ဉာဏ်ချင်း မတူ၊ ဉာဏ်ချင်း တူသော်လည်း ကံချင်း မတူ၊ ကံချင်း တူသော်လည်း ဝီရိယချင်း မတူ ဆိုသော သဘောကို သူ ကောင်းစွာ မြင်ရုံသာမက ထိုမတူနိုင်သည့် သဘော၏ ထိရောက်

www.burmeseclassic.com



သော အကျိုးဆက်ကိုလည်း သူ မြင်လေသည်။ ထို့ကြောင့်လည်း လူကို အကြွင်းမဲ့ တစ်သဘောတည်း တစ်တန်းတည်း ထားသော အယူဝါဒ မှန်သမျှကိုပါ ဆန့်ကျင် လေသည်။

လူသား၏ အစွမ်း သတ္တိကို ဖျက်ဆီးသော (လူသား၏ သိက္ခာကို ကျအောင် လုပ်သော) အယူဝါဒ မှန်သမျှကို နီဇ်ရှေး၏ စိတ်မှာ လူကို တန်ဖိုးမဲ့ ဖြစ်အောင် ဖန်တီးသော အယူဝါဒများ အဖြစ် သတ်မှတ်လေသည်။ ခရစ်ယာန် မေတ္တာ တရားကို သူက ကြောက်စိတ်က ဖြစ်သော မေတ္တာတရားဟု ဆိုကာ ၎င်းကို ရှောင်ရှား ရန် ဟောသော သူ၏ မဟာလူသား ဝါဒနှင့် အစွမ်း သတ္တိ တန်ခိုးအာဏာ ဆန္ဒတရားသည်လည်း တစ်နည်း အားဖြင့် ကြောက်စိတ် တစ်ဖက်စွန်းသို့ ရောက်သော တရားပင် ဖြစ်လေတော့သည်။

အာဏာကို ရှေ့တန်း တင်လွန်းပြီး တန်ခိုးဩဇာ ကြီးလိုသော သူ၏ မဟာလူသား ဝါဒသည် ဟစ်တလာ လက်ထက်တွင် ရက်စက် ကြမ်းကြုတ်သော မင်းဆိုး မင်းညစ် စနစ် ဖြစ်ပေါ်ရေးကိုသာ အားပေးခဲ့လေသည်။ ဟစ်တလာသည် နီဇ်ရှေး၏ အယူဝါဒများကို ကိုးကွယ်သူ ဖြစ်၏။ သူက ခရစ်ယာန် မေတ္တာတရားကို ကြောက်စိတ်က ဖြစ်ပေါ်လာသော မေတ္တာတရားဟု သုံးသပ်သလို သူ၏ (ဆူပါမင်း) ခေါ် မဟာလူသား ဝါဒသည်လည်း အာဏာကို တပ်မက်လွန်းမှုကြောင့် ကြောက်စိတ်က ဖြစ်ပေါ်သော ဝါဒပင် ဖြစ်သည်ဟု သုံးသပ်ကြလေသည်။

အကျွန်ုပ်သည် ရောဂါ ဝေဒနာ ခံစားနေရသော သား၏ အသက် ရှင်ရေးကို အလိုရှိသော ဖခင်နှင့် တူလှပါသည်။ သား အတွက် ရတက် မအေးလေတိုင်း ဟိုလူက ဟိုဆရာ ကောင်းသည် ဆိုလျှင် ထိုဆရာထံ ပြေးပြီး ပင့်လိုက်၊ မဟန် ပြန်လျှင် ဒီလူက ဒီဆရာ ကောင်းသည် ဆိုပါက ဒီဆရာထံ ပြေးပြီး ပင့်လိုက် လုပ်နေသော သူနှင့်လည်း တူပါသည်။

အနာရှိလျက် အနာမသိ ဆေး မရှိသော ကိန်းမျိုး ဆိုက်နေသည်ဟုလည်း ဆိုသင့်ပါသည်။ ရှေးက အကျွန်ုပ် ပြေးကပ်ခဲ့ဖူးသော ဒဿနဆရာကြီးတို့သည် ဘဝ၏ အနာရောဂါကို ဟုတ်တိုင်းမှန်စွာ သိဖို့ အားမထုတ်ဘဲ ဆေးကို လိုက်ရှာသူများနှင့် တူကြလေသည်။ သူတို့သည် တစ်စုံတစ်ခုသော ဆေးကို တွေ့သောအခါ ဟုတ်လှပြီ၊ မှန်လှပြီ၊ ဤဆေးကား ဤရောဂါနှင့် မုချ တည့်တန်ရာ၏ဟု အောက်မေ့ မှန်းဆကြပြီးလျှင် ရောဂါ၏ သဘောကို အမှန်အကန် သိအောင် မကြိုးစားကြပါဘဲ ရမ်းကုခြင်း အမှုကို ပြုခဲ့ကြလေသည်။ ဝေဒနာ ခံစားသူမှာ ဆေးမတွေ့သဖြင့် ရောဂါလည်း မပျောက်ကင်း ရမ်းကုခြင်းဖြင့်သာ ဆရာ များသဖြင့် သားသေကိန်းသို့ ဆိုက်ရောက် လာလေတော့၏။

အကျွန်ုပ်သည် တစ်ခါတစ်ရံ စိတ်ပန်း ကိုယ်ပန်း ဖြစ်ရလေသည်။ သို့သော် သား၏ တိုး ပွား နေ သော ဝေဒနာကို ဖခင်က ထိုင်ကြည့်နေလျှင်လည်း ဟန်မကျ။ အများ ကဲ့ရဲ့ဖွယ်သာ ဖြစ်လိမ့်မည်။ မိမိမှာ တာဝန် ရှိ သမျှ မီရာ ဆေးဖြင့် ကုမရမည်သာ။ ရောဂါ ပျောက် မပျောက်မှာ သား၏ ကံပေါ်မှာသာ တည် သည် ဟု သက်သာသော နည်းဖြင့် သဘောထားရသော ဖခင်နှင့်လည်း အကျွန်ုပ်မှာ တူလေတော့၏။

ရှေးက ပေါ်ပေါက်ပြီးသော အကျွန်ုပ် တွေ့ဆုံလေ့လာခဲ့ပြီးသမျှ အတွေးအမြင်တို့သည် တစ်နေရာရာတွင် မှားနေကြသောကြောင့်သာ သူတို့သည် အနာနှင့် ဆေး မတွေ့သလို ဖြစ်နေရသည်ဟု အကျွန်ုပ် ရှုမြင်လာပါသည်။

ပြဿနာပေါင်း သောင်း ခြောက် ထောင် ဖြင့် နှောင်ဖွဲ့ထားသော ဘဝ၏ ဆင်းရဲဒုက္ခ အကျပ်အတည်း အပြစ် အနာတို့သည် မြားမြောင် ရှုပ်ထွေးလှပါသည်။ ကိုးဆယ့်ခြောက်ပါး ဝေဒနာ ခံစားနေရသော လူနာထက် ဘဝ၏ ရောဂါ ဝေဒနာများက ပို၍ များပါလိမ့်မည်။

ဝေဒနာ ဟူသည်လည်း တစ်ခုဖြစ်လျှင် တခြား တစ်ခု ဆက်၍ ဖြစ်တတ်သည်။ ရောဂါသည် တစ်ခုနှင့် တစ်ခု ဆက်စပ်နေသည်။ ဗိန္ဒောဆေး စကားဖြင့် ပြောရလျှင် သန္နိပါတ် ဖြစ်တတ်သည်။ ရောထွေးနေတတ်သည်။ ကံကြောင့်လည်း ရောဂါ ဖြစ်သည်။ စိတ်ကြောင့်လည်း ရောဂါ ဖြစ်သည်။ ဥတုကြောင့်လည်း ရောဂါ ဖြစ်သည်။ အာဟာရကြောင့်လည်း ရောဂါ ဖြစ်သည်။ ထိုသမုဋ္ဌာန် လေးပါးစလုံး ပြိုင်ဖြစ်နိုင်သလို လေ သည်းခြေ သလိပ် ရောပြွမ်း ဖြစ်တတ်သည်လည်း ရှိလေသည်။ ထိုသန္နိပါတ် ရောဂါကို ဆေး တစ်မည်တည်းဖြင့် ကုမခြင်းသည် ယုတ္တိ ရှိပါမည်လား။

ထိုဥပမာကို အကျွန်ုပ် တွေးမိသောအခါ ရှေးက ဒဿန ဆရာကြီးတို့သည် 'သူ့ရောဂါ အလိုက် သူ့ဆေး' ဖြင့် ကုသောနည်းကို မသုံးဘဲ ရောဂါ ခပ်သိမ်းကို သူ့ လက်ဝယ် ဆောင်ထားသော ၉၆ ပါး ရောဂါ ပျောက် ဆေးကြီး တစ်ခုတည်းဖြင့် ကုသဖို့ ကြိုးစားနေကြသည်

www.burmeseclassic.com



ကို အကျွန်ုပ် နားလည်လာပါသည်။ ရောဂါ ခပ်သိမ်းကို ဆေး တစ်လက်ဖြင့် ကုမသော နည်းသည် သိပ္ပံနည်း ကျနိုင်ပါမည်လား။ ဤ သိပ္ပံပညာ ထွန်းကားသော ခေတ်ကြီးထဲတွင် အလွန် အစွမ်းထက်သော ဆေးလည်း ရှိသည်။ အလွန် တိကျသော ရောဂါ သိနည်းလည်း ရှိသည်။ အလွန် ထိရောက်သော ရောဂါ ကုထုံးလည်း ရှိသည်။ အနာသိမှု ဆေးသိမှု ကုထုံးသိမှုတို့မှာ အားကိုးလောက်သော အခြေအနေ ရှိပါလျက် အဘယ်ကြောင့် ခေတ်သစ် ဆေးပညာရှင်တို့သည် ဆေးကောင်း တစ်လက်ဖြင့် ရောဂါ အားလုံးကို ကုသသော နည်းကို လက်မခံခဲ့ကြပါသနည်း။

ထို မေးခွန်းသည် အကျွန်ုပ်အား ဉာဏ်ပွင့်စေသော မေးခွန်း ဖြစ်ပါ၏။ ဆေး တစ်လက်ဖြင့် ရောဂါ အမျိုးမျိုးကို ပျောက်ကင်း စေနိုင်ရန်မှာ လက်တွေ့အားဖြင့် မဖြစ်နိုင်သကဲ့သို့ အယူဝါဒ တစ်ခုတည်းဖြင့် ဘဝ ပြဿနာ အားလုံးကို ဖြေရှင်း ပေးနိုင်မည် ဆိုခြင်းမှာလည်း လက်တွေ့အားဖြင့် မဖြစ်နိုင်ချေ။ ယုံတမ်းစကားသာ ဖြစ်ပေလိမ့်မည်။

နိဗ်ရှေးသည် လူသား၏ ဘဝ ဂုဏ်သိက္ခာကို မြှင့်တင်လိုသော စိတ်ဆန္ဒ ကဲနေသူ ဖြစ်ပါသည်။ လူကို ကျွန်လို သဘောထားသော မည်သည့် ဘာသာ အယူဝါဒကိုမျှ လက်ခံလိုသော ဆန္ဒ သူ့မှာ မရှိချေ။ ဤ စကြဝဠာကြီးထဲတွင် အစွမ်း အထက်ဆုံး သတ္တဝါ ဆို၍ လူပဲ ရှိသည်ဟု ဆိုနိုင်သော အခြေအနေသည် ယခုတိုင် တည်နေဆဲ ဖြစ်ပါသည်။ နောင်တွင် လူထက် စွမ်းသော သတ္တဝါ (ဂြိုဟ်သား) တစ်စုံတစ်ရာ ပေါ်လာလျှင်တော့ လက်ရှိ လက်ခံ ထားရသော အတွေးအမြင်ကို ပြောင်းသင့် ပြောင်းရပါလိမ့်မည်။ သို့သော် ယခု အထိတော့ဖြင့် ထို အမြင်ကို ပြောင်းလဲစရာ အကြောင်းယုတ္တိ မရှိသေးချေ။

နိဗ်ရှေး နောက် ဆေးစွမ်း တစ်လက်ဖြင့် ဘဝ၏ ရောဂါကို ကုမဖို့ ပေါ်လာသူများမှာ ယူတီလစ်တေးရီးယန်း (Utilitarian) ခေါ်သော 'ပျော်ရွှင် ချမ်းမြေ့မှု ပဓာန ဝါဒီ' များ ဖြစ်ကြလေသည်။ ထို အယူဝါဒကို ဦးဆောင် တီထွင်သူသည် ဂျယ်ရမီ ဘင်သန် (Jeremy Bentham) ဆိုသူ ဖြစ်လေသည်။

၁၈ ရာစုနှစ်တွင် ဘင်သန်၏ အတွေးအခေါ်များ ပေါ်ပေါက်သည်။ သူသည် ဥပဒေသမား ဖြစ်သည်။ လူ့ဘောင် အတွင်း လွတ်လပ်စွာ နေနိုင်ရေးထက် လုံခြုံစိတ်ချစွာ နေနိုင်ရေးကို ပိုပြီး အရေးထားလေသည်။ သူ၏ အဓိက အယူဝါဒမှာ လူသားတို့အား ပျော်ရွှင် ချမ်းမြေ့ဆုံး ဘဝဖြင့် အသက်ရှင် နေနိုင်စေရေး ဖြစ်လေသည်။

သူ့အမြင်တွင် ကောင်းမြတ်ခြင်း ဆိုသော သဘောသည် ပျော်ရွှင် ချမ်းမြေ့မှုပင် ဖြစ်သည်။ ဆင်းရဲ ဒုက္ခ မှန်သမျှသည် အဆိုးတရား အယုတ်တရားများချည်း ဖြစ်သည်။ ပိုပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရလေလေ ထိုအခြေအနေသည် ပိုပြီး ကောင်းလေ ဖြစ်သည်ဟု သူ ဆိုလေသည်။ လူသားတို့အား စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်အောင် အမြင့်ဆုံး ထားနိုင်သော အခြေအနေသည် အကောင်းဆုံးပါပဲဟု သူ ဆိုပါသည်။

အ မှန် တော့ ဤ အယူအဆသည် ဘင်သန် မတိုင်မီ ကတည်းက ပေါ်ပေါက်ခဲ့ပြီးသော အယူအဆ ဖြစ်လေသည်။ သူ့ အတွေးအမြင်တွင် လူအများ နှင့် ဆိုင်သော ပျော်ရွှင် ချမ်းမြေ့မှုကို အဓိက ထားပါသည်။ သို့သော် လူတိုင်းသည် ပုဂ္ဂိုလ်အလိုက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ရေးကိုသာ ရှေးရှုလျက် ကြိုးပမ်း လုပ်ဆောင် တတ်ကြသည်ဖြစ်ရာ ဥပဒေပြု အဖွဲ့သည် ထိုလူတစ်ဦးချင်း၏ အလို ဆန္ဒ (ပျော်ရွှင်ရေး) နှင့် လူ့အဖွဲ့အစည်း တစ်ခုလုံး၏ ပျော်ရွှင် ချမ်းမြေ့ရေးကို အံဝင်ခွင်ကျ မျှမျှတတ ဖြစ်အောင် ဆောင်ရွက် ပေးရမည်ဟုလည်း သူက ဆိုလေသည်။ ထိုသို့ ပုဂ္ဂလိက ပျော်ရွှင်ရေးနှင့် တိုင်းပြည် တစ်ခုလုံး (အဖွဲ့အစည်း တစ်ခုလုံး) ပျော်ရွှင်ရေး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရေးမှာ ဥပဒေက ဆောင်ရွက်ရမည့် အပိုင်း ဖြစ်သည်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က မိမိ စိတ် ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရေး အတွက် တစ်ပါးသူကို ထိခိုက် နစ်နာအောင် ပြစ်မှု ကျူးလွန်လျှင် အရေးယူဖို့ ပြစ်မှု ဥပဒေကို ထားရမည်။ ထိုဥပဒေကို ထားပြီး ပြစ်ဒဏ် စီရင်ရခြင်းမှာ ပြစ်မှု ကျူးလွန်ခြင်းကို တားမြစ်ရန်ပင် ဖြစ်သည်။ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတမှု ရှိအောင်လည်း ဆောင်ရွက်ရမည်။ သေဒဏ် အပြစ် ချမှတ်ခြင်းကိုမူ သူ ကန့်ကွက်ခဲ့လေသည်။

တရားမ ဥပဒေကို အခြေခံ ရည်မှန်းချက် လေးချက် အပေါ်မှာ မူတည်စေရမည်ဟု ဘင်သန် ဟောကြားခဲ့၏။ အသက် မွေးမြူနိုင်မှု၊ ကုံလုံ ကြွယ်ဝမှု (အလျှံပယ် ပေါများမှု)၊ လုံခြုံမှု နှင့် ညီမျှမှု သဘောထား ရည်မှန်းချက် လေးချက်ကို အဓိက ထားရမည် ဆိုရာ၌ လွတ်

www.burmeseclassic.com



လပ်စွာ နေနိုင်မှု (**Liberty**) ကို သူ တမင် မထည့်ဘဲ ချန်ထားသည်ကို သတိထားသင့်ပါသည်။

ဘင်သန်သည် လူတို့၏ ပျော်ရွှင် ချမ်းသာရေး တရားကို ဟောသော်လည်း သူ့ စိတ်ထဲတွင် လူ့ အခွင့်အရေး (**The Rights of Man**) ကိုကား ရှုတ်ချသည့် သဘောထား ရှိသည်ဟု ထင်ရ၏။

သူ့ကို အကြောင်းပြု၍ အရင်းအမြစ်က ပြောင်းလဲရေးဝါဒ (**Radicatism**) ပေါ်ပေါက်သည်ဟု ဆိုနိုင်သည်။ သူ့လက်ထက်က စ၍ လူလူချင်း အခွင့်အလမ်း ညီမျှရေး၊ အဆင့်အတန်း ညီမျှရေး သဘောထားများလည်း ပေါ်ပေါက်လာသည်။

သူသည် ဆင်ခြင်မဲ့ ယုံကြည် သက်ဝင်ရေးကို ငြင်းပယ်သည်။ ထိုအမြင်သည် သူ့အား ထာဝရဘုရားနှင့် ပတ်သက်သော ဘာသာအယူဝါဒကို ငြင်းပယ်ရေးအတွက် လမ်းခင်း ပေးခဲ့လေသည်။ သူ၏ ထူးခြားချက်မှာ ငယ်စဉ် ကတည်းက ဗြိတိသျှတို့၏ နယ်ချဲ့ရေး ဝါဒကို ဆန့်ကျင်ခြင်းပင် ဖြစ်၏။ ကိုလိုနီ နယ်ချဲ့ခြင်းသည် မိုက်မဲခြင်း ဖြစ်သည်ဟု သူ သဘောထားလေသည်။

ဘင်သန်၏ အတွေးအမြင်များကို ဆက်ခံသူများ အနက်တွင် ဂျွန် စတူးဝပ် မီးလ် (**John Stuart Mill**) သည် အထင်ရှားဆုံး ပုဂ္ဂိုလ် ဖြစ်လေသည်။

သူ၏ ***ယူတီလစ်တေးရီးယန်းနစ်ဇင်း*** (Utilitarianism) ကျမ်းသည် သူ့ အတွေးအမြင်များကို ဖော်ပြသည့် အဓိက ဒဿနကျမ်း ဖြစ်လေသည်။ *

ထို ကျမ်းတွင် အဓိက ဖော်ပြသော အချက်မှာ 'ပျော်ရွှင် ချမ်းမြေ့မှုသည် လူတိုင်း လိုလားသော အရာ ဖြစ်သည်၊ ထို့ကြောင့် ထို ပျော်ရွှင် ချမ်းမြေ့မှု (သုခ) ကိုသာ အလိုရှိအပ်သည်' ဟူသော အဆိုပြုချက် ဖြစ်လေသည်။ ထို အမြင်ကို ဒေါသ သင့်နေသော အမြင်ဟု ဘာထရန်ရပ်ဆယ်က ဆိုသည်။

ဤတွင် မေးခွန်း နှစ်ခု ပေါ်ပေါက်သည်။

(၁) လူတိုင်းသည် ပျော်ရွှင်မှု တစ်ခုတည်းကိုသာ လိုက်ရှာနေသလား။

(၂) လူအများ၏ ပျော်ရွှင် ချမ်းမြေ့မှုသည် လူ့ အပြုအမူ အားလုံး၏ မှန်ကန်သော ဘဝ၏ အဆုံး ရည်မှန်းချက် ဖြစ်သလား။

ပထမ မေးခွန်း၏ သဘောမှာ လူသည် စိတ်ချမ်းသာ ပျော်ရွှင်မှုကို လိုလားသည်၊ လိုလားအပ်သည် ဆိုသည်မှာ စိတ်ချမ်းသာလိုသော အလိုဆန္ဒ တစ်ခု ပြည့်ဝခြင်းကို ဆိုခြင်း ဖြစ်ပါသည်။ ဥပမာ ရုပ်ရှင် ကြည့်လိုက်ရ၍ ပျော်ရွှင် ဝမ်းမြောက်ရခြင်း၊ သာယာသော ပတ်ဝန်းကျင် တစ်ခုထဲသို့ ရောက်သွားရ၍ ချမ်းမြေ့ပျော်ရွှင် ရခြင်းမျိုးမှာ တိုက်ရိုက် ခံစားရသော ပျော်ရွှင်မှုဟု ဆိုသော် ဆိုနိုင်ပါလိမ့်မည်။

သို့သော် အလွန့် အလွန် ဗိုက်ဆာနေစဉ် ထိုငတ်မွတ် ဆာလောင်မှုကို ဖြေဖျောက်ရန်မှာ ပျော်ရွှင်မှုကို လိုသလား၊ သို့မဟုတ် အစားအစာကို လိုလားသလား။ ငတ်နေသည့် အချိန်တွင် စိန်တွေ ပုံပေးသဖြင့် အဘယ် မိန်းမသည် ပျော်ရွှင်ပါမည်နည်း။ ထိုစိန်ဖြင့် အလဲအလှယ် ပြု၍ စားစရာ ရနိုင်လျှင်သာ ပျော်ချင် ပျော်မည်။ အစားအစာ မရနိုင်သော အရပ်မှာ စိန်ကို ရလျှင်လည်း ပျော်ရွှင်ဖွယ် အကြောင်း မရှိ။ စိန်သည် မိန်းမတို့၏ အလိုချင်ဆုံး အရာများ အနက် တစ်ခု ဖြစ်ပါ၏။ သို့သော် စိန်သည် အငတ်ဘေး ကြုံနေသူများအား ပျော်ရွှင်မှုကို မပေးနိုင်ပါ။ ထမင်း တစ်လုတ် စားရခြင်းသည် အငတ်ဘေး ကြုံနေခိုက်မှာ အပျော်ရွှင်ဆုံး သုခ ဖြစ်ပါလိမ့်မည်။ ရောဂါ ရ၍ အိပ်ရာပေါ်မှာ ဗုန်းဗုန်း လဲနေသူသည် ဘာကို အလိုချင်ဆုံး ဖြစ်မည်နည်း။ ကျန်းမာရေးကိုသာ အလိုချင်ဆုံး ဖြစ်ပေလိမ့်မည်။ ထိုဝေဒနာရှင်ကို အဘယ် အရာက ပျော်ရွှင်မှု အပေးနိုင်ဆုံး ဖြစ်ပါမည်နည်း။ အမှန်မှာ ပျော်ရွှင်မှုသည် အပြုအမူတို့၏ အဆုံး ရည်မှန်းချက် မဟုတ်ပါ။ ထိုပျော်ရွှင်မှုသည် နောက်ဆက်တွဲ အကျိုးမျှသာ ဖြစ်၍ ဘဝ၏ ပန်းတိုင် မဟုတ်သေးပါ။

ဒုက္ခ ဝေဒနာ ခံစားနေရသူ၏ ပထမ တောင့်တမှုသည် ဝေဒနာမှ လွတ်မြောက်မှုကို ချက်ချင်း ရရေး ဖြစ်ပါသည်။ ပျော်ရွှင်မှုသည် ထိုနောက်မှ အလိုလို လိုက်ပါတတ်သော အကျိုးဆက် တစ်ခု ဖြစ်သည်ကို မီးလ် နားမလည်ခဲ့လေသလား။

မည်သို့ပင် ဆိုစေ ကမ္ဘာပေါ်တွင် လူသားတို့၏ ဘဝကို စာနာစိတ်ဖြင့် ကယ်တင်ချင်သော လောကီ အမြင် ဝါဒ တစ်ခုသည် ဘင်သန် ခေတ်လောက်က စ၍ ပေါ်ပေါက်ခဲ့ပါသည်။ ထိုဝါဒကား အခြား မဟုတ်၊ 'ဆိုရှယ်လစ်' ဟူသော အယူဝါဒ ဖြစ်လေသည်။

တိတိကျကျ ပြောရလျှင် 'ဆိုရှယ်လစ်' ဆိုသော စကားလုံးကို ၁၈၂၇ ခုနှစ်တွင် စတင် သုံးစွဲ ခဲ့လေ

--------------

* *The English Philosopher from Bacon to Mill Etd: E. A. Burtt p 895*

www.burmeseclassic.com



သည်။ ရောဘတ် အိုဝင်၏ နောက်လိုက်များကို ခေါ်သော စကားလုံး ဖြစ်သည်ဟုလည်း ဆိုသည်။

စက်မှု ထွန်းကားလာခြင်းကြောင့် အလုပ်သမား လူတန်းစား အတွင်း ပေါ်ပေါက်ခဲ့သော လူမှုရေး အနိဋ္ဌာရုံများကို ဖြေရှင်းရေး နည်းလမ်းကို ရှာသော စနစ်သည် ခေတ်ဦး ဆိုရှယ်လစ် စနစ် ဖြစ်လေသည်။

ရောဘတ် အိုဝင် လက်ထက်မှာ စတင်ခဲ့သော ဆိုရှယ်လစ် ဝါဒသည် အစဉ် နိုင်ငံရေး နှင့် စီးပွားရေး အမြင် တစ်ခုသာ ဖြစ်ခဲ့သေးသည်။ ဒဿန အမြင်ကား မဖြစ်ခဲ့သေး။

သို့သော် ကားလ်မာ့က်စ် ပေါ်ပေါက် လာသော အခါ ဆိုရှယ်လစ် ဝါဒသည် ဒဿန အမြင် အဆင့်သို့ ရောက်ရှိ လာလေသည်။

ကားလ်မာ့က်စ်သည် ဆိုရှယ်လစ် ဝါဒကို သိပ္ပံနည်းကျ ဒဿန ဖြစ်အောင် ဖန်တီး နိုင်ခဲ့သည်ဟု ပညာရှင်များက လက်ခံကြပါသည်။

၁၈၄၅ ခုနှစ်တွင် ဖွာဘက် **(Feuerbach)** ထံ ရေးသော စာတွင် ကားလ် မာ့က်စ်က 'ရှေးက ဒဿန ဆရာကြီးတို့သည် လောကကြီးကား ဤသို့တည်း၊ ထိုသို့တည်း ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုသည့် အလုပ်ကိုသာ လုပ်ခဲ့ကြပါသည်၊ သို့သော် အမှန်တကယ် ဒဿနဆရာ လုပ်ရမည့် အလုပ်သည် ကမ္ဘာ လောကကြီးကို ပြောင်းလဲသွားအောင် လုပ်ရေးပင် ဖြစ်သည်' ဟု ဆိုလေသည်။

ထို စကားသည် အကျွန်ုပ် စိတ်ကို များစွာ ဆွဲဆောင်ခဲ့ကြောင်း ဝန်ခံရ ပေမည်။

ထိုအခါမှ စ၍ အကျွန်ုပ်လည်း မာ့က်စ်ဝါဒကို လေ့လာပါတော့သည်။

မာ့က်စ် ဝါဒကို အပြင်းအထန် လေ့လာ လိုက်စားသော အချိန်သည် အကျွန်ုပ်၏ အသက် ၃၀ ပတ်ဝန်းကျင် ကာလ ဖြစ်ပါသည်။

မတရားမှုများ၊ ခေါင်းပုံ ဖြတ်မှုများ၊ အမြတ်ကြီးစားမှုများ၊ ဖိနှိပ်မှုများ၊ လူတန်းစား ခွဲခြားမှုများဖြင့် လိမ်းကျံနေသော စက်ဆုပ်ဖွယ် လောကကြီးကို ပြောင်းလဲရေး အတွက် တွေးခေါ်ရှင်သည် လူဖြစ်လာရသည် ဆိုသော အခါ အကျွန်ုပ်သည် ဘဝ၏ အဓိပ္ပာယ် တစ်ခုကို ရှာတွေ့ရသလို ဝမ်းသာမဆုံး ဖြစ်ရလေတော့သည်။

မာ့က်စ်သည် ဆင်းရဲသား လူတန်းစား၏ ဘဝ လွတ်မြောက်ရေး အတွက် သူကိုယ်တိုင် အငတ်အပြတ် ခံကာ ဘဝ တစ်ခုလုံးကို နှစ်မြှုပ်ပြီး စွန့်လွှတ် အနစ်နာခံသွားသည်မှာလည်း အကျွန်ုပ်၏ စိတ်တွင် သူ့ကို ကြည်ညိုဖွယ် ဖြစ်ခဲ့ပါသည်။

သူသည် ရုပ်ဝါဒီ ဖြစ်သည် ဆိုသော်လည်း ၁၈ ရာစုက ပေါ်ပေါက်သော ရုပ်ကြမ်း ဝါဒီများနှင့် တူသည် မဟုတ်ပါ။ သူ့ရုပ်ဝါဒက စိတ်နှင့် ရုပ်ကို ဒိုင်ယာလက်တစ် နည်းဖြင့် ပေါင်းစပ်ထားသော 'ဒိုင်ယာလက်တစ် ရုပ်ဝါဒ' သာ ဖြစ်လေသည်။

အကျွန်ုပ်သည် မာ့က်စ် ဝါဒကို အချိန် အတန်ကြာအောင် လေ့လာ အားထုတ်၍ သဘောမြင်အောင် ကြည့်လျက် နေခဲ့ပါသည်။ တက္ကသိုလ်မှာ ဆရာ ဖြစ်လာပြီးနောက်မှ မာ့က်စ် ဝါဒကို လေ့လာခဲ့ရပေရာ စာသင်သား နားလည်ပုံမျိုး မဟုတ်ဘဲ ဆရာဖြစ် နားလည်ခဲ့သည်ဟု ထင်ပါသည်။

အထူးသဖြင့် မာ့က်စ် ဝါဒကို ဒဿန အမြင် သက်သက် လေ့လာခြင်း ပြုလျှင် ထိုဝါဒ၏ အမှန်သဘောကို သိနားလည်နိုင်မည် မဟုတ်ဟု ထင်ပါသည်။

စင်စစ် ထိုဝါဒသည် လူတစ်ဦးတည်း အပေါ်မှာသာမက ပါတီနှင့် အစိုးရ အပေါ်မှာပါ ဩဇာ လွှမ်းမိုးကာ လက်တွေ့ ကျင့်သုံးရသော အယူဝါဒမျိုး ဖြစ်လျက် နေပေရာ ထိုဝါဒကို လေ့လာသော အခါ ပါတီ ဒဿန အမြင် လူတန်းစား ဒဿနအမြင် အဖြစ်ဖြင့်သာ လေ့လာမှ သင့်မည်ဟုလည်း မှတ်ယူခဲ့ပါသည်။

ထိုသို့ လေ့လာ မိစေရန်လည်း စတာလင် ရေးသားခဲ့သော ***ဒိုင်ယာလက်တစ်နှင့် သမိုင်း ရုပ်ဝါဒ*** ကျမ်းငယ်တွင် 'ဒိုင်ယာလက်တစ် ရုပ်ဝါဒသည် မာ့က်စ် လီနင် ပါတီ၏ လောက အမြင်ပင် ဖြစ်သည်' * ဟု ဆိုထား၍ ဖြစ်ပါသည်။

--------------

* *Dialectical and Historical Materialism*
*J. Stalin*

www.burmeseclassic.com

www.burmeseclassic.com

## ၉။ လောကီ ဒဿနများ၏ ဝင်္ကပါ

အကျွန်ုပ်သည် ရန်ကုန် တက္ကသိုလ် ဒဿနိကဗေဒ ဌာနတွင် နည်းပြဆရာ ဖြစ်လာသော်လည်း အလွတ်ပညာသင် ကျောင်းဆရာ ဘဝကို မစွန့်လွှတ်နိုင်သေးပါ။ ပါမောက္ခက တက္ကသိုလ်မှာ ဆရာအလုပ်ကို လက်ခံရန် တိုက်တွန်းသည့် အချိန်တွင် အကျွန်ုပ်မှာ အပြင်တွင် ဆရာကိုကျော်သူနှင့် တွဲလျက် နည်းပြသင်တန်း လက်ခံထားသည့်ပြင် ဦးလူဖေဝင်း တက္ကသိုလ်ခေါ် အလွတ်ပညာသင် ကျောင်း၌လည်း ဆရာကြီး ဦးစံညွန့် မကွယ်လွန်မီကပင် ပထမကျော် ဆရာ ဦးခင်မောင်ကြီး ထွက်သွားသော နေရာ၌ လူစားဝင်ကာ မြန်မာစာကို တက္ကသိုလ်ဝင်တန်းသားများအား ပြသလျက် ရှိနေလေသည်။

အကျွန်ုပ် တက္ကသိုလ်တွင် အလုပ် မဝင်မီ ရက်ပိုင်း အလိုတွင် ဦးလူဖေဝင်း တက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဦးစံညွန့် ရုတ်တရက် ဦးနှောက် အကြောပြတ်ပြီး ကွယ်လွန်လေသည်။ ကျောင်းအုပ် တာဝန်ကို လွှဲယူလိုက်ရသော ဆရာ ဦးအောင်ခင်နှင့် အတူ အကျွန်ုပ်သည် စာသင်ပြရေး အပြင် ထိုကျောင်း၏ အုပ်ချုပ်ရေးကိစ္စများကိုပါ တွဲ၍ တာဝန် ယူရလေသည်။

ထိုအချိန်တွင် ခေတ်မီ စာပေနှင့် စည်ပင်သာယာ ပုံနှိပ်တိုက် ပိုင်ရှင် ဦးလှသန်းနှင့် ခင်မင် ရင်းနှီးကြပြန်လေသည်။ သူ့တိုက်မှ ထုတ်ဝေရန် အတွက် ကာလပေါ် ဝတ္ထု တစ်ပုဒ်ကိုလည်း အကျွန်ုပ် ရေးသား နေရလေသည်။ ထိုဝတ္ထုသည် 'မုန်း ဆက်ဆက် မရှယ်' ဝတ္ထု ဖြစ်ပါသည်။ ထိုဝတ္ထု မတိုင်မီကလည်း အကျွန်ုပ်သည် အထောက်တော် လှအောင်၏ ကျေးဇူးကြောင့် စာပန်းချီ မဂ္ဂဇင်းတိုက်နှင့် ဆက်သွယ်ရကာ ကာလပေါ်ဝတ္ထုများကို ရေးသား ထုတ်ဝေပြီး ဖြစ်နေလေပြီ။ 'အသဲလမ်းမှာ လျှောက်လာပါ' မှ စ၍ ကာလပေါ် အချစ်ဝတ္ထု ရေးခဲ့ရာ ဒုတိယ 'ဒေါက်တာ မော်လီမိုး'၊ ထို့နောက် တတိယ 'သစ္စာနယ် လွန်သူရယ်'၊ စတုတ္ထ 'မုန်း သံသရာ ချေ' အထိ လေးအုပ် ထုတ်ဝေပြီး ဖြစ်၏။ ယခု 'မုန်း ဆက်ဆက် မရှယ်'မှာ အကျွန်ုပ်၏ ပဥ္စမမြောက် ဝတ္ထု ဖြစ်လေသည်။

ဆိတ်ကွယ်ရာတွင် တစ်ဦးတည်း ဆင်စွယ် ဒဿနဗိမာန်ကြီး တည်ဆောက်ပြီး နေလိုသော အကျွန်ုပ်သည် ဆန္ဒက တခြား၊ ဘဝက တခြား ဖြစ်နေလေသည်။ အလွတ်ပညာသင်ကျောင်း၊ တက္ကသိုလ်၊ စာအုပ်တိုက်၊ စာကြည့်တိုက် ပတ်ဝန်းကျင်တွင် ဂျင်ကလေး တစ်လုံးလို လည်နေရလေသည်။ ဘဝ တစ်နေ့တာ၌ အကျွန်ုပ်၏ ခန္ဓာသည် စက်ကြီး တစ်လုံးလိုလည်း လှုပ်ရှားလည်ပတ် နေရသည်ဟု ထင်ပါသည်။

တစ်နေ့သ၌ အကျွန်ုပ်သည် ကမာရွတ်ဘက်မှ ထိုခေတ် ပြည်တော်သာကားဟု ခေါ်သော လေးလင်းကားကြီး တစ်စီးကို စီးနင်း လာခဲ့ရာ သရက်တောကျောင်းတိုက် အနီး လမ်းမတော် မှတ်တိုင်သို့ ရောက်လေ၏။ ထိုကားများမှာ ပေါ်စအခါ ဖြစ်သဖြင့် ကတ္တီပါအုပ် ဆိုဖာ ထိုင်ခုံများဖြင့် တန်ဆာဆင်ထားလေသည်။ ဘေး မှန်ပြတင်းများမှာလည်း လိုက်ကာ အသစ်အဆန်းများ တပ်ဆင် ထားသဖြင့် တင့်တယ်လှပါသည်။ စစ်ကျန် ချက်ပလက် ခေါင်းတို ကားများကို ပြုပြင်ထားသော ပြည်တွင်းဖြစ် ဘတ်စ်ကားများကို စီးရသည်မှာ အလွန် ခေတ်နောက်ကျသည်ဟု အကျွန်ုပ် ထင်ပါသည်။ ခေတ်စကားဖြင့် ပြောလျှင် 'အောက်' သည်ဟု ထင်ပါသည်။ ပြည်တော်သာ လေးလင်း ကားကြီးများမှာ ခမ်းနား ထည်ဝါသည့်ပြင် စီးရသူ အဖို့ အလွန် သက်သာပါသည်။ ပြုံးချိုသော လက်မှတ်ရောင်း အမျိုးသမီး မိန်းမပျိုများကလည်း ဆင်တူ ယူနီဖောင်းဖြင့် တင့်တယ်ပါသည်။ ထိုကားကြီးကို စီးရတိုင်း အကျွန်ုပ်သည် ဇိမ်ကျသည်ဟုလည်း ခံစားရပါသည်။

ထိုနေ့က လမ်းမတော် မှတ်တိုင်တွင် ကားရပ်လိုက်သော အခါ တိုက်တိုက်ဆိုင်ဆိုင် သရက်တောကျောင်းတိုက်မှ အရုဏ် ဆွမ်းခံကြွပြီး ပြန်လာကြသော သံဃာတော်များကို တွေ့မြင်ရလေသည်။ ထို့နောက် အကျွန်ုပ်၏ မျက်လုံးများသည် ဆေးရုံကြီး အုတ်တံတိုင်းဘေးရှိ အမှိုက်ပုံများဆီ ရောက်သွားလေ၏။ အိုးတစ်လုံးဖျာမရှိ ဘူမိကမ္ဗလာ မြေမွေ့ရာပေါ်တွင် ဂုန်နီစုတ်နှင့်

www.burmeseclassic.com



ဖျာကြမ်းကို အမိုးအကာ ပြုပြီး တဲနန်းကို ဖန်တီးလျက် နေကြရသော ထိုခေတ် နို့ဆီခွက် ကောက်စား လူတန်းစားကို မြင်ရလေ၏။

ထိုအခါ 'လူတန်းစား' ဆိုသော အသိသည် ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်လာလေသည်။ အောက်ကျ နောက်ကျ ဖြစ်နေသော ထိုလူတန်းစား အပေါ်သို့ ချက်ချင်းပင် စေတနာ ရောက်သွားပြန်၏။ ငါသည် ဤဘဝ၌ ဤလူတန်းစား၏ အကျိုးကို ဆောင်ရွက်ခြင်းဖြင့်သာ ကောင်းမှုကို ပြုသင့်သည် ဆိုသော စိတ်သည် အကျွန်ုပ်ရင်ထဲသို့ ရုတ်ခြည်း ဝင်လာလေတော့၏။

ပုတီးစိပ် တရားထိုင်သော အလုပ်ဖြင့် လည်းကောင်း၊ ဘုရားကို လိုက်ရှာသော အလုပ်၊ ဖန်ဆင်းရှင် နတ်ဘုရားကို ပူဇော် ပသသော အလုပ်တို့ဖြင့် လည်းကောင်း ငါ၏ ဘဝကို တစ်ကိုယ်ကောင်းဆန်ဆန် ကုန်လွန်စေမည်လား။ ဆင်းရဲ မွဲတေနေသော လူတန်းစားတို့၏ ဘဝ လွတ်မြောက်ရေး ဆိုသော မာ့က်စ် ဝါဒက သင်ကြားထားသည့် လောကီ အကျိုးမျိုးကို ဆောင်ရွက်ခြင်းဖြင့် ဘဝကို ကုန်လွန် စေမည်လား။

အကျွန်ုပ်၏ စိတ်သည် တိမ်ညွန့်ကြား၌ ပြေးလွှားနေသော နတ်မြင်းပျံ တစ်ကောင်ပမာ လောကီနှင့် လောကုတ္တရာ လမ်းကြားတွင် ခုန်ပေါက် ပြေးလွှား နေလေတော့၏။

'လူ့ဘဝသည် မမြင်နိုင်သော ရန်သူတွေ ဝိုင်းရံလျက် ရှိသော၊ ပင်ပန်းခြင်း ဆင်းရဲခြင်းတို့ နှိပ်စက်ညှဉ်းပန်းသော၊ လူတကာ ရောက်ခဲသော၊ အဆုံး ပန်းတိုင် ရှိသော၊ မသွားဘဲလည်း နှောင့်နှေး ရှည်ကြာမနေသာသော ကန္တာရ ခရီးခဲကို ညဥ့်နက် သန်းခေါင်ယံတွင် သွားရသည်နှင့် တူလှပါသည်' * ဆိုသော ဘာထရန် ရပ်ဆယ်၏ စကားလုံးများကိုလည်း အကျွန်ုပ်၏ နားဝယ် အစဉ် ကြားယောင် နေပါသည်။

ဒဿနပညာသည် အဆိုပါ ခရီးခဲကို မကြောက်မရွံ့ မဖောက်မပြန်သော စိတ်ဖြင့် အဆုံး ပန်းတိုင်သို့ ရောက်အောင် သွားလိုသော လူသားအား လမ်းပြမီးတိုင် သဖွယ် အားကိုးရာ လက်နက်လည်း ဖြစ်မှုကား ကောင်းလေစွဟု တောင့်တ မိပါသည်။

သို့ရာတွင် ရှေးက ဒဿနပညာတို့သည် ဘဝကို ညွှန်ပြနိုင်သော လမ်းပြ မီးတိုင်လည်း မဖြစ်ခဲ့ကြပါ။ ဘဝကို အကာအကွယ် ပေးနိုင်သော လက်နက်ခဲယမ်းလည်း မဖြစ်ခဲ့ကြပါ။ အကျွန်ုပ် စိတ်ထဲတွင်မူ ထိုဒဿနတရားတို့သည် တရားရုံးများတွင် မိမိ၏ အမှုသည် အနိုင်ရရေး အတွက် လျှာ နှစ်ခွဖြင့် လျှောက်လဲချက် ပေးနေကြသော ရှေ့နေများ၏ လျှောက်လဲချက် များ နှင့် သာတူသည်ဟု ထင်နေမိခဲ့ လေသည်။ ရှေ့နေ လိုက်သော တရားများ။

ဘဝ၌ အသက် ရှင်နေရခြင်း အတွက် အကျွန်ုပ်သည် မိမိကိုယ်ကို အပြစ် ကျူးလွန်ထားသော အမှုသည်ဟု သဘောထားရပါမည်လော။ အကယ်၍သာ အကျွန်ုပ်သည် ပြစ်မှု တစ်စုံတစ်ရာကို ကျူးလွန်ထားသည် ဖြစ်မူကား အပြစ်ဒဏ်ကို ကြောက်ရွံ့ ထိတ်လန့်နေမိပေလိမ့်မည်။ ယခုမူ မိမိမှာ ကျူးလွန်ထားသော အပြစ် မရှိဟု ထင်ပါသည်။ ဘာသာတရားများတွင် သင်ကြားထားသော သူ့အသက်ကို သတ်ခြင်း အမှုကိုလည်း အကျွန်ုပ်သည် သိတတ်သော အခါမှ စ၍ သတ်လိုသော စိတ် သိသော စိတ်ဖြင့် မကျူးလွန်ခဲ့ဖူးဟု ထင်ပါသည်။ မသိဘဲ သတ်မိခြင်း၊ မသိ၍ သေစေခြင်းမျိုးတော့ ရှိပါလိမ့်မည်။ အကျွန်ုပ် ငယ်စဉ်ကတော့ ကြက်ကို လည်လိမ် သတ်ခဲ့ဖူးပါ၏။

တစ်ပါးသူ အုပ်ထိန်းခြင်း ရှိသော မိန်းမ၌ မှားယွင်း ကျူးလွန်စိတ်လည်း အကျွန်ုပ်မှာ မရှိဘူးဟု ထင်ပါသည်။ ငယ်စဉ်က ကိလေသာစိတ် သောင်းကျန်းစဉ် ကြေးစား မိန်းမများနှင့် တစ်ကြိမ် နှစ်ကြိမ် ဆက်ဆံဖူးသည်ကိုမူ အကျွန်ုပ် ဝန်ခံရပါမည်။ ထိုမှတစ်ပါး မိန်းမစိမ်းနှင့် ဆက်ဆံခြင်း မရှိခဲ့ပါ။ သီလ မစင်ကြယ်မီကမူ အဆင်းလှသော မိန်းမများကို မြင်လျှင် စိတ်ဖြင့် ကျူးလွန်ခဲ့ခြင်း မကင်းကြောင်းကိုမူ ဝန်ခံရပေမည်။ မ နှင့် ရည်းစား ဖြစ်ခဲ့သော အချိန်ကာလသည် သုံးနှစ်ကျော် ကြာမြင့်ခဲ့သော်လည်း အကျွန်ုပ်တို့ နှစ်ဦးသည် သန့်သန့် ရှင်းရှင်း နေခဲ့ကြလေသည်။ အကျွန်ုပ်သည် အချစ်ကို အလွန်အမင်း တန်ဖိုးထားသူ ဖြစ်ပေရာ အချစ်၏ ညစ်နွမ်းခြင်းကို ကိုယ်ဖြင့် ပြုဖို့ မဆိုထားဘိ၊ စိတ်ဖြင့်ပင် မကြံစည်ပါ။ အချစ်၏ တန်ဖိုးကို ယုတ်လျော့စေသော အပြုအမူ မှန်သမျှကို အကျွန်ုပ် စက်ဆုပ်ပါသည်။

အရက်သေစာ သောက် စား သော မိတ်ဆွေ အပေါင်းအသင်းမှ ဝေးအောင် ရှောင်ခဲ့သော အခါမှ စ၍ အရက်သေစာ သောက်စားခြင်းလည်း နည်းသွားပါသည်။ သို့သော် လုံးဝ ကင်းရှင်းခဲ့သလား ဆိုလျှင်

---

* *Mysticism and Logic, B. Russell p 57*

www.burmeseclassic.com



အသက် ၃၅ နှစ် မတိုင်မီ အထိတော့ လုံး၀ ကင်းရှင်းသည့် အဆင့်သို့ မရောက်ပါ။ ၃၅ နှစ် ကျော်မှ အရက်ရော ဆေးလိပ်ကိုပါ လုံး၀ စွန့်ပစ်နိုင်သော အဖြစ်အနေသို့ ဆိုက်ရောက်ပါသည်။

လောကတွင် အကျွန်ုပ် အမုန်းဆုံးနှင့် အကြောက်ဆုံးမှာ မုသာဝါဒ ဖြစ်ပါသည်။ မုသား ဆိုဝံ့သော သူသည် တခြားသော အကုသိုလ် ဒုစရိုက်များကို ကျူးလွန်ရန်လည်း ဝန်လေးသူ မဟုတ်ဟု အကျွန်ုပ် တထစ်ချ ယုံကြည်ပါသည်။ ထို မုသာဝါဒကို မုန်းတီးအောင် ဖန်တီးသူမှာ အကျွန်ုပ်၏ မိခင် ဖြစ်ပါသည်။ ငယ်စဉ်က အကျွန်ုပ်သည် မိခင်၏ ဈေးတောင်းထဲမှ ပိုက်ဆံများကို တစ်ခါတစ်ရံ ခိုးယူတတ်ပါသည်။ ခိုးတိုင်းလည်း မိခင် သိပါသည်။ သိတိုင်းလည်း ခေါ်ယူ စစ်ဆေးပါသည်။ စစ်ဆေးသည့် အခါတိုင်း အမှန်ပင် ခိုးမိကြောင်း ဝန်ခံလျှင် မိခင်သည် တုတ်ဖြင့် မရိုက်ပါ။ မျက်ရည်ဖြင့် ရိုက်ပါသည်။ ဆင်းရဲခဲ့ရသော မိမိတို့ ဘ၀၏ နာကြည်းဖွယ်ရာများ၊ ပိုက်ဆံ မရှိလျှင် လူရာ မဝင်ပုံများ၊ မျက်နှာငယ်ပုံများကို ပြောရင်း ငိုလေ့ ရှိပါသည်။ ထိုအခါ အကျွန်ုပ် အသည်း ကျွမ်းမတတ် ပူလောင်စွာ ခံစားရပါသည်။ တစ်ခါတစ်ရံ မိခင် ငိုမှာစိုး၍ အကျွန်ုပ် လိမ်မိပါသည်။ ထိုအခါ မိခင်သည် အလွန် ခက်ထန်သော မျက်နှာထားဖြင့် တုတ် တစ်ချောင်း ကျိုးကြေအောင် ရိုက်တတ်ပါသည်။ နောင်အခါ မုသား ဆိုလျှင် ရိုက်ကတ်သော မိခင်အား မလိမ်ဝံ့တော့ပါ။ အမှန် ပြောပြန်လျှင်လည်း မျက်ရည်စက်လက်ဖြင့် စကားကြော ရှည်စွာ ဆုံးမတတ်သော မိခင်ကြောင့် ခိုးယူခြင်း အလေ့အထကိုပါ စွန့်ခဲ့ရပါသည်။ မိမိ မပိုင်သော ပစ္စည်းကို လိုချင်တပ်မက်စိတ် ကင်းအောင် လည်းကောင်း၊ နောက်ဆုံးလိုလည်း လိုချင်သည်၊ တခြား တစ်နည်း တရားဝင် ရပိုင်ခွင့် မရှိတော့လျှင် တောင်းယူဖို့ မိခင် ပြောပါသည်။ ထိုအခါမှ စ၍ မပေးဘဲ ယူခြင်း အလေ့အထလည်း အကျွန်ုပ်ထံတွင် မရှိတော့ပါ။ မသိဘဲနှင့်လည်း မယူပါ။ မသုံးပါ။

ထို့ကြောင့်လည်း အကျွန်ုပ်သည် ငယ်စဉ်ကပင် စိတ်လွတ်လပ်မှု ရှိနေခဲ့သလား မပြောတတ်ပါ။ ကိုယ့်အပြစ် မရှိလျှင် ကြောက်စရာ မလို ဆိုသော သဘောမျိုး ထားခဲ့ခြင်း ဖြစ်လေသလားလည်း မပြောတတ်တော့ပါ။ မည်သည့် ကိစ္စ၌ ဖြစ်စေ အမှန်ကို သိလိုသောစိတ် (ဝါ) ဆင်ခြင်ဉာဏ်ဖြင့် တိုင်းထွာပြီးမှ လက်ခံသော သဘောမျိုးကိုသာ အကျွန်ုပ် နှစ်သက်ခဲ့ပါသည်။

ယခုမူ အကျွန်ုပ်သည် အင်အားကို ကြောက်လန့်ပြီး ကိုးကွယ်ခြင်းမျိုးနှင့် မစမှု (ဝါ) အခွင့်အရေးကို မျှော်ကိုးပြီး ကိုးကွယ်ခြင်းမျိုးတို့ထက် ကောင်းမြတ်ခြင်း မှန်ကန်ခြင်းကို သိပြီး ကိုးကွယ်ရခြင်းမျိုးကိုသာ ပို၍ တန်ဖိုးလည်း ထားတတ်ကာ ကြည်ညိုတတ်လာပြီ ဖြစ်ပါသည်။

ထိုသဘောသည် ဝေဒနာကို ပျောက်ကင်းအောင် ကုသပေးသော ဆေးဆရာအား ယုံကြည် အားထားခြင်းမျိုးနှင့် တူသည်ဟု ဆိုလျှင် ဆိုသင့်မည် ထင်ပါသည်။ ခေတ်သစ်တွင် သိပ္ပံပညာသည် လူသားတို့ ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများကို လက်တွေ့ ပြေလည်အောင် ဖြေရှင်းပေးခြင်းဖြင့် လူသားတို့၏ ယုံကြည် အားထားမှုကို အရ ယူနိုင်ခဲ့ပါသည်။

အကျွန်ုပ်၏ အမြင်တွင်လည်း လူသား၏ ဘ၀ကို ရှုမြင်ရာ၌ အမေရိကန် ဒဿန ဆရာကြီး ဂျွန်ဂျူဝီ (John Dewey) ရှုမြင်ပုံသည် မှန်သည်ဟု ထင်ပါသည်။ ဂျွန်ဂျူဝီက

'လူသားသည် အမှတ်မထင် ဖြစ်ပျက်တတ်သော စိတ်မချရသော ကမ္ဘာကြီးထဲမှာ အသက် ရှင်နေရသည်ကို သိမြင်လာရသော အခါ သူ့ဘ၀သည် ရိုင်းရိုင်း ပြောရလျှင် လောင်းကစား နေရသည့် အဖြစ်မျိုးနှင့် တူနေမှန်းလည်း သိလာရလေသည်။ ကမ္ဘာကြီးသည် မသေချာမှု၊ မရေရာမှု၊ မတည်ငြိမ်မှုများဖြင့် စွန့်စား နေရသော မြင်ကွင်းကြီး တစ်ခုလိုပင် ဘေးအန္တရာယ်များမှာလည်း ပုံမှန် မရှိ၊ ဘယ်အချိန် ဖြစ်မည်၊ ဘယ်ရာသီ ဖြစ်မည်ဟုလည်း အတိအကျ မရှိ။ အန္တရာယ်တွေသည် မဖြစ်ဘဲ မနေသော်လည်း ကွက်တိကွက်ကျား ကမောက်ကမသာ ဖြစ်တတ်ကြလေသည်။ အရဏ် မတက်မီ အမှောင်ဆုံး ဖြစ်တတ်သည်။ မကျဆုံးမီ ဂုဏ်မာန် အတက်ကြွဆုံး ဖြစ်တတ်သည်။ အကြွယ်ဝဆုံး အပေါ်များဆုံး အမိုက်အတန့်သည် နိမိတ်ဆိုးများ အဆိုက်ရောက်ဆုံး ကာလပင် ဖြစ်သည်။ ရောဂါဘေး၊ အငတ်ဘေး၊ သီးနှံပျက်စီးမှုဘေး၊ ကပ်ဘေး၊ သေဘေး၊ စစ်ဘေးတို့လည်း အမြဲပင် လူ့ဘ၀ကို ဝန်းရံနေကြလေသည်။ ကံဆိုး ကံကောင်း မည်သို့ ကြုံရမည်လည်း မသိ။

'မနုဿဗေဒ ပညာရှင်များက မငြင်းသာဖွယ် ဆိုသော စကား တစ်ခုမှာ ထို မသေချာမှု၊ မရေရာမှု၊ အမြဲ စိတ်ချဖွယ် မရှိမှု စသော လောကဖြစ်ရပ်များကြောင့်

www.burmeseclassic.com



ဘာသာ အယူဝါဒများ ကိုးကွယ် ပသမှုများ ပေါ်ပေါက်လာရသည်ဟု ဆိုကြလေသည်။

'ထိုလောက၏ မသေချာမှု မရေရာမှု စိတ်မချရမှုများနှင့် ဆက်စပ်သော ယုံကြည် သက်ဝင်မှု၊ စီမံဆောင်ရွက်မှုများကို ကျောထောက်နောက်ခံ ပြုလျက် ဒဿန ပညာနှင့် လောကီ ကိုယ်ကျင့်တရား (ထုံးတမ်းဥပဒေ) များ တဖြည်းဖြည်း ပေါ်ပေါက် လာကြရပါသည်။' *

ဂျူဝီ၏ ထိုစကားကို အကျွန်ုပ် လက်ခံနိုင်ပါသည်။ သို့ရာတွင် ထို ဒဿန ပညာများသည် ဘဝ၏ အနာရောဂါကို အမှန်အကန် သိအောင်လည်း မပြုခဲ့ကြ။ လိုအပ်သော ဆေးကို တွေ့အောင်လည်း မရှာခဲ့ကြ။ ရောဂါကို ပျောက်အောင်လည်း မကုနိုင်ခဲ့ကြခြင်း အတွက်သာ အကျွန်ုပ် စိတ်မချမ်းမသာ ဖြစ်မိပါသည်။

ရှေးက ပေါ်ပေါက်ခဲ့သော ဒဿန ဆရာများ ပြောဆို နေကြပုံကို လေ့လာရသည်မှာ ဒဏ္ဍာရီထဲတွင် မျက်မမြင်ပုဏ္ဏား ခြောက်ယောက်တို့ ဆင်ကောင်ကြီးကို စမ်းသပ်ပြီး ထင်ရာကို ပြောဆိုနေကြသည်နှင့်ပင် တူနေလေတော့၏။

ပုံဝတ္ထုများလို ဒဏ္ဍာရီများလို လက်တွေ့ဘဝအတွက် ဘာမှ အထောက် အကူ မပြုသော အတွေးအမြင် အယူအဆများသည် ဘယ်လောက်ကြီး လေးနက်သည် ဆိုဆို၊ ဘယ်လိုပင် ကြီးကျယ်သည် ပြောပြော အကျွန်ုပ် စိတ်ထဲတွင်မူ တန်ဖိုး ထားလောက်သည်ဟု ထင်ရန် အကြောင်း မမြင်ခဲ့ချေ။ ကြာကြာဝါးလေ ခါးလေ ဆိုသကဲ့သို့သာ အကျွန်ုပ် စိတ်မှာ ခံစားခဲ့ရလေသည်။

လူသားများ အတွက် လူမှုဒုက္ခ အပေါင်းမှ ကယ်တင်နိုင်မည့် လောကီ ဒဿန တစ်စုံတစ်ရာ မရှိတော့ပြီလော။ ရှိပါမူကား ကောင်းလေစွဟု စိတ်မှာ ထင်လျက် တမ်းတနေစဉ် မဟာဝိဇ္ဇာတန်း နောက်ဆုံးနှစ်တွင် မာ့က်စ် ဝါဒကို အကျွန်ုပ် စတင် လေ့လာမိခြင်း ဖြစ်လေ၏။

တက္ကသိုလ်မှာ ဆရာ ဖြစ်လာပြီးနောက် အကျွန်ုပ်နှင့် ရင်းနှီး ချစ်ခင်လာသူမှာ ကိုစိုးမြင့် (ယခု ဒဿနိက ဗေဒ ကထိက၊ မော်လမြိုင် တက္ကသိုလ်) ဖြစ်လေသည်။ သူနှင့် အကျွန်ုပ်တို့မှာ အတွေးအမြင် တူသည့်အခါ တူကြပြီး မတူသည့်အခါ မတူကြပါ။ တူသည့် အခါတွင် အကျွန်ုပ်တို့ နှစ်ဦးသည် အလွန် ချစ်ကြပြီး မတူသည့် အခါတွင် ရန်ဖြစ်ကြသောကြောင့် ချစ်ပြီး ခဏ ခဏ ရန်ဖြစ်တတ်သော လင်မယားနှင့်ပင် တူနေသည်ဟု ဆိုသင့်ပါတော့သည်။

မာ့က်စ်ဝါဒကို သဲကြီးမဲကြီး လေ့လာကြရာတွင် သူနှင့် အကျွန်ုပ်တို့မှာ တူညီနေကြလေသည်။ ကိုစိုးမြင့်သည် အကျွန်ုပ် မသိဘဲနှင့် သူ့ဘာသာ မာ့က်စ်ဝါဒကို ကျိတ်ပြီး လေ့လာ နေလေသည်။ ကျိတ်၍ လေ့လာ နေသည်ဟု ဆိုရခြင်းမှာ ပါမောက္ခ ဆရာကား လက်ထက်တွင် မာ့က်စ်ဝါဒကို အကျွန်ုပ်တို့ ဌာနမှာ သင်ကြားပေးခြင်း မရှိဘဲ ဖယ်ထားသောကြောင့် ဖြစ်လေသည်။

တစ်နေ့ ဆရာကားသည် အကျွန်ုပ်တို့ မဟာဝိဇ္ဇာ နောက်ဆုံးနှစ်တန်းသားများကို ၂၀ ရာစု မျက်မှောက်ခေတ် ဒဿန အကြောင်းကို သင်ကြား ပို့ချလေသည်။ မျက်မှောက် ဒဿနခေတ်ကို ဝိဘဇ္ဇခေတ် (The Age of Analysis) ဟု မော်တန် ဝိုက် (Morton White) ဆိုသူက ဆိုလေသည်။ ထိုခေတ်ကို ဟားဗတ် ခိုးလ် ဆိုသူ ပညာရှင်ကမူ ရှုပ်ထွေးသောခေတ် (The Age of Complexity) ဟု ခေါ်လေသည်။

ပါမောက္ခ ဆရာကားသည် နှစ်ဆယ်ရာစု မျက်မှောက်ခေတ် ဒဿနများ တိုးတက် ထွန်းကားလာပုံ သဘာဝ ပေါ်အောင် သုံးသပ်ပြလေသည်။ သုံးသပ်ပြပုံမှာ ဤသို့ ဖြစ်ပါသည်။

'နှစ်ဆယ်ရာစု အတွေးအမြင်များကို လေ့လာကြတဲ့ အခါ ဆယ့်ကိုးရာစု အကုန်လောက်မှာ ဟေဂယ်ရဲ့ ကမ္ဘာ့ ဝိညာဉ်တော်လို့ ခေါ်တဲ့ အကြွင်းမဲ့ နာမ်တော်ဝါဒ ခေတ်မိန်လာတဲ့ အကြောင်းက စပြီး လေ့လာသင့်တယ်၊ ပထမတုန်းကတော့ ဟေဂယ်ရဲ့ အတွေးအမြင်တွေဟာ ဥရောပမှာသာမက အင်္ဂလန်မှာရော အမေရိကန်အထိတောင် ပျံ့နှံ့ သွားခဲ့တယ်၊ ကားလ်မာ့က်စ်၊ ကဲကီးဂတ် (Kierkegaard)၊ ဂျွန်ဂျူဝီ၊ ဘာထရန်ရပ်ဆယ်၊ ဂျီအီးမိုး (G. E. Moore) စတဲ့ နှစ်ဆယ်ရာစု တွေးခေါ်ရှင်များ အားလုံးဟာ တစ်နည်းမဟုတ် တစ်နည်း ဟေဂယ်ရဲ့ အတွေးအခေါ် ဩဇာ လွှမ်းမိုးတာကို ခံခဲ့ရတာချည်းပဲလို့ မှတ်ပါ၊ * ဟေဂယ်ရဲ့ အတွေးအမြင် သဘောကို ပြန်သတိရဖို့ ဆရာ ခြေရာကောက်တဲ့ အနေနှင့် အဓိက အချက် အချို့ကို ပြန်ပြောပါ့မယ်။

---

* *Experience and Nature, John Dewey p 42*

* *The Age of Analysis, Morton White p 13*

www.burmeseclassic.com



'ဟေဂယ်ရဲ့ အတွေးအခေါ်မှာ ထူးခြားလာတဲ့ အချက် တစ်ချက်က စကြဝဠာ အမြင်ပဲ၊ သူက စကြဝဠာကြီးဟာ ကမ္ဘာ့ ဝိညာဉ်တော်ကြီးရဲ့ လုပ်ရပ်တွေ ဖြစ်ပေါ် တိုးတက်နေပုံနှင့် ဉာဏ်စဉ် ဆိုက်ပုံတွေကို ဖော်ထုတ် ဖွင့်ပြနေတယ်တဲ့၊ ဒါကြောင့် စကြဝဠာကြီးရဲ့ ဖြစ်ပေါ်နေပုံတွေ နှင့် သက်ရှိ သတ္တဝါတွေ ဖြစ်ပေါ်နေပုံတွေဟာ မတူဘူးလို့ မမှတ်ရဘူး၊ ဒီအမြင်ဟာ စကြဝဠာ ခေါ်တဲ့ သဘာဝ လောကကြီးမှာ အသိဉာဏ် ရှိတယ်၊ လိုလားချက်တွေ ရည်မှန်းချက်တွေ ကြံရွယ်ချက်တွေနှင့် အဆုံး ပန်းတိုင်တွေ ရှိတယ်လို့ ယူတဲ့ အယူပဲ၊ စကြဝဠာကြီးဟာ ဝိညာဉ်သဘော ရှိတယ်၊ ဦးတည်ချက် ရှိတယ်လို့ မြင်တဲ့ အမြင်ပဲ။

'ဒုတိယ အရေးပါတဲ့ ဟေဂယ်ရဲ့ ဒဿနအမြင် တစ်ခုကတော့ သူ့ရဲ့ နာမ် ဝါဒ သဘောထဲက ဒိုင်ယာလက်တစ် အမြင်ပဲ၊ ဒီ ဒိုင်ယာလက်တစ်ကို ကားလ် မာ့က်စ်က ဝိညာဏ ဝါဒကနေ ရုပ်ဝါဒမှာ ခေါင်းပြောင်း တပ်ပြီး သူ့ရဲ့ သမိုင်း ဒဿနမှာလည်း ဒီ ဒိုင်ယာလက်တစ်ကို အသုံးချခဲ့တယ်၊ မာ့က်စ်က အရင်းရှင် လူတန်းစားဟာ မူလ လူတန်းစား၊ ဒီ မူလ လူတန်းစားကို ဆန့်ကျင်ပြီး ပဋိပက္ခ ဖြစ်လာတာက အလုပ်သမား လူတန်းစား၊ ဒီ လူတန်းစား နှစ်ခုကြားမှာ သမ္ဗုဟ အနေနှင့် ဖြစ်ပေါ်လာတာက လူတန်းစား တိုက်ပွဲ ဆိုပြီး ရှင်းပြတယ်၊ သမိုင်းကို ဒီနည်းနှင့် ရှင်းပြပြီးတဲ့ အခါကျတော့ ဒီ ဒိုင်ယာလက်တစ် ယုတ္တိဗေဒ နည်းဟာ အလွန် ဟုတ်ပြီ မှန်ပြီ ထင်ပြီး သူက ရူပဗေဒကိုရော ဇီဝဗေဒကိုရော၊ သင်္ချာကိုရော ဒီနည်းနှင့် ရှင်းဖို့ ထပ်ကြိုးစားသေးတယ်၊ ဒါပေမယ့် မအောင်မြင်ပါဘူး၊ နောက်ဆုံးတော့ အချည်းနှီး အဓိပ္ပာယ် မရှိတာဘဲ ဖြစ်ခဲ့တယ်။

'မာ့က်စ်ဝါဒကို ဆရာတို့ ဒီမှာ အကျယ် ဆွေးနွေးဖို့ မရည်ရွယ်ပါဘူး၊ အဓိက ပြောသင့်တဲ့ အချက်က ဘာလဲ ဆိုတော့ နှစ်ဆယ်ရာစု အတွေးအခေါ်တွေဟာ ဟေဂယ်ရဲ့ အကြွင်းမဲ့ နာမ်ဝါဒကို ခုခံ တိုက်ခိုက်ရင်း စတင်ခဲ့ကြတယ် ဆိုတဲ့ အချက်ပါပဲ။

''နှစ်ဆယ်ရာစု အနောက်တိုင်း ဒဿနများ ထွန်းကားရာ ဌာနတွေကတော့ ဥရောပ အင်္ဂလန်နှင့် အမေရိကန်တို့မှာ ဖြစ်ပါတယ်၊ ထူးခြားတဲ့ ဒဿနတွေကတော့ ဂျီအီးမိုး လက်ထက်မှာ သာမန်လူတိုင်းသိ သဘောမှန်ဝါဒ (**Commonsense Realism**) ပြန်လည် ထွန်းကားလာတယ်၊ သာမန်လူတိုင်းသိ သဘောမှန်ဝါဒ ဆိုတာ တခြား မဟုတ်ဘူး၊ လူတွေ နေ့စဉ် နေ့တိုင်း လောကကြီးကို ထိတွေ့သိမြင် နားလည်နေကြတဲ့ သဘော အတိုင်း တွေးနေ သိနေ နားလည် နေကြတာတွေဟာ အားလုံး အမှန်ချည်းပဲ ဖြစ်တယ်လို့ ယူတဲ့ အယူပဲ။

'၁၉၅၃ ခုနှစ်တုန်းက ထုတ်ဝေခဲ့တဲ့ ဂျီအီးမိုးရဲ့ ***ဒဿနပညာ ဆိုတာ ဘာလဲ*** (**What is Philosophy**) ကျမ်းမှာ သာမန်လူတိုင်းသိ သဘောမှန် ဝါဒရဲ့ အဓိက အချက်အလက် အချို့နှင့် ပြဿနာ အချို့ကို အခန်း တစ်မှာ ဖော်ပြထားတယ်၊ အဲဒီအထဲက အဓိကကျတဲ့ အချက် အချို့ကို ဆရာ ထုတ်နုတ် တင်ပြဖို့ ရည်ရွယ်ပါတယ်၊ ဂျီအီးမိုးက ဘယ်လို ဆိုသလဲ ဆိုတော့...

'ပထမဆုံး အနေနှင့် ဒဿန ပညာရဲ့ ယေဘုယျ သဘောကို ကျွန်ုပ် တင်ပြလိုပါသည်၊ ထိုသဘောမှာ အစဉ်သဖြင့် ဒဿနဆရာများသည် ဘယ်သို့သော အမေး ပုစ္ဆာများကို မေးခဲ့ကြပြီး ဘယ်သို့သော အဖြေများကို ပေးခဲ့ကြသနည်း ဆိုသည့် အချက် ဖြစ်ပါသည်၊ ဤ သဘောက စ၍ ကျွန်ုပ် ဆိုရသည့် အကြောင်းမှာ နှစ်ခု ရှိပါသည်၊ ပထမ အကြောင်းမှာ ကျွန်ုပ် ဆွေးနွေးရန် ရည်ရွယ်သည့် ဒဿန ပြဿနာများသည် မည်သို့သော ပြဿနာမျိုး ဖြစ်သည် ဆိုသော အချက်ကို စာဖတ်သူ အား စိတ်ကူးရအောင် သဘော ပြလိုခြင်း အကြောင်း ဖြစ်ပါသည်၊ ဒုတိယ အနေနှင့်မူ ဒဿန ပညာ၏ အဓိက ပြဿနာများကို အကျယ်တဝင့် စတင် ဆွေးနွေး ခြင်းသည် အကောင်းဆုံးနည်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ယူဆ ပါသည်။

'ပထမဆုံး အနေနှင့် ဒဿန ပညာ၏ အလုံးစုံ ဥသုံ သဘောကို ခြုံ၍ ကျွန်ုပ် ဆွေးနွေးချင်ပါသည်၊ သို့သော် ထင်သလောက် မလွယ်ပါ၊ အဘယ်ကြောင့် ဆိုသော် ရှေးက ဒဿန ဆရာများ ဉာဏ်ကျက်စားခဲ့ ကြသော ဒဿန ပြဿနာများမှာ အဆမတန် ကျယ် ပြန့်ပြီး ရှုပ်ထွေး များမြောင်သောကြောင့် ဖြစ်ပါသည်၊ သို့ဖြစ်ရာ ပြဿနာ အကုန်အစင်ကို ကိုင်တွယ် ဖြေရှင်း ဖို့မှာ အခက်အခဲ များစွာ ရှိပါသည်၊ ပြဿနာ တစ်ခုနှင့် တစ်ခု ဆက်စပ်မိအောင် စီစဉ် တင်ပြဖို့ပင် မလွယ်ပါ၊ ထို့ကြောင့် ကျွန်ုပ် စိတ်ထဲတွင် အဓိကကျသည်ဟု ထင် သော ပြဿနာ (အရေးပါသည် ထင်သော ပြဿနာ) က စ၍သာ ဆိုပါတော့မည်။

'ကျွန်ုပ် စိတ်ထင် ဒဿန ပညာ၏ အရေး အကြီးဆုံး ပြဿနာသည် စကြဝဠာကြီး တစ်ခုလုံးကို

www.burmeseclassic.com



ခြုံလွှမ်းသော ယေဘုယျ အမြင်ကို တင်ပြရေးပင် ဖြစ်
သည်ဟု ထင်ပါသည်၊ ရှေးက ဒဿနဆရာများ (အား
လုံးဟု မဆိုသာသော်လည်း အများအပြား) သည် ထိုသို့
စကြဝဠာ အမြင် လောက အမြင်ကို ဖော်ပြဖို့ ကြိုးစား
ခဲ့ကြသည်ဟု ကျွန်ုပ် ထင်ပါ၏၊ ရှေးက ဒဿနဆရာ
များ တစ်ယောက်နှင့် တစ်ယောက် မတူ အယူကွဲပြား
နေခြင်းမှာ ထိုသူတို့၏ လောကကို ခြုံ၍ ရှုမြင် သုံး
သပ်သော အမြင်၌ ကွဲပြားနေကြခြင်းသာ ဖြစ်သည်ဟု
ကျွန်ုပ် ထင်ပါသည်လို့ ဂျီအီးမိုးက ဆိုပြီး သူ့ရဲ့ သာမန်
လူတိုင်းသိ သဘောမှန် ဝါဒကို တင်ပြဖို့ ကြိုးစားခဲ့
တယ်။

'ဖီလိုဆိုဖာတွေသာမက လူသာမန်တွေမှာလည်း
လောကကြီးကို ခြုံပြီး သုံးသပ်တဲ့ အမြင်တွေ ရှိပါတယ်
တဲ့၊ ဆိုပါတော့၊ လောကကြီးမှာ ရုပ်ဆိုတဲ့ သဘောလည်း
အမှန် ရှိတယ်၊ ရုပ် ဆိုတာ အာကာသကြီးထဲမှာ ဖြစ်
တည်နေတဲ့ ဝတ္ထု ပစ္စည်းတွေရဲ့ ယေဘုယျ သဘော
တစ်ခုပဲ၊ ပြီးတော့ လူသာမန်တွေဟာ နာမ် (သိစိတ်)
ဆိုတဲ့ သဘော တစ်ခုတည်း အမှန် ရှိတယ်လို့ ယုံကြည်
ထားကြတာပဲတဲ့၊ ပြီးတော့ ဒီလောကကြီး တစ်ခုလုံးဟာ
ရုပ်နာမ် ဓမ္မကြီးလို့ မြင်ကြတာပဲတဲ့၊ ဒါကို ဖီလိုဆိုဖာ
တွေက အတွေးလွန်ပြီး ဒီရုပ်နာမ်တွေက အရင်းမူလ
မဟုတ်သေးဘူး၊ ဒီ ရုပ်ဓမ္မ နာမ်ဓမ္မတွေရဲ့ အလွန်မှာ
ဒီတရား နှစ်ပါးကို ပြုပြင် ချုပ်ကိုင်ထားတဲ့ ထာဝရ
အခြေခံ တရားကြီး တစ်ခု ရှိတန်ရာရဲ့လို့ ဆိုလာကြ
တယ်၊ ပြီးတော့ လူသာမန်တွေရဲ့ နေ့စဉ် အတွေ့အကြုံ
မှာ ဘယ်လိုမှ မမြင်နိုင် မကြားနိုင် မသိနိုင်တဲ့ အပို
သဘောတွေကို ဖြည့်စွက် ထည့်သွင်း လာကြတယ်၊ ဒါ
တွေက ဘာလဲ ဆိုတော့ ထာဝရ ဘုရားသခင် ဖန်ဆင်းရှင်
ဆိုတာတွေ၊ သေပြီးနောက် အနာဂတ် (တမလွန် ဘဝ)
ဆိုတာတွေပါပဲ တဲ့၊ ဒီသဘောတွေကို လူသာမန်တွေ
ကတော့ ဘယ်နည်းနှင့်မှ သိလည်း မသိဘူး၊ သိလည်း
မသိနိုင်ဘူးလို့ သူက ဆိုလာတယ်'

ဆရာကား၏ ရှေ့စကား မဆက်မီ နီမြန်းသော
မျက်နှာကို ဆင်လျက် ကိုစိုးမြင့်သည် ထိုင်ရာက ထ
လေ၏။ ပါမောက္ခလည်း သူ့စကားကို ရပ်လျက် ကို
စိုးမြင့် တင်လာမည့် ပြဿနာကို နားစွင့်နေလေ၏။

ကိုစိုးမြင့်၏ မျက်နှာပေါ်တွင် ဟန်မဆောင်နိုင်
အောင် ဒေါသရောင်သည် နီမြန်းနေပါသည်။ တင်းမာ
သော သူ့မျက်နှာ၌ မနှစ်သက်ခြင်း သည်းမခံနိုင်ခြင်း
ဒေါသသည် စုခဲနေလေသည်။ သူသည် ရင်ထဲတွင်
ဘယ်လောက် ခံပြင်းနေသလဲ မသိပါ။ ပါမောက္ခကို
မေးသော သူ၏ စကားလုံးများလည်း ခက်ထန် မာကျော
နေကြလေသည်။ အမှန်ဆိုလျှင် သူ စကားလုံး ရွေးပြီး
ပြောသင့်သည်ဟု ထင်ပါသည်။ ယခုမူ သူက

'နေပါဦး ဆရာ၊ ဒီ ဂျီအီးမိုး အတွေးအခေါ်တွေ
က ဘာ အသုံးကျလို့လဲ၊ ဒါတွေဟာ အပ်ကြောင်း ထပ်
နေတဲ့ စကားတွေပဲ၊ ဒီအတွေးအခေါ် အစုတ်ပလုတ်
တွေက လူ့ဘဝရဲ့ ပြဿနာတွေကို ဘာတစ်ခု ဖြေရှင်း
နိုင်လို့လဲ၊ အလကား ကြောင်ရေချိုး နေကြတာတွေပဲ
ဟာ၊ ဒီ ဘူဇွာ အတွေးအခေါ်တွေကို သင်နေလို့တော့
ကျွန်တော်တို့ ဒဿနိကဗေဒ ဌာနကြီးလည်း တိုးတက်
မှာ မဟုတ်ဘူး၊ ဒီအတွေးအခေါ်မျိုးတွေကို သင်ကြား
တတ်မြောက်လို့ကော လူတွေရဲ့ လူမှု စီးပွားရေး ပြဿနာ
တွေကို ဖြေရှင်းနိုင်မတဲ့လား၊ လူ့ဘဝရဲ့ အဖိုးတန်တဲ့
အချိန်ကာလတွေကို ကျွန်တော်တို့တစ်တွေ ဒီမဟုတ်က
ဟုတ်ကတွေကို စဉ်းစားရင်း အချိန်ကုန် ခံကြရမလား
ဆရာ၊ မာ့က်စ်ဝါဒလို ဒဿနမျိုးကျတော့ ကျွန်တော်တို့
က မလေ့လာကြဘူး၊ လူ့ဘဝ လူ့အဖွဲ့အစည်းရဲ့ ပြဿနာ
တွေကို လျစ်လျူရှုဖို့ ကြိုးစားပြီး လူတွေကို သက်သက်
မျက်စိလည်အောင် လုပ်နေတဲ့ ဒီ ကြောင်ရေချိုး အဘိ
ဓမ္မာတွေကို အချိန် ကုန်ခံပြီး သင်နေရတာ ကျွန်တော့်
စိတ်ထဲတော့ မချမ်းသာပါဘူး ဆရာ'

ဤတွင် အကျွန်ုပ်လည်း မနေသာတော့။ ကိုစိုး
မြင့် ရင်ထဲက စေတနာကိုလည်း အကျွန်ုပ် နားလည်ပါ
သည်။ ကိုစိုးမြင့် ခေါင်းထဲက ရှင်းလင်းသော အတွေး
ကိုလည်း အကျွန်ုပ် သဘော ပေါက်ပါသည်။ ထို့အတူ
ကိုစိုးမြင့် နှုတ်ဖျားက ထွက်ကျသော စကားလုံးများ၏
ကြမ်းတမ်း ခက်ထန်မှုကိုလည်း အကျွန်ုပ် ခံစား ရပါ
သည်။ ဤအရေးတွင် ပါမောက္ခကို စော်ကားမော်ကား
ပြုသလို ဖြစ်သွားလျှင် သူ့ဝမ်းထဲက စေတနာတွေ အား
လုံး သဲထဲရေသွန် ဖြစ်သွားပေရော့မည်။ အကျွန်ုပ်သည်
ကိုစိုးမြင့်၏ ရှေ့စကား မဆက်မီ ထိုင်ရာက ထလိုက်
ပါသည်။

'ဒီနေရာမှာ ကိုစိုးမြင့်ရဲ့ ကိုယ်စားရော တစ်တန်း
လုံးရဲ့ ကိုယ်စားပါ ဆရာ့ကို ကျွန်တော် တောင်းပန်ပါ
တယ် ဆရာ၊ ကိုစိုးမြင့်ဟာ သူ့စိတ်ထဲ တစ်စုံတစ်ရာ
မကျေမချမ်း ဖြစ်ရင် ခုလိုပဲ မျက်ထောက်နီပြီး မထိန်း
နိုင် မသိမ်းနိုင် ဖြစ်တတ်တာဟာ ကျွန်တော်တို့ အားလုံး

www.burmeseclassic.com



သိကြပြီး ဖြစ်ပါတယ် ဆရာ၊ အမှန်ကတော့ ကိုစိုးမြင့် ရင်ထဲမှာ ကျွန်တော်တို့ ဌာနကို တိုင်းပြည်က အထင်အမြင် ကြီးစေချင်တဲ့ စေတနာ ဆန္ဒရှိလို့ ပြောတာပါ၊ ခုဆို တိုင်းပြည်မှာ ခေတ်ပြောင်း တော်လှန်ရေး ဖြစ်ပေါ်နေ ပြီ ဆိုတော့ ဒီလူမှု ဖြစ်ပေါ် ပြောင်းလဲမှု အတွက် လို အပ်ချက်နှင့် အညီ လိုအပ်တဲ့ ဒဿနတွေကို ပိုမို ဦးစား ပေးပြီး သင်ကြားစေချင်တဲ့ စေတနာပါ ဆရာ၊ ဒါကို သူ ပြောချင်ပေမယ့် အပြော မတတ်တော့ ဆဲသလို ဖြစ် ရတာပါ ဆရာ'

အကျွန်ုပ်က ဘယ်သို့ပင် ပြေရာ ပြေကြောင်း ဝင်ပြောသော်လည်း ဆရာကား၏ ညိုမှောင် မည်းပုပ် သွားသော မျက်နှာကို ပြန်၍ ကြည်လင် ရွှင်ပျလာ အောင် ဖန်တီးခြင်းငှာ မတတ်သာတော့ပါ။ ဆရာသည် အကျွန်ုပ်၏ စကားကိုလည်း လက်မခံတော့ပါ။ သူ့ကို ဆရာလုပ်သည်ဟု ထင်သွားပြီလားလည်း မပြောတတ် တော့ပါ။ ထိုအခါ ဆရာ့ထံမှ ပြင်းထန်စွာ စွပ်စွဲသော စကားလုံးများ ထွက်ကျလာပါသည်။

'You two, both of you are indoctrinated communists'

'မင်းတို့ နှစ်ယောက်စလုံးဟာ ဝါဒ မှိုင်းမိနေတဲ့ ကွန်မြူနစ် နှစ်ကောင်ပဲ'

ဤစကား အဆုံးတွင် စာ ဆက်မသင်တော့ဘဲ ပါမောက္ခလည်း စာသင်ခန်းတွင်းက ထွက်ခွာ သွားလေ တော့၏။ ကျန်အတန်းသားများလည်း အကျွန်ုပ်နှင့် ကို စိုးမြင့်ကို ဆရာသမားအား စိတ်ထိခိုက်အောင် လုပ်ရ ကောင်းလားဟု မကျေမနပ်ဖြင့် ထွက်သွားကြလေ တော့၏။ အကျွန်ုပ်တို့ နှစ်ဦးလည်း စာသင်ခန်းကျဉ်း ကလေးထဲတွင် ငေါင်၍ ကျန်ရစ်ခဲ့ကြလေတော့၏။ ထိုအခါ ကိုစိုးမြင့်က ဤသို့ ဆိုလေ၏။

'ဟော့ကောင် ဆန်းလွင်၊ တို့ကို ပါမောက္ခ စွပ်စွဲ သွားပုံ ထောက်တော့ တို့ နှစ်ယောက် မာ့က်စ်ဝါဒကို ကျိတ် လေ့လာနေကြတာ သူ သိသွားပြီလား မပြော တတ်ဘူး ကိုယ့်လူ'

'ငါလည်း ဒီလိုပဲ ထင်တယ်၊ ငါ ပြေပြေလည် လည် ပြောတာတောင် မရဘူး၊ ငါ့ကိုပါ စွပ်စွဲသွားတာ ကြည့်ပါလား၊ သိလို့ ဖြစ်မှာပေါ့၊ တို့က ပါးစပ်ပေါက် ချောင်တာလည်း ပါတာပေါ့၊ ဖြစ်ပြီးတာကတော့ ဘာမှ မတတ်နိုင်တော့ဘူးကွာ၊ ဒါကို စဉ်းစား မနေနှင့်၊ ရှေ့ ဆက် ဘာလုပ်ကြမလဲ၊ ဒါကို စဉ်းစား'

'ဘာလုပ်ရမှာလဲကွ၊ မာ့က်စ်ဝါဒကို တို့ဘာသာ ဆက် လေ့လာရမှာပေါ့၊ ဆရာကားက မကြာခင် ပင်စင် ယူတော့မှာပဲ၊ ဆရာ ဦးခင်မောင်ဝင်း ပါမောက္ခ ဖြစ်လာ ရင် တို့အပေါ် နားလည်မှာပဲ၊ ဖီလိုဆိုဖီဟာ ခေတ်ရဲ့ လူမှု စီးပွားရေး ဘဝကို မျက်ကွယ်ပြုပြီး လျစ်လျူရှုလို့ ရတဲ့ ပညာလား ကိုယ့်လူ'

'ကိုယ့်လူ ပြောတာ ကိုယ် သဘော ပေါက်ပါ တယ်၊ ဒါပေမယ့် မာ့က်စ်ဝါဒကို လေ့လာတဲ့ အခါ ဖီလိုဆိုဖီ သက်သက် လေ့လာလို့ မရဘူး၊ ဒီလိုပဲ သဘော ပေါက်တယ်'

'မင်းက ဘာကို ဆိုချင်တာလဲ'

'ဘာကို ဆိုချင်သလဲဆို မင်း စတာလင် ရေးတဲ့ စာအုပ်တွေ မဖတ်ဘူးလား၊ မောရစ် ကွန်ဖုသ် (Maurice Cornforth) ရေးတဲ့ ဒိုင်ယာလက်တစ် ရုပ်ဝါဒတို့ သမိုင်း ရုပ်ဝါဒတို့ ဆိုတဲ့ စာအုပ်တွေ မဖတ်ဘူးလား၊ မာ့က်စ်ဝါဒ ဆိုတာ သဘောတရား သက်သက်ပဲ ရှိတယ်၊ လက်တွေ့ပိုင်းကျတော့ ရုရှားတွေက လီနင် ဝါဒ စတာ လင် ဝါဒ လုပ်ပစ်တယ်၊ အမှန်ကတော့ ဘာထရန် ရပ် ဆယ် ပြောသလို လက်တွေ့ မာ့က်စ်ဝါဒဟာ ဘော်ရှီဗစ် ဝါဒပဲကွ'

'ဘော်ရှီဗစ် ဝါဒကို မင်းက ဘယ်လို သဘော ပေါက်လို့လဲ'

'ဘယ်လို သဘော ပေါက်ရမလဲ၊ ဘော်ရှီဗစ် ဝါဒ ဆိုတာ မာ့က်စ်ဝါဒကို ပါတီရဲ့ အယူဝါဒ၊ ပါတီ ရဲ့ လောကအမြင် လုပ်ထားတဲ့ ဝါဒပဲပေါ့'

'မင်း ပါတီ အယူဝါဒဟာ လူတန်းစား လောက အမြင် ဖြစ်တယ် ဆိုတာကော သဘောပေါက်ရဲ့လား'

'ပေါက်ပါတယ်'

'ဘာပေါက်သလဲ ပြောစမ်း၊ လူတန်းစား လောက အမြင် ဆိုတာ ဘာလဲ'

'လူတန်းစား လောက အမြင် ဆိုတာ ရှေးက ဖီလိုဆိုဖီကို မြင်တဲ့ အမြင်မျိုး မဟုတ်ဘူး၊ စောစောက ဆရာကား သင်ပြသွားသလို စကြဝဠာ တစ်ခုလုံးကို ခြုံကြည့်တဲ့ အမြင်မျိုးလည်း မဟုတ်ဘူး၊ သဘာဝ လောကထဲမှာ လူသားရဲ့ အခန်း ကဏ္ဍ၊ လူသားရဲ့ ကံ ကြမ္မာကို နားလည်အောင် ကြိုးစားတဲ့ အမြင်လို့တော့ ဆိုနိုင်ပါတယ်၊ ဒါပေမယ့် လူတန်းစား အမြင်ဆိုတာ ဘက်လိုက်တဲ့ အမြင်ပဲ၊ ဒါကို လီနင် အပါအဝင် ကွန် မြူနစ်တွေက သိပ္ပံနည်းကျ အမြင်လို့ ဆိုတယ်'

www.burmeseclassic.com



'မင်း မဆိုးဘူး၊ ဒါဆို မာ့က်စ်ဝါဒဟာ သိပ္ပံနည်းကျ ဆိုရှယ်လစ် ဝါဒ ဖြစ်တယ် ဆိုတာကော မင်း ဘယ်လို နားလည်သလဲ'

'ဘယ်လို နားလည်သလဲ ဆိုတာ မေးလို့ ငါ နားလည်တာကိုပဲ ဖြေမယ်၊ ယုံတာ မဟုတ်ဘူးနော်၊ နားလည်တာကတော့ မာ့က်စ်ဝါဒ ဆိုတာ အရင်းရှင် ဝါဒ မလွဲမသွေ ကျဆုံးရမည်လို့ သိပ္ပံနည်းကျ သရုပ်ခွဲပြပြီး လူလူချင်း ခေါင်းပုံဖြတ်မှု ကင်းတဲ့ ကွန်မြူနစ် ဝါဒဆီကို ဘယ်လို ကူးပြောင်းရမယ် ဆိုတဲ့ နည်းလမ်းတွေကို သိပ္ပံနည်းကျ ညွှန်ပြတဲ့ ဝါဒ ဖြစ်လို့ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ခေါ်တာပဲ မဟုတ်လား'

'ဟုတ်တယ်၊ ဒါတင် မကသေးဘူး၊ မာ့က်စ်ဝါဒဟာ လူသားတွေက လူ့ သမိုင်းကို သူတို့ အလိုကျ ဖြစ်အောင် ဘယ်ပုံဘယ်နည်း ပြောင်းလဲရင် ရတယ် ဆိုတာတွေကိုပါ စနစ်တကျ လူမှု ဥပဒေသတွေကို ဖော်ထုတ်ပြသပြီး သိပ္ပံ နည်းကျ လမ်းညွှန်ထားတယ်ကွ၊ ဒါကို ဘာလဲ မင်းက မယုံဘူးလား'

'မယုံဘူး လို့တော့ မဆိုနိုင်ဘူး၊ မယုံသေးဘူး လို့တော့ ဆိုနိုင်တယ်'

'ဒါဆို မင်းလည်း ဖောက်ပြန်ရေး သမားပဲ၊ မင်းဟာ လူတန်းစား အမြင် မရှိတဲ့ အကောင်ပဲ၊ မင်းဟာ အဖိနှိပ်ခံ ခေါင်းပုံဖြတ်ခံ လူတန်းစားတွေ အပေါ်မှာ အကြင်နာ မရှိတဲ့ အကောင်၊ သံယောဇဉ် မရှိတဲ့ အကောင်ပဲ၊ မင်းမှာ လူတန်းစား အသိမှ မရှိတာ'

'တော်စမ်းပါ ကိုယ့်လူရာ၊ ဒါကြောင့် ပါမောက္ခက မောင်ရင့်ကို ဝါဒမှိုင်း မိနေတဲ့ ကွန်မြူနစ်လို့ စွပ်စွဲတာ သိလား၊ ကွန်မြူနစ်ဝါဒဟာ ဘာသာ အယူဝါဒတွေကို တိုက်ခိုက် ချေမှုန်းပြီး သူ့ကိုယ်သူတော့ အကိုးကွယ် ခံရအောင် လုပ်နေတာ ငါ အမုန်းဆုံးပဲ သိလား၊ ဒီလို ကိုယ်နှင့်မတူ ကိုယ့်ရန်သူ မလုပ်ပါနှင့်ကွ၊ ငါ့ကိုတော့ ဇာတ်မသွင်းနှင့်၊ မင်းဘာသာ ကြိုက်ရင် ကိုးကွယ်၊ ငါကတော့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ခေါ်မလား မသိဘူး၊ ငါ့ စိတ်ထဲ အမြင် မရှင်းသေးသမျှ သံသယ အစွန်းအထင်း မကင်းသေးသမျှ ငါ့ကိုယ်ငါ ပစ်ချပြီး ဘယ်အယူဝါဒကိုမှ ဘဝနှင့် ပုံပြီး မယုံနိုင်ဘူး သူငယ်ချင်း'

အကျွန်ုပ်က ကြက်နှုတ်သီးဆိတ် မခံ ပြန်ပြောတော့ သူငယ်ချင်း စိုးမြင့် လေသံပါ ပြောင်းသွားပါသည်။

ဤ တစ်ကြိမ်တွင် သူ့အသံ သာမက သူ၏ မျက်နှာ အမူအရာများပါ ပျော့ပျောင်း နူးညံ့လာသည်မှာ ထင်ရှားပါသည်။

'မဟုတ်ပါဘူး သူငယ်ချင်းရာ၊ မင်း သိပါတယ်၊ ငါ့ စိတ်ထဲမှာ ကျေနပ်ရင် ကျေနပ်သလို မကျေနပ်ရင်လည်း မကျေနပ်သလို ငါက ပွင့်ပွင့်လင်းလင်း တုံ့ပြန်တတ်လို့ပါ၊ ပါမောက္ခ ထင်သလို ငါ့ကိုယ်ငါ ဝါဒမှိုင်း မိနေသလား ဆိုတာတော့ ငါ ပြန်ပြီး စစ်ဆေး ဝေဖန်ရမယ်၊ တစ်ခုတော့ ရှိတယ်၊ မာ့က်စ်ဝါဒကို တခြားကြောင်ရေချိုး ဒဿနတွေထက် ငါ ပိုပြီး အမြတ်တနိုးတန်ဖိုး ထားပေမယ့် ငါဟာ ဘယ်ပါတီ ဘယ်ဂိုဏ်းဂဏမှာမှ ပါဝင်နေတဲ့ လူလည်း မဟုတ်ပါဘူး၊ ငါ့ကိုယ်ငါ ကွန်မြူနစ်လို့လည်း မထင်သေးပါဘူး၊ ဒါပေမယ့် မာ့က်စ်ဝါဒဟာ သိပ္ပံနည်းကျတဲ့ ဒဿနတစ်ခု ဖြစ်တယ် ဆိုတာတော့ ငါ လက်ခံတယ်၊ နောက်ပြီး ဒီ ဒဿနဟာ ရှေးက ဒဿနတွေထက် ပိုပြီး ထူးခြားတာက မြော်မြင်တွေးခေါ်ရေး သဘောတရား သက်သက် မဟုတ်ဘဲ အကျင့်တရား လက်တွေ့ လုပ်ဆောင်မှု သဘောပါတယ်၊ လူ့ဘဝ အကျိုးစီးပွား အတွက် တိုက်ရိုက် ရည်မှန်းချက်ပါတယ်၊ ပြီးတော့ ဒိုင်ယာလက်တစ် ယုတ္တိဗေဒ အပေါ်မှာ အခြေခံထားတဲ့ အတွက် တိုးတက် ပြောင်းလဲနေတဲ့ သဘာဝတွေကို သိပ္ပံနည်းကျ နားလည်နိုင်တယ်၊ လူမှု တိုးတက် ဖွံ့ဖြိုးရေး ဥပဒေသ တရားတွေ အပေါ်မှာ အခြေခံ ထားတဲ့အတွက် သမိုင်းစဉ် တရားကိုလည်း မာ့က်စ်ဝါဒက မှန်မှန်ကန်ကန် သိပ္ပံနည်းကျ နားလည်နိုင်တယ်လို့ ငါ ယုံကြည်တယ်၊ မင်း စိတ်ထဲမှာ မာ့က်စ်ဝါဒကို လက်မခံနိုင်သေးတဲ့ အကြောင်းတွေ ရှိနေလို့သာ ဘဝင် မကျသေးတာ ဖြစ်မှာပေါ့ကွာ၊ တစ်ခုတော့ ရှိတယ်၊ ငါကတော့ သဘောကျနေလို့ အပြစ် မမြင်တာ ဖြစ်နေသလားတော့ မဆိုနိုင်ဘူး၊ မာ့က်စ်ဝါဒနှင့် ပတ်သက်ပြီး မင်း ဘာစာအုပ်တွေ ဖတ်ပြီးပြီလဲ'

'ရုရှားက ထုတ်တဲ့ စာအုပ်တွေထဲက ***မာ့က်စ်ဝါဒ လီနင်ဝါဒ အခြေခံများ*** (Fundamentals of Marxism and Leninism) ဖတ်ပြီးပြီ၊ ***မာ့က်စ် အိန်ဂျယ် လက်ရွေးစင်ကျမ်း*** က တချို့ တစ်ဝက် ဖတ်ပြီးပြီ၊ အိန်ဂျယ်ရဲ့ ***ဒူးရင်း ဆန့်ကျင်ရေး*** (Anti-During) ဖတ် ပြီး ပြီ၊ ***သဘာဝ၏ ဒိုင်ယာလက်တစ်*** (The Dialectics of Nature) ဖတ်ပြီးပြီ၊ လီနင် ရေးတဲ့ ***ရုပ်ဝါဒနှင့် အတွေ့အကြုံ ဝေဖန်ရေးကျမ်း*** (Materialism and Empirio Criticism) ဖတ်ပြီးပြီ၊ စတာလင် ရေးတဲ့ ***ဒိုင်ယာလက်***

www.burmeseclassic.com



***တစ်နှင့် သမိုင်းရုပ်ဝါဒ*** (Dialectical and Historical Materialism) တွေ ဆိုပါတော့'

'ဒါဆို အိန်ဂျယ် ရေးတဲ့ ***စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒ နှင့် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ*** ကျမ်းကိုကော'

'ဖတ်ပါတယ်၊ ကာရူးဟန်ရဲ့ ***မာ့က်စ်ဝါဒ သဘောတရားနှင့် လက်တွေ့ကျမ်း*** ကိုရော၊ မောရစ် ကွန်းဖုသ်ရဲ့ စာအုပ်တွေကိုရော ဖတ်ပါတယ်၊ ဘာထရန် ရပ်ဆယ်ရဲ့ ***ဘော်ရှီဗစ်ဝါဒ၏ လက်တွေ့ နှင့် သဘောတရား*** (The Practice and Theory of Bolshevism) ကိုရော ဖတ်ပြီးပါပြီ၊ အာဗာနာဆယက်ဗ် ရေးတဲ့ ***မာ့က်စ်ဝါဒ ဒဿန*** ကိုလည်း ဖတ်ထားတယ်၊ ဂျီကလီဇာမင်ရဲ့ ***လူမှုတိုးတက် ဖွံ့ဖြိုးရေး ဥပဒေသများကျမ်း*** ကိုရော ကြည့်ပြီးပါပြီ'

'ဒါဆို မင်း တော်တော် စုံစုံလင်လင် ကြည့်ပြီးပြီပဲ၊ ဒါနှင့်တောင် မင်း ဘဝင် မကျနိုင်သေးဘူးလား'

'ငါ လက်လှမ်းမီသလောက် ဖတ်ခဲ့တယ်၊ ဒဿနပိုင်းမှာဆို မော်စီတုံးရဲ့ ***ပဋိပက္ခ*** (On Contradiction) ဆိုတဲ့ စာအုပ်လေးတောင် မကျန်အောင် ဖတ်ပါတယ်၊ ဒီတော့ မာ့က်စ်ဝါဒနှင့် ပတ်သက်ပြီး သဘောတရားရေးရာလို့ ခေါ်တဲ့ ဒဿနပိုင်းကို သဘောပေါက်သလားမမေးပါနှင့်၊ ငါ့ စိတ်ထဲတော့ သဘော ပေါက်တာထက်တောင် လွန်သွားပြီ ထင်ပါတယ်ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါလည်း မင်းလိုပဲ ဒီဝါဒကို အင်မတန် တန်ဖိုးထားပြီး လေ့လာခဲ့တဲ့ အတွက် တချို့ စာပိုဒ်တွေဆို အလွတ်တောင် ကျက်ခဲ့ပါတယ် သူငယ်ချင်း၊ ***ကွန်မြူနစ်ကြေညာ စာတမ်း*** (Communist Manifesto) ဆိုရင် နှုတ်တိုက် အာဂုံတောင် ရသလောက် နီးပါးပါပဲကွာ၊ အဲဒီလောက် တစ်ယောက်တည်း ကျိတ်ပြီး အားထုတ်ခဲ့ပါတယ်'

'ဟေ ဒါဆို မင်း လေ့လာတာ ကြာပြီလား'

'အမှန် ပြောရရင် မာ့က်စ်ဝါဒကို လေ့လာဖို့ ငါ ငယ်စဉ် ကတည်းက ငါ့ ဦးလေး ဦးညီတင် ဆိုသူက သိမ်းသွင်းခဲ့တယ်၊ ဦးလေးတော် တစ်ဦးက ဟိုတုန်းက တောခိုခဲ့တော့ သူ့ဆီက အနုပဋိလောမ ရုပ်ဝါဒ ဆိုတဲ့ ဂျာနယ်တွေကို ငါ ငယ်စဉ် ကတည်းက ဖတ်ရတယ်၊ နောက် ကျော်လင်းစာပေက ထုတ်တဲ့ မြန်မာပြန် မာ့က်စ်ဝါဒ ကျမ်းတွေကို ဖတ်ရတယ်၊ တစ်ခုတော့ ရှိတယ်၊ မြန်မာလို ရေးထားတဲ့ အဲဒီ ကျမ်းတွေကို ဖတ်တုန်းက ငါ ဘာဆို ဘာမှ နားမလည်ဘူး၊ ဒါပေမယ့် မျက်ကန်းသဒ္ဒါကြောင့်လား မပြောတတ်ဘူး၊ အဲဒီ စာအုပ်တွေကို အမြတ်တနိုး သိမ်းဆည်းပြီး အဲဒီ ကျမ်းတွေထဲမှာ ပါတဲ့ ကြီးကျယ်တဲ့ စကားလုံးတွေကို ငါ အရအမိ ကျက်တယ်၊ အဲဒီ စကားကြီး စကားကျယ်တွေကို လူကြီးတွေနှင့် ငါ အတိုက်အခံ ငြင်းတဲ့အခါ သုံးတယ်၊ သင့် မသင့် ရာမရာ ဆိုတာကတော့ ငါ နားမလည်ဘူး၊ ဒါပေမယ့် ဒီလို သုံးလိုက်နိုင်ရင် ငါ့စိတ်ထဲမှာ သိပ် ကျေနပ်တယ်၊ ဥပမာ သုံးသပ်ချက် မှန်မှ ဆုံးဖြတ်ချက် မှန်တယ် ဆိုတာမျိုးကို ငါ နှုတ်တိုက်ရအောင် ကျက်ထားတယ်၊ သဘောတရားမပါတဲ့ လက်တွေ့ဟာ အကန်း၊ လက်တွေ့ မပါတဲ့ သဘောတရားဟာ အကျိုး ဆိုတာမျိုးကို ငါ မရ အရ မှတ်မိအောင် လုပ်တယ်၊ အဲဒီလိုနှင့် ငါ ကြီးပြင်းခဲ့ရတယ် ဆိုပါတော့၊ မာ့က်စ်ဝါဒကို တကယ်တမ်း ဘာဆိုဘာမှ ဂဃနဏ မသိဘဲနှင့် ငယ်စဉ် ကတည်းက ငါ့ကို မာ့က်စ်ဝါဒက လွှမ်းမိုးခဲ့တယ်လို့ ဆိုမယ်ဆိုဆိုသင့်တယ်၊ ဒီ စိတ်ကြောင့်ပဲလား မသိဘူး၊ ဘာသာယုံကြည်မှုနှင့် ပတ်သက်လာရင် ငါဟာ အငြိအတင် မခံချင်ဘူး၊ နောက် ဖီလိုဆိုဖီ ပညာသင်ဘဝကို ရောက်တော့လည်း ဖီလိုဆိုဖီသာ ဆိုတယ်၊ ဘာသာ ယုံကြည်မှုတွေနှင့် ကင်းကင်း ရှင်းရှင်း တွေးကြ ခေါ်ကြတာ ငါ မတွေ့ရဘူး၊ ဘာသာ ယုံကြည် ကိုးကွယ်မှုကို ရှေ့နေလိုက်တဲ့ အတွေးအမြင်တွေကိုပဲ ငါတွေ့နေရတော့ စိတ်ထဲ အားမရဘူး၊ သိဖို့လည်း မလွယ်၊ သိနိုင်မှာလည်း မဟုတ်တဲ့ တရားတွေကို အချိန်ကုန်ခံ စဉ်းစား နေတာထက် လောကီ ဆန်ပြီး လောကီ လူသား အကျိုးကို ရှေ့တန်းမှာ တင်ပြီး စဉ်းစားတဲ့ အတွေးအခေါ်ကိုသာ တောင့်တတဲ့စိတ် ငါ့မှာ ဖြစ်ပေါ်ခဲ့ပါတယ်၊ တိုတို ပြောကြစို့ဆို မဟာဝိဇ္ဇာတန်း စတက်တဲ့ အချိန်ကတည်းက ငါ မာ့က်စ်ဝါဒ စာပေတွေကို အချိန်ပေးပြီး ဖတ်ခဲ့ပါတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က စပြီး ပိုမို အားစိုက် လေ့လာတယ်ပေါ့ကွာ'

'ဟုတ်ပါပြီကွာ၊ ဒါတွေ ထားတော့၊ မာ့က်စ်ဝါဒကို မင်း ဘယ်လို ခံယူသလဲ ဆိုတာ ငါ မသိချင်တော့ဘူး၊ မာ့က်စ်ဝါဒကို မင်း ဘယ်လို သုံးသပ်သလဲ ဆိုတာသာ ငါ သိပါရစေ'

'မာ့က်စ်ဝါဒကိုပဲ ပြောမယ်နော်၊ ဘော်ရှီဗစ်ဝါဒကို မပြောသေးဘူး'

'အေး မာ့က်စ်ဝါဒပဲ ငါ ကြားချင်တယ်'

www.burmeseclassic.com



'မာ့က်စ်ဝါဒမှာ ဒိုင်ယာလက်တစ် ရုပ်ဝါဒပိုင်းကို ပထမ ပြောကြရအောင်'

'အေး အဓိက အချက်တွေကိုပဲ ပြောပါ'

'အဓိက အချက်ဆို ရုပ်ဆိုတဲ့ တရား အပေါ်မှာ မြင်တဲ့ အမြင်နှင့် စိတ် ဆိုတဲ့ တရား အပေါ်မှာ မြင်တဲ့ အမြင်က စရမှာပဲ မဟုတ်ဘူးလား'

'ဟုတ်တာပေါ့'

'ဟုတ်ရင် မာ့က်စ်က ရုပ်ကို ဘယ်လို ရှုမြင်သလဲ၊ ဒါကို စပြောမှ ဖြစ်မယ်၊ ရုပ်ဝါဒဆိုတော့ ရုပ်ကို အဓိကထားတာ မဆန်းပါဘူး၊ ဒါပေမယ့် မာ့က်စ် ဝါဒက လက်ခံထားတဲ့ ရုပ်ဆိုတာ ဘာကို ပြောတာလဲ၊ ဒီနေရာမှာ ဒိုင်ယာလက်တစ် ရုပ်ဝါဒက လက်ခံတဲ့ ရုပ်သဘောဟာ သဘာဝ သိပ္ပံပညာက လက်ခံထားတဲ့ ရုပ်သဘောကို ဆန့်ကျင်သလား၊ မဆန့်ကျင်ဘူး၊ ဟုတ်လား'

'အဲဒါကြောင့် သိပ္ပံနည်းကျ ဖြစ်တာပေါ့ကွ'

'ဟုတ်ပါပြီလေ၊ ဒါဆို ခေတ်သစ် ရူပ သိပ္ပံပညာရှင်တွေက ရုပ်လို့ ပြောနေတာတွေဟာ ဘာတွေလဲ၊ အစက သိပ္ပံပညာမှာ အလေးချိန် ရှိတဲ့ သဘော၊ ဒြပ် ရှိတဲ့ သဘော၊ အတိုင်းအဆ ပမာဏ ရှိတဲ့ သဘော၊ ဖောက်ထွင်း ချေဖျက်လို့ မရတဲ့ အသိမ့် သဘောကြီးကို ရုပ်လို့ သတ်မှတ်ခဲ့ကြတယ်၊ ဒါလည်း အဓိပ္ပာယ် သတ်မှတ်ချက် နော်၊ ဒါဆို အင်နာရှာ သဘောကို ရုပ်လို့ ခေါ်မလား၊ နာမ်လို့ ခေါ်မလား၊ လျှပ်စစ် စွမ်းအင် အဏုမြူ စွမ်းအင်တွေဟာလည်း တိုင်းတာစရာ အတိုင်းအဆ ပမာဏ ထု ဒြပ် အလေးချိန် ရှိသလား၊ အီလက်ထရွန် ဆိုတာလည်း ရုပ်လား၊ ဒြပ်သဘော လုံးဝ ကင်းတဲ့ စွမ်းအင်ရဲ့ အတိုင်းအတာလား၊ ရှုသာဖို့ လက်ထက်က စပြီး အဏုမြူ (အက်တမ်) ဆိုတာ လျှပ်စစ် ဖိုမတို့ရဲ့ ယူနစ် တစ်ခုလို့ အဓိပ္ပာယ် ဖွင့်လာတယ်၊ အော့စ်ဝါး (Ostwald) ဆိုသူက ရုပ် ဆိုတာ စွမ်းအင်ရဲ့ သဏ္ဌာန် တစ်ခုပဲတဲ့၊ လေးဘွန်း (Le Bonn) က ရုပ်ဆိုတာ စွမ်းအင် အပြား (Variety of Energy)* ပါပဲတဲ့၊ အက်ဒင်တန် (Eddington) ကလည်း ရုပ်ဆိုတာဟာ ပရိုတွန် ဓာတ်ထရွန် ဆိုတဲ့ လျှပ်စစ် ဖိုမတို့ရဲ့ ဓာတ်ပြုမှု သဘောသာ ဖြစ်ပါတယ်တဲ့၊ ဒီတော့ ဝှိုက်ဟက် (Whitehead) ခေါ်တဲ့ ဒဿန ဆရာကြီးက ယခုအခါ ဒြပ် ဆိုသော သဘောဟာ ရုပ်ရဲ့ အမြဲတမ်း ဂုဏ်သတ္တိတစ်ခု အဖြစ် အရေးပါခဲ့တဲ့ အဖြစ်ကနေ ဘုံလျှောကျသွားပါပြီ၊ ခု ဒြပ် ဆိုတာ ဘာဖြစ်သွားပြီလဲ ဆိုတော့ ဒိုင်နမစ် အကျိုး သက်ရောက်မှု တစ်ခုနှင့် ဆက်စပ်တဲ့ စွမ်းအင်ရဲ့ အရေအတွက်ကို ခေါ်တဲ့ အမည် (The name for a quantity of energy considered in relation to some of its dynamical effects) * သာ ဖြစ်ပါတယ်လို့ ဆိုတယ်၊ နောက်ဆုံးတော့ တိုတို ပြောမယ်ကွာ၊ ရုပ် ဆိုတာ ခေတ်သစ် သိပ္ပံ အမြင်မှာ ဒြပ်မဲ့ တစ်စုံတစ်ခု (non material something) ဖြစ်သွားပြီ၊ ဒီအချိန်မှာ ခေတ်သစ် စိတ်ပညာကလည်း ဘာပြောလာတယ် မှတ်သလဲ၊ စိတ်ဆိုတာ သိတဲ့သဘော မဟုတ်တော့ဘူး၊ ဦးနှောက်ရဲ့ လှုပ်ရှားမှု၊ စီမံ ဆောင်ရွက်မှု သဘော ဖြစ်သွားပြီ၊ စိတ်ပညာက စိတ် ဆိုတာ ရုပ်ပဲလို့ ပြောလာပြီ၊ ရူပဗေဒကျတော့ ရုပ် ဆိုတာ မရှိဘူးလို့ ဝမ်းနည်းပက်လက် ပြောလာကြရပြီကွာ၊ ငါ ဆိုချင်တာကတော့ ခေတ်သိပ္ပံမှာ ရုပ်အမြင် စိတ်အမြင်တွေဟာ ကမောက်ကမ ပြောင်းလဲနေတယ်၊ ဒီတော့ ခေတ်သိပ္ပံပညာရဲ့ တိုးတက်မှုတွေကို မလွန်ဆန်နိုင်တဲ့ ဒိုင်ယာလက်တစ် ရုပ်ဝါဒကို ငါ ဘယ်လို နားလည်ရမှာလဲ၊ ဒိုင်ယာလက်တစ် ရုပ်ဝါဒမှာက ရုပ်ကို မှီပြီး စိတ်ဆိုတဲ့ သိမှုသဘော ဖြစ်ပေါ်ရတယ်လို့ ဆိုထားတယ် မဟုတ်လား၊ ရုပ်နှင့် စိတ်ကို ခွဲလို့ မရဘူးလို့ ဆိုတယ် မဟုတ်လား၊ အဲဒါလည်း ငါ သဘော မပေါက်ဘူး၊ ရုပ် နှင့် စိတ်ဟာ ခွဲလို့ မရဘူး၊ ရုပ်ကို မှီပြီး စိတ် ဖြစ်နေရတယ်ဆိုရင် ရုပ်တိုင်းမှာ ဘာဖြစ်လို့ စိတ် မရှိသလဲ၊ စိတ်မရှိတဲ့ ရုပ်နှင့် စိတ်ရှိတဲ့ ရုပ်ကို ဘာက ခွဲခြားလိုက်သလဲ၊ သိမှု ဆိုတာ ရုပ်ရဲ့ ရောင်ပြန် ဟပ်မှုသာ ဖြစ်တယ်လို့ ဒိုင်ယာလက်တစ် ရုပ်ဝါဒက ယူဆတယ် မဟုတ်လား သူငယ်ချင်း၊ ဒါဆိုရင် အိုင်စတိုင်းရဲ့ ထိုးထွင်းဉာဏ်မှာ ရီလေးတစ်ဗီတီ သဘောတရားကြီးဟာ ဘယ် ရုပ်ဝတ္ထုက ရောင်ပြန် ဟပ်တာလဲကွာ၊ ပြီးတော့ တို့ အရှေ့တိုင်းသားတွေဟာ သေပြီးနောက် ဘဝ ကူးတယ်လို့ ယုံကြည်ကြတယ်၊ ပြီးတော့ ပါရမီ အနု အရင့် သတ္တဝါတွေမှာ ရှိတယ်၊ ဒါ့ကြောင့် ဉာဏ် အနု အရင့် ဆိုတာလည်း ရှိတယ်လို့ ယုံကြည်တတ်ကြတယ်၊ ဒီ ယုံကြည်ချက်ဟာ အထောက်အထား မရှိတဲ့ ယုံကြည်ချက် မဟုတ်ဘူး သူငယ်ချင်း၊ မင်း ကြည့်လေကွာ၊ တစ်မိ

---

* *The Evolution of Matter, Le Bonn p 10*

* *The Science and Modern World, Whitehead p 149*

www.burmeseclassic.com



ဝမ်းတွင်းက အတူဆင်းတဲ့ အမြွာပူး ဖြစ်ပစေ၊ ဉာဏ် မတူဘူး၊ ပါရမီ မတူဘူး၊ အဲဒါတွေကိုလည်း တွေ့နေရတယ်၊ ကမ္ဘာမှာ ဇာတိသရ ပုဂ္ဂိုလ်ခေါ်တဲ့ လူဝင်စားတွေကလည်း တစ်နေ့တခြား အထင်အရှား ပေါ်လာနေတာလည်း မငြင်းနိုင်ဘူး၊ ဒီတော့ ငါ စဉ်းစားတယ်၊ ဘဝ မပြတ်အောင် ဆက်စပ်ပေးတဲ့ ဘဝင်စိတ် ဆိုတာ ရှိဦးမလား၊ တကယ်လို့ ရှိနေရင် ဘယ့်နှယ့် လုပ်မလဲ၊ ဒီအချက်ဟာ ရုပ်ဝါဒကို သိပ္ပံနည်း ကျတယ် ဆိုဆို ဒိုင်ယာလက်တစ် နည်းကျတယ် ဆိုဆို ဘာပြောပြော ငါ့အနေနှင့် လက်ခံဖို့ တွန့်ဆုတ်ရတဲ့ အကြောင်းတွေပဲ သူငယ်ချင်း'

'ဟော့ကောင် သေပြီး နောက်ဘဝ၊ အနာဂတ် ဘဝ ဆိုတာ လူတွေက ကိုယ် သိတာထက် ပိုတွေးတဲ့ အတွေးတွေသာ ဖြစ်တယ်လို့ ဂျီအီးမိုး ပြောတာကို မင်း လက်မခံဘူးပေါ့'

'ဘယ်သူ ပြောပြောပေါ့ကွ၊ ဂျီအီးမိုး မကလို့ ဂျီအီးမိုး အဖေပဲ ပြောပြော မဟုတ်မှန်း သိရင် ငါ ဘယ်တော့မှ လက်မခံဘူး၊ သေတာဟာ ဘဝ ခရီးရဲ့ အဆုံး မဟုတ်ဘူး ဆိုတာ ကျမ်းဂန် အသီးသီးမှာလည်း ပါတယ်၊ ကျမ်းဂန်မှာ ပါတိုင်း ယုံရမလားလို့ မင်း မေးမယ်၊ ကျမ်းဂန်မှာ ပါတာတွေဟာလည်း လူ့ အတွေ့အကြုံ တွေပဲ၊ ဘာဖြစ်လို့ မယုံရမလဲ၊ ဟုတ်သလား မဟုတ်ဘူး လား ဆိုတာ ကိုယ်ကလည်း ဉာဏ်မီသလောက် ရှာဖွေရမှာပဲ၊ ဖွတ်မိုက်ပြီး မရှိဘူး ပြောရင် ဘာကလေလို 'မရှိလို့ မသိတာ၊ ရှိရင် သိမှာပဲ' ဆိုတဲ့ ခပ်တုံးတုံး အတွေးမျိုးလည်း ဖြစ်နေဦးမယ်၊ လူတိုင်းဟာ သိနိုင်တဲ့ ဉာဏ် အဆင့်မှာ မတူကြဘူးလို့ ငါ မြင်တယ်၊ ပြီးတော့ ဂိုန်း အတွေးအခေါ်မှာ ပါသလို လူမှာ သိထားတာနှင့် မသိသေးတာ၊ မသိသေးတာက အဆမတန် ပိုပြီး များတယ် မဟုတ်ဘူးလား'

'ဟုတ်ပါတယ်'

'ဒါဆို လူဟာ အနာဂတ်ကိုပဲ ဖြစ်ဖြစ် လောကကိစ္စ အလုံးစုံကိုပဲ ဖြစ်ဖြစ် ကေဝလ ခေါ်တဲ့ ဉာဏ်မျိုး သဗ္ဗညုတ ဉာဏ်မျိုး မရဘဲနှင့် သိနိုင်ပါ့မလား'

'ဒါကတော့ ဘယ် သိပ္ပံပညာမျိုးမှ မသိနိုင်ဘူး၊ သိပ္ပံမှာ အနာဂတ်ကို ကြိုသိတယ် ဆိုတာလည်း မုချ ဖြစ်မယ်လို့ သိတာ မဟုတ်ဘူး၊ ဖြစ်တန်ရာတယ်၊ ဖြစ်ကောင်း ဖြစ်မယ်ဆိုတဲ့ အနေကန္တ သဘောပဲ'

'ဒါကို မင်း လက်ခံတယ်နော်'

'လက်ခံတယ်'

'ဒါဖြင့် မာ့က်စ်ရဲ့ သမိုင်း ရုပ်ဝါဒမှာ ထုတ်ထားတဲ့ ဟောကိန်းတွေဟာ မုချ ဖြစ်နိုင်ပါ့မလား၊ လူတွေဟာ လူမှု တိုးတက် ဖွံ့ဖြိုးရေး ဥပဒေသတွေကို သိတယ်ဆိုပြီး လူ့သမိုင်းကြီးကို လူတို့ ဖြစ်စေချင်တဲ့ အတိုင်း ဖြစ်အောင် ပြောင်းလဲတယ် ဆိုပါတော့၊ မုချ လိုချင်တဲ့ အတိုင်း ဖြစ်ပါ့မလား၊ လူ့ သမိုင်းမှာ မမျှော်လင့်နိုင်တဲ့ ကြုံကြိုက်မှုတွေ၊ လူတွေ မထိန်းချုပ်နိုင်တဲ့ တရားတွေဟာ အင်မတန် များတယ်လို့ ငါ မြင်နေတယ်၊ နောက် ဒါထက် ပိုပြီး အရေးကြီးတာ တစ်ခုကိုလည်း ငါ့စိတ်မှာ ထင်မြင်နေတယ်'

'ဘာလဲ၊ ဆိုပါဦးကွ'

'ဒီသဘောတရားက နားလည်ရတာ တစ်မျိုးပဲကွာ၊ ဦးနှောက်နှင့် နားလည်တာက တစ်မျိုး၊ နှလုံးနှင့် နားလည်တာက တစ်မျိုး၊ ဒါကို မင်း သိမှာပါ၊ မင်း သဘောကျအောင် ပြောရရင် မနောသိ လို့ပဲ ငါ ခေါ်ပါရစေ၊ လောကမှာ ဂမ္ဘီရ အသိ ဆိုတာလည်း ရှိနေတယ်၊ မင်းတို့ အခေါ်နှင့်ဆို မစ္စတီစစ်ဇင်း (Mysticism) လို့ ခေါ်မှာပေါ့၊ ခေါ်ချင်သလို ခေါ်ကွာ၊ ဒါ လူတိုင်း နားလည်နိုင်တာတော့ မဟုတ်ဘူး၊ ဒီတော့ သိပ္ပံနည်း မကျဘူးလို့ ဆိုချင်လည်း ဆို၊ ဒါပေမယ့် ဘယ်လိုပဲ သိသိ နောက်ဆုံးမှာ သိတဲ့အတိုင်း ဖြစ်လာရင် အဲဒါ မှန်တယ်လို့ ဆိုရမှာပဲ'

'မင်းဥစ္စာ အချီးက ရှည်လွန်းပါတယ်ကွာ၊ ငါ လက်ဖက်ရည် ဆာလှပြီ၊ တိုတိုနှင့် လိုရင်း ပြောကွာ'

'လိုရင်းကတော့ ငါ့စိတ်ထဲမှာ စေတနာ မှန်မှ ကံဟာ အကျိုးပေးတယ် ဆိုတဲ့ လူကြီးမိဘ စကားဟာ မှန်တယ်လို့ ငါ မြင်နေတယ်၊ အတွေ့အကြုံ အရ ငါ ပြောတာပါ'

'ဒါနှင့် မာ့က်စ် ဝါဒနှင့် ဘာဆိုင်လို့လဲကွ'

'ဆိုင်ပါတယ် သူငယ်ချင်း၊ မာ့က်စ် ဝါဒမှာ လူ့လောက ကောင်းစားရေး အတွက် ထားတဲ့ စေတနာဟာ မှန်ရဲ့လားလို့ ငါတွေးတယ်၊ ဘာဖြစ်လို့ ငါ ဒီလို တွေးရသလဲ ဆိုတာကတော့ အရှည်ကြီး ပြောရမယ်၊ အရှင်းဆုံး၊ အတိုဆုံးနည်းနှင့် မင်းကို ငါ ပြောရရင်တော့ မာ့က်စ် ဝါဒဟာ လူ့လောက ကောင်းစား စေချင်တယ်၊ ချမ်းမြေ့ သာယာ စေချင်တယ် ဆိုတဲ့ စေတနာထက် အာဏာကို လိုချင်တဲ့ လောဘ သဘောက ပိုကဲနေသလိုပဲ၊ ပြီးတော့ စောစောက မင်း ငါ့ကို စွပ်စွဲသလို

www.burmeseclassic.com



လူတန်းစား အမြင် ဆိုတာရယ်၊ ဘက်လိုက်တဲ့ စေတနာ ဆိုတာရယ်၊ လူ့သမိုင်းဟာ လူတန်းစား တိုက်ပွဲလို့ မြင်တာရယ်ဟာ အားလုံး မေတ္တာရဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့ ဒေါသ အပေါ်မှာ တည်ထားတဲ့ အမြင်တွေ ဖြစ်နေတယ်၊ အဲဒါလည်း ငါဘဝင် မကျဘူး၊ ဒါကို တချို့ မာ့က်စ် ဝါဒီတွေက ပစ္စည်းမဲ့ ဒေါသလို့တောင် သမုတ်ကြသေးတယ်ကွာ၊ ရှင်းရှင်း ပြောရရင် မာ့က်စ်ဝါဒဟာ လူတန်းစား အမုန်းကို အခြေခံထားတယ်၊ အဲဒါ ရန်ငြိမ်းတဲ့ တရား ဖြစ်နိုင်ပါ့မလားလို့ ငါတွေးတယ်၊ ငါ ဘာဖြစ်လို့ ဒီလို တွေးသလဲ၊ မင်း သိလား'

'မင်းက နာမ်ဝါဒီ ဖြစ်နေလို့ပေါ့ကွ'

'မဟုတ်ဘူး သူငယ်ချင်း၊ လာ လက်ဖက်ရည် သွားသောက်မယ်၊ လက်ဖက်ရည်ဆိုင်မှာ မင်းကို ငါ မာ့က်စ် ဝါဒရဲ့ ဒုတိယပိုင်း ဖြစ်တဲ့ လက်တွေ့ပိုင်း ဘော်ရှီဗစ် ဝါဒ အကြောင်းကို ပြောတဲ့အခါ ထင်ရှား လာပါလိမ့်မယ်၊ မင်း ဘာထရန်ရပ်ဆယ်ရဲ့ စာအုပ်ကို ဖတ်ဖူးပြီလား'

'မဖတ်ဘူး၊ သူလည်း ဘူဇွာပဲ၊ ဘာထူးလဲ'

'ထားပါတော့၊ ဒါက မင်းတို့ ထားတတ်တဲ့ မနောလားပဲ၊ ငါ မနှစ်သက်တာက အဲဒီ နလုံးသားပဲ သူငယ်ချင်း၊ လာလာ လက်ဖက်ရည်ဆိုင်ကို သွားကြစို့'

လက်ဖက်ရည် ဆိုင်ထဲမှာ လူရှင်းနေပါသည်။ လွတ်လွတ်လပ်လပ် စကား ပြောနိုင်သည်။ လက်ဖက်ရည်ဝိုင်းသည် စကား ပြော၍ ကောင်းသော နေရာ ဖြစ်၏။

'တို့ ခု ဘော်ရှီဗစ် ဝါဒ အကြောင်းကို ဆွေးနွေးကြရအောင်ကွာ၊ ဒါကို မဆွေးနွေးခင် ရုရှားပြည်မှာ ဖြစ်ပေါ်ခဲ့တဲ့ အောက်တိုဘာ တော်လှန်ရေး အကြောင်း သုံးသပ် ကြည့်ရအောင်'

'ဆိုကွာ၊ မင်းက အကွက် တော်တော် စေ့ပါလား'

'အတွေးအမြင် တစ်ရပ်ကို ထောင့်စုံအောင် လေ့လာတာတောင် တစ်ခါတစ်ရံ ဆုံးဖြတ်ချက် ချတဲ့အခါ မှားတတ်တာပဲ သူငယ်ချင်း၊ ဒီတော့ ငါ့ထက် အဆတစ်ရာမက ပိုပြီး ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တွေရဲ့ ရှုမြင် သုံးသပ်ပုံကို ငါ လေးစား ရတယ်၊ ဘာထရန်ရပ်ဆယ်ဟာ ၁၉၂၀ လောက်တုန်းက ရုရှားပြည်ကို သွားပြီး ရုရှားပြည်မှာ တည်ဆောက်နေတဲ့ ဆိုရှယ်လစ်ဝါဒ (ဘော်ရှီဗစ်ဝါဒ) ကို လေ့လာ ကြည့်ခဲ့တယ်၊ ဟိုတုန်းကတော့ ဘော်ရှီဗစ် တော်လှန်ရေး အောင်မြင်ပြီးခါစ ဆိုပါတော့၊ ခုဆို အနှစ် လေးဆယ် ကျော်ပြီပေါ့ကွာ၊ ဒီတော့ သူ ဟိုတုန်းက (တွေ့) ခဲ့တာ သူ ဟိုတုန်းက (တွေး) ခဲ့တာတွေရဲ့ အမှန် အမှားကိုလည်း တို့များ ခုလောက်ဆို အဖြေ ရှာလို့ ရပြီလို့ ဆိုနိုင်မှာပါ'

'အင်း သမိုင်း အထောက်အထား ရှိလောက်ပြီပေါ့'

'ငါ သူ့ စာအုပ်ကို ဖတ်တယ်၊ သူ တွေ့ခဲ့တာတွေ၊ သူ တွေးခဲ့တာတွေဟာ ဘယ်လောက် မှန်တယ် မမှန်ဘူး ငါ မပြောဘူး၊ မင်းဘာသာ စဉ်းစား၊ သူ ဘာတွေ တွေ့ခဲ့ရတယ်၊ ဘာတွေ တွေးခဲ့တယ် ဆိုတာလောက်ပဲ ငါ ပြောမယ်'

'အေး အချက်အလက်ကိုပဲ ပြော၊ အင်တာပရက်တေးရှင်း (အဓိပ္ပာယ် ဖွင့်ချက်) မပါဘဲ ပြောကွာ၊ ငါ့ဘာသာ စဉ်းစားမယ်'

'ရပ်ဆယ်က ရုရှား တော်လှန်ရေးကို ပြင်သစ်တော်လှန်ရေးနှင့် နှိုင်းမယ်ဆို နှိုင်းလောက်တယ် ဆိုပေမယ့် ရုရှား တော်လှန်ရေးက ပိုပြီး လူ့သမိုင်းမှာ အရေးပါ အရာရောက်ပါတယ်တဲ့၊ လူ့ အဖွဲ့အစည်းရဲ့ အဆောက်အအုံကြီး တစ်ခုလုံးကို ပြောင်းသွားအောင် လူတွေရဲ့ နေ့စဉ်ဘဝ အခြေအနေတွေ ပြောင်းသွားအောင် ဒီ တော်လှန်ရေးက ပိုပြီး လုပ်နိုင်ရုံသာမက လူတွေရဲ့ ယုံကြည်ချက်တွေ အတွေးအမြင် ခံယူချက်တွေကိုပါ ပြောင်းသွားအောင်လည်း လုပ်နိုင်ပါတယ်တဲ့၊ ဒီ တော်လှန်ရေးကြီး နှစ်ခု မတူတာကလည်း မာ့က်စ်ရဲ့ အတွေးအမြင်နှင့် ရူးဆိုး (Rousseau) ရဲ့ အတွေးအမြင် ကွာခြားမှုကြောင့်လည်း ဖြစ်ပါတယ်တဲ့၊ ပြီးတော့ ဒီ အသစ် ဖြစ်ပေါ်လာတဲ့ လူမှု အဆောက်အအုံ ပြောင်းလဲမှုကြီးကို သူက ခြုံပြီး သုံးသပ်ပြတယ်၊ ဘယ်လို သုံးသပ်ပြသလဲ ဆိုတော့ ရုရှား တော်လှန်ရေးဟာ ဆိုရှယ်လစ် အယူဝါဒကို အကောင်အထည် ပေါ်အောင် လုပ်ပေးခဲ့တဲ့ ကြိုးပမ်းမှု တစ်ရပ် ဖြစ်ပါတယ်တဲ့၊ သူ့ အနေနှင့်လည်း လူ့ကမ္ဘာမှာ ဆိုရှယ်လစ် ဝါဒဟာ လိုအပ်ချက်တစ်ရပ် ဖြစ်တယ်လို့လည်း မြင်ပါတယ်တဲ့၊ ဒီလို ကြီးကျယ် ခမ်းနားလှတဲ့ ကြိုးပမ်းမှု တစ်ရပ်ကို ပြုလုပ်ပြီး လူသားတွေ အတွက် ပိုမို ကောင်းမွန်တဲ့ အနာဂတ် မျှော်လင့်ချက်တွေကို ပေးနိုင်ခဲ့လို့လည်း ဘော်ရှီဗစ် တော်လှန်ရေးဟာ တိုးတက်မှုကို လိုလားတဲ့ လူသားအားလုံး အတွက်တော့ ကျေးဇူး တင်ထိုက် မြတ်နိုးထိုက်တဲ့ အရာပါပဲတဲ့'

www.burmeseclassic.com



'ဟေ ဒီလို သုံးသပ်တာ အမှန်ပဲလား'

'မှန်ပါ့ ကိုယ့်လူရာ၊ (**Bolshevism deserves the gratitude and admiration of all progressive part of mankind**) လို့ အတိအကျ ရေးခဲ့ပါတယ်၊ သို့သော် ရုရှားတွေ ကျင့်သုံးခဲ့တဲ့ ဆိုရှယ်လစ် စနစ် အကောင်အထည် ဖော်ပုံ ဖော်နည်းဟာ ရှေ့ဆောင် လမ်းပြနည်း ဖြစ်ခဲ့ရာမှာကျတော့ ကြမ်း တမ်း လွန်း တယ်၊ ရက်စက် လွန်းတယ်၊ အန္တရာယ် များလွန်းတယ်တဲ့၊ ဒီနည်းမျိုးနှင့်တော့ တည်ငြိမ်ပြီး နှစ်သက်ဖွယ်ကောင်းတဲ့ ဆိုရှယ်လစ် စနစ်ကို ထူထောင်နိုင်လိမ့်မယ်လို့ သူတော့ မယုံကြည်ပါဘူးတဲ့'

'ဒါဆို ရပ်ဆယ် မှားပြီပေါ့ကွ၊ ခု ရုရှားပြည်မှာ တည်ငြိမ်တဲ့ ဆိုရှယ်လစ် စနစ်ကို ထူထောင်နိုင်ခဲ့လို့ပဲ အနှစ် လေးဆယ်တောင် ကြာခဲ့ပြီ ဥစ္စာ'

'အေးလေ ငါက ဘာပြောလို့လဲ၊ မင်းဘာသာ စဉ်းစား၊ ငါက သူ ပြောတာကို အရှိအတိုင်း တင်ပြတာ၊ ငါ့ ဝေဖန်ချက် ဘာမှ မပါဘူး၊ သူ ပြောတဲ့ တည်ငြိမ်မှု (stable) ဆိုတဲ့ စကားကို ဘာဆိုလိုမှန်းမှ ငါ မသိတာ၊ တစ်ခုတော့ ရှိတယ်၊ ခု နှစ်လေးဆယ် ကျော်ပြီ၊ ရုရှားပြည်မှာ ဆိုရှယ်လစ် စနစ် ထူထောင်တာ နှစ်သက်ဖွယ် ကောင်းတဲ့ လိုချင်တဲ့ အဆင့် ရောက်ပြီလား'

'ဒါတော့ မရောက်သေးဘူး၊ ငါ ဝန်ခံရမှာပဲ'

'အေးလေ၊ အဲဒီလို မျှမျှတတ စဉ်းစားပေါ့ကွာ၊ ဘာကိုမှ အလွန်အကျွံ အထင် မကြီးနှင့်၊ ဘာကိုမှ အလွန်အကျွံလည်း အထင်မသေးနှင့်၊ သူ့မှာ ရိုးသားမှု ရှိတယ်လို့ ငါထင်တယ်'

'ဘယ်သူလဲ၊ ရပ်ဆယ်မှာလား'

'ဟုတ်တယ်၊ ရပ်ဆယ်ဟာ ဒီကနေ့ ကမ္ဘာပေါ်မှာ မဟုတ်ရင် မဟုတ်ဘူး၊ ဟုတ်ရင် ဟုတ်တယ်လို့ ဘာကိုမှ မကြောက်မရွံ့ သူပဲ ပြောရဲတယ်၊ နန်းတော်ကြီး ရဲတိုက်ကြီးပေါ်က လမ်းပေါ် ရောက်သွားလည်း သူ ဂရု မစိုက်ဘူး၊ လူ့လောက ငြိမ်းချမ်း သာယာရေး၊ လူ့ဘဝမှာ တရားမျှတမှု ထွန်းကားရေး အတွက် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ကမ္ဘာသိ တိုက်ပွဲဝင်နေတာ ဒဿနဆရာထဲက ဆိုလို့ သူတစ်ယောက်ပဲ ရှိတယ် သုံးယ်ချင်း၊ ဆော့ခရတ္တိ ပြီးရင် ဒီခေတ်မှာတော့ သူပဲ ရှိတယ်လို့ ငါ ထင်တယ်၊ သူက ဘော်ရှီဗစ် တော်လှန်ရေးထဲက သင်ခန်းစာ ယူစရာတွေ အများကြီး ရှိပါတယ်တဲ့၊ လောလောဆယ် ရုရှားပြည်မှာ ကြုံတွေ့နေတဲ့ အမှားအယွင်းတွေ၊ မအောင်မြင်မှုတွေ၊ ဆုံးရှုံးမှုတွေရဲ့ အကြောင်းရင်းဟာ မလုပ်တတ် မကိုင်တတ်သေးလို့ ဆိုတာထက် ခန္တီစိတ် မရှိတဲ့ အတွေးအမြင် (**Impatient Philosophy**) ကြောင့်ပဲ ဖြစ်တယ်လို့ သူ ထင်တယ်တဲ့၊ ဘာဖြစ်လို့လဲဆို ကမ္ဘာ လောကသစ်ကို ဖန်တီးချင်တဲ့ အဲဒီ အတွေးအခေါ်ဟာ လူသာမန်တွေရဲ့ အထင် အမြင်နှင့် ပတ်သက်ပြီး ဘာမှ ကြိုတင် စီစဉ်မှု အလုံအလောက် မရှိဘဲနှင့် အကောင်အထည် ဖော်ခဲ့လို့ပဲလို့ ထင်တဲ့ အကြောင်းကိုလည်း သူ ပြောတယ်။

'အရေးကြီးတဲ့ သူ့ရဲ့ ထင်မြင်ချက် တစ်ခုကို မပြောခင် မင်းကို စီးပွားရေး ကဏ္ဍနှင့် ပတ်သက်ပြီး ငါ တစ်ခု မေးမယ်၊ အဲဒါက ဒီကနေ့ ကမ္ဘာမှာ လူတွေဟာ စက်မှုဘဝကို ဖန်တီးခဲ့ကြ ပြီးတဲ့နောက် အဲဒီ စက်မှု ထူထောင်မှုကြီး ထွန်းကားလာတဲ့ အခါကျတော့ စက်မှုဘဝက လူကို လွှမ်းမိုးသလား၊ လူက စက်မှုဘဝကို လွှမ်းမိုးသလား၊ ငါ ဆိုလိုတာက စက်မှုဘဝအောက်ကို လူက ရောက်သွားသလား၊ လူ့အောက်ကို စက်မှုဘဝက ရောက်သွားသလား'

'ခု အတိုင်းကတော့ လူဟာ စက်မှု ထွန်းကားမှု ဘဝရဲ့ အောက်ကို ရောက်နေတာပဲ၊ လူသား မှန်သမျှဟာ စက်မှု ထွန်းကားမှုရဲ့ နောက်လိုက်တွေ ဖြစ်နေတာ ထင်ရှား နေတာပဲဟာ'

'အေး ဒါ မင်း ပြောတာနော်၊ ရပ်ဆယ်ကတော့ အခြေခံကျတဲ့ စီးပွားရေး ပြန်လည် တည်ဆောက်နိုင်ဖို့၊ အဲဒီ ပြုပြင် တည်ဆောက်မှုနှင့် အတူ လူတွေရဲ့ အတွေးတွေ ခံစားချက်တွေ ပြောင်းလဲအောင် လုပ်ဖို့၊ ဒဿနအမြင် အနုပညာနှင့် လူ့ဆက်ဆံရေးတွေ ပြောင်းလဲဖို့ ဆိုတာ လူက စက်မှု ထွန်းကားရေးရဲ့ ကျေးကျွန် ဖြစ်နေလို့ကတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူးတဲ့၊ လူက စက်မှု ထွန်းကားမှုရဲ့ အရှင်သခင် ဖြစ်မှပဲ ဖြစ်လိမ့်မယ်တဲ့၊ ဟောကိန်း ထုတ်တယ်၊ အရေးအကြီးဆုံးလို့ သူ သဘောထားပြီး တင်ပြ ထားတာကတော့ သူ့ အနေနှင့် ဘော်ရှီဗစ်ဝါဒဟာ နိုင်ငံရေး အယူဝါဒလောက် ဆို သူ ဘာမှ မပြောပါဘူးတဲ့၊ ခုတော့ ဘော်ရှီဗစ် ဝါဒက ယုံကြည် ကိုးကွယ်မှု ဖြစ်လာတာကိုတော့ သူ လက်မခံဘူးတဲ့၊ ဘော်ရှီဗစ်တွေဟာ မာ့က်စ်ဝါဒ ကျမ်းစာတွေကို ဘုရားဟော ကျမ်းစာတွေလို ခဝပ် ကိုးကွယ်လာကြတာရယ်၊ မာ့က်စ် အိန်ဂျယ် လီနင် စတာလင် ရေးမှ မှန်တယ်လို့ တရားသေ ဝါဒ စွဲကိုင် လာတာတွေဟာ

www.burmeseclassic.com



သူနှင့်တော့ အမြင် ခြားနားတယ်တဲ့၊ ဘော်ရှီဗစ် ဝါဒမှာ သူတို့ ပြောတဲ့ အတိုင်းသာလုပ် မုချ ဖြစ်ရမယ်ဆိုတဲ့ တရားသေ အလေ့အကျင့် တစ်ခု ပြန်ပေါ်လာတယ်တဲ့၊ ဒီလို သဘောထားမျိုးဟာ ရီနေးဆန်းခေတ် မတိုင်ခင်ကလည်း ရှိခဲ့တယ်တဲ့၊ သိပ္ပံပညာ ထွန်းကားလာတဲ့ ခေတ်မှာ လူတွေဟာ ဘာကိုမှ မုချ ဖြစ်လိမ့်မယ်လို့ တရားသေ ကိန်းသေ မထားရဲကြဘူးတဲ့၊ လူသားတွေ အတွက် သိပ္ပံနည်းကျ လောက အမြင်ဟာ အလွန် အရေးပါတယ်လို့ သူ ထင်တယ်တဲ့၊ အလယ်ခေတ် တုန်းကလို တခြားလူတွေ ဘာကိုမှ လွတ်လွတ်လပ်လပ် မစဉ်းစားရဘူး၊ ငါတို့ ဟောတဲ့ အတိုင်းပဲ ယုံကြည်ရမယ်၊ ငါတို့ ပြောတဲ့ အတိုင်းပဲ လုပ်ရမယ် ဆိုပြီး (လူတွေရဲ့ လွတ်လပ်စွာ တွေးတော ဆင်ခြင်မှု အားလုံးကို အကျဉ်းချထားပြီး) စီးပွားရေး စနစ် တစ်ခုကို ထူထောင်တာ တကယ်လို့ အောင်မြင်တယ်ပဲ ထား၊ အဲဒီ အောင်မြင်မှုရဲ့ တန်ဖိုးကို သူကတော့ ပြန်ပြီး စဉ်းစား သုံးသပ်ရမှာပဲတဲ့၊ တန်ကြေး ကြီးလွန်းတယ်၊ ရတာနှင့် ခံရတာနှင့် မမျှပါဘူးတဲ့'

'ဒါဆို သူ့သဘောက စနစ်တွေ၊ ဝါဒ သဘောတရားတွေ၊ မူတွေထက် လူ့ကိုယ်ရည်ကိုယ်သွေးက ပို အရေးပါတယ်လို့ ဆိုချင်တာလား'

'ငါ နားလည်တာကတော့ ဒီလိုကွ၊ သိပ္ပံပညာ ဆိုပါတော့ကွာ၊ သိပ္ပံပညာမှာ ရရှိလာတဲ့ အတတ်ပညာ နည်းနာတွေဟာ လူဆိုးလူယုတ်တွေ လက်ထဲ ရောက်သွားတဲ့ အခါကျတော့ လူသတ်လက်နက်တွေ လူတွေကို ဒုက္ခပေးနိုင်တဲ့ အစွမ်းသတ္တိတွေ ဖြစ်လာတယ်၊ သူတော်ကောင်း တရား နှလုံးထားတဲ့ လူတွေရဲ့ လက်ထဲကို အဲဒီ အစွမ်းသတ္တိတွေ ရောက်သွားတဲ့ အခါကျတော့ ဒီ ပညာတွေဟာ လူသား အကျိုးပြု ပညာတွေ ဖြစ်လာသလိုပေါ့၊ ဒါကို သူ ရေးတဲ့ ***လူမှာ အနာဂတ် ရှိသေးရဲ့လား*** (Has Man a Future) ကျမ်းငယ်ထဲမှာ သူ ရေးခဲ့ဖူးတယ်'

'ဘယ်လို ရေးခဲ့လို့လဲ၊ ဆိုစမ်းပါဦး'

'သူ ဆိုတာက ကျုပ်တို့ တတ်သိခဲ့ကြတဲ့ အသိပညာ အများအပြားဟာ လွန်ခဲ့တဲ့ အနှစ် တစ်ထောင့် နှစ်ရာတွင်းမှာ သိခဲ့ကြတာတွေပဲတဲ့၊ သဘာဝ လောက အပေါ်မှာ အနိုင်ရတဲ့ အစွမ်းသတ္တိတွေကို ရလာတော့ ကျုပ်တို့ဟာ ဒီမဟိဒ္ဓိပညာတွေမှာ ယစ်မူးပြီး ဒီပညာတွေနှင့်ပဲ လူသား အချင်းချင်းကို အနိုင်ကျင့်ဖို့၊ လူသား အချင်းချင်း အပေါ်မှာ လွှမ်းမိုးဖို့ (အင်အား ကြီးဖို့) ကို ကြိုးပမ်း လာကြတယ်တဲ့၊ ဒီတော့ အသိပညာ အတတ်ပညာ ဆိုတာကလည်း ဒီပညာတွေကို အကျိုးဖြစ်အောင် ဘယ်လို အသုံးချသင့်တယ် ဆိုတဲ့ အလိမ္မာ ဉာဏ်ပညာ ရှိတဲ့ လူတွေ လက်ထဲ ရောက်မှပဲ ကောင်းကျိုး ပေးတော့မှာပဲလို့တောင် ဆိုသင့်နေပြီတဲ့' *

'ဒါလည်း မှန်တာပဲကွ'

'အေးလေ၊ ဒါ မင်း စဉ်းစားလေ၊ ငါကတော့ သူ ပြောတာကိုပဲ မင်းကို အရှိ အတိုင်း တင်ပြတာ၊ နောက် တစ်ချက်က သူ တင်ပြတာကလည်း စိတ်ဝင်စားဖို့ ကောင်းတယ် ကိုယ့်လူ'

'အင်း ဆိုပါဦး၊ မင်း ခု ပြောပြီးသလောက်ကတော့ မဆိုးဘူးကွ၊ သမာသမတ် ရှိတယ်လို့ ဆိုရမှာပဲ၊ ပြီးတော့ ငါ မတွေးမိခဲ့တာတွေ မမြင်မိခဲ့တာတွေလည်း အများကြီး ပါတယ်၊ ရပ်ဆယ်က ဆိုးတော့ မဆိုးဘူး'

ကိုစိုးမြင့် သဘောထား အနည်းငယ် ပြောင်းလဲလာသည်မှာ အကျွန်ုပ် အတွက်တော့ ဝမ်းသာစရာ ဖြစ်လေသည်။ မဟုတ်လျှင် ကိုစိုးမြင့်သည် ဤဌာနတွင် ကျန်လူတွေ အတွက် စိတ်အနှောင့်အယှက် ပေးတတ်သော ဂြိုဟ်ကောင် တစ်ကောင်လို ဖြစ်မှန်းမသိ ဖြစ်လာပေတော့မည်။ သူ ဤကဲ့သို့ ပျော့ပျောင်းလာခြင်းသည် အကျွန်ုပ် အဖို့ ပင်ပန်းခံရကျိုး နပ်ခြင်းပင် ဖြစ်သည်ဟု ထင်ပါသည်။

'ရပ်ဆယ် ထောက်ပြတဲ့ အချက် တစ်ချက်က ဘာလဲ ဆိုတော့ ဘော်ရှီဗစ် ဝါဒဟာ လူတွေ အတွက် မျှော်လင့်ချက်တွေကို ဖန်တီးပေးနေတယ်တဲ့၊ ဘာနှင့် အလားသဏ္ဌာန် တူသလဲ ဆိုရင် သူတို့ ဟောနေတဲ့ တရားတွေဟာ ခရစ်တော်ရဲ့ တောင်ပေါ်တရား (Sermon on the Mount) နှင့် တူတယ်တဲ့'

'ဘာလဲကွ တောင်ပေါ်တရား ဆိုတာက'

'တောင်ပေါ်တရား ဆိုတာလား၊ အင်း ဟုတ်သားပဲ၊ အဲဒါ ပြောဦးမှ ဖြစ်မယ်၊ ဒီလိုကွ၊ ဓမ္မသစ်ကျမ်းစာ ရှင်မဿဲ ခရစ်ဝင် (Mathew) ထဲမှာ ဒီတရား ပါတယ်၊ ခရစ်တော်ကို ဂျော်ဒန်မြစ်ထဲမှာ ယောဟန်က နှစ်ခြင်း မင်္ဂလာ ပြုပြီးတဲ့နောက် တောထွက်သွားတယ်၊ တောတွင်းမှာ ရက်ပေါင်း လေးဆယ် တိတိ မာရ်နတ်ရဲ့ အစမ်းခံရတယ်၊ တောက ပြန်ပြီးတဲ့နောက် ခရစ်တော်

---

* *Has Man a Future, B. Russell p 13-14*

www.burmeseclassic.com



ဟာ ဂါလီလဲ ပြည်ကို ရှေးရှုသွားတယ်၊ တစ်တိုင်း တစ်ပြည်လုံး ခရစ်တော်ရဲ့ သတင်းတွေ ပျံ့နှံ့နေတယ်၊ ဒီအချိန်မှာ သူ့ တပည့်ကြီး ဖြစ်မယ့် အန္ဒြေ (**Andrew**) နှင့် တွေ့တယ်၊ အန္ဒြေဟာ တံငါသည်တစ်ဦး ဖြစ်တယ်၊ နောက် ဇေဗေဒီရဲ့သား ယောဟန်နှင့် ရှိမုန် (**James**) ပေတရု (**Peter**) စသူတို့ဟာ တပည့်တော်ကြီးများ ဖြစ်လာကြတယ်၊ တပည့်ကြီးများနှင့် အတူ လူတွေမှာ စွဲကပ်နေတဲ့ ရောဂါတွေကို ကုသပြီးနောက် သုံးရက်ကြာတဲ့ အခါ ခရစ်တော်ဟာ သူ့နောက်က လိုက်ပါလာကြတဲ့ လူအုပ်ကြီးကို ဦးဆောင်ပြီး တောင်ပေါ်ကို တက်သွားတယ်၊ တောင်ကုန်း တစ်ခုပေါ် ရောက်တော့ ထိုင်တဲ့ပြီး ဟောတဲ့ တရားကို တောင်ပေါ်တရားလို့ ခေါ်တာ'

'ဟုတ်ပါပြီ၊ ဘာတရားလဲ ပြောဦးမှပေါ့ကွ'

'သူ့ တရားကတော့ အများကြီး၊ ဘာထရန် ရပ်ဆယ် ရည်ညွှန်းတဲ့ တရားကိုပဲ ပြောမယ်ကွာ၊ သိချင်ရင် သမ္မာကျမ်းစာသစ်မှာ ကိုယ့်ဘာသာ ရှာဖတ်ပေါ့ကွ၊ မင်းကလည်း မာ့က်စ်ဝါဒီ လုပ်ပြီး အပိုထွက် တန်ဖိုးသဘောတရား (**surplus value**) ကို သိထားတိုင်း ငါ့ကို ခေါင်းပုံကြီး ဖြတ်နေတော့တာပဲ'

အကျွန်ုပ်လည်း စိတ်ရှည် လက်ရှည် ထားပြီး ဘာထရန်ရပ်ဆယ် ရည်ညွှန်းသည့် အချက်ကိုသာ အဓိကထား ပြောပါသည်။

'တောင်ပေါ် တရားထဲမှာ ရန်သူကို ချစ်ရမယ် ဆိုတဲ့ တရား တစ်ပုဒ် ပါတယ်၊ သင်တို့ ကြားဖူးသည် မဟုတ်တုံလော၊ မိတ်ဆွေကို ချစ်ကြကုန်လော့၊ ရန်သူကို မုန်းကြကုန်လော့ ဆိုသောစကား၊ ယခု ငါဆိုသည်ကား ရန်သူကိုပင်လည်း ချစ်ကြကုန်လော့၊ သင်တို့အား ညှဉ်းဆဲ နှိပ်စက်သူများ အတွက်လည်း ဆုတောင်းကြကုန်လော့၊ သို့ဖြင့် သင်တို့သည် ကောင်းကင်ဘုံ၌ စံနေတော်မူသော ဖဘုရားသခင်၏ သားများ ဖြစ်ကြကုန်လတ္တံ့ ဆိုတဲ့ တရားရယ်၊ ပြီးတော့ ကလဲ့စားချေခြင်းနှင့် ပတ်သက်ပြီး သင်တို့ ကြားဖူးကြသည် မဟုတ်တုံလော၊ မျက်စိ မျက်စိချင်း သွား သွားချင်း ဆိုသည့်စကား၊ ငါဆိုသည်ကား ရန်ကို ရန်ချင်း မတုံ့လျှင်းကြကုန်နှင့်၊ တစ်စုံတစ်ယောက်သော သူသည် သင်၏ ညာဘက်ပါးကို လက်ဝါးဖြင့် ရိုက်ပုတ်လျှင် သူ့အား ဘယ်ဘက်ပါးကိုပါ ရိုက်ဖို့ ထိုးပေးလိုက်ပါ၊ သင်၏ ရှပ်အင်္ကျီအတွက် တစ်စုံတစ်ယောက်သော သူက သင့်ကို တရားစွဲဆိုလျှင် သင့်မှာ ရှိသော ကုတ်အင်္ကျီကိုပါ ထိုသူအား ပေးလိုက်ပါ ဆိုတဲ့ တရားတွေပေါ့ကွာ'

'အေး အဲဒါကို ရပ်ဆယ်က ဘယ်လို သုံးသပ်သလဲ'

'ခရစ်တော် ဟောခဲ့တဲ့ အဲဒီ တရားတွေကို ခရစ်ယာန်ဘာသာ ထွန်းကားလာတဲ့ အခါကျတော့ ဘယ်သူမှ မလိုက်နာဘူး၊ မကျင့်သုံးဘူးတဲ့၊ လက်တွေ့ကျတော့ ဘာသာ အယူဝါဒ သွေဖည်တဲ့လူကို အဲဒီ ဘာသာက လုလုပပ လက်စား ချေတယ်၊ စက်တိုင်ပေါ် တင်ပြီး သတ်ဖြတ် ပစ်ခဲ့ကြတယ်တဲ့၊ ဘာမှ အသိပညာ မရှိတဲ့ အလယ်ခေတ် ဘုန်းကြီးတွေက အဲဒီခေတ်မှာ ပေါ်ထွန်းခဲ့ကြတဲ့ ရောမ ပညာရှင် ရင့်မကြီးတွေကို စက်တိုင်တင်ခဲ့ကြတာ ကမ္ဘာ့သမိုင်းမှာ သက်သေ ထင်ရှား ရှိပါတယ်တဲ့၊ ခု ဘော်ရှီဗစ်တွေလည်း ဒီလိုပဲ ဖြစ်နေတယ်တဲ့၊ ပြောတာကတော့ လူတွေ အကျိုး ငြိမ်းချမ်းရေး တရားပေါ့ကွာ၊ ဖြစ်တာကျတော့ ဝါဒစွဲကြီးမှု ရက်စက်မှုတွေပဲ ဖြစ်နေတယ်တဲ့၊ တစ်နေ့မှာ ဘော်ရှီဗစ် ဝါဒဟာ ကမ္ဘာကို လွှမ်းမိုးတဲ့ အကြွင်းမဲ့ တန်ခိုး အာဏာ ဖြစ်လာမယ် မလာဘူး ဆိုတာတော့ သူ မသိဘူးတဲ့၊ ဒါပေမယ့် ဘော်ရှီဗစ် ဝါဒဟာ ဘာသာ ယုံကြည်ကိုးကွယ်မှု အသစ် တစ်ခုလို ဖြစ်လာတာတော့ အမှန်ပဲတဲ့၊ ပြီးတော့ ဘော်ရှီဗစ် ဝါဒမှာ ချီးမွမ်းဖွယ် ကတိ စကားတွေလည်း အများကြီး ပါပါတယ်တဲ့၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း ဆိုတဲ့ မတရားမှုမျိုး မရှိရဘူး၊ လူကို စီးပွားရေး အရ ကျွန်လို ခိုင်းစေတာမျိုး မရှိရဘူး၊ စစ်မက် မရှိရဘူး၊ နိုင်ငံရေး ဘဝ စက်မှု ဘဝကို ပျက်စီးစေတဲ့ အဆိပ်အတောက်မျိုး ဖြစ်တဲ့ လူတန်းစား ခွဲခြားမှု မရှိရဘူး၊ ငွေရှိရင် ဘာမဆို ဖြစ်တယ်၊ ငွေသာ ပဓာန ဆိုတဲ့ ကုန်သည်ဝါဒ မရှိရဘူး၊ လူတိုင်း ယောကျ်ား မိန်းမ မရွေး လုပ်နိုင်သလောက် လုပ်၊ လုပ်သလောက် မကဘူး၊ လိုသလောက် ခံစားရမယ်၊ လူတွေကိုလည်း မကောင်းမှု ဒုစရိုက် တရားတွေက ကယ်တင်ပြီး ကောင်းမှု သုစရိုက် တရားတွေနှင့် ပြည့်စုံစေမယ် ဆိုတာတွေပါပဲတဲ့၊ ဒါတွေကတော့ သူ ပြောမှ မဟုတ်ပါဘူး၊ ဘော်ရှီဗစ် စနစ်ကြီး အောင်မြင်တဲ့ အခါ ပုဂ္ဂလိက ပိုင်ဆိုင်မှုတို့ နိုင်ငံ အစိုးရ ဆိုတာတို့တောင် ရှိစရာ မလိုတော့ဘူး ဆိုတာတွေဟာ မင်းလည်း အသိပဲဟာ'

ဤတွင် စိုးမြင့် သက်ပြင်း တစ်ချက် ချလေသည်။

www.burmeseclassic.com



'ကဲ ပြန်ကြစို့၊ နောက် သင်တန်း တက်စရာ ရှိသေးတယ် ဟုတ်လား'

နောက်တစ်ကြိမ် သင်တန်းမှာ မကြာမီ စတင်ပါသည်။ ဆရာ ဒေါက်တာ ခင်မောင်ဝင်း၏ ဝိဘဇ္ဇ ဒဿန (Philosophy of Analysis) သင်တန်း ဖြစ်လေသည်။ ဆရာသည် ဝိဘဇ္ဇ ဒဿနကို သင်ကြား ပို့ချပြီးနောက် သင်တန်း အပြီးတွင် ကိုစိုးမြင့်နှင့် အကျွန်ုပ်တို့ နှစ်ဦးအား သူ့ ရုံးခန်းသို့ လာကြဖို့ ဖိတ်ခေါ်လေသည်။

အကျွန်ုပ်တို့ နှစ်ဦး ဆရာ့ အခန်းသို့ ရောက်ကြသောအခါ ဆရာသည် အိမ် ပြန်ရန် ပြင်ဆင်နေလေသည်။ အကျွန်ုပ်တို့ကို ခေါ်ထားပြီး ဘာကြောင့် ဆရာသည် အိမ်ပြန်ရန် ဟန်ပြင်နေသည်ကိုမူ အကျွန်ုပ်တို့မှာ နားမလည်ဘဲ ဇဝေဇဝါ ဖြစ်ကြရလေသည်။

'လာဗျာ၊ ခင်ဗျားတို့ နှစ်ယောက်လုံး ကျွန်တော်နှင့် အတူ လိုက်ခဲ့ကြဗျာ'

အကျွန်ုပ်တို့လည်း ဘာ အကြောင်းမှန်း မသိ၊ စကားလည်း ဘာပြောရမှန်း မသိ၊ ဆရာ ခေါ်ဆောင်ရာသို့သာ ဆရာ့ နောက်က လိုက်နေမိကြလေသည်။ ဆရာသည် ဂျပ်ဆင်မှျော်စင်ရှေ့ အပေါက်က ထွက်ပြီး စံရိပ်ငြိမ်ကို ဖြတ်လျှောက်ရာ အကျွန်ုပ်တို့လည်း သူ့နောက်က လိုက်မြဲ လိုက်နေကြလေ၏။ ဆရာ့ကား အလွန် ခင်မင် လေးစားဖွယ် ကောင်း၏။ တပည့်များ ဆရာတွေ ဖြစ်လာကြသော အခါ တပည့်များကိုပင် လေးလေးစားစား ဆက်ဆံ၏။ ဆရာ့မှာ နှိမ့်ချသော စိတ်လည်း ရှိသည်။ တစ်ခါတစ်ရံ တပည့်များနှင့်ပင် ရင်းရင်းနှီးနှီး လက်ဖက်ရည် ဆိုင်မှာ အတူ ထိုင်ပြီး သောက်သည့်အခါ သောက်တတ်၏။ ယခုလည်း စံရိပ်ငြိမ်ကို ဖြတ်လျှောက်စဉ် ချိုချဉ်ဆိုင်မှ ဖွဲနု မုန့်ဆုပ်ကလေးများကို ဝယ်ပြီး စား၏။ အကျွန်ုပ်တို့အားလည်း သူ ကြိုက်တတ်သော ထိုမုန့်ကလေးများကို ကျွေးလေသည်။ အကျွန်ုပ်တို့ သုံးဦး မုန့်ကလေးတွေ ကိုယ်စီ ဝါးရင်း လမ်းလျှောက် လာကြစဉ် ဆရာက မေးလေသည်။

'ဒီမနက် ဆရာကား ခင်ဗျားတို့ နှစ်ယောက်ကို စိတ်ဆိုးပြီး ထွက်သွားတယ် ကြားတယ်၊ ဘယ်လို ဖြစ်ကြတာလဲ'

အကျွန်ုပ်က မဖြေဘဲ နေသဖြင့် ကိုစိုးမြင့်က အဖြစ်အပျက် အစုံအလင်ကို လိုရင်း ချုပ်ပြီး ဆရာ့ကို ပြန် ပြော ပြ လေ သည်။ အကျွန်ုပ်ကလည်း အမှန်မှာ ကိုစိုးမြင့်က စေတနာဖြင့် ပြောခြင်း ဖြစ်သော်လည်း အပြောမတတ်တော့ ဆဲသလို ဖြစ်ရပုံ၊ စေတနာသည် ဝေဒနာ ဖြစ်သွားရပုံကို ကိုစိုးမြင့်ဘက်မှ ဖာဖာ ထေးထေး ပြောလိုက်ပါသည်။ ဤသို့ ပြောသည်ကိုပင် ကိုစိုးမြင့်က

'ငါ့ချည်း ဆူတာ မဟုတ်ပါဘူး၊ မင်းကိုလည်း တီးသွားတာပါကွာ' ဟု ဆိုလေသည်။ သူ ဤကဲ့သို့ ကြက်နှုတ်သီးဆိတ် မခံ ရင့်ရင့်သီးသီး ပြောတတ်မှုကြောင့် ပြဿနာ မဖြစ်သင့်ဘဲ ဖြစ်ရကြောင်း ပြောပြီး သူနှင့် အကျွန်ုပ် ရန်ဖြစ်ကြ ပြန်လေသည်။ သူနှင့် အကျွန်ုပ်တို့သည် ရန်ဖြစ်ရင်း ချစ်တတ်ကြသော လင်မယား နှင့် တူနေသည်ဟု ရှေ့မှာ ဆိုခဲ့သည့် အတိုင်းပင် ဆရာသည် အကျွန်ုပ်တို့ တပည့် နှစ်ယောက်၏ ပင်ကို သဘာဝများကို နားလည်ထားသည့် အလျောက် အထွေအထူး မပြောဘဲ ပြုံး၍သာ နေတတ်ပါသည်။ အကျွန်ုပ်တို့ ရန်ဖြစ်ကြ ပြီးသောအခါ ဆရာက ဆိုလေသည်။

'အမှန်တော့ ဖီလိုဆိုဖီ ကျောင်းသား တစ်ယောက်ဟာ ဘယ်အမြင် ဘယ်ဝါဒကိုပဲ ဖြစ်ဖြစ် ဖွင့်သော နှလုံးသားမျိုးနှင့် လေ့လာသင့်ပါတယ်၊ သို့သော် ပညာရှင် တစ်ယောက်ရဲ့ လေ့လာနည်းဟာ အယူဝါဒ နောက်လိုက် တစ်ယောက်ရဲ့ လေ့လာပုံနှင့်တော့ မတူဘူးဗျ၊ သူ့မှာ အယူဝါဒ တစ်ခုကို လေ့လာတဲ့ အခါ မရိုးသားတဲ့ နှလုံးသားလည်း မရှိဖို့တော့ လိုတယ်၊ မရိုးသားတဲ့ နှလုံးသား ဆိုတာက သူ့မှာ အယူဝါဒစွဲ တစ်ခုကို ကနဦး လက်ခံထားပြီး အဲဒီဝါဒကို ကာကွယ်ဖို့ အတွက် တခြား အယူဝါဒတွေကို အပြစ် ရှာလိုသော သဘောနှင့် လေ့လာတာမျိုးကို ပြောတာ၊ သဘောရိုးနှင့် လေ့လာတာကိုတော့ ကျွန်တော်တို့က လက်ခံသင့်ပါတယ်၊ ဆရာကားက ခင်ဗျားတို့ အပေါ် နားလည်မှု လွဲသွားတာဟာ ကျွန်တော့် အထင်တော့ ခင်ဗျားတို့မှာ မရိုးသားဘူးလို့ ထင်စရာ အကြောင်းရှိလို့ ဖြစ်မှာပါ၊ ဒါကလည်း ပါမောက္ခကို အပြစ် မဆိုသာဘူး၊ တက္ကသိုလ် ကျောင်းသားတွေရဲ့ အခြေအနေ အရပ်ရပ်ကလည်း မတည်ငြိမ်ခဲ့ပဲကိုးဗျ၊ ခင်ဗျားတို့ သိကြသားပဲ၊ လွတ်လပ်ရေး ရပြီးတဲ့ နောက်ပိုင်းမှာ တက္ကသိုလ် ကျောင်းသားလောကမှာ ကွန်မြူနစ် လှုံ့ဆော်မှုတွေနှင့် ကင်းခဲ့တဲ့ အချိန်ကာလ ဆိုတာကလည်း မရှိသလောက် ရှားသားကလား။

www.burmeseclassic.com



"ဒါကတော့ တစ်ပိုင်းပေါ့ဗျာ၊ ကိုစိုးမြင့် ခင်ဗျား အာသာ ကိုဟင် (Arthur A. Cohen) ရဲ့ ***မော်စီတုံး ကွန်မြူနစ်ဝါဒ*** (The Communism of Mao Tse Tung) ကိုကော ဖတ်ပြီးပလား'

ဆရာက ရုတ်တရက် ဖြတ် မေး လိုက် သော အမေးကြောင့် အကျွန်ုပ်ရော ကိုစိုးမြင့်ပါ ကြောင်အမ်း သွားပါသည်။ ကြောင်အမ်းရခြင်းမှာ အကျွန်ုပ်တို့ စိတ်ထဲတွင် ဆရာသည် ကွန်မြူနစ်ဝါဒဟု ခေါ်သော မာ့က်စ်ဝါဒကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာ ထားလိမ့်မည် မထင်သောကြောင့် ဖြစ်ပါသည်။

'မဖတ်ရသေးပါဘူး ဆရာ'

ကိုစိုးမြင့်က ဖြေသည်။

'ကိုဆန်းလွင်ကော ဖတ်ဖူးပြီလား'

'မဖတ်ရသေးဘူး ဆရာ၊ တမြန်နေ့က အင်းဝ တိုက်မှာ တွေ့လို့ ဝယ်တော့ ဝယ်ခဲ့ပါတယ်'

'ဒါဆို အဲဒီစာအုပ်ကိုလည်း ဖတ်ကြဦး၊ မာ့က်စ်ဝါဒကို လက်ခံ ကျင့်သုံးကြတဲ့ နေရာမှာ ဘော်ရှီဗစ်တွေ လက်ခံ ကျင့်သုံးပုံ အဓိပ္ပာယ် ကောက်ယူပုံနှင့် မော်စီတုံး နှင့် တရုတ် ကွန်မြူနစ် ပါတီက လက်ခံ ကျင့်သုံးပုံ မတူကြတာကိုလည်း တွေ့ရလိမ့်မယ်၊ ကွန်မြူနစ် စနစ်ကို အကောင်အထည် ဖော်ကြရာမှာ တရုတ်နှင့် ရုရှားတို့ ကွာခြားခဲ့ကြပုံကိုလည်း သဘောပေါက် ထားဖို့တော့ လိုတယ်၊ ဒါနှင့် ခင်ဗျားတို့ မော်စီတုံးရဲ့ ဖီလိုဆိုဖီ ကျမ်းတွေထဲက ဘာတွေ ဖတ်ပြီးကြပြီလဲ'

'***ပဋိပက္ခ*** ကျမ်းပဲ ဖတ်မိပါတယ် ဆရာ၊ ဖီလိုဆိုဖီ သက်သက်ကတော့ ဒါ တစ်ခုပဲ မဟုတ်လား ဆရာ'

'မဟုတ်ဘူးဗျ၊ ***လက်တွေ့*** (On Practice) ဆိုတာလည်း ရှိသေးတယ်၊ ၁၉၃၇ နှစ်တုန်းက ရေးခဲ့တဲ့ ကျမ်းငယ် တစ်စောင်ပါပဲ၊ အဲဒီ ကျမ်းကလေးထဲမှာ အသိပညာ ဖြစ်ပေါ်မှုနှင့် ဆိုင်တဲ့ မော်စီတုံးရဲ့ ဒိုင်ယာလက်တစ် လမ်းစဉ်ကို ဖော်ပြထားတယ်၊ အတွေ့အကြုံက နေပြီး အတွေးအခေါ်ကို တက်ရပုံ၊ အတွေးအခေါ်ကမှ တစ်ဆင့် လက်တွေ့ ကျင့်သုံးမှု အပိုင်းကို ရောက်ရပုံကို ဆွေးနွေးထားတာ၊ အဲဒီ ကျမ်းကလေးမှာ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ အထိ အကျယ် ဆွေးနွေးခဲ့တယ်၊ အဓိက အချက်ကတော့ တရုတ်တို့ရဲ့ ဆိုရှယ်လစ် ဝါဒသို့ ကူးပြောင်းပုံနှင့် ရုရှားတို့ရဲ့ ကူးပြောင်းပုံ အမြင်ချင်း မတူဘူးဗျ၊ မော်စီတုံး ကွန်မြူနစ် ဝါဒကျမ်းထဲမှာ ချူအင်လိုင်းက ပြင်သစ် ဝန်ကြီးချုပ်ကို ၁၉၅၇ ခုနှစ် လောက်တုန်းက ပြောခဲ့တဲ့ စကားကလေး တစ်ခုပါတယ်၊ မှတ်သားစရာလည်း ကောင်းတယ်၊ ရယ်စရာလည်း ကောင်းတယ်၊ သူက ဘာပြောသလဲလို့ ဆိုတော့ ကျုပ်အထင်တော့ဖြင့်ရင် ခေတ်ပြောင်း တော်လှန်ရေးမှာ လက်လုပ်လက်စားတွေကို အရင်းရှင် ဖြစ်အောင် လုပ်ပေးဖို့တော့ ဖြစ်နိုင်မှာ မဟုတ်ဘူးတဲ့၊ ဖြစ်နိုင်တာကတော့ အရင်းရှင်တွေကိုသာ လက်လုပ်လက်စား ဖြစ်သွားအောင် လုပ်တာပဲ ဖြစ်လိမ့်မယ်တဲ့' *

ဆရာ၏ စကား အဆုံးတွင် အကျွန်ုပ်ရော ကိုစိုးမြင့်ပါ ရယ်မိကြလေ၏။

ဆရာသည် အိမ်သို့ ရောက်သည်အထိ အကျွန်ုပ်တို့နှင့် နောက်ထပ် စကား တစ်စုံတစ်ရာ မပြောတော့ဘဲ လာခဲ့လေသည်။ ပညာရေး တက္ကသိုလ်ဝင်းနှင့် ဝင်ဒါမီယာ ဝင်းကြားရှိ သူ့ အိမ်ဂေဟာသို့ အကျွန်ုပ်တို့ တပည့် နှစ်ဦးကို ခေါ်ခဲ့ပြီးနောက် နေ့လယ်စာ ကျွေးမွေးလေသည်။ ထမင်း စားပြီး ဆရာ၏ စာဖတ်ခန်းထဲတွင် ထိုင်ကြလေသည်။ ဆရာ၏ စာကြည့်ခန်းမှာ စာအုပ်များဖြင့် ပြည့်နှက်နေလေသည်။ ဆရာက စာအုပ် နီနီကလေး တစ်အုပ်ကို ထုတ်ယူလာပြီး အကျွန်ုပ်တို့အား ပြသလေသည်။

'ဒါ ခု ၁၉၆၃ ခုနှစ်ကျမှ ထွက်လာတဲ့ ပိုလန်ပြည်သား သဘောတရားရေး ဆရာ အာဒမ်ရှဖ် (Adam Schaff) ရဲ့ ***လူသား၏ ဒဿန*** (A Philosophy of Man) ဆိုတဲ့ စာအုပ်ကလေးဗျ၊ ဒါဟာ မာ့က်စ်ဝါဒနှင့် ပတ်သက်ပြီး နောက်ဆုံး ထွက်လာတဲ့ စာအုပ်ကလေးလို့ ဆိုရမယ်၊ ဒီစာအုပ် ဖြစ်ပေါ်လာရတာက ခု ကမ္ဘာမှာ ဖြစ်ရာဘဝ ပဓာနဝါဒ (existentialism) ထွန်းကားလာတော့ ကွန်မြူနစ် နိုင်ငံတွေမှာ ပုဂ္ဂလိက ပြဿနာတွေကို ဦးစားပေးတဲ့ အတွေးအမြင် ရိုက်ခတ်မှုတွေ ခေတ်စားလာတယ်၊ အထူးသဖြင့် လူငယ် ပညာတတ် အသိုင်းအဝိုင်းထဲမှာ ဒီ သဘောထား ပြောင်းလဲမှုဟာ ပြဿနာ ဖြစ်လာတယ်၊ ဖြစ်ရာဘဝ ပဓာန ဝါဒဟာ ကွန်မြူနစ် နိုင်ငံတွေမှာ လူကြိုက်များပြီး ခေတ်စားလာတယ်၊ လူတွေဟာ လူ့ဘဝ ပြဿနာတွေကို လူ့ဘဝ အဓိပ္ပာယ်တွေကို ပိုပြီး စိတ်ဝင်စားလာကြတယ်၊ ပိုပြီး ရှာချင် လာကြတယ်၊ လူ့ ကံကြမ္မာဆိုတဲ့ အကြောင်းဟာ ဒဿနပညာရဲ့ အဓိက အကြောင်းကိစ္စ ဖြစ်လာတယ်၊

--------------

* *The Communism of Mao Tse Tung p 135*

www.burmeseclassic.com


လူသားဝါဒ ဆိုရမှာပေါ့ဗျာ၊ လူ့ အဖွဲ့အစည်းထဲမှာ **လူသား** တစ်ယောက်ရဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်ဟာ ဘယ်အတိုင်းအတာ အထိ ရှိရမလဲ၊ လူသားတွေရဲ့ ဘဝ ချမ်းသာ ဆိုတာ ဘာလဲ ဆိုတာတွေဟာ ပြဿနာ ဖြစ် လာတယ်၊ အဲဒါတွေကို အဖြေပေးဖို့ အတွက် ဒီစာအုပ် ကလေးထဲမှာ ရေးသား လာရတယ်၊ ခင်ဗျားတို့ နှစ် ယောက် ဒီစာအုပ်ကလေးကို ယူသွားပြီး တစ်ယောက် တစ်လှည့်စီ ဖတ်ကြ၊ ရော့ ဒီစာအုပ်ကလေးကိုလည်း ယူသွား၊ ဒါကတော့ ကျွန်တော် အမြဲ လက်ကိုင်ထားတဲ့ **စာ**အုပ်ကလေးပဲ၊ တစ်ခါတစ်ရံ စိတ်လက် မကြည်သာ တဲ့ အခါ စိတ်ဓာတ် ကျချင်သလို ဖြစ်တဲ့အခါ ဒီစာအုပ် ကလေးက စိတ်သစ် လူသစ် ဖြစ်အောင် ဖန်တီးပေးတယ်၊ လူသား ပဓာန ဝါဒ စာအုပ် ကလေးပဲဗျ'

ဆရာ လှမ်းပေးသော စာအုပ်ကို အကျွန်ုပ် လှမ်း ယူလိုက်ပါသည်။ ကော်လစ် လာမောင့် (Colis Lamont) ရေးသားသော ***လူသားဝါဒ ဒဿန*** ကျမ်း ဖြစ်လေသည်။ (The Philosophy of Humanism) ဆိုသော ရွှေရောင် စာလုံးလေးများကို မြင်လိုက်ရသဖြင့် အကျွန်ုပ်သည် ဉာဏ်အလင်း တစ်ခုကို ရလိုက်သလို ဖြစ်ပြီး ဝမ်းမြောက် ရွှင်လန်း သွားရလေသည်။ ဟုတ်ကပြီဟုလည်း စိတ်မှာ ဘဝင်ကျသလို ဖြစ်သွားပါသည်။ အကျွန်ုပ် ရင်ထဲတွင် တမ်းတနေသည်မှာ 'လူသားဝါဒ ဒဿန' ပင် ဖြစ်ပါသည်။ အကျွန်ုပ်သည် ***လူသားဝါဒ ဒဿန*** ကျမ်းငယ်ကို ဦးစွာ ယူလိုက်ပါသည်။ ကိုစိုးမြင့်က ***လူ၏ ဒဿန*** ကျမ်းငယ် ကို လက်ခံ ယူလိုက်ပါသည်။

ထို့နောက် ရက်များတွင် အကျွန်ုပ်သည် ***လူသား ဝါဒ ဒဿန*** ကျမ်းကို ဂရုတစိုက် ဖတ်လျက် နေလေ တော့၏။

ထိုကျမ်းကို ပိုပြီး အကျွန်ုပ် ဂရုတစိုက် ဖတ် ခြင်းမှာ လူကို ပဓာန မထားသော အခြားသော ဒဿန များကို ဖတ်ရလွန်း၍ အကျွန်ုပ်မှာ ငြီးငွေ့နေသည်လည်း တစ်ကြောင်း ဖြစ်၍ ကိုစိုးမြင့် သုံးလေ့ ရှိသော စကား လုံးဖြင့် ပြောရလျှင် ရှေးက အတွေးအမြင်များသည် အလုပ်မရှိ ကြောင်ရေချိုး ဆိုသော စကား အတိုင်း ကြောင်ရေချိုး ဒဿနများ ဖြစ်သည်ဟု ထင်သော ကြောင့်လည်း တစ်ကြောင်း ဖြစ်ပေတော့၏။

www.burmeseclassic.com

## ၁၀။ ဘဝကို နားလည်လိုခြင်း နှင့် လွတ်မြောက်မှုကို အလိုရှိခြင်း

ထိုကာလသည် အကျွန်ုပ် အဖို့ ဘဝကို စူးစူးစိုက်စိုက် ကြည့်ရတော့မည့် အခါကာလလည်း ဖြစ်လေ၏။ ဤတွင် အတွေးအခေါ်ဘက်က ပြောင်းလဲနေသလို ခံစားမှုဘက်ကလည်း ပြောင်းလဲနေသည်ကို အကျွန်ုပ်မှာ အရေးမထားဘဲ နေ၍ မရလောက်အောင် ဖြစ်နေလေတော့၏။ လောကီဒဿန ဝေါဟာရ အရ အတွေးအခေါ်သည် ဦးနှောက်၏ ကိစ္စ ဖြစ်၍ ခံစားမှု (ဝေဒနာ) သည် နှလုံးသား၏ ကိစ္စ ဖြစ်ပါသည်။ အကျွန်ုပ်၏ ထူးခြားချက်မှာ ဆရာမိဘ သင်ကြား ဆုံးမသော စကားကိုထက် ချစ်သူ ပြောသော စကားကို ပိုပြီး မှတ်မိတတ်သော ဝါသနာ ရှိခြင်း ဖြစ်လေသည်။

တစ်ချိန်က ချစ်သူ ပြောဖူးသော စကား တစ်ခွန်းကို အကျွန်ုပ် မမေ့နိုင်ပါ။ ထိုစကားသည် ဦးနှောက်နှင့် နှလုံးသား အားပြိုင် လာသောအခါ နုနယ်၍ ခံစားလွယ်သော နှလုံးသားက ဆင်ခြင် တိုင်းထွာတတ်သော ဦးနှောက်ကို မလွှမ်းမိုးစေနှင့် (The brainy head should not be predominated by dainty heart) ဆိုသော စကား ဖြစ်လေသည်။

သို့သော် လက်တွေ့ ဘဝတွင် ထို စကားကို လိုက်နာ ကျင့်သုံးဖို့ ကြုံရသော ဘဝဆင်းရဲကိုမူ သဘောတရား သက်သက် ပြောသူ ကြုံဖူးမည် မဟုတ်သော်လည်း ကြုံဖူးသူ အကျွန်ုပ် အဖို့မူ အရှင်လတ်လတ် အသည်းကို ငရဲမီးမှာ ကင်ခြင်း ခံရသလို ဆင်းရဲလှပါသည်။

အမှန်အားဖြင့် သဘောတရားနှင့် လက်တွေ့သည် တစ်ခုကို တစ်ခု ကျေးဇူး ပြုအပ်သည် မှန်သော်လည်း အစွန်းရောက် သဘောတရား တစ်ခုကို လက်တွေ့ ကျင့်သုံးသော အခါ ခံရသော ဒုက္ခသည် ပြစ်မှု နှင့် ပြစ်ဒဏ် မမျှသလို ဖြစ်နေတတ်ပါသည်။ ထို အသိကို ရဖို့ အတွက် အကျွန်ုပ်သည် ဘဝနှင့် လည်းကောင်း၊ အသည်းနှလုံးနှင့် လည်းကောင်း ရင်းနှီးခဲ့ရပါ၏။

နှလုံးသားက လက်ခံသော၊ နှလုံးသားက ကြိုက်နှစ်သက်သော (ဝါ) ချစ်အပ်သော အရာကို ဘာကြောင့်ညာကြောင့် မနှစ်သက်အပ်၊ မချစ်အပ်၊ ချစ်လျှင် ဘယ်လို အပြစ်၊ မချစ်လျှင် ဘယ်လို အကျိုးဟု ကုန်သည်တွက်တွက်ခြင်းကို နှလုံးသားသည် အလွယ်တကူ လက်ခံလိမ့်မည်ဟု အောက်မေ့ခဲ့ခြင်းသည် အကျွန်ုပ်၏ မဟာအမှား ဖြစ်လေတော့၏။

တစ်စုံတစ်ယောက်သော သူသည် အကျွန်ုပ်အား နှလုံးသားမှာ ဉာဏ်ရှိသလား ဟု မေးလာပါအံ့။ အကျွန်ုပ်သည် နှလုံးသားမှာ ဉာဏ်တော့ မရှိပါဟု ဖြေရမည် မှန်သော်လည်း နှလုံးသားမှာ သတ္တိ ရှိသည်ဟုလည်း ဖြည့်စွက် ဖြေလိုက်ဦးမည် ဖြစ်ပါသည်။

ဉာဏ်မရှိသော နှလုံးသားသည် အစဉ် မိုက်မဲသော အကျင့်ကိုသာ ကျင့်တတ်သည် မဟုတ်လား ဟု ထိုလူက မေးလာသည် ဆိုပါအံ့။ အကျွန်ုပ်သည် ဝန်ခံရန် ဝန်မလေးသော်လည်း ဘဝ၏ အချုပ်အနှောင်တွေထဲတွင် မလွတ်သေး၍ အသက်ရှင် နေရဦးမည့် ပုထုဇဉ်တိုင်း အတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ မိုက်မဲခြင်းသည် လိုအပ်သည်ဟု အကျွန်ုပ် ထင်မြင်ထားကြောင်းကိုလည်း ပြောလိုက်ရဦးမည် ဖြစ်ပါသည်။ (အကျွန်ုပ်၏ မိုက်မဲခြင်း ချီးမွမ်းခန်းကို သောင်းပြောင်းဒဿနမှာ အကျယ် ရေးခဲ့ပြီ။)

မိုက်မဲခြင်းသည် မောဟ၏ ကိစ္စ ဖြစ်ပါသည်။ အကျွန်ုပ် အတွေ့အကြုံ အရမူ နှလုံးသားသည် မောဟဖြင့်သာ ပျော်ပိုက်ပါသည်။ အကယ်၍ မောဟဖြင့် ပျော်ပိုက်သော နှလုံးသား၌ မိုက်မဲမှု မရှိလျှင် ဘယ်မိန်းမသည် အသက်ကို စွန့်၍ သားသမီးကို မွေးဖွားပါဦးမည်နည်း။

ရှိတ်စပီးယား၏ ကဗျာ တစ်ပုဒ်တွင် မိခင်တို့၏ ထို မိုက်မဲမှုကို နှလုံး မွေ့လျော်ဖွယ် ကောင်းသော အပြစ်ဒဏ် ခံရခြင်း (Pleasing Punishment) ဟု ခေါ်ထားလေသည်။

ဘာကြောင့် မိုက်မဲခြင်းသည် ဘဝ အတွက် လိုအပ်ချက် တစ်ခု ဖြစ်လျက် နေပါသနည်း။ ဤတွင် ဟေဂယ်၏ ဒဿနမှာ ဆိုထားသလို သဘာဝ အရှိတရားကြီးသည် ဆင်ခြင်တုံတရားကြီး တစ်ခုသာ ဖြစ်သည်

www.burmeseclassic.com



ဆိုသော စကားကို အကျွန်ုပ်သည် တစ်နည်း တစ်ဖုံ နားလည်နေပါသည်။ အကျွန်ုပ် အမြင်တွင် သဘာဝတရား အတိုင်း ဖြစ်တည်နေသမျှ အရာဝတ္ထု ကိစ္စ အားလုံးသည် မလိုအပ်ဘဲနှင့် ဖြစ်မနေ။ လိုအပ်၍သာ ဖြစ်နေသည်ဟု သဘောကျပါသည်။ ဆိုလိုသည်မှာ သဘာဝတရားကြီး ထဲတွင် ဘာတစ်ခုမှ အပို ဖြစ်နေသည် မရှိ၊ လိုအပ်၍ ဖြစ်နေသည်ဟုသာ သဘောမြင်ပါ၏။ မြက်ပင်လည်း မြက်ပင် အလျောက်၊ ကျောက်ခဲလည်း ကျောက်ခဲ အလျောက်၊ ပန်းပွင့်လည်း ပန်းပွင့် အလျောက်၊ ပျား ပိတုန်းလည်း ပျားပိတုန်း အလျောက် လိုအပ်သည်ချည်း ပင်။ သို့ဆိုလျှင် ဘာကြောင့် လူတွေ မိုက်မဲကြသနည်း။ တစ်စုံတစ်ခုသော အတိုင်းအတာ အထိ လိုအပ်၍ပင် ဖြစ်သည် မဟုတ်လော။

ချစ်သူ၏ မျက်နှာကို မတွေ့ရလျှင် မနေနိုင် မထိုင်နိုင် ပူဆာ လောင်ကျွမ်းခြင်း (ချစ်သူကို စွဲလမ်း ခြင်းသည်) မိုက်မဲခြင်းပင် မဟုတ်လော။ ဉာဏ်ရှိသော ဦးနှောက်၏ အလိုသို့ လိုက်ပြီး စဉ်းစားတတ်လျှင် စွဲ လမ်းနေစရာ ဘာလိုသနည်း။ ချစ်သူတွေလည်း အဆုံး မတော့ သေကွဲမကွဲ ရှင်ကွဲ ကွဲရမည်။ ရှင်ကွဲ မကွဲလည်း သေကွဲ ကွဲရမည်သာ။ သို့သော် မစွဲလမ်းဘဲ နေနိုင် သလား။ အကယ်၍ မစွဲလမ်းလျှင် ချစ်သူနှင့် အတူ ပေါင်းဖက်၍ နေရသော ဘဝသည် ထောင်ကဲ့သို့လည်း ကျဉ်းကျပ်ပါ၏။ ဝန်ပြည့် တောင်းကြီးကို ထမ်းရသလို လည်း လေးလံပါ၏။ သို့ပါလျက်လည်း အဘယ်ကြောင့် အိမ်ထောင် ပြုကြပါသနည်း။ သိ တတ် လျှင် (ဝါ) မမိုက်မဲကြလျှင် ဤလောကဌ် ဘယ်သူ အိမ်ထောင် ပြုခြင်း ဆင်းရဲကို ခံစားပါမည်နည်း။

တစ်ခါတစ်ရံ စွဲလမ်းခြင်းကို စဉ်းစားမိသည်။ ဘာကို စွဲလမ်းနေသနည်း။ အဖြေ မထွက်ပါ။ ဘာကို စွဲလမ်းမှန်း မသိပါ။ သူ့ကို စွဲလမ်းတာလား။ ကိုယ့် ကိုယ်ကိုယ်ပင် စွဲလမ်းနေတာလား ဆိုသည်ကိုလည်း ဝေခွဲ၍ မရပါ။ သို့သော် နှလုံးသားသည် ချစ်ခင် စွဲလမ်းခြင်းကို နှစ်သက်သည်ကား အမှန်။ အချစ် အတွက် ပျော့ပျောင်းသော နှလုံးသားမှာ သတ္တိနှင့် ခံနိုင် **ရည်** ရှိသည်ကား အမှန်။ ထို ပျော့ပျောင်းသော နှလုံး သားကို ဟက်တက်ကွဲအောင် ထက်ခြမ်း ခွဲတတ်သော အရာသည်ကား စိန်သွားကဲ့သို့ မာကျောသော ဦးနှောက် ဖြစ်လေသည်။

ပျော့ပျောင်း နူးညံ့တဲ့ နှလုံးသားက ဦးနှောက်ရဲ့ အသိဉာဏ်ပေါ်မှာ မလွှမ်းမိုးစေနှင့် ဟု ချစ်သူ ဆိုခဲ့သော စကားသည် မမှန်လား ဆိုလျှင် မှန်သည်ဟုပင် ဖြေရ ပါမည်။ လောကီဒသန ဝေါဟာရ အရ ဉာဏ်အလင်း ၏ တည်ရာ ဖြစ်သော ဦးနှောက်ကို မိုက်မဲမှု မောဟ အမှောင်၏ တည်ရာ နှလုံးသားက ဩဇာ ဖုံးလွှမ်းသွား လျှင်လည်း တစ်လောကလုံး မိုက်မှောင် သွားပေတော့ မည်။ ဤသို့ စဉ်းစားလျှင်လည်း မှန်ပြန်၏။ သို့သော် အခါ ခပ်သိမ်း မှန်သော အရာတိုင်း ကောင်းကြပါ သလား။ ဤမေးခွန်း၏ အဖြေကိုမူ အ ကျွန်ုပ် သည် လတ်တလော ဖြေရန် မတတ်သာသေးပါ။

အကျွန်ုပ် ဘဝဝယ် လက်တွေ့ ကျင့် သုံး ၍ မကောင်းသော မှန်ကန်သည့် သဘောတရား များစွာကို လည်း တွေ့ဖူးခဲ့လေပြီ။ ဆီကြော်အိုးထဲမှာ အကြော်ခံ ရခြင်းကို ပူလွန်းသည် ဆိုပြီး ကြော်အိုးထဲက ခုန်ချသော ငါးသည် ပိုဆိုးသော မီးပုံထဲသို့ ကျသွားရသလို ကောင်း စေလို၍ တရားနာမှ ပုဇာစ အကျိုး ဖြစ်ရခြင်းမျိုးလည်း ကြုံဖူးပေါင်း များလှပါပြီ။

ဤမျှ အရှည် အဝေး ပြောလာရခြင်းသည် အကျွန်ုပ်၏ ဘဝက အကျွန်ုပ်၏ အတွေးအမြင်များ ပြောင်းလဲအောင် ဖန်တီးခဲ့ပုံနှင့် ထို ပြောင်းလဲသော အတွေးအမြင်များဖြင့် ဆောင်ရွက်ခဲ့သမျှမှာလည်း ပရမတ္ထ မဆိုက်သေးသမျှ သမုတိ သစ္စာနယ်မှာတော့ အမှန်ချည်း သက်သက် မရနိုင်ခဲ့ပုံ၊ အမှန် တစ်ဝက် အမှား တစ်ဝက် သာ အဖြေ ထွက်ရပုံများကို ပြောပြချင်၍ ဖြစ်ပါသည်။

တိုတို ပြောရလျှင် ဘဝ အပေါ်၌ အခြေစိုက်ပြီး စဉ်းစားလာသော အခါ အကျွန်ုပ်သည် ဘဝ၏ ဆင်းရဲ များကို ပိုပြီး မြင်လာပါသည်။ တခြား လူများ၏ ဆင်းရဲထက် ပိုပြီး အနီးစပ်ဆုံး ဖြစ်သော မိမိ၏ ဆင်းရဲကို မြင်ပါသည်။ ထိုဆင်းရဲသည် ရုပ်ဝတ္ထု ငွေ ကြေး မပြည့်စုံ၍ ဖြစ်သော ဆင်းရဲ မဟုတ်ဘဲ စိတ် ဆင်းရဲခြင်း ဖြစ်နေလေသည်။

မချစ်သော သူနှင့် အတူ နေရခြင်း၊ ချစ်သောသူ နှင့် ကွေကွင်းရခြင်း ဆင်းရဲသည် အကျွန်ုပ်ဖို့မူ ကြီးမား ပါသည်။ မချစ်သောသူ ဆိုသည်မှာ မုန်း သော သူ မဟုတ်ပါ။ ရန်သူ မဟုတ်ပါ။ အချစ်ကို မခံစားရသော၊ အချစ်၏ ဆုလာဘ်ကို မရသော သနားစရာ လူသား တစ်ဦးပါ။ သူ့မှာ ဘာ အပြစ်မှ မရှိပါ။ မိမိ၏ အချစ်ကို အကျွန်ုပ်သည် ပထမ ချစ်သူအား ပေးလိုက်ပြီး ဖြစ်၍ အကျွန်ုပ်မှာ သူ့ကို ပေးဖို့ အချစ် မရှိ၍ မပေးရခြင်း

www.burmeseclassic.com



ဖြစ်ပါသည်။ အကျွန်ုပ် အဖို့မူ အချစ်သည် အဖိုးတန် ရတနာ တစ်ခုနှင့် တူပါသည်။ တစ်စုံတစ်ယောက်အား ထိုရတနာ ပစ္စည်းကို အကျွန်ုပ် မြတ်နိုး၍ လက်ဆောင် ပေးလိုက် ပြီးပြီပဲ။ ထိုပစ္စည်းသည် အကျွန်ုပ် လက်ဝယ် မရှိတော့ပါ။ သူ့ထံမှ ပြန်တောင်းဖို့လည်း မဖြစ်တော့ပါ။ အချစ် မရသော သူ့ကို သနားသည်က လွဲပြီး အကျွန်ုပ် မှာ မရှိတော့သော အချစ်ကို ပေးသည်ဟု ဆိုပါလျှင် အကျွန်ုပ်သည် မုသာဝါဒီ တစ်ဦးသာ ဖြစ်ပေလိမ့်မည်။

ဤသို့ ဖြစ်ရခြင်းအတွက် အကျွန်ုပ်ထံမှ အချစ် ကို မရဘဲလျက် အကျွန်ုပ်ကို ကြည်ဖြူစွာ ပေါင်းသင်း သူ အပေါ် အကြင်နာ ပိုသဖြင့် အကျွန်ုပ်အား လောက သည် ဆဲရေးပါစေ၊ အကျွန်ုပ်သည် ခေါင်းငုံ့ခံရုံမှအပ တခြားနည်း တုံ့ပြန်နိုင်သော အင်အား မရှိပါ။

အကျွန်ုပ်သည် ကိုယ့်အတတ်နှင့် ကိုယ်စူးနေ သော အချစ် ကျိန်စာ မိသူ ဖြစ်ပါသည်။ အပြစ်ဒဏ် အားလုံးကို အကျွန်ုပ် လည်စင်းခံပြီး ဝဋ်ကြွေး အားလုံး ကို ပေးဆပ်ပါမည်။ အချစ်နှင့် ကွေကွင်းခဲ့သော ဆင်းရဲ ဘယ်မျှ ကြီးကျယ်သည်ကို လောက သိပါသလားဟု လည်း အကျွန်ုပ် မတိုင်တည်တော့ပါ။ အပြစ် တင်သင့် သူလည်း မရှိတော့ပါ။ သို့သော် ကိုယ့် နှလုံးသားမှာ စွဲ ကပ်နေပြီ ဖြစ်သော 'အချစ် ကင်ဆာ' ကိုတော့ အကျွန်ုပ် ဘာသာ ကုစား ချင်ပါသေးသည်။

ဤစကား ပြောရခြင်းမှာ အကြောင်း ရှိပါသည်။

ထို အကြောင်းသည် ဤသို့ ဖြစ်ပါသည်။

ဆရာ ဒေါက်တာ ခင်မောင်ဝင်းထံမှ ယူလာ ခဲ့သော 'လူသားဝါဒ ဒဿန' ကို ဖတ် ပြီး နောက် အကျွန်ုပ်သည် ဘဝဝယ် မျှော်လင့်ချက် အသစ်များ တည်ဆောက်လိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာပါ သည်။ နှလုံးသားမှ အချစ် ကင်ဆာကို အစက ကုဖို့ မရည်ရွယ်ပါ။ ထို ကင်ဆာ ရောဂါဖြင့်ပင် ဒီတစ်သက် ကုန်ဆုံးစေတော့ဟု စိတ်ပျက် အားလျော့နေခဲ့ပါသည်။ သို့သော် ***လူသားဝါဒ ဒဿန*** ကျမ်းကို ဖတ်ပြီးသော အခါ အကျွန်ုပ်သည် ဘဝကို ဖန်တီးသူ အဖြစ် ခရီး ဆက်ချင်သော စိတ် ဖြစ်ပေါ်လာပြန်သည်။ ဘဝ၏ အဓိပ္ပာယ်သစ်များကို ရှာချင်လာပြန်လေသည်။

'လူသား ဝါဒ' ဆိုသော စကားရပ်ကို အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ခဲ့ကြသော်လည်း ဤစကြဝဠာကြီးထဲတွင် လူသားသည်သာ အချက်အချာ၊ လူသားသည်သာ အချုပ် အခြာ (Man is the centre and sanction) ဟု သဘောထားသော အမြင်သည်သာ အရေးပါသော အမြင် ဖြစ်ပါသည်။ နှစ်ဆယ်ရာစု လူသား ဝါဒ အမြင်ကို အဓိပ္ပာယ် ဖွင့်ရာ၌

'ဤ သဘာဝ လောကထဲ၌ ဆင်ခြင်တုံတရား နှင့် ကိုက်ညီသော နည်းလမ်းတို့ဖြင့် လူသား အားလုံး ၏ အကြီးမားဆုံးသော ကောင်းကျိုး ချမ်းသာကို မဖြစ် မနေ အားထုတ် ဆောင်ရွက်ရခြင်းကို ဝမ်းမြောက်သော ဒဿနသည် လူသား ဝါဒ ဖြစ်သည် ဆိုချင်ပါသည်' * ဟု သူ၏ ***လူသားဝါဒ ဒဿန*** ကျမ်းတွင် ကော်လစ် လာမောင့်က ဆိုလေသည်။

လူသားပဓာန ဝါဒသည် ဘာသာ ယုံကြည် ကိုး ကွယ်မှုများ နှင့် ကင်းလွတ်သည်။ လူသားတို့၏ လောကီ စည်းစိမ်ချမ်းသာ တိုးပွားရေး နှင့် စိတ်ချမ်းသာရေး ဆို သော ကာယသုခ စိတ္တသုခကိုသာ ပဓာနထားသည်။ ထိုကောင်းကျိုး ချမ်းသာများ လူ့ဘဝမှာ ဖြစ်ပေါ်ရေး နည်းလမ်းများ နှင့် လူသား၏ ဂုဏ်ကျက်သရေ တိုး တက်ရေး၊ ဟီရိ ဩတ္တပ္ပ တရား ထွန်းကားရေးကိုသာ ဦးစားပေးသည်။ တစ်ဖက်တစ်လမ်းအားဖြင့် လူသား အကျိုး၊ လူ့ဘောင် အကျိုးကို ဆောင်ရွက်ရင်း မိမိ၏ ပျော်ရွှင် ချမ်းမြေ့မှုကို ရှာရေး တရားသည် လူသား ဝါဒပင် ဖြစ်လေသည်။

လူသားဝါဒသည် ဘာသာ ယုံကြည် ကိုးကွယ် မှုများတွင် ပါဝင်သော မိမိ ဘဝကို ချိုးနှိမ်ပြီး လောကီ ကိစ္စ မှန်သမျှကို စွန့်လွှတ်သော၊ လောကီ ကိစ္စများကို လျစ်လျူရှုပြီး ကိုယ်လွတ်ကျင့်သော အကျင့် (တပသီကျင့်) မှန်သမျှကို ငြင်းပယ်သည့်ပြင် လောကီ ကိစ္စများတွင် အကျိုးဝင်သော်လည်း တစ်ကိုယ်ကောင်း ကိုယ်ကျိုးရှာ အကျင့် မှန်သမျှကိုလည်း မတရားမှု အဖြစ် ငြင်းပယ် လေသည်။ လူသား ဝါဒသည် လောက ကောင်းကျိုးကို ဆောင်သော ကြိုးပမ်းမှု ကြံစည်မှု တီထွင် ဆန်းသစ်မှု တန်ဖိုးများကို ဖန်တီးမှု မှန်သမျှကို ချီးမွမ်း အားပေး သော ဝါဒ ဖြစ်သည်။ လောကုတ္တရာ ကောင်းစားရေး အတွက် လောကီကိစ္စများကို စွန့်ပယ် ထားရမည် ဆို သော အမြင် အားလုံးကို လူသားဝါဒက ဆန့်ကျင်သည်။ ထိုအမြင်သည် ဤဘဝတွင် မချမ်းသာချင်နေ နောင် ဘဝကျမှ ချမ်းသာလျှင် ပြီးတာပဲ ဆိုသော နောင်ဘဝမျှော် အတွေးအမြင်များကိုလည်း လက်မခံသလို ယခု ဘဝမှာ

--------------

* *The Philosophy of Humanism, C. Lamount p 9*

www.burmeseclassic.com



ကောင်းစားလျှင် ပြီးရော ဘယ်သူသေသေ ငတေမာဖို့ အရေးကြီးတယ်၊ ချမ်းသာမယ်ဆို ဘနဖူးမှာပဲ သိုက်တူးရ တူးရဟု ယူသော တစ်ကိုယ်ကောင်း (တစ်ဘဝ ကောင်း) အမြင်မျိုးကိုလည်း တရားမဲ့ အမြင် အဖြစ် သတ်မှတ်လေသည်။

ဆင်းရဲကိုသာ ကြောက်ပြီး ငရဲ မကြောက်သော အယူများကိုလည်း လူသားဝါဒက လက်မခံပါ။

လူသားဝါဒတွင် အကျွန်ုပ်သည် ဤအချက်ကို များစွာ နှစ်ထောင်းအားရ ဖြစ်မိလေသည်။ 'ဒီဘဝမှာ ဖြစ်ချင်ရာဖြစ် နောင်ဘဝ ကောင်းလျှင် ပြီးတာပဲ ဆိုသော အမြင်သည် လည်းကောင်း၊ နောင်ဘဝမှာ ဖြစ်ချင်ရာဖြစ် ဒီဘဝ ကောင်းဖို့သာ အရေးကြီးတယ်' ဆိုသော အမြင် နှစ်ခုစလုံးသည် အစွန်းထွက်သော အမြင်များ ဖြစ်သည် ဟု အကျွန်ုပ်သည် မုချ ထင်မိလေသည်။

နောင်ဘဝမှာ ကောင်းစားဖို့ အတွက် လက်ရှိ ဘဝကို ညှဉ်းဆဲရမည် စွန့်ပယ်ရမည် ဆိုသော အမြင် ဖြစ်စေ၊ လက်ရှိ ဘဝ ကောင်းစားဖို့ အတွက် ဘာပဲ လုပ်ရလုပ်ရ၊ တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ၊ (ကောင်းကောင်း ဆိုးဆိုး ယုတ်ယုတ် မြတ်မြတ်) လုပ်မည် ဟူ၍ သဘောထားသည် ဖြစ်စေ ထိုအမြင် ထို သဘောထားမျိုးသည် လူ့ဘဝကို ထိခိုက် နစ်နာစေသော အမြင်များချည်းသာ ဖြစ်သည် ဆိုသော အချက်ကိုလည်း အကျွန်ုပ်သည် ကောင်းစွာ သဘောပေါက်မိလေသည်။

လူသား၏ ဆန္ဒကို အထိန်းအကွပ် မရှိ လွှတ်ထားလျှင် ဤကမ္ဘာပေါ်တွင် ဒုစရိုက် တရားများ အဆမတန် များပြား လာမည်မှာလည်း မုချပင် ဖြစ်၏။ ထို့အတူ လူသားတို့၏ လောကီ အလိုဆန္ဒများကို လုံးဝ တားဆီး ပိတ်ပင်ခြင်း၊ စွန့်လွှတ်စေခြင်း သည်လည်း လူသား၏ လောကီဘဝ တိုးတက်ခြင်းကို ဖြစ်စေနိုင်မည် မဟုတ်ပါ။ လူ့ဆန္ဒများကို ဆင်ခြင်တုံ တရားဖြင့် လမ်းညွှန်ကာ လောကီ ဘဝ တိုးတက်ရေး ဟူသော လူမှုရေး အသုံးကျ ရည်မှန်းချက်များ ထားပြီး ဆောင်ရွက်ခြင်းသည်သာ လောကီသားများ အတွက် အကောင်းဆုံးသော ဘဝအခြေခံများ ဖြစ်နိုင်ပေလိမ့်မည်။ ပိုကောင်းသော လူ့ဘောင်လောကက ဖြစ်ပေါ်ရေး အတွက် လူသားတိုင်းမှာ တူညီသော ဆန္ဒများနှင့် မျှော်လင့်ချက်များ ရှိရပါမည်။

ထိုဆန္ဒများနှင့် ထိုမျှော်လင့်ချက်များသည်သာ လူသား တစ်ဦးချင်း၏ ဆောင်ရွက်ချက်မှာ ဖြစ်စေ၊ စုပေါင်း ဆောင်ရွက်ချက်မှာ ဖြစ်စေ တွန်းအား (ဝါ) မောင်းနှင်အား ဖြစ်စေပါလိမ့်မည်။

လူသား ဝါဒ၌ အလိုဆန္ဒ ကြီးခြင်း (လောဘ) ကို အသိလိမ္မာ ဉာဏ်ပညာဖြင့် မိမိဘာသာ ထိန်းချုပ်ခြင်းကို အားပေးပါသည်။ သို့သော် ထိုကဲ့သို့ အားပေးခြင်းသည် လူသားအား အပြစ်ဒဏ်ကို ပြပြီး အပြစ်ကျူးလွန်မှု အတွက် (ဘာသာ ယုံကြည်မှုများတွင်) သတ်မှတ်သည့် သဘောမျိုး မဟုတ်ချေ။

အကုသိုလ် တရားတို့၌ ရှက်ခြင်း ကြောက်ခြင်း သဘောဖြင့် ထိန်းသိမ်းခြင်းသာ ဖြစ်ပါသည်။

လူသားမှာ မွေးကတည်းက မွေးရာပါ အကုသိုလ်များ (အပြစ်များ) ပါလာသည် ဆိုသော အယူမျိုးကိုလည်း လူသားဝါဒက လက်မခံပါ။ လူသားဝါဒတွင် လိင် ဆက်ဆံရေးနှင့် ပတ်သက်သော မြင့်မားသည့် ကိုယ်ကျင့်တရားစံ သတ်မှတ်ချက်များ သတ်မှတ်သည်။ နိုင်ငံရေး စီးပွားရေး ကိစ္စများတွင် မာယာသာဌေယများ ကဲ့သို့သော စဉ်းလဲခြင်းများ၊ မိစ္ဆာအာဇီဝ ကဲ့သို့သော အပြစ် မကင်းသည့် အသက် မွေးမှုများ အပေါ်တွင် အပြစ် မြင်သကဲ့သို့ လိင်ကိစ္စတွင်လည်း ကာမေသု မိစ္ဆာစာရ အကျင့် ဖောက်ပြန်ခြင်းကို အပြစ် မြင်သည်။ မိသားစုထဲတွင် ဖခင် အနေနှင့် လင်သား အနေနှင့် လူ တစ်ယောက်သည် ဖခင်ကောင်း လင်ကောင်း ဖြစ်သော်လည်း နိုင်ငံရေး စီးပွားရေး နယ်ပယ်တွင်ကား ထိုသူသည် ညစ်ပတ် ယုတ်မာမှုများဖြင့် အရှက်မရှိ အကြောက်မရှိ အသက်မွေးသူ ဖြစ်ပါမူ ထိုလူကို လူသားများက လူရိုး လူကောင်းဟု သတ်မှတ်နိုင်ပါမည်လား။ လူသားဝါဒ အရ လူတစ်ဦးသည် လိင် ဆက်ဆံရေး အရ တစ်အိမ်ထောင် အပေါ်မှာ ကောင်းရုံဖြင့် မပြီး၊ မိမိ ကျင်လည်ကျက်စားရာ လူ့ဘောင် အတွင်း နိုင်ငံရေး စီးပွားရေး ဆက်ဆံမှုများ အရလည်း ကောင်းဖို့ လိုပေလိမ့်ဦးမည်။

လူသား ဝါဒ၏ ထူးခြားမှုမှာ ကိုယ်ကျင့်သီလ သဘောသည် လူ့ဘောင် ကောင်းစားရေး၊ လူ့ဘောင် တိုးတက်ရေး၊ လူ့ဘောင် သာယာ အေးချမ်းရေး၊ လူ့ဘောင် လုံခြုံရေးတို့နှင့် ဆက်စပ်နေသည် ဖြစ်ရာ ဥပုသ်နေ့လောက်ကို ဘုန်းကြီး ကျောင်းသွား ရိပ်သာသွားပြီး ဥပုသ် စောင့်လိုက်၊ တရား အားထုတ်လိုက် လုပ်ကာ ကျန်အချိန်များတွင် ထိုလူသည် လူအများ ဆင်းရဲဒုက္ခ ရောက်အောင်၊ နိုင်ငံရေး စီးပွားရေး အရ လူ့ဘောင်ကို ထိခိုက် နစ်နာအောင်၊ လူသား အပေါင်းကို ထိခိုက်

www.burmeseclassic.com



နစ်နာအောင် လုပ်နေလျှင် ထိုလူ၏ သီလသည် သီလ ကြောင်း ဟူ၍ပင် လူသားဝါဒက သတ်မှတ်ပါသည်။

လူ၏ ကာယကံ ဝစီကံ မနောကံမှုတို့သည် မိမိ ၏ ချမ်းသာကိုလည်း ဖြစ်စေ၊ သူတစ်ပါး၏ ချမ်းသာ ကိုလည်း ဖြစ်စေ၊ မိမိ၏ အကျိုးစီးပွားကိုလည်း ဖြစ်စေ၊ သူတစ်ပါး၏ အကျိုးစီးပွားကိုလည်း ဖြစ်စေ၊ မိမိ၏ ဂုဏ်သတင်းကိုလည်း ဖြစ်စေ၊ အများသူငါ ကိုယ့်ထက် ပညာသာသူ၊ ကိုယ့်ထက် အမြော်အမြင် ကြီးသူတို့၏ ချီးမွမ်းခြင်းကိုလည်း ဖြစ်စေ (ပညာ မဲ့သူတို့၏ ချီးမွမ်း ခြင်းကား အချည်းနှီး ၊ တန်ဖိုးမဲ့သာ ဖြစ်သည်ဟု သဘော ထား) လျှင် ထိုအပြုအမူသည် မြတ်သော အပြု အမူ၊ အကျိုး ရှိသော အပြုအမူ၊ ချီးမွမ်းခြင်း ခံထိုက်သော အပြုအမူ ဟူ၍ လူသား ဝါဒက လက်ခံပါသည်။

လူ့ပြဿနာ တစ်ရပ်ကို ဖြေရှင်းရာတွင် မှန်မှန် ကန်ကန် ဖြေရှင်းနိုင်ရေး အတွက် ဆင်ခြင်တုံ တရား နှင့် ဖြစ်နိုင်သမျှ သိပ္ပံပညာက အသုံးပြုသော နည်းလမ်း များကိုသာ အသုံးပြုပါသည်။ ဥပမာ ဥစ္စာစီးပွား ရရှိရေး အတွက် ထီကို အားကိုးခြင်း၊ နတ်မေး ဗေဒင် မေးပြီး နတ် ဗေဒင် ဟောကြားသည့် အတိုင်း ယတြာချေခြင်း၊ မှုးယစ်ဆေး မှောင်ခို ရောင်းဝယ်ခြင်း၊ လက်နက် ရောင်း ဝယ်ခြင်း၊ သူ့ အသက်ကို သတ်၍ စီးပွားရှာခြင်း၊ သူ့ ဥစ္စာကို လုယက် တိုက်ခိုက် ခိုးယူခြင်း၊ ပြည်သူပိုင် ဥစ္စာ များကို အလွဲသုံးစားခြင်း၊ လာဘ်လာဘ၌ လက်ရဲခြင်း၊ ပြည့်တန်ဆာကဲ့သို့ လူကို အရောင်း အဝယ် ပြုခြင်း၊ လောင်းကစားခြင်း စသည်များကို ဆင်ခြင်တုံ တရား ကင်းမဲ့ပြီး သိပ္ပံနည်း မကျသော အကျင့်ပျက် အပြုအမူ များ အဖြစ် သတ်မှတ်ပြီးလျှင် ရှုတ်ချပါသည်။

လူ့ အပြုအမူ တစ်ရပ်၏ ကောင်းမှု ဆိုးမှု ယုတ် မှု မြတ်မှုသည် သူ့ဘာသာသူ မဖြစ်နိုင်၊ တခြား လူ သတ္တဝါများနှင့် ဆက်ဆံမှုအားဖြင့်သာ ဖြစ်နိုင်သည်။ လူ့အဖွဲ့အစည်းထဲမှာသာ လူသားတို့၏ ကိုယ်ကျင့်တရား တန်ဖိုးများ ဖြစ်ပေါ်နိုင်သည်။ လူ မရှိသော အရပ်တွင် လူတစ်ယောက်သည် ဘယ်လို နေနေ ဘယ်လို ထိုင်ထိုင် ထိုသူ၏ အပြုအမူနှင့် ပတ်သက်သော အကောင်း အဆိုး ပြဿနာ ပေါ်ရန် အကြောင်း မရှိပါ။ လူ့ဘောင်ထဲမှာ နေထိုင် ဆက်ဆံ ပြုမူမှသာ သူ့အပြုအမူ၏ အကောင်း အဆိုး သဘောသည် ဖြစ်ပေါ်နိုင်သည်ဟုလည်း လူသား ဝါဒ ဒဿနတွင် လက်ခံထားလေသည်။ သို့ရာတွင် လူ တို့၏ အကျင့်သီလနှင့် စပ်ဆိုင်သော အမြင်တရားတို့ သည် ခေတ်ကာလ အလျောက် လူမှုရေး ဘဝ အခြေ အနေ၊ စီးပွားရေး ဘဝ အခြေအနေများ ပြောင်းလဲသည့် အလျောက် ပြောင်းလဲ နေကြရသည်။ ကိုယ်ကျင့်တရား ဆိုင်ရာ စံတို့သည် အတည်တကျ မရှိကြ၊ ပြောင်းလဲ နေတတ်ကြသည်။ ထာဝရ မှန်ကန်သော အကျင့်သီလ တို့၏ စံသည် မရှိနိုင်။ သို့ဖြစ်ရာ တင်း ကျပ် သော အကျင့် သီလ စံတို့ အစား ခေတ်ကာလ လူမှုရေး အခြေအနေ အရ ပျော့ပျောင်းသော အခြေအနေနှင့် လိုက်ဖက်အောင် ပြုပြင်နိုင်သော ကိုယ်ကျင့် တရား စံ ကိုသာ ပိုမို နှစ်သက်အပ်သည်ဟု မြင်သော အမြင်မျိုး သည် လူကို အချက်အချာနှင့် လူကို အချုပ်အခြာထား သော လူသားဝါဒ အမြင်မျိုး ဖြစ်လေသည်။

သိပ္ပံနည်းကျ လူသားဝါဒ ဒဿန ဆိုသည်မှာ လည်း ရုပ်ဝါဒ ဆန်လွန်းနေလေသည်။ ဤ အသက် ရှင်လျက် ရှိသော လူ့ဘဝကိုသာ ပဓာနထားအပ်သည်။ ဤဘဝ ပြီးလျှင် သတ္တဝါတို့ အဖို့ နောက်ထပ် ဘဝမှ ဖြစ်စရာလည်း မရှိတော့၊ သေလျှင် ဘဝကိစ္စ ပြီးပြီဟု ယူဆသော တိုတောင်းသော တစ်ဘဝစံ အယူဝါဒမျိုး သာ ဖြစ်နေလေသည်။

လူသား ဝါဒသည် အကျွန်ုပ်၏ နှလုံးသားကို လုံးဝ ငြိမ်းအေး ချမ်းမြေ့သွားအောင် မလုပ်ပေးနိုင်သော် လည်း တစ်စုံတစ်ခုသော အတိုင်းအတာ အထိ အားမာန် ပေးသည်တော့ အမှန်ပင် ဖြစ်ပါသည်။

လာမောင့်၏ ***လူသားဝါဒ ဒဿန*** ကျမ်းကို ဖတ်ရသည်မှာ စားကောင်းမည် ထင်လျက် ဆားမပါသော ဟင်းကို စားရသည်နှင့် တူနေပြန်သည်။ လိုချင်သော အရသာကို ပြည့်ပြည့်ဝဝ မခံစားရသလိုပင် အစတွင် ဘယ်လိုနေမှန်း မသိ၊ နောက်တော့ ထိုလူသားဝါဒ၏ တစ်ခြမ်းပဲ့ ဖြစ်နေသည့် သဘောကို မြင်လာပါသည်။

သို့သော် သစ်မရှိ ဝါးပေါင်းကွပ် ဆိုသကဲ့သို့ ထိုလူသား ဝါဒသည်ပင် အကျွန်ုပ် အဖို့ အသက် ရှင်နေ စဉ် ဘဝဝယ် ဆောက်တည်ရာ ရာပေးနိုင်သလို ရှိပါ သည်။

'ဘဝဝယ် အဆိုးဆုံး အတွက် ပြင်ဆင်ရင်း အကောင်းဆုံးကို မျှော်လင့်ရမည်' ဆိုသော ဗိုလ်ချုပ် အောင်ဆန်း ပြောခဲ့ဖူးသည့် လူသား ဝါဒကိုလည်း အကျွန်ုပ် သတိရပါသည်။ အကျွန်ုပ်၏ နှလုံးသားဝယ် အလောင်ကျွမ်းဆုံးမှာ အချစ် ဖြစ်ပါသည်။ အချစ် အကြောင်းကို ဤသို့ ပြောဆိုနေရခြင်းမှာ အကြောင်း

www.burmeseclassic.com



ရှိပါသည်။ ထိုအကြောင်းသည် ဒဿန အကြောင်း ဖြစ်ပါသည်။

ဘဝ အတွေ့အကြုံ အရ တွေ့ကြုံ ခံစားရသည်များကို တရားကိုယ် ထုတ်ပြီး အတွေးအမြင် ဖြစ်အောင် သုံးသပ်ရမည် ဆိုသော အယူအဆကို အကျွန်ုပ် လက်ခံပါ၏။ အချစ်၏ ဝေဒနာကို ခံစားရသောအခါ အကျွန်ုပ်သည် ထိုအတွေ့အကြုံကို အတွေးအမြင် ဖြစ်အောင် ဆင်ခြင်ပါသည်။ ထိုအခါ အချစ်သည် နိယာမ တစ်ခု ဖြစ်ကြောင်း သိမြင်လာပါသည်။

ကမ္ဘာမြေကြီး၏ ဒြပ်ဆွဲ နိယာမကို ကမ္ဘာသားတိုင်း လွန်ဆန်၍ မရပါ။ ထိုတရားကို ဆန့်ကျင်နိုင်ရန် အတွက် ထို့ထက် ကြီးမားသော အင်အား ရှိဖို့ လိုပါသည်။ ထို့အတူ အချစ် နိယာမကိုလည်း လွန်ဆန်နိုင်သော အင်အား မရှိဘဲနှင့် လွန်ဆန်လျှင် အချစ်၏ ဖိနှိပ်ခြင်းကို ခံရသည်မှာ ဓမ္မတာ ဖြစ်လေတော့၏။

အချစ်၏ ဖိနှိပ်ခြင်းသည် ရိုးရိုး ဒဏ်ခတ်ခြင်းမျိုး မဟုတ်ဘဲ ကျိန်စာ တိုက်ခြင်းမျိုး စိမ်ရေ သင့်ခြင်းမျိုး ဖြစ်လေသည်။ ထိုဒဏ်ခတ်ခြင်းသည် နှလုံးသားကို အနာတရ ဖြစ်အောင် လုပ်ခြင်း ဖြစ်ပေရာ ထိုသူ၏ ဘဝ တစ်သက်တာဝယ် အချစ်သည် ပျော်ရွှင်ခြင်း သုခကို ဘယ်တော့မှ မခံစားရအောင် ဒဏ်ခတ်တတ် လေသည်။

အကျွန်ုပ်သည် အချစ်မဲ့ အိမ်ထောင်ရေးကို တည်ဆောက် ခဲ့ပြီးနောက် သားသမီး နှစ်ယောက် ထွန်းကားခဲ့သည့်တိုင် ငယ်က ချစ်သူကို စွဲလမ်းခြင်းကိုမူ ဖျောက်ဖျက်၍ မရဘဲ ရှိလေ၏။ နေ့ကို စိတ်ဆင်းရဲခြင်း ပပျောက်အောင် အလုပ် ကိစ္စ များစွာဖြင့် ဖုံးဖိထားနိုင်လေသည်။ သို့သော် ညအိပ်ရာ ဝင်လျှင် အိပ်မက်ထဲတွင်မူ မ ကို အမြဲ တွေ့ဆုံပြီး ချစ်သူနှင့် အတူ ယှဉ်တွဲ၍ နေရသလို ခံစားရ လေသည်။ အိပ်မက်ထဲက ပျော်ရွှင်မှုသည် နိုးလာသော အခါ အပြစ်ဒဏ် ဖြစ်သွားပါသည်။ အိမ်မှာ ဇနီး သားသမီးများနှင့် မွေ့မွေ့လျော်လျော်နေလိုသော ဆန္ဒမျိုးလည်း အကျွန်ုပ်မှာ မရှိတော့ပါ။

အဆိုးဆုံးမှာ ဇနီး ဖြစ်သူ၏ ဘာသာ အယူစွဲကြီးခြင်း ဖြစ်ပါသည်။ သူနှင့် အကျွန်ုပ်တို့မှာ ဘာသာ ယုံကြည် ကိုးကွယ်မှုနှင့် ပတ်သက်လာလျှင် သူတစ်လမ်း ကိုယ်တစ်လမ်း ဖြစ်လျက် နေလေတော့၏။ အကျွန်ုပ်က ဘာသာ အယူဝါဒ ကိစ္စတွင် လွတ်လပ်စွာ တွေးခေါ်သူ (free thinker) ဖြစ်ပြီး သူကမူ ဘာသာ အယူဝါဒ၌ တစ်ယူသန်ဝါဒ ရှိသူ (fanatic) ဖြစ်နေလေသည်။ သားသမီး ကိစ္စတွင် အယူဝါဒ မတူသည့် ကိစ္စသည် ပိုပြီး အနှောင့်အယှက် ဖြစ်လာပါသည်။ သူက သားသမီးများကို သူ ယုံကြည်သော အယူဝါဒ အတိုင်းပင် မုချ ဖြစ်ရမည်၊ သူ့ ဘာသာကိုပင် သားသမီးများ ယုံကြည် ကိုးကွယ်ရမည်ဟု တထစ်ချ သတ်မှတ်ထားလေသည်။

ထို သဘောထားကို အကျွန်ုပ်သည် မိမိ၏ မိဘများနှင့်ပင် ဆန့်ကျင်လျက် ငြင်းခဲ့ပြီ ဖြစ်၏။ ယခု တစ်ဖန် ဇနီး ဖြစ်သူနှင့်ပါ ငြင်းခုံရဦးမည် ဆိုလျှင် မိမိ သက်တမ်း တစ်လျှောက်တွင် ကြိုးပမ်းလာခဲ့သမျှ စွန့်လွှတ်လာခဲ့သမျှ အချည်းနှီး အလဟဿ ဖြစ်ရပေတော့မည်။ အကယ်၍ မိမိအနေနှင့် လွတ်လပ်စွာ တွေးခေါ် ယုံကြည်မှု၊ ဆင်ခြင်တုံ တရားနှင့် အညီ သုံးသပ် ဆုံးဖြတ်မှုကို ကျန်သော အရာများ အားလုံးထက် ပို၍ တန်ဖိုး မထားခဲ့လျှင် ချစ်ဦးသူကို စွန့်လွှတ်ရန် ဘာလိုသနည်း။ သူ့အလိုကျ လိုက်လျောပြီး မသိလိုက် မသိဘာသာ နေဖို့သာ လိုပေလိမ့်မည်။

ယခုမူ ယခင်က မသဲမကွဲ ရင်ထဲတွင် မတင်မကျ ဖြစ်လျက်ရှိသော ခံစား ‘သိ’ တစ်ရပ်မှာ သိသာကွဲပြားလာပြီ ဖြစ်ပါသည်။ လိင်မှုကိစ္စနှင့် ပတ်သက်လျှင် အကျွန်ုပ် တမ်းတ မှန်းဆ၍ တောင့်တ မျှော်လင့်သော အရာတစ်ခု ရှိနေလေသည်။ ထို အရာသည် အမှန်စင်စစ် အချစ်လည်း မဟုတ်ပါ။ အိမ်ထောင် ပြုခြင်းလည်း မဟုတ်ပါ။ ချစ်သူလည်း မဟုတ်ပါ။ ဇနီး မယားလည်း မဟုတ်ပါ။ ‘ပါရမီ ဖြည့်ဖက်’ သာ ဖြစ်ပါသည်။

ထိုအသိကို ဘဝ အတွေ့အကြုံများက ပေးလိုက်ပါသည်။ လူသားဝါဒ ဒဿနများကို ဖတ်ရပြီးသော အခါ မိမိ၏ ကိုယ်ကျင့်တရား အယူဝါဒများ မှန် မမှန်ကို ပြန်လည် ဆန်းစစ်ချင်လာပါသည်။

လူဦးရေ အဆမတန် များ ပြား ပြီး စားရမဲ့ သောက်ရမဲ့ ဖြစ်နေသော လူ့ အဖွဲ့အစည်း တစ်ရပ်မှာ ဖြစ်စေ၊ သားသမီး များပြီး ကျွေးရ မွေးရ ခက်နေသော မိသားစု အိမ်ထောင် တစ်ခုမှာ ဖြစ်စေ နောက်ထပ် လူဦးရေ မတိုးပွားအောင် ပဋိသန္ဓေ တားဆီးရခြင်းကို ကိုယ်ကျင့်တရား အရ ဘယ်လို သဘောထားသင့်သနည်း။ ပဋိသန္ဓေ တားခြင်းသည် အကုသိုလ် (အပြစ်) ဖြစ်လျှင်လည်း ထိုမိသားစုသည် ထိုအပြစ်ကို ကြောက်ပါမည်လား။

လူ့ဘဝမှာ စဉ်းစားရ ကျပ်သော အမှုကိစ္စတွေ

www.burmeseclassic.com



အမြောက်အမြား ရှိလေသည်။ ခြောက်ပြစ်ကင်း အကြွင်းမဲ့ မှန်ကန်သော ကိုယ်ကျင့်တရား စံမျိုး ဤလောကမှာ ရှိနိုင်ပါမည်လား။

မိမိအား နိပ်စက်လာသူကို ခွင့်လွှတ်ခြင်း ရန်တုံ့မပြန်ခြင်းဖြင့် ရန်ကို ငြိမ်းအေးစေရမည် ဆိုလျှင် တိုင်းပြည်ကို ကျူးကျော်ရန် တိုက်ခိုက်လာသော ထိုရန်သူကို ခွင့်လွှတ်ကာ 'သူတို့ လုပ်ချင်သလို လုပ်ကြစေတော့၊ ငါကတော့ ပြန်မလုပ်ဘူး' ဆိုပြီး ခံနေရမည်လား။ ကိုယ့်တိုင်းပြည်ကို ရန်ပြု တိုက်ခိုက်လာသူအား ပြန်မတိုက်ဘဲ သူခိုးကို ဓားရိုး ကမ်းသော သူကို ချီးမွမ်းမည့်သူ ဤလောကမှာ ရှိပါမည်လား။ မတရားမှု ကျူးလွန်လာသူအား တရားဥပဒေ အရ အပြစ်ဒဏ် ပေးခြင်းဖြင့် လည်းကောင်း၊ အင်အားဖြင့် ပြန်လည် ခုခံ တိုက်ခိုက်ခြင်းဖြင့် လည်းကောင်း ဤလောက၌ တရား မျှတမှုကို တည်ထောင်နေရသည် မဟုတ်လား။

ဘဝ အရေးအခင်းများတွင် လူသားတို့သည် ပိုမိုကောင်းမွန်သော အရာတို့ကို ရှာဖွေ၍သာ အားပြိုင်လာသော ဖြစ်ရပ်များတွင် ပိုကောင်းသောဘက်ဟု ဆင်ခြင်တုံ တရားက ပြဋ္ဌာန်းသော ဘက်ကို ရွေးချယ်ရမည် မဟုတ်လား။ တစ်ခါတစ်ရံ အားပြိုင်မှု ဘက်ညီနေလျှင် တစ်ခုခုကို ဘယ်နည်းဖြင့် ရွေးချယ်မည်နည်း။

လောကီ ကိစ္စကို လောကုတ္တရာ အမြင်များဖြင့် ရောထွေး စဉ်းစားစရာလည်း မလို။ လောကုတ္တရာ ကိစ္စသည် မိမိ တစ်ဦးတစ်ယောက်တည်း၏ ကိစ္စ ဖြစ်သည်။ လောကီ ကိစ္စသည်သာ တခြားလူများနှင့် ဆက်စပ်စဉ်းစားရသော ကိစ္စ ဖြစ်သည်ဟုလည်း လူသားဝါဒက ခံယူ ကျင့်သုံးပါသည်။

အိမ်ထောင်ရေးသည်လည်း လောကီကိစ္စ ဖြစ်သည်။ သို့သော် မိမိနှင့်သာ သက်ဆိုင်သော ကိစ္စ ဖြစ်သည်။ အိမ်ထောင် ပြုခြင်းကြောင့် ရအပ်သော ပင်ပန်း ဆင်းရဲမှုသည် ရအပ်သော ဆုလာဘ်ထက် အဆမတန် ပိုသည်။ သို့သော် လူသားသည် မိမိ ရွေးချယ်ပြီးသော ကိစ္စတစ်ခု အတွက် ကိုယ်ကျင့်တရား အရ ကျရောက်လာသော တာဝန်ကို မထမ်းဆောင်ဘဲ နေ၍ရမည် မဟုတ်။ ထိုတာဝန်ကို မယူလျှင် ထိုသူသည် အပြစ်ကို ကျူးလွန်သူပင် ဖြစ်သည်။

သို့ရာတွင် ယခု မိမိမှာ အချစ် မပါသော အိမ်ထောင်ရေး ဘဝဝယ် ပျော်ရွှင်ခြင်းကို မရ။ သားသမီးများ ကြီးပြင်းလာသော အခါ သူတို့ကို လွှတ်လွှတ် လပ်လပ် ကြိုက်ရာ ဆုံးဖြတ်ပိုင်ခွင့်ကို မပေးလျှင် အကျွန်ုပ်နှင့် ဇနီးသည်တို့မှာ အကြီးအကျယ် ပဋိပက္ခ ဖြစ်ရပေဦးမည်။ အကျွန်ုပ် စိတ်ထဲတွင် မိဘက သားသမီးကို ဘာမှ ချုပ်ချယ်စရာ မလို။ ဆုံးမ၍ လမ်းညွှန်ပေးဖို့သာ လိုသည်ဟု ယုံကြည်ပါ၏။ ကလေးတွေမှာလည်း မိမိကဲ့သို့ အသိဉာဏ်ရော ခံစားမှုရော လွတ်လပ်ချင်သည့် ဆန္ဒရော ပါလာသည်ဟု အကျွန်ုပ် ကိုယ်ချင်းစာပါ၏။ သားသမီးသည် အနုဇာတ အဝဇာတ အတိဇာတ အမျိုးမျိုး ရှိတတ်ပါသည်။ ဇာတိအားဖြင့် ကိုယ့်ထက်သာသူလည်း ပါလာနိုင်သည်။ ကိုယ်နှင့် တန်းတူ စွမ်းဆောင်နိုင်သူလည်း ပါလာနိုင်သည်။ ကိုယ့်ထက် ညံ့သူလည်း ပါလာနိုင်သည်။ သတ္တဝါတို့၏ ထုံးစံအတိုင်း သူတို့သည် အတောင်အလက် မစုံမီသာ မိဘတို့၏ အသိုက်အမြုံကို ခိုလှုံ ချင်ပေလိမ့်မည်။ အတောင်အလက် စုံသောအခါ သူတို့၏ ခရီးဖော်ကို ရှာပြီး သူတို့လိုရာ ခရီးသို့ ပျံသွားကြလိမ့်မည်။ မိဘ ဆရာသမားတို့က သွားသင့်သော လမ်းကိုသာ ညွှန်ပြနိုင်သည်။ ထို ညွှန်ပြသော လမ်းထက် ပို၍ ကောင်းသော လမ်းကို ထိုသားသမီးများ ကိုယ်တိုင် ရှာတွေ့ချင်လည်း တွေ့သွား ပေလိမ့်မည်။ သူတို့၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်မှု အရည်အချင်း (သတ္တိ) ကို အဘယ်ကြောင့် အထင်သေးသင့်ပါသနည်း။ အကျွန်ုပ်၏ ပထမ အိမ်ထောင်ရေး ကိစ္စတွင် သားသမီးများနှင့် ပတ်သက်၍ သဘောထားကြရာ၌ လင်မယား အမြင် မတူမှုများလည်း ရှိသည်။ ထိုထက် ပို၍ အဆင်မပြေနိုင်သော အချက်မှာ 'ပါရမီဖက်' မဖြစ်နိုင်ခြင်း ကိစ္စ ဖြစ်သည်။ 'ပါရမီဖက်' ဆိုသည်မှာ ယောကျ်ားနှင့် မိန်းမတို့၏ ဆက်ဆံရေးတွင် အရေးပါသော ကိစ္စ တစ်ရပ် ဖြစ်ကြောင်းကို ရှေးယခင်က အကျွန်ုပ် သဘောမပေါက်ခဲ့သော်လည်း အသက် သုံးဆယ်ကျော်လာသော အခါ ထိုကိစ္စကို သဘော ပေါက်လာပါသည်။ လောကထုံးစံအရ ပါရမီ ကိစ္စတွင် မိန်းမထက် ယောကျ်ားကို အမွန်အမြတ် အသာစီး ထားကြပေရာ ယောကျ်ား ဦးဆောင်သော အိမ်ထောင်တွင် မိန်းမက ထိုယောကျ်ား၏ ရည်မှန်းချက်များ အောင်မြင်ရေးကို ဘက်ပေါင်းစုံမှ ထောက်ပံ့ အားပေးရသည်။ ထိုသို့ ပြုခြင်းကို ပါရမီဖြည့်ခြင်းဟု ဆိုနိုင်မည် ထင်ပါသည်။ ယခုအခါ မိန်းမဦးဆောင်သော အိမ်ထောင်များလည်း ရှိ ပါ သည်။ ဥပမာ မိန်းမ ဝန်ကြီးချုပ်၊ မိန်းမ နာမည်ကျော် ရုပ်ရှင်မင်းသမီး၊ မိန်းမ နာမည်ကျော် စာရေးဆရာမ စသည်တို့

www.burmeseclassic.com



ဖြစ်ပါသည်။ ထို အိမ်ထောင်မျိုးတွင်မူ ဘုန်းနည်း ကံနည်း ယောက်ျားက မိန်းမ၏ ပါရမီဖြည့်ဖက် ဖြစ်အောင် ကြိုးစားရပေလိမ့်မည်။

အကျွန်ုပ်သည် တစ်လင်တစ်မယား အိမ်ထောင်ရေး စနစ်ကိုလည်း တန်ဖိုး ထားပါသည်။ သို့သော် အကြင် အိမ်ထောင်ရေးသည် ဤဘဝဝယ် ပျော်ရွှင်ချမ်းမြေ့မှု အတွက် အထောက်အပံ့လည်း မဖြစ်၊ အနာဂတ်မှာ ကောင်းကျိုး ဖြစ်ဖို့လည်း လမ်းမမြင်၊ ပါရမီ၏ အဆောက်အဦလည်း မဖြစ်နိုင်ပါက သိလျက်နှင့် မိုက်မဲစွာဖြင့် 'ဒီ တစ်သက်တော့ ဖြစ်ချင်ရာ ဖြစ် အဆုံး ခံလိုက်တော့မည်' ဟု မျက်စိ မှိတ်၍ မိမိကိုယ်ကို ပစ်ချသင့်ပါသလား။ သို့ဆိုလျှင် အကျွန်ုပ်သည် ဒီဘဝကို ပစ်ချပြီး နောင်ဘဝ ကောင်းဖို့ကို မျှော်လင့်သူ ဖြစ်သွားပေတော့မည်။

လူသားဝါဒ၏ ဒဿနများတွင် လူ့ဘဝတွင် ကိုယ်ကျင့်တရား စံများမှာ တစ်သမတ်တည်း တရားသေမျိုး မရှိ၊ အခြေအနေ အချိန်အခါ အလျောက် အနိမ့်အမြင့် အဆင့်ဆင့် ရှိကြသည်ဟု ရှုမြင်ထားလေသည်။ အကျွန်ုပ်လည်း လောကီ ကိစ္စများတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား ကြည့်သောအခါ ကိုယ်ကျင့်တရား စံများ၏ ပြောင်းလဲသည့် သဘောများကို မြင်ပါသည်။

မိန်းမ များသော လူ့ အ ဖွဲ့ အ စည်း ထဲ တွင် ယောက်ျား တစ်ယောက်သည် မိန်းမ များစွာ ယူနိုင်သော အိမ်ထောင်ရေး စနစ်ကို ခွင့်ပြုထားလေသည်။ ပိုလီဂယ်မီ (Polygamy) ခေါ်လေသည်။ တချို့ လူ့အဖွဲ့အစည်းများတွင် ယောက်ျား များပြီး မိန်းမ နည်းသည်။ ထို့ပြင် အိမ်ထောင် တစ်ခုတွင် ယောက်ျားများများ ရှိမှ လုပ်စားရေး လွယ်ကူသည်။ တောင်ပေါ်ဒေသများ၏ ဘဝသည် ခက်ခဲစွာ ရှာဖွေ စားသောက်ရသည် ဖြစ်ရာ အိမ်ထောင်စုတွင် ယောက်ျား များမှ အသက်မွေးမှု အဆင်ပြေသည်။ ထိုအရပ်တွင် လင်များစွာ ယူသော အိမ်ထောင်ရေး စနစ် ပိုလီ ယန်းဒရီ **(Polyandry)** ကို လက်ခံ ထားကြရလေသည်။ ကမ္ဘာ**ပေါ်တွင်** မိုနိုဂယ်မီ (Monogamy) ခေါ်သော တစ်လင် **တစ်မယား** စနစ်ကိုကား လူအများ နှစ်သက်ကြလေ**သည်။**

ယခု ပြန်စဉ်းစားလျှင် မိမိ၏ ဘဝသည် ဘိုဘိုဟန် သီဆိုသော သီချင်းကဲ့သို့ အားလုံးကို ကျော်ဖြတ်ပြီး သွားနိုင်မှ ခရီး ရောက်မည့် ဘဝ ဖြစ်ပေရာ ယခုလည်း ဘယ်လို အဖြစ်မျိုး၊ ဘယ်လို တုံ့ပြန်မှုမျိုးနှင့်ပင် ရင်ဆိုင်ရ ဆိုင်ရ ဤ အိမ်ထောင်ရေး ဘဝကိုလည်း ကျော်ဖြတ်သွားမှသာ ခရီး ရောက်တော့မည်ဟု ဆုံးဖြတ်ရမည့် အချိန်အခါသည် ဆိုက်ရောက် လာပြန်လေ၏။

တစ်နေ့သ၌ အကျွန်ုပ်သည် စာသင်နားချိန် တစ်ချိန်၌ ဆရာ ဒေါက်တာ ခင်မောင်ဝင်း အခန်းသို့ ဝင်ခဲ့လေသည်။

'ထိုင် ကိုဆန်းလွင်၊ ဘာကိစ္စလဲ' ဟု ဆရာက မေးလေသည်။

'ကိစ္စကတော့ ဘဝ ကိစ္စပါပဲ ဆရာ'

ဆိုပြီး အကျွန်ုပ်၏ ဘဝဖြစ်စဉ် အကျဉ်းကို ဆရာအား အစီရင် ခံလိုက် ပါသည်။ ထို့နောက် အကျွန်ုပ်သည် လက်ရှိ အိမ်ထောင်ကို တာဝန် ယူမည် ဖြစ်သော်လည်း မပေါင်းလိုတော့ကြောင်း၊ မိမိနှင့် ပါရမီဖက် ဖြစ်မည့်သူကို ရှာ၍သာ ပေါင်းသင်းလိုတော့သည့် အကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်း အစီရင်ခံလိုက်ပါသည်။

ထိုအခါ ဆရာသည် အတန်ကြာ စဉ်းစားပြီးနောက် အောက်ပါ အဖြေကို ပေးပါသည်။

'ခင်ဗျား စဉ်းစား ဆုံးဖြတ်တာတွေဟာ ဆင်ခြင်ဉာဏ် အပေါ်မှာ တည်တဲ့ အတွက် ကိုယ်ကျင့်တရား အရတော့ မှားတယ်လို့ မဆိုနိုင်ဘူး၊ သို့သော် လူမှုရေး အရတော့ မှားနိုင်တယ်၊ နောက်တစ်ခုက စိတ်ပညာ သဘောအရလည်း မှားနိုင်တယ်'

'လူမှုရေး အရ မှားနိုင်တယ် ဆိုတာက တစ်လင်တစ်မယား စနစ်ကို ချိုးဖောက်တာကို ပြောတာလား ဆရာ'

'ဒါလည်း ပါတယ်၊ နောက် သားရေး သမီးရေး၊ ပစ္စည်း ပိုင်ဆိုင်မှု၊ စီးပွားရေး၊ ကလေးတွေရဲ့ ပညာရေး၊ ရှေ့ရေး အားလုံး ပေါ့ဗျာ၊ ပြီးတော့ လက်ရှိ အိမ်ထောင်ဟာ ခင်ဗျားက မိခင် ဆောင်ရွက်တာကို လက်ခံပါ့မယ်လို့ ခေါင်းညိတ်ပြီး သဘောတူခဲ့တာ ဆိုတော့ ဆွေမျိုးအသိုင်းအဝိုင်းထဲမှာ ခင်ဗျား မိခင် အဖို့ မျက်နှာမလှဖြစ်ရမယ့် အရေးတွေ အားလုံးကို ခြုံပြီး လူမှုရေးလို့ ကျွန်တော် ပြောတာပါပဲ'

'ကျေးဇူး တင်လိုက်တာ ဆရာရယ်၊ ဟုတ်ကဲ့ ကျွန်တော် သဘော ပေါက်ပါပြီ၊ စိတ်ပညာ သဘောအရ မှားတယ် ဆိုတာက ဘာကို ဆိုလိုပါသလဲ ဆရာ'

'ဒါက ဒီလိုဗျာ၊ အိမ်ထောင်ရေးမှာ စိတ်ပိုင်း

www.burmeseclassic.com



ဆိုင်ရာ ကိစ္စတွေဟာ အများကြီး ပါတယ်၊ ဆိုပါတော့၊ ခင်ဗျား လက်ရှိ အိမ်ထောင်မှာ မပျော်ပိုက်တဲ့ ကိစ္စ၊ ဒီကိစ္စမှာ အချစ်ဆိုတဲ့ နှလုံးသားရေးရာ ခံစားချက်တွေ ပါနေတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အချစ် မပါရင် လိင် ဆက်ဆံရေးမှာပါ သိပ်ပြီး နှစ်နှစ်ခြိုက်ခြိုက် မရှိနိုင်ဘူး၊ ဒါကတော့ သိလွယ်ပါတယ်၊ ဥပမာ ကြေးစား မိန်းမ တစ်ဦးနှင့် ဆက်ဆံတာမျိုးပေါ့၊ ပြီးတော့လည်း ပြီးတာပဲ၊ သံယောဇဉ် မရှိဘူး၊ အကြင်နာ မရှိဘူး၊ တစ်ယောက်နှင့် တစ်ယောက်ဟာ အလွတ်ကြီး ဖြစ်နေတယ်၊ ဒီတော့ ခု ခင်ဗျား ဆုံးဖြတ်တဲ့ အထဲမှာ ဆင်ခြင်ဉာဏ် ကဲနေတယ်လို့ ကျွန်တော် ထင်တယ်၊ လောကီ ဒဿန အရ ဦးနှောက်ဘက်က အားသာပြီး နှလုံးသားဘက်က အားနည်း နေရင်လည်း ဒါ စိတ်ပိုင်းဆိုင်ရာ ဟန်ချက် မညီ ဖြစ်ပြီး နောက်တစ်ကြိမ် ခင်ဗျား စိတ်မချမ်းမသာ မဖြစ်ရဘူးလို့တော့ မပြောနိုင်ဘူး၊ ဘဝ အရေးအခင်းတွေကလည်း တစ်ခါတစ်ရံ ဘာထရန်ရပ်ဆယ် ပြောသလို ရန်သူတွေ ချောင်းနေတဲ့ မှောင်ကြီးမျက်မည်း လမ်းမှာ လျှောက်ရသလိုပဲ၊ ဝွန်ဂျူဝီ ပြောသလို ဘဝဟာ လောင်းကစားခြင်း တစ်မျိုးပဲ ဆိုတာလည်း မှန်တာပဲဗျ၊ အဆုံးတော့ ကံကုသိုလ်ကိုပဲ ပုံချရတဲ့ ကိန်းကို ဆိုက်တာပဲဗျာ'

ဆရာ၏ နောက်ဆုံး နိဂုံးချုပ် စကားကို ကြားရသောအခါ အကျွန်ုပ်၏ ပိတ်ဆို့နေသော နှလုံးဘူးဆို့ တစ်ခုကို ဖွင့်လိုက်သလို ခံစား လိုက်ရပါသည်။ ထိုစကားသည် 'ကံကုသိုလ်' ဆိုသော စကား ဖြစ်လေသည်။

လူ့ဘဝတွင် လူသားဝါဒ ဒဿနက မဖြေရှင်းနိုင်သော ပြဿနာသည် မြန်မာလူမျိုးတို့ ယုံကြည်လက်ခံနေသော 'ကံ' ပြဿနာပင် ဖြစ်လေသည်။

လူတွေ ကြားထဲတွင် အနိမ့်အမြင့် အဆင့်အတန်း မတူ ကွဲပြား ခြားနားနေရခြင်းသည် အဘယ် အကြောင်း ကြောင့်နည်း။ မာ့က်စ်ဝါဒီများကတော့ စီးပွားရေး စနစ်ကြောင့်ဟု ဆိုကြလေသည်။ စီးပွားရေး စနစ်ကြောင့် လူတွေ ကြားထဲမှာ ဆင်းရဲ ချမ်းသာ ကွဲပြားနေရသည်ဟု ဆိုခြင်းကို လက်ခံနိုင်ဖွယ် အကြောင်းအချက် အချို့ ရှိသည်ဟု ဆိုရေးဆိုခွင့် ရှိပေလိမ့်မည်။ သို့သော် စီးပွားရေး စနစ် တစ်ခုတည်းကြောင့် ချမ်းသာ ဆင်းရဲ ကွဲပြားရသည် ဆိုလျှင်ကား စဉ်းစားရပေလိမ့်မည်။

ရုရှား နိုင်ငံတွင် ဆင်းရဲ ချမ်းသာ ကွဲပြားစေသော အရင်းရှင် စီးပွားရေး စနစ်ကို အရင်းအမြစ်ပါ မကျန် ဖျက်ဆီး ပြီးခဲ့သည်မှာ ယခုဆိုလျှင် အနှစ် ငါးဆယ်ကျော်ပြီ။ လူတွေ ကြားထဲမှာ အဆင့်အတန်းအားဖြင့်၊ အခွင့်အလမ်းအားဖြင့် ချမ်းသာ ဆင်းရဲအားဖြင့် တစ်သားတည်း တစ်ညီတည်း (မကွဲမပြား မခြားမနား) ဖြစ်သွားပြီလား။

လူတွေမှာ ရုပ်ဆင်းသဏ္ဍာန်အားဖြင့်လည်း ကွဲပြား ခြားနားကြသည်။ အသိဉာဏ်ပညာအားဖြင့်လည်း ကွဲပြား ခြားနား ကြလေသည်။ ဝီရိယအားဖြင့်လည်း ကွဲပြား ခြားနား ကြသည်။ ဝါသနာ အားဖြင့်လည်း ကွဲပြား ခြားနား ကြလေသည်။ လူချင်း တူသော်လည်း စိတ်ချင်း မတူကြချေ။ တစ်မိဝမ်းတွင်းက ရင်ချင်းဆက် အမြွှာမွေးလာသူ နှစ်ဦးကို ခွဲစိတ်ကုသမှု အောင်မြင်သည့်တိုင်အောင် တစ်ဦးက သေဆုံးသွားပြီး တစ်ဦးကိုမူ လူတွေက ဝိုင်းဝန်းပြီး ကရုဏာကြေး ပေးကာ ထောက်ပံ့ခဲ့ကြလေသည်။ ဤသို့ ကွဲပြား ခြားနားရခြင်းသည် စီးပွားရေး စနစ်ကြောင့်တော့ မဟုတ်တန်ရာ။

မြန်မာတွေကတော့ ဆရာ ပြောသလိုပင် **ကံ** အကြောင်းတရားကို ပြောဆို တတ်ကြလေသည်။ သို့သော် မိမိသည် ကံ အကြောင်းတရားကို နားမလည်သေးချေ။

မကြာမီ အကျွန်ုပ်သည် ဒုတိယ အိမ်ထောင်ကို ပြုပစ်လိုက်လေသည်။ ဤ အပြုအမူ အတွက် **ဆွေမျိုး** အသိုင်းအဝိုင်းကသာ မက မိတ်ဆွေ အပေါင်းအသင်းများကပါ မကျေမနပ် ဖြစ်ကာ အကျွန်ုပ်ကို အခေါ်အပြော မလုပ်ကြတော့ချေ။

အကျွန်ုပ်သည် မိုက်မဲခြင်း၌ ရဲရင့်သူ ဖြစ်လျက်နေပြီကို သတိ မထားမိ၍ မဟုတ်ပါ။ သတိ ထားမိပါသည်။ သို့သော် ပထမ အကြိမ်တွင် အကျွန်ုပ်သည် မမိုက်မဲဝံ့သောကြောင့် (သတ္တိ မရှိ၍ဟု ဆိုသော်လည်း ဆိုသင့်ပါသည်) အချစ်၏ ကျိန်စာသင့်ခြင်းကို **ခံခဲ့ရ**ဖူးပြီ။ ယခု တစ်ကြိမ်တွင် အကျွန်ုပ်သည် မိုက်မဲ**သင့်**လျှင် မိုက်မဲဖို့ကို ဝန်မလေးရန် သတိ ထားခဲ့လေ**သည်။**

ဒုတိယ အိမ်ထောင် ပြုခြင်းသည် ဘယ်**ဘက်က** ကြည့်ကြည့် မိုက်မဲမှု ဖြစ်သည်မှာ ထင်ရှားပါ**သည်။** အထင်ရှားဆုံး အချက်မှာ အကျွန်ုပ်သည် မိမိ၏ တပည့်ကို လက်ထပ်ခြင်းကြောင့် ဖြစ်ပါသည်။

ဦးလှဖေဝင်း အလွတ် ပညာသင်ကျောင်းတွင် မိရွှေသက်ကို တွေ့ဆုံရခြင်း ဖြစ်သည်။ မိရွှေသက်သည် အသက်အားဖြင့် ငယ်သော်လည်း ရုပ်အားဖြင့် မ နှင့်တူနေခြင်းက အကျွန်ုပ်ကို ဆွဲဆောင်နိုင် လေသည်။

www.burmeseclassic.com



ကျယ်သော နဖူးပြင်၊ ရယ်လျှင် ချိုင့်ဝင်သွားသော ပါး ချိုင့် ကလေးများနှင့် သွက်လက် ချက်ချာပုံများမှာ အကျွန်ုပ်အား အတိတ်ကို ပြန်လည် ဖန်ဆင်းပေးသလို ဖြစ်နေပါသည်။

အမှန်တော့ မိရွှေသက်သည်လည်း အကျွန်ုပ်၏ နှလုံးသားမှ အချစ် ကင်ဆာ ရောဂါကို ကုသရန် အတွက် အသုံးပြုခြင်း ခံရသော ဆေးတစ်လက်သာ ဖြစ်ပါသည်။

သို့သော် ရောဂါ ပျောက်ပြီး အသားနု တက် လာလျှင်တော့ ရှေးနည်းတူ ပကတိ နဂို အခြေအနေ မဖြစ်နိုင်စေဦးတော့၊ ရောဂါ သက်သာရာတော့ ရမည် ဟု အကျွန်ုပ် မျှော်လင့်ပါသည်။

အကျွန်ုပ်၏ မိတ်ဆွေရင်းချာများ ဖြစ်ကြသော အကျွန်ုပ်၏ ကျေးဇူးဖြင့် ဦးလူဖေဝင်း ကျောင်းတွင် ဆရာ ဖြစ်နေကြသော ကိုတင်ဖေနှင့် ကိုဘလှိုင် (ကွယ် လွန်) တို့က ဤကိစ္စ အတွက် အကျွန်ုပ် အပေါ်မှာ များ စွာ မကျေမနပ် ဖြစ်ကြကာ ဆရာကြီး ဦးလူဖေဝင်းကို ပင် သွားရောက် တိုင်ကြားကြသည် ဟု ကျောင်းအုပ် ဖြစ်သူ ကိုအောင်ခင်ထံမှ တစ်ဆင့် ကြားရပါသည်။

ထိုအခါမှ စ၍ သူငယ်ချင်း တင်ဖေနှင့် အကျွန်ုပ် အဆက်အသွယ် ပြတ်ခဲ့ကြသည်မှာ ယခုထက်တိုင် အောင်ပင် ဖြစ်ပါသည်။

သို့သော် အကျွန်ုပ် ဝမ်းမနည်းပါ။ အဘယ် ကြောင့် ဆိုသော် အကျွန်ုပ်၏ မိုက်မဲခြင်း အတွက် သူငယ်ချင်းများ ဒဏ်ခတ်ခြင်းကို အကျွန်ုပ် ခံထိုက်သည် ဟု သဘောထားလိုက် သောကြောင့်ပင် ဖြစ်ပါသည်။ သူငယ်ချင်းများကိုမူ စိတ်မဆိုးပါ။

တကယ့်တကယ် အကျွန်ုပ်၏ ဘဝတွင် အပြောင်း အလဲကြီး တစ်ခု ဤကဲ့သို့ ရုတ်တရက် ဖြစ်ပေါ်ခဲ့ရခြင်း နှင့် ထို အပြုအမူ (အပြောင်းအလဲ) အတွက် ခံရသော တုံ့ပြန် တိုက်ခိုက်မှု များစွာကို မတုန်မလှုပ်သော စိတ် ဖြင့် မိုက်မိုက်မဲမဲ ရင်ဆိုင် နိုင်ခဲ့ခြင်းမှာ ထိုစဉ်က အကျွန်ုပ်သည် နှစ်ဆယ်ရာစု ဒဿန ဆရာများ ဖြစ်ကြ သော ယန်း ပေါလ်ဆတ်၊ ကမူး နှင့် ဟိုက်ဒဲဂါအပ်၊ ကဲ ကီးဂတ်တို့၏ ဖြစ်ရာ ဘဝ ပဓာနဝါဒ (Existential- ism) ၏ လွှမ်းမိုးခြင်းကို ခံနေရသောကြောင့် ဖြစ်သည် ဟုလည်း ဆိုနိုင်ဖွယ် အကြောင်း ရှိပါသည်။

'အိတ်ဇစ်စတင်ရှယ်လစ်ဇင်း' ခေါ် ဖြစ်ရာဘဝ ပဓာန ဝါဒကို မဟာဝိဇ္ဇာ တန်းတွင် သင်ကြားရပြီး ကတည်းက ထိုဝါဒကို အကျွန်ုပ်သည် အတော်အတန် သဘောကျခဲ့ မိပါသည်။

ပထမ သဘောကျသည့် အကြောင်းမှာ ထိုဝါဒ သည် လောကီ လူသားတို့၏ ဘဝ ပြဿနာများ အပေါ် အရေးထား စဉ်းစား လာသောကြောင့် ဖြစ်ပါသည်။ ရှေးက ဒဿန ပညာရှင်ကြီးများသည် ဆင်ခြင် စဉ်းစား ခြင်းကို အသား ပေးလွန်းသည် ဖြစ်ရကား ၎င်းတို့သည် အတွေးချော်ပြီး လူ့ဘဝနှင့် အဆက်ပြတ်ကာ ရှာလွန် ရှက်တိုက်သော အတွေးများကိုသာ တွေးခေါ် မြော်မြင် နေကြတော့သည်။ လူသည် အလွန်အမင်း ဆင်ခြင် စဉ်းစားသောအခါ မိမိသည် လူ့ဘဝတွင် လူအဖြစ် အသက် ရှင်နေသည်။ ထိုလူ့ဘဝထဲတွင် လူတွေ မဖြေ ရှင်းနိုင်သေးသော ပြဿနာတွေ တစ်ပုံကြီး ရှိသေး သည်။ ထိုပြဿနာများကို ဖြေရှင်းဖို့ အရေးကြီးသေး သည် ဆိုသော ဘဝကိစ္စများကို မေ့သွားတတ်သည်။ ဤသို့ ဖြစ်ရခြင်းသည် တွေးခေါ်ရှင်နှင့် လူ့ဘဝ အဆက် ပြတ်သွားခြင်း ဖြစ်သည်ဟု နှစ်ဆယ်ရာစု 'ဖြစ်ရာ ဘဝ ပဓာန' ဝါဒကို စတင် စဉ်းစားသူ ဟော်လန်ပြည်သား ဆိုရန် ကဲကီးဂတ် (**Soren Kierkegaard**) က ဆိုလေ သည်။

ကဲကီးဂတ် အစ ရှာပေးသော အချက်သည် အကျွန်ုပ် ဆွဲထုတ် ရှာဖွေရမည့် အတွေးအခေါ်၏ အဓိ က အချက် ဖြစ်သည်ဟု အကျွန်ုပ် မှတ်ယူပါသည်။

လူတွေသည် မိမိတို့ တတ်သမျှ စွမ်းအားဖြင့် ပိုမို ကောင်းမွန်သော လူ့ဘဝ ဖြစ်ပေါ်ရေး၊ ပိုမို စိတ် ချမ်းသာဖွယ် ကောင်းသော လူ့ဘဝကို ဖန်တီးရေး အတွက် အစဉ် ကြိုးပမ်း နေကြသည် ဖြစ်ပါလျက် အဘယ်ကြောင့် ယခုတိုင် လူ့ဘဝသည် အားရ ကျေနပ် ဖွယ် ကောင်းသော အခြေအနေသို့ မရောက်ပါသနည်း။

အဘယ်ကြောင့် လူတွေမှာ အတိဒုက္ခ မျိုးစုံ ကြုံနေရပါသနည်း။

ဘဝကို နှိုက်နှိုက်နဲနဲ ရှုမြင် သုံးသပ်မှသာ မနုဿတ္တ ဘာဝေါ ဒုလ္လဘော ဆိုသော ရခဲသည့် လူ့ ဘဝ အတွက် မိမိသည် ဘဝ လမ်းပျောက်သည့် အဖြစ် မှ ကင်းလွတ်ကာ ဘယ်ဘဝလမ်းမှာ ဘယ်လို လျှောက် သင့်သည်ကို နားလည်နိုင်ပေလိမ့်မည်။

ရန်ကုန် တက္ကသိုလ် ဒဿနိကဗေဒ ဌာနတွင် ပါမောက္ခ ဆရာကား လက်ထက်တွင် အပတ်စဉ် ကြာ သပတေး နေ့လယ် ဆယ့်နှစ်နာရီ မထိုးမီ ပညာရပ်

www.burmeseclassic.com



ဆွေးနွေးပွဲ ရှိလေသည်။ ဆရာများနှင့် အတူ ဂုဏ်ထူးတန်းသားများ မဟာဝိဇ္ဇာတန်းသားများပါ တက်ရောက်နိုင်လေသည်။ ဆရာ ဆရာမ တစ်ဦးဦးက ဘာသာရပ်တစ်ခုကို တာဝန်ယူ ဆွေးနွေးရသည်။ ဆရာ ဆရာမ၏ တင်ပြချက်များကို ပါမောက္ခ အပါအဝင် ကျန်ပုဂ္ဂိုလ်များက ဝိုင်းဝန်း ဝေဖန် ဆွေးနွေးရလေသည်။ ထိုဆရာ ဆရာမက သူတို့ တင်ပြသော အတွေးအမြင် ဘက်မှ ကာကွယ် ဆွေးနွေး ရလေသည်။ ဤကား အစဉ်အလာ တစ်ခု ဖြစ်ခဲ့ပါသည်။

တစ်နေ့သ၌ ဆရာမ ဒေါ်ခင်ဆက်ရီ (ကွယ်လွန်) က 'ဖြစ်ရာဘဝ ပဓာန ဝါဒ'ကို တာဝန်ယူ ဆွေးနွေးပါသည်။ ဆရာမ၏ ဤဆွေးနွေးချက်သည် သင်တန်းထဲတွင် သင်ကြားချက်နှင့် မတူ၊ ပညာရှင် တစ်ဦး၏ နှံ့စပ်သော အကြားအမြင် အဆင်အခြင် တစ်ရပ် အဖြစ် တင်ပြခြင်းမျိုး ဖြစ်လေသည်။

အကျွန်ုပ်သည် ထိုဝါဒ အပေါ်တွင် သံယောဇဉ် ရှိနေသောကြောင့်လား မသိ၊ ဆရာမ ဒေါ်ခင်ဆက်ရီ၏ ဆွေးနွေးချက်ကို ကျန် ဆွေးနွေးချက်များထက် ပို၍ စိတ်ဝင်စားမိလေသည်။ ထိုသို့ အထူး စိတ်ဝင်စားမိသည့် အကြောင်းမှာ ဤဝါဒသည် ရှုပ်ထွေး ပွေလီလှသော မျက်မှောက်ကာလ လူ့ဘဝဝယ် လူသား တစ်ဦး အနေနှင့် ဘဝ အပေါ် ဘယ်ပုံဘယ်နည်း သဘောထား၍ နေသင့်သည် ဆိုသည်ကို သင်ကြားပေးသော အတွေးအမြင် ဖြစ်သည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။

ဆရာမသည် ၁၉၂၉ ခုနှစ်တွင် ဟိုက်နာမန် (Heineman) က စ၍ 'အိတ်ဇစ်စတင်ရှယ်လစ်ဇင်း' ဆိုသော ဝေါဟာရကို စတင် သုံးစွဲခဲ့ပုံ၊ ထိုစကားသည် ဘဝ ဒဿန (Philosophy of Life) ကိုပင် ခေါ်သော စကား ဖြစ်ပုံ၊ 'ဖြစ်ရာ ဘဝ ပဓာန ဝါဒ' ဟု ခေါ်ရခြင်းမှာ ဤဝါဒတွင် ဖြစ်တည်ခြင်းက ပထမ၊ ဘဝ အနှစ်သာရ ဆိုသည်က နောက်မှ (Existence is Prior to Essence) ဆိုသော အယူအဆ အပေါ်တွင် အခြေခံထားသောကြောင့် ဖြစ်ပုံ၊ ဖြစ်ရာ ဘဝ ပဓာနတွင် ဂိုဏ်း နှစ်ဂိုဏ်း ကွဲပုံ၊ တစ်ဂိုဏ်းမှာ ကဲကီးဂတ် ဦးဆောင်သော ဂိုဏ်း ဖြစ်၍ ထိုဂိုဏ်းသည် ဖန်ဆင်းရှင် နတ်ဘုရား၏ အရှိ (Existence) ကို လက်ခံပုံ၊ ကျန်တစ်ဂိုဏ်းမှာ ယန်း ပေါဆတ် (Jean-Paul-Sarte) ဦးဆောင်သော ဂိုဏ်း ဖြစ်၍ ဖန်ဆင်းရှင် ထာဝရ ဘုရား၏ 'ရှိခြင်း' ကို ငြင်းပယ်သော ဂိုဏ်း ဖြစ်ပုံများကို ရှင်းလင်း ပြလေသည်။ ဆရာမသည် အခင်းအကျင်း စကားများကို ခြေဆင်း ပြောဆိုပြီးနောက် ကဲကီးဂတ်၏ အတွေးအခေါ် ထဲမှ အရေးပါသော အချက်များကို တင်ပြလေသည်။

'အနောက်တိုင်း အတွေးအခေါ်မှာ ဆော့ခရတ္တိရဲ့ အစဉ်အလာနှင့် ပလေတိုးရဲ့ အစဉ်အလာ ဆိုပြီး အမြင် နှစ်မျိုး ရှိပါတယ်၊ ဆော့ခရတ္တိက လူ့ဘဝကို အခြေစိုက် စဉ်းစားတဲ့ ပုဂ္ဂိုလ်၊ သူ့ သဘောကတော့ အတွေးအမြင် ဆိုတာ ဘဝ လမ်းညွှန် ဖြစ်ရမယ် ဆိုတဲ့ သဘောပါ။

'ပလေတိုး အပါအဝင် ကျန်တဲ့ ပုဂ္ဂိုလ်တွေကတော့ လူ့ဘဝမှာ ဘာကြီး ဖြစ်နေ ဖြစ်နေ ဂရု မစိုက်ဘူး၊ ကိုယ်နှင့် မဆိုင်သလိုပဲ၊ လူ့ဘဝကိစ္စတွေကို ချန်ပြီး တခြား ကိစ္စတွေကို စဉ်းစားကြပါတယ်၊ သိပ္ပံပညာ မပေါ်ထွန်းခင်က ဆိုရင် ဒီ ဒဿန ဆရာတွေဟာ ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ကို လိုက်ရှာရင်း အချိန်ကုန်ခဲ့ကြပါတယ်၊ သိပ္ပံပညာရှင်တွေ တန်ခိုး ဩဇာ ညောင်းတဲ့ ခေတ်ကို ရောက်ပြန်တော့လည်း ရုပ်ရှိသလား၊ နာမ်ရှိသလား၊ သဘာဝ လောကမှာ စစ်မှန်တဲ့ သဘော ရှိရဲ့လား၊ ဖောက်ပြန် ပြောင်းလဲ နေတာတွေကို အစစ်အမှန်တွေလို့ သဘော ထားနိုင်ပါ့မလား၊ ဒါတွေဟာ အပေါ်ယံ အကာတွေပဲ မဟုတ်လား၊ နေ့မြင်ညပျောက် သဘောတွေကို အစစ်အမှန်လို့ သဘော မထားနိုင်ရင် အမြဲ ထာဝရ ဖြစ်တဲ့ အစစ်အမှန် တရားဟာ ဘာလဲလို့ လိုက်ရှာကြပြန်တယ်။

'ရုပ်ကို အစိတ်စိတ် အမွှာမွှာ ခွဲကြည့်ရင်းက ရုပ်ရဲ့ အတွင်းပိုင်းကို အက်တမ် ချွန်ကလီယ အမှုန် အီလက်ထရွန် ပရိုတွန်တွေ အထိ လိုက်ကြတယ်၊ ဒါပေမယ့် ထာဝရ ဆိုတာ ဘာမှ မတွေ့ရပါဘူး၊ ဒီတော့ ဘာဖြစ်သလဲ၊ သိပ္ပံ ပညာရှင်တွေလည်း လူ့ဘဝကို မေ့သွားကြတယ်၊ သူတို့ ရှာဖွေ တွေ့ရှိတာတွေ သူတို့ ကြံစည် ဖန်တီးတာတွေဟာ လူ့ဘဝ အတွက် ကောင်းကျိုး ဖြစ်ဖို့လား၊ ဆိုးကျိုး ဖြစ်ဖို့လား၊ ဒါကို သူတို့ ဘာမှ မစဉ်းစားဘူး၊ သူတို့နှင့် အဲဒီကိစ္စဟာ မဆိုင်ဘူးလို့ သဘောထားတတ်ကြပါတယ်၊ သူတို့ အလုပ်က သဘာဝ လောကကို စူးစမ်း လေ့လာပြီး သူတို့ တွေ့တာ မြင်တာ တွေကို တင်ပြမယ်၊ အဲဒီ အသိပညာ အတတ်ပညာတွေကို ဖော်ထုတ်တာကသာ သူတို့ရဲ့ တာဝန်၊ ဘယ်လို ဘယ်ပုံ ဒီပညာတွေကို သုံးမယ် ဆိုတာကိုတော့ သုံးတဲ့ လူတွေရဲ့ တာဝန်ပဲလို့ သဘောထား ကြပါတယ်။

www.burmeseclassic.com



'ကဲကီးဂတ်ကတော့ ဒီလို သဘော မထားဘူး၊ လက်ငင်း ဘဝက ပိုပြီး အရေးကြီးတယ်၊ စားသောက်ဆိုင်မှာ ပြထားတဲ့ စားစရာ စာရင်းဟာ စားသောက်လို့ ရလာတဲ့ အာဟာရနှင့် မတူဘူး၊ စားစရာ စာရင်းက လူကို အာဟာရလည်း မဖြစ်စေနိုင်ဘူး၊ ဥပဒ်လည်း မပေးဘူး၊ တကယ် စားသောက်တာကမှ အာဟာရလည်း ဖြစ်စေနိုင်တယ်၊ ဥပဒ်လည်း ပေးနိုင်တယ်လို့ ဆိုပါတယ်၊ ဒီတော့ လူ့ဘဝရဲ့ လက်ငင်း ကိစ္စကသာ ပိုပြီး အရေးပါတယ်လို့ သဘောထားပါတယ်'

'ဘဝ၏ လက်ငင်း ကိစ္စ' ဆိုသော စကားရပ်သည် အကျွန်ုပ်၏ နားတွင် ပျားသကာလို ချိုဆိမ့်လှပါသည်။ လူသည် လက်ငင်း ကိစ္စကို ပဓာန ထားသင့်သည် ဆိုသော အချက်သည် အတွေးလည်း ရှင်းပါသည်။ လက်ရှိ ဘဝကိုတော့ ဖြစ်ချင်ရာ ဖြစ်၊ နောင်ကောင်းဖို့ပဲ အရေးကြီးသည် ဆိုသော အမြင်ကို အကျွန်ုပ် လုံးဝ မနှစ်သက်ပါ။

ထို့အတူ လက်ငင်း ဘဝမှာ ဤသို့ ဖြစ်ရခြင်းသည် အတိတ်ကံကြောင့် ဟူ၍ လည်းကောင်း၊ ဘုရားသခင် အလိုတော် အတိုင်း ဖြစ်ရတာပဲ ဟူ၍ လည်းကောင်း သက်သာအောင် တွေးသော အတွေးမျိုးကိုလည်း မနှစ်သက်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအမြင် နှစ်မျိုးစလုံးသည် လက်ငင်း ဘဝတွင် မိမိပြုသော အမှု ခပ်သိမ်း အတွက် မိမိမှာ တာဝန် မရှိ (ဝါ) တာဝန် မယူလိုသော အတွေးမျိုး ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဆရာမက ဆက်လက် တင်ပြပါသည်။

'ကဲကီးဂတ်က လူ့ဘဝကို လေ့လာတဲ့ အခါ လူ့သက်တမ်းမှာ အရွယ် အပိုင်းအခြား သုံးမျိုး ရှိတယ်လို့ ဆိုပါတယ်၊ အဲဒါက ခံစားမှုကို သိတဲ့ အရွယ်၊ အဆိုး အကောင်းကို သိတဲ့ အရွယ် နှင့် ဘာသာရေး ကိုင်းရှိုင်းတဲ့ အရွယ်တို့ပဲ ဖြစ်ပါတယ်။

'ခံစားမှုကိုသာ သိတဲ့ အရွယ်မှာ လူဟာ လက်ငင်း အတွေ့အကြုံက ရတဲ့ ပျော်ရွှင်မှု (သုခ) နှင့် စိတ်ထိခိုက်မှု (ဒုက္ခ) ကိုသာ အရေး ထားတတ်ပါတယ်တဲ့၊ ဒါကို သူက ဘဝ မမည်သေးတဲ့ အရွယ်လို့ ဆိုတယ်၊ ဒုတိယ အရွယ်မှာတော့ လူဟာ စဉ်းစား တွေးခေါ်တတ်လာတယ်၊ အကျိုး အကြောင်းကို သိတယ်၊ အဆိုး အကောင်းကို သိတယ်၊ အပြုအမူများရဲ့ အမှန် အမှားကိုလည်း သိတတ်ပါပြီ၊ သို့သော် ပထမ အရွယ်ကလို ခံစားမှု သဘောကတော့ ဒုတိယ အရွယ် အထိလည်း ဆက်ရှိ နေပါသေးတယ်တဲ့၊ အိုးအိမ် ထူထောင်တဲ့ အဆင့်ဟာ ဒုတိယ အဆင့်ပဲ၊ တတိယ အဆင့်ကတော့ လောကီ လောကုတ္တရာ နှစ်ဖက်နှစ်ဝကို မျှတစွာ ရှုမြင်ပြီး ဘာသာ ကိုင်းရှိုင်းတဲ့ အရွယ်၊ ဒီအရွယ်ကိုတော့ သူက ဘဝရဲ့ အမြင့်ဆုံး အပြည့်စုံဆုံး အရွယ်လို့ ဆိုပါတယ်။

'ကဲကီးဂတ်ဟာ ဘာသာရေးကို ဦးစားပေးတဲ့ ဖြစ်ရာဘဝ ပဓာနဝါဒကို ထူထောင်ခဲ့ပါတယ်၊ ဒါပေမယ့် ဒီဝါဒကိုပဲ ဆက်ခံပြီး အများကြိုက် ဖြစ်အောင် ဥရောပ တစ်ခွင်လုံး အင်္ဂလန် အမေရိကန်ပြည် အထိ ကျယ်ပြန့်သွားအောင် ပြုလုပ်နိုင်သူကတော့ ယန်း ပေါဆတ် ဖြစ်ပါတယ်။

'ယန်းပေါဆတ်ဟာ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်း အယူဝါဒကို လက်မခံသူ ဖြစ်ပါတယ်။

'သူပြောတဲ့ ဖြစ်ရာဘဝ **(Existence)** ဆိုတာ လူ့ဘဝကို ပြောတာပါ၊ သူက စလျှင် စချင်း ထာဝရဘုရား မရှိဘူး ဆိုတဲ့ စကားနှင့် စတင်ပါတယ်၊ ဒီတော့ လူသားဟာ ဘယ်သူ ဖန်ဆင်းတဲ့ သတ္တဝါမှ မဟုတ်ဘူး၊ ဒီတော့ လူရယ်လို့ မဖြစ်ခင်က သူဟာ ဘယ်လို ဖြစ်ရမယ် ဘာလုပ်ရမယ် ဆိုတဲ့ ကြိုတင် သတ်မှတ်ချက်တွေ ကြိုတင် စီမံချက်တွေ ဘာမှ မရှိဘူး၊ လူက မောင်းချ ဓား တစ်လက်ကို ပြုလုပ် ဖန်တီးမယ် ဆိုရင်တော့ ဒီ မောင်းချဓားကို ဘာသတ္တုနှင့် လုပ်မယ်၊ ဘယ်ပုံစံ လုပ်မယ်၊ ဘယ်နေရာမှာ သုံးဖို့ လုပ်မယ် ဆိုတဲ့ မောင်းချဓားနှင့် သက်ဆိုင်တဲ့ ဂုဏ် သတ္တိ အနှစ်သာရတွေကို ကြိုတင် စဉ်းစားပြီးမှ စက်ရုံထဲမှာ ဓားဖြစ်လာအောင် လုပ်ရမယ်။

'ဒီလို သက်မဲ့ အသုံးအဆောင်တွေကို ဖန်တီးရာမှာတော့ ဖြစ်ခြင်းက နောက်၊ ဖြစ်စေလိုတဲ့ ဆန္ဒ အနှစ်သာရ အရည်အချင်း ဂုဏ်သတ္တိ သဘောတွေက ရှေ့က ကြိုပြီး လာရတယ်၊ လူဆိုတာက ဘယ်သူမှ ဖန်တီးလိုက်တာ မဟုတ်ဘူး၊ ဒီတော့ လူကို ဘာနှင့် လုပ်မယ်၊ ဘာအတွက် လုပ်မယ်၊ လူရဲ့ သဘာဝက ဘယ်လို ဖြစ်ရမယ် ဆိုတဲ့ အနှစ်သာရတွေက အရင် မလာဘူး၊ လူဖြစ်ပြီးမှ ငါဘာကောင်လဲ၊ ငါ ဆရာဝန် ဆိုရင် ဆရာဝန်နှင့် ပတ်သက်တဲ့ ဂုဏ် အရည်အချင်းတွေ အနှစ်သာရတွေ ဖြစ်ပေါ်လာတယ်၊ ကိုယ်က တံငါ ဆိုလည်း တံငါ အရည်အချင်းတွေ နောက်က လိုက်လာတယ်၊ ကျောင်းဆရာဆို ကျောင်းဆရာ၊ စစ်ဗိုလ်ဆို

www.burmeseclassic.com



စစ်ဗိုလ်၊ အင်ဂျင်နီယာဆို အင်ဂျင်နီယာ၊ ဘဝ တစ်ခုခု ဖြစ်ပြီးမှ သူ့ရဲ့ အနှစ်သာရ ဂုဏ်အရည်အချင်းဆိုတာ နောက်က လိုက်ဖြစ်လာတာတဲ့၊ အဲဒါကို ဖြစ်ရာဘဝ ပဓာန ဝါဒီတွေက (Existence is prior to Essence) လို့ ပြောတာပါ။

'ဒီသဘောကို ယန်း ပေါ ဆတ်က ကျုပ်တို့ရဲ့ ကိုယ်ရည်ကိုယ်သွေး တစ်ခုခု၊ စာရေးဆရာ ဆိုလည်း စာရေးဆရာ၊ ရုပ်ရှင်မင်းသား ဆိုလည်း ရုပ်ရှင်မင်းသား၊ ပါမောက္ခ ဆိုလည်း ပါမောက္ခ၊ ကူလီဆိုလည်း ကူလီ၊ ဈေးသည် ဆိုလည်း ဈေးသည်ရယ်လို့ ပေါ်လာမှ သူ့ နောက်က သူ့ရဲ့ အရည်အချင်း ဂုဏ်သတ္တိ ပေါ်လာနိုင် ပါတယ်တဲ့၊ ဒါက ပထမ အချက်။

'ဒုတိယ အချက်ကတော့ လူတစ်ယောက်ဟာ ဘယ်လိုလူ ဘာကောင်ပဲ ဖြစ်ဖြစ် ဖြစ်လာတာဟာ ဘယ်သူမှ လုပ်တာ မဟုတ်ဘူး၊ ကိုယ့်ဘာသာ လုပ်တာ တဲ့၊ ဆိုလိုချင်တာက ပထမဆုံး လူရယ်လို့ ဖြစ်တယ်၊ လူဖြစ်ပြီးမှ ခေတ်စကားနှင့် ပြောရင် ဘာကောင် ညာ ကောင် ဖြစ်အောင် ကိုယ့်ဘာသာ ကိုယ် လုပ်ရတာတဲ့၊ ဆိုလိုချင်တာက ကိုယ် ဖြစ်လာတာဟာ တခြားသူ တခြား အကြောင်းက လုပ်တာ မဟုတ်ဘူး၊ ကိုယ် ဘာ ဖြစ်ဖြစ် အဲဒီလို ဖြစ်အောင် လုပ်တာဟာ ကိုယ်ပဲ၊ ဒီတော့ ကိုယ် ဘာဖြစ်ဖြစ် ဘာကြောင့် ညာကြောင့် ဆို ပြီး တခြားသူ တခြား အကြောင်းကို အပြစ် တင်စရာ လည်း မလိုဘူး၊ ဆိုး ဆိုး ကောင်း ကောင်း ကိုယ့် အကြောင်းပဲလို့ မှတ်ပါတဲ့'

ဆရာမ၏ စကား အဆုံးတွင် အကျွန်ုပ်သည် အရှေ့တိုင်းသား ဒဿန ဆရာများ လက်ခံထားသော 'ကမ္မ' သဘောတရားကို ချက်ချင်း သတိရလေသည်။ တကယ်တော့ ပြုသူသည် မိမိပါပဲ။ ပြုသူ အသစ် ဖြစ်သူ အဟောင်း ဆိုသော မြန်မာ စကားကိုလည်း ကြားဖူး ပါသည်။ ယခု မျက်မှောက် ဘဝတွင် မမျှော်လင့်ဘဲ ဖြစ်လာခဲ့သည်များလည်း ရှိတတ်ပါသည်။ ထိုသို့ ဖြစ်ရခြင်းသည် အတိတ်က ကံဟောင်းကြောင့် ဟု အရှေ့တိုင်းသားများ ယုံကြည်ကြပါသည်။ သို့သော် ထို ကံဟောင်းသည် တခြားသူ ပြုသော ကံဟောင်း မဟုတ်။ မိမိပြုသော ကံဟောင်းပင် ဖြစ်ရကား ပြုသူမှာ မိမိပင် ဖြစ်၏။ 'အတ္တာဟိ အတ္တနော နာထော' ဆိုသော စကား လိုပင် ဖြစ်ရာ ဘဝ ပဓာန ဝါဒီတို့သည် တခြားသော စကားလုံးများဖြင့် ပြောင်းလဲ၍ ပြောဆို နေလေသလား။

၁၉၄၆ ခုနှစ်တွင် ယန်းပေါဆတ်က ဖြစ်ရာဘဝ ပဓာနဝါဒသည် 'လူသား ပဓာနဝါဒ' ပင် ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုခဲ့သည် ဟု ဆရာမက ပြောပြီး ဆတ် ၏ အတွေးအမြင်ကို ဆက်၍ တင်ပြပြန်ပါသည်။

'ဆတ်ဟာ ၁၉၄၈ ခုနှစ်မှာ (Existentialism and Humanism) ***ဖြစ်ရာဘဝ ပဓာန ဝါဒ နှင့် လူသား ပဓာန ဝါဒ*** ဆိုတဲ့ စာတမ်း တစ်စောင်ကို ရေးသား ထုတ်ဝေခဲ့ပါတယ်။

'အခု အဲဒီ စာတမ်းမှာ ပါဝင်တဲ့ သူ့ရဲ့ အဓိက အတွေးအမြင်များကို ကျွန်မ ဆက်လက် တင်ပြပါ့မယ်၊ စာတမ်းရဲ့ ပထမပိုင်းမှာ ဖြစ်ရာဘဝ ပဓာနဝါဒ နှစ်မျိုး ကွဲတဲ့ အကြောင်း၊ ယခုအခါ ဖြစ်ရာဘဝ ပဓာန ဝါဒကို စာပေနယ် အနုပညာနယ်မှာပါ အဓိပ္ပာယ် အမျိုးမျိုးဖြင့် သုံးစွဲနေကြသည့် အတွက် အရိုးပေါ် အရွက် ဖုံးကာ မူလ သဘောများပင် ပျောက်မလောက် ဖြစ်ရကြောင်း ရှင်းပြီး ကျွန်မ စောစောက တင်ပြခဲ့သလို ဖြစ်ရာဘဝ ပဓာန ဝါဒရဲ့ အဓိက အတွေးအမြင် ဖြစ်တဲ့ ဘဝက အလျင်ဖြစ်တာ ဂုဏ် အရည်အချင်း ဆိုတာက နောက်မှ ဖြစ်တာ ဆိုတဲ့ သဘောကို ရှင်းပြပါတယ်။

'ဒီသဘောက ဘာလဲ ဆိုတော့ လောကထဲမှာ လူဟာ အမြဲ လွတ်လပ်ခွင့် ရှိတယ်၊ ဒီလွတ်လပ်ခွင့် အရ သူ လုပ်ချင်တာ လုပ်နိုင်တယ်၊ လုပ်သမျှဟာ သူ့ သဘောနှင့် သူ လုပ်တာချည်းပဲ၊ ဒီတော့ သူ လုပ်သမျှ အတွက်လည်း သူ့မှာ တာဝန် ရှိတယ်၊ လူဟာ ကိုယ့် တာဝန်ကို ကိုယ်ယူရမှာပဲလို့လည်း သူ ဆိုလိုပါတယ်။

'ဖြစ်ရာဘဝ ပဓာန ဝါဒ ဆိုတာ လူသား ပဓာန ဝါဒပဲ ဖြစ်ပါတယ်၊ ဒီ ဝါဒက လောကထဲမှာ လူဟာ အချက်အချာပဲ၊ သက်ရှိ လောကနှင့် သက်မဲ့ လောက ထဲမှာ လူဟာ ဖန်တီးသူ ဖြစ်တယ်၊ သက်မဲ့လောကမှာ ကြံစည် ဖန်တီးမှု ဆိုတာ မရှိဘူး၊ သက်ရှိ လောကမှာ သာ ကြံစည် ဖန်တီးမှု ဆိုတဲ့ စွမ်းရည် ရှိတယ်၊ သက်မဲ့ လောကကတော့ သဘာဝ နိယာမတွေရဲ့ ချုပ်ကိုင်မှု အောက်မှာ ခေါင်းငုံ့ ခံနေရတယ်၊ သက်ရှိ လောကမှာ လည်း ကျန်တဲ့ သတ္တဝါတွေဟာ သဘာဝရဲ့ ပြုပြင် ခြယ်လှယ်ခြင်းနှင့် လူရဲ့ ပြုပြင် ခြယ်လှယ်ခြင်းကို ခံနေ ရတယ်၊ လူကတော့ သဘာဝ နိယာမကိုလည်း ခေါင်းငုံ့ ခံမနေဘူး၊ ပြန်ပြီး ခုခံ တွန်းလှန်ဖို့ အမြဲ အားထုတ် နေတယ်၊ လူမှာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ဆိုတာ ရှိတယ်၊ လူဟာ ကိုယ့်ဘဝကို ကိုယ် နှစ်သက်သလို

www.burmeseclassic.com



လုပ်နေကြတာပဲ၊ သူတော်ကောင်း ဖြစ်တာလည်း ကိုယ့်ဘာသာကိုယ် လုပ်တာ၊ သူယုတ်မာ ဖြစ်အောင်လည်း ကိုယ့်ဘာသာ လုပ်တာ၊ မိမိ ပြုသမျှ အမှုခပ်သိမ်းရဲ့ တာဝန်ဟာ ပုစွန်ဆိတ်ချေး ခေါင်းမှာစု ဆိုတာလိုပဲ ကိုယ့်တာဝန်တွေဟာ အားလုံး ကိုယ့်ခေါင်းပေါ်ကို ကျလာမှာပဲ၊ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့် ရှိတယ် ဆိုတာ ကိုယ်က လုပ်သမျှမှာ တာဝန်ရှိတဲ့ သဘောပဲ၊ လူ့ထုံးစံမှာ သူတစ်ပါးက အတင်းအကျပ် ပြုခိုင်းလို့ မလွန်ဆန်သာလို့ လုပ်ရတာမျိုး (မိမိသဘောနှင့် လွတ်လွတ်လပ်လပ် မလုပ်ရတာမျိုး) မှာ တာဝန် မရှိဘူး၊ လူသတ်တဲ့ ကိစ္စမှာတောင် သူများက အတင်းအဓမ္မ သတ်ခိုင်းလို့ မလွှဲသာ မရှောင်သာ သတ်ရတာ ထင်ရှားရင် အပြစ်မရှိဘူးလို့ ဆုံးဖြတ်ရပါတယ်။

'ယန်းပေါ်ဆတ် ပြောတာကတော့ လူမှာ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် ရွေးချယ် ဆောင်ရွက်ခွင့် ရှိတယ်၊ ဒီ အခွင့်အရေးကို ယူပြီး တစ်ခုခုကို ဆောင်ရွက်ရင် လူ့ ခေါင်းပေါ်ကို မလွှဲသာဘဲ တာဝန် ပုံကျလာမှာပဲတဲ့၊ ဒီတာဝန်ကိုတော့ လူက ရှောင်လွှဲလို့ မရပါဘူးတဲ့၊ ဒီတော့ ဘာဖြစ်လာသလဲ၊ လွတ်လပ်ခွင့် ဆိုတာ လူတွေအတွက် ကြောက်စရာ ကောင်းတဲ့ဟာ တစ်ခု ဖြစ်လာတော့တာပေါ့တဲ့၊ လူကလည်း လွတ်လွတ်လပ်လပ် လုပ်ချင်တယ်၊ လုပ်သမျှမှာလည်း တာဝန်တွေက ပုံကျလာတော့ ဒုက္ခ ဖြစ်ရပြန်တယ်၊ တာဝန်ရှိတဲ့လူဟာ သောကရောက်တာပဲတဲ့၊ ဒီတော့ လူ့ဘဝက သောကနှင့် မကင်းတဲ့ ဘဝ ဖြစ်လာရတာပေါ့တဲ့'

ဆရာမ၏ စကား အဆုံးတွင် အကျွန်ုပ်၏ ခေါင်းထဲတွင် အတွေးစ တစ်ခု လက်ခနဲ ပေါ်လေသည်။ အကျွန်ုပ်လည်း အတွေးစ ပျောက်သွားမည် စိုး၍ လည်းကောင်း၊ ဆရာမ ပြောရင်း အကြောင်းအရာနှင့် (နောင်မှ မေးလျှင်) ဝေးကွာသွားမည် စိုးသောကြောင့် တစ်ကြောင်းကြားဖြတ် မေးလိုက်ပါသည်။

'ဒါဆို အထက်က တာဝန် ပေးလို့ လုပ်ရတာမျိုးကျတော့ တာဝန် ရှိပါ့မလား ဆရာမ'

ဆရာမက ပြုံးခဲ့သော အပြုံးကို ပြုံသည်။ ဤမေးခွန်းကို ဆရာမ နှစ်သက်ဟန် တူပါသည်။ ပြီးမှ ဆရာမ ဖြေလေသည်။

'မေးခွန်းကလေးက သိပ်ကောင်းတာပဲ၊ မေးတတ်တဲ့ ကိုဆန်းလွင်ကိုလည်း ဆရာမက ကျေးဇူးတင်ပါတယ်၊ ဒီမေးခွန်းကို ဆတ်ရဲ့ အယူဝါဒ အတိုင်း ဖြေမယ်ဆိုရင် နှစ်မျိုး ဖြေရလိမ့်မယ် ထင်တယ်၊ ပထမ တစ်မျိုးကတော့ အထက်က တာဝန် ပေးတယ် ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ရှင်းပြဖို့ လိုလိမ့်မယ်၊ ဥပမာ ကိုဆန်းလွင်ကို အထက်က ရာထူး ဌာနန္တရ တစ်ခုမှာ တာဝန်ပေးတယ် ဆိုပါတော့၊ ဒီတာဝန်ကို ကိုဆန်းလွင် နှစ်သက်ရင် လက်ခံနိုင်တယ်၊ တကယ်လို့ မနှစ်သက်ဘူး ဆိုပါတော့၊ ရာထူးက နုတ်ထွက်သွားနိုင်တဲ့ အခွင့်အရေး ရှိတယ်၊ ဒါက လူမှာ ရရှိထားတဲ့ လွတ်လပ်ခွင့်ပဲ၊ ဒါကြောင့် အထက်က တာဝန် ပေးတာပဲ ဖြစ်ပါစေ၊ မိမိက လက်ခံရင် တာဝန် ရှိတာပဲ၊ နောက်တစ်မျိုးကတော့ သိပ္ပံပညာရှင် တစ်ယောက်ကို ဟစ်တလာလို အာဏာရှင်က အတင်း သေနတ်နှင့် တေ့ပြီး ခြိမ်းမိုးပြီး လူများစွာကို သေစေတဲ့ ဓာတုဗေဒ လက်နက် တစ်ခုကို ပြုလုပ်ခိုင်းတဲ့ ကိစ္စမျိုး၊ ဒီမှာတော့ ပြုလုပ်သူဟာ အသက်အန္တရာယ်ကို ကြောက်လို့ လုပ်ပေးရတယ်လို့ ဆိုမယ်ဆိုရင် ဆိုနိုင်တယ်၊ ဥပဒေကတော့ ဒီလို အခြေအနေမျိုး ဆိုရင် တာဝန် မရှိဘူးလို့ သတ်မှတ်မယ်၊ ဆတ်ရဲ့ သဘောကတော့ ဒီလို အဖြစ်မျိုးမှာတောင် လူဟာ သေခြင်း တရားကို မကြောက်တတ်ရင် ကိုယ့်ကိုယ်ကိုယ်ဘာမှ လှည့်စားနေစရာ မလိုဘူး၊ ငါ့ကြောင့် လူတွေ အများကြီး သေရတဲ့ ယုတ်မာတဲ့ အမှုကိုတော့ ငါ မပြုဘူး၊ ငါလည်း သေခါနီးပြီ၊ ဟစ်တလာ မသတ်လည်း ငါ သေမှာပဲ၊ သေမယ့်အတူတူ အကုသိုလ်တော့ အဖတ်တင် မခံဘူးလို့ အမှန်အတည့် စဉ်းစားတတ်ရင် မြတ်သော ထိုသေခြင်းကို ဒီပညာရှင်ဟာ ပျော်ပျော်ရွှင်ရွှင် ရွေးချယ်လိုက်မှာပဲတဲ့၊ ခု လူတွေ ကြောက်နေတာက လွတ်လပ်စွာ ရွေးချယ်ရမှာကို ကြောက်နေကြတာတဲ့၊ ဒါကို သူက ဆိုးဝါးတဲ့ ယုံကြည်ချက် (bad faith) လို့ သမုတ်ပါတယ်။

'လူတွေဟာ ကိုယ်ပြုတဲ့ အမှု အတွက် ကိုယ်က တာဝန် ယူရမှာကို ကြောက်ရွံ့တဲ့အခါ (လူတွေ ကဲ့ရဲ့ ခံရမှာတို့၊ အပြစ်ပြော ခံရမှာတို့၊ အရေးယူ ခံရမှာတို့ ကို ကြောက်တဲ့ အခါ) ဒီ အမှုကို မိမိ ပြုခဲ့တာ မိမိရဲ့ သဘော ဆန္ဒ အလျောက် ပြုတာ မဟုတ်သလိုလို၊ ကိုယ်ပိုင် ဆုံးဖြတ်ခွင့် အရ လုပ်ခဲ့ရတာ မဟုတ်သလိုလို သူတစ်ပါး အပေါ် တာဝန် ပုံချချင်တဲ့ သဘောတွေ လူမှာ ရှိတယ်၊ တချို့များ ကိုယ့်ဘာသာ ကိုယ် နောက်မိန်းမ ယူတာကို ကိုယ့်သဘောနှင့် ကိုယ် လုပ်ခဲ့ပါလျက်နှင့် ကံ အကြောင်းတရားလို့ ရေးကြမ္မာ (fate)

www.burmeseclassic.com



ကြောင့်လို့ ဆိုလိုဆို၊ ဘုရားသခင် အလိုတော်ကျ ဖြစ်တာလို့ ပြောလိုပြော၊ ဒါတွေဟာ အားလုံး (bad faith) တွေချည်းပါပဲ၊ ကိုယ်လုပ်တာ အတွက် လူဟာ တာဝန်ယူရမှာပေါ့၊ တာဝန် ယူရဲတဲ့ သတ္တိ ရှိရမှာပေါ့၊ ဘာမှ လွှဲချနေစရာ မလိုပါဘူးတဲ့၊ ဒါတွေဟာ တာဝန် ယူရမှာ ကြောက်လို့ ကိုယ့် ကိုယ် ကိုယ် လိမ်နေတဲ့ အမြင်များ တွေပဲတဲ့၊ ဆင်းရဲတာလည်း ကိုယ့်အကြောင်းနှင့် ကိုယ်ပဲ၊ ချမ်းသာတာလည်း ကိုယ့်အကြောင်းနှင့် ကိုယ်ပဲ၊ မရိုးမဖြောင့်တဲ့ သဘောနှင့် ကိုယ့်တာဝန် ကိုယ်မယူဘဲ သူတစ်ပါး အပေါ် လွှဲချတာမျိုးကို ဖြစ်ရာဘဝ ပဓာန ဝါဒက ရှုတ်ချတယ်'

ထိုစကားသည် အကျွန်ုပ်အား များစွာ တုန်လှုပ်စေပါသည်။ အကျွန်ုပ်သည် မိမိ အဆုံးအဖြတ်ဖြင့် ပြုခဲ့သော ဒုတိယ အိမ်ထောင်ဖက် ရွေးချယ်ခဲ့ခြင်းအား ရေး ဘဝက်ကြောင့်ဟု ဆိုခဲ့ဖူးသလား။ 'ဒါတွေဟာ ကိုယ် တတ်နိုင်တာ မဟုတ်ဘူး၊ ဖြစ်ဖို့ ရှိလို့ ဖြစ်တာ' လို့ ထမင်းရေပူလာ လျှာလွှဲသည့် သဘောဖြင့် ပြောခဲ့ဖူးပါသလား။ ဆရာမ ပြောသော (bad faith) ဆိုသည်မှာ ထမင်း ရေပူလာ လျှာလွှဲတတ်သော၊ မိမိ ခေါင်းပေါ်ကျမည့် တာဝန်ကို ကြောက်ရွံ့သူတို့ ပြုသော လူညံ့တို့၏ အလုပ်မျိုးသာ ဖြစ်သည်ဟု အကျွန်ုပ် ယုံကြည်ပြီးသား ဖြစ်လေသည်။

ထိုလောကတွင် သူတော်ကောင်းယောင် ဆောင်တိုင်း သူတော်ကောင်း မဖြစ်နိုင်။ မင်းသားခေါင်းဆောင်းရုံဖြင့် ဘီလူးသည် မင်းသား မဖြစ်နိုင်။ ဒီသဘောတွေကို လူတိုင်း သိပြီးသား။ ရိုးသားခြင်းသည် အပြောလွယ်သလောက် အလုပ်ရ ခက်သော သဘောပါ။ ဆတ်၏ အယူအဆမှာ လူ၏ တန်ဖိုးကို မြှင့်တင်လိုသည့် သဘော ဖြစ်ကြောင်း အကျွန်ုပ် နားလည်ပါသည်။ သို့သော် လူကို အကြွင်းမဲ့ လွတ် လပ် ခွင့် ရှိသော သတ္တဝါဟု သူ ရှုမြင်ပုံကိုတော့ အကျွန်ုပ် ဘဝင် မကျ ဖြစ်ရလေသည်။

ယန်းပေါ်ဆတ်၏ ဖြစ်ရာဘဝ ပဓာန ဝါဒ ပေါ်ပေါက်သော ကာလသည် ဒုတိယ ကမ္ဘာစစ် ဖြစ်ပြီးစအချိန် ပြင်သစ်တို့က ဂျာမန်တို့၏ အုပ်စိုးမှုကို တော်လှန်ပုန်ကန်နေချိန် ဖြစ်လေသည်။ ထိုအချိန်မျိုးတွင် လူသားတို့အား လွတ်လပ်ရေးကို မြတ်နိုးလိုသော စိတ်ဖြစ်အောင်၊ ထို လွတ်လပ်ခွင့် အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လိုစိတ်၊ စွန့်စားလိုစိတ် ဖြစ်အောင် အားပေးလှုံ့ဆော် နိုင်သော ထိုအတွေးအမြင် ပေါ်ပေါက်ခြင်းသည် လိုအပ်သည်၊ ယုတ္တိရှိသည်ဟု ဆိုသော် ဆိုအပ်ပါသည်။

ဆတ်၏ အတွေးအမြင်ကို ခြုံကြည့်လျှင် 'လွတ်လပ်ခြင်း' ဆိုသည်မှာ တာဝန် ရှိခြင်းနှင့် စွန့်စွန့်စားစား ကြိုးပမ်း ဆောင်ရွက်ခြင်းကို ဆိုကြောင်း ထင်ရှားပါ၏။

ဤဝါဒကား လောကီ လူသားဝါဒ ဖြစ်သည်။ ခက်ခဲသော ဘဝကို ရထားသော လူသားတိုင်း လူ့ဘောင် ကောင်းစားရေး အတွက် ဆောင်ရွက်ရမည့် တာဝန် ရှိသည်။ လူ့ဘဝကို တန်ဖိုး ထားရမည် ဆိုသော အချက်ကို ဤဝါဒက ထွန်းပစေပါသည်။

အကျွန်ုပ်သည် ဖြစ်ရာဘဝ ပဓာန ဝါဒကို နှစ်သက်ဖွယ် ကောင်းသော ဝါဒ တစ်ခု အဖြစ် လက်ခံပါသည်။ သို့သော် ယုံကြည် ကိုးကွယ်ထိုက်သော ဝါဒ တစ်ခု အဖြစ်မူကား လက်ခံဖို့ ဝန်လေးပါသည်။ ဝန်လေးခြင်းမှာ ဘဝင် မကျသေးသောကြောင့် ဖြစ်ပါသည်။

ယန်း ပေါ် ဆတ် ၏ အတွေးအမြင်တွင် အရေးပါသော ကျမ်းတစ်စောင်မှာ သူ၏ ***'အတ္တ နှင့် အနတ္တ'*** ကျမ်း ဖြစ်လေသည်။ အထက်တွင် ဆရာမ ဒေါ်ခင်ဆက်ရီ တင်ပြခဲ့သော အယူအဆများသည် ထိုကျမ်းမှာ ပါဝင်သော အယူအဆများ ဖြစ်ကြလေသည်။

'ဖြစ်ရာဘဝ ပဓာန ဝါဒ' မှာ ထူးခြားချက် တစ်ခု ရှိသည်ဟု အကျွန်ုပ် ထင်ပါသည်။ ထိုအချက်သည် လူ့ဘဝကို ရှုမြင်ရာ၌ စူးရှသော အမြင် ဖြစ်သည် ဟုလည်း အကျွန်ုပ် ထင်ပါသည်။

လူ့ဘဝ၏ အရေးအခင်းများတွင် လူသားသည် အားပြိုင်နေသော ဖြစ်ရပ်များ နှင့် ကြုံကြိုက်ရသော အခါ ဆင်ခြင်တုံ တရားကိုချည်း အားကိုးနေလျှင် မဆုံးဖြတ်ရဲဘဲ တွေဝေ နေတတ်ပါသည်။ ထိုအခါ မိမိ၏ မနောဟု ဆိုအပ်သော ခံစားချက် အသိကို ဦးစားပေးပြီး ဇွတ်မှိတ် ဆုံးဖြတ်လိုက်ရသည်လည်း ရှိပါသည်။ ပညာရှိ အမြင် ဉာဏ် အမြင်နှင့်တော့ မိုက်မဲရာ ကျသည် (ဝါ) ခပ်မိုက်မိုက် လုပ်ရသည့် သဘောပင်။ ထိုသဘောကို ဝတ္ထုရေးဆရာလည်း ဖြစ်သော ယန်း ပေါ်ဆတ်က နမူနာ ဖြစ်ရပ် ဇာတ်လမ်းကလေး တစ်ပုဒ်ဖြင့် တင်ပြခဲ့ဖူးလေသည်။ သူ့ဇာတ်လမ်းမှာ ဤသို့ ဖြစ်၏။

မိသားစု တစ်စု ရှိသည်။ မိခင်နှင့် ဖခင်သည် သဘောချင်း မတိုက်ဆိုင်ဘဲလျက် ပေါင်းသင်းနေကြလေသည်။ မိဘနှစ်ပါးမှာ မကြာခဏ ရန်ဖြစ်ကြသည်။ ဖခင်သည် မိခင် အပေါ်မှာ ညှာတာစိတ် မရှိ။ သူ လုပ်

www.burmeseclassic.com



ချင်ရာ လုပ်သည်။ နေချင်သလိုလည်း နေသည်။ သားအကြီး ဖြစ်သူသည် ပြင်သစ်တို့၏ ဂျာမန် ဆန့်ကျင်ရေး တိုက်ပွဲတွင် ထိခိုက်ရင်း ကျဆုံးသွားလေသည်။ မိခင်အဖို့ သား အငယ်သည်သာ ဘဝ၏ ဆောက်တည်ရာ ဖြစ်တော့သည်။ မိခင်သည် ဤ သားငယ်ကို မျက်စိအောက်ကပင် အပျောက် မခံနိုင်။

ထိုအချိန်တွင် ပြင်သစ် လူ ငယ် များ သည် အင်္ဂလန် နိုင်ငံသို့ ထွက်သွားကြပြီးနောက် ပြင်သစ်လွတ်လပ်ရေး တပ်ဦးတွင် ဝင်ရောက်လျက် တိုက်ပွဲဝင်နေကြလေသည်။ သား ဖြစ်သူ၏ စိတ်ထဲတွင် မိမိတိုင်းပြည် အတွက် မိမိမှာလည်း တာဝန် ရှိသည်၊ မိမိလည်း မျိုးချစ် သားကောင်း တစ်ဦး အဖြစ်ဖြင့် တိုက်ပွဲဝင်ရန် အင်္ဂလန်သို့ ထွက်ခွာ သွားသင့်သည်ဟု အောက်မေ့လေသည်။

သို့သော် အကယ်၍ မိခင်ကို ပြင်သစ်ပြည်မှာ ထားခဲ့ပြီးနောက် မိမိ အင်္ဂလန်ပြည်သို့ ထွက်ခွာသွားလျှင် မိခင် ရင်ကွဲနာကျပြီး သေမည်။ မိမိ ပြင်သစ်ပြည်တွင် မိခင်နှင့် မခွဲမခွာ နေပါမူကား မိခင် စိတ်ချမ်းသာမည်။ အသက် ရှည်မည်။ ပြင်သစ်ပြည်မှာ နေခြင်းသည် လတ်တလောအားဖြင့် မိခင် အတွက်တော့ အကျိုး ရှိမည် အမှန်။ အကယ်၍ မိမိ အင်္ဂလန်သို့ သွားပြီး တော်လှန်ရေး တပ်ဦးထဲသို့ ဝင်လျှင် ဘယ်နေရာမှာ ချောင်ထိုးထား ခံရမည်လား မသိ။ ရှေ့တန်း တိုက်ပွဲသို့ သွားရလျှင်လည်း သေချင် သေမည်။ စပိန်ပြည်သို့ ပို့ချင်လည်း အပို့ ခံရမည်။ အင်္ဂလန်သို့ သွားခြင်း၌ မသေချာတာတွေတော့ များသည်။

သို့ပင်ဖြစ်ငြား မိမိသည် အင်္ဂလန်ပြည်သို့ မသွားဘဲ မိခင် အနားတွင် နေပါမူကား မိခင် တစ်ယောက်အတွက်တော့ ကောင်းမည်။ မိခင်ကို တန်ဖိုး ထားရာတော့ ကျမည်။ သို့သော် တခြားသော ပြင်သစ် လူငယ်များက မိမိတို့ အတွက် သက်စွန့်ဆံဖျား ကြိုးစား၍ အသေခံ တိုက်ပွဲဝင်နေသည်ကို မိမိက လက်ပိုက် ကြည့်နေလျှင် မိမိသည် ကိုယ်ကျင့်တရား ရှိသူ ဖြစ်ပါမည်လား။ အမျိုးကို ချစ်သူ တိုင်းပြည်ကို ချစ်သူ ဖြစ်ပါမည်လား။ ကိုယ့်အတွက် တစ်ပါးသူများကို အသေခံစေသူ လူညွန့်ခူးစားသူ အဖြစ်သို့ မိမိ ရောက်သွားမည့် အရေးကိုလည်း ထည့်သွင်း စဉ်းစားသင့်သည် မဟုတ်ပါလား။

လူငယ်၏ စိတ်ထဲတွင် အကျပ်အတည်း ဖြစ်ရလေပြီ။ သူ ဘယ်လမ်းကို ရွေးချယ်ရမည်နည်း။ ဤသို့သော အချိန်တွင် အဘယ် ဆင်ခြင်တုံ တရားသည် တိကျသော အဖြေကို ပေးပါမည်နည်း။ လူ့ဘဝဝယ် ဤကဲ့သို့ အကျဉ်းအကျပ်မျိုးတွေ များလှပါသည်။ ထိုအခါ လူသားသည် ဆင်ခြင်တုံတရားကို အားကိုးပြီး ဆုံးဖြတ်မည်လား၊ ခံစားမှု အားကိုးပြီး ဆုံးဖြတ်မည်လား။

လောက အပြစ်တင်ကင်းမည့် အဖြေမျိုးကိုတော့ မမျှော်လင့်နှင့်။ တစ်ဖက်ဖက်ကို ရွေးချယ်လိုက်လျှင် တစ်ဖက်ဖက်က အပြစ်တင်မည်ကတော့ မုချ ဖြစ်ပါသည်။ မိခင်၏ အသက်က ပိုပြီး တန်ဖိုး ရှိသလား။ တိုင်းပြည် အတွက်က ပိုပြီး တန်ဖိုး ရှိသလား။ ဘယ်အရာကို ပိုပြီး တန်ဖိုး ထားသင့်ပါသလဲ။ ဘယ်သို့ ဆုံးဖြတ်နိုင်မည်နည်း။ ဤကား ဘဝမှာ နေ့စဉ်ပင် ကြုံတွေ့ရတတ်သော အခက်အခဲမျိုး ဖြစ်လေသည်။ ထို အခက်အခဲကို ကျော်လွှန်ရန် နည်းလမ်း တစ်ခုပဲ ရှိလိမ့်မည်။ ထိုနည်းကား တစ်ခုခုကို မိုက်မိုက်မဲမဲ ဆုံးဖြတ် ရွေးချယ်ခြင်းပင် ဖြစ်သည်။ အကျွန်ုပ်သည် အချစ်ရေး၌ ဆင်ခြင်ဉာဏ်ကို ဦးစားပေး ရွေးချယ်ခဲ့မိသည်ဟု ထင်ခဲ့သည်။ အမှန်မှာ ဟိုစဉ်အခါက ထိုသို့ ခံစားသည့်အတိုင်း ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်၏။ ယခုလည်း ဤသို့ ခံစားမိပြီး နောက်အိမ်ထောင်ကို ပြုလိုက်ခြင်း ဖြစ်၏။ ဘယ်သူ အမှား ဆိုမည်နည်း။ မိခင်နှင့် ပထမ အိမ်ထောင်က အမှား ဆိုလိမ့်မည်။ သို့သော် . . .

အကျွန်ုပ်သည် တစ်စုံတစ်ခုသော ဘဝ အကျဉ်းအကျပ် (သို့မဟုတ်) အနှောင် အဖွဲ့မှ လွတ်မြောက်လိုသော်ကား ကြာကြာ စဉ်းစားနေ၍ မဖြစ်တော့။ အသက်က စောင့်နေမည် မဟုတ်။ လုပ်စရာ ရှိတာ လုပ်ချင်ရာကို လောလောလတ်လတ် ဆုံးဖြတ်ပြီး လုပ်လိုက်ရပေလိမ့်မည်။ အမှန်မှာ ထို ဆုံးဖြတ်ချက်သည် ရုန်းထွက်ခြင်းပင် ဖြစ်သည်။

အကျွန်ုပ်အဖို့မူ ယခင်ကလည်း ရာထူး ဌာနန္တရများမှ ဤကဲ့သို့ပင် လွတ် မြောက် လို သော ဆန္ဒဖြင့် အကြိမ်ကြိမ် ရုန်းထွက်ခဲ့ဖူးပြီ။ ထိုသို့ ရုန်းထွက်ခြင်းကြောင့် အကျွန်ုပ်သည် ညွှန်ကြားရေးဝန်လည်း မဖြစ်တော့။ ပါမောက္ခလည်း မဖြစ်တော့။ သို့သော် အကျွန်ုပ်ဖြစ်ချင်သော စာရေးဆရာ တစ်ယောက်တော့ ဖြစ်လာပါသည်။ ထိုအခါ ဘီသိုဗင် ပြောသော စကားတစ်ခွန်းကို သတိရပါသည်။ ဘီသိုဗင်က ‘ဒီလောကမှာ မင်းသားပဲ

www.burmeseclassic.com



ဖြစ်ဖြစ်၊ ဝန်ကြီးချုပ်ပဲ ဖြစ်ဖြစ် ကျွန်ုပ် အားမကျပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကမ္ဘာမှာ ဘီသိုဗင်က တစ်ယောက်တည်းပဲ ရှိနိုင်တယ်၊ မင်းသားတွေ ဝန်ကြီးချုပ်တွေက အများကြီး ရှိနိုင်တာပဲ'ဟု ဆိုလေသည်။

အကျွန်ုပ်လည်း ဘီသိုဗင် စကားကို သဘောကျသည်။ သူငယ်ချင်းတွေ ညွှန်ကြားရေးမှူးချုပ်တွေပဲ ဖြစ်ဖြစ်၊ ပါမောက္ခတွေပဲ ဖြစ်ဖြစ် အားမကျပါ။ သူတို့ ရထားသော ရာထူးတွေက ခေတ္တမျှသာ ဖြစ်ပါသည်။ အကျွန်ုပ်၏ စာရေးဆရာ ရာထူးကမူ အကျွန်ုပ် သေပြီးသည့် နောက်ထိအောင် လခ ရိက္ခာများ ရနေဦးမည့် ရာထူး ဖြစ်သောကြောင့် ဖြစ်ပါ၏။ လောကီ သဘောဖြင့် ပြောရလျှင် အကျွန်ုပ်သည် စာရေးဆရာ ဘဝကို ရွေးချယ်ခဲ့ခြင်းမှာ ဘဝ၏ လွတ်မြောက်မှု တစ်ခုကို ရှာခဲ့ခြင်းပင် ဖြစ်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁။ လက်ငင်း အကျိုးကြည့် အမြင်နှင့် ယုတ္တိနည်းကျ မှရမှန် အမြင်

ဆရာ ဒေါက်တာ ခင်မောင်ဝင်းထံမှ ယူခဲ့ကြသော စာအုပ် နှစ်အုပ်ကို ဖတ်ပြီးသော အခါ အကျွန်ုပ်နှင့် ကိုစိုးမြင့်တို့ အလဲအလှယ် ပြုလုပ်ကြပါသည်။ ကိုစိုးမြင့်သည် မာ့က်စ်ဝါဒ အပေါ်တွင် အတော်ပင် သံယောဇဉ်ကြီးသူ ဖြစ်ခဲ့သည်မှာ ထင်ရှားပါသည်။ ထင်ရှားသည့် အကြောင်းမှာ အာဒမ်ရှဖ် ရေးသားသော **လူ၏ ဒဿန** ကျမ်းငယ်ကို ဖတ်ပြီးနောက် သူသည် အားတက် ရွှင်လန်း လာသောကြောင့် ဖြစ်ပါသည်။

တစ်နေ့သ၌ ကိုစိုးမြင့်နှင့် အကျွန်ုပ်တို့သည် လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ဆွေးနွေးမိကြပြန်သည်။

**'လူ၏ ဒဿန** ဆိုတဲ့ ကျမ်းကို ငါတော့ အချိန်ကုန်ခံပြီး သိပ် မဖတ်ချင်တော့ဘူး ကိုယ့်လူ၊ ဒီတော့ ကိုယ့်လူပဲ ပြောပြပါတော့၊ ငါ လက်ဖက်ရည် တိုက်မယ်၊ လိုရင်းကိုပဲ ပြောကွာ'

ကိုစိုးမြင့်သည် လက်ဖက်ရည်ကို တစ်ငုံ သောက်ပြီးနောက် ဆေးပေါ့လိပ်ကို ဖွာလေသည်။ လက်ဖက်ရည်နှင့် ဆေးပေါ့လိပ်သည် သူ့အဖို့ ဒဿန ခံတွင်းမြိန်ဆေး ဖြစ်သည်။ သူသည် အတန် ကြာအောင် စကားမစဘဲ စဉ်းစား နေလေသည်။

'ဘာလုပ်နေတာလဲကွ၊ မပြောဘဲနှင့်'

'အေးကွာ၊ မင်းကို တိုတိုနှင့် လိုရင်း ရောက်အောင် ဘယ်လို ပြောရ ကောင်းမလဲလို့ စဉ်းစားနေတာ၊ အေး ပြောမယ်၊ ပြောမယ်၊ ဒီလို၊ ဒီစာအုပ်ကို ရေးရတဲ့ အကြောင်းကို စပြောမှ ဖြစ်မယ်'

'ကောင်းသားပဲ၊ တစ်ပတ်က ဆရာ ဦးခင်မောင်ဝင်း ဒီစာအုပ်ကို ပေးတုန်းက အမှတ်မထင် ပြောလိုက်တဲ့ စကား တစ်ခွန်းကို ငါ သတိ ထားမိလိုက်တယ်'

'ဘာစကားလဲ'

'ဒီစာအုပ်ကို ရေးရတာ ၁၉၅၅–၅၆ လောက်ကစပြီး အရှေ့ ဥရောပမှာ ရှိတဲ့ ကွန်မြူနစ် အုပ်စုဝင်နိုင်ငံတွေမှာ ဖြစ်ရာဘဝ ပဓါန ဝါဒက အဆမတန်ပျံ့နှံ့လာပြီး လူငယ် ပညာတတ် အသိုင်းအဝိုင်းမှာ သြဇာ ညောင်းလာလို့ဆို'

'ဟုတ်တယ်၊ အဲဒီ ဝါဒ ပြန့်ပွားလာမှုကို ကာကွယ်ဖို့ အတွက် ဒီစာအုပ်ကို ရေးရတာပဲ၊ အဲဒါ ငါ ပြောမလို့ပဲကွ'

'ဒါဆို ဒီစာအုပ်ဟာ ဖြစ်ရာဘဝ ပဓာန ဝါဒကို ဝေဖန်တဲ့ စာအုပ်ပဲပေါ့'

'အေး ဝေဖန်တာတော့ မှန်တယ်၊ ဒါပေမယ့် ဒီစာအုပ်ထဲမှာ အိတ်ဇစ်စတင်ရှယ်လစ်ဇင်းဟာ မဟုတ်ဘူး မကောင်းဘူးလို့ အပုပ်ချတာမျိုး မဟုတ်ဘဲ သူ့ထက်မာ့က်စ်ဝါဒက ပိုကောင်းတယ် ပိုမှန်တယ်လို့ ပြောဖို့ကြိုးစားတာပဲ သူငယ်ချင်း'

'နေဦး၊ အဲဒီ ကြိုးပမ်းချက်ဟာ တစ်စုံတစ်ခုသော အတိုင်းအတာ အထိ တန်ဖိုး ရှိတယ်လို့ကော မင်း ထင်သလား'

အကျွန်ုပ်တို့ ဆွေး နွေး နေ စဉ် စီးပွားရေးတက္ကသိုလ်မှ သူငယ်ချင်း ဆရာများ ဖြစ်ကြသော ဆရာဇေဒ (ဦးငြိမ်းအောင်၊ ယခု မော်ကွန်းထိန်း ၁၊ တောင်ကြီးဒီဂရီကောလိပ်) နှင့် ဗိုလ်ပုချို (ဦးသန်းဦး၊ ကထိက၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်) တို့နှင့် အတူ တပည့်များဖြစ်ကြသော မောင်ကျော်စွာ (စာရေးဆရာ ချစ်ဦးညို)၊ မောင်ဝဏ္ဏ (ရုပ်ရှင် ဒါရိုက်တာ၊ စာရေးဆရာ)၊ မြဝင်း (ယခု ကထိက၊ ရေနံချောင်း ကောလိပ်)၊ သောင်းဝင်း (ဒဿနိကဌာနမှူး၊ တောင်ကြီး ကောလိပ်)၊ သိန်းဇံ (နန္ဒာသိန်းဇံ၊ ယခု ကထိက၊ ပုသိမ် ကောလိပ်) တို့လည်း လက်ဖက်ရည်ဝိုင်းသို့ လာကြပြီး စုရုံးမိကြလေသည်။ ကိုစိုးမြင့်က သူ့စကားကို ဆက်သည်။

'ငါ့ စိတ်ထဲတော့ တန်ဖိုး ရှိတယ် ထင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ လူ့ ဘဝ ပြဿနာတွေ၊ လူ့ပုဂ္ဂလိက လွတ်လပ်ခွင့် ပြဿနာ၊ လူ့ကိုယ်ကျင့်တရား ပြဿနာတွေကို ဒါတွေဟာ အချည်းနှီး အဓိပ္ပာယ် မရှိတဲ့ ပြဿနာတွေ ဆိုပြီး ယုတ္တိနည်းကျ မှရမှန်ဝါဒ (Logical Positicism) မှာလို ဘေးဖယ် မချတာ၊ အဲဒါ ငါ သဘောကျတယ်၊ လူ့ကိစ္စတွေကို ဒါတွေဟာ သိပ္ပံနည်း မကျဘူး၊ မှုချ မှန်တယ် မှားတယ်လို့လည်း သက်

www.burmeseclassic.com



သေပြလို့ မရဘူး၊ ပြဿနာ မဟုတ်တာကို ပြဿနာ လုပ်တယ် ဆိုပြီး ပယ်ချနေတဲ့ လော်ဂျီကယ် ပေါ့စစ်တစ်ဗစ် ဆိုတဲ့ အကောင်တွေကိုတော့ ငါ သိပ် သောက်မြင်ကတ်တာပဲ'

'မင်းကလည်း စိတ်ကို စင်စင်ကြယ်ကြယ် ထားစမ်းပါကွာ၊ စကားတောင် မပြောရသေးဘူး၊ ဒေါသက အလျင်ပဲ၊ ဒီတော့ ဖြစ်ရာဘဝ ပဓာန ဝါဒရဲ့ အယူအဆတွေကို သူ့အထဲမှာ ဘာကြောင့် လက်မခံနိုင်ကြောင်းတော့ အကြောင်း ပြပြီး ငြင်းတယ် ဆိုပါတော့'

'အေး ဟုတ်တယ်၊ ပထမဆုံး အခန်းမှာ မာ့က်စ်ဝါဒနှင့် ဖြစ်ရာဘဝပဓာန ဆိုတဲ့ ခေါင်းစဉ်နှင့် ရေးတယ်၊ သူက မာ့က်စ်ဝါဒ ရှုထောင့်က နေတယ်၊ ပြီးတော့ ဖြစ်ရာ ဘဝ ပဓာန ဝါဒက ပုဂ္ဂလိက လူသား ပြဿနာ အပေါ် အဖြေရှာပုံကို စနစ်တကျ ရေးတာကွ'

'ဘယ်အချက်ကို အဓိကထားပြီး ရေးတာလဲ'

'ပုဂ္ဂလိက လူသား ပြဿနာ (The problem of the individual) အပေါ်ကို အခြေခံထားတာပဲ၊ အဓိက အချက် ငါ နားလည်တာက လူ့ အ ဖွဲ့ အ စည်း ကို ပုဂ္ဂလိက လူသားက သူ့စိတ်တိုင်းကျ လွတ်လပ်စွာ ရွေးချယ်နိုင်တဲ့ သယံဇာတ အခွင့်အရေးကို အပြည့်အဝ ယူပြီး ဖန်တီးခဲ့တာလား၊ ဒါမှမဟုတ် လူတစ်ဦးချင်းရဲ့ ပုဂ္ဂလိက အပြုအမူ အကျင့်အကြံတွေကို လူ့အဖွဲ့အစည်းက ဖန်တီးပြီး ပြဋ္ဌာန်းသလား ဆိုတဲ့ ပုစ္ဆာပဲ၊ * ဒါဟာ ဖြစ်ရာဘဝ ပဓာနဝါဒနှင့် မာ့က်စ်ဝါဒရဲ့ အဓိက ခြားနားချက်ပဲလို့ အာဒမ်ရှဖ်က တင်ပြတာကွ'

'အေး ငါ သဘောပေါက်ပြီ၊ ဖြစ်ရာဘဝ ပဓာန ဝါဒက ပုဂ္ဂလိက လွတ်လပ်ခွင့် ဆိုတာ အပေါ်မှာ အဆမတန် အလွန်အကျွံ အသားပေးတယ်၊ လူကို လူ့ အဖွဲ့အစည်းထဲက လူလို့ သဘော မပေါက်ဘူး၊ လူကို မိုးကျ ရွှေကိုယ်လိုမျိုး သဘောထားတာကိုး၊ ဒီတော့ လူ့ အဖွဲ့အစည်းရဲ့ ကဏ္ဍကို လုံးဝ ထည့်မတွက်ခဲ့ဘူး၊ မာ့က်စ်ဝါဒကျတော့လည်း လူ့ အဖွဲ့အစည်း တစ်ခုလုံးရဲ့ အရေးအခင်းကိုချည်း ဦးစားပေးပြီး စဉ်းစားတော့ လူတစ်ဦးချင်း ပုဂ္ဂလိက အရေးအခင်းတွေကို လျစ်လျူ ရှုလွန်းသလို ဖြစ်တာပေါ့'

'မှန်ပါတယ် သူငယ်ချင်း၊ ဖြစ်ရာဘဝ ပဓာန ဝါဒက ပုဂ္ဂလိက လူသားကို ရှုမြင်ပုံဟာ ပုဂ္ဂလဓိဋ္ဌာန် ကျလွန်းတယ်၊ ဓမ္မဓိဋ္ဌာန် မကျဘူးလို့ မာ့က်စ်ဝါဒီတွေက မြင်တယ်၊ မင်း စဉ်းစားကြည့်၊ လူဟာ အချက်အချာပဲ၊ လူဟာ အချုပ်အခြာပဲလို့ သဘောထားရာမှာ လူဟာ လွတ်လပ်ခွင့် အပြည့်အဝနှင့် ဆုံးဖြတ်ချင်တိုင်း ဆုံးဖြတ်ချင်တာကို ဆုံးဖြတ်နိုင်တယ်လို့လည်း ဆိုတယ်၊ ပြီးတော့ အဲဒီလို ဆုံးဖြတ်နိုင်ခွင့် ရှိလို့လည်း လူဟာ သူ ပြုသမျှ အမှုခပ်သိမ်း အတွက် ကျရောက်လာတဲ့ ဝန်ထုပ်ကို ထမ်းရတယ်၊ ဒါပေမယ့် လူ့ကြမ္မာဟာ ဘာကိုမှ အားကိုးစရာ မရှိဘူး၊ သူ့မှာ သူ့ကိုယ်က လွဲလို့ ဘာကိုမှ အားကိုးလို့ မရဘူး၊ လူ့ဘဝဟာ အလွမ်းအဆွေးဘဝပဲ၊ ရန်ငြိုးသဖွယ် ဖြစ်တဲ့ ရေးကြမ္မာ အကြောင်းနှင့် ရင်ဆိုင် ရုန်းကန်ရာမှာလည်း လူ့ဘဝဟာ ထောက်တည်ရာမဲ့ အားကိုးရာမဲ့ မျှော်လင့်ချက် မဲ့တဲ့ ဘဝသာ ဖြစ်တယ်လို့ ယူဆတဲ့ ဖြစ်ရာဘဝ ပဓာန ဝါဒရဲ့ အမြင်ဟာ အတွင်း ပဋိပက္ခများနှင့် ပြည့်နှက်တဲ့ အမြင်လို ဖြစ်နေတယ်လို့ မာ့က်စ်ဝါဒီတွေက ဆိုတယ်'

'ဘယ်လို သဘောကို ပြောတာလဲ'

'အတွင်း ပဋိပက္ခ ဆိုတာလား'

'ဟုတ်တယ်'

'အတွင်း ပဋိပက္ခ ဆိုတာ (internal contradiction) ကို ပြောတာ'

'မင်းကို ငါ ဘာသာ ပြန်ခိုင်းတာ မဟုတ်ဘူး'

'နေပါဦးကွ၊ ငါ နားလည်သလို ရှင်းပြမှာပါ'

'ပြော ပြော'

'လောလှချည်လားကွ၊ ဖြည်းဖြည်းပေါ့၊ မရှိလို့ လုပ်စားတဲ့ ဥစ္စာ'

'အတည် ပြောကွာ၊ စကားက ဘေးရောက် သွားဦးမယ်'

'ကောင်းပါပြီဗျာ၊ သဘောကတော့ လူမှာ လွတ်လွတ် လပ်လပ် ဆုံးဖြတ်နိုင်တဲ့ ဆန္ဒ လွတ်လပ်ခွင့် အပြည့် အဝ ရှိတယ်လို့ ဆိုပြီး ရေးကြမ္မာကလည်း မလွတ်နိုင်ဘူး ဆိုတော့ လူ့ဆန္ဒက ပုဂ္ဂလဓိဋ္ဌာန်၊ ရေးကြမ္မာက ဓမ္မဓိဋ္ဌာန် ဖြစ်မနေဘူးလား၊ ဒီတော့ ပုဂ္ဂလိက ဆန္ဒ လွတ်လပ်ခွင့် ရှိတယ်ဆိုတာ ဟုတ်ပါ့မလား၊ ရှေ့ အယူအဆနှင့် နောက် အယူအဆဟာ ဆန့်ကျင်ဘက် ဖြစ်မနေဘူးလား၊ ဒါကို အတွင်း ပဋိပက္ခလို့ ပြောတာပဲ'

'ရေးကြမ္မာ ဆိုတာ ဘာကို ပြောတာလဲကွ'

'fate ကို ပြောတာကွ'

'လာပြန်ပြီလား၊ ဒီ ဘာသာပြန်'

--------------

* *A Philosophy of Man, Adam Schaff p 24*

www.burmeseclassic.com



'အဲ မှားသွားလို့ကွ၊ fate ဆိုတာ ငါ သဘောပေါက်တာက လူဟာ ရည်ရွယ်ပြီး လုပ်တာက တခြား၊ ဖြစ်လာတာက တခြား၊ ဒီအဖြစ်မျိုး လူ့ဘဝမှာ မကြုံဘူးလား'

'အင်း ကြုံတတ်တာပဲ၊ ဒီထက် ရှင်းအောင် ပြောစမ်းပါကွာ'

'ဆိုပါတော့ကွာ၊ လူတွေ စိတ်ထဲမှာ ရိုးရိုးသားသား ကြိုးစားတဲ့ လူဟာ ကြီးပွားမှာပဲ ထင်တတ်ကြတယ် မဟုတ်လား'

'အေး ဟုတ်တယ်၊ လူကြီးမိဘ ဆုံးမတဲ့ စကားက ဒီလိုပဲ ဆုံးမတတ်ကြတာပဲ'

'ဒါကို ဒဿန ရှုထောင့်က ပြောရင် ရိုးသားမှုဟာ ကြီးပွားမှုရဲ့ အကြောင်း ပစ္စယပဲလို့ သဘောကျရမှာပေါ့ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ ကိုယ်ကျင့်တရား ရှုထောင့်က ကြည့်ရင်လည်း ဒီအယူအဆဟာ ကောင်းမြတ်တဲ့ သဘောအယူအဆလို့ ဆိုနိုင်တယ်လေ'

'အေး ဒါပေမယ့် လူ့ဘဝထဲမှာ တကယ် ဖြစ်တာကျတော့ မရိုးသား မကြိုးစားတဲ့ အကောင်တွေက အချောင် ကြီးပွား နေတာ မင်း ရိုက်သတ်လို့တောင် မကုန်ဘူး၊ အဲဒါ ဘာကြောင့်လဲ၊ ကဲ မင်း ပြောနိုင်သေးလား'

'အင်း စဉ်းစားစရာပဲ နော်၊ ဘဝမှာ လုပ်တာ တခြား၊ ဖြစ်တာ တခြားတွေကလည်း များသား နော်၊ ဒါကို ဖြစ်ရာဘဝ ပဓာနက ဘာကြောင့်လို့ ပြောသလဲ'

'အဲဒါ မင်း မသိဘူးလားကွ၊ မင်းလည်း ဒီဝါဒကို လေ့လာခဲ့တာပဲဟာ'

'ငါ သိ သိပေါ့ကွ၊ မင်း ဘယ်လို သဘောပေါက်လဲ ဆိုတာ ငါသိချင်လို့ မေးတာပေါ့'

'ဒါကို သူက ရေးကြမ္မာ (fate) လို့ ပြောတာပဲ ငါ ထင်တယ်'

'ဒီလို လူတွေဟာ လုပ်ချင်ရာ လုပ်ခွင့် ရှိပြီး မျှော်လင့်သလို မဖြစ်ဘဲ ဖြစ်ချင်သလို ကမောက်ကမ ဖြစ်နေတဲ့ သဘောတွေကို အဲလဗတ် ကမူးရဲ့ ဝတ္ထုတွေထဲမှာလည်း ရေး ဖွဲ့ တာ ဖတ်ရဖူးတယ်၊ တချို့က ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပြီးစ ကာလမှာ ဖြစ်ရာဘဝ ပဓာန ဝါဒ ပေါ်လာတာ၊ ဒီလို လူ့ဘဝကြီးက ကမောက်ကမ ဖြစ်နေတာကို အကြောင်းပြုပြီး ပေါ်လာတာလို့လည်း ပြောကြတယ် မဟုတ်လား၊ ဒီတော့ ငါသိချင်တာ တစ်ခု ရှိတယ်၊ အဲဒါ မင်းကို ငါ မေးပါရစေ'

'ဘာလဲ၊ ငါ သိရင်တော့ ဖြေမယ်၊ မသိရင်တော့ မသိဘူး ပြောမယ်'

'မသိဘဲနှင့် မင်းက သိချင်ယောင် ဆောင်လို့ကော ရမလားကွ၊ ငါ သိချင်တယ် ဆိုတာက ဖြစ်ရာဘဝ ပဓာန ဝါဒီတွေရဲ့ လူ့ဘဝကို ကြေကွဲဖွယ် ဘဝ၊ ဒုက္ခပဲ အဆုံးရှိတဲ့ ဘဝလို့ မြင်တဲ့ အမြင် အပေါ်မှာ မာ့က်စ် ဝါဒီတွေက ဘယ်လို မျှော်လင့်ချက်တွေ ပေးပြီး မစားရ ဝခမန်း ပြောနိုင်သေးသလဲ၊ အဲဒါ ငါ သိချင်တယ်'

'အာဒမ်ရှဖ်ရဲ့ စာအုပ်ထဲမှာတော့ ဖြစ်ရာဘဝ ပဓာန ဝါဒီတွေက ပုဂ္ဂလိက လူသားကို ရှုမြင်တဲ့ အမြင်ဟာ ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲ အမြင်သာ ဖြစ်တယ်၊ ဓမ္မဓိဋ္ဌာန် အမြင် မဟုတ်ဘူး၊ မာ့က်စ်ဝါဒရဲ့ အမြင်ကသာ ဓမ္မဓိဋ္ဌာန် ကျတယ်လို့ မာ့က်စ် ရေးသားခဲ့တဲ့ ***ဖွားဘက် စာတမ်း*** (Thesis on Feuerbach) ထဲက **an individual is the ensemble of the social relation** ဆိုတဲ့ စာကြောင်းကို ကိုးကားပြီး ချေပထားတာပဲ၊ ဒီစာကြောင်းကို အဓိပ္ပာယ် ပြန်ပြရဦးမလား'

'ဘာလဲ၊ ဘာသာ ပြန်ပြန်ပြီလို့ ပြောမှာ စိုးလို့လား'

ဤအမေးတွင် ဆရာ ဗေဒက ဝါးခနဲ ဝါးလုံးကွဲ ဖြင့် ရယ်ချလိုက်ပါသည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြသူများလည်း လိုက်ရယ်ကြလေသည်။

'ဒါပေါ့ကွ၊ မင်းက ဘာသာပြန် ဆိုရင်လည်း ငါ ပြန်ရတာပေါ့ကွာ၊ ငါ ပြန် ရင် တော့ ပုဂ္ဂလိက လူသား ဆိုတာ လူမှု ဆက်ဆံရေးများရဲ့ အစုအပေါင်းလို့ပဲ ပြန်ချင်တယ်'

'နေပါဦး ensemble ဆိုတဲ့ စကားကို အစုအပေါင်းလို့ မင်း ပြန်မလား'

'အေးလေကွာ၊ ensemble ဆိုတာ အင်္ဂလိပ်စကား မဟုတ်ဘူးကွ၊ ပြင်သစ် စကား၊ ဒါက အစုအပေါင်းလို့လည်း အဓိပ္ပာယ် ရတယ်၊ အလုံးအရင်းလို့လည်း အဓိပ္ပာယ် ရတယ်၊ ခြုံပြီး မြင်ရတဲ့ အရာလို့လည်း အဓိပ္ပာယ် ရတယ်'

'ဒါဆို ပုဂ္ဂလိက လူသား ဆိုတာ လူမှု ဆက်ဆံရေးများကို ခြုံပြီး မြင်ရသော အရာလို့ ပြန်ရင် ပိုမကောင်းဘူးလား'

'သဘောကတော့ အရာကြီးနှင့် ကုလားကြီး ဆိုသလိုပါပဲ ငါ့လူရာ'

www.burmeseclassic.com



'ဟုတ်ပါပြီ၊ ဒါ ပုဂ္ဂလိက လူသားကို အဓိပ္ပာယ် ဖွင့်တဲ့ စကားပဲကွ၊ ငါ သိချင်တာက အဲဒီ လူသားရဲ့ ဘဝကို မာ့က်စ်ဝါဒက ချမ်းသာသုခနှင့် ပြည့်တဲ့ ဘဝ လို့ မြင်သလား၊ ကြေကွဲဖွယ် အဖြစ်မျိုးစုံ ကြုံတွေ့ပြီး ဒုက္ခ ကြုံနေရတဲ့ ဘဝလို့ မြင်သလား၊ ဒါကို သိချင်တာကွ'

'အဲဒါတော့ မာ့က်စ်က တိတိကျကျ ပြောထားတာ ငါ ဘယ်နေရာမှာမှ မတွေ့မိဘူး၊ အာဒမ် ရှဖ် စာအုပ်ထဲမှာတော့ မာ့က်စ်ဝါဒမှာ ပုဂ္ဂလိက လူသားကို လူမှုရေး ဘဝနှင့် လူ့သမိုင်းက ထုတ် လုပ် လိုက် တဲ့ ထုတ်ကုန် တစ်ခု အဖြစ်ပဲ မြင်တယ်'

'အဲဒါက ပုဂ္ဂလိက လူသား တစ်ယောက်ရဲ့ ကိုယ်ရည် ကိုယ်သွေးကို လူ့ အဖွဲ့အစည်းက ပြုပြင်တယ်၊ လူ့သမိုင်းကသာ ဖန်တီးတယ်လို့ ဆိုလိုတာပဲ မဟုတ်လား'

'ဟုတ်တယ်လေ၊ ဟုတ်တာပေါ့'

'ဒါဆို သမိုင်းခေတ် တစ်ခေတ်တည်း၊ လူ့ အဖွဲ့ အစည်း တစ်ခုတည်းထဲမှာ အသက်ရှင် နေထိုင် ဆက်ဆံခဲ့ကြတဲ့ လူတိုင်းဟာ ကိုယ်ရည်ကိုယ်သွေး အရရော ကံကြမ္မာ အရပါ အတူတူပဲ ဖြစ်ရမယ်လို့ ဆိုမလား'

'ဒါတော့ ဘယ်ဖြစ်နိုင်မလဲကွ၊ လူ့ အဖွဲ့အစည်း ဆိုတာက လူတန်းစား အဖွဲ့အစည်း ဆိုတာကိုလည်း ထည့်တွက်ဦးမှပေါ့'

'ထည့်တွက်ပါတယ် မောင်ရာ၊ ကဲ အရင်းရှင် လူ့ အဖွဲ့အစည်းထဲမှာ အရင်းရှင်ရယ် အလုပ်သမားရယ်၊ ပြီးတော့ ငါတို့လို လယ်ယာ အခြေစိုက် စီးပွားရေး နိုင်ငံတွေမှာ လယ်သမားရယ် လူတန်းစားတွေ ရှိကြတယ် ဆိုပါတော့၊ ဒါဆို အရင်းရှင်တွေ အားလုံးဟာ ကိုယ်ရည် ကိုယ်သွေးရော ကံကြမ္မာရော အတူတူပဲလို့ မင်း ဆိုမလား'

ဤတွင် ကိုသန်းဦး (ဗိုလ်ပုချို) ကလည်း ဝင်ဆွေးနွေးလေသည်။

'ဟုတ်တယ် ဆိုနိုင်မလားကွ၊ အရင်းရှင်တွေ အလုပ်သမားတွေ ဆိုတဲ့ လူတန်းစားက ကြီးကျယ်လွန်းပါတယ်၊ တို့ တက္ကသိုလ်ကျောင်း ဆရာ ဆိုတဲ့ အလွှာကိုပဲ ကြည့်၊ ဒါတောင် ကျယ်ပါသေးတယ်၊ ကဲ ပါမောက္ခ ဆိုတဲ့ အလွှာ ကျဉ်းကျဉ်းကလေးကိုပဲ ကြည့်ကွာ၊ ပါမောက္ခတွေဟာ တစ်ခေတ်တည်းမှာ တက္ကသိုလ် တစ်ခုတည်းမှာ အတူတူ လုပ်ကိုင်နေကြတာပဲ၊ ဒီပါမောက္ခတွေဟာ တစ်ယောက်ချင်းကျတော့ တူကြလို့လား'

'ဒါတော့ ဘယ်တူ နိုင်မလဲဟ'

ဆရာ ဇေဒ (ဦးငြိမ်းအောင်) က ထအော်လေသည်။ ထိုအခါ သောင်းဝင်းကလည်း ဝင်ပြောလေသည်။

'မတူနိုင်ပါဘူး ဆရာရယ်၊ ခေတ်တွေ စနစ်တွေက ‹လူတစ်ယောက်ချင်းကို ကိုယ်ရည် ကိုယ်သွေး တူအောင်၊ ကံကြမ္မာ တူအောင် လုပ်ပေးနိုင်တယ် ဆိုတာကတော့ ဖြစ်ကို မဖြစ်နိုင်ပါဘူး'

'ဒါကို အိတ်ဇစ်စတင်ရှယ်လစ်ဇင်းက ပုဂ္ဂလိက လူသားတိုင်းမှာ လွတ်လပ်စွာ ရွေးချယ်ခွင့် အပြည့်ရှိလို့၊ ကံကြမ္မာချင်းကလည်း မတူလို့ပဲလို့ ပြောတာ မဟုတ်လား'

မြဝင်းဇာပါ ဝင်၍ ဆွေးနွေးလေသည်။ အလိုလို နေရင်း အကျွန်ုပ်က အားသာသလို ဖြစ်သွားသည်။ ထိုအခါ စိုးမြင့်က ဆတ်ခနဲ ပြန်မေးသည်။ သူ စိတ်တော့ မဆိုး။

'ဒါဆို မင်းတို့ ကောင်တွေက အိတ်ဇစ်စတင် ရှယ်လစ်တွေပေါ့လေ၊ ဟုတ်လား'

'ထပ်သရီး ငါတို့ကို တံဆိပ် မကပ်နှင့်၊ ငါတို့ အိတ်ဇစ်စတင်ရှယ်လစ်ဇင်းကိုလည်း အထင် မကြီးဘူး၊ ဘဝင်လည်း မကျဘူး၊ ဒါပေမယ့် သဘောကျတာ တစ်ခုတော့ ရှိတယ်'အကျွန်ုပ်က ချက်ချင်းပင် ဖြေလိုက်ပါသည်။ အကျွန်ုပ်၏ စကားအဆုံးတွင် ဆရာ ဇေဒက လှမ်းမေးလိုက်သည်။

'အိတ်ဇစ်စတင်ရှယ်လစ်ဇင်းထဲက သဘောကျတာလား ဆရာ'

'ဟုတ်တယ်၊ ဟုတ်ပါတယ်'

'ဘာကို သဘောကျတာလဲ၊ ကိုယ့်လူက'

စိုးမြင့်က ရေနွေးကြမ်းခွက်ထဲသို့ ဖက်ဆေးလိပ်ဖင်ကို နှစ်ရင်း မေးပြန်သည်။

'ဖြစ်ရာဘဝ ပဓာန ဝါဒဟာ ဘဝက အလျင်၊ ဂုဏ် အရည်အသွေးက နောက်လို့ ယူဆတဲ့ အယူအဆ မဟုတ်လား၊ ဒီတော့ လူ့ဘဝမှာ လူတွေဟာ ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုတာ သူ့သဘောနှင့်သူ လုပ်ရင်း ဖြစ်တာပဲ၊ ဖြစ်တယ် ဆိုလို့ ရည်မှန်းတဲ့ အတိုင်း ဖြစ်တယ်လို့တော့ မထင်နှင့်၊ လုပ်တုန်းက ရည်ရွယ်တာက တစ်ခု၊ ဖြစ်လာတော့ တခြား၊ ဒီလိုလည်း ဖြစ်တယ်၊ တွက်ရေးတော့ စက်သုဌေး၊ တွက်ကြည့်တော့ စက်မရှိ အဖြစ်မျိုးတွေက လောကမှာ ရှေတွက်လို့ မကုန်ဘူးလေ၊ ဒါက တစ်ပိုင်း၊ နောက်တစ်ပိုင်းက ဘာလဲ ဆိုတော့ ဘဝ

www.burmeseclassic.com



မှာ ဖြစ်လာသမျှဟာ သူများလုပ်လို့ ဖြစ်တာ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်လို့ ဖြစ်ကြတာချည်းပဲ၊ ဒီတော့ ဘာပဲ ဖြစ်လာ ဖြစ်လာ ဖြစ်လာသမျှ ဘဝကို လက်ခံကြရမှာပဲ၊ ကျလာတဲ့ တာဝန်ကို ခေါင်းရှောင်လို့ မရဘူး၊ ထမင်းရေပူလာ လျှာလွှဲလို့ မရဘူး၊ ဒီတော့ ဘဝကို ကောင်းကောင်းဆိုးဆိုး ရင်ဆိုင်ကြရမှာပဲ၊ ကိုယ့် ကံကြမ္မာ အတိုင်း ကိုယ့် ဖြစ်ကြရတာပဲလို့ သဘောထားရမယ်လို့ ဖြစ်ရာဘဝ ပဓာန ဝါဒက သင်ကြား ပေးတယ်လေ၊ ဒီ အမြင်မှာ လူသားဟာ လူ့ဘဝမှာ အချက်အချာ ဖြစ်တယ်၊ အချုပ်အခြာ အာဏာပိုင် ကိုယ့်ဘဝကိုယ် ပြုပြင်နိုင်သူ ဖြစ်တယ်၊ ဒါပေမယ့် ကိုယ်ပြုတဲ့ အမှုအတွက် ကိုယ် တာဝန်ယူရမှာကိုတော့ လူသားဟာ ကြောက်ရွံ့ ထိတ်လန့်နေတယ်၊ နောက်ဆုံး လူလုပ်ထားတဲ့ ဥပဒေကိုတောင် လူက ပြန်ကြောက်နေရတယ်၊ ဒါဟာ လမ်းမကျဘူးလို့ ဖြစ်ရာဘဝ ဝါဒီတွေက မြင်တယ်၊ ကမူးရေးခဲ့တဲ့ ***အပြင်လူ*** ဝတ္ထုမှာ ဒီသဘောကို သူ ဖွဲ့နွဲ့ တင်ပြခဲ့တယ်၊ အဲဒီ ဝတ္ထုကို မင်းတို့ ဖတ်ကြည့်ကြစမ်းပါ၊ ဝတ္ထုနာမည်က The Outsider အမေရိကန်ပြည်မှာတော့ The Stranger (မြန်မာလို ***စည်း အပြင်ကလူ*** အမည်ဖြင့် ထင်လင်း ဘာသာပြန်သည်။) ရှိတယ်၊ ဖတ်ကြည့်၊ ဝတ္ထုထဲမှာ ဇာတ်လိုက် မားဆော့ ဆိုတဲ့ လူဟာ သူတစ်ပါး အကျိုးကို လိုက်ကူညီမိလို့ နောက်ဆုံး သေဒဏ် အပြစ်ပေး ခံရတယ်၊ ဒါကို သေဒဏ် အပြစ်ပေး ခံရတဲ့လူ မားဆော့က ဝမ်းမနည်းဘူး၊ သူ့စိတ်ထဲမှာ လူတွေဟာ တစ်နေ့ တစ်ချိန်မှာ မုချ သေကြရမယ့် သတ္တဝါတွေပဲ၊ သတ္တဝါ အားလုံးဟာ သေဒဏ် ကြိုးမိန့် ကျပြီးသားတွေချည်းပဲဟာ၊ ဘာမှုစရာ ရှိသလဲ၊ လူတစ်ဦးကို အခြားလူ တစ်ဦးက ကြိုးမိန့် ပေးနေလည်း အပိုပဲ၊ ကြိုးမိန့်ပေးသူ ကိုယ်တိုင်ကလည်း ကြိုးမိန့် ကျထားသူပဲ၊ တကယ်တော့ ဒါတွေဟာ အပို အလုပ်တွေပဲ၊ လူ့ဘဝ ဆိုတာ အလကား အချည်းနှီးပဲတဲ့၊ ကမူးကို နိုဗယ်ဆု ပေးစဉ်က ဆုပေးကော်မတီရဲ့ မှတ်ချက်မှာ ဆုပေးရတဲ့ အကြောင်းကို ဖော်ပြတော့ လူ့လောကရှိ ကြုံတွေ့ရသမျှသော အဖြစ်အပျက်တို့ကို လူသား အနေဖြင့် ရဲရဲစွာ ရင်ဆိုင်ရမည်သာ ဖြစ်သည် ဟူသော အချက်ကို အခြေခံ၍ စာပေများ ရေးသားခြင်းကြောင့်လို့ * ဖော်ပြထားတယ်၊ ငါပြောချင်တာလည်း အဲဒါပဲ၊ ငါ မြင်တာက တော့ လောကမှာ ရင်ဆိုင် ကြုံတွေ့ လာရတဲ့ ကြေကွဲဖွယ် ဆင်းရဲဒုက္ခ မှန်သမျှကို ကျရာကြုံရာ ရင်ဆိုင်ရဲအောင် လမ်းပြတာက လူတွေကို မစားရ ဝခမန်း မျှော်လင့်ချက်တွေ ပေးပြီး လှည့်ဖြား စည်းရုံးတာထက် ပိုပြီး ရိုးသားတယ် နှလုံးသား မြတ်တယ်လို့ မြင်တယ်၊ ဖြစ်ရာ ဘဝ ပဓာန ဝါဒမှာ ငါ သဘောကျတယ် ဆိုတာ အဲဒီ အချက်ပဲကွ'

'ဒါဆို အဲဒီ ဝါဒကို မင်း လက်ခံနိုင်ပြီလို့ ငါ တော့ ထင်တယ်'

ကိုစိုးမြင့်က ကောက်ချက် ချပြန်သည်။

'မထင်နှင့်၊ ငါ ဒီဝါဒကိုလည်း လုံးဝ လက် မခံဘူး'

'ဘာ အကြောင်းကြောင့်လဲ ကွာ'

'လူ့ဘဝမှာ ဒုက္ခတွေ ကြေကွဲဖွယ် ဖြစ်ရပ်တွေနှင့် ရင်ဆိုင် နေရတယ် ဆိုတာ ငါ မငြင်းပါဘူး၊ အရင်းရှင်ပဲ ဖြစ်ဖြစ် အလုပ်သမားပဲ ဖြစ်ဖြစ် လူတိုင်းဟာ သူ့နည်း သူ့ဟန်နှင့် ဆင်းရဲ နေကြရတာပဲ၊ ကြေကွဲ ဝမ်းနည်းစရာ တွေနှင့် ကြုံတွေ့ နေကြရတာပဲ၊ လောကမှာ အလို ပြည့်စုံသူ လိုလေသေး မရှိ ပြီးပြည့်စုံသူ ဘယ်သူ ရှိသလဲ၊ ပစ္စည်း ပြည့်စုံတယ်၊ ပညာ ပြည့်စုံတယ်၊ ကျော်စောမှု ရှိတယ်၊ ဒါပေမယ့် မကျန်းမာဘူး၊ ရာထူးကြီးကြီး ရထားတဲ့ လူတွေ စိတ်ချမ်းသာသလား သွားမေးပါ၊ ရာထူး ကြီးလေ စိုးရိမ်စိတ် များလေ၊ ပစ္စည်းများလေ စိတ်မချရလေ၊ လူတွေကို မယုံသင်္ကာများလေ၊ ပစ္စည်း ဆုံးရှုံးသွားမှာ ကြောက်လေပဲကွ၊ ပစ္စည်း မရှိလို့ ဆင်းရဲတာက ကိုယ်ဆင်းရဲတာ၊ စိတ်ဆင်းရဲတာက နည်းတယ်၊ ပစ္စည်းရှိလို့ ဆင်းရဲတာက စိတ်ဆင်းရဲတာ၊ လူတွေကို ပစ္စည်းနှင့် ဖိပြီး အနိုင်ယူချင်တဲ့ စိတ်ရယ်၊ လူတွေက သူ့ကို ပြန်ပြီး နှိပ်စက်မှာ လုယက် ဖျက်ဆီးမှာ ကြောက်တဲ့ စိတ်ရယ်၊ ဒါပဲ၊ ဒါကို ငါ မြင်တတ်တယ်၊ ဒါပေမယ့် ဖြစ်ရာဘဝ ပဓာန ဝါဒမှာ လူတွေ ဆင်းရဲဒုက္ခ ရောက်ရတဲ့ အကြောင်းကို ဖော်ပြ ထားတာကတော့ မနိပ်ဘူး ကိုယ့်လူ၊ တာဝန်ခံရမှာ ကြောက်လို့ စိတ်ဆင်းရဲနေကြတာတဲ့၊ အဲဒါကိုတော့ ငါ လုံးဝ မနှစ်သက်ဘူး၊ ပြီးတော့ လူတွေ ဆင်းရဲတွင်းက လွတ်မြောက်အောင် ဘယ်လို လုပ်ကြမလဲ ဆိုပြန်တော့ ဒုက္ခကို ဖြစ်ချင်ရာ ဖြစ် ဆိုတဲ့ စိတ်နှင့် ရင်ဆိုင်ပါတဲ့၊ ဒါလည်း ဆင်းရဲ ကင်းငြိမ်းတဲ့ နည်းလမ်း အမှန်လို့ ငါ မထင်ဘူး'

'ဒါဆို နိုဗယ်ဆုပေး အဖွဲ့ရဲ့ မှတ်ချက်ထဲမှာ

--------------

* *နိုဗယ်ဆုရ စာရေးဆရာကြီး ငါးဦး၊ ဘနင်း စာ ၁၉၁–၁၉၈*

www.burmeseclassic.com



လူ့ဘဝရဲ့ ဒုက္ခ ဆင်းရဲတွေကို ရဲဝံ့စွာ ရင်ဆိုင်ရမှာပဲလို့ သဘော ထားရမယ် ဆိုတာနှင့် ပတ်သက်ပြီး မင်း ဘယ်လို သဘောထားသလဲ'

'ဒါလည်း ဆေးမြီးတိုပါပဲကွာ၊ ဒါက မျက်ကန်း တစ္ဆေ မကြောက်တဲ့ သဘောပဲ၊ ပညာသား မပါပါဘူး၊ အသိဉာဏ်နှင့်လည်း မယှဉ်ပါဘူး၊ ပညာရှိတွေကတော့ ဘယ် ကြိုက်မလဲ၊ ငါလို လူမိုက်ကတော့ ခပ်ကြိုက်ကြိုက် ပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ခါတလေ လူ့ဘဝမှာ အကျဉ်းအကျပ် ကြုံရတဲ့ အခါ သက်သာရာ ရှာတွေးပြီး ကိုယ့်ကိုယ်ကိုယ် ခံသာအောင် လုပ်ရတာလေ၊ သိပ္ပံ နည်းကျ ပြဿနာကို ဖြေရှင်းနည်းတော့ ဘယ်ဟုတ် မလဲ၊ ဒဿနဆိုတာ လူ့ဘဝ ပြဿနာတွေ အပေါ်မှာ အခြေ စိုက်ရမယ် ဆိုတဲ့ သဘောထားကို ငါ ကြိုက်ပါ တယ်၊ ဒါပေမယ့် လူ့ဘဝရဲ့ ပြဿနာတွေ ဖြစ်ပေါ်ရတဲ့ အကြောင်းရင်းတွေကို အမှန်အကန် နားလည်အောင် မကြိုးစားတာကိုတော့ ငါ မနှစ်သက်ဘူး၊ မာ့က်စ်ဝါဒ ကတော့ လူ့ဘဝရဲ့ ဆင်းရဲ ဒုက္ခ ဖြစ်ရတဲ့ အကြောင်းကို စဉ်းစားဖို့ ကြိုးစားပါရဲ့၊ ဒါပေမယ့် သူတို့က လူပုဂ္ဂိုလ် တစ်ဦးချင်းရဲ့ ဘဝဆင်းရဲကို ဘေးဖယ်ပြီး လူ့ အဖွဲ့ အစည်းကြီး တစ်ခုလုံးကို ခြုံကြည့်ပြီး လုပ်တော့ လူ တစ်ယောက်ချင်းရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို လျစ်လျူ ရှုတယ်၊ နောက်တော့ ဘယ်လို ဖြစ်သလဲဆို ရေးတုန်း က ဘာသာ အယူဝါဒတွေမှာလိုပဲ သူတို့ မာ့က်စ် ဝါဒီ တွေသည်ပင်လျှင် လူ့လောကရဲ့ ကယ်တင်ရှင်ကြီးတွေ ပဲလို့ ထင်လာကြတယ်၊ ဒါတွေဟာ ငါ အထူး ပြောစရာ မလိုဘူး၊ လူ့သမိုင်းမှာ ထင်ရှားနေတဲ့ ကိစ္စတွေပါကွာ'

'ဟုတ်ပါတယ်၊ စီးပွားရေး ပြဿနာ တစ်ခုကို ဖြေရှင်းလိုက်ရင် ကျန်တဲ့ လူ့ပြဿနာတွေ အားလုံး ပြေ လည်သွားမယ်လို့ မာ့က်စ်ဝါဒီတွေ ယုံကြည်တာဟာ ဖြစ်နိုင်တဲ့ အယူလို့ ငါလည်း မထင်ဘူး'

ကိုသန်းဦး (ဗိုလ်ပုချို) သည် စီး ပွား ရေး တက္ကသိုလ်မှ ဆရာတစ်ဦး ဖြစ်သည်။ သူ့မှတ်ချက်သည် ယုတ္တိရှိသည်ဟု အကျွန်ုပ်လည်း ထင်မိပါသည်။

သူ့ မှတ်ချက်ကို ကြားရသောအခါ တစ်ကြိမ်က စာရေးဆရာ တစ်ဦး ပြောဖူးသော စကား တစ်ခွန်းကိုပါ အကျွန်ုပ် သတိရမိပါသည်။ ထိုစကားမှာ ဤသို့ ဖြစ် ပါသည်။

'ခင်ဗျား စဉ်းစားကြည့်လေ၊ အရက် သောက် တာ မကောင်းကြောင်းကို လူတွေ ယုံကြည် ကိုးကွယ် နေတဲ့ ဗုဒ္ဓ မြတ်စွာဘုရား ဟောကြားခဲ့တာတောင် လူ တွေက မလိုက်နာဘဲ သောက်နေကြတဲ့ ဥစ္စာ၊ ဘုရား ဟောလို့တောင် မရတဲ့ ဒီလူတွေကို ကျွန်တော်လို အကောင်က ဟောနေလို့ကော ရမတဲ့လား၊ ဒီတော့ ကျွန်တော်က အရက်သောက်တာကို မသောက်ပါနှင့် လို့ မတားတော့ဘူး၊ တားလို့လည်း ရမှာ မဟုတ်တဲ့ အတူတူ အရက်သောက်တဲ့ လူတွေ ကောင်းကောင်း မွန်မွန် သောက်တတ်အောင် အရက်ကို ဘယ်လို သောက် သင့်တယ် ဆိုတာပဲ ကျွန်တော်က ရေးတော့မယ်' ဟု ဆိုလေ၏။

ထိုဆရာကား ခနဲ့စာ ရေးသော ဟာသဉာဏ် ရှင်သူ ဖြစ်ပါသည်။ သူ့စကားသည် ဟာသ မြောက် သည်ဟု ဆိုနိုင်သော်လည်း စကားနောက်မှာ အဘိဓမ္မာ ပါသည်ဆိုသော စကားအရ စဉ်းစားဖွယ် ကောင်းသော စကားလည်း ဖြစ်ပါသည်။

စဉ်းစားစရာ ကောင်းသော အချက် ဆိုသည်မှာ ဗုဒ္ဓဘုရားလို ပုဂ္ဂိုလ်ပင် လုပ်၍ မရသော ကိစ္စများကို သာမန် ပုထုဇဉ်တွေက လုပ်၍ ရပါမည်လား ဆိုသော အချက် ဖြစ်ပါသည်။ အကျွန်ုပ် စိတ်ထဲတွင် သိပ္ပံပညာ ကြောင့် လူသားတို့ ရရှိလာသော အစွမ်းသတ္တိများဖြင့် သဘာဝ လောကကို လူသားတို့ အနိုင်ရကာ ပြုပြင် ဖန်တီး နိုင်ခဲ့ကြသည်ကို အကြောင်းပြု၍ လူလူချင်း ကိုလည်း သဘာဝ ရုပ်လောက အပေါ် ပြုပြင်သည့် နည်းတူ ပြုပြင်ချင်တိုင်း ပြုပြင်လျှင် ရ လိမ့် မည် ဟု တွေး တောလာခြင်းသည် ပိုတွက်ခြင်း ဖြစ်သည်ဟု ထင်ပါသည်။ အကျွန်ုပ် ဘာကြောင့် ထိုသို့ ထင်မိပါ သနည်း။

ထင်ရသည့် အကြောင်းမှာ သဘာဝ လောက သည် အဖြောင့် သဘော ရှိပါသည်။ လူသားသည် အကောက် သဘော ရှိပါသည်။ သဘာဝ လောကသည် နိယာမ ရှိသည့်အတိုင်းသာ အများအားဖြင့် ဖြစ်တတ် သော သဘော ရှိ၍ သစ္စာ (အမှန် သဘော) ရှိသည်ဟု ဆိုရပါမည်။ လူသည် သဘာဝကို ဆန့်ကျင်တတ်သော သဘောရှိသဖြင့် သစ္စာ မရှိပါ။ သဘာဝ အလျောက် ဗိုက်ဆာသည်ကိုပင် လူသည် မဆာချင်ယောင်ဆောင်၍ လိမ်လည်တတ်ပါသည်။ ဒေါသ ဖြစ်လျှင်လည်း မဖြစ် ချင်ယောင်ဆောင်၍ လိမ်လည် လှည့်ဖြားတတ်ပါသည်။ သဘာဝ ရုပ်လောကမှာ လိမ်ဉာဏ် မရှိပါ။ ဒေါသ ဖြစ်လျှင် ဖြစ်သည့် အတိုင်းသာ မြေတုန်ခြင်း၊ လေပြင်း

www.burmeseclassic.com



တိုက်ခြင်း၊ မီးလောင်ခြင်း၊ ရေကြီးခြင်းဖြင့် ပြပါ၏။ လူမှုကား ထိုသို့ မဟုတ်ပါ။ မလုပ်ချင်ဘဲလည်း လုပ်ပြပါလိမ့်မည်။ လုပ်ချင်လျက်လည်း မလုပ်ဘဲ နေပြလိမ့်မည်။ ကိုယ့်လူ ထင်ရသော သူလည်း သူ့လူ ဖြစ်နေတတ်ပါသည်။ အမှန်စင်စစ် အဘယ်သူသည် မြွေပွေးကို ခါးပိုက် ပိုက်ချင်ပါမည်နည်း။ မြွေပွေး ခါးပိုက်ပိုက်သလိုဟု တင်စား၍ ဆိုရခြင်းမှာ လူလူချင်း ဆက်ဆံရာတွင် မိတ်ဆွေဟု ခေါ်သော လူယုံကလည်း ရန်မူ လာတတ်သောကြောင့် ဆိုရခြင်း ဖြစ်သည်ကို သတိ မူသင့်ပါသည်။

လူ့ဘဝဝယ် 'သစ္စာ' ဆိုသော စကား ရှိပါသည်။ ထိုစကားသည် ဘာကို ဆိုသနည်း။ ထင် ရှား သည့်သဘောလည်း သစ္စာ၊ မှန်သည့် သဘောလည်း သစ္စာ၊ မဖောက်ပြန်သည့် သဘောလည်း သစ္စာ၊ ယုံကြည်စိတ်ချရသည့် သဘောလည်း သစ္စာဟု ဆိုပါလျှင် လူတို့ လက်ခံကျင့်သုံးသော လောကီသစ္စာသည် အဘယ်နည်း။

လူ့သဘောသည် ထင်ရှားသလား။ လူ့အပြုအမူ၏ မှန်ကန်ခြင်းသည် အဘယ်နည်း။ လူမှာ မဖောက်ပြန်သော သဘော ရှိသလား။ လူကို ယုံကြည် စိတ်ချရသလား။

သို့ဆိုလျှင် ယုံကြည် စိတ်ချရမှု ဆိုသော သဘောသည် အဘယ်ကို ဆိုသနည်း။

အကျွန်ုပ်သည် သစ္စာတရားနှင့် ယုံကြည် စိတ်ချရမှု သဘောကို သိလိုသောစိတ် ထက်သန်လျက် ရှိလေသည်။

တစ်နေ့သ၌ ဆရာ ဒေါက်တာ ခင်မောင်ဝင်း၏ စာသင်ချိန်တွင် အကျွန်ုပ်သည် မိမိရင်ထဲမှာ ဖြစ်ပေါ်နေသော ပြဿနာကို တင်ပြ ဆွေးနွေးလေတော့သည်။ အကျွန်ုပ် မှတ်မိသလောက် ထိုအချိန်သည် ဒဿနိက ဗေဒဌာနမှ ပါမောက္ခ ဆရာကား ပင်စင် မယူမီ ဖြစ်၏။ အကျွန်ုပ်က မေးသည်မှာ

'ကျွန်တော့် စိတ်ထဲမှာ အမှန် (သစ္စာ)ကို သိမှုနှင့် ယုံကြည် စိတ်ချမှု (belief)ဟာ ဆက်စပ်နေတယ်လို့ ထင်ပါတယ် ဆရာ၊ မှန်ကန်တယ်လို့ သိရင် လူတွေဟာ ယုံကြည် စိတ်ချတတ်ပေမယ့် ယုံကြည် စိတ်ချမှုတိုင်းဟာ မှန်ပါ့ မလားလို့လည်း စဉ်းစားပါတယ်၊ ပြီးတော့ မှန်တယ် ဆိုတာ ဘာကို ဆိုတာလဲ၊ ဒါလည်း စဉ်းစားစရာပါပဲ၊ ရှေးက ဒဿန ဆရာတွေကတော့ အတွေ့အကြုံနှင့် သိမှ မှန်တယ် ဆိုတဲ့ လူက ဆိုပါတယ်၊ ဆင်ခြင်ဉာဏ်နှင့် သိမှ မှန်တယ်လို့ ဆိုတဲ့ လူကလည်း ဆိုတာပဲ၊ ဒီထက် ပိုပြီး အမှန်တရား (သစ္စာအမြင်) ကို အတွေ့အကြုံ ဆင်ခြင်ဉာဏ်နှင့် သိတာထက် ထိုးထွင်းဉာဏ် (ပဋိဘာန်ဉာဏ်၊ တန်ဖာုပ္ပတ္တိ ဉာဏ်မျိုး) နှင့် သိမှ မှန်တယ်လို့လည်း ဆိုခဲ့ကြပါတယ်၊ သို့သော် မှန်တယ် ဆိုတာ ဘာကို ပြောတာလဲ ဆိုတာ မရှင်းဘူး ဆရာ၊ ဒါနှင့် ပတ်သက်ပြီး ဆရာ့ လမ်းညွှန်ချက်ကို သိချင်တာပါ ဆရာ'

'ဒီပြဿနာဟာ နှစ်ဆယ်ရာစု ဒဿနပညာရဲ့ အဓိက ပြဿနာ တစ်ခုလို့ ဆိုနိုင်တယ် ကိုဆန်းလွင်၊ နှစ်ဆယ်ရာစုမှာ ရှေးက ဒဿနဆရာတွေ တွေးခေါ်ခဲ့တဲ့ ပြဿနာတွေ သူတို့ ပြောဆို တင်ပြခဲ့တဲ့ အဆိုတွေကို မှန် မမှန်၊ အဓိပ္ပာယ် ရှိ မရှိ ပြဿနာ အစစ်မဟုတ်ဘဲ တမင် လုပ်ကြံထားတဲ့ ပြဿနာ အတုဟုတ် မဟုတ် ဆိုတာတွေကို သိပ္ပံနည်းကျ စိစစ်တဲ့ အယူအဆတွေ ပေါ်ပေါက်လာတယ်။

'ဒီကြားထဲမှာ စောစောက ပြောတဲ့ ခွဲခြမ်းဝေဖန်ရေး (ဝိဘဇ္ဇ) ဒဿန ပေါ်ပေါက်လာအောင် လမ်းခင်းရာမှာ ပထမ ခြေလှမ်းလို့ ယူဆရတဲ့ အတွေးအမြင် တစ်ခု ရှိသေးတယ်၊ ဒါက လက်ငင်း အကျိုးကြည့် ဝါဒလို့ ဆိုသင့်တဲ့ ပရဂ္ဂမာတစ်ဇင်း (Pragmaticism) ပဲ၊ လက်တွေ့ပဓာန ဝါဒလို့လည်း ခေါ်နိုင်ပါတယ်။

'ပရဂ္ဂမာတစ်ဇင်းကို စပြီး တွေးခေါ်သူက အမေရိကန် ဒဿန ဆရာကြီး ချားလ်စ် ဆန္ဒာ ပဲယားစ် (Charlse Sandars Peirce) ၁၈၃၉–၁၉၁၄ ဖြစ်ပါတယ်၊ ဒီ အတွေးအခေါ်ဟာ အမေရိကန် အတွေးအခေါ်ပဲ၊ သူ့နောက် ဒီ အယူဝါဒကို ဆက်လက် အကောင်အထည် ဖော်သူတွေကတော့ ဝီလျံဂျိမ်းစ် (William James) နှင့် ဒေါက်တာ ဂျွန်ဂျူဝီ (Dr. John Dewey) ဆိုသူတွေပဲ။

'ပဲယားစ်ရဲ့ အတွေးအခေါ်တွေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာချင်ရင်တော့ ဒဗလျူဘီ ဂါလီ (W. B. Gallie) ရေးတဲ့ ***ပဲယားစ်နှင့် လက်ငင်း အကျိုးကြည့် ဝါဒ*** ဆိုတဲ့ စာအုပ်မှာ လေ့လာပါ၊ ပဲယားစ်ရဲ့ ပရဂ္ဂမာတစ်ဇင်းမှာ အဓိကကျတဲ့ အချက်ကတော့ သူ ရေးခဲ့တဲ့ ***ကျွန်ုပ်တို့၏ အယူအဆများကို ရှင်းအောင် ဘယ်သို့ လုပ်ရမည်နည်း*** (How to make our ideas clear) ဆိုတဲ့ စာတမ်းမှာ ဖော်ပြထားတဲ့ အချက်အလက်တွေပဲ။

'သဘောကတော့ ရှေးက ဒဿန ဆရာကြီးတွေ

www.burmeseclassic.com



တွေးခေါ်ခဲ့ကြရာမှာ သုံးနှုန်း ပြောဆိုခဲ့ကြတဲ့ ဝေါဟာရတွေမှာ ပါတဲ့ အတွေးတွေဟာ မရှင်းဘူး၊ ဒါကို ဘယ်လို လုပ်ပြီး ရှင်းရမလဲ ဆိုတာ သူ စပြီး စဉ်းစားတယ်၊ ဒီတော့ သူ့နည်းနှင့် စိစစ်လို့ မရတဲ့ စကားတွေကို အဓိပ္ပာယ် မရှိတဲ့ စကားတွေ ဆိုပြီး ပယ်ရှင်းပစ်လိုက်တယ်၊ သူ့နည်းကတော့ ဘယ် အယူအဆကို မဆို အနုမာန အဆိုပုံစံကို ပြောင်းလဲလို့ ရရမယ်၊ ဒါကို သူက Hypotheticalism လို့ ခေါ်တယ်၊ ဥပမာ မာကျောသော ဆိုတဲ့ ဂုဏ်ရည်ပြပုဒ် တစ်ခု ဆိုပါတော့၊ ဒါကို အနုမာန အဆို ပုံစံကို ပြောင်း ပြောလိုက်ရင် အကယ်၍ တစ်စုံတစ်ယောက်သော သူသည် ထိုအရာကို ချိုးဖဲ့သည် ဖြစ်လျှင် ထိုသို့ ပြုခြင်းငှာ တတ်နိုင်မည် မဟုတ်ဟု ဆိုတာမျိုး၊ မာကျောတာကို လက်တွေ့ ဘယ်လို စမ်းသပ်မလဲ၊ ဘယ်လို လုပ်ကြည့်ရင် မာကျောတဲ့ သဘောကို သိမလဲ၊ ချိုးကြည့် ဖဲ့ကြည့်၊ ဒါက လက်တွေ့ ဆောင်ရွက်မှု အပိုင်း၊ ဒီလို ဆောင်ရွက်တာကို သူက Operationalism လို့ ခေါ်တယ်၊ ဒီတော့ အဖြေက အတွေ့အကြုံမှာ ဘာသဘော ပေါ်သလဲ၊ ချိုးဖဲ့ မရတဲ့ သဘော ပေါ်တယ်၊ ဒီအဆင့်ကို သူက Experientalism လို့ ခေါ်တယ်၊ လက်ငင်း အကျိုးက ဘာလဲ၊ ချိုးဖဲ့ မရတာဘဲ၊ ဒါဖြင့် မာကျောခြင်း ဆိုတဲ့ ယေဘုယျ သဘော ဂုဏ်ရည်ပြ သဘောဟာ ချိုးဖဲ့ကြည့်၊ ချိုးလို့ ဖဲ့လို့ မရတာကို ခေါ်တာပဲလို့ အဓိပ္ပာယ် ရှင်းမသွားဘူးလား'

'ရှင်းသွားပါတယ် ဆရာ'

အတန်းသားများ ဘဝင်ကျစွာ ဆိုလေသည်။

'ဒါဖြင့် ဘယ်စကားကိုပဲ ပြောပြော ဘယ်အတွေးကိုပဲ တွေးတွေး အဲဒီ စကား အဲဒီ အတွေးကို လက်ငင်း အကျိုး ပေါ်အောင် စမ်းသပ်လို့ရမှ အဲဒီစကား အဲဒီ အတွေးဟာ အဓိပ္ပာယ် ရှိတယ်၊ စောစောကလို လက်တွေ့ စမ်းသပ်လို့ မရရင် အဲဒါ အဓိပ္ပာယ် မရှိဘူး၊ သိပ္ပံနည်း မကျဘူးလို့ ပဲယားစ်က သတ်မှတ်တယ်၊ ဒီ သဘောကိုကော သဘောပေါက်နိုင်တယ် မဟုတ်လား'

'သဘော ပေါက်ပါတယ် ဆရာ'

'ဒုတိယ အရေးကြီးတဲ့ အချက်ကတော့ ပရဂ္ဂမာတစ်ဇင်း ခေါ်တဲ့ လက်ငင်း အကျိုးကြည့် ဝါဒရဲ့ လောကီ သစ္စာ အမြင်ပဲ၊ ပဲယားစ်က အဓိပ္ပာယ်ရှိနှင့် အဓိပ္ပာယ်မဲ့ သဘောကို ဖော်ထုတ်ခဲ့တာကို ဝီလျံဂျိမ်းစ် လက်ထက်မှာ အမှန် (သစ္စာ) (truth) သဘောအထိ ချဲ့ထွင် စဉ်းစားလာခဲ့တယ်၊ ဂျိမ်းစ်ရဲ့ သဘောတရားကို ကျွန်တော်တို့ မဆွေးနွေးခင် ပဲယားစ်ရဲ့ အတွေးအမြင်ထဲက မှတ်သားထားသင့်တဲ့ အချက် အချို့ကို ပထမ ဆွေးနွေးသင့်သေးတယ်၊ ဒါကတော့ စောစောက ကိုဆန်းလွင် မေးတဲ့ မေးခွန်းထဲမှာ ပါတဲ့ ယုံကြည် စိတ်ချမှု (belief) သဘောပဲ၊ ပဲယားစ်ရဲ့ ***အတွေးကို ရှင်းအောင် ဘယ်လို လုပ်ကြမလဲ*** ဆိုတဲ့ စာတမ်းမှာ ယုံကြည် စိတ်ချမှုနှင့် ပတ်သက်ပြီး ဘယ်လို ဆိုထားသလဲ ဆိုတော့ (၁) ယုံကြည် စိတ်ချမှု ဆိုတာဟာ တစ်စုံတစ်ခုကို သိမြင်သဘောပေါက်တာ (it is something that we are aware of) ပဲတဲ့၊ လူတစ်ယောက်ဟာ သိမြင် သဘောပေါက်ရင် ဘဝင်ကျတာပဲ၊ ဒီ အဆင့်ကို ရောက်ရင် ယုံကြည် စိတ်ချမှု ဖြစ်တယ်၊ ဒါက သဘော တစ်ခုပဲ ရှင်းရဲ့လား'

'ရှင်းပါတယ် ဆရာ'

'(၂) ဒုတိယ သဘော တစ်မျိုးကတော့ မြန်မာစကားမှာ ပြောလေ့ ရှိတဲ့အတိုင်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သတ်နိုင်မှုပဲ၊ သံသယ ကင်းရှင်းသွားတာ၊ သို့လော သို့လော မဖြစ်တော့ဘဲ စိတ်၏ ကသိကအောက် ဖြစ်မှု ငြိမ်းသွားတာ၊ အဲဒါ ယုံကြည် စိတ်ချမှုပဲတဲ့၊ ယုံကြည် စိတ်ချပြီ ဆိုရင် စိတ်ရဲ့ ကြည်လင်ခြင်း ငြိမ်းအေးခြင်း ဖြစ်ရတာမျိုးပေါ့၊ ဒါကို သူက အတွေး၏ ငြိမ်သက်ခြင်း (thought at rest) လို့လည်း ဆိုတယ်၊ ယုံကြည် စိတ်ချမှု ဆိုတာ စိတ်အလုပ်ရဲ့ အပြေး ပြိုင်ကွင်းပဲလို့လည်း သူက ဆိုတယ်'

'ဘာကို ဆိုလိုတာလဲ ဆရာ'

'စိတ်အလုပ်ရဲ့ အပြေးပြိုင်ကွင်း ဆိုတာကို မေးတာလား'

'ဟုတ်ပါတယ် ဆရာ'

'ယုံကြည်ချက် ဆိုတဲ့ အတွေး အပြေးပြိုင်ကွင်းထဲမှာ အတွေးအခေါ်တွေ အပြေးပြိုင်နေကြရတယ်လို့ ဆိုတာပေါ့၊ ယုံကြည်ချက်ဟာ ကျွန်ုပ်တို့ အတွေး၏ ရလဒ် တစ်ခုပင် ဖြစ်သည်၊ ထို ယုံကြည်ချက်သည် အနာဂတ် အတွေးများကိုလည်း ဩဇာ သက်ရောက်မှု ရှိသည်လို့ သူ ရေးခဲ့တယ်၊ ပြီးတော့ ယုံကြည် စိတ်ချမှုရဲ့ အနှစ်သာရဟာ အလေ့အကျင့်ကို ထူထောင်ခြင်း ဖြစ်တယ်၊ ယုံကြည်မှုတွေကို ကွဲပြား ခြားနားအောင် ယုံကြည်မှုတွေကပဲ ခွဲခြားပါတယ်တဲ့၊ ဒီတော့ အကယ်၍ ယုံကြည်မှု ကိစ္စတွေမှာ အလေ့အကျင့် ဓလေ့ထုံးစံ အရ မကွဲပြားဘူး၊ ပြီးတော့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ခေါ်တဲ့ ယုံမှား

www.burmeseclassic.com



သံသယကို အပြုအမူ မလှေ့ စည်းကမ်း တစ်မျိုးတည်းနှင့် ပယ်ဖျောက်စေနိုင်တယ်လို့ ဆိုရင် အဲဒီ ယုံကြည်ချက်နှစ်ခုကို ကွဲပြား ခြားနားအောင် တခြား ဘာကမှ မပြုလုပ်နိုင်ဘူးလို့လည်း ဆိုတယ်။

'ယုံကြည်မှုကို ပြောရင် မှန်သော ယုံကြည်မှုနှင့် မှားသော ယုံကြည်မှု ဆိုတဲ့ သဘောကိုလည်း ထည့် ပြီး စဉ်းစားရပါလိမ့်မယ်၊ မြန်မာတွေ နားလည်တဲ့ သဘောနှင့် ပြောရရင် မှန်သော ယုံကြည်မှုကို သမ္မာဒိဋ္ဌိလို့ ခေါ်နိုင်ပြီး မှားသော ယုံကြည်မှုကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်နိုင်မယ်ထင်ပါတယ်၊ လူတွေ ယုံကြည်ရာမှာ အမှန် အမှား ဆိုတဲ့ ပြဿနာ ရှိသေးတယ်၊ ဘယ်ယုံကြည်ချက်က မှန်တယ်၊ ဘယ်ယုံကြည်ချက်က မှားတယ်လို့ ဆုံးဖြတ်ဖို့ကျတော့ ဘာကို စံထားပြီး ဆုံးဖြတ်မလဲ၊ ဒါဟာ ဒဿန ပညာရဲ့ ပြဿနာ တစ်ရပ် ဖြစ်လာပြန်တယ်။

'ဒီကိစ္စနှင့် ပတ်သက်ပြီး သိပ္ပံနည်း မကျတဲ့ ရှေးက အယူဝါဒတွေမှာ မိမိတို့ လက်ခံထားတဲ့ ကျမ်းဂန်စာပေမှာ ဟောကြားထားတာနှင့် ကိုက်ညီရင် အမှန်လို့ ဆုံးဖြတ်တာမျိုးတွေလည်း ရှိပါတယ်၊ ဒီ အယူအဆမျိုးတွေဟာ ဘာသာရေးမှာသာ မဟုတ်ဘူး၊ နိုင်ငံရေးမှာလည်း ဒီအတိုင်းပဲ၊ ဒါပေမယ့် ဒီ အတွေးအမြင်တွေဟာ သိပ္ပံပညာရှင်တွေရဲ့ အမှား အမှန် ဆုံးဖြတ်တဲ့ နည်းလောက် လူတကာ လက်ခံနိုင်တဲ့ အဖြေမျိုး မရနိုင်ဘူး၊ သိပ္ပံပညာမှာ လက်ခံထားတဲ့ ယုံကြည်မှု တစ်ခုကိုတော့ မှန်ကြောင်း လူတကာ လက်ခံနိုင်အောင် သက်သေပြတဲ့ နည်း ရှိတယ်၊ ဒါက စူးစမ်းနိုင်တဲ့ နည်းပဲ၊ ဘယ်လောက် အမြင်ချင်း မတူကြတဲ့ လူတွေ ဖြစ်ဖြစ် သိပ္ပံပညာက အထပ်ထပ် စူးစမ်းပြီး နောက်ဆုံးကျတော့ တစ်သဘောမှာ လူတွေ အားလုံး အမြင်တူ သွားကြတာပဲ၊ အဲဒီလို အဆုံးကျတော့ စူးစမ်းသူတွေ အားလုံး သ ဘော တူ လက်ခံကြတဲ့ အယူအဆကို အမှန် (သစ္စာ)လို့ ဆိုကြတာပဲ'

ပဲယားစ်၏ ပရဂ္ဂမာတစ်ဇင်းတွင် တင်ပြထားသည့် အဓိပ္ပာယ် အမြင်၊ ယုံကြည်မှု အမြင်၊ အမှန် (သစ္စာ) အမြင်တို့ကို ဆရာက တပည့်များ သဘောပေါက်အောင် တင်ပြပြီးနောက် ခေတ္တ ရပ်နားလိုက်သည် တွင် အကျွန်ုပ်၏ အတွေးများလည်း အတိတ်ဆီသို့ လွင့်စဉ်သွားလေသည်။

လက်တွေ့ ပဓာန ဝါဒ ဟူ၍ လည်းကောင်း၊ အသုံးကျမှု ပဓာန ဝါဒ ဟူ၍ လည်း ကောင်း၊ လက်ငင်းအကျိုးကြည့် အမြင်ဝါဒဟူ၍ လည်းကောင်း ခေါ်နိုင်သော ပရဂ္ဂမာတစ်ဇင်းသည် အမေရိကန် အတွေးအမြင်ဖြစ်သည်။ သိပ္ပံပညာ ထွန်းကားသော ခေတ်တွင် စက်မှုထွန်းကားသော လူ့ အဖွဲ့အစည်း တစ်ခုအတွင်း ပေါ်ပေါက်သော ထိုအတွေးအမြင်သည် သိပ္ပံနည်းကျ အတွေးအမြင် ဖြစ်မှုလည်း ထိုအတွေးအမြင်ကို ခေတ်လူများ လက်ခံကြပေလိမ့်မည်။

ရှေးက ဒဿန အယူဝါဒ မျိုးစုံ ပေါ်ပေါက်ခဲ့ကြရာတွင် ရုပ်ဝါဒီများက တစ်မျိုး၊ နာမ်ဝါဒီများက တစ်ဖုံ၊ အတွေ့အကြုံ အဓိက ဝါဒီက တစ်နည်း၊ ဆင်ခြင်တုံ အဓိက ဝါဒီများက တစ်သွယ်၊ မြားမြောင် ထွေပြားလှသော ဝိဝါဒများကိုသာ တင်ပြ ခဲ့ကြပါသည်။ သဘောတူမှုကို မရခဲ့ကြ။ သံသယ ကင်းသော အဖြေမျိုး လူတွေ အားလုံး မငြင်းနိုင်သော (လူအားလုံး လက်ခံနိုင်သော) တူညီသည့် အယူအဆမျိုးကို မရရှိခဲ့ကြချေ။ အဘယ်ကြောင့် ထိုသို့ ယုံကြည်မှု မတူခဲ့ကြပါသနည်း။

သိပ္ပံ ပညာရှင်များကမူ မိမိတို့ သိမြင်သည့် ယုံကြည်မှု တစ်ရပ်ကို လူသိရှင်ကြား တင်ပြလိုက်ပြီဆိုလျှင် မယုံကြည်သူများက ပထမ ပုဂ္ဂိုလ် ပြောသည့် အတိုင်း ဟုတ် မဟုတ်ကို သူတို့ဘာသာ လက်တွေ့ စမ်းသပ်ကြည့်ကြသည်။ ထို စူးစမ်းမှုကြောင့် အဆုံးတွင် မူလ တင်ပြသူ ရရှိသော ရလဒ် (အဖြေ) ကိုပင် နောက်လူတွေက ရရှိလျှင် ထိုယုံကြည်မှုကို မှန်သည်ဟု ယူဆကြတော့သည်။ ထိုမှန်ကန်မှုသည်ပင် ယုံကြည်မှု ဖြစ်ရပြန်လေသည်။

ဆရာ တင်ပြသော ဤ အကြောင်းအရာသည် တခြားသော စာသင်သားများအား ဘယ်သို့ ထိခိုက်စေမည် မသိပါ။ အကျွန်ုပ် အဖို့မူကား ကန္တာရ ခရီးအကြား၌ မောဟိုက် ပင်ပန်းစဉ် ဆရာ့ စကား ဆရာ၏ လောကီသစ္စာ အမြင် တင်ပြချက်ကို ကြားရသည်မှာ ကျောက်စက်ရေ အေးမြမြကို အားရပါးရ သောက်လိုက်ရသလို ရင်မှာ အေးမြ ရွှင်လန်းရပါသည်။

လူ့ဘဝဝယ် ယုံကြည်ရာ ရှာမရဘဲ ဘဝ ခရီးကို သွားနေရခြင်းသည် အားကိုးရာ အဖော် မပါသလို၊ မှီခိုရာ လက်နက် မပါသလို၊ စူးစမ်းရာ လမ်းညွှန် လမ်းပြ (မြေပုံ) အိမ်မြှောင် မပါသလို ဆောက်တည်ရာမဲ့ ဖြစ်ရသည်ကား အမှန်ပင် ဖြစ်ပါသည်။

ကျေးဇူးရှင် ဆရာသမားသည် အကျွန်ုပ်အား ဘဝ၏ ဆောက်တည်ရာ အတွက် ယုံကြည် စိတ်ချမှု

www.burmeseclassic.com



တစ်ခု ရရှိရန် ဟောပြောနေသည်မှာ မျက်စိ နှစ်ကွင်း အလင်းမရသူကို မျက်စိ အလင်းရောင် ရအောင် ကုစား ပေးနေသည်နှင့်လည်း တူညီလှပါသည်။

'ပဲယားစ်ရဲ့ ပရဂ္ဂမာတစ်ဇင်းက လမ်းခင်း လာတဲ့ အဓိပ္ပာယ် အယူအဆ၊ ယုံကြည်မှု အယူအဆနှင့် လောကီအမှန် (သစ္စာ) အယူအဆတွေကိုတော့ နားလည် သဘော ပေါက်ကြပြီ မဟုတ်လား'

'နားလည်ပါတယ် ဆရာ၊ ကျေးဇူး တင်ပါတယ်'

'ပဲယားစ် ပြီးတော့ လက်ငင်း အကျိုးကြည့် ဝါဒကို ဆက်လက် ထူထောင် သူဟာ ဝီလျံ ဂျိမ်းစ် (၁၈၄၂–၁၉၁၀) ဖြစ်ပါတယ်၊ ဝီလျံ ဂျိမ်းစ်ဟာ သစ္စာ တရားနှင့် လက်တွေ့သဘော (truth and practice) ကို ဆက်စပ် တင်ပြခဲ့တဲ့ ဒဿန ပညာရှင် တစ်ဦး အဖြစ် ကမ္ဘာ့ အတွေးအမြင် သမိုင်းမှာ ထင်ရှားပါတယ်။

'စောစောက ပဲယားစ် အတွေးအမြင်မှာ ပရဂ္ဂမာ တစ်ဇင်းရဲ့ အဓိပ္ပာယ် သဘောတရား (Theory of Meaning) နှင့် ဂျိမ်းစ်ရဲ့ သစ္စာ သဘောတရား (Theory of Truth) တို့ရဲ့ ဆက်စပ်ပုံကို ကျွန်တော် တို့ ဆက်လက် စဉ်းစား သင့်ပါတယ်၊ လိုရင်းကို ချုံပြီး ပြောရင် ပဲယားစ်ရဲ့ သဘောကတော့ စကားလုံး တစ်လုံး ပဲ ဖြစ်ဖြစ်၊ အယူအဆ တစ်ခုပဲ ဖြစ်ဖြစ် လက်တွေ့ စမ်းသပ် စစ်ဆေးလို့ ရမှ အဓိပ္ပာယ် ရှိတယ်၊ လက်တွေ့ စမ်းသပ်လို့ မရရင် အဓိပ္ပာယ် မရှိဘူးလို့ ယူဆတာပဲ၊ တစ်ဆက်တည်း ပြောရင် သိပ္ပံပညာမှာ ရှိတဲ့ အယူအဆ တွေ အားလုံးဟာ လက်တွေ့ စမ်းသပ် စစ်ဆေးလို့ ရတယ်၊ သိပ္ပံပညာရှင်တွေ ယုံကြည်တာကို လူတိုင်းက သဘောတူတယ်၊ ယုံကြည် လက်ခံတယ်၊ ဒါဘာကြောင့် လဲ ဆိုတော့ စူးစမ်းလို့ ရလို့၊ စမ်းသပ် ကြည့်ခွင့် ရှိလို့ ပဲ၊ ဒီသဘောဟာ လက်တွေ့ ပမာဏ ဝါဒီတို့ရဲ့ အခြေခံ အယူအဆ တစ်ခုပဲလို့လည်း ဆိုနိုင်ပါတယ်။

'ဝီလျံ ဂျိမ်းစ်ကတော့ အမှန် (သစ္စာ) ဆိုတဲ့ သဘောကို ပရမတ္ထ သဘောနှင့် မရှုဘူး၊ လောကီ သစ္စာဟာ သမုတိသစ္စာပဲလို့ ဆုံးဖြတ်တယ်၊ လောကီ အမှန် (သစ္စာ) ဆိုတာ အမြဲ (ထာဝရ) သဘော မဟုတ်ဘူး၊ ယာယီ သစ္စာတွေသာ ဖြစ်တယ်လို့ ယူတယ်၊ သဘောတရား တစ်ခု မှန်တယ် ဆိုတာ အချိန်အခါ အလျောက်၊ အခြေအနေ အလျောက်သာ ယုံကြည် လက်ခံဖွယ် ဖြစ်တယ်၊ ယုံကြည် လက်ခံဖွယ် ဖြစ်တယ် ဆိုတာဟာလည်း တခြားကြောင့် မဟုတ်ဘူး၊ ယုံကြည် လက်ခံဖို့ အကောင်းဆုံး ဖြစ်နေလို့ပဲ ဖြစ်တယ်၊ ဒီတော့ မှန်တယ် ဆိုတာဟာ ယုံကြည် လက်ခံဖွယ် အကောင်းဆုံး ဖြစ်နေတဲ့ သဘောကို ပြောတာလို့ ဆိုတယ်၊ အဲဒီ အခြေအနေဟာ လူတစ်ဦး အဖို့ အားရ ကျေနပ်ဖို့ အကောင်းဆုံး အခြေအနေ ဖြစ်တယ်၊ ကျေနပ်ဖို့ အကောင်းဆုံး အခြေအနေ ဆိုတာကလည်း တခြား မဟုတ်ဘူး၊ လက်ငင်း အကျိုးကျေးဇူး ရှိတဲ့ အခြေအနေ ကို ဆိုတာပဲ။

'၁၉၀၇ ခုနှစ်တုန်းက ဝီလျံ ဂျိမ်းစ် ဟောခဲ့တဲ့ ***လက်ငင်း အကျိုးကြည့် ဝါဒ ဆိုတာ ဘာကို ဆိုလိုသလဲ*** (What Pragmaticism Means) ဆိုတဲ့ စာတမ်းမှာ သူ့ သဘောတရားတွေကို လိုရင်း အချုပ် ဖော်ပြထား ပါတယ်။

'နှစ်ဆယ်ရာစု အတွေးအခေါ်တွေမှာ ထူးခြား လာတဲ့ အချက် တစ်ချက် ရှိတယ်၊ အဲဒီ အချက်ကို သတိထားသင့်တယ်၊ အလျဉ်းသင့်လို့ ဖော်ပြတာ၊ အဲဒါ ဘာလဲလို့ ဆိုတော့ နှစ်ဆယ်ရာစု ဒဿန ပညာဟာ ရှေးက ဒဿန ပညာလို အတွေးအခေါ် ပုံစံ တစ်ခု၊ စနစ်ကြီး တစ်ခုကို ဂျီသြမေတြီ ပုစ္ဆာ တစ်ပုဒ်ကို တွက်သလို တည်ဆောက်တာ မဟုတ်ဘူး၊ ဥပမာ ပရဂ္ဂမာ တစ်ဇင်း ဆိုပါတော့၊ ဒီဝါဒဟာ အတွေးအခေါ် စနစ် မဟုတ်ဘူး၊ ဒါက တွေးခေါ်ပုံ နည်းလမ်း (method) တစ်ခုသာ ဖြစ်တယ်၊ ဆိုလိုတာက မှန်ကန်တဲ့ သစ္စာ အမြင် တစ်ခုကို ရအောင် ဘယ်ပုံ ဘယ်နည်း တွေးခေါ် မြော်မြင်ရမယ်ဆိုတဲ့ နည်းကို ပြတာ၊ အဓိပ္ပာယ် ရှိတဲ့ အတွေးအမြင်နှင့် အဓိပ္ပာယ် မရှိတဲ့ အတွေးအမြင်ကို ခွဲထုတ်ပြတာ၊ ယုံကြည် လက်ခံနိုင်တဲ့ တရားနှင့် ယုံကြည် လက်ခံဖွယ် မရှိတဲ့ တရားကို ဘယ်နည်းနှင့် ခွဲခြမ်းကြည့်ရင် ရနိုင်တယ် ဆိုတာကို ပြတာ၊ ဒါကြောင့် ဒီဝါဒကို လက်ငင်း အကျိုးကြည့်နည်းလို့လည်း ခေါ်နိုင်ပါတယ်၊ ဂျိမ်းစ် ပြောတာကတော့ ဘယ်အယူအဆ ဘယ်အမြင်ပဲ ဖြစ်ဖြစ် ကျွန်ုပ်တို့အား အတွေ့အကြုံ တစ်ရပ်မှ အတွေ့အကြုံ တစ်ရပ်သို့ အောင်အောင်မြင်မြင် ထိထိရောက်ရောက် သယ်ပို့နိုင်တယ်၊ အခြေအနေ အရပ်ရပ်ကို စိတ်ကျေနပ်ဖွယ် ဖြစ်အောင်လည်း ဆက်စပ်ပေး နိုင်တယ်၊ စိတ်ချရတယ်၊ လွယ်ကူတယ်၊ အချိန်ကုန် လုပန်း သက်သာတယ်၊ အလုပ် ဖြစ်တယ်၊ အကျိုးစီးပွား ဖြစ်စေတယ်လို့ ဆိုရင် အဲဒီ အယူအဆ အတွေးအမြင်ဟာ အခြေအနေအရ မှန်တယ်လို့ မှတ်ပါတဲ့။

www.burmeseclassic.com



'ဆိုလိုတဲ့ သဘောကတော့ လူ့ဘဝ အတွက် ကျေနပ်ဖွယ် ကောင်းတဲ့ လက်ငင်း အကျိုးကို ပေးနိုင်မှ အဲဒီ အတွေးအမြင် အယူအဆကို မှန်တယ်လို့ ယူဆနိုင်မယ်တဲ့၊ လက်ငင်း အကျိုး မပေးတဲ့ အတွေးအမြင် အယူအဆကို မှန်တယ်လို့ မယူဆနိုင်ဘူးတဲ့၊ ဒီတော့ အတွေးအမြင် အယူအဆ ဆိုတာ အသုံးချစရာ လက်သုံးကိရိယာ (**instrument**) တစ်ခုပါပဲတဲ့၊ လောကီ အမှန်တရား (သစ္စာ) ဆိုတာ ဒါကြောင့် အလုပ် ဖြစ်တာ အသုံးကျတာကို ပြောတာလို့ ဒီဝါဒက ဆိုတယ်။'

'သဘောတရား (သီဝရီ) တစ်ခု ဘယ်လောက် မှန်သလဲ ဆိုတာ လူ့ဘဝ ပြဿနာ တစ်ခုကို ဖြေရှင်းရာမှာ ဘယ်လောက် အောင်အောင်မြင်မြင် ဖြေရှင်း ပေးနိုင်သလဲ၊ ဘယ်လောက် အသုံးဝင်သလဲ ဆိုတဲ့ အသုံးကျမှု အတိုင်းအဆပေါ်မှာ တည်တယ်တဲ့၊ ပြဿနာတွေကို ဖြေရှင်းရာမှာ ဒီနည်းနှင့် ဖြေရှင်းတာဟာ ဟိုနည်းနှင့် ဖြေရှင်းတာထက် ပိုပြီး စိတ်ကျေနပ်ဖွယ် အကျိုးကို ရရှိစေနိုင်တယ်လို့ ဆိုရင် ဒီနည်း ဒီသဘောတရားဟာ ဟိုနည်း ဟိုသဘောတရားထက် ပိုပြီး မှန်တယ်လို့ လူ့လောကမှာ သတ် မှတ် နိုင် ပါ တယ် တဲ့၊ ဒီတော့ကာ အမှန်တရား (သစ္စာ) ဆိုတာ တစ်သမတ်တည်း တစ်ပုံစံတည်း မရှိဘူး၊ အသွင်သဏ္ဌာန် အမျိုးမျိုး ပြောင်းနိုင်တဲ့ တရားပါပဲတဲ့။

'ဝီလျံ ဂျိမ်းစ် ဒီလို သဘော ထား တာ ဟာ မဆန်းပါဘူး၊ သူ့ အယူအဆမျိုးဟာ လက်ငင်း အကျိုးအမြတ်ကိုသာ ကြည့်ပြီး အမြတ်ရတဲ့ အလုပ်ဆိုရင် ဘာပဲ လုပ်လုပ် မှန်တယ် ဆိုတဲ့ အရင်းရှင် ကုန်သည် အတွေးအခေါ်မျိုးကိုး၊ ကိုယ့် အတွက် လက်ငင်း အကျိုးစီးပွား ဖြစ်မယ် ဆိုရင် ဘနဖူးမှာပဲ ဖြစ်ဖြစ် သိုက်တူးမယ် ဆိုတဲ့ အတွေးအခေါ်ပဲကိုး။

'ဒီအတွေးအမြင်ဟာ အမေရိကန် လူ့အဖွဲ့အစည်းပေါ်မှာ အင်မတန် ဩဇာ ညောင်းတဲ့ အတွေးအခေါ် တစ်ခု ဖြစ်ခဲ့တယ်၊ ဒါကြောင့် အမေရိကန် လူမျိုးဟာ အမြဲတမ်း သူတို့ အင်အားကြီးဖို့ သူတို့ စိုးမိုး ခြယ်လှယ်နိုင်ဖို့ သူတို့ အကျိုးအမြတ် ရှိဖို့ကိုသာ ကြည့်တယ်၊ လက်ငင်း အကျိုးလည်း ရှိမယ်၊ သူတို့ အတွက် အမြတ်လည်း ထွက်မယ်ဆိုရင် ဒုတိယ ကမ္ဘာစစ်တုန်းက ဟီရိုရှီးမား နှင့် နာဂါဆာကီလို ဂျပန်ပြည်က မြို့ကြီးတွေကို အဏုမြူဗုံး ကြဲချပစ်ဖို့ ဝန်မလေးခဲ့ဘူး။

'ဒီဝါဒရဲ့ လူ့လောက အပေါ် ကျရောက်လာမယ့် အကျိုးနှင့် အပြစ်ကို ချိန်စက် ကြည့်ဖို့ကတော့ ခင်ဗျားတို့မှာ တာဝန် ရှိတယ်၊ ကျွန်တော်ကတော့ အရှိကို အရှိ အတိုင်းပဲ တင်ပြတာ၊ ဒီအထိ သဘောပေါက်တယ် မဟုတ်လား'

'သဘောပေါက်ပါတယ် ဆရာ၊ ကျေးဇူး တင်ပါတယ်'

'ဝီလျံဂျိမ်းစ်ရဲ့ အတွေးအခေါ်တွေကို အကျယ် လေ့လာချင်သူတွေကတော့ ၁၈၉၆ ခုနှစ်မှာ သူ ရေးခဲ့တဲ့ ***ယုံကြည်လိုသော ဆန္ဒ*** (The will to belief) ကို ဖတ်ပါ၊ ၁၉၀၇ ခုနှစ်မှာ ***လက်ငင်း အကျိုးကြည့် ဝါဒ*** (**Pragmaticism**) အမည်နှင့်လည်း စာတစ်အုပ် ရေးခဲ့ပါသေးတယ်၊ ဖတ်ပါ၊ ဌာန စာကြည့်တိုက်မှာ အပြည့်အစုံ ရှိပါတယ်'

'ဒေါက်တာ ဂျူဝီရဲ့ လက်ငင်း အကျိုးကြည့်ဝါဒက ဝီလျံဂျိမ်းစ်ရဲ့ အမြင် နှင့် ဘယ်လို ခြားနားပါသလဲ ဆရာ'

မိနီက ဆရာ့ စကားဆက် ပြတ်သွားမည် စိုး၍ ထင်ပါသည်။ ကောက်ကာ ငင်ကာ မေးလေသည်။

'ဘာထရန်ရပ်ဆယ်ကတော့ သူ့ရဲ့ အနောက်တိုင်း အတွေးအမြင် သမိုင်း စာအုပ်ထဲမှာ ဒေါက်တာ ဂျူဝီကို တော်တော် ချီးမွမ်းတယ်၊ သူ့ အယူအဆတွေနှင့် ဒေါက်တာ ဂျူဝီရဲ့ အယူအဆတွေဟာ တော်တော် တူတယ်လို့လည်း ဝန်ခံထားတယ်၊ ရပ်ဆယ်ရဲ့ အဓိက မှတ်ချက်ကတော့ ဒေါက်တာ ဂျူဝီရဲ့ အမြင်တွေဟာ သိပ္ပံနည်း ကျတယ်၊ အများအားဖြင့် သူ ဆင်ခြင် စဉ်းစားတာတွေဟာ သိပ္ပံနည်းလမ်းတွေကို စိစစ် သုံးသပ်ရာက ရလာတဲ့ အမြင်တွေ ဖြစ်တယ်၊ ဝီလျံ ဂျိမ်းစ်ရဲ့ အမြင်တွေကတော့ ဘာသာရေးနှင့် ကိုယ်ကျင့်တရားတွေကို စိစစ်ရာက ရလာတဲ့ အမြင်တွေသာ ဖြစ်တယ်လို့လည်း သုံးသပ်ထားပါတယ်၊ * အမှန်တော့ ဂျွန်ဂျူဝီဟာ အမေရိကန် ပညာရေး လောကနှင့် အမေရိကန် နိုင်ငံရေး လောကကို အတွေးအမြင်အားဖြင့် ရှေ့ဆောင်လမ်းပြ ပြုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်တယ်၊ သူ့ရဲ့ အတွေးအမြင် ဩဇာဟာ အမေရိကန် လူမျိုး အပေါ်မှာ အင်မတန် ကြီးမားတယ်၊ ဒါကိုတော့ သိထား သင့်ပါတယ်၊ ခင်ဗျားတို့ စာသင်သားတွေ အနေနှင့် သက်ရှိ တွေးခေါ်ရှင်များ ပိဋကတ်တိုက် စာစဉ်က ထုတ်ဝေတဲ့

--------------

* *A History of Philosophy p 816*

www.burmeseclassic.com



***ဂျွန်ဂျူဝီ၏ ဒဿန*** (The Philosophy of John Dewey) ဆိုတဲ့ စာအုပ်ကို လေ့လာသင့်တယ်၊ ပေါလ် အာသာ ရှလစ်ပ် (Paul Arthur Schilpp) တည်းဖြတ်ထားတာ၊ ဒီစာအုပ်မှာ ဂျူဝီရဲ့ သမိုင်းဒဿန အမြင်၊ ဂျူဝီရဲ့ ယုတ္တိဗေဒသစ် အမြင်၊ ဂျူဝီရဲ့ သိပ္ပံဒဿန အမြင်၊ သူ့ရဲ့ နိုင်ငံရေး၊ ပညာရေး၊ ကိုယ်ကျင့်တရားရေး၊ ဘာသာရေး စတဲ့ လူ့ဘဝရေးရာ ဒဿန အမြင်တွေ အားလုံးကို အကျယ် နားလည်နိုင်တာပေါ့။

'ဖီလိုဆိုဖီ ခေါ်တဲ့ ဒဿနပညာ အပေါ်မှာ သူထားတဲ့ အမြင်နှင့် သဘောထားကို သူ ရေးခဲ့တဲ့ ***ယုတ္တိဗေဒ သဘောတရားကို လေ့လာခြင်း*** (Studies in Logical Theory) မှာ လေ့လာနိုင်တယ်၊ သူ ရေးခဲ့တဲ့ ဒဿန ကျမ်းတွေထဲမှာ လူဖတ်များတဲ့ နာမည်ကျော် ကျမ်းတစ်စောင်ကတော့ ၁၉၁၉ ခုနှစ်လောက်တုန်းက သူရေးခဲ့တဲ့ ***အတွေးအမြင် ပြန်လည် တည်ဆောက်ခြင်း*** (Reconstruction in Philosophy) ဆိုတဲ့ ကျမ်းပဲ၊ ဒီကျမ်းမှာလည်း သူ့ရဲ့ ဒဿနပညာနှင့် ပတ်သက်တဲ့ အယူအဆတွေကို တင်ပြထားပါတယ်၊ အတွေးအမြင် ပညာကို လိုက်စားသူတွေ ဖတ်သင့်တဲ့ စာအုပ် တစ်အုပ်ပဲ၊ ဒီကျမ်းမှာ သူ့အမြင် နှစ်ရပ်ကို တင်ပြထားပါတယ်၊ အမြင်နှစ်ရပ် ဆိုတာက ဒဿနပညာ ဆိုသည်မှာ ဆိုတဲ့ သဘောနှင့် ဒဿန ပညာ၏ အလုပ်ကိစ္စ သဘောကို ပြောတာပါ၊ ဒါကို လိုရင်း ချုပ်ပြီး ပြောရင် ဖီလိုဆိုဖီ (ဒဿန) ဆိုတာ စက္ခုအလင်း (အမြင်) (vision) ဖြစ်ပြီး ဒဿနရဲ့ အဓိကအလုပ်ဟာ လူ့စိတ်ကို အဂတိနှင့် အာဃာတလို့ ခေါ်တဲ့ ငုံကွက် ဘက်လိုက်မှု နှင့် အကျိုးပျက်စီးစေလိုတဲ့ စိတ်ရဲ့ အခုအခံ တရားတွေက ကင်းရှင်းသွားအောင် ပြုဖို့နှင့် လူသားတို့ရဲ့ လောက အမြင်ကို ကျယ်အောင် လုပ်ပေးဖို့ပဲ ဖြစ်တယ် * လို့ ဆိုတယ်၊ ဒီစာအုပ်မှာ ဒဿနနှင့် ပတ်သက်တဲ့ သဘောထား တော်တော်များများကို ဂျူဝီ တင်ပြထားပါတယ်၊ ဒါပေမယ့် ဂျူဝီရဲ့ နောက်ဆုံး သဘောထား ပြောင်းလဲလာပုံတွေကိုတော့ သူ့ရဲ့ ***အတွေ့အကြုံ နှင့် သဘာဝ*** (Experience and Nature) ဆိုတဲ့ ကျမ်းမှာ ကျွန်တော်တို့ လေ့လာ နိုင်ပါတယ်၊ ဂျူဝီဟာ အတွေးအခေါ် ကျမ်းပေါင်း များစွာ ရေးခဲ့တော့ ဘာထရန်ရပ်ဆယ်လိုပဲ သူ့အတွေးအခေါ်တွေဟာ ဘက်စုံ ဖြစ်နေတယ်'

---

* *Dewey's Conception of Philosophy, J. Rater - from philosophy of John Dewey p 62*

'***လူ့သဘာဝ နှင့် လူ့အပြုအမူ*** (Human Nature and Conduct) ဆိုတာလည်း တစ်ကျမ်း ရှိသေးတယ် မဟုတ်လား ဆရာ'

'ဟုတ်တယ် တစ်ကျမ်း မကဘူး၊ သူ့ရဲ့ လူမှုရေး ကိုယ်ကျင့်တရားဆိုင်ရာ အတွေ့အကြုံနှင့် ပတ်သက်တဲ့ ယုတ္တိဗေဒဟာ အဲဒီ ***လူ့သဘာဝနှင့် လူ့အပြုအမူ*** ကျမ်းပဲ၊ ရသပညာနယ်မှာလည်း သူ့ရဲ့ ထင်ရှားတဲ့ ကျမ်း တစ်ခု ရှိသေးတယ်၊ ***အနုပညာ အတွေ့အကြုံ*** (Art as Experience) ဆိုတဲ့ကျမ်း၊ ဘာသာရေး အတွက်ကတော့ ***အများနှစ် ယုံကြည် ကိုးကွယ်မှု*** (A Common Faith) ဆိုတဲ့ကျမ်း၊ ယုတ္တိဗေဒ အတွက်ကတော့ ***ကေန္ဒ သဘောကို စူးစမ်း ရှာဖွေခြင်း*** (The Quest for Certainty) နှင့် ***ယုတ္တိဗေဒ စူးစမ်း လေ့လာမှု သဘော*** (Logic. Theory of Inquiry) အစရှိတဲ့ စာအုပ်ပေါင်း များစွာ ရေးခဲ့ပါတယ်၊ ဒီတော့ သူ လေ့လာ တင်ပြခဲ့သမျှ တွေးခေါ်သမျှ အားလုံးကို တစ်ထိုင်တည်း အပြည့်အစုံ တင်ပြဖို့တော့ မလွယ်ဘူး၊ သူ့ရဲ့ အခြေခံသဘော အမြင်ကိုပဲ နားလည်အောင် ဒီမှာ တင်ပြလိုပါတယ်။

'ဒါဆို ဂျိမ်းစ်ရဲ့ အတွေး အမြင်တွေမှာလို ယုံကြည် စိတ်ချမှု (belief) ကပဲ ပြန်စရမယ်။

'သိပ္ပံပညာမှာ အတွေ့အကြုံနှင့် ထိတွေ့ သိမြင်နေရတဲ့ သဘာဝ လောကထဲက ဝတ္ထုပစ္စည်းတွေ အဖြစ်အပျက်တွေဟာ အမှန်တကယ် တည်ရှိကြတဲ့ အရာတွေပဲလို့ ယုံကြည် လက်ခံတယ်၊ ဒါနှင့် ပတ်သက်တဲ့ အယူအဆ အမျိုးမျိုးကို ကျွန်တော်တို့ ရှေ့ပိုင်းမှာ တော်တော်များများ လေ့လာခဲ့ပြီးပြီ၊ ဂျိမ်းစ်ရဲ့ လက်ငင်း အကျိုးကြည့် အမြင်မှာ လက်ငင်း အကျိုးပေးရင် မှန်တယ် ဆိုတဲ့ သဘောကိုလည်း ပြောခဲ့ပြီးပြီ။

'ခု ဂျူဝီရဲ့ အတွေးအခေါ်မှာ လူ့အပြုအမူကြောင့် ဖြစ်ပေါ်လာတဲ့ ကုသိုလ် အကုသိုလ် အကောင်း အဆိုး အယုတ် အမြတ် ဘာသာတွေနှင့် ပတ်သက်တဲ့ ယုံကြည်လက်ခံမှု သဘောကိုပါ စဉ်းစား လာတယ်၊ ဂျူဝီဟာ ဒဿန မှန်သမျှကို ရှာဖွေ စူးစမ်းမှု သဘောတွေချည်းပဲလို့ မြင်တယ်၊ ဘာကို ရှာဖွေ စူးစမ်းတာလဲ ဆိုတော့ လောကီသစ္စာ ခေါ်တဲ့ အမှန်တရားကို ရှာဖွေ စူးစမ်းတာပဲ။

'အမှန်တရား (လောကီ သစ္စာ) နှင့် ပတ်သက်ပြီး ဒေါက်တာ ဂျူဝီဟာ ရှေးက ဒဿန ဆရာကြီးများ

www.burmeseclassic.com



လက်ခံခဲ့တဲ့ သဘောတရားတွေကို ဝေဖန် သုံးသပ် တင်ပြပုံမှာ ထူးခြားသူ တစ်ယောက်လို့ ဆိုနိုင်ပါတယ်၊ * သူ့ရဲ့ ***အတွေးအမြင် ပြန်လည် တည်ဆောက်ရေး*** ကျမ်းဟာ ဖီလိုဆိုဖီရဲ့ ဘက်ပေါင်းစုံမှာ ရှိတဲ့ ရှေး ဂန္ထဝင် အယူအဆများကို ပြန်လည် သုံးသပ်ထားတဲ့ ကျမ်း ဖြစ်ပါတယ်၊ လက်ငင်း အကျိုးကြည့် ဝါဒီ တစ်ဦး ဗီဗီသူဟာ အမှန်တရား (သစ္စာ) ကို ရှုမြင်ရာမှာ ဒိုင်ယာလက်တစ် ရုပ်ဝါဒီတွေနှင့် ပိုပြီး နီးစပ်သလိုလို ရှိပါတယ်၊ နီးစပ်တယ် ဆိုတာက တခြား မဟုတ်ပါဘူး၊ သူက အမှန်တရား (သစ္စာ)ကို တရားသေလို့ မမှတ်ဘူး၊ တရားရှင်လို့ မှတ်တယ်၊ တရားရှင်လို့ မှတ်တယ် ဆိုတာက ဘာလဲ ဆိုတော့ လောကရဲ့ အမှန် (သစ္စာတရား) ဟာ သင်္ချာပညာက အမှန်တရားလို ကိန်းသေ မဟုတ်ဘူး၊ ဇီဝဗေဒက အမှန်တရားလို ကိန်းရှင်သဘော မြင်တာကို ဆိုလိုပါတယ်၊ လူ့လောကမှာ လူတွေ လက်ခံ ကျင့်သုံးနေတဲ့ သစ္စာအမြင် တရားဟာ အစဉ် ပြောင်းလဲ တိုးတက်နေတဲ့ အီဗော်လူးရှင်း ဖြစ်စဉ် တစ်ရပ်လို့ သူ မြင်တာကို ဆိုလိုပါတယ်။

'လူ့ အသိပညာဟာလည်း အစဉ် တိုးတက် ပြောင်းလဲနေတဲ့ ဖြစ်စဉ် တစ်ရပ်ပဲလို့ သူ မြင်တာကိုး။

'စကားအရာ တစ်စုံတစ်ခုကို ဖွင့်ဟ ပြောဆိုတဲ့အခါ အသုံးပြုတဲ့ ဝါကျ တစ်ခုရဲ့ အမှန် အမှားဟာ အဲဒီဝါကျထဲမှာ ပါဝင်တဲ့ စကားလုံးတွေ အပေါ်မှာ မတည်ဘူး၊ ဒီဝါကျရဲ့ အကျိုး သက်ရောက်မှု အပေါ်မှာသာ တည်တယ်၊ အဲဒီ အကျိုး သက်ရောက်မှု ဆိုတာဟာ ဘာလဲ ဆိုတော့ အဓိပ္ပာယ်ကို ပြောတာပဲ၊ ဝါကျတွေကို ဘာသာစကား အမျိုးမျိုးနှင့် ဖော်ပြပုံ မတူနိုင်သော်လည်း အကျိုး သက်ရောက်မှုဆိုတဲ့ အဓိပ္ပာယ်ကတော့ အတူတူ ထွက်ပေါ်လာနိုင်တယ်၊ အဲဒီ အကျိုး သက်ရောက်မှု (အဓိပ္ပာယ်) ကသာ အဲဒီ ဝါကျရဲ့ အမှန် နှင့် အမှားကို ဆုံးဖြတ်တယ်၊ လူတစ်ယောက်ဟာ ဝါကျ တစ်ခု (ဝါ) ဖော်ပြချက် တစ်ခုကို လက်ခံ လိုက်တာဟာ သူ့ရဲ့ ယုံကြည် လက်ခံမှု တစ်ရပ်ကို ဖော်ပြလိုက်တာပဲတဲ့၊ ဂျူဝီ ပြောလိုက်တဲ့ ဒီသဘောကိုကော ခင်ဗျားတို့ နားလည်နိုင်တယ် မဟုတ်လား'

'ဖော်ပြချက် (ဝါကျ) တိုင်းဟာ ယုံကြည် လက်ခံမှု တစ်ခုစီကို ဖွင့်ဟ ပြောဆိုချက် တစ်ခုစီ ဖြစ်တယ်လို့ နားလည်နိုင်တယ် မဟုတ်လား ဆရာ'

အကျွန်ုပ်က မိမိ နားလည်သည်ကို သေချာအောင် မေးလိုက်သည်။ ဆရာက သဘောတူသည်။

'ဟုတ်ပါတယ်၊ ဥပမာ ၁၄၉၂ ခုနှစ်တွင် ကိုလမ်ဘတ်သည် သမုဒ္ဒရာကို ဖြတ်သန်းခဲ့သည် ဆိုတဲ့ ဝါကျ (ဖော်ပြချက်) နှင့် ၁၇၇၆ ခုနှစ်တွင် ကိုလမ်ဘတ်သည် သမုဒ္ဒရာကို ဖြတ်သန်းခဲ့သည် ဆိုတဲ့ ဝါကျ (ဖော်ပြချက်) နှစ်ခုကို ကြည့်ပါ၊ ဝါကျ တစ်ခုစီမှာ ယုံကြည် လက်ခံထားတဲ့ အယူအဆ တစ်ရပ်စီကို ဖော်ပြထားတာတွေ့ရတယ်၊ ဒီ ယုံကြည် လက်ခံထားတဲ့ အယူအဆ နှစ်ခုမှာ ဘယ်ယုံကြည်မှု မှန်သလဲ၊ ဒီ ယုံကြည်ချက်ရဲ့ အမှား အမှန်ကို ဆုံးဖြတ်ဖို့ကျတော့ စုံစမ်း စစ်ဆေး ရမယ် မဟုတ်လား'

'ဟုတ်တာပေါ့ နော်'

မိန်းကလေးများ ဘက်မှ အသံ ဖြစ်ပါသည်။ ဘယ်သူ့ အသံမှန်း တိတိကျကျ မသိလိုက်ပါ။

'စုံစမ်းတယ် ဆိုတဲ့ နေရာမှာ တချို့ ယုံကြည် လက်ခံထားတဲ့ အယူအဆတွေကို စမ်းသပ် စစ်ဆေး ရတယ်၊ စမ်းသပ်တဲ့ အခါ ကျေနပ်ဖွယ် နှစ်သက်ဖွယ် အဖြေ မထွက်ဘူး၊ မနှစ်သက်ဖွယ် တုန်လှုပ် ချောက်ချားစရာ အဖြေမျိုး ထွက်လာတတ်တယ်၊ အဲဒီလို တုန်လှုပ် ချောက်ချားစရာ၊ လက်မခံနိုင်စရာ၊ အံ့အား သင့်စရာ အဖြေထွက်လာရင် အဲဒီ ယုံကြည် လက်ခံထားမှုဟာ မှားတယ်လို့ ဂျူဝီရဲ့ လက်ငင်း အကျိုးကြည့် ဝါဒမှာ ရှုမြင် သုံးသပ်တယ်၊ ဒီလို မထင်တာ ဖြစ်လို့ အံ့အားသင့်ရမှုကို စံထားပြီး အမှား အမှန်ကို ဆုံးဖြတ်တာကို လက်ခံနိုင်ပါ့မလား၊ အံ့အား သင့်ရတာ၊ အံ့အား မသင့်ရတာဟာ အမှား အမှန်ရဲ့ အဓိပ္ပာယ် ဖြစ်နိုင်ပါ့မလား။

'ဒီနေရာမှာ ဘာထရန်ရပ်ဆယ်ရဲ့ သုံးသပ်ချက်ကို ကြည့်သင့်တယ်၊ ဆိုကြပါစို့၊ လူတစ်ယောက်ဟာ မိုးကြိုး မှန်တိုင်း တိုက်ခတ်နေစဉ် မှန်တိုင်းကြားကို ဖြတ်လျှောက်တယ်၊ သူ့ကိုယ်သူ ဘယ်လို ပြောသလဲ ဆိုတော့ ငါ့ကို မိုးကြိုးပစ်မှာ မဟုတ်ဘူးတဲ့၊ ခဏကြာတော့ ဒိုင်းခနဲ မိုးကြိုး တစ်ချက် ပစ်လိုက်တာ သူ့ကို ထိတော့ သူ့ခမျာ ယုံကြည်ချက် မှားပြီ ဆိုတာ သိဖို့အတွက် ဘယ်မှာ အံ့သြနေဖို့ အချိန်ရပါ့မလဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ မှားမှန်း မသိခင် သူက သေပြီပဲ၊ ပြီးတော့ ဆာ ဂျိမ်းစ် ဂျင်းစ် (Sir James Jeans) က တစ်နေ့နေ့မှာ နေလုံးကြီး ပေါက်ကွဲ သွားလိမ့်မယ်၊ နေလုံး

--------------

* *Reconstruction in Philosophy, J. Dewey p 130*

www.burmeseclassic.com



ပေါက်ကွဲတာနှင့် တစ်ပြိုင်နက် သတ္တဝါ အားလုံးလည်း ချက်ချင်း သေမှာပဲတဲ့၊ ဒါဆို သူ့ အဆိုပြုချက် မှန်လား မှားလား သိဖို့ရော အဲ့အားသင့်ဖို့ပါ ဘယ်အချိန် ရလိုက်မလဲ၊ အကယ်၍ အစကတည်းက ဒီလို ဖြစ်လိမ့်မယ်လို့ မျှော်လင့် မထားခဲ့မှသာ အံ့အားသင့်ပြီး မှားတယ် မှန်တယ် သိမှာကိုး။

'ဒါက ဘာထရန်ရပ်ဆယ်ရဲ့ တင်ပြချက်ပါ၊ သူ ဆိုလိုတာကတော့ တစ်ခါ တစ်ရံ အမှန် အမှားကို သိဖို့ အတွက် လက်တွေ့ စမ်းသပ် စစ်ဆေးဖို့ ဖြစ်ခွင့် ဖြစ်လမ်း ရှိတာတွေ ရှိသလို တစ်ခါတစ်ရံ လက်တွေ့ စမ်းသပ်ဖို့ မဖြစ်နိုင်တာတွေလည်း လောကမှာ ရှိတယ် ဆိုတာကို သိဖို့ ပြောလိုတာပါပဲ။ *

'ဂျူဝီရဲ့ အတွေးအမြင်မှာ အကြွင်းမဲ့ အမှန်တရား ဆိုတာကို ရရှိဖို့ မကြိုးစားသလို အကြွင်းမဲ့ အမှားတရား ရယ်လို့လည်း တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချဖို့ အားမထုတ်ဘူး၊ သူ့ အယူအဆကတော့ စုံစမ်း စစ်ဆေးမှု **(inquiry)** လုပ်ဖို့ပဲ၊ ဒီသဘောကို နားလည်ဖို့ အတွက် အဓိပ္ပာယ်နှင့် အကျိုး သက်ရောက်မှု သဘောကို စိစစ်ကြည့်ဖို့ လိုပါလိမ့်မယ်၊ သဘော ထင်ရှားအောင် ဥပမာ တစ်ခု ဆိုကြပါစို့။

'တစ်နေ့ ခင်ဗျားတို့ တိရစ္ဆာန်ရုံထဲကို လျှောက်လည်စဉ် အသံချဲ့စက်က ပရိသတ်များ ခင်ဗျား၊ ကျားတစ်ကောင် လှောင်အိမ်ထဲက လွတ်သွားပါတယ် ခင်ဗျားလို့ ပြောတဲ့ အသံကို ကြားလိုက်ရတယ် ဆိုကြပါစို့၊ ခင်ဗျားတို့ ဘယ်လို လုပ်မိကြမယ် ထင်သလဲ၊ ချက်ချင်း ကျားကြီး လွတ်လာတာကို ခင်ဗျားတို့ မျက်စိမှာ မြင်လိုက်ရသလို တိရစ္ဆာန် ရုံထဲက အမြန်ဆုံး အပြင်ကို ရောက်အောင် ထွက်ပြေးဖို့ ကြိုးစားကြမှာပဲ မဟုတ်လား။

'ဒီနေရာမှာ ကျားကြီး လှောင်အိမ်ထဲက လွတ်သွားတယ် ဆိုတဲ့ စကား ဝါကျဟာ အဖြစ်အပျက် တစ်ခု အကြောင်းကို ပြောတဲ့ ဝါကျ၊ အဓိပ္ပာယ်ကတော့ အဖြစ်အပျက် တစ်ခုကို ဖော်ပြတာပဲလေ၊ အဲဒီ အဓိပ္ပာယ်ကို ခင်ဗျားတို့ အပြုအမူနှင့် တုံ့ပြန်တဲ့ အခါကျတော့ ကျားကို ကိုယ်တိုင် မြင်တဲ့အခါ တုံ့ပြန်သလို တုံ့ပြန်ပြုလုပ်ကြတယ်၊ ဘာကြောင့် ခင်ဗျားတို့ ဒီလိုမျိုး တုံ့ပြန်ကြတာတုံး ဆိုတော့ စောစောက အသံချဲ့စက်က ကြေညာတဲ့ စကားသံကို ယုံကြည် လက်ခံလို့ပဲ မဟုတ်လား၊ ဒီနေရာမှာ အဖြစ်အပျက်ဟာ တကယ် မဖြစ်ခဲ့ရင်တော့ ဖော်ပြတဲ့ စကားဝါကျဟာ မှားမှာပဲ၊ သို့သော် ယုံကြည် လက်ခံလိုက်တာကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ်ပေါ်မှာ အပြုအမူတွေ ဖြစ်ပေါ်လာတာတော့ အမှန်ပဲ၊ ဒါကြောင့် ခန္ဓာကိုယ်မှာ အပြုအမူတွေကို ဖြစ်ပေါ်အောင် တိုက်တွန်းတတ်တဲ့ သဘောဟာ ယုံကြည်မှုပဲတဲ့၊ ဒီလို အမူအရာတွေကို ဖြစ်ပေါ်အောင် ဖန်တီးနိုင်တဲ့ အဖြစ်အပျက်ကတော့ ယုံကြည်မှုရဲ့ အကျိုး သက်ရောက်မှု တစ်ခုပဲတဲ့၊ ဒါက ဂျူဝီရဲ့ ယုံကြည်မှုနှင့် အကျိုး သက်ရောက်မှု သဘောကို သိသာအောင် နမူနာ နှင့် တင်ပြတာ ဖြစ်ပါတယ်။

'ယုံကြည်မှုရဲ့ အမှားနှင့် အမှန်ကို ဆုံးဖြတ်ဖို့ကျတော့ စူးစမ်းဖို့ လိုတယ်၊ နောက်ဆုံး စူးစမ်း လေ့လာသူတွေ အားလုံး သဘောတူညီချက် ရတဲ့ အယူအဆကို အမှန်လို့ သတ်မှတ်နိုင်တယ်တဲ့။

'ဒါပေမယ့် လောကအလို မှန်တဲ့ ယုံကြည်မှုနှင့် မှားတဲ့ ယုံကြည်မှု ဆိုတာ ရှိတယ်၊ ကောင်းမြတ်တဲ့ ယုံကြည်မှုနှင့် ယုတ်ညံ့တဲ့ ယုံကြည်မှု ဆိုတာ ရှိတယ်၊ စစ်ပွဲ တစ်ပွဲမှာ ဗိုလ်ချုပ်လုပ်တဲ့ လူဟာ ကြိုတင် ထောက်လှမ်းရေးသမားတွေ ပို့တဲ့ ရန်သူ လှုပ်ရှားမှု သတင်းကို ယူပြီး တိုက်ခိုက်တယ်၊ ရန်သူတွေရဲ့ လှုပ်ရှားမှုဟာ ပေးထားတဲ့ သတင်း အတိုင်းပဲ ဖြစ်တယ်၊ ဒါပေမယ့် ဒီဗိုလ်ချုပ်ဟာ ဒီတိုက်ပွဲမှာ ရှုံးတယ်၊ ဒါကျတော့ ဂျူဝီက ယုံကြည်တာ မှန်ပေမယ့် ရလဒ် အကျိုးက စိတ်ကျေနပ်ဖွယ် မဖြစ်တဲ့အတွက် လက်မခံဘူး၊ ဗိုလ်ချုပ်တိုက်တာ နိုင်မှ သူလုပ်တာ မှန်တယ်၊ စိတ်ကျေနပ်ဖွယ် ရှိတယ်၊ ဗိုလ်ချုပ် တိုက်တာ ရှုံးရင် မမှန်ဘူး၊ စိတ် ကျေနပ်ဖွယ် မရှိဘူး၊ ဒါဟာ လက်ငင်း အကျိုးကြည့် ဝါဒရဲ့ သဘော အမှန်ပါပဲ'

'ဒါဆို အမှန် အမှား ဆိုတာ နောက်ဆုံး အကျိုး အမြတ်ကိုပဲ ကြည့်တဲ့ သဘောပေါ့ နော် ဆရာ'

'ဟုတ်တယ်၊ လက်ငင်း အကျိုးကြည့် ဝါဒဟာ တကယ် ပြောကြစို့ ဆိုတော့ နိဗ်ရှေးရဲ့ ဒဿန နှင့် အတိအကျ မတူဘူးလို့ ဆိုရပေမယ့် အာဏာ ဒဿန **(Power Philosophy)** တစ်မျိုးပဲ၊ နိဗ်ရှေး အမြင်က လူတစ်ယောက်ရဲ့ အာဏာကို အဓိက ထားတယ်၊ ပရဂ္ဂမှာ တစ်ဖင်းကတော့ အဖွဲ့အစည်း တစ်ရပ်လုံးရဲ့ အင်အား အာဏာ ကြီးထွားဖို့ကို အဓိက ထားတယ်၊ အရာရာကို

--------------

*A History of Western Philosophy p 822*

www.burmeseclassic.com



အသုံးကိရိယာလို့ သဘောထားတဲ့ သဘောဟာ ပေါ်လွင်နေတာပဲ၊ အမှန်တရား ဆိုတာလည်း တခြား မဟုတ်ဘူး၊ အသုံးကျတာ အကျိုး ဖြစ်ထွန်းတာကို ပြောတာလို့ သဘောကျပါ၊ ကဲ ဒီနေ့အဖို့တော့ ဒီတင် ရပ်ကြပါစို့'

သင်တန်း ပြီးဆုံး၍ ကျေးဇူးရှင် ဆရာသမားအတန်းထဲက ထွက်ခွာ သွားသောအခါ အကျွန်ုပ်သည် ဘဝင်မကျ အတွေး တစ်လစ်ဖြင့်ပင် ကျန်နေခဲ့ရ လေသည်။ ဘာကို ဘဝင်မကျ ဖြစ်ရသည်ကိုမူ ကိုယ့်ကိုယ်ကိုယ်လည်း ဝေခွဲ၍ မရသေးပါ။

အမှန်မှာ ခဲလေသမျှ သဲရေကျ ဖြစ်ရခြင်း ဖြစ်သည်ကို နောက်တော့ ခံစား သိမြင် လာပါသည်။

လက်ငင်း အကျိုးကြည့် ဝါဒသည် လူ့ဘဝအတွက် ကောင်းကျိုး ချမ်းသာ တစ်စုံတစ်ရာကို ပေးနိုင်လေမည်လား ဆိုသော မျှော်လင့်ချက်ဖြင့် အကျွန်ုပ်လေ့လာခဲ့မိခြင်းသည် အမှား ဖြစ်လေသည်။ နှစ်ဆယ်ရာစုသို့ ရောက်လာသည် အထိ ဘဝ၏ ဆင်းရဲ ကျပ်တည်းမှုများကို လက်တွေ့ကျကျ ကျော်လွှား သွားနိုင်မည့် သမ္မာဒိဋ္ဌိ အမြင်ကို မရခဲ့ခြင်း အတွက် အကျွန်ုပ် ဝမ်းနည်း မိပါသည်။

အနာသိလျှင် ဆေးရှိရမည် ဆိုသည်မှာ သဘောတရား အနေနှင့်သာ မှန်သင့်သလောက် မှန်ပါလိမ့်မည်။ လက်တွေ့အားဖြင့်တော့ အနာသိဖို့လည်း မလွယ်၊ ဆေးသိဖို့လည်း မလွယ်၊ ကုထုံး သိဖို့လည်း မလွယ်ချေ။ လက်ငင်း အကျိုးကြည့် ဝါဒသည် ဤလောကမှာ ထွန်းကားနေခဲ့သည်မှာ ယခုမှ မဟုတ်ဟု အကျွန်ုပ် ထင်ပါသည်။ အနာရောဂါ တစ်ခု ဖြစ်လာပြီ ဆိုလျှင် ထိုအနာကို ချက်ချင်း ပျောက်ကင်း သက်သာစေမည့် ဆေးမျိုးကို လူတို့ ရှာဖွေကာ အသုံးပြုခဲ့ကြသည်။ ထိုဆေးကြောင့် ထိုရောဂါ သက်သာသည်၊ ပျောက်ကင်းသွားသည်ဟု ထင်ရသော်လည်း ထိုဆေးကြောင့်ပင် ဆင့်ပွားဖြစ်ပေါ်လာသော ဘေးထွက် ဥပဒ် အန္တရာယ်နှင့် ဆင့်ပွား ရောဂါများက မူလ ရောဂါထက်ပင် များသေးလေသည်။ ပေါ့စေလို၍ ကြောင်ရုပ်ထိုးကာမှ ဆေးကြောင့်ပိုပြီး လေးရသည့် အဖြစ်နှင့်သာ လူတို့ ရင်ဆိုင်ခဲ့သည်မှာလည်း ကြာပါပြီ။

စစ်ပွဲ ဖြစ်ကြရာတွင် လက်ငင်း အနိုင် ရရှိရေးအကျိုးကိုသာ ကြည့်ပြီး အဆိပ်ဓာတ်ငွေ့ ဗုံးများ၊ ပိုးမွှား ဗုံးများကို အသုံးပြု တိုက်ခိုက်ခြင်းသည် မြတ်သောအမူအကျင့် ဖြစ်သည်ဟု လောကက လက်ခံပါမည်လား။ ထိုသို့သော နိုင်ထက်ကလူ ပြုမူမှုကြောင့် ရအပ်သောအောင်နိုင်ခြင်းသည် ကျေနပ် နှစ်သက်ဖွယ် ဖြစ်သည်ဟု လောကသည် ယုံကြည် လက်ခံနိုင်ပါမည်လား။

လူသားသည် လက်ငင်း ဘဝ အကျိုး ရှိလျှင် ပြီးရော နောင်ခါလာ နောင်ခါ ဈေး ဖြစ်ချင်ရာဖြစ် ဟု သဘောထားသင့်ပါသလား။ လူသားသည် မျက်မှောက် အကျိုးကို ဆောင်ရွက်ရင်း အနာဂတ် အကျိုးကိုလည်း မျှော်လင့်ထားအပ်သည် မဟုတ်ပါလား။

အကျွန်ုပ်သည် ပလေတိုး အာရစ္စတိုတယ်မှ စ၍ ထွန်းကား လာခဲ့သော အနောက်တိုင်း ဒဿနများကို သတိကြီးစွာ ထား၍ ခြေရာကောက် လိုက်ခဲ့ခြင်းမှာ မိမိဘဝဝယ် ယုံကြည် အားထားရာ သမ္မာဒိဋ္ဌိ အမြင်တစ်ရပ်ကို အလိုရှိသောကြောင့်ပင် ဖြစ်ပါသည်။ သို့ပါလျက် **အကျွန်ုပ်** အဖို့မူ **အချိန်ကုန်** လူပန်း သလောက် ခရီး **မရောက်**ဘဲ ဒဿ**န မာယာတော**မှာ အမောသာ အဖတ်**တင်သူ** ဖြစ်လျက် **ပင်ပန်း နွမ်း**နယ်စွာ နေခဲ့ရပါသည်။

မကြာမီ အကျွန်ုပ်ကဲ့သို့ပင် အနောက်တိုင်း ဒဿန ပညာ သမိုင်း တစ်လျှောက်လုံးတွင် အငြင်း ပွားရင်းသာ အချိန် ကုန်ပြီး ထိုက်ထိုက်တန်တန် ဘဝ အတွက် အကျိုး ဖြစ်စေမည့် သမ္မာဒိဋ္ဌိ အမြင်ကို မပေးနိုင်သော အယူဝါဒများ အပေါ် သည်းမခံနိုင်သော ပုဂ္ဂိုလ် တစ်စု ပေါ်ပေါက်လျက် ရှိသည်ကို တွေ့ရလေသည်။ ထိုပုဂ္ဂိုလ်တစ်စုမှာ ဗီယင်နာ အသိုက်အဝန်း (Vienna Circle) ဟု ခေါ်သော ယုတ္တိနည်းကျ မုချမှန် ဝါဒ (Logical Positicism) ကို ထူထောင်သူများ ဖြစ်ကြလေသည်။

ဆရာကား ပင်စင် မယူမီ အကျွန်ုပ်တို့သည် ထိုဝါဒ အကြောင်းကို လေ့လာ ကြရလေသည်။ နှစ်ဆယ်ရာစုတွင် ပေါ်ပေါက်သော အတွေးအမြင်များ အနက်သြဇာ အကြီးဆုံး ဒဿနဂိုဏ်း ဖြစ်လေသည်။ ဂိုဏ်း၏ခေါင်းဆောင်မှာ ဂျာမန် ပြည်ဖွား ရုဒေါ့ဖ် ကားနက်ဖ် (Rudolf Carnap) ဆိုသူ ဖြစ်၏။

ရုဒေါ့ဖ် ကားနက်ဖ်သည် ရှေးက ပေါ်ပေါက်ခဲ့ပြီးသော ဒဿနများသည် အဓိပ္ပာယ် မဲ့သော ပြဿနာများကို ဆွေးနွေး ငြင်းခုံရင်း အချိန်ကုန်ခဲ့ကြသည်ဟု တင်ပြလာသူ ဖြစ်လေသည်။

သူ့ အယူ**အဆမှာ** ဒဿန ပညာသည် အရည်မရ အဖတ်မရသော လူသားတို့ မဖြေရှင်းနိုင်သည့် ရောမကိစ္စကြီးတွေကို စဉ်းစား ငြင်းခုံသော ပညာ မဟုတ်။ ဤပညာသည် သိပ္ပံပညာများ၏ ယုတ္တိဗေဒ (Logic of

www.burmeseclassic.com



Science) သာ ဖြစ်သင့်သည်ဟု အတိအလင်း ကြေညာလိုက်ရာ ပညာရှင် အများသည် သူ့အယူအဆကို လက်ခံလာကြလေသည်။ ဤတွင် သူသည် အတွေ့အကြုံသမားများ၏ အဓိပ္ပာယ် အယူအဆစံ (The Empericist Criterion of Meaning) ကို ကြေညာပြန်သည်။ ဤသဘောတရားသည် ပဲယားစ်၏ လက်တွေ့ အဓိက ဝါဒ၌ ပြခဲ့သော အဓိပ္ပာယ် အယူအဆနှင့် သဘောချင်း တူလေသည်။ အယူအဆ တစ်ရပ်ကို အတွေ့အကြုံအားဖြင့် မှားကြောင်းကိုသော် လည်းကောင်း၊ မှန်ကြောင်းကိုသော် လည်းကောင်း သက်သေ မပြနိုင်လျှင် ထိုအယူအဆသည် အဓိပ္ပာယ်မဲ့ အချည်းအနှီး အငြင်းပွားသော အယူအဆသာ ဖြစ်သည်ဟု သတ်မှတ်ခြင်း ဖြစ်လေသည်။

အမှန်တရား (သစ္စာ) ဆိုရာမှာလည်း အတွေ့အကြုံ အရ သိသာသော အမှန်တရားနှင့် သင်္ချာ ယုတ္တိဗေဒ နည်း အရ သိမြင်နိုင်သော အမှန်တရား ဟူ၍ **နှစ်မျိုး** ရှိကြောင်း လက်ခံ ထားလေသည်။ အတွေ့အကြုံ အရလည်း စမ်းသပ် စစ်ဆေး၍ မရ၊ သင်္ချာနည်း ယုတ္တိဗေဒနည်း အရလည်း တွက်ချက်၍ မရလျှင် ထိုအယူဝါဒ (ယုံကြည်မှု ဖော်ပြမှု အားလုံး) သည် ဘာမျှ အဓိပ္ပာယ် မရှိ၊ အချည်းနှီးသော အယူအဆများသာ ဖြစ်ကြကုန်သည်ဟု သတ်မှတ်လိုက်လေသည်။ ထို့ကြောင့် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းမှု သဘော၊ ရုပ်သာ အမှန်တရား၊ စိတ်သာ အမှန်တရား စသော သဘော၊ ထာဝရ အခြေခံ တရား သဘောများနှင့် ရှေးက ကိုယ်ကျင့်တရား အမြင်များ အားလုံးသည် အတွေ့အကြုံ အားဖြင့် စမ်းသပ်စစ်ဆေး၍လည်း ရကောင်းကြသည် မဟုတ်၊ သင်္ချာ ယုတ္တိဗေဒ နည်းဖြင့်လည်း တွက်ထုတ်၍ အဖြေ မရနိုင်သော အရှုပ်တော်ပုံ ပုစ္ဆာများသာ ဖြစ်ကြသဖြင့် ၎င်းတို့သည် အဓိပ္ပာယ် မရှိသော အယူအဆများသာ ဖြစ်ကြသည်ဟု ယုတ္တိနည်းကျ မုချမှန် ဝါဒက ဆိုလာသည်။

ဒဿန ပညာ ဆိုသည်မှာ ယုတ္တိနည်းကျ ခွဲခြမ်းစိတ်ဖြာမှု (ဝိဘဇ္ဇ) သဘောသာ ဖြစ်သည်။ တစ်နည်း သိပ္ပံဘာသာ စကား၏ ယုတ္တိနည်းကျ ဝါကျ ဖွဲ့ထုံး (Logical Syntax of Scientific Language) ကို ဒဿနပညာဟု ခေါ်ခြင်း ဖြစ်သည်။ ပေးထားသော အဆို တစ်ရပ် အယူအဆ တစ်ရပ်ကို စိစစ်နိုင်မည့် နည်းလမ်းကို ရှာဖွေခြင်းသည် ယုတ္တိနည်းကျ စိစစ်ရေး လုပ်ငန်းပင် ဖြစ်သည်ဟု ဆိုလေသည်။ ဤတွင် လက်တွေ့ စမ်းသပ်နည်း နှင့် သွယ်ဝိုက် စမ်းသပ်နည်းကို တင်ပြကြသည်။

ဤ အယူဝါဒကို အကျွန်ုပ် လေ့လာပြီးသော အခါ မူလက အားတက်ခဲ့သော စိတ်များ အားလုံး လျော့ကျကုန်သည်။ ယခင် ရှင်လန်း တင်းမာခဲ့သော မိမိ၏ စိတ်အား ထက်သန်မှုများသည် ရေမှ နုတ်ယူပြီးနောက် သဲပုပေါ်သို့ ပစ်ချခြင်း ခံရသော ကြာပန်း ပမာ နွမ်းလျ ညှိုးခြောက် ရလေတော့၏။

နောက်ဆုံးတော့ ဒဿန ပညာ ဆိုသည်မှာ ဘဝ အတွက် ဆောက်တည်ရာ ယုံကြည်မှု တစ်ခုကို ရှာပေးနိုင်သော ပညာ မဟုတ်တော့သည် သာမက တစ်ကြိမ်က သိပ္ပံပညာ သားသမီးတွေကို မွေးဖွား ပေးခဲ့ပြီးနောက် အချိန်တန် အရွယ် ရောက်၍ သားသမီးများ ထွန်းထွန်းပေါက်ပေါက် ဖြစ်သွားကြသော အခါ သားသမီးများ၏ ဘုန်းရိပ်ကို မှီခို၍ အသက်ရှင် နေရသော မိခင်အိုကြီး ဘဝသို့ပင် ရောက်သွားလေပြီ တကားဟုသာ အကျွန်ုပ်မှာ ခံစားရကာ ဝမ်းနည်း အားလျော့ခဲ့ဖူးလေတော့၏။

**[ဒုတိယပိုင်း ပြီးပါပြီ။]**

www.burmeseclassic.com

## တတိယတွဲ
# ဗုဒ္ဓ ကျမ်းဂန်များနှင့် ဆန်းလှွင်

www.burmeseclassic.com

www.burmeseclassic.com

## သတိစကား

မျက်မြင်လောက ဤဘဝကား
ဒုက္ခစင်းစင်း ချမ်းသာကင်း၏
သေမင်းအစာ နင့်ခန္ဓာကို
တဏှာဘီလူး အမှောင့်ပူး၍
အရှုးပြင်ပြင် နင့်ကိုယ်ထင်၏
နင်နှင့်မဆိုင် နင်ပိုင်မဟုတ်
နင့်ရုပ်နင့်နာမ် နင့်သန္တာန်ကို
နင့်ဉာဏ်မရှုး မှုးမှုးမှေ့မှေ့
အများလေ့ဖြင့် နေ့ရက်အပုံ
လွန်ခဲ့တုံပြီ။

**လယ်တီဆရာတော်**

www.burmeseclassic.com

www.burmeseclassic.com

**စကားအညွှန်း**

ဤ
တတိယတွဲသည်
အကျွန်ုပ် အသက်ရှင်ဆဲ၌
ဘဝ အဓိပ္ပာယ်ကို သိလာပုံ
ဘဝ၏ သစ္စာကို မြင်လာပုံ
ဘဝ၏ တန်ဖိုးကို နားလည်လာပုံ
ဘဝ၏ ပန်းတိုင်ကို ရှာလာပုံ
ဘဝ၏ ဆောက်တည်ရာကို ရလာပုံ
ဘဝ၏ ထွက်ပေါက်ကို တွေ့လာပုံ
အလုံးစုံသော
အတွေ့အကြုံများ
အတွေးအခေါ်များ
အသိအမြင်များ
အဆင်အခြင်များ
အကျင့်အကြံများ
အမှားအမှန်များ
အယုံအကြည်များကို
ဖြောင့်မတ်သော စိတ်ဖြင့်
ဖော်ပြရန် အားထုတ်သော
အပိုင်းကဏ္ဍ ဖြစ်ပါသည်။
တစ်နည်း
ဥပသကာ ဖြစ်လာသော
သရဏဂုံ တည်လာသော
အပါယ်ဘေးကို ကြောက်သွားသော
ဘုံစဉ်စံ အရိယာ ဖြစ်ချင်သော
ကလျာဏ ပုထုဇဉ်၏ ဘဝလမ်းစကို
ရှာတွေ့ခဲ့ဖူးသော
လူသား တစ်ယောက်၏ အကြောင်းမျှသာပါ။

**စာရေးသူ**

**ရန်ကုန်မြို့၊**
**၁၉၈၆၊ ဒီဇင်ဘာလ။ အသက် (၅၀) ပြည့်**

www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ အနောက်ကို လျှောက်ပြီးနောက် အရှေ့သို့ ပြန်လာခြင်း

ကာလ အတန်ကြာအောင် ဆရာသမားကို စော်ကား မော်ကား ပြောမိကြသော ကိုစိုးမြင့်နှင့် အကျွန်ုပ်တို့မှာ ပါမောက္ခနှင့် ရင်မဆိုင်ဝံ့ဘဲ နေကြရလေသည်။ ပါမောက္ခ၏ စာသင်ချိန်များတွင် နောက်ဆုံး ထိုင်ခုံတွင် ထိုင်ပြီး ကုပ်ကုပ်ကလေး နေကြရပါသည်။ လူချင်းလည်း ခွဲကာ ကိုစိုးမြင့်က တစ်နေရာ အကျွန်ုပ်က တစ်နေရာ ထိုင်ကြလေသည်။ ဆရာကတော့ တပည့်များကို ဆိုဆုံးမပြီးလျှင် နောက်ထပ် အငြိုးလည်း မထားပါ။ ယခင် အခါ စာသင်ကြားလျှင် ဆရာ့ မျက်နှာ ကြည်လင် ရွှင်ပျနေသလိုပင် ယခုလည်း ကြည်လင် ရွှင်ပျ နေပါသည်။ အကျွန်ုပ်တို့ နှစ်ဦးမှာသာ လိပ်ပြာ မလုံသလို တစ်စုံတစ်ခုသော ကျိန်စာသင့်သလို နလုံးမသာ ဖြစ်နေကြရပါသည်။ ပါမောက္ခ စာသင်ချိန်ကို ရှောင်ပြေးချင်သော်လည်း ရှောင်မပြေးဝံ့၍သာ ကြောက်ကြောက်လန့်လန့်နှင့် သင်တန်း တက်နေရလေသည်။

မကြာမီ ပါမောက္ခ ဆရာကား ပင်စင် ယူရတော့မည့် အခါသို့ ဆိုက်ရောက် လာလေ၏။ အစကမူ ဆရာ့ကို ရှံ့ထိတ်နေရသော စိတ် ကျဉ်းကျပ်မှုကြောင့် ဆရာ ပင်စင်သွားလျှင် မိမိတို့တော့ လွတ်ပြီ ကျွတ်ပြီဟု ထင်ခဲ့၏။ ထိုအထင်သည် လက်တွေ့တွင် တက်တက်စင် မှားလေ၏။ သည်ဆရာ မရှိမှဘဲ စိတ်ချမ်းသာရတော့မည်ဟု စိတ်မှာ ထင်ခဲ့သမျှ ဝမ်းနည်းခြင်းဖြင့် ဆုံးရလေ၏။ ဆရာသည် ဤဌာနတွင် မရှိတော့ဘူး ဆိုသော အသိသည် ဖခင် ဆုံးပြီ ဆိုသည်ကို သတင်းကြားရသည်နှင့် တူလှပါ၏။ အဖိုးတန် ရတနာ တစ်ခု ရုတ်တရက် ပျောက်ဆုံးသွားလျှင် နမြောခြင်း ဝမ်းနည်းခြင်း ဖြစ်ရ၏။ သို့သော် မကြေကွဲရ မလွမ်းရပါ။ ဖခင် ကွယ်လွန်သွားခြင်းကား နမြောရခြင်း ဝမ်းနည်းရခြင်း အပြင် ကြေကွဲရခြင်းနှင့် လွမ်းရခြင်းက ပိုပါသည်။ ထို့ထက် ပိုပြီး ဆိုးဆိုးဝါးဝါး ခံစား ရသည်မှာ ဆောက်တည်ရာမဲ့ အားကိုးရာမဲ့ အဖြစ်၏ ခါးသီးသော ဝေဒနာကို ခံစားရခြင်း ဖြစ်၏။ ပါမောက္ခ ဆရာကားသည် ရန်ကုန် တက္ကသိုလ် ဒဿနိကဗေဒ ဌာန သမိုင်းတွင် အထင်ရှားဆုံး ပုဂ္ဂိုလ် ဖြစ်သည်ဟု အကျွန်ုပ် ထင်၏။ နိုင်ငံတကာ ဒဿန ဆရာများ အသိုင်းအဝိုင်းတွင် ဝင်ဆံ့သော ပုဂ္ဂိုလ်၊ နိုင်ငံတကာ ဒဿန ပညာရပ် ဆွေးနွေးပွဲများတွင် မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို ထွန်းပစေနိုင်သော ပုဂ္ဂိုလ်ကြီး ဖြစ်၏။ အတွေးအခေါ် စာတမ်းများ၊ ယုတ္တိဗေဒ ကျမ်း ၊ ကိုယ်ကျင့်တရားပညာ ကျမ်းများကိုလည်း ပြုစုခဲ့သော ပုဂ္ဂိုလ်ထူးကြီး တစ်ပါး ဖြစ်၏။ ယခု ဆရာသည် မိမိတို့ကို လည်းကောင်း၊ ဌာနကို လည်းကောင်း စွန့်ခွာ သွားတော့မည်ပါ တကား။ ထိုအသိသည် အကျွန်ုပ်၏ စိတ်ကို ညှိုးငယ်စေ၏။ သားအုပ် မိခင် ကြက်မကြီး မရှိတော့၍ ခိုကိုးရာ မဲ့နေသော ကြက်ငယ်ကလေးများ အလား အကျွန်ုပ် စိတ်မှာ ခံစားရလေ၏။

ဆရာ့ကို နောက်ဆုံး နှုတ်ဆက်ပွဲ လုပ်သော အခါ အကျွန်ုပ်သည် မျက်ရည် မဆည်နိုင် ဖြစ်ရလေ၏။ ဆရာကတော့ တည်ငြိမ်ဆဲ အပြုံး မပျက် ကြည်လင်ရွှင်လန်းဆဲ ပါပဲ။ သို့သော် ခွဲခွာခြင်း အထိမ်းအမှတ်ပွဲသည် ပျော်ရွှင်ဖွယ် ကောင်းသော ပွဲ မဟုတ်ချေ။

နှုတ်ဆက်ပွဲ အစတွင် ဆရာက နောက်ဆုံး ဩဝါဒ ပေးလေသည်။ ဆရာ၏ မိန့်ခွန်းမှာ မှတ်သားဖွယ် ကောင်းသလောက် ဝမ်းနည်းဖွယ် ကောင်းသည်ဟု အကျွန်ုပ် ခံစားရလေ၏။

'ဆရာ ဆရာမများ အားလုံး တပည့်များ အားလုံးကို ဆရာ နောက်ဆုံး ပြောခဲ့ချင်တာကတော့ ဆရာဟာ ဒီဌာနမှာ အနှစ် သုံးဆယ်ကျော် ဆရာ လုပ်ခဲ့ရတာကို စိတ်လည်း ချမ်းသာပါတယ်၊ ကျေနပ်မှုလည်း ရှိပါတယ်။

'အနှစ် သုံးဆယ် လုံးလုံး ဆရာဟာ နေပူတဲ့ အခါမှာပဲ ဖြစ်ဖြစ် မိုးရွာတဲ့ အခါမှာပဲ ဖြစ်ဖြစ် ထီးတစ်လက်ကို ဆောင်းပြီး ဒီ အဓိပတိ လမ်းမပေါ်မှာ လျှောက်ခဲ့ပါတယ်၊ ဆရာ ကား မစီးနိုင်ခဲ့ပါဘူး၊ ဆရာ့မှာ ချမ်းသာတယ်လို့ ဆိုရလောက်အောင် ဥစ္စာ စည်းစိမ်တွေလည်း မရခဲ့ပါဘူး။

'တစ်ခါတစ်ရံ အဓိပတိ လမ်းမပေါ်မှာ ဆရာ လမ်းလျှောက်ပြီး ဌာနကို ရုံးတက်လာတဲ့ အခါ ဆရာ့

www.burmeseclassic.com



ဘေးမှာ ရတ်တရက် ကာလပေါ် ဆလွန်းကား တစ်စီး ရပ်ပြီး ဆရာ နေကောင်းတယ်နော်လို့ နှုတ်ဆက်တတ်ပါတယ်၊ ဟုတ်ကဲ့ နေကောင်းပါတယ်လို့ ဆရာ ပြန်ပြီး နှုတ်ဆက်လိုက်ရသော်လည်း သူဟာ ဘယ်သူ ဘယ်ဝါ ဆိုတာတော့ ဆရာ မသိပါဘူး၊ နှုတ်ဆက်ပြီး ထိုသူရဲ့ လုပတဲ့ မှန်လုံ ကားကလေး ထွက်ခွာသွားလို့ ဟိုအဝေးကို ရောက်သွားမှ ဆရာ့ဘာသာ စဉ်းစား ကြည့်မိတယ်၊ သြော် ငါကတော့ သူ ဘယ်သူ ဆိုတာ မသိဘူး၊ ငါ့ကို ဆရာလို့ လှမ်းခေါ်ပုံ ထောက်တော့ သူ ငါ့ကို သိလို့ပဲလေ၊ သူဟာ တစ်ကြိမ်က ငါ့တပည့် ဖြစ်ခဲ့ဖူးလို့ ဖြစ်ပါလိမ့်မယ်လို့ စဉ်းစားမိတယ်။

'ဒီအတွေးလေး ဝင်လာတော့ ဆရာဟာ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်မိတယ်၊ အေးလေ ငါဟာ ဒီအဓိပတိလမ်းမပေါ်မှာ ထီးတစ်လက်နှင့် လမ်းလျှောက် နေရပေမယ့် ငါ့တပည့် တစ်ယောက်ကတော့ဖြင့် တိုင်းပြည်မှာ အရေးပါ အရာရောက်တဲ့ လူတစ်ယောက် ဖြစ်သွားပြီပဲ၊ ငါ့တပည့် တစ်ယောက်ဟာ တင့်တယ် စိုပြည်တဲ့ ဘဝကို ရောက်သွားပြီပဲ၊ ငါ့တပည့် တစ်ယောက် အတွက် ငါ ဂုဏ်ယူနိုင်လောက်ပြီပဲလို့ တွေးမိပြီး စိတ် ကျေနပ်ခဲ့ရပါတယ်။

'ဒီလို တွေးမိပြန်တော့ အဓိပတိ လမ်းမပေါ်မှာ ထီးတစ်လက်နှင့် လမ်းလျှောက်နေရဆဲ ငါ့ဘဝဟာ အချည်းနှီး ဘဝ မဟုတ်ပါကလား၊ လောကမှာ မိမိကိုယ်ကို အပွန်းခံပြီး ပွတ်တိုက်လိုက်လို့ တခြားသူရဲ့ ကိုယ်တောက်ပ ပြောင်လက် သွားတာကို မြင်ရရင်လည်း မိမိဘဝဟာ အထိုက်အလျောက်တော့ တန်ဖိုး ရှိသေးတာပဲ၊ အသုံး ဝင်သေးတာပဲလို့ တွေးပြီး ကျေနပ်တတ်ဖို့ လိုပါတယ်။

'ဒီလို မဟုတ်ဘဲ ကြည့်စမ်း၊ ငါ သင်ကြားပေးလိုက်တဲ့ လူ တွေကတော့ ချမ်းသာသွားပြီ၊ ကြီးပွားသွားပြီ၊ ကောင်းစား သွားပြီ၊ ငါကတော့ ဒုံရင်း ဒုံရင်းပဲလို့ ဘဝမှာ အနစ်နာခံရခြင်း အတွက် ဂုဏ်ယူစိတ် မမွေးဘဲ ကိုယ့်ကိုယ်ကိုယ် အပြစ် တင်တဲ့ စိတ် မွေးရင်တော့ လောကမှာ ကိုယ်ဟာ စိတ်နာတတ်တဲ့ လူတစ်ယောက် ဖြစ်သွားပါလိမ့်မယ်၊ လောက အလယ်မှာ စိတ်နာတတ်သူ တစ်ယောက်' မဖြစ်အောင် ကြိုးစားကြပါလို့ ဆရာ တိုက်တွန်းချင်ပါတယ်ကွယ်။

'အနစ်နာ ခံရခြင်းဟာ ဂုဏ်ယူစရာလို့ မှတ်ဖို့ ဆရာ ပြောတာဟာ အတွေးအခေါ် အသစ်အဆန်း တစ်ရပ်ကို တင်ပြတာ မဟုတ်ပါဘူး၊ လောကမှာ ဥတ္တမပုရိသလို့ ခေါ်ရတဲ့ မြတ်တဲ့ အာဇာနည် ပုဂ္ဂိုလ်ကြီးတွေ နှင့် ရှေးက အလောင်းတော်ကြီးတွေဟာ စွန့်ခြင်းကြီးတွေကိုတောင် စွန့်ပြီး လောက အကျိုး လူသား အကျိုး တိုင်းပြည် အကျိုး အတွက် အနစ်နာ ခံသွားကြတဲ့ ထုံးတွေ စံနမူနာတွေ အမြောက်အမြား ရှိပါတယ်။

'လူ့ဘဝမှာ အယုတ်လမ်း နှင့် အမြတ်လမ်း၊ အတက်လမ်း နှင့် အဆင်းလမ်း ဆိုတဲ့ ဘဝလမ်းတွေ အမျိုးမျိုး ရှိကြပါတယ်၊ ကိုယ်ကျိုး အတွက် အများကို အနစ်နာခံစေခြင်းကို ကောင်းသော အလုပ် မြတ်သော အလုပ် ချီးမွမ်းအပ်သော အလုပ်လို့ လောက လူ့နှလုံးသားတွေက လက်ခံပါသလား၊ အများ အကျိုး အတွက် မိမိကိုယ်ကို အနစ်နာခံခြင်းကို ပညာရှိ သူတော်ကောင်းတို့က မကောင်းသော အလုပ်၊ ယုတ်သော အလုပ်၊ ကဲ့ရဲ့အပ်သော အလုပ်လို့ သတ်မှတ်ကြပါသလား။

'လောကီ အကျိုး အမြတ်ကိုသာ ကြည့်ပြီး မိမိရဲ့ ဘဝမှာ အကျိုး အမြတ် မရှိလေခြင်းလို့ စိတ်ဆင်းရဲခြင်းတွေ ဝမ်းနည်းခြင်းတွေ မကျေနပ်ခြင်းတွေ မဖြစ်တတ်အောင် ကြိုးစား ကြစေချင်ပါတယ်၊ မိမိကိုယ်ကို ဉာဏ် အဆင်အခြင် နှင့် ဆုံးမ တတ်ကြရင် ဘဝမှာ မတရား လုပ်ထားတာ ဘာမှ မရှိတဲ့ သူတွေ၊ မိမိ အနစ်နာခံပြီး သူတစ်ပါး ကောင်းကျိုးကို ဆောင်ထားသူတွေ၊ ရိုးသား ဖြောင့်မတ်ခြင်းကို တန်ဖိုး ထားတတ်သူတွေ၊ ကုသိုလ် နှင့် အကုသိုလ် တရားကို ခွဲခြား နားလည်သူတွေ အဖို့တော့ အသက်ရှင်နေခဲ့တဲ့ လူ့ဘဝဟာ ကျေနပ်စရာ ကောင်းတဲ့ ကာလ တစ်ခု ဖြစ်နိုင်တယ်လို့ ဆရာ ယူဆပါတယ်။

'လောကမှာ သူတော်ကောင်း တရားကို တန်ဖိုး ထားတတ်ကြတဲ့ လူတိုင်းဟာ လောကီ စည်းစိမ် ချမ်းသာ ဂုဏ်ပကာသန နှင့် တန်ခိုး အာဏာတို့ထက် အကျင့်သီလကိုသာ ပိုပြီး အမြတ်တနိုး တန်ဖိုးထားလေ့ ရှိကြတယ်၊ အကုသိုလ် တရားတွေကို ရွံရှာ မုန်းတီး ကြောက်ရွံ့ တတ်ကြပြီး ကုသိုလ် တရားတွေကိုသာ ချစ်ခင် မြတ်နိုး လေးစားလေ့ ရှိကြပါတယ်၊ မိမိတို့ရဲ့ စိတ်ကိုလည်း စင်ကြယ်အောင် မွေးမြူ ထိန်းသိမ်းတတ်ကြပါတယ်၊ သိပ္ပံပညာဟာ လောကမှာ ရုပ်ချမ်းသာမှုကို ဖန်တီး ပေးခဲ့တယ်လို့ ဆိုနိုင်သော်လည်း စိတ်ချမ်းသာမှုကို ဖန်တီး မပေးနိုင်ခဲ့ပါဘူး၊ သိပ္ပံပညာကြောင့် လောကကြီးမှာ ဝန်ထုပ်ဝန်ပိုး ပိလေ ဖိစီးမှုတွေ များလာ

www.burmeseclassic.com



လေပဲ၊ လူ့ဘဝမှာ မရေရာမှုတွေ များလာလေ လူတွေရဲ့ စိတ်ဆင်းရဲမှုတွေ စိတ် ဖောက်ပြန်မှုတွေ များလာလေ လေပဲ ဖြစ်ခဲ့တယ်၊ လူတွေကို စိတ် စင်ကြယ်အောင် စိတ် ချမ်းသာအောင် လုပ်ပေးနိုင်တဲ့ နည်းလမ်းလည်း သိပ္ပံပညာမှာ မရှိဘူး၊ စိတ်ကို စင်ကြယ်အောင် လုပ်တဲ့ နည်းလမ်းတွေ၊ ကိုယ် နာချင်နာ စိတ် မနာအောင် လုပ်တဲ့ နည်းလမ်းတွေ၊ စိတ်ရဲ့ တန်ခိုး သတ္တိတွေ ဖြစ်ပေါ်အောင် ဖန်တီးတဲ့ နည်းလမ်းတွေဟာ ဆရာတို့ရဲ့ အရှေ့တိုင်းသား အတွေးအခေါ် တွေမှာပဲ ရှိပါတယ်။

'သိပ္ပံပညာဟာ လောကရဲ့ သဘာဝကို သိရရင် ပြီးရော၊ အသစ်အဆန်းတွေကို ဖန်တီးပေးနိုင်ရင် ပြီးရော၊ ဒီတရားတွေ ဒီအတတ်ပညာတွေဟာ လူ့ဘဝ အပေါ် ဘယ်လို အကျိုး သက်ရောက်မယ် ဆိုတာကို ထည့်မစဉ်းစားဘဲ လုပ်ကိုင် ဆောင်ရွက်နေသရွေ့ လူ့ဘဝဟာ ဘယ်တော့မှ မငြိမ်းချမ်းဘူး၊ လူ့ဘဝမှာ ရန်တွေ အစဉ် ဝိုင်းရံနေမှာပဲ၊ မိတ်ဆွေလို့ ထင်ပြီး ပေါင်းသင်းခဲ့မိတဲ့ သိပ္ပံပညာသည်ပင် အဆုံးအမ မဲ့တဲ့ သားသမီးဟာ မိဘ အတွက် ရန်သူ ဖြစ်လာတတ်သလို လူ့ဘဝ အတွက် ရန်သူ ဖြစ်လာလိမ့်မယ်လို့ ဆရာ ထင်ပါတယ်။

'နောက်တစ်ခု ဆရာ ပြော ချင် တာ က တော့ အရှေ့နှင့် အနောက်ဟာ ပထဝီဝင် သဘော အရပင် တစ်ခုကို တစ်ခု ကျော်ခိုင်းနေသလို အရှေ့တိုင်းသားတွေရဲ့ စိတ်သဘာဝ နှင့် အနောက်တိုင်းသားတွေရဲ့ စိတ်သဘာဝဟာ မတူဘူးလို့ ဆရာ ထင်ပါတယ်၊ စိတ်သဘာဝ ဆိုတာ စိတ်ပညာက ပြောတဲ့ စိတ်သဘာဝကို ပြောတာ မဟုတ်ဘူး၊ စိတ်နေစိတ်ထားကို ဆရာ ပြောလိုတာပါ၊ ခြုံပြီး ပြောရရင် အရှေ့တိုင်းသားတွေရဲ့ လောက အမြင်နှင့် အနောက်တိုင်းသားတို့ရဲ့ လောက အမြင်တွေဟာ မတူကြဘူး။

'လောက အမြင် ဆိုတာ လူသားတို့ နေထိုင် ဆက်ဆံရတဲ့ လောက ပတ်ဝန်းကျင်နှင့် လူသားတို့ ဖြတ်သန်း လာခဲ့ရတဲ့ သမိုင်း အတွေ့အကြုံ အရ ဖြစ်ပေါ် လာကြတာတွေ ဖြစ် လေ တော့ အထူးသဖြင့် အနောက်တိုင်းက အတွေး အခေါ် အယူအဆတွေကို ဆရာတို့ အရှေ့တိုင်းသားတွေရဲ့ နှလုံးသားက လက်ခံနိုင်ဖို့ ခဲယဉ်းပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ အရှေ့တိုင်းသားတွေ လူ့ဘဝကို တန်ဖိုးထားပုံနှင့် အနောက်တိုင်းသားတွေ လူ့ဘဝကို တန်ဖိုးထားပုံတွေ မတူလို့ ဘဲလို့ ဆိုသင့်ပါတယ်။

'အနောက်တိုင်းသားတွေက သိပ္ပံပညာ ထွန်းကား လာတဲ့ အခါ လောကီ အကျိုးစီးပွား သက်သက်ကိုပဲ ကြည့်တယ်၊ သူတို့က လောကီ ချမ်းသာကိုသာ ချမ်းသာစစ်လို့ ထင်ကြတယ်၊ အရှေ့တိုင်းသားတွေကတော့ လောကီ ချမ်းသာတွေကို ချမ်းသာစစ်လို့ ဘယ်အခါမှ မယုံကြည်ဘူး၊ ဒါတွေဟာ အခိုက် အတန့် သဘောတွေ၊ မမြဲတဲ့ တရားတွေ၊ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေပဲလို့ အစဉ် နှလုံး ထားကြပါတယ်၊ ဒီတော့ အနောက်တိုင်းသားကတော့ လောကီ ချမ်းသာ လောကီ အာရုံ ကာမဂုဏ်တွေ တန်ခိုး ဩဇာ အာဏာတွေကို မက်ချင် မက်မယ်၊ အရှေ့တိုင်းသား တွေကတော့ ဒါတွေကို မမက်ဘူး၊ ဉာဏ်ပညာ ထူးထူးခြားခြား မရှိတဲ့ သာမန် ပုထုဇဉ်တွေတောင် ငယ်စဉ် အခါမှာသာ လောကီ စည်းစိမ်တွေကို မက်တာ၊ အသက် အရွယ် ကြီးရင့်လာတဲ့ အခါ ဘဝရဲ့ မမြဲတဲ့ သဘော၊ ဆင်းရဲတဲ့ သဘော၊ အစိုးမရတဲ့ သဘောတွေကို မြင်လာတယ်၊ ဒီအခါမှာ အရှေ့တိုင်းသားဟာ ဝိမုတ္တိလို့ ခေါ်တဲ့ ဘဝရဲ့ လွတ်မြောက်မှုကိုသာ တောင့်တ လာတယ်၊ ဘဝရဲ့ အနှောင်အဖွဲ့တွေကို အနောက်တိုင်းသားများက ဘဝရဲ့ တန်ဖိုးတွေလို့ ထင်တယ်၊ ဒီတော့ သူတို့က လောကီ တန်ဖိုးတွေကို ချစ်ခင်ကြတယ်၊ အရှေ့တိုင်းသားများကတော့ ဘဝရဲ့ အနှောင်အဖွဲ့တွေကို တန်ဖိုးလို့ မထင်ဘူး၊ သူတို့က လောကီ တန်ဖိုးတွေကို အပြစ်မြင်တယ်။

'အနောက်တိုင်းမှာ ထွန်းကားခဲ့တဲ့ ဒဿနတွေကို ဆရာဟာ နှစ်ပေါင်း များစွာ နံ့နံ့စပ်စပ် လေ့လာခဲ့ဖူးပါတယ်၊ ဆရာ အထူး သတိထားပြီး လေ့လာကြည့်တော့ သူတို့မှာ ဘဝ အတွက် ရည်မှန်းအပ်တဲ့ ဘဝ ပန်းတိုင် ဆိုတာ ရေရေရာရာ မရှိဘူး၊ သိပ္ပံပညာကလည်း ဘာလိုချင်လို့ လုပ်နေမှန်း မသိဘူး၊ လူ့ဘဝ အတွက် ဘယ်လို ဖြစ်အောင် လုပ်မယ် ဆိုတာ မရှိဘူး၊ ဆရာ ဆိုလိုတာကတော့ သိပ္ပံပညာမှာလည်း တူညီတဲ့ ရည်မှန်းချက် မရှိဘူး၊ လူ့ဘဝမှာ အင်မတန် ကြီးမားတဲ့ ပြဿနာတွေ ရှိတယ်၊ ဥပမာ ဆိုပါစို့၊ လူတွေဟာ မနာချင်ဘူး၊ မအိုချင်ဘူး၊ မသေချင်ဘူး၊ အစား ဆင်းရဲခြင်း၊ အဝတ် ဆင်းရဲခြင်း၊ အနေ ဆင်းရဲခြင်း မကြုံချင်ဘူး၊ လွတ်လပ်ချင်တယ်၊ တရား မျှတချင်တယ်၊ ကြွယ်ဝချမ်းသာချင်တယ်၊ လူ့ဘဝ သာယာစေချင်တယ်၊ ငြိမ်းချမ်းစေချင်တယ်၊ သို့သော် ဒီပြဿနာတွေကို သိပ္ပံပညာက မဖြေရှင်းဘူး၊ မဖြေရှင်းနိုင်သေးလို့ မဖြေရှင်းဘူး

www.burmeseclassic.com



ဆိုရင်လည်း ဖြေရှင်းနိုင်အောင် ကြိုးစားပါလား၊ ဒီလို လည်း သိပ္ပံပညာက အရေးမထားဘူး၊ လူတွေ တကယ် တမ်း လိုချင်တာတွေ၊ ဖြစ်ချင်တာတွေကိုတော့ သိပ္ပံ ပညာက ဖြည့်ဆည်းဖို့ မကြံစည်ဘူး။

'ဒါပေမယ့် လူတွေ မလိုချင်တဲ့ စစ်လက်နက် ပစ္စည်းတွေ အဏုမြူဗုံးတွေ ထုတ်လုပ်ဖို့ကျတော့ သိပ္ပံ ပညာက စွမ်းတယ်၊ လူတွေ အတွက် အကျိုး မများတဲ့ အာကာသ ယှဉ်ပြိုင်မှုတွေ အတွက်ကျတော့ ငွေကုန် ကြေးကျ များစွာ ခံပြီး သိပ္ပံ ပညာက လုပ်တယ်၊ တဖြည်းဖြည်းနှင့် သိပ္ပံပညာဟာ လူကို အကျိုးပြုဖို့ ထက် လူကို ဒုက္ခပေးဖို့ ဘက်ကို ပိုပြီး အားသန်လာ တယ်၊ ဒါကို လူတိုင်း မြင်နေ ကြားနေ ကြတာ ဖြစ်တဲ့ အတွက် ဆရာ အထူး မပြောတော့ပါဘူး။

'တစ်ခါ အနောက်တိုင်းက ဘာသာ အယူဝါဒ တွေ ကျပြန်တော့လည်း လူကို လူ့တန်ဖိုး မပေးဘူး၊ လူတွေကို သူတို့ ကြုံတွေ့နေရတဲ့ အတိဒုက္ခတွေ ကြားက လွတ်မြောက်အောင် ဘယ်လို လုပ်ရမယ် ဆိုတဲ့ အသိ ပညာနှင့် ယှဉ်တဲ့ နည်းလမ်းကို မပေးဘူး၊ လူတွေကို ကျွန်စိတ် ဝင်အောင်သာ သွေးဆောင်တယ်၊ ဖန်ဆင်း ရှင်ကို ကြောက်ရွံ့တဲ့စိတ် ဝင်အောင်သာ တိုက်တွန်းပြီး လူသားမှာ သူ့ကိုယ်သူ ကယ်တင်နိုင်တဲ့ အစွမ်းသတ္တိ ကင်းမဲ့တဲ့ သတ္တဝါ တစ်ကောင်လို ပြုလုပ်တယ်၊ နောင် ဘဝကို မျှော်လင့်ချက် ပေးပြီး ဘုရားသခင်ထံမှာ အပြစ် လွတ်အောင် ပူဇော် ပသဖို့လောက်ကိုသာ ဘဝရဲ့ အဆုံး ပန်းတိုင် ထားကြတယ်၊ အသက် ရှင်နေတဲ့ လူသားရဲ့ စိတ်ထဲမှာ အမြဲတစေ အပြစ် ကျူးလွန်သူလို့ သူ့ကိုယ် သူ ထင်အောင် ပြုလုပ်ပြီး လူသားရဲ့ စိတ်ဓာတ်ကို ချိုး နှိမ်တယ်၊ ဒီသဘောတွေဟာလည်း ထင်ရှားပြီး ဖြစ်လို့ ဆရာ အထူး ပြောဖို့ မလိုတော့ပါဘူး။

'အရှေ့တိုင်းမှာတော့ လူကို တန်ဖိုး ထားတဲ့ အတွေးအခေါ်တွေပဲ ထွန်းကားတယ်၊ လူသားကို အပြစ် ရှိတဲ့ သတ္တဝါ တစ်ကောင်လို့ သတ်မှတ်ထားတဲ့ အယူ အဆမျိုး မရှိဘူး၊ လူဟာ သူ့ကိုယ်သူ နားလည် သိမြင် အောင် ပြုလုပ်ပြီး ကြုံတွေ့ဆဲ အနှောင်အဖွဲ့တွေ အတိ ဒုက္ခတွေက လွတ်မြောက်စေမယ့် နည်းလမ်းတွေကို ရှာ ဖွေဖို့ကို တိုက်တွန်းတဲ့ အတွေးအခေါ်တွေသာ ရှိတယ်။

'အနောက်တိုင်းမှာ နှစ်ဆယ်ရာစု အစလောက် က ထွန်းကားလာတဲ့ ကွန်မြူနစ် ဝါဒမှာတော့ လူ့ဘဝ ရဲ့ လောကီ ပန်းတိုင် (ဘဝ ရည်မှန်းချက် အဆုံးတွေ) ပါလာတယ်၊ လူလူချင်း တန်းတူ ရည်တူ ဆက်ဆံပြီး မတရားတဲ့ စီးပွားရေး စနစ်တွေ ကင်းရှင်းတဲ့ လူတန်းစား တိုက်ပွဲ မရှိတော့တဲ့ လူ့ဘောင်သစ် ဖန်တီးမယ် ဆိုတဲ့ ဘဝ ရည်မှန်းချက် စိတ်ကူး စိတ်သန်းသစ်တွေ ပါလာ တယ်၊ ဒါပေမယ့် အဲဒီလို ဖြစ်ဖို့ကတော့ အုပ်ချုပ်သူ လူတန်းစား (အစိုးရ) မရှိ၊ လူတွေ ပြုလုပ်ထားတဲ့ ဥပဒေတွေ မရှိ၊ ငွေကြေး ဆက်ဆံရေး မရှိ၊ နိုင်ငံတော် ဆိုတာ မရှိမှ ဖြစ်မယ်၊ သူတို့ရဲ့ နိုင်ငံတကာ ဝါဒကြီး (internationalism)ဆိုတာကြီး အောင်မြင်မှလည်း ဖြစ် မယ်၊ ဒါတွေကတော့ ဖြစ်လာတော့မှပဲ ဖြစ်တဲ့ ခေတ်မှာ အသက်ရှင် နေထိုင်တဲ့ လူသားတွေ ခံစားကြရလိမ့်မယ်၊ လက်ရှိ အသက်ရှင်နေတဲ့ လူတွေနှင့်တော့ ဘာမှ မဆိုင် ဘူး၊ အိပ်မက်လို့တောင်မှ မရနိုင်တဲ့ ဒီ ဘဝ ရည်မှန်း ချက်တွေကို လက်ရှိ လူသားတွေမှာ ခံစားခွင့် မရှိဘူး၊ ဒီတော့ လက်ရှိ လူသားတွေ လိုချင်တဲ့ ကိုယ်ရေး ကိုယ် တာ ဘဝ လွတ်မြောက်ရေး ကိစ္စဟာ ကွန်မြူနစ် ဝါဒ မှာ မပါဘူး၊ လူမှာ ဆန္ဒ တစ်ခု ရှိတယ်၊ အဲဒီ ဆန္ဒက သူ့ကိုယ်သူ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်အောင် လုပ်ချင်တယ်၊ ဘဝ အနှောင်အဖွဲ့တွေက သူ့ကိုယ်သူ လွတ်မြောက်အောင် လုပ်ချင်တယ်၊ တခြားလူကို အား ကိုးလည်း ခဏပဲ၊ သူ့ကို ချမ်းသာအောင် မစနိုင်မယ် ထင်တဲ့ လူကို ခဏတော့ ကိုးကွယ် လိုက်ကြမှာပဲ၊ တကယ်တမ်း မ မစနိုင်ဘူး ဆိုတာလည်း သိရော မသိ မသာ ဆုတ်ခွာ ခွာတတ်ကြတာပဲ၊ ဒီသဘောတွေကို လူ့ ဘဝ တစ်လျှောက်မှာ အများကြီး တွေ့ကြရပါလိမ့်မယ်။

'ဆရာ ပြောချင်တာကတော့ အရှေ့တိုင်းသား တွေမှာ လူ့ဘဝ အတွက် အဆုံးပန်းတိုင်နှင့်တကွ လို အပ်ချက်တွေ အပြည့်အစုံ ပါဝင်တဲ့ အလွန် လေးနက် ကျယ်ပြန့်တဲ့ အတွေးအမြင်တွေ အပြည့်အစုံ ရှိပါတယ်။

'လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုး စီးပွားကိုလည်း ဆောင်နိုင်တယ်၊ အနောက်တိုင်းသား တွေ ပြောတဲ့ သိပ္ပံနည်းလည်း ကျတယ်၊ လူသားတို့ရဲ့ ရင်ထဲမှာ ဖြစ်ပေါ်တတ်တဲ့ ယုံမှား သံသယ (ဒိဋ္ဌိ ဝိစိ ကိစ္ဆာ) ကိုလည်း ပယ်ဖျက်နိုင်တဲ့ အစွမ်း သတ္တိလည်း ရှိတယ်၊ လူသားရဲ့ ဘဝ တန်ဖိုးကိုလည်း အမြင့်ဆုံး မြှင့်တင်ပေးတယ်၊ ဘဝရဲ့ လွတ်မြောက်မှု အဆုံး ပန်း တိုင်ကိုလည်း တိတိကျကျ လမ်းညွှန်ပေးတယ်၊ လက်ရှိ ဘဝမှာ အသက်ရှင် နေထိုင်တဲ့ လူသားကိုယ်တိုင် မိမိ ဘဝကို မိမိ ကယ်တင်နိုင်တဲ့ လောကီ နည်းလမ်း

www.burmeseclassic.com



လောကုတ္တရာ နည်းလမ်းတွေလည်း အပြည့်အစုံ ပါတယ်၊ စင်ကြယ်တဲ့ သီလ သမာဓိ ပညာ နည်းလမ်းတွေနှင့် လက်တွေ့ လမ်းညွှန်နိုင်တဲ့ အတွေးအမြင်တွေကို လိုချင်ရင် မိမိတို့ အရှေ့တိုင်းမှာပဲ ရှာကြပါလို့ ဆရာ တိုက်တွန်းခဲ့ချင်ပါတယ်။

'လူ့ဘဝမှာ ကြောက်ဖို့ အကောင်းဆုံး ကိစ္စ တစ်ရပ် ရှိတာကို ဆရာ သတိ ပေးခဲ့ချင်ပါတယ်၊ မမှားသော ရှေ့နေ မသေသော ဆေးသမား မရှိဘူး ဆိုတာလည်း မှန်ပါတယ်၊ သို့သော် အတွေ့အကြုံက ရခဲ့တဲ့ အသိ ပညာတွေ၊ ရှေးက ပညာရှိတွေရဲ့ ဆိုဆုံးမတဲ့ စကားတွေကို ဦးထိပ်ပန်ဆင် ထားသူတွေ အဖို့တော့ ဘဝမှာ မှားပင် မှားငြား အမှား သက်သာပါလိမ့်မယ်။

'အသိပညာ ရှာသူတွေ အတတ်ပညာ ရှာသူတွေ ဘဝ လွတ်မြောက်ရေး (ဘဝ ချမ်းသာ) ရှာသူတွေဟာ အများအားဖြင့် ဆရာမှားတွေ ဆရာတု ဆရာယောင်တွေနှင့် မလွဲမသွေ တွေ့ကြုံတတ်ပါတယ်။

'ဒါကို အထင်ရှားဆုံး သာဓကနှင့် ပြရလျှင် ဗုဒ္ဓသာသနာတော်မှာ ထင်ရှားလှတဲ့ ပထမ သင်္ဂါယနာရဲ့ ဒါယကာကြီး ဖြစ်တဲ့ အဇာတသတ် မင်းဟာ မင်းသားဘဝတုန်းက ဆရာမှား ဒေဝဒတ်ကို ကိုးကွယ်ခဲ့မိလို့ အဖကို သတ်တဲ့ သား ဘဝနှင့် ပဉ္စာနန္တရိယ ကံကြီး ထိုက်သွားခဲ့ဖူးတာ အထင်အရှား ရှိပါတယ်။

'ဆရာ သတိ ပေးချင်တာက လူ့ဘဝ တစ်လျှောက်လုံးမှာ မဟုတ်တဲ့ လူကို ဆရာတင်မိ မမှားဖို့ အရေးကြီးသလို မဟုတ်တဲ့ တရားကို ကိုးကွယ်မိ မမှားဖို့လည်း သာ၍ အရေးကြီးတယ် ဆိုတာကို နောက်ဆုံး ဩဝါဒ စကား အဖြစ် ပြောကြားခဲ့ပါတယ် ဆရာ ချစ်တဲ့ တပည့် အပေါင်းတို့'

ဆရာမြတ်၏ ဩဝါဒ စကား အဆုံးတွင် ဆရာ ဆရာမများ အားလုံး တပည့်များ အားလုံး မျက်ရည် ဝဲဝဲနှင့် မှင်တက်မိကာ ငိုင်နေကြလေသည်။ ဆို့နစ်သည့်ကြားမှ အကျွန်ုပ်က စ၍ လက်ခုပ် တီးလိုက်သော အခါ ကျန်သူများ အားလုံး လက်ခုပ် ဝိုင်းတီးကြလေသည်။

အကျွန်ုပ်သည် ဆရာကား၏ နှုတ်ဆက်ပွဲတွင် ဝမ်းနည်းဖွယ် ကြုံလိမ့်မည်ဟု မျှော်လင့်ထားလေသည်။ သို့သော် အကျွန်ုပ် ထင်သလောက် မဟုတ်။ ဆရာသည် အလွန် တန်ဖိုး ရှိသော မိန့်ခွန်းကို မိန့်ကြားကာ တပည့်များ၏ မျက်ရည်ကို ဆည်စေသည်။

တခြားသော ဆရာ ဆရာမများ နှလုံးသားဝယ် ဘယ်သို့ ခံစားရမည်ကို အကျွန်ုပ် အတတ် မသိပါ။ အကျွန်ုပ်မူကား လမ်းပျောက်နေခိုက် ဒဿန တောကြီး မျက်မည်း အလယ်မှာ ဝိဇ္ဇာ တစ်ပါး ဘွားခနဲ ပေါ်လာပြီး လမ်းရှာ၍ ပြသလို အံ့သြခြင်း များစွာဖြင့် ဝမ်းသာကြည်နူးရပါသည်။

'မဟုတ်တဲ့ တရားကို ယုံကြည် ကိုးကွယ်မိ မမှားဖို့ သာပြီး အရေးကြီးပါတယ်' ဆိုသော ဆရာမြတ်၏ စကားလုံးများသည် အမှောင် ဖုံးနေသော အကျွန်ုပ် နှလုံးအိမ်ကြီးထဲတွင် မာကျူရီ တစ်ထောင်အား မီးလုံး တစ်ရာလောက်ကို ပြိုင်တူ ထွန်းလင်း စေသကဲ့သို့ ထိန်လင်း သွားပါတော့သည်။ အကျွန်ုပ်လည်း မိမိထက် အသက်အားဖြင့် လည်းကောင်း၊ ဂုဏ်အားဖြင့် လည်းကောင်း ကြီးမားသော ဆရာ သမားများကို အပြောမစောင့်နိုင်ဘဲ ထိုင်ရာမှ ထကာ ဆရာသမား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလျက် မိမိတို့ တပည့်နှစ်ဦး ပြုခဲ့မိသော ပြောမှား ဆိုမှားခြင်းများ အတွက် ဆရာသခင် ကျေးဇူးရှင်က ခွင့်လွှတ်ပါမည့် အကြောင်းကို အနူးအညွတ် တောင်းပန်မိလေတော့၏။

ထိုအခါ ခွင့်လွှတ်ခြင်းဖြင့် လိမ်းကျံသော ဆရာကား၏ မျက်ဝန်း အစုံဝယ် မျက်ရည် ဝဲလေသည်။ ဆရာမြတ် မျက်ရည် ဝဲသည်ကို မြင်ရသော အခါ ဆရာမများလည်း မျက်ရည် မဆည်နိုင် ဖြစ်ကြရလေတော့၏။

ဆရာကား ပင်စင် ယူသွားသော အခါ ဆရာ ဒေါက်တာ ဦးခင်မောင်ဝင်း ဌာနမှူး ဖြစ်လာလေ၏။ ဌာနရှိ ဆရာ ဆရာမများ အားလုံး စနစ်သစ် ပညာရေး အတွက် စတင် ကြိုးပမ်းရန် တာစူနေကြလေ၏။ ယခင် အင်္ဂလိပ် ဘာသာဖြင့် ပြသခဲ့ကြသော ဘာသာရပ် အားလုံးကို မြန်မာ ဘာသာ စကားသို့ ပြောင်းလဲ သင်ကြားရန် ပြင်ဆင်ကြရလေ၏။

တစ်နေ့သ၌ ဆရာ ဦးခင်မောင်ဝင်းသည် ဆရာမကြီး ဒေါ်မေတင်ထွတ်၊ ဒေါ်ခင်ဆက်ရီ၊ ဦးခင်မောင်ဒင်တို့နှင့်အတူ စနစ်သစ် ပညာရေးတွင် သင်ကြားမည့် ဒဿနိက ဗေဒ ဘာသာရပ်များ ဆွေးနွေးစဉ် အကျွန်ုပ်အားလည်း ခေါ်ယူလေ၏။ အဓိကမှာ မြန်မာဘာသာဖြင့် ကျောင်းသုံး စာအုပ်များ ရေးသားရန် ဖြစ်၏။ အကျွန်ုပ်သည် ထိုအချိန်၌ စာအုပ်များ ရေးသားထုတ်ဝေလျက် ရှိရာ အတော် အတန် လူသိများလျက် ရှိပြီ ဖြစ်၏။ စာအုပ်စာတမ်း ရေးသားရေး ကိစ္စ ဖြစ်၍

www.burmeseclassic.com



အကျွန်ုပ်အား ဆရာ ဦးခင်မောင်ဝင်းက ကထိကများနှင့် ဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်ခွင့် ပြုခြင်း ဖြစ်သည် ထင်၏။ အစည်းအဝေးတွင် ဘာသာရပ် အလိုက် ခွဲတမ်းများ ချလေ၏။ အနောက်တိုင်း အတွေးအမြင် သမိုင်းကို မည်သူက တာဝန်ယူ ရေးရန်၊ အနောက်တိုင်း ယုတ္တိဗေဒကို မည်သူက တာဝန်ယူ ရေးရန်၊ အနောက်တိုင်း ကိုယ်ကျင့်တရား ပညာကို မည်သူက တာဝန်ယူ ရေးရန် အသီးသီး သတ်မှတ်ကြရာတွင် ဆရာ ဦးခင်မောင်ဝင်းက အကျွန်ုပ်ကိုပါ ထည့်သွင်း သတ်မှတ်လေ၏။

'ကိုဆန်းလွင်ကိုတော့ ထူးထူးခြားခြား တာဝန်တစ်ခု ပေးချင်တယ်၊ ဒီအကြောင်းအရာကတော့ အသစ်သုတေသန ပြုရမယ့် ကိစ္စလည်း ဖြစ်တယ်၊ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်မှာ သွားပြီး ဆရာဦးဖေအောင်နှင့် တိုင်ပင်ပြီး လုပ်ရမယ့် ကိစ္စလည်း ဖြစ်တယ်၊ ကျွန်တော် လုပ်စေချင်တာကတော့ ကိုဆန်းလွင် ဗုဒ္ဓ ကိုယ်ကျင့်တရား ပညာ (Buddhist Ethics) ကို လုပ်စေချင်တယ်၊ ဖြစ်မလား'

အကျွန်ုပ်သည် 'ဖြစ်မလား'ဆိုသော အမေးကို တွေဝေ ဆိုင်းငံ့ခြင်း မရှိ ချက်ချင်း ဖြေလိုက်ပါသည်။

'ဆရာ ဖြစ်စေချင်ရင် ကျွန်တော်ကတော့ မဖြစ်ဖြစ်အောင် ကြိုးစားရမှာပဲ၊ ဖြစ်မယ်လို့တော့ ကျွန်တော် ထင်ပါတယ် ဆရာ'

'ကောင်းပြီ၊ ဒါဆို မနက်ဖြန်က စပြီး ကိုဆန်းလွင် ကမ္ဘာအေးကို သွား၊ ဆရာ ဦးဖေအောင်နှင့် တိုင်ပင်ပြီး လေးငါး ခြောက်လ အတွင်း အဲဒီ စာအုပ် ဖြစ်အောင် လုပ်ပေးစမ်းပါ၊ ဌာနမှာလည်း စာအုပ်စာတမ်း အချို့ ရှိပါတယ်၊ ပိဋကတ် မြန်မာပြန်တွေလည်း တော်တော် စုံစုံလင်လင် ရှိတယ်၊ ခင်ဗျား အတွက် အထောက်အကူ ပြုမှာကတော့ အက်စ် တာရှီဘာနာ (S. Tashibana) ရဲ့ ***ဗုဒ္ဓဝါဒ ကိုယ်ကျင့်တရား ပညာ*** (Ethics of Buddhism) ဆိုတဲ့ စာအုပ်လည်း ရှိတယ်၊ အားလုံး စုံအောင်တော့ ကြည့်ပေါ့'

'ဟုတ်ကဲ့၊ စိတ်ချပါ ဆရာ'

ဆရာ့ကို ကတိ ပေးလိုက်ပြီးမှ အကျွန်ုပ်သည် မိမိ အဖြစ်ကို ပြန်၍ စဉ်းစားမိလေ၏။

ဆရာ ဦးခင်မောင်ဝင်းသည် အကျွန်ုပ် အကြောင်းကို အသိဆုံး ဖြစ်သည်။ အကျွန်ုပ်သည် အခြားသော အယူဝါဒများ၌သာ ကာလများစွာ ကျင်လည် လာခဲ့သူ ဖြစ်၏။ အရှေ့တိုင်း ဒဿနများနှင့် နှိုင်း စာ လျှင် အကျွန်ုပ် လေ့လာခဲ့သော အနောက်တိုင်း ဒဿနများကသာ အဆမတန် ပိုများလေသည်။ အကျွန်ုပ်သည် ဆရာကား သင်ကြား ပို့ချစဉ်က ဗုဒ္ဓ ဒဿန၏ အခြေခံ အယူအဆများကိုသာ သင်ကြားခဲ့ရသည်။ ထိုသင်ကြားချက်များမှာလည်း ဟီနယာန (ထေရဝါဒ) နှင့် မဟာယာန အယူအဆများ အုတ် အရောရော ကျောက်အရောရော ဖြစ်နေလေသည်။ ယခု ဆရာ ခိုင်းသော ဗုဒ္ဓ၏ ကိုယ်ကျင့်တရား အမြင်များမှာ ထေရဝါဒသန့်သန့် ဖြစ်ဖို့ လိုပေလိမ့်မည်။ ထိုကိစ္စသည် အကျွန်ုပ် ကျွမ်းကျင်သော ကိစ္စ မဟုတ်၊ အကျွန်ုပ် မကျွမ်းကျင်သော ကိစ္စ ဖြစ်မှန်း သိပါလျက် ဆရာသည် ငါ့အား ဘာကြောင့် တာဝန် ပုံအပ်လေသနည်း။

ကျေးဇူးရှင် အကျွန်ုပ်၏ ဆရာသည် သူ့တပည့်အား ချောက်ကျစေလိုသော စေတနာ ဆိုးမျိုးဖြင့် ဤကဲ့သို့ ခိုင်းစေခြင်းတော့ မဖြစ်နိုင်။ မနိုင်ဝန်ကို ထမ်းစေခြင်းဖြင့် အကျွန်ုပ်အား ဒုက္ခ ရောက်အောင် လုပ်ခြင်း ဖြစ်ပါမည်လား။ အကျွန်ုပ်နှင့် တွေ့ဖူးသည်မှ ဆက်ဆံလာခဲ့သော ကာလ တစ်လျှောက်လုံးဝယ် အကျွန်ုပ်၏ ဆရာသည် အကျွန်ုပ်၏ အကျိုးကိုသာ အစဉ် လိုလားခဲ့ဖူးလေ၏။ ယခု ဤတာဝန်ကြီး အပ်နှင်းလိုက်သည်မှာလည်း အကျွန်ုပ်ကို လိုလား၍သာ ဖြစ်ပေလိမ့်မည်။

ဆရာသမားတို့ မည်သည် တပည့်များကို အဆင့်မြှင့်လိုသောအခါ အရည်အချင်းကို စစ်ဆေးခြင်း ဓမ္မတာ ရှိလေသည်။ ယခုလည်း အကျွန်ုပ်အား မြှင့်တင် ပေးလိုသော ဆန္ဒဖြင့် အရည်အချင်း စမ်းသပ်ခြင်း ဖြစ်ရာသည်။

ဟုတ်ပြီ။ ဆရာ၏ စေတနာသည် ကြီးမားလှပါကလား။ ဆရာသည် အကျွန်ုပ်အား တစ်ယောက်တည်း ခေါ်၍ စာမေးပွဲ စစ်ပြီပါကလား။ ဤ စာမေးပွဲတွင် အောင်အောင်မြင်မြင် ဖြစ်အောင် ကြိုးစားရမည်မှာ မိမိ တာဝန် ဖြစ်ချေပြီဟု အကျွန်ုပ် အောက်မေ့လိုက်မိ၏။

ဆရာသည် ဘာပဲဖြစ်ဖြစ် အကျွန်ုပ် အပေါ်တွင် တခြား သူများထက် ပိုပြီး ယုံကြည် စိတ်ချမှု မရှိဘဲနှင့်တော့ ဤလောက် ကြီးသည့် ဝန်ထုပ်ကို ထမ်းစေမည် မဟုတ်။

ဤသို့ တွေး မိ လိုက် သည့် အဆုံး၌ မိမိ၏ အဖြစ်သည် ဆင်ခေါင်းကို ခွေး မချီနိုင်သည့် အဖြစ်သို့

www.burmeseclassic.com



မရောက်အောင်လည်း သန္နိဋ္ဌာန် ချလိုက်မိလေ၏။

အကျွန်ုပ်သည် ပထမ မိမိကိုယ်ကို နားလည်အောင် ကြိုးစားကြည့်၏။ ထိုအခါ မိမိမှာ ဗုဒ္ဓဘာသာ ကျမ်းဂန် စာပေများနှင့် လည်းကောင်း၊ အကျင့် စရဏနှင့် လည်းကောင်း အလှမ်းဝေးလျက်ပင် ရှိသေးကြောင်း တွေ့ရလေ၏။ ထို့ကြောင့် မိမိ ဦးစွာ လုပ်ရမည့် အလုပ်သည် ဗုဒ္ဓဘာသာနှင့် နီးစပ်အောင် ပြုလုပ်ရမည့်အလုပ်ဖြစ်သည်ဟုလည်း နားလည်လိုက်ပါ၏။

ရှေးကမူ အကျွန်ုပ်၏ နှလုံးသားသည် ရိုင်းပျနေလေ၏။ မိရွှေသက်သည် ဗုဒ္ဓဘာသာ တရားကို နားမလည်သော်လည်း ဘုရား တရား သံဃာ၌ ရိုသေ ကိုင်းရှိုင်းမှု ရှိ၏။

အကျွန်ုပ်နှင့် သူ ညားကြသောအခါ အကျွန်ုပ်၏ အိမ်တွင် ရုပ်တုများဖြင့် တန်ဆာဆင်သော ဘုရားစင် မထားရဟု ပညတ်ထားသဖြင့် သူ့ခမျာ ဘုရားစင် မရှိဘဲ ဘုရား တရားကို စိတ်ဖြင့်သာ ကြည်ညို နေရလေ၏။ သန့်စင်ပန်း ပေါ်သော ရာသီသို့ ရောက်ပြီဆိုလျှင် ကြည်လင် သန့်ရှင်းသော ရေဖန်ခွက်ထဲတွင် သန့်စင်ပန်းခက်ကလေးများကို ဝေဆာနေအောင် ထိုးပြီး မြင့်ရာ တစ်နေရာတွင် ဘုရားကို ရည်စူး၍ ကပ်ထားလေ့ ရှိ၏။ ထိုသို့ ကပ်ထားသည်ကို အကျွန်ုပ် တွေ့လျှင် ထိုဖန်ခွက်ကို သိမ်းပြီး ချောင်ထိုး ထားလိုက်၏။ ထိုအခါ မိရွှေသက် မျက်ရည်ဝဲနှင့် တောင်းပန်ရှာ၏။

'ကိုရယ်၊ ကိုယ့်ဘာသာ မကြည်ညိုချင် နေပါ၊ ကျွန်မ သဒ္ဓါလို့ ကြည်ညိုတာတော့ ဒီလိုလုပ်ဖို့ မကောင်းပါဘူး' ဟု ဆိုလေသည်။

မိရွှေသက် ပြောသော 'သဒ္ဓါ' ဆိုသော စကားကို အကျွန်ုပ်၏ နှလုံးသားမှာ နားလည်နိုင်သော အစွမ်းသတ္တိ မရှိသေးပါ။ အကျွန်ုပ် စိတ်ထဲတွင် ငယ်စဉ်က မိဘများ ပြောသော စကားသည် စွဲထင်လျက် ရှိ၏။ ထိုစကားသည် ရုပ်တု ကိုးကွယ်ခြင်းကို ရှုတ်ချသော စကား ဖြစ်၏။

'သားရယ်၊ ဒီအရုပ်တွေနှင့် အုတ်ပုံကြီးကို ဘုရားဆိုပြီး ရှိခိုးနေတာများ ဘယ်လောက် အသိဉာဏ် မရှိသလဲ၊ ကြည့်ပါဦး၊ ဒီအရုပ်တွေ အုတ်ပုံတွေက ငါ့သားကို ကယ်နိုင်ပါ့မလား၊ လူတွေ လုပ်ထားတာတွေကို လူတွေက ပြန်ပြီး ရှိခိုးနေတာ အံ့ဖို့ ကောင်းသေးတော့တယ်'

မိခင် ပြောလေ့ ရှိသော ထိုစကားကို အကျွန်ုပ်နားလည်ရ မခက်ပါ။ အကျွန်ုပ်၏ မျက်မြင် ကိုယ်တွေ့မှာလည်း ဆင်းတု ရုပ်တုတွေနှင့် အုတ်ပုံ စေတီကြီးတွေသာ ဖြစ်၏။ အမှန်တော့ ဘုရားကို အုတ်ပုံစေတီ ကွယ်နေသောကြောင့် အကျွန်ုပ်သည် ဘုရားကိုလည်း မမြင်တတ်၊ တရားကို စာအုပ် ကွယ်နေသောကြောင့် တရားကိုလည်း မမြင်တတ်၊ သံဃာကို ဘုန်းကြီး ကွယ်နေသောကြောင့် သံဃာကိုလည်း မမြင်တတ်သေးကြောင်း ဤတွင် ဝန်ခံရပေဦးမည်။

တစ်ခါတစ်ရံ မိရွှေသက် ဘုရား တရား ကြည်ညိုချင်လျှင် သူ့ဘာသာ ရွှေတိဂုံ စေတီသို့ ဖြစ်စေ၊ ဆူးလေ စေတီသို့ ဖြစ်စေ၊ ထွက်သွားပြီး အားရ ပါးရ ကြည်ညိုကာ စိတ်ကျေနပ်မှ ပြန်လာသည်။ အကျွန်ုပ်ကမူ လမ်းကြုံ၍ မိရွှေသက် ဘုရား ဝင်ဖူးသည့် အခါ၌ပင် ဘုရား ရင်ပြင်တော်ပေါ်သို့ မတက်ဘဲ အောက်က ထိုင်စောင့်ခဲ့၏။ မိရွှေသက်က 'အစ်ကို ရှိမခိုးချင်နေပေါ့၊ လိုက်တော့ လိုက်ခဲ့ပါ' ဟု အကြိမ်ကြိမ် တောင်းပန်သဖြင့် ဘုရားပေါ်သို့ လိုက်သွားမိသော အခါ ဘာကြောင့်မှန်း မသိ၊ အကျွန်ုပ် ရင်ထဲတွင် မီးလောင်သကဲ့သို့ အလွန် ပူလာ လေတော့၏။ ထိုအခါ အပြန်တွင် မိရွှေသက်နှင့် ရန်ဖြစ်ကြရလေ၏။

'တော်ပြီ၊ နင့် ဘုရားက နင့်ကို ရှာကျွေးတာ မဟုတ်ဘူး၊ ငါက ရှာ ကျွေး တာ၊ ဒီလောက်တောင် ရှိခိုးချင်ရင် ငါ့ကို ရှိခိုး၊ မင်းဟာ တော်တော် မကောင်းတဲ့ မိန်းမ၊ နင့်အပေါ် ကျေးဇူးရှိတဲ့ လူကိုတော့ မကြည်ညိုဘူး၊ မင်း အပေါ် ဘာ ကျေးဇူးမှလည်း မရှိဘူး၊ ဘယ်လိုမှလည်း မပတ်သက်ဘူး၊ မင်းက သူ့ကို ကြည်ညိုနေမှန်းလည်း သိတော့တာမှ မဟုတ်တဲ့ ပုဂ္ဂိုလ်တွေကိုတော့ မင်းက ကြည်ညို နေလိုက်တာ၊ အဲဒါ မင်းမှာ ဘာအကျိုးတွေ ရလာမယ် ထင်လို့လဲ၊ ဘာ မျှော်လင့်ချက်နှင့် မင်းတို့ လုပ်နေကြတာလဲ' ဟု အကျွန်ုပ်သည် ရင့်သီးရိုင်းပျသော စကားများဖြင့်လည်း မိရွှေသက်ကို အနိုင်ကျင့်ဖူးလေ၏။ ထိုစဉ်ကမူ သဒ္ဓါ ကင်းမဲ့လျက် ရှိသော အကျွန်ုပ်၏ နှလုံးသားတွင် ထိုစကားလုံးများကို အမှန်တရားများ အဖြစ် ယုံကြည် ကိုးစားစွာ ပြောဆိုခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း အကျွန်ုပ် ဝန်ခံပါ၏။

ဘုရား တရား သံဃာ ရတနာ သုံး ပါး ၌ အကြည်ညို ကင်းမဲ့ခဲ့သော ထို ရိုင်းပျသည့် အကျွန်ုပ်၏ နှလုံးသားကို လုံးဝ ပြောင်းလဲသွားအောင် မည်သို့သော ဘာဝ အကြောင်း တရားတွေကြောင့် မှန်းတော့ မသိ။

www.burmeseclassic.com



စတင် ဖန်တီး၍ တွန်းပို့ခဲ့သူမှာ အကျွန်ုပ်၏ ဆရာ ဒေါက်တာ ဦးခင်မောင်ဝင်းပင် ဖြစ်ကြောင်းကိုလည်း ယခုမှ အကျွန်ုပ် ဝန်ခံရပါ၏။

ဆရာသာ အကျွန်ုပ်အား 'ဗုဒ္ဓ၏ ကိုယ်ကျင့်တရား ပညာ' စာအုပ်ကို ပြုစုရန် တာဝန် မပေးခဲ့လျှင်၊ ဗုဒ္ဓ တက္ကသိုလ်သို့ သွား၍ သုတေသန မပြုခိုင်းခဲ့လျှင်၊ ဗုဒ္ဓ ပိဋကတ်တော်များကို ဖတ်ဖို့ မညွှန်ကြားခဲ့လျှင် အကျွန်ုပ်၏ ဘဝဝယ် အလင်းဓာတ် ကွယ်ဆဲပင် ဖြစ်လေဦးမည်လား။

သို့မဟုတ် တစ်မျိုး တစ်ဖုံ ဖြစ်လေဦးမည်လား ဆိုသည်ကို အကျွန်ုပ် ပြော ဖို့ ပင် လွယ်မည် မထင်တော့ချေ။

www.burmeseclassic.com

## ၁၃။ လူသား ဘုရား ဗုဒ္ဓနှင့် သူ၏ တရားဦး မွေစကြာကို နားလည် သဘောပေါက်ခြင်း

အကျွန်ုပ်သည် ဆရာ့ထံမှ တာဝန် ပေးခြင်းကို ခံရပြီး နောက်တစ်ရက်မှာပင် ကမ္ဘာအေး ကုန်းမြေပေါ်ရှိ ဗုဒ္ဓ တက္ကသိုလ်သို့ သွားလေ၏။ ထိုစဉ်အခါက ကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ် ညွှန်ကြားရေးမှူးချုပ်သည် အကျွန်ုပ်၏ ငယ်စဉ်က ယုတ္တိဗေဒ ဆရာ ဖြစ်ဖူးသူ ဆရာကြီး ဦးဖေအောင် ဖြစ်သောကြောင့် ဟန်ကျလေ၏။ ဆရာ ဦးဖေအောင်အား မိမိ ထမ်းဆောင်ရမည့် တာဝန်ကို ဦးစွာ ပြောရ၏။ ဆရာက အလွန် ကောင်းသော **အစီအစဉ်** ဖြစ်ကြောင်း ချီးမွမ်းစကား ဆိုလေ၏။ ထို အခါမှ ဆရာကြီးအား မိမိ၏ အားနည်းချက်များကို အစီရင်ခံရလေ၏။

'ဆရာ ဦးခင်မောင်ဝင်းကတော့ ကျွန်တော့်ကို ယုံကြည်လို့ပဲလား၊ တခြား ဘာ ရည်ရွယ်ချက်၊ မျှော်လင့်ချက် ရှိလို့လဲတော့ မဆိုနိုင်ပါဘူး ဆရာ၊ ဒီကိစ္စ ကျွန်တော့်ကို တာဝန် ပေးတာကတော့ တော်တော် ထူးခြားပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် ဘီအေမှာ အက်သစ် (Ethics) (ကိုယ်ကျင့် တရား ပညာ) ကို လေ့လာ သင်ကြားခဲ့ပါတယ်၊ သို့သော် မဟာဝိဇ္ဇာတန်း ရောက်တော့ ပါမောက္ခ ဆရာကားက ကျွန်တော်ဟာ ယုတ္တိဗေဒမှာ ပိုပြီး *အလားအလာ* ကောင်းတယ် ဆိုပြီး ယုတ္တိဗေဒကိုပဲ ဖိလုပ် ခိုင်းခဲ့ပါ တယ်၊ ဒီတော့ ကိုယ်ကျင့်တရား ပညာ ဘာသာရပ် ရှုထောင့်က ကြည့်ရင်လည်း ကျွန်တော်က အခြေခံပဲ ရှိပါတယ်၊ တကယ်တမ်း အဆင့်မြင့် တတ်မြောက်ပြီး သူ တစ်ယောက်လို့တော့ မဆိုနိုင်ပါဘူး'

'ကိုဆန်းလွင်၊ ဂျီအီးမိုးရဲ့ ကိုယ်ကျင့်တရား နယူ ပဒေသ (Principia Ethics) ကိုတော့ လေ့လာဖူးပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ လေ့လာ သင်ကြား ခဲ့ဖူးပါတယ် ဆရာ'

'ဒါဆို ခရီး ရောက်နိုင်ပါတယ်၊ ဒီမှာ ဆရာတို့ ဆီမှာ ကိုယ်ကျင့်တရားနှင့် ဘာသာ အယူဝါဒ စွယ်စုံ ကျမ်းတွဲကြီးလည်း ရှိတယ်၊ ဇီးနား (Zaehner) ရဲ့ (The Concise Encyclopedia of Living Faith) လည်း ရှိတယ်၊ ကိုဆန်းလွင် လိုတဲ့ **စာအုပ်တွေကို** စာကြည့်တိုက်မှူး ဆရာ ဦးတင်ဦးဆီမှာ ထုတ်ယူ၊ ဆရာ ပြောထားလိုက်မယ်၊ ဟုတ်ပြီလား'

'အဓိကက ဒါ မဟုတ်ဘူး ဆရာ၊ ကျွန်တော်က ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်တွေမှာ နံ့စပ်မှု မရှိသေးဘဲ နှင့် ဆရာက တာဝန် ပေးလိုက်လို့ပါ'

'ဒါကတော့ ကိုဆန်းလွင် ဖိကြိုးစားလိုက်ရင် အချိန် တော်ရုံနှင့် ခရီး ရောက်ပါလိမ့်မယ်၊ ဒါဆို ဒီလို လုပ်၊ ကိုဆန်းလွင်ကို ပါဠိပါရဂူ ဆရာမြနှင့် တွဲပေး ထားမယ်၊ ကိုဆန်းလွင် သိလိုတာတွေကို ဆရာကြီး ဆီမှာ မေးမြန်း စုံစမ်းပေါ့၊ ဟုတ်ပြီလား'

'အဲဒါမှ ဖြစ်မယ်၊ ဒီ အစီအစဉ် ကောင်းပါ တယ် ဆရာ'

'အင်း ဒါဆို ဆရာမြနှင့် တွဲပေးမယ်၊ ပထမ ဆရာ အကြံ ပေးချင်တာကတော့ ဗုဒ္ဓရဲ့ ဘဝဖြစ်စဉ် ဖြစ်တဲ့ ဓိနတ္ထပကာသနီကို ကိုဆန်းလွင် ပထမ ဖတ်၊ ဒါဖတ်လိုက်ရင် ဗုဒ္ဓကျမ်းစာတွေကို ဘယ်ပုံဘယ်နည်း လေ့လာသင့်တယ် ဆိုတာ ကိုဆန်းလွင် အာရုံမှာ ပေါ် လာလိမ့်မယ်၊ တတ်နိုင်ရင်တော့ တိပိဋကဓရ ဆရာ တော်ကြီး (ဦးဝိစိတ္တသာရာဘိဝံသ) ရဲ့ ***မဟာဗုဒ္ဓဝင် တော်ကြီး*** ကိုလည်း ဖတ်လိုက်၊ ပြီးရင်တော့ နိကာယ် ငါးရပ်ကို မြန်မာပြန်တွေ ဖတ်ပေါ့'

'ဇိနတ္ထပကာသနီ နှင့် မဟာဗုဒ္ဓဝင် ကျမ်းတွေ ကိုတော့ ကျွန်တော် ဖတ်ပြီးပါပြီ ဆရာ'

'ဟာ ဒါဆို ကိုဆန်းလွင် အနေနှင့် အခြေခံကို သိပြီးပြီပဲ၊ ဒါဆို ဆရာ အကြံပေးချင်တာက မဟာ ယာနနှင့် ထေရဝါဒ ကွဲပြား ခြားနားပုံ၊ ထေရဝါဒက သိပ္ပံနည်းကျပုံ သဘောတွေကို သိအောင် လေ့လာဦး၊ ဆရာတို့ဆီမှာ ပါမောက္ခ ဘားပတ် (Prof: P. Bapat) ရဲ့ ***ဗုဒ္ဓသာသနာ အနှစ် ၂၅၀၀*** (2500 years of Buddhism) ဆိုတဲ့ စာအုပ် ရှိတယ်၊ ဒီစာအုပ်ကို ဖတ် လိုက်ပါဦးလား၊ ဒါမှ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ အခြေခံ သဘော တရားတွေကိုရော၊ ထေရဝါဒက လက်ခံထားတဲ့ သင်္ဂါ ယနာတွေ အကြောင်းရော၊ တောင်ပိုင်း သာသနာ နှင့်

www.burmeseclassic.com



မြောက်ပိုင်း သာသနာ ကွဲပြားလာပုံ အကြောင်းတွေကိုရော သဘောပေါက် သွားမယ်၊ ကောင်းတာကတော့ ဆူဇူကီးရဲ့ ***မဟာယာန ဗုဒ္ဓဘာသာ*** (**Mahayana Buddhism**) နှင့် ဝါးဒ် (**Ward**) ရဲ့ (**Buddhism; Mahayana**) ဆိုတဲ့ စာအုပ်ကလေးတွေလည်း ရှိတယ်၊ သဘောကွဲအောင် ဒါတွေကို အလျင် ဖတ်လိုက်ပါလား၊ ပြီးမှ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ဖတ်၊ နောက်တော့ ကိုဆန်းလွင် လမ်းစ ရသွားမှာပါ'

စေတနာဖြင့် စိတ်ရှည် လက်ရှည် လမ်းညွှန်ပြပေသော ဆရာကြီး ဦးဖေအောင်ထံမှ ကျေးဇူး အထူးတင်စွာဖြင့် ထွက်ခွာ ခဲ့ပြီးနောက် ဆရာကြီး ဦးမြ (ကွယ်လွန်) ထံသို့ ရောက်ခဲ့လေ၏။ ဆရာကြီးကလည်း လိုသော အကူအညီကို ပေးမည် ဖြစ်ကြောင်း ကတိပြုလေ၏။

အကျွန်ုပ်သည် ပိဋကတ်တော်များကို မြန်မာဘာသာပြန်များကိုသာ ကြည့်နိုင်မည် ဖြစ်၏။ ပါဠိဘာသာ တတ်ကျွမ်းမှု မရှိသောကြောင့် အဋ္ဌကထာများကိုလည်း ကြည့်နိုင်မည် မဟုတ်ချေ။ သို့ဖြစ်ရာ ဗုဒ္ဓဘာသာ ထေရဝါဒ တရားတော်များကို စာသင်သား ရဟန်းတော်များလို လေ့လာ သင်ကြားနိုင်မည် မဟုတ်။ ဖြတ်လမ်းနည်းဖြင့် နားလည်ရေးကိုသာ အားထုတ်ရပေတော့မည်။

ပထမတွင် စာအုပ် ရေးသားရေးကို အဓိကထား၍လည်း ဖြစ်မည် မဟုတ်။ ထေရဝါဒက လက်ခံထားသော ဗုဒ္ဓ အတွေးအခေါ် အယူအဆများကို အခြေခံကျကျ နားလည်ရေးနှင့် ဒဿန ပညာအရ အရေးပါသော အတွေးအမြင် ပြဿနာများကို ဗုဒ္ဓဝါဒ နည်းလမ်းများ အရ ဖြေရှင်းနိုင်ခြင်း ရှိမရှိ ဆိုသည်ကို လေ့လာရေးကိုသာ အဓိက ထားသင့်သည် ဟုလည်း သဘောထားလိုက်ပါသည်။

တစ်ချိန် တည်းမှာပင် ဆောက်တည်ရာမဲ့ ဖြစ်လျက်နေသော၊ ယုံကြည် ကိုးကွယ်လိုသော အကျွန်ုပ်၏ နှလုံးသား အတွက် ဗုဒ္ဓ၏ အယူဝါဒများသည် ဆောက်တည်ရာ၊ ယုံကြည် အားထားရာ ဖြစ်နိုင် မဖြစ်နိုင် ဆိုသည်ကို လေ့လာမှ ဖြစ်တော့မည်ဟုလည်း နှလုံးပိုက်မိပါသည်။ ဤကဲ့သို့ နှလုံး ပိုက်မိခြင်းမှာ အကျွန်ုပ်သည် ထိုစဉ်က အသက် သုံးဆယ်သို့ နီးကပ်လာပြီ ဖြစ်၍ မိမိ၏ ဘဝကို တိကျသော ရည်မှန်းချက်နှင့် ဘဝအဓိပ္ပာယ်ကို သတ်မှတ်နိုင်ခြင်း မရှိဘဲ အချည်းနှီး ကုန်လွန်သွားမည်ကို စိုးရိမ်လာသောကြောင့် ဖြစ်၏။

ဆရာကြီး ဦးဖေအောင်သည် အကျွန်ုပ်အား ဗုဒ္ဓဝင်ကို ဦးစွာ လေ့လာဖို့ တိုက်တွန်းခဲ့လေ၏။ ထိုသို့ တိုက်တွန်းခြင်းသည် အကြောင်း ရှိသောကြောင့် တိုက်တွန်းခြင်း ဖြစ်လိမ့်မည်ဟု အကျွန်ုပ် တွေးကြည့်မိလေ၏။ ထိုအခါ ဆရာကြီး တိုက်တွန်းသည့် အကြောင်းကို ဤသို့ နားလည် လာမိလေ၏။

အ ကျွန်ုပ် သည် ထာဝရ ဖန်ဆင်းရှင် နတ်ဘုရားကို ကိုးကွယ်သော ဘာသာ အယူဝါဒများကိုသာ လေ့လာခဲ့ပြီးနောက် သိပ္ပံပညာ ထွန်းကားသော ခေတ်သို့ ရောက်သောအခါ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်း အယူဝါဒကို သိပ္ပံပညာက ချေဖျက်လိုက်သောကြောင့် ထိုအယူဝါဒသည် မှေးမှိန်သွားကြောင်း သိခဲ့ပြီ ဖြစ်၏။

အကျွန်ုပ် ကိုယ်တိုင်ကလည်း ကြောက်ရွံ့၍လည်းကောင်း၊ မျက်နှာသာ ရလိုသော မျှော်လင့်ချက်ဖြင့် လည်းကောင်း၊ ဘာသာ အယူဝါဒ တစ်ခုကို ယုံကြည် ကိုးကွယ်ရခြင်းကို စိတ်မဝင်စားခဲ့သည့် အပြင် ဖန်ဆင်းရှင် နတ်ဘုရား ရှိကြောင်းကိုလည်း ဆင်ခြင်စဉ်းစား၍ လည်းကောင်း၊ မျက်မြင်ဒိဋ္ဌအားဖြင့် လည်းကောင်း အခိုင်အမာ သက်သေပြရန် မဖြစ်နိုင်ကြောင်း သိခဲ့သဖြင့် ထိုအချက်ကို အချိန်ကုန် ခံ၍ စဉ်းစားလိုစိတ် မရှိတော့ချေ။

သို့သော် ရုပ်တုကို ဘုရား အမှတ်ဖြင့် ကိုးကွယ်ရမည်ကိုလည်း ဘဝင်မကျ ရှိခဲ့သည့်ပြင် လူ အချင်းချင်းကို ဘုရား အမှတ်ဖြင့် ကိုးကွယ်ရမည့် လူသားဘုရားကိုလည်း ကြည့်ညိုသဒ္ဓါ ဖြစ်ပေါ်ရန် ခဲယဉ်းလျက်ရှိခဲ့လေသည်။ ယခု ပြန်ပြီး စဉ်းစား ကြည့်လိုက်သောအခါ သူလည်း လူပဲ၊ ကိုယ်လည်း လူပဲ၊ လူ အချင်းချင်း ဘာဖြစ်လို့ ရှိခိုးရမှာလဲ ဆိုသော မာနခံနေခြင်း ဖြစ်သည်ဟု ထင်ရလေ၏။ အကျွန်ုပ်၏ မိဘများ ကိုးကွယ်သော အစ္စလာမ် ဘာသာတွင် မုဟမ္မာဒ်သည် သူ့ကိုယ်သူ ဘုရား အဖြစ်လည်း မကြေညာ၊ သူ ကိုယ်တိုင်အကိုးကွယ်လည်း မခံ၊ လူလူချင်း ရှိခိုးခြင်းကိုလည်း အားမပေး၊ ဘုရားသခင် ရှေ့မှောက်တွင် လူလူချင်း အတူတူ တစ်တန်း တစ်စားတည်း ဖြစ် ကြောင်း ကို ဗလီ ဝတ်ကျောင်းများ၌ သူတောင်းစားနှင့် ရှင်ဘုရင် တစ်တန်း တစ်စားတည်း ပခုံးချင်း ယှဉ်ပြီး ဘုရားဝတ်ပြုနိုင်အောင် စီမံ ထားခဲ့လေသည်။

ရုပ်တု ကိုးကွယ်ခြင်း နှင့် လူလူချင်း ရှိခိုးခြင်း

www.burmeseclassic.com



ကို တားမြစ်သော မိဘများ၏ အဆုံးအမသည် အကျွန်ုပ်၏ အသွေးအသားထဲတွင် ပါလာသည်ဟု ထင်မိ၏။ ယခု အသက် သုံးဆယ် နီးကပ်လာသည့် အချိန်အထိ အကျွန်ုပ်သည် ဦးခေါင်းကို ညွတ်၍ ရှိခိုး ရမည်ကို လွန်စွာ ဝန်လေးလျက် ရှိလေ၏။

ခရစ်ယာန် အသိုင်းအဝိုင်းထဲသို့ ရောက်သော အခါ ခရစ်တော် အကြောင်းကို နားလည်ခဲ့ရ၏။ ယေရှုသည် ဘုရားသခင် သန့်ရှင်းသော ဝိညာဉ်တော် ဝင်စားသူ ခရစ်တော် အဖြစ်ဖြင့် ပွင့်ခဲ့လေသည်။ သူသည် ဘုရား၏ ဝိညာဉ်တော် ဝင်စားသော လူသား ဘုရား အဖြစ် ကြေညာခဲ့၏။ *

ဟိန္ဒူ အယူဝါဒတွင်လည်း ရာမနှင့် ကရစ္စနားတို့သည် အဝတာရ ခေါ် လူဝင်စား ဘုရားများ အဖြစ် ဆင်းသက်ကြသူများ ဖြစ်ကြလေသည်။ တမန်တော် မုဟမ္မာဒ်နှင့် လူသား လူဝင်စား ဘုရားဟု ကြေညာခဲ့ကြသော ပုဂ္ဂိုလ်များသည် လောကီ အလိုအားဖြင့် ဆင်းရဲ နိမ့်ကျသော အဖြစ်အနေမှ အုပ်စိုးနိုင်သူများ တန်ခိုး ဩဇာ ကြီးမားသူများ အဖြစ်သို့ ရောက်ရှိခဲ့ကြလေသည်။ ခရစ်တော်သာ ရန်သူများ၏ နှိပ်စက်ခြင်း သတ်ဖြတ်ခြင်းကို ခံရကာ ကားစင်ပေါ်၌ ကွယ်လွန်ရသော်လည်း ရှင်ပြန် ထမြောက်ခြင်းဖြင့် လောကကို အောင်နိုင်ခဲ့လေသည်။

ဗုဒ္ဓကား လောကီ စည်းစိမ်ဘုံပေါ်မှ ခုန်ဆင်းခြင်းဖြင့် ဘဝ လွတ်မြောက်ရေးကို စွန့်ခြင်းကြီးများဖြင့် ရှာဖွေခဲ့သော ဥတ္တမပုရိသ ဖြစ်လေ၏။ လောကတွင် မရဖူးသော စည်းစိမ် ချမ်းသာကို ရရှိရေး၊ မရဖူးသော တန်ခိုးအာဏာကို ရရှိရေး အတွက် လူတို့သည် များစွာ အားထုတ်လျက် ရှိလေ၏။ ဗုဒ္ဓကား ထိုပုထုဇဉ်တို့၏ အစဉ်အလာကို ဆန့်ကျင်ကာ လောကီ စည်းစိမ်ချမ်းသာ မှန်သမျှ ထီးနန်းကိုပင် ထွေးအန်သော တံတွေးကဲ့သို့ ရွံရှာစွာ စွန့်ပစ်ခဲ့သည်မှာ အကျွန်ုပ် စိတ်ထဲတွင် ပြုခဲဘိခြင်းကို ပြုနိုင်ဘိသည်ဟု ထင်မိခဲ့၏။ အကျွန်ုပ်၏ နှလုံးသားဝယ် ပိုပြီး ဗုဒ္ဓအား ကြည်ညို လေးစားဖွယ် ဖြစ်ရသည့် အကြောင်းမှာ သူ၏ သက်တမ်း တစ်လျှောက်တွင် ရင်ဆိုင် ကြုံတွေ့ခဲ့ရသော အသက်ကို ရန်ရှာသော ရန်အပေါင်းကို မေတ္တာတရား၏ အာနုဘော်ဖြင့် ခလုတ်မထိ ဆူးမငြိဘဲ အပြီးအပြတ် အောင်မြင်ခဲ့ခြင်းပင် ဖြစ်၏။ ဗုဒ္ဓသည် သူကလည်း ရန်တုံ့မမူ၊ သူ့ကိုလည်း ရန်မူ၍ မရသော အံ့ဖွယ်လူသား ဖြစ်သည်ကို အကျွန်ုပ် မြင်မိလေသည်။

အကျွန်ုပ်၏ နှလုံးသားကို ပို၍ အရှိန်ပြင်းစွာ လှုပ်ရှားစေနိုင်သော အချက်မှာ ဗုဒ္ဓ၏ ဖြစ်စဉ် တစ်လျှောက်လုံးသည် လူသားများ အတွက် လူ့ဘဝ၏ အမြင့်ဆုံး တန်ဖိုးကို ရှာနိုင်ခွင့် ရှိကြောင်းကို စံနမူနာပြ ဖြစ်ခဲ့ခြင်းပင် ဖြစ်၏။

မိမိကိုယ်ကို လူဝင်စား ဘုရား ဟုလည်း မကြေညာ။ (မဟာယာနက လူဝင်စား ဘုရားဟု သတ်မှတ်သည်။ ဟိန္ဒူကလည်း ဗုဒ္ဓကို လူဝင်စား ဘုရားဟု သတ်မှတ်သည်။) သို့သော် ထေရဝါဒ အရမူ ဗုဒ္ဓသည် လူသား စင်စစ် ဖြစ်၏။ လူသားသည် လောကတွင် လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံး၏ ပူဇော်ခြင်း အထူးကို ခံထိုက်သော အရဟံ ဂုဏ်တော်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်အောင် မိမိ ကိုယ်တိုင် အားထုတ်လျှင် ဖြစ်နိုင်သော လမ်းသည် လက်တွေ့အားဖြင့် ရှိကြောင်းကို အထင်အရှား ဟောကြား ပြခြင်းဖြင့် ဗုဒ္ဓသည် လူသားအား ဖန်ဆင်းရှင် နတ်ဘုရား၏ ကျေးကျွန်ဘဝမှ လွတ်မြောက်စေခဲ့၏။ ကမ္မနိယာမကို ပြခြင်းဖြင့်လည်း ဗုဒ္ဓသည် လူသား အပေါင်းအား အာဒမ်မှ စခဲ့သော မွေးရာပါ အပြစ်မျိုးမှလည်း လွတ်မြောက်စေခဲ့၏။ လူသည် ကိုယ့်ကိုယ်ကိုယ် အားကိုးရန်မှ အပ တခြား အားကိုးစရာ မရှိကြောင်းကို ဟောကြား ညွှန်ပြခြင်းဖြင့် ဤလောက၌ အမြင့်ဆုံးသော လူသားဝါဒကို ဗုဒ္ဓ လမ်းညွှန် ပြသခဲ့သည်ဟု အကျွန်ုပ် သဘော ပေါက်လာမိလေ၏။

မည်သို့ပင် ဆိုစေ ဗုဒ္ဓဘာသာ (ထေရဝါဒ) ထဲတွင် လူ၏ အမြင့်ဆုံး တန်ဖိုးကို အကျွန်ုပ်သည် အထင်အရှား တွေ့မြင်နေရပြီ။

ထေရဝါဒတွင် လူ့ဘဝ အတွက် ရည်မှန်းချက် ပန်းတိုင် နှစ်ခု ပေးထားသည်ကို အကျွန်ုပ် တွေ့ရ၏။ အကြင်သူသည် ဆင်းရဲခြင်း အပေါင်းမှ လွတ်မြောက်ရာ အဆုံး (နိဗ္ဗာန်) သို့ ဦးတည်သွားလိုသော် သွားနိုင်သော လမ်းလည်း တစ်လမ်း ရှိ၏။ ဤကား ပုဂ္ဂလိက လူသား၏ လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိသော လမ်းလည်း ဖြစ်၍ မိမိကိုယ်ကို မိမိ အဖန်တလဲလဲ မွေးဖွားခြင်းဖြင့် ကျင်လည်နေရသော ဆင်းရဲ သံသရာမှ လွတ်မြောက်သွားအောင် ပြုလုပ်နိုင်သော နည်းလမ်းလည်း ဖြစ်ပေသည်။ ပုဂ္ဂလိက လူသား၏ ထွက်မြောက်ရာ

--------------

* *The Life of Christ, Dean Farrar p 503*

www.burmeseclassic.com



ထိုလမ်းသည် ထေရဝါဒ၏ ပထမ ပန်းတိုင် ဖြစ်လေသည်။ ဗုဒ္ဓသည် လူသားတို့၏ ဘဝ ပန်းတိုင်ကိုလည်း အထင်အရှား ပြသည်။ ထိုပန်းတိုင်သို့ သွားရာ လမ်းကိုလည်း အထင်အရှား ပြခဲ့လေသည်။ ဘဝ လွတ်မြောက်ရေးနှင့် စပ်သော သဘောတရားကိုသာ မက လက်တွေ့ လုပ်နည်း လုပ်ဟန်များကိုပါ စနစ်တကျ ပြနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ခြင်းကိုကား အကျွန်ုပ် မငြင်းနိုင်တော့ပါ။

ဒုတိယ ပန်းတိုင်ကိုလည်း အကျွန်ုပ် တွေ့ရလေသည်။ အကြင်သူသည် လူ ဖြစ်သော ဘဝ၌ ဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက ရဟန္တာ အဖြစ်သို့ ရောက်အောင် အားထုတ်နိုင်သော ဆုကြီးပန် လမ်းစဉ် ဖြစ်သည်။ ထို့ထက် ထူးကဲစွာ အကျွန်ုပ်၏ နှလုံးသားကို လွှမ်းမိုးစေနိုင်သော အချက် တစ်ချက် ရှိသေး၏။ ထိုအချက်သည် လူ့ဘဝကို သတ္တဝါတို့၏ လောကတွင် အထွတ်အထိပ် ဘဝ အဖြစ် အမွှမ်းတင်ခြင်း ဖြစ်၏။ အမွှမ်းတင်ပုံမှာ ဤသို့ ဖြစ်၏။

ဗုဒ္ဓဝါဒ အရ ဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက စသော ဘဝ၏ အမြင့်ဆုံး အဖြစ် အမြတ်ဆုံး အဖြစ်ကို နတ် ဖြစ်သော ဘဝ၌လည်း မရနိုင်၊ ဗြဟ္မာ ဖြစ်သော ဘဝ၌လည်း မရနိုင်၊ လူ ဖြစ်သော ဘဝမှာသာ ရနိုင်သည် ဟု 'လူ့အဖြစ်' ကို အမြတ်ဆုံး အထွတ်ထားသော တရားသည် အကျွန်ုပ်အဖို့မူ တန်ဖိုးအထားဆုံး တရား တစ်ခုပင် ဖြစ်၏။ လူကို ရှုတ်ချသော တရား မှန်သမျှကို အကျွန်ုပ်သည် ငယ်စဉ်ကပင် နှစ်သက်ခြင်း မရှိခဲ့ချေ။

'ဖြစ်ရာ ဘဝ ပဓာန' ဆိုသော နှစ်ဆယ်ရာစု အတွေးအခေါ်သည် အတိ ဒုက္ခ ကြုံနေသော လူသားများကို ဒုက္ခကို ရင်ဆိုင်ရဲသော သတ္တိ ပေါ်ပေါက်အောင် လှုံ့ဆော်ခဲ့သော်လည်း ထိုဒုက္ခမှ လွတ်မြောက်ကြောင်း နည်းလမ်းကိုလည်း မဟောနိုင်။ လူသား၏ ဘဝကို ပဓာန ထားသည် ဆိုသော်လည်း လူသည် မိမိ လူဖြစ်သော ဘဝ၌ မိမိ၏ ဘဝ အနှစ်သာရကို မိမိ ကြိုက်နှစ်သက်သလို ရှာနိုင်ခွင့် ရှိသည်၊ ကိုယ်ဖြစ်ချင်ရာ ဘဝ အခြေအနေကို ဖြစ်အောင် လုပ်နိုင်ခွင့် ရှိသည်၊ ဖြစ် မဖြစ် ဆိုသည်မှာ မိမိ အပေါ်တွင်သာ တည်သည်၊ ဘယ်သူ့ကိုမှ အပြစ် ပုံချစရာ မလို၊ လုပ်ရဲလျှင် ခံရဲရမည်၊ ကိုယ့်ထိုက်နှင့် ကိုယ့်ကံ ဖြစ်သည်၊ ဖြစ်ရာ ဘဝတိုင်းမှာ ဘဝ၏ ဝန်ထုပ် ရှိသည်၊ ထိုဝန်ထုပ်ကို ရဲရဲဝံ့ဝံ့ ထမ်းကြရမည်၊ ဘဝ၏ ဝန် ထုပ် ကို မထမ်းလိုခြင်းသည် သူရဲဘောကြောင်ခြင်း ဖြစ်သည် ဆိုသော မိုက်ရူးရဲ တရားကိုသာ ဟောသည်။

ထိုဝါဒသည်လည်း လူ့ဘဝဝယ် လူသားတို့ ရည်မှန်း၍ ရှေးရှု ရုန်းကန်အပ်သော ပန်းတိုင်ကို မပြနိုင်ခဲ့ချေ။

လူသားအား တောကြီး မျက်မည်းထဲတွင် မျက်စိလည် လမ်းမှားပြီး ယောင်ချာချာ ဖြစ်နေသည်ကို ထွက်လမ်း မပြဘဲ မရေမရာ အားပေး အားမြှောက် ပြုနေရုံဖြင့် အဘယ် အကျိုးကို ရရှိနိုင်ပါမည်နည်း။

ရောဂါဝေဒနာ ခံစားနေရသော သူကို ဘယ်လိုနေ ဘယ်လို ထိုင်လို့ သည်လို ရောဂါ ဖြစ်ရသည်ဟု အပြစ် တင်နေခြင်းလည်း အကျိုး မရှိ၊ လူသတ္တဝါ မှန်သမျှ နာကြရစမြဲ အိုကြရစမြဲ သေကြရစမြဲပါပဲကွာဟု ရောဂါသည်၏ အိပ်ရာဘေးမှ ထိုင်ပြီး အားပေးနေရုံဖြင့်လည်း အကျိုး မများနိုင်ချေ။ ရောဂါ ဝေဒနာ ခံစားနေရသော လူသားသည် ထိုရောဂါ အမြန်ဆုံး ကင်းပျောက်ရေးကိုသာ လိုလား၏။ ကျွမ်းကျင်သော ဆေးသမားသည် လူသား ခံစားနေရသော ဝေဒနာကို အမြန်ဆုံး ပျောက်ကင်းအောင် ဆေးချက်ချ၍ ကုသနိုင်မှသာ ကိုးကွယ်အပ်သော သမားကောင်း မည်ပါလိမ့်မည်။

အကျွန်ုပ်သည် ဗုဒ္ဓ၏ အတွေး အမြင်များကို လေ့လာရသောအခါ ရောဂါသည်သည် သမားကောင်းကို အားကိုးအားထား ပြုသကဲ့သို့ အားထားလိုသော စိတ်များ ဖြစ်ပေါ် လာမိလေ၏။

ဗုဒ္ဓ၏ တရားများသည် အကျွန်ုပ်၏ နှလုံးသားတွင် စွဲကပ်နေသော ယုံမှားခြင်းနှင့် သံသယကို ချေဖျက်ခြင်းငှာ တတ်နိုင်ပါမည်လား။

ဗုဒ္ဓဘာသာ တရားများကို လေ့လာသော အခါ အကျွန်ုပ်သည် အကျွန်ုပ် ရင်ထဲတွင် သိမ်းဆည်း ထားသော စံ ပေတံဟောင်းကို ထုတ်ယူလိုက်ပြန်လေ၏။ ထိုပေတံဖြင့် အကျွန်ုပ်သည် ဗုဒ္ဓ၏ အတွေးအမြင်များကို တိုင်းတာလိုစိတ် ဖြစ်ပြန်လေ၏။ ထို ပေတံ ဆိုသည်မှာ တခြားတော့ မဟုတ်။ မိမိ ရင်ထဲက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ပျောက်အောင် ကုစား ပေးနိုင်ခြင်းကို ဆိုလိုပါ၏။

ထိုအခါ ဗုဒ္ဓ ဖြစ်တော်မစဉ်၊ ဗုဒ္ဓ ပွင့်တော်မူသော ခေတ်ကာလ၊ ဗုဒ္ဓပွင့်ခိုက် အိန္ဒိယပြည်၌ ထွန်းကားလျက် ရှိသော အတွေးအမြင် နောက်ခံကား စသည်တို့ကိုပါ

www.burmeseclassic.com



စေ့စေ့ကြည့်လျက် ဗုဒ္ဓ၏ တရားတော်များကို လေ့လာလိုစိတ်သည် အလိုအလျောက် ဖြစ်ပေါ်လာလေတော့၏။

ဘုရား အဖြစ်သို့ ရောက်ပြီးနောက် သဟမ္ပတိ ဗြဟ္မာ ကြွလာပြီး တရားဟောရန် ပန်ကြားပုံကို အကျွန်ုပ် သတိရလေ၏။ ***ဇိနတ္ထ ပကာသနီ*** ကျမ်း တွင် ထို အကြောင်းအရာကို ကျီးသဲ လေးထပ်ကျောင်း ဆရာတော် ရေးသား ဖော်ပြပုံမှာ အကျွန်ုပ် အဖို့ စိတ်ဝင်စားဖွယ် ကောင်းသော အချက် များစွာ ပါလေသည်။ သဟမ္ပတိ ဗြဟ္မာသည် 'ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ ဒေသေတု သုဂတော' အစ ချီသော ဂါထာဖြင့် မြတ်စွာဘုရားအား လျှောက်ထားပုံကို ကျီးသဲ လေးထပ်ကျောင်း ဆရာတော် သည် ဤသို့ ရေးခြယ်တော် မူခဲ့၏။

'အရှင်ဘုရား၊ တရား ဟောတော်မူပါ၊ သတ္တဝါ တို့အား တရား ဟောရွတ်ခြင်းငှာလျှင် ပါရမီ သုံးဆယ် ကို ဖြည့်တော်မူပါသည်၊ ကိုယ်တော်ဘုရားမှ တရား မဟောချေသော် ဘယ်သူလာ၍ ဟောပါအံ့နည်း။

'ယခုအခါ မဂဓရာဇ်တိုင်း၌ ပူရဏ ကဿပ၊ မက္ခလိ ဂေါသာလ၊ ပကုဓ ကစ္စာယန၊ နိဂဏ္ဌ နာဋပုတ္တ၊ အဇိတ ကေသကမ္ဗလ၊ သိဉ္စည်း ဤခြောက်ယောက်သော သူတို့သည် ဘုရား မဟုတ်ဘဲလျက် ဘုရားဟု ဝန်ခံ၍ များစွာသော သတ္တဝါတို့ကို လှည့်ပတ်လျက် မိစ္ဆာဝါဒကို ပြ၍ နေကြချေပြီ၊ အပါယ် လေးပါး တံခါး ဟင်းလင်း ပွင့်ချေပြီ၊ နတ်ရွာ နိဗ္ဗာန်ဝင်ရန် တံခါး ပိတ်ချေပြီ၊ တရားစည်ကြီး တီးတော်မူပါ၊ အပါယ်တံခါး ပိတ်တော် မူပါ၊ နတ်ရွာတံခါး ဖွင့်တော်မူပါ၊ ကျွတ် ထိုက် သော သတ္တဝါလည်း ရှိပါလိမ့်မည်၊ ထိုသူတို့အား တရားမိုး ဖြင့် သွန်းဖြိုးတော်မူပါ' ဟု တောင်းပန်၏။ *

ထိုစကားရပ်သည် သာမန် ဗုဒ္ဓဘာသာဝင်များ အဖို့ ထူးခြားသော စကားရပ် ဖြစ်မည် မထင်သော်လည်း အကျွန်ုပ်အဖို့မူ အလွန် ထူးခြားပါသည်။ ထူးခြားပုံမှာ ဤသို့ ဖြစ်၏။ သဟမ္ပတိ ဗြဟ္မာ လာရောက် လျှောက် ထားခြင်းသည် ဘုရားက မိမိတရားကို ဟောသော်လည်း သတ္တဝါတို့သည် ပညာ နည်းပါး၍ ကိလေသာသာလျှင် များရကား စဉ်းစားခြင်း အလွန် နည်းပါးကြသည်၊ ငါ ဟောကြားသော်လည်း တရားကို မမြင်နိုင်ရာ၊ ငါ ပင်ပန်းရုံသာ ရှိချိမ့်မည်ဟု တရား မဟောလိုသော အကြံတော် ဖြစ်သည်ဆိုသော အချက်ကို ကျမ်းဂန်တွင် ပါပြီး အများ လက်ခံထားသောကြောင့်သာ အကျွန်ုပ် လက်ခံရ၏။ အမှန်ကို ဝန်ခံရပါမူကား အကျွန်ုပ်သည် ဘုရားသည် တရား မဟောလိုသော အကြံတော် ဖြစ် သည်ဆိုသော စကားကို ဘဝင်မကျချေ။ အကျွန်ုပ် စဉ်း စားသည်မှာ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီ တော်ကို ဆင်းရဲ ပင်ပန်းကြီးစွာ ဖြည့်ဆည်းခဲ့သည်မှာ သတ္တဝါကို ကယ်လို၍ အရိယာသစ္စာ တရားကို ဟောလို ၍သာ ဖြည့်ဆည်းခဲ့သည် မဟုတ်လား။ ဘုရား အဖြစ် ကို ရောက်ပြီးမှ တရား မဟောလိုသော အကြံတော် ဖြစ်ပါမည်လား။ ကျွတ်ထိုက်သော သတ္တဝါလည်း ရှိပါ လိမ့်မည်ဟု သဟမ္ပတိ ဗြဟ္မာ ပြောမှ ကျွတ်ထိုက်သော သတ္တဝါ ရှိကြောင်းကို ဘုရား သိသည် ဖြစ်ပါမည်လား။ ဘုရားပင် ဖြစ်ပြီးမှ ကျွတ်ထိုက်သော သတ္တဝါ ရှိ မရှိ ကို ဘုရား မသိဘဲ နေပါမည်လား ဟု တွေးမိလေ၏။

အကျွန်ုပ် စိတ်ထဲတွင် ဘုရား ဖြစ်ပြီးမှ ကျွတ် ထိုက်သော သတ္တဝါ ရှိ မရှိကိုပင် မသိသေးဟု ဆိုသော် ဘုရား ဖြစ်ခြင်းကိုပင် သံသယ ဖြစ်ဖွယ် ဖြစ်လိမ့်မည် ဟု ထင်မိပါသည်။

သဟမ္ပတိ ဗြဟ္မာကြီး လျှောက်ထားခြင်း ကိစ္စ သည် ဘုရားမြတ်စွာတို့၏ ထုံးစံအတိုင်း တရားကို မိမိ သဘောဖြင့် ဟောခြင်းထက် တရားဟောရန် တောင်းပန် သော အဘိယာစကကို အကြောင်းပြု၍သာ ဟောမြဲ ဓမ္မတာအရ လျှောက်ထားခြင်း ဖြစ်လေမည်လား ဟု လည်း တွေးမိလေ၏။ တစ်နည်းလည်း ဗြဟ္မာကို ဘုရား အမှတ်ဖြင့် ကိုးကွယ်နေသော အိန္ဒိယပြည်တွင် ဘုရား ပွင့်ခြင်းကို လောက သိစေရန် ဗြဟ္မာက လာရောက် တောင်းပန်ခြင်း ဖြစ်လေမည်လား ဟုလည်း စဉ်းစားမိ လေ၏။

တစ်နေ့သ၌ အကျွန်ုပ်သည် သဟမ္ပတိ ဗြဟ္မာ ကြီး ကိစ္စကို ကျမ်းဂန်၌ အကျယ်တဝင့် မည်သို့ ရှင်း လင်းသည်ကို သိလိုသောကြောင့် ဆရာကြီး ဦးမြထံသို့ ချဉ်းကပ်ရလေ၏။

ဆရာကြီးအား မိမိရင်၌ ဖြစ်ပွားသော စိတ် အကြံအစည်ကို ဟုတ်တိုင်းမှန်စွာ ရှင်းလင်း တင်ပြ လိုက်သော အခါ ဆရာကြီးက အောက်ပါ စကားရပ် ဖြင့် အကျွန်ုပ်အား အဖြေ ပေးလေသည်။

'ဦးဆန်းလွင်ရဲ့ အမေးကို ဖြေ ရ မယ် ဆိုရင် ထေရဝါဒ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များမှာ သဟမ္ပတိ ဗြဟ္မာကြီး တောင်းပန် လျှောက် ထား သည် ဆိုတဲ့

---

* *ဇိနတ္ထပကာသနီကျမ်း၊ ကျီးသဲလေးထပ် ဆရာတော်၊ စာ ၄၅*

www.burmeseclassic.com



စကားနှင့် ပတ်သက်ပြီး အကျယ်တဝင့် မေးဖြေထားတာတွေ ရှိပါတယ်။

'သက္ကရာဇ် ၁၁၁၇ ခုနှစ် တော်သလင်း လဆန်းတစ်ရက်နေ့ တနင်္ဂနွေနေ့ နေ့စွဲနှင့် မုံရွာ ဆရာတော် သီရိမာလာ မေးတဲ့ အမေးကို မုံရွေး ဇေတဝန် ဆရာတော်ကြီးက အကျယ် ဖြေထားတဲ့ အဖြေ ***သမန္တ စက္ခုဒီပနီကျမ်း*** အဋ္ဌမတွဲမှာ ပါပါတယ်၊ သဟမ္ပတိ ဗြဟ္မာနှင့် ပတ်သက်ပြီး မုံရွာ ဆရာတော်က မေးခွန်း နှစ်ခု မေးပါတယ်၊ တစ်ခုကတော့ သဟမ္ပတိ ဗြဟ္မာဟာ ဘယ်ဘုံက လာတဲ့ ဗြဟ္မာလဲ ဆိုတဲ့ အမေး၊ ဒီ အမေးကတော့ ဦးဆန်းလွင် သိချင်တာနှင့် တိုက်ရိုက် ဆိုင်မှာ မဟုတ်ဘူး၊ ဒုတိယ အမေးကတော့ ဆိုင် လိမ့် မယ် ထင်ပါတယ်၊ ဒါက ဘာမေးသလဲ ဆိုတော့ သဟမ္ပတိ ဗြဟ္မာက ဗုဒ္ဓကို တရားဟောဖို့ တောင်းပန်တဲ့ စကားဟာ သမ္မာဝါစာ ဖြစ် မဖြစ် ဆိုတာ သိလိုပါတယ်လို့ မေးတဲ့ အမေး'

'ဟာ ဒီလိုပဲ မေးခဲ့ဖူးပါသလား ဆရာ'

'ဟုတ်ကဲ့၊ မေးခဲ့ဖူးပါတယ် ခင်ဗျား'

'ဒါဆို ဒီမေးခွန်းက ပိုပြီး လေးနက်ပါတယ်၊ ပိုပြီး ကျယ်လည်း ကျယ်ဝန်း ပါတယ်၊ ကျွန်တော် သံသယ ဖြစ်တဲ့ ကိစ္စတွေလည်း ရှင်းသွားနိုင်ပါတယ်'

''ဟုတ်ကဲ့ ခင်ဗျား၊ မုံရွေး ဆရာတော်ကြီးရဲ့ အဖြေတွေကလည်း အလွန် ကျယ်ဝန်းပြီး စိတ်ဝင်စားဖွယ် ကောင်းလှပါတယ် ခင်ဗျား'

'ဆရာကြီး မပင်ပန်းဘူး ဆိုရင် မုံရွေး ဆရာတော် ဘုရားကြီးရဲ့ အဖြေတွေကို လိုရင်း ချုပ်ပြီး ကျွန်တော့်ကို အမိန့်ရှိစေချင်ပါတယ် ခင်ဗျား'

'ကျုပ် တတ်အားသမျှ ရှင်းပြီး ပြောပြပါ့မယ်၊ ဦးဆန်းလွင် ကိုယ်တိုင် ဖတ်လည်း တချို့ အဘိဓမ္မာ တရားတွေကို သဘော ရှင်းချင်မှ ရှင်းမယ်၊ ဒီတော့ လိုရင်းကိုပဲ ပြောကြစို့ရဲ့'

'ဟုတ်ကဲ့ ခင်ဗျား၊ ကျေးဇူး ကြီးလှပါတယ် ခင်ဗျား'

'သဟမ္ပတိ ဗြဟ္မာကြီးရဲ့ တောင်းပန်စကားဟာ သမ္မာဝါစာ ဖြစ်သင့် မသင့် ဆိုရာမှာ သမ္မာဝါစာ ဖြစ်တယ်လို့ ယူဆသူလည်း ရှိတဲ့ အကြောင်း၊ သမ္မာဝါစာ မဖြစ်သင့်လို့ ယူဆသူလည်း ရှိတဲ့ အကြောင်းကို ယုတ္တိ ယုတ္တာ အကိုး အထောက် များစွာနှင့် ဖြေကြားခဲ့ပါတယ်၊ ဆရာတော်ကြီးကတော့ ဒီလို ဝိဝါဒ ပြဿနာကို ဆုံးဖြတ်ရာမှာ ပရမတ္ထ တရားသဘောကပင် အလွန်နက်နဲ သိမ်မွေ့လှ၍ ပရမတ္ထ တရားအရာ၌ ကျက်စားသော ဉာဏ်ကလည်း အလွန် သိမ်မွေ့ နက်နဲမှပင် သဘော အဓိပ္ပာယ်ကို အမှန်အကန် သိနိုင်ချိမ့်မည်လို့လည်း ဆုံးမတော် မူခဲ့တယ်။ *

'မုံရွေး ဆရာတော် ဘုရားကြီးက ရှေးဆရာတို့က သဟမ္ပတိ ဗြဟ္မာရဲ့ တောင်းပန်သည့် စကားဟာ သမ္မာဝါစာ မဖြစ်ဘူးလို့ ဆုံးဖြတ်ခဲ့ကြပုံ ရှေးထုံး သာဓကများကိုလည်း အကျယ် တင်ပြထားတာ ဖတ်ရဖူးပါတယ်၊ မှတ်မိသလောက် ပြောရရင် အမတ်လက်ဝဲဘယ ဆိုသူက မေးတာကို ရွှေဥမင် ဆရာတော် ဖြေပုံ အမေး အဖြေ လင်္ကာကလေး ရှိတယ်။

'မေးပုံကတော့ နတ်လူတို့အား တရား ဟောပါ ဗြဟ္မာနတ်မွန် တောင်းပန် သောခါ သမ္မာဝါစာ ဖြစ်ပါလိမ့်လား မဖြစ်လားကို ဝိုးဝါးမသိ ယုံမှားရှိခဲ့လို့ မေးပါတယ်၊ ဒါကို ဆရာတော်က မေရုပဟို လေးရောင်စိုသည် မြင်းမိုရ်ခန့်လုံး ရွှေပန်းကုံးဖြင့် သုံးလူ့ထွတ်ထား မြတ်ဘုရားအား တရားဟောကြောင်း ခညွတ် ပျောင်း၍ တောင်းပန်သောခါ မိုးဗြဟ္မာအား သမ္မာဝါစာ မဖြစ်ပါတည့်လို့ ဆိုတယ်၊ ပြီးတော့ သဟမ္ပတိ ဘုန်းရှိဗြဟ္မာ သုဒ္ဓဝါသ ဘုံမှကြွ၍ သကျထွတ်ထား မြတ်ဘုရားအား တရားသံခြေ ဟောစေခြင်းငှာ တောင်းပန်ထွာလည်း သမ္မာဝါစာ မှန်စွာ မရ မှတ်နေကြလော့ တွေးဆဝိုးဝါး တတ် ယောင် ကား နှင့် လေးပါးမည်မှတ် ပရမတ်ကို မတတ်သည့်သူ ရ၏ ဟူ၍ ရှင်လူဆိုရာ မလိုက်နာနှင့်လို့ ဖြေဆိုတော် မူခဲ့တယ်'

ဆရာကြီး ဦးမြ၏ အဖြေသည် အကျွန်ုပ်အား ကျေနပ် နှစ်သိမ့်မှုကို ရစေပါ၏။ အဘယ်ကြောင့် ကျေနပ် နှစ်သက်သနည်း ဆိုသော် ဗုဒ္ဓမြတ်စွာသည် သတ္တဋ္ဌာန အလွန်တွင် တစ်ကြိမ်၊ အဇပါလ ညောင်ပင်ရင်း၌ နေတော်မူသောအခါ တရား ဟောတော် မမူလိုသော အကြံတော် ဖြစ် သည် ကို သဟမ္ပတိ ဗြဟ္မာ သိ၍ 'နဿတိဝတဘော အယံ လောကော' ဟူသော ပါဠိဖြင့် 'လောကသည် ပျက်စီးခြင်းသို့ ရောက် ချေ အံ့ သည်တကား' ဟု ဆိုသည်။ ** ဆိုရာတွင် မြတ်စွာဘုရား စိတ်အကြံတော် ဖြစ်ရသည့် အကြောင်း အလုံးစုံကို သိ

--------------

* သမန္တစက္ခုဒီပနီ၊ မုံရွေး ဇေတဝန် ဆရာတော်၊ စာ ၅၉၆

** သမန္တစက္ခုဒီပနီ၊ စာ ၅၉၅

www.burmeseclassic.com



ရန်မှာ အလွန် ခက်ခဲသော ပရမတ္ထကိစ္စ ဖြစ်၍လည်း တစ်ကြောင်း၊ သဟမ္ပတိ ဗြဟ္မာ တောင်းပန် လျှောက်ထားသော စကားကို ရှေးဆရာ ပညာရှိတို့က 'သမ္မာဝါစာ စကား မဟုတ်' ဟု ဆုံးဖြတ်ထားကြသည်လည်း တစ်ကြောင်းကြောင့် ဖြစ်၏။

အမှန်စင်စစ် အကျွန်ုပ် ဘဝင်မကျ ဖြစ်ရခြင်းမှာလည်း ဆန့်ကျင်ဘက် အယူ ရှိသူတို့က ဗုဒ္ဓသည် သတ္တဝါတို့အား ကယ်တင်လိုသော ဆန္ဒတော်ဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော် ဖြည့်ခဲ့ပြီးခါမှ တရား ဟောလိုသော စိတ်ဆန္ဒတော် မရှိ ဖြစ်လေသည်၊ ဘုရား မဖြစ်မီက မိမိသည် ဘဝ၏ လွတ်မြောက်ကြောင်း တရားကို ဟောကြား ညွှန်ပြနိုင်မည် မျှော်လင့်ခဲ့သော်လည်း တကယ်တမ်း ဘုရား ဖြစ်လာသောအခါ လူနတ် ဗြဟ္မာ သတ္တဝါတို့အား ကယ်တင်နိုင်မည့် နည်းလမ်း တစ်စုံတစ်ရာ ရှာမတွေ့သောကြောင့် တရား ဟောလိုစိတ် မဖြစ်၊ တရား မဟောလိုသော စိတ် အကြံအစည်သာ ဖြစ်ခြင်း ဖြစ်ပေလိမ့်မည်ဟု မိမိတို့ ဉာဏ်မမီသော အရာကို ထွေရာလေးပါး စဉ်းစား၍ အပြစ် တင်မည် စိုးရိမ်ခြင်းကြောင့် ဖြစ်ပါ၏။ ဤ အရာတွင် မုံရွေး ဆရာတော် ဘုရားကြီးက ပရမတ္ထသဘောကပင် အလွန် သိမ်မွေ့ နက်နဲလှ၍ ပရမတ္ထ တရား အရာ၌ ကျက်စားသော ဉာဏ်ကလည်း အလွန် သိမ်မွေ့ နက်နဲမှပင် သဘော အဓိပ္ပာယ်ကို အမှန်အကန် သိနိုင်ချိမ့်မည်ဟု ဆုံးဖြတ်ခြင်းကို အကျွန်ုပ် ဘဝင်ကျပါ၏။

အကျွန်ုပ်သည် ဗုဒ္ဓ၏ ဘုရားမဖြစ်မီ ဘဝ အခြေအနေများကိုထက် ဘုရား အဖြစ်သို့ ရောက်ပြီး ဘဝ အခြေအနေများကိုသာ ပို၍ စိတ်ဝင်စားလေသည်။

ပထမတွင် ဗုဒ္ဓသည် သတ္တဝါတို့၏ သဘောကို ရှုကြည့်သောအခါ သတ္တဝါတို့သည် ပညာ နည်းခြင်း၊ ကိလေသာ၌သာ ပျော်ပိုက်ခြင်း၊ စဉ်းစား ဆင်ခြင်ဉာဏ် နည်းခြင်း၊ မိမိ၏ တရားက အဆမတန် နက်နဲခြင်း စသော အကြောင်းများကြောင့် ချက်ချင်း တရား မဟောသေးဘဲ နေလိုသော စိတ်တော် ဖြစ်ပေါ်ခြင်းလည်း ဖြစ်နိုင်ပါ၏။

သို့သော် သဟမ္ပတိ ဗြဟ္မာ၏ စကားတွင် ဖော်ပြခဲ့သော ဗုဒ္ဓနှင့် စင်ပြိုင် ဘုရားများသည် ဗုဒ္ဓခေတ်တွင် အိန္ဒိယပြည်၌ ထွန်းကားနေသောကြောင့် ဖြစ်၏။

သမိုင်းကြောင်း အရ ပြောရလျှင် ဗုဒ္ဓဘုရား ပွင့်သော ခေတ်ကို အိန္ဒိယ ဒဿနပညာ သမိုင်းတွင် ဗေဒ နှင့် ဥပါနိသျှာဒ် ခေတ်ကို လွန်ပြီးနောက် သုတ္တ (**Sutra**) ခေတ်သို့ ရောက်ရှိနေသော အခါ ဖြစ်၏။ ထိုခေတ်တွင် အိန္ဒိယနိုင်ငံ၌ အမှန်စင်စစ် ဒဿနဂိုဏ်းကြီး ကိုးဂိုဏ်း စင်ပြိုင် ထွန်းကားနေသော အခါ ဖြစ်၏။

'သုတ္တ' (သုဩ) ဆိုသည်မှာ ဝေါဟာရ အဓိပ္ပာယ် အားဖြင့် တစ်မျှင်းချည်ဟု အဓိပ္ပာယ် ရ၏။ တစ်နည်း အနက်ကို အကျဉ်းနည်းဖြင့် ပြည့်ညွှန်သော စာကို သုတ္တ (သုတ်)ဟု ခေါ်ခြင်း ဖြစ်လေသည်။

ဗုဒ္ဓ ပွင့်သောခေတ်သည် သုတ္တခေတ်ဟု ဆိုခြင်းမှာ ထိုခေတ်တွင် ထွန်းကားသော ဒဿန စာပေများကို ပညာရှိတို့သည် အနက်ကို အကျဉ်းပြသော သုတ္တနည်းဖြင့် ရေးသားသော ရေးဟန် ထွန်းကားသောကြောင့် ဖြစ်၏။ *

ထို ခေတ် တွင် အတွေးအမြင် ဒဿနများကို ဟောကြားသော ဆရာကြီးတို့သည် နှုတ်ဖြင့်သာ အများအားဖြင့် ဟောကြားကြ၏။ ထိုသို့ နှုတ်တိုက် ဟောကြားသည်ကို ဆက်ခံသူများကလည်း နှုတ်တိုက် သင်ကြားပို့ချခြင်းဖြင့်သာ လက်ဆင့်ကမ်း သယ်ပိုး ခဲ့ကြရ၏။ သို့ဖြစ်ရာ အဓိက အတွေးအမြင် အယူအဆများကို ဆက်ခံ ကျက်မှတ်သူ၏ စိတ်တွင် အ လွယ် တ ကူ တစ်မျှင်း ချည်သကဲ့သို့ ချည်နှောင်နိုင်ရန် ဆွေးနွေး တင်ပြသော ပြဿနာကို အကျဉ်းနည်းဖြင့်သာ တင်ပြရ၏။ အမေး အဖြေကို ပြုရ၏။ ပေါ်ပေါက်နိုင်သော ငြင်းချက်များကိုလည်း ထိုသုတ္တန်များတွင် ပြန်ကြားရလေ၏။ ဗုဒ္ဓ ထွန်းကားသော ခေတ်တွင် သုတ္တန်ဒေသနာများစွာ ပေါ်ပေါက်သောကြောင့် ထိုခေတ်ကို သမိုင်းဆရာများက သုတ္တခေတ်ဟု သတ်မှတ်ကြခြင်း ဖြစ်၏။

ထိုကာလ၌ အိန္ဒိယပြည်တွင် အတ္တဝါဒ အနတ္တဝါဒ ဘုရားသခင် ဖန်ဆင်းရှင်ကို လက်ခံသော ဝါဒ လက်မခံသော ဝါဒများ များစွာ ပေါ်ပေါက်လျက် ရှိရာ ဗုဒ္ဓသည် သတ္တဌာန လွန်ပြီးနောက် လူများနှင့် တွေ့ဆုံသည်နှင့် တစ်ပြိုင်နက် မိမိ၏ ဘုရား အဖြစ်ကို ကြေညာရန် အတွက် သုတ္တန်ဒေသနာ တစ်ခုကို မဟောဘဲ နေ၍ ရတော့မည် မဟုတ်ချေ။

ခေတ်ကာလ အခြေအနေ အရပ်ရပ်ကို ထောက်ချင့်သော ဗုဒ္ဓသည် တရား မဟောဘဲ နေ၍ရမည့် အခြေအနေ မရှိသည်ကို အကျွန်ုပ် ဆင်ခြင်မိ၏။ ထို့ကြောင့်

-------------

* *An Introduction to Indian Philosophy p 10*

www.burmeseclassic.com



သဟမ္ပတိ ဗြဟ္မာ တောင်းပန်သည် ဖြစ်စေ၊ မတောင်းပန်သည် ဖြစ်စေ ဗုဒ္ဓသည် တရားဦးကို တစ်နေရာရာတွင် မုချ ဟောလိမ့်မည်ကိုကား အကျွန်ုပ်သည် ယုံမှား မရှိ တွေးထင်ထားပြီး ဖြစ်လေတော့၏။

တရား ဟောရန်မှာ လိုအပ်ချက် ဖြစ်၏။ တရား မဟောလျှင် လောကက ဗုဒ္ဓသည် ဘုရား ဖြစ်ပြီဟု မည်သို့ သိနိုင်ပါမည်နည်း။ သို့သော် မည်သူ့ကို တရားဦး ဟောသင့်သည်ကို ရွေးချယ်ရန်ကား လိုအပ်ပေဦးမည်။ ဗုဒ္ဓသည် တရားဦး ဟောရမည့် ပုဂ္ဂိုလ်ကို ဉာဏ် (အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိ ယတ္တိဉာဏ်*) မျက်စိဖြင့် ဆင်ခြင်ကြည့်လေ၏။ ဦးစွာ သတိရသော သူသည် အာဠာရ ရသေ့ ဖြစ်၏။ အာဠာရ ရသေ့သည် ကျယ်ပြန့် လျင်မြန်သော ဉာဏ်ရှိသည်ကို ဗုဒ္ဓ သိတော်မူသဖြင့် သူ့ကို တရားဦး ဟောရလျှင် ကောင်းပေစွဟု ဆင်ခြင်မိလေ၏။ ထိုအခါ အာဠာရ ရသေ့ ကွယ်လွန်ပြီးကြောင်း နတ်သား တစ်ပါး လျှောက်ထားသဖြင့် သိရလေ၏။ ထို့နောက် ဥဒက ရသေ့ကို သတိ ရပြန်၏။ ဥဒက ရသေ့လည်း လွန်ခဲ့သော ညဥ့်က ကွယ်လွန်ခဲ့ပြီး ဖြစ်၏။

ထို့နောက် ဆင်ခြင်ပြန်ရာ ကျေးဇူး ရှိဖူးသော ပဉ္စဝဂ္ဂီတို့ကို မြင်တော်မူလေ၏။ မြင်သော်လည်း ချက်ချင်း ထိုပဉ္စဝဂ္ဂီတို့ ရှိရာသို့ ကြွတော်မူခြင်း မပြုဘဲ အဇပါလ ညောင်ပင်ရင်းတွင် နှစ်ရက် သုံးရက် နေတော်မူသေး၏။ ပြီးမှ ဗာရာဏသီ ပြည်သို့ ရှေးရှု၍ ကြွတော် မူလေ၏။

မဟာဗောဓိနှင့် ဂယာသီသ၏ အကြား၌ ဥပက မည်သော တက္ကတွန်းကို တွေ့လေ၏။ ဥပက တက္ကတွန်းကား ဂျိန်းဘုန်းကြီး တစ်ပါး ဖြစ်လေသည်။ **

ထိုဂျိန်းဘုန်းကြီး တက္ကတွန်းလည်း ဗုဒ္ဓကို မြင်သော် ဤသို့ မေးလေ၏။

'ငါ့ရှင် သင်၏ ဣန္ဒြေတို့သည် နှစ်လို ကြည်ညိုဖွယ် ရှိပေ၏၊ သန့်ရှင်း စင်ကြယ် သပ္ပာယ် ပြည့်ဖြိုးလျက် ပြိုးပြိုးပြက်မျှ ထွက်ထွန်းသော အရောင်လည်း ရှိပေ၏၊ အဘယ်သူကို ရည်မှန်းလျက် ရဟန်း ပြုသနည်း၊ သင့်ဆရာကား အဘယ်သူနည်း၊ သင်ကား အဘယ် အမည် ရှိသနည်း' ဟု မေးလေ၏။

ဗုဒ္ဓလည်း ဤသို့ ဖြေလေ၏။

'ဥပက ငါကား ကိလေသာ ရန်သင်းကို နှိမ်နင်း ဖျက်ဆီး၍ တည်သဖြင့် အလုံးစုံ ဘုံသုံးပါး၌ ဖြစ်သော တရားအပေါင်းကို သိတော်မူ၍ တေဘုမ္မက ဓမ္မ[၁] ခပ်သိမ်းတို့၏ လိမ်းကျံ ကပ်ငြိခြင်းမှ ကင်းတော်မူ၏၊ အလုံးစုံသော အကုသိုလ် တရားကို ပယ်ရှား စွန့်ခွာ၍ တဏှာ၏ ကုန်ရာ နိဗ္ဗုတာ အောင်ဘုံကို အာရုံပြုဘိသဖြင့် ကိလေသာ အပေါင်းတို့မှ လွတ်၏၊ ဥပက စတုဘုမ္မက ဓမ္မ[၂] အလုံးစုံကို အလိုလိုသာ ငါ သိတော်မူရကား လောက သုံးပါး၌ ထင်ရှားပြစရာ ငါ့ဆရာသည် အဘယ်မှာ ရှိတော့အံ့နည်း၊ ငါ့အမည်ကား ငါးပါးသော ရန်ကို ပယ်လှန်အောင် ဘိ၍ အနန္တဇိန မည်သတည်း'

ဥပက တက္ကတွန်း ဆိုသည့် ဂျိန်း အယူဝါဒ ရှိသည့် ဘုန်းကြီးနှင့် လမ်းမှာ တွေ့ဆုံ မေးမြန်း ခွဲခွာခဲ့ပြီးနောက် ဗုဒ္ဓသည် ဗာရာဏသီပြည် အနီး မိဂဒါဝုန်တောသို့ ကြွတော်မူခဲ့လေ၏။

မိဂဒါဝုန် တောကြီးတွင် ပဉ္စဝဂ္ဂီ ငါးဦးနှင့် ပြန်လည် တွေ့ဆုံကြလေ၏။ ထိုအခါ ပဉ္စဝဂ္ဂီတို့က

'ငါ့ရှင် ဂေါတမ၊ သင်သည် ငြိုငြင်စွာသော ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်ပတ်လုံး ကျင့်၍မျှ သဗ္ဗညုတ အဖြစ်သို့ မရောက်တုံဘဲ ရှိခဲ့၏၊ ယခုမူ ဆွမ်း သင်္ကန်း ကျောင်း စသော ပစ္စည်းများကို များအောင် လုံ့လပြုကာ ဒါယကာ ဒါယိကာမတို့ကို ရှာ၍ မြို့ရွာတိုင်း လှည့်လည်လျက် မင်္ဂဖိုလ်ချမ်းသာကို အဘယ်မှာ ရချေအံ့နည်း၊ သင် ဝါကြွား၍ လှည့်ဖြားကာနှင့် ငါတို့ မယုံနိုင်'ဟု ဆိုကြလေ၏။

ဤကဲ့သို့ ပဉ္စဝဂ္ဂီတို့က ဗုဒ္ဓကို မယုံမကြည် လက်မခံဘဲ ဖြစ်လျက်နေစဉ် သက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့် စနေနေ့ည နေဝင်စ အချိန်တွင် ဗုဒ္ဓ၏ ပထမ တရားဦး ဓမ္မစကြာကို ဟောတော်မူကြောင်း ကျမ်းဂန်မှာ ပြပါသည်။

ထို ဓမ္မစကြာ သုတ္တန်၏ ပထမ အပိုဒ်သည်

'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ' ဖြစ်လေ၏။

ထိုစာပိုဒ်သည် အနက်အားဖြင့် မဆန်းပြားသော်

--------------

* *ဣန္ဒြေတို့၏ အနု အရင့်ကို သိသောဉာဏ်*

** *Essential Themes of Buddhist Lectures given by Ashin Thittila p 11*

--------------

*၁၊ ဘုံသုံးပါး၌ ဖြစ်သော တရား*

*၂၊ အဆင့် လေးဆင့် ရှိသော တရား*

www.burmeseclassic.com



လည်း ဒဿနအားဖြင့် စဉ်းစားစရာ အချက်များစွာကို ယူဆောင်လာသော စကား ဖြစ်လေ၏။

အထက်ပါ ပါဠိတော်၏ အဓိပ္ပာယ်မှာ

'ရဟန်းတို့၊ ရဟန်း ဖြစ်သောသူ (ကိလေသာကို နှင်ထုတ်လိုသောသူ) သည် နှစ်ပါးကုန်သော အယုတ်တရား အစုကို မမှီဝဲအပ်ကုန်'

အကျွန်ုပ်သည် ဓမ္မစကြာ သုတ္တန် တရား၏ ပထမ အဖွင့်စကားကို ဖတ်ရသောအခါ ဤသို့ စဉ်းစားလေ၏။

ရဟန်း ဖြစ်သော သူသည် (ပဗ္ဗဇိတေန) ဆိုသော ဂုဏ်ပြပုဒ်ကို ဗုဒ္ဓ ထည့်၍ ဟောကြားခဲ့ခြင်းသည် ထူးခြားသည်။ ထိုစကားရပ်ကို ကိလေသာကို နှင်ထုတ်လိုသောသူ ဟူ၍လည်း ရှေးပညာရှိတို့ အဓိပ္ပာယ် ဖွင့်ပြခဲ့ကြသည်။ သို့ဖြစ်လျှင် အမှန်စင်စစ် ဤတရားသည် ပုထုဇဉ်တိုင်း အတွက် ရည်ညွှန်းသော တရား မဟုတ်နိုင်။ ကိလေသာကို နှင်ထုတ်လိုသော အမြတ်လမ်းသွား အကြင်ဘဝ ခရီးသည်အား ရည်ညွှန်းသော စကားသာ ဖြစ်ကြောင်း ထင်ရှားပါသည်။

အကျွန်ုပ်သည် ဗုဒ္ဓ ဟောကြားသော တရား၌ ရည်ညွှန်းသော ပရိသတ်ကို ရှာကြည့်မိလေ၏။ ထိုအခါ ဗုဒ္ဓသည် ဤတရားကို ဟောကြားရသည့် ရည်ရွယ်ချက်ကိုလည်း အတန် သဘောပေါက် လာလေ၏။

ဓမ္မစကြာ အဖွင့်စကားတွင် ပရိသတ်အားဖြင့် အရိယာဘုံသွား ပုဂ္ဂိုလ်များကို ရည်ညွှန်းထားသည့်ပြင် 'အယုတ်တရား နှစ်ပါး (အစွန်းတရား နှစ်ပါး) အစုကို မမှီဝဲရာ' ဟူသော ညွှန်ပြသည့် စကားစုသည်လည်း ထူးခြားသော စကား ဖြစ်သည်ဟု အကျွန်ုပ် ထင်မိလေ၏။

ဤ စကားစုတွင် ဝေဖန်သော သဘော ပါရှိလေသည်။ 'အယုတ်တရား နှစ်ပါး' ဆိုသော စကား အသုံးအနှုန်းသည် ဗုဒ္ဓ ပတ်ဝန်းကျင်တွင် ယုံကြည်ယူဆ နေကြသော အတွေးအမြင် နှစ်ရပ်၊ အယူအဆ နှစ်ရပ်ကို ဆိုခြင်း ဖြစ်ပေလိမ့်မည်။ အကျွန်ုပ်သည် ထိုသို့ တွေးမိပြီးနောက် အယုတ်တရား ဆိုသော ထိုတရား နှစ်ပါးသည် ဘယ်အယူဝါဒကို ရည်ညွှန်း၍ ဆိုသည်ကို အကျွန်ုပ် စူးစမ်း ကြည့်လိုပြန်လေ၏။ သုတ္တန် ဒေသနာကို ဟောနည်းအတိုင်း ဗုဒ္ဓသည် 'အယုတ်တရား နှစ်ပါး' ဆိုသော စကား၏ ငုပ်နေသော အနက်ကို ဖော်လိုသဖြင့် အမေးအဖြေ ပြုသည့်နည်းဖြင့် ဤသို့ မေးပြန်လေသည်။

'ကတမေဒွေ'

(ရဟန်းတို့ မမှီဝဲအပ်ကုန်သော အယုတ်တရား) နှစ်ပါး ဟူသည် အဘယ်သည်တို့နည်း။

ဤကား အမေးပုစ္ဆာ ဖြစ်လေသည်။

ဗုဒ္ဓသည် သူတစ်ပါး မေးလာမည့် အမေးကို ကြိုတင် သိမြင်တော်မူသည့် အလျောက် မိမိဘာသာ မေးပြီး မိမိဘာသာ ဖြေသည့် နည်းကို သုံးလျက် ဖြေကြားတော် မူလေသည်။

'ယုတ်သော ရွာသူတို့၏ ဥစ္စာ ဖြစ်သော၊ ပုထုဇဉ်တို့၏ အလေ့အကျင့် ဖြစ်သော၊ အရိယာတို့၏ ဥစ္စာ မဟုတ်သော၊ စီးပွား ချမ်းသာကြောင်း နှင့် မစပ်ယှဉ်သော တေတုမ္မက တရားတည်း ဟူသော ဝတ္ထုကာမတို့၌ ကိလေသာ ကာမတို့နှင့် ယှဉ်သော ချမ်းသာကို အဖန်တလဲလဲ ခံစားခြင်း ဟူသော

'ကာမ သုခလ္လိကာ နုယောဂ အယုတ်တရား တစ်ပါး'

ထိုအခါ အကျွန်ုပ်သည် စဉ်းစားပြန်လေ၏။

ယုတ်သော ဟူသည် အဘယ်ကို ဆိုသနည်း။ ဗုဒ္ဓ၏ အမြင်တွင် အဘယ် အပြုအမူကို ယုတ်ညံ့သည်ဟု သတ်မှတ်ပါသနည်း။

'ရွာသူတို့၏ ဥစ္စာ' ဆိုသော စကားကိုလည်း အကျွန်ုပ် ကောင်းစွာ နားမလည်ချေ။ သို့သော် ကြိုကြည့်ပြန်၏။ နောက်စကားတွင် 'အရိယာတို့၏ ဥစ္စာ မဟုတ်သော' ဟူသော စကားစု ပါသည်ကို တွေ့ရသဖြင့် ဤသို့ ကြံမိပြန်၏။ ရွာသူတို့၏ ဥစ္စာ ဟူသည် အရိယာတို့၏ ဥစ္စာ မဟုတ်ဟု ဗုဒ္ဓ ဆိုလိုကြောင်းမှာ ထင်ရှားပါ၏။ သို့ဖြစ်လျှင် အရိယာတို့၏ ဥစ္စာကိုသာ သိဖို့လိုသည်။ အရိယာတို့၏ ဥစ္စာကို သိလျှင် အရိယာတို့၏ ဥစ္စာနှင့် ဆန့်ကျင်ဘက် သဘော (ပဋိပက္ခ သဘော) သည် ရွာသူတို့၏ ဥစ္စာပင် ဖြစ်ပေလိမ့်မည်။

ပုထုဇဉ်တို့၏ အလေ့အကျင့်ကိုလည်း ဗုဒ္ဓသည် အရိယာတို့၏ ဥစ္စာ မဟုတ်ဟု သတ်မှတ်ကြောင်း ထင်ရှားသည်။ ဝတ္ထုကာမ ကိလေသာကာမ နှင့် ယှဉ်သော ချမ်းသာကို အဖန် တလဲလဲ ခံစားခြင်း ဆိုသည်မှာ လောကီ စည်းစိမ် ချမ်းသာ ကာမဂုဏ် တရားများကို ဆိုလိုကြောင်း အကျွန်ုပ် နားလည်မိ၏။ ဥစ္စာ ပစ္စည်း ရာထူးဂုဏ်ရှိန် အတုအပ ပကာသနများသည် ဘုံသုံးပါး၌ ကျင်လည် စေတတ်သော တရားများ ဖြစ်သည်ဟု ဗုဒ္ဓဘာသာ သဘောတရား အရ နားလည်ပေရာ ထိုအရာတို့၌ တပ်ငြိခြင်းကို အားပေးသော အယူဝါဒမျိုးကို

www.burmeseclassic.com



ဗုဒ္ဓသည် (ကာမ သုခလ္လိကာ နုယောဂ) ဟု ခေါ်ခြင်း ဖြစ်ပေလိမ့်မည်။

'ကာမ သုခလ္လိကာ နုယောဂ' ကို ပုဒ်ထွက် အဓိပ္ပာယ်အားဖြင့် **'ကာမဂုဏ် ချမ်းသာ၌ ကပ်ငြိသော အားဖြင့် လုံ့လပြုခြင်း'*** ဟု နားလည်နိုင်ပါ၏။

စကားနက် အဓိပ္ပာယ်ကို အတန်အသင့် ဖော်ပြနိုင် ပြီးသောအခါ အကျွန်ုပ်သည် ဤသို့ စဉ်းစားပြန်၏။

ဗုဒ္ဓသည် ဤကဲ့သို့ မိမိ မနှစ်သက်သော တရားတစ်ခု (အယူဝါဒ) ကို ဝေဖန်သော စကားလုံးများဖြင့် အထပ်ထပ် ဖော်ပြကာ အထူးအထွေ ရည်ညွှန်း ပြောဆိုနေခြင်းမှာ အကြောင်း ရှိပေလိမ့်မည်။

အဘယ် အကြောင်းထူး ရှိလေသနည်း။ ဗုဒ္ဓခေတ် ပတ်ဝန်းကျင်တွင် ထွန်းကား ပေါ်ပေါက်လျက် ရှိသော အတွေးအခေါ်ဂိုဏ်းများ စင်ပြိုင် အတွေး အခေါ်များတွင် အင်္ဂလိပ် ဘာသာအားဖြင့် (Hedolism) ဟု ခေါ်အပ်သော 'ကာမ သုခလ္လိကာ နုယောဂ' တရား ထွန်းကား တည်ရှိလေသလား။

ဤသို့ ဝေဖန် ပိုင်းခြား လေ့လာလိုသော စိတ်ဖြင့် အကျွန်ုပ်လည်း ရှာလေတော့၏။ ထိုအခါ ဗုဒ္ဓနှင့် ခေတ်ပြိုင် အိန္ဒိယ အတွေးအခေါ်များတွင် 'ကာမ သုခလ္လိကာ နုယောဂ' အယူဝါဒ ထွန်းကားလျက် ရှိကြောင်း တွေ့ရလေတော့၏။

ထိုအယူဝါဒကို အကျယ်တဝင့် ဟောကြားနေသူများမှာ 'စာဝက' (Carvaka) ခေါ်သော အတွေ့ ဂိုဏ်းသားများ ဖြစ်ကြလေ၏။ 'စာဝက' ဟူသော အမည်သည် အိန္ဒိယတိုင်းသား ရုပ်ဝါဒီ ဒဿန ဆရာများကို ခေါ်သော အမည် ဖြစ်၏။ ထိုဂိုဏ်းကို တည်ထောင်သော ရသေ့၏ အမည်ကို အစွဲပြု၍ စာဝက ဂိုဏ်းသားများ ခေါ်ကြောင်းလည်း အဆိုရှိ၏။ သို့သော် 'ဗြဟ္မတိ' ဆိုသော ပုဂ္ဂိုလ်သည်သာ စာဝက ဂိုဏ်း၏ ခေါင်းဆောင် ဖြစ်သည်ဟုလည်း ဆိုကြ၏။ ဗြဟ္မတိ၏ ဟောကြားချက်တို့ကို ရေးသားထားသော သုတ္တန်ကျမ်းများမှာ တစ်ဒါဇင်ခန့်ပင် ရှိလေ၏။ စာဝက ဂိုဏ်းသားများကို 'လောကာယတိက' ဂိုဏ်းသားများ ဟုလည်း ခေါ်ကြ၏။ ထို ဂိုဏ်းသားများသည် ရုပ်ဝါဒီများ ဖြစ်ကြ၏။ အာရုံနှင့် ထိတွေ့ သိမြင်နိုင်သော လက်တွေ့ မျက်တွေ့ အသိပညာကိုသာ မှန်သော အသိပညာ ဟူ၍လည်း ထိုသူတို့ အယူ ရှိကြလေ၏။ ဝေဒကျမ်းများ ဥပါနိသျှာဒ် ကျမ်းများမှာ ဟောကြားထားသော တရားများကို စာဝက ဂိုဏ်းသားတို့သည် မှန်သည်ဟု လက်ခံလိုစိတ် မရှိကြချေ။ ဝေဒကျမ်းဂန်ကို ပယ်သော ဂိုဏ်းတစ်ခု ဖြစ်၏။

ရုပ်ဝါဒီများ ဖြစ်ကြသည့် အလျောက် ဤလောကသည် ရုပ်တရားများဖြစ်သော (ပဉ္စဘူတ) ဖြင့် ဖွဲ့ စည်း ထား သည့် ထိုမဟာဘုတ် တရားတို့သည် အာကာသ ဝါယော တေဇော (အဂ္ဂိ) အာပေါ ပထဝီတို့ ဖြစ်ကြသည် ဆို၏။ ၎င်းတို့သည် ဝိညာဉ် သဘောကိုလည်း ပယ်ကြလေသည်။ စိတ်သည်ပင် ခန္ဓာကိုယ် ဦးနှောက် စသည်၏ လှုပ်ရှားမှုအရ ဖြစ်ပေါ်လာသော အရာသာ ဖြစ်သည်ဟု ယူဆကြ၏။ ထိုအယူဝါဒသည် ဖန်ဆင်းရှင် ထာဝရဘုရားကိုလည်း လက်မခံ ပယ်၏။ သူတို့၏ အယူဝါဒကို သဘာဝဝါဒ ဟုလည်း ဆိုနိုင်၏။

ဤတွင် ထိုစာဝက ဂိုဏ်းသားတို့၏ ကိုယ်ကျင့်တရား (သီလ) အမြင်များကို ဖော်ပြသင့်၏။ သို့မှသာ ဗုဒ္ဓ ဟောညွှန်ပြသော 'ကာမ သုခလ္လိကာ နုယောဂ' သဘောကို အထင်အရှား သိမြင်နိုင်မည် ဖြစ်၏။

စာဝက ဂိုဏ်းသားများသည် တမလွန် ဘဝ ရှိသည် ဆိုသော အယူအဆကိုလည်း ပယ်ထားကြ၏။ ဤဘဝသည်သာ တစ်ခုတည်းသော ဘဝဖြစ်၍ ဤဘဝ ပြီးလျှင် ပြီးပြီ၊ နောက်ထပ် ဘဝမျှ ဖြစ်ရန် အကြောင်း မရှိတော့ဟု ဟောခဲ့ကြ၏။

ကောင်း ကင် ဘုံ ကို လည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း ထိုဂိုဏ်းသားများက လူ့ဘဝ၏ အဆုံး ပန်းတိုင် အဖြစ် မမှတ်ယူလိုကြ။ နိဗ္ဗာန်လောက အမြင့်ဘုံ၊ ငရဲ ဆိုသော သဘောတရားများသည် ယဇ်ဆရာများက ဘုံခန်းနှင့် မြှောက် ငရဲခန်းနှင့် ခြောက်ပြီး လိမ်ညာစားဖို့ ထွင်ထားသော စကားလုံးတွေသာ ဖြစ်ကြသည် ဟုလည်း ပုတ်ခတ်ကြ၏။

တခြားသော ဒဿန ဂိုဏ်းများက ဘဝ၏ လွတ်မြောက်မှုကို ဘဝ၏ အဆုံး ပန်းတိုင် အဖြစ် သတ်မှတ် ထားကြ၏။ ထိုသို့ သတ်မှတ်ကြရာ၌ ဘဝ လွတ်မြောက်ခြင်း ဟူသည် ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းခြင်း ဟု နားလည် ထားကြ၏။ တချို့သော ဂိုဏ်းသားများက ဘဝ၏ လွတ်မြောက်မှုကို သေပြီး နောက်ဘဝ ကျမှ ရနိုင်သည်ဟုလည်း ယူကြ၏။ တချို့ကလည်း ဤ လွတ်မြောက်မှုကို ဤဘဝမှာပင် ရနိုင်သည်ဟု အယူ

--------------

* ပဒတ္ထမဉ္ဇူသာ၊ ဦးဟုတ်စိန်၊ စာ ၃၀၈

www.burmeseclassic.com



ရှိကြ၏။ သို့သော် စာဝကများကမူ ထိုအယူ နှစ်ရပ်လုံးသည် အခြေအမြစ် မရှိဟု ယူဆကြလေ၏။ အကယ်၍ ဝိညာဉ်သည် သဘာဝ အနှောင် အဖွဲ့များမှ လုံးဝကင်းလွတ်ခြင်းကို ဘဝ လွတ်မြောက်ခြင်းဟု ဆိုသော် ဝိညာဉ် ဆိုသော အရာသည် အထည်ဒြပ်အားဖြင့် မရှိရကား ထိုအယူအဆသည် အချည်းနှီးသော အယူအဆသာ ဖြစ်သည်ဟု ထိုသူတို့က ဝေဖန်ကြလေ၏။ ထို့အတူ ဒုက္ခခပ်သိမ်း ချုပ် ငြိမ်း သော အခြေအနေကို လွတ်မြောက်ခြင်းဟု ဆို၍ ထို လွတ်မြောက်ခြင်းကို ဤမျက်မှောက် ဘဝမှာပင် ရနိုင်သည်ဟု ဆိုလျှင်လည်း ထိုအယူအဆသည် မဖြစ်နိုင်သော အယူအဆဟု သတ်မှတ်ကြ၏။ လူ့ဘဝသည် ဆင်းရဲခြင်း နှင့် ချမ်းသာခြင်း ဒွန်တွဲလျက်နေသော ဘဝမျိုးသာ ဖြစ်၏။ သို့ဖြစ်ရာ ဆင်းရဲ လုံးဝ ကင်းအောင် လုပ်ဖို့ ဆိုသည်မှာ လုံးဝ မဖြစ်နိုင်။ ဆင်းရဲ နည်းစေ ချမ်းသာသုခ များစေ ဆိုသော သဘောဖြင့် လူသားတို့က အားထုတ်ကြလျှင်သာ ဖြစ်နိုင်၏။

ဆင်းရဲဒုက္ခ အပေါင်းမှ အပြီးတိုင် လွတ်မြောက်ခြင်း ဆိုသည်မှာ သေခြင်း မှအပ တခြားနည်း မရှိ။ သေလျှင် ဒုက္ခ ကင်းငြိမ်းပြီ ဖြစ်၏။ ဤဘဝတွင် ကာမဂုဏ် ချမ်းသာဟူသည် ဆင်းရဲခြင်းမျိုးသာ ဖြစ်၏။ ထိုချမ်းသာကို မခံစားအပ်ဟု ဆိုကာ သုခကို မရှာ၊ ဒုက္ခကို ရှာပြီး မိမိကိုယ်ကို (သဘာဝ တောင့်တမှုများ လိုချင် ဆန္ဒများမှ) ဖိနှိပ်လျက် ညှဥ်းဆဲသော အကျင့်ကို ကျင့်၍နေခြင်းသည် ရူးခြင်း တစ်မျိုးသာ ဖြစ်သည် ဆို၏။ အဘယ်ကြောင့် ဆိုသော် ဤလောက၌ အဘယ်ပညာရှိသည် ဆူးများသည် ဆိုသော အကြောင်းကြောင့် ငါးကို မစားဘဲ နေပါသနည်း။ အကာ ရှိသည် ဆိုသော အကြောင်းကြောင့် သစ်သီး၏ အဆံကို အဘယ်သူ လွှင့်ပစ်ပါသနည်း။ တိရစ္ဆာန်များ၊ ပိုးမွှားများ ဖျက်ဆီးသည် ဆိုသော အကြောင်းကြောင့် အဘယ်သူသည် သီးနှံကို မစိုက်ပျိုးဘဲ နေပါသနည်း။

သို့ဖြစ်ရာ အကယ်၍ လူသားအနေနှင့် ငါသည် ဤကိုယ်သာလျှင် အရင်း မူလ ရှိသည်၊ ဤဘဝသာလျှင် အမှန်နေရမည့် ဘဝ အခိုက်အတန့် ဖြစ်သည်ဟု နားလည်ပါက ဤဘဝဝယ် မိမိ ခန္ဓာ၌ ဖြစ်ပေါ်လာသော ချမ်းသာသုခကိုပင် အကောင်းဆုံး အမြတ်ဆုံးဟု မှတ်ထင်လျက် အသက်ရှင်နေရ ပေလိမ့်မည်။ ဘဝကို ခံစားခွင့် ရှိပါလျက် ထိုအခွင့်အရေးကို လျစ်လျူ ရှု၍ သော်လည်း မနေအပ်။ အဆုံးရှုံးခံ၍ သော်လည်း မနေအပ်။ နောင်ဘဝမှာ ချမ်းသာသုခ ရလိမ့်မည် မျှော်လင့်ချက်ကြီးဖြင့် ဤလက်ငင်း ယခု ရထားသော ဘဝကို မခံစားဘဲ အမှုမဲ့ ပြုခြင်းသည် အချည်းနှီးသော ဆုံးရှုံးခြင်းသာ ဖြစ်သည်။ ယနေ့ လက်ထဲက ကြက်ဥသည် နက်ဖြန်မှ ရမည့် ကြက်မကြီးထက် တန်ဖိုး ရှိသည် မှတ်။ သေချာသည့် တစ်ကျပ်က မသေချာသည့် တစ်သိန်းထက် ပိုပြီး တန်ဖိုး ရှိသည် မှတ်။

သို့ဖြစ်ရာ လူ့ဘဝ၏ အဆုံး ပန်းတိုင်သည် ဆင်းရဲ ဒုက္ခကို အတတ်နိုင်ဆုံး ရှောင်ပြီး ချမ်းသာသုခ စည်းစိမ် အပေါင်းကို အများဆုံး ရအောင်ရှာပြီး အမြင့်ဆုံး ခံစားရေးပင် ဖြစ်သည်ဟုမှတ်။ လောကမှာ ချမ်းသာသုခ ခံစားခွင့် များလေ ထိုဘဝသည် တန်ဖိုး အရှိဆုံး ဖြစ်လေ အကောင်းဆုံး ဘဝ ဖြစ်လေ မှတ်။

အမြတ်ဆုံး အမှန်ဆုံး အပြုအမူ ဟူသည်လည်း တခြား မဟုတ်၊ လောကီ အာရုံ ကာမဂုဏ် စည်းစိမ် ချမ်းသာတွေကို အစွမ်းကုန် ခံစားနိုင်အောင် စွမ်းသော အပြုအမူပင် ဖြစ်သည် မှတ်။ ကိုယ့်ကိုယ်ကိုယ် ဆင်းရဲအောင် ဒုက္ခရောက်အောင် ပြုသော အပြုအမူ မှန်သမျှ အမှားချည်းသာ မှတ်။

ဤကား 'ကာမ သုခလ္လိက ဝါဒ' ဟု ဆိုအပ်သော စာဝကတို့၏ လောကီ အမြင် ဖြစ်လေသည်။

အိန္ဒိယ အတွေးအခေါ် ဂိုဏ်းသားများ ပြထားသော လောက၏ အဆုံး လူ့ အပြုအမူ၏ ရည်မှန်းအပ်သော ပန်းတိုင် လေးမျိုး လေးစား ရှိလေသည်။ လေးမျိုး ဆိုသော် (၁) ဥစ္စာ၊ (၂) ကာမ၊ (၃) ဓမ္မ၊ (၄) မုတ္တိ တို့ ဖြစ်ကြ၏။ စာဝကတို့သည် ဓမ္မ (သီလ သမာဓိ ပညာ) နှင့် မုတ္တိ (လွတ်မြောက်မှု နိဗ္ဗာန်) ကို ပယ်ကြပြီး လောကတွင် လူသည် ဥစ္စာနှင့် ကာမကိုသာ အရေး ထားအပ်သည်ဟု ဟောကြားသော တရား ဖြစ်လေသည်။

ဗုဒ္ဓ ပွင့်ချိန်တွင် အိန္ဒိယပြည်၌ ထိုတရား ထွန်းကားလျက် ရှိလေသည်။ (အမှန်မှာ ထိုတရားကား ယခုခေတ် တိုင်အောင်လည်း ထွန်းကားလျက်ပင် ရှိလေသည်။)

အိန္ဒိယ အတွေးအခေါ် ဂိုဏ်းများ ထုံးစံမှာ မိမိအယူဝါဒကို ဟောကြား လိုသောအခါ အခြားသော အယူဝါဒကွဲများကို ဝေဖန်သော အလေ့အထ ရှိလေသည်။ ဥပမာ ဂျိန်း အယူဝါဒ (Jainism) တွင် စာဝက

www.burmeseclassic.com



တို့၏ အယူဝါဒကို ဝေဖန် ထားလေသည်။ ထို့အတူ စာဝကနောက် ဂျိန်းဝါဒ နောက်မှ ပေါ်ပေါက်သော ဗုဒ္ဓဝါဒတွင်လည်း စာဝက ဝါဒနှင့် ဂျိန်းဝါဒကို ဝေဖန်သော သဘော ပါသည်မှာ ထိုအကြောင်းကြောင့်ပင် ဖြစ်သည်ဟု အကျွန်ုပ် နားလည်လိုက်ပြီ ဖြစ်၏။

'ကာမ သုခလ္လိကာ နုယောဂ' ဟူသည် စာဝက ဝါဒ အယူအဆများ အတွေးအမြင်များကို ဗုဒ္ဓ ရည်ညွှန်း၍ ပြောဆိုခြင်း ဖြစ်ပေလိမ့်မည်။

ထို့အတူ

'ယော စာယံ အတ္တကိလမထာ နုယောဂေါ' ပါဠိ အရ

ဆူးငြောင့်ကို မှီ၍ အိပ်ခြင်း စသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော၊ အရိယာ မဟုတ်သော၊ တိတ္ထိတို့၏ အကျင့်တည်း ဟူသော၊ စီးပွား ချမ်းသာ ဖြစ်ကြောင်းနှင့် မစပ်ယှဉ်သော၊ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဖန်တလဲလဲ ဖြစ်စေတတ်သော၊ (အတ္တကိလမထာနုယောဂ) ဟူသော အကျင့်ယုတ် တစ်ပါး ဆိုရာ၌လည်း ဗုဒ္ဓသည် အဘယ် အယူဝါဒကို ရည်ညွှန်း၍ ဆိုလေသနည်း။

ဗုဒ္ဓခေတ် ပတ်ဝန်းကျင်တွင် ထိုသို့သော အကျင့်မျိုး မရှိဘဲနှင့် အကြောင်းမဲ့ ထိုတရားကို ဟောမည် မဟုတ်။ ဗုဒ္ဓ မပွင့်မီ ထိုသို့သော အယူဝါဒ အကျင့်မျိုး ရှိရာသည်။ ဗုဒ္ဓ ကျမ်းဂန်များ၌ တိတ္ထိတို့သည် ကိုယ်စိတ်နှစ်ပါး အင်အား ယုတ်လျော့၍ ကိလေသာ ရာဂ ကုန်ခန်းအောင် ဆိုပြီး အစာငတ်ခံခြင်း၊ ရေငုပ်ခြင်း၊ နေ အပူ မီးအပူ ခံခြင်း၊ ပဉ္စတပ ခေါ် ငါးပါးသော အပူကို ခံ၍ ကျင့်ခြင်း၊ ဆူးငြောင့်ပေါ်၌ အိပ်ခြင်း စသော အကျင့်များကို ကျင့်ခဲ့ကြကြောင်း ဖော်ပြထားလေသည်။ *

ထိုစကားရပ်တွင် 'တိတ္ထိ' ဆိုသည်မှာ အဘယ်သူကို ဆိုလေသနည်း။

'တိတ္ထိ' ဆိုသော ပုဒ်၏ အနက်သည် တစ်ပါးသော အယူရှိသောသူ (အယူမှားသောသူ) ဟု ရသည်။ သို့ဖြစ်လျှင် ဗုဒ္ဓ ဆိုလိုသော တစ်ပါးသော အယူ ရှိသောသူသည် အဘယ်သူ ဖြစ်မည်နည်း။

မိမိကိုယ်ကို ညှဉ်းဆဲ နှိပ်စက်၍ ကိလေသာ ကုန်ခန်းအောင် ကျင့်ကြံ အားထုတ်သော အကျင့်ကို ကျင့်သူတို့သည် ဗုဒ္ဓ မပွင့်မီ အခါကပင် အိန္ဒိယပြည်တွင် ရှိနှင့်ကြ၏။ ထိုသူတို့ကား ဇိနဟု ခေါ်သော ဂျိန်း အယူဝါဒ ရှိသူများ ဖြစ်ကြလေ၏။

ဤတွင် အကျွန်ုပ် စဉ်းစားမိပြန်၏။ ဗုဒ္ဓသည် ဖန်ဆင်းရှင် ထာဝရဘုရား တည်ရှိသည် ဆိုသော အယူကို လက်မခံ၊ ငြင်းပယ်တော်မူသည်။ ဗုဒ္ဓကဲ့သို့ပင် စာဝက နှင့် ဂျိန်းအယူ ရှိသူများကလည်း ဖန်ဆင်းရှင် ထာဝရဘုရား ရှိသည် ဆိုသော အယူကို ပယ်ကြလေသည်။ သို့ဖြစ်ရာ ဣဿရ နိမ္မာနဝါဒ ဟု ခေါ်သော ဖန်ဆင်းရှင် ထာဝရဘုရားကို ကိုးကွယ်သည့် အယူကို ပယ်ကြရာ၌ စာဝက၊ ဂျိန်းနှင့် ဗုဒ္ဓတို့ တူနေကြလေသည်။ ဤ ဂျိန်းဝါဒ၊ စာဝကဝါဒ၊ ဗုဒ္ဓဝါဒ သုံးဂိုဏ်းသည် ဝေဒကိုလည်း ပယ်ကြသည်။

ဗုဒ္ဓ ပွင့်သော ခေတ်တွင် တည်ရှိသော စင်ပြိုင် အယူအဆများ အားလုံးကို ဗုဒ္ဓ သိတော်မူပြီး ဖြစ်ပေရာ မိမိ၏ အယူဝါဒသည် စာဝကနှင့် လည်းကောင်း၊ ဂျိန်း အယူနှင့် လည်းကောင်း မတူကြောင်း၊ အလွန် ကွဲပြားကြောင်းကို ပဥ္စဝဂ္ဂီတို့အား သဘော ပေါက်အောင် ရှင်းပြဖို့ လိုပေလိမ့်မည်။ သို့မဟုတ်လျှင် ပဥ္စဝဂ္ဂီတို့က အရှင်ဘုရား၏ အယူဝါဒသည် အသစ်အဆန်း မဟုတ်ဟု ဝေဖန် ကဲ့ရဲ့ကြမည် မုချ ဖြစ်တော့၏။

ဤတွင် 'အတ္တကိလမထာနုယောဂ' သည် ဂျိန်း အယူကို ရည်ညွှန်းသည်ဟု အဘယ်ကြောင့် အကျွန်ုပ် ဆိုကြောင်းကို ရှင်းဦးအံ့။

ဂျိန်း အယူဝါဒကို စတင် ဟောကြားသူသည် 'ရဿဘ ဒေဝ' ဖြစ်၏။ ထို ပုဂ္ဂိုလ်သည် ထီးနန်း စည်းစိမ်နှင့် တကွ ဥစ္စာ ပစ္စည်းမှန်က အဝတ်အစားကိုပါ မချန် ပယ်လှန် စွန့်ပစ်ပြီးနောက် ဘဝ လွတ်မြောက်ကြောင်း တရားကို အားထုတ်ခဲ့ရာ ကေဝလဉာဏ်ကို ရရှိခဲ့သည်ဟု ဘဂဝတကျမ်းတွင် ဆိုသည်။ ဂျိန်းဂိုဏ်း၏ အနွှိမဆရာသည် ဝါဒါမာန ဆိုသူ ဖြစ်၏။ ထိုပုဂ္ဂိုလ်ကိုပင် 'မဟာဝိရ' (သူရဲကောင်းကြီး) ဟုလည်း ခေါ်ကြလေသည်။ မဟာဝိရသည် ဘီစီ ၆ ရာစုတွင် အသက် ထင်ရှား ရှိခဲ့ရာ ဗုဒ္ဓနှင့် ခေတ်ပြိုင် ဖြစ်လေ၏။ 'ဂျိန်း' ဆိုသော စကားသည် 'ဇိန' (အောင်နိုင်သူ) ဟု အဓိပ္ပာယ် ရ၏။ မဟာဗောဓိ နှင့် ဂယာသီသ ကြားလမ်းမ၌ ဗုဒ္ဓသည် ဂျိန်းဘုန်းကြီး ဥပကနှင့် တွေ့ဆုံခဲ့ကြောင်းကို ရှေ့တွင် ဖော်ပြခဲ့၏။ ထိုစဉ် ဗုဒ္ဓက

---

* *မေ့စကြာနှင့် အနတ္တ လက္ခဏ ပါဠိ အနက် အဓိပ္ပာယ်၊ ဗုဒ္ဓသာသနနုဂ္ဂဟ အဖွဲ့ချုပ် (၁၉၅၁) စာ ၂၃*

www.burmeseclassic.com



မိမိကိုယ်ကို ငါသည် 'အနန္တဇိန' အဆုံးတိုင်မဲ့ အောင်မြင်ပြီးသူဟု ထုတ်ဖော် ပြောဆိုခဲ့ကြောင်း ကို လည်း ဖော်ပြခဲ့၏။

ဗုဒ္ဓနှင့် စင်ပြိုင် အယူအဆ ဖြစ်သော ဂျိန်း အယူဝါဒကို ငယ်စဉ်က ကျောင်းတွင် သင်ကြား ခဲ့ရဖူး၏။ အကျယ် သိလိုသဖြင့်လည်း ဟာမန် ဂျက်ကိုဘီ (Hermann Jacobi) ၏ ***ဂျိန်းသုတ္တ*** (The Jaina Sutras) အင်္ဂလိပ် ဘာသာပြန်ကို လည်းကောင်း၊ အက်စ် စတီဗင်ဆန် (S. Stevenson) ၏ ***ဂျိန်းအယူဝါဒ၏ နှလုံးသား*** (The Heart of Jainism)၊ မိုဟဲလားမေထ (Mohanlal Mehta) ၏ ***ဂျိန်း ဒဿန အဓိက အချက်များ*** (Outlines of Jaina Philosophy) ကျမ်းများကိုလည်း ကြည့်ခဲ့ဖူး၏။

ဂျိန်းဘာသာ အယူဝါဒ အရလည်း ဘဝ လွတ်မြောက်ရေး (မောက္ခ) သည် လူ့ အပြုအမူ အားလုံး၏ အဆုံး ပန်းတိုင် ဖြစ်သည်ဟု ရှုမြင်လေသည်။ ဘဝ လွတ်မြောက်ခြင်း ဆိုသည်မှာ လောကီအာရုံ ကာမဂုဏ် အနှောင်အဖွဲ့ ခပ်သိမ်းကို ပယ်နိုင်ခြင်းဟု ထိုဝါဒက ယူလေသည်။

'အနှောင်အဖွဲ့' ဟူရာ၌ အိန္ဒြိယ အတွေးအခေါ်များ အားလုံးလိုပင် ပဋိသန္ဓေ နေရခြင်းမှ စ၍ နောက်၌ ဖြစ်သော ဆင်းရဲ (အိုရခြင်း နာရခြင်း သေရခြင်း) အားလုံးကို ဆိုလေသည်။

သို့ရာတွင် အခြေခံအားဖြင့် ယေဘုယျ အမြင်တွင် နှောင်ဖွဲ့ခြင်းကို ယူရာ၌ တူကြသော်လည်း နှောင်ဖွဲ့ခြင်း ဆင်းရဲ၏ အဓိပ္ပာယ်ကို ဖွင့်ကြရာတွင် ဒဿနဂိုဏ်း တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မတူကြတော့ချေ။

ဂျိန်း အယူဝါဒက ဆင်းရဲဒုက္ခ ခံစားနေရသော အကြင်သူ တစ်ဦး၏ ဆင်းရဲသည် ကိုယ်ဆင်းရဲ မဟုတ်၊ အသက် ဇီဝဓာတ် ဖြစ်သော ဝိညာဉ်၏ ဆင်းရဲသာ ဖြစ်သည်။ ကိုယ်မှာ ထိခိုက်သော်လည်း ကိုယ်က မနာတတ်၊ ဝိညာဉ်ကသာ နာတတ်သည်။ သေပြီးသူ၏ ကိုယ်ကို မီးဖုတ်သော်လည်း မနာတတ်သည့် သဘောကို ဆင်ခြင်ရာသည်။

ထို ဝိညာဉ်သည် အနန္တပညာ၊ အနန္တသဒ္ဓါ၊ အနန္တသိဒ္ဓိဖြင့် ပြီးပြည့်စုံနိုင်သည်။

ထိုသို့ ပြည့်စုံရန်မှာ ဝိညာဉ်ကို အနှောင် အဖွဲ့ အတားအဆီး ပြုနေသော တရားများကို သုတ်သင်ဖယ်ရှားပစ်နိုင်မှသာ ထိုဝိညာဉ်သည် အထွတ် အထိပ်ဖြစ်သော ဉာဏ်အလင်းကို ရရှိနိုင်သည်။

သို့ဆိုသော် ထိုအနှောင်အဖွဲ့ အတားအဆီး ပြုသော တရားတို့သည် အဘယ် တရားများ ဖြစ်ကြကုန်သနည်း။ ထိုတရားကား တခြား မဟုတ်၊ ရုပ်တရားပင်တည်း။ တစ်နည်း လူတို့၏ ကိုယ်တွင် ရှိသော ဝိညာဉ်သည် ခန္ဓာကိုယ်၏ အနှောင်အဖွဲ့ ပြုခြင်းကို ခံနေရသည်။ ပုဂ္ဂလ ခေါ်သော ရုပ်မှုန်များဖြင့် ခန္ဓာကိုယ်ကို ဖွဲ့စည်း တည်ဆောက်ထားလေသည်။ ခန္ဓာကိုယ်ကို ဖွဲ့စည်း တည်ဆောက်ရာတွင် ဝိညာဉ်၏ ရာဂ တဏှာက ဦးဆောင်မှု ပေးခဲ့သည်။ အတိတ် ဘဝက ပြုခဲ့သော ကာမ (ကမ္မ) ကလည်း အဝိဇ္ဇာဖြင့် တဏှာကို အားပေးခဲ့သည်။ ကိုယ်ကို တပ်မက်စေခဲ့သည်။ ဘဝကို တောင့်တစေခဲ့သည်။ (ဘဝ တဏှာကို ဆိုလိုဟန်တူသည်။) အတိတ် ဘဝက ပါလာသော ကံများ၊ အဝိဇ္ဇာ တဏှာများကြောင့် ဝိညာဉ်သည် ခန္ဓာကိုယ်ကို ဖွဲ့စည်း စေခဲ့ခြင်း ဖြစ်သည်။ တဏှာသည် ခန္ဓာအိမ် ဆောက်ရာ၌ လက်သမား (ဆောင်ရွက်မှု အကြောင်း တရား) ဖြစ်ခဲ့လေသည်။ ရုပ်ကား ဝတ္ထု အကြောင်း တရားသာ ဖြစ်၏။ ထို့ကြောင့် ခန္ဓာကိုယ် ဖြစ်ပေါ် လာသောအခါ ရုပ်ချည်း မဟုတ်တော့ဘဲ စိတ် စေတသိက်များပါ ပါလာခြင်း ဖြစ်သည်။

ဂျိန်း အယူတွင်လည်း ကမ္မ နိယာမကို ဟော၏။ လူ့ခန္ဓာကိုယ်ကို ရရှိခြင်း၊ ဆင်းရဲ ချမ်းသာ မိဘများ၌ မွေးဖွားရခြင်း၊ ဉာဏ်ထက် ဉာဏ်နု ဖြစ်ရခြင်း၊ အဆင်း လှ မလှ ဖြစ်ရခြင်း စသည်တို့သည် ကြုံကြိုက်သလို ဖြစ်လာကြခြင်း မဟုတ်၊ အတိတ်ကံက ဖန်တီး၍သာ ဖြစ်ခဲ့ရခြင်း ဖြစ်သည်ဟုလည်း ပုဗ္ဗေကတ ဟေတုက ဝါဒကို ဂျိန်းအယူတွင် လက်ခံထားလေသည်။

လူ့ခန္ဓာတွင် ဝိညာဉ် အနှောင်အဖွဲ့ ဖြစ်နေရသည့် တဏှာ အကြောင်းတို့တွင် ဒေါသသည် လည်းကောင်း၊ မာနသည် လည်းကောင်း၊ လောဘသည် လည်းကောင်း၊ အဝိဇ္ဇာသည် လည်းကောင်း အဓိက လက်သည်များ ဖြစ်ကြသည်။ တဏှာကြောင့်သာ ဝိညာဉ်သည် ခန္ဓာကိုယ်ကို တွယ်ကပ်နေခြင်း ဖြစ်ရာ ဝိညာဉ်နှင့် ခန္ဓာ ကင်းကွာသွားအောင် ပြုနိုင်မှ (ဝါ) ခန္ဓာကိုယ်ကို တွယ်တာသည့် စိတ်၊ ခန္ဓာကိုယ်ကို တပ်မက်သည့်စိတ် ကင်းသွားမှသာ ဝိညာဉ် လွတ်မြောက်နိုင်သည်ဟု ယူဆကာ ဂျိန်းတို့သည် ခန္ဓာကိုယ်ကို ညှဉ်းပန်း နှိပ်စက်ခြင်း အလေ့ကို ကျင့်ကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com



ထိုသို့ ကျင့်ကြရာတွင် ရုပ်တရားများ နောက်ထပ် မတိုးပွားရအောင် စောင့်စည်း ထိန်းချုပ်သောနည်း (သံဝရနည်း) ဖြင့်လည်း တစ်နည်း ကျင့်သည်။ နောက် တစ်နည်းကား နိဗ္ဗာယန ခေါ် ဝိညာဉ်တွင်းရှိ ကာမကို လောင်ကျွမ်းစေသောနည်း ဖြစ်၏။

ဂျိန်း အယူတွင်လည်း လွတ်မြောက်ရေး လမ်းကို သမ္မာဒိဋ္ဌိ သမ္မာသဒ္ဓါ သမ္မာကမ္မန္တဟု သုံးဆင့်ပြသည်။ ထိုတရားသုံးပါးကို ဂျိန်း အယူတွင် ရတနာသုံးပါး (တြိရတန) ခေါ်သည်။

တတ္တာထာဒိဂါမ သုတ္တန်တွင် ဉမ္မာသွာမိ ဆိုသူ ပညာရှိက လွတ်မြောက်ခြင်း လမ်း (မဂ်) ဟူသည် မှန်သော ယုံကြည်မှု၊ မှန်သော အမြင်၊ မှန်သော အလုပ်ပင် ဖြစ်သည်ဟု ဆိုလေသည်။

သမ္မာသဒ္ဓါ ဆိုရာတွင် သစ္စာ၌ မမိုတ်မသုန် ယုံကြည်ခြင်းကို ဆိုသည်။ သမ္မာသဒ္ဓါသည် တချို့လူမှာ မွေးရာပါ ဖြစ်သည်။ တချို့လူမှာ ဆောက်တည် ယူရသည်။ သဒ္ဓါကို ရရန်အတွက် အနှောင့်အယှက် ပြုသော ဝိစိကိစ္ဆာကို ပပျောက်အောင် သုတ်သင် အပ်ကြောင်း ဉမ္မာသွာမိက ရှင်းပြထားသည်။ ဂျိန်းဝါဒတွင်လည်း အကန်း ယုံကြည်မှုကို လက်မခံ။ မဏိဘဒ္ဒရ အမည်ရှိ ဂျိန်း ပညာရှိ တစ်ပါးကလည်း ဂျိန်း အယူဝါဒသည် အသိပညာနှင့် မယှဉ်သော မျက်စိမှိတ် ယုံကြည်မှုမျိုးကို လက်မခံကြောင်း ရေးခဲ့ဖူးလေသည်။

ဂျိန်းတွင် မှန်သော အသိပညာကို သမ္မာဉာဏ ဟုလည်း ပြသည်။ မှန်သော အကျင့်ကို သမ္မာစရိတဟု ပြသည်။ ဤတွင် မှန်သော အကျင့် ဟူရာ၌ ဝိညာဉ်ကို ကာမဂုဏ် ညွတ်ကွင်းမှ လွတ်ကင်းအောင် ပြုနိုင်သော အပြုအမူကို သမ္မာစရိတ ခေါ်ကြောင်းလည်း အဆိုရှိ၏။ တိုးပွားလာသော ကာမဂုဏ် တရားများကို တားဆီးလိုသော သူသည် အောက်ပါ အကျင့် (၇) မျိုးကို ကျင့်ရသည်။

(၁) ပဉ္စမဟာဝါရိတ္တ ခေါ် ကြဉ်ခြင်းကြီး ငါးမျိုး ကြဉ်သည်။

(၂) သတိ ခေါ် ဘာဝနာဖြင့် အထူးပြုအပ်သော အကျင့်။ လမ်းလျှောက်ခြင်း၊ ပြောဆိုခြင်း၊ ဆွမ်းခံခြင်း၊ အမှုခပ်သိမ်းတွင် သတိကို မြဲစွာ ကျင့်ခြင်း၊ သူတစ်ပါး၏ အသက်ကို အန္တရာယ် ပြုခြင်းမှ ဝေးစွာ ရှောင်ကြဉ်ခြင်း။

(၃) ဂုတ္တိ ခေါ် စောင့်ရှောက်ခြင်း၊ လုံခြုံစေခြင်း၊ ကာယကံ ဝစီကံ မနောကံကို လုံခြုံစေခြင်း (စောင့်ရှောက်ခြင်း) ကို ဆိုလိုသည်။

(၄) ဆယ်ပါးသော ဓမ္မ၌ ကျင့်ခြင်း။ ခွင့်လွှတ်ခြင်း၊ နှိမ့်ချခြင်း၊ ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ သန့်စင်ခြင်း၊ မိမိကိုယ်ကို ထိန်းချုပ်ခြင်း၊ ခြိုးခြံခြင်း၊ စွန့်လွှတ်ခြင်း၊ မတပ်မက်ခြင်း၊ မငြိတွယ်ခြင်းနှင့် ထင်ပေါ်ကျော်စောခြင်း။

(၅) ကမ္မဋ္ဌာန်း တရားကို အားထုတ်ခြင်း၊ အမှန်ဓမ္မတို့၌ မြင်အောင် အားထုတ်ခြင်း။

(၆) ဆာလောင် မွတ်သိပ်ခြင်း၊ ပူခြင်း၊ ချမ်းအေးခြင်း စသော သဘာဝ ဒဏ်များ အားလုံး၊ ကိုယ်ဆင်းရဲအားလုံးကို နိုင်အောင် ကျင့်ခြင်း။

(၇) ဥပေက္ခာကို ရအောင် ကျင့်ခြင်း၊ လောဘအားလုံး ချုပ်ငြိမ်းခြင်း။

အမှတ် (၁) တွင် ပြခဲ့သော ပဉ္စမ ဟာဝါရိတ္တ ဟူသည် ပဉ္စသီလကို ဆိုခြင်း ဖြစ်လေသည်။ ၎င်းတို့မှာ (၁) အဟိံသ သူတစ်ပါး အသက်ကို ထိခိုက် နစ်နာစေခြင်းမှ ကြဉ်ရှောင်ခြင်း။ ဤအကျင့်ကို ကျင့်ရာ၌ သက်ရှိ သတ္တဝါ ဟူသမျှ ပိုးမွှားကိုမျှ မထိခိုက်ရအောင် ဂျိန်းဘုန်းကြီးများသည် အသက် ရှူရာမှာပင် နှာခေါင်းကို အဝတ် အုပ်ထားကြလေသည်။ အသား စားခြင်း လုံးဝ မပြု၊ အဟိံသ အကျင့်ကို ကံသုံးပါးဖြင့် ထိန်းရလေသည်။

(၂) မုသာ ဝါဒကို ရှောင်ကြဉ်ခြင်း။ မုသားကို ကြဉ်ရှောင်နိုင်ရန်မှာ လောဘကို ကြဉ်ရမည်၊ ကြောက်စိတ်ကို ကြဉ်ရမည်၊ ဒေါသကို ကြဉ်ရမည်၊ ကလူ ကျီစယ်ခြင်းကိုလည်း ထိန်းချုပ်ရမည်ဟု ဆိုသည်။

(၃) အဒိန္နာဒါန ခိုးယူခြင်း၊ မပေးဘဲ ယူခြင်းကို ကြဉ်ရှောင်ခြင်း။

(၄) ကာမေသု မိစ္ဆာစာရ (အဗြဟ္မစရိယ) အကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။

(၅) အာရုံ ငါးပါးနှင့် စပ်သော သာယာသော အသံ အနံ့ အရသာ အတွေ့ အဆင်း အားလုံးကို ကြဉ်ရှောင်ခြင်း၊ သို့မှသာ တပ်မက်ခြင်း ရာဂ တဏှာမှ ကင်းပနိုင်သည်ဟု ယူသော အယူ ဖြစ်လေသည်။

ဤကား ဂျိန်းအယူဝါဒကို အကျဉ်းချုပ် တင်ပြခြင်း ဖြစ်၏။ ထိုအယူသည် အစွန်း ရောက်သော အယူဟု ဗုဒ္ဓ မြင်တော်မူသည်။ တရားကို အားထုတ်ရာ၌ ဝိညာဉ်၏ လွတ်မြောက်ရေး အတွက် (နောက်ထပ် ရာဂ

www.burmeseclassic.com



တဏှာသစ်များ မဖြစ်ပွားရေး အတွက်) ခန္ဓာကိုယ်ကို ညှဉ်းဆဲ နှိပ်စက်ရုံဖြင့် မပြီးနိုင်ဟုလည်း ဗုဒ္ဓ မြင်တော်မူသည်။ ထိုအကြောင်းကြောင့် မိမိ အယူဝါဒကို တင်ပြမည် ပြုသောအခါ မိမိ၏ အယူဝါဒနှင့် မတူသော တိတ္ထိ (တစ်ပါး အယူ ရှိသူ) တို့၏ အမြင်ကို ပထမ ညွှန်ပြခြင်း ဖြစ်သည်ဟု အကျွန်ုပ် နားလည်လိုက်ပြီ ဖြစ်လေ၏။

သို့ရာတွင် ဗုဒ္ဓသည် တစ်ပါးသော အယူဝါဒများကို ဆိုရာ၌ အမည် နာမကို လုံးဝ ထုတ်ဖော်ခြင်း မပြု။ အစွန်းရောက်သော သဘောမျှကိုသာ ဆိုသည်။ ဆိုရာ၌လည်း အကျယ်တဝင့် မဆို။ အကျဉ်းမျှကိုသာ ဆိုသည်။ အဘယ်ကြောင့် အခြား အယူဝါဒ ဂိုဏ်းသားများကဲ့သို့ မိမိနှင့် အယူဝါဒ မတူသူတို့၏ အယူအဆများကို ဝေဖန် တိုက်ခိုက်ခြင်း မပြုသနည်း။

အကျွန်ုပ်သည် ထိုအချက်ကို အထူး သတိ ထား၍ ကြည့်မိလေသည်။ ဗုဒ္ဓ၏ နှလုံးတော်ကို သိလို၍လည်း ဖြစ်၏။ ဂျိန်း ဝါဒထဲတွင် စာဝက ဝါဒကို အကြီးအကျယ် ဝေဖန် ပုတ်ခတ်မှု ပါသည်။

ဗုဒ္ဓနောက်မှ ပေါ်ပေါက်သော အခြားသော ဒဿနဂိုဏ်း အချို့တွင် ဗုဒ္ဓ အယူဝါဒကို ဝေဖန် ပုတ်ခတ်မှုမျိုး ပါသည်။ ဝေဒန္တ အတွေးအခေါ်တွင် ဗုဒ္ဓ၏ အယူအဆများ ဖြစ်သော အနိစ္စသဘော အနတ္တသဘောများကို ဝေဖန်ထားသည်ကို တွေ့ရသည်။ *

သို့သော် ဗုဒ္ဓ၏ အတွေးအခေါ်တွင် သူတစ်ပါး အယူဝါဒကို နှိမ်ပြီး မိမိ အယူဝါဒကိုသာ မှန်ကြောင်း ပြောဆို ဟောကြားထားသည့် အချက် လုံးဝ ကင်းလျက် ရှိပေရာ ထိုအချက်သည် အကျွန်ုပ်၏ နှလုံးသားကို များစွာ ဆွဲယူနိုင်ကြောင်း ဝန်ခံလိုပါ၏။ အဘယ်ကြောင့်ဆိုသော် အခြားသော အယူဝါဒများကို အကျွန်ုပ် လေ့လာခဲ့ရာတွင် မိမိအယူမှ တစ်ပါး အခြားသော အယူဝါဒများကို ယူသူများကို နှိပ်နယ်သော စကားလုံး များစွာ ပါရှိသည်ကို အကျွန်ုပ် လေ့လာခဲ့ရ ဖူးလေသည်။ ဤကား အကျွန်ုပ် ကိုယ်တွေ့ လေ့လာ သိရှိခဲ့ရခြင်းကို ဆိုခြင်း ဖြစ်၏။

ဗုဒ္ဓမှာ မိမိ အယူကို မှန်ကြောင်း ပြလိုရာ၌ တစ်ပါးသော အယူဝါဒတို့ကို မှားကြောင်း ပုတ်ခတ်ပြောဆိုလေ့ မရှိသည်မှာ အလွန် ထင်ရှားပါ၏။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓသည် အယူဝါဒ တစ်ခု မှန်သည် မှားသည်ကို ပိုင်းခြားဝေဖန် ဆုံးဖြတ်ရန်မှာ စံဆယ်ချက် ရှိကြောင်း ဟောညွှန် ပြခဲ့ဖူးလေသည်။ ထိုစဉ်က အဖြစ်အပျက်သည် ဗုဒ္ဓ၌ အခြားသော အယူဝါဒကို ချေဖျက်လိုသော ဆန္ဒ မရှိကြောင်းကို ထင်ရှားစေနိုင်၏။

အကျွန်ုပ်သည် အင်္ဂုတ္တိုရ် (မြန်မာပြန်) တိကနိပါတ် ကေသမုတ္တိ သုတ်ကို ဖတ်ရှု လေ့လာရသောအခါမှ စ၍ ဗုဒ္ဓ၏ မြတ်လှသော နှလုံးတော်နှင့် ရှင်းလင်း ကြည်လင်သော သဘောထားကို သိခွင့်ရခဲ့လေ၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကေသမုတ္တိဆိုသော နိဂုံး အရပ်သို့ ရောက်လေ၏။

ထိုအရပ်၌ ကာလာမ အမည်ရှိသော ပုဏ္ဏားတို့ နေကြ၏။ (တချို့က ကာလာမ မင်းသားများဟုလည်း ရေးကြ၏။)

ကာလာမ ပုဏ္ဏားတို့သည် မြတ်စွာဘုရားနှင့် တွေ့ဆုံစဉ် အောက်ပါ အတိုင်း မေးမြန်း စူးစမ်းကြလေ၏။

'အရှင်ဘုရား၊ အချို့သော ရဟန်း ပုဏ္ဏား (သမဏ ဗြာဟ္မဏ) တို့သည် ဤ ကေသမုတ္တိ နိဂုံးသို့ ရောက်လာခဲ့ကြဖူးပါတယ်၊ ဒီရဟန်း ပုဏ္ဏားတို့ဟာ မိမိတို့ရဲ့ အယူဝါဒကိုသာ ပြဆိုကြပါတယ်၊ ထွန်းပ စေကြပါတယ်၊ သူတစ်ပါး အယူဝါဒကိုမူကား ထိပါးကြပါတယ်၊ မထီမဲ့မြင် ပြုကြပါတယ်၊ ရှုတ်ချကြပါတယ်၊ ချေဖျက်ကြပါတယ်။

'အရှင်ဘုရား၊ နောက်ထပ်လည်း တခြားသော ရဟန်း ပုဏ္ဏားတွေ ဤနိဂုံး အရပ်သို့ ရောက်လာကြပါတယ်၊ သူတို့ကလည်း သူတို့ရဲ့ အယူဝါဒကိုသာ ပြကြပါတယ်၊ ထွန်းပ စေကြပါတယ်၊ သူတစ်ပါးရဲ့ အယူဝါဒတွေကိုတော့ ထိပါးကြ ပါတယ်၊ ရှုတ်ချကြပါတယ်၊ ချေဖျက်ကြပါတယ်။

'အရှင်ဘုရား၊ အဲဒီ သမဏ ဗြာဟ္မဏ ခေါ်တဲ့ ရဟန်း ပုဏ္ဏားတွေထဲမှာ ဘယ်သူဟာ မှန်တဲ့ စကားကို ဆိုသလဲ ဆိုတာ တပည့်တော်တို့မှာ ယုံမှား တွေးတောပြီး သံသယ ဖြစ်ခဲ့ရပါတယ်' လို့ ဗုဒ္ဓကို ကာလာမ ပုဏ္ဏားများက လျှောက်ထား ခဲ့ဖူးပါတယ်။

ထိုအခါ ဘုရားက ကာလာမ ပုဏ္ဏားတို့ အနေနှင့် သံသယ ဖြစ်မည် ဆိုလျှင် ဖြစ်ထိုက်ကြောင်းကို ပြောဆို ညွှန်ပြပြီး အကြင်သူသည် အယူဝါဒ တစ်ခုကို မှန်သည် မှားသည် ဆုံးဖြတ်လိုသော် အောက်ပါအတိုင်း

---

* *An Introduction to the Philosophy* p 364

www.burmeseclassic.com



ပြုကျင့်အပ်သည်ဟု အချက် ဆယ်ချက်ကို ညွှန်ပြတော်မူခဲ့လေသည်။

ထိုအချက်သည် မျက်မှောက်ခေတ် သိပ္ပံနည်းကျ အတွေးအမြင် အားလုံး၏ အခြေခံမှု ဖြစ်ရုံသာမက ကမ္ဘာပေါ်တွင် ပေါ်ပေါက် ခဲ့ပြီးသမျှ ဒဿန အယူအားလုံးနှင့်လည်း အကျုံးဝင်လျက် ရှိသည်ကို အကျွန်ုပ် တွေ့ရလေ၏။ ထို အသိပညာ တစ်ခု၊ သစ္စာဆိုက်မှု၏ စံဟု ဆိုအပ်သော အချက် ဆယ်ချက်၏ အရေးပါ အရာ ရောက်မှုကို မဆိုမီ ထိုဆယ်ချက်ကို ဤတွင် အကျွန်ုပ် အသိ ပေးလိုပါသေး၏။ သို့မှသာ အကျွန်ုပ် ကဲ့သို့ အမှန်ကို သိလိုသော သစ္စာဝါဒီတိုင်း အတွက် ထိုအချက် ဆယ်ချက်သည် ဘဝ တစ်ခုလုံးကို အလင်းပေးသော မီးတိုင် ဆယ်တိုင် အဖြစ် တည်ရှိနေပါလိမ့်မည်။

ထိုဆယ်ချက်ကား ဤသို့ ဖြစ်လေ၏။ ဗုဒ္ဓ ဟောကြားပုံမှာ

'ကာလာမ ပုဏ္ဏားတို့၊ သင်တို့ဟာ

(၁) တစ်ဆင့် စကား ပြောသံ ကြားကာမျှကို ဟုတ်ပြီ မှန်ပြီဟု ချက်ချင်း အတည် မယူလေနှင့်၊ လက်မခံကြလေနှင့် (မာအနုဿဝေန)

(၂) ရိုးရာ အစဉ်အလာနှင့် ကိုက် ညီ သော စကား ဖြစ်၍လည်း ဟုတ်ပြီ မှန်ပြီဟု ချက်ချင်း အတည် မယူကြလေနှင့် (မာပရမ္ပရာယ)

(၃) ရှေးက ဒီလို ဖြစ်ခဲ့ဖူးတယ် ဆိုတဲ့ (ထုံးရှိ၍လည်း) ဟုတ်ပြီ မှန်ပြီဟု ချက်ချင်း အတည် မယူလေနှင့် (မာဣတိကိရာယ)

(၄) ပိဋကတ (စာပေ) နှင့် (ကျမ်းဂန်နှင့်) ကိုက်ညီတယ် ဆိုပြီးတော့လည်း ဟုတ်ပြီ မှန်ပြီဟု ချက်ချင်း မယူလေနှင့် (မာပိဋက သမ္ပဒါနေန)

(၅) မိမိ ကိုယ်တိုင် တွေးကြံနိုင်ရုံ မျှနှင့်လည်း (ဆင်ခြင်တုံတရား နှင့် ညီသည် ယုတ္တိရှိသည် ဆိုပြီး) ဟုတ်ပြီ မှန်ပြီဟု ချက်ချင်း အတည် မယူလေနှင့်ဦး (မာတက္က ဟေတု)

(၆) နည်းမှီ ရယူရုံဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု ချက်ချင်း အတည် မယူလေနှင့်ဦး (မာနယ ဟေတု)

(၇) အခြင်းအရာကို ကြံစည် စိတ်ကူးပြီး (သဘောကျရုံဖြင့်) လည်း ဟုတ်ပြီ မှန်ပြီဟု ချက်ချင်း အတည် မယူနှင့် (မဆုံးဖြတ်နှင့်ဦး) (မာအာကာရ ပရိဝိတက္ကေန)

(၈) ငါတို့ သဘောကျ လက်ခံထားတဲ့ အယူဝါဒနှင့် ကိုက်ညီတယ် ဆိုပြီးတော့လည်း ဟုတ်ပြီ မှန်ပြီ ဟု ချက်ချင်း အတည် မယူနှင့် (မဆုံးဖြတ်နှင့်ဦး) (မာဒိဋ္ဌိနိဇ္ဈာန ခန္တိယာ)

(၉) မှတ်ထိုက် ယူထိုက် လက်ခံ ထိုက်တဲ့ သဘောပဲ ဆိုပြီးတော့လည်း ဟုတ်ပြီ မှန်ပြီလို့ ချက်ချင်း အတည် မယူနှင့် (မဆုံးဖြတ်နှင့်ဦး) (မာဘဗ္ဗရူပ ပတာယ)

(၁၀) ငါတို့ လေးစားတဲ့ ရဟန်းရဲ့ စကား ဆိုပြီးတော့လည်း ဟုတ်ပြီ မှန်ပြီလို့ ချက်ချင်း အတည် မယူနှင့် (မာသမဏော နော ဂရုတိ) ဟူ၍

သံသယ ကင်းရှင်းစွာ အယူဝါဒ တစ်ခုကို လက်ခံနိုင်ရန် ဦးစွာ ပယ်ထုတ် အပ်သော အစွဲအလမ်း ဆယ်ချက်ကို ဟောတော်မူလေသည်။

ဤဆယ်ချက်ကို နှစ်ဆယ်ရာစုတွင် ထင်ရှားသော လက်ငင်း အကျိုးကြည့် အယူဝါဒ ရှိသူများလည်း မဟောနိုင်ခဲ့။ ယုတ္တိနည်းကျ အတွေ့အကြုံ အဓိက ဝါဒီများလည်း မဟောနိုင်ခဲ့။ သို့သော် ဗုဒ္ဓသည် လွန်ခဲ့သော အနှစ် နှစ်ထောင့်ငါးရာကျော်ကပင် အတိအပ ဟောကြား ညွှန်ပြထားခဲ့သည်မှာ အံ့ဖွယ် ကောင်းလေစွဟု အကျွန်ုပ်လည်း အထင်မကြီးဘဲ မနေနိုင်အောင် ဖြစ်ရလေတော့၏။

ဤသို့ ပယ်သင့်သော အချက်ကြီး ဆယ်ချက်ကို ပြညွှန်တော်မူရုံမျှ မကသေး၊ ထိုကာလာမသုတ်တွင် အယူဝါဒ တစ်ခု၏ အမှန် အမှားကို ဆုံးဖြတ်ရာတွင် လူတို့ လိုက်နာသင့်သော စံဥပဒေသတွေကိုလည်း ချမှတ် ပေးတော်မူလေသည်။

လူတို့ လက်မခံ ပယ်သင့်သော တရားများမှာ အဘယ်သို့သော တရားများ ဖြစ်သနည်း။

ထိုအမေးကိုလည်း ဗုဒ္ဓ ဖြေတော်မူပါသည်။

'ကာလာမ ပုဏ္ဏားတို့၊ အကြင်တရားတွေဟာ

(၁) မကောင်းတဲ့ အကုသိုလ် တရားတွေ

(၂) အပြစ်ရှိတဲ့ တရားတွေ

(၃) ပညာရှိ သူတော်ကောင်းတို့ကလည်း ကဲ့ရဲ့မည့် တရားတွေ

(၄) ပြီးတော့ လက်တွေ့ လုပ်ဆောင်လျှင်လည်း အကျိုး စီးပွားမဲ့ဖို့သာ ဖြစ်တယ်၊ ဆင်းရဲဖို့ အကြောင်း ရှိတယ်လို့ ဆိုရင် အဲဒီ တရားတွေကို မိမိကိုယ်တိုင် သိမြင်တာနှင့် တစ်ပြိုင်နက် စွန့်ပယ်သင့်တယ်'

ဤပြညွှန်ချက်တွင် ဗုဒ္ဓသည် (မိမိ ကိုယ်တိုင်

www.burmeseclassic.com


သိမြင်သော အခါ) ဆိုသော စကားရပ်ကို အထူးပြု၍ ဟောကြားတော် မူထားသည်ကို အကျွန်ုပ်လည်း အထူး သတိပြုမိလေ၏။ ဗုဒ္ဓသည် မိမိ အယူဝါဒ အားလုံးကို အနုမာန မျက်ရမ်းဆပြီး တွေးခေါ် မြော် မြင် သည့် သဘောဖြင့် ဟောကြားခဲ့သည် မဟုတ်။ ကိုယ်တိုင် သိမြင်မှု အတွေ့အကြုံပေါ်မှာ တည်၍သာ ဟောတော်မူသည်ကိုလည်း အကျွန်ုပ် သတိပြုမိပါ၏။

အတွေ့အကြုံက ရသော တရားသည်သာ လက်တွေ့ ဆောက်တည်အပ်သော တရား ဖြစ်သည်ကိုလည်း အကျွန်ုပ် သဘောပေါက်ပြီး ဖြစ်ပါ၏။

အကျွန်ုပ်သည် ကာလာမသုတ် တရားကို သဘောပေါက်စွာ လေ့လာနိုင်ခဲ့ပြီး ဖြစ်ရကား ဓမ္မစကြာ တရားဦး ဟောသော အခါ အစွန်းတရား နှစ်ပါးကို ပယ်သင့်ကြောင်း ဟောကြားတော်မူသော ဗုဒ္ဓ၏ ရည်ရွယ်ချက်ကိုလည်း လွယ်ကူစွာပင် သဘောပေါက်နိုင်ခဲ့ပါ၏။

ထိုအစွန်းတရား နှစ်ပါးသည်

(၁) မကောင်းသော အကုသိုလ် တရားများ ဖြစ်နိုင်ခြင်းလည်း တစ်ရပ်

(၂) အပြစ် ရှိသော တရားများ ဖြစ်နိုင်ခြင်းလည်း တစ်ရပ် (အပြစ် ရှိသည် [မကောင်း] ဆိုခြင်းမှာ သူတစ်ပါးကိုသော် လည်းကောင်း၊ မိမိကိုသော် လည်းကောင်း ထိခိုက် နစ်နာစေခြင်းကို ဆိုလိုခြင်းပင် ဖြစ်၏။ * အကုသလာ သာဝဇ္ဇဒုက္ခ ဝိပါက လက္ခဏာကို ဆိုလို၏။)

(၃) သူတော်ကောင်း၊ ပညာရှိတို့ ကဲ့ရဲ့ခြင်းကို ဖြစ်စေနိုင်သည်လည်း တစ်ကြောင်း

(၄) လက်တွေ့ လုပ်ဆောင်ခြင်းဖြင့် အကျိုး မဖြစ်နိုင် ဆင်းရဲကိုသာ ဖြစ်စေနိုင်သည်လည်း တစ်ကြောင်းကြောင့် ပယ်အပ်သော တရားများ ဖြစ်ကြောင်း အထင်အရှား ပေါ်ခဲ့ပါ၏။

အကျွန်ုပ်သည် ဓမ္မစကြာ တရားတော်ကို ထိုးထိုး ထွင်းထွင်း သိမြင် နားလည်ရန် များစွာ အားထုတ်ခဲ့လေ၏။

'ရဟန်းတို့၊ ထို ကာမသုခလ္လိကာ နုယောဂ၊ အတ္တကိလမထာ နုယောဂ ဟူသော အယုတ်တရား နှစ်ပါး အစုသို့ မကပ်၊ ငါဘုရားသည် ထိုးထွင်း၍ သိအပ်သော သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော ကာမသုခလ္လိကာနုယောဂ (သဿတ ဒိဋ္ဌိ ဟူသော တရား အစု)၊ အတ္တကိလ မထာ နုယောဂ (ဥစ္ဆေဒ ဒိဋ္ဌိ ဟူသော တရား အစု) ထိုအစုတို့၏ အလယ်၌ ဖြစ်သော ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသောသူတို့ ကျင့်အပ်သော အကျင့်သည်

– ကိလေသာမှ ငြိမ်း ခြင်း တည်း ဟူသော သဥပါဒိ သေသနိဗ္ဗာန် အကျိုးငှာ

– သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ

– သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှာ

– အနုပါဒိသေသ နိဗ္ဗာန် အကျိုးငှာ ဖြစ်၏'

ဤကဲ့သို့ ဗုဒ္ဓ ဆက်လက် ဟောကြားတော်မူသော ဓမ္မစကြာ ဒေသနာကို ရှေ့ဆက် လေ့လာမိသော အခါ အိန္ဒိယပြည်တွင် ထိုစဉ်က ထွန်းကားလျက် ရှိသော အမြင် အယူဝါဒ နှစ်ရပ်ကို ထင်ရှားစွာ တွေ့ရလေသည်။

ထိုအယူ နှစ်ရပ်သည်

(၁) သဿတဒိဋ္ဌိ အယူနှင့်

(၂) ဥစ္ဆေဒဒိဋ္ဌိ အယူတို့ ဖြစ်ကြ၏။

သဿတဒိဋ္ဌိ ဟူသည် အဘယ်နည်း။

သုတ်သီလက္ခန် ပါဠိတော်လာ မိစ္ဆာဒိဋ္ဌိ တို့၏ သဿတဒိဋ္ဌိ ယူပုံကို သေက္ခတောင် ဆရာတော်က ***ပဏ္ဍိတ ဝေဒနိယ ဒီပနီ*** တွင် ပြည့်စွန်ပုံမှာ ဤသို့ ဖြစ်၏။

'တပည့်တို့ ဤသဿတဒိဋ္ဌိ ယူပုံကား နာမ်ရုပ် ခန္ဓာမှတစ်ပါး အသက်ခဲ သတ္တဝါကောင် အသီးအခြား ရှိသည်ဟု မယူဘဲ ရုပ်နာမ် ခန္ဓာကိုပင် ငါဟူသော သတ္တဝါကောင်ပဲ ဟု မှတ်ထင် စွဲယူသော သက္ကာယဒိဋ္ဌိ ပုဂ္ဂိုလ်တို့ ယူပုံတည်း။ ဤယူပုံသည် ရုပ်နာမ် ခန္ဓာကိုပင် ငါကောင် ကိုယ်ကောင် သတ္တဝါဟု ယူ၍ ရုပ် ဖြစ်သော ကိုယ်ကောင် သတ္တဝါကား မမြဲ၊ ဝိညာဉ်ဟု ခေါ်ဆိုအပ်သော သတ္တဝါကောင်ကား မြဲသည်ဟု ယူသည်' *

မုံရွာ ဆရာတော် သီရိမာလာ၏ မေးလျှောက်ချက်ကို မုံရွေး ဆရာတော် ဖြေဆိုရာတွင်လည်း

'ခန္ဓာ ငါးပါးကို အတ္တ ဟူ၍ လည်းကောင်း၊ လောက ဟူ၍ လည်းကောင်း အမှားယူ၍ အမြဲတည်၏၊ သတ္တဝါတို့သည် တစ်ဘဝမှ တစ်ဘဝသို့ ရွှေ့ကြကုန်၏

* ဆင်းရဲ ငြိမ်းအေး ချမ်းသာရေး တရားတော်၊ ချမ်းမြေ့ရိပ်သာ ဆရာတော်၊ (စတုတ္ထ) စာ ၁၇၈

* ပဏ္ဍိတဝေဒနိယ ဒီပနီ၊ သေက္ခတောင် ဆရာတော်၊ (သုဓမ္မ)၊ ၁၉၃၉၊ စာ ၂၇၄

www.burmeseclassic.com



ဟု ယူသော သဿတဒိဋ္ဌိသည် လေးပါး ဖြစ်၏’* ဟု ဖြေတော်မူပါသည်။

အကျဉ်းချုပ်သော် သတ္တဝါတို့၏ ဘဝသည် သေပြီးသော်လည်း မပြတ်၊ တစ်ဘဝမှ တစ်ဘဝသို့ ဝိဉာဉ် သတ္တဝါ ကောင်ကလေးသည် ခန္ဓာအိမ်သစ် ရှာ၍ ကူးနေသည်၊ ထိုသတ္တဝါ ကောင်ကလေးသည် နိစ္စဓုဝ ဖြစ်၍ အမြဲ တည်သည်ဟု ယူသော အယူပင် ဖြစ်သည်။

ဥစ္ဆေဒဒိဋ္ဌိ ဟူသည်ကား ထိုအယူ၏ ဆန့်ကျင်ဘက် ဖြစ်၏။ သတ္တဝါတို့၏ ဘဝသည် သေလျှင် ပြီးပြီ ပြတ်ပြီ၊ နောက်ထပ်ဘဝမှ ထပ်မံ ဖြစ်စရာ မရှိပြီဟု ယူသော ဘဝပြတ်ဝါဒသည် ဥစ္ဆေဒဒိဋ္ဌိ အယူ ဖြစ်၏။

ရှေးခေတ် အိန္ဒိယပြည်တွင် ထို အယူဝါဒ နှစ်မျိုးလုံး ထွန်းကားလေသည်။

အကျွန်ုပ် နားလည်သမျှမှာ စာဝကတို့၏ ဝါဒသည် ဥစ္ဆေဒဒိဋ္ဌိ အယူ ဘဝပြတ် အယူဝါဒ ဖြစ်သည်။

ဂျိန်း အယူဝါဒမှာ ဝိဉာဉ်ကို ထာဝရ တရားအဖြစ် မြင်ပြီး ဘဝ မပြတ်သော (သဿတဝါဒ) အမြင် ဖြစ်သည်။

အမှန်စင်စစ် အိန္ဒိယပြည်တွင် တည်ရှိသည်မှာ ကာမသုခလ္လိကာ နုယောဂ ဖြစ်သော စာဝက အယူဝါဒသည် ဘဝပြတ်အယူ ဥစ္ဆေဒဒိဋ္ဌိ အယူ ဖြစ်၍ အတ္တကိလမထာ နုယောဂ ဖြစ်သော ဂျိန်း အယူဝါဒသည် ဘဝဆက် ရှိသော သဿတဒိဋ္ဌိ အယူ ဖြစ်၏။ သို့ရာတွင် ဓမ္မစကြာ နိဿယများ၌ (မူရင်း ပါဠိတော်မှာ မပါသော်လည်း) မဇ္ဈိမ ပဋိပဒါ = အလယ်လမ်း ဆိုသည့် ပုဒ်ကို နိဿယ ဖြေကြားရာ၌ (ကာမ သုခလ္လိကာ သဿတဒိဋ္ဌိ) (အတ္တကိလမထာ နုယောဂ ဥစ္ဆေဒဒိဋ္ဌိ) ဟူသည် တို့၏ အလယ်၌ ဖြစ်သော ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသောသူတို့ ကျင့်အပ်သော အကျင့်ဟု ရှေးပညာရှိတို့ ဖြေကြားထားသည်ကိုသာ တွေ့ရ၏။

အဘယ့်ကြောင့် ကာမ သုခလ္လိက နုယောဂသည် သဿတဒိဋ္ဌိ ဖြစ်ရသနည်း။ အဘယ့်ကြောင့် အတ္တကိလမထာ နုယောဂသည် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ရသနည်း ဆိုသည်ကိုမူ အကျွန်ုပ် နားလည်အောင် ကြိုးစား၍ မရကြောင်းကို ဝန်ခံပါသည်။

ပိဋကတ်အဖုံဖုံ စာအစုံစုံ၌ နှံ့စပ်သော ရဟန်းပညာရှိ လူပညာရှိ အပေါင်းတို့သည် အကျွန်ုပ်အား မေတ္တာထား၍ ထိုအချက်ကို ဖြေကြားကြလိမ့်မည်ဟုလည်း မျှော်လင့်သည့်ပြင် ဖြေကြားကြပါရန်ကိုလည်း မေတ္တာရပ်ခံပါသည်။

ဆရာကြီး ဦးမြ မကွယ်လွန်မီ ထိုအချက်ကို အကျွန်ုပ်သည် မေးရန် ပျက်ကွက်ခဲ့ပါသည်။ ဤကဲ့သို့ ပျက်ကွက်ခဲ့ရခြင်းမှာ ဆရာကြီး ဦးမြထံတွင် ပညာယူစဉ် အခါက အကျွန်ုပ်၏ စိတ်တွင် ဗုဒ္ဓသည် ဘဝ မပြတ် ဆိုသော သဿတဒိဋ္ဌိ အမြင်ကို လည်းကောင်း၊ သေလျှင် ဘဝ ပြတ်ပြီ ဆိုသော ဥစ္ဆေဒဒိဋ္ဌိ အမြင်ကို လည်းကောင်း မိမိ၏ မဇ္ဈိမပဋိပဒါ ကျင့်နည်းဖြင့် ပယ်လိုက်ခြင်းအား နှစ်ထောင်းအားရ ဖြစ်လျက် နေလိုက်မိသောကြောင့် ဖြစ်ပါ၏။

မည်သို့ပင်ဆိုစေ ဗုဒ္ဓသည် အစွန်း နှစ်ဖက် ကျသော အမြင်တိုင်းကို အယုတ်တရားများ၊ အကျိုး မပေးသော အမြင်များဟု သတ်မှတ်ကာ မယုတ်မလွန်သော အကျင့် အလယ်လမ်းကို ညွှန်ပြတော်မူခဲ့သည်မှာ နောင်အခါ ပလေတို၊ အရစ္စတိုတယ်မှ စ၍ ဟေဂယ်၊ မာ့က်စ်တို့ အထိ လက်ခံ ကျင့်သုံးခဲ့သော ‘ဒိုင်ယာလက်တစ်နည်း’ ၏ လက်ဦးဆရာ ဖြစ်ကြောင်း ထင်ရှားလှပေ၏။

အဘယ်ကြောင့် ဆိုသော် ဗုဒ္ဓသည် ဘီစီ ၆၀၀ တန်းတွင် ပွင့်တော်မူပြီး ပလေတို၊ အရစ္စတိုတယ်တို့မှာ ဘီစီ ၅၀၀တန်း၊ ၄၀၀ တန်းကျမှ ပေါ်ပေါက်သူများ ဖြစ်သောကြောင့် ဗုဒ္ဓသည်သာ မဇ္ဈိမ ပဋိပဒါ ခေါ် ဒိုင်ယာလက်တစ် နည်း၏ လက်ဦးဆရာ ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ဗုဒ္ဓနှင့် အရစ္စတိုတယ်သည် အနှစ် ၂၀၀ ကျော် ကွာလှမ်းနေ၏။ ထို့ကြောင့် အရစ္စတိုတယ်၏ ကိုယ်ကျင့် ဒဿနတွင် ဒိုင်ယာလက်တစ် ခေါ် မဇ္ဈိမ ပဋိပဒါ နည်းကို ကျင့်သုံးခဲ့ခြင်းမှာ ဗုဒ္ဓ၏ အမြင်နှင့် တိုက်ဆိုင်ခြင်းသာ ဖြစ်သည်ဟု ဆိုရန်ထက် အရစ္စတိုတယ်ကို ဗုဒ္ဓနည်းက ဩဇာ လွှမ်းမိုးခြင်းသာ ဖြစ်တန်ရာသည်ဟု ယူသော် ယူခွင့်ရှိမည် ထင်ပါသည်။

သို့ရာတွင် အရစ္စတိုတယ်သည် ဗုဒ္ဓ နောက်မှ ပေါ်ပေါက်သူ ဖြစ်လျက် သူ၏ အတွေးအမြင်တွင် မဇ္ဈိမ ပဋိပဒါနည်း အကျယ်ကိုမူ ပြောကြားနိုင်ခြင်း မရှိခဲ့ချေ။ ဗုဒ္ဓမူကား ဓမ္မစကြာ တရားဦး ဟောစဉ်ကပင် အလယ်လမ်း ဟူသည် ဤ သို့ တည်း ဟု ထိုလမ်းကို တိတိပပ ဟောညွှန်ပြတော် မူခဲ့လေသည်။

အလယ် အလတ် အကျင့် ဟူသည် အဘယ်နည်း။

--------------

* သမ္မန္တစက္ကူ ဒီပနီ၊ စာ ၁၀၀

www.burmeseclassic.com



ထိုမေးခွန်း အတွက် အဖြေသည်လည်း ဓမ္မစကြာ တရား၌ အစုံအစေ့ ပါလေသည်။ အလယ်လမ်း ဟူသည် မြတ်သော အင်္ဂါ ရှစ်ပါး ရှိသော မဂ်ပင်တည်းဟု ပြ ညွှန်တော်မူလေသည်။ ထို အင်္ဂါ ရှစ်ပါးကိုလည်း ဝေဝေ ဝါးဝါး မဆို၊ တိတိပပ ဆိုခဲ့လေ၏။

အင်္ဂါ ရှစ်ပါး ဟူသည် မှန်စွာ မြင်ခြင်း၊ မှန်စွာ ကြံခြင်း၊ မှန်စွာ ပြောခြင်း၊ မှန်စွာ ပြုမူခြင်း၊ မှန်စွာ အသက်မွေးခြင်း၊ မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ သတိ ရှိခြင်း (အောက်မေ့ခြင်း) နှင့် မှန်စွာ တည်ကြည်ခြင်း ဖြစ်ကြောင်းလည်း ဆိုလေ၏။

ထိုရှစ်ပါးသော မဂ်အင်္ဂါတွင် သိက္ခာ သုံးရပ် စလုံးလည်း ပါသည်။ သီလ သမာဓိ ပညာ စခန်း သုံး ဆင့်ကိုလည်း အထင်အရှား ပြညွှန်ထားလေသည်။

ထိုလမ်းဖြင့် သွားသောသူအား အရိယသစ္စာကို မြင်သော အကျိုး၊ ပညာ မျက်စိကို ရသော အကျိုး၊ သစ္စာလေးပါးကို သိသော အကျိုး၊ ကိလေသာ ငြိမ်း အေးသော အကျိုး၊ ဘဝ လွတ်မြောက်သော (နိဗ္ဗာန်) အကျိုး အားလုံး ပါကြောင်းကိုလည်း တစ်ချက်တည်း အကျဉ်းနည်းဖြင့် ဆိုတော်မူလေသည်။ ဤမျှဆိုရုံဖြင့်ပင် ဉာဏ်၌ ကျက်စားသော သူသည် သစ္စာကို ချက်ချင်း မြင်နိုင်သည်ကို အကျွန်ုပ်လည်း သဘော ပေါက်မိလေ သည်။

ထို့နောက် ငုပ်နေသေးသော သစ္စာ လေးပါး၏ အနက်ကို ဗုဒ္ဓ ဟောတော်မူလေသည်။ ဤ သစ္စာလေးပါး သည် အရိယာ ပုဂ္ဂိုလ်တို့ သိအပ်သောကြောင့် အရိယာ သစ္စာလည်း မည်၏။

ဤလောက၌ သတ္တဝါတို့ ရင်ဆိုင်ရသော ပထမ သစ္စာသည် ဒုက္ခ (ဆင်းရဲခြင်း) ဖြစ်သည်ဟု ဗုဒ္ဓ ညွှန်ပြ ပါသည်။ ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူသော ဆင်းရဲခြင်း များ၏ စာရင်းကို အကျွန်ုပ် ဇယား ချကြည့်သည်။

(၁) ဇာတိပိ ဒုက္ခော – ဖြစ်ရခြင်းသည် ဒုက္ခ၊ ဖြစ်ရခြင်း (existence)ကို ပညာရှိတို့သည် ပဋိသန္ဓေ နေရခြင်း ဆင်းရဲဟုလည်း ပြန်ဆိုခဲ့ကြ၏။ အဘိဓာန် တွင် ပဋိသန္ဓေကို တစ်ဘဝနှင့် တစ်ဘဝ စပ်ခြင်းဟု ပြပါသည်။ မိခင်ဝမ်း၌ အသစ် တစ်ဖန် ဖြစ်တည်ခြင်း ဟုလည်း ပြသည်။* ဇာတိကိုမူ မွေးဖွားခြင်း၊ ဖြစ်တည် ခြင်း၊ အသစ် တစ်ဖန် ဖြစ်ခြင်း၊ တစ်ခါတစ်ရံ ဇာတိသည် စစ်မှန်သော သဘာဝကျသော အနက်လည်း ရသည်။ မည်သို့ဆိုစေ ဖြစ်တည်ခြင်း၊ မွေးဖွားခြင်း၊ ပဋိသန္ဓေ နေခြင်း၊ အမျိုး ခန္ဓာအစဉ် ပုံသဏ္ဍာန် သဘော စသည် ကိုလည်း ဇာတိဖြင့်ပင် ဟောသည်ဖြစ်ရာ အရာဝတ္ထု တစ်ခုသည် သစ်စေ့ သဏ္ဍာန်ဖြင့် တည်စဉ် သစ်စေ့ဘဝ ဟု သတ်မှတ်ရပေလိမ့်မည်။ သစ်စေ့မှ အပင် အဖြစ် သို့ ပြောင်းလဲ၍ အသစ် တစ်ဖန် ဖြစ်ပေါ်သော အခါ သစ်ပင် ဘဝသို့ ရောက်သည်ဟု ဆိုမည်သာ ဖြစ်၏။ သစ်ပင်ဘဝ ဟူသည် သစ်ပင် အဖြစ်၊ သစ်ပင် အသွင် သဏ္ဍာန်ပင် ဖြစ်၏။ ထိုမှတစ်ဖန် သစ်သား အဖြစ်၊ သစ်သား အဖြစ်မှ တစ်ဖန် စားပွဲ ကုလားထိုင် စသော ပရိဘောဂများ အဖြစ်သို့လည်း ရောက်နိုင်သည်။ ထင်း အဖြစ်သို့လည်း ရောက်နိုင်သည်။ မှန်ကင်း အဖြစ်သို့ လည်း ရောက်နိုင်၏။ ကြမ်းခင်းပျဉ် အဖြစ်၊ သေတ္တာ အဖြစ်၊ ခေါင်း အဖြစ်သို့ ထိုသစ်သား ရောက်နိုင်သကဲ့သို့ ပန်းပု ရုပ်တု၊ နတ်ရုပ်၊ ဘုရား ဆင်းတု စသည်လည်း ဖြစ်နိုင်ပါ၏။ သို့ဖြစ်ရာ ခန္ဓာစဉ်ကိုပင် အကျွန်ုပ်သည် ဇာတိ အဖြစ် ရှုမြင်ပါသည်။ ဗုဒ္ဓက သတ္တဝါတို့ အဖို့ ဘယ်ဇာတိ ဘယ်အဖြစ် ဘယ်ဘဝသို့ ရောက်ရောက် ဆင်းရဲခြင်းလျှင် အဆုံး ရှိသည်ဟု မြင်ခြင်း ဖြစ်ပါ၏။ ပဋိသန္ဓေ နေခြင်း တစ်ခုတည်းကိုသာ ဒုက္ခ အဖြစ် အကျွန်ုပ် မမြင်ပါ။ သတ္တဝါတို့တွင် လူသားမှာသာ ဒုက္ခ ရှိသည် မဟုတ်၊ နွားမှာလည်း နွားဒုက္ခ၊ ကျားမှာ လည်း ကျားဒုက္ခ ရှိပါ၏။ အလားတူ သတ္တဝါ မဟုတ် သော အရာတို့ကို ဆင်ခြင် ကြည့်ပြန်သော အခါ၌လည်း ကား ဖြစ်သော အခါ ကားလည်း ကား ဒုက္ခ မသေး၊ စက်လည်း စက် ဒုက္ခ မသေးသည်ကို မြင်ရပါ၏။ သစ်ပင်တွေကို ကြည့်ပါ၏။ သစ်ပင်ကော ဒုက္ခ ကင်း သလော။ မိုးဒဏ် နေဒဏ် လေဒဏ် ခုတ်ချိုင် ချိုးဖဲ့ခံရ သော ဒဏ်၊ ပိတောက်ပင်ကို ကြည့်လျှင် သူ့ဘာသာနေ လျှင် သက်သာသေး၏။ အပွင့် ပွင့်ပြီး အလှဆင်မိလျှင် တစ်ပင်လုံး အခုတ် အချိုင် ခံရသည်။

သစ်ပင်များ၏ အဖြစ်ကလည်း ကြေ ကွဲ ဖွယ် ကောင်းပါသည်။ အပွင့် ပွင့်မိလျှင် ဖြစ်စေ၊ အသီး သီး မိလျှင် ဖြစ်စေ ဖျက်ဆီး ခံကြရသည်။ ဤလောက၌ ဖြစ်သမျှ ဒုက္ခချည်း ဖြစ်သည်ဟုသာ အကျွန်ုပ် မြင်ပါ ၏။ ဤကား 'ဇာတိပိ ဒုက္ခော' ပုဒ်ကို အကျွန်ုပ် ဉာဏ် ရှိသမျှ မြင်ကြည့်ခြင်း ဖြစ်ပါသည်။

(၂) ဒုတိယပုဒ်သည် ဇရာပိ ဒုက္ခောပုဒ် ဖြစ်၏။

---

* ပဒဌမဉ္ဇူသာ နှင့်
*A Dictionary of the Pali Language*

www.burmeseclassic.com



ဇရာဟူသည် အဘယ်ကို ဆိုသနည်း။ အိုခြင်း၊ ဟောင်းခြင်း၊ ရင့်ရော်ခြင်း၊ ယွင်းယိုခြင်း၊ ယိုင်နဲ့ခြင်း၊ အားမရှိခြင်း၊ ဆွေး မြည့် ခြင်း၊ အဆင်း အရောင် မွဲခြင်း၊ အသုံးမဝင်ခြင်း၊ အဖိုး မတန်ခြင်း၊ အပို ဖြစ်ခြင်း၊ အရာမရောက်ခြင်း၊ နှစ်သက်ဖွယ် မဖြစ်တော့ခြင်း အားလုံးသည် ဇရာ၏ အနက် အဓိပ္ပာယ်များ ဖြစ်ထိုက်ပါသည်။ သက်ရှိ သက်မဲ့ ခပ်သိမ်းသော အရာတို့တွင် ဇရာဓမ္မ (ဝါ) ဇရာနိယာမ ရှိပါသည်။ ဇရာကို လွန်ဆန်နိုင်သော အရာ ဟူ၍ ဤလောက၌ မရှိ။ ဇရာသည် အချိန် (ကာလ) နှင့် ဆက်စပ်နေသော သဘော ဖြစ်၏။ ဇရာကို အချိန်ကာလ၏ တိုက်စားခြင်းဟုလည်း နားလည်နိုင်ပါ၏။ ထိုတရားသည် ဘဝ၏ ဖျက်ဆီးခြင်း တရားလည်း ဖြစ်၏။ ဤလောက၌ ဖြစ်ခြင်း (ဝါ) အသစ်ဖြစ်ခြင်း သဘော ဇာတိနိယာမ ရှိသကဲ့သို့ ဖြစ်လာသမျှကို ဖျက်ဆီးတတ်သော ဇရာနိယာမလည်း ရှိသည်ဟု အကျွန်ုပ် မြင်တတ်ပါပြီ။ ထိုဇရာသည်လည်း ဆင်းရဲခြင်း ဖြစ်ပါ၏။

(၃) ဗျာဓိပိ ဒုက္ခာ – တတိယ ဆင်းရဲ နိယာမ (The Third Law of Suffering) ကား ဗျာဓိဓမ္မ နာခြင်းသဘော ဖြစ်၏။ ဤလောက၌ ဖြစ်လာသမျှသည် ပျက်စီးခြင်း၊ ယိုယွင်းခြင်း ဇရာသဘော ရှိသကဲ့သို့ အခိုက်အတန့်အားဖြင့် နာခြင်း ဗျာဓိ သဘောလည်း ရှိ၏။ သတ္တဝါတိုင်း အရာဝတ္ထုတိုင်းမှာ ကံ စိတ် ဥတု အာဟာရ သမုဋ္ဌာန်တရားများကြောင့် ဖောက်ပြန်တတ်သော သဘော ရှိ၏။ ထို သမုဋ္ဌာန် လေးပါးနှင့် ကင်းသော အရာဝတ္ထု အထည်ဒြပ် ဟူ၍လည်း ဤလောကမှာ မရှိ။ သက်ရှိ သက်မဲ့ အားလုံး ဖောက်ပြန်တတ် ပြောင်းလဲတတ် မညီမညွတ် ကမောက်ကမ ဖြစ် တတ် သောသဘော ရှိကြ၏။ ဤကား ဗျာဓိဓမ္မ ဖြစ်၏။ ထိုသို့ ဖောက်ပြန်နေရ၊ ပြောင်းလဲနေရ၊ မညီမညွတ် ကမောက်ကမ ဖြစ်နေရခြင်း၊ မငြိမ်မသက် ရုန်း ရင်း ဆန် ခတ် ဖြစ်နေရခြင်း အားလုံးလည်း ဗျာဓိဓမ္မပင် ဖြစ်ပါ၏။ အကျွန်ုပ်သည် မိမိ၏ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ပေါ်နေသော ဖောက်ပြန်မှု ဗျာဓိဓမ္မများကို ဆင်ခြင်မိသည့် နည်းတူ ခန္ဓာငါးပါး ရုပ်နာမ်တရား အားလုံးတို့၏ ဖောက်ပြန်မှုတွေ အတည်တကျ မရှိ အပြောင်းအလဲ ဖြစ်မှုတွေ ရုန်းရင်းဆန်ခတ် ဖြစ်မှုတွေ အားလုံးသည် ဆင်းရဲချည်းပင် ဖြစ်သည်ကိုလည်း မြင်လွယ်ပါတော့၏။

(၄) မရဏံပိ ဒုက္ခာ – သေခြင်း ပျက်စီး ဆုံးရှုံးခြင်း။ ဖြစ်ခြင်း ဇာတိကြောင့် ရအပ်သော တန်ဖိုး အားလုံး အချည်းနှီး ဖြစ်ခြင်း သဘောလည်း လောကမှာ ထင်ရှားပါ၏။ ဖြစ်သမျှမှာ အဆုံးတရား တစ်ခု ရှိ၏။ ထို အဆုံးတရားသည် သေခြင်း ဖြစ်၏။ ဖြစ်ဆဲ ဘဝ တစ်ခု၏ ချုပ်ဆုံးခြင်း အချည်းနှီး ဖြစ်ခြင်း စတင် ပျောက်ကွယ်ခြင်း သိမှတ်ခြင်း အောက်မေ့ခြင်း ဆက်ဆံခြင်း အားလုံးကို ရုပ်သိမ်းခြင်း၊ တစ်ခန်း ရပ်ခြင်း သဘောသည် မရဏ ဖြစ်၏။ အကျွန်ုပ် အမြင်တွင် ပညတ်တိုင်းမှာ မရဏ ရှိ၏။ သစ်ပင်သည် သစ်တုံး အဖြစ်သို့ ရောက်သောအခါ သစ်ပင် တစ်ခန်း ရပ်စဲ၏။ ထင်း ဖြစ်သောအခါ သစ်တုံး ဘဝ တစ်ခန်း ရပ်၏။ ထိုနည်းတူ ရာထူး ဌာနန္တရ ဂုဏ်တို့သည်လည်း မရဏသဘော ရှိ၏။ တစ်ခန်း ရပ်တတ်၏။ လောကကို ဇာတ်ခုံနှင့် နှိုင်းယှဉ်ကြည့်လျှင် အရာ ခပ်သိမ်းသည် မရဏ နိယာမကြောင့် တစ်ခန်းရပ် ပြဇာတ်ကို ကပြနေကြသည်နှင့် တူလေ၏။ ကျမ်းဂန်မှာ မရဏ အမျိုးမျိုး ရှိကြောင်းကိုလည်း ဗုဒ္ဓ ဟောကြားတော် မူခဲ့ပါ၏။ မည်သို့ပင်ဆိုစေ ဖြစ်စဉ် ခဏဝယ် ဘာဖြစ်အောင် ညာဖြစ်အောင် ဘာရအောင် ညာရအောင် အားထုတ်ခဲ့လေသမျှ နောက်လူ အတွက် မဆိုသာသော်လည်း ထိုကာယကံရှင် အဖို့မှုကား အားလုံး အချည်းနှီးဆိုက်သော အဖြစ်သည်ကား မရဏဓမ္မပင်တည်း။ ထိုအဖြစ်ကား ဆင်းရဲဘိ၏။

(၅) အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော – မချစ်မနှစ်သက်လိုသော သတ္တဝါ သင်္ခါရတို့နှင့် အတူတကွ ပေါင်းယှဉ် ဆက်ဆံ၍ အသက် ရှင်လျက် နေရခြင်း၊ ဖြစ်လျက် နေရခြင်းသည်လည်း ဆင်းရဲဘိ၏။ ဤကား လူမှုရေး ဆင်းရဲဟု ဆိုအပ်၏။ စီးပွားရေး ဘဝ၊ နိုင်ငံရေး ဘဝ၊ လူမှုရေး ဘဝ၌ နေ့စဉ် ကြုံဆုံနေရသော ဆင်းရဲမျိုး ဖြစ်သည်။ လူတို့သည် မနှစ်သက်သော လူမှုရေး စနစ် စီးပွားရေး စနစ် နိုင်ငံရေး စနစ်တို့နှင့် ဆက်ဆံ နေရသည်ကို ဆင်းရဲလှသဖြင့် ထိုဆင်းရဲတို့မှ လွတ်ကင်းနိုင်မည့် လူမှု စီးပွားရေး စနစ်တွေ၊ နိုင်ငံရေး စနစ်တွေ၊ အုပ်ချုပ်ရေး စနစ်တွေ၊ ဥပဒေ စည်းကမ်းတွေ၊ ပညာရေး နည်းလမ်းတွေ၊ သိပ္ပံ အတတ်ပညာဆန်းတွေကို ရှာဖွေခဲ့ကြ၏။ စနစ်တစ်ခုကို မကြိုက်၍ နောက် တစ်မျိုး ပြောင်းအောင် အားထုတ်ခဲ့ကြ၏။ ယနေ့တိုင်လည်း ချစ်နှစ်သက်ဖွယ် ကောင်းသော စနစ် (သင်္ခါရ) မျိုးလည်း မတွေ့ရသေး။ ချစ်နှစ်သက်အပ်သော သတ္တဝါမျိုးလည်း

www.burmeseclassic.com



မတွေ့ရသေးချေ။ ထို နှစ်သက်ဖွယ် မရှိသော သက်ရှိ သက်မဲ့ ဝတ္ထုပစ္စည်းတွေ၊ သင်္ခါရ တရားများဟု ဆိုအပ်သော ခေတ်တွေ၊ စနစ်တွေနှင့် ရင်ဆိုင် ကြုံတွေ့နေရခြင်း၊ ခေတ်စကားဖြင့် ပြောလျှင် ဖိစီးမှုများကို ခံစားနေရခြင်းကား မုချ ဆင်းရဲ မှန်လှပေ၏။

(၆) ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော – ချစ်နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်း ကွဲကွာရခြင်း၊ မဆက်ဆံရဘဲ ဖယ်ကြဉ် ရှောင်ဖယ် နေရခြင်းလည်း ဆင်းရဲပါ၏။ ဤသည်လည်း လူမှုရေး ဒုက္ခပင် ဖြစ်၏။ ဘဝ၏ အကျဉ်းကျခြင်း သဘော ဖြစ်၏။ မလွတ်လပ်ခြင်း၊ မလုပ်ချင်သည်ကို လုပ်နေရပြီး လုပ်ချင်သည်ကို မလုပ်ရခြင်း ဆင်းရဲ ဖြစ်၏။ တစ်နည်း ပျော်ရာမှာ မနေရ၊ လျော်ရာ နေရခြင်းကြောင့် မပျော်ခြင်း ဆင်းရဲမျိုး ဖြစ်၏။ ကျပ်ကျပ်တည်းတည်း မနေလို ချောင်ချောင်လည်လည် နေလိုသော်လည်း မနေရသော ဘဝ၊ ချောင်ချောင် လည်လည် နေရပြန်လည်း ထိတ်ထိတ်လန့်လန့် မနေလို၊ ထိုသို့ မနေလိုသော်လည်း စိုးရိမ် ထိတ်လန့် နေရ၏။ လောကီ စည်းစိမ်တို့သည် တစ်ဖက်က သက်သာမှုကို ပေးသော်လည်း တစ်ဖက်ကမူ အသက်ကိုပင် ရန်မူတတ်၏။ ထို့အတူ သြဇာ အာဏာသည်လည်း အထွတ်အထိပ်ကို ပို့ဆောင်နိုင်၏။ သို့သော် အန္တရာယ် ဝန်းရံလာတတ်၏။ ဤကား ဘဝ၏ ချစ်နှစ်သက်သော အရာတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ ဖြစ်၏။ နှိုက်နှိုက်နဲ့နဲ့ ဆင်ခြင်လေ ထိုဆင်းရဲ ကြီးမားလေ ဖြစ်၏။

(၇) တောင့်တတိုင်း မဖြစ် မရသော ဆင်းရဲနှင့်

(၈) ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည် ဆင်းရဲများချည်းသာ ဖြစ်ကြလေတော့၏ဟု ဗုဒ္ဓ ဟောညွှန် ဆုံးမတော် မူလေသည်။

ဗုဒ္ဓသည် ဘဝ၏ မလွတ်လပ်ပုံ သဘောကို နှစ်မျိုး ခွဲခြား ပြသထားသည်ဟု အကျွန်ုပ် နားလည်ပါသည်။ သတ္တဝါတို့၏ ဘဝသည် သဘာဝအားဖြင့် မလွတ်လပ်ချေ။ ထို့အတူ အဖွဲ့အစည်းနှင့် နေသော လူသတ္တဝါတို့ အဖို့မူလည်း လူမှုရေး အရ မလွတ်လပ်ချေ။ ပုဂ္ဂလိက လူသားသည် သဘာဝအားဖြင့်လည်း မလွတ်လပ်၊ လူမှုရေး စီးပွားရေး အရလည်း မလွတ်လပ်။ 'တောင့်တတိုင်း မဖြစ်' ဆိုသော စကားရပ်သည် လူမှု စီးပွားရေး နိုင်ငံရေး၏ အလို မပြည့်ခြင်းကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ သုတ်နည်းအရ အကျဉ်းအားဖြင့် ဆို၍ အနက်အကျယ်ကို ပြီးစေရန် တောင့်တတိုင်း မဖြစ်သော ဆင်းရဲဟု ဆိုခြင်း ဖြစ်တန်ရာသည်။

ဖြစ်ခြင်း ဆင်းရဲ၊ အိုမင်း ရင့်ရော် ဟောင်းနွမ်း ဆင်းရဲ၊ နာကျင် ဖောက်ပြန်ခြင်း မသင့်မတင့် မညီမညွတ်ခြင်း ဆင်းရဲ၊ သေခြင်း ပျက်စီး ချုပ် ဆုံး ခြင်း ဆင်းရဲတို့သည် သဘာဝအရ ဖြစ်သော ဆင်းရဲတို့ ဖြစ်ပါသည်။

ချစ်ခင် နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ၊ မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် အတူ ဆက်ဆံနေရခြင်း ဆင်းရဲ၊ တောင့်တတိုင်း မဖြစ်သော ဆင်းရဲ စသော ဆင်းရဲတို့သည် လူ့လောကနှင့်သာ အထူး သက်ဆိုင်သောကြောင့် လူမှုဆင်းရဲများဟု ခွဲကြည့်လျှင် ကြည့်သင့်မည် ထင်ပါသည်။

ပထမ အရိယာ သစ္စာသည် သတ္တဝါတို့၏ မလွတ်လပ်သော ဘဝဆင်းရဲများကို ဖော်ပြသော တရားဖြစ်သည်ဟု အကျွန်ုပ် သဘောပေါက်လိုက်ပါ၏။ ထို မလွတ်လပ်သော ဘဝ ဆင်းရဲများမှ လွတ်မြောက်ရေး နည်းလမ်းကို ဗုဒ္ဓသည် ဤ ဓမ္မစကြာ တရားတော်တွင် ပြညွှန်ဖို့ ကြိုးပမ်းနေသည်ကိုလည်း အကျွန်ုပ် သဘောပေါက်ပါ၏။

'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဆိုသော ပါဠိအရ အကျွန်ုပ် အမြင်တွင် ဗုဒ္ဓ အယူဝါဒသည် ကြောင်းကျိုး ဆက်နွယ်မှု တရားကို လက်ခံသော အယူဝါဒဟုလည်း နားလည်ထားပါသည်။ အကျိုးတရားတိုင်းမှာ အကြောင်းရှိသည် ဟူသော အမြင် ဖြစ်ပါသည်။ ယခုလည်း ဒုက္ခသည် ဘဝ၏ အကျိုးတရား တစ်ရပ်သာ ဖြစ်၏။ ထို ဒုက္ခ၏ အကြောင်းသည် ရှိရပေဦးမည်။ ထို ဒုက္ခ၏ အကြောင်း (သမုဒယ)ကိုလည်း ဗုဒ္ဓသည် အကြွင်းမထားဘဲ တိတိပပ ညွှန်ပြတော်မူလေသည်။

ဒုက္ခ၏ အကြောင်းတရားသည် အဘယ်နည်း။

ဘဝသစ်ကို ဖြစ်စေတတ်သော တဏှာသည် ဒုက္ခ၏ လက်သည် ဖြစ်၏။ ဘဝ၏ ဒုက္ခကို ဖန်တီးသူသည် နှစ်သက်ခြင်း တပ်မက်ခြင်း (နန္ဒီရာဂ) တဏှာ ဖြစ်၏။ ထိုတဏှာသည် အပြားအားဖြင့် (၁) ကာမ တဏှာလည်း တစ်ရပ်၊ (၂) ဘဝ တဏှာလည်း တစ်ရပ်၊ (၃) ဝိဘဝ တဏှာလည်း တစ်ရပ် ဖြစ်၏။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာကို တစ်နည်း ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာ ဟုလည်း ဆိုနိုင်၏။

www.burmeseclassic.com



ကာမတဏှာ ဟူသည် အဘယ်နည်း။

ဝတ္ထုအာရုံ ကာမဂုဏ်များ ဖြစ်ကြသော နှစ်သက်ဖွယ် အဆင်း အသံ အနံ့ အရသာ အတွေ့တို့၌ တပ်မက်ခြင်း နှစ်သက်ခြင်း တဏှာ။

ဘဝတဏှာ ဟူသည် အဘယ်နည်း။

ဘဝကို တပ်မက်ခြင်း (thirst for existence) ဟု သဘောပေါက်ပါသည်။ ဘဝကို တပ်မက်ခြင်းကို ဓမ္မစကြာ နိဿယများတွင် ရှေးပညာရှိတို့က

'ဘဝတဏှာ – သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော တဏှာ' ဟု အနက် ပေးသည်။

ထိုအနက်သည် ဆရာတော် ဦးဗုဓ် ပေးခဲ့သော အနက်ဟု ထင်ပါသည်။ သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော တဏှာဟု ဘဝတဏှာကို အနက်ပေးလျှင် သတ္တဝါသည် သေလွန်သည့် နောက်တွင် ဘဝဆက် ရှိသည် ဆိုသော အယူကို နှစ်သက်ခြင်း ဟူ၍သာ အ များ အား ဖြင့် နားလည်ကြပါလိမ့်မည်။ အကျွန်ုပ် အမြင်တွင်မူ 'ဘဝတဏှာ' ဟူသော စကားရပ်သည် ထို့ထက် ပို၍ ကျယ်ဝန်းနေသည်ဟု မြင်နေပါသည်။ လူသည် အသက် ရှင်နေစဉ် လိုချင် တပ်မက်အပ်သော ဘဝများစွာ ရှိလေသည်။ ဆရာဝန် ဖြစ်ချင်သည်၊ သူဌေး ဖြစ်ချင်သည်၊ မင်း ဖြစ်ချင်သည်၊ အနုပညာရှင် ဖြစ်ချင်သည်၊ သိပ္ပံပညာရှင် ဖြစ်ချင်သည်။ အကျွန်ုပ်အယူမှာ ထိုနှစ်သက်မှု လိုလားမှု ဖြစ်လိုခြင်း ဆန္ဒတို့ကိုလည်း သိမ်းကျုံး၍ 'ဘဝတဏှာ' ခေါ်နိုင်မည် ထင်ပါသည်။

ဝိဘဝတဏှာကို ဆရာတော် ဦးဗုဓ်၏ ***ဓမ္မစကြာပါဠိနိဿယ*** တွင် (ဝိဘဝတဏှာ – ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာ) ဟု ပြပါသည်။ ဘဝပြတ် အယူကို နှစ်သက်ခြင်း တဏှာဟု ပြန်နိုင်မည် ထင်ပါသည်။ ချစ်လ်ဒါး၏ ***ပါဠိ အဘိဓာန်*** တွင် ဝိဘဝတဏှာကို (the thirst for nonexistence) (Nirvana) ဟု ပြပါသည်။ ဘဝ မဖြစ်လိုခြင်း၊ နိဗ္ဗာန်ကို တပ်မက်ခြင်းကို ဝိဘဝတဏှာ ဟု ပြပါသည်။

ဝိဘဝတဏှာသည် မဖြစ်ခြင်းကို အလိုရှိခြင်းဟု အနက်ပြန်၍ ရလျှင် ထိုတဏှာသည် ကုသိုလ် စိတ်လား၊ အကုသိုလ် စိတ်လား၊ အဗျာကတစိတ် (ကုသိုလ် အကုသိုလ် ကြဉ်သော စိတ်) လား ဆိုသည်မှာ အလွန် လေးနက်သော အဘိဓမ္မာ အရာ ဖြစ်၍ ဤတွင် ဆွေးနွေးရန် မသင့်သေးချေ။ အဘယ်ကြောင့် ဆိုသော် 'တဏှာ' ဆိုသော ပုဒ်တစ်ခုကိုပင် ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ ဟူ၍ ခြောက်ပါး အပြားထား၍ ၎င်းကို ကာမဘဝ ဝိဘဝအားဖြင့် ရှုနိုင်သည်။ ရူပါရုံကို ခံစားသော် ကာမတဏှာ ဖြစ်သည်။ ၎င်းကို အဆက်မပြတ် အခွန့်ရှည်စွာ တည်တံ့သည့် တရားဟုယူသော် ဘဝတဏှာ ဖြစ်သည်။ ရုပ်ဝါဒီများ ယူဆသကဲ့သို့ ရုပ်ပဲ ရှိသည်၊ အာရုံ ဆိုသည်မှာ ရုပ်၏ ဖော်ဆောင်ချက် တစ်ရပ်မျှသာ ဖြစ်သည်၊ အတည် မရှိဟု ယူသော် ဥစ္ဆေဒဒိဋ္ဌိလည်း ဖြစ်၍ ဝိဘဝတဏှာ ဖြစ်သည်။ အလားတူ သဒ္ဒါ ဂန္ဓာ စသော ကျန် အာရုံများကိုလည်း ရှုနိုင်သည်။ အာရုံ ခြောက် ပါး ကို ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာအားဖြင့် ပိုင်းခြားလျှင် ၁၈ မျိုး ရသည်။ ထို ၁၈ မျိုးကို အတွင်း (အဇ္ဈတ္တ)၊ အပြင် (ဗဟိဒ္ဓ) အားဖြင့် ပြလျှင် ၃၆ မျိုး ရသည်။ ထို ၃၆ မျိုးကို အတိတ် ပစ္စုပ္ပန် အနာဂတ်အားဖြင့် ပြလျှင် ၁၀၈ မျိုး ရသည်။ * သို့ဖြစ်ရာ 'တဏှာ' တစ်လုံး၏ အပွားကို လိုက်ရုံမျှဖြင့် ဤတွင် အတွေးအခေါ် ရှုပ်ထွေးဖွယ် ဖြစ်သောကြောင့် အကျယ် မဆွေးနွေးဘဲ ချန်ထားသည်ဟု ဆိုရခြင်း ဖြစ်ပါ၏။

အချုပ်ကို ဆိုသော် ဗုဒ္ဓသည် ထို 'တဏှာ' တစ်လုံးတည်းကိုပင် ဒုက္ခ ခပ်သိမ်း၏ အကြောင်းရင်း မူလ ဖြစ်ကြောင်းကို ပြတော်မူသည်။ ဒုက္ခ၏ ဖြစ်ကြောင်း ဖြစ်သော တဏှာ၏ သဘောကို သိမြင်ခြင်းသည် ဒုတိယ အရိယာ သစ္စာကို သိမြင်ခြင်းပင် ဖြစ်သည်ဟု အကျွန်ုပ် သဘောပေါက်ပါပြီ။ တဏှာ တဏှာ ထိုတဏှာကား ဒုက္ခခပ်သိမ်း၏ လက်သည် တရားခံ ဖြစ်သည်ဟု ဗုဒ္ဓသည် ရဲဝံ့ ပြတ်သားစွာ ဟောတော် မူလိုက်ပြီ ဖြစ်၏။ အကြင်သူသည် ထိုဒုက္ခမှ လွတ်မြောက်ကြောင်း တရားကို စီရင်မည်ဆိုလျှင် တရားခံ အစစ် ဖြစ်သော 'တဏှာ' ကို မိအောင် ဖမ်းပြီး အပြစ်ပေးရုံမှ တစ်ပါး အခြား အကြောင်း မရှိတော့ဟုလည်း အကျွန်ုပ် နားလည်မိ၏။

ဗုဒ္ဓသည် အကျွန်ုပ်အား ဘဝ၏ လမ်းစကို ရှာပေးလိုက်ပါပြီ။ သင် ဒုက္ခ ဖြစ်ချင်သလား၊ ဖြစ်ချင်လျှင် တဏှာကို အပေါင်းအသင်း ပြုလော့၊ သင် ဒုက္ခဆင်းရဲမှ လွတ်မြောက်ချင်သလား၊ တဏှာကို ဝေးစွာ ရှောင်ရှားလော့၊ တဏှာကို ရန်သူ မှတ်လော့ဟု ဟောတော်မူဘိသို့ အကျွန်ုပ် စိတ် အစဉ်တွင် ရှင်းလင်းသော အမြင်ကို ရခဲ့ပါ၏။

-------------

* *A Dictionary of Pali Language p 495-6*

www.burmeseclassic.com



ဤတွင် အကျွန်ုပ်၏ ရင်ထဲတွင် ရှိသေးသော ယုံမှားခြင်း နှင့် သံသယကို ဖျောက်ခြင်း အလို့ငှာ စူးစမ်းလိုသော် တစ်ခုသော တရားကို စူးစမ်းဖို့သာ လိုတော့၏။ ထိုတရားသည် ဗုဒ္ဓ ဟောတော်မူ သကဲ့သို့ တဏှာသည် ဒုက္ခ၏ အကြောင်း ဟုတ် မဟုတ် ဆိုသည်ကို သက်သေ အထောက်အထား ရှာဖို့ပင် ဖြစ်လေသည်။ ထိုကိစ္စသည် ကျမ်းဂန်ထွက် စကားကို သိရုံဖြင့် ပြေလည်မည့်ကိစ္စ မဟုတ်ပါ။ မိမိ ဘဝ အတွေ့အကြုံကသာ အဖြေ ပေးနိုင်မည့် ကိစ္စ ဖြစ်၍ ဘဝ အတွေ့အကြုံတွင် ဒုက္ခနှင့် ရင်ဆိုင်တိုးရသည့် အခါတိုင်း 'ငါ ဤသို့ ဒုက္ခ ရောက်ခြင်းသည် တပ်မက်ခြင်း တဏှာကြောင့်လား' ဟု စူးစမ်းမည်။ ဒုက္ခကို ကျော်လွန်ရေး အတွက် မိမိ ကိုယ်မှာ ဖြစ်သော တဏှာ ရာဂ လောဘများကို ချေဖျက်ကြည့်မည်။ လောဘကင်းသူ ဖြစ်အောင် မိမိကိုယ်ကို ဆောက်တည်ကြည့်မည်။ ထိုသို့ ဆောက်တည်နိုင်သည်နှင့် အမျှ ဒုက္ခ လျော့နည်းသလား ကြည့်မည်၊ လက်တွေ့ဘဝက မိမိကို သက်သေခံပါလိမ့်မည်။

အကြောင်းနှင့် အကျိုး ဆက်စပ်မှုကို ရှာဖွေရန် အတွက် အကျွန်ုပ်မှာ သိပ္ပံနည်းကျသော ခြုံယူယုတ္တိဗေဒ နည်းများလည်း ရှိသည်။ ဂျေ အက်စ် မီးလ် ၏ ကြောင်းကျိုး ဆက်နွယ်ပုံ ရှာဖွေနည်းများ၊ ဂျေ အို ဝစ်ဒမ်း ၏ သဘာဝသိပ္ပံ ပညာ၏ အနုမာန ဆင်ခြင်နည်း၏ အခြေခံ သဘောတရားများ (Foundations of Inference in Natural Science) နည်းလမ်းများ ရှိပါသည်။ *

အကျွန်ုပ်သည် ဗုဒ္ဓ၏ တတိယ အရိယာသစ္စာကိုမူ ချက်ချင်း နားလည်အောင် ကြိုးပမ်းရေးမှာ မလွယ်ကူကြောင်း သဘော ပေါက်ပါသည်။ ထိုသစ္စာသည် အကြွင်းမဲ့ တပ်ခြင်း ကင်းရာ ချုပ်ရာ နိဗ္ဗာန် ဆိုသော သဘောတရား ဖြစ်သည်။ နိဗ္ဗာန် ဟူသည် ဗုဒ္ဓ၏ အကြွင်းမဲ့ လွတ်မြောက်ခြင်း တရား ဖြစ်၏။ ထိုသဘောကား မိမိနှင့် အလှမ်း ဝေးလွန်းသော သဘောတရား တစ်ရပ် အဖြစ်ပင် ရှိပါသေး၏။

နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ရေးမှာ မိမိနှင့် အလွန် အလှမ်း ဝေးသည် ဆိုရာတွင် ဤတစ်ဘဝကို မဆိုထားဘိ၊ နောင်ဘဝ များစွာ၌ပင် မျက်မှောက် ပြုနိုင်ချင်မှလည်း ပြုနိုင်မည် ဖြစ်သောကြောင့် ဆိုခြင်း ဖြစ်ပါ၏။

ဤကား လူသား တစ်ဦး၏ နောက်ဆုံး ရည်မှန်းအပ်သော ဘဝ ပန်းတိုင် ဖြစ်ပေရာ ပန်းတိုင်သို့ မရောက်မီ စပ်ကြားတွင် ဖြတ်သန်း သွားရဦးမည့် ခရီးကြမ်း ခရီးခဲကြီး ရှိပေသေး၏။ ထိုသံသရာ ခရီးကြီးထဲတွင် ဘာ' တွေ ကို တွေ့ဦးမည် မသိ။ ဘယ်လို ပြဿနာမျိုးတွေ ကြုံဦးမည် မသိ။ ဘယ်လို ဖြေရှင်းရဦးမည် မသိ။ ထို့ကြောင့် တတိယ အရိယာသစ္စာ နိဗ္ဗာန်ကိုမူ အကျွန်ုပ်သည် အနုမာန တစ်ရပ် အဖြစ်သာ လက်ခံနိုင်ပါသေး၏။ ဗုဒ္ဓသည် နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးသူ ဥတ္တမ ပုရိသ ဖြစ်၏။ ပစ္စေကဗုဒ္ဓါများ ရဟန္တာများလည်း နိဗ္ဗာန်ကို မျက်မှောက် ပြုကြသူများ ဖြစ်ကြောင်း ကျမ်းဂန်မှာ ပါသည်ကား မှန်၏။ သို့သော် အကျွန်ုပ်သည် ကာလာမ ပုဏ္ဏားတို့အား ဗုဒ္ဓ ညွှန်ကြားတော်မူသော အတိုင်း မိမိကိုယ်တိုင် မကြုံဖူးသော ကိစ္စကို ပြောသံကြားနှင့် ယုံရမည်ကိုကား အလွန်ပင် ခဲခဲယဉ်းယဉ်း ဖြစ်နေလေသေး၏။

သို့သော် ဗုဒ္ဓသည် လူ့ဘဝ အတွက် လွတ်မြောက်ရာ အဆုံးပန်းတိုင်ကို ညွှန်ပြတော်မူနိုင်သည့် အတွက် အကျွန်ုပ်သည် အလွန် ရွှင်လန်း ဝမ်းမြောက်ရပြီ ဖြစ်၏။ ဘယ်ကို ရောက်လို့ ဘယ်ကိုပေါက်မှန်း မသိဘဲ ညဥ့်နက်သန်းခေါင်ဝယ် တောကြီးမျက်မည်း အတွင်း စမ်းဝါး လျှောက်သွား နေရသော သူကန်း အဖြစ်ဖြင့် ဘဝခရီးကို လျှောက်နေရခြင်းထက် တစ်စုံတစ်ခုသော နိဗ္ဗာန် ရွှေပြည်တော်ကို ရည်မျှော် လျှောက်လှမ်း၍ သွားရခြင်းက ဘဝဝယ် လတ်တလော အမောလည်း ပြေနိုင်ပါ၏။ ဘယ်လောက် ကြမ်းသော ခရီးနှင့် ကြုံစေကာမူ အားလည်း ရှိနိုင်ပါ၏။ ဘဝဝယ် တိကျသော မျှော်လင့်ချက် ရည်ရွယ်ချက်ဖြင့် အသက်ရှင် ရခြင်းသည် ဘဝ၏ အဓိပ္ပာယ် တစ်ခုကို ဖော်ဆောင်နေသည်ဟုလည်း အကျွန်ုပ် ထင်ပါ၏။

ထို့ကြောင့် ဗုဒ္ဓ ညွှန်ပြတော်မူသော တတိယ အရိယာသစ္စာကို အကျွန်ုပ် နှလုံးသားဝယ် ရည်မှန်းအပ်သော အလင်းရောင် အဖြစ် သိမ်းဆည်းလိုက်ပါသည်။

လူ့ဘဝ၌ အသက်ရှင်လျက် နေခြင်းသည် ဘဝ၏ လွတ်မြောက်ရေး ခေါ် ဘဝ၏ အဆုံးချမ်းသာကို ရှာဖွေရေးပင် ဖြစ်သည်ဟု အကျွန်ုပ်သည် ဘဝကို အဓိပ္ပာယ် သတ်မှတ်ချက် တစ်ခု ပေးနိုင်ပြီ ဖြစ်ပါသည်။

---

* *သိပ္ပံနည်းကျ ကြောင်းကျိုး ဆက်နွယ်မှု ရှာဖွေပုံ နည်းလမ်းများကို ဒေါက်တာ ခင်မောင်ဝင်းနှင့် ဦးဆန်းလွင်တို့၏* ***အခြေခံ ယုတ္တိကျမ်း*** *တွင် လေ့လာနိုင်ပါသည်။ ဂျေ အို ဝစ်ဒမ်း၏ နည်းများကို သင့်ရာ အခန်းတွင် ဖော်ပြပါမည်။*

www.burmeseclassic.com



ဗုဒ္ဓ၏ ကျေးဇူးတော်ကား အနန္တ ဖြစ်သည်ဟု ထင်ပါသည်။ နှစ်ပေါင်းများစွာ အကျွန်ုပ် ရှာဖွေခဲ့သော ဘဝ၏ အဆုံးစွန် ရည်မှန်းချက် ပန်းတိုင်ကို ထွန်းပစေ ရုံသာမက ထိုပန်းတိုင်သို့ ရောက်အောင် သွားလိုသော သူအား ဗုဒ္ဓသည် သွားရာလမ်းကိုပါ ညွှန်ပြတော်မူလိုက် ပါ၏။ ထိုလမ်းကား စတုတ္ထ အရိယာသစ္စာ ဖြစ်လေ သည်။ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော မဂ် (လမ်း) ပေ တည်း။ 'မဂ္ဂင်ရှစ်ပါး တရားသည် ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဖြစ်သည်' ဟု အတိ အကျ ညွှန်ပြတော် မူလေသည်။

သစ္စာ လေးပါး တရား အဆုံးသို့ ရောက်သော အခါ အကျွန်ုပ်၏ နှလုံးသားဝယ် အတု မရှိနိုင်သော အတု မရှိသော ဗုဒ္ဓ၏ မဟာ ကရုဏာတော်ကိုလည်း မြင်ပါသည်။

အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော မဂ် လမ်းစဉ်ဝယ် 'ငါ့ကို ယုံကြည်မှသာ သင်တို့ နိဗ္ဗာန်သို့ ရောက်ကြ လတ္တံ့' ဟူသော ကိုယ်ကျိုး အတ္တ ပါသည့် ကိုယ်ရည် သွေး တရား ဒေသနာမျိုးလည်း လုံးဝ ကင်းရှင်း နေ လေသည်။ အကြင်သူသည် ဗုဒ္ဓကို ယုံသည် ဖြစ်စေ၊ မယုံသည် ဖြစ်စေ ဗုဒ္ဓ ညွှန်ပြတော်မူသော မဂ္ဂင်ရှစ်ပါး တရား အတိုင်းသာ မိမိကိုယ်တိုင် ကျင့်ကြံ အားထုတ် သွားလျှင် နိဗ္ဗာန် ချမ်းသာကို ရရှိမည်သာ ဖြစ်လေသည်။ နိဗ္ဗာန်ကား ငါနှင့်သာ ဆိုင်သည်၊ ဗုဒ္ဓဘာသာဝင်များ နှင့်သာ ဆိုင်သည်၊ မြန်မာ လူမျိုးနှင့်သာ ဆိုင်သည် ဟူ၍ မရှိပါ။ ဘဝ လွတ်မြောက်ခြင်း၊ ဒုက္ခ ချုပ်ငြိမ်း ခြင်း နိဗ္ဗာန်ကို မည်သူမျှ အပိုင်စီး၍လည်း မရချေ။

ဗုဒ္ဓသည် နိဗ္ဗာန်ကို လမ်းညွှန်ပြသကဲ့သို့ ဗောဓိ ဆုကို ပန်လိုသူများအားလည်း ဗောဓိပက္ခိယ တရား (သစ္စာလေးပါးကို သိတတ်သော အရိယာမဂ်၏ အသင်း အပင်း တရား) ကိုလည်း ပြတော်မူခဲ့လေသည်။ မိမိသာ ဘုရား ဖြစ်နိုင်သည်၊ ကျန်လူများ ဘုရား မဖြစ်နိုင်ဟု လည်း ပိတ်ပင်သော တရားကို လုံးဝ မဟောခဲ့ချေ။ ဘုရား အဖြစ်ကိုလည်း မည်သူမျှ အပိုင်စီးထား၍ မရ၊ ကြိုးစားသူတိုင်း ဘုရား ဖြစ်နိုင်သည်ဟုလည်း လမ်းပြ တော် မူရကား ထိုဗုဒ္ဓကို အကျွန်ုပ်သည် မကြည်ညိုဘဲ မနေနိုင်အောင် ဖြစ်ရလေတော့၏။

အ ကျွန်ုပ် သည် ဓမ္မစကြာ တရားတော်ကို လေ့လာနေစဉ်မှာပင် 'ဘဝသည် ဒုက္ခလျှင် အရင်းခံ ရှိသည်၊ ထိုဒုက္ခသည် လောဘ တဏှာကြောင့် ဖြစ်ရ သည်၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ ဘဝ၏ အဆုံး ချမ်းသာ (နိဗ္ဗာန်) ဆိုသော တရားထူးလည်း ရှိ၏၊ ထိုတရားကို ပေါက်မြောက်အောင် သွားသော လမ်း (နည်း) လည်း ရှိသည်၊ ထိုလမ်းကား ဤသို့ ဖြစ်သည်' ဟူ၍ လက်တွေ့ နည်းလမ်း တစ်ရပ်ကို တင်ပြထားသည်မှာ ယခုခေတ် တွင် သိပ္ပံပညာရှင် တစ်ဦးက မိမိ စူးစမ်း ရှာဖွေ တွေ့ရှိ ရသော နည်းလမ်း တစ်ရပ်ကို ဖော်မျူလာ ထုတ်ပေး သည်နှင့်ပင် တူလေတော့၏။ သို့သော် အကျွန်ုပ် စိတ်ထဲ တွင် သိပ္ပံပညာရှင်မူကား ဓာတ်ခွဲခန်းထဲတွင် စမ်းသပ်၍ ဖြစ်စေ၊ အီလက်ထရွန်းနစ် မှန်ဘီလူးဖြင့် စူးစမ်း၍ ဖြစ်စေ သူ သိသော အသိ မှန်ကြောင်း၊ သူ ဘယ်သို့ သိခဲ့ကြောင်း ပြောဆို နိုင်လေသည်။ ဗုဒ္ဓမူကား ထို သစ္စာ လေးပါး တရားကို ဘယ်သို့ သိခဲ့ကြောင်း ပြော နိုင်ပါမည်လားဟု စဉ်းစား ပြန်လေ၏။

ဤသို့ စဉ်းစားခြင်းမှာ အကျွန်ုပ်သည် အနောက် တိုင်း ဒဿန နည်းများကို လေ့လာ သင်ကြားခဲ့ရသူ ဖြစ်ပေရာ အသိပညာ တစ်ရပ်၏ အမှန် အမှားကို ဆုံးဖြတ်ရန် အတွက် ထိုပညာကို သိနည်း သိပုံကိုပါ သိဖို့လည်း လိုပါသည်။ တချို့ ဆရာတို့က အတွေ့ အကြုံဖြင့် သိရကြောင်း ဆိုလေ့ ရှိသည်။ တချို့ ဆရာ တို့က ဆင်ခြင်ဉာဏ်ဖြင့် သိရကြောင်း ဆိုလေ့ ရှိသည်။ တချို့ ဆရာတို့က တခဏုပ္ပတ္တိ ဉာဏ်ဖြင့် ထိုးထွင်း၍ သိရကြောင်းကို ဆိုတတ်ကြလေသည်။

သို့ဖြစ်လျှင် ဗုဒ္ဓသည် သစ္စာလေးပါး တရားကို ဘယ်ပုံ ဘယ်နည်း သိသနည်း။

ချက်ချင်းပင် အကျွန်ုပ် သိလိုလှသော မေးခွန်း ကို 'သင် မေးစရာ မလို၊ ငါကိုယ်တိုင် မေးပြီး ငါ ကိုယ်တိုင် ဖြေမည်' ဟု မိန့်ကြားသည့် အလား တိတိ ကျကျ ဖြေထားသည်ကို တွေ့ရလေတော့၏။

အံ့ဖွယ် ကောင်းလှသည်မှာ အကျွန်ုပ် မျှော်လင့် သည်ထက် များစွာ ပိုပြီး ဖြေထားသည်ကို တွေ့ရသော ကြောင့် ဖြစ်ပါ၏။

ဗုဒ္ဓက ဤသို့ ဖြေတော်မူ၏။

(၁) စက္ခုံ ဥဒပါဒိ

(၂) ဉာဏံ ဥဒပါဒိ

(၃) ပညာ ဥဒပါဒိ

(၄) ဝိဇ္ဇာ ဥဒပါဒိ

(၅) အာလောကော ဥဒပါဒိ

အနနုဿုတေသု ဓမ္မေသု – ဘုရား မဖြစ်ခင်

www.burmeseclassic.com



ရှေးက မကြားဖူးသော တရားအစု (သစ္စာတရား) များကို စက္ခုံ ဥဒပါဒိ = မျက်မြင် ထင်ရှား အတွေ့အကြုံအားဖြင့် ငါ သိတော်မူသည်ဟု ဖြေတော်မူခြင်းလည်း တစ်ရပ်။

ဘုရား မဖြစ်မီ ရှေးက မကြားဖူးသော သစ္စာတရား အစုကို ဉာဏံ ဥဒပါဒိ= ဉာဏ်ဖြင့် ဆင်ခြင်သောအားဖြင့်လည်း ငါ သိ၏ဟု ဖြေတော်မူသည်လည်း တစ်ရပ်။

ဘုရား မဖြစ်မီ ရှေးက မကြားဖူးသော သစ္စာတရား အစုကို ပညာဥဒပါဒိ= သဘောတရားနှင့် အပြားအားဖြင့်လည်း ငါသိသည်ဟု ဖြေတော် မူသည်လည်း တစ်ရပ်။

ဘုရား မဖြစ်မီ ရှေးက မကြားဖူးသော သစ္စာတရား အစုကို ဝိဇ္ဇာ ဥဒပါဒိ = ထိုးထွင်း၍ အတတ်ပညာနည်းနာနှင့် တကွလည်း ငါ သိသည် ဟု ဖြေတော်မူသည်လည်း တစ်ရပ်။

ဘုရား မဖြစ်မီ ရှေးက မကြားဖူးသော သစ္စာတရား အစုကို အာလောကော ဥဒပါဒိ = မသိမှု မောဟအမိုက်တိုက်ကို ဖျက်ဆီးခြင်းအားဖြင့် အလင်းဆောင်သောအားဖြင့်လည်း ငါ သိသည်ဟု ဖြေတော် မူလေသည်လည်း တစ်ရပ်။

ဤတွင် 'စက္ခုံ' ဆိုသော စကားရပ်ကို အကျွန်ုပ် ဘယ်သို့ နားလည်သနည်း။ 'ဉာဏံ' ဆိုသော စကားရပ်၊ 'ပညာ' ဆိုသော စကားရပ်၊ 'ဝိဇ္ဇာ' ဆိုသော စကားရပ်၊ 'အာလောကော' ဆိုသော စကားရပ် စသော စကားရပ်များကို အကျွန်ုပ် ဘယ်သို့ နားလည်သနည်း။

စက္ခု သောတ ဃာန ဇိဝှ ကာယ စသော အာရုံဒွာရများဖြင့် လောကကို ထိတွေ့ သိမြင်ခြင်းကို အနောက်တိုင်းသားများက (perception) အာရုံသိ ခေါ်ပါသည်။ တွေ့ကြုံသိလည်း ခေါ်ပါသည်။ ထိုသဘောကို အိန္ဒိယဒဿန ဂိုဏ်းများ၌ 'ပစ္စက္ခပရမာန' ဟု ခေါ်ကြလေသည်။ အတွေ့အကြုံဖြင့် သိသော အသိသာလျှင် မှန်သောအသိ ဖြစ်သည်ဟု ယူသော အယူကို (Empericism) အမ်ပီရီစစ်ဇင်း ဟုလည်း ခေါ်ကြလေသည်။ ထိုသူတို့က ဆင်ခြင်သူသည် မှန်ကန်သော အသိပညာကို ရနိုင်သည် မဟုတ်ဟု ယူကြလေသည်။

တချို့သော အတွေးအခေါ် ဂိုဏ်းများက ဆင်ခြင်သိဖြင့် သိသော အသိသာ မှန်သည်၊ အတွေ့အကြုံဖြင့် သိသော အသိသည် မှန်ကန်သော အသိ မဟုတ်ဟု ယူကြလေသည်။ ထိုအယူကို (Rationalism) ရာရှင်နယ်လစ်ဇင်းဟု ခေါ်ကြလေသည်။ ဆင်ခြင်ဉာဏ်ဖြင့် သိသော အသိကို ဆိုလိုသည်။ ဗုဒ္ဓသည် ဆင်ခြင်ဉာဏ်ဖြင့် သိသော အသိကိုလည်း မှန်သည်ဟု ယူကြောင်း ထင်ရှားသည်။ ထို့ကြောင့်' 'ဉာဏံ ဥဒပါဒိ' ဆိုသော စကားဖြင့် ဝန်ခံခြင်း ဖြစ်ပေလိမ့်မည်။

သဘော နှစ်ရပ်ကို ဤတွင် သဘော ပေါက်ဖို့ လိုပါလိမ့်မည်။ အတွေ့အကြုံတွင် လူတစ်ဦးစီ ဖြစ်သော ဦးဖြူ ဦးနီ ဒေါ်မဲ မောင်ချွေး စသူတို့ သေသည်ကို မြင်ဖူးသည်။ သို့သော် သတ္တဝါ မှန်သမျှ အနိစ္စ သေမျိုးချည်း ဖြစ်သည် ဆိုသော ယေဘုယျ သဘောကို မျက်စိ နား နှာ လျှာ ကိုယ် စသည့် အာရုံ ဒွာရများအားဖြင့် မသိနိုင်။ ဉာဏ်ဖြင့်သာ သိနိုင်သည်။ ထို့ကြောင့် တစ်လောကလုံးနှင့် ဆိုင်သော ယေဘုယျ အသိကို ဉာဏ်ဖြင့်သာ ရနိုင်သည်။ အသိပညာ စခန်းတွင် ပထမ အသိသည် အာရုံသိ အဆင့်၊ တွေ့ကြုံသိ အဆင့် ဖြစ်သည်။ ဒုတိယ အဆင့်သည် သဘောသိ ဉာဏ်သိ အဆင့် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓက စက္ခုံ ဥဒပါဒိဟုလည်း ဆိုပြီး ဉာဏံ ဥဒပါဒိ ဟုလည်း ဆိုခြင်း ဖြစ်သည်ဟု အကျွန်ုပ် နားလည် လိုက်လေတော့၏။

သတ္တဝါတို့သည် ဘယ်နည်းအားဖြင့် သေနိုင်သနည်း။

အဖြေ အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်း၌ လာသော သတ္တဝါနှင့်သာ ဆက်ဆံသော သေခြင်း အပြား လေးပါး၊

ဓမ္မပဒ အဋ္ဌကထာ၌ လာသော နတ်တို့၏ စုတိခြင်း လေးပါး၊

သစ္စဝိဘင်း အဋ္ဌကထာ၌ လာသော သတ္တဝါအများနှင့် ဆက်ဆံသော သေခြင်း သုံးပါး၊

ဝိသုဒ္ဓိမဂ်၌ လာသော သဝိညာဏက အဝိညာဏကနှင့် ဆက်ဆံသော သေခြင်း အပြား လေးပါး၊

ဝိသုဒ္ဓိမဂ်၌ လာသော ကာလမရဏ အကာလမရဏ နှစ်ပါး၊

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနှင့် အင်္ဂုတ္တိုရ် ပါဠိတော် ဝိသုဒ္ဓိမဂ် စသည်တို့၌ လာသော ဗြဟ္မာတို့၏ စုတေခြင်း နှစ်ပါး၊

ဘုရား အလောင်းတော်တို့နှင့် ဆက်ဆံသော (လူ့ဘုံ၌ ပါရမီ ဖြည့်ခြင်းဌာ အလိုရှိသဖြင့်) စုတေခြင်း၌ စိတ်နှလုံး ညွတ်၍ ဆောက်တည်လျက် စုတေသော အဓိမုတ္တိ မရဏ တစ်မျိုး၊

www.burmeseclassic.com



လူတို့ ရဟန္တာ ဖြစ်သွားသောအခါ အာဂါရိက ရဟန်းတို့မှာ အာယုသင်္ခါရ သက်ကြွင်း ရှိခဲ့လျှင် အနာဂါရိက (အိမ်မှာ မနေသော) ရဟန်း ပြုကြရသည်။ အကယ်၍ အာယုသင်္ခါရ ကုန်လျှင် ပရိနိဗ္ဗာန် ပြုကြကုန်သည်။

အာယုသင်္ခါရ ရှိ သော် ငြား လည်း အရှည်မတည်မှု၍ စုတေခြင်း ပရိနိဗ္ဗာန် ပြုခြင်းမျိုးကိုလည်း အစိမုတ္တိ မရဏ ခေါ်နိုင်သည်။ (ဓမ္မပဒ အဋ္ဌကထာ၊ ဝိနည်း မဟာဝါ အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ သမ္မော အဋ္ဌကထာတို့၌ လာသော သာကေတမြို့ သူဌေးသမီး သုဇာတာ၊ ကောသလမင်း မိဖုရား ဥပရိ၊ ကာဠုဒါယီ အမတ်၊ သုဒ္ဓေါဒန မင်းကြီး၊ သန္တတိ အမတ် စသူတို့ ဖြစ်၏။)

အများ သိလွယ်အောင် သေခြင်း အမျိုးမျိုးကို ပေါင်း၍ ရေတွက်သော် အာယုက္ခယ မရဏ (သက်တမ်းစေ့သဖြင့် သေခြင်း) တစ်မျိုး၊ ကမ္မက္ခယ မရဏ (ဇနကကံ ခေါ် ပဋိသန္ဓေ ပဝတ္တိတို့၌ အကျိုးကို ဖြစ်စေသော ကံအဟုန် အာနုဘော် ကုန်ဆုံး၍ သေခြင်း) တစ်မျိုး၊ ဥဘယက္ခယ မရဏ (သက်တမ်းရော ဇနကကံပါ တစ်ပြိုင်တည်း ကုန်ဆုံး၍ သေခြင်း) တစ်မျိုး၊ ဥပစ္ဆေဒက မရဏ (ရှေး၌ ပြုဖူးသော ကံဟောင်း တိုက်တွန်း နှိုးဆော်၍ ဓားလက်နက်ဖြင့် သတ်ခြင်း၊ အဆိပ်သောက်ခြင်း၊ ကြိုးဆွဲချခြင်း စသော မိမိ ပယောဂဖြင့် သေခြင်း) တစ်မျိုး၊ အာဟာရက္ခယ မရဏ (အစားအစာ ငတ်ပြတ်၍ သေရခြင်း) တစ်မျိုး၊ ကောပ မရဏ (ပြင်းထန်စွာ အမျက် ထွက်သဖြင့် နှလုံးကွဲ၍ သေရခြင်း) တစ်မျိုး၊ ဤသို့လျှင် သတ္တဝါတို့၏ သေခြင်း အမျိုးမျိုးကို အပြားအားဖြင့် အကြောင်းနှင့် တကွ သိမြင် နားလည်ခြင်းကို 'ပညာ ဥဒပါဒိ' ခေါ်သည်ဟု အကျွန်ုပ် နားလည်ပါသည်။

သိပ္ပံပညာတွင်လည်း တစ်စုံတစ်ခုသော အရေးကိစ္စကို အကြောင်းနှင့်တကွ အပြားအားဖြင့် အကျယ်အပြန့် သိခြင်းကိုသာ ပညာဟု သတ်မှတ်သည်။

ထိုကဲ့သို့ အကြောင်းနှင့်တကွ သိပြီးသော အခါ သေအောင်လည်း တစ်နည်းနည်း ပြုနိုင်သည်။ မသေအောင်လည်း တစ်နည်းနည်း ပြုနိုင်သည်။

အဏုမြူ စွမ်းအင်ကို မည်သို့ ဖန်တီးနိုင်ကြောင်း သိမြင်ပြီးနောက် အကျိုး ရှိအောင်လည်း ဖန်တီးနိုင်ခြင်း၊ အကျိုး ယုတ်အောင်လည်း ဖန်တီးနိုင်ခြင်းကား အတတ်ပညာ စွမ်းအားကို အသုံး ပြုနိုင်အောင် သိခြင်း ဖြစ်၍ ထိုအဆင့်ကို ဝိဇ္ဇာမြောက် အဆင့်ဟု သတ်မှတ်နိုင်ပါသည်။ အလို ရှိသလို အသိပညာကို အသုံးချနိုင်သော အတတ်ကိုပါ သိမြင် နားလည်ခြင်းကို 'ဝိဇ္ဇာ ဥဒပါဒိ' ခေါ်သည်ဟု အကျွန်ုပ် သဘော ပေါက်ပြန်လေ၏။

သို့ဖြစ်လျှင် အာလောကော ဥဒပါဒိကို ဘယ်သို့ နားလည်သင့်သနည်း။

ဤတွင် အကျွန်ုပ်သည် သိပ္ပံပညာရှင်ကြီးများ၏ လုပ်ထုံးကို သတိပြုမိ၏။ သိပ္ပံပညာရှင် တစ်ဦးသည် မိမိ ရှာဖွေ တွေ့ရှိချက်ကို ဝိဇ္ဇာမြောက် တတ်ကျွမ်းအောင်မြင် ပြီးသော အခါ မိမိနည်းတူ တစ်ပါးသူတို့လည်း တတ်ကျွမ်းအောင်၊ မသိသေးသော လောကအမှောင်ထုကို ဖယ်ရှား၍ လောကအလင်းကို ဆောင်နိုင်အောင် ပညာ လက်ဆင့်ကမ်း ပေးလေ့ ရှိပါ၏။ ထိုကဲ့သို့ မသိ နားမလည်သူတို့ သိနားလည်အောင် ပညာ အလင်း ဆောင်ခြင်းကို (ဝါ) လောက၌ ပညာအလင်း ဆောင်နိုင်သည် အထိ တတ်သိ နားလည်ခြင်းကို 'အာလောကော ဥဒပါဒိ' ခေါ်ခြင်းပင် 'ဖြစ်သည်ဟု အကျွန်ုပ် သဘောပေါက် ခဲ့ရပြန်လေပြီ။

ဗုဒ္ဓသည် သဘောတရားကိုသာ သိသည်၊ လက်တွေ့နည်းကို မသိဟု ဆိုရန် အကြောင်း မကျန်အောင် ဗုဒ္ဓ၏ ဓေစပ်လှသော အဟောကို ကြည့်ရင်း အကျွန်ုပ်သည် သဗ္ဗညုတဉာဏ်၏ ကြီးကျယ်ပုံကိုပါ ခန့်မှန်းမိလာတော့၏။

ဤတွင် သစ္စာဉာဏ်ကိုသာ မက ကတဉာဏ် (ပြုပြင် စီရင်တတ်သော ဉာဏ်)၊ ကိစ္စဉာဏ် (ပြုသင့်သော အမှုကို သိသော ဉာဏ်) များကိုပါ ပိုင်းခြား ဟောကြားတော် မူခဲ့ခြင်းမှာလည်း အလွန် အထူး ကြည်နူးနှစ်သက်ဖွယ် ဖြစ်လေတော့၏။

သစ္စာဉာဏ် ဆိုသည်မှာ အမှန်တရားကို သိသော ဉာဏ် ဖြစ်၏။

ကတဉာဏ် ဆိုသည်မှာ ပြု လုပ် တတ် သော အတတ်ပညာကို သိသော ဉာဏ် ဖြစ်၏။ ခေတ်စကားဖြင့် ပြောလျှင် (**technology**) သို့မဟုတ် (**technique**) နည်းဗေဒကို သိခြင်း ဖြစ်၏။

ကိစ္စဉာဏ် ဆိုသည်ကား ပြုလုပ်အပ်သော (ဝါ) ရည်ရွယ်ချက် အမှား အမှန်ကို ပိုင်းခြား ဝေဖန်တတ်သော အလိမ္မာဉာဏ် ဖြစ်၏။

ယခုမူ သိပ္ပံပညာသည် သစ္စာဉာဏ်ကိုလည်း

www.burmeseclassic.com



ရ၏။ ကတညုဏ်ကိုလည်း ရ၏။ သို့သော် ကိစ္စညာဏ် မရှိသဖြင့် ပြုအပ်သည် မပြုအပ်သည်ကို မဆင်ခြင်နိုင်။ ထို့ကြောင့် သိပ္ပံပညာက ရှာဖွေပေးသော အတတ်ပညာ နည်းနာများသည် လူသားတို့ အဖို့ ဒုက္ခ လွတ်မြောက်ရေးကို အထောက်အကူ မပြုဘဲ လူသားတို့ကို အင်အားဖြင့် နှိပ်စက်မြင်း ဘက်သို့သာ ဦးတည် သွားရပေတော့၏။ ဩော် လက်စသတ်တော့ ယနေ့ သိပ္ပံပညာရှင်များမှာ ကိစ္စညာဏ် ကင်းမဲ့နေလေသည် တကား။

ဤသို့လျှင် အကျွန်ုပ်သည် ဓမ္မစကြာ တရားတော်ကို နားလည် သဘော ပေါက်ခဲ့ဖူးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၄။ အနတ္တ လက္ခဏာ နှင့် ဓမ္မကလိယ သိပ္ပံပညာ

ကျမ်းဂန်တွင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန် လပြည့်နေ့တွင် သိဒ္ဓတ္ထ မင်းသားသည် ဂေါတမ နွယ်ဖွား ဗုဒ္ဓ အဖြစ်သို့ ရောက်တော်မူသည်။ 'ဗုဒ္ဓ' ဟူသည် 'သိသူ' ဟု အနက်ရသည်။ ဘာကို သိသနည်း၊ အလုံးစုံသော တရား 'ဓမ္မ' ကို သိသည်။ ဘယ်လို သိသနည်း။ အကြွင်းမရှိ သိသည်။ ရှေးဘုရားတို့၏ သာသနာ ကွယ်ပြီးနောက် ပျောက်ကွယ်သွားသော 'ဓမ္မ' ကို ပြန်၍ အကြွင်း မရှိ သိပြီးနောက် ဓမ္မစကြာ တရားကို စတင်ဟောကြားသည်မှ ယခု ဗုဒ္ဓဘုရား၏ သာသနာ ပြန်စ၏။ သက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆို လပြည့် ညဥ့်ဦးယံတွင် မိဂဒါဝုန် တောအတွင်း၌ ငါးဦး အစုရှိသော ပဉ္စဝဂ္ဂီတို့အား တရားဦး ဓမ္မစကြာကို ဟောတော် မူလေသည်။ ဓမ္မစကြာ တရားဖြင့် ဗုဒ္ဓသည် အိန္ဒိယပြည်တွင် မိမိနှင့် ခေတ်ပြိုင် ထွန်းကားလျက် ရှိသော ထာဝရ ဘုရားသခင် ဖန်ဆင်းရှင်ကို လက်မခံကြရာ၌ မိမိနှင့် သဘောချင်းတူသော်လည်း လောကကို ရှုမြင်ရာ၌မူ သဘောချင်း မတူသော အတွေးအခေါ် ဂိုဏ်းများနှင့် (မိမိ မတူပုံကို) ကွဲပြားအောင် ရှင်းပြတော်မူသည်။

မိမိ၏ အယူဝါဒသည် သဿတ ဒိဋ္ဌိလည်း မဟုတ်၊ ဥစ္ဆေဒ ဒိဋ္ဌိလည်း မဟုတ်၊ သမ္မာဒိဋ္ဌိ အယူ ဖြစ်ကြောင်းကိုလည်း ပဉ္စဝဂ္ဂီတို့ သဘောကျအောင် ပြတော်မူသည်။

ဤတွင် ပထမ ဟောကြားသည့် နေ့၌ အရှင် ကောဏ္ဍည တစ်ပါးတည်းသာ ပထမ မဂ်ကို ရပြီး သောတာပန် ဖြစ်လေသည်။ ကျန်ပုဂ္ဂိုလ်များ မဂ် မရကြကုန်။

ကျမ်းဂန်များ၌ လပြည့်ကျော် တစ်ရက်နေ့တွင် အရှင်ဝပ္ပ၊ လပြည့်ကျော် နှစ်ရက်နေ့တွင် အရှင် ဘဒ္ဒိယ၊ လပြည့်ကျော် သုံးရက်နေ့တွင် အရှင် မဟာနာမ်၊ လပြည့်ကျော် လေးရက်နေ့တွင် အရှင်အဿဇိ မထေရ်တို့ အစဉ်အတိုင်း သောတာပန် ပထမ မဂ်ကို ရကြကြောင်း ဖော်ပြလေသည်။

ဤအချက်မှာလည်း စဉ်းစားဖွယ် ကောင်းသော အချက် ဖြစ်ပါ၏။ ထို လေးရက်သည် မိဂဒါဝုန် တောအတွင်းဝယ် အတွေးအခေါ် ဆွေးနွေးပွဲ အကြိတ်အနယ် ဖြစ်နေသော လေးရက်ဟု ယူဆရပါမည်။

မန်းဦး ဆရာတော် ဘဒ္ဒန္တ ဇောတ အရှင်သူမြတ်၏ အနတ္တ လက္ခဏာသုတ် မြန်မာပြန်မှုတွင်–

'မြတ်စွာ ဘုရားရှင်သည် ပျိုမျစ် နုနယ်သော သူငယ်တို့ကိုကဲ့သို့ ထိုမထေရ် ပဉ္စဝဂ္ဂီတို့ကို စောင်မကြည့်ရှုတော်မူလျက် လပြည့်ကျော် တစ်ရက်နေ့မှ စ၍ ဆွမ်းခံအံ့သောငှာ ရွာတွင်းသို့ ဝင်တော် မမူဘဲ အရှင် ကောဏ္ဍည မထေရ်၊ အရှင် ဝပ္ပ မထေရ်၊ အရှင် ဘဒ္ဒိယ မထေရ်ဟု ဆိုအပ်သော သုံးပါးသော ရဟန်းတို့သည် ဆောင်အပ်သော ဆွမ်းကို ခြောက်ပါး မျှတ၍ သုံးဆောင်လျက် ကျောင်း၌ပင် နေတော်မူ၏' ဟု ဖော်ပြအပ်သော စကားစုကို ထောက်သော် ဗုဒ္ဓသည် ဆွမ်းမခံဘဲ ကျောင်းတွင် အကြောင်းမဲ့သက်သက် နေသည် မဟုတ်တန်ရာ။ ပထမ တရားဦး ဟောစနေ့တွင် သောတာပန် မဖြစ်ဘဲ ကျန်နေကြကုန်သော ကျန် ပဉ္စဝဂ္ဂီတို့ကို သောတာပန် ဖြစ်စိမ့်သောငှာ ထို ပုဂ္ဂိုလ်တို့ သဘော မရှင်းသော တရားများကို အကြိတ်အနယ် ဆွေးနွေး ဖြေရှင်းလျက် ဆွမ်း မခံဘဲ ဒိုင်ခံ ရှင်းနေခြင်းသာ ဖြစ်ပေလိမ့်မည်။ ဤစကား ယုတ္တိရှိကြောင်း ထင်ရှားပါသည်။ အလှည့်ကျ ဆွမ်းခံနေသော ပဉ္စဝဂ္ဂီများ တစ်နေ့လျှင် တစ်ဦးကျ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ (ယုံမှားနှင့် သံသယ) ကင်းကုန်လျက် သောတာပန် ဖြစ်ကြရသည်မှာ ဘုရားရှင် ထိုကဲ့သို့ သဘော ရှင်းအောင် တရား ပြနေသောကြောင့်ပင် ဖြစ်တန်ရာသည်။

လောကတွင် အရှင် ကောဏ္ဍည ကဲ့သို့သော တရား တစ်ပုဒ်ကို အကျဉ်း ဟောခါမျှဖြင့် မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာကို ရသော ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်မျိုးလည်း ရှိပါသည်။ ထိုပုဂ္ဂိုလ်မျိုးသည် ရှိကား ရှိ၏၊ အလွန်ရှားသော အစား ဖြစ်၏။ ဝိသာခါ၊ အနာထပိဏ်တို့လည်း ထိုပုဂ္ဂိုလ်အစားတွင် ပါဝင်ကြောင်း ကျမ်းဂန်မှာ ဖော်ပြပါသည်။ ထိုပုဂ္ဂိုလ်တို့ကို ဥဂ္ဃဋိတညူ* ပုဂ္ဂိုလ်၊

---

* *ဉာဏ်ဖြင့် ထိုးထွင်း၍ (ဖွင့်ခွာ၍)*
*မဂ်ဖိုလ်ကို ချက်ချင်း သိသော ပုဂ္ဂိုလ်*

www.burmeseclassic.com



ဝိပဉ္စိတညူ* ပုဂ္ဂိုလ်မျိုး ခေါ်ပါသည်။ ထိုပုဂ္ဂိုလ်တို့သည် တရားကို အကျဉ်းချုပ် ဟော သော် လည်း သဘော အကျယ်ကိုပါ မိမိ၏ ကိုယ်ပိုင် ထိုးထွင်းဉာဏ်ဖြင့် သိမြင်၍ သဘောပေါက်ကြကုန်သည်။ အရှင် ကောဏ္ဍညသည် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်မည် ထင်ပါသည်။

ကျန်ပဉ္စဝဂ္ဂီများကို နောက်ထပ် လေးရက် တိုင်တိုင် ဓမ္မစကြာ တရားတော်ကို သဘော ပေါက်အောင် ဟောကြားတော် မူနေရသည်မှာ အကျယ် ဖွင့်ဆို ဟောကြား နေရခြင်း ဖြစ်တန်ရာသည်။

ပဉ္စဝဂ္ဂီ ငါးပါးစလုံး ဝါဆို လပြည့်ကျော် လေးရက်နေ့တွင် သောတာပန် ဖြစ်ပြီးကြသော အခါမှ မြတ်စွာ ဘုရားသည်

'ရူပံ ဘိက္ခဝေ အနတ္တာ' အစချီသော အနတ္တလက္ခဏသုတ် ဒေသနာကို ဝါဆို လပြည့်ကျော် ငါးရက် ဆဋ္ဌမမြောက် နေ့တွင် ဆက်လက် ဟောကြားတော်မူကြောင်း ကျမ်းဂန်မှာ ပြပါသည်။ အနတ္တ လက္ခဏသုတ် အမွှမ်းများတွင် ထိုပဉ္စဝဂ္ဂီ ငါးဦးတို့ 'ရဟန္တာ ဖြစ်စိမ့်သောငှာ ဟောတော်မူအံ့ဟု နှလုံးထား၍' ဟောတော်မူသည်ဟု သာမန်အားဖြင့် ဆိုပါသည်။

ထိုအချက်ကို အကျွန်ုပ်သည် များစွာ စဉ်းစား၍ နေမိလေသည်။ စဉ်းစားသည့် အကြောင်းမှာ ဤသို့ ဖြစ်ပါသည်။ ဓမ္မစကြာ တရားတော်ကို ဟောခြင်းဖြင့် ဗုဒ္ဓ၏ တရား အမြင်များသဲ့ည် အိန္ဒိယပြည်တွင် လက်ရှိ ထွန်းကားဆဲ ဖြစ်သော စာဝက ဝါဒ၊ ဂျိန်း ဝါဒတို့နှင့် ကွဲပြား ခြားနားကြောင်းကို အထင်အရှား ပြနိုင်ပြီ ဖြစ်၏။ သို့သော် အိန္ဒိယ ပြည်တွင် ထိုစဉ်က ကျန်သော အတွေးအခေါ် ဂိုဏ်းများ ရှိသေးသည်။ ထို ဂိုဏ်းများသည် 'အတ္တဝါဒ'ကို လက်ခံထားကြသော ဟိန္ဒူ အတွေးအမြင်များ ဖြစ်ကြလေသည်။ ထာဝရ ဘုရားကို လက်မခံသော စာဝက ဒဿန၊ ဂျိန်း ဒဿနတို့နှင့် ကွဲပြားခြားနားသော ဗုဒ္ဓ၏ ဒဿန အမြင်များသည် အတ္တဝါဒ ဒဿနများနှင့် တူလေသလား ဟု ပဉ္စဝဂ္ဂီများ ယုံမှားခြင်း မဖြစ်ဘဲ ဘယ်နည်းနှင့်မျှ နေမည် မဟုတ်။ ပဉ္စဝဂ္ဂီတို့လည်း တရားရှာသူ ဒဿန ဆရာများ ဖြစ်ကြသည်။ ပဉ္စဝဂ္ဂီတို့သည် ဗုဒ္ဓအား

'အရှင်ဘုရား သို့ဆိုပါမူ အရှင်ဘုရား၏ အယူဝါဒသည် အဒ္ဒွတ္တ ဝေဒန္တ စသော အတ္တ ဝါဒများနှင့် ခြားနားပါ၏လော၊ သို့မဟုတ် တူညီပါ၏လော'

ဤသို့လျှင် မေးမြန်း စုံစမ်းဖွယ် အကြောင်း ရှိပါသည်။ ထိုအကြောင်းသည် အနတ္တ လက္ခဏသုတ်ကို ဟောရသည့် အဓိက အကြောင်း ဖြစ်သည်ဟု အကျွန်ုပ် ထင်ပါ၏။ သမိုင်းကြောင်း နောက်ခံ အခြေအနေများကို မည်သူမျှ လျစ်လျူရှု၍ ရမည် မဟုတ်ပါ။

စာဝက ဒဿန၊ ဂျိန်း ဒဿနတို့မှ အပ ဖြစ်သော သချ်ာ ဉာယ မိမံသ ယောဂ စသော ဒဿနဂိုဏ်းခြောက်ဂိုဏ်းသည် အတ္တဝါဒ ဗြဟ္မဏဝါဒကို လက်ခံယုံကြည်ကြသော ဒဿန ဂိုဏ်းများ ဖြစ်ကြပေရာ ဤ 'အနတ္တ လက္ခဏ' သုတ်တော်ကို ဟောကြားလိုက်ကာမျှဖြင့် ပဉ္စဝဂ္ဂီတို့၏ ရင်တွင်း၌ ဖြစ်သော ကိလေသာအားလုံးကို ပယ်ရှင်းပြီး ဖြစ်မည်မှာ မုချ ဖြစ်ပေတော့၏။

အနတ္တလက္ခဏ သုတ် ဒေသနာကို ဟောကြားပြီးသောအခါ ဗုဒ္ဓ အယူဝါဒသည် လက်ရှိ အိန္ဒိယပြည်တွင် ပေါ်ပေါက်သော မည်သည့် အတွေးအခေါ် အယူအဆနှင့်မျှ မတူသော သီးခြား ပေါ်လွင်သော အတွေးအမြင် အယူဝါဒ ဖြစ်သည် ဆိုသော အချက်သည် ယုံမှား မရှိ ပေါ်လွင် ထင်ရှားပြီ ဖြစ်လေ၏။

အကျွန်ုပ်လည်း ဗုဒ္ဓ၏ သီးခြား ထင်ရှားသော (တစ်ပါးသော အယူဝါဒများနှင့် ရောယှက်ခြင်း ရှုပ်ထွေးခြင်း ကင်းသော) ထိုတရားကို များစွာ ဘဝင်ကျ၍ အားရ ကျေနပ် သွားလေတော့၏။

အဘယ့်ကြောင့် အကျွန်ုပ်သည် အနတ္တလက္ခဏသုတ် တရားတော်ကို လေ့လာ ရှုမှတ်ပြီးသော အခါ ဘဝင် အထပ်ထပ် ကျခဲ့လေသနည်း။ အဘယ့်ကြောင့် အားရ ကျေနပ်ခြင်း ဖြစ်မိသနည်း။ ထိုအချက်ကို ယခု အကျွန်ုပ် ဆိုသင့်ပြီ ထင်ပါသည်။

အကျွန်ုပ်သည် ပထမဦးစွာ

'ရူပံ ဘိက္ခဝေ အနတ္တာ' ဆိုသော ပါဠ်ကို နားလည်ဖို့ အားထုတ်ပါသည်။ ထိုပါဠ်ကို မြန်မာပြန်သော် 'ရဟန်းတို့ ရုပ်တရား အပေါင်းတို့သည် အနတ္တာ အစိုးမရ၊ အလို သို့မဟုတ် မိမိ ဖြစ်ချင်တိုင်း မဖြစ်သော အနတ္တ အမှန်ပင်တည်း' ဟု ရှေးပညာရှိတို့ ဆိုခဲ့ကြလေသည်။

ဤတွင် အကျွန်ုပ် သဘော မရှင်းသော အချက် နှစ်ချက် ရှိပါသည်။ ထို အချက်ကို ဦးစွာ သဘော ရှင်းအောင် အားထုတ်ရပေဦးမည်။ မရှင်းသော အချက်နှစ်ချက် ဟူသည်မှာ

---

* အကျယ် ချဲ့အပ်သော အနက်ကို သဘော ကုန်အောင် သိသော ပုဂ္ဂိုလ်

www.burmeseclassic.com



(၁) ရုပ် ဆိုသည်မှာ အဘယ်အရာကို ဆိုသနည်း။

(၂) အနတ္တ ဆိုသည် အဘယ် သဘောကို ဆိုသနည်း။

ထိုအချက် နှစ်ချက်ကို တစ်ချက်စီ ရှင်းအောင် အကျွန်ုပ် အားထုတ်ဖို့ ဆုံးဖြတ်လိုက်လေသည်။

'ရုပ်' ဆိုသော စကား၏ အနက်ကို ဦးစွာ နားလည်အောင် အကျွန်ုပ် အားထုတ်သော အခါ ရုပ်သည် 'ရူပ' ဆိုသော ပါဠိသက် စကား ဖြစ်ကြောင်း သိမှတ်ရလေသည်။ သို့ဆိုလျှင် ရူပ၏ အနက်ကို ရှာသင့်ပါပြီ။

အဘိဓာန်တွင် 'ရူပ'ကို အဆင်းသဏ္ဍာန် သရုပ်သဘော ဥဒါဟရဏ်ဟု ပြသည်။

သို့ရာတွင် ထိုပါဠိ အဘိဓာန်ထွက် အနက်ကို အကျွန်ုပ်သည် နှစ်သက် အားရနိုင်ခြင်း မရှိဘဲ ဘဝင်မကျ ဖြစ်ရလေသည်။ ဘဝင် မကျရသည့် အကြောင်းမှာ အဆင်းသဏ္ဍာန် သရုပ်သဘောလောက်ကိုသာ ရုပ်ခေါ်သည် မထင်သောကြောင့် ဖြစ်ရလေသည်။ ရုပ်ကို အဆင်းသဏ္ဍာန် ဟု ပြန်ဆိုလျှင် အင်္ဂလိပ် ဘာသာသို့ ပြန်သော် form ဟူသော အနက်ကိုသာ ရရှိပေလိမ့်မည်။

ဗုဒ္ဓ ကျမ်းတတ် ပညာရှင် အများကမူ အနောက်နိုင်ငံသားများက ရုပ်ကို form ဟု ပြန်ဆိုခြင်းကို နှစ်သက်ခြင်း မရှိကြချေ။

***ဗုဒ္ဓ အဘိဓာန် ကျမ်းငယ်*** (Buddhist Dictionary) ကို ပြုစုသူ ဂျာမန် ဘုန်းတော်ကြီး အရှင် ဉာဏတိလောက မဟာထေရ်သည် ထိုကျမ်းငယ် နိဒါန်းတွင် 'အင်္ဂလိပ် ဘာသာပြန်များတွင် အများအားဖြင့် လက်ခံထားကြသော နာမရူပကို အမည် နှင့် သဏ္ဍာန် (name and form) ဟု ပြန်ဆိုခြင်းမှာ လုံးဝ မှားယွင်းနေလေသည်' ဟု အတိအလင်း ဆိုလေသည်။ အရှင် ဉာဏတိလောကကမူ နာမရူပကို (mind and corporeality) ဟု ပြန်ဆိုပါသည်။ ရုပ်ကို သိပ္ပံပညာက (matter) ဟူ၍လည်းကောင်း၊ မကြာမီကမူ (physical reality) ဟူ၍လည်းကောင်း ခေါ်လာကြလေသည်။

ဗုဒ္ဓ စာပေများတွင် ရုပ်ကို (matter) ဟု ပြန်ဆိုခြင်းကို အများအပြား လက်ခံထားသည်ကိုလည်း တွေ့ရပါသည်။ သိပ္ပံပညာတွင် ရုပ်ကို အဆင်းသဏ္ဍာန်သာမက ဒြပ်အားဖြင့်လည်း နားလည်ခဲ့ကြလေသည်။

ရုပ်ဝါဒီများလည်း ရှိသည်။ ထိုသူတို့ကမူ သိစိတ်၏ အခြားမဲ့၌ သိစိတ်ကို ဖြစ်ပေါ်အောင် စေ့ဆော်သော်လည်း သိစိတ် မဟုတ်သော ယထာဓမ္မကို ရုပ်ခေါ်သည်ဟု အဓိပ္ပာယ် ဖွင့်ကြလေသည်။ *

ရုပ် ဟူသည် ဖြစ်တည်နေသော အမျိုးမျိုးသော ဝတ္ထုပစ္စည်း အားလုံး၏ မူလ အခြေခံ အရှိတရား (substance) ဟူ၍ လည်းကောင်း ဆိုကြလေသည်။ ရုပ်ကို အတ္တတရားကြီး အရှိတရားကြီး ဟု ယူသော အမြင်များ ဖြစ်ကြလေသည်။ အစိုင်အခဲ အရည်အငွေ့ စသော သိစိတ်နှင့် ခြားနားသော အာရုံဖြင့် ထိတွေ့သိမြင်နိုင်သော တရား၊ အာကာသ နှင့် ကာလ အစဉ်အားဖြင့် ဖြစ်ပွားတတ်သော တရား၊ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်း အားလုံး၏ အရင်းခံတရားသည် ရုပ် ဟူ၍ အမျိုးမျိုး အဓိပ္ပာယ် ဖွင့်ကြလေသည်။

သို့ရာတွင် သဂြိုဟ် ကျမ်းများ၌ ရူပ (ရုပ်) ကို 'ဖောက်ပြန်ခြင်း သဘော ရှိသောကြောင့် (ရူပ = ရုပ်) ဟူ၍လည်း ခေါ်ပါသည်' ** ဟု ပြလေသည်။

'ဖောက်ပြန်ခြင်း လက္ခဏာ ရှိသော သဘောတရား အားလုံးကို ဉာဏ်ဖြင့် တစ်စုတစ်ပေါင်းတည်းပြု၍ ရုပ်အစု "ရူပက္ခန္ဓာ" ဟု သိအပ်၏။ ထို ရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သော ရုပ္ပနလက္ခဏာအားဖြင့် တစ်ပါးတည်းသာ ရှိသော်လည်း ဘူတရုပ် ဥပါဒါရုပ် အားဖြင့် နှစ်ပါး အပြား ရှိ၏' *** ဟုလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် (ဒုတိယတွဲ) တွင် ဖော်ပြ ပါရှိလေသည်။

***ဟိနယာန ဗုဒ္ဓဝါဒ*** (Hinayana Buddhism) ကို ရေးသားသူ C. H. S .Ward ဆိုသူကမူ 'ဗုဒ္ဓ အယူဝါဒတွင် ရုပ် (ရူပ) နှင့် ဆိုင်သော သဘော အယူအဆသည် ရှုပ်ထွေး နားလည်မိရန် အလွန်ပင် ခက်ခဲသော အယူအဆ ဖြစ်သည်' **** ဟု ဆိုလေသည်။

ဗုဒ္ဓ ဘာသာ၌ လက်ခံထားသော ရုပ် (ရူပ) သဘောကို သဘော ပေါက်ဖို့ အလွန်ပင် ခက်သည် ဆိုခြင်းမှာ ဝါးဒ် ကဲ့သို့သော အနောက် နိုင်ငံသားများအဖို့ မှန်ကောင်း မှန်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် ဗုဒ္ဓဘာသာကို နားလည်ရန် သဒ္ဓါ မရှိ၍လည်း ဖြစ်ပြီး ဗုဒ္ဓ၏ အယူအဆများကို

---

* *A Dictionary of Philosophy p 280*

** *အဘိဓမ္မတ္ထသင်္ဂြိုဟ် ဒီပနီကျမ်း၊ သေကျတောင် ဆရာတော်၊ စာ ၁၆၂*

*** *ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (မြန်မာပြန်)၊ အရှင် နန္ဒမာလာ၊ စာ ၃၀၂*

**** *Hinayana Buddhism, C.H.S. Ward p 2*

www.burmeseclassic.com



ငင်းတို့ အနောက်နိုင်ငံသားများ နားလည်သကဲ့သို့ နားလည်ရန် အားထုတ်ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ နောက်တစ်နည်း ဖြစ်နိုင်သည်မှာ ထိုသူတို့သည် သဂြိုဟ် အဘိဓမ္မတ္ထ သင်္ဂဟ) အတိုင်း နားလည်ရန် အားထုတ်လျှင် နားလည်ရန် မလက်ဟု ထင်ပါသည်။ အနတ္တ လက္ခဏသုတ်တွင် ဗုဒ္ဓသည် သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ကို ခြုံ၍ ရှုမြင်သောအခါ ပို၍ အဆင့်မြင့်သော သက်ရှိကိုယ်ကို 'ခန္ဓာ ငါးပါး အစု' အဖြစ်သာ မြင်ခဲ့လေသည်။ ထို ခန္ဓာ ငါးပါးမှာ

(၁) ရုပ်ခန္ဓာ (ရုပ် အစု) – ရူပက္ခန္ဓာ Matter

(၂) ခံစားမှု ခန္ဓာ (ခံစားမှု အစု) – ဝေဒနက္ခန္ဓာ Feeling

(၃) မှတ်သားမှု ခန္ဓာ (မှတ်သားမှု အစု) – သညက္ခန္ဓာ Perception

(၄) ပြုပြင် စီရင်မှု ခန္ဓာ (ပြုပြင်စီရင်မှု အစု) – သင်္ခါရက္ခန္ဓာ Mental Formations

(၅) သိမှု ခန္ဓာ (သိမှု အစု) – ဝိညာဏက္ခန္ဓာ Consciousness

ဟူ၍ ဖြစ်လေသည်။ ထိုခန္ဓာ (အစု) ငါးခုကိုပင် ပေါင်းခြုံလိုက်သော် နာမရူပ (မြန်မာလို ရုပ်နာမ်) နှစ်ပါးသာ ရသည်။ ရုပ်ခန္ဓာကို ရုပ်အစု၊ ကျန်ခန္ဓာ လေးပါးကို နာမ်အစု ဟု သဘောကျနိုင်ပါသည်။

ခန္ဓာအားဖြင့် ဖွဲ့စည်းထားသော ထိုရုပ်အစုတွင် ဗုဒ္ဓသည် အဘယ် အရာများကို ပေါင်းရုံး ရေတွက်သနည်း။ ထိုသဘော အားလုံးကို အကျယ် မြင်လျှင် ဗုဒ္ဓသည် ရုပ်ဆိုသော တရားကို ဘယ်သို့ မြင်သည်ကို နားလည်ရ လွယ်ပြီဟု ထင်ပါသည်။

ဗုဒ္ဓသည် အဘိဓမ္မာတွင် ရုပ်သဘောကို ၂၈ မျိုး ခွဲပြတော်မူလေသည်။ အကျဉ်းအားဖြင့်မူ (၁) မဟာဘူတရုပ် နှင့် (၂) ဥပါဒါရုပ် နှစ်ပါးသာ ပြပါသည်။

အကျွန်ုပ်သည် ဗုဒ္ဓ ခွဲပြထားသော ရုပ်သဘာဝ ၂၈ မျိုးကို အကျဉ်းနည်း အကျယ်နည်း သိအောင် အားထုတ်ရ ပြန်လေ၏။ ထိုအခါ အောက်ပါ မေးခွန်းကို မေးရလေ၏။

(၁) မဟာဘူတရုပ် ဥပါဒါရုပ် ဆို သည် မှာ အဘယ်ကို ဆိုသနည်း။

တောင်မြို့ ဆရာတော် အရှင် ဇနကာဘိဝံသသည် သင်္ဂြိုဟ်ဘာသာ ဋီကာ ကျမ်းတွင် အောက်ပါအတိုင်း ခွဲပြတော် မူခဲ့လေသည်။

'ရုပ်တို့သည် အချုပ်အားဖြင့် မဟာဘုတ် ဥပါဒါရုပ်ဟု နှစ်မျိုး ပြား၏။ ထိုတွင် မဟာဘုတ်ရုပ်များသည် အထည်ကို အမာခံ ရုပ်များတည်း၊ ဥပါဒါ ရုပ်များကား ထိုမဟာဘုတ်ကို မှီရသော အပေါ်ယံ အမွှမ်းတင် ရုပ်များတည်း' *

ဤကား ဆရာတော် အရှင် ဇနကာဘိဝံသ ဖွင့်ဆိုသော စကားရပ် ဖြစ်၏။

ထိုစကားရပ်ကို ခေတ်စကားဖြင့် ပြန်၍ ရေးရသော် မဟာဘုတ်ရုပ် ဆိုသည်မှာ အခြေခံ အုတ်မြစ် (basis) ဖြစ်ပြီး ဥပါဒါ ရုပ် ဆိုသည်မှာ အပေါ်ယံ အဆောက်အအုံ (superstructure) ရုပ်ကို ဆိုလိုခြင်း ဖြစ်တန်ရာသည်ဟု ဆိုသော် ရမည် ထင်ပါသည်။

ဤတွင် အမှီ မပြုဘဲ သီးခြား တည်နေသော အခြေခံရုပ်ကို မဟာဘုတ်ရုပ်၊ အမှီ မရှိဘဲ မတည်နိုင်သော ရုပ်ကို ဥပါဒါရုပ်ဟု ခေါ်ခြင်း ဖြစ်ပေရာ ကျမ်းဂန် အလိုအားဖြင့် မဟာဘုတ်ရုပ် အချင်းချင်းလည်း တစ်ခုက ကျန်သုံးခုကို မှီနေရသည် မဟုတ်လား ဟု စောဒက တက်ဖွယ် ရှိသဖြင့် မဟာဘုတ်ကိုကော ဥပါဒါရုပ် မခေါ်နိုင်လားဟု မေးရန် အခွင့် ပေါ်နိုင်လေသည်။ ထို ဝိဝါဒကို တောင်မြို့ ဆရာတော် အရှင် ဇနကာဘိဝံသ က မဟာဘုတ်ကို ဥပါဒါရုပ် မခေါ်နိုင်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် ဥပါဒါရုပ်သည် မှီရုံသာ မှီတတ်၍ တစ်ပါးသော ရုပ်တို့၏ အမှီ မခံရ၊ မဟာဘူတ ရုပ်များမှာကား အချင်းချင်းသာ မှီတတ်သည့်ပြင် တခြားသော ရုပ်များ၏ မှီခြင်းကိုပါ ခံရသည်ဟု ဆုံးဖြတ်ထားလေသည်။

ရှင်းပါပြီ။ ဗုဒ္ဓသည် ရုပ်တရား (ဝါ) ရုပ် ဟူသော ဓမ္မကို အခြေခံရုပ်နှင့် အပေါ်ယံရုပ် ဟူ၍ နှစ်ပါး အပြား အဖြစ် ရှုမြင်ထားကြောင်းကား ရှင်းပါသည်။ သို့ဆိုလျှင် မဟာဘုတ် ခေါ်သော အခြေခံ ရုပ်များသည် အဘယ်နည်း။

အကျွန်ုပ်လည်း သဘော ရှင်းစေရန် အထက် မေးခွန်းကို မေးမိပြန်လေသည်။ ဗုဒ္ဓသည် ဘူတရုပ်ကို လေးမျိုး ရှိကြောင်း အဘိဓမ္မာတွင် ရေတွက်ပြတော်

---

* *သင်္ဂြိုဟ်ဘာသာ ဋီကာ၊*
*အရှင် ဇနကာဘိဝံသ၊ စာ ၃၈၀*

www.burmeseclassic.com



မူလေသည်။ ထိုလေးမျိုးကား

(၁) ပထဝီဓာတ်

(၂) အာပေါဓာတ်

(၃) တေဇောဓာတ်

(၄) ဝါယောဓာတ်တို့ ဖြစ်ကြလေသည်။ စုမိလျှင် ထိုဓာတ်တို့သည် အကြီးအကျယ် ဖြစ်တတ်သောကြောင့် မဟာဘုတ် ခေါ်သည်ဟုလည်း အဘိဓမ္မတ္ထသရူပ ဒီပနီ ကျမ်းမှာ ဆိုထားလေသည်။

ပထဝီကို အစိုင်အခဲ (မြေဓာတ်) ဟူ၍ လည်းကောင်း၊ အာပေါကို အရည် (ရေဓာတ်) ဟူ၍ လည်းကောင်း၊ တေဇောကို အပူ (မီးဓာတ်) ဟူ၍ လည်းကောင်း၊ ဝါယောကို လှုပ်ရှား ရုန်းကန်မှု (လေဓာတ်) ဟူ၍ လည်းကောင်း အများ နားလည်သော နည်းဖြင့်လည်း ရေတွက်ကြလေသည်။

အမှန်ကား ပထဝီ ဆိုသည်မှာ မာမှု ပျော့မှု သဘောကို ဆိုသည်ဟု ဆိုနိုင်သော်လည်း ဒဿနသဘော သိပ္ပံပညာ သဘောဖြင့် ဆိုသော် အတိုင်းအဆ ပမာဏ ဓာတ်သဘော ( element of extension ) ကိုသာ ဆိုလိုခြင်း ဖြစ်၏။ ထို့ကြောင့် ကမ္ဘာ့ သာသနာပြု သက်တော်ရှည် ဆရာတော်ကြီး အရှင် သေဋ္ဌိလ (အဂ္ဂမဟာ ပဏ္ဍိတ) က ၁၉၅၃ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်၌ ပို့ချတော်မူခဲ့သော 'အတ္တ နှင့် အနတ္တ' (Discourse on Atta and Anatta) * တွင် အောက်ပါ အတိုင်း (အင်္ဂလိပ် ဘာသာဖြင့်) ဟောတော် မူခဲ့လေသည်။

The element of extension which is the fundamental principle of matter (ရုပ်တရား၏ အရင်းမူလ ပဓာနဓာတ်သည် ပမာဏ သဘောပင် ဖြစ်သည် ဟူလို။) အဘယ်ကြောင့် ထိုကဲ့သို့ ပမာဏသဘော (ပထဝီဓာတ်) ကို ဆရာတော်က ရုပ်၏ ပဓာန အခြေခံဓာတ်ဟု ဆိုရသနည်း။

ထိုပုစ္ဆာကို ဆရာတော်ကြီးက 'ထိုဓာတ်သည် အရာဝတ္ထုများကို အာကာသ (ဟင်းလင်းပြင်) အတွင်း တည်စေ၊ နေရာဌာန ရစေနိုင်သောကြောင့် ဖြစ်သည် (It is this element which enables objects to occupy space ) ဟု ဖြေတော်မူလေသည်။

အာပေါ၏ သဘောကို (ရေ) ဟု ဆိုခြင်းမှာ ဖွဲ့စည်းခြင်း (cohesion) စေးကပ်ခြင်း သဘောကို ဆိုခြင်း ဖြစ်လေသည်။ ထို အာပေါဓာတ်က တကွဲတပြား ပြန့်ကျဲနေသော ရုပ်၏ အမှုန် အဏုမြူ (အက်တမ်) များကို အစုအခဲ ဖြစ်လာအောင် ပေါင်းစည်းပေးကြောင်း ဆရာတော်က ပြဆိုပါသည်။

တေဇောကား အပူဓာတ် ဖြစ်၏။ ရုပ်ကို ရင့်ကျက်စေတတ်သော သဘော ဖြစ်ကြောင်း ဆရာတော်က မိန့်ဆိုပါသည်။

ဝါယောဓာတ်ကား ထောက်ကန် ချီပင့်ထားသော သဘော၊ လှုပ်ရှား ရုန်းကန်မှု သဘော ဖြစ်၏။ လှုပ်ရှားမှု တုန်ခါမှုများ အားလုံးသည် ဝါယောဓာတ်၏ သတ္တိများချည်း ဖြစ်ကြကြောင်းကိုလည်း ဆရာတော်က ဖွင့်ဆို ပြခဲ့လေသည်။

ဘူတရုပ် လေးပါးမှ ဆင့်ပွား၍ အထည်ဒြပ် အသွင်သဏ္ဌာန်အားဖြင့် နောက်ထပ် ဖြစ်ပေါ်လာသော ဥပါဒါရုပ် ၂၄ မျိုး ရှိကြောင်း ဗုဒ္ဓသည် အတိအကျ ဖော်ထုတ် ဟောကြားနိုင်သည်မှာ ထူးခြားလှပါသည်။ ထူးခြားကြောင်းကို မဆိုမီ ထို ဥပါဒါရုပ် ၂၄ ပါးကို စာရင်းချ ကြည့်ချင်ပါသည်။ စာရင်းချလျှင် ဤသို့ ရပါလိမ့်မည်။

(၁) ဘူတရုပ် လေးပါး (ပထဝီ အာပေါ ဝါယော တေဇော)

ထိုမှ ဆင့်ပွားသော–

(၂) ပသာဒရုပ် ငါးပါး (စက္ခု သောတ ဃာန ဇိဝှာ ကာယ)

(၃) ဂေါစရရုပ် လေးပါး (ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ဩဇာ)

(၄) ဘာဝရုပ် နှစ်ပါး (မိန်းမရုပ် ယောကျ်ားရုပ်)

(၅) ဟဒယရုပ် တစ်ပါး (မနောဝိညာဏဓာတ် စေတသိက်တို့ မှီရာ)

(၆) ဇီဝိတရုပ် တစ်ပါး (ကမ္မဇ ရုပ်တို့၏ ရှင်သန်မှု သဘော)

(၇) အာဟာရရုပ် (ဩဇာ) တစ်ပါး (ပထဝီ အာပေါ အဆီဩဇာ)

အထက်ရုပ် ၁၈ ပါးကို သဘာဝရုပ်လည်း ခေါ်သည်။

နောက်ထပ် ရုပ် ဆယ်ပါး ရှိသေး၏။ ၎င်းတို့သည် ခဏသုံးပါး (ဖြစ်တည်ပျက်) ပြည့်စုံစွာ ဖြစ်ပေါ်ပြီးစီးသော ရုပ်များ မဟုတ်ကြသောကြောင့် အသဘာဝ

---------------

* *Discourse on Atta and Anatta by Ven; Ashin Thittila ( The Light of Dhamma - vol ii) No. 1*

www.burmeseclassic.com



ရုပ် (အနိပ္ဖန္နရုပ်) ခေါ်သည်။

ထိုဆယ်ပါးမှာ –

(၁) ပရိစ္ဆေဒရုပ် ၁ ပါး (အာကာသ)

(၂) ဝိညတ်ရုပ် ၂ ပါး (ကာယရုပ် ဝစီရုပ်)

(၃) ဝိကာရရုပ် ၃ ပါး (ကြမ်းမှု နုမှု လှုပ်ရှားခြင်း၌ ခိုင်ခံ့မှု)

(၄) လက္ခဏာရုပ် ၄ ပါး (ဥပစယ သန္တတိ ဇရတာ အနိစ္စတာ)

ရုပ်မျိုး ၂၈ ပါးတွင် ဘူတရုပ် လေးပါးမှ ကြွင်းသော ရုပ် ၂၄ မျိုးကို ဥပါဒါရုပ် ခေါ်လေသည်။

အကျွန်ုပ်သည် အနောက်တိုင်း အတွေးအခေါ်များစွာကို လည်းကောင်း၊ ခေတ်သိပ္ပံ ပညာများကို လည်းကောင်း များစွာ လေ့လာခဲ့ရာတွင် ရုပ်သဘာဝများစွာကို ဤမျှ သဘော ရှင်းအောင် ကုန်စင်အောင် ထုတ်ဖော် ညွှန်ပြနိုင်သော အတွေးအမြင် တစ်ခုတလေကိုမျှ မတွေ့ခဲ့ရဖူးကြောင်းကိုမူကား ဤနေရာတွင် ဝန်ခံလိုပါ၏။ အဘယ် တစ်စုံတစ်ယောက်သော လူပုဂ္ဂိုလ် ပညာရှိသည် အကျွန်ုပ် မတွေ့ဖူးသော်လည်း အနောက်တိုင်း ပညာရပ်များတွင် ထို့ထက်မက ပို၍ စနစ်ကျသော ရုပ်သဘာဝ အခြင်းအရာများကို ရေတွက်ပုံ ရှိပါသည်ဟု ပြနိုင်ပါမူကား အကျွန်ုပ်သည် ထိုပုဂ္ဂိုလ်အား များစွာပင် အထင်ကြီးမည် ဖြစ်ပါ၏။

အကျွန်ုပ်သည် အနောက်တိုင်း ဒဿန ပညာ၌ ဖြစ်စေ၊ သိပ္ပံပညာ၌ ဖြစ်စေ မဟာဘူတရုပ်မှ အပ ဖြစ်သော အပေါ်ယံ အဆောက်အအုံ (ဥပါဒါရုပ်) များကို ဤမျှ ပြည့်စုံအောင် ရှုမြင်ထားသော အတွေးအမြင် တစ်ခုတလေကိုမျှ မတွေ့ခဲ့ရ ဟု ဆိုခြင်းမှာ မရှိသောကြောင့် ဆိုခြင်း ဖြစ်သည်ဟုလည်း ဝန်ခံလိုပါ၏။

အနောက်တိုင်း သိပ္ပံပညာတွင် ရုပ်၏ အသေးပိုင်း အမှုန်ပိုင်း အထိ လေ့လာသော သိပ္ပံပညာလည်း ရှိပါသည်။ ၎င်းမှာ မိုက်ကရိုစကုပ်ပစ် (microscopic study) လေ့လာနည်း ဖြစ်ပါသည်။ ၎င်းနည်း အရ လေ့လာသော အခါ ဘူတရုပ်များတွင် ပထဝီ သဘာဝကို လေ့လာရာမှ ယခုခေတ် အခေါ် နျူကလီယ သိပ္ပံ ဖြစ်ပေါ်လာပါသည်။ ရုန်းကန် လှုပ်ရှားမှု ထောက်ကန်မှု သဘာဝများကို လေ့လာရာမှ မက္ကင်းနစ် ပညာများ၊ ဒိုင်းနမစ် ပညာများ ထွန်းကား လာပါသည်။

ရုပ်၏ အတိုင်းအဆ ပမာဏ သဘောကို လေ့လာသော ပညာသည် ရူပဗေဒ ပညာရပ် ဖြစ်ပါသည်။ အာကာသ နှင့် ကာလ ဖြစ်စဉ်တွင် ရုပ်တို့၏ ပြုပြင်ပုံ ဖောက်ပြန်ပုံများကို ထိုပညာက အကျယ် လေ့လာပါသည်။ ထိုမှ နျူကလီယ ရူပသိပ္ပံ ဖြစ်ပေါ်လာပါသည်။ နောက်ဆုံး အိုင်စတိုင်း၏ ရီလေတီဗစ်တီ သီဝရီနှင့် ကွမ်တမ် သီဝရီ၊ ထိုမှ ဟိုက်ဇင်ဘတ်၏ မသေချာမှု နိယာမ (Law of Uncertainty) ဖြစ်ပါသည်။

ရုပ်သဘာဝကို လေ့လာရင်း မျက်မှောက်ခေတ် သိပ္ပံပညာက ဘာတွေကို တွေ့ရှိသည်ကို မဖော်ပြမီ ထို ပထဝီရုပ် သဘာဝ တစ်ခုတည်းကို ဗုဒ္ဓ စူးစမ်း၍ နားလည်ခဲ့ပုံကို ဦးစွာ တင်ပြသင့်သည် ထင်ပါ၏။

ထိုအချက်ကို မစူးစမ်းမီ ဦးစွာ သင်္ဂြိုဟ်၌ ရုပ်ကို ဝေဖန် ပြပုံကိုပါ သိထားမှ နောင်တွင် ပို၍ သဘော ရှင်းပါလိမ့်မည်။

ဗုဒ္ဓက ဥပါဒါ ရုပ်များကို (၁) အတွင်းရုပ် နှင့် (၂) ပြင်ပရုပ်များ ဟုလည်း ခွဲကြည့်ရန် ပြညွှန်တော်မူပါသည်။

သက်ရှိ သတ္တဝါတို့တွင် အတွင်းရုပ် (အဇ္ဈတ္တိက ရုပ်) တို့သည် စက္ခု သောတ ဃာန ဇိဝှာ ကာယ စသော သဘာဝရုပ် ငါးခု ဖြစ်၏။ ကျန် ၂၃ မျိုး သည် အပြင်ရုပ်များ (ဗာဟိရ ရုပ်) ဖြစ်၏။

ပြီးမှ ဗုဒ္ဓသည် အတွင်းရုပ် အပြင်ရုပ်တို့တွင် ဝတ္ထုရုပ် နှင့် အဝတ္ထု (ဝတ္ထုမဲ့) ရုပ်ဟူ၍ ခွဲနိုင်သေးကြောင်း ထပ်ပြလေသည်။

ထိုမှတစ်ဖန် ဝီထိစိတ်တို့ ကံတို့ဖြစ်ရာ တံခါးဝ နှင့် တူသောကြောင့် ဒွါရ ရုပ် အဒွါရရုပ်ဟု ခွဲနိုင်သေးကြောင်းလည်း ပြတော် မူပြန်သည်။

ထိုမှတစ်ဖန် အစိုးရမှု အစိုးမရမှု သဘောကို အကြောင်းပြု၍ ဣန္ဒြိယရုပ် အနိန္ဒြိယရုပ် ခွဲနိုင်သေးကြောင်းလည်း ပြပြန်လေသည်။

တချို့ ရုပ်များမှာ သိမြင်လွယ်မှု ကြမ်းတမ်းမှု ကြောင့် ဩဠာရိကရုပ် စသည်ဖြင့် အကျယ် ဖွင့်ဆိုဟောကြားပါသည်။ ဤတွင် အကုန်အစင် ဖော်ပြလျှင် စိတ်ရှုပ်ထွေးဖွယ် ဖြစ်မည် စိုး၍ ချန်ထားရပါသည်။ အကျယ် သိလိုသော ပုဂ္ဂိုလ်များသည် သင်္ဂြိုဟ်၌ လေ့လာနိုင်ပါ၏။

ဤတွင် အထူး သိအပ်သော ဗုဒ္ဓ၏ ရုပ်အမြင် တစ်မျိုးမှာ 'အဝိနိဗ္ဘောဂ ရုပ်' ဖြစ်ပါသည်။ ခွဲခြမ်း၍ မရ တစ်ပူးတည်း တစ်ပေါင်းတည်းသာ အစဉ် နေတတ်သောကြောင့် ထိုပရမတ္ထ သဘာဝရုပ်ကို အဝိနိဗ္ဘောဂ

www.burmeseclassic.com



ခေါ်ခြင်း ဖြစ်ပါသည်။ အဝိနိဗ္ဘောဂရုပ် ရှစ်ပါး ရှိပါသည်။ ၎င်းတို့မှာ မဟာဘုတ် လေးပါး နှင့် အဆင်း (ဝဏ္ဏ)၊ အသံ (သဒ္ဒ)၊ အနံ့ (ဂန္ဓ)၊ အရသာ ဩဇာ (ရသ) ဓာတ်တို့ ဖြစ်ကြပါ၏။ ၎င်းဓာတ် ရှစ်မျိုးသည် တစ်ခုမှ တစ်ခုကို ခွဲထုတ်၍ မရစကောင်းသောကြောင့် အဝိနိဗ္ဘောဂ ခေါ်သည်ဟု မှတ်သင့်ပါ၏။

ထိုရုပ်တို့ကို အမျိုးမျိုး အမည်မည် ဖြစ်ပေါ်အောင် ဖန်တီးသော အကြောင်း တရားသည် လေးပါး ရှိသည်ဟု ဗုဒ္ဓက ပြည့်ွန်တော် မူပါသည်။

ထိုအကြောင်းတရား လေးပါးသည်

(၁) ကံ အကြောင်းတရား

(၂) စိတ် အကြောင်းတရား

(၃) ဥတု အကြောင်းတရား

(၄) အာဟာရ အကြောင်းတရားတို့ ဖြစ်လေသည်။

ကံ စိတ် ဥတု အာဟာရ အကြောင်း အကျယ်ကို မသိမီ ရုပ်၏ အနု သဘော ပထဝီဓာတ်ကို ဗုဒ္ဓ ထိုးထွင်း သိမြင်တော်မူပုံကို နားလည်အောင် အကျွန်ုပ် အားထုတ်ရပြန်လေ၏။

ဗုဒ္ဓသည် ရုပ်၏ အသေးဆုံး ယူနစ် တစ်ခုကို ရုပ်ကလာပ် (ရူပကလာပ) ဟု ခေါ်လေသည်။ ရုပ်ဓာတ် ငါးပါး (ပထဝီ တေဇော အာပေါ ဝါယော အာကာသ) ကို အဘိဓမ္မာနည်းဖြင့် ရှုပုံကို ပြရာ၌ သေက္ခတောင် ဆရာတော် ဦးတိလောကသည် ***ပဏ္ဍိတ ဝေဒနိယ ဒီပနီ ကျမ်း*** တွင် ပြပုံမှာ အလွန် ထူးခြားသည်ဟု အကျွန်ုပ် ထင်မိပါသည်။ ဆရာတော် ပြည့်ွန်ပုံမှာ ဤသို့ ဖြစ်၏။

'တပည့်တို့ ဤရုပ်ဓာတ် ငါးပါးတို့ကို အဘိဓမ္မာ နည်းအားဖြင့်ကား ဤသို့ ဝေဖန် ကြည့်ရှုရမည်၊ ဤ ရေ မြေ လေ မီး ဓာတ်ကြီး လေးပါးတို့တွင် ခက်မာခြင်း ကြိယာကလေးမျှသာ ဖြစ်သော အဖတ် သဘောကလေး ကို ပရမတ် မြေဓာတ်ဟု မှတ်၊ စိုစွတ်ခြင်း ကြိယာ ကလေးမျှသာ ဖြစ်သော အရည်သဘော ကလေးကို ပရမတ် ရေဓာတ်ဟု မှတ်၊ ပူခြင်း အေးခြင်း ကြိယာ ကလေးမျှသာ ဖြစ်သော ထက်မြက်သော အရှိန် သဘော ကလေးကို ပရမတ် မီးဓာတ်ဟု မှတ်၊ လွင့်ခြင်း တိုးဝှေ့ ခြင်း ကြိယာကလေးမျှသာ ဖြစ်သော သန်စွမ်းသော အဟုန် သဘောကလေးကို ပရမတ် လေဓာတ်ဟု မှတ်။

'အဖတ် သဘော အရည် သဘောတို့ကား အထည် ဝတ္ထု သဘောတည်း၊ အရှိန် သဘော အဟုန် သဘော တို့ကား သတ္တိ သဘောတည်း၊ အထည်ဝတ္ထု သဘော မဟုတ်။

'ဤကဲ့သို့ ရှေးဦးစွာ ပရမတ္ထအစစ် ဓာတ်ကြီး လေးပါးတို့၏ သဘော လက္ခဏာ တရားကိုယ်ကို ကောင်းမွန် သေချာစွာ မှတ်ကြ သိကြ တပည့်တို့။

'ဤ ဓာတ်ကြီး လေးပါးတို့သည် သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ဟူသော ငါးပါးသော ပစ္စယသတ္တိ (ပဋ္ဌာန်း) ဖြင့် အချင်းချင်းအား ကျေးဇူး ပြုကြလျက် တစ်ပါးကို တစ်ပါး မှီတွယ်၍သာ ဖြစ်နိုင် ကြကုန်၏။ တစ်ပါးကို တစ်ပါး မမှီတွယ်ရဘဲ တခြားစီ ခွဲ၍ မဖြစ်နိုင်ကြကုန်။ (ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ အစ ချီသော ဂါထာဖြင့် ပဋ္ဌာန်း ပါဠိတော်မှာ ဘုရားရှင် ဟောတော်မူသည်။)

'ဤကဲ့သို့ အချင်းချင်း ကျေးဇူး ပြုကြလျက် တစ်ပါးကို တစ်ပါး မှီတွယ် အားထားကြလျက် တစ်ပေါင်းတည်း တစ်စုတည်း ဖြစ်၍ နေကြသော ဤဓာတ်ကြီး လေးပါး အစုအခဲကလေး တစ်ခုကို ရုပ်ကလာပ်ကလေး တစ်ခုဟု ခေါ်သည်၊ ရုပ်ကလာပ်ကလေး တစ်ခုဟု မှတ်ကြ။

'ကလာပ သဒ္ဒါ– အပေါင်း အစု အစည်း ဟော၊ ရုပ်သဘော တစ်ခုတည်း မဟုတ်၊ သဘော အများ စုစည်း၍ ပေါင်း၍ နေကြသည်ဖြစ်၍ ရုပ်ကလာပ်ဟု ခေါ်၏၊ ရုပ်ကလာပ် ဆိုသည်နှင့် (ရုပ်စည်း) ဆိုသည် အတူတူ' *

ရူပကလာပ် တစ်ခုသည် 'ရုပ်စည်း' တစ်ခု ဖြစ်ကြောင်းကို လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်က ဗုဒ္ဓသည် ရှုမြင်ပြီး တင်ပြခဲ့သည်ကို နှစ်ဆယ်ရာစုသို့ ရောက်သော အခါမှ ကမ္ဘာ့ သိပ္ပံပညာရှင်တို့ သိနားလည် လာကြခြင်း ဖြစ်လေသည်။

၁၉၁၁ ခုနှစ်သို့ ရောက်သောအခါ ကမ္ဘာ့ သိပ္ပံ ပညာရှင်ကြီး တစ်ဦးဖြစ်သူ ရသာဖို့ဒ် (Rutherford) သည် လက်ရှိ ထွန်းကားဆဲ ဖြစ်သော ရုပ်ပိုင်းဆိုင်ရာ န္ယူကလီးယား အဏုမြူ သီဝရီကို ဖော်ထုတ်နိုင်လေသည်။ ထိုသီဝရီ အရ အဏုမြူ (အက်တမ်) တစ်ခု အတွင်းတွင် လျှပ်စစ်ဓာတ် ၉၉ ရာခိုင်နှုန်းကျော်ကို ထုတ်ပေးနိုင်သော န္ယူကလိယ ဝတ်ဆံ ရှိပြီး ထိုဝတ်ဆံကို ဆန့်ကျင်ဘက် ဓာတ်ကြွ အမှုန်များက ဝိုင်းရံ

* ပဏ္ဍိတဝေဒနိယ ဒီပနီ၊ သေက္ခတောင် ဆရာတော်၊ စာ ၁၁၆

www.burmeseclassic.com



ရစ်ပတ်လျက် ရှိသည်ဟု ဆိုလေသည်။ ထို အဏုမြူ (အက်တမ်) သည် ရုပ်ပေါင်းများစွာ စုစည်းထားသော 'ရုပ်စည်း' တစ်ခု ဖြစ်ကြောင်းကို နီးလ်ဘိုး ဆိုသူနှင့် အတူ ရသာဖို့ဒ်သည် အက်တမ်၏ ရုပ်ပုံလွှာကို ထုတ်ပေးနိုင်ခဲ့လေသည်။ *

ဤတွင် အကြောင်း တိုက် ဆိုင် သ ဖြင့် ဗုဒ္ဓ အယူအဆနှင့် ခေတ်သိပ္ပံ အယူအဆကို ဆက်စပ်လျက် သဘော ရှင်းအောင် ဆိုပါဦးမည်။

ဗုဒ္ဓက 'ဧကောဓမ္မော'ဟု ဆိုသည်။ အစစ်အမှန် တရားသည် တစ်ခုတည်း တစ်မျိုးတည်း တစ်စားတည်းသာ ဖြစ်သည်ဟု ရှုမြင်ခဲ့၏။ ထို ဗုဒ္ဓ ဆိုသော 'ဓမ္မော' (ဝါ) ဓမ္မကို အင်္ဂလိပ်လို ပြန်လျှင် (reality) အစစ်အမှန် တရားဟု ပြန်နိုင်မည် ထင်ပါသည်။

သဘာဝတရား (ဝါ) အစစ်အမှန် တရားကား တစ်ခုတည်းသာ။ ထိုအစစ်အမှန် သဘောကို ရှုမြင်ကြရာတွင်သာ အမြင်တွေ ကွဲပြားခဲ့ကြခြင်း ဖြစ်လေသည်။ ဤတွင် အကျွန်ုပ် သတိထားမိသော အချက် တစ်ချက် ရှိလေသည်။ ထို အချက်သည် အမှန်တရားကို ဖော်ထုတ်ကြရာ၌ သဘော အယူအဆချင်းပင် တူကြသော်လည်း သုံးနှုန်းသော ဘာသာစကား ကွဲပြားမှုကြောင့် သဘောချင်း မတူဟု ယူဆရခြင်း ဖြစ်လေ၏။

ဤတွင် ထိုအချက်သည် ပေါ်လွင် ထင်ရှားလာလေ၏။ ခေတ်သိပ္ပံ ပညာတွင် 'ဒြပ်' (mass) ဟု ခေါ်သော အရာသည် ဗုဒ္ဓဓမ္မတွင် 'ပထဝီ' ခေါ်သော အရာနှင့် ဘာခြားနားသနည်း။ ဘာမျှ မခြား သဘောချင်း အတူတူပင် ဖြစ်လေသည်။

ကွယ်လွန်သူ ရူပဗေဒ ပါမောက္ခ ဦးစံသာအောင် (အထက်တန်း ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) ရေးသားခဲ့သော ***အက်တမ် နှင့် နျူကလီယ စွမ်းအင်*** စာအုပ်တွင် ရှင်းလင်း တင်ပြထားပုံကို လေ့လာကြည့်လျှင် အကျွန်ုပ် ဆိုခဲ့သော အချက်သည် ထင်ရှားပါလိမ့်မည်။

ပါမောက္ခ ဦးစံသာအောင်က ဤသို့ ဆိုလေသည်။

'လူ၏ ခန္ဓာကိုယ်ကို အရိုးများ၊ ကိုယ်တွင်း အင်္ဂါများ နှင့် ကြွက်သား ပြင်ပမှ မမြင်နိုင်သော နှစ်ဆဲလ်များ၊ တစ်ရှူးများ၊ သွေးခြည်ဥများဖြင့် ဖွဲ့စည်းထားသည်ဟု ကျွန်ုပ်တို့ ယူဆသကဲ့သို့ပင် သိပ္ပံပညာရှင်များကလည်း ဒြပ်တို့ကို အလွန် သေးငယ်ပြီး တိကျသော ဂုဏ်အင်္ဂါ လက္ခဏာများ ရှိသည့် မျက်စိဖြင့် မမြင်နိုင်သော အမှုန်ယူနစ်များဖြင့် ဖွဲ့စည်းထားသည်ဟု ယူဆကြ၏။' *

ဆရာ ဦးစံသာအောင်က ဤသို့ ဆိုပြီးနောက် ဒြပ်၏ အငယ်ဆုံး ယူနစ်သည် အက်တမ် ဖြစ်ကြောင်း၊ အက်တမ်ထက် တစ်ဆင့်ကြီးသော ယူနစ်မှာ မော်လီကျူး၊ မော်လီကျူးထက် တစ်ဆင့် ကြီးသော ယူနစ်သည် ခရစ်ဆဲလ် ခေါ် ပုံဆောင်ခဲ ယူနစ် ဖြစ်ကြောင်း အဆင့်ဆင့် ရှင်းပြ ထားလေသည်။ *

နီးလ်ဘိုး ဆိုသူ ဒိန်းမတ် နိုင်ငံသား ရူပဗေဒ ပညာရှင်သည် သူ၏ ထင်ရှားလှသော အက်တမ် ခန္ဓာအိမ် တည်ဆောက်ပုံကို ၁၉၁၃ ခုနှစ်တွင် တင်ပြနိုင်ခဲ့လေသည်။ ထိုအချက်ကို ဆရာ ဦးစံသာအောင်က အောက်ပါအတိုင်း ဖော်ပြ လေသည်။

'သူ၏ သီဝရီ အရ အက်တမ် တစ်လုံးတွင် လျှပ်စစ် အဖိုဆောင်သော နျူကလိယကို အီလက်ထရွန်များသည် စက်ဝိုင်းပတ် လမ်းကြောင်းများ အတိုင်း လှည့်ပတ်လျက် တည်နေကြလေသည်။ နောင်တွင် စက်ဝိုင်းပတ်လမ်း ပုံစံကို သာမက ဘဲဥပုံ ပတ်လမ်း ပုံစံမျိုးပါ ဖြစ်နိုင်ကြောင်းကို တင်သွင်းခဲ့ကြလေသည်။'

တစ်ဖန် ဆရာသည် အစက အက်တမ်နှင့် ပတ်သက်၍ အစိတ်အပိုင်း နှစ်ရပ်ကိုသာ လူတို့ သိခဲ့ကြကြောင်း၊ ၎င်းတို့မှာ အက်တမ်ထဲတွင် အီလက်ထရွန်နှင့် ပရိုတွန်တို့ ဖြစ်ကြောင်း၊ နောက်မှ တတိယ အစိတ်အပိုင်း ဖြစ်သော နျူထရွန်ကို တွေ့ရှိရကြောင်း အောက်ပါ အတိုင်း ဖော်ပြခဲ့လေသည်။

'နျူထရွန်ကို အင်္ဂလိပ် ရူပဗေဒ ပညာရှင် ဆာဂျိမ်း ချက်ဒဝစ်သည် ၁၉၃၂ ခုနှစ်တွင် တွေ့ရှိခဲ့၏။ ဘယ်ရီလီယန် ဒြပ်စင်ကို အာလဖာမှုန့်ဖြင့် ပစ်ခွင်းခြင်းဖြင့် ယင်းကို စတင် တွေ့ရှိခဲ့စဉ်က ယင်းသည် အမှုန် မဟုတ်ဘဲ ရောင်ခြည် တစ်မျိုးဟု ထင်ခဲ့ကြ၏'

ဤ တင်ပြချက်များကို ထောက်ရှုလျှင် အသေးဆုံး ဖြစ်သော အက်တမ်သည် ကလာပ ခေါ် ရုပ်စည်း တစ်ခု ဖြစ်ပြီး ထိုအက်တမ် (ရုပ်စည်း) တွင် အီလက်ထရွန်၊ ပရိုတွန်နှင့် နျူထရွန် ဓာတ်များ ပါဝင်နေကြောင်း သဘောရှင်း လေပြီ။

---

* *အက်တမ်နှင့် နျူကလိယ၊ ဦးစံသာအောင်၊ စာ ၂၅၊ ၂၆*

* *အက်တမ်နှင့် နျူကလိယ၊ ဦးစံသာအောင်၊ စာ ၂၆*

www.burmeseclassic.com



ဆရာ ဦးစံသာအောင်၏ အက်တမ် (ရုပ်စည်း) ၏ ခန္ဓာအိမ် တည်ဆောက်ပုံ ဆွေးနွေးချက်သည်လည်း စိတ်ဝင်စားဖွယ် ကောင်းပါသည်။ ဆရာသည် ရုပ်စည်း တစ်ခု၏ ဖွဲ့စည်းပုံကို နှစ်ဆယ်ရာစု သိပ္ပံပညာရှင်များ တွေ့ရှိထားသည့် အချက်ကို ဤသို့ ဖော်ပြပြန်လေသည်။

'နျူထရွန်ကို တွေ့ရှိခြင်းဖြင့် ယနေ့ အထိ သိရှိထားသော အက်တမ် တစ်လုံး တည်ဆောက်ပုံ အကြောင်းကို ဆွေးနွေးရန် ပြည့်စုံ (သော အခြေအနေ ရှိ) သလောက် ဖြစ်သွားပြီ ဖြစ်သည်။

'နျူထရွန်သည် အက်တမ်၏ နျူကလိယ အတွင်း မှ ထွက်လာသော အမှုန်ဖြစ်ရာ အက်တမ်၏ နျူကလိယ ကို ပရိုတွန်နှင့် နျူထရွန်တို့ဖြင့် တည် ဆောက် ထား ကြောင်း သိကြ၏။ နျူကလိယတွင် ပါဝင်သော အမှုန် ကို နျူကလိယွန်ဟု ခေါ်၏။ ထို့ကြောင့် ပရိုတွန်ကို လည်းကောင်း၊ နျူထရွန်ကို လည်းကောင်း နျူကလိ ယွန် ဟု ခေါ်၏။

'အီလက်ထရွန်သည် ယင်း ပရိုတွန်နှင့် နျူထရွန် တို့ဖြင့် တည်ဆောက်ထားသော နျူကလိယကို ပြင်ပမှ စက်ဝိုင်းပတ် လမ်းကြောင်း၊ ဘဲဥပုံ ပတ်လမ်းကြောင်းများ အတိုင်း ပတ်နေ၏။ အီလက်ထရွန်များကို အက်တမ် အတွင်းမှ လွတ်ထွက်၍ မသွားစေရန် မည်သို့ ထိန်း ထားသနည်း။ ထိန်းထားပုံမှာ ကမ္ဘာနှင့် အခြား ဂြိုဟ်များ ကို နေက ထိန်းထားသည့် အတိုင်းပင် ဖြစ်၏။ နေ၏ ဒြပ်ဆွဲအားသည် ကမ္ဘာကြီးအား တစ်ချိန်လုံး ဆွဲနေ၏။ အက်တမ်တွင်လည်း ထိုအတိုင်းပင် ဖြစ်၏။' *

ဤကား ရူပ ကလာပ (ရုပ်စည်း) တစ်ခု၏ အသွင်အပြင်ကို ခေတ်သိပ္ပံ ပညာက ရှင်းလင်း ဖော်ပြ ချက် ဖြစ်၏။

ထိုသဘောကို ယခုမှသာ သိပ္ပံ ခေတ်ပညာက သိကြသော်လည်း လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော် အခါကပင် ဓာတ်ခွဲခန်း မရှိ၊ အီလက်ထရွန် အဏု ကြည့် မှန်ဘီလူး မရှိဘဲလျက် ဗုဒ္ဓ ရှုမြင် သုံးသပ်နိုင်ခဲ့ သည်မှာကား ထို့ထက် ပို၍ အံ့သြဖွယ် မရှိတော့သည် အမှန် ဖြစ်တော့၏။

ဗုဒ္ဓဝါဒ အရ ဒြပ်ဟု ခေါ်သော ပထဝီ ရူပ ကလာပ်များ ဖြစ်ပေါ် တိုးတက်လာပုံကို သေက္ချတောင် ဆရာတော်၏ ရှင်းပြချက်အား ဆက်လက် လေ့လာ ကြည့်လျှင် အကျွန်ုပ် ရင်သပ်ရှုမော ဖြစ်ရသကဲ့သို့ပင် စာဖတ်သူတို့လည်း ခံစားရပါလိမ့်မည်။ ဆရာတော်က အက်တမ် ခေါ် ရုပ်ကလာပ်ကို ဖော်ပြရာတွင် ဤသို့ ဆိုပြန်လေသည်။

'ဤရုပ်ကလာပ်ကိုလည်း ပရမတ္ထ ရုပ်ကလာပ် ဟုလည်း မှတ်ကြ၊ ပရမတ္ထ ရုပ်ကလာပ် မည်သည်ကား တစ်ပါးကို တစ်ပါး မမှီတွယ်ရဘဲ မဖြစ်နိုင်ကြ၊ မတည် နိုင်ကြ၊ ထိုသို့ မဖြစ်နိုင် မတည်နိုင်ကြ သောကြောင့် လည်းကော်င်း၊ ဘယ်ရုပ်က အောက်က၊ ဘယ်ရုပ်က အထက်က၊ လက်ဝဲက၊ လက်ယာက၊ အတွင်းက၊ အပြင်က ဟူ၍လည်း ရွေးချယ်၍ မရကောင်းဘဲ တစ်ခု တည်းကဲ့သို့ ဖြစ်၍ နေကြ၏။ ထိုသို့ ဖြစ်နေကြခြင်း ကြောင့် လည်းကောင်း တစ်ပါး နှင့် တစ်ပါး ခွဲခြား၍ မရကောင်းသော အဝိနိဗ္ဘောဂအားဖြင့် စုစည်း၍ နေကြ ၏။ တစ်ပါး မဖြစ်လျှင် မရှိလျှင် တည်ရာ မှီတွယ်ရာ မရှိ၍ အကုန်လုံး မဖြစ် မရှိ။ တစ်ပါး ဖြစ်လျှင် တည်ရာ မှီတွယ်ရာ ရှိ၍ သဟဇာတအားဖြင့် အကုန်လုံး အတူ တကွ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာကြ၏။ တစ်ပါး ပျက်လျှင်လည်း တည်ရာ မှီတွယ်ရာ မရှိ၍ သဟဘာဂ် အားဖြင့် အကုန်လုံး အတူတကွ တစ်ပြိုင်နက်တည်း ပျက်ကြ၏။ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇ အဇ္ဈတ္တ ဗာဟိရ အလုံးစုံ ရုပ်ကလာပ် တစ်ခုနှင့် တစ်ခု ဥပါဒ် ကာလ ဌီကာလ ဘင်ကာလ (ဖြစ်ဆဲ တည်ဆဲ ပျက်ဆဲ) အရှည်အကြာလည်း အတူတူချည်းသာတည်း၊ ကလာပ် တစ်ခုနှင့် တစ်ခုလည်း ပေါင်းရောခြင်း မရှိကြ၊ ထိကာ စပ်ကာမျှသာ တည်ကြ၏။

'ဤကဲ့သို့ ပရမတ္ထ ရုပ်ကလာပ်၏ လက္ခဏာကို ကောင်းမွန်စွာ သိကြ မှတ်ကြ တပည့်တို့။

'ဤပရမတ္ထ ရုပ်ကလာပ်သည်လည်း မြေဓာတ် လွန်ကဲသော ရုပ်ကလာပ်၊ ရေဓာတ် လွန်ကဲသော ရုပ် ကလာပ်၊ မီးဓာတ် လွန်ကဲသော ရုပ်ကလာပ်၊ လေဓာတ် လွန်ကဲသော ရုပ်ကလာပ် ဟု အထင်အရှား လေးမျိုး ပြား၏။

'လောက၌ လူတို့သည် တစ် ယောက် တည်း မနေဘဲ အပေါင်း အဖော် အိမ်ဖွဲ့၍ နေဘိသကဲ့သို့၊ အိမ်သည် တစ်အိမ်တည်း မနေဘဲ အရပ်ဖွဲ့၍ ရွာဖွဲ့၍ မြို့ဖွဲ့၍ နေဘိသကဲ့သို့ ထို့အတူ ဤ ပရမတ္ထ ရုပ်ကလာပ် ကလေးတွေလည်း တစ်ခုတည်း မနေကြဘဲ များစွာ များစွာ ပေါင်းစု ဖွဲ့စည်း၍ ဖွဲ့စည်း၍ နေသော အစိုင်

---

* *အက်တမ်နှင့် နျူကလိယ၊*
*ဦးစံသာအောင်၊ စာ ၆၅၊ ၆၈*

www.burmeseclassic.com



အခဲ အထည် ဝတ္ထု အစုအပေါင်း တွေကိုကား သမူဟ ကလာပ်ဟု မှတ်ကြ'

(ဤတွင် အထက်၌ ဖော်ပြခဲ့သော အက်တမ် မော်လီကျူး ပုံဆောင်ခဲ အဆင့်ဆင့် ဖြစ်ပေါ်ပုံ နှင့် နှိုင်းယှဉ် လေ့လာသင့်ပါသည်။)

'တပည့်တို့ ပရမတ္ထ ကလာပ်ကား သူ့ဘာသာ ဖွဲ့စည်းနေသော သယံဇာတ ချည်းသာ။

'ဤ သမူဟ ကလာပ်သည်ကား သူ့ဘာသာ ဖွဲ့စည်း၍ ဖြစ်နေသော သယံဇာတ ကလာပ်လည်း ရှိ၏။ သူတစ်ပါးတို့ ဖွဲ့စည်းအပ်သော ပရံကတ ကလာပ်လည်း ရှိ၏။

'ဘဲဥကလေး တစ်ခုသည် သူ့ဘာသာ ဖွဲ့စည်းနေသော သယံဇာတ ကလာပ် တစ်ခု၊ ကျောက်ခဲကလေး တစ်ခုသည် သူ့ဘာသာ ဖွဲ့စည်း၍ ဖြစ်နေသော သယံဇာတ ကလာပ် တစ်ခု၊ ကျောက်ဖျာကြီး တစ်ခု၊ တောင်ကြီး တစ်ခု၊ စကြဝဠာကြီး တစ်ခုသည် သူ့ဘာသာ သူ့ဘာသာ ဖွဲ့စည်း၍ ဖြစ်နေသော သယံဇာတ ကလာပ် တစ်ခု၊ သစ်သီးကလေး တစ်လုံးသည် သူ့ဘာသာ ဖွဲ့စည်း၍ နေသော သယံဇာတ ကလာပ် တစ်ခု၊ သစ်ပင် တစ်ပင်၊ သစ်ရွက် တစ်ရွက်သည် သူ့ဘာသာ ဖွဲ့စည်း၍ ဖြစ်နေသော သယံဇာတ ကလာပ် တစ်ခု၊ ဆံပင်ကလေး တစ်ပင်သည် သူ့ဘာသာ ဖွဲ့စည်း၍ ဖြစ်နေသော သယံဇာတ ကလာပ် တစ်ခု၊ သွားကလေး တစ်ချောင်း၊ အသို့ကလေး တစ်လုံး၊ အသည်းကလေး တစ်လွှာ၊ ကျောက်ကပ်ကလေး တစ်လုံး၊ လူတစ်ယောက် စသည်တို့သည် သူ့ဘာသာ ဖွဲ့စည်း၍ ဖြစ်နေသော သယံဇာတ ကလာပ် တစ်ခု မည်၏။

'ဤနည်းကို မှီး၍ အလုံးစုံသော သယံဇာတ သမူဟကလာပ်တို့ ဖွဲ့စည်း၍ နေကြပုံကို မှတ်ကြ သိကြ တပည့်တို့၊ ပျဉ်ပြား တစ်ချပ်သည် သူတစ်ပါးတို့ ပြုလုပ် ဖွဲ့စည်းအပ်သော ပရံကတ ကလာပ် တစ်ခု၊ တံခါးရွက် တစ်ခုသည်၊ နံရံ တစ်ခုသည်၊ အိမ်ကြီး တစ်လုံးသည်၊ ကျောင်းကြီး တစ်ဆောင်သည် သူတစ်ပါးတို့ ပြုလုပ် ဖွဲ့စည်းအပ်သော ပရံကတ ကလာပ် တစ်ခု၊ အုတ်ချပ်ခဲ တစ်ခုသည် သူတစ်ပါးတို့ ပြုလုပ် ဖွဲ့စည်းအပ်သော ပရံကတ ကလာပ် တစ်ခု၊ ခြင်္သေ့ရုပ် တစ်ကောင်၊ မနုသီဟ တစ်ကောင်၊ စေတီကြီး တစ်ဆူသည် သူတစ်ပါးတို့ ဖွဲ့စည်းအပ်သော ပရံကတ ကလာပ် တစ်ခု၊ မုန့်မှုန့်ကလေး တစ်ခု၊ မုန့်လုံး တစ်လုံး၊ လက်စွပ် တစ်ကွင်း၊ လက်ကောက် တစ်ခုသည်၊ နားတောင်း တစ်ခုသည်၊ ဖွန်း တစ်ချောင်းသည်၊ ပန်းကန် တစ်လုံးသည်၊ အိုး တစ်လုံးသည် သူတစ်ပါးတို့ ဖွဲ့စည်းအပ်သော ပရံကတ ကလာပ် တစ်ခု မည်၏။ ဤနည်းကို မှီး၍ အလုံးစုံသော ပရံကတ သမူဟ ကလာပ်တို့ ဖွဲ့စည်း၍ နေပုံကို မှတ်ကြ သိကြ တပည့်တို့။

'မြေခတ် လွန်ကဲသော ပရမတ္ထ ရုပ်ကလာပ် ပေါင်း သိန်း သန်း ကုဋေ လောက် သမူဟ ကလာပ် ဖွဲ့စည်း ပေါင်းစုမိကြလျှင် ပရမာဏုမြူလောက် ကြီးသော အထည်ဝတ္ထု သမူဟ ကလာပ်ကလေး တစ်ခု ဖြစ်၏။

'ပရမာဏုမြူ၏ အထည်ဝတ္ထု အကြီး ပမာဏကိုကား ဤသို့ သိရမည်။

'ဦးခေါင်းက သန်း တစ်ကောင်ကို ခုနစ်စိတ် စိတ်၍ တစ်စိတ်စာသည် လိက္ခာ မည်သော ပိုးတစ်ကောင်၊ (ဤ လိက္ခာပိုးကား လူတို့ကိုယ်၌ အရေကို မှီ၍ ဖြစ်နေသော ပိုးတည်း၊ ဝဲနာ ယားနာတို့ကို ဖြစ်စေတတ်၏။) ဤ လိက္ခာပိုး တစ်ကောင်ကို ၃၆ စိတ် စိတ်၊ တစ်စိတ်စာသည် ရထရေဏုမြူ တစ်ခု။

'ရထရေဏုမြူ တစ်လုံးကို ၃၆ စိတ် စိတ်၍ တစ်စိတ်စာသည် တဇ္ဇာရီမြူ တစ်ခု။

'တဇ္ဇာရီမြူ တစ်ခုကို ၃၆ စိတ် စိတ်၊ တစ်စိတ်စာသည် အဏုမြူ တစ်ခု။

'အဏုမြူ တစ်လုံးကို ၃၆ စိတ် စိတ်၊ တစ်စိတ်စာသည် ပရမာဏုမြူ ( particle ) တစ်လုံး။

'ဤ ပရမာဏုမြူကား မြေခတ် လွန်ကဲသော ဝတ္ထုတည်း။ လေခတ်လည်း အတန်ငယ် လွန်သဖြင့် သွားလာ လွင့်ပါး၍ နေ၏။ မိုးမြေ ကောင်းကင် (ဟင်းလင်းပြင် space ) မလပ် အလုံးစုံသော အရပ်မှာပင် ရှိ၏။

'ဤ ပရမာဏုမြူထက် အဆ တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေမျှလောက် သာလွန်၍ အင်မတန် သိမ်မွေ့သော ပရမတ္ထ ရုပ်ကလာပ် တစ်ခုကိုကား ပကတိ မံသ (အသား) မျက်စိဖြင့် ကြည့်၍ မည်သူမှ မမြင်နိုင်ပြီ။ အလွန် ကြည်လှစွာသော သမာဓိ မျက်မှန် တပ်၍ အလွန် ကြည်လင်စွာသော ဉာဏ်မျက်စိနှင့် ကြည့်မှသာ မြင်နိုင်တော့သည်။

'ဤသို့ မြေခတ် လွန်ကဲသော ပရမတ္ထ ကလာပ် ပေါင်း သိန်း သန်း ကုဋေလောက် သမူဟကလာပ်

www.burmeseclassic.com



ဖွဲ့စည်း ပေါင်းစုမိလျှင် ပရမာဏုမြူလောက် အထည် ဝတ္ထု အကြီး ပမာဏ ရှိ၏။

'ပရမတ္ထ ကလာပ်ပေါင်း သိန်း သန်း ကုဋေ ပေါင်း ၃၆ လီလောက် သမူဟ ကလာပ် ဖွဲ့စည်း ပေါင်း စုမိလျှင် အဏုမြူ (အက်တမ်) တစ်လုံးစာလောက် အထည် ဝတ္ထု အကြီး ပမာဏ ရှိ၏'

ဤမျှလောက် ဆိုလျှင်ပင် ဗုဒ္ဓ၏ ဉာဏလိယ အမြင်သည် ဘယ်ရွေ့ဘယ်မျှ အဆင့်အတန်း မြင့်သည်ကို အကျွန်ုပ်သည် ဆင်ခြင်ယူတတ်ပြီ ဖြစ်ပါ၏။

အီလက်ထရွန် ပရိုတွန် နျူထရွန် စသည်တို့ကား ပရမာဏုမြူများ ဖြစ်သည်ဟု ယာယီ ဆိုကြပါစို့။ အက်တမ် တစ်လုံးကို အဏုမြူ တစ်လုံးဟု ယာယီ ဆိုကြပါစို့။ ခေတ်သိပ္ပံက အက်တမ် တစ်လုံးကို ပရမာဏုမြူ သုံးခုဖြင့် ဖွဲ့စည်းထားသည် (ဝါ) သုံးမျိုးဖြင့် ဖွဲ့စည်းထားသည်ဟု နားလည်လေသည်။

ဗုဒ္ဓ အမြင်တွင်မူ အက်တမ် တစ်လုံးတွင် ပရမာဏုမြူ ၃၆ မျိုးဖြင့် ဖွဲ့စည်းထားသည်ဟု မြင်တော်မူသည်ဟု အထက်ပါ သေဏ္ဌာတောင် ဆရာတော်၏ အဆို အမိန့် အရ ထုတ်ယူ ဆင်ခြင်နိုင်လေသည်။

ရုပ်ကို အထပ်ထပ် ခွဲစိတ်ခြင်းဖြင့် ရုပ်၏ အတွင်း၌ ရှိသော အနှစ် အဆံကို ရှာဖို့ ကြိုးစားခဲ့ကြရင်း မျက်မှောက်ခေတ် သိပ္ပံ ပညာရှင်များသည် ရုပ်၏ အတွင်းတွင် သူတို့ ထင်သလို အနှစ် အဆံ၊ အစစ် အမှန် ထာဝရ အတ္တ သဘောကို ရှာမတွေ့ဘဲ ရှိကြလေသည်။

အစက ရုပ်ထဲမှာ ဒြပ်ထု ရှိသည်။ ထိုဒြပ်ထုမှာ အလေးချိန် ရှိသည်ဟု ထင်ခဲ့ကြသော သိပ္ပံ ပညာရှင်များသည် နောက်ဆုံးတွင် ရုပ်ထဲတွင် အလေးချိန်ကို ရှာမရသော အဖြစ်သို့ ရောက်ကြရလေတော့၏။

ရှသာ ဖို့ဒ်က အက်တမ်သည် လျှပ်စစ်ဖို နှင့် လျှပ်စစ်မ သဘောတို့၏ ရုပ်စည်း အဖြစ် ဖော်ပြခဲ့သည်။ လော့ချ် (Lodge) ဆိုသူက အီလက်ထရွန်မှာ ရုပ်သဘော (ဒြပ်သဘော) ကို ဆောင်သော ဉာဏလိယ မပါဟု ဆိုလာသည်။ လေဘွန် (Le Bon) က 'ရုပ်ဆိုတာ စွမ်းအင် အမျိုးမျိုး အပြားပြားရဲ့ သဘောကို ဆိုတာပဲ' ဟု ဆိုပြန်လေသည်။

ပါမောက္ခ ဝှိုက်ဟက် (Whitehead) က ရုပ်သဘောတွင် အစက အလွန် အရေးပါသော အရည်အချင်း (ဂုဏ်သတ္တိ) တစ်ခု အဖြစ် ယူဆထားခဲ့သော ဒြပ်ထုသဘော ကင်းသွားပြီ။ ယခုအခါ ဒြပ်ထု (mass) ဆိုသည်မှာ စွမ်းအင်တို့၏ အရေအတွက်ကို သိမှတ် လွယ်စေရန် ပညတ်ထားသော အမည် တစ်ခုသာ ဖြစ်တော့သည်။

**အစက ရုပ် ဆိုသည်မှာ အာကာသ ဟင်းလင်းပြင် (space) ထဲတွင် နေရာ ယူထားသော အထည်ဒြပ် တစ်ခုဟု ယူဆထားသော အယူအဆသည် ယခု မရှိတော့ပြီ။**

'အကျွန်ုပ်တို့ ပြောဆိုနေကြသော အီလက်ထရွန် ဆိုသည်မှာလည်း ယခင် ယူဆခဲ့ကြသော ရုပ်ဂုဏ်သတ္တိမျိုး ဘာဆို ဘာမျှ မရှိတော့၊ အီလက်ထရွန်မှာ အစိုင်အခဲ သဘာဝလည်း မရှိ၊ အရည် သဘာဝလည်း မရှိ၊ အငွေ့ သဘာဝလည်း မရှိ၊ ဒြပ်ထုလည်း မရှိ၊ အဆင်းသဏ္ဍာန်လည်း မရှိ၊ ထို့ပြင် ရေဒီယို ဓာတ်ကြွမှုများ၌ အီလက်ထရွန်တို့၏ ကွဲကွာမှုသည် အစက ခေတ်သိပ္ပံ ပညာရှင်တို့ ယူဆထားသော ရုပ်ကို ဖျက်ဆီး၍ မရ ဆိုသော အယူအဆကိုပင် သံသယ ဖြစ်စေလေသည်။ *

'အက်တမ်တို့သည် အချင်းချင်း တစ်ပါး နှင့် တစ်ပါး တခြားစီ ဖြစ်ကြသော် ၎င်းတို့ အားလုံးပင် ပျက်စီး ဆုံးရှုံးကြရ လေသည်၊ အခြေခံ အကျဆုံးဟု ထင်ခဲ့ရသော ရုပ်၏ အလေးချိန် ဂုဏ်သတ္တိ အပါအဝင် ဂုဏ်သတ္တိ အားလုံး ဆုံးရှုံး ရလေ၏။ **

'အပူသဘော လျှပ်စစ် သဘော အလင်း သဘောတို့သည် ရုပ်ကလာပ် တစ်ခု ပျက်စီး ကွယ်ပျောက်ခါနီး နောက်ဆုံး နိမိတ်များ ဖြစ်ကြသည်။' **

ဤကား လေဘွန်၏ တင်ပြချက်များ ဖြစ်သည်။

ဤအချက်ကို ယခု မျက်မှောက်ခေတ် သိပ္ပံ ပညာရှင်များ တင်ပြသော အခါမှ အကျွန်ုပ်တို့သည် ယုံတတ်ကြလေသည်။ အမှန်မှာ ထိုအချက်ကို လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်ကပင် ဗုဒ္ဓ ဟောညွှန် ပြထားပြီး ဖြစ်လေသည်။

ခွဲခြား၍ မရသော အဝိနိဗ္ဘောဂ ရုပ်များသည် 'သဟဇာတအားဖြင့် အကုန်လုံး အတူတကွ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာကြ၏။ တစ်ပါး ပျက်လျှင်လည်း တည်ရာ မှီရာ တွယ်ရာ မရှိ၍ သဟဘာဂ်အားဖြင့် အကုန်လုံး အတူတကွ တစ်ပြိုင်နက်တည်း ပျက်ကြ၏' ဟု အထက်တွင် ဖော်ပြခဲ့သည်ကို သတိရသင့်ပါသည်။

---

* *The Pleasure of Philosophy p 39-40*

** *The Evolution of Matter, Le Bon p 7-12*

www.burmeseclassic.com



ယခုအခါ ရူပဗေဒ ပညာတွင် ရုပ်ကို စွမ်းအင်အဖြစ် ရှုမြင်ဖို့ ကြိုးစားနေပြီ ဖြစ်ပါသည်။ စွမ်းအင်သည် စိတ် မဟုတ်ချေ။ သို့သော် စွမ်းအင်မှာ ဒြပ်ထု ရှိသလား၊ အလေးချိန် ရှိသလား၊ အဆင်းသဏ္ဌာန် ရှိသလား ဟု မေးလျှင်လည်း ထို ဂုဏ်သတ္တိများ မရှိချေ။

ရုပ်မှာ ဘယ်က အထက်၊ ဘယ်က အောက်၊ ဘယ်က လက်ဝဲ၊ ဘယ်က လက်ယာ၊ ဘယ်က အတွင်း၊ ဘယ်က အပြင် ဟူ၍လည်း ရွေးချယ်၍ မရကောင်းဘဲ တစ်ခုတည်းကဲ့သို့ ဖြစ်နေကြောင်းလည်း အထက်တွင် သေက္ခတောင် ဆရာတော် မိန့်ဆိုထားချက်ကို ဖော်ပြခဲ့ပါသည်။

ယခု ထိုအချက်ကိုလည်း ခေတ်သစ် သိပ္ပံပညာက လက်ခံရပြီး ရုပ်မှာ လားရာဘက် ဒိုင် မင်း ရှင်း (dimension) လည်း မရှိ၊ အလေးချိန် (weight) လည်း မရှိဟု အသိအမှတ် ပြုရပြီ။ ယခုတော့ ရူပဗေဒ ပညာရှင်တွေက 'ရုပ်သည် ဖြစ်တည်ခြင်း မရှိ' (Matter does not exist) ဟူ၍ ဝမ်းနည်းဖွယ် ဆိုကြရလေပြီ။ *

မျက်မှောက်ခေတ် ရူပဗေဒ ပညာသည် ရှေးက ဂန္ထဝင် ရူပဗေဒ (Classical Physics) တွင် ပါဝင်ခဲ့သော နျူတန်၏ အယူအဆများကို ပယ်လိုက်ကြပြီ။

ရုပ်နှင့် စပ်သော အယူအဆများ၊ လှုပ်ရှားမှုနှင့် စပ်သော အယူအဆများ အားလုံးလည်း မဒမ်ကျူရီ၊ ရသာဖို့ဒ်၊ ဆော့ဒ္ဒီ၊ အိုင်စတိုင်း၊ မင်ကောစကီး စသူတို့၏ တွေ့ရှိချက်များကြောင့် လုံးဝ ပြောင်းလဲ ခဲ့ရလေပြီ။

ယခုအခါ ရူပဗေဒသည် တရားကိုယ် သဘောရှိ ဖော်မျူလာ မျိုးစုံ ပါဝင်သော ပညာရပ် တစ်ခုသာ ဖြစ်လျက် ရှိပြီး သိပ္ပံကမ္ဘာထဲတွင် အတ္တ (ထာဝရ အထည်ဒြပ်) ဆိုသော အယူအဆသည် လုံးဝ ပပျောက်သွားလေပြီ။ ( in the scientific world the concept of substance is wholly lacking ) ** ဟု ပါမောက္ခ အက်ဒင်တန်က အတိအကျ ရဲရဲစွာ ဖော်ပြထားလေသည်။

မျက်မှောက်ခေတ် သိပ္ပံပညာသည် ရုပ်၏ အတွင်း သဘာဝကို ရှာဖွေရန် အတွင်းသို့ လက်တစ်ဆုံး နှိုက်ကြည့်ရင်း ရုပ်၏ အတွင်းဘက်မှာ အနှစ်အဆံ 'အတ္တ' ဟူသည် ဘာမျှ မရှိကြောင်း၊ အတိအကျ အခိုင်အမာ ပြောဆိုနိုင်သော အရာဝတ္ထု ဘာဆိုဘာမျှ မရှိကြောင်း တွေ့ရသဖြင့် အထက်ပါအတိုင်း ပါမောက္ခ အက်ဒင်တန်သည် ဗုဒ္ဓ ဟောကြားတော်မူခဲ့သော 'ရူပံ ဘိက္ခဝေ အနတ္တာ' ဆိုသော စကားကို ခေတ်စကားဖြင့် တစ်နည်းတစ်ဖုံ ပြန်ပြောခြင်း ဖြစ်သည်ဟု ဆိုသင့်တော့သည်။ 'သိပ္ပံ လောကတွင် အမြဲ ထာဝရ ဖြစ်သော အထည်ဒြပ် အတ္တ ဟူ၍ ဘာဆို ဘာမျှ မရှိတော့ပါ' ဆိုသော အက်ဒင်တန်၏ စကားကို ကြားရသောအခါ အကျွန်ုပ်သည် များစွာ တုန်လှုပ်ခဲ့ရပါ၏။

တုန်လှုပ်ရခြင်းမှာ အချိန် ကြာမြင့်စွာ အကျွန်ုပ်သည် သိပ္ပံပညာကို အထင်ကြီးလျက်၊ အားကိုးအားထား ပြုလျက် နေခဲ့မိသောကြောင့် ဖြစ်သည်ဟု ဆိုသင့်ပါ၏။

သိပ္ပံပညာသည် ရုပ်ကို အစိတ်စိတ် အမွှာမွှာ ခွဲရှုလျက် ရုပ်၏ အနှစ် အဆံ 'အတ္တ'ကို ရှာဖွေခဲ့လေသည်။ ခေတ်ပြောင်းလာသည်နှင့် အမျှ ရုပ်၏ သဘောကို သိပ္ပံ ပညာရှင် များစွာတို့သည် တစ်ယောက် တစ်ပေါက် ပြောခဲ့ကြသည်မှာလည်း စုံလို့ပင်။ နောက်ဆုံးတော့ ရုပ်ဆိုသည်မှာ အနှစ်အဆံ မရှိ မြဲသော အရာ ထာဝရ အခြေခံလည်း ဘာမျှမရှိဟု ဆိုလာလေသည်။

ထိုစကားကို ကြားသောအခါ အကျွန်ုပ် များစွာ ဝမ်းနည်း မိလေသည်။ ဝမ်းနည်းရသည့် အကြောင်းမှာ သုံးကြောင်း ရှိပါသည်။

(၁) ရုပ်မှာ အနှစ်အဆံ မရှိ၊ မြဲသော အထည်ဒြပ် မရှိကြောင်းကို လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်ကပင် ဗုဒ္ဓသည် ( ရူပံ ဘိက္ခဝေ အနတ္တာ ) ဟု အတိအလင်း ကြေညာခဲ့ပြီး ဖြစ်လေသည်။ သို့ပါလျက် ဗုဒ္ဓ ဟောသည့် ဘုရား စကားကို လူသားတို့ ပမာမထား အရေးမပါသကဲ့သို့ သဘောထားပြီး ရုပ်အဆံကို လိုက်ရှာခဲ့ကြရာ အနှစ် ၂၅၀၀ ကျော် ကြာသည်။ နောက်ဆုံးတော့ ဘာဖြစ်သနည်း။ ဗုဒ္ဓ ဟောကြားတော် မူသကဲ့သို့ ရုပ်မှာ အတ္တ မရှိကြောင်း အနှစ်အဆံ မရှိကြောင်း လူသားတို့ တွေ့ရလေသည်။ သို့ဆိုလျှင် မဟာလူသား တစ်ပါး သိပြီးသား အချက် တစ်ခုကို ဉာဏ်နည်းသော လူသားများ ကိုယ်တိုင်သိအောင် စူးစမ်း ရှာဖွေခဲ့ရာတွင် ကြာမြင့်ခဲ့သော ကာလ အနှစ် ၂၅၀၀ ကျော်သည် အဟောသိကံ အချည်းနှီး ဖြစ်ရသည်ပင် မဟုတ်ပါလား။ အကယ်၍သာ ဘုရား စကားကို လူသားတို့ စိတ်ချ ယုံကြည်တတ်ခဲ့ကြမည် ဆိုလျှင် ထိုကုန်ဆုံးသွားသော နှစ်ပရိစ္ဆေဒ များစွာသည် လူသားတို့ အဖို့ အဖိုးတန်သော ကာလ ဖြစ်ခဲ့လိမ့်မည် မဟုတ်ပါလား။ ထိုအချက်သည် ဝမ်းနည်း

--------------

* *The Pleasure of Philosophy p 41*

** *The Nature of Physical World, A. S. Edington p 274*

www.burmeseclassic.com



ဖွယ် ကောင်းလှသည်ဟု အကျွန်ုပ် ထင်ပါ၏။ လူသားတို့ အဖို့ ယုံလွယ်ခြင်းလည်း အမှား၊ မယုံတတ်လွန်းခြင်း (ဒွိဟ ဖြစ်လွန်းခြင်း) လည်း အမှား တစ်ရပ်ပါ တကား။

(၂) ဘုရား ဟောသည့် စကား တစ်ခွန်းကို လူသားတို့ အကုန်အစင် သိဖို့ကို မဆိုထားဘိ၊ တစ်ဝက် တစ်ခြမ်း သိဖို့ကိုပင် အနှစ် ၂၅၀၀ ကျော် ကြာမြင့်ခဲ့လေသည်။ လူ့ဘဝကို ထိုမျှလောက် ပိန်းပိတ်အောင် အဝိဇ္ဇာသည် ဖုံးလွှမ်းလေသလား။ အလွန် စောစီးစွာကပင် ဘုရား ပွင့်ပေါ်ပြီးနောက် လူသားတို့ အဖို့ တန်ဖိုး မဖြတ်နိုင်သော တရားထူး တရားမြတ်တွေကို ဟောကြားထားခဲ့ပါလျက် လူသားသည် ထို မဟာလူသား ဘုရား၏ စကားကို မယုံတတ်လေ။ ဘာမဟုတ်သည့် လောဘသားတွေ အဝိဇ္ဇာ အမိုက်သားတွေ စကားကိုတော့ ယုံလွယ်သည်။ သိပ္ပံပညာသည် စတင် ထွန်းကားသည်မှ ယနေ့တိုင်အောင် ဤလောက၏ အကျိုးမဲ့ကို ပြုတတ်သော ‘အတ္တဝါဒ’ ကိုပင် ဟောကြားဆဲ ဖြစ်လေသည်။ ထိုသိပ္ပံပညာရှင်တို့ ပြောသော စကား ဖြစ်လျှင် အသိဉာဏ်နည်းလှသော လူသားသည် အလွန်တရာ ယုံစားလွယ်လေသည်။ ထို အမိုက်အမဲတွေထဲတွင် အကျွန်ုပ်လည်း ထိပ်ဆုံးက ပါသည်ဟု ဆိုသင့်ပါ၏။ အကျွန်ုပ် ဝမ်းနည်းစွာ ဝန်ခံရမည်မှာ အကျွန်ုပ်လည်း ပုထုဇဉ် အများတကာကဲ့သို့ပင် ဘုရားဟော တရားများကို သံသယ ရှိခဲ့ဖူးလေသည်။ သိပ္ပံပညာရှင်တွေ ပြောသော စကား ဖြစ်လျှင်မူ သံသယ ကင်းစွာ မျှော်လင့်ချက် ကြီးစွာ အားကိုး ကြီးစွာ ယုံလွယ်ခဲ့ဖူးလေသည်။ ထိုအဖြစ်သည်လည်း ဝမ်းနည်းဖွယ် ကောင်းလှပါ၏။ အဘယ်ကြောင့် အထူး ဝမ်းနည်းဖွယ် ကောင်းလေသနည်း ဆိုသော် လူသားတို့သည် လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော် အတွင်းတွင် သိပ္ပံပညာရှင်တို့ ပြောသည့် စကားကိုသာ ယုံစားပြီး သိပ္ပံပညာရှင်တို့ ခေါ်ရာ နောက်သို့ အစိုးရိမ် ကင်းစွာ တကောက်ကောက် လိုက်နေခဲ့မိခြင်းကြောင့် ယနေ့ ကမ္ဘာသည် ဤမျှ စိတ်မချမ်းသာဖွယ်များ စိုးရိမ် ထိတ်လန့်ဖွယ်များနှင့် ပြည့်နှက်သော ကမ္ဘာကြီး ဖြစ်သွားရသည်ဟု အကျွန်ုပ် တွေးမိခြင်းကြောင့် ဖြစ်၏။ အကယ်၍ လွန်သွားပြီ ဖြစ်သော ရှေး အနှစ် ၂၅၀၀ ကျော် အတွင်း ဘုရားဟော စကားကို နားထောင်ရန် ဝန်မလေးခဲ့လျှင် ယနေ့ ကမ္ဘာသည် ဤမျှ အရုပ်ဆိုး အကျည်းတန်သော ကမ္ဘာလောကကြီး ဖြစ်သွားလိမ့်မည် မဟုတ်ဟု ယခုမှပင် အကျွန်ုပ်လည်း တွေးမိကာ သံဝေဂကြီးစွာ ရရလေတော့၏။ ထို့ထက် ပို၍ ဝမ်းနည်းဖွယ် ကောင်းလှသည်မှာ အဝိဇ္ဇာနှင့် လိမ်းကျံသော လူသားသည် သိပ္ပံပညာက ဖန်တီး ပေးသောကြောင့် စိတ်ချမ်းသာဖွယ် ဖြစ်မလာရုံမျှမက ဘေးဒုက္ခ မျိုးစုံနှင့်သာ ထိတ်လန့် တုန်လှုပ်ဖွယ် ရင်ဆိုင်လာရသော မျက်မှောက် လူ့ဘဝကို ယခုတိုင် မဆင်မခြင်ဘဲ အမှုမဲ့ နေခြင်းမှာလည်း ဂင်္ဂါ မြစ်လယ်၌ မျောပါသော ဆင်သေ ကောင်ပေါ်တွင် နား၍ သမုဒ္ဒရာသို့ လိုက်ပါသော ကျီးမိုက်၏ အဖြစ်နှင့် တူလှသည် ဖြစ်ပေရာ ဝမ်းနည်းဖွယ် ကောင်းလှပါတော့၏။ ဘုရား စကားကို ပစ်ပယ်ခဲ့ခြင်း အမှားကြောင့် မျက်မှောက် ကမ္ဘာသည် ချောက်ကမ်းပါးစွန်းသို့ ရောက်နေရပြီကို သတိတရား ရသင့်ပါပြီ။

(၃) ဤလောက၌ သဘာဝ သစ္စာကို သာမက အရိယာ သစ္စာကိုပါ ရှာဖွေ ဖော်ထုတ်ပေးခဲ့သော ဗုဒ္ဓ၏ နှုတ်ထွက် စကားများသည် သစ္စာဓမ္မများ ဖြစ်လေမလားဟု သံသယ ဖြစ်ကာ ထိုဓမ္မများကို သိပ္ပံနည်းကျ မကျ သိပ္ပံပညာနှင့် ကိုက်ညီခြင်း ရှိ မရှိ အစဉ်တိုက်ဆိုင် လေ့လာရန် အားသန် နေသူများလည်း မျက်မှောက် ကာလတွင် များစွာ ရှိကြလေသည်။ ထိုလူစားမျိုးထဲတွင် အကျွန်ုပ်ကိုလည်း ထိပ်ဆုံးက စာရင်းတင်သင့်ကြောင်း ဝန်ခံပါ၏။ အဘယ်ကြောင့် ဆိုသော် အကျွန်ုပ်ကဲ့သို့သော လူစားများသည် သိပ္ပံပညာ တွေ့ရှိချက်များက ဘုရားဟော တရားနှင့် ကိုက်ညီသွားလျှင် ဘုရားဟော တရားသည် မှန်သည် (Scientific) ဖြစ်သည်ဟု အရှက်မရှိ ဆိုတတ်ကြလေသည်။

စဉ်းစားဖို့ ကောင်းသည်မှာ ယခုမှ သိပ္ပံပညာက သိသော ထိုတရားကို ဘုရားသည် လွန်ခဲ့သော ၂၅၀၀ ကျော်ကာလ ကတည်းက သိထားခဲ့ပြီ ဖြစ်ရာ ဘုရားစကားကို သိပ္ပံနည်း ကျသည်ဟု ဆိုထိုက်ပါသလား။ သိပ္ပံစကားကိုသာ ဗုဒ္ဓ နည်းကျသည်ဟု ဆိုထိုက်သည် မဟုတ်ပါလား။ လောကသည် အဘယ်ကြောင့် ပြောင်းပြန် ပြောတတ်လေသနည်း။ ထိုအချက်သည်လည်း အမှန်ပင် ဝမ်းနည်းဖို့ ကောင်းပေတော့၏။ အဘယ်ကြောင့် ဆိုသော် ဘုရားကား အောက် မျောက်ကား အထက် ဆိုသော စကားမျိုး ဖြစ်နေသောကြောင့်ပင်တည်း။

အမှန် ပြောရလျှင် လူသားသည် အထင် မှားလျက်၊ အမြင် မှားလျက်၊ အသိ မှားလျက်၊ အမှတ် မှားလျက်၊ အယူ မှားလျက် ရှိသည် ဆိုသော ဗုဒ္ဓ၏ စကားသည်

www.burmeseclassic.com



အလွန်ပင် မှန်ကြောင်းကို အကျွန်ုပ်လည်း တစ်နေ့ထက် တစ်နေ့ ပို၍ သိမြင်လာပြီ ဖြစ်ပါ၏။ သို့ရာတွင် ရင်၌ ဖြစ်သော ယုံမှားနှင့် သံသယကိုကား ချက်ချင်း ဖျောက် ဖျက်ရန် မလွယ်ခဲ့ကြောင်းကိုမူ ဤတွင် ဝန်ခံ ထားရဦး မည် ဖြစ်လေသည်။

အနတ္တ လက္ခဏာ သဘောကို အကျွန်ုပ်သည် နားလည်အောင် အနည်းနည်းဖြင့် အားထုတ်ကြည့်ခဲ့ လေသည်။

ဗုဒ္ဓကမူ အနတ္တကို အစိုးမရ အလိုသို့ မလိုက် မိမိ ဆန္ဒအတိုင်း မဖြစ်သော တရားဟု သာမန်မျှသာ ပြတော် မူခဲ့လေသည်။ အစိုးမရသော သဘော၊ အလို မလိုက်သော သဘော၊ ဆန္ဒအတိုင်း မဖြစ်သော သဘော ကို စဉ်းစားသော အခါ အကျွန်ုပ် သဘော မပေါက်ချေ။ သဘော မပေါက်ရသည့် အကြောင်းမှာ သိပ္ပံပညာကြောင့် ပင် ဖြစ်လေသည်။

သိပ္ပံပညာကြောင့် ဖြစ်ပုံကို သဘော ပေါက် လွယ်အောင် လက်တွေ့ဘဝ အတွေ့အကြုံများဖြင့် ရှင်း ပြရန် အားထုတ်ပါဦးမည်။

ဥပမာ မီး လင်းလိုသော အခါ လူသားသည် လျှပ်စစ်မီး ခလုတ်ကို ထ ဖွင့်သည်။ ထိုအခါ မီးလင်း လာသည်။ ပူသော အခါ လူသားသည် အအေးစက် သို့မဟုတ် ပန်ကာ၏ ခလုတ်ကို ထ ဖွင့်သည်။ ထိုအခါ အလိုရှိသော လေကို ရသည်။ နွေရာသီ၌ ရေခဲကို အလိုရှိသော အခါ လူသားသည် ရေခဲသေတ္တာထဲတွင် ရေကို ထည့်၍ ရေခဲကို ရအောင် ပြုလုပ်နိုင်သည်။ ရေဒီယို အသံလွှင့်ချိန်တွင် ရေဒီယို ခလုတ်ကို ထ ဖွင့် သည်။ လျှပ်စစ်မီးနှင့် ဆက်သွယ်ထားလျှင် ရေဒီယိုက သတင်းကို ဖြစ်စေ၊ သီချင်းကို ဖြစ်စေ ကြားရသည်။ တယ်လီဗီးရှင်းကို ထဖွင့်လျှင်လည်း ရုပ်သံကို မြင်ရ ကြားရသည်။

တစ်ဖန် ခေတ်မီ သိပ္ပံနည်းများဖြင့် အထွက်တိုး စပါးကို စိုက်သည်။ လူတွေ မျှော်လင့်သည့်အတိုင်း လို သော အထွက်တိုး စပါးကို ရသည်။ သစ်ပင်က လူ့ အလိုသို့ လိုက်နေရသည်။ နွေရာသီမှာ ကုန်းခေါင်ခေါင် တွင် စပါး စိုက်ရန် ရေကို သွင်းယူသည်။ ရေသည် လူ့ အလိုသို့ လိုက်ကာ စိုက်ခင်းများသို့ သွားတတ်လေသည်။ ထို့ထက်ပိုစွာ နံနက် ကိုး နာရီ မင်္ဂလာဒုံ လေယာဉ်ကွင်း က လေယာဉ်ဖြင့် ခရီးထွက်သည်။ လေယာဉ် စတင် ထွက်ခွာသောအခါ လေယာဉ် အမှုထမ်းက ၉း ၅၅ နာရီ တွင် ထားဝယ် လေဆိပ်သို့ လေယာဉ် ဆိုက်ရောက် မည် ဖြစ်ကြောင်း ကြိုတင် ပြောလေသည်။ ပြောသည့် အတိုင်းလည်း အတိအကျ ဖြစ်သည်။

သိပ္ပံပညာဖြင့် တန်ဆာ ဆင် ထား သော လူ့ လောက ဖြစ်တည်နေပုံကို မျက်စိ ဖွင့်ပြီး မြင်အောင် ကြည့်မိတိုင်းမှာလည်း အနတ္တ၏ သဘောကို မမြင်ပါ။ အတ္တ သဘောကိုသာ မြင်နေပါသည်။ အစိုးမရ၊ အလို ဆန္ဒ ရှိတိုင်း မဖြစ်ဆိုသော စကားကို အကျွန်ုပ် နား မလည်တော့ပါ။

နိုင်ငံရေး လောကမှာလည်း လူတွေက အစိုးရဖို့ အားထုတ် နေကြလေသည်။

ဆေးပညာ လောကမှာလည်း ရောဂါ ဖြစ်လာပြီ ဆိုလျှင် ကုစားဖို့ ဆေး ရှိသည်။

ဘဝသည် မသေချာမှုတွေ မရေရာမှုတွေ နှင့် ဝန်းရံနေသည်ကား မှန်သည်။ သို့သော် လူတွေက ထို ဘေးရန် အန္တရာယ်တွေ၊ မသေချာမှုတွေ၊ မရေရာမှု တွေကို ခုခံပြီး အလိုရှိတိုင်း ဖြစ်ဖို့ အစိုးရဖို့ ကြိုးပမ်း နေကြလေသည်။

သို့ရာတွင် ဘဝကို ပိုပြီး စူးစူးစိုက်စိုက် ကြည့် မိသော အခါမှာတော့ လူတွေ ဘယ်လောက်ပင် အစိုးရဖို့ ကြိုးစား ကြိုးစား၊ ဘယ်လိုပင် အလိုပြည့်ဖို့ ကြိုးစား ကြိုးစား ယနေ့အထိ လူသည် ဘာကိုမျှ အစိုးမရသေး သည်ကို တွေ့ရသည်။

ကမ္ဘာကြီးမှာ ဆင်းရဲနှင့် ချမ်းသာ အကွာကြီး ကွာနေသည်။ လူ့ဘဝကို ညီညီမျှမျှ ဖြစ်အောင်၊ တန်းတူ ရည်တူ ဖြစ်အောင် သဘောတရားတွေ မျိုးစုံထုတ်ပြီး အမျိုးမျိုး လုပ်ခဲ့ကြသည်။ ဆင်းရဲ ချမ်းသာ ကွာခြားမှု၊ ဆူကြံ နိမ့်မြင့် ကွာခြားမှုက ပပျောက်သွားသည် မရှိ။ တစ်နေ့တခြား ပို၍သာ ကြီးကျယ် နက်ရှိုင်းလာသည်။ ရွှေပြည်တော် မျှော်တိုင်းဝေးသာ ဖြစ်လာသည်။

အတတ်ပညာတွေ မျိုးစုံလာသည်၊ သိပ္ပံပညာ တွေ အဆမတန် တိုးတက်လာသည် ဆိုမှ မစားရတတ် မဝတ်ရတတ်သူတွေ ပိုပြီး များလာသည်။ သဘာဝ တရားကို လူတွေက နိုင်သည် ထင်သည်။ ထင်သော အခါမှ လူ့လောကမှာ သဘာဝ နှိပ်စက်မှု ဒဏ်က ပိုပြီး ကြီးမားလာသည်။

ဥပမာ မက်ဆီကို ငလျင်ကြီးလို သဘာဝ အန္တရာယ် ကြုံရသော အခါ ဘဝမှာ အပျက် အစီး ပို များသည်၊ အဆုံးအရှုံး ပိုများသည်။

www.burmeseclassic.com



ဆေးမျိုးစုံ ပေါ်သည် ဆိုကာမှ တစ်ခါမှ မကြားဖူးသော ရောဂါဆန်းတွေက တစ်နေ့တခြား ပိုများလာလေသည်။ အဏုမြူ ခေတ်ကြီးထဲသို့ ရောက်ပြီ ဆိုကာမှ အဏုမြူ စစ်ပွဲကြီး အန္တရာယ်က ပိုပြီး ခြောက်လှန့်လာသည်။

လူသားတို့မှာ ဘာကို ယုံရမှန်း မသိတော့။ ဘယ်သူ့ကို အားကိုးရမှန်း မသိ၊ ဘယ်သူ့ကို စိတ်ချရမှန်း မသိ၊ ဘာဆို ဘာမှ နားမလည်နိုင်အောင် ဖြစ်ရသည်။ မျက်မှောက်ခေတ် လူသားသည် မျက်စိလည်သော လူသား ဖြစ်နေလေသည်။ တရား မျှတသော ဥပဒေ၊ ကျော့သား ရင်သား မခွဲခြားဘဲ အုပ်ချုပ်တတ်သော ဓမ္မရာဇ် တရားမင်း အစိုးရ၊ လူအချင်းချင်း အမြတ်ထုတ်ခြင်း ညှဉ်းဆဲခြင်း ကင်းသော စီးပွားရေး စနစ်များကို လူသားတို့ လိုလား တမ်းတခဲ့ကြသည်မှာလည်း အကြာကြီး ကြာလှပြီ။

ယနေ့တိုင်အောင် လူသားတို့မှာ စိတ်ကျေနပ်ဖွယ် ကောင်းသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး စသော စနစ်မျိုးများကို မတွေ့ရသေး။ ဟိုစနစ် ကောင်းနိုး၊ ဒီပုံစံ ကောင်းနိုးနှင့် စမ်းဝါး စမ်းသပ်ရဆဲ။ အမှန်ဆိုလျှင် ယောနိသော မနသိကာရဖြင့် စဉ်းစားသော် ဘဝသည် အလိုအတိုင်း မဖြစ်သည်ကား အမှန်။ လူ့အလိုသို့ မလိုက်သည်မှာ မငြင်းသာချေ။

ယနေ့ လူသားသည် စိတ်ချမ်းသာသော လူသားလား။ စိတ် ကျေနပ်သော လူသားလား။ အလိုဆန္ဒ ပြည့်ဝသော လူသားလား။

ဤအမေးကို မေးပြီး ဘယ်သူ့ကိုမျှ ဖြေခိုင်းနေစရာ မလိုပါ။ ကိုယ့်ကိုယ်ကိုယ် မေးပြီး ကိုယ်တိုင် ဖြေကြည့်လျှင် အဖြေ ပေါ်လော ပေါ်ပါသည်။

ဗုဒ္ဓသည် သက်ရှိ သတ္တဝါ တစ်ခုကို အဘိဓမ္မာနည်းအားဖြင့် ရှုသောအခါ သူ ငါ သတ္တဝါ အတ္တ ဇီဝ လူ နတ် စသည်ဖြင့် မမြင်ချေ။

ပရမတ္ထ ဆိုက်အောင် ရှုလိုက်သောအခါ သက်ရှိ သက်မဲ့ အားလုံး၏ ယေဘုယျ တရားကိုယ် သဘောများကိုသာ မြင်လေသည်။ ထို ယေဘုယျ တရားကိုယ် သဘောတို့မှာ 'ခန္ဓာငါးပါး' ဟု ဗုဒ္ဓ ခေါ်သော တရားများပင် ဖြစ်လေသည်။ ဘယ်အရာ ဘယ်ဝတ္ထုကိုပဲ ကြည့်ကြည့် တရားကိုယ် ထုတ်ကြည့်တတ်လျှင် ထို အရာ ထိုဝတ္ထုတွင် (၁) ရုပ်အစု (ရူပက္ခန္ဓာ) တစ်ခု ရှိသည်ကို မြင်ရသည်။ ထို့နောက် ရုပ် မဟုတ်သော အစု လေးစု ရှိသည်ကို မြင်ရသည်။ ထို ရုပ် မဟုတ်သော ခန္ဓာအစုကို 'နာမ် ခန္ဓာအစု' ဟု ဗုဒ္ဓ ခေါ်တော်မူသည်။

ထို နာမ် ခန္ဓာအစုတွင်

(၂) ဝေဒနာ ခံစားမှု အာရုံအစု (ဝေဒနက္ခန္ဓာ)

(၃) မှတ်သားမှု အာရုံသိမှု အစု (သညက္ခန္ဓာ)

(၄) စေတနာဖြင့် ပြုပြင် ဖန်တီးမှု အစု (သင်္ခါရက္ခန္ဓာ)

(၅) သိမြင် နားလည်မှု အစု (ဝိညာဏက္ခန္ဓာ) တို့ ပါဝင်ကြလေသည်။

ထို့ကြောင့် အရာဝတ္ထု သက်ရှိများ အားလုံးတွင် ရုပ်ခန္ဓာ တစ်ခုနှင့် နာမ်ခန္ဓာ လေးခု ပါဝင်နေသည်ဟု ဗုဒ္ဓနည်းကျ ရှုမြင်ကြရပါသည်။ ၎င်းကိုပင် (ခန္ဓာ ငါးပါးကို ဆိုလိုသည်။) မှတ်ရလွယ်အောင် ဗုဒ္ဓက ရုပ်နာမ် ဓမ္မဟုလည်း ခေါ်လေသည်။

ထိုရုပ်နာမ်ဓမ္မ အားလုံးသည် (၁) အနှစ်အထည် အမြဲ သဘော မရှိ၊ (၂) အစိုး မရ၊ (၃) အလိုသို့ မလိုက် (ဝ) အလိုဆန္ဒ ရှိတိုင်း မဖြစ် ဆိုသော သဘောကြောင့် ၎င်းတို့သည် အနတ္တချည်းသာ၊ အတ္တ လုံးဝ မဟုတ်ဟု ဗုဒ္ဓ မြတ်စွာ ဘုရားသည် ပဉ္စဝဂ္ဂီတို့အား မြင်အောင် ပြခြင်းကို အနတ္တ လက္ခဏာသုတ် ခေါ်လေသည်။

ရုပ်နာမ် အားလုံးတွင် ထင်ရှား သိလွယ်သော လက္ခဏာ သုံးရပ် ရှိ၏။ ထိုလက္ခဏာ သုံးရပ်သည် (၁) အမြဲမတည် အစဉ် ဖောက်ပြန် ပြောင်းလဲ ဖြစ်ပျက်နေသော သဘောလည်း တစ်ရပ် (အနိစ္စ လက္ခဏာ)၊ (၂) ထိုသို့ ဖောက်ပြန်နေခြင်းကြောင့် ချမ်းသာ မရနိုင်၊ ဆင်းရဲခြင်း အမျိုးမျိုးကိုသာ တွေ့ကြုံ ခံစား ရသော သဘောလည်း တစ်ရပ် (ဒုက္ခ လက္ခဏာ)၊ (၃) ထို ရုပ်နာမ်ဓမ္မသည် သူ့သဘော သူ ဆောင်ပြီး ဖြစ်ချင်တိုင်း ဖြစ်၊ ပျက်ချင်တိုင်း ပျက်နေကြသည်၊ ပရမတ် သဘောအရ အနှစ်အဆံလည်း မရှိ၊ မြဲလည်း မမြဲ၊ အလိုသို့လည်း မလိုက်၊ အစိုးလည်း မရသော သဘောလည်း တစ်ရပ် (အနတ္တ လက္ခဏာ) တို့ ဖြစ်ကြလေသည်။

အကျွန်ုပ်သည် အနတ္တ လက္ခဏာသုတ်ကို နားလည်အောင် အတန် ကြိုးစား ပြီးသောအခါ နားလည်သလိုလို ရှိသည်ဟု ထင်မိလေ၏။

သို့ရာတွင် ဗုဒ္ဓ၏ အယူဝါဒနှင့် ခြားနားသော အနောက်တိုင်း ဒဿနနည်း၊ အရှေ့တိုင်း ဒဿနနည်းများဖြင့် ဆင်ခြင်ပြန်ရာ ရင်တွင်းမှာ ပြဿနာ ပေါ်ရ

www.burmeseclassic.com



ပြန်လေ၏။ ထိုရင်တွင်းမှာ ပေါ်သော အတွေး ပြဿနာကြောင့် မကြာမီ ဘ၀တွင်လည်း ပြဿနာ ပေါ်ရလေတော့၏။

အကျွန်ုပ် ရင်ထဲတွင် ဖွဲ့စည်း ဖြစ်ပေါ်လာသော ဒဿန ပြဿနာသည် သေးသော ပြဿနာ မဟုတ်ဟုလည်း ထင်မိခဲ့လေ၏။

အဘယ့်ကြောင့် သေးသော ပြဿနာ မဟုတ်ဟု ထင်ရသနည်း ဆိုသော် ထို ပြဿနာ ပြေလည်အောင် အတန်ကြာ ဖြေရှင်းဖို့ ကြိုးပမ်းခဲ့ရသောကြောင့် ဖြစ်၏။

ရှေ့အခန်းသို့ ရောက်မှ ထိုပြဿနာ၏ အကျယ်ကို ဆွေးနွေး တင်ပြပါတော့အံ့။

www.burmeseclassic.com

## ၁၅။ အဘိဓမ္မာ (သင်္ဂြိုဟ်) နှင့် အတွေးအမြင် လှုပ်ရှားမှု

အနတ္တလက္ခဏ သုတ်ကို သိမြင် နား လည် အောင် အကျွန်ုပ် အားထုတ်ဆဲတွင် တစ်နေ့သ၌ အကျွန်ုပ်သည် ရေငတ်တုန်း ရေတွင်းထဲသို့ လိမ့်ကျသော အဖြစ်အပျက် တစ်ခုနှင့် ကြုံရလေတော့၏။ ကြုံရပုံမှာ ဤသို့ ဖြစ်လေ၏။

အကျွန်ုပ်တို့ ရန်ကုန် တက္ကသိုလ် ဒဿနိကဗေဒ ဌာနတွင် အဘိဓမ္မာ ဆရာကြီး တစ်ဦးသည် တစ်ခုသော နေ့တွင် အနတ္တလက္ခဏ ဒေသနာ တရားတော်ကို ဟောပြော ပို့ချလေ၏။ အကျွန်ုပ်လည်း ရေငတ်တုန်း ရေတွင်းထဲ ကျပြီဟု အောက်မေ့လေ၏။ သို့ဖြင့် ထိုဟောပြောပွဲသို့ အပြေးအလွှား တက်ရောက် နားထောင် ရလေ၏။ ထိုအခါ အကျွန်ုပ် လိမ့်ကျသော ရေတွင်းသည် ရေချိုတွင်း မဟုတ်ဘဲ ရေငန်တွင်း ဖြစ်လျက်နေသည်ကို အကျွန်ုပ် တွေ့ရသောကြောင့် များစွာ ဝမ်းနည်း ရလေ၍တော့၏။

ဝမ်းနည်းဖွယ် ဖြစ်ရပုံမှာ ဤသို့ ဖြစ်၏။ ထိုနေ့က ထိုအဘိဓမ္မာ ဆရာကြီးသည် အနတ္တ လက္ခဏ တရားကို ဟောကြားရာတွင် အတ္တ မရှိကြောင်း ဦးတည်၍ ပြောကြားလေ၏။ အကျွန်ုပ်လည်း အထူး ဂရုစိုက်၍ နားထောင်လေ၏။ ဆရာကြီးသည် လူတို့ အတ္တသဘောကို နားလည်နေကြပုံများကို သရုပ် ဆယ်မျိုးခန့် ထုတ်ပြလေ၏။ ထိုသို့ ထုတ်ပြရာတွင် တခြားသော အတ္တဝါဒ အယူများကိုလည်း များစွာ ပုတ်ခတ် ပြောဆိုလေ၏။ အကျွန်ုပ်သည် အတ္တဝါဒများကို ပုတ်ခတ် ပြောဆိုခြင်းကို မပြောသင့်ဟု ထင်မိ၏။ ဆရာကြီး အနေနှင့် 'အတ္တ' မရှိကြောင်းကို ယုတ္တိနည်း သိပ္ပံနည်းဖြင့် နားထောင်သူ ပရိသတ် ယုံမှား သံသယ ကင်းအောင်သာ ပြောသင့်သည် ဟုလည်း ထင်မိလေသည်။

ဆရာကြီး၏ ဟောကြားချက်တွင် လူများစွာတို့သည် ဤ သက်ရှိ ခန္ဓာကိုယ်ထဲတွင် အတ္တ ရှိသည်၊ ဝိညာဉ်ကောင် (soul) ရှိသည်၊ ငါကောင် (self) ရှိသည်၊ အသက် ဇီဝကောင် (life) ရှိသည်၊ သတ္တဝါကောင် (being) ရှိသည်ဟု အမျိုးမျိုး ထင်လျက် ရှိကြပုံ၊ ထိုဝိညာဉ်ကောင်၊ ငါကောင်၊ အသက် ဇီဝကောင် သတ္တဝါကောင်ကိုပင် 'လိပ်ပြာ' ဟုလည်း ခေါ်တတ်ကြပုံ၊ တရုတ် လူမျိုးများမှာ လူသေလျှင် လိပ်ပြာစင် လုပ်ပြီး လိပ်ပြာ ခေါ်ကြပုံ၊ တချို့လူများက ထိုအသက်ဇီဝ ဝိညာဉ်ကောင် (အတ္တ) ကို လောက်လန်းနှင့်လည်း ပုံနှိုင်း ကြပြီး သတ္တဝါ သေသောအခါ ထိုဝိညာဉ် လောက်လန်းကောင် သည် တခြား ခန္ဓာသစ်သို့ ကူးပြောင်းပုံကို တချို့ မြန်မာ လူမျိုးများကပင် 'လောက်လန်းသဖွယ် ဝိညာဉ် တွယ်သည်' ဟု အတ္တဝါဒကို ပြောဆို နေတတ်ကြပုံများ ကို အကျယ်တဝင့် ပြောဆိုလေသည်။ ထိုကဲ့သို့ လူ သေသွားသောအခါ ထိုဝိညာဉ်ကောင် အတ္တသည် ခန္ဓာ အိမ်ဟောင်းမှ ထွက်ပြီးနောက် ခန္ဓာ အိမ်သစ်သို့ တစ် ဘဝပြီး တစ်ဘဝ ကူးနေရသည်ဟု ယူဆသော အယူ အဆကိုပင် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် အများအပြား သည် ဗုဒ္ဓ၏ အယူဝါဒ (ထေရဝါဒ) ဟု အထင်မှား အမှတ်မှားလျက် ရှိကြကြောင်း၊ အမှန်မှာ ထိုလူ သေ သော်လည်း ဝိညာဉ်က ဘယ်တော့မှ မသေ၊ ထာဝရ အသက်ရှင်လျက် သံသရာမှာ မဆုံးတမ်း မတုံးတမ်း တစ်ဘဝပြီး တစ်ဘဝ ကူးသွားနေသည်ဟု ယူဆသော အယူသည် အတ္တဝါဒသာ ဖြစ်ကြောင်း၊ ထို အတ္တဒိဋ္ဌိကို သဿတဒိဋ္ဌိ ခေါ်ကြောင်း စသည် အယူဝါဒရေးရာ များစွာကိုလည်း ရှင်းပြလေသည်။

ထို အချက်တွင် အကျွန်ုပ်သည် အငြင်း မပွား ချေ။ အနတ္တလက္ခဏ သဘောကို ဆင်ခြင်စဉ် အကျွန်ုပ် သည် သဿတဒိဋ္ဌိ သဘောကိုလည်း ထည့်သွင်း ဆင်ခြင်ခဲ့ဖူးလေ၏။

ထို့အတူ အနတ္တ သဘောကို နားလည်အောင် ကြိုးစားစဉ်မှာလည်း ရုပ် ခန္ဓာ နာမ်ခန္ဓာတို့သည် ငါ မဟုတ်၊ ငါ၏ အတ္တ မဟုတ်၊ ငါ့ အသက် ဇီဝလည်း မဟုတ်၊ ဤ ရုပ်နာမ် ခန္ဓာစုသည် ပုဂ္ဂိုလ်မရှိ၊ အတ္တမရှိ၊ ငါလည်း မဟုတ်၊ သူလည်း မဟုတ်၊ မိန်းမလည်း မဟုတ်၊ ယောကျ်ားလည်း မဟုတ်၊ လူလည်း မဟုတ်၊ နွားလည်း မဟုတ် ဆိုသော အမြင်ကို မြင်အောင် ကြိုးစား ကြည့်ခဲ့ပါ၏။ သို့သော် ရုပ်နာမ် ခန္ဓာစဉ်ကို ပရမတ် ဆိုက်အောင် မြင်သလားဟု မေးလျှင်မူ ကောင်းစွာ မမြင်သေးကြောင်း ဝန်ခံရမည် ဖြစ်၏။ တစ်ခါတစ်ရံ

www.burmeseclassic.com



လူထဲမှာ တရားကိုယ် ရှာကြည့်မိသည်။ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ ငါးပါးကို တွေ့သလိုလို ရှိသည်။ မောင်ဖြူ မှာလည်း ခန္ဓာ ငါးပါးပဲ၊ မနီမှာလည်း ခန္ဓာ ငါးပါးပဲ၊ တရားကိုယ် ထုတ်လိုက်လျှင် မောင်ဖြူ နှင့် မနီသည် ခန္ဓာ ငါးပါးချည်းပဲ၊ အတူတူပဲဟုလည်း မြင်သည်။ ထိုအခါ မောင်ဖြူ မနီ ဟူသော အမည် ပညတ်တွေ ပျောက်သည်။ မိန်းမ ယောက်ျား ဟူသော သဏ္ဌာန ပညတ်တွေ ပျောက်သည်။ အမှန်တော့ လူ နွား ခွေး ဝက် စသည်တို့သည် ပုံသဏ္ဌာန် (သဏ္ဌာန ပညတ်သာ ခြားနားသော) ခန္ဓာငါးပါးတွေချည်း ပါပဲလား။ သည် လိုလည်း စပ်စပ်စုစု တွေးမိပါ၏။ ထိုအခါမှာတော့ သတ္တဝါ အများ ကွဲပြား ခြားနားနေသည်မှာ အသွင် သဏ္ဌာန်သာ ကွဲပြားနေသည်။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် သဘော ခန္ဓာ ငါးပါးကတော့ အတူတူ ပါပဲ ဟုလည်း သဘောကျသည်။

သို့သော် 'ဒါဖြင့် လူနှင့် တိရစ္ဆာန်သည် သဘော ချင်း အတူတူပဲမို့ တန်ဖိုးချင်း၊ အဓိပ္ပာယ် အနှစ်သာရ ချင်း အတူတူပဲလို့ ဆုံးဖြတ် ရမည်လား' ဟုလည်း အတွေး ရပြန်သည်။

ပြီးတော့... အကျွန်ုပ် တွေးနေမိပြန်လေ၏။

အဘိဓမ္မာ ဆရာကြီး၏ ဟောပြောပွဲလည်း ပြီး ဆုံးခြင်းသို့ ရောက်လေ၏။ တက္ကသိုလ် ဟောပြောပွဲများ ထုံးစံမှာ ဟောပြောသူက ဟောပြောပြီးလျှင် နားထောင် သူ ပရိသတ်က ပြန်လှန် မေးခွန်း မေးသော ထုံးစံ ဖြစ် လေ၏။ ပရိသတ်သည် ဟောပြောပွဲ အဆုံးတွင် ဒေသနာ ကြောင်း အရ နားမလည်သော မေးခွန်းကိုလည်း မေး နိုင်၏။ မေးတတ်ကြ၏။ တစ်ခါတစ်ရံ ဒေသနာကြောင်း အရ နားမလည်သော မေးခွန်း မဟုတ်ဘဲ စောဒက မေး ခွန်းမျိုးကိုလည်း မေးတတ်ကြ၏။ မေးခွင့် ရှိလေ၏။

ဆရာကြီး၏ ဒေသနာ အဆုံးတွင် ပါမောက္ခ ဆရာ ဦးခင်မောင်ဝင်းက ပရိသတ်တို့ မေးခွန်း မေး လိုသည်ကို မေးနိုင်ကြောင်း၊ ဆွေးနွေးလိုသည်ကို ဆွေး နွေးနိုင်ကြောင်း ခွင့်ပြုလေ၏။ အကျွန်ုပ်သည် ပွဲတိုင်း ကျော် ဖြစ်သဖြင့် မေးခွန်း မမေးဘဲ နေ နိုင် အောင် ကြိုးစား နေသေး၏။ သို့ရာတွင် ပရိသတ်ထဲက တစ်စုံ တစ်ဦးမှ မေးမြန်းခြင်း မပြုသောအခါ လှုပ်လှုပ်ရွရွနှင့် ဂနာမငြိမ် ဖြစ်နေသော အကျွန်ုပ်ကို ပါမောက္ခသည် မြင်သွားသလား မပြောတတ်၊ ဤသို့ ဆိုလေတော့၏။

'ကိုဆန်းလွင် ဘာများ မေးစရာ ရှိသလဲ'

အကျွန်ုပ်လည်း ဆရာက အကျွန်ုပ် နာမည်ကို ခေါ်၍ပင် မဆုံးသေးမီ မတ်တတ် ရပ်မိသား ဖြစ်နေ လေတော့၏။

'ဟုတ်ကဲ့ပါ ဆရာ၊ မေးစရာ ရှိပါတယ်'

ဆိုင်းမဆင့် ဗုံမဆင့် မိမိ နှုတ်ဖျားကလည်း အထက်ပါ စကားလုံးများ ထွက်ကျသွားလေတော့၏။

'ကောင်းပြီ ကိုဆန်းလွင်၊ မေးလိုတာကို တိုတို နှင့် လိုရင်း မေးပါ'

ဆရာ၏ ခွင့်ပြုချက်ကို ရလိုက်ပြီ ဖြစ်သော အခါ အကျွန်ုပ် ရင်သည် တဆတ်ဆတ် ခုန်လေ၏။ ဝမ်းမြောက်ခြင်း ပီတိလည်း တစ်ကိုယ်လုံးသို့ ပြန့်လေ ၏။ ဆတ်ဆတ် ခုန်သော ရင်ကြောင့် စကား အသံ သည်ပင် သဲ့သဲ့ တုန်နေလေ၏။

'ကျေးဇူးတင်ပါတယ် ဆရာ၊ ဒီမေးခွန်းဟာ ကျွန်တော် မေး သော် လည်း ကျွန်တော့် ခေါင်းထွက် မေးခွန်းတော့ မဟုတ်ပါဘူး၊ ဗုဒ္ဓရဲ့ အနတ္တဝါဒ အပေါ် တခြား ဒဿန အယူဝါဒများက ဝေဖန်နိုင်တဲ့ မေးခွန်း လို့ ဆိုသင့်မယ် ထင်ပါတယ်၊ ကျွန်တော် မေးချင်တဲ့ မေးခွန်းက နှစ်ခုပါ ဆရာ။

'ဆရာကြီး ခင်ဗျား၊ ဆရာကြီး ဟောကြားတဲ့ အနတ္တ သဘောတရား အရ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ငါ မရှိ၊ အတ္တ မရှိ၊ ယောက်ျား မရှိ၊ မိန်းမ မရှိရင် တစ်စုံ တစ်ခုကို ပြုသူ ဆိုတာကော ရှိပါတော့မလား ခင်ဗျား၊ အကယ်၍ တစ်စုံတစ်ခုကို ပြုသူ မရှိရင် သူ့အသက်ကို သတ်ခြင်း၊ သူ့ ဥစ္စာကို ခိုးခြင်း၊ မုဒိမ်းကျင့်ခြင်း အစရှိတဲ့ ဒုစရိုက်မှု ဆိုတာကော ရှိပါတော့မလား ခင်ဗျား၊ သူ ငါသတ္တဝါ မရှိတာ မှန်ရင်၊ ပြုသူ မရှိတာ မှန်ရင်၊ ပြုလုပ်ခြင်း ဆိုတာ မရှိတာ မှန်ရင် ပြုခြင်း အတွက် ကျထိုက်တဲ့ တာဝန် ဝတ္တရား (**responsibility**) ဆိုတဲ့ သဘောတွေ၊ ကုသိုလ် အကုသိုလ် ဆိုတဲ့ သဘောတွေ၊ အကျိုး အပြစ် ဆိုတဲ့ သဘောတွေကော ရှိပါတော့မလား ခင်ဗျာ၊ အကယ်၍ ဒီသဘောတွေ ပျောက်ကွယ်သွားခဲ့ရင် လူ့ဘဝဟာ အဓိပ္ပာယ်ကော ရှိပါတော့မလား ဆရာကြီး ခင်ဗျား။

'ဒါက ကျွန်တော် သိချင်တဲ့ ပထမ မေးခွန်းပါ။

'ဒုတိယ မေးခွန်း ကတော့

'အကယ်၍ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ အတ္တ မရှိဘူး၊ အမှန်ဆိုရင် ဗုဒ္ဓဝါဒ အရ လွတ်မြောက်သူ (**Liberated Person**) ပေါ့ ခင်ဗျား၊ ဗုဒ္ဓစကား အရ

www.burmeseclassic.com



ပြောရရင်တော့ မက်ဖိုလ် နိဗ္ဗာန် ရသူဟာ ဘယ်သူ ဖြစ်မလဲ၊ နိဗ္ဗာန် ရအောင် ကျင့်ကြံ အားထုတ်တဲ့ အခါ သူ ငါ သတ္တဝါ မရှိတော့ ဘယ်သူ့ကို နိဗ္ဗာန်ရသူရယ်လို့ သတ်မှတ်ရမလဲ ခင်ဗျား'

ဤ မေးခွန်းများကို မေးရာတွင် အကျွန်ုပ်၏ ရင်ထဲတွင် အမှန်ပင် ရိုးသားမှု ရှိသည်ဟု ထင်ပါ၏။ သို့ရာတွင် အကျွန်ုပ်က ဤကဲ့သို့ မေးလိုက်သော အခါ နားထောင်သူ ပရိသတ်မှာ ရေနှင့် လောင်းချလိုက်သောကြောင့် ငြိမ်သွားသော မီးပမာ ပကတိ ငြိမ်သက်သွားလေတော့၏။ အကျွန်ုပ်မှာမူ ထိုမေးခွန်းသည် ထိုမျှလောက် အကျိုး သက်ရောက်သွားလိမ့်မည် မထင်ခဲ့ချေ။ ဆရာကြီးသည် အကျွန်ုပ် ရင်ထဲတွင် ဖြစ်သော ဒွိဟနှင့် သံသယကို အမှန်ပင် ပယ်ရှင်း ပေးလိမ့်မည် ထင်၍သာ နေမိလေ၏။ သို့ပါလျက် အခြေအနေသည် အကျွန်ုပ် ထင်သကဲ့သို့ ဖြစ်မလာဘဲ တစ်မျိုး တစ်ဖုံ ပြောင်းလဲသွားလေ၏။ မေးခွန်း အမေး ခံရသူ ဆရာကြီးသည် ဤမေးခွန်း နှစ်ခု အတွက် ဆတ်ဆတ်ခါ နာလေတော့၏။

အကျွန်ုပ်သည် မမျှော်လင့်သော အခြေအနေကို ရင်ဆိုင်ရခြင်း အတွက် များစွာ အံ့သြရသည့် အပြင် ဝမ်းနည်းခြင်းလည်း ဖြစ်ရလေ၏။ အဘယ်ကြောင့် ဆိုသော် အကျွန်ုပ်၏ စိတ်ထဲတွင် အထက်ပါ မေးခွန်းများတွင် စိတ်ဆိုးစရာ အကြောင်း မပါဝင်ဟု ထင်သောကြောင့် ဖြစ်၏။ အဘယ် အကြောင်းကြောင့် အဘိဓမ္မာ ဆရာကြီး စိတ်ဆိုးလေသည်ကို အကျွန်ုပ် မစဉ်းစားတတ်အောင်ပင် ဖြစ်ရလေ၏။ အကျွန်ုပ်၏ စကားလုံးများထဲတွင် စော်ကားသော ရိုင်းပျသော နာစရာ ကောင်းသော စကားလုံး တစ်စုံတစ်ရာ ပါလေသလားဟုလည်း စဉ်းစားကြည့်၏။ စဉ်းစားကြည့်၍ မရချေ။

ထိုဆရာကြီးနှင့် ပါမောက္ခတို့ ဘာစကားတွေ တိုးတိုး ပြောဆိုကြသည် မသိ။ ခဏ ကြာတော့ ပါမောက္ခက ဟောပြောပွဲ ပြီးဆုံးပြီ ဖြစ်ကြောင်း၊ နောင် အခါအခွင့် သင့်မှသာ ဆွေးနွေးပွဲကို ပြုလုပ်တော့မည် ဖြစ်ကြောင်း ပြောဆို၍ ဟောပြောပွဲကို အဆုံးသတ်လိုက်လေ၏။

ဟောပြောပွဲ အဆုံးတွင် ပရိသတ်ထံမှ ဆူညံသော အသံမျိုးစုံ ထွက်ပေါ်၍ လာလေတော့၏။ အကျွန်ုပ် အဖို့မူ စိတ်မကောင်းခြင်း များစွာ ဖြစ်ရလေ၏။ ငါ မေးခွန်း မေးမိတာ မှားနေပြီလားဟုလည်း ဒွိဟ ဖြစ်ရပြန်၏။ တွေးရ ခက်ခဲစွာ ငုံ့လျှိုးသော ဦးခေါင်းဖြင့် ယုဒသန် ခန်းမဘက်သို့ လျှောက်၍လာသော အကျွန်ုပ် အနီးသို့ ဆရာမ ရီနာဆာကားသည် သူ့ ဆာရီစကို စွန်တောင်ဆွဲရင်း အမီ လိုက်လာလေ၏။

'ဟဲ့ ဆန်းလွင်'

ဆရာမ၏ မြန်မာသံ မပီသလှသော အသံကြောင့် အကျွန်ုပ် ရပ်လျက် စောင့်နေစဉ် ဆရာမသည် အကျွန်ုပ် အနီးသို့ ရောက်လာလေ၏။

'ငါ စိတ်မကောင်းပါဘူးဟယ်'

ဤတစ်ကြိမ်တွင် ဆရာမသည် မြန်မာ စကားဖြင့် ပြောလေသည်။ အမှန်ပင် ဆရာမ အသံတွင် လှိုက်လှဲမှုများ ပါဝင်နေသဖြင့် သူ စိတ်မကောင်း ဖြစ်ကြောင်း အကျွန်ုပ်လည်း နားလည်လိုက်ပါ၏။ ထို့နောက် ဆရာမက အကျွန်ုပ် စိတ် ချမ်းသာအောင် စကား ဆိုပါလေသည်။

'Actually you are right. No doubt the question itself is worth asking'

'တကယ်ဆို နင် မှန်ပါတယ်၊ ဒီ မေးခွန်းတွေဟာ မေးသင့် မေးထိုက်တာလည်း အမှန်ပဲ'

'But you know the situation is quite different. Let it be, it does'nt matter. What I want to say you is that, a person just like you should become nothing but a buddhist. Why don't you come to my house? Now, venerable Taungpulu Sayadaw is residing at my house. I ask you to come to my house. You do see Sayadaw, why don't you?'

ဆရာမ ရီနာဆာကား၏ ကရုဏာ ပါလှသော စကားများကို ကြားရပါသည်။ ဆရာမသည် အကျွန်ုပ်အား အခြေအနေသည် တစ်မျိုးတစ်မည် ဖြစ်တည်နေခြင်းကိုလည်း ရှင်းပြလေသည်။ အကျွန်ုပ် ကဲ့သို့သော လူတစ်ဦးသည် ဗုဒ္ဓ ဘာသာက လွဲပြီး ဘာမှ မဖြစ်နိုင်ဘူးဟုလည်း သုံးသပ်လေသည်။

ယခုအခါ ဆရာမတို့အိမ် (ဦးဝိစာရလမ်း၊ ယခု ကျန်းမာရေး ဝန်ကြီး ဌာန ဘွဲ့လွန် သင်တန်းကျောင်း အဆောက်အအုံ) တွင် တောင်ပုလု ဆရာတော် ဘုရားကြီး သီတင်း သုံးနေစဉ် ကာလဖြစ်၍ သူ့အိမ်သို့ လာရန်၊ ဆရာတော်ကို ဖူးရန် ဆရာမက တိုက်တွန်းပါသည်။

ထိုဆရာမ၏ ကျေးဇူးသည် အကျွန်ုပ် အပေါ်တွင် အလွန့်အလွန် ကြီးမား ကြောင်းကို အကျွန်ုပ် ဝန်ခံရပါမည်။ သို့သော် အကျွန်ုပ်သည် ဆရာမ ဖိတ်ခေါ်

www.burmeseclassic.com



သည့်အတိုင်း တောင်ပုလု ဆရာတော် ဘုရားကြီးကို ဖူးရန် အားမထုတ်ဘဲ နေခဲ့ပါ၏။

ဆရာမထံသို့ သွားမည့် အစား ရင်ထဲမှာ ခံစား ခဲ့ရသော ယုံမှားနှင့် သံသယကို ဖျောက်ဖျက်နိုင်ရန် အလို့ငှာ အကျွန်ုပ်သည် ကမ္ဘာအေး ဗုဒ္ဓ တက္ကသိုလ်သို့ ပြေးပြန်လေ၏။

အကျွန်ုပ်၏ အားကိုးရာ ဆရာကြီး ဦးမြကား ရှိသေး၏။ ဤတွင် တောင်ပုလု ဆရာတော်ထံသို့ ဦးစွာ မသွားဘဲ ဆရာကြီး ဦးမြထံသို့ သွားသည်မှာ ရင်ထဲက ဒွိဟ အကြောင်းကြောင့် ဖြစ်၏။ ထိုဒွိဟကို ပယ်ရှင်းရန် ဆရာတော်ကို ချဉ်းကပ်ရခြင်းထက် ဆရာကြီး ဦးမြ ကို ချဉ်းကပ်ရခြင်းက ပိုပြီး လွယ်ကူ သက်သာမည် ထင်သောကြောင့် ဖြစ်ပါသည်။

ဆရာကြီး ဦးမြအား မိမိ တွေ့ကြုံခဲ့ရသော အဖြစ်သနစ် အလုံးစုံကို အကျဉ်း ချုပ်၍ အစီရင် ခံ လိုက်သော အခါ ဆရာကြီးက ပြုံး၍ ဆိုလေ၏။

'ဦးဆန်းလွင် ယခု မေးထားတဲ့ အမေး ပုစ္ဆာမျိုး ဟာ ကျွန်တော်များ ထေရ ဝါဒ အစုအစဉ်မှာ ပုစ္ဆာဆန်း တစ်ခုလို့ မဆိုနိုင်ပါဘူး ခင်ဗျ၊ ဒီအမေးမျိုး ရှေးက မေး ဖူး ပြီးပါပြီ'

'ဟုတ်လား ဆရာကြီး၊ ဘယ်တုန်းက ဘယ်သူ က ဘယ်သူ့ကို မေးခဲ့ဖူးတယ် ဆိုတာ အမိန့် ရှိပါဦး ခင်ဗျာ'

'မေးခွန်းက အလွန်ကောင်းမွန်တဲ့ မေးခွန်း ခင်ဗျ၊ ကျွန်တော်များ သာသနာတော်မှာ မိလိန္ဒပဉှာ ဆိုတဲ့ ကျမ်းကြီး တစ်ဆူဟာဖြင့် နေလို လလိုပဲ ထင်ရှားလှ ပါတယ်၊ အလွန် ကောင်းမွန်တဲ့ အမေးပဲလို့ ကျွန်တော် ပြောဆိုရတဲ့ အကြောင်းက ဒီမိလိန္ဒပဉှာ ကျမ်းရဲ့ အစ မှာ မိလိန္ဒ မင်းကြီးက အရှင် နာဂသေနကို ပထမ စမေး တဲ့ မေးခွန်းတွေထဲမှာ ဦးဆန်းလွင် မေးတဲ့ အမေးဟာ ထင်ထင်ရှားရှား ပါပါတယ် ခင်ဗျ'

'ဟာ ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ဒါနှင့် ပတ်သက်ပြီး ကျွန်တော်နှင့်တကွ နောင်လာနောက်သား တပည့်များ မှတ်သားဖွယ် ဖြစ်အောင် မိလိန္ဒမင်း နှင့် အရှင်နာဂသေနတို့ မေးပုံ ဖြေပုံကို ရှင်းအောင် မိန့် ကြားပါဦး ခင်ဗျာ'

'ဒီလို ခင်ဗျ၊ မိလိန္ဒ မင်းကြီးက ရှင်နာဂသေန ကို မေးတယ်၊ ဘယ်လို မေးသလဲ ဆိုတော့ အရှင် နာဂ သေန၊ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ် အကယ်၍ မရှိအံ့၊ အဘယ်သူသည် အရှင်တို့အား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပရိက္ခရာတို့ကို လှူလေသနည်း၊ အဘယ်သူသည် ကား ထိုလှူအပ်သော ပစ္စည်းကို သုံးဆောင် စားသောက် လေသနည်း၊ အဘယ်သူသည် ကမ္မဋ္ဌာန်း ဘာဝနာဥ် ယှဉ်လေသနည်း၊ အဘယ်သူသည် ပါ ဏာ တိ ပါ တ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ မကောင်းမှုတို့ကို ပြုလေသနည်း၊ အရှင် နာဂသေန ကု သိုလ် အကုသိုလ်ကံလည်း မရှိကောင်းပြီ၊ ကောင်းသော အမှု မကောင်းသောအမှုတို့၏ အကျိုးရင်း အကျိုးဆက် တရားသည်လည်း မရှိကောင်းပြီ။

'အရှင်နာဂသေန၊ အရှင်ဘုရားတို့ကို အကြင်သူ သည် သေအောင် သတ်အံ့၊ ထို သတ်သောသူအား ပါ ဏာတိပါတကံ မရှိကောင်း၊ အရှင်ဘုရားတို့အားလည်း ဆရာဟု လည်းကောင်း၊ ဥပဇ္ဈာယ် ဟူ၍ လည်းကောင်း၊ ပဉ္စင်း ဟူ၍ လည်းကောင်း မရှိကောင်းပြီ တဲ့၊ ဒီအမေး ဟာ ဦးဆန်းလွင် မေးလိုရင်း အမေးနှင့်တော့ သဘော ချင်း အတူတူပဲ ထင်ပါရဲ့'

'မှန်ပါတယ် ဆရာကြီး၊ ကျွန်တော် မေးတာ လည်း ဒီသဘောပါ၊ ဒါကို ရှေးကတည်းက မိလိန္ဒမင်း မေးခဲ့ဖူးတယ် ဆိုတာ သိရတော့ ကျွန်တော် ဝမ်းသာ လိုက်တာ၊ အရှင်နာဂသေနရဲ့ အဖြေကိုလည်း သိပါရစေ ဆရာကြီး'

'ဟုတ်ကဲ့ ခင်ဗျား၊ အရှင်နာဂသေနရဲ့ ဖြေပုံက မြတ်စွာဘုရား ဖြေပုံ အတိုင်းပဲ ခင်ဗျ'

'မြတ်စွာဘုရား ဖြေပုံဆိုတာ ဘယ်လို ဖြေပုံကို ဆိုတာလဲ ဆရာကြီး'

'ဗုဒ္ဓဟာ မိမိရဲ့ တွေးခေါ်နည်းကို မဇ္ဈိမ ပဋိပဒါ နည်းလို့ ဟောကြားတော်မူခဲ့တာ ဓမ္မစကြာမှာ ထင် ရှားခဲ့လို့ ဒါကို ဦးဆန်းလွင် သဘောကျပြီး ဖြစ်ပါ လိမ့်မယ်'

'ဟုတ်ကဲ့၊ မဇ္ဈိမ ပဋိပဒါ နည်းကို ကျွန်တော်က တော့ အနောက်တိုင်းက လူတွေ ပြောကြတဲ့ ဒိုင်ယာ လက်တစ်နည်း သဘောလို့ပဲ အောက်မေ့ပါတယ်၊ မဇ္ဈိမ ပဋိပဒါ နည်းကို ဗုဒ္ဓက ၆ ရာစု ဘီစီ ကတည်းက ဟော ကြားခဲ့တယ် ဆိုတော့ အနောက်တိုင်းက ဒိုင်ယာလက် တစ် နည်းထက်တော့ ပိုပြီး ရှေးကျပါတယ် ဆရာကြီး'

'ကျွန်တော်ကတော့ ဒိုင်ယာလက်တစ် နည်း ဆိုတာ မသိလို့ မပြောတတ်ဘူး၊ မဇ္ဈိမ ပဋိပဒါနည်း ဆို တာကတော့ အစွန်းတရား နှစ်ဖက်စလုံးကို ရှောင်ပြီး

www.burmeseclassic.com



တွေးမြင်တဲ့ နည်းကို ပြောတာပါပဲ၊ ကျွန်တော် ဆိုလိုတာကတော့ မိလိန္ဒမင်းရဲ့ အမေးကို အရှင် နာဂသေန ဖြေပုံဟာ မဇ္ဈိမ ပဋိပဒါ နည်းနှင့် ဖြစ်တာပဲ'

'ဩော် ဟုတ်ကဲ့၊ အမိန့်ရှိပါ ခင်ဗျာ'

'ဒီလို ဦးဆန်းလွင်ရဲ့၊ မင်းကြီးက မေးတယ်၊ အရှင်ဘုရား၊ တပည့်တော် မေးတုန်းက အရှင်ဘုရားရဲ့ အမည်နာမ သညာ မေးတော့ ငါ၏ အမည်နာမ သညာသည် နာဂသေနလို့ ဖြစ်ခဲ့ပါတယ်၊ ဒါဆိုရင် အရှင်ဘုရားက ရူပက္ခန္ဓာကို နာဂသေနလို့ ဆိုလိုတာလား ဘုရားလို့ မေးပြန်တယ်၊ ဒီတော့ အရှင်နာဂသေနက ရူပက္ခန္ဓာသည်လည်း နာဂသေန မဟုတ်ဘူး မင်းကြီးလို့ ဖြေတယ်၊ ဒီတော့ မင်းကြီးက ထပ်မေးတယ်၊ အရှင်ဘုရား ဒါဆိုရင် ဝေဒနက္ခန္ဓာ သညက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တွေကို နာဂသေန ခေါ်တာလား ဘုရားတဲ့'

'ဒီတော့ အရှင် နာဂသေနက ဘယ်လို ဖြေပါသလဲ ဆရာကြီး'

'ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် စသည်တို့လည်း နာဂသေန မဟုတ်ဘူးတဲ့'

'ဒါဆို မင်းကြီးက ဘာ ထပ် မေး သေး လဲ ဆရာကြီး'

'မင်းကြီးကလည်း ကိုဆန်းလွင်လိုပဲ၊ လိုချင်တဲ့ အဖြေ မရမချင်း မေးတယ်၊ ဒီလိုဆိုရင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တို့မှအပ နာဂသေန ဆိုတာ ရှိသေးလို့လား ဘုရားတဲ့'

'ဟုတ်တာပေါ့နော် ဆရာကြီး၊ မေး သင့် တဲ့ အမေးပဲ မဟုတ်လား'

'မေးသင့်တာပေါ့ ခင်ဗျ၊ အရှင် နာဂသေနကလည်း ဒီလို မေးပေမယ့် သည်းခံတော် မူပါတယ်၊ စိတ်ရှည် လက်ရှည်လည်း ဖြေပါတယ်'

'မင်းကြီးရဲ့ ဒီအမေးကို ရှင်နာဂသိန် ဖြေပုံကိုလည်း အမိန့် ရှိပါဦး ဆရာကြီး'

'အရှင် နာဂသေနက မင်းကြီး၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်မှ အပလည်း နာဂသေန ဆိုတာ မရှိနိုင်ပါဘူးတဲ့'

'ဗျာ'

အကျွန်ုပ်လည်း အံ့အားသင့်သော အာမေဍိတ် 'ဗျာ' ကို လွှတ်ခနဲ ဆိုမိလေ၏။

' ဒီလို ဖြစ်တော့ ဦးဆန်းလွင် အံ့အားသင့်သလို မိလိန္ဒ မင်းကြီးလည်း မကျေနပ်ဘူး၊ ဒီတော့ ထပ်မေးတယ်၊ အရှင်ဘုရား၊ ခု အရှင်ဘုရား ဖြေပုံအတိုင်းဆိုရင် နာဂသေန ဆိုတာ တပည့်တော် အနေနှင့်တော့ ဘာ ဆို မှန်း ကို သဘော မပေါက်တော့ဘူး ဘုရား၊ ဘယ်လို နားလည်ရမှန်းလည်း မသိတော့ပါဘူးတဲ့၊ ဒါဆိုရင် နာဂသေန ဆိုတာ အသံ သက်သက်ပဲလား၊ ဒါ စကားလုံး သက်သက်ပဲလားလို့ ဆိုလိုပါသလား တဲ့၊ ဒီတော့ အရှင်ဘုရား ပြောခဲ့တဲ့ နာဂသေန ဆိုတာ ဘာလဲ ဘုရား၊ အရှင်ဘုရားဟာ မုသား ဆိုတာလား ဘုရား၊ နာဂသေနလို့ ပြောတာ ဘယ်မှာ ရှိတော့လို့လဲ ဘုရား၊ မရှိတာကြီးကို အရှင်ဘုရားက နာဂသေနလို့ ပြောတာ လိမ်တာပဲ မဟုတ်လား ဘုရားလို့ အဲဒီလောက်တောင် ရင့်ရင့်သီးသီးကို စွပ်စွဲ ပြောဆိုလိုက်တယ်ဗျာ'

'အင်း ဒီမင်းကြီးက တော်တော် နှုတ်ရဲတာပဲ နော်'

'မိလိန္ဒမင်းက ပညာ ရဲရင့်တယ်၊ နှုတ်လည်း ရဲရင့်တယ်တဲ့ ဗျ၊ သူ့ စိတ်ထဲ မမှန်ဘူး ထင်ရင်လည်း မထင်တဲ့အတိုင်း တဲ့တိုး ပြောတတ်တယ်၊ ဒါကြောင့်လည်း မိလိန္ဒပဉှာ ကျမ်းဟာ သာသနာတော်မှာ ထင်ရှားတာပေါ့'

'ထားပါတော့ ဆရာကြီး၊ အဲဒီလို မင်းကြီးက စွပ်စွဲတော့ ရှင်နာဂသိန် မဖြေဘဲ နေသလား ခင်ဗျာ'

'ဟာ ဘယ်နေမလဲဗျာ၊ ဖြေတာပေါ့၊ ဖြေတာမှ မိလိန္ဒမင်း တစ်ခါတည်း တစ်ချက်တည်း ဘဝင်ကျအောင်ကို ဖြေပစ်လိုက်တယ်'

'အဲဒီ အဖြေကို သိပါရစေ ခင်ဗျား'

'အဲဒီအဖြေဟာ သာသနာတော်မှာ အလွန် ထင်ရှားလှတဲ့ ရထားကို ပမာ ထားပြီး ဖြေတဲ့ တရားပဲလေ'

'ဩော် မှတ်မိပြီ၊ မင်းကြီး ဘာနှင့် လာသလဲ မေးတော့ မင်းကြီးက ရထားနှင့် လာပါတယ် ဘုရားလို့ ဖြေတာကို ရှင်နာဂသိန်က မင်းကြီး ရထား ဆိုတာ ဘာလဲ၊ လှည်းသံသည် ရထားလား၊ ဝင်ရိုးသည် ရထားလား၊ လှည်းဘီးသည် ရထားလား၊ လက်တင်သည် ရထားလား၊ လှည်းထောက်သည် ရထားလား စသည်အားဖြင့် မေးတော့ မင်းကြီးက အဲဒါတွေဟာ တစ်ခုမှ ရထား မဟုတ်ပါ ဘုရားလို့ ဖြေတယ်၊ ဒီတော့ ရှင်နာဂသိန်က ဒါဖြင့် သင်မင်းကြီး ပြောတဲ့ ရထားဆိုတာ အဲဒီ ဝင်ရိုး၊ လှည်းသံ၊ လှည်းဘီး၊ လှည်းထောက် စသည်တို့မှ အပ တခြား ရှိသလားလို့ မေးပါတယ်၊ မင်းကြီး

www.burmeseclassic.com



လည်း အဲဒါတွေက အပ ရထား ဆိုတာ မရှိပါ ဘုရားလို့ ဖြေပါတယ်၊ ဒီလို ဖြေတော့ ရှင်နာဂသိန်က သူ့ကို မင်းကြီး မေးသလို ပြန်မေးပါတယ်၊ ဒါဆို ရထား ဘယ်မှာ ရှိသလဲ၊ ရထား ဆိုတာ အသံ တစ်သံ စကား တစ်လုံးမျှသာပဲလားလို့ မေးတဲ့ အမေး ဟုတ်လား ဆရာကြီး'

'ဟုတ်တာပေါ့ ခင်ဗျ၊ ဒီပုစ္ဆာမှာ ရထား အရကို မင်းကြီး သိသလို နာဂသေန ဆိုတာကိုလည်း သိပါလို့ အရှင် နာဂသေနက ဖြေတယ်လေ'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်တော့် ခေါင်းထဲမှာ ရှင်းလာပြီ ဆရာကြီး၊ လောကမှာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါး ရေတွက်တာက ပရမတ်အရ ရေတွက်တာ၊ ဒါတွေကို လူ နတ် တိရစ္ဆာန် ပုဂ္ဂိုလ် သတ္တဝါလို့ သတ်မှတ်တာက ဝေါဟာရ ပညတ် တွေလို့ မှတ်ရမယ်လို့ ဆိုလိုတာ မဟုတ်လား'

'အဲဒါ အချက်ပဲပေါ့ ဦးဆန်းလွင်ရဲ့၊ သမုတိ သစ္စာနှင့် ပရမတ္ထသစ္စာရဲ့ သရုပ်ကွဲကို နားလည်ရမှာပေါ့ ခင်ဗျာ၊ မောင်ဖြူ၊ မနီ၊ လူ၊ ခွေး၊ အိမ် စသည်တို့ဟာ ပညတ်တွေလို့ သဘောကျ ရမှာပေါ့'

'အင်း ပညတ်တွေနှင့် ပရမတ်တွေကို ကျွန်တော်က ရောကုန်တာကိုး'

'ဟုတ်ပါတယ်၊ ပညတ်လည်း ပ ညတ် နယ်၊ သမုတိ သစ္စာနယ်မှာ မှန်ပါတယ် ခင်ဗျား၊ သမုတိ သစ္စာများ ဖြစ်ကြသော်လည်း လူ နတ် တိရစ္ဆာန် ဆိုတဲ့ ရုပ်နာမ် ခန္ဓာစုတွေဟာလည်း အမှန် ရှိနေကြတာကို ပစ်ပယ်လို့ မရဘူးလေ၊ ဆန်းလွင်၊ မောင်မြ ဆိုတဲ့ ပညတ်တွေ၊ ထိုပညတ်နှင့် သတ်မှတ်ခဲ့ဖူးတဲ့ ရုပ်နာမ် ခန္ဓာစု တစ်စုစီဟာလည်း ဖြစ်ပျက်ခဲ့ဖူးတယ်၊ ဒါကို ဘယ်ငြင်းလို့ ရမလဲ၊ ဒီသဘောတွေ ပိုပြီး ရှင်းသွားအောင်၊ ဦးဆန်းလွင် လယ်တီ ဆရာတော်ဘုရား စီရင်တော်မူတဲ့ အနတ္တ ဒီပနီကျမ်း ဆိုတာ ရှိတယ်၊ အဲဒါကို ရှာဖတ်ပါ ခင်ဗျား၊ ဦးဆန်းလွင် သိလိုသမျှကို အနတ္တ ဒီပနီမှာ ဆရာတော်ကြီးက တိုရှင်း လိုရှင်းနည်းနှင့် ရှင်းပြထားပါတယ်၊ ကောင်းတာကတော့ ဗုဒ္ဓရဲ့ ဖီလိုဆိုဖီပိုင်းကို ငုံမိအောင် ဆိုရင် သင်္ဂြိုဟ်ကို ဦးဆန်းလွင် လိုက်ရင် ပို အဆင်ပြေတာပေါ့ ခင်ဗျာ၊ အဘိဓမ္မာ တစ်ခုလုံးကို အသေးစိတ် လိုက်ဖို့ကတော့ ဦးဆန်းလွင်က ပါဠိ အခြေခံ မရှိတော့ လွယ်မယ် မထင်ဘူး၊ အကောင်းဆုံး ကတော့ သင်္ဂြိုဟ်ကို လိုက်တဲ့အခါ ပါဠိလို လိုက်တာ ထက် အင်္ဂလိပ်လို လိုက်၊ အဲဒါဆို အဘိဓမ္မာကို ခေတ်မီတဲ့ အမြင်မျိုးလည်း ရသွားမယ်၊ ပြီးမှ အဘိဓမ္မတ္ထ သရုပ်ပြတို့၊ အခြေပြု သင်္ဂြိုဟ်တို့ သင်္ဂြိုဟ် ဘာသာ ဋီကာတို့ကို လိုက်လိုက်ရင် ဟန်ကျသွားမှာပါ'

'ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားပါ့မယ် ဆရာကြီး၊ ကျွန်တော်တို့ ဌာနမှာ ဆရာကြီး ဦးရွှေဇံအောင် ရေးတဲ့ **(Compendium of Philosophy)** ဆိုတဲ့ ကျမ်းတော့ တွေ့တယ်၊ အဲဒါ သင်္ဂြိုဟ်ပဲ မဟုတ်လား ခင်ဗျ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီစာအုပ်ဟာ အလွန် ကောင်းမွန်တဲ့ စာအုပ်ပါပဲ၊ ဦးဆန်းလွင် နောက်ထပ် ဖတ်သင့်တာက သီဟိုဠ် ဘုန်းတော်ကြီး အရှင် နာရဒ ထေရ်မြတ် စီရင်တဲ့ A Manual of Abhidhamma ဆိုတာလည်း ရှိသေးတယ်၊ ဒါလည်း အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်းပဲ၊ ပြီးမှ သေက္ခတောင် ဆရာတော်ရဲ့ အဘိဓမ္မတ္ထ သရူပ ဒီပနီ၊ တောင်ဖြို့ ဆရာတော် အရှင် ဇနကာဘိဝံသရဲ့ သင်္ဂြိုဟ် ဘာသာ ဋီကာပါ ဆက်ကြည့် နိုင်ရင်တော့ ပိုကောင်းတာပေါ့ဗျာ၊ ကျွန်တော်လည်း ကူမှာပေါ့၊ နောက်တစ်ကြိမ်လာရင် ကျွန်တော် အဘိဓမ္မာ ခုနစ်ကျမ်းရဲ့ သဘောကို ခြုံပြီး ပြောပြမယ်၊ ဒါဆို ဦးဆန်းလွင် ခေါင်းထဲမှာ ရှင်းရှင်း နားလည်သွားပါ လိမ့်မယ်'

'ဆရာ့ ကျေးဇူး ကြီးလှပါတယ် ခင်ဗျာ၊ အမှန် ပြောရရင် ကျွန်တော့်ကို ဆရာတို့ ရိုးရိုးကူနေတာတောင် မဟုတ်တော့ပါဘူး၊ ကျွန်တော့်ကို ဆရာတို့ ဝိုင်းပြီး ကယ်တင်နေကြတယ်လို့တောင် အောက်မေ့ပါတယ် ခင်ဗျာ'

'ဒီလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါ ခင်ဗျာ၊ ကျွန်တော်တို့က ထေရဝါဒ သာသနာတော် အတွက် လုပ်နေကြတာ၊ တာဝန် တစ်ရပ် အနေနှင့် လုပ်နေကြတာ ဆိုတော့ ခု ဦးဆန်းလွင်ရဲ့ ကိစ္စမျိုးကို ဝိုင်းကူရမှာက ကျွန်တော်တို့ တာဝန်အရ လုပ်တာလည်း ဖြစ်နိုင်ပါတယ် လေ၊ ကျွန်တော်များနှင့် နှိုင်းစာရင် ဦးဆန်းလွင် ရှာဖွေ စူးစမ်းနေပုံကမှ တကယ့် အရိယာသစ္စာကို ရှာနေသလို ပါပဲ'

'ဆရာတို့လည်း ဝတ်ကျေ တန်းကျေမှ မဟုတ် ပါပဲ ဆရာရယ်၊ ဆရာ ခု ကျွန်တော့်ကို ကူညီတာဟာ စေတနာရော ကရုဏာရော ပါတယ်လို့ ကျွန်တော် ခံစား ရပါတယ် ဆရာ၊ ဒါထက် နောက်တစ်ကြိမ် ကျွန်တော် ဆရာ့ဆီကို ဘယ်နေ့ လာရမလဲ ခင်ဗျ'

www.burmeseclassic.com



'ဦးဆန်းလွင် အသင့်ဖြစ်တဲ့ နေ့ လာပါ'

'ကျွန်တော် ဒီကြားထဲမှာ လယ်တီ ဆရာတော်ရဲ့ အနတ္တ ဒီပနီကို ရှာဖတ်ပါ့မယ်၊ ကျွန်တော့် စိတ်ထဲမှာ ဗုဒ္ဓရဲ့ အယူဝါဒမှာ ဒီ အနတ္တဝါဒဟာ အရေး အပါဆုံး ဒဿနအမြင် တစ်ရပ်လို့လည်း ထင်ပါတယ်'

'ဟုတ်တာပေါ့ ခင်ဗျ၊ ဗုဒ္ဓဝါဒဟာ အနတ္တဝါဒ အပေါ်မှာ တည်ထားတယ်၊ ဗုဒ္ဓဝါဒ နှင့် တခြား အယူဝါဒတွေ ကွဲပြား ခြားနားခြင်းဟာ ဒီ အနတ္တဝါဒကြောင့် ပဲလို့ ဆိုရင်လည်း မမှားပါဘူး'

'ဟုတ်ကဲ့ ဆရာ၊ ဒီကြားထဲ တခြား သင်္ဂြိုဟ် ခြေခံတွေကိုလည်း ကျွန်တော် ကြည့်ပါ့မယ်၊ ဆရာကြီး ဦးရွှေဇံအောင်ရဲ့ **Compendium of Philosophy** ကို ကျွန်တော် ဖတ်ဖြစ်အောင် ဖတ်ခဲ့ပါ့မယ်'

'ကောင်းပါတယ် ခင်ဗျ'

ဆရာကြီး ဦးမြထံမှ ပြန်ခဲ့သော ဤတစ်ကြိမ်တွင် အကျွန်ုပ်၏ ဦးနှောက်တွင် အတွေးသစ်များနှင့် အကျွန်ုပ်၏ နှလုံးသားတွင် ခံစားမှုသစ်များ ပါလာလေသည်။ ဦးနှောက်တွင် ပါလာသော အတွေးသစ်သည် ဤသို့ ဖြစ်၏။ မိမိသည် ဗုဒ္ဓ၏ အယူဝါဒ တစ်ရပ်ကို ရှုထောင့် တစ်ခုမှ ဝေဖန်မည် ဆိုသောအခါ ထို ဗုဒ္ဓဝါဒကို နှံ့နှံ့စပ်စပ် သိဖို့လည်း လိုမည်။ နှံ့စပ်ရုံဖြင့်လည်း ပြီးဦးမည် မဟုတ်သေး။ သဘောကို ရှင်းအောင် သိဖို့လည်း လိုဦးမည် ဖြစ်၏။ ဗုဒ္ဓသည် သုတ္တန် ဒေသနာကို တစ်မျိုး ဟောသည်၊ အဘိဓမ္မာ ဒေသနာကို တစ်မျိုး ဟောသည်ဟုလည်း သိရလေသည်။ အဘယ်ကြောင့် ထိုကဲ့သို့ တရား တစ်မျိုးတည်းကို နှစ်မျိုး ဟောကြားလေသနည်း။ မိမိသည် ဒဿနသမား ဖြစ်ပေရာ သုတ္တန်ကိုထက် အဘိဓမ္မာကို ပိုပြီး ရှင်းရှင်း သိဖို့ လိုမည်ဟုလည်း တွေးထင်နေခြင်းကို ဆိုလိုပါ၏။

နှလုံးသား၌ ခံစားမှု အသစ်များ ပါလာသည် ဆိုခြင်းမှာ ဝမ်းမြောက်ခြင်း အားတက်ခြင်းများ ပါလာခြင်းကို ဆိုရခြင်း ဖြစ်သည်။

အကျွန်ုပ်သည် ကံအားလျော်စွာ အကျွန်ုပ် အပေါ် စေတနာ ထားကြသော ဆရာသမားများကို ဆုံစည်းခွင့် ရခဲ့လေသည်။ ထိုဆရာသမားတို့သည် မူလအားဖြင့် စိတ်ကောင်း စေတနာ ရှိကြရုံမျှသာမက အကျွန်ုပ်ကဲ့သို့ ဝိတက်များသော သူ၏ နှလုံးသားမှ ယုံမှား နှင့် သံသယကို ပပျောက်အောင် ဆေးကြော သုတ်သင်ခြင်းငှာ ပညာ အစွမ်းသတ္တိ နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးများလည်း ဖြစ်ကြသဖြင့် အကျွန်ုပ်၏ ကံကောင်းခြင်း (ဝါ) ဘဝ အကျိုးပေး ကောင်းမွန်ခြင်းကို ဝမ်းမြောက် ကြည်နူးရ လေသည်။ ထိုမျှမကဘဲ ဘဝ အတွက် အားတက်ဖွယ် ဖြစ်ရသည်မှာ မိမိ၏ ကြိုးပမ်းမှုများသည် အနာဂတ် အတွက် မျှော်လင့်ချက် ရှိသည်ဟု ခံစားမိ၍ အားတက် ခြင်း ဖြစ်ရသည်ကို ဆိုလိုပါ၏။ အားတက်ရပုံမှာ ဤသို့ ဖြစ်ပါ၏။ မိမိသည် ငယ်စဉ်ကပင် သစ္စာဓမ္မကို အငမ်းမရ ပင်ပန်းမရှိ ဆင်းရဲမကြောက် မဖောက် မပြန်သော စိတ်ဖြင့် တောက်လျှောက် ရှာဖွေလာသူ တစ်ဦး ဖြစ်ပေရာ မကြာမြင့်မီ အနာဂတ်၌ မိမိ သိမြင်လိုသော သစ္စာဓမ္မကို တွေ့ရလိမ့်မည်ဟု ယုံကြည် စိတ်ဖြင့် မျှော်လင့်လာမိခြင်းလည်း တစ်ရပ်၊ ထို့ပြင် ဤကဲ့သို့ ဆရာသမားများထံတွင် အာစရိယ မုဋ္ဌိဖြင့် သင်ကြားခဲ့ရသော ဉာဏ်ပညာတို့သည် ကိုယ်ပိုင် ဉာဏ်ပညာများ အဖြစ်သို့ ပြောင်းလဲလျက် ထိုဉာဏ်ပညာ၏ အကျိုးကို ခံစား ရလိမ့်မည်ဟု မျှော်လင့် အားထားခြင်း လည်း တစ်ရပ် ဖြစ်ပါ၏။

ထိုခံစားချက်များသည် အကျွန်ုပ်အား ဘယ်လို အရေးအခင်း ဘယ်လို ပြဿနာမျိုးနှင့် ရင်ဆိုင်ရသည် ဖြစ်စေ စိတ်ဓာတ် မကျသူ၊ မျက်နှာပေါ်မှာ အပြုံး မပျက်သူ၊ လောကဓံ၌ မတုန်လှုပ်သူ၊ ပကာသန၌ တန်ဖိုးမဲ့ကို မြင်သူ၊ မိမိအား နှိပ်စက် ညှဉ်းဆဲသူအား အငြိုးမရှိ ပကတိ ကြည်လင်သော စိတ်ဖြင့် ဆက်ဆံ နိုင်သူ၊ မိမိအား တရားစွဲသူ အိမ်နှင်သူများအား အမုန်း မရှိ လျစ်လျူရှုနိုင်သူ၊ မိမိက တရား စွဲဆို ရမည့်အခါ တရားစွဲလိုစိတ် မရှိသူ၊ တစ်စ တစ်စ နှင့် မိမိကိုယ်မှ ထောင်လွှားလိုသော မာနကို တဖြည်းဖြည်း ခွာချကာ နှိမ့်ချစွာ ဆက်ဆံတတ်သူ ဖြစ်လာအောင် ပြုပြင်ပေးသော ခံစားချက် ဖြစ်လေ၏။ ခြုံ၍ ပြောရပါမူကား သစ္စာကို ရေးရေး မြင်လာခြင်းနှင့် ကံ၏ ကျေးဇူးကို မျှော်လင့် အားကိုး တတ်လာခြင်းသည် အကျွန်ုပ်အား ဖြောင့်မတ် ခြင်း၌ ရဲရင့်သူ အဖြစ်သို့ ရောက်အောင် တစ်ဆင့်ပြီး တစ်ဆင့် တွန်းတင်ပေးလျက် ရှိသည်ဟု ထင်မိခြင်း ဖြစ်သည်။

ဆရာမြထံမှ ပြန်လာပြီးနောက် ဟံသာဝတီတိုက် ထုတ် ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၏ ***အနတ္တ ဒီပနီ*** ကို အကျွန်ုပ် ရှာဖွေ ရရှိကာ လေ့လာ လေတော့၏။

***အနတ္တ ဒီပနီ*** ၏ ပထမ အခန်းတွင် လယ်တီ

www.burmeseclassic.com



ဆရာတော်ကြီးသည် ‘သစ္စာ’ ကို နှစ်ပိုင်း ခွဲပြထားလေသည်။

‘သစ္စာ ဆိုသည်ကား သမ္မုတိသစ္စာ ပရမတ္ထသစ္စာ ဟူ၍ နှစ်ပါး ရှိ၏၊ ထိုတွင် *

‘သမ္မုတိသစ္စာ ဆိုသည်ကား လောက၌ သတ္တဝါ မည်သည် အမှန် ရှိ၏၊ ပုဂ္ဂိုလ်သည် အမှန်ရှိ၏၊ ထို ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝတို့သည် အနမတဂ္ဂသံသရာ၌ ကုသိုလ်ကံ အကုသိုလ်ကံ ပစ်ချရာသို့ အစဉ်တစိုက် လိုက်၍ အစဉ်မပြတ် ကျင်လည် ပြောင်းရွှေ့၍ နေကြရကုန်၏ဟု အခိုင်အမြဲ မှတ်ယူ စွဲလမ်း ခေါ်ဝေါ် ပြောဆိုခြင်းသည် သမ္မုတိသစ္စာ မည်၏။

‘ထိုတွင် သတ္တဝါရှိသည် ဟူသော စကားဖြင့် လူ ဟူ၍ အမှန် ရှိ၏၊ နတ် ဟူ၍ အမှန် ရှိ၏၊ ကျွဲ နွား ခွေး ဝက် ကြက် ငှက် တိရစ္ဆာန် သတ္တဝါ ဟူ၍ အမှန် ရှိ၏၊ ယောကျ်ား မိန်းမ ဟူ၍ အမှန် ရှိ၏၊ ငါ ဟူ၍ သူတစ်ပါး ဟူ၍ အမှန် ရှိ၏၊ ဦးခေါင်း ခြေလက် မျက်စိ နား နှာခေါင်း စသော အင်္ဂါကြီးငယ် ဟူ၍ အမှန် ရှိ၏၊ ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ဟူ၍ အမှန် ရှိ၏ စသည်ဖြင့် ထင်မှတ် စွဲလမ်း ခေါ်ဝေါ် ပြောဆိုခြင်းများသည်လည်း သတ္တဝါ ရှိ၏ ဟူသော စကား၌ ပါဝင်လေ၏။

‘ပုဂ္ဂိုလ် ရှိ၏ ဟူသော စကားသည် သတ္တဝါ ရှိ၏ ဟူသော စကားနှင့် အထူး အခြား မရှိကြ။

‘အတ္တ ရှိ၏ ဟူသော စကား၌ အတ္တ ဆိုသည်ကား သတ္တဝါတို့၏ သဏ္ဌာန်မှာ အမာခံ ဖြစ်သော အနှစ်သာရကို အတ္တဟူ၍ ဆို၏’

ဤကား သမုတိသစ္စာ နယ်တွင် ပုဂ္ဂိုလ် သတ္တဝါ အတ္တ ရှိပုံ၊ ထိုသို့ ယူဆလျှင်လည်း မှန်ကန်ပုံကို လယ်တီ ဆရာတော် ရှင်းလင်း ဖော်ပြသော အချက် ဖြစ်၏။ ဤသို့ ဖော်ပြရာ၌ ဆရာတော်သည် ဥပမာဖြင့်လည်း ထင်ရှားအောင် ပြတော်မူလေသည်။ ပြပုံကား ဤသို့ ဖြစ်လေ၏။

‘ဥပမာကား မြေအိုး ဟူသော စကား၌ မြေ ဆိုသည်ကား ပထဝီ ဓာတ်၏ အမည်ပေတည်း၊ အိုး ဆိုသည်ကား အဝန်းအဝိုင်း စသော အိုးသဏ္ဌာန်ဟု ဆိုအပ်သော သဏ္ဌာန ပညတ်၏ အမည်ပေတည်း။

‘ပညတ် ဟူသည် သဘောအားဖြင့် အမှန်ရှိရင်း မဟုတ်၊ မြေဓာတ် အပေါင်းအစုကို အစွဲပြု၍ သတ္တဝါတို့၏ စိတ်ထဲတွင် ဝိုင်းသည် ဝန်းသည် ဟူ၍ ထင်မြင်ရသော အခြင်းအရာမျှသာတည်း။

‘သို့သော် ပရမတ် နှင့် ပညတ်ကို ခြား၍ သိနိုင်ရန် ဉာဏ် မရှိသော လောကီဘုံသားတို့မှာ မြေဓာတ် အပေါင်းအစုသည်ပင်လျှင် အိုးဖြစ်၏ဟု မြေနှင့် အိုးကို တစ်ခုတည်း ပြု၍ မှတ်ယူကြ၏၊ ထိုသို့ မှတ်ယူရာ၌ အမှန်ရှိသော မြေသည် အမှန်မရှိသော အိုး၏ အမာခံ အနှစ်သာရ အတ္တ ဖြစ်လေတော့၏၊ မြေ မရှိခဲ့သော် မြေအိုး ဟူ၍ မရှိနိုင်၊ မြေ ရှိမှသာလျှင် မြေအိုး ဟူ၍ ရှိနိုင်၏၊ ထို့ကြောင့် မြေသည် အိုး၏ အနှစ်သာရ အတ္တ မည်ပေ သတည်း၊ ထို့အတူ အမှန်ရှိသော ခန္ဓာ ငါးပါး နှင့် အမှန် မဟုတ်သော သတ္တဝါ ဟူသော သဏ္ဌာန ပညတ်ကို တစ်ခုတည်း ပြု၍ မှတ်ယူ ကြရာ၌လည်း ခန္ဓာ ငါးပါးသည် သတ္တဝါ ပညတ်၏ အမာခံ အနှစ်သာရ အတ္တ ဖြစ်ရလေ၏၊ ခန္ဓာ ငါးပါး မရှိသော် သတ္တဝါ ဟူ၍ မရှိနိုင်၊ ခန္ဓာ ငါးပါး ရှိမှသာလျှင် သတ္တဝါ ဟူ၍ ရှိနိုင်၏၊ ထို့ကြောင့် ခန္ဓာ ငါးပါးသည် သတ္တဝါ၏ အနှစ်သာရ အတ္တ မည်လေသတည်း’

ဤသို့ ပြဆိုပြီးနောက် လူတို့ အယူတွင် ခန္ဓာ ငါးပါးမှ အလွတ် ဖြစ်သော ခန္ဓာအိမ်၏ အရှင်သခင် အတ္တ ရှိသည် ဟူသော အယူရှိပုံ၊ ထိုအယူသည် ခန္ဓာ ငါးပါးသည် တခြား၊ ခန္ဓာ ငါးပါးကို အုပ်စိုး၍ နေသော အတ္တသည် တခြား ဟူ၍လည်း ယူကြောင်းများကို ရှင်းပြတော်မူပြန်လေသည်။

‘ဇီဝ’ ကိုမူကား အတ္တကို အရှည် တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက်သော အရာ (အသက်) ဟု ယူကြောင်းလည်း ပြတော်မူသည်။

ပညတ်တို့တွင် ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝတို့ကို ပြပြီးနောက် သဏ္ဌာနသည် အမှန်ရှိ၏၊ သန္တတိသည် အမှန်ရှိ၏၊ နိမိတ်သည် အမှန်ရှိ၏၊ အနုဗျဉ္ဇနသည် အမှန် ရှိ၏ဟု ဆက်လက် ပြဆိုတော် မူပြန်လေသည်။ အဝန်း၊ အဝိုင်း၊ အလုံး၊ အထောင့်၊ အကွေး၊ အရှည်၊ အတို စသည့် သဘောတို့ကား သဏ္ဌာနပညတ် (form)၊ အရာဝတ္ထု အခြင်းအရာတို့၏ ဖြစ်စဉ်ကား သန္တတိပညတ် (process)၊ ဦးခေါင်းပုံ၊ ခြေပုံ၊ လက်ပုံ၊ မိန်းမပုံ၊ ယောကျ်ားပုံ၊ နွားပုံ၊ လူပုံ စသည်ကား နိမိတ် (image) များ ဖြစ်ကြလေသည်။ ဤတွင် သုဘ နိမိတ်၊ အသုဘ

---

* အနတ္တ ဒီပနီ၊ လယ်တီဆရာတော်၊ စာ ၂

www.burmeseclassic.com



နိမိတ်များလည်း ရှိသည်။ အနေအထိုင် အထအကြွ အသွားအလာ အပြုအမူ အပြောအဆို စသော အမူအရာတို့ကား အနုဗျဉ္စန ပညတ်များ (behaviours) ဖြစ်ကြကြောင်းလည်း ဆရာတော် ဖော်ပြထား၏။ ထိုသဘော အားလုံးသည် ပညတ်များ သမ္မုတိသစ္စာများ ဖြစ်ကြောင်းလည်း ဆို၏။

အကျွန်ုပ်သည် ရှေးတွင် ပလေတို အာရစ္စတိုတယ်တို့မှ စ၍ ဉာဏ်ဖြင့် သိအပ်သော ယေဘုယျ သဘောများကို ဆိုခဲ့ရာတွင် ပလေတို ပြောသော စိတ်ကူးထည် (Idea) များကို ပရမတ္ထ တရားများဟု ထင်မှတ်ခဲ့၏။ ဗုဒ္ဓ အလို ထိုတရားတို့လည်း ပညတ်များသာ၊ သဒ္ဒတိ ပညတ် သဏ္ဌာနပညတ်များသာ။ ပရမတ်တို့ကား ခန္ဓာများ အာယတနများ ဓာတ်များ သစ္စာများသာတည်း။

လယ်တီ ဆရာတော်ကမူ ထိုပညတ်တို့သည် ပထဝီဓာတ်၊ အာပေါဓာတ် အစ ရှိသည်တို့ကို စွဲ၍ သတ္တဝါတို့၏ စိတ်ထဲတွင် ထင်မြင်အပ်သော အခြင်းအရာမျှတို့သာတည်းဟု သမုတိသစ္စာ သဘောကို အနက်ဖွင့်ရာ၌ 'ထိုအခြင်းအရာမျှတို့ကိုပင် ဧကန်ရှိ အမှန်ရှိဟု အခိုင်အမြဲ စွဲလမ်းကြပြီးလျှင် အမည်နာမ အသီးသီးတင်၍ လောကီဘုံသား လူအများတို့ အစဉ်အဆက် ခေါ်ဝေါ် သမုတ်၍ နေကြသည့် အတွက်ကြောင့် သမုတိ ခေါ်ပေသတည်း' * ဟု ဆိုပါသည်။

လယ်တီ ဆရာတော်၏ ထူးခြားသော အာဘော်မှာ လူတွေ ထုံးစံအတိုင်း ပုဂ္ဂိုလ် ရှိသည် သတ္တဝါ ရှိသည် အတ္တဇီဝ ရှိသည်ဟု ပြောဆို နေကြခြင်းသည် တစ်စုံတစ်ယောက်သောသူကိုမျှ လှည့်စားခြင်း မဖြစ်၊ မုသာဝါဒ မဖြစ်၊ မုသာ ဝါဒ မဖြစ်သောကြောင့် သစ္စာဆိုရသည် ဟုလည်း ဆုံးဖြတ်တော်မူသည်။ ထို့ပြင် သမုတိသစ္စာသည် မုသာဝါဒကို ပယ်နိုင်သည်။ သို့သော် ဝိပ္ပလ္လာသ ခေါ်သော ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်သော သဘောကိုကား မပယ်နိုင်။ သမုတိ သစ္စာများကိုယ်တိုင် ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်သောကြောင့် ဖြစ်သည်ဟုလည်း ဆိုသည်။

ပရမတ္ထသစ္စာကား ဖောက်ပြန်တတ်သော သဘောမရှိ။ ပရမတ္ထသစ္စာတို့သည် မုသာဝါဒနှင့် တကွ ဝိပ္ပလ္လာသ တရားများကိုပါ ပယ်လေသည်။ အထင်မှား အမြင်မှား အမှတ်မှား အသိမှား အားလုံးကို ဝိပ္ပလ္လာသ ခေါ်၏။

(စိတ္တ ဝိပ္ပလ္လာသ၊ သညာ ဝိပ္ပလ္လာသ၊ ဒိဋ္ဌိ ဝိပ္ပလ္လာသ။)

ဆရာတော်သည် ပရမတ္ထသစ္စာကိုပင် သဘာဝ သစ္စာ နှင့် အရိယာ သစ္စာ ဟူ၍ နှစ်ပါး အပြားအားဖြင့် ပြတော်မူသည်။

ဤသို့ ပြဆိုရာ၌ သဘာဝ သစ္စာနှင့် အရိယာ သစ္စာ အမြင်ချင်း မတူပုံကိုပါ သရုပ် ခွဲပြပါသည်။

ထို့နောက် အလွန် အရေးကြီးသော အချက်ကို ဆရာတော် ပြည့်သွန်တော်မူ၏။ ပြည့်သွန်ပုံကား

'ဤလောက၌ အကြင်သူတို့သည် သမုတိသစ္စာကို ငြင်းပယ်ကြကုန်၏၊ ထိုသူတို့သည် ဒါန သီလ ဘာဝနာ အစရှိသော ကုသိုလ် တရားမျိုး၊ အလောင်းအလျာတို့ ဖြည့်ကျင့် ဖွယ်များအပ်သော ပါရမီမျိုးတို့နှင့် ဝေးကွာကြကုန်၏။

'အကြင်သူတို့သည် ပရမတ္ထသစ္စာကို ငြင်းပယ်ကြကုန်၏၊ ထိုသူတို့သည် ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော တရား၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတို့မှ ဝေးကြကုန်၏။

'ဤအရာ၌ ပရမတ် သဂြိုဟ်ကို လေ့ကျက်ကြကုန်သော အချို့သော သူတို့သည် သမုတိ သစ္စာတရားကို လုံးလုံး ပယ်ကြကုန်၏'

ဆရာတော်၏ ဤ မိန့်ဆိုချက်သည် အကျွန်ုပ်အား တိုက်ရိုက် ထိမှန်သကဲ့သို့ ရှိလေ၏။ အကျွန်ုပ်သည် ပရမတ် တရားများကိုသာ ရေတွက်လျက် သမုတိသစ္စာများကို ပယ်ထားသူ ဖြစ်၍သာ ရှေး၌ ဆိုခဲ့သော အဘိဓမ္မာ ဆရာကြီးအား မေးသော အမေး ပုစ္ဆာတို့ကို မေးမိခြင်း ဖြစ်လေသလား။ ဤအရာ၌ အကျွန်ုပ်တွင် တစ်စုံတစ်ခု ချွတ်ယွင်းနေပြီကို သတိ ထားမိတော့၏။ အကျွန်ုပ်၏ အတွေးအခေါ် ရှုပ်ထွေးမှုသည် ***အနတ္တ ဒီပနီ*** တွင် လယ်တီ ဆရာတော် အဆုံးအဖြတ်များကို ဆက်လက် လေ့လာသော အခါမှသာ ရှင်းသွားလေတော့၏။ ဆရာတော်သည် ပညတ် ပရမတ် ဆက်နွှယ်ပုံ သဘောကို အောက်ပါ အတိုင်း ရှင်းပြတော်မူလေသည်။

'လောက၌ (ပရမတ်ကိုသာ အရေးထားသူတို့သည်) ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ ဟူ၍ မရှိ၊ ရုပ်နာမ် တရား ခန္ဓာငါးပါးသာ အမှန်ရှိ၏၊ ခန္ဓာငါးပါးသည်လည်း ဘဝ အဆုံးသို့ ကျ၍ စုတိ ကမ္ဘဇရုပ် ချုပ်ရာတွင် အကုန်လုံး ချုပ်ဆုံး ကြရလေကုန်၏၊ ဘဝ တစ်ပါးသို့ ကူးပြောင်း၍ သွားသော တရား ဟူ၍ တစ်ခုမျှ မရှိ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ ဟူ၍လည်း ခန္ဓာငါးပါးကို

--------------

* *အနတ္တ ဒီပနီ၊ စာ ၇*

www.burmeseclassic.com



စွဲမှီ၍ သမုတ်အပ်သော ပညတ် တရားမျှသာတည်း၊ ထို့ကြောင့် ထိုပညတ် တရားများသည်လည်း ယခု ဘဝ သေကြသော အခါ ခန္ဓာငါးပါး ပျက်ဆုံးရာတွင် အကုန် ပျက်ကြရကုန်သည်၊ ဘဝ တစ်ပါးသို့ ပြောင်းသွားနိုင်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ ဟူ၍ တစ်စုံတစ်ခုမျှ မရှိ' ဟု ယူကြသည်ဟု ဆိုလေသည်။

အမှန်မှာ အကျွန်ုပ် စိတ်တွင်လည်း ဤအတိုင်းပင် ထင်မြင်မိလေသည်။ ပုဂ္ဂိုလ် သတ္တဝါ အသွင်သဏ္ဌာန်တို့မှာ စိတ်အထင်မျှသာ ဖြစ်သည်။ ခန္ဓာငါးပါး ပျက်စီးသွားလျှင် ထိုအရာတို့လည်း ကစဉ့်ကလျား လွင့်ပါးပျောက်ကွယ် ကုန်ကြသည်။ သို့ဖြစ်လျှင် ယခု ဘဝက ပြုခဲ့ဖူးသော ကုသိုလ် အကုသိုလ် အဖို့ကို ဘဝ တစ်ပါးတွင် မည်သူ ရထိုက်သနည်း။ အကျွန်ုပ်လည်း ဤသို့ပင် အမှန် တွေးမိကြောင်း ဝန်ခံပါ၏။ ထိုအချက်သည် အတွေးအခေါ် ရှုပ်ထွေးမှု တစ်ရပ် ဖြစ်နေသည်လည်း အမှန်ပင်။

ဤ အတွေးရှုပ်ထွေးမှုကို လယ်တီ ဆရာတော်၏ ***အနတ္တ ဒီပနီ*** သာ ဖြေရှင်းခြင်း မပြုနိုင်ခဲ့လျှင် အကျွန်ုပ်သည် ကာလ အတန်ကြာအောင်ပင် အခက်အခဲ ကြုံ၍ နေရလိမ့်မည် ထင်ပါသည်။

သို့ရာတွင် ဆရာသမားများ၏ ကျေးဇူး နှင့် ကံကောင်း ထောက်မသဖြင့် လယ်တီ ဆရာတော်၏ ***အနတ္တ ဒီပနီ*** ကို လေ့လာရပေရာ အကျွန်ုပ် အဖို့ ကြီးမားသော ဒဿန ပြဿနာ ဝန်ထုပ်ကို ထမ်းထားရခြင်းမှ သက်သာခွင့် ရခဲ့ပါလေ၏။

လယ်တီ ဆရာတော်၏ ဖြေရှင်းချက်မှာ ဤသို့ ဖြစ်ပါ၏။

'ခန္ဓာငါးပါး အပေါင်းအစုကို အစွဲပြု၍ ပုဂ္ဂိုလ် ရှိ၏၊ သတ္တဝါ ရှိ၏၊ အတ္တ ရှိ၏၊ ဇီဝ ရှိ၏ဟု ဖြစ်သည်၊ ခန္ဓာငါးပါးသည် မြစ်ရေ အလျဉ်ကဲ့သို့ အစဉ်မပြတ် ဆက်လက် ဖြစ်ပွားလျက် နေသည်ကို အစွဲပြု၍ ဤသတ္တဝါသည် ပထမ အရွယ်မှလည်း ဒုတိယ အရွယ်သို့ ရောက်၏၊ ဤဘဝမှလည်း ထိုဘဝသို့ ရောက်၏၊ ထိုဘဝမှလည်း ဤဘဝသို့ ရောက်၏ဟု သမုတိ သစ္စာ တရား ထင်ရှား ရှိနေ၏၊ အကြင်မျှလောက်သော ကာလပတ်လုံး ကိလေသာ အာသဝေါ ကင်း၍ ပရိနိဗ္ဗာန်စံခြင်းသို့ မရောက်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ခန္ဓာ ငါးပါးသည် မြစ်ရေ အလျဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ပွားလျက်သာ နေ၏၊ ခန္ဓာ ငါးပါးသည် မြစ်ရေ အလျဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်သမျှ ကာလပတ်လုံး ဤသတ္တဝါသည် ထိုဘဝသို့ ရောက်၏၊ ထိုသတ္တဝါသည် ဤဘဝသို့ ရောက်လာ၏ ဟူသော သမုတိသစ္စာ တရားသည်လည်း အစဉ် တည်ထွန်းလျက် ရှိသည်သာလျှင် တည်း။

'ဤအရာ၌ မေးရန် ရှိ၏၊ အဘယ်သို့ မေးရန် ရှိသနည်း ဟူမူကား ဤဘဝတွင် မသေမီ အတွင်း၌ ခန္ဓာငါးပါးသည် မြစ်ရေ အလျဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်နေခြင်းကြောင့် သတ္တဝါ ပညတ်သည်လည်း ထို အစဉ်ကို အမှီပြု၍ တည်နေသည်ကား မှန်၏၊ ဤလူ့ပြည်မှ စုတေ၍ အထက် နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်ရသည် ဟူသော စကား၊ ဤလူ့ပြည်မှ စုတေ၍ အောက် ငရဲပြည်တို့၌ ဖြစ်ရသည် ဟူသော စကားများမှာ စုတေရာ ဌာနနှင့် ဖြစ်ရာ ဌာနတို့သည် လွန်စွာ ဝေးကွာ ခြားနားလျက် ရှိသောကြောင့် ခန္ဓာ ငါးပါးသည် အစဉ်ပြတ်ကြီး ပြတ်သည် မဟုတ်ပါလော။

'ခန္ဓာငါးပါးသည် အစဉ် အပြတ်ကြီး ပြတ်ခဲ့သော် ပုဂ္ဂိုလ် သတ္တဝါသည်လည်း အပြတ်ကြီး ပြတ်လေတော့သည် မဟုတ်လောဟု မေးရန် ရှိ၏။

'အဖြေကား ဤလူ့ပြည်မှ စုတေ၍ အထက် နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်ရသည် ဟူသော စကား၊ ဤလူ့ပြည်မှ စုတေ၍ အောက် ငရဲပြည်တို့၌ ဖြစ်ရသည် ဟူသော စကားများမှာလည်း စုတေရာ ဌာနနှင့် ဖြစ်ရာ ဌာနများသည် အလွန် ဝေးစွာ ကွာခြားလျက် ရှိသောကြောင့် ဌာန ဒေသ အလိုအားဖြင့် လွန်စွာ ကွာခြားလျက် ရှိသော်လည်း ခဏကာလ အလိုအားဖြင့် အစဉ်မပြတ်သည်သာ ဖြစ်၏။

'မပြတ်ပုံကား ဤလူ့ပြည်မှ စုတေ၍ အထက် နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်ကြ ရသည်မှာလည်း ဤလူ့ပြည်၌ စုတိစိတ်၏ ဘင်ခဏနှင့် နတ်ပြည် ဗြဟ္မာပြည်တို့၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏသည် မျက်တောင် တစ်ခတ် လျှပ် တစ်ပြက် ခဏကာလ အစိတ်အထောင် စိတ်သော်လည်း တစ်စိတ်စာမျှ ကွာခြားခြင်း မရှိ၊ တစ်စဉ်တည်း တစ်ဆက်တည်းပင် ဆက်လျက် ရှိ၏၊ နတ်ဗြဟ္မာတို့၏ နတ်မျက်စိ၊ အဘိညာဉ်ရသော ရသေ့ ရဟန်းတို့၏ အဘိညာဉ် မျက်စိတို့ကို လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ငရဲပြည်တို့၌ အနှံ့အပြား ဖြန့်ခင်း၍ ထိုလူ့ပြည်မှ သေသောသူ၏ အလားအလာကို ကြည့်ရှု၍ နေခဲ့သော် ဤသူသည် လူ့ပြည်မှ စုတေ၍

www.burmeseclassic.com



အထက် ဘယ်ဘုံ ဘယ်ဘဝမှာ ဖြစ်လေသည် ဟူ၍ တစ်ဆက်တည်း တစ်စဉ်တည်း ထင်နိုင်ကြ မြင်နိုင်ကြသည်သာ ဖြစ်၏။

'ဥပမာကား တိမ်တိုက်မှာ လျှပ်ပြက်သည်ကို ကြည့်ရှု၍ နေကြရာ၌ လျှပ်ပြက်ရာ ဌာနနှင့် လျှပ်ရောင် ရောက်ရာ မြေအပြင်သည် အလွန် ကွာခြားလျက် ရှိသော်လည်း တိမ်တိုက်၌ လျှပ်ဖြစ်ပေါ်သော ခဏနှင့် မြေ အပြင်၌ လျှပ်ရောင် ကျရောက်သော ခဏသည် တစ်ပြိုင်နက် တစ်ချက်တည်းကဲ့သို့ ဆက်လျက် ရှိသောကြောင့် တိမ်တိုက်က လျှပ်သည်ပင်လျှင် မြေအပြင်သို့ ရောက်လာသည်ဟု မျက်မြင် ဒိဋ္ဌ မှတ်ယူနိုင်ကြသကဲ့သို့တည်း။

'ဤစကား၌ နတ်မျက်စိ အဘိညာဉ် မျက်စိတို့ဖြင့် ကြည့်ရှု၍ နေသောသူတို့မှာ စုတေသောသူ၏ စုတိစိတ်၏ ဘင်ခဏကိုပင် မြင်နိုင်ကြသည် မဟုတ်၊ ထိုသတ္တဝါသည်ပင်လျှင် ထိုခန္ဓာမှ ထွက်၍ ဘယ်ဘုံ ဘယ်ဘဝမှာ ဖြစ်လေ၏ဟု တစ်ဆက်တည်း ဆက်လျက် ထင်မြင်ရလေ၏၊ အကြား၌မူကား အတ္တ ဇီဝ မည်သည် အလွန် သိမ်မွေ့လှ၏၊ အကူးအပြောင်းလည်း အလွန် လျင်မြန်လှ၏၊ ဤသို့ အလွန် သိမ်မွေ့လှ၊ အလွန် လျင်မြန် လှသောကြောင့် ရှေးဘဝ စုတိနှင့် နောက်ဘဝ ပဋိသန္ဓေ အကြား၌ ကူးပြောင်း၍ သွားသည်ကိုမူကား မထင်နိုင်ကြ မမြင်နိုင်ကြ ရှိ၏ဟု မှတ်ယူကြကုန်၏။

'လျှပ် ဥပမာ၌လည်း လျှပ်ဖြစ်ရာ ဌာနနှင့် လျှပ်ရောက်ရာ ဌာန၏ အကြား ကောင်းကင်ပြင်တွင် လျှပ်သွားသည်ကို မမြင်ရသော်လည်း အလွန် လျင်မြန်လှသောကြောင့်သာ မမြင်ရသည်၊ ထို လျှပ်သည်မူကား ဖြစ်ရာ တိမ်တိုက်မှသည် မြေ အပြင်ကျအောင် ကောင်းကင်မှာပင် လွင့်စဉ်၍ လာခဲ့သည် အမှန် ဖြစ်၏ ဟု မှတ်ယူနိုင်ကြသကဲ့သို့တည်း။

'ဤသို့လျှင် လူ့ပြည် စုတေ၍ နတ်ပြည် ဗြဟ္မာ့ပြည် ငရဲပြည်တို့မှာ ဖြစ်ကြရာ၌လည်း ခန္ဓာအစဉ်သည် မပြတ်သည်သာ ဖြစ်၏၊ ခန္ဓာ အစဉ် မပြတ်ခဲ့သော် ထို သတ္တဝါ ပညတ်သည်လည်း မပြတ်လေတော့သည်သာ လျှင်တည်း။

'အချို့ အချို့သော သူတို့သည် စုတိနှင့် ပဋိသန္ဓေသည် ခဏကာလအားဖြင့် တစ်ဆက်တည်း ဆက်လျက် ရှိနေသည်ကို မကြံမိကြမူ၍ ဌာနဒေသအားဖြင့် အလွန် ဝေးစွာ ကွာခြားချက်ကိုသာ ထင်မြင်၍ နေကြသဖြင့် ရှေးဘဝ နှင့် နောက်ဘဝ ဆက်လက်နိုင်ရန် မရှိဟု ယောင်ဝါးကြီး ဖြစ်၍ နေကြ၏' *

ရှင်းလှပါတကား။ ယခုလို သိပ္ပံခေတ်ကြီးထဲတွင် အထက်ပါ ဆရာတော်၏ မိန့်ကြားချက်ကို နားလည်ရန် ဘာခက်တော့မည်နည်း။

ဘယ်လောက်ပင် ဌာန (နေရာဒေသ) အားဖြင့် ခြားနားနေစေကာမူ အလင်း စွမ်းအင်၊ လျှပ်စစ်သံလိုက် စွမ်းအင် စသည်တို့သည် တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆,၀၀၀ အလျင်နှုန်းဖြင့် အာကာသ အတွင်း ပျံ့နှံ့နိုင်၏။ ထို့ကြောင့် အဝှမ်းမိုင် ၁၈၆,၀၀၀ အတွင်း ကျရောက်သော အရပ်တွင် ထိုစွမ်းအင်များ သက်ရောက်မှုသည် တစ်စက္ကန့်မျှပင် မကြာချေ။ ထိုအချက်ကို ယနေ့ ခေတ်စားလျက် ရှိသော ရေဒီယို တယ်လီဗီးရှင်းများ အရ သိသာ ထင်ရှားလှ၏။

ဤတွင် ဆရာတော်သည် ခန္ဓာငါးပါးကို ရှုမြင်ထားပုံမှာ စွမ်းအင်များ အဖြစ် ရှုမြင်ထားကြောင်းလည်း အလွန် ထင်ရှားလှပါ၏။ ယခုအခါ ရုပ်သည် စွမ်းအင်ဟု သိပ္ပံပညာက နားလည်နေပြီ ဖြစ်သဖြင့် အကျွန်ုပ်အဖို့ စိတ်ရှုပ်ထွေးဖွယ် မရှိတော့ချေ။ ဗုဒ္ဓသည်ကား စိတ်ကို သာမက ဝေဒနာ သညာ သင်္ခါရ ဝိညာဏတို့လည်း စွမ်းအင်များ အဖြစ် ရှုမြင်ထားကြောင်း အကျွန်ုပ် သတိထားမိသော အချက် တစ်ချက် ရှိ၏။ ထိုအချက်သည် ဗုဒ္ဓက 'မနော ဝိညာဏ ဓာတု' ဟူ၍ ဝိညာဉ်ပိုင်းတွင် အသုံးလေ့သောကြောင့် ဖြစ်၏။ မနောဝိညာဏကို ဓာတ်အဖြစ် ရှုမြင်သည် ဖြစ်ရာ ထိုဓာတ်ဆိုသော စကားသည် စွမ်းအင် တစ်ခု အဖြစ် ရှုမြင်ခြင်းပင် ဖြစ်တန်ရာပေသည်။

ဟုတ်ပါပြီ။ စွမ်းအင်ကား ဖျက်ဆီး၍ မရကောင်းသော ပရမတ္ထသစ္စာမျိုး ဖြစ်သည်ဟု ခေတ်သိပ္ပံကလည်း ယူဆတတ်ပြီ ဖြစ်၏။ သတ္တဝါသည် အရိယာ သစ္စာကို မြင်ပြီး၍ အာသဝေါ ကုန်ပြီး ကိလေသာ ကင်းပြတ်ပြီး မဖြစ်သမျှ ထို ခန္ဓာစဉ်သည် မပြတ်ဟု ဆိုခြင်းကိုလည်း အကျွန်ုပ် နားလည်တတ်ပါပြီ။

အမှန်မှာ လယ်တီ ဆရာတော် ခေါ်သကဲ့သို့ အကျွန်ုပ်လည်း ယောင်ဝါးကြီး ဖြစ်လျက် နေခဲ့ခြင်းသာ ဖြစ်ပေတော့၏။

---

* အနတ္တဒီပနီ၊ စာ ၁၅ – ၁၉

www.burmeseclassic.com



ခန္ဓာစဉ် မပြတ်သရွေ့ သတ္တဝါ၏ ပညတ်သည်လည်း မပြတ်ဟု ယတိပြတ် ဆုံးဖြတ်ပေးသော လယ်တီဆရာတော်၏ ရဲရင့်သော အဆိုအမိန့်သည် အကျွန်ုပ်ရင်ထဲ၌ ဖြစ်သော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဆိုသော စူးဝင်နေသော ငြောင့်ကို ဇာဂနာဖြင့် ဆွဲထုတ် ပစ်လိုက်သကဲ့သို့ ဆွဲထုတ် ပစ်လိုက်နိုင်သည်ဟု ထင်မိပါ၏။ အမှန်ကို မလှည့်မပတ်သော စကားဖြင့် အဖြောင့်ဝန်ခံရပါမူကား မိလိန္ဒ မင်းကြီးကို အရှင် နာဂသိန်က ဥပမာဖြင့် တန်ဆာ ဆင်၍ ဟောကြားသော စကားထက် လယ်တီ ဆရာတော်၏ ဒဿနနည်း ကျသော ယုတ္တိစကားများက အကျွန်ုပ်၏ နှလုံးသားဝယ် ပို၍ အားကောင်းသော အလင်းကို ဆောင်နိုင်ကြောင်း ထုတ်ဖော်ဝန်ခံရပါတော့၏။

နောက်တစ်ပတ် ပါဠိ ပါရဂူ ဆရာမြထံသို့ ရောက်သောအခါ အကျွန်ုပ်မှာ အလွန်ပင် အားရ ရွှင်လန်းလျက် ရှိလေတော့၏။ ဆရာမြသည် အကျွန်ုပ်အား အချိန် တိုတိုနှင့် လိုရင်းသို့ ရောက်သော နည်းဖြင့် လေ့လာရေးကို လမ်းညွှန်ပေးသူလည်း ဖြစ်ပါ၏။

'ခင်ဗျားကို လမ်းညွှန် ပြသရတာ တယ်ပြီး အားရစရာ ကောင်းတာပဲဗျာ၊ ခင်ဗျားက ဆန္ဒလည်း အဓိပတိ တပ်ထားတယ်၊ ပြီးတော့ ဝီရိယကလည်း ကောင်းတယ်၊ ဒီတော့ တစ်ထွာ ပြလိုက်ရင် တစ်လံမက မြင်တယ်၊ ဒါလည်း ပါရမီ တစ်မျိုးပဲ ဆိုရမှာပေါ့ဗျာ၊ ဒီတော့ အဘိဓမ္မာကို လေ့လာရာမှာလည်း ကျွန်တော်တို့ တောင်မြို့ ဆရာတော် ဘုရားကြီးရဲ့ ဩဝါဒကို ခံယူပြီး လေ့လာကြရင် မကောင်းဘူးလား'

'ဆရာတော် အရှင် ဇနကာဘိဝံသလား ဆရာ၊ ဆရာတော်က ဘယ် လို များ အမိန့် ရှိထားလို့ပါလဲ ခင်ဗျား'

'ဟုတ်တယ် ခင်ဗျာ၊ ဆရာတော်ကြီးက သင်္ဂြိုဟ် ဘာသာ ဋီကာမှာ မိန့်ထားတဲ့ စကား တစ်ခွန်းကို ကျွန်တော်က သဘောကျလွန်းလို့ပါ၊ ဘာဆိုသလဲ ဆိုတော့ ရှေးစနစ် ထားအပ်သော ကျမ်းစာများကို ရှုစား လေ့လာသူတို့မှာ လေယာဉ်ပျံ မိုတိုကားတို့ အကြား၌ လှည်းကြမ်းကြီးကို စီးသွားသူတို့ကဲ့သို့ များစွာ နှောင့်နှေးကြတော့မည် * တဲ့ဗျ၊ ဘယ်လောက် အမြင် ကျယ်တဲ့ ဆရာတော်ရဲ့ မှတ်ချက်လဲ၊ ကြည့်စမ်းပါဦး'

'ဟုတ်လိုက်တာ ဆရာရယ်၊ ဆရာတော်ရဲ့ မှတ်ချက်က သိပ်ကောင်းတာပါပဲ၊ ဆရာတော်ဟာ သိပ်ခေတ်မီတဲ့ အမြင် ရှိတယ်လို့တော့ ကြားဖူးပါတယ်'

'မှန်ပါတယ်၊ ဆရာတော်ရဲ့ ဂုဏ်သတင်းဟာ ဒါကြောင့်လည်း မြန်မာပြည်မှာ သာမက ကမ္ဘာမှာပါ ကျော်ကြား ရတာပဲလေ၊ ထားပါတော့၊ ဒီကနေ့ ဦးဆန်းလွင်ကို ကျွန်တော်က ပိဋကတ်တော်တွေထဲက အဘိဓမ္မာပိုင်းကို အတို အရှင်းနည်းနှင့် ပထမ တင်ပြမယ်၊ ပြီးမှ အဲဒီ အဘိဓမ္မာ အကျယ်ကို အကျဉ်းနည်း ခြုံပြီး ယူတဲ့ အဘိဓမ္မတ္ထ သင်္ဂဟကို သွားကြတာပေါ့၊ သင်္ဂြိုဟ် ဆိုတာက သင်္ဂဟကို ဆိုတာပါ ခင်ဗျ'

'ဆရာကြီး သင့်မယ် ထင်သလို မိန့်ကြားပါ ခင်ဗျား၊ ကျွန်တော် မှတ်သားပါ့မယ်'

'ကျွန်တော်တို့ ထေရဝါဒ အစဉ်အစဉ်မှာ သုတ်ဝိနည်း အဘိဓမ္မာလို့ ပိဋကတ်ကို သုံးပုံ (သုံးတောင်း) ပေါ့ ခင်ဗျား၊ ခွဲခြားထားတဲ့ အထဲမယ် အဘိဓမ္မာ ပိဋကတ်ကတော့ အချုပ်ပေါ့ ခင်ဗျ၊ ဗုဒ္ဓရဲ့ အလေးနက်ဆုံး အတွေးအမြင်တွေကို အဘိဓမ္မာ ပိဋကတ်မှာ စုပေါင်းတင်ပြထားတယ် ဆိုကြပါစို့၊ အဘိ ဆိုတဲ့ သဒ္ဒါက အထူးအခြား အမြင့်အမြတ် အနက်ဟောတယ်၊ ဓမ္မကတော့ ဟောကြားအပ်တဲ့ တရားလို့ ယူလို့ ရပါတယ်၊ ဗုဒ္ဓရဲ့ အဆင့်မြင့် တရားတော် (The Higher Teaching of the Buddha) ဟာ အဘိဓမ္မာပါပဲ၊ တစ်နည်း စိတ် စေတသိက် ရုပ် နိဗ္ဗာန်နှင့်တကွ ပစ္စည်းပိုင်း အဆုံးဝယ် ပညတ် (ပုဂ္ဂလ ပညတ်) တရားတို့ကို ဟောကြားထားတဲ့ အတွက် အဘိဓမ္မတ္ထ အဘိဓမ္မာ အနက်တွင် စိတ် စေတသိက် ရုပ် နိဗ္ဗာန်နှင့် ပညတ် တရားများကို ပါ ယူ * လို့ ကျေးဇူးရှင် တောင်မြို့ ဆရာတော်ကြီးက ညွှန်ပြထားပါတယ်။

'သီဟိုဠ် ဘုန်းတော်ကြီး အရှင် နာရဒထေရ်ကတော့ လူ သတ္တဝါတို့၏ ခန္ဓာ အစုတွင် ပါဝင်လျက်ရှိသော ရုပ်နာမ် တရားများကို အနုစိတ် ခွဲခြား၍ လည်းကောင်း၊ ပဋိသန္ဓေ တည်နေ မွေးဖွားသည်မှ သေသည် အထိ လူ၏ ဘဝ ဖြစ်စဉ်မှ အဓိက အဖြစ်သနစ်များကို အသေးစိတ် ရှင်းပြ၍ လည်းကောင်း၊ ဘဝ၏ လွတ်မြောက်ရေး လမ်းကို ရှင်းလင်း သုတ်သင်ပြ၍ လည်းကောင်း အဘိဓမ္မာ ဒေသနာတွင် ဟောကြားထား

---

** သင်္ဂြိုဟ်ဘာသာ ဋီကာ၊ ရှင်ဇနကာဘိဝံသ နိဒါန်း*

** သင်္ဂြိုဟ်ဘာသာ ဋီကာ၊ စာ ၅*

www.burmeseclassic.com



သည်ဟုလည်း ဖော်ပြထားပါတယ်။ *

'အဘိဓမ္မာရဲ့ သဘော သရုပ်ကို အသေးစိတ် မလေ့လာမီ ကျွန်တော်များ အနေနှင့် အဘိဓမ္မာ ပိဋကတ် အကြောင်းကို ပထမ လေ့လာ ကြည့်ကြဦးစို့၊ (ပိဋကတ် သုံးပုံမှာ ဝိနည်းက ငါးကျမ်း၊ သုတ္တန်က နှစ်ဆယ့် ခြောက်ကျမ်း) အပြင် အဘိဓမ္မာက ခုနစ်ကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း ဆိုတာက

(၁) ဓမ္မသင်္ဂဏီ

(၂) ဝိဘင်း

(၃) ဓာတုကထာ

(၄) ပုဂ္ဂလပညတ်

(၅) ကထာဝတ္ထု

(၆) ယမိုက်

(၇) ပဋ္ဌာန်းကျမ်းများ ဖြစ်ပါတယ်။

'ခု တစ်ခါ ကျမ်း တစ်ကျမ်း အလိုက် ပါဝင်တဲ့ အကြောင်းအရာများကို ခြုံပြီး ပြောပြပါ့မယ်။

'ဓမ္မသင်္ဂဏီကို ဓမ္မဂုဏ်တူစု ခွဲပြတဲ့ ကျမ်း (Classfication of Dhammas) လို့ မှတ်သားနိုင် ပါတယ်၊ ဘယ်လို ခွဲပြထားသလဲ ဆိုတော့ အခန်း လေး ခန်းနှင့် ခွဲပြတယ်၊ အခန်း လေးခန်း ဆိုတာကတော့

– စိတ်ပိုင်း

– ရုပ်ပိုင်း

– နိက္ခေပပိုင်း (အကျဉ်းချုပ် ပြခြင်း)

– အတ္ထုဒ္ဓာရပိုင်း (အနက်ကို ရှင်းလင်း ထုတ် ဆောင်ခြင်း) တို့ ဖြစ်ပါတယ်၊ ဒီ အပိုင်း လေးပိုင်းကို တိက မာတိကာ (သုံးခုတွဲ) ပေါင်း ၂၂ ခု၊ ဒုက မာတိကာ (နှစ်ခုတွဲ) ပေါင်း ၁၀၀ နှင့် တန်ဆာ ဆင်ပြီး အဘိဓမ္မာ ရဲ့ အဆီအနှစ်တွေကို ရှင်းလင်း ဖော်ပြထားပါတယ်၊ အဓိကကတော့ ကုသိုလ် အကုသိုလ်နှင့် အဗျာကတ ဓမ္မများကို ရှင်းပြထားတဲ့ ကျမ်းဟာ ဓမ္မသင်္ဂဏီပါပဲ၊ ဓမ္မသင်္ဂဏီကို ဘာဏဝါရ ပေါင်း ၁၃၊ အက္ခရာ ပေါင်း ၁၀၄၀၀၀ နှင့် တန်ဆာ ဆင်ထားပါတယ်'

'ဘာဏဝါရ ဆိုတာ'

'အင်း ဟုတ်သား၊ ဘာဏဝါရ ဆိုတာ တစ်ကြိမ် ရွတ်ဆိုအပ်သော အပိုင်းကို ပြောတာပါ၊ ဒါက ပါဠိ ဂါထာ စိပုံ စီနည်းနှင့် ဆိုင်ပါတယ်၊ အဘိဓမ္မာနှင့် မဆိုင်ပါဘူး၊ ထားပါတော့၊ ဓမ္မသင်္ဂဏီ ပြီးတဲ့ အခါကျ တော့ ဝိဘင်း (ဝိဘင်္ဂ)၊ ဝိဘင်းရဲ့ အနက်ကျတော့ ပိုင်း ခြားခြင်း (Divisions) လို့ ရပါတယ်၊ ဒီကျမ်းမှာ ကဏ္ဍ ပေါ့လေ၊ အပိုင်းအခြားအားဖြင့် ၁၈ ပိုင်း ပါဝင်ပါတယ်၊ ဒီ ၁၈ ပိုင်းကို ရေတွက်မယ် ဆိုရင်

(၁) ခန္ဓာ (အစု)

(၂) အာယတန (အာရုံ ဖြစ်တည်ရာ)

(၃) ဓာတ် (တည်ရာ မဟာဘုတ်တို့၏ တည်ရာ ဆောင်ခြင်း သဘော)

(၄) သစ္စာ (ထင်ရှားရှိခြင်း၊ မှန်ခြင်း)

(၅) ဣန္ဒြေ (အစိုးရခြင်း၊ ထိန်းချုပ်တတ်သော သတ္တိ)

(၆) ပစ္စယကာရ (အကြောင်းပြုခြင်း၊ ပဋိစ္စ သမုပ္ပါဒ ဝိဘင်း)

(၇) သတိပဋ္ဌာန (သတိ၏ မြဲမြံစွာ တည်ခြင်း)

(၈) သမ္မပ္ပဓာန (ပြင်းစွာ အားထုတ်ခြင်း)

(၉) ဣဒ္ဓိပါဒ (တန်ခိုး၏ အခြေအမြစ်)

(၁၀) ဗောဇ္ဈင်္ဂ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို သိခြင်း အကြောင်း)

(၁၁) ဈာန (ကသိုဏ်း အစရှိသော အာရုံကို ကပ်၍ ရှုခြင်း၊ ဈာန်)

(၁၂) အပ္ပမညာ (အတိုင်းအရှည် မရှိခြင်း)

(၁၃) မဂ္ဂ (နိဗ္ဗာန်ကို ရှာမှီးခြင်း အကြောင်း၊ ခရီးလမ်း)

(၁၄) သိက္ခာပဒ (သိက္ခာပုဒ်၊ ကျင့်ဝတ်)

(၁၅) ပဋိသမ္ဘိဒါ (ခွဲခြမ်း ဝေဖန်၍ သိမြင်တတ် သော ဉာဏ်)

(၁၆) ဉာဏ (သိခြင်း၊ ပညာ စေတသိက်)

(၁၇) ခုဒ္ဒက ဝတ္ထု (သေးငယ်သော အကြောင်း အရာ)

(၁၈) ဓမ္မဟဒယ (တရားအနှစ်)

'ဒီကျမ်းကို ၃၅ ဘာဏဝါရ၊ အက္ခရာ ပေါင်း ၂၈၀,၀၀၀ နှင့် တန်ဆာဆင်ထားပါတယ်။

'တတိယ အဘိဓမ္မာ ကျမ်းက ဓာတုကထာ၊ ဓာတ်များနှင့် ပတ်သက်၍ ဟောကြားသော တရားပါပဲ၊ ဒီကျမ်းမှာ အဘယ်တရားတွေဟာ ခန္ဓာ အာယတန ဓာတ်များနှင့် ပတ်သက်တယ် မပတ်သက်ဘူး၊ အကျုံး ဝင်တယ် မဝင်ဘူး၊ ဆက် စပ်တယ် မဆက်စပ်ဘူး ဆို တာတွေကို ရှင်းပြပါတယ်၊ အခန်းပေါင်း ၁၄ ခန်း၊ ဘာဏဝါရပေါင်း ၆ ဝါရ၊ အက္ခရာပေါင်း ၄၈,၀၀၀

---

* *A Manual of Abhidamma, Narada Thera p (III)*

www.burmeseclassic.com



နှင့် တန်ဆာဆင်ပြီး ဟောထားတဲ့ ကျမ်း ဖြစ်ပါတယ်။

'စတုတ္ထ အဘိဓမ္မာကျမ်းကတော့ ပုဂ္ဂလပညတ်၊ ဒါက ပုဂ္ဂိုလ် အမျိုးအစားများကို ခွဲခြား သတ်မှတ်တဲ့ ကျမ်းပါပဲ၊ ပညာရှိများကတော့ ဒီပုဂ္ဂလပညတ် ကျမ်းဟာ သုတ္တန် ပိဋကတ်များထဲက အင်္ဂုတ္တိုရ်ကျမ်းနှင့် သဘောချင်း တူတယ်လို့လည်း ဆိုကြပါတယ်၊ ဓမ္မများကိုထက် ပုဂ္ဂိုလ်များကို စိစစ်တဲ့ ကျမ်းလို့လည်း ဆိုလို့ ရပါတယ်၊ ဒီကျမ်းမှာ အခန်းပေါင်း ၁၀ ခန်း၊ ဘာဏဝါရ ၅ ခု၊ အက္ခရာ ၄၀,၀၀၀ နှင့် တန်ဆာဆင်ထားပါတယ်။

'ပဉ္စမ အဘိဓမ္မာကျမ်းက ကထာဝတ္ထု၊ အငြင်းပွားဖွယ် အချက်များကို ဖော်ပြထားတဲ့ ကျမ်းပါပဲ၊ ဒီကျမ်းကတော့ စင်စစ် ဘုရားဟော နှုတ်ထွက်ကျမ်း မဟုတ်ဘူး၊ သို့သော်လည်း ကျွန်တော်များ ထေရဝါဒမှာ သင်္ဂါယနာတင် ကျမ်းများ စာရင်းထဲမှာ ထည့်ထားတယ်၊ ဒီ ကျမ်းပြုပုဂ္ဂိုလ်ကတော့ တတိယ သင်္ဂါယနာရဲ့ နာယက ဖြစ်တော်မူတဲ့ အရှင် မောဂ္ဂလိပုတ္တတိဿ ထေရ် ဖြစ်ကြောင်း ကျမ်းဂန်မှာ ထင်ရှားပါတယ်၊ ဓမ္မာသောကမင်း လက်ထက်မှာ ထင်ရှားခဲ့တဲ့ အရှင်မြတ် ဖြစ်ပါတယ် ခင်ဗျ၊ အဋ္ဌသာလိနီ အဋ္ဌကထာမှာ ဖော်ပြထားတာကတော့ ဒီကျမ်းမှာ သုတ္တဂါထာ တစ်ထောင်နှင့် တန်ဆာ ဆင်တယ်လို့ ပြပါတယ်၊ အခန်းပေါင်း ၂၆ ခန်း ပါပါတယ်၊ အငြင်းပွားဖွယ် အချက်ပေါင်း ၂၁၆ ချက် ပြထားပါတယ်၊ ဒီကျမ်းဟာ ဗုဒ္ဓရဲ့ ယုတ္တိဗေဒ (**Logic**) ကျမ်းလို့လည်း ဆိုသင့်ပါတယ်၊ ဒါကြောင့် ကထာဝတ္ထုကိုတော့ ဦးဆန်းလွင်လို ပုဂ္ဂိုလ်က လေ့လာထားဖို့ သင့်ပါတယ်၊ ဆရာ မောင်အံ့ (မဟာဝိဇ္ဇာ၊ ဘုံဘေ) ရဲ့ ***သာသနာ ၂၅၀၀ ခရီး*** စာအုပ် နောက်ပိုင်းမှာလည်း ဒီကထာဝတ္ထု ပါပါတယ်။

'ဆဋ္ဌမ အဘိဓမ္မာကျမ်းကတော့ ယမိုက် ခင်ဗျ၊ ယမက ယမိုက်ကတော့ အစုံလိုက် ပြတဲ့ တရားပါပဲ၊ ယမိုက် ခေါ်တာက ဒီကျမ်းမှာ ဟောတဲ့ တရားများရဲ့ ဟောပုံ ဟောနည်းကို အကြောင်းပြုပြီး ခေါ်တာပါခင်ဗျ၊ ဒီကျမ်းက အခန်း ၁၀ ခန်း၊ မူလ ခန္ဓာ အာယတန ဓာတု သစ္စာ သင်္ခါရ အနုသယ စိတ္တ ဓမ္မ ဣန္ဒြိယ စသည် ဆိုပါစို့၊ သို့သော် ဒီကျမ်းမှာ ဘာဏဝါရပေါင်း က ၁၂၀ တောင် ပါဝင်ပြီး အက္ခရာ များ က လည်း ၉၆၀,၀၀၀ တောင်ပါတယ် ခင်ဗျ။

'နောက်ဆုံး သတ္တမအဘိဓမ္မာကျမ်းက ပဋ္ဌာန်းကျမ်း ဖြစ်ပါတယ်၊ အကြောင်း တရား ဆက်နွယ်မှု ၂၄ မျိုးကို ဖော်ထုတ် ဟောကြားတော်မူတဲ့ ကျမ်း ဖြစ်ပါတယ်၊ အဘိဓမ္မာ တရားများ အနက် အရေးအပါဆုံး အကြီးကျယ်ဆုံး တရားလို့လည်း ပညာရှိများ ယူဆကြပါတယ်၊ ဒီပဋ္ဌာန်းကျမ်းကို သည်းခံပြီး သဘောပေါက်အောင် လေ့လာနိုင်လေ မြတ်စွာ ဘုရားရဲ့ သဗ္ဗညုတဉာဏ်တော် ကြီးမား နက်နဲပုံကို သိလေ ဖြစ်ရပါတယ် ခင်ဗျ၊ ပဋ္ဌာန်း ဒေသနာကို သိနားလည်လာတဲ့အခါ ဤမျှလောက် လေးနက် ကျယ်ပြန့်လှတဲ့ တရားတော်ကို သာမန် ဉာဏ် အမြော်အမြင်နှင့်ဖြင့် ဘယ်နည်းနှင့်မှ မဟောကြားနိုင်ဘူး၊ အင်မတန် ထူးခြားလှတဲ့ ဉာဏ်ထူးကို ရမှသာ ဟောနိုင်မှာပဲလို့လည်း မိမိကိုယ်တိုင် အလိုလို သဘောကျရပါတယ်၊ ဦးဆန်းလွင် အနေနှင့် ပဋ္ဌာန်း ဒေသနာတော်ကို အင်္ဂလိပ်လို လေ့လာချင်တယ် ဆိုရင်လည်း လန်ဒန်မြို့ ပါဠိကျမ်းစာ အသင်းကြီးက မကြာခင်ကမှ ကျွန်တော်တို့ မြန်မာနိုင်ငံက ပဋ္ဌာန်း ဆရာတော်ကြီး ဦးနာရဒ ရေးသားတဲ့ ပဋ္ဌာန်း အင်္ဂလိပ် ဘာသာပြန် ထွက်နေပြီ၊ ဈေးတော့ နည်းနည်း ကြီးတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် စာကြည့်တိုက်မှာ ရှာဖတ်ပါ့မယ်'

'ပဋ္ဌာန်းကျမ်းရဲ့ ထူးခြားချက်တွေကို အထူးအားဖြင့် ပညာရှိများ ချီးကျူး ကြရပါတယ်၊ ဦးဆန်းလွင်လည်း ကြားဖူးမှာပေါ့၊ မြတ်စွာဘုရားဟာ ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်တဲ့ အခါမှာသာ ကိုယ်တော်က ရောင်ခြည်တော်တွေ ဖြာထွက်လာတယ်လို့ ဆိုတာ'

'ဟုတ်ကဲ့၊ ကြားဖူးပါတယ် ခင်ဗျ'

'ဒီလောက် ပြောရင် ဦးဆန်းလွင် အနေနှင့် အဘိဓမ္မာ သဘောကို ငုံမိ လောက်ပါပြီ၊ ဒီလောက် ကျယ်ဝန်းလွန်းလှတဲ့ အဘိဓမ္မာ ခုနစ်ကျမ်းကို လိုရင်း အနှစ်ချုပ် အဖြစ် တစ်ကျမ်းတည်း ပေါင်းရုံး တင်ပြထားတာက အဘိဓမ္မတ္ထ သင်္ဂဟ ခေါ်ပါတယ်၊ အတိုကောက် သင်္ဂြိုဟ်လို့ ခေါ်ကြတာ'

'သင်္ဂြိုဟ်မှာ စိတ်ပိုင်းက စပြီး စိစစ်ထားတယ်နော် ဆရာကြီး၊ ကျွန်တော် နည်းနည်းပါးပါး လေ့လာကြည့်တော့ စိတ်ကို ဗုဒ္ဓ နားလည်ပုံနှင့် အနောက်တိုင်းက စိတ်ပညာရှင်တွေ နားလည်ပုံ မတူကြသလိုပဲ ခင်ဗျ၊ အဲဒါ ဟုတ်ပါသလား'

'မှန်ပါတယ် ခင်ဗျာ၊ ဒါကို သီဟိုဠ်အရှင် နာရဒ

www.burmeseclassic.com



ထေရ်မြတ်ရဲ့ **A Manual of Abhidhamma** ကျမ်းဦး စကားမှာ ရှင်းပြ ထားပါတယ်၊ ဦးဆန်းလွင် သတိ ထားပြီး ဖတ်ကြည့်ပါ၊ ဆရာတော်က အကြင်သူသည် အဘိဓမ္မာ ဒေသနာများကို ခေတ်သစ် စိတ်ပညာကျမ်း တစ်ခု အဖြစ် သွားဖတ်ပါက စိတ်ပျက်ဖွယ် ဖြစ်ရပါ လိမ့်မည်၊ ယခုခေတ်သစ် စိတ်ပညာရှင်များ ဖြေရှင်းရန် အားထုတ် နေကြသော စိတ်ပိုင်း ပြဿနာ တစ်စုံတစ်ခု ကိုမျှ အဘိဓမ္မာတွင် ဖော်ပြထားခြင်း မရှိပါ၊ ဝိညာဉ် ကို အဓိပ္ပာယ် ဖွင့်ခြင်း၊ စိတ်ကူးမှု တွေးတောမှုများကို ခွဲခြမ်း စိတ်ဖြာမှု ပြုသော်လည်း အထူးသဖြင့် အကျင့် သီလ ရှုထောင့်မှ စိစစ်မှု ပြုခြင်းသာ ဖြစ်ပါသည် လို့ အဲဒီလို ဆိုထားပါတယ် ခင်ဗျ၊ စိတ်ကို ဗုဒ္ဓ ရှုမြင်တာမျိုး ခေတ်သစ် စိတ်ပညာမှာ တူတာ မတွေ့ရပါဘူးလို့လည်း ထိုဆရာတော်က ဆိုပါတယ်'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဗုဒ္ဓက စိတ်ကို ရှုမြင်ရာမှာ စွမ်းအင် တစ်ခု အဖြစ် ရှုမြင်တယ်လို့ ကျွန်တော်တော့ သဘောကျပါတယ်၊ ခုခေတ် စိတ်ပညာက စိတ်ဆိုတာ တောင် မရှိဘူး၊ စိတ် ဆိုတာ ရုပ် (ဦးနှောက်) ရဲ့ လုပ် ဆောင်ချက်၊ ရုပ်ရဲ့ အမူအရာပဲလို့တောင် ပြောင်ပြောင် တင်းတင်း ဆိုလာကြပါတယ်၊ အပြုအမူ ဝါဒီ (Behaviourists) ဆိုတာတွေ ပေါ်ပေါက် နေကြပါတယ်၊ သူ တို့က စိတ်ကို ပြောင်းသွားအောင် ဆေးဝါး ဓာတ် ပစ္စည်းတွေနှင့် ပြုလုပ်လို့ရတယ် ဆိုတဲ့ အချက်ကို ကိုင် ပြောလာ ကြပါတယ်၊ သဘောကတော့ လူ့စိတ်ကို သောင်းကျန်း လာအောင်လည်း ဆေးဝါးနှင့် ပြုပြင်လို့ ရတယ်၊ ဘာမှ မသိအောင် (ဥပမာ မေ့ဆေးနှင့်) လည်း လုပ်လို့ရတယ်၊ ဒေါသ ဖြစ်အောင်လည်း ဆေးထိုးပြီး ပြုလုပ်လို့ ရတယ်၊ နောက်ဆုံး ယောက်ျားစိတ်ကနေ မိန်းမစိတ် ဖြစ်သွားအောင်တောင်မှ ဟိုမုန်းဆေးတွေနှင့် ပြုပြင်လို့ ရတယ် ဆိုတဲ့ အထိ ပြောဆို နေကြတယ် ခင်ဗျ၊ ဒီလိုပဲ သောင်းကျန်းနေတဲ့ စိတ်ကို တည်ငြိမ် သွားအောင်လည်း ပြုနိုင်တဲ့ ခေတ်မီ ဆေးဝါးများ ရှိ တယ်ပေါ့ ခင်ဗျ'

'မှန်ပါတယ်၊ ဒါတွေက သူတို့ မြင်တဲ့ စိတ်ပညာ သဘောတွေပါ ခင်ဗျ၊ သို့သော် အဲဒီလို ပြုပြင်နိုင်တာဟာ သဘာဝမှာ ရှိနေတဲ့ စွမ်းအင်တွေဟာ တစ်ခုနှင့် တစ်ခု ဆက်ဆံပြီး အပြန်အလှန် အကျိုးပြုမှု ရှိနေလို့ပဲ ဖြစ် တယ်ဆိုတာ သူတို့ သဘော မပေါက်လို့ ပြောတာပါ၊ ဦးဆန်းလွင် အနေနှင့် ခန္ဓာငါးပါးလို့ ဟောထားတဲ့ ဘုရားရဲ့ တရားထဲမှာ ရုပ်နှင့် နာမ်ဟာ ဆက်စပ်နေတယ်၊ နာမ်တရားတွေထဲမှာ ဝိညာဉ် (Consciousness) ဆိုတဲ့ တရားဟာလည်း စွမ်းအင် တစ်ခုပဲ ဖြစ်တယ်လို့ သဘော ပေါက်ရင် သူတို့ပြောတာ ဘာမှ မဆန်းပါဘူး၊ အဘိဓမ္မာ ပိဋကတ် ဝိဘင်း ပါဠိတော်မှာ ဆဓာတုယော ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု အာကာသ ဓာတု ဝိညာဏဓာတု ဆိုပြီး ပထဝီ အာပေါ တေဇော ဝါယောတို့နှင့် အတူ အာကာသကိုလည်း ဓာတ်တစ်ခု ဝိညာဏကိုလည်း ဓာတ်တစ်ခု အဖြစ် ထားပြီး အကျယ် ဝေဖန်ပြထားတာ ရှိပါတယ် ခင်ဗျ၊ စိတ်နှင့် ရုပ်ဟာ တစ်ခုနှင့် တစ်ခု ဆက်စပ်နေတယ်၊ တစ်ခုကို တစ်ခုက အကြောင်းပြု အကျိုးပြု နေကြတယ် ဆိုတာကို ဟော ကြားထားတဲ့ တရားတွေလည်း အများအစား ရှိပါတယ်၊ ခု လောလောဆယ် သတိရတုန်း ပြောရမှာဖြင့် မဇ္ဈိမ နိကာယ် မူလပဏ္ဏာသ ပါဠိတော်ထဲက မဟာသတိပဋ္ဌာန သုတ် ကာယနုပဿနာ သတိပဋ္ဌာန် အခန်းတွင် နှစ်ခု မြောက် ဖြစ်တဲ့ ဣရိယာ ဂထ ပဗ္ဗကို ဟောရာမှာ

'ချစ် သား တို့၊ ငါဘုရား သာသနာတော်ဝယ် ရဟန်းတော်သည် သွားသော အခါ သွားသည် ဟူ၍ ဉာဏ်ပညာဖြင့် သိရမည်၊ ရပ်သော အခါ ရပ်သည် ဟူ၍ ဉာဏ်ပညာဖြင့် သိရမည်၊ ထိုင်သောအခါ ထိုင် သည် ဟူ၍ ဉာဏ်ပညာဖြင့် သိရမည်၊ လျောင်းသော အခါ လျောင်းသည် ဟူ၍ ဉာဏ်ပညာဖြင့် သိရမည်၊

' သို့ သိပုံမှာ သွားလို ရပ်လို ထိုင်လို နေလို သော စိတ်သည် ရှေးဦးစွာ ဖြစ်သည်၊ သို့ သွားလို ရပ် လို ထိုင်လို နေလိုသော စိတ် ဖြစ်သောအခါ ဝါယော လွန်ကဲသော စိတ္တဇရုပ်သည် ထိုဝါယောဓာတ် လွန်ကဲ သော စိတ္တဇရုပ်ဝယ် ပါရှိသော ဝါယောဓာတ် ဝါယော ဓာတ်၏ ဝိကာရသတ္တိတည်း ဟူသော ဝိညတ်ရုပ် ပါ ရှိသည်၊

'ဤ ခန္ဓာကိုယ်ဝယ် ထိုဝိညတ်ရုပ် အနံ့အပြား ပြည့်လေသောကြောင့် စိတ္တကိရိယာ ဝါယောဓာတ်၏ အစွမ်းသတ္တိကြောင့် ဤရူပကာယသည် မူလ ဖြစ်ရာ အရပ်မှ ရှေ့သို့ တစ်ဆင့်တိုး၍ နောက်တစ်ဖန် ရုပ် သဏ္ဍာန်တို့ ဖြစ်သည်ကိုပင် သွားသည် ဟူ၍ လည်း ကောင်း၊ လောက ဝေါဟာရအားဖြင့် ခေါ်ပုံကို ဟော ကြား ထားပါတယ်။

'စင်စစ်သော် သွားတတ်သူ ရပ်တတ်သူ ထိုင် တတ်သူ လျောင်းတတ်သူ ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ မရှိ၊

www.burmeseclassic.com



စိတ္တက္ကိရိယာ ဝါယောဓာတ်၏ ပျံ့နှံ့ခြင်းတည်း ဟူသော တန်ခိုး အစွမ်းကြောင့်သာလျှင် သွားမှု ရပ်မှု ထိုင်မှု လျောင်းမှုတည်း ဟူသော ဣရိယာပုဒ်တို့ ဖြစ်ပေါ်ရ သည်ဟု ဉာဏ်ပညာဖြင့် သိရန် အကြောင်းကို မြတ်စွာ ဘုရားက မဟာသတိပဋ္ဌာန်သုတ် ဣရိယာပထ အခန်းမှာ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ခွဲခြမ်း စိတ်ဖြာ ဟော ကြားခဲ့ပါတယ်' *

'ကျွန်တော် သဘော ရှင်းပါပြီ ဆရာကြီး၊ ဒါဆို သူတို့ပြောတဲ့ အမူအရာတွေ အားလုံးဟာ စိတ်က ဦး ဆောင်ပြီး ဖြစ်တဲ့ စိတ္တဇရုပ်တွေပဲပေါ့၊ အရက် သောက် လို့ မူးတာကို သူတို့က ရုပ်ကြောင့် စိတ် ဖောက်ပြန်တာ လို့ ဆိုပြီး ပြောကြတာကကော ဆရာကြီး'

'ဒါကတော့ ဦးဆန်းလွင် အဘိဓမ္မာမှာ စိတ် ပိုင်း စေတသိက်ပိုင်းကို အကျယ် လေ့လာပြီးတဲ့ အခါ မှာ သဘော ရှင်းသွားမှာပါ'

'ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ် ဆရာကြီး၊ ဒီ အပတ်တော့ ဆရာကြီးလည်း 'မောပြီ၊ ကျွန်တော် ပြန် ပါဦးမယ်၊ နောက်အပတ်မှာ ကျွန်တော် တစ်ခေါက် လာပါဦးမယ်၊ ကျွန်တော် ဉာဏ်မီသလောက် သဂြိုဟ်ကို လည်း ကြည့်ခဲ့ပါဦးမယ်'

---

* *မဇ္ဈိမနိကာယ်၊ သင်္ဂါယနာ အမေးအဖြေ (ပ)၊*
*စာ ၂၃ - ၂၄*

www.burmeseclassic.com

## ၁၆။ မဖြေရှင်းနိုင်သေးသော အတွေးပြဿနာများ

အကျွန်ုပ်သည် အစဉ် မပြတ်သော အားထုတ်ခြင်းဖြင့် သဂြိုဟ် ကိုးပိုင်းကို နား လည် ဖို့ ကြိုးစားလေ၏။ သဂြိုဟ် ကိုးပိုင်းလုံးကို နားလည်ရန် အားထုတ်ရခြင်း သည် အကျွန်ုပ် အဖို့ ဇဝရက် တောင်ထိပ်သို့ တက်ရန် အားထုတ်သော သူ၏ အဖြစ်နှင့်လည်း တူသည် ဟု ထင်တော့၏။ တောင်ထိပ်သို့ ရောက်အောင် တက်နိုင်ဖို့ အရေးသည် များစွာ ခရီး ဝေးလျက် ရှိနေလေ၏။

သဂြိုဟ် တတ်ခြင်း၊ အဘိဓမ္မာကို ကောင်းစွာ မြင်ခြင်းသည် သဂြိုဟ်ပါ စကားလုံးများကို ကျက်မှတ် နိုင်ခြင်း မဟုတ်ဟု အကျွန်ုပ်သည် နားလည်လျက် ရှိ လေ၏။

စိတ်ပိုင်းကို လေ့လာကြည့်သော အခါ ဗုဒ္ဓသည် စိတ် တစ်ခုတည်းကို ကာမစိတ် ရူပစိတ် အရူပစိတ် လောကုတ္တရာစိတ် ဟု အဓိကအားဖြင့် လေးပိုင်း ခွဲ လျက်

(က) ကာမစိတ် တစ်ခုတည်းကို ၅၄ မျိုး ရေ တွက်ပြလေသည်။ ၅၄ ပါးမှာ

- အကုသိုလ်စိတ်က ၁၂ ပါး
- အဟိတ်စိတ်က ၁၈ ပါး
- ကာမာဝစရ သောဘဏစိတ် ၂၄ ပါး

ပေါင်း ၅၄ ပါးဟုလည်း ရေတွက် ပြထားသည့်ပြင် ထို ၅၄ ပါးကိုပင် အကုသိုလ် စိတ် ၁၂၊ ကုသိုလ်စိတ် ၈၊ ဝိပါက်စိတ် ၂၃၊ ကိရိယာစိတ် ၁၁ ဟူ၍ တစ်နည်း ရေ တွက်ပြန်သည်ကိုလည်း တွေ့ရလေသည်။

အကျွန်ုပ်တို့ကဲ့သို့သော ကိလေသာ မွန်ထူလျက် ရှိသေးသော ပုထုဇဉ် အမိုက်အမဲသည် ထို ကာမာဝစရ စိတ် ၅၄ မျိုးစလုံးကို မဆိုထားဘိ၊ ထို ၅၄ မျိုးတွင် အပါအဝင် ဖြစ်သော အကုသိုလ်စိတ် ၁၂ ပါးမှ လောဘ မူစိတ် ရှစ်ပါးကိုပင် အကုန်အစင် နားလည် သဘော ပေါက်ရန် လွယ်ကူသည် မဟုတ်ချေ။

သို့သော် အကျွန်ုပ်ကဲ့သို့ မာန်ရှိသော သူသည် စိတ် အသီးသီးကို နား လည် ရန် မလွယ် ဆိုသော အကြောင်းကြောင့် အားထုတ်ခြင်းကိုကား လက်လျှော့ လိမ့်မည်လည်း မဟုတ်ချေ။ ဦးစွာ အ ကျွန်ုပ် သည် လောဘမူစိတ် ရှစ်ပါးကို နားလည်နိုင်မည်လား ဟု ကြိုးစားပါ၏။

ပဌမ လောဘမူ စိတ်ကို ပါဠိဘာသာဖြင့်

'သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိက စိတ်' ဟု ဖော်ပြထားလေသည်။ ထိုပါဠိကို နားမလည်သောကြောင့် ထိုစိတ်သည် ဘာမှန်း မသိချေ။ ထိုအခါ ဆရာကြီး ဦးမြ၏ ဩဝါဒ စကားကို သတိရ လေသည်။ အင်္ဂလိပ်လို သဂြိုဟ်ကို လိုက်လျှင် အကျွန်ုပ် ကဲ့သို့ ပါဠိ မကျွမ်းသူ အတွက် ပိုပြီး လွယ်သည် ဆိုသော စကား ဖြစ်၏။

ချက်ချင်းပင် အကျွန်ုပ်သည် အင်္ဂလိပ်လို ရေး ထားသော သီဟိုဠ် အရှင် နာရဒထေရ်မြတ်၏ သဂြိုဟ် ကျမ်းကို ကြည့်လေ၏။ ဆရာကြီး ဦးမြ ပြောသော စကားသည် မှန်လှပါ၏။ အထက်တွင် ပြခဲ့သော ပဌမ အကုသိုလ် လောဘမူစိတ်ကို အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ပြီး ရေးထားသည်ကို အင်္ဂလိပ်မှုတွင် တွေ့ရလေသည်။

' One conciousness, unprompted accompanied with pleasure, and connected with wrong view' *

ထိုအခါမှ ထို အကုသိုလ် လောဘမူစိတ်၏ သဘော သဘာဝကို ရေးရေး မြင်ရလေ၏။

ဦးစွာ 'သောမနဿ' ပုဒ်၏ အနက်ကို ရဖို့ ကြိုးစားရ၏။ အရှင် ဇနကာဘိဝံသ၏ သဂြိုဟ်ဘာသာ ဋီကာက အကျွန်ုပ်အား များစွာ ကူမ၏။ သောမနဿ သည် သုမနော ကောင်းသော စိတ်ကို ဟော၏။

သို့ဖြစ်လျှင် ဘယ်စိတ်သည် သုမနော (ကောင်း သော စိတ်၊ စိတ်ကောင်း ဖြစ်သည်) ဟု ယူရမည်နည်း။ ဤကိစ္စကား ဝိဝါဒကိစ္စ ဖြစ်၏။ အနောက်တိုင်းသား တို့အား ထိုပုစ္ဆာကို မေးလျှင် အဖြေပေါင်း မြောက်မြား စွာ ထွက်လာမည် ဖြစ်၏။ သူတို့သည် ကောင်းမှု (The good) ဆိုသော စကား တစ်လုံးတည်းကိုပင် အမျိုးမျိုး ကြံကြမည် ဖြစ်၏။ မိမိ စိတ်ချမ်းသာ ရလျှင် ကောင်း

---

* *A Manual of Abhidamma p 12*

www.burmeseclassic.com



သည်၊ မိမိ အကျိုးအမြတ် ရှိလျှင် ကောင်းသည်၊ အများ အကျိုး စီးပွား ဖြစ်မှ ကောင်းသည်၊ စေတနာ မှန်မှ ကောင်းသည်၊ လူအများ လက်ခံမှ ကောင်းသည်၊ လုပ်သလောက် ခံစားခွင့် ရှိမှ ကောင်းသည် စသည်အားဖြင့် မိမိတို့ အယူဝါဒ ရှုထောင့် အမျိုးမျိုးမှ ကျေနပ်ဖွယ် မရှိသော အဖြေများကို ပေးကြပေလိမ့်မည်။ ထို အဖြေများသည် တစ်ခုကို တစ်ခု ငြင်းပယ် ဆန့်ကျင်လျက် ရှိကြပေလိမ့်မည်။ နောက်ဆုံးတွင် ဂျီ အီး မိုး ဆိုသူ ကိုယ်ကျင့်တရား ပညာရှင် ပြောသကဲ့သို့ 'ကောင်းတာဟာ ကောင်းတာပဲ' ( **What is good is good** ) ဆိုသည့် အဖြေမျိုးသို့သာ ရောက်ရှိ သွားပေလိမ့်မည်။

အကျွန်ုပ်သည် အတွေး ရှုပ်ထွေးဖွယ် ဖြစ်သော အဖြေများကို ရှောင်ဖို့ ကြိုးစားလိုက်၏။ ထေရဝါဒက လက်ခံသော 'ကောင်းမှု' သဘောသည် အဘယ်နည်း။ ထိုအချက်ကို ရှာ၍ ရလျှင် အကျွန်ုပ်အဖို့ အတွေးအမြင် ရှင်းလင်းမှုကို ရပေတော့မည် ဟုလည်း မျှော်လင့်ချက်ထားလိုက်ပါ၏။

ထိုအချက်ကို အရှင် ဇနကာဘိဝံသသည် အောက်ပါ အတိုင်း အဖြေ ပေးထားလေသည်။

'ကောင်းသောစိတ် ဟူရာ၌ အကောင်း ဟူသည် ပညာရှိတို့ ချီးမွမ်းဖွယ်ရာ အပြစ် အနာ မရှိသော အကောင်း မဟုတ်၊ သာယာဖွယ် ကောင်းသည့် အကောင်းတည်း။ ဤစကား မှန်၏။ လောက၌ အပြစ် ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ သာယာဖွယ် ဟူသမျှကို အကောင်းဟု သမုတ်ကြ၏။ သောမနဿ ဝေဒနာကို တစ်လောကလုံးက သာယာလျက် ရှိ၏။ မိမိ သန္တာန်၌ သောမနဿ ဖြစ်လိုရာ သောမနဿ၏ အဆောက်အအုံ အာရုံတွေကို စုံစုံမက်မက် ရှာဖွေနေကြ၏။ ထို့ကြောင့် ကုသိုလ်အရာ ဖြစ်စေ၊ အကုသိုလ်အရာ ဖြစ်စေ သောမနဿ ဝေဒနာကို သာတံ – သာယာဖွယ် သဘော၊ သုခ – ချမ်းသာစေတတ်သော သဘော ဟု ဟောတော်မူသည်'

ဟုတ်ပါပြီ။ အကျွန်ုပ် ခေါင်းထဲမှာ ရှင်းပါပြီ။ အင်္ဂလိပ် စကား (**pleasure**) ကိုပင် ကောင်းသည်ဟု ယူသော အယူဝါဒ ရှိသူများ အရှေ့တိုင်းမှာရော အနောက်တိုင်းမှာပါ ပေါ်ပေါက် ခဲ့ကြဖူးလေသည်။ ၎င်းတို့ကို ဟီဒိုနစ်များ (**Hedonists**) များဟု ခေါ်ကြ၏။ ရှေးခေတ်က အက်ပီကျူရီယန်း ဆိုသူ ဂရိများ ဖြစ်၏။ နှောင်းခေတ်တွင် အင်္ဂလန်ပြည်သား ယူတီလစ်တေးရီးယန်း ဆိုသူတို့ ဖြစ်ကြ၏။ အိန္ဒိယပြည်တွင် ကာမ သုခလ္လိက ဝါဒကို ယူကြသော စာဝကများ ဖြစ်ကြလေ၏။ ထို့ကြောင့် အထက် အင်္ဂလိပ်လို ဖော်ပြထားသော ထို လောဘမူစိတ် အဖွင့်တွင် ( **accompanied with pleasure** ) ဆိုသော စကားရပ် ပါရှိခြင်း ဖြစ်၏။ ထိုစကား၏ မြန်မာပြန် အနက်သည် 'ချမ်းသာ (သုခ) သာယာမှုနှင့် တွဲယှဉ် ဆက်စပ်လျက် ရှိ၏' ဟု ရ၏။

ယခု 'သောမနဿ သဟဂုတ်' ကို မြန်မာ ပြန်ကြည့်ရာ 'သာယာမှု ချမ်းသာမှုနှင့် အတူတကွ ဖြစ်သော စိတ်' ဟု ဆိုနိုင်ပြီ ထင်ပါ၏။ သို့ဆိုလျှင် 'ဒိဋ္ဌိဂတ သမ္ပယုတ္တံ' ဆိုသော ပါဠိသည် (**connected with wrong view**) ဟူသော အင်္ဂလိပ် ဘာသာပြန်နှင့် ညီပေလိမ့်မည်။ အကျွန်ုပ်လည်း ပထမ လောဘမူစိတ်ကို အဓိပ္ပာယ် ဖွင့်ဖို့ ကြိုးစားကြည့်ရာ ဤသို့ ရလေ၏။

'သာယာမှု ချမ်းသာမှုတို့နှင့် အတူတကွ ဖြစ်သော မှားသော အယူနှင့် ဆက်စပ်သော စိတ်' သည် လောဘမူစိတ်ပင် ဖြစ်ပေလိမ့်မည်။ ထိုသို့ ကောက်ယူလိုက်ပါ၏။ သို့သော် ဤတွင် 'အသင်္ခါရိက' ဆိုသော ပုဒ်တစ်ပုဒ် ကျန်နေပြန်၏။ ၎င်းကို ဆရာတော် ဦးနာရဒက (**unprompted**) ဟု အင်္ဂလိပ်လို ဘာသာ ပြန်ထားသည်ကို သတိပြုမိပြန်၏။

အရှင် ဇနကာဘိဝံသကလည်း သသင်္ခါရိက အသင်္ခါရိက သဘောများကို အကျယ် ရှင်းထားသည်ကို လေ့လာရပြန်၏။ သင်္ခါရသည် 'ပြုပြင် စီမံခြင်း' အနက် ရကြောင်း၊ မိမိစိတ်ကို ထက်မြက်အောင် ပြုပြင်မှု (ကာယ ပယောဂ ဝစီ ပယောဂ) အကြောင်းဟုလည်း အဋ္ဌကထာတို့၌ ဆိုကြောင်း ဟော၏။ သင်္ခါရိက သဘောကို အကျဉ်းယူသော် စေခိုင်း တိုက်တွန်းမှု ဖြစ်၏။ သို့ဖြစ်ရာ 'အသင်္ခါရိက' သည် (**unprompting**) မတိုက်တွန်းခြင်း မနှိုးဆော်ခြင်း သဘောပင် ဖြစ်လေတော့သည်။

ထိုသဘောကို ရှင်ဇနကာဘိဝံသက အောက်ပါ အတိုင်း ရှင်းပြတော် မူလေသည်။

'အသင်္ခါရိက စိတ် တစ်ခုခု ဖြစ်ဖို့ရန် ဧကန် ရှိရမည့် အကြောင်းကား အာရုံတည်း၊ အာရုံ မရှိလျှင် မည်သည့် စိတ်မျှ မဖြစ်နိုင်၊ အရောင်အလင်း ဟူသော (အာလောက)၊ နှလုံးသွင်း ဆင်ခြင်မှု ဟူသော (မနသိကာရ) စသော စိတ်နှင့် ဆိုင်သော အချို့ အကြောင်းများလည်း ရှိသေး၏။ ပြခဲ့ပြီးသော သင်္ခါရ (တိုက်တွန်းမှု) အကူအညီ မပါဘဲ ထိုရှိးရာ အကြောင်းကြောင့် ဖြစ်သော စိတ်သည် အသင်္ခါရိကစိတ်တည်း၊ ဥပမာ ဥပုသ်

www.burmeseclassic.com



စောင့်ချိန် ကျလျှင် မည်သူ့မျှ မတိုက်တွန်းရ (မိမိ အလို အလျောက် မတွန့်မဆုတ်ဘဲ) ဥပုသ်စောင့်တဲ့ စိတ်မျိုးတည်း'

သို့ သိပြီးနောက် ပထမ အကုသိုလ် လောဘမူ စိတ်ကို စူးစမ်းကြည့်ရာ 'မတိုက်တွန်းဘဲ သူ့ အလိုလို ဖြစ်ပေါ်၍ လာတတ်သော သာယာမှု ချမ်းသာမှုတို့နှင့် တွဲယှဉ်၍ ဖြစ်လေ့ရှိသော မှားသော အယူနှင့် ဆက်စပ်နေသော စိတ်' ဟု အဓိပ္ပာယ် ဖော်၍ ရနိုင်မည် ထင်မိတော့၏။ သို့ အဓိပ္ပာယ် ဖော်နိုင်သည် ဆိုစေကာမူ ရေးရေးသာ ပေါ်သေးသည်ဟု ဆိုသင့်၏။ အဘယ်ကြောင့် ဆိုသော် ဒိဋ္ဌိဂတ ဆိုသော မှားသော အမြင် (wrong view) ကိုမူ မိမိရရ ဘာဆိုမှန်း အတိအကျ မသိရသေးချေ။

ဆရာတော်ကြီး (အရှင် ဇနကာဘိဝံသ) က ဒိဋ္ဌိ အကြောင်းကို စေတသိက် ခန်းကျမှ ရှင်းမည် ဆိုသောကြောင့် စေတသိက်ခန်းသို့ လိုက်ရပြန်လေ၏။ ထိုအခါ ကျမှ ဆရာတော်က ဒိဋ္ဌိပုဒ်ကို အောက်ပါ အတိုင်း ရှင်းပြတော် မူလေသည်။

'မိစ္ဆာ မှားယွင်းသောအားဖြင့် ရှုတတ်သည်၏ အဖြစ်ကြောင့် ဒိဋ္ဌိ မည်၏။ မသင့်မတင့် နှလုံးသွင်းခြင်း လက္ခဏာ ရှိ၏။ မှားသောအားဖြင့် သုံးသပ်ခြင်း ကိစ္စ ရှိ၏။ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း ရှိသော တရားဟု ယောဂီတို့ ဉာဏ်တွင် ထင်လာ၏။ မသင့်မတင့် နှလုံးသွင်းခြင်း ဟူသည် အနိစ္စ အမှန်ကို နိစ္စဟု လည်းကောင်း၊ ကမ္မာလောကရှိ အရာတွေကို ဖန်ဆင်းသူ မရှိဘဲလျက် ရှိ၏ဟု လည်းကောင်း စွဲလမ်း မှတ်ထင်မှုတည်း'

အကျွန်ုပ်လည်း သဘော ရှင်းစွာ နားလည်ပြီ ဖြစ်၏။ ဤလောကဌ် မှားယွင်းကြောင်း ထင်ရှားသော အရာများ၌ မှန်သည်ဟု စွဲလမ်းခြင်း၊ အမှန်သစ္စာ တရားတို့၌ မမှန်ဟု စွဲလမ်းခြင်း နှလုံး သွင်းခြင်း သဘောများ အားလုံးကို ဒိဋ္ဌိ ခေါ်သည်ပင် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ပထမ အကုသိုလ် (လောဘမူ) စိတ်သည် 'မှားယွင်းသော အမြင်၊ မှားယွင်းသော အသိဖြင့်၊ တစ်စုံတစ်ရာ တိုက်တွန်း နှိုးဆော်ခြင်း မရှိဘဲ သာယာမှု ချမ်းသာမှုတို့နှင့် ယှဉ်တွဲ၍ အလိုလို ဖြစ်ပေါ်လာသော စိတ်' ပင် ဖြစ်တန်ရာသည်။

ဤကား အကုသိုလ်စိတ် ရှစ်ပါးတွင် တစ်ပါးကို သဘော ငုံမိအောင် သိနားလည်ဖို့ ကြိုးစားရခြင်း ဖြစ်လေ၏။ ဤ လောဘမူစိတ် တစ်ချက်ကလေးကိုပင် နားလည်အောင် အားထုတ်ရသည်မှာ ဤမျှ ခက်ခဲ ပင်ပန်းလျှင် မြတ်စွာ ဘုရား၏ အသိပညာ ရွှေတောင်ကြီးကို တက်ရမည့် အရေးအခင်းသည် ဘယ်မျှ ခက်ခဲ ပင်ပန်းလေမည်နည်း။

လောဘမူစိတ် တစ်ခုကို ရေတွက်ရသည်ပင် ဤမျှ နက်နဲ၏။ ခက်ခဲ၏။ ပင်ပန်း၏။ သို့ဖြစ်လျှင် လောဘမူစိတ် ရှစ်ပါးစလုံးကို မိမိ ဘဝင် ရှင်းသည် အထိ စူးစမ်း ရေတွက်ရသော် မိမိဉာဏ် ဦးနောက်က လိုက်နိုင်ပါမလား။ မိမိလို လူ သာမန်သည် ဗုဒ္ဓ ထွင်းဖောက် နားလည်သကဲ့သို့ ထွင်းဖောက် နားလည်နိုင်ပါမည်လား။ တစ်ချက်ချင်းကို ထွင်းဖောက် နားလည်နိုင်သည်ထား၊ အားလုံးကို မှတ်သား သိမ်းပိုက်နိုင်ပါ့မလား။ အကျွန်ုပ်၏ စိတ်တွင်မူ ဤအရာသည် ယခု ခေတ်တွင် ကွန်ပျူတာ၏ အရာဟုသာ အောက်မေ့လေသည်။ သို့သော် ရှေးက ပုဂ္ဂိုလ်တို့သည် မှတ်ဉာဏ် တစ်ခုတည်းဖြင့် ထို အဘိဓမ္မာ သင်္ဂြိုဟ်ကို ဆောင်ယူခဲ့ကြသည် မဟုတ်လား။

လောဘမူစိတ် ရှစ်ပါး ပြီးလျှင် ဒေါသမူစိတ် ၂၊ မောဟမူစိတ် ၂ ကျန် သေး၏။

တစ်ဖန် ထို အကုသိုလ်စိတ် ၁၂ ပါးတို့၌ ယှဉ်ဘက် (သဟဂုတ်စိတ်) တို့သည် သောမနဿစိတ်၊ ဒေါမနဿစိတ်၊ ဥပေက္ခာစိတ် ဟူ၍ သုံးမျိုး ရှိသေး၏။ ထို့ပြင် သမ္ပယုတ် (ရောနှောသော) စိတ်၊ ဝိပ္ပယုတ် (မရောနှောသော ကင်းသော) စိတ် အများပင် ရှိသေး၏။

ထို့နောက် အဟိတ်စိတ်လည်း ရှိသေး၏။

ဝိပါက်စိတ်လည်း ရှိသေး၏။

သင်္ဂြိုဟ်တွင် အဟိတ် အကုသလ ဝိပါက်စိတ် ၇ ပါး၊

အဟိတ် ကုသလ ဝိပါက်စိတ် ၈ ပါး၊

အဟိတ် ကြိယာစိတ် ၄ ပါး ရှိကြောင်းလည်း ဖော်ပြပြန်၏။

အကျွန်ုပ်လည်း စိတ် သဘာဝ အားလုံးကို ကျက်မှတ် နားလည်ခြင်းထက် ဉာဏ်အလင်း ပေါက်လျှင် ချက်ချင်း သဘောကုန်အောင် သိပေတော့အံ့ ဟု အောက်မေ့၏။ ကျောင်းစာ ကျက်သလို ကျက်မှတ်နေလို့တော့ဖြင့် ဒီတစ်သက် ကုန်တောင် မသိနိုင်၊ စာမှာ ပါသလောက်သာ သိချင်သိမည်၊ မသိဘဲလည်း နေချင်

www.burmeseclassic.com



နေမည်၊ သဘောပေါက်ခြင်းသို့ ရောက်မည် မဟုတ်ဟုလည်း တွေးမိပြန်လေ၏။

အဘိဓမ္မာကို လိုက်စား လေလေ ဗုဒ္ဓမြတ်စွာ၏ အတု မရှိသော သဗ္ဗညုတ ဉာဏ်တော် ကြီးကျယ်နက်ရှိုင်းပုံကို ပို၍ သဘော ပေါက်မိလေ ဖြစ်သည်ကား အမှန်။ ကမ္ဘာပေါ်၌ ပေါ်ပေါက်ပြီးသော ဒဿနမျိုးစုံကို မိမိသည် နားလည်ရန် အားထုတ်ခဲ့ရာ၌ အဘိဓမ္မာကို နားလည်အောင် အားထုတ်ရခြင်းလောက် အခက်အခဲမရှိ၊ အင်အား မကုန်ခဲ့ချေ။ မိမိပင်လျှင် အသိပညာနံ့ချာသူ ဖြစ်လေသောကြောင့်လားတော့ မဆိုနိုင်ပါ။ သို့ရာတွင် ဆရာကြီး ဦးမြ ညွှန်ကြားသလို အင်္ဂလိပ်လိုလိုက်ကြည့်သော အခါမှာတော့ ထင်သလောက် မခက်တော့ပါ။ ထိုအခါမှ အကျွန်ုပ် တွေးမိ၏။ မိမိ ကြုံရသော အခက်အခဲတွင် အတွေးအခေါ်ပိုင်းထက် ဘာသာစကား အခက်အခဲက ပိုများသောကြောင့် ဖြစ်၏။ ဘာသာစကား အခက်အခဲ ဆိုရာတွင် ပါဠိ အခက်အခဲပင် ဖြစ်ပါ၏။ ထိုအကြောင်းကြောင့် ဆရာကြီး ဦးမြက ပါဠိလိုထက် မိမိအနေနှင့် အင်္ဂလိပ်လို လိုက်လျှင် ပိုပြီး ခရီးတွင်လွယ်မည်ဟု ဆိုခဲ့ခြင်း ဖြစ်တန်ရာသည်။

အရှင် နာရဒ ထေရ်မြတ်၏ အင်္ဂလိပ် ဘာသာပြန် အဘိဓမ္မတ္ထ သင်္ဂဟသည် လည်းကောင်း၊ ဦးရွှေဇံအောင်၏ အင်္ဂလိပ် ဘာသာပြန် အဘိဓမ္မတ္ထ သင်္ဂဟ သည် လည်းကောင်း အကျွန်ုပ်အတွက် များစွာ အထောက်အပံ့ ပြုပါ၏။ ရေးပုံသားပုံများလည်း အလွန် ရှင်းသည်ဟု ဆိုသင့်ပါ၏။

အရှင် နာရဒထေရ်မြတ်၏ သင်္ဂြိုဟ် ဘာသာပြန်တွင် မိမိ ကြုံတွေ့ရသော အခက်အခဲများ အားလုံး အတွက် ဆရာတော်သည် ကြိုတင် သိမြင် ထားတော်မူသည့် အလား မှတ်စုများဖြင့် ရှင်းပြထားလေသည်။

အကုသိုလ် ကုသိုလ် ဝိပါက ကြိယာ သဘောများကို သိမြင်ထားအောင် ရှင်းပြထားလေသည်။ ဆရာတော် ရှင်းပြပုံမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

'ရှေးက ဖော်ပြပြီး အခန်းတွင် စိတ်ကို အကျယ်အားဖြင့် လေးမျိုး ခွဲခြား ပြထားလေသည်။ ဘုံအလိုက်ဖြစ်ပုံအရ ခွဲခြားခြင်း ဖြစ်၏။ (ကာမာဝစရ ရူပါဝစရ အရူပါဝစရ လောကုတ္တရာ စသည် ဖြစ်၏။) တစ်ဖန် စိတ်၏ သဘော အလိုက် ထပ်၍ စိတ်ကို လေးမျိုး ခွဲခြားရပြန်၏။ ခွဲခြားပုံမှာ အချို့သော စိတ်တို့သည် ယုတ်ညံ့သော အကုသိုလ်စိတ်များ ဖြစ် ကြ ကုန် ၏။ အဘယ်ကြောင့် ဆိုသော် ထိုစိတ်တို့သည် ကပ်ငြိခြင်း (လောဘ) ကို အခြေခံလျက် ဖြစ်လာကြသော စိတ်များ ဖြစ်ကြကုန်သောကြောင့်တည်း။ အမျက်ဖွဲ့ခြင်း (ပဋိဃ) ကို အခြေခံသော စိတ်များ ဖြစ်သောကြောင့်တည်း။ မသိ မိုက်မဲခြင်း (မောဟ) ကို အခြေခံသော စိတ်များ ဖြစ်သောကြောင့်တည်း။ ထိုမှ တစ်ပါး တခြားသော စိတ်တို့သည် ကောင်းမြတ်သော ကုသိုလ်စိတ်များ ဖြစ်ကြကုန်လေ၏။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် မတပ်မက်ခြင်း (အလောဘ)၊ မညှဉ်းဆဲခြင်း (အဒေါသ) နှင့် သိခြင်း (ဝါ) ပညာ (အမောဟ) ကို အခြေခံ၍ ပေါ်ပေါက်သော စိတ်များ ဖြစ် ခြင်း ကြောင့် ပေ တည်း။ အကုသိုလ် စိတ်တို့သည် မစင်ကြယ်သော မကောင်းသော စိတ်များ ဖြစ်ကြသည် ဆိုရာတွင် ထိုစိတ်တို့သည် မလိုလားအပ်သော၊ နှစ်သက်ဖွယ် ရှိသော အကျိုး (အနိဋ္ဌ ဝိပါက) ကို ပေးတတ်ကြ ကုန်၏။ ကုသိုလ် စိတ်တို့သည် စင်ကြယ် ကောင်းမွန်သော စိတ်များ ဖြစ်ကြသည် ဆိုရာတွင် ၎င်းတို့သည် လိုလားအပ်သော နှစ်သက်ဖွယ် ကောင်းသော အကျိုးကို ပေးတတ်သော (ဣဋ္ဌ ဝိပါက) ကြောင့် ဖြစ်၏။ ထို ကုသိုလ် အကုသိုလ် စိတ် နှစ်ခုစလုံးသည် ပါဠိဘာသာဖြင့် ဖော်ပြသော ကာမ ဆိုသည့် စကားတွင် အကျုံးဝင်ကြ ကုန်၏။ ဤကုသိုလ် အကုသိုလ် စိတ်တို့မှ မလွဲမသွေ မုချ ဆက်နွယ်၍ အကျိုးဆက်အားဖြင့် ပေါ်ပေါက်လာသော စိတ်ကို ဝိပါက် စိတ် ခေါ်၏။ ထို့ကြောင့် ကာမ ဆိုသည့် စကားသည် လည်းကောင်း၊ ဝိပါက ဆိုသော စကားသည် လည်းကောင်း စိတ်နှင့် ဆိုင်သော စကားများ ဖြစ်ကြသည်ဟု နားလည်ရာ၏။ စတုတ္ထ အမျိုးအစား ဖြစ်သော စိတ်ကို ကြိယာစိတ်ဟု ခေါ်၏။ ၎င်းကို အင်္ဂလိပ် ဘာသာအားဖြင့် ပြန်ဆိုသော် အကျိုးမဖြစ်ထွန်းသော (**inoperative**) စိတ် ဟူ၍ လည်းကောင်း၊ ပြုပြင်သော (**funtional**) စိတ် ဟူ၍ လည်းကောင်း ပြန်ဆိုရာ၏။ *

ဤသို့ သိလွယ်အောင် ရှင်းပြတော် မူသော အရှင်မြတ်တို့၏ ကျေးဇူးကြောင့် အကျွန်ုပ် အဖို့ သင်္ဂြိုဟ်သည် ထင်သလောက် မခက် ဖြစ်ရပြန်လေ၏။ ထိုအခါမှ စ၍ အကျွန်ုပ်သည် အသိဉာဏ် တစ်ခုကို ရခဲ့ဖူး၏။ ထိုဉာဏ်မှာ တခြား မဟုတ်၊ လောကတွင်

---

* *A Manual of Abhidamma p 14*

www.burmeseclassic.com



ဘယ်အလုပ်ပဲ ဖြစ်ဖြစ် ခက်သည် လွယ်သည် ဆိုသည်မှာ အလုပ်နှင့် မဆိုင်၊ လုပ်နည်းလုပ်ဟန်နှင့်သာ ဆိုင်သည်။ ချဉ်းကပ်ပုံနှင့်သာ ဆိုင်သည် ဟူသော အသိ ဖြစ်လေသည်။ စစ်ပွဲ တစ်ပွဲကို တိုက်၍ အောင်မှု ရှုံးမှုသည် လူအင်အားနှင့်လည်း မဆိုင်၊ လက်နက် အင်အားနှင့်လည်း မဆိုင်၊ တိုက်နည်း တိုက်ဟန် (နည်းပရိယာယ်) နှင့်သာ ဆိုင်သည် ဟူသော စစ်ပညာရှင်တို့ ပြောဆိုကြသော စကားများကို ရှေးက ကြားခဲ့ဖူးသော်လည်း အကျွန်ုပ်သည် ကောင်းစွာ သဘော မပေါက်ခဲ့ပါ။ ယခုမှသာ ပိုပြီး သဘောပေါက် ရလေတော့၏။

သီဟိုဠ် ဆရာတော်က ဗုဒ္ဓဘာသာ အလိုအားဖြင့် အခြေခံ မူလ အကုသိုလ် စိတ်များမှာ လောဘ ဒေါသ မောဟ ဆိုသော ဟိတ်စိတ်များ ဖြစ်ကြကုန်၏။ ထိုသဘောတို့၏ ဆန့်ကျင်ဘက် ဖြစ်သော ဟိတ်စိတ်များ အလောဘ အဒေါသ အမောဟများမှာ ကုသိုလ်စိတ်များ ဖြစ်ကြောင်း ရှင်းပြတော်မူပြီး လောဘ၏ သဘော ဒေါသ၏ သဘော မောဟ၏ သဘောများကို အကျယ် ရှင်းပြတော်မူလေသည်။

ထို့နောက် ဝေဒနာကို ရှင်းသည်။ ခံစားချက်သည် စိတ်တိုင်းမှာ ရှိသော စိတ်၏ အခြင်းအရာ တစ်ရပ် ဖြစ်ကြောင်း၊ ထိုဝေဒနာသည် သုံးမျိုး သုံးစား ရှိကြောင်း၊ သောမနဿ (နှစ်သက် သာယာခြင်း **pleasure**)၊ ဒေါမနဿ (မနှစ်သက် မသာယာခြင်း **unpleasant**) နှင့် ဥပေက္ခာ (လျစ်လျူရှုခြင်း **indifferent**) တို့ ဖြစ်ကြောင်း၊ လျစ်လျူရှုခြင်း ဆိုသည်မှာ စိတ်ချမ်းသာခြင်းလည်း မဖြစ်၊ စိတ်မချမ်းသာခြင်းလည်း မဖြစ်သော သဘော ဖြစ်ကြောင်း၊ တစ်ဖန် ရုပ်သဘော ကာယသဘောအားဖြင့် ဒုက္ခဝေဒနာ (ကိုယ်ဆင်းရဲစွာ ခံစားရခြင်း)၊ သုခဝေဒနာ (ကိုယ်ချမ်းသာစွာ ခံစားရခြင်း) ဟူ၍ ဝေဒနာကို ငါးခု ရေတွက်နိုင်ကြောင်းလည်း ဆိုလေသည်။

အကျွန်ုပ်လည်း အင်္ဂလိပ် ဘာသာပြန် သင်္ဂြိုဟ်ကို လိုက်ရသော အခါမှ များစွာ အားရဝမ်းသာ ဖြစ်ရလေတော့၏။

သို့ရာတွင် အကျွန်ုပ်သည် စိတ်ကို ဘုံ (လောက) အလိုက် ခွဲခြားရာတွင် အတန်ငယ် မျက်စိလည်ရပြန်၏။

ဗုဒ္ဓဘာသာ အရ သတ္တလောကကို အမျိုးအစားအားဖြင့် သုံးမျိုး သုံးစား ခွဲထားလေသည်။ (၁) ကာမလောက (၂) ရူပလောက (၃) အရူပလောက တို့ ဖြစ်ကြသည်။

အပါယ်ဘုံ ၄၊ လူ့ဘုံ ၁၊ နတ်ဘုံ ၆၊ ပေါင်း ၁၁ ဘုံကို ကာမလောက ခေါ်သည်။ ကာမလောက ဘာကြောင့် ခေါ်သနည်း ဆိုသော် ကာမဂုဏ် အာရုံများက လွှမ်းမိုးသော လောက ဖြစ်ခြင်းကြောင့် ဖြစ်၏။ အပါယ်လေးဘုံကို ဒုဂ္ဂတိဘုံ (ယုတ်ညံ့သော ဘဝ အခြေအနေ) ဟုလည်း ခေါ်သည်။ မကောင်းမှု ဒုစရိုက်သားတို့၏ မွေးဖွား လားရောက်ရာ မကောင်းသော ဘဝ အခြေအနေ ဟူလို။ တခြားသော ခုနစ်ဘုံသည် သုဂတိဘုံ (မြတ်သော ဘဝ) များဟု သတ်မှတ်ထားလေသည်။ ကောင်းမှု ကုသိုလ် ရှိသူတို့ မွေးဖွား လားရောက်ရာ ဘဝ အခြေအနေ ဖြစ်လေသည်။

ထို့ထက် ပိုပြီး သာမန် ကာမဂုဏ် အာရုံတို့၌ နှစ်သက် တပ်မက်ခြင်း မရှိအောင် မိမိ ကိုယ်စိတ်ကို သန့်ရှင်း စင်ကြယ်စွာ ပြုပြင်ပြီးသော အဆင့်မြင့် ပုဂ္ဂိုလ်တို့သည် ၎င်းတို့၏ အကျင့်သီလနှင့် အညီ မြင့်သော မြတ်သော ဘဝများမှာ မွေးဖွား ကြရလေသည်။ လူ့ဘဝမှာပင် ပို၍ မြင့်သော မြတ်သော ဘဝကို အလိုရှိကုန်သော သူတို့သည် ကမ္မဋ္ဌာန်း ဘာဝနာ တရားကို အားထုတ်ကြကုန်၏။

ဘာဝနာ နှစ်မျိုး ရှိသည်။ သမထ ဘာဝနာ နှင့် ဝိပဿနာ ဘာဝနာ ဟူ၍ ခွဲခြားထားလေသည်။

သမထကား စိတ်ကို ငြိမ်သက် တည်ကြည်အောင် ပြုပြီး ဈာန်သို့ ဝင်စားအောင် အားထုတ်ခြင်း ဖြစ်၏။ ဝိပဿနာကား အဖြစ်အပျက် အားလုံး၏ ပကတိ သဘာဝကို ဟုတ်တိုင်းမှန်စွာ သိမြင်အောင် အားထုတ်ခြင်း ဖြစ်၏။ အကြင်သူသည် ဈာန်ကို ရရှိပြီးပါက ထိုဈာန်၏ အကူအညီဖြင့် အလွန် အဆင့် မြင့်သော စိတ်တန်ခိုး အဘိညာဉ်ကို ရရှိနိုင်၏။ ဝိပဿနာကား အရဟတ္တမဂ်သို့ (ရဟန္တာ) အဖြစ်သို့သာ ပို့ဆောင်၏။ ထိုဈာန်ကို ဤဘဝတွင် ထူထောင်ပြီးသူသည် ကွယ်လွန်သော အခါ အထက် (အဆင့် မြင့်သော) ရူပဘုံ အရူပဘုံတို့မှာ ဖြစ်ကြရ၏။

အရူပဘုံ ဆိုသည်မှာ ရုပ် မရှိဘဲ နာမ် (စိတ်) ချည်း သက်သက်သာ တည်နေသော ဘဝဟု ဆို၏။ အမှန်မှာ စိတ်နှင့် ရုပ်သည် ခွဲခြား၍ ရကောင်းသည် မဟုတ်။ တစ်ခုနှင့် တစ်ခု သီးခြား ရပ်တည် နေနိုင်သော တရားမျိုးများ မဟုတ်ကြချေ။ သို့ရာတွင် မြင့်မားသော စိတ်တန်ခိုးဖြင့် စိတ်နှင့် ရုပ် ရုပ်နှင့် စိတ်ကို တသီး တခြားစီ ခွဲခြားနိုင်သည် ဆို၏။ ကောင်းကင်ဘုံ (နတ်ဘုံ)

www.burmeseclassic.com



ရူပဘုံတို့တွင် ဖြစ်သော သတ္တဝါတို့မှာ ရုပ်ချည်းသက်သက် တည်ကြသည်။ အလွန် နုသော သုခုမရုပ်များ ဖြစ်ကြတန်ရာသည်။ *

ဦးရွှေဇံအောင်၏ (**Compendium of Philosophy**) တွင် 'ရူပလောကဟု ခေါ်ရာတွင် အလွန်နုသော သုခုမရုပ်ကို ထိုဘဝထွင် တွေ့နိုင်သောကြောင့် ရူပလောက ခေါ်ခြင်း ဖြစ်၏။ အရူပလောကဟု ခေါ်ခြင်းမှာ ထိုဘဝ၌ ရုပ်လက္ခဏာ ဟူ၍ တစ်စုံတစ်ရာ ရှာမတွေ့ရသောကြောင့်တည်း' ဟု ဆိုလေသည်။

ရူပလောကသို့ များသောအားဖြင့် ရောက်သော စိတ်ကို ရူပါဝစရစိတ် ခေါ်သည်။ ထိုဘုံသို့ ရောက်စေတတ်သော စိတ် ၁၅ မျိုး ရှိသည်။ ၎င်းတို့မှာ ကုသိုလ်စိတ် ၅၊ ဝိပါက်စိတ် (သေပြီးမှ အကျိုးရသော စိတ်) ၅၊ ကြိယာစိတ် (ထိုဘုံရောက်မှ ခံစားရသော စိတ်) ၅၊ ပေါင်း ၁၅ ပါး ရ၏။ ကြိယာစိတ်ကို ဘုရား ရဟန္တာတို့ ယခု မျက်မှောက် ဘဝမှာပါ ခံစား သိမြင်ရ၏ ဟူလို။

အကျွန်ုပ်သည် ရူပဘုံနှင့် အရူပဘုံများကို ကြိကြည့်သေး၏။ ကြံ၍ မရချေ။ ရူပဘုံကိုမူ အနည်းငယ် ကြံတတ်သေး၏။ စွမ်းအင်တို့၏ သဘော ဖြစ်တန်ရာသည်ဟု အောက်မေ့ ကြည့်မိ၏။ သို့ရာတွင် စိတ်ချည်းသက်သက် တည်နေသည့် အရူပဘုံ သဘောကိုကား ကြံ၍ မရချေ။ ထိုအခါ အိုင်စတိုင်း၏ ရီလေးတီဗစ်တီ သဘောကို သတိ ရမိလေသည်။ အိုင်စတိုင်းက တစ်ဖက်တိုင်း (one dimensional) သတ္တဝါသည် နှစ်ဖက်တိုင်း သဘောကို မသိနိုင်၊ နှစ်ဖက်တိုင်း သတ္တဝါသည် သုံးဖက်တိုင်း သဘောကို မသိနိုင်၊ ထို့အတူ သုံးဖက်တိုင်း သတ္တဝါသည်လည်း လေးဖက်တိုင်း သဘောကို ခံစားသိမြင်ခြင်းငှာ မတတ်နိုင် ဆိုသကဲ့သို့ အကျွန်ုပ်ကဲ့သို့ ရုပ်နာမ် အစုအခဲ သတ္တဝါသည် ရုပ်ချည်း သက်သက် အဖြစ်အနေကို လည်းကောင်း၊ နာမ်ချည်း သက်သက် အဖြစ်အနေကို လည်းကောင်း ကြံ၍ မသိနိုင်ခြင်းမှာ ထိုသဘောမျိုး ဖြစ်လေပြီလားဟုလည်း အောက်မေ့မိခဲ့လေသည်။

သို့ရာတွင် အကျွန်ုပ်သည် လွယ်လွယ်နှင့် အားလျှော့တတ်သူ မဟုတ်ရကား အရူပ သဘောကို အစဉ်သာ ကြံဆ၍ နေလေတော့၏။ ဤသို့ နေစဉ် တစ်နေ့သ၌ အကျွန်ုပ်ထံသို့ ကိုသာဒင် (ဌာနမှူး၊ နိုင်ငံရေး သိပ္ပံ၊ ရန်ကုန် စက်မှုတက္ကသိုလ်) ရောက်ရှိ လာလေ၏။

'ဆရာ ဓာတ်စီးတာ တွေ့ဖူးသလား' ဟု မေးလေ၏။

အကျွန်ုပ်လည်း ထိုစကားလုံး 'ဓာတ်စီး' ဆိုသည်ကို ကြားပင် မကြား ဖူးချေ။

'ဘာလဲဗျ၊ ဓာတ်စီး ဆိုတာ'

'ကျွန်တော်လည်း မတွေ့ဖူးသေးဘူး၊ ကြားဖူးရုံပဲ ရှိသေးတယ်၊ ဒီလို ဆရာရဲ့၊ ရွှေတိဂုံ ဘုရားပေါ်မှာ ဝေယျာဝစ္စ လုပ်နေတဲ့ ကုလားတိန်လေး တစ်ယောက်၊ သူက မြန်မာစာတောင် ကောင်းကောင်း မတတ်ဘူး၊ သူ့ကို အင်မတန် ပိဋကတ် စာပေ နှံ့စပ်တဲ့ ဘိုးတော် ခေါ်မလား၊ ဝိဇ္ဇာ ခေါ်မလား၊ ဘာခေါ်ခေါ်ပေါ့ ဆရာရယ်၊ အဲဒီ ပုဂ္ဂိုလ် တစ်ပါးက ဓာတ်စီးတယ်၊ သူတို့ ပြောတာကတော့ အဲဒီ ကုလားတိန် ပါးစပ်က မတန်မရာ စကားတွေ တရားတွေ ဟောတယ်၊ ဆရာ အင်္ဂလိပ်လို မေးရင် အင်္ဂလိပ်လို ဖြေတယ်၊ တရုတ်လို မေးရင် တရုတ်လို ဖြေတယ်၊ ရှမ်းလို မေးရင် ရှမ်းလို ဖြေတယ်'

'ဟေ တကယ်ပဲလား၊ ဘယ်သူ မေး မေး ရသလား'

'ရတယ် ပြောတယ် ဆရာ'

'ဒါဆို ငါတို့ တွေ့လို့ မရဘူးလား'

'ဒါ လာပြောတာ၊ ဒီညနေ ခြောက်နာရီမှာ စစ်ကိုင်းဆောင် အပေါ်ထပ်က အဆောင်မှူး ဆရာ စောအာချွန်းရဲ့ အခန်းမှာ ဓာတ်စီးမယ် ပြောတယ်၊ တခြား ဆရာ ဆရာမကြီးတွေလည်း လာကြလိမ့်မယ်၊ ဆရာနှင့် ကျွန်တော်လည်း သွားကြတာပေါ့'

'နေပါဦး၊ ဆရာ စောအာချွန်းက ခရစ်ယာန် မဟုတ်လား'

'ဟုတ်တယ်၊ ဆရာချွန်းက ဒါမျိုး ဝါသနာ ပါတယ်လေ'

'ကောင်းကွာ၊ ဒါဆို ညနေ ငါ လာမယ်'

အကျွန်ုပ်လည်း မကြားဖူး မကြုံဖူးသော ကိစ္စ ဖြစ်၍ တွေ့ချင် မြင်ချင်စိတ် ပြင်းထန် နေလေ၏။ တွေ့ချင် မြင်ချင် လိုခြင်းသည်လည်း သာမန် တွေ့လို မြင်လို ခြင်းမျှ မဟုတ်၊ စူးစမ်းလိုခြင်း ဖြစ်၏။ ဆရာ စောအာချွန်း၏ အဆောင်သို့ ငါးနာရီ ကျော်ကျော်တွင် ရောက် သွား လေ သည်။ မကြာမီ တက္ကသိုလ်မှ ဆရာ ဆရာမ လေး ငါး ခြောက်ဦးခန့် ရောက်ရှိ လာကြ

---

* *A Manual of Abhidamma p 44*

www.burmeseclassic.com



လေသည်။ ထို ဆရာ ဆရာမထဲတွင် ပါဠိ ပါမောက္ခ ဦးတင့်လွင်နှင့် ဇနီး ဆရာမ ဒေါ်စိန်စိန်တို့ကိုပါ တွေ့ ရသောကြောင့် ဝမ်းသာ ရလေသည်။ ဝမ်းသာရသည့် အကြောင်းမှာ အကျွန်ုပ်က ထိုဓာတ်စီးသူအား အဘိဓမ္မာ ပိုင်းမှ ပုစ္ဆာများကို မေးမည်။ ပိဋကတ်များမှ ထိုပုဂ္ဂိုလ် ဖြေသော အဖြေများ မှန် မမှန်ကို သိနိုင်ရန် သက်သေ လိုသောကြောင့် ဖြစ်၏။

ခြောက်နာရီ ထိုးလုနီးတွင် အသက် ၂၀ ကျော် ခန့်သာ ရှိသေးသော အသား မည်းမည်း၊ အရပ် သွယ် သွယ် ကုလားကပြား လူငယ်နှင့် မြန်မာ လူကြီး သုံး လေးဦး ရောက်ရှိ လာကြလေသည်။ ရုပ်ရည်အားဖြင့်မူ အကျွန်ုပ် စိတ်ထဲတွင် ထိုမြန်မာ လူကြီးများကိုသာ ကြည်ညိုဖွယ် အဆင်း ရှိသူများဟု အောက်မေ့လျက် ထိုလူငယ်ကိုကား ကြည်ညိုဖွယ် အဆင်း မရှိဟု ထင်မိ လေသည်။

ခြောက်နာရီ ထိုးသည်နှင့် ထိုလူငယ်သည် ယောဂီပဝါ တစ်ထည်ကို သူ၏ ကိုယ်မှာ ရစ်ပတ်လိုက် ကာ ဘုရား ရှိခိုးရန် လက်အုပ်ချီလိုက် လေတော့သည်။ လက်အုပ် ချီလိုက်သည်နှင့် တစ်ပြိုင်နက် ထိုသူငယ် နှုတ်ဖျားမှ အလွန် အဆင့် မြင့်သော ပါဠိတော်များကို တောက်လျှောက် နာရီဝက်ခန့် ရွတ်ဖတ်လေတော့၏။ ပြီးမှ အဘိဓမ္မာ တရား တစ်ပုဒ်ကို ဟောကြားလေသည်။ မှတ်မိသမျှမှာ စက္ခုဒွာရ (မျက်လုံး) ၌ စက္ခုဒွာရ ဝိညာဏ် (မြင်သိစိတ်) ဖြစ်ပေါ်ပုံ သဘောကို ရှင်းပြခြင်း ဖြစ်လေသည်။ စက္ခုဒွာရ၊ ရူပါရုံ (အဆင်း) ထိုနှစ်ခု ဆက်စပ်မှု အကြောင်း၊ ထိုအကြောင်း၏ အထောက်အပံ့ ဖြစ်သော အလင်း (အာလောက)၊ ထိုအလင်း ရပြီးနောက် နှလုံးသွင်းမှု (မနသီကာရ) သဘောတို့ကို ရှင်းပြသည့် အပြင် စက္ခု ဒွာရ ဝီထိ ဖြစ်ပေါ်ပုံများကိုပါ အသေးစိတ် ရှင်းပြသည်ဟု မှတ်မိပါသည်။ ထို တရားကို ကုလား ကပြား လူငယ် အနေနှင့်မူ ဤမျှလောက် အကျွမ်း အကျင် မသိတန်ရာဟုလည်း သိလွယ်ပါ၏။ ပြီးလျှင် ထို ဓာတ်စီးသော ပုဂ္ဂိုလ်သည် မြန်မာလို ဟောပြီးသော ထိုတရားကိုပင် တစ်ဖန် ပြန်၍ အင်္ဂလိပ် ဘာသာဖြင့် ဟောပြန်ပါသည်။

ဤတစ်ကြိမ်တွင်မူ ဓာတ်စီးသူ၏ ဉာဏ်ပညာကို အကျွန်ုပ်သည် အတန်ပင် လေးစားရလေသည်။ ထိုပုဂ္ဂိုလ် ပြောသော အင်္ဂလိပ် စကားသည် ဗြိတိသျှ နန်းသုံး စကားလောက်ပင် အဆင့်အတန်း မြင့်သော အင်္ဂလိပ် စကား ဖြစ်သည်ဟု အကျွန်ုပ် စိတ်မှာ ထင်မိတော့သည်။

ဤသို့ ဟောပြီးသော အခါ ထိုပုဂ္ဂိုလ်က မိမိ ဓာတ်စီးထားသော လူငယ်သည် ရေဒီယို အသံဖမ်းစက် နှင့် တူကြောင်း၊ အချိန်ကြာကြာ စီးထား၍ မသင့်ကြောင်း၊ ၁၅ မိနစ် အချိန်ပေးမည်၊ မေးလိုရာ မေးနိုင်ကြောင်း အမိန့် ရှိလေသည်။ အကျွန်ုပ်လည်း ဝမ်း သာ အား ရ မေးခွန်းများ မေးလေ၏။ ဦးစွာ ထိုပုဂ္ဂိုလ် အကြောင်းကို မေးလေ၏။

'ယခု ဓာတ်စီးသူ ပုဂ္ဂိုလ်ဟာ ဘယ်လို ပုဂ္ဂိုလ်လဲ၊ နာမည် ဘာခေါ်သလဲ၊ ဘယ်မှာ နေသလဲ'

'အကျွန်ုပ် ဘယ်လိုပုဂ္ဂိုလ် ဆိုတာ သင် သိနိုင် မလား၊ ကျွန်ုပ် အမည်ကို ပကောယိုလို့ ခေါ်တယ်၊ ပကောယို ဆိုတာ ရှေးရှမ်းစကား၊ ဆရာကြီးလို့ပဲ ဆိုကြ ပါစို့၊ ကျွန်ုပ် ယခု တိဗက် ရေခဲတောင်ဆီက လာတယ်'

'ပကောယို အသက် ဘယ်လောက် ရှိပြီလဲ၊ ခု ဘာသာစကား အမျိုးမျိုးနှင့် ပြောတယ် ဆိုတော့ နောက် ထပ် ဘာစကားတွေ တတ်သေးသလဲ'

'ကျွန်ုပ် အသက် အနှစ် ၃၀၀ ကျော်ပြီ၊ ကျွန်ုပ် လူတွေ ပြောဆိုတဲ့ ဘာသာ စကားပေါင်း ၁၀၀ ကျော် လောက် တတ်တယ်'

'ဖြစ်နိုင်ပါ့မလား'

'ဒါဟာ သင် သိနိုင်တဲ့ အရာ ဖြစ်ပါ့မလား'

သူက ပြန် မေးလေသည်။

'ဒါနှင့် တစ်ခု မေးပါရစေ၊ အရူပဘုံ ဆိုတာ ရှိပါ့မလား၊ ရုပ်နှင့် နာမ်ကို ခွဲခြားလို့ ရပါ့မလား'

'ဒါက နားလည်ရ ခက်သလဲ၊ သင် ရေဒီယို နားထောင်ဖူးသလား၊ ရေဒီယိုက ပြောနေတဲ့ အသံတွေဟာ ရုပ်တွေလား၊ နာမ်တွေလား၊ ယခု ကျွန်ုပ် ဒီလူငယ်ရဲ့ ကိုယ်မှာ စီးပြီး နာမ်ယူ ပြောနေတယ်၊ ဒီလူငယ်နှင့် ကျွန်ုပ်နှင့် သင် မကွဲဘူးလား၊ သူ့ ရုပ်နှင့် ကျွန်ုပ် စိတ် ကို ပေါင်းလို ပေါင်း၊ ခွဲလို ခွဲ ပြုထားတာ သင် မတွေ့ ဘူးလား'

'ဒီသဘောကို မြင်မိ သလိုလိုတော့ ရှိတယ်၊ ဒါပေတဲ့ ဒါ ဘယ်နည်းအားဖြင့် ဖြစ်သလဲ၊ ရုပ်နှင့် နာမ်ကို ခွဲခွာလို့ ရသလား'

'ရတယ်၊ ဒါကို နှစ်နည်း ကြည့်နိုင်တယ်၊ သိပ္ပံ ပညာအားဖြင့် ရုပ်ကိုချည်း လွှင့်ထုတ်ပြီး နာမ်ဖြစ် အောင် လုပ်တာ၊ နာမ်ကိုချည်း လွှင့်ထုတ်ပြီး ရုပ်ဖြစ် အောင် လုပ်တာ ဖြစ်နိုင်တယ်၊ အလားတူပဲ အဆင့်

www.burmeseclassic.com



မြင့်တဲ့ ရျာန် အဘိညာဉ် ခေါ်တဲ့ စိတ်တန်ခိုးအားဖြင့်လည်း ရုပ်နှင့် နာမ်ကို ခွဲလို့ ရတယ်၊ ဒါကို သင် အဘိဓမ္မာ အဘိညာ အပွနာ ဝီထိခန်းမှာ လေ့လာလျှင် သဘောပေါက် နိုင်ပါတယ်'

ထို့နောက် တခြား ပုဂ္ဂိုလ်များ မေးသည့် အမေးများကို အတန်ကြာ ဖြေကာ အချိန်စေ့သည်နှင့် ဓာတ်စီးသော ပုဂ္ဂိုလ် ကြွသွားလေတော့၏။

ဤအတွေ့အကြုံသည် အကျွန်ုပ် အဖို့ များစွာ တွေးတောစရာများ ဖြစ်ပေါ် စေခဲ့လေ၏။

ဤအဖြစ်ကို ခေတ်သိပ္ပံပညာ ဆေးပညာ စိတ်ပညာများက မည်သို့ အဓိပ္ပာယ် ဖွင့်ဆိုကြမည်နည်း။ ပါဠိကို မဆိုထားဘိ၊ အင်္ဂလိပ်စာကို မဆိုထားဘိ၊ အဘိဓမ္မာကို မဆိုထားဘိ၊ မူလတန်းစာလောက်ကိုပင် ဟုတ်ဟုတ်ဟပ်ဟပ် မတတ်သော ကလယ်ကုလား ကပြားကလေး တစ်ဦးသည် ဤမျှ ခက်ခဲ နက်နဲသော တရားများကို ဤပညာရှင် တက္ကသိုလ် ပါမောက္ခများ ပါဝင်သည့် ပရိသတ် ရှေ့မှောက်တွင် ဤကဲ့သို့ မကြောက်မရွံ့ မတွန့်မဆုတ် ပကတိ တည်ငြိမ် လေးနက်သော ဣန္ဒြေဖြင့် ဟောရဲ ပြောရဲ ပါမည်လား။ ဘယ်လိုပင် တွေးတွေး ဤဖြစ်ရပ်သည် သာမန် ဖြစ်ရပ် တစ်ခု မဟုတ်၊ စိတ်ဝင်စားဖွယ် ကောင်းသော ဖြစ်ရပ် တစ်ခုပင် ဖြစ်လေသည်။ သို့ရာတွင် လူ့ခန္ဓာ တစ်ခုကို ရေဒီယို အသံဖမ်းစက် တစ်ခု အဖြစ် အသုံးပြုကာ နေရာဌာန အတိအကျ မသိရသော အရပ်မှ စိတ်စွမ်းအင် တစ်ခုက မိမိ ပြောလိုသော စကားများကို အသံလွှင့်စက်လို အသံလွှင့်ပြီး လူအသံဖမ်း ရေဒီယိုဖြင့် ဖမ်းယူကာ တစ်စုံတစ်ခုသော ပရိသတ်ကို ကြားသိစေသည်ကို ဓာတ်စီးသည်ဟု ဆိုခြင်း ဖြစ်လေသည်။ သို့ဖြစ်ရာ ယခု စီးသော ဓာတ်သည် ဘာဓာတ်နည်း။

ဤအချက်ကို အနောက်တိုင်းသား ပရစိတ္တဝိညာဉ် သုတေသန အသင်းများက ဘယ်ပုံ ဘယ်နည်း အဓိပ္ပာယ် ဖွင့်ဆိုကြမည်နည်း။

အကျွန်ုပ် အဖို့မူ ဤပုစ္ဆာသည် ဖြေရှင်းရ ခက်သော ပုစ္ဆာ တစ်ပုဒ် ဖြစ်ခဲ့သည်ကား အမှန်ပင် ဖြစ်၏။

ထိုအခါမှ စ၍ အကျွန်ုပ်သည် ယခင်အခါများက မိမိ ဉာဏ်မမီတိုင်း ငြင်းပယ်လိုခဲ့သော ငရဲ အယူအဆ၊ နတ် အယူအဆ၊ ဗြဟ္မာ အယူအဆများကို လည်း ပြန်လည်၍ စဉ်းစား သုံးသပ် ရမည်ကဲ့သို့ ဖြစ်သွားလေတော့၏။

သိပ္ပံပညာတွင်လည်း မိမိကဲ့သို့ သာမန် ပုထုဇဉ်အများ လုံးဝ နားလည် နိုင်ခြင်းလည်း မရှိ၊ သာမန် ပုထုဇဉ်တို့ အနေဖြင့် လုံးဝ သိမြင်နိုင်ခွင့်လည်း မရှိသော အတွေးအမြင် အယူအဆ များစွာ ပါဝင်နေသည်မှာလည်း ထင်ရှားပါ၏။ သို့သော် သိပ္ပံပညာရှင်များ၏ ထုတ်ဖော်ပြောဆိုချက် ဖြစ်လျှင် အလွယ်တကူ ယုံကြည်တတ်သူ၊ လက်ခံတတ်သူတွေထဲတွင် မိမိလည်း ပါဝင်နေလေသည်။

ယခုမူ သဗ္ဗညုတဉာဏ်၏ ကြီးကျယ်ပုံကို မိမိလည်း အထိုက်အလျောက် သိတတ်လာပြီ ဖြစ်၏။ ထိုဉာဏ်တော်ဖြင့် မြတ်စွာဘုရားက ငရဲ ရှိကြောင်း၊ နတ်ရှိကြောင်း၊ ဗြဟ္မာ ရှိကြောင်း၊ သေပြီးနောက် ဘဝဆက်ရှိကြောင်းများကို ဟောကြားခဲ့သည်ကို အကျွန်ုပ်သည် အဘယ်ကြောင့် စိတ်ချလက်ချ မယုံတတ်သေးသနည်း။

ဘုရားဟော စကားများ မှန်ကန်ကြောင်းကို အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိခဲ့ကြကုန်သော ရဟန္တာများကလည်း ထောက်ခံခဲ့ကြပြီး ဖြစ်၏။ ဘုရားဟောသည့် အတိုင်း မဟုတ်လျှင် ထိုရဟန္တာကြီးများသည် ထောက်ခံကြပါမည်လား။ *

သို့ပါလျက် အကျွန်ုပ်သည် ဘာကြောင့် လုံးလုံးလျားလျား ဘဝင် မကျသေးဘဲ ဖြစ်နေရသေးသနည်း။

မိမိသည် ရုပ်ဝါဒီလား။ မိမိသည် ရုပ်ဝါဒီ မဟုတ်မှန်း ကိုယ်တိုင်လည်း သိသည်။ သို့သော် ရုပ်ဆန်သော သိပ္ပံပညာကိုမူ နာမ်ဝါဒ ဝိညာဏဝါဒများထက် ပိုပြီး နှစ်သက် လက်ခံရန် လွယ်ကူသူ ဖြစ်ကြောင်းကိုလည်း ဝန်ခံရပေမည်။ အဘယ်ကြောင့် အကျွန်ုပ်သည် အယူဝါဒ တစ်ရပ်ကို လွယ်လွယ်ကူကူ လက်မခံတတ်ကြောင်း၊ (လက်ခံရန် ဝန်လေး တတ်ကြောင်း) ကိုမူကား ကိုယ့်ကိုယ်ကိုယ်ပင် နားမလည်နိုင်အောင် ဖြစ်ရ၏။ ပိုပြီး နီးနီးစပ်စပ် ဆိုရလျှင် အကျွန်ုပ်သည် 'သံသယ ဝါဒီ' ဆိုသော လူတို့၏ စာရင်းတွင် ပါသင့်သူ ဖြစ်၏။ အကယ်၍ အကျွန်ုပ်အား သံသယဝါဒီဟု သတ်မှတ်လျှင်လည်း အကျွန်ုပ် ဝမ်းနည်းမည် မဟုတ်ချေ။

သံသယ ဝါဒီတို့ကား အချွတ်ရ ခက်သူများ ဖြစ်သည်ဟုလည်း ပညာရှိသူ အချို့က ဆိုကြ၏။ ထိုစကားကိုလည်း အကျွန်ုပ် အနေနှင့် ငြင်းလိုသော

---

* *တက္ကသိုလ် ဝိပဿနာ၊ မဟာစည် ဆရာတော်၊ ဒုကြိမ်၊ စာ ၆*

www.burmeseclassic.com



စိတ် မရှိပါချေ။ အစဉ်သဖြင့် အကျွန်ုပ် စိတ်ထဲတွင် တောင့်တလျက်ရှိသော ဆန္ဒ တစ်ရပ်မှာ မိမိ ရင်ထဲက ယုံမှားနှင့် သံသယကို ပပျောက်အောင် ပြုလုပ်နိုင်မည့် တရားနှင့် ပြုလုပ်နိုင်မည့် ပုဂ္ဂိုလ်ကို တွေ့လိုခြင်းပင် ဖြစ်ပေတော့၏။

စစ်ကိုင်းဆောင် အပေါ်ထပ် ၌ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်သည် အကျွန်ုပ်အား ဘဝင် ကျအောင် မဖန်တီးနိုင်သည့်ပြင် ပို၍ပင် အတွေး ရှုပ်ထွေးစေခဲ့လေသည်။

ဓာတ်စီးခြင်း ဆိုသော သဘောကို အတိအကျ နားမလည်နိုင်ခြင်းသည် ထိုကိစ္စကို အကျွန်ုပ် လက်ခံရန် ခက်ခဲခြင်း၏ အကြောင်းပင် ဖြစ်တော့၏။

တိကျသော အဖြေ မရှိဘဲ စူးစမ်းခြင်းဖြင့်သာ အချိန်ကုန်လျက် ရှိစဉ် တစ်နေ့တွင် အကျွန်ုပ် အိမ်သို့ ဦးပဥ္စင်း တစ်ပါး ကြွလာလေ၏။ အကျွန်ုပ် ကျောင်းမှ ပြန်လာသောအခါ ထိုဦးပဥ္စင်းသည် အိမ်တွင် စောင့်ဆိုင်းနေသည်ကို တွေ့ရလေ၏။ အကျွန်ုပ် အိမ်ထဲသို့ ဝင်လာသောအခါ ဧည့်ခန်းတွင် ထိုင်စောင့်နေသော ဦးပဥ္စင်းက လှမ်း၍ နှုတ်ဆက်လေ၏။

'ဒကာကြီး ဦးဆန်းလွင် ဆိုတာလား'

'တင်ပါ့ ဘုရား'

အကျွန်ုပ်သည် ထိုဦးပဥ္စင်းကို တစ်ခါတစ်ရံမျှ မမြင်ဖူးသဖြင့် စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်ကာ ဧည့်ခန်းရှိ ကုလားထိုင်လွတ် တစ်လုံးမှာ ဝင်ထိုင်လိုက်လေ၏။

(ဤတွင် ဝန်ခံသင့်သော အချက် တစ်ချက် ရှိ၏။ ထိုစဉ် အခါသည် အကျွန်ုပ် ဘဝဝယ် အတွေးအမြင် ရှုပ်ထွေးဆဲအခါ ဖြစ်သည်လည်း တစ်ကြောင်း၊ ရတနာသုံးပါးကို ကြည်ညိုတတ်သော သဒ္ဓါတရားမျိုးလည်း နှလုံးသားမှာ မပေါ်ပေါက်သေးသော အခါလည်း ဖြစ်ခြင်း တစ်ကြောင်းကြောင့် ထို ဦးပဥ္စင်းကို အကျွန်ုပ်လည်း ရှိခိုး ဝတ်ပြုခြင်း မရှိခဲ့ချေ။)

အကျွန်ုပ်က တင်ပါ့ဘုရား ပြောပြီး လက်ဆွဲအိတ်ကို ပစ်ချကာ ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်စဉ် ထိုဦးပဥ္စင်းက

'ကျုပ်က ဟိုတလောက ဒကာကြီး တက္ကသိုလ်မှာ ကျုပ်တို့ အဘိဓမ္မာ ဆရာကြီးကို ချွတ်လိုက်တယ် ကြားလို့ ဒကာကြီးကို ဘုန်းကြီးက ပြန်ချွတ်ရအောင် လာတာ' ဟု ဆိုလေသည်။

အကျွန်ုပ်လည်း မမျှော်လင့်သော စကားကို ကြားရသောကြောင့် များစွာ အံ့သြရလေ၏။

တက္ကသိုလ်မှာ ပညာရှင်များ သဘာဝ ပြောဆိုဆွေးနွေးကြ ဝေဖန်ကြသည်မှာ ဓမ္မတာ ဖြစ်၏။ ယခုမူ တက္ကသိုလ် အဝန်းအဝိုင်းက ကိစ္စသည် အပြင်သို့ပါ ပျံ့နှံ့ သွားလေပြီလား။ ဦးပဥ္စင်း၏ စကားထဲတွင် အကျွန်ုပ်က အဘိဓမ္မာ ဆရာကြီးကို ချွတ်လိုက်သည် ဆိုသော အသုံးအနှုန်းနှင့် အကျွန်ုပ်အား ထိုဦးပဥ္စင်းက ပြန်ချွတ်ရန် လာသည် ဟူသော စကား အသုံးအနှုန်းများ ပါရှိနေလေသည်။

အကျွန်ုပ်သည် အတန်ကြာအောင်ပင် ထိုစကား အသုံးအနှုန်း အဓိပ္ပာယ်သွား နှင့် စိတ်ထား နှလုံးထားများကိုပါ လေ့လာရင်း စကားမပြောဘဲ ထိုင်နေမိလေသည်။ အကျွန်ုပ်က ဆရာကြီးအား ချွတ်လိုက်သည် ဆိုသော စကား အသုံးအနှုန်းသည် အပြင်လောက၏ ထင်မြင်ချက် ဖြစ်နိုင်သည်။ ထိုစကားသည် လူ တစ်ဖက်သားကို အကျွန်ုပ်က သိက္ခာ ချလိုက်သည် ဟူသော သဘော ပါသည်။ ထိုသဘောသည် စော်ကားသော အမူအရာကို ဖော်ပြသော စကားလည်း ဖြစ်သည်။ အကျွန်ုပ်သည် သစ္စာကို ရှာလိုသူ အဖြစ်သာ မိမိကိုယ်ကို နားလည်ထားသည်။ သူတစ်ပါးကို စော်ကားလိုခြင်း၊ သိက္ခာချလိုခြင်း ဆန္ဒမျိုး အကျွန်ုပ်မှာ လုံးဝ မရှိခဲ့ပါ။ ဤစကားသည် မှန်သော စကား ဖြစ်ပါ၏။ သို့ပါလျက် အကျွန်ုပ်က လူတစ်ဖက်သားကို စော်ကားလိုက်သည်၊ သိက္ခာ ချလိုက်သည်ဟု အထင်အမြင် ခံရခြင်းမှာ အကျွန်ုပ် အဖို့ ဝမ်းနည်းဖွယ် ကောင်းရုံမျှမက နစ်နာလွန်းလှသည်ဟုပင် အကျွန်ုပ် ထင်မိလေသည်။

တစ်ဖန် ထိုဦးပဥ္စင်းက အကျွန်ုပ်ကို ချွတ်ဖို့ လာသည် ဆိုခြင်းမှာ အဘယ် သဘောကို ဆိုသနည်း။

ထိုစကားသည် အကျွန်ုပ်အား သိက္ခာချဖို့ လာသည်ဟု ဆိုသော အနက် မဖြစ်တန်ရာ။ သို့မဖြစ်လျှင် အကျွန်ုပ်ကို ချွတ်မည် ဆိုသည်မှာ အဘယ်ကို ဆိုပါသနည်း။ အတန်ကြာအောင် စကား ပြန်မပြောမိဘဲ ထိုင်နေမိသည့် အတွက် ထို ဦးပဥ္စင်းက အကျွန်ုပ်အား လှမ်းမေးလေ၏။

'ဒကာကြီး ဘာ စဉ်းစားနေတာလဲ၊ ဒကာကြီး မေးချင်တဲ့ မေးခွန်းကို ဘုန်းကြီးကို မေးပါ၊ ဘုန်းကြီး ဖြေမယ်၊ ဒကာကြီး ရင်ထဲက ယုံမှားနှင့် သံသယကို ပယ်ဖျောက်ပြီး ဒကာကြီး အကျွတ်တရား ရစေချင်လို့

www.burmeseclassic.com



ဘုန်းကြီး လာခဲ့တာ’ ဟုလည်း ဆိုလေသည်။

ဟုတ်ပြီ။ ယခုမှ ဦးပဍ္ဍင်း၏ စေတနာကို နားလည် ရပေတော့၏။ ဦးပဍ္ဍင်းသည် အကျွန်ုပ်အား အကျွတ် တရား ရစေချင်သည့် စေတနာဖြင့် ကြွလာသည် ဆိုခြင်းမှာ ကျေးဇူးတင်ဖွယ် ကောင်းလှပါ၏။ ဦးပဍ္ဍင်းကား အကျွန်ုပ်အား ကယ်တင်မည့် ပုဂ္ဂိုလ် ဆိုပါကလား။

ထိုအခါ အကျွန်ုပ်သည် ပါမောက္ခ ဆရာကား နောက်ဆုံး မှာကြားသွားသော ဩဝါဒ စကားကို ချက်ချင်းပင် သတိရမိ လိုက်လေ၏။ ထိုစကားသည် လောကမှာ မဟုတ်တဲ့လူကို ဆရာ တင်မိတဲ့ အမှားနှင့် မဟုတ်တဲ့ တရားကို ကိုးကွယ် ဆည်းကပ်မိတဲ့ အမှားမျိုး မဖြစ်ဖို့ အထူး လိုအပ်သည် ဆိုသော အဖိုးတန် လှသည့် စကားများ ဖြစ်၏။ ထို့ကြောင့် ထို ဦးပဍ္ဍင်း ပြောတိုင်း ချက်ချင်း လက်ခံရန် ဝန်လေး သွားလေတော့၏။

ထိုအခါမှ မိမိ စကားတွင် အမှား မပါစေရန် အထူး သတိထားပြီး ပြောရလေတော့၏။

‘ခုလို တပည့်တော်ကို အရှင်ဘုရားက ချေချွတ်ဖို့ ဆိုတဲ့ အင်မတန် မွန်မြတ်တဲ့ စေတနာ အရင်းခံနှင့် ကြွလာတာ သိရတော့ တပည့်တော် အတိုင်းမသိ ဝမ်းသာ မိပါတယ် ဘုရား၊ အမှန်ကို ဝန်ခံရရင် တပည့်တော်ဟာ ကာလ ကြာမြင့်စွာကပင် မိမိကို အကျွတ်တရား ရအောင် ကူညီ မစနိုင်မည့် ပုဂ္ဂိုလ်၊ မိမိကို ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းပအောင် ပြုနိုင်တဲ့ တရားထူး တရားမြတ်ကို လိုက်ရှာနေသူသာ ဖြစ်ပါတယ် ဘုရား၊ သို့သော် အရှင်ဘုရားလည်း တပည့်တော် အကြောင်းကို အထိုက်အလျောက် ကြားဖူးပြီး ဖြစ်ပါလိမ့်မယ်၊ တပည့်တော်ဟာ အလွန် သံသယ အားကြီးသူ ဖြစ်ပါတယ်၊ ဒီအတွက်တော့ အရှင်ဘုရားက တပည့်တော်ကို သည်းခံပါ’

‘ကျုပ် သဘော ပေါက်ပါတယ်၊ ဒကာကြီး မေးချင်တဲ့ မေးခွန်းကိုသာ ကျုပ်ကို မေးပါ’

‘တပည့်တော် မမေးပါရစေနှင့် ဘုရား’

‘ဘာဖြစ်လို့လဲ ဒကာကြီးရဲ့’

‘ဘာဖြစ်လို့လဲ ဆိုတော့ တပည့်တော်က သာမန် ပုထုဇဉ်၊ အရှင်ဘုရားက ဘုန်းကြီး ဖြစ်နေလို့ပါ ဘုရား’

‘ဒါက ဘာဆိုင်သလဲ ဒကာကြီးရဲ့’

‘ဆိုင်ပါတယ် ဘုရား’

‘ကဲ ဘယ်လို ဆိုင်တယ် ဆိုတာ ဆိုစမ်းပါဦး’

‘ဆိုင်ပုံကတော့ လူလူချင်း ဆွေးနွေးခဲ့ကြတဲ့ တက္ကသိုလ်က ပွဲမျိုးမှာတောင် တ ပည့် တော် က ဟိုအဘိဓမ္မာ ဆရာကြီးကို ချွတ်လိုက်တယ်၊ သိက္ခာ ချလိုက်တယ်လို့ အစွပ်စွဲခံရတာ ကြည့်ပါလား ဘုရား၊ ခုတစ်ခါ အရှင်ဘုရားလို ဘုန်းကြီးရဟန်းနှင့် တပည့်တော်က ဆွေးနွေးရမယ် ဆိုရင် လူမှုရေး ရှုထောင့်က ကြည့်လို့လည်း မသင့်တော်ပါဘူး ဘုရား၊ တပည့်တော် နားလည်တာက ဘုန်းကြီး ရဟန်း ဆိုတာ ကိုးကွယ် ဆည်းကပ်ဖို့၊ ဝတ်ကြီး ဝတ်ငယ် ပြုဖို့၊ ရိုသေ လေးစားဖို့သာ ဖြစ်ပါတယ်၊ အတိုက်အခံ ဆွေးနွေးဖို့ မဟုတ်ပါဘူး ဘုရား’

‘ဟ ဒါတော့ ဒါပေါ့ ဒကာကြီးရဲ့၊ သို့ပေမယ့် ခုဟာက ဘုန်းကြီးက ခွင့်ပြု ထားတာပဲဟာ’

‘မှန်ပါ ဘုရား၊ အရှင်ဘုရားက ခွင့်ပြု ထားရတယ် ဆိုကတည်းက ဆွေးနွေးရတဲ့ သဘာဝဟာ တစ်မျိုး ဖြစ်သွားပါပြီ၊ လူလူချင်းဆို ခွင့်ပြုစရာ မလိုပါဘူး၊ တစ်ဦး နှင့် တစ်ဦး တန်းတူ ရည်တူ ဆွေးနွေးခွင့် ရှိပါတယ်’

‘ဟ ဒကာကြီးရဲ့၊ ကျုပ်နှင့်လည်း တန်းတူ ရည်တူ ဆွေးနွေးပါ၊ ရပါတယ်၊ ကျုပ် စိတ်မဆိုးပါဘူး၊ ကျုပ်လည်း ဘီအေ အောင်ထားတဲ့ ဘုန်းကြီးပဲ၊ ဒီလောက်တော့ ခေတ်အမြင် ရှိပါတယ်လေ’

‘မသင့်တော်လို့ မဆွေးနွေးတာပါ ဘုရား’

‘ဘာဖြစ်လို့ မသင့်တော်ရမှာလဲ’

‘မသင့်တော်ရတဲ့ အကြောင်းကတော့ အရှင်ဘုရား နှင့် တပည့်တော်နှင့် ဆွေးနွေးတဲ့ ပွဲဟာ ဓမ္မ ဆိုတဲ့ တရား အကြောင်းအရာတွေကို ဆွေးနွေးမှာ ဖြစ်သော်လည်း အဓမ္မပွဲ ဖြစ်လာနိုင်လို့ပါ ဘုရား’

‘ဟင် ဘာဖြစ်လို့ အဓမ္မပွဲ ဖြစ်ရမှာလဲ ဒကာကြီးရဲ့၊ ကျုပ်ကို သဘောထား မကြီးတဲ့ ဘုန်းကြီး ထင်လို့လား’

‘ဒီလိုလည်း တပည့်တော် မထင်တတ်ပါဘူး ဘုရား၊ သာမန်အားဖြင့် ကြည့်မယ် ဆိုရင်တော့ အရှင်ဘုရားက တပည့်တော်ကို ချေချွတ်လိုတဲ့ စေတနာ အရင်းခံနှင့် ကြွလာတာပဲ၊ တပည့်တော် ဆွေးနွေးသင့်တာပေါ့၊ သို့သော်’

‘ပြောစမ်းပါ ဒကာကြီးရဲ့၊ ဘာကြောင့် ဆိုတာ’

အကျွန်ုပ်လည်း ပြောသင့် မသင့် အတန်ကြာ စဉ်းစားရပြန်လေ၏။ မိမိကို ကယ်တင်ဖို့ သဘောရိုးဖြင့်

www.burmeseclassic.com



လာသော ဆရာ ဖြစ်မှုကား ကိစ္စမရှိ၊ ကောင်းပါ၏။ အကယ်၍ သဘောရိုး မဟုတ်ဘဲ လာသော ပုဂ္ဂိုလ် ဖြစ်ခဲ့သော်၊ သို့မဟုတ် မိမိကို ချေချွတ်နိုင်လောက်အောင် အရည်အချင်း အဆင့်အတန်း ရှိသူ မဟုတ်ခဲ့သော် ဘယ့်နှယ် လုပ်မည်နည်း။ ထို ဦးပဉ္ဇင်းကို လေ့လာကြည့်ရသည်မှာလည်း တော်ရုံ အကြောင်းပြချက်ဖြင့် ကျေနပ်မည့် ပုဂ္ဂိုလ်မျိုးလည်း မဟုတ်သည်မှာ ထင်ရှားလေသည်။ ထို့ကြောင့် အရှည်အဝေး ပြောပြမှ သင့်တော့မည် ဟု ဆုံးဖြတ်ကာ အကျွန်ုပ်က ဤသို့ ဆိုရလေတော့၏။

'တပည့်တော် မဆွေးနွေး ပါရစေနှင့်လို့ ပြောရတာ အကြောင်း များစွာ ရှိပါတယ် ဘုရား'

'အေး အဲဒီ အကြောင်းတွေကိုပဲ ပြောစမ်းပါဦး'

'အဓိကကတော့ ဓမ္မကို ဆွေးနွေးတဲ့ ပွဲဟာ အဓမ္မ မဖြစ်စေချင်လို့ပါ ဘုရား၊ တက္ကသိုလ်ပွဲဟာ ဒီပုံစံ ဖြစ်သွားရတာ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းသလဲ၊ အရှင်ဘုရား ကြားခဲ့တဲ့ အတိုင်းပါပဲ'

'အေး ဒါကတော့ ထားပါတော့၊ ခုဟာက ဘုန်းကြီးက တမင်တကာ လာပြီး ဒကာကြီး အမေးကို ဖြေချင်လို့ပဲဟာ'

'ကျေးဇူးတင်ပါတယ် ဘုရား၊ ဒါနှင့် အရှင်ဘုရား အင်္ဂုတ္တိုရ် တိကနိပါတ်ထဲက ကထာဝတ္ထု သုတ်ကို အမှတ်ရပါသလား ဘုရား'

ဤသို့ မေးလိုက်သော အခါ ထို ဦးပဉ္ဇင်းသည် အတန်ကြာ စဉ်းစား၍ နေလေသည်။ ပြီးမှ

'အင်း မှတ်မိပြီ၊ ဘယ်တုန်းက ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဟောတာလည်းတော့ မမှတ်မိတော့ဘူး၊ အဓိက အချက်ကတော့ ပညာရှိ သူတော်ကောင်းတို့ရဲ့ ဆွေးနွေး ပြောဆိုခြင်းဟာ စင်စစ် သိခြင်း ကြည်ညိုခြင်း အကျိုးငှာ ဖြစ်ရမည်လို့ ဟောတဲ့ တရားပဲ မဟုတ်လား'

'မှန်လှပါတယ် ဘုရား၊ ဘုရားက သိခြင်းနှင့် ကြည်ညိုခြင်း အကျိုးငှာလို့ ဆိုတဲ့ စကားဟာ သိဖို့ အတွက်၊ ကြည်ညိုခြင်း ဖြစ်ဖို့ အတွက်သာ ပညာရှိ သူတော်ကောင်းများဟာ ဆွေးနွေးသင့်တယ်လို့ ဆုံးမတဲ့ စကား မဟုတ်ပါလား ဘုရား'

'အေး ဟုတ်တယ် ဒကာ'

'ဘုရား စကားဟာ ဘယ်လောက် ကြည်ညိုဖို့ ကောင်းပါသလဲ ဘုရား၊ ဒီ သုတ္တန်ဟာ တပည့်တော် အဖို့တော့ ဘဝ ရှေ့ဆောင် မာတ်မီးရောင် တစ်ခုပါပဲ ဘုရား၊ ဒီသုတ်မှာ ဘုရားက တရားကို ဓမ္မနည်းကျ ဆွေးနွေးပုံ သဘောများကို အတိအကျ စည်းကမ်းများ သဖွယ် သတ်မှတ်ထားပါတယ် ဘုရား၊ ဒီ ဘုရားဟော တရားကိုသာ အရှင်ဘုရားတို့ တပည့်တော်တို့က အစ တစ်ကမ္ဘာလုံးက လူတွေ လိုက်နာ ကျင့်ကြံကြရင် ပြဿနာ မှန်သမျှကို ဖြေရှင်းနိုင်ဖွယ် အကြောင်း ရှိတယ်လို့တောင် တပည့်တော် ယူဆမိပါတယ် ဘုရား'

'အေး ဘုန်းကြီးကတော့ အကုန်လုံး မှတ်မထားမိဘူး၊ သဘောလောက်ပဲ သိတော့တယ်'

'ဒါဆို အဲဒီ သုတ်ရဲ့ အရေးကြီးတဲ့ အပိုင်းကို တပည့်တော်ကို ပြောခွင့်ပြုပါ ဘုရား'

'အေး ပြော ပြော ပြောစမ်းပါ ဒကာကြီးရဲ့'

ဦးပဉ္ဇင်းသည် အမှန်ပင် စိတ်ရှည်ပုံလည်း ရသည်။ ပွင့်ပွင့်လင်းလင်း ရှိပုံလည်း ရသည်။ သူ မမှတ်မိလျှင် မမှတ်မိကြောင်း အဖြောင့် ဝန်ခံလေ၏။ ဟန်ဆောင်ခြင်းတော့ မရှိပါ။

'ဘုရား ဟောတော်မူခဲ့တဲ့ ဓမ္မနည်းကျ ဆွေးနွေးမှုရဲ့ အဓိက ကျတဲ့ အချက်များကို တပည့်တော် လျှောက်ထား ရမယ်ဆိုရင် ဆွေးနွေးကြတဲ့ အခါ

(၁) ပညာရှိသည် မဆန့်ကျင် မထောင်လွှားဘဲ ဆွေးနွေးသင့်တယ်၊

(၂) မပြန့်လွင့်တဲ့ စိတ်နှင့် ဆွေးနွေးသင့်တယ်၊

(၃) ဂုဏ်မပြိုင် နိုင်ထက်စီးနင်း မပြုဘဲ ဆွေးနွေးသင့်တယ်၊

(၄) ငြူစူခြင်း မရှိဘဲ ဆွေးနွေးသင့်တယ်၊

(၅) ကောင်းစွာ သိ၍သာ ဆွေးနွေးသင့်တယ်၊

(၆) သူတစ်ပါးကို ချုပ်ချယ် စောင်းမြောင်းခြင်း ကို မပြုသင့်၊

(၇) ချွတ်ချော်သော စကားကိုလည်း အပြစ်လို့ မယူသင့်၊

(၈) ပါဠိ ပါဠ်သားများကို ရွတ်ဆိုပြီးလည်း မလွှမ်းမိုးသင့်၊

(၉) အကြောင်းပြပြီး ဖိနှိပ်ခြင်းကိုလည်း မပြုသင့်၊

(၁၀) အမှန်အမှား ရောထွေးတဲ့ စကားကိုလည်း မပြောသင့်ဘူးလို့ ဟောခဲ့တဲ့ အချက် ဆယ်ချက် တပည့်တော် ရေတွက်လို့ ရပါတယ် ဘုရား၊ ဒီ ဘုရား ဟောတဲ့ ဓမ္မနည်းကျ ဆွေးနွေးခြင်း လမ်းညွှန် သဘော တရားကိုလည်း တပည့်တော် အလွန် နှစ်သက်မိပါတယ်၊ ဒီ သဘောနှင့် ဆန့်ကျင်ဘက် ဆွေးနွေးနည်း အားလုံးကို

www.burmeseclassic.com



တပည့်တော် စိတ်ထဲမှာ အစမ္မ ဆွေးနွေးနည်းလို့ပဲ ယူပါတယ် ဘုရား၊ ပြီးတော့ ဘုရားက. . . . '

'ခု ဒကာကြီး ပြောတဲ့ ဘုရားဟော အချက်တွေဟာ ကျုပ်တို့ သာမက တစ်ကမ္ဘာလုံးက လိုက်နာကြမယ်ဆိုရင် မပြေလည်တဲ့ ဆွေးနွေးပွဲဆိုတာ ရှိတော့မှာတောင် မဟုတ်ဘူး၊ ပြီးတော့ ဒကာကြီး ဘာ ပြောမလို့လဲ၊ ခုနက စကား ဆက်ပါဦး'

'ပြီးတော့ ဘုရားက ဆွေးနွေးသင့်တဲ့ ပုဂ္ဂိုလ်နှင့် မဆွေးနွေးသင့်တဲ့ ပုဂ္ဂိုလ်တို့နှင့် ပတ်သက်တဲ့ စံတွေကိုလည်း အတိအကျ ဟောညွှန်တော် မူထားတာဟာလည်း ထူးခြားလွန်းလို့ တပည့်တော် အသည်းထဲမှာ စွဲနေပါတယ် ဘုရား'

'အေး ဘုန်းကြီးလည်း သတိတော့ ရတယ်၊ အကုန်လုံး မမှတ်မိဘူး'

'ဒီလိုပါ ဘုရား၊ ဘုရားက အကြင်ပုဂ္ဂိုလ်ဟာ

'(၁) ပြဿနာကို မေးလိုက်တဲ့အခါ တိုက်ရိုက်ဖြေဆိုရမယ့် ပြဿနာမျိုး ဖြစ်ပါလျက် တိုက်ရိုက် မဖြေဘူးတဲ့ ဘုရား'

'အင်း ဒါ ဘယ်ကောင်းမလဲ'

'(၂) ဝေဖန်ပြီး ဖြေဆိုရမယ့် ပြဿနာကိုလည်း ဝေဖန်ပြီး မဖြေဘူးတဲ့ ဘုရား'

'အင်း ဒါလည်း ဘယ်ကောင်းမလဲ'

'(၃) တစ်ဖန် ပြန်မေးပြီး ဖြေရမယ့် ပြဿနာမျိုးကို ကျတော့လည်း ပြန်မေးပြီး မဖြေဘူး၊

'(၄) တချို့ကျတော့ ပြဿနာကို မေးလိုက်တဲ့အခါ အကြောင်း ဟုတ်သည် မဟုတ်သည်ကိုလည်း မကြည့်၊

'(၅) ကြံဆအပ်သော အရာကိုလည်း မကြံဆ၊

'(၆) သိရမည့် ဝါဒကိုလည်း မပြနိုင်၊

'(၇) ဖြေဆိုသူတို့၏ ကျင့်ဝတ်၌လည်း မတည်ဘူးတဲ့ ဘုရား'

'အေး ဘုရားကတော့ စေ့စေ့စပ်စပ် ဟောထားတာပဲ'

'မှန်ပါတယ်'

'(၈) တချို့ ပုဂ္ဂိုလ်ကတော့ ပြဿနာကို မေးလိုက်တဲ့အခါ စကား တစ်ခုကို တခြား စကား တစ်ခုနှင့် (စကားကြောင်း လွှဲအောင် ပြုပြီး) ဖုံးကွယ်တတ်ကြပါတယ်တဲ့၊

'(၉) မေးတဲ့ ပြဿနာနှင့် မဆိုင်တဲ့ အပြင်စကားများကို ပြောပြီး ပြဿနာကို ပယ်တတ်ကြပါတယ်တဲ့၊

'(၁၀) တချို့ကတော့ စိတ်ဆိုး အမျက် ထွက်ပြီး မနှစ်သက်ဖွယ် အမူအရာကိုလည်း ထင်စွာ ပြတတ်ကြပါတယ်တဲ့၊

'(၁၁) တချို့ကျတော့လည်း ပြဿနာကို မေးလိုက်တဲ့ အခါ ပါဠိ ပါဠိသားတွေကို တသီကြီး ရွတ်ပြီး တစ်ဖက်သားကို လွှမ်းမိုးဖို့ ကြိုးစားတတ်ကြပါတယ်တဲ့၊

'(၁၂) တချို့က အကြောင်း အမျိုးမျိုး ပြပြီး ဖိနှိပ်တာမျိုးလည်း ခံရတတ်ပါတယ်တဲ့၊

'(၁၃) တချို့ကတော့ တတ်ယောင်ကား ပုံစံမျိုးနှင့် မေးသူရဲ့ စိတ်မှာ သံသယ ရှိလာအောင် ဟားတိုက် ရယ်မောတတ်ပါတယ်တဲ့'

'အင်း ဘုရားကတော့ အကုန်လုံး မြင်တာပဲနော်'

'မှန်ပါ့ ဘုရား'

'(၁၄) တချို့က အနည်းငယ် မှားယွင်း ချွတ်ချော်တာ တွေ့ရင် အမှားဖမ်း တတ်ကြပါတယ်တဲ့။ *

'အဲဒီ သဘောရှိတဲ့ ပုဂ္ဂိုလ်မျိုးဟာ မဆွေးနွေးသင့်တဲ့ ပုဂ္ဂိုလ်မျိုးလို့ ဘုရားက သတ်မှတ်ထားပါတယ်၊ ဒါကို သတိ မပြုမိလို့ တပည့်တော် တက္ကသိုလ်က ဆွေးနွေးပွဲမှာ ခံခဲ့ရတာပါ ဘုရား၊ အရှင်ဘုရားကို စွပ်စွဲလိုတဲ့ သဘောနှင့် ပြောတာတော့ မဟုတ်ပါဘူး ဘုရား'

'ကျုပ် သဘော ပေါက်ပါတယ်၊ ဒကာကြီးက ခဲ မှန်ဖူးတဲ့ စာသူငယ် ဖြစ်နေတာကိုး၊ စိုးရိမ်မှာပေါ့၊ ဘုန်းကြီးနှင့်တော့ ဒီအထိ စိုးရိမ်စရာ မလိုပါဘူး၊ ဘုန်းကြီးကတော့ သိရင် သိတယ် ပြောမယ်၊ မသိရင်လည်း မသိဘူး ပြောပြီး ထပြန်မယ်၊ ကဲ ဒီတော့ ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ဒကာကြီး မပြေလည်တဲ့ အတွေးအခေါ် ပိုင်း ပြဿနာ ဘာရှိသလဲ မေးပါ၊ ဘုန်းကြီး ဖြေမယ်'

'ကျေးဇူးတင်လှပါတယ် ဘုရား၊ အဓိက ပြဿနာတွေကတော့ ရှိပါတယ်၊ သို့သော် ဒီပြဿနာတွေကို မမေးခင် အရှင်ဘုရားကို မေးချင်တဲ့ မေးခွန်း တစ်ခုတော့ ရှိပါတယ် ဘုရား'

'ဟေ အေး မေးစမ်းပါ မေးစမ်းပါ'

ထို ဦးပဍ္ဍင်းနှင့် စကား ပြောရသည်မှာ ပွင့်လင်းမှု ရှိပြီး အားရဖွယ် ကောင်းသည်ကား အမှန်ပင် ဖြစ်ပါ၏။ အကျွန်ုပ်လည်း ဦးပဍ္ဍင်းသည် မိမိ၏ ဆရာ

---

* အင်္ဂုတ္တိုရ်၊ တိကနိပါတ်၊ ကထာဝတ္ထုသုတ်

www.burmeseclassic.com



ဖြစ်ထိုက် မထိုက် သိလိုသဖြင့် ဤသို့ မေးမိပြန်လေ၏။

'စောစောက အရှင်ဘုရား တပည့်တော်နှင့် တွေ့တော့ ပြောလိုက်တဲ့ စကား တစ်လုံးဟာ တပည့်တော်အဖို့ သိပ်ပြီး အရေးကြီးပါတယ် ဘုရား'

'အေး ဘယ်စကားတုံး'

'အရှင်ဘုရား ယခု တပည့်တော်ထံကို ကြွလာတာဟာ တပည့်တော်ကို ချေချွတ်ဖို့ ကြွလာတာ ဆိုတဲ့ စကားပါ ဘုရား'

'အင်း ဟုတ်တယ်'

'အမှန်ကို ပြောရရင် တပည့်တော် အနေနှင့် ဒီအချိန်မှာ အလိုချင်ဆုံး အတောင့်တဆုံးဟာ ချေချွတ်ခြင်းပါပဲ ဘုရား'

'အင်းလေ ကျုပ် အဲဒီအတွက် လာတာပဲ ဥစ္စာ၊ အံကိုက်ပဲပေါ့'

'မှန်လှပါ၊ တိုင်းရက်တဲ့ ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့် ဆိုသလိုပါပဲ ဘုရား၊ သို့သော် တပည့်တော် ဘဝင် မကျတာကလေး တစ်ခုတော့ ရှိနေပါတယ်၊ ဘဝင် မကျဘူး ဆိုတာထက် ဒွိဟ ဆိုရင် ပိုပြီး မှန်မယ်ထင်ပါတယ် ဘုရား၊ ဒါ ထားပါတော့'

'အဲဒါ မထားနှင့်၊ မေး မေး၊ ဒါမှ ဒကာ့ဘဝင် ရှင်းမှာပေါ့'

'မေး ဆို ဘယ်က စမေးရမလဲ၊ ဟို မြတ်စွာဘုရား လက်ထက်တုန်းက အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး တရား ပြခဲ့တဲ့ ရွှေပန်းထိမ်သည် သားရဟန်း ဝတ္ထုကို သတိရပါတယ် ဘုရား'

'အင်း ဓမ္မပဒ မဂ္ဂဝဂ်ထဲက'

'မှန်ပါတယ် ဘုရား၊ တိုတို ပြောရရင် ပညာတေဒဂ် ရပြီး ဖြစ်တဲ့ အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးလို ပုဂ္ဂိုလ်ဟာ ဒီရွှေပန်းထိမ်သည် သားရဟန်းငယ်ကို တရား ပြတာ တရား မရဘူး၊ အချိန် ကုန်သလောက် အချည်းနှီး ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်၊ တပည့်တော် ဆိုလိုတာကတော့ ပညာ တေဒဂ်ရ ရဟန္တာ ကိုယ်တော်မြတ်ကြီးတောင်မှ ဒီ ရဟန်းငယ်ကို ကျွတ်အောင်လို့ တရား ပြတာ မကျွတ်ဘူး၊ ဘုရားရှင်ထံ ခေါ်သွားပြီး ဘုရားရှင် ကိုယ်တော်တိုင် ချွတ်မှပဲ ကျွတ်တယ်၊ ဒါ ဘာဖြစ်လို့လဲ ဆိုတော့ တရား ပြသူဟာ တရားပြခံရသူရဲ့ အဇ္ဈာသယ စရိုက် သဘာဝကို မသိလို့ ဖြစ်ရတယ်လို့ တပည့်တော် သဘောပေါက် ပါတယ် ဘုရား၊ ဒီအဖြစ်ကို သတိရတော့ ခု အရှင်ဘုရားက တပည့်တော်ကို ချေချွတ်ဖို့ လာတာလို့ ဆိုတဲ့ စကားကြားတဲ့အခါ တပည့်တော် အင်မတန် ဒွိဟ ဖြစ်ရပါတယ် ဘုရား၊ ဒွိဟ ဆိုတာက တပည့်တော်ကို ချေချွတ်ဖို့ ကြွလာတဲ့ အရှင်ဘုရားဟာ တပည့်တော်ရဲ့ အဇ္ဈာသယကို သိပါသလား၊ တပည့်တော်ရဲ့ ပုဂ္ဂိုလ်စရိုက် သိပါသလား၊ ပြီးတော့ တပည့်တော်ဟာ ဒီဘဝမှာ ဒီလို ဖြစ်လာတာ ဗုဒ္ဓဘာသာ သဘော အရ ဘယ်ဘဝမှာ ဘာဆုတောင်းတွေများ ရှိခဲ့လို့လဲ၊ ဒါတွေကို အရှင်ဘုရား သိပါသလား ဆိုတဲ့ အချက်ပါ ဘုရား၊ ဒီတော့ အရှင်ဘုရား အနေနှင့် တပည့်တော်ဟာ ဘယ်လို ပုဂ္ဂိုလ်ဖြစ်တယ် ဆိုတာ ဝန်ခံ နိုင်ပါသလား၊ တပည့်တော်ကို ကျွတ်အောင် ချွတ်နိုင်မယ်လို့ကော ဝန်ခံနိုင်ပါ့မလား ဘုရား'

'ဟော့ ဟော့ ဒကာ ဒါတော့ ဘုန်းကြီး ဝန်မခံနိုင်ဘူး၊ ဒကာ့ကို ဒီအတိုင်းဆို ဘုန်းကြီး အဖြေ ပေးဖို့လည်း လွယ်မှာ မဟုတ်ဘူး၊ ရှေ့လျှောက် ဒကာရဲ့ အမေးတွေက ဒီထက် ပိုပြီး နက်ဖို့ပဲ မြင်တယ်၊ ဒီတော့ ဒီလိုလုပ်၊ ခု ဘုန်းကြီး ပြန်ကြွမယ်၊ နောက်တစ်ကြိမ် ကြုံမှပဲ ဘုန်းကြီး ဖြေမယ်၊ အဲဒါ မကောင်းဘူးလား'

'သင့်မြတ်ပါတယ် ဘုရား'

အကျွန်ုပ် အဖို့မှု တွေ့ကြုံရသမျှ အရေးအခင်းများ လူ ပုဂ္ဂိုလ် ရဟန်း ပုဂ္ဂိုလ်များသည် မိမိ၏ ရင်တွင်းမှ ထုထည်ကြီးစွာ တည်ရှိနေသေးသော ယုံမှားနှင့် သံသယကို အပြီးအပြတ် အကုန်အစင် ပယ်ရှင်းနိုင်ဖို့ကို မဆိုထားဘိ၊ လက်ရှိ သံသယကို မတိုးပွားဘဲ ဆုတ်ယုတ် လျော့ပါးသွားအောင်ပင် စွမ်းဆောင်ခြင်းငှာ မတတ်သာကြသည်ကို တွေ့ရလေ၏။

သဂြိုဟ်ကို အကျွန်ုပ် ခွန်အား ရှိသမျှ စိုက်ထုတ်၍ လေ့လာခဲ့ပါ၏။ သို့သော် အမှန်အတိုင်း ဝန်ခံရပါလျှင် စိတ်ပိုင်း စေတသိက်ပိုင်း ဝီထိပိုင်းတို့တွင် ပါဝင်သော အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း နားလည်နိုင်သော်လည်း ဝီထိမုတ်ပိုင်းဟု ဆိုအပ်သော ဘုံပိုင်းကိုမူ သဘောရှင်းစွာ နားမလည်ချေ။

ဥပမာ 'ငရဲ' ကိစ္စ ဖြစ်၏။ ငရဲ (နိရယ) ကို ချမ်းသာသုခ ကင်းမဲ့ခြင်း အဖြစ်ဟု ဖော်ပြခြင်းကို နားလည်သယောင်ယောင် ရှိ၏။ သို့ရာတွင် ငရဲ ရှစ်ထပ် ငရဲငယ် ၁၂၈ ထပ် ဆိုသော ငရဲ အထပ်ထပ်ကိုကား ဘယ်သို့ နားလည်ရမှန်း မသိ ဖြစ်၏။ လူပြိန်းဟော လူပြိန်းပြော ငရဲ သဘောကိုကား အကျွန်ုပ် မဆိုလိုပေ။

www.burmeseclassic.com



‘ဥပရိပဏ္ဏာသ ဒေဝဒူတ သုတ်’ တွင် ငရဲမင်း ယမမင်းက မိမိထံသို့ ရောက်ရှိလာသော ငရဲသားများအား ဒေဝဒူတ ငါးမျိုးကို စစ်ဆေးကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုရသောအခါ ထေရဝါဒက လက်ခံထားသော ငရဲသည် သတ္တဝါတို့အား အပြစ်ရှာပြီး ဆွဲချသော ငရဲ မဟုတ်၊ ငရဲမင်းက ငရဲသားကို စစ်ဆေးသည်မှာလည်း အပြစ်ဒဏ် စီရင်ရန် မဟုတ်၊ ငရဲသားသည် သူ ပြုဖူးသော ကံ အကုသိုလ် အလျောက် ငရဲဒုက္ခကို ခံရပြီးဖြစ်၍၊ ငရဲမင်း (ယမမင်း) က ထိုငရဲသားကို စစ်ဆေးမေးမြန်းခြင်းမှာ ထိုသူအား ငရဲမှ လွတ် ခွင့် ပြု ရေးအတွက် ထိုသူ ပြုခဲ့ဖူးသော ကုသိုလ် ကောင်းမှု ရှိ မရှိ သတိရအောင် မေးသည်ဟု ဆိုသည်။ ငရဲ အကျဉ်းသားက မိမိ ပြုဖူးသော ကုသိုလ် ကောင်းမှုကို သတိရသည်နှင့် တစ်ပြိုင်နက် ငရဲမှ လွတ်သည်။ သတိ မရသေးလျှင် ယမမင်းက ထိုသူ ပြုဖူးသော ကုသိုလ် ကောင်းမှုတွင် မိမိအား အမျှအတန်း ဝေခဲ့ဖူးသလား စဉ်းစားသည်။ ဝေခဲ့ဖူးလျှင် ယမမင်းက ထိုကောင်းမှု ပြုခဲ့ဖူးကြောင်း သတိရစေသည်။ အကုသိုလ် အလျောက် ခံစားရသော ဗုဒ္ဓဘာသာမှ ငရဲသည် ထာဝရ မကျွတ်တော့သော ငရဲ မဟုတ်၊ အကုသိုလ်၏ အစွမ်းသတ္တိ ကုန်လျှင် ထိုငရဲမှ လွတ်ပြီး ကောင်းရာ သုဂတိဘုံသို့ ရောက်ရပြန်သည်။ ဤ အယူအဆကို အကျွန်ုပ်ကဲ့သို့ လက်တွေ့ မျက်မြင် သာကေ ရှိမှ လက်ခံလိုသူသည် မဟုတ် မမှန် ဟု မငြင်းလိုသော်လည်း တက္ကိကအတွေး (Metaphysical Thought) တစ်ခု အဖြစ်သာ လက်ခံလိုပါ၏။ တက္ကိက အတွေး ဆိုသည်မှာ သဘာဝ လောကကို လွန်သော အတွေးဟု ဆိုလိုပေသည်။ သို့ရာတွင် အကျွန်ုပ်ကဲ့သို့ ဘာသာ အယူဝါဒ အမျိုးမျိုး၌ စုန်ဆန် လေ့လာဖူးသူ အဖို့ လွတ်လမ်းရှိသော ထို ငရဲ အယူအဆကိုမူ နှစ်သက်ဖွယ် ကောင်းသော အတွေးအမြင် တစ်ရပ် ဟူ၍ကား လက်ခံလို၏။ ထိုအယူအဆကို နှစ်သက်လှပါ၏။

ယခုအထိ အကျွန်ုပ်သည် သိပ္ပံ အယူအဆများ လွှမ်းမိုးခြင်း ခံနေရဆဲ ဖြစ်သည်ကို ဝန်မခံ၍ မဖြစ်ပေ။ သိပ္ပံ အယူအဆသည် အရာရာကို တိုက်ရိုက် ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ စမ်းသပ် စစ်ဆေးနိုင်ရမည်။ မဟုတ်လျှင်လည်း သင်္ချာနည်း အရ တွက်ချက်နိုင်ရမည်။ သို့ရာတွင် အိုင်စတိုင်း လက်ထက်မှ စ၍ အရာရာကို လက်တွေ့ စမ်းသပ် စူးစမ်းနည်းထက် မနောဝိညာဏ်၏ စွမ်းအားဖြင့် လေ့လာနိုင်ခွင့် ရှိကြောင်းကိုလည်း ထုတ်ဖော် ပြောဆို လာသည်ကို တွေ့ရ၏။ လောကတွင် မျက်စိ နား နှာ လျှာ ကိုယ်တို့ဖြင့် မသိနိုင်သော သဘောများလည်း ရှိသည်။ ထိုသဘောများကို ဉာဏ်ဖြင့်သာ သိခွင့်သိလမ်း ရှိသည်ကို ဆိုလိုပါသည်။

မည်သို့ပင်ဆိုစေ ပိတ်ပင် တားဆီးထားသော တရားကိုထက် ဖွင့်ထားသော၊ တရား သိရန် အခွင့်အလမ်းများ ပေးထားသော တရားကို အကျွန်ုပ် ပိုမိုနှစ်သက်ပါသည်။

ငရဲ ရှိသည်၊ နတ်ဘုံများ ရှိသည်၊ ဗြဟ္မာ့ဘုံများ ရှိသည် ဆိုသော အချက်ကို မိမိ အတွေ့အကြုံဖြင့် ဖြစ်စေ၊ ဆင်ခြင်ဉာဏ်ဖြင့် ဖြစ်စေ သိနိုင်စွမ်း မရှိသောကြောင့် ပယ်ရန်ကိုကား အကျွန်ုပ် လက်လည်း မခံ၊ နှစ်လည်း မနှစ်သက်ချေ။

အဘယ်ကြောင့် ဆိုသော် ငရဲ မရှိဟု ယူဆသော အယူအဆထက် ငရဲ ရှိသည်ဟု ယူဆသော အယူအဆသည် အတွေးအမြင်အားဖြင့် ပိုပြီး တန်ဖိုး ရှိလေ၏။ အဘယ်သို့ တန်ဖိုး ရှိသနည်း ဆိုသော် ငရဲကို အဘယ်သူမျှ မနှစ်သက်သည့် အတွက် ငရဲကို ပို့ဆောင်တတ်သည် ဆိုသော တရားမျိုးကို ဘယ်သူမျှ ကျင့်ကြံမည် မဟုတ်ခြင်းလည်း တစ်ရပ်၊ ဗုဒ္ဓ အယူအဆ အရ ငရဲသို့ ပို့ဆောင်တတ်သော တရားများသည် မျက်မှောက် လူ့ဘဝကိုလည်း အမှန်ပင် ထိခိုက် နစ်နာစေတတ်သော တရားများချည်းသာ ဖြစ်သောကြောင့်လည်း တစ်ကြောင်း ဖြစ်လေသည်။ အကျွန်ုပ် ဆိုလိုသည်မှာ ကျမ်းဂန်တွင် ဘုရား ဟောကြားထားသော ငရဲ အယူအဆကို လက်ခံခြင်းဖြင့် လက်ရှိ လူ့ဘဝအတွက် ထိခိုက်စရာ အကြောင်း၊ နစ်နာစရာ အကြောင်း၊ အကျိုးမဲ့စရာ အကြောင်း လုံးဝ မရှိ ဟူ၍ ဖြစ်ပါသည်။ ငရဲ ရှိသည် မရှိသည်ကို မိမိ တိုက်ရိုက် မသိနိုင်သော်လည်း ထိုငရဲ အယူအဆသည် လောကအတွက် အပြစ် မရှိ၊ အကျိုး ရှိစေပါ၏။

ထို့ပြင် တခြားသော အယူဝါဒများတွင် ပါဝင်သော ငရဲ အယူအဆများမှာ သားရဲတွင်းကဲ့သို့ ဝင်လမ်းသာ ရှိပြီး ထွက်လမ်း မရှိသော ငရဲမျိုးသာ ဖြစ်ပြီး ဗုဒ္ဓ ပြဆိုတော်မူသော ငရဲများမှာ ယာယီ ငရဲများချည်းသာ ဖြစ်ကြလေသည်။ ယာယီ ငရဲ ဆိုသည်မှာ အကုသိုလ်ကံ ကုန်လျှင် ပြန်၍ လွတ်ခွင့် ရှိသော ငရဲမျိုးကို ဆိုလိုပါ၏။ လောကီ ထောင်တန်းမျိုးနှင့်သာ တူ၏။

နတ်၊ ဗြဟ္မာ အယူအဆကိုလည်း အတွေးအခေါ်

www.burmeseclassic.com



သဘောအရ အကျွန်ုပ် အလွန် နှစ်ခြိုက် လက်ခံနိုင်ပါ၏။ ကမ္ဘာပေါ်ရှိ အယူဝါဒများတွင် လူသည် နတ် ဖြစ်ခွင့် ဗြဟ္မာ ဖြစ်ခွင့်ကို အလွတ်လပ်ဆုံး ပေးထားပြီး နတ်ဘုရား ဗြဟ္မာဘုရားကို ကြောက်မက်ဖွယ် မရှိ၊ ချစ်စဖွယ် မြတ်နိုးစဖွယ် ဖြစ်အောင်သာ ပြထားသော အယူဝါဒသည် ဤ ဗုဒ္ဓ အယူဝါဒ တစ်ခုတည်းသာ ရှိသည်ကို အကျွန်ုပ် တွေ့ရှိရ လေသည်။ ဗုဒ္ဓဝါဒတွင် နတ်ဘဝသည် လူ့ဘဝထက် သာလွန် ကောင်းမွန်သည်။ ကိလေသာအာရုံ ကာမဂုဏ်တရား ပိုများသည်။ ပိုပြီး ပျော်စရာကောင်းကြောင်း ပြသည်။ ဤကား သီလလောက်ကိုသာ ကျင့်ကြံ အားထုတ်နိုင်သော ပုထုဇဉ်များ အတွက် ဘဝ မျှော်လင့်ချက် အလင်းရောင် ဖြစ်သည်။ ထို့ထက် ပို၍ သမာဓိ အဆင့် ဈာန်အဆင့် အထိ အမြတ်တရားများ၌ ကျင့်ကြံ အားထုတ်နိုင်သူများ အတွက်မူ ဗြဟ္မာ အဆင့် အထိ မျှော်လင့်နိုင်ခွင့် ရှိကြောင်း အာမခံချက် ဖြစ်သည်။

လူသားသည် ဘဝ၏ အဆင်းလမ်းကို သွားမည်လား။ ဘဝ၏ အတက်လမ်းကို သွားမည်လား။ ဤဘဝ ခရီးသွား ပြဿနာသည် လူမှာ အမြဲ ရှိလေသည်။ လူဖြစ်လျှင် လူချမ်းသာ လူကုံထံ ဖြစ်လိုသည်။ အဆင့်မြင့် လူ့ဘဝကို ရလိုသည်။ ထိုအဆင့်မြင့် ဘဝကို ရအောင် ကျင့်ကြံ အားထုတ်ရာ၌ ဓမ္မ နည်းလည်း ရှိသည်။ အဓမ္မ နည်းလည်း ရှိသည်။ အဓမ္မနည်းဖြင့် ဤဘဝမှာ ချမ်းသာ ကြီးပွားအောင် လုပ်နိုင်သော အခွင့်အလမ်းလည်း ရှိသည်။ သို့သော် ထိုအခွင့်အလမ်းကို ဗုဒ္ဓက အားလည်း မပေး၊ ချီးလည်း မချီးမွမ်းရုံမျှမက ရှုတ်ချခဲ့လေသည်။

ယခု ဘဝမှာပင် တရားသော ဓမ္မနည်းဖြင့် ကြီးပွား ချမ်းသာအောင် ပြုလုပ်ခြင်းကိုမူကား ဘုရားက အားလည်း ပေးသည်၊ ချီးလည်း ချီးမွမ်းသည်။ ထိုမျှသာမကသေး၊ ထိုဓမ္မနည်းဖြင့် ကျင့်ကြံ၍ ကြီးပွားသူအား ဤဘဝမှာသာ လူ့စည်းစိမ်ကို ခံစားရသည် မဟုတ်၊ နောင်ဘဝ (သေပြီးသည်၏ နောက်) ၌လည်း နတ်စည်းစိမ်ကို ခံစားရသည်ဟု ဟောတော်မူခဲ့ပေရာ ထိုဒေသနာသည် လက်ရှိ လူ့ဘဝကို အကျိုးပေးသော ဒေသနာ ဖြစ်သည်ဟု အကျွန်ုပ် သဘောကျ ပါ၏။ နတ်၊ ဗြဟ္မာ အယူအဆသည် လက်ရှိ လူ့ဘဝကို ထိခိုက် နစ်နာစေသော အကြောင်း ဘာမျှ မရှိရုံမျှမက လူ့ဘဝ၏ ချမ်းသာစီးပွားကိုပင် ဖြစ်စေနိုင်သော တရား၊ ကိုယ်ကျင့် တရားကို အားပေးသော တရား အဖြစ် များစွာ ချီးမွမ်းဖွယ် ရှိပါသည်။ တစ်နည်း ထိုအယူအဆသည် လူသားအား အထက်လမ်းသို့ ပို့ဆောင်သော တရားသာ ဖြစ်သည်ဟု အကျွန်ုပ် ရဲရဲ ရှုမြင်ဝံ့ပါ၏။ ထိုထက် ပို၍ ဗုဒ္ဓ ရှင်တော်မြတ်က နတ်ဘဝ ဗြဟ္မာဘဝသည် ဘဝ၏ အဆုံးပန်းတိုင် မဟုတ်သေး၊ ထိုဘဝများသည်လည်း ထာဝရ အမြိုက်ချမ်းသာ တရားများ မဟုတ်သေး၊ ယာယီ ချမ်းသာများသာ ဖြစ်သေးကြောင်း အတိအလင်း ဟောထားပေရာ ထိုအယူအဆများကို လက်ခံခြင်းဖြင့် မိမိအဖို့ ထိခိုက်စရာ အကြောင်းကိုလည်း ဘာမျှ အကျွန်ုပ်သည် မမြင်ချေ။

သိပ္ပံပညာက လက်တွေ့ စမ်းသပ်နိုင်သဖြင့် လည်းကောင်း၊ လက်တွေ့ မျက်မြင် အသုံးချနိုင်သဖြင့် လည်းကောင်း ဟုတ်လှပြီ မှန်လှပြီဟု လက်ခံထားသော အတတ်ပညာ အသိပညာများသည် စင်စစ် လူ့လောက အတွက် အကျိုး မပေးရုံမျှမက လူသား များစွာကို အနိုင်ကျင့်သော အဓမ္မ အတွေးအမြင် အသိပညာများ အဖြစ်ဖြင့်သာ လောကတွင် အရုပ်ဆိုးစွာ တည်ရှိနေကြလေသည်။

ဤအချက်ကို အကျွန်ုပ် တွေးမိသော အခါ အကျွန်ုပ်သည် ငရဲ အယူအဆကို ဖြစ်စေ၊ နတ် ဗြဟ္မာ အယူအဆကို ဖြစ်စေ လက်ခံရုံမျှမက ကုသိုလ် အကုသိုလ် ခွဲခြားရေး အတွက် လည်းကောင်း၊ ဤလောက၌ သူတော်ကောင်း တရား ထွန်းကားရေး အတွက် လည်းကောင်း ထိုအယူအဆများသည် မုချ လိုအပ်သော အယူအဆများ အတွေး အမြင်များ ဖြစ်သည်ဟုလည်း အကျွန်ုပ် သဘောထားကြောင်း အတိအလင်းပင် ပြောလိုပါ၏။

သို့သော် ထိုကာလ အထိ အကျွန်ုပ် ဘဝဝယ် ၃၁ ဘုံ တည်ရှိခြင်းကို အထောက်အထား ပြနိုင်လောက်သော အခြေအနေတွင် မရှိခဲ့သေးသဖြင့် တစ်ဖက်သားဘဝင် ကျလောက်အောင်ကား သက်သေ မပြနိုင်သေး၊ မဖြေရှင်းနိုင်သေးဘဲ ရှိနေခဲ့လေ၏။ (နောင်တွင် တမလွန် ဘဝ ရှိကြောင်း၊ ဝဋ် ရှိကြောင်း၊ နတ် ရှိကြောင်း သက်သေ ပြနိုင်ခဲ့ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



သင်္ဂြိုဟ် လေ့လာနေစဉ် 'ကံ' အမျိုးမျိုး၏ သဘောကို ပြသော 'ကမ္မစတုက္က' သို့ ရောက်သောအခါ အကျွန်ုပ်၏ ဘဝတွင်လည်း ကံ၏ သတ္တိ၊ ကံ၏ ဖြစ်ပေါ်ပုံ၊ ကံ၏ ကိစ္စ စသော ကံ အကြောင်းများကို စဉ်းစား တွေးခေါ်စရာ အကြောင်း အချက်များ ဖြစ်ပေါ်လာကြလေတော့၏။

အကျွန်ုပ်သည် ဗုဒ္ဓ၏ ကိုယ်ကျင့်တရား ပညာနှင့် စပ်သော ကျမ်းတစ်စောင် ပြုစုရေး အတွက် ဗုဒ္ဓတက္ကသိုလ်နှင့် ဆက်သွယ်လျက် အပတ်တကုတ် အားထုတ်နေခဲ့ရာ ထိုစာအုပ်ကို ဖြစ်ဖြစ်မြောက်မြောက် ရေးသားနိုင်ရန် နီးစပ်သော အခြေအနေသို့ တဖြည်းဖြည်း ဆိုက်ရောက်လာပြီ ဖြစ်လေ၏။

'သင်္ဂြိုဟ်ပိုင်း ပြီးသွားရင် ဝိသုဒ္ဓိမဂ်ကို ဦးဆန်းလွင် ဆက်တက်လို့ ရပြီ၊ ဝိသုဒ္ဓိမဂ်ကတော့ ဦးဆန်းလွင် အလိုရှိတဲ့ ဗုဒ္ဓရဲ့ ကိုယ်ကျင့်တရား သဘော အားလုံးကို ရှင်းလင်း ဖော်ပြပါလိမ့်မယ်၊ ဗုဒ္ဓ အယူဝါဒရဲ့ အခြေခံတရား ဖြစ်တဲ့ မကောင်းမှုကို ကြဉ်ရှောင်၊ ကောင်းမှုကို ပွားများ၊ စိတ်ကို စင်ကြယ်အောင်ထား ဆိုတဲ့ တရားလမ်းကို ဖြောင့်တန်းအောင် စည်းစနစ်တကျ ဖော်ပြထားတဲ့ ကျမ်း ဖြစ်ပါတယ်၊ သိက္ခာ သုံးရပ် ဖြစ်တဲ့ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာများကို အစဉ်အတိုင်း ဖော်ပြထားတဲ့ ကျမ်းဟာ ဝိသုဒ္ဓိမဂ်ပဲ ခင်ဗျ၊ ထေရဝါဒ ဗုဒ္ဓသာသနာ တော်မှာ နေလို လလို ထွန်းပတဲ့ ကျမ်းတစ်ဆူလည်း ဖြစ်သပေါ့ ခင်ဗျာ၊ အမှန်တော့ ကျွန်တော်များ တောင်ပိုင်း သာသနာလို့ ခေါ်တဲ့ ထေရဝါဒ အစုအစဉ်မှာ ဝိသုဒ္ဓိမဂ်ဟာ အုတ်မြစ်သဖွယ်လည်း ဖြစ်ပါတယ်'

ဆရာကြီး ဦးမြ၏ ဩဝါဒ ဖြစ်၏။ အကျွန်ုပ်လည်း ဆရာကြီး၏ စကားအရ ထိုဝိသုဒ္ဓိမဂ်ကို လေ့လာရန် အလွန်အမင်း အားသန်လျက် ရှိ၏။ ဗုဒ္ဓ တက္ကသိုလ်စာကြည့်တိုက်မှာလား၊ ရာမကရစ္စနား စာကြည့်တိုက်မှာလား အတိအကျ မမှတ်မိတော့ပါ။ အကျွန်ုပ် လက်လှမ်းမီရာ အနောက်တိုင်းမှ ရေးသားသော အင်္ဂလိပ်ဘာသာ ဗုဒ္ဓကျမ်းစာများ၊ သီဟိုဠ်ရေး အင်္ဂလိပ်ဘာသာဖြင့် ထုတ်သော ဗုဒ္ဓ ကျမ်းစာများကို လေ့လာနေစဉ် 'ဝိမုတ္တိမဂ်' ဟူသော ကျမ်းတစ်စောင်ကိုလည်း တွေ့ရလေသည်။ အချိန် ကျရောက်လာလျှင် ဝိသုဒ္ဓိမဂ်နှင့် အတူ ထို ဝိမုတ္တိမဂ်ကျမ်း ကိုလည်း လေ့လာမည်ဟု စိတ်ကူး မှန်းမျှော် ထားလေသည်။

သို့ရာတွင် ထိုစိတ်ကူး အကြံအစည်များ မျှော်လင့်ချက်များ ကြိုးပမ်းမှုများ အားလုံး လတ်တလော အရာမထင် သဲထဲရေသွန် ဖြစ်သွားရမည့် အခြေအနေသည် လုံးဝ မမျှော်လင့်ပါဘဲလျက် အကျွန်ုပ်ထံသို့ ရုတ်တရက် ဆိုက်ရောက်လာလေတော့၏။။

တစ်နေ့ နံနက် ကျောင်းသို့ ရောက်သော အခါ ပါမောက္ခက ခေါ်သည်ဟု ရုံးလုလင် ကိုဝင်းအောင်က လာခေါ်သဖြင့် ပါမောက္ခ အခန်းသို့ သွားရလေ၏။ ဆရာသည် အကျွန်ုပ်ကို ထူးထူးခြားခြား ကြည့်ပြီး ပြုံးပျ ရွှင်လန်းသော အမူအရာဖြင့် ဆိုလေသည်။

'ထိုင် ကိုဆန်းလွင်'

'ဆရာ ကျွန်တော့်ကို ခေါ်တယ် ပြောလို့'

'ဟုတ်တယ်၊ ခု ခင်ဗျား ဘာလုပ်နေလဲ'

'ဩော် ဆရာကပဲ ဗုဒ္ဓ တက္ကသိုလ်မှာ သွားလေ့လာပြီး Buddhist Ethics ကို ရေးခိုင်း ထားတယ်လေ၊ ဆရာ မမှတ်မိဘူးလား'

'မှတ်မိပါတယ်၊ အဲဒါကို ခင်ဗျား ဆက်မလုပ်နှင့်တော့'

'ခင်ဗျာ'

ဆရာ့ စကားကြောင့် အကျွန်ုပ်လည်း အလွန်အမင်း အံ့သြသွားလေ၏။ လနှင့် ချီ၍ အကျွန်ုပ်မှာ ပင်ပန်းကြီးစွာ သယ်ပိုးလာသော ဝန်ထုပ်ကြီးကို ပန်းတိုင်ရောက်ခါနီးမှ ရေထဲ ပစ်ချလိုက်တော့ဟု အမိန့်ပေး ခံလိုက်ရသလို ထင်မိသဖြင့် ဝမ်းနည်းခြင်းလည်း ဖြစ်ရလေသည်။ ဖုံးကွယ် သိမ်းဆည်းရန် မတတ်သာ၍ အထင်းသား ပေါ်လာသော ဝမ်းနည်းခြင်း အံ့သြခြင်းသည် မျက်နှာပေါ်မှာ ထင်လေသည်ကို အကင်းပါးလှသော ဆရာသမား မြင်လေဟန် တူပါ၏။ ဆရာသည် နှစ်သိမ့်စကားကို ဆိုလေ၏။

'ခင်ဗျား အားတက်သရော လုပ်ကိုင်နေတဲ့ အလုပ်

www.burmeseclassic.com



ကို ရပ်ခိုင်းလိုက်တဲ့ အတွက် ခင်ဗျား စိတ်မကောင်း ဖြစ်တယ် ထင်တယ်၊ မဖြစ်ပါနှင့်ဗျာ၊ ဒီလိုပဲ လုပ်ချင် တာနှင့် လုပ်သင့်တာဟာ ဘဝမှာ အမြဲတမ်း အားပြိုင် နေတတ်ပါတယ်၊ နောင်တော့လည်း ခင်ဗျား လုပ်ချင် တာကို လုပ်ဖို့ အခွင့်အခါ ပေါ်ချင် ပေါ်လာဦးမှာပေါ့၊ ခု လောလောဆယ်မှာတော့ ကျွန်တော်တို့ဟာ လိုအပ် ချက်နှင့် အညီ လုပ်သင့်တာကို ဦးစား ပေးရလိမ့်မယ်'

ဆရာ့ စကားများသည် အကျွန်ုပ် အဖို့တော့ အမြဲတမ်း ဉာဏ်ပညာနှင့် အသိသစ်များကို ပေးလျက် ရှိပါ၏။ ယခုလည်း ဆရာ၏ ထူးခြားသော စကားကို အကျွန်ုပ် ကြားရပါသည်။ ထိုစကားသည် 'လိုအပ်ချက် နှင့် အညီ လုပ်သင့်တာကို ဦးစား ပေးရမည်' ဆိုသော စကား ဖြစ်လေသည်။ အလေးအနက် စဉ်းစားလိုသူ အား ထိုစကားသည် သစ္စာနိမိတ်ပင် ဖြစ်သည်ဟုလည်း အကျွန်ုပ် ချက်ချင်းပင် သဘော ပိုက်လိုက်ပါသည်။

'ဒါဖြင့် ကျွန်တော် ဘာဆက်လုပ်ရမလဲ ဆရာ'

အ ကျွန်ုပ် လည်း ဇဝေဇဝါ ဖြစ်လျက်ကပင် မျှော်လင့်အပ်သော အနာဂတ်ကို ရှာရန် ဆရာ့ကို မေးရ လေသည်။

'လောလောဆယ် ခင်ဗျား မြစ်ကြီးနား ကော လိပ်ကို ပြောင်းရမယ်'

'ခင်ဗျာ'

အကျွန်ုပ်သည် လုံးဝ မျှော်လင့် မထားသော ထို စကား အတွက် အကြီးအကျယ်ဆုံး အံ့အား သင့်ရပြန် လေသည်။ အံ့အား သင့်ရသည့် အကြောင်းမှာ အမှုထမ်း စိတ်ခတ်ကြောင့် ဖြစ်သည်ဟု ထင်ပါ၏။ အကျွန်ုပ် သည် အစဉ်ကစိုက်ပင် လခစား အမှုထမ်း လောကမှာ ကျင်လည်လာရသူ ဖြစ်၏။ အမှုထမ်းတို့၏ ထုံးစံအတိုင်း ရန်ကုန်မှာ နေရခြင်းကိုသာ အပြစ်မရှိ ဂုဏ်ရှိသည် ဟု ထင်တတ်ပြီး နယ်သို့ အပို့ခံရလျှင် အပြစ်ရှိ၍ နယ်ပို့ သည်ဟု အထင်ရှိကာ စိတ်မကောင်း ဖြစ်တတ်ကြ လေသည်။ ထိုသို့ အပြစ်ရှိလျှင် နယ်ပို့တတ်သည်မှာ အင်္ဂလိပ် ကိုလိုနီခေတ်၏ ဓလေ့ထုံးစံ တစ်ခုလည်း ဖြစ်ခဲ့သည်ဟု ကြားဖူးပါ၏။ ယခုလည်း အကျွန်ုပ်အား မြစ်ကြီးနားသို့ စေလွှတ်မည် ဆိုသောအခါ 'ငါ့အား မဲဇာ အလွန်သို့ပင် ပို့ပြီလား' ဟု အောက်မေ့မိလေတော့ ၏။ ဆရာက နှစ်သိမ့် စကားကို ဆိုပြန်လေသည်။

'ကျွန်တော် ခင်ဗျား ကောင်းဖို့ အတွက်ရော၊ အများ ကောင်းဖို့ အတွက်ရော စီစဉ်ခဲ့တာပဲဗျာ၊ ခု စနစ်သစ် ပညာရေး စတင်ချိန် မြစ်ကြီးနား ကောလိပ်လို အဝေးအလံဆိုတဲ့ ဒေသမှာ ခင်ဗျားလို လူတစ်ယောက် ရှိသင့်တယ်လို့ ကျွန်တော် ထင်တယ်၊ ဟိုမှာ ခင်ဗျား ရှိနေတဲ့ အတွက် ကျွန်တော်တို့ ဘက်ကလည်း စိတ်ချ ရတာပေါ့၊ နောက်တစ်ချက်က ကချင်ပြည်နယ် ဆိုတော့ တိုင်းရင်းသား အချင်းချင်း နားလည်ဖို့ တိုင်းရင်းသား တွေရဲ့ စိတ်ထဲမှာ သူတို့ဆီကို ထိုက်ထိုက်တန်တန် လူ တွေကို လွှတ်ပေးတယ်လို့ မြင်ပြီး နှစ်သက် ကျေနပ်မှု ရဖို့၊ ပြီးတော့ ခင်ဗျား အတွက်လည်း ကျယ်ပြန့်တဲ့ အတွေ့အကြုံနှင့် အတွေးအမြင်သစ်တွေ ရဖို့၊ ပြီးတော့ တကယ်လို့ ခင်ဗျား စိတ်ပါရင် မဟာဝိဇ္ဇာဘွဲ့ စာတမ်း အတွက် တိုင်းရင်းသား ယဉ်ကျေးမှု ဒဿန နှင့် ပတ် သက်တဲ့ ကျမ်းငယ် တစ်စောင် ပြုစုချင်လည်း ပြုစုနိုင် တာပေါ့၊ အဓိကကတော့ ခင်ဗျား အတွက်ပါပဲ၊ ခု ခင်ဗျား မြစ်ကြီးနားကို ဒဿနိကဗေဒ ဌာနမှူး လက် ထောက် ကထိက ရာထူးနှင့် သွားရမှာပါ၊ ကျွန်တော် ခင်ဗျားကို ရာထူး တိုးပေးဖို့ ထောက်ခံခဲ့ပြီးပြီ'

ဤမျှ ပြောလိုက်ခြင်းဖြင့် ဆရာ၏ စေတနာနှင့် တကွ အမြော်အမြင် အားလုံးကို အကျွန်ုပ် နားလည် သဘောပေါက်သော အဆင့်သို့ ရောက်ရှိပါပြီ။

အမှန်တော့ အကျွန်ုပ်သည် ကံဆိုးသူ မောင်ရှင် ဖြစ်ပြီ ထင်ခဲ့မိ၏။ ယခုမူ အကျွန်ုပ်သည်ပင် ကံကြီးရှင် ဖြစ်နေပြီတကား။ အဘယ်ကြောင့်ဆိုသော် အကျွန်ုပ်သည် မဟာဝိဇ္ဇာ နောက်ဆုံးနှစ် ပြီးပြီ ဆိုသည့်တိုင် ဘွဲ့စာတမ်း ရေး မပြီးသေးသူ ဖြစ်၏။ ဒဿနိကဗေဒ ဌာနတွင် အကျွန်ုပ်သည် ယခုမှ လုပ်သက် တစ်နှစ်ပင် မပြည့် သေးသူ ဖြစ်ရာ လုပ်သက်အားဖြင့်လည်း အငယ်ဆုံး စာချနည်းပြ တစ်ဦး ဖြစ်လေသည်။ အကျွန်ုပ် ရှေ့တွင် မ ဟာ ဝိဇ္ဇာ ဘွဲ့ ရပြီးသော ဆရာ ဆရာမများလည်း အများပင် ရှိကြလေသည်။ လုပ်သက်အားဖြင့် အကျွန်ုပ် ထက် ဆယ်နှစ်မက ကြီးသူများလည်း ရှိကြသည်ပင်။ သို့သော် ထိုဆရာ ဆရာမများသည် နယ်သို့ မသွား ချင်သော ရောဂါ အသီးသီး ရှိကြလေသည်။

ဆရာသည် ထိုအချက်ကို ကောင်းစွာ သိပြီး ဖြစ်ပေလိမ့်မည်။ နောက် တစ်ချက်လည်း ရှိသေးသည်။ အကယ်၍ ရန်ကုန်တက္ကသိုလ်က ဆရာ တစ်ဦးဦးကို ရာထူး တိုးပြီး မြစ်ကြီးနားသို့ မလွှတ်ဘဲ ထားလိုက်လျှင် ထိုရာထူးကို မန္တလေး တက္ကသိုလ်က ဆရာ တစ်ဦးဦး ရရှိသွားမည် ဖြစ်ရာ (ထိုစဉ်က ရန်ကုန် နှင့် မန္တလေး

www.burmeseclassic.com



တက္ကသိုလ်ချင်း ခွဲထားဆဲအခါ ဖြစ်သည်။) ရန်ကုန် တက္ကသိုလ် အဖို့ အခွင့်အရေး တစ်ခု ဆုံးရှုံးဖွယ် ရှိသည်။ ဤကား ဆရာ့ အတွေးတော့ ဟုတ်ချင်မှ ဟုတ်မည်။ အကျွန်ုပ်၏ အတွေးသာ ဖြစ်၏။ အဘယ်ကြောင့် အကျွန်ုပ် ထိုကဲ့သို့ တွေးမိသနည်း ဆိုသော် အစဉ်အလာအားဖြင့် မြစ်ကြီးနား ကောလိပ်ကို မန္တလေး တက္ကသိုလ် လက်အောက်တွင် ထားရှိပြီး မန္တလေးမှ ဆရာ ဆရာမများသာ မြစ်ကြီးနား ကောလိပ်သို့ အလှည့်ကျ ပြောင်းရွှေ့ တာဝန် ယူရသောကြောင့် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ဆရာ၏ စေတနာကို အကျွန်ုပ် လေးစားရုံမျှ မက ဆရာ ပြောပုံကိုလည်း အကျွန်ုပ် အလွန် သဘောကျမိ လေသည်။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ ဆရာက အကျွန်ုပ်အား မြစ်ကြီးနားသို့ လွှတ်ခြင်းသည် သူ စိတ်ချ ယုံကြည်ရခြင်းကြောင့် လည်းကောင်း၊ တိုင်းရင်းသား အချင်းချင်း နားလည်မှု ရရှိရေးကို အကျွန်ုပ်က ကျယ်ကျယ်ပြန့်ပြန့် မဟုတ်သည့်တိုင်အောင် အထိုက် အလျောက် ဆောင်ရွက်နိုင်သူ ဖြစ်မည်ဟု ယုံကြည်သောကြောင့် လည်းကောင်း စေလွှတ်ခြင်း ဖြစ်သည်ဟု ဆိုသော စကားသည် အကျွန်ုပ်အဖို့ အလွန် သည်းခြေကြိုက်သော စကား ဖြစ်ခဲ့ကြောင်းကို ဝန်ခံလိုပါ၏။ လူသည် မြှောက်စားခြင်း (မြှောက်ပင့်ခြင်း) ကို ကြိုက်တတ်သော သတ္တဝါမျိုး ဖြစ်၏။ ကျောကို သပ်လျှင် အလွန် သဘောကျတတ်သော ကြောင်ကလေးနှင့် ခွေးကလေးတို့၏ ရိုးသားသော စရိုက်ကို ကြည့်လျှင် လူသား၏ အမြှောက်ကြိုက်ခြင်း၊ အချော့ကြိုက်ခြင်းသည် ရိုးသားခြင်းဟုပင် ဆိုသင့်မည်လား မပြောတတ်ချေ။ လူ့ဓမ္မတာမှာလည်း မြှောက်ပင့်ခြင်း၌ အပြစ်မရှိ၊ ချီးမွမ်းခြင်းလည်း မြှောက်ပင့်ခြင်း တစ်မျိုးပင် ဖြစ်၏။ ချီးမွမ်းခြင်းကို မနှစ်သက်သူ မလိုလားသူ မရှိချေ။ ဟုတ်မှန်၍ ပင် ဖြစ်စေ ရွတ်ချခြင်းကိုကား လူ့နားက ခါးတတ်သည်။ လူ့နှလုံးသားက ရွံတတ်သည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် ရွတ်ချခြင်းကို လူတို့ အပြစ်တင်တတ်သည်မှာ ဓမ္မတာ ဖြစ်လေသည်။

ဆရာသည်လည်း အကျွန်ုပ်အား မြှောက် ပင့် သလား၊ ချီးမွမ်းသလား မသိပါ။ မြှောက် ပင့် သည် ဖြစ်စေ၊ ချီးမွမ်းသည် ဖြစ်စေ ဆရာ၏ ထိုစကားသည် အကျိုးကို လိုလားသော စကား ဟူ၍ အကျွန်ုပ် တစ်သက်လုံး ယုံကြည်လျက်ပင် နေခဲ့ပါ၏။ ဆရာ မျှော်လင့်သည့် အတိုင်း ဆောင်ရွက်နိုင်သော တ ပည့် ကောင်း တစ်ဦး ဖြစ်ရန်ကိုလည်း အကျွန်ုပ် အစဉ် နှလုံး သွင်းထားခဲ့ပါသည်။

ကံ အလှည့်သည် ဆန်း၏။ မမျှော်လင့်နိုင်သော၊ အမှန်အားဖြင့် အကျွန်ုပ် ဘက်က ကြည့်လျှင် မျှော်လင့်ပိုင်ခွင့်ပင် မရှိသော ဒသနိကဗေဒ ဌာနမှူး ရာထူးသို့ အကျွန်ုပ်သည် ဆိုင်းမဆင့် ဗုံမဆင့်ဘဲနှင့် ရုတ်တရက် ရောက်ရပြန်လေ၏။

ပြန်စဉ်းစားကြည့်လျှင် အကျွန်ုပ်သည် တက္ကသိုလ် ဆရာ အဖြစ်သို့ ရောက်ရှိခြင်းသည်လည်း မမျှော်လင့်ဘဲ ဖြစ်ခဲ့ရသော ဖြစ်ရပ် တစ်ခု ဖြစ်၏။ ယခု တစ်ဖန် ရာထူး တိုးပြီး မြစ်ကြီးနား ကောလိပ်သို့ (ရန်ကုန် တက္ကသိုလ်မှ ပထမဆုံး ပြောင်းရွှေ့ အမှုထမ်းရသူ) အဖြစ် သွားရောက်ရခြင်းမှာလည်း မမျှော်လင့်ဘဲ ဖြစ်ခဲ့ရခြင်းသာ ဖြစ်လေသည်။

အကျွန်ုပ်သည် မြစ်ကြီးနားသို့ ထိတ်ထိတ် လန့်လန့်နှင့် သွားခဲ့ရလေ၏။ ထိုစဉ်က မြစ်ကြီးနား ရထားလမ်း တစ်လျှောက်မှာ စိတ်မချရ။ အကြမ်းဖက် သောင်းကျန်းသူ ကေအိုင်အေများက မကြာခဏ ချောင်းမြောင်း ပစ်ခတ်သည်ဟု ဆိုရာ အကျွန်ုပ်လည်း စွန့်စား၍သာ သွားခဲ့ရလေ၏။

မြစ်ကြီးနား၏ အေးချမ်းသော ရာသီဥတုနှင့် ဆယ့်နှစ်လပတ်လုံး မိုးရွာလျက် မြက်ခင်းစိမ်းများ ဖုံးလွှမ်းနေသော မြေပြင်ကို အကျွန်ုပ် အလွန် နှစ်သက်လေသည်။ အကျွန်ုပ်သည် တနင်္ဂနွေသား ဖြစ်၏။ ဓာတ်သဘော အရ ဥဏှသမား ဖြစ်၏။ အတွင်းစာ စားလျှင် အပူစာနှင့်သာ တည့်၏။ အပူစာကိုသာ ကြိုက်၏။ သို့သော် အပြင် ဗဟိဒ္ဓအားဖြင့်ကား အပူဒဏ်ကို မခံနိုင်။ အအေးကိုသာ ကြိုက်တတ်လေသည်။ အေးသော ရာသီဥတု ရှိသော အရပ်တွင် နေရသောအခါ အကျွန်ုပ်သည် ကျန်းမာပြီး ဦးနှောက်လည်း ကြည်ရွှင်တတ်ပါသည်။

မြစ်ကြီးနား ကောလိပ်သို့ ရောက်သောအခါ မန္တလေး တက္ကသိုလ်က ပြောင်းရွှေ့ လာကြသော ဆရာ ဆရာမများနှင့် ရင်းနှီး ခင်မင်ကြရလေသည်။ မြစ်ကြီးနားသို့ ရောက်စမှ စ၍ အကျွန်ုပ် စာများများ ရေး ဖြစ်လေသည်။

မြစ်ကြီးနားသို့ မပြောင်းမီ ဗုဒ္ဓ တက္ကသိုလ်မှာ ပညာ လေ့လာနေစဉ် ဗုဒ္ဓ ဘာသာ ထေရဝါဒများကို သုံးသပ် ဆုံးဖြတ်ရာ၌ တလွဲတချော် ဖြစ်နေသည်ဟု

www.burmeseclassic.com



ယူဆသဖြင့် အကျွန်ုပ်သည် ***သျှင်ဥတ္တမသို့ ပြန်ကြားချက်*** နှင့် ***ရွှေဥဒေါင်းသို့ ပြန်ကြားချက်*** (A Reply to Shwe U Doung) အမည်ဖြင့် စာအုပ် နှစ်အုပ်ကို ရေးသားခဲ့လေသည်။ ရွှေဥဒေါင်းသို့ ပြန်ကြားချက်မှာ စာတမ်းငယ် တစ်စောင်မျှသာ ဖြစ်သည်။ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ရေးသားခဲ့၏။ ဆရာကြီး ရွှေဥဒေါင်း ၏ အတွေးအခေါ်များ၌ ယုတ္တိနည်း မကျသော ဆင်ခြေများကို ခွဲခြမ်း သုံးသပ်ပြရန် ထို စာအုပ်ငယ်တွင် ကြိုးပမ်းခြင်း ဖြစ်လေ၏။

မြစ်ကြီးနားသို့ ရောက်စတွင် အနောက်တိုင်းသား ဒဿန ဆရာကြီးများ၏ အခြေခံ အတွေးအမြင် အချို့ကို မြန်မာ စာဖတ် ပရိသတ်သို့ မိတ်ဆက် နိဒါန်းအဖြစ် ပေါင်းကူးပေးလိုသော စိတ်ဆန္ဒများ များစွာ ဖြစ်ပေါ်လျက် ရှိလေ၏။ တစ်နည်း တစ်လမ်း အားဖြင့်လည်း ထိုစဉ် တက္ကသိုလ်၌ ဘာသာရပ်များကို မြန်မာ ဘာသာဖြင့် စတင် သင်ကြားရမည် ဖြစ်ရာ သစ်မရမီ ဝါးကို ပေါင်းကွပ် ဆိုသော စကားအရ အထောက်အကူ ရစေရန် ***ဖိလိုဆိုဖီ ကကြီး ခကွေး*** ကျမ်းငယ် တစ်စောင်ကို ရေးသား ထုတ်ဝေခဲ့လေသည်။

အစက ဝတ္ထုများ ရေးခဲ့သော်လည်း မတွင်ကျယ်ခဲ့သော အကျွန်ုပ်၏ 'ဆန်းလွင်' ဟူသော ကလောင်အမည်ကို ဖိလိုဆိုဖီခေါ် အတွေးအမြင်နှင့် ပတ်သက်သော စာလေးများ ရေးသားသောအခါ လူသိ များလာလေသည်။ အကျွန်ုပ်လည်း သိပ္ပံပညာ ထွန်းကားရေးကို လမ်းညွှန်၍ အားပေးအားမြှောက် ပြုခဲ့သော အနောက်တိုင်းသား ဒဿန ဆရာများ၏ ဘဝနှင့် အတွေးအမြင်များကို မြန်မာ စာဖတ် ပရိသတ်များသည် ထို့ထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် သိကြရလျှင် ကောင်း လေ စွ ဟု အောက်မေ့ပြန်လေ၏။

ဤတွင် ***ကမ္ဘာ့ တွေးခေါ်ရှင်ကြီးများ*** အမည်ရှိ အနောက်တိုင်း ဒဿန သမိုင်း အခြေခံ မိတ်ဆက် ကျမ်းငယ် တစ်စောင်ကို ရေးသား ပြုစုကာ ထုတ်ဝေခဲ့ပြန်လေသည်။

***ဖိလိုဆိုဖီ ကကြီး ခကွေး*** နှင့် ***ကမ္ဘာ့ တွေး ခေါ်ရှင်ကြီးများ*** စာအုပ်များကို လူကြိုက် များကြောင်း သိရသောအခါ စာပေတိုက်များမှ အကျွန်ုပ်အား အရှေ့တိုင်း ဒဿန ပညာနယ်မှ အတွေးအခေါ်များကိုလည်း ကျမ်းငယ် တစ်စောင် တစ်ဖွဲ့ ရေးသားရန် တိုက်တွန်း ကြပြန်လေသည်။ အကျွန်ုပ်လည်း ထိုစဉ် ပရိသတ် အားပေးမှု အရှိန်ဖြင့် ***တရုတ် တွေးခေါ်ရှင်ကြီးများ*** ကျမ်းငယ်ကို ရေးသား ထုတ်ဝေ ရပြန်လေ၏။ ထို စာ အုပ် လည်း ပရိသတ်က ဝယ်ယူ အားပေးခြင်း ခံရကာ အကျွန်ုပ်၏ ဖိလိုဆိုဖီ (ဒဿန) မိတ်ဆက် လုပ်ငန်းမှာ အတော်အတန် ခရီး ရောက်ခဲ့လေသည်။

***တရုတ် တွေးခေါ်ရှင်ကြီးများ*** ရေးပြီးသောအခါ အမှန်စင်စစ် အကျွန်ုပ်သည် အိန္ဒိယ အတွေးအခေါ်ဂိုဏ်းများ အကြောင်းကို ရေးသားရန် အကြံအစည်နှင့် အစီအစဉ် ရှိခဲ့သော်လည်း လက်တွေ့တွင် မရေးဖြစ်ဘဲ ***ရုရှား တွေးခေါ်ရှင်ကြီးများ*** အကြောင်းကိုသာ ရေးဖြစ်သွားလေတော့၏။ ဤသို့ ရေးဖြစ်သည့် အကြောင်းမှာ အကျွန်ုပ် အနေနှင့် ဖိလိုဆိုဖီ မိတ်ဆက် စာအုပ်များ ရေးသားရာတွင် ကျောင်းသင် ဘာသာရပ်နှင့် ဆက်စပ်သော စာအုပ်များကို ရေးသားပြီး စီးပွား ရှာနေသည်ဟု အထင်အမြင် ရောက်မည် စိုးသောကြောင့်လည်း ဖြစ်၏။ တခြား တစ်ကြောင်းမှာ နိုင်ငံရေး အကြောင်း ဖြစ်၏။ နိုင်ငံရေး အကြောင်း ဆိုသည်မှာ တရုတ် အတွေးအခေါ်များတွင် အကျွန်ုပ်သည် မော်စီတုန်း၏ အတွေးအမြင်များကိုပါ အကျဉ်းချုပ်၍ ဖော်ပြထားရာ စွပ်စွဲလိုသူများက အကျွန်ုပ်အား တရုတ် ကွန်မြူနစ် ဘက်သားဟု မထိတထိ ပြောဆို ပုတ်ခတ် လာသံများကို ကြားရသောကြောင့် ဖြစ်လေသည်။ သို့ ဖြစ် ရာ အကျွန်ုပ်သည် အနောက်တိုင်း အတွေး အမြင်များကိုလည်း ရေးပြီးပြီ၊ တရုတ် အတွေးအမြင်များကိုလည်း ရေးပြီးပြီ၊ ဘက်ညီသွားအောင် ယခု ရုရှား ဒဿန ဆရာများ အကြောင်းကို ရေးလိုက်လျှင် တလွဲတချော် စဉ်းစားမှုများ အားလုံးကို တားဆီးရာ ကျမည်ဟု သုံးသပ်မိ၍ ရေးလိုက်ခြင်း ဖြစ်၏။

အတွေးအခေါ် အခြေခံများ အတွေးအခေါ် စာပေများကို အထိုက်အလျောက် ပြုစုပြီးသော အခါ အကျွန်ုပ်သည် ကချင်လူမျိုးနှင့် ၎င်းတို့၏ ယဉ်ကျေးမှုများ ရှိရာ အတွေးအခေါ် အယူအဆများကို စိတ်ဝင်စားလာလေတော့၏။ မိမိဆရာသမား မှာကြားလိုက်သော စကားကိုလည်း ဦးထိပ်ပန်ဆင် ထားမိ၏။ ကချင် ပြည်နယ်တွင် မိမိနေစဉ် တိုင်းရင်းသား ကချင်လူမျိုးများ အကြောင်းကို အကျွန်ုပ် တတ်အားသမျှ နားလည်သဘော ပေါက်အောင် လေ့လာမည်ဟု စိတ်ကူးကာ ထို စိတ်ကူးကို အကောင်အထည် ဖော်ဖို့ ဆုံးဖြတ်လိုက်လေတော့၏။

www.burmeseclassic.com



ကံအားလျော်စွာ မိမိသည် ဒဿနိကဗေဒကို အဓိက ဘာသာ အဖြစ် ယူသော ချစ်စဖွယ် ကချင် ကျောင်းသားကလေး ဇော်ထူးကို ရရှိလေ၏။ ဇော်ထူးသည် စက်ဘီး တစ်စီးဖြင့် အကျွန်ုပ်အား မြစ်ကြီးနားမြို့ ပတ်ဝန်းကျင် အရပ်ဒေသများသို့ ခေါ်သွားလေ၏။ တစ်ခါတစ်ရံ ၎င်းတို့ နေထိုင်ရာ ဝက်ကုန်း မြို့သစ်ကျွန်းတော ဘက်သို့လည်း ရောက်၏။ တစ်ခါတစ်ရံ ဒုကတောင်ဘက် မန်ခိန် ဘက်သို့လည်း ရောက်၏။ မြစ်ကြီးနားသို့ ရောက်စ အခါသည် အလွန် ပျော်ရွှင်ဖွယ် ကောင်း၏။ အကျွန်ုပ်တို့ ကောလိပ် ကျောင်းဆရာတစ်စုသည် ခရစ်စမတ်ပွဲမှာလည်း ပျော်ကြ၏။ ကောက်သစ်စားပွဲမှာလည်း ပါဝင်ကြ၏။ မနောပွဲတွင်မူ တစ်ညဉ့်လုံး ပါဝင် ဆင်နွှဲကြလေသည်။ မကတတ် ကတတ်နှင့် ထောင်ကာ အက ကကြရသည်မှာ ပျော်စရာ ကောင်းလှပါသည်။

အကျွန်ုပ်လည်း ကချင် လူမျိုးများ၏ ရိုးသား၍ ပျော်ရွှင်စွာ နေတတ်ပုံ၊ ကချင် လူမျိုးတို့တွင် လက်ဝါးဖြန့် တောင်းစားသူ ကင်းမဲ့လျက် နေပုံများကို အထူးသတိ ထားမိလေ၏။ ကောက်သစ်စားပွဲ ကျင်းပသော အခါ အကျွန်ုပ်သည် ထို အဓိပ္ပာယ်ကို နားလည်အောင် မေးမြန်း စုံစမ်းလေ၏။ မနောပွဲ အမျိုးမျိုး ကျင်းပကြပုံ၊ ထို မနောပွဲ အမျိုးမျိုး၏ အဓိပ္ပာယ်ကိုလည်း အကျွန်ုပ် စုံစေ့စွာ နားလည်အောင် ကြိုးစားပြန်လေ၏။ ထိုအခါမှ စ၍ မြစ်ကြီးနားတွင် ကချင် အမျိုးသမီးနှင့် အိမ်ထောင်ကျလျက် ရှိသော ကိုဝင်းစိန်နှင့် ခင်မင်ကြကာ ကိုဝင်းစိန်မှ တစ်ဆင့် ဦးဂေါ်လုဂမ်၊ ဒေါက်တာလားလ် စသူတို့နှင့် ခင်မင် ရင်းနှီးရလေတော့၏။

အကျွန်ုပ်က ကချင် ယဉ်ကျေးမှု အတွေးအခေါ် အယူအဆများကို လေ့လာလိုကြောင်း ပြောပြသောအခါ ဦးဂေါ်လုဂမ်သည် အကျွန်ုပ်အား ကချင်ရေးရာ ကျွမ်းကျင်သူ လူကြီးများထံသို့ ခေါ်သွားလေ၏။

ဦးဂေါ်လုဂမ်သည် ကချင် ပြည်နယ် အစိုးရ (ယခင် အခေါ်) တွင် အတွင်းဝန် ကလေး ဖြစ်၏။ ဦးဂေါ်လုဂမ်မှ တစ်ဆင့် အကျွန်ုပ်လည်း ကချင် ပြည်နယ် ဥက္ကဋ္ဌကြီး ဦးဒိန်ရတန်၊ ကချင်ပြည်နယ် အစိုးရ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးလဝမ်၊ ဦးဂျီဘောင်ရင်း စသူတို့နှင့်ပါ ခင်မင် ရင်းနှီးရပြန်လေ၏။

ထို့နောက် အကျွန်ုပ်သည် ကချင် ပြည်နယ် ယဉ်ကျေးမှု ဌာနမှူး ဦးစိန်းမြင့်အောင်၊ ဆရာ ခိန်နမ် စသော ပုဂ္ဂိုလ်များနှင့်ပါ ရင်းနှီး ကျွမ်းဝင်ကြပြန်လေရာ အကျွန်ုပ်၏ ကချင် ယဉ်ကျေးမှု အတွေးအခေါ် လေ့လာရေး လုပ်ငန်းမှာ များစွာ အဆင်ပြေရ လေတော့၏။ မကြာမီ အကျွန်ုပ်သည် အင်္ဂလိပ် လူမျိုး ပညာရှင်များ ရေးသားခဲ့ကြသော ကချင် လူမျိုးနှင့် အပ်စပ်သမျှ စာပေများကို လေ့လာ၍ နေမိ ပြန်လေ၏။

အင်္ဂလိပ် လူမျိုးများကား များစွာ အံ့ဖွယ် ကောင်းသော လူမျိုး ဖြစ်၏။ အံ့ဖွယ် ကောင်းသည်ဟု ထင်မိခြင်းမှာ ထိုလူမျိုးသည် စက်ဆုပ်ဖွယ် ကောင်းသော နယ်ချဲ့ခြင်း အမှုကို ပြုခဲ့ကြသော်လည်း ၎င်းတို့ ချဲ့ထွင်ထားသော နယ်မြေများ ပေါ်ရှိ လူမျိုးများကို အုပ်ချုပ်သောအခါ ထိုလူမျိုးများ နှစ်သက် ကျေနပ်မည့် နည်းလမ်းများကို ရှာကြံ၍ အုပ်ချုပ်တတ်သောကြောင့် ဖြစ်၏။ ထိုလူမျိုးသည် မိမိတို့၏ လက်အောက်ခံ (ကျွန်) လူမျိုးများကို အုပ်ချုပ်ရာတွင် ထိုလူမျိုး၏ အကျိုးကို မဆောင်ရွက်သော်လည်း အကြိုက်ကိုကား သိအောင်လုပ်၍ အုပ်ချုပ် ကြလေသည်။ သမုဒ္ဒရာ ခြားသော အရပ်ဒေသ အသီးသီးရှိ လူမျိုး တစ်ရာ့တစ်ပါးကို အင်္ဂလိပ် လူမျိုးများသည် အုပ်ချုပ် မင်းလုပ် ခဲ့ကြရာတွင် ထိုလူမျိုး အသီးသီး၏ မနောကို သဘော ပေါက်အောင် အားထုတ်၍ အုပ်ချုပ်ခဲ့ကြသည်ဟု အကျွန်ုပ် မြင်မိလေသည်။

ကချင်ပြည်နယ်သို့ ရောက်သော အခါ တစ်မြေတည်းနေ တစ်ရေတည်း သောက် ပါ လျက် မြန်မာ လူမျိုးများနှင့် ကချင် လူမျိုးများသည် အနေ ဝေးခဲ့ကြသည်ကို အကျွန်ုပ်သည် ချက်ချင်းပင် ခံစား သိမြင်ရလေတော့၏။ အနေ ဝေးခဲ့ကြသည် ဆိုခြင်းမှာ အဆက်အဆံ နည်းခဲ့ကြသည်၊ တစ်ယောက် အကြောင်းကို တစ်ယောက် သိဖို့ အားမထုတ်ဘဲ နေခဲ့ကြသည်၊ လွတ်လပ်ရေး ကြိုးပမ်းစဉ် ကာလနှင့် လွတ်လပ်ရေး ရပြီးနောက် ကာလ (တော်လှန်ရေး အစိုးရ မတိုင်မီ အထိ) နိုင်ငံရေး အစိုးရခေတ် တစ်လျှောက်လုံးတွင်လည်း နိုင်ငံရေးအရ ဆက်ဆံကြသည်လောက်သာ ရှိပြီး ရင်းနှီး ကျွမ်းဝင်စွာ ဟက်ဟက်ပက်ပက် ရက်ရက်ရောရော ဆက်ဆံခြင်း နည်းခဲ့ကြသည်ဟု အကျွန်ုပ် ဆိုလိုပါသည်။ ထိုသို့ ဆိုရသည့် အကြောင်းမှာ များစွာ ရှိပါသည်။ ထိုအကြောင်းများသည် နောင် အကျွန်ုပ်၏ ကချင်ပြည်နယ် ကြိုးပမ်းမှုများကို ရေးပြသောအခါ အလွန် ပေါ်လွင် ထင်ရှားပါလိမ့်မည်။

ပထမဦးဆုံး ထိုကဲ့သို့ အကျွန်ုပ် ရင်ထဲ ထိ

www.burmeseclassic.com



အောင် ခံစား မိခဲ့ရသည့် အကြောင်းကို ဦးစွာ ဆိုပါမည်။

ကချင် ပြည်နယ်သို့ ရောက်သွားသော အခါ ကချင်ပြည်နယ်တွင် လူမျိုးစု ဘယ်နှစ်မျိုး ရှိသည်ကို အကျွန်ုပ် မသိပါ။ အကျွန်ုပ် မသိခြင်းမှာ အကျွန်ုပ် အလေ့အလာ နည်းခဲ့သောကြောင့်လည်း ဖြစ်နိုင်ပါ၏။ သို့ရာတွင် အကျွန်ုပ်ထက် ပို၍ ကချင် အကြောင်းကို အလေ့အလာ များစွာ အပင်ပန်းခံကာ ကြိုးစား ရှာဖွေပြီး စနစ်တကျ ရေးသားထားသော မြန်မာဘာသာနှင့် ရေးသော ကျမ်းကြီး ကျမ်းငယ်များကို အကျွန်ုပ် လိုက်ရှာပါသည်။ တစ်အုပ်တလေမျှပင် မတွေ့ရချေ။ မတွေ့ရခြင်းမှာ အကျွန်ုပ် မရှာတတ်၍လည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

သို့သော် အကျွန်ုပ်သည် ပင်ပန်းကြီးစွာ မရှာရဘဲ ကချင်လူမျိုး အကြောင်း များစွာကို ထိုက်ထိုက်တန်တန် ကမ္ဘာသိ ရေးသား ထုတ်ဝေထားသော အင်္ဂလိပ်ဘာသာ နှင့် ရေးသော ကျမ်းကြီးကျမ်းငယ် များစွာကို တွေ့ရကာ ကောင်းစွာ ဖတ်ရှု လေ့လာ ရလေသည်။ အကျွန်ုပ် များစွာ အထင်ကြီးမြို့ အံ့ဩရသော စာအုပ်မှာ (Leach) လိချ် ဆိုသူ ရေးသားထားသော ***မြေမြင့်သားများ၏ နိုင်ငံရေး စနစ်*** (Political System of the High Landers) ဆိုသည့် စာအုပ် ဖြစ်လေသည်။ ထိုစာအုပ်ကို ကမ္ဘာတွင် နှစ်ကြိမ် သုံးကြိမ်မျှပင် ထုတ်ပြီးနေလေပြီ။ ထိုစာအုပ် တစ်အုပ်လုံးသည် ကချင် လူမျိုးများ၏ နိုင်ငံရေး စီးပွားရေး စနစ်များကို ပညာရှင် တစ်ဦး၏ လေ့လာ ဖော်ပြချက် အဆင့်မြင့်ကျမ်း ဖြစ်လေသည်။ နောင်အခါ အကျွန်ုပ်သည် ကချင်ပြည်နယ်မှ ပင်လုံ စာချုပ်တွင် ပါဝင် လက်မှတ် ရေးထိုးခဲ့သော ပုဂ္ဂိုလ် ဦးလဘန်ဂရောင် (တောင်ပုလိုင်း) နှင့် ခင်မင်ရင်းနှီးသော အခါမှာလည်း ထိုစာအုပ်တွင် ပါဝင်သော 'ဂွမ်ရောင်း ဂွမ်ဆာ စနစ်'၊ 'ဂွမ်ကျင်း ဂွမ်ဆာ စနစ်'၊ 'ဂွမ်လောင် တော်လှန်ရေး စနစ်' များ အကြောင်းကို အားရဝမ်းသာ ဆွေးနွေးခဲ့ဖူးလေသည်။ (ထို နိုင်ငံရေး စနစ်များ အကြောင်းကို ဤ စာ အုပ် နှင့် တိုက်ရိုက် မသက်ဆိုင်သောကြောင့် ဤတွင် ဖော်ပြရန် အားမထုတ်တော့ပါ။)

ထိုစာအုပ် အပြင် ကင်းဒမ်း ဝပ် (Kingdon Ward) ဆိုသူ ရုက္ခဗေဒ ပညာရှင် တစ်ဦးသည် ကချင် ပြည်နယ်သို့ လွတ်လပ်ရေး မရမီနှင့် လွတ်လပ်ရေး ရပြီးစ အခါက အကြိမ်ကြိမ် ရောက်ရှိ လာပြီးနောက် ကချင် တောင်တန်းပေါ်တွင် ပေါက်ရောက်သော တောင်ဇလပ်ပန်း မျိုးကွဲများကို လေ့လာရင်း အလွန်မြင့်သော သစ်ပင်ခွကြား တစ်ခုတွင် ဆန်းကြယ်စွာ ကြာပန်း တစ်မျိုး ပေါက်ရောက် နေသည်ကို တွေ့ရှိသွားလေတော့၏။ တောင်ထိပ် ကြာပေါက် အနောက် နေထွက် ဆိုသော စကားသည် ကင်းဒမ်း ဝပ် အဖို့ ဟုတ်မှန်သော စကား ဖြစ်ရလေတော့၏။ ထို သစ်ပင်ကို ကင်းဒမ်း ဝပ် က ကချင် နာမည်အတိုင်း ဝဒိုင် (WaDai) ဟု အမည် ပေးခဲ့လေသည်။ ဝဒိုင်သည် ဝက်မမီပန်း ဟု အဓိပ္ပာယ် ရမည်လား မပြောတတ်ပါ။ ထိုအချက်သည် အရေးမကြီးပါ။ အရေးကြီးသည်မှာ ထို 'တောင်ထိပ်ကြာပန်း' ဖြင့် ကင်းဒမ်း ဝပ် လည်း ကမ္ဘာကျော် ရုက္ခဗေဒ ပညာရှင် အဖြစ် အသိအမှတ် ပြုခြင်း ခံရကာ အကြီးအကျယ် ချမ်းသာ သွားလေတော့၏။ ကင်းဒမ်း ဝပ် သည် ထိုသို့ ကချင်ပြည်နယ်သို့ အခေါက်ခေါက် လာရောက်၍ သစ်ခွပန်းသိုက် တူးခဲ့သည့် အတွေ့အကြုံများကို စာအုပ်များ ရေးသားခဲ့လေသည်။ ***မြန်မာပြည်က ရေခဲတောင်များ*** (Icy Mountains of Burma)၊ ***ဧရာဝတီသို့ ပြန်လာခြင်း*** (Return to the Irrawaddy) စသော စာအုပ်များ ဖြစ်လေသည်။ ကချင် ပြည်နယ်၏ သဘာဝ သယံဇာတများ အကြောင်း၊ ကချင်ပြည်နယ်ရှိ လူမျိုးများ အကြောင်း၊ အရပ်ဒေသများ အကြောင်းကို အကျွန်ုပ်သည် ထိုစာအုပ်များမှ များစွာ သိရလေတော့၏။

အကျွန်ုပ်လည်း အင်္ဂလိပ် စာအုပ်များကို ဖတ်ရသော အခါမှစ၍ ချစ်မြတ်နိုးဖွယ်ရာများဖြင့် ပြည့်နှက်နေသော ကချင် သဘာဝကို ပိုပြီး နှစ်သက် စွဲလမ်းကာ ရသမျှ စာအုပ် စာတမ်းများ အပြင် ဘားမား ဂေဇက်တီးယား များစွာကိုပါ လိုက်ရှာ၍ ဖတ်မိလေတော့၏။ ကချင်ပြည်နယ်တွင် ခရိုင်ဝန် (အရေးပိုင်) လုပ်သွားကြသော (Hartz) ဆိုသူ၊ ခမ္ပတီး ခရိုင်ဝန် လုပ်သွားသော ဂျေအိုဘားနာ့ဒ် (J. O. Barnard) ဆိုသူတို့ကား အလွန် ချီးမွမ်းထိုက်သူများ ဖြစ်ကြလေ၏။ ဟတ်ဇ်သည် ကချင် ဘာသာစကားကို မည်မျှ တတ်ကျွမ်း လိမ္မာခဲ့သည် မသိ၊ ***ကချင် ဘာသာစကား လက်စွဲ*** (Handbook of Kachin Language) ကျမ်းကို ရေးသားခဲ့ပြီး ဘားနာ့ဒ်ကမူ ***ရဝမ် ဘာသာစကား လက်စွဲ*** ကျမ်းကိုပင် ရေးသားထားခဲ့ကြလေသည်။ အကျွန်ုပ်လည်း ကချင် စကား၊ ရဝမ် စကားများကို ထိုစာအုပ်များမှ စတင်၍ လေ့လာရသည့် အပြင် ကချင် ဆိုသော စကားတွင် ဂျင်းဖော

www.burmeseclassic.com



(ဂျိန်းဖော)၊ မရူ၊ လရှီ၊ အဇီ၊ ရဝမ်၊ လီဆူ လူမျိုးစု ခြောက်ခု ပါဝင်လျက် ရှိကြောင်း သိရသည့်ပြင် ကချင် ဆိုသော စကား၏ ရင်းမြစ်ကို လိုက်လံ ရှာဖွေကြည့် သောခါ မြန်မာလို ရေရေရာရာ တိတိကျကျ မရှိ၊ ဘာကြောင့် ကချင် ခေါ်မှန်း မသိ၊ ကချင် ခုန်ချင် ပျော် ရွှင်ချင်သော လူမျိုး ဖြစ်၍ ကချင် ခေါ်ကြောင်းလောက် ကိုသာ ဇဝေဇဝါ သိရလေသည်။ သို့သော် အင်္ဂလိပ် စာ အုပ်များတွင်မူ အင်္ဂလိပ် အရေးပိုင် တစ်ဦးက ကချင် ပြည်နယ်သို့ ရောက်သောအခါ ဆလမ်ဝါ ခေါ် ရွာလူကြီး တစ်ဦးအား ဘာလူမျိုးလဲ ဟု မေးသည်ကို ဤအရပ် သည် ဘာအရပ်လဲ မေးသည် ထင်ပြီး ထိုလူကြီးက ဤ အရပ်သည် ကားခရင် (**Kakhyen**) အရပ်ဟု ပြောသည် ကို အင်္ဂလိပ်ကြီးက ကားခရင် ခေါ်ရာမှ ကချင် ဖြစ်လာ သည်ဟု ဒဏ္ဍာရီ ပြုထားသည်ကို လေ့လာရလေသည်။ သို့ဖြစ်လျှင် 'ကချင်' ဆိုသော စကားသည် အင်္ဂလိပ်တို့ လက်ထက်ကျမှ ခေါ်သော စကား ဖြစ်လေသလား။ အကျွန်ုပ်လည်း ဘဝင် မကျစွာ စဉ်းစားခဲ့ရဖူးလေ၏။

တိုင်းရင်းသား အချင်းချင်း နားလည်မှု ရဖို့ ဆို သည်မှာ တစ်ဦး အကြောင်းကို တစ်ဦးက များများ သိ ဖို့၊ များများ စိတ်ဝင်စားဖို့၊ တစ်ဦး အရပ်သို့ တစ်ဦး များများ သွားရောက် ဆက်ဆံ ကူးလူးဖို့ လိုသည်ဟု ဆရာ ရှုမြင်ခဲ့ပေလိမ့်မည်။ ထို့ကြောင့် အကျွန်ုပ်အား ကချင် ပြည်နယ်သို့ ပို့မည့် အကြောင်း ပြောစဉ်က အချင်းချင်း နားလည်မှု ရအောင် ဆိုသော စကားကို ဆရာ သုံးခဲ့ခြင်းဖြစ်ပေလိမ့်မည်။ အမှန်တော့ တိုင်းရင်း သား လူမျိုးများ နေထိုင်ရာ ပြည်မနှင့် ဝေးလံသော ဒေသတွင် ဤကဲ့သို့ ကောလိပ်ကျောင်း တက္ကသိုလ် ကျောင်း အထက်တန်းကျောင်းတွေ ဖွင့်ပေးသင့်သည်မှာ ကြာပြီ။ စေတနာ ရှိသော ဆရာတွေ ပညာရှိသော ဆရာတွေ ဤကဲ့သို့ ဝေးဝေးလံလံ အရပ်ဒေသများသို့ သွားရောက်ပြီး ပြည်ထောင်စု တိုင်းရင်းသားတွေကို ခေတ်မီ အထက်တန်း ပညာတွေကို သင်ပေးဖို့ သင့် သည်မှာ ကြာပြီ။

သို့ရာတွင် ထိုပညာရှင်များ၊ ဆရာဝန် ဆရာမ များ၊ တခြား ဝန်ထမ်းများ လာရောက်ပြီး အမှုထမ်းကြ သည့် အခါ စေတနာနှင့် စည်းကမ်းနှင့် စိတ်ပါလက်ပါ အကျိုးရှိသော လုပ်ငန်းများကို အကျိုး ရှိအောင် ဆောင် ရွက်ဖို့တော့ လိုသည်။ မင်း တိုင်း ကျေ မတတ်သာ၍ လာရသည့်ပုံ .တိုင်းရင်းသားများက တခြား၊ ကိုယ်က တခြား နေလို့ဖြင့် အချင်းချင်း နားလည်ဖို့ မလွယ်ချေ။ အထူးသဖြင့် ကိုယ်ကျင့် တရား ကောင်းဖို့ သိက္ခာရှိဖို့ လည်း လိုသည်။

ဤစကားများကို ပြောမိ ရေးမိခြင်းမှာ အင်္ဂလိပ် တွေလို နိုင်ငံခြားသားတွေသည်ပင်လျှင် တိုင်းရင်းသား လူမျိုးများ ကြားတွင် လူရိုသေ ရှင်ရိုသေ ဖြစ်အောင်၊ တိုင်းရင်းသားတွေက ကြည်ဖြူအောင် နေသွားကြပုံကို မြင်ရ၍ ဖြစ်သည်။

အင်္ဂလိပ်တွေမှာ ကိုယ် ကျင့် က ရား ရှိသည်။ ကချင် ပြည်နယ် ရောက်လျှင် ကချင် မိန်းကလေးတွေ နှင့် ရောရောနှောနှော နေမည်၊ မြန်မာပြည် ရောက်လျှင် မြန်မာ မိန်းကလေးတွေကို ယူမည် ဆိုသော စိတ် မရှိ။ စိတ်မရှိ ဆိုခြင်းမှာ ထိန်းသိမ်းသော စိတ် ရှိသည်၊ ကျူးလွန်လိုသော စိတ် မရှိခြင်းကိုသာ ဆိုခြင်း ဖြစ်၏။ ထို့ကြောင့် သူတို့ကို အကျင့်သိက္ခာ အရ အပြစ်ရှာ၍ မရချေ။

ပြီးတော့ အင်္ဂလိပ် လူမျိုးများမှာ သိလို မြင်လို နားလည်လိုသောစိတ် အလွန်များသည်။ လူမျိုးတိုင်းမှာ တန်ဖိုး အဖြစ် သတ်မှတ်ပြီး နှစ်သက်စွာ လက်ခံ ထား ကြသော ဓလေ့ထုံးစံတွေ ရှိသည်။ အင်္ဂလိပ်များသည် ကချင် လူမျိုးများ၏ နိုင်ငံရေး အတွေးအခေါ်များကို သာမက သူတို့၏ ဓလေ့ထုံးစံများကိုပါ လေးစားပြီး အားပေးသည်။ ဝေးလံသော သမုဒ္ဒရာ ခြားသည့် အရပ် များမှ လာရောက်ကြသော်လည်း အင်္ဂလိပ်များက ကချင် စကားလည်း ပြောတတ်သည်။ ရဝမ် စကားလည်း ပြော တတ်သည်။ လီဆူ စကားလည်း ပြောတတ်သည်။ ဤ မျှ မကသေး၊ သူတို့ ရောမ အက္ခရာနှင့် ရေးသားသော ကချင် စာကိုလည်း တီထွင် ပေးခဲ့ကြသည်။ အကျွန်ုပ် မြစ်ကြီးနားတွင် နေခဲ့စဉ် အခါအထိ မြန်မာ အက္ခရာ ဖြင့် ရေးသားထားသော ကချင်စာ မရှိသေး။ သူတို့က ဘာသာရေးနှင့်လည်း စည်းရုံးထားသည်။ သမ္မာ ကျမ်း စာကို ကချင် ဘာသာစကားဖြင့်လည်း ရေးထားသည်၊ လီဆူ ဘာသာ စကားဖြင့်လည်း ရေး ထား သည် ကို အကျွန်ုပ် တွေ့ရပေရာ သူတို့၏ နားလည်မှု အမြင်ကျယ် မှုနှင့် ကြိုးပမ်းမှုကို အထင်မကြီးဘဲ မနေနိုင်အောင်ပင် ဖြစ်ရလေတော့သည်။

အင်္ဂလိပ်တို့သည် ဘိလပ်လို မြို့ကြီး ပြကြီး အရပ်မှ ကချင် ပြည်နယ် တောတောင် အရပ်သို့ လာ ရောက် နေထိုင်ကြရာတွင် ငြီးငြင်စိတ် လုံးဝ မရှိရုံမျှမက

www.burmeseclassic.com



ကျရာကြုံရာ အရပ်တွင် ပျော်အောင် နေထိုင်ပြီးနောက် ကျရှာတာဝန်ကို မင်းတိုင်းကျေ မဟုတ် တကယ့် စိတ်ရင်း စေတနာဖြင့် ထမ်းဆောင် ခဲ့ကြသော သူတို့၏ လုပ်ပုံကိုင်နည်းတွေကို မြင်ရ တွေ့ရသောအခါ အကျွန်ုပ်လည်း များစွာ အားတက်ရ လေတော့သည်။

ကချင်ပြည်နယ်ကို ရောက်တုန်း ငါ ဘာကြောင့် ကချင်ပြည်နယ် အခေါင် အဖျားသို့ အနှံ့အစပ် မသွားဘဲ တက္ကသိုလ် ပရိဝုဏ် ကျဉ်းကျဉ်းကလေးထဲမှာ နေ့ရက်အချိန်ကာလတွေကို အကုန်ခံရမည်နည်း။ ကချင် ပြည်နယ် အနှံ့အပြားသို့ သွားပြီး ကချင်လူမျိုး အသီးသီးနှင့် လက်ပွန်းတတီး နေကာ သူတို့အကြောင်းကို သိအောင် လေ့လာမည်ဟု ဆုံးဖြတ်ခဲ့လေသည်။

ထိုအတွေးသည် အကျွန်ုပ်အား မီးပုံးပျံကို မီးခိုးမှိုင်း သွင်းပေးသကဲ့သို့ တရှူရှူ တကြွကြွ ဖြစ်အောင် လုပ်ပေးလေတော့၏။

မကြာမီ အကျွန်ုပ်သည် ကချင် တိုင်းရင်းသားတို့၏ နယ်ချဲ့ ဆန့်ကျင်ရေး သမိုင်း စာတမ်းငယ် တစ်စောင်ကိုပါ ပြုစု ရရှိလေတော့၏။ ထိုအကြောင်းကို မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ တိုင်းခွဲ ၅ ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြမောင်အား ပြောပြရာ ဗိုလ်မှူးကြီးက ထိုအကြောင်းကို အကျွန်ုပ်အား ကချင်ပြည်နယ်မှ ပြည်ထောင်စုပွဲသို့ တက်ရောက်မည့် ပြည်ထောင်စု ကိုယ်စားလှယ်တော်များအား ဟောပြောရန် တိုက်တွန်းချက်အရ ဟောပြောရလေ၏။ ထိုနှစ်သည် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ပြည်ထောင်စုပွဲ ကျင်းပသော နှစ် ဖြစ်လေ၏။

ထိုနှစ် နွေရာသီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ တိုင်းကြီးကြပ်ရေး ကော်မတီ နှင့် အမှတ် (၇) တပ်မဟာမှ တာဝန်ရှိ လူကြီးများ၏ ညှိနှိုင်း ဆောင်ရွက်ပေးချက် အရ ကချင် ယဉ်ကျေးမှု သုတေသန အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းကာ ကချင်ပြည်နယ် ဒေသ အနှံ့အပြားသို့ လေ့လာရေး ခရီးထွက်ရန် စီစဉ် ပေးခဲ့ကြလေသည်။ အကျွန်ုပ်အား ထိုသုတေသန အဖွဲ့ကို ခေါင်းဆောင်စေလျက် အဖွဲ့ဝင်များ အဖြစ် ယဉ်ကျေးမှု အရာရှိ ဦးစိန်းမြင့်အောင်၊ ကချင် ကျွမ်းကျင်သူ ဆရာ ခိန်နမ်၊ စာရေးကိုလဒွဲ၊ ဓာတ်ပုံဆရာ ကိုလနူးတို့ ပါဝင်စေလျက် ဦးစွာ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ချီပွေလောခေါင် ဒေသသို့ စွန့်စား သွားရောက်ခဲ့ရ လေ၏။ စွန့်စား သွားရောက်ရသည် ဆိုသည်မှာ ဤမျှ အန္တရာယ် များ၍ ခက်ခဲ ကြမ်းတမ်းသော ခရီးကို အကျွန်ုပ်၏ ဘဝငယ် တစ်ကြိမ် တစ်ခါမျှပင် မသွားခဲ့ဖူးသေးရကား ဤခရီးကို အကျွန်ုပ်မှာ အလွန် စွန့်စားရသော ခရီးဟု အောက်မေ့ရသည်ကို ဆိုခြင်း ဖြစ်ပါ၏။

ချီပွေလောခေါင် ခရီးကို ကွန်ဘွိုင်ခေါ် ရိက္ခာပို့ကားတန်းကြီးဖြင့် လိုက်ရခြင်း ဖြစ်၏။ မြစ်ကြီးနား တစ်ဖက်ကမ်း ခပ်ချို ရွာကလေးမှ ကားတန်း စထွက်လေ၏။ လမ်းထက်ဝက် ရှင်ဗော် စခန်းသို့ ရောက်သောအခါ အကျွန်ုပ်တို့ လိုက်ပါလာသော ရိက္ခာတင် ရိန်းဂျားကားများ စစ်သုံး နီဆန်းကားများ ကြား၌ လင့်ရိဗာကား တစ်စီးလည်း ကြားညှပ် ပါလာသည်ကို တွေ့ရလေ၏။ ထိုကားကို သေချာစွာ ကြည့်လိုက်သော အခါ ကားပေါ်တွင် အမေရိကန်သာသနာပြု ဘုန်းကြီး နှစ်ပါး ပါလာသည်ကို တွေ့ရလေ၏။ သူတို့သည် လောခေါင်သို့ သွားရန် ကွန်ဘွိုင် ကားများနှင့်အတူ လိုက်ပါလာခြင်း ဖြစ်လေသည်။ တောင်ပေါ် ဒေသ၌ နွေအခါလည်း မိုးရွာလျက် ရှိ၏။ တောင်နံရံကို ကပ်၍ သွားရသော ကားလမ်းများမှာ အချို့နေရာတွင် ဗွက်ပေါက်လျက်ရှိရာ မြေကလည်း ပျော့လျက် နေလေသည်။ တစ်ခါတစ်ရံ ကားပေါ်မှ တောင်စောင်း ချောက်ကမ်းပါး ရှိရာသို့ လှမ်းကြည့်လိုက်ရာ အလွန် နက်ရှိုင်းသော တောင်ကြားချောက်တွင်းထဲတွင် မေခ (အင်မိုင်ခ) မြစ် ဒလဟော စီးနေသည်ကို ပျပျ မြင်ရ၏။ မေခသည် အလွန် ရေစီးသန်သလောက် တရကြမ်း စီးဆင်းသော မြစ်ငယ် ဖြစ်၏။ ခရီးလမ်း တစ်လျှောက်တွင် တပ်မတော်သားများ စောင့်ကြပ်လျက် ရှိသော်လည်း ဤခရီးသည် ကေအိုင်အေ သောင်းကျန်းသူ ရန်ကိုလည်း ကြောက်ရွံ့ ရပေရာ အလွန်ပင် သည်းထိတ် ရင်ဖိုရသော ခရီး ဖြစ်လေသည်။

နေ့လယ် နှစ်နာရီ ကျော်ကျော်တွင် ချီပွေမြို့ကလေးသို့ ကားတန်း ဝင်လာသောအခါ ဆီးကြိုနေသော ဦးဂိုဘောင်ဇွမ်းကို တွေ့ရသဖြင့် ဝမ်းသာရလေသည်။ ချီပွေကား မြန်မာပြည်က မြို့ကလေးနှင့် မတူဘဲ ဥရောပ တောမြို့ကလေးနှင့်ပင် ပို၍ တူသည်ဟု အကျွန်ုပ် စိတ်မှာ ထင်မိလေသည်။

ချီပွေသို့ အကျွန်ုပ် ရောက်သွားသောအခါ ယခင် အကျွန်ုပ်သည် မောင်ခိုင်လမ်း နိုင်ငံခြားသား မှတ်ပုံတင်ရုံး တရားစွဲဌာနတွင် အလုပ်လုပ်စဉ် အခါက လုပ်ဖော်ကိုင်ဖက် စာရေးကြီး ကိုသိန်းအောင်နှင့် ပြန်တွေ့ရလေသည်။ ကိုသိန်းအောင်ကား အရက်ကို မိုးမလင်းအောင်

www.burmeseclassic.com



သောက်သည်ဆိုသော လူစားထဲတွင် ပါဝင်လေသည်။ သူသည် အကျွန်ုပ်အား ပြည့်တန်ဆာ အိမ်သို့ ရောက်အောင် မော်တော် ဆိုင်ကယ်နှင့် ခေါ်သွားဖူးသူလည်း ဖြစ်လေသည်။

ကွန်ဘိုင်ကားတန်း၏ ခေါင်းဆောင်မှာ ဗိုလ်ကြီး ခင်မောင်အေး ဖြစ်၏။ ဦဂျီဘောင်ဇွမ်းသည် နောင်အခါ ကချင်ပြည်နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဖြစ်ခဲ့သူ ဦးဂျီဘောင်ရင်း (ကွယ်လွန်) ၏ ညီ ဖြစ်သည်။ သူတို့သည် မရူ အမျိုးသားများ ဖြစ်၍ ချီပွေနယ်သည် သူတို့၏ ဇာတိနယ် ဖြစ်လေသည်။ အကျွန်ုပ်တို့ အဖွဲ့ လောခေါင် ဒေသသို့ လေ့လာရေးခရီး ထွက်ရာတွင် လိုအပ်သော အကူအညီများ ပေးရန် သူက ကြိုတင် ရောက်ရှိနေခြင်း ဖြစ်လေသည်။

ထိုဒေသသို့ ခက်ခဲစွာ သွားရသော ဤအန္တရာယ် ခရီး၌ လင့်ရိဗာဖြင့် လိုက်လာကြသော နိုင်ငံခြားသား သာသနာပြုများ၏ ဖွဲသတ္တိများကို မြင်တွေ့ရသော အခါ အကျွန်ုပ်မှာ များစွာ အံ့သြရရုံမျှမက အားကျစိတ်များလည်း ဖြစ်ရလေသည်။

အကျွန်ုပ်တို့ ခရီးထွက်သော နှစ်သည် ၁၉၆၆ ခုနှစ် ဖြစ်သည်။ ထိုနှစ်တွင် ထိုဒေသသို့ မြန်မာများထဲမှ သာသနာပြု ဘုန်းတော်ကြီးများ မရောက်သေးဘဲ နိုင်ငံခြားသားများကသာ ရောက်ရှိ နေခြင်းကိုလည်း စိတ်ထဲမှာ အားမလို အားမရ ဖြစ်ရလေသည်။ ဘာပဲဖြစ်ဖြစ် နိုင်ငံခြားသားများက ကိုယ့်တိုင်းရင်းသားများကို စိတ်ဝင်စားစွာ သာသနာပြု လုပ်ငန်းများ လုပ်နေသည်ကို မြင်ရသောအခါ ကိုယ့် လူမျိုးချင်း စိတ်ဝင်စားမှုသည် ထို့ထက် မပိုနိုင်သေးသည့် တိုင်အောင် တန်းတူလောက်တော့ ဖြစ်စေချင်သော ဆန္ဒသည် ရင်မှာ အပြည့် ဖြစ်လျက် မရှင် မချို အလိုမပြည့် ဖြစ်ခဲ့ရဖူးသည်မှာ အမှန်ပင် ဖြစ်ပါ၏။

ချီပွေလောခေါင် ဒေသသည် မရူ၊ လရှီနှင့် ပန်းလီဆူ (သို့) လီဆူဖြူများ (Flower Lisu) နေထိုင်ရာ ဒေသ ဖြစ်လေသည်။ အဇီး လူမျိုးများလည်း အနည်းအကျဉ်း ရှိသည်ဟု ဆိုသည်။ အကျွန်ုပ်တို့ အဖွဲ့က သူတို့၏ ယဉ်ကျေးမှု ထုံးတမ်း ဓလေ့များကို လေ့လာဖို့ လာသည် ဆိုသောအခါ တိုင်းရင်းသားများ အလွန်ပျော်ကြ လေသည်။ သူတို့မှာ ရှိသမျှ စားစရာ သောက်စရာများနှင့် ဧည့်ခံ ကျွေးမွေးကြရာ အကျွန်ုပ်မှာ ထိုအစားအစာများကို တစ်ကြိမ်တစ်ခါမျှပင် မစားဖူးသေးသော်လည်း အကျွန်ုပ် နှုတ်မြိန်ခဲ့ရ ဖူးလေသည်။

ထိုနှစ် မေလတွင် မူလက ဆွမ်ပရာဘွမ် ထိန်နန်အစရှိသော တြိဂံ ဒေသမှ တစ်ဆင့် ပူတာအို၊ ထိုမှ တစ်ဆင့် မေခ မလိခ မြစ်ဖျားပိုင်းသို့ သွားဖို့ စီစဉ်ထားသော်လည်း ထိုအစီအစဉ်မှာ မဖြစ်တော့ဘဲ ပူတာအိုသို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့ရလေသည်။ ပူတာအိုသို့ ရောက်သောအခါ ထိုစဉ် ပူတာအို ပါတီယူနစ် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်နေသူ ခမ်းတီးရှမ်း အမျိုးသား ဦးစဝ်နွဲ့ဆားထော်နှင့် မချမ်းဘော ပါတီယူနစ် အဖွဲ့ဝင် ဦးအမ်ဆင်ဆားရ်တို့ နှစ်ဦး အကျွန်ုပ်တို့ အဖွဲ့တွင် ပူးပေါင်း ပါဝင် လာကြလေသည်။ အကျွန်ုပ်တို့ အဖွဲ့ အတွက် လိုအပ်သော တောင်ပေါ်ခရီး အတွက် တောင်တက် ဖိနပ် မိုးကာ စသည်တို့ကို သက်ဆိုင်ရာများက ငှားရမ်း ပေးလေသည်။ ဦးစွာ မချမ်းဘောသို့ အဖွဲ့ ရောက်သည်။ မချမ်းဘောသည် မလိခ ကမ်းနဖူးမှာ တည်ရှိသော တောင်စခန်း မြို့ကလေး ဖြစ်သည်။ ယခင် နယ်ခြား အုပ်ချုပ်ရေး အဖွဲ့က တည်ဆောက်ထားခဲ့သော လှပသည့် ဂူဘား တည်းခိုရိပ်သာတွင် အကျွန်ုပ်တို့ အဖွဲ့ တည်းခိုကြလေသည်။ ထို ရက် များ သည် အသက်သာဆုံး အကောင်းဆုံး အမြိန်ဆုံး စားရသော ရက်များ ဖြစ်၏။ ထိုမှလွန်သော် အကျွန်ုပ်တို့၏ တောင်တက် ခရီး စတင် ပေတော့မည်။ မချမ်းဘောက စ၍ ခြေကျင်ခရီး စတင်ရတော့မည် ဖြစ်၏။ ပစ္စည်းများကို သယ်ပို့ပေးရန် မချမ်းဘောတွင် လားဝန်တင်များ ရှိသော်လည်း ထိုစဉ်က ပပက ပစ္စည်းများကို နောင်မွန်းသို့ ပို့ပေး နေရသဖြင့် ပစ္စည်းများကို လူအားဖြင့် သယ်ပို့ရေးကိုသာ စီစဉ်ရလေ၏။ ဦးစွာ မချမ်းဘောမှ နမ်းခမ်းအထိ လှည်းဖြင့် သယ်ခဲ့ကြ၏။ နမ်းခမ်း ရောက်မှ ဦးဆင်ဆားရ်က ပစ္စည်း သယ်ပို့ပေးမည့် အဖွဲ့ကို ငှားရမ်းရအောင် စီစဉ်ပေးလေသည်။ နမ်းခမ်းမှ နမ့်တီးသို့ စတင် ခရီး ထွက်ရ၏။ နောင်မွန်းသို့ မရောက်မီ ကြားစခန်းမှာ တစ်ည အိပ်ခဲ့ရ၏။

မိမိ ဘဝဝယ် ခက်ခဲပင်ပန်း ရှိခဲ့သည်ဟု ရှေးက အထင်အားလုံး လွင့်စဉ် ကုန်ကြလေသည်။ ဘဝ၏ ခက်ခဲခြင်း ပင်ပန်းခြင်း ဆင်းရဲခြင်း သဘောကို ထိုခရီး၌ ခြေကျင် လျှောက်သွားရသော ရက်များတွင် ပိုပြီး သိရလေ၏။ အပြင်က ခိုက်ခိုက်တုန်အောင် ချမ်းနေစဉ် အတွင်းက ချွေးပြိုက်ပြိုက်ကျလျက် နေလေသည်။ အကျင့် မရသေးမီ နောင်မွန်းသို့ ရောက်လျှင်ပင် ခြေကုန်လက်ပန်း

www.burmeseclassic.com



ကျသွားလေသည်။ ထို့ကြောင့် အစီအစဉ်များ စနစ်တကျ လုပ်ရန် ဆိုပြီး တစ်ရက်နားဖို့ ဆုံးဖြတ်လိုက်ရလေသည်။ နောင်မွန်းသည် ရှမ်း အမည် ဖြစ်၏။ သို့သော် ထို ဒေသ၌ ရှမ်းများ မရှိတော့ဘဲ ရဝမ်တို့၏ ဒေသ ဖြစ်နေ လေပြီ။ သို့ရာတွင် အကျွန်ုပ်သည် နောင်မွန်းချောင်း နံဘေးတွင် စီတန်းစွာ ပေါက်လျက် ရှိသော ကြီးမားသည့် ညောင် ပင် ကြီး များ ကို သတိ ထားမိကာ ထိုဒေသ အကြောင်းကို မေးမိလေ၏။

ထိုအခါ နောင်မွန်းသည် တစ်ကြိမ်က ဗုဒ္ဓ သာ သနာ ထွန်းကားရာ အရပ် ဖြစ်ခဲ့ဖူးကြောင်း သိရလေ၏။

ထိုစဉ် လူဝင်မှုဌာနတွင် အတူ လုပ်ကိုင်ခဲ့ကြ သော လူဟောင်းများကို နောင်မွန်းမှာ ပြန်တွေ့ရပြန်၏။ သူတို့က ဤဒေသတွင် တွေ့မြင်နေရသော ကုန်းကမူ ကလေးများသည် ဘုရားပျက်များ ဖြစ်ကြောင်း၊ ဤဒေသမှ လူများသည် ထိုနေရာများကို တူးကြရာ အုတ်ခဲများနှင့် ခဲသွန်းဆင်းတု များစွာ ရခဲ့ဖူးကြောင်း၊ ဒေသခံများမှာ ယခုအခါ ခရစ်ယာန်များ ဖြစ်လျက်ရှိသဖြင့် ထိုခဲဆင်းတု များကို အရည်ကျိုလျက် အသုံးပြုခဲ့ကြကြောင်း၊ ထိုသို့ အသုံးပြုသည့် အခါတိုင်း ဝမ်း ရောဂါ ဖြစ်တတ်သဖြင့် ယခု ထို ခဲသွန်း ဘုရားများကို တူးယူ အသုံးပြုခြင်း မရှိ ကြတော့ကြောင်း ပြောဆိုကြရာ အကျွန်ုပ်လည်း သုတေ သန အဖွဲ့၏ ခေါင်းဆောင် အာဏာကို အသုံးပြုလျက် ပြန်တမ်း တစ်စောင်ကို ရေးသား ဖတ်ကြားကာ ကုန်း ကမူ တစ်ခုကို လူအင်အားဖြင့် စည်းရုံး၍ တူးကြည့်လေ တော့၏။

မိတ်ဆွေများ ပြောသည့် အတိုင်းပင် အုတ်များ ပေါ်လာပြီးနောက် ခဲသွန်း ဘုရား များစွာကို ပုံစံ အမျိုး မျိုးဖြင့် တွေ့ရှိရလေတော့၏။ (ထို ရှေးပစ္စည်းများကို ကချင်ပြည်နယ် ယဉ်ကျေးမှု ဌာနက ထိန်းသိမ်းထား လေသည်။)

ထိုမှ လွန်သော် အကျွန်ုပ်တို့သည် ခေါ်ဘူတဲ ခေါင်လန်ဖူး အထိ ခရီး ဆက်ကြ၏။ ထိုဒေသသို့ ရောက်ရန် ၁၁ ရက်တိတိ ခြေကျင် လျှောက်ခဲ့ရ၏။ ရီဒမ်သို့ မရောက်မီ ဆန်နစ်ချက် ခေါ် ရေခဲသည့် တောင်ထွတ် တစ်ခုကို တောင်ကြားလမ်းမှ ဖြတ်ရ၏။ ကချင်ပြည်နယ် ဥက္ကဋ္ဌကြီး ဦးဒိန်ရတန်က

'ဆရာကြီး၊ ခင်ဗျား ဒီရေခဲတောင်ကို ဖြတ်နိုင် ပါ့မလား၊ သိပ်မြင့်တယ်နော်' ဟု သူ့ ရုံးခန်းထဲရှိ မြေပုံ ပေါ်တွင် ထောက်ပြပြီး အကျွန်ုပ်အား မေးမြန်းခဲ့ဖူး၏။ ထိုစဉ် အကျွန်ုပ်က

'ဥက္ကဋ္ဌကြီး လူတွေ တက်နိုင်ရင် ကျွန်တော်က အသာကလေးပေါ့' ဟု ခပ်ကြွားကြွား ပြောခဲ့မိသည်ကို ယခု ပြန်၍ သတိရ၏။ အမှန်တော့ အကျွန်ုပ် ထိုတောင် ထိပ်ကို ကျော်ဖြတ် နိုင်ခဲ့သည်ကား မှန်၏။ သို့သော် သက်သက်သာသာလေး ကျော်ဖြတ် ခဲ့ရသည်တော့ မဟုတ်ချေ။ အလွန် ပင်ပင်ပန်းပန်း ဖြတ်သန်း ခဲ့ရခြင်း ဖြစ်လေသည်။ မြန်မာပြည် အစွန်အဖျား ဒေသသို့ ယခု အကျွန်ုပ်တို့ ရောက်ရှိသွားသော အခါ ထိုဒေသ အထိ အမ်ဘီဘီအက်စ် ဆရာဝန်များ ရောက်ရှိ နေပြီ ဖြစ်သည် ကို တွေ့ရသဖြင့် များစွာ စိတ်ချမ်းသာခြင်း ဖြစ်ခဲ့ရ၏။ ခေါ်ဘူတဲသို့ ရောက်သောအခါ မြို့ပိုင် လုပ်သူသည် လီဆူ စကားကို ကျွမ်းကျင်စွာ ပြောဆို နိုင်သည်ကို တွေ့ရသည့်ပြင် လီဆူများက သူ့ကို ချစ်ခင်ကြသည်ကို မြင်ရ၍လည်း စိတ်ချမ်းသာ ရပါ၏။ (သို့သော် ထို ပုဂ္ဂိုလ်သည် နောင်တွင် လီဆူ အမျိုးသမီး တစ်ဦးနှင့် အိမ်ထောင်ပြုသည်ဟု ကြားသိရ၏။ ထိုကိစ္စသည် တိုင်း ရင်းသားများ ဘက်က ကျေနပ်သည်ဟုလည်း ကြား ရ၏။ သို့သော် ကောင်းသော အကျင့် မဟုတ် ဟု အကျွန်ုပ် စိတ်ထဲမှာ ထင်လျက်ပင် ရှိသေး၏။)

နောင်မွန်းမှ လွန်သော် အ ရှေ့ မြောက် ဘက် တစ်လွှားတွင် ဗုဒ္ဓဘာသာ အရောင်အဝါ မထွန်းလင်း နိုင်သေးဘဲ ရှိသည်ကို အကျွန်ုပ် တွေ့ရပေရာ ထိုအချက် သည် လိုအပ်ချက် တစ်ရပ် ဖြစ်နေသေးသည်ဟု ခံစား ခဲ့ရဖူးလေ၏။

ထို့နောက် အကျွန်ုပ်တို့ အဖွဲ့သည် ဆက်တိုက်ပင် ဗန်းမော်နှင့် မြစ်ကြီး တစ်လျှောက်ကိုလည်း ခရီးထွက် ခဲ့၏။ မြစ်ကြီးသို့ ခရီးထွက်စဉ် ဦးလဝမ်လည်း အကျွန်ုပ် တို့ အဖွဲ့နှင့် အတူ ပါလာလေသည်။

အကျွန်ုပ်၏ ကချင်ပြည်နယ် ခရီးစဉ် အတွေ့ အကြုံများ သုံးသပ်ချက်များ ပါဝင်သော အစီရင်ခံစာ တစ်စောင်ကို ရေးသားပြီး သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များသို့ တင်ပြခဲ့ရာ တပ်မဟာမှူး ဗိုလ်မှူးကြီး ထင်ကျော်က အကျွန်ုပ်၏ အစီရင်ခံစာကို နှစ်သက် ကြောင်း ပြောဖူးလေသည်။

အကျွန်ုပ်သည် ကချင်ပြည်နယ် အတွေ့အကြုံ များကို ၁၉၆၅-၆၆ လုပ်သား ပြည်သူ့နေ့စဉ် သတင်း စာများတွင် ဆောင်းပါးများ ရေးသား၍ တိုင်းပြည်သို့ တင်ပြခဲ့၏။ ထိုသို့ ရေးသားခြင်း အတွက် ကချင် ပြည်

www.burmeseclassic.com



နယ်မှ မိတ်ဆွေများက အလွန်ပင် ဝမ်းသာအားရ ရှိခဲ့ကြဖူးလေသည်။ အ ကျွန်ုပ် ကား ကချင်ပြည်နယ်မှာ နေစဉ် အားအားလပ်လပ် မနေဘဲ ကပွဲများကိုပင် စီစဉ်ကပြဖူးလေသည်။ ထိုစဉ်က အကျွန်ုပ်သည် ရုပ်ရှင် ဒါရိုက်တာ မဖြစ်သေးချေ။ သို့သော် ဒါရိုက်တာ ဖြစ်ရန် ဝါသနာ စရိုက်ပါလျက် ရှိရကား လူကြိုက်များသော ပြဇာတ် တစ်ပုဒ် ရေးသား ကပြခဲ့၏။ ပြဇာတ်၏ အမည်မှာ 'တက္ကသိုလ် ကျောင်းသူ တစ်ဦး' ဖြစ်မည် ထင်၏။ ထိုပြဇာတ်တွင် အဓိက ဇာတ်ဆောင် မင်းသမီး အဖြစ် ပါဝင် ကပြသူမှာ ဒုတိယ အတွင်းဝန် ဦးကွမ်ရဲတောင်၏ သမီး မာဂရက်တောင် (နောင် အခါ ကေဂျာနူး ဖြစ်လာသူ) ဖြစ်လေသည်။

ဤသို့ ဆောင်ရွက်နေစဉ် မန္တလေး တက္ကသိုလ်မှ နိုင်ငံခြား ပညာတော်သင် အတွက် စာမေးပွဲ ကျင်းပရာ အကျွန်ုပ်လည်း ဝင်ဖြေလေ၏။ ထိုအခါ မြစ်ကြီးနား ကောလိပ်မှ အကျွန်ုပ်နှင့် သူငယ်ချင်း ဖြစ်သူ ဘူမိဗေဒ ဌာနမှူး ကိုမြင့်သိန်း (ယခု ဒေါက်တာ မြင့်သိန်း၊ မန္တလေး တက္ကသိုလ်) တို့ နှစ်ဦး ရွေးချယ်ခြင်း ခံရလေ၏။

ပါရဂူ (ဒေါက်တာဘွဲ့) အတွက် ပညာတော်သင်ဆု ဖြစ်၏။ ရန်ကုန်တွင် ပညာတော်သင်များ အတွက် ရက်တို သင်တန်းသို့ တက်ခြင်း၊ နိုင်ငံခြား သွားလာရေး အတွက် ဆောင်ရွက်ဖွယ် ကိစ္စအဝဝကို ဆောင်ရွက်ခြင်းများ ပြုလုပ်ပြီး စီစဉ်ပြီး ဖြစ်သော အခါမှ အကျွန်ုပ်ကို ယခင် သန့်ရှင်း တည်မြဲ ကွဲစဉ် အခါက နိုင်ငံရေး လုပ်ခဲ့ဖူးသည် ဆိုသော အကြောင်းဖြင့် နိုင်ငံခြား ပညာတော်သင် အဖြစ် စေလွှတ်ခြင်းမှ တစ်နှစ် ပလပ်ခြင်း ခံရလေတော့၏။ နောင်နှစ်တွင် သွားရမလိုလိုနှင့် နောင်နှစ်တွင်လည်း မသွားရတော့။ ဟိုလိုလို သည်လိုလိုနှင့် အကျွန်ုပ်လည်း ဒေါက်တာဘွဲ့နှင့် ဝေးခဲ့ရလေတော့၏။ အကျွန်ုပ်လည်း ရှေ့ဆက် ပညာသင်ရေး အခက်အခဲ ဖြစ်သွားသောအခါ ထိုကိစ္စကို အစွဲအလမ်းလည်း မထား၊ မျှော်လင့်ချက်လည်း မထားတော့ဘဲ ဘဝခရီး၏ အလှည့်အပြောင်းကို ဖန်တီးဖို့သာ စဉ်းစားခဲ့ပါတော့သည်။

တစ်နေ့ မိသက် ကလေး မျက်နှာ မြင်သောကြောင့်လား၊ ပထမ ကလေး ဆုံးသောကြောင့်လား မမှတ်မိတော့၊ အကျွန်ုပ် ရန်ကုန်ကို ပြန်လာခဲ့၏။ ထိုအခါ သူတို့ မိသားစုက အကျွန်ုပ်ကို ဘူတာရုံတွင် ဘဲလ် အဲယား ကားကြီးဖြင့် လာကြိုနေ ကြသည့်ပြင် ယခင် အိမ်သို့ မခေါ်ဘဲ ၅၁ လမ်း၊ အမှတ် ၁၇၇ ရှိ အိမ်သို့ ခေါ်သွား လေတော့၏။

ဘယ်အချိန် ဘယ်လို သူတို့တစ်တွေ ကားနှင့် တိုက်နှင့် ဖြစ်နေကြသည်ကို အကျွန်ုပ် လုံးဝမသိချေ။

အိမ်ပေါ်သို့ ရောက်သောအခါ သူတို့ အစ်မကြီး ချမ်းသာနေသည့် အကြောင်းကို ပြောလေသည်။ ဘယ်လို ဘယ်ပုံ ချက်ချင်းကြီး ချမ်းသာလိုက်သည်ကို အကျွန်ုပ်နှင့် မဆိုင်သဖြင့် မမေးတော့ပါ။ သို့သော် သူတို့က လက်ထဲတွင် ငွေရှိတုန်း အလုပ် လုပ်ချင်သည်၊ ဘာလုပ်ရ ကောင်းမလဲ မေးသဖြင့် အကျွန်ုပ်ကလည်း စာအုပ် ထုတ်ဝေရေး လုပ်ငန်း၊ စာပုံနှိပ်စက် လုပ်ငန်း လုပ်ဖို့ အကြံ ပေးမိလေသည်။ ဤကိစ္စသည် အကျွန်ုပ် အနေနှင့် ကြိုတင် ကြံစည်ထားသော လုပ်ငန်းလည်း မဟုတ်၊ လတ်တလော စိတ်မှာ ပေါ်လာသော မိမိ ကျွမ်းကျင်သည့် ကိစ္စကို အကြံပေးလိုက်ခြင်းသာ ဖြစ်၏။ ပထမ တစ်နှစ်ကို အကျွန်ုပ်သည် မြစ်ကြီးနားမှာ နေလျက်ပင် ပုံနှိပ်လုပ်ငန်း နှင့် စာအုပ် ထုတ်ဝေမှု လုပ်ငန်းကို ကြီးကြပ် လုပ်ကိုင် ခဲ့လေသည်။ ပုညစာပေ အမည်ဖြင့် စာအုပ် တော်တော်များများ ထုတ်ခဲ့ရာတွင် ဝမ်းသာစရာ အားတက်စရာများနှင့် ကြုံရသလို ဝမ်းနည်းစရာ များစွာနှင့်လည်း ကြုံရလေသည်။

၁၉၆၇ ခုနှစ်တွင် အကျွန်ုပ် ရန်ကုန် တက္ကသိုလ်သို့ ပြန်ပြောင်း ခဲ့ရလေသည်။ ပုညစာပေ ထုတ်ဝေမှု လုပ်ငန်းသည် စာပေ ဂုဏ်သိက္ခာ အရရော ငွေရေးကြေးရေး အရပါ အထိုက်အလျောက် အောင်မြင်မှု ရခဲ့သည့် လုပ်ငန်း တစ်ခု ဖြစ်ခဲ့ပါ၏။ သို့ရာတွင် ပထမ အထောက်တော် လှအောင်နှင့် ပတ်သက်၍ အကျွန်ုပ် စိတ်မကောင်း ဖြစ်ခဲ့ရ၏။ အကြောင်းမှာ ဤသို့ ဖြစ်၏။ အထောက်တော် လှအောင် ထောင်က လွတ်လာသော အခါ အကျွန်ုပ်က သူ့ကို လိုက်ရှာပြီး သူ့ကို ကူညီလိုသောအားဖြင့် စာအုပ်တစ်အုပ် ရေးဖို့ တိုက်တွန်းခဲ့၏။ ဘာရေးရမှန်း မသိ ဖြစ်နေသဖြင့် အကျွန်ုပ်လက်ဝယ် ရှိသော (U Thant of Burma) စာအုပ်ကို သူ့အား ဘာသာ ပြန်ခိုင်းရ၏။ ***ဗမာ့ ဦးသန့်*** အမည်ဖြင့် ထုတ်ဝေပေးခဲ့၏။ ထို စာအုပ် စွံ၏။ ဒုတိယအကြိမ် ရိုက်နှိပ်သောအခါ အကျွန်ုပ် ယောက်ဖက အုပ်ရေ ပိုရိုက်သည် ဆိုပြီး သူ အကျွန်ုပ် အပေါ်တွင် အထင် လွဲသွားလေသည်။ ဆရာ အောင်ဗလက အကျွန်ုပ်ကို ခေါ်ပြီး

www.burmeseclassic.com



ကိုလှအောင်ကို ငွေ ပို့ပေးဖို့ ပြောရာ အကျွန်ုပ်လည်း အသာတကြည်ပင် ပေးလိုက်ပါ၏။ သို့သော် အထောက်တော် လှအောင်နှင့် အကျွန်ုပ်တို့မှာ အလွန် ချစ်ခင်သော မိတ်ဆွေ သူငယ်ချင်း ဖြစ်ကြလျက်၊ စာပေလောကတွင် ကျင်လည်သူ နှစ်ယောက် ဖြစ်ပါလျက် တစ်ယောက်နှင့် တစ်ယောက် နောက်ထပ် တွေ့ဆုံ ဆက်ဆံခြင်း မရှိ ဖြစ်ခဲ့ရလေတော့၏။ ဤကား ပုညကြောင့် အကျွန်ုပ် ဘဝဝယ် တွေ့ကြုံခဲ့ရသော မနှစ်သက်ဖွယ် အတွေ့အကြုံ တစ်ရပ် ဖြစ်၏။ ထို့အတူပင် ပုည ကောင်းစားလာသောအခါ လောဘ ကြီးသော အကျွန်ုပ်၏ ယောက်ဖသည် ထိုလုပ်ငန်းကို သူ လုပ်တတ်ပြီ ထင်ပြီး အကျွန်ုပ်ကို ထိုလုပ်ငန်းမှ ကန်ထုတ်နိုင်ရန် ကြံစည်လျက် ၎င်းတို့နှင့် အတူနေရာ ၅၁ လမ်း အိမ်ပေါ်မှ မောင်းချခဲ့လေ၏။

အကျွန်ုပ်လည်း မိတ်ဆွေကို အဆုံးရှုံး ခံလိုက်ရသည့် နည်းတူ ပုညတွင် ထည့်ထားသော ရှယ်ယာ (အစု) မပါ၊ အကျွန်ုပ် ရသင့်သော ရရန် ကြွေး တစ်သောင်း ခုနစ်ထောင်ခန့်ကိုပါ အဆုံးရှုံးခံကာ အိမ်ပေါ်မှ ဆင်းနိုင်ရေး အတွက် ကြိုးပမ်းရလေ၏။

အိမ်ပေါ်မှ ဆင်းချိန်တွင် လက်ထဲတွင် စုပြီး ဆောင်းပြီး ငွေ တစ်ပြားတစ်ချပ်မျှ မရှိ ဖြစ်နေလေ၏။ ထိုစဉ် တိုက်တိုက်ဆိုင်ဆိုင်ပင် အိုးအိမ် ဦးစီး ဌာနမှ အကျွန်ုပ်အား ပြည်သူပိုင် အခန်း တစ်ခန်းကို နေထိုင်ခွင့် ချမှတ်ပေးခဲ့လေ၏။ သို့သော် လက်ထဲတွင် ထိုအိမ်ခန်းကို ပြုပြင်ရန် စရိတ်စကပင် မရှိ ဖြစ်လျက် နေစဉ် မမျှော်လင့်ဘဲ ဒါရိုက်တာ အေဝမ်း မောင်လှမျိုးနှင့် မြစ်ကြီးနားမှ မိတ်ဆွေ ကိုထွန်းခိုင် မိတ်ဆက်ပေး၍ သိကျွမ်းရကာ အကျွန်ုပ်၏ ဇာတ်ညွှန်း တစ်ပုဒ်ကို ရုပ်ရှင် ရိုက်ရန် ရောင်းရလေ၏။ ထို့ပြင် ထိုရက်များ အတွင်းမှာပင် စာအုပ် တစ်အုပ် ထုတ်ဝေရာကလည်း ငွေများ ရရှိလာကာ လက်ထဲတွင် ငွေငါးထောင် ခြောက်ထောင် ရရှိလေတော့၏။ ထိုစဉ် ရွှေဈေး လေးငါးရာခန့်သာ ရှိသေးရာ အကျွန်ုပ် အဖို့ အိမ်ပြောင်းရသည်မှာ လူနှင့် သူနှင့် တူစွာ ပြောင်းရွှေ့ ခဲ့ရလေတော့၏။

ထိုအခါမှ စ၍ အကျွန်ုပ်သည် ဘဝ၏ အလှည့်အပြောင်း များစွာပေါ်တွင် သုံးသပ်ချင်စိတ် ဖြစ်ပေါ်လာခဲ့လေ၏။ မိမိသည် တက္ကသိုလ် ဆရာ ဘဝဖြင့် အရိုး ထုတ်ဖို့ ရည်ရွယ်ခဲ့၏။ သို့သော် ပညာတော်သင် ကိစ္စ ပျက်ကွက် သွားရ၏။ တက္ကသိုလ်မှာ ဆရာ လုပ်နေပါလျက် လူတိုင်းလိုလို ရအပ်သော ဒေါက်တာ ဘွဲ့ကို မိမိ မရရှိခြင်းသည် မိမိ၏ ဉာဏ်ညံ့၍ မဟုတ်၊ ကံညံ့၍ ဖြစ်လေသလား။ ဤအချက်ကို အကျွန်ုပ် အဖြေ ရှာကြည့်သည်။

တစ်ဖန် မိမိ ဝါသနာပါသော စာအုပ်ထုတ် လုပ်ငန်း၊ ပုံနှိပ် လုပ်ငန်းကို လုပ်မိပြီး အခြေ တည်ပြီးခါမှ ထိုလုပ်ငန်းကိုပါ အကျွန်ုပ် စွန့်ခဲ့ရ ပြန်၏။ ဖြစ်ချင်တာက တခြား၊ ဖြစ်နေတာက တခြား ဖြစ်၏။ မိမိကိုယ်တိုင်လည်း မိမိ ဘဝကို ဦးစီး ဦးကိုင် (ပဲ့ကိုင်) မလုပ်နိုင်ပါကလား။ မိမိသည် ရေစုန် ရေဆန် မျောပါနေသော ဗေဒါပင်လို ဖြစ်နေရလေပြီလား။ ဤသို့ ဖြစ်ချင်သလို ထင်သလို မဖြစ်ဘဲ မထင်တာတွေ ဘာကြောင့် ဖြစ်နေသနည်း။ ဘယ်လို ဖြစ်နေသနည်း။ ဤသို့ ဖြစ်ရခြင်းသည် ပစ္စုပ္ပန်ကံနှင့် ဆိုင်သလား။ အတိတ်ကံက ဖန်တီး၍ ဖြစ်ရသလား။ (ဘုရားသခင်၏ အလိုတော်အရ ဖြစ်ရသည် ဆိုသော အယူအဆကိုကား အကျွန်ုပ် လက်မခံခဲ့သည်မှာ ကြာပြီ ဖြစ်၍ ထိုကိစ္စကို အကျွန်ုပ် မစဉ်းစားတော့ပါ။) ကံ အကြောင်းကိုသာ အကျွန်ုပ် စဉ်းစားပါ၏။ ထိုအခါ ကံတရား၏ အလားထိုထို သဘော မျိုးစုံကို အကုန်အစင် သိရအောင် အကျွန်ုပ် ကြိုးစားရ ပြန်လေသည်။

အကျွန်ုပ်သည် မြစ်ကြီးနားသို့ မသွားမီ တစ်ပိုင်းတစ်စဖြင့် ထားခဲ့ရသော သင်္ဂြိုဟ်ကို ပြန်၍ လေ့လာနေမိပြန်၏။ သင်္ဂြိုဟ်တွင် ကံကို အကျဉ်းအားဖြင့် ဤသို့ ရေတွက် ပြထားလေသည်။

အရှင် အနုရုဒ္ဓာသည် အဘိဓမ္မတ္ထ သင်္ဂဟတွင် ကံကို အကျဉ်းအားဖြင့် လေးမျိုး ခွဲပြထားသည်။ ထိုသို့ ခွဲခြားရာတွင်

(၁) ကိစ္စ လုပ်ငန်း၊ ပြုဖွယ်အမှုအားဖြင့်

(၂) အကျိုးပေးသော အလှည့်အကြိမ်အားဖြင့်

(၃) အကျိုးပေးရာ ကာလ (အချိန်) အားဖြင့်

(၄) အကျိုးပေးရာ ဌာန (နေရာ) အားဖြင့်

လေးမျိုး ခွဲခြား ပြထားလေသည်။

တစ်ဖန် ထို ပြုဖွယ်ကိစ္စ၊ အကျိုးပေး အကြိမ်၊ အကျိုးပေးရာ ကာလ၊ အကျိုးပေးရာ ဌာနအားဖြင့် လေးမျိုးစီ ပြပြန်သည်။ လေးမျိုးစီ ဆိုရာတွင် ကိစ္စ လေးမျိုး၊ အကျိုးပေး လေးမျိုး၊ အကျိုးပေး ကာလ လေးမျိုး၊ အကျိုးပေး ဌာန လေးမျိုးကို ဆိုလိုသည်။

ထိုသဘော လေးမျိုးစီကို အနုစိတ် မသွားမီ

www.burmeseclassic.com



အကျွန်ုပ်သည် 'ကံ' ဆိုသော စကား၏ ယေဘုယျ အနက် အဓိပ္ပာယ်နှင့် သဘောကို သိရန် အားထုတ်မိလေသည်။

'ကံ' ကို ဗုဒ္ဓသည် အနက်အားဖြင့် ဘယ်သို့ ဆိုလေသနည်း။

ဗုဒ္ဓသည် ကံနှင့် ဆက်စပ်သမျှ တရားများစွာကို သုတ္တန်နည်းဖြင့် ဟောပြထားသည်ကိုလည်း အကျွန်ုပ်သည် ပိဋကတ် မြန်မာပြန်များကို ဖတ်ရှုစဉ် အခါက သတိပြုမိခဲ့လေသည်။ ထိုအခါ သုတ္တန်များ၌ အကျွန်ုပ် သိလိုသော အချက်ကို လိုက်ရှာရလေသည်။

အင်္ဂုတ္တိုရ် သတ္တကနိပါတ် 'နိဗ္ဗေဓိက သုတ်' တွင် ဗုဒ္ဓ ရှင်တော်မြတ်သည် ကံ၏ အနက်ကို ဤသို့ အတိအကျ သတ်မှတ် ဟောကြားထားသည်ကို တွေ့ရလေသည်။

'ရဟန်းတို့၊ စေ့ဆော်မှု (စေတနာ) ဖြင့် ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့် ဖြစ်စေ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပြုရကား စေတနာကို ကံ ဟူ၍ ငါ ဆို၏'

ဤကား ဗုဒ္ဓ ဆိုလိုသော ကံ၏ အနက် ဖြစ်၏။ တစ်နည်းအားဖြင့် အထက်ပါ အနက် အဓိပ္ပာယ် သတ်မှတ်ချက်ကို လူတိုင်း နားလည်နိုင်သော စကားဖြင့် ဆိုရလျှင် ကိုယ်ဖြင့် ပြုသော အမှု၊ နှုတ်ဖြင့် ပြုသော အမှု၊ စိတ်ဖြင့် ပြုသော အမှု အားလုံးတို့တွင် စေတနာ စေ့ဆော်မှုဖြင့် ပြုပါက ထိုအမှု အားလုံးကို 'ကံ' ဟု သတ်မှတ်နိုင်သည်။ အင်္ဂလိပ်လို ဆိုလျှင် ပိုရှင်းသည်။ (Volitional Act) မှန်သမျှ 'ကံ' ဖြစ်သည်။ စေတနာ မပါလျှင် ကံမမြောက်၊ စေတနာပါမှ ကံ မြောက်သည်။

ကံမမြောက် ဆိုသည်မှာ ကုသိုလ် အကုသိုလ် မဖြစ်ဟု ဆိုလိုခြင်း ဖြစ်သည်။ စေတနာပါမှ ကာယကံ ဝစီကံ မနောကံတို့သည် ကုသိုလ် အကုသိုလ် အကျိုးကို ဖြစ်ပေါ်စေသည် ဟု အကျွန်ုပ် နားလည်ပါသည်။

ဤသို့ နားလည်သင့်သည်ဟုလည်း အကျွန်ုပ် ယူဆပါ၏။ အဘယ်ကြောင့် ဆိုသော် မြတ်စွာ ဘုရားသည် စက္ခုပါလ မထေရ်ကို အကြောင်းပြု၍ ဓမ္မပဒတွင် အောက်ပါအတိုင်း ဟောကြားဖူးသော စကား ရှိသောကြောင့် ဖြစ်၏။ ဟောကြားပုံမှာ ဤသို့ ဖြစ်၏။

'စက္ခုပါလ မထေရ်သည် ကမ္မဋ္ဌာန်းကို အားထုတ်၍ မိုးသောက်တွင် စင်္ကြံ လျှောက်၏၊ စင်္ကြံဦး မိုးစိုသော မြေတွင် မိုးရေဖြင့် အတောင်စို၍ မြေတွင် ကျနေသော ပိုးဖလံတို့ကို နင်းမိသဖြင့် ပိုးဖလံတို့ သေကြကုန်၏၊ နံနက် မိုးသောက်၍ စက္ခုပါလ မထေရ်ကို ဖူးမြင်ရန် လာကြကုန်သော ဇနပုဒ် ရဟန်းတို့သည် စင်္ကြံမှ ပိုးဖလံတို့ သေကြေသည်ကို မြင်သောအခါ စက္ခုပါလ မထေရ်အား အပြစ်တင်ကြ၏၊ ထိုမှ အားမရ၍ မြတ်စွာဘုရားထံ လျှောက်ထားကြ၏၊ ထိုအခါ မြတ်စွာဘုရားက

"စက္ခုပါလ မထေရ် သတ်သည်ကို သင်တို့ မြင်ကြသလား"ဟု မေးတော် မူလေ၏။

"မမြင်ပါ ဘုရား" ဟု လျှောက်ထားကြရာ

"သင်တို့သည် စက္ခုပါလ သတ်သည်ကို မမြင်သကဲ့သို့ ထိုစက္ခုပါလသည် ပိုးကို မမြင်၊ ရဟန်းတို့ ရဟန္တာတို့တွင် သေစေလိုသော စေတနာမျိုး မရှိပေ" ဟု မြတ်စွာဘုရားက မိန့်ကြားလေသည်၊ ထိုအခါ ဇနပုဒ် ရဟန်းများက

"အရှင်မြတ် ဘုရား၊ အရဟတ္တဖိုလ် အကြောင်း ရှိပါလျက် (ရဟန္တာ ဖြစ်ပါလျက်) အ ဘယ် ကြောင့် မျက်စိ ကန်းရပါသနည်း" ဟု လျှောက်ထားကြ၏။

"ရဟန်းတို့ မိမိ ပြုခဲ့သော ရှေးက မကောင်းမှု ကံ၏ အစွမ်းကြောင့် ကန်းရခြင်း ဖြစ်၏" ဟု ဘုရားက မိန့်တော်မူလေသည်'

စက္ခုပါလ မထေရ်၏ အတိတ် ဇာတ်ကြောင်းမှာ ဆေးဆရာ ဖြစ်ခဲ့ဖူးသည်။ အတိတ်ဘဝ၌ မျက်စိ ဝေဒနာသည် တစ်ဦးအား ဆေးဖိုးဝါးခ မပေးခြင်းကို အကြောင်းပြုပြီး မျက်စိကန်းအောင် ပြုခဲ့ဖူးသော မကောင်းသော ကံ ရှိသည်။ ထို အကြောင်းကိုပါ မြတ်စွာ ဘုရားက ထုတ်ဖော် ဟောကြားလေသည်။

ဤ ဝတ္ထု ဇာတ်လမ်းကို ဖတ်ရှုရစဉ် အခါက အကျွန်ုပ်သည် ဤသို့ စဉ်းစား၍ နားလည်ခဲ့ဖူး၏။

စေတနာ မပါလျှင် မိမိကြောင့် သေရသော အမှုပင် ဖြစ်စေ ထိုအမှုကို သတ်သည်ဟု မမှတ်ယူရာ။

ထိုအချက်သည် အကျွန်ုပ်အား များ စွာ သော ဒဿန အဖြေများကိုလည်း ပေးနိုင်စွမ်း ရှိ၏။

အနောက်တိုင်း အတွေးအမြင်များတွင် အမှုကိစ္စ တစ်ခု၏ ကောင်းမှု မကောင်းမှု မှန်မှု မှားမှုကို အဆုံးအဖြတ် ပြုရာတွင် ထိုအမှု ပြုသူ၏ မူလ စေတနာကို တည်၍ ဆုံးဖြတ်သင့်သလား၊ သို့မဟုတ် စေတနာကောင်းဖြင့် ပြုသည် ဖြစ်စေ၊ စေတနာယုတ်ဖြင့် ပြုသည် ဖြစ်စေ ဖြစ်ပေါ်လာသော အကျိုးက စီးပွား ဖြစ်သည် ဆိုလျှင်

www.burmeseclassic.com



ထိုအမှုကို ကောင်းသော အမှု မှန်သော အမှု ဟု ဆုံးဖြတ်ရမည်လား ဆိုသော ကိုယ်ကျင့်ဒဿန ပြဿနာ ရှိ၏။

စေတနာကိုသာ ဦးစားပေး ဆုံးဖြတ်ရမည် ဆိုသော အစွန်းထွက် အမြင်ကို စေတနာ ပဓာန အမြင် ဟု ခေါ်သည်။ အကျိုးကိုသာ ကြည့်ရမည်၊ စေတနာ ဘယ်လောက် ကောင်းကောင်း အကျိုးထွက် မကောင်းလျှင် အချည်းနှီးသာ ဖြစ်သည်။ ဖခင် နဖူးက မှတ်ခြင်ကို ပုဆိန်ဖြင့် ပေါက်သော သားမိုက်၏ အမှုကို စေတနာနှင့် ပြုလုပ်သော အမှုဟု ချီးမွမ်းရမည်လား ဆိုသော အမြင်မျိုးလည်း ရှိသည်။ ထို့ကြောင့် အကျိုးကိုသာ ကြည့်ပြီး ဆုံးဖြတ်သင့်သည်၊ အကျိုး ရှိဖို့သာ ပဓာန ဆိုသော အမြင်လည်း ရှိသည်။ ထိုအမြင်ကို အကျိုး ပဓာန အမြင်ဟု ခေါ်ကြလေသည်။

ဤတွင် စေတနာသည် ကံဟု ဆိုသောကြောင့် အနောက်တိုင်းသားများ တွေးယူ သကဲ့သို့ စေတနာ ကောင်းဖြင့် ပြုလျှင် အကျိုးက ဘာပဲဖြစ်ဖြစ် မှန်သည်ဟု ယူရန် မဟုတ်သေး။ ကံ (ကာယကံ ဝစီကံ မနောကံ) မှု တစ်ခု ဖြစ်မြောက်ရေးတွင် ကံ ထမြောက်မှုကို စေတနာက အဆုံးအဖြတ် ပေးသည်ဟုသာ ဆိုလိုကြောင်းကိုသာ အကျွန်ုပ် နားလည်လိုက်ပါ၏။

လူတို့၏ ကံ အလုပ်သည် သုံးမျိုး သုံးစားသာ ရှိသည်။ ကာယကံ ကိုယ်ဖြင့် ပြုသော အမှု၊ ဝစီကံ နှုတ်ဖြင့်ပြုသော အမှု နှင့် မနောကံ စိတ်ဖြင့်ပြုသော အမှု ဖြစ်သည်။ ထိုအမှု သုံးမျိုးကိုပင် ကံသုံးမျိုးလည်း ခေါ်ကြပေရာ လူသာမန်တို့၏ စိတ်ထဲတွင် အလုပ်ကိုပင် ကံ ဟူ၍ တထစ်ချ မှတ်ယူ နေတတ်ကြသည်လည်း ရှိသည်။

ဗုဒ္ဓ အလိုအားဖြင့် အလုပ်တိုင်းလည်း ကံ မဖြစ်၊ စေတနာ ပါသော အလုပ်မှသာ ကံ ဖြစ်သည်။ ဤကား တစ်ချက်။

နောက် တစ်ချက် အကျွန်ုပ် နားလည်သည်မှာ ကံ ဖြစ်မှသာ အကျိုးပေးသည် ဆိုသော အချက် ဖြစ်သည်။ ထို့ကြောင့် အကျိုး ပေးသော ကံ ဖြစ်အောင် စေတနာဖြင့် ပြုလုပ်မှုသည် အရင်းခံ ဖြစ်သည်ဟုလည်း အကျွန်ုပ် နားလည်တတ်ပြီ ဖြစ်သည်။

ထိုမှ တစ်ဆင့် တက်လျှင်လည်း စေတနာကို အယုတ် အမြတ် ခွဲခြားကြည့်အပ်ပြီ။ စေတနာ ပါလျှင် ကံသည် အကျိုး ပေးတတ်သော အစွမ်းသတ္တိ ရှိပြီ ဖြစ်ရကား ကောင်းမြတ်သော စေတနာအားဖြင့် ပြုသော် ကောင်းမြတ်သော အကျိုးကို ထိုကံ ပေးသည်။ ဆိုးယုတ်သော စေတနာဖြင့် ပြုလျှင် ထိုကံသည် ဆိုးယုတ်သော အကျိုးကို ပေးသည်။

ဤကား ကံ၏ ယေဘုယျ နိယာမကို နားလည် လိုက်ခြင်း ဖြစ်ပါ၏။ သို့ဖြစ်လျှင် ကံသည် အကျိုး ပေးတတ်သော အစွမ်း သတ္တိ (energy, power, force) တစ်ခု ဖြစ်သည်ကို နားလည်နိုင်ပြီ ထင်၏။ သို့သော် ထိုစွမ်းအင်သည် အကျိုး တစ်စုံတစ်ရာကို ပေးတတ်သော သဘောကြောင့် အကြောင်း (cause) လည်း ဖြစ်လေသည်။

ကံသည် အကြောင်းတရားလား။

ဤပုစ္ဆာသည် အကျွန်ုပ်၏ ဦးနှောက်သို့ ရောက် ပြန်သည်။ ဗုဒ္ဓသည် ထိုပုစ္ဆာကို ဘယ်သို့ ဖြေလေသနည်း။ သုတ္တန်နည်းဖြင့် ဘယ်သို့ ဟောသနည်း။

အထက်တွင် ဖော်ပြခဲ့သော အင်္ဂုတ္တိုရ် သုတ္တက နိပါတ် နိဗ္ဗေဓိကသုတ်တွင် ဗုဒ္ဓ ဟောကြားတော်မူသော ကံနှင့် ဆက်စပ်သမျှ တရားကိုပင် ဤတွင် ဖော်ပြသင့် ပါသည်။ မြတ်စွာဘုရားက ထိုသုတ်တွင် ဤသို့ မိန့်တော် မူလေသည်။

'ရဟန်းတို့

ကံကို သိရမည်၊

ကံ ဖြစ်ကြောင်းကို သိရမည်၊

ကံ၏ ထူးသည့် အဖြစ်ကို သိရမည်၊

ကံ၏ အကျိုးကို သိရမည်၊

ကံ ချုပ်ငြိမ်းမှုကို သိရမည်၊

ကံ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိရမည်' ဟု ဟောကြား တော်မူပြီးလျှင် ထိုစကားသည် အဘယ်ကို စွဲ၍ ဟောကြားအပ်သော စကား ဖြစ်သနည်း (ဆိုသော်)

'ရဟန်းတို့

စေ့ဆော်တိုက်တွန်း၍ ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့် ဖြစ်စေ (ကုသိုလ် အကုသိုလ်) ကို ပြုရကား စေတနာကို ကံဟု ငါဆို၏၊

ရဟန်းတို့ ကံဖြစ်ကြောင်း ဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု ဖဿသည် ကံ ဖြစ်ကြောင်း တည်း။

ရဟန်းတို့ ကံ၏ ထူးသည့် အဖြစ် ဟူသည်

www.burmeseclassic.com



အဘယ်နည်း။

ရဟန်းတို့ ငရဲ၌ ခံစားအပ်သော အကျိုးရှိသော ကံသည် ရှိ၏။ တိရစ္ဆာန် ဘုံ၌ ခံစားအပ်သော အကျိုး ရှိသော ကံသည် ရှိ၏။ ပြိတ္တာဘုံ၌ ခံစားအပ်သော အကျိုး ရှိသော ကံသည် ရှိ၏။ လူ့ဘုံလောက၌ ခံစား အပ်သော အကျိုး ရှိသော ကံသည် ရှိ၏။ နတ်ဘုံ၌ ခံစားအပ်သော အကျိုး ရှိသော ကံသည် ရှိ၏။

ရဟန်းတို့ ဤသည်ကို ကံတို့၏ ထူးသည့် အပြစ် ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကံတို့၏ အကျိုး ဟူသည် အဘယ် နည်း။

ရဟန်းတို့ ယခုဘဝ၌ ဖြစ်စေ၊ ဒုတိယဘဝ၌ ဖြစ်စေ၊ အခြား အလှည့်ကြုံရာ ဘဝ၌ ဖြစ်စေ ခံစား အပ်သော ကံတို့၏ အကျိုးကို သုံးမျိုး ရှိ၏ ဟု ငါ ဆို၏။

ရဟန်းတို့ ဤသည်ကို ကံတို့၏ အကျိုး ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကံ ချုပ်ငြိမ်းမှု ဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု ဖဿ ချုပ်ငြိမ်းမှုသည် ကံ ချုပ်ငြိမ်းမှု ဖြစ်၏။

မြတ်သော အင်္ဂါ ရှစ်ပါး ရှိသော မဂ္ဂင်သည် သာလျှင် ကံ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့် ဖြစ်၏'

ဤကား မြတ်စွာဘုရား ဟောကြားတော်မူခဲ့ သော ကံတရား၏ အစမှ အဆုံး အကျဉ်းဆုံး ဖော်ပြချက် ဖြစ်၏။ သို့ရာတွင် ထိုတရားကို လူအမျိုးမျိုးတို့သည် အမျိုးမျိုးသော အဓိပ္ပာယ်ဖြင့် နားလည်နေကြ၏။ ထို ဝိဝါဒများကား များပြားလွန်း၏။ ဤတွင် သင့်တော်ရာ ကိုသာ ရွေးချယ် ဖော်ပြနိုင်မည် ဖြစ်၏။

ဝိဝါဒကို မဖော်ပြမီ ကံကို အကျွန်ုပ် နားလည် ဖို့ ကြိုးစားပုံကို ဖော်ပြရန် လိုသေး၏။

ဓမ္မပဒတွင် အောက်ပါအတိုင်း ဟောကြားထား သော တရားများ ရှိသည်။

တစ်စုံတစ်ယောက်သော သူသည် မကောင်း သော ပြစ်မှားလိုသည့် စိတ်ဖြင့် ပြောဆိုလျှင် ပြုမူလျှင် 'လှည်းဘီးသည် လှည်းကို ရုန်းသော နွား၏ ခြေရာ နောက်သို့ အစဉ်လိုက်သကဲ့သို့ ဆင်းရဲဒုက္ခသည် ထို သူ၏ နောက်သို့ ထက်ကြပ်မကွာ အစဉ် လိုက်လေ၏' (ဓမ္မပဒ ၁)

'တစ်စုံတစ်ယောက်သော သူသည် ကြည်လင် ကောင်းမြတ်သော စိတ်ဖြင့် ပြောဆိုလျှင် ပြုမူလျှင် အရိပ်သည် ထိုအရိပ်ရှင်၏ နောက်သို့ အစဉ်လိုက်သကဲ့ သို့ ချမ်းသာသုခသည် ထိုသူနောက်သို့ ထက်ကြပ်မကွာ အစဉ်လိုက်လေ၏' (ဓမ္မပဒ ၂) ထိုတရားများကို ရှုမှတ် ရသောအခါ ဗုဒ္ဓသည် ကံကို အကြောင်း၊ ဆင်းရဲခြင်း ချမ်းသာခြင်း၊ ကောင်းခြင်း ဆိုးခြင်း စသည်ကို ထိုကံ၏ အကျိုး အဖြစ် မြင်ကြောင်း၊ ထိုသို့ မြင်ရုံမျှ မကသေး၊ ကံ (အကြောင်း) နှင့် ဆင်းရဲ ချမ်းသာ (အကျိုး) တို့၏ ကြားတွင် မုချ ဖြစ်တတ်သော မဖောက်မပြန် ကေန် ဖြစ်တတ်သော ဆက်နွှယ်မှု ရှိသည်ဟုလည်း နားလည် ထားကြောင်းမှာ ထင်ရှားပါသည်။ ထိုမုချ ဆက်နွှယ်မှု ကို အင်္ဂလိပ်လို ဆိုလျှင် (necessary relation)ဟု ခေါ် အပ်သည်။

ဥပမာအားဖြင့် သစ်စေ့ကို စိုက်လျှင် အချိန် တန်သောအခါ အပင် ပေါက်သည်။ အသီး သီးသည်။ အခြားသော ပျက်စီးစေသော အားကြီးသော အကြောင်း မရှိလျှင် သစ်စေ့သည် သစ်ပင်ပေါက်ရိုး သစ်သီးသီးရိုး ဓမ္မတာ ရှိသကဲ့သို့ပင် အကြောင်း နှင့် အကျိုးပေးမှု သဘော ရှိသည်ကို ဆင်ခြင်ရာသည်။ ထိုသဘောကို သိလွယ် မြင်လွယ်စေရန် ရှေးက ရှိခဲ့ဖူးသော မိလိန္ဒ မင်းကြီး နှင့် အရှင် နာဂသေနတို့၏ အမေး အဖြေကို ရှုစေချင်ပါသည်။

(ကံ၏ သဘောကို အမှန်အကန် သိလိုသော သူ သည် ကံကို မျိုးစေ့၏ သဘောဖြင့် ဥပမာထား၍ ကြည့် တတ်လျှင် ပိုပြီး နားလည် သဘောပေါက်ဖို့ လွယ်မည် ထင်ပါသည်။ အဘယ်ကြောင့် ဆိုသော် ကံကို မျိုးစေ့ ဖြင့် ဥပမာ ထား၍ မိလိန္ဒပဥှာမှာ ဟောထားသည်မှာ ပေါ်လွင် ထင်ရှားမှု ရှိကြောင်း တွေ့ရ၍ ဖြစ်ပါ၏။)

မိလိန္ဒမင်းက 'အာယတန ငါးပါးတို့သည် ကံ ကြောင့် ဖြစ်ကြရသည် ဆိုသည်မှာ မှန်ပါသလား၊ မှန် လျှင် ကံတစ်ခုတည်းကြောင့်ပဲ ဖြစ်သလား၊ ကံအမျိုး မျိုးကြောင့် ဖြစ်ရသလား ဘုရား' ဟု မေးလေသည်။

ထိုအမေးကို အရှင် နာဂသေနက အောက်ပါ အတိုင်း ဖြေတော်မူ၏။

'မင်းကြီး၊ စက္ခုအာရုံ (စက္ခာယတန) အစရှိတဲ့ အာယတနတို့ဟာ အထူးထူးသော ကံ၊ အသီးသီးသော ကံကြောင့် ဖြစ်ကြရတာ၊ ကံ အမျိုးမျိုးကြောင့် ဖြစ်တာ၊ ကံ တစ်မျိုးတည်းကြောင့် ဖြစ်ကြတာ မဟုတ်ဘူး'

www.burmeseclassic.com



'အရှင်ဘုရား၊ နားလည်လွယ်အောင် ဥပမာနှင့် ရှင်းပြပါဦး'

'မင်းကြီး၊ ဘယ်လို ထင်ပါသလဲ၊ လယ်ကွက် တစ်ကွက်တည်းမှာ မတူတဲ့ ငါးမျိုးသော မျိုးစေ့တွေကို စိုက်ပျိုးတယ် ဆိုပါစို့၊ ဒီလို မျိုးစေ့ကွဲ အမျိုးမျိုး စိုက် လျှင် ထိုမျိုးစေ့မှ အမျိုးမျိုးသော အပင်ပေါက်ပြီး အမျိုး မျိုးသော အသီး သီးကြတယ် မဟုတ်လား'

'မှန်ပါတယ် ဘုရား၊ မျိုးစေ့ မတူလျှင် မတူသော သစ်ပင်များ ပေါက်ပြီး မတူသော အသီး သီးကြမှာပါပဲ ဘုရား'

'ဒီအတိုင်းပါပဲ မင်းကြီး၊ ငါးပါးသော အာယတန များ ဖြစ်ကြတဲ့ စက္ခု သောတ ဃာန ဇိဝှာ ကာယ ဆိုတာတွေဟာလည်း ကံ အမျိုးမျိုးကြောင့် ဖြစ်လာ ကြတာပါပဲ'

ထိုအခါ မိလိန္ဒ မင်းကြီးက ထပ်ဆင့်သော အမေးကို မေးပြန်ပါသည်။

'အရှင်ဘုရား ဘာ အကြောင်းကြောင့် လူ ခပ် သိမ်းတို့ဟာ တစ်ဦးနှင့် တစ်ဦး မတူ ဖြစ်ကြရပါသလဲ၊ တချို့ လူတွေဟာ အသက် တိုကြပါတယ်၊ အချို့ လူတို့ ဟာ အသက် ရှည်ကြပါတယ်၊ အချို့ လူတွေကတော့ အနာရောဂါ များကြပါတယ်၊ တချို့မှာ အနာရောဂါများ မဖြစ်ကြပါ၊ တချို့ လူများမှာ လှသော အဆင်း မရှိဘဲ တချို့ကျတော့ အဆင်း လှကြပါတယ်၊ တချို့မှာ တန်ခိုး သြဇာ နည်းပါး ကြပါတယ်၊ တချို့မှာတော့ တန်ခိုး သြဇာ ကြီးမား ကြပါတယ်၊ တချို့မှာ ဥစ္စာ နည်းတယ်၊ တချို့မှာတော့ ဥစ္စာတွေ ပေါများကြတယ်၊ တချို့က အမျိုး မြတ်ကြတယ်၊ တချို့ကတော့ အမျိုး ယုတ်ညံ့ကြပါတယ်၊ တချို့မှာ ပညာ နည်းကြပြီး တချို့ မှာ ပညာ ထက်မြက်ကြပါတယ် ဘုရား၊ ဒီလို လူမှာ မညီမမျှ ဖြစ်နေရတာဟာ ဘာကြောင့်လဲ ဘုရား'

'မင်းကြီး သစ်ပင်တွေကို ကြည့်ပါလား၊ ဘာ ကြောင့် သစ်ပင်တွေဟာ မတူဘဲ (မညီမညွတ်) ဖြစ်နေ ကြရသလဲ၊ အချို့ သစ်ပင်တွေက ချဉ်ကြတယ်၊ တချို့ သစ်ပင်က ငန်တယ်၊ တချို့က ခါးတယ်၊ တချို့က ဖန်တယ်၊ တချို့က စပ်တယ်၊ တချို့က ချိုတယ်၊ အဲဒါ ဘာကြောင့် မတူကြသလဲ မင်းကြီးရဲ့'

ဤသို့ မေးလိုက်သော အခါ မင်းကြီး အလွယ် တကူ သဘောပေါက်ပါသည်။

'အရှင်ဘုရား တပည့်တော် သဘောပေါက်ပါပြီ၊ မျိုးစေ့ချင်း မတူကြလို့ပဲပေါ့ ဘုရား'

'ဟုတ်တာပ တကာတော် မင်းကြီး၊ ဒီအတိုင်း သာပ၊ လူသတ္တဝါတွေမှာလည်း ကံတရား (ကံမျိုးစေ့) က မတူကြတဲ့ အကြောင်းကံတွေ အမျိုးမျိုး ဖြစ်နေတဲ့ အကြောင်းကြောင့် အသက် တိုသူ တို၊ အသက် ရှည်သူ ရှည်၊ အနာရောဂါ များသူ များ၊ အနာ ကင်းသူက ကင်း၊ အဆင်း မလှသူက မလှ၊ အဆင်း လှသူက လှ၊ တန်ခိုး နည်းသူ နည်း၊ တန်ခိုး ကြီးသူ ကြီး၊ ဥစ္စာ နည်းသူ နည်း၊ ဥစ္စာ များသူ များ၊ အမျိုး ယုတ်သူ ယုတ်၊ အမျိုး မြတ်သူ မြတ်၊ ပညာ မဲ့သူ မဲ့၊ ပညာ ရှိသူ ရှိ အသီးသီး ဖြစ်နေကြရတာပ၊ ဒီလို အခြင်းအရာအားဖြင့် ၁၄ မျိုး ကွဲပြား နေကြတာဟာ ကံကြောင့်ပဲလို့ မှတ်ပါ မင်းကြီး'

ဤကား မိလိန္ဒမင်းကြီး၏ အမေးကို အရှင် **နာဂသေန** ဖြေသော အဖြေ ဖြစ်လေသည်။ ကံကို သဘော **ပေါက်စေရန်** သဘာဝယုတ္တိ သာဓကယုတ္တိ ဖြင့် ဖြေရှင်းတော်မူခြင်း ဖြစ်လေသည်။

ဤအချက်သည် အကျွန်ုပ် များစွာ နှစ်သက် သော အချက် ဖြစ်လေသည်။ ဤ အရေးပါသော ပုစ္ဆာ ၁၄ ချက်ကို ဤကဲ့သို့ တစ်ဖက်သား ဘဝင်ကျလောက် အောင် ဖြေရှင်းနိုင်သော ဒဿန တရားမျိုး ဤလောက တွင် တခြား ဘယ်မှာမှ အကျွန်ုပ် ရှာဖွေသော်လည်း မတွေ့ခဲ့ရဖူးချေ။

အမှန်မှာ အထက်ပါ ပုစ္ဆာကို မိလိန္ဒမင်း မမေးမီ ရှေးကပင် မြတ်စွာ ဘုရားသခင် လက်ထက်တော်၌ သုဘလုလင် အမည်ရှိသော ပုဂ္ဂိုလ်က မြတ်စွာဘုရားကို တိုက်ရိုက်ကိုယ်တိုင် မေးလျှောက် ခဲ့ဖူးလေသည်။

ထို အမေးပုစ္ဆာ ၁၄ ချက်ကို မြတ်စွာဘုရား ဖြေ ကြားပုံများကို စူဠကမ္မ ဝိဘင်္ဂသုတ်တွင် လေ့လာနိုင်ကြ လေသည်။ (သုဘလုလင်အား ဟောကြားတော်မူသော စကားအကျယ်ကို အကျွန်ုပ် ရေးသားခဲ့သော ***ရွှေတောင်တက် ဒဿန*** တွင် ဆိုခဲ့ပြီးပြီ။ ဤတွင် သင့်ရုံသာ ဖော်ပြ ပေတော့မည်။)

မြတ်စွာဘုရားသည် အထက်တွင် မိလိန္ဒမင်း မေးသော ပုစ္ဆာ ၁၄ ချက်ကို သုဘလုလင် မေးသောအခါ

'လုလင်၊ သတ္တဝါတို့သည် ကံ သာလျှင် ကိုယ် ပိုင် ဥစ္စာ ရှိကုန်၏၊ ကံ သာလျှင် အမွေအနှစ် ရှိကုန်၏၊ ကံသာလျှင် အဆွေအမျိုး ရှိကုန်၏၊ ကံသာလျှင် အကြောင်းရင်း ရှိကုန်၏၊ ကံသာလျှင် ကိုးစား ထောက် တည်ရာ ရှိကုန်၏၊ ကံသာလျှင် သတ္တဝါတို့ကို အယုတ်

www.burmeseclassic.com



အမြတ် ဖြစ်အောင် ဝေဖန်၏' ဟု မိန့်တော်မူလေသည်။

ဤသို့ ဆိုသောအခါ သုဘ လုလင်က 'အဲဒါ ဘယ်လို ဖြစ်တာလဲ' ဟူသော မိလိန္ဒမင်း၏ အမေးနှင့် မတူသော 'အဲဒါ ဘာကြောင့် (Why) လဲ' ဆိုသည့် အမေး ပုစ္ဆာကို မေးပြန်လေသည်။ မေးပုံမှာ

'အရှင် ဂေါတမ၊ ဤအကျဉ်း ဟောထားသော တရားစကား၏ အနက် သဘောကို မသိ နားမလည်ပါ၊ အကျယ် ဝေဖန်၍ ဟောတော်မူပါ' ဟု သုဘ လုလင် က တောင်းပန် မေးမြန်းသည်ကို ဗုဒ္ဓ မြတ်ရှင်တော်က ဖြေကြားခဲ့ဖူးသည်။ ဖြေပုံကို သဘောရရုံ အနည်းငယ် ချုံး၍ တင်ပြပါမည်။

## အသက် တိုခြင်း ရှည်ခြင်း

ဤလောက၌ သူတစ်ပါး အသက်ကို သတ်လေ့ ရှိသူသည် သေသည်မှ နောက်၌ ငရဲသို့ ရောက်ရတတ်၏။ အကယ်၍ ငရဲသို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် အသက် တိုရ၏။

အသက် သတ်ခြင်းမှ ရှောင်ကြဉ်လေ့ ရှိသူသည် သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက်ရတတ်၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက် ခဲ့လျှင် အသက်ရှည်၏။

## အနာရောဂါ များခြင်း နည်းခြင်း

ဤလောက၌ သတ္တဝါကို ညှဉ်းဆဲလေ့ ရှိသူသည် သေသည်မှ နောက်၌ ငရဲသို့ ရောက်ရတတ်၏။ အကယ် ၍ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် အနာရောဂါ များ၏။

သတ္တဝါကို ညှဉ်းဆဲလေ့ မရှိဘဲ သနားကြင်နာ လေ့ ရှိသူသည် သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက်တတ်၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် အနာရောဂါ ကင်းရှင်း၍ ကျန်းမာရေး ကောင်းတတ်၏။

## အဆင်း မလှခြင်း၊ အဆင်း လှခြင်း

ဤလောက၌ အမျက်ဒေါသ ကြီးသောသူသည် သေသည်မှ နောက်၌ ငရဲသို့ ရောက်တတ်၏။ အကယ်၍ ငရဲသို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် အရုပ် ဆိုး အကျည်းတန် တတ်၏။

ဒေါသ မကြီးသူသည် သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက်တတ်၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် အဆင်းလှ၏။

## အခြံအရံ နည်းခြင်း များခြင်း

ဤလောက၌ သူတစ်ပါး ကောင်းစားသည်ကို မနာလို ငြူစူခြင်း (ဣဿာ) တရား အားကြီးသူသည် သေသည်မှ နောက်၌ ငရဲသို့ ရောက်တတ်၏။ အကယ်၍ ငရဲသို့ မရောက်ဘဲ လူအဖြစ်သို့ ရခဲ့လျှင် အခြံအရံ နည်းပါးရ၏။

သူတစ်ပါး ကောင်းစားသည်ကို မနာလို ငြူစူခြင်း ကင်းသူသည် သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက်တတ်၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့သော်မူ အခြံအရံ ပေါများရ၏။

## ဥစ္စာ နည်းပါးခြင်း၊ ဥစ္စာ ပေါများခြင်း

ဤလောက၌ ဒါန မပြုဘဲ မစ္ဆရိယ အားကြီး သူသည် သေသည်မှ နောက်၌ ငရဲသို့ ရောက်တတ်၏။ အကယ်၍ ငရဲသို့ မရောက်ဘဲ လူ့အဖြစ်သို့ ရောက်ခဲ့ ပါလျှင် စည်းစိမ်ဥစ္စာ နည်းပါး၏။

ဒါန ပြုလေ့ ရှိသူသည် သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက်တတ်၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့ပါလျှင် စည်းစိမ်ဥစ္စာ ပေါများ ကြွယ်ဝ၏။

## အမျိုး ယုတ်ခြင်း မြတ်ခြင်း

ဤလောက၌ ခက်ထန် ထောင်လွှား မာနတရား အားကြီးသူသည် သေသည်မှ နောက်၌ ငရဲသို့ ရောက် တတ်၏။ အကယ်၍ ငရဲသို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် အမျိုး ယုတ်ညံ့၏။

မခက်ထန် မထောင်လွှားဘဲ နိဝါတတရား ရှိသူ သည် သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက်တတ်၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူအဖြစ် ရောက် ခဲ့လျှင် အမျိုးမြတ်သူ ဖြစ်ရ၏။

## ပညာ မဲ့ခြင်း ရှိခြင်း

ဤလောက၌ 'အဘယ် တရားသည် ကုသိုလ် တရားပါနည်း၊ အဘယ် တရားသည် အကုသိုလ် တရား ပါနည်း' စသည်ဖြင့် သမဏ ဗြဟ္မဏတို့ထံ၌ မမေး မြန်းသူသည် ပြုသင့်သည်ကို မပြု၊ မပြုသင့်သည်ကို ပြုမိခြင်းကြောင့် သေသည်မှ နောက်၌ ငရဲသို့ ရောက် တတ်၏၊ အကယ်၍ ငရဲသို့ မရောက်ဘဲ လူ့ အဖြစ် သို့ ရောက်ခဲ့သော် ပညာမဲ့သူ ဖြစ်ရ၏။

ကုသိုလ် အကုသိုလ် စသည်တို့ကို မေးမြန်းလေ့ ရှိသူသည် မပြုသင့်သည်ကို ရှောင်ကြဉ်၍ ပြုသင့်သည်ကို

www.burmeseclassic.com



ပြုခြင်းကြောင့် သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက်ရ၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် ပညာကြီးသူ ဖြစ်ရ၏ဟု အကျယ်ဝေဖန် ဟောကြားတော်မူလေသည်။ *

အကုသိုလ်ကံ (အကုသလ ကမ္မပထ တရား) အလိုက် အကျိုး ပေးတတ်ပုံများကို အကျယ် ဟောတော်မူသော သုတ္တန်များသည် အင်္ဂုတ္တိုရ် ပါဠိတော်တွင်လည်း အများအပြား ရှိလေသည်။ (ဤတွင် စာ လေးလွန်းမည် စိုး၍ အကုန် မဖော်ပြနိုင်။ ယင်း ပါဠိတော် ဒသက နိပါတ်တွင် သုတ်ပေါင်း ၂၁ သုတ်ဖြင့် ဟောထားတော် မူပါသည်။)

ဤတွင် သိလွယ်မည် ထင်သမျှကိုသာ အကျဉ်း ဆိုပါမည်။

ယင်း ပါဠိတော် ဒုစရိတပါက သုတ်၌

ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး နှင့် သုရာမေရယပါန ဒုစရိုက်တို့ကို မှီဝဲပွားများ အကြိမ်များစွာ ပြုအပ်သော် ငရဲ တိရစ္ဆာန် ပြိတ္တာဘုံ၌ ဖြစ်ရ၏။

သူ့အသက်ကို သတ်ခြင်း (ပါဏာတိပါတ) ၏ အပေါ့ဆုံး အကျိုးကား အသက် တိုတတ်၏။

မပေးဘဲ ခိုးယူခြင်း (အဒိန္နာဒါန) ၏ အပေါ့ဆုံး အကျိုးကား စည်းစိမ်ဥစ္စာ ပျက်စီးတတ်၏။

သူတစ်ပါး အိမ်ရာ၌ မှောက်မှား ကျူးလွန်ခြင်း (ကာမေသုမိစ္ဆာစာရ) ၏ အပေါ့ဆုံး အကျိုးကား ရန်သူများတတ်၏။

လိမ်လည် ပြောဆိုခြင်း (မုသာဝါဒ) ၏ အပေါ့ဆုံး အကျိုးပေးကား မဟုတ်မမှန် စွပ်စွဲ ခံရတတ်၏။

ချောပစ် ကုန်းတိုက်ခြင်း (ပိသုဏာဝါစာ) ၏ အပေါ့ဆုံး အကျိုးကား အဆွေ ခင်ပွန်းတို့နှင့် ကွဲတတ်၏။

ကြမ်းကြုတ်စွာ ပြောဆိုခြင်း (ဖရုသဝါစာ) ၏ အပေါ့ဆုံး အကျိုးကား မနှစ်သက်ဖွယ်သော အသံ (အသံ မကောင်းသူ) ဖြစ်တတ်၏။

သိမ်ဖျင်းစွာ ပြောဆိုခြင်း (သမ္ဖပ္ပလာပ) ၏ အပေါ့ဆုံး အကျိုးကား မနာယူအပ်သော စကားရှိသူ ဖြစ်တတ်၏။ (မိမိစကားကို သူတစ်ပါး မလေးစား မနာယူ ဖြစ်တတ်ခြင်းကို ဆိုလိုသည်။)

သေရည် သောက်ခြင်း (သုရာမေရယ) ၏ အပေါ့ဆုံး အကျိုးကား အရူး အနှမ်း ဖြစ်တတ်၏ဟု ဟောတော်မူသည်။

တစ်ဖန်

ထိုမှတစ်ပါး နိဂဏ္ဌ နာဋပုတ္တ (ဂိုဏ်း ဆရာကြီး) ၏ တပည့် အသိဗန္ဓက ၏ သား ရွာသူကြီးအား ကြီးပွား ချမ်းသာခြင်းသည် ကုသိုလ်ကံ အကြောင်းကြောင့် ဖြစ်သည်ဟု ဟောတော်မူပုံကို သဠာယတန ဝဂ္ဂသံယုတ်၌ အောက်ပါ အတိုင်း တွေ့ရ၏။

'ရွာသူကြီး၊ ဤကမ္ဘာမှ (နောက်) ကိုးဆယ့်တစ်ကမ္ဘာသို့ တိုင်အောင် ငါ အောက်မေ့သည် ရှိသော် ချက်ပြီး ဆွမ်းကို လောင်းလှူရုံမျှဖြင့် ပျက်စီးဖူးသော အမျိုးသား တစ်ဦး တစ်ယောက်ကိုမျှ ငါမသိ၊ စင်စစ်သော်ကား ကြွယ်ဝကုန်၊ များသော ဥစ္စာ ရှိကုန်၊ များသော ရွှေငွေ ရှိကုန်၊ များသော အသုံးအဆောင် ရှိကုန်၊ များသော ဥစ္စာစပါး ရှိကုန်သော အမျိုးသား အားလုံးသည်

- ပေးလှူခြင်းကြောင့်လည်း ကြီးပွား ကြကုန်၏။
- မှန်ကန်မှု သစ္စာကြောင့်လည်း ကြီးပွား ကြကုန်၏။
- အကျင့် သီလကြောင့်လည်း ကြီးပွား ကြကုန်၏' *

ကံတရားနှင့် စပ်သမျှ ဆိုဖွယ်ရာ များစွာ ကျန်သေး၏။ ထို့ကြောင့် ဘုရားဟော သုတ္တန် သာဓကများကို ကုန်စင်အောင် ဖော်ပြရန် ခက်၏။

ဤမျှလောက် ဆိုရုံဖြင့် ကံတရား၏ ယေဘုယျသဘောကို သိနိုင် လောက်ပြီ ထင်၏။

ဤတွင် အကျွန်ုပ် အတွေးပေါက်ပုံများကို ဆိုချင်ပါသေး၏။ အကျွန်ုပ် အတွေး ပေါက်ပုံမှာ ဤသို့ ဖြစ်လေ၏။

၁။ သုဘလုလင် နှင့် မိလိန္ဒမင်းတို့ မေးကြသည့် ပုစ္ဆာများသည် ခေတ် အဆက်ဆက် လူသားတို့ သိချင်သော မေးခွန်း ပုစ္ဆာများ ဖြစ်ကြလေသည်။ ထိုပုစ္ဆာတို့သည် ဘဝပြဿနာ ပုစ္ဆာများလည်း ဖြစ်ကြကုန်၏။ ထို ပြဿနာများကို အဘယ် ပုဂ္ဂိုလ်၊ အဘယ် ဒဿနပညာရှင်၊ အဘယ် လူသား ကောင်းစားရေး ဝါဒီ ဆိုသူတို့သည် ဗုဒ္ဓလောက် ရှင်းလင်းသော အဖြေကို ပေးနိုင်ခဲ့ကြသနည်း။

အကျွန်ုပ်ကပင် ထိုမေးခွန်း၏ အဖြေကို ဖြေရ

* မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ မြန်မာပြန်၊ စာ ၂၄၆-၂၅၅

* သံယုတ္တနိကာယ် မြန်မာပြန်၊ ၂၊ ၅၀၁

www.burmeseclassic.com



သော် မည်သူမျှ ထိုပုစ္ဆာတို့၏ အဖြေကို ကျေနပ်လောက်အောင် မဆိုထားဘိ၊ တစ်စွန်း တစ်စလောက်ပင် ဟုတ်တိ ပတ်တိ ဖြေနိုင်သူ တစ်စုံတစ်ယောက်ကိုမျှ အကျွန်ုပ် မတွေ့ဖူး မမြင်ဖူးခဲ့ချေ။ အကျွန်ုပ် ညံ့၍လည်း မတွေ့ဖူး မမြင်ဖူးခြင်း ဖြစ်နိုင်ပါ၏။ သို့ဖြစ်လျှင် အကြင် ပညာရှိ ပုဂ္ဂိုလ်သည် တွေ့ဖူးသည် ရှိသော် အဆိုပါ ၁၀ ပုစ္ဆာများကို ဟုတ်တိ ပတ်တိ ဖြေနိုင်ခဲ့ဖူးသူတို့၏ အဖြေကို တင်ပြ စေချင်ပါသည်။ ထိုသို့ တင်ပြပါမူကား ထိုပုဂ္ဂိုလ်အား အကျွန်ုပ်သည် များစွာ ကြည်ညို လေးစား ရပါလိမ့်မည်။

၂။ ပုစ္ဆာ ၁၄ မျိုးတွင် တစ်မျိုး ဖြစ်သော လူသားတို့တွင် တချို့က ပစ္စည်း ဥစ္စာ ချမ်းသာ ကြွယ်ဝကြပြီး တချို့က ပစ္စည်းဥစ္စာ ချို့တဲ့ ဆင်းရဲကြသည်။ ဘာကြောင့် ထိုသို့ ဖြစ်ရပါသနည်း ဆိုသော မေးခွန်းကို လူတို့ မေးခဲ့ကြသည်မှာလည်း ကြာပါပြီ။ အဖြေ ရှာခဲ့ကြသည်လည်း ကြာပါပြီ။ မဟုတ်က ဟုတ်က အဖြေတွေကို ပေးပြီး ပြဿနာကို ကြီးမား နက်ရှိုင်းအောင် ပြုခဲ့ကြသည်လည်း ကြာပါပြီ။ ကမ္ဘာကြီးကား ယနေ့တိုင် ဆင်းရဲချမ်းသာ ကွာဟလျက်ပင် ရှိဆဲ။ ကိုယ့်ကိုယ်ကိုယ် ပညာရှိဟု အထင်ရှိသူတို့က ဆေးမြီးတို များစွာကို ဖော်စပ်ကြပြီး လူ့ဘဝ၏ ထိုလူမှု စီးပွားရေး ရောဂါကို ကုစားဖို့ ကြိုးစားခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်တို့က ရောဂါကို အပေါ်ယံ စမ်းသပ်ပြီးနောက် ဤကဲ့သို့ လူ့ဘဝဝယ် ဆင်းရဲချမ်းသာ ကွာဟနေရသည့် လူမှုစီးပွားရေး အနာကြီး ဖြစ်နေရခြင်းသည် တရား မျှတသော စီးပွားရေး စနစ် မရှိသောကြောင့်ဟု ဆေးချက် ချသူလည်း ရှိပါသည်။ တချို့က မဟုတ်ပါ၊ ဤလူမှု စီးပွားရေး ရောဂါ ဖြစ်ရခြင်းသည် ခေတ်မီ အတတ်ပညာ နည်းနာ ချို့တဲ့ခြင်းကြောင့်ဟု ဆေးချက် ချပါသည်။ တချို့ကမူ ထိုသို့လည်း မဟုတ်ပါ၊ ကမ္ဘာပေါ်မှာ ကုန်သွယ်ရေး စနစ် မညီမျှမှုကြောင့်ဟု ဆေးချက် ချပါသည်။ တချို့ကလည်း ထို အဆိုကို လက်မခံပါ။ ဆင်းရဲနေသော နိုင်ငံများသည် သယံဇာတ အခြေအမြစ် နည်းပါးခြင်း၊ ကိုလိုနီ ကျွန်ပြုမှု လက်အောက်ခံ ဖြစ်ခဲ့ခြင်း၊ ပထဝီ အနေအထား ကောင်းမွန်မှု မရှိခြင်း၊ ခေတ်နောက်ကျနေသေးခြင်း စသည်အားဖြင့် မိမိတို့ ထင်ရာမြင်ရာ ပြောဆိုကာ မန်းမှုတ်သော နည်းဖြင့် ထိုရောဂါကို ကုသရန် လက်တည့် စမ်းနေကြလေသည်။ ဘယ်အဖြေ မှန်ခဲ့ပါသနည်း။

ဘုရား မဟုတ်သော သူလို ငါလို လူတွေက မိမိတို့ စားကောင်းရုံ၊ သောက်ကောင်းရုံ၊ အကျိုးရှိရုံ၊ ပညာရှိ အထင်ခံရရုံ ပြောဆိုနေကြသော ထိုစကားများကို စာရွက်များပေါ်တွင် မှတ်တမ်း တင်ထားခဲ့ကြရာ ထို စာရွက်တို့သည် တောင်ပုံ ရာပုံ ဖြစ်လာသည်။ ပြဿနာက သက်သာရုံမျှ မဖြစ်ပါ။ အနာကား တိုး၍သာ ဆိုးလာသည်။ ယုံကြည်ဖွယ် စကားများ မဟုတ်ဟု အကျွန်ုပ် ဆိုရဲပြီ ဖြစ်ပါသည်။

ထိုပြဿနာကို ဗုဒ္ဓ မြတ်စွာဘုရား သုံးသပ်တင်ပြထားချက်ကို အကျွန်ုပ် နှိုက်နှဲစွာ ကြိုးစား၍ နားလည်အောင် အားထုတ် ကြည့်သောအခါ အဖြေကား များစွာ အံ့သြဖွယ် ကျေနပ်ဖွယ် ဖြစ်လေတော့၏။

ပထမဦးစွာ အသိဗန္ဓက၏ သား ရွာသူကြီးအား မိန့်တော်မူသော စကားတွင်

(၁) ပေးလှူခြင်းကြောင့်လည်း ကြီးပွားကြကုန်၏၊

(၂) မှန်ကန်မှု သစ္စာကြောင့်လည်း ကြီးပွားကြကုန်၏၊

(၃) အကျင့် သီလကြောင့်လည်း ကြီးပွားကြကုန်၏ ဟု ဆိုထားသော အချက်ကို စဉ်းစား သင့်လေသည်။

ထိုသို့ စဉ်းစားသောအခါ ယခုဘဝ ကြီးပွားခြင်းသည် ယခုဘဝ ပြုသော ကာယကံ ဝစီကံ မနောကံနှင့် မဆိုင်၊ အတိတ် ဘဝများက ပြုခဲ့သော ကုသိုလ်ကံ မျိုးစေ့ကြောင့်သာ ဤဘဝမှာ ကြီးပွား ကြရသည်ဟု တွေးယူသင့်ပါသလား။

ဤသို့ ယူသင့်သည်ဟု အကျွန်ုပ် မထင်ချေ။ ဗုဒ္ဓ တရားတော်ကို အဓိပ္ပာယ် ကောက်သည့် အခါတိုင်း ဗုဒ္ဓ ဒိုင်ယာလက်တစ် ဟု ဆိုအပ်သော မဇ္ဈိမ ပဋိပဒါ နည်းကို အစဉ် နှလုံးသွင်း၍သာ အဓိပ္ပာယ် ကောက်ယူသင့်သည် ဟု အကျွန်ုပ် ထင်ပါ၏။

မဇ္ဈိမ ပဋိပဒါ နည်းကို ကိုယ်တိုင် နားလည်ကျင့်သုံးတတ်ဖို့မှာလည်း အလွန် အရေးပါသော ကိစ္စဖြစ်ပါ၏။ မဇ္ဈိမ ပဋိပဒါ နည်းသည် အစွန်း နှစ်ဖက်ကို ဖယ်၍ အလယ် အလတ် ကျင့်သုံးနည်းဟု ယေဘုယျ မှတ်ယူနိုင်ပါ၏။

ဤတွင် အကယ်၍ ဤဘဝ၌ လူတို့ ကြီးပွားချမ်းသာရခြင်းသည် အတိတ် ဘဝက ပြုခဲ့သော ကုသိုလ်ကံများကြောင့်သာ ဖြစ်ရသည်ဟု ယူဆချေသော် ထိုအယူသည် ယခုဘဝ ကြိုးစားလျှင်လည်း ချမ်းသာ ကြီး

www.burmeseclassic.com



ပွားခွင့် မရှိဟု ယခုဘဝ ကံကို ပိတ်ပင် တားဆီးရာ ကျရုံမျှမက အရာရာကို အတိတ်ကံပေါ် ပုံချသော ပုဗ္ဗေကတ ဟေတုက ဝါဒ (Determinism, Fatalism) သက်သက် ဖြစ်သွား ပေလိမ့်မည်။ ဤကား အစွန်း တစ်ဖက် ဖြစ်၏။

မဆိုင်၊ ယခု ဘဝ ဆင်းရဲ ချမ်းသာခြင်းသည် ရှေးဘဝ ကံနှင့် မဆိုင်၊ စီးပွားရေး စနစ်နှင့်သာ ဆိုင် သည်၊ ခေတ် အခြေအနေနှင့်သာ ဆိုင်သည်၊ နည်းပညာ နှင့်သာ ဆိုင်သည်၊ ကုန်သွယ်ရေး မညီမျှမှုနှင့်သာ ဆိုင် သည် ဟူ၍ ကံနှင့် ကံ၏ အကျိုးကို လုံးလုံး ပယ်လျှင် လည်း ထိုအမြင်သည် တစ်ဖက် အစွန်း ရောက်သော အမြင် ဖြစ်၏။

အကြောင်းမဲ့ ဝါဒ အထိ သက်ရောက် သွားပေ လိမ့်မည်၊ သို့မဟုတ် ဒေါသ စေတနာကို အရင်းခံသော အကြမ်းဖက် ဝါဒ (Terrorism) သို့သာ ဆိုက်ရောက် သွားပေလိမ့်မည်။

၃။ ယခု ကမ္ဘာပေါ်တွင် အကြမ်းဖက်ဝါဒ ထွန်း ကားလာသည့် အကြောင်းသည် အတိတ်ကံကို လုံးဝ ပစ်ပယ်သော အယူဝါဒများ ထွန်းကားလာခြင်းကြောင့် ဖြစ်ရသည်ဟု အကျွန်ုပ် တွေးထင်မိပါ၏။ အဘယ်ကြောင့် တွေးထင်ရပါသနည်း ဆိုသော် ဆင်းရဲ ချမ်းသာ ကွာခြား နေရခြင်းသည် လူတွေ အချင်းချင်း မတရား နိုင့်ထက် ကလူ ပြုမှု ဆက်ဆံ နေသောကြောင့်၊ မတရားသော စနစ်ဆိုးများ ရှိသောကြောင့်သာ ဖြစ်ရသည်ဟု ဟော ကြားကာ ထိုစနစ်ဆိုးများကို မုန်းတီး ခါးသီးသော ဒေါ သစိတ်ကို တူထောင်စေပါသည်။ ထိုဒေါသ စေတနာ က လူ့လောကဝယ် မတရား စနစ်ဆိုးများကို တွန်းလှန် ဖယ်ရှား ပစ်ရမည်၊ သုတ်သင် ပစ်ရမည်၊ ထိုသို့ သုတ် သင် ပစ်နိုင်ရန် လက်နက်ကို အားကိုးရမည်၊ အင်အား ကိုပင် အားကိုး ရမည်၊ အကြမ်းနည်းဖြင့် ဆောင်ရွက်မှ ဖြစ်မည်ဆိုကာ အကြမ်း ဖက်လာကြခြင်း ဖြစ်သည်။

အမှန်စင်စစ် အကြမ်း ဖက်လာကြခြင်း၏ မူလ အခြေခံသည် ဆင်းရဲ လွတ်မြောက်ရေး ဖြစ်သော်လည်း ထိုရည်ရွယ်ချက်ကို အကောင်အထည် ဖော်ရာတွင် လူ တို့ ထားသော မူလ စေတနာမှာ ဒေါသ စေတနာ မစ္ဆရိယစိတ် ဖြစ်ရကား ထိုကံသည် ကုသိုလ် မဖြစ်တော့၊ အကုသိုလ်ကိုသာ တိုး ပွား စေ လျက် လူ့ဘဝကို ပိုမို ဆင်းရဲ စေခဲ့လေသည်။ ပိုမို ကျပ်တည်း စေခဲ့လေသည်။ ပိုမို ရှုပ်ထွေး၍ စိုးရိမ် ကြောင့်ကြ များစေခဲ့သည်ကား မျက်မှောက် ကာလဝယ် အထင်ရှားဆုံး အချက် ဖြစ်နေ လေတော့သည်။

ဤတွင် 'အလှူ ပေးခြင်း' ဆိုသော ဗုဒ္ဓ၏ စကားကို အကျွန်ုပ် မည်သို့ နားလည်သည်ကို ရှင်းပြ ပါဦးမည်။

လှူခြင်းကို ဒါနဟု ကျမ်းဂန်မှာ ပြပါသည်။ ဒါနသည် မိမိ ရရှိထားသော ဥစ္စာပစ္စည်းတို့ကို စွန့် လွှတ်ခြင်း ဖြစ်ပါသည်။ စွန့်လွှတ်ခြင်းသည် တပ်မက် ခြင်း တဏှာကို ပယ်သတ်ခြင်းလည်း မည်ပါသည်။ တဏှာကို ပယ်သတ်သူအား လောကီ ချမ်းသာ လော ကုတ္တရာ ချမ်းသာ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်ရုံမျှ မက မိမိလက်ဝယ် ရရှိအပ်သော ပစ္စည်းဥစ္စာတို့သည် ဥစ္စာရင်း မဟုတ် ယာယီဥစ္စာတို့သာ ဖြစ်ကြသည်။ ၎င်းတို့ကို တပ်မက်ကြီးစွာ ထိန်းသိမ်း နေသမျှ ထို မမြဲသော အနိစ္စ (ဥစ္စာ) တို့သည် မိမိကို ဒုက္ခ ပေးနေ မည်ဟု မြင်ခြင်း၊ ဥစ္စာ၏ အစိုးမရခြင်း၊ (အနတ္တ) ကို မြင်ခြင်းကြောင့် စိတ်၏ အဆင့် မြင့်ခြင်း၊ သမာဓိနှင့် ထိုးထွင်းသော ဉာဏ် (ပညာ) ကိုလည်း ဖြစ်ပေါ်စေ ပါသည်။

အလှူ ပေးခြင်းသည် မေတ္တာ (အဒေါသ စေ တနာ) လည်း ဖြစ်ပါသည်။ ဥစ္စာကို သိမ်းပိုက်ထား ခြင်းသည် မိမိကို ရန်သူ များစေပါသည်၊ ဥစ္စာကို ပေးလှူသူအား ဥစ္စာသည် ရန်လည်း မရှာနိုင်၊ သုံးတန် သော စေတနာနှင့် အပြတ်လှူသော အလှူသည် မျက်မှောက် ဘဝမှာရော တမလွန် ဘဝမှာပါ အကျိုး ပေးသည်ကို မျက်မြင် သာဓက များစွာ ရှိပါသည်။ ပေးကမ်းခြင်းဖြင့် ဆင်းရဲ သွားသောသူ ရှားသည်ဟု ထင်ပါသည်။ ဤ ကား လောကီသဘောကို ဆိုခြင်း ဖြစ်ပါသည်။ လောကီ သဘော အရ ဆင်းရဲချမ်းသာ ကွာခြား နေရခြင်းသည် ပစ္စည်း လက်ဝယ် ရှိသူတို့က ရတတ်သမျှကို မိမိ တစ်ဦးတည်း၏ လက်ဝယ် စုဆောင်း (စုပုံ) ထားသော ကြောင့်သာ ဖြစ်ပါသည်။ မိမိမှာ လိုသည်ထက် ပိုနေ သော ပစ္စည်းဥစ္စာကို မရှိ ဆင်းရဲသူတို့ အတွက် စွန့်ကြ မည် ဆိုသော စေတနာသာ ဤလောကမှာ ထွန်းကားပါမူ လောကဝယ် အညီအမျှ ကြီးပွားဖွယ် အကြောင်း အဘယ် ကြောင့် မရှိဘဲ နေပါမည်နည်း။ တစ်ဦး တစ်ယောက် တည်းက လက်ဝါးကြီးအုပ် ပိုင်ဆိုင်လိုသော အယူဝါဒ စနစ်များကြောင့် ဆင်းရဲသူတို့ ဆင်းရဲရသည် ဖြစ်ရာ ပေးကမ်းခြင်းသည် ကြီးပွားခြင်း၏ လောကီ အကြောင်း

www.burmeseclassic.com



လည်း အဘယ်ကြောင့် မဖြစ်ဘဲ နေပါမည်နည်း။ ယနေ့ ကမ္ဘာပေါ်တွင် မိမိမှာ ပိုနေသော ပစ္စည်းဥစ္စာကို ဆင်းရဲသူတို့လည်း ချမ်းသာအောင် ပေးကမ်းလိုသော ဆန္ဒ လူမှာ အဘယ်ကြောင့် မရှိသနည်း။ ထိုဥစ္စာပစ္စည်းများ အားကိုးဖြင့် လက်နက် နိုင်ငံကို ထူထောင်ခြင်း၊ လူအချင်းချင်းကို နိုင်ထက်စီးနင်း ပြုခြင်းကိုသာ အဘယ်ကြောင့် ပစ္စည်းရှင်တို့ ပြုလုပ်ချင်ကြပါသနည်း။

စွန့်လွှတ်လိုသော ဆန္ဒ၊ စွန့် လွှတ် ခြင်း ၏ ချမ်းသာ၊ **စွန့်**လွှတ်ခြင်း၏ လွတ်မြောက်မှု အရသာ၊ **စွန့်လွှတ်**ခြင်း၏ အကျိုး တန်ဖိုးကိုသာ လူသားတို့သည် ဗုဒ္ဓ သင်ကြားတော် မူသည့်အတိုင်း နားလည်ပါမူကား ဤလောကဝယ် ပစ္စည်း ဥစ္စာနှင့် ဆက်ဆံကြရာတွင် မှန်ကန်သော အမြင်များ ဖြစ်ပေါ်လာရန် အကြောင်းများစွာ ရှိသည်ဟု အကျွန်ုပ် မျှော်လင့်မိပါ၏။

မှန်ကန်သော သစ္စာ နှင့် အကျင့်သီလသည် ကြီးပွား ချမ်းသာမှု နာမည်ကောင်း၊ ဂုဏ်သတင်း ဖြစ်ပေါ်မှု၏ အခြေခံများ ဖြစ်သည်ကို အကျွန်ုပ် အထူး တင်ပြနေရန် လိုမည် မထင်ပါ။ အများသိပြီး၊ နားလည်ပြီး၊ လက်ခံပြီး ကိစ္စ ဖြစ်၍ ထို လူ့ဂုဏ်သိက္ခာ လူ့တန်ဖိုးများကို အမွှမ်း မတင်တော့ပါ။

၄။ ဗုဒ္ဓရှင်တော် ဟောကြားအပ်သော အထက်ပါ ပုစ္ဆာ ၁၄ ခုတို့၏ အကြောင်း မူလ တရားသည် ကံ ဖြစ်သည် ဆိုသော အချက်နှင့် သုဘလုလင်အား ကံသာ အကြောင်းရင်း၊ ကံသာ အမွေအနှစ်၊ ကံသာ အဆွေ ခင်ပွန်း၊ ကံသာ အဆွေ အမျိုး၊ ကံသာ အားကိုးရာ စသည်ဖြင့် ဆိုသော စကားတို့သည် လောက ကြီးပွားမှု၊ လောက တိုးတက်မှု၊ လောက ချမ်းသာမှုကို ထိခိုက် နစ်နာစေသော တရားမျိုးလား။ ဤမေးခွန်းကို အကျွန်ုပ် မေးကြည့်မိပါသည်။ ထိုတရားတို့သည် သံသရာ ဘဝ သေသည်မှ နောက်ဘဝကို ဖယ်ထားပါဦး၊ ယခုဘဝ အတွက်လည်း အကျိုးကိုသာ ဖြစ်စေသော တရားများ ချည်းသာ ဖြစ်လေ၏။ ပုစ္ဆာ ၁၄ ချက်တွင် တစ်ချက်ချင်းကို ပြန်ကြည့်ပါ။ ဘယ်လိုပြုလျှင် အပြစ် ဖြစ်သည်၊ မကောင်းသော ဘဝ အခြေအနေကို ရသည်၊ ဘယ်လို ပြုလျှင် ဘယ်စေတနာနှင့် ပြုလျှင် ဘယ်လို ကောင်းသော ဘဝ အခြေအနေကို ရသည် ဆိုသော ကံ၏ နိယာမကို ပြထားသည်။ ကောင်းသော ဘဝကို မျှော်မှန်းသူတိုင်း ဗုဒ္ဓ ပြညွှန်သည့်အတိုင်း လိုက်နာကျင့်သုံးလျှင် အကျိုး ရှိမည်သာ ဖြစ်ပါသည်။ အကျိုး ရှိမည် ဆိုသည်မှာ နောင်ဘဝမှသာ အကျိုး ရှိမည်ကို ဆိုသည် မဟုတ်၊ ယခုဘဝမှာပင် အကျိုး ရှိနိုင်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါ၏။

ဤတွင် ဥပမာ ဝန်တို အားကြီးသူသည် စည်းစိမ် ဥစ္စာ နည်းပါးရသည် ဆိုသော အချက်သည် ဤလောကီသားများ အဖို့ မှန်ပါမည်လားဟု စောဒက တက်ဖွယ် ရှိပါ၏။ ဤအချက် မှန် မမှန် ဆိုသည်မှာ ထိုသူပြုသော ကံ၏ အကျိုး ပေးမှု အလှည့်ကြုံခြင်း အပေါ်မှာ တည်သဖြင့် လောကမှာ မျက်စိ ဒေါက်ထောက် ကြည့်လျှင် သိသာ ထင်ရှားပါသည်။ သုတ္တန် သာဓက များစွာလည်း ရှိပါသည်။

ထို့ကြောင့် ဤကိစ္စကို အထူး မဆိုတော့ပါ။

၅။ အကျွန်ုပ် တွေးမိသော အဓိက အချက်မှာ ကံတရားကို ဗုဒ္ဓသည် 'နိယာမတရား' တစ်ခု အဖြစ် ရှုမြင်ခဲ့ခြင်း ဖြစ်သည်ဟု နားလည်ပါသည်။

ဤအချက်သည် အလွန် ထူးခြားသော အချက် ဖြစ်ပါသည်။ ယခုအခါ ခေတ် သိပ္ပံပညာရှင်များနှင့် စိတ်ပညာရှင်တို့သည် သဘာဝနှင့် စပ်သော ရုပ်နာမ် တရားတို့၏ ဖြစ်ပျက်မှု ဓမ္မတာ နိယာမကို လိုက်ရှာကြရာတွင် (၁) ဥတုနိယာမ (၂) ဗီဇနိယာမ (၃) ကမ္မနိယာမ (၄) စိတ္တနိယာမ နှင့် (၅) ဓမ္မနိယာမ ငါးမျိုး ရှိသည်ဟု (ဗုဒ္ဓက နားလည် နိုင်ခဲ့သော်လည်း) ၎င်းတို့သည် ကမ္မနိယာမမှ တစ်ပါး အခြားသော နိယာမများကို အထိုက်အလျောက် နားလည်ကြပြီး ဖြစ်သော်လည်း ကမ္မနိယာမကိုမူကား ၎င်းတို့က နိယာမ အဖြစ် မြင်နိုင်ကြဟန် မတူချေ။ ကံသည် ဘဝ စတင် ဖြစ်ပေါ်မှုကို လည်းကောင်း၊ ထို ဘဝ အနိမ့် အမြင့် အယုတ် အမြတ် ဖြစ်မှုများ၊ တိုးတက်မှုများ၊ ဆုတ်ယုတ်မှုများ၊ ဘဝဆင်းရဲ ပြတ်မှုများ အားလုံး အတွက် အထောက်အကူ ပြုသော တရား ဖြစ်သည် ဆိုသည်ကို အတိအလင်း ဟောကြားသည်မှာ ဗုဒ္ဓ၏ တရား တစ်ခုသာ ရှိသည်ကို အကျွန်ုပ် တွေ့ရသောကြောင့် အတိုင်းမသိ ဝမ်းသာရပါ၏။ အကျွန်ုပ် အတိုင်းမသိ ဝမ်းသာရသည်မှာ အကျွန်ုပ် ရင်ထဲတွင် ကာလကြာမြင့်စွာ မရှင်းနိုင်ခဲ့သော အတွေး ပြဿနာများကို ဗုဒ္ဓ၏ ကမ္မသီဝရီ ခေါ် ကံတရား သဘော အမြင်ကသာ ရှင်းလင်း ပေးနိုင်သောကြောင့် ဖြစ်ပါတော့၏။

ဤတွင် ဝန်ခံရမည်မှာ ရှေးယခင်ကမူ အကျွန်ုပ်သည် ကံတရား၏ သဘော အမြင်ကို စေ့စေ့စပ်စပ် နား

www.burmeseclassic.com



မလည်သေးရကား 'ကံကို မယုံ' ဟုပင် ပြောဆိုခဲ့ဖူးကြောင်း ဖြစ်ပါ၏။ အမှန်မှာ အကျွန်ုပ် ကံကို မယုံဟု ဆိုခြင်းသည် အတိတ် ကံသည် ယခုဘဝကို လုံးလုံးလျားလျား ပြုပြင် ဖန်တီးသည် ဟူ၍ လူပြိန်းတို့ နားလည်သည့် သဘောကို ဆိုခြင်းသာ ဖြစ်ပါ၏။

၆။ အကျွန်ုပ် အဖို့ အလွန်အမင်း အံ့သြ၍ ကျေနပ်ရသည်မှာ ဗုဒ္ဓသည် ထိုကမ္မ သဘောတရားဖြင့် ဒဿနပြဿနာ အားလုံးကို ဖြေရှင်း နိုင်ခြင်းကြောင့် ဖြစ်ပါ၏။ ဖြေရှင်းနိုင်ပုံကို သိလိုသော သူသည် ဗုဒ္ဓ၏ ကံနှင့် ပတ်သက်သော သဘောတရား အမြင်ကို အကျယ် သိသင့်ပါသည်။ ထိုသို့ သိနိုင်ရန် သင်္ဂြိုဟ်လာ ကံအပြားနှင့် ၎င်းတို့၏ သဘောသွားများကို သုတ္တန်နည်းဖြင့် ရောပေါင်း၍ တင်ပြရန် အားထုတ်ချင်ပါသေးသည်။

၇။ အကျွန်ုပ်သည် ဗုဒ္ဓ ဟောကြားတော်မူသော ကံ အမျိုးမျိုး၏ သဘော သဘာဝကို နားလည် သဘောပေါက် လွယ်စေရန် ဦးစွာ သင်္ဂြိုဟ် ရေတွက်နည်း အတိုင်း စာရင်းချ ကြည့်ပါသည်။

ထိုအခါ အောက်ပါအတိုင်း ရပါသည်။

(က) ကံသည် ပြုဖွယ် အမှုကိစ္စအားဖြင့် လေးမျိုး ရှိကြောင်း ဗုဒ္ဓ ဟောတော်မူပါသည်။ ကိစ္စ လေးမျိုး ဟူသော်ကား

(၁) မျိုးပွားခြင်း ကိစ္စ (reproductive) ဇနကကံ

(၂) ထောက်ပံ့ခြင်း ကိစ္စ (Supportive) ဥပထမ္ဘကကံ

(၃) ကပ်ရောက် နှိပ်စက်ခြင်း (စွဲကပ်ခြင်း)ကိစ္စ (Habitual) ဥပပီဠကကံ

(၄) ဖျက်ဆီး ဖြတ်တောက်ခြင်း ကိစ္စ (Destructive) ဥပဃာတက ကံတို့

ဖြစ်ကြလေသည်။

လောကကို ရှုတတ်လျှင် ထိုကံ (ကမ္မနိယာမ) သည် ပေါက်ပွား ရှင်သန် သေဆုံးတတ်သော သဘော ရှိသော သစ်ပင် အပါအဝင် သက်ရှိလောက အလုံးမှာ ပျံ့နှံ့ လွှမ်းခြုံနေသည်ကို အထင်းသား မြင်နိုင်ပါသည်။

အကျဉ်းအားဖြင့် အထက်တွင် ဆိုခဲ့သော ဇနကကံ ဟူသည့် ဖြစ်ပေါ်ခြင်း ပေါက်ပွားခြင်းကို ဖြစ်စေသော ကံ (ဖြစ်အောင် ဖန်တီးတတ်သော အစွမ်းသတ္တိ) ကို ဆိုပါသည်။

ဒုတိယကံ ဖြစ်သော ဥပထမ္ဘကကံသည် အကျိုးပေးခွင့် ရောက်အောင်၊ အချိန်ရောက်၍ အကျိုးပေးသော အခါ အကျိုးပေး သန်အောင်၊ အကျိုး ပေးပြီး နောက်လည်း ရှည်ကြာအောင် ထောက်ပံ့ ကူညီသော အစွမ်းသတ္တိမျိုးကို ဆိုလို၏။ (သစ်စေ့မှ အပင်ပေါက်ပြီးသော် ပွင့်ချိန် ပွင့်အောင်၊ သီးချိန် သီးအောင်၊ သီးသော အခါ အများအပြား သီးအောင်၊ အများအပြား သီးပြီးသော အခါ မှည့်အောင် ပြုပြင် စီမံလျက် ရှိသော အစွမ်းသတ္တိကို ဆိုလို၏။ လူသတ္တဝါတို့မှာလည်း ပဋိသန္ဓေမှသည် မွေးဖွား ကြီးပြင်း ရှင်သန်လာကာ သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်လာသော သဘော ရှိသည်။ ထိုကဲ့သို့ အချိန် တန်လျှင် အကျိုး ပေးသော သဘောသည် ဥပထမ္ဘကကံ၏ အထောက်အပံ့ ဟု ဗုဒ္ဓ ရှုမြင်တော်မူခြင်းဖြစ်သည်။ တိုးတက်စေသော ကံမျိုး ဖြစ်၏။)

ဤတွင် ကံအကျိုး ပေးရာ၌ ပစ္စတိ 'ရင့်ကျက်၏' ဟူသော ပါဠိတော်သည် အချုပ်ဖြစ်၏။ ကံသည် ကုသိုလ်ကံ ဖြစ်စေ၊ အကုသိုလ်ကံ ဖြစ်စေ ရင့်ကျက်မှ (ဝါ) အချိန်ကျမှ အကျိုးပေးသည် * ဆိုသည်ကိုလည်း သဘောပေါက်သင့်ပါသည်။

တတိယဖြစ်သော ဥပပီဠကကံသည် ထောက်ပံ့သော ဥပထမ္ဘကကံ၏ ဆန့်ကျင်ဘက် အစွမ်းသတ္တိ ဖြစ်သည်။ အကျိုးပေးခွင့် မရအောင်၊ ရပြန်သော်လည်း အကျိုးပေး မသန်အောင်၊ မဖွံ့ဖြိုး မတိုးတက်အောင် ကပ်ငြိ၍ နှိပ်စက်တတ်သော ကံမျိုး ဖြစ်သည်။ ဘဝ၏ ဖြစ်ပေါ် တိုးတက်မှုများကို အပိတ်အပင် အတားအဆီး ဖြစ်စေသော၊ မဖြစ်အောင် နှောင့်ယှက်သော ကံမျိုး ဖြစ်၏။ မြင့်သော မြတ်သော ဘဝ အခြေအနေ၌ မွေးဖွား ရှင်သန်ခွင့် ရပါသော်လည်း အထက်သို့ ဆင့်ကဲ တိုးတက်သွားခြင်း မရှိဘဲ အကြင်သူ၏ ဘဝသည် ပို၍ နိမ့်ကျ နုံချာသော အဖြစ် ဆုံးရှုံး ပျက်စီးသော အဖြစ်သို့ ရောက်သွားအောင် ဆွဲချတတ်သော ကံသည် ဤတတိယ ကံမျိုး ဖြစ်ပါသည်။

စတုတ္ထ ဖြစ်သော ဥပဃာတကကံသည် ဇနကကံ၏ အစွမ်းကြောင့် မွေးဖွား ရှင်သန်လျက် ရှိခြင်းကို ချုပ်ဆုံးသွားအောင် ပိုင်းဖြတ်တတ်သော အလွန် အားသန်သည့် အဖျက်စွမ်းအား ဖြစ်သည်။ သက်ရှိ အားလုံးမှာ သေဆုံးခြင်းလျှင် အဆုံးရှိသည်မှာ ထိုကံကြောင့် ဖြစ်၏။

ဤ ဥပဃာတကကံ (အဖျက်စွမ်းအား) ကို အမျိုးမျိုး နားလည်ရမည်။ ဥပပီဠကကံသည် အခြား

---

* လူသေလူဖြစ် ဝါဒါနုဝါဒ ဝိနိစ္ဆယ ဆုံးဖြတ်ချက်၊ စာ ၅၆၅

www.burmeseclassic.com



ကံတစ်ပါး၏ အကျိုးကို နှိပ်စက်ရာ၌ ချည့်နဲ့ အား နည်းအောင်၊ ဆုတ်ယုတ်အောင်သော နှိပ်စက်နိုင်၏။ တစ်ခါတည်း အပြတ် မဖြတ်နိုင်။ အသေ မသတ်နိုင်။ အပြီး မဖျက်ဆီးနိုင်။ ဤ ဥပဃာတက ကံကသာ အပြတ် ဖျက်ဆီးနိုင်သည်။ အပြီး သတ်နိုင်သည်။

ဤတွင် အကုသိုလ်ကံကို ကုသိုလ်ကံကြီးက အကျိုး မပေးအောင် သတ်နိုင်သည်လည်း ရှိသည်။

ဥပမာ အင်္ဂုလိမာလ၏ ခိုးသား အဖြစ်တုန်းက ပြုခဲ့သော သူ့အသက်ကို သတ်ခြင်း စသော အကုသိုလ် ကို နောင် ရဟန္တာ ဖြစ်သောအခါ ဖြစ်ပေါ်လာသော မဂ်စေတနာကံ ဟူသော ကုသိုလ်ကံကြီးက ဤ တစ် ဘဝတည်းဖြင့် ပြီးအောင် (နောင်ဘဝ၌ ဆက်၍ အကျိုး မပေးနိုင်အောင်) သတ်ဖြတ် သုတ်သင်လိုက်လေသည်။

ရှင်ဒေဝဒတ်သည် မဟဂ္ဂုတ်ဈာန်ကို ရရှိသည် အထိ ကုသိုလ်ကံကြီးများကို ရရှိထားသူ ဖြစ်ပါလျက် အဇာတသတ်ကို သွေးဆောင် ဖြားယောင်းသည်မှ စ၍ ဘုရားသခင်ကို သတ်ရန် ကြံစည်သော၊ သံဃာကို ဂိုဏ်း ကွဲအောင် ပြုသော အကုသိုလ် ကံကြီးများကို ပြုခဲ့ရာ ထို အကုသိုလ် ကံကြီးများက ကုသိုလ်ကံကို ပိုင်းဖြတ် သုတ်သင်ပစ်လိုက်ရာ ကိုယ်ကျိုး နည်းရသည်၊ ငရဲသို့ ကျရောက်ရသည်။

ဤကား ကုသိုလ်ကံကို အကုသိုလ်ကံကြီးက သတ်ဖြတ်နိုင်ပုံ အကျဉ်းမျှသာ သိရုံပြခြင်း ဖြစ်၏။

ဤသို့လျှင် ကံ၏ ကိစ္စသည် လေးပါးအပြား ရှိ၏။ ထိုကိစ္စ လေးရပ်သည် အဖြစ်ဓာတ်နှင့် အဖျက် ဓာတ် (အပြု နှင့် အပျက်) ဆန့်ကျင်ဘက် တရားစုံ ဒွန်တွဲ အားပြိုင်လျက် ရှိသော ဒိုင်ယာလက်တစ် သဘော ကိုပါ နားလည်ထားမှ အလွန် အမြင် ကြည်လင်ပေ လိမ့်မည်။

(ခ) ကံ၏ အကျိုးပေးသော အလှည့်အကြိမ် သဘော အားဖြင့် လေးမျိုးလေးစား ရှိပြန်သည်။

ကံသည် ဘယ်ပုံ အကျိုးပေးတတ်ပါသနည်း။

ဤအချက်သည် လူသား အလွန် သိချင်သော အချက်လည်း ဖြစ်သည်။ ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ကံ၏ အကျိုးပေးပုံ အလှည့် အကြိမ် လေးမျိုး ဟူသော် ကား

(၁) အားကြီး လေးလံသော (ဂရုကံ) လည်း တစ်ပါး၊

(၂) သေခြင်း နီးကပ်ကာလ ပြုသော အခါ (အာသန္နကံ) လည်း တစ်ပါး၊

(၃) အမြဲ လေ့ကျက်သဖြင့် အထုံဝါသနာ ဖြစ် သော (အာစိဏ္ဏကံ) လည်း တစ်ပါး၊

(၄) ရှေးက ပြုခဲ့ဖူးသော်လည်း မေ့ပျောက်ခဲ့ပြီး အမှတ်တမဲ့ ပြုသော (ကဋတ္တာကံ) လည်း တစ်ပါး ဟူ၍ ဖြစ်၏။

ဂရုကံသည် ကြီးလေးသော ကံ ဖြစ်သည်။ ကုသိုလ် အရာ၌ မဟဂ္ဂုတ်၊ လောကုတ္တရာ ကုသိုလ်ကံ သည် ဂရုကံ၊ အကုသိုလ် အရာ၌ မိဘကို သတ်ခြင်း စသော ပဉ္စနန္တရိယကံ ငါးပါးတို့သည် ကြီးလေးသော ကံများ ဖြစ်သည်။ (သဘော အကျယ်နှင့် အယူအဆ ကွဲပြားမှုများကို အရှင် ဇနကာဘိဝံသ၏ ***သင်္ဂြိုဟ်ဘာသာ ဋီကာ၊*** စာမျက်နှာ ၂၉၇ မှာ ရှု)

အာသန္နကံ၊ သေခါနီး (မရဏာသန္နဇော ဝီထိသို့ မရောက်ခင်) အောက်မေ့အပ်သော ပြုအပ်သော ကံသည် အာသန္နကံ မည်၏။ (အချို့ ကုသိုလ်ကံ အကုသိုလ် ကံများကို အသက်ရှင်စဉ် မသေမီ အတော် ဝေးသော ရှေးကာလက ပြုထားခဲ့ပြီး နောက် ထပ်ခါ ထပ်ခါ သတိ မရဘဲ သေခါနီးမှ သတိရ၏။ ထိုသို့ သတိရခြင်းသည် အာသန္နကံ ဖြစ်၏။)

အာစိဏ္ဏကံ၊ အထပ်ထပ် အကြိမ်ကြိမ် ပြုလုပ် သဖြင့် အလေ့အကျင့် ရသော ကံသည် အာစိဏ္ဏကံ မည်ပါသည်။

(သေခါနီးမှ သတိရသော အာသန္နကံ နှင့် အထပ်ထပ်ပြုမြဲ အကျင့် ဖြစ်နေသော အာစိဏ္ဏကံတို့ တွင် အာစိဏ္ဏကံက အာသန္နကံထက် အားရှိသည်ဟု ဆိုနိုင်သော်လည်း အခြားမဲ့ဘဝ၌ ပဋိသန္ဓေ အကျိုးပေး ရာဝယ် မရဏာသန္နဇော ဝီထိနှင့် နီးကပ်သော အာသန္န ကံသာလျှင် သာလွန်၍ အရေးပါ အရာရောက်၏။) *

ကဋတ္တာကံ ရှေးရှေး ဘဝတို့၌ ပြုခဲ့ပြီးသော စေတနာနှင့် ယခု ဘဝတွင် အမှတ်တမဲ့ သာမန်အား ဖြင့် ပြုအပ်သော ကံ (ဂရုကံ အာသန္နကံ အာစိဏ္ဏကံ အခြေအနေသို့ မရောက်သော ကံမျိုး) ဖြစ်၏။

ဤတွင် ဤကံ လေးမျိုးသည် ယခုဘဝမှ လွန် သော် ဒုတိယ ဘဝ၌ ပဋိသန္ဓေ အကျိုး အလှည့်အကြိမ် ကို လိုက်၍ အောက်ပါအတိုင်း ကွဲပြားကြလေသည်။

ထို့ကြောင့် ကံလေးမျိုး ရှိသူတို့၌ နောက်ဘဝ

---

* *သင်္ဂြိုဟ်ဘာသာ ဋီကာ၊ စာ ၂၉၉*

www.burmeseclassic.com



ဝယ် ဂရုကံက ပဋိသန္ဓေ အကျိုးကို ပေး၏။ [လောကီ ဈာန်လည်း မရ၊ အနန္တရိယကံ၊ နိယတမိစ္ဆာ (ကံအကျိုး မရှိဟု အယူမှားမှုလည်း မရှိသော) ယခုကာလ ပုဂ္ဂိုလ် တို့၌ အာသန္နကံ စသော ကံသုံးမျိုး ရှိလျှင် သေခါနီး သတိရတတ်သော ထိုအာသန္နကံက ပဋိသန္ဓေကျိုးကို ပေး၏။]

အာသန္နကံ မရှိသော (လတ်တလော အစိမ်းသေ မှုးမေ့သေ) သူတို့၌ အာစိဏ္ဏကံ အလေ့အကျင့် ရသော ကံမျိုးက ပဋိသန္ဓေကျိုး ပေး၏။

ရှေးက ပြခဲ့သော ဂရုကံ စသော ကံသုံးမျိုး မရှိ လျှင် ကဋတ္တာကံက ပဋိသန္ဓေ အကျိုးကို ပေး၏။

ဤ စကားစဉ်အရ ဗုဒ္ဓ၏ ကံဝါဒသည် မိမိ ပြုသော ကံကသာ နောင်ဘဝတွင် ပဋိသန္ဓေ အကျိုးကို ပေးသည်ဟူသော အချက်တွင် တည်ထားရကား ဒုတိယ ဘဝ၌ ဂတိကောင်းဖို့ မကောင်းဖို့ ဆိုသည်မှာ ယခုဘဝ၌ မိမိတို့ အားရပါးရ ပြုလုပ် ထူထောင်ထားသော ကံပေါ် မှာသာ တည်ရကား ဂတိကောင်းကို လိုသော် ကောင်း သော ကံကို ထူထောင်ထားဖို့သာ အရေးကြီးတော့သည်။

၈။ ဗုဒ္ဓ၏ ကမ္မနိယာမတွင် ဟောကြားထား သော ဤအချက်ကို သိမြင် နားလည်ရသော အခါ အကျွန်ုပ်သည် အလွန့် အလွန် အားရ ကျေနပ်ရလေ တော့၏။ အဘယ်ကြောင့် အားရ ကျေနပ်ရသနည်း ဆိုသော်

(က) ဤတရားသည် ကယ်တင်ရှင်ကို အား ကိုးနေသော၊ သူတစ်ပါး အပေါ် မှီခိုလိုစိတ် ကယ်တင် မည့်သူ ငြိုငြင်မည်ကို စိုးရိမ်နေရသော ပျော့ညံ့သည့် ကြောက်စိတ်များမှ မိမိအား ကင်းဝေးစေကာ ဤဘဝ ဝယ် မိမိမှအပ မိမိကိုယ်ကို ကယ်တင်မည့်သူ မရှိ၊ မိမိသာလျှင် မိမိဘဝကို ကယ်တင်ရှင် အစစ်ဖြစ်သည် ဟူသော ကိုယ့်အားကိုယ်ကိုး စိတ်ကို အခိုင်အမာ ဖြစ် ပေါ်စေသည်လည်း တစ်ချက်။

(ခ) ကံ၏ အစွမ်း သတ္တိကို သိမြင်ခြင်းဖြင့် ပါရမီ အဆောက်အအုံကို ထူထောင်လိုသော အကြင် ပုဂ္ဂိုလ် အဖို့ တစ်ဘဝထက် တစ်ဘဝ အမြင့်တန်း အမြတ် တန်းသို့ ရောက်အောင် ဘယ်လို လုပ်ရမည် ဆိုသော ဘဝမြင့်ကျင့်စဉ် နည်းလမ်းကို ရသည်လည်း တစ်ချက်။

(ဂ) ဤဘဝဝယ် အနေတတ်မှသာ ရှေ့ဆက် ဦးမည့် ခန္ဓာစဉ်တွင် ကောင်းသော ဘဝကို ရအောင် အသေမြတ်ဖြင့် သေနည်း သေခွင့်ကို လည်းကောင်း၊ အနာဂတ် အတွက် မျှော်လင့်ချက် အသစ်များကို လည်း ကောင်း ရရှိသည်လည်း တစ်ချက်။

(ဃ) အကယ်၍ အကျွန်ုပ်သည် ဤ အသက် ရှင်စဉ် ဘဝဝယ် ကောင်းမြတ်သော ဂရုကံများကို ပြုခဲ့ ပါမူ သေလွန်သောအခါ နောင်ဖြစ်မည့် ဘဝ အတွက် ထိုဂရုကံ၏ အကျိုးကို မျှော်လင့်နိုင်ရုံမျှမက ဤဘဝ ဝယ် မိမိ ပြုခဲ့သော ကံတို့သည်သာလျှင် နောင်လာ နောက်သားတို့ အဖို့ အကျိုး ပြုလျက်လည်း ကျန်ရစ် ဦးမည်၊ ခန္ဓာ သေဆုံး ပျောက်ကွယ် သွားသော်လည်း ကံ မသေ မပျောက် ဆက်လက် တည်နေဦးမည်၊ (အကျွန်ုပ် မရှိတော့သည့် အခါ၌လည်း အကျွန်ုပ် ပြုခဲ့ သော ဤစာသည် စာကောင်း စာမြတ် ဖြစ်မှုကား နှစ် ပရိစ္ဆေဒ ကြာမြင့်စွာ ဆက်လက် တည်နေဦးမည်) ဟု ယုံကြည်နိုင်သည်လည်း တစ်ချက်။

ထို့ကြောင့် နှစ်ထောင်း အားရ ဖြစ်ခဲ့ရပါ ကြောင်း ပြောလိုပါ၏။

၉။ ကံ၏ အကျိုးပေးရာ ကာလအားဖြင့်လည်း လေးမျိုး ကွဲပြားပါသေးသည်။

လေးမျိုး ဟူသော်ကား

(၁) ချက်ချင်း မျက်မှောက်ဘဝမှာ အကျိုး ပေး သော ဒိဋ္ဌဓမ္မ ဝေဒနိယကံလည်း တစ်ပါး။

(၂) ဒုတိယ ဘဝ၌ အကျိုးပေးသောကံ ဥပပဇ္ဇ ဝေဒနိယကံလည်း တစ်ပါး၊

(၃) တစ်ပါး အခြားသော ဘဝသို့ ရောက်မှ အကျိုးပေးသော ကံ အပရာပရိယ ဝေဒနိယကံလည်း တစ်ပါး၊

(၄) လုံးလုံး အကျိုးပေးခွင့် မရသောကံ အဟော သိကံလည်း တစ်ပါးတို့တည်း။

ဤကံ အကျိုးပေးရာ ကာလ (အချိန်) ကို ဝေဖန် ဟောကြားရာတွင်လည်း ဗုဒ္ဓသည် ဘယ်လို ကံ မျိုးသည် ဘယ်အချိန်မှာ အကျိုးပေးသည် ဆိုသည်ကို အောက်ပါအတိုင်း ဝေဖန် ဟောကြားတော်မူပြန်ပါသည်။

ဒိဋ္ဌဓမ္မ ဝေဒနိယကံသည် မျက်မှောက်ထင်ထင် တွေ့မြင်အပ်သော ပစ္စုပ္ပန် အတ္တဘော၌ ခံစားအပ်သော ကံဟု ဆိုအပ်၏။ ဒိဋ္ဌဓမ္မ ဝေဒနိယကံသည် (၇) ရက် အတွင်း အကျိုးပေးလျှင် ပရိပက္က ဝေဒနိယ (ရင့်ကျက် သော ဒိဋ္ဌဓမ္မ ဝေဒနိယကံ) ဆိုသည်။

ဇော (၇) ချက်တွင် ပထမဇော စေတနာကို

www.burmeseclassic.com



ယခု မျက်မှောက် ဘဝမှာ အကျိုး ပေးခြင်းကြောင့် ဒိဋ္ဌဓမ္မ ဝေဒနီယကံ ခေါ်သည်ဟုလည်း ဆိုပါသည်။

ခုလုပ် ခုဖြစ်သော သဘော များစွာ ဤလောက မှာ ရှိပါသည်။ အကျယ် ရေးလည်း ဆုံးအံ့ မထင်ပါ။

ဘုရားရှင် လက်ထက်တော်အခါ ဒိဋ္ဌဓမ္မ ချက်ချင်း အကျိုး ပေးခဲ့သော ကောင်းမှုကံ အကျိုးပေးပုံ ဝတ္ထု များ၊ မကောင်းမှုကံ အကျိုးပေးပုံ ဝတ္ထု အများအပြား ပင် ရှိပါသည်။

ဥပမာ မဟာဒုက်သည် ကဿပ ဘုရားရှင်အား ဆွမ်းကပ်လှူခြင်းကြောင့် ချက်ချင်း စီးပွား တိုးတက်၍ သူဌေး ဖြစ်၏။ (ဓမ္မပဒ၊ ပဏ္ဍိတဝဂ်မှာ ရှု)

ပုဏ္ဏ မည်သော ဆင်းရဲသား ဇနီးမောင်နှံတို့ သည် ရှင်သာရိပုတ္တရာကို ဆွမ်း လှူရခြင်းကြောင့် ချက်ချင်း ဉစ္စာတိုးလျက် သူဌေး ဖြစ်ကြလေသည်။

နန္ဒ မည်သော လုလင်သည် ဥပလဝဏ် ထေရီမ ကို မတရား ပြုကျင့်သောကြောင့် ချက်ချင်း မြေမျိုသော ဝတ္ထုသာဓက၊ နွားသတ်သမား နန္ဒ နွားလျှာကို အရှင် လတ်လတ် လှီးဖြတ်၍ ကင်စားရာ ချက်ချင်းပင် သူ၏ လျှာ ပြတ်ကျသော သာဓကများ ရှိပါသည်။

(အလားတူ ဝတ္ထုများ ဥပရိပဏ္ဏာသ၊ ဒေဝဒဟ သုတ္တန္တ ကထာမှာ ရှု။)

လူသားသည် ဒိဋ္ဌဓမ္မ အကျိုးကို မျှော်ကိုးတတ် ကြပါသည်။ ခုရေတွင်းတူး ခုရေကြည် သောက်လိုသော ဆန္ဒ ရှိပါသည်။ ခုဘူးပင်စိုက် ခုဘူးသီး စားလိုသော် လည်း အခါခပ်သိမ်း ထိုဆန္ဒ မပြီးနိုင်ပါ။ တချို့ အယူ ဝါဒ လွဲမှားသူတို့က ထုံးအိုးထဲ လက်နှိုက်လျှင် ချက်ချင်း ဖြူသလို ကတ္တရာပုံးထဲ လက် နှိုက်လျှင် ချက်ချင်း မည်းသလို ဖြစ်မှ ဒိဋ္ဌဓမ္မ ဖြစ်သည် ထင်သည်။ ရောဂါ ဖြစ်ရာမှာပင် ဆေးကု ဆေးထိုးလျှင် ချက်ချင်း ပျောက် သည် ဆိုသော်လည်း တစ်ရက် တန်သည် နှစ်ရက် တန်သည် ဆေးစွမ်းပြအောင် စောင့်ရသည်ကို သဘော ကျသင့်ပါသည်။

သို့ရာတွင် ကျမ်းဂန်၌ ဒိဋ္ဌဓမ္မ အကျိုးသည် ကြီးကျယ်ခြင်း မရှိတတ်ကြောင်း၊ ဒိဋ္ဌဓမ္မ အကျိုးသည် အကူအညီ အထောက်အပံ့ ကောင်းမှ ရတတ်သည်၊ ထိုပြင် ဆန့်ကျင်ဘက်တို့ မလွှမ်းမိုး မနှိပ်စက်မှသာ ဒိဋ္ဌဓမ္မ အကျိုးကို ပေးနိုင်သည်၊ ဆန့်ကျင်ဘက် စွမ်းအား များနှင့် ရင်ဆိုင်ရလျှင် ပျက်စီးလွယ်သည် ဟူသော အချက်များကိုလည်း သိအပ်သည်။

ဤတွင် မြတ်စွာဘုရားအား အခု ကုသိုလ်ပြု အခု မချမ်းသာကြ၊ အခု အကုသိုလ်ပြု အခု မဆင်းရဲကြ၊ အဘယ်ကြောင့်နည်း၊ ဤကိစ္စနှင့် ပတ်သက်၍ မကျေ နပ်သူတို့က မေးစမ်းကြဖူးလေသည်။

ဓမ္မပါဒ ပါဠိတော်တွင် အောက်ပါ အတိုင်း ဖြေကြားထားသည်ကိုလည်း သတိမူရာသည်။

(က) မကောင်းမှု ပြုသောသူပင် ဖြစ်သော်လည်း မကောင်းမှု အကျိုး မပေးသေးသရွေ့ ကာလပတ်လုံး ကောင်းမြတ်သော အာရုံကို တွေ့မြင် နိုင် သေး ၏။ မကောင်းမှု အကျိုးပေးသော အခါ၌မူကား မကောင်းမှု ပြုသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏။

(ခ) ကောင်းမှု ပြုသောသူပင် ဖြစ်သော်လည်း ကောင်းမှု အကျိုး မပေးသေးသရွေ့ ကာလပတ်လုံး မကောင်းသော အာရုံကို တွေ့မြင်နိုင်သေး၏။ ကောင်းမှု အကျိုးပေးသော အခါ၌မူကား ကောင်းမှု ပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့မြင် ရလေတော့၏။ *

ဤဗုဒ္ဓ၏ အဖြေကို လောက မျက်မြင် အများ အပြားပင် ရှိပါသည်။ အထူး ပြနေစရာ မလိုတော့ပါ။

ကံ အကျိုးပေးသော ကာလသည် ဤအသက် ရှင်စဉ် တစ်ခဏ ကာလ (ပုခက်နှင့် ခေါင်း အကြား ကာလ) သာ မဟုတ်သည်ကိုလည်း နားလည်သင့်ပါ သည်။ တချို့ ထေရဝါဒကို အဓိပ္ပာယ် လွဲမှားအောင် အမျိုးမျိုး ကောက်ယူရန် အားထုတ်ကြသူများလည်း ဤနိုင်ငံတွင် ပေါ်ပေါက်ဖူးပါသည်။ (အကျယ် မဖော်ပြ တော့ပါ။ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့များက ဆုံးဖြတ်ထားသော အမှုများကို လေ့လာကြည့်လျှင် သိ နိုင်ပါသည်။ )

အကျွန်ုပ်သည် လူ့လောက အတွက် ဘယ်နည်း နှင့်မျှ အကျိုးမပြုသော တစ်ဘဝပြီး ဝါဒများကို အလွန် ရွံမုန်းပါသည်။ ထိုဝါဒများသည် ရုပ်ကြမ်းဝါဒများသာ ဖြစ်ကြသည်။ လူတို့၏ အကျင့်သီလကို လည်းကောင်း၊ သစ္စာဓမ္မ မေတ္တာဓမ္မကို လည်းကောင်း အားမပေးသော အဓမ္မ ဝါဒများသာ ဖြစ်ကြသည်ဟုလည်း မုချ ယုံကြည် နေပြီ ဖြစ်ပါသည်။

မြတ်စွာဘုရားက ကံသည် အကျိုး မပေးဘဲ အလိုလို ကင်းပျောက်သွားသည် မရှိပုံကို အင်္ဂုတ္တိုရ် ဒသက နိပါတ်၌ လာသော သဉ္စေတနိက သုတ်နှင့်

---

* *ခုဒ္ဒက မြန်မာပြန်၊ (၄)*
*အနာထပိဏ္ဍိက သေဋ္ဌိသုတ်၊ စာ ၃၀*

www.burmeseclassic.com



ကရဇာက သုတ်တွင် ဟောကြားခဲ့ပါသည်။ အကျဉ်း နည်း ဖော်ပြပါမည်။

'ရဟန်းတို့၊ စေ့ဆော် အားထုတ် ပြုလုပ် ဆည်းပူး အပ်ကုန်သော ကံတို့၏ အကျိုးကို မခံစားရဘဲ ကင်း ပျောက်ခြင်းကို ငါမဆို၊ ထိုအကျိုးကိုလည်း မျက်မှောက် ဘ၀၌ ဖြစ်စေ၊ နောက်ဘ၀ အဆက်ဆက်၌ ဖြစ်စေ ခံစားရ၏' *

ဗုဒ္ဓ၏ အထက်ပါ စကားရပ်သည် ကံ၏အကျိုး ပေးရာ ကာလ အစဉ်ကို ဖော်ပြပါသည်။

ဒိဋ္ဌဓမ္မ ဝေဒနိယကံသည် ယခု မျက်မှောက် ဘဝမှာ အကျိုးပေးပါသည်။

ဥပပဇ္ဇ ဝေဒနိယကံသည် ဒုတိယ ဘ၀ဝယ် အကျိုးပေးပါသည်။

အပရာပရိယ ဝေဒနိယကံသည် တတိယ ဘ၀မှ စ၍ အလှည့်ကြုံရာ အဆက်ဆက်သော ဘ၀၌ အကျိုး ပေးပါသည်။

အကျိုးပေးခွင့် မရဘဲ ဖြစ်သွားသော အဟော သိကံလည်း ရှိပါသည်။

ဤတွင် အဟောသိကံ အကြောင်းကို သိရန် အနည်းငယ် ဆိုပါဦးမည်။

အဟောသိကံသည် လုံးလုံး အကျိုး မပေးသည့် ကံဟု ဆိုပါသည်။ ပစ္စုပ္ပန် ဘဝ၌ ဒိဋ္ဌဓမ္မ အကျိုး ပေး နိုင်လောက်သော ကံ အများကို အားထုတ်ထားလျှင် ကံ တစ်ခုက အကျိုးပေး၏။ ကြွင်းသော ကံများ ဒိဋ္ဌဓမ္မ အကျိုးမပေးဘဲ အဟောသိကံ ဖြစ်ကြောင်း ကျမ်းဂန်မှာ ဆိုပါ၏။ ဘ၀ တစ်လျှောက်မှာ တခြား ကံ တစ်ခုက အကျိုး ပေးသဖြင့် အကျိုးမပေးဘဲ အချည်းနှီး ဖြစ်သွား ရသော ကံတို့သည်လည်း များပါသည်။ အကျွန်ုပ်လည်း ရှေးက နိုင်ငံရေးတွင် ပါဝင် စွက်ဖက်ခဲ့ဖူးသော ကံက အကျိုးပေးသဖြင့် နိုင်ငံခြား ပညာတော်သင် ရွေးချယ် ခံရပြီးခါမှ ကြိုးပမ်းမှုများ အားလုံး အဟောသိကံ အချည်းနှီး ဖြစ်သွားခဲ့ရဖူးပေရာ ထို အဟောသိကံ၏ သဘောများကိုလည်း နားလည်တတ်ပါပြီ။

ဤတွင် ကံအကျိုး ပေးရာ၌

(၁) ဂတိ သမ္ပတ္တိ = ကောင်းသော ဘ၀ အခြေ အနေ

(၂) ဥပဓိ သမ္ပတ္တိ = ကောင်းသော ကိုယ်ရည် ကိုယ်သွေး

(၃) ကာလ သမ္ပတ္တိ = ခေတ်ကောင်း အချိန် ကောင်း

(၄) ပယောဂ သမ္ပတ္တိ = ကောင်းစွာ လုံ့လပြုမှု တို့သည် ကုသိုလ်ကံ အကျိုးပေးခွင့် ရရန် ထောက်ကူ သော အခြေအနေ (Positive Conditions) များ ဖြစ် ကြပါသည်။ အလားတူ အကုသိုလ်ကံ အကျိုးပေးခွင့် ရရန် အထောက်အပံ့ အခြေအနေ (Negative Conditions) ဝိပ္ပတ္တိတရားများလည်း လေးမျိုးပင် ရှိပါသည်။

သို့ဖြစ်ရာ

ဤလောကတွင် ကောင်းသော အလုပ်ကို လုပ် သဖြင့် ကောင်းကျိုးပေးသည်လည်း တစ်ရပ်၊

ကောင်းသော အလုပ်ကို လုပ် သော် လည်း မကောင်းကျိုး ပေးသည်လည်း တစ်ရပ်၊

မကောင်းသော အလုပ်ကို လုပ်သဖြင့် မကောင်း ကျိုး ပေးသည်လည်း တစ်ရပ်၊

မကောင်းသော အလုပ်ကို လုပ် သော် လည်း ကောင်းကျိုး ပေးသည်လည်း တစ်ရပ်၊

ဖြစ်တတ်သည်ကိုလည်း တွေ့ကြုံ ခံစား နေရ တတ်ပါ၏။ ထိုသို့ ဖြစ်ရခြင်း အကြောင်းကိုလည်း လူသားတို့ သိချင်လှပါ၏။ မြတ်စွာဘုရားသည် ထို အကျပ်အတည်း မေးခွန်းကိုလည်း ကျေနပ်ဖွယ် ဖြစ် အောင် ဖြေကြားတော်မူခဲ့ပါ၏။

ထို အမေးပုစ္ဆာ လေးမျိုးကို ရှင်းလင်း ဖြေ ကြားတော်မူသော ဒေသနာသည် ဥပရိပဏ္ဏာသ မဟာ ကမ္မ ဝိဘင်္ဂ သုတ်တော်မှာ လာပါသည်။

ပေါတလိပုတ္တ ပရိဗိုဇ်၏ အမေးကို အရှင် သိဒ္ဓိ သည် ခွဲခြမ်း စိတ်ဖြာ ဝေဖန်၍ ဖြေဆိုသင့်လျက် တစ် ဖက်သတ် ဖြေဆိုမိခြင်းနှင့် စပ်လျဉ်း၍ ကံ အမျိုးမျိုးကို ဝေဖန် ဟောကြားတော် မူလိုသော မြတ်စွာဘုရားသည်

(၁) မျက်မှောက် ဘဝ၌ ဒုစရိုက် ဆယ်ပါးတို့ကို ပြု၍ သေသည်မှ နောက်၌ ငရဲသို့ ရောက်ရသော ပုဂ္ဂိုလ်၊

(၂) မျက်မှောက် ဘဝ၌ ဒုစရိုက် ဆယ်ပါးတို့ကို ပြုပါလျက် သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက် ရသော ပုဂ္ဂိုလ်၊

(၃) မျက်မှောက် ဘဝ၌ ဒုစရိုက် ဆယ်ပါးမှ ရှောင်ကြဉ်၍ သုစရိုက် ဆယ်ပါးတို့ကို ပြု၍ သေသည်မှ နောက်၌ နတ်ပြည်သို့ ရောက်ရသော ပုဂ္ဂိုလ်၊

---

* *အင်္ဂုတ္တရ နိကာယ် မြန်မာပြန်၊ (၃)၊ စာ ၄၈၇*

www.burmeseclassic.com



(၄) မျက်မှောက် ဘဝ၌ ဒုစရိုက် ဆယ်ပါးကို ရှောင်ကြဉ်၍ သုစရိုက် ဆယ်ပါးကို ပြု၍ သေသည်မှ နောက်၌ ငရဲသို့ ရောက်ရသော ပုဂ္ဂိုလ်။

ဤလေးမျိုးသော ပုဂ္ဂိုလ်တို့ကို ခေါင်းစဉ်ထား၍ တစ်ပါးသော သမဏ ဗြာဟ္မဏတို့ အယူတွင် ခွင့်ပြုနိုင်သော အယူ၊ ခွင့်မပြုနိုင်သော အယူတို့ကို ဝေဖန်တော်မူပြီးလျှင် အချုပ်အားဖြင့် ဤသို့ ဟောတော် မူလေသည်။

(၁) ပဌမ ပုဂ္ဂိုလ်၊ ထိုသူသည် ဒုစရိုက်ကံ၏ ရှေ့က ဖြစ်စေ၊ နောက်မှ ဖြစ်စေ ဒုက္ခ ဝေဒနာကို ဖြစ်စေတတ်သော (အကြောင်း) ယုတ်မာသော ကံကိုပြု၏။ သေခါနီး ကာလ၌လည်း ထိုသူသည် မိစ္ဆာ အယူကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏။ ထိုယုတ်မာသော ကံကြောင့် ငရဲသို့ ရောက်ရ၏။ လူ့ပြည်၌ ပြု ခဲ့ သည့် ဒုစရိုက်ကံ၏ အကျိုးကို မျက်မှောက် ဘဝ၌ ဖြစ်စေ၊ ဒုတိယ ဘဝ၌ ဖြစ်စေ၊ တစ်ပါးသော ထိုထိုဘဝ၌ ဖြစ်စေ ခံစားရ၏။

(၂) ဒုတိယ ပုဂ္ဂိုလ်၊ ထိုသူသည် ဒုစရိုက်ကံ၏ ရှေ့က ဖြစ်စေ၊ နောက်မှ ဖြစ်စေ သုခဝေဒနာကို ဖြစ်စေတတ်သော (အကြောင်း) ကောင်းသော မြတ်သော ကံကို ပြု၏။ သေခါနီး ကာလ၌လည်း မှန်သော အယူကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏။ ထိုကောင်းသော ကံကြောင့် နတ်ပြည်သို့ ရောက်ရ၏။ လူ့ပြည်၌ ထိုသူ ပြုခဲ့သော ဒုစရိုက် ကံ၏ အကျိုးကိုကား မျက်မှောက် ဘဝ၌ ဖြစ်စေ၊ ဒုတိယ ဘဝ၌ ဖြစ်စေ၊ တစ်ပါးသော ထိုထိုဘဝ၌ ဖြစ်စေ ခံစားရ၏။

(၃) တတိယ ပုဂ္ဂိုလ်၊ ထိုသူသည် သုစရိုက် ကံ၏ ရှေ့က ဖြစ်စေ၊ နောက်မှ ဖြစ်စေ သုခဝေဒနာကို ဖြစ်စေတတ်သော (အကြောင်း) ကောင်းသော ကံကြောင့် နတ်ပြည်သို့ ရောက်ရသည်။ လူ့ဘဝ၌ ပြုခဲ့သော ဒုစရိုက်ကို ရှောင်ကြဉ်ခြင်း၊ သုစရိုက်ကိုသာ ပြုလုပ်သော ကံ၏ အကျိုးကို မျက် မှောက် ဘဝ၌ ဖြစ်စေ၊ ဒုတိယ ဘဝ၌ ဖြစ်စေ၊ တစ်ပါးသော ထိုထိုဘဝ၌ ဖြစ်စေ ခံစားရ၏။

(၄) စတုတ္ထ ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်သည် သုစရိုက် ကံ၏ ရှေ့က ဖြစ်စေ၊ နောက်မှ ဖြစ်စေ ဒုက္ခ ဝေဒနာ၏ (အကြောင်း) မကောင်းသော ယုတ်မာသော ကံကို ပြုခဲ့၏။ သေခါနီး ကာလ၌လည်း မှားယွင်းသော အယူဝါဒများကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏။ ထိုယုတ်မာသော ကံကြောင့် ငရဲသို့ ရောက်ရ၏။ လူ့ဘဝ၌ ပြုခဲ့သော ကောင်း မြတ်သော သုစရိုက် ကံ၏ အကျိုးကို မျက်မှောက် ဘဝ၌ ဖြစ်စေ၊ ဒုတိယ ဘဝ၌ ဖြစ်စေ၊ တစ်ပါးသော ထိုထိုဘဝ၌ ဖြစ်စေ ခံစားရ၏။ *

ဗုဒ္ဓ ရှင်တော်မြတ်၏ ကမ္မဝါဒကား အဘက်ဘက်မှ ပြည့်စုံ ကြွယ်ဝသော သဘောတရား ဖြစ်သည်ကို အကျွန်ုပ် ဘဝင်ကျစွာ နားလည်ရလေပြီ။ ဗုဒ္ဓက ကံ၏ တူသော အကျိုး ပေးတတ်ပုံကိုလည်း သုဘလုလင်၏ အမေးကို ဖြေရာတွင် သဘော ကျအောင် ဆိုခဲ့လေပြီ။ သူ့အသက်ကို သတ်သောသူအား ဤဘဝမှာသာ ကြီးပေး အသတ် ခံရတတ်ပုံကို လည်းကောင်း၊ ဤဘဝ၌ ပေးလှူစွန့်ကြဲခြင်းဖြင့် သူတစ်ပါးအား ချမ်းသာစေမှုကံသည် ဘဝ အဆက်ဆက်၌ တူသော အကျိုးဥစ္စာ စီးပွားများစွာကို ပေးလာတတ်ပုံကို လည်းကောင်း အကျွန်ုပ် ရှုမြင်နိုင်ပြီ ဖြစ်ပါသည်။

ထို ကမ္မဝါဒသည်ပင် အကျွန်ုပ်၏ စိတ် အထင်တွင် အထူးခြားဆုံးသော လောကအမြင် တစ်ရပ်လည်း ဖြစ်နေလေသည်။ ဗုဒ္ဓကဲ့သို့ ဉာဏ်အထူး မရှိသဖြင့် နောင်ဘဝ နတ်ဘဝများ အထိ မမြင်နိုင်သည် ထား၊ ယခု မျက်မှောက် ဘဝမှာပင် ရှေး (ငယ်စဉ်)က ပြုသော ကံတို့ နောင် (ကြီးခါ) ကောင်းကျိုး ဆိုးကျိုး ပေးတတ်ပုံများကို အလွန် မြင်လွယ်ပါသည်။

အကျွန်ုပ် အဖို့ ဤ ကံတရား အမြင်သည် တန်ဖိုး အနဌ ထိုက်သော အမြင်ဟု ထင်ဖွယ် အကြောင်းလည်း ထင်ရှား ရှိပါ၏။ ထိုအကြောင်းကား ကံ တရားကို နားလည်ပြီးသူ အဖို့ ဤလောကဝယ် ဘယ်လို အခက်အခဲ အကျအရှုံး နှင့် ရင်ဆိုင်ရသည် ဖြစ်စေ ကမ္မသီဝရီ အရ ဖြေရှင်းနိုင်သည် ဖြစ်ရကား အကျပ်အတည်းမှ အစဉ် ထွက်ပေါက်ရှိသော တရား၊ ဘဝကို ခံနိုင်ရည် ရှိစေသော တရား၊ ဘဝမြင့် ခရီးသို့ လျှောက်သွားလိုသူအား လမ်းညွှန်သော တရားဟူ၍ ယုံကြည်ဖွယ် ဖြစ်သောကြောင့် ဖြစ်သတည်း။

---

* မဇ္ဈိမနိကာယ် (မြန်မာပြန်)၊ ၃ - ၂၅- ၂၆၀

www.burmeseclassic.com

www.burmeseclassic.com



ကံ ကမ္မသကာ ဆိုသော စကားကို အတန်အသင့် နား လည်သည်မှ စ၍ အကျွန်ုပ်သည် ဘဝ၏ အဓိပ္ပာယ်ကို လည်း မြင်လာပြီး ဘဝ၏ တန်ဖိုးကိုလည်း သိလာသည် ဟု ဆိုချင်ပါသည်။

ထိုသို့ ဆိုရသော အကြောင်းသည် များစွာ ရှိပါ ၏။ ထိုအကြောင်းများကို ပြောရလျှင် အကျွန်ုပ်ကဲ့သို့ သော ဘဝ၏ အဓိပ္ပာယ်ကို စူးစမ်းသူ၊ ဘဝ၏ တန်ဖိုးကို ရှာသူများ အတွက် ထိုက်သင့်သလို အကျိုး ရှိလိမ့်မည် ထင်၍ ဆိုချင်ပါသည်။

ပထမ အကြောင်းသည် ဤသို့ ဖြစ်ပါသည်။

အကျွန်ုပ်သည် တစ်ခါတစ်ရံ အတွေး လွန်ပြီး ဘဝကို အနှစ်မရှိ အချည်းနှီးသော နေခြင်းဟု ထင်လေ့ ရှိပါ၏။ ထိုသို့ ထင်သည်မှာ အကြောင်းမဲ့ မဟုတ်ပါ။ ဘဝပဓာန ဝါဒီများကဲ့သို့ သေခြင်း အဆုံး ရှိသော ဘဝကို မြင်နေသောကြောင့် ဖြစ်၏။ အ ကျွန်ုပ် ၏ အမြင်မှာ ထိုသူတို့နှင့် တူချင်လည်း တူမည်။ ဘဝ ပဓာန ဝါဒီများက 'ဘဝသည် ဖြစ်လာမှ အနှစ်သာရ ရှိလာခြင်း ဖြစ်သည်' ဟု မြင်ကြလေသည်။ အနှစ်သာရ များ ရှိလာအောင် လုပ်ခြင်းကိုတော့ ဘဝ၏ တန်ဖိုးဟု မြင်လိုခြင်း မရှိကြချေ။ ဘဝ ဟူသည် ဖြစ်တည်လာ ခြင်းကို ဆိုခြင်းဖြစ်ရာ ဖြစ်လာသမျှကို လူသည် ခေါင်း မရှောင်သင့်၊ ထမင်း ရေပူလာ လျှာလွှဲ မလုပ်သင့်၊ ရဲစိတ်ဖြင့် ရင်ဆိုင်ဖို့ ဟောခဲ့ကြလေသည်။ သူတို့ ဟော သော ထိုတရားကိုတော့ အကျွန်ုပ် သဘောမကျ။ သူတို့ ပြောပုံက မိုက်ရူးရဲလို ဖြစ်နေသည်။ သူတို့ ဟောသည့် တရားထဲတွင် ဘဝကို မှန်မှန်ကန်ကန် ရှုမြင်သော ဘဝ သစ္စာတရား မပါဟုလည်း အကျွန်ုပ် ထင်သည်။

အကျွန်ုပ် အမြင်မှာ ထိုသို့ မဟုတ်ချေ။ ဘဝမှာ ဘာတွေ လုပ်ခဲ့ လုပ်ခဲ့ ဘာကြီး ဖြစ်ခဲ့ ဖြစ်ခဲ့ သေတော့ လည်း အားလုံး အချည်းနှီး ဖြစ်သွားမှာပဲ၊ ဘဝမှာ ဟုတ်နိုးထင်ပြီး ရှာခဲ့သော ပစ္စည်း တန်ဖိုးတွေ၊ ပညာ တန်ဖိုးတွေ၊ နာမည် တန်ခိုးတွေ၊ ထင်ပေါ် ကျော်ကြား ခြင်းတွေ အားလုံး သေသည်မှ နောက်၌ အလကား ဖြစ်သွားကြမှာပဲ၊ အဟောသိကံ ဖြစ်သွားကြမှာပဲ၊ တန်ဖိုး ဆိုတာ လူ့ အဖွဲ့အစည်းထဲမှာ အသက် ရှင်နေစဉ် အခါ သာ ရှိတာ၊ သေလျှင် (သို့) လူ့ အဖွဲ့အစည်း၏ ပြင်ပ သို့ ရောက်သွားလျှင် လူသားသည် ဘဝ၌ ရအပ်သော ဘာတန်ဖိုးမျှ မရှိဟု မြင်ခဲ့သောကြောင့် ဖြစ်၏။ ထို စိတ် ထိုအမြင်သည် ဘဝကို မကောင်းမြင်သည့် စိတ်၊ မကောင်းမြင်သော အမြင် ဟု ဆိုဖွယ် ရှိ၏။ သို့ဆိုလျှင် လည်း ဆိုသင့်၏။ သို့သော် ဘဝကို အဟုတ် အဟပ် ထင်၊ အကောင်းမြင်ပြီး ကိုယ့်ကိုယ်ကိုယ် အထင် ကြီး နေခြင်း၊ ခြေဖျား ထောက်နေခြင်းကိုလည်း အကျွန်ုပ် မျက်စိထဲတွင် ရူးခြင်း မိုက်မဲခြင်း တစ်မျိုးဟု သတ်မှတ် ထားခဲ့ဖူးလေသည်။

ကံ နှင့် ကံ၏ သတ္တိ၊ ကံ၏ အကျိုးပေး စသော ကမ္မ နိယာမများကို အတန် အသင့် သိမြင်လာသော အခါ ထိုအနိဋ္ဌာရုံ ဘဝ အမြင် ကင်းပသွားလေတော့၏။

ဒုတိယ အကြောင်းသည် ဘဝကို အလေးအမြတ် ထားအပ်သော အရာ၊ တန်ဖိုး ထားအပ်သော အရာဟု မြင်လာခြင်း ဖြစ်၏။ ထိုသို့ မြင်ခြင်းသည် ဘဝ၏ အဓိပ္ပာယ်ကို မြင်ခြင်းဟုလည်း ဆိုသင့်ပါသည်။

ကံကို မြင်သည်မှ စ၍ လောကမှာ ဒုစရိုက် ဆယ်ပါး အကုသိုလ် တရားများကို လေ့ကျက်ပြီးနောက် သေဆုံးသွားလျှင် ကွယ်လွန်သူ ဓမ္မကထိက ဆရာကြီး ဦးလှသိန်း ဟောသော တရားပြ ပုံပြင်ထဲကလို 'နောက် ဆုံး ငရစ်သေတော့ လက်ထဲ ဘာမှ မကျန်ဘူး၊ ငရဲပဲ ကျန်သည်' (ငရစ် နှင့် ငရဲ) ဆိုသော တရားကို မြင်လာ ပါသည်။

ကံ (ကုသိုလ် အကုသိုလ်) သည် ဘဝ အဆက် ဆက် မိမိ နောက်က တကောက်ကောက် လိုက်ပါနေပုံ ကို ရှေ့တွင် ဆိုခဲ့ပြီးသော တရားများ၌ ထင်ရှားရကား အစက အကျွန်ုပ် ထင်သလို သေသည့်နေ့တွင် 'အားလုံး ပြီးတော့လည်း ပြီးတာပဲ' ဆိုသလို မဟုတ်မှန်း နားလည် သွားသည်။

ရှာခဲ့သမျှ ပစ္စည်းလည်း ကိုယ်နှင့် မပါ၊ ဥစ္စာ လည်း ကိုယ်နှင့် မပါ၊ ပညာလည်း ကိုယ်နှင့် မပါ၊ ဂုဏ် ပကာသန ရာထူး ကျော်ကြားခြင်း ဘာဆို ဘာမျှ ကိုယ်

www.burmeseclassic.com



နှင့် မပါ။ ဒါ မှန်သည်။ သို့သော် တစ်ခုတော့ အရိပ်လို ပါနေသည်။ နွား၏ ခြေရာကို နောက်က လိုက်နင်းနေသော လှည်းဘီးလို ပါနေသည်။ ပြေး မလွတ်၊ ပုန်း မလွတ်၊ ရှောင်လို့လည်း မရ၊ တိမ်းလို့လည်း မရ။ ထို အရာကား ကံနှင့် ကံ၏ အကျိုးတရားပင်။

ဤအသိသည် ဘဝသည် အချည်းနှီး မဟုတ်၊ ဘဝမှာ အဓိပ္ပာယ် ရှိ၏၊ ဘဝ အဓိပ္ပာယ်ကို ရှာတတ်လျှင် ကြီးပွားလိုသူ ကြီးပွားနိုင်သည်၊ ချမ်းသာလိုသူ ချမ်းသာနိုင်သည်။ အထက်တန်း ရောက်လိုသူ၊ မျက်နှာပန်း လှလိုသူ အထက်တန်း ကျခွင့် မျက်နှာပန်း လှခွင့် ရှိသည် ဟူသော အမြင်ကို ရစေခဲ့၏။

ထိုအမြင်သည် ကံကို မှန်မှန်ကန်ကန် သိနားလည်ခြင်းလည်း ဖြစ်သည်။

တတိယ အကြောင်းသည် ဘဝ၌ အသက် ရှင်လျက် နေစဉ် ပိုမို ကောင်းမွန်သော အနာဂတ် မျှော်လင့်ချက်များဖြင့် ဘဝ၏ အားမာန် ဖြစ်ပေါ်လာအောင် ကံတရား အမြင်က ပြုလုပ်ပေးနိုင်သည်ဟု သဘောပေါက်လာခြင်း ဖြစ်ပါ၏။

ထို သဘောသည် ဤသို့ ဖြစ်လေသည်။

အကျွန်ုပ်သည် အတိတ်ကံ အားလျော်စွာ ချမ်းသာကြီး မချမ်းသာသော်လည်း မဆင်းရဲသော မိဘများ အထဲတွင် ပဋိသန္ဓေကို ရရှိကာ လူအဖြစ်ကို ရရှိခဲ့ပါ၏။ ခန္ဓာကိုယ် ချွတ်ယွင်းခြင်း၊ စိတ် ချွတ်ယွင်းခြင်း မရှိ။ လူတစ်ဦးမှာ ရှိသင့် ရှိထိုက် ရသင့် ရထိုက်သော ခန္ဓာငါးပါး ရုပ်နာမ်တရား ပြည့်စုံခဲ့သည် ဟုလည်း ဆိုသင့်ပါ၏။ ထိုအချက်သည် အကျွန်ုပ်မှာ (သုဂတိဘုံ၌ ရုပ်နာမ် အပြစ် အနာ မရှိ ပြည့်စုံစွာ မွေးဖွားလာရသဖြင့်) အတိတ်ကံ၏ ပြည့်စုံခြင်း အကြောင်း (အတီတကမ္မသာဓနီယဌာန) ရှိခဲ့သည်ဟု ဆိုအပ်၏။

သို့ရာတွင် ကာလဝိပ္ပတ္တိအားဖြင့် အကျွန်ုပ်သည် ဒုတိယ ကမ္ဘာစစ်၏ ဒဏ်ကိုလည်း ခံစားခဲ့ရ၏။ ဂျပန်ခေတ်၏ ဒုက္ခ များစွာကိုလည်း ခံခဲ့ရ၏။ လွတ်လပ်ရေး ရပြီးစ အခါမှာလည်း အလံနီ အလံဖြူ အကြမ်းဖက် သောင်းကျန်းသူတို့၏ နှိပ်စက်မှုကြောင့် အကျွန်ုပ်တို့ မြို့ကလေးမှာ အုပ်ချုပ်ရေး ပျက်ပြားကာ မိဘများ စီးပွားပျက် မိမိမှာလည်း ပညာပျက် ဖြစ်ခဲ့ရလေသည်။

လူမှန်း သိတတ်စ အရွယ်က စ၍ အကျွန်ုပ် မိဘများမှာ ဥစ္စာပစ္စည်း မပြည့်စုံတော့ဘဲ အကျွန်ုပ်လည်း ဆင်းရဲ ပင်ပန်းစွာ အသက်ရှင်ခဲ့ရ၏။ သို့ရာတွင် အကျွန်ုပ်သည် ထိုအခြေအနေမှ ရုန်းကန်၍ အထက်သို့ တက်နိုင်အောင်၊ အမြင့်သို့ တက်နိုင်အောင် အားထုတ်ခဲ့ရာ မိဘက ကျောင်း မထားနိုင်၍ အလုပ် တစ်ဖက်ဖြင့် ပညာ သင်ခဲ့ရသော်လည်း တက္ကသိုလ်မှာ ကထိက အဆင့်သို့ ရောက်သည် အထိ ကျောင်းပညာများကိုလည်း တတ်မြောက် ခဲ့ရပါ၏။

ကံတရား၏ နိယာမကို အကျွန်ုပ် နားမလည်စဉ် အခါကမူ အတိတ်ကံ၏ ပြည့်စုံခြင်း မပြည့်စုံခြင်း အကြောင်း နှင့် ပစ္စုပ္ပန်ကံ၏ ပြည့်စုံခြင်း မပြည့်စုံခြင်း အကြောင်းကို သဘောကွဲအောင် နားမလည်ခဲ့။ ဆင်းရဲလည်း အတိတ်ကံ၊ ချမ်းသာလည်း အတိတ်ကံ၊ မကောင်းလည်း ကံ၊ ကောင်းလည်း ကံဟု ကံကိုချည်းသာ ပုံချတတ်သော လူတစ်ယောက် အဖြစ်သို့ပင် ရောက်ခဲ့ဖူးလေသည်။

'လုံ့လ မထူ ဉာဏ် မကူဘဲ အယူ တစ်ချောင်း ကံတစ်ကြောင်းမျှ မကောင်းလည်း ကံ၊ ကောင်းလည်း ကံဟု ကံကိုချည်းသာ မကိုးရာဘူး' ဟု ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားသည် မဃဒေဝတွင် သတိပေး ဆုံးမသည်ကို အစကမူ အကျွန်ုပ် ခွဲခွဲခြားခြား နားမလည်ခဲ့ချေ။

အမှန်မှာ ဗုဒ္ဓမြတ်စွာသည် သုဘလုလင် နှင့် အသိဗန္ဓက၏သား ရွာသူကြီးတို့ကို ဟောကြားခဲ့သော 'စူဠကမ္မ ဝိဘင်္ဂသုတ်' နှင့် 'မဟာကမ္မ ဝိဘင်္ဂသုတ်' လာ တရားတို့သည် အတိတ်ကံက ပစ္စုပ္ပန် ဘဝတွင် အကျိုးပေးပုံ သဘောများသာ ဖြစ်လေသည်။

ပစ္စုပ္ပန်ကံ၏ သဘောမှာ ဉာဏ် ဝီရိယ နှင့် ဆက်စပ်နေသည် ဆိုသော အချက်ကို တစ်ပေါင်းတည်း ရှုမြင် နားလည်အပ်၏။ ထို့ကြောင့် လုံ့လ မပါ ဉာဏ် မပါဘဲ ကံ တစ်ခုတည်းကိုချည်း မယူရ။ ပစ္စုပ္ပန်ကံ မပါဘဲ အတိတ်ကံ တစ်ခုတည်းကိုချည်း ပုံမချအပ်ဟု မဃဒေဝတွင် မန်လည် ဆရာတော် ဆုံးမထားခြင်း ဖြစ်သည်ကို ယခုမှပင် အကျွန်ုပ် နားလည်လေတော့သည်။

အမှန်မှာ မြတ်စွာ ဘုရားသည် ပစ္စုပ္ပန်ကံ၏ အရေးကြီးပုံကို သိင်္ဂါလ သူဌေးသားကို ဟောထားသည့် တရားကို အကျွန်ုပ်သည် ဒီဃနိကာယ် ပါထိကဝဂ် သိင်္ဂါလ သုတ်တွင် လေ့လာရဖူး၏။ (သုတ္တနိပါတ် ဝါသေဋ္ဌသုတ်တွင်လည်း ပစ္စုပ္ပန် ကံကို ဝေဖန် ဟောကြားထားသည် ရှိ၏။)

ကံသဘောကို ခြုံကြည့်သော အခါ အတိတ်ကံ

www.burmeseclassic.com



အကျိုးပေး အရ အယုတ် အလတ် အမြတ် ရှိသည်။ မွေးကတည်းက ချမ်းသာသူ၊ မွေးကတည်းက စားနိုင်သောက်နိုင် အဆင့်ရှိသူ၊ မွေးကတည်းက ဆင်းရဲသူ။

သို့သော် ထို အခြေအနေသည် တစ်သက်လုံး တည်တံ့နေသည် မဟုတ်၊ ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယကြောင့် လက်ရှိ အခြေအနေမှ အထက်သို့ ပိုမို တိုးတက် ရောက်ရှိသွားနိုင်သည်။ လက်ရှိ အခြေအနေတွင် တည်တံ့၍ (တက်လည်း မတက် ကျလည်း မကျဘဲ) နေသည်။ လက်ရှိ အခြေအနေထက် အောက်သို့ ယုတ်လျော့ကျသွားသည်။ ဤသို့ အတက်အကျ ဖြစ်နိုင်သည်။ ကြီးပွားရန် အဖို့ ဖြစ်သော ကံကို ဝုဒ္ဓိဘာဂိယကံ ခေါ်သည်။ တည်တံ့ရုံမျှ ဖြစ်သော ကံကို ဋ္ဌိတိဘာဂိယကံ ခေါ်သည်။ ယုတ်လျော့ နိမ့်ကျကြောင်း ဖြစ်သော ကံကို ဟာနဘာဂိယကံ ခေါ်သည်။*

ကံသည် တရားသေ မဟုတ်ကြောင်း အကျွန်ုပ် သိရ မြင်ရသော အခါမှ စ၍ ဤဘဝသည် တိုးတက်ရေး ဆုတ်ယုတ်ရေး ဆိုသော ကိစ္စကို မိမိဘာသာ ပြုပြင် ဖန်တီးနိုင်ခွင့် ရှိသော နေရာ ဌာန နှင့် အချိန်ကာလ (ဌာန ကာလ အစဉ်) တစ်ခုသာ ဖြစ်သည်ဟု အကျွန်ုပ် သဘောပေါက်ကာ များစွာ အားတက် ရလေတော့၏။

ကိုယ့် ကိုယ် ကိုယ် ပြန်ပြီး ရှုကြည့်လိုက်သော အခါ တိရစ္ဆာန် မဖြစ်၊ အပါယ်ဘုံ ဒုဂ္ဂတိဘုံသို့ မရောက်ဘဲ ယခုလို လူဖြစ်ရခြင်း၊ လူမှာပင် လူယောက်ျား ဖြစ်ရခြင်း၊ ကိုယ်လက် အင်္ဂါ ပြည့်စုံခြင်း၊ ဘဝသစ္စာကို ရှာလိုသူ ဖြစ်ခြင်း၊ ထိုသို့ ရှာနိုင်ရန် လျောက်ပတ်သော ဉာဏ် ရှိခဲ့ခြင်း စသည့် အတိတ်ကံ၏ သာဓနိယ ဌာနတို့ကား မဟန္တ ခေါ် အကြီးကျယ်ဆုံး အဆင့်မှာ မရှိ စေကာမူ မဖ္ဈိမ ဟု ဆိုအပ်သော အလယ် အလတ်တန်း ဖြစ်သည်ဟုကား ထင်ပါ၏။ ထို အလယ် အလတ်တန်း ပုဂ္ဂိုလ်သည် လားရာဘက် နှစ်ဖက် ရှိသူ ဖြစ်၏။ သူသည် အတက် လမ်းကိုလည်း သွားနိုင်သူ ဖြစ်၏။ အဆင်းလမ်း အနိမ့်လမ်းကိုလည်း သွားနိုင်သူ ဖြစ်၏။ သူကား လမ်းဆုံကလူ ဖြစ်ပေရာ အပေါ်သို့ ရောက်အောင်လည်း လုပ်နိုင်ပါ၏။ အောက်သို့ ကျအောင်လည်း လုပ်နိုင်ပါ၏။

တစ်နည်း ဤအချက်သည်ပင် လွတ် လပ် စွာ ဖန်တီးခွင့် ရွေးချယ်ခွင့် ရှိသော ကမ္မနိယာမ၏ နှစ်သက်ဖွယ် အချက် တစ်ချက် ဖြစ်သည် ဟု အကျွန်ုပ် ထင်မိပါသည်။

ဗုဒ္ဓ၏ ကမ္မနိယာမကို ဘဝင် ကျသည်မှ စ၍ အကျွန်ုပ်၏ ရင်ထဲတွင် ကာလ ကြာမြင့်စွာ အဆောက်အအုံ အဖြစ် တည်ခဲ့သော ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ အစုအခဲကြီးသည် အစိတ်စိတ် အမြွှာမြွှာ ကွဲပြိုသွားသည်ဟု ဦးစွာ ဝန်ခံရမည့် အခြေအနေသို့ ဆိုက်ရောက် သွားလေတော့၏။ အစိတ်စိတ် ကွဲကြေသွားခြင်းသည် (ထိုယုံမှား သံသယ) လုံးဝ ပျောက်ကင်းသွားသည်ဟု ဆိုရန်ကား ဖြစ်နိုင်ဦးမည် မထင်ချေ။

အမှန်ကို ဝန်ခံရလျှင် အလွန် နုးညံ့ သိမ်မွေ့သော သံသယများကား ကျန်နေသေးကြောင်း (မိမိကိုယ်စိတ်ကို မိမိ အသိဆုံး ဖြစ်၍) မငြင်းလိုသေးပါ။

သို့သော် ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ လုံးဝ ကင်းပျောက်ဖို့ အရေးသည် ထမင်းစား ရေသောက် အလုပ်လောက် လွယ်ကူသည် မဟုတ်ကြောင်းကို သဘောရိုး ရှိသူတိုင်း (မိမိကိုယ်ကို မိမိ တစ်စုံတစ်ရာ အ ကြောင်း နှင့် မျှ မလှည့်ပတ်ဘူးဟု ဆုံးဖြတ်သော တည့်မတ်ခြင်းကို အလိုရှိသူတိုင်း) နားလည်ကြလိမ့်မည် ထင်ပါသည်။

ယခုအခါ အကျွန်ုပ်သည် ယခင်ကလို အယူဝါဒ တောကြီး မျက်မည်းထဲ၌ မျက်စိလည် လမ်းပျောက်နေသူ တစ်ယောက် မဟုတ်တော့ပြီဟု ထင်ပါသည်။ အနာနှင့် ဆေး စတွေ့စ (ရောဂါ သက်သာပျောက်ကင်းစ) နာလန်ထ လူနာနှင့် တူသူ တစ်ယောက် ဖြစ်နေပြီဟု ဆိုလျှင်လည်း ရမည် ထင်ပါ၏။

ဤမျှ ညောင်းပြီဖြစ်သော ကာလဝယ် အကျွန်ုပ်သည် မှန်သော အယူ (သမ္မာ ဒိဋ္ဌိ) အလို့ငှာ ကြိုးပမ်းအားထုတ်ခဲ့ပါ၏။ ထိုသို့ အားထုတ်ခြင်းသည် ဉာဏ်ပညာကို လိုလားသူတို့ မမှားသင့်သော အမှားကို မကျူးလွန်မိစေရန် ဖြစ်လေ၏။ ဉာဏ်ပညာကို လိုလားသူတို့ မမှားသင့်သော အမှား ဟူသည် 'ဘဝကို ပစ်ချခြင်း အမှား' ဖြစ်၏။

ထို အမှား၏ သဘောတို့သည် ဤသို့ ဖြစ်၏။

(က) ဒီဘဝတွင် ကောင်းကောင်းနေ ကောင်းကောင်းစား အားရပါးရ လုပ်ချင်တာတွေ လုပ်သွားရလျှင် ပြီးတာပဲ ဟူသော ဥစ္ဆေဒဒိဋ္ဌိ အမှားလည်း တစ်ရပ်။

(ခ) ဒီဘဝမှာ ဘယ်လို နေရ နေရ နောင်ဘဝမှာ ကောင်းဖို့ အရေးကြီးတာပဲ၊ ဆင်းရဲလေလေ သံဝေရရ ဆိုသော သဿတဒိဋ္ဌိ အမှားလည်း တစ်ရပ်။

---

* *အယူဝါဒ ရှင်းတမ်း၊ တေဒင် အရှင် ပညာဇောတ*

www.burmeseclassic.com



(ဂ) ဟိုဘဝမှာ ဘာဖြစ်ခဲ့တယ် ဆိုတာလည်း ဒီဘဝမှာ ဘာမှ သိတာမဟုတ်၊ နောင်ဘဝမှာ ဘာပဲဖြစ်ဖြစ် ဒီဘဝမှာ ဘာဖြစ်ခဲ့တယ် ဆိုတာလည်း သိမှာမဟုတ်၊ နောင်ဘဝ ရှိရှိ မရှိရှိ အကြောင်း မထူးပါဘူး၊ နောင်ဘဝရှိလည်း ဟိုဘဝ ဟိုကိုယ်နှင့် ခံကြ စံကြရမှာပဲ၊ ဝမ်းနည်းစရာ ဘာရှိသလဲ၊ ဝမ်းသာစရာကော ဘာလိုသလဲ၊ မစင် ပုံထဲက လောက်ဖြစ်လျှင်လည်း လောက်သဘာဝ ပျော်နေကြတာပဲ၊ နတ်ပြည်မှာ နတ် ဖြစ်လျှင်လည်း နတ်သဘာဝ ပျော်ကြမှာပဲ၊ ဘဝကို သိပ်ပြီး အထင်ကြီးတဲ့ လူများသာ ဘဝ အတွက် စိုးရိမ်စိတ်ကြီးနေကြတာ၊ ဘယ်ဘဝ ရောက် ရောက် ရောက်ရာဘဝမှာ ပျော်အောင် နေတတ်ရင် ပြီးတာပဲ ဟူသော 'နဇာနာတိ နကမ္မတိ' (မသိ မမူ) ဟူသော ဒိဋ္ဌိ အမြင်များလည်း တစ်ရပ်။

ဗုဒ္ဓ၏ ဒိုင်ယာလက်တစ် ဟု ဆိုအပ်သော မဇ္ဈိမပဋိပဒါ လမ်းသည် ထို အမှားများကို ရှောင် ဖယ် ၍ သံသရာ အတက်ခရီးကို သွားရာ လမ်းကို ပြသော တရားဟု အကျွန်ုပ် မြင်တတ်ခဲ့လေပြီ။

ဤဘဝဝယ် ပစ္စည်း ကုန်ရှုံးလျှင် တစ်ခေါက်လင်ကုန် မယားကုန် ရှုံးလျှင် တစ်ဘဝ မှောက်သည် ဆိုသော စကား ရှိလေသည်။ အကျွန်ုပ်၏ အမြင်တွင်မူ ထို့ထက် ရှုံးသော ကုန်မျိုးလည်း ရှိသေး၏။ ထိုကုန်သည် အယူဝါဒကုန် ရှုံးခြင်း ဖြစ်၏။

အကျွန်ုပ်၏ ဆရာသခင် ကျေးဇူးရှင် ဖြစ်သော ပါမောက္ခ ဆရာကား၏ နောက်ဆုံးပိတ် နှုတ်ဆက်ခွဲခွာသော ဩဝါဒ စကားတွင် 'မဟုတ် မမှန်သည့်သူကို ဆရာ မတင်မိဖို့၊ မဟုတ်မှန်သည့် တရားကို မကိုးကွယ် မယုံကြည်မိဖို့ အထူး လိုသည်' ဆိုသော စကား ရှိလေသည်။ ဆရာမြတ်၏ ထို စကားသည် အကျွန်ုပ်၏ အသည်းနှလုံးပေါ်တွင် ကျောက်စာ ကမ္ပည်းထိုးသလို ထိုးထားရမည့် စကား ဖြစ်လေသည်။ ဆရာမြတ် မရှိတော့သည့် အခါမှာလည်း အကျွန်ုပ်သည် ထိုဩဝါဒ စကားကိုပင် ဆရာမြတ် အဖြစ် ကိုးကွယ်နေရမည် ဖြစ်ပါ၏။

အကျွန်ုပ် ဘဝဝယ် ဖြတ်သန်းလာရာ ဘဝ ခရီးလမ်း တစ်လျှောက်၌ နစ်မွန်းနေသူ များစွာကိုလည်း တွေ့ခဲ့ရပါ၏။ ရွှေတောင်မြင့်ပေါ်သို့ ရုန်းတက်နေသူများစွာကိုလည်း တွေ့ခဲ့ရပါ၏။ ထိုလူ နစ်မျိုးတို့သည် လူဖြစ်ချင်း တူပါလျက် 'ဘဝ အရ' မတူကြသည်မှာ သူတို့ ယုံကြည် ကိုးကွယ်သော ဘဝ အယူဝါဒ မတူကြသောကြောင့်သာ ဖြစ်၏။ အယူဝါဒ မတူခြင်းသည် စေတနာ (စိတ်၏ စေ့ဆော်မှု) မတူခြင်း ဖြစ်၏။ စေတနာ မတူခြင်းသည် ကံ မတူခြင်းပင် ဖြစ်လေသည်။

အကျွန်ုပ်သည် တစ်ဘဝပြီး ဝါဒကို မနှစ်သက်ချေ။ အနာဂတ်ကို အစဉ် မျှော်လင့်လိုသူ ပီပီ သံသရာဘဝဆက် ရှိသည် ဆိုသော အယူကိုသာ နှစ်သက်ခဲ့လေသည်။ ဤတွင် နှစ်သက်သည် ဆိုခြင်းသည် ပုဂ္ဂိုလ်၏ အကြိုက်သဘောသာဖြစ်၍ ယထာဓမ္မ မဟုတ်ချေ။ နှစ်သက်သည် ဆိုရုံမျှဖြင့် အကျွန်ုပ်သည် သံသရာဘဝဆက် အမြင်ကို ဒိဋ္ဌဓမ္မ မှန်သော အမြင် ဖြစ်သည်ဟု ဆိုခြင်း မဟုတ်ချေ။ ဘဝပြီး နောက်ဘဝဆက် ရှိခြင်းကို လိုလားသော်လည်း ထိုသို့ ရှိ မရှိကို ဘယ်ပုံ ဘယ်နည်း သိခွင့် ရမည်နည်း ဆိုသော အချက်မှာ အကျွန်ုပ်ကို အဓိက နှောင့်ယှက်နေသော ဘဝင်မကျအောင် ဖန်တီးနေသော အချက် တစ်ချက် ဖြစ်လေသည်။

ထို့ကြောင့်လည်း အထက်တွင် အကျွန်ုပ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ လုံးဝ ကင်းရှင်းပြီးသူ ဖြစ်ကြောင်း ဝန်မခံခဲ့ခြင်း ဖြစ်ပါ၏။ သို့ရာတွင် ဗုဒ္ဓ မြတ်စွာဘုရား၏ ကြီးကျယ်သော ဉာဏ်တော်ကိုမူ အကျွန်ုပ် သံသယ မရှိချေ။ ဗုဒ္ဓသည် ဘဝပြီး နောက်ဘဝဆက် မရှိဘဲနှင့် မဟောရာ၊ မသိဘဲနှင့် မဟောရာ ဟူ၍လည်း ပုဂ္ဂိုလ် အပေါ် ယုံကြည်မှု အားဖြင့်သော်ကား တွေးရှုနိုင်ပါသည်။ သို့ရာတွင် ကာလာမသုတ်တွင် ဟောတော်မူသကဲ့သို့ ကျမ်းဂန်မှာ ပါတိုင်းလည်း မယုံနှင့် ဆိုသော သဘောသည် အကျွန်ုပ်မှာ အကျင့်ပါနေပြီ ဖြစ်ရကား သံသရာ ဘဝဆက်ကို တစ်နည်းနည်း ကိုယ်တိုင် သိချင်ပါ၏။ သံသရာ ရှိကြောင်းကို မငြင်းနိုင် မပယ်နိုင်အောင် သိလိုခြင်းလည်း ဖြစ်ပါ၏။

ဤကား အကျွန်ုပ်သည် 'သမ္မာဒိဋ္ဌိ' အလို့ငှာ အားထုတ် ကြိုးပမ်း လာခဲ့ခြင်းပင် မဟုတ်ပါလော။

အကျွန်ုပ်သည် ကံ၏ သဘောကို သိမြင် နားလည်၍သာ ဘဝင်ကျသည်မှ စ၍ 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ' ကို ရပြီဟု ဆိုသင့်ပါပြီ။

သမ္မာဒိဋ္ဌိ သုံးမျိုး ရှိ၏။ ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် ပထမ အမျိုး ဖြစ်သည်။

ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် သဘောကို အကျဉ်းအားဖြင့် ဤသို့ ဆိုသင့်ပါသည်။

– သတ္တဝါတို့အား မိမိတို့ ပြုကြသော ကောင်းမှု

www.burmeseclassic.com



မကောင်းမှု နှစ်ပါးသည် သာလျှင် ဘဝ များစွာ ကမ္ဘာ များစွာ သွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်* ဟု သိမြင်ခြင်းကို ဆိုလို၏။

ကျန်သော သမ္မာဒိဋ္ဌိ နှစ်ပါးမှာ အောက်ပါတို့ ဖြစ်ကြကုန်၏။

– ဉာဏ် သက်ဝင်ရာ ဝတ္ထု အပြား ဆယ်ပါး ရှိသည်ကို မြင်သော သမ္မာဒိဋ္ဌိ၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ခေါ်သည်။

– ဉာဏ် သက်ဝင်ရာ အဟုတ်ကြီး အမှန်ကြီး လေးပါး ထင်ရှား ရှိသည်ကို မြင်သော သမ္မာဒိဋ္ဌိ၊ စတုသစ္စ သမ္မာဒိဋ္ဌိ ခေါ်သည်။ ကမ္မသကတာ သမ္မာဒိဋ္ဌိ သဘောမှာ ရှေးက ဆိုပြီးသော စကားများ အရ ရှင်းလောက်ပါပြီ။

ယခု တစ်ဖန်

ဉာဏ်သက်ဝင်ရာ ဝတ္ထု အပြား ဆယ်ပါး၌ မဖောက်မပြန် မှန်စွာမြင်ခြင်း (ဒသဝတ္ထုက သမ္မာဒိဋ္ဌိ) ကို အကျွန်ုပ် ရရှိပါပြီလား။ ဤအမေးကို ဖြေရန် ထို ဝတ္ထု အပြား ဆယ်ပါးကို အကျဉ်း ပြပါဦးမည်။

(၁) အလှူ (ဒါန) ကုသိုလ်မျိုး၏ အကျိုးရင်း အကျိုးဆက် အမှန်ရှိသည်ကို မြင်ခြင်းလည်း တစ်ရပ်၊

(၂) ပူဇော်မှုကြီးမျိုး (ယိဋ္ဌ) ၏ အကျိုးရင်း အကျိုးဆက် အမှန်ရှိသည်ဟု မြင်ခြင်းလည်း တစ်ရပ်၊

(၃) ပူဇော်မှုငယ် (ဟုတံ) ၏ အကျိုးရင်း အကျိုးဆက် အမှန် ရှိသည်ဟု မြင်ခြင်းလည်း တစ်ရပ်၊

(၄) သုစရိုက် ဒုစရိုက်၏ အကျိုးရင်း အကျိုးဆက် အမှန် ရှိသည်ဟု မြင်ခြင်းလည်း တစ်ရပ်၊

(၅) မိခင်၌ ကောင်းစွာ ပြုမှု၊ မကောင်းစွာ ပြုမှု၏ အကျိုးရင်း အကျိုးဆက် အမှန် ရှိသည်ဟု မြင်ခြင်းလည်း တစ်ရပ်၊

(၆) ဖခင်၌ ကောင်းစွာ ပြုမှု မကောင်းစွာ ပြုမှု၏ အကျိုးရင်း အကျိုးဆက် အမှန် ရှိသည်ဟု မြင်ခြင်းလည်း တစ်ရပ်၊

(၇) မမြင်အပ်သော ငရဲ ပြိတ္တာ နတ် သိကြား ဗြဟ္မာ စသော ဥပပါတ် သတ္တဝါများ အမှန် ရှိသည်ဟု မြင်ခြင်းလည်း တစ်ရပ်၊

(၈) မျက်မြင်ဒိဋ္ဌ လောက အမှန် ရှိသည်ဟု မြင်ခြင်းလည်း တစ်ရပ်၊

(၉) သေသည်မှ နောက်၌ ရောက်ကြရသော လောက တစ်ပါး ဘုံတစ်ပါးသည် အမှန် ရှိသည်ဟု မြင်ခြင်းလည်း တစ်ရပ်၊

(၁၀) လူ့လောက၌ စိတ် ငြိမ်သက်ခြင်းသို့ ရောက်ကြကုန်သော ကောင်းစွာ ကျင့်ကြပေသော ရဟန်း ပုဏ္ဏားတို့သည် အမှန် ရှိသည်၊ အကြင် ရဟန်း ပုဏ္ဏားတို့သည် ဤလောကကို လည်းကောင်း၊ တစ်ပါးသော လောကကို လည်းကောင်း၊ မိမိတို့ ကိုယ်တိုင် အထူး သိမြင်ကြကုန်၏။ မျက်မှောက် ပြုကြကုန်၏။ * ဟု မြင်ခြင်းလည်း တစ်ရပ် ဖြစ်လေသည်။

ဤ ဒသဝတ္ထုက သမ္မာဒိဋ္ဌိတို့တွင် အမှတ် (၉) နှင့် အမှတ် (၁၀)သည် အကျွန်ုပ်၏ ရင်တွင်းဝယ် ဖြစ်သော သံသယ ဆူးငြောင့်ကို အပြီး နုတ်ပယ်ရာတွင် အတားအဆီး သဖွယ် ဖြစ်လျက် ရှိလေတော့သည်။

သေသည်မှ နောက်၌ ဖြစ်သော ဘဝဆက် ဆိုသော စကား၏ မှန်ကြောင်း သက်သေ အထောက် အထားသည် ရှိတန်ရာသည်။

အကျွန်ုပ်သည် ထိုသက်သေ အထောက်အထားကို သိလို မြင်လိုလှပါ၏။ အထောက်အထား သက်သေ သာဓက ဆိုသည်မှာ လူတစ်ဦး၏ ဘဝင် ငြိမ်းအောင် ဒွိဟစိတ်ကို ဖယ်ရှားတတ်သော အရာများ ဖြစ်လေ၏။

စိတ်ကို ငြိမ်သက်အောင် ကျင့်ကြံ အားထုတ်သော ရဟန်း ပုဏ္ဏားတို့သည် ထူးစွာ သိမြင်ကြသည် ဆိုသည်မှာ ကျမ်းဂန်၌ လာသော အဘိညာဉ် တန်ခိုးများကို ဆိုလိုခြင်း ဖြစ်လေမိမ့်မည်။ ခေတ်စကားဖြင့် ပြောရလျှင် စိတ်ငြိမ်အောင် ကျင့်ကြံ အားထုတ်သော ပုဂ္ဂိုလ်သည် စိတ်တန်ခိုး (Will Power) ရနိုင်၏။ ထို စိတ်တန်ခိုးဖြင့် အထူး သိမြင်နိုင်သည်ဟု ဆိုခြင်း ဖြစ်ပေလိမ့်မည်။ အကျွန်ုပ် သိလိုသည်မှာ ယခု ကာလဝယ် ထိုကဲ့သို့ ကျင့်ကြံ အားထုတ်သည် ဖြစ်၍ စိတ်မှာ တန်ခိုး ရရှိသော ပုဂ္ဂိုလ်မျိုး ရှိပါ၏လော။ ဘုရား လက်ထက်တော် အခါကမူ

– အရှင် မဟာ မောဂ္ဂလာန်သည် တန်ခိုး ဣဒ္ဓိပါတ် ကြီးမြတ်တော်မူကြောင်း

– အရှင် မဟာကဿပသည် ခက်ခဲလွန်းစွာ ရူတင် ၁၃ ပါးလုံးကို ဆောင်တော်မူနိုင်ကြောင်း၊

---

* မဂ္ဂင်ဒီပနီ၊ လယ်တီဆရာတော်၊ (၁၉၈၃)၊ စာ ၁၂

* မဂ္ဂင်ဒီပနီ၊ စာ ၁၃–၁၄

www.burmeseclassic.com



– အရှင် အနုရုဒ္ဓာသည် ဒိဗ္ဗစက္ခု အဘိညာဉ် (အထူးထူး ဖန်ဆင်းခြင်း တန်ခိုး) ရရှိတော်မူကြောင်း၊

– အရှင် ရေဝတသည် ဈာန် ဝင်စားလေ့ ရှိကြောင်း စသည် ကျမ်းဂန် အထောက်အထားများကား ရှိပါ၏။ သို့ရာတွင် ထိုရဟန္တာ ပုဂ္ဂိုလ်ထူးများသည် လေ့ကျင့် အားထုတ်ခြင်းဖြင့် စိတ်တန်ခိုးများ ရရှိခဲ့ခြင်းသည် ဘုရား လက်ထက်တော် အခါမှာ အသက် ထင်ရှားခဲ့သောကြောင့်သာ ဖြစ်သည်၊ ယခု ခေတ်တွင် ထို စိတ်တန်ခိုးမျိုး ရရှိသူ မရှိနိုင် ဟူသော အမြင်သည်လည်း ပေါ်ပေါက်လျက် ရှိ၏။

အကျွန်ုပ်သည် ထိုအမြင်ကို လက်မခံချေ။ သိပ္ပံပညာတွင် တွေ့ရှိထားသော သဘောတရား သီဝရီ တစ်ရပ်ကို ဘယ်အချိန် ဘယ်ကာလမှာပင် ဖြစ်စေ စမ်းသပ်စစ်ဆေးသော် ထိုအတိုင်း အမှန်ပင် ဖြစ်ရလေသည်။ ဗုဒ္ဓ ရှင်တော်မြတ်ကလည်း မိမိ၏ တရားသည် 'အကာလိကော' အချိန်မရွေး လာလှည့် ရှုလှည့် (စမ်းသပ်လှည့်) ဟု ဝန်ခံထားပေရာ ဗုဒ္ဓ ဟောကြားသည့် နည်းလမ်းများ အတိုင်း ကျင့်ကြံ အားထုတ်သော ယခုခေတ်တပည့် သံဃာများသည် ဘုရား လက် ထက် တော် အခါက ပုဂ္ဂိုလ်ထူးများလောက် ပါရမီ အရင့်ကြီးများ မဟုတ်၊ ပဓာနိယင်္ဂအား မကောင်း၍ ထိုမျှလောက် မထွန်းပေါက်ဘူး ထား၊ အထိုက် အလျောက်မူ ဖြစ်မြောက် ရပေလိမ့်မည်။

အကျွန်ုပ်သည် ထိုသဘောကို အစဉ်သာ မှတ်ပိုက် ထားခဲ့လေသည်။

ရန်ကုန် တက္ကသိုလ်သို့ ပြန်ရောက်သော အခါ အကျွန်ုပ်သည် မူလ လုပ်လက်စ တစ်ဝက် တစ်ပျက် ထားခဲ့ရသော ဗုဒ္ဓ ကိုယ်ကျင့်တရား ပညာ သုတေသန အလုပ်ကို ဖယ်ထားရပြီး လောလောဆယ် အရေးကြီးသော သင်္ချာ ယုတ္တိဗေဒ သင်ကြား ပို့ချရေး လုပ်ငန်းကို လုပ်ရ ပြန်လေသည်။ သင်္ချာ ယုတ္တိဗေဒသည် နှစ်ဆယ်ရာစုတွင် အကြီးအကျယ် ထွန်းကားလာကာ ကာလပေါ် ကွန်ပျူတာ စက်များ၌ စီမံချက်များ ပြုလုပ်ခြင်း (Programming) တွင် အရေးပါ အရာရောက်လေသည်။ အကျွန်ုပ်သည် မဟာဝိဇ္ဇာ တက်စဉ်ကပင် သင်္ချာ ယုတ္တိဗေဒ၌ ထက်သန်သော ဉာဏ် ရှိသည်ဟု ဆရာကား၏ သုံးသပ်ချက်ကို ခံခဲ့ရ ဖူးလေသည်။ ယခုမူ ထိုအကြောင်းကြောင့် မဟုတ်ဘဲ ဆရာ ဒေါက်တာ ခင်မောင်ဝင်း၏ စေခိုင်းချက် အရ အ ကျွန်ုပ် သည် သင်္ချာ ဘာသာရပ် အဓိက ယူသူ ဒုတိယနှစ် ကျောင်းသားများအား သင်္ချာ ယုတ္တိဗေဒ ဘာသာရပ်ကို သင်ကြား ပြသရခြင်း ဖြစ်လေသည်။

အကျွန်ုပ်လည်း ကျ ရာ တာ ဝန် ကို အပြောင်မြောက်ဆုံး ထမ်းဆောင်နိုင်သူ ဖြစ်အောင် ကြိုးစားဖို့ ကိုသာ အာရုံထားခဲ့လေသည်။ ထို့ကြောင့် ဒုတိယနှစ် သင်္ချာ ဘာသာရပ်သင် ကျောင်းသားများအား သင်္ချာ ယုတ္တိဗေဒကို သင်ကြား ပြသခဲ့ရခြင်းမှာ အောင်မြင်မှု တစ်ရပ်ပင် ဖြစ်ခဲ့လေတော့၏။

ထိုအချက်သည် နောင်အခါ ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်းနှင့် အကျွန်ုပ်တို့ နှစ်ဦး ပူးတွဲ ရေးသားခဲ့သော အခြေခံ ယုတ္တိဗေဒ ကျမ်းငယ် တစ်စောင် ဖြစ်ပေါ်ခြင်းကို ကျေးဇူး ပြုခဲ့သည်ဟု ဆိုသင့်ပါသည်။

အကျွန်ုပ် ဘဝဝယ် ကြုံတွေ့ရသော အတွေ့အကြုံများသည် မျှော်လင့်သည်က တခြား ဖြစ်လာသည်က တခြား ဖြစ်နေလေ၏။ တစ်နေ့သ၌ မြစ်ကြီးနားမှ ရပ်ရှင်ရုံ ပိုင်ရှင် (မန်နေဂျာ) ကိုထွန်းခိုင် ဆိုသူ ရောက်လာလေသည်။ သူက အကျွန်ုပ်အား ဒါရိုက်တာ အေဝမ်း မောင်လှမျိုးနှင့် ဆက်သွယ်ပေးရန် ခေါ်သွားလေ၏။

မောင်လှမျိုးက အကျွန်ုပ်အား ဇာတ်ညွှန်း တစ်ပုဒ် ရေးပေးရန် တိုက်တွန်းလေ၏။ ထိုဇာတ်ညွှန်းကို မကြာမတင် အကျွန်ုပ် ရေးပေးလေ၏။ စိတ်ပညာမှ စကီဇိုဖရေးနီးယား ခေါ် စိတ်ရောဂါရှင် တစ်ဦး၏ ဆိုက်ကို ကြောက်မက်ဖွယ် ရသဖွဲ့ ဇာတ်ညွှန်း ဖြစ်လေ၏။

အကျွန်ုပ်က ထိုဇာတ်ညွှန်းကို 'စိတ်တစ္ဆေ' ဟု အမည်ပေးခဲ့ရာ ဇာတ်လမ်း စိစစ်ရေး အဖွဲ့မှ တစ္ဆေ ဆိုသော စကားလုံး အစား တခြား သုံးစွဲရန် မှတ်ချက်ပေးရာ မောင်လှမျိုးနှင့် အကျွန်ုပ်တို့ တိုင်ပင်ကြကာ 'လကွယ်မိုးနှောင်း' ဟု အမည်ပေးခဲ့ ကြလေသည်။

'လကွယ်မိုးနှောင်း' ကို စံပြုရုပ်ရှင်မှ ရိုက်ကူးရန် အတွက် ဝယ်ယူသဖြင့် အကျွန်ုပ်သည် ယောက္ခမ ယောက်ဖတို့နှင့် နေထိုင်ရာ ၅၁ လမ်း အိမ်မှ ပြောင်းရွှေ့ရသည့် အချိန်တွင် ဣန္ဒြေမပျက် ဖြစ်ခဲ့ရကြောင်း အထက်တွင် ဆိုခဲ့ဖူးပြီ။

အကျွန်ုပ်သည် 'လကွယ်မိုးနှောင်း' ရိုက်ကူးရေး အတွက် ရိုက်ကွင်း သွားကြည့်စဉ် ဒါရိုက်တာ အေဝမ်း မောင်လှမျိုး၊ စံပြု ရုပ်ရှင်မှ ကုမ္ပဏီ ပိုင်ရှင်များ ဖြစ်ကြသော ဦးကျင်စိန်၊ ဦးသိုက်စိုးတို့နှင့် အတူ မေမြို့

www.burmeseclassic.com



(ပြင်ဦးလွင်) သို့ လိုက်ပါသွားလေ၏။ ပြင်ဦးလွင်တွင် စိန်မေဝင်း ရုပ်ရှင်ရုံ ပိုင်ရှင် ဦးခင်ဝင်းနှင့် ခင်မင်ရင်းနှီးကြရလေ၏။ ဦးခင်ဝင်းသည် အထက် မြန်မာပြည်တွင် ရုပ်ရှင် ဇာတ်ကားများကို ကန်ထရိုက် စနစ်ဖြင့် ငှားရမ်း ဖြန့်ဖြူးသူလည်း ဖြစ်လေသည်။ သူနှင့် အကျွန်ုပ်တို့သည် ထိုအချိန်က စ၍ ခင်မင် ရင်းနှီးသူများ ဖြစ်ခဲ့ကြပြီးနောက် အကျွန်ုပ်အား ယခင် မော်လမြိုင် ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဖြစ်ခဲ့သူ ဒေါက်တာဖေသောင်းက ၎င်း၏ ပထဝီဝင် စာအုပ် တစ်အုပ် ပုံနှိပ်ထုတ်ဝေရေးကို အကူအညီ ပေးရန် အတွက် မော်လမြိုင်သို့ ခေါ်စဉ်က ဦးခင်ဝင်းတို့ ဇနီးမောင်နှံလည်း ပါခဲ့ကြလေသည်။ ထိုမှုလောက် တစ်ဦးကို တစ်ဦး ခင်မင်ရင်းနှီးကြသူများသည် နောင်အခါ တစ်ဦးက တစ်ဦးကို တရား စွဲဆိုရသူများ အဖြစ်သို့ ရောက်ခဲ့ကြရသည်မှာလည်း ကံ၏ ဆန်းကြယ်ပုံ တစ်ရပ်ပင် ဖြစ်လေတော့၏။

'လကွယ်မိုးနှောင်း' ရုပ်ရှင်ဇာတ်ကား ရိုက်ကူးစဉ် အကျွန်ုပ်သည် ရုပ်ရှင် မင်းသား အကယ်ဒမီ ကိုညွန့်ဝင်းတို့ မိသားစုနှင့် ခင်မင် ရင်းနှီးကာ ကွယ်လွန်သူ အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်ကပါ ၎င်းတို့ မိသားစုနှင့် သင့်တော်သော ဇာတ်ညွှန်း တစ်ပုဒ်ကိုလည်း ရေးပေးရန် သူ့သားကိုလည်း ကူညီရန် မကွယ်လွန်မီက ပြောဆို အပ်နှင်းသွားရာ ကိုညွန့်ဝင်းကလည်း သူ့အား အတွေးအခေါ် သဘောတရားများ၊ ရုပ်ရှင် သဘောတရားများ၊ သရုပ်ဆောင် သဘောတရားများကို သင်ကြားပေးရန် ဆရာ တင်သဖြင့် မထင်ဘဲနှင့် အကျွန်ုပ်လည်း ကိုညွန့်ဝင်း၏ ဆရာ ဖြစ်ရပြန်လေ၏။

ကိုလှမျိုး အတွက်လည်း အကျွန်ုပ်သည် နောက်ထပ် သိပ္ပံ အခြေခံ ဝတ္ထု ဇာတ်ညွှန်း တစ်ပုဒ် 'ဝံပုလွေနှင့် လုယမင်း' ကို ရေးသား ပေးခဲ့လေသည်။ ကိုညွန့်ဝင်းတို့ မိသားစု အတွက်မူ ပထမဦးစွာ 'ငါ့မြေ ငါ့သား ငါ့စပါး' အမည်ဖြင့် ဝတ္ထု ဇာတ်ညွှန်း တစ်ပုဒ် ရေးလေ၏။ ထိုဇာတ်လမ်းသည် နိုဗယ်ဆုရ အမေရိကန် စာရေးဆရာမကြီး ပါးလ်စ်ဘတ်၏ နဂါး မျိုးစေ့ (The Dragon Seed) ဇာတ်လမ်းကို မြန်မာမှု ပြုခြင်း ဖြစ်လေ၏။ သို့ရာတွင် ထိုဇာတ်လမ်း ရေး သား နေ စဉ် အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင် ကွယ်လွန်သဖြင့် ထိုဇာတ်လမ်းပါ ဖခင်၏ အခန်း ကဏ္ဍများကို ပြောင်းလဲပြင်ဆင်ရကာ ဇာတ်လမ်း၏ အမည်ကိုလည်း 'ငါ့ညီ ငါ့မြေ ငါ့အမေ' ဟု ပြောင်းလိုက်ရလေတော့သည်။

အဖြစ်သနစ်တို့သည် အကျွန်ုပ်အား ရုပ်ရှင်လောကဆီသို့ ဆွဲခေါ်လျက် ရှိကြလေသည်။ ကိုညွန့်ဝင်းက ဆရာ တင်လိုက်ခြင်းသည် အကျွန်ုပ်အား ရုပ်ရှင်လောကတွင် ဝင်ဆံ့သူ တစ်ဦး အဖြစ်သို့ အလွယ်တကူ ရောက်ရှိစေလေတော့၏။ ထို အကြောင်းကြောင့်လည်း အကျွန်ုပ်သည် ကမ္ဘာပေါ်ရှိ ရုပ်ရှင်ပညာကျမ်း မြောက်မြားစွာကို နှံ့စပ်သူ ဖြစ်အောင် အားထုတ်ရပြန်လေ၏။

ထိုကျေးဇူးသည် နောင်အခါ အကျွန်ုပ် ရေးသားခဲ့သော ***ရုပ်ရှင် အနုပညာနှင့် ရုပ်ရှင် အတတ်ပညာကျမ်း*** ပေါ်ပေါက်ရေး အတွက် အထောက်အပံ့ ဖြစ်လေတော့၏။

အကျွန်ုပ်သည် ရုပ်ရှင် လောကတွင် ခေါင်းဝင်ကိုယ်ဆံ့ ဖြစ်နေစဉ် မြစ်ကြီးနား ကောလိပ်တွင် တပည့်များ ဖြစ်ခဲ့ကြဖူးသော မောင်ချစ်ဦး နှင့် စိုင်းချုန်ပေါင်း ဆိုသူတို့ မန္တလေး တက္ကသိုလ်မှ ဘွဲ့ ရ ပြီး နောက် အကျွန်ုပ်ထံ ရောက်လာကြလေ၏။ ၎င်းတို့ နှစ်ဦးလုံးက ရုပ်ရှင် လုပ်ငန်းကို ဝါသနာ အလျောက် လုပ်ကိုင်ချင်ကြကြောင်း ပြောဆိုကာ အကျွန်ုပ်အား ကိုယ်ပိုင်ရုပ်ရှင် ဇာတ်ကား တစ်ကား ရိုက်ကူး ထုတ်လုပ်ရန် တိုက်တွန်းကြလေတော့၏။

အကျွန်ုပ်သည် တက္ကသိုလ်မှာ အရိုး ထုတ်လိုသော ဆန္ဒဖြင့် ဒေါက်တာဘွဲ့ ရရှိရေး အတွက် အားထုတ်ခဲ့ရသမျှ လွှဲချော်ခဲ့ရ၏။ ဖြစ်ချင်၍ ကြိုးစား အားထုတ်ခဲ့ရသော အရာတို့နှင့် လွဲချော်ကာ ဒေါက်တာဘွဲ့နှင့် အဝေးကြီး ဝေးခဲ့ရသည်။ ရုပ်ရှင် လောက ဆိုသည်ကား အကျွန်ုပ်နှင့် အလုပ်မ်းလည်း ဝေး၏။ မူလကလည်း ဆောက်တည် ကြံစည်ထားသော ခိုင်ခိုင်မာမာ စိတ်ကူးလည်း မရှိခဲ့။ သို့ပါလျက် ရုပ်ရှင် လောကသည် အကျွန်ုပ်နှင့် နီးစပ်သော လောက ဖြစ်လာလေ၏။

ကြံစည်တိုင်းလည်း မဖြစ် မကြံစည်ဘဲနှင့်လည်း ဖြစ်တတ်သည် ဆိုသော မဟာဇနက မင်း၏ ဥဒါန်းစကားကဲ့သို့ ဖြစ်နေသည်ကို အကျွန်ုပ် သတိထားမိသော အခါ ဤ ဘဝဝယ် ဘာကိုမျှ စွဲမထားခြင်းသည် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ ဖြစ်ချင်တိုင်းလည်း မဖြစ်၍ စိတ်မချမ်းသာ ကိုယ်မချမ်းသာ ဖြစ်မှုလည်း ဖြစ်၍ပင် ဆုံးတော့မည် မဟုတ်။ အသည်းနှလုံးများ ဇာပေါက်လိုက်ပြီး ဆန်ခါ ဖြစ်ရုံသာ ရှိပေတော့မည်။ မမျှော်လင့်သော အခြေအနေများနှင့် ရင်ဆိုင်ရ၍လည်း

www.burmeseclassic.com



အံ့သြ တုန်လှုပ်ခြင်း ဖြစ်စရာ မလိုတော့။ ထိုသို့သာ ဖြစ်နေရလျှင်လည်း မျက် ပြူး ဆန် ပျာ ဖြစ်ရသည် ကြောင့် မျက်လုံးကြီးပင် သပိတ်ဝလောက် ရှိပေရော့ မည်။ အကောင်းဆုံးမှာ ဘဝကို အလိုက်သင့် နေတတ် အောင် နှလုံးသွင်းဖို့ပင် ဖြစ်သည်ဟု အကျွန်ုပ် ဆုံး ဖြတ်ရ လေတော့၏။

ဒေါက်တာ ဘွဲ့သော်မှ မရရှိဘဲ တက္ကသိုလ်မှာ ဆရာ လုပ်နေရခြင်းသည် တစ်ခြမ်းပဲ့ ဖြစ်နေသည်ဟု အကျွန်ုပ် စိတ်မှာ ခံစားရလေသည်။ ထို့ကြောင့်လည်း တစ်နေ့နေ့ တစ်ချိန်ချိန် တက္ကသိုလ်မှ မိမိ နုတ်ထွက်ရ လိမ့်မည်ဟု တွေးဆထားခဲ့လေသည်။

ထိုအချိန်တွင် မိမိထက် ဦးစွာ ဆရာမ ရီနာ ဆာကားသည် အလုပ်မှ နုတ်ထွက် သွားလေတော့၏။ မကြာမီ သူတို့ မိသားစု တစ်ခုလုံး အမေရိကန်ပြည်သို့ သွားတော့မည် ဖြစ်ကြောင်းလည်း ကြားသိရလေသည်။

အကျွန်ုပ်လည်း ဗုဒ္ဓဘာသာ တရားများကို ဖတ်ရှု လေ့လာရသော အရသာကို တွေ့လျက်ရှိ၏။ ထို့ကြောင့် လည်း တက္ကသိုလ်မှာ သင်ကြား ပို့ချရေး အတွက် တခြား ဒဿနပညာရပ်များကို လေ့လာရသည်ကို လည်း ကောင်း၊ တခြား ပညာရပ်များကို လေ့လာရသည်ကို လည်းကောင်း အရသာ မတွေ့တော့ချေ။ ထိုအချိန်တွင် ရုပ်ရှင် ပညာရပ်ကို လေ့လာနိုင်ခဲ့ခြင်းမှာ တက္ကသိုလ်က အလုပ် ထွက်ဖြစ်လျှင် မိမိ အတွက် အထောက်အပံ့ ဖြစ်စေရန် လည်းကောင်း၊ စာရေးဆရာ ဖြစ်လိုသော မိမိ အတွက် အထောက်အပံ့ အတွေ့အကြုံသစ်များ ရရှိ စေရန် လည်းကောင်း ဖြစ်လေသည်။

အတွေ့အကြုံသစ် ဖြစ်သောကြောင့်လား မသိ၊ ရုပ်ရှင်ကိုမူ အစ ပထမ၌ အကျွန်ုပ် စိတ်ပါဝင်စားမိခဲ့ လေသည်။

အကျွန်ုပ်သည် ဗုဒ္ဓဘာသာ ကျမ်းစာများ နှင့် ခွဲနေ၍ မရတော့ချေ။ ထိုအချိန်မှ စ၍ လယ်တီ ဆရာ တော် ဘုရား၏ ဒီပနီကျမ်း များစွာကိုလည်း လေ့လာ လျက် ရှိသည့်ပြင် ဆရာကြီး ဦးမြ ညွှန်ကြားခဲ့ဖူးသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် (ဦးနန္ဒမာလာ) ကျမ်း ကြီး သုံးစောင်ကိုလည်း အကြိတ်အနယ် ကြိုးစားပမ်းစား လေ့လာ နေခဲ့လေတော့၏။

ဝိသုဒ္ဓိမဂ်ကို အကျွန်ုပ် အားထုတ် လေ့လာခြင်း မှာ ဗုဒ္ဓဘာသာတွင် ဝိဇ္ဇာ နှင့် စရဏကို ပေါင်းစပ်ရေး သည် အဓိက ဖြစ်သည်။ အကျင့်စရဏကို အားထုတ်မှု မရှိဘဲနှင့် ဗုဒ္ဓ၏ တရား အလုံးစုံကို အကုန်အစင် နား လည်နိုင်မည် မဟုတ်ဟု ယူဆသဖြင့် အကျင့်၏ လမ်း ညွှန်ကျမ်းကြီး ဖြစ်သော ထိုဝိသုဒ္ဓိမဂ်ကို လေ့လာရ ခြင်း ဖြစ်လေတော့၏။

၁၉၅၃ ခုနှစ်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာ့ အဖွဲ့ က ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန်ကျမ်းကို ထုတ်ဝေ စဉ် နိဒါန်းတွင် စကား၌ အောက်ပါအတိုင်း ဆိုထား လေသည်။

'ပဋိပတ္တိ လုပ်ငန်းကို စိတ်အား ထက်သန်စွာ နာယူ မှတ်သား လိုက်စား အားထုတ်လျက် ရှိကြသော ကမ္မဋ္ဌာန ယောဂီ ပုဂ္ဂိုလ်တို့ အတွက် အထောက်အပံ့ ဖြစ်စိမ့်သောငှာ ပိဋကတ် သုံးပုံ၏ အဆီအနှစ် ဖြစ်၍ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း ပဋိပဒါကို ဖော်ပြရာ ဖြစ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် ကျမ်း' ဟူ၍ လည်းကောင်း၊

'ဝိသုဒ္ဓိမဂ် ကျမ်းကြီးသည် နိကာယ် ငါးရပ် ပိဋ ကတ် ပါဠိတော် ဟု ဆိုအပ်သော ဘုရားရှင် ဒေသနာ တော်မြတ်၏ အရေးကြီးဆုံး အဆီ အနှစ် ဖြစ်သော အနက် အဓိပ္ပာယ် ကျင့်ဝတ် အသွယ်သွယ်တို့ကို သီလ ခဏ်း၊ သမာဓိခဏ်း၊ ပညာခဏ်း ဟူ၍ သုံးခဏ်း (ခန်း) ခြားကာ ပြည့်ပြည့်စုံစုံ ရေးသားထားသည့် ကျမ်းမြတ် တစ်ဆူ ဖြစ်ပေသည်။

'ဤ ဝိသုဒ္ဓိမဂ်ကြီးကို လေ့လာ အားထုတ်ခြင်း ဖြင့် အသိမှား အသိမှန် အကျင့်မှား အကျင့်မှန်တို့ကို ကွဲပြား ခြားနားစွာ သိရှိ နိုင်ကြပြီးလျှင် ဘုရားရှင်၏ အလိုတော်ကျ ဖြစ်သော သမ္မာ ပဋိပတ် အကျင့်မြတ်ဖြင့် ဒုက္ခ အားလုံးတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်သို့ ရောက်ကြ ရမည်' ဖြစ်ကြောင်း ဖော်ပြထားလေသည်။

အကျွန်ုပ်သည် ယခုအခါ သမ္မာဒိဋ္ဌိ အမြင်မှန် ရရှိရေး ကိစ္စတွင် စာဖတ်ရုံ တရားစကား နားထောင် ရုံဖြင့် မပြီးနိုင်။ အကျွန်ုပ်ကဲ့သို့ ဝိစိကိစ္ဆာ များသော သူသည် ကိုယ်တိုင် ကျင့်ကြံ အားထုတ် စမ်းသပ်အပ် သည် ဟူ၍လည်း သဘော ပေါက်လျက် ရှိလေ၏။

သို့ရာတွင် အကျွန်ုပ်သည် သံသယ ဝါဒီ ပီပီ လုပ်ကြည့်ပြီး ကျင့်ကြည့်ပြီး အချိန်ကုန်ခံပြီး အပင် ပန်း ခံပြီးမှ ဘာမျှ မဖြစ်လျှင် ခက်ရချည့်ရဲ့ဟုလည်း တွေးပြန်လေသည်။

ဤသို့ ကျင့်လျှင် ဤသို့ ဖြစ်သည်ဟု အကျွန်ုပ် စိတ်ချရလောက်စရာ အတွေ့အကြုံ သာကေ အထောက်

www.burmeseclassic.com



အထား တစ်စုံတစ်ရာ ရပါမူကား ကောင်းလေစွ ဟု တောင့်တ၍သာ နေရလေသည်။

ထိုစဉ် တစ်နေ့သ၌ အကျွန်ုပ်အား တပည့်ဖြစ်သူ မောင်လှဝင်းက အာတီးယား လမ်းရှိ အဘ ဦးဘထွန်း (မုံရွာ) ထံသို့ ခေါ်သွားလေ၏။ ထိုအချိန်သည် အကျွန်ုပ်၏ ပထမဆုံး ကိုယ်ပိုင် ရုပ်ရှင်ကား ဖြစ်သော 'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး' ဇာတ်ကားကို ရိုက်ကူး နေချိန် ဖြစ်လေသည်။ အဘ ဦးဘထွန်းကား အတွင်းဝန် အငြိမ်းစား တစ်ဦး ဖြစ်၏။ ပင်စင် ယူပြီးနောက် ဗေဒင် (မဟာဘုတ်) ပညာကို ဝါသနာ အလျောက် အားထုတ်လေ့လာကာ လာသမျှ ရင်းနှီးသူများကို ဗေဒင် ဟောခြင်းဖြင့် ပျော်မွေ့နေလေ၏။

အဘ ဦးဘထွန်းက အကျွန်ုပ်အား ဗေဒင် စတင် ဟောသည့်အခါ အံ့သြဖွယ် စကားကို ဆိုလေ၏။

'ကိုဆန်းလွင်ဟာ ဇာတိအားဖြင့် တိဟိတ်မျိုး ပဲကွယ့်၊ တစ်နေ့မှာ လောကီအားဖြင့်လည်း ကြီးပွားချမ်းသာမယ်၊ လောကုတ္တရာအားဖြင့်လည်း တရားထူးတရားမြတ် ရမယ့် ပုဂ္ဂိုလ်မျိုးလည်း ဖြစ်တယ်ကွယ့်၊ လက္ခဏာအားဖြင့်လည်း မဟာ ပုရိသ ရုပ်လက္ခဏာ တော်တော်များများ ပါတာပဲ၊ တစ်နေ့ သာသနာပြုမယ့် ပုဂ္ဂိုလ် အစစ်ပဲဟေ့၊ မြေကြီးလက်ခတ် မလွဲဘူး'

အဘ ဦးဘထွန်းသည် အပြော ရဲရင့်လွန်းသူဟု အကျွန်ုပ်စိတ်မှာ ထင်ခဲ့ပါ၏။

အကျွန်ုပ် ဗေဒင် မေးရာ၌ သိချင်သည်မှာ တခြား၊ သူ ဟောပြောနေသည်မှာ တခြား ဖြစ်၍ စိတ်ထဲတွင် မကျေမချမ်း ဖြစ်ရလေ၏။

'ဒါတော့ အဘ ပြောလို့ ကျွန်တော် ကြားရပါတယ်၊ ကျွန်တော့်ကိုယ် ကျွန်တော်ကတော့ ခုထိ မျောက်လောင်းပဲ ထင်နေပါသေးတယ် အဘရယ်၊ ခုထိတော့ ကြီးပွား ချမ်းသာဖို့ အရိပ် အ ယောင် တောင် မတွေ့ရသေးပါဘူး၊ ခု ရုပ်ရှင်ရိုက် နေတော့ ဘေးလူတွေက ဒီကောင် ရုပ်ရှင်တောင် ရိုက်နေတာ တော်တော်ချမ်းသာနေပြီလို့ အောက်မေ့မယ်၊ မဟုတ်ပါဘူး အဘရယ်၊ ကျွန်တော်က ပညာပဲ စိုက်နိုင်ပါတယ်၊ ငွေကြေးကျတော့ ကျွန်တော့် တပည့်တွေက ထုတ်ထားတာပါ၊ အခု အဘဆီ ကျွန်တော် လာမေးနေတာက ဒီရုပ်ရှင်ကား ရိုက်တာ အောင်မြင်မယ် မအောင်မြင်ဘူး သိချင်လို့ပါ အဘ၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ခုနက အဘ ဟောလိုက်တဲ့ အထဲမှာ လောကုတ္တရာ တရားထူး ရမယ်၊ သာသနာပြု ပုဂ္ဂိုလ် ဖြစ်ရမယ် ဆိုတဲ့ စကားတွေဟာ ဖြစ်တာ မဖြစ်တာ အပထား'

'ထပ်သရီး ဘာဖြစ်လို့ အပ ထားရမှာလဲ'

'မဟုတ်ပါဘူး၊ ကျွန်တော်က စကားအရာ ပြောတာပါ'

'သွားစမ်း နိမိတ် မရှိ နမာ မရှိ၊ မဟုတ်က ဟုတ်က ဘယ်တော့မှ မပြောနှင့်၊ ပညတ် နောက်မှာ ဇာတ်ရှိတယ်၊ အမြဲ မသေမချင်း မှတ်ထား၊ ဇာတ်နှင့် ဆောင် အောင်ရမယ်ဟေ့'

အဘ၏ အသံသည် ဟိန်း ထွက် သွား ပါ ၏။ အဘ မျက်နှာပေါ်တွင် တကယ်ပင် အလေးအနက် ယုံကြည် စိတ်ချစွာ ပြောဆိုနေကြောင်း၊ ကြား ကောင်းအောင် ဟန်လုပ်ပြီး ပြောခြင်း မဟုတ်ကြောင်း အထင်းသား ပေါ်ပါသည်။

'ဟုတ်ကဲ့ ခင်ဗျား၊ ကျွန်တော် နောက်ကို ဆင်ခြင်ပါ့မယ် အဘ'

'အေး ဆင်ခြင်၊ ဒီမှာ မင်းကို အဘ ပြောမယ်၊ ဗေဒင်က မင်း လုပ်တဲ့ အလုပ် အောင်မြင်မယ် ပြောပြော၊ မအောင်မြင်ဘူး ပြောပြော ဒါကို မင်း အား မကိုးရဘူး၊ လောကမှာ ကိုယ်လုပ်တဲ့ ကံကို အားကိုးရတယ်၊ ဆရာကောင်း ဆရာမြတ်တွေ၊ သူ တော် ကောင်း သူမြတ်လောင်းတွေကို အားကိုးရတယ်၊ ဟေ့ လှူတာတောင်မှ လယ်မြေကောင်းမှာ စိုက်မှ စပါးသီးနှံ အထွက် တိုးပြီး အကျိုး ပေးသလို အလှူခံ ပုဂ္ဂိုလ်မြတ်တွေကို လှူမှသာ အကျိုးပေး သန့်တယ် မှတ်၊ ဒါ ဘုရားဟော တရား ကြားလား'

'ဟုတ်ကဲ့ အဘ'

'ဒီတော့ မင်းကို မ နိုင်မယ့် ပုဂ္ဂိုလ်မှ ကိုးကွယ်၊ ဒီလို ပုဂ္ဂိုလ်ကို ပူဇော်ခြင်းဟာ အကျိုးပေးတယ် ဆိုတာ ဘုရားဟောပဲ ကွယ့်၊ ဒီတော့ မင်းကို ငါ မြင်မြင်ချင်း ချစ်လည်း ချစ်တယ်၊ သနားလည်း သနားတယ်၊ ဒီတော့ မင်း ဒီလိုလုပ်၊ ငါ အကြံပေးမယ်'

'ဟုတ်ကဲ့ အဘ၊ ကျေးဇူး တင်ပါတယ် အဘ'

'အေး အေး ဆရာသမား မိဘရဲ့ ကျေးဇူးကိုလည်း အစဉ် ဦးထိပ်မှာ ပန်ဆင်ထားရမယ်၊ မင်းဟာ ပါရမီ ရှိတဲ့ ယောကျ်ား ဖြစ်တယ် ဆိုတာကို တစ်နေ့သော အခါ အထင်အရှား သိမြင်လာလိမ့်မယ်၊ ခု ငါတွေ့ထားတဲ့ ဘုန်းကြီး တစ်ပါးဆီကို မင်း သွားပြီးဖူးကွယ်၊ တော်တော် စွမ်းတဲ့ ဘုန်းကြီးပဲကွယ့်၊ ငါ ကိုယ်တွေ့၊

www.burmeseclassic.com



တစ်နေ့က ဒီဘုန်းကြီးကျောင်း ရှေ့က ဘုရားမှာ ထီး တင်တာ မိုးတွင်းကြီး ဆိုတော့ မိုးတွေအုံ့ပြီး ရွာတော့ မလို ဖြစ်လာတယ်၊ ဒါကို ဘုန်းကြီးက ကျောင်းရှေ့ ထွက်ပြီး မိုးတိမ်တွေ လွင့်သွားအောင် လက်ကာပြီး ယက်ထုတ်ပစ်လိုက်တယ်၊ မင်းတို့ လူငယ်တွေကတော့ ကိုယ်တွေ့ ကြုံတာတောင် တိုက်ဆိုင်မှုလို့ပဲ သဘော ထားကြမှာပဲ၊ အရေးမကြီးဘူး၊ ငါ့ မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်ကတော့ ရွာမလို ညိုမည်းနေတဲ့ မိုးသား တွေဟာ ရုတ်တရက် တိုက်လာတဲ့ လေပြင်းနှင့် အတူ လွင့်ကုန်ကြတယ်၊ ထီး တင်ပွဲမှာ မိုးဖွဲကလေးတောင် မကျဘဲ အောင်အောင်မြင်မြင် ပြီးခဲ့တယ်ကွယ့်၊ တစ်ခု တော့ ရှိတယ်၊ စိတ်တန်ခိုး ဆိုတာကတော့ ဘယ်လို ဘယ်ပုံ ဆိုတာ တို့လည်း မကြံစည်တတ်ဘူး၊ ဒါက အစိန္တိယ ကိစ္စပဲ၊ ဒါတွေ ပြောနေ ကြာပါတယ် မောင် ရာ၊ ဒီတော့ မင်း ဒီတနင်္ဂနွေကို မအားဘူးလား’

‘အားပါတယ် အဘ၊ အားရမှာပေါ့’

‘အေး အားအောင် လုပ်၊ တနင်္ဂနွေနေ့ တို့လည်း ဘုန်းကြီးဆီကို သွားမယ်၊ မင်းတို့ပါ လိုက်ခဲ့ကြ’

‘အဘ ခေါ်လို့ လိုက်ရမှာကိုတော့ ဝန်မလေး ပါဘူး အဘရယ်၊ ဒီ ဆရာတော်ရဲ့ အကြောင်းကကော နည်းနည်းပါးပါး မသိရဘူးလား’

‘အေး ဒါက မင်း ရင်ထဲ သံသယ မကင်းလို့ မေးတဲ့ အမေး ဆိုတာ ဘ သိတယ်၊ သို့သော် မင်းကို ဘ တစ်ခုပြောမယ်၊ မင်းတို့ လူငယ်တွေဟာ ကိုယ်တွေ့ ကြုံတာတောင် တောင်တွေး မြောက်တွေး တွေးဦးမှာ၊ လောကမှာ စိတ်ကို သမာဓိ ရအောင် အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်တန်ခိုး တစ်ခုခု၊ တို့ နားမလည်တဲ့ ဂမ္ဘီရ သဘောတွေပဲ ကွယ့်၊ ဒါ ရတတ်ကြပါတယ်၊ သူ ရထားတဲ့ တန်ခိုးဟာ မင်း အတွက် အကျိုးမဲ့ မဖြစ်ဘူး၊ အကျိုး တစ်စုံတစ်ရာ ပြုတယ်ဆိုရင် မင်း အတွက် အကောင်း ဖြစ်တာပဲ မဟုတ်လား’

‘ဟုတ်တာပေါ့ အဘ၊ ဟုတ်ပါတယ်’

‘ဒီတော့ အနှစ် ၃၀ ကျော် သက်သတ်လွတ် စား၊ ဝါတွင်း ကာလမှာ ဝစီပိတ် ကျင့်လာတဲ့ ဘုန်းကြီး ပဲ မောင်ရာ၊ ဒီလို အကျင့်စရဏ ရှိတဲ့ ပုဂ္ဂိုလ်ကို ကိုး ကွယ်လို့ မင်းမှာ ဘာ ထိခိုက်စရာ ရှိသလဲ၊ တိုက်ဆိုင် ရင် အကျိုး ရှိဖို့သာ အကြောင်း ရှိတယ် မဟုတ်လား’

အဘ ဦးဘထွန်း၏ ထိုစကားသည် အကျွန်ုပ် အဖို့ လုံလောက်သော အကြောင်းပြချက် ဖြစ်ပါ၏။ ထိုကဲ့သို့ စိတ်ကို တည်ငြိမ်အောင် အားထုတ်ထားသော၊ အနှစ် ၃၀ ကျော် ကျင့်လာသော ဆ ရာ တော် ကို အကျွန်ုပ် ဖူးရခြင်းဖြင့် အကျိုး မဲ့ရန် အကြောင်း မရှိ၊ အကျိုး ရှိဖို့သာ ရှိသည် ဆိုသော စကားသည် အသင့် ယုတ္တိ ရှိသော စကား ဖြစ်သည်ကိုမူ အကျွန်ုပ် မငြင်း သာတော့ပါ။

တနင်္ဂနွေနေ့တွင် အကျွန်ုပ်သည် ဆရာတော်ရှိရာ အင်းတကော် တောင်ကိုးလုံးသို့ သွားရမည် ဖြစ်၏။ တနင်္ဂနွေနေ့သို့ ရောက်ရန်မှာ ကြား နှစ်ရက်သာ ကျန် သည်။ အကျွန်ုပ် စိတ်ထဲတွင် ဆရာတော်နှင့် တွေ့ဆုံ သည့်အခါ ဘာတွေ လျှောက်ထား ရမည်နည်း။ အဘ ဦးဘထွန်း ပြောသလို ဆရာတော်နှင့် တွေ့ဆုံ ဖူးမြော် ခြင်းသည် မိမိဘက်က ဘာမျှ ရှုံးစရာ မရှိ ဆိုသော အချက်ကား အကယ်၍ မလှူချင် မတန်းချင်ဘဲ လှူနေ ရလျှင် အတိအကျ မှန်မည် မဟုတ်၊ အကျွန်ုပ် နှလုံး သားကိုလည်း စစ်ကြည့်သည်။ ဘုရားကို ယခုအချိန် တွင် ဆည်းကပ် ကိုးကွယ် ဖို့ရန် မိမိသည် ဝန်မလေး တော့။ ဘုရား၏ ဂုဏ်သတ္တိများကို အကျွန်ုပ်မှာ ကောင်း စွာ ထင်အောင် ရှုတတ်ပြီ ဖြစ်၏။ ဗုဒ္ဓသည် လူသား ဘုရားပင် ဖြစ်သော်လည်း အကျွန်ုပ်၏ နှလုံးသားဝယ် ကြည်ညိုထိုက်သူ ပူဇော်ထိုက်သူ ကိုးကွယ်ထိုက်သူ မုချ စင်စစ် ဖြစ်သည်ဟု လက်ခံ သိမ်းဆည်း နိုင်လောက် အောင် သဒ္ဓါတရားများလည်း ရှိပြီး ဖြစ်လေ၏။ တရား ကိုလည်း အကျွန်ုပ် သိပြီးသမျှသည် များစွာ ဘဝင် ကျ ဖွယ်ရာများနှင့်သာ ပြည့်စုံလျက် ရှိရကား မသိသေးဘဲ ကျန်နေသည့် တရားများမှာလည်း ကြည်ညို ဖွယ်ရာများ ဖြင့်သာ ပြည့်နှက် နေကြလိမ့်မည်ဟု မျှော် လင့် ဖွယ် အကြောင်း ရှိပါသည်။ တရား၌လည်း မိမိသည် သဒ္ဓါ နှင့် ပညာ မျှတပြီးပြီဟု ဆိုရတော့မလိုလို ဖြစ်နေပြီပဲ။

တစ်ခုပဲ ကျန်သည်။ အကျွန်ုပ်၏ ရင်ထဲတွင် သံဃာကိုကား ကောင်းစွာ မကြည်ညိုတတ်သေးကြောင်း ကို ဝန်ခံရပေမည်။ ထိုအချိန်ကာလ အထိ အကျွန်ုပ် သည် ဝိနည်းတော်များကိုလည်း ဘာမျှ မသိတတ်သေး။ ကိုယ်တိုင်လည်း ရဟန်းဘောင်သို့ မရောက်ဖူးသေး။ သိက္ခာပုဒ်တော်များ၏ အနက် အဓိပ္ပာယ်နှင့် အနှစ်သာရ များကိုလည်း မသိသေးသော အစိမ်းသက်သက် တစ် ယောက် အဖြစ်မှာသာ ရှိနေသေးလေ၏။

ဤဆရာတော်သည် အကျွန်ုပ်၏ ရင်ထဲမှာ အစွန်း အထင်း ဖြစ်လျက် မရှင်းမလင်း ဖြစ်ဆဲ ဝိဝါဒများ၊

www.burmeseclassic.com



သံသယများကို အပြီးအပြတ် ရှင်းလင်း သုတ်သင် ပေးနိုင်ပါမည်လား။

သို့တည်းမဟုတ် အကျွန်ုပ် သိချင်လှသော ကိစ္စဖြစ်သည့် စိတ်ကို စင်ကြယ်အောင်၊ တည်ကြည်အောင် လေ့ကျင့်လျှင် တစ်စုံတစ်ရာ ထူးခြားသော ဉာဏ်အမြင်မျိုး၊ စိတ်တန်ခိုးမျိုး ဖြစ်ပေါ်နိုင်သလား။ ထိုသို့ ရရှိနိုင်ကြောင်းကို ထိုဆရာတော်သည် သက်သေ ပြနိုင်ပါမည်လား။

ရင်ထဲမှာ ပုစ္ဆာတွေ ဗရပွနှင့် တနင်္ဂနွေနေ့တွင် အင်းတကော် တောင်ကိုးလုံးသို့ ရောက်သွားလေ၏။ အကျွန်ုပ်နှင့် အတူ တပည့်များ ဖြစ်ကြသော မောင်ချစ်ဦးနှင့် စိုင်းချန်ပေါင်းတို့လည်း ပါကြလေသည်။

ဆရာတော်အတွက် ဘာမျှ လှူဖွယ်ဝတ္ထုလည်း ပါမသွားပါ။ လက် ချည်း သက် သက် သွားခြင်းသာ ဖြစ်၏။ စိတ်ထဲမှာ ကြည်ညိုထိုက်မှ ကြည်ညိုမည်ဟုလည်း ပိုင်းဖြတ်ထားလေသည်။ ကိုယ့်ကိုယ်ကိုယ် ယုံလွယ်ခြင်း (သဒ္ဓါလွန်) အမှား နှင့် ယုံခဲခြင်း (သဒ္ဓါတွန့်) အမှားမျိုး မကျူးလွန်မိအောင် မဇ္ဈိမ ပဋိပဒါ ကျအောင် ဆင်ခြင် တိုင်းထွာဖို့တော့ သတိထားပါ၏။

ဆရာတော် ကျောင်းသည် တောင်ကိုးလုံး အစပ်မှာ ရှိ၏။ ရန်ကုန်ဘက် သွားလျှင် တောင်ကုန်းကလေးပေါ်မှာ အောင်ခြင်း ရှစ်ပါး သရုပ်ဖော်ထားသော အောင်စကြာ စေတီကို ဦးစွာ တွေ့ရ၏။

ဆရာတော်ကို ဖူးရသောအခါ အကျွန်ုပ် အားမရ ဖြစ်ရ၏။ ဆရာတော်က ရိုးရိုး ကုပ်ကုပ် နေထိုင်တော် မူသည် ဖြစ်ရာ အထင်ကြီးဖွယ် မရှိသောကြောင့် အကျွန်ုပ် အားမရ ဖြစ်ရသည်ကိုတော့ အကျွန်ုပ်ကိုယ် အကျွန်ုပ် သတိထားမိပါ၏။

အဘ ဦးဘထွန်းတို့က ဆရာတော် ကျောင်းသို့ ဦးစွာ ရောက်နှင့်ကြလေသည်။ အကျွန်ုပ် အကြောင်းကို ကြိုတင်ပြီး ဘာတွေ လျှောက်ထားပြီး ဖြစ်သည်ကိုတော့ အကျွန်ုပ် မသိနိုင်။ သို့သော် အဘ မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ကြို ပြောထားပုံတော့ မပေါ်။ အကျွန်ုပ် ရောက်လာချင်မှ လာမည်ဟု သဘောထား၍လည်း ဖြစ်နိုင်၏။ အကျွန်ုပ် ကျောင်းပေါ်သို့ ရောက်မှ အဘက

'ဒါ ဦးဆန်းလွင်တဲ့ ဘုရား၊ တက္ကသိုလ်က ဆရာ၊ ခု ရုပ်ရှင် ရိုက်နေပါတယ်'

ဆရာတော်က အကျွန်ုပ်ကို မသိမသာ တစ်ချက်ကြည့်ပြီး တစ်စုံတစ်ရာ စိတ်မဝင်စားသလို ဆရာတော်၏ မျက်နှာပေါ်တွင် အင်း ဘာကောင် ဖြစ်ဖြစ် သိပ်တော့ မထူးပါဘူးကွာ ဆိုသည့် သဘောဖြင့် လျစ်လျူရှု၍ နေပုံမှာ ပေါ်လွင် လွန်းလှသည်။

အကျွန်ုပ်လည်း ခေတ္တ ထိုင်နေပြီးနောက် ဆရာတော်ထံ မိမိရင်ထဲက ပုစ္ဆာများကို လျှောက်ထားခွင့် တောင်းလေ၏။ လျှောက်ထားခွင့် မတောင်းမီ မိမိ၏ ဘဝ ဖြစ်စဉ် အကျဉ်းကိုလည်း လျှောက်ထားလိုက်သေး၏။ ထိုအခါ ဆရာတော်က မြိတ်သံ ဝဲဝဲဖြင့် ထူးဆန်း အံ့ဖွယ် (သံသယ ဖြစ်ဖွယ်လည်း ကောင်းသော) စကားကို ဆိုတော်မူလေ၏။

'ဒကာ ဘာမေးခွန်းမှ မလျှောက်နှင့်၊ ဒကာဟာ ပါရမီရှင်ပဲ၊ ဘုန်းကြီးတို့ တရားဟောဖို့ မလိုဘူး၊ ကိုယ့်ဘာသာ တရားရမယ့် ပုဂ္ဂိုလ်မျိုး ဖြစ်တယ်၊ အချိန်ပဲ လိုတယ်၊ အချိန် နည်းနည်း စောင့်' ဟု မိန့်ကြားလေ၏။ အကျွန်ုပ်သည် ထိုစကားကို ကျေနပ်မှု မရချေ။ အကျွန်ုပ်ကို ဆရာတော်က မြှောက်ပင့် လိုက်လေသလား ဟုလည်း ပြစ်မှားသော အတွေးကို တွေးလေ၏။

'မိမိ မေးမည့် ပုစ္ဆာများကို လူလယ်ကောင်မှာ မဖြေနိုင်မှာ စိုးလို့များ ထမင်းရည်ပူလာ လျှာလွှဲ သဘောပြောလေသလား' တွေးအပ် မတွေးအပ် မစဉ်းစားတော့ဘဲ စိတ်ထဲမှာသာ တသီတတန်း တွေးကာ ပြစ်မှားမှုမျိုးစုံကို အကျွန်ုပ် ကျူး လွန် ခဲ့ ကြောင်း ယခု ဝန်ချတောင်းပန်ရင်း ဖော်ပြပါ၏။ (ခွင့်လွှတ် တော် မူ ပါအရှင် ဘုရား။)

ထို့နောက် ဆရာတော်က ဆွမ်းစားကျောင်းမှာ ထမင်း သွားစားကြဖို့ အမိန့် ရှိသဖြင့် အကျွန်ုပ်တို့လည်း ကျောင်းအမကြီး ဒေါ်လုံး အသင့်ချက်ထားသော သက်သတ်လွတ် ထမင်းဟင်းများကို အားရပါးရ များစွာ သုံးဆောင် ကြလေ၏။ အားရပါးရ များစွာ သုံးဆောင်ခြင်းမှာ ဆာနေပြီ ဖြစ်၍လည်း တစ်ကြောင်း၊ စားကောင်း၍လည်း တစ်ကြောင်း၊ အလကား အခမဲ့ စားရသောကြောင့်လည်း တစ်ကြောင်းကြောင့် ဖြစ်၏။

ထမင်း သုံးဆောင် ကြပြီးနောက် အိမ်သို့ ပြန်ရန် အတွက် ဆရာတော်ကို သွားရောက် လျှောက်ထားရာ ဆရာတော်က 'အေး အပေါ်ထပ်ကို တက်ကြဦး၊ ဘုရား ဝတ်ပြုကြ၊ ဘုန်းကြီးကလည်း သိဒ္ဓိ ပေးလိုက်ပါ့မယ်' ဟု ဆိုလေ၏။ အကျွန်ုပ်သည် 'သိဒ္ဓိပေး' ဆိုသော စကားလုံးကို မကြားဖူးသေးချေ။ တစ်စုံတစ်ရာ

www.burmeseclassic.com



မန်းမှုတ်ခြင်းကို ဆိုခြင်းပင် ဖြစ်တန်ရာသည်ဟု သဘောထားလျက် ကျောင်း အပေါ်ထပ် ဘုရားခန်းသို့ တက်ခဲ့လေတော့၏။

အပေါ်ထပ် ဘုရားခန်းတွင် အကျွန်ုပ်တို့ ဘုရားဝတ်ပြုနေစဉ် ဆရာတော် အပေါ်ထပ်သို့ ကြွလာကာ အကျွန်ုပ်တို့အား ဘုရားကို မျက်နှာမူ လက်အုပ် ချီစေလေသည်။ အကျွန်ုပ်သည် ရှေ့ဦးစွာ ဆရာတော် ရှိရာသို့ ရှေ့ထွက်ပြီး ခိုင်းသည့် အတိုင်း လက်အုပ် ချီလေသည်။ ဆရာတော့်ကလည်း အကျွန်ုပ် ရှေ့တည့်တည့်တွင် ရပ်တော်မူလေသည်။ 'ခု ဒကာရဲ့ စိတ်ထဲမှာ လိုရာ ဆုကို တောင်း၊ စိတ်က ရည်စူးပြီး ဆန္ဒ ပြုထားပေါ့'

အကျွန်ုပ်လည်း ဘာ ဆုတောင်း ရမည်နည်းဟု စဉ်းစားလိုက်ရာ လောလောဆယ် ရုပ်ရှင် ဇာတ်ကားအတွက် ငွေနှစ်သောင်း လိုနေသည်၊ ထိုငွေကို ရပါစေဟု ဆုတောင်း လိုက်လေတော့၏။ ထိုအခါ ဆရာတော်က နှုတ်မှ

'အလိုရှိသမျှ တောင့်တသမျှ လိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စေ' ဟု သုံးကြိမ် ဆုပေးလေသည်။ ဆရာတော်၏ လက်ဝါးတော်ဖြင့်လည်း အကျွန်ုပ်၏ ဦးခေါင်းကို ထိသပ်လေသည်။ အမှန်မှာ ဆရာတော်၏ နှုတ်တော်မှ (suggest) လုပ်လိုက်ခြင်းပင် ဖြစ်သည်ဟု အကျွန်ုပ် နားလည်လိုက်သည်။ ထို အင်္ဂလိပ် စာလုံးကို မြန်မာလို ပြန်လိုက်လျှင် 'စေ' ဟု အဓိပ္ပာယ် ရပါ၏။ သို့သော် ဆရာတော်၏ စိတ်စေတနာ အပြည့်ဖြင့် ဆန္ဒပြုမှု ဆုပေးမှုကို ဆုပေးတိုင်း ပြည့်စုံလိမ့်မည် ဟူ၍ကား အကျွန်ုပ် လုံးဝ မယုံကြည်ချေ။

အကျွန်ုပ် ရန်ကုန်ဘက်သို့ ပြန်လာရာ လမ်းတစ်လျှောက်လုံးတွင် 'လိုရာဆန္ဒ ပြည့်စေ' ဟု အချင်းချင်း ခေါင်းကိုပုတ်လျက် နောက်ပြောင်လာကြလေ၏။

အကျွန်ုပ်တို့ ရန်ကုန်အိမ်သို့ ပြန်ရောက်သော အချိန်သည် မွန်းလွဲ ၂း၃၀ နာရီခန့် ရှိလေပြီ။ အိမ်ရှေ့ သံတံခါးကို ဖွင့်ရန် သော့ကို သော့ပေါက်တွင်းသို့ ထိုးစဉ် ဧည့်ခန်းမှ တယ်လီဖုန်း အသံ မြည်လေ၏။

တယ်လီဖုန်း နားထောင်ရန် ကတိုက်ကရိုက် သံတံခါးကို ဖွင့်ဝင်ရလေ၏။ တယ်လီဖုန်းကား မြည်ဆဲပင်။ ကောက်ယူ နားထောင် လိုက်သောအခါ တယ်လီဖုန်း ဆက်သူမှာ မန္တလေးမှ ဦးခင်ဝင်း ဖြစ်လေ၏။ သူက အကျွန်ုပ်၏ ရုပ်ရှင် ဇာတ်ကားကို ဝယ်မည်၊ စရန် အဖြစ် မစ္စတာရှမ်း ဆိုသူထံတွင် ငွေနှစ်သောင်း သွားယူရန် မှာကြားလေ၏။ အကျွန်ုပ်လည်း မိမိ ဆုတောင်းခဲ့သော ဆန္ဒ တစ်လုံး တစ်ဝတည်း ပြည့်သည်နှင့် ကြုံရသောအခါ အံ့သြခြင်း ဖြစ်ရလေ၏။ တိုက်ဆိုင်ခြင်းပေလားဟုလည်း အောက်မေ့လေ၏။ ဦးခင်ဝင်းအား စောစောပိုင်းက တယ်လီဖုန်း ဆက်သေးသလား မေးရာ မဆက်ကြောင်း ယခုမှ ဆက်ကြောင်း ပြောသဖြင့် ပို၍ပင် အံ့သြရပြန်လေ၏။

သို့သော် ဤကား ပထမ အတွေ့အကြုံသာ ဖြစ်၍ တိုက်ဆိုင်မှုဟုပင် သဘောထားကာ နေလိုက်လေတော့၏။

[ဆရာတော်နှင့် ပတ်သက်သော အတွေ့အကြုံအချို့ကို ယခင် ဉာဏ်လင်း ဗုဒ္ဓ စာပဒေသာ ပထမအုပ်တွင် ရေးပြခဲ့ဖူးပြီ ဖြစ်၍ ဤတွင် အထူး မဆိုပြီ။ နောင်အခါ အကြောင်းသင့်၍ ဆရာတော့် အကြောင်း (ထေရုပ္ပတ္တိ) ကို အကျွန်ုပ် ရေးခွင့် ရပါမှုကား အကျယ် ရေးပြပါမည်။ ဤတွင် အကျယ် ရေးပါက ဦးတည်ချက် လွဲသွားမည် စိုး၍ ချန်လှပ် ထားခဲ့ပါ၏။ သင့်ရာ အခန်းသို့ ရောက်လျှင် သင့်သော အကြောင်းများကို ဖော်ပြပါဦးမည်။]

ဆရာတော်နှင့် ဖူးတွေ့ ကြုံကြိုက်ခြင်း အတွေ့အကြုံကို ဤမျှ ဖော်ပြရခြင်းမှာ အကြောင်း ရှိပါ၏။ ထိုအကြောင်းသည် အကျွန်ုပ် စိတ်ပြောင်းရန် အလွန် အရေးပါသော အကြောင်း ဖြစ်၍ ဤကိစ္စကို ဤတွင် ရေးပြရခြင်း ဖြစ်သည်။

အမှန်ကို ဝန်ခံရလျှင် ဤဆရာတော်ကြီးအား ဖူးရပြီးနောက် တွေ့ကြုံခဲ့ရဖူးသော ထူးခြားသည့် အတွေ့အကြုံများသည် အကျွန်ုပ်၏ မူလ အမြင်များကို များစွာ ပြောင်းလဲစေရုံမျှမက အကျွန်ုပ်၏ စိတ်ကိုပါ သိသိသာသာ ပြောင်းလဲ စေခဲ့လေ၏။ သံဃာ၌ မကြည်ညိုတတ်သေးသော အကျွန်ုပ်သည် နောင်တွင် သံဃာ၌ အလွန် ကြည်ညိုတတ်သူ အဖြစ်သို့ ရောက်အောင် ဤဆရာတော်သည် ပထမဆုံး ဖန်တီးပေးသော ဆရာတော် ဖြစ်ခဲ့ကြောင်း ဝန်ခံခြင်း ဖြစ်ပါ၏။ အဓိက အချက်မှာ တည်ငြိမ်အောင် လေ့ကျင့်ပြီးသော စိတ်သည် စိတ်တန်ခိုး တစ်စုံ တစ်ရာကို ရနိုင်ကြောင်း အထောက် အထား ရှိသလား ဆိုသည့် အကျွန်ုပ် ကောက်ချက် အဖြေကို ဤဆရာတော်က ပေးနိုင်ခဲ့သည်ဟု ဆိုလိုပါသည်။

ဆရာတော်သည် သူ့မှာ စိတ်တန်ခိုး ရှိသည်ဟု တစ်ကြိမ် တစ်ခါမျှပင် ဝန်မခံပါ။ သူ ကိုယ်တိုင်ပင်

www.burmeseclassic.com



ဘာမျှ မသိလေဟန် အမူအရာကိုသာ ပြတတ်ပါ၏။ အကျွန်ုပ်တို့ တပည့် ဒကာများက ဆရာတော်အား 'ဤသို့ ဤပုံ ကြုံရပါသည် ဘုရား' ဟု ဆိုမှ 'ဟေ ဟုတ်လား၊ သိပါဘူးကွယ်' ဟုသာ မိန့်ဆိုလေ့ ရှိပါသည်။

စိတ်ကို လေ့ကျင့်လျှင် ထူးခြားသော တန်ခိုး သတ္တိထူးများ၊ ထူးခြားသော အသိဉာဏ်များ ဖြစ်ပေါ် နိုင်သည် ဆိုသော အချက်ကို ထင်ရှားသော အထောက် အထားများ တွေ့ရှိရသော အခါ အကျွန်ုပ်သည် ဘုရား ဟော တရားများ၏ ဂမ္ဘီရ ရသကို ပိုပြီး ခံစားရသလို ပီတိ ဖြစ်ရရုံမျှမက သဒ္ဓါ ကြည်ညိုခြင်းလည်း ဒီရေ အလား တိုးတက် ပွားများ ရလေတော့၏။

ဤတရားသည် ဖတ်၍ ပြီးသော တရား မဟုတ်၊ ကျင့်မှ ပြီးမည့် တရား ဖြစ်သည် ဟူသော အမြင်ကို လည်း ခိုင်ခိုင်မာမာ မြင်လာပါသည်။ သို့ရာတွင် သံဃာ ကို ကြည်ညိုခြင်း၌မူ တစ်စုံတစ်ရာ အခုအခံ ရှိနေ သေးသည်ကိုမူ မိမိ ကိုယ်တိုင်ပင် ခံစား သိမြင်နေရ ပါသည်။ ထို တစ်စုံတစ်ရာသည် ဘာမှန်းတော့ တိတိ ကျကျ ဝေခွဲ၍ မရသေးချေ။

တစ်နေ့သ၌ ကိုသာဒင် (ယခု နိုင်ငံရေးသိပ္ပံ ဌာနမှူး၊ စက်မှု တက္ကသိုလ်) အကျွန်ုပ်ထံသို့ ရောက်လာ လေသည်။ သူကား သဒ္ဓါတရား ရှိသူလည်း ဖြစ်သည်။ ရန်ကုန်မြို့တွင် ပေါ်ပေါက်လျက် ရှိသော ထူးခြားသော ပုဂ္ဂိုလ်၊ ထူးခြားသော အဖြစ်အပျက်များကို တော်တော် များများ သိသူလည်း ဖြစ်၏။

သူနှင့် စကားပြောနေစဉ် ဆရာမ ရီနာဆာကား တို့ မိသားစု မကြာမီ အမေရိကန် နိုင်ငံသို့ ပြောင်းရွှေ့ သွားကြတော့မည်။ ဦးဝိစာရ လမ်းပေါ်ရှိ သူတို့ တိုက်ကြီးကို အဆင့်မြင့် ဆေးသင်တန်း ဖွင့်လှစ်ရန် ကျွန်းမာရေး ဝန်ကြီးဌာနသို့ လှူဒါန်းပြီးကြောင်း၊ ယခု တောင်ပုလု ဆရာတော်ကြီး ရန်ကုန်မြို့သို့ ကြွလျက် ရှိပြီး ထိုတိုက်ကြီးတွင် ခေတ္တစံကျောင်း အဖြစ် သီတင်း သုံးလျက် ရှိကြောင်း သတင်း စကားများကို ပြောဆို လေ၏။

ထို ကိုသာဒင်၏ သတင်း စကားကို ကြားရလျှင် အကျွန်ုပ် စိတ်တွင် ချက်ချင်းပင် တောင်ပုလု ဆရာ တော်ကြီးကို ဖူးချင်သော သဒ္ဓါဆန္ဒသည် ရုတ်တရက် ဖြစ်ပေါ် လာလေတော့၏။ ခါတိုင်းဆိုလျှင် ဤကဲ့သို့ သဒ္ဓါ ပေါ်ခဲသော မိမိနှလုံးသားတွင် ယခုမူ သံသယက ဦးစွာ မပေါ်လာဘဲ ကြည်ညိုစိတ်က ဦးစွာ ပေါ်လာ ခြင်းမှာ ထူးခြားသော ပြောင်းလဲခြင်း တစ်ရပ် ဖြစ် လျက် နေလေတော့၏။

'ဟုတ်လား ကိုသာဒင်၊ ဒါဆို ဆရာမတို့ကို လည်း နှုတ်ဆက်ချင်တယ်၊ ဆရာတော်ကြီးကိုလည်း ဖူး ချင်တယ်ဗျာ'

'သိပ် ကောင်းတာပေါ့ ဆရာရဲ့'

'အေး ဒါဆို ဆရာမတို့ အိမ်ကို သွားကြရအောင် ဗျာ၊ ဒါနှင့် ခင်ဗျားကို မေးရဦးမယ်၊ ကျွန်တော့် ရင်ထဲ မှာ မေးချင် မြန်းချင်တာလေးတွေတော့ ကျန်သေးတယ် ဗျ၊ အဲဒါ တောင်ပုလု ဆရာတော်ကြီးကို မေးချင်တယ်၊ မေးလို့ ဖြစ်ပါ့မလား'

'ဖြစ်တာပေါ့ ဆရာရဲ့၊ ဆ ရာ တော် ကြီး ကို လျှောက်ထားပြီး ခွင့်ပြုရင် မေးတာပေါ့၊ ဒီလို ဆရာ တော်ကြီးနှင့် တွေ့လိုက်ရင် ဆရာ့ အတွက် အများကြီး အကျိုး ရှိနိုင်ပါတယ်'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော် အင်းတကော်က ဆရာတော်ကြီး တစ်ပါးကို ပုစ္ဆာတွေ မေးခွင့် လျှောက်ဖူးတယ်၊ ဒီဆရာတော်ကြီးက ဒကာကြီး ဘာမှ မေးမနေနှင့်တဲ့၊ အချိန်ကျရင် ဒကာကြီးဘာသာ တရား ရလိမ့်မယ်တဲ့၊ အချိန်ပဲ နည်းနည်း စောင့် ဆိုပြီး အမိန့်ရှိတယ်၊ ဒီလိုများ ဖြစ်နေဦးမလားဗျာ'

'ဟာ ဆရာကလည်း တစ်ပါးနှင့် တစ်ပါး ဘယ် တူပါ့မလဲ၊ ကျွန်တော့် စိတ်ထဲတော့ ဆရာ့ အတွက် အကျိုး ရှိကို ရှိမယ်ဗျာ'

'အေး စကား ပြောနေတာ ကြာပါတယ်၊ သွား ကြရအောင်'

အကျွန်ုပ်တို့ နှစ်ဦး အငှား လေးဘီးကား တစ်စီး ဖြင့် ဦးဝိစာရလမ်းရှိ ဆရာတော် ယာယီ စံကျောင်း အဖြစ် သီတင်း သုံးတော်မူရာ ဆရာမ ရီနာတို့ တိုက် ကြီးသို့ လာကြစဉ် လမ်းခရီးတွင် ကိုသာဒင်က အောက် ပါ စကားကို ဆိုလေသည်။

'ကျွန်တော်တော့ ဆရာတော်ကြီးနှင့် တွေ့ရင် ဆရာတော် ဘုရားရဲ့ ခြေတော်စုံကို ဦးခေါင်းနှင့် တိုက်ပြီး သိဒ္ဓိယူမယ်'

ကိုသာဒင်၏ ထိုစကားသည် အကျွန်ုပ်၏ စိတ်ကို လှုပ်ရှားစေပါ၏။ ထိုစကားသည် သဒ္ဓါ လွန်ခြင်းလည်း ဖြစ်၍ အယူ သီးခြင်းလည်း ဖြစ်သည်ဟု အကျွန်ုပ် ထင် ပါ၏။ ထို့ကြောင့် ကိုသာဒင်အား အကျွန်ုပ်က

www.burmeseclassic.com



'အဲဒီလောက်တောင် အယူ သီးတာတော့ ကျွန်တော် မကြိုက်ဘူး ဗျာ၊ ခင်ဗျားတို့ဟာက နည်းနည်းတော့ ဖြစ်သင့်တာထက် လွန်သွားပြီ ထင်တယ်' ဟု ဆိုမိလေ၏။ ထိုအခါ ကိုသာဒင် ပြန်ပြောသော စကားသည် အကျွန်ုပ်အား တစ်သက်လုံး အမှတ်ရစေသည့်ပြင် မိမိကိုယ် မိမိ ပြန်လည် စိစစ်ရန် အကြောင်းလည်း ဖြစ်ခဲ့လေ၏။

'ဒါကတော့ ဆရာရယ်၊ ဆရာနှင့် ကျွန်တော် ဘယ်တူပါ့မလဲ၊ ဆရာ့ ရင်ထဲမှာက သဒ္ဓါတရားမှ မရှိသေးတာ၊ ရတနာ သုံးပါးကို ကြည်ညိုခြင်း ဆိုတဲ့ သဒ္ဓါရဲ့ အရသာကို ဆရာ ဘယ်သိဦးမှာလဲ'

အကျွန်ုပ်သည် ထိုစကားကို ကြားရသောအခါ ဘာမျှ ပြန်မပြောဘဲ 'ရတနာ သုံးပါးကို ကြည်ညိုခြင်း အရသာ' ဆိုသော စကားကို များစွာ စဉ်းစား နေလေတော့၏။

ဆရာမကို့ အိမ်သို့ ရောက်သော အချိန်သည် နေ့မွန်းလွဲ ၁း၃၀ နာရီခန့် ဖြစ်လေသည်။

ဆရာမအား မိမိတို့ ဆရာတော်ကြီးကိုလည်း ဖူးရင်း ဆရာမတို့ကိုလည်း နှုတ်ဆက်ရင်း လာသည့် အကြောင်းကို ပြောရာ ဆရာမက

'နင် လာတာ ဆရာမ အများကြီး ဝမ်းသာပါတယ် ဆန်းလွင်၊ ဒါပေမယ့် ဒီအချိန်မှာ ဆရာတော်ကြီးက ဆွမ်းစားပြီး နေသန့်ချိန်၊ ဧည့်သည်နှင့် မတွေ့ဘူး၊ နင် ညနေ လေးနာရီကို လာပါလား' ဟု ဆိုလေ၏။

အကျွန်ုပ်ကား အလာကောင်း ဖြစ်သော်လည်း အခါနှောင်း မဖြစ်ဘဲ အခါစော ဖြစ်နေလေတော့၏။ သို့သော် 'ငါကဲ့သို့သော ပုဂ္ဂိုလ်သည် အဘ ဦးဘထွန်း ပြောသကဲ့သို့ သာသနာ ပြုရမည့် ပုဂ္ဂိုလ် ဖြစ်မူကား ဆရာတော်သည် သူတစ်ပါးအား အတွေ့ မခံသော အချိန်အား မိမိကို အတွေ့ ခံလိမ့်မည်' ဟူသော မာန်သည် ဖြစ်ပေါ်လေ၏။ ထို့ကြောင့် ဆရာမအား

'ဟာ မဖြစ်ဘူး ဆရာမ၊ ကျွန်တော် ဒီအချိန်မှာ ဆရာတော်ကြီးကို ဖူးရမှ ဖြစ်မယ်၊ လူအများနှင့် ဆုံပြီး တွေ့လို့ မဖြစ်ဘူး၊ ကျွန်တော် ဆရာတော်ကြီးကို သီးသန့် လျှောက်ထားစရာတွေ အများကြီး ရှိပါတယ်၊ ဒီအချိန် တွေ့မယ်ဗျာ'

ဤ စကားကို ပြောသော အခါ ဆရာမသည် ထိတ်လန့်စွာ တားဆီးလေတော့၏။ ဤ နေသန့်ချိန်တွင် ဆရာတော်ဘုရားက အတွေ့ခံမည် မဟုတ်ကြောင်း အမျိုးမျိုး ပြောဆို ဖျောင်းဖျလေ၏။ အကျွန်ုပ်ကလည်း ခေါင်းမာစွာဖြင့် မရ မက တွေ့ကို တွေ့ရမည်ဟု ဆိုလေ၏။ ဆရာမလည်း အကျွန်ုပ်တို့ နှစ်ဦးအား ကော်ဖီနှင့် ကိတ်မုန့်များ တိုက် ကျွေး ရင်း ချော့ပြန်၏။ အကျွန်ုပ်မူ တစ်သက်လုံး သူ့အပေါ် နွဲ့လာ ဆိုးလာသူ ဖြစ်၍ ဆရာမ ပြောသည်ကို လက်မခံဘဲ ကိုသာဒင်အား ဆရာမ အလစ်တွင် ဆရာတော်ဘုရား သီတင်းသုံးရာ အခန်း တံခါးမ၏ သော့ပေါက်မှ 'တက္ကသိုလ်က ဆရာဦးဆန်းလွင် အရှင်ဘုရားကို ဖူးချင်လို့ပါ ဘုရား' ဟု အော်၍ လျှောက်ခိုင်း လိုက်လေ၏။ ကိုသာဒင်လည်း ဆရာတော်နှင့် အကျွန်ုပ်တို့ကို တွေ့ဆုံစေလိုသော ဆန္ဒရှိသူ ဖြစ်ပေရာ အကျွန်ုပ် ခိုင်းသည့်အတိုင်း လုပ်လေ၏။

ဆရာတော်သည် ကိုသာဒင် လျှောက် ထား ပြီးနောက် စက္ကန့်ပိုင်း အတွင်းမှာပင် အခန်းတံခါးကို ဖွင့်တော်မူလေ၏။ ဆရာမ ရီနာလည်း ဤအချိန်သည် ဝန်ကြီး လာသည်ကိုပင် အတွေ့မခံသော အချိန် ဖြစ်ပါလျက် အကျွန်ုပ်အား ဆရာတော်က တံခါး ဖွင့်ပေးသည်ကို မြင်တွေ့ရသော အခါ များစွာ အံ့သြ ဝမ်းမြောက်ခြင်း ဖြစ်လေတော့၏။

ဆရာတော် စံကျောင်း ပြု၍ သီတင်းသုံးရာ အခန်းတွင်းသို့ ဝင်သည်နှင့် အထူးထူးသော ပန်းရနံ့တို့ လှိုင်ပျံ့လျက် ရှိလေ၏။ အကျွန်ုပ် မျက်လုံးကလည်း အခန်းကျဉ်းကလေးကို အကဲခတ်၍ ကြည့် လေ ၏။ အခန်းတွင်းမှာ ပန်းများဖြင့်သာ ပြည့်နှက်နေပြီး အိပ်ရာနေရာ မရှိ၊ ဆရာတော် ထိုင်သော ကမ္ဗလာ ခင်းထားသည့် ရိုးရိုး ဆက်တီ ကုလားထိုင် တစ်လုံးသာ ရှိလေ၏။

အတွင်းသို့ ရောက်သောအခါ အကျွန်ုပ်က ဆရာတော်၏ ယာဘက်က ထိုင်ကာ ဝတ်ပြု၏။ ကိုသာဒင်ကမူ ဘယ်ဘက်က ထိုင်၍ ဝတ်ပြုလေသည်။ ဆရာတော်ကို ဦးချ ကန်တော့ပြီး အကျွန်ုပ်သည် ပြန်လည်ခေါင်းမော့လိုက်သော အခါ ဆရာတော်ကြီး၏ ယာဘက်ခြေတော်သည် အကျွန်ုပ်၏ မျက်နှာရှေ့ တည့်တည့်သို့ ရောက်နေလေတော့၏။

ဆရာတော်သည် ခြေတော်ကို အကျွန်ုပ် ရှေ့တွင် ဆန့်တန်း ထားတော်မူလေသည်။ အကျွန်ုပ်လည်း ထူးခြားသော ဆရာတော်၏ ထိုအမူအရာကို များစွာ အံ့သြ တွေဝေနေမိလေ၏။ ပထမသော် ဘာလုပ်ရမှန်း မသိ ဖြစ်၏။ ကိုသာဒင်ကသာ ဆရာတော်ကြီး ခြေဖြင့် သူ၏ ဦးခေါင်းကို ပွတ်တိုက်ပြီး သိဒ္ဓိ ယူမည်ဟု လမ်း

www.burmeseclassic.com



မှာ ပြောလာသော စကားကို အကျွန်ုပ် သတိရ၏။ ခြေဆုပ်လက်နယ် ပြုလိုသူမှာ ကိုသာဒင် ဖြစ်ပါလျက် ကိုသာဒင်ဘက်က ခြေထောက်ကို သိမ်းထားပြီး အကျွန်ုပ်ဘက်က ခြေထောက်ကိုသာ အဘယ်ကြောင့် ဆန့်တန်းထားတော် မူလေသနည်း။ ဤအခြင်းအရာသည် ထူးခြား လှပေစွ။

အကျွန်ုပ်လည်း ဘာလုပ်ရမှန်း မသိဘဲ ဆန့်တန်းထားသော ခြေတော်ကိုသာ ကြည့်လျက် ဇဝေဇဝါ ဖြစ်နေလေ၏။ ခဏကြာမှ ကိုသာဒင်၏ မျက်နှာကို လှမ်းကြည့်ပြီး ဘာလုပ်ရမလဲ ဟူသော မျက်ရိပ်ဖြင့် မေးလိုက်ရာ ကိုသာဒင်က ခြေဆုပ် လက်နယ် ပြုဖို့ အချက်ပြသဖြင့် ထိုသို့ ပြုရလေတော့၏။

ဆရာတော်ကြီး၏ ခြေတော်ကို မိမိ၏ လက်အစုံဖြင့် ဆုပ်နယ်နေစဉ် အကျွန်ုပ် ရင်ထဲတွင် ထူးခြားသော ခံစားချက် တစ်ရပ် ဖြစ်ပေါ်၍ လာလေတော့၏။ ထိုခံစားချက်သည် ယခုမှသာ ဆရာတော်ကြီးနှင့် တွေ့ဆုံဖူးသော်လည်း နှစ်ကာလ ကြာမြင့်စွာကပင် တွေ့ကြုံဆက်ဆံ၍ ရင်းနှီးပြီးသော အတွေ့အကြုံမျိုး ဖြစ်လေ၏။ ထို့ပြင် ရှည်ညောင်းစွာ ရင်ထဲမှာ အခုအခံ ဖြစ်လျက်နေခဲ့သော အရာ တစ်ခုသည်လည်း အဆောက်အအုံ ပြိုကျပြီး ပြန့်ပြူး သွားသကဲ့သို့ ခံစားရလေ၏။ ထိုပြိုကျသွားသော အရာသည် အဘယ်နည်း။ ဆရာတော်၏ ခြေသလုံးတော်ကို နှိပ်နယ်ရင်း အကျွန်ုပ် စဉ်းစားလိုက်သော အခါ၌ ထိုအရာသည် ဖျတ်ခနဲ ပေါ်လာလေတော့၏။ ထိုအရာကား အခြား မဟုတ်။ 'မာန' ဆိုသော အရာပင်တည်း။

ဟုတ်ပါပြီ။ အကျွန်ုပ်မှာ ကာလ ကြာမြင့်စွာကပင် မာန်ခံနေခဲ့သည် ဖြစ်၍ ဘဝင် မကျနိုင်ခြင်း ဖြစ်ပေလိမ့်မည်။ ယခုမူ ဆရာတော် ဘုရားကြီးက မိမိ၏ ရင်ထဲမှ မာန ဆူးငြောင့်ကို ဤနည်းဖြင့် နုတ်ပစ်လိုက်သည်ပါ တကား။ ဤ အသိသည် ဝမ်းမြောက်ခြင်း ပီတိကိုလည်း ဖြစ်စေပါ၏။ မျက်ရည်ကိုလည်း လည်စေပါ၏။ ရှင်းလင်းသွားသော ရင်ထဲတွင်မူ အပြန့်ကျယ်သော လွင်ပြင် တစ်ခု ဖြစ်ပေါ်နေသလို ပြေလွင်ပြန့်ချောနေလေ၏။ ကိုယ်ရော စိတ်ပါ ပေါ့ပါးသွားသလိုလည်း ခံစားရ၏။ အမှန်တော့ မာန အဆောက်အအုံကြီးသည် လေးလံသော ဝန်ထုပ်မျိုးပါ တကား။

အတန်ကြာ ဆရာတော်ကို ဝတ်ဖြည့်ပြီးနောက် ရင်ထဲက ပုစ္ဆာများကို လျှောက်ထားလိုသော စိတ်သည် ပေါ်တက် လာလေတော့၏။ ရင်းနှီးသော ခံစားချက်ကြောင့်လည်း ရဲရင့် ခိုင်မာသော စိတ်ကို ရရှိနေလေသည်။ ထိုအခါ အကျွန်ုပ်သည် ဝိသုဒ္ဓိမဂ်ကို သတိရလေ၏။ ထိုအမှတ်ဖြင့် မိမိ လျှောက်ထားလိုသည်ကို လျှောက်ထား မိလေတော့၏။

'အရှင်ဘုရား၊ တပည့်တော်ရဲ့ ရင်မှာ ဖြစ်တဲ့ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာကို ပယ်ရှင်းခြင်း အလို့ငှာ တပည့်တော်အား မေးခွန်း အချို့ မေးမြန်း စုံစမ်းခြင်းကို ခွင့်ပြုသည်းခံတော် မူပါဘုရား'

ဆရာတော်၏ အလွန် တိုးတိတ် ညင်သာလှသော အသံတော်ဖြင့် ခွင့်ပြုကြောင်း မိန့်တော်မူလေ၏။

'လျှောက်နိုင်ပါတယ်၊ လျှောက်ပါ'

ဆရာတော်သည် အကျွန်ုပ်အား သည်းခံတော်မူလေပြီ ဟူသော အသိသည် ကြင်နာ သနားတော်မူလေပြီ ဟူသော အသိကိုပါ ဖြစ်ပေါ်စေပါ၏။ အားရှိသော စိတ်သည် တစ်ဟုန်တည်း ဖြစ်ပေါ်လာလေတော့၏။ ထိုအခါ ဤသို့ လျှောက်ထား လိုက်ပါ၏။

'သိလိုတဲ့ အချက်တွေကို မလျှောက်ထားခင် တပည့်တော်ရဲ့ ဘဝ ဖြစ်စဉ် အကျဉ်းကို ဦးစွာ လျှောက်ထားပါရစေဦး ဘုရား'

'အင်း လျှောက်'

'တပည့်တော်ဟာ အယူတစ်ပါး ရှိသော မိဘများမှ မွေးဖွား ခဲ့ရသူ ဖြစ်ပါတယ် ဘုရား၊ အမျိုးမျိုးသော အယူဝါဒများ ဒဿနများရဲ့ နယ်ပယ်မှာ နှစ်ပေါင်းအတန်ကြာအောင် ကျင်လည်ခဲ့ရပါတယ်၊ အထူးသဖြင့် အနောက်တိုင်း ဒဿန ပညာတွေကို ရက်ရှည်လများ သင်ကြား ဆည်းပူးခဲ့ရလေတော့ တပည့်တော်တို့ တွေးပုံ ခေါ်ပုံတွေဟာ အနောက်တိုင်း ဆန်တယ်လို့ ဆိုရမှာပါ ဘုရား၊ ဒီလို အနောက်တိုင်း ဆန်တာဟာ သိပ္ပံနည်းကျတယ်လို့လည်း တပည့်တော်ရဲ့ ဆရာသမားများနှင့် တကွ တပည့်တော်တို့ ယူဆလေ့ ရှိကြပါတယ်။

'အချုပ်ကို လျှောက်ထား ရပါလျှင် ယခု တပည့်တော်ဟာ ဗုဒ္ဓ စာပေ ကျမ်းဂန်များကို လေ့လာ လိုက်စားတဲ့ အခါမှာလည်း အနောက်တိုင်း တွေးပုံ တွေးနည်းအတိုင်း တွေးပြီး ဗုဒ္ဓ အတွေးအခေါ်များကို လေ့လာပါတယ် ဘုရား၊ ဒီနေရာမှာ ဝိသုဒ္ဓိမဂ်မှာ ရှင်မဟာ ဗုဒ္ဓဃောသ ထေရ်မြတ် တင်ပြထားပုံကိုလည်း တပည့်တော် အလွန် နှစ်သက်ပါတယ်၊ ဒီအချက်က ဘာလဲ ဆိုတော့

'ပါဠိတော်၏ အဖွင့် အဋ္ဌကထာကို ပြုလိုသော

www.burmeseclassic.com



ငါသည် ဘုရား သာဝကတို့၏ အပေါင်းတို့ ဝိဘဇ္ဇဝါဒီ ဖြစ်လျက် သက်ဝင်၍ ရှေးအဋ္ဌကထာ ဆရာတော်တို့ ကို မစွပ်စွဲမူ၍ မိမိအယူကို မပယ်မဖယ် မူ၍ * ဆိုတဲ့ စကားရပ် ဖြစ်ပါတယ် ဘုရား။

'ယခုအခါ အနောက်တိုင်း ဒဿနမှာလည်း ဝိဘဇ္ဇဝါဒ ထွန်းကား နေပါတယ် ဘုရား၊ တပည့် တော်လည်း ဗုဒ္ဓဝါဒကို သက်ဝင်တဲ့ အခါ ဝိဘဇ္ဇဝါဒီ အဖြစ်ပင် သက်ဝင်လိုပါတယ် ဘုရား၊ ရှေးက ဆရာ များကိုလည်း မစွပ်စွဲလိုပါ ဘုရား၊ မိမိ ထင်မြင်ချက် များကိုလည်း အလွယ်တကူ မစွန့်ပယ်ချင်ပါ၊ ဒါကြောင့် တပည့်တော်ဟာ စင်ကြယ်သော ဝိသုဒ္ဓိ အမြင်ကို ရဖို့ ကြိုးစားရခြင်း ဖြစ်ကြောင်း ဦးစွာ လျှောက်ထားပါတယ် ဘုရား။

'အဓိက တပည့်တော် လျှောက်ထားချင်တာက တော့ အနောက်တိုင်းနည်း နှင့် ဒဿန အမြင် တစ်ရပ်ကို လေ့လာတဲ့ အခါ ဒီအမြင်မှာ ရှေ့က ပြောတဲ့ စကားနှင့် နောက်က ပြောတဲ့ စကားတို့ အချင်းချင်း ဆန့်ကျင် ချေဖျက်တဲ့ အမြင် ဆိုလျှင် လက်မခံကြပါဘူး ဘုရား။

'ယခု တပည့်တော် ဝိသုဒ္ဓိမဂ်ကို လေ့လာတဲ့ အခါ ဒီ သဘောမျိုးကို တွေ့မြင် နေရပါတယ် ဘုရား၊ တွေ့မြင်ရပုံကို တပည့်တော် လျှောက်ထား ပါရစေ ဘုရား။

"တွေ့မြင်ပုံကတော့ ဝိသုဒ္ဓိမဂ်ကို သီလခန်း သမာဓိခန်း ပညာခန်းရယ်လို့ သိက္ခာသုံးရပ် စီစဉ်ထား ရာမှာ သီလခန်းကို လေ့လာပြီး သမာဓိခန်းကို တက်ပြီး ပညာခန်းကို ရောက်တဲ့အခါ ပညာခန်းမှာ ဟောကြား ထားတဲ့ တရားတွေဟာ သီလခန်း သမာဓိခန်းမှာ ဟော ကြားတဲ့ တရားတွေနှင့် ဆန့်ကျင်ဘက် ဖြစ်နေသလို တစ်ခုကို တစ်ခု ချေဖျက်သလို ဖြစ်နေ ကြပါတယ် ဘုရား။

'ဥပမာအားဖြင့် သီလ နိဒ္ဒေသပိုင်းမှာ သီလကို ပြရာ၌ မြတ်စွာဘုရားက ဤအရာကို ကျင့်အပ်၏ဟု ပညတ်သော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တ သီလ မည်၏၊ ဤအရာကို မပြုကျင့်အပ်ဟု ပယ်မြစ် တော်မူသော အရာကို မပြုကျင့်ဘဲ နေခြင်း၊ ရှောင်ကြဉ် ခြင်းသည် ဝါရိတ္တသီလ မည်၏၊ ထို နှစ်ပါးတို့တွင် စာရိတ္တသီလသည် သဒ္ဓါ ဝီရိယတို့ဖြင့် ပြီးစေအပ်၏၊ ဝါရိတ္တသီလသည် သဒ္ဓါဖြင့် ပြီးစေအပ်၏ လို့ ဝိသုဒ္ဓိ မဂ်မှာ အရှင် မဟာဗုဒ္ဓဃောသ ထေရ်မြတ် ဖွင့်တော်မူပြီး သီလကို ဆုတ်ယုတ် အံ့သော အဖို့ရှိသော သီလ (ဟာန ဘာဂိယ သီလ)၊ တည်တံ့ရုံမျှ အဖို့ရှိသော သီလ (ဌိတိ ဘာဂိယ သီလ)၊ ထူးသောအဖို့ ရှိသော သီလ (ဝိသေသ ဘာဂိယ သီလ) နှင့် ကိလေသာ အစိုင်အခဲကြီးကို ဖောက်ခွဲနိုင်သော အဖို့ရှိသော သီလ (နိဗ္ဗေဓဘာဂိယ သီလ) * ရယ်လို့ အယုတ် အလတ် အမြတ်အားဖြင့် သီလကို လေးပါး အပြားစီ ပြရာမှာ သီလ လေးမျိုး၌ ရဟန်း ယောကျ်ားတို့ကို အကြောင်းပြု၍ ပညတ်အပ် သော သိက္ခာပုဒ်တို့သည် ရှိကုန်၏၊ ရဟန်း မိန်းမတို့ အား ပညတ်အပ်သော သိက္ခာပုဒ်တို့တွင် အကြင်သိက္ခာ ပုဒ်တို့ကို ရဟန်း ယောကျ်ားတို့သည် စောင့်ရှောက်အပ် ကုန်၏၊ ဤသိက္ခာပုဒ် အပေါင်းသည် ဘိက္ခု သီလ မည်၏။

'သာမဏေယောကျ်ား၊ သာမဏေမိန်းမတို့ ကျင့် သုံးအပ်သော ဆယ်ပါး သီလသည် အနုပသမ္ပန္န သီလ မည်၏။

'ဥပါသကာ (ယောကျ်ား) ဥပါသိကာ (မိန်းမ) တို့ စောင့်ထိန်းအပ်သော သီလ ဆိုပြီး အထင်အရှား ပြထားတာတွေ အမြောက်အမြား ပါရှိပါတယ် ဘုရား၊ ဒီသီလခန်းမှာ ပြထားပြီး တစ်ဖန် ပညာခန်းမှာတော့ ဥပမာ ဝိသုဒ္ဓိမဂ် ပညာ ဘူမိနိဒ္ဒေသ ပိုင်းမှာ ထိုသူ ပြု၏၊ ထိုသူ ခံစား၏၊ တစ်ပါးသူ ပြု၏၊ တစ်ပါးသူ ခံစား၏၊ ဤသို့ ဝါဒကို ပယ်ခြင်း လည်းကောင်း၊ မိန်းမ ယောကျ်ား ဟူသော ဇနပုဒ်သူတို့၏ ဝေါဟာရ ပညတ်၌ မသင့်မလျား အမှား နှလုံးသွင်းခြင်း လည်းကောင်း၊ လောက သမ္မုတိ ကို မလွန်ခြင်း လည်းကောင်း ** ဆိုပြီး ပဋိစ္စသမုပ္ပာဒ် ဟူသော စကားရဲ့ အဓိပ္ပာယ်ကို ဖွင့်ရာမှာ ပြတော်မူ တဲ့အပြင် ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသပိုင်းမှာလည်း

'ရုပ်နာမ်မှ လွဲ၍ လွန်၍ အခြား တစ်ပါးသော သတ္တဝါ ဟူသည်လည်း ကောင်း၊ ပုဂ္ဂိုလ်ဟူသည် လည်း ကောင်း၊ နတ်သည် လည်းကောင်း၊ ဗြဟ္မာသည် လည်း ကောင်း မရှိပြီ (ဝါ) ရုပ်နာမ် နှစ်ပါးက လွဲ၍ ပုဂ္ဂိုလ် သတ္တဝါ နတ် ဗြဟ္မာ မရှိပြီ၊ ဤသို့ ဆုံးဖြတ်ခြင်းသို့

---

* ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ (မြန်မာပြန်)၊ တတိယတွဲ၊ စာ ၁၇

* ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ (မြန်မာပြန်) ပထမတွဲ၊ စာ ၃၂

** ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ (မြန်မာပြန်) တတိယတွဲ၊ စာ ၁၇

www.burmeseclassic.com



ရောက်၏ * လို့ ဆိုထား ပြန်ပါတယ် ဘုရား။

'အနောက်တိုင်း ယုတ္တိဗေဒ သဘော အရ ကြည့်လျှင် တပည့်တော် ဖော်ပြခဲ့တဲ့ အတိုင်း သီလ နိဒ္ဒေသပိုင်းမှာတော့ ဘိက္ခုသီလ သာမဏေသီလ လူ ဥပါသကာ ဥပါသိကာ သီလရယ်လို့ ပုဂ္ဂိုလ် အညွှန်းနှင့် ပြဆိုပြီး ပညာနိဒ္ဒေသခန်း ကျတော့ ရုပ်နာမ်မှ တစ်ပါး ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ လူ မရှိ နတ် မရှိ ဗြဟ္မာ မရှိလို့ ဆုံးဖြတ်ကြောင်း ဆိုခြင်းဟာ ရှေ့စကားကို နောက် စကားက ဆန့်ကျင်တယ် ချေဖျက်တယ် (Inconsistent) ရှေ့နောက် မညီညွတ်ဘူးလို့ မြင်ရပါတယ် ဘုရား။

'ဆိုလိုတာကတော့ ဒီအဆို နှစ်ရပ်ကို တစ်ဆက်တည်း တစ်ပေါင်းတည်း စဉ်းစားလို့ မရပါဘူး ဘုရား၊ လူသာမန် စကားနှင့် ဖော်ပြရလျှင် ဘယ့်နှယ် ဘိက္ခုသီလ သာမဏေသီလ လူသီလ ရှိတယ်လည်း ဆိုသေး၊ လူမရှိ နတ်မရှိ ဗြဟ္မာ မရှိ ရုပ်နာမ်ပဲ ရှိတယ်လို့လည်း ဆိုပြန်ပါကလား၊ ဒါ ဘာစကားလဲလို့ စွပ်စွဲပြီး မဖွယ်ရာသော စကားကို ဆိုတယ်လို့ အနောက်တိုင်းက ဆိုနိုင်ပါတယ် ဘုရား၊ တပည့်တော် ရင်ထဲမှာ ဒီလို ဆိုလာမှာကိုလည်း စိုးပါတယ် ဘုရား၊ အ ခု တောင် အရှင် ဘုရား သိတော် မူတဲ့အတိုင်း အနောက်တိုင်းက ကျမ်းတတ်ဆိုတဲ့ လူတွေက ဗုဒ္ဓဘာသာကို အမျိုးမျိုး ဝေဖန် ပြောဆိုနေကြတဲ့ အသံတွေကို တပည့်တော်တို့ ကြားနေရပါတယ် ဘုရား။

'ဥပမာ အဘိဓမ္မာကို ဗုဒ္ဓ ကိုယ်တော်တိုင် ဟော ကြားတော်မူတဲ့ တရား မဟုတ်ဘူး၊ ပထမ သင်္ဂါယနာ တုန်းကလည်း အဘိဓမ္မာကို ရွတ်ဆိုကြောင်း သမိုင်း အထောက်အထား မရှိဘူး ဆိုပြီး ပြောကြတာတွေ လည်း ကြားရပါတယ် ဘုရား။

'***ဟိန္ဒူဝါဒ နှင့် ဗုဒ္ဓဝါဒကျမ်း*** ** ကို ရေးတဲ့ ဂျီအဲလီယွတ် ဆိုသူက ပထမ သင်္ဂါယနာ တင်တုန်းက ခုဒ္ဒကနိကာယ်ရော အဘိဓမ္မာပါ ရွတ်ဆိုခြင်း မခံရဘူးလို့ ဆိုပြီး အပြစ်ရှာပါတယ် ဘုရား။

'နောက်ပြီး ***ဗုဒ္ဓ အတွေးအခေါ်သမိုင်း*** *** ကို ရေးသားခဲ့တဲ့ အီး ဂျေ သောမတ် ဆိုသူကလည်း ထို အဘိဓမ္မာ ဆိုပြီး သိနေသော ကျမ်းစာများသည် ပထမ သင်္ဂါယနာ၌ မပါကြောင်း ကျွန်ုပ် အခိုင်အမာ ဆိုနိုင်သည် ဆိုပြီး လူကြီး လူကျယ် လုပ်လျက် ရှိပါတယ် ဘုရား၊ နောက်ဆုံး တစ်သက်လုံး ကမ္ဘာမှာ ဗုဒ္ဓစာပေ ကျမ်းဂန်တွေနှင့် ပညာတတ် လုပ်စားသွားတဲ့ မစ္စက် ရှိုက်ဒေးဗီး ဆိုတဲ့ အမျိုးသမီးကြီးကတောင် ဓမ္မသင်္ဂဏီ အင်္ဂလိပ် ဘာသာပြန် နိဒါန်းမှာ အဘိဓမ္မာ ဆိုတာ ဗုဒ္ဓဝါဒကို စတင် ထူထောင်သူ ဗုဒ္ဓ၏ စကား မဟုတ်၊ သူ့နောက်မှ ဖြစ်ပေါ်လာသော သာဝက ရဟန်းများ၏ လုပ်ရပ်သာ ဖြစ်သည်လို့ ဆိုခဲ့ပါတယ် ဘုရား၊ တပည့်တော် ဆိုလိုတာကတော့ ကမ္ဘာမှာ ဗုဒ္ဓဘာသာကို ကဲ့ရဲ့ ချေဖျက်ဖို့ အားထုတ်နေကြသူတွေ အများအပြား ရှိနေ တာကို နှလုံးသွင်းမိတဲ့ အတွက် သူတို့ အပြစ်ဆိုဖွယ် ဖြစ်တဲ့ ကိစ္စမျိုးကို တပည့်တော်က တွေးမိပြီး ဒါ ဘယ်လို ဖြစ်တာလဲ၊ ဘာကြောင့် ဒီလို ဟောရတာလဲ ဆိုတဲ့ ငုပ်နေတဲ့ အကြောင်းထူးကို သိချင်လို့ တပည့်တော် ယခုလို အရှင်ဘုရားထံမှာ ခွင့်ပန် လျှောက်ထားရခြင်း ဖြစ်ပါတယ် ဘုရား'

အကျွန်ုပ်လည်း ရသော အခွင့်အရေးကို အပြည့် အဝ ယူလိုက်ပါ၏။ ရင်ထဲတွင် စူးဝင်လျက် ရှိသော ဆူးငြောင့်ကို ဆရာတော်ကြီး မြင်နိုင်စေခြင်း အလို့ငှာ အရှည်အဝေး မချွင်းမချန် လျှောက်ထားမိလေတော့၏။

ထိုအခါ ဆရာတော် ဘုရားကြီးသည် အလွန် တိုးတိတ် ညင်သာလှသော အသံတော်ဖြင့် အကျွန်ုပ်အား လိုအပ်သော တိုက်ရိုက် အဖြေကို မပေးမူ၍ မေးခွန်း မေးခြင်းဖြင့်သာ ဖြေအပ်သော ပဋိပုစ္ဆာ ဗျာကရဏီယ ကို ဆိုလေတော့၏။

ဆိုပုံကား ဤသို့ ဖြစ်၏။

'ဒကာ ဗုဒ္ဓဘာသာမှာ လောကဝဇ္ဇ ဆိုတဲ့ တရား တစ်ပါး၊ ပဏ္ဏတ္တိဝဇ္ဇ ဆိုတဲ့ တရား တစ်ပါး ရှိတယ်၊ အဲဒီ တရား နှစ်ပါးကို သိရဲ့လား'

ဤ ကား ဆရာတော်ကြီး၏ အဖြေပင်တည်း။ အကျွန်ုပ်၏ ရှည်လျား ထွေပြားသော မေးခွန်း အားလုံး ကို ဆရာတော်ကြီးက ဤသို့ ပြန်လည် မေးအပ်သော အမေး (ပဋိပုစ္ဆာ) ဖြင့် မေးလျက် အဖြေ ပေးခြင်းပေ တည်း။

ဤသို့ မေးအပ်သော အမေးဖြင့် အကျွန်ုပ်အား အဖြေပေးပြီ ဆိုသည်ကို သိလိုက်ရသည်နှင့် တစ်ပြိုင်နက် အကျွန်ုပ် တစ်ကိုယ်လုံးမှာ ကျင်စက် တစ်စုံ တစ်ရာ

---

* ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ မြန်မာပြန်၊ တတိယတွဲ၊ စာ ၂၄၆

** *Hinduism and Buddhism, Vol 1, G.E. Eliot p 292*

*** *The History of Buddhist Thought, E. J. Thomas p 28*

www.burmeseclassic.com



တို့ထိခြင်း ခံရသလို ဆတ်ခနဲ တစ်ချက် တုန်သွားပြီး နောက် ဖြန်းခနဲ ကြက်သီး ထလေ၏။ မျက်စိထဲတွင်လည်း ဝင်းခနဲ တစ်ချက် လင်းလက်သွားကာ ဦးခေါင်း တည့်တည့်ဝယ် အလင်းတန်းကြီး တစ်ခုလိုလို ဟင်း လင်းပြင် တစ်ခုလိုလို အတိအကျ ဖော်ပြရန် ခက်ခဲသော (အာလောကဟု ဆိုအပ်မည် ထင်သော) တိုးလျှိုပေါက် ကြီး တစ်ခု ဖြစ်ပွား သွားသည်ဟုလည်း ခံစား သိမြင် လိုက်ရလေတော့၏။ ထိုခဏဝယ် မိမိ၌ ဉာဏ် အလင်း တစ်ခု ဖြစ်ပေါ် လာသည်ကိုလည်း သိရလေ၏။

ဤ အတွေ့အကြုံကား အကျွန်ုပ်၏ ဘဝဝယ် အထူးခြားဆုံး အတွေ့အကြုံ တစ်ခု ဟု ဆိုအပ်ပါ၏။ အိပ်မက်ထဲမှာ ဆန်းဆန်းပြားပြားတွေ မြင်မက်ဖူးပါ၏။ သို့သော် ဤ အတွေ့အကြုံမျိုးကား မဟုတ်ချေ။ ဤ အတွေ့အကြုံသည်ကား အကျွန်ုပ်၏ ဘဝဝယ် တကယ် ပင် အံ့ဘနန်း အတွေ့အကြုံကြီး တစ်ခု (a miracle) ဖြစ်၍ နေလေတော့၏။ ရုတ်တရက် ဖြစ်ပေါ်လာသော ခံစားချက် ပြီးဆုံးသွားသော အခါ ဉာဏ်သည် အစဉ် တစိုက် ဖြစ်ပေါ်၍ လာလေတော့၏။

ပထမဦးစွာ ဆရာတော် ဘာကို ဆိုလိုသည်ကို အကျွန်ုပ် ရင်ထဲက ချက်ချင်း နားလည် လိုက်လေ၏။

ဒုတိယ အနေနှင့် အလွန် ရှည်လျားသော ဆရာ တော် ပေးမည့် အဖြေသည် မနောကို မနောချင်း ပြော လိုက်သလို အလုံးစုံ ခြုံလွှမ်းသော အသိအမြင် အဖြစ် အကျွန်ုပ် ရရှိလေ၏။

ယခု အကျွန်ုပ် ဉာဏ်၌ ဖြစ်ပေါ်လာသော ထို အသိအမြင်များကို ဆိုပါမည်။ မဆိုမီ တတိယ အနေ ဖြင့် ပြောသင့်သော အချက် တစ်ချက်ကိုလည်း ဤတွင် ဆိုခဲ့ပါဦးမည်။ ထိုအချက်သည် ဆရာတော်ကြီးက သနား ကရုဏာတော်ဖြင့် အကျွန်ုပ် ရင်တွင်းက ဆူးငြောင့်ကြီး တစ်ခုကို ဖယ်ရှား ပစ်လိုက်ပြီ။ မိမိမှာ ကြာမြင့်စွာ ရင် တွင်း၌ ခံစားနေရသော ဝေဒနာကြီး တစ်ခု ပျောက်ကင်း သက်သာသွားပြီ ဟု ကိုယ်တိုင် ခံစားလိုက်ရခြင်း ဖြစ် ပါသည်။

အကျွန်ုပ် သိမြင်လိုက်ရသော အသိအမြင်များမှ ဆိုသင့်သည် များကို ယခု ဆိုပါအံ့။

ပထမဦးစွာ ဆရာတော်ကြီး မေးသော 'လောက ဝဇ္ဇ တရား နှင့် ပဏ္ဏတ္တိဝဇ္ဇ တရား' ဆိုသော သဘော နှစ်ရပ်ကို အကျွန်ုပ် ကောင်းစွာ နားလည်လိုက်၏။ နား လည်ပုံကား ဤသို့ ဖြစ်၏။ 'လောကဝဇ္ဇ ဆိုသည်မှာ သဘာဝအလို လောက အလို (Naturally or Socially) အားဖြင့် ပိတ်ပင် တားဆီးအပ်သော တရား (ခွင့်မပြု သော တရား) မျိုးကို ခေါ်ခြင်း ဖြစ်၏။ သူတစ်ပါး အသက်ကို သတ်ခြင်းသည် လောကက ခွင့်မပြုသော တရား၊ အရက် သောက်ခြင်းကို လောကက ခွင့်မပြု သော တရား စသည်အားဖြင့် ငါးပါး သီလ၊ ငါးပါးသော သိက္ခာပုဒ်တို့သည် လောက ဝဇ္ဇများ ဖြစ်ကြလေ၏။

ထိုတရားများသည် လောကကြီးက သ ဘာ ဝ အလျောက် သူ့ အလိုလို တားဆီး ပိတ်ပင်ပြီးသော တရားများ ဖြစ်ကြရခြင်းမှာ ထိုတရားများကို ကျူးလွန် သော သူသည် မည်သူကမျှ မသိ၍ အပြစ်ဒဏ် မပေး စေကာမူ သူ့အလိုလို သူ့ကိုယ်ကိုသူ အပြစ်ဒဏ် ခတ် ပြီး ဖြစ်တတ်သည်။ သူ့ အသက်ကို သတ်ပြီးသူသည် အစဉ်သဖြင့် မိမိ အသက်အတွက် ကြောင့်ကြ ပူပန်စွာ အသက် ရှင်ရသည်။ ထိုစိတ်က ထိုသူကို အမြဲတစေ နှိပ်စက်တတ်လေသည်။ သူများ သိသွားပါက ဆိုဖွယ်ရာ မရှိပြီ။ ဥပမာ ရိုက်စပီးယား ပြဇာတ်များထဲမှ မက္ကဗက် စစ်သူကြီး၏ အဖြစ်မျိုး ဖြစ်၏။

အရက်သောက်သော သူလည်း ထိုနည်း အတူ ဖြစ်သည်။ ပထမ မူးသည်။ မူးသော အခါ အရှက် အကြောက် ကင်းသွားသည်။ မကျူးလွန်ရဲသော ဒုစရိုက် များကို ကျူးလွန်ရဲသည်။ သူတစ်ပါးကို မထိခိုက်အောင် သောက်လျှင် မရလားဟု မေးနိုင်၏။ သူတစ်ပါးကို မထိခိုက်ဘဲ မနေပါ။ မိမိကိုယ်ကို စတင် ထိခိုက်သည်။ စီးပွားရေး ကျန်းမာရေး စတင် ထိခိုက် ကတည်းက မိမိနှင့် ပတ်သက်နေသော မိသားစုကို ထိခိုက်လေပြီ။

ကျမ်းဂန်တွင် ထိုငါးပါးသော သိက္ခာပုဒ် (သီလ) ကို ကျူးလွန်သူတို့ လက်ငင်း ကြုံရသော အပြစ်များကို ဖော်ပြထားချက် များစွာ ရှိလေသည်။

စာကျယ်လွန်းမည် စိုးသဖြင့် ငါးပါးသီလ ကျိုး ပေါက် ကျူးလွန်သူတို့ ခံရတတ်သော အပြစ်ဒဏ် များကို အကျဉ်းနည်း ပြရသော်

**သူတစ်ပါး အသက်ကို သတ်ခြင်း အပြစ်**

၁။ အပယ်ငရဲ ကျခြင်း၊ (လူ့ဘဝသို့ ရောက် သော်လည်း)

၂။ အနာရောဂါ များခြင်း၊

၃။ အကျည်းတန် အရုပ်ဆိုးခြင်း၊

၄။ သေခြင်းဆိုးနှင့် သေတတ်ခြင်း (အသတ် ခံရတတ်ခြင်း)၊

www.burmeseclassic.com



၅။ အသက် တိုခြင်း၊

၆။ အလွန် ချစ်ခင်သူနှင့် မုန်းရတတ်ခြင်း၊ ကွဲရတတ်ခြင်း၊

၇။ အခြွေအရံ ပျက်တတ်ခြင်း၊

၈။ အင်္ဂါကြီးငယ် ချွတ်ယွင်းခြင်း၊

၉။ လူစဉ်မမီ လူတန်းမစေ့ ဖြစ်ခြင်း။

အထက်ပါ သဘောတို့ကား ကံ၏ အကျိုးပေးမှု သဘောများ ဖြစ်ပါ၏။ လက်တွေ့ဘဝတွင် စိတ်ပညာ သဘောအရ သူတစ်ပါးကို သတ်သောသူသည် စိတ်ချမ်းသာမှု မရနိုင်တော့ပါ။ လူမှုရေး အရလည်း သူ့အသက်ကို သတ်သောသူ၏ ဘဝသည် ကောင်းစားလျှင်လည်း တစ်ခဏသာ။ သေချင်းဆိုး သေရသည်ကသာ များသည်။ သမိုင်းမှာလည်း အထောက်အထားများစွာ ရှိလေသည်။ လောကသည် သူ့အသက်ကို သတ်သောသူအား အပြစ်ဒဏ် မခတ်ဘဲ မနေသည်မှာ ထင်ရှားပါ၏။

## ဆိုးခိုး တိုက်နိုက်ခြင်း၏ အပြစ်များ

၁။ အပယ်ငရဲ ကျတတ်ခြင်း၊

၂။ ပစ္စည်းဥစ္စာ မွဲတေတတ်ခြင်း၊

၃။ ငတ်မွတ်တတ်ခြင်း၊

၄။ အလိုရှိသော အရာကို မရနိုင်ခြင်း

၅။ စည်းစိမ်ဥစ္စာ ပျက်စီးတတ်ခြင်း

၆။ သူခိုးဓားပြ နှိပ်စက်ခံရတတ်ခြင်း

၇။ မီးလောင်ခံရတတ်ခြင်း

၈။ အမွေခံ သားဆိုး သမီးဆိုး နှိပ်စက်တတ်ခြင်း

၉။ ရေဘေးသင့်ခြင်း

၁၀။ မီးဘေးသင့်တတ်ခြင်း

၁၁။ ကောက်ကမ်းရာမဲ့ ဘဝဖြင့် တောင်းစားရသည်အထိ ဖြစ်ခြင်း ဟူ၍ ပြပါသည်။

မျက်မှောက် ကာလတွင် အထူးသဖြင့် အများပြည်သူပိုင် ပစ္စည်းများကို မတရား ခိုးယူ၍ ကြီးပွားကြသူတို့ကို လည်းကောင်း၊ မှောင်ခိုနည်း မတရားနည်းများဖြင့် စီးပွားရှာ၍ အပွကြီး ပွနေသူများကိုလည်းကောင်း တွေ့မြင်ကြဖူးပေလိမ့်မည်။ ထိုသူတို့၏ ဘဝသည် အပြင်က ကြည့်လျှင် ပျော်လိုက် မော်လိုက်နှင့် နှစ်သက်ဖွယ် ကောင်းသည်ဟု ထင်ဖွယ် ရှိသော်လည်း အတွင်းကျကျ လေ့လာကြည့်ပါ။ အလွန် စိတ်ဆင်းရဲဖွယ် ကောင်းသည်ကို တွေ့မြင် ရပါလိမ့်မည်။ တခြားသော အပြစ်ဒဏ်ကို ထား၊ အမွေခံ သားဆိုး သမီးဆိုး နှိပ်စက်ခြင်းကိုကား မုချ ခံစား နေရသည်ကို ကိုယ်တွေ့မျက်မြင် များစွာပင် ရှိလေသည်။ မင်းဘေးကား ဆိုဖွယ်ရာ မရှိပြီ။ သူတို့သည် ထောင်တန်းကို အိမ်ဦးနှင့် ကြမ်းပြင်သဖွယ် ဆက်စပ် ထားကြရလေသည်။ မိမိအားအချိန် မရွေး နှိပ်စက်နိုင်သူတို့အားလည်း ပေးရ ကမ်းရ မျက်နှာလုပ်ရသည်မှာ စိတ်ဆင်းရဲဖွယ် ကောင်းလှပေသည်။ အကျဉ်း ဆိုသော် ထိုအပြစ် ကျူးလွန်သော သူတို့မှာ စိတ်၏ အနှောင်အဖွဲ့မှ လွတ်လပ်မှု ကင်းခြင်း အပြစ်ဒဏ်ကို မုချ ခံစားကြရလေသည်။

ဤကား လောကက ဒဏ်ခတ်ခြင်း၊ လောကသဘာဝက ကျူးလွန်သူအား လူမသိ ရှင်မကြား အပြစ်ပေးခြင်းပင် ဖြစ်၏။ ထို့ကြောင့် ထို တရားတို့သည် လောကဝဇ္ဇ မည်၏။

ဆရာကြီး ဦးမြထံတွင် ပညာ ယူစဉ်ကလည်း ဆရာကြီးက ဤသို့ ဆိုဖူး လေသည်။

'ကျွန်တော်တို့ရဲ့ ငါးပါးသီလဟာ လောကဝဇ္ဇ တရားမျိုး ဖြစ်တယ် ခင်ဗျ၊ ဒါက ဘာမလုပ်ရဘူး၊ ညာမလုပ်ရဘူးလို့ ပညတ်တာ မဟုတ်ဘူး၊ သဘာဝအားဖြင့် တားမြစ် ပိတ်ပင်အပ်တဲ့ တရားတွေ ဖြစ်လို့ ဒီတရားတွေကို သိမြင်ကြတဲ့ ဉပါသကာ ဉပါသိကာတို့က မိမိတို့ဘာသာ သူတစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါမည်လို့ ခံဝန် ကတိပြုတာ၊ ဘုန်းကြီးက ငါးပါးသီလ ပေးတယ် ဆိုတာ ဘုန်းကြီးက ဒါ မလုပ်ရဘူး၊ ဟိုဟာ မလုပ်ရဘူးလို့ ပညတ်တာ မဟုတ်ဘူး၊ ဘုန်းကြီးထံမှာ မိမိ ဝန်ခံကြောင်းကို ဆိုတာ၊ ကတိ ပြုကြတာသာ ဖြစ်ပါတယ် ခင်ဗျ'

မှန်ပါ၏။ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာ ပုဒ်တော်ကို မိမိ သဘော အလျောက် ဆောက်တည်ပါမည် ဟု ကတိ ခံဝန်ချက် ပြုခြင်း ဖြစ်လေသည်။

ဆရာတော်ကြီး မေးသော ပဏ္ဏတ္တိဝဇ္ဇ အဓိပ္ပာယ်ကိုလည်း အကျွန်ုပ် နားလည်ပါ၏။ ပဏ္ဏတ္တိဝဇ္ဇသည် အမိန့် အာဏာ ဥပဒေ စည်းကမ်း တစ်စုံတစ်ရာဖြင့် ပိတ်ပင် တားဆီးခြင်း အနက်ကို ဆိုခြင်း ဖြစ်လေသည်။

အကျွန်ုပ်အား ဤကိစ္စကိုလည်း ဆရာကြီး ဦးမြ ရှင်းပြခဲ့ဖူးလေသည်။

'ပဏ္ဏတ္တိဝဇ္ဇ ဆိုတာ ဉပမာ မြတ်စွာဘုရားသခင် လက်ထက်တော် အခါက ရဟန်းများ ဆေး မကုရဘူးလို့ ပညတ်တာမျိုး ခင်ဗျ၊ အခါ တစ်ပါးမှာ ရဟန်း

www.burmeseclassic.com



တစ်ပါးဟာ လမ်းခရီးမှာ ရောဂါ နှိပ်စက်ပြီး မရှုမလှ ခံစားနေရတဲ့ လူနာ ဒုက္ခိတ တစ်ဦးကို တွေ့မြင်ပြီး မိမိ တတ်တဲ့ ဆေးပညာ၊ မိမိမှာ ပါတဲ့ ဆေးနှင့် ကုသပေး ခဲ့တယ်၊ ဆေးကလည်း စွမ်း၊ ဆရာကလည်း ကျွမ်း ကျင်လို့နှင့် တူပါတယ်၊ လူနာဟာ ချက်ချင်း ရောဂါ သက်သာ ပျောက်ကင်း ခဲ့ရတယ်၊ ဒီအကြောင်းကို ကျောင်းရောက်တော့ ရဟန်းက ဝမ်းသာအားရ ပြန်ပြော တာပေါ့ ခင်ဗျာ၊ အမှန်တော့ မိမိကြောင့် သူတစ်ပါး ချမ်းသာ ရသွားတာကို မြင်ပြီး ရဟန်းက ဝမ်းမြောက် ဝမ်းသာ ပြောတာပါ၊ ဒါကို မြတ်စွာဘုရား ကြားသိတော် မူသွားပါတယ်၊ ဒီအခါ ဒီရဟန်းတော်ကို ခေါ်ပြီး အကျိုး အကြောင်း စုံစမ်းပါတယ်၊ ရဟန်းကလည်း မြတ်စွာဘုရားကတော့ မိမိကို ချီးမွမ်းတော့မယ် ထင် ပြီးတော့ အားရ ဝမ်းသာစွာ အကြောင်းစုံ ပြန်လည် လျှောက်ထားပါတယ်၊ ဒီအခါ မြတ်စွာဘုရားက ရဟန်း များသည် ဆေး မကုရဘူးလို့ သိက္ခာပုဒ် ပြဋ္ဌာန်းတော်မူ ကြောင်း ကျမ်းဂန်မှာ ရှိပါတယ် ခင်ဗျ၊ ဒီတော့ ဒါ သူတစ်ပါး အသက်ကို ကယ်တာပဲ၊ ဘုန်းကြီး ရဟန်း မှာ သူတစ်ပါး အသက်ကို မကယ်ရဘူးလား၊ ဒါ အပြစ် လားလို့ စောဒက တက်ခဲ့ကြပါသေးတယ်၊ ဒါကို မြတ်စွာ ဘုရားက ဘုန်းကြီး ဆေးကုတာ အပြစ်ပဲ၊ အာပါတ်ပဲ လို့ သတ်မှတ်ကြောင်း ပြန်ကြားခဲ့ဖူးပါတယ်။

'ဒီနေရာမှာ မြတ်စွာဘုရား ရှုမြင် သုံးသပ်ပုံကို သဘောပေါက်ဖို့ လိုပါလိမ့်မယ်၊ လောကမှာ လူတွေဟာ လောကီ အရေး အတွက် ဖြစ်ဖြစ် လောကုတ္တရာ အရေး အတွက် ဖြစ်ဖြစ် ကိုယ်စီကိုယ်ငှ အလုပ်တာဝန်တွေကို ခွဲဝေပြီး လုပ်ကိုင် နေကြပါတယ်၊ လောက အနေနှင့် ကတော့ ဆရာဝန်လည်း ဆရာဝန် အလျောက်၊ အင်ဂျင် နီယာလည်း အင်ဂျင်နီယာ အလျောက်၊ လယ်သမားလည်း လယ်သမား အလျောက်ပေါ့ ခင်ဗျ၊ ခေတ်စကား နှင့် ပြောရလျှင်တော့ လုပ်ငန်း ခွဲဝေမှု (**Divisions of Labour**) ဆိုရမှာပေါ့၊ ဒီလိုပဲ သာသနာတော်မှာ ဘုန်း ကြီးလည်း ဘုန်းကြီး အလျောက်၊ သာမဏေလည်း သာ မဏေ အလျောက် ဆိုင်ရာ တာဝန်နှင့် စည်းကမ်းတွေ ရှိပါတယ်။

'ဘုန်းကြီး ရဟန်းဟာ အမှန်တော့ အိုးအိမ် ထူထောင်သူ မဟုတ်ပါဘူး၊ ရဟန်းရဲ့ အလုပ်ဟာ ဇနီး သားမယားကို လုပ်ကျွေးတဲ့ လောကီ စီးပွားရှာ အလုပ် မဟုတ်ပါဘူး၊ ရဟန်းရဲ့ အဓိက တာဝန်ဟာ တစ်မင် တစ်ဖိုလ် ရောက်အောင် အားထုတ်ဖို့ပါပဲ၊ ရဟန်းကိစ္စ ပြီးအောင် လုပ်ဖို့သာ ဖြစ်လေတော့ လူ ပရိသတ်နှင့် ဘယ်နည်းနှင့်မျှ ရောယှက်လို့ မဖြစ်ပါဘူး၊ အကယ်၍ ဘုန်းကြီး ဆေးကုတယ်၊ ဗေဒင် ဟောတယ်လို့ ဆိုရင် ဒါဟာ မသင့်တော်ဘူး၊ ဘုန်းကြီး ဆေးစွမ်းတယ်လို့ နာမည် ကျော်လာမယ်၊ ဒီအခါ ကျောင်းမှာ လူနာ ပရိသတ် စည်ကားလာမယ်၊ ဘုန်းကြီးကျောင်းဟာ ဆေး ရုံဆေးခန်းလို ဆေးကုဌာန အဖြစ်ကို ရောက်သွားမယ်၊ ဘုန်းကြီးမှာ တရား အားထုတ်ဖို့ အချိန် ဘယ်ရှိပါ့မလဲ၊ ဒါဟာ ဘုန်းကြီး ရဟန်းကို မြင့်သော မြတ်သော ဘဝမှ ယုတ်သော ဘဝသို့ လျှောကျစေတဲ့ တရား ဖြစ်တယ် လို့ မြတ်စွာ ဘုရားက တားမြစ်တော် မူတာပါပဲ၊ ဒီလို ဝိနည်း သိက္ခာပုဒ်တွေ ထားပြီး သတ်မှတ်ခြင်း၊ ပိတ် ပင်ခြင်းကို ပဏ္ဏတ္တိဝဇ္ဇ အာဏာ အမိန့်ဖြင့် တားဆီး ခြင်း ခေါ်ပါတယ် ခင်ဗျ၊ ယခုကာလ အစိုးရမင်းများ ဥပဒေ အာဏာနှင့်တားဆီးခြင်း သဘောများ အားလုံး ဟာ ပဏ္ဏတ္တိဝဇ္ဇချည်း ပါပဲ'

ဆရာကြီး ဦးမြ သင်ကြား ပြသစဉ်က ထိုတရား နှစ်ပါး၏ အနက် အဓိပ္ပာယ် သဘောသွားကို အကျွန်ုပ် နားလည်ခဲ့ပြီး ဖြစ်ပါ၏။ ယခု တောင်ပုလု ဆရာတော် ဘုရားက ထိုတရားများကို ဒကာ သိရဲ့လား ဟု မေး သော အခါ၌မှ အကျွန်ုပ်သည် ဆရာတော် ဆိုလိုသည့် သဘောကို ထိုးထွင်း သိမြင် လိုက်လေတော့၏။

အကျွန်ုပ် ထိုးထွင်း သိမြင်သည်မှာ ဤသို့ ဖြစ်၏။

လောကမှာ တရားသည် အဆင့်ဆင့် ရှိသည်။ တမင် ပိတ်ပင် တားဆီး အပ်သော တရားလည်း ရှိ သည်။ သူ့အလိုလို ပိတ်ပင်ပြီးသော တရားမျိုးလည်း ရှိသည်။ ဗုဒ္ဓ တရားတော်သည် အနောက်တိုင်းသားတို့၏ ဟရားများနှင့် မတူ။ ဤတရားသည် ဝိဘဇ္ဇဝါဒသာ ဖြစ်သည်။ သူ့နေရာနှင့် သူ ခွဲခြား နားလည်ရသော တရားမျိုးလည်း ဖြစ်သည်။ လောက၌ အမျိုးမျိုးသော ရောဂါ အနာတို့သည် ရှိကြကုန်၏။ ကင်ဆာ ရောဂါ၊ ငှက်ဖျား ရောဂါ၊ နလုံး ရောဂါ၊ အဆုတ် ရောဂါ၊ ဗရင်ဂျီနာ ရောဂါ စသည် ပညတ် မျိုးစုံဖြင့် သတ်မှတ် ထားသော ရုပ်နာမ်၏ ဖောက်ပြန်ပုံ ဖောက်ပြန်နည်း အမျိုးမျိုး ရှိကုန်သည်။ ထို အနာ အမျိုးမျိုးကို သူ့ ဆေးဖြင့်သာ ကုစားရာ၏။ ထိုသို့ ကုစားမှလည်း ထို ရောဂါ အနာကို ပျောက်ကင်းရာ၏။ ထို့အတူ ဗုဒ္ဓ

www.burmeseclassic.com



သည်လည်း ရောဂါ အနာကို လိုက်၍ ဆေးညွှန်သော ဆေးဆရာမြတ်နှင့် တူသည်။ ပုထုဇဉ်သည်လည်း အနအရင့် အဆင့်အတန်း ရှိသည်။ သီလခန်းမှာ ဟောသော တရားသည် သီလကို ဆောက်တည်ရန်၊ သီလကို စင်ကြယ်အောင် ပြုရန်လိုသော ပုဂ္ဂိုလ်များ အတွက် ရည်ရွယ်ပြီး ဟောကြားခြင်း ဖြစ်သည်။ သမာဓိသို့ ရောက်ပြီးသော ပုဂ္ဂိုလ်ကို သမာဓိနှင့် ဆိုင်သော တရားကို ဟော၏။ ပညာခန်းသို့ ရောက်သော ပုဂ္ဂိုလ်ကိုကား ပညာခန်းနှင့် ဆိုင်သော တရားကို ဟော၏။ သာမန်ပုထုဇဉ် အရိုင်းသည် ကလျာဏ ပုထုဇဉ်နှင့် မတူ။ ကလျာဏ ပုထုဇဉ်သည် သာမန် ပုထုဇဉ်နှင့် များစွာ ခြားနား၏။ ကလျာဏ ပုထုဇဉ်နှင့် နှိုင်းစာလျှင်လည်း အရိယာ ပုဂ္ဂိုလ်သည် လွန်စွာ မြင့်မြတ်သည်။ ပုဂ္ဂိုလ်အဆင့်အတန်း မတူ။ ထို့အတူ တရား၏ အဆင့်အတန်းလည်း မတူနိုင်။ ပုဂ္ဂိုလ် တစ်ဦးသည် ပုဂ္ဂိုလ်တစ်ဦးနှင့် ဆန့်ကျင်သည် မှန်၏။ သူတော်ကောင်းသည် သူယုတ်မာနှင့် ဆန့်ကျင်သည်။ ထိုသို့ ဆန့်ကျင်ခြင်းသည် အပြစ် မဟုတ်။ တိုးတက်ခြင်း သဘောကိုသာ ဆောင်သည်။

တရားစဉ်သည် တောင်ပေါ်သို့ တက်ခြင်းနှင့်လည်း အလားတူသည်။

တောင်ပေါ်သို့ တက်သော သူသည် တောင်အောက်က စ၍ တက်ရ၏။ တောင်ထိပ်သို့ ရောက်သောအခါ မိမိသည် တောင်အောက်က လူနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ တစ်ယောက်က အောက်၊ တစ်ယောက်က အထက် ဖြစ်နေသည်ကို မြင်ရလိမ့်မည်။

ပညာ သင်ကြား ကြရာမှာလည်း ထိုနည်းပင် ဖြစ်လေသည်။ ဘီအေဘွဲ့ ရဖို့ အတွက် သူငယ်တန်းက စ၍ သင်ကြား ကြရသည်။ သူငယ်တန်းက စာသည် သူငယ်တန်း အတွက် သတ်မှတ်ထားသော စာ ဖြစ်သည်။ ထိုစာသည် ဘီအေမှာ သင်သော စာ မဟုတ်။ ဘီအေစာ နှင့် သူငယ်တန်းစာသည် လွန်စွာ ခြားနားရုံမျှမက တစ်ခုနှင့် တစ်ခုလည်း ဆန့်ကျင်နိုင်သည်။ ဘယ်လို ဆန့်ကျင်သနည်း ဆိုသော် သူငယ်တန်းစာသည် ကြောင်းကျိုး ဆင်ခြင်မှု မပါသော စာမျိုး ဖြစ်၏။ ဘီအေစာကား ကြောင်းကျိုး ဆက်နွယ်မှု အပေါ်မှာသာ တည်ထားသော စာမျိုး ဖြစ်လေသည်။ သူငယ်တန်းစာက အချက်အလက် ပေါ်မှာ တည်ပြီး ဘီအေစာက သဘော တရား ပညာ ပေါ်မှာ တည်သကဲ့သို့ တရားတော်မှာလည်း အဆင့်အတန်း အလိုက် စီစဉ်ထားခြင်း ဖြစ်သည်ကို နားလည်ရမည်။

သူငယ်တန်းနှင့် ဘီအေသည် ဉာဏ် အဆင့်ချင်းလည်း မတူ၊ ပညာ အဆင့်ချင်းလည်း မတူ၊ တစ်ခုနှင့် တစ်ခု ဆန့်ကျင်ဘက် သဘောကိုလည်း ဆောင်သည်ကို ရှုမြင်တတ်လျှင် တရားတော်ကို နားလည်ဖို့လည်း မခက်ဟု တောင်ပုလု ဆရာတော်ကြီးသည် နှုတ်ကမူ တစ်လုံး တစ်ပါဒမျှ ထုတ်ဖော် မိန့်ကြားခြင်း မရှိသော်လည်း အကျွန်ုပ်က အထက်ပါ အတိုင်းပင် ထိုးထွင်း သိမြင် လိုက်လေတော့၏။ ထိုသို့ သိမြင်လိုက်ခြင်းသည် အချိန်ကြာစွာ စဉ်းစား နေရသည် မဟုတ်ပါ။ တစ်မဟုတ်ချင်း ဖျတ်ခနဲ မြင်လိုက်ခြင်းသာ ဖြစ်ပါ၏။ ထိုသို့ သိခြင်းကို ဉာဏ် အလင်းရခြင်း (**Enlightened**) ဟု ခေါ်သင့်မည်လား မပြောတတ်ပြီ။ ထိုသို့ သိမြင်ပြီးနောက် အကျွန်ုပ်သည် သေချာလိုသောသဘောဖြင့် ထပ်ဆင့် မေးခွန်း တစ်ခုကို မေးမိပြန်လေသည်။

'အရှင် ဘုရား ဆိုလိုတာများကို တပည့်တော် သဘောပေါက်သွားပါပြီ ဘုရား၊ အရှင်ဘုရား ကျေးဇူးကြီးလှပါသည် ဘုရား၊ တပည့်တော်၏ ရင်ထဲ၌ ငြိတွယ်နေသော သံသယ ဆူးချုံကို ပယ်ရှင်းလိုက်သလို ခံစားရပါပြီ၊ ပိုပြီး သေ ချာ အောင် တပည့်တော်ကို နောက်ထပ် မေးခွန်း တစ်ခု မေးခွင့်ပြုပါဦး ဘုရား'

'အင်း မေးပါ'

ဆရာတော်၏ ဆိတ်ငြိမ်သော အသံတော်ဖြင့် ခွင့်ပြုသော အသံကို အကျွန်ုပ်မှာ ဂရုစိုက်၍ နားထောင်ရလေ၏။

'တင်ပါ့ ဘုရား၊ တပည့်တော်ကို သနားသဖြင့် ယခုလို ခွင့်ပြုတာကို တပည့်တော် ကျေးဇူးတင် မဆုံးတော့ပါ ဘုရား၊ ယခု တပည့်တော် မေးလိုတာက ဆရာကြီး ရွှေဥဒေါင်းရဲ့ စာတစ်ပုဒ်ကို သတိရလို့ပါ ဘုရား၊ ဆရာကြီးက စာထဲမှာ သောတာပန် အရက်သောက်လို့ ရှိရင် သောတာပန်ရဲ့ ဗိုက်ထဲကို အရက် မဝင်ဘူး၊ ရေပဲ ဝင်တယ်လို့ ဒီလို ဆိုထားတယ် ထင်ပါတယ် ဘုရား၊ အဲဒီ သဘောထားဟာ မှန်ပါသလား ဘုရား'

အကျွန်ုပ်၏ ထိုမေးခွန်းကို ဆရာတော်ကြီး ဖြေကြား လိုက်ပုံမှာလည်း အံ့ဖွယ် ကောင်းလှပါ၏။ ရှေးက အဖြေ ကဲ့သို့ပင် အကျွန်ုပ်အား ကိုယ်ပိုင် သိမြင်

www.burmeseclassic.com



မှုကို ဖြစ်ပေါ် စေခဲ့ပါ၏။ ဆရာတော်ကြီး ဖြေလိုက်ပုံမှာ ဤသို့ ဖြစ်လေ၏။

'သောတာပန်ပဲ ဖြစ်ဖြစ်၊ ဘာပဲ ဖြစ်ဖြစ် အရက်သောက်ရင်တော့ ဓာတ် သဘော အရ မူးမှာပဲ'

ဤကား ဆရာတော်၏ အဖြေ ဖြစ်၏။ ဆရာတော်သည် ဝိဝါဒကို ဖြေတော်မမူ။ ရေ ဝင်သလား၊ အရက် ဝင်သလား ဆိုသည်မှာ ဘာနှင့် စမ်းသပ်မည်နည်း။ သောတာပန်ပဲ ဖြစ်ဖြစ်၊ ဘာပဲ ဖြစ်ဖြစ် ဆိုသည့် စကားမှာ စဉ်းစားစရာ အများကြီး ပါပါသည်။

ထို စကားကို အကျွန်ုပ် နားလည်ပုံမှာလည်း အတန် ထူးခြားသည်ဟု ဆိုချင်ပါ၏။ အကျွန်ုပ် နားလည်ပုံမှာ ဤသို့ ဖြစ်၏။

'ဒကာကြီးရဲ့၊ ဘုန်းကြီး ဆိုမှ ဘီး လိုသေးလား' ဟူ၍ ဖြစ်၏။ ဆရာတော်၏ နှုတ်တော်က ဆိုသည်တော့ မဟုတ်ပါ။ အကျွန်ုပ်ဘာသာ နားလည်ခြင်း ဖြစ်၏။

'သောတာပန် ဆိုမှ အရက် လိုသေးလား၊ အရက်သောက်မှတော့ သောတာပန် ဟုတ်ပါ့မလား' ဟူ၍လည်း အပြန်အားဖြင့် နားလည်လိုက်ပါသည်။

'ဒီတော့ သောတာပန် ပြောပြီး သောက်မှဖြင့် မူးရုံ ရှိတာပေါ့၊ ဆိုလိုတာကတော့ သောတာပန် အရက်သောက်လည်း မူးမှာပဲဆို ရေဝင်တာ ဟုတ်ပါ့မလား'

ဆရာတော်၏ နှုတ်တော်က ပြော ဆို သည် မဟုတ်ပါ။ မိမိဘာသာ နားလည် လိုက်ခြင်းသာ ဖြစ်ပါသည်။

ရှင်းပါပြီ။ သောတာပန်သည် သီလ ရှိပြီးသော၊ သမာဓိ ရပြီးသော၊ ပညာ စခန်းသို့ ရောက်ပြီး တစ်မဂ်တစ်ဖိုလ် ရပြီးသော ပုဂ္ဂိုလ် ဖြစ်ရာ ထိုပုဂ္ဂိုလ်သည် အရက် သောက်ပါဦးမည်လား။ သီလ စင်ကြယ်ခြင်း မရှိဘဲ၊ သမာဓိ စင်ကြယ်ခြင်း မရှိဘဲနှင့် တစ်မဂ် တစ်ဖိုလ်ကို ရအပ်ပါမည်လား။

အကျွန်ုပ်လည်း တရားတော်ကို အစဉ်အတိုင်း စဉ်းစား တွေးမျှော်သဖြင့် မိမိဘာသာ အဖြေကို ရလေတော့၏။

ထိုအခါမှ စ၍ အကျွန်ုပ်၏ နှလုံးသားဝယ် ငြိတွယ် နေသမျှသော သံသယ ဆူးချုံတို့သည်လည်း ပယ်ရှင်းစ ပြုလေတော့၏။ ဆရာတော် ဘုရား၏ ကျေးဇူးလည်း အကျွန်ုပ် အပေါ်တွင် ကြီးမားစွာ တင်ရှိလေတော့၏။ ဘုရား တရား သံဃာတို့၌ ယုံကြည်ကိုးကွယ်လိုသော ဆန္ဒသည်လည်း ထိုကာလမှ စ၍ ပြင်းစွာ ပေါ်ပေါက်လာသည်မှာ ထင်ရှား လေတော့၏။

ဤတွင် ဗုဒ္ဓ ကျမ်းဂန်များကို မွှေနှောက်ရင်း စဉ်းစား တွေးတောခဲ့ဖူးသော အကျွန်ုပ်၏ ဘဝ အတွေးများ၏ တတိယကဏ္ဍ အဆုံးသို့ ရောက်လေ၏။

**[တတိယပိုင်း ပြီးပါပြီ။]**

www.burmeseclassic.com

စတုတ္ထတွဲ

## ပါရမီလမ်း အကျင့်စခန်းမှ ဆန်းလွင်

www.burmeseclassic.com

www.burmeseclassic.com

နားလည်စေကြောင်း　သို့ကျင့်ကောင်းစွ
သောင်းပြောင်းနှံ့စပ်　သည့်တိုင်းမှတ်ဟု
ထေရ်မြတ်ဆရာ　ရှင်္ဂသာလျှင်
ပညာရကြောင်း　ဉာဏ်နှင့်လောင်း၍
ရုံးဆေါင်းဆင်ခြင်　ဆုံးမသင်သည်
ဤတွင်တစ်ခန်း　ပြီး၏သော်။

**ရှင်မဟာရဋ္ဌသာရ**

www.burmeseclassic.com

www.burmeseclassic.com

**စကားအညွှန်း**

ဤ
စတုတ္ထတွဲသည်
အကျွန်ုပ် ရတနာ သုံးပါးကို
ယုံကြည် သက်ဝင်စ အခါဝယ်
ဝိဇ္ဇာနယ်မှ စရဏနယ်သို့ အကူး၌
အထူးထူးသော တံလျှပ်ကို
အလိုက် မှားဖူးသော ရွှေသမင်ကဲ့သို့
တရား ရှာသူများ
တရား မရမီ
အမှား အမျိုးမျိုး ကြုံရတတ်ပုံ၊
လောကီ ဝိဇ္ဇာပညာ ဂန္ဓာရီ အတတ်များ၏
ရင်သပ်ရှုမောဖွယ်
အပြောကျယ်သော
ထူးဆန်း အံ့ဖွယ်များကို
ကိုယ်တွေ့ မျက်မြင် ဆုံတွေ့စဉ်
အထင်ကြီးသော စိတ်ဖြင့်
'အမှား' ကို 'တရား' ထင်၍ လိုက်မိပုံ၊
ပါရမီစခန်း ပညာလမ်းသည်
ဝိဇ္ဇာလမ်း နှင့် ပူးသွားပုံ၊
အတက် ခရီးလမ်းမှာ
အဖျက်အဆီး ကြမ်းပုံ၊
ပါရမီကို ရည်မှန်းသူသည်
အစမ်းခံ ဘဝ၌ ကျင်လည်ရပုံ
အလုံးစုံသော အတွေ့အကြုံကို
ဖော်ပြရာ ဖြစ်သော စာ ဖြစ်ပါသည်။
ဉပါသကာဖြစ်လာသူ၏ သံဝေဂစာ မျှသာပါ။

**တာရေးသူ**

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ သံသရာ သံလွန်စ နှင့် ကြောင်းကျိုး နိယာမ

တောင်ပုလု ဆရာတော်ဘုရားကို ဖူးတွေ့ ပြီးသည်မှ နောက်ကာလဝယ် အကျွန်ုပ်၏ စိတ်သည် သိသိသာသာ ပြောင်းသွားသည်ဟု ဆိုထိုက်၏။ အဘယ်သို့ ပြောင်းသွားသနည်း ဆိုသော် လွတ်လပ်သော အဖြစ်သို့ ပြောင်းသွားသည်ဟု ဆိုသင့်ပါသည်။

လွတ်လပ်သော အဖြစ်သို့ ပြောင်းသွားသည် ဆိုသော စိတ်သဘာဝသည် ဆန်းကြယ်သည်ဟုလည်း ဆိုနိုင်မည် ထင်ပါသည်။ ဘာကြောင့် ဆန်းကြယ်သည်ဟု ထင်ရသည်ကို ရှင်းပြပါမည်။ ရှင်းပြသည့် အခါ အကျွန်ုပ် စိတ်ပြောင်းသကဲ့သို့ အကျွန်ုပ်၏ ဘဝမှာလည်း အကြီးအကျယ် ပြောင်းလဲမှုများ ကြုံတွေ့ လာပုံကိုပါ စာရှုသူသည် အံ့သြဖွယ်ရာ ဟုတ်ပဲ ဟုတ်ပါ့မလားဟု သို့လော သို့လော တွေးရလောက်အောင် ဖြစ်မိပါလိမ့်မည်။ သို့ရာတွင် ယခု ဖော်ပြမည့် ဖြစ်ရပ် အားလုံးတို့သည် ကိုယ်တွေ့ ကြုံရသော ဖြစ်ရပ်များချည်း ဖြစ်သည့်ပြင် ထိုဖြစ်ရပ်များ အတွက် သက်သေခံ အထောက်အထားများလည်း များစွာပင် ယခုတိုင် ရှိသည် ဖြစ်၍ ယုံတမ်း စကားများဟု မထင်သင့်ပါ။

ဦးစွာ ဆန်းကြယ်သည် ဆိုသော စကားကို သဘောကျအောင် ဒဿန သဘာဝအားဖြင့် ရှင်းပြပါမည်။

ဆန်းကြယ်သည် ဆိုသည်မှာ ဖြစ်ရိုး ဖြစ်စဉ် မဟုတ်သော သဘောကို ဆိုပါသည်။ ထူးခြားသည့် အတွေ့အကြုံ သဘောကိုလည်း ဆိုပါသည်။ တွေးထင် မျှော်လင့်ထားသည့် အတိုင်း မဖြစ်ဘဲ တခြား တစ်ပါးသောနည်းဖြင့် အံ့သြဖွယ်ရာ ဖြစ်ပေါ်တတ်ခြင်းကိုလည်း ဆိုပါသည်။ တောင်ပုလု ဆရာတော်ကြီးကို ဖူးတွေ့ရပြီး နောက်၌ အကျွန်ုပ်၏ ရင်ထဲတွင် စူးဝင်လျက် ရှိသော သံသယ (ဝိစိကိစ္ဆာ) ဆူးငြောင့်ကို ခွဲစိတ် ထုတ်ပယ်ပစ်လိုက်သကဲ့သို့ ဖြစ်သွားပါသည်။

ထိုအခါ မနော ဟု ခေါ်ဆိုအပ်သော ဘဝင်သည် ရှင်းလင်း ပွင့်လန်းသွားသကဲ့သို့ တစ်စုံတစ်ခုသော ပြန့်ပြော ညီလွင်သော ခံစားချက်သည် ဖြစ်ပေါ်၍ လာလေတော့၏။ ထိုသဘောသည် ကြမ်းတမ်းသော ပျဉ် တစ်ချပ်ကို လက်သမားသည် ချောပြေသွားအောင် ရွှေပေါ်ဖြင့် ချောသန့်လိုက်သည့် အခါ ပျဉ်ချပ်၏ မျက်နှာပြင်သည် ချောပြေ ပြန့်ပြူးသွားသည်နှင့် တူသည်ဟု ဆိုလျှင် ရမည် ထင်ပါသည်။ တစ်ခါတစ်ရံ ရန်ကုန် လမ်းမများမှာ မိုးအခါ တွင်းချိုင့်များ ဖြစ်လျက် ကား အသွားအလာ ခက်ခဲ ကြမ်းတမ်းသည်ကို ဆောင်းဦးပေါက် အခါ၌ သက်ဆိုင်ရာတို့က ခေတ်မီ နိုင်လွန် ကတ္တရာလမ်း ခင်းဖြန့် လိုက်သောအခါ ခရီးသွားတို့ စိတ်မှာ ချောပြေခြင်း ပီတိ ဖြစ်ရလေသည်။ ယခု အကျွန်ုပ်၏ နှလုံးသား၌ ဖြစ်သော ခံစားချက်သည်လည်း ထိုကဲ့သို့ ချောပြေ ပြန့်ပြော ညီညာသော ခံစားချက်ဟု ဆိုချင်ပါသည်။ တစ်နည်းအားဖြင့် ဆူးငြောင့် ခလုတ်တံသင်း တွင်းချိုင့်နှင့် တူသော သံသယ ပျောက်ကွယ် သွားခြင်းသည် အကျွန်ုပ်၏ နှလုံးသား၌ ဖြစ်ပေါ်နေခဲ့သော ခက်ခဲ ကြမ်းတမ်း ဖုထစ်မှု တစ်ခု ပပျောက်သွားခြင်းမျိုး ဖြစ်လေသည်။

နှလုံးသား ချောပြေ သန့်ပြန့် လာခြင်းသည် ပျဉ်ချပ်၏ ချောပြေ သန့်ပြန့်လာခြင်းနှင့် တူသည်ဟု အကျွန်ုပ် ထင်သည်မှာလည်း အကြောင်း ရှိပါသည်။ ထို အကြောင်းသည် ဤသို့ ဖြစ်၏။ သဘာဝအားဖြင့် ပကတိ ပျဉ်ချပ်သည် ကြမ်းတမ်းသော သဘော ရှိ၏။ ထိုသို့ ဖြစ်ခြင်းသည် မျက်နှာပြင်ပေါ်၌ မညီညာသော အစွန်းအစများ၊ အဖုအထစ်များကြောင့် ဖြစ်၏။ လက်သမားဆရာသည် ရွှေပေါ်ဖြင့် ထို အကြမ်းအရှ အဖုအထစ်များကို သုတ်သင် လိုက်လေသည်။ ထိုအခါ ပျဉ်ချပ်၏ မျက်နှာပြင်ပေါ်ရှိ အကြမ်းအရှ အထိုးအထောင် အဖုအထစ်များ လွင့်စဉ် ကင်းပျောက် ကုန်ကြ၏။ ထို အရာများ လွင့်စဉ် ကင်းပျောက်သည်နှင့် တစ်ပြိုင်နက် ပျဉ်ချပ်သည် ချောပြေခြင်း အဖြစ်သို့ ရောက်လေတော့၏။ လက်သမားသည် ထိုပျဉ်ချပ်ကို ပို၍ ချောသည်ထက် ချော၊ မွတ်သည်ထက် မွတ်အောင် ကော်ပတ်ဖြင့် ပွတ်ဘိုက်ပြန်၏။ ပျဉ်ချပ်၏ မျက်နှာပြင်သည် ကြမ်းရာမှ နုလာ၏။ ချောရာမှ မွတ်လာ၏။ ထိုအခါ လက်သမားသည် ချောသော ပျဉ်၏ မျက်နှာပြင်မှ အရောင် အလင်း

www.burmeseclassic.com



ထွက်လာအောင် အရောင်တင်ဆီဖြင့် ပွတ်တိုက်ပြန်၏။ ပျဉ်ချပ်၏ မျက်နှာပြင်သည်လည်း ကြေးမုံပြင်ကဲ့သို့ ပြောင်လက်လေတော့၏။

ထိုအခြင်းအရာကို မြင်ရသောအခါ အကျွန်ုပ်လည်း ဤသို့ ဆင်ခြင်လေ၏။ ငါ၏ စိတ်သည်လည်း ထိုပျဉ်ချပ်နှင့် အတူ ဖြစ်၏။ ကျေးဇူးရှင် ဆရာသမားတို့သည် မိမိ၏ စိတ်ကို ကြမ်းတမ်းသော အဖြစ်မှ နူးညံ့ မွတ်စင်သော အဖြစ်သို့ ရောက်အောင် အနည်းနည်းဖြင့် သုတ်သင်ပေးခဲ့ကြလေပြီ။ ယခု ငါ၏စိတ်သည် ယခင်ကနှင့် လုံးဝ မတူတော့။ လိုရာ အသုံးချ၍ ရပြီဖြစ်သော ရွှေပေါ်ထိုးပြီးသော ပျဉ်ချပ်ကဲ့သို့ ချောမော ပြေပြစ်ပြီ။ ယခင်ကမူ ငါ၏ စိတ်ကြေးမုံသည် မသန့်မရှင်း မညီမညွတ် အဖုအထစ်များကြောင့် လောက အရိပ်သည် ပုံမှန်အတိုင်း မထင်ခဲ့။ ပေါ်လာသမျှသော အရိပ်တို့သည် အရွဲ့အစောင်း အမှောက်အမှားတွေသာ များခဲ့သည်။ ယခုမူ ငါသည် ကြည်ညိုသင့်သော အရာတို့၌ ကြည်ညိုတတ်ပြီ။ ငါ၏ ချောပြေ ညီညွတ်သော မနော ကြေးမုံပြင်ပေါ်၌ ဘုရား၏ အရိပ်လည်း မှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန် ထင်ပြီ။ တရား၏ အရိပ်လည်း မှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန် ထင်ပြီ။ သံဃာတော်၏ အရိပ်လည်း မှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန် ထင်နိုင်ပြီ။ ယခုမူ မိမိသည် ထိုချောပြေလာပြီ ဖြစ်သော စိတ်ကို အရောင်အလင်း တောက်ပလာအောင် ပွတ်တိုက်ပြီး စင်ကြယ်သည်ထက် စင်ကြယ်အောင် လုပ်ဖို့သာ လိုတော့သည်ဟု အောက်မေ့ မိလေတော့၏။

ခလုတ် တံသင်း တွင်းချိုင့်တို့ကြောင့် အနှောင့်အယှက် အခက်အခဲ ဖြစ်လျက် လွတ်လပ်ခြင်း အဆင်ပြေခြင်း လွယ်ကူ သက်သာခြင်း စိတ်ချမ်းသာခြင်း ကင်းခဲ့သော စိတ်သည် ဘုရား တရား သံဃာတို့၌ ကြည်ညိုခြင်း သဒ္ဓါ ဖြစ်ပေါ် လာသည်မှ စ၍ ကြည်နူးခြင်း အရသာကို ချက်ချင်းပင် ထူးထူးခြားခြား ခံစား ရလေတော့၏။ အမှန်ကို ဝန်ခံရလျှင် ရှေးအခါကမူ အကျွန်ုပ်သည် သဒ္ဓါတရား၌ အရသာ ရှိသည်ဟုလည်း မထင်ခဲ့။ ထို သဒ္ဓါ၏ ကြည်လင် ရွှင်လန်းခြင်း ဝမ်းမြောက်ခြင်း ကြည်နူးခြင်း ပီတိ အရသာကိုလည်း မခံစားတတ်ခဲ့ချေ။ မခံစားတတ်ခဲ့ဟု ဆိုရခြင်းမှာ အကျွန်ုပ်၏ နှလုံးသားတွင် ထိုပီတိ၏ အရသာမျိုး တစ်ကြိမ် တစ်ခါမျှပင် ပေါ်ပေါက်ဖူးခြင်း မရှိသောကြောင့်ပင် ဖြစ်၏။ ယခု ဘုရား တရား သံဃာ ရတနာ သုံးပါးကို ကြည်ညိုသဒ္ဓါ ပွားတတ်လာသော အခါ တစ်သက်တွင် တစ်ကြိမ်မျှပင် မခံစားခဲ့ရဖူးသေးသော အရသာ တကာတို့ထက် ထူးသော ထိုသဒ္ဓါ၏ အရသာကို ပထမဦးစွာ ခံစားရလေတော့၏။ ထိုအတွေ့အကြုံသည် အကြိမ်ကြိမ် ခံစားဖူးသူတို့ အတွက် မဆန်းဟု ဆိုနိုင်သော်လည်း အကျွန်ုပ် အတွက်မူကား အလွန် ဆန်းကြယ်ပါသည်။ အဘယ်ကြောင့် ဆိုသော် အကျွန်ုပ်သည် ယုံကြည်ချက် (belief) ၏ အင်အား (ဝါ) အစွမ်းသတ္တိကို မိမိ တစ်သက်တာ ဘဝဝယ် ပထမဦးစွာ မျက်မှောက် သိမြင် လာသောကြောင့်ပင် ဖြစ်၏။ အကျွန်ုပ် သိမြင်သော သဒ္ဓါ၏ အထူးခြားဆုံး အချက်မှာ သဒ္ဓါသည် ရဲစွမ်းသတ္တိ (belief is courage) ဖြစ်သည်ဟု နားလည်လာခြင်း ဖြစ်၏။

အကျွန်ုပ် နားလည်သော ရဲစွမ်း သတ္တိသည် စိတ်၏ မကြောက်တရားကို ဆိုလိုပါသည်။ အကျွန်ုပ်၏ ပင်ကိုစိတ်၌ ဖြစ်ပေါ်လာသော ယုံကြည်ချက် (သဒ္ဓါ) သည် ပညာ မပါသော လူပြိန်းတို့၌ ဖြစ်ပေါ်လေ့ ရှိသော ပကတိ သဒ္ဓါမျိုး မဟုတ်ဟုလည်း ဆိုသင့်မည် ထင်ပါသည်။ ပကတိသဒ္ဓါ၏ သဘောကို ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားက ဤသို့ အဓိပ္ပာယ် ဖွင့်ပြထားပါသည်။

'ပကတိ လူတို့၌ ဒါနမှု သီလမှု အကုအပ ဘာဝနာမှုနှင့် ဖြစ်၍နေသော သဒ္ဓါသည် ပကတိသဒ္ဓါ မည်၏၊ ထို ပကတိသဒ္ဓါသည် စိတ်ကို အစိုးရ၏ ဆိုသော်လည်း ပကတိ လူတို့၏ စိတ်ရူး စိတ်နောက်ကို ပျောက်ငြိမ်းအောင် အုပ်ချုပ်နိုင်သည် မဟုတ်၊ ထိုစိတ်ရူး စိတ်နောက် အတိုင်းမှာ အလိုက်သင့် လိုက်လျော၍ ဒါန ပြုရုံမျှ စိတ်ကို အစိုးရ၏။

'သဒ္ဓါ မရှိခဲ့လျှင် စိတ်သည် ဘယ်အခါမျှ ကောင်းမှု ကုသိုလ်ဆီသို့ မသီပြီ၊ မကောင်းမှု၌သာ မွေ့လျော်၏၊ ဤကား ပွားများခြင်း မရှိသော ပကတိသဒ္ဓါ၏ အစိုးရမှုနှင့် ဖြစ်နိုင်သော ပကတိ ကုသိုလ်မျိုးတည်း။' *

'သဒ္ဓါ' မရှိခဲ့လျှင် စိတ်သည် ဘယ်အခါမျှ ကုသိုလ် ကောင်းမှုဆီသို့ မသီနိုင် ဆိုသော အချက်ကို ယခင်စိတ် အခြေအနေနှင့် ဆိုလျှင် အကျွန်ုပ်သည် လုံးဝ သဘောပေါက်နိုင်မည် မဟုတ်သော်လည်း ယခုမူ ထိုသဘောကို နားလည်ကာ သဘောပေါက်ရုံမျှမက အကျွန်ုပ်သည် ဘဝင် အကျကြီး ကျတတ်သော အခြေ

---

* ဗောဓိပက္ခိယ ဒီပနီ၊ လယ်တီ ဆရာတော်၊ စာ ၅၉

www.burmeseclassic.com



အနေသို့ ရောက်ရှိသွားပြီ ဖြစ်လေ၏။

ဤတွင် ဝန်ခံရန် အချက် တစ်ချက် ရှိပါ၏။ အကျွန်ုပ်၏ ဘဝင်ဝတွင် သဒ္ဓါတရား ပေါက်ပွားခြင်း မရှိမီကမူ အကျွန်ုပ်သည် ငါးပြား တစ်စေ့ လှူခြင်းကို ပင် ပြုလိုသော ဆန္ဒ မရှိခဲ့ချေ။ မိမိစိတ်တွင် ငါးပြား ဆယ်ပြား လှူပြီး ငါးရာ တစ်ထောင်ဖိုးလောက် ကျေနပ် နှစ်သိမ့်နေကြခြင်းကို အစဉ်သဖြင့် အပြစ် တင်လေ့ ရှိ၏။ လူ့လောကတွင် တစ်ဦးက လက်ဝါး ဖြန့်သူ၊ တစ်ဦးက လက်ဝါး မှောက်သူ၊ ထိုလူ နှစ်လူ၏ ဆက်ဆံ ရေးတွင် တစ်ဦးက ဘာဆို ဘာမျှ တန်ဖိုး မရှိ၊ တစ်ဦး ကမူ တန်ဖိုး အားလုံး၏ ပိုင်ရှင် ဖြစ်နေခြင်းသည် လူ လူချင်း အဆင့် ခွဲခြားမှုသာ ဖြစ်သည်၊ လောက၏ မတရားမှုသာ ဖြစ်သည်ဟု အကျွန်ုပ်သည် ရုပ်ဝါဒီဆန်စွာ ယုံကြည် မှတ်စွဲ ထားခဲ့ဖူးလေသည်။ ထို့မျှသာမကသေး ဤကဲ့သို့ လှူဒါန်းသူနှင့် အလှူခံ ပုဂ္ဂိုလ်တို့၏ လူမှု ဆက် ဆံရေး ဘဝ ရှိနေသမျှမှာလည်း လူ့လောကသည် တိုး တက်မည် မဟုတ်ဟု ကြီးကြီးကျယ်ကျယ်လည်း စဉ်းစား ခဲ့ဖူး၏။ ထိုစဉ်အခါကမူ အကျွန်ုပ် ကိုယ်ကို အကျွန်ုပ် လည်း လောက၏ ကယ်တင်ရှင်ကြီး တစ်ဦး ဖြစ်တော့ မည့်ပုံ အထင်ကြီးနေခဲ့ဖူးလေသည်။ သတ္တဝါတို့မှာ ကံ တရား၏ ပြုပြင် ဖန်တီးမှု အရ ဖြစ်နေရသည် ဟူသော ဗုဒ္ဓ မြတ်စွာဘုရား၏ တရားတော်ကို မမြင်တတ်မီက ဖြစ်ခဲ့ဖူးသော အတွေးရိုင်းများ (မရှင်းလင်းသော အယူ များ) ဖြစ်ကြလေသည်။

ယခုမူ (ဤစာရေးသည့် အချိန်တွင် တစ်နေ့က) မိတ်ဆွေ စာရေးဆရာမ တစ်ဦး၏ မိသားစုက တိပိဋက ဆရာတော်ကြီးအား မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ တက္ကသိုလ် အဆောင် အမှတ် ၅ အတွက် ကျပ်ငွေ ကိုးသိန်း အလှူ ရေစက်ချပွဲသို့ ဗိုလ်တထောင် သတင်းစာ အယ်ဒီတာ ဦးစိုးသိမ်း (မောင်ဝံသ)၊ သာသနာရေး ဌာနမှ သုတေသနမှူး ဦးဟန်ငွေးတို့နှင့် အတူ ရောက်သွားရသော အခါ အကျွန်ုပ်သည် သဒ္ဓါ၏ ရဲစွမ်းသတ္တိကို အထင် အရှား တွေ့မြင် ရလေတော့၏။ ကိုးသိန်းသော အသပြာ ကို ထိုမိသားစု တစ်စုတည်းက အလှူပေးသော ရေစက်ချ အခမ်းအနားမှာ ရိုးရိုးကလေး ဖြစ်သည်။ ဘာမျှ ပုံကြီး ချဲ့ခြင်းလည်း မရှိပါ။ ပရိသတ်လည်း မများ။ နီးစပ်ရာ လူများမှာ တစ်ရာပင် မပြည့်ချေ။ လှူဒါန်းသူသည် မည်မျှ နှလုံးသား ပြတ်သားသည် မသိ။ ထိုရေစက်ချပွဲကို သမီး ကသာ ရေစက်ချပြီး အလှူရှင်ကမူ နယ်မှာပင် နေ၍ အာရုံပြုသည်ဟု ဆိုသည်။ ဗိုလ်တထောင် အယ်ဒီတာက ဤမျှ များပြားသော အလှူကို လှူခြင်း အတွက် ဗုဒ္ဓ ဘာသာဝင် ကလျာဏ သူတော်စင်များ သဒ္ဓါတရား ပွားများရအောင် သတင်းစာထဲ ထည့်ပေးရ မလားဟု မေးသည်ကို အလှူရှင် ဆရာမက 'မထည့်ပါနှင့် ဆရာ ရယ်၊ မေမေ စိတ်မကောင်း ဖြစ်ပါ့မယ်၊ မေမေက သူ လှူတာကို လူမသိစေချင်ဘူး' ဟု ရိုးရိုးပင် ဖြေလေသည်။

ထိုစကားကို အကျွန်ုပ် ကြားရသောအခါ ထို ဆရာမ ပြောသည့် အဓိပ္ပာယ်နှင့် တခြား အဓိပ္ပာယ် များကို အကျွန်ုပ် စဉ်းစားမိလေသည်။ လှူခြင်းသည် လူသိစေချင်၍ မဟုတ်ပါ၊ နာမည် ကြီးချင်၍ မဟုတ်ပါ၊ အထင်ကြီး ခံဖို့ မဟုတ်ပါ၊ ကြွားဖို့ မဟုတ်ပါဟုသာ မိမိဘာသာ စဉ်းစား မိလေသည်။

သဒ္ဓါတရား၏ ရဲရင့်ခြင်းကား ထိုမျှ နက်ရှိုင်း လေသည် တကား။ ယုံကြည်သောအခါ ရဲရင့်သည် ဆို သော စိတ္တနိယာမ တစ်ရပ်ကို အကျွန်ုပ် သဘောပေါက် နိုင်ပြီ ဖြစ်ပါသည်။ ထို ရဲစွမ်းသတ္တိသည် လောကကို ရင်ဆိုင်ရာတွင် အလွန် အဖိုးတန်လှသော အထောက် အပံ့မျိုး ဖြစ်သည်ကိုလည်း နောင်တွင် အကျွန်ုပ် ကိုယ် တွေ့ သိရလေ၏။

သဒ္ဓါသည် ပကတိသဒ္ဓါ ဘာဝနာသဒ္ဓါ ဟူ၍ နှစ်မျိုး ကွဲကြောင်း ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားသည် ဗောဓိပက္ခိယ ဒီပနီတွင် ခွဲပြထားလေသည်။

ပကတိသဒ္ဓါကား မပွားများဘဲ ဖြစ်သော လူပြိန်း တို့၏ ပညာ မယှဉ်သော သဒ္ဓါမျိုး ဖြစ်လေသည်။ သာမန် ပသန္န သဒ္ဓါ ဟူ၍လည်း ကျမ်းဂန်များတွင် ဖော်ပြထား လေသည်။

ယခု မိမိ ဘဝင်ဝယ် ဖြစ်ပေါ်လာသော သဒ္ဓါ ကား ထိုသဒ္ဓါမျိုး မဟုတ်ချေ။ မိမိမှာ အစက ဘာသဒ္ဓါမျှ မရှိသူ (သဒ္ဓါ ပိတ်ပင်သော နှလုံးသား ရှိသူ) သာ ဖြစ် ခဲ့သည်။ ယခုအခါ အားကြီးစွာ ပေါက်ပွားလာသော သဒ္ဓါသည်ကား ပကတိ သဒ္ဓါ မဟုတ်နိုင်၊ ပွားများခြင်း၊ စူးစမ်း အားထုတ်ခြင်းဖြင့် ရအပ်သော သဒ္ဓါမျိုးသာ ဖြစ်သည်ဟု အောက်မေ့ပါသည်။

အကျွန်ုပ်၏ အမြင်သည် ဖရန်စစ် ဘေကွန် **(Francis Bacon)** ပြောသော စကားနှင့် အညီ ဖြစ်လျက် ရှိသည်ဟု ထင်ပါသည်။ ဖရန်စစ် ဘေကွန်က 'ဖီလိုဆိုဖီ မတောက်တခေါက် တတ်တာဟာ လူ့စိတ်ကို ဘုရားမဲ့ (တရားမဲ့) ဝါဒဆီသို့ ညွှတ်စေပါ၏၊ ဖီလိုဆိုဖီ များများ

www.burmeseclassic.com



တတ်ပြီး နှိက်နှိက်နဲ့ သိလာတဲ့ အခါမှာတော့ ဖီလို ဆိုဖီက လူ့စိတ်ကို ဘာသာ ယုံကြည် ကိုးကွယ်မှုထဲသို့ နက်နက်နဲနဲ ရောက်စေ နိုင်ပါတယ်' *

ထို စကားသည် ဖီလိုဆိုဖီက လူတစ်ဦး၏ ယုံကြည် ကိုးကွယ်မှုကို ခိုင်မာသော အသိပညာ အုတ် မြစ်ပေါ်သို့ တင်ပေးနိုင်သည်၊ ဉာဏ်နှင့် ယှဉ်သော အသိ အမြင်ကို ရရှိသည်နှင့် တစ်ပြိုင်နက် လူ့နလုံးသားမှ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အားလုံး ပျောက်ကင်း သွားရလေ တော့သည်ဟု ဆိုလိုခြင်း ဖြစ်၏။ ထိုအချက်လည်း အထူး မှန်သော အချက် ဖြစ်ကြောင်းကို အကျွန်ုပ် ဝန်ခံပါ၏။ သံသယ အကြွင်း မကျန်အောင် အကျွန်ုပ်အားလည်း အကျွန်ုပ် တတ်မြောက်ခဲ့သော ဒဿန ပညာ (ဖီလို ဆိုဖီ) က ကူညီ ထောက်ပံ့ခဲ့သည်မှာ ထင်ရှား လှပါ သည်။

ပါမောက္ခ ဝှိုက် ပက်ထရစ် (White Patrick) က ဘာသာ ယုံကြည် ကိုးကွယ်မှု အတွက် အထောက် အပံ့ ပြုပုံကို အောက်ပါအတိုင်း ရေးသားထားလေသည်။

'ကျွန်ုပ်ကို ဖီလိုဆိုဖီက တောင်ထိပ်ပေါ်ကို ရောက်အောင် ခေါ်သွားနိုင်ပါတယ်၊ တောင်ထိပ်ကို ရောက်တဲ့အခါ (ဘဝ) ချိုင့်ဝှမ်းထဲမှာ ရှိတဲ့ မသေချာ တာတွေ မရေရာတာတွေကို အပေါ်စီးက မြင်အောင် ပြပါတယ်၊ ဒီလို မြင်ရတဲ့ အခါမှာတော့ ဩော် ဒါတွေ ဟာ ဒီလိုပါကလားလို့ သိတဲ့ အသိပညာကို ရပါတယ်၊ ဒီအသိပညာကိုလည်း ရရော (ဘဝနှင့် ပတ်သက်တဲ့) ကြောက်စိတ်လည်း တစ်ချက်တည်း လွင့်စဉ် ပျောက် ကွယ်သွားပါရော၊ အဆိုးဆုံးကို မြင်ရသည့်တိုင်အောင် ဩော် ဒီလောကကြီး မဆိုးသေးပါဘူးလို့ နလုံးသွင်း လာနိုင်တာနှင့် အမျှ လူမှာ ငြိမ်းချမ်းတဲ့ စိတ်ကို ကြီး ကြီးကျယ်ကျယ် ရတာပဲ' **

ယုံကြည်ချက်သည် ရဲစွမ်းသတ္တိကို ဖြစ်စေသည် ဆိုသော အချက်သည် ထိုသဘောကို ဆိုခြင်း ဖြစ်၏။

ဘုရား တရား သံဃာ နှင့် ကံ သဘောတရားကို ယုံကြည် သက်ဝင်လာသော အခါမှ စ၍ အကျွန်ုပ်၏ ဘဝတွင် တစ်ကြိမ် တစ်ခါမျှ မဖြစ်ပေါ်ဖူးသော ရဲစွမ်း သတ္တိမျိုးလည်း ဖြစ်လာပြီး တစ်ကြိမ် တစ်ခါမျှ မမျှော် လင့်ခဲ့သော ဖြစ်ရပ် များစွာတို့သည်လည်း ဆက်ကာ ဆက်ကာ ဖြစ်ပေါ် လာလေတော့၏။

ပထမဦးစွာ ဖြစ်ပေါ်လာသော အချက်မှာ ဦးခင် ဝင်းထံမှ 'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး' နယ်ထွက် ရိုက်ကူးရေး အတွက် လိုအပ်သော ငွေကို ရရှိခြင်း ဖြစ်လေ၏။ သို့ရာတွင် ဦးခင်ဝင်းက ထိုငွေကို ပေးသော အခါ ထူးဆန်းသော စာချုပ် တစ်ခု ချုပ်ဆိုလေ၏။ အကျွန်ုပ်မှာ ရုပ်ရှင်လောကသို့ ဘုမသိ ဘမသိ ရောက်ရှိ လာသူ ဖြစ်ရာ ရုပ်ရှင်ပညာကို စာအုပ်များနှင့် မြင်ဆရာ များထံမှ လေ့လာ သင်ယူ၍ တတ်ခဲ့သော်လည်း ရုပ်ရှင် စီးပွားရေး လုပ်ငန်းကိုမူ မကျွမ်းကျင်ချေ။ ထိုအချက်ကို မိတ်ဆွေဖြစ်သူ ဦးခင်ဝင်းက နားလည်သည့်အလျောက် ရှုပ်ထွေးသော စာချုပ်ဖြင့် အကျွန်ုပ်အား ချည်နှောင် လေတော့၏။ စာချုပ်မှာ အသေ မဟုတ်၊ အရှင် ဖြစ် သည်။ ဇာတ်ကား၏ တန်ဖိုးကိုမူ အသေ ချုပ်ထားသည်။ သို့ရာတွင် ထိုတန်ဖိုးကို မပေး။ တန်ဖိုး၏ တစ်ဝက်ကို သာ ပေးသည်။ မန္တလေးမြို့မှာ ရုပ်ရှင် ဇာတ်ကား ပြ သ၍ ဝင်ငွေ များလာလျှင် သတ်မှတ်ထားသော ဇာတ် ကား တန်ဖိုးကို ပေးမည်။ ဝင်ငွေနည်းလျှင် ထိုတန်ဖိုး ကို မပေး။ ဘယ်လောက် ရလျှင် ဘယ်လောက် အထိ ပေးမည်၊ သို့သော် ဘယ်လောက်ပဲ မန္တလေးမှာ ဝင်ငွေ ရရ မူလ သတ်မှတ်ထားသော ဇာတ်ကား တန်ဖိုးထက် တော့ ပိုမပေး ဆိုသော အချက် ဖြစ်၏။

အကျွန်ုပ်လည်း နားမလည်သည် တစ်ကြောင်း၊ ငွေလိုနေသည် တစ်ကြောင်းကြောင့် ထိုစာချုပ်ကို သဘော တူ လိုက်ရလေတော့၏။

နယ်ထွက် ရိုက်ကူးရေး စရိတ် ရသောအခါ အကျွန်ုပ်သည် ထိုဇာတ်ကားကို ကချင်ပြည်နယ် ပူတာအို၊ မူလာရှီးဒီးနှင့် မချမ်းဘော ဒေသသို့ သွားရောက် ရိုက် ကူးလေ၏။ ကချင်ပြည်နယ်မှ ထွက်လာ ခဲ့ပြီးနောက် မထင်မှတ်ဘဲနှင့် ကချင် ပြည်နယ်သို့ နောက်တစ်ခေါက် ပြန်ရောက်သွားသော အခါ ရထားပေါ်တွင် ကချင် ပြည် နယ် ဥက္ကဋ္ဌကြီး ဦးဒိန်ရတန်နှင့် ပြန်လည် ဆုံတွေ့ရ လေ၏။ ဥက္ကဋ္ဌကြီးက တွေ့လျှင်တွေ့ချင်း အကျွန်ုပ်အား ဆရာ ဦးသိန်းဖေမြင့်အား အပြစ်တင်သည့် စကားများ ကို ပြောလေတော့၏။ အကျွန်ုပ်က အကျိုး အကြောင်းစုံ သိရအောင် ဥက္ကဋ္ဌကြီး ဦးဒိန်ရတန်အား မေးမြန်းသော အခါ ဆရာ ဦးသိန်းဖေမြင့်သည် ဗိုလ်တထောင် သတင်း စာ ပွင့်ပွင့်လင်းလင်း ပြောပါရစေ အခန်းမှ ရေးသား သည့် ဆောင်းပါး တစ်ပုဒ်တွင် ဥက္ကဋ္ဌကြီးတို့ ရဝမ်

--------------

* *The Essays of Lord Bacon - XVI 'Of A theism'*

** *Introduction to Philosophy - W. Patrick p 38*

www.burmeseclassic.com



လူမျိုးများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အရေးအသားများကို ရေးသားမိသောကြောင့် ဖြစ်ကြောင်း သိရလေ၏။ ဉက္ကဋ္ဌကြီးက ထိုစကားကို ပြောသောအခါ အကျွန်ုပ်လည်း ရဝမ် လူမျိုးများ အကြောင်းကို များစွာ လေ့လာခဲ့ဖူးသည် ဖြစ်ရကား ဤနေရာတွင် ဤစကားကို ပြောမှ သင့်တော်မည် ထင်ပြီး အောက်ပါအတိုင်း ပြောရလေတော့၏။

'ဒီကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့် ထင်မြင်ချက်ကို ပြောပါရစေ ဉက္ကဋ္ဌကြီး'

'အင်း ပြောပါ၊ ဆရာက ကျွန်တော်တို့ ကချင်လူမျိုးတွေ အကြောင်းကို ပိုသိပါတယ်၊ ပြောပါ'

'ဆရာ ဦးသိန်းဖေမြင့် ရေးသားခဲ့တဲ့ စာစောက ဉက္ကဋ္ဌကြီး ပြောပြတဲ့ အချက်တွေဟာ ဂျေ အို ဘားနာ့ဒ် ရေးသားတဲ့ ***ရဝမ် ဘာသာစကား လက်စွဲ*** (Handbook of Rawang Dialect) ဆိုတဲ့ စာအုပ် နိဒါန်းမှာ အပြည့်အစုံ ပါပါတယ်၊ ကျွန်တော့် အထင်တော့ ဆရာ ဦးသိန်းဖေမြင့်ဟာ ဘားနာ့ဒ် ရေးထားတာတွေကို ဖတ်ပြီး ရေးမိတာ ဖြစ်ဖို့ များပါတယ်၊ သူက ကချင်ပြည်နယ်ကို ခဏကလေး ရောက်ဖူးတာ ဆိုတော့ များများစားစား သိမယ် မထင်ပါဘူး'

'ဟေ ဟုတ်လား၊ ဘားနာ့ဒ်က ဒီအတိုင်း ရေးသလား၊ ဒီစာအုပ် ဆရာ့ဆီမှာ ရှိသလား' ဟု ဉက္ကဋ္ဌကြီးက မေးပါသည်။

'ရှိပါတယ် ဉက္ကဋ္ဌကြီး'

'ဒါဆို ဆရာ ကျွန်တော့်ဆီကို ကျေးဇူးပြုပြီး ပို့ပေးပါ၊ မဟုတ်ရင် ဦးသိန်းဖေမြင့်ကို ပူတာအိုက လူတွေက တရား စွဲတော့မယ်'

ဤအရေးတော်ပုံတွင် အကျွန်ုပ်လည်း လူမသိရှင်မကြား အခန်း တစ်ခန်းမှ မမျှော်လင့်ဘဲ ပါဝင်ကူညီခွင့် ရခဲ့ရလေတော့၏။ ဆရာ ဦးသိန်းဖေမြင့် ကွယ်လွန်သည့်တိုင် ဤကိစ္စကို ဆရာ့အား ကျွန်တော် ပြန် မပြောပြတော့ပါ။

ဘဝ၌ မထင်မှတ်သော အရေး အခင်းများကိုလည်း မထင်သော နေရာ၌ မမျှော်လင့်ဘဲ ကြုံနေရသည်။ ခရီးသွား ဟန်လွှဲလည်း ကြုံလာသော မိမိနှင့် တိုက်ရိုက် မပတ်သက်သော ကိစ္စများကို မိမိက လုံးဝ ကြိုတင်တွက်ဆထားချက် မရှိဘဲနှင့်လည်း အရေးပါသော အခန်းမှ ပါဝင်ရသူ ဖြစ်ချင်လည်း ဖြစ်သွားတတ်သည်။ ယခုလည်း ဆရာ ဦးသိန်းဖေမြင့်၏ ကိစ္စသည် လမ်းမှာ ခရီးသွားဟန်လွှဲ ကြုံရသော ကိစ္စ ဖြစ်သည်။ ထိုကိစ္စတွင် ကာယကံရှင်ပင် မသိလိုက်ပါဘဲလျက် မိမိ ပါဝင်ကူညီလိုက်ရသည်။

ဘဝမှာ မျှော်လင့်သည့် အတိုင်း ဖြစ်သည်လည်း ရှိသည်။ မမျှော်လင့်သော်လည်း အမှတ်မထင် ကြုံရပြီးလည်း ဖြစ်ချင် ဖြစ်သွားသည်။ ပျက်ချင်လည်း ပျက်သွားသည်။ အရာရာကို တစ်သမတ်တည်း ဖွဲ့ထား၍ မဖြစ်ပါကလားဟု အကျွန်ုပ် နားလည်လာပါသည်။

ယခုလည်း မိမိ ချစ်ခင် ရင်းနှီးခဲ့ဖူးသော ကချင်ပြည်နယ်သို့ တစ်ဖန် ကျောင်းဆရာ မဟုတ်ဘဲ ရုပ်ရှင်ဒါရိုက်တာ တစ်ဦး အဖြစ် ရောက်ရပြန်သည်။ ထိုခရီးတွင် ကချင်ပြည်နယ်မှ တာဝန်ရှိ ပုဂ္ဂိုလ် အသီးသီးက အဘက်ဘက်မှ ကူညီကြပါသည်။

တက္ကသိုလ်မှာ ပညာရှင် တစ်ဦး ဖြစ်အောင် ကြိုးစားမည်ဟု မောင်းတင် ကြိုးပမ်းခဲ့သော အကျွန်ုပ်သည် ပညာရှင် တစ်ဦး ဖြစ်ဖို့ အခွင့်အလမ်းများ ဝေးသည်ထက် ဝေး၍ မှေးသည်ထက် မှေးမှိန်သွားပြီ ဖြစ်၏။ အခွင့်အရေး ကြုံရပါလျက် ထိုအခွင့်အရေးကို လက်ဆုပ်လက်ကိုင် မရခဲ့သောကြောင့် အကျွန်ုပ် ဘဝဝယ် အလွန်လိုလားခဲ့ရသော ဒေါက်တာ (ပါရဂူ) ဘွဲ့နှင့် ဝေးခဲ့ရပြီ ဖြစ်သည်။ ထိုအချက်သည် အကျွန်ုပ်အား တက္ကသိုလ်နယ်မြေတွင် အသက်ရှင် လှုပ်ရှားလိုသော စိတ်ဆန္ဒကို ပျက်ပြားစေခဲ့လေတော့၏။ ပါရဂူမြောက် တတ်မြောက်သူ တစ်ယောက် မဖြစ်ဘဲနှင့်လည်း အ ကျွန်ုပ် သည် တက္ကသိုလ်မှာ ဆရာလုပ်၍ နေချင်သော ဆန္ဒမှာ တစ်နေ့ထက် တစ်နေ့ နည်းပါးလျက်သာ လာလေသည်။

သို့သော် ချက်ချင်း ထွက်ဖို့လည်း မဖြစ်သေး။ ထွက်ချင်သည် ပြောတော့လည်း အကျွန်ုပ်၏ ဆရာ ဒေါက်တာ ခင်မောင်ဝင်းက 'နေပါဦးဗျာ' ဟု ဆိုသည်။ ထိုအချိန် ကာလ၏ မရေးမနှောင်းမှာ ဆရာသည် ပညာရေး တက္ကသိုလ်သို့ ပါမောက္ခချုပ် အဖြစ်ဖြင့် ပြောင်းရွှေ့ရပြီး မိမိကမူ မြစ်ကြီးနား ကောလိပ်သို့ နောက်တစ်ကြိမ် ပြောင်းရဖို့ အကြောင်း ပေါ်ပေါက် လေတော့၏။ ကံကား ဆန်းကြယ်လေစွ။

တစ်ဖက်တွင် အကျွန်ုပ်သည် 'မျက်နှာ ငယ်ရမှာက မောင့်ချစ်ဦး' ဇာတ်ကားကို အပြီးသတ် ရိုက်ကူးနေရချိန်လည်း ဖြစ်၏။ အခြေအနေ အ ရပ် ရပ် သည် အကျွန်ုပ်အား တက္ကသိုလ် အပြင်အပသို့ ရောက်သွားအောင် ပို့ဆောင်လျက် ရှိကြပြီး ထိုတက္ကသိုလ် ကထိက

www.burmeseclassic.com



ရာထူးမှ နုတ်ထွက်ရန် အခွင့် သာစေတော့၏။

အမှန်အားဖြင့် တက္ကသိုလ် ထိုရာထူးမှ မိမိ နုတ်ထွက်လိုက်ခြင်းကို မိတ်ဆွေ အပေါင်းအသင်းများက ဝမ်းနည်း၍ စိတ်မကောင်း ဖြစ်ကြလေသည်။ တချို့က လည်း ဉာဏ်မြင့်မားသော လခစား ရာထူးမှ နုတ်ထွက်လိုက်လျှင် အပြင်ဘက်၌ အကျွန်ုပ် ဘာလုပ်စားမည်လဲ ဟု တွေးပူကြလေသည်။ အကျွန်ုပ် အဖို့မူကား ရာထူးမှ နုတ်ထွက်ခြင်းသည် ထူးဆန်းသော အလုပ် မဟုတ်တော့ချေ။ ယခင်ကလည်း ရာထူး အမျိုးမျိုးမှ အကြိမ်ကြိမ် နုတ်ထွက်ခဲ့ဖူးပြီး ဖြစ်ရာ အကျွန်ုပ် အဖို့ ထိုအတွေ့ အကြုံသည် တွေ့ဖူး ကြုံဖူးပြီး ရိုးနေသော အတွေ့အကြုံ တစ်ခုသာ ဖြစ်လေသည်။ တစ်နည်းဆိုသော် အကျွန်ုပ် သည် ခြံခုန်တတ်သော နွားတစ်ကောင်လို ဖြစ်နေပြီ ဖြစ်ရာ ဤတစ်ကြိမ် ခြံခုန်ရခြင်းသည်လည်း လုပ်နေကျ အလုပ် တစ်ခုကို လုပ်နေခြင်းသာ ဖြစ်သည်ဟု ဆိုသင့် ပေတော့၏။ အရာရှိ ဟု အခေါ် ခံနေရခြင်းကိုလည်း အရသာ မတွေ့ခဲ့ပေ။

ရင်းနှီးသော မိတ်ဆွေများကမူ အကျွန်ုပ်အား လခ မရတော့လျှင် ငတ်များ ငတ်နေလေမည်လားဟု လည်း တွေးကြသည်။ တချို့ကလည်း တက္ကသိုလ်တွင် အကျွန်ုပ် အလုပ် လုပ်ခဲ့သည်မှာ ဆယ်နှစ်ခန့် ရှိပြီ ဖြစ်၍ ထိုလုပ်သက်ကို နှမြောသည်ဟု ဆိုကြလေသည်။ သူတို့ အမြင်တွင် အကျွန်ုပ်သည် ပင်စင် အခွင့် အရေး ဆုံးရှုံးသွားပြီ ဖြစ်၍ နစ်နာသည်ဟု မြင်ခြင်း ဖြစ်ပေ လိမ့်မည်။

သို့ရာတွင် အကျွန်ုပ်မှာ သူတို့ မသိသော လျှို့ ဝှက်ချက် တစ်ရပ် ရှိသည်ကိုမူ သူတို့ မသိချေ။ လျှို့ ဝှက်ချက် ဆိုသောကြောင့် တစ်စုံတစ်ရာ အပြစ် ဒုစရိုက် ပြုလုပ်ပြီး ဖုံးကွယ်ထားခြင်းဟု မယူသင့်။ လူမသိဘဲ အကျွန်ုပ် ခန္ဓာကိုယ်တွင် ဖြစ်ပေါ်လျက် ရှိသော စိတ် အင်အား တစ်ရပ် ရှိနေသည်။ ထို စိတ်အင်အားသည် ဘဝတွင် ဘယ် အရေးအခင်းကို မဆို ရင်ဆိုင်ရာ၌ အကျွန်ုပ်အား ထွက်ပေါက်ကို ရှာပေးသော တန်ခိုး သတ္တိထူး ဖြစ်လေသည်။

မူလကပင် အကျွန်ုပ်သည် ကြီးပြင်းလာသော အခါ စာရေးဆရာ လုပ်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ် လေသည်။ ထိုဆုံးဖြတ်ချက်ကြောင့် ဘယ်အလုပ် ဘယ် ပင်စင်ကိုမျှ မျှော်ကိုး အားထားခြင်း မရှိခဲ့။ ပင်စင်ကို အားကိုးပြီး ကိုယ့်ကိုယ်ကိုယ် ပေါ့ပေါ့ ထားမိမည်ကို စိုးရိမ်သည်။ စာရေးဆရာ အလုပ်ကား ပြည်သူက သိ မှတ်၍ ခန့်ထားသော အလုပ်မျိုး ဖြစ်သည်။ ပြည်သူက ချစ်ခင်လေးစား နေသရွေ့တော့ စာရေးဆရာ အလုပ်ကို ဖြုတ်ပစ်မည့်သူ ရှိမည် မဟုတ်ချေ။ အသက် ကြီးလေ ဉာဏ်ပညာ ကြီးလေ ဗဟုသုတ များလေ စာရေးဆရာ ဂုဏ်သတင်း ကြီးမားလေ ဖြစ်မည်။ ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ ထိန်းသိမ်းပြီး စစ်မှန်သော စာရေးဆရာ အဖြစ်ဖြင့် မွေးမြူသူသည် ပြည်သူများ၏ ယုံကြည် လေးစား အားထားမှုကို မခံစားရဘဲ မနေ။ သူ ပြုသော ကံသည် သူ့ကို ယနေ့ အကျိုးမပေးလည်း နောင်တစ်နေ့ မှာ မုချ အကျိုးပေးမည်ဟု အကျွန်ုပ် ကောင်းစွာ ယုံကြည် ထားလေသည်။ ထို့ကြောင့် အကျွန်ုပ်သည် မိမိကိုယ်ကို စာရေးဆရာကောင်း တစ်ဦး ဖြစ်အောင် မွေးမြူဖို့ကို သာ အစဉ် နှလုံး သွင်းခဲ့လေတော့၏။ ထို အချက်ကား အကျွန်ုပ်၏ လျှို့ဝှက်ချက် ဖြစ်၏။ အမှန်မှာ ကံကို ယုံကြည်တတ်ပြီ ဖြစ်သော ယုံကြည်ချက် (သဒ္ဓါ) သည် အကျွန်ုပ်၏ လျှို့ဝှက်ချက်ပင် ဖြစ်၏။

အတိအကျ ဆိုသော် ဘယ်အလုပ်ကိုပဲ လုပ်လုပ် ကောင်းသော အလုပ်ကို လုပ်လျှင် ကောင်းသော အကျိုး ပေးမည်ဟု ယုံကြည်ပြီ ဖြစ်ရကား တက္ကသိုလ်မှာ အလုပ် လုပ်ခွင့် မကြုံစေကာမူ မိမိသည် တခြား တစ်နေရာတွင် အကျိုးပေးသော အလုပ်ကို လုပ်ရလိမ့်မည်ဟု မျှော်လင့် ထားခဲ့လေသည်။

အရေးကြီးသည်မှာ ဘဝကို ရင်ဆိုင်ရာ၌ ယောနိ သော မနသီကာရ ရှိဖို့သာ လိုသည်ဟု အကျွန်ုပ် မြင် တတ်နေပြီ ဖြစ်ရာ ထိုအချက်သည် အကျွန်ုပ်အား ပစ်ချ ချင်သည့် နေရာသို့ ပစ်ချ ပစ်တိုင်းထောင် ဖြစ်ဖို့သာ အကြောင်း ရှိလေတော့၏။ ဖြစ်ပဲ ဖြစ်ပါ့မလား ဟူသော ဒွိဟ သံသယ စိတ်ကား ဝိစိကိစ္ဆာ နီဝရဏ ဖြစ်၏။ ထိုဝိစိကိစ္ဆာ နီဝရဏကို ပယ်နိုင်သော တရားကား ယော နိသော မနသီကာရ ခေါ်သော နှလုံးထားတတ်မှုပင် ဖြစ်၏။ * နှလုံးထားတတ်သူအား ဘဝမှာ ကြောင့်ကြ စရာ ဒွိဟ ဖြစ်စရာ မရှိ။ တွေးကြောက်စရာလည်း ဘာမျှ မရှိတော့ချေ။ ယုံကြည်ချက် သဒ္ဓါက အကျွန်ုပ် အား ဘဝကို အကြောက်မရှိ ရင်ဆိုင်ရဲသူ ဖြစ်အောင် ဖန်တီးလိုက်ပြီပဲ။ ထိုစိတ်တန်ခိုး သတ္တိကား အခက် အခဲ မှန်သမျှကို ရင်ဆိုင် ဖြေရှင်းရာတွင် ထွက်ပေါက်

---

* အင်္ဂုတ္တိုရ်၊ သံဂါယနာ အမေးအဖြေ၊ (ပ) စာ ၈ (နီဝရဏပ္ပဟာနဝဂ်)

www.burmeseclassic.com



ကို အမြဲ ရှာပေးခဲ့သည်ဟု ဆိုချင်ပေတော့၏။

ဤတွင် သဘော ရှင်းစေရန် အသင့် အတင့် နှလုံးသွင်းခြင်း သဘော (ယောနိသော မနသိကာရ) ကို အကျဉ်းမျှ ဆိုသင့်သေး၏။ ထိုသဘောကား ဤသို့ ဖြစ်၏။

'အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ တွေ့ကြုံ လာရသော အကြောင်းကိစ္စတို့ကို ကောင်းအောင် လှည့်၍ စဉ်းစား တွေးခေါ်ခြင်းသည် (ယောနိသော မနသိကာရ) ပင် ဖြစ်သည်' ဟု ဆိုသင့်၏။ ဤတွင် ကောင်းအောင် လှည့်တွေးသည် ဆိုသော စကားသည် ငုပ်သော အဓိပ္ပာယ် ရှိ၏။ လောကတွင် ကောင်းမှုနှင့် မကောင်းမှု ဟူသော အကျင့်သီလနှင့် စပ်ဆိုင်သော သဘော နှစ်ရပ် ရှိပေရာ 'ကောင်းမှု' ဆိုသည် အဘယ်ကို ဆိုသည်ကို သိအပ်ပေသည်။

မိမိကို ဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ ဘေးသင့်စေတတ် (ထိခိုက်တတ်) သော အပြစ်မျိုး မရှိ။ ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်း (သုခ) ကိုသာ အကျိုး ပေးတတ်၏။ ပညာရှိသော သူတို့ကလည်း ချီးမွမ်းဖွယ် ဖြစ်၏။ ထို သဘော ထို အလုပ် ထို အမူအရာသည် 'ကောင်းမှု' ဟု ဆိုအပ်၏။ ကောင်းအောင် လှည့်တွေးခြင်း ဆိုသော ယောနိသော မနသိကာရသည်လည်း ထိုသဘောကို ဆိုခြင်း ဖြစ်၏။ မိမိကိုယ်ကို ဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ မထိခိုက်အောင် မနစ်နာအောင် ချမ်းသာ သုခရအောင် (စိတ်ချမ်းသာအောင်)၊ ပညာရှိသူတို့ကလည်း ချီးမွမ်းဖွယ် ဖြစ်အောင် လှည့်တွေးခြင်းမျိုးသည် ယောနိသော မနသိကာရ ဖြစ်၏။ ထို ယောနိသော မနသိကာရကို မြတ်စွာဘုရားကလည်း အလွန် ချီးမွမ်းတော် မူခဲ့၏။

'အို ချစ်သားတို့၊ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ပွားစေမှု ဖြစ်ပြီး အကုသိုလ်တရားများ လျော့ပါးစေမှု အရာဝယ် ယောနိသော မနသိကာရမှ တစ်ပါး အခြားသော တရားကို ငါ မြင်တော်မမူ။

'အို ချစ်သားတို့၊ ယောနိသော မနသိကာရသည် ကြီးမားသော အကျိုး စီးပွားများရန် အလို့ငှာ ဖြစ်ပေ၏'*

အထက်ပါ ဗုဒ္ဓမြတ်စွာ၏ ဟောညွှန်ပြသော တရားတော်တို့ကို အကျွန်ုပ်သည် ယုံကြည် လက်ခံပြီး ဖြစ်သည်မှ စ၍ မိမိစိတ်သည် တစ်သက်တွင် တစ်ခါမျှ မခံစားရဖူးသော စိတ်လွတ်လပ်ခြင်း အရသာကို ခံစားရလေတော့သည်။

ယခုမူ မိမိ၏ နှလုံးသားဝယ် သံသယ ဆူးငြောင့်လည်း မရှိတော့။ ရောဂါမှ နာလန်ထပြီးနောက် အားအင် ပြည့်ဖြိုးလာသူပမာ အကျွန်ုပ်သည် အားသစ်လျက် ရှိလေ၏။

တက္ကသိုလ်မှ နုတ်ထွက်လိုက်ပြီ ဖြစ်သောကြောင့်လည်း ရာထူး ဟူသော အချည်အနှောင် မရှိတော့ပါ။ ရုပ်ရှင် အလုပ်မှာ ကိုယ်ပိုင် အလုပ် ဖြစ်သောကြောင့် ရုပ်အားဖြင့် မလွတ်လပ်ဟု ဆိုစေကာမူ စိတ်၏ လွတ်လပ်မှုကား ရှိပါသည်။ ထိုထက်ပိုပြီး စိတ်မှာ ထူးခြားသော အစွမ်းသတ္တိ ရရှိလာခြင်းကား ထိုရုပ်ရှင်ပညာသည် ကြံစည် ဖန်တီးရသော အနုပညာမျိုး ဖြစ်သောကြောင့်လည်း ဖြစ်လေသည်။

တက္ကသိုလ်မှ နုတ်ထွက် ပြီးသောအခါ ပထမ ကိုယ်ပိုင်ရုပ်ရှင် ဇာတ်ကား 'မျက်နှာ ငယ်ရမှာက မောင့်ချစ်ဦး' တွင် ပါဝင်သော တက္ကသိုလ်ကျောင်းမှ အနုပညာရှင်သစ်ကလေးများကို သရုပ်ဆောင်ပညာ သင်ပေးခဲ့ရပေရာ တစ်ဆက်တည်းပင် အရှိန် ရနေပြီ ဖြစ်သောကြောင့် အကျွန်ုပ်လည်း 'ဆန်းလွင် ရုပ်ရှင် သရုပ်ဆောင် သင်တန်း' ကို ဖွင့်လှစ် လိုက်လေတော့၏။ ထိုအခါတွင်လည်း အကျွန်ုပ်သည် ဝမ်းရေးအတွက် လိုအပ်သော ငွေကြေးကို အလွယ်တကူပင် ရရှိပြန်လေ၏။

ထိုအချိန်မှ စ၍ သဒ္ဓါတရားကြောင့် နှလုံးသွေး၏ အဆင်းသည် မဟာလေ့ကားပွင့်၏ အဆင်းကို ဆောင်သည်ဆိုသော ကျမ်းဂန် စကားအရ အကျွန်ုပ်၏ နှလုံးသွေးများသည် သန့်စင် ထိန်ဝင်းကာ အရောင်အလင်းများ ထွက်လေသလား မသိ၊ ထူးခြားသော အတွေ့အကြုံများစွာကို တွေ့ကြုံ ရလေတော့သည်။

ထို အတွေ့အကြုံများ အားလုံးသည် အကျွန်ုပ်အား သိရန် ခက်ခဲလှသော သံသရာ ခေါ် ဘဝဆက် ရှိကြောင်း၊ ဝဋ် ခေါ်သော သံသရာ လည်စေတတ်သော ဆင်းရဲ (ကံ၏ ဝိပါက်) သဘောများ ရှိကြောင်းကို လက်တွေ့သာဓကများ ဖြစ်စေသည့်ပြင် ဘုရား တရား သံဃာ၌ စတင် သက်ဝင် ယုံကြည်လာသူ အကျွန်ုပ်အား မမြင်စွမ်းသော ပရ လောကသားများက ဝိုင်းဝန်းကူညီ လာကြခြင်းများ ဖြစ်ပေရကား ပရလောက ရှိသည် ဆိုသော အချက်ကိုလည်း မျက်မြင် သာဓကများဖြင့်

---

* *အင်္ဂုတ္တိုရ်၊ ဧကနိပါတ်၊ ပမာဒါဒိဝဂ်၊*

www.burmeseclassic.com



ထင်ရှား စေခဲ့လေတော့၏။

သိပ္ပံနည်းကျ လက်တွေ့ အထောက်အထားများ ရှိမှသာ လက်ခံလိုသော အကျွန်ုပ်အား သဒ္ဓါ ပေါက် ပြီးသည်မှ နောက်၌ တွေ့ကြုံရသော ကြုံတောင့် ကြုံခဲ အတွေ့အကြုံများကို ဗုဒ္ဓဘာသာ ကလျာဏနွယ်ဝင် သူ တော်စင်တို့ ဆင်ခြင် တိုင်းထွာ၍ ဟုတ်သည် မဟုတ် သည်၊ မှန်သည် မှားသည်ကို ဆုံးဖြတ်နိုင်ရန် အတွေ့ အကြုံများကို အတွေ့အကြုံများ အတိုင်း ဦးစွာ တင်ပြ ပါမည်။ ပြီးမှ ကြောင်းကျိုး နိယာမ (ပဋ္ဌာန်း) ကို ရှာ ပါအံ့။

ဘုရား တရား သံဃာ တို့ကို ယုံကြည် သက်ဝင် ပြီးနောက်တွင် အကျွန်ုပ်သည် စရဏ ခေါ် ကျင့်ကြံ အားထုတ်မှု အပိုင်းကို တစ်ဆင့် တက်ရန် ကြိုးပမ်းလေ တော့သည်။

ထိုကာလသည် ရုပ်ရှင် သရုပ်ဆောင် သင်တန်း တွင် ကမ္ဘာကျော် ရုရှား သရုပ်ဆောင် ပညာရှင် ဒါရိုက် တာကြီး စတင်နီလက်စကီး (Stanislavsky) ၏ နည်း နိဿယ သရုပ်ဆောင်ခြင်း (Method Acting) ကို သင် ကြား ပြသနေချိန် ဖြစ်လေ၏။

ထိုဆရာကြီးက သရုပ်ဆောင် နည်းပညာများ တွင် သရုပ်ဆောင်သူသည် အာရုံ စုစည်းမှု ရရှိစေရန် အတွက် သမာဓိ ရရှိရေးကို လေ့ကျင့်သင့်ကြောင်း ညွှန်ပြထားလေသည်။ အကျွန်ုပ်လည်း ထိုအချက်ကို တပည့်များအား သင်ကြား ပြသကာ မိမိနှင့် အတူ ရွှေ တိဂုံ ကုန်းတော်ပေါ်၌ ညဥ့်လုံးပေါက် သမာဓိ ရရှိရေး အတွက် အားထုတ်ကြရန် နှိုးဆော်လေ၏။ အကျွန်ုပ် အား ချစ်ခင် လေးစားသော တပည့်များသည် အကျွန်ုပ် နောက်က တစ်ပြုံကြီး လိုက်ကြလေ၏။ ညဥ့်အခါ ဗိုက် ဆာလျှင် စားရန် အတွက် မိရွှေသက်က ကြာဆံကြော်၊ ခေါက်ဆွဲကြော်များ ပြင်ဆင်ပြီး ထည့်ထားပေးလေ၏။ အကျွန်ုပ်တို့ ဆရာ တပည့်များလည်း စနေနေ့တိုင်း ရွှေတိဂုံဘုရား၏ တနင်္ဂနွေထောင့်ဘက်ရှိ နောင်တော် ကြီးဘုရား ပတ်ဝန်းကျင်တွင် သမထ တရားကို အား ထုတ်ကြလေတော့၏။

ဘုရားပေါ်သို့ ရောက်သော အခါ အကျွန်ုပ် လွန်စွာ အံ့သြသော အဖြစ်အပျက်များနှင့် ကြုံရလေ၏။ ပထမ အံ့သြရသည့် အချက်မှာ အကျွန်ုပ်၏ တက္ကသိုလ်မှ အရင်းနှီးဆုံး သူငယ်ချင်း ကိုစိုးမြင့်သည် ဘုရားပေါ်သို့ အကျွန်ုပ်ထက် ဦးစွာ ရောက်ရှိပြီး တရား အားထုတ်နေ သည်ကို တွေ့ရခြင်း ဖြစ်လေ၏။ သူသည် ဘယ်အချိန်က ကွန်မြူနစ် ရုပ်ဝါဒ အစွဲ ကျွတ်လေသည်ကို အကျွန်ုပ် မစဉ်းစားတတ်တော့ချေ။ မည်သို့ဖြစ်စေ သူသည် ဘုရား ပေါ်သို့ တရား အားထုတ်ဖို့ ဦးဦးဖျားဖျား ရောက်ရှိ နေခြင်းကို တွေ့ရသော အခါ၌မူကား အကျွန်ုပ်မှာ များစွာ ဝမ်းသာခြင်း၊ ကြည်နူးခြင်းကို ခံစားခဲ့ရသည် ကား အမှန်ပင် ဖြစ်လေသည်။ သို့ရာတွင် ထိုအချိန်က ပင် စ၍ ကိုစိုးမြင့်သည် သိဒ္ဓိ မဟိဒ္ဓိ အလို့ငှာ အင်း ကစားခြင်းကို စတင် ပြုလုပ်နေကြောင်း သိရလေသည်။ အကျွန်ုပ်မှာမူကား အင်း အကြောင်း အင်္ဂရတ် အကြောင်း ကို ဘာဆို ဘာမျှ နားမလည်သော နလပိန်းတုံးသာ ဖြစ်ရကား ကိုစိုးမြင့်တို့ လုပ်ကိုင် နေကြသည်များကို ကောင်းသည် ဆိုးသည် ဘာမျှ မသိချေ။ မိမိကိုယ်တိုင် လည်း တစ်စုံတစ်ရာ ကမ္မဋ္ဌာန်း ပြမည့်သူလည်း မရှိရ ကား သမာဓိ ရကြောင်း အလုပ်ကို စမ်းတဝါးဝါးဖြင့် သာ လုပ်ကိုင်နေရလေသည်။

ထိုအချိန် မတိုင်မီက ထူးခြားစွာ ဖြစ်ပေါ်ခဲ့သော အချက် တစ်ချက်ကို ထိမ်ချန် ထားခဲ့လျှင် သင့်မည် မဟုတ်သည့်ပြင် နောင်ဖော်ပြမည့် အချက်အလက်များ ကို စဉ်းစားရသည့် အခါတွင်လည်း ကွက်လပ်တစ်ခု ဖြစ်နေမည် စိုးသောကြောင့် ထိုအကြောင်းကို ဤနေရာ တွင် ဖော်ပြ သင့်သည်ဟု ထင်ပါသည်။ (အကျွန်ုပ် တက္ကသိုလ်မှ မထွက်မီ တွေ့ကြုံခဲ့ရသော အဖြစ်သနစ် ဖြစ်၏။)

ထိုအကြောင်းသည် အကျွန်ုပ်၏ နောက်ဆုံး ရရှိသော သမီးထွေး အကြောင်း ဖြစ်၏။ ထိုသမီး ရရှိ လာပုံသည် အတော်ပင် ထူးဆန်းသည်ဟု ဆိုဖွယ် ရှိလေ သည်။ ဆိုသင့်သည့် အကြောင်းမှာ ဤသို့ ဖြစ်လေ၏။

တောင်ပုလု ဆရာတော်ကြီးကို ဖူးခွင့် ရပြီးသည့် နောက် မကြာမီ တစ်နေ့သ၌ အကျွန်ုပ်၏ မရီး ဖြစ်သူ သည် နံနက်စောစော အကျွန်ုပ်တို့ နေအိမ်သို့ ရောက် လာလေ၏။

သူက သဃ်န်းကျွန်း ငမိုးရိပ် ရပ်ကွက်ရှိ နတ် ကတော် အမေစိန် (မိန်းမလျာ) က နတ်သွားမေးစဉ် သူ့အား 'နင့် မတ်တော်သူ ယခု ဗုဒ္ဓဘာသာ ဖြစ်လာတဲ့ လူကို ငါ့ထံကို ခေါ်ခဲ့၊ သူ့ကို ငါပြောစရာတွေ ရှိတယ်၊ ပေးစရာတွေလည်း ရှိတယ်' ဟု မှာလိုက်သောကြောင့် သူသည် အကျွန်ုပ်အား နတ် သွားမေးရန် လာခေါ် လေ၏။

www.burmeseclassic.com



အကျွန်ုပ်လည်း မဟုတ်က ဟုတ်က အယူဝါဒများကို မိမိအား အဟုတ်အဟတ် လာပြောခြင်း အတွက် များစွာ မနှစ်မြို့ ဖြစ်မိလေ၏။

'ကျွန်တော့်ကို ဒီလို မဟုတ်တမ်းတရမ်းတွေကို လာလည်း မပြောနှင့်၊ ခေါ်လည်း မခေါ်နှင့်၊ ဘယ်တော့မှလည်း လိုက်မှာ မဟုတ်ဘူး' ဟု ပြတ်ပြတ် ပြောပြီး ပြန်လွှတ် လိုက်လေ၏။ သို့သော် သူကား လက်မလျှော့။ အကျွန်ုပ် အလစ်တွင် သူ၏ ညီမဖြစ်သူ မိရွှေသက်ကို ခေါ်သွားလေ၏။ မိရွှေသက် ပြန်လာပြီးနောက် အကျွန်ုပ်အား ဆွယ်တရား ဟောလေတော့၏။

'ခုဟာက နတ် မဟုတ်ဘူး အစ်ကို၊ အမေစိန် ဟောတာလည်း မဟုတ်ဘူး၊ သူတို့ အိမ်ဖိနပ်ချွတ်မှာ နေတဲ့ စုတ်စုတ်ပြတ်ပြတ် အဘိုးကြီး ဦးဘိုနီ ဆိုတာ ရှိတယ်၊ သူ့မှာ ကပ်ပြီး ပြောနေတာ'

'ဘာ ကပ်တာလဲ'

'ဥစ္စာစောင့် ကပ်တာ၊ နတ်ကတော်တွေ ပြောနေတဲ့ ၃၇ မင်း နတ်ထဲက မဟုတ်ဘူး'

'အိုကွာ ဘာဥစ္စာစောင့်လဲ မဟုတ်ကဟုတ်က၊ ဒီသိပ္ပံခေတ်ကြီးထဲမှာ ဒါတွေက ရှိသေးလို့လား'

'အို ဒါတော့ ဒါပေါ့ အစ်ကိုရယ်၊ ဒါပေမယ့် သူ ပြောလိုက်တဲ့ အတိုင်း ဟိုဘဝက အစ်ကိုဟာ သာသနာပြု ပုဂ္ဂိုလ် ဖြစ်ခဲ့လို့သာ ဒီဘဝမှာ အခုလို အချိန်တန်တော့ ဗုဒ္ဓဘာသာ ပြန်ဖြစ်လာနိုင်တာပေါ့လို့'

'မင်း ပြောတာ ဒီတစ်ချက်တော့ စဉ်းစားစရာပဲ၊ တော်ရုံတန်ရုံ အတိတ်ကံ မရှိခဲ့ဘဲနှင့်တော့ ဒီလို ဘုရား တရား သံဃာမှာ ယုံကြည် သက်ဝင်လာသူ ဖြစ်ဖို့ လွယ်မယ်လို့ ငါလည်း မထင်ဘူး'

'ဒါကြောင့် အစ်ကို့ကို မိသက် ပြောတာပေါ့၊ ခု ဟိုက ပြောတာကလည်း အစ်ကိုဟာ ဘုရား တရား သံဃာမှာ ကြည်ညိုတဲ့ ပုဂ္ဂိုလ် ဖြစ်လာလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး အစ်ကိုရဲ့ သာသနာပြု လုပ်ငန်းမှာ သူတို့ ပါဝင် ကူညီချင်လို့ ပြောတာပဲဟာ၊ ဘာပဲဖြစ်ဖြစ် အစ်ကိုလည်း မသိဘူး၊ ဘာမှန်း ဆိုတာ မိသက်လည်း မသိဘူး၊ မိသက် သဘောကတော့ ဘာမှန်း သိရအောင်တော့ လေ့လာကြည့်ပေါ့၊ ကိုယ်က သတိ မရှိတာမှ မဟုတ်တာ၊ အလိမ်အညာ ဖြစ်ရင်လည်း နောက်ဆုတ်ရုံပေါ့၊ မဟုတ်ဘူးလား'

မိသက် ပြောပုံက အစွန်း လွတ်ပါသည်။ ပညာသားလည်း အထိုက်အလျောက် ပါသည်ဟု အကျွန်ုပ် ထင်မိလေသည်။ မိသက်သည် ပညာတော့ အကြီးအကျယ် မရှိ။ သူသည် တစ်ခါတစ်ရံမှာတော့ အကျွန်ုပ် လက်ခံနိုင်လောက်သော စကားမျိုးကို ပြောတတ်သည်။ ထို့ကြောင့်လည်း သူသည် အကျွန်ုပ်ကို အပိုင် ရရှိခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

'အေးကွာ ဘာမှန်း မသိဘဲ ပယ် တာ လည်း ကောင်းတော့ မကောင်းဘူး၊ ဒါပေမယ့် ငါက အနောက်တိုင်း အတွေးအခေါ်နှင့် သိပ္ပံပညာ နယ်မှာသာ အလေ့အလာ များလာတာ ဆိုတော့ ဒီဥစ္စာစောင့်တို့ ၃၇ မင်း နတ်တို့ ဆိုတာတွေကို သိပ်ပြီး လက်မခံချင်ဘူး'

ထိုအချိန်တွင် အကျွန်ုပ်ထံသို့ သာမုန္ဒြိကသျှတ္တရ ပညာရှင် ဆရာဇေဒ ရောက်ရှိလာလေ၏။ ထိုပုဂ္ဂိုလ်ကား အနောက်တိုင်းမှ ပါရာဆိုင်ကိုလိုဂျီ **(Para Psychology)** ခေါ် ပရစိတ္တဗေဒကိုလည်း လေ့လာနေသူ ဖြစ်လေသည်။ အကျွန်ုပ်တို့ ပြောဆို နေကြသည့် အကြောင်းကို ကြားသိရသောအခါ သူကလည်း ဝင်ပြောပြီး အကြံပေးလေသည်။ သူ၏ စကားများမှာလည်း ဆင်ခြင် စဉ်းစားစရာတွေ များစွာ ပါရှိလေသည်။

'ဟ ဆရာ ဒါမျိုးတွေ အနောက်တိုင်း စိတ်ပညာ နယ်ပယ်မှာ အများကြီး ပေါ်ပေါက်နေပြီပဲ၊ မကြာခင်ကမှ ထွက်တဲ့ စာအုပ် တစ်အုပ်ကို ဆရာ မဖတ်ဖူးဘူးလား၊ အက်စတယ်ရောဘတ် ရေးတဲ့ ***အနှစ်ငါးဆယ် ကြားခံ အဆက်အသွယ် တစ်ခု*** (Fifty Year's A Medium) ဆိုတဲ့ စာအုပ်လေ၊ အဲဒါ ပါရာဆိုင်ကိုလိုဂျီပေါ့ ဆရာရဲ့၊ အဲဒီ စာအုပ်ထဲမှာ အက်စတယ်ဟာ ဝိညာဉ်လောက ခေါ်ရမှာပေါ့၊ ဒီလိုပဲ နတ်လောကနှင့် အဆက်အသွယ် ရတယ်၊ သူ့ကို ဆက်သွယ်လာတဲ့ နတ်က တိမ်နီ (Red Cloud) လို့ ခေါ်တယ်၊ ဒီတိမ်နီဟာ အက်စတယ်နှင့် ဆက်သွယ်ပြီးတော့ အနှစ် ငါးဆယ် ကျော် အနောက်တိုင်းမှာ တမလွန် ဘဝ အကြောင်းတွေကို လူသားတွေ အံ့သြရလောက်အောင် လက်တွေ့ ပြခဲ့တယ်၊ ရောဂါတွေကိုလည်း ကုသပေးခဲ့တယ်၊ အနောက်တိုင်းက သိပ္ပံပညာရှင်တွေ အမြောက်အမြားလည်း တိမ်နီနှင့် တွေ့မှ အားလုံး ကျွတ်တာပဲ'

'မှန်ပါတယ် ဆရာဇေဒ၊ ပြောမယ့်သာ ပြောရတာပါ၊ ဒီဟာတွေဟာ တကယ်ဆို ဘာမှ မဆန်းပါဘူး၊ ဗုဒ္ဓ မြတ်စွာဘုရားက လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်ကတည်းက ဝိညာဉ်လောက ရှိတယ်၊ နတ် ရှိတယ်၊ ငရဲ ရှိတယ်၊ ပြိတ္တာ ရှိတယ် ဆိုတာတွေကို ဟောပြီးသား

www.burmeseclassic.com



ပါ၊ အခု ကျွန်တော်တို့ ပြောနေတာတောင် ဘုရားဟော တရားကို မယုံသင်္ကာ ဖြစ်သလိုတော့ ဖြစ်နေပြီ၊ ပိဋကတ်တော်တွေထဲမှာ ဝိမာန ဝတ္ထု၊ ပေတ ဝတ္ထု ဆိုတာတွေ ရှိတယ်၊ ဥစ္စာစောင့် ဆိုတာ ဝိမာန ဝတ္ထုထဲမှာ ပါတဲ့ ဝေမာနိက ပြိတ္တာ ဆိုတဲ့ စတုမဟာရာဇ် နတ်မျိုးပဲဗျ၊ ဒါပေမယ့် ဒါတွေကို ဒီခေတ်မှာ ပြန်ပြီး ကြားရတော့ စိတ်ထဲမှာ တစ်မျိုး ဖြစ်တာပေါ့ဗျာ၊ မရင်းနီးတဲ့ အတွေ့အကြုံ တစ်ခု ဖြစ်နေတာကိုး၊ ငယ်ငယ်တုန်းကတော့ ကျွန်တော့် အဘိုးအဘွားတွေ ပြောတယ်၊ သူတို့နေတဲ့ ရွာရဲ့ ချောင်း တစ်ဖက်ကမ်းမှာ နတ်ပြင် ဆိုတဲ့ ရွာ ရှိတယ်၊ အဲဒီ ရွာရဲ့ အနောက်တောင်ဘက်ကို တစ်မိုင်လောက် ဆက် လျှောက်လိုက်ရင် တောစပ် တစ်ခုကို ရောက်တယ်၊ အဲဒီနေရာကို အုန်းပတီးပြင်လို့ ခေါ်တယ်၊ ထုံးကျောက်ဂူကြီး တစ်ဂူလည်း ရှိတယ်၊ ဟိုတုန်းကတော့ ဒီနေရာမှာ အုန်းပတီးပြင်သိုက် ရှိတယ်တဲ့၊ လူတွေဟာ အဲဒီ အုန်းပတီးရှင်မဆီမှာ လက်ဝတ် ရတနာတွေတောင် ငှားဝတ်လို့ ရတယ်တဲ့၊ လူတွေကလည်း သစ္စာရှိတော့ အဆင် ပြေတယ်တဲ့၊ နောက်ကျတော့ လူတွေ လောဘဖက်ပြီး ငှားတဲ့ လက်ဝတ် ရတနာတွေကို ပြန်မပေးကြဘူးတဲ့၊ လူတွေ သစ္စာ မရှိကြတော့တဲ့ အခါကျတော့ အုန်းပတီးပြင် သိုက်လည်း ဒီနေရာကနေ ပြောင်းသွားတယ်တဲ့'

'ဒါတွေက လူကြီးသူမ စကားတွေ ဒဏ္ဍာရီဆန်တယ်လို့ပဲ ဆိုကြပါစို့၊ အနောက်တိုင်းက လူတွေထဲမှာ ခု ဒေါက်တာ ကူဘလာရော့စ် ဆိုတဲ့ အမျိုးသမီး တစ်ဦးလည်း ထင်ရှားလာတယ်၊ သူကလည်း ပရလောကကို လေ့လာနေတာ တော်တော် ခရီး ရောက်နေပြီ၊ မကြာခင် သူ့စာအုပ်လည်း ထွက်လာလိမ့်မယ်၊ ဒါနှင့် ဆရာ အမရပူရက မဟာဂန္ဓာရုံတိုက်ကို ရောက်ဖူးသလား'

'မရောက်ဖူးသေးဘူး၊ ဘာဖြစ်လို့လဲ'

'နောက် ဆရာ မန္တလေးကို ရောက်ရင် အဲဒီ ကျောင်းတိုက်ကြီးကို တစ် ခေါက် လောက် သွားပြီး လေ့လာဖို့ ကောင်းတယ်၊ အင်မတန် လုပ သန့်ရှင်းပြီး စနစ်ကျတဲ့ စာသင်တိုက်ကြီးလို့ မြန်မာပြည်မှာသာမက ကမ္ဘာမှာပါ ကျော်ကြားတဲ့တိုက်ပဲ၊ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ အကြောင်းကိုတော့ ဆရာ သိပြီး ဖြစ်မှာပါ'

'ဟာ ဒီဆရာတော်ကြီးတော့ မသိလို့ ဖြစ်ပါ့မလားဗျာ၊ ဆရာတော်ရဲ့***သဂြိုဟ်ဘာသာ ဋီကာ*** ဆိုရင် ကျွန်တော့် အသည်းစွဲပဲ ဥစ္စာ'

'ဆရာ မန္တလေးကို ရောက်တဲ့အခါ ဒီဆရာတော်ရဲ့ ကျောင်းကို သွားကြည့်ပါလို့ ပြောတာက ကျောင်းဝင်ဝမှာ ရေးထားတဲ့ စာတန်းကို ဆရာ သတိထားကြည့်စေချင်လို့ ပြောတာပါ'

'ဟုတ်ကဲ့၊ ဘယ်လို ရေးထားလို့လဲ၊ ဆရာ ဇေဒပဲ ပြောပြပါဦး'

'ကျောင်း အဝင်ဝမှာ ဆရာတော်ကြီးက ဗုဒ္ဓဘာသာဝင်တွေ သတိနှင့် ဆင်ခြင်တတ်ဖို့ရာ ဘာတွေ ရေးပြီး သတိ ပေးထားသလဲ ဆိုတော့

နောင်ဘဝ ရှိသည်၊

နတ်ပြည် ရှိသည်၊

ငရဲ ရှိသည်တဲ့၊ ဟိုကျရင် ဆရာ တွေ့ပါလိမ့်မယ်'

'ဟုတ်ပါတယ် ဆရာဇေဒ၊ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးရဲ့ ***ပဋ္ဌာန်း တရားတော်ကြီး*** ဆိုတဲ့ စာအုပ်ထဲမှာလည်း ဆရာတော်ရဲ့ ပရလောက ကိုယ်တွေ့အကြောင်းတွေ ပါပါတယ်၊ အမှန်မှာတော့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ရဲ့ သမ္မာဒိဋ္ဌိ (ဒသဝတ္ထုက သမ္မာဒိဋ္ဌိ) မှာ ဩပပါတိကာသတ္တာ ဆိုတဲ့ အချက် တစ်ချက်လည်း ပါပါတယ်၊ ဒါက ဘာလဲဆိုတော့ လူတွေ မမြင်ရသော်လည်း ငရဲ ပြိတ္တာ နတ် သိကြား ဗြဟ္မာ ဆိုတဲ့ ဥပပါတ် သတ္တဝါတွေ အမှန်ရှိတယ်လို့ ယုံကြည်ရမယ်၊ ဒါဟာ ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်မြောက်ဖို့ အတွက် လိုအပ်ချက် တစ်ခုပါပဲ၊ ဒါတွေ အမှန်ရှိတယ် ဆိုတာ ရယ်၊ နောင်ဘဝ ရှိတယ် ဆိုတာရယ်ကို လက်မခံသရွေ့ ဗုဒ္ဓဘာသာဝင် မဖြစ်သေးဘူး ဆိုတာကိုလည်း ကျွန်တော် သဘော ပေါက်ပါတယ်'

'ဒါဆို ခုဥစ္စာစောင့်က ဆရာနှင့် တွေ့ချင်တယ်လို့ ခေါ်တာဟာ ဆရာ့ အတွက် လက်တွေ့ စမ်းဖို့ အခွင့်ကောင်းပဲဟာ၊ ဒါမျိုး တွေ့ချင်လို့ လိုက်ရှာနေကြတဲ့ လူတွေ အများကြီးပဲ ဆရာရဲ့၊ ခုဆရာက ပါရမီ အလျောက် မကြိုးမပမ်းဘဲ တွေ့ရတာ ဘယ်လောက် ကုသိုလ်ကံ ကောင်းတယ် မှတ်သလဲ၊ ဆရာဂျွန် (ဆရာ ကတော် - ကချင်လို) ပြောသလို သွားပြီး ကိုယ်တိုင် ကိုယ်ကျ လေ့လာပါ၊ ကျွန်တော်လည်း လိုက်မယ်'

ဆရာဇေဒကပါ တိုက်တွန်းပြန်သော အခါ ထို ဥစ္စာစောင့် ဆိုသူနှင့် အကျွန်ုပ် တွေ့ဆုံရေး ကိစ္စသည်

www.burmeseclassic.com



အတော်အတန် နီးစပ်သွားလေတော့၏။

သို့ရာတွင် ထိုဥစ္စာစောင့် ဆိုသူနှင့် တွေ့ရလျှင် ဘာအကျိုး ထူးမည်နည်း ဟူ၍လည်း အကျွန်ုပ် စဉ်းစား ပြန်လေ၏။ အစက မိမိသည် ထိုကဲ့သို့သော ပရလောက ကိစ္စ တမလွန် ဘဝကိစ္စများတွင် တွန့်ဆုတ်သောစိတ် ရှိနေခြင်းမှာ အဘယ်ကြောင့် ဖြစ်သနည်း ဆိုသည် ကိုလည်း ပြန်၍ သုံးသပ် ကြည့်မိ၏။ အမှန်မှာ အကျွန်ုပ်သည် မဟုတ်မမှန်သော မိစ္ဆာဒိဋ္ဌိ အယူကို ယူမိမည်ကို စိုးရိမ်စိတ် လွှန်နေခြင်းသာ ဖြစ်၏။

အကျွန်ုပ်သည် မှားယွင်းသော (မိစ္ဆာ) အယူကို ယူသောသူ တစ်ဦး လောကမှာ ထွန်းကား လာသော အခါ ဤလောက၌ ဆင်းရဲများစွာ ဖြစ်တတ်ပုံကို ဗုဒ္ဓ မြတ်စွာ ဟောကြားထားသော တရားကို အကျွန်ုပ်သည် အစဉ် သတိရလျက် နှလုံးသွင်းလျက် နေသည် ဖြစ်ရာ မဟုတ်က ဟုတ်က အယူတွေကို လိုက်စားမိမည်ကို လည်း စိုးရိမ်နေလေ၏။ ဗုဒ္ဓ မြတ်စွာဘုရား၏ ဟော ကြားအပ်သော တရားသည် မှတ်သား သိမ်းပိုက်ထားဖွယ် ကောင်းလွန်းသည် ဖြစ်ရာ ဤနေရာတွင် အလျဉ်းသင့် သောအားဖြင့် ဖော်ပြသင့်သည်ဟု အောက်မေ့ပါသည်။

မြတ်စွာဘုရားသည် အောက်ပါ အတိုင်း ဟော ကြားတော် မူလေသည်။

'ရ ဟန်း တို့ တစ်ယောက်သော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွား မဲ့ခြင်းငှာ၊ လူအများ၏ ချမ်းသာ မဲ့ခြင်းငှာ လူအများ၏ အကျိုး မဲ့ခြင်းငှာ နတ်လူတို့၏ ဆင်းရဲခြင်းငှာသာ ဖြစ်၏၊ ထိုတစ်ယောက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ ဖောက်ပြန်သောအားဖြင့် မြင်တတ်သော မိစ္ဆာဒိဋ္ဌိ အယူ ရှိသော ပုဂ္ဂိုလ်တည်း၊ ထိုပုဂ္ဂိုလ်သည် လူအများကို သူ တော်ကောင်း တရားမှ ကင်းကွာစေ၍ မသူတော် တရား၌ တည်စေ၏' *

ဤကား မသင့်တော်သောအားဖြင့် နှလုံးသွင်းခြင်း (အယောနိသော မနသိကာရ) ရှိသော ပုဂ္ဂိုလ်ကို ဘုရား ဆိုတော်မူခြင်း ဖြစ်၏။ ထိုသူအဖို့ မဖြစ်ပေါ်သေးသော မိစ္ဆာဒိဋ္ဌိ တရားသည်လည်း ဖြစ်ပေါ်ကြောင်း၊ ဖြစ်ပေါ် ပြီးသော မိစ္ဆာဒိဋ္ဌိ တရား တိုးပွားကြောင်းကိုလည်း ဘုရား ညွှန်ပြတော်မူပြီး ဖြစ်လေရာ အကျွန်ုပ်သည် တစ်စုံတစ်ခု သော မသင့်လျော်သော နှလုံးသွင်းမှုမျိုး ဖြစ်မည်ကို လည်း ယခုအချိန်တွင် လုံးဝ မလိုလားတော့ချေ။

ထိုအကြောင်းများကြောင့် မိသက် ပြောသော ဥစ္စာစောင့်က မိမိအား တွေ့ရန် ခေါ်နေကြောင်း စကား ကို လက်ခံရန် ဝန်လေးနေခဲ့ခြင်းပင် ဖြစ်လေ၏။ ယခု ဆရာဗေဒ၏ အကြံပေးချက် အရမူ ဤကိစ္စသည် မသင့် မလျော်သောအားဖြင့် နှလုံးသွင်းခြင်းမျိုးတော့ မဖြစ်နိုင် ဟု ထင်မိလေသည်။ အရာရာကို သတိဖြင့် စောင့်ကြည့် ခြင်း အလေ့အထကို မိမိသည် စတင် ထူထောင်လျက် ရှိ၏။ ဆရာမ ရီနာတို့ အိမ်တွင် တောင်ပုလု ဆရာတော် ဘုရားအား ဖူးခွင့် ရပြီးသည့် နောက်၌ ဆရာတော်ဘုရား စွန့်လိုက်သော ***'ကာယဂတာ သတိပဋ္ဌာန် ကျင့်စဉ်'*** စာအုပ်ငယ်လည်း မိမိ လက်တွင် ရှိသည့်ပြင် ထို စာ အုပ်ငယ်တွင် ပါဝင်သော တိုတိုနှင့် လိုရင်းသို့ ရောက် သော ဆရာတော်ကြီး၏ ဆုံးမ စကားများကိုလည်း ယခုအခါတွင် အကျွန်ုပ်သည် ဦးထိပ် ပန်ဆင်လျက် ရှိရာ ရှေးကနှင့် နှိုင်းစာပါလျှင် များစွာပင် အမြင် ကြည်လင်နေပြီ ဖြစ်လေသည်။

ဆရာတော်ကြီး၏ ဆုံးမစကားများတွင် အကျွန်ုပ် ဦးထိပ် ပန်ဆင်ထားသော စကားမှာ အောက်ပါ စကား ဖြစ်လေသည်။

'လူသတ္တဝါတို့ သံသရာမှ လွတ်မြောက်ဖို့ရန် နှင့် အဆက်မပြတ် ထပ်တလဲလဲ ပဋိသန္ဓေ နေရခြင်း ဆင်းရဲဒုက္ခ အပေါင်းမှ ကင်းဝေးဖို့ရန် အတွက် သစ္စာ လေးပါး ဖြစ်သော ဆင်းရဲခြင်း အမှန်တရား၊ ဆင်းရဲခြင်း ၏ ဖြစ်ကြောင်း အမှန်တရား၊ ဆင်းရဲချုပ်ငြိမ်းရာ အမှန် တရား၊ ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း လမ်းမှန် တရားတို့ကို ထိုးထွင်း၍ ဧကန် သိမြင်နိုင်ဖို့ရန် မိမိကိုယ်ကို မိမိ အားကိုးအားထား ပြုရမည် ဖြစ်သည်၊ မိမိကိုယ်ကို မိမိမှ တစ်ပါး တခြား မည်သူမျှ မကယ်တင် နိုင်ပေ၊ နိဗ္ဗာန် ရောက်ကြောင်း တရားကိုလည်း မိမိ ကိုယ်တိုင်ပင် ကျင့်ကြံ အားထုတ်မှသာ အမှန်စင်စစ် ရရှိနိုင်မည်သာတည်း' *

ဤကား တောင်ပုလု ဆရာတော်၏ ဩဝါဒ ဖြစ်၏။ ကံတရားကို မိမိ သဘောပေါက်သည်က စ၍ ဤလောက၌ မိမိဘဝကို ကယ်မည့် သူသည် လည်း ကောင်း၊ မိမိအား အမြင့်ဆုံး အမြတ်ဆုံး ဘဝသို့ တိုးတက် ရောက်ရှိအောင် အစွမ်းနိုင်ဆုံး လုပ်ပေးနိုင်

---

* အင်္ဂုတ္တိုရ်၊ ဧကနိပါတ်၊ ၁၆ ဧက မေ့ပါဠိ၊ ဒုတိယဝဂ္ဂ၊ တတိယဝဂ္ဂ သံဂါယနာ မေး၊ ဖြေ၊ စာ ၁၁၆

* ကာယဂတာ သတိပဋ္ဌာန် ကျင့်စဉ်၊ တောင်ပုလု ဆရာတော်၊ စာ ၄

www.burmeseclassic.com



သော ပုဂ္ဂိုလ်သည် လည်းကောင်း မိမိမှ အပ တခြား မရှိဟုလည်း သိမြင်ထားပြီး ဖြစ်ပေရာ ထိုဥစ္စာစောင့်များကို အားကိုးဖို့လည်း စိတ်မကူး၊ သူတို့ထံမှ အမအစကို ရဖို့လည်း မမျှော်လင့်။ ဖြစ်နိုင်သည်ဟုလည်း မထင်ပါ။ ဖြစ်ပါစေလိုသော ဆန္ဒလည်း မရှိချေ။

သို့ရာတွင် သူတို့သည် ငါ့အား ဘာကြောင့် တွေ့ချင်လေသနည်း ဆိုသော အချက်ကိုမူ စဉ်းစားကာ သိလိုချင်စိတ်များ ဖြစ်ပေါ်လျက် ရှိသည်တော့ အမှန်ပင်။

ထိုအကြောင်းကြောင့်ပင် တစ်နေ့သ၌ တပည့်တပန်းများ စုံသောအခါ ထိုကိစ္စကို သူတို့အား ပြောပြမိလေ၏။ တပည့်များမှာ လူငယ်များ ဖြစ်ခြင်းကြောင့် ဆန်းပြားသော အတွေ့အကြုံကို စိတ်ဝင်စားကြလေ၏။

'ကျွန်တော်တို့လည်း လိုက်မယ် ဆရာ၊ သွားသာ သွားကြည့်ပါ၊ နတ်ကတော် မဟုတ်ကဟုတ်က လုပ်ရင် ကျွန်တော်တို့ တာဝန်သာ ထားပါ၊ ကြည့်ရှင်း ပစ်လိုက်မယ်' ဟု တပည့်များက အားပေးစကား ဆိုကြသဖြင့် မိသက် မမျှော်လင့်သော နေ့တစ်နေ့တွင် 'နက်ဖြန်မနက် ငါ နတ်ကတော်အိမ်ကို သွားမယ်' ဟု ပြောပြီး မိသက်ကို အပြင် မသွားရန်လည်း တားဆီး လိုက်လေတော့၏။ နတ်ကတော်အိမ်သို့ သူ ကြိုတင်သွားပြီး တစ်စုံတစ်ရာ စကားသွင်းမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ နောက်နေ့ နံနက်တွင် အကျွန်ုပ်နှင့် အတူ လိုက်ပါကြမည့် တပည့်များ အစုံအညီ ရောက်ရှိလာကြလေ၏။ ဆယ်ဦးခန့် ရှိမည် ထင်၏။ ထိုအသိုင်းအဝိုင်းနှင့် အတူ ငမိုးရိပ် ရပ်ကွက်ရှိ နတ်ကတော်အိမ်သို့ သွားကြလေ၏။

၅၊ ၆ ဖွက် ထူသော လမ်းဖြင့် သွားရ၏။ နတ်ကတော် အိမ်ကား တဲသာသာ ဖြစ်၏။ ဝါးထရံကာ ပျဉ်ခင်း ခနိမိုး ဖြစ်၏။ အကျွန်ုပ်တို့ အဖွဲ့ အိမ်ပေါ်သို့ တက်သောအခါ အိမ်ပြို ကျမည်ကိုပင် စိုးရိမ်ရ၏။ ဘုရားပုံတော်ကို အထက်ဆုံးက ထားပြီး အောက်သို့ အဆင့်ဆင့် နတ်ရုပ် (ပန်းပုရုပ်) များဖြင့် နတ်ကွန်းကို ပြုပြင်ထား၏။ အိမ်ပေါ်သို့ ရောက်သောအခါ အသက် ၆၀ ခန့်ရှိ ပိန်ပိန်ညှက်ညှက် မိန်းမလျာ လူကြီး တစ်ဦး ထွက်လာ၏။ မိသက်က အမေစိန် ဖြစ်ကြောင်း ပြောပြီး အကျွန်ုပ်နှင့် မိတ်ဆက်ပေး၏။ ထိုအချိန်တွင် ဖိနပ်ချွတ်နေရာ၌ ခွေခွေကလေး အိပ်နေသော ထောင်ထောင်မောင်းမောင်း လူကြီး တစ်ယောက် နတ်ကွန်း ရှိရာသို့ တက်လာ၏။ သူလည်း မိန်းမလျာ ဖြစ်သည်။ သူ့အဆင်းမှာ အမေစိန်လို သားသား နားနား မရှိ။ ဆောင်းတွင်း ဖြစ်သဖြင့် အနွေးထည် အစုတ်ကလေးများကို ထပ်၍ ဝတ်ဆင် ထားလေ၏။ မိသက် ပြောထားပြီး ဖြစ်သဖြင့် ထိုသူသည် ဦးဘိုနီ ဆိုသူ ဖြစ်လိမ့်မည်ဟု အကျွန်ုပ် တွက်မိလေတော့၏။

အကျွန်ုပ်ကလည်း ဘာမျှ မမေး၊ သူကလည်း ဘာမျှ မပြောဘဲ သူ လာထိုင်လေ၏။ အကျွန်ုပ်တို့ လူစုကမူ အိမ်၏ ကြယ်မြင် လမြင် အခြေအနေနှင့် ထိုလူကြီး၏ အမူအရာများကိုသာ အကဲခတ်သော မျက်လုံးများစွာဖြင့် အံ့ဝိုင်း၍ စူးစူးရဲရဲ ကြည့်နေကြလေတော့၏။

ဦးဘိုနီလည်း ဘုရားကို ကန်တော့ပြီးနောက် အာရုံ ပြုလိုက်သည်နှင့် ဥစ္စာစောင့် ဆိုသူ ပရလောကမှ ဝိညာဉ်သည် ဦးဘိုနီတွင် ဝင်ပူးလေတော့၏။ ဓာတ်စီးနတ်စီး သဘောကို အကျွန်ုပ် တွေ့ကြုံဖူးခြင်းမှာ ဤ တစ်ကြိမ်သည် ဒုတိယ အကြိမ် ဖြစ်သည်ဟု ဆိုသင့်၏။ ပထမ အကြိမ်တွင် ပကောယို ဓာတ်စီးခြင်းကို တွေ့ကြုံဖူးကြောင်း အထက်မှာ ဆိုခဲ့ပြီ။

နတ်ဝင်သည်တွင် နတ်ဝင်လာသည်နှင့် သူက အကျွန်ုပ်အား 'ခမည်းတော် ဘုရား' ဟု ခေါ်လေ၏။ အကျွန်ုပ်လည်း နေရင်းထိုင်ရင်း ဇာတ်ထဲက ဘုရင်ကြီးလား မိမိကိုယ်ကို အောက်မေ့ရ လေတော့၏။ အဖြစ်အပျက် အားလုံးမှာလည်း ဇာတ်ကွက် တစ်ကွက်ကို သရုပ်ဆောင် ကပြနေကြရသည်နှင့်ပင် တူနေတော့၏။

'နေပါဦး၊ ခု ဝင်နေတာက ဘယ်သူလဲ၊ ငါ့ကို ကော ဘာဖြစ်လို့ ခမည်းတော်တွေ ဘာတွေ ခေါ်နေရတာတုံး၊ ငါနှင့် ဘယ်လို ပတ်သက်လို့ ငါ့ကို ခေါ်ရတာတုံး'

'သမီးတော် အနေနှင့် အကြောင်းစုံ ခင်းပြချင်လို့ ခမည်းတော်ကို ဒီ ငမိုးရိပ် ကုလား နတ်နန်းကို ခေါ်ရတာပါ ဘုရား၊ သမီးတော်ရဲ့ အမည်က စောနန်းကြည်ပါ ဘုရား၊ ဟိုလွန်ခဲ့တဲ့ ခုနစ်ဘဝလောက်က ရှမ်းဖြစ်စဉ် ခမည်းတော်က ကိုးတိုင်း ကိုးစော်ဘွား ဖြစ်ခဲ့ပါတယ်၊ သမီးတော်ဟာ အဲဒီတုန်းက သမီးတော်ပါ ဘုရား၊ ခု သမီးတို့က သိုက်နန်းရှင်တွေ ဖြစ်နေကြပါတယ်၊ သိုက်နန်းရှင် ဆိုလို့ အထင်မကြီးပါနှင့် ခမည်းတော်၊ သိုက်နန်းရှင် ဆိုတာ ဝေမာနိက ပြိတ္တာလို့ ခေါ်တဲ့ တစ္ဆေ အကြီးစားတွေပါ ဘုရား'

'ဒါတွေ ထားပါတော့၊ မင်း သိုက်နန်းရှင်ပဲ ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ဒါ ငါ နား လည်း မလည်ဘူး၊ စိတ်လည်း မဝင်စားဘူး၊ မင်း ဥစ္စာစောင့် ဟုတ်တယ်

www.burmeseclassic.com



မဟုတ်ဘူး ဆိုတာလည်း ငါ့မှာ သိနိုင်တဲ့နည်း မရှိဘူး၊ မင်းပြောတာ မင်းစကားပဲ၊ ငါဟာ မင်းရဲ့ အဖေ ဖြစ်ခဲ့တယ် ဆိုတာလည်း ငါတော့ မသိဘူး၊ သိနိုင်တဲ့ နည်းလည်း လောလောဆယ် ငါ့မှာ မရှိဘူး၊ ဖြစ်နိုင်တာကတော့ သံသရာ ကျင်လည် နေကြတာ လူတိုင်းဟာ သား အဖ မအေ နှမ တော်စပ် ခဲ့ကြမှာပါပဲ၊ ဒါက ဘုရားဟောနည်းနှင့် ငါ နားလည်သလောက်ကို ပြောတာ၊ ဒါတွေက အဓိက မဟုတ်ဘူး၊ ခု မင်း ငါ့ကို ခေါ်တယ် ဆိုတာ အဲဒါ ဘာလုပ်ဖို့ ခေါ်တာလဲ၊ ဒါပဲ ငါ သိချင်တယ်'

'ဒါကို ပြောချင်လို့ ခေါ်တာပါ ခမည်းတော်၊ ခု ခမည်းတော်ဟာ ဘုရား တရား သံဃာမှာ ကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ်မြတ် ဖြစ်လာတာ တွေ့ရတော့ သမီးတို့ စိတ်မကောင်း ဖြစ်ခဲ့ရသမျှ ခုတော့ စိတ်ချမ်းသာရပါပြီ ဘုရား၊ သမီးတော်တို့မှာ ဒီဘဝ ခမည်းတော်ကို ရှာတွေ့တော့ သာသနာ အပမှာ ရောက်နေတာ တွေ့ရလို့ အကြီးအကျယ် စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်၊ စိတ်မကောင်း ဖြစ်ခဲ့ရတာကတော့ ခမည်းတော်ဟာ သာမန်လူပုဂ္ဂိုလ် မဟုတ်ပါဘူး၊ ဘဝ ဘဝက ဗုဒ္ဓသာသနာတော်ကို ပြုစု ပျိုးထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါလျက် ဒီဘဝမှာ သာသနာတော်နှင့် အလှမ်းဝေးတဲ့ အဖြစ်ကို ရောက်သွားရတာကို ဝမ်းနည်းတာပါ ဘုရား၊ သို့သော် ခုတော့ ခမည်းတော်ဟာ ဘဝကံ ကြီးမားသူ ဖြစ်တဲ့ အတွက် အမျိုးမျိုးသော အခက်အခဲ အတားအဆီးတွေကို ဖြတ်ကျော်နိုင်ခဲ့ပြီး သာသနာတော်ကို တစ်ဖန် ပြုစုရမည့်သူ အဖြစ်ကို ပြန်ရောက်ပါပြီ၊ ဒီဘဝမှာ သမီးတော်တို့လည်း ခမည်းတော်နှင့် အတူ သာသနာ ပြုကြမှာပါ ဘုရား'

ထိုအခါ အကျွန်ုပ်က သူ့ကို ဥစ္စာစောင့် သိုက်နန်းရှင် ဆိုလျှင် ထိုသို့ ဖြစ်ကြောင်း သက်သေ ပြဖို့ ပြောပြန်လေသည်။

'အလွယ်ဆုံးကတော့ ဥစ္စာစောင့် ဆိုတာ ပစ္စည်း ပေးနိုင်တယ်လို့ လူကြီးတွေ ပြောတာ ငါ ကြားခဲ့ဖူးတယ်၊ ငါ့စိတ်ထဲ အဲဒါ ဒဏ္ဍာရီလို့ပဲ မှတ်တယ်၊ ခုကျတော့ မင်းက မင်းဟာ ဥစ္စာစောင့်ပါလို့ ရဲရဲတင်းတင်း ဝန်ခံနေတယ်၊ ဒီတော့ မင်း ဥစ္စာစောင့် ဖြစ်ကြောင်း ငါ့ကို ယုံလောက်တဲ့ သက်သေခံ ပစ္စည်း တစ်ခု ပေး၊ ရှေးဟောင်း ပစ္စည်း တစ်ခု ဖြစ်ပစေကွာ'

'ခမည်းတော် စိတ်တိုင်းကျ ဖြစ်ပါစေမယ်'

ထိုစကား အဆုံးတွင် သူသည် တဆတ်ဆတ် တုန်ပြန်သည်။ ထိုသို့ တုန်နေစဉ် တချွင်ချွင် မြည်သော အသံ တစ်ခုသည် ထိုလက်ဝါး နှစ်ခုကြားမှ ထွက်ပေါ် လာလေတော့၏။

ထို့နောက် ထိုအသံမြည်လျက်ပင် လက်ဝါးအစုံသည် အောက်သို့ ကျ လာကာ အကျွန်ုပ်အား လက်သင့်ခံရန် မျက်ရိပ်ပြသဖြင့် အကျွန်ုပ်လည်း ဘာများ ပါလိမ့်ဟူသော အတွေးဖြင့် လက်ဝါးကို ဖြန့်ခံလိုက်လေ၏။ အကျွန်ုပ် လက်ထဲသို့ ထည့်လိုက်သော အရာမှာ ငွေဒင်္ဂါး နှစ်ပြား ဖြစ်လေသည်။ လက်ထဲသို့ ရောက်ပြီးနောက် ကြည့်လိုက်သော အခါ ထိုဒင်္ဂါး နှစ်ပြားမှာ ကာလသုံး ငွေဒင်္ဂါးများ မဟုတ်ဘဲ ရတနာပုံခေတ်သုံး ဒေါင်းဒင်္ဂါး နှစ်ပြား ဖြစ်လျက် နေလေတော့၏။

အကျွန်ုပ်လည်း ယုံနိုင်ဖွယ် မရှိသော ထိုအဖြစ်ကို မျက်လှည့် ပြသလိုများ ဖြစ်လေမည်လား အောက်မေ့ကာ ဒင်္ဂါးကို အပြန်ပြန် ကြည့်လျက်သာ နေလေ၏။ ဒင်္ဂါးပေါ်တွင် အောက်ပါ စာတန်းများကို အထင်အရှား တွေ့ရသဖြင့် ဤအရာသည် စိတ်အထင် မဟုတ်၊ အိပ်မက် မဟုတ်၊ ပကတိ ဒင်္ဂါးများ ဖြစ်ကြောင်း ဝန်ခံရလေ၏။ ဒင်္ဂါးပေါ်တွင် ရေးထားသော စာတန်းမှာ

ပန်းဘက်တွင် 'ရတနာပုံ နေပြည်တော် ၁ ကျပ်သုံး ဒင်္ဂါး ၁၂၁၄'၊ ခေါင်း ဘက်တွင် ဒေါင်းရုပ်နှင့် တံဆိပ်တော်ဟု ပါရှိလေသည်။

ယုံနိုင်ဖွယ် မရှိဟု အကျွန်ုပ် စိတ်မှာ ခံစားရခြင်းသည် အကြောင်း ရှိ၏။ အဘယ်ကြောင့် ဆိုသော် မမြင်ရသော ဝိညာဉ်ဟု ဆိုအပ်သော ပရလောကသား ဥစ္စာစောင့် ဆိုသူသည် မြင်ရသော ဤ ရုပ်ဝတ္ထုကို အဘယ် တန်ခိုးသတ္တိဖြင့် ဤ နတ်ဝင်သည်၏ လက်တွင်းသို့ ရောက်အောင် ထည့်လိုက်လေသည်ကို အကျွန်ုပ် မစဉ်းစားတတ်သောကြောင့် ဖြစ်၏။ မစဉ်းစားတတ်ခြင်းမှာ စဉ်းစားရန် ဉာဏ်မမီခြင်းလည်း ဖြစ်နိုင်ပါ၏။ ကျမ်းဂန်များတွင် ထိုနတ်မျိုးသည် ကမ္မဇိဒ္ဓိ တန်ခိုး (ကံကြောင့် ဖြစ်သော တန်ခိုး) ရှိသည်ဟု ဖော်ပြထားသည်ကို ဖတ်ရဖူးသော်လည်း ထိုတန်ခိုးသည် မည်သို့သော သဘော ရှိသည် ဆိုသည်ကိုမူကား အကျွန်ုပ် အရာ မဟုတ်၍လား မပြောတတ်၊ အကျွန်ုပ်မှာ နားလည်သဘော ပေါက်နိုင်သော အခြေအနေ မရှိချေ။

သို့ရာတွင် မိမိ သဘောမပေါက်သည်က တခြား၊ လက်တွေ့ မျက်မြင် ကြုံနေရသည်က တခြား ဖြစ်နေ

www.burmeseclassic.com



လေ၏။ မိမိ လက်တွင်းသို့ ရတနာပုံခေတ် ဒေါင်းဒင်္ဂါး နှစ်ပြား အမှန်ပင် ရောက်ရှိနေခြင်းကို ဒါဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဟု ဆိုရန်လည်း ခက်၏။ ထိုပစ္စည်းကို မရပါ ဘူးဟု ဆိုရန်လည်း အခက်ကြုံ ရလေတော့၏။

ဤတွင် လူသားသည် မိမိ လက်လှမ်း မီသမျှ ဉာဏ် မီသမျှလောက်ကို စိတ်ချ ယုံကြည်ချင်သော သဘော ရှိကြောင်းကိုလည်း သတိပြုမိပါသည်။ အမှန် မှာတော့ သိပ္ပံပညာရှင်များ ပြောဆိုနေကြသော စကား များတွင်လည်း မိမိ ဉာဏ်မမီသော စကားတွေ အမြောက် အမြား ပါရှိသည်သာ ဖြစ်ပါ၏။ သို့ရာတွင် သိပ္ပံ ပညာ ရှင်များ ပြောဆိုသည့် စကား ဖြစ်ပါမူကား မိမိ အပါ အဝင် ယခုခေတ် လူသားတို့သည် အ ဘယ် ကြောင့် အလွယ်တကူ ယုံကြည်ချင်ကြသနည်း။ ဘုရားက ဒါ တွေလည်း အမှန် ရှိပါသည်ဟု သဗ္ဗညုတ ဉာဏ်တော် ဖြင့် ဟောကြားခဲ့သည့် စကားများကို ယုံကြည် လက်ခံ ရန်ကိုမူ အဘယ်ကြောင့် တွန့်ဆုတ် နေကြသနည်း။ ယခုမူ အကျွန်ုပ်သည် မျက်စိအောက်တွင် ဒိဋ္ဌ ကြုံနေရပြီ ဖြစ်ပါလျက် ဝေမာနိက ပြိတ္တာမျိုး ဖြစ်သော ဥစ္စာစောင့် ဆိုသူတို့ ရှိကြောင်းကို ဗုဒ္ဓမြတ်စွာ ဟောထားပါလျက် အဘယ်ကြောင့် ယုံနိုင်ဖွယ် မရှိဟု ထင်နေရပါသနည်း။

ထိုမေးခွန်းများ၏ အဖြေကား ဗုဒ္ဓဘာသာ ဖြစ် ပြီးသည့်တိုင်အောင်၊ ဘုရား တရား သံဃာဥ ယုံကြည် သက်ဝင်သည် ဆိုပြီးသည့် တိုင်အောင် ထိုစိတ်သည် မခိုင်မာသေးသောကြောင့်ပေပဲလား (သို့မဟုတ်) သံသယ ဖြစ်တတ်သော အလေ့အကျင့်သည် အထုံ ဝါသနာ ပါ နေ၍ ပေပဲလား (သို့မဟုတ်) သူ့ခေတ်နှင့်တော့ သူ တွင် ကျယ် ဆိုသော စကားအရ သိပ္ပံခေတ်မှာ သိပ္ပံပညာ (သို့မဟုတ်) ရုပ်ပိုင်းသိပ္ပံ၊ စက်မှုသိပ္ပံတို့က သြဇာ ကြီး မားနေခြင်းကြောင့် ပေပဲလား။ ဒါကို အတိအကျ ဆို ရန်လည်း အကျွန်ုပ်မှာ အခက်အခဲ ရှိနေသည်ကား အမှန်ပင် ဖြစ်၏။ ထို့ကြောင့် စောနန်းကြည် ဆိုသူက မေးသော အခါ အကျွန်ုပ်သည် အောက်ပါ အတိုင်း ဖြေရလေတော့၏။

'ခု သမီးက လက်တွေ့ ခမည်းတော်ကို ပြပြီးပြီ၊ ယုံနိုင်ပြီ မဟုတ်လား ခမည်းတော်'

'အင်း မယုံဘူးလို့ ပြောဖို့တော့ ခက်သွားတာ အမှန်ပဲ၊ ဒါပေမယ့် ဘဝင် လုံးလုံး ကျပြီလား ဆိုတော့ သိပ် မကျချင်သေးဘူး'

ထို့နောက် အကျွန်ုပ်သည် သူ မေးသော မနော စမ်း မေးခွန်းများကို နားစိုက် ထောင်လေသည်။

သူက ဘဝဟောင်းက ပစ္စည်းများ ပေးမည်၊ ဘုရား ဆင်းတုတော်များ ယူမလား၊ ပစ္စည်းဥစ္စာ ယူ မလား မေးသည်။ အကျွန်ုပ်မှာ အတန်ကြာ စဉ်းစားပြီး ဘုရား ဆင်းတုတော်များ ယူလိုကြောင်း ဆုံးဖြတ်ချက် ချလိုက်လေသည်။

ထိုအခါ စောနန်းကြည်က ဆိုလေသည်။

'ဒါဆို သမီးတော်တို့က ခမည်းတော် ဆုံးဖြတ် တဲ့ အတိုင်း ဆောင်ရွက်ပါ့မယ်၊ နက်ဖြန်မနက် ကိုးနာရီ မထိုးခင် ဒီနတ်နန်းကို ခမည်းတော်တို့ ရောက်အောင် လာပါ၊ ပိတ်ဖြူ သုံးတောင်လည်း ယူခဲ့ပါ၊ ဒီညဉ့်မှာ ခမည်းတော် အဓိဋ္ဌာန် ပုတီးစိပ်ပါ'

'ဘယ်နှစ်ပတ် စိပ်ရမှာလဲ'

'များများ မဟုတ်ပါဘူး၊ ငါးပတ်ပဲ စိပ်ပါ'

'ဘာ စိပ်ရမှာလဲ'

'ခမည်းတော် ကြိုက်ရာကို စိပ်ပါ၊ ဂုဏ်တော် တစ်ပါးပါးကို စိပ်ပါ၊ ခမည်းတော် အာရုံကျရာ စိပ်ရင် ဖြစ်ပါတယ်၊ ခမည်းတော် ပုတီးစိပ်တဲ့ အချိန်မှာ ခမည်း တော် အနားမှာ သမီးတော်လည်း ရှိမှာပါ'

အကျွန်ုပ် အဖို့မူ ဤအတွေ့အကြုံသည် မယုံ လည်းခက် ယုံလည်းခက် ဖြစ်နေလေ၏။ လက်တွေ့ကိုမှ ယုံမည်ဆိုသော သူကို လက်တွေ့ ပြလိုက်သော အခါ မငြင်းသာတော့ချေ။ ညတွင် အကျွန်ုပ်သည် အိမ်ရှေ့ ခန်းတွင် ထိုင်ပြီး ဂုဏ်တော် ပုတီး ငါးပတ် စိပ်လေ သည်။ အိမ်မှာ ဘုရားစင် မရှိသဖြင့် ထောင့်ကျသော နေရာတွင် နံရံကို မျက်နှာပြုပြီး စိပ်လေသည်။ ထို အချိန်တွင် မြတ်စွာဘုရားသည် ကျိန်းစက်တော် မူစဉ် ဖြစ်စေ၊ ပရိနိဗ္ဗာန် ယူစဉ် ဖြစ်စေ မြောက်အရပ်သို့ ဦး ခေါင်း ထားသည့် အချက်မှာ ထို မြောက်အရပ်သည် တစ်စုံတစ်ရာ ထူးခြားမှု ရှိလိမ့်မည်ဟု တွေးမိသဖြင့် အကျွန်ုပ်လည်း မြောက်အရပ်ကို မျက်နှာမူ၍ ပုတီးစိပ် လေ၏။ အိမ်ရှေ့ခန်းတွင် မီးများ ထိန်လင်းနေ၏။ ကလေး နှစ်ယောက်လည်း အိပ်ပျော်သွားပြီ ဖြစ်၍ အိမ် မှာ တိတ်ဆိတ် နေလေပြီ။ ကိုးနာရီ ကျော်သောအခါ ဧည့်သည်များလည်း မရှိတော့။

ပုတီးစိပ်ရသည်မှာ အာရုံရသလို ရှိသည်။ စိတ် တည်ငြိမ်မှု အတန်အသင့်လည်း ရှိလေသည်။ သို့ရာတွင် ဘာကြောင့်မှန်း မသိ၊ မကြာခဏ ကြက်သီး မွေးညင်း ထသည်။ စိတ်ထဲက အလိုလိုနေရင်း ကြောက်လန့်သလို

www.burmeseclassic.com



ဖြစ်နေလေသည်။ ဘုရားပေါ်မှာ တစ်ညဉ့်လုံး ထိုင်ပြီး ပုတီး စိပ်လိုက် အာနာပါန လုပ်လိုက် လုပ်နေစဉ်က ထိုကဲ့သို့ တစ်ခါမျှပင် ထိတ်လန့်ခြင်း တုန်လှုပ်ခြင်း မရှိခဲ့ပါဘဲလျက် ယခု အိမ်ပေါ်မှာ မီးထိန်လင်းနေစဉ် ငါးပတ်မျှသော ပုတီးကို စိပ်ရာ၌ ဘယ်ပုံ ဘယ်နည်း စိတ်လှုပ်ရှားမှု ဖြစ်ပေါ်မှန်း မသိ၊ ကြောက်စရာ အာရုံ တစ်စုံတစ်ရာလည်း မပေါ်ဘဲ အလိုလိုနေရင်း ထိတ်လန့် တုန်လှုပ်သော စိတ်ကို ထိန်းမရအောင် ဖြစ်ရလေ၏။

အာရုံတွေကတော့ အမျိုးမျိုးပဲ ပေါ်သည်။ ရုပ်ရှင် ဇာတ်ကားဆီလည်း ရောက်သွားသည်။ ကိုဝင်းဦး အကယ်ဒမီ ရသည့်ဆီလည်း ရောက် သွား သည်။ သူရဿတီ မယ်တော်ရုပ်ပုံလည်း အာရုံမှာ ပေါ်လာသည်။ မိမိအားလည်း အနုပညာ ဉာဏ်ပညာအားဖြင့် ထွန်းပေါက်သူ ဖြစ်အောင် မယ်တော်ကြီး မစစေချင်သော စိတ်တွေလည်း ဖြစ်သည်။

တော်တော် ကြာတော့လည်း အို ငါ့ဘာသာငါ ကြိုးစားရမှာပါ၊ ဘယ်သူ့ကိုမှ အားကိုးစရာ မလိုပါဘူး ဟုလည်း အားတင်းစိတ်များ ဖြစ်ပေါ်ပြန်သည်။ စိတ်ကို တည်ငြိမ်အောင် ကြိုးစား ကြည့်သောအခါ ဆောက်တည်ရာ မရအောင် ဖောက်ပြန် ပြေးဆော့နေသော မျောက်တစ်ကောင်နှင့် တူသော စိတ်ကို တွေ့မြင်ရလေတော့၏။ ထို့ကြောင့်လည်း လယ်တီ ဆရာတော်ဘုရားက ပုထုဇဉ်စိတ်ကို သူရူးစိတ် သူနှမ်းစိတ် ဟု သမုတ်ခြင်း ဖြစ်ပေလိမ့်မည်။

လယ်တီ ဆရာတော်က

'လောက၌ စိတ်ကို အစိုးမရသော သူရူး မဟုတ်ကြ၊ စိတ်ကို အစိုးရကြသော ပကတိ လူကောင်း သူကောင်း ဖြစ်သူတို့သည်လည်း သမထအရာ ဝိပဿနာ အရာတို့၌ စိတ်ကို အစိုးမရသော သူရူးတွေချည်း ဖြစ်ကြကုန်၏' * ဟု ဆိုဖူးလေသည်။

ယောက်ယက်ခတ် စိတ်ရူးစိတ်နောက်က ဖောက်ပြန်လွန်းလှ၏။ မျောက်ကို တိုင်မှာ ကြိုးဖြင့် ချည်ထားစဉ် ထိုမျောက်သည် ဟိုသွားလိုက် သည်သွားလိုက် မိမိ ကိုယ်ကို ပြန်ပြီး ကုတ်လိုက် ထလိုက် ထိုင်လိုက် နီးစပ်ရာ အမြင့်သို့ တက်လိုက်၊ အနိမ့်သို့ ဆင်းလိုက်နှင့် ဂနာမငြိမ် ဖြစ်သကဲ့သို့ ဖြစ်နေသော စိတ်ကို မြင်ရလေသည်။

ထိုအခါ ထွေထူးစွာ စဉ်းစား လွင့်ပါးသော စိတ်ကိုလည်း တွေ့ရလေသည်။ 'ငါ့ကို ဥစ္စာစောင့်က ဘာကြောင့် ပုတီးစိပ် ခိုင်းရသလဲ၊ (ပုတီးစိပ် ခိုင်းခြင်းမှာ အပြစ်တော့ မရှိ၊ ကုသိုလ် ဖြစ်ဖို့သာ ရှိသည်၊) ငါ့အား အကျင့် (စရဏ) ကို ကျင့်ကြံ အားထုတ်မှု ဘက်တွင် ပိုပြီး အရေးထားလာအောင် ဆွဲဆောင် နေခြင်းပဲလား၊ ဒီလိုဆိုလည်း သူသည် ငါ၏ ကောင်းကျိုးကို လိုလားသူပဲ'

ဤသို့ လွင့်သော စိတ်ကို အကောင်းဘက်သို့ ရောက်အောင် လှည့်တွေးလိုက်ပြီးနောက် ပုတီး ငါးပတ် ပြည့်အောင် အတော်ပင် အာရုံယူပြီး စိပ်ရလေတော့၏။

နောက်နေ့တွင် နံနက် ကိုးနာရီ မထိုးမီ နတ်နန်းသို့ ရောက်အောင် သွားကြလေ၏။ ပိတ်ဖြူ သုံးတောင်ကိုလည်း မိသက်က ယူဆောင်လာ၏။ ထိုအချိန်တွင် မိသက်၏ စိတ်က ပို၍ လှုပ်ရှား နေလေ၏။ သူ့စိတ် လှုပ်ရှားလျှင် အလွန် သိသာ၏။ သူသည် မောခြင်း ပန်းခြင်းကို မသိတော့။ ဘယ် သွားရ သွားရ၊ ဘာ လုပ်ရ လုပ်ရ လျင်မြန် ဖျတ်လတ် နေလေတော့၏။ သူ့ စိတ်ထဲတွင် ဥစ္စာစောင့်က သူ့ကို မ တော့မည်ဟု အောက်မေ့နေလေသလား မသိ။ သူတို့ မျိုးရိုးမှာ နတ်ပွဲ လိုက်နေသူတွေက ရှိသေးသည်။ သူ့အစ်မသည် နတ်ကို အလွန် ဝါသနာ ပါသည်။ နတ်အလုပ် လုပ်နေရလျှင် သူ့စိတ် ချမ်းသာနေသည်ကို ဆိုလိုပါသည်။ လူတွေသည် နတ်ကို ကိုးကွယ်လိုက်၊ ထာဝရ ဘုရားကို ကိုးကွယ်လိုက်၊ လူသား ဘုရားကို ကိုးကွယ်လိုက်နှင့် အယူဝါဒ အမျိုးမျိုးကို ယုံကြည် ကိုးကွယ်ကြကာ ထိုယုံကြည်မှု အတွက် အလုပ် လုပ်နေရခြင်းကို ကျေနပ် နှစ်သိမ့်ပြီး ပျော်နေတတ်ကြသည်ပဲ။

နတ်နန်းသို့ အကျွန်ုပ်တို့ အစောဆုံး ရောက်ကြလေသည်။ အကျွန်ုပ်တို့ နတ်နန်းထဲ ဝင်ထိုင်တော့ ဦးဘိုနီသည် ကပြင်မှ အိမ်မပေါ်သို့ တက်လာကာ ဘုရားကန်တော့သည်။ ထို့နောက် ဥစ္စာစောင့် စောနန်းကြည်ဆိုသူ ဝင်ပူးလေသည်။

အကျွန်ုပ် လုံးဝ မမျှော်မှန်းနိုင်သော၊ ဖြစ်နိုင်မည်ဟုလည်း မထင်ခဲ့သော ရုပ်ပွားတော်များကို တစ်ဆူပြီး တစ်ဆူ ပေးလေသည်။ ရွှေရောင်ဝင်းဝင်းနှင့် သပ္ပာယ်လှပါ၏။ ဘုရားရုပ်ပွားတော်များ ပေးပြီးနောက် သူသည် အကျွန်ုပ်နှင့် အတူ လူ့ဘဝတွင် ပူးတွဲ၍ သာသနာပြုရန် လူ့ပြည်သို့ လာမည့် အကြောင်းကို ဆိုသည်။

---

* ဇောဒိပက္ခိယဒီပနီ၊ စာ ၂၃

www.burmeseclassic.com



'ခမည်းတော်ဘုရား၊ သမီးတော်ဟာ ခမည်းတော်ကို ဘဝ အဆက်ဆက် လိုက်ရှာနေခဲ့တာ ယခုဆို ခုနစ်ဘဝတောင် ရှိပါပြီ၊ ယခုမှ ဒီငမိုးရိပ်က ကုလား နတ်နန်းမှာ ပြန်တွေ့ခွင့် ရပါတော့တယ် ဘုရား၊ သမီးတော်ခု ခမည်းတော်ကို တွေ့ရပြီ ဖြစ်လို့ လူ့ပြည်ကိုလာပြီး ခမည်းတော်နှင့်အတူ သာသနာ ပြုချင်လှပါတယ် ဘုရား၊ သမီးတော်ကို လူ့ပြည်ကို လာခွင့်ပြုပါ ဘုရား'

'ဟေ ငါက ဘယ်လိုလုပ် လာခွင့် ပြုရမှာလဲ၊ ငါ့မှာ ဘာပါဝါ ရှိလို့လဲ'

'ရှိပါတယ် ဘုရား၊ ခမည်းတော်ကသာ လာခဲ့လို့ နှုတ်က ခွင့်ပြုပါ ဘုရား၊ သမီး ပြောပါ့မယ်'

'ဟေ ဒါဆိုလည်း လာခဲ့ပေါ့၊ ငါ ခွင့်ပြုမှ ဖြစ်မယ် ဆိုရင်လည်း လာခဲ့ပေတော့၊ ငါ ခွင့်ပြုတယ်' ဟု ဆိုလိုက်မိလေ၏။ ထို့ပြင် အကျွန်ုပ်နှင့် ပတ်သက်သော ရှေ့ဖြစ် နိမိတ်ဖတ် စကားများကိုလည်း ဆိုလေသည်။ ထိုစကားများတွင် အကျွန်ုပ် တက္ကသိုလ် ကထိက ရာထူးက သူ လူ့ပြည် ရောက်လျှင် ထွက်ရမည့် စကားလည်း ပါသည်။

မကြာမီ နောက်ဆုံး သမီးငယ် စောမြတ်ကလျာ (ယာယာ) ကို မွေးဖွားခဲ့လေသည်။

ယာယာ မွေးပြီးနောက် တစ်လခန့် အကြာတွင် အကျွန်ုပ်သည် တက္ကသိုလ် အလုပ်မှ နုတ်ထွက်ခဲ့ရလေ၏။ 'သမီး လူ့ပြည်ကို ရောက်တဲ့အခါ ခမည်းတော် တက္ကသိုလ် ရာထူးက နုတ်ထွက်ရမည်' ဟု ကြိုတင်ပြီး သူ ပြောဆိုထားခဲ့သည့် အချက်သည် ယခု မှန်လေပြီ။

ဤတွင် အဓိက ပြောလိုသည်မှာ ကာလ ကြာမြင့်စွာကပင် တည်ရှိခဲ့သော အကျွန်ုပ် နားမလည်သည့် ကိစ္စ ဖြစ်၏။ ထိုကိစ္စသည် သတ္တဝါတို့၏ ဘဝ တစ်ခုမှ အခြား ဘဝ တစ်ခုသို့ ကူးပြောင်း၍ ပဋိသန္ဓေ တည်နေခြင်း၊ ဘဝသစ်တွင် မွေးဖွားခြင်း ကိစ္စ ဖြစ်သည်။

ယခု နောက်ဆုံး သမီးသည် ဥစ္စာစောင့် ဘဝမှ လူ့ပြည်သို့ လာခွင့်တောင်းပြီး ဆယ်လ အတွင်း မွေးဖွားလာ၏။ ထိုသို့ မွေးဖွားခြင်းသည် ဥစ္စာစောင့် ပဋိသန္ဓေယူပြီး မွေးဖွားလာခြင်း အမှန် ဖြစ်သည်ဟု ဘာကြောင့် ဆိုနိုင်သနည်းဟု မေးမြန်း စစ်ကြောဖွယ် အကြောင်းရှိ၏။ ထိုမေးခွန်း အတွက်လည်း အကျွန်ုပ်တို့မှာ အဖြေများစွာ ရှိခဲ့လေသည်။ ထိုအဖြေများကို သင့်ရာ အခန်းကျမှ ဖော်ပြပါတော့မည်။

ယခု အကျွန်ုပ် ဆိုလိုသည်မှာ ဤသမီးငယ် မွေးဖွားလာခြင်းသည် သတ္တဝါတို့၏ ကျင်လည်သော ဘဝဆက် သံသရာ၏ သဲလွန်စ အထောက်အထားကို အကျွန်ုပ် ရရှိခြင်း ဖြစ်သည်ဟု ဆိုသင့်၏။ အဘိဓမ္မာတွင် ဟောကြားထားသော သတ္တဝါတို့၏ ဘုံ (ဘဝ) အမျိုးမျိုးဖြင့် တည်နေကြပုံကိုလည်း ယခု အကျွန်ုပ်သည် မျက်ဝါးထင်ထင် မြင်ရပြီ ဖြစ်၏။

သူသည် ပဋိသန္ဓေ မယူမီက ဥစ္စာစောင့် ဘဝဖြင့် အကျွန်ုပ်တို့နှင့် ဆက်ဆံခဲ့၏။ အကျွန်ုပ်အားလည်း ဘုရား တရား သံဃာ၌ ကြည်ညိုမှုကို လေးနက်အောင် ဖန်တီးခဲ့၏။ ထိုမျှသာမကသေး၊ သတ္တဝါတို့ ဘဝ ကူးလျက် သံသရာမှာ ကျင်လည်ကြပုံကို မိမိ ဒိဋ္ဌိ ကင်းရှင်းသွားစေရန် သူသည် အထောက်အထား ပြခဲ့ပြီ ဖြစ်၏။

ထိုအခါမှ စ၍ အကျွန်ုပ်သည် သံသရာ၏ ဘဝဆက် အထောက်အထားများကို တစ်ခုပြီး တစ်ခု တွေ့ကြုံရလေတော့၏။ ထိုသို့ တွေ့ကြုံ ရတိုင်းမှာလည်း ကြောင်းကျိုး နိယာမ တရားနှင့် ကိုက်ညီလျက် ရှိ၏။

ယခု ဆက်၍ ဖော်ပြမည့် ဘဝ အတွေ့အကြုံဆန်းများသည် ဗုဒ္ဓဘာသာ၌ သဒ္ဓါအစစ် ပေါက်ဖွားပြီးနောက် ဘုရား တရား သံဃာကို ယုံကြည် သက်ဝင်ကိုးကွယ် ဆည်းကပ်သည်မှ စ၍ အကျွန်ုပ် တွေ့ကြုံရခြင်း ဖြစ်သည်။

ယခုမူ အကျွန်ုပ်သည် သံသရာ အထောက်အထား သဲလွန်စကို တွေ့ရပြီ ဖြစ်၍ ဘုရားဟော တရား၏ မှန်ကန်မှုကို မိမိ၏ နှလုံးသားဝယ် လေးနက်စွာ ခံယူခွင့် ရပြီဟု ဆိုအပ်ပါ၏။

www.burmeseclassic.com

## ၂၀။ တမလွန် ပြဿနာ ပုစ္ဆာများနှင့် ဗုဒ္ဓဝါဒ အဖြေများ

ရှေးအခန်းတွင် အကျွန်ုပ်သည် သတ္တဝါတို့၏ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်း ကျင်လည်ခြင်း ဆိုသော သံသရာ၏ သဘောကို သဗ္ဗညု ဗုဒ္ဓ မြတ်စွာ ဘုရား ဟောကြား ထားခဲ့သည်ကို အကျွန်ုပ်ကဲ့သို့ အထောက် အထား သက်သေ သာဓဖြင့် သိလိုသူများ သိမြင် လွယ် စေခြင်းငှာ အကျွန်ုပ် ကိုယ်တွေ့ကြုံရသော အဖြစ်သနစ် ကလေး တစ်ခုကို နမူနာ အဖြစ် တင်ပြခဲ့ပါသည်။

သတ္တဝါတို့သည် ဘုံအားဖြင့် မတူကြစေကာမူ တစ်ဘုံမှ တစ်ဘုံသို့ စုတေခြင်း ပဋိသန္ဓေ နေခြင်းဖြင့် ကူးဆက် ကျင်လည်နိုင်ပုံကို ထိုနမူနာပြ ဖြစ်ရပ်တွင် သိမြင်နိုင်ပါသည်။ ထိုသို့ဆိုသော် ဥစ္စာစောင့်သည် လူ့ဘုံသို့ လာချင်တိုင်း သူတို့ သဘောဆန္ဒ အတိုင်း လာ၍ ရသလား ဆိုသည့် မေးခွန်းကို မေးရန် ရှိပါ၏။ ကျမ်းဂန်များ၌ ထိုဝေမာနိက ပြိတ္တာများသည် ထိုကဲ့သို့ လူ့ဘဝသို့ ပဋိသန္ဓေ ယူ၍ ကူးနိုင်ရုံမျှမက ၎င်းတို့၏ ကမ္မဇိဒ္ဓိ တန်ခိုးဖြင့် ပကတိ လူယောင် ဖန်ဆင်းနိုင် ကြောင်းပင် အဆိုရှိပါသည်။ (ဝိမာန ဝတ္ထုများမှာ ရှုပါလေ။)

ဤတွင် အဓိက ပေါ်ပေါက်သော အတွေးအမြင် (ဒဿန) ပြဿနာသည် သံသရာ ဆိုသော စကားနှင့် ဆက်စပ်သည့် 'တမလွန် ဘဝ' ဟူသော စကား၏ အနက် ရှုပ်ထွေးမှု ဖြစ်ပါသည်။

ထိုတမလွန်ကို 'သေသည်၏ အခြားမဲ့' ဟုလည်း ဆိုကြပါသည်။ ဤသို့ ဆိုရာတွင် ထေရဝါဒ ဗုဒ္ဓဘာသာ၏ သဘောမှာ သတ္တဝါသည် သေသည်မှ နောက်၌ တမလွန်ဘဝ ရှိသည်ဟု ဆိုလျှင် သဿတဒိဋ္ဌိ ဖြစ်သည်။ သတ္တဝါသည် သေသည်မှ နောက်၌ ဘာမျှ မဖြစ်၊ တမလွန်ဘဝ မရှိ၊ သေလျှင် ကိစ္စငြိမ်းပြီ၊ ပြတ်ပြီဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။ ထိုသဘော နှစ်ရပ်သည် တမလွန် ဘဝ ပြဿနာကို စဉ်းစားသူတိုင်းအား မျက်စိလည်စေပါသည်။ ထိုပြဿနာနှင့် ပတ်သက်သော အမေးအဖြေများလည်း သက်တော်ထင်ရှား မြတ်စွာဘုရား ရှိစဉ်ကလည်း အမြောက်အမြား ရှိခဲ့ဖူးလေသည်။ ထိုပုစ္ဆာများစွာတို့မှ သင့်ရုံလောက်ကို ဤတွင် တင်ပြပါမည်။ အကျွန်ုပ် စိတ်မှာ ပေါ်ပေါက်သော ဒွိဟများကို ထိုအမေး အဖြေများက ပြေလည် စေခဲ့ဖူးပါသည်။

ပထမဦးစွာ သဿတဒိဋ္ဌိ အစွန်းနှင့် ဥစ္ဆေဒဒိဋ္ဌိ အစွန်း နှစ်ဖက်လွတ်အောင် မြတ်စွာဘုရားသည် အစွမ်း ထက်လှသော ဗုဒ္ဓဒိုင်ယာလက်တစ် ခေါ် မဇ္ဈိမ ပဋိပဒါ နည်းကို အသုံးပြု၍ ဖြေပုံကို ဉာဏ်ဝင်စား၍ ရှုစေလိုသော စေတနာဖြင့် ဦးစွာ ဖော်ပြပါမည်။

### သေပြီးနောက် ဖြစ် မဖြစ် အဖြေ *

အခါ တစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်း သုံးနေစဉ် ဝစ္ဆ အနွယ် ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးနောက် အောက်ပါအတိုင်း အမေးပုစ္ဆာ ထုတ်လေသည်။

**ဝစ္ဆမေး** ။ ။ အရှင် ဂေါတမ၊ သတ္တဝါ သေသည်မှနောက်၌ ဖြစ်၏၊ ဤ အယူသည်သာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့ အယူရှိပါသလော။

**ဗုဒ္ဓဖြေ** ။ ။ ဝစ္ဆ၊ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏၊ ဤအယူသည်သာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု ငါသည် ဤသို့ အယူမရှိ။

**မေး** ။ ။ အရှင် ဂေါတမ၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်၊ ဤအယူသာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့ အယူရှိပါသလော။

**ဖြေ** ။ ။ ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်၊ ဤအယူဝါဒသည်သာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု ငါသည် ဤသို့ အယူ မရှိပေ။

(ဤကား သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်ပုံ ဖြစ်သည်။)

**မေး** ။ ။ အရှင် ဂေါတမ၊ သတ္တဝါသည် သေ

---

* *မဇ္ဈိမပဏ္ဏာသ ပါဠိတော် ၃-ပရိဗ္ဗာဇကဝဂ် ၂၊ အဂ္ဂိဝစ္ဆသုတ်*

www.burmeseclassic.com



သည်မှနောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ်[1]၊ ဤအယူသည်သာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့ အယူရှိပါသလော။

**ဖြေ** ။ ။ ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ်၊ ဤအယူသည်သာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု ငါသည် ဤသို့ အယူ မရှိပေ။

**မေး** ။ ။ အရှင် ဂေါတမ၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်[2]၊ ဤအယူသည်သာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု အရှင် ဂေါတမသည် ဤသို့ အယူရှိပါသလော။

**ဖြေ** ။ ။ ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤအယူသည်သာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု ငါသည် ဤသို့လည်း အယူ မရှိပေ။

သဗ္ဗညု ဗုဒ္ဓက ဝစ္ဆ၏ အမေးကို ဤသို့ လေးပါးသော အခြင်းအရာဖြင့် ပယ်လိုက်ပါသည်။ ဤသို့ ဖြေလိုက်သောအခါ ဝစ္ဆက ထပ်ဆင့် အမေးကို မေးပြန်လေ၏။

**မေး** ။ ။ အရှင် ဂေါတမ၊ အဘယ်သို့သော အပြစ်ကို ကောင်းစွာ မြင်၍ ဤသို့ အခါခပ်သိမ်း ဤဒိဋ္ဌိအယူတို့သို့ မကပ်ရောက်ပါသနည်း။

**ဖြေ** ။ ။ ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဆိုသော အယူသည် လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ် ဆိုသော အယူသည် လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ် ဆိုသော အယူသည် လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အယူသည် လည်းကောင်း မိစ္ဆာ (မှားသော) အယူတည်း၊ မိစ္ဆာဒိဋ္ဌိ တည်းဟူသော တောချုံတည်း၊ မိစ္ဆာဒိဋ္ဌိ တည်းဟူသော ခရီးခဲတည်း၊ မိစ္ဆာဒိဋ္ဌိ တည်းဟူသော ဆူးငြောင့်တည်း၊ မိစ္ဆာဒိဋ္ဌိ တည်းဟူသော တုန်လှုပ်ခြင်းတည်း၊ မိစ္ဆာဒိဋ္ဌိ တည်းဟူသော သံယောဇဉ်တည်း၊ ဆင်းရဲနှင့် တကွ ဖြစ်၏၊ ညှဉ်းဆဲခြင်းနှင့် တကွ ဖြစ်၏၊ ပြင်းစွာ ပင်ပန်းခြင်းနှင့် တကွ ဖြစ်၏၊ ပူလောင်ခြင်းနှင့် တကွ ဖြစ်၏၊ ငြီးငွေ့ခြင်းငှာ မဖြစ်၊ တပ်ခြင်းကင်းခြင်းငှာ မဖြစ်၊ ချုပ်ခြင်းငှာ မဖြစ်၊ ငြိမ်းခြင်းငှာ မဖြစ်၊ အထူး သိခြင်းငှာ မဖြစ်၊ ထိုးထွင်း သိခြင်းငှာ မဖြစ်၊ ချုပ်ငြိမ်းခြင်းငှာ မဖြစ်။

ဝစ္ဆ၊ ငါသည် ဤအပြစ်ကို ကောင်းစွာ မြင်သည်ဖြစ်၍သာလျှင် ဤသို့ အခါခပ်သိမ်း ဒိဋ္ဌိအယူတို့သို့ မကပ်ရောက်။

**မေး** ။ ။ အရှင် ဂေါတမ၊ တစ်စုံတစ်ခုသော အယူသည် ရှိပါသလား။

**ဖြေ** ။ ။ ဝစ္ဆ၊ 'အယူ' ဟူသော ဤစကားကို မြတ်စွာဘုရားသည် ပယ်ထားပြီ။

ဝစ္ဆ၊ မြတ်စွာဘုရားသည်
ဤကား ရုပ်
ဤကား ရုပ်၏ ဖြစ်ကြောင်း
ဤကား ရုပ်၏ ချုပ်ရာ၊
ဤကား ဝေဒနာ
ဤကား ဝေဒနာ ဖြစ်ကြောင်း
ဤကား ဝေဒနာ၏ ချုပ်ရာ၊
ဤကား သညာ
ဤကား သညာ ဖြစ်ကြောင်း
ဤကား သညာ၏ ချုပ်ရာ၊
ဤကား သင်္ခါရ
ဤကား သင်္ခါရ၏ ဖြစ်ကြောင်း
ဤကား သင်္ခါရ၏ ချုပ်ရာ၊
ဤကား ဝိညာဏ်
ဤကား ဝိညာဏ်၏ ဖြစ်ကြောင်း
ဤကား ဝိညာဏ်၏ ချုပ်ရာ

ဟု ဤသဘောကို မြင်ထားပြီ၊ ထို့ကြောင့် မြတ်စွာဘုရားသည် ငါ၊ ငါ့ဉစ္စာ၊ ငါ ဟူသော ထောင်လွှားမှု ကိန်းဝပ်ခြင်း ဟူသော အလုံးစုံသော မွေနောက်မှု တရားတို့၏ ကုန်ခြင်းကြောင့်၊ တပ်ခြင်း ကင်းခြင်းကြောင့်၊ ချုပ်ခြင်းကြောင့်၊ စွန့်ခြင်းကြောင့်၊ လွတ်ခြင်းကြောင့်၊ စွဲလမ်းမှု ဉပါဒါန် မရှိခြင်း လွတ်မြောက်၏ဟု ဆိုလိုသည်။

**မေး** ။ ။ အရှင် ဂေါတမ၊ ဤသို့ လွတ်မြောက်သောစိတ် ရှိသော ရဟန်းသည် အဘယ်၌ (ပဋိသန္ဓေအားဖြင့်) ဖြစ်သနည်း။

---

၁။ ဧေစ္ဆသဃေတ ဝါဒ ၂။ အမရာဝိက္ခေပ ဝါဒ

www.burmeseclassic.com



**ဖြေ** ။ ။ ဝစ္ဆ၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ ဟူသော အဖြစ်သို့ မရောက်တော့ပေ။

**မေး** ။ ။ အရှင် ဂေါတမ၊ ထိုသို့ဖြစ်မူ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ်ပါသလော။

**ဖြေ** ။ ။ ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်တော့ပေ။

**မေး** ။ ။ အရှင် ဂေါတမ၊ ထိုသို့ ဖြစ်ပါမူ ပဋိသန္ဓေအားဖြင့် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ပါသလော။

**ဖြေ** ။ ။ ဝစ္ဆ၊ ပဋိသန္ဓေအားဖြင့် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အဖြစ်သို့လည်း မရောက်တော့ပေ။

ဤသို့ သဗ္ဗညု မြတ်စွာဘုရားက ဝစ္ဆကို ဖြေလေသော် ဝစ္ဆလည်း မျက်စိ လည်လေတော့၏။ ထို့ကြောင့် သူ နားမလည် ဖြစ်ရသည့် အကြောင်းကို ဘုရားအား လျှောက်ထား ပြန်လေသည်။

အရှင် ဂေါတမ၊ ဤအရာ၌ အကျွန်ုပ်သည် နားမလည်ခြင်းသို့ ရောက်ခဲ့ပါ၏၊ ဤအရာ၌ အကျွန်ုပ်သည် တွေဝေခြင်းသို့ ရောက်ပါ၏၊ အရှင် ဂေါတမ၏ ရှေးဦး ပြောဆိုသော စကားဖြင့် အကျွန်ုပ်မှာ ဖြစ်ပေါ်လာသော ကြည်လင်ခြင်းမျှသည်လည်း ယခု အခါ ပျောက်ကွယ်လေပြီဟု လျှောက်၏။

ဝစ္ဆ၊ သင် နားမလည်ခြင်းငှာ ထိုက်ပါပေ၏၊ တွေဝေခြင်းငှာ ထိုက်ပါပေ၏။

ဝစ္ဆ၊ ဤတရားသည် နက်လည်း နက်နဲ၏၊ မြင်နိုင်ခဲ၏၊ လျော်စွာ သိခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ ကြံဆ၍ သိသင့်သောအရာ မဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိအပ်၏၊ ထိုတရားကို (သာသနာတော်မှ) တစ်ပါးသော အယူ၊ တစ်ပါးသော အကြိုက်၊ တစ်ပါးသော အလိုရှိသော၊ တစ်ပါးသော အယူ၌ အားထုတ်ခြင်း ရှိသော (သာသနာတော်မှ) တစ်ပါးသော ဒိဋ္ဌိဘောင်၌ ဆရာရှိသော သင်သည် သိရန် ခက်ခဲ၏။

ဤတွင် မြတ်စွာဘုရားသည် ဝစ္ဆအား မေးခွန်း ထုတ်၍ ဟောတော်မူရလေ၏။ [ဤအဖြစ်ကို သိရသော အခါမှသာ ကျေးဇူးတော်ရှင် တောင်ပုလု ဆရာတော်ကို အကျွန်ုပ်က မေးခွန်း မေးသောအခါ ဆရာတော်သည် နိတတ္ထ ခေါ် တိုက်ရိုက် သိနိုင်သော အနက်ဖြင့် မဖြေဘဲ မေးခွန်းပြုသော (ပဋိပုစ္ဆာ ဗျာကရဏီယ) နည်းဖြင့်သာ ဖြေတော်မူခဲ့ခြင်း၏ သဘောကို အကျွန်ုပ်လည်း သဘော ပေါက်မိ လေတော့၏။]

ဝစ္ဆ၊ ထိုသို့ ဖြစ်ပါမူ ဤအရာ၌ သင့်ကိုသာလျှင် မေးမြန်းအံ့၊ သင် သဘောကျသည့် အတိုင်းသာ ဖြေကြားပါလေ့။

ဝစ္ဆ၊ ထိုငါဆိုမည့် စကားကို သင် အဘယ်သို့ ထင်မှတ်သနည်း၊ အကယ်၍ သင်၏ ရှေ့၌ မီးတောက် နေငြားအံ့၊ ငါ၏ ရှေ့၌ ဤမီးသည် တောက်နေ၏ ဟု သင် သိရာအံ့လော။

အရှင် ဂေါတမ၊ အကယ်၍ အကျွန်ုပ်၏ ရှေ့၌ မီးတောက် နေငြားအံ့၊ ငါ၏ ရှေ့၌ ဤမီးသည် တောက်နေ၏ဟု ကျွန်ုပ် သိရာပါ၏။

ဝစ္ဆ၊ သင်၏ ရှေ့၌ တောက်နေသော ဤမီးသည် အဘယ်ကို စွဲ၍ တောက်နေသနည်းဟု သင့်ကို အကယ်၍ မေးငြားအံ့၊ ဝစ္ဆ၊ ဤသို့ မေးသည် ရှိသော် သင်သည် အဘယ်သို့ ဖြေကြားရာသနည်း။

အရှင် ဂေါတမ၊ ဤသို့ မေးသည် ရှိသော် အကျွန်ုပ်သည် ငါ၏ ရှေ့၌ တောက်နေသော ဤမီးသည် မြက်၊ ထင်း လောင်စာကို စွဲ၍ တောက်နေ၏ဟု ဖြေကြားပါအံ့။

ဝစ္ဆ၊ အကယ်၍ သင်၏ ရှေ့၌ ထိုမီးသည် ငြိမ်းငြားအံ့၊ သင်သည် ငါ၏ ရှေ့၌ ဤမီးသည် ငြိမ်း၏ဟု သိရာသလော။

အရှင်ဂေါတမ၊ အကယ်၍ အကျွန်ုပ်၏ ရှေ့၌ ထိုမီးသည် ငြိမ်းအံ့၊ ငါ၏ ရှေ့၌ ဤမီးသည် ငြိမ်းပြီဟု အကျွန်ုပ် သိရာပါ၏။

ဝစ္ဆ၊ သင်၏ ရှေ့၌ ငြိမ်းအေးသွားသော မီးသည် ဤအရပ်မှ အဘယ် အရပ်သို့ သွားသနည်း၊ အရှေ့ အရပ်သို့ လည်းကောင်း၊ တောင် အရပ်သို့ လည်းကောင်း၊ အနောက် အရပ်သို့ လည်းကောင်း၊ မြောက် အရပ်သို့ လည်းကောင်း သွားလေသလောဟု အကယ်၍ သင့်ကို မေးငြားအံ့၊ သင်သည် အဘယ်သို့ ဖြေကြားပါမည်နည်း။

အရှင်ဂေါတမ၊ သွား၏ဟူသော အရေအတွက်သို့ မရောက်၊ အရှင်ဂေါတမ၊ ထိုမီးသည် အကြင် မြက်၊ ထင်း လောင်စာကို အစွဲပြု၍ တောက်၏၊ ထိုမြက်၊ ထင်း လောင်စာ၏ ကုန်ခြင်းကြောင့် လည်းကောင်း၊ လောင်စာ မရှိသည် ဖြစ်၍ လည်းကောင်း ငြိမ်းအေးပြီ

www.burmeseclassic.com



ဟူသော ရေတွက်ခြင်းသို့သာ ရောက်၏။

ဗုဒ္ဓ၏ နိဂုံးချုပ် အဖြေမှာ ဝစ္ဆ၊ ထို့အတူသာ **လျှင်** အကြင်ရုပ်ဖြင့် သတ္တဝါ ဟူ၍ ပညတ်သော် ပညတ်**ရာ၏**၊ ထိုရုပ်သည် မြတ်စွာဘုရားမှာ ပယ်ပြီး ဖြစ်၏၊ **အမြစ်** ပြတ်ပြီး ဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီး ဖြစ်၏၊ တစ်ဖန် မဖြစ်အောင် ပြုပြီး ဖြစ်၏၊ နောက်တစ်ဖန် ဖြစ်ခြင်းသဘော မရှိတော့ချေ။

ဝစ္ဆ၊ ရုပ်တို့၏ ကောင်းစွာ ကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာ သမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အဖြစ်သို့လည်း မရောက်။

အကြင် ဝေဒနာဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုဝေဒနာသည် မြတ်စွာဘုရားမှာ ပယ်ပြီး ဖြစ်၏၊ အမြစ်ပြတ်ပြီး ဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီး ဖြစ်၏၊ တစ်ဖန် မဖြစ်အောင် ပြုပြီး ဖြစ်၏၊ နောင်တစ်ဖန် ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။

ဝစ္ဆ၊ ဝေဒနာသည် ကောင်းစွာ ကုန် ခြင်း ဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကြီးကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အဖြစ်သို့လည်း မရောက်။

အကြင် သညာဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုသညာသည် မြတ်စွာဘုရားမှာ ပယ်ပြီး ဖြစ်၏၊ အမြစ်ပြတ်ပြီး ဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီး ဖြစ်၏၊ တစ်ဖန် မဖြစ်အောင် ပြုပြီး ဖြစ်၏၊ နောင်တစ်ဖန် ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။

ဝစ္ဆ၊ သညာ၏ ကောင်းစွာ ကုန် ခြင်း ကြောင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အဖြစ်သို့လည်း မရောက်။

အကြင် သင်္ခါရတို့ဖြင့် သတ္တဝါ ဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုသင်္ခါရတို့သည် မြတ်စွာဘုရားမှာ ပယ်ပြီး ဖြစ်၏၊ အမြစ်ပြတ်ပြီး ဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီး ဖြစ်၏၊ တစ်ဖန် မဖြစ်အောင် ပြုပြီး ဖြစ်၏၊ နောင်တစ်ဖန် ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။

ဝစ္ဆ၊ သင်္ခါရတို့၏ ကောင်းစွာ ကုန် ခြင်း ဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) မဖြစ်ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အဖြစ်သို့လည်း မရောက်။

အကြင် ဝိညာဏ်ဖြင့် သတ္တဝါ ဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထို ဝိညာဏ်သည် မြတ်စွာဘုရားမှာ ပယ်ပြီး ဖြစ်၏၊ အမြစ်ပြတ်ပြီး ဖြစ်၏၊ ထန်းပင် ငုတ်ကဲ့သို့ ပြုပြီး ဖြစ်၏၊ တစ်ဖန် မဖြစ်အောင် ပြုပြီး ဖြစ်၏၊ နောက်တစ်ဖန် ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။

ဝစ္ဆ၊ ဝိညာဏ်၏ ကောင်းစွာ ကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အဖြစ်သို့လည်း မရောက်။

ဤသို့ မိန့်တော်မူသော် ဝစ္ဆ အနွယ် ဖြစ်သော

www.burmeseclassic.com



ပရိဗိုဇ်သည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏။

အရှင်ဂေါတမ၊ ဥပမာသော်ကား ရွာ၏ လည်းကောင်း၊ နိဂုံး၏ လည်းကောင်း မနီးမဝေးသော အရပ်၌ အင်ကြင်းပင်ကြီးသည် ရှိလေ၏၊ ထိုအင်ကြင်းပင်ကြီး၏ မမြဲသော သဘောကြောင့် အခက်အရွက်တို့သည် ပျက်စီးကုန်ရာ၏၊ အခွံအပွေးတို့သည် ပျက်စီးကုန်ရာ၏၊ အကာတို့သည် ပျက်စီးကုန်ရာ၏၊ ထို အင်ကြင်းပင်ကြီးသည် နောင်အခါ၌ ကင်းသော အခက် အရွက်၊ ကင်းသော အခွံ အပွေး၊ ကင်းသော အကာ ရှိသည်ဖြစ်၍ အနှစ်သက်သက်သာ တည်နေသကဲ့သို့ ဤအတူသာလျှင် အရှင်ဂေါတမ၏ စကားသည် အခက်အရွက်မှ ကင်းပါပေ၏၊ အနှစ်သက်သက်၌ တည်ပါပေ၏။

အရှင် ဂေါတမ အလွန် နှစ်သက်ဖွယ် ရှိပါပေ၏။

အရှင် ဂေါတမသည် ယနေ့မှ စ၍ အသက်ရှည်သမျှ ကာလပတ်လုံး အကျွန်ုပ်ကို ကိုးကွယ် ဆည်းကပ်သောသူ (ဥပါသကာ) ဟူ၍ မှတ်တော် မူပါလော့ဟု လျှောက်၏။

ဤကား နောင်တမလွန် ဘဝဟု ခေါ်ကြသော သေပြီးနောက် ဖြစ်ခြင်း သဘောကို ဝစ္ဆအနွယ်မှာ ဖြစ်သော ပရိဗိုဇ်က မေး၍ မြတ်စွာဘုရား မဇ္ဈိမ ပဋိပဒါ နည်းကျ ဖြေတော်မူခြင်း ဖြစ်သည်။

ဤတွင် မြတ်စွာဘုရား ဖြေတော်မူပုံကို မိမိလည်း ပထမသော် ဝစ္ဆပရိဗိုဇ်ကဲ့သို့ပင် မျက်စိ လည်မိလေ၏။ မြတ်စွာဘုရားက တိုက်ရိုက် မဖြေဘဲ အမေးပုစ္ဆာဖြင့် သွယ်ဝိုက်၍ ဖြေသော အခါမှ သဘောကို ရေးရေး မြင်ရ၏။

တရားကား အလွန် နက်နဲသည် အမှန် ဖြစ်၏။ ကောင်းစွာ နှလုံး မထားတတ်လျှင် အစွန်း တစ်ဖက်ဖက်သို့ ရောက်သွားနိုင်၏။ သေပြီးနောက် သတ္တဝါ ဖြစ်သလား အတပ် မပြောနိုင်၊ သေပြီးနောက် သတ္တဝါသည် မဖြစ်သလား၊ ဒါလည်း အတပ် မပြောနိုင်၊ ဖြစ်လည်း ဖြစ်၊ မဖြစ်လည်း မဖြစ်ဘူးလား၊ ထိုအယူကား မဖြစ်နိုင်သော အယူ၊ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်လား၊ ထိုအယူသည်လည်း ငြင်းပယ်ခြင်း အယူမျှသာ ဖြစ်၏။

သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း ရှိ မဖြစ်သည်လည်း ရှိပုံကို ဘုရား ဘယ်သို့ ယူသည် ဆိုသည်ကို အကျွန်ုပ်လည်း သဘောပေါက်ဖို့ ကြိုးစားရလေ၏။

ဤအဖြေနှင့် ပတ်သက်၍ အင်ဒိုနီးရှား ပြည်တွင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး တရားဟောတော်မူစဉ် အခါက အင်ဒိုနီးရှား ပြည်သားတို့က မေးသော အမေးကို မဟာစည် ဆရာတော် ဘုရားကြီး ဖြေကြားသော အဖြေများတွင် အကျွန်ုပ် သိလိုသော အချက်သည် တိတိကျကျ ပါဝင်ခဲ့လေ၏။ အကျွန်ုပ်လည်း ရှုပ်ထွေးသော အမြင်ကင်းလျက် ရှင်းလင်းသော အမြင်ကို ရခဲ့ဖူးလေ၏။ ထို ဆရာတော်၏ အဖြေစကားများသည် မှတ်သားဖွယ် ကောင်းလှ၏။ အကျွန်ုပ်ကဲ့သို့ အမြင် ရှုပ်ထွေးနေသူများ အတွက် အမြင် အလင်းကို ဆောင်နိုင်သောကြောင့် ဤတွင် ဖော်ပြသင့်သည် ထင်ပါ၏။

ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

**မေး** ။ ။ တရား အားထုတ်လျှင် ရှေးဘဝ နောင်ဖြစ်မည့် ဘဝတွေကို သိမြင်နိုင်ပါသလား။

**ဖြေ** ။ ။ သိမြင်နိုင်တာလည်း ရှိပါတယ်၊ မသိမမြင်နိုင်တာလည်း ရှိပါတယ်၊ ဘယ်လိုလဲ ဆိုလျှင် သမထ ဘာဝနာကို အားထုတ်လျှင် ဈာန်ရိုးရိုးလောက် ရတာလည်း ရှိပါတယ်၊ အဘိညာဉ်ပါ ရတာလည်း ရှိပါတယ်၊ ဝိပဿနာ ဘာဝနာ အားထုတ်လျှင်လည်း မဂ်ဖိုလ်လောက်သာ ရတာလည်း ရှိပါတယ်၊ အဘိညာဉ်ပါ ရတာလည်း ရှိပါတယ်၊ ဒီပုဂ္ဂိုလ်တွေထဲမှာ အဘိညာဉ်ခေါ်တဲ့ ဉာဏ်ထူးများကိုပါ ရသူဟာ ရှေးဘဝ နောက်ဘဝတွေကို သိမြင်နိုင်ပါတယ်၊ ဈာန် မဂ်ဖိုလ် လောက်သာ ရတဲ့ ပုဂ္ဂိုလ်ကတော့ မသိမမြင်နိုင်ပါဘူး။

**မေး** ။ ။ လူ့ဘဝက သေပြီးတဲ့ နောက်မှာ တစ်ဖန် ဘဝသစ် ဖြစ်တယ် ဆိုတာ ဟုတ်ပါသလား၊ ဘယ်လို ဖြစ်ပါသလဲ။

**ဖြေ** ။ ။ လောဘ ဒေါသ စသော ကိလေသာ မကင်းသေးတဲ့ သူဟာ သေပြီးတဲ့နောက်မှာ ဘဝသစ် ဖြစ်ရတယ်။

ဖြစ်ပုံကတော့ စိတ်ဆိုတာ ရုပ်ကိုယ်ကို မှီပြီးတော့ တစ်ခုပြီး တစ်ခု မပြတ် ဖြစ်နေတယ်၊ ဓာတ်မီးလုံးထဲမှာ လျှပ်စစ် ဓာတ်အားတွေ အသစ် အသစ် လာပြီး လင်းနေ သလိုပါပဲ၊ အကယ်၍ ဗတ်သီး (မီးလုံး) က ပျက်သွားလျှင် အဲဒီ ဗတ်သီးထဲမှာ မီးမလင်းတော့ဘူး၊ ဒါပေမယ့် ဓာတ်ကြိုးထဲမှာ ဓာတ်အားကတော့ ရှိနေလျက်ပဲ၊ အဲဒီ ပျက်နေတဲ့ မီးလုံးကိုဖယ်ပြီး ဓာတ်မီးလုံး

www.burmeseclassic.com



အသစ်ကို ထည့်ပေးလိုက်ရင် အဲဒီ မီးလုံး အသစ်ထဲမှာ မီးဟာ ယခင်ကလိုပဲ လင်းမြဲ လင်းနေ ပြန်ပါတယ်၊ ဒါ့လိုပဲ ရုပ်ကိုယ် အဟောင်းက ပျက်သွားတဲ့ အခါမှာ စိတ်က အဲဒီ ကိုယ်ထဲမှာ မဖြစ်နိုင်တော့ဘူး၊ အဲဒါကို သေတယ်လို့ ခေါ်ကြပါတယ်၊ ဒါပေမယ့် စိတ်ကတော့ လုံးလုံး ပျောက်သွားတာ မဟုတ်ပါဘူး၊ တခြား ကိုယ်ရုပ် အသစ်ထဲမှာ သွားဖြစ်ပြန်တယ်၊ ဗတ်သီး အသစ်ထဲမှာ မီးလင်းမြဲ လင်းနေပြန်သလိုပဲ။

ဆက်လက်ပြီး ဖြစ်ပုံက ဘယ်လိုလဲ ဆိုရင် စိတ် ဆိုတာ အာရုံ တစ်ခုခုကို စွဲလမ်းပြီး မပြတ် ဖြစ်နေတယ်၊ အာရုံကို လုံးလုံး စွန့်လွှတ် မေ့ပျောက် မပစ်နိုင်ဘူး၊ သစ်ပင်ပေါ်က မျောက်ဟာ သစ်ကိုင်းကို လုံးလုံး စွန့်လွှတ် မထားနိုင်သလိုပဲ၊ ဒါကြောင့် သေခါနီးမှာ ကိုယ်ပြုခဲ့တဲ့ အမှုကိစ္စ တစ်ခုခုကို စွဲလမ်းနေရင်းနှင့် သေသွားတယ်၊ သေတယ် ဆိုတာကလည်း လက်ရှိ ရုပ်ဟောင်းထဲမှာ စိတ် အသစ် ပြန်မဖြစ်ပေါ်လာတော့တာပဲ၊ ပြတ်စဲသွား တာကို ခေါ်ပါတယ်၊ ဒီလို ပြတ်စဲသွားတဲ့ အခါမှာ သေခါနီးက စွဲလမ်းခဲ့တဲ့ အာရုံကိုပဲ စွဲပြီးတော့ ရုပ်ကိုယ် အသစ်ထဲမှာ စိတ်အသစ် ဖြစ်ပေါ်လာပါတယ်၊ အဲဒါကို ဘဝအသစ် ဖြစ်တယ်လို့ ခေါ်ပါတယ်။

ဥပမာ အိပ်မက်ထဲက စွဲလာတဲ့ အာရုံကို နိုး လာသည့်တိုင်အောင် မပျောက်ဘဲ စွဲလမ်း နေတာနှင့် တူပါတယ်၊ အလှူပေးခြင်း စသော ကောင်းမှုကို စွဲလမ်း ပြီး သေလာခဲ့လျှင် မြင့်မြတ်တဲ့ ဘဝမှာ ဖြစ်ပါတယ်၊ သတ်ဖြတ်ခြင်း စသော မကောင်းမှုကို စွဲလမ်းပြီး သေ လာခဲ့လျှင် ယုတ်ညံ့တဲ့ ဘဝမှာ ဖြစ်ရပါတယ်၊ ဒီလို ဖြစ်တာကို ကုသိုလ်ကံက ကောင်းကျိုး ပေးတယ်၊ အကုသိုလ် ကံက မကောင်းကျိုး ပေးတယ်လို့ ခေါ်ရ ပါတယ်၊ ကံဆိုတာ ပြုမှုပဲ၊ ပြုမှုရှိလျှင် တန်ပြန်မှု ရှိ တယ်၊ တောအုပ်ထဲမှာ ဖြစ်စေ၊ လိုဏ်ခေါင်းထဲမှာ ဖြစ်စေ ဟေးလို့ အော်လိုက်ရင် အဝေးက နေပြီး ဟေး ဆိုတဲ့ ပဲ့တင်သံ ပြန်လာပါတယ်၊ မြေကြီးပေါ်ကို ဘောလုံး ပေါက်လိုက်ရင် အထက်ကို ပြန်တက်လာတယ်၊ တစ်စုံ တစ်ခုကို တုတ်နှင့် ရိုက်လိုက်ရင် အရိုက်ခံရတဲ့ ဝတ္ထုက အသံ မြည်လာတယ်၊ ဒါတွေဟာ တန်ပြန်မှုတွေပဲ။

အခါး မျိုးစေ့ စိုက်လျှင် အခါးသီး သီးတယ်၊ အချို မျိုးစေ့ စိုက်လျှင် အချိုသီး သီးတယ်၊ ခွေးကို ခဲနှင့် ပေါက်လျှင် အဲဒီခွေးက ပြန်ဟောင်တယ်၊ ခွေးကို ချိုချိုသာသာ ခေါ်ပြီး ကျွေးလျှင် အဲဒီခွေးက အမြီးနှံ့ပြီး အရိုအသေ ပြုတယ်၊ လူတစ်ယောက်ကို ဆဲလိုက်လျှင် အဲဒီလူက ပြန်ဆဲတတ်တယ်၊ ပြုံးရွှင်ပြီး ချိုချိုသာသာ နှင့် နှုတ်ခွန်း ဆက်လျှင် အဲဒီလူကလည်း ပြုံးရွှင်ပြီး ချိုချိုသာသာနှင့် ပြန်ပြီး နှုတ်ခွန်းဆက်တယ်၊ ဒါတွေ လည်း တန်ပြန်လာတဲ့ အကျိုးတွေပဲ။

ထို့အတူ ကောင်းသော ပြုမှုရှိလျှင် ကောင်းသော ဘဝအကျိုး တန်ပြန်လာတယ်၊ မကောင်းသော ပြုမှု ရှိလျှင် မကောင်းသော ဘဝအကျိုး တန်ပြန်လာတယ်၊ ဒီနည်းဖြင့် သတ္တဝါတွေဟာ ကိလေသာ မကင်းသေးသမျှ ကာလပတ်လုံး တစ်ဘဝက သေပြီးလျှင် အခြားဘဝမှာ မိမိပြုထားတဲ့ အမှုကံ အားလျော်စွာ အသစ် ဖြစ်ဖြစ် သွားပါတယ်။

ဝိပဿနာ ဘာဝနာ အလုပ်ကို အားထုတ်ပြီး ရဟန္တာ ဖြစ်သွားတဲ့အခါမှာ ကိလေသာတွေ လုံးဝ ကင်း စင် သွားပါတယ်၊ အဲဒီလို ကိလေသာ လုံးလုံး ကင်းစင် နေတဲ့ ရဟန္တာ ပုဂ္ဂိုလ်မှာတော့ ပရိနိဗ္ဗာန် စံသည်၏ အခြားမဲ့မှာ ဘဝသစ် မဖြစ်ရတော့ဘဲ အစဉ့် ထာဝရ ငြိမ်းအေး သွားပါတယ်။

**မေး** ။ ။ နောက်ဘဝ ဘယ်မှာ ဖြစ်မယ် ဆိုတာ သိပါသလား။

**ဖြေ** ။ ။ ဘယ်မှာ ဖြစ်မယ်လို့တော့ မသိပါဘူး၊ ဒါပေမယ့် ဗုဒ္ဓဘာသာ တရားတော် အရ ကိလေသာ မကင်းသေးလျှင် ဘဝသစ် ဖြစ်ဦးမယ်လို့တော့ ပြော နိုင်ပါတယ်၊ သီဟိုဠ်မှာလည်း ဖြစ်နိုင်ပါတယ်၊ မြန်မာ ပြည်မှာလည်း ဖြစ်နိုင်ပါတယ်၊ အင်ဒိုနီးရှားမှာလည်း ဖြစ်နိုင်ပါတယ်၊ ဥရောပ အမေရိကန်တို့မှာလည်း ဖြစ်နိုင် ပါတယ်၊ ဗုဒ္ဓဘာသာ တရားတော်အရ ဘယ်နိုင်ငံက လူမျိုးပဲ ဖြစ်ဖြစ်၊ ဘယ်ဘာသာ အယူရှိတဲ့ လူပဲ ဖြစ်ဖြစ် ကောင်းမှု ကုသိုလ်ကံ ရှိလျှင် ကိုယ်ဖြစ်လိုရာ နိုင်ငံ ကိုယ်ဖြစ်လိုရာ အရပ်မှာ ဖြစ်နိုင်ပါတယ်။ (အင်ဒိုနီး ရှားမှာ ဖြစ်ဖို့တော့ နီးစပ်ပါတယ်ဟု အရှင်ပီယဒဿီက နိဂုံးသတ်လိုက်သော အခါ ပြုံးရယ်ကြသည်။) *

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားသည် အင်ဒိုနီးရှား ပြည်သားများ မေးသော အမေးကို ဖြေရှင်း တော်မူသော အချက်သည် ခေတ်အမြင် ခေတ်အသိဖြင့် ဖြေရှင်းတော်မူသည် ဖြစ်ရာ ခေတ်လူများအဖို့ အလွန် ရှင်းလင်းပြီး သိလွယ်လှပါပြီ။ အကျွန်ုပ်က နောက်ထပ်

* *သာသနာ့ရောင်ခြည်၊ အတွဲ ၉၊ အမှတ် ၄ (၂-၁၁-၆၀)*

www.burmeseclassic.com



ရှင်းရန် မလိုတော့ဟု ထင်ပါသည်။

ဤတွင် ထင်ရှားသော အချက်ကြီး နှစ်ချက် ပေါ်ပါသည်။ ပထမ အချက်သည် ကိလေသာ မကင်းသော ပုထုဇဉ်သည် သေသည်မှ နောက်၌ ဘဝဆက် ရှိသည်။ တစ်စုံတစ်ခုသော ဘဝမှာ ဖြစ်ရဦးမည် မုချ ဖြစ်သည်။

သို့သော် ကိလေသာ ကုန်ခန်းအောင် ကျင့်ကြံ အားထုတ်၍ ဘုရား ရဟန္တာ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် သေသည်မှ နောက်၌ ဘဝဆက် ဖြစ်ရန် မရှိတော့။ ငြိမ်းပြီး အေးပြီး ဖြစ်သည်။ ဤကား နားလည်အပ်သော ပထမ အချက် ဖြစ်သည်။

ဒုတိယ နားလည်အပ်သော အချက်သည် ကိလေသာ မကုန်သေး မကင်းသေး၍ သေသည်မှ နောက်၌ ဘဝ ဖြစ်ရဦးမည့် သတ္တဝါသည် ကောင်းသော ဘဝ မကောင်းသော ဘဝများသို့ ရောက်ခြင်းမှာ ၎င်းတို့ ပြုခဲ့ဖူးသော ကောင်းမှုကံ မကောင်းမှု ကံများကြောင့် ဖြစ်ရသည်ဟု နားလည် ရလေတော့သည်။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပညာဘူမိနိဒ္ဒေသ၊ ဘဝ ပစ္စယာ ဇာတိပဒ် အဖွင့်တွင်

ကံသည် သတ္တဝါတို့၏ ယုတ်ညံ့သော အဖြစ်၊ မြင့်မြတ်သော အဖြစ် အစရှိသည်၏ ထူးသောအကြောင်း ဖြစ်၏။ ထို့ကြောင့် မြတ်စွာ ဘုရားသည် 'အကြင် ယုတ်သည်၏ အဖြစ်၊ မြတ်သည်၏ အဖြစ်သည် ရှိ၏၊ ထို အဖြစ်ဖြင့် ကံသည် သတ္တဝါတို့ကို ဝေဖန်၏' ဟူ၍ ဟောတော်မူသည်။) *

အကျွန်ုပ်သည် တစ်နေ့သ၌ ထို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပညာဘူမိနိဒ္ဒေသပိုင်းမှ ပဋိစ္စသမုပ္ပါဒ် အဖွင့်ကို ဖတ်ရှု လေ့လာနေစဉ် စာရေးဆရာ သုတေသီ မြင့်ထွန်း (ဆရာပွ) သည် အကျွန်ုပ်၏ အိမ်သို့ ရောက်လာလေ၏။ ရောက်လျှင် ရောက်ချင်း သူက မေးလေ၏။

'ဘာတွေ ဖတ်နေပြန်တာလဲ ဆရာရဲ့'

'ဝိသုဒ္ဓိမဂ် အဋ္ဌကထာလေ၊ ကျွန်တော် သိချင်တာ ကလေး ရှာနေတာ'

'ဆရာက ဘာတွေ သိချင် ပြန်နေသလဲ၊ ဆရာ တို့လို ပညာရှင် ဖြစ်ချင်တဲ့ လူတွေကတော့ သိချင်တာ အဆုံး မရှိဘဲကိုး'

သူ့စကားကြောင့် အကျွန်ုပ် ရယ်ရလေ၏။ သိချင်သောစိတ် ရှိသောသူသည် သိပြီးရင်း သိချင်လေ ဖြစ်တတ်သည်ကား အမှန် ဖြစ်၏။ သူ့စကားကို ကြားရသောအခါမှ အကျွန်ုပ်လည်း ကျေးဇူးရှင် ပါမောက္ခ ဆရာကား မိန့်ကြားဖူးသော စကားကို အမှတ်ရလေ၏။

တစ်နေ့သ၌ ဆရာကားသည် ဗုဒ္ဓဘာသာ တရားတော်နှင့် ပတ်သက်၍ ဤသို့ ဆိုဖူးလေ၏။

'တပည့်တို့ ဗုဒ္ဓဘာသာ တရားတော်ကို လေ့လာရတာဟာ တောင်ကြီး တစ်တောင်ကို တက်ရသလိုပဲ ကွယ့်၊ ပထမ တောင်ခြေမှာ ရှိစဉ်တုန်းကတော့ ကိုယ့်ရှေ့မှာ မြင်ရတဲ့ ကိုယ်တက်မယ့် တောင်ဟာ အမြင့်ဆုံးပဲလို့ စိတ်မှာ မှတ်တယ်၊ အဲဒီ တောင်ထိပ်ပေါ်ကို လည်း ရောက်ရော အို ဘာပြောကောင်းမလဲ၊ ရှေ့မှာ တက်ရဦးမယ့် ဒီထက် မြင့်တဲ့ တောင်တွေဟာ ရှုမဆုံး မျှော်မဆုံးအောင် ဖြစ်နေတော့တယ်၊ ဒီအတိုင်းပဲ တရားတော်က မြင့်လည်း မြင့်မောက်တယ်၊ အရေအတွက် လည်း များတယ်၊ စာထဲ သိရုံနှင့်လည်း မလုံလောက်ဘူး၊ ကိုယ်တိုင် တက်ကြည့်မှ တောင်တက်သမားဟာ တောင်ရဲ့ အမြင့်ကို သိသလိုပဲ ကိုယ်တိုင် ကျင့်ရတဲ့ တရားမျိုးကွယ့်'

ဆရာမြတ်၏ စကားသည် ယခုမှ မှန်လှပေပြီ။

သို့သော် အကျွန်ုပ်သည် တောင်တက်သမား အဖြစ်ကို ခံယူရန်ကိုမူ ဝန်မလေးတော့ပါ။

ထိုအခါ ဆရာပွက မေးမြန်းလေသည်။

'နေပါဦး၊ ဘာ အကြောင်းကို လေ့လာနေတာ တုံး ဆရာရဲ့'

'သတ္တဝါတွေ တစ်ဘဝက တစ်ဘဝကို ကူးတဲ့ အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားကို လေ့လာနေတာ'

'ဒါနှင့် ဆရာ့ကို မေးစမ်း ပါရစေ၊ ကတ်ဖဲ့လုပ် တယ်လို့တော့ မထင်ပါနှင့်၊ ကျွန်တော့် စိတ်ထဲ အဖြေ ရှာမရလို့ မေးတာပါ၊ အဲဒါ ကျွန်တော် သိချင်လို့ မေး တာပါ'

'ဆရာပွကလည်း ဒီလောက်တောင် ပတ်စာထိုး နေစရာ မလိုပါဘူးဗျာ၊ မေးမှာသာ မေးစမ်းပါ'

'ကျွန်တော် သိချင်တာနော်၊ အဲဒါက ဘာလဲလို့ ဆိုတော့ ဒီသံသရာ အကြောင်း၊ တမလွန် အကြောင်းကို သိအောင် ဆရာ ကြိုးစားနေတာမှာ ဘယ်လို အကျိုးများ ရှိမယ် ထင်လို့လဲ၊ အကျိုး တစ်စုံတစ်ရာကို ဆရာ မြင် ထားလို့လား၊ အဲဒါ ကျွန်တော့်ကို ပြောပါဦး'

'ကောင်းလိုက်တာ၊ ဒီမေးခွန်းကတော့ သိပ်

---

* ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ တတွဲ၊ စာ ၁၉၂ (ကောဇာ ၁၃၁၆)

www.burmeseclassic.com



ဟန်ကျတာပဲ ဆရာပွရေ၊ ဒါ အင်မတန် မေးသင့်တဲ့ အမေးပဲ၊ ဒါ ကျွန်တော်လည်း သိချင်ခဲ့တဲ့ အချက်ပဲ လေ၊ ဒီတော့ ကျွန်တော် သိမြင်လာပုံကို ဖြေမယ်။

'ဒီနေရာမှာ တမလွန်ဘဝ ကိစ္စကို အရေးထား အပ်တဲ့ အကြောင်းကို မြတ်စွာဘုရား ဟောတော်မူတဲ့ တရားရှိတယ်၊ အင်္ဂုတ္တိုရ် ပါဠိတော်၊ ဒုကနိပါတ်၊ ၁–ပထမပဏ္ဏာသက၊ ၁–ကမ္မကရဏဝဂ်၊ ဝဇ္ဇသုတ်မှာ ဟောထားတာကို ခြုံပြီး ပြောရရင် ဗုဒ္ဓက မျက်မှောက် ဘဝမှာ ကာယကံ ဝစီကံ မနောကံအားဖြင့် ပြုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုး အပြစ်ကို တမလွန် ဘဝမှာ ခံစံကြရဦးမယ်လို့ သိထားကြလျှင် အဲဒီ တမလွန်ကို လူတွေဟာ ကြောက်လန့်တဲ့ စိတ် ဖြစ်မယ်၊ တမလွန် အတွက် စိုးရိမ်မှု၊ အကုသိုလ် ဒုစရိုက်ကို ရှောင်ခြင်း၊ ကောင်းမှု ကုသိုလ်ကို ပွားများခြင်း ဆိုတဲ့ လတ်တလော အကျိုးရတယ်လို့ ဆိုတယ်၊ မြတ်စွာဘုရား ဟောကြားတော် မူတာကတော့

'ရဟန်းတို့ ထို့ကြောင့် ဤ သာသနာတော်၌ မျက်မှောက် ဘဝ၌ ဖြစ်သော အပြစ်ကို ကြောက်ကုန်အံ့၊ တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်ကို ကြောက်ကုန်အံ့၊ အပြစ်ကို ကြောက်သောသူ ဘေးကို မြင်သောသူ ဖြစ်အောင် ကျင့်ရမည်၊ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်တဲ့၊ ဒါက ဘုရား ဟောတော်မူတာ၊ အပြစ်ကို ကြောက်တဲ့လူ ဘေးကို မြင်တတ်တဲ့ လူဟာ အလုံးစုံသော အပြစ်တို့မှ ကင်းလွတ်တဲ့ အကျိုးကို မုချမချွတ် ရလိမ့်မည်လို့ မျှော်လင့်ခွင့် ရှိတယ်လို့လည်း ဘုရားက ဟောတယ် ဆရာပွရဲ့'

'ဒါဆို မျက်မှောက် ဘဝနှင့် တမလွန် ဘဝဟာ အကြောင်း အကျိုးအားဖြင့် ဆက်စပ်မှု ရှိနေတယ်လို့ ဆရာ မြင်ပြီလား'

'ပဋိစ္စသမုပ္ပာဒ် ဆိုတဲ့ တရားဟာ အဲဒီ မျက်မှောက်နှင့် တမလွန် ဘဝရဲ့ ဆက်စပ် ဖြစ်ပျက်ပုံကို ဖော်ပြတဲ့ တရားပဲဗျ၊ အဲဒီ ကြောင်းကျိုး ဆက်နွယ်မှုကို မြင်လာလို့လည်း ကျွန်တော်ဟာ ဘုရား တရား သံဃာမှာ ယုံကြည် ကိုးကွယ်တဲ့ ဥပါသကာ တစ်ဦး ဖြစ်စ ပြုလာပြီလို့ ကျွန်တော် ထင်ပါတယ်၊ ကျွန်တော် ခင်ဗျားကို ရှင်းရှင်းပြောမယ် ဆရာပွ၊ ကျွန်တော့် စိတ်ထဲမှာ ယခု အချိန်မှာတော့ အချိန်အရွယ် ကောင်းတုန်းကို ဗုဒ္ဓ ဘာသာဝင် တစ်ဦး ဖြစ်လာရတာကို ဝမ်းသာလှတဲ့ အပြင် ဂုဏ်ယူလို့လည်း တစ်သက်လုံး ဆုံးမှာ မဟုတ်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ်ရခြင်းဟာ ကျွန်တော့် အဖို့တော့ ဒီဘဝမှာ အသက်ရှင်ခြင်းရဲ့ အကောင်းဆုံး အဓိပ္ပာယ် ဖြစ်လို့ပဲလေ၊ ကျွန်တော့် ဆိုလိုရင်းကို အတိအကျ ပြောရရင် ကျွန်တော်ဟာ သံသရာဘေးကို မြင်ပြီး ကြောက်တာလည်း တစ်ပိုင်းပေါ့၊ ဒါထက် ပိုပြီး အားရှိတာ တစ်ခုက မကောင်းမှုကို ငါဟာ ဒီဘဝမှာ အသက် သေချင် သေပါစေ မပြုဘူး၊ ကောင်းမှုပြုလို့ ဆင်းရဲချင် ဆင်းရဲ၊ သေချင်သေ အရေး မကြီးဘူး ဆိုတဲ့ ဘဝရဲ့ ရဲရင့်ခြင်း သတ္တိထူးကို ရလာတယ်၊ ဒါဟာ တစ်နည်းအားဖြင့်တော့ သံသရာ ဘဝခရီး တစ်လျှောက်မှာ ငါ့အတွက် တစ်ဘဝထက် တစ်ဘဝ မြင့်သည်ထက် မြင့် မြတ်သည်ထက် မြတ်သော အဖြစ်ကို ရောက်အောင် အားထုတ်ဖို့ မျှော်လင့်စရာတွေ ရှိပါကလားလို့ သိမြင်လာခြင်းပါပဲ ဆရာပွ'

'ဆရာက ဘာတွေကို မျှော်လင့်စရာတွေ မြင်လို့လဲ'

'ဟာ မျှော်လင့်စရာတွေက များပဲ များလွန်းလို့ ဗျာ၊ ကဲ တိုတိုပဲ ပြောမယ်၊ ဗုဒ္ဓဘာသာက လွဲပြီး ဘယ်ဘာသာမှာ ဗောဓိဆုကို ပန်ခွင့် ရှိသလဲ၊ သာဝကဆုကို ပန်ခွင့် ရှိတာလည်း ဒီတရားပဲ၊ လူမင်း နတ်မင်း ဗြဟ္မာမင်း စကြဝတေးမင်း ဆိုတာလောက်ကိုတော့ ထည့် မပြောနိုင်တော့'

အတန်ကြာအောင် ဆရာပွလည်း စဉ်းစားရင်း နှုတ်ပိတ်နေလေ၏။ ပြီးမှ ဝေါက်ခနဲ ခေါင်းထောင်လာပြီး မေးပြန်လေသည်။

'**မြတ်ဗုဒ္ဓ ဒေသနာ** ဆိုတဲ့ ဆရာဦးကိုလေး (ဇေယျာမောင်) ဘာသာပြန်တဲ့ စာအုပ်ကို ဆရာ ဖတ်ပြီး ပြီလား'

'ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာ ရေးတဲ့ စာအုပ် ဟုတ်လား၊ ကျွန်တော့်ဆီမှာ မူရင်းရော ဘာသာပြန်ပါ ရှိပါတယ်'

'ကျွန်တော် အဲဒီ အထဲမှာ တစ်ခု တွေ့တယ်'

'ဘာတွေ့တာလဲ'

'ဘုရားက သေသည်၏ အခြားမဲ့ ဘဝ တမလွန် ဆိုပါတော့၊ အဲဒါနှင့် ပတ်သက်ပြီး မာလုကျပုတ္တ ဆိုတဲ့ ရဟန်း တစ်ပါးက ဘုရားကို အကျပ်ကိုင်ပြီး မေးတယ်၊ အဲဒီ အမေးတွေကိုတော့ ဘုရားက မဖြေဘူး'

'ဪ ဒါလား၊ မာလုကျပုတ္တ ရဟန်းရဲ့ အမေးတွေကို ဘုရား မဖြေဘူး ဆိုတာ မဟုတ်ဘူး၊ ဖြေတယ်၊

www.burmeseclassic.com



ဖြေပေမယ့် သူ ဖြေစေချင်သလိုတော့ မဖြေဘူး၊ ဒါကို အနောက်တိုင်းသားတွေက ဘုရားက မဖြေနိုင်လို့ စကားလွှဲပြီး ဖြေတယ်လို့တောင် ပုတ်ပုတ်ခတ်ခတ် ရေးကြတယ်၊ ဒါက ဒီလိုဗျ။

'မဇ္ဈိမ နိကာယ်၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ စူဠမာလုကျသုတ်မှာ ဟောတော် မူတာ၊ ဒါကို သင်္ဂါယနာ အမေးအဖြေကျမ်းမှာ မေးထား ဖြေထားတာ အလွန်ရှင်းပါတယ်၊ ဘယ်လို မေး ဘယ်လို ဖြေထားသလဲလို့ ဆိုတော့

'**မေး** ။ ။ သဿတ ဝါဒ အစရှိသော အမျိုးမျိုးသော တိတ္ထိဝါဒတို့ကို ဘုရား သာသနာတော်၌ မြတ်စွာ ဘုရားသခင် မဟောကြားခြင်း၏ အကြောင်းကို ဖော်ပြရာ ဖြစ်သော စူဠမာလုကျ မည်သော သုတ္တန်တရား ဒေသနာတော်ကို အဘယ် အရပ် ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အတ္ထုပ္ပတ္တိကြောင့် ဟောကြားပါသနည်း ငါ့ရှင်။

'**ဖြေ** ။ ။ သာဝတ္ထိပြည် အရပ်ဝယ် မာလုကျပုတ္တ ရဟန်းကို အကြောင်း ပြု၍ ဟောတော် မူအပ်ပါသည်။

'ဘုန်းတော် အလွန် ကြီးမြတ်တော် မူလှသော သဗ္ဗညုမြတ်စွာ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် နေတော်မူသော အခါ မာလုကျပုတ္တ မည်သော ရဟန်းတော် မထေရ်သူမြတ်အား တစ်ပါးတည်း ကိန်းအောင်းနေစဉ် ဤသို့ အကြံ ဖြစ်ပါသည်။

'သဗ္ဗညု မြတ်စွာဘုရားသည် လောကသည် မြဲ၏ ဟူ၍ လည်းကောင်း၊ လောကသည် မမြဲ ဟူ၍ လည်းကောင်း၊ လောကသည် အဆုံးရှိ၏ ဟူ၍ လည်းကောင်း၊ လောကသည် အဆုံးမရှိ ဟူ၍ လည်းကောင်း၊ အတ္တလိပ်ပြာနှင့် ခန္ဓာကိုယ်သည် တခြားစီ ဟူ၍ လည်းကောင်း၊ အတ္တလိပ်ပြာနှင့် ခန္ဓာကိုယ်သည် တစ်ခုတည်း ဟူ၍ လည်းကောင်း၊ သတ္တဝါသည် စုတေသည်မှ နောက်ကာလ၌ ဖြစ်၏ ဟူ၍ လည်းကောင်း၊ သတ္တဝါသည် စုတေသည်မှ နောက်ကာလ၌ မဖြစ် ဟူ၍ လည်းကောင်း၊ သတ္တဝါသည် စုတေသည်မှ နောက်ကာလ၌ ဖြစ်သည်လည်း ရှိ မဖြစ်သည်လည်း ရှိ ဟူ၍ လည်းကောင်း၊ သတ္တဝါသည် စုတေသည်မှ နောက် ကာလ၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူ၍ လည်းကောင်း ခွဲခြမ်း စိတ်ဖြာ၍ ဖြေကြားတော် မမူခဲ့ချေ။

'ငါသည် ဘုရားထံမှောက်သို့ ကပ်၍ ဤ ဆယ်ပါးသော အယူဋ္ဌာနကို မေး လျှောက် အံ့၊ အကယ်၍ သဗ္ဗညုဘုရားသည် ဤသဿတ အစရှိသော ဆယ်ဋ္ဌာနတို့၌ အဖြေကို ပေးသည်ရှိသော် မြတ်စွာဘုရား သာသနာတော်ဝယ် ဆက်လက်၍ မြတ်သော အကျင့်ကို ကျင့်သုံးအံ့၊ အကယ်၍ ဤဆယ်ပါးသော အယူဝါဒနှင့် စပ်လျဉ်း၍ အဖြေစကား မိန့်ကြားတော် မမူခဲ့လျှင် ငါသည် သိက္ခာကို စွန့်ပယ်၍ သာသနာတော်မှ လျှောအံ့ ဟု အကြံ ဖြစ်ပါသည်။

'မိမိ၏ အကြံအစည်ကိုပင် ညနေချမ်း အခါဝယ် တစ်ကိုယ်တည်း ကျိန်းနေရာမှ ထ၍ ဘုရားထံမှောက် သွားရောက်ပြီးလျှင် မိမိ၏ အကြံ ဖြစ်ပေါ်နေပုံအကြောင်းကို လျှောက်ထားခဲ့လေသည်၊ ထို အကြောင်းကြောင့် သဗ္ဗညု မြတ်စွာဘုရားက

'မာလုကျပုတ္တ၊ သင်သည် ငါဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးပါ၊ သို့ ကျင့်သုံးသည်ရှိသော် သင့်ကို ငါဘုရားသည် ဤဆယ်ပါးသော မိစ္ဆာ အယူဝါဒတို့ကို ဖြေကြားပါမည်ဟု ငါဘုရား ပြောခဲ့သလား။

'မပြောပါ ဘုရား။

'သင်ကသော်လည်း ရှင်တော်ဘုရားထံ၌ တပည့်တော် မြတ်သော အကျင့်ကို ကျင့်သုံးပါမည်၊ ရှင်တော်ဘုရားသည် ဤဆယ်ပါးသော မိစ္ဆာ အယူဝါဒကို ဖြေကြားတော် မူပါ ဘုရားဟု ငါ့ကို တောင်းပန် ခဲ့ဖူးပါသလား။

'မတောင်းပန် မလျှောက်ထားခဲ့ဖူးပါ။

'သို့ ဖြစ် လျှင် တောင်းသူလည်း မဟုတ်၊ အတောင်း ခံရသူလည်း မဟုတ်ပါဘဲလျက် အဘယ် ပုဂ္ဂိုလ်မျိုး အနေနှင့် အသင် ငါ့ကို စွပ်စွဲ ပြောဆိုဘိသနည်း။

'မာလုကျပုတ္တ၊ အသင်သည် သဿတ လောက ဟူ၍ လည်းကောင်း၊ အသဿတ လောက ဟူ၍ လည်းကောင်း ဤသို့စသည် များစွာသော မိစ္ဆာအယူ ဆယ်ပါးကို ငါဘုရား မဖြေသည့် အတွက် ငါဘုရား သာသနာတော်၌ မြတ်သော အကျင့်ကို မကျင့်ဘူးဟု ဆိုလျှင် သင် သေလျှင်သာ သေရမည်၊ ငါဘုရားကား မည်သည့် အခါမျှ ဤမိစ္ဆာအယူ ဆယ်ပါးကို ဖြေကြား ဟောဆိုမည် မဟုတ်ချေ။

'အဲဒီလို ဘုရားမြတ်စွာက မာလုကျပုတ္တ ရဟန်းကို ပြတ်ပြတ်သားသား ပြောပြီးသည့်နောက်

www.burmeseclassic.com



'မာလုကျပုတ္တ၊ ဤလောကဝယ် ဤမိစ္ဆာအယူ ဆယ်ပါးတို့တွင် တစ်ပါးပါး ရှိနေသော ပုဂ္ဂိုလ်သည် သာသနာတော်တည်း ဟူသော မြတ်သော အကျင့်ကို ကျင့်သုံးနိုင်ပါအံ့လော။

'ဒီလိုလည်း ထပ်ပြီး မေးတော်မူပြန်ပါတယ်။

'ဒီအခါ မာလုကျပုတ္တ ရဟန်းက ဖြေတယ်။

'ဤဆယ်ပါးသော မိစ္ဆာအယူတို့တွင် တစ်ပါးပါး ရှိနေသော ပုဂ္ဂိုလ်အား ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားတို့ ပွားစီးရာ ဖြစ်ကြောင်း၊ ဥပါယာသ တရား (လွန်စွာ ပူပန်စေတတ်သော တရား) သာလျှင် တိုးပွားမည် ဖြစ်ကြောင်း၊ ဤဆယ်ပါးသော မိစ္ဆာအယူတို့ကို စွန့်ပယ်၍ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားတို့ကို ငါဘုရား သာသနာတော်၌ ပယ်ဖို့ရန် ကောင်းမြတ်သော လမ်းစဉ်ကို ဟောပြ ချထားကြောင်း အကျယ်တဝင့် ဖွင့်ပြတော် မူခဲ့ပါတယ်'

'ဟို မြားမှန်တဲ့ လူကို ဥပမာထားပြီး ဟောတော်မူတာ ဟုတ်လား'

'ဟုတ်ပါတယ်၊ သဗ္ဗညု မြတ်စွာဘုရားက လူသတ္တဝါတွေဟာ အဆိပ်လူး မြားမှန်တဲ့ လူနှင့် ဥပမာတူတယ်၊ ဒီလို မြားမှန်တဲ့ လူဟာ ပထမဦးစွာ လုပ်သင့်တဲ့ အလုပ်ဟာ ဘာလဲ၊ ဒီမြားကို နုတ်ပြီး ဒဏ်ရာကို အမြန်ဆုံး ပျောက်ကင်းအောင် ကုသဖို့ပဲ မဟုတ်လား၊ ဒါကို အားမထုတ်ဘဲ ဒီမြားကို ဘာနှင့် လုပ်သလဲ၊ ငါ့ကို ဘာကြောင့် ဒီမြားနှင့် ပစ်သလဲ၊ ပစ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လို အမျိုးဇာတ်လဲ၊ ဘာလဲ ညာလဲ ဆိုတဲ့ မဖွယ်မရာ မေးခွန်းတွေ ထုတ်ပြီး ဘာကြောင့် အကျိုးမဲ့ အချိန်ကုန်ခံပြီး စဉ်းစားသင့်သနည်း၊ အမှန်တော့ မာလုကျပုတ္တ ရဟန်း မေးတဲ့ မေးခွန်းတွေဟာ အနောက်တိုင်း ဒဿနမှာတော့ မက်တာဖစ်စစ် မေးခွန်းတွေ ခေါ်တယ်၊ ဒါတွေကို ဗုဒ္ဓမြတ်စွာလို ဝိဘဇ္ဇဝါဒီ မပြောနှင့် ခေတ်သစ်မှာ ပေါ်ပေါက်လာတဲ့ ယုတ္တိနည်းကျ မှုချမှန် ဝါဒ (Logical Positicism) ခေါ်တဲ့ ဝိဘဇ္ဇဝါဒကတောင် လက်မခံဘူး၊ ဒါတွေဟာ အချည်းနှီးသော အဓိပ္ပာယ် မရှိသော မေးခွန်းတွေ ဆိုပြီး ပယ်ကြသေးတာပဲ၊ ဒါ အနောက်တိုင်း ဒဿနမှာ ယခုအခါ ထင်ရှားနေပါတယ်၊ ဒီတော့ လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်က ဒီလို မိစ္ဆာအယူ မေးခွန်းမျိုးကို ဘုရား မဖြေတာဟာ ဘယ်လောက် ယုတ္တိ ယုတ္တာ ရှိသလဲ စဉ်းစားကြည့်လေ၊ တကယ်တော့ အကျိုးမရှိလို့ မဖြေဘဲ နေတာပါပဲ၊ ဒါပေမယ့် ဒီလို မေးခွန်းမျိုးကို ဝစ္ဆ ဆိုတဲ့ ပရိဗိုဇ် မေးတုန်းကတော့ ဝစ္ဆ သဘောကျအောင် ဖြေတယ်ဗျ။

'ဩော် ဟုတ်လား၊ ဒါဆို မာလုကျပုတ္တကို မဖြေတာကျတော့ကော ဆရာရယ်'

'ဒါကတော့ ကျွန်တော်ရဲ့ အတ္တနောမတိ (စိတ်အထင်) ကိုပဲ ဖြေလို့ ရမယ်နော်'

'ကျွန်တော်ကလည်း ဆရာ့ အတွေးအခေါ် အယူအဆကိုပဲ သိချင်ပါတယ် ခင်ဗျား'

'မာလုကျပုတ္တ နှင့် ဝစ္ဆ ပရိဗိုဇ်က ပုဂ္ဂိုလ်ချင်း မတူဘူး၊ မာလုကျပုတ္တက သာသနာတော်ထဲက ရဟန်း၊ ဟိုက ဝစ္ဆ ပရိဗိုဇ်က သာသနာပက ပုဂ္ဂိုလ်၊ ဒါ ပုဂ္ဂိုလ် အနေအထားချင်းလည်း ကွာတယ်၊ ဒီတော့ ဝစ္ဆ ပရိဗိုဇ်က မိစ္ဆာအယူ ရှိသူမို့ မိစ္ဆာအယူက မေးခွန်းကို မေးတာဟာ သဘာဝကျတယ်၊ ဘယ့်နှယ် ဗုဒ္ဓ မြတ်စွာရဲ့ သာသနာတော်မှာ ရဟန်းလည်း ပြုနေသေးတယ်၊ မိစ္ဆာအယူက မေးခွန်းတွေကိုလည်း လာ မေးသေးတယ်၊ မေးရုံတင် မဟုတ်ဘူး၊ သူက ဒီမေးခွန်းကို မြတ်စွာဘုရားက အဖြေ မပေးဘဲ နေလို့ရှိရင် ရဟန်းဘဝက သိက္ခာချပြီး လူထွက်မယ်လို့လည်း ခြိမ်းခြောက်လိုက်သေးတယ်၊ ဒီလိုဆိုတော့ ခင်ဗျားပဲ စဉ်းစားကြည့်၊ ဘုရားကပဲ သူ့ကို သာသနာတော်ထဲမှာ ချော့ပြီး သိမ်းသွင်းထားသလိုလို၊ သူ မရှိရင်ဘဲ သာသနာတော်ကြီး ပျက်စီး သွားရတော့မလိုလို စကားကြီး စကားကျယ် ဖြစ်မနေဘူးလား'

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့'

'ကျွန်တော်ကတော့ ဒီလောက်ပဲ သုံးသပ် မိပါတယ်'

'ဒီသဘောမျိုးပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော်လည်း စဉ်းစားလို့ ရပါတယ်၊ ဒါထက် အတွေးက ဆက်ပြီး ပေါ်လာလို့ မေးစမ်းပါရစေဦး ဆရာရယ်၊ ကျွန်တော်ကလည်း သုတေသီ နာမည်ခံထားတော့ ဟိုစပ်စပ် ဒီစပ်စပ် နည်းနည်းပါးပါးစီ သိနေတယ်၊ ကျွန်တော်တို့ အခု ပြောနေကြတဲ့ ရှေ့ဘဝ နောက်ဘဝ တမလွန် ဆိုတာတွေဟာ အနက် အကျယ်အားဖြင့်တော့ သံသရာ ဆိုတဲ့ စကားထဲမှာ အကျုံး မဝင်ဘူးလား'

'ဝင်တာပေါ့ ဆရာပွရဲ့'

'ဒါဆို မိလိန္ဒပဉှာ ထဲပါတဲ့ သံသရာ အစွန့် ကာလ အစွန့်သံသရာ ဆိုတဲ့ စကားတွေဟာ ဘာကို ပြောတာလဲ'

www.burmeseclassic.com



'ခင်ဗျားကလည်း သိလျက်သားနှင့် မေးနေပြန်ပြီ၊ မိလိန္ဒမင်းရဲ့ 'အမေးကို အရှင် နာဂသိန် ဖြေထားသားပဲ'

'ရှင်နာဂသိန် ဖြေတာကို ကျွန်တော်က နား မလည်လို့ မေးတာ၊ သုံးနှုန်းထားတဲ့ စကားလုံးတွေက ပေါရာဏတွေ ဆိုတော့ နားမရှင်းဘူး၊ ရှုပ်နေတယ်'

'မင်းကြီးရဲ့ ပထမ မေးခွန်းက ရုပ်နာမ် တရား တွေဟာ အတိတ် ပစ္စုပ္ပန် အနာဂတ် ဆိုတဲ့ ရှည်လျားတဲ့ အခွန့်ကာလ တစ်လျှောက်လုံးမှာ တစ်ဆက်တည်း ဖြစ် နေသလားလို့ မေးတာပေါ့ဗျာ၊ ခေတ်စကားနှင့် ဆို ရင်တော့'

'ဆရာ ပြောတော့လည်း ရှင်းရှင်းပဲ၊ သူ့စာထဲ ဖတ်ရတာတော့ လည်နေတာပဲ၊ မင်းကြီးက မေးတယ် မဟုတ်လား၊ ရုပ်နာမ် အားလုံးဟာ အခွန့်ကာလ ရှိ သလားလို့၊ ဒီတော့ အရှင်နာဂသိန်က တချို့သော ရုပ် နာမ်တွေမှာ အခွန့်ကာလ (သံသရာ) ရှိတယ်၊ တချို့ ရုပ်နာမ်တွေမှာတော့ မရှိဘူးလို့၊ အဲဒါလည်း နား မရှင်း ဘူး ဆရာရဲ့'

'ဒါကတော့ ဖြစ်နိုင်ပါတယ်၊ ခင်ဗျားက ပဋိစ္စ သမုပ္ပာဒ်ကို သဘောပေါက် ထားမှ ဖြစ်မယ်၊ အကျဉ်း အားဖြင့်တော့ အကြောင်းအကျိုး ဆက်နွယ်မှု သဘောကို သိထားဖို့ လိုတယ်ပေါ့ ဆရာပွရယ်၊ ဆရာတော် ဆိုလို တာက တချို့ ရုပ်နာမ် သင်္ခါရတွေဟာ အတိတ် ကာလ မှာ ကတည်းက ဖြစ်ပြီး ချုပ်သွားကြပြီ၊ သူတို့ကတော့ အကြောင်းလည်းချုပ် အကျိုးလည်းချုပ် သွားကြပြီပေါ့၊ တချို့ ရုပ်နာမ် သင်္ခါရတွေကတော့ အကျိုးဆက်တွေ ရှိနေတယ်၊ သူတို့ ကိုယ်တိုင်ကလည်း အကြောင်းတရား တွေ ဖြစ်နေတယ်၊ ဒီလို ရုပ်နာမ် သင်္ခါရတွေကတော့ သံသရာမှာ ဘဝဆက်တွေ ရှိတယ်၊ အ ထက် က အကြောင်း ချုပ် အကျိုး ငြိမ်းသွားတဲ့ ရုပ်နာမ်တွေက တော့ သံသရာ အခွန့် ကာလ မရှိတော့ဘူး၊ ဘဝဆက် မရှိတော့ဘူးလို့ ဆိုတာပဲပေါ့၊ သတ္တဝါတွေထဲမှာ သေပြီး တဲ့နောက် တစ်ပါးသော ဘဝမှာ တစ်ဖန် ဖြစ်ဆဲ (ဖြစ် ဖို့ အကြောင်း ရှိဆဲ) ဖြစ်လျှင် အဲဒီပုဂ္ဂိုလ်ဟာ အခွန့် (သံသရာ) ရှိတယ်ပေါ့၊ အကြင် ပုဂ္ဂိုလ်ကတော့ သေပြီးတဲ့ နောက်မှာ တစ်ပါး ဘဝမှာ မဖြစ်တော့ဘူး ဆိုပါတော့၊ ဒီပုဂ္ဂိုလ်ဟာ သံသရာအခွန့် မရှိတော့ဘူးပေါ့၊ (သံသရာ က လွတ်မြောက် သွားပြီပေါ့)၊ ပရိနိဗ္ဗာန် ပြုသွားကြတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ ပုဂ္ဂိုလ်ထူးများကို ဆိုတာ ပါ'

'အင်း ဆရာ ပြောတော့လည်း အရှင်းကြီး၊ စာ ထဲ ဖတ်တုန်းကတော့ မျက်စိ လည်နေတာပဲ၊ ဒါတော့ ဟုတ်ပါပြီ၊ မြတ်စွာဘုရားက အဲဒီ သံသရာရဲ့ အစလည်း မထင်၊ အဆုံးလည်း မထင်ဘူးလို့ ဆိုတယ် မဟုတ်လား၊ ဒါပေမယ့် မိလိန္ဒပဉှာထဲမယ် သံသရာ အစ အဝိဇ္ဇာက လို့ ဆိုတာ တွေ့မိသလားလို့'

'သြော် ဒါက ဒီလိုဗျ၊ စောစောက ခင်ဗျားကို ကျွန်တော် ပြောတယ် မဟုတ်လား၊ သံသရာစက် အကြောင်းကို ဗုဒ္ဓ နည်းကျ နားလည်ဖို့ကတော့ ပဋိစ္စ သမုပ္ပာဒ် တရားကို သိမြင်ထားဖို့ လိုတယ်၊ ဒီနေရာမှာ သံသရာ အစ ဆိုတာကို ခင်ဗျား စိတ်ထဲ တစ်ပါး အယူဝါဒတွေမှာ ပါသလို ကမ္ဘာဦး အစ လူသတ္တဝါများ စတင် ဖြစ်ပေါ်ပုံ သဘော၊ အီဗော်လူးရှင်း သီဝရီ သဘော နှင့် စဉ်းစားလို့ မရဘူး၊ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပာဒ် တရားကို အနုလုံပဋိလုံ ဟောထားပါတယ်၊ ဒီအကြောင်း ကိုတော့ သတ်သတ် ဆွေးနွေးမှ ဖြစ်မယ်၊ မိလိန္ဒမင်းကို အရှင် နာဂသိန် ဖြေတာက အကြောင်း အကျိုး ကွင်း ဆက်ရဲ့ အစ အနေနှင့် အဝိဇ္ဇာကို ပြောတာ၊ ဆိုလိုတာက အကြောင်းကို ပြောတာ၊ အချိန်သဘော နေရာသဘောနှင့် အစကို ပြောတာ မဟုတ်ဘူး၊ အဝိဇ္ဇာကြောင့် ကုသိုလ် သင်္ခါရ အကုသိုလ်သင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ တရားတွေ ဖြစ်တယ်၊ သင်္ခါရတရားကြောင့် ပဋိသန္ဓေ ဝိညာဉ် ဖြစ် တယ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်တယ်၊ နာမ်ရုပ် ကြောင့် အာရုံ ခြောက်ပါး ဖြစ်တယ်၊ အာရုံ ခြောက်ပါး ကြောင့် ဖဿ (အထိအတွေ့) ဖြစ်တယ်၊ ဖဿကြောင့် (ခံစားမှု) ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် (တပ်မက်မှု) တဏှာ ဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန် (စွဲလမ်းမှု) ဖြစ်တယ်၊ စွဲလမ်းမှုကြောင့် ကမ္မ ဘဝ ဖြစ်တယ်၊ ဘဝ ကြောင့် ဇာတိ ဖြစ်တယ်၊ ဇာတိကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ဆင်းရဲခြင်း၊ နှလုံး မသာယာခြင်း၊ ပူဆွေးခြင်းတွေ ဖြစ်တယ်၊ ဒီလို ဆင်းရဲခြင်း ဖြစ်ရတဲ့ အကြောင်း အစကတော့ မသိခြင်း၊ မိုက်မဲခြင်း အဝိဇ္ဇာပဲ၊ သို့သော် ဒီဆင်းရဲခြင်းရဲ့ အစကနဦး ဘယ်တုန်းက ဖြစ် သလဲ ဆိုတဲ့ သံသရာ အခွန့်ရဲ့ အစကတော့ မထင်ရှား ဘူးလို့ ပြောတာပါပဲ' *

'ဒါဆို သဗ္ဗညုတဉာဏ်ကို ရတော်မူတဲ့ အလုံးစုံ သော တရားကို အကုန်အစင် သိတော်မူတယ် ဆိုတဲ့

--------------

* မိလိန္ဒပဉှာ၊ စာ ၈၆-၉၂

www.burmeseclassic.com



ဗုဒ္ဓ မြတ်စွာဘုရားဟာ သံသရာ အစကို မသိဘူးလို့ ဆိုတာလား ဆရာ'

'ဒီမေးခွန်းကလည်း ဖြုန်းခနဲ ကြည့်ရင်တော့ ကတ်ဖဲ့မေးခွန်း ထင်ရပါတယ်၊ ဒါပေမယ့် ကျွန်တော်က တော့ မေးသင့်တဲ့ မေးခွန်းလို့ အောက်မေ့ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အနောက်တိုင်း ဒဿနနှင့် အနောက်တိုင်း သိပ္ပံပညာက လောကရဲ့ အစ၊ လူရဲ့ အစကို လိုက်ရှာနေကြတာကိုး၊ တချို့ အနောက်တိုင်း သား ပညာရှင်တွေက မြတ်စွာဘုရားက မာလုကျပုတ္တ ရဟန်း မေးတဲ့ မေးခွန်းတွေကို မဖြေဘဲ ပယ်တာကို ဘုရားဟာ လောကရဲ့ အစ သံသရာရဲ့ အစကို မသိလို့ သာ မဖြေတာ ဖြစ်ရမယ်လို့ ကောက်ချက် ချထားတာ တွေ ကျွန်တော်တို့ ဖတ်ရပါတယ်၊ အနောက်တိုင်းက ပြောဆို နေကြတာတွေကို အရေးထားပြီး ပြောနေလို့ ကတော့ စကားရှည်ရုံ ရှိမယ်၊ သိပ်တော့ ခရီး မရောက် ပါဘူး'

'ခရီး မရောက်ဘူးဆိုတာ ဘာကို ပြောတာလဲ ဆရာ'

'အကျိုး သိပ်မရှိဘူး ပြောတာပါဗျာ၊ သူတို့ထက် ပိုပြီး နိုက်နိုက်နဲ့နဲ့ မေးထားတဲ့ အမေးတွေ ရှိပါတယ်၊ ကျွန်တော်တို့ မုံရွေး ဇေတဝန် ဆရာတော် ဘုရားကြီးကို သူ့တပည့် မုံရွာ အရှင်သီရိမာလာက ခင်ဗျား မေးတဲ့ မေးခွန်းနှင့် ထပ်တူလောက် သဘောရတဲ့ မေးခွန်းမျိုး မေးခဲ့တယ်၊ ဆရာတော်ကလည်း ကျေနပ် နှစ်သက်ဖွယ် ဖြေထားတာ ရှိတယ်'

'ဟာ ဟုတ်လား ဆရာ၊ တကယ်ပဲလား၊ ဘယ် စာအုပ်ထဲ ပါသလဲ ဆရာ'

'သမန္တစက္ခုဒီပနီ ပထမတွဲမှာ ပါပါတယ်၊ ရှာ ဖတ်ကြည့်ပေါ့'

'ဟာ ဆရာကလည်း သမန္တစက္ခုဒီပနီကို ကျွန် တော်က ဘယ်မှာ သွားရှာရမှာလဲ၊ ခက်ခက်ခဲခဲ လုပ်ရ မယ့် အလုပ်ကို ကျွန်တော့်ကို ဆရာက ခိုင်းပြန်ပြီ၊ လွယ်လွယ်ကူကူ ဆရာပဲ ပြောပါ ဆရာရယ်'

'ဒါက အမေးလည်း နက်နဲတယ်၊ အဖြေလည်း နက်နဲပါတယ်၊ ဒီတော့ လက်တန်း ဖြေရင် လွဲချော် သွားနိုင်တယ် ဆရာပွ၊ နေဦး ခင်ဗျားကို ကျွန်တော် စာအုပ်ထဲက အတိုင်း ဖတ်ပြမယ်'

အကျွန်ုပ်လည်း သုတေသီ မြင့်ထွန်း၏ ကတ်သီး ကတ်သတ် မေးတတ်ပုံကို သဘောကျသည့်ပြင် ဤကိစ္စ ကို ဗုဒ္ဓဘာသာဝင်များလည်း ဘဝင်ကျစွာ နားလည် စေလို၍ စာအုပ်ဗီရိုမှ ***သမန္တစက္ခုဒီပနီ*** ကျမ်းကို ထုတ် ယူလိုက်ပြီးလျှင် သူ့အား ပြောပြလေ၏။

'ဒီမှာ စာမျက်နှာ ၅၈ မှာ မေးထားတဲ့ ပုစ္ဆာက လည်း အခန့်ဗျ'

'လုပ်ပါဦး၊ ဘယ်လို မေးသလဲ ဆရာ'

'**မေး** ။ ။ ပါရမီတွင် 'မရှိအံ့သည် တမည်သာ လျှင် ကြည့်က မြင်သို့' ဟူ၍ စပ်ဆိုတော် မူချက်တွင် မြတ်စွာဘုရား မသိကောင်းသော အရာ မည်သည် မရှိပြီ ဟု ယူသင့်ပါတယ်၊ ပုဗ္ဗကောဋိ န ပညာယတိ စသည် ဖြင့် ဟောတော်မူသော ပါဠိတော်၌လည်း သံသရာ၏ အစကို မသိမမြင်ကြောင်းကို ပါလာပြန်၏၊ အဘယ် ကြောင့် သံသရာ၏ အစကို မသိမမြင် ရှိရလေသနည်း၊ သဗ္ဗဓမ္မံ ဇာနန သီလောတိ သဗ္ဗညူ ဟူသော ဝစနတ္တ နှင့် အညီ သဗ္ဗညုတ ဉာဏ်တော်သည် အလုံးစုံသော တရားတို့ကို သိတတ်သည် ဖြစ်ပါလျက် သံသရာ၏ အစကို မသိမထင် ဆိုခြင်းကို မဆင်ခြင်နိုင်ပါ။

'မထင်ရာရာ ပုစ္ဆာနက်လေး ခဲခက်မေး၍ နေး နေး ညောင်းစောက် ဆရာ့ မှောက်၌ သောက်တုံရင်နို့ ခစားစို့လျက် ကိုယ်ဖို့ပညာ ပွားရစာကို ရှာသော် လည်း ကောင်း ဟူ၍ စပ်တော်မူသောကြောင့် အသနားခံ လျှောက် ပါသည် ဘုရား။ *

'**ဖြေ** ။ ။ လေးပါးအမိုက် သုံးခန်းတိုက်၌ ဆောက်စိုက်တန်ဆောင် ညှိထွန်းထောင်က ရိပ်မှောင် စိုးစိ မမေးငြိသည့် မရှိအံ့သည် တမည်သာလျှင် ကြည့်က မြင်သို့ ဟူ၍ စပ်သော ကဗျာ၌ အဓိပ္ပာယ်ကား

'စတုဒ္ဒသီ တိထိလကွယ် ညဉ့်လယ်သန်းခေါင် တိမ်တောင်ပိတ်ဆိုင်း တောအုပ်မှိုင်းဟု ဆိုအပ်သော အင်္ဂါလေးပါး အမိုက်ရှိသော သုံးခန်းသော တိုက်တို့၌ တန်ဆောင်ဆီမီးဖြင့် ထွန်းညှိသည်ရှိသော် တစိုးတစိမျှ မငြိမမေး အရိပ်မှောင်ကင်း၍ မရှိအံ့သည်ကိုသာ ထား၍ ထင်ရှား ရှိသမျှကို မြင်လေသကဲ့သို့ ဤကား တန်ဆောင် ဆီမီး ဖြစ်သော ဥပမာကိုသာ ဆိုလိုသည်၊ ဥပမေယျ ဖြစ်သော တေဝိဇ္ဇာဉာဏ်တော် အနာဂတံသ ဉာဏ်တော် တို့ကို မဆိုလို၊ ထို့ကြောင့် 'မရှိအံ့သည် တမည်သာလျှင်' စကားကို ဥပမေယျ ဖြစ်သော ဉာဏ်တော်ကို မယူအပ်၊ ဥပမာ ဖြစ်သော ဆီမီးတန်ဆောင်ကိုသာ ယူအပ်၏၊

---

* *သမန္တစက္ခုဒီပနီ၊ မုံရွေးဇေတဝန် ဆရာတော်ကြီး၊ စာ ၅၈*

www.burmeseclassic.com



ဥပမာ ဖြစ်သော တန်ဆောင်ဆီမီးပင် မရှိအံ့သော ဝတ္ထုကို ထား၍ ရှိကောင်းသမျှကို မြင်စေတတ်ထပြီးကား ဉာဏ်တော်သည် အဘယ်ဆိုဖွယ် ရှိအံ့နည်း၊ မရှိသော ဝတ္ထုကိုသာ ထား၍ ရှိကောင်းသမျှကို မြင်တတ်၏ဟု ဥပမာ ဥပမေယျ ဟပ်၍ ယူသော်ကား သဒိသူပစာရအားဖြင့် ယူကောင်းပေ၏၊ ငါတို့ဉာဏ် ထင်ပေသည်။

'အနမတဂ္ဂါ ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိ န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ ဟူ၍ ဟောတော်မူသော ပါဠိတော်သည် သံယုတ္တ နိကာယ်အဝင် နိဒါနဝဂ္ဂ သံယုတ်တွင် သင်္ဂါယနာ တင် အပ် သော အနမတဂ္ဂသုတ် ဖြစ်သည်။

'အဓိပ္ပာယ်မှာ ရဟန်းတို့ ဤခန္ဓာ အာယတန ဓာတ်တို့၏ အစဉ်မပြတ် ဖြစ်ခြင်းသည် မသိအပ်သော အစရှိသည်၊ အဝိဇ္ဇာ နီဝရဏ ရှိကုန်သော တဏှာ တည်းဟူသော ကြိုးဖြင့် ဖွဲ့အပ်ကုန်သော ဤဘဝမှသည် ထိုဘဝသို့ ပြေးကုန်သော၊ ဤဘဝမှသည် ထိုဘဝသို့ ပြောင်းကုန်သော သတ္တဝါတို့၏ ရှေးဖြစ်သော အစွန်းသည် မထင် မသိ။

'ဤဒေသနာကို ကျမ်းဂန် သိမြင်ကုန်သော အချို့သော ဆရာတို့လည်း မသိအပ်သော အစရှိသော ဟူ၍သာ ဟောတော်မူသည်၊ စင်စစ် မရှိဟု ဟောတော် မူသည် မဟုတ်၊ နပညာယတိ ဟူ၍သာ ဟောတော်မူသည်၊ နတ္ထိ ကိရိယာ နတ္ထိ ပရိယာယ် မဟုတ်၊ ထို့ကြောင့် သံသရာ၏အစ ရှိ၏၊ ရှိကောင်း၏၊ ရှိတန်လေရာ၏'

'ဟာ ဒါဆို သံသရာ အစ ရှိတယ်လို့ ဟောတာပေါ့'

'နေပါဦးလေ၊ စကားကို ဆုံးအောင် နားထောင်ပါဦး၊ ဆရာတော်ကြီး ဘာဆိုလိုတယ် ဆိုတာ ဆုံးအောင် နားထောင်မှသာ သဘောပေါက်မှာပေါ့'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ခင်ဗျာ'

'မုံရွေး ဆရာတော်ကြီး ဆိုလိုတာက လူတွေက သံသရာ အစ ရှိတန်ရာရဲ့လို့ တွေးနိုင်ပုံကို ပြောတာ၊ ဆရာတော့် စကားအတိုင်းပဲ ပြောမယ်ဗျာ၊ အဲ သံသရာ အစသည် ရှိ၏၊ ရှိကောင်း၏၊ ရှိတန်ရာ၏၊ ဘုရားသခင် ဉာဏ်တော်သည် သိ၏၊ သိကောင်း၏၊ သိတန်ရာ၏ ဟူ၍ ဆိုကြကုန်၏တဲ့၊ ဒီမှာ ဆိုကြကုန်၏ ဆိုတဲ့ စကားကို သတိထားပါ၊ လူတွေ ယူဆကြပုံကို ပြောတာလေ၊ ဒါပေမယ့် ဆရာတော်ကြီးက 'ထိုစကားကို ယုတ္တိနှင့်သာ ဆိုသည်၊ အစ ရှိကြောင်းကို အာဂုံနှင့် မဆို' လို့လည်း ဆက်ပြောထားပါတယ်'

'ဘာလဲ ဆရာရဲ့၊ အာဂုံနှင့် မဆို ဆိုတာ'

'အာဂုံ ဆိုတာ အာဂမကို ပြောတာ၊ အာဂမ ဆိုတာ ကျမ်းဂန်မှာ လာတဲ့ စကား၊ ကျမ်းဂန် အထောက်အထား ပေါ့ဗျာ၊ အင်္ဂလိပ်လိုတော့ (Testimony) ခေါ်တာပေါ့'

'ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ၊ ဆက်ပြောပါဦး'

'ဆရာတော်က ယခု မေးလျှောက်ရာ၌လည်း မြတ်စွာဘုရားသည် နပညာ ယတိ ဟူ၍ ဟောတော်မူတိုင်း သံသရာ၏ အစ သတ္တဝါတို့၏ အစကို သိအံ့လော၊ မသိအံ့လော (သိသလား၊ မသိဘူးလားပေါ့ဗျာ) အဘယ်ကြောင့် မသိရှိလေသနည်း ဟူရာ၌လည်း သိသည် မသိသည် နှစ်ဌာနတွင် မသိဟူ၍ သာလျှင် မှတ်အပ်၏တဲ့'

'ဟာ ဒါဆို သဗ္ဗညုတဉာဏ်ရတာ အလုံးစုံ သိတယ် ဆိုတာ မဟုတ်ဘူးပေါ့'

'နေပါဦး ဆရာပွရယ်၊ ခင်ဗျားက နိဂုံးဆွဲတာ မြန်လွန်းနေတယ်၊ ဆရာတော် စကားက ဆုံးမှ မဆုံးသေးတာ'

'ဟုတ်ကဲ့၊ ကျွန်တော် လောသွားတယ်၊ ကဲ ဆက်ပါဦး'

ဆရာပွ ဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိလိုက်၏။ လှုပ်ရှား လျှင်မြန်နေသော သူ့စိတ်ကို လျှော့ရန် ဖြစ်ပေလိမ့်မည်။

'ဒီတော့ ဆရာတော်က ဖြေပါတယ်၊ ဘယ်လို ဖြေသလဲလို့ ဆိုတော့ ဘုရား ဖြစ်လျက် အဘယ်ကြောင့် မမြင် မသိရှိရပြန်လေသနည်း ဟူမူကား ဘုရား ဖြစ်လျက်ပင် ဤသို့ မမြင်ကောင်း မသိကောင်းသော အရာသည် အများပင်တည်းတဲ့၊ ဆရာတော်က ဆိုတယ်၊ စိတ်မစောနှင့်၊ သဘောက နက်နဲလာပြီ၊ ဒီတော့ ခင်ဗျား သတိနှင့် နားထောင်နော်၊ ဆရာတော် ဖြေကြားတော်မူပုံက ပညာသား ပါလွန်းလို့ သိပ် ကြည်ညိုစရာ ကောင်းတာပဲဗျာ'

'ဟုတ်ကဲ့၊ ကျွန်တော် ဘာမှ မမေးတော့ပါဘူး'

'ဆရာတော်က ဘုရား မမြင်ဘူး၊ မသိဘူး ဆိုတဲ့ ကိစ္စတွေကို ရှင်းပြပုံနော်၊ သတိထားပြီး နားထောင်ပါဗျာ၊ ခင်ဗျားရဲ့ ဉာဏ်မှာ အထင်းသား ပေါ်လာပါလိမ့်မယ်၊ ဆရာတော်က ဘယ်သို့များ ရှင်းသနည်း၊ (မသိ

www.burmeseclassic.com



မမြင်သော အရာ အများပင် ရှိသည်ဆိုတဲ့ ရှေးစကားကို ထောက်ပြီး ပြောတာ။)

– အသညသတ်ဘုံ၌ နာမ်တရား ရှိ၏ ဟူ၍ မြင်တော်မမူ၊

– အရူပဘုံ၌ ရုပ်တရား ရှိ၏ ဟူ၍ မြင်တော် မမူ၊

– သုဒ္ဓါဝါသ ငါးဘုံ၌ ပုထုဇဉ် သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ် ရှိ၏ ဟူ၍ မြင်တော်မမူ၊

– အရူပဘုံ၌ သောတာပန် ပုဂ္ဂိုလ် ရှိ၏ ဟူ၍ မြင်တော်မမူ၊

– အဝီစိ၌ ဘုရားလောင်း ရှိ၏ ဟူ၍ မြင်တော် မမူ၊

– တစ်ပါးသော စကြဝဠာ၌ ဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ ရှိသည်ကို မြင်တော်မမူ၊

– မိန်းမတို့သည် ရှစ်ပါးသော သမာပတ်ကို ရရှိ၍ သေသော်လည်း ဗြဟ္မာ ပရိသဇ္ဇဘုံမှ တစ်ပါး ရှေးဦးစွာ ကျော်ခုန်၍ အထက် ဗြဟ္မာပြည်၌ ဖြစ်သည်ကို မြင်တော်မမူ၊

– ဥတ္တရကုရုကျွန်း၌ အဖို ရှိသည်ကို မြင်တော်မမူ၊

– နတ်ပြည်၌ တိရစ္ဆာန် ရှိသည်ကို မြင်တော်မမူ၊

– အဝိဇ္ဇာ တဏှာမှ တစ်ပါး မူလဖြစ်ထိုက်သော ပဋိစ္စသမုပ္ပာဒ်တရားကို မြင်တော်မမူ၊

– အာရမ္မဏ ပစ္စည်း ထိုက်သော ပရမတ္ထတရားကို မြင်တော်မမူ၊

– အနန္တရ၊ သမနန္တရ၊ အနန္တရူပ၊ နတ္ထိ၊ ဝိဂတ ပစ္စည်း ပစ္စယုပ္ပန် ထိုက်သော ရုပ်တရားကို မြင်တော်မမူ၊

– အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ ဤပစ္စည်းတို့၌ မဝင်သော ပစ္စည်းကို မြင်တော်မမူ၊

– တစ်ဆယ့်ခြောက်ပါးသော ဟာရ၊ ငါးပါးသော နယ . . .'

'တော်ပါတော့ ဆရာရယ်၊ ဒီပါဠိကြီးတွေ ကျွန်တော် နားလည်နိုင်တာလည်း မဟုတ်ပါဘူး၊ ဆရာတော် ဆိုလိုရင်း သဘောကိုတော့ ရပါပြီ'

'အေးဗျာ၊ ဒီပဋ္ဌာန်း ဒေသနာတော်တွေက ပညာရှိတွေရဲ့ အရာသာ ဖြစ်တော့ ထားလိုက်ကြပါစို့၊ ဘုရား မြင်တော် မမူဘူး ဆိုတာတွေရဲ့ သဘောကို ရရင် ပြီးတာပါပဲ၊ ဒီတော့ ဆရာတော်ရဲ့ စကားကို ဆက်ကြပါစို့၊ ဆရာတော်က

'ဤကဲ့သို့ မြင်တော် မမူခြင်းသည်ကား သဗ္ဗညုတ ဉာဏ်တော်သည် အရာကျဉ်းသောကြောင့် မြင်တော်မမူသည် မဟုတ်၊ အသညသတ်ဘုံ၌ နာမ်တရားလည်း ထင်ရှားမရှိ၊ အရူပဘုံ၌ ရုပ်တရားလည်း ထင်ရှားမရှိသောကြောင့်သာ မမြင်လေသည်၊ ကောင်းကင်ပြင်၌ အရေး သားသော်လည်း ထိုအရေးကို မမြင်ရခြင်းသည်ကား အရေးသည်ပင် ထင်ရှား မရှိသောကြောင့်သာ မမြင်ရသကဲ့သို့ အသညသတ်ဘုံ၌ နာမ်တရား၊ အရူပဘုံ၌ ရုပ်တရားကို မြင်တော် မမူခြင်းသည် ထိုဘုံတို့၌ ထိုတရားတို့သည် ထင်ရှား မရှိသောကြောင့်သာ မြင်တော် မမူဟု သိအပ်၏၊ ထို့အတူ လည်းကောင်း သံသရာ၏ အစကို မသိအပ်၊ သံသရာစက်၏ ရှေ့အစွန်းကို မြင်တော်မမူ ဟူ၍ ဟောတော်မူခြင်းသည်ကား သံသရာ ဝဋ်၏ အစ၊ သတ္တဝါတို့၏ ဖြစ်စ မရှိ၊ ဤသို့ မရှိသောကြောင့်သာ မမြင်ဟူ၍ မှတ်အပ်သည်၊ သံသရာ ဖြစ်စ သတ္တဝါတို့၏ ဖြစ်စ ဝဋ်တရားတို့၏ ဖြစ်စသည် အကယ်၍ ကာလ အစွန့် ထင်ရှားရှိသည် ဖြစ်အံ့၊ သဗ္ဗညုတ ဉာဏ်တော်သည် မမြင်နိုင်သည် ဟူ၍ မရှိရာ၊ မြင်နိုင်သည်သာ လျှင်တည်းဟု မှတ်ရမည်တဲ့ ဗျ'

'ဒါဆို တော်တော် သဘော ပေါက်ပါတယ်၊ ခု ဆရာတော် အမိန့်ရှိတဲ့ အတိုင်းဆို ဆရာ ပြောပြောနေတဲ့ ဟို ဗြိတိသျှ အတွေ့အကြုံ အဓိက ဝါဒီတွေထဲက ဘိရှော့ ဘာကလေ ပြောတဲ့ (To be is to be perceived-esse es percipi) ဆိုတာနှင့် ခပ်ဆင်ဆင်ပဲနော်၊ ရှိရင် သိရမယ်၊ သိရင်လည်း ရှိတာပဲ၊ ခုဟာက မရှိလို့ မသိတာဘဲပေါ့'

'ဟုတ်တာပေါ့ ဆရာပွရဲ့၊ ဆရာတော်ရဲ့ ရှေ့ဆက်တဲ့ စကားကို နားထောင်ပါဦး။

'မရှိအံ့သည် တမည်သာလျှင် ကြည့်ကမြင်သို့ ဆိုသော စကားမှာလည်း မရှိဟူသော တစ်မည်ကိုသာ လျှင် မမြင် ဟူသော စကား တစ်ရပ်၊ ထိုမှတစ်ပါး ထင်ရှားရှိသည် ဟူသမျှကို ကြည့်က မြင်လေသည်ချည်း ဟူသော စကားလည်း တစ်ရပ်၊ ဤနှစ်ရပ်ကို ခွဲ၍ အဓိပ္ပာယ် ယူရမည်၊ ခပ်သိမ်းသော သတ္တဝါတို့၏ စိတ်၊ စေတသိက်ဟု ဆိုအပ်သော အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့သည် အာရုံ ခြောက်ပါး တရားဟု ဆိုအပ်သော အာရမ္မဏ ပစ္စည်းတရားကိုသာ အာရုံပြုနိုင်သည်။

'အာရုံ ခြောက်ပါး တရား ထင်ရှား ရှိမှ အာရမ္မဏိက ဖြစ်သော စိတ် စေတသိက်တို့သည် အာရုံပြုနိုင်သည်၊ မြတ်စွာဘုရား၏ ပစ္စေနိဝါသာနုဿတိ ဉာဏ်

www.burmeseclassic.com



တော်သည်လည်း ရှေးအတိတ်၌ သံသရာ၏ ဖြစ်စ ထင်ရှားရှိမှ အာရုံပြုနိုင်ရာသည်၊ သံသရာ၏အစ မရှိ ဟူသော် အဘိဓမ္မာ မူလဋီကာ၌ အနမတဂ္ဂေါဝါ အညာ တဂ္ဂေါဟု ဖွင့်သည် မဟုတ်လော၊ နတ္ထိကြိယာဖြင့် မဖွင့် သည် မဟုတ်၊ မူလ ဋီကာဆရာမှာ အနမတဂ္ဂ ပုဒ်ကို သာ သိစေလို၍ အညာတဂ္ဂေါဟု ဖွင့်လေ၏'

'တော်ပါပြီ ဆရာရယ်၊ ဒီပါဠိတွေ ကျွန်တော် နားမလည်တာတွေ မပြောပါနှင့်တော့'

'ကဲ ဒါဆိုလည်း မပြောတော့ပါဘူး၊ နောက်ပိုင်း မှာ ဆရာတော် ထုတ်ပြတဲ့ ကျမ်းဂန် အထောက်အထား ပါဠိတော်တွေကလည်း အလွန် များပါတယ်၊ အချုပ် ကတော့ သံသရာဟာ စက်လိုပဲ အစ မရှိဘူး ဆိုတဲ့ သဘောပဲ၊ ဒါကို ဆရာတော်က အောက်ပါ အတိုင်း ကောက်ချက် ချထားပါတယ်။

'ရှေ့အစွန်း ဟူသော အာရုံသည် ထင်ရှား မရှိ သောကြောင့် မြတ်စွာဘုရားသည် မသိချေ၊ ထိုသို့ မသိ ခြင်း၌ ဉာဏ်တော်အား ပိတ်ပင်သည် မဟုတ် ဟူသော အနက်ကို ပြ၏၊ အကြင်တရားသည် ထင်ရှား ရှိ၏၊ ထိုတရားကို သူတစ်ပါးတို့သည် မနှိုင်းယှဉ်နိုင်သော်လည်း မြတ်စွာဘုရားကား နှိုင်းယှဉ်နိုင်၏၊ ခပ်သိမ်းသော တရား ၌ မြတ်စွာဘုရားအား မပိတ်ပင်သော ဉာဏ်တော်သည် ရှိ၏ ဟူလိုသတည်း'

'ဟုတ်တာပေါ့၊ မြတ်စွာဘုရား မသိတာ မရှိဘူး၊ မရှိတဲ့ တရားကြီးကိုတော့ ဘယ်လိုလုပ် သိမလဲ၊ ရှိရင် တော့ သိမှာပေါ့၊ ဒါ သဘော ရှင်းသွားပါပြီ၊ သဘော အချုပ်ကို ထုတ်ကြည့်ရင်တော့ သံသရာဆိုတာ အလျား လိုက် သဘော မဟုတ်ဘူး၊ ဒေါင်လိုက် သဘောလည်း မဟုတ်ဘူး၊ အလျားလိုက် ဒေါင်လိုက် သဘောမျိုး ဆိုရင် သာ အစနှင့် အဆုံး ဆိုတာ ပေါ်လာမယ်၊ ခုဟာက စက် ဆိုတာကြောင့် အဝိုင်း သဘောပဲ၊ လည်ပတ်နေတဲ့ သဘော ဆိုတော့ အစ အဆုံး မထင်ဘူး၊ ဟုတ်ပါတယ်၊ မိလိန္ဒပဉှာထဲမှာလည်း ကြက်ဥနှင့် ကြက်မ ဥပမာ၊ သစ် စေ့နှင့် သစ်ပင် ဥပမာများနှင့် ပြထားတာ ဒီသဘောပါပဲ'

'မိလိန္ဒ မင်းကြီး မေးတော့ အရှင်နာဂသိန်က မြေကြီးပေါ်မှာ စက်ဝိုင်း ဝိုင်းပြသေးတယ်လေ'

'ဟုတ်ကဲ့၊ သဘော ပေါက်ပြီ ဆရာ'

'နောက်ထပ် မေးစရာ ဘာကျန်သေးလဲ၊ ဒီကနေ့ ခင်ဗျားနှင့် တရား ဆွေးနွေးရတာ ခါတိုင်းနှင့် မတူဘူး၊ အရသာ ရှိတယ်၊ မိသက်ရေ ဆရာပွ အတွက် စားစရာ လုပ်ပေးပါဦး၊ သူ ဒီကနေ့ စိတ်ထား မှန်နေတယ်'

'ကဲ လုပ်၊ ဒါနကလေး မြောက်သွားအောင် စား ရဦးမှာပေါ့၊ မေးစရာ တစ်ခုတော့ ခေါင်းထဲ ပေါ်လာ ပြန်ပြီ ဆရာရဲ့၊ ဆရာ အာမညောင်းသေးရင်တော့ မေး ဦးမယ်'

'မေးစမ်းပါ ဆရာပွရယ်၊ ကျွန်တော်က ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ် လာပြီးတဲ့ နောက်မှာ ဗုဒ္ဓသာသနာတော် အတွက် ရပ်တည်သူ၊ ရဲရင့်သူ၊ စွန့်စားသူ၊ ကာကွယ်သူ၊ စောင့်ရှောက်သူဖြစ်ဖို့ ဆုံးဖြတ်ပြီးပြီ၊ ဒီတော့ အာညောင်းတာလောက်ကို ထည့် မပြောနှင့်တော့'

'ခု သတိရတာက ဘဝဆက် သံသရာနှင့်လည်း ဆက်စပ် နေလို့ပါ၊ ခုတလော အနောက်တိုင်းသားတွေ ထဲမှာ သံသရာ ဘဝဆက်ကို ရှာဖွေနေကြတဲ့ လူတွေ တော်တော်များများ ပေါ်ပေါက်နေကြတယ်နော်၊ သူတို့ အထဲမှာ လူဝင်စား ကိစ္စတွေကို စုံစမ်းနေကြတဲ့ လူတွေ လည်း ပါတယ်၊ ဒီလူတွေက စာအုပ်စာတမ်းတွေတောင် ရေးနေကြတာ ဆိုတော့ အနောက်တိုင်းကလည်း ရှေ့ဘဝ နောက်ဘဝဆက်ကို ယုံကြည်လာကြပြီ ထင်တယ်၊ လယ် တီ ဆရာတော်ကိုတောင် ပြင်သစ်က ပညာရှင်တွေက လူဝင်စား ကိစ္စတွေ မေးလို့ ဖြေခဲ့ရတယ် ကြားတယ်'

'မှန်ပါတယ် ဆရာပွ၊ အနောက်တိုင်းသားတွေ ဟာ ခုတော့ ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်အပ်တဲ့ သံသရာ ဘဝပြတ် ဝါဒကို တဖြည်းဖြည်း စွန့်ခွာ လာကြပါပြီ၊ သူတို့က တော့ လက်တွေ့သမားတွေ မဟုတ်လား၊ ဒီတော့ တမ လွန် အထောက်အထား အတွက် လူဝင်စား အဖြစ် အပျက်တွေကို လိုက်ရှာကြတယ်လေ၊ မြန်မာပြည်ကို တောင် စတီဗင်ဆန် (I. Stevenson) ဆိုတဲ့ ပုဂ္ဂိုလ် လာပြီး လေ့လာနေတာပဲ၊ သူတို့ဆီမှာ လေ့လာနေတဲ့ လူတွေ များပါတယ်၊ ထင်ရှားတဲ့ စာအုပ်တွေလည်း ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းမှာ တော်တော်များများ ထွက် ပေါ်လာပါတယ်၊ ကျွန်တော် တွေ့မိသလောက်ကိုပဲ ပြော ပါရစေ'

(၁) စာမီနာရာ (G. Cerminara) ရဲ့ Many Mansions ဆိုတဲ့ စာအုပ်ဟာ ၁၉၆၇ မှာ ထွက်ပါတယ်။ (ယခု ချမ်းမြေ့ ဆရာတော် ဘုရားက ***အနောက်တိုင်းမှ ဘဝ ပြဿနာ*** အမည်ဖြင့် ဘာသာပြန်ပြီး ဖြစ်သည်။)

(၂) အေဂျေ ဒုကပ်ဆေး (A.J. Ducasse) ရဲ့ A Belief In Life After Death ဆိုတာလည်း ရှိတယ်။

www.burmeseclassic.com



(၃) အမ် အီဘွန် (M. Ebon) ရေးတဲ့ Reincarnation In The 20th Century လည်း စိတ်ဝင်စားစရာပဲ။

(၄) ဖရန့်စစ် စတိုရီ (F. Story) ရေးတဲ့ A Case For Rebirth.

(၅) ဒေါက်တာ ဟယ်လင် ဝမ်ဘက် (Dr. H. Wambath) ရေးတဲ့ Life Before Life ဆိုတာ ခုမှ ထွက်လာတယ် (၁၉၇၉)။

'ထေရဝါဒထဲက တမလွန်ဘဝနှင့် ဆက်နေတဲ့ စာအုပ်တွေလည်း အများပဲ ရှိပါတယ်၊ ဂျာမန် ဘုန်းတော်ကြီး အရှင် ဉာဏတိလောက ရေးသားတော်မူတဲ့ (Karma And Rebirth ) ဆိုတာလည်း ရှိတယ်၊ ဩော်သတိရလို့ မောင်ဂိုမာရီရဲ့ Here And After ဆိုတာရယ်၊ ဟက်ဒ်နှင့် ကရန်စတန် (Head & Cranston) တို့ရဲ့ Reincarnation - An East -West Anthology ဆိုတာလည်း ရှိတယ်၊ ဂျပ် (Judge) ရဲ့ The Scope Of Reincarnation ဆိုတာလည်း ရှိတယ်၊ တော်တော် များပါတယ်'

'ဒါတွေကတော့ အနောက်တိုင်း အမြင်တွေနှင့် ရေးတဲ့ စာအုပ်တွေက များမှာပေါ့ ဆရာရယ်၊ ဒါတွေတော့ ထားပါတော့၊ လယ်တီ ဆရာတော်က လူဝင်စားနှင့် ပတ်သက်ပြီး ဖြေပုံကိုပဲ သိပါရစေ'

'ဒီတစ်ခါတော့ ဆရာပွက အမေး စေ့စပ်တယ်ဗျာ၊ ပြီးတော့ အရေးကြီးတဲ့ ပွိုင့်ကိုလည်း ဖော်တတ်တယ်'

'ဟော ဆရာကလည်း မြှောက်ပင့်နေပြန်ပြီ'

'မြှောက်တာ မဟုတ်ပါဘူး၊ လူတွေဟာ ချီးမွမ်းသင့်တာကို ချီးမွမ်းရမှာကို ဝန်လေးတယ်၊ ကဲ့ရဲ့စရာကျတော့ ကဲ့ရဲ့ဖို့ နှုတ်အာ သိပ်ရဲကြတာကိုး၊ ကျွန်တော်ကတော့ အပြစ်မရှိတဲ့ ချီးမွမ်းခြင်းကို လူတွေ များများပြုစေချင်တယ်၊ ချီးမွမ်းစရာကို ရင်ထဲမှာ သိမ်းဆည်းထားပြီး ကဲ့ရဲ့စရာကျတော့ အလွယ်တကူ ထုတ်ဖော်တာ အဲဒါ ဆိုးတာပဲ ဆရာပွရဲ့'

'ဆရာကတော့ ဒဿန ဆရာကိုး၊ လူတွေက ပုထုဇဉ် အရိုင်းတွေက များတာကလား၊ ကျွန်တော့်လို အကောင်တွေပေါ့ ဆရာရယ်'

'ခင်ဗျားက ပညာရှိဗျ၊ သူတစ်ပါး အပြစ်ကိုထက် မိမိ အပြစ်ကို မြင်အောင် ကြည့်တတ်သေးတယ်၊ ကဲ ဒါတွေ ထားပါတော့၊ စကားက ဘေးကို ထွက်သွားဦးမယ်'

'ဟုတ်ကဲ့၊ လယ်တီ ဆရာတော်က ဖြေပုံကလေး သိပါရစေ'

'လယ်တီ ဆရာတော် ဘုရားကို ပြင်သစ်ပြည် ပါရီမြို့က ပညာရှိများက မေးလျှောက်တဲ့ မေးခွန်းက ငါးခုဗျ၊ ငါးခုစလုံးဟာ ခု ကျွန်တော်တို့ သိချင်တဲ့ကိစ္စထဲမှာ အကျုံးဝင်နေတယ်၊ မေးတဲ့ ခုနှစ်က ကောဇာ ၁၂၇၅ ခုနှစ်မှာ ဖြစ်တယ်၊ ဒီအချိန်တုန်းက နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီး ဖွဲ့စည်းဖို့ ဆိုပြီး ဆရာတော်ကြီး မန္တလေးမြို့မှာ ခေတ္တ သီတင်း သုံးနေတုန်းက ရောက်လာတာဗျ၊ မန္တလေးမြို့ တရားဌာန ဝန်ချုပ်မင်း ရုံးက စာရေးကြီး မွန်ရှာဘွန်ဆင်က တစ်ဆင့် လျှောက်ထားတာ။

'အမေး ပုစ္ဆာတွေကတော့

(၁) သားသမီးတို့ရဲ့ ကံ (ကမ္မ) သည် ၎င်းတို့၏ မိဘများရဲ့ ကံနှင့် တူ မတူ၊

(၂) မိဘက နူသည် ဖြစ်စေ၊ ရောဂါဆိုး စွဲကပ်သည် ဖြစ်စေ၊ ရူးသည် ဖြစ်စေ ထိုသူတို့မှ ပေါက်ဖွားသော သားသမီးတို့မှာ ဆေးပညာအရ ကူးတတ်သည်၊ ရူးတတ်သည် ဆိုကြသည်၊ ကံချင်း မတူလျှင် မည်သည့်အတွက်ကြောင့် နူနိုင် ကူးနိုင် ရူးနိုင်ပါသနည်း၊

(၃) ဝိညာဉ်သည် အတွယ်ရှိမှ ပြတ်သလား၊ သို့မဟုတ် မတွယ်မီ အလိုအလျောက် ဖြစ်နေပါသလား၊ အစိမ်း တစ္ဆေ ဖြစ်ကြသည် ဆိုကြသော စကားမှာ မှန်ပါသလား၊

(၄) လူဝင်စားဟူ၍ လောကဥ္စ ပြောရိုး ဆိုရိုး ရှိကြ၏၊ ဝင်စားခြင်း အကြောင်းသည် ဗုဒ္ဓဘာသာ တရားတော်တွင် သက်ဝင်ခြင်း ရှိပါသလား၊

(၅) အဘိညာဉ် ငါးပါးသည် မြတ်စွာဘုရားမှ တစ်ပါး ရဟန္တာ အစရှိသော အရိယာ သာဝကများနှင့် ဆက်ဆံပါသေး၏လော။

'ကြည့်စမ်း၊ ဘယ်လောက် ပညာပါတဲ့ မေးခွန်းများလဲလို့၊ ဆေးပညာ ရှုထောင့်ရော ဘာရော စုံနေတာပဲ'

'လယ်တီ ဆရာတော်ကြီးကကော ဒီလောက်လေးနက်ပြီး ကျယ်ပြန့်တဲ့ မေးခွန်းတွေကို ကျေနပ်အောင် ဖြေနိုင်သလား ဆရာ'

'ဘာဖြစ်လို့ မဖြေနိုင်ရမှာလဲ၊ ဆရာတော်ကြီးရဲ့ ဉာဏ်ပညာ ဒီလောက် ကြီးကျယ်တဲ့ ဥစ္စာ'

'မဟုတ်ပါဘူး၊ ဆေးပညာလို သိပ္ပံပညာ ကိစ္စတွေ ပါနေလို့ ကျွန်တော့် စိတ်ထဲ စိုးရိမ်လို့ မေးတာပါ၊

www.burmeseclassic.com



ထားပါတော့ ဆရာတော်ကြီးရဲ့ အဖြေကိုပဲ သိပါရစေ'

'ပထမ မေးခွန်း (၁) ရဲ့ အဖြေကို ဆရာတော်ကြီး ဖြေပုံနော်၊ သားသမီးတို့၏ ကံသည် ၎င်းတို့၏ မိဘများ၏ ကံနှင့် တူ မတူ ဟူသော မေးချက်မှာ

'တူသည်လည်း ရှိ၏၊ မတူသည်လည်း ရှိ၏၊ တူ မတူ ဆိုသည်ကား အားရှိ အားမဲ့ခြင်း တူ မတူကို ဆိုလိုသည်၊ ငါတို့ သိဒ္ဓတ္ထ မင်းသား၏ ကံ (ကမ္မ) နှင့် အမိ မယ်တော် မာယာ၊ အဖ သုဒ္ဓေါဒန မင်းကြီးတို့၏ ကံနှင့် နှိုင်းယှဉ်သော် မယ်တော် ခမည်းတော်တို့၏ ကံသည် အလွန် ငယ်၏၊ အလွန် အားမဲ့၏၊ ဤကား မတူရာ၌ သက်သေတည်း၊ တူရာ၌ သက်သေကား လောက၌ မြော်မြင်ဖွယ် အလွန် ပေါများလေပြီ၊ မျက်မြင်ဘဝ၌ အကျိုးပေးပုံချင်း တူ မတူကို ထောက်မျှော်၍ ကံ (ကမ္မ) ချင်း တူ မတူကို ဆိုခွင့် ရှိလေသတည်းတဲ့'

'ဒါ အရှင်းကြီးပဲ၊ မိဘကလည်း ချမ်းသာ၊ သားသမီး လက်ထက်လည်း ချမ်းသာ၊ မိဘလည်း ဆင်းရဲ သားသမီးလည်း ဆင်းရဲ၊ မိဘ ချမ်းသာ သားသမီးကျတော့ ဆင်းရဲသွား၊ မိဘက ဆင်းရဲပေမယ့် သားသမီးကျတော့ ချမ်းသာ လာတာတွေ လောကမှာ မျက်မြင်ထင်ရှားပဲဟာ၊ ဒါက အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ခုလုံး အပေါ်မှာ တည်တာပဲနော် ဆရာ'

'ဆရာပွ သုံးသပ်တာ မှန်တာပေါ့၊ နိုင်ငံခြားသားတွေ မေးတာက ဒုတိယ မေးခွန်း အတွက် အထောက်အကူ ရအောင်လို့ ဒီမေးခွန်းကို ကြိုမေးတာနှင့် တူတယ်'

'သြော် ဟုတ်လား၊ ဒီသဘောလား'

'ကျွန်တော် ထင်တာကို ပြောတာ၊ ဒါက အတွေ့နောမတိပါ ဆရာပွ'

'ဒါဆို ဆရာတော်ကြီးက ဒုတိယ ပုစ္ဆာကို ဖြေပုံ ပြောပါဦး'

'ဟုတ်ကဲ့ ပြောပါ့မယ်၊ ဒီအဖြေမှာ ဆရာတော်က

'မိဘက နူသည် ဖြစ်စေ၊ ရောဂါဆိုး စွဲကပ်သည် ဖြစ်စေ၊ ရူးသည် ဖြစ်စေ ထိုသူတို့မှ ပေါက်ပွားသော သားသမီးတို့မှာ ဆေးကျမ်း ပညာအရ ကူးတတ်သည်၊ ကံ (ကမ္မ) ချင်း မတူကြလျှင် မည်သည့် အတွက်ကြောင့် နူနိုင် ကူးနိုင် ရူးနိုင်ကြပါသနည်း ဟူသော မေးချက်မှာ

'အမိ၏ ဥတု အတွက် အဖ၏ ဥတု အတွက်ကြောင့် နူနိုင် ရူးနိုင် ကူးနိုင်သည်၊ ဤအရာ၌ ပန်းပင်ငယ် ဥပမာကို ပြဆိုရာ၏၊ အလွန် မြေသြဇာ ရေသြဇာ ညံ့ဖျင်းလှသော မြေအရပ် တစ်ခု၊ အလွန် မြေသြဇာ ရေသြဇာ ကောင်းမွန်လှသော မြေအရပ် တစ်ခု ရှိရာ၏၊ တစ်ခုသော ပန်းပင် မျိုးစေ့ကို ရရှိ၍ ညံ့ဖျင်းသော မြေအရပ်၌ စိုက်ပျိုးခဲ့ပါမူ တစ်ထွာခန့်မျှ ရှိလျှင် နာ၍ နူ၍ နေတတ်၏၊ ထိုမျိုးစေ့ကိုပင် ကောင်းမွန်သော မြေအရပ်၌ စိုက်ပျိုးခဲ့ပါမူကား တစ်တောင်ခန့်မျှ ကြီးပွား၍ နာမှု နူမှု ကင်းရှင်းလျက် အလွန် ရှင်သန်တတ်၏၊ မျိုးစေ့ တစ်ခုတည်း ဖြစ်လျက် အဘယ်ကြောင့် ပန်းပင်ချင်း မတူကြလေသနည်း၊ မြေ အတွက် ရေ အတွက်ကြောင့် ပန်းပင်ချင်း မတူ ရှိကြလေသတည်း။

'ရှေး ကံဟောင်းသည် ပန်းမျိုးစေ့နှင့် တူ၏၊ အမိ၏ အသွေးအသားစုသည် ပန်းမျိုးစေ့ စိုက်ပျိုးရာ မြေအရပ်နှင့် တူ၏၊ အဖ၏ အသွေးအသားစုသည် ထို မြေအရပ်၌ ကျရောက်သော ရေနှင့် တူ၏၊ ပန်းမျိုးစေ့၏ အဖို့သည် ပန်းပင်ငယ်မှာ ဆယ်ဖို့တွင် တစ်ဖို့ခန့် ပါဝင်၏၊ မြေ၏ အဖို့သည် ပန်းပင်ငယ်မှာ ဆယ်ဖို့တွင် ခြောက်ဖို့ခန့် ပါဝင်၏၊ ရေ၏ အဖို့သည် ပန်းပင်ငယ်မှာ ဆယ်ဖို့တွင် သုံးဖို့ခန့် ပါဝင်၏၊ ဤကား မြေ၊ ရေတို့မှ လိုက်ပါ လာကြသော အဆင်း သဏ္ဌာန် ရသ သြဇာတို့၏ ကောင်းခြင်းတို့ပေတည်း။

'ကံနှင့် မိဘ သားသမီးတို့မှာလည်း ထိုနည်းတူ မှတ်လေ၊ မိဘတို့၏ အဖို့ ဆိုသည်ကား မိဘတို့သည် လူဖြစ်ကုန်အံ့၊ သားသမီးတို့သည် လူသဏ္ဌာန် ဖြစ်ကြရကုန်၏၊ မိဘတို့သည် နွား ဖြစ်ကြကုန်အံ့၊ သားသမီးတို့သည် နွားသဏ္ဌာန် ဖြစ်ကြရကုန်၏၊ လူတို့တွင်လည်း မိဘတို့သည် တရုတ်လူမျိုး ဖြစ်အံ့၊ သားသမီးတို့သည် တရုတ် လူမျိုး သဏ္ဌာန် ဖြစ်ကြကုန်၏၊ မိဘတို့သည် ကုလား လူမျိုး ဖြစ်ကြကုန်အံ့၊ သားသမီးတို့သည် ကုလား သဏ္ဌာန် ဖြစ်ကြကုန်၏၊ အနာရောဂါတို့သည်လည်း ထို မိဘတို့၏ အဖို့တွင် ပါဝင်လျက် ရှိကြကုန်၏။

'ထို့ကြောင့် မိဘတို့၏ ကံနှင့် သားသမီးတို့၏ ကံသည် မတူကြ ကုန်သော်ငြားလည်း အတန်ငယ်မျှ ကြီးမြတ်ကြကုန်ငြားလည်း မိဘတို့၏ အဖို့ကို မလွန်ဆန်နိုင်၊ မခုခံနိုင်၊ မိဘ နူလျှင် သားသမီး နူတတ်၏၊ မိဘသည် ရောဂါ ဖြစ်ခဲ့လျှင် သားသမီးလည်း ကြီးလျှင် ရောဂါ ဖြစ်တတ်၏၊ မိဘ ရူးလျှင် သားသမီးလည်း ကြီးလျှင် ရူးတတ်၏။

'မိဘတို့၏ ကံထက် အလွန်ကြီးသော ကံမှသာလျှင် သားသမီး သဏ္ဌာန်၌ မိဘတို့မှ လိုက်ပါလာသော

www.burmeseclassic.com



ဓာတ်ဆိုး ဓာတ်ဝါးတို့၏ ပွားစီးခြင်းကို လွန်ဆန်နိုင် ခုခံနိုင်၏၊ ဆေးကောင်းဝါးကောင်းတို့ဖြင့် ကိုယ့်သဏ္ဍာန်၌ ဓာတ်ကောင်း ဓာတ်မွန်တို့ ပွားစီးလေအောင် တည်ထောင် ပြုစုနိုင်ခဲ့ပါမူကား မိဘ နူသော်လည်း မနူရအောင် တတ်နိုင်လေသတည်း။

'အမိဝမ်း၌ ပဋိသန္ဓေ ကိန်းရသော သတ္တဝါတို့မှာ မျိုးစေ့ သုံးပါးနှင့် ဖြစ်ပွားရကုန်၏၊ ရှေးကံဟောင်းမျိုးစေ့ တစ်ပါး၊ အမိ၏ ရသဓာတ်လည်း မျိုးစေ့ တစ်ပါး၊ အဖ၏ ရသဓာတ်လည်း မျိုးစေ့ တစ်ပါး၊ ထိုတွင် အမိဓာတ် အဖဓာတ် နှစ်ပါးတို့သည်လည်း အားရှိ အားမဲ့ချင်း တူ မတူ နှစ်ပါး ရှိကြကုန်၏၊ မိဘ နှစ်ပါးစုံ ကျန်းမာမှု ဆူဖြိုးမှု တူကြလျှင် ရသဓာတ် နှစ်ပါး အားရှိခြင်း တူကြ၏၊ ထိုအခါ ပဋိသန္ဓေ တည်နေသော သားသမီးတို့မှာ အဆင်း သဏ္ဍာန် စသည် နှစ်ဖက် မျှတလျက် ရှိတတ်ကြ၏၊ မိဘတို့မှာ ရသဓာတ် တစ်ဖက်က အားရှိ၊ တစ်ဖက်က အားနည်းသော အခါ ပဋိသန္ဓေ တည်သော သားသမီးတို့မှာ အဆင်းသဏ္ဍာန် စသည် တစ်ဖက်ဖက်က သာလွန်တတ်ကြ၏'

'ဟုတ်တာပေါ့၊ လောကမှာ ကံအကြောင်း တစ်ခုတည်းမှ မဟုတ်ဘဲနော၊ ကံ စိတ် ဥတု အာဟာရ သမုဋ္ဌာန် လေးပါး ရှိကြောင်း ဘုရား ဟောထားသားပဲ၊ ကံ တစ်ကြောင်းတည်း ထောက်လို့တော့ ဘယ်ရမှာလဲ၊ လယ်တီ ဆရာတော်ဘုရား ဖြေလိုက်တာ ဟန်ကျလိုက်တာ၊ အနောက်တိုင်းက လူတွေက သူတို့ မေးတာကို ဆရာတော်ကြီးက ဖြေပဲ ဖြေနိုင်ပါ့မလား အောက်မေ့နေမှာ၊ ခုတော့ သင်းတို့ လက်ဖျား ခါရရောပေါ့'

'အမှန်ပဲ ဆရာပွရယ်၊ ကျုန်တဲ့ မေးခွန်းတွေကို ဆရာတော်ကြီး ဖြေတော် မူပုံကလည်း အံ့သြ ချီးမွမ်းလောက်ပါတယ်'

'စိတ်ဝင်စားဖို့ ကောင်းလွန်းလို့ ပြောစမ်းပါ ဆရာရယ်'

'မသိပါဘူးဗျာ၊ ကျွန်တော် တစ်ယောက်တည်း ဒိုင်ခံ ပြောနေလို့ ဆရာပွ ပျင်းနေပြီလားလို့၊ ခါတိုင်း ဆရာပွ စိတ်မဝင်စားတဲ့ အကြောင်းအရာကို ပြောတဲ့ အခါ ငုတ်တုတ်ထိုင် အိပ်တတ်တဲ့ လူ၊ ဒီတစ်ခါတော့ မျက်နှာကလည်း ရွှင်ရွှင်လန်းလန်းနှင့် ဆန်းတော့ အဆန်းသား'

'ဆရာ ပြောနေကျ စကား အတိုင်း ပြောရရင် အဲဒါ သဒ္ဓါပေါ့၊ ယုံစရာ ကောင်းတဲ့အခါ ကြည်ကြည်လင်လင် ဖြစ်တာနှင့် တူပါရဲ့'

'သာဓုဗျာ၊ ဆရာပွ ရင်ထဲမှာ သဒ္ဓါတရား ဖြစ်ပေါ်လာတယ် ဆိုတာ ကြားရတော့ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်လည်း ကုသိုလ် ရတာပေါ့၊ မဟုတ်ဘူးလား'

'အင်း ဆရာကတော့ ခုမှ သိသိသာသာ ပြောင်းလဲလာတယ်၊ အစက ဒီလို စကားမျိုး မကြားရဘူး'

'ဟုတ်ပါတယ် ဆရာပွ၊ ဒါဟာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးပါပဲဗျာ'

'ပြောပါဦး ဆရာရဲ့၊ ကျန်တဲ့ ပုစ္ဆာများရဲ့ အဖြေတွေကိုရော၊ တတိယ ပုစ္ဆာကို ဖြေပုံကလေး လုပ်ပါဦး'

'အင်း တတိယ ပုစ္ဆာလည်း တမလွန် ကိစ္စနှင့် အဓိက ဆိုင်ပြန်တာပဲဗျ၊ ဆရာတော် ဖြေပုံက ဒီလိုဗျ။

'ဝိညာဉ်သည် အတွယ်ရှိမှ ပြုတ်ပါသလား၊ သို့မဟုတ် မတွယ်မီ အလိုအလျောက် ဖြစ်နေပါသလား၊ အစိမ်း တစ္ဆေ ဖြစ်သည် ဆိုကြသော စကား မှန်ပါသလား ဟူသော အချက်မှာ

'အတွယ် ရှိမှပင် ပြုတ်သည်၊ အတွယ် မရှိမီ အကြားမှာ တစ်စုံတစ်ခုသော အဖြစ်၌ အလိုအလျောက် ဖြစ်၍နေသည် မဟုတ်၊ အတွယ် မရှိမီ အကြားမှာ တစ်စုံတစ်ခုသော အဖြစ်၌ အလိုအလျောက် ဖြစ်၍ နေသေးသည် ဟူသော အယူအဆသည် အန္တရာ ဘဝဒိဋ္ဌိ အယူ (ကြားဘဝ ရှိသည် ဟူသော မှားသော အယူ) မည်၏၊ ထိုအယူကို ဗုဒ္ဓဘာသာ ကျမ်းဂန်များ၌ ပယ်ဖျက်လျက် ရှိ၏။

'ထိုအယူ ဖြစ်ပုံကား ဤဘဝမှ သေလွန်လျှင် နောက်ဘဝ၌ လူ ဖြစ်မည့်သူ၊ နတ် ဖြစ်မည့်သူ၊ ဗြဟ္မာ ဖြစ်မည့်သူ၊ အောက် ငရဲ၌ ဖြစ်မည့်သူ၊ တိရစ္ဆာန် ပြိတ္တာတို့၌ ဖြစ်မည့်သူ အမျိုးမျိုး ရှိကြ၏၊ ထိုသူတို့သည် ဤလူ့ဘဝ သေလွန်ရာ ဌာနမှ နောက် လူ့ဘဝသို့၊ နတ်ဘဝသို့၊ ဗြဟ္မာဘဝသို့၊ ငရဲ တိရစ္ဆာန် ပြိတ္တာဘဝသို့ အဘယ်သို့ ကူးပြောင်း ရောက်နိုင်ကြပါကုန်သနည်း၊ အကြား၌ သွားလွင့် ကူးသန်းမှု ဧကန္တ ရှိရလိမ့်မည် မဟုတ်လော၊ သွားလွင့် ကူးသန်းမှု ရှိခဲ့သော် ထိုသွားလွင့် ကူးသန်းသူသည် အကောင်အထည် ရှိသော လူလည်း မဟုတ်၊ နတ်လည်း မဟုတ်၊ ဗြဟ္မာလည်း မဟုတ်သေး၊ ငရဲ တိရစ္ဆာန် ပြိတ္တာလည်း မဟုတ်သေး၊ အလွတ် တစ်မျိုး မဟုတ်လော၊ ထိုသူကို အန္တရာဘဝ ခေါ်၏။

'ထိုသူသည် ခန္ဓာ ငါးပါး အပြည့်အစုံ ရှိသည် ဟူ၍လည်း ယူကြ၏၊ ဝိညာဉ်ချည်း သက်သက် ရှိသည်

www.burmeseclassic.com



ဟူ၍လည်း ယူကြ၏၊ ထိုသူတို့သည် နတ် မျက် စိ အမြင်နှင့် ပြည့်စုံ၏၊ အလိုရှိရာ ဘဝသို့ ခဏချင်း ရောက်နိုင်သော တန်ခိုးလည်း ရှိ၏၊ ထိုသူသည် ကံ တိုက်တွန်းရာ ထွေထွေလာလာ ထင်တတ်၏၊ လူဆင်းရဲ ဖြစ်ရန် ကံတိုက်တွန်းလျှင် လူဆင်းရဲကိုပင် လူချမ်းသာ ထင်၏၊ ငရဲ ကျရောက်ရန် ကံတိုက်တွန်းခဲ့လျှင် ငရဲ ပြည်ကိုပင် နတ်ပြည် ထင်၏၊ ထိုအန္တရာ ဘဝမှ တစ်ဆင့် အလိုရှိရာ ဘဝသို့ ခဏချင်း သွားရောက်၍ ပဋိသန္ဓေ စွဲနေ ဖြစ်ပေါ်လာလေ၏၊ ဤကား အန္တရာ ဘဝ ဝါဒီ ပုဂ္ဂိုလ်တို့၏ အယူတည်း၊ ဤအယူကို ဗုဒ္ဓဘာသာ ကျမ်းတို့၌ ပယ်ဖျက်၏။

'ပယ်ဖျက်ပုံကား အန္တရာ ဘဝ ဟူ၍ မရှိ၊ ဤ ဘဝမှ သေလွန်လျှင် နောင်ဘဝ၌ လူဖြစ်မည့်သူသည် လူဖြစ်လေ၏၊ နတ်ဖြစ်မည့်သူသည် နတ်ဖြစ်လေ၏၊ ငရဲ ကျမည့်သူသည် ငရဲ၌ ချက်ချင်း ဖြစ်လေ၏၊ အကြား၌ အန္တရာဘဝ မရှိခဲ့သော် လူ့ပြည်မှ နတ်ပြည်သို့၊ လူ့ပြည်မှ ငရဲပြည်သို့ အဘယ်သို့ သွားလိမ့်မည်နည်း ဆို ငြားအံ့။

'တစ်ဘဝမှ တစ်ဘဝသို့ သွားသည် လာသည် ကူးသည် သန်းသည် ပြောင်းရွှေ့သည် ကျင်လည်သည် ဟူသော စကားမျိုးသည် လောက စကားမျိုးသာ ဖြစ်သည်၊ ဓမ္မစကားမျိုး ဓာတ်စကားမျိုး မဟုတ်၊ ဓမ္မ စကားမျိုးနှင့် ပြောဆိုရသော် တစ်ခုသော ရုပ်ဓမ္မ နာမ် ဓမ္မသည် တစ်ဘဝမှ တစ်ဘဝသို့ သွားသည် လာသည် မရှိ၊ ကူးသန်း ပြောင်းရွှေ့သည် ကျင်လည်သည် ဟူ၍ မရှိ၊ ဤအရာ၌ အရိပ်ဓာတ်ပုံ (ရုပ်ရှင်) ပြခန်း၊ ဓာတ် သီချင်း ဖွင့်ခန်း၊ (ယခုခေတ် ရေဒီယို၊ တယ်လီဗီးရှင်း) များကို စေ့စုံစွာ ထောက်မြော်၍ ရုပ်နာမ်ဓမ္မတို့၏ အစီ အစဉ်အားဖြင့် အဆက်ဆက် အဆင့်ဆင့် ဖြစ်ပွား၍ သွားပုံကို ယုံကြည်ထိုက်လှ၏။

'အကြင်သူသည် လူ့ပြည်မှ သေ၍ နတ်ပြည်၌ ဖြစ်လေ၏၊ ထိုသူ၌ လူ့ဘဝ အဆုံးနှင့် နတ်ဘဝ အစ သည် ဌာနအားဖြင့် ဝေးကွာသော်လည်း ကာလအားဖြင့် တခြား မရှိ၊ တစ်စပ်တည်း တစ်ဆက်တည်း ဆက်စပ် လျက် ဖြစ်သည်၊ အကြင်သူသည် လူ့ပြည်မှ သေ၍ အောက် မဟာ အဝီစိ ငရဲကြီး၌ ဖြစ်လေ၏၊ ထိုသူ၌ လည်း လူ့ဘဝ အဆုံးနှင့် ငရဲဘဝ အစသည် ဌာနအားဖြင့် ဝေးကွာသော်လည်း ကာလအားဖြင့် အခြား မရှိ'

'နေပါဦး ဆရာရဲ့၊ ဌာနအားဖြင့် ဝေးကွာသော် လည်း ကာလအားဖြင့် အခြား မရှိ ဆိုတာ ဘယ်လိုလဲ'

'ဒါက ရူပဗေဒ သဘောပဲ ဆရာပွ၊ အလွယ်ဆုံး နားလည်နိုင်တဲ့ ဥပမာနှင့် ပြောမယ် နော်၊ ဆိုပါတော့ ရန်ကုန်က ရုပ်မြင်သံကြား လွှင့်ထုတ်တာကို မန္တလေး က ဖမ်းယူ ကြည့်ရှုတယ် ဆိုပါတော့၊ မန္တလေး နှင့် ရန်ကုန်ဟာ မိုင် လေးရာ ဝေးတယ်လေ၊ ဘယ်လောက် ဝေးဝေးပေါ့ဗျာ၊ ရန်ကုန်က ညရှစ်နာရီမှာ လွှင့်ထုတ်တာ ကို မန္တလေးက ဘယ်အချိန်မှာ ဖမ်းယူရသလဲ'

'ည ရှစ်နာရီမှာပဲပေါ့'

'ဒီတော့ မန္တလေး နှင့် ရန်ကုန်ဟာ ဌာနအားဖြင့် ဘယ်လောက် ဝေးဝေး တီဗွီက ထုတ်လွှင့်တာကို ဖမ်းယူ ကြည့်ရှုရာမှာတော့ အချိန် ခြားနားသလား'

'မခြားနားပါဘူး'

'ဒါကို ပြောတာပေါ့၊ ဌာန ကွာခြားသော်လည်း ကာလအားဖြင့် အခြား မရှိဘူး ဆိုတာ၊ ဒါကို သဘော ပေါက်ပြီလား'

'ဟုတ်ကဲ့၊ ခုတော့လည်း လွယ်လွယ်ကလေး နားလည်ရသလိုပဲ'

'အဲဒါ မှတ်ထား၊ အင်နာဂျီ ခေါ်တဲ့ စွမ်းအင်တို့ရဲ့ သတ္တိဟာ ဒီအတိုင်းပဲ၊ ဖိုတို အီလက်ထရစ် စွမ်းအင် ခေါ်တဲ့ တီဗွီက ထုတ်လွှင့်တဲ့ ဓာတ်လှိုင်း တစ်ခုဟာ တစ်စက္ကန့်ကို မိုင်ပေါင်း တစ်သိန်း ရှစ်သောင်း ခြောက် ထောင် သွားတယ်၊ ဒီတော့ ရန်ကုန်က လွှင့်တဲ့ အချိန်နှင့် မန္တလေးကို ရောက်တဲ့ အချိန်ဟာ တစ်စက္ကန့် အတွင်း မှာပဲ ဖြစ်နေတော့ ကာလ ခြားနားတယ် မဆိုနိုင်တော့ ဘူးပေါ့'

'အင်း ရှင်းပါပြီ၊ ဒါဆို လယ်တီ ဆရာတော် ဘုရားဟာ ဆရာတို့ ပြောနေတဲ့ ရီလေတစ်ဗစ်တီ သီဝရီ ကိုတောင် သိထားသလိုပဲ နော်'

'ဆရာတော် ဖြေကြားနေပုံကိုထောက်တော့ ရူပ သဘာဝတွေကို ဓာတ်ပေါက် နေသလိုပဲဗျ၊ အမှန်တော့ လည်း သဘာဝဟာ ဓမ္မောပဲ ဆိုတော့ ဓာတ် ပေါက်အောင် သိထားတဲ့ ဆရာတော်ဘုရားဟာ သဘော အကုန်ကို သိထားတာ ဖြစ်ကောင်းပါတယ်'

'ကဲ ဆက်ပါဦး ဆရာ၊ တဖြည်းဖြည်းနှင့် တရား က နက်နဲသလောက် စိတ်ဝင်စားဖို့လည်း သိပ်ကောင်း တာပဲ'

'အဲ ခုနက ဘယ်ရောက် သွားပြီလဲ'

'ဌာနအားဖြင့် ဝေးကွာသော်လည်း ကာလအား

www.burmeseclassic.com



ဖြင့် အခြား မရှိ ဆိုတာ ရောက်ပြီ'

'ဟုတ်ကဲ့၊ ဆရာတော့် မူအတိုင်း ပြောမယ်နော်။

'ဆရာတော်က

'လောက မျက်မြင်အားဖြင့် မဟာပထဝီ မြေအထု ခုခံ ကွာခြား နေသော်လည်း ကံဟူသော နာမ်ဓမ္မ၏ အစွမ်းသတ္တိကို ထို မဟာပထဝီ မြေအထု ခုခံ ကွယ်ခြားနိုင်သည် မဟုတ်၊ လူ့ဘဝမှာ အဆုံး နာမ်ဓမ္မ အဟောင်းချုပ်လျှင် မဟာအဝီစိ ငရဲကြီးမှာ အစ နာမ်ဓမ္မ အသစ် ဆက်လက် ဖြစ်ပေါ် လေတော့၏၊ အကြား၌ မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်မျှ ကြန့်ကြာခြင်း မရှိလေပြီ၊ အကြောင်းမူကား အသီးသီး သူ့ကံနှင့် သူ့ဘုံ၊ သူ့ဘုံနှင့် သူ့ဘဝ သတ်မှတ် ပိုင်းခြားလျက် ရှိသောကြောင့်တည်း'

'ဒါဆို လယ်တီ ဆရာတော်က ကံကို အင်နာဂျီ (စွမ်းအင်) တစ်ခုလို့ ဆိုလိုတာပေါ့နော် ဆရာ'

'ဒါပေါ့ ဆရာပွရဲ့၊ ကံဟာ ခုခေတ် စကားအရ အင်နာဂျီ (စွမ်းအင် သတ္တိ) တစ်ခုပဲပေါ့၊ ခင်ဗျား သီဟိုဠ်က အရှင် ပိယဒဿီ မဟာထေရ် ရေးသားတဲ့ (The Law Of Cause And Effect) ဆိုတဲ့ စာအုပ်ကလေးကို ဖတ်ကြည့်ပါလား'

'ဖတ်နေတာ ကြာပါတယ် ဆရာရယ်၊ ဆရာတော်က ဘယ်လို ဆိုထားလို့လဲ၊ တစ်ခါတည်းသာ ပြောလိုက်ပါတော့'

'အင်း ခင်ဗျားကတော့ အားလုံး အသင့်ပဲနော်'

'ဩ ဆရာပဲ ပြော ထား တယ် မဟုတ်လား၊ ရတနာ သုံးပါးကို ယုံကြည် ဆည်းကပ်လာပြီးတဲ့နောက် ဗုဒ္ဓ သာသနာတော် အတွက် ရပ်တည်သူ၊ ရဲရင့်သူ၊ စွန့်စားသူ၊ ကာကွယ်သူ၊ စောင့်ရှောက်သူ ဖြစ်ဖို့ ဆုံးဖြတ် ထားတယ်ဆို'

'အေးလေ ထားပါတော့၊ ကိုယ့်စကားနှင့် ကိုယ်ပဲ၊ အရှင် ပိယဒဿီက

'In the ultimate sense, Kamma means good and bad volition [Kusala Akusala Cetana]. So long as there are deeds, so long is kamma a grim reality, and reward and punishment no empty words.

'Desire gives rise to deed; deed gives rise to result; result exhibits itself as new corporeality endowed with new desire. Deed is as inevitably followed by result as the body by its shadow. This is merely the universal natural law of the conservation of energy extended to the moral domain. As in the universe no energy can ever be lost, so also in the individual nothing can be lost of the resilient force accumulated by desire.

This resilient energy is always transmulated into fresh life, and we live eternally through our lust to live. The medium, however, that makes all existence possible is kamma.*

'ကဲ ဒါဆို ဆရာပွ ရှင်းရော မဟုတ်လား'

'သဘောတော့ ပေါက်သလိုပဲ၊ ဒါပေမယ့် ရှင်းခနဲ လင်းခနဲတော့ မဖြစ်ဘူး၊ အကောင်းဆုံးကတော့ တစ်ခါတည်း ဘာသာသာ ပြန်လိုက်ပါတော့ ဆရာရယ်'

'ဟာ တော်တော် ခိုင်းတဲ့ လူပဲ'

'ပါရမီ ဖြည့်တယ်လို့ သဘောထားပါ ဆရာရယ်'

'ကောင်းပါပြီ၊ ခင်ဗျား ပြောတဲ့အတိုင်း ထားတာဟာ အကောင်းဆုံး နှလုံးသွင်း (ယောနိသော မနသိကာရ) ပါပဲ၊ ပိယဒဿီ မဟာထေရ် ဆိုလိုတာက

'အဆုံးမတော့ ကံဆိုတာ ကုသိုလ် အကုသိုလ် (ကောင်းဆိုး စေတနာ) ကို ခေါ်တာပါပဲတဲ့၊ ဆန္ဒ ရှိနေသရွေ့ ကာယကံ ဝစီကံ မနောကံ ပေါ့ဗျာ၊ ဒီကံတွေ (အပြုအမူတွေ) ရှိနေမှာပါပဲတဲ့၊ ကံ ရှိနေသရွေ့လည်း ကောင်းမှု ဆိုးမှု ဆိုတဲ့ အကျိုး အပြစ် သဘောက မကင်းနိုင်ဘူးလေ။

'လုပ်ချင်တဲ့ စိတ်က လုပ်အောင် တိုက်တွန်းတယ်၊ လုပ်တော့ အကျိုးတွေ ဖြစ်တယ်၊ အဲဒီ အကျိုးဆက်တွေက ရုပ်နာမ်တွေ ဖြစ်လာရတာပေါ့၊ ရုပ်နာမ် ဖြစ်လာတော့ အဲဒါ အာရုံ ဖြစ်၊ အာရုံ ဖြစ်တော့ ထိတွေ့မှု ဖြစ်၊ ထိတွေ့မှု ဖြစ်တော့ ခံစား၊ ခံစားတော့ တပ်မက် (တဏှာ) ဖြစ်ပြန်ရောပေါ့၊ ဒီတော့ ပြုလုပ်မှုဆိုတဲ့ ကံဟာ လူ့နောက်က အရိပ်ပါသလို ကံ ကံ၏ အကျိုး ဆိုတာ မလွဲမသွေ မုချ ပါလာတယ်၊ ဒါဟာ သဘာဝ တရားရဲ့ စွမ်းအင် ထိန်းသိမ်းမှု နိယာမကို ကိုယ်ကျင့်တရား နယ်အထိ ဆန့်ကြည့်တဲ့ သဘောပဲတဲ့၊ သဘာဝ တရားထဲမှာ ဘယ်စွမ်းအင်မှ ထာဝရ ချုပ်ငြိမ်း ပျောက်ကွယ်သွားတာ မရှိသလိုဘဲ သတ္တဝါမှာလည်း သူ့ ဆန္ဒ စေတနာ အလျောက် ပြုမူ စုဆောင်းထားတဲ့ တုံ့ပြန်တတ်တဲ့ စွမ်းအားဟာလည်း ဘယ်တော့မှ ပျောက်ပျက် မသွားဘူးတဲ့၊ ဒီ တုံ့ပြန်တတ်တဲ့ ဝဋ်စွမ်းအင်က ဘဝသစ် အဖြစ်

--------------

* *The Law Of Cause And Effect, Piyadissi Thera p 3-4*

www.burmeseclassic.com



နှင့် ပြောင်းလဲ ဖြစ်ပေါ် လာပြန်တယ်တဲ့၊ လူသတ္တဝါ ဆိုတာတွေလည်း အစဉ်သဖြင့် ဘဝတဏှာအားဖြင့်သာ အသက်ရှင် နေကြတာပါတဲ့၊ ကမ္ဘာဘဝ အားလုံးကို ဖြစ်အောင် ဖန်တီးတဲ့ အကြောင်းရင်းခံကတော့ ကံပါပဲတဲ့'

'အင်း ဒါဆို ရှင်းတာပေါ့၊ မဟုတ်ရင် သို့လော သို့လော စဉ်းစားနေရဦးမယ်၊ ကဲ လယ်တီ ဆရာတော် ရဲ့ အဖြေကို ဆက်တော့'

'ဟုတ်ကဲ့၊ ခင်ဗျား အလိုကျ ပြောပါတော့မယ်။

'လယ်တီ ဆရာတော်ကလည်း ကံအကြောင်းကို ဆက်ပြောပါတယ်။

'ဆရာတော် ပြောတာက

'ကံသည် အမျိုးမျိုး ရှိ၏၊ ကံ၏ အကျိုးသည် အမျိုးမျိုး ရှိ၏၊ ဒါန ဟူသော ကုသိုလ်ကံ တစ်မျိုးမှာပင် အချို့သော ဒါနကံသည် လူ့ဘဝကို ဖြစ်စေနိုင်၏၊ အချို့သော ဒါနကံသည် စတုမဟာရာဇ် နတ်ဘဝကို ဖြစ်စေနိုင်၏၊ အချို့သော ဒါနကံသည် တာဝတိံသာ နတ်ဘဝကို ဖြစ်စေနိုင်၏၊ (နတ်ပြည် ခြောက်ထပ် အဆင့်ဆင့် သွားလေ။)

'သီလ ဟူသော ကုသိုလ်ကံ တစ်မျိုးကိုလည်း ဒါနကံ အတိုင်း ဝေဖန်လေ၊ မဟဂ္ဂုတ် ဘာဝနာ ကံစုမှာလည်း ပထမဈာန် ကုသိုလ်ကံသည် ပထမဈာန် ဗြဟ္မာဘဝကို ဖြစ်စေနိုင်၏၊ ဒုတိယဈာန် ကုသိုလ်ကံသည် ဒုတိယဈာန် ဗြဟ္မာဘုံ၌ ဒုတိယဈာန် ဗြဟ္မာဘဝကို ဖြစ်စေနိုင်၏၊ တတိယဈာန် စတုတ္ထဈာန် စသည်တို့၌လည်း သူ့ ကုသိုလ်ကံနှင့် သူ့ဘုံ သူ့ဘဝ အသီးသီး ရှိကြလေပြီ၊ အထက်ဆုံး ဖြစ်သော နေဝသညာ နာသညာယတနဈာန် ကုသိုလ်ကံသည် အထက်ဆုံး ဖြစ်သော နေဝသညာ နာသညာယတန ဗြဟ္မာဘုံ၌ နေဝသညာ နာသညာယတန ဗြဟ္မာဘဝကို ဖြစ်စေ၏။

'ပါဏာတိပါတ ဟူသော အကုသိုလ်ကံ တစ်မျိုးမှာပင် အချို့ကံသည် သိဉ္ဇိုဝ်း ငရဲဘဝကို ဖြစ်စေနိုင်၏၊ အချို့ကံသည် ကာဠသုတ္တ ငရဲဘုံ၌ ကာဠသုတ္တ ငရဲဘဝကို ဖြစ်စေနိုင်၏၊ ဤနည်းအတူ အောက်ဆုံး ဖြစ်သော မဟာအဝီစိ ငရဲဘုံတိုင်အောင် ဆိုလေ၊ အဒိန္နာဒါန ကံ စသည်တို့ကိုလည်း ပါဏာတိပါတာ ကံ အတိုင်း ဝေဖန်လေ။

'ကံ၏ အကျိုး အမျိုးမျိုး ဆိုသည်ကား လူ့ဘဝ စတုမဟာရာဇ် နတ်ဘဝ တာဝတိံသာ နတ်ဘဝ အစ ရှိသည်ဖြင့် ဆိုခဲ့ပြီးသော စကားရပ်စု၌ ဘဝ ဟူသော စကားသည် ကံ၏ အကျိုးကို ဆိုသော စကားပင်တည်း။

'ဘဝ အမျိုးမျိုးကို ကံ၏ အကျိုး အမျိုးမျိုး ဟူ၍ ဆိုပေသည်'

'နေပါဦး ဆရာရဲ့၊ ဘဝဆိုတာ ကံရဲ့ အကျိုးပဲ လို့ ဆရာတော် ဆိုတယ်နော်'

'ဆိုတယ်လေ၊ ဘဝဟာ ကံရဲ့ အကျိုး အမှန်ပဲ ဟာ'

'အဲဒါကျတော့ ကျွန်တော်က နားဝေး သွားပြန်ပြီ၊ ဆရာပဲ ကြည့်လုပ်ပါဦး'

'ဆရာပွ ဒီတစ်ခါ စူးစူးစိုက်စိုက် နားထောင်တာ သိပ် ကြိုက်တာပဲ၊ ဟုတ်ပါတယ်၊ ကျွန်တော်လည်း အစက ခင်ဗျားလိုပဲ သဘော မပေါက်ဘူး'

'သဘော မပေါက်တာက ကျွန်တော် တစ်ယောက်တည်းလို့ ဆရာ မမှတ်ပါနှင့်၊ ဗုဒ္ဓဘာသာဝင် အများစုကလည်း လုံးထွေး လုံးထွေးနှင့်ပဲ၊ သဘော ပေါက်ကြတယ် ဆရာ မထင်ပါနှင့်'

'ဟုတ်မယ် ထင်ပါရဲ့၊ တကယ်တော့ ကံနှင့်ဘဝ ဆက်စပ်ပုံကို သိဖို့က ပဋိစ္စသမုပ္ပါဒ်နှင့် ၂၄ ပစ္စည်း တရားတွေကို တော်တော် ရေရေလည်လည် သဘောကျထားမှ ဖြစ်မှာပဲ ဆရာပွရဲ့၊ ပြောလက်စ စကားကတော့ နည်းနည်း ဘေးရောက် သွားဦးမလား မသိဘူး'

'ဘေး ရောက်သွားလည်း ပြီးမှ ပြန်ကောက်တာပေါ့၊ ဒါက အရေးကြီးတဲ့ ပွိုင့်ပဲ၊ ပြောသာပြောပါ ဆရာရယ်၊ ကျွန်တော် စကား ပြန်ကောက်တတ်ပါတယ်'

'အင်း ဟုတ်ပါတယ်၊ ဆရာပွက မှတ်ဉာဏ် ကောင်းတာပဲ၊ ကျွန်တော်တို့ ပဋိစ္စ သမုပ္ပါဒ်ထဲက ကံနှင့် ဘဝ အကြောင်းကို လေ့လာ ကြည့်ကြရအောင်၊ ဒီ နေရာမှာ ဘဝတဏှာ ဆိုတဲ့ စကားကို အဓိပ္ပာယ် နားလည် ရလိမ့်မယ်၊ ဘဝ တဏှာ ဆိုတာ ဘဝကို တပ်မက်ခြင်း၊ အင်္ဂလိပ်လိုတော့ Desire ပဲ၊ Lust ပဲ၊ ဒါကို အရှင် ဝီယဒဿီရဲ့ စကားထဲမှာ (Our lust to live) လို့ ဖော်ပြထားတာ စောစောက ကြားလိုက်တယ် ဟုတ်လား၊ ရှင်းရဲ့လား'

'ရှင်းပ၊ ရှင်းပ'

'ဝိသုဒ္ဓိမဂ်ထဲမှာ ဖော်ပြထားတာကလေး ပြောပြမယ်။

'အို ရဟန်းတို့၊ ဤအခါမှစ၍ ဘဝတဏှာသည် မဖြစ်စဖူး၊ ထိုမှ နောက်၌ စ၍ ဖြစ်ပြီ၊ ဤသို့ ဘဝတဏှာ၏ ရှေးဖြစ်သော အစွန်းသည် မထင်၊ (ဘယ်

www.burmeseclassic.com



တုန်းက စဖြစ်သလဲ ဆိုတာ အတိအကျ မသိနိုင်)၊ အို ရဟန်းတို့၊ ဤသို့လျှင် ဤရှေ့အစွန်းသည် မထင် စသော စကားကို ဟောအပ်၏၊ ထိုသို့ပင် ဟောအပ်သော်လည်း စင်စစ်သော်ကား ဤဝေဒနာဟူသော အကြောင်းကြောင့် ဘဝတဏှာသည် ဖြစ်၏၊ ဤဘဝတဏှာ၏ အကြောင်း ဝေဒနာသည် ထင်၏။ (ရှေ့မှာ ဆိုခဲ့ပြီ။)

'မြတ်စွာဘုရားက ဝဋ္ဋ်ဆင်းရဲနှင့် စပ်သော စကား ဟောတိုင်းမှာ အဝိဇ္ဇာနှင့် ဘဝတဏှာကို ခေါင်းတပ်ပြီး ဟောတယ်၊ ဘာ ဖြစ် လို့ ဟောသလဲလို့ ဆိုတော့ အဝိဇ္ဇာက သတ္တဝါကို ဒုဂ္ဂတိ ဘဝကို လားစေတတ်တဲ့ သဘော ရှိလို့၊ ဘဝတဏှာ ကတော့ သုဂတိ ဘဝကို လားစေတတ်တဲ့ သဘောရှိလို့' *

'ဒါဆို ဘဝတဏှာက ကောင်းတာပေါ့ ဆရာရဲ့'

'အဆိုးထဲက အ ကောင်း ပဲ၊ တဏှာ ဆိုမှ အကောင်း ဖြစ်ပါ့မလား'

'အင်း ဘယ်ကောင်းမလဲ'

'နေဦး ဖြတ်မမေးနှင့်၊ ခင်ဗျား မျက်စိ လည်သွား လိမ့်မယ်၊ ပဋိစ္စသမုပ္ပာဒ်ကို ပြန်ဆက်ကြဦးစို့၊ ကံ ဝေဒနာက စကြဦးစို့၊ ဘာလဲ ဝေဒနာ ဆိုတာ၊ ခံစား တာ ဝေဒနာပဲ၊ အာရုံရဲ့ အရသာကို သုံးဆောင်တာ၊ သုခ သဘောကလေး ဒုက္ခ သဘောကလေး ဉာဏ်မှာ ထင်လာတာ၊ အဲဒါ ဝေဒနာပဲ၊ ရှင်းရဲ့လား၊ ထိတွေ့မှု ဖဿနှင့် ကပ်ပြီး ပါလာတာ'

'ရှင်းပ၊ ရှင်းပ'

'ဒါဆို ဝေဒနာကြောင့် တဏှာ (တပ်မက်ခြင်း) ဖြစ်တာလို့ ဘုရားက ဟောတယ်၊ ဒါဆို တပ်မက်ခြင်းရဲ့ လက္ခဏာက ဘယ်လိုလဲ၊ တပ်မက်တော့ ဒုက္ခ ဖြစ်တာ ပေါ့ဗျ၊ လိုချင်တယ်၊ စားချင်တယ်၊ ဝတ်ချင်တယ်၊ နေ ချင်တယ် ဆိုတာ အားလုံးဟာ ဒုက္ခရဲ့ ဖြစ်ကြောင်းတွေပဲ'

'ဟာ ဒါတော့ မစားဘဲမှ မနေနိုင်တာ စားချင် မှာပေါ့ ဆရာရဲ့၊ မဝတ်ဘဲ နေလို့ မရ၊ မနေဘဲ နေလို့ မရလို့ ဝတ်ချင် နေချင်တာပဲ'

'ဟုတ်ပါတယ်၊ မနေနိုင် ဆိုကတည်းက ခင်ဗျား ကို ဒုက္ခက ဖွဲ့ချည်ထားပြီပဲ၊ အဲဒါကြောင့် ဘုရားက ဒုက္ခသစ္စာလို့ ဟောတာပေါ့၊ မစားဘဲ နေကို မနေနိုင် ဘူး၊ နေနိုင်မှတော့ ဒုက္ခက လွတ်ပြီပေါ့ဗျ'

'ဟုတ်သားပဲ'

'ကဲ ရှင်းပြီလား'

'ရှင်းပ၊ ရှင်းပ'

'ရှင်းရင် တဏှာရဲ့ ကိစ္စကို ပြောမယ်၊ အာရုံ မြင်သမျှ ကြားသမျှကို နှစ်သက်တာ အဲဒါ တဏှာရဲ့ အလုပ်ပဲ၊ အာရုံ တစ်ခု ခံစားပြီးတိုင်း ဝသွားသလား၊ မဝဘူး၊ ရောင့်ရဲခြင်း ဘယ်အခါမှ မရှိဘူး၊ အဲဒီလို တဏှာ သဘောကို ဉာဏ်မှာ ထင်ရမယ်၊ သဘော ပေါက်ရမယ်၊ ဒီတော့ ဝေဒနာနှင့် အမြဲ ပူးကပ်နေတာ တဏှာပဲ မှတ်'

'ရှင်းလိုက်လေ ဆရာရယ်'

'ကျေးဇူးတင်ပါတယ် ဆရာပွ၊ ဗုဒ္ဓရဲ့ တရား တော်တွေဟာ အလွန် ရှင်းပြီး ပြတ်သားပါတယ်၊ ဒါကို သဘောပေါက်သွားရင် အို လောကမှာ အဏုကြည့် ဓာတ် မျက်မှန်ကြီး တပ်ထားသလိုပဲဗျ၊ အဟုတ်နှင့် မဟုတ်၊ အမှန်နှင့် အမှား သိပ်ကွဲပြားတာပေါ့၊ ကဲ ဆက်ဦးမယ်'

'ဆက်ပါဦး'

'ကဲ တဏှာက ဘာကို ဖြစ်စေသလဲ ဆိုတော့ ဥပါဒါန် ဆိုတဲ့ အလွန် ပြင်းစွာ စွဲလမ်းခြင်းကို ဖြစ်စေ တယ်၊ အဲဒါ ဥပါဒါန်ရဲ့ လက္ခဏာပဲဗျ၊ သဘာဝ အရ မှာ ကိုယ့်ကို ဆဲတယ် ဆိုပါတော့၊ ဆဲတော့ ဆဲတဲ့ အသံက ပေါ်လာပြီး ပျောက်သွားရော၊ အဲဒါ ဖြစ်ပျက် မြင်ကြည့် ပေါ်လာလိမ့်မယ်၊ ဒါပေမယ့် အသံ ပျောက် သွားပြီးတဲ့ နောက်မှာလည်း စောစောက ကြားလိုက်တဲ့ စိတ်ကလေးက မပျောက်ဘူး၊ စွဲပြီး ကျန်နေတယ်၊ ဘယ် လောက်တောင် စွဲလမ်းမှု ပြင်းထန်သလဲ ဆိုတော့ မိမိမှာ ဒေါသမီးကြီး ဟုန်းဟုန်းတောက် ကျန်နေတယ်၊ တချို့ များ ရန်ငြိုးကို စွဲထားတာ တစ်သက် မမေ့ဘူး ဆိုတာက ရှိသေးတယ်၊ ဒီလိုပဲ နှစ်သက်ဖွယ် အာရုံကလေး တွေ့ တော့လည်း မြင်ရုံနှင့် မပြီးသေးဘူး၊ စွဲလမ်းနေတယ်၊ အဲဒါ ဥပါဒါန်ပဲ၊ အဲဒီလို စွဲနေတာကို ဒိဋ္ဌိပဲ မှတ်၊ ဉာဏ်မှာ မှားယွင်းတဲ့ အမြင်ကြီး စွဲနေတတ်တယ်၊ မှား ယွင်းတဲ့ အမြင် ဆိုတာက ဖြစ်ပေါ်ခဲ့တဲ့ တကယ့် အာရုံ အမြင် အကြားကတော့ ပျောက်ပျက်သွားပြီ၊ ဒါပေမယ့် ဉာဏ်မှာ ထင်နေတာက ငါ့ကို သူ ဆဲတယ် ဆိုတဲ့ အစွဲအလမ်းက မပျောက်ဘဲ ကျန်နေတယ်။

'သိပ်ချစ်တာပဲ ကိုရယ် လို့ ဆရာပွကို ပြောတဲ့ အသံကလေး ကြားတယ် ဆိုပါတော့၊ မနှစ်သက်မိဘူး လား'

'ဟာ ဘယ်ပြောကောင်းမလဲ၊ နှစ်သက်သလား

---

* ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ (တတိယ)၊ စာ ၂၆-၂၇

www.burmeseclassic.com



မမေးနှင့်'

'ကဲ အဲဒီ အသံကလေးကို မနေ့က ကြားခဲ့တော့ ဒီနေ့ အထိ ဘာဖြစ်နေသလဲ'

'စွဲနေတာပေါ့ ဆရာရဲ့၊ ခင့်ကို မောင်က စွဲပေါ့ ခင်ရယ် ဆိုတာ ဒါပဲပေါ့'

'ဟုတ်ပြီလေ၊ ပြောခဲ့တဲ့ အသံကတော့ မနေ့ကတည်းက ပျောက်သွားပြီ ဟုတ်လား'

'ပျောက်သွားပေမယ့် နားထဲမှာ ကြားလို့ ကောင်းတုန်း ရှိသေးတာပဲ ဆရာရယ်'

'မှန်ပဗျာ၊ အဲဒါ ဥပါဒါန်ရဲ့ သတ္တိပဲ၊ စွဲလမ်းခြင်းက အဆောက်အအုံ ဖြစ်ကျန်နေတယ်၊ ကဲ သိပ်ချစ်တယ် အစ်ကိုလို့ ပြောသွားတဲ့ အင်မတန် ချောတယ်လို့ ခင်ဗျား မျက်စိမှာ စွဲနေတဲ့ အဲဒီ မိန်းကလေး မနေ့ညက ကားချင်း တိုက်တဲ့ အထဲ ပါပြီး သေသွားပြီဗျ'

'ဟ ထွီ လွဲပါစေ ပယ်ပါစေ၊ ဆရာကလည်း နိမိတ်မရှိ နမာမရှိ'

'နိမိတ်မရှိ နမာမရှိ မလုပ်နှင့်၊ ခင်ဗျား မိန်းကလေး မရှိတော့ဘူး၊ သေပြီ၊ မြင်ချင်ရင် ရေခဲတိုက်ထဲ သွားကြည့်၊ မိတ်ကပ်တွေ လိမ်းထားပေမယ့် မလှတော့ပါဘူး'

'အို ဆရာရယ် ဆွေးရပြီပေါ့'

'အဲဒါ ဥပါဒါန်ရဲ့ သတ္တိပဲ ဆရာပွ၊ ဘာမှ မေးမနေနှင့်တော့၊ ခု ရှင်းပြီ မဟုတ်လား'

'ဆရာ ရှင်းပုံက ရင်ထဲမှာ ခြောင့်စူးသလိုပဲဗျာ'

'အေးလေ ဒါက နမူနာ ရှိသေးတယ်၊ တကယ်ကြုံရရင် ခင်ဗျား ရင်ကွဲပြီပေါ့၊ အဲဒါ တဏှာနှင့် နီးကပ်စွာ တည်ရှိတဲ့ ဥပါဒါန် အစွဲရဲ့ သဘောပဲ၊ အဲဒီလို စွဲလမ်းလို့ ဖြစ်လာတဲ့ သဘောကို ဘဝ ခေါ်တာပဲ၊ ဥပါဒါန်ကြောင့် ဘဝ ဖြစ်တယ်လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဟောပါတယ်'

'နို့ လယ်တီဆရာတော် ပြောတော့ ကံရဲ့ အကျိုးကြောင့် ဘဝ ဖြစ်တယ် ဆို'

အကျွန်ုပ် ရယ်ရသည်။ သုတေသီ မြင့်ထွန်းက အလွန် မှတ်ဉာဏ် အားကောင်းသူ ဖြစ်သည်မှာ ထင်ရှားပါ၏။ သူသည် စကား စခဲ့သော မူလ အကြောင်းအရာကို စွဲကိုင်ထားဆဲ ဖြစ်လေသည်။

'ဟုတ်ပါတယ် ဆရာပွ၊ ခင်ဗျား မှတ်ဉာဏ်ကိုတော့ ချီးကျူးပါတယ်ဗျာ၊ အဲဒါ ခု ရှင်းပြမယ်၊ ရှင်းပြမယ်ဆို ဝိသုဒ္ဓိ မဂ်ထဲက အတိုင်းပဲ ရှင်းမယ်ဗျာ'

'ကြိုက်သလိုသာ ရှင်းပါ၊ နားလည်ရင် ပြီးတာပါပဲ'

'ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာကြီးက

'အကြင် အကြင် ဥပါဒါန်သည် အကြင် အကြင် ဘဝအား ကျေးဇူး ပြုသောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏ ဆိုသည်ကား ဤဥပါဒါန ပစ္စယာ ဘဝေါ ဟူသော ပုဒ်၌ (ဝါ) ဥပါဒါန် လေးပါးတို့တွင် အကြင် အကြင် ဥပါဒါန်သည် အကြင် အကြင် ဘဝအား ကျေးဇူး ပြုတတ်၏။

'ဥပါဒါန် လေးပါးတို့တွင် အဘယ် ဥပါဒါန်သည် အဘယ် ဘဝအား ကျေးဇူးပြုသနည်း၊ အမှတ်မရှိသော ဘဝကို ကျေးဇူးပြုသည်သာတည်း၊ ထိုစကား မှန်၏၊ ပုထုဇဉ် အရူးနှင့် တူ၏၊ ထိုအရူးအသွင် ပုထုဇဉ်သည် ဤအမှုသည် သင့်၏၊ ဤအမှုသည် မသင့်ဟု မစိမစစ် မဆင်ခြင်မူ၍ အမှတ် မရှိသော ဥပါဒါန်၏ အစွမ်းဖြင့် အမှတ် မရှိသော ဘဝကို တောင့်တ၍ အမှတ် မရှိသော ကံကို ပြုသည်သာလျှင်တည်း' *

'ဩော် နားလည်ပြီ၊ ဥပါဒါန်ကြောင့် ဖြစ်လိုတဲ့ ဘဝကို တောင့်တတယ်၊ တောင့်တတော့ အဲဒါ ဖြစ်အောင် လုပ်တယ်၊ လုပ်တော့ တစ်ခုခု ဖြစ်လာတယ်၊ ဒါကြောင့် ဘဝဟာ ကံရဲ့ အကျိုးဆက်လို့ ဆိုတာကလေး'

'ဟန်ကျလိုက်တာ ဆရာပွရယ်၊ ခင်ဗျားဉာဏ်က တော်တော် ထက်တာပဲ၊ သိပ် ဟုတ်တာပေါ့၊ ကံကြောင့် ကမ္မဘဝတွေ ဖြစ်ပုံကတော့ အများကြီးပေါ့၊ ဒါကို သိပ္ပံနည်းကျ နားလည်ချင်ရင် ဥပမာ လေ့တွေ လှည်းတွေနှင့် ခရီး သွားရတာ ကြာတယ်၊ ပင်ပန်းတယ်၊ ခရီး မတွင်ဘူး၊ ဒီတော့ ပင်ပန်းတယ် ဆိုတဲ့ အစွဲအလမ်းက သက်သက်သာသာ သွားချင်လိုက်တာ ဆိုတဲ့ ဘဝ တစ်ခုကို တောင့်တတယ်၊ ဒါ ဖြစ်လိုတဲ့ ဘဝကို တောင့်တတယ်၊ ဆင်းရဲတော့ ချမ်းသာတဲ့ ဘဝကို တောင့်တတယ်ပေါ့၊ ဒီတော့ ဒီလို သက်သောင့်သက်သာ ဖြစ်အောင် ကြံစည် လုပ်ကိုင်လာတာပေါ့၊ လုပ်ကိုင်တော့ မော်တော်ကား ခေတ် လေယာဉ် ခေတ် ရောက်တယ်၊ ဘယ်ဘဝ ရောက်လာသလဲ၊ စက်မှု ထွန်းကားတဲ့ ဘဝကို ရောက်လာတယ်၊ ဘဝဆိုတာ အဲဒါပဲ၊ ကံကြောင့် ဖြစ်လာတဲ့ အခြေအနေကို ခေါ်တာ၊ လူပုံ နွားပုံ ဖြစ်လာတာကို ပြောတာ မဟုတ်ဘူး၊ အဲဒါက ဘဝကြောင့် ဖြစ်တဲ့

* ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ (တတိယ)၊ စာ ၁၈၅-၁၈၇

www.burmeseclassic.com



ဇာတိ သဘောတွေ ရှင်းရဲ့လား'

'ဟုတ်ပြီ ရှင်းပြီ၊ လယ်တီ ဆရာတော်ရဲ့ ပုစ္ဆာ အဖြေတွေကို ပြန်ဆက်တော့'

'ဟာဗျာ အာတောင် ခြောက်လာပြီ၊ လက်ဖက် ရည်ကလေး တစ်ခွက်လောက်တော့ သောက်ဦးမှပေါ့'

'ဟာ စကားဆက် ပြတ်သွားမယ်၊ တရား အရ သာဟာ လက်ဖက်ရည် အရသာထက် ကောင်းတယ်၊ ဆက်ပါဦး'

'ကဲ တရားတော်ကိုပဲ သောက်သုံးပြီး ပြောပါ တော့မယ်ဗျာ၊ ဆရာတော်က

'ဘဝ အမျိုးမျိုးကို ကံ၏ အကျိုး အမျိုးမျိုးဟု ဆိုပေ၏၊ ဤသို့လျှင် ပကတိအားဖြင့် သူ့ကံနှင့် သူ့ဘုံ၊ သူ့ဘုံနှင့် သူ့ဘဝ အသီးသီး သတ်မှတ် ပိုင်းခြားပြီး ရှိ လေသောကြောင့် လူ့ပြည်မှ သေလွန်လျှင် သေလွန်သူ၌ အားအရှိဆုံး ဖြစ်သော ကံတစ်ခုသည် မိမိ၏ သက် ဆိုင်ရာ ဘုံ၌ မိမိ၏ သက်ဆိုင်ရာ ဘဝကိုသာ ဖြစ်စေ တတ်၏၊ တခြားသော ဘုံ၌ တခြားသော ဘဝကို မဖြစ် စေတတ်၊ ဤကား အန္တရာဘဝကို ဗုဒ္ဓကျမ်းဂန်တို့၌ ပယ်ဖျက်ပုံပေတည်း။

'အစိမ်းတစ္ဆေ ဖြစ်သည် ဆိုကြသော စကား မှန်ပါသလား ဟူသော စကားဖြင့် အစိမ်းတစ္ဆေ ဖြစ် သည်ကိုပင် အန္တရာ ဘဝ၌ ဖြစ်သည်ဟု အယူရှိကြ သည်ကို ထုတ်ဖော်၍ ပြပေ၏။

'အစိမ်းတစ္ဆေသည် အခြား တစ်ပါး မဟုတ်၊ နတ်ဘဝစုတွင် အယုတ်ဆုံး အညံ့ဆုံး ဖြစ်သော အောက် တန်းစား စတုမဟာရာဇ် နတ်တစ်မျိုး၏ ဘဝပေတည်း။

'လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ တိရစ္ဆာန်ဘဝ ပြိတ္တာဘဝ တို့မှာ အလွတ်အလပ် အသီးအခြား မဟုတ် ပေ၊ ထိုဘဝသို့ ရောက်လေသောသူသည် လူနှင့် အလွန် နီးစပ်၏၊ ထိုဘဝ၌ ဆင်းရဲရန် ကံအခွင့်ကုန်လျှင် လူ့ ဘုံသို့ ပြန်လာနိုင်၏၊ အခွင့်သင့်လျော်ရာ အမိဝမ်းမှာ ပဋိသန္ဓေ ယူနိုင်၏'

'ဟာ ဒါဆို ဆရာ့ သမီးကလေး ဥစ္စာစောင့် ကနေ လူ့ပဋိသန္ဓေ ယူလာတယ် ဆိုတာ ဟုတ်လောက် တာပေါ့နော်'

'ဟုတ်လောက်တယ်လို့ ယူရမှာပဲ ဆရာပွရဲ့၊ ဟုတ်လောက်တဲ့ အထောက်အထားတွေလည်း ရှိပါ တယ်၊ ပြီးတော့ ဥစ္စာစောင့် ဆိုတာကို ကျမ်းဂန်မှာ ဝေမာနိက ပြိတ္တာလို့ ပြတယ်၊ သူတို့ကလည်း အညံ့စား စတုမဟာရာဇ် နတ်မျိုးထဲ ပါတာပဲ၊ ကမ္ဘဇိဒ္ဓိ ကျတော့ ပိုတောင် ရှိသေးတာပဲ'

'ကဲ ဆရာတော့် စကား ပြတ်သွားဦးမယ်၊ ဆက် ပါဦး'

'ထိုဘဝကို ချမ်းသာသော နတ်ဘဝ မဟုတ်သည့် အတွက် နတ်ဘဝ ဟူ၍ အယူ မရှိကြဘဲ အန္တရာဘဝ ဟူ၍ တစ်မျိုးတစ်မည် ထင်မှတ်ကြ၏။

'မြန်မာတို့၌ အစိမ်းတစ္ဆေ ဟူ၍ အမည် တစ် မျိုးဖြင့် ခေါ်ကြ၏၊ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ ဝိနိပါတ အသုရာ ဟူ၍ ခေါ်၏၊ နတ်ဘဝစုတွင် အယုတ်ဆုံး အညံ့ဆုံးသော နတ်ဘဝ တစ်မျိုး ဖြစ်ပေသတည်း။

'လူ့ပြည်မှ သေလွန်ကြသူ အပေါင်းတို့သည် ထိုဘဝကိုချည်း ရောက်ကြကုန်သည် မဟုတ်၊ အချို့မျှ သာ ရောက်ကြကုန်သည်၊ ရုတ်တရက် အစိမ်းသေ ဆုံး ကြသူများ ထိုဘဝသို့ ရောက်တတ်ကြ၏၊ မနုဿဂတိ ဒေဝဂတိ နိရယဂတိ တိရစ္ဆာန်ဂတိ ပေတဂတိ ဟူသော ဂတိတို့မှ အလွတ်အလပ် မဟုတ်ပေတော့ဗျ'

'ကောင်းလိုက်တဲ့ အဖြေ၊ ဟန်ကျလိုက်တာ၊ တစ် ခါတည်း အဘိဓမ္မာ ပဋ္ဌာန်း ပဋိစ္စသမုပ္ပာဒ်ရော အနံ့ မွှေလိုက်ရသလိုပဲ၊ ကဲ လက်ဖက်ရည် သောက်မယ်၊ ပြီးတော့ ကျန်တဲ့ ပုစ္ဆာတွေကို ဆက်ပြောဦး'

ထိုအချိန်တွင် မိသက်က လက်ဖက်ရည် ဖျော် တိုက်၍ လက်ဖက်ရည် သောက်ကြရလေသည်။

'လက်ဖက်ရည်လည်း အရသာ ရှိတာပဲ၊ တရား လည်း အရသာ ရှိတာပဲ'

'တော်ပါ၊ ရှင် အပိုတွေ မပြောနှင့်၊ အလကား သောက်ရလို့ မဟုတ်လားတော့'

မိခွေသက်က ဦးမြင့်ထွန်းကို စသည်။

'ဟုတ်တယ်'

သုတေသီလည်း အတည့်ပင် ရယ်စရာ ပြော လေသည်။

လက်ဖက်ရည် သောက်ရင်း လယ်တီ ဆရာ တော်၏ စတုတ္ထ အဖြေကို ဆက်ရလေသည်။

'စတုတ္ထ ပုစ္ဆာက ခင်ဗျား သိချင်တဲ့ လူဝင်စား ပုစ္ဆာလေ'

'ဟုတ်တယ်၊ အဲဒါ လုပ်စမ်းပါဦး ဆရာရယ်'

'စောစောက ပြောခဲ့သလို လူဝင်စား အကြောင်း ကို အနောက်တိုင်းမှာ ခုပိုပြီး စိတ်ဝင်စားလာကြတယ်၊ ဆရာတော် ဖြေကြားခဲ့ပုံက

www.burmeseclassic.com



'လူဝင်စား ဟူ၍ လောက၌ ပြောရိုး ဆိုရိုး ရှိကြ၏၊ ဝင်စားခြင်း အကြောင်းသည် ဗုဒ္ဓဘာသာ တရားတော်တွင် သက်ဝင်ခြင်း ရှိပါသလား ဟူသော မေးချက်မှာ

'လူဝင်စား ဟူသည် အသီးအခြား တစ်မျိုး မဟုတ်၊ လူ့ဘဝသို့ ရောက်လာကြသူ အပေါင်းတို့တွင် ရှေးဘဝကို ပြန်၍ သိနိုင်သူ အနည်းငယ်မျှ ရှိကြ၏၊ ထိုသူတို့ကို လူဝင်စား ဟူ၍ ခေါ်ကြ၏၊ ထိုသူကို ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ ဇာတိဿရ ပုဂ္ဂိုလ် ဟူ၍ ခေါ်၏၊ ရှေးဘဝကို ပြန်၍ အောက်မေ့နိုင်သောသူ သိနိုင်သောသူ အမှတ် ရနေသောသူဟု ဆိုလိုသည်။

'ရှေးဘဝကို ပြန်၍ မသိနိုင်ခြင်း သိနိုင်ခြင်း အကြောင်းကား

(၁) ဤလူ့ဘဝ၌ နေ့ရက်ရှည်ကြာ အနာရောဂါ နှိပ်စက် ညှဉ်းပန်း စိတ်အား ကုန်ခန်း၍ သေရခြင်း တစ်ပါး၊

(၂) နောင်ဘဝ၌ ဂဗ္ဘသေယျ မျိုးဖြစ်၍ အလွန် သေးငယ်သော ကာလလ ရေကြည် အစတည်လျက် နေ့ရှည်ရက်များ ဖြည်းနှေးစွာ ကြီးပွားရသဖြင့် စိတ်အား သေးနုပ် မှေးတုတ် မိန်းမောနေရခြင်း တစ်ပါး၊

'ဤအကြောင်း နှစ်ပါးနှင့် တွေ့ကြုံ၍ လာကြကုန်သော သူတို့သည် ရှေးဘဝကို အများအားဖြင့် မေ့ကြကုန်၏၊ ထိုမှတစ်ပါး အလွန် ငယ်ငယ်ကလေးက သေခဲ့ကြသောသူ၊ အလွန် အိုမင်း ထိုင်းမှိုင်းမှ သေခဲ့ကြသောသူ၊ ယစ်မျိုး ကျူးလှသော သူတို့သည် လည်းကောင်း၊ နောင်ဘဝ၌ အမိသည် ရောဂါ ဖြစ်ခဲ့သော် လည်း ကောင်း၊ အလုပ်ကြမ်း အကိုင်ကြမ်း လုပ်ကိုင်ခဲ့ရသူ ဖြစ်ခဲ့သော် လည်းကောင်း၊ ကိုယ်ဝန်ဆောင်မှု၌ အလိမ္မာ မရှိသူ အစောင့်အစည်း မရှိသူ ဖြစ်ခဲ့သော် လည်းကောင်း၊ အမိ ဝမ်းတွင်း၌ သူငယ်သည် အလွန် ထိတ်လန့် ချောက်ချားခြင်း များသဖြင့် လည်းကောင်း ရှေ့ဘဝကို မေ့ကြကုန်၏၊ ဤကား ရှေးဘဝကို ပြန်၍ သတိ မရခြင်း အကြောင်းတည်း။

'ဤလူ့ဘဝ၌ သေလွန်၍ ဥပပါတ် နတ်ဘဝ ဗြဟ္မာ့ဘဝသို့ ရောက်ခဲ့ကြသောသူ၊ ငရဲဘဝ ပြိတ္တာဘဝသို့ ရောက်ကြသော သူတို့သည် ရှေးဘဝကို သိနိုင်ကြကုန်၏၊ ဤလူ့ဘဝ၌ အားရှိတုန်း အခါမှာ လက်နက်ဘေး ကပ်ဥပဒ်ဘေးတို့နှင့် ရုတ်တရက် သေဆုံး ကြကုန်၍ နောင်ဘဝ၌ အနာရောဂါ ကင်း၍ သန့်ရှင်း ငြိမ်သက်သော အမိဝမ်း၌ ဖြစ်ရသော သူများသည် ရှေးဘဝကို သိတတ်ကြ၏။

'ရှေးဘဝကို ပြန်၍ ပြန်၍ သိရလို၏ ဟု ကုသိုလ်ကောင်းမှု ပြုသဖြင့် ဆုတောင်းပတ္ထနာ ပြုခဲ့ကြသော သူများသည်လည်း ရှေးဘဝကို ပြန်၍ သိတတ်ကြ၏၊ ပုဗ္ဗေနိဝါသ အဘိညာဉ်ကို ရကြကုန်သော ရသေ့တို့သည် လည်းကောင်း၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် လည်းကောင်း ရှေးဘဝကို သိတတ်ကြကုန်၏ တဲ့'

'ဟ ဒါဆို ဒုက္ခပဲ ဆရာရေ့'

'ခင်ဗျားက ဘာဖြစ် ပြန်တာလဲ'

'ကျွန်တော် ပြောပြောနေတာ မှားပြီ၊ ဒီဘဝက ဘာဖြစ်တယ် ဆိုတာ နောက်ဘဝမှာ သိမှာမှ မဟုတ်တာ၊ ဒီဘဝ ဒီကိုယ်နှင့် ခံ၊ ဟိုဘဝ ဟိုကိုယ်နှင့် ခံ ဆိုတာ မတော်လို့များ ဒီဘဝ အကြောင်း နောက်ဘဝမှာ သိနေမှဖြင့် ဝမ်းနည်းစရာတွေ ဝမ်းသာစရာတွေ ဖြစ်ရတော့မှာပေါ့'

'သြော် ဒါလား၊ မပူနှင့် စိတ်ချ၊ ဆရာတော်ရဲ့ စကားထဲမှာ ပါသားပဲ၊ မူးယစ်နေတတ်တဲ့ လူဟာ ရှေးဘဝကို ပြန်ပြီး သတိ မရဘူးလို့၊ ခင်ဗျားက မူးနေတာပဲ ဥစ္စာ'

'အင်း ဟုတ်သားပဲ၊ ဒါဆိုလည်း မသိတာဘဲ ကောင်းပါတယ် ဆရာရယ်၊ ဒါထက် လယ်တီ ဆရာတော် ဖြေတော်မူပုံ အရ ဆိုရင် ဇာတိဿရ ပုဂ္ဂိုလ် ဖြစ်အောင် ကုသိုလ်ပြုပြီး ဆုတောင်းခြင်းနှင့်လည်း ရနိုင်တယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ကျမ်းဂန်ထဲမှာ အများကြီးပဲ ဟာ၊ ဥပမာ ရှူဠသုဘဒ္ဒါကို ကြည့်လေ'

'ဟုတ်ပ၊ ဟုတ်ပ'

'ပဌမ မေးခွန်းကတော့ ဈာန်အဘိညာဉ်နှင့် ပတ်သက်တဲ့ မေးခွန်းလေ၊ ဆရာတော်ကြီးက

'အဘိညာဉ် ငါးပါး (၁) ဣဒ္ဓိဝိဓ အဘိညာဉ် (၂) ဒိဗ္ဗသောတ အဘိညာဉ်၊ (၃) စေတောပရိယ အဘိညာဉ်၊ (၄) ပုဗ္ဗေနိဝါသ အဘိညာဉ်၊ (၅) ဒိဗ္ဗစက္ခု အဘိညာဉ် ဤငါးပါးတို့သည် မြတ်စွာဘုရားမှ တစ်ပါး ရဟန္တာ အစရှိသော အရိယာ သာဝကများနှင့် ဆက်ဆံပါသေး၏လား ဟူသော မေးချက်မှာ

'အဘိညာဉ် ငါးပါးတို့သည် ရဟန္တာ အစရှိသော အရိယာ သာဝကများနှင့်လည်း ဆက်ဆံ ပါသေး၏၊

www.burmeseclassic.com



အရိယာ သာဝကများနှင့်သာ မဟုတ်သေး၊ သမထ ဘာဝနာကို ထမြောက်အောင် အားထုတ်နိုင်ကြသော ပုထုဇဉ် သာဝကများနှင့် လည်းကောင်း၊ ကမ္ဘာဦး အခါတို့၌ ဈာန်ရသော သမထ ဗြဟ္မာဏ ရသေ့ ရဟန်းတို့နှင့် လည်းကောင်း ဆက်ဆံပါသေး၏။

'ဘုရား မပွင့်မီ ရှေးကမ္ဘာဦး အခါတို့၌ ကောင်းကင်မြေမိုး ပျံလျှိုးသွားလာနိုင်ကြကုန်သော သာသနာပ ဈာန်ရ ရသေ့တို့သည်လည်း အလွန် ပေါများကုန်၏၊ ယခုအခါ၌လည်း ထိုအဘိညာဉ် ငါးပါးတို့ကို ထမြောက် ပေါက်ရောက်အောင် အားထုတ်ရန် နည်းလမ်းများသည် ဗုဒ္ဓဘာသာ ကျမ်းဂန်များမှာ ထင်ရှားစွာ လာရှိ၏၊ ထို နည်းလမ်းများ အတိုင်း ထမြောက် ပေါက်ရောက်အောင် အားထုတ်နိုင်ကြပါလျှင် ထိုအဘိညာဉ် ငါးပါးတို့ကို ရနိုင်ကြကုန်၏၊ ကာယဗလ ဝီရိယဗလ အားနည်းကြသည် ဖြစ်၍ ယခုကာလ၌ ထိုအဘိညာဉ် ငါးပါးတို့ကို ပေါက်ရောက်သူ နည်းပါး နေကြလေသည် * တဲ့ဗျ'

'တရားလည်း ဆုံးပြီ၊ စားစရာတွေလည်း ပြောင်ပြီ၊ ကျွန်တော်လည်း တရား တော်တော် ရသွားပြီ'

'ဟေ့လူ တရား ရတာ မဟုတ်ဘူး၊ တရား သိတာပဲ ရှိပါသေးတယ် ကိုယ့်လူရာ၊ တရား သိတာနှင့် တရားရတာ တခြားစီဗျ၊ သိတာက တခြား၊ ရတာက တခြားပါ၊ မိုးကုတ်မှာ ပတ္တမြား ရှိတယ်လို့တော့ ခင်ဗျား သိတာပဲ၊ သိရုံနှင့်တော့ ပတ္တမြားကို မရသေးပါဘူးဗျာ၊ မဟုတ်ဘူးလား'

'ဟုတ်သားပဲ၊ တမလွန်ဘဝ ကိစ္စတွေဟာ တော်တော် ကျယ်ဝန်းတာပဲ နော်၊ တခြား အဖြေတွေကော ရှိသေးသလား ဆရာ'

'ရှိပါတယ်၊ နောက်ထပ် မေးမနေနှင့်တော့၊ ခင်ဗျား ဘာသာ ရှာဖတ်၊ မဟာစည် ဆရာတော်ဘုရားက ဒေါက်တာ ဦးမြင့်ဆွေရဲ့ အမေးတွေကို ဖြေတော်မူတဲ့ ***ဘဝပြဿနာ*** ဆိုတဲ့ စာအုပ်ကလေးလည်း ရှိသေးတယ်၊ ဒါက ဘုရားဈေးမှာ ရပါတယ်'

--------------

* *နိုင်ငံခြား ပုဏ္ဏားပေါင်းချုပ်၊ လယ်တီ ဆရာတော်*

www.burmeseclassic.com

## ၂၁။ စိတ်ညှိုးခြင်း။ ပဋိသန္ဓေယူခြင်း။ ဘဝင်စိတ်နှင့် အတိတ်ဘဝ အကြောင်း

အကျွန်ုပ်သည် ရတနာ သုံးပါး၌ ယုံကြည် ကိုးကွယ်ဆည်းကပ် လာသည်မှ စ၍ မြတ်စွာဘုရား ဟောကြားတော်မူသော တရား အတိုင်း ကျင့်ကြံ အားထုတ်ဖို့ ကြိုးစားခဲ့လေသည်။

ကြိုးစားသည့် အကြောင်းမှာ စိတ် အကြောင်းကြောင့်လည်း ဖြစ်၏။ ရုပ် အကြောင်းကြောင့်လည်း ဖြစ်၏။ စိတ် အကြောင်းကြောင့် ဖြစ်သည် ဆိုသောစကားမှာ မိမိသည် ရတနာသုံးပါး၌ ကြည်ညိုသဒ္ဓါ ဖြစ်ပုံမှာ မြတ်စွာဘုရား လက်ထက်တော် အခါက ဝက္ကလိမည်သော ပုဏ္ဏား ဖြစ်ပုံမျိုး ဖြစ်မည်လည်း စိုးရိမ် ရသောကြောင့် ဖြစ်၏။

ဝက္ကလိ ပုဏ္ဏား ဖြစ်ပုံမှာ ဤသို့ ဖြစ်၏။

အခါတစ်ပါး သာဝတ္ထိပြည်၌ မြတ်စွာဘုရား ဆွမ်းခံ ကြွလာစဉ် ဝက္ကလိ မည်သော ပုဏ္ဏားသည် မြတ်စွာဘုရား၏ တင့်တယ် လှပသော အဆင်းသဏ္ဍာန်ကို ဖူးမြင်ရလေ၏။ ပုဏ္ဏားလည်း သဗ္ဗညု မြတ်စွာဘုရား၏ တင့်တယ် လွန်းလှသော အဆင်းတော်ကို ကြည့်ရှု၍ အားမရ မတင်းတိမ် ဖြစ်လေ၏။ ဝက္ကလိ ပုဏ္ဏား၌ မြတ်စွာဘုရားအား မပြတ် ရှုမြင် နေလိုသော စိတ်သည် ဖြစ်လေ၏။ ထိုအခါ ဘုရားကို အနီးကပ် မပြတ် ဖူးမြင်နေနိုင်ရန် အလို့ငှာ ဘုရားရှင်ထံတော်၌ ရဟန်း အဖြစ်ကို ခံယူလေ၏။ ရဟန်း ပြုပြီးသော် ကမ္မဋ္ဌာန်း တရားကို အားထုတ်ခြင်း မပြုဘဲ ဘုရားသခင်၏ မျက်နှာတော်ကို မြင်လောက်သော နေရာ၌ ထိုင်လျက်သာ အမြဲ ကြည့်ရှုခြင်းဖြင့်သာ နေလေတော့၏။

ထိုအခြင်းအရာကို သိသော်လည်း မြတ်စွာဘုရားသည် ဝက္ကလိ မထေရ် ဉာဏ်ရင့်သန် လာသည်အထိ စောင့်ဆိုင်းပြီးနောက် ဉာဏ်ရင့်လာသော တစ်နေ့တွင် ဘုရားက ဝက္ကလိ မထေရ်အား ဤသို့ ဆိုလေ၏။

'ဝက္ကလိ၊ ဤပုပ်သော ကိုယ်ကို ဖူးမြင်ခြင်းဖြင့် သင့်အား အဘယ် အကျိုး ရှိအံ့နည်း၊ တရားကို မြင်သောသူသည်သာ ငါဘုရားကို မြင်သည် မည်၏၊ တရားကို မမြင်သောသူသည် ငါဘုရားကို မြင်ရသည် မမည်' ဟု ဆုံးမတော်မူလေ၏။ သို့သော် ဝက္ကလိသည် ဘုရားရှင်အား ဖူးမြင်ခြင်းကို စွန့်၍ အရပ်တစ်ပါးသို့ ဖဲခွာသွားရန် ဝန်လေးလျက်သာ နေလေတော့၏။

ထိုအခါ မြတ်စွာဘုရားသည် 'ဝက္ကလိကား ထိတ်လန့်ခြင်း မရှိဘဲ မကျွတ် လတ္တံ့' ဟု သိ၍ ဝါဆိုခါနီးသော် ရာဇဂြိုဟ်ပြည်သို့ ကြွသွားတော်မူပြီးလျှင် ဝါကပ်သောနေ့၌ 'ဝက္ကလိ ဖဲသွားလော့၊ ဝက္ကလိ ဖဲသွားလော့' ဟု နှင်ထုတ်တော်မူလေ၏။ ဤသို့ ဘုရားရှင် မိန့်တော်မူလျှင် ရဟန်းတို့မှာ လွန်ဆန်ခွင့် မရသဖြင့် ဝက္ကလိသည် 'ငါကား ဘုရားရှင်ထံ၌ နေခွင့် မရလျှင် အသက်ရှင်ခြင်းသည် အဘယ် အကျိုး ရှိအံ့နည်း' ဟု အောက်မေ့လျက် တောင်ထိပ်မှ ခုန်ချ၍ သေရန် ဂိဇ္ဈကုဋ် တောင်ထိပ်သို့ တက်သွားလေ၏။ မြတ်စွာဘုရားသည် ဝက္ကလိ၏ စိတ်ပင်ပန်း ဆင်းရဲခြင်းကို သိတော်မူ၍ 'ဤရဟန်းသည် သက်သာရာ မရလျှင် မဂ်ဖိုလ် ရမည့် အခွင့်ကို လွတ်သွားချေရာ၏'ဟု မြင်တော်မူလျက် ကိုယ်တော်ကို ပြရန် ရောင်ခြည်တော်ကို လွှတ်တော်မူခြင်းဖြင့် ဝက္ကလိ၏ စိုးရိမ်မှုကို ပယ်ဖျောက်တော် မူလေ၏။ ထို့နောက်မှ ဝက္ကလိအား အားကြီးသည့် နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေရန် ဂါထာဖြင့် ဤသို့ ဟောတော်မူလေ၏။

'များစွာ နှစ်သက် ဝမ်းမြောက်ခြင်း ရှိသော ဘုရားရှင်၏ သာသနာတော်၌ ကြည်ညို မြတ်နိုးသော ရဟန်းသည် သင်္ခါရတို့ ငြိမ်းရာ အေးရာ ချမ်းသာသော နိဗ္ဗာန်ကို ရရာ၏'

ထို့နောက် ဝက္ကလိထံသို့ လက်တော်ကို ဆန့်တန်းလျက်

'ဝက္ကလိ လာတော့၊ မစိုးရိမ်လင့်၊ ငါဘုရားကို ဖူးမြင်လေလော့၊ ငါဘုရားသည် သင့်ကို ကိလေသာ ညွှန်ပျောင်းမှ ထုတ်ဆောင်တော်မူအံ့' ဟု ဆိုတော်မူလေလျှင် ဝက္ကလိလည်း 'ဘုရားရှင်ကို ငါ ဖူးမြင်ရပြီ' ဟု နှစ်သက် ဝမ်းမြောက်ခြင်း အားကြီးစွာဖြင့် မြတ်စွာဘုရားထံသို့ ခုန်ပျံ တက်လေလျှင် ကောင်းကင်၌ပင် ဘုရားရှင်၏ ဂါထာကို ဆင်ခြင်လျက် ပီတိကို ခွာလေသည်နှင့် ရဟန္တာ ဖြစ်လေတော့၏။ ထိုသဒ္ဓါဇောဖြင့်ပင်

www.burmeseclassic.com



မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့လည်း သက်ဆင်းကျရောက်လေတော့၏။ ဝက္ကလိ မထေရ်အား ဗုဒ္ဓ သာသနာတော်တွင် သဒ္ဓါလွန်သော သူတို့တွင် အမြတ်ဆုံး ဧတဒဂ်ကို ရလေ၏။ *

ဤအဖြစ်သနစ်သည် အကျွန်ုပ်အား များစွာ ဆင်ခြင် တိုင်းထွာစေခဲ့၏။ မိမိသည် သဒ္ဓါ မရှိမီကလည်း မရှိ၊ သဒ္ဓါ ပေါက်ပွားလာသော အခါမှာလည်း ထိုသဒ္ဓါသည် အားကြီးသော အဟုန်ဖြင့် ရှင်သန် ကြီးထွားလာတတ်သော သဘော ရှိသည်ကို အကျွန်ုပ် ဆင်ခြင်မိလေသည်။

မြတ်စွာဘုရား လက်ထက်တော် အခါက သဒ္ဓါအရာ၌ ဧတဒဂ် ရခဲ့ဖူးသော ဝက္ကလိမထေရ်ကား ကံကောင်း ထောက်မ၍သာ ချောက်မကျ ဖြစ်ခဲ့ရ၏။ မြတ်စွာဘုရား သက်တော် ထင်ရှားစဉ် အခါလည်း ဖြစ်၊ ဘုရား၏ မျက်မှောက်၌ ဖြစ်ပျက်သော အခြင်းအရာလည်း ဖြစ်၍သာ ဘုရား ကယ်တော်မူနိုင်သည်။ မိမိမူ သဒ္ဓါ လွန်နေလျှင် ကယ်မည့်သူလည်း ရှိမည် မဟုတ်။ တစ်ယောက်တည်း ချောက်ကျဖို့သာ များလေသည်။ သဒ္ဓါလွန်ပြီး ချောက်မကျသင့်ဘဲ ချောက်ကျနေသူတွေကိုလည်း မိမိ ပတ်ဝန်းကျင်တွင် အမြောက်အမြား တွေ့ကြုံနေရပေရာ အကျွန်ုပ်သည် မိမိကိုယ်ကို သတိဖြင့် ချုပ်ဖို့၊ သဒ္ဓါနှင့် ပညာကို ညီမျှအောင် လုပ်ဖို့ကို စဉ်းစားရလေတော့သည်။

ထိုသို့ ပြုလုပ်မည် ဆိုလျှင် မိမိသည် သီလ သမာဓိ ပညာကို အားထုတ်ရ ပေလိမ့်မည်။ ဤကား တစ်စုံတစ်ခုသော စိတ်ပိုင်းဆိုင်ရာ အကြောင်း ဖြစ်လေသည်။ ကျန် အကြောင်းများလည်း များစွာ ရှိသေး၏။ သို့သော် အကြောင်း မထူး၍ မဖော်ပြပြီ။

ရုပ်အကြောင်းဟု ဖော်ပြခဲ့ရာတွင် အချိန်သည် အဓိက ဖြစ်၏။ ဤဘဝဝယ် မိမိသည် သမ္မာဒိဋ္ဌိ အမြင်ကို သိနားလည်လာပြီးနောက် ရတနာသုံးပါး၏ အဆုံးအမ၌ တည်လာသော ကာလသည် အသက် ၃၅ နှစ်ပိုင်း ဖြစ်ပေရာ အရွယ်အားဖြင့် နောက်မကျသေးဟု ဆိုသင့်ပါသည်။ ထိုအချိန်သည် အချိန်ကောင်းဟုပင် ဆိုနိုင်မည် ထင်ပါ၏။ ထိုအချိန်မှ စ၍ မိမိသည် အားထုတ်နိုင်လျှင် ဤဘဝတွင် တစ်မဂ် တစ်ဖိုလ်လောက်တော့ ရလျှင်လည်း ရမည်၊ မရလျှင်လည်း အနည်းဆုံး အပါယ်ဘေးနှင့် ဝေးသော စူဠသောတာပန်လောက်တော့ မုချ ဖြစ်နိုင်သည် ဖြစ်ရာ အချိန် မဆွဲဖို့ အရွယ် လွန်အောင် မစောင့်ဘဲ ယခုကပင် စတင်၍ လောကီ တစ်ဖက်၊ လောကုတ္တရာ တစ်ဖက် လုပ်ဖို့ ဆုံးဖြတ်ရခြင်း ဖြစ်လေသည်။

ဤတွင် မိမိကိုယ် မိမိ ဘာပုဂ္ဂိုလ်မျိုးနည်း ဟု သိအောင်လည်း အားထုတ် ရသေး၏။ အားထုတ်သည် ရှိသော် မိမိသည် ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်မျိုးလည်း မဖြစ်နိုင်။ ထိုပုဂ္ဂိုလ်မျိုးသည် ရောဂါ ဖြစ်နေသော်လည်း ဆေးမှီဝဲရန် မလို၊ အချိန်ကျလျှင် သူ့အလိုလို ပျောက်ကင်းချမ်းသာရမည့် ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ မြတ်စွာဘုရားနှင့်လည်း ကိုယ်တိုင် မျက်မှောက် တွေ့ကြုံပြီးနောက် တရားတော်ကို အကျဉ်း သခ်ေပ ကြားကာမျှဖြင့် မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုး၊ သို့မဟုတ်လည်း နိယတ ဗျာဒိတ် ရပြီးသော ပုဂ္ဂိုလ်မျိုး။ မိမိသည် ထိုပုဂ္ဂိုလ်မျိုး မဖြစ်နိုင်။

မိမိသည် ဝိပဉ္စိတညူ ခေါ် ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်သလား။ ထိုပုဂ္ဂိုလ်သည် တရားတော်ကို အကျယ် သိလျှင် မဂ်ဖိုလ်ကို ရသော ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ မိမိသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပယ်ဖို့ကိုပင် ဤမျှ ကြိုးပမ်း နေရသူ ဖြစ်လျှင် ဤပုဂ္ဂိုလ် အမျိုးတွင် မပါဝင်နိုင်ဟု မိမိကိုယ်ကို ဆုံးဖြတ်ပါသည်။

တတိယ ပုဂ္ဂိုလ်မျိုးကား နေယျ ပုဂ္ဂိုလ်မျိုး။ တရား သိရုံနှင့် တရား မရနိုင်၊ (မဂ်ဖိုလ်ကို မရနိုင်)။ တရားကို သိပြီးနောက် အသက် ရှည်သမျှ ကာလပတ်လုံး ကြိုးစား အားထုတ်ပါမှ

(က) အလွန် မှောက် မှား သော ကံကိုလည်း မကျူးလွန်ပါမှ၊

(ခ) ကာမဂုဏ် အာရုံတရားများကိုလည်း စွန့်နိုင်ပါမှ၊

(ဂ) စွန့်နိုင်သည့်တိုင် ဆရာ၏ ဥပနိဿယ ကောင်းကိုလည်း အမှီရပါမှ၊

(ဃ) ဆရာ တွေ့သော်လည်း ဝီရိယကို လုံလောက်စွာ အားထုတ်ပါမှ၊

(င) အားထုတ်သော်လည်း အရွယ် လွန်ပြီး မဖြစ်ပါမှ၊

(စ) အရွယ် ပျိုပါသော်လည်း ဂိလာန ပုဂ္ဂိုလ်မျိုး မဖြစ်ပါမှ ယခု ဘဝတွင် ကျွတ်ကောင်း ကျွတ်မည်။ တရားထူး ရကောင်း ရမည်၊ ရနိုင်ခွင့် ရှိသည်။

ဤတွင် မဟာဓနေ သူဌေးသားသည် အရွယ်ရှိစဉ်

-------------

* ဓမ္မပဒ၊ ဦးမြင့်ဆွေ၊ စာ ၃၅၂

www.burmeseclassic.com



အခါ၌ ကာမဂုဏ် အမိုက်၌ လိုက်စား လွန်ခဲ့သည်။ အရွယ် ကြီးရင့်သော အခါ၌ စိတ်ကြည်လင်ခွင့် မရနိုင်။

ဘုရားမြတ်စွာက

'အာနန္ဒာ၊ ဤသူဌေးသားသည် ပထမ အရွယ် ငယ်စဉ်အခါ၌ ငါဘုရား သာသနာမှာ ရဟန်းပြုမိမူကား ရဟန္တာဖြစ်၍ ယခု ဘဝမှာပင် ပရိနိဗ္ဗာန် စံရလတ္တံ့၊ ထိုသို့ မဟုတ်ပါမူ ဒုတိယ အရွယ်၌ ငါဘုရား သာသနာမှာ ရဟန်းပြုဘိမူကား အနာဂါမ် ဖြစ်၍ သေလွန်လျှင် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှာ ပရိနိဗ္ဗာန် စံရပေလတ္တံ့၊ သို့ မဟုတ် တတိယ အရွယ် ရောက်စဉ်၌ ငါဘုရား သာသနာမှာ ရဟန်းပြုပါဘိမူကား သကဒါဂါမ် အဖြစ် သောတာပန် အဖြစ်သို့ ရောက်၍ အပါယ်သံသရာမှ အစဉ် ထာဝရ လွတ်လေလတ္တံ့' ဟု ဟောတော် မူခဲ့လေသည်။ *

အကျွန်ုပ်လည်း အရွယ်ကို ချင့်တွက် ရပေမည်။

အရွယ်ကို ချင့်တွက်သည် ဆိုခြင်းမှာ စရဏ ခေါ်သော ကျင့်ကြံ အားထုတ်ရေး အတွက် အချိန်ကောင်းကို ရွေးချယ်ခြင်းကို ဆိုလိုပါသည်။ ကံအားလျော်စွာ မိမိသည် အသက်အရွယ် ကောင်းတုန်းတွင် သာသနာပသို့ ပဋိသန္ဓေ အရ ကျဆင်းသွားသော်လည်း အချိန် မနှောင်းမီတွင် သာသနာတော်၌ ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်သူ အဖြစ်သို့ ခဲခဲယဉ်းယဉ်း ပြန်ရောက် လာရစေကာမူ ဤသို့ မရောက်ရဘဲ တစ်ဘဝ ဆုံးရှုံးလိုက်ရမည့် အဖြစ်နှင့် နှိုင်းစာမူကား မိမိကိုယ်ကို အရ တော်လေစွဟုပင် အောက်မေ့ ရပေတော့၏။

စရဏကို ကျင့်ကြံမည် ဆိုသော် စရဏသည် အဘယ်နည်း ဆိုသည်ကို သိအပ်ပါသည်။

'သီလ သမာဓိသည် စရဏမျိုးတည်း၊ ပညာသည် ဝိဇ္ဇာမျိုးတည်း၊ ဝိဇ္ဇာ စရဏ နှစ်ပါးဖြစ်၏၊ ဝိဇ္ဇာသည် လူသတ္တဝါတို့၌ မျက်စိနှင့် တူ၏၊ စရဏသည် ခြေလက်နှင့် တူ၏၊ ဝိဇ္ဇာသည် ငှက်တို့၌ မျက်စိနှင့် တူ၏၊ စရဏသည် အတောင်နှင့် တူ၏၊ သီလ သမာဓိ ပြည့်စုံ၍ ဝိဇ္ဇာဉာဏ် ချို့တဲ့သော သူတို့သည် ခြေလက် အင်္ဂါ ပြည့်စုံ၍ မျက်စိနှစ်ဖက် ချို့တဲ့သောသူနှင့် တူကုန်၏၊ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံ၍ စရဏတရား အားနည်းသော သူတို့သည် မျက်စိအင်္ဂါ ပြည့်စုံ၍ ခြေအင်္ဂါ လက်အင်္ဂါ ချို့တဲ့သော သူနှင့် တူကုန်၏၊ ဝိဇ္ဇာ စရဏ နှစ်ပါးနှင့် ပြည့်စုံသူတို့သည် ခြေအင်္ဂါ လက်အင်္ဂါ မျက်စိအင်္ဂါ အလုံးစုံနှင့် ပြည့်စုံသော လူကောင်း သူကောင်း ပကတိနှင့် တူကုန်၏၊ ဝိဇ္ဇာ စရဏ နှစ်ပါး ချို့တဲ့သော သူတို့သည် ခြေအင်္ဂါ လက်အင်္ဂါ မျက်စိအင်္ဂါ ချို့တဲ့၍ အသက် ရှိသည်ဟူ၍ မပြောစလောက်သောသူနှင့် တူကုန်၏။

'ဤသာသနာတော်တွင်း၌ ယခု ရှိနေကြကုန်သောသူ အပေါင်းတို့တွင် အကြင်သူတို့သည် သီလ သမာဓိ ဟူသော စရဏနှင့် ပြည့်စုံကြကုန်၏၊ ရုပ်နာမ် ခန္ဓာတို့၌ ဉာဏ်ကျက်စားခြင်း ဟူသော ဝိဇ္ဇာမျိုး မရှိကြကုန်၊ ထိုသူတို့သည် စရဏ တရား အားကောင်းလှသည့် အတွက် နောက်ဘုရား သာသနာကို တွေ့ကြုံကြကုန်ရာ၏၊ တွေ့ကြုံကြကုန်သော်လည်း ဝိဇ္ဇာမျိုး မရှိသည့် အတွက် နောက်ဘုရား တရားကို ကြားနာသော်လည်း သစ္စာဉာဏ် အလင်း မပေါက်နိုင်ကြကုန်၊ ငါတို့ ဘုရား လက်ထက်၌ ကာဠုဒါယီမထေရ်၊ ဥပနန္ဒမထေရ်၊ ဆဗ္ဗဂ္ဂီ ရဟန်း၊ ကောသလမင်း စသူတို့ကဲ့သို့တည်း၊ ထိုသူတို့သည် ဒါန သီလ စရဏနှင့် ပြည့်စုံခဲ့ကြသည့် အတွက် အသက်ထက်ဆုံး မြတ်စွာဘုရားနှင့် တွေ့ဆုံ ပေါင်းဖက်ကြရကုန်၏၊ ရှေးဘုရား သာသနာက ဝိဇ္ဇာမျိုး မပါခဲ့သည့် အတွက် ငါတို့ ဘုရား တရားတော်ကို အခါခါ ကြားနာ ကြရကုန်သော်လည်း အသက်ထက်ဆုံး ကျွဲပါး စောင်းတီးနှင့် ပြီးရာကြကုန်၏။

'အကြင်သူတို့သည် ရုပ်နာမ်ခန္ဓာတို့၌ ဉာဏ်ကျက်စားခြင်း ဟူသော ဝိဇ္ဇာမျိုးနှင့် ပြည့်စုံကြကုန်၏၊ ဒါနမှု နိစ္စသီလမှု ဥပေါသထသီလမှု ဟူသော စရဏတရား နည်းပါးကြကုန်၏၊ ထိုသူတို့သည် ဝိဇ္ဇာမျိုး ရှိကြသည့် အတွက် နောက်ဘုရား တရားကို ကြားနာခွင့် ရကြပါမူကား သစ္စာဉာဏ် အလင်းသို့ ပေါက်နိုင်ကြကုန်ရာ၏၊ စရဏတရား နည်းပါးကုန်သည့် အတွက် နောက်ဘုရားနှင့် တွေ့ကြုံရန် အခွင့်မူကား များစွာ နည်းကြကုန်၏၊ (အလွန် ခဲယဉ်းလှကုန်၏၊) အဘယ်ကြောင့်နည်း ဟူမူ ဤဘုရား သာသနာနှင့် နောက်ဘုရား သာသနာသည် အန္တရ ကပ်ကြီး တစ်ကပ် ကွာခြားလျက် ရှိ၏၊ ကာမဘုံ၌ ဖြစ်ခဲ့မူ ဘဝပေါင်း ကုဋေမက ဆက်လက် ကျင်လည်ကြရ လိမ့်ဦးမည်၊ ယခု ဘဝမှ စ၍ နောက်ဘုရား လက်ထက်တိုင်အောင် အန္တရ ကပ်ကြီး တစ်ကပ်ပတ်လုံး အကုဋေ မကသော ဘဝတို့၌ လူ့ရပ် နတ်ရွာ သုဂတိဘုံမှာချည်း ဆက်လက် ကျင်လည်၍

---

ဇောဓိပက္ခိယ ဒီပနီ၊ စာ ၅-၆

www.burmeseclassic.com



သွားနိုင်မှ နောက်ဘုရားကို တွေ့နိုင်လိမ့်မည်၊ စပ်ကြား၌ အပါယ်သို့ တစ်ချက် စောင်း၍ သွားခဲ့လျှင် နောက်ဘုရားကို တွေ့နိုင်တော့မည် မဟုတ်။

'အပါယ်မည်သည် တစ်ကြိမ် ကျခဲ့လျှင် ဘဝ အသချေ သွားတတ်ချေသည်၊ ယခုဘဝ၌ ဒါနမှု နည်းပါး၍ ကာယကံ မလုံခြုံ၊ ဝစီကံ သောင်းကျန်း၊ မနောကံ ညစ်နွမ်း၍ စရဏတရား နည်းပါးသော သူတို့သည် သေသည့် အခြားမဲ့၌ပင် အပါယ်ကျမှု အားကြီးလျက် ရှိနေကြကုန်၏၊ အခန့်တော်၍ သုဂတိ ဘဝသို့ ရောက်ကြပါကုန်သော်လည်း ဒါနဟူသော စရဏတရား နည်းပါးခဲ့သည့် အတွက် ဖြစ်လေရာ ဘုံဘဝ၌ ခေ့ဥစ္စာ ချို့တဲ့မှုနှင့် ကိုယ်မချမ်းသာ စိတ်မချမ်းသာ အသက်မွေး ကြမ်းတမ်းမှု အပါယ်လမ်း တစ်မျိုး၊ နိစ္စသီလ ဥပေါသထ သီလ ဟူသော စရဏတရား နည်းပါးခဲ့သည့် အတွက် တွေ့ရှိသော သူတို့နှင့် ခိုက်ရန်ဒေါသ ဝိဝါဒပွားများ အနာရောဂါ များပြားမှု အပါယ်လမ်း တစ်မျိုး၊ ဤသို့သော အပြစ် ဒေါသတို့သည် ဘဝတိုင်း တွေ့ကြုံ၍ အထုံဝါသနာ အစဉ်ပါသဖြင့် သုဂတိဘုံမှာ များစွာ ဆက်လက်ခွင့် မရကြကုန်မူ၍ အပါယ်သို့သာ မကြာမီ ကျရောက် လေကုန်ရာသောကြောင့် ဒါန သီလ ဟူသော စရဏ နည်းပါးသော သူတို့သည် နောက်ဘုရားနှင့် တွေ့ကြုံရန် အခွင့် အလွန် နည်းပါးလျက် ရှိကြလေသတည်း။

'ဝိဇ္ဇာမျိုး စရဏမျိုး တရားနှစ်ပါးနှင့် ပြည့်စုံသူမှ နောက်ဘဝ၌ ကျွတ်နိုင်သည်၊ ဝိဇ္ဇာမျိုးသာ ပါရှိ၍ ဒါန သီလ ဟူသော စရဏမျိုး နည်းပါး ခဲ့ပြန်လျှင် နောက်ဘုရား သာသနာနှင့်ပင် တွေ့ကြုံခွင့် မရှိ၊ စရဏမျိုးသာ ပါရှိ၍ ဝိဇ္ဇာမျိုး မရှိပြန်လျှင် နောက်ဘုရား သာသနာတော်နှင့် ကြုံကြသော်လည်း မကျွတ်ရ၊ ထို့ကြောင့် ယခုအခါ၌ နောက်ဘုရား သာသနာကို မျှော်လင့်ကြကုန်သော ပဒပရမ ပုဂ္ဂိုလ်တို့သည် ဤသာသနာ၌ ဒါန သီလ သမထ ဘာဝနာ ဟူသော စရဏမျိုးတို့ကို အားထုတ် ဆည်းပူးကြ၍ ဝိဇ္ဇာမျိုးမှာလည်း ယုတ်စွအဆုံး ဓာတ်ကြီး လေးခုမျှကိုသော်လည်း လေ့လာ စွဲမြဲကြ၍ နောက်ဘုရား သာသနာနှင့် တွေ့နိုင်ကြရန် တွေ့ပြန်လျှင်လည်း ကျွတ်နိုင်ကြရန် ဝိဇ္ဇာ စရဏ နှစ်ပါးတို့ကို ယောက်ျား မိန်းမ မဆို ကြိုးစား အားထုတ်ကြ ကုန်ရာသည်။

'စရဏတရား တစ်ဆယ့်ငါးပါးတွင် ပါဝင်သော သူတော်ကောင်း တရား ခုနစ်ပါးမှာ သဒ္ဓါ ဟူသော သူတော်ကောင်း တရားတွင် ပါဝင်လေတော့သည်' *

အထက်ပါ စကားရပ်များမှာ လယ်တီ ဆရာတော် ဘုရားကြီးက ***ဗောဓိပက္ခိယ ဒီပနီ*** တွင် ညွှန်ပြထားသော စကားများ ဖြစ်လေ၏။ ထိုစကားများသည် တစ်ပါးသူများ အဖွက်မှု မည်သို့သော အဓိပ္ပာယ် အနှစ်သာရ ရှိမည် မသိသော်လည်း မိမိအတွက် ထိုစကားတို့သည် ဘဝ၏ အဓိပ္ပာယ်ကိုလည်း ပြ၏။ ဘဝ၏ အနှစ်သာရကိုလည်း ပြ၏။ ဘဝ၏ ပန်းတိုင်ကိုလည်း ပြ၏။ ထိုစကားများကို ဆည်းပူးရသော အခါ အကျွန်ုပ်သည် ဤဘဝဝယ် အသက်ရှင်နေစဉ် ဘာလုပ် ရမည် ဆိုသည်ကို ထိုစကားများက ညွှန်ကြားနေသည်ဟု ထင်မှတ်မိလေ၏။

မိမိသည် သဒ္ဓါ စတင် ဖြစ်ပေါ်သည်မှ စ၍ သီလကို လည်းကောင်း၊ သမာဓိကို လည်းကောင်း ထူထောင် ရတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်လေ၏။ ဝိဇ္ဇာမျိုး ဖြစ်သော ဉာဏ်ပညာကို ထူထောင်ရန်မှာလည်း သတိပဋ္ဌာန်တရား တစ်ခုခုကို ထူထောင်ရမည်ဟု သဘောကျမိလေ၏။ ထိုအခါမှ စ၍ မိမိသည် လွန်လေပြီးသော အချိန်များမှ စ၍ ယခုအချိန် အထိ ထူထောင်လာခဲ့သော ဉာဏ်မျိုးသည် သုတမယ ဉာဏ်မျိုးသာ ဖြစ်ရကား ဘာဝနာမယ ဉာဏ်ကို ထူထောင်ရန် လိုသေးသည် ဟူ၍လည်း မိမိ၏ လိုအပ်ချက်ကို သိလိုက်ပြီ ဖြစ်၏။

ဤတွင် 'လိုအပ်ချက်ကို သိသည်' ဆိုသော စကားကို ရှင်းပြသင့်သည် ထင်၏။ မိမိသည် ပုထုဇဉ် စရိုက် ကဲလွန်နေစဉ်အခါက တက္ကသိုလ်တွင် သင်ကြားတတ်မြောက်ခဲ့သော ဘွဲ့ဂုဏ်တို့ဖြင့် တန်ဆာဆင်သော အသိပညာ အတတ်ပညာများသည် လူ့ဘဝ အတွက် လုံလောက်သော ပညာရပ်များ ဖြစ်လိမ့်မည်ဟု ထင်ခဲ့ဖူးလေ၏။ အမှန်မှာ ထိုအသိပညာ အတတ်ပညာများသည် လောကီစည်းစိမ် ချမ်းသာ၏ အထောက်အပံ့သော်လည်း ဖြစ်နိုင်၏။ ရာထူး ဂုဏ်ရှိန်၏ အထောက်အပံ့သော်လည်း ဖြစ်နိုင်၏။ တန်ခိုး ဩဇာ အာဏာ၏ အထောက်အပံ့သော်လည်း ဖြစ်နိုင်၏။ ထို့ထက် ပို၍ ဘာမျှ မဖြစ်နိုင်ချေ။ သေသော အခါ၌ ဖြစ်စေ၊ မသေမီ အို၍ နာသော အခါ၌ ဖြစ်စေ ထိုအသိပညာ အတတ်ပညာတို့သည် မိမိအား အထောက်အပံ့ မဖြစ်ဘဲ အချည်းနှီးသာ ဖြစ်ကြကုန်သည်။ ထိုအခြင်းအရာကို မြင်မိသော

---

* ဗောဓိပက္ခိယ ဒီပနီ၊ စာ ၁၀–၁၂

www.burmeseclassic.com



အခါ သုတမယဉာဏ်ဖြင့် ရအပ်သော ပညာတို့သည် ပညာ အစစ်လား ဟူသော ပုစ္ဆာမျိုး အကျွန်ုပ်၏ ဦးနှောက်တွင်းသို့ ရောက်လေ၏။ ထိုပညာတို့ကား အမှန်စင်စစ် ပညာစစ် ပညာမှန်များ မဟုတ်ကြချေ။ ခဏတစ်ဖြုတ်သာ ပေါင်းသင်း၍ ကောင်းသော၊ တစ်သက်လုံး ပေါင်းသင်းခြင်းငှာ မဖြစ်နိုင်သော မိတ်ဆွေမျိုးနှင့်လည်း တူကြလေသည်။ ဘဝသည် ထိုပညာအားဖြင့် ပြည့်စုံခြင်းသို့ မရောက်နိုင်ချေ။ ဘဝ၏ ငြိမ်းအေးခြင်းကို ထိုပညာများက မပေးနိုင်ချေ။ အဘယ်ကြောင့် ဆိုသော် ထိုပညာများသည် သူတော်ကောင်းတရား အပေါ်တွင် အခြေပြုထားသော ပညာမျိုး မဟုတ်ကြသော ကြောင့် ဖြစ်၏။ ထို အ ကြောင်း ကြောင့် လည်း ထို သုတမယ ပညာမျိုးသည် သူတော်ကောင်းတို့၏ ကိုယ်၌ တည်သော အခါမှသာ လောကကို ကောင်းကျိုး ပေးနိုင်သော်လည်း သူယုတ်မာတို့၏ ကိုယ်၌တည်သော် လောကကို ဆိုးကျိုးသာ ပေးနိုင်သည်ဟု ဘာထရန်ရပ်ဆယ် ဆိုခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

အကျွန်ုပ်သည် ဤဘဝ၌ ဖြစ်စေ၊ နောင်ဘဝများ၌ ဖြစ်စေ မြင့်ရာမြတ်ရာ အဖြစ်သို့ ပို့ဆောင်တတ်သော ပညာမျိုးကိုသာ ပညာစစ်ဟု ဆိုလို၏။ ဘဝသည် ပြည့်စုံခြင်းသို့ ရောက်ရန်ကား နှစ်မျိုးသာ ရှိသည်ဟု အကျွန်ုပ် မြင်၏။ ဘဝ၏ ပြည့်စုံခြင်း တစ်မျိုးမှာ ထာဝရ ငြိမ်းအေးခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဖြစ်၏။ ထိုပြည့်စုံခြင်းကား ဆင်းရဲခပ်သိမ်းမှ လွတ်မြောက်ခြင်း (ဝါ) ဆင်းရဲ ခပ်သိမ်း ချုပ်ငြိမ်းခြင်း ဖြစ်၏။

ဘဝ၏ ပြည့်စုံခြင်း နောက်တစ်မျိုးကား လူ့ဘဝ၏ အတု မရှိသော အထွတ် အထိပ်သို့ ရောက်ခြင်း ဖြစ်၏။ ထိုလူ့ဘဝ၏ အထွတ်အထိပ်ကား စကြဝတေးမင်း၏ အဖြစ်မျိုး မဟုတ်။ ထိုမင်း၏ အဖြစ်ကား လောကီ အတွက် စိတ်ချရသည် ဆိုသော်လည်း လောကုတ္တရာရေး စိတ်မချရသေးသောကြောင့် အထွတ်အထိပ်ဟု မဆိုနိုင်သေးချေ။ ဗောဓိဆု သာဝကဆု ပန်သော သူတို့၏ ပြည့်စုံခြင်း အဖြစ်သည်သာ လောကီ လောကုတ္တရာ နှစ်ဖြာ ပြည့်စုံခြင်း ဖြစ်၍ အထွတ်အထိပ် ပြည့်စုံခြင်းဟု ဆိုအပ်သည်။

ဘဝ၏ ငြိမ်းအေးခြင်းနှင့် ဘဝ၏ အထွတ်အထိပ်သို့ ရောက်ရေး ဟူသော ပန်းတိုင် နှစ်ခုကို မြင်သော ပုဂ္ဂိုလ်သည် လောကီ သုတမယဉာဏ် နှင့် သုတမယ ပညာ၏ မပြည့်စုံသော (မလုံလောက်သော) အဖြစ်၊ ချို့တဲ့သော အဖြစ်ကိုလည်း ကောင်းစွာ မြင်နိုင်သူ ဖြစ်ပေလိမ့်မည်။

ထိုအခါမှစ၍ အကျွန်ုပ်သည် ဘဝ၏ နေ့ရက်များကို အချည်းနှီး ကုန်လွန်စေမှုကို လုံးဝ ရှောင်ရှားတော့မည် ဟူ၍ စဉ်းစားခဲ့မိလေတော့၏။ ဤသို့ စဉ်းစားမိပြီးနောက် အကျွန်ုပ်အား စရဏ စခန်းသို့ ရုတ်တရက် တွန်းပို့လိုက်သော ဖြစ်ရပ် တစ်ခုသည် ပေါ်ပေါက်ခဲ့လေ၏။ ထိုဖြစ်ရပ်သည် အကျွန်ုပ်အား နဝင်္ဂသီလကို ရက်ရှည်လများ ဆောက်တည်ရန်ကို လည်းကောင်း၊ သမာဓိကို အားထုတ်ရန်ကို လည်းကောင်း ချက်ချင်း (နေ့ရွှေ့ ညဥ့်ရွှေ့ လုပ်မနေဘဲ) ဆောင်ရွက်ရန် ဖန်တီးလိုက်သော နီးကပ်သော လတ်တလော အကြောင်းဟု ဆိုလျှင်လည်း ဆိုသင့်သော အကြောင်း ဖြစ်လေ၏။

ထိုအကြောင်းသည် ဤသို့ ဖြစ်လေ၏။

အကျွန်ုပ်သည် တက္ကသိုလ် ကျောင်းမှ ထွက်ခဲ့ပြီးနောက် မောင့်ချစ်ဦး ဇာတ်ကားကို ရိုက်ကူး ထုတ်လုပ်လေ၏။ မောင့်ချစ်ဦး ဇာတ်ကားတွင် တက္ကသိုလ်ကျောင်းသား အနုပညာ လူသစ်ကလေးများကိုသာ စင်တင်ခဲ့၏။ ထိုအတွေ့အကြုံသည် အကျွန်ုပ်အား 'ဆန်းလွင်ရုပ်ရှင်သရုပ်ဆောင် သင်တန်းနှင့် ဇာတ်ညွှန်းသင်တန်း' ကို ဖွင့်လှစ်ရန် အခြေအနေ ပေးခဲ့လေ၏။

သမီးငယ် ဖွားမြင်ပြီးနောက် တစ်နှစ်ကျော် ကြာမြင့်သော ကာလဝယ် ဖြစ်၏။ တစ်နေ့သ၌ အကျွန်ုပ်သည် သရုပ်ဆောင် သင်တန်းတွင် တပည့်တို့အား ပေးထားသော ပတ်ဝန်းကျင် (Given Circumstance) တစ်ခုတွင် သရုပ်ဆောင်သူ တစ်ဦးသည် 'အကယ်၍မှော်' (Magic If) နည်းဖြင့် မိမိကိုယ်ကို ဇာတ်ကောင်၏ စရိုက် အပူးအဝင်ခံရပြီး သရုပ်ဆောင်သည့် (စတင်နီလက်ဗ်စကီး၏) နည်းလမ်းကို သင်ကြား ပြသလျက် ရှိလေ၏။

ထိုသဘောမှာ ဤသို့ ဖြစ်၏။

ပေးထားသော ပတ်ဝန်းကျင် ဆိုရာတွင် ဥပမာ တက္ကသိုလ် ကျောင်းသူ တစ်ဦး အဆောင်မှာ နေသည်။ မိဘများလည်း ချို့တဲ့သည်။ မိဘများက သူ့ထံသို့ အချိန်မီ အဆောင်ကြေး ကျောင်းလခများကို မပို့နိုင်။ မိန်းကလေးသည် လိမ္မာသည်၊ နှိမ့်ချသည်၊ ရိုးသားသည်၊ စာ ကြိုးစားသည်၊ အဆောင်မှူးအား ကူ ညီ သည်၊ အဆောင်မှူးကလည်း သူ့ကို ချစ်ခင်၍ အားကိုးသည်။ တစ်နေ့သ၌ ကျောင်းသူ မိန်းကလေးမှာ အဆောင်ကြေး

www.burmeseclassic.com



ကျောင်းဆောင်ကြေးများ အချိန်မီသွင်းဖို့ ပြဿနာပေါ်လေသည်။ အဆောင်မှူး သိသွားသည်။ သူ့မှာလည်း ငွေက အလွယ်တကူ မရှိ။ သည်တော့ အဆောင်မှူးက သူ၏ ပတ္တမြား လက်ကောက် တစ်ကွင်းကို တစ်နေရာမှာ အပေါင်ထား၍ ငွေကို ယူဖို့ ပေးလိုက်သည်။ မိန်းကလေးလည်း မတတ်သာ၍ အားနာစွာ ယူခဲ့ရသည်။ အခန်းရောက်တော့ မြို့တွင်းသို့ သွားရန် ရေမိုးချိုးပြီး အဝတ်အစား လဲသည်။ ဖြီးလိမ်း ပြင်ဆင်ပြီး၍ မြို့ထဲသို့ ထွက်ရန် လက်ကောက်ကို ယူမည် ကြည့်သောအခါ လက်ကောက်ကို ရှာ၍ မတွေ့တော့ချေ။ ဤကား ပေးထားသော စိတ်လှုပ်ရှားဖွယ် အခြေအနေမျိုး ဖြစ်လေသည်။

'အကယ်၍ မှော် (Magic If) ဆိုသည်မှာ ထိုအခြေအနေ ကြုံတွေ့ရသော မိန်းကလေးသည် 'အကယ်၍ ငါ' ဖြစ်ခဲ့လျှင်ဟု တွေးယူပြီး ဇာတ်ကောင်၏ စရိုက်မိမိကိုယ်မှာ (နတ်ဝင်သည်ကဲ့သို့) ပူးဝင် လာအောင်လုပ်ခြင်း ဖြစ်လေသည်။ နတ်ဝင်သည်ကဲ့သို့ ဇာတ်ကောင် ပူးဝင်ခံရဖို့ ဆိုသည်မှာ လွယ်ကူသည် မဟုတ်ချေ။ သရုပ်ဆောင်သူသည် ဘဝင်စိတ်ကို ချုပ်နိုင်သူဖြစ်ဖို့လိုသည်။ ဘဝင်စိတ်ကို ချုပ်ဖို့ ဆိုသည်မှာလည်း အာရုံကို စူးစိုက်မှု ရှိလာအောင် စုစည်းမှု (Concentration of Attention) ရှိဖို့လိုသည်။ ထိုအခြေအနေသို့ ရောက်ရှိအောင် လေ့ကျင့်ရာတွင် သရုပ်ဆောင်သူသည် ဘာဝနာနည်းများကို ဘယ်ပုံဘယ်နည်း အသုံးချရမည် ဆိုသည်ကို ကမ္ဘာကျော် ရုရှား သရုပ်ဆောင် ဒါရိုက်တာကြီး စတင်နီ လက်ဗ်စကီးက ညွှန်ပြခဲ့လေသည်။ သူရေးသားသော (An Actor Prepares) 'ကျမ်းငယ်ပါ သင်ခန်းစာများကို သင်ကြား ပြသရာတွင် အကျွန်ုပ်သည် အခက်အခဲ များစွာ ကြုံရလေသည်။ လက်သင် သရုပ်ဆောင်သစ်များသည် အာရုံ စုစည်းမှုကို လွယ်ကူစွာ မလုပ်တတ်ကြချေ။ ပေးထားသော ပတ်ဝန်းကျင် အခြေအနေကို မိမိ၏ အဖြစ်၊ မိမိ၏ ဘဝဟု မခံယူတတ်ကြချေ။ ထို့ကြောင့် သူတို့သည် အပေါ်ယံ သဘောဖြင့်သာ အနှစ်မပါသော သရုပ်ဆောင်မှုမျိုးကို ပြုလုပ်တတ်ကြလေသည်။

ထိုအခါ အကျွန်ုပ်လည်း တခြား တစ်နည်းကို အသုံးပြုရလေတော့၏။ တခြား တစ်နည်း ဆိုသည်မှာ ဗြိတိသျှ သရုပ်ဆောင် အတတ်သင်သိပ္ပံများ၌ သင်ကြားလျက်ရှိသော အက်ဖ်၊ အက်ဖ်၊ မက်ကေး (F.F. Mackey) ၏ (Elementary Principle of Acting) ကျမ်းပါနည်းကို ဆိုလိုခြင်း ဖြစ်၏။ ထိုကျမ်းတွင် မက်ကေးက သရုပ်ဆောင်သူများအား ဇာတ်ကောင်စရိုက် ပူးဝင်ရန် ခက်ခဲသည့်အခါ အသက်ကို ပြင်းပြင်း ရှူစေခြင်းဖြင့် စိတ်ကို ပြောင်းအောင် ပြုလုပ်၍ ရကြောင်း အရိပ်အမြွက် ပြထားလေသည်။ အကျွန်ုပ်လည်း ထိုအချက်ကို သတိရလျက် သင်တန်းသား ငါးဦးအား ၎င်းတို့သည် သဲကန္တာရ တစ်ခု အတွင်း မျက်စိလည် လမ်းပျောက်ကာ အစာပြတ် ရေပြတ်ဖြစ်လျက် အားအင် ယုတ်လျော့နေစဉ် သဲမုန်တိုင်းကြီး တစ်ခုကို ရင်ဆိုင်ရပုံ သရုပ်ကို ဆောင်ခိုင်းလိုက်လေသည်။ သင်တန်းသား ငါးဦးစလုံးပင် ပြင်းထန်လွန်းသော ဤအဖြစ်ကို စိတ်ဖြင့် မှန်းဆ၍ သရုပ်ဆောင်ရမည်ကို များစွာ ဝန်လေးလျက် ရှိကြလေ၏။ အကျွန်ုပ်က ရုပ်ရှင်မှာသာ သဲမုန်တိုင်းကို ဖန်တီးပြီး ပြနိုင်ကြောင်း၊ ဇာတ်ခုံပေါ်မှာ ဆိုလျှင် သဲ မုန်တိုင်းကို အတုသာ ဖန်တီး၍ မီးဆလိုက်ဖြင့် လုပ်နိုင်ကြောင်း၊ သရုပ်ဆောင်သူက စိတ် သွင်းတတ်မှသာ ဖြစ်မည့် အကြောင်း အမျိုးမျိုးကို ပြောဆိုသော်လည်း တပည့်များထံမှ တုံ့ပြန်မှုကို မရဘဲ နေလေ၏။

အကျွန်ုပ်လည်း စိတ်မရှည်တော့သဖြင့် ၎င်းတို့ ငါးဦးစလုံးကို

'ကဲ ဒီမှာ ကြည့်၊ ငါ့ မျက်နှာကို ကြည့်၊ ငါ့ မျက်လုံးကို စူးစူးစိုက်စိုက် ကြည့်၊ ကြည့်နော်၊ ခု အသက်ကို ပြင်းပြင်းရှူ၊ သဲကန္တာရထဲမှာ မိမိဟာ အစာပြတ် ရေပြတ် အားအင်ဆုတ်ယုတ် မောပန်းနေရင်း ခြေလက်ကို သယ်ပိုးသွားနေရသူ တစ်ယောက် မောသလိုပေါ့၊ ရှူ၊ ပြင်းနိုင်သလောက် ပြင်းပြင်း ရှူ၊ ခု မင်းတို့ သိပ် မောနေတယ်၊ သိပ် ပင်ပန်းနေတယ်၊ သိပ် နွမ်းနယ်နေတယ်၊ အသက်ကို လုပြီး ရှူနေရတယ်၊ အို မူးမေ့မတတ်ပါဘဲ၊ သိပ် မောနေတယ် နော်၊ သိပ်ကို မောနေကြတယ်' ဟု အကျွန်ုပ်၏ နှုတ်ကလည်း တဖွဖွ ပြောဆိုညွှန်ကြားလျက် ဇာတ်ကောင် စရိုက်ကို သွင်းပေးလေသည်။

ခဏကြာသော် ထိုတပည့် ငါးဦးစလုံးသည် အမူအရာ ဖောက်ပြန်လာကြလေတော့၏။ တကယ့် ကန္တာရကြီးထဲမှာ အကြီးအကျယ် ဒုက္ခခံစား နေရသူများကဲ့သို့ မျက်စိပျက် မျက်နှာပျက် ဖြစ်လျက် ငိုညည်းသံများပါ ထွက်ပေါ်လာကြလေတော့၏။ ထို့နောက် မမျှော်လင့်ဘဲ ငါးဦးစလုံး ကြမ်းပြင်ပေါ်သို့ လဲကျကြကာ တစ်ကိုယ်

www.burmeseclassic.com



လုံး ကောက်ကွေး နေကြလေတော့၏။

အကျွန်ုပ်လည်း ရုတ်တရက်သော် ဘာဖြစ်ကုန်မှန်း မသိ။ ဤ အဖြစ်ဆန်းမျိုးကိုလည်း တစ်ကြိမ်တစ်ခါမျှပင် မဆုံဖူး မကြုံဖူးသဖြင့် ထိတ်လန့်ခြင်းပင် ဖြစ်မိလေသည်။ သို့သော် ၎င်းတို့၏ အခြင်းအရာကို သေချာစွာ လေ့လာ ကြည့်သောအခါ ရုတ်တရက် အာရုံတစ်ခုသည် ဖျတ်ခနဲ ပေါ်လာ၏။ ထိုအာရုံသည် 'ဒီကောင်တွေ စိတ်ညှို့သလိုများ ဖြစ်သွားပြီလား' ဟူသော အာရုံ (အတွေး) ဖြစ်လေ၏။ ဤသို့ တွေးမိခြင်းမှာလည်း ၁၉၆၈ ခုနှစ်တုန်းက ပုညစာပေမှ စာအုပ်များ ထုတ်ဝေနေစဉ် အကျွန်ုပ်သည် **စိတ်ညှို့ပညာ** အမည်ရှိသော စိတ်ပညာ ကျမ်းငယ် တစ်စောင်ကို 'တက္ကသိုလ် အောင်မှူး' ကလောင် အမည်ဖြင့် ရေးသားခဲ့ဖူးသော ကျေးဇူးကြောင့် ဖြစ်လေသည်။ ထိုကျမ်းသည် အမှန်တကယ် မိမိ၏ ကိုယ်တွေ့ အတွေ့အကြုံကို ရေးသော ကျမ်း မဟုတ်။ စိတ်ပညာရှင်များ ဖြစ်ကြသော မာကျူး (F.I. Marcuse)၊ ဒေါက်တာ ဘားနတ် ဟော် လန် ဒါ (Barnard Hollander M.D) နှင့် ပါမောက္ခ ဝီလျံ အမ်ဘရူး နှင့် နယူးဘိုး စသူတို့၏ စိတ်ညှို့ပညာ ကျမ်းများကို စုပေါင်း လေ့လာပြီး မိမိဘာသာ သီးခြား ကျမ်း တစ်စောင် တစ်ဖွဲ့ ရေးခဲ့ခြင်း ဖြစ်၏။ အမှန်ကို ဝန်ခံရလျှင် ထိုအချိန်က မိမိသည် လက်တွေ့အားဖြင့်လည်း လူများကို စိတ်ညှို့၍ မရချေ။

ယခုမူ လေ့ကျင့်ထားခြင်းလည်း မရှိဘဲ အမှတ်မထင် လူများကို စိတ်ညှို့နိုင်သော အဆင့်သို့ မိမိ ရောက်ရှိနေခြင်းကို ပထမတွင် အံ့ဩမိလေ၏။ နောင်သော် ထိုအခြေအနေကို အသုံးချဖို့ ဆုံးဖြတ်လိုက်ကာ စိတ်ညှို့ပညာ ကျမ်းများ၌ ညွှန်ပြထားသော ညွှန်ကြားချက် (Suggestion) များကို စမ်းသပ် ညွှန်ကြား ကြည့်လေ၏။ ကြမ်းခင်းပေါ်တွင် လဲကျပြီး ကောက်ကွေးနေကြသူများကို 'မင်းတို့ အဖြစ်က သိပ်ပြီး ပူစပ်နေတယ်၊ နေကလည်း ချစ်ချစ်တောက် ပူနေတယ်၊ သဲပြင်ကလည်း ပူတယ်၊ ချွေးတွေလည်း စိုရွှဲနေပြီ' ဟု ပြောလိုက်သောအခါ သူတို့အား ဘယ်လို သရုပ်ဆောင်ဟု ပြောစရာ မလိုတော့ဘဲ အလိုက်သင့် လုပ်ကြလေတော့၏။ ရယ်ဆို ရယ်၏၊ ငိုဆို ငို၏။ အတန်ကြာ စမ်းသပ်ပြီးသောအခါ ဤအခြေအနေသည် စိတ်ညှို့ခံတော့မိနေသော အခြေအနေ ဖြစ်ကြောင်းကို အကျွန်ုပ် ကောင်းစွာ သိရလေတော့၏။ ဤအခြေအနေမှ ပြန်ပြီး ပကတိ သိစိတ် အခြေအနေသို့ ရောက်ဖို့ ဆိုသည်မှာ သတိကြီးစွာဖြင့် ညွှန်ကြားတတ်ဖို့ လိုသည် ဟူသော စိတ်ပညာရှင်များ၏ အဆိုအမိန့်များ အတိုင်း အကျွန်ုပ်လည်း လိုက်နာ၍ ညွှန်ကြားလေရာ ထို တပည့် ငါးဦးတို့သည် ပကတိ သိစိတ်ဖြင့် ကြည်ကြည်လင်လင် နိုးလာကြလေတော့၏။ သို့သော် သူတို့အား မင်းတို့ ဘာတွေကို ဘယ်လို လုပ်ခဲ့ကြသလဲဟု ကျန် သင်တန်းသားများက ပြန်မေးသောအခါ ၎င်းတို့က မသိဘူး ဟူ၍သာ ဖြေနိုင်ကြလေ၏။

မိမိတို့ ပြုမူခဲ့သည်များကို မိမိတို့ ပြန်၍ သတိမရသော ထိုအခြေအနေသည် သရုပ်ဆောင်မှုတွင် အထုံအလေ့ကို ဖြစ်စေမည် မဖြစ်စေမည်ကို အကျွန်ုပ် ဝန်မခံနိုင်သော်လည်း မမျှော်လင့်ဘဲ ရလာသော မိမိ၏ ထို စိတ်ညှို့ စွမ်းရည်ကိုမူကား မိမိအနေနှင့် ကောင်းစွာ အသုံးချဖို့ ချက်ချင်းပင် ဆုံးဖြတ်ချက် ချလိုက်ပါသည်။ အဘယ်ကြောင့် ထိုသို့ ဆုံးဖြတ်ရသနည်း ဆိုသော် သင်တန်းသားများသည် မိမိအတွက် လွယ်ကူသော အစမ်းခံ ပုဂ္ဂိုလ်များ ဖြစ်နိုင်သောကြောင့် ဖြစ်၏။ မဟုတ်လျှင် စိတ်ညှို့ အစမ်းခံမည့်သူများကို အကျွန်ုပ်မှာ တပင်တပန်း ရှာဖွေ နေရဦးမည် ဖြစ်လေသည်။

အကျွန်ုပ်လည်း မိမိကိုယ်တွင် စိတ်ညှို့စွမ်းရည် ရရှိနေပြီဟု ထင်လိုက်သည်နှင့် တစ်ပြိုင်နက် တပည့်များကို တစ်သုံတ်ပြီး တစ်သုတ် စိတ်ညှို့ခြင်းဖြင့် သရုပ်ဆောင် ခိုင်းလေတော့၏။ ထိုသို့ ခိုင်းခြင်းဖြင့် အလေ့အကျင့် ရလာသောအခါ အကျွန်ုပ်သည် မိမိ လက်ဝယ် သိမ်းဆည်းထားသော စိတ်ညှို့ပညာကျမ်း များစွာကို ပြန်လှန် လေ့လာ ကြည့်ပြန်လေ၏။ ထိုအခါ စိတ်ညှို့ပညာဖြင့် ရောဂါများကို ကုသနိုင်ခြင်း သဘောကို များစွာ စိတ်ဝင်စားမိ လေ၏။ လက်တွေ့ အခက်အခဲများကိုလည်း မြင်လာ၏။ ထိုအခက်အခဲများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကိုလည်း မြင်လေ၏။

အခက်အခဲ ဆိုသည်မှာ ဤသို့ဖြစ်၏။

တစ်နေ့သ၌ ထွန်းထွန်းမြင့် ဆိုသော သရုပ်ဆောင် သင်တန်းသား သူငယ်၏ မျက်ခွံတွင် မျက်စိစွန်လျက် ရှိသည်ကို သတိ ပြုမိလေ၏။ ထိုသူငယ်သည် မိမိထံ ရောက်လာသည်မှာ ခြောက်လခန့် ရှိပြီ ဖြစ်၏။ သူ၏ မျက်လုံးများပေါ်တွင် တစ်ဖက်ပြီးလျှင် တစ်ဖက် မျက်စိစွန်လျက် ရှိသည်ကို တွေ့ရလေသည်။ ဤ အခြင်းအရာသည် ထူးခြားသည်ဟု မိမိစိတ်မှာ အောက်မေ့

www.burmeseclassic.com



လျက် ထွန်းထွန်းမြင့်အား မေးကြည့်မိလေ၏။

'မင်း မျက်လုံးက အမြဲပဲ စွန်နေသလား'

'အမြဲလိုပါပဲ ဆရာရယ်၊ တစ်လမှာ ရက် နှစ်ဆယ်လောက်တော့ ဖြစ်ပါတယ်'

'ဒါ တစ်နှစ်လုံးပဲလား'

'ဟုတ်ကဲ့ တစ်နှစ်ပတ်လုံးပဲ ဆရာ၊ ဘာဖြစ်မှန်း မသိဘူး၊ ငယ်ငယ် ကတည်းက မာလကာပင်က အသီးကို ခူးတော့ မာလကာသီးက မျက်လုံးပေါ်ပဲ ကျတယ်၊ မိုးတွင်း ဘတ်စ်ကား တိုးတက်တော့လည်း ရှေ့က တက်တဲ့ လူ့ရဲ့ စစ်မိုးကာစနှင့် ရိုက်မိတော့လည်း မျက်လုံးကိုပဲ ထိပါတယ်၊ ကျွန်တော့် စိတ်ထဲ ဒီမျက်လုံး ဝင့်များ လိုက်နေသလားလို့တောင် အောက်မေ့လာတယ်'

'တခြား ဆရာတွေကို ပြဖူးသလား၊ တခြားနည်းနှင့် ကုသဖူးသလား'

'ဆရာလည်း စုံနေပြီ၊ ဆေးလည်း စုံနေပါပြီ ဆရာရယ်၊ ကျွန်တော်လည်း စိတ်ညစ်ရပါပြီ၊ ခုတော့ စိတ်ပျက်တာနှင့် ကုလည်း မကုတော့ပါဘူး'

'အေး ဒါဆို ငါ စမ်းမယ်'

ဤစကားကို ပြောလိုက်ခြင်းသည် အကြောင်းရှိပါ၏။ ထိုအကြောင်းသည် အခက်အခဲ တစ်ခုကို ဖြေရှင်းရန် အကြောင်း ဖြစ်၏။ ရောဂါ ကုသရာတွင် သူ့ရောဂါ ဘာကြောင့် ဖြစ်သည်ကို သိဖို့ လိုပေသည်။ ယခုမူ မောင်ထွန်းထွန်းမြင့် ၏ မျက်စိစွန် ရောဂါသည် ဘာကြောင့် ဖြစ်လေသနည်း။ ထိုအကြောင်းကို သိအောင် ဘယ်သို့ ပြုလုပ်ရမည်နည်း။ ဤကား ဆေးကုမည့်သူတို့ ရင်ဆိုင်ရသော အခက်အခဲ ဖြစ်၏။ အကျွန်ုပ်လည်း ထိုအခက်အခဲကို ရင်ဆိုင်နေရပြီ ဖြစ်၏။

သို့ရာတွင် အကျွန်ုပ်သည် ထိုအခက်အခဲကို ကျော်လွှန်နိုင်မည့် နည်းလမ်းကိုလည်း မြင်မိလေသည်။ ထိုနည်းလမ်းသည် (**Hypnoanalysis**) ခေါ်သော စိတ်ညှို့စိတ်ခွဲနည်း ဖြစ်၏။ * ဤနည်းကို ဆရာ အမျိုးမျိုးသည် အမျိုးမျိုး ကိုင်တွယ် သုံးစွဲကြလေသည်။ လူနာကို လိုက်၍ အခက်အခဲများလည်း ရှိတတ်ပေရာ ဆရာ လုပ်သူသည် သင့်တော်သော နည်းလမ်းဖြင့် မိမိ သိလိုသော အချက်ကို ဖော်ထုတ်ရမည်မှာ ဓမ္မတာ ဖြစ်ပါ၏။

အကျွန်ုပ်မူကား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြု၏။ စိတ် မညှို့မီကပင် လူနာက မိမိ သိလိုသည်ကို ပြောချင်အောင် အကြံပြု ညွှန်ပြပြီးမှ စိတ်ညှို့လိုက်၏။ ထိုသူအား နက်နဲစွာ အိပ်ပျော်သွားအောင် ပြုလုပ်လိုက်၏။ နက်ရှိုင်းသော အိပ်မွေ့ကျခြင်းသို့ ရောက်သွားသော အခါ ထိုသူ၏ ကိုယ်ပေါ်တွင် ဖြစ်ပေါ် လာသော တုံ့ပြန်မှု လက္ခဏာများကို သုံးသပ်ပြီးနောက် ထိုသူ စကားပြောလာအောင် တိုက်တွန်း နှိုးဆော်လိုက်၏။ တချို့သည် တုံ့ပြန်မှု မြန်သော်လည်း တချို့သည် တုံ့ပြန်မှု နှေး၏။ တချို့ စကား မပြောဘဲ ခုခံနေသည်လည်း ရှိ၏။ အမျိုးမျိုး ကြုံရ၏။ ထိုသို့ စကား ပြောခိုင်းသည့် အချိန်တွင် ဟိုက်ပါနီးရှား (**Hypermnesia**) ခေါ်သော အတိတ်ကို ပြန်လည် အောက်မေ့စေသော နည်းကိုပင် အသုံးပြု၏။ သူ၏ ရောဂါသည် ယခုဘဝတွင် ဖြစ်သော အကြောင်းလား၊ ရှေးဘဝက ပါလာသော အကြောင်းလား ဆိုသော ပြဿနာ ပေါ်မြဲ ဖြစ်၏။ ထွန်းထွန်းမြင့်က သူ့မျက်စိသည် ဝင့်လိုက်နေသည် ထင်ကြောင်း ပြောဆိုလေရာ သူ၏စိတ်တွင် အတိတ် အကြောင်းကို ဖွဲ့လမ်းလျက် ရှိကြောင်းမှာ ထင်ရှားလှ၏။ လူနာများတွင် (**Morbid Fear**) ခေါ် အကြောင်း ယုတ္တိမဲ့ ကြောက်ရွံ့ခြင်းမျိုး တစ်စုံတစ်ရာ ရှိ မရှိ စစ်ဆေး ကြည့်ခြင်းဖြင့် ထိုအချက်ကို သိနိုင်သည်ဟု အကျွန်ုပ် ထင်ပါ၏။ (အကြောင်းမဲ့ ကြောက်ရွံ့ခြင်း ဆိုသည်မှာ ကြောက်စရာ မဟုတ်သည်ကို ကြောက်ခြင်း၊ စိတ်တုန်လှုပ်ခြင်းကို ဆိုလိုသည်။ ဥပမာ ပိုးဟပ် ကြောက်သည်၊ လင်းကွင်းသံကို ကြောက်သည်၊ လေတိုက်လျှင် ကြောက်သည် စသည်။)

ဤတွင် ညွှန်ကြားတတ်ဖို့သာ အရေးကြီး၏။ လူနာအား အတိတ်ကာလ အတွေ့အကြုံများကို ပြန်လည်၍ ခံစားလာရအောင် ပြုရ၏။ ထိုအခါ ထိုလူနာသည် ပြင်းထန်သော ခံစားမှု တစ်စုံတစ်ရာဖြင့် တုန်လှုပ်လာတတ်၏။ ထိုခံစားချက်သည် ထိုသူ သေခါနီး အချိန်၌ ခံစားခဲ့ရသော မရဏာသန္နဇောစိတ်ပင် ဖြစ်သည်။

အဘိဓမ္မာလို ပြောရလျှင် ဇောပြန်၍ ကပ်လာ၏။ ထိုအခါ လူနာ၏ နှုတ်ဖျားက အမျိုးမျိုး ပြောဆို ရေရွတ်လာတတ်၏။

မောင်ထွန်းထွန်းမြင့်ကမူ မောပန်းစွာဖြင့် 'ရေတွေ၊ ပင်လယ်ကြီး ကူးနေတယ်' စသော စကားများကို ပြောလာလေ၏။ အကျွန်ုပ်လည်း သူ၏ စကားကို အမိအရ ဖမ်းယူပြီး 'ရေတွေ ဘာဖြစ်သလဲ၊ မင်း ဘာဖြစ်နေသလဲ၊ ပြော ပြော' ဟု ညွှန်ကြားရလေ၏။ ထိုအခါ မောင်ထွန်းထွန်းမြင့်က အောက်ပါတိုင်း ပြောလေ

--------------

* *Hypnosis Fact and Fiction,*
*F. F. Marchsure p 129*

www.burmeseclassic.com



တော့၏။

'ကျွန်တော် ကျွန်တော် လက်ခုပ်ကုန်းက ပင်လယ်ထဲမှာ ကူးနေရတယ်'

'ဟုတ်ပြီ၊ အဲဒီတုန်းက မင်းဟာ ဘယ်သူ ဘယ်ဝါ ဖြစ်တယ်၊ မင်းနာမည် ဘာ ဆိုတာတွေကိုပါ ယခု မင်း သတိရပြီ'

'ဟုတ်ကဲ့၊ ကျွန်တော် ကျွန်တော် တံငါသည်ပါ၊ ကျွန်တော့်နာမည် အဲဒီတုန်းက ကောင်ကြီး လို့ ခေါ်ကြတယ်'

'ဟုတ်ပြီ၊ ယခု မင်း မျက်လုံးမှာ မျက်စိစွန်ရတဲ့ အကြောင်းကို ဆရာ သိချင်တယ်၊ အဲဒီလို ဘာကြောင့် ဖြစ်ခဲ့ရတယ် ဆိုတာတွေ အားလုံးကို မင်း ခု ပြန်ပြီး သိပြီ၊ ကဲ ဆရာ့ကို ပြောတော့'

ထိုသို့ ညွှန်ကြားလိုက်သော အခါ ထွန်းထွန်းမြင့်၏ မျက်လုံးများမှာ မှိတ်ထားသော မျက်ခွံအောက်တွင် ချာချာလည်လျက် ရှိ၏။

အတန်ကြာပြီးမှ

'တစ်နေ့ ကျွန်တော်. . . ကျွန်တော်နှင့် သူငယ်ချင်း မြမောင် ဆိုတဲ့ အကောင် ပင်လယ်ထဲကို ငါးရှာဖို့ သွားကြတယ်'

'ဟုတ်ပြီ၊ ငါးရှာဖို့ သွားတော့ ဘာဖြစ်သလဲ'

'ကျွန်တော်တို့ ရေတက်မှ ကမ်းကို ပြန်လို့ ရမယ်၊ ခု ရေကျနေလို့ ကျွန်တော်လည်း ပင်လယ်ထဲ ဆင်းငုပ်လိုက်တာ မုတ်ကောင် တစ်ကောင် ရတယ်၊ အဲဒီ မုတ်ကောင်ကို ခွဲလိုက်တော့ အထဲမှာ ကွမ်းသီးလုံးလောက် ရှိတဲ့ ပုလဲကြီး တစ်လုံးကို ရပါတယ်'

'ဟုတ်ပြီ၊ ပြော ဒီပုလဲကြောင့် ဘာဖြစ်သလဲ'

'ပုလဲကို ရတော့ မြမောင်ဆိုတဲ့ အကောင်က နှစ်ယောက်အတူ လာတာ၊ ဒီပုလဲကို သူလည်း ထက်ဝက် ပိုင်ဆိုင်တယ်လို့ ပြောတယ်၊ ကျွန်တော်ကတော့ ဒီပုလဲကို မြို့မှာ တက်ရောင်းလို့ရတဲ့ ငွေနှင့် အေးအေးဆေးဆေး နေဖို့ စိတ်ကူးတုန်း သူက ဖြန်းဆို ဒီလို ထက်ဝက် ဆိုင်တယ် ပြောတော့ ဒေါပွပြီး မင်းနှင့် မဆိုင်ဘူး၊ ဒါ ငါ ငုပ်လို့ ရတာလို့ ပြောလိုက်တယ်၊ ဒီတော့ သူက အေးပါ သူငယ်ချင်းရာ၊ ငါက ကျီစားတာပါ၊ မင်းထိုက်နှင့် မင်းကံ ရတာ ငါ မယူပါဘူး၊ ငါ့ကိုတော့ ပြကွာလို့ ဆိုတယ်၊ ဒီအချိန်မှာ ရေကလည်း တက်လာတယ်၊ မိုးကလည်း ချုပ်စ ပြုနေတော့ ကျွန်တော်တို့ လှေနှင့် ကမ်းကို ပြန်ခဲ့ကြပါတယ်၊ ကမ်းရောက်တော့ သူက လှေပေါ်က ဆင်းပြီး သူငယ်ချင်း မင်းပုလဲကို ငါ့ကို ပြဦးလေကွာလို့ ဆိုတော့ ကျွန်တော် သူငယ်ချင်းချင်း ယုံပြီး ပြလိုက်ပါတယ်၊ သူ့လက်ထဲ ပုလဲ ရသွားတော့ ဒီကောင် ထွက်ပြေးပါတယ်၊ ကျွန်တော်က သူ့ထက် အပြေးသန်တာပဲ၊ အားလည်း ကောင်းတော့ ကျွန်တော် သူ့နောက်ကို လိုက်ပါတယ်၊ ဒီအခါ ဒီကောင်က သောင်ခုံပေါ်က သဲတွေယူပြီး ကျွန်တော့် မျက်စိထဲကို ပက်ထည့်ပါတယ်၊ ကျွန်တော်လည်း မျက်လုံးထဲ သဲတွေ ဝင်တာကြောင့်လည်း တစ်ကြောင်း၊ မိုးချုပ် လာတာကြောင့်လည်း တစ်ကြောင်း သူ့ကို ကောင်းကောင်း မမြင်ရတော့ဘူး၊ ဒါပေမယ့် သူ့နောက်ကို ကျွန်တော် ပြေးလိုက်ပါသေးတယ်၊ ဒီတော့ သူက ပင်လယ်ထဲကို ဆင်းပြေးတယ်၊ ကျွန်တော်လည်း ပင်လယ်ထဲ ဆင်းပြီး ကူးလိုက်ပါတယ်၊ တဖြည်းဖြည်း နှင့် ကျွန်တော် ပင်လယ်ထဲ ကူးရင်း ဘယ်ကို ရောက်မှန်း မသိတော့ဘူး၊ လက်ပန်း ကျလာပါတယ်၊ မျက်စိကလည်း သိပ် နာလာပါတယ်၊ ဒီတင် ကျွန်တော် သတိ လစ်သွားပါတယ်'

'မင်း သေသွားရော ဆိုပါတော့'

'ဟုတ်ပါတယ်'

'ဒါဆို မင်း ခုဘဝ မိခင်ရဲ့ ဝမ်းမှာ ဘယ်လို ပဋိသန္ဓေ ယူလာသလဲ'

'သူ လက်ခုပ်ကုန်းကို လာပါတယ်၊ ကမ်းစပ်မှာ ကျွန်တော် ချမ်းချမ်းတုန်တုန် ထိုင်နေတာကို သူ မြင်တော့ သနားပါတယ် ဆိုပြီး သူ့မှာ ပါလာတဲ့ ခြုံ တဘက်နှင့် ကျွန်တော့်ကို ခြုံပေးလိုက်လို့၊ ပြီး လာနင် ငါတို့အိမ်မှာ လာနေလို့ ဆိုလို့ ကျွန်တော် သူတို့ ဆီကို လိုက်ခဲ့တာပါ'

ဤကား မောင်ထွန်းထွန်းမြင့်အား အိပ်မွေ့ ချထားပြီး မေးစဉ် ပြောပြသော ဇာတ်လမ်း ဖြစ်လေသည်။

ထို အဖြစ်အပျက်ကို ကြားရသောအခါ အကျွန်ုပ်သည် မျက်စိ လည်ရသော အဖြစ်အပျက် နှစ်ခုကို တွေ့ရ၏။

ပထမ မျက်စိ လည်ရသည့် အချက်မှာ သူ့ကို မြမောင် ဆိုသူက မျက်စိထဲကို သဲနှင့် ပက်ထည့်သည်။ ထို ကံကြောင့် ဝင်္ငလိုက်လျှင် မြမောင် ဆိုသူမှာသာ မျက်စိမှာ ဝင်္ငလိုက်ဖို့ ရှိသည်။ အဘယ်ကြောင့် ထွန်းထွန်းမြင့်မှာ ထိုသို့ ဖြစ်ရသနည်း။

နောက်တစ်ချက်မှာ ယခုဘဝ သူ့မိခင်က သူ့ကို လက်ခုပ်ကုန်း ကမ်းစပ်မှာ ချမ်းတုန် နေသည်ကို

www.burmeseclassic.com



တွေ့ပြီး တဘက်နှင့် ခြုံပေးသည် ဆိုခြင်းမှာ အိပ်မက် မက်ခြင်းကို ဆိုလေသလား။

သို့ဖြင့် ထွန်းထွန်းမြင့် နိုးလာသော အခါ အောက်ပါ မေးခွန်း နှစ်ခုကို မေးရလေသည်။

'မင်း ဒီဘဝမှာ ကျောက်မျက် ရတနာထဲက ဘာ ရတနာကို အကြိုက်ဆုံးလဲ'

'ကျွန်တော် ပုလဲကို အကြိုက်ဆုံးပါ ဆရာ'

'အေး ဟုတ်ပြီ၊ မင်းမိခင် မင်းကို ပဋိသန္ဓေ ရခါနီးမှာ အိပ်မက် မက်တယ်လို့ ပြောဖူးသလား'

'ဟုတ်ကဲ့၊ ပြောဖူးပါတယ် ဆရာ'

'အဲဒါ ပြန်ပြောစမ်းပါ ကွယ်'

'ကျွန်တော် လက်ခုပ်ကုန်း ကမ်းစပ်က သောင်ခုံ ပေါ်မှာ ကိုယ်တုံးလုံးကလေး ချမ်းတုန်ပြီး ငိုနေတာကို သူ တွေ့တယ်တဲ့၊ အဲဒါ သူ့ခေါင်းမှာ ပတ်သွားတဲ့ ခြုံ လွှာ တဘက်နှင့် ကျွန်တော့်ကို ပတ်ပြီး ဟယ် သနား စရာကလေး၊ လာ ငါ့သား ငါတို့အိမ်ကို လိုက်ခဲ့ ဆိုပြီး ခေါ်ခဲ့တယ်တဲ့'

'အေး ဟုတ်ပြီ၊ ဒါဆို ရှင်းပြီ၊ မင်းကို နောက် ဘစ်ကြိမ် စိတ်ညှို့ဦးမယ်'

ထို့နောက် သူ့ကို စိတ်ညှို့ပြီး 'ဤ မျက်စိစွန် သော ရောဂါ နက်ဖြန် နံနက် အိပ်ရာက နိုးသော အချိန်မှ စ၍ လုံးဝ ပျောက်ကင်းစေ၊ ပကတိ မျက်စိ အကောင်း ဖြစ်စေ၊ ဒီအချိန်က စပြီး နောက်ကိုလည်း ဒီရောဂါ လုံးဝ ပျောက်ကင်းစေ' ဟု ညွှန်ကြားလိုက် (စေလိုက်) ပါသည်။ မောင်ထွန်းထွန်းမြင့် မျက်လုံးမှ မျက်စိစွန် နေသော အလုံးအဖုသည် နောက်နေ့ သင်တန်းသို့ လာ သောအခါ လုံးဝ ပျောက်ကင်းလျက် ရှိလေတော့၏။

ဤအချက်ကို မိမိ နားလည်ရန် မခက်ပါ။ ဤ ကား ကာလပေါ် စိတ်ပညာ စကားဖြင့် ပြောလျှင် စိတ်ရုပ်ရုပ် ရောဂါ (Psycho-somatic) ပင် ဖြစ်ကြောင်း နားလည်နိုင်ပါသည်။

အကျွန်ုပ် နားမလည်နိုင်သည်မှာ ကံသည် အကျိုး ပေးလျှင် မြမောင် ဆိုသူကို အကျိုးပေးရမည် ဖြစ်ပါလျက် ထွန်းထွန်းမြင့်မှာ ဘာကြောင့် ဤသို့ ဖြစ်ရလေ သနည်း ဆိုသော အချက် ဖြစ်ပါ၏။

ကာလ အတန် ကြာမြင့်သည့် တိုင်အောင် ထို ပြဿနာ၏ အဖြေကို အကျွန်ုပ် ရှာမရဘဲ နေခဲ့လေ၏။

ကံကောင်းထောက်မ လေသလား မသိ၊ တစ်နေ့ သ၌ အကျွန်ုပ်သည် လယ်တီ ဆရာတော် ဘုရားကြီး၏ ***ကမ္မဋ္ဌာနဒီပနီ*** ကို လေ့လာစဉ် ဘဝင်စိတ်၏ ထိုအခြင်း အရာကို သိနားလည်ခွင့် ရလေတော့၏။

လယ်တီ ဆရာတော်ကြီးက

'ပဋိသန္ဓေ အခါမှစ၍ ဖြစ်ပေါ်လာသော ဘဝင် ခေါ်သော မနောဝိညာဏ ဓာတ်မီးတောက်သည် ဟဒယ အိမ် အတွင်းရှိ နှလုံးသွေးနှင့် အပြည့်ရှိနေသော ဟဒယ ဝတ္ထုရုပ်ကို စွဲမှီ၍ ခဏမစဲ တဖွားဖွား တလက်လက် ဖြစ်ပေါ်၍ နေ၏။ အလွန် မှေးမှိန်သော ဓာတ်မီးတောက် မျိုးသာတည်း။ အာရုံမှာလည်း ရှေးဘဝ၌ မရဏာသန္န ဇောတွင် ထင်မြင်ခဲ့ဖူးသော အာရုံဟောင်း တစ်ခုခုကိုသာ အမြဲအာရုံ ပြု၏။ ယခုဘဝတွင် ထင်မြင် တွေ့ရှိသော အာရုံသစ်ကို အာရုံမပြု။ ထို့ကြောင့် ထိုဘဝင်၏ အာရုံကို ထိုပုဂ္ဂိုလ်သည် မသိနိုင်' * ဟူ၍ အတိအကျ ရှင်းလင်း ဖော်ပြထားသည်ကို ဖတ်ရလေသည်။ ထိုအခါမှ အကျွန်ုပ် လည်း မရဏာသန္နဇော (သေခါနီး ဖြစ်သော ဇော) ၏ အရေးပါမှုကို အထူး သတိပြုမိလေ၏။ အရေးပါမှု ဆို သည်မှာ ပဋိသန္ဓေ ကိစ္စတွင် အရေးပါမှု ဖြစ်လေ၏။

ဤတွင် အချက် နှစ်ချက်သည် နားလည်ရန် သင့်သော အချက်များ အဖြစ်ဖြင့် ပေါ်လာပြန်၏။

ပထမ အချက်သည် 'မရဏာသန္နဇော' ဆိုသော သဘော အချက် ဖြစ်၏။

ဒုတိယ အချက်သည် သတ္တဝါတို့၏ ဘဝ ကူး ဆက်ပုံ (ပဋိသန္ဓေယူပုံ) သဘော အချက် ဖြစ်သည်။

ပထမဦးစွာ သတ္တဝါ သေခါနီး အချိန်တွင် နိမိတ်များ ထင်လာပုံကို ဦးစွာ သိသင့်၏။ နိမိတ် သုံးပါး ရှိ၏။ ကံနိမိတ် ကမ္မနိမိတ် ဂတိနိမိတ်တို့ ဖြစ်၏။ မိမိ ပြုခဲ့ဖူးသော ကုသိုလ်ကံ အကုသိုလ်ကံသည် ကံနိမိတ် ဖြစ်၏။ ကုသိုလ် ပြုစဉ်အခါ ကုသိုလ်ဘက်၌ အလှူခံ ပုဂ္ဂိုလ် အလှူဝတ္ထု ကသိုဏ်းနိမိတ် စသည်တို့ကို ကမ္မ နိမိတ် ခေါ်ပါသည်။ အကုသိုလ်ဘက်တွင် သတ်အပ် သော သတ္တဝါ သတ်သော လက်နက် ကံမြောက်ကြောင်း အဆောက်အအုံ အာရုံစုကို ကမ္မနိမိတ် ခေါ်ပါသည်။

ထိုကံကြောင့် ရောက်လတ္တံ့သော နောက်ဘဝ၌ ရှိသော ကုသိုလ်ဘက်၌ နတ်သမီး၊ နတ်သား၊ အမိဝမ်း ရေ၊ အကုသိုလ်ဘက်၌ ငရဲ၊ ကြောက်မက်ဖွယ် အာရုံများ၊ အမိဝမ်းရေ စသော အာရုံဝတ္ထု အစုကို ဂတိ (လားရာ) နိမိတ် ခေါ်ပါ၏။

---

* *ကမ္မဋ္ဌာန ဒီပနီ၊ လယ်တီ ဆရာတော်၊ စာ ၁၁၆*

www.burmeseclassic.com



နောက်ဘဝ၌ ပဋိသန္ဓေ နေလတ္တံ့သော သတ္တဝါအား ဤ နိမိတ်သုံးပါး ထင်ပါသည်။ (နောက်ဘဝ၌ ပဋိသန္ဓေ မနေတော့သည့် ရဟန္တာတို့မှာ ထိုနိမိတ်များ မထင်တော့ပါ။)

အဘိဓမ္မာတွင် သေခါနီး သတ္တဝါအား မရဏာသန္န ဝီထိ ခေါ် ဇော ငါးကြိမ် ဖြစ်ပေါ်တတ်ကြောင်း အကျယ် ဟောပါသည်။

သေခါနီး မရဏာသန္နဇော ကပ်စဉ် အာရုံ တစ်ခုခု ဖြစ်ပေါ်လာပါက ထိုအာရုံသို့ လိုက်သွားပြီး ကုသိုလ် အကုသိုလ် အကျိုး ပေးတတ်ပုံကို အရှင် ဇနကာဘိဝံသက စိတ်ဆေးရုံ ဆရာဝန်ကြီး ဦးနေဝင်း အမေးကို ဖြေကြား ထားရာ၌ အောက်ပါအတိုင်း ဖြေဆိုတော်မူလေသည်။

'သေခါနီး ရောက်သွားပြီ၊ (ကံ) သတ္တိတွေ မပါဘူးလား၊ ပါမယ်နော်၊ သတ္တိတွေ ပါနေပြီ၊ သေခါနီးကို အင်မတန် ကပ်နေပြီ၊ လက်ဖျောက် တစ်ချက် တီးက ကုဋေ တစ်သိန်းလို့ ဆိုတော့ လက်ဖျောက် တစ်ချက် တီးတော့ မကသေးဘူး၊ ကပ်တော့ ကပ်နေပြီ၊ ကံရဲ့ ကမ္မသတ္တိတွေက ပါနေပြီ၊ ဒီတော့ သေခါနီးကို ခုနက လက်ဖျောက် တစ်ချက်တီးလောက် လိုတဲ့အချိန်မှာ ပတ်ဝန်းကျင်က ဆွေမျိုးတွေက ငိုကြတယ်၊ ငိုသံ သူ့နားထဲ နည်းနည်း ဝင်လာတယ်၊ အသံလေး ဝင်လာတော့ သူ့စိတ်ဟာ ဆွေမျိုးတွေကို နည်းနည်းကလေး ငဲ့စောင်းတဲ့ စိတ် မဖြစ်ပေဘူးလား၊ ဖြစ်တယ်နော်၊ အဲဒီ အခါမှာ ခုနက (ကံ) သတ္တိလည်း လိုက်လာလျက် နော်။

'ကံတွေ အမျိုးမျိုး၊ အကောင်းတွေလည်း ပါမယ်၊ မကောင်းတာတွေလည်း ပါမယ်၊ ဒီအချိန်မှာလေ ကောင်းတဲ့ ကံတွေကလည်း အကျိုး ပေးမလို့ အဖော် ကောင်းကောင်း စောင့်နေတယ်၊ မကောင်းတဲ့ ကံတွေကလည်း အကျိုး ပေးမလို့ အဖော် ကောင်းကောင်း စောင့်နေတယ်၊ ဒီတော့ သေတော့မယ့် လောလောဆယ် ဆွေတွေ မျိုးတွေရဲ့ ငိုသံကလေး ကြားလိုက်တော့ စိတ်က အဲဒီအထဲကို ဝင်စားလိုက်တာ၊ တစ်ခါတည်း ဝင်စားပြီးတော့လည်း သေရော၊ ဆွေမျိုး သံယောဇဉ်က ဦးဆောင်သွားတာ ဖြစ်တော့ မကောင်းတဲ့ ကံကလည်း အနားမှာ ရှိနေတာဖြစ်တော့ မကောင်းတဲ့ ကံက အကျိုးပေးလိုက်တာ တန်ဆွဲ ဖြစ်သွားတယ်။

'စုတိစိတ်ရဲ့ ရှေ့နားက ထင်တဲ့ အာရုံ အလိုက် ကံက အကျိုးပေးရတာ၊ ဒီတော့ ကံတွေက လိုက်လာတယ်၊ ထင်လာတဲ့ အာရုံအတိုင်း အကျိုးပေးတယ်။

'ဘာဖြစ်လို့ အနားကပ်နေတဲ့ ကံက အကျိုးပေးတာလဲ၊ နွားခြံမှာ နွားတွေ ဘယ်လောက် များနေပေမယ့် နွားအိုကြီးပင် ဖြစ်ဖြစ် ခြံတံခါးဝမှာ ကပ်နေတဲ့ နွားက ထိုခြံတံခါး ဖွင့်လိုက်တာနှင့် အလျင်ဆုံး ထွက်တာပဲ၊ ခုလည်း ကံတွေ အမျိုးမျိုးမှာ သေပေါက် သေဝမှာ ကပ်နေတဲ့ ကံက အကျိုးပေးတာပဲ' *

ယခု ထွန်းထွန်းမြင့်၏ မျက်လုံး စွန်ခြင်း အကြောင်း (ပဋ္ဌာန်း) ဆက်ကို အကျွန်ုပ် နားလည်နိုင်ပြီ ဖြစ်ပါ၏။ ထိုဝေဒနာသည် သူ သေခါနီး၌ ဖြစ်သော သေခါနီး အာရုံ မရဏာသန္နဇောကို အကြောင်းပြု၍ ဖြစ်ခြင်း ဖြစ်ပေလိမ့်မည်။

သူ ရေထဲမှာ ကူးပြီး ခြေကုန်လက်ပန်း ကျကာ ရေနစ်၍ သေခါနီး၌ သံဝင်နေသော မျက်လုံး၏ နာကျင်ခြင်းကို စိတ်စွဲသွားခြင်း ဖြစ်တန်ရာပါသည်။ ဤကား အကျွန်ုပ် ဉာဏ်မီသမျှ စဉ်းစားကြည့်ခြင်း ဖြစ်ပါ၏။ အထက်၌ ပြခဲ့သော ဆရာတော်ကြီးများ၏ အဆုံးအဖြတ်အရ စဉ်းစားခြင်းသာ ဖြစ်ပါ၏။

ထို့ကြောင့်လည်း ဆရာတော် အရှင် ဇနကာဘိဝံသသည် တပည့် ဒကာများအား သေခါနီးတွင် သေသူ အယူတိမ်းစောင်း မသွားစေရန် ဘေးလူများက အထူး သတိထားပြီး ကူညီ စောင့်ရှောက်တတ်ဖို့ လိုကြောင်းကို အောက်ပါအတိုင်း ဆုံးမတော် မူခဲ့ဖူးလေသည်။

'ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာရဲ့ ပညာရပ်က သေခါနီးနော်၊ သေခါနီး ဘေးက အပေါင်းအဖော်တွေ ကောင်းဖို့ လိုတယ် နော်၊ သေခါနီး နော် ဘေးက စကား အပြောတွေ လိုကို လိုတယ် နော်၊ မငိုကြနှင့် နော်၊ သူ့ဆီကို မသွားကြနှင့် နော်၊ ဒီလို သိပ်ပြီးတော့ သတိပေးနေတဲ့ ဥစ္စာဟာ အဲဒီ အမှားအယွင်းတွေ ဖြစ်ပြီး မကောင်းကံတွေ အခွင့်ရမှာ စိုးလို့' **

အကျွန်ုပ်သည် ထွန်းထွန်းမြင့်၏ ရောဂါ ပျောက်ကင်း သွားသည်ကို ကိုယ်တွေ့ ကြုံရသောအခါ များစွာ စိတ်အား ထက်သန်လာလေ၏။ ထိုအခါမှ စ၍ နီးစပ်သူ တပည့်များ၏ ဆေးဖြင့်ကု၍ မပျောက်နိုင်သော စိတ်စွဲ ရောဂါများကို အထူး ဦးစားပေး၍ ကုသလေ၏။

စိတ်ညှို့ခြင်းဖြင့် ဘဝင်စိတ်မှာ ကိန်းအောင်း စွဲ

---

* သိပ္ပံအမြင်နှင့် ဗုဒ္ဓ အဘိဓမ္မာ အဖြေများ၊ အရှင် ဇနကာဘိဝံသ၊ စာ ၅၂-၅၃

** သိပ္ပံအမြင်နှင့် ဗုဒ္ဓ အဘိဓမ္မာ အဖြေများ၊ စာ ၅၄

www.burmeseclassic.com



ထင်နေသော မရဏာသန္နဇော အာရုံ၊ ထိုအာရုံကြောင့် ဖြစ်သော ရုပ်ရောဂါများကို ပယ်ဖျက်နိုင်သည် ဆိုသည်ကိုလည်း တွေ့ရပြီ ဖြစ်၏။ ထိုမျှသာမကသေး ငယ်စဉ် အဖြစ်အပျက် တစ်ခုခုကြောင့် ယခု ကြီးပြင်းသောအခါ စိတ်ဝေဒနာ တစ်ခုခု ခံစား နေရသူများ၏ ဝေဒနာများ၊ စကားထစ်သော ဆွံ့အ မှုများကိုလည်း ကုသပေးခဲ့ရာ အထမြောက် အောင်မြင်ခဲ့ပြီ ဖြစ်လေ၏။

ထိုမျှသာမကသေး ထို မိမိနှင့် ယခုဘဝတွင် နီးစပ်လာသူများသည် ရှေး အတိတ်ဘဝများ၌လည်း မိမိနှင့် နီးစပ်စွာ ဆက်ဆံဖူးကြသူများ ဖြစ်ကြပေရာ ထိုသူတို့ကို စိတ်ညှို့လိုက်သော အခါ ထိုသူတို့၏ ဘဝနှင့် ဆက်စပ်နေသော မိမိ၏ အတိတ်ဘဝ အကြောင်းခြင်းရာများကိုပါ သိရလေတော့၏။ ထိုမှုမက ဥပမာ ကိုသိန်းဦး (မိုးဝေ မဂ္ဂဇင်း အုပ်ချုပ်ရေးမှူး) ကို စိတ်ညှို့စဉ် သူသည် သူ့အဖေ၏ ဖခင် ဆေးဆရာကြီး ဦးပါလော ဆိုသူ ဖြစ်ကြောင်း၊ ဦးပါလော ဘဝတွင် တွေ့ကြုံခဲ့သော အတွေ့အကြုံများကို ပြောလေသည်။

ဤတွင် သတ္တဝါတို့၏ ဘဝသံသရာဝယ် အဖေကလည်း သား ပြန်ဖြစ်တတ်ပုံကို အကျွန်ုပ် တွေ့မြင်ရပေရာ ပညတ် သဘောက တခြား၊ ပရမတ် သဘောက တခြား ဖြစ်သည်ကိုလည်း မြင်ရလေတော့၏။

ထို့ထက် ပိုပြီး ဆိုးသော အဖြစ်မှာ မိမိ၏ အဖြစ် ဖြစ်၏။

အောင်ခင်စော နှင့် သိန်းဦးတို့သည် ဘဝ တစ်ဘဝတွင် မိမိ၏ တပည့်များ ဖြစ်ခဲ့ကြသည်ဟု ၎င်းတို့ နှစ်ဦးကို တခြားစီ စိတ်ညှို့စဉ်က ဆိုကြလေ၏။

သူတို့ နှစ်ဦးစလုံးကပင် ယခုဘဝ အကျွန်ုပ်၏ ဇနီး ဖြစ်လျက်နေသူ မရွှေသက်သည် ထိုဘဝက မိမိ၏ သမီး ဖြစ်ခဲ့သည်ဟု ဆိုကြပေရာ အကျွန်ုပ်လည်း ယုံရခက် မယုံရခက် ဖြစ်ရလေတော့၏။ သို့သော် ဤ ကိစ္စသည် မိရွှေသက်ကို စိတ်ညှို့လိုက်လျှင် အဖြေထွက်မည် ဖြစ်သည်ဟုလည်း အောက်မေ့နေခဲ့၏။ ဤကား ဘဝပဟေဠိတစ်ခု အတွက် အဖြေရှာရန် အကျွန်ုပ် ရရှိသော စိတ်ကူးမျှသာ ဖြစ်သည်။ သို့ရာတွင် ထို စိတ်ကူးကို အကောင်အထည် ဖော်ရန်မှာ မိသက်က အကျွန်ုပ် စိတ်ညှို့ စမ်းသပ်နေပုံများကို ကြည့်ပြီး အယုံအကြည် မရှိ ဖြစ်နေသဖြင့် အခက်အခဲ ရှိလေ၏။

တစ်နေ့တွင်မူ သူက 'ရှင် ဒီလောက်တောင် စိတ်ညှို့နေတာ၊ ကျွန်မကို ညှို့ကြည့်ပါလား၊ ရမလားလို့' ဟု ဆိုလာသဖြင့် အလိုက်သင့်ပင် ညှို့လိုက်ရာ နှစ်မိနစ် အတွင်း သူသည် နက်ရှိုင်းစွာ အိပ်မောကျသွားလေတော့၏။

အိပ်မောကျသည်နှင့် တစ်ပြိုင်နက် သူသည် ချုံးပွဲချ ငိုကာ အကျွန်ုပ်အား အဖေကြီး ဟု ခေါ်လေတော့၏။ သူ့ကို စစ်မေးကြည့်သောအခါ အောင်ခင်စောတို့ ပြောဆိုခဲ့သည့် အတိုင်းပင် ထိုဘဝက သမီး အငယ်ဆုံး ဖြစ်ကြောင်းကို ပြောဆိုလေတော့၏။ ထိုအခါ သံသရာမှာ တစ်ဘဝတွင် သမီးတော်လိုက်၊ တစ်ဘဝတွင် ဇနီးတော်လိုက် ဖြစ်တတ်ကြသည့် သတ္တဝါတို့၏ ရက်စဖွယ် ဖြစ်ရပ်ကိုလည်း မြင်ရပြန်လေတော့၏။

စိတ်ညှို့ အတွေ့အကြုံကား များလှပေရာ ဤတွင် သင့်ရုံမျှသာ တင်ပြနိုင်ပါ၏။

ယခုမူ အကျွန်ုပ်သည် လူတို့၏ ဘဝင်စိတ် သဘောကိုပါ အထိုက် အလျောက် နားလည်ရပြီ ဖြစ်လေ၏။ အနောက်တိုင်း စိတ်ပညာတွင် ဖရွိုက်သည် လူတို့၏ ဘဝင်စိတ်ကို ယခုမျက်မှောက် ဘဝအာရုံကို မသိသော စိတ် ဖြစ်၍ 'မသိစိတ်' ဟု ခေါ်ကာ လေ့လာခဲ့ဖူး လေသည်။

အနောက်တိုင်း စိတ်ပညာ ကျမ်းများ၌ အတွင်းသိစိတ် (ဝါ) မသိစိတ် (Unconscious Mind) ဟု ခေါ်သော ထိုဘဝင်စိတ် အကြောင်းကို များစွာ ရေးသားထားကြသည်လည်း ရှိပါသည်။ အာရုံ သိစိတ်သည် သတ္တဝါတို့၏ စေတသိက် ဘဝ (Psychic Life) ၏ တစ်စိတ် တစ်ဒေသမျှသာ ဖြစ်သည်။ စိတ်ဘဝ တစ်ခုလုံး မဟုတ်။ အာရုံသိစိတ် ရှိလျှင် စိတ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ရှိသည်ဟု ဆိုနိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ရှိတိုင်း အာရုံသိစိတ် ဖြစ်ပေါ်နေသည်ဟု မဆိုနိုင်။ မသိစိတ်က အလုပ် လုပ်နေသော အစိတ်အပိုင်းသည် သိစိတ် အလုပ် လုပ်သော အစိတ်အပိုင်းထက် အဆ အထောင်မက ပိုသည် * ဟု ဒေါက်တာ ဘားနတ်ဟော်လန်ဒါက ဖော်ပြပြီး ဗုဒ္ဓ ကျမ်းဂန်များတွင် ဖော်ပြထားသော ဘဝင်စိတ်၏ လုပ်ငန်းများ (ဝီထိ) စိတ်ကိုပင် သူ၏ မသိစိတ် လုပ်ငန်းများ အဖြစ် ဖော်ပြထား လေသည်။

ထို ဝီထိစိတ်များသည် ဗုဒ္ဓ ကျမ်းဂန်များတွင် အောက်ပါ အတိုင်း ခုနစ်ချက် ဖော်ပြထားသည်။

--------------

* *Method and Uses of Hypnosis and Self-Hypnosis, Barnard Hollander p 38*

www.burmeseclassic.com



(၁) ဆင်ခြင်ခြင်း (ပဉ္စဒွါရာဝဇ္ဇန်း)

(၂) မြင်ခြင်း (စက္ခုဝိညာဏ်)

(၃) အာရုံကို ထိန်းသိမ်း လက်ခံခြင်း (သမ္ပဋိစ္ဆိုင်း)

(၄) စုံစမ်းခြင်း (သန္တီရဏ)

(၅) ဆုံးဖြတ်ခြင်း (ဝုဋ္ဌော)

(၆) ခံစားခြင်း (ဇော)

(၇) ဇောသို့လိုက်ခြင်း (တဒါရုံ)

(အကျယ်ကို သိလိုသူများသည် အနောက်တိုင်း စိတ်ပညာ ကျမ်းများတွင် လေ့လာသင့်၏။ ဤတွင် ကျယ်လွန်းမည် စိုး၍ ချန်လှပ်ထားရပေတော့မည်။)

ဘဝင်စိတ်နှင့် ပတ်သက်၍ သေက္ခတောင် ဆရာတော် ဘုရား ဟောကြားပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှသောကြောင့် ထိုအချက်ကိုသာ ဤတွင် ဖော်ပြပါတော့မည်။ ထိုဘဝင်စိတ်ကို ဗုဒ္ဓဘာသာ ကျမ်းဂန်များ၌ ပဋိသန္ဓေစိတ်ဟုလည်း ခေါ်သည်။

ဤတွင် ဆရာတော်၏ တင်ပြချက် အတိုင်း တင်ပြဖို့ ကြိုးစားပါမည်။ ကြိုးစားလျှင် ဤသို့ မြင်ရပါလိမ့်မည်။

'ပစ္စုပ္ပန် ဘဝ၌ ရှေးဦးစွာ ဖြစ်ပေါ်လာသော စိတ်ကို ရှေးဘဝနှင့် ဆက်စပ်၍ ဖြစ်သောစိတ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေစိတ် ဟု ခေါ်သည်၊ ရုပ်ရှိသော ဘုံမှာ ဖြစ်လျှင် ကံကြောင့် မိမိနှင့် အတူတကွ ဖြစ်ပေါ်သော ဟဒယဝတ္ထုရုပ်ကို မှီတွယ်၍ ဖြစ်၏၊ (အနောက်တိုင်းသားများက ဦးနှောက်ကို မှီသည်ဟု ယူဆလျက်ပင် ရှိကြသေးသည်။)

'အာရုံမှာ ရှေးဘဝ စုတိခါနီး အခါ မရဏာသန္နဇော၌ ကံသည် ထင်စေအပ်သော ထင်လာသော နိမိတ်သုံးပါးတို့တွင် တစ်ပါးပါးသော နိမိတ်ကို အာရုံ ပြု၏၊ ဤပဋိသန္ဓေစိတ် ဥပါဒ် ဌီ ဘင်ဟု ချုပ်ပျက်လျှင် ပဋိသန္ဓေ စိတ်၏ အခြားမဲ့၌ ပဋိသန္ဓေစိတ်သည် ပြုအပ်သော နိမိတ်အာရုံကိုပင် အာရုံပြု၍ စိတ်တစ်ချက် ဖြစ်ပေါ်ပြန်၏၊ ဤ ဖြစ်ပေါ်သောစိတ် ချုပ်ပြန်လျှင် ထိုအာရုံကိုပင် အာရုံပြု၍ စိတ်တစ်ချက် ဖြစ်ပေါ်ပြန်၏။ ဤနည်းအတူ တပည့်တို့ ...

'နောက်ကိုလည်း ပဋိသန္ဓေစိတ်သည် ပြုအပ်သော အာရုံကိုပင်လျှင် အာရုံ ပြု၍ စိတ်အဆက်ဆက် ဖြစ်၍ သွားလေ၏၊ ပဋိသန္ဓေစိတ်မှာ မိမိအရင် ဖြစ်နှင့်သော ဟဒယဝတ္ထုရုပ် မရှိသောကြောင့် မိမိနှင့် တစ်ပြိုင်နက် ဖြစ်ပေါ်သော ဟဒယ ဝတ္ထုရုပ်ကိုပင် မှီခိုရသည်၊ ဤပဋိသန္ဓေစိတ်၏ နောက် နောက်၌ ဖြစ်သော စိတ်အဆက်ဆက်တို့သည်ကား မိမိ၏ ရှေးရှေး အနန္တရစိတ်နှင့် ပြိုင်၍ ဖြစ်ပေါ်သော ဝတ္ထုရုပ်ကို မှီတွယ်ကြ၏။

'တပည့်တို့ ပဋိသန္ဓေစိတ်သည် ပြုအပ်သော နိမိတ်အာရုံကို အာရုံပြု၏၊ ဤ ပဋိသန္ဓေစိတ် နောင် အဆက်ဆက် ဖြစ်၍သွားသော စိတ်စုကို ဤပစ္စုပ္ပန် ဘဝ၌ ဘဝ မပြတ်အောင် မြစ်ရေ အလျဉ်ကဲ့သို့ ဆက်လက်၍ သွားသောစိတ် ဖြစ်ခြင်းကြောင့် ဘဝဿအင်္ဂ ဘဝင်္ဂ (ဘဝဿ ဘဝ၏၊ အင်္ဂ အလျဉ်မပြတ်အောင် ဆက်လက်သောစိတ် အင်္ဂါတည်း၊ ဣတိတသ္မာ ထို့ကြောင့်၊ ဘဝင်္ဂ ဘဝင်မည်၏ ဟူသော ဝစနတ္ထနှင့် အညီ ဘဝင်စိတ်ဟု ခေါ်သည်။)

'ဤပဋိသန္ဓေစိတ် ဘဝင်စိတ်စုကို ကံပေးသော နိမိတ်အာရုံကို ယူ၍ ကံ ပစ်ချရာဘဝ၌ ကံအား ကောင်းလျှင် ကောင်းလိုက်၊ ကံအား ညံ့လျှင် ညံ့လိုက် ကံ ပြုပြင်သော အတိုင်း၊ ကံ စီရင်သော အတိုင်း ကံအစွမ်းအားလျော်စွာ ဖြစ်သော စိတ်စု ဖြစ်ခြင်းကြောင့် ကံ၏ အကျိုးဝိပါက်စိတ်ဟု ခေါ်သည်။

'ဤဝိပါက်စိတ် အစဉ်သည် ကံပေးသော အတိတ်အာရုံကို အာရုံပြုလျက် မြစ်ရေအလျဉ်၌ မျောပါလေသော ဖက်ရွက်ထုပ်ကလေးကဲ့သို့ အလွန် အမူအရာ ဗျာပါရကင်းလျက် အလွန် ငြိမ်သက်စွာ ဖြစ်နေခြင်းကြောင့် ထိုဘဝင်စိတ် ဖြစ်၍ နေသောအခါ ပုဂ္ဂိုလ်သည် ဘာမှန်းမှ မသိပြီ၊ ဤသို့ နေသည်ကို အိပ်ပျော်နေသည်၊ မြောနေသည်၊ မေ့နေသည်ဟု လောက၌ ခေါ်ကြ၏၊ ဤကဲ့သို့ နှလုံးသွေး ဟဒယ ဝတ္ထုရုပ် ပေါ်၌ 'ဘဝင်ခေါ်သော နဂိုပကတိ မူရင်း စိတ်အစဉ်' ဖြစ်၍နေပုံကို ကောင်းမွန်စွာ သိမှတ်ကြ တပည့်တို့။

'တပည့်တို့ စိတ်သခင် နေဖို့ရာ ကံဆရာ ဆောက်လုပ်အပ်သော ရုပ်ခန္ဓာအိမ်သည် တံခါး ငါးပေါက်တို့နှင့် ပြည့်စုံစွာ ကြီးရင့်၍ အမိဝမ်းမှ ဖွားမြင်ပြီးသည် ရှိသော် အကြင်အခါ၌ စက္ခုအကြည် တံခါးဝ၌ ဗဟိဒ္ဓ (အပြင်) က ရူပါရုံ ထင်လာ ထိခိုက်လာ၏၊ ထိုစက္ခုအကြည် တံခါးမှာ ထင်လာ ထိခိုက်လာသည်နှင့် မရှေးမနှောင်း တစ်ပြိုင်နက် ထိုရူပါရုံသည် နှလုံးဘူးလိုဏ်တွင်း မူလ ဘဝင်စိတ်မှာလည်း ထင်၏၊ ထိခိုက်၏၊ စက္ခု ဘဝင် နှစ်ချက်၌ ရူပါရုံထင်မှု ထိခိုက်မှု မရှေး မနှောင်း တစ်ပြိုင်နက်ကျပုံမှာ သစ်ပင်၌ ငှက်နားသောအခါ သစ်ကိုင်း၌ ငှက်နား မိသည်နှင့် တစ်ပြိုင်နက် သစ်ကိုင်းရိပ်၌

www.burmeseclassic.com



ငှက်ရိပ် နားမိမှုသည် မရှေးမနှောင်း တစ်ပြိုင်နက် ကျ ဘိသကဲ့သို့ ဥပမာကို မှတ်ကြ။

'ထိုသို့ ဘဝင်စိတ်၌ ထင်လာ ထိခိုက်လာသော အခါ ဖြောင့်ငြိမ်စွာ သွား၍ နေခိုက် တုတ်နှင့် တို့ထိ လိုက်၍ တုန်လှုပ်၍ သွားသော ဆင်ကြင်တန်းကဲ့သို့ လည်းကောင်း၊ တီကောင်ကဲ့သို့ လည်းကောင်း ကပ်ပေ သော အတိတ်အာရုံကို အာရုံပြု၍ ဆွဲတွယ် ငြိမ်သက်စွာ ဖြစ်၍နေသော ဘဝင်စိတ်သည် လှုပ်ရှား၍ သွား၏။

'လှုပ်ရှားသည် ဆိုသည်ကား မိမိ ဆွဲတွယ်ရင်း အတိတ် အာရုံဟောင်းကို လွှတ်၍ ယခုထင်လာ ထိခိုက် လာသော အာရုံသစ်ကို အာရုံပြုလို ဆွဲတွယ်လိုသော အခြင်းအရာ ဖြစ်မှုတည်း။

'ထိုရူပါရုံ အထင် အထိ ခံရသော စိတ်သည် မိမိ အာရုံပြုမြဲ ဆွဲတွယ်မြဲ တိုင်းသော အတိတ် အာရုံဟောင်း ကို မလွှတ်တည့်နိုင်ဘဲ လွှတ်လိုသော အာရုံသစ်ကို ဆွဲ တွယ်လိုသော အခြင်းအရာအားဖြင့် လှုပ်ရှားလျက်သာ လျှင် တစ်ကြိမ် နှစ်ကြိမ် ဖြစ်၍ ချုပ်၏၊ ပထမ အကြိမ် ကို ဘဝင်္ဂစလန ဟု ခေါ်သည်။

'ဒုတိယ အကြိမ်ကို ကပ်ပေသော အာရုံဟောင်း ကို ယူလျက် ဆွဲတွယ်လျက် ငြိမ်သက်စွာဖြစ်ခြင်း ဟူ သော ဝိပါကဘဝင် သဘော ထိုစိတ်တွင် အပြတ် ဖြစ် ခြင်းကြောင့် ဘဝင်္ဂုပစ္ဆေဒ ခေါ်သည်။

'ထို့နောင် ထိုစိတ်သည် ဟဒယဝတ္ထုရုပ်၌ မှီလျက် ပင် ကပ်ပေသော အတိတ် အာရုံဟောင်းကို လွှတ်၍ ယခုထင်လာသော အာရုံသစ်ကို အာရုံပြုလျက် ဆွဲတွယ် လျက် ဖြစ်၍ ချုပ်၏၊ ဤစိတ်ကို အာရုံသစ်ကို သင်း ဘာလဲဟု ဆင်ခြင်သော အာဝဇ္ဇန ကိစ္စရှိခြင်းကြောင့် 'အာဝဇ္ဇန်းစိတ်' ဟု ခေါ်သည်။

'ကပ်ပေသော အတိတ် အာရုံဟောင်းကို ယူလျက် ဆွဲတွယ်လျက် ငြိမ်သက်စွာ ဖြစ်ခြင်း ဟူသော ဘဝင် ဝိပါက် သဘောကိုလွှန်၍ အာရုံသစ်ကို သင်း ဘာတုံး ဟု ရှေးဦးစွာ ဆင်ခြင်ခြင်း အမူအရာ ကြိယာ ဇျာပါရ ကလေး ရှိခြင်းကြောင့် 'ကြိယာစိတ်' လည်း ခေါ်သည်။

'(၁) ထို့နောင် ထိုစိတ်သည် အာရုံသစ်ကို အဝေး ဟဒယဝတ္ထုရုပ်က နေ၍ ဆင်ခြင် ဆွဲတွယ်ရသော (ရ သည်ကို) အားမရခြင်းကြောင့် ရူပါရုံသစ် ရှိရာ စက္ခု အကြည်ဟု ခေါ်သော စက္ခုဝတ္ထု ပေါ်သို့ ရောက်လာ၍ မှီ၍ ရူပါရုံကို လင်းလင်းထင်ထင် မြင်ခြင်း ကိစ္စဖြင့် ဆွဲတွယ်လျက် ဖြစ်၍ ချုပ်၏၊ ဤစိတ်ကို ရူပါရုံကို လင်းလင်း ထင်ထင် မြင်သောစိတ် ဖြစ်ခြင်းကြောင့် 'ဒဿနစိတ်' ဟု ခေါ်သည်။ စက္ခုဇတ္ထုပေါ်မှာ မှီ၍ ဖြစ်ခြင်းကြောင့် 'စက္ခုဝိညာဏ်စိတ်' ဟုလည်း ခေါ်သည်၊ မိမိ နေနေကျ ဟဒယဝတ္ထုရုပ် ပေါ်မှသည် နေနေကျ မဟုတ်သော ဤစက္ခုဝတ္ထုပေါ် ခရီးဝေးသို့ ပြောင်းရွှေ့ လာရခြင်းကြောင့် လည်းကောင်း၊ ဤစက္ခု အကြည် ဟူသော မှီရာဝတ္ထုလေးကလည်း ညံ့ခြင်းကြောင့် လည်း ကောင်း ဤ စက္ခုဝိညာဏ် စိတ်သည် အလွန် အားညံ့ သေးငယ်၏၊ အမူအရာ ကြိယာဗျာပါရ ကင်း၏၊ ထိုသို့ အလွန် အားညံ့ သေးငယ် ကြိယာဗျာပါရ ကင်းခြင်း ကြောင့် လည်းကောင်း၊ ကံ အာနုဘော် အစီအရင် လွန်စွာ ကင်းရှင်းသောကြောင့် လည်းကောင်း ဤစက္ခု ဝိညာဏ်စိတ်ကို ကံ၏ အကျိုးဝိပါက်စိတ် ဟူ၍လည်း ခေါ်သည်။

'(၂) ထို့နောင် ထိုစိတ်သည် မိမိ နေနေကျ မဟုတ် သော နေရာသစ် စက္ခု ဝတ္ထု ပေါ်မှသည် နေနေကျ ဟဒယဝတ္ထုရုပ်ပေါ် နေရာဟောင်းသို့ ပြန်လည်လာ ရောက်၍ မှီ၍ ထိုရူပါရုံကိုပင်လျှင် ဆွဲတွယ်လျက် ဖြစ် ၍ ချုပ်၏၊ ဤစိတ်ကို မိမိ စက္ခုဝတ္ထုပေါ်၌ စက္ခု ဝိညာဏ်စိတ် ဖြစ်စဉ် ဘဝက မြင်ခဲ့သော ထိုရူပါရုံကို မိမိ နေရာဟောင်းသို့ ပြန်ရောက်သော်လည်း မလွှတ်၊ မပျောက်အောင် ဆုပ်ကိုင်ခံလင့် (ထိန်းသိမ်း) သော သမ္ပဋိစ္ဆန ကိစ္စရှိလျက် ဖြစ်ခြင်းကြောင့် 'သမ္ပဋိစ္ဆိုင်း စိတ်' ဟုလည်း ခေါ်သည်။

'(၃) ထို့နောင် ထိုစိတ်သည် မိမိ သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်စဉ်အခါ ဘဝက မပျောက်မလွှတ်အောင် ဆုပ်ကိုင် ခံလင့်၍ လက်ရှိ ဖြစ်ဖူးသော ထိုရူပါရုံကိုပင်လျှင် ဆွဲ တွယ်လျက် ဤရူပါရုံသည် ကောင်းသော ဣဋ္ဌလော မကောင်းသော အနိဋ္ဌလောဟု စုံစမ်း စစ်ဆေးသော သန္တီရဏကိစ္စ ရှိလျက်ဖြစ်၍ ချုပ်၏၊ ဤစိတ်ကို ဤသို့ စုံစမ်း စစ်ဆေးသော သန္တီရဏကိစ္စ ရှိ ခြင်း ကြောင့် 'သန္တီရဏစိတ်' လည်း ခေါ်သည်။ ဤသမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်တို့သည်လည်း ကံအာနုဘော် အစီအရင် ထင်ရှားခြင်း ငြိမ်သက်စွာ ဖြစ်ခြင်း ဟူသော ဝိပါက် သဘော ရှိ၏၊ ထို့ကြောင့် ထိုစိတ်တို့ကိုလည်း ကံ၏ အကျိုးဝိပါက်စိတ်တို့ ဟူ၍ပင် ခေါ်ဆိုသည်၊ နေရာသစ် ခရီးဝေးမှ ကူးပြောင်း ရောက်လာစ ဖြစ်ခြင်းကြောင့် လည်းကောင်း၊ သမ္ပဋိစ္ဆိုင်း စိတ်က သန္တီရဏစိတ် အောက် အားညံ့ သေးငယ်၏။

www.burmeseclassic.com



'(၄) ထိုနောင် ထိုစိတ်သည် မိမိ သန္တီရဏ ဖြစ်စဉ် အခါက စုံစမ်း စစ်ဆေးပြီးသော ထို ရူပါရုံကိုပင်လျှင် ဆွဲတွယ်လျက် ထိုရူပါရုံကို ဣဋ္ဌ ဖြစ်လျှင် သင်း ဣဋ္ဌပဲ၊ အနိဋ္ဌ ဖြစ်လျှင် သင်း အနိဋ္ဌပဲဟု ဆုံးဖြတ် ပိုင်းခြား ခြင်း ကိစ္စရှိလျက် ဖြစ်၍ ချုပ်၏၊ ဤစိတ်ကို ဤသို့ ဆုံးဖြတ် ပိုင်းခြားခြင်း ဝေဋ္ဌဗ္ဗနကိစ္စ ရှိခြင်းကြောင့် 'ဝုဋ္ဌောစိတ်' ဟု ခေါ်သည်၊ မှေးမှိန် ငြိမ်သက်စွာ ဖြစ်ခြင်း ဟူသော ဝိပါက်သဘောကို လွန်၍ အာရုံ၏ အရသာ ကို ခံစားလိုသော သန်စွမ်းသော အမူအရာ ကြိယာ ဗျာပါရ ရှိခြင်းကြောင့် 'ကြိယာစိတ်'ဟုလည်း ခေါ်သည်။

'(၅) ထိုနောင် ထိုစိတ်သည် မိမိ ဝုဋ္ဌော ဖြစ်စဉ် အခါက သင်း ဣဋ္ဌပဲ၊ အနိဋ္ဌပဲဟု ဆုံးဖြတ် သတ်မှတ် ပြီးသော ထိုရူပါရုံကိုပင်လျှင် ဆွဲတွယ်၍ ထိုရူပါရုံ၏ ဣဋ္ဌ အရသာ၊ အနိဋ္ဌ အရသာကို ခံစားလျက် ခုနစ် ကြိမ်လောက် ဖြစ်၍ ချုပ်၏၊ ထိုစိတ်စုကို သန်စွမ်းသော အဟုန် ရှိခြင်းကြောင့် 'ဇောစိတ်' ဟု ခေါ်သည်၊ ဤ နေရာဝယ် ဇဝေါ ဇဝန် အဟုန် ဆိုရာ၌ လျင်မြန်သော အဟုန်ကို မမှတ်ရဘူး တပည့်တို့၊ ခပ်သိမ်းသော ပုဂ္ဂိုလ် တို့၏ ခပ်သိမ်းသော စိတ်ပင်လျှင် ဥပါဒ် ဌီ ဘင် ကာလ အတူတူချည်းပင်တည်း၊ ထို့ကြောင့် သန်စွမ်းသော အဟုန် ဟု မှတ်ရမည်၊ ထိုသို့ သန်စွမ်းခြင်းကြောင့် ဤဇောစိတ် တို့၌သာလျှင် သန်စွမ်း အားကောင်းသော ခြွေရံသင်း ပင်းနှင့် တကွသော လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဟူသော ဟိတ်တရားတို့သည် ထင် ပေါ်နိုင်ကြကုန်၏၊ အာဝဇ္ဇန်းမှ စ၍ ဝုဋ္ဌောစိတ် တိုင် အောင်သော စိတ်တို့သည်ကား အားညံ့ သေးငယ်ခြင်း ကြောင့် ဟိတ် တရားတို့ မထင်ပေါ်နိုင်၊ ထိုစိတ်တို့ကို 'အဟိတ်စိတ်' ဟု ခေါ်ဆိုအပ်ကုန်၏။

'တပည့်တို့ ထိုဇော (၇) ချက်တို့တွင်လည်း ပထမ ဇောထက် ဒုတိယဇော ထက်သန် အားကောင်း၏၊ ဒု တိယထက် တတိယ၊ တတိယထက် စတုတ္ထဇော ထက် သန် အားကောင်း၏၊ ထိုစိတ်သည် မိမိယူရင်းစွဲ ကပ်ပေး သော အတိတ်အာရုံကို လွတ်၍ ရူပါရုံသစ်ကို ဆွဲတွယ် လျက် လူ တက်ပြီး (အထက်သို့ ရောက်အောင် တက် ပြီး) ဖြစ်လာရသော (တာ) ကြာသဖြင့် လည်းကောင်း၊ ထိုရူပါရုံကလည်း အိုဆွေးသဖြင့် လည်းကောင်း ဤ စတုတ္ထဇောမှ နောက်သို့ တဖြည်းဖြည်း အားညံ့ သေး ငယ်သွား၏၊ စတုတ္ထဇောအောက် ပဉ္စမဇောက အားညံ့ သေးငယ်၏၊ ပဉ္စမ ဇောအောက် ဆဋ္ဌမဇောက အားညံ့ သေးငယ်၏၊ ဆဋ္ဌမဇောအောက် သတ္တမဇောက အားညံ့ သေးငယ်၏၊ (ဇော ခုနစ်ချက် ပြီး။)

'(၁၂) ထိုနောင် ထိုစိတ်သည် အားညံ့ သေးငယ် သော သတ္တမဇော ဘဝမှ ကူးပြောင်း၍ ထက်သန်သော အဟုန် ဇဝနသဘော ကင်းလျက် ထိုဇောသို့ ဆွဲတွယ် ခံစားသော ဤအာရုံကိုပင် ဆွဲတွယ်၍ တစ်ကြိမ် နှစ် ကြိမ် ဖြစ်၍ချုပ်၏၊ ဤဇော နောင် တစ်ကြိမ် နှစ်ကြိမ် ဖြစ်၍ ချုပ်သောစိတ်ကို ထိုဇောတွယ်သော အာရုံလျှင် ဆွဲတွယ်ရာ အာရုံရှိခြင်းကြောင့် 'တဒါရုံစိတ်' ဟု ခေါ် သည်၊ အမူအရာ ကြိယာ ဗျာပါရ ကင်းလျက် ကံ၏ အာနုဘော် အစီအရင် အတိုင်း မှေးမှိန် ငြိမ်သက်စွာ ဖြစ်ခြင်းကြောင့် ကံ၏ အကျိုးဝိပါက်စိတ် ဟူ၍လည်း ခေါ်သည်၊ တဒါရုံသည် တစ်ကြိမ်လည်း ဖြစ်၏၊ နှစ်ကြိမ် လည်း ဖြစ်၏၊ အကယ်၍ နှစ်ကြိမ် ဖြစ်အံ့ ပထမ အကြိမ်အောက် ဒုတိယအကြိမ်က အားညံ့သေးငယ်၏၊ ဤတဒါရုံနောင် ဖြစ်သော စိတ်က တဒါရုံအောက် အား ညံ့ သေးငယ်၏။

'(၁၄) ဘဝင်္ဂစလန၏ ရှေ့ အနန္တရစိတ်၏ ဥပါဒ် နှင့် အတူ ပြိုင်ကျ်ချက် ဖြစ်ခဲ့၍ ထိုမိမိနှင့် တစ်ပြိုင်တည်း ဖြစ်ပေါ်သော ဘဝင်စိတ် တစ်ချက်ကို လွန်၍ ဘဝင် စလနသို့ ကျမှ စိတ်၌ ထင်လာသော ထိုရူပါရုံသည် ဤဒုတိယ တဒါရုံနှင့် ပြိုင်၍ ချုပ်၏၊ ထို့ကြောင့် ရုပ် တစ်သက်သည် စိတ္တက္ခဏ ၁၇ ချက်စာ ရှည်၏ဟု မှတ်ရာ၏။' *

အထက်တွင် ဘဝင်စိတ်၏ လုပ်ငန်းကို သိစေရန် ရုပ်တစ်သက်သည် စိတ်တက္ခဏပေါင်း ၁၇ ဆ ရှိပုံ အလုံးစုံကို သေက္ခုတောင် ဆရာတော်ဘုရား ဟောကြား တော်မူသည့် အတိုင်း တင်ပြခြင်း ဖြစ်၏။ ဤသို့ တင်ပြ ခြင်းသည် အကြောင်း ရှိ၏။ ထိုအကြောင်းသည် ဤသို့ ဖြစ်၏။

အကျွန်ုပ်သည် အနောက်တိုင်း ဒဿနပညာများ တွင် လည်းကောင်း၊ စိတ်ပညာများတွင် လည်းကောင်း မြင်သိစိတ်တစ်ခု ဖြစ်ပေါ်မှု၌ပင် ဘဝင်စိတ် (သူတို့ အခေါ် မသိစိတ်) ၏ အခန်းကဏ္ဍ ကြီးကျယ်ပုံကို ဤ ဗုဒ္ဓ အယူဝါဒမှာလောက် ကြီးမား နက်ရှိုင်းစွာ သဘာဝ ယုတ္တိ အာဂမယုတ္တိ ရှိစွာ ရှင်းပြနိုင်သော တရား မတွေ့ ဖူးခဲ့ချေ။ အကယ်၍ ရှိသည် ဖြစ်ငြား ပညာရှိ ဆရာ

* *ပဏ္ဍိတဝေဒနိယ ဒီပနီ၊ သေက္ခုတောင် ဆရာတော်၊ စာ ၃၁၅-၃၁၉*

www.burmeseclassic.com



သမားတို့သည် တင်ပြကြပါကုန်။

ဤ အခြင်းအရာ သိမြင်ရသည့် အခါ အကျွန်ုပ်သည် စိတ်ညှို့ခြင်းဖြင့် သီလာရသော သတ္တဝါတို့၏ ဘဝ ကူးပုံ ပြဿနာကို ရှင်းလင်း လွယ်ကူစွာပင် အမြင်ပေါက်ရလေတော့၏။

သတ္တဝါသည် တစ်ဘဝမှ တစ်ဘဝသို့ ပဋိသန္ဓေစိတ်ဖြင့် ကူးပုံ၊ ထိုပဋိသန္ဓေ စိတ်ကိုပင် ဘဝင်စိတ်ခေါ်ပုံ၊ ထိုဘဝင်စိတ် အလုပ်လုပ်ပုံ၊ ဘဝင်စိတ်၏ အလုပ်လုပ်နေပုံကို အသက်ရှင်နေသော သတ္တဝါက မသိဘဲနေပုံများမှာ သေက္ခတောင် ဆရာတော်ဘုရား၏ ဟောကြား ရှင်းလင်းချက်တွင် ပေါ်လွင် ထင်ရှားလေပြီ။

သို့ရာတွင် အထက်၌ ဆိုခဲ့သော သေက္ခတောင် ဆရာတော်ဘုရား၏ ဟောကြားချက်တွင် လည်းကောင်း၊ လယ်တီ ဆရာတော်ဘုရား၏ ***ကမ္မဋ္ဌာန ဒီပနီ*** တွင် လည်းကောင်း ပဋိသန္ဓေစိတ်နှင့် ၎င်းစိတ်မှီရာ ဟဒယ ဝတ္ထုသည် တစ်ပြိုင်နက် ဖြစ်ပေါ်သည် ဆိုသော စကားရပ်သည် ခေတ် ဆေးပညာ အမြင်နှင့် နီးစပ်မှု ရှိ မရှိကို အကျွန်ုပ်သည် သိချင်ပြန်လေ၏။ ထိုအခါ ၁၉၅၈ ခုနှစ်လောက်တုန်းက ဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်ဆွေက ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအား မေးမြန်း လျှောက်ထားသော ဘဝပြဿနာ ပုစ္ဆာအစုတွင် လူ သတ္တဝါတို့ ပဋိသန္ဓေယူပုံနှင့် စပ်သော အမေး အဖြေ ပါသည်ဟု အောက်မေ့သဖြင့် ထိုဘဝပြဿနာ စာအုပ်ငယ်ကို ရှာကြည့်မိလေ၏။

မည်သို့ ပဋိသန္ဓေ တည်သနည်း ဆိုသော အခြင်းအရာနှင့် စပ်လျဉ်း၍ ဆရာဝန်ကြီးက ခေတ်ဆေးပညာအမြင်ကို တင်ပြ၍ အောက်ပါ အတိုင်း လျှောက်ထားပါသည်။

**မေး** -- သတ္တဝါ တစ်ဦးသည် မိမိကုသိုလ် ကံအလျောက် တစ်ဖန်ပြန်၍ လူဖြစ်လာသည်ဟု ဗုဒ္ဓဘာသာ တရားတော် အရ ဆိုရာ၌ အမိဝမ်းတွင်းဝယ် မည်သို့ သန္ဓေ တည်ပါသနည်း။

ဆရာဝန်ကြီး မေးသော ဤအချက်ကို အကျွန်ုပ်လည်း သိလိုလှပါသည်။ သို့ရာတွင် အကျွန်ုပ် သိလိုခြင်းမှာ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေစိတ်သည် မရှေး မနှောင်း တစ်ပြိုင်နက် ဖြစ်ပေါ်သည် ဆိုသော အချက်၏ အထောက်အထားကို သိလိုခြင်း ဖြစ်ပါ၏။ သိပ္ပံဆေးပညာ၏ အမြင်ကို သိလိုခြင်းဟု ဆိုသော်လည်း ဆိုနိုင်ပါ၏။ ဆရာဝန်ကြီးသည် ဤသို့လျှင် သိပ္ပံ ဆေးပညာ အမြင်ကိုလည်း တင်ပြ လျှောက်ထားလေသည်။

'ခေတ်ပညာ ဆေးကျမ်းအရ လျှောက်ထားရပါမူ သတ္တဝါ တစ်ဦးတစ်ယောက်သည် သေသွားပြီးနောက် ဘဝတစ်ခုသို့ ပြန်၍ ဖြစ်ခြင်း ရှိသည်ဟု မဆိုပါ၊ သို့သော် ပဋိသန္ဓေ တည်နေပုံကို ပြဆိုရာ၌မူ သံဝါသ ဆက်စပ်ရာ၌ ဆေးပညာအလိုအားဖြင့် အဖ၏ သုက်၌ ပါဝင်သော ငါးဖလောင်းနှင့် သဏ္ဌာန်တူသော စပါမယ်တိုဇွာ (Spermatozoa) ခေါ် အကောင်ကလေးများသည် သုက်နှင့် အတူ သန်းပေါင်း များစွာ အသက်ရှင်လျက် လူးလာ ကူးယှက်ပြီးလျှင် အမိ၏ အင်္ဂါတွင်းသို့ ဝင်ရောက် သွားကြပါသည်။ ထိုသုက်ရည်ထဲမှ အကောင်ပေါင်း များစွာတို့သည် မိခင်၏ အိုဗေရီ ခေါ် မျိုးစေ့အိမ်မှ အိုဗာဆိုသည့် အစိတ်အပိုင်း တစ်ခု ဆင်းလာသည့် အခိုက်နှင့် ကြုံကြိုက်သောအခါ တစ်ခုသော အိုဗာကို သန်းပေါင်း များစွာ ရှိသော စပါမယ်တိုဇွာတို့ အနက် တစ်ကောင်သော စပါမယ်တိုဇွာကသာလျှင် ဖယ်လိုပီယန်ကျူ (ပြွန်) ခေါ် သားအိမ်ကြော အတွင်းဝယ် ပေါင်းစပ်ရပါသည်၊ ထိုသို့ ပေါင်းစပ်ပြီးမှ ဖြစ်ပေါ်သော အစိတ်အပိုင်းသည် သန္ဓေဦးအစ ဖြစ်ပါသည်။

'ထိုသန္ဓေဦး အစသည် တစ်ဖန် သားအိမ် ရှိရာဘက်သို့ ပြန်၍ ဆင်းလာရပါသည်၊ သားအိမ် အတွင်းသို့ ရောက်သောအခါ သားအိမ်၏ မျက်နှာကြက်တွင်းသို့ တိုးဝင်ပြီး အကောင်အထည်ဖြစ်ကာ ဖွားမြင်သည့်တိုင်အောင် ၎င်းနေရာမှာပင် နေပါသည်'

**ဖြေ** -- လူ့ဘဝ အမိဝမ်း၌ ပဋိသန္ဓေ တည်နေပုံကို ပါဠိကျမ်းဂန်တို့၌ အောက်ပါအတိုင်း ပြထား၏။

(၁) မာတာပိတရောစ သန္နိပတိတာ ဟောန္တိ
(မိဘ နှစ်ပါးတို့ သံဝါသ ပြုကြ၏။)

(၂) မာတာစ ဥတုနီ ဟောတိ
(မိခင်မှာလည်း ဥတုပန်း ပွင့်၏။)

(၃) ဂန္ဓဗ္ဗောစ ပစ္စုပဋ္ဌိတော
(သူငယ်လောင်းဖြစ်သူကလည်း အသင့်ရှိ၏။)

ဧဝံ တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿ ဝက္ကန္တိ ဟောတိ

ဤသို့ အင်္ဂါသုံးပါး ညီညွတ်လျှင် ကိုယ်ဝန်သန္ဓေတည်သည်။ (မ၊ ၀ - ၃၃၂)

အထက်ပါ အင်္ဂါ သုံးပါးတို့တွင် အမှတ် (၁) အင်္ဂါမှာ အနောက်နိုင်ငံ ဆရာဝန်တို့၏ ကိုယ်တွေ့ ဆေးကျမ်းများနှင့် ညီနေသောကြောင့် အထူးပြောရန် မလိုပြီ။

အမှတ် (၂) ဥတုပန်း ပွင့်သည်ဟုဆိုသော အင်္ဂါမှာ

www.burmeseclassic.com



ယခုခေတ် အနောက်နိုင်ငံ ဆရာဝန်တို့၏ ကိုယ်တွေ့နှင့် ရက်အနည်းငယ် ကွာနေသကဲ့သို့ ရှိ၏။ သို့သော်လည်း အိုဗေရီ ခေါ် သားဥအိမ်မှာ အိုဗာ ခေါ် သားဥ ကျဆင်းခြင်းသည် ဥတုပန်း ပွင့်ပြီးသော အခါ၌သာ ဖြစ်သည်။ ဥတုပန်း မပွင့်သော အရွယ် မရောက်သေးသူ အရွယ်လွန်သူတို့၌ မဖြစ်။ အရွယ် ရှိသူပင် ဖြစ်သော်လည်း ဥတုပန်း မပွင့်သူတို့၌ အများအားဖြင့် မဖြစ် ဟူသော ဤအချက်မှာ တူညီမည်သာ။ ထို့ပြင် အိုဗာ ခေါ် သားဥ ကျဆင်းသည့် အချိန်ကာလကို သာမန်လူတို့ မသိနိုင်။ အနောက်တိုင်း ဆရာဝန်တို့ သိကြသည်မှာလည်း အနှစ် ၃၀၀ ထက် ကြာမြင့်ဟန် မတူသေး။

ဘုရား လက်ထက် နှစ်ပေါင်း ၂၅၀၀ ကျော် ကာလကမူ ထိုအကြောင်းကို ဆေးဆရာများပင် အများအားဖြင့် သိကြဟန် မတူပေ။ ထို့ကြောင့် အများက မသိသော ထိုအိုဗာ ကျဆင်းချိန်ကို ဘုရားက သတ်မှတ်၍ ဟောလျှင် ထိုစကားကို နားလည်နိုင်ကြမည် မဟုတ်။ ဥတုပန်း ပွင့်ပြီးလျှင် ပဋိသန္ဓေ တည်နိုင်သည်ဟူသော အချက်ကိုကား ရှေးရှေး ကာလကပင် အထင်အရှား သိနေကြ၏။

ထို့ကြောင့် လူအများ နားလည်နိုင်သော ဥတုပန်း ပွင့်ခြင်းဖြင့်ပင် သတ်မှတ်၍ ဟောထားသည်ဟု ယူဆလျှင် ယခုခေတ် ဆရာဝန်တို့၏ ကိုယ်တွေ့နှင့်လည်း ညီညွတ်သည်သာ။

ဤအရာ၌ မြတ်စွာဘုရား၏ တရားမှာ ဆေးကုရန် မဟုတ်သောကြောင့် အသေးစိတ် အတိအကျ ဟောရန် မလိုသည်ကို လည်းကောင်း၊ အတိအကျ ဟောစေကာမူ ပဋိသန္ဓေနှင့် စပ်၍ ရဟန်းများမှာ ဆရာဝန်တို့၏ နည်းမျိုးဖြင့် လက်တွေ့ စမ်းသပ် သင်ပြရန် မဖြစ်နိုင်သည်ကို လည်းကောင်း ထည့်သွင်း၍ စဉ်းစား သင့်သည်။

'သူငယ်လောင်းသည် အသင့်ရှိ၏' ဟု ဆိုသော အမှတ် (၃) အင်္ဂါ၌ မိဘ နှစ်ပါးတို့ သံဝါသ ပြုနေဆဲမှာပင် အသင့် ရှိနေရမည် ဟူ၍ကား ဆိုလိုသည် မဟုတ်။ အမှန်အားဖြင့် အမှတ် (၁) (၂) အင်္ဂါများအရ သန္ဓေသားဖြစ်ရန် အသင့်ရှိနေသော ကာလ အတွင်းမှာ ထိုမိခင်၏ ဝမ်းမှာ ဖြစ်ထိုက်သောသူက ဘဝဟောင်းက စုတေ လာခဲ့ခြင်းကိုသာ ဆိုလိုသည်။

ထိုသူငယ်လောင်းသည် စပါမယ်တိုဇွာ ခေါ် သုက်ပိုး၏ ကိုယ်ထဲ၌ ဖြစ်သလော၊ အိုဗာ ခေါ် သားဥထဲ၌ ဖြစ်ခဲ့သလော၊ သို့မဟုတ် ၎င်းတို့နှစ်မျိုး ပေါင်းစပ်ပြီးသော သားမျိုးရုပ်ထဲ၌ ဖြစ်ခဲ့သလောဟု စိစစ်ဖွယ် ရှိသည်။

ထိုတွင် သုက်ပိုး ကိုယ်ထဲ၌ ဖြစ်ခဲ့လျှင် အဖကိုသာ မှီရာရောက်၏။ သားဥထဲ၌ ဖြစ်ခဲ့လျှင် အမိကိုသာ မှီရာ ရောက်၏။ ထို နှစ်မျိုးစလုံးပင် မသင့်။ ထို့ကြောင့် 'မာတာပေတ္တိက သမ္ဘဝေါ' 'မိဘတို့၏ သုက်သွေးကို မှီ၍ဖြစ်သည်' ဟူသော သီလက္ခန် ပါဠိစသည်နှင့် အညီ 'သုက်ပိုးနှင့် သားဥ ပေါင်းစပ်ပြီးသော သားမျိုး ရုပ်ထဲ၌ ဖြစ်သည်' ဟု မှတ်အပ်၏။ ဤပါဠိ၌ အမိသွေး ဟူသည်မှာ အမိမှဖြစ်သော အိုဗာ ခေါ် သားဥပင်ဟု မှတ်အပ်၏။ ထိုပဋိသန္ဓေ တည်နိုင်သော ကာလကို အဋ္ဌကထာ၌ အောက်ပါအတိုင်း သတ်မှတ် ပြဆိုထား၏။

သုဒ္ဓေ ဝတ္ထုမှိ မာတာပိတူသု ဧကဝါရံ သန္နိပတိတေသု ယာဝ သတ္တ ဒိဝသာနိ ခေတ္တမေဝ ဟောတိ၊ (မဋ္ဌ ၂-၂၁၀)

'သားအိမ်၌ ဥတုသွေး စင်ကြယ်သောအခါ မိဘတို့ သံဝါသ တစ်ကြိမ် ပြုထားလျှင် ခုနစ်ရက်ပတ်လုံး သန္ဓေတည်နိုင်သော ခေတ်ချည်း ဖြစ်သည်' (ဘာသာပြန်)။

ယခုခေတ် အနောက်တိုင်း ဆရာဝန်တို့၏ စမ်းသပ်ချက် အရအားဖြင့် 'လူ၏ သုက်ပိုးများမှာ သားဥနှင့် မပေါင်းစပ်မိလျှင် လေးနာရီမျှ ကြာသောအခါ သေကုန်ကြသည် ဟူ၍ လည်းကောင်း၊ ၃၆ နာရီ ကြာသောအခါ သေကုန်ကြသည် ဟူ၍ လည်းကောင်း၊ နှစ်ရက် သုံးရက် ကြာသောအခါ သေကုန်ကြသည် ဟူ၍ လည်းကောင်း ပြဆိုထားသည်ကို တွေ့ရ၏။ ထို့ကြောင့် ၎င်းပြဆိုချက်နှင့် အဋ္ဌကထာ အဆိုကို နှီးနှော၍ ယူလျှင် အဖ၏ သုက်သည် အမိ၏ သားဥနှင့် နာရီ အနည်းငယ် အတွင်း ပေါင်းစပ်မိ၍ ဖြစ်စေ အလွန်ဆုံး သုံးရက်အတွင်း ပေါင်းစပ်မိ၍ ဖြစ်စေ သံဝါသ ပြုပြီးသည်မှ နောက် ခုနစ်ရက် အတွင်း ပဋိသန္ဓေ တည်နိုင်သည်ဟု ယူအပ်၏' ဟု ပြဆိုပြီးနောက် ဆရာတော်က ဘုရားလောင်း ပဋိသန္ဓေ တည်နေပုံကို ရှင်းပြတော်မူသည်။

ဤတွင် ပြဿနာမှာ 'ပဋိသန္ဓေတည်' သည် ဆိုသော စကားနှင့် 'ပဋိသန္ဓေ ယူ' သည် ဆိုသော စကားကို ရှင်းသင့်သည် ထင်ပါသည်။

ဗုဒ္ဓဘာသာ အလိုအရ မိခင်ဝမ်း၌ ဖြစ်ထိုက်သော ပဋိသန္ဓေ ယူမည့် သားလောင်း ဘဝဟောင်းမှ စုတေ

www.burmeseclassic.com



သည့် အချိန်မှာသာ ပဋိသန္ဓေ တည်သည်ဟုလည်း ဆရာတော်က ဆုံးဖြတ်ပါသည်။ *

ထိုအဖြေသည် အလွန် နှစ်သက်ဖွယ် ကောင်းသော အဖြေ ဖြစ်သည်ဟု အကျွန်ုပ် ယူဆမိပါ၏။

အဘယ်ကြောင့်ဆိုသော် သန္ဓေသား ဘဝဟောင်းမှ စုတေပြီး (ကြားကာလ မရှိ) ချက်ချင်း အမိဝမ်း၌ ပဋိသန္ဓေစိတ် ဖြစ်ပေါ်ခြင်းသည် ဟဒယဝတ္ထုရုပ် နှင့် မရှေးမနှောင်း တစ်ပြိုင်နက် ဖြစ်သည် ဆိုသော စကားကို လက်ဆုပ်လက်ကိုင် ထား၍ ဖြစ်ပါသည်။

ခေတ်သိပ္ပံ ဆေးပညာအရ ပထမ ရက်သတ္တ သုံးပတ်တိုင်အောင် သားဥသည် သားအိမ်၌ မတွယ်မိသေး။ စတုတ္ထပတ် (တစ်လ) ကျမှ သားအိမ်၌ တွယ်မိသည်။ ထိုအချိန် မိခင်မှာ ပွင့်နေကျ ဥတုပန်း မပွင့်တော့။ သို့သော် မိခင်သည်ပင် သန္ဓေ ရှိမှန်း မသိသေး။

ပဥ္စမပတ်က စပြီး ကျောရိုးဆက် ငါးခုမှ ရှစ်ခု အထိ ဖြစ်ပေါ်သည်။ သတ္တဝါ၏ အဆင်းသဏ္ဌာန် မပေါ်သေး။

ဆဋ္ဌမပတ် (တစ်လခွဲ) မှာ ဦးခေါင်း ပုံသဏ္ဌာန် ပေါ်လာသည်။ ၎င်းမှာလည်း ကိုယ်ပိုင်းထက် ကြီးလျက် ရှိသည်။ နှလုံး (ဟဒယဝတ္ထု) လည်း ထိုအချိန်ကျမှ ဖြစ်ပေါ်သည်။ ပြီးလျှင် ထိုနှလုံး စတင်ခုန်လာသည်။

ပဋိသန္ဓေစိတ်သည် ထိုနှလုံးခုန်ချိန်မှ စ၍ ဖြစ်သည်ဟု အကျွန်ုပ် ယူဆနိုင်ပြီ ဖြစ်သည်။

ထိုသို့ ယူဆနိုင်သည်မှာ ထိုသန္ဓေသား၌ နှလုံး မဖြစ်ပေါ်မီက နှလုံးလည်း မခုန်သေးရကား ဘဝင်စိတ်ပင် မဖြစ်ပေါ်သေးကြောင်းမှာ ထင်ရှားပါသည်။ တစ်လခွဲကျော်မှသာ သန္ဓေသား၏ နှလုံး စတင်ခုန်ရာ ထိုခုန်သော အခိုက်နှင့် စုတေသော သားလောင်း၏ ကံ အဟုန် ဆုံစည်းပြီး ပဋိသန္ဓေစိတ် ဖြစ်ခြင်းပင် ဖြစ်ရာသည်။

အကျွန်ုပ် ထိုသို့ ယူဆရသည်မှာ အောက်ပါ ၁၉၅၈ ခုနှစ်က နိုဗယ်ဆုရ ဒေါက်တာ ဘီဒယ်တို့ ဇနီးမောင်နှံ (George and Muriel Beadle) တို့၏ 'The Language of Life-An Introduction to the Science of Genetics for Everyone' ခေါ် စာအုပ်တွင် ရေးသား ထားသော အချက်အရ ဖြစ်လေသည်။ ဒေါက်တာ ဘီဒယ်၏ ရေးသားချက်သည် ဤသို့ ဖြစ်၏။

မိခင်သည် မိမိမှာ ကိုယ်ဝန် ရှိကြောင်းကို အရိပ်အမြွက် သိလာသော ကာလသည် သန္ဓေသားမှာ ဦးခေါင်းနှင့် နှလုံး ဖြစ်ပေါ်ပြီးနောက် ထိုနှလုံး စတင်ခုန်သော ကာလပင် ဖြစ်လေသည်။

(By the time the mother begins to suspect that she is pregnant, the embryo has head and heart, and the heart has begun to beat.) *

အကျွန်ုပ်သည် စိတ်ညို့ခြင်းဖြင့် အတိတ်ဘဝများကို အညို့ခံ ပုဂ္ဂိုလ်တို့၏ ဘဝင်စိတ်တွင် ပြန်လည် ရှာဖွေနိုင်ခဲ့သော်လည်း ဤအချက်ကို အခြား ပညာရှင်များ မတွေ့ရှိဘဲလျက် ထုတ်ဖော် ပြောဆိုမိပါက အများ ရယ်ဖွယ်ရာ ဖြစ်လေမည်လား ဟူ၍ စိုးရိမ်မကင်း ဖြစ်လျက် နှင့်သာ ကာလ အတန်ကြာအောင် နေခဲ့ရလေ၏။

သို့နေစဉ် တစ်နေ့သ၌ သီဟိုဠ်မှ ကမ္ဘာ့ သာသနာပြု အရှင်နာရဒ အရှင် သူမြတ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော **ဗုဒ္ဓဝါဒ အကျဉ်းချုပ်** (Buddhism in a Nutshell) စာအုပ်ငယ်ကို ဖတ်မိလေရာ ထိုစာအုပ်တွင် အောက်ပါအတိုင်း စိတ်ညို့ခြင်းဖြင့် အတိတ် ဘဝကို ဖော်ထုတ်နိုင်ကြောင်း ရေးသား ထားသည်ကို တွေ့ရမှ ပင် များစွာ နှစ်ထောင်းအားရ ဖြစ်လျက် အားတက်မိ လေတော့၏။

ထိုစာအုပ်တွင် ဆရာတော်က

'အိပ်မွေ့ ချထားခြင်းကို ခံရသော လူတချို့သည် အိပ်ပျော်နေစဉ် ၎င်းတို့၏ အတိတ်ဘဝများမှ အတွေ့အကြုံများကို ပြန်ပြောပြတတ်လေသည်၊ တချို့ကမူ တခြားလူတို့၏ အတိတ်ဘဝ အကြောင်းများကို ပြန်လည် ဖော်ထုတ်ပေးနိုင်ရုံမျှမက ရောဂါများကိုပင် ကင်းရှင်း လွင့်ပျောက်စေနိုင် ကြလေသည်' ** ဟု ရေးသား ဖော်ပြထားလေသည်။

သို့ဖြစ်ရာ အကျွန်ုပ်၏ တွေ့ရှိချက်များသည် အများ ရယ်ဖွယ်ရာ မဖြစ်တော့ဟု အောက်မေ့လျက် ထိုအခါမှ စ၍ အိပ်မွေ့ချခြင်းဖြင့် အတိတ်ဘဝ အတွေ့အကြုံများကို ပြန်ပြောကြသော ကမ္ဘာ့ အတွေ့ အကြုံများကို အကျွန်ုပ်လည်း ရှာဖွေလေ တော့၏။

ထိုအခိုက်တွင် Gina Cerminara ၏ Many Mansions ခေါ် စာအုပ်သည် အိပ်မွေ့ ချခြင်းဖြင့်

---

* ဘဝပြဿနာ၊ မဟာစည် ဆရာတော်၊ စာ ၂၇-၃၅

* *The Language of Life,*
*George and Muriel Beadle p 217*

** *Buddhism in a Nutshell,*
*Narada Thera p 42*

www.burmeseclassic.com



ကေစီ ဆိုသူ၏ အတိတ်ဘဝ ဖော်ထုတ်ပုံကို ရေးသားထားသော ကျမ်းငယ်တစ်စောင် ဖြစ်လျက် နေသည်ကို တွေ့ရလေသည်။ ထိုစာအုပ်သည် ယခုအခါ မြန်မာပြန်ဆိုပြီး ဖြစ်သည်။ (ချမ်းမြေ့ဆရာတော်က ***'အနောက်တိုင်း ဘဝပြဿနာ'*** အမည်ဖြင့် ပြန်ဆိုကာ ချမ်းမြေ့ ရိပ်သာတွင် ဓမ္မဒါန အဖြစ် ရရှိနိုင်ပြီ ဖြစ်သဖြင့် ဤတွင် အထူးရေးရန် မရှိပြီ။)

ဒေါက်တာ အလက်ဇန္ဒား ကင်နွန် (Dr. Alexandar Cannon) ဆိုသူကလည်း လူပေါင်း ၁၃၀၀ ကျော်ကို အကျွန်ုပ်ကဲ့သို့ပင် အိပ်မွေ့ချ လက်တွေ့ စမ်းသပ်ပြီးနောက် ထိုသူတို့၏ အတိတ် ဘဝများကို ဖော်ထုတ်ကာ ၎င်း၏ ***အတွင်း စွမ်းအင်*** (The Power Within) စာအုပ်ကို ရေးသားခဲ့လေသည်။

ထိုစာအုပ်တွင် ဒေါက်တာ ကင်နွန်က 'သူလည်း အတိတ်ဘဝ ရှိကြောင်း မယုံခဲ့၊ သို့သော် သူ အိပ်မွေ့ချသူ အားလုံးက အတိတ်ဘဝ ရှိကြောင်း အခိုင်အမာ ပြောဆိုကြသည်၊ သူတို့ နိုးလာသောအခါ ၎င်းတို့ ကိုယ်တိုင် အတိတ်ဘဝ မရှိကြဟု ယုံကြည်နေကြသူများသာ ဖြစ်သည်' ဟု ဝန်ခံ ထားလေတော့သည်။

ဤမျှ ရှည်ဝေးစွာ ဆိုလာရသည်မှာ အကြောင်း ရှိပါ၏။

ထိုအကြောင်းကား တခြား မဟုတ်ပါ။ ဤစိတ်ညှို့ အတွေ့အကြုံသည် အကျွန်ုပ်အား ဘဝဝယ် ဇဝေဇဝါနှင့် မရေမရာ အချိန် ဖြုန်းနေသော အဖြစ်မှ စရဏခန်း ဝိဇ္ဇာခန်းသို့ အမြန်ဆုံး ရောက်အောင် ဖန်တီး ပေးလိုက်သော အတွေ့အကြုံ ဖြစ်သဖြင့် ဤမျှ အရေး ထား၍ ထိုအကြောင်းကို ပြောဆိုခဲ့ရခြင်း ဖြစ်ပါသည်။

အကျွန်ုပ်ကား နဝင်္ဂသီလ၌ တည်လာသူ၊ ဗုဒ္ဓနုဿတိကို အားထုတ်လာသူ အဖြစ်သို့မူကား ရောက်စ ပြုခဲ့ပေပြီ။

ထိုမျှသာမကသေး၊ စနေနေ့ည တစ်ညလုံး ရွှေတိဂုံဘုရားပေါ်မှာ နိက္ခမကိုလည်း အားထုတ်စ ပြုခဲ့ပါပြီ။

သို့သော် တရား အားထုတ်စ အခါ၌ တရားရဖို့ကို ဝေးစွ၊ တရား မရဘဲ အမှားများစွာကို တွေ့ကြုံရဖို့ အကြောင်းတွေသာ ဆက်တိုက် ပေါ်ပေါက်၍ လာလေရာ ထိုဘဝ၏ အမှား အတွေ့အကြုံများကိုလည်း သတိထားတတ်ကြစေဖို့ ဤတွင် ရေးဦးမှ သင့်မည် ထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၂။ တရား မရှိ အမှား တွေ့ကြစမြဲ

ကျမ်းဂန် စာပေတို့၌ ရှာဖွေ လေ့လာခြင်းဖြင့် သိရသော အသိပညာသည် 'သုတ' သဘောသာ ဖြစ်သည်။ ထို အရာသည် ဗုဒ္ဓဘာသာပင်တို့ နားလည်သော 'တရား' မဟုတ်သေး ဆိုသည်ကို အကျွန်ုပ်သည် ပိဋကတ်တော် များကို လေ့လာစဉ် အခါက မသိသေး။ ဒဿန စာပေ များကို လေ့လာစဉ် အခါကလည်း မသိသေးကြောင်း ဝန်ခံပါသည်။ သို့ ဖြစ် လျှင် 'တရား' သဘောသည် အဘယ်နည်းဟု မေးအပ်ပါသည်။ တရားကို ပါဠိ ဘာသာတွင် 'ဓမ္မ' ဟု ခေါ်ပါသည်။ ထိုဓမ္မကို ဤသို့ သိအပ်ပါသည်။

ပိဋကတ် ပါဠိ အဘိဓာန်ကြီးတွင် ဓမ္မပုဒ်၏ အဖွင့် ကို အပိုဒ် (၄၁) တွင် 'တရား' သဘောဖြင့် ဖွင့်ပါသည်။ (က မှ အ) အထိ ဖွင့်ပါသည်။ ထိုအဖွင့်ကို ပြပါမည်။

၄၁။ (က) လောကုတ္တရာတရား ၉ ပါး၊
(ခ) ဗောဓိပက္ခိယတရား ၃၇ ပါး၊
(ဂ) သတိပဋ္ဌာန်တရား ၄ ပါး၊
(ဃ) ပါရမီတရား ၁၀ ပါး၊
(င) သုစရိုက်တရား
(စ) ကုသိုလ်တရား
(ဆ) နိဗ္ဗာန်ပရမတ်တရား
(ဇ) မင်းကျင့်တရား
(ဈ) ငါးပါးသီလတရား
(ည) အာဇီဝပါရိသုဒ္ဓိသီလ
(ဋ) သရဏဂုံတရား
(ဌ) ဆုံးဖြတ်ကြောင်းတရား
(ဍ) လောကဓံတရား ၈ ပါး
(ဎ) ဥဿျုစ်တရား ၅ ပါး
(ဏ) ပရိယတ်တရား
(တ) ပဋိပတ်တရား
(ထ) ပဋိဝေဓတရား
(ဒ) ပရိယတ် နှင့် ပဋိဝေဓတရား
(ဓ) ပဋိပတ် နှင့် ပဋိဝေဓတရား
(န) ပရိယတ် ပဋိပတ် နှင့် ပဋိဝေဓတရား
(ပ) သောတာပတ္တိမဂ်တရား
(ဖ) အရဟတ္တမဂ်တရား
(ဗ) အင်္ဂါကမဂ်တရား
(ဘ) မဂ်လေးပါး ဖိုလ်လေးပါး တရား
(မ) ဝိပဿနာဉာဏ်
(ယ) ပါရမီတော်ကို စိစစ် ဆင်ခြင်ကြောင်း တရား
(ရ) ပစ္စက္ခဉာဏ် (ကိုယ်တွေ့ဉာဏ်)
(လ) သဗ္ဗညုတဉာဏ်
(ဝ) စုံစမ်းဆင်ခြင် စိစစ်တတ်သောဉာဏ်
(သ) နာယူတတ်သောပညာ
(ဟ) ဆွမ်းခံကျင့်ဝတ်
(ဠ) စကြာမင်းကျင့်ဝတ်
(အ) မိတ်ဆွေကျင့်ဝတ် *

ဗုဒ္ဓ ဟောကြားတော်မူသော တရားအစု (ဓမ္မက္ခန္ဓာ) သည် ရှစ်သောင်း လေးထောင် ရှိသည်ဟု ကျမ်းဂန်မှာ ဆိုပါသည်။ ထိုဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်စလုံး သည် ခန္ဓာပေါ်မှာ တည်သည်။ တစ်နည်း အာယတန ပေါ်မှာ တည်သည်။ တစ်နည်း ဓာတ်ပေါ်မှာ တည်သည်။ တစ်နည်း သစ္စာပေါ်မှာ တည်သည်။ တစ်နည်း ပဋိစ္စ သမုပ္ပာဒ်ပေါ်မှာ တည်သည်ဟု အကျွန်ုပ် သဘောပေါက် ပါသည်။

ထိုသို့ သဘော ပေါက်ခြင်းသည် စာ တတ် ၍ သဘောပေါက်ခြင်းမျိုး မဟုတ်ပါ။ စာမှတ်၏ သဘော ပေါက်ခြင်းမျိုးသာ ဖြစ်သည်ဟုလည်း မိမိကိုယ်ကို ရိုး သားစွာ သုံးသပ်ပါသည်။ ဤတွင် စာတတ်ကို စာမှတ် ဖျက်သည် ဆိုသော မြန်မာစကား ရှိပါသည်။ ထိုသဘော သည် လယ်တီ ဆရာတော် ဘုရားကြီး၏ တေးထပ် တစ်ပုဒ်ထဲမှ 'ထွန်းမြ နှင့် ထွန်းလှ၊ လွမ်းစရာ နှစ်လူ၊ ကျမ်းတကာ အဆူဆူကို သူမတူ ဝါကြွား' ဆိုသည့် လူစားမျိုးထဲတွင် မိမိ ပါနေမည်လည်း စိုးပါသည်။

ပစ္စက္ခဉာဏ်သည် ကိုယ်တွေ့ကြုံပြီး ရသော ဉာဏ် မျိုး ဖြစ်သည်။ ထိုဉာဏ်မျိုးကိုသာ သဗ္ဗညုတ မြတ်ဘုရား

---

* ပိဋက ပါဠိ အဘိဓာန်ကြီး၊ တ ဝဂ်

www.burmeseclassic.com



ချီးမွမ်းကြောင်းကိုလည်း ဓမ္မပဒတွင် လေ့လာရဖူးပါသည်။

ထို အ ကြောင်း ကား ပေါဋ္ဌိလ ရဟန်း ဝတ္ထုအကြောင်း ဖြစ်၏။ ပေါဋ္ဌိလ ဝတ္ထု အကြောင်းကား ဤသို့ ဖြစ်လေ၏။

ပေါဋ္ဌိလ ရဟန်းသည် ပိဋကတ်သုံးပုံ တတ်မြောက်၏။ ရဟန်း ငါးရာအား စာချ၏။ ငါ ပိဋကတ် သုံးပုံ တတ်မြောက်သည် ဟု မာန ထောင်လွှား၏။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူ၏။ ပေါဋ္ဌိလ ရဟန်း၏ မာန်ကျခြင်းကို အလိုရှိသော မြတ်စွာဘုရားသည် ပေါဋ္ဌိလမထေရ် ကြွလာသည်ကို မြင်သောအခါ 'အသုံးမကျသော အချည်းနှီးသော ပေါဋ္ဌိလ လာလော့' ဟု ခေါ်၏။ ပေါဋ္ဌိလမထေရ် ပြန်ကြွလျှင်လည်း 'အချည်းနှီးသော ပေါဋ္ဌိလ ပြန်ပြီ'ဟု မိန့်တော်မူလေ့ ရှိ၏။ ထိုအခြင်းအရာကို ကြားသိသော် ပေါဋ္ဌိလ မထေရ်လည်း 'ငါ့အား ဈာန်စသည် တရားထူး မရှိခြင်းကြောင့်သာ ဘုရားရှင်က ဤသို့ဆိုခြင်း ဖြစ်ပေမည်' ဟု ကြံစည်၍ ရဟန်း တစ်ပါးကိုမျှ အသိမပေးဘဲ တိတ်တဆိတ် ထွက်သွားလေ၏။ ယူဇနာ တစ်ရာ့ နှစ်ဆယ် ခရီးသို့ ရောက်သော် ရဟန္တာ သုံးဆယ် သီတင်း သုံးလျက်နေသော တောကျောင်း တစ်ကျောင်းသို့ ရောက်လေ၏။ မထေရ်ကြီးကို ရှိခိုးလျက် 'တပည့်တော်၏ မှီခိုရာ ဖြစ်တော်မူပါ ဘုရား' ဟု ကျိုးနွံစွာ လျှောက်လေ၏။ မထေရ်ကြီးကလည်း သူ၏ မာန်ကျစေရန် ဒုတိယမထေရ်ထံသို့ လွှတ်၏။ ဒုတိယမထေရ်လည်း ထို့အတူ ပြု၏။ နောက်ဆုံး ခုနစ်နှစ်သား ရဟန္တာ သာမဏေထံသို့ ရောက်၏။ ပေါဋ္ဌိလသည် ထိုသာမဏေငယ်ထံတွင် ရှိသေ ကျိုးနွံစွာ ရှိခိုးပြီး အဖန်တလဲလဲ တောင်းပန်မှ ထိုသာမဏေက လက်ခံ၏။

ပေါဋ္ဌိလမထေရ်လည်း သာမဏေ ခိုင်းသည့်အတိုင်း မနောဒွါရမှ တစ်ပါး ကျန်ဒွါရ ဖြစ်သော အာရုံတို့ကို ပိတ်၍ မနောဒွါရ၌ ပြုအပ်သော အမှုကို ပြုလျက် ခန္ဓာ၌ ဉာဏ်ကို ချသွင်း၍ တရားကို အားထုတ်လေ၏။ မြတ်စွာဘုရားသည် ပေါဋ္ဌိလမထေရ်၏ စိတ်ဉာဏ် အခြေအနေကို ကျောင်းတော်မှ ကြည့်ရှုတော်မူ၏။

ထို ပေါဋ္ဌိလမထေရ်ကို အကြောင်းပြု၍ အောက်ပါ ဓမ္မပဒ ဒေသနာတော်ကို ဟောကြားတော် မူလေ၏။

*၂၈၂။ ကမ္မဋ္ဌာန်း အားထုတ်မှုကြောင့် ပညာသည် ဖြစ်ပေါ် တိုးပွား၏။ ကမ္မဋ္ဌာန်း အားမထုတ်ခြင်းကြောင့် ပညာသည် ဆုတ်ယုတ် ကုန်ခန်း၏။ ပညာ တိုးပွားခြင်း၊ ပညာ ဆုတ်ယုတ်ခြင်းတို့၏ လမ်းနှစ်သွယ်ကို သိမြင်ပြီးသော် ပညာ တိုးပွားအောင် မိမိကိုယ်ကို ကမ္မဋ္ဌာန်း ဘာဝနာ၌ သိမ်းသွင်းထားရာ၏။*

ထိုအခါမှ စ၍ အကျွန်ုပ်လည်း ဤသို့ ဆုံးဖြတ်လေ၏။

ငါသည် ပေါဋ္ဌိလ ထုံးကို နှလုံး မူသင့်ပြီ ဖြစ်၏၊ ကျမ်း လျှောက်သော်ကား ဆုံးမည် မဟုတ်၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်းဖြင့် ခန္ဓာပေါ်သို့ ဉာဏ်ကို ချသွင်းမှသာ ဖြစ်ပေရော့မည်၊ တရားဓမ္မ၏ တည်ရာဌာန အစစ်သည် ကျမ်းဂန်စာပေ မဟုတ်၊ တည်ရာ အစစ်သည် မည်သူမည်ဝါဟု သမုတ်အပ်သော မိမိ၏ ခန္ဓာ အစုသာ ဖြစ်သည်ဟု နားလည်လိုက်ကာ ခန္ဓာကို သတိဖြင့် ရှုကြည့်သော အလုပ်ကို လုပ်ဖို့ ဆုံးဖြတ်ချက် ချခြင်း ဖြစ်ပါ၏။

မြတ်စွာဘုရားကလည်း ဓမ္မပဒတွင် အောက်ပါ ဒေသနာ များစွာဖြင့် ဆုံးမ ထားသည်ကိုလည်း သတိပြုမိလေသည်။

*၂၅၉။ ဤရွေ့ဤမျှ တရားများစွာ ဟောပြောတတ်သော သူသည် တရား ဆောင်သူ 'ဓမ္မဓရ' မဖြစ်၊ မမည်။ အနည်းငယ်မျှကိုသာ ကြားနာရပြီး သစ္စာ လေးပါး တရားကို မဂ်ဉာဏ်ဖြင့် ထိုးထွင်း သိမြင်၍ သစ္စာလေးပါး တရားကို မမေ့မလျော့သော သူသည်သာ စင်စစ် တရားဆောင်သူ 'ဓမ္မဓရ' မည်ပေသည်။*

ဤကား မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်း၌ သီတင်းသုံး၍ နေတော်မူစဉ် တောအုပ် တစ်ခု၌ နေတော်မူသော ဧကုဒါန ရဟန္တာကို အကြောင်းပြု၍ ဟောတော်မူသော တရား ဖြစ်လေ၏။

ထိုရဟန္တာကား စာများစွာ မတတ်၊ ဥဒါန်း ဂါထာ တစ်ပုဒ် (ဧကုဒါန) ကိုသာ ရွတ်တတ်သည်။ ဥပုသ်နေ့တိုင်း ကိုယ်တိုင်ပင် တရားနာရန် ရွတ်ဆိုပြီး ထိုဂါထာ တစ်ပုဒ်ကိုသာ ရွတ်လေ့ရှိသည်။ ရွတ်ဆိုသော နေ့တိုင်း တောစောင့်နတ်တို့ တစ်ခဲနက် ပွဲတင် ထပ်စေလျက် ကောင်းချီး ပေးကြလေသည်။

နောက် ဥပုသ်နေ့ တစ်နေ့တွင် ပိဋကတ် သုံးပုံဆောင် မထေရ် နှစ်ပါးတို့သည် ထိုရဟန္တာရှိရာ အရပ်သို့ ရဟန်း ငါးရာစီ ခြံရံလျက် ကြွလာကြလေ၏။ ရဟန္တာ ပုဂ္ဂိုလ်က ၎င်းတို့အား တရားဟောရန် တောင်းပန်၏။ တရား နာမည့်သူ ရှိ၏လောဟု စုံစမ်းသော် တရားနာသူများ ရှိကြပါ၏၊ ဟောပြီးသော် တောစောင့်နတ်တို့

www.burmeseclassic.com



တစ်ခဲနက် သြဘာသံ ပြုကြပါ၏ဟု လျှောက်၏။ ပိဋက ဓရ ပုဂ္ဂိုလ် နှစ်ပါးလည်း တစ်ပါးပြီး တစ်ပါး မျိုးစုံသော တရားတို့ကို ဟောကြားကြလေ၏။ တရား ဟောပြီးသော်လည်း တောစောင့်နတ်တို့ သြဘာသံ မပေးဘဲ ဆိတ်ငြိမ်လေ၏။

ကောင်းချီးသြဘာ အဘယ်မှာနည်းဟု မေးလေသော် ရဟန္တာက 'တစ်ပါး သောနေ့၌ ကောင်းချီး ပေးကြပါသည်၊ အသံများ ပွဲတင် ထပ်ခဲ့ကြပါ၏၊ ယနေ့ အဘယ်ကြောင့် သြဘာသံ မပေးကြကြောင်း မသိပါ' ဟု လျှောက်၏။ သို့ဖြစ်လျှင် ငါ့ရှင်ဟောပါဦးဟု ပိဋကဓရ ရဟန်းများက ဆိုသော် ရဟန္တာ မထေရ်လည်း တရား ဟောရာ နေရာ၌ ယပ်ကိုကိုင်ကာ ထိုဂါထာကိုသာ ရွတ်ဆို၏။ ခဏာ၌ နတ်တို့သည် သည်းစွာသော အသံဖြင့် တစ်ခဲနက် ကောင်းချီး ပေးကြ၏။ ထိုအခါ အခြံအရံ ရဟန်းတို့က ဤတောအရပ်မှ နတ်တို့သည် မျက်နှာလိုက်ကြသည်ဟု ကဲ့ရဲ့ကြ၏။ ကျောင်းသို့ ရောက်သော် မြတ်စွာဘုရားအားလည်း လျှောက်ထားကြ၏။ မြတ်စွာဘုရားက

'ရဟန်းတို့ များစွာ သင်ယူဟောကြားသော ရဟန်းတို့အား ဓမ္မဓရ (တရား ဆောင်သူ) ဟု ငါ မဆို၊ တစ်ဂါထာမျှကို သင်ယူ တတ်မြောက်ပြီး သစ္စာ လေးပါး တရားကို ထိုးထွင်းသိသော ထိုရဟန်းသည်သာ ဓမ္မဓရ မည်၏' ဟု မိန့်တော်မူဖူး လေသည်။

ဤတရားကား တခြားသူအဖို့ ဘယ်လို အဓိပ္ပာယ် ထွက်သည်ကိုမူ အကျွန်ုပ် သိလည်း မသိ၊ သိရန်လည်း မလိုဟု ထင်ပါ၏။ ဤတရားကား မိမိ သိမ်းဆည်း ရမည့် တရား ဖြစ်ပြီး စာအုပ်ကြားမှာ တရားရှာ၍ မရဟု မိမိအား မြတ်စွာဘုရား ကိုယ်တော်တိုင်က ဆုံးမနေသော တရားဟုသာ မိမိစိတ်မှာ ခံယူမိလိုက်ပြီ ဖြစ်ပါသည်။

တရားကို ခန္ဓာမှာ ရှာရမည်၊ ဓာတ်မှာ ရှာရမည်၊ အာယတနမှာ ရှာရမည်၊ သစ္စာမှာ ရှာရမည်၊ ပဋိစ္စ သမုပ္ပာဒ်မှာ ရှာရမည်။ ဤကား မိမိဉာဏ်မှာ ထင်လာသော အသိ ဖြစ်၏။ ထိုအသိကို လက်လွှတ်၍ မဖြစ်တော့ချေ။

နေ့ရက်များက မိမိအား စောင့်နေမည် မဟုတ်ကြချေ။

တရိပ်ရိပ် မီးတောက်တို့ လောင်ကျွမ်းနေသော ထင်းတုံး၏ပမာ၊ တလက်လက် လင်းနေသော ဖယောင်းတိုင် မီးပမာ မိမိ၏ ခန္ဓာသည်လည်း ကိလေသာ မီး လောင်ကျွမ်း နေသည်ပဲ၊ ပျက်စီး နေသည်ပဲ၊ ကုန်ခန်း နေသည်ပဲ၊ ယုတ်လျော့ နေသည်ပဲ၊ ချုပ်ဆုံး နေသည်ပဲ၊ အိုမင်း ရင့်ဆွေးခြင်းဖြင့် နိဂုံးခရီးသို့ သွားနေသည်ပဲ။ ဤသို့ ထင်လာ မြင်လာသော အခါ ဓမ္မပဒတွင် ဟောကြားထားသော အကြင်တရား အစုကိုလည်း သတိရ ပြန်လေသည်။

*၁၁၀။ သီလ မရှိ သမာဓိ မရှိဘဲ အနှစ်တစ်ရာ အ သက် ရှည် နေခြင်းထက် သီလ ရှိ၍ သမထ ဝိပဿနာကို ရှုပွားသောသူ၏ တစ်ရက်မျှ အသက်ရှည် ရခြင်းက သာ၍ မြတ်ပေသည်။*

ဟုတ်လှချေ၏။ မှန်လှချေ၏။ သဗ္ဗညု မြတ်စွာ ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်ကား အတိုင်းမသိ ကြီးမားလှပါပေ၏။ နှစ်လများစွာ ဘ၀ ဟူသော တောနက် မျက်မည်းတွင် မျက်စိလည် လမ်းပျောက်သူသည် လမ်းဖြောင့် လမ်းမှန်ကို ရုတ်တရက် တွေ့မြင်ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသကဲ့သို့ အကျွန်ုပ် ဘ၀ဝယ် လမ်းဖြောင့် လမ်းမှန်ကို တွေ့မြင်ရသူ ဖြစ်ရလေပြီ။ အစက ဘ၀သည် လောကီ စည်းစိမ် ချမ်းသာကို ဖြစ်သည့် နည်းဖြင့် ရအောင်ရှာဖို့၊ ဇနီးမယား သမီးသားဖြင့် ပျော်ရွှင်စွာ နေသွားဖို့၊ ဂုဏ်သတင်း ကျော်စောခြင်း၊ သြဇာအာဏာ ကြီးခြင်းတို့ အတွက် ကြံစည် ကြိုးစားဖို့ရန် သတ်မှတ်ထားသော ကာလ ပရိစ္ဆေဒ တစ်ခု ဟု အကျွန်ုပ် ထင်မှတ်ခဲ့လေသည်။

ထို ဥစ္ဆေဒဒိဋ္ဌိ အမြင်ကိုပင် တစ်စုံတစ်ခုသော ကာလ အတိုင်းအတာ အထိ အဟုတ်အမှန် ထင်လျက်သာ အကျွန်ုပ် နေခဲ့သေး၏။

ယခုမူ သဗ္ဗညု မြတ်စွာ ဘုရားရှင်က ထိုသို့ ကိလေသာ ကာမဂုဏ် ဝဲသြဃ၌ နစ်မျော စုန်ဆန်လျက် အသက် ရှင်နေခြင်း၏ အချည်းနှီးသော အဖြစ်၊ ယုတ်သော အဖြစ်၊ တန်ဖိုးမဲ့ အဖြစ်ကို အကျွန်ုပ်အား ပြလိုက်ပြီ ဖြစ်၏။

ထိုအခါမှပင် ဓမ္မစကြာ တရားတော်၌ အကျဉ်းနည်း ဟောညွှန်ပြခဲ့သော ရွာသူတို့၏ ဓလေ့အကျင့်၏ မမြတ်သော အဖြစ်ကို ထင်ထင်ရှင်းရှင်း မြင်မိပြီ ဖြစ်လေ၏။

သီလ သမာဓိ မရှိဘဲ အသက် တစ်ရာ နေရသော်လည်း အနှစ်မရှိ၊ တန်ဖိုးမရှိ အချည်းနှီးသာ ဖြစ်သည်။ သီလ သမာဓိ ပညာဖြင့် တစ်ရက်ပင် အသက်ရှင်လျက်

www.burmeseclassic.com



နေခဲ့ရသော်ကား ထိုတစ်ရက်သည် ကျန်တစ်သက်ထက် ပင် မြတ်သည် ဆိုသော အဖြစ်ကို အကျွန်ုပ်သည် မြင်လည်း မြင်တတ်ပါပြီ။ ယုံလည်း ယုံတတ်ပါပြီ။

ထိုအခါ စွန်းလွန်း ဆရာတော်ဘုရားကြီးကိုလည်း သတိရပါ၏။ ဦးကဝိဟု ထင်ရှားသော စွန်းလွန်း ဆရာတော်ဘုရားကား ပရိယတ္တိ၌ မကျွမ်းကျင်။ ဇေတဒါန ရဟန္တာကဲ့သို့ ခန္ဓာသို့ ဉာဏ်ရောက်ပြီး တရားကို ကိုယ်တိုင်သိ ကိုယ်တိုင်ရသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်၏။

လယ်သမား ယာသမား ဘဝမှ အသက် ၄၃ နှစ်တွင် သာသနာ့ဘောင်သို့ ရောက်ကာ တရားထူး ရသည်၊ ရဟန်းကိစ္စ ပြီးသည်ဟု ထင်ရှား ကျော်ကြားခဲ့၏။ စာရေးဆရာကြီး ဆရာ သုခက ဆရာတော်ကြီးအား သုံးသပ်ပြထားပုံကလည်း နှစ်သက်ဖွယ် ရှိလှ၏။

'ထိ သိ သတိ ဟူသော စကားသည် စွန်းလွန်း ဆရာတော် ဘုရားကြီးက သူ သိခဲ့ လုပ်ခဲ့သလို အရပ်စကားနှင့် အရပ်သား နားလည်အောင် တရား ညွှန်ပြသောနည်း ဖြစ်ခဲ့သည်။ ပါဠိပါဠ်သား ကျမ်းကိုးကျမ်းကား စကားများကို ကြားနာ ရမည့် အစား

-- မသိတော့ လိုချင်တယ်၊ လိုချင်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ ပြုလုပ်တယ်၊ ပြုလုပ်တော့ ရတယ်၊ ရတော့ ဒုက္ခ ဖြစ်ကရော၊

-- အကျိုးပေါ်က အကြောင်း ရှာလိုက်တော့ သူတို့ တစ်တွေက သံသရာ တစ်ချိန်လုံး နှိပ်စက်လာတာဟာ သူတို့နှင့် ကြွေးမရှင်းခဲ့မိလို့ပဲ၊

-- သံသရာ ဆိုတာ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာပဲ၊ အဲဒီ တရား နှစ်ပါးက သတ္တဝါတွေကို လှည့်ပြီး အကျိုး ပေးနေတာ၊ ဒါကြောင့် သံသရာကို အဝေးကြီး ရှာမနေကြနှင့်၊ ဒကာကြီးတို့ရဲ့ အိမ်ထဲတင် ကပ်လည်နေတယ်၊

-- ကိုယ့်ကိုယ်ကိုယ် ပါးတယ် လည်တယ် ထင်မနေကြနှင့်၊ အပါးလည်တော့ အပါယ် လားလိမ့်မယ်၊

-- ကိုယ့်ကိုယ်ကိုယ် ကြွားချင် ဝါချင်စိတ် မရှိကြနှင့်၊ အဝါစိတ်တော့ အဝိဇ္ဇာပဲ၊

-- နာဝမှာ လေတိုးတော့ ထိတာ သိလိမ့်မယ်၊ ထိတဲ့ အပေါ် သတိထား။

ဤသို့သော တရားသဘော ဟောပြောမှုများမှာ ၁၂၈၀ ပြည့် ပတ်ဝန်းကျင်၌ အထိရောက်ဆုံး နှင့် အရှင်းလင်းဆုံး စကားများဟု ထူးထူးခြားခြား ဝေဖန် သတ်မှတ်ကြရသည်။

'အကြောင်းခြင်းရာ စပ်ဟပ်၍ ကြည့်ရလျှင် ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ကိုယ်တိုင် လက်တွေ့ကို လိုက်စားခဲ့သော အတွေ့အကြုံကြောင့် ထိုအသိ အတွေ့များကို ဤသို့ ပိုင်ပိုင်နိုင်နိုင် ဖောက်သည်ချတော်မူနိုင်ခြင်း ဖြစ်သည်' *

ဆရာ သုခ၏ ထိုမှတ်ချက်သည် အသင့်ယုတ္တိ ရှိလှသည်။

လက်တွေ့ကို လိုက်စားခဲ့သော အတွေ့အကြုံကြောင့် ဖြစ်သော အသိအတွေ့ ဟူသော စကားရပ်သည် အကျွန်ုပ်အဖို့မှု နှစ်သက်ဖွယ် ကောင်းသလောက် မှတ်သားဖွယ်လည်း ထိုက်လှပါ၏။ အကျွန်ုပ်လည်း လက်တွေ့မှ ရသော အသိကို ရှာဖွေ ရပေဦးမည်။ စာတွေ့ကို နားလည်ခြင်းသည် လက်တွေ့နှင့် ထပ်တူထပ်မျှ ဖြစ်ချင်မှလည်း ဖြစ်မည်။ သဘောတရားက တခြား၊ လက်တွေ့က တစ်နည်း ဖြစ်တတ်သည်လည်း ရှိ၏။ တက္ကသိုလ်တွင် ကျင်လည်စဉ် အခါကမူ အကျွန်ုပ်တို့သည် သဘောတရားနှင့် လက်တွေ့ ကိုက်ညီမှုကိုသာ အစဉ် ရှာခဲ့ကြဖူးလေသည်။

ဘယ်နေရာမှာပဲ ဖြစ်ဖြစ် အပြောက တခြား၊ အလုပ်က တလွဲ ဖြစ်လျှင်သော် လည်းကောင်း၊ သဘောတရားက တစ်နည်း၊ လက်တွေ့က တစ်ဖုံ ဖြစ်နေလျှင်သော် လည်းကောင်း လူတို့၏ နှစ်သက်ခြင်း ယုံကြည်စိတ်ချခြင်းကို မရတတ်၊ အမှန်တရား (သစ္စာ) ကို ရှာဖွေ ကြရာတွင် သိပ္ပံပညာမှာ ဖြစ်ဖြစ်၊ ဝိဇ္ဇာပညာမှာ ဖြစ်ဖြစ် ကိုက်ညီမှု (ဆီလျော်မှု) နိယာမ (Law of Correspondence) သည် အရေးပါလှသည်။

ယခု အကျွန်ုပ်လည်း ထို နိယာမကိုပင် အားကိုးရပေလိမ့်မည်။ တရား ရှာသူသည် တရားရှိသူ တရားဆောင်သူ 'ဓမ္မဓရ' ပုဂ္ဂိုလ် မဟုတ်သေး၊ တရားဆောင်သူ ဖြစ်ဖို့ အားထုတ်နေသူသာ ဖြစ်သည် ဆိုသော အချက်ကို နှလုံးသွင်းပြီးသော နောက်တွင် အကျွန်ုပ်သည် ရွှေတိဂုံကုန်းတော်ပေါ်သို့ တက်ခဲ့လေ၏။

ဤတွင် ကတ်သတ်သူတို့က တရားကို ရွှေတိဂုံကုန်းတော်ပေါ်မှာ ရှာမှ ရသလား၊ ရွှေတိဂုံ ကုန်းတော်ပေါ်မှာ တရား ရှိသလားဟု မေးတတ်ကြ လေသည်။ ရွှေတိဂုံ ကုန်းတော်ပေါ်သို့ သွားခြင်းသည် မြို့ပြ ပတ်ဝန်းကျင်တွင် တောထွက်ခြင်း (နေက္ခမ္မ) အကျင့်ကို

---

* ရာမာကရစ်ရှာနား၏ ပုံပြင်များ၊ သုခ၊ စာ ၃၉-၄၄

www.burmeseclassic.com



ကျင့်ခြင်း ဖြစ်သည်ဟုသာ နားလည်သင့်ကြောင်းကို ထိုသူတို့အား ဖြေခဲ့ရဖူးပါသည်။

အကျွန်ုပ်သည် တပည့်တပန်း များစွာ ခြံရံလျက်သာ ရှိသေးသည်။ ထို တပည့်များသည် အကျွန်ုပ်ကို ချစ်ခင်သူများ ဖြစ်ကြရာ အကျွန်ုပ်က ရွှေတိဂုံပေါ်သို့ စနေနေ့ ညဉ့် တစ်ညဉ့်လုံး သွား၍ တရား အားထုတ်မည် ဆိုသောအခါ သူတို့လည်း လိုက်ပါလာကြ လေသည်။ သူတို့သည် လူငယ် လူရွယ်များ ဖြစ်ကြပြီး ရုပ်ရှင် သရုပ်ဆောင် ဖြစ်ချင်သူ အနုပညာသည် ပေါက်စများသာ ဖြစ်ကြသဖြင့် ရွှေတိဂုံ ကုန်းတော်ပေါ်သို့ တက်ရောက်ခြင်းတွင် အကျွန်ုပ်နှင့်မူ စိတ်ထားသော် လည်းကောင်း၊ ရည်ရွယ်ချက်သော် လည်းကောင်း တူကြသည် လို့တော့ မဆိုနိုင်ချေ။ တရား အလုပ်ကိုပင် သူတို့သည် အပျော်သဘော ထား၍ လုပ်ကြသည်ဟုသာ အကျွန်ုပ် ထင်ပါသည်။ သို့သော် အကျွန်ုပ်သည် ထိုတပည့် လူငယ်များကို အပြစ် မဆိုသာ။ သောက်စား ပျော်ပါးခြင်း၊ အချည်းနှီး လျှောက်လည်ကာ သီချင်း တကြော်ကြော် အော်ဆို၍ အချိန်ဖြုန်းခြင်းနှင့် နှိုင်းစာလျှင် ဘာပဲ ပြောပြော သူတို့က ဘုရားရိပ် တရားရိပ်မှာ စိတ်ပါ၍ ဖြစ်စေ၊ မပါဘဲနှင့် ဖြစ်စေ အချိန်ကို ကုန်လွန်စေခြင်းသည် မြတ်၏ ဟု အကျွန်ုပ် အောက်မေ့ခဲ့ပါသည်။ အမှန်ကို ဆိုရလျှင် ရွှေတိဂုံ ကုန်းတော်ပေါ်သို့ ရောက်သောအခါမှပင် အကျွန်ုပ်သည် တောထွက်သောသူ တောမှာ ကြောက်စဖွယ် သားရဲ တိရစ္ဆာန်များကို ရင်ဆိုင် ကြုံတွေ့ရသကဲ့သို့ ရွှေတိဂုံ ကုန်းတော်ပေါ်မှာ ကြောက်မက်ဖွယ် လူ သားရဲ များစွာကိုလည်း ကြုံတွေ့ ရလေသည်။

အစဉ်မှ အကျွန်ုပ်သည် တောအရပ်ကား သူတော်ကောင်း ရသေ့ ရဟန်း စသူတို့ မွေ့ပျော်ဖွယ် အရပ် ဖြစ်သလို ရွှေတိဂုံ ကုန်းမြေသည်လည်း ထို့အတူ ဖြစ်လိမ့်မည်ဟု အထင် ရှိခဲ့၏။

အကျွန်ုပ်တို့ အဖွဲ့သည် ပို၍ ဆိတ်ငြိမ်ရာ နောင်တော်ကြီး စေတီ ပတ်ဝန်းကျင်ကို အမှီပြုကြလေသည်။ နောင်တော်ကြီးစေတီသည် ရွှေတိဂုံ မတည်မီက နမူနာ တည်ထားသော ရွှေတိဂုံ၏ အထက် (အစ်ကို) ကျသောကြောင့် နောင်တော်ကြီး စေတီ တွင်ကြောင်း ဘုရားကုန်းတော်ပေါ်မှာ တွေ့ရသူများက ဆို ကြ လေ ၏။ ဟုတ် မဟုတ်၊ မှန် မမှန်ကိုကား အကျွန်ုပ် အတိအကျ မသိချေ။

ဦးစွာ နောင်တော်ကြီးဘုရား၏ အနောက်တောင် ရာဟုထောင့် ညောင်ပင်ကြီး အောက်သို့ ရောက်ကြလေသည်။ ထိုညောင်ပင်အောက်တွင် အသင့် ခင်းပျဉ်ပေါ်တွင် ထိုင်၍ စကား ပြောဆိုနေကြသူများကို တွေ့ရသည်။ အကျွန်ုပ်၏ စိတ်တွင် ထိုပုဂ္ဂိုလ်များကား မိမိထက် အလျင် စောစီးစွာကပင် တရားကို ရှာနေသူများ ဖြစ်ကြပေရာ အတော်အတန် ခရီးရောက် နေကြသူတွေ ဖြစ်ကြပေလိမ့်မည်၊ ထိုသူတို့ အနီးသို့ ကပ်၍ ၎င်းတို့၏ အတွေ့အကြုံတွေကို ဆည်းပူး ရသော် ကောင်းမည်ဟု အထင်ရှိကာ ထိုနေရာ အနီးသို့ ချဉ်းကပ်လေတော့၏။

ထိုအခါ ထိုသူတို့ ပြောဆို ဆွေးနွေးနေကြသော စကားများမှာ အကျွန်ုပ် မကြားဖူးသော စကားများ ဖြစ်ကြ၍ အကျွန်ုပ်မှာ များစွာ အံ့သြရလေ၏။ ထို ပုဂ္ဂိုလ်တို့သည် အချင်းချင်း မျက်နှာချင်းဆိုင်လျက် ဘုရားဘက်ကို ကျောပြုလျက် လက်ဖက်ရည်ကြမ်း ဝိုင်းဖြင့် အလွန် လျှို့ဝှက် လေးနက်သော အကြောင်းအရာများကို ဆွေးနွေးနေကြသည့် ပမာ ဆွေးနွေး ပြောဆိုကာ အမြင်ချင်း ဖလှယ် နေကြရကား သူတို့အနီးသို့ ရောက်လာသူသည်ပင် အလွန် ကံကုသိုလ် ကောင်းသဖြင့် ရောက်ကြရသည့် အလား မှတ်ထင်ရအောင် ပြုလုပ်နေကြလေ၏။

သူတို့ကား 'ဓာတ် တစ်လုံး ပေါက် အမြတ်ဆုံး ရောက်ပြီ' ဆိုသော အခြင်းအရာဖြင့် ပြောဆိုနေကြသူများ ဖြစ်လေ၏။

'ကျုပ်တို့ကတော့ စားလမ်း သက်သက်ကိုတော့ အထင် မကြီးဘူး ဗျာ၊ စားလမ်းလောက်ဆို ကျုပ်တို့က ပြီးတာ ကြာလှပြီ၊ ကျုပ်တို့ရဲ့ အဘ ဆရာကြီးက ရက်ကန်းစင်တောင် ဆရာတော်ကြီး ကိုယ်တိုင်က လာခေါ်သွားပြီး ခတ္တာနီတောင်မှာ လက်ထပ်သင်ပြီး နည်းပေးသွားတာ၊ အဘကတော့ စားလမ်းဆို လုံးလုံး ခွင့်မပြုဘူး၊ အာယုပေါက် ထွက်ရပ်ပေါက်ပဲ အားပေးတယ်'

'ဒါလည်း ဒါပေါ့ဗျာ၊ ဒါပေတဲ့ ကျုပ် ထင်တာကတော့ ဒီကိစ္စမှာ ဝိဇ္ဇာတွေကိုချည်း အားကိုးနေလို့လည်း မဖြစ်သေးဘူး၊ ဒါက ကျုပ် အထင်ကို ပြောတာနော်၊ စိတ်သာချ ဝိဇ္ဇာ မမယ် ဆိုတာကလည်း ဝိဇ္ဇာက သူ စိတ်ချတဲ့လူ သူ့ကို ကျေးဇူး ရှိဖူးတဲ့ လူကိုပဲ မ မှာပေါ့ ဗျာ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေ၊ သီလ သမာဓိ မရှိတဲ့ လူ၊ စိတ်မချရတဲ့ လူ၊ ယုတ်မာသူတွေ လက်ထဲကို ဒီလို သိဒ္ဓိပေါက် ဓာတ်လုံး တစ်လုံး ရသွားရင် ပြည်တောင် ပျက်သွားနိုင်တာပဲဗျာ၊ မဟုတ်ဘူးလား၊ ဒီတော့

www.burmeseclassic.com



ဒါက လွယ်တဲ့ ကိစ္စလည်း မဟုတ်ဘူးလေ၊ မသူတော်တွေနှင့် ထိုက်တန်တဲ့ ပညာလည်း မဟုတ်ဘူး၊ ဝိဇ္ဇာက မတယ်ပဲ ထားပါ၊ ဘယ်သူ့ကို မ မလဲ၊ သီလ သမာဓိ ရှိတဲ့လူ စိတ်ချတဲ့ လူကို မ မှာပဲ၊ ဒီတော့ ခုတ် မကိုင်ခင် သီလပိုင်မှ ဖြစ်လိမ့်မယ်၊ ခင်ဗျားတို့လည်း အသိပဲ၊ ဣစ္ဆာသယ ဘိုးတော်ဦးပွင့် ဆိုရင် ဘိုးတော်ပြူး ရသေ့ကြီးက မတယ် ဆိုပါတော့၊ မ မှာပေါ့ဗျ၊ ဦးပွင့်က သူ့ကို ကျေးဇူး ပြုခဲ့တာကိုး၊ ဘိုးတော်ပြူး မထွက်ခင် ဦးပွင့်ကို သွားလေရာ ခေါ်ပြီး သူ့ကို အလုပ်အကျွေး ပြုခိုင်းခဲ့တာ၊ သူ့အပေါ် ယုံ မယုံ၊ စိတ်ချရ မရ အမျိုးမျိုး စမ်းခဲ့တာ၊ ကြားရဖူးသလောက် ဆိုရင် ဦးပွင့် ထမင်းပွဲထဲကို ဦးပြူးက တံတွေးတွေ ထွေးထည့် နှပ်ညှစ် ထည့်တယ် တဲ့၊ ဒါကို ဦးပွင့်က ငါ့ဆရာရဲ့ တံတွေး နှပ် ဆိုပြီး အမြတ်တနိုး စားပစ်တယ်တဲ့'

'အင်း အော်ဂုလီ ဆန်စရာကြီးပါလား'

လူငယ် တစ်ဦးက ဝင်ထောက်သည်။

'အဲဒါ ပြောတာပေါ့၊ ဝိဇ္ဇာ ဖြစ်ဖို့ ထုံကူးတဲ့ အခါ ဒီလို စိတ်ချရတဲ့ တပည့်ကို မရရင် မလွယ်ဘူး၊ ဒါကလည်း တရားသဘောနှင့် ပြောရရင်တော့ အထုံအဆက် လို့ပဲ ဆိုရမှာပေါ့ ဗျာ'

အကျွန်ုပ်သည် သူတို့ ပြောဆို ဆွေးနွေး နေကြသော စကားများသည် တရား စကားတွေဟု ထင်လေသည်။ အကျွန်ုပ် နားမလည်နိုင်သော ဝေါဟာရ ကြီးကြီးကျယ်ကျယ် ခံ့ခံ့ထည်ထည်တွေကို ကြားရသော အခါမှာလည်း များစွာ အထင်ကြီးလေသည်။

အကျင့် သီလနှင့် ဆက်စပ်သော စကား၊ သမာဓိနှင့် ဆက်စပ်သော စကားများကို ဆိုကြပေသည်ဟုလည်း အောက်မေ့မိလေသည်။

သို့သော် 'စားလမ်း' ဆိုတာ ဘာမှန်း မသိ၊ 'အာယုပေါက်' 'ထွက်ရပ်ပေါက်' ဆိုတာ ဘာမှန်းမှ မသိချေ။ သိဒ္ဓိပေါက် ခုတ်လုံး ဆိုသော အသုံးအနှုန်းကိုလည်း ရှေးက မကြားဖူးချေ။

နောက်ဆုံး ပြောဆိုသော ပုဂ္ဂိုလ်၏ စကားသည် နှစ်သက်ဖွယ် ကောင်းသည်လို့တော့ အကျွန်ုပ် ထင်မိလေသည်။ အဘယ်ကြောင့်ဆိုသော် ကံ ကံ၏ အကျိုးကိုသာ ယုံကြည် အားကိုးရမည်၊ ဝိဇ္ဇာကို မျှော်မနေနှင့်၊ ဝိဇ္ဇာက အလကား နေရင်း လာမကူဘူး၊ လာ မ မ ဘူး၊ သီလ သမာဓိ ရှိမှ ဝိဇ္ဇာက မ ချင်လည်း မ နိုင်သည် ဆိုသော သူ့စကား၊ ထိုစကားသည် အသင့်ယုတ္တိ ရှိသည် ဟု အကျွန်ုပ် စိတ်က လက်ခံလိုက်လေသည်။

သို့ရာတွင် အကျွန်ုပ်သည် ထို ပုဂ္ဂိုလ်၌ သီလ သမာဓိ အမှန် ရှိ မရှိကိုမူ မသိချေ။ လောကမှာ ပြောသာ ပြောပြီး မလုပ်သော သူလည်း ရှိ၏၊ လုပ်သာ လုပ်ပြီး မပြောသောသူလည်း ရှိ၏၊ ပြောလည်း ပြော လုပ်လည်း လုပ်သူလည်း ရှိ၏၊ ပြောလည်း မပြော၊ လုပ်လည်း မလုပ်သူမျိုးလည်း ရှိတတ်ပေရာ သူကား ပြောသူ ဖြစ်သည်၊ လုပ်သူ ဟုတ် မဟုတ်တော့ မသိချေ။

အကျွန်ုပ်သည် မိမိ နားမလည်သော ထိုသူတို့၏ စကားကို အချိန်ကုန်ခံ၍ နားထောင် မနေတော့ဘဲ ဂူဘုရားလွတ် တစ်နေရာကို ရှာပြီးလျှင် သမာဓိ တရားကို ဦးစွာ အားထုတ်ရန် ဆုံးဖြတ်လိုက်မိလေသည်။

အနီးအနား ဂူဘုရားလွတ်များကို လိုက်ရှာရာ နောင်တော်ကြီး ဘုရား တနင်္ဂနွေ ထောင့်ရှိ ရှင်မထီး တန်ဆောင်း ဘေးတွင် နေရာလွတ် တစ်ခုကို ရရှိလေတော့၏။

ဆိတ်ငြိမ်သော နေရာကို အမှီပြုကာ စိတ် တည်ငြိမ်မှုသို့ ပို့ဆောင်မည့် မည်သည့် အကျင့်ကို ကျင့်ရမည်ကို စဉ်းစားလေသည်။ လိုအပ်သော ပရိက္ခံကို ပြုသည်။ ဘုရား တရား သံဃာကို ရှိခိုး ဝတ်ပြုပြီးနောက် ငါးပါးသီလကို ခံယူသည်။ ထို့နောက် မိမိ၏ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို စွန့်လှူလိုက်သည်။ ထို့နောက် ဗုဒ္ဓါနုဿတိ တရားကို ဦးစွာ အားထုတ်ရန် စိပ်ပုတီးကို အသုံးပြုလေသည်။

နှုတ်ကလည်း 'အရဟံ' ကို မပြတ် ရွတ်ဖတ်ပြီး ပုတီးစိပ်မှ ပုတီးလုံးများကို လိုက်မှတ်လေ၏။ မျက်စိကို မှိတ်ထားသဖြင့် ပတ်ဝန်းကျင်ကို ဘာမျှ မမြင်ရသော်လည်း နားကိုမူ စွင့်ထားသည်။ အရဟံ ဟူသော အသံကို ကြားလျှင် ထိုအသံ အာရုံ၌ စိတ်တည်ငြိမ်မှု ရစေရန် ဖြစ်လေသည်။ ပြီးမှ စိတ်ကို ပုတီးစိပ်ပေါ်တွင် စူးစိုက်ရပြန်သည်။ တစ်ချိန်တည်းတွင် စိတ်သည် အလုပ် နှစ်ခုကို လုပ်နေရလေသည်။ နှုတ်က အသံ အာရုံဆီသို့လည်း ရောက်သည်။ လက်က ထိတွေ့နေသော ပုတီးစေ့ပေါ်သို့လည်း ရောက်သည်။ ပထမတွင် စိတ်သည် အသံ (အကြား) အာရုံနှင့် အတွေ့ အာရုံ နှစ်ခုကြားတွင် ရက်ကန်း ရှယ်သလို အပြန်အလှန် သွားနေ၏။ ထို့နောက် ထိုအာရုံ နှစ်ခုစလုံး ပျောက်သွားကာ ဗောဓိပင်အောက်တွင် ဈာန် ဝင်စားနေသော မြတ်စွာ ဘုရား၏ အဆင်းတော်ကို ဉာဏ်မျက်စိမှာ ထင်လာအောင် အား

www.burmeseclassic.com



ထုတ် နေမိပြန်သည်။ ဗုဒ္ဓ မြတ်စွာဘုရား၏ ပုံတော် ပေါ်လာလိုက်၊ အရဟံ ဆိုသော အသံကို ကြားလိုက်၊ ပုတီးစေ့ပေါ်သို့ ရောက်သွားလိုက်၊ တစ်ခါတစ်ရံ တပည့်များထံသို့ ရောက်သွားလိုက်၊ ညောင်ပင်အောက်က လူတွေဆီသို့ ရောက်သွားလိုက်၊ အိမ်ကို ရောက်သွားလိုက်၊ ရုပ်ရှင် သင်တန်းသို့ ရောက်သွားလိုက်နှင့် ဆောက်တည်ရာ မရ ပြေးလွှားနေသော စိတ်က မူလ အားထုတ်နေသော အာရုံ တည်ငြိမ်ရေးကို ပစ်ချကာ သူ သွားချင်ရာသို့သာ သွားနေလေတော့၏။ တစ်ချက် တစ်ချက် ခပ်ပြင်းပြင်း အော်လိုက်သော တောက်တဲ့ အသံက ညဉ့်၏ တိတ်ဆိတ်မှုကို ဖြိုခွင်း ပစ်လိုက်သည်။ ထိုအခါမှပင် မျောချင်ရာ မျောသွားပြီး လေလွင့်နေသော စိတ်ရူး စိတ်နောက်ကို မူလ သမာဓိ ချည်တိုင်ဆီသို့ ဆွဲယူရပြန်လေ၏။ အစတွင် ပုတီး တစ်ပတ်တွင် ၁၀၈ လုံး ရှိသော်လည်း သတိကပ်မိသော အလုံးက ဆယ်လုံးထက်ပင် ပိုမည် မထင်။ မိမိ သတိထားမိသော အခါ လက်က ပုတီးခေါင်းကို ထိနေပြီ ဖြစ်၏။ သို့ဖြစ်လျှင် သိစိတ်ကို မသိစိတ်က စိုးမိုး နေလေသလား။ အမှန်တော့ အကျွန်ုပ်သည် မသိစိတ် ခေါ်သော ဘဝင်စိတ်၏ မှုတ်လွင့်ရာသို့ လွင့်နေသော လဲပွင့် တစ်ပွင့်နှင့်ပင် တူနေလေတော့သည်။

သတိ ကိုယ်မှာပြန်၍ ကပ်မိလျှင် မိမိ၏ အဖြစ်ကို ပြန်၍ သိမြင်ရလေသည်။

‘သြော် ငါဟာ တကယ်တော့ စိတ်ကို အစိုးမရတဲ့ အရူး တစ်ယောက်လိုပါပဲ ကလား၊ လယ်တီ ဆရာတော် ပြောတာလည်း မှန်တာပဲ၊ ပုထုဇဉ်ဟာ အရူးပဲ ဆိုတဲ့ စကားဟာ ခုမှ မှန်ကြောင်း သိရတော့တယ်’

ဤသို့ သိလိုက်သည်နှင့် မိမိအား မေ့လျော့ခြင်း၌ ပစ်ချထားပြီး စိတ်သည် သူ လွင့်ချင်ရာသို့ လွင့်သွားသော အဖြစ်မှ ကင်းလွတ်အောင် ဘယ်သို့ လုပ်သင့်ပါသနည်း။

ပထမ အာရုံရောက်အောင် ပုတီးကို စိတ်ကသာ အရဟံ ရေရွတ်ပြီး ဖိစိပ်သည်။ ဘယ်လောက် ဖိစိပ်စိပ် ပုတီး အလုံး နှစ်ဆယ်ပြည့်အောင် မိမိ စိတ်၏ တည်တံ့ခိုင်မြဲခြင်း မရှိသော အဖြစ်ကို မြင်ရလေသည်။ အစက ကိုယ့်ကိုယ်ကိုယ် တော်တော် စိတ်ခိုင်သူ၊ တော်တော် စိတ်တည်ငြိမ်သူ၊ တော်တော် သမာဓိ ရရှိနေသူဟု ထင်ထားသော အထင်တွေ အားလုံး ပျောက်ပျက် လွင့်စဉ်ကုန်သည်။ မိမိလည်း အန္ဓပုထုဇဉ် ပါပဲ၊ ဖောက်ပြန်ပြေးလွှား ရပ်နားခြင်း မရှိသော စိတ်ရူး စိတ်နောက် ရှိသူပါပဲ။ တစ်ခုပဲ ရှိသည်၊ စိတ္တဇ ဆေးရုံပေါ်ကို ရောက်နေသူတို့က ထို စိတ်ရူး စိတ်နောက်၏ အတွင်း ရုပ်ပိုင်း တုံ့ပြန်မှုကို အတွင်းမှာ ဖြစ်ပေါ်သည့် အတိုင်း အပြင်သို့ ထုတ်ပြကြသည်။ မိမိကမူ ထိုသို့ ထုတ်မပြဘဲ အတွင်းမှာပင် ထားသေး၏။ ဤမျှလောက်သာ ကွာသည်။ စိတ်ကို အစိုးမရ၊ စိတ်သည် မိမိ နေစေချင်သလို မနေ၊ ဖြစ်စေချင်သလို မဖြစ်၊ နေစေချင်သည်က တခြား၊ ဖြစ်နေသည်က တခြား။ သည်အခါမှ ငါ့စိတ် ငါ့ကိုယ်ဟု ထင်ခဲ့သော အထင်၏ အမှားကို မြင်တွေ့ရသည်။ မိမိက စိတ်ကို စေခိုင်းနေသလား၊ စိတ်က မိမိကို စေခိုင်းနေသလား။

ထိုစိတ်သည် သတိဟူသော ချည်တိုင်တွင် ကြာကြာ မနေနိုင်ချေ။ မေ့လျော့စေခြင်း (ပမာဒ) ဖြင့် သတိဟူသော ချည်တိုင်ကို ဖြုတ်၍ မိမိ အလစ်တွင် ထွက်သွားတတ်သည်ကို မြင်ရလေ၏။ မိမိ မွေးထားသော ပြန်မပြော နားမထောင်သည့် သားသည်လည်း မိမိ အလစ်တွင် အိမ်မှ ထွက်သွားကာ မ ကောင်း သော အပေါင်း အသင်းများ ရှိရာ အရပ်တွင် ကျက်စားတတ်ပေရာ မိမိစိတ်သည် ထိုသားနှင့်ပင် တူသည်ဟု အောက်မေ့ ရလေတော့၏။

ထို့နောက် နာရီဝက်ခန့် ကြာသောအခါ ခြေက ကျဉ်လာသည်။ ခါးက တောင့်တင်းလာသည်။ တင်ပါးပြင် နှစ်ခုက ကျိန်းစပ်လာသည်။ ထိုအခါ စိတ်က ထို ဣရိယာပုတ်ကို ပြင်ထိုင်ခိုင်းသည်။ ခန္ဓာကိုယ်က သူ ခိုင်းသည့် အတိုင်း လိုက်လုပ်သည်။ ဖျတ်ခနဲ လင်းသွားသော ဉာဏ်က ထိုအချက်ကို မြင်လိုက်ရ၏။ ‘ဟုတ်ပြီ၊ နောက်ထပ် တစ်နာရီတိတိ ထိုင်မယ်၊ ပုံစံ ပြောင်းပြီး မထိုင်ဘူး၊ ဘယ်လောက် ခြေကျဉ်ကျဉ် မပြင်ဘူး’

စိတ်ကို အနိုင် ရဖို့ အတွက် ပိုင်း ဖြတ် ခြင်း (အဓိဋ္ဌာန်) တစ်ခုကို ပြုလုပ်လိုက်ရသည်။ ပြီးတော့ ထိုင်လိုက်သောအခါ စိတ်ကတော့ ရောက်ချင်ရာ ရောက် ပေါက်ချင်ရာ ပေါက် သွားနေသည်။ သူ့ကိုတော့ ရပ်လို့လည်း မရ။ သို့သော် ထိုင်နေသည့် ပုံစံကိုတော့ ဘယ်လောက် နာနာကျဉ်ကျဉ် မပြောင်းဘဲ နေဖြစ်သွား၏။ ထိုနည်းဖြင့် မြင်းရိုင်း တစ်ကောင် ဆင်ရိုင်း တစ်ကောင်ကို နှိပ်စက် ပြုပြင်ရသလို မိမိ၏ ရိုင်းသော စိတ် မာယာများသော စိတ်ကို ထိန်းချုပ် ပြုပြင်ရတော့၏။

မိမိကတော့ စိတ်ကို ငြိမ်သက် တည်ကြည်ခြင်းသို့

www.burmeseclassic.com



ရောက်အောင် ချည်တိုင် (သတိ) မှာ မြဲမြဲအောင် ဝိတက် ဝိစာရကို လွန်မြောက်အောင် အားထုတ်သည်။ ထင်သလို ဖြစ်မလာ။ စိတ်က ယောက်ယက်ခတ်ဆဲပင် ဖြစ်သည်။ သို့သော် တော်သေးသည်။ ဥစ္စာစောင့် စောနန်းကြည် ပုတီးစိပ်ခိုင်း၍ အိမ်ပေါ်မှာ ပုတီး စိပ်စဉ် အခါက ဖြစ်ပေါ်သော ကြောက်စိတ်မျိုးတော့ ဖြစ်မလာ။ ပျင်းရိ ထိုင်းမှိုင်းခြင်းလည်း မဖြစ်။ ယုံမှား တွေးတောမှုမျိုးလည်း မရှိ။ သို့သော် မငြိမ်သက်မှု ပျံ့လွင့်မှုတော့ ရှိသည်။ မာနလည်း လောလောဆယ်တွင် ကင်းနေသည်ဟု ထင်ရသည်။ အဘယ်ကြောင့် ဆိုသော် တစ်စုံတစ်ယောက် အပေါ်မှာ မကျေမနပ် ဖြစ်နေခြင်းလည်း မရှိ၍ ဖြစ်၏။ အထူး သိသာသည့် အချက်မှာ စိတ်ပျံ့လွင့်မှုနှင့် သတိလက်လွတ် ဖြစ်မှုပင်တည်း။

ဓမ္မပဒ ပါဠိတော်တွင် 'ပါပသ္မိံ ရမတေ မနော' ဟု ဟောကြားထားတော် မူသည်။ 'စိတ်သည် မကောင်းရာ၌သာလျှင် မွေ့လျော်တတ်၏' ဟူ၍ အဓိပ္ပာယ် ရသည်။ ဤတွင် စိတ်သည် ရေနှင့် တူပါတကား ဟုလည်း အောက်မေ့မိ၏။ ရေသည် အလွတ်ထားလျှင် နိမ့်ရာသို့သာ စီးဆင်းသွားသော ဓမ္မတာ ရှိသကဲ့သို့ သတ္တဝါတို့၏ စိတ်သည်လည်း လွှတ်၍ ထားခဲ့လျှင် မကောင်းရာသို့သာ အမြဲ သွားလာမြဲ ဓမ္မတာ ရှိလေ၏။ ဤ အားထားမှုဖြင့် အကျွန်ုပ်သည် စိတ်၏ ဖောက်ပြန်ပုံသဘာဝကို အတန်အသင့် သိရသည်။ သို့သော် ထိုစိတ်ကို အပိုင်အနိုင် အစိုးတရ မပြုနိုင်သည့် အတွက် မိမိ၏ ညံ့မှုကိုလည်း သိလာရတော့၏။ မိမိသည်ပင် သမထ အရာ၌ အရှူး တစ်ယောက်ပါပဲ။

စိတ်နာမ်ကို အနိုင် ရအောင် ရုပ်ကို အသုံးချဖို့ စဉ်းစားပြန်သည်။ အဘယ်ကြောင့် ဆိုသော် စိတ်သည် ရုပ်ပေါ်မှာ တည်မှီ၍ ဖြစ်ရသောကြောင့် ဖြစ်၏။ ဘယ်လို လုပ်မည်နည်း။ ဣရိယာပုတ် လေးပါးတွင် တစ်ပါးပါးဖြင့် တစ်စုံတစ်ခုသော အချိန်ကို ကန့်သတ်ပြီး နေမည်။ သို့မှသာ စိတ်က ဘယ်လောက်ပင် ယောက်ယက်ခတ်စေ ကိုယ်က မလိုက်ဘဲ တသီးတခြား ကျင့်လိမ့်မည်။ ထို အကြံအစည်ကို ရလေလျှင် ထိုနည်း ကျင့်ခြင်းသည် အတ္တကိလမထ ခေါ်သော ခန္ဓာကိုယ်ကို ညှဉ်းဆဲ၍ ကျင့်သည့် အကျင့် ဖြစ်လေမည်လားဟုလည်း စဉ်းစားသည်။ မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် မိမိ အကြံအစည်မှာ ခေါင်းပါးစွာ ကျင့်သော အကျင့်မျိုး မဟုတ်။ ရူတင်ဆောင်သော အကျင့်မျိုးသာ ဖြစ်သည်။ စိတ်အဓိဋ္ဌာန် ပြု၍ ကျင့်ခြင်းမျိုးသာ ဖြစ်ရကား ထို အကြံအစည် အတိုင်း ကျင့်ပြန်လေသည်။ ကာလ အတန်ကြာအောင် ပုတီး ကိုင်ကာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်ကြည့်သည်။ မရ။ ထိုကျင့်စဉ်သည် မိမိနှင့် မကိုက်။ ကသိုဏ်း တစ်ခုခု လုပ်ဖို့ကလည်း အလုပ် ရှုပ်သည်ဟု မိမိစိတ်က ထင်နေသည်။ လွယ်လွယ်ကူကူ အာနာပါနသတိပဋ္ဌာန်ကို လုပ်ရလျှင် ဘယ့်နှယ် နေမည်နည်း ဟု စဉ်းစား မိပြန်၏။ အာနာပါနကတော့ ဘယ်နေရာ ရောက် ရောက်၊ ဘယ်အချိန်မှာ ဖြစ် ဖြစ် အလွယ်တကူ ကျင့်နိုင်သည်။ မိမိ၏ စရိုက်နှင့် ကိုက် မကိုက်တော့ မသိသေး။ ကျမ်းဂန် အလိုအရ ဆိုလျှင်တော့ ကိုက်ဖို့ အကြောင်းများ၏။ အဘယ်ကြောင့် ဆိုသော် မိမိသည် ဝိတက် များသူ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် သဘောပေါက်ထား၍ ဖြစ်၏။

ထိုအခါ အာနာပါန (ထွက်သက် ဝင်သက်ကို ရှုမှတ်) နည်းကို ကျင့်ကြည့်ပြန်၏။ စိတ် မပျံ့လွင့်အောင် ပြင်းပြင်း ရှုသည်။ ထွက်လေကို သတိနှင့် လိုက်ရှုသည်။ ဝင်လေကို သတိနှင့် လိုက်ချည်သည်။

ခဏတော့ ရသည်။ ခဏ ကြာတော့ သတိက ကိုယ့်ကို ထားပစ်ခဲ့ပြီး ဘယ်ကို ရောက်သွားမှန်း မသိ။ မသိသော ဘဝင်စိတ်က သူ့ဘာသာသူ ရှုနေသည်။ ထွက်သက် ဝင်သက်သည် သူ့အလိုလို ဖြစ်နေသည်။ ထိုအခါမှ စိတ်ကို စိပ်စိပ် ကြည့်တတ်လာ၏။ အမှန်တော့ မိမိ အားထုတ်နေခြင်းသည် မသိစိတ် ခေါ်သော ဘဝင်စိတ်ဖြင့် လုပ်နေကျ အလုပ်များ (Involuntary Actions) များကို သိ စိတ် ဖြင့် လုပ်လို့ ရအောင် (Voluntary Actions) တွေ ဖြစ်လာအောင် လုပ်နေခြင်းပဲဟု သဘောပေါက်လာသည်။ ဤကား ခေတ်သိပ္ပံနည်းဖြင့် နားလည်လိုက်ခြင်း ဖြစ်၏။ မသိစိတ်၏ အပြုအမူများ အပေါ် သိစိတ်ဖြင့် လွှမ်းမိုးနိုင်အောင် ကြိုးစားနေခြင်းပဲ။ သမာဓိ ဟူသည်မှာ သိစိတ်တွင် မသိစိတ်၏ တန်ခိုး သတ္တိမျိုး ဖြစ်ပေါ်လာအောင် အားထုတ်ခြင်းပင် ဖြစ်သည်ဟုလည်း သဘောပေါက်လာသည်။

ခဏကြာတော့ စိတ်သည် ယခင်ကထက် တည်ငြိမ်မှု စူးစိုက်မှု အနည်းငယ် ရရှိလာလေ၏။ ခန္ဓာပေါ်တွင် ထုံကျဉ် ကိုက်ခဲသော ဝေဒနာတွေက အလွန်အမင်း နှိပ်စက် နေကြလေသည်။ ခြေထောက် နှစ်ဖက်ကို ချွန်ထက်သော သွား ရှိသည့် သတ္တဝါကြီး တစ်ကောင်က ကိုက်ဖဲ့ ဝါးစားနေသလို ခံစားရ၏။ ဘယ်မှာ ခံစားရ

www.burmeseclassic.com



သလဲ၊ ခံစားရတာ ရုပ်လား နာမ်လားဟု ခွဲခြား သိချင်လာသည်။ ခံစားနေရတာ နာမ်ပဲ ဖြစ်သည်။ ထို နာကျင်မှုသည် ဘယ်မှာ ရှိသနည်း။ ရုပ်နာမ်ခန္ဓာတွေမှာပဲ ရှိနေသည်။ 'ဒုက္ခပဲ' ဟု စိတ်က သိလိုက်သည်။ 'နှိပ်စက် နေကြပါကလား' ဟုလည်း တွေးကြည့်လိုက်၏။ ဘယ်သူ နှိပ်စက်နေသလဲ။ ဘယ်သူမှ မဟုတ်ဘူး။ မိမိ၏ ရုပ်နာမ်ခန္ဓာတွေထဲက နှိပ်စက်နေခြင်းသည် ထင်းခနဲ ပေါ်လာသည်။ နှိပ်စက်တတ်သော သဘောတရားသည် ချစ်အပ်သော သဘောတရားလား၊ မုန်းအပ်သော သဘောတရားလား၊ မိတ်ဆွေလား၊ ရန်သူလား၊ ဘယ်လို ဖြေချင်သလဲ၊ ဘယ်လို ဖြေမည်လဲ၊ ရန်သူလို့ ဖြေရန်မှ တစ်ပါး အကြောင်းထူး အခြား မရှိ။ ရန်သူ ရန်သူ ဟုတ်ပြီ … ရန်သူသည် နှိပ်စက်နေပါပြီ။ ထိုရန်သူသည် မည်သူနည်း။ ငါဟု မှတ်ယူ သိမ်းဆည်းထားသော ဤ မိမိ၏ ရုပ်နာမ်တရား အစုပေပဲ မဟုတ်လား။ အို ဘာမေးနေစရာ လိုသနည်း။ သည့်ထက် ထင်ရှားဖို့ ဘာရှိသေးသနည်း။ ရန်သူသည် တခြားမှာ မရှိ၊ တခြားသူ မဟုတ်၊ ထိုငါသည်ပင် ငါ၏ ရန်သူပါတကား။ ငါ့အား ငါကပင် နှိပ်စက်နေပါကလား။ ငါ့အား နှိပ်စက်သူသည် တခြား ပြင်ပမှာ မရှိ။ ငါ၏ ခန္ဓာအစုထဲမှာပင် ရှိနေသည်။ ထင်းပေါ်မှာ တည်မှီ၍ တောက်လောင်ရသော မီးသည် ထို ထင်း (လောင်စာ) ကို ဖျက်ဆီး ချေမှုန်းသကဲ့သို့ ဤခန္ဓာ အစုပေါ်မှာ တောက်လောင်နေသော မီး သဘောသည်လည်း ထင်ရှား ရှိနေသည်ကို မြင်ရလေပြီ။

စိတ်သည် သူ လိုချင်သလို ရုပ်က လိုက်မလုပ်လျှင် ထိုရုပ်ကို ထိုစိတ်က ကောင်းကောင်း နှိပ်စက်တတ်ပါကလား။ ခန္ဓာပေါ်သို့ စိတ်က ဉာဏ်က တဖြည်းဖြည်း ရောက်လာသည်ဟု ဆိုချင်ပါသည်။ ဤတွင် ဘယ်အလုပ်ပဲ လုပ်လုပ် စွဲမြဲဖို့ လိုသည်။ မချသော လုံ့လ ရှိဖို့တော့ လိုသည်။ ကြာကြာ စွဲစွဲမြဲမြဲ လုပ်လာလျှင်တော့ အကျင့်အထုံ ဖြစ်လာမည်ဟုလည်း သဘောရကာ အကျွန်ုပ်လည်း စနေနေ့ညတိုင်း အဆက်မပြတ် ရွှေတိဂုံဘုရားပေါ်သို့ တက်၍ ခန္ဓာပေါ်သို့ ဉာဏ်ကို ချသွင်းရေးတရားကို အားထုတ်လေတော့၏။

မကြာမီ သမာဓိ၌ တည်ကြည် လေးနက်သော စိတ်ကိုလည်း တဖြည်းဖြည်း ရလာလေတော့၏။ ထိုအခါ အကျွန်ုပ် မမျှော်လင့်သော အဖြစ်သနစ်များကို ကြုံရ ပြန်လေ၏။

တစ်ခုသော စနေနေ့ ညဉ့်ဝယ် အကျွန်ုပ်သည် ညဉ့် ကိုးနာရီမှ ဆယ့်နှစ်နာရီခန့် အထိ သမာဓိ တရားကို အားထုတ်ပြီးနောက် ခေတ္တ ရပ်နားကာ နောင်တော်ကြီး ဘုရား၏ အနောက်တောင်ဘက်ရှိ (ဝိဇ္ဇာတန်ဆောင်းနှင့် ဒဂုံခင်ခင်လေး တန်ဆောင်းကြားရှိ) တန်ဆောင်းတစ်ခုတွင် တပည့်များနှင့် အတူ ထိုင်နေစဉ် ထိုနေရာသို့ ရဟန်း တစ်ပါးလည်း ရောက်ရှိလာသဖြင့် ထို ဦးပဥ္စင်းကို ဝတ်ပြု၍ အပြီးတွင် အမည်နာမလည်း မသိ၊ တစ်ကြိမ် တစ်ခါမှလည်း မသိကျွမ်းဖူးသော လူတစ်ဦး ရောက်ရှိလာကာ အကျွန်ုပ်အား

'ကျွန်တော့်ကို ဒီခွင်မှာ ဝင် ခွင့် ပြု ပါ' ဟု ခွင့်တောင်း လေတော့၏။ အကျွန်ုပ်လည်း ဘုမသိ ဘမသိနှင့်ပင်

'ဟုတ်ကဲ့၊ ဝင်ပါခင်ဗျာ' ဟု ဆိုမိလေ၏။

ဤတွင် ထိုပုဂ္ဂိုလ်က ဆိုလေ၏။

'ကျွန်တော့်ကို အထက် ပုဂ္ဂိုလ်များက ဒီက နောင်ကြီး (အကျွန်ုပ်) ထံသို့ သွားပြီး လိုတာ ဖြည့်ပေးဖို့ အမိန့်ချလို့ ရောက်လာရတာပါ ခင်ဗျ၊ ကျွန်တော် ခုလို ဝင်လာရတာကို စိတ်မရှိပါနှင့်' ဟု ဆိုလေ၏။ အမှန်ကို ဝန်ခံရလျှင် အကျွန်ုပ်သည် ထိုပုဂ္ဂိုလ် ဘာကို ဆိုလိုမှန်း မသိချေ။ သူ ပြောသော အထက် ပုဂ္ဂိုလ် ဆိုသည်မှာ ဘယ်က အထက်ပုဂ္ဂိုလ်နည်း ဆိုသည်ကိုလည်း ဘာမှန်း မသိချေ။ စိတ်ကတော့ ပထမ မေးမည်ဟု စဉ်းစားလိုက် သေး သည်။ သို့သော် ဤသို့ မေးလျှင် မိမိ၏ ဗဟုသုတ နည်းမှု ပေါ်လေမည်လားဟု အောက်မေ့လျက် မိမိလည်း ဟန်ဆောင်ကာ ချော်လဲ ရောထိုင်နေလိုက်ရလေတော့၏။

ပြီးတော့ သူက လိုတာ ဖြည့်ဖို့ လာသည်ဟုလည်း ဆိုပေရာ သူ့ အခြေ အနေ အဆင့် အတန်းနှင့် သူ၏ တရား ခရီးပေါက်မှုကိုလည်း မသိရ၍ ငြိမ်နေဖို့ ဆုံးဖြတ်လိုက်ခြင်းလည်း ဖြစ်၏။

ထိုအခါ သူက ကျွန်ုပ်အား

'ဒီက နောင်ကြီးကို အထက်က မေးခိုင်းလို့ မေးပါရစေ ခင်ဗျာ' ဟု ဆိုလေသည်။

'ဟုတ်ကဲ့ မေးပါ'

'နောင်ကြီး အနေနှင့် မိသုံးမိကို မိပါပြီလား ခင်ဗျာ'

'ဗျာ'

ကျွန်တော်၏ နှုတ်က လွှတ်ခနဲ ထွက်သွားသော ထိုအသံသည် နားမလည်ခြင်းကို ဖော်ပြသော အာမေ

www.burmeseclassic.com



ဒိုတ်သံ ဖြစ်လေသည်။ သူကလည်း နားလည်သည်။ ဘေးလူတွေကတော့ ငုတ်တုတ် ထိုင်ပြီး အကဲခတ်နေကြလေသည်။

'ဒီလိုပါ ခင်ဗျာ၊ ခု ကျွန်တော် မေးတာက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အစရှိတဲ့ ရတနာ သုံးပါးကို မိမိရရ ယုံကြည် သက်ဝင်ပြီလားလို့ မေးတာပါ'

'သြော် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ကို ပြောတာလား'

အကျွန်ုပ်က ပြန်မေးရသည်။

ထိုအခါ ဦးပဥ္စင်းက ဝင်ထောက်သည်။

'သရဏဂုံ တည်သူ ဖြစ်ပြီလားလို့ မေးတာ'

'သြော် ဟုတ်ကဲ့၊ အဲဒါကို ကျွန်တော် ဘယ်လို ဖြေရမှန်း မသိဘူး ခင်ဗျာ၊ သရဏဂုံတည်သူ ဖြစ်ပြီလို့ ဆိုနိုင်မလား မဆိုနိုင်ဘူးလား ဆိုတာတော့ ကျွန်တော် မဆုံးဖြတ်တတ်သေးဘူး'

'ဘာဖြစ်လို့ မဆုံးဖြတ်တာလဲ၊ နောင်ကြီးဟာ ဘုရား တရား သံဃာ ဆိုတဲ့ ရတနာ သုံးပါးကို ဝဋ် သုံးပါး ဖျက်ဆီးတတ်တဲ့ တရား ဖြစ်တယ်၊ စိတ် ထိတ်လန့်ခြင်း ကိုယ်ဆင်းရဲခြင်း အပါယ်ဘေးကို ဖျက်ဆီးခြင်း အစီးအပွားကို ညွှန်ကြားခြင်း အစီးအပွားမဲ့ကို တားမြစ်ခြင်း ဆိုတဲ့ ဂုဏ်အထူးနှင့် ပြည့်စုံတဲ့ တရားတွေ ဖြစ်တယ်လို့ စိတ်ချလက်ချ ယုံကြည်ဖို့ အခက်အခဲ ရှိနေသေးလို့လား ခင်ဗျ'

'သဘောတရား အရကတော့ ဒီလို စိတ်မချစရာ ဒွိဟ သံသယ ဖြစ်စရာ ကျွန်တော့်မှာ ဘာမှ မရှိတော့ပါဘူး၊ သို့သော် ခုမှ ကျွန်တော်က လက်တွေ့ အကျင့်စရဏခန်းကို ရောက်လာသူ ဆိုတော့ လက်တွေ့ဘဝမှာ ဘယ်လို နေမလဲ၊ ဘယ်လို ဖြစ်မလဲ ဆိုတာတော့ ကျွန်တော် ကြို မပြောနိုင်သေးပါဘူး၊ ဒီတော့ ကျွန်တော့် အခြေအနေဟာ လယ်တီ ဆရာတော်ကြီး ညွှန်ပြသလို ဆိုရင် သုတသရဏဂုံ တည်သူ အဆင့်မှာပဲ ရှိဦးမယ် ထင်ပါရဲ့။

'လယ်တီ ဆရာတော်ဘုရားက သူ့ရဲ့ ဥတ္တမ ပုရိသ ဒီပနီမှာ ရေးထားတာကတော့ သရဏဂုံသည် သုတ သရဏဂုံ၊ ဒိဋ္ဌ သရဏဂုံ ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတွင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏ ပျောက်ငြိမ်းရာသော ခန္ဓာ အာယတန ဓာတုဓမ္မတို့၏ အဖြစ် အပျက်ကို မြင် နိုင် သော သမ္မာဒိဋ္ဌိ ဉာဏ်ကား မရှိ၊ ကြည်ညိုဖွယ်သော ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ် သာသနာ့ဂုဏ်တို့ကို ကြားနာ မှတ်သား သဒ္ဓါပွား၍ ဆည်းကပ် ကိုးကွယ်သော သရဏဂုံသည် သုတသရဏဂုံ မည်၏ လို့ ဆိုပါတယ်၊ * ကျွန်တော် ထင်တာကတော့ ကျွန်တော့် အဆင့်ဟာ အဲဒီလောက်ပဲ ရှိပါလိမ့်မယ်'

'ဒကာကြီး ပြောတော့ ခန္ဓာဝဂ္ဂ သံယုတ္တ ပါဠိတော် တစ်ခုကို သတိရတယ်။

'ယောခေါ ဝက္ကလိ ဓမ္မံ နပဿတိ၊

'သော မံ န ပဿတိ ** တဲ့၊ ဝက္ကလိ ရဟန်းတော်ကို အကြောင်းပြုပြီး ဟောတာ၊ ဝက္ကလိ ရဟန်း ဆိုတာက သာသနာတော်မှာ သဒ္ဓါလွန်ကဲတဲ့ နေရာမှာ နှစ်ယောက်မရှိ အတုမရှိ အတူမရှိလို့ ဧတဒဂ် ရတဲ့ ရဟန်းတော်ပဲ၊ ပါဠိတော်ရဲ့ အနက်က ဘာလဲ ဆိုတော့

'ဝက္ကလိ ရဟန်း၊ စင်စစ် အကြင်သူသည် ခန္ဓာ နာမ်ရုပ် တရားကို မြင်နိုင်သော ဉာဏ်မရှိ၊ ထိုသူသည် ငါဘုရားကို မမြင်ဘူးတဲ့၊ မြတ်စွာဘုရားရဲ့ အနီးမှာ နေပြီး မြတ်စွာဘုရားရဲ့ အဆင်းရူပကာ တင့်တယ်ပုံကို ကြည့်မငြီး ရှုမငြီး ဖြစ်နေတဲ့ ဝက္ကလိ ရဟန်းကို မြတ်စွာ ဘုရားက သတိပေးဖို့ ပြောတာ'

ဦးပဥ္စင်းက ဝင်ပြောလေသည်။

'တင်ပါ့ ဘုရား၊ အဓိကကတော့ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အစရှိတဲ့ အနုသယ ကိလေသာတွေ ပျောက်ကင်းစေနိုင်ဖို့ အတွက် ခန္ဓာ အာယတန ဓာတ်တို့ကိုပဲ ဖြစ်ဖြစ်၊ ဒီ ခန္ဓာ အာယတန ဓာတ်တို့ရဲ့ ဖြစ်မှု ပျက်မှုကိုပဲ ဖြစ်ဖြစ် မြင်နိုင်တဲ့ သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံတဲ့ လူကိုသာ ဒိဋ္ဌသရဏဂုံ တည်သူ ခေါ်ထိုက်တယ် လို့လည်း လယ်တီ ဆရာတော်ဘုရား ညွှန်ပြ ဟောကြားထားတာ တပည့်တော် မှတ်သား ရဖူးပါတယ်'

ထိုအခါ အထက် ပုဂ္ဂိုလ်များက စေလွှတ်လိုက်သည် ဆိုသော ဆရာက ဆိုလေသည်။

'မှန်ပါတယ် နောင်ကြီး ပြောတာ၊ သုတ သရဏဂုံ ဆိုတာကတော့ စိတ် မချရဘူးပေါ့၊ သူက ဒီနေ့တော့ ဘုရား တရား သံဃာမှာ တပည့်ခံတယ်၊ နောက်နေ့ နောက် အခွင့်အရေး ပေါ်တဲ့ အခါကျတော့ နောက် ဘုရားရဲ့ တပည့် ဖြစ်သွားတတ်ပါတယ်'

'ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ဘာကောင် ရယ်လို့ မဆုံးဖြတ်ရဲသေးပါဘူး ခင်ဗျာ၊ ဘာဖြစ်လို့လဲ

---

* ဥတ္တမပုရိသ ဒီပနီ၊ လယ်တီ ဆရာတော်၊ စာ ၁၄၈

** ခန္ဓာဝဂ္ဂသံယုတ် ပါဠိ ဆဋ္ဌ၊ စာ ၉၈

www.burmeseclassic.com



ဆိုတော့ ကျွန်တော်က ခု ဘုရား သွားရတဲ့ ကိစ္စက ရှိနေသေးတာကိုး၊ လယ်တီ ဆရာတော်ရဲ့ တိကျ ပြတ်သားလှတဲ့ စကားအရ ပြောမယ်ဆိုရင် ကောသလ္လဌာန ခုနစ်ပါးတို့၌ ကောသလ္လ (လိမ္မာသော) အဖြစ်သို့ ရောက်ခြင်းဟာ ကောင်းစွာ အား ထုတ် ၍ နေသော သူသည် ဗုဒ္ဓ သရဏဂုံ၊ ဓမ္မ သရဏဂုံ၊ သံဃ သရဏဂုံကို တမင်ဆောက်တည်ဖွယ် ကိစ္စ မရှိ၊ ဘုရားသွားဖွယ် ကိစ္စ မရှိ၊ ဒိဋ္ဌ သရဏဂုံသမားမူကား အသက်ကို အသေခံလျှင်သာ ခံတော့မည်၊ စိတ်စေတနာနှင့် တကွ ဘုရားတစ်ပါးသို့ မပြောင်းနိုင်ပြီ * လို့ ဆိုထားပါတယ်'

'နောင်ကြီးကို ကျွန်တော်က မိသုံးမိ မိပြီလားလို့ မေးတာလည်း ဒါပဲ၊ မိမိ အသက်သာ အသေခံမယ်၊ ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်တဲ့ စိတ်စေတနာကတော့ မပြောင်းလဲဘူး ဆိုတဲ့ ဒိဋ္ဌ သရဏဂုံ တည်ပြီလားလို့ မေးတာပါပဲ'

'ဒါက စိတ်အထင်ကို ပြောလို့ မဖြစ်ပါဘူး ခင်ဗျ၊ တကယ်တမ်း လက်တွေ့ဘဝမှာ အစမ်းခံပြီးမှ ပြောလို့ ရမယ်၊ သက်သေ ထင်ရှားမယ်၊ ကျွန်တော်ဟာ ယခု ဒိဋ္ဌ သရဏဂုံ တည်သူ အဆင့်ကို ရောက်အောင် ကြိုးစားနေတဲ့ လူတစ်ယောက် အဖြစ်မှာ ရှိတယ်လို့ ဆိုချင်ရင်တော့ ဆိုနိုင်မယ် ထင်ပါတယ် ဆရာရယ်'

ထိုပုဂ္ဂိုလ်သည် အကျွန်ုပ်အား သရဏဂုံတည်သူတို့ ရှိသင့် ရှိထိုက်သော အခြင်းအရာများကို ကျမ်းဂန်ထွက် စကားများ သူ၏ ကိုယ်တွေ့ ဖြစ်ရပ်များဖြင့် အကျယ်တဝင့် ဟောကြားလေသည်။ သူ ဟောကြားသည့် တရားများထဲတွင် တရား အားထုတ်နေစဉ် မိမိ၏ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို စွန့်လှူထားခြင်း၏ သဘောကို ရှင်းပြသည်ကို အကျွန်ုပ်နားမှာ စွဲထင်နေပါသည်။ ထိုသို့ စွန့်ထားပြီး ဖြစ်လျှင် တရား အားထုတ်စဉ် ပေါ်လာသော အာရုံဆိုးများကြောင့် ထိတ်လန့်ခြင်း မဖြစ်တော့ပေ။ တင်းပုတ်ကြီး ကိုင်ပြီး မိမိရှေ့မှာ ဘီလူးသရဲကြီး ပေါ်လာသည့် တိုင်အောင် ငါသည် ငါ၏ အသက်နှင့် ခန္ဓာကို မြတ်စွာဘုရားအား လှူ ထား ပြီး ဖြစ်သည်၊ သင် ပြုချင်သလိုပြု ဟူ၍ ဆိုနိုင်သည်။

ထိုဆရာကား အကျွန်ုပ်အား လိုသည်ကို ဖြည့်ပေးတတ်သော ဆရာမျိုး ဖြစ်၏။ ယခု ထိုဆရာ ကွယ်လွန်လေပြီ။ သူကား အလုပ်သမား ဌာနမှ အရာရှိ တစ်ဦး ဖြစ်သော ဆရာ ဦးမြင့်ချိုပင်တည်း။

ထို့နောက် ဘုရားပေါ်တွင် အကျွန်ုပ်သည် အထူးထူး အထွေထွေ ကြုံရလေသည်။ အပတ်စဉ် မမြင်ဖူးသော လူပုဂ္ဂိုလ်များ တစ်ဦးပြီး တစ်ဦး ရောက်လာကြသည်။ သူတို့သည် အကျွန်ုပ်၏ ဆရာများချည်း ဖြစ်ကြကုန်၏။ ထို့နောက် ဘိုးတော် အမည်ခံသူများ၊ ရသေ့ အမည်ခံသူများ ရောက်လာကြသည်။

မိမိကလည်း တရား အားထုတ်ရာတွင် ဝိပဿနာကိုထက် သမထကိုသာ အားသန်လျက် ရှိလေသည်။ ထိုစဉ် ဘိုးတော် ဆိုသူများသည် အကျွန်ုပ်ထံသို့ ရောက်ရှိ လာကြပြီးနောက် အမျိုးမျိုးသော စကားကို ဆိုကြလေ၏။ သူတို့ဆိုသော စကားများမှာ ဓာတ်စကားဟု ဆိုသည်။ ထိုဓာတ်စကားသည် ဘယ်လို ဘာသာစကားတွေမှန်း မသိ၊ အကျွန်ုပ် နားမလည်ချေ။

ခဏ ကြာလျှင် ဓာတ်စကား ပြောသူထံသို့ ဘမင်းခေါင် ကြွလာသည်။ ဘမင်းခေါင် ပြန်ကြွသွားလျှင် ဆံရှည် ကိုယ်တော် ဦးကောဏ္ဍည၊ ထိုဆရာတော် ကြွသွားလျှင် ရက်ကန်းစင်တောင် ဆရာတော်၊ တော်တော်ကြာတော့ ဗန္ဓုရာဆာဒူး၊ တော်တော် ကြာတော့ တိဗက် ဘိုးတော် လောင်ဆူး၊ ဘာတွေမှန်းတော့ မသိ၊ အမျိုးမျိုး ဓာတ်တွေ ကြွလာသည်ဆိုပြီး အကျွန်ုပ်အား ရောမ ပုဂ္ဂိုလ်ကြီး အဖြစ် သိဒ္ဓိပေးကြ ချီးမြှောက်ကြလေ၏။ အကျွန်ုပ်သည် ယခင်ကဆိုလျှင် ဤအခြင်းအရာများကို ဘာမှန်း မသိ၍ လက်သင့်မခံ စွန့်ပစ်လိုက်မည် ဖြစ်သည်။ သို့သော် နူးညံ့ ပျော့ပျောင်းသွားသော စိတ်ကြောင့်လား မသိ၊ မိမိ ဉာဏ်မမီသော ကိစ္စများကို နားမလည်ဘဲ ပယ်ခြင်း၏ အမှားကို မြင်ကာ မသိသော်လည်း စိတ်ရှည်ရှည် ထားပြီး လေ့လာရန် လက်ခံ ထားလိုက်လေတော့၏။ သို့သော် ယခု ဓာတ်စီးသည် ဆိုသော လူပုဂ္ဂိုလ်ကိုမူ စိစစ်လိုသည်။ ထို့ကြောင့် တစ်နေ့သ၌ ဤသို့ ပြောလေ၏။

'ဆရာတို့ကိုပဲ ဒီဓာတ်က စီးသလား၊ ကျွန်တော့်တပည့်တွေကိုကော ဓာတ်စီးလို့ မရဘူးလား'

'ဟာ ရပါ့ဗျာ၊ ကဲ ဘယ်သူ ဓာတ်ဖွင့်မလဲ လာ' ဟု ထိုဆရာက ခေါ်လေသည်။

ထိုအခါ တပည့်ဖြစ်သူ မောင်မင်းယျာ (အဆိုကျော် မင်းယျာ) နှင့် မောင်ချစ်ပန် (ချစ်ပန်းစံ) တို့ကို ဓာတ်ဖွင့်လေ၏။

ဆရာလုပ်သူသည် ထိုတပည့်များကို 'ဗုဒ္ဓေါ' ကို

---

* ဥတ္တမပုရိသ ဒီပနီ၊ စာ ၁၅၁

www.burmeseclassic.com



အမြန်ရွတ်စေလျှင် တပည့်တို့၏ အမူအရာသည် မကြာမီ ပြောင်းလဲလာလေ၏။ ထို့နောက် ထိုလူငယ် နှစ်ဦးတို့သည် ‘ဗုဒ္ဓေ’ ရွတ်ဆိုခြင်းကို ရပ်နား၍ မရတော့ဘဲ တရစပ် ရွတ်လေတော့၏။ ဗုဒ္ဓေသည် သိစိတ်မှ မသိစိတ်ဆီသို့ ကူးပြောင်း သွားလေပြီကို အကျွန်ုပ် ရိပ်စားမိလေသည်။

ထိုအခါ ဓာတ်ဖွင့်ပေးသူက အကျွန်ုပ်တို့ နားမလည်သော ကုလားစကား ဆန်ဆန် ဘာသာစကား တစ်ခုဖြင့် ပြောဆိုလိုက်ရာ ထိုလူငယ်များက သူ့လိုပင် ပြန်ပြောလေတော့၏။ သူတို့၏ အမူအရာကို ကြည့်ရသည်မှာတော့ တစ်ဦး စကားကို တစ်ဦးက နားလည်နေကြသလိုပင်။ သို့သော် ဘေးက လူတွေကတော့ ဘာမှ နားမလည်ကြ။ အကျွန်ုပ်လည်း ဤအခြင်းအရာကို ဆုံးဖြတ်ရခက်လျက် ရှိ၏။ ထို့နောက် မောင်မင်းယျာနှုတ်က သံတို သံရှည် ဆွဲကာ ‘မာတုနိကေ မေတုနိက’ ဆိုသော အသံ ထွက်လာလျက် ထိုအသံကိုပင် ဂါထာသဖွယ် လုပ်ဆိုနေတော့၏။ ထိုအခါ အကျွန်ုပ်က

‘ကဲ နားမလည်တဲ့ စကားတွေ ပြော မနေနှင့်၊ မြန်မာလို နှုတ်ဖွင့်ပါဦး၊ ယခု ဓာတ်ကြွလာသူဟာ ဘယ်သူလဲ’

‘အပ်ကဘာဘာ’

ဓာတ်စီးသူက သူသည် အကျွန်ုပ်၏ ဖခင် ဖြစ်သည်ဟု ကုလားလို ပြောဆိုလေရာ အကျွန်ုပ်လည်း တုန်လှုပ်မိလေ၏။ စဉ်းစားရလည်း ကျပ်လေသည်။

‘ဘယ်တုန်းက အဖေလဲ၊ ခု ဘယ်က လာတာလဲ’

ထိုအခါ သူက မြန်မာလို ပြောသည်။

‘ဝိပဿီဘုရား လက်ထက်တုန်းက သင့်ဖခင် ဖြစ်ခဲ့တဲ့ ငါဟာ ယခု သင့်ကို ပါရမီဖြည့်ဖို့ လာခဲ့တာပဲ၊ သားဟာ ပါရမီရှိသူ ဖြစ်တယ်၊ သားကို အဘ ရထားတဲ့ အာကာသာနဉ္စာယတန ဈာန်ကို ရအောင် သင်ကြားပေးမယ်’

‘ဟင့်အင်း၊ ကျွန်တော် အဲဒီ ဈာန်ကိုလည်း မလိုချင်ပါဘူး၊ သံသရာမှာ သား ဖြစ်လိုက် အဖ ဖြစ်လိုက် ဆိုတာကတော့ ဖြစ်နိုင်ပါတယ်၊ ကျွန် တော် က တော့ ဝိပဿနာ ဉာဏ်စဉ် အလုပ်ကိုပဲ လုပ်မယ်’

‘ငါ့သား၊ သင်ဟာ ဘဝမှာ ဆုတောင်းတွေ ရှိခဲ့တယ်၊ ဝိပဿနာကို လုပ်လို့ မရဘူး၊ သမထကိုပဲ လုပ်ရမယ်၊ သမထ လုပ်တဲ့အခါ ဘ ကိုယ်တိုင် ကြွမယ်၊ ဘ ပြောတဲ့ အတိုင်း လုပ်မလား’

ဤတွင် အကျွန်ုပ်လည်း များစွာ တွေဝေလေတော့၏။ ဓာတ်စီးနေသော ပုဂ္ဂိုလ်သည် အပြင်လူ မဟုတ်၊ အကျွန်ုပ်၏ တပည့်ရင်း ဖြစ်၏။ အခု အ ကျွန်ုပ် နှင့် ဆက်ဆံနေသူသည်လည်း ဘဝဟောင်းက အကျွန်ုပ်၏ ဖခင် ဖြစ်သည် ဆိုသည်။ ထို့ထက် ပိုပြီး စိတ်နှလုံး တုန်လှုပ်ဖွယ် ကောင်းသည်မှာ အကျွန်ုပ်သည် ဘဝမှာ ဆုတောင်းတွေ ရှိသည် ဆို၏။ ဝိပဿနာကို အားမထုတ်ရဟု ဆိုသည်။ သမထကိုသာ အားထုတ်ရမည် ဆိုသည်။ ထိုအချက်တို့သည် ဆက်စပ် စဉ်းစားမည် ဆိုလျှင် စဉ်းစားစရာ ကောင်းနေလေတော့၏။ အကျွန်ုပ်လည်း အတန်ကြာ စဉ်းစားနေပြီးနောက် ဤသို့ မေးလိုက်လေ၏။

‘ဘာဖြစ်လို့ ဝိပဿနာ လုပ်လို့ မရတာလဲ’

ထိုအမေးကို မေးလိုက်သည်နှင့် တစ်ပြိုင်နက် ထိုဆရာတွင် ဘမင်းခေါင်ဓာတ် ဝင်စီး ပြန်လေ၏။ ထို့နောက် ထိုဆရာက ဖြေလေသည်။

‘ငါ့သားက ပါရမီစခန်းက လူကွယ့်၊ ပညာစခန်းကလူ မဟုတ်ဘူး၊ ငါ့သား စိတ်ထဲမှာ ကိုယ်ဟာ ဘယ်လိုပုဂ္ဂိုလ် ဖြစ်သလဲ ဆိုတာ ရှင်းဦးမယ် မဟုတ်ဘူး၊ ဘတို့က ပြောရင်လည်း ယုံမှာ မဟုတ်ဘူး၊ ဒီတော့ ငါ့သားပြည် ရွှေဆံတော် ဘုရားကို သွားပါ၊ ငါ့သားနှင့် အတူ ခုနစ်ရက် သားသမီးတွေကိုပါ ခေါ်သွားပါ၊ ဟိုကျတော့ ငါ့သားရဲ့ အတိတ် ဘဝ အကြောင်းဆက်တွေကို သိရလိမ့်မယ်၊ ဘယ်လို ဆုတောင်း ရှိခဲ့တယ် ဆိုတာကိုလည်း သိရလိမ့်မယ်၊ ဘတို့ကတော့ သားကို စောင့်ရှောက်နေကြတာပဲ’

‘ရွှေဆံတော်ကို သွားရင် ဘာဖြစ်မှာလဲ၊ ဘာ သိရမှာလဲ’

‘ဒါတော့ ဟိုရောက်မှပဲ သား သိမယ်၊ ရွှေဆံတော်ကို ရောက်ရင် သား သီလရှင် တစ်ပါး တွေ့မယ်၊ ထူးထူးခြားခြား တွေ့မယ်၊ သူ့ကို သားစိတ်မှာ သဒ္ဓါ ရှိသလောက် လှူလိုက်ပါ၊ နောက် သူဖုန်းစား တစ်ယောက် တွေ့လိမ့်ဦးမယ်၊ သူ့ကိုလည်း သား စိတ်ထဲ သဒ္ဓါ သလောက် လှူပေါ့’

‘ရွှေဆံတော်မှာ သီလရှင်တွေက အများကြီး ရှိမှာပေါ့၊ သူတောင်းစားလည်း အများကြီး ရှိမှာပေါ့၊ ဘယ်တစ်ယောက် ဆိုတာ ဘယ်လိုလုပ် သိမလဲ’

‘သား အခု မမေးနှင့်၊ ဟိုရောက်တော့ သိလိမ့်မယ်၊ သားရဲ့ စရဏခန်းမှာ ဂန္ဓာရီ ခရီးကို သွားရမယ်’

www.burmeseclassic.com



ဤအချက်ကား အကျွန်ုပ် လုံး၀ သိလည်း မသိ၊ နားလည်း မလည်သော အချက် ဖြစ်လေ၏။ စရဏခန်းမှာ ဂန္ဓာရီခရီး ပါသည်၊ ပါရမီလမ်းကလူ ဖြစ်သည် ဆိုသော စကားတို့သည် အကျွန်ုပ် အတွက်မူ များစွာ ထူးခြားနေလေတော့၏။ ထူးခြားသည် ဆိုခြင်းမှာ ဘာမှန်း မသိခြင်းပင် ဖြစ်၏။

(ထိုအချိန်မှ စ၍ အကျွန်ုပ်သည် မိသုံးမိကို မိပြီလားဟု မေးစစ်ခဲ့သော ဆရာ ဦးမြင့်ချို့ကိုလည်း သတိမရတော့ချေ၊ ဘိုးတော် ဆိုသူတို့ ခေါ်ရာသို့သာ ပါလေတော့၏။)

အကျွန်ုပ်၏ ဂန္ဓာရီ ခရီးသည် ပြည် ရွှေဆံတော်သို့ သွားခြင်းဖြင့် စတင်ခဲ့ရလေသည်။

ပြည်ရွှေဆံတော် ရောက်စ ညဦးပိုင်းတွင် မိမိဘ၀ ဆုတောင်းနှင့် ပတ်သက်သော ထူးခြားသော အတွေ့အကြုံ တစ်ခုကို တွေ့ကြုံ ခံစားရသည်။

ဤအတွေ့အကြုံသည် မိမိအား များစွာ စိတ် လှုပ်ရှားစေတော့၏။ ခန္ဓာမှာ ဉာဏ်သွတ်သွင်းပြီး ရုပ်နာမ်ဓမ္မများကို ရှုပွားလိုသော မူလစိတ်အားလုံး ပျောက်ဆုံးကုန်ကြလေပြီ။

ငါ့ကို ဘယ်သူ စောင့်ရှောက် နေသနည်း။ ပရလောကမှာ ငါ့ကို လမ်းညွှန်နေသူ ရှိလေပြီလား။ ငါသည် ပါရမီစခန်းက လူ ဆိုသော စကားသည် မှန်လေပြီလား။ ဘ၀ါဘ၀က ဆုတောင်းတွေ ရှိခဲ့သည် ဆိုသော စကားလည်း မှန်လေပြီလား။ သို့ဖြစ်လျှင် ငါသည် ပါရမီဆယ်ပါးကို ဖြည့်ရမည့်သူသာ ဖြစ်သည် မဟုတ်လား။ ဝိပဿနာသည် ငါနှင့် ဆိုင်ပါမည်လား။

များစွာသော အတွေးတို့သည် မိမိအား များစွာ မွေနှောက်ပြီ ဖြစ်လေ၏။ ဝိဇ္ဇာ ဆိုသူသည် အမှန်တကယ် ရှိလေသလား။ ထိုဝိဇ္ဇာ၏ အလုပ်သည် အဘယ်နည်း။ ငါသည် ထိုဝိဇ္ဇာတို့နှင့် ဘယ်ပုံဘယ်နည်း ဆက်စပ်လေသနည်း။ သူတို့သည် ငါ့ကို ဤအရပ်သို့ ဘာ ကိစ္စအတွက် ပို့လွှတ်ကြသနည်း။ ဂန္ဓာရီ အလုပ် ဆိုသည်မှာ အဘယ်နည်း။

အမှန်ကို ဝန်ခံရသော် အကျွန်ုပ်သည် တရားကို ရှာသူ၊ တရား ရရေးကို ရှေးရှုသူ အဖြစ်မှ ဝိဇ္ဇာရှာသူ၊ ဝိဇ္ဇာနှင့် အပေါင်းအသင်း ပြုသူ၊ ဝိဇ္ဇာကို ရှေ့တန်းတင်သူ၊ ဝိဇ္ဇာ၌ တပည့်ခံသူ အဖြစ်သို့ ရောက်မှန်းမသိ ရောက်လေတော့၏။

အဓိက ဖြစ်သော ရတနာ သုံးပါး၏ နေရာသို့ ပရလောကမှ ဝိဇ္ဇာ ဆိုသော ပုဂ္ဂိုလ်တို့ ရောက်ရှိ လာလေတော့၏။

တစ်ညဉ့်လုံးပင် အိပ်၍လည်း မပျော်တော့။ တစ်သက် တစ်ခါ မကြုံဖူးသော စောစောက အတွေ့အကြုံကိုသာ အပြန်ပြန် အလှန်လှန် စိတ်ကူးခြင်းဖြင့် ညဉ့်သည် ကုန်ဆုံးရလေတော့၏။

အရုဏ် တက်သည်နှင့် အကျွန်ုပ်သည် ရွှေဆံတော် ကုန်းတော်ပေါ်သို့ တက်ပြန်လေ၏။ ပန်းဆီမီးတို့ဖြင့် ပူဇော်လျက် သမာဓိ တရားကို အားထုတ်ပြန်လေ၏။ ဤတစ်ကြိမ်တွင်မူ စိတ်တည်ငြိမ်မှု ရရုံမျှသာ ဖြစ်၍ ဘာမျှ ထူးခြားမှု မရှိချေ။

နေထွက်စ အချိန်တွင် အကျွန်ုပ်တို့ အဖွဲ့သည် ရွှေဆံတော် ကုန်းမြေပေါ်၌ လူ ပြန်စုကြ ပြီးနောက် အနောက်ဘက်ရှိ ပထမ ဘိုးဘိုးအောင် ဓာတ်ခန်း ရှိရာသို့ သွားကြလေ၏။ အကျွန်ုပ်သည် ယခုအချိန် အထိ သီလရှင်ကိုလည်း မတွေ့ရ။ သူတောင်းစားကိုလည်း မတွေ့ရသဖြင့် စိတ်မချမ်းမသာ ဖြစ်လျက် နေလေ၏။

အဖွဲ့သားများ ဘိုးဘိုးအောင် တန်ဆောင်းတွင် ဆုံမိကြသည့် အချိန်တွင် သီလရှင် တစ်ပါး ဘိုးဘိုးအောင် ဓာတ်ခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွလာလေ၏။

သီလရှင်ကို မိသက်က ဦးစွာမြင်ပြီး အကျွန်ုပ်ကို ညွှန်ပြသောအခါ အကျွန်ုပ်လည်း ချက်ချင်းပင် ထိုင်ရာမှ ထ၍ သီလရှင် ရှိရာသို့ သွားလေ၏။ သီလရှင်လည်း မိမိကို မြင်လျှင် ဓာတ်ခန်းတွင်းသို့ မ၀င်တော့ဘဲ ဓာတ်ခန်း အရှေ့မြောက်ဘက်ရှိ အဆင်း ကျောက် လှေကားဘက်သို့ ထွက်ခွာသွားလေ၏။ အကျွန်ုပ်လည်း သီလရှင် နောက်က လိုက်သွားရာ ညောင်ပင်ကြီး အနီးသို့ ရောက်လျှင် သီလရှင်က အသင့် ပါလာသော လွယ်အိတ်ကို ဖွင့်လျက် 'အလှူ ထည့်မှာလား' ဟု မေး၍ မိမိဘက်သို့ လှည့်လေ၏။

အကျွန်ုပ်လည်း ထူးခြားသော သီလရှင်၏ အမူအရာကြောင့် အံ့သြလျက် မိမိ အိတ်တွင်းမှ ငါးကျပ်တန် တစ်ရွက်ကို ထုတ်ယူကာ အလှူပေးလေ၏။ သီလရှင်လည်း ခြေစုံရပ်လျက် မိမိအား ဆုကို ပေးလေ၏။ ဆုပေးသည်မှာ တစ်သက် တစ်ခါမျှပင် မကြားဖူးသော စကားများဖြင့် ဆုပေးခြင်း ဖြစ်လေ၏။

အကျွန်ုပ်လည်း သီလရှင်၏ ဥပဓိရုပ်ကို အကဲခတ်၍ ကြည့်မိရာ သီလရှင်၏ မျက်နှာ သွင်ပြင်သည် မိန်းမဟု ဆိုရလည်း အခက် ယောက်ျားဟု ဆိုရလည်း

www.burmeseclassic.com



အခက် ဖြစ်နေလေတော့၏။ ဆုပေးသည်မှာ အကျွန်ုပ်၏ စိတ် အထင် ဆယ်မိနစ်ခန့်ပင် ကြာမည် ထင်ရလေ၏။

ဤတွင် ဒုတိယ ထူးခြားသော အ တွေ့ အ ကြုံ (သီလရှင်) ကို တွေ့ကြုံရ၍ အကျွန်ုပ်လည်း များစွာ ဝမ်းမြောက်ရလေ၏။ စောစောက စိတ်မချမ်းမသာ ဖြစ်လျက် နေခဲ့ရခြင်းများ အားလုံးသည်လည်း ချက်ချင်း ပြေပျောက်လေ၏။

ဓာတ်ခန်းတွင်းသို့ အကျွန်ုပ်နှင့် မိသက်တို့ ပြန်၍ ဝင်လာကြသော အခါ တပည့်ဖြစ်သူ မောင်ချစ်ပန်မှာ ဘမင်းခေါင်ဓာတ် စီးလေ၏။

'ကဲ ဘပြောတဲ့အတိုင်း ဖြစ်ပြီ ဟုတ်လားကွယ့်' ဟု မေးပြီး ဟုတ်ကြောင်း ဝန်ခံလျှင် ပြန်၍ ဓာတ်သိမ်းသွားလေ၏။

ထို့နောက် ကြိုတင် ဟောကြားထားသည့်အတိုင်း သူဖုန်းစားကို မိမိ တည်းခိုရာ ဇရပ်ရှေ့တွင် ထိုင်လျက် တွေ့ရပြန်လေသည်။

ထိုအခါမှ စ၍ အကျွန်ုပ်လည်း စိတ်ကြီး ဝင်လေတော့၏။ ငါ့ကို ဝိဇ္ဇာတွေ စောင့်ရှောက်နေပြီ၊ သူတို့က ငါ့ကို လမ်းညွှန်နေပြီ၊ ငါသည် ပါရမီရှင် ဆိုသည်မှာ မှန်ပေလိမ့်မည်၊ ငါသည် သူတို့ ခိုင်းသမျှကို မဆိုင်းမတွ လုပ်တော့မည်ဟု ဆုံးဖြတ်ချက် ချလေတော့၏။

ဤသို့ ဆုံးဖြတ်ချက် ချပြီးနောက် အကျွန်ုပ်သည် သက်သတ်လွတ်ကိုလည်း ရက် ရှည် စား၏။ ဥပုသ်သီလကိုလည်း ရက်ရှည် စောင့်၏။ အာနာပါနကိုလည်း အားထုတ်၏။ တစ်ဖက်တွင် ဝေဒနာရှင်များကို ဆေးကုရန် အခွင့်အခါလည်း ဆိုက်ရောက်လာလေတော့၏။

ဆေးကုသည့် အခန်းကဏ္ဍသို့ ရောက်လာပုံမှာ ဤသို့ ဖြစ်၏။

စိတ်ညို့နည်းဖြင့် တပည့်များ၏ ဆိုက်ကို ဆိုမက်တစ် ရောဂါများကို ကုသပေးရာ ပျောက်ကင်းလျက် ရှိ၏။ ထိုအချိန်တွင် မိမိ ဆေးကုရမည်၊ သတ္တဝါကို ကယ်ရမည်ဟု အမိန့်ကျလေ၏။ 'သတ္တဝါကို ကယ်' ဆိုသော စကားလုံးသည် မိမိကို များစွာ ဆွဲဆောင်မှု ရှိလေ၏။

သို့ရာတွင် တက္ကသိုလ်က ထွက်လာသော ကထိက ဆရာတစ်ယောက် ဖြစ်ဖူးသော အကျွန်ုပ်သည် ဆေးပညာ တစ်စုံတစ်ရာကိုလည်း မကျွမ်းကျင်ဘဲ ပျောက်စေ ဆရာလို ဆေးကု၍ ဖြစ်ပါမည်လား။ ပညာရှိတို့ ကဲ့ရဲ့ဖွယ် ဖြစ်မည့် ကိစ္စကို ပြုလုပ်ရန်မှာ မိမိအတွက် ဝန်လေးလှချေသည်။

ဆေးကုသင့် မသင့် ဆိုသော ပြဿနာသည် မိမိ ရင်ထဲတွင် ပဋိပက္ခ အသွင်ကို ဆောင်လျက် နေလေသည်။ ထိုအချိန်တွင် ဘင်္ဂါလီစုဒ္ဓ အကြားအမြင် သဘောဖြင့် ဟောပြောနေသော ဆရာကြီး တစ်ဦးထံသို့ ရောက်သွားလေတော့၏။ ထိုဆရာကြီးကား ခန္ဓာသုခ ဆေးတိုက် ပိုင်ရှင် ဆရာကြီး ဦးစံဒွန်း (ကွယ်လွန်) ဖြစ်လေ၏။ ဦးစံဒွန်းသည် မြန်မာ မွတ်စလင် တစ်ဦး ဖြစ်သော်လည်း မြန်မာစာပင် မတတ်ကြောင်း ဆရာကြီးက ဝန်ခံဖူးလေ၏။ သို့သော် ဆရာကြီးသည် အကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း သူ့ကို ရက်ကန်းစင်တောင် ဆရာတော် စောင့်ရှောက်ကြောင်း ပြောသည့်အပြင် မိမိသည်လည်း ဆေးကုရမည် ဖြစ်ကြောင်း၊ ပုဂ္ဂိုလ်များ စောင့်ရှောက်လျက် ရှိကြောင်း အမိန့် ရှိပြန်လေသည်။

တွေ့လျှင်တွေ့ချင်း ဆရာကြီးသည် သူ ဆေးတိုက်ပိုင်ရှင် ဖြစ်လာပုံ ဇာတ်လမ်းစုံကိုလည်း ပြောပြလေ၏။ ထို့နောက် ပိတ်ဖြူ တစ်ကိုက်နှင့် ကြေးလင်ပန်း တစ်ချပ် ယူလာရန် မှာကြားလေသည်။ ထိုကြေးလင်ပန်းနှင့် ပိတ်ဖြူပေါ်တွင် ဆရာကြီးက အင်းများ ရေးပေးလေ၏။ ဘယ်လို သုံးရမှာလဲဟု မေးသောအခါ ဉာဏ်ရှိသလို သုံး ဟုသာ ဆိုလေသည်။

အဓိကမှာ ထိုဆရာကြီးထံသို့ သွားခြင်းသည် ဆေးကုသင့် မသင့်ကို မေးမြန်း စုံစမ်းရန် ဖြစ်လေသည်။ ယခု ဆရာကြီးက မိမိအား မြင်မြင်ချင်း ဆေးကုပါဟု တိုက်တွန်းနေပေရာ မိမိလည်း နောက်ဆုတ်ဖို့ ခက်လေတော့၏။ သို့သော် တက္ကသိုလ် ဉာဉ်ကိုကား ဖျောက်ဖျက်၍ မရပါ။ ဆေးပညာ မတတ်ဘဲနှင့်တော့ ဆေးမကုရဲ။

ဤတွင် အကျွန်ုပ်လည်း တိုင်းရင်း ဆေးပညာကို လေ့လာဖို့ ဆုံးဖြတ်လိုက်လေတော့၏။ ဘုရားဈေးကို သွားပြီး တိုင်းရင်းဆေးပညာ စာအုပ် ရတတ်သမျှကို ဝယ်ယူလေသည်။ သိမ်ကြီးဈေး မော်တင်ဈေး ပုဇွန်တောင်ဈေး ကြည့်မြင်တိုင် ဈေးများ သွား၍ ပရဆေးမျိုးစုံ ရတတ်သမျှကို ဝယ်၍ ပထမဦးစွာ

(၁) ရောဂါသိမှုနှင့် စပ်ဆိုင်သမျှ စာပေ ကျမ်းဂန်များကို လေ့လာ ဆည်းပူးလေတော့၏။ ထို့နောက်တွင်

(၂) ဆေးသိမှုနှင့် စပ်ဆိုင်သမျှ စာပေ ကျမ်းဂန်များကို လေ့လာ ဆည်းပူးပြန်လေသည်။ တစ်ဖန်

www.burmeseclassic.com



(၃) ရောဂါနှင့် ဆေးကို သိလျှင် ကုထုံးသိမှုကို လေ့လာ ဆည်းပူး ပြန်လေသည်။

ဤနည်းဖြင့် အကျွန်ုပ်သည် နိဒါန်းကျမ်း များစွာကိုလည်း ဖတ်ရလေသည်။ နိဃဏ္ဍုကျမ်း များစွာကိုလည်း ဖတ်ရလေသည်။ ဦးစွာ ဒေသနာနယကို လေ့လာသည်။ ခြောက်လုံးကောက် ပညာ ခုနစ်လုံးကောက် ပညာ ရှစ်လုံးကောက် ပညာ သဘောများကိုလည်း ကုန်အောင် လေ့လာသည်။ ထို့နောက် ဘေသဇ္ဇနယဟု ခေါ်သော အာယုဗ္ဗေဒ ဘိန္နောဆေးပညာကိုလည်း လေ့လာသည်။ နက္ခတ္တနယကိုမူ မိမိသည် နက္ခတ်ဗေဒင်ကို ဝါသနာ မပါသည်လည်း တစ်ကြောင်း၊ ယောမင်းကြီး ဦးဘိုးလှိုင်၏ အဆုံးအဖြတ်ကို နှစ်သက်သည်လည်း တစ်ကြောင်းကြောင့် ဒွါဒသိန် ကျူသျှ နက္ခတ်ကျမ်းနှင့် အခြားနက္ခတ်၊ ဓာတ်စာ၊ ဓာတ်တိုင်ထူပုံ အခြေခံ သဘောမျှလောက်ကိုသာ လေ့လာကာ ထိုပညာရပ်ကို ပယ်ထားလိုက်လေသည်။ ဝိဇ္ဇာခရု နယ ခေါ်သော ပယောဂဆေးပညာကိုကား အင်းနည်း မှော်နည်းဖြင့် လိုက်စားရန် မလိုဘဲ မိမိဘာသာ စိတ်ညှို့ပညာနည်းဖြင့် ကုသရာ စုန်းပယောဂ ဉစ္စာစောင့် ပယောဂ များစွာကိုပင် အလွယ်တကူ ကုသ နိုင်နင်းဖူးလေ၏။ ဤတွင် အထူး ဖော်ပြသင့်သော အချက် တစ်ချက် ရှိလေသည်။ ထိုအချက်သည် မိမိ ဆေးပညာ လိုက်စားသောအခါ ဓာတ်ဘိန္နောပညာကို စာတွေ့ လက်တွေ့ ဦးစားပေး လေ့လာ သော်လည်း တကယ်တမ်း လက်တွေ့ ကုသရသော အခါ၌မူ ပယောဂကိုသာ အများဆုံး ကုသ နေရလေတော့၏။

အကျွန်ုပ်သည် ပယောဂကို ကုသရာတွင် ဘယ်ဂိုဏ်းကိုမှလည်း မဝင်၊ ဘယ်မှော်ကိုမှလည်း မတက်၊ စိတ်ညှို့ပညာ သက်သက်ဖြင့်သာ ကုသခဲ့ပါသည်။ သို့သော် ထိုပညာသည် နက်ရှိုင်းလာသောအခါ ပရလောကနှင့် ဆက်ဆံ နေသည်ကိုလည်း ဝန်ခံရန် အသင့်ယုတ္တိများ ရှိပြန်ပါသည်။

မိမိသည် အမှန်စင်စစ် ရုပ်ပိုင်း သိပ္ပံပညာကိုသာ အထင်လည်း ကြီးပြီး အယုံလည်း ရှိသူ ဖြစ်ခဲ့ဖူးလေသည်။ သို့ရာတွင် ယခုအခါ မမြင်ရသော ပရလောကသားများက မိမိ ဝန်းကျင်မှာ ဝိုင်းဝန်း ကာရံ နေသည်ကို ကိုယ်တွေ့ ကြုံရသောအခါ အလွန်ပင် မျက်စိ လည်ရတော့၏။

အကျွန်ုပ်၏ ဂန္ဓာရီစခန်း အတွေ့အကြုံများကား များပြားလှ၏။ စာတစ်အုပ်ဖြင့် ရေးပြ၍လည်း ကုန်မည်မဟုတ်ချေ။ ဆေးကုခန်း အတွေ့အကြုံများမှာလည်း များလှလေသည်။

ဤတွင် ဤအကြောင်းများကို အကျွန်ုပ် ဖော်ပြနေခြင်းသည် အကြောင်းရှိ၏။ ထိုအကြောင်းသည် တရားရှာသူများ သတိပြုစရာ ဆောင်စရာ ရှောင်စရာများကို သိစေလိုသော ဆန္ဒ ဖြစ်သည်။

တရားရှာရာတွင် မြတ်စွာဘုရား ချမှတ်ထားသော မဇ္ဈိမပဋိပဒါ နည်းလမ်းကို ကျင့်သုံးတတ်ရေးသည် အလွန် အရေးကြီးလေသည်။ သို့ ကျင့်သုံး နိုင်ရန်မှာ ယောနိသောမနသိကာရ ရှိဖို့ အထူး လိုအပ်လှပေသည်။ သို့မဟုတ်ပါက တရား မရမီ အမှား မျိုးစုံကို တွေ့ရတတ်ပုံကို ဖော်ပြခြင်း ဖြစ်၏။

အကျွန်ုပ်သည် ဓာတ်ရှုပ် နတ်ရှုပ်တွေ ကြားမှာ မျောပါသွားပုံကို ဖော်ပြခဲ့၏။ ထိုသို့ ဖော်ပြခြင်းကြောင့် မိမိအား အထင်ကြီးဖွယ် မရှိပါ။ မိမိ၏ ဘဝ ပန်းတိုင် ပျောက်သွားသော အဖြစ်ကိုသာ သံဝေဂ ယူစေချင်ပါသည်။ တရားရှာခရီးတွင် မိမိ တွေ့ကြုံရသော အတွေ့အကြုံများကို အများအားဖြင့် လူတိုင်း တွေ့တတ်ပေသည်။ မြတ်စွာဘုရား တောထွက်စဉ် အခါက ဥဒကနှင့် အာဠာရ ရသေ့ကြီးများသည် မြတ်စွာဘုရားအား သူတို့၏ ဈာန်အဘိညာဉ် လမ်းသို့ ခေါ်ယူသွားဖူးလေသည်။ သို့သော် မြတ်စွာဘုရားသည် ထိုဈာန်သမာပတ် အလုပ်တွင် နှလုံးသာယာခြင်း မရှိခဲ့ချေ။ ထိုအချက်ကို သတိပြုမိသင့်ပါသည်။

အကျွန်ုပ်မှာလည်း ပရ လောကသားများ၏ မွေ့နှောက်မှုကို ခံရစဉ် ပထမတွင် သာယာသောစိတ် ဖြစ်ခဲ့ဖူးလေသည်။ သူတို့ ခိုင်းသမျှ အလုပ်တွေကို မဆုတ်မနစ်သော စိတ်၊ မတွန့်မဆုတ်သော စိတ်ဖြင့် လိုက်လုပ်နေမိလေသည်။ အရပ်ဒေသ များစွာသို့လည်း သွားဆိုတိုင်း သွားခဲ့ရသည်။ ဘာလုပ်ဖို့ သွားခိုင်းနေသည်တော့ မသိပါ။ သွားတိုင်းမှာလည်း ထူးခြားသော အတွေ့အကြုံများကို တွေ့ကြုံရသည်ချည်းသာ ဖြစ်ပါ၏။ ထိုအခါ မိမိကိုယ်ကို အထင်ကြီးသည့် စိတ်လည်း ဖြစ်ရ၏။ သို့သော် ဘာအတွက် အထင်ကြီးရမှန်းလည်း မသိချေ။

တစ်ကြိမ်တွင် အကျွန်ုပ်အား လယ်ကိုင်း ကျောင်းတော်ရာ ဘုရားသို့ ဝါဆို လပြည့် အမီ သွားရမည်ဟု အမိန့် ချပြန်လေ၏။ အ ကျွန်ုပ် လည်း စာရေးဆရာ သုတေသီ မြင့်ထွန်းကို ခေါ်၍ သွားလေ၏။

ဝါဆို လပြည့်နေ့ ဖြစ်သဖြင့် ကျောင်းတော်ရာ

www.burmeseclassic.com



ဘုရားမှာ လူစည်ကားလှ၏။ မိမိတို့မှာ အသိမိတ်ဆွေလည်း မရှိ၊ တည်းခိုစရာ နေရာလည်း မရှိ ဖြစ်နေရာ အကျွန်ုပ်က သုတေသီမြင့်ထွန်းအား

'ဒီလိုလုပ် ဆရာပွ၊ ခင်ဗျား ဟောဟို ဈေးတန်းဘက်ကို လျှောက်ကြည့်၊ တည်းခိုချင်တဲ့ နေရာ တွေ့ရင် ကျွန်တော့်ကို လာပြော၊ ကျွန်တော် သွား ပြော မယ်၊ ပစ္စည်းတွေ ဒီနေရာမှာ ခဏ ချထားခဲ့' ဟု ဆိုကာ သူ့ကို လွှတ်လိုက်လေ၏။ အကျွန်ုပ်ကမူ ဘုရား အရှေ့ဘက် တစ်နေရာတွင် ပစ္စည်းများနှင့် အတူ ကျန်ရစ်၏။ မကြာမီ သူ ပြန်လာကာ

'လူတစ်ယောက် တွေ့တယ်၊ ပုတီး စိပ်နေတယ်၊ သူ့အိမ်မှာ တည်းမယ်၊ ဆရာ သွားပြော' ဟု အကျွန်ုပ်အား ဆိုလေ၏။

'ဒါဆို ဒီပစ္စည်းတွေ တစ်ခါတည်းသာ သယ်ခဲ့ပေတော့' ဆိုပြီး အကျွန်ုပ်တို့ နှစ်ဦး ဈေးတန်းသို့ လျှောက်သွားသောအခါ လူကြီး တစ်ဦးသည် ဈေးတန်းထိပ်က စောင့်၍ အကျွန်ုပ်တို့အား ကြိုနှင့်လေ၏။

'ဒီမှာ ဓာတ်ဆရာကြီးတွေ လာ လာ ဒီကို၊ ခင်ဗျားတို့ လာကြလိမ့်မယ်၊ ကြိုပြီး နေရာချပေးလိုက်လို့ ကျုပ်ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက ပြောထားတယ်၊ လာကြဗျို့' ဟု ဝမ်းပန်းတသာ ကြိုလေတော့၏။

ထိုပုဂ္ဂိုလ် အမည်မှာ ဦးကျော်ထွန်း ဖြစ်လေ၏။ ဦးကျော်ထွန်းလည်း အကျွန်ုပ်ကဲ့သို့သော ဂန္ဓာရီလိုင်းက ပုဂ္ဂိုလ် ဖြစ်ကြောင်း ပြောဆိုလေ၏။ သူနှင့် အကျွန်ုပ်တို့ တွေ့ဆုံကြပြီး ဗဟုသုတ အတွေ့အကြုံများကို ဖလှယ်ကြသောအခါ အကျွန်ုပ်တို့ နှစ်ဦးသည် ဘဝလည်း ခပ်ဆင်ဆင်တူပြီး လျှောက်လှမ်းနေရသော ခရီးလည်း ခပ်ဆင်ဆင် တူနေလေ၏။ ပိုမို နီးစပ်သွားသည်မှာ သူသည် အေဝမ်း ရုပ်ရှင်မှ အသံဖမ်း အင်ဂျင်နီယာ ဆရာစံနှင့် ညီအစ်ကိုတော် ဖြစ်နေ၍ ဖြစ်လေတော့၏။

စကားပြောနေစဉ် ဦးထွန်းကျော် ဆိုသူ ရောက်လာပြန်လေ၏။ သူလည်း အိုးအိမ်ကိုပင် စွန့်ခွာကာ ဂန္ဓာရီအလုပ်ကို လုပ်နေသည်ဟု ဆို၏။ ဦးကျော်ထွန်းနှင့် ဦးထွန်းကျော် ဆုံမိသောအခါ အကျွန်ုပ်က

'ဦးကျော်ထွန်းလည်း နဝင်းပဲဗျ၊ ဦးထွန်းကျော်လည်း နဝင်းပဲ၊ ကက္ကင်းလည်း ကျတယ်၊ ဓာတ်တော့ စုံပြီဗျို့' ဟု ဆိုလိုက်ရာ ဦးထွန်းကျော်က 'ဆရာတို့ကို ကျုပ်က ကျုပ်တို့ရဲ့ အဘ အောင်မေ့စကြာ ဆရာတော်ဆီကို ပို့ပေးရမယ်၊ ဘယ်အချိန် သွားကြမလဲ' ဟု မေးလေတော့၏။ အောင်မေ့စကြာကို ဂဏန်းချ ပေါင်းကြည့်တော့လည်း ၁၈ = ၉ ပင် ဖြစ်နေပြန်ရာ အကျွန်ုပ်က

'ကဲ အချိန် မဆွဲဘူး၊ ခုပဲ ချက်ချင်း သွားမယ်ဗျာ၊ ဒီကနေ ဘယ်လောက် ဝေးသလဲ'

'သိပ်တော့ မဝေးဘူး၊ သုံးမိုင်လောက်ပဲ၊ အရှေ့ဘက်က သစ်တောက်ရွာကို သွားကြရမယ်'

အချိန်သည် တန်ဖိုး ရှိနေပြီ ဖြစ်၏။ ချက်ချင်းပင် အကျွန်ုပ်တို့လည်း ထိုဆရာတော်ထံသို့ သွား ကြ လေတော့၏။ ဆရာတော်ထံသို့ ရောက်သောအခါ အနှစ်နှစ်အလလ အကျွန်ုပ် ရင်ထဲတွင် သိလိုသော အချက်ပေါင်းများစွာကို ဆရာတော်က ခရီးရောက်မဆိုက်မှာပင် ပြောကြားလေတော့၏။ သို့သော် ထိုစကားများကို ဘေးလူများ နားလည်မည် မဟုတ်ချေ။ အကျွန်ုပ်သည် ဆရာတော်ပြောဆိုသော ပဟေဠိဆန်သည့် ဓာတ်စကားများကို နားလည် နေလေတော့၏။ ဤတွင် ထိုစကားများကို ချရေးလျှင်လည်း စာဖတ်သူ နားလည်နိုင်မည် မဟုတ်သဖြင့် မရေးတော့ပြီ။

ဤသို့ ဆိုခဲ့ပြီးသော အဖြစ်သနစ်များကို ဤတွင် ဤမျှလောက် ဖော်ပြလိုက်ခြင်းသည် တရားရှာသူတို့အား သတိပေးစကား ပြောလိုခြင်းကြောင့် ဖြစ်၏။

တရား မရမီ အတက် ခရီးတွင် အဖျက် အဆီးများစွာ ကြုံရတတ်လေ၏။ ယောနိသော မနသိကာရ မရှိလျှင် ဆွဲဆောင်မှု (Temptation) များစွာ နောက်သို့ ပါသွားတတ်လေ၏။ ဝိဇ္ဇာ မရှိ နတ် မရှိဟု မထင်သင့်။ ထိုသို့ ထင်သူသည် ထိုဝိဇ္ဇာများ နတ်များနှင့် တွေ့လာသောအခါ အစွန်း တစ်ဖက်သို့ ရောက်ပြီး အူယားဖားယား ပါသွားတတ်သည်။ လောဘလျှင် ရှေ့ဆောင် ဦးရွက် ပြုကာ အမှားမျိုးစုံ ကြုံကြရတတ်ပါ၏။

ဝိဇ္ဇာများ နတ်များက ငါ့ကို စောင့်ရှောက်နေသည်ဟု အထင် ရောက်လာသောအခါ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်ပြီး စိတ်ကြီးဝင်လာလေတော့၏။ မိမိသည် တစ်စုံတစ်ခု ကြီးကြီးကျယ်ကျယ် ဖြစ်တော့မလိုလို ဖြစ်တော့မလိုလိုနှင့် တံလျှပ်ကို ရေထင်ပြီး ရွှေသမင် အလိုက်မှားသလို ဖြစ်ပြီသာ မှတ်ပါ။

ဗုဒ္ဓမြတ်စွာ ဘုရားက မိမိကိုယ်မှ အပ အားကိုးရာ မရှိ၊ ကံ ကမ္မသကာဟု ဆိုသော်လည်း ထိုဝိဇ္ဇာလမ်းလိုက်သူသည် မိမိကိုယ်ကို အားမကိုးတော့။ ဝိဇ္ဇာကိုသာ အားကိုးလာသည်။ စိတ်သာချ ဝိဇ္ဇာ မမည်ဟု ထင်လာသည်။ ရတနာ သုံးပါးကို ကြည်ညိုရမည့်အစား ဝိဇ္ဇာကို

www.burmeseclassic.com



ပိုပြီး ကြည်ညိုလာသည်။ ဘဝ၏ ငြိမ်းအေးရာကို ရှာရမည့်အစား တန်ခိုးသိဒ္ဓိတွေကို တပ်မက်လာသည်။ ထိုသို့ လောဘ တက်ပြီး အထင်ကြီးစိတ် ဝင်ကာ တောင့်တချက် ကလေးများ ဖြစ်မြောက် ပြည့်စုံ လာသည်ကို အကြောင်းပြုပြီး ဘဝတဏှာ အလွန် ကြီးမားလာသည်။ သက္ကာယဒိဋ္ဌိ အမြစ်တွယ်လာသည်။ ငါကဲ့သို့သောသူ ဇမ္ဗူ ရှိရဲ့လား အောက်မေ့လာသည်။ နောက်ဆုံးတော့ သောက်လေ သောက်လေ ဝတ်မပြေသော အစွမ်းသတ္တိ သိဒ္ဓိ မဟိဒ္ဓိတွေ နောက်ကို တကောက်ကောက် လိုက်ကာ အချိန်ကာလများကို ကုန်လွန်စေတော့၏။

အကျွန်ုပ်သည် ထိုသူတို့ ခိုင်းသော အရပ်ဒေသများသို့ သွားခဲ့ရသော စရိတ်ကို ပြန်တွက်ကြည့်လျှင် အနည်းဆုံး သုံးသောင်းလောက်တော့ ရှိမည် ထင်ပါ၏။ ထိုငွေထဲတွင် ဘုရား ပြင်ခိုင်း ဟိုလုပ်ခိုင်း ဒီလုပ်ခိုင်း၍ ကုန်ကျငွေများ မပါသေးချေ။

နောက်ဆုံးတော့ သိသည်၊ ဘာမျှ မဟုတ်၊ ဘာ အဓိပ္ပာယ်မှ မရှိ၊ ပုထုဇဉ်ဘဝ ရှုးနေကြခြင်းသာ ဖြစ်၏။ ဝိဇ္ဇာသည် အပါယ်ဘေးကို ချေဖျက်နိုင်သူ မဟုတ်။ ဝိဇ္ဇာ နောက်ကိုလိုက်၍ ဝိဇ္ဇာ ဖြစ်မည်လည်း မထင်နှင့်။ သူဌေးအိမ်က ကျွန်သည် သူဌေးနှင့် နီးစပ်သော်လည်း သူဌေး မဖြစ်သကဲ့သို့ပင် အောက်မေ့သင့်ပါ၏။

အကျွန်ုပ်သည် မိမိကိုယ်ကို ပြန်၍ ဆယ်နိုင်သော အချိန်သည် မနှောင်းသေး၍ တော်တော့၏။ ဤတွင် အကျွန်ုပ် ပြောလိုသည်မှာ ဘုရား တရား သံဃာမှအပ အပါယ်ဘေးကို ချေဖျက်နိုင်သူ မရှိ။ မိမိသည် တရားရှာစဉ် တရား မတွေ့မီ အမှားတွေ တသီတတန်းကြီး ပြုလုပ်ခဲ့မိသော အကြောင်းကို ပြန် စဉ်းစားလိုက်တော့ ဒိဋ္ဌ သရဏဂုံ မတည်ခဲ့သောကြောင့်ပင် ဖြစ်လေသည်။

ဝိဇ္ဇာနောက်သို့ လိုက်နေသမျှ ကိလေသာတွေ ဗရပွ ဖြစ်လာဖို့သာ အကြောင်း ရှိသည်။ ဝိဇ္ဇာက ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ သဘော ဒုက္ခ သဘော အနတ္တ သဘောကို မျက်မှောက်ပြုရေးကို ဘယ်အခါမှ သွန်သင်မည် မဟုတ်။ လောဘကိုသာ ကြီးသည်ထက် ကြီးအောင် လှုံ့ဆော်ပြီး ထူးဆန်းအံ့ဖွယ် (Miracle) များကို ပြပြီး မြူဆွယ်ကာ မရေရာသော လမ်းမှားသို့ ခေါ်ဆောင်သွားမည်သာ ဖြစ်လေတော့၏။ ဝိဇ္ဇာ ဆိုသူများကား အကျွန်ုပ် အထင်တွင် ငရဲပန်းကို ရွှေပန်း ထင်ကြသော၊ ဒုက္ခကို သုခဟု အထင်ရှိနေကြသော တိတ္ထိများသာ ဖြစ်ကြလေသည်။ သူတို့သည် စကားကြီး စကားကျယ် ပြောသော်လည်း ပါရမီ စခန်းက ပုဂ္ဂိုလ်တွေလည်း မဟုတ်။ သူတို့မှာ သာဝက ဗောဓိဆုကို လည်းကောင်း၊ ပစ္စေကဗောဓိဆုကို လည်းကောင်း၊ မဟာဗောဓိဆုကို လည်းကောင်း ပန်ထားခြင်းလည်း မရှိချေ။ စင်စစ် အဓိကရ ရှိသူများ မဟုတ်သဖြင့် ဘာမျှ အထင်ကြီးစရာ မရှိချေ။

သို့သော် အန္ဓပုထုဇဉ်တိုင်း ဝိဇ္ဇာကို အားကိုးတတ်ကြသည်မှာ ဝိဇ္ဇာကို ကိုးကွယ်လျှင် ဝိဇ္ဇာက မ မည်ဟု အထင် ရှိကြသောကြောင့် ဖြစ်လေသည်။ ဤကား နတ်ကိုးကွယ်သူများ၏ မနှောထား အတိုင်းပင် ဖြစ်၏။ တိုက်ဆိုင်သော ကိစ္စများ၌ မိမိ မျှော်လင့်သလို ဖြစ်လာလျှင် ဝိဇ္ဇာ မသည်၊ နတ် မသည်ဟု ထိုသူတို့သည် မိမိကိုယ်ကို လှည့်စား နေကြရလေသည်။

အကျွန်ုပ်သည် အချိန်မရွေး ဝိဇ္ဇာနှင့် ဆက်ဆံခွင့်ကို ရရှိခဲ့သူ ဖြစ်ပါ၏။ အစက မိမိလည်း ငါ အလို ရှိသောအခါ ဝိဇ္ဇာက မ လိမ့်မည်ဟု ထင်မိခဲ့ဖူး၏။ သို့ရာတွင် ထိုအထင်သည် လက်တွေ့၌ ပါစင်အောင် လွဲရလေ၏။ အဘယ်ကြောင့် ဆိုသော် အကျွန်ုပ်၏ ဘဝတွင် ပြည်သူပိုင် တိုက်ခန်းတွင် နေခွင့် ရခဲ့သည်ကို အိမ်ရှင်အား တိုက်ခန်း ပြန်လည် ပေးအပ်လိုက်သော အခါ ထိုအိမ်ရှင်သည် ငွေကို အသုံးချပြီး အကျွန်ုပ်အား အိမ်ပေါ်မှ နှင်ချနိုင်အောင် ဥပဒေကို အသုံးချလျက် အဓမ္မ ပြုခဲ့သည့် အရေးအခင်းတွင် ထိုဝိဇ္ဇာသည် ဝင်မကယ်ဘဲ လက်ပိုက် ကြည့်နေခဲ့သဖြင့် အကျွန်ုပ်လည်း အိမ်ပေါ်မှ အပြစ် မရှိဘဲ ဆင်းပေး ခဲ့ရလေတော့သည်။

ဤကား တရား ရှာသူသည် တရား မရမီ ဆွဲဆောင်ရာ အမှားလမ်းသို့ လိုက်ပြီး အချိန် ဖြုန်းတတ်ပုံကို မိမိ၏ ဘဝ အတွေ့အကြုံထဲမှ တစ်စိတ် တစ်ဒေသကို တင်ပြရခြင်း ဖြစ်ပါ၏။ ဤဖော်ပြချက်သည် ....

ဗုဒ္ဓဘာသာ ဥပါသကာ စစ်စစ် မဖြစ်သေးမီက အကျွန်ုပ်သည် ရတနာ သုံးပါးမှ တစ်ပါး အခြား ကိုးကွယ်ရာကို ရှာခဲ့မိကြောင်း အမှားကို ဝန်ခံခြင်း ဖြစ်၏။ ဆရာ ဦးမြင့်ချို မေးသော မိသုံးမိကို မမိသေးသူတို့ ကြုံရသော အတွေ့အကြုံမျိုးသည် ဤသို့ ဖြစ်တတ်သည်ဟုလည်း ဆိုချင်ပါ၏။ သတိပဋ္ဌာန် တရားကသာ လမ်းမှန်ကို ပို့နိုင်ကြောင်းကိုလည်း ဝန်ခံပါ၏။ ဘဝဝယ် အမှား တွေ့ပြီးမှ အမှန်၏ တန်ဖိုးသည် ပို၍ လေးနက်လာတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၃။ အတုအယောင် ကိုးကွယ်ခြင်း နှင့် သရဏဂုံ အစစ်

ကိုးကွယ်ခြင်း ဆိုသော စကား၏ သဘောအမှန်ကို သိဖို့အတွက် အကျွန်ုပ်သည် အတုအယောင် ကိုးကွယ်မှု အတွေ့အကြုံ များစွာကို ဖြတ်ကျော် လွန်မြောက်ခဲ့ရသေးကြောင်း ဝန်ခံရပေဦးမည်။

ဤသို့ ဆိုသောကြောင့် ရှေးက အကျွန်ုပ် ဖြတ်သန်းခဲ့ရသော ဗုဒ္ဓဘာသာ၏ အပဖြစ်သော ဘာသာအယူဝါဒများကို ဆိုလိုခြင်း မဟုတ်ချေ။ ဗုဒ္ဓဘာသာအယူ ဝါဒများကို အတန်အသင့် နားလည် သဘောပေါက်ပြီးနောက် အကျင့်စခန်းသို့ တက်သော အခါ၌ ကြုံရသော အတွေ့အကြုံများကို ဆိုလိုခြင်းသာ ဖြစ်၏။

ရှေးက အခန်းတွင် အကျွန်ုပ်သည် မိသုံးမိကို ဝေချာစွာ မမိမိ အခါက ဝိဇ္ဇာလှည့် နတ်လှည့် ဓာတ်လှည့်များတွင် အချိန်ကုန် လူပန်းခံကာ လိုက်ပါသွားမိခြင်း၏ အကြောင်းကို ယခု ပြန်၍ သုံးသပ်တတ်လာသော အခါ မိမိသည် ဝိမုတ္တိ အလို့ငှာ ကျင့်ကြံ အားထုတ် ရမည့်သူ မဟုတ်၊ ဗောဓိဉာဏ် အလို့ငှာသာ ကျင့်ကြံအားထုတ်ရမည့်သူ ဖြစ်သည်။ ဗောဓိဉာဏ်ကို အလိုရှိသော သူသည် ဝိပဿနာကို အားမထုတ်ရ၊ သမထကိုသာ အားထုတ်ရမည် ဆိုသော လွဲချော်သည့် အတွေးအခေါ်၏ မှောက်မှားမှု တစ်ရပ်ကို ကျူးလွန်မိခဲ့ခြင်းဖြစ်ကြောင်း သဘော ပေါက်လာပါသည်။

သို့ရာတွင် ထိုသို့ သဘောမပေါက်မီ ဗောဓိဉာဏ်ကို ရည်မှန်းသူသည် ဘာကို လုပ်သင့်သနည်း ဆိုသည်ကို ကျမ်းဂန်မှာ အထင်အရှား ပြထားပါလျက် ထိုပါရမီလမ်းကို အမှန် အတိုင်း မမြင်ခဲ့။ ပါရမီ၏ အနက်အဓိပ္ပာယ်ကို အကောက် အယူ လွဲခဲ့သည်။ လူတွေကမိမိကို ပါရမီရှင်ဟု ခေါ်လျှင် ဘဝင်မြင့်ပြီး မိမိသည်အလွန် မြင့်မြတ်သူ၊ အလွန်အကဲ ထူးခြားသူ၊ တန်ခိုးသိဒ္ဓိနှင့် ပြည့်စုံသူ ဟူသော မဟုတ်ကဟုတ်က အတွေးမျိုးများ ဝင်ရောက် မွေနှောက်ခြင်းကို ခံခဲ့ရလေသည်။ ထိုအခါက ပါရမီကို အစွမ်းသတ္တိ ဟူ၍လည်း ထင်မှတ်မှားလျက် ဘယ်သူက သိပ်စွမ်းတာပဲဟု ဆိုလျှင် အကျွန်ုပ်သည် ထိုစွမ်းသော ပုဂ္ဂိုလ်နောက်သို့ တကောက်ကောက် လိုက်ရန် ဝန်မလေးတော့ချေ။

ဤသို့ဖြင့် ထိုသဘာဝလွန် (**Supernatural**) အစွမ်းသတ္တိကို ပြသသူများအား အထင်ကြီးစွာ လိုက်လံရှုးစမ်းသော အမှု တစ်ခုကိုလည်း ပြုခဲ့ဖူးကြောင်းကို ဤတွင် ဝန်ခံရပေတော့မည်။

မြန်မာနိုင်ငံတွင် ထိုကဲ့သို့ သဘာဝလွန် အစွမ်းသတ္တိထူး တစ်ခုကို ပြ၍ လူအများကို သွေးဆောင်ကာ ပါးစပ်က သာသနာပြုသည် ဟူသော လှည့်ဖြားသော စကားကို ဆိုကာ ကိုယ်ကျိုး ရှာသူတွေကို အန္ဓပုထုဇဉ် လောကသား ပရိသတ်တို့က 'ဘိုးတော်' ဟူ၍ သမုတ်ကြပြီး ထိုဘိုးတော်များကို ကယ်တင်ရှင်များ သဖွယ်မှတ်ယူ ကိုးကွယ်တတ်ကြလေသည်။

အိန္ဒိယ နိုင်ငံတွင်လည်း ထိုကဲ့သို့ မိမိကိုယ်ကို တန်ခိုးရှင်ယောင် ပြုလျက် တချို့က သူတော်စင်ယောင် ဆောင်လျက် လိမ်လည် လှည့်ဖြားကာ အာဏာရှိသော အသိုင်းအဝိုင်းကို မှီခိုလျက် သူ့ကိုယ်သူ အရေးပါ အရာရောက်အောင် ပြုလုပ်နေကြသူတွေ များစွာ ရှိကြလေသည်။ ထိုသူတို့သည် မြန်မာနိုင်ငံက ပုဂ္ဂိုလ်များထက်ပင် ပို၍ ပိပိရိရိ ရှိလှသည်။ တချို့မှာ အင်္ဂလိပ်စာ အင်္ဂလိပ် စကားကိုပင် ပြောဆိုနိုင်ကြသဖြင့် ပို၍ပင် ခေတ်မီနေကြလေသည်။ ထိုသူတို့သည် မုတ်ဆိတ် ကျင်စွယ်နှင့် ဆံပင်ကို အရှည် ထားကြသည်။ ဝတ်ရုံဖြူကိုဖြစ်စေ၊ ယောဂီရောင်ကို ဖြစ်စေ ဝတ်ကြသည်။ ဝတ်ကြောင်ကို စွန့်သူများ အဖြစ် အပေါ်ယံ ပြသကြသည်။

မြန်မာနိုင်ငံမှာ အကျွန်ုပ် တွေ့ဖူးသော ပုဂ္ဂိုလ်များစွာ အနက် နှစ်ဦးနှင့် ပတ်သက်သော အတွေ့အကြုံ အချို့ကို သံဝေဂ ယူဖွယ်ရာ အလိမ်အညာ မမိစေလိုသော စေတနာ အရင်းခံဖြင့် တင်ပြပါမည်။

မတင်ပြမီ အိန္ဒိယ နိုင်ငံတွင် ထင်ရှားသော ပုဂ္ဂိုလ်အချို့ကို တင်ပြပါမည်။ မြန်မာ နိုင်ငံမှ လူတချို့၏ လှုံ့လ ပယောဂကြောင့် နာမည် ထင်ရှားလာသော ပုဂ္ဂိုလ်မှာ အိန္ဒိယပြည်က ဘိုးတော် ဆိုင်းဘာဘာ ဆိုသူ ဖြစ်လေသည်။

ထိုဆိုင်းဘာဘာကား အိန္ဒိယ နိုင်ငံတွင် နာမည်ဆိုးဖြင့် ထင်ရှားသူ ဖြစ်၏။ သူ့ကို ယောဂီ မဟုတ်

www.burmeseclassic.com



တတိယတန်းစား မှော်ဆရာ (The third rate magician and a fraud) လူလိမ် လူညာ အဖြစ်သာ မှတ်ယူကြလေသည်။ *

သူ့ထက် ပို၍ ကမ္ဘာ အနှံ့ နာမည်ကြီးနေသူမှာ ဟိမဝန္တာမှ အမေရိကန် နိုင်ငံသို့ ဟစ်ပီ ဆိုသူတွေ ပင့်သွားသော မဟာရသေ့ မဟိသယောဂီ ဆိုသူ ဖြစ်၏။ အမေရိကန် နိုင်ငံတွင် ဈာန်ပျံနိုင်သည် ဆိုပြီး ထင်ရှားနေလေသည်။ သူသည် (T.M) ခေါ် ပရမတ္ထ ဘာဝနာ (Transcendental Meditation) နည်းကို သင်ကြားပေးပြီး အနောက်နိုင်ငံတွင် စီးပွား ရှာလျက် ရှိရာ များစွာ ချမ်းသာ ကြွယ်ဝလျက် ရှိလေသည်။ ကိုယ်ပိုင် လေယာဉ်ပျံပင် ရှိသည် ဆိုသည်။

ထို့ပြင် အမေရိကန်မှ နှင်ထုတ်ခြင်း ခံရသူ ရာဇနိသ (Rajneeh) ဆိုသူလည်း ရှိသေး၏။ သူလည်း လူလိမ် တစ်ဦးပင် ဖြစ်သည်။

အိန္ဒိယ နိုင်ငံတွင် နေရူး၊ အင်ဒီရာဂန္ဒီ မိသားစုတို့ ကိုးကွယ်ခံရသောကြောင့် နိုင်ငံရေး လောက တစ်ခုလုံးကို ခြယ်လှယ်နိုင်သူသည် ဆွာမိ ဒီရိန္ဒြာ ဗြဟ္မာ့စာရီ (Swami Dhirendra Brahmachari) ဆိုသူ ဖြစ်လေသည်။ သူသည် ကာလကြာမြင့်စွာ ထိုမိသားစုကို လွှမ်းမိုးလျက် အိန္ဒိယ နိုင်ငံရေး လောကတွင် အာဏာ ပွဲစား အဖြစ် ဆောင်ရွက်ခဲ့လေ၏။ **

သို့သော် အင်ဒီရာဂန္ဒီ အသတ်ခံရခြင်း၊ ၎င်း၏ သားငယ် ဆန်ဂျေးတို့ ရုတ်တရက် သေဆုံး သွားရသော အခါ ထိုသို့ အဖြစ်ဆိုး ကြုံရခြင်းမှ ထိုမိသားစုကို ကယ်တင်ခြင်း မပြုနိုင်သော ကယ်တင်ရှင် အယောင်ဆောင် ဗြဟ္မာ့စာရီ ဆိုသူသည် နယူးဒေလီ မြို့တော်မှ ပျောက်ကွယ်၍ မထင်ရှားသော အရပ်၌ သွားရောက် နေထိုင်ရလေ၏။ ရာဂျစ်ဂန္ဒီ လက်ထက်တွင် ဗြဟ္မာ့စာရီ ဆိုသူကို ကိုးကွယ်ခြင်းလည်း မပြု၊ အရာလည်း မသွင်းတော့ချေ။

ဤကား ဘိုးတော် ဆိုသူ ဝိဇ္ဇာယောင်များ၏ သဘောကို ပေါ်လွင်စေရန် သိသာရုံမျှ ဖော်ပြခြင်း ဖြစ်၏။

မြန်မာနိုင်ငံတွင် အကျွန်ုပ် တွေ့ဆုံရသော ဝိဇ္ဇာယောင် ဘိုးတော် ဆိုသူများမှာလည်း အခွင့်သာလျှင် သူ၏ ဩဇာ အာဏာကို ထူထောင်ဖို့ ကြိုးစားကြသူများ ချည်း ဖြစ်ကြလေသည်။

ရှေးက ပေါ်ပေါက်ခဲ့သော ဣဿရိယ ဘိုးတော် သာဓိန္ဒ ဘိုးတော် စသူများ အကြောင်းမှာ လူသိများလှသဖြင့် အထူး ဖော်ပြရန် မလိုတော့ချေ။

မြန်မာနိုင်ငံတွင် တော်လှန်ရေး အစိုးရခေတ် နောက်ပိုင်းတွင် ပေါ်ပေါက်သော ဘိုးတော်ခေတ် တစ်ခေတ်လည်း ရှိလေသည်။ အစိုးရကပင် ဘိုးတော် ဆိုသူများကို စစ်ဆင်ရေး တစ်ရပ် အသွင် စစ်ဆင်ပြီး ရှင်းပစ်ရဖူးလေသည်။ အကျွန်ုပ်လည်း အလွန် စွမ်းသော ထိုဘိုးတော် ဆိုသူများကို ပထမအကြိမ် တွေ့ကြုံ ဆက်ဆံရဖူးစဉ်က များစွာ အထင်ကြီးမိလေသည်။

ရှေးတွင် ဖော်ပြခဲ့သော စာရွက်လွတ်ပေါ်တွင် လက်ဝါးဖြင့် ရိုက်လိုက်လျှင် စာပေါ်သော ဘိုးတော်ကို မေမြို့ (ပြင်ဦးလွင်) မှာ ပထမဆုံး စတွေ့ရပါသည်။ တွေ့တွေ့ချင်း ဟောပြောပုံ၊ မိမိ၏ စိတ်ကို ရွှတ်ဖတ်ပုံများကြောင့် အကျွန်ုပ်လည်း သူ၏ အစွမ်းသတ္တိကို များစွာ အထင် ကြီးလျက် အံ့ဩရလေသည်။ ဓာတ်ခန်းထဲသို့ ရောက်သော အခါ ပလာစတာဖြင့် ပြုလုပ်ထားသော မြင်းနှစ်ကောင် ရုံထားသည့် ဆင်ဖြူရုပ်ပေါ်မှာ ထိုအိမ်ရှိ တစ်ကြိမ်က နိုင်ငံရေးလောက၌ ထင်ရှားခဲ့ဖူးသူ ပုဂ္ဂိုလ်ကြီး တစ်ဦး၏ မိသားစု ဓာတ်ပုံကို တင်ထားပြီး ဓာတ်ဆင်ထားသည်ကို မြင်တွေ့ရလေသည်။

ထိုပုံအနီးတွင် အဖြူရောင် အောက်ခံပေါ်တွင် အနီရောင် နှင်းဆီ ကိုးပွင့်ပုံ ပန်းချီကားချပ် ရေးဆွဲထားပြီး ထိုပုံအောက်ခြေတွင် 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်' ဟု ရေးထားပြန်သည်။ လူအများ ချစ်ခင် လေးစားမှုရအောင် ပြုလုပ်ထားသော သဘော ဖြစ်ပေမည်။ ထို့နောက် အနက်အောက်ခံ ကားချပ်ပေါ်တွင် ရွှေအိုး ထမ်း နေ သော တနင်္ဂနွေသား၏ပုံကို ရေးဆွဲရာ၌ 'ဂဠုန်မင်း' ဟု လူပုံကို မရေး၊ ငှက်ပုံကို ရေးထားပြီး 'မဟာဂန္ဓာရီ ဓာတ်များဖြင့် ဗုဒ္ဓသာသနာ ကမ္ဘာ လွှမ်းအောင် ဆောင်နိုင်ရမည်' ဟု ရေးသား ထားလေသည်။

ထိုအချိန်ကမူ ဤ လှုံ့ဆော်စာတန်းများသည် စိတ်ပညာ အရ (Auto Suggestion) များ ဖြစ်သည် ဆိုသော အချက်ကို အကျွန်ုပ် သဘော မပေါက်ခဲ့ချေ။ အမှန်စင်စစ် သူ ဓာတ်ဆင်သကဲ့သို့ ဖြစ်လာလျှင်လည်း သူ့ကြောင့် ဖြစ်လာသည်ဟု ဆိုပေလိမ့်မည်။ အမှန်မှာ ယင်းသို့ ဖြစ်သည်မဟုတ်။ ပုဂ္ဂိုလ်၏ စိတ်တန်ခိုး သတ္တိ၊ ကိုယ့်ကိုယ်ကိုယ် ညှို့ယူသည့် သဘောကြောင့်သာ ဖြစ်

--------------

* *The Illustrated Weekly of India, June 1986*

** " " " " "

www.burmeseclassic.com



ရခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် ဤသို့ ဓာတ်ဆင်ပြီး နောက် ဖြစ်လာလျှင် အမှန်ပင် ထိုပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဖြစ်လာသည်ဟု ပုဂ္ဂိုလ်က လည်းကောင်း၊ ကာယကံရှင်က လည်းကောင်း မှတ်ယူမည် မုချဖြစ်ပေ၏။ ယခုမူ ထိုပုဂ္ဂိုလ် နှစ်ဦးတို့သည် မုန်းတီးသွားကြပြီး ကွဲကွာသွားကြပြီဟု သိရလေသည်။ ဓာတ်ဆင် ပေးသည့် အတိုင်းလည်း ထိုပုဂ္ဂိုလ်ကြီးသည် ပြန်ဖြစ်မလာတော့ဘဲ နိုင်ငံရေးဘဝ ပြီးဆုံးသွားလေပြီ။

ကာလ အတန်ကြာသော် အကျွန်ုပ် မေမြို့ (ပြင်ဦးလွင်) မှာ တွေ့ရသော ပုဂ္ဂိုလ်သည် ဘိုးတော် စစ်ဆင်ရေးတွင် ပါဝင်လျက် အင်းစိန်ထောင်ထဲသို့ ရောက်ရှိသွားလေတော့၏။ အင်းစိန်ထောင်တွင် အကျဉ်းခံ နေရစဉ်လည်း အကျွန်ုပ်ထံသို့ ဆက်သွယ်လေသည်။ ဓာတ်လုံး တစ်လုံးလည်း ပို့လေသည်။ အကျွန်ုပ်ကလည်း ကြည်ညိုရင်းစွဲ ရှိသောကြောင့် သူ့ထံ စားစရာများ ပေးပို့ခဲ့လေသည်။

တစ်နှစ် နှစ်နှစ် ကြာသောအခါ သူ ထောင်က လွတ်လာသည်။ ထောင်ထဲတွင် အကျွန်ုပ်တို့ ထောင်ဝင်စာ သွားတွေ့စဉ်တုန်းက သူ ထောင်က လွတ်လျှင် ဘုန်းကြီး ဝတ်တော့မည်ဟု ဆိုသည်။ အမှန် တကယ် ထောင်က လွတ်သော အချိန်တွင် ဘုန်းကြီးလည်း မဝတ်၊ နောက်က တပည့်တပန်း တစ်ပုံ တစ်ခေါင်းကြီးနှင့် အကျွန်ုပ်၏ အိမ်သို့ ရောက်ရှိလာပြန်သည်။

အကျွန်ုပ်တို့ မိသားစုကို ကယ်ဖို့ ရောက်လာသည်ဟု ဆိုသည်။ သို့သော် မကြာမီ သူ ထောင်ထဲသို့ ပြန်ရောက်သွားသည်ဟု ကြားရပြန်၏။ သည်တစ်ကြိမ်တွင် ဘိုးတော် စစ်ဆင်ရေးလည်း မရှိဘဲနှင့် ဘာကြောင့် ဘိုးတော် ထောင်တွင်းသို့ ပြန်ရောက် သွားသနည်းဟု စုံစမ်း ကြည့်သောအခါ အကျွန်ုပ်၏ အိမ်သို့ လာစဉ် အခါက ပါလာသော သူ့ကို ကိုးကွယ်သည့် မိသားစုက ၎င်းတို့ကို ဘိုးတော်က လိမ်လည် လှည့်ဖျားသည် ဆိုသော အမှုဖြင့် ထောင်ထဲသို့ ရောက်သည်ဟု ကြားသိရလေသည်။

နောက်တစ်ကြိမ် ထောင်မှ လွတ်သောအခါ ထိုဘိုးတော်သည် ရွှေဘိုခရိုင် တစ်နေရာတွင် သူ့ဇနီးရှိရာ အရပ်၌ ဆေးကုနေသည်ဟု ဆိုပြီး စာတစ်စောင် ရောက်လာသည်။

ထိုအချိန်မှစ၍ အကျွန်ုပ်တို့ မိသားစုမှာ အတိဒုက္ခများနှင့် ကြုံတွေ့နေရပြီ ဖြစ်၏။ သူ့စာထဲတွင် 'အကျွန်ုပ်၏ ဇနီး အထဲမှာ ပစ္စည်း တစ်ခု ရှိသည်၊ ထိုပစ္စည်းနှင့် ပတ်သက်၍ သူ လာသော အခါမှ ဆောင်ရွက်ပေးမည်၊ ယခု ငွေတစ်ထောင် ချေးပါ' ဟု ပါရှိလေသည်။ အကျွန်ုပ်တို့မှာလည်း အတိဒုက္ခများ ကြုံနေချိန်ဖြစ်၍ ထိုဘိုးတော် ချေးငှားသော ငွေတစ်ထောင်ကို မချေးနိုင်ကြောင်း ဝမ်းနည်းစွာ ပြောဆို လိုက်ရလေသည်။

အကျွန်ုပ်တို့ အတိဒုက္ခ ရောက်သည် ဆိုခြင်းမှာ ဇနီးဖြစ်သူ မိရွှေသက်၏ သားအိမ်ထဲတွင် မိုင်ယိုးမား **(Myoma)** ခေါ် သွေးတကျလုံးကြီး ဖြစ်ပေါ်နေသဖြင့် သူသည် ဓမ္မတာချိန်တွင် သွေးလွန်ခြင်း၊ သွေးအား နည်းခြင်း စသော ရောဂါများ ဖြစ်ပေါ်နေလေ၏။ ထိုအချိန်တွင် အိမ်ရှင်က အကျွန်ုပ် အပေါ်တွင် စွဲဆိုထားသော အိမ်နှင်မှုမှာလည်း ထင်ထားသည့်အတိုင်း အကျွန်ုပ်တို့ဘက်က ရှုံးလေ၏။ ထင်ထားသည့်အတိုင်း ဆိုသည်မှာ ပထမအကြိမ် ထိုအမှုကို အိမ်ရှင်က စွဲဆိုစဉ် ဥပဒေဘွဲ့ ရရှိထားသော တရားသူကြီးက အမှုမှာ နို့တစ်စာ တရားမဝင် ဆိုပြီး ပယ်ခဲ့သော အမှုကို ယခုတစ်ကြိမ် တရားသူကြီး အပြောင်းအလဲ ဖြစ်သွားသော အခါ ယခင်အတိုင်း ပြန်လည် စွဲဆိုရာ အမှုကို လက်ခံလိုက်သည် ဆိုကတည်းက ဤအမှုတွင် မိမိ ရှုံးတော့မည်ကို သိလိုက်ပြီး ဖြစ်လေသည်။ အမှု စစ်နေစဉ် အခါမှာလည်း တရားသူကြီး၏ ဘက်လိုက်မှုများကို အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရပေရာ အကျွန်ုပ် အဖို့ ထိုအမှု ရှုံးသည်မှာ အဆန်းမဟုတ်သော်လည်း မိန်းမသားဖြစ်သူ မိရွှေသက်အဖို့မူ ကြီးကျယ်သော စိတ်ဒုက္ခကြီး တစ်ရပ် ဖြစ်ခဲ့ရလေသည်။

မကြာမီ စပယ်ရှယ်လစ် ခေါ်သော သမားတော်ကြီး တစ်ဦးနှင့် ပြသလေရာ သမားတော်ကြီးက မိသက်ကို ချက်ချင်းပင် ဆေးရုံတက်ဖို့ ညွှန်ကြား လေတော့၏။ မိသက်၏ သွေးအားနည်း ရောဂါမှာ အခြေအနေ ဆိုးလျက် ရှိလေပြီ။ ဆက်တိုက်ပင် သူသည် ဆေးရုံ ဆေးခန်းများသို့ သွားရလေသည်။ မီးယပ်သားဖွား သမားတော်နှင့် ပြရသည်။ ဆေးထိုးဆေးသောက်၍ မရတော့။ မိသက်၏ သားအိမ်မှာ သုံးမရသော အခြေအနေသို့ ရောက်သွားလေပြီ။ ဗိုက်ခွဲပြီး သားအိမ်ကို ထုတ်ပစ်မှ အသက်ရှင်ဖို့ အခွင့်အလမ်း ရှိမည် ဆိုသည့် အတွက် သူ့ကို ဆေးရုံ တင်ပြီး ခွဲစိတ်ကာ သားအိမ်ကို ထုတ်ပစ်ရပြန်လေသည်။

မိသက် နာလန်ထစ အချိန်တွင် ထိုဘိုးတော် ရန်ကုန်သို့ ရောက်လာပြန်သည်။ ဆေးစစ်ရန် အတွက်ဟု ဆိုလေသည်။ ထိုအခါ မိသက်က သူ ခံစားနေရသော

www.burmeseclassic.com



ဒုက္ခအပေါင်းကို ပြောပြီး ငိုလေသည်။ ဘိုးတော်က မိသက် ဗိုက်ထဲမှာ လူပြုစားထားတာ ရှိသေးသည်၊ သူ ထုတ်ပေးမည်၊ ယခု သူသည် သူ့အား ကျေးဇူး ပြုထား သူများကို ကယ်ရန်လာသည်ဟု ဆိုလေသည်။ မိသက် ကလည်း အားကိုးတကြီးဖြင့် သူ့ကို အဘ ကယ်ပါဟု ဆိုလေသည်။

ထို့နောက် ထိုဘိုးတော်အား ၎င်း တည်းခိုရာ ရှစ်မိုင်ခွဲ ခြံ တစ်ခြံတွင် အကျွန်ုပ်တို့ သွားရောက် တွေ့ဆုံကြရာ သူသည် မိသက်၏ ဗိုက်ထဲမှ ထုတ်သည် ဆိုပြီး တစ်လက်မခွဲ ခြောက်လက်မခန့် ရှိသည့် အရိုးကြီး တစ်ချောင်းကို ထုတ်ယူ ပေးလေသည်။ မိသက်သည် ထိုအခါမှစ၍ ထိုဘိုးတော်ကို အကြီးအကျယ် အထင်ကြီးလေတော့၏။ အကျွန်ုပ်ကား ထိုဘိုးတော်ကို ထိုအခါမှ စ၍ မယုံသင်္ကာ ဖြစ်လေတော့၏။ သို့ဖြစ်သဖြင့် အကျွန်ုပ်က ထိုဘိုးတော်အား

'အဘ ကျွန်တော်တို့ အတွက် ဓာတ်ပွင့်အောင် ဘုရား ဖြစ်ဖြစ်၊ အဘ အောင်မင်းခေါင်ပုံ ဖြစ်ဖြစ် ပင့်ပေးပါ' ဟု ဆိုလေရာ ဘိုးတော်လည်း မကြာမတင် ပင့်ပေးလေ၏။ ဘိုးတော်သည် ဘုရားစင် ရှေ့တွင် အကျွန်ုပ်တို့ ဘက်သို့ လှည့်ထိုင်ပြီးနောက် လေထဲတွင် ဆတ်ခနဲ ဖမ်းလိုက်ရာ ဘိုးတော် အောင်မင်းခေါင် ကြေးရုပ်ကလေး တစ်ရုပ် ရရှိလေ၏။ ထိုနေ့က အကျွန်ုပ်တို့နှင့် အတူ မိတ်ဆွေ တစ်ဦးလည်း လိုက်ပါလေရာ ထိုမိတ်ဆွေကလည်း စိတ်ထဲက သူနှင့် ထိုက်သော ဆင်းတု တစ်ဆူပေးပါဟု တမ်းတလိုက်သည် ဆို၏။ ဤအခြင်းအရာကို အကျွန်ုပ် မသိချေ။ သူ ပြန်ပြောမှ သိရခြင်း ဖြစ်လေသည်။ သူက ဤသို့စိတ်ဖြင့် တောင့်တသည်ကို ဘိုးတော်က သိပြီးနောက် သူ့ဘက်သို့ လှည့်ကာ

'ဟေ့ စိတ်ဓာတ် ကျနေသလား၊ ဟောဒီမှာ ကြည့်၊ တေဇော ပေါက်နေတာကွ၊ ရော့ နဂါးမှန်း သိအောင် အမောက်ထောင်' ဆိုပြီး ဓာတ်ငွေ့ မီးခြစ်ကို ခြစ်ကာ ထိုမီးတောက်ကို ဆတ်ခနဲ မိတ်ဆွေဘက်သို့ ခါလိုက်လေရာ မိတ်ဆွေ၏ ရှေ့တွင် နဂါးရုံဘုရား ကြေးဆင်းတု သေးသေးကလေး တစ်ခု ကျလာလေ၏။

အပေါ်ယံ ကြည့်လျှင် ဤ အဖြစ်အပျက်သည် လူပြိန်းများ အတွက် အလွန်ပင် အံ့ဖွယ်သရဲ အသည်းစွဲစရာ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အကျွန်ုပ် အဖို့မူ ဤ အဖြစ်သည် အဆန်း မဟုတ်တော့ပေ။

အဘယ်ကြောင့် ဆိုသော် အကျွန်ုပ်သည် ထို့ထက် မက ရှရားပြည်မှ စီးကရက်ကို ယူပေးသော၊ ငွေစက္ကူကို လုပ်ပြသော၊ ပရပိုက်ခေါက် ရွှေကို လုပ်ပြသော၊ မော်တော်ကား ဓာတ်ဆီ ကုန်သွားသည်ကို ရေဖြင့် ထည့် မောင်းပြသော အောက်လမ်းဆရာ တစ်ဦးကို တွေ့ဖူး ကြုံဖူးပြီးသောကြောင့် ဖြစ်လေသည်။

ထို အောက်လမ်းဆရာသည် သရဲကို မွေးထားလေသည်။ ထိုအကြောင်းကို အကျွန်ုပ်သည် သူ့အိမ်တွင် နေသူများကို ကပ် ပေါင်း ပြီး မေးမြန်း စုံစမ်းသဖြင့် သိရလေ၏။

တစ်နေ့သ၌ ထိုဆရာသည် ဗေဒင်ဟောစဉ် ဖြစ်ပြီး သမ္ဗျ အကြောင်းတို့ကို အမည်နာမနှင့် တကွ မှန်ကန်အောင် ဟောနိုင်လေရာ ဗေဒင် လာမေးသူသည် အလွန် အံ့အားသင့်လျက် ထိုဆရာအား သူ့ကို ကယ်နိုင်မည့်သူဟု အထင် ရှိလေသည်။ ဖြစ်ပျက်ပုံမှာ ဤသို့ ဖြစ်လေ၏။ နေ့လယ်ပိုင်းတွင် တရုတ်ကပြား အမျိုးသမီး တစ်ဦး ဗေဒင် လာမေးလေသည်။

ထိုအချိန်တွင် အကျွန်ုပ်နှင့် မိသက်တို့သည် ထမင်းစားခန်းတွင် ထိုဆရာ အတွက် မုန့်ဟင်းခါးကို ပြင်ဆင်လျက် ရှိလေသည်။ ထိုဆရာသည် မုန့်ဟင်းခါးကို အလွန် ကြိုက်နှစ်သက်သူ ဖြစ်ပေရာ အကျွန်ုပ်တို့သည် အပတ်စဉ် သူ့အတွက် မုန့်ဟင်းခါးကို ယူဆောင် သွားတတ်ကြလေသည်။

ထိုအချိန်တွင် ဆရာသည် ဗေဒင်ဟောသည့် ဘုရားခန်းမှ ထွက်လာပြီးနောက် အကျွန်ုပ်တို့အား

'ဟေ့ လာကြ၊ ဒီမှာ ကြည်ကြည်ဌေး အလွမ်းကလေး လာကြည့်ကြ၊ ဆရာက လိမ်တာလား၊ သူတို့က အလိမ်ခံတာလား၊ လာကြည့်ကြ' ဟု ဆိုလေ၏။

ထိုဆရာသည် စကားကို ပွင့်လင်းစွာ ပြောတတ်သူ ဖြစ် လေ သည်။ သူ ငယ်စဉ်က သီလရှင် တစ်ပါးနှင့် ပေါင်းပြီး ဗေဒင် လိမ်ဟောခဲ့ပုံများကိုလည်း အကျွန်ုပ်အား ပြောပြဖူးလေသည်။

ဘုရားခန်းသို့ ရောက်သောအခါ ဆရာ၏ ဘုရားစင်အောက်မှာ ချထားသော ပန်းအိုးက အသံ သဲ့သဲ့ ကလေးများ ထွက်ပေါ်လျက် ဗေဒင် ဟောလေ၏။

'ဟဲ့ နင့် ယောက်ျား နာမည် တန်ကျူရှင်းဆို၊ ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'ဟေ ဒိုင်းမွန်း ဘီလပ်ရည်စက်က ဆိုးဆေးတွေနှင့် ပုလင်း အဖုံးတွေ ပျောက်တာ နင့်ယောက်ျား ခိုး

www.burmeseclassic.com



တယ် ဆိုပြီး အထက်လူကြီးက နှိပ်စက်လို့ ထောင်ထဲ ရောက်သွားတာပါကလား ဟဲ့'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်မ ယောက်ျား မတရား ခံရတာပါ ဆရာရယ်'

'အေးဟယ်၊ ခများမှာ အကျီ အထူလည်း ပါမသွား၊ ပန်းနာကလည်း ရှိတော့ ထောင်ထဲမှာ ဒုက္ခ ရောက်နေ ရှာတယ်'

ဤစကားသို့ ရောက်သောအခါ ထိုအမျိုးသမီးရော သမီးကလေးပါ ချုံးပွဲချ၍ ငိုလေတော့၏။

ထို့နောက် ဤမျှ မှန်ကန်စွာ ဟောနိုင်သော ဆရာကို အမျိုးသမီးသည် သူ့အား ကယ်တင်နိုင်မည့် ဆရာ ဟု အထင် ရှိပေလိမ့်မည်။

'ကျွန်မ ဒုက္ခ ရောက်နေပါတယ် ဆရာ၊ ကျွန်မကို ကယ်ပါ' ဟု ဆိုလေတော့၏။

'အင်း ကယ်ဖို့ ဆိုတာ လွယ်တော့ မလွယ်ဘူး၊ စောစော လာရင် ကောင်းသားပဲ၊ ခုဆိုတော့ ငွေကုန် ကြေးကျက များတော့မယ်'

'ဘယ်လောက်ပဲ ကုန်ကုန်ပါ ဆရာရယ်'

'သိပ်တော့ မများပါဘူး၊ မယ်တော်ကို စားတော် တိုက်ရမှာနှင့် ဆေးဖယောင်းတိုင် ထွန်းရမှာနှင့် ဆိုရင် တော့ နှစ်ထောင်လောက် ကုန်လိမ့်မယ်'

'လုပ်ပေးပါ ဆရာရယ်၊ နှစ်ထောင် ကုန်ချင် ကုန် ပါစေ'

'အေးလေ တတ်နိုင်သမျှတော့ ကူရတော့မှာပေါ့၊ ဒီတော့ ဒီလိုလုပ်ပါ' ဆိုပြီး ဆရာသည် ကွမ်းအစ်ထဲမှ ထုံးကိုယူပြီး အလုံးကလေး ပြုလုပ်လေသည်။

ထို့နောက် ထိုအလုံးကလေးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ရာ ထုံး၏ အောက်ခြေမှာ ပြားချပ်ချပ် ဖြစ် သွားလေ၏။ ထို ထုံးလုံးကလေးကို ဆရာသည် ထို မိန်းမ၏ ဖြန့်ထားသော လက်ဝါးပေါ်သို့ တင်ပေးလိုက် သည်။

'ကဲ လက်ကို ဖြန့်ပြီး အပေါ်ကို မြှောက်ထား၊ မယ်တော်ကို တိုင်တည်၊ မယ်တော် သမီးတော်ကို ကူညီ ပါ၊ ကူညီမယ် ဆိုရင် အထင်အရှား ပြပါ၊ ယခု ဒီထုံး ကလေးဟာ မယ်တော်ရဲ့ တန်ခိုးနှင့် ပြဒါးရှင်လုံးကလေး ဖြစ်ပါစေလို့ ဆုတောင်း'

တရုတ်ကပြား အမျိုးသမီးလည်း မျက်စိကိုမှိတ်၍ ရေရွတ်လေ၏။ အကျွန်ုပ်တို့လည်း ထိုထုံးကလေးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြလေ၏။ ဖျတ်ခနဲ လက်သွားသော အရောင်နှင့် အတူ အမျိုးသမီး၏ လက် ပေါ်တွင် ပြဒါးရောင် ခတ်လုံးကလေးသည် တလက် လက် ဖြစ်နေလေတော့၏။ ထိုမိန်းမလည်း ထို ပြဒါး ရောင် လင်းလက်နေသော ခတ်လုံးကလေးကို မြင်ရ သည်တွင် အလွန်အမင်း ဝမ်းသာ ကြည်နူးခြင်း ဖြစ် လေတော့၏။

'ဟင် မယ်တော် စောင့်ရှောက်ပြီ၊ ကျွန်မကို မယ် တော်ကြီး စောင့်ရှောက်ပြီ ဆရာ၊ ဝမ်းသာလိုက်တာ'

'အေး နင် ကံကောင်းတယ်၊ ဒီတော့ မယ်တော်ကို တို့ စားတော်တိုက်ရမယ်၊ ဒီခတ်လုံးကို နင့် ယောက်ျား ဆီကို ရောက်တဲ့နည်းနှင့် ပို့ပေး၊ ကြားလား၊ ဒါမှ ဟိုမှာ ဘာဖြစ်နေတယ် ဆိုတာ ဒီမှာ ငါ အကုန် သိနေမယ်' ဟု ဆိုလေ၏။

ထိုမိန်းမလည်း ငွေနှစ်ထောင် ယူရန် အတွက် အိမ်သို့ ဝမ်းသာအားရ ပြန်လေတော့၏။

ထိုအခါမှ ထိုဆရာက 'အဲဒါ ကြည့်၊ ဇေဒင်ဆရာ ရဲ့ ဒုက္ခ ဘယ်လောက် ကြီးသလဲ ဆိုတာ၊ ငါက ဇေဒင် ရိုးရိုး ဟောတာ၊ မမှန်ပြန်ရင်လည်း ငါ အဆဲခံ ရမယ်၊ မှန်ပြန်တော့လည်း ငါ့ကို ကယ်တင်ရမယ် ဆိုပြီး လုပ် တယ်၊ မင်းတို့ စဉ်းစား ကြည့်၊ ငါက မကယ်နိုင်ဘူး၊ ငါ ဘာမှ မတတ်နိုင်ဘူး ပြောရင် အထင်သေးပြီး ဒီဆရာ ဘာညာလို့ သူ့စရိတ်နှင့်သူ လျှောက်ပြောဦးမယ်၊ ခု ဒီ လို လုပ်လိုက်တော့ သူတို့ စိတ်ချမ်းသာတယ်၊ ထောင်က လွတ်တာ မလွတ်တာ သူ့ကံပဲလေ၊ သူတို့ရဲ့ သောက ရောက်နေတဲ့ စိတ်ကို ငါ ဖြေပေးလိုက်ရတာ အကျိုး တစ်စုံတစ်ရာတော့ ရှိလိမ့်မယ် ငါထင်တာပဲ' ဟု ထို ဆရာက ဆိုလေသည်။

သူ့စကားမှာ စဉ်းစားဖွယ်ရာများဖြင့် ပြည့်နှက် နေပါ၏။ ပြန်လည် ချေပရန် အကြောင်း မရှိချေ။ မိုက်မဲသူသည် ပုထုဇဉ်သာ ဖြစ်သည် မဟုတ်ပါလား။

နောက်မှ ထိုပြဒါးလုံး ဖြစ်သွားသော အခြင်းအရာ ကို အကျွန်ုပ် လိုက်လံ စုံစမ်းရာ ဆရာသည် ပန်းထိမ် ဆရာ တစ်ဦးနှင့် ပူးပေါင်းပြီး ကြေးဖြင့် ပြုလုပ် ထား သော အလုံးများကို နီကယ်စိမ်ပြီး သူ့အခန်းထဲမှာ ထား ရလေ၏။ သူ မွေးထားသော သရဲက ထုံးအလုံးလေး နေရာတွင် ထိုနီကယ်စိမ် ခတ်လုံးလေးဖြင့် လဲထည့် ပေးခြင်း ဖြစ်လေ၏။

တစ်နေ့ မိတ်ဆွေ ကိုမြသိန်း ဆိုသူသည် လေးဘီး ကားဖြင့် ထိုဆရာထံသို့ သွားလေသည်။ ခတ်ဆီ ကုန်

www.burmeseclassic.com



သွားသည်။ ကိုမြသိန်းက အာတီးယားလမ်း အပြင်သို့ ထွက်ပြီး ဓာတ်ဆီ ရှာမည်ပြုသည်။ ဆရာက ကိုမြသိန်းကို မောင်းထောင် ချိုင့်နှင့် ရေတစ်ခွက် သွားခပ်ခိုင်းသည်။ ကိုမြသိန်းလည်း ရေတစ်ခွက် ခပ်လာသည်။ ဆရာက ရေခွက်ထဲသို့ ထွီခနဲ တံတွေး ထွေးထည့်သည်။ ရေနေရာတွင် ဓာတ်ဆီတွေ ဖြစ်သွားသည်။ နမ်းကြည့်တော့လည်း ဓာတ်ဆီပင်။ ကိုမြသိန်းက နားမလည်စွာ အံ့သြစွာဖြင့် ဆရာ့ကို 'ကားထဲထည့်လို့ ဖြစ်ပါ့မလား' အမူအရာဖြင့် လှည့်ကြည့်၏။ အကင်းပါးလှသော ဆရာက 'ဘာကြည့်နေတာလဲ၊ ထည့်မောင်းသွားတော့' ဟု ဆိုလေမှ ကိုမြသိန်းလည်း ထိုရေက ဖြစ်သော ဓာတ်ဆီကို ကားထဲ ထည့်ပြီး မောင်းထွက် သွားလေတော့၏။ ကိုမြသိန်း ကားထွက်သွားသော အခါ ထိုဆရာ့နှုတ်က 'အေး ဟိုကောင်တော့ ထွက်သွားပြီ၊ ငါ့ ကားထဲက ဓာတ်ဆီတော့ ကုန်ပြီ ထင်ပါရဲ့' ဟု ဆိုလေမှ အကျွန်ုပ်လည်း ထိုသို့ သူ့သရဲ ယူပြောင်းပေးခြင်း ပြုလုပ်နိုင်ရန် တစ်နေရာရာ၌ ထိုပစ္စည်း ရှိရသည်ကို သဘောပေါက်သွားလေတော့၏။

ယခုလည်း ဘိုးတော်က မိသက် ဗိုက်ထဲက အရိုး ထုတ်ယူပေးသည် ဆိုခြင်းမှာ မိသက် ဗိုက်ထဲက မဟုတ်၊ သူ့ဘာသာ တစ်နေရာတွင် ထိုပစ္စည်းများ ထားပြီး သူမွေးထားသော သရဲ ရက္ခစိုး စသူက ယူပေးခြင်း မဖြစ်နိုင်ပါသလော။

ဤအတွေး ပေါ်လာသောကြောင့် အကျွန်ုပ်သည် ဤပုဂ္ဂိုလ်မျိုးသည် ဘုရား ပင့်ပေးတတ်သည်ဟု ကြားဖူးသောအတိုင်း ဘုရား ပင့်ပေးပါဟု ဆိုလိုက်ရာ ထိုဘိုးတော်က အကျွန်ုပ်အား ဘိုးတော် အောင်မင်းခေါင် ကြေးရုပ်ကို ပင့်ပေးလေသည်။ ဤသို့ ပင့်ပေးလိုက်ခြင်းကြောင့် သူ့မှာ ထိုပစ္စည်းများ အရန်သင့် ပြုလုပ်ထားရှိသည်ကို အကျွန်ုပ် သဘော ပေါက်လိုက်ပြီ ဖြစ်သည်။ ဘုရား ပင့်ပေးသည် ဆိုသူတို့လည်း ထိုအတိုင်းပင် ပြုကြရသည်ဟု ကြားဖူးပါသည်။ ယခင် အကျွန်ုပ်အား ဦးစွာစောင့်က ဘုရားကိုးဆူ ပေးခြင်းမှာလည်း 'ဘုရားဈေးတန်းက ဘုရားတွေကို ခိုးပေးတာပဲ ဖြစ်လိမ့်မယ် ဒကာကြီး၊ ဘာဖြစ်လို့လဲ ဆိုတော့ သိုက်ဘုရား ဆိုတာ ရှေးဟောင်းဘုရားတွေ ဖြစ်ရမယ်၊ ခုဟာတွေက အသစ်တွေ ဖြစ်နေတယ်၊ ဘာပဲဖြစ်ဖြစ် ကြည်ညိုစရာတော့ ဖြစ်တာပေါ့' ဟု ဘိတ်ဆရာတော် ဘုရားကြီးက မိန့်တော်မူဖူးလေသည်။

မုဆိုးကို စိုင်သင်သည် ဆိုသော စကား အတိုင်း အတွေ့အကြုံများက အကျွန်ုပ်ကို သင်ပေးလျက် ရှိလေ၏။ အကျွန်ုပ်သည် ထိုသူများ၏နောက်သို့ လိုက်နေခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့ကို ကိုးကွယ်လို၍ မဟုတ်ဘဲ ထိုပညာရပ်၏ အကြောင်းကို သိလို၍သာ ဖြစ်လေ၏။ ထိုပညာရပ်ကို သိလိုခြင်းမှာလည်း သိပ္ပံပညာကိုသာ အဟုတ်အဟတ် အမှန်တကယ် ရှိပြီး ဤသဘာဝလွန် လောကီပညာများမှာ အမှန်တကယ် မရှိနိုင် ဟူသော အစွဲအလမ်း ရှိခဲ့သောကြောင့်ပင် ဖြစ်၏။ အကျွန်ုပ်ကဲ့သို့သော တစ်ယူသန် ပုဂ္ဂိုလ်များသည် မဖြစ်နိုင်ဘူး ထင်သည်များကို ကိုယ်တွေ့ ကြုံရသောအခါ ထိုမဖြစ်နိုင်ထင်သော အရာများ၏ ဆွဲဆောင်ရာ နောက်သို့ ပါသွားတတ်ကြလေသည်။ လောကမှာ ထိုပုဂ္ဂိုလ်များကဲ့သို့သော မှော်ဆရာများသည်လည်း အမှန်ပင် ရှိနေသည်ကို အစကပင် အကျွန်ုပ် သိထားပြီး လက်ခံထားသူ ဖြစ်ခဲ့ပါလျှင် ထိုအရာများကို အထင်ကြီးဖို့ အကြောင်းမရှိ၊ ၎င်းတို့အတွက် အချိန်ကုန် ခံဖို့လည်း အကြောင်းမရှိတော့ချေ။

ထိုပုဂ္ဂိုလ်များ အားလုံးသည် လူလိမ် လူညာတွေချည်း ဖြစ်ကြသည်ဟု ယခုမှ အကျွန်ုပ် ရဲဝံ့စွာ ဆိုရဲပါ၏။ ထိုသူတို့ကို အန္ဓပုထုဇဉ်တို့သည် ယုံကြည် အားကိုး တတ်ကြလေ၏။ ထိုသို့ ယုံကြည်အောင်၊ ၎င်းတို့က မြန်မာ ဗုဒ္ဓဘာသာဝင်များ နှစ်သက်အောင် ၎င်းတို့သည် သာသနာပြုရန် အတွက် ဖြစ်သည် ဟူသော စကားကိုလည်း ပြောဆိုတတ်ကြပါ၏။ မယုံသင့်။ တချို့က ဟိုမှာ ဘုရား (စေတီ) တည်ပြ၊ ဒီမှာ ကျောင်းဆောက်ပြ အလုပ်မျိုးကိုလည်း လုပ်ပြ တတ်ကြပါ၏။ သို့သော် မယုံသင့်။ ၎င်းတို့သည် သည်ယုန် မြင်၍ သည်ချုံထွင်ကြခြင်း ဖြစ်သည်ဟုသာ နားလည်သင့်လှပါသည်။

အင်းဝိဇ္ဇာ မန္တန်ဝိဇ္ဇာ ဆိုသူတို့သည် လောကမှာ အမှန်ပင်ရှိကြောင်း အကျွန်ုပ် ကိုယ်တွေ့ များစွာ ကြုံခဲ့ရပြီ ဖြစ်၍ အကျွန်ုပ် ဝန်ခံရန် ဝန်မလေးချေ။ သို့ရာတွင် ထိုသူတို့ကို မကိုးကွယ်ထိုက်။ ထိုသူတို့သည် သတ္တဝါတို့အား အပါယ်ဘေး ဝဋ်ဒုက္ခဘေးတို့မှ လွတ်ကင်းအောင် ကယ်တင်နိုင်သူတွေ မဟုတ်။ သူတစ်ပါးကို ကယ်တင်နိုင်ဖို့ကို ဝေးစွ၊ ၎င်းတို့ ကိုယ်ကိုပင် ထောင်မကျအောင်၊ အဖမ်းအဆီး အချုပ်အနှောင် မခံရအောင် ပြုလုပ်နိုင်ကြသူများ မဟုတ်ကြချေ။ သို့ဆိုသောကြောင့် ၎င်းတို့သည် ထောင်ကျ အနှောင်အဖွဲ့ ခံရသည်ကို အများ

www.burmeseclassic.com



ပြု၍ အဖမ်းခံရသည်၊ ထောင်ကျရသည်ဟု ဝန်ခံလိမ့်မည် မထင်နှင့်။ ဝင့်ကြွေး ရှိ၍ ဝင့်ကြွေးကို ပြေအောင် ပေးဆပ် နေရသည်ဟု ဆိုတတ်ကြလေသည်။ စင်စစ် ၎င်းတို့၏ ကံအလျောက် ခံကြရသည်သာ ဖြစ်ပါသည်။

အကျွန်ုပ်သည် ထိုဘိုးတော်များ နောက်သို့ လိုက်စဉ် အခါက များစွာသော ဗုဒ္ဓဘာသာဝင် မြန်မာ လူမျိုးများသည် ထိုအတုအယောင် ကိုးကွယ်မှုများဖြင့် အချိန်ကုန်ခံ လူပန်းခံ အပွန်းအပဲ့ ခံလျက် အချည်းနှီးသော အလုပ်များကို ပြုလုပ် နေကြသည်ကို ကြုံတွေ့ခဲ့ရ၏။ ထိုလူများသည် အဘယ် ရည်မှန်းချက်ဖြင့် ထိုအတု အယောင် ပုဂ္ဂိုလ် မှော်ဆရာများကို ကိုးကွယ် နေကြသနည်း ဆိုသည်ကိုလည်း သိခဲ့ရဖူးပါသည်။

လူသည် ဆင်းရဲကို ကြောက်ကြသည်။ ချမ်းသာကို အလိုရှိကြပါသည်။ ထိုအခါ ဆင်းရဲမှ ကယ်တင်ပြီး ချမ်းသာ စီးပွားကို ပေးစွမ်းမည်ဟု ထင်သောသူကို အားကိုးအားထား ပြုတတ်ကြသည်၊ အကာအကွယ် ယူတတ်ကြသည်မှာ ဓမ္မတာ ဖြစ်ပါသည်။

လူတို့၏ ဘာသာ ယုံကြည် ကိုးကွယ်ခြင်း အစကလည်း ထိုသို့ပင် ကြောက်ခြင်းဖြင့် စတင်ခဲ့ကြောင်း ပညာရှင် အများ သဘောတူကြလေသည်။

'ကမ္ဘာပေါ်မှာ နတ်ကိုးကွယ်မှု စတင် ဖြစ်ပေါ်လာရတဲ့ အဓိက အကြောင်းဟာ အကြောက်တရားပဲ' ဟု ပြောဆိုခဲ့သူမှာ လူကရိရှပ် (Lucretius) ဖြစ်လေသည်။ ကမ္ဘာဦး လူသားတို့၏ ဘဝသည် သဘာဝ ဘေးအန္တရာယ် ဝန်းရံ နေခဲ့လေသည်။ တောရိုင်း တိရစ္ဆာန်များ ဘေးရန်၊ ရာသီဥတု ဒဏ်၊ တောမီးလောင်ခြင်း အန္တရာယ်၊ ရောဂါဘယ စသည်တို့နှင့် ရင်ဆိုင်နေကြရသော ကမ္ဘာဦး လူသားတို့သည် ထိုအခြင်းအရာတို့၏ အကြောင်း အခြေခံကို နားမလည်ကြရကား ထိုအဖြစ်အပျက် အခြင်းအရာတို့ကို တစ်စုံတစ်ခုသော စွမ်းအင်က မကျေနပ်၍ အပြစ်ဒဏ် ခတ်သည်ဟု တွေးတောထင်မှတ် ကြလေသည်။ ထိုသဘာဝ အဖြစ်အပျက်တို့၏ နောက်ကွယ်တွင် တန်ခိုးကြီးသော ပုဂ္ဂိုလ် တစ်စုံတစ်ရာ ရှိတန်ရာသည်ဟု သဘာဝကို ပုဂ္ဂိုလ်အဖြစ် မှတ်ယူကာ ထိုစွမ်းအားရှင်ကို ကျေနပ်အောင် ပူဇော်ပသရာက အစ နတ် ကိုးကွယ်မှု စတင်ခဲ့လေသည်။ သို့ဖြင့် ဘာသာ ကိုးကွယ်မှု စတင် ဖြစ်ပေါ်သည် * ဟု ပညာရှင်များ အယူ ရှိကြပါသည်။

တချို့ ပညာရှင်များကမူ နတ်ကိုးကွယ်မှု မတိုင်မီကပင် မီလာနီရှန် ကျွန်းသားများက မန (Mana) ဟု ခေါ်ကြသော အံ့ဖွယ်သရဲ အခြင်းအရာကို လူတို့ ကြောက်လန့်သော စိတ်ဖြင့် ကိုးကွယ်ခဲ့ကြသည် ဟု ဆိုကြလေသည်။ ထိုအဆိုကို ***လူတို့၏ ယုံကြည် ကိုးကွယ်မှုများ ကျမ်း*** (Man's Religions) ကို ရေးသားသူ ပါမောက္ခ ဂျွန်ဘီနော့စ် (John B. Noss) ကလည်း လက်ခံ ထားလေသည်။

ပါမောက္ခ ဂျွန် ဘီနော့စ်က လူတို့ အပေါ်သို့ ကျရောက်လာသော လျှို့ဝှက် သိခက်သည့် ကြမ္မာဆိုးစွမ်းအင် (Occult Force) ကို မီလာနီရှန် ကျွန်းသားများက မန ဟု ခေါ်သည်။ အလားတူ သဘောတရားမျိုးသည် အမေရိကန် လူရိုင်း ရက်အင်ဒီးယန်းများမှာလည်း ရှိ၏။ မော်ရီကို လူရိုင်းများမှာလည်း ရှိသည်။ အာဖရိကတိုက် အလယ်ပိုင်းရှိ ပစ်ဂမီများမှာလည်း ရှိသည်။ တောင်အာဖရိကရှိ ဘန္တု လူမျိုးများမှာလည်း ရှိ၏။ ထိုကြောက်မက်ဖွယ် သဘာဝ၏ လျှို့ဝှက်သော စွမ်းအားစုကို ရှေးဦး လူသားတို့သည် ကြောက်သော်လည်း မိမိတို့၏ လုပ်ငန်း ဆောင်တာများတွင် အထောက်အပံ့ ရရေး အတွက် ထိုစွမ်းအားကိုပင် မိမိ အလိုသို့ပါအောင် ပြုလုပ်ခြင်း ပသခြင်းဖြင့် ဘာသာ ယုံကြည် ကိုးကွယ်မှုသည် ဂမ္ဘီရ အတတ် တစ်ခု အဖြစ် ပေါ်ပေါက် လာသည်ဟုလည်း ပါမောက္ခ ဘီနော့စ်က ဆိုလေသည်။ *

မည်သို့ပင်ဆိုစေ လူသားသည် မိမိအား အန္တရာယ် ဖြစ်စေသော ဆင်းရဲဒုက္ခ ရောက်စေနိုင်သော အရာများကို ကြောက်လန့်ခြင်း၊ ထိုဆင်းရဲမှ လွတ်မြောက်ပြီး ချမ်းသာ စီးပွားကို ရလိုခြင်းဖြင့် ဘာသာ အယူဝါဒ စတင်ခဲ့သည် ဟူသော အချက်ကို ဗုဒ္ဓ မြတ်စွာဘုရားကလည်း အဂ္ဂိဒတ္တ ရသေ့ကြီးကို ဟောကြားဖူးကြောင်း အထောက်အထားများဖြင့် ကျေးဇူးရှင် ချမ်းမြေ့ရိပ်သာ ဆရာတော် ဘုရားသည် ကလေးမြို့နယ် ခရစ်ယာန် အသင်းတော်များ ကောင်စီတွင် ဟောကြားခဲ့သော ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတွင် ဖော်ပြခဲ့ဖူးလေသည်။ ဖော်ပြပုံမှာ

'ဘုန်းကြီးတို့ မြတ်စွာဘုရားက တစ်ချိန်က ဒီ ဘာသာ အယူဝါဒ ပေါ်ပေါက်လာခြင်းရဲ့ အကြောင်းကို

--------------

* *The Pleasure of Philosophy, Will Durant p 334-335*

--------------

* *Man's Religions, John B. Noss p 12*

www.burmeseclassic.com



ထောက်ပြဖူးတယ်၊ ဘယ်လိုလဲလို့ ဆိုတော့ မြတ်စွာဘုရား ပွင့်တော်မူတာ ဘီစီ ၆ ရာစုမှာ ပွင့်ခဲ့တယ်၊ အဲဒီ မြတ်စွာဘုရား မပွင့်မီကလေးမှာ မင်းရဲ့ ပရောဟိတ်ဘဝက နေပြီး ရသေ့ ဝတ်သွားပြီးတော့ ရသေ့တရားတွေကို ကျင့်ကြံပွားများ အားထုတ်နေတဲ့ အဂ္ဂိဒတ္တ ဆိုတဲ့ ရသေ့ကြီး ရှိတယ်၊ သူ့မှာ အခြွေအရံ ရသေ့ ပရိသတ်တွေ ထောင်ချီပြီး ရှိတယ်။

'သူတို့ဟာ တစ်နေရာ တောထဲမှာ ရသေ့တို့ရဲ့ အကျင့်ကို ကျင့်နေကြတဲ့ အချိန်မှာ သူ့ရဲ့ ရသေ့ တပည့်တွေက သူတို့ ဆရာကြီးကို မေးတယ်၊ ဆရာကြီး၊ ဆရာကြီး ညွှန်ကြားတဲ့ အတိုင်း ကျွန်ုပ်တို့ နေကြ ထိုင်ကြ ကျင့်ကြ ကြံကြတော့ ချမ်းသာပါတယ်၊ ဒီလို ချမ်းသာတာပင် မှန်သော်လည်း ဆရာကြီးထက် ပိုပြီး အားကိုးရတဲ့ အားကိုးစရာ ရှိသေးတယ်လို့ ကျွန်ုပ်တို့ ထင်ပါတယ်၊ ဒါကြောင့် ဘာတွေများ အားကိုးရ ကိုးကွယ်ရမလဲ မေးတော့ အဂ္ဂိဒတ္တ ရသေ့က သူ့စိတ်ထဲမှာ ထင်ရာမြင်ရာ ရသေ့တွေ စိတ်ကျေနပ်အောင် ပြောလိုက်တယ်၊ မြစ်ကို ကိုးကွယ်ရ အားကိုးရမယ်၊ တောတောင်ကို ကိုးကွယ်ရ အားကိုးရမယ်၊ သစ်ပင်ကို ကိုးကွယ်ရ အားကိုးရမယ်၊ ဒီလို ပြောလိုက်တယ်။

'ဒီလို ပြောလိုက်တော့ ဆရာရသေ့ စကားကို တစ်သဝေမတိမ်း လိုက်နာတဲ့ ရသေ့ တပည့်တွေဟာ သစ်ပင်ကိုလည်း ကိုးကွယ်ရာ အဖြစ် ယုံကြည် ယူမှတ်တယ်၊ မြစ်ကိုလည်း ကိုးကွယ်ရာ အဖြစ် ယုံကြည် ယူမှတ်တယ်၊ တောတောင်ကိုလည်း ကိုးကွယ်ရာ အဖြစ် ယုံကြည် ယူမှတ်တယ်၊ ဒါပေမယ့် သူတို့ ကျင့်တာကတော့ ရသေ့တို့ ကျင့်မြဲဖြစ်တဲ့ သမထ ကမ္မဋ္ဌာန်းကို ကျင့်ကြံ ပွားများ အားထုတ်တာပဲ။

'မြတ်စွာဘုရား ပွင့်တော်မူလာတဲ့ အခါကျတော့ ဒီ အဂ္ဂိဒတ္တ ဦးဆောင်တဲ့ ရသေ့တွေကို မြတ်စွာဘုရားက မိမိ သိထား ရထားတဲ့ တရားကို ဟောဖို့ အခွင့် ကြုံလာတော့ ဒီရသေ့တွေကို မြတ်စွာဘုရားက တရား ဟောတယ်၊ ဟောတော့ ဘယ်က စသလဲ ဆိုတော့

' "အို ရသေ့ အပေါင်းတို့၊ လူတွေဟာ ကြောက်လို့ အားကိုးရှာကြတယ်၊ ကြောက်လို့ အားကိုးရာ ကိုးကွယ်ရာ ရှာကြတဲ့ အခါကျတော့ တချို့က မိမိတို့ ဉာဏ် သက်ဝင်ရာ တောင်ကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်၊ တချို့က သစ်ပင်ကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်၊ တချို့ကတော့ သစ်သီး ဉယျာဉ် ပန်းဉယျာဉ်တွေကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်၊ တချို့ကျတော့ နတ်ကွန်းတွေကို အားကိုးရာပဲလို့ ယုံကြည်ကြတယ်၊ အဲဒီလို အားကိုးရာပဲလို့ ယုံကြည်ပြီးတော့ ကိုးကွယ် ဆည်းကပ်တဲ့ အကြောင်းရင်းက ဘာလဲ ဆိုတော့ ကြောက်လို့ပဲ" အဲဒီက စပြီး ဟောတော်မူတယ်။

'ကြောက်တယ် ဆိုတာ အကျဉ်း ချုံး လိုက် ရင် ကိုယ်ဆင်းရဲမှာ ကြောက်တယ်၊ စိတ်ဆင်းရဲမှာ ကြောက်တယ်၊ အစားအသောက် မလောက်မငရင် ကိုယ် ဆင်းရဲတယ်၊ စိတ်လည်း ဆင်းရဲတယ်၊ ဒါလည်း ကြောက်တယ်။

'အဝတ် မပြည့်စုံရင် ကိုယ် ဆင်းရဲတယ်၊ စိတ်ဆင်းရဲတယ်၊ ဒါလည်း ကြောက်တယ်။

'နေစရာ အိမ်ခန်း အိမ်ရာတွေ မပြည့်စုံရင် ကိုယ်ဆင်းရဲတယ်၊ စိတ် ဆင်းရဲတယ်၊ ဒါလည်း ကြောက်တယ်။

'မိမိရဲ့ သားသမီး ဇနီးခင်ပွန်း ဆွေမျိုးညာတကာ သေဆုံး ပျက်စီးရင် စိတ်ဆင်းရဲတယ်၊ အဲဒီ စိတ်ဆင်းရဲလည်း မတွေ့လိုဘူး၊ ဒါလည်း ကြောက်တယ်။

'မိမိလုပ်တဲ့ စီးပွား မဖြစ်မှာ စိုးရိမ်ပြီး ကြောက်တယ်၊ စီးပွား မရမှာကို ကြောက်တယ်၊ အဲဒါလည်း ကြောက်တယ်။

'မိမိ ရာထူး ကြီးကြီး မရမှာကိုလည်း ကြောက်တယ်၊ ရထားတဲ့ ရာ ထူး က ပြုတ်သွားမှာကိုလည်း ကြောက်တယ်၊ ရထားတဲ့ ရာထူးက နေပြီးတော့ မတက်ဘဲ နေမှာလည်း ကြောက်တယ်။

'အဲဒီလို အကြောက်မျိုးပေါင်း များစွာဟာ အကျဉ်းချုံးလိုက်တော့ ဆင်းရဲခြင်းကို ကြောက်တာချည်းပဲ၊ အဲဒီ ဆင်းရဲခြင်းကို ကြောက်တဲ့ အတွက်ပဲ မဆင်းရဲရအောင် ဆိုပြီးတော့ ကိုးကွယ်ရာ အားကိုးရာ ရှာရာက နေပြီးတော့ ဘာသာ အယူ ဝါဒ ကိုးကွယ်စရာတွေ ပေါ်လာတယ်၊ မြတ်စွာ ဘုရားက ဒါကို မိန့်ကြားတော် မူလိုတယ်' *

လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်က ဗုဒ္ဓ မြတ်စွာဘုရားက အဂ္ဂိဒတ္တ ရသေ့ကို လူတို့ ဘာသာ ယုံကြည် ကိုးကွယ် လာကြသည့် အကြောင်းရင်းကို ဟောရာတွင် အကြောက်တရား (fear) ကြောင့် အားကိုးရာ ကိုးကွယ်

---

* *ဆင်းရဲငြိမ်းအေး ချမ်းသာရေး၊*
*ချမ်းမြေ့ရိပ်သာ ဆရာတော်၊ စာ ၇၃-၇၄*

www.burmeseclassic.com



ရာ ရှာကြံပုံကို ညွှန်ပြ ဟောကြားတော် မူခဲ့ဖူးလေသည်။ ထို အချက်ကို နှောင်းခေတ် ပညာရှင်များကလည်း မငြင်းသာ။

ယခုတိုင် ထိုသဘောသည် ရှိဆဲပင် ဖြစ်သည်။ နတ် ကိုးကွယ်သူများ၊ ဘိုးတော်နောက် လိုက်နေသူများသည် ဆင်းရဲမည်ကို အလွန်ကြောက်ပြီး လောကီ ချမ်းသာ စီးပွားကို ဖြတ်လမ်းနည်းဖြင့် ရလိုသူတွေချည်း ဖြစ်ကြကုန်၏။ တစ်နည်း မိမိတို့ ပြုသော မကောင်းမှု၏ အကျိုးဆက် ဘေးရန်ကို ဖုံးဖိ ကာကွယ်လိုသူများနှင့် လောကီ ချမ်းသာကို တပ်မက် လွန်းသူများသည် နတ်၏ အမ အစ၊ ဘိုးတော်၏ အမအစကို အားကိုးအားထား ပြုကြလေသည်။

ထိုယုံကြည် ကိုးကွယ်မှုမျိုးကို အကျွန်ုပ်၏ စိတ်တွင် အတုအယောင် ယုံကြည် ကိုးကွယ်မှုဟု ထင်မြင်လာခဲ့လေသည်။ အတုအယောင် ယုံကြည် ကိုးကွယ်မှုဟု ဆိုရခြင်းမှာ ထိုယုံကြည် ကိုးကွယ်မှုမျိုးတွင် ကြည်ညိုခြင်း သဒ္ဓါလည်း မပါ၊ ဟုတ် မဟုတ်၊ ရာ မရာ၊ သင့် မသင့်၊ ဖြစ်နိုင် မဖြစ်နိုင် ခွဲခြား သိမြင်သော ပညာလည်း မပါသောကြောင့် ဖြစ်လေသည်။

တစ်နည်းဆိုသော် အသိဉာဏ်ပညာ မဖွံ့ဖြိုးသေးသော ကမ္ဘာဦး လူသားတို့၏ ယုံကြည် ကိုးကွယ်မှုမျိုးသည် အမှန်စင်စစ် လောကီချမ်းသာ စည်းစိမ်ကိုလည်း ပေးနိုင်သည် မဟုတ်၊ လောကီ ဘေးရန် အန္တရာယ်ကိုလည်း ကာကွယ် ကင်းပျောက်စေနိုင်သည် မဟုတ်ချေ။ လောကုတ္တရာ အပါယ်ဘေး ဝဋ်ဆင်းရဲဘေးကို ကာကွယ်ဖို့၊ ဆင်းရဲငြိမ်းရာ ဘဝ၏ လွတ်မြောက်ရာကို ပို့ဆောင်ဖို့ကား အဝေးကြီး ဝေးသော ယုံကြည် ကိုးကွယ်မှုမျိုးသာ ဖြစ်လေသည်။

ပါမောက္ခ ဂျွန် ဘီနော့စ်၊ ပါမောက္ခ ဝီးလ် ဒူးရန့်စသူတို့၏ တင်ပြချက်များတွင် ထို ကြောက်စိတ်ဖြင့် ထင်မိထင်ရာ ကိုးကွယ်သော သဒ္ဓါ မပါသည့် ယုံကြည် ကိုးကွယ်မှုများတွင် မိမိ၏ စိတ်ကို လှည့်စားသည့် သဘော (magic) များ ပါဝင်ကြောင်း အတိအလင်း ဖော်ပြ ထားလေသည်။ *

မန္တတန္တ စသည့် ဂါထာမန္တန် အင်းအိုင် ခလှဲ့ လက်ဖွဲ့ အဆောင်များသည် ထို (magic) ခေါ် စိတ်ကို လှည့်စားမှု သဘောချည်းသာ ဖြစ်ကြလေသည်။ သဘာဝ စွမ်းအင်များကို လူ့အလိုသို့ လိုက်ပါအောင် စိတ်ကို လှည့်ဖြားသော နည်းများ ဖြစ်လေသည်။

ထိုသို့ စိတ်ကို လှည့်ဖြားသော နည်းများမှာ များစွာ ရှိသည်။

လူတို့သည် နတ်များကို လည်းကောင်း၊ တိရစ္ဆာန်များကို လည်းကောင်း သဘာဝ၏ မျိုးဆက် ပြန့်ပွားမှု ရှင်သန်ကြီးပွားမှုကို အစွဲပြုပြီး လိင်တံနှင့် ယောနိ ခေါ်ဖို တန်ဆာ မ တန်ဆာများကိုပင် ကိုးကွယ်ခဲ့ကြလေသည်။ ယဇ်ကို ကိုးကွယ်ခြင်း၊ သေသွားသော မိဘ ဘိုးဘွားကို ကိုးကွယ်ခြင်းလည်း ပြုခဲ့ကြပြီ။ ထိုကဲ့သို့ ထွေရာလေးပါးကို ကြောက်စိတ် အားကိုးစိတ်ဖြင့် ကိုးကွယ်ခြင်း အားလုံးကို အကျွန်ုပ်၏ စိတ်တွင် အတုအယောင် ကိုးကွယ်မှုများဟု ပိုင်းပိုင်းခြားခြား သတ်မှတ်နိုင်သော အချိန်သည် အလွန် နောက်ကျသည်ဟု ဆိုချင်ပါ၏။ ထိုအချိန်သည် ယခု အသက် ငါးဆယ်တန်းသို့ ရောက်သောအခါမှ ဆိုက်ရောက် လာကြောင်းကိုလည်း ဝန်ခံရပေတော့မည်။ အမှန်စင်စစ် အကျွန်ုပ်သည် အကြောက်တရားဖြင့် ဖွဲ့စည်းသော ယုံကြည်ကိုးကွယ်မှု မှန်သမျှကို လက်သင့်မခံ ပယ်လှန် ရှန်းထွက်ပြီး အရိယာသစ္စာကို မြင်အောင် အားထုတ်ခဲ့သူ ဖြစ်ပေရာ ဆွဲဆောင်မှုများ၏ နောက်သို့ ငယ်စိတ်ဖြင့် ပါသွားသော်လည်း ထိုမှားယွင်းသော ဒိဋ္ဌိ အယူများကိုလည်း အချိန်မီ ပယ်ခဲ့နိုင်လေတော့၏။

စင်စစ် အကျွန်ုပ်သည် ဘုရား တရား သံဃာတို့၌ မတုန်လှုပ်သော သဒ္ဓါဖြင့် သက်ဝင် ယုံကြည် ဆည်းကပ်သူ အဖြစ်သို့ မိမိကိုယ်ကို ရောက်ပြီ ထင်ခဲ့သော်လည်း ဘဝဝယ် အစမ်းခံရသော အခါများတွင် မိမိသည် ဆရာ ဦးမြင့်ချို ဆုံးမသလို မိသုံးမိကို မမိဘဲ ကာလ အတန်ကြာ ဟိုယိမ်း သည်ယိုင် ဖြစ်လျက်သာ နေခဲ့ရကြောင်းကို ဤတွင် ဝန်ခံခြင်း ဖြစ်ပါ၏။ ထိုသို့ ဝန်ခံခြင်းသည် မိမိကဲ့သို့ အရိယာသစ္စာကို ရှာသောသူများ သံဝေဂရဖွယ် ဖြစ်စေရန် တင်ပြခြင်းသာ ဖြစ်ပါသည်။

ဘုရား တရား သံဃာမှ တစ်ပါး မည်သည့် ပုဂ္ဂိုလ်မျိုးမှ အကျွန်ုပ် အဖို့ ကိုးကွယ်ရာ မဖြစ်ထိုက် ဆိုသော အသိကို ဘုရား တရား သံဃာ၌ ယုံမှား သံသယ ကင်းရှင်းပြီးသည့်နောက် ၁၅ နှစ်ခန့် ကြာမှသာ ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့ကြောင်းကိုလည်း ဤတွင် အကျွန်ုပ်သည် ဝန်ခံရပေဦးမည်။

အမှန်ကို ဝန်ခံရပါလျှင် အကျွန်ုပ်သည် သရဏဂုံ

---

* *Man's Religions p 13*

www.burmeseclassic.com



တည်သောသူ အဖြစ်သို့ တိတိကျကျ ရောက်သည်မှာ အသက် ၅၀ ကျမှ ဖြစ်သည်ဟု ဆိုသင့်ပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုအချိန်ကျမှပင် အကျွန်ုပ်သည် ဗုဒ္ဓ သာသနာ့ဘောင်တွင် သာမဏေ သရဏဂုံကိုပါ ခံယူကာ ဒုလ္လဘ ရဟန်း အဖြစ်ကို ခံယူရသောကြောင့် ဖြစ်ပါ၏။ (၁၉၈၆ ခုနှစ်၊ မေလတွင် အကျွန်ုပ်သည် အင်းလေး အရှေ့ဘက် နန့်ပန်မြို့နယ် ဝက်သားကင် ကျေးရွာရှိ ဥဒဂုဏ္ဍေပ ရေသိမ်တွင် ဘဒ္ဒန္တ အရှင်အာစာရာနန္ဒ (ဝိသိဋ္ဌဒီဃ ဘာဏက သာသနာ့ဓဇ ဓမ္မာစရိယ) အရှင်သူမြတ်ကို ဥပဇ္ဈာယ်ပြုလျက် အင်းလေးဒေသမှ ရွာသူ ရွာသားများကို ရဟန်းဒကာ ပြုလျက် ရဟန်းဘောင်သို့ ရောက်ရဖူးလေသည်။)

ဤအဖြစ်ကား သာသနာ့ဘောင်တွင် ထင်ရှားသော ဗောဓိ မင်းသား၏ သရဏဂုံ တည်ပုံနှင့် နှိုင်းစာလျှင် များစွာမှ နောက်ကျသည်ဟု ဆိုရပါမည်။ ဗောဓိမင်းသားကား အမိဝမ်းတွင်းမှာ နေစဉ်ကပင် သရဏဂုံ တည်ရ၏။ နို့စို့ အရွယ်တွင် ဒုတိယ အကြိမ် နို့ထိန်းသည်နှင့် အတူ သရဏဂုံ တည်ရ၏။ ကြီးပြင်းသောအခါ မြတ်စွာဘုရားထံတွင် တစ်ကြိမ် သရဏဂုံ ယူရသည်။ *

မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အများမှာလည်း ဗောဓိမင်းသား၏ အခွင့်အရေးမျိုး ရကြသည်သာ။

သို့ရာတွင် အမိဝမ်းထဲမှာ နေစဉ်က မိခင် ယူခဲ့သော သရဏဂုံ၌ သား ရထိုက်သလား၊ နို့စို့ အရွယ်မသိတတ်မီ သရဏဂုံ ယူသည်မှာလည်း ထိုကလေးအဖို့ သရဏဂုံကို ရထိုက်သလား ဟူသော အမေးပုစ္ဆာ ရှိနိုင်ပါသည်။

အဋ္ဌကထာများ အရ ကျေးဇူးရှင် သပြေကန် ဆရာတော် အရှင် ဝါသေဋ္ဌာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) က ဖြေတော်မူရာ၌ 'ဒီလို ဝမ်းထဲက သားကလေး သမီးကလေး အတွက် သရဏဂုံ ယူပေးတာ သရဏဂုံ ဖြစ်နိုင်သလား၊ နဟောတိ မဖြစ်နိုင်ဘူး၊ သရဏဂုံ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့် မဖြစ်နိုင်ပါသတုံး ဆိုတော့

'အစိတ္တက သရဏဂဟာနံ နာမနတ္ထိ။

'ကုသိုလ်စိတ် မပါတဲ့ သရဏဂုံ မည်သည် နတ္ထိ မရှိပါပေတဲ့နော်၊ ကုသိုလ် စိတ်ပါမှ သရဏဂုံ ဖြစ်မယ်၊ ကုသိုလ်စိတ် မပါဘဲ သရဏဂုံ ဖြစ်တာ မဟုတ်ဘူး၊ ကလေးက ဝမ်းထဲမှာ သရဏဂုံ ဘယ် ယူနိုင်ဦးမလဲ၊ ကုသိုလ်စိတ် ဘယ်ဖြစ်ဦးမလဲ၊ ဒါကြောင့် သရဏဂုံ မဖြစ်ဘူးတဲ့၊ အဋ္ဌကထာက အဖြေပေးတယ်၊ ဒီလိုဆိုရင် ဒီကလေးတွေ ဒီမိခင် ယူပေးတဲ့ သရဏဂုံ အတွက် လုံးလုံး အကျိုး မရှိဘူးလား ဆိုတော့

'အာရက္ခော ပနဿ ပစ္စုပ္ပဋ္ဌိတော ဝ ဟောတိ။

'သရဏဂုံ မဖြစ်ပါသော်လည်း ထိုကလေးငယ်အတွက် အစောင့်အရှောက်သည် ကောင်းစွာ ရှေးရှုတည်လျှင်သာတည်းတဲ့။

'သရဏဂုံတော့ မဖြစ်ဘူးတဲ့၊ မဖြစ်ပေမယ့် အဲဒီကလေး အတွက် အစောင့်အရှောက်တော့ ဖြစ်သတဲ့၊ ဘယ်လို အစောင့်အရှောက် ဖြစ်သတုံး ဆိုတော့ အဋ္ဌကထာရှင်က ဆက်လက်ပြီး ပြောတာက နောင်အခါမွေးလာလို့ သူ နားလည်တတ်သိတဲ့ အခါကျတော့ ဟော့ငါ့သား ငါ့သမီး၊ မင်းတို့ ဝမ်းထဲနေစဉ် အချိန်က ငါဘုရားဆီမှာ သရဏဂုံ ယူပေးခဲ့တယ်လို့ ပြောတဲ့အခါသြော် ငါဟာ ဘုရား တပည့် ဥပါသကာ ဖြစ်နေပါလားလို့ ဒီအခါ နားလည်လာတယ်၊ အဲဒီလို နားလည်သည်က စပြီးတော့ သရဏဂုံ တည်သွားတယ်' *

ဤကား သပြေကန် ဆရာတော် ဘုရားကြီး၏ ဟောကြားချက် ဖြစ်လေသည်။ ဤတွင် နားလည်လာရင် သရဏဂုံ တည်တယ် ဆိုသော စကား၏ အကျယ်အဝန်းကို သဘော ပေါက်သင့်ပါသည်။

သဘော ပေါက်ရန်မှာ သရဏဂုံ၏ အနက်ကို ရဖို့ လိုပါလိမ့်မည်။ သရဏဂုံသည် သရဏဂမန ဆိုသော ပါဠိပုဒ်ကို မြန်မာမှု ပြုထားသော စကား ဖြစ်ပါ၏။

ဤတွင် သရဏ၏ အဓိပ္ပာယ်ကို ဦးစွာ ရသင့်ပါ၏။

– ဖျက်ဆီးတတ် ပယ်ဖျောက်တတ်၏၊ ထို့ကြောင့် သရဏဟု ခေါ်ရသည်။ ဤတွင် ဖျက်ဆီးတတ် ပယ်ဖျောက်တတ်သည် ဆိုသည်မှာ အ ဘယ် ကို ဆိုပါသနည်း။

– ကိုးကွယ်ရာ ဟူ၍ ဆည်းကပ် ကြကုန်သော ပုဂ္ဂိုလ်တို့၏ ဝဋ်ဘေးကို လည်းကောင်း၊ စိတ်ထိတ်လန့်ခြင်းစသော စေတသိက်ဒုက္ခကို လည်းကောင်း၊ ကိုယ်ဆင်းရဲခြင်း စသော ကာယိကဒုက္ခကို လည်းကောင်း၊ ဒုဂ္ဂတိဘဝမှာ ကြုံရသည့် ဆင်းရဲဒုက္ခ အပေါင်းကို လည်း

---

* *မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ စာ ၃၀၀*

* *ဥပါသကာ ဂုဏ်ရည်နှင့် သရဏဂုံ တရားတော်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ဝါသေဋ္ဌာဘိဝံသ၊ စာ ၉၃-၉၄*

www.burmeseclassic.com



ကောင်း ဖျက်ဆီးတတ်၏၊ ပယ်ပျောက်စေတတ်၏။

ဤကား ဖျက်ဆီးတတ်သည် ဆိုသော သရဏ ပုဒ်၏ အနက် ဖြစ်၏။ ဘုရား တရား သံဃာသည် ကမ္မဝဋ် ကိလေသာဝဋ် ဝိပါကဝဋ် ဆိုသော ဝဋ် သုံးပါး ကို ဖျက်ဆီးတတ်၏။ ထိုမှမက စိတ် ထိတ်လန့်ခြင်း၊ ကိုယ် ဆင်းရဲခြင်း၊ ဒုဂ္ဂတိဆင်းရဲ အပါယ်ဘေးများကို ဖျက်ဆီးတတ်သည်။ ထိုသို့ ဘေးအပေါင်း ရန်အပေါင်း ဆင်းရဲအပေါင်းကို ဖျက်ဆီးတတ်ခြင်းကြောင့် ထိုရတနာ သုံးပါးကို သရဏဟု ခေါ်ရ၏။ ဤကား ကျမ်းဂန်လာ သရဏဂုံ၏ သာမည အနက်။

ဝိသေသ အနက်လည်း ရှိသေး၏။

အစီးအပွား၌ ဖြစ်စေခြင်းဖြင့် လည်းကောင်း၊ အစီး အပွားမဲ့တို့ကို နစ်စေခြင်းဖြင့် လည်းကောင်း ဗုဒ္ဓသည် သတ္တဝါတို့၏ ဘေးကို ဖျက်ဆီးတတ်၏။ ပယ်ဖျောက် တတ်၏။ ထိုအချက်ကို ကျေးဇူးရှင် သပြေကန် ဆရာ တော်က ဤသို့ ဖွင့်ပြပါသည်။

'ဘုရားရှင် ကိုယ်တော်မြတ်ဟာ အစီးအပွားကို ညွှန်ကြားခြင်းဖြင့် လည်းကောင်း၊ အစီးအပွားမဲ့ အကျိုး မဲ့ကို တားမြစ်ခြင်းဖြင့် လည်းကောင်း သတ္တဝါတို့ရဲ့ ဘေးကို ဖျက်ဆီးတတ်တယ်' *

သရဏဂုံသည် ကိုးကွယ်ရာ အဓိပ္ပာယ် ရကြောင်း ကိုလည်း ဝိနယပါရဂူ ဆရာကြီး ဦးထွန်းလှိုင်က သူ၏ ***လူသားတို့၏ ထွက်ရာလမ်း*** ကျမ်းတွင် ရှင်းပြ ထား လေသည်။ **

သရဏဂမနသည် ကိုးကွယ်ရာသို့ ဆိုက်ရောက် ခြင်းဟု ရပေရာ ၎င်းကိုပင် ဆည်းကပ်ခြင်း ဟု ပိုမို ထင်ရှားစေလိုသော အနက်ဖြင့် ခေါ်ကြောင်းကိုလည်း ဆရာကြီး ဦးထွန်းလှိုင် ရှင်းပြပါသည်။

ကိုးကွယ် ဆည်းကပ်သည် ဆိုကြရာတွင် ရှေးဆို ခဲ့သော အတိုင်း ကြောက်ရွံ့ ထိတ်လန့်၍ ဆည်းကပ် ကြသော်လည်း ဗုဒ္ဓ သရဏဂုံသည် အမြင် ကင်းသော **(Blind Faith)** ဉာဏ်နှင့် မယှဉ်သော သရဏဂုံမျိုး လည်း မဟုတ်၊ လွတ်လပ်စွာ တွေးခေါ်ခွင့် **(Freedom of Thought)** ကင်းသော သရဏဂုံလည်း မဟုတ် ကြောင်းကို သိသင့်ပါ၏။

တစ်နည်း ဗုဒ္ဓ သရဏဂုံသည် သဒ္ဓါနှင့် လည်း ကောင်း၊ ဉာဏ်ပညာနှင့် လည်းကောင်း ယှဉ်ပါသည်။ လွတ်လပ်စွာ ရွေးချယ်ခွင့် တွေးခေါ်ခွင့် အပေါ်မှာလည်း တည်ထားသော သရဏဂုံမျိုးသာ ဖြစ် ကြောင်း ကို အောက်ပါ အချက် လေးချက် အရ သိသင့်ပါ၏။

ထို အချက် လေးချက်သည် သရဏဂုံ မြောက် ကြောင်း မမြောက်ကြောင်း သိဖွယ် အချက်များ ဖြစ် ပါ၏။

သရဏဂုံ မမည် မမြောက်ကြောင်း လေးပါးမှာ

**(၁) ဉာတိ အမျိုးတော်စပ်၍ သရဏဂုံ ယူခြင်း**

မိမိနှင့် သွေးသား တော်စပ်သောကြောင့် ဘုရား တရား သံဃာကို ကိုးကွယ်ရာဟု (အမှန်ကို မသိဘဲ) သံယောဇဉ်ဖြင့် ကိုးကွယ် ဆည်းကပ်ခြင်းသည် သရဏဂုံ မမည်သည်လည်း တစ်ရပ်။

**(၂) ဘယ ကြောက်၍ သရဏဂုံ ယူခြင်း**

သဒ္ဓါကြောင့် မဟုတ်၊ ပညာကြောင့် မဟုတ်၊ ထာဝရ ဘုရားက အပြစ်ဒဏ် ခတ်မည်ကို စိုး၍ဖြစ်စေ၊ ဤသို့ မကိုးကွယ်လျှင် သတ်မည်၊ ဖမ်းဆီး ချုပ်နှောင် မည် ဆို၍ ဘေးရန်ကို ကြောက်၍ ဖြစ်စေ၊ သရဏဂုံ ယူခြင်းသည်လည်း သရဏဂုံ မမည်ခြင်း တစ်ရပ်။ ဤ အချက်တွင် ဗုဒ္ဓသရဏဂုံနှင့် တခြား သရဏဂုံတို့သည် ကွာခြားကြလေ၏။

**(၃) အာစရိယ လောကီ အကျိုးပြုဆရာ အဖြစ် သရဏဂုံ ယူခြင်း**

ဤအချက်ကား အကျွန်ုပ်အား ကယ်တင်သော အချက် ဖြစ်၏။ အကျွန်ုပ်သည် ဝိဇ္ဇာယောင် ဘိုးတော် များကို လောကီ အကျိုးပြု ဆရာများ အဖြစ် ၎င်းတို့၏ တပည့်ခံကာ နေ့ရက် များစွာကို ကုန်ခဲ့ရဖူးလေသည်။ အကျွန်ုပ်၏ အသိမိတ်ဆွေ များစွာမှာ ယခုတိုင် ဘုရား ကို ပူဇော် ကိုးကွယ်လျှင် ဘယ်ပုံ ဥစ္စာခေန များစွာ ရ သည်၊ လုပ်ငန်း ကိုင်ငန်း အဆင်ပြေသည်၊ ဤသံဃာ ကို လှူလျှင် အကျိုး ဘယ်လို ပေးသည်၊ ဒီဘုန်းကြီးက သမထ ပေါက်နေတာ၊ မေတ္တာ ကမ္မဋ္ဌာန်း အောင်ထား တာ၊ ဒီလို ဘုန်းကြီးကို ဘယ်အရာရှိကြီးတွေ အာဏာပိုင် တွေကတောင် ကိုးကွယ်တာ၊ ရာထူး စည်းစိမ် တိုးတက် ရေး အတွက် ဒီဆရာတော်ကို ကိုးကွယ်ဟု အချင်းချင်း ပြောဆို ကိုးကွယ် နေကြသည်ကို တွေ့မြင်နေရဆဲ ဖြစ် ပါ၏။

ဘယ် ဘုန်းကြီး ဘယ်မှာ တန်ခိုး ကြီးနေသည် ဆိုလျှင် ဘယ်လောက် ဝေးသည့် ခရီး ဖြစ်ဖြစ်၊ မရောက်

--------------

* ဥပါသကာ ဂုဏ်ရည်နှင့် သရဏဂုံ တရားတော်၊ စာ ၁၀၁-၁၀၂

** လူသားတို့၏ ထွက်ရာလမ်း၊ ဦးထွန်းလှိုင်၊ စာ ၂၈၈

www.burmeseclassic.com



ရောက်အောင် သွား၍ ဖူးကြသည်မှာ လောကီ အကျိုးပြု ဆရာ အဖြစ် ကိုးကွယ်ကြခြင်းသာ ဖြစ်၏။ ထိုသို့ ကိုး ကွယ်ခြင်းသည် သရဏဂုံ မမည်ခြင်းလည်း တစ်ရပ်။

**(၄) ဒက္ခိဏေယျ မြင့်မြတ်သော အလှူခံထိုက်သူ အဖြစ် သရဏဂုံ ယူခြင်း**

ဒက္ခိဏေယျကား သရဏဂုံ အစစ်အမှန်သဘောကို ဆိုအပ်၏။ ဘုရား တရား သံဃာ ရတနာ သုံးပါးသည်သာလျှင် အမြတ်ဆုံး ဖြစ်သည်။ သည့်ထက် မြတ်သော တခြား ဘုရား တရား သံဃာ ဟူ၍ မရှိပြီ။ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရေး အတွက် ရတနာ သုံးပါးမှ တစ်ပါး အခြား မရှိနိုင်၊ အကယ်၍ အကျိုးတရားကို လိုလားသဖြင့် အလှူဒါန ပြုမည်ဆိုလျှင်လည်း ဤရတနာ သုံးပါးကို ဒါနပြုမှသာ အကျိုး အကြီးဆုံး ရနိုင်သည်၊ သည့်ထက် အကျိုးကြီးသော အရာ မရှိနိုင်ဟု ယူခြင်းသည် ဒက္ခိဏေယျ ဖြစ်လေသည်။

ထို့ပြင် သရဏဂုံ စင်ကြယ်ကြောင်းမှာလည်း

(၁) သဒ္ဓါ - ရတနာ သုံးပါးကို ယုံကြည်ခြင်း (ကြည်ညိုခြင်း)၊

(၂) ပညာ - ရတနာသုံးပါး၏ ဂုဏ်ကို သိနားလည်ခြင်း၊

(၃) သမ္မာဒိဋ္ဌိ - အယူအဆ မှန်ကန်ခြင်း ဟူ၍ သုံးမျိုးရှိပေရာ မျက်ကန်း ကိုးကွယ်မှု မဟုတ်ကြောင်း ကျမ်းဂန်မှာ အထင်အရှား ပြပါ၏။

ထို့အတူ ဗုဒ္ဓဘာသာ သရဏဂုံသည်

(၁) အသက် သေဆုံးသော အခါမှာ ပျက်သည်၊

(၂) အခြား ဘာသာ အယူကို ယူလျှင် တခြား ဘာသာဆရာ၌ တပည့်ခံလျှင် သရဏဂုံ ပျက်သည်။*

အ ကျွန်ုပ် သည် ထိုသို့ သရဏဂုံ၏ အနက် အဓိပ္ပာယ်နှင့် အကျိုးဆက် အနှစ်သာရများကို သဘောပေါက်သော အခါမှ စ၍ သရဏဂုံတည်သူ ဖြစ်လေ၏။

သရဏဂုံ တည်သူကို ဥပါသကာ ခေါ်သည်ဖြစ်ရာ ထိုအခါမှ စ၍ အကျွန်ုပ်သည် ဥပါသကာ ဖြစ်လာပြီဟု မိမိကိုယ်ကို ခံယူခဲ့ပါ၏။

ဥပါသကာ အဖြစ် ခံယူသည် ဆိုခြင်းမှာ ထိုအခါမှ စ၍ မိမိသည်

(၁) ရတနာ သုံးပါးကိုသာ ယုံကြည် ဆည်းကပ်ခြင်း၊

(၂) ငါးပါး သီလကို နိစ္စသီလ အဖြစ် ဆောက်တည်ခြင်း၊

(၃) မှားယွင်းသော မိစ္ဆာကုန်သွယ်မှုကို လုံးဝ မပြုခြင်း၊

(၄) အတုအယောင် မင်္ဂလာကို ပယ်ခြင်း၊

(၅) ကံတရားကို ယုံကြည်ခြင်း၊

(၆) သာသနာပ ပုဂ္ဂိုလ်နှင့် တရားကို ယုံကြည်မှု သဒ္ဓါ မရှိခြင်း၊

(၇) သာသနာပ၌ မြတ်သော အလှူမပြုခြင်း၊

(၈) သာသနာတော်ကို အကျိုးပြုခြင်း * ဟူသော ဥပါသကာ ရှစ်ပါးနှင့် အညီ ပြည့်မီအောင် ကျင့်ကြံအားထုတ်၍ အသက်ထက်ဆုံး နေထိုင်သွားရန် စိတ်အဓိဋ္ဌာန်ကို ပြုလိုက်ပါ၏။

(သရဏဂုံ အကျယ်ကို ***လူသားတို့၏ ထွက်ရာလမ်း*** မှာ ရှုပါ။ ဥပါသကာ ဂုဏ်ဆယ်ပါးကို ***မိလိန္ဒပဉှာ***၊ စာ ၁၆၉၊ ***ဥပါသကာ ဂုဏ်ရည် နှင့် သရဏဂုံ တရားတော်၊*** စာ ၃၄ တွင် ရှုပါ။)

---

* လူသားတို့၏ ထွက်ရာလမ်း၊ စာ ၂၆၅-၂၆၇

* သီလကွန် အဋ္ဌကထာ၊ စာ ၁၀၅

www.burmeseclassic.com

## ၂၄။ ပါရမီလမ်းမှ အစမ်းခံဘဝ အတွေ့အကြုံ အချို့

ဤအခန်းသည် 'ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာတမ်း၏ အဆုံးပိုင်း ဖြစ်ပါသည်။ ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ သရဏဂုံ တည် ပြီး သူ ဥပါသကာ၏ အဖြစ်ကို ဤဘဝဝယ် မိမိသည် လူစ၍ ဖြစ်သော အဖြစ် (ဝါ) အရိယာသစ္စာ လမ်းပေါ်သို့ စရောက်သည့် အဖြစ်ဟု မှတ်ယူပါသည်။

အကျွန်ုပ်သည် အသက် ၅၀ တွင်မှ ဥပါသကာ အဖြစ်သို့ ရောက်သည်ဟု မိမိဘဝကို ပိုင်းခြားပါသည်။ ထိုသို့ ဘဝသစ်၏ အစကို ရောက်လာသူ တစ်ယောက် ဖြတ်သန်း ကျော်နင်း ခဲ့ရသည့် ဘဝ အဖုအထစ်များ၊ အချိုင့်အခွက် အမို့အမောက်များ၊ ဝမ်းနည်းစရာ ဝမ်းသာ စရာများ၊ ချစ်စရာ မုန်းစရာများ၊ အားတက်စရာ စိတ် ပျက် စရာများ အကြောင်း စာ၏ အဆုံးသည် ဤမှာ ရောက်ပြီ ဖြစ်၍ ဤအခန်းကို *အစ၏ အဆုံး* ဟု ဆို အပ်ပါသည်။

ယခုတစ်ဖန် ဘဝသစ်ကို စတင်သူတစ်ဦး ကြုံတွေ့ ခံစားရသော အတွေ့အကြုံ အချို့ကို အကျွန်ုပ်နှင့် ဘဝတူ ခရီးဖော်များနှင့် အကျွန်ုပ် နောက်မှ လာကြမည့် သား အစဉ် မြေး အဆက်တို့ သတိပြုမိစရာ သံဝေဂရစရာ ဖော်ပြချင်ပါသေးသည်။

အကျွန်ုပ်သည် အကြင် အခါမှ စ၍ မဟာဗောဓိ ဆုကို ပန်ခဲ့ဖူးပေရာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ လောက်သော ကာလဝယ် ပါရမီဆယ်ပါး စွန့်ခြင်းကြီး များစွာကို ပြုသော ပါရမီလမ်းကို လျှောက်ရမည့်သူလည်း ဖြစ်၏။

ယခုမှ မဟာဗောဓိဆုကို ပန်ခဲ့သည်မှာ ငါး ဘဝ သာ ရှိသေးသည်ဟု ဆိုပေရာ အ လွန် ပင် နုနယ်လှ သေး၏။

မိမိ၏ စရိုက်ကို ပြန်လည် သုံးသပ်ကြည့်သော အခါ ပညာ အဓိက နေယျ ဗောဓိဆု ဖြစ်ဖို့ များ၏။ ထိုသို့ ဖြစ်မူကား ဗောဓိဆုပန်တို့တွင် တစ် ပါး သော ဘုရားရှင်နှင့် ဆုံစည်းခွင့်ရပြီး နိယတဗျာဒိတ် ရပြီးသည့် နောက်မှာပင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့် မှသာ (ပါရမီ ဆယ်ပါး၊ ဥပပါရမီ ဆယ်ပါး၊ ပရမတ္ထ ပါရမီ ဆယ်ပါး) ပညာဗောဓိ ဖြစ်နိုင်၏။

ဝီရိယဗောဓိဆုကို ပန်မူကား ရှစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း၊ သဒ္ဓါဗောဓိဆုကို ပန်မူကား တစ်ဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ အပြား သုံးဆယ်ကို ဖြည့် ကျင့် ရ မည် ဖြစ်ပေရာ ယခု ဘဝ လူဖြစ်စဉ် ယောက်ျား ဖြစ်စဉ် မိမိသည် အကင်းမျှလောက်သော အဖြစ်ဖြင့် ပါရမီကို အထုံရရုံမျှ ဖြည့်ကျင့်ရလေမည်ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမခဲ့မိလေသည်။

ထိုအခါ အကျွန်ုပ်သည် ရှေးက ပါရမီကို ဖြည့်ကျင့် ခဲ့ကြကုန်သော အလောင်းတော်များ၏ ထုံးကို နှလုံးမူ နည်းယူဖို့ ကြံစည်ရ ပြန်လေသည်။

ပထမဦးစွာ သရက် နှစ်ပင်ကို ကြည့်ပြီး သံဝေဂ ယူသော မဟာဇနက မင်းကို သတိရလေ၏။ မဟာ ဇနကမင်း သံဝေဂယူပုံကို သပြေကန် ဆရာတော်ကြီး ဟောကြားပုံမှာ ဤသို့ ဖြစ်သည်။

'ဘုန်းကြီးတို့ ဇနကမင်းကြီး၊ ဇနကမင်းကြီးဟာ ရသေ့ရဟန်းပြုပြီး တော ထွက်သွားတယ်၊ လမ်းမှာ မိဂဇိန ရသေ့နှင့် တွေ့တဲ့ အခါကျတော့ မေးတယ်တဲ့၊ သင့် ဆရာ ဘယ်သူတုံး၊ ဇနက မင်းကြီးက ဖြစ်လာရတဲ့ (တစ်ဖြစ်လဲ) ရသေ့ကို မိဂရသေ့ကြီးက မေးတာ၊ မေးတဲ့ အခါကျတော့ ဇနက မင်းကြီးက ဘာပြောတုံး ဆိုတော့ အသီး သီးနေတဲ့ သရက်ပင်ကြီးနှင့် အသီး မသီးတဲ့ သရက်ပင်ကြီး နှစ်ပင်ဟာ သူ့ဆရာပဲလို့ ဆရာ အဖြစ် နှင့် ညွှန်ကြားတယ်။

'ဘာကြောင့် သရက်ပင်ကို သူ့ရဲ့ ဆရာပါလဲလို့ ညွှန်ပြသတုံး ဆိုတော့ ရှင်ဘုရင် ဘဝတုန်းက ဇနက မင်းကြီးဟာ တစ်နေ့ ဥယျာဉ်တော် ထွက်လာတယ်၊ ဆင်စီးပြီး ဥယျာဉ်တော် ထွက်လာတဲ့ အခါကျတော့ ဥယျာဉ်တော်ဝမှာ သရက်ပင် နှစ်ပင် ရှိတယ်၊ တစ်ပင်က အသီးတွေ မှည့်ဝင်းလို့၊ တစ်ပင်ကတော့ အသီး မရှိဘူး၊ အရွက်တွေနှင့် စိမ်းစိမ်းစိုစို သာသာယာယာနှင့်၊ သရက် ပင် နှစ်ပင် မြင်ရတယ်၊ ဒါနှင့် ဆင်ပေါ်က နေပြီးတော့ ရှင်ဘုရင်က အသီး သီးတဲ့ သရက်ပင်က သရက်သီး

www.burmeseclassic.com



တစ်လုံး ခူးဆွတ်ပြီးတော့ စားလိုက်တယ်၊ ရှင်ဘုရင် ခူးစားသွားပြီ ဆိုတော့ သူတို့ ထုံးစံအရ ရှင်ဘုရင် မစားရသေးရင် ဘယ်သူမှ မစားရဘူး၊ ရှင်ဘုရင် စားပြီးပြီ ဆိုရင်တော့ စားနိုင်တယ်၊ အဲဒီလို စည်းကမ်းက ရှိတော့ အနောက်က လူတွေက သူကဆွတ် ငါကဆွတ်၊ နိမ့်တဲ့ နေရာကျတော့ လက်နှင့် လှမ်းဆွတ်၊ မြင့်တဲ့ နေရာကျတော့ ခဲနှင့် ပစ်ချ၊ တုတ်နှင့် ပစ်ချ၊ အသီး သီးတဲ့ သရက်ပင်ဟာ ရစရာ မရှိဘူး၊ ဖရိုဖရဲနှင့် မြင်မကောင်း ရှုမကောင်း၊ အဲဒါနှင့် ဇနက မင်းကြီးဟာ ဥယျာဉ်တော် ဝင်ပြီးတော့ ညနေ ဥယျာဉ်တော်က ပြန်ထွက်လာတဲ့ အခါမှာ သရက်ပင်ကြီး နှစ်ပင်ရဲ့ ဖြစ်ပုံကို မြင်ရတယ်၊ တစ်ပင်ကတော့ မနက်ခင်းက အတိုင်းပဲ စိမ်းစိမ်းစိုစို ညိုညိုဝိုင်းဝင်းနှင့်၊ တစ်ပင်ကို ကြည့်လိုက်တော့ အရွက်တွေ အခက်တွေ အလက်တွေ ကျိုးလို့ ပဲ့လို့ ရစရာ မရှိအောင် မြင်မကောင်းအောင် အရုပ် ဆိုးနေတာကို မြင်ရတယ်၊ တွေ့ရတော့ ဟ ဒါက ဘယ်လို ဖြစ်တာတုံးလို့ (ဆိုတော့) အရှင် မင်းကြီး ပွဲတော် ဦးသွားပြီ ဆိုတော့ နောက်လူတွေက ပစ်ကြ ခတ်ကြ စားကြ သောက်ကြ လုပ်ကြတာပါပဲလို့ သံတော်ဦး တင်ကြတယ်။

'ဇနက မင်းကြီးဟာ ဒီနေရာတင် သံဝေဂ အင်မတန် ဖြစ်သွားတယ်၊ သြော် ဒီ အသီးရှိတဲ့ သရက်ပင်ဟာ ဒီလို မရှုမလှ ဖြစ်ရတာ၊ ဒီလို အကျိုးအပဲ့ ခံရတာဟာ အသီး ရှိတဲ့ အတွက်ကြောင့် ခံရတာ၊ အသီး မရှိရင်ဖြင့် ဒီလိုဖြစ်မှာ မဟုတ်ဘူး ဆိုပြီး သံဝေဂ အတော် ဖြစ်သွားတယ်၊ ဟိုသရက်ပင်ကြီးက အသီး မရှိလို့ သူ့မှာ ဘာဒုက္ခမှ ဘာအနှောင့်အယှက်မှ မကြုံရဘူး၊ အသီး ရှိတဲ့ သရက်ပင်ကြီးကတော့ အနှောင့်အယှက် အဖျက်အဆီး ခံရတယ်၊ အဲဒီလိုပဲ လောကမှာ နေကြတဲ့ တို့တစ်တွေ အခြွေအရံ အသင်းအပင်းတွေ ပစ္စည်းဥစ္စာတွေနှင့် တစ်နေ့ ဒီလို ဒုက္ခမျိုးတွေနှင့် အဖျက်အဆီး တွေနှင့် ကြုံရမှာပဲ ဆိုတာ သံဝေဂ ရပြီးတော့ ရသေ့ ရဟန်း ပြုသွားတယ်' *

သပြေကန် ဆရာတော်ကြီးသည် ဇနက မင်းကြီး သံဝေဂ ယူပြီး တောထွက်ပုံ၊ လောကီအာရုံ ကာမဂုဏ်တွေကို အပြီးတိုင် စွန့်လွှတ်ပုံကို လောကီ သရဏဂုံယူပုံ လေးနည်း ရှိကြောင်း တရားတွင် ဟောကြားတော်မူပါသည်။

---

* *ဥပါသကာ ဂုဏ်ရည်နှင့် သရဏဂုံ တရားတော်၊ စာ ၁၅၆-၁၅၇*

ဤတွင် စကားစပ်၍ လောကီ သရဏဂုံယူပုံ လေးနည်းကို အကျဉ်းမျှ သိသာရုံ ဖော်ပြချင်သေးသည်။

လေးနည်းဟု ဆိုရာတွင်

(၁) မိမိကိုယ်ကို ရတနာ သုံးပါး အပ်နှင်းခြင်း တစ်နည်း၊

(အတ္တသန္နိယျာတန)

(၂) ရတနာသုံးပါးကို ကိုးကွယ်ရာ လဲလျောင်းရာ ရှိသည် အဖြစ်ဖြင့် ခံယူခြင်း တစ်နည်း၊

(တပ္ပရာယဏတာ)

(၃) ရတနာသုံးပါးဝယ် တပည့် အဖြစ်ဖြင့် ခံယူခြင်း တစ်နည်း၊

(သိဿဘာဝူပဂမန)

(၄) ရတနာသုံးပါးကို အမှန်တကယ် တုပ်ဝပ် ရိုသေခြင်း တစ်နည်း၊

(ပဏိပါတ) တို့ ဖြစ်ပါသည်။

မိမိသည် သရဏဂုံ တည်ပြီး ရတနာ သုံးပါးဝယ် ယုံကြည် ကိုးကွယ် ဆည်းကပ်ပြီဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်သော အခါမှစ၍ မိမိကိုယ်ကို ရတနာ သုံးပါးအား အပ်နှင်းပြီးပြီလား ဟုလည်း သုံးသပ်ပါသည်။

အပ်နှင်းသည် ဆိုသော စကားသည် အဘယ်ကို ဆိုပါသနည်း။ အကျွန်ုပ် နားလည်သည်မှာ အပ်နှင်းသည် ဆိုသော စကားသည် ခေတ္တ အပ်နှံသည့် သဘော မဟုတ်၊ အပြီးအပိုင် ပေးလှူလိုက်ခြင်း ဖြစ်သည် ဟူ၍ ဖြစ်ပါသည်။

မိမိစိတ်ဝယ် ငါသည် ဘုရား တရား သံဃာ၌ သံသယ ကင်းသွားပြီး ယုံမှားဖွယ် အကြောင်း မရှိပြီဟု သဘောရသည်နှင့် တစ်ပြိုင်နက် မိမိ၏ ခန္ဓာ ငါးပါး၊ ရုပ်နာမ် နှစ်ပါးကို ရတနာ သုံးပါး၏ လက်တွင်းသို့ အပ်နှင်း ပစ်ချလိုက်တော့မည်ဟု ဆုံးဖြတ်ပြီးလည်း ဖြစ်သွားပါသည်။

ထိုအချိန် ထိုသဘောသည် ရတနာ သုံးပါးကို စတင် ယုံကြည်စ အခါ၌ နုနယ်သေးသည်ဖြစ်၍ ခိုင်ပြီ မာပြီ ရင့်ပြီလို့တော့ မဆိုသာသေး။ သာမန်အားဖြင့်မူ မသိသာသေးဟု ဆိုသင့်ပါသည်။ သို့ရာတွင် မိမိသည် အဓိဋ္ဌာန် တစ်ခုခုကို ဆောက်တည်မိသော အခါတိုင်း အစမ်း ခံရတတ်ပေရာ ထိုသို့ အစမ်း ခံရပြီ ဆိုလျှင်တော့ မိမိ၏ ရတနာ သုံးပါးကို ယုံကြည် အပ်နှင်းထားသော အဖြစ်၏ လေးနက်ပုံကို သဘောပေါက်လာပါ၏။

ထိုသဘောကို သိသာရန် မိမိ အစမ်းခံရပုံ တစ်

www.burmeseclassic.com



ကွက်ကို အမြွက်မျှ ထုတ်ပြလိုပါ၏။ ဖြစ်ပုံမှာ ဤသို့ ဖြစ်လေသည်။

အကျွန်ုပ်သည် တတိယ ရုပ်ရှင်ကား ဖြစ်သော 'မနောဟရီအလှ' ဇာတ်ကားကို အထက် အညာ အင်းတော် မြို့နယ် နမ်ကျိုင်း သစ်တောကြိုးဝိုင်း အတွင်းမှ လုပသော ရှုခင်းများရှိရာ နမ်ကျိုင်း ရွာကလေးမှာ သွားရောက် ရိုက်ကူးခဲ့လေသည်။ ထိုဒေသသည် အလွန် ငှက်ဖျား ပြင်းထန်သော ဒေသ ဖြစ်လေသည်။ ဇာတ်ကား ရိုက်ကူးသော ကာလသည် လဝက်ခန့် ကြာသည် ထင်ပါ၏။ ထိုလဝက် အတွင်းမှာပင် ရုပ်ရှင်မင်းသား ကျော်ဟိန်းက စ၍ ငှက်ဖျား အကြီးအကျယ် ဖြစ်လေတော့၏။ သို့ရာတွင် အကျွန်ုပ်သည် ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရကား အဖွဲ့သားများ ငှက်ဖျား ဖြစ်ကြသော်လည်း အကျွန်ုပ်မူ မဖြစ်ဘဲ ကျန်နေလေ၏။

ရန်ကုန်သို့ ပြန်ရောက် ကြပြီးနောက် အကျွန်ုပ်သည် နဝင်္ဂသီလဖြင့် ၂၇ ရက် အဓိဋ္ဌာန် ဝင်လေ၏။ အဓိဋ္ဌာန် ထက်ဝက်ကျိုးသော အချိန်တွင် အားနည်းသွားသောကြောင့်လား မသိ၊ အကျွန်ုပ်သည် အပြင်းအထန် ငှက်ဖျား ရောဂါဒဏ်ကို ခံစားရလေတော့၏။ အဓိဋ္ဌာန်ကား မပြီးသေး။ နောက်ထပ် တစ်ပတ်ခန့် ကျန်ရှိနေသေး၏။ ထိုအချိန်တွင် အကျွန်ုပ်အဖို့ သေရေး ရှင်ရေး ပြဿနာနှင့် ကြုံရလေတော့၏။ အဓိဋ္ဌာန်ကို ဖျက်မည်လား။ ငှက်ဖျားရောဂါကြောင့် သေသော် အသေ ခံမည်လား။

မိခွေသက်ကမူ ရောဂါ ခံစား နေရစဉ် ဥပုသ် မစောင့်ဖို့၊ ကျန်းမာလာမှ ဥပုသ်စောင့်ဖို့ အတန်တန် ပြောဆိုနေလေ၏။ အကျွန်ုပ်ကမူ တွန့်ဆုတ်သောစိတ် လုံးဝ မရှိ။ အဘယ်ကြောင့်ဆိုသော် အဓိဋ္ဌာန်ကို တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖျက်ပြီး အန္ဓပုထုဇဉ် တို့၏ အလိုဖြင့် ဇနီး သားသမီးများကို လုပ်ကျွေးဖို့ သက်သက် အသက်ရှင် နေရခြင်းထက် အဓိဋ္ဌာန်ကို မြဲမြံစွာ စွဲကိုင်၍ အသေခံခြင်းက မြတ်သည်ဟု ဆုံးဖြတ်လိုက်လေ၏။ ထိုအခါမှစ၍ မိခွေသက်ကိုလည်း 'နင်တို့ ငါ့အနားကို မလာကြနှင့်၊ ငါ့အသက်ကိုပဲ အသေခံမည်၊ အဓိဋ္ဌာန်ကိုတော့ မဖျက်ဘူး' ဟု ဆုံးဖြတ်ချက်ကို ယတိပြတ် ပြောလိုက်လေ၏။

မိမိ၏ အခြေအနေသည် အင်အား ချည့်နဲ့လျက်ရှိ၏။ မိသက်က ဆရာဝန်ကို အိမ်သို့ ပင့်ပြီး ကုသလေသည်။ ဆရာဝန် ဆေးထိုးသည်မှာလည်း ယခု သုံးရက်ရှိပြီ။ ငှက်ဖျားကတော့ တက်မြဲတက်တုန်း၊ အနည်းငယ်မျှပင် မဆုတ်သေး။ ဆရာဝန် ပေးသော ဆေး တစ်ထွေးကြီးကို သောက်သာ သောက်နေရသည်၊ အကျွန်ုပ် ကိုယ်မှာတော့ ဘာမှ အာနိသင် မရှိ၊ အကြောင်း မထူးချေ။

နောက်ဆုံးတွင် အသေသာ ခံမည်၊ အဓိဋ္ဌာန်ကို မဖျက်ဘူး ဆိုသော နှုတ်ကတိကို ပြုလိုက်သည်မှ နောက်ရက်တွင် ထိုငှက်ဖျား မတက်တော့ချေ။ အကျွန်ုပ်လည်း ကြည်နူးခြင်း ပီတိ အခေါင်အဖျားသို့ ရောက်လေ၏။ မိခွေသက်တို့အား 'သီလ၏ ဂုဏ်သတ္တိ သမာဓိ၏ ဂုဏ်သတ္တိ ဘယ်လောက် ကြီးမားသည်ကို မင်းတို့ မြင်ကြပြီ မဟုတ်လား' ဟု ပြောဆို၍ အနိုင် ယူနိုင်လေတော့၏။ အနိုင်ယူသည် ဆိုသည်မှာ အဓမ္မ ပြုခြင်းကို ဆိုသည် မဟုတ်ပါ။ မိမိ ရပ်တည်ချက် မှန်ကန်ကြောင်းကို သက်သေထူ၍ ၎င်းတို့၏ အယူအဆကို ချေဖျက်ခြင်းကို ဆိုပါသည်။

ဤကား ကိုယ်တွေ့ကို ဆိုခြင်း ဖြစ်ပါ၏။

မဟာဇနကမင်း သရက်ပင် နှစ်ပင်ကို မြင်ပြီး သံဝေဂ ယူ၍ တောထွက်သွားသည်၊ နေကမ္ဘ ပါရမီကို ကျင့်ကြံ အားထုတ်သွားသည်၊ မိမိလည်း ဝတ်ကြောင်ကို စွန့်ပစ်လိုက်ပြီး ရသေ့ရဟန်း အသွင်ကို ယူသွားရလျှင် ကောင်းမည်လားဟု အစတွင် စဉ်းစားလေ၏။

ထိုအခါ အကျွန်ုပ်၏ အတွေးတွင် အမြင် တစ်ခု ဖြစ်ပေါ်လာလေ၏။ ထိုအမြင်သည် ဤသို့ ဖြစ်၏။

ငါသည် လူ့ဘောင်နှင့် ဝတ်ကြောင်ကို စွန့်အပ်ပြီလော၊ ဗုဒ္ဓဝါဒသည် ထွက်ပြေးရေးဝါဒ (**Escapicism**) လား၊ ဗုဒ္ဓဝါဒသည် လောကကို မကောင်းမြင် ဝါဒ (**Pessimism**) လား၊ မဟုတ်ပါချေ။ မိမိသည် လောကီ တာဝန် မကျေဘဲနှင့် လူ့ဘောင်နှင့် ဝတ်ကြောင်ကို စွန့်လျှင် ထွက်ပြေးရေးသမား ဖြစ်သွားပေလိမ့်မည်။ မိမိကြောင့် စိတ်သောကရောက် ကျန်ရစ်မည့် သူများကို ငဲ့ခြင်းတွင် မိမိကိုယ်တိုင် ယုံမှားကင်းဖို့ နောက်ဆံတင်းခြင်း ကင်းဖို့က သာပြီး အရေးကြီးသည်။ သံယောဇဉ်ကို ဖြတ်သည် ဆိုရာဝယ် မဖြတ်နိုင်ဘဲ အတင်း ဖြတ်ခြင်းထက် ပြတ်နိုင်အောင် အသာတကြည် ဖြတ်ခြင်းက ပိုပြီး မကောင်းပေလား။

အကျွန်ုပ် သိပါ၏။ ဇနကမင်းကြီးသည် ထီးနန်း စည်းစိမ်ကို စွန့်၍ တောထွက်ခြင်းမှာ ပြည့်စုံကြောင်း တရားအားလုံး ပြည့်စုံနေပြီ ဖြစ်သောကြောင့် ဘာမှ အခက်အခဲ မရှိ။ သူသည် လောကမှာ မင်းစည်းစိမ်၏

www.burmeseclassic.com



အထွတ်အထိပ်ကိုလည်း ရောက်ပြီးပြီ။ လူ့ဘဝ၌ ကျရောက်သော တာဝန်ဝတ္တရားတွေကိုလည်း မငြင်းဆန်ဘဲ အမှန်တကယ် ဆောင်ရွက်ပြီးပြီ။ တိုင်းပြည်မှာ သူ မရှိ၍လည်း အခက်အခဲ ပြဿနာ မရှိပြီ။ မင်းစည်းစိမ်၏ အချည်းနှီး အဖြစ်ကိုလည်း မြင်ပြီးပြီ။ ထိုသို့ ထီးနန်းစည်းစိမ်ကို စွန့်သွားပြီး နောက်တွင်လည်း လူတို့ ကဲ့ရဲ့ဖွယ် မဖြစ်၊ ချီးမွမ်းဖွယ်သာ ဖြစ်မည်။

မိမိမှာမူ ထိုအခွင့်အရေးတွေ မရှိသေး။ ဘဝ အရေးအခင်းတွေကို ရင်မဆိုင်ရဲလို့၊ တာဝန်တွေကို မယူရဲလို့၊ လူလို သူလို နေနိုင်အောင် မလုပ်တတ်လို့ အရှုံး ပေးပြီး တောထွက်သွားတာ ဟူသော စွပ်စွဲမှု ပုတ်ခတ်မှုမျိုးတွေသည် မိမိထံသို့ မုချ ဆိုက်ရောက်လာပေလိမ့်မည်။ ဤတွင် တချို့က ကောင်းတာ လုပ်တာပဲ၊ တရား အလုပ်လုပ်တာပဲ၊ ကဲ့ရဲ့မှာကို ကြောက်သလားဟု မေးချင်ကြပေလိမ့်မည်။ လောကမှာ ကဲ့ရဲ့ခြင်းကို ကြောက်တတ်ရှက်တတ်သော ဟိရီ ဩတ္တပ္ပ ရှိသူ မဖြစ်လျှင် ထိုသူသည် ပညာမဲ့သူ မိုက်မဲသူ အကန်းသာ ဖြစ်ပေမည်။

တရားအလုပ် လုပ်ရာတွင် မတရား မလုပ်မိဖို့ အရေးကြီးသည်။ ကိုယ်လွတ် ရုန်းခြင်းသည် တရားသလား၊ ဤမေးခွန်းကို ဖြေသင့်သည်။ သိဒ္ဓတ္ထ မင်းသား တောထွက်ခြင်း အတွက် ဘယ်သူ့မှာ ဘာဒုက္ခ ရောက်စရာ ရှိသနည်း။ တစ်နည်း ခေတ်စကားဖြင့် ပြောလျှင် သိဒ္ဓတ္ထ မင်းသားမှာ လည်းကောင်း၊ ဇနက မင်းကြီးမှာ လည်းကောင်း လူမှု စီးပွားရေး ပြဿနာ (**Socio-economic Problem**) ဘာမျှ မရှိ။ တစ်နည်း သူ့အားမှီခိုသူများ အဖို့ သူ မရှိသဖြင့် လူမှု စီးပွားရေး ပြဿနာ ဘာမှ ပေါ်စရာ မရှိ။ စားဝတ်နေရေး ပြေလည်သူများအဖို့ လူ့ဘောင်ကို စွန့်ခွာခြင်းသည် တရားသော်လည်း စားဝတ်နေရေး မပြည့်စုံဘဲနှင့် လောကီ လူ့ဘောင်ကို ဖွတ်ကြီး ပယ်ခွာသွားပါမူကား နေက္ခမ္မကျင့်ရာ ကျပါမည်လား။

ဤကား အကျွန်ုပ်၏ ကိုယ်ပိုင် ခံစားချက်ကို ဆိုခြင်းသာ ဖြစ်ပါ၏။ သူတစ်ပါးကို ရိပ်၍ ဆိုခြင်း မဟုတ်ပါ။ ထို့ပြင် နေက္ခမ္မ၏ အဓိပ္ပာယ်မှာ ရှေးခေတ်ကလို တောထွက်မှ နေက္ခမ္မ ဖြစ်သလား။ ဤအချက်ကိုလည်း အကျွန်ုပ်၏ အတွေ့အကြုံ၌ တစ်မျိုးတစ်မည် ခံစားရလေသည်။ အကျွန်ုပ်သည် အိမ်မှာ နေလျက် နေက္ခမ္မ အကျင့်ကို ကျင့်နိုင် မကျင့်နိုင် မိမိကိုယ်ကို စမ်းသပ်ကြည့်လေသည်။

နဝင်္ဂသီလ အဓိဋ္ဌာန်ဥပုသ်ကို ဆောက်တည်သောအခါမှစ၍ အကျွန်ုပ်သည် စာရေးခြင်း အလုပ်ကိုပင် မည်မည်ရရ မလုပ်တော့။ စီးပွားရေး အတွက် တိုင်းရင်းဆေးဝါးများကို ဖော်စပ်ပေးပြီး အိမ်သူအိမ်သားများကို ရောင်းချ ခိုင်းလေသည်။ ပုံမှန် ဝင်ငွေ တစ်စုံတစ်ရာ ရရှိစေရန် အိမ်တစ်ခြမ်းကို ကုန်တင် ကားဂိတ် အတွက် ငှားထားလေသည်။ ထိုဝင်ငွေသည် မိသားစု စားသုံးနေထိုင်လောက်သည်။ ထို့ထက် ပို၍မူ ချမ်းသာအောင် အကျွန်ုပ် အားမထုတ်ချေ။

နေ့စဉ် ဥပုသ်ကို စောင့်နေရသဖြင့် ညနေတိုင်း ဝတ်ဖြူစင်ကြယ်ကို ဝတ်သည်။ ဝတ်ဖြူစင်ကြယ် ဝတ်ခြင်းမှာ စိတ်သန့်ရှင်း စင်ကြယ်စေရန် ဖြစ်၏။ အစ၌ ညတွင် မိသက်နှင့် တစ်ခြင်ထောင်စီ ခွဲအိပ်သည်။ နောက်ပိုင်းတွင် ဤသို့ ခွဲအိပ်ခြင်းသည် မိမိ၏ စိတ်ကို စိတ်မချသည့် သဘော၊ မနိုင်နင်းသည့် သဘော၊ မပြတ်သည့် သဘော ဖြစ်သည်ဟု ထင်မြင်လာသည်။ ထို့ကြောင့် တစ်ခြင်ထောင်တည်း အိပ်ဖို့ ဆုံးဖြတ်ကာ အိပ်ကြလေသည်။

ဤသို့ အိပ်သောအခါ နှစ်ဦးစလုံး၏ စိတ် သန့်ရှင်းကြောင်း၊ တစ်ဦး အပေါ် တစ်ဦး လေးစားသော စိတ်သာ ရှိပြီး ကိလေသာစိတ် ကင်းရှင်းလျက် ရှိကြောင်း ကိုယ်တွေ့ ကြုံရလေ၏။

အမှန်မှာ နေက္ခမ္မသည် ကာမမှ လည်းကောင်း၊ ဘဝမှ လည်းကောင်း ထွက်ခွာ ကျွတ် လွတ် ခြင်း လက္ခဏာကို ဆိုခြင်းသာ ဖြစ်၏။ စိတ်နှစ်ခွဖြင့် တောထွက်ခြင်းသည် ရဟန်းဘောင်သာ ဝင်သည်၊ အချိန်တန်မိုးဦးကျလျှင် အိမ်ပြန်ပြီး လယ် လုပ်ဦးမှဟု အမျှင်မပြတ်သော စိတ္တဟတ္ထ မထေရ် အဖြစ်မျိုးသာ ဖြစ်ပေလိမ့်မည်။ ကာမ၏ အပြစ် ဘဝ၏ အပြစ်ကို ထင်လင်းစွာ ပြသော ကိစ္စသည်သာ နေက္ခမ္မ ပါရမီ၏ ကိစ္စ ဖြစ်သည်။

ထိုကာမဘဝကိုသာလျှင် မတွေ့လိုမှု မျက်ကွယ်ပြုလိုသော အဖြစ်လျှင် ဉာဏ်မှာ ထင်ခြင်း သဘောကို နေက္ခမ္မ ဆိုသည်။ ကာမဘေး ဘဝဘေးတို့မှ ထိတ်လန့်ခြင်းလျှင် နီးစပ်သော အကြောင်း ဖြစ်တော့သည်။ *

ဤအချက်ကို အကျွန်ုပ် သဘော ပေါက်ပုံမှာ တစ်မျိုး ဖြစ်ပါ၏။ ဝိနယပါရဂူ ဆရာ ဦးထွန်းလှိုင်က

---

* *ဥတ္တမပုရိသ ဒီပနီ၊ စာ ၄*

www.burmeseclassic.com



၎င်း၏ **လူသားတို့၏ ထွက်ရာလမ်း** ကျမ်းတွင်

'အထက်တန်းကျကျ ဈာန်တရား မဂ်တရား ဖိုလ်တရားများကို ရရှိနိုင်ရန်မှာ ကာမဂုဏ် တရားများထဲမှာ နစ်မွန်း မွေ့လျော်နေ၍ မဖြစ်နိုင်ချေ။ အ ကယ် ၍ ရှောင်ခွာ မထွက်နိုင်လျှင်လည်း အဆင်း အသံ အနံ့ အရသာ အတွေ့များကို သာယာ တပ်မက် နှစ်သက်ခြင်း မရှိ၊ ယင်းတို့၌ ငြီးငွေ့ကာ ဝေးဝေးသို့ ပြေးနိုင်ရန် ကြံစည် ဆင်ခြင်နေရမည် ဖြစ်သည်' * ဟု ဆိုလေသည်။

ထိုအချက်ကို အကျွန်ုပ် နှစ်သက်သည့်ပြင် ဤသို့လည်း သဘောပေါက် လေ၏။ တောသို့ ထွက် ထွက်ရသေ့ ရဟန်း အသွင်ကိုပဲ ယူယူ အဆင်း အနံ့ အရသာ အသံ အတွေ့ ဟူသော ကာမဂုဏ် ငါးပါး အာရုံတရားများတွင် ခံစား စံစားလိုစိတ် ပြင်းပြနေလျှင် ထိုအခြင်းအရာသည် နေက္ခမ္မ မဖြစ်နိုင်၊ အိမ်ပေါ်မှာ နေ လုပ်စရာ ရှိသည့် အလုပ်ကို ယောနိသောမနသိကာရဖြင့် အသင့်နှလုံးသွင်း၍ လုပ်၊ မိန်းမနှင့် တစ်ခြင်ထောင်တည်းပဲ အိပ်အိပ် မိမိစိတ်ကို အာရုံငါးပါး ကာမဂုဏ် တရားမှာ တပ်မက်ခြင်း မရှိအောင် ပြုပြင် နေထိုင်နိုင်လျှင် ထိုအခြင်းအရာကို အကျွန်ုပ်၏ စိတ်က နေက္ခမ္မဟု ယူချင်ပါသည်။

အကျွန်ုပ်သည် ဝတ်ကြောင်ကို ပယ်ခြင်း၊ ဝတ်ဖြူကို ဝတ်ခြင်းမှာ အဆင်း၌ တပ်မက်မှု လျော့ပါးရေးကို ကျင့်ခြင်း ဖြစ်ပါ၏။ အကျွန်ုပ်သည် အဓိဋ္ဌာန်သီလ စတင်သည်မှ စ၍ မြင့်သော မြတ်သော မွေ့ရာမှာလည်း မအိပ်တော့။ ဆောင်းရာသီမှာပင် သင်ဖြူး ဖျာဖြင့်သာ အိပ်စက်ခဲ့လေသည်။ အဓိဋ္ဌာန် ပြုစဉ်အခါက ထမင်းသင့်ရုံ ရှိသမျှ ဟင်းကို စုပုံထည့်ပြီး အားလုံးကို ရောမွှေကာ အရသာ မခံဘဲ စားလေသည်။ ထိုအခါကာလမှစ၍ အကျွန်ုပ်သည် ယခင်က ကြိုက်နှစ်သက်သောအားဖြင့် သောက်ခဲ့သော အရက်ကိုလည်း လုံးဝ စွန့်ပစ်လိုက်၏။ ဆေးတံ ဆေးလိပ် သောက်သုံးခြင်းကိုလည်း လုံးဝ ဖြတ်ပယ် လိုက်လေ၏။ ဥပုသ် အဓိဋ္ဌာန် ဝင်စဉ် အခါ ရေဒီယိုကိုပင် နားမထောင်တော့ချေ။

အကျွန်ုပ်သည် 'ဂဟဋ္ဌ ဗြဟ္မာစရိယ' ကို ကျင့်သည်ဟု ဆိုအပ်၏။ နဝင်္ဂသီလသည် မေတ္တာသဟဂတေန မေတ္တာနှင့်တကွ ဖြစ်သော သီလမျိုး ဖြစ်ပေရာ အရသာကို မတပ်မက်ခြင်းငှာ၊ မေတ္တာကို ပွားများနိုင်စေခြင်းငှာ အကျွန်ုပ်သည် သက်သတ်လွတ် ထမင်းဟင်းကိုလည်း (အဓိဋ္ဌာန်ဝင်စဉ်) စားသုံးခဲ့လေသည်။ ဒါန အလို့ငှာ မိမိ တတ်နိုင်သမျှ လမ်းထဲသို့ ကြွလာသမျှသော ဆွမ်းခံရဟန်း သံဃာများကို ဆွမ်းလှူရန်အတွက် ဆွမ်းထမင်း တစ်ချိုင့်ကိုလည်း နံနက်တိုင်း အိမ်ရှေ့တွင် ချထားရန် မိသက်အား ပြောထားခဲ့လေသည်။

ပညာ ပါရမီ အလို့ငှာ သမထ ဝိပဿနာကိုလည်း အားထုတ်လေသည်။ ပညာ ဟူသည် ဟုတ် မှန် သော အတိုင်း သဘောတရားကို ထိုးထွင်း သိမြင်ခြင်း ဖြစ်၏။ ဉာဏ်၏ အရာ အာရုံဓမ္မ သဘာဝကို ထွန်းပြခြင်း ကိစ္စသည် ပညာ၏ ကိစ္စ ဖြစ်၏။ မတွေဝေခြင်းလျှင် ဉာဏ်မှာ ထင်သော သဘော ရှိ၏။ စိတ် တည်ကြည်ခြင်း၊ သမာဓိလျှင် ပညာ၏ နီးစွာသော အကြောင်း ဖြစ်လေသည်။

ပါရမီပေါ်သို့ ရောက် လာ သည် နှင့် ကျောင်းသူကျောင်းသားများကို လပတ် စာမေးပွဲများ စစ်ဆေးခြင်း ခံရသကဲ့သို့ မကြာခဏ အစမ်းခံရလေတော့၏။ အစမ်းခံရခြင်းသည် အရည်အချင်း စစ်မေးခြင်း ဖြစ်၏။ ထိုအတွေ့အကြုံသည် ကျောင်းသားများ အဖို့ စာမေးပွဲတွင် ဘာမေးမည်ကို ကြိုတင် မသိသကဲ့သို့ပင် ဖြစ်၏။ တစ်ခါတစ်ရံတွင် အကျွန်ုပ်သည် မေးခွန်း ပေါက်ကြားခြင်း (Question Out) ကို အလိုရှိသော ကျောင်းသား၏ အဖြစ်မျိုးသို့လည်း ရောက်သွားတတ် ပါ၏။ ထိုအခါ ဆရာသမားများက ထိုကျောင်းသားမျိုးကို ကိုယ့်ကိုယ်ကိုယ် အားမကိုးသော ကျောင်းသားညံ့ အဖြစ်ဖြင့် ကြိမ်းမောင်း သကဲ့သို့လည်း အကြိမ်း အမောင်း ခံရဖူးလေသည်။

ထိုအတွေ့အကြုံသည် စိတ်ဝင်စားဖွယ် ကောင်းသောကြောင့် ဤတွင် ဖော်ပြသင့်သည် ထင်ပါ၏။ ဖော်ပြရမည် ဆိုလျှင် ဤသို့ ဖြစ်လေသည်။

တစ်နေ့သ၌ ညဦးအခါ အကျွန်ုပ်သည် အာနာပါန ကို အားထုတ်နေစဉ် စိတ်က ငါသည် ဤကမ္မဋ္ဌာန်း အလုပ်ကို လုပ်နေသည်၊ အဓိဋ္ဌာန် အလုပ်ကိုလည်း လုပ်နေသည်၊ ငါ့ကိုလည်း ပရလောကမှ ပုဂ္ဂိုလ်တို့က ဝိုင်းဝန်း လမ်းညွှန်၍ စောင့်ရှောက် နေကြသည့် သဘောလည်း ရှိ၏၊ ဤအလုပ်များကို ပြုလုပ်ခြင်းဖြင့် ပါရမီရင့်ကျက်လာမည်ဟု ဆိုသော်လည်း ထိုပါရမီ ရင့်ကျက်ခြင်းကို ငါ ဘယ်သို့ သိရပါမည်နည်း၊ သူတို့သည် ငါ့

---

* *လူသားတို့ ထွက်ရာလမ်း၊ စာ ၄၂*

www.burmeseclassic.com



ကို ဘာကြောင့် ညွှန်ကြား၍ ဟိုခိုင်း သည်ခိုင်း ခိုင်း နေကြသနည်း၊ ပရလောကမှ ထိုပုဂ္ဂိုလ်များနှင့် ငါနှင့် ဘာဆိုင်သနည်း၊ သူတို့သည် အဘယ်ကို အလိုရှိ၍ ငါ့ အား ချုပ်ကိုင်ရန် အားထုတ်သနည်း စသော တောင်စဉ် ရေမရ အတွေးများကို တွေးတော၍ နေလေ၏။

ထိုသို့ တွေးတောစဉ် အခါမှာလည်း မိမိဘာသာ မကျေမနပ် ဖြစ်လျက် နေလေ၏။

သို့သော် ဤကဲ့သို့ ညစ်ညူးသောစိတ် ဖြစ်ပေါ် သည်ကို သတိကပ်မိသည်နှင့် အကျွန်ုပ်သည် အမိဋ္ဌာန် ကမ္မဋ္ဌာန်း ကိစ္စကို ပြီးအောင် အားထုတ်၍ ထိုညတွင် အိပ်စက်ခဲ့ရလေ၏။ နံနက် မိုးသောက်၍ ဆွမ်းခံချိန် ရောက်သော အခါ ဒုတိယ ဆွမ်းခံ ဘုန်းကြီး အရှင် ဣန္ဒာစာရသည် အိမ်ရှေ့ ဧည့်ခန်းတွင် ကောင်းစွာ ထိုင် တော်မူလျက် ဆွမ်းကို ခံယူပြီးနောက် အကျွန်ုပ်အား ရုတ်တရက် မမျှော်လင့်သော အံ့ဖွယ် အမေးကို မေးမြန်း လေတော့၏။

'ဒကာကြီး ဘာတွေ သိချင်နေတာလဲ၊ အနာဂတ်ကို ကြိုပြီးသိလို့ ဒကာကြီးမှာ ဘာအကျိုး ပြီးမယ် ထင်သလဲ၊ အနာဂတ်ကို ကြိုပြီး သိလို့ ဒကာကြီးမှာ ဘာအကျိုးမှ မပြီးဘူး၊ အကျိုး ယုတ်ဖို့သာ အကြောင်း ရှိတယ်၊ ဒကာကြီးရဲ့ သားကို ပညာ သင်တဲ့ အခါ ဒီကလေးက ဒကာကြီးကို ကျွန်တော့်ကို ဒီပညာတွေသင် ဒီစာတွေ ကို ကျက်မှတ်ခိုင်းနေတာ ဘာဖြစ်မှာမို့လဲလို့ မေးရင် ဒကာကြီး ကြိုက်မလား'

'မကြိုက်ပါဘူး ဘုရား'

'ဒီလိုပဲပေါ့၊ အထက် ပုဂ္ဂိုလ်များက ဒကာကြီးကို ခုပညာပါရမီတွေ ရလာအောင်လို့ ပဲ့ပြင် သင်ကြား ဆုံးမနေကြတာ၊ ဒကာကြီးက ဒါတွေ ကျွန်တော့်ကို ဘာလုပ်ဖို့ သင်နေကြတာလဲ၊ ဒါတွေ တတ်တော့ ဘာ ဖြစ်မှာမို့လဲလို့ မေးပြီး ကလန်ကဆန် လုပ်သင့်သလား'

'ကလန်ကဆန် လုပ်တာတော့ မဟုတ်ပါဘူး ဘုရား၊ တပည့်တော်က ဘယ် ကိစ္စမဆို သိချင်တယ် ဘုရား'

'သိလို့ အကျိုး ထူးရင်တော့ ဟုတ်တာပေါ့ ဒကာ ကြီးရဲ့၊ ကြိုသိလို့ လျှို့ဝှက်အပ်တဲ့ ကိစ္စတွေဟာ ပေါက် ကြားပြီး ပျက်စီးသွားနိုင်တာ၊ ဒါလောကမှာ ကိုယ်တွေ့ မျက်မြင် အများပဲ မဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ် ဘုရား'

'ဟုတ်တယ်၊ ဘာမှ ကြို မသိချင်နှင့်၊ ကိုယ်က မကောင်းတာတွေ လုပ်နေတာ မဟုတ်ဘူး၊ ဝိစိကိစ္ဆာ မများနှင့်၊ ကံကို ယုံ၊ ကံက သူ့အချိန်ကျ သူ အကျိုး ပေးမှာပဲ၊ ပဲကြီး ရေစိမ် အချိန်တန် ပွတယ်၊ အဲဒါပဲ မြဲမြဲ မှတ်'

ဆွမ်းခံ ဘုန်းကြီးသည် ယတိပြတ် ထိုစကားများ ကို ပြောဆို ဆုံးမပြီးနောက် ဆတ်ခနဲ ထိုင်ရာမှ ထ၍ ထွက်ခွာ သွားလေတော့၏။ အကျွန်ုပ်လည်း ပါးစပ် အဟောင်းသားဖြင့် အံ့သြ ငေးမောလျက်သာ ကျန်ရစ် လေတော့၏။ ဘုန်းကြီး ထွက်ခွာသွားပြီးနောက် အတန် ကြာမှ 'သြော် ငါ ညဉ့်က တွေးရာလေးပါး စိတ်ကူး သည်များကို ဤဘုန်းကြီး သိ၍ လာရောက် ဆုံးမသွား လေသလား' ဟု စဉ်းစား မိလေတော့သည်။ အကယ်၍ ဤအဖြစ်သနစ်ကို တိုက်ဆိုင်မှုဟု ဆိုလျှင်လည်း ဤ တိုက်ဆိုင်မှုကား ထူးခြားသော တိုက်ဆိုင်မှု တစ်ခုသာ ဖြစ်ကြောင်းကို အကျွန်ုပ်၏ ဘဝဝယ် မှတ်တမ်း တင် သင့်သည်ဟု ထင်ပါ၏။

ပညာသည် ယထာသဘာဝ ပဋိဝေဓ လက္ခဏာ ရှိသည်ဟု ကျမ်းဂန်မှာ ပြပါသည်။ ထိုသဘောသည် ဟုတ်မှန်တိုင်းသော သဘော (အမှန်ကို အမှန် အတိုင်း) ကို ထိုးထွင်း၍ သိမြင်ခြင်း လက္ခဏာပင် ဖြစ်၏။

လောက အတွေ့အကြုံများတွင် အမှန်ကို အမှန် အတိုင်း ထိုးထွင်း သိမြင်ရေးသည် အလွန်ပင် ခက်ခဲ လှပါ၏။ သိပ္ပံပညာသည် ယထာသဘာဝ ဉာဏ်ရဖို့ကို အားထုတ်နေရသည် မဟုတ်ပါလား။ သဘာဝ၏ ဟုတ် တိုင်းမှန်ရာ သဘောကို ထိုးထွင်း သိမြင်ရန် ဒဿန ပညာရှင်တို့သည်လည်း အပြင်းအထန် အားထုတ် နေ ရသည် မဟုတ်ပါလား။

အမှန်ကို အမှန်အတိုင်း သိခြင်းသည် လူသားတို့ အဖို့ လွတ်မြောက်မှု အတွက် လမ်းစကို ရခြင်းလည်း ဖြစ်သည်ဟု ဆိုသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြဿနာ တစ်စုံတစ်ခုနှင့် ဆုံကြုံ ရင်ဆိုင်ရလေတိုင်း ထိုပြဿနာ ဖြစ်ရသည့် အကြောင်းမှန်ကို သိသော သူ သည် ထိုပြဿနာမှ လွတ်မြောက်ရေးကို ရနိုင်သူ ဖြစ် တတ်ပေ၏။

ဥပမာ အနာရောဂါ ကျရောက်သည့် အကြောင်း မှန်ကို သိလျှင် 'အနာသိက ဆေး ရှိသည်' ဖြစ်၍ ထို အနာမှ ကင်းပျောက်ခွင့်ကို ထိုအခါ ထိုသူ ရရှိတတ် လေ၏။ ဤသဘောသည် ပြဿနာတိုင်းတွင် ရှိသော သဘော ဖြစ်ပါ၏။ ဆင်းရဲ ကြုံလျှင် ဆင်းရဲ ကြုံရသည့်

www.burmeseclassic.com



အကြောင်း ငုပ်နေတတ်၏။ အမှုအခင်း ဖြစ်လျှင် အမှုအခင်း ဖြစ်ရသည့် အကြောင်းသည် ငုပ်နေတတ်၏။ ထိုငုပ်နေသော အကြောင်းကို ထိုးထွင်း သိမြင်မှု အတွက် အနည်းနည်း ကြိုးစားကြရ၏။

အနာ ရောဂါ ကိစ္စတွင် အနာ သိဖို့ အနာ ဖြစ်ရခြင်း အကြောင်းကို သိဖို့သည် ပထမ အရေးကြီးသည်။ ထို့နောက် ထိုအနာနှင့် သင့်သောဆေး၊ အနာကို ပျောက်စေတတ်သော ဆေးကို သိမှုသည် ဒုတိယ အရေးကြီးသည်။ အနာလည်း သိပြီ၊ ဆေးလည်း သိပြီ၊ ထိုအခါ ကုထုံးသိမှုသည် အရေးကြီးပြန်လေ၏။ ဤအခြင်းအရာ အားလုံးသည် ဉာဏ်ပညာ၏ အခြင်းအရာ အမှု ကိစ္စများချည်းသာ ဖြစ်ကြပါကုန်၏။

ပညာသည် အရေးအခင်း ကြုံလာသော အခါ ချွန်းကဲ့သို့ ထိန်းချုပ် အုပ်စီးတတ်သော သဘောလည်း ရှိပေ၏။ အကျွန်ုပ်သည် ပါရမီလမ်းမှာ လျှောက်သော အစကပင် အခါအားလျော်စွာ ပညာကိုလည်း အစမ်းခံရတတ်ပါသည်။ အစမ်း ခံရပုံ တစ်ခုလောက်ကိုသာ ဤတွင် တင်ပြပါမည်။

တစ်နေ့သ၌ အကျွန်ုပ်သည် ရန်ကုန် တစ်ဖက်ကမ်း ဇောင်းတော်ချုပ်သို့ ဆရာတော်ကြီးအား ဖူးမြင်ရန် သွားလေ၏။ ညနေပိုင်း ဆရာတော်ထံမှ ပြန်လာသော အခါ အိမ်ပေါ်တွင် တင်ထားသော ဒေါ့ဒတ်ချ် ဆလွန်းကားကြီးထဲတွင် အ ငယ် ဆုံး သမီးလေး ယာယာကို အကြီး နှစ်ယောက်က ကားတံခါး ပိတ်ပြီး ကားကို သော့ချက် ချထားကြလေသည်။ သော့တွဲမှာလည်း ကားစက်ခလုတ်ခုံပေါ်တွင် ရောက်ရှိနေလေရာ ကားတံခါးမှာ လုံးဝ ဖွင့်၍ မရဘဲ ရှိလေတော့၏။ အတွင်းသို့ ရောက်ရှိနေသော ကလေးမှာလည်း ချွေး ပြန် လျက် ချိုချို စို့မည်ဟု သူ့မိခင်ကို လှမ်းပြော၍ ငိုနေလေ၏။ မိခင် ဖြစ်သူမှာ ကားတံခါးကိုလည်း ဖွင့်၍ မရ၊ အတွင်းက ကလေးကိုလည်း သနားရကား ကားကို ပတ်ချာလှည့်၍ ဆောက်တည်ရာ မရ ငိုကြွေးနေလေတော့၏။

ထိုအချိန်တွင် အကျွန်ုပ်သည် အိမ်သို့ ပြန်ရောက်လာရာ ထိုအဖြစ်သနစ်နှင့် ကြုံရလေ၏။ ယခုအချိန်တွင် ကား အတွင်းသို့ ရောက်နေသော ကလေးကို ထုတ်ယူရန်မှာ ကားသော့ကို ဖျက်ပစ်ရမည်။ သို့မဟုတ်ပါက ကားမှန်ကိုသော်လည်း ခွဲပစ် ရပေတော့မည်။ ကားမှာလည်း ထိုစဉ်အခါက အမြင့်ဆုံး ဈေးပေးပြီး သံရုံးကျ ကားကို ဝယ်ထားခြင်း ဖြစ်ပေရာ ကားတံခါး မှန်များကို ဖျက်ဆီးရေး ကိစ္စသည် အလွန် ဝန်လေးလှသော ကိစ္စ ဖြစ်လျက် နေလေတော့၏။ ကလေး၏ မိခင်ကလည်း ငိုကြီးချက်မ ဖြစ်လျက် နေလေရာ အကျွန်ုပ်လည်း ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်ရသဖြင့် သူ့ကို တိတ်တိတ်နေရန် အော်ငေါက် လိုက်ရလေ၏။

နောက်ပြီးမှ ကားရှေ့မှန်နှင့် ဘေးမှန် အစပ်တွင် ရှိသော သုံးထောင့်မှန် နားရွက်ကလေးကို ဖဲထီး သံချောင်းဖြင့် ကလော်၍ မှန်ချပ်ကလေး၏ ချက်ကို ဖွင့်သော် ရတန်ရာ၏ အောက်မေ့ကာ တစ်စုံတစ်ဦးအား သော့ပြင်ကုလားကို ခေါ်ရန် စေခိုင်းလေ၏။

ထိုအချိန်တွင် တပည့်ဖြစ်သူ မောင်သန်းဦးသည် သော့ပြင်သူကို ခေါ်၍ လာလေရာ ထိုသူ ယူလာသော သော့တွဲမှ ဖဲထီးသံချောင်းကလေးဖြင့် အကျွန်ုပ်လည်း ထိုနားရွက် တံခါးကလေးကို ကလော်၍ ဖွင့်လိုက်လေတော့၏။ တံခါးငယ် ပွင့်သွားသောအခါ အတွင်းမှ သော့တွဲကို လက်ထိုး လှမ်းယူ၍ ရလေ၏။ ကား တံခါးကြီးလည်း မိနစ်ပိုင်း အတွင်းမှာ ပွင့်ကာ ကလေးငယ်ကို ထုတ်ယူ ရရှိ ခဲ့ဖူးလေသည်။

ဤကား ပညာဦးစီး လိုက်သည်နှင့် မတွေဝေခြင်း သဘောလည်း ဉာဏ်မှာ ထင်ရှားကာ တည်ကြည်သော စိတ်ဖြင့် အမှုကိစ္စကို ရင်ဆိုင် ဖြေရှင်းနိုင်သော သဘော ဖြစ်သည်ဟု ဆိုသင့်သည် ထင်ပါသည်။

ပါရမီလမ်းသွား ပုဂ္ဂိုလ်သည် ဝီရိယကိုလည်း အဆောက်အအုံ ဖြစ်အောင် အားထုတ်ကြရပါ၏။ ဝီရိယကား လူတိုင်း နားလည်သော သဘော ဖြစ်၏။ အားသစ်ကြိုးပမ်းခြင်း လက္ခဏာ ရှိ၏။ ထိုဝီရိယသည် စိတ်ဓာတ် မကျအောင် စိတ်ကို မလျော့မရဲ ခိုင်မြဲ တင်းရင်းအောင် ထောက်ပံ့ခြင်း ကိစ္စ ရှိ၏။ မတွန့်မဆုတ်ခြင်း သဘောသည် ဉာဏ်မှာ ထင်၏။ ဇာတိ ဇရာ မရဏကို တွေးမိတိုင်း ဘဝဝဋ် အမှုမဲ့ အမှတ်မဲ့ မနေလို နှလုံးတုန်ခြင်း သဘောသည် နီးစပ်စွာ ဖြစ်တတ်သော အကြောင်း ဖြစ်လေ၏။

ကံနှင့် ဉာဏ်၏ ပြီးမြောက်ခြင်းကို ဝီရိယက ဆောင်တတ်သည်ကို လူတိုင်းသိ ဖြစ်၍ အထူး ပြောဆိုရန် မလိုတော့ဟု ယူဆပါ၏။

ပါရမီ အရာတွင် လွယ်မယောင်ခက် တိမ်မယောင်နက်သည့် သဘောသည် ခန္တီ ပါရမီ ဖြစ်လေ၏။ ထိုခန္တီမှာ နှလုံး ခိုင်ခံ့ခြင်း သဘော လက္ခဏာ ရှိသည်။ လောက ဓလေ့ ကြိုက်ကြုံတွေ့လည်း မရွှေ့ မယိုင်

www.burmeseclassic.com



သည်းခံနိုင်ခြင်း ကိစ္စ ရှိ၏။ 'သူတစ်ပါးတို့ ကျူးကျူး လွန်လွန် တာဝန်ပြစ်ဖို့ ပြုသည်တို့ကို သူသို့တစ်ဖန် အမျက်မာန်ဖြင့် လှန်ပြန်မရှိ သည်းခံချီခြင်း' လျှင် ဉာဏ်မှာ ထင်သော အခြင်းအရာ ရှိ၏။ ဟုတ်တိုင်း မှန်စွာ ဓမ္မတာ သဘောကို မြင်နိုင်သော ဉာဏ်လျှင် နီးစွာသော အကြောင်း ရှိလေ၏။

အကျွန်ုပ်သည် ပါရမီလမ်းတွင် အခက်ခဲဆုံး ကျင့်ကြံ ဖြည့်ဆည်းရသော ပါရမီသည် ခန္တီ ဖြစ်သည် ကို အတွေ့အကြုံများ အရ သိရှိရဖူးပါ၏။ သို့ရာတွင် ခန္တီ ဖြစ်ပေါ်ဖို့ အတွက် လိုအပ်သော ဉာဏ်အခြေခံများ နှင့် ရှေးဦး ပြုကျင့်အပ်သည့် အကျင့်များ ရှိသေးသည် ဆိုသော အချက်ကို အကျွန်ုပ်သည် ရှေးက မသိခဲ့ သေးချေ။ ထိုအချက်ကို အကျွန်ုပ် သိလာရပုံ အတွေ့ အကြုံ အဖြစ်အပျက်မှာလည်း ထူးခြားသည်ဟု ယူဆ သဖြင့် ဤတွင် တင်ပြချင်ပါသည်။

ထူးခြားသည် ဆိုရခြင်း အကြောင်းမှာ ဤသို့ ဖြစ်ပါ၏။

တစ်နေ့သ၌ အကျွန်ုပ်သည် မိသက် အပေါ်တွင် အကြောင်း တစ်ခုကြောင့် မကျေမနပ် ဖြစ် လေ ၏။ မိသက်ကား ဗုဒ္ဓဟူး သမီး ဖြစ်၏။ ဟောဟောဒိုင်းဒိုင်း ဒေါသ ဖြစ်တတ်၏။ ဖြစ်ပြီးလျှင်လည်း ချက်ချင်း ပြီး ပြေ သွားတတ်သည်။ အကျွန်ုပ်မူကား တနင်္ဂနွေသား ဖြစ်၏။ ဒေါသကို အပြင်သို့ ထုတ်ပြလေ့ မရှိ။ အတွင်း မှာ မျိုသိပ် သိုဝှက်တတ်၏။ ဒေါသ ဖြစ်မှန်းမသိ ဖြစ် သော ဒေါသသည်လည်း အချိန် ကြာသည်နှင့် အမျှ ကြီးထွားလာတတ်၏။ တော်တော်နှင့်လည်း ပြေပျောက် ခဲ၏။ အချိန် ကြာမြင့်စွာ စိတ်ကောက်နေတတ်သော သဘောမျိုးလည်း ရှိလေသည်။

ထိုအချိန်တွင် အကျွန်ုပ်သည် ရက်ရှည် ဥပုသ် အဓိဋ္ဌာန်ကို ပြုလျက် ရှိ၏။ နဝင်္ဂသီလ ဖြည့်ကျင့်စဉ် အခါဖြစ်၍ ထိုသီလကို မေတ္တာဖြင့် ထုံမွမ်း ထားရလေ ၏။ ကမ္မဋ္ဌာန်း ဘာဝနာကို အားထုတ်ပြီးနောက် အကျွန်ုပ် သည် သဗ္ဗေသတ္တာ အဝေယျာ ဟောန္တု အစရှိသော ဂါထာဖြင့် သတ္တဝါတို့အား မေတ္တာပို့လေ၏။

အမှန်မှာ မိမိသည် ဒေါသ ဖြစ်လျက် ရှိ၏။ စိတ် ကြည်လင်ခြင်းလည်း မရှိ။ သို့သော် အဓိဋ္ဌာန် ဖြစ်သော ကြောင့် စိတ်မပါဘဲနှင့် မလုပ်မဖြစ်သည့် သဘောဖြင့် ကြိတ်မှိတ်၍ လုပ်ဆောင် နေရလေ၏။

ပစ္စည်း ပို့လျှင် ပစ္စည်း ရှိရမည်၊ မေတ္တာ ပို့လျှင် မေတ္တာ ရှိရမည်။ ယခု ငါ၏ ရင်ထဲတွင် မေတ္တာ မရှိ၊ ဒေါသသာ ရှိကြောင်းမှာ ထင်ရှားလှပါသည်။ ထိုအခါမှ ဒေါသနှင့် မေတ္တာ၏ ပဋိပက္ခ သဘောသည် ထင်းခနဲ လင်းခနဲ ဉာဏ်မှာ ပေါ်သည်။ သို့သော် မေတ္တာသည် ဘယ်သို့သော သဘော ရှိသနည်း၊ ခံစားကြည့်သည်၊ ခံစား၍ မရ။ ပူသော ဒေါသကသာ ရင် တစ်ခွင်ပြင် လုံးကို လွှမ်းမိုး၍ နေလေတော့သည်။

အကျွန်ုပ်လည်း မိမိကိုယ်ကို သုံးသပ်ပါသည်။ အမှန်ပင် မိမိသည် ငါကောင်ကို ဖက်တွယ်လျက် ရှိသည်။ စာထဲမှာ သိခဲ့သော အသိသည် ခန္ဓာပေါ်မှာ မရှိ။ ခန္ဓာကို ဉာဏ်ချသွင်း၍ ရှု ဆိုသော ဆုံးမစကားသည် နားမှာ စွဲသွားပါသည်။ အကျွန်ုပ်လည်း ထိုအခါမှ စ၍ ခန္ဓာ ငါးပါး ရုပ်နာမ်တရားများ၊ အာယတနဓာတ် သစ္စာကို မြင်အောင် အားထုတ်ပါသည်။

ရုပ်တို့၏ မမြဲသော သဘော၊ ဖောက်ပြန်သော သဘော၊ ဆင်းရဲသော သဘော၊ အစိုးမရသော သဘော တို့သည် ဉာဏ်မှာ ထင်လင်းလာသည်နှင့် အမျှ ထိုအရာ တို့ကို စွဲလမ်းနေခြင်း၏ အမှား၊ စွပ်စွဲသော ပုတ်ခတ် သော ပြစ်တင်သော ကဲ့ရဲ့သော ရှုတ်ချသော အသံတို့ကို စွဲလမ်းနေခြင်း၏ အမှားများကို မြင်လာလေ၏။

အသံတို့သည် ဖြစ်ပြီး ပျက်သွား ပျောက်သွား ကြပြီပဲ။ ဖြစ်စဉ်ကသာ ကြားလိုက်ရပြီးနောက် ချက်ချင်း ပျောက်ကွယ်သွားသော အသံကို သူ့သဘော အတိုင်း နှလုံး မထားဘဲ အဘယ်ကြောင့် သိမ်းဆည်းပြီး စွဲလမ်း နေရမည်နည်း။ အသံသည် ကြားကာမတ္တမျှသာ ဖြစ် ၏။ ထိုအာရုံကို မိမိက သိမ်းဆည်းထားသည်မှာ မိမိ၏ အမှားသာ ဖြစ်၏။

အဘယ်ကြောင့် ထိုအာရုံတွေ ကာမဂုဏ်တွေကို သိမ်းဆည်း နေပါသနည်း။ မရှိသည်ကို အရှိတရားဟု အထင်မှား အမြင်မှား ဖြစ်၍ သိမ်းဆည်း နေခြင်းသာ ဖြစ်၏။ အဘယ်ကြောင့် အထင်မှား အမြင်မှား ဖြစ် သနည်း။ မိမိ၏ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ငါဟု ယူမှတ်သောကြောင့် ဖြစ်၏။ ထို ငါကြောင့် မာန်တက် ခြင်းသည် ဖြစ်၏။ ငါကဲ့သို့သော သူကို ဤသို့ ဆိုရ သလား၊ ဤသို့ ဆက်ဆံရ သလားဟု မာန်တက်ခြင်း သည် ဖြစ်၏။ ထိုမာန်တက်ခြင်းကြောင့် အသင့် နှလုံး သွင်းခြင်းကို မပြုနိုင်။ အသင့် နှလုံးသွင်းခြင်းကို မပြု နိုင်သောကြောင့် မြင်သည်ကို မြင်ကာမတ္တ ကြားသည် ကို ကြားကာမတ္တမျှ မထားဘဲ ခံစား၏။ ခံစားသော

www.burmeseclassic.com



ကြောင့် ဓွဲလမ်း၏။ ထိုစွဲလမ်းမှုက ဒေါမနဿ သော မနဿကို ဖြစ်စေ၏။ ချစ်ခြင်း မုန်းခြင်းသည် ဖြစ်၏။

ယခုမှပင် ခန္ဓာကို ဖြစ်စေရန် မာန်ကို ချရမည်၊ မာန်ကို ချဖို့အတွက် အသင့် နှလုံးသွင်းနိုင်ရမည်၊ ဒေါသကို ပယ်နိုင်ရမည်၊ ဒေါသကို ပယ်နိုင်ရန်မှာ ရုပ်နာမ်ဓမ္မကို ဆင်ခြင်နိုင်မှုပေါ်မှာ တည်လေတော့၏။

တရားသည် စာထဲမှာ မရှိ၊ ကိုယ်မှာ ရှိသည်ကို အကျွန်ုပ်သည် ကိုယ်တွေ့အားဖြင့် နားလည်ရပြီ ဖြစ်လေတော့၏။ ထိုအခါ အရေးအခင်း ကြုံလာတိုင်း ထိုအရေးအခင်း၏ အနိစ္စ လက္ခဏာကို ထင်အောင် ကြည့်ပါသည်။ ထိုအရေးအခင်း၏ ဒုက္ခ လက္ခဏာနှင့် ထိုအရေးအခင်း၏ အနတ္တ လက္ခဏာကိုလည်း ထင်အောင် ကြည့်ပါ၏။ မိမိကိုယ်သို့ အချစ် အမုန်းတို့ ပုတ်ခတ် မလာနိုင်အောင်လည်း အပြင်က အရာတွေကို အထဲသို့ မသွင်းမိဖို့ကို လည်းကောင်း၊ အတွင်းက အရာတွေကို အပြင်သို့ မထုတ်မိဖို့ကို လည်းကောင်း သတိဖြင့် ထိန်းချုပ်ခြင်း၌ အလေ့အကျင့် ရအောင်လည်း အားထုတ်ခဲ့လေတော့၏။ ဤသို့ အပြင်မှ ပုတ်ခတ်မှုများကို အ တွင်း က လက်ခံပြီး ဒေါသ အမျက် ထွက်သော အဖြစ်သို့ ရောက်ခြင်း၊ အတွင်းမှ ဒေါသကို အပြင်သို့ ထုတ်ပြီး ပတ်ဝန်းကျင်ကို ထိခိုက်သော အဖြစ်သို့ ရောက်ခြင်းတို့မှ ကာကွယ်ရန် နှလုံးသွင်း မှန်အောင် ကျင့်ကြံ အားထုတ်စဉ် ထိုခန္ဓာကို အရည်အချင်း စစ်ဆေးရေး အတွက် အစမ်းခံရပြန်လေ၏။

အစမ်းခံရပုံမှာ ဤသို့ ဖြစ်လေ၏။

တစ်ညဉ့်သ၌ မိသက်သည် အိပ်ရာပေါ်တွင် ဝေါက်ခနဲ ထထိုင်ပြီးလျှင် အကျွန်ုပ်အား အပြစ် ရှာ၍ ရန်စကား ပြောလေတော့၏။ အကျွန်ုပ်လည်း ထိုမိန်းမနှင့် စကား ဖက်ပြီး ပြောနေလျှင် မိမိ၏ သီလကို ထိခိုက်လိမ့်မည်ဟု အမှတ်ထားလျက် မသိကျိုးကျွန် ပြုနေလိုက်လေ၏။ ဤကဲ့သို့ သူပြောသမျှ သည်းခံကာ နှုတ်ပိတ်နေသည်ကို သူ့စိတ်မှာ ဘယ်ပုံ ခံစားရသည် မသိ၊ တစ်သက် တစ်ခါမျှပင် မပြောမဆိုဖူးသော စကားတို့ဖြင့် ပြောဆိုရုံမျှမက ရန့်ရင်း ကြမ်းတမ်းသော စကားများဖြင့် ဆဲဆို ကြိမ်းမောင်း လေတော့၏။

မိသက်၏ အမနာပ ပြောဆိုနေသော စကားများသည် အမှန်တကယ် ပုထုဇဉ် စိတ်ဖြင့် စဉ်းစားပါက လင်သား တစ်ဦး အနေဖြင့် သည်းခံနိုင်ဖွယ် မရှိ။ ဤသို့ ပြောဆိုသည်ကို မတုံ့ပြန်ဘဲ ငုံ့ခံလိုက်လျှင် ထိုမိန်းမသည် နောင်တွင် ဤမျှမက ရောင့်တက်ပေတော့မည်။ ဤကား အသင့်ယုတ္တိနည်းဖြင့် စဉ်းစားခြင်း ဖြစ်လေသည်။

အ ကျွန်ုပ် လည်း ရုတ်တရက်မှု ဒေါသ မဖြစ်မဟုတ်၊ ဒေါသကား ဖြစ်သည်သာ၊ သို့သော် သီလ ရှိသည် ဆိုသော အသိက ထိုဒေါသကို ဉာဏ်ဖြင့် ထိန်းသိမ်း ချုပ်တည်းစေလိုက်လေ၏။ ဒေါသကြောင့် နှလုံးပူပင် သွားသည်လည်း အမှန်ပင် ဖြစ်၏။ တစ်လုံးပြီး တစ်လုံး ပစ်သွင်းနေသော သူ၏ စကားလုံးများကလည်း တရစပ် နားထဲသို့ ခုန်ဝင်နေကြ လေ၏။ ထိုအသံကို ကြားရတိုင်းမှာလည်း နှလုံး ဆတ်ဆတ် တုန်လေ၏။ ပထမသော် စိတ်ထဲက ပါးနား ရိုက်ပစ်လိုက်ရ ကောင်းမလားဟု ကြံစည်မိပါ၏။ ဤတွင် မနောကံဖြင့် ဒုစရိုက်ကို ပြုမိပြီဟု ချက်ချင်း သိလိုက်သလို ထိုအသိသည် လိပ်ပြာ မသန့်သော ခံစားချက်ပါ ဖြစ်စေလေသည်။

'အို ငါ့သီလကို ငါဟာ အသက် သေရေးရှင်ရေးကိစ္စမှာတောင် အညစ်နွမ်း မခံခဲ့ဘူး၊ ဘာဖြစ်လို့ သူ့ကို စိတ်နှင့် ငါ ပြစ်မှား နေရသလဲ၊ မြတ်စွာဘုရား လက်ထက်တော် အခါက ပုဏ္ဏား တစ်ဦး မြတ်စွာဘုရားကို ဆဲဆိုဖူးတယ်၊ ဒါကို မြတ်စွာဘုရားက အပြုံး မပျက် တုံ့ပြန်ခဲ့ဖူးတယ်၊ ပုဏ္ဏားက အရှင် ဂေါတမ သင့်ကို ငါ ဆဲတာ သင့် မျက်နှာတောင် မပျက်ဘူး၊ ကြည်လင်မြဲကြည်လင်နေတယ်၊ ဘာကြောင့်လဲလို့ မေးတယ်၊ ဒါကို မြတ်စွာဘုရားက အသင်ပုဏ္ဏား၊ သင့်ကို ငါ မေးစမ်းမယ်၊ သင် ဖြေချင်သလိုသာ ဖြေ ဆိုပြီး မေးတယ်၊ သင် အဆွေအမျိုးတွေကို တစ်စုံတစ်ခု ပေးကမ်းဖူးသလား၊ ပေးကမ်းဖူးပါတယ်၊ ပေးကမ်းတိုင်း သင့်ဆွေမျိုးတွေက လက်ခံသလား၊ လက်ခံတဲ့ အခါလည်း ရှိ လက်မခံတဲ့အခါလည်း ရှိပါတယ်၊ ကောင်းပြီ လက်မခံတဲ့ အခါ သင်ပေးတဲ့ ပစ္စည်းဟာ ဘယ်သူ့ လက်ထဲမှာ ရှိနေသလဲ၊ အကျွန်ုပ် လက်ထဲမှာပဲ ရှိနေပါတယ်၊ ဒီအတိုင်းပဲ ပုဏ္ဏား၊ ယခု သင် ဆဲဆိုတဲ့ စကားတွေကို ငါက လက်မခံဘူး၊ ဒီတော့ ဒီစကားတွေဟာ သင့်ထံမှာ သင့် နှုတ်တွင်းမှာပဲ ရှိနေတာပေါ့၊ ငါ့ထံကို မရောက်ပေဘူးလို့ ဖြေတာ ကျမ်းဂန်မှာ ဖတ်ရဖူးတယ်'

ထို အတွေးသည် အကျွန်ုပ်၏ မှတ်ဉာဏ်တွင်းမှာ ရုတ်ခြည်း ပေါ်လာလေ၏။ အကျွန်ုပ်လည်း ရုတ်တရက် ဖြစ်ပေါ်သော ဒေါသကို သိမ်းဆည်း ခြေဖျက်ပစ်လိုက်လေ၏။ မိသက်လည်း မောလောက်သောအခါ ရပ်လိုက်လေ၏။ သူ့ အမူအရာကို အကဲခတ်ကြည့်တော့ သာမန်

www.burmeseclassic.com



အမူအရာမျိုး မဟုတ်၊ တစ်စုံတစ်ခုသော မကောင်းဆိုးဝါး ကပ်ငြိပြီး အကျွန်ုပ်အား မနောစမ်းသည့် သဘောဖြင့် ပြောသည်နှင့် တူသည်ဟု အောက်မေ့စရာ အခြေအနေ (အမူအရာ) မျိုး ဖြစ်နေလေ၏။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ထိုသို့ တွေးယူ လိုက်ခြင်းသည် မိမိ အဖို့ သက်သာသည်ဟုလည်း သဘော ထားလိုက်ပါ၏။ အကျွန်ုပ် ထိုသို့ သဘော ထားလိုက်ခြင်းသည် မိမိကိုယ်ကို အကောင်းဘက်သို့ လှည့်တွေးခြင်း ဖြစ်၍ မှားသည်ဟု ဆိုနိုင်ပါမည်လား။

ခန္တီ အလုပ်ကား ခက်ခဲလှသော အလုပ်ဖြစ်သည်ဟု ဆိုချင်ပါ၏။ အဘယ်ကြောင့် ဆိုသော် အကျွန်ုပ် ကျင့်ကြံ အားထုတ်ခဲ့ရသော ပါရမီလမ်းတွင် အများဆုံး အစမ်းခံရသော ပါရမီ အလုပ်သည် ခန္တီပါရမီပင် ဖြစ်လေသည်။

တစ်ညနေ ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်လျက် ဥပုသ်သီလ စောင့်လျက်နေစဉ် စာရေးဆရာ သုတေသီ မြင့်ထွန်းသည် ဒယီးဒယိုင် သူ့ကိုယ်သူပင် မသယ်ပိုးနိုင်အောင် ယစ်မူး၍ လာလေ၏။ အကျွန်ုပ်ကို မြင်လျှင် သူ့လွယ်အိတ် အတွင်း ဆောင်ယူလာသော တစ်ပေခန့်ရှိ ဓားမြှောင် တစ်လက်ကို ထုတ်ယူလျက် အကျွန်ုပ်ကို ချိန်ရွယ်ပြီးလျှင်

'လာလေ စမ်းကြည့်ရအောင်၊ ခင်ဗျားက ဥပုသ်စောင့်တယ်၊ ကျွန်တော်က အရက် သောက်တယ်၊ ပြိုင်ခုတ် ကြည့်ရအောင်၊ ဘယ်သူက ပိုစွမ်းသလဲ၊ တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်မယ်လေ၊ ဟောဒီမှာ တွေ့လား' ဆိုပြီး သူ့ကိုယ်တွင် ရစ်သိုင်းထားသော ချည်မန်းကွင်းကို ပြလေ၏။

ထိုချည်မန်းကြောင့် သူ့ကိုယ်သူ တုတ်ဓား ပြီးသည်ဟု အထင်ရှိ၍ အကျွန်ုပ်ကို လာစမ်းခြင်း ဖြစ်လေ၏။

ဤအဖြစ်သည် သာမန်လူ အဖို့ ဒေါသဖြစ်ဖွယ်ကောင်းသော၊ စော်ကားခံရသော အဖြစ်ဟု ယူဆဖွယ်ဖြစ်သော်လည်း မိမိကမူ သတိရှိလိုက် လေသည်။ 'သူငါ့ကို လာစမ်းပြန်ပြီ၊ ငါ၏ ခန္တီကို အစမ်း ခံရပြန်ပြီ' ဟု ကောင်းစွာ အောက်မေ့လျက် သူ့ကို ချော့ပြီး ပြန်လွှတ်ရလေတော့၏။

မကြာမီ မြန်မာပြည် အနှံ့ ဘုရားဖူးထွက်ရန် ကိစ္စပေါ်ပြန်၏။ ခါတိုင်းဆိုလျှင် မိမိက စရိတ်ခံ၍ ခုနစ်နေ့ ခုနစ်ခံ သားသမီးများကို အခြွေအရံထား၍ ဂန္ဓာရီ ခရီးသွားခဲ့ရာမှ ယခုတစ်ကြိမ်တွင် သူများစရိတ်ဖြင့် မိမိက သွားရမည်၊ ပရိသတ် ကြီးကြီးမားမားဖြင့် သွားရမည်ဟု ဆိုပြန်လေ၏။ အကျွန်ုပ်လည်း ဘုရားဖူး သွားရန် သတင်းစာမှ ကြော်ငြာလိုက်ရာ ဘီအမ်ဟီးနိုး လေး ငါးစီးစာ ပရိသတ်ကို ရရှိလေတော့၏။ ချက်ချင်းပင် လက်ထဲမှာ ငွေရှစ်သောင်းကျော် ရရှိလေရာ 'ငါ့ကို ဝိဇ္ဇာတွေက မ ပြီလား မသိ' ဟု ထင်မိထင်ရာ တွေးကြံမိလေတော့၏။

ဘုရားဖူးကား ငါးစီးစာ လူပရိသတ်မှာ နှစ်ရာခန့်ရှိလေရာ ထိုပရိသတ် အတွက် စားသောက်ရေး၊ တည်းခိုရေး၊ ရေချိုးရေး၊ ကျန်းမာရေး ကိစ္စ အဝဝကို စီမံရလေ၏။ ပရိသတ်မှာ ဘုရားဖူး ပရိသတ် ဆိုသောကြောင့် သူတော်ကောင်းစိတ် ရှိသူများချည်း ပါကြလိမ့်မည်ဟု မိမိစိတ်မှာ အောက်မေ့ ကြည်နူးမိလေ၏။ ထို ကြည်နူးမှုသည် ဘုရားဖူးကားများ ခရီး စတင်ချိန်မှစ၍ အကြီးအကျယ် မှားယွင်းကြောင်း သိရလေ၏။ အဘယ်ကြောင့် ဆိုသော် ဘုရားဖူးကားပေါ်မှာ လူယုတ်မာတွေ၊ မှောင်ခိုကုန်သည်တွေလည်း ပါလာသည်ကို တွေ့ရလေ၏။ သူတို့သည် ဘုရားဖူး ခရီးကို အပျော်သဘော စီးပွားရေး တွက်ကိန်း သဘောဖြင့် သွားကြပေရာ ဘယ်လိုပင် ပြုစုသော်လည်း စိတ်တိုင်းမကျ၊ တစ်ချိန်လုံးသာ မိမိအား ပြစ်တင်လျက် ဆဲရေး တိုင်းထွာလျက် ပါလာကြလေတော့၏။

မိမိ အဖို့မူ ငါ၏ ခန္တီကို အစမ်းခံရန် အလို့ငှာ ဤခရီးကို စီစဉ်ရခြင်း ဖြစ်သည်ဟု သဘောပေါက်လျက် ဒေါသကို ခြေဖျက်သော နည်းဖြင့် ပြောသမျှ ဆိုသမျှကို ခံကာ ထိုခရီးကို ဦးဆောင် သွားခဲ့ရလေ၏။ ခရီးသည်က ဒုက္ခ မပေးလျှင် ကားသမားများက ဒုက္ခ ပေးကြလေရာ အကျွန်ုပ်လည်း မူလက ငှားလာသော ကားကို နေ့တွက်ပေး ပြန်လွှတ်ပြီးနောက် မန္တလေးမှ ကားသစ်ငှားကာ ကျန်ခရီးကို ဆက်သွားရသည် အထိ ဖြစ်လေ၏။ ခရီးသည်များကလည်း မိမိတို့ ပစ္စည်းများကို မိမိတို့ဘာသာ တာဝန်ယူပါဟု သတိပေးထားလျက်ပင် ပစ္စည်းပျောက်လေရာ ၎င်းတို့က မိမိကိုသာ အပြစ်တင်လျက် ရန်ကုန်သို့ ပြန်သွားကြသူများလည်း ရှိလေ၏။ ရန်ကုန်သို့ ပြန်ရောက်သည့်တိုင် ထိုခရီးသည်များသည် မိမိကို ရန်ရှာကာ ရပ်ကွက် ကောင်စီတွင် တိုင်တန်းခြင်း ခံခဲ့ရဖူးလေသည်။

သို့ရာတွင် မိမိကိုယ်မှာ အဒေါသ စေတသိက်သာ လျှင် အစဉ် ဖြစ်ပေါ် ပွားများခဲ့ လေသောကြောင့် ထို

www.burmeseclassic.com



ခရီးစဉ်သည် အောင်မြင် ချောပြေ ရလေတော့သည်။ ခရီးစဉ် ပြီးဆုံးချိန်တွင် မူလက ဤခရီး ပြီးဆုံးလျှင် မိမိလက်ထဲတွင် အနည်းဆုံး ငွေသုံးသောင်းကျော် ကျန်လိမ့်မည်ဟု တွက်ရေးဖြင့် စက်သူဌေး ဖြစ်ခဲ့သော အခြေအနေသည် နောက်ဆုံး၌ တွက်ကြည့်တော့ စက်မရှိ ဖြစ်ရလေ၏။ ခရီးစဉ် အဆုံးဝယ် မိမိ လက်တွင်း၌ ငွေ တစ်ပြား တစ်ချပ်မျှပင် အပို မကျန်တော့ချေ။ ခရီးစဉ် အစက ဝယ်ယူထားခဲ့သော ထောင်ကျော်တန် နာရီ တစ်လုံးနှင့် သုံးထောင်ကျော်တန် ကင်မရာ တစ်လုံးသာ ကျန်ရစ်ခဲ့လေသည်။

ပါရမီတို့တွင် ခန္တီပါရမီနှင့် ဥပေက္ခာပါရမီ နှစ်ပါးသည် အခြေခံ ဖြစ်၏။ ထိုနှစ်ပါး ခိုင်လုံမှသာ ကြွင်းသော ပါရမီ ရှစ်ပါးတို့လည်း ချောမောနိုင်သည်* ဟု ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး မှတ်ချက်ချထားလေသည်။

ပါရမီ ဆယ်ပါးတွင် သစ္စာပါရမီသည် အကုသိုလ်ခပ်သိမ်း၏ အရင်းမူလ ဖြစ်သော မုသားကို အချင်းခပ်သိမ်း ပယ်ခြင်းပင် ဖြစ်၏။ ပါရမီစခန်း သွားသူသည် သစ္စာပါရမီ၏ အနက်ကိုလည်း သိသင့်ပါသည်။ သစ္စာပါရမီ၏ အသုံးနယ်ကိုလည်း သိသင့်သည်ဟု ထင်၍ ဤတွင် အနည်းငယ် ဖော်ပြချင်ပါသေး၏။

သစ္စာ၏ အနက် အကျယ်ကိုကား ကျမ်းဂန်မှာ များစွာ ပြပါ၏။ သို့ ရာ တွင် ဤတွင် ပါရမီခန်းနှင့် ဆိုင်ရာ လေးမျိုးကိုသာ ဆိုပါမည်။

သစ္စာသည်

(၁) လိုတရ သစ္စာ (ဣစ္ဆာပူရဏ သစ္စာ) လည်း တစ်ပါး၊

(၂) ယုံစေကြောင်း သစ္စာ (သဒ္ဒဟာပန သစ္စာ) လည်း တစ်ပါး၊

(၃) မုသားရှောင် သစ္စာ (မုသားဝိရမဏ သစ္စာ) လည်း တစ်ပါး၊

(၄) ပြန်စောင့်မှု သစ္စာ (ပစ္စာနုရက္ခဏ သစ္စာ) လည်း တစ်ပါး ** ဖြစ်လေသည်။ အလောင်းတော်များ၏ သစ္စာဟုလည်း ဆိုကြလေသည်။ ဇာတ် အဋ္ဌကထာများတွင် ဤသစ္စာပြုပုံ သဘောများ အထင်အရှား ရှိပါသည်။

အကျွန်ုပ်၏ အတွေ့အကြုံ အရ ပြော ရ လျှင် အ ကျွန်ုပ် သည် အရေးကြုံသော အခါတိုင်း သစ္စာကို လက်နက်သဖွယ် အသုံးပြုဖူးပါသည်။ တစ်ခါကမူ အကျွန်ုပ်သည် သစ္စာကို အသုံးချရမည်ကို မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ နေခဲ့မိရာ ထိုကာလသည် အကျွန်ုပ်၏ ဘဝဝယ် အရှုံးနစ်ဆုံး ကာလ ဖြစ်ခဲ့ဖူးပါသည်။ ထိုအခါ ဆရာသမားဖြစ်သူ ဆရာကြီး ဦးကျော်ဆွေက အကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း

'ကိုဆန်းလွင်၊ ခင်ဗျား သစ္စာကို မမေ့နှင့်၊ ဘယ်ကိစ္စပဲ လုပ်လုပ် သစ္စာ ဆိုပြီး လုပ်ဖို့ မမေ့နှင့်' ဟု သတိပေးမှပင် အကျွန်ုပ်လည်း ထိုသစ္စာဆိုရေးကို သတိရလေတော့၏။ သစ္စာကား မှန်ကန်ခြင်းပင်တည်း။ မှန်ကန်ခြင်းကား ရိုးဖြောင့်ခြင်းပင်တည်း။ ရိုးဖြောင့်ခြင်းကား ရဲစွမ်းသတ္တိထူးပင်တည်း။ သစ္စာကို ထူထောင်သော သူ၏ စိတ်သည် တန်ခိုးသတ္တိ ရှိသော **(Will Power)** စိတ်တန်ခိုးဖြင့် ပြီးသော စိတ် ဖြစ်ကြောင်းကို ပါရမီလမ်းပေါ်သို့ ရောက်နေသူတိုင်း ကိုယ်တွေ့ ဖြစ်ပါလိမ့်မည်။

ရှစ်ခုမြောက် ပါရမီသည်ကား အဓိဋ္ဌာန် ပါရမီ ဖြစ်လေ၏။ အဓိဋ္ဌာန်သည် နှုတ်ပဋိညာဉ် စိတ်ပဋိညာဉ်ထားပြီးနောက် ပြောင်းရွှေ့ လှုပ်ရှားမှု မရှိခြင်းပင်တည်း။ အဓိဋ္ဌာန်သည် လိုရာကိစ္စ ပြီးရန်အတွက် ခိုင်ခံ့စွာ ရပ်တည်ခြင်း၊ ပြဋ္ဌာန်းခြင်း ဖြစ်ရာ ထိုသဘောကို ရှေးက ဆိုခဲ့ပြီးပါပြီ။ အကျွန်ုပ်သည် ပါရမီ လုပ်ငန်းများကို ပြုလုပ်သည့် အခါတိုင်း အချိန်ကာလကို ပိုင်းခြား၍ ထိုအမှုကို ထိုကာလတွင် ပြုပါမည်ဟု ပဋိညာဉ်ကို ပြုပြီးနောက် ထိုသတ်မှတ်ကာလ အတွင်း၌ ထိုအလုပ်ကို ပြုလုပ်ပါ၏။ ထိုသို့ ပိုင်းခြား ဆောက်တည်ခြင်းသည် အဓိဋ္ဌာန်၏ သဘော ဖြစ်သည်ဟု အကျွန်ုပ် ထင်မိလေသည်။

ကိုးခုမြောက် ပါရမီသည် မေတ္တာပါရမီ ဖြစ်၏။ တရားကိုယ်အားဖြင့် မကြမ်းတမ်းခြင်း၊ အဒေါသ တရားပင် ဖြစ်၏။ သတ္တဝါတို့ အပေါ် ဒေါသ မရှိ ဆက်ဆံခြင်း၊ သတ္တဝါ ခပ်သိမ်းတို့၏ ကောင်းကျိုး ချမ်းသာကို အလိုရှိခြင်း သဘောသည် မေတ္တာပင် ဖြစ်ပါ၏။ မေတ္တာ၏ အကျယ်ကို ကျမ်းဂန်မှာ များစွာ ပြပါသည်။

အကျွန်ုပ် ကိုယ်တွေ့တွင် မိမိနှင့် သက်တူတန်းတူ ပုဂ္ဂိုလ်တို့အပေါ် ကောင်းစေလို ချမ်းသာစေလိုသောအားဖြင့် ပြုမူ ကျင့်ကြံခြင်းကို မေတ္တာ ဟူ၍ လည်းကောင်း၊

မိမိထက် နိမ့်ကျသူတို့ အပေါ် သနားခြင်းဖြင့်

---

* ဥတ္တမပုရိသ ဒီပနီ၊ စာ ၁၇

** လူသားတို့၏ ထွက်ရာလမ်း၊ စာ ၄၂၈

www.burmeseclassic.com



ဆက်ဆံ ပြုမူကျင့်ကြံခြင်းကို ကရုဏာ ဟူ၍ လည်း ကောင်း၊

မိမိထက် သာသွားသူကို ဝမ်းမြောက် ဝမ်းသာ စိတ်ဖြင့် ဆက်ဆံပြုမူ ကျင့်ကြံခြင်းကို မုဒိတာ ဟူ၍ လည်းကောင်း၊

ချစ်သူ မုန်းသူ မခွဲခြားဘဲ အညီအမျှ နှလုံး ထားခြင်း၊ ပြုမူဆက်ဆံ ကျင့်ကြံခြင်းကို ဥပေက္ခာ ဟူ၍ လည်းကောင်း ဆိုကြရာတွင် အကျင့်ရ အခက်ခဲဆုံးမှာ မုဒိတာနှင့် ဥပေက္ခာ တရား နှစ်ပါး ဖြစ်လေသည်။ အဘယ်ကြောင့်မှန်း မသိ၊ တစ်ခါတစ်ရံ ကိုယ်နှင့် တူသူတို့က ကိုယ့်ထက် သာသွားသည်၊ ကောင်းစားသွားသည် ဆိုလျှင် ဉာဏ်က တစ်မျိုး နားလည်သော်လည်း နှလုံးက တစ်မျိုး ဆတ်ခနဲ နာကျင်သွားတတ်လေသည်။ 'အို ငါ့နှယ် သဘောထား နုပ်လှချည်လား' ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပြီးမှ အောက်တန်း ကျသွားသော မိမိအဖြစ်ကို အကြိမ်ကြိမ် ဆွဲတင် ခဲ့ရဖူးလေသည်။ ကာလ အတန်ကြာ ကျင့်ပြီးသောအခါမှသာ သတ္တဝါတို့၏ ကံအလားကို ဆင်ခြင်ကာ မိမိ ကိုယ်စိတ်ကို ပဲ့ပြင်ခဲ့ရပါသည်။ ယခုလည်း ကိုယ့် ကိုယ် ကိုယ် ဘယ်လိုပင် ဟန်ဆောင်ပြီး သဘောထား ကြီးသူ အဖြစ် ပတ်ဝန်းကျင်ကို လှည့်ဖြား၍ နေတတ်စေကာမူ ထိုနှလုံး နာကျင်ခြင်းကို ရံဖန်ရံခါ ခံနေရဆဲ ဖြစ်ကြောင်းကို ဝန်ခံပါမည်။

ဥပေက္ခာလည်း ထို့အတူ ဖြစ်ပါ၏။ သို့ရာတွင် အကျွန်ုပ်သည် ဤဘဝ၌ တရားစွဲဆိုခြင်း နှစ်ကြိမ် ခံခဲ့ရဖူးရာတွင် မိမိအား တရားစွဲဆို၍ နိုပ်စက်သူများ အပေါ် လုံးဝ အမုန်း မရှိ၊ ပကတိ ကြည်လင်သော စိတ်ဖြင့် ဆက်ဆံနိုင်သည်ကို တွေ့ရပါသည်။ ဤ အခြင်းအရာသည် ဥပေက္ခာပါရမီ၏ သတ္တိ ဖြစ်လေမည်လား မပြောတတ်ပါ။ ဤတွင် (ဗြဟ္မစိုရ်တရား လေးပါး၌လာသော ဥပေက္ခာနှင့် ဤပါရမီ ဥပေက္ခာသည် အတန်ငယ် ကွဲပြားကြ၏။ ဗြဟ္မစိုရ် ဥပေက္ခာကား သတ္တဝါတို့၏ အကျိုးစီးပွား၌ ကြောင့်ကြစိုက်မှုကို ပယ်၍ ဖြစ်သည်။ ပါရမီ ဥပေက္ခာကား ပူဇော် ချီးမွမ်းပြုသောသူ၊ နိုပ်စက် ကဲ့ရဲ့ ပြုသောသူ နှစ်ဦးတို့၏ အကျိုးစီးပွားကို အထူးအခြား မရှိ အတူအမျှ အတွင်အကျယ် ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်း) * ဖြစ်ကြောင်း လယ်တီ ဆရာတော်ဘုရားက ခွဲခြား ပြသည်ကိုလည်း သတိ မူသင့်ပါသည်။ ပါရမီ လမ်းသွား ပုဂ္ဂိုလ်များအဖို့ ခန္တီသည် အမိနှင့် တူသည်၊ ဥပေက္ခာသည် အဖနှင့် တူသည်ဟုလည်း လယ်တီ ဆရာတော်က မှတ်သားဖွယ် ဟောကြားထားပါသည်။

ဤတွင် ခန္တီနှင့် ဥပေက္ခာကို အထိုက်အလျောက် ဖြည့်ကျင့်ခဲ့မိသော ကျေးဇူးကြောင့် ဘဝဝယ် ပြင်းထန်သော လောကဓံ၏ အစမ်းခံ ဘဝသို့ ရောက်သောအခါ ခံနိုင်ပုံကို အလောင်းတော်တို့ ပြုကျင့်ကြပုံကို ဇာတ်နိပါတ်တော်များမှ သာဓက တစ်ခုကို ဦးစွာ ထုတ်ဆောင် ပြချင်ပါသည်။

ဇာတ်တော်မှာ ဤသို့ ဖြစ်ပါသည်။

အလောင်းတော် မျောက်မင်းဇာတ်တွင် အလောင်းတော် မျောက်မင်းသည် အသူတစ်ရာ နက်သော ချောက်၌ ကျ၍နေသော ပုဏ္ဏားကို ကျောက်ကုန်း၌ ထား၍ ကုန်းပေါ်သို့ တင်ပြီးနောက် မောပန်းလှ၍ ပုဏ္ဏား၏ ပေါင်ပေါ်၌ ခေါင်းထား၍ တစ်ခဏ အိပ်ပျော်လေ၏။ ပုဏ္ဏားသည် တောမျောက်သားဖြင့် သားမယားကို မျက်နှာပြရန် ကြီးစွာသော ကျောက်ဖြင့် တစ်ချက်တည်းပြီး ထုလေ၏။ ဦးခေါင်းမှ သွေးအလျဉ်တို့သည် လေးမျက်နှာတို့၌ ဖြာဖြာ ပန်းထွက်ကုန်၏။ မျောက်မင်း၏ တစ်ကိုယ်လုံးသည် သွေးအတိ လိမ်းကျံ၏။ ထိုအခါ ပုဏ္ဏားမှ အတန်ငယ် ခွာ၍ ပုဏ္ဏားကို ကြည့်ပြီးလျှင် ဤလောကမှာ သည်ကဲ့သို့သော သူများ ရှိပေသေး တကားဟု အံ့သြသော စကားကို ဆိုတော်မူ၍ ထိုပုဏ္ဏားကို ရပ်ရွာသို့ ချမ်းသာစွာ ရောက်ရန် ပို့ဆောင်သော အခွင့်ကိုသာ အားထုတ်လေ၏။ ထိုအခါ ဤတောအရပ်သည် ခြင်္သေ့ သစ် ကျား သားရဲ အလွန် ထူထပ်သည်၊ ကြာမြင့်၍ မလျော်၊ သင့်ရွာသို့ ရောက်အောင် ငါပို့မည်၊ ငါသည် သင်တစ်ပင်မှ သစ်တစ်ပင်သို့ ကူး၍ သွားမည်၊ ငါ့ ဦးခေါင်းမှ ကျသော သွေးကြောင်း သွေးစက်ကို လမ်းပြု၍ လိုက်ခဲ့လော့ဟု ဆို၍ ပို့ဆောင်လေ၏။

ဤဝတ္ထု၌ ချောက်၌ကျသော ပုဏ္ဏားကို မြင်သောအခါ မိမိ၏ သားငယ် ကျ၍ နေသည်ကို မြင်သကဲ့သို့ ပုဏ္ဏား၏ အကျိုးကို တောင့်တ လိုလားခြင်း အားကြီးစွာ ဖြစ်၍လာသော စိတ္တုပ္ပာဒ်စကား မေတ္တာပါရမီတည်း။

အသူရာ နက်သော ချောက်မှ ကမ်းပေါ်သို့ ချောမောစွာ ရောက်နိုင်သော အကြောင်းကို ရှာ ကြံ သော စိတ္တုပ္ပာဒ်စကား ပညာပါရမီတည်း။ ရှာကြံ၍ သိမြင်သည့် အတိုင်း သက်စွန့်ကြိုးပမ်း အားထုတ်သော ကိုယ်အမှုကား ဝီရိယပါရမီတည်း။ ဦးခေါင်းကို ကြီးစွာသော

* ဥတ္တမပုရိသ ဒီပနီ၊ စာ ၁၇၁

www.burmeseclassic.com



ကျောက်နှင့် ထုရာ အရေထူ အရေပါး စုတ် ပြတ် ၍ အရိုးကွဲမျှ ပြင်းထန်လှသော ဒုက္ခ ဒဏ်ချက်ကြီး ထိပါးသည်ကိုပင် နာသည် ကျင်သည်ဟု အမှုမထား၊ ညစ်ညူးမှု ညည်းညူမှု မရှိ၊ ပကတိ ကြည်လင်သော စိတ်အတိုင်း နေနိုင်သည်ကား ခန္တီပါရမီတည်း။ ဤအခါမှာ ခန္တီ မရှိခဲ့လျှင် နာကျင်သည့် အတွက်နှင့် စိတ်ပျက်၍ ကုန်လတ္တံ့။ ဤသူ့ အကျိုးကို ဤမျှလောက် အပန်းခံ၍ ဆောင်ရွက်ဆဲဖြစ်သော ငါ့ကို ဤမျှလောက် အကျိုးမဲ့ကြီးကို ပြုဘိသည်ဟု ပုဏ္ဏားဌ် စိတ်မကွက်သည်ကား ဥပေက္ခာပါရမီတည်း။ ဤအခါမှာ ဥပေက္ခာ မရှိခဲ့လျှင် ပုဏ္ဏားကို စိတ်ဆိုးသည့် အတွက်နှင့် စိတ်ပျက်၍ ကုန်လတ္တံ့။

စိတ်ပျက်၍ ကုန်မှု ဆိုသည်ကား ထိုပုဏ္ဏား၏ ရှေ့အကျိုးကိုလည်း ဆုံးခန်း တိုင်အောင် ဆောင်တော့မည် မဟုတ်၊ နောက်က ဆောင်ခဲ့ပြီးသမျှ ကုသိုလ်ဆုလည်း အချည်းနှီး ဖြစ်၍ ကုန်တော့မည် ဟူလိုသည်။ အလောင်းတော်သည်မူကား အဇ္ဈတ္တ သန္တာန်၌ ခန္တီ အခံရှိသည့် အတွက်ကြောင့် ပုဏ္ဏားကို စိတ်ဆိုးမှုနှင့် စိတ်မပျက်မှု၍ ဦးခေါင်းမှ ထွက်သော သွေးစက် သွေးကြောင်းကို လမ်းပြ၍ နေရပ် ဌာနသို့ ရောက်အောင် ပို့ဆောင်ပေးသတည်း။ ဤ၌ အသူတစ်ရာ နက်သော ချောက်ကြီး ဖြစ်၍ အခန့်မတော်လျှင် သေလောက်သော အချက်၌ ပုဏ္ဏား၏ အတွက်နှင့် အသက်ကို စွန့်တော်မူသည်ကား ဒါနပါရမီတည်း။ ပုဏ္ဏား၏ အသက်ကို ကယ်ဆယ်မှုသည်လည်း ဇီဝိတဒါနပင်။ အသက်ကို အသေပြုသော ပုဏ္ဏားကို ပြန်လှန် မနှိပ်စက်၊ ကြမ်းကြုတ်သော စကားကိုမျှ မဆိုမမြွက်၊ စောင့်ရှောက်ချက်ကား သီလပါရမီတည်း။ ပုဏ္ဏားကို ကယ်တင်သည့် အတွက်ကြောင့် ကောင်းမှု ကုသိုလ်၏ အကျိုးကိုမျှ တောင့်တ သာယာခြင်း မရှိသည်ကား နေက္ခမ္မပါရမီတည်း။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ ဟု ဆိုအပ်သော အကျိုးကို တောင့်တ၍ ပြုကြသော ကုသိုလ်စုသည် နေက္ခမပါရမီ ပျက်သော ကုသိုလ်စုတည်း။ ပုဏ္ဏား၏ အကျိုးကို အဆုံးသို့ ရောက်အောင် ငါ ဆောင်မည်ဟု စိတ်ပဋိညာဉ် ထားသည့်အတိုင်း ပုဏ္ဏား ပြုသော ဒဏ်ချက်နှင့် ဒုက္ခကြီးစွာ ဖြစ်လျက်ပင် မပျက်မကွက် အဆုံးတိုင် ဆောင်ရွက်သည်ကား သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီတည်း။ ဤပုဏ္ဏား၏ အကျိုးကို အဆုံးတိုင်အောင် ငါ ဆောင်မည်ဟု ဖြစ်သော စိတ်ပဋိညာဉ် မရွေ့မပြောင်းသည်ကား အဓိဋ္ဌာန်ပါရမီတည်း။ သင့်ကို ငါ ကယ်တင်မည်ဟု ပုဏ္ဏားအား ပြောကြားသော နှုတ်ပဋိညာဉ်ကို မဖျက်ခြင်းသည် သစ္စာပါရမီတည်း။ ဤကား အလောင်းတော် မျောက်မင်း ပြုသော အမှု၌ ပါရမီ ဆယ်ပါးတည်း။ *

ဤဝတ္ထုဖြင့် ပါရမီလမ်းမှ အလောင်းတော် မျောက်မင်း၏ အစမ်းခံ ဘဝ၏ အတွေ့အကြုံကို သိသာလောက်ပါပြီ။ အကျွန်ုပ်၏ ဘဝဝယ် အတန်ငယ် ပြင်းထန်သော လောကဓံ မုန်တိုင်းကြမ်း၏ အစမ်းခံ ဘဝသို့ ရောက်ခဲ့ရဖူးပြီ။ ယခုလည်း ရောက်ဆဲ ဖြစ်ပါ၏။ ထိုဘဝ အတွေ့အကြုံကို အတန်ငယ် စိတ်ဝင်စားဖွယ် ကောင်းသည် ဖြစ်၍ တင်ပြချင်ပါသည်။

ထိုအဖြစ်သည် ဤသို့ ဖြစ်ပါသည်။

အကျွန်ုပ်သည် မြစ်ကြီးနားမှ ရန်ကုန် တက္ကသိုလ်သို့ ပြန်လည် ပြောင်းရွှေ့ လာသောအခါ ရန်ကုန်မှာ နေစရာအိမ် မရှိ၍ ယောက္ခမ ယောက်ဖများ အိမ်မှာ ခိုကပ်၍ နေရလေ၏။

ထိုကာလဝယ် အကျွန်ုပ်သည် ပုညစာပေမှ စာအုပ်များကို ထုတ်ဝေလျက် အနော်ရထာ ပုံနှိပ်တိုက်ကို မရီး ယောက်ဖများနှင့် အစုရှယ်ရာ ပြု၍ ထူ ထောင် ထားလေ၏။ ပုညစာပေမှလည်း စာအုပ်များကို အတော် အတန် ထုတ်ဝေပြီးသော အခါ ဖြစ်သည်။

မကြာမီ အကျွန်ုပ်လည်း လုပ်ငန်းကိုပါ ပစ်စွန့်ပြီး ထိုအိမ်ပေါ်မှ ဆင်းပေးရမည့် အခြေအနေသို့ ဆိုက်ရောက်လေတော့၏။

ထိုအချိန်တွင် အကျွန်ုပ်နှင့် အတူ မြစ်ကြီးနားတွင် နေစဉ်က တပ်မဟာမှူး ဖြစ်သော ဗိုလ်မှူးကြီးသည် ဆောက်လုပ်ရေး ဌာန၌ ဝန်ကြီး ဖြစ်လာလေ၏။

မြစ်ကြီးနားတွင် အကျွန်ုပ်သည် အပင်ပန်း ကြီးစွာ ခံ၍ ဆောင်ရွက်ခဲ့ခြင်းကို ထောက်ထားကာ ဝန်ကြီးက အကျွန်ုပ်အား နေထိုင်ရာမဲ့ ဘဝသို့ ရောက်စဉ် ပြည်သူပိုင် အခန်း တစ်ခန်းကို ချပေး၍ ကယ်ဆယ်ခဲ့ဖူးလေ၏။

ထိုအိမ်တွင် အကျွန်ုပ်သည် ဆယ့်ငါးနှစ်ခန့် နေခဲ့ပြီးနောက် ပြည်သူပိုင် အခန်းများကို ပိုင်ရှင်သို့ ပြန်ပေးသောအခါ မိမိ နေထိုင်ရာ အိမ်ခန်းကို အိမ်ရှင်သို့ ပြန်ပေးလေ၏။

ပိုင်ရှင်သည် အကျွန်ုပ် နေထိုင်ရာ တရုတ်တန်းရှိ

---

** ဥတ္တမပုရိသ ဒီပနီ၊ စာ ၁၈–၂၀*

www.burmeseclassic.com



အိမ်ခန်းကို ပြန်ရသောအခါ အိမ်လခကို လက် မခံဘဲ အကျွန်ုပ်အား အိမ်နှင်ဖို့သာ ကြိုးပမ်းလေတော့၏။

အကျွန်ုပ်လည်း ဆယ့်ရှစ်နှစ်ခန့် နေလာခဲ့သော ထိုအိမ်ခန်းမှ ဆင်းပေးခဲ့ရလေတော့၏။ ရှိသမျှ ငွေကြေး အနည်းငယ်လည်း ထိုအမှုအတွက် ကုန်လေတော့၏။

အိမ်ပေါ်မှ ဆင်းရသော အခါ အိမ်စပေါ်လည်း ပေးစရာ ငွေ မရှိ၊ အပျောက် ပေးဖို့ကား ဝေးစွ၊ ထို ကာလဝယ် အကျွန်ုပ်၏ ခယ်မတော်သူတို့သည် ဝွတ္တလစ် အရပ်တွင် အိမ်တစ်ဆောင် ဝယ်ပြီး ပစ်ထားရာ ထို အိမ်တွင် အကျွန်ုပ်အား နေခွင့်ကို ပြုလေ၏။

ခယ်မသည် အကျွန်ုပ်အား မကြာမီ ၎င်း၏ အိမ် ပေါ်မှ နှင်ချပြန်လေတော့၏။ အကျွန်ုပ်တို့လည်း ခိုကိုး ရာမဲ့ အခြေအနေသို့ ရောက်ရပြန်လေတော့၏။

ဤ အဖြစ်အပျက်များနှင့် ရင်ဆိုင်ရသော်လည်း အကျွန်ုပ်သည် စိတ်နာခြင်း မရှိပါ။ မိမိ ဒုက္ခရောက်စဉ် ကူညီ ကယ်မခဲ့သော ခယ်မတို့အား အစဉ်သာ ကျေးဇူး တင်နေမည် ဖြစ်ပါ၏။ ယခင် ပြည်သူပိုင် အခန်းမှ ဆင်းပြေးခဲ့ရသော်လည်း ၁၈ နှစ်ခန့် စိတ်အေး လက် အေး နေခဲ့ရသော ကျေးဇူးအတွက် ကျေးဇူးတင်လျက် အိမ်ရှင်ကို စိတ်မနာပါ။ လူသည် ကိုယ့်ပစ္စည်းကို ကိုယ် တပ်မက်ကြမြဲ ဓမ္မတာ ဖြစ်ပေရာ ပုထုဇဉ် စိတ်ဖြင့် အကျွန်ုပ် ကိုယ်ချင်းစာပါသည်။ စိတ်မနာပါ။ မိမိသည် ကျေးဇူးတင်တတ်သူ ဖြစ်လျက်နေသည်ကို မိမိကိုယ်တိုင် ခံစား သိမြင်ရပါသည်။ ဤအရေးအခင်းများဝယ် အလူး အလိမ့် ခံစားရမည် ထင်သော်လည်း အ ကျွန်ုပ် ၏ မျက်နှာ တစ်ချက်မပျက် စိတ်သောက အလျှင်း မရှိဘဲ ပကတိသော တည်ငြိမ်ခြင်းဖြင့် ရပ်တည် နေခဲ့နိုင် သည်ကို အကျွန်ုပ်နှင့် နီးစပ်သူတိုင်း သိကြပါသည်။ အမှန်မှာ ဤသို့ နေနိုင်ခြင်းသည် ပါရမီကို အထိုက် အလျောက် ဆောက်တည်မိခဲ့ပြီး ဖြစ် ၍ လည်း တစ် ကြောင်း၊ ဤအဖြစ်သည် မိမိအား ပါရမီစမ်းခြင်း (မိမိ အစမ်း ခံရခြင်း) ဖြစ်သည်ဟု သဘောထားနိုင်ခဲ့သော ကြောင့် တစ်ကြောင်းသာ မတုန်မလှုပ် မချောက် မချား သော စိတ်ဖြင့် ကြံ့ကြံ့ခံ ရပ်တည် နေနိုင်သည် ဟု အကျွန်ုပ် ထင်မိပါကြောင်း။

အစမ်းခံဘဝ အတွေ့အကြုံ အချို့ကို တင်ပြရင်း ပင် ဤစာအုပ်ကို ဤတွင် အဆုံး သတ်သင့်ပြီ ထင် ပါ၏။

ဘဝသည် ပါရမီကို အလို ရှိသူများ အဖို့တော့ အစမ်းခံရာ ကာလပရိစ္ဆေဒ တစ်ခု ဟူ၍သာ အကျွန်ုပ် သည် ဤသက်တမ်းကာလ တစ်လျှောက်လုံး မှတ်ယူ ထားပါတော့မည်။ ပါရမီကို အစမ်းခံခြင်းသည် အရည် အချင်းစစ် စာမေးပွဲ ဖြေခြင်းမျိုး ဖြစ်၍ အောင်လျှင် ထိုက်တန်သော အကျိုးကို ခံစားရလိမ့်မည်၊ (ဘဝ တစ် ဆင့် မြင့်လိမ့်မည်) ဟုလည်း အကျွန်ုပ်သည် မုချ ယုံ ကြည် ထားပါကြောင်း။

ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ် လာသူ တစ်ယောက် အကြောင်း စာအုပ်မှာ ပြီးဆုံးပါပြီ။

www.burmeseclassic.com

## နိဂုံး
## အဆုံး တစ်ခု၏ အစ

စာဖတ်သူ ဓမ္မမိတ်ဆွေသည် အကျွန်ုပ်၏ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း စာကို လေးခုမြောက် စာအဆုံးသို့ ရောက်သည်အထိ ဖတ်ရှုခဲ့ပြီးပါပြီ။ စာမျက်နှာအားဖြင့် ဆယ်ချိုးဆိုက် စာမျက်နှာ တစ်ထောင်ခန့် ဖတ်ရှုပြီးလည်း ဖြစ်ပါသည်။

အကျွန်ုပ်မှာ ဤစာကို ရေးစဉ်အခါက စာမျက်နှာများလွန်းလျှင် ကျမ်းလေးသွားမည်ကို အထူး စိုးရိမ်ကာ မိမိ ပြောလိုသည်များကို ပြောချင်သလောက် မပြောဝံ့၊ မိမိ ရေးလိုသည်များကိုလည်း ရေးချင်သလောက် မရေးဝံ့၊ တွန့်သော စိတ်က စိုးမိုးနေသဖြင့် လက်က သွားချင်သလောက် မသွားရအောင် အထိန်း အချုပ် များခဲ့ပါသည်။ အကယ်၍ ဤစာသည် ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါလျှင် အကျွန်ုပ်လည်း စိတ်ကို သွားချင်သလောက် သွားစမ်း လွှတ်ထားမိပေလိမ့်မည်။ ယခုမူ ဤစာသည် ဝတ္ထုမဟုတ်သည့် ဒဿနစာလေးမျိုး ဖြစ်၍ ကိုယ့် စိတ်ကို မလွှတ်ရဲဘဲ စိတ်ကိုချုပ်ကာ တတ်နိုင်သမျှ တိုတို တုတ်တုတ် ရေးဖို့ကိုသာ နှလုံးသွင်းထား ခဲ့ရပါသည်။

သို့သော် ဤစာကို ဤ မျှ လောက် ရှည်ရှည်လျားလျား ရေးသားပြီး၍ ပြန်လည် ဖတ်ရှုကြည့်သော အခါ အကျွန်ုပ် ထင်သလောက်လည်း စာက မလေးပါ။ အကျွန်ုပ် ရေးသလောက်နှင့် စာက မနေပါ။ အကျွန်ုပ် ရှေ့ကသာ စာက ပြေးနေသည်ကို ထူးခြားစွာ တွေ့ရပါသည်။ ထိုသဘောသည် ဤသို့ ဖြစ်ပါသည်။

'ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာသည် အကျွန်ုပ်ကသာ စိတ်ကို မချုပ်ဘဲ လက်ကုန်လွှတ်ပြီး ရေးမည် ဆိုလျှင် ရေးစရာတွေက အမြောက် အမြား ကျန်နေသေးသည်။ စာ မကုန်သေး။ စာ အင်အားတွေ အများကြီး ကျန်နေသေးသည်။ သို့ပါလျက် ဆန်းလွင် ဘာကြောင့် မပြောလေ သနည်း၊ ဆန်းလွင် ဘာကြောင့် မရေးလေ သနည်း ဟူသော အတွေးသည် စာရှုသူထံသို့ ရောက်လာခြင်း ဖြစ်ပါသည်။

ထိုအတွေးသည် 'စာက ပြေးနေပါလျက် ဆန်းလွင် ဘာကြောင့် မရေးလေသနည်း' ဟူသော မချင့်မရဲ ဖြစ်စရာ အတွေး တစ်ခု ဖြစ်လာပါသည်။

ရင်းနှီးချစ်ခင်သူ မိတ်ဆွေများကလည်း အကျွန်ုပ်ကို မေးသော အမေးများကို ကြားရပါသည်။ ထိုပုဂ္ဂိုလ်တို့ကိုတော့ အကျွန်ုပ်က 'အကြောင်းကြောင်းကြောင့်ပါ' ဟု ရသေ့စိတ်ဖြေ ဖြေခဲ့ပါသည်။ သို့သော် ဤစာအုပ် ပ ဒု တ ထွက်လာသောအခါ ဗုဒ္ဓဝါဒကို ကျွမ်းကျင်သော၊ ဗုဒ္ဓသာသနာတော်ကို ထွန်းပစေလိုသော ပညာရှင်များ၊ မိတ်သင်္ဂဟများကမူ အလွန် လေးနက် တည်ကြည်သော ဒဿနဆိုင်ရာ မေးခွန်းများကို မေးလာကြပါသည်။

ထိုအခါ အကျွန်ုပ်သည် ထိုလေးနက် တည်ကြည်သော ပညာရှိ မိတ်သင်္ဂဟများအား ရသေ့စိတ်ဖြေ အဖြေမျိုးကို မပေးဝံ့သည်လည်း တစ်ကြောင်း၊ မပေးသင့်သည်လည်း တစ်ကြောင်းကြောင့် ဤ 'အဆုံး၏ အစ' နိဂုံးစာကို ရေးရန် အကြောင်း ဖြစ်ပေါ်လာပါသည်။

ထိုအကြောင်းကို ဤတွင် မဆိုမီ ပညာရှိ မိတ်သင်္ဂဟများက စေတနာ ရှေ့ထား၍ မေးသော အမေးများကို ဦးစွာ ဆိုသင့်သည် ထင်ပါသည်။

ငယ်စဉ် ကျောင်းနေဖက် မိတ်ဆွေ တစ်ဦးက ဤသို့ မေးပါသည်။

'အကြောင်းကတော့ ခု မင်းဟာ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ ဥပါသကာ တစ်ဦး ဖြစ်လာရာမှာ ဘာဖြစ်လို့ ဗုဒ္ဓဝါဒချင်း အတူတူဖြစ်ပါလျက် မဟာယာန ဗုဒ္ဓဝါဒကို မကိုးကွယ် မဆည်းကပ်သလဲ၊ ဘာကြောင့် ထေရဝါဒ ဗုဒ္ဓဝါဒကိုသာ မင်းဆည်းကပ် ကိုးကွယ် လာရသလဲ၊ ဘာလဲ ထေရဝါဒ ကိုးကွယ်တဲ့ နိုင်ငံမှာ မင်း ဗုဒ္ဓဝါဒကို လက်ခံလိုက်ရလို့လား၊ ဒါမှမဟုတ် မင်းမှာ မဟာယာန ဗုဒ္ဓဝါဒကို လက်မခံဘဲ ထေရဝါဒ ဗုဒ္ဓဝါဒကိုသာ လက်ခံရတဲ့ အခြားအကြောင်းထူး ရှိသေးသလား၊ ဒီမေးခွန်းတွေကို မင်းလိုပုဂ္ဂိုလ် ဖြေရမယ်၊ ဖြေမှ ဖြစ်မယ် သူငယ်ချင်း၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်းရဲ့ ရတနာသုံးပါး စာအစမှာ မင်းဟာ ဘုရားဆုကို ပန်ထားကြောင်း ဝန်ခံ ထားတယ်လေ၊

www.burmeseclassic.com



အများအားဖြင့် တို့ထေရဝါဒီတွေ နားလည်ထားတာက ဘုရား ဆုပန်တာဟာ မဟာယာနတွေရဲ့ အလုပ်လို့ ထင်နေကြတယ်၊ ထေရဝါဒကတော့ တစ်မဂ် တစ်ဖိုလ် ကိုပဲ ရည်မှန်းတယ်လို့ နားလည်ထားကြလို့ပါ၊ ဒီတော့ 'ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာဟာ စတုတ္ထတွဲသို့ ရောက်ပြီ၊ အကြောင်းခြင်းရာ အများအပြားကိုလည်း ဖော်ပြပြီးပြီ ဆိုပေမယ့် အဆုံးသို့ မရောက်နိုင်သေးဘူး၊ ရောက်လို့ မဖြစ်သေးပါဘူး သူငယ်ချင်း၊ မင်း ငါနှင့် ငါ့လိုလူတွေ မေးတဲ့ ဒီအမေးတွေကို ဖြေပါဦး'

သူငယ်ချင်း တစ်ဦး၏ အချက်ကျလှသော ဤအမေးကို ဖြေရဦးမည့် တာဝန်သည် အကျွန်ုပ် ခေါင်းပေါ်သို့ ရောက်လျက် ရှိပါသည်။ သို့ဖြစ်လျှင် 'ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' ဤစာသည် ဤတွင် အဆုံးသို့ မရောက်နိုင်သေးသည်ကို အကျွန်ုပ် သိပါသည်။ ဤစာ ဤတွင် မဆုံးသင့်သေးသည်ကိုလည်း အကျွန်ုပ် သဘောကျရပါသည်။

ဉာဏ်ကြီးသော တစ်ဦးသော ကလျာဏ တစ်ဦးကလည်း ဤသို့ မေးပါသည်။

'ဆရာ ဆန်းလွင်၊ ရှေးအခါက ဆရာဟာ ထာဝရဖန်ဆင်းရှင် နတ်ဘုရား သခင်ကို ကိုးကွယ်တဲ့ အယူဝါဒ (Religion) တွေထဲမှာ ကျင်လည်ပြီး ကာလ အတန်ကြာ နေခဲ့တယ်ဆိုတော့ ဗုဒ္ဓဝါဒကိုကော ကိုးကွယ်ရာ ဘာသာ အယူဝါဒ (Religion) တစ်ခုအဖြစ်နှင့် ခံယူတာလား၊ ဒါမှမဟုတ် ဗုဒ္ဓဝါဒကို သင်ကြားမှု သာသနာ (Teaching) တစ်ခု အနေနှင့် ယုံကြည် ကိုးကွယ် ဆည်းကပ်တာလား၊ ဒီသဘောထားတွေဟာ ပြီးခဲ့တဲ့ ဆရာ့စာတွေမှာ မကွဲသေးဘူးလို့ ကျွန်တော်တို့ ထင်ပါတယ်၊ ဒီတော့

(၁) ဗုဒ္ဓဝါဒကို ဆရာ ဘယ်လို (ဘယ်ပုံ ဘယ်နည်း) ယုံကြည် ကိုးကွယ် ဆည်းကပ်ပါသလဲ၊

(၂) တစ်နည်းအားဖြင့် ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်ရာမှာ (ဆရာဟာ ဘုရားဆုကို ပန်ထားသူ ဖြစ်ကြောင်း ဝန်ခံထားလို့ ဘုရား အဖြစ်ကို ရည်မှန်းကြောင်း သိရသော်လည်း) မျက်မှောက်ဘဝမှာ ဘယ်လို ရည်မှန်းချက် ထားပါသလဲ၊ ပါရမီ အဆောက်အဦ ရဖို့လောက်ပဲလား၊ ဒါမှမဟုတ် ဘယ်အဆင့်အထိ ရောက်အောင် အားထုတ်ဖို့ ဆရာ ရည်မှန်းထားပါသလဲ၊

(၃) နောက်ပြီး ထေရဝါဒ သာသနာတော်ဟာ ဝိပဿနာ ပညာအားဖြင့် ကမ္ဘာမှာ ထင်ရှားနေပါတယ်၊ ဆရာ့အနေနှင့် ဝိပဿနာပညာ အပေါ်မှာ ဘယ်လို ရှုမြင်ပြီး ဘယ်လို ခံယူပါသလဲ၊

(၄) အတိုဆုံး အရှင်းဆုံး ပြောရရင် ဆရာ့ အနေနှင့် ထေရဝါဒကို ဘယ်လို နားလည်ပါသလဲ၊

'ဒီအကြောင်းအရာတွေကို ဆရာရဲ့ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း စာထဲမှာ ကျွန်တော်တို့ ပြည့်ပြည့်ဝဝကြီး ဖတ်ရှု လေ့လာ ခံစားချင်ပါတယ်၊ ဆရာ ဒီမေးခွန်းတွေ အတွက် အဖြေ ပေးစေချင်ပါတယ်' ဆိုသော အမေးပုစ္ဆာများမှာလည်း အကျွန်ုပ်အား ရစ်ပတ် ဖွဲ့နှောင်လျက် ရှိပါသည်။

မှန်ပါသည်။ ဤ ပုစ္ဆာများကို အကျွန်ုပ် အဖြေပေးရပါဦးမည်။ ထိုပုစ္ဆာများ အတွက် ထိုက်သင့်သော အဖြေများလည်း အကျွန်ုပ်မှာ ရှိပါသည်။

သို့ဖြစ်ရာ 'ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' ဤစာသည် ဤမှာ ပြီးဆုံးခြင်းသို့ မရောက်သင့်သေးပါ။ အကျွန်ုပ် ဝန်ခံပါသည်။ အကျွန်ုပ်သည် ဤစာ တတိယတွဲတွင် ဗုဒ္ဓ စာပေကျမ်းဂန်များ (နိကာယ်ငါးရပ်) ကို လေ့လာ ဆည်းပူးခြင်း အကြောင်းကို အတန်အသင့် ရေးခဲ့ပါသည်။ ရေးခဲ့သည် ဆိုသော်လည်း 'ဗုဒ္ဓဝါဒကို နားလည်ခြင်း၊ ထေရဝါဒကို နားလည်ခြင်း' သဘောကို မဆိုနိုင်ခဲ့ပါ။ လေ့လာခြင်းသည် နားလည်ခြင်းနှင့် မတူကြောင်းကို အကျွန်ုပ် ကောင်းစွာ သိပါသည်။ ထို့ကြောင့် 'ထေရဝါဒကို ဘယ်လို နားလည်သလဲ' ဆိုသော ပုစ္ဆာကို အကျွန်ုပ် ဖြေရပေမည်။ ထိုပုစ္ဆာကို အဖြေပေးရန် နိကာယ်ငါးရပ် သို့မဟုတ် ဗုဒ္ဓသာသနာ ဓမ္မဝိနယကို အကျွန်ုပ် ဘယ်လို သုံးသပ်သလဲ ဆိုသည်ကို ပြောသင့်ပါသေးသည်။ သို့မှသာ သူငယ်ချင်း မေးထားသော ပုစ္ဆာများကိုလည်း ဖြေပြီးသား ဖြစ်သွားပါလိမ့်မည်။ နောက်ထပ် ကလျာဏ တစ်ဦး မေးသော 'မျက်မှောက်ဘဝမှာ ဘယ်လို ရည်မှန်းချက် ထားပါသလဲ၊ ပါရမီ အဆောက်အဦ ရဖို့လောက်ပဲလား၊ ဒါမှမဟုတ် ဘယ်အဆင့် အထိ ရောက်အောင် အားထုတ်ဖို့ ရည်မှန်း ထားပါသလဲ၊ ဝိပဿနာနှင့် ပတ်သက်ပြီး ဘယ်လို ရှုမြင်ပါသလဲ' စသော မေးခွန်း ပုစ္ဆာများကိုလည်း နောင်တွင် **ထေရဝါဒကို**

www.burmeseclassic.com



**နားလည်ခြင်း** အကြောင်းကို ပြောသောအခါ အသင့် ရအပ်သော အဖြေများကို ရပါလိမ့်မည်။

ထိုအကြောင်းများကြောင့် အကျွန်ုပ်သည် ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ် ယောက် အကြောင်းကို ဆက်၍ ရေးနေရ ပေဦးမည်ဟု သဘောကျပါသည်။

ဆက်၍ ရေးသည့်အခါ အကျွန်ုပ်၏ ၃၅ နှစ်သော အသက်အရွယ် နောက်ပိုင်း အတွေ့အကြုံနှင့် အတွေး အခေါ်များကိုလည်း ဆိုရန် လိုအပ်လာပေဦးမည်။ ဤ တွင် **နိကာယ်ငါးရပ် သုံးသပ်သာသနာ** ကို ဆက်၍ ဆိုပါမည်။ ထိုနောက်လည်း ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း စာသည် အကျွန်ုပ် အသက်ထင်ရှား ရှိနေသေးသရွေ့ အကျွန်ုပ်နှင့် အတူ ရှင်သန် ကြီးပွားနေဦးမည် ဖြစ်ပါ ကြောင်း ဤတွင် 'အဆုံး၏ အစ' ကို ဤမျှ ဆိုလိုက် ရပါကြောင်း။

ဤစာကား ဒဿနစာတစ်ခု ဖြစ်ပါ၏။

ဤစာကို ဖတ်ရသူတို့မှာ တွေးစရာတွေ ဖြစ်ပေါ် လာလိမ့်မည်ဟုလည်း အကျွန်ုပ် မျှော်လင့်ထားပါသည်။ တချို့သော အယူအဆများ၊ သဘောထားများ၊ အတွေး အမြင်များသည် ဝိဝါဒ ဖြစ်ကောင်းလည်း ဖြစ်ပါမည်။ တချို့သော အကြောင်းအရာများသည် မတွေ့ဖူး မကြုံဖူး သူများမှာ အံ့ဖွယ်ဖြစ်ရပ်များ ဖြစ်ကောင်းလည်း ဖြစ်ပေ လိမ့်မည်။ တချို့ကလည်း စာထဲမှာ ချန်ထားသည် ထင် သော အကြောင်းခြင်းရာများကို အကျယ် သိလိုခြင်း လည်း ရှိကောင်းရှိပေမည်။ အချို့မှာ ထူးထူးခြားခြား မေးမြန်း စုံစမ်းလိုသော ပုစ္ဆာများလည်း ရှိကောင်း ရှိပေမည်။ အကြောင်းကြောင်း ရှိနိုင်ပါသည်။ ထိုအခါ လူကိုယ်တိုင် ပြောဆို ဆွေးနွေးခြင်းကို လိုလားသော ဉပါသကာများလည်း ရှိနိုင်ပါသည်။ အကျွန်ုပ်မှာလည်း ကိုယ်ကိုင် ပြောပြစရာများသည် လည်းကောင်း၊ ပြောပြ လိုသော ဆန္ဒသည် လည်းကောင်း ရှိပါ၏။ အကယ်၍ လိုလားသူများက စာရေး၍ စနစ်တကျ ဖိတ်ကြားမည် ဆိုလျှင်လည်း အကျွန်ုပ်သည် အချိန်ပေး၍ ဆွေးနွေး နိုင်အောင် စီစဉ်မည်ဖြစ်ကြောင်း ဝန်ခံပါ၏။ ဤအလုပ် ကား အကျွန်ုပ်အဖို့ သာသနာတော်အတွက် လုပ်သော အလုပ်၊ ကုသိုလ် အလုပ်ဟု ယူဆပါသည်။ ပင်ပန်းခြင်း ကို သည်းခံနိုင်ပါ၏။

*အပ္ပမာဒေန သမ္ပာဒေထ*

**ဆန်းလွင်**

www.burmeseclassic.com

ဘဝတက္ကသိုလ်

**ဘဝတက္ကသိုလ်တွင် ရနိုင်သော စာအုပ်များ**

| | | |
|---|---|---|
| ၁။ | ပါရဂူ | ဟိတောပဒေသ |
| ၂။ | ပါရဂူ | ပဉ္စတန္တရ |
| ၃။ | ပါရဂူ | ဝေတာလ ဝတ္ထု |
| ၄။ | ဆန်းလွင် | ရွှေတောင်တက် ဒဿန |
| ၅။ | ဆန်းလွင်၊ ဦးဟန်ဒွေး (သုတေသန) | ဂိုးလ်စတိန်း ကိုယ်တွေ့ ဝိပဿနာ |
| ၆။ | မြသန်းတင့် | အချစ်မိုးကောင်းကင် (ပ၊ ဒု) |
| ၇။ | မြသန်းတင့် | လေလွင့်သူ |
| ၈။ | မြသန်းတင့် | ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည် |
| ၉။ | ဥမ္မာရီ (မဟာဝိဇ္ဇာ၊ လက္ခဏာပါရဂူ) | ပျိုလေးရည်းစား မောင့်စိတ်ထားနှင့် မောင့်ရဲ့သက်ထား ပျို့စိတ်ထား |

**မကြာမီ ထွက်တော့မည့် စာအုပ်များ**

| | | |
|---|---|---|
| ၁။ | မြသန်းတင့် | လေရူးသုန်သုန် (ပ၊ ဒု) |
| ၂။ | မောင်ထွန်းသူ | ရဲတိုက် (ပ၊ ဒု) |

■